# မြန်မာ့အာဇာနည်ခေါင်းဆောင်

# ဆရာကြီးဦးရာဇာတ်



ဝမ်းအိုဝမ်းကျော်ဝင်းမောင်

ဗန်းမော်စာပေတိုက်
ပန်းဘဲတန်းမြို့ ☎ - ၅၀၄၇၄၂

# မြန်မာ့အာဇာနည်ခေါင်းဆောင်

# ဆရာကြီးဦးရာဇတ်

ဝမ်းအိုဝမ်းကျော်ဝင်းမောင်

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြန်မာ့အာဇာနည်ခေါင်းဆောင်


# ဆရာကြီးဦးရာဇာတ်



ဝမ်းအိုဝမ်းကျော်ဝင်းမောင်
ဗန်းမော်စာပေတိုက်
ပန်းဘဲတန်းမြို့ ☎ - ၅၀၄၇၄၂



ဆရာကြီးဦးရာဇတ်မာတ်ပုံမှန်ဘောင်ရှေ့မှာ အမြဲစာရေးနေတဲ့
ဝမ်းအိုဝမ်း ကျော်ဝင်းမောင်



လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ဒုတိယဆင့်ရ
သက်ကြီးစာပေပညာရှင် ဝမ်းအိုဝမ်း ကျော်ဝင်းမောင်

# မြန်မာ့အဘိဓာန်ပညာရှင်ခေါင်းဆောင်
## ဆရာကြီးဦးရာဇတ်

| | |
|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | ၃၁၀၀၈၄၀၆၁၂ |
| စာမူခွင့်ပြုချက်အမှတ် | ၃၁၀၀၈၄၀၆၁၀ |
| ပထမအကြိမ် | **၂၀၀၇ ခုနှစ် ၊ ဇူလိုင်လ** |
| | အုပ်ရေ - ၁၀၀၀ |
| **မျက်နှာဖုံးပန်းချီ** | **ပန်းချီတင်ထွန်း** |
| မျက်နှာဖုံးဒီဇိုင်း | အောင်ထွန်းလင်း |
| အတွင်းဖလင် | ထွန်းထွန်း |
| အတွင်းဓါတ်ပုံ | ထွန်းမြင့်အောင် |
| အဖုံးနှင့် အတွင်းပုံနှိပ်ခြင်း | ဦးကျော်ထွန်း (၀၆၂၉၃)<br>မြရတနာ စာပုံနှိပ်တိုက်<br>အမှတ် ၁၁၅၊ ၃၈ လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| စာအုပ်တန်ဖိုး | ၆၅၀၀ ကျပ် |
| ထုတ်ဝေခြင်းနှင့် ဖြန့်ချိခြင်း | ဦးကျော်ဝင်းမောင် (၀၁၆၂၅ - မြဲ)<br>ဗန်းမော်စာပေတိုက်<br>အမှတ် (၄၃)၊ ၂၆ - လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |

☎ - ၅၀၄၇၄၂

# ဝမ်းအိုဝမ်း  ကျော်ဝင်းမောင်

လွတ်လပ်ရေးမော်ကွန်းဝင် ဒု–အဆင့်၊  နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒု–အဆင့်

ဝမ်းအိုဝမ်းကျော်ဝင်းမောင်ကို အဖ ဦးဟာနစ်၊ အမိ ဒေါ်စိန်ညွှန့်တို့မှ ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ၁၂၈၁ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ (၁၆. ၂.၁၉၂၀)တွင် မွေးဖွားခဲ့သည်။ သူ ၃ – လသားအရွယ်တွင် ဖခင်ကွယ်လွန်ခဲ့သည်။ အသက် ၃ – နှစ်သားအရွယ်တွင် တဖန် မိခင်ကွယ်လွန်သွားပြန်သည်။ မောင်နှမ နှစ်ယောက် ကျန်ရစ်သည်။ မိခင်၏မောင် ငွေတိုက်ရုံးစာရေးကြီး ဦးအိဗရာဟင် ခေါ် ဦးစံသိန်းက ကောက်စားမွေးခဲ့သည်။ အစ်မလုပ်သူဟာလည်း သူ့အသက် ၁၁ နှစ်သမီး အရွယ်တွင် ကွယ်လွန်သွားပြန်သည်။ တစ်ကောင်ကြွက်တမျက်နှာ မျက်စိသူငယ် ဖြစ်ခဲ့ရသည်။ ငယ်စဉ်က ဗန်းမော်၊ မိုးကုတ်၊ ကသာမြို့များတွင် ပညာသင်ကြားခဲ့သည်။ အင်္ဂလိပ် – မြန်မာ (၁၀)တန်းနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ ကျောင်းများပိတ်လိုက်သည်။ ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီ၊ဒီ၊အေ) သို့ဝင်၍အမှုထမ်းခဲ့သည်။ ရေနံချောင်း လေယာဉ်ပျံပစ် အမြောက်ကြီး တပ်တွင် တာဝန်ယူရသည်။ ဂျပန်ခေတ်မင်္ဂလာဒုံစစ်တက္ကသိုလ် ဗိုလ်သင်တန်း တတိယပတ်ကို တက်ခဲ့သည်။ ဂျပန်တော်လှန်ရေးအတွက် ဖက်စစ်ဆန့်ကျင်ရေးအဖွဲ့ (အေ၊အက်ဖ်၊အို)ကို အမေရိကန် တပ်မတော်တပ်ဖွဲ့ (ဝမ်း၊အို၊ဝမ်း) နှင့် ပထမဆုံးဆက်သွယ်ပေးခဲ့သည်။ ယင်းတာဝန်ကို ထမ်းဆောင်ရင်း စစ်ကိုင်းမြို့နယ်၊ မင်းကွန်းရွာတွင် ဂျပန်၏ ဖမ်းဆီးခြင်းကို ခံရသည်။ အသတ်ခံရမည့်စဲစဲတွင် ဂျပန်တော်လှန်ရေး ရဲဘော်များရဲ့အကူအညီနှင့် အချုပ်ခန်းကို ဖောက်၍ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ စစ်ပြီးကသာခရိုင်ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဗမာ့လွတ်စလင်ကွန်ဂရက်(ဗ၊မ၊က) ခရိုင်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ – ခု ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသောအခါ သခင်စိုး ခေါင်းဆောင်တဲ့ အလံနီ ကွန်မြူနစ် ပါတီဘက်သို့ပါခဲ့သည်။ ၁၉၄၈ – ခုနှစ်တွင် အလံနီအဖြစ် တောခိုခဲ့သည်။ ၁၉၅၄ – ခုနှစ်တွင်အလံနီပါတီအတွင်း အယူအဆတိုက်ပွဲဖြစ်ရာ ပါတီမှ အထုတ်ခံရသည်။ ပါတီမှ အထုတ်ခံရသည့် ရဲနီများ စုပေါင်း၍ အလုပ်သမား ညီညွတ်ရေးပါတီ (အ၊ည၊ပ)ကို တည်ထောင်ခဲ့သည်။ ဗဟိုခေါင်းဆောင် တစ်ဦးအဖြစ်တာဝန်ယူခဲ့သည်။ ၁၉၆၂ – ခုနှစ်၊ ဒီဇင်ဘာလတွင် အစိုးရ ကိုယ်စားလှယ်များနှင့် ဆွေးနွေး သဘောတူညီမှုနှင့် (အ၊ည၊ပ) ပါတီ တစ်ရပ်လုံးနှင့်အတူ ဥပဒေတွင်းသို့ ဝင်ခဲ့သည်။ နိုင်ငံရေးလုပ်ရာတွင် ၁၉၄၆ – ခုနှစ် ဗြိတိသျှအစိုးရလက်ထက်တွင် ဒလသင်္ဘောကျင်း အလုပ်သမားတိုက်ပွဲတွင် အဖမ်းခံရပြီး ဘားလမ်းအချုပ်နှင့်၊ ၁၉၄၆ – ခုနှစ်တွင် ကသာခရိုင်၊ လူထုတိုက်ပွဲတွင် အသေခံဗိုလ်အဖြစ် ခေါင်းဆောင်ခဲ့ရာတွင် အဖမ်းခံရသည်။ ၁၉၆၂ – ခုနှစ်တွင် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးကိစ္စ လာရင်း အဖမ်းခံရပြီး မန္တလေးနှင့် ရန်ကုန်ထောက်လှမ်းရေး အချုပ်ခန်းများတွင် အချုပ်ခံခဲ့ရသည်။ ဂျပန်ခေတ်၊ ဗြိတိသျှခေတ်၊ မြန်မာ့လမ်းစဉ်ပါတီအစိုးရခေတ်တို့တွင် နိုင်ငံရေးဆောင်ရွက်ရာတွင် သေဘေးနှင့် အကြိမ်ကြိမ်ကြုံခဲ့သည်။ တစ်လင်တစ်မယားစနစ်နှင့် အိမ်ထောင်လေးဆက်ရှိခဲ့သည်။ သား ၆ – ယောက်ရခဲ့ပြီး ၂ – ယောက် သေဆုံးသွားသည်။ ဥပဒေတွင်း ရောက်လာပြီး တစ်ဝမ်းတခါးအတွက် အလုပ်အမျိုးမျိုးကို မရှက်မကြောက် လုပ်ကိုင်ခဲ့သည်။ စီးပွားရေးသမားအဖြစ် မသေချာ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်တဲ့ စာပေရေးသားခြင်းဖြင့် ဘဝကို နိဂုံးချုပ်မည်ဟု ဆုံးဖြတ်ခဲ့သည်။ "ဝမ်းအိုဝမ်းနှင့်မြန်မာ့မြေအောက်တော်လှန်ရေး" ဆိုတဲ့ သမိုင်းဝင်စာအုပ်ကို ပထမဆုံး ပြုစုခဲ့ပြီး စာပေနယ်သို့ဝင်ခဲ့သည်။ ရုပ်ရှင်၊ ဝတ္ထု၊ ဇာတ်ညွှန်း ဆောင်းပါးများနှင့် သုတေသန စာအုပ်များ ရေးသားခဲ့သည်။ ဂျပန်တော်လှန်ရေးမြေအောက်လုပ်ငန်းလုပ်ရာတွင် ဝင်းမောင်အစား ကျော်ဟိန်း ဆိုတဲ့အမည်ကို ပြောင်းခဲ့သည်။ ယနေ့တိုင် တချို့က ကျော်ဟိန်းလို့ပင် ခေါ်လျှက်ရှိသည်။ နိုင်ငံရေးနယ်ပယ်နှင့် စာပေနယ်ပယ်တို့တွင် လေထီး ဝင်းမောင်၊ အလံနီဝင်းမောင်ဟူ၍၎င်း၊ ကျော်ဝင်းမောင် ဟူ၍၎င်း ထင်ရှားသည်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်တွင် ပါဝင်လှုပ်ရှားခဲ့မှုကြောင့် ၁၉၇၂ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယအဆင့်နှင့်၁၉၈၀ – ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ဒုတိယအဆင့်တို့ကို နိုင်ငံတော်သမ္မတက ချီးမြှင့်ခဲ့သည်။ ၁၉၈၆ – ခုနှစ်တွင် ဆော်ဗီအာရေဗီးယားနိုင်ငံ မက္ကာမြို့တော်သို့ သွားရောက် ဟဂ်ျပြုခဲ့သည်။ ယနေ့တိုင် သမိုင်းဝင် စာပေများကိုအဓိက ရေးသားပြုစုလျှက်ရှိနေပါသည်။ ကန်တော့ခံ သက်ကြီး စာပေပညာရှင်ဖြစ်ပါသည်။

## ကျေးဇူးတင်ဂုဏ်ပြုခြင်း

ကျွမ်းပြုသူအား
စာပေနယ်သို့ ခြေချဖြစ်အောင်
ကိုယ်စိတ်နှလုံးဖြင့် လှူ့ဆော် တိုက်တွန်းခဲ့သော
ဦးသန်းတင် (အထွေထွေစာတည်း၊ ပညာတန်ဆောင်မဂ္ဂဇင်း၊ ကွယ်လွန်)နှင့် ဒေါ်အမာ(မုံရွာ၊ အငြိမ်းစား ကျောင်းအုပ် ဆရာမကြီး၊ ကွယ်လွန်)တို့အား အတိုင်းမသိ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကွယ်လွန်သွားရှာပြီဖြစ်သော

စာရေးသူရဲ့ မိဘနှစ်ပါးနှင့်

လူဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့သော

ဦးလေး ဦးစံသိမ်းနှင့်

၎င်း၏ ညီ-ညီမများအား

**ဤ စာအုပ်ကို ပြုစုရေးသားခြင်းဖြင့်**

ကောင်းရာသုခဘုံသို့ စံမြန်းနိုင်ကြပါစေသော်

ဆုမေတ္တာပို့အပ်ပါကြောင်း။


# မာတိကာ


လူထုဦးလှရဲ့မိတ်ဆက် -------------------------- က
စံပြုပုဂ္ဂိုလ် -------------------------------------- စ
အမှာစာ ------------------------------------------ ည
ဦးချစ်ဆွေဆီက စာတစ်စောင် -------------------- ပ
အမှာစာ ------------------------------------------ ရ

ကျမ်းပြုသူရဲ့ တင်ပြချက် ---------------------- ကဈ
စာရေးသူရဲ့ စကားချီး ----------------------- ကပ
ကျမ်းပြုသူရဲ့ မိတ်ဆက် ----------------------- ကဗ
နိဒါန်း ------------------------------------------ ခဇ
ကျေးဇူးအထူးတင်ရှိပါကြောင်း --------------------- ခဗ
၁။ မ တစ်ထောင်တစ်ကောင်ဖွား -------------------- ၁
၂။ ၁၉၂၀ ခုနှစ် ပထမဆုံးကျောင်းသားသပိတ်ကြီး ------- ၂၆
၃။ အမျိုးသားပညာရေးစနစ် ------------------------ ၈၉
၄။ မန္တလေးမြို့တွင် အမျိုးသားကျောင်းများတည်
ထောင်ကြခြင်း ---------------------------------- ၁၀၇
၅။ အမျိုးသားအထက်တန်းကျောင်း ဆရာ၊
ဆရာမများ ----------------------------------- ၁၄၂
၆။ ပြည်သူချစ်သော ကျောင်းဆရာကြီး အဖြစ် ---------- ၁၈၂
၇။ ဆရာကြီးနှစ်ဦးရဲ့ပူးပေါင်းဆောင်ရွက်မှု ------------ ၂၁၅
၈။ နိုင်ငံရေးတက္ကသိုလ်ကျောင်းတော်ကြီး --------------- ၂၂၅
၉။ နေချင်တိုင်း ကျောင်းတဲ့လား -------------------- ၂၅၂
၁၀။ ပါဠိ နှင့် အင်္ဂလိပ်စာ စွယ်စုံတတ်တဲ့ ဆရာကြီး ---- ၂၇၄
၁၁။ သံဃာများလွှမ်းမိုးတဲ့မြို့မှာဝင်ဆံ့နေတဲ့ ဆရာကြီး --- ၂၈၆
၁၂။ လူမှုရေးလုပ်ငန်းတွေက တစ်ဖက် ---------------- ၃၀၀

၁၃။ အိမ်ထောင်ပြုခြင်း ---------------------------- ၃၀၆
၁၄။ လက်ဝှေ့နဲ့ အမျိုးသားစိတ်ဓာတ်ကို
မြှင့်တင်ပေးတဲ့ ဆရာကြီး ---------------------- ၃၁၇
၁၅။ စာရေးဆရာ အမည်မခံတဲ့ စာဆိုတော်ကြီး
ဦးရာဇာတ် -------------------------------- ၃၅၁
၁၆။ အနုပညာ ပန်တျာကျောင်းတော်ကြီး ------------ ၃၆၄
၁၇။ ရဲတပ် ဗိုလ်ချုပ် ဦးရာဇာတ် ------------------- ၃၈၃
၁၈။ အမျိုးသားအောင်ပွဲနေ့ ------------------------ ၄၁၅
၁၉။ မန္တလေး အာဇာနည် (၁၇) ဦး ----------------- ၄၃၀
၂၀။ " မန္တလေးမှာ ကျင်းပတဲ့ ဒုတိယအကြိမ်မြောက် "
ကျောင်းသားများကွန်ဖရင့်နဲ့ ပဏ္ဍာစ်နေရှူး --------- ၄၆၁
၂၁။ ဖက်ဆစ်အကျဉ်းသမား ---------------------- ၄၈၅
၂၂။ ဆရာကြီးဦးရာဇာတ်ကသာ တာဝန်မဲ့
နေခဲ့မယ်ဆိုပါရင် ---------------------------- ၅၄၉
၂၃။ ဖ-ဆ-ပ-လ ဥက္ကဋ္ဌ ဦးရာဇာတ် ----------------- ၅၅၉
၂၄။ ပညာရေးဝန်ကြီး မစ္စတာရာဇာတ် --------------- ၆၀၂
၂၅။ အရှေ့တောင်အာရှ ကျောင်းသားညီလာခံ -------- ၆၅၄
၂၆။ မန်းတက္ကသိုလ် (ဒါမှမဟုတ်) ရာဇတ်တက္ကသိုလ် ၇၀၈
၂၇။ ဗိုလ်ချုပ်နဲ့အာဇာနည်များကျဆုံးခြင်း ------------- ၇၇၃
၂၈။ ဒေါ်ခင်ခင်တို့မိသားစုရဲ့ နောက်ပိုင်း အခြေအနေ- ၈၅၅
နိဂုံး ----------------------------------------- ၈၆၈

အတ္တာဟိ·အတ္တနော·နာထော



နေရှင်နယ် အမျိုးသားကျောင်း



မန္တလေးမြို့ အမှတ်(၂) အထက ကျောင်းဆောင်ရှေ့ရှိ
ကေသရာဇာခြင်္သေ့မင်းနှင့် စာရေးသူအမှတ်တရ။



Green Volunteer
ရဲတပ်ဗိုလ်ချုပ် ဦးရာဇတ်



ဘော်ဒါကျောင်းအုပ် ဆရာဦးထွန်းမောင်



ဗိုလ်ခင်မောင်ကလေး
ယခင်(ဖ.ဆ.ပ.လ)ဝန်ကြီးဟောင်း



၁၉၃၇ မန္တလေးဗဟိုအမျိုးသား အထက်တန်းကျောင်း ရဲတပ်ဗိုလ်ချုပ်ကြီးဦးရာဇတ် အမှူးပြုသော ရဲတပ်ပွဲများ၊ ရဲတပ်များခြံရံလျက်(၁၇)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပနေပုံ။



အထက်မြန်မာပြည် Greeen Volunteer
ရဲတပ်ဗိုလ်ချုပ် ဦးရာဇတ်နှင့် ရဲဘင်ခရာအဖွဲ့



ဆရာကြီးဦးရာဇတ်နှင့် အမျိုးသားကျောင်းမှ ကျောင်းသားခေါင်းဆောင်များ အမှတ်တရ


အမျိုးသား့
ကျောင်းသား
သခင်ဗဟိန်း



ဗမက ညီလာခံတွင် ဆရာကြီးဦးရာဇတ်အား ဥက္ကဋ္ဌအဖြစ်
တင်မြှောက်ရန် ရွေးချယ်ပေးခဲ့သော ဆရာဃာဇီ မုဟာမ္မဒ် ဟာရှင်မ်



ဆရာကြီးဦးရာဇတ်ကို သွားရောက်တွေ့ဆုံပြီး
ဖတပလဥက္ကဋ္ဌ အဖြစ်လုပ်ရန်
ဆရာတော်ဦးကုသလကို အကြံပေးခဲ့သော ဗိုလ်မှူးကြီးတင်ဖိုး




၁၉၄၇ခု MADARAS မှာ ကျင်းပတဲ့ နိုင်ငံတကာ ကျောင်းသားပွဲတော်သို့ တက်ရောက်မည့်
မြန်မာပြည်မှ ကိုယ်စားလှယ်များ



ဦးရာဇတ်ငယ်စဉ်ကပုံ




သားမောင်တင်မြင့်ကို ပွေ့ချီထားသော ဆရာကြီးဦးရာဇတ်




ဘုံးအိုးရွာတွင် ဘီအိုင်အေတပ်အချို့နှင့် မြှာသားအချို့ ရန်းရင်းဆန်ခတ်ဖြစ်ခဲ့သောနေရာ




ကျဆုံးခဲ့သော အာဇာနည် ခေါင်းဆောင်ကြီးများ



တာမွေ မွတ်စလင်သချိုင်းတွင် မြှုပ်နှံထားသော ဆရာကြီးဦးရာဇတ်နှင့်
ရဲဘော်ကိုထွေးတို့၏ အုတ်ဂူတွင် လာရောက် ဆုတောင်းနေသော
ဦးရာဇတ်၏ သားကြီး မောင်တင်မြင့်နှင့် သားငယ် မောင်လှကြည်



မန္တလေးတက္ကသိုလ်ရှိ ဦးရာဇတ် အထိမ်းအမှတ် ရာဇတ်ခန်းမဆောင်



ဆရာကြီးဦးရာဇတ်၏ အမျိုးသားကျောင်းထွက် လက်ငွေ့ကျော် ကျားဘာငြိမ်း(၁) မွတ်စ်တွပ်ပွား



ဒေါ်ခင်ခင်၊ မောင်တင်မြင့်၊ မခင်ခင်စိန်နှင့် မောင်လှကြည် မိသားစုပုံ



အမျိုးသမီးရိပ်သာမှ
ဆရာမကြီး ဟာဂျီမ ဒေါ်စောရွှေ

ဆရာကြီး ဦးရာဇတ်၏ ဇနီး
ဒေါ်ခင်ခင်



ဆရာကြီးဦးရာဇတ်၏ မိခင်ဒေါ်ငြိမ်းလှအား တိုင်းပြည်ခေါင်းဆောင်များ
လာရောက်တွေ့ဆုံ ဂါရဝပြုနေကြပုံ။



စာရေးသူ၊ ဗိုလ်မှူးကြီး ခင်ညို့နှင့် ဇနီး



မန္တလေးတက္ကသိုလ်ရှိရာဇက်ခန်းမဆောင်ရှေ့တွင်
ဦးရာဇက်၏သား ဦးတင်မြင့်နှင့် မြေး ဒေါက်တာမြတ်ထူးရာဇတ်မိသားစု



မန္တလေးယခင်နေရှင်နယ် ကျောင်းခေါ်ဗဟိုအမျိုးသားအထက်တန်းကျောင်း
ယခုအ ထ က (၂)ရှေ့တွင်ရှိဆရာကြီးကြေးရုပ်ရှေးပုံဆရာကြီးဦးရာဇတ်ရဲ့မြေး
- ဒေါက်တာမြတ်ထူးရာဇတ် ဘခင်ဦးတင်မြင့် ၊ ဦးတင်မြင့် ရဲမြေး



မန္တလေးတက္ကသိုလ်ရှိရာဇက်ခန်းမဆောင်ရှေ့တွင်
ဦးရာဇက်၏သား ဦးတင်မြင့်နှင့် မြေး ဒေါက်တာမြတ်ထူးရာဇတ်မိသားစု



မန္တလေးယခင်နေရှင်နယ် ကျောင်းခေါ်ဗဟိုအမျိုးသားအထက်တန်းကျောင်း
ယခုအ ထ က (၂)ရှေ့တွင်ရှိဆရာကြီးကြေးရုပ်ရေးပုံဆရာကြီးဦးရာဇတ်ရဲ့မြေး
- ဒေါက်တာမြတ်ထူးရာဇတ် ဘခင်ဦးတင်မြင့် ၊ ဦးတင်မြင့် ရဲ့မြေး

# မြန်မာ့ဘာဗာနည်ခေါင်းဆောင်
# ဆရာကြီးဦးရာဇတ်


| | |
|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | ၃၁၀၀၈၄၀၆၁၂ |
| စာမူခွင့်ပြုချက်အမှတ် | ၃၁၀၀၈၄၀၆၁၀ |
| ပထမအကြိမ် | **၂၀၀၇ ခုနှစ် ၊ ဇူလိုင်လ** |
| | အုပ်ရေ - ၁၀၀၀ |
| **မျက်နှာဖုံးပန်းချီ** | **ပန်းချီတင်ထွန်း** |
| မျက်နှာဖုံးဒီဇိုင်း | အောင်ထွန်းလင်း |
| အတွင်းဖလင် | ထွန်းထွန်း |
| အတွင်းခါတ်ပုံ | ထွန်းမြင့်အောင် |
| အဖုံးနှင့် အတွင်းပုံနှိပ်ခြင်း | ဦးကျော်ထွန်း (၀၆၂၉၃)<br>မြရတနာ စာပုံနှိပ်တိုက်<br>အမှတ် ၁၁၅၊ ၃၈ လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| စာအုပ်တန်ဖိုး | ၆၅၀၀ ကျပ် |
| ထုတ်ဝေခြင်းနှင့်ဖြန့်ချိခြင်း | ဦးကျော်ဝင်းမောင် (၀၁၆၂၅ - မြ)<br>ဗန်းမော်စာပေတိုက်<br>အမှတ် (၄၃)၊ ၂၆ - လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>☎ - ၅၀၄၇၄၂ |

# ဝမ်းအိုဝမ်း ကျော်ဝင်းမောင်

လွတ်လပ်ရေးမော်ကွန်းဝင် ဒု–အဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒု–အဆင့်

ဝမ်းအိုဝမ်းကျော်ဝင်းမောင်ကို အဖ ဦးဟာနစ်၊ အမိ ဒေါ်စိန်ညွန့်တို့မှ ကချင်ပြည်နယ် ဗန်းမော်မြို့ တွင် ၁၂၈၁ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ (၁၆. ၂.၁၉၂၀)တွင် မွေးဖွားခဲ့သည်။ သူ ၃ - လသားအရွယ် တွင် ဖခင်ကွယ်လွန်ခဲ့သည်။ အသက် ၃ - နှစ်သား အရွယ်တွင် တဖန် မိခင်ကွယ်လွန်သွားပြန်သည်။ မောင်နှမ နှစ်ယောက် ကျန်ရစ်သည်။ မိခင်၏မောင် ငွေတိုက်ရုံးစာရေးကြီး ဦးအိဗရာဟင် ခေါ် ဦးစံသိန်း က ကောက်စားမွေးခဲ့သည်။ အစ်မလုပ်သူဟာလည်း သူ့အသက် ၁၁ နှစ်သမီး အရွယ်တွင် ကွယ်လွန်သွား ပြန်သည်။ တစ်ကောင်ကြွက်တမျက်နှာ မျက်စိသူငယ် ဖြစ်ခဲ့ရသည်၊ ငယ်စဉ်က ဗန်းမော်၊ မိုးကုတ်၊ ကသာမြို့ များတွင် ပညာသင်ကြားခဲ့သည်၊ အင်္ဂလိပ် - မြန်မာ (၁၀)တန်းနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ ကျောင်းများပိတ်လိုက်သည်။ ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီ၊ဒီ၊အေ) သို့ဝင်၍အမှုထမ်းခဲ့သည်၊ ရေနံချောင်းလေယာဉ်ပျံပစ် အမြောက်ကြီး တပ်တွင် တာဝန်ယူရသည်။ ဂျပန်ခေတ်မင်္ဂလာဒုံစစ်တက္ကသိုလ် ဗိုလ်သင်တန်း တတိယပတ်ကို တက်ခဲ့သည်၊ ဂျပန် တော်လှန်ရေးအတွက် ဖက်စစ်ဆန့်ကျင်ရေးအဖွဲ့ (အေ၊အက်ဖ်၊အို)ကို အမေရိကန် တပ်မတော်တပ်ဖွဲ့ (ဝမ်း၊အို၊ဝမ်း) နှင့် ပထ မဆုံးဆက်သွယ်ပေးခဲ့သည်။ ယင်းတာဝန်ကို ထမ်းဆောင်ရင်း စစ်ကိုင်းမြို့နယ်၊ မင်းကွန်းရွာတွင် ဂျပန်၏ ဖမ်းဆီးခြင်းကို ခံရသည်။ အသတ်ခံရမည့်စဲစဲတွင် ဂျပန်တော်လှန်ရေး ရဲဘော် များရဲ့အကူအညီနှင့် အချုပ်ခန်းကို ဖောက်၍ ထွက် ပြေးလွတ်မြောက်ခဲ့သည်။ စစ်ပြီးကသာခရိုင်ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဗမာ့လွတ်စလင်ကွန်ဂရက်(ဗ၊မ၊က) ခရိုင်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်၊ ၁၉၄၆ - ခု ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသောအခါ သခင်စိုး ခေါင်းဆောင်တဲ့ အလံနီ ကွန်မြူနစ် ပါတီ ဘက်သို့ပါခဲ့သည်။ ၁၉၄၈ - ခုနှစ်တွင် အလံနီအဖြစ် တောခိုခဲ့သည်။ ၁၉၅၄ - ခုနှစ်တွင်အလံနီပါတီအတွင်း အယူအဆတိုက်ပွဲဖြစ်ရာ ပါတီမှ အထုတ်ခံရသည်၊ ပါတီမှ အထုတ်ခံရသည့် ရဲနီများ စုပေါင်း၍ အလုပ် သမား ညီညွတ်ရေးပါတီ (အ၊ည၊ပ)ကို တည်ထောင် ခဲ့သည်။ ဗဟိုခေါင်းဆောင် တစ်ဦးအဖြစ် တာဝန်ယူခဲ့ သည်၊ ၁၉၆၂ - ခုနှစ်၊ ဒီဇင်ဘာလတွင် အစိုးရ ကိုယ် စားလှယ်များနှင့် ဆွေးနွေး သဘောတူညီမှုနှင့် (အ၊ည၊ပ)ပါတီ တစ်ရပ်လုံးနှင့်အတူ ဥပဒေတွင်းသို့ ဝင်ခဲ့သည်။ နိုင်ငံရေးလုပ်ရာတွင် ၁၉၄၆ - ခုနှစ်ဗြိတိ သျှ အစိုးရလက်ထက်တွင် ဒလသင်္ဘောကျင်း အလုပ် သမားတိုက်ပွဲတွင် အဖမ်းခံရပြီး ဘားလမ်းအချုပ်နှင့်၊ ၁၉၄၆ - ခုနှစ်တွင် ကသာခရိုင်၊ လူထုတိုက်ပွဲတွင် အသေခံဗိုလ်အဖြစ် ခေါင်းဆောင်ခဲ့ရာတွင် အဖမ်း ခံရသည်။ ၁၉၆၂ - ခုနှစ်တွင် တော်လှန်ရေးကောင် စီ အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးကိစ္စ လာရင်း အဖမ်းခံရပြီး မန္တလေးနှင့် ရန်ကုန်ထောက်လှမ်းရေး အချုပ်ခန်းများတွင် အချုပ်ခံခဲ့ရသည်၊ ဂျပန်ခေတ်၊ ဗြိတိသျှခေတ်၊ မြန်မာ့လမ်းစဉ်ပါတီအစိုးရခေတ်တို့ တွင် နိုင်ငံရေးဆောင်ရွက်ရာတွင် သေဘေးနှင့် အ ကြိမ်ကြိမ် ကြုံခဲ့သည်။ တစ်လင်တစ်မယားစနစ်နှင့် အိမ်ထောင်လေးဆက်ရှိခဲ့သည်၊ သား ၆ - ယောက် ရခဲ့ပြီး ၂ - ယောက် သေဆုံးသွားသည်၊ ဥပဒေတွင်း ရောက်လာပြီး တစ်ဝမ်းတခါးအတွက် အလုပ်အမျိုး မျိုးကို မရှက်မကြောက် လုပ်ကိုင်ခဲ့သည်၊ စီးပွားရေး သမားအဖြစ် မသေချာ၊ ပြည်သူ့အကျိုးပြုလုပ်ငန်း ဖြစ်တဲ့ စာပေရေးသားခြင်းဖြင့် ဘဝကို နိဂုံးချုပ်မည် ဟု ဆုံးဖြတ်ခဲ့သည်။ "ဝမ်းအိုဝမ်းနှင့်မြန်မာ့မြေအောက် တော်လှန်ရေး" ဆိုတဲ့ သမိုင်းဝင်စာအုပ်ကို ပထမဆုံး ပြုစုခဲ့ပြီး စာပေနယ် သို့ဝင်ခဲ့ သည်၊ ရုပ်ရှင်၊ ဝတ္ထု၊ ဇာတ်ညွှန်း ဆောင်းပါးများနှင့် သုတေသန စာအုပ် များ ရေးသားခဲ့သည်။ ဂျပန်တော်လှန်ရေးမြေအောက် လုပ်ငန်းလုပ်ရာတွင် ဝင်းမောင်အစား ကျော်ဟိန်း ဆိုတဲ့အမည်ကို ပြောင်းခဲ့သည်၊ ယနေ့တိုင် တချို့ က ကျော်ဟိန်းလို့ပင် ခေါ်လျှက်ရှိသည်၊ နိုင်ငံရေး နယ်ပယ်နှင့် စာပေနယ်ပယ်တို့တွင် လေထီး ဝင်း မောင်၊ အလံနီဝင်းမောင်ဟူ၍ငင်း၊ ကျော်ဝင်းမောင် ဟူ၍ငင်း ထင်ရှားသည်။ မြန်မာ့လွတ်လပ်ရေးတိုက် ပွဲအဆင့်ဆင့်တွင် ပါဝင်လှုပ်ရှားခဲ့မှုကြောင့် ၁၉၇၂ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် လွတ်လပ်ရေးမော် ကွန်းဝင်ဒုတိယအဆင့်နှင့်၁၉၈၀ - ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ဒုတိယအဆင့်တို့ကို နိုင်ငံတော်သမ္မတက ချီးမြှင့်ခဲ့သည်၊ ၁၉၈၆ - ခုနှစ် တွင် ဆော်ဒီအာရေဗီးယားနိုင်ငံ မက္ကာမြို့တော်သို့ သွားရောက် ဟဂ်ျပြုခဲ့သည်၊ ယနေ့တိုင် သမိုင်းဝင် စာပေများကိုအဓိက ရေးသားပြုစုလျှက်ရှိနေပါသည်၊ ကန်တော့ခံ သက်ကြီး စာပေပညာရှင်ဖြစ်ပါသည်၊

# ကျေးဇူးတင်ဝှက်ပြုခြင်း

ကျမ်းပြုသူအား
စာပေနယ်သို့ ခြေချဖြစ်အောင်
ကိုယ်စိတ်နှလုံးဖြင့် လှုံ့ဆော် တိုက်တွန်းခဲ့သော
ဦးသန်းတင် (အထွေထွေစာတည်း၊ ပညာတန်ဆောင်မဂ္ဂဇင်း၊ ကွယ်လွန်)နှင့် ဒေါ်အမာ(မုံရွာ၊ အငြိမ်းစား ကျောင်းအုပ် ဆရာမကြီး၊ ကွယ်လွန်)တို့အား အတိုင်းမသိ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကွယ်လွန်သွားရှာပြီဖြစ်သော
စာရေးသူရဲ့ မိဘနှစ်ပါးနှင့်
လူဖြစ်အောင် ပြုစုပြုးထောင်ပေးခဲ့သော
ဦးလေး ဦးစံသိမ်းနှင့်
၎င်း၏ ညီ-ညီမများအား
ဤ စာအုပ်ကို ပြုစုရေးသားခြင်းဖြင့်
ကောင်းရာသုခဘုံသို့ စံမြန်းနိုင်ကြပါစေသော်
ဆုမေတ္တာပို့အပ်ပါကြောင်း။

# မာတိကာ


လူထုဦးလှရဲ့မိတ်ဆက် ---- က
စံပြုပုဂ္ဂိုလ် ---- စ
အမှာစာ ---- ည
ဦးချစ်ဆွေဆီက စာတစ်စောင် ---- ပ
အမှာစာ ---- ရ

ကျမ်းပြုသူရဲ့ တင်ပြချက် ---- ကဈ
စာရေးသူရဲ့ စကားချီး ---- ကပ
ကျမ်းပြုသူရဲ့ မိတ်ဆက် ---- ကဗ
နိဒါန်း ---- ခဇ
ကျေးဇူးအထူးတင်ရှိပါကြောင်း ---- ခဗ
၁။ မ တစ်ထောင်တစ်ကောင်ဖွား ---- ၁
၂။ ၁၉၂၀ ခုနှစ် ပထမဆုံးကျောင်းသားသပိတ်ကြီး ---- ၂၆
၃။ အမျိုးသားပညာရေးစနစ် ---- ၈၉
၄။ မန္တလေးမြို့တွင် အမျိုးသားကျောင်းများတည်
ထောင်ကြခြင်း ---- ၁၀၇
၅။ အမျိုးသားအထက်တန်းကျောင်း ဆရာ၊
ဆရာမများ ---- ၁၄၂
၆။ ပြည်သူချစ်သော ကျောင်းဆရာကြီး အဖြစ် ---- ၁၈၂
၇။ ဆရာကြီးနှစ်ဦးရဲ့ပူးပေါင်းဆောင်ရွက်မှု ---- ၂၁၅
၈။ နိုင်ငံရေးတက္ကသိုလ်ကျောင်းတော်ကြီး ---- ၂၂၅
၉။ နေချင်တိုင်း ကျောင်းတဲ့လား ---- ၂၅၂
၁၀။ ပါဠိ နှင့် အင်္ဂလိပ်စာ စွယ်စုံတတ်တဲ့ ဆရာကြီး ---- ၂၇၄
၁၁။ သံဃာများလွှမ်းမိုးတဲ့မြို့မှာဝင်ဆံ့နေတဲ့ ဆရာကြီး ---- ၂၈၆
၁၂။ လူမှုရေးလုပ်ငန်းတွေက တစ်ဖက် ---- ၃၀၀

၁၃။ အိမ်ထောင်ပြုခြင်း ---------------------------- ၃၀၆
၁၄။ လက်ဝှေ့နဲ့ အမျိုးသားစိတ်ဓာတ်ကို
မြှင့်တင်ပေးတဲ့ ဆရာကြီး --------------------- ၃၁၇
၁၅။ စာရေးဆရာ အမည်မခံတဲ့ စာဆိုတော်ကြီး
ဦးရာဇာတ် ---------------------------------- ၃၅၁
၁၆။ အနုပညာ ပန်တျာကျောင်းတော်ကြီး ------------ ၃၆၄
၁၇။ ရဲတပ် ဗိုလ်ချုပ် ဦးရာဇာတ် ------------------- ၃၈၃
၁၈။ အမျိုးသားအောင်ပွဲနေ့ ------------------------ ၄၁၅
၁၉။ မန္တလေး အာဇာနည် (၁၇) ဦး ----------------- ၄၃၀
၂၀။ " မန္တလေးမှာ ကျင်းပတဲ့ ဒုတိယအကြိမ်မြောက် "
ကျောင်းသားများကွန်ဖရင့်နဲ့ ပဏ္ဏာစ်နေရှုး --------- ၄၆၁
၂၁။ ဖက်ဆစ်အကျဉ်းသမား ---------------------- ၄၈၅
၂၂။ ဆရာကြီးဦးရာဇာတ်ကသာ တာဝန်မဲ့
နေခဲ့မယ်ဆိုပါရင် ---------------------------- ၅၄၉
၂၃။ ဖ-ဆ-ပ-လ ဥက္ကဋ္ဌ ဦးရာဇာတ် ----------------- ၅၅၉
၂၄။ ပညာရေးဝန်ကြီး မစ္စတာရာဇာတ် --------------- ၆၀၂
၂၅။ အရှေ့တောင်အာရှ ကျောင်းသားညီလာခံ -------- ၆၅၄
၂၆။ မန်းတက္ကသိုလ် (ဒါမှမဟုတ်) ရာဇတ်တက္ကသိုလ် ၇၀၈
၂၇။ ဗိုလ်ချုပ်နဲ့အာဇာနည်များကျဆုံးခြင်း ------------ ၇၇၃
၂၈။ ဒေါ်ခင်ခင်တို့မိသားစုရဲ့ နောက်ပိုင်း အခြေအနေ- ၈၅၅
နိဂုံး ---------------------------------------- ၈၆၈


အတ္တာဟိ·အတ္တနော·နာထော

## ဆရာကြီး၏ စကားစု

Breathes there the man
with soul so dead.
Who never to himself hath said,
This is my own, my native land.

ဒါဒို့ပြေ၊ ဒါဒို့မြေလို့ မဆိုတဲ့သူဟာ
အသက်ရှင်လျက် ဝိညာဉ်မဲ့သူလို
အသက်ရှင်နေပေမယ့် သေနေတဲ့သူလို
ဘာမှ အသုံးမကျတဲ့အကြောင်း.....။

ဗဟိုအမျိုးသားအထက်တန်းကျောင်းသားများ၏ အသည်းနှလုံးများထဲတွင် အစဉ်မပြတ် စွဲနေသည့် ဆရာကြီး၏ အခါမလပ် ပြောတတ်သော အထက်ပါ စကားစုများကို တပည့်လည်းဖြစ်၊ ဆရာကြီး ဝန်ကြီးဘဝဖြင့် နယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရသည့် နောက်ဆုံးရက်တိုင် ဆရာကြီး၏ အတွင်းရေး၊ အတွင်းဝန်အဖြစ်လည်း ဆောင်ရွက်ခဲ့သူ ဦးချစ်ဆွေ ၏ သတိရချက်ဖြင့် ဖော်ထုတ်ပါသည်။

ဗဟိုအမျိုးသားအထက်တန်းကျောင်းရဲ့
ကြွေးကြော်သံဆောင်ပုဒ်က
'အတ္တာဟိ၊ အတ္တနော၊ နာထော'

အတ္တာဟိ – မိမိရဲ့အကျိုး
အတ္တနော – မိမိသာလျှင်
နာထော – ကိုးကွယ်ရာယုံကြည်ရာတဲ့
"မိမိရဲ့အကျိုးအတွက် မိမိသာလျှင် ကိုးကွယ်ရာ ယုံကြည်ရာတဲ့၊"

တည်းဖြတ်ပြင်ဆင်သူများ

☆ ဆရာဦးထွန်းမောင်

(ဗဟိုအမျိုးသားအထက်တန်းကျောင်းဆရာဟောင်း၊ မန္တလေး၊ ကွယ်လွန်)

☆ သီရိပျံချီဆရာဦးဘလှ

(ဗဟိုအမျိုးသားအထက်တန်းကျောင်းဆရာဟောင်း၊ ရန်ကုန်၊ ကွယ်လွန်)

နှင့်

☆ ဆရာဗိုလ်ခင်မောင်ကလေး

(ဖ.ဆ.ပ.လ ပြည်ထဲရေးဝန်ကြီးဟောင်း၊ ကွယ်လွန်)

မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီးများဖြစ်သော
ဗိုလ်ချုပ်အောင်ဆန်း၊ ဆရာကြီးဦးရာဇတ်နှင့်တကွ
မြန်မာ့အာဇာနည်ကြီးများ ကောင်းရာသုဂတိလားပါစေလို့
ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း။

# လူထု ဦးလှရဲ့ မိတ်ဆက်



မြန်မာစာပေမှာ အတ္ထုပ္ပတ္တိများ တော်တော်နည်းနေပါသေးတယ်။ အတ္ထုပ္ပတ္တိစာပေ ကောင်းကောင်းထွန်းကားဖို့ အချိန်တန်ပါပြီ။

ဆရာတော်ကြီးများရဲ့ ထေရုပ္ပတ္တိများ၊ စာရေးဆရာကြီးများရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိများ၊ တေးဂီတ အနုပညာရှင်များရဲ့ အတ္ထုပ္ပတ္တိများ စသည်ဖြင့် အတ္ထုပ္ပတ္တိစာပေ အတော်သင့်သင့် ရှိလာပြီဖြစ်ပေမယ့် ရှိသင့်သလောက်တော့ မရှိသေးဘူး။

ညောင်လေးပင် တောရကြီးဆရာတော် ပြုစုရေးသားတဲ့ ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိဟာ ဘာသာရေး သာသနာရေးဘက်က ပုဂ္ဂိုလ်များနဲ့ဆိုင်တဲ့ အတ္ထုပ္ပတ္တိစာအုပ်ကောင်းတစ်အုပ် ဖြစ်ပါတယ်။ မကောင်းဘဲလဲ မခံနိုင်ဘူး။ အတ္ထုပ္ပတ္တိကို ပြုစုရေးသားတဲ့ပုဂ္ဂိုလ်ဟာ သေသေချာချာ ကွင်းဆင်းလေ့လာ မှတ်သားပါတယ်။ အထပ်ထပ်ပြန်စစ် ပြန်ရေးပါတယ်။

ရဟန္တာလို့ကျော်ကြားတဲ့ ဘုန်းတော်ကြီး ဦးသီလ သက်တော်ထင်ရှားရှိစဉ် လှည့်လည်သွားလာ သာသနာပြုခဲ့တဲ့ဒေသတွေကို စာအုပ်ရေးသားပြုစုဖို့ကြံတဲ့ ဆရာတော် ဦးအရိယက သာသနာရေးကိစ္စများနှင့်ပတ်သက်ပြီး အကြိမ်ကြိမ်ရောက်တယ်။ ရောက်တဲ့နေရာတိုင်းမှာ ဘုန်းတော်ကြီး ဦးသီလကို မီလိုက်သူများကိုတွေ့ပြီး မေးမြန်းစုံစမ်း မှတ်သားတယ်။ ဆရာတော် တရားကျင့်တဲ့ဂူ၊ ဆရာတော်တည်သွားတဲ့ ကျောင်းတွေကို ကိုယ်တိုင်သွားတယ်။ ဒီနောက် ဘုန်းတော်ကြီး ဦးသီလရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်များနဲ့

ပတ်သက်တဲ့ အချက်အလက်တွေကို ကြည့်ညှိဖွယ်ဖြစ်အောင် ရေးတယ်။ ညောင်လေးပင် တောရကျောင်းကြီးတိုက်မှာ ညနေဘုရားဝတ်တက်ကြလို့ အပြီး သံဃာတွေစုံတုန်း ညစဉ်တစ်ပုဒ်တစ်ပုဒ် ဖတ်ပြတယ်။ တစ်ဝါတွင်းလုံး ရေးလိုက်ဖတ်လိုက်လုပ်ပြီးတဲ့နောက် ပိုကောင်းအောင် ပြန်ရေးတယ်။ ဖြည့်စရာများကို ဖြည့်တယ်။

ဝါကျွတ်တော့ သာသနာရေးကိစ္စများရှိလို့ ကြွရပြန်တဲ့အခါ ဘုန်းတော်ကြီး ဦးသီလနှင့်ဆိုင်တဲ့ အချက်အလက်တွေကို ထပ်စုပြန်တယ်။ ရပြန်တော့ သူ့နေရာနှင့်သူ ထပ်ဖြည့်ပြီး အသစ်ပြုပြင် ရေးပြန်တယ်။ ရေးရင်း ဝါတွင်း ဘုရားဝတ်တက်အပြီးမှာ ဖတ်ပြပြန်တယ်။

၂–နှစ်လောက် ဒီလိုကြိုးစားရေးတယ်။ လွယ်လွယ်နဲ့ရှင်းရှင်း ဖတ်သူတိုင်းနားလည်ဖို့ ရည်သန်တာမို့ ရည်မှန်းချက်အတိုင်း အောင်မြင်တဲ့ စာအုပ်ကောင်း တစ်အုပ်ဖြစ်လာရော။

ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိကို ဆရာတော် ဦးအရိယ ပြုစုရေးသားတာကတော့ တကယ့်သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်ထူးဖြစ်လို့ တစ်ကြောင်း၊ ဘုန်းတော်ကြီး ဦးသီလ တည်သွားတဲ့ကျောင်းတိုက်မှာ ကိုယ်တိုင်နာယကဆရာတော်အဖြစ် သိတင်းသုံးနေရတာကတစ်ကြောင်း၊ ဘုန်းတော်ကြီး ဦးသီလကြွလာတုန်း ဘုန်းတော်ကြီးကို ဥပဇ္ဈာယ်ဆရာပြုပြီး ဦးပဥ္စင်းဖြစ်လာရတဲ့ ကျေးဇူးများကို ဆပ်လိုတဲ့သဘောကြောင့်တစ်ကြောင်း ဖြစ်လိမ့်မယ်လို့ တွက်ဆရပါတယ်။

အနုပညာရေးဆရာ ကျော်ဝင်းမောင် ပြုစုရေးသားတဲ့ ဆရာကြီး ဦးရာဇတ်ရဲ့ အတ္ထုပ္ပတ္တိမှာလဲ ကြည်ညိုရင်းစွဲသဘောနဲ့အတူ စိတ်အားထက်သန်မှု အားကောင်းတာကို တွေ့ရပါတယ်။ ဒီစာအုပ်မှာတော့ ဘာသာရေး၊ သာသနာရေး ကြည်ညိုမှုမျိုး၊ စိတ်စေတနာထက်သန်တာမျိုး မဟုတ်ဘဲ နိုင်ငံရေးနှင့်သာဆိုင်တဲ့ ကြည်ညိုမှု၊ ထက်သန်မှုမျိုးသာ အရင်းခံတယ်။

ကျော်ဝင်းမောင်ဟာ ဖက်ဆစ်တော်လှန်ရေးသမားတစ်ယောက် ဖြစ်ခဲ့တယ်။ နိုင်ငံရေး အင်မတန်စိတ်အားထက်သန်သူ၊ လွတ်လပ်ရေး

တိုက်ပွဲဝင်ခဲ့သူ တစ်ဦးပဲ။ လွန်ခဲ့တဲ့ (၂၅)နှစ်ကျော်ကျော် အဲဒီလိုအင်မတန် နိုင်ငံရေးစိတ် ပြင်းထန်နေချိန် မှာ လူငယ်တစ်ဦးသာဖြစ်တဲ့ ကျော်ဝင်းမောင်၊ ဆရာကြီး ဦးရာဇတ်နဲ့ နိုင်ငံရေးအရ တွေ့ဆုံကြပါတယ်။ ဖက်ဆစ်တော်လှန်ရေး၊ နိုင်ငံလွတ်မြောက်ရေးနဲ့ဆိုင်တဲ့ အလုပ်တွေကိုလဲ သူတို့တွဲပြီး လုပ်ကြတယ်။

ဆရာကြီး ဦးရာဇတ်ကို အမျိုးသားကျောင်းဆရာကြီးတစ်ဦးအဖြစ်နဲ့ တိုင်းပြည်ကမြင်ကြပါတယ်။ ဟုတ်ပါတယ်။ အမျိုးသားကျောင်းဆရာကြီး တစ်ဦးဖြစ်လာဖို့က မလွယ်ပါဘူး။ အမျိုးသားကျောင်းဆရာ ဖြစ်လာသူများဟာ ပထမဆုံး နယ်ချဲ့ကိုဆန့်ကျင်တယ်။ နယ်ချဲ့တို့က သူတို့ကြာရှည် အုပ်စိုးနိုင်အောင် သင်ပေးမယ့်ပညာရေးစနစ်ကို ဆန့်ကျင်တယ်။ ကိုယ့်တိုင်းရင်းသားတွေနဲ့ ကိုယ့်နိုင်ငံကိုချစ်တယ်။ လွတ်လပ်ရေးပြန်လည်ရရှိရေး အတွက် စိတ်အားထက်သန်တယ်။ အဲဒီလိုပုဂ္ဂိုလ်တွေပါ။

ကျောင်းသားကြီးတွေက ရန်ကုန်ကောလိပ်ကို သပိတ်မှောက်ကြ။ အဲဒီ နယ်ချဲ့ဆန့်ကျင်ရေးပညာရေးတိုက်ပွဲကို ထောက်ခံတဲ့အနေနဲ့ အမြို့မြို့ အနယ်နယ်မှာရှိကြတဲ့ ကျောင်းတွေက ကျောင်းသားတွေကပါ လိုက်သပိတ်မှောက်ကြတယ်။ အခုဆို နှစ်ငါးဆယ်ရှိသွားပြီ။ သူတို့ဘာကြောင့် ဒီနယ်ချဲ့ဆန့်ကျင်ရေး ပညာရေးတိုက်ပွဲဝင်ကြတာလဲ။ ကိုယ်ရေးအတွက် နစ်နာမယ်ဆိုတာသိတယ်။ ဒါပေမယ့် ငယ်သူတွေရဲ့နောင်ရေး ကောင်းမယ်ဆိုတာမြင်ပြီး လုပ်ကြတာမို့ တကယ်ချီးမွမ်းထိုက်တဲ့ မျိုးချစ်လူငယ်တွေ ဖြစ်ပါတယ်။

၁၉၂၀ ခုနှစ် ကျောင်းသားများရဲ့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကြောင့် ပြည်သူ တစ်ရပ်လုံး ပိုပြီး နိုးကြားတက်ကြွလာတယ်လို့ ဆိုရပါမယ်။ ဆရာကြီး ဦးရာဇတ်ဟာ အဲဒီခေတ်က ကောလိပ်ကျောင်းသား သပိတ်ခေါင်းဆောင်တစ်ဦး ဖြစ်တယ်။ ဗဟိုအမျိုးသားအထက်တန်းကျောင်းကို ထောင်ကာ ပညာသင်ကြားရေးအဆင့်အတန်း မနိမ့်အောင် လုံးပမ်းရတာ မျိုးချစ်စိတ်ထက်သန်တဲ့ ကျောင်းသားတွေမွေးထုတ်ဖို့ လုံ့လစိုက်တာတွေ

ကလဲ အခုပြန်ကြည့်ရင် လွယ်မယ်လိုလိုရှိပေမယ့် တကယ်ကတော့ အဲဒီခေတ်မှာ မလွယ်ဘူး၊ နည်းနည်းမှ မလွယ်ဘူး။

အင်္ဂလိပ်ကျွန်ဘဝမှာ ဆရာကြီး ဦးရာဇတ်ဟာ အမျိုးသားပညာရေးကို စူးစူးစိုက်စိုက်လုပ်တယ်။ အဲဒီအခါက နိုင်ငံရေးလုပ်တယ်ဆိုတာကလဲ သူတို့လုပ်နေတဲ့ အမျိုးသားပညာရေးလုပ်ငန်းကို အထောက်အကူပြုစေဖို့ ဖြစ်တယ်။ အမျိုးသားကျောင်းများရဲ့ အရင်းခံရည်ရွယ်ချက်က အဖက်ဖက်က ထူးချွန်တဲ့ မျိုးချစ်လူငယ်တွေပေါ်ထွက်လာဖို့ တစ်နည်းအားဖြင့်တော့ နယ်ချဲ့သမားကို မောင်းထုတ်နိုင်မယ့် လူငယ်တွေကို များများကြီးမွေးထုတ်နိုင်ဖို့ပဲ။

ဂျပန်ဝင်လာတော့ ဗိုလ်ချုပ်အောင်ဆန်းက ဆရာကြီးဦးရာဇတ်ကို အမျိုးသားပညာရေးလုပ်ငန်းဘက်ကပဲ တာဝန်ပေးချင်တယ်။ ဒါပေမယ့် ရည်ရွယ်သလို မလုပ်နိုင်ခဲ့ဘူး။ ဖက်ဆက်တော်လှန်ရေးကာလရောက်တော့ ဗိုလ်ချုပ်အောင်ဆန်းရော၊ ဗိုလ်မှူးဗထူးရော၊ ဆရာကြီး ဦးရာဇတ်ကို တာဝန်ယူစေချင်တယ်။ ဖက်ဆစ်ဝါဒကိုသိပြီး ဖက်ဆစ်တို့နဲ့ နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ရပြီးဖြစ်တဲ့ ဆရာကြီးရာဇတ်ကလဲ အသက်ပေးတာဝန်ထမ်းဆောင်ဖို့ ဆန္ဒပြင်းပြတယ်။ ဒါကြောင့် အချိန်တိုင်တဲ့အခါ တာဝန်ယူပြီး လုပ်စရာတွေကို လုပ်တယ်။

ဖက်ဆစ်တော်လှန်ရေးအချိန်ပိုင်းနဲ့ တော်လှန်ရေးပြီးအစမှာ ဆရာကြီးခေါင်းဆောင်တဲ့ အထက်မြန်မာနိုင်ငံ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဟာ တော်တော်ကြီး လှုပ်ရှားစည်းရုံးနိုင်ခဲ့တယ်။ တောင်သူလယ်သမားများ၊ အလုပ်သမားများနဲ့ တိုင်းရင်းသား လူမျိုးပေါင်းစုံ သွေးစည်းရေးလုပ်ငန်းတွေကိုလဲ စုလုပ်နိုင်ကြတယ်။ တက်တက်ကြွကြွလဲ ရှိကြတယ်။ အမျိုးသားကျောင်းဆရာ ပီပီသသလုပ်နေသူမို့ ဆရာကြီးဦးရာဇတ်ဟာ ငွေကြေးချမ်းသာသူမဟုတ်ဘူး။ စစ်ပြီးစမှာ အများသူငါတွေလိုပဲ စားရေးသောက်ရေးပင် ခက်ပါတယ်။ ဒါပေမယ့် စစ်ဒဏ်ကြောင့် လုံးဝပျက်စီးသွားတဲ့ အမျိုးသားကျောင်းကြီးကို သူပြန်ထူထောင်ပါတယ်။ ဒါကြောင့် နိုင်ငံရေးအလုပ်တွေ လုံးပမ်းနေတဲ့ကြားထဲကပဲ မြို့လူထုအကူအညီနှင့်

ဗဟိုအမျိုးသားကျောင်း ပြန်လည်ထူထောင်ရေးကို လုံးပမ်းတယ်။ ဆရာကြီး ဦးဘခင်၊ ဆရာဦးထွန်းမောင်၊ ဆရာဦးဘော်ဦး၊ ဆရာဦးဘကြူ၊ ဒေါ်နှင်းဦး စတဲ့ ဆရာ ဆရာမတွေနှင့်အတူ ကျောင်းကြီးကို ပြန်ဖွင့်တယ်။

ပညာသင်ကြားရေးမှာ စေတနာထက်သန်လို့ ကိစ္စကြီးငယ်ရှိရင် ကူညီလေ့ရှိလို့ ဆရာကြီးဦးရာဇတ်ကို သူ့တပည့်တပန်းတွေက အင်မတန် ခင်တယ်။ ပြုံးပြုံးရွှင်ရွှင်နှင့် ခင်ခင်မင်မင်ရှိတဲ့ ဆရာကြီးဆီကိုသွားရမှာ၊ ဆရာကြီးနှင့် တွေ့ရမှာ မရွံ့ကြဘူး။

လူ့လောကမှာ အဖြစ်အပျက်တွေ၊ အတွေ့အကြုံတွေ အင်မတန် များပါတယ်။ အတ္ထုပ္ပတ္တိစာအုပ်ကောင်းတွေထဲမှာ ပါတာတွေက သင်ခန်းစာ ယူစရာတွေ အများကြီးပါ။ ဆရာကြီးရာဇတ်အကြောင်းကို ကျော်ဝင်းမောင် ရေးတာဟာ ကွင်းဆင်းလေ့လာပြီး တွေ့သင့်သူများနဲ့ တွေ့ဆုံ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစာအုပ်စာတမ်းတွေအများကြီးကို မွှေနှောက်ပြီး ပြုစု ရေးတာပါ။ ရေးသင့်တဲ့ပုဂ္ဂိုလ်တစ်ဦးရဲ့အကြောင်းကို ကျော်ဝင်းမောင်က စနစ်တကျကြိုးကြိုးစားစားရေးထားတာမို့ အများပြည်သူအတွက် အကျိုး ရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။

လူထု ဦးလှ
(၆-၁၁-၇၀)



## စံပြပုဂ္ဂိုလ်

ဒီစာအုပ်ကိုရေးတဲ့ ကိုကျော်ဝင်းမောင်နဲ့ ကျွန်မတို့နဲ့ သိကျွမ်းခင်မင်တာ ဂျပန်တော်လှန်ရေးကာလကတည်းကပါ။

ကိုကျော်ဝင်းမောင်က ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက်တော်လှန်ရေး စာအုပ်ကို ရေးပြီးတဲ့နောက် ဆရာကြီး မစ္စတာရာဇတ် အကြောင်းကို သူ့ဒုတိယစာအုပ်အဖြစ်နဲ့ ရေးမယ်ဆိုပြီး မန္တလေးကို အချက်အလက်တွေစုဖို့ရောက်လာတော့ ကျွန်မတို့က သူ့ကို ဝမ်းမြောက်ဝမ်းသာ တတ်နိုင်တာတွေကူညီပါတယ်။ သူ့စာအုပ်အောင်မြင်ပါစေလို့လဲ လှိုက်လှိုက်လှဲလှဲ ဆုတောင်းလိုက်ပါတယ်။ ဘာလို့လဲဆိုတော့ ဆရာကြီး မစ္စတာရာဇတ် အကြောင်းက သူမရေးရင် ကျွန်မရေးရမယ့်စာအုပ်မဟုတ်လား။

ဆရာကြီးက ကျွန်မတို့ ဆရာကြီးလေ။ ကျွန်မတို့အမျိုးသား နေရှင်နယ်ကျောင်းက ၁၀ တန်းအောင်လာခဲ့တာ၊ ဆရာကြီးတို့ မွေးပေးလိုက်တဲ့ အမျိုးကိုချစ်တတ်ဖို့၊ အများအတွက် ကိုယ်ကျိုးအနစ်နာခံဖို့ဆိုတဲ့ စိတ်တွေဟာ ကျွန်မတို့ တစ်သက်လုံးအဖို့ ခုထက်ထိ ပဲ့ကိုင်ထိန်းကျောင်း ပေးနေတာဆိုတော့ ဆရာကြီးရဲ့ကျေးဇူးက ကြီးပါတယ်။

ဆရာကြီးကျောင်းအုပ်ကြီးအဖြစ်နဲ့ တာဝန်ယူသွားခဲ့စဉ်က နေရှင်နယ်ကျောင်းက မွေးထုတ်လိုက်တဲ့ ကျောင်းသား ကျောင်းသူတွေဟာ နည်းရော့မလား။ အဲဒီကျောင်းသားတွေအားလုံးကို ကိုယ်စားပြုပြီး ကျွန်မတို့ အားလုံးက ချစ်ကြောက် ရိုသေတဲ့ ဆရာကြီးအကြောင်းကို ကျွန်မရေးရမှာ

ပေါ့။ ခုတော့ ဒီဇာဘဝန်ကို ကျွန်မမယူခင် ကိုကျော်ဝင်းမောင်က သူယူမယ်၊ ရေးမယ်ဆိုတော့ ကျွန်မက ဝမ်းသာရတယ်လေ။

တကယ်တော့ဆရာကြီးဟာ ကျွန်မတို့ကို မျိုးချစ်စိတ်တွေ၊ ကိုယ်ကျိုးစွန့်ချင်တဲ့စိတ်တွေကို မွေးပေးသွားတဲ့ ဥယျာဉ်မှူးကြီးတစ်ယောက်မျှသာ မဟုတ်ပါဘူး။ ကျွန်မအဖို့ ကျွန်မ စာရေးဆရာဖြစ်လာအောင် လုပ်ဆောင်ပေးရာမှာ ဆရာကြီးလဲပါဝင်တာမို့ စာပေကျေးဇူးရှင်လဲ ဖြစ်ပါတယ်။

ကနေ့ထက်ထိ မနေ့တစ်နေ့ကလိုပဲ မှတ်မိနေပါသေးတယ်။ ကျွန်မ ဘီအေတန်းစာမေးပွဲကျပြီးစ အိမ်မှာ ဘာလုပ်ရမှန်းမသိတဲ့၊ စာမေးပွဲကျ တစ်ယောက်အဖြစ်နဲ့ ယောင်ပေပေ စိတ်လေနေချိန်ပါ။ ဆရာကြီး မစ္စတာရာဇတ်က စာအုပ်တစ်အုပ်ကို ထုံးစံအတိုင်း လက်ကြားညှပ်ရင်း မနက်ခင်းတစ်မနက်မှာ ကျွန်မနေတဲ့ မိဘများရဲ့ ရသာတန်းကတိုက်ကို ရောက်လာပါတယ်။

ဆရာကြီးလာတယ်ဆိုတော့ ကျွန်မကဝမ်းသာအားရနဲ့ ပျာပျာသလဲ နေရာထိုင်ခင်းပေးပါတယ်။ ဆရာကြီးကို ကျွန်မတို့တပည့်တွေအားလုံးက ချစ်ရကြည်ညိုရတဲ့အထဲမှာ ဆရာကြီးက ကျောင်းပရိဝုဏ်ရဲ့ အပြင်ဘက်မှာဆိုရင် ဆရာတပည့်လိုမဆက်ဆံဘဲ အလွန်ရင်းနှီးတဲ့ ဆွေမျိုးသားချင်းလို ဆက်ဆံလေ့ရှိတာကြောင့်ပါ။ အခုလဲ ဆရာကြီးက သူ့တပည့် ကျွန်မကို လူတစ်လုံး သူတစ်လုံးသဘောထားပြီး "အမာ–ကိုယ်ဘာသာပြန်နေတဲ့ မန္တလေးသူရိယထဲကဟာ ဖတ်မိသလား"တဲ့။ "ဖတ်မိပါတယ်ဆရာကြီး၊ ကျွန်မနေ့တိုင်းဖတ်နေတာပါ"လို့ ပြန်ပြောတော့ ဆရာကြီးက "ကိုယ် အဲဒါကို ကြိုက်တဲ့အခန်းနှစ်ခန်းပဲ ဘာသာပြန်လိုက်တာ၊ အမာ တစ်အုပ်လုံး ဘာသာပြန်မလား၊ ရော့ ဒီဟာဖတ်ကြည့်" ဆိုပြီး သူ့လက်ကြားညှပ်လာတဲ့ မောရစ်ကောလစ်ရေးတဲ့ "Trials in Burma" စာအုပ်ကို ကျွန်မလှမ်းပေးပါတယ်။

"ဖတ်ကြည့်ပါမယ်ဆရာကြီး"လို့ ကျွန်မက ရိုရိုသေသေနဲ့ သွက်သွက်လက်လက် ပြန်ဖြေပြီး ဆရာကြီးလက်ကစာအုပ်ကို ယူထားလိုက်ပါတယ်။

အဲဒီစာအုပ်မှာပါတဲ့ ကင်မရွန်းတပ်မှ ဗိုလ်ကလေးစတဲ့ အခန်းနှစ်ခန်းကို ဆရာကြီး မန္တလေးသူရိယမှာ ဘာသာပြန်တဲ့နေရာက ဖတ်လို့ကောင်းပါတယ်။ စိတ်ဝင်စားစရာသိပ်ကောင်းတဲ့ တကယ့်အဖြစ်အပျက်အကြောင်းအရာတွေပါ။ ဒါကြောင့် အားနေတဲ့ကျွန်မက ဆရာကြီးပေးခဲ့တဲ့စာအုပ်ကို အစအဆုံး ချက်ချင်းဖတ်ကြည့်ပါတယ်။ စာအုပ်က စာအုပ်ကောင်းတစ်အုပ်ဖြစ်လေတော့ လက်ကမချချင်စရာပါ။ ပြီးသွားတော့ ဆရာကြီးခိုင်းတဲ့အတိုင်း ဘာသာပြန်မယ်လို့ ပိုင်းဖြတ်လိုက်ပြီး နောက်ထပ်တစ်ခေါက် ဖတ်ပါတယ်။ ဖတ်ပြီးတော့ စပြီးဘာသာပြန်တာပါပဲ။

"မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ" ဆိုတဲ့နာမည်နဲ့ ကြီးပွားရေးတိုက်က လက်ရွေးစင်စာအုပ် နံပါတ်–၂ အဖြစ်နဲ့ ထုတ်ဝေလိုက်တော့ စာအုပ် ၃၀၀၀ က ၃ လနဲ့ရောင်းလို့ကုန်သွားပြီး နောက်ထပ် ၂၀၀၀ ထပ်ရိုက်နှိပ်ရတယ်။

ဒီစာအုပ်ဟာ အခုနှစ် (၅၀) ပြည့်ပြီဖြစ်တဲ့ ကြီးပွားရေးစာအုပ်တိုက်ရဲ့ လက်ရွေးစင်စာအုပ် နံပါတ်–၂ ဖြစ်သလို ကျွန်မရဲ့ ပထမဆုံး စာအုပ်လဲ ဖြစ်ပါတယ်။ ဒီစာအုပ်နဲ့ ကျွန်မ နာမည်ရစာရေးဆရာစဖြစ်ရတဲ့ စာအုပ်လဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မစာရေးဆရာဖြစ်လာရတာ ဆရာကြီးရဲ့ တိုက်တွန်းအားပေးမှုကြောင့်၊ မေတ္တာစေတနာကြောင့်လို့ ကျွန်မက တစ်သက်လုံးခံယူပြီး အမြဲသတိရနေတာပါ။

ကျွန်မတို့ဆရာကြီးမှာ သူ့တပည့်တပန်းတွေ အထောင်အသောင်းအပေါ်မှာ ဒီလိုနည်းတွေနဲ့ နှုတ်၏စောင်မခြင်း လက်၏စောင်မခြင်းတွေပြုထားတာ နည်းတာမဟုတ်ပါဘူး။ လိုက်လံစာရင်းကောက်ရင်တောင် ကုန်နိုင်စရာမရှိပါဘူး။

ဒါကြောင့် မန္တလေးအမျိုးသားနေရှင်နယ်ကျောင်းထွက်မှန်သမျှ ဆရာကြီးရာဇတ်ဆိုရင် မိဘလို တစ်မျိုး၊ ဆရာသမားလို တစ်သွယ် ချစ်ကြောက်ရိုသေလေးစားကြတာပါ။

ဆရာကြီးက အမျိုးသားကျောင်းမှာ အထက်တန်းကျောင်းသားတွေဖို့ ကိုယ်တိုင်အချိန်ယူပြီး ပါဠိနဲ့အင်္ဂလိပ်စာ သင်ပေးတယ်။ ကျောင်းအုပ်ကြီး

တာဝန်တွေယူတယ်။ အဲဒီအပြင် ၂၁ ဦးက ဖွဲ့စည်းတဲ့ ရဲတပ်ဖွဲ့၊ ဘင်ခရာတပ်ဖွဲ့တွေကိုလဲ ဖွဲ့စည်းဆောင်ရွက်သေးတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ ဖက်ဆစ်တိုက်ဖျက်ရေး၊ အမျိုးသားလွတ်လပ်ရေး တာဝန်တွေကိုလဲ ဗိုလ်ချုပ်တို့နဲ့အတူ ကျဆုံးသွားတဲ့အထိ လုပ်ဆောင်သွားတဲ့ ပုဂ္ဂိုလ်ပါ။

ဒီလိုလုပ်ဆောင်ရာမှာ လုပ်ဖော်ကိုင်ဖက်တွေကရော၊ တပည့်တပန်းတွေ အားလုံးကရော ဆရာကြီးကို ချစ်ကြည်ညိုတဲ့ ဂုဏ်ပုဒ်တစ်ခု ဆရာကြီးမှာ ရှိပါသေးတယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ ဆရာကြီးဟာ မြန်မာမွတ်စလင်တစ်ယောက်ဖြစ်တယ်ဆိုပေမယ့် သူ့မှာ လူမျိုးရေးအရ၊ ဘာသာအရ မြန်မာလူမျိုး ခွဲခြားမှု လုံးဝမပြုဘဲ သူ့စိတ်က အမြဲတမ်း တသွေးတစ်သားတည်း အောက်မေ့ထားမှာပါ။

ကျွန်မတို့ မန္တလေးက မြန်မာဘုရင်တွေလက်ထက်ကတည်းက မြန်မာမွတ်စလင်တွေကို နေရာပေးခဲ့တဲ့ မြို့ဖြစ်လေတော့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးနဲ့ အစ္စလာမ်ဘာသာဝင် မြန်မာမွတ်စလင်တွေနဲ့ ထွေးရောယှက်တင် တခြားအရပ်မှာထက် ပိုပြီးရှိတဲ့မြို့။ ရောရောနှောနှော နေကြထိုင်ကြတဲ့မြို့ပါ။ အဲဒီလိုရှိရာမှာ ပေါင်းတော့ပေါင်းတာပဲ၊ ဒါပေမယ့် ဘာသာရေးချင်းက မတူလေတော့၊ ယဉ်ကျေးမှုချင်းကလဲ ကွဲပြားတဲ့နေရာမှာ ကွဲပြားတာမို့ ခွဲခြားမှုတော့ ရှိနေပါတယ်။

အဲဒီလိုရှိရာမှာ ဆရာကြီးမစ္စတာရာဇတ်နှင့်ဆက်ဆံရတာကတော့ မြန်မာတွေကလည်း သူ့ကို မြန်မာတစ်ယောက်လို၊ ညီရင်းအစ်ကိုလိုဆက်ဆံကြတယ်တာပါပဲ။ ဆရာကြီးကတော့ မြန်မာမွတ်စလင်ဟာ သူ့အဖို့ခေါင်းနဲ့ပန်းပါ။ ကျွန်မတို့မြန်မာတွေလူများစုကြီးက ဆရာကြီးနဲ့ပေါင်းသင်းဆက်ဆံရလို့ဘာသာရေးအရ၊ လူမျိုးရေးအရ ကသိကအောက်ဖြစ်ရတာ ဘာတစ်ခုမှ မရှိစဖူး ပါဘူး။

မဒရပ်မှာကျင်းပတဲ့ အရှေ့တောင်ပိုင်းပညာရေး ကွန်ဖရင့်ကို ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ပေးလို့ ၁၉၄၇ ခုနှစ်က ဆရာကြီးသွားတက်

တော့ မဒရပ်က မွတ်စလင်အဖွဲ့ခေါင်းဆောင်တွေက ဆရာကြီးကို မွတ်စလင်တစ်ယောက်မို့တဲ့ သီးခြားလာလဲကြိုတယ်။ မွတ်စလင်းချင်းမို့ သူတို့ဆီတည်းခိုဖို့လဲ ဖိတ်သတဲ့။ ဆရာကြီးက "အိန္ဒိယအစိုးရရဲ့ ဧည့်သည်ပါ" ဆိုပြီး သူတို့ဆီကို လိုက်မတည်းဘူး။ ဆရာကြီးတည်းခိုရာကို လာတွေ့ပြီး **ဒီမွတ်စလင်တွေက မြန်မာပြည်မှာရှိနေတဲ့ မွတ်စလင်လူနည်းစု မိုင်နောရတီ** တွေရဲ့ပြဿနာ ဘယ်လိုပါလဲ" လို့ မေးတဲ့အခါ ဆရာကြီးက "We don't regard ourselves as a minority. We merged with the majority "လို့ဖြေပါသတဲ့။ အတူပါသွားတဲ့ အပါးတော်မြဲ ကိုချစ်ဆွေက ဒီအကြောင်းကို ဒီစာအုပ်တစ်နေရာမှာ မှတ်တမ်းတင်ထားပါတယ်။

ဆရာကြီးပါးစပ်က ဒီလိုဖွင့်ပြောတာကို ကျွန်မတို့ မကြားဖူးပေမယ့် ဆရာကြီး ဒီအတိုင်း ကျင့်သုံးတာကိုတော့ ကျွန်မတို့သိပ်သိပါတယ်။ စစ်ကြီးပြီးတော့ ဆရာကြီးတို့ စစ်ဘေးက ခိုလှုံတဲ့နေရာကို ဦးလှသွားပြီး တွေ့တာ၊ မန္တလေးဖဆပလအဖွဲ့မှာ ဦးလှနဲ့ ဆရာတပည့်နှစ်ယောက်အတူ **လက်တွဲလုပ်ကြတာ ကျွန်မတို့အားလုံး သိနေတာပါ။ ဆရာကြီးမှာ မြန်မာနဲ့** တစ်သားတည်းပေါင်းထားတဲ့ ပြောဆိုလုပ်ကိုင်မှုတွေ အပြည့်အဝရှိပါတယ်။ **မြန်မာမွတ်စလင်တွေဆိုပြီး ခွဲခြမ်းခွဲခြမ်းလုပ်မှုဆိုပြီးဘယ်တော့မှမရှိပါ။ ဒါကို** ပဲ ကျွန်မတို့လို တပည့်တပန်းတွေကရော၊ သူ့နိုင်ငံရေး လုပ်ဖော်ကိုင်ဖက် တွေကရော၊ မိတ်ဆွေသူငယ်ချင်းတွေကရော ဆရာကြီးကို ကျေနပ်ပြီး ချစ်နေကြတာ၊ ခင်နေကြတာပါ။

တကယ်တော့ ဆရာကြီးအပြုအမူအနေအထိုင်ဟာ အတုယူစရာ အလွန်ကောင်းပါတယ်။ ခွဲခြားမှု၊ စိတ်ဝမ်းကွဲမှုဆိုတာ တစ်လမ်းသွား မဟုတ်ပါဘူး။ တစ်ဘက်ကမခွဲခြားရင် တစ်ခြားတစ်ဘက်ကလဲ ခွဲခြားမှုကို လျှော့နည်းသွားရတာ မမွတာပါ။ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုး ပေါင်းစုံ ပေါင်းစည်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်လေတော့ ဆရာကြီး ဦးရာဇတ်ထားရှိတဲ့ စိတ်ဓာတ်မျိုးသာထားရှိကြရင် အချင်းချင်းစည်းလုံး ညီညွတ်ရေးဟာ တကယ်ခိုင်မာနိုင်ပါတယ်။

ကိုကျော်ဝင်းမောင်က ဆရာကြီးအကြောင်းကို ထောင့်စေ့အောင် အများကြီးကြိုးစားထားရှာပါတယ်။

အများအကျိုးအတွက် ဆောင်ရွက်တဲ့ စိတ်နေသဘောထားကြီးရင့်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်ပုဂ္ဂိုလ်မဆို တောင်လိုပါပဲ။ တက်ကြည့်လေ ကြီးလေပါ။ ဆရာကြီးဟာလဲ သူ့တစ်သက်မြန်မာပြည်သူတွေ့ရဲ့ အကျိုးကို တက်နိုင်သလောက် ဆောင်ကြဉ်သွားပြီး တပည့်တပန်းနဲ့ လုပ်ဖော်ကိုင်ဖက်တွေကို နမူနာကောင်းပြသွားနိုင်တဲ့ ပုဂ္ဂိုလ်ကြီးပေမို့ ထားဝစဉ်လေးစားမြတ်နိုးလျက် သာရှိရပါတော့တယ်။

လူထုဒေါ်အမာ
၄. ၅. ၈၈

## အမှာစာ



ကျွန်တော့်ဖခင် မန္တလေးသူရိယ ဦးထွန်းရင်နှင့် ဆရာကြီး ဦးရာဇတ်တို့သည် ရင်းနှီးသောမိတ်ဆွေများ ဖြစ်ခဲ့ကြသည်။ အမျိုးသား နိုင်ငံရေးလုပ်ငန်းများတွင် တိုင်ပင်ဖော် တိုင်ပင်ဖက်၊ ရေးဖော်ရေးဖက်၊ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ခဲ့ကြသည်။ ကျွန်တော့်ဖခင်၏ အမြင်ကျယ်မှုကို အကြောင်းပြု၍ ကျွန်တော်သည် ဆရာကြီး ဦးရာဇတ်၏ သားတပည့် ဖြစ်ခဲ့ရပါသည်။

ဆရာကြီး၏ အရင်းနှီးဆုံး သားတပည့်တစ်ဦးအဖြစ်ဖြင့် ဤစာအုပ်တွင် ကျွန်တော်အမှာစာရေးခွင့်ရသည်ကို အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ကျွန်တော် (SPG) ခရစ်ယာန်သာသနာပြု–သံတဲကျောင်းတွင် ခြောက်တန်းပညာသင်ယူနေစဉ်ကပင် ကျွန်တော် ဆရာကြီးထံ ဆည်းကပ်ခွင့်ရရှိခဲ့ပါသည်။ (ထိုစဉ်က ကျွန်တော့်အသက် ဆယ်နှစ်ခန့်သာရှိပါသေးသည်) ဆရာကြီးသည် ကျောင်းဆင်းပြီးချိန်လောက်တွင် ကျွန်တော့်ဖခင်၏ မန္တလေး သူရိယတိုက်သို့ ရောက်လာတတ်ပါသည်။ တစ်ခါတစ်ရံ မီးရထားစားပွဲရုံသို့ ကျွန်တော့်ဖခင်နှင့် ဆရာကြီးတို့ သွားရောက်စားသောက်ကြသောအခါ ကျွန်တော်လည်း လိုက်ပါခဲ့ရပါသည်။ သူတို့ပြောကြဆိုကြသမျှကို ကျွန်တော်က ဘေးကထိုင်၍ နားထောင်ခဲ့ရပါသည်။ မှတ်သားခဲ့ရပါသည်။

ကျွန်တော်သံတဲကျောင်းမှ (၇)တန်းစာမေးပွဲကို ဖြေဆိုပြီးသောအခါ ဆရာကြီးက (Book of Knowledge)စာအုပ်တွဲများကိုယူ၍ ကျွန်တော့်အား ပေးဖတ်စေခဲ့ပါသည်။ ကျွန်တော် ပထမတော့ ဓာတ်ပုံတွေကိုပဲ လျှောက်ကြည့်ပါသည်။ စိတ်ဝင်စားစရာတွေ့လာတော့မှ ပုံအောက်မှ စာတန်းကိုဖတ်ကြည့်ပါသည်။ နားလည်တာရှိသလို နားမလည်တာလဲ ရှိပါသည်။ ဆရာကြီးအား ရင်းရင်းနှီးနှီး မေးမြန်းကြည့်ရာ သူက စိတ်ရှည်လက်ရှည် ရှင်းပြလေ့ရှိပါသည်။

သံတဲကျောင်းတွင် ထိုစဉ်က (၇)တန်းအထိသာရှိသဖြင့် (၇)တန်းအောင်သောအခါ ကျွန်တော် အထက်တန်းကျောင်း တစ်ကျောင်းသို့ ပြောင်းရန် အခြေအနေဖြစ်ပေါ်လာပါသည်။ ခရစ်ယာန် ကျောင်းထွက်များသည် အစဉ်အလာအရ ကယ်လီ၊ ဝက်စလီစသော ခရစ်ယာန်အထက်တန်းကျောင်းများသို့သာ ပြောင်းရွှေ့သင်ယူလေ့ရှိကြပါသည်။ ကျွန်တော့်ကိုမူ ဖခင်က ဆရာကြီး၏ ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးသို့ ပြောင်းရွှေ့ရန် စီစဉ်လိုက်ပါသည်။

ဆရာကြီး၏ကျောင်းသို့ ရောက်ရတော့မည်ကို သိရှိနားလည်ထားပြီးဖြစ်သော်လည်း ကျွန်တော်ကတော့ ကလေးဆန်ဆန်ပင် ဆရာကြီးကို ယခင်ကလို ပြောဆိုဆက်ဆံခဲ့ပါသည်။ ဖက်လှဲတကင်း နေထိုင်မြဲ နေထိုင်ခဲ့ပါသည်။ (ခွေးကလေးအရောဝင် ပါးရက်နားရက်၊ လူကလေးအရောဝင် ဖင်တက်ခေါင်းတက်)ဆိုသလို ဖြစ်လာမည်ကို စိုးရိမ်သဖြင့် ကျွန်တော့်ဖခင်သည် ဆရာကြီးအား စိုးရိမ်စကားပြောကြားခဲ့ပါသည်။ ထိုအခါဆရာကြီးက (ကိုထွန်းရင်ရယ် မပူပါနဲ့ ခင်ဗျားသား ကျောင်းရောက်တော့ မီးသေသွားမှာပါ) ဟု ပြုံးပြုံးကလေး ခွန့်တုံ့ပြန်ခဲ့ပါသည်။ မှန်ပါသည်။ ကျွန်တော် ဆရာကြီး၏ကျောင်းတွင် (၈)တန်းကျောင်းသားဖြစ်လာသည်နှင့် အခြားသောကျောင်းသူကျောင်းသားများနှင့် အလားတူပင် (ချစ်ကြောက် ရိုသေ) သော ပုံစံကို အထူးတလည် မရိုက်သွင်းလိုက်ရဘဲ

ပုံစံဝင်၍ အံဝင်ခွင်ကျလာခဲ့ရပါသည်။ ဆရာကြီးအား ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးသို့၊ မြတ်မြတ်နိုးနိုး၊ ကျိုးကျိုးနွံနွံ သားတပည့်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ပါသည်။

ဆရာကြီးသည် သူ့တပည့်များအား စာပေပညာသင်ကြားပို့ချရုံသာမက အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်လာစေရန် ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးခဲ့ပါသည်။ စည်းကမ်းရှိရှိ၊ တာဝန်သိသိ နေတတ်အောင် လုပ်ဆောင်ပေးခဲ့ပါသည်။ တစ်ဖက်မှလည်း အားကစားလှုပ်ရှားမှုများကို ကြီးထွားစေခဲ့ပါသည်။ ဆရာကြီးဦးစီးသည့် ရဲတပ်ဖွဲ့တွင် ကျွန်တော်လည်း ရဲတပ်သားအဖြစ် ပါဝင်ခွင့်ရခဲ့သည်ကို ယနေ့တိုင်မမေ့နိုင်ဘဲ ဂုဏ်ယူနေမိပါသည်။ ကျွန်တော်တို့ ရဲတပ်ဖွဲ့သည် သတ်မှတ်ထားသည့် နေ့ရက်သို့ရောက်လျှင် ၂၆ လမ်း၊ ၈၄ လမ်း စသော လူစည်ကားသည့် လမ်းမကြီးများတစ်လျှောက် ချီတက်၍ အင်အားပြခဲ့ကြပါသည်။ ရဲဗိုလ်မှူးဝတ်စုံဖြင့် ကျက်သရေရှိစွာ ဦးဆောင်ချီတက်ခဲ့သည့် ဆရာကြီး၏ ခံ့ညားတည်ငြိမ်သောမျက်နှာကို ယနေ့တိုင်အောင်ပင် မြင်ယောင်လျက်ရှိပါသည်။

ကျွန်တော် ဆယ်တန်းရောက်သည့်နှစ်တွင် အိမ်နီးချင်းမိန်းကလေး တစ်ဦးနှင့် သမီးရည်းစားဘဝ ရောက်ခဲ့ကြပါသည်။ ကျွန်တော့်ဖခင်က အကျိုးအကြောင်းရှင်းပြပြီး ဖျောင်းဖျပြောဆိုပါသည်။ သို့သော် ကျွန်တော်ကတော့ ရပ်တန်းတွင်မရပ်ဘဲ ဇာတ်လမ်းကို ဆက်မြဲဆက်ခဲ့ပါသည်။ တစ်နေ့ကျောင်းတွင် ဆရာကြီးက သူ့ရုံးခန်းသို့ အခေါ်လွှတ်လိုက်သဖြင့် ကျွန်တော်ချက်ချင်း လိုက်ပါသွားခဲ့ရပါသည်။ ဆရာကြီးက ကျွန်တော့်အား တစ်နာရီကြာမျှ စိတ်ရှည်လက်ရှည်ရှင်းပြပါသည်။ ပညာမပြည့်စုံခင် ကြင်ယာကိစ္စကို လုံးဝမစဉ်းစားသင့်ကြောင်း၊ အရွယ်မရောက် လူလားမမြောက်မီ ဦးနှောက်နုနုနှင့် ဃရာဝါသ အိမ်ထောင်မှုကိစ္စကို လုံးဝမစဉ်းစားသင့်ကြောင်း၊ ကစားနေသောစိတ်များကို ထိန်းချုပ်ဟန့်တားသောအားဖြင့်

ကျောင်းသားလှုပ်ရှားမှုများတွင် ရှေ့ဆောင်ပါဝင်ပြီး မိမိအကျိုး အများအကျိုး သယ်ပိုးဆောင်ရွက်သင့်ကြောင်း စသည်အားဖြင့် ဆုံးမဩဝါဒပေးခဲ့ပါသည်။

ဆရာကြီး၏ ဩဝါဒအရ ကျွန်တော် ဗဟိုအမျိုးသားအထက်တန်းကျောင်း ကျောင်းသားသမဂ္ဂ အလုပ်အမှုဆောင်၊ ကျောင်းမဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ၊ ထို့နောက် မန္တလေးခရိုင် အမျိုးသားသမဂ္ဂ၊ အလုပ်အမှုဆောင်အဖြစ်ဖြင့် တတိယကျောင်းသားသပိတ်၊ ခရိုင်ခေါင်းဆောင်ဖြစ်လာခဲ့ပါသည်။ ခရိုင်ကျောင်းသားခေါင်းဆောင်အဖြစ်ဖြင့် (၁၃၀၀)ပြည့်အရေးတော်ပုံကြီးတွင် ပါဝင်ဆင်နွှဲခွင့်ရခဲ့ပါသည်။ အာဇာနည် (၁၇)ဦးကျဆုံးခဲ့သည့် ဆန္ဒပြ၊ စီတန်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခွင့်ရရှိခဲ့ပါသည်။ ကျောင်းသားအာဇာနည် ကိုဘငွေး၊ ကိုလှမောင်နှင့်မောင်တင်အောင်တို့သည် ကျွန်တော့်မျက်စိအောက်မှာပင် အသက်ထွက်ခဲ့ကြပါသည်။ ထို့နောက် ကျွန်တော်တို့ အစာငတ်ခံတိုက်ပွဲတွင်လည်းပါဝင်ဆင်နွှဲခဲ့ကြပါသည်။

မန္တလေးခရိုင်တွင် တတိယကျောင်းသားသပိတ်နှင့် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးကို ဆရာကြီးက ကားလိပ်နောက်ကွယ်မှ ကြိုးကိုင်လမ်းညွှန်ခဲ့ကြောင်း ကိုယ်ပိုင်အတွေ့အကြုံအရ ကျွန်တော်တို့ ကောင်းကောင်းကြီး သိရှိနားလည်ထားကြပါသည်။ အမှန်စင်စစ် ဆရာကြီးသည်ပထမကျောင်းသားသပိတ်ကြီးတွင် ပါဝင်ခဲ့ရာမှ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု သမိုင်းတစ်လျှောက်တွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်ပေသည်။

၁၃၀၀ ပြည့်အရေးတော်ပုံကြီးအပြီးတွင် ကျွန်တော် ဆယ်တန်းအောင်မြင်ခဲ့ပါသည်။ ဆရာကြီးက အင်္ဂလိပ်စာနှင့် ပါဠိတို့ကို သင်ကြားပြသခဲ့ပါသည်။ ကျွန်တော်၏ ပင်ကိုယ်အားနည်းချက်ကြောင့် အင်္ဂလိပ်

ဘာသာရပ်ကို အောင်မှတ်မျှဖြင့် အောင်မြင်ခဲ့သော်လည်း ဆရာကြီး၏ ကျေးဇူးကြောင့် ပါဠိတွင် ဂုဏ်ထူးဆွတ်ခူးရရှိခဲ့ပါသည်။

ဆယ်တန်းအောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့ ဆက်လက် တက်ရောက်ရန်ရှိသောအခါ ဆရာကြီးသည် ကျွန်တော့်ဖခင်နှင့်အတူ ကျွန်တော့်အား ရန်ကုန်သို့လိုက်ပို့ပြီး တက္ကသိုလ်မော်ကွန်းထိန်း ဆရာ ဦးလုပေါ်ဦးလက်သို့ ကိုယ်ထိလက်ရောက်အပ်နှံကာ နေထိုင်ရန် ကျောင်း ဆောင်ကိုပါ စီစဉ်ပေးခဲ့ပါသည်။

တက္ကသိုလ်တတိယနှစ် ကျောင်းသားဘဝတွင် ကျွန်တော် ရန်ကုန် တက္ကသိုလ် ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ယောက် အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ ထိုစဉ်က (တကသ) ဥက္ကဋ္ဌမှာ ဦးဗဆွေဖြစ်၍ အတွင်းရေးမှူးမှာ ဦးမောင်မောင် (အငြိမ်းစား ဗိုလ်မှူးချုပ်) တို့ဖြစ်ကြပါသည်။ ယင်းမှတ်တမ်းအရ နိုင်ငံတော်က ၁၉၈၀ ပြည့်နှစ်တွင် ကျွန်တော့်အား နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ချီးမြှင့်ခဲ့ပါသည်။ ယင်းကဲ့သို့ ဂုဏ်ပြုခံရခြင်းမှာ ကျွန်တော့်ဖခင်နှင့် ဆရာကြီးတို့လို ဆရာသမားများက ငယ်ငယ်ကတည်းက အမျိုးသား စိတ်ဓာတ်ကို နိုးကြားတက်ကြွအောင် ပြုစုပျိုးထောင်ပေးခဲ့ကြခြင်းကြောင့် ဖြစ်ပါသည်။

ဆရာကြီးသည် စာရေးဆရာတစ်ဦးလည်း ဖြစ်ပါသည်။ မန္တလေး သူရိယနှင့် အခြား အင်္ဂလိပ်မြန်မာသတင်းစာများတွင် အမျိုးသားရေး ဆောင်းပါးများ ရေးသားခဲ့ပါသည်။ ထို့ပြင် မန္တလေးသူရိယတိုက်ထုတ် (ရွှေနန်းတွင်း အတ္ထုပ္ပတ္တိ) လက်ထက်တော်တွင် အဖြစ်အပျက် စာတမ်း စာအုပ်သည် ဆရာကြီး၏ ရေးသားချက်၊ ဆရာကြီး၏ လက်ရာ ဖြစ်ပါသည်။ အင်္ဂလိပ်အိုင်စီအက်စ် စာရေးဆရာ မောရစ်ကောလစ် (Maurice Collis) ၏ (Trials in Burma) စာအုပ်ကို ဆရာကြီး ဘာသာပြန်ဆိုထုတ်ဝေရန် ရည်ရွယ်လျက် ကျွန်တော့်ဖခင်က အင်္ဂလန်မှ

ခွင့်ပြုချက်ကို တောင်းခံရယူခဲ့ပါသည်။ သို့သော် လူထုဒေါ်အမာက သူဘာသာဆက်ပြန်မယ်ဆိုလာသဖြင့် ဆရာကြီးနှင့် ကျွန်တော့်ဖခင်တို့က ကြည်ကြည်ဖြူဖြူ ရောရောရှုရှု အလွယ်တကူ ကြိုဆိုကြပါသည်။ ဒေါ်အမာ၏ဖခင် ဦးထင်သည် ကျွန်တော့်ဖခင် ဦးထွန်းရင်နှင့် ဆရာကြီး ဦးရာဇတ်တို့၏ ရင်းနှီးသောမိတ်ဆွေ ဖြစ်သည့်အပြင် ဒေါ်အမာသည် ဆရာကြီး၏ တပည့်တစ်ဦးလည်း ဖြစ်ပါသည်။ လူထုဒေါ်အမာက မိမိစာရေးဆရာဖြစ်လာခဲ့ခြင်းတွင် ဦးထွန်းရင်နှင့် ဦးရာဇတ်တို့၏ ကျေးဇူးမကင်းကြောင်း အလျဉ်းသင့်သလို ထုတ်ဖော် ပြောဆိုလေ့ရှိသည်ကို ဒေါ်အမာ၏ စာပေဟောပြောပွဲများသို့ တက်ရောက်နားထောင်ဖူးကြသူတိုင်း ကြားဖူးနား၀ ရှိကြမည် ဖြစ်ပါသည်။

ဂျပန်ခေတ်ဦးကာလတွင် ကျွန်တော့်ဖခင် ကွယ်လွန်ခဲ့ရာ နှစ်လုံးပြူးတစ်လက်နှင့် ပစ္စတိုတစ်လက် ကျန်ရစ်ခဲ့ပါသည်။ ထိုစဉ်က ဆရာကြီးသည် မန္တလေးမြို့ပြအုပ်ချုပ်ရေးတွင် အဖွဲ့၀င်လူကြီးအဖြစ် ပါ၀င်ဆောင်ရွက်လျက် ရှိသဖြင့် အသက် (၁၇) နှစ်မျှသာရှိသေးသည့် ကျွန်တော့်အား နှစ်လုံးပြူးလိုင်စင်ထုတ်ပေးစေကာ ပစ္စတိုကိုတော့ သူယူထားပါသည်။ ကျွန်တော်ကိုင်ဆောင်ခွင့် ရချိန်ရောက်တော့မှ ကျွန်တော့်ထံ ပြန်လည်ပေးအပ်ခဲ့ပါသည်။

ဂျပန်ခေတ်အလယ်ပိုင်းတွင် ဆရာကြီးတို့ မင်းကွန်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ မန္တလေးမြို့ပေါ်တွင် အင်္ဂလိပ်ဗုံးများ နေစဉ်လိုလိုကြဲချနေကြသည့်အချိန် ဖြစ်ပါသည်။ ကျွန်တော်၏ဇနီး ဖြစ်လာမည့် ကျွန်တော့်ချစ်သူ၏ ဆန္ဒအရ သူ၏ဖခင်နှင့်တွေ့ဆုံပြီး လက်ထပ်ထိမ်းမြားရေးစကား ပြောကြားကမ်းလှမ်းပေးပါရန် ဆရာကြီးအား မေတ္တာရပ်ခံခဲ့ပါသည်။ ဆရာကြီးသည် သားတပည့်၏ဆန္ဒကို ချက်ချင်းလိုက်လျောကာ ဗုံးမိုးရွာချနေသည့်မန္တလေးကို လိုက်လာပြီး သားတပည့်၏ မိဘအဖြစ်ဖြင့် မင်္ဂလာစကား ကမ်းလှမ်းပြောကြားခဲ့ပါသည်။

၁၉၄၅–၄၆ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဌာနချုပ်ခေါင်းဆောင်တို့ မန္တလေးသို့ ရောက်ရှိလာကြ၏။ မန္တလေးခရိုင် ဖဆပလကို ဖွဲ့စည်းကြသောအခါ ဆရာကြီးက ဥက္ကဋ္ဌ၊ လူထုဦးလှ အတွင်းရေးမှူး၊ ကိုအောင်သူနှင့် ကျွန်တော်တို့က တွဲဖက်အတွင်းရေးမှူးများအဖြစ် ပါဝင်တာဝန်ယူခဲ့ကြရပါသည်။ ၁၉၄၆ ခုနှစ် ရွှေတိဂုံအလယ်ပစ္စယံ ဖဆပလ ညီလာခံသို့ ဆရာကြီးခေါင်းဆောင်သည့် ကျွန်တော်တို့ ခရိုင်ကိုယ်စားလှယ်များ အင်တိုက်အားတိုက် တက်ရောက်ခဲ့ကြရပါသည်။

၁၉၄၆ ခုနှစ် အလယ်ပိုင်းတွင် ကျွန်တော် ဥပဒေဘွဲ့ရယူရန် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည် ရောက်ရှိလာခဲ့ပါသည်။ ထိုနှစ်တွင် တက္ကသိုလ်ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌအဖြစ်ဖြင့် ကျွန်တော့်အား မဲပေး ရွေးကောက်တင်မြှောက်ခဲ့ကြပါသည်။ တစ်ဆက်တည်းလိုလိုပင် ကျွန်တော် ဗမာလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌတာဝန်ကိုပါ ပူးတွဲယူလာရပါသည်။ ထိုအချိန်တွင် ဆရာကြီးသည် ဗိုလ်ချုပ်အောင်ဆန်း၏ အစိုးရအဖွဲ့တွင် ပညာရေးဝန်ကြီးနှင့် အမျိုးသား စီမံကိန်းဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေပြီ ဖြစ်ပါသည်။ ဆရာနှင့် တပည့်တို့သည် ပညာရေးဝန်ကြီးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီးနှင့် မြန်မာနိုင်ငံကျောင်းသားဥက္ကဋ္ဌတို့အဖြစ်ဖြင့် တစ်ဖန် ပြန်လည်တွေ့ဆုံကြခြင်းဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်တွင် (ISS) ကမ္ဘာ့ကျောင်းသားဝန်ဆောင်မှုအဖွဲ့ကြီးမှ ကိုယ်စားလှယ် ဒေါက်တာ အမ်အက်စ်အဒီစ်ရှိအာ မြန်မာနိုင်ငံသို့ ရောက်ရှိလာပါသည်။ ကျွန်တော်တို့ တက္ကသိုလ်သမဂ္ဂခေါင်းဆောင်များနှင့် ပဏာမဆွေးနွေးညှိနှိုင်းကြပြီးနောက် ဒေါက်တာသည် ကျွန်တော်တို့နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းအား တာဝါလိမ်းလမ်းနေအိမ်တွင် သွားရောက်တွေ့ဆုံကြပါသည်။ ဒေါက်တာက အိန္ဒိယပြည်မဒရပ်တွင် ကျင်းပပြုလုပ်မည့် အာရှညီလာခံနှင့် ဒိန်းမတ်နိုင်ငံအာ ဟုစ်တက္ကသိုလ်တွင် ကျင်းပပြုလုပ်မည့် နိုင်ငံတကာညီလာခံတို့သို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်

အဖွဲ့များ စေလွှတ်ပေးပါရန် မေတ္တာရပ်ခံ ဖိတ်ကြားခဲ့ရာ ဗိုလ်ချုပ်က လွယ်လွယ်ကူကူပင် ခွင့်ပြုခဲ့ပါသည်။ တစ်ဖန် အာရှညီလာခံသို့ မြန်မာ အစိုးရဝန်ကြီးတစ်ဦး တက်ရောက်မိန့်ခွန်းပြောကြားပေးပါရန် ဒေါက်တာက ထပ်လောင်း တောင်းပန်ရာ ဗိုလ်ချုပ်က ပညာရေးဝန်ကြီး ဆရာကြီး ရာဇတ်ကို လွှတ်ပေးမည်ဟု ကတိပေးပြောကြားလိုက်ပါသည်။

ထို့ကြောင့် ဆရာနှင့် တပည့်တို့ မဒရပ်အာရှညီလာခံတွင် မြန်မာနိုင်ငံကို ကိုယ်စားပြုကြရင်း ပြန်လည်ဆုံစည်းခွင့် ရရှိခဲ့ကြပါသည်။ ဆရာကြီးကြွလာခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံကျောင်းသားများ ကိုယ်စားလှယ်အဖွဲ့အနေနှင့် အထူးတလည် မျက်နှာပန်းပွင့်လန်းခဲ့ကြ ပါသည်။ အင်ဒိုနီးရှားမှ တက္ကသိုလ်ပါမောက္ခနှင့် အိန္ဒိယနိုင်ငံမှ ပါမောက္ခချုပ်များ တက်ရောက်ခဲ့ကြသော်လည်း မြန်မာနိုင်ငံ တစ်နိုင်ငံ တည်းကသာလျှင် ဝန်ကြီးအဆင့် တက်ရောက်အားပေးချီးမြှင့်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံသည် အထူးဂုဏ်သတင်း ပျံ့သင်းခဲ့ပါသည်။ (အိန္ဒိယကိုယ်စား တက်ရောက်ခဲ့ကြသည့် ဒေါက်တာ ဇကီးဟူစိန်နှင့် ဒေါက်တာ ရာဒါခရစ် ရှနန် တို့သည် တစ်ချိန်တွင် အိန္ဒိယသမ္မတကြီးများ ဖြစ်လာကြမည့် ပုဂ္ဂိုလ်ကျော်များပင် ဖြစ်ပါသည်။)

ဆရာကြီးဦးရာဇတ် ညီလာခံတွင် မိန့်ခွန်းပြောကြားအပြီး မြန်မာနိုင်ငံ သို့ လေယာဉ်နှင့် ပြန်လည်ထွက်ခွာရာတွင် ကျွန်တော်တို့မြန်မာကျောင်း သားခေါင်းဆောင်များ တပျော်တပါး လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြ ပါသည်။ ဆရာကြီးကို ကျွန်တော် နောက်ထပ်တွေ့ခွင့်ရတော့မည်မဟုတ် ကြောင်း ထိုစဉ်က ကျွန်တော်လုံးဝ မသိနိုင်ခဲ့ပါ။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့သည် ကျွန်တော်နှင့် ကိုမောင်ကျော်တို့ ဒိန်းမတ် နိုင်ငံတကာ ကျောင်းသားညီလာခံသို့ တက်ရောက်နေချိန်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဒိန်းမတ်ထက်

ခြောက်နာရီခွဲစောပြီး နေထွက်သည်ဖြစ်ရာ ဗိုလ်ချုပ်တို့ လုပ်ကြံခံရသော အခါ ကျွန်တော်တို့ အိပ်ရာထဲမှာပဲ အိပ်လျက်ရှိနေကြဆဲဖြစ်ပါသည်။

နံနက်စာစားရန် အိပ်ခန်းမှ ထမင်းစားခန်းသို့အသွား မြန်မာနိုင်ငံမှ အမင်္ဂလာသတင်းများကို စတင်ကြားသိရသည်ဖြစ်ရာ ကျွန်တော်ရော ကိုမောင်ကျော်ပါ ဘာမျှပြောမထွက်ကြဘဲ မျက်ရည်များသာ သူ့အလို အလျောက် တစ်ပေါက်ပေါက် ကျဆင်းလာခဲ့ကြပါသည်။ သည်းအူပြတ်မျှ နာကြည်းစွာ ခံစားခဲ့ကြရပါသည်။ ဒိန်းမတ်သတင်းစာကြီးတိုင်း၏ မျက်နှာဖုံးထိပ်ဆုံး ခေါင်းစီးသတင်းတွင် စာလုံးမည်းကြီးများဖြင့် ခေါင်းစီး တပ်၍ ဗိုလ်ချုပ်တို့ လုပ်ကြံခံရခြင်းသတင်းကို ရေးသား ဖော်ပြခဲ့ကြပါ သည်။ ညီလာခံတွင်လည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ်ဖြင့် (၂) မိနစ်မျှ ငြိမ်သက်စွာမတ်တတ်ရပ်၍ အလေးပြုခဲ့ကြပါသည်။ ဆရာကြီး နှင့် ကျွန်တော်တို့ မဒရပ်တွင် စတင်ခဲ့ကြသည့် ကျောင်းသားဝန်ဆောင် လုပ်ငန်းကို ကျွန်တော်တို့ ဒိန်းမတ်နိုင်ငံတကာညီလာခံတွင် ဆက်လက် အကောင်အထည်ဖော်နေစဉ်မှာပင် ဆရာကြီးသည် ဗိုလ်ချုပ်တို့နှင့် လက်တွဲ လျက် နိုင်ငံအတွက် အသက်သွေးပေးလှူသွားခဲ့လေပြီ။

ဆရာကြီးအကြောင်း တစေ့တစောင်းကို ကျွန်တော့်ရှုထောင့်မှ မြင်တွေ့ခဲ့သမျှ တင်ပြလိုက်ခြင်းဖြင့် ဆရာကြီးအား ဦးခိုက်ရင်း ဤအမှာ စာကို နိဂုံးချုပ်လိုက်ပါသည်။

**သူရိယ သန်းမောင် B.A, B.L**
ဗဟိုတရားရုံးရှေ့နေ
၁၂၊ မိုးကောင်းဘုရားလမ်း၊
ရန်ကင်း၊ ရန်ကုန်မြို့။

# ဦးချစ်ဆွေဆီက စာတစ်စောင်

ဆရာကြီးဦးရာဇတ်နဲ့ပတ်သက်ပြီး ကျွန်တော် စာအုပ်တစ်အုပ် ရေးသားပြုစုနေပါတယ်။ ဒါကြောင့် ဆရာကြီးနဲ့ပတ်သက်ပြီး တိုင်းပြည် အတွက်အကျိုးရှိစေမယ့် အကြောင်းအရာတွေ၊ တိုင်းပြည်မှာ မှတ်တမ်း တင်ထားသင့်တဲ့ အဖြစ်အပျက် တွေ၊ အချက်အလက်တွေကို ကျေးဇူးပြုပြီး ကျွန်တော့်ကို ကူညီပြောပြပေးပါလား ဦးချစ်ဆွေဆိုတဲ့ ပန်ကြားချက်နဲ့ ဦးချစ်ဆွေဆီ သွားရောက်တွေ့ဆုံခဲ့ပါတယ်။

ဦးချစ်ဆွေဟာ မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းက ၁၀ တန်းအောင်သွားတဲ့ ကျောင်းသားဟောင်းတစ်ယောက် ဖြစ်ပါတယ်။ သူဟာ ဆရာကြီးနဲ့အတူ လက်ပွန်းတတီး နေခဲ့တဲ့သူလဲ ဖြစ်ပါတယ်။ ဆရာကြီး ပညာရေးနဲ့ အမျိုးသားစီမံကိန်းဝန်ကြီးအဖြစ် တာဝန်ယူချိန်က စတင်ပြီး ဆရာကြီးရဲ့ နောက်ဆုံးအချိန်အထိ ဆရာကြီးရဲ့အတွင်းဝန်အဖြစ် အနီးကပ် လုပ်ကိုင်ခဲ့သူပါ။

ဆရာကြီးအကြောင်းနဲ့ပတ်သက်ပြီး ထပ်မံတွေ့ဆုံဖို့ ချိန်းဆိုခဲ့ပြီး သူ့အိမ်မှ ပြန်ထွက်လာခဲ့ပါတယ်။ ချိန်းဆိုထားတဲ့နေ့ ကျွန်တော်သွားပြန် ပါတယ်။ မမျှော်လင့်တဲ့ သူ့ကိုယ်ရေးကိုယ်တာကိစ္စ ပေါ်ပေါက်လာတာနဲ့ ဦးချစ်ဆွေ စစ်ကိုင်းဘက်ကို ကူးသွားပါတယ်။ သူချိန်းဆိုထားတဲ့နေ့ လူကိုယ်တိုင်မတွေ့ရပေမယ့် သူ့ကတိအတိုင်း ဆရာကြီးအကြောင်းနဲ့ ပတ်သက်ပြီး စာတစ်စောင်ရေးပြီး ထားခဲ့ပါတယ်။ သူ့ညီ ကိုမောင်မောင်

ရေဒီယိုနှင့် လျှပ်စစ်ပြင်ဆရာဆီက ကျွန်တော့်အတွက် ပေးထားတဲ့ စာအိတ်တစ်အိတ် ရပါတယ်။ စာအိတ်ဖောက်ဖတ်ကြည့်လိုက်တဲ့အခါမှာ သူစစ်ကိုင်းဘက် ကူးသွားလိုက်ရတဲ့အတွက် သူ့ကိုခွင့်လွှတ်ဖို့ တောင်းပန်ထားတဲ့စာရယ်၊ ဆရာကြီးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေပါတဲ့ စာတို့ကိုပါ ဖတ်လိုက်ရတယ်။ အဲဒါကြောင့် သူကျွန်တော့်ကိုပေးထားတဲ့ စာမူအတိုင်း တစ်စုံတစ်ရာ ပြင်ဆင်ခြင်း၊ နှမ်းဖြူးခြင်းမလုပ်ဘဲ အောက်ပါအတိုင်း ကူးယူဖော်ပြလိုက်ပါတယ်။

ဦးကျော်ဝင်းမောင်

ဒီနေ့ခင်ဗျားနဲ့ချိန်းထားပေမယ့် အိမ်က စစ်ကိုင်းတောင်ရိုးသွားပြီး ဆွမ်းကျွေးမှာမို့ လိုက်သွားရပါတယ်။ ဆရာကြီးနဲ့ပတ်သက်တဲ့ အချက်အလက်အချို့ကို မှတ်မိသမျှ ရေးသားခဲ့ပါတယ်။

သပိတ်မှောက်တဲ့နှစ် (၁၉၂၀) ကစပြီး နေရှင်နယ်ကျောင်းဆရာလုပ်နိုင်တဲ့ သူ့ဖွဲကို အရင်ဆုံး ချီးကျူးချင်ပါတယ်။ လူငယ်တွေ ဇာတိသွေး ဇာတိမာန်တက်ကြွဖို့၊ အမျိုးကို အသက်ထက်တန်ဖိုးထားပြီး ချစ်မြတ်နိုးဖို့၊ နိုင်ငံအတွက် အသေခံချင်အောင် ကျွန်မခံချင်တဲ့စိတ် မွေးဖို့၊ ရင့်သန်ဖို့ ဆိုတာတွေကို တဖွဖွပြောလာတဲ့ သူ့အသံကို ယခုတိုင် ကျွန်တော် ကြားယောင်နေပါသေးတယ်။ ကျောင်းတုန်းက ကျွန်တော့်ကို အလွတ်ရအောင်ကျက်ခိုင်းတဲ့ Sir Walter Scott ရဲ့ အင်္ဂလိပ်ကဗျာလေး တစ်ပုဒ်ကို ပိုပြီးသတိရမိတယ်။ ကဗျာရဲ့ နာမည်တော့ မေ့သွားပြီ။ မူရင်းအတိုင်းကတော့ –

Breathes there the man with soul so dead.
Who never to himself hath said.
This is my own, my native land ?

"ဒါဒို့ပြည်၊ ဒါဒို့မြေလို့ မဆိုတဲ့သူဟာ အသက်ရှင်လျက ဝိညာဉ်မဲ့နေတဲ့သူလို ၊ အသက်ရှင်ပေမယ့် သေနေတဲ့သူလို၊ ဘာမျှ အသုံးမကျတဲ့အကြောင်း" ဆရာကြီးရှင်းပြခဲ့တာ ကျွန်တော်တို့ အသည်းထဲမှာ စွဲသွားစေပါတယ်။ ဒါကြောင့်မို့ သူ့တပည့်တွေဟာ

ဘယ်လိုအလုပ်မျိုးပဲလုပ်လုပ် တိုင်းပြည်နှင့် လူမျိုးပေါ် သစ္စာရှိကြတာချည်းပဲ။

ကျွန်တော့်စိတ်အထင်ကတော့ ဒီခေတ်စကားနဲ့ ပြောရရင် (Progressive) တိုးတက်တဲ့အတွေးအခေါ် အယူအဆတွေ ဆရာကြီးမှာကိန်းအောင်းနေတယ်လို့ ယူဆမိပါတယ်။ ခေတ်နဲ့မီအောင် စာဖတ်ဖို့ အမြဲတိုက်တွန်းခဲ့တယ်။ အားပေးခဲ့တယ်။ စာအုပ်များများဖတ်လေ သူကြိုက်လေပဲ။ စစ်ပြီးခေတ် ၁၉၄၅ ခုနှစ်အလွန်ပေါ့။ ဆရာကြီးက မန္တလေးဖဆပလဥက္ကဋ္ဌ လုပ်နေတဲ့အချိန်မှာ သူ့တပည့်တွေထဲက ရဲဘော်ခေါင်းဆောင်တွေလဲရှိတယ်။ အလံနီခေါင်းဆောင်တွေလဲရှိ၊ အလံဖြူခေါင်းဆောင်တွေလဲရှိတယ်။ ဆိုရှယ်လစ်ထဲမှာလဲ ရှိပါတယ်။ တစ်ခါတလေ ကျွန်တော်တို့အချင်းချင်း အယူအဆချင်းမတူကြတော့ ငြင်းကြခုန်ကြ၊ တစ်ဦးနှင့်တစ်ဦး အပြစ်ပြောမိကြတယ်။

ဒါနဲ့ ကျွန်တော်ကတစ်ရက်မှာ ဆရာကြီးဆီရောက်ရင်း ဒီအကြောင်းကို ပြောပြတော့ "မင်းတို့ သူ့ကိုဘာမှဝေဖန်မနေနဲ့ ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ့်အမြင်နဲ့တော့ ကိုယ်လုပ်တာ၊ပြောတာ၊မှန်တယ်လို့ ထင်တာချည်းပဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ခေါင်းဆောင်ကောင်းဖြစ်ဖို့ဆိုတာက စာဖတ်နိုင်မှ၊ လေ့လာနိုင်မှ၊ ကျင့်ကြံနိုင်မှဖြစ်တာ၊ မတောက်တစ်ခေါက်လေးနဲ့ လျှောက်အော်နေလို့ ဖြစ်တာမဟုတ်လား။ သူဘုရားဖြစ်မှ ဝေနေယျသတ္တဝါတွေကို ချွတ်နိုင်သလို ကိုယ်က(Qualified) ဖြစ်မှ အများရဲ့အကျိုးကို ပိုလုပ်နိုင်မှာပေါ့။ အဲဒီတော့ဘယ်သူမှ အပြစ်ရှာပြီး ပြောမနေကြနဲ့ကြားလား" ဆိုတဲ့ ဆရာကြီး ဆုံးမခဲ့တဲ့စကားတွေကိုလဲ ပြန်ပြီးကြားမိပါသေးတယ်။

ဆရာကြီးရဲ့အကြောင်းကတော့ အနည်းနှင့်အများ တိုင်းပြည်ကသိကြပါတယ်။ ဒါပေမယ့် အချို့အကြောင်းအရာတွေမှာလဲ ကျွန်တော်အားမရဘူး။ ဥပမာဆိုရင် ဆရာကြီးဟာ ကျောင်းဆရာမို့ ပညာရေးဌာနအပိုင်ခိုင်းတာမှန်ပေမယ့် ဗိုလ်ချုပ်အောင်ဆန်းက ပိုပြီးအလေးပေးခဲ့တာက အမျိုးသားစီမံကိန်းဌာနဝန်ကြီးအနေနဲ့ဗျ။ စစ်ဒဏ်အလူးအလဲခံရတဲ့ ကျွန်တော်တို့နိုင်ငံကို အဖက်ဖက်က ပြန်လည်ထူထောင်ဖို့

(Sorrente Villa Scheme) ဆိုရန်တိုဗီလာစီမံကိန်းကို ရေးဆွဲခဲ့တာ ခင်ဗျားလဲ သိမှာပါ။ အဲဒီစီမံကိန်းကြီးကို အမျိုးသားစီမံကိန်းဌာနက တိုက်ရိုက်ဆရာကြီး ကိုယ်တိုင် တာဝန်ယူခဲ့ရတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ ဆရာကြီးကိုဘယ် လောက်အားထားခဲ့သလဲဆိုတာ ထင်ရှားပါတယ်။ အချို့က ဆရာကြီးကို ပညာရေးဝန်ကြီးအဖြစ်နဲ့ပဲသိတယ်။ အင်မတန် အရေးကြီးတဲ့ အမျိုးသားစီမံ ကိန်းဌာန ဝန်ကြီးလုပ်ခဲ့တာကိုလဲ ခင်ဗျားက ဖော်ပြပေးစေချင်တယ်။ နောက် ပြီးအရေးကြီးတာ ရှိသေးတယ်ဗျ။ အဲဒါကတော့ တခြားမဟုတ်ဘူး။ ဆရာ ကြီးကို အချို့လူတွေက အထက်မြန်မာပြည်က အမျိုးသားခေါင်းဆောင်ကြီး လို့မမြင်ကြဘဲ **မမက(မြန်မာမွတ်စလင်ကွန်ကရက်)ဥက္ကဋ္ဌမို့ မြန်မာမွတ်စလင်** လူနည်းစုခေါင်းဆောင်တစ်ယောက်အနေနဲ့ သဘောထားတာကို တွေ့မိတယ်။ ဒါဟာ အကြီးအကျယ်မှားတယ်။ ခင်ဗျားလဲသိသားပဲ။ ဆရာကြီးကို မန္တလေး က ရဟန်းရှင်လူအပေါင်းတို့ ဘယ်လောက်ထောက်ခံခဲ့တယ်ဆိုတာကို ဆရာကြီးတို့ လုပ်ကြံမခံရမီ တစ်လသာသာကပေါ့ဗျာ။

၁၉၄၇ ခုနှစ် ဇွန်လအတွင်းမှာ အရှေ့တောင်ပိုင်း ပညာရေးကွန်ဖရင့် ကြီးကို ကုလားပြည် ( အိန္ဒိယပြည် )မဒရပ်မြို့မှာ ကျင်းပခဲ့တယ်။ အဲဒီ ကွန်ဖရင့်ကို မြန်မာပြည်က ပညာရေးဝန်ကြီးအဖြစ် တက်ရောက်ဖို့ ဗိုလ်ချုပ် အောင်ဆန်းက စေလွှတ်တဲ့အတွက် သွားရောက်တက်တဲ့အခါ ကျွန်တော့်ကိုပါ ခေါ်သွားတယ်။ မဒရပ်မြို့လေဆိပ်ရောက်တဲ့အခါ ဆရာကြီးကိုလာကြို နေတာ နှစ်ဖွဲ့ဖြစ်နေတယ်ဗျ။ တစ်ဖွဲ့က ကွန်ဂရက်အစိုးရရဲ့ ကိုယ်စားလှယ်။ တစ်ဖွဲ့ကတော့ ပါကစ္စတန်ပြည်ကို ထူထောင်လိုလားကြတဲ့ မဒရပ်ရှိ မွတ်စလင်အဖွဲ့။ အဲဒီမွတ်စလင်အဖွဲ့ကတော့ ဆရာကြီးဟာ အမည်အားဖြင့် အေရာဇတ်လဲဖြစ်ပြန်၊ မွတ်စလင်ခေါင်းဆောင်လဲဖြစ်ပြန်တော့ သူတို့ဆီလိုက် ပြီး တည်းခိုလိမ့်မယ်လို့ အထင်ရှိနေဟန်တူပါရဲ့။ ဒါပေမယ့် ဆရာကြီးက သူဟာ အစိုးရရဲ့ဧည့်သည်တော်အဖြစ်နဲ့ လာရတဲ့အတွက် သူတို့ဖိတ်တာကို အင်မတန် ကျေးဇူးတင်သော်လည်း ဝမ်းနည်းစွာနဲ့ လက်မခံနိုင်တာကို ခွင့်ပြု ဖို့ တောင်းပန်လိုက်တယ်။ နောက်တစ်ရက်ကျတော့ ဆရာကြီးကိုချိန်းဆို ထားတဲ့အတိုင်း လာပြီးတွေ့ဆုံကြပါတယ်။ သူတို့ ပြောဆိုကြတာတွေကို

တစ်လုံးမကျန် ခင်ဗျားကို ဖောက်သည်ချလိုက်မယ်။ မွတ်စလင်ခေါင်းဆောင်များ အခုလို ခေါင်းဆောင်ကြီးနဲ့လာရောက်တွေ့ဆုံရတာ အင်မတန်ဝမ်းမြောက်ဝမ်းသာရှိသလို ဝမ်းသာစရာစကားအဖြစ် ကျွန်တော်တို့မကြာသော ကာလအတွင်း ပါကစ္စတန်ပြည်ရတော့မှာမို့ ခေါင်းဆောင်ကြီးစိတ်ထဲ ဘယ်လိုများရှိပါသလဲ အမိန့်ရှိပါခင်ဗျား။

ဆရာကြီး I am glad that you'll be attaining your long cherished goal. But, I am sorry to see India divided into two -

ခင်ဗျားတို့ လိုလားတောင့်တနေကြတဲ့ ပန်းတိုင်ကိုရောက်မှာမို့ ဝမ်းသာပါတယ်။ ဒါပေမယ့်အိန္ဒိယပြည်ကြီး နှစ်ခြမ်းကွဲသွားတာတော့ ဝမ်းနည်းတယ်ဗျာ။

အဲဒီလို ဆရာကြီးကပြောလိုက်တော့ သူတို့ခင်မျာတယ်ပြီးမရှင်းလှဘူး။ မွတ်စလင်တစ်ယောက်ဟာ မွတ်စလင်ပြည်သစ်ကြီးထူထောင်တာကို အားတက်သရောမရှိလှဘဲ ကုလားပြည်ကြီးနှစ်ခြမ်းကွဲသွားလို့ ဝမ်းနည်းစကားဆိုတာကို နှစ်သက်ဟန်မရှိလှဘူး။ ဒါနဲ့ပတ်သက်ပြီး သူတို့ဆရာကြီးကို မေးမြန်းတယ်။

မွတ်စလင်ခေါင်းဆောင်များ။ As a leader of the Muslims, what are the problems regariding the minority in Burma?

ဆရာကြီး။ We don't regard ourselves as a minority. We merged with the majority; for instance. I have been a Head Master of a National School since 1920 in Mandalay, the last capital of the Burmese kings, a city predominantly Buddhists, the centre of Burmese culture and infact its my own constituency. As such, the question of the Muslin minority does not arisa.

ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ လူနည်းစုလို့သဘောမထားဘူး။ လူများစုနဲ့ပဲ ပေါင်းလိုက်တယ်။ ဥပမာပြရရင် ကျွန်တော်ဟာ ၁၉၂၀ ပြည့်က **စပြီး မြန်မာ့ယဉ်ကျေးမှုတည်ရာဌာနလဲဖြစ်၊ ဗုဒ္ဓသာသနာထွန်းကားရာအရပ်** လဲဖြစ်၊ မြန်မာမင်းရဲ့ နောက်ဆုံးမြို့တော်လဲဖြစ်တဲ့ မန္တလေးမြို့ အမျိုးသားကျောင်းမှာ ကျောင်းအုပ်လုပ်ခဲ့တယ်။ အဲဒီမြို့ဟာလဲ ကျွန်တော်မဲဆန္ဒပေးတဲ့မြို့လဲဖြစ်တယ်။ ဒါကြောင့် မွတ်စလင်လူနည်းစု ပြဿနာရယ်လို့ မပေါ်

တော့ပါဘူး။

ဆရာကြီးရဲ့ စကားတွေကို ထောက်ချင့်ကြည့်လိုက်ရင် ဆရာကြီးဟာ ကျဉ်းမြောင်းတဲ့ လူမျိုးရေးစိတ်ထား မရှိဘူးဆိုတာ ထင်ရှားပါတယ်။ မွတ်စလင် ခေါင်းဆောင်မကဘဲ ကျွန်တော်တို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီးပဲ ဆိုတာ ရဲရဲကြီး ပြောဝံ့ပါတယ်ဗျာ။

ခင်ဗျားနဲ့တွေ့မှ ဆက်ကြရအောင်။

လေးစားလျက် -

ချစ်ဆွေ
၂၉-၄-၆၉

# အမှာစာ



လွန်ခဲ့သော ၁၈ နှစ်ကျော်ခန့်။ ကျွန်တော်၏ ပြင်ဦးလွင် (မေမြို့) ချယ်ရီလမ်း၊ သစ္စာမြိုင်နေအိမ်သို့ ဥပဓိရုပ် ကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်း၊ အသားညိုညို၊ မဂိုမင်းဆက် ပုံပန်းသဏ္ဍာန် လူတစ်ယောက် ဆိုင်းမပါ ဗုံမဆင့်ဘဲ ဆိုက်ရောက်လာပါသည်။ သူ့ကိုယ်သူ "ကျွန်တော် ကျော်ဝင်းမောင်ပါ" ဟု မိတ်ဆက်၍ ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက်တော်လှန်ရေး သမိုင်းစာအုပ်ရေးသူဟု ပြောပါသည်။ ထို့နောက်ဆက်လက်၍ မြေအောက်တော်လှန်ရေးသမားများနှင့် ကသာ၊ ထီးချိုင့်နယ်များ၌ ပါဝင်ခဲ့၍ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ (AFO) နဲ့ အမေရိကန်တပ်မတော် ၁၀၁ တပ်ဖွဲ့ကို ပထမဆုံးဆက်သွယ်ပေးခဲ့သူဟု ဆိုပါသည်။

အဆိုပါစာအုပ်ကို ဖတ်မိသယောင်ရှိ၍ ကလောင်ရှင်တစ်ဦးအဖြစ် လေးစားစွာ ကြိုဆိုညှိခံခဲ့ပါသည်။ ကိုကျော်ဝင်းမောင်က သူလာရောက်ရခြင်းအကြောင်းကို ပြောပြပြန်ပါသည်။ သူသည် ဆရာကြီး ဦးရာဇတ်၏ အတ္ထုပ္ပတ္တိစာအုပ်ကြီးရေးသားရန် အချက်အလက်စုဆောင်း သုတေသနပြုနေကြောင်း၊ ဆရာကြီးနှင့် နီးစပ်ဆက်သွယ် လုပ်ကိုင်ခဲ့ဖူးသူများအား လိုက်လံ တွေ့ဆုံမေးမြန်းစုံစမ်းနေကြောင်း၊ မန္တလေးမြို့တွင် ဆရာကြီး၏ အမျိုးသားကျောင်းသူ ဟောင်း တပည့်ရင်း အမ်အေဒေါ်အုံး ကြောင့် ယခု

ပြင်ဦးလွင် (မေမြို့)သို့ တက္ကသိုလ်က တက်ရောက်၍ ကျွန်တော့်အား လာရောက်တွေ့ဆုံကြောင်း၊ ဒေါ်အုံးအား တွေ့ဆုံမေးမြန်းခဲ့ပြီးကြောင်း၊ ဒေါ်အုံး၏ညွှန်ကြားမှု၊ တိုက်တွန်းအားပေးမှုဖြင့် လာရောက်ရကြောင်း ရှင်းလင်းပြောပြ၍ ဆရာကြီး ဦးရာဇတ်အကြောင်း ကိုယ်တိုင်သိသမျှ ကိုပြောပြ၍ သူ့အား ကူညီစေလိုကြောင်း မေတ္တာရပ်ခံသည်။

ဆရာကြီးကဲ့သို့ မျိုးချစ်ပုဂ္ဂိုလ်ကြီး၊ ပညာရေးအားပေးခဲ့သည့် ပုဂ္ဂိုလ်ကြီးအကြောင်းကို ရေးသားမည်ကြားသိရ၍ ဝမ်းမြောက်ကြောင်း၊ သို့သော် ဆရာကြီးအကြောင်းကို ခဏတဖြုတ် ပြောဆို မေးမြန်းရုံဖြင့် အပြည့်အစုံမသိနိုင်ကြောင်း၊ တကယ်သိလိုပါက ကျွန်တော့်ထံတွင် ၁ ရက် ၂ ရက်ဆိုသလို ညအိပ်ည၌နေ နေထိုင်နိုင်မှ ပြည့်စုံသင့်သလောက် ပြည့်စုံမည်ဟု ရှင်းပြပြီး ကိုကျော်ဝင်းမောင်အား ကျွန်တော့်အိမ်တွင် တည်းခိုနေထိုင်ရန် ဖိတ်မန္တက ပြုလိုက်ပါသည်။ ကျွန်တော်၏ ဖိတ်ကြားချက်ကို ကိုကျော်ဝင်းမောင်က ဝမ်းမြောက်စွာ လက်ခံ၍ ကျွန်တော့်အိမ်တွင် နှစ်ညအိပ်ဧည့်သည်အဖြစ် နေထိုင်သွားခဲ့ပါသည်။

ကျွန်တော်သည် ဆရာကြီး ဦးရာဇတ်အား မန္တလေး ဥပစာကောလိပ် ကျောင်းသားဘဝ၊ ၁၉၂၉ ခုနှစ်ကပင် စ၍သိခဲ့ပေသည်။ ထိုစဉ်က ကျွန်တော်သည် လက်ဖွေ့ဝါသနာပါသူ တစ်ဦးအဖြစ် တိုင်းချစ်ကိုသိန်းဖေ နှင့် အမျိုးသားကျောင်းသို့ မကြာခဏ ရောက်ခဲ့ရသည်။ ဆရာကြီးသည် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေး၊ မဟုတ်မခံစိတ်ဓာတ် မွေးမြူရေးအတွက် လက်ဖွေ့ပညာကို အထူးအားပေးခဲ့လေသည်။ ထိုအချိန်တွင် နောင်အခါ အနီးစခန်းဆရာတော်၊ ရွှေစေတီဆရာတော်ဟု သာသနာလောကတွင် ထင်ရှားခဲ့ကြသော ဆရာတော်လောင်းလျာ ပဉ္စင်းပျိုနှစ်ပါးသည်လည်း ဆရာကြီး၏ကျောင်း၌ အင်္ဂလိပ်စာသင်ကြားနေကြရာ ထိုဆရာတော် လောင်းလျာနှစ်ပါးနှင့် ဆက်နွယ်၍လည်း ဆရာကြီးနှင့် ရင်းနှီးခဲ့ရသည်။

မန္တလေးဥပစာကောလိပ်ကျောင်းကို ပိတ်ပစ်ရန် အစိုးရက ကြံစည်သဖြင့် ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီး၏ ရှေ့ပြေး ၁၉၃၀ ခုနှစ်

ဥပစာကောလိပ်သပိတ်ကလေး ပေါ်ပေါက်ခဲ့ရသေးရာ သပိတ်မှောက်ကျောင်းသားများကို အားပေးထောက်ခံခဲ့သည့် ဆရာကြီးနှင့် ပိုမိုဆက်သွယ်မိပြန်ပါသည်။ ၁၉၃၆ ခုနှစ်တွင် အင်္ဂလန်သို့ ပညာတော်သင်သွားရခါနီးတွင် ဆရာကြီးအား နှုတ်ဆက်သွားရင်း စိုက်ပျိုးရေး ဓာတုဗေဒပညာတော်သင်သွားမည်ဖြစ်ကြောင်း၊ ပြန်လာသောအခါ မန္တလေးစိုက်ပျိုးရေးကောလိပ်တွင် အမှုထမ်း၍ မန္တလေးတွင် အမြဲနေသွားနိုင်မည်ဖြစ်ကြောင်းပြောပြရာ ဆရာကြီးက "အေး–ကောင်းတယ်၊ တို့ ရှေ့ဆက်အလုပ်လုပ်စရာတွေ အများကြီးရှိတယ်။ အခု ဥပစာကောလိပ်ကနေ အထက်မြန်မာပြည်အတွက် တက္ကသိုလ်ကြီးဖြစ်လာအောင် တို့လုပ်ရလိမ့်မယ်ဟု ကြိုတင်နိမိတ်ပေး ဟောကိန်းထုတ်ခဲ့ပါသည်။ ဤအကြောင်းအရာများကို ကိုကျော်ဝင်းမောင်အား ခရေစေ့တွင်းကျ ပြောပြလိုက်ရာ သူသည် လိုလိုချင်ချင် မှတ်စုစာအုပ်၌ ပြည့်ပြည့်စုံစုံ ရေးသားမှတ်ယူသွားပါသည်။ ဤသို့ဖြင့် ထိုနေ့အတွက် အနားယူလိုက်ကြပြီး နောက်တစ်နေ့မှ စကားဆက်ကြပြန်ပါသည်။

နောက်တစ်နေ့နှင့်တစ်ည ဆက်လက်၍ အင်္ဂလန်နိုင်ငံတွင် ပညာသင်ယူနေစဉ် ဒုတိယကမ္ဘာစစ်မီးကြီး တောက်လောင်လာခဲ့ရာ ဆရာကြီးက မြန်မာပြည်သို့ အလျင်အမြန်ပြန်ခဲ့ရန် အကြောင်းကြားလိုက်သဖြင့် မြန်မာပြည်သို့ ပြန်ခဲ့ရပုံ၊ ထို့နောက် ဂျပန်ခေတ်၊ ဖဆပလခေတ်များတွင် ဆရာကြီးနှင့် ဆက်သွယ်ဆောင်ရွက်ပုံများ၊ ဆရာကြီး၏ စီမံချက်ဖြင့် ၁၉၄၇ ခုနှစ် ဇွန်လတွင် စစ်ပြီးခေတ် ဥပစာကောလိပ်ကျောင်း ပြန်ဖွင့်လှစ်၍ သီးခြားတက္ကသိုလ်ကြီးအဖြစ် သူ့ဆန္ဒပြည့်ဝစေရန် ဆောင်ရွက်ခဲ့ပုံများကို အသေးစိတ်ပြောပြလိုက်ပါသည်။

ပြင်ဦးလွင် (မေမြို့)၏ အအေးဒဏ်ကို မခံနိုင်တော့သဖြင့် နောက်တစ်ရက် ဆက်လက်မနေနိုင်တော့ဘဲ ကိုကျော်ဝင်းမောင်သည် မန္တလေးသို့ ပြန်ဆင်းသွားပါသည်။ ရတ်တရက် ရှာဖွေပေးချိန်မရခဲ့သည့် သူအလိုရှိသော စာရွက်စာတမ်းအချို့ကို မန္တလေးခရီးကြုံသဖြင့် သူ တည်းခိုသည့်

လက်ဆည်ကန်ရပ် အိမ်တစ်အိမ်သို့ ကိုယ်တိုင်သွားရောက် ပေးအပ်ခဲ့ပါသည်။ ထို့နောက် ကိုကျော်ဝင်းမောင်နှင့် ကျွန်တော် ထပ်မံမတွေ့ကြတော့ပါ။ ဆရာကြီးဦးရာဇတ်အတ္ထုပ္ပတ္တိ ပထမတွဲဟူ၍ စာအုပ်ထွက်လာသောအခါ၌ လူကြုံဖြင့် စာအုပ်လက်ဆောင် ပို့ပေးခဲ့ပါသည်။ ဤကားကိုကျော်ဝင်းမောင်နှင့် နောက်ဆုံးအဆက်အသွယ်ပင်တည်း။

၁၈ နှစ်ကျော်အချိန်ကာလသည် လျှင်မြန်စွာ ကုန်လွန်သွားခဲ့သည်။

၁၉၈၈ ခု၊ ဧပြီလ (၇) ရက်နေ့တွင် ကျွန်တော်နေထိုင်သောရိပ်သာသို့ ကိုကျော်ဝင်းမောင် ဖုန်းဆက်သည်။ လူချင်းတွေ့ကြရန် ချိန်းဆိုပြီး တွေ့ကြသည်။ တွေ့ကြတော့ နှစ်ယောက်သား အံ့သြဝမ်းသာဖြစ်ကြရသည်။

ကမ္ဘာအေးပိဋကတ်ဘာသာပြန်အဖွဲ့တွင် စတင်ဆောင်ရွက်နေစဉ်က သူပြောခဲ့သော ကမ္ဘာအေးလမ်းပေါ်ကစာအုပ်ဆိုင်ကို ကျွန်တော်လိုက်ရှာခဲ့ဖူးသည်။ အစအနမတွေ့ရသည့်ပြင် စာပေနယ်၌လည်း သူ့နာမည် မတွေ့ရသဖြင့် ကိုကျော်ဝင်းမောင် တစ်ယောက် ဘယ်ပျောက်နေသလဲ၊ ရှိမှရှိပါသေးရဲ့လား တွေးမိသည်ဟု သူ့အားပြောပြရသည်။ သူကလည်း နာမည်တူ ပါမောက္ခတစ်ယောက်ကွယ်လွန်ကြောင်း နာရေးသတင်း ဖတ်လိုက်မိပြီး ဆရာတစ်ယောက်မရှိရှာတော့ဘူးဟု နှမြောတသ ဖြစ်ခဲ့မိကြောင်း ပြောပြသဖြင့် ရယ်ကြရသည်။ မိတ်ဆွေတစ်ဦးက နာမည်တူနှင့်မှားနေကြောင်း၊ ဆရာကျန်းမာစွာရှိကြောင်းပြော၍ တယ်လီဖုန်းနံပါတ်ပေးသဖြင့် ဖုန်းဆက်ကြောင်းပြောပြသည်။

ကျွန်တော့်အား သူလာတွေ့ခြင်းအကြောင်းရင်းမှာ ဆရာကြီးဦးရာဇတ် အတ္ထုပ္ပတ္တိစာအုပ် ဒုတိယအကြိမ် ထပ်မံဖြည့်စွက်၍ တစ်စုတစ်စည်းတည်း ပုံနှိပ်ထုတ်ဝေမည်ဖြစ်သဖြင့် ကျွန်တော်က အမှာစာ ရေးပေးစေလိုခြင်းဖြစ်သည်။

ပထမစာအုပ်ကို များများမရိုက်ခဲ့ပေ။ သူ့အတွက်လည်း ငွေကြေးအားဖြင့် ဘာမျှမခံစားခဲ့ရ။ အခုတော့ အဲဒီစာအုပ် ဘယ်မှာမှရှာမတွေ့ရတော့သဖြင့် ထပ်မံရိုက်လိုကြောင်းပြောသည်။ မှန်ပါသည်။ ဤကဲ့သို့ တိုင်းပြည်အတွက် အကျိုးပေးသည့်စာမျိုးမှာ အပင်ပန်းခံ၍ သုတေသနပြုစု

ရေးသားရသလောက် စာရေးသူ၌ ငွေကြေးအမြတ်အစွန်း ရှိလှသည် မဟုတ်ကြောင်း ကိုယ်တွေ့ဖြစ်ပါသည်။ ဘီလပ်တွင် ပညာသင်နေစဉ်က မိတ်ဆွေ ဦးကံကြီးနှင့်ပူးတွဲ၍ "မြန်မာပြည် လူဦးရေပြဿနာ" ဟူသော စာအုပ်ကို ၁၉၃၈ ခုနှစ်က ရေးသားခဲ့ဖူးသည်။ ကျွန်တော့်တို့ကိုယ်စား ထုတ်ဝေပေးသော သူရိယဦးသန်းမောင်က "ဤစာအုပ်သည် တိုင်းပြည် အတွက် အကျိုးများစွာဖြစ်စရာရှိသော်လည်း ထုတ်ဝေသူများအတွက်မူ ငွေကြေးအမြတ်အစွန်း မျှော်လင့်ဖွယ်မရှိလှပါ"ဟု အတိအလင်း အမှာစာ ရေးသားခဲ့သည်။

ထိုနည်းတူဆရာကြီး ဦးရာဇတ်၏ အတ္ထုပ္ပတ္တိစာအုပ်မှာ သမိုင်းဝင် ဖြစ်ရပ်များကို သေချာစွာ စစ်ဆေးသုံးသပ်ပြီးမှ ရေးသားထားသဖြင့် ၁၉၂၀ ခု ရန်ကုန်ကောလိပ်သပိတ်ကြီးခေတ်မှစ၍ ၁၉၄၈ ခု လွတ်လပ်ရေး ရသည့်နှစ်အထိ မြန်မာလူမျိုးတို့ ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းကို အစီအရီ ဖတ်ရှုနိုင်ကြပါသည်။ ခြောက်သွေ့နေသော သမိုင်းကြောင်း အချက်အလက်များကို စိုပြည်လှပ်ရှားသော ဆရာကြီး၏ဘဝတွင် ထင်ဟပ်ပေါ်လွင်ရန် ခြယ်မှုန်းပြထားသဖြင့် စိတ်ဝင် စားဖွယ်ဖြစ်ပါသည်။

လေးစားဖွယ်ရာ ကြည်ညိုဖွယ်ရာ မွန်မြတ်သောစိတ်ဓာတ်ပိုင်ရှင် ဆရာကြီး၏ တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်ပုံ၊ ကိုယ်ကျိုးစွန့်လွှတ်ပုံ တို့မှာလည်း နောင်လူတို့အတွက် အားကျအတုယူရန် နမူနာကောင်းများ ဖြစ်ပေသည်။ ထို့ကြောင့်လည်း ၁၉၇၂ ခုနှစ် အင်ဖွိုင်းခန်းမဆောင် နိုင်ငံတကာစာအုပ်နှစ်၌ကျင်းပသော စာအုပ်ပြပွဲတွင် ဤစာအုပ်ကို ကိုင်တွယ်ကြည့်ရှုသွားကြသော နိုင်ငံခေါင်းဆောင် ပုဂ္ဂိုလ်ကြီးတို့က "ဤစာအုပ်မျိုး ရှိထိုက်ပေသည်"ဟု မှတ်ချက်ချသွားခဲ့ကြကြောင်း ကြားသိ ခဲ့ရပါသည်။

စာရေးသူကိုကျော်ဝင်းမောင်၏ စေတနာသည် မွန်မြတ်လှသည်၊ သန့်ပြန့်လှသည်။ မိမိကိုယ်ကျိုးအတွက် မျှော်ကိုးဖွယ် မမြင်သော်လည်း မျိုးချစ်ပုဂ္ဂိုလ်ဆရာကြီး ဦးရာဇတ်၏ နာမည်သတင်း အစဉ်ကျန်ရစ်ပါစေ၊ နောင်လာနောက်သားများလည်း ဆရာကြီး၏နမူနာကိုလိုက်၍ တိုင်းပြည်

အတွက် ကိုယ်ကျိုးစွန့်လွှတ် ဆောင်ရွက်နိုင်ကြပါစေဟူသော စေတနာမွန် သက်သက်ဖြင့် ကိုကျော်ဝင်းမောင် ကြိုးပမ်းရှာကြောင်း ကျွန်တော် ကောင်းစွာ ယုံကြည်ပါသည်။ စာအုပ်တစ်အုပ်ထုတ်ဝေရန် မလွယ်ကူလှ သောအချိန်အခါတွင် မဖြစ်မနေ ဖွဲသန်သန်ဖြင့် ကြိုးပမ်းနေရှာသူ ကိုကျော်ဝင်းမောင် တစ်ယောက် သူ၏စေတနာအလျောက် အောင်မြင် ပါစေ၊ စာရှုသူတို့လည်း ဤစာအုပ်ကိုဖတ်ရှုရင်း အဖိုးတန် ပညာဗဟုသုတ များရကြ၍ ရေးခေတ်မျိုးချစ်စိတ်ဓာတ်မျိုး တဖွားဖွားပေါ်ထွန်းလာကြပါ စေဟု ဆန္ဒမွန်ပြုလိုက်ပါသည်။

**ဇေယျာမောင်**

၃၀-၅-၈၈



ဆရာကြီးဦးရာဇတ်ဓာတ်ပုံမှန်ဘောင်ရှေ့မှာ အမြဲစာရေးနေတဲ့
ဝမ်းအိုဝမ်း ကျော်ဝင်းမောင်

# ကျမ်းပြုသူရဲ့တင်ပြချက်

ကျမ်းပြုသူဟာ ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက် တော်လှန်ရေးဆိုတဲ့ စာအုပ်ကို ရေးသားခဲ့ပြီး ၁၉၆၇ ခုနှစ်မှာ ယမုံနာစာပေတိုက်ကို ထုတ်ဝေဖို့ ပေးခဲ့ပါတယ်။ ဒီစာအုပ်ကို ပထမဆုံး ရေးသားခဲ့တာပါ။ ပြီး ဒီစာအုပ်နှင့်ပဲ ကျမ်းပြုသူ စာပေလောကထဲ ခြေဦးလှည့်ခဲ့တာပါ။

ဒီစာအုပ်ဟာ ဂျပန်တော်လှန်ရေးတုန်းက တော်လှန်ရေး ရဲဘော်များနှင့်အတူ ကျမ်းပြုသူတို့ ပါဝင်လှုပ်ရှားခဲ့တဲ့ အကြောင်းအရာတွေကို ရေးသားခဲ့တာပါ။ စိတ်ကူးယဉ် ဇာတ်လမ်းဖွဲ့နွဲ့ ရေးထားတဲ့ စာအုပ်တော့ မဟုတ်ပါ။ တကယ့်အဖြစ်အပျက်များသာ ဖြစ်ပါတယ်။ ဒီနေ့ဆိုရင် အနှစ်ငါးဆယ်ကျော်ခဲ့ပြီမို့ သမိုင်းဝင်ခဲ့ပါပြီ။

ဒုတိယစာအုပ်ကို ဒုတိယခြေလှမ်းအဖြစ် ရေးသားဖို့ စီစဉ်ရပြန်ပါတယ်။ ရေးမယ့် အကြောင်းအရာတွေက အထက်မြန်မာပြည်ရှိ ပြည်သူတွေရဲ့ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တဲ့ လုပ်ငန်းတွေ ဖြစ်တယ်။

ကျမ်းပြုသူက မိမိရည်ရွယ်ချက်ကို မိမိဆရာဖြစ်ခဲ့တဲ့ ဗိုလ်စောမောင်ကို ပြောပြလိုက်ပါတယ်။ ကျမ်းပြုသူရဲ့ ရည်ရွယ်ချက်ကို ကြားတာနဲ့ တစ်ပြိုင်နက် ဗိုလ်စောမောင်က ကောက်ကာငင်ကာ –

"ဟော့ ဒီလိုဆိုရင် မန္တလေးက ဗဟိုအမျိုးသား ကျောင်းဆရာကြီးရဲ့ အတ္ထုပ္ပတ္တိကို ပြုစုပါလား"လို့ ဒက်ခနဲအကြံပေးလိုက်ပါတယ်။

ဒီတော့ ကျမ်းပြုသူက ဒါကို "အင်း –အဲ" လုပ်ပြီး စဉ်းစားမနေတော့ဘဲ တစ်ထိုင်တည်းနဲ့ သဘောတူလိုက်ပါတယ်။ ဒီလို ဘာကြောင့် ချက်ချင်း လက်ခံလိုက်ရသလဲဆိုရင် ဆရာကြီး ဦးရာဇတ်ဟာ အထက်မြန်မာပြည် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုရဲ့ သင်္ကေတမို့ပါ။ ဆရာကြီး ကိုယ်တိုင်က အစောဆုံး နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲမှာ အထက်မြန်မာပြည် ပြည်သူတွေနဲ့အတူ ခေါင်းဆောင်ပါဝင်ခဲ့လို့ပါပဲ။

ဒီစာအုပ်ကြီး ဖြစ်ပေါ်ရတဲ့ အကြောင်းရင်းဟာ ဗိုလ်စောမောင်က အခြေခံခဲ့တာပါ။ ဒါကြောင့် သူဟာ ကျမ်းပြုသူရဲ့ လက်မွန်မဆွ ကျေးဇူး တင်ရမယ့် ပုဂ္ဂိုလ်ပါ။ ဗိုလ်စောမောင်နဲ့ ပတ်သက်ပြီး ချစ်စွာသော စာရှုသူများနဲ့ နည်းနည်းလေး မိတ်ဆက်ပေးရန် ကျမ်းပြုသူမှာ တာဝန်ရှိလာပါတယ်။

သူဟာ တစ်ချိန်က ကျမ်းပြုသူရဲ့ ဆရာသမားပါ။ ဂျပန်ခေတ် ရေနံချောင်း ဘီဒီအေခေါ် မြန်မာ့ကာကွယ်ရေး တပ်မတော်ရဲ့ လေယာဉ်ပစ် အမြောက်ကြီးတပ်က တပ်စုမှူးပါ။ သူက မင်္ဂလာဒုံ စစ်တက္ကသိုလ် ပထမပတ် ဗိုလ်သင်တန်းကျောင်းဆင်း သုံးလိုင်းကြယ်တစ်ပွင့် ဒုဗိုလ်ပါ။ ဒီအချိန်က ကျမ်းပြုသူဟာ ဗိုလ်စောမောင်တပ်က ကြယ်တစ်ပွင့်တပ်သားပါ။ ဖဆပလ ခေတ်က ကမ္ဘာအေးမှာ နေပါတယ်။ ကမ္ဘာအေးဓာတ်ဆီဆိုင် ပိုင်ရှင်ပါ။ မန္တလေး မြို့တော်ဝန်ဟောင်းလဲဖြစ်ခဲ့ပါတယ်။

ကျမ်းပြုသူဟာ ၁၉၆၂ ခုနှစ်မှာ တောခိုရာက ဥပဒေတွင်း ဝင်လာပါတယ်။ သူနဲ့မလှမ်းမကမ်းမှာ လာနေပါလို့ ဆိုတာနဲ့ ကမ္ဘာအေးမှာ အခြေချဖို့ သွားနေပါတယ်။

ဆရာကြီးဦးရာဇတ် အတ္ထုပ္ပတ္တိအကြောင်းကိုရေးဖို့ ကျမ်းပြုသူဟာ မန္တလေးကို ရောက်ပါတယ်။ မန္တလေးရောက်တော့ စာရေးဆရာ သတင်းစာ ဆရာများဖြစ်ကြတဲ့ လူထုဦးလှနဲ့ ဆရာမလူထုဒေါ်အမာတို့ ဇနီးမောင်နှံဆီ ပထမဆုံး သွားရောက်တွေ့ဆုံပါတယ်။

ကျမ်းပြုသူက မိမိလာရောက်တဲ့ကိစ္စကို ပြောပြပါတယ်။ ဆရာကြီး ဦးရာဇတ်နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်များထံ သွားရောက်နိုင်ရေးအတွက် မိတ်ဆက်စာ လေးတစ်စောင် ရေးပေးရန် မေတ္တာရပ်ခံလိုက်ပါတယ်။

သူတို့က ဆရာကြီး အရင်းနှီးဆုံးဖြစ်တဲ့ ဆရာဦးထွန်းမောင်ထံ မိတ်ဆက်စာရေးပေးလိုက်ပါတယ်။အမျိုးသားကျောင်းကြီးရဲ့ဘော်ဒါဆောင်မှူး လဲလုပ်ခဲ့သူပါ။

မိတ်ဆက်စာမှာ ကျမ်းပြုသူကို စာရေးဆရာကျော်ဝင်းမောင်လို့ ကင်ပွန်းတပ်ပြီး ပေးလိုက်ပါတယ်။

ပြောရရင် ကျမ်းပြုသူဟာ သတင်းစာ၊ ဂျာနယ်တွေမှာလောက်သာ ဆောင်းပါးများ ရေးခဲ့ပါတယ်။ အဲဒီအချိန်တုန်းက လုံးချင်းစာအုပ်ဆိုရင် "ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက်တော်လှန်ရေး" ဆိုတဲ့ သမိုင်းစာအုပ်တစ်အုပ် ပဲရေးဖူးသေးပါတယ်။

ဒီလောက်နဲ့ ကျမ်းပြုသူဟာ "စာရေးဆရာ"လို့ အမည်ခံဖို့ မဝံ့မရဲဖြစ်နေပါတယ်။ ဆရာဦးလှနဲ့ ဆရာမဒေါ်အမာတို့က " စာရေးဆရာကျော်ဝင်းမောင်"လို့ ကင်ပွန်းတပ်ပေးလိုက်မှ "အင်း ငါလဲ ဖိုးသူတော် ဖြစ်လို့ဖြစ်မှန်းတောင်မသိပါလား" လို့ ရေရွတ်ရင်း ပြုံးမိပါသေးတယ်။

ကျမ်းပြုသူကို စာရေးဆရာအဖြစ် အသိအမှတ်ပြုပြီး ကင်ပွန်းတပ်ပေးလိုက်တဲ့ ဆရာကြီးဦးလှနဲ့ ဆရာမကြီး ဒေါ်အမာတို့ကို ဒုတိယကျေးဇူးတင်ရမှာပါ။

ဆရာဦးလှနဲ့ ဆရာမဒေါ်အမာတို့ရဲ့ မိတ်ဆက်စာနဲ့ပဲ ဘော်ဒါဆရာဦးထွန်းမောင်၊ အနီးစခန်းဆရာတော် ဦးပဏ္ဍိတ၊ ဆရာဦးဘကြူး၊ ဦးချစ်ဆွေ ဦးကိုလေး (မန္တလေး တက္ကသိုလ်အငြိမ်းစား ပါမောက္ခ)၊ အမ်အေဒေါ်အုံး၊ ဒေါ်တင်လှ စတဲ့ ဆရာကြီးရဲ့လုပ်ဖော်ကိုင်ဖက်များ တပည့်သားမြေးများထံ ဆင့်ကဲဆင့်ကဲ သွားရောက်ခွင့် ရရှိခဲ့ပါတယ်။

ဆရာကြီးနဲ့ပတ်သက်ပြီး ဘယ်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမှ စာတစ်အုပ်ပေတစ်ထုပ်ရယ်လို့ ပြုစုရေးသားထုတ်ဝေခဲ့တာ မရှိသေးပါဘူး။ ဆောင်းပါး အတိုအထွာလောက်သာ မကြာခဏဆိုသလို အဆင်သင့်လျှင်သင့်သလို ရေးသားကြတာပဲ ရှိပါတယ်။ ဒါကြောင့် သူ့အကြောင်းနဲ့ပတ်သက်ပြီး စာအုပ်တစ်အုပ် ပြုစုရတဲ့အလုပ်ဟာ လွယ်ကူတဲ့ အလုပ်မဟုတ်ဘူးလို့ ဆိုပါရစေ။

ကျမ်းပြုသူဟာ ဒီစာအုပ်ဖြစ်မြောက်ဖို့အတွက် ၁၉၆၉ ခုနှစ်ကစပြီး

မေးမြန်းရှာဖွေ စုဆောင်းခဲ့ပါတယ်။ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ ပျဉ်းမနား စတဲ့ မြို့တွေဆီကို ခရီးဆန့်ခဲ့ပါတယ်။ နိုင်ငံခြားရောက် သံအရာရှိတွေဆီပါ မကျန် လှမ်းပြီးမေးမြန်းခဲ့ပါတယ်။

မန္တလေးတက္ကသိုလ် စာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ မန္တလေးပြတိုက်၊ တပ်မတော်မော်ကွန်းတိုက်၊ ရန်ကုန်ပြန်ကြားရေးဌာန၊ စာကြည့်တိုက်၊ မြို့တော်ခန်းမစာကြည့်တိုက်တွေဆီကိုလဲ ခြေဦးလှည့်ပြီး ဆရာကြီးနဲ့ ပတ်သက်တဲ့သတင်း၊ ဆောင်းပါးတွေကို ကူးယူမှတ်သားခဲ့ပါတယ်။

ဆရာကြီးအကြောင်း သူနဲ့ခေတ်ပြိုင်ပါဝင် လှုပ်ရှားခဲ့တဲ့ လုပ်ဖော်ကိုင် ဖက်တွေ တပည့်သားမြေးတွေကို ကျမ်းပြုသူရဲ့ ရည်ရွယ်ချက်ကို ပြောပြလိုက် တယ်။ ဒီလိုပြောပြလိုက်တယ်ဆိုရင်ပဲ သူတို့မျက်နှာတွေဟာ ငယ်ရုပ်ဆင်သွား ကြတယ်။ ငယ်မူငယ်သွေးတွေ ပြည့်လျှမ်းလာပါတယ်။ တစ်ချိန်တည်းမှာလဲ သူတို့စိတ်တွေဟာ အတိတ်ကာလခရီးကို ပြန်ရောက်သွားသလိုအရိပ် အယောင်တွေ တွေ့လိုက်ရပါတယ်။ ငယ်ငယ်ကအကြောင်း တွေကိုပြန်မြင် ယောင်မိလိမ့်မယ် ပြန်တမ်းတကြပေလိမ့်မယ်။

ဗဟိုအမျိုးသားအထက်တန်းကျောင်းရဲ့ ကြွေးကြော်သံဆောင်ပုဒ်က "အတ္တာဟိ၊ အတ္တနော၊ နာထော"

အတ္တာဟိ - မိမိရဲ့အကျိုး၊

အတ္တနော - မိမိသာလျှင်

နာထော - ကိုးကွယ်ရာ ယုံကြည်ရာတဲ့။

မိမိရဲ့အကျိုးအတွက် မိမိသာလျှင် ကိုးကွယ်ရာ ယုံကြည်ရာတဲ့။

ဆရာကြီးရဲ့ အတ္ထုပ္ပတ္တိစာအုပ်ကို ရေးသားဖို့ဆိုပြီး ဆရာကြီးရဲ့တပည့် အချို့ဆီ ရောက်ခဲ့ပါတယ်။ ကျွန်တော်သိလိုတာတွေ မေးမြန်းနေစဉ်မှာပဲ သူတို့ဟာ သူတို့ရဲ့ကျောင်းကြွေးကြော်သံဆောင်ပုဒ်ဖြစ်တဲ့ "အတ္တာဟိ၊အတ္တ နော၊ နာထော" ကို တက်တက်ကြွကြွ ရွတ်ဆိုပြကြတယ်။ ဒီကြွေးကြော်သံ ဆောင်ပုဒ်ကို မမေ့ကြသေးပါဘူး။

ဒါကြောင့်မို့လို့ သူတို့မျက်နှာတွေမှာ ဝမ်းသာပြီးတက်ကြွတဲ့ အမူအရာ တွေဟာ ထင်းခနဲလက်ခနဲ ပေါ်လွင်လာပါတယ်။ သူတို့လုပ်ဖော်ကိုင်ဖက် အကြောင်း သူတို့ဆရာကြီးအကြောင်းကို လိုလိုချင်ချင် တက်တက်ကြွကြွ ပြောပြပြန်တယ်။ တကယ်တော့ သူတို့ဟာ သူတို့လုပ်ဖော်ကိုင်ဖက် သို့မဟုတ်

ဆရာကြီးအကြောင်းကို သတိတရရှိနေဆဲဆိုတာကတော့ ထင်ရှားနေပါတယ်။

ဆရာကြီးမရှိတော့ဘူးဆိုတဲ့ အတွေးဝင်လာတာတဲ့အခါမှာလဲ သူတို့ မျက်နှာတွေမှာ ကြေကွဲရိပ်တွေ ဝမ်းနည်းရိပ်တွေ လွှမ်းမိုးလာပြန်ပါရော။ ကျွမ်းပြုသူပါ အလိုလိုဓာတ်ကူးသလိုဖြစ်လာပြီး ငိုချင်သလိုဖြစ်လာပါသေးတယ်။

ဗိုလ်စောမောင်က"ဆရာကြီးဦးရာဇတ် အတ္ထုပ္ပတ္တိအကြောင်းစာအုပ်ရေးပါလား"လို့အကြံပေးတုန်းက "ဟုတ်ကဲ့"လို့သာ ကတိပေးလိုက်မိတယ်။ တကယ်ကျတော့ သမန်ကာလျှံကာသဘောလက်ခံခဲ့ပါတယ်။ ဒါကို ရိုးရိုးလေးဝန်ခံပါရစေ။ ဆရာကြီးမှာ ဘယ်လိုထူးခြားတဲ့ ဝိသေသတွေ ရှိပါလိမ့်၊ သူလဲ ကိုယ်လိုသူလို လူတစ်ယောက်ပဲရယ်လို့ အကြမ်းဖျင်း တွေးလိုက်မိတယ်။

ရေရဲ့အတိမ်အနက်ကို သိရှိဖို့ဆိုတာ ရေထဲဆင်းကြည့်မှပဲသိနိုင်တယ်။ ဒါမှမဟုတ် ရေတိုင်းတဲ့ကရိယာနဲ့ စမ်းသပ်ကြည့်ရင်သိနိုင်တယ်။ ဒီလိုပဲဆရာကြီး ဦးရာဇတ်ရဲ့ အတ္ထုပ္ပတ္တိကို ရှာဖွေမှ ကွင်းဆင်းလေ့လာမှပဲ သိနိုင်မယ်ဆိုတဲ့သဘောပဲ။

ဆရာကြီးအတ္ထုပ္ပတ္တိကိုရေးဖို့ အချက်အလက်တွေကို စတင်စုဆောင်းလိုက်တယ်ဆိုရင်ပဲ ဆရာကြီးမှာ အံ့သြစရာကောင်းလောက်တဲ့ အရည်အချင်းတွေဝေဆာလျက် ရှိတယ်ဆိုတာတွေ့လာပါတော့တယ်။

တကယ်တော့ ကျွမ်းပြုသူဟာဆရာကြီးရဲ့တပည့် မဟုတ်ပါဘူး။ ဗဟိုအမျိုးသားကျောင်းသား တစ်ယောက်လည်းမဟုတ်ခဲ့ပါ။ ဒါပေမယ့် ဒုတိယကမ္ဘာစစ်ကြီး ပြီးတဲ့နောက် ဆရာကြီးအနေနဲ့ အထက်မြန်မာပြည် ဖ-ဆ-ပ-လ ဥက္ကဋ္ဌအဖြစ် လုပ်ကိုင်ခဲ့တုန်းကပါ။ ဆရာကြီးနဲ့အတူတူ ခဏတဖြုတ်လုပ်ကိုင်ခဲ့ပါတယ်။ ဒါဟာလဲ တောက်လျှောက်ဆိုသလို မဟုတ်ပါ။ အတူနေ အတူထိုင်ရတာမျိုးတော့လဲ မဟုတ်ပါဘူး။ ခဏတဖြုတ်သဘောပါ။

ဒီလိုခဏလောက် အတူနေထိုင်လုပ်ကိုင်ခဲ့ရုံနဲ့ ဆရာကြီးရဲ့အကြောင်း ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ သိနိုင်ဖို့ဆိုတာ အဝေးသားလား။ "ဆင်ဆိုသည်မှာ မြွေနဲ့တူပါလား၊ ယပ်တောင်နဲ့တူပါလား၊ လုံနဲ့သူပါလား" စတဲ့ မျက်မမြင်ပုဏ္ဏားခြောက်ယောက် သူတို့ကိုယ်တိုင်ထိတွေ့ချက် အစိတ်အပိုင်းအရလောက်ကိုသာ အမိပ္ပာယ်ဖွင့်ဆိုပြနိုင်တဲ့ သဘောမျိုးပါ။

ဒီမျက်မမြင်ပုဏ္ဏားတို့ စမ်းသပ်သလို စမ်းသပ်ရင်လဲ မှန်မယ်မထင်ပါ။ ပြည့်စုံလုံလောက်မယ်လို့လဲ မထင်ပါ။

# စာရေးသူရဲ့ စကားချီး

အချို့အချို့သော စာပေပညာရှင်များက အတ္ထုပ္ပတ္တိကို ရေးကြပါတယ်။ အတ္ထုပ္ပတ္တိကို ပုံစံအမျိုးမျိုးနဲ့ ရေးကြတယ်။ အများအားဖြင့် ဝတ္ထုပုံစံမျိုး ရေးကြပါတယ်။ တစ်ချို့ကျတော့ အဲဒီပုဂ္ဂိုလ် ပါဝင်လှုပ်ရှားခဲ့တဲ့ အပိုင်းတွေနဲ့ သူ့ပတ်ဝန်းကျင် သူ့ခေတ်ရှိ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေးတွေ အကြောင်း၊ အုပ်စိုးသူ အစိုးရအကြောင်းတွေကိုပါ ပေါင်းစပ်ဖော်ပြပါတယ်။ အဲဒီလို အတ္ထုပ္ပတ္တိမျိုး ရေးကြပါတယ်။ ဝတ္ထုဆန်တဲ့ အတ္ထုပ္ပတ္တိကို စာဖတ်ပရိသတ်က ကြိုက်ပါတယ်။ စာအုပ်ဈေးကွက်မှာ အရောင်းသွက်ပါတယ်။

ဒါပေမယ့် လူပုဂ္ဂိုလ်ရဲ့ အတ္ထုပ္ပတ္တိကို အတ္ထုပ္ပတ္တိသက်သက်လို မရေးဘဲ အဲဒီပုဂ္ဂိုလ် ပါဝင်လှုပ်ရှားခဲ့တဲ့ အဖြစ်အပျက် ပတ်ဝန်းကျင် သမိုင်းကြောင်းမျိုး ရေးတဲ့ အတ္ထုပ္ပတ္တိမျိုးကိုတော့ လူကြိုက်နည်းပါတယ်။ စာတွေက လေးတယ် ဖတ်ရတာ ငြီးငွေ့တယ်လို့ ကောက်ချက်ချပေလိမ့်မယ်။ အထူးသဖြင့် သုတေသီများ စာတမ်းပြုစုသူများကသာ အဓိကထား ဖတ်ကြပါမယ်။

> ဤစာအုပ်ကို ရေးသားပြုစုရာတွင် ကျွန်ုပ်သည် ဟင်နရီကစ်ဆင်းဂျား၏ အတ္ထုပ္ပတ္တိကို ရေးသားရန် ရည်ရွယ်ချက် မရှိပေ။ ကစ်ဆင်းဂျား၏ အတ္ထုပ္ပတ္တိကို ရေးသားပြုစုမည်ဆိုပါလျှင် ထိုစာအုပ်သည် လူအများက ပိုမို စိတ်ဝင်စားစွာ ဖတ်ရှုကြမည်ဆိုသည့် အချက်ကို ကျွန်ုပ်ကောင်းစွာ သိရှိပါ၏။ သို့သော် ယခုလက်ရှိ မျက်မှောက်ခေတ်အတွက် ထားရှိနေကြသော အရေးတကြီး ရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိရေး အတွက် အတ္ထုပ္ပတ္တိ သက်သက်စာအုပ်သည် အကျိုးပြုမည် မထင်ပေ။[၁]

၁။ စတီဖင်အာ(ရ်) ဂ့်ရောဘတ်(ဒ်)၊ "ကက်ဆင်းဂျား တိဟိတ်စိတ်၏သရုပ်သကန်"၊ သင့်ဘဝပုံနှိပ်တိုက်၊ ၁၉၇၄ ခု ဒီဇင်ဘာလ၊ အမျက်နှာ (ဆ)။

ဒီမှာလဲကျမ်းပြုသူဟာ ဆရာကြီး ဦးရာဇတ် အတ္ထုပ္ပတ္တိ သက်သက်ကိုသာ ရေးသားဖော်ပြမယ်ဆိုရင် ဖတ်ကောင်းမယ့် လူကြိုက်များမယ့် စာအုပ်တစ်အုပ်တော့ ဖြစ်လာမှာပဲ။ ဒါပေမယ့် တိုင်းပြည်အတွက်တော့ အကျိုးဖြစ်ချင်မှ ဖြစ်ပါမယ်။ သမိုင်းမှာ ရယူရမယ့် သင်ခန်းစာများ ရရှိချင်မှရရှိပါမယ်။

လူပုဂ္ဂိုလ်တစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိကို ပြုစုရေးသားရတဲ့ အလုပ်ဟာ အများသိတဲ့အတိုင်း လူဟာ တစ်ယောက်တည်း ထီးတည်းကြီး နေလို့မရပါ။ အဲဒီတော့ သူနဲ့သူ့ပတ်ဝန်းကျင် နောက်ခံသမိုင်းဖြစ်ရပ်များကိုပါ ဖော်ပြမှ သူဟာ ဘယ်လိုပုဂ္ဂိုလ်ဖြစ်တယ်ဆိုတာ အလိုလိုအဖြေထွက်လာပါမယ်။

ဒါကြောင့် ကျမ်းပြုသူ စုဆောင်းရေးသား ဖော်ပြချက်တွေဟာ ဆရာကြီးနဲ့ သူ့ပတ်ဝန်းကျင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတွေကို တစ်ပါတည်း ဖော်ပြလိုက်ရပါတယ်။

အဲဒီတော့ ဝတ္ထုဆန်တဲ့ အတ္ထုပ္ပတ္တိမျိုး မဟုတ်လေတော့ စာဖတ်ပရိသတ်က ကြိုက်ဖို့ဆိုတာ စဉ်းစားမဝံ့လှအောင်ပါပဲ။ စာဖတ်ပရိသတ် ကြိုက်ခဲ့တယ်ဆိုရင်တော့ ပင်ပန်းရကျိုး နပ်ပြီလို့ဆိုရပါမယ်။ ကျေနပ်ဝမ်းသာရမှာပါ။

ဒေါက်တာမောင်မောင်ကလဲ လူ့သမိုင်းအကြောင်းရေးတဲ့အခါမှာ လူနဲ့ယှဉ်တွဲနေရတဲ့ ဖြစ်ရပ်တွေကို ဖော်ပြမှဖြစ်မယ့်အကြောင်း ဒီလိုရေးသားဖော်ပြထားပါတယ်။

> သို့ရာတွင် လူ့သမိုင်းမှ လူဖြစ်ရပ်တို့သည် လူနှင့်ယှဉ်တွဲ၍သာ ဖြစ်ပျက်ကြသည်။ ထို့ကြောင့် ဖြစ်ရပ်တို့သည် ဖြစ်ပျက်လာသောနေ့ရက်၊ အချက်အလက်တို့မျှသာ မဟုတ်သေး၊ ဖြစ်ပျက်ရာတွင် ပါဝင်သော သူတို့၏ အတွေးအခေါ် အခြေအနေ၊ ရည်ရွယ်ချက်၊ မျှော်လင့်ချက်၊ ဆန္ဒ၊ ဒေါသ စသည်တို့ အလုံးစုံ ရောထွေးလျက်သာရှိသည်။ ပါဝင်သူတို့၏ တွေ့ကြုံခံစားချက်၊ ထင်မြင်ချက်တို့နှင့်ပေါင်းစပ်မှ ဖြစ်ရပ်သည် အသက်ဝင်လာနိုင်သည်။ ထိုသို့အသက်ဝင် လှုပ်ရှားလာသော သမိုင်းဖြစ်ရပ်သည် တိတိကျကျနှင့် အပြည့်အဝ မှန်ကန်မည်ဟုကား မဆိုသာ။ ပါဝင်သူများ၏ တွေ့ကြုံခံစားချက်၊ ထင်မြင်ချက်များ မတူညီနိုင်။ တစ်ယောက်တစ်မျိုး ခံစားထင်မြင်နိုင်သည်။ ဖြစ်ပျက်ချိန်တွင် တစ်မျိုး ခံစား ထင်မြင်၍ စိတ်အေးလက်အေး နောက်ကြောင်း ပြန်တွေးသော်အခါ

တစ်မျိုးခံစား ထင်မြင်လာကာ ထိုတစ်မျိုးကပင် အမှန်ဖြစ်သည်ဟု မိမိကိုယ်တိုင် လက်ခံယုံကြည်လာသည်လည်း ရှိတတ်သည်။ ထိုသို့ အကွဲကွဲ အလွဲလွဲဖြစ်တတ်သောကြောင့် ပါဝင်သူတို့၏ ခံစားထင်မြင်ချက်တို့ကို ဖယ်၍ ဖြစ်ပျက်ပုံ အချက်အလက်တို့ကိုသာ မှတ်တမ်းတင်ပြန်လျှင်လည်း သမိုင်းသည် အသက်မပါ။ လူနှင့်ကင်းကွာ၍နေ့ရက်၊ အချက်အလက်တို့သာ ဖြစ်နေတော့မည်။[၁]

လူပုဂ္ဂိုလ်တစ်ယောက်ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးသားဖော်ပြလေ့လာလို့ ဆုံးမှာ မဟုတ်သလို ရေးစရာတွေလည်း တစ်ပုံတစ်ခေါင်းကြီးပါ။ သူ့အကြောင်း စာအုပ်တစ်အုပ် ပြုစုဖို့ ကွင်းဆင်းစတုန်းက သူဟာ ဒီလောက်ကြီးကျယ် လိမ့်မယ်ရယ်လို့ မထင်ခဲ့ရိုးအမှန်ပါ။ မြစ်ထဲကန်ထဲကို ဆင်းကြည့်မှ ရေဟာ ဘယ်လောက် တိမ်တယ်နက်တယ်ဆိုတာကို သိရသလိုပါပဲ။

စောစောက တင်ပြခဲ့တဲ့အတိုင်း ဆရာကြီးနဲ့ပတ်သက်ပြီး ကျမ်းပြုသူ ဖော်ပြချက်တွေဟာ အဆုံးစွန်ပြည့်ပြည့်စုံစုံ ဖြစ်ပြီလို့ မယူဆပါဘူး။ နောက်ထပ် အချက်အလက်တွေရှာရင်လဲ တစ်ထွေးကြီးရဦးမှာပါ။

ဘဝတစ်ခုမှာ ဆန့်ကျင်ဖက်တွေနဲ့ ဖွဲ့စည်းထားတယ်။ ဒါကြောင့် အမှောင်နဲ့အလင်းဆိုတာ ရှိတယ်။ အမြဲတမ်း စိုပြည်နေတယ်၊ ခြောက်သွေ့နေတယ်ဆိုတာ မရှိနိုင်ဘူး။ အမြဲတမ်းသဘော မရှိဘူးလို့ ဆိုပါရစေ။

လူတွေဟာ ကိုယ့်အကြောင်းပြောရင် အကောင်းတွေပဲ ပြောတတ်ဆိုတတ်တယ်။ အဆိုးကို မပြောကြဘူး။

လူတစ်ယောက်မှာ ကောင်းတာတွေရှိသလို အားနည်းတာတွေ ချို့ယွင်းတာတွေလဲ ရှိနိုင်ပါတယ် ဒါက လူ့သဘာဝပဲ၊ အဲဒီတော့ လူတစ်ယောက်အကြောင်းကို ရေးတဲ့အခါမှာ ကောင်းတာတွေ အားနည်းချွတ်ယွင်းချက်တွေကိုပါ ရေးနိုင်ပါမှ ဘက်စုံရာကျမယ်။ သစ္စာစကားဖြစ်မယ်၊ တရားရာလဲကျမယ်။ တိုင်းပြည်အတွက် နောက်ဆုံးကုန်ကုန်ပြောရရင် လူသားတစ်ရပ်လုံးအတွက် အဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာတွေ ဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ဒါပေမယ့် ကျမ်းပြုသူအနေနဲ့ ဒီလိုကောင်းတာတွေနဲ့ ပျောညံ့ချွတ်ယွင်းချက်တွေ ဒွန်တွဲရှိနေတဲ့ နေရာမှာ ကောင်းတာတွေကိုပဲ ရေးဖို့ဆုံးဖြတ်

---

၁ မောင်/ဒေါက်တာ နိုင်ငံတော်လုပ်ကြံမှု (ပြည်ထောင်စုနှင့် ဦးစော)ရွှေဟသာ်ပုံနှိပ်တိုက်။ ၁၉၇၄ မေလ စာမျက်နှာ (၁၁-၁၂)။

ထားပါတယ်။ မှားတာတွေ ဒါမှမဟုတ် ပျော့ညံ့ချွတ်ယွင်းချက်တွေ အားနည်းတဲ့ အချက်တွေကို ရေးသားဖို့ စွမ်းရည်မရှိပါ။

လူတွေဟာ သူတို့ရဲ့ ပျော့ကွက်တွေ၊ အားနည်းချက်တွေ အမှားကျူးလွန်ချက်တွေ မတရားအခွင့်အရေးယူတဲ့ အချက်တွေစတဲ့ စတဲ့ အချက်တွေကို ဖော်ပြရင် သူတို့ကြိုက်ချင်မှ ကြိုက်မယ်။ သူတို့ကို ဩဇာချတယ်။ မုန်းမယ်၊ ရန်လုပ်မယ်၊ ပြီးတော့ တစ်ကြောင်းမထောက် တစ်ကြောင်းထောက်ရတဲ့ အနေမျိုးတွေ ရှိမယ်။ အသရေပျက်အောင် လုပ်တယ်ဆိုပြီး ကျမ်းပြုသူကို ပုဒ်မ ၅၀၀နဲ့ တရားစွဲချင်စွဲကြလိမ့်မယ်။ ဒါကြောင့် အချို့အချို့သော စာရေးဆရာတွေဟာ သူတို့ရေးတဲ့ ပုဂ္ဂိုလ်ဆိုင်ရာ စာအုပ်တွေမှာ လူပုဂ္ဂိုလ် တစ်ဦးရဲ့ ကောင်းတဲ့အချက်တွေ၊ တောက်ပြောင်တဲ့ အချက်တွေ လူ့လောကကို အကျိုးပြု အလှဆင်တာတွေလောက်ကိုသာ လူ့လောက ဇာတ်ခုံဆီကို သယ်ဆောင်တင်ပြလေ့ ရှိတတ်ကြပါတယ်။

ချွတ်ယွင်းချက်၊ အားနည်းချက်၊ ဖောက်ပြန်တဲ့ အချက်တွေကို မထောက်မညှာ ဝေဖန်ရေးသားဖို့ဆိုတာကတော့ နောက်မျိုးဆက်နှစ်ဆက် လောက် အဖျင်းဆုံး စောင့်ဆိုင်းရပေလိမ့်ဦးမယ်လို့ ပြောပါရစေလား။

ကိုယ့်အကြောင်းကို ရေးကြတဲ့အခါကျပြန်တော့ ကျမ်းပြုသူအပါအဝင် တချို့စာရေးဆရာတွေဟာ ဒီလိုပဲ ကိုယ့်အားနည်းချက် ပျော့ကွက်၊ မစွန်တဲ့ အချက် သွေဖည်ခဲ့တဲ့အချက် မှားကျူးလွန်ခဲ့တဲ့အချက် တွေကို ရေးသားဖော်ပြ ထားတာထက်၊ ကိုယ့်မှာ ဘယ်လို အရည်အချင်းတွေရှိတယ်၊ ကိုယ်ဘယ်လို တော်တယ်၊ သတ္တိရှိတယ်၊ ဘယ်သူ့အတွက် ဘယ်လို အနစ်နာခံလိုက်တယ် ဘယ်လိုစွန့်စားလိုက်တယ်၊ ကိုယ်ကျိုးစွန့်ပြလိုက်တယ်ဆိုတာတွေကို မိုးမဆုံး လေမဆုံးအောင် ကြွားလုံးထွားလုံးတွေနဲ့ ရေးသားကြလေ့ ရှိတယ်။

ဒီလိုပဲ တချို့တချို့ နိုင်ငံရေးသမားတွေ၊ တချို့တချို့ နိုင်ငံရေးပါတီတွေ ဟာလဲ အလားတူပဲ။ ကိုယ့်ပျော့ကွက်တွေ မှားယွင်းခဲ့တဲ့ အချက်တွေ သွေဖည်ခဲ့တဲ့အချက်တွေ၊ ကိုယ့်ကြောင့် လူတစ်ဦး ဒါမှမဟုတ် လူတစ်စု၊ ပါတီဝင်ထု၊ ပြည်သူတစ်ရပ်လုံး ဘယ်လို ကြမ္မာဆိုးကို ဆိုက်ရောက်ခဲ့ရတယ်၊ ဘယ်လောက် နစ်နာဆုံးရှုံး သွားကြရှာတယ်ဆိုတာတွေကို ကိုယ့်ကိုယ်ကို ဝေဖန်ရေးနဲ့ ဖော်ထုတ်ကြတဲ့ သတ္တိမျိုး အင်မတန် နည်းပါတယ်။ ဒါကြောင့်မို့ တိုင်းပြည်မှာ နစ်နာမှုမျိုးစုံနဲ့ ရင်ဆိုင်ခဲ့ကြရတယ်။

ဒါကြောင့် အမှန်တွေပွားများပြီး အမှားတွေကို သင်ခန်းစာအဖြစ် ရယူနိုင်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့လဲ ဒီကျမ်းကို ပြုခဲ့ပါတယ်။

အတ္ထုပ္ပတ္တိရေးရတဲ့ ကိစ္စကတော့ လွယ်လှတဲ့ကိစ္စ မဟုတ်ပါဘူး။ တချို့ကိစ္စတွေမှာ အဖြစ်အပျက်အမှန်တွေကို ရေးလို့ မရပါ။ တစ်ကြောင်း မဟုတ် တစ်ကြောင်းကို ထောက်နေရတော့ ထိန်းထိန်းသိမ်းသိမ်း ရေးရပါတယ်။

ကျမ်းပြုသူအနေနဲ့ ဆရာကြီး ဦးရာဇတ်အတ္ထုပ္ပတ္တိကို သွားရောက်မေးမြန်း ရှာဖွေစုဆောင်းခဲ့တုန်းက အချိန်နဲ့ အခုစာအုပ်ကို အပြီးသတ် ထုတ်ဝေဖို့ အချိန်ဟာ နှစ်၂၀ ကျော် ၃၀ နီးပါးလောက် ကြာခဲ့ပါပြီ။ ဒီတော့ ဟိုတုန်းက ကျမ်းပြုသူတွေ့ဆုံမေးမြန်းခဲ့တဲ့ ပုဂ္ဂိုလ်တော်တော်များများဟာ သေခြင်းတရားကို မလွန်ဆန်နိုင်တဲ့အတွက် တဖြုတ်ဖြုတ်နဲ့ အမှည့်ကြွေ ကြွေကုန်ကြပါပြီ

အခုမှ စာအုပ်ထုတ်ဖို့ လုပ်ရတော့ အဲဒီ အဲဒီ ပုဂ္ဂိုလ်ကြီးတွေဟာ သူတို့ရဲ့ တိုင်းပြည်နဲ့ လူမျိုးပေါ်မှာ တာဝန်သိသိ တာဝန်ကျေကျေ လုပ်ဆောင်ခဲ့ တဲ့အပိုင်းတွေကို စာတစ်တန် ပေးတစ်ဖွဲ့နဲ့ မှတ်တမ်းတင် ဖော်ပြထားတာကို တောင်မှ တွေ့မသွားလိုက်ရရှာပါဘူး။ ဒီအတွက် ကျမ်းပြုသူအနေနဲ့ အင်မတန် စိတ်မကောင်း ဖြစ်ရပါတယ်။ များစွာဝမ်းနည်း ကြေကွဲမိပါတယ်။

အတ္ထုပ္ပတ္တိရေးတဲ့အခါ ကျမ်းပြုသူ ယုံကြည်တာက အဲဒီပုဂ္ဂိုလ် အသက် ထင်ရှားရှိနေချိန်ပဲရေးတာ ပိုကောင်းမယ်လို့ ထင်ပါတယ်။

အတ္ထုပ္ပတ္တိဆိုတာကလဲ ဒီပုဂ္ဂိုလ်ရဲ့ အဖျင်းဆုံး အနှစ်လေးငါး ခြောက် ဆယ်ကာလက ဖြစ်ပျက်တာတွေကို ရေးရခြင်း ဖြစ်ပါတယ်။

အတိတ်ဖြစ်ရပ်များကို ရေးသားရာမှာ ဒီလောက်ရက်တွေလတွေ နှစ်တွေ ကြာညောင်းပြီးမှ ရေးရတော့ ပြီးခဲ့တဲ့ အတိတ်ကအကြောင်းတွေအနက် မှတ်မိတာတွေ ရှိသလို မေ့ပြုသွားတာတွေလဲ ရှိနိုင်ပါတယ်။ အဲဒီအခါမှာ အကျအပေါက် အယွင်းအချော်များ ရှိလာနိုင်ပါတယ်။

အတ္ထုပ္ပတ္တိ တစ်စောင်ပြုစုဖို့ ကာယကံရှင်ကွယ်လွန်မှ ရေးလို့ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ရင် အဲဒီပြဿနာအတွက် ဘယ်သူက ဝင်ဖြေရှင်းမလဲ။ ဒီမှာ ပြဿနာပေါ်နိုင်တယ်။ အငြင်းပွားနိုင်တဲ့ ပြဿနာပေါ်နိုင်တဲ့ အပိုင်းတွေ၊ အချက်အလက်တွေကို ကျမ်းပြုသူကရှောင်ပြီး ပြုစုတော့မှာအမှန်ပဲ။ ထိမ်ချန်ရမယ့် အချက်အလက်တွေကို ထိမ်ချန်လိုက်တော့မှာပဲ၊ ကျမ်းပြုသူရဲ့အမှား သို့မဟုတ် တာဝန်မရှိအောင် ဆင်ဖေ့ရန်ရှောင် သဘောမျိုး အရှောင်အတိမ်း အရေးအသား

တွေ မလွဲမသွေ လုပ်ရတော့မှာပဲ။ ဒီအခါမှာ အဲဒီရှောင်တိမ်းပြီး ထိမ်ချန်လိုက်ရတဲ့ အချက်အလက်တွေဟာ ကာယကံရှင် သို့မဟုတ် စာဖတ်သူအတွက် သိသင့်သိထိုက်တဲ့ အချက်အလက်တွေ ဖြစ်လာရင်တော့ ဒါဟာ ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ရပ် ဖြစ်လိမ့်မယ်ဆိုတာလဲ ကျမ်းပြုသူ စိုးရွံ့မိတာ အမှန်ပါပဲ။

အဲဒါကြောင့် အကောင်းဆုံးက မိမိရေးချင်တဲ့ ကာယကံရှင်ရဲ့ အတ္ထုပ္ပတ္တိ အကြောင်းအရာကို ကာယကံရှင် ကျန်းကျန်းမာမာနဲ့ အသက်လက်လွတ် မဖြစ်သေးတဲ့အခါမှာ ရေးတာ အကောင်းဆုံးလို့ မြင်ပါတယ်။

"ဒေါက်တာမောင်မောင်ရဲ့ မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း" တက္ကသိုလ်စိန်တင်ရဲ့ ဓာတ်ဖိုးသင်၊ စကြီဖင်အရဲ၊ ဂရော်အက်ဒ်ရဲ့ ကစ်ဆင်းဂျား စတဲ့ စာအုပ်များလိုပဲကာယကံရှင်များ အသက်ထင်ရှား ရှိနေချိန်မှာ ရေးတာဟာ ကျမ်းပြုသူများအတွက် တာဝန်ကင်းပါတယ်။ ပြဿနာပေါ်လာရင် ကာယကံရှင် ကိုယ်တိုင် လိုက်ဖြေရှင်းပေးနိုင် ညှိနှိုင်းကျော်လွှားပေးသွား နိုင်ပါတယ်။

ပုဂ္ဂိုလ်ကွယ်လွန်မှ ရေးရရင် ကျမ်းပြုသူအတွက် အင်မတန် တာဝန်လဲ ကြီးပါတယ်။ အမှန်တွေ ဖြစ်စေပြီး အမှားတွေမပါအောင် ဘယ်သူ့ဘယ်သူမှ နစ်နာမှုမျိုးမရှိအောင် သတိထား ရေးရတာဟာ အင်မတန် စိတ်မောလူမော ဖြစ်ရပါတယ်။

သမိုင်းစာအုပ်များ ရေးသားပြုစုရာမှာ "သမိုင်းပြုစုတဲ့ ဆရာများ မှတ်သားရမယ့် အချက်တွေ ဘယ်လိုရှိသလဲ" ဆိုတာကို နတ်မောက် ဘုန်းကျော်က ရေးသားဖော်ပြထားတာ ရှိပါတယ်။ "ပေလိုပေါနီးသျှန်းစစ်ပွဲ" ကျမ်းသမိုင်းကို ရေးသားပြုစုတဲ့ ကျမ်းပြုသူ "သူစီဒိုက်"ရဲ့ အာဘော်ကို နတ်မောက်ဘုန်းကျော်ကတစ်ဆင့် ဒီလို ရေးသားဖော်ပြပါတယ်။

> ဤနေရာ၌ အလျဉ်းသင့်သဖြင့် သမိုင်းရေးသားတင်ပြရာတွင် သမိုင်း [၁] ဆရာတို့၏ အယူအဆနဲ့ ရှောင်ရန်ဆောင်ရန် စည်းကမ်းများကို ဖော်ပြလိုက်ပါသည်။ "ပေလိုပေါနီးသျှန်းစစ်ပွဲ" ကျမ်းစာအုပ် ရေးသားခဲ့သော "သူစီဒိုက်"၏ အဆိုအမိန့်မှာ ဤသို့ဖြစ်၏။[၁]
>
> သမိုင်းဝင် အဖြစ်အပျက်များကို ရေးသားမှတ်တမ်းတင်ရာ၌ အကြောင်းအချက် ခိုင်လုံသော အဖြစ်အပျက်များနှင့် ထင်ရှား၍

---

(၁) ဘုန်းကျော်/နတ်မောက်။ အင်္ဂလိပ်–မြန်မာစစ်သမိုင်း၊ ပုဂံစာအုပ်တိုက်၊ ရန်ကုန်၊ ၂၇–၃–၁၉၆၆ စာမျက်နှာ(ပ)

တိကျသော သက်သေသာဓကများကို မှီခိုပြီး ရေးသားရန် ကျွန်ုပ်တို့ လိုအပ်ပါသည်။ စစ်သမိုင်းဝင် အဖြစ်အပျက် လိုက်နာမြဲဖြစ်သော စည်းကမ်းမှာ အဖြစ်အပျက်များကို တစ်ဆင့်စကား ကြားသိရသည့် အတိုင်းသော်လည်းကောင်း၊ မိမိစိတ်အထင်မျှဖြင့်သော်လည်းကောင်း ရေးသားတင်ပြခြင်း မပြုပါ။ ကျွန်ုပ်ကိုယ်တိုင် ပါဝင်တိုက်ခိုက်ခဲ့သော စစ်ပွဲများ၏အကြောင်းများကို ရေးသားရာ၌ ကျွန်ုပ်တို့၏ တွေ့မြင်သိရှိချက်များနှင့် အခြားမျက်မြင်ကိုယ်တွေ့ တွေ့မြင်ကြရသူတို့၏ ပြောကြားချက်များကိုပင်လျှင် အဖြစ်မှန် ရရှိသည်အထိ စေ့စေ့စပ်စပ် ဆန်းစစ်ဝေဖန်ပြီးမှ ရေးသားပါသည်။ စစ်ပွဲတစ်ခုအကြောင်းကို စစ်ပွဲတွင် ကိုယ်တိုင် ပါဝင်ခဲ့သော မျက်မြင်သက်သေများ၏ ပြောကြားချက်များသည်ပင်လျှင် တစ်ဦးနှင့်တစ်ဦး မတူညီ ကွဲပြားတတ်ကြပါသည်။ အချို့မှာလည်းအဂတိလိုက်စား၍ မိမိတို့လိုရာ ဆွဲယူပြောဆိုကြပါသည်။ အချို့မှာလည်း မှတ်ဉာဏ်မကောင်းမွန်ကြသဖြင့် အဖြစ်မှန်များကို သေချာစွာ မှတ်သားမိခြင်း မရှိတော့ဘဲ စိတ်ထင်မြင်ရာ ပြောတတ်ကြပါသည်။ ဤသို့သော အခက်အခဲများကြားမှ သမိုင်းဝင် အချက်အလက်များကို အမှန်တကယ် ရရှိအောင် ဆောင်ရွက်ရေးသားရသော အလုပ်မှာ လွယ်ကူလှသည် မဟုတ်ပါပေ။

ဒီလိုပဲ အတ္ထုပ္ပတ္တိဆိုတာဟာလဲသမိုင်းရေးရသလိုပဲ။ အတ္ထုပ္ပတ္တိဟာလဲ နောင်နှစ်နဲ့ချီ ကြာသွားတဲ့အခါ သမိုင်းကဏ္ဍထဲ ဝင်သွားတာပါပဲ။

အဲဒါကြောင့် အတ္ထုပ္ပတ္တိရေးတဲ့အခါ သာမန်ကာလျှံကာ ရေးလို့မရပါဘူး။ အမည်တွေ၊ ခုနှစ်တွေ၊ မြို့ရွာဒေသတွေ၊ အဖြစ်အပျက်တွေ မှန်ကန်တိကျဖို့ အင်မတန် အရေးကြီးပါတယ်။

တစ်ဆင့်စကားတို့ စိတ်အထင်တို့နဲ့ မှန်းဆရေးသားလို့လဲ ရစကောင်းတဲ့ အရာမဟုတ်ပါဘူးလို့ သမိုင်းပြုဆရာကြီး "သူစိဒိုက်"က ရေးသားထားပါတယ်။

(၂)

ကျမ်းပြုသူအနေနဲ့ ဆရာကြီးဦးရာဇတ် အတ္ထုပ္ပတ္တိရေးဖို့ အချက်အလက်များ စတင်စုဆောင်းခဲ့တဲ့နှစ်ဟာ ၁၉၆၉ ခုနှစ်ဦးပိုင်းလောက်က ဖြစ်ပါတယ်။ အခုဆိုရင် ၂၈ နှစ်ကျော်ခဲ့ပါပြီ။ အခုဆိုရင် သမိုင်းဝင်အဖြစ်အပျက်များ ဖြစ်လာပါပြီ။

ဒီတုန်းက ကျမ်းပြုသူအား ဆရာကြီးဦးရာဇတ်အကြောင်း ပြောပြတဲ့ ပုဂ္ဂိုလ်ကြီးများဟာ ဆရာကြီးကို ကောင်းကောင်းမိခဲ့သူတွေ များပါတယ်။ ဆရာကြီးနဲ့ လုပ်ဖော်ကိုင်ဖက်များ၊ ဆရာကြီးရဲ့ တပည့်သားမြေးများထံ ကတိုက်ကရိုက် အချက်အလက်တွေ စုဆောင်းခွင့် ရခဲ့ပါတယ်။

ဒါဟာ လတွေ နှစ်တွေ ကြာခဲ့ပါပြီ။ အဲဒီ ပုဂ္ဂိုလ်တွေနှင့် တွေ့တဲ့ ကာလတုန်းက သူတို့ဟာလဲ အသက်အရွယ်အားဖြင့် ၅၅ နှစ်ကျော် ၇၅ နှစ်အတွင်းတွေ ဆိုတော့ အသက်အရွယ်ကလဲ ရလာကြပြီ။ အသက်အရွယ် ရလာတာနဲ့အမျှ ဉာဏ်အားလဲလျော့လာမှာပဲ၊ ဒီတော့ နှစ်တွေကြာညောင်းခဲ့မှ ပြန်စဉ်းစားပြီး ပြောပြကြရတော့ တစ်ယောက်နဲ့တစ်ယောက် ပြောပြချက်တွေထဲက တချို့အချက်တွေ ထပ်တူထပ်မျှ ရှိသလို ကွဲလွဲချက်တွေလဲ ရှိနေပါတယ်။

အဲဒီအခါမှာ ကျမ်းပြုသူက "အဲဒီအဖြစ်အပျက်ကို ဘယ်သူကတော့ ဘယ်လို ပြောပါတယ်။ အခုဟာ နည်းနည်းလွဲနေတယ်။ ပြန်စဉ်းစားကြည့် ပေးပါ။" လို့ အဖြစ်အပျက်ကို ပြန်ရှင်းပြလိုက်ရတယ်၊ အဲဒီအခါမှာ "အေးလေ နှစ်တွေလတွေကလဲ ကြာပြီမဟုတ်လား၊ အေးအေး သူပြောတာ မှန်ပါလိမ့်မယ်" ဆိုပြီး ညှိပြီး လက်ခံလိုက်တာ ရှိပါတယ်။

တချို့ကျတော့လဲ ဘယ်ဟုတ်မလဲ သူမှားနေတယ်။ ဒီတုန်းက တကယ်ဖြစ်တာက "ဒီလိုပါ" ဆိုပြီး၊ အခိုင်အမာနဲ့ သက်သေထူပြတဲ့ ပုဂ္ဂိုလ်ကြီးများလဲ ရှိပါတယ်။

အဲဒီလိုအခါမျိုးမှာ ပထမပြောပြတဲ့ ပုဂ္ဂိုလ်ထံ ပြန်ချဉ်းကပ်ပြီး "အဲဒီကိစ္စဟာ ဘယ်လိုဖြစ်တာပါ" လို့ ပြောပြလိုက်ပါတယ်။ "အဲဒါ ဘယ်လိုများ ဖြစ်နေမလဲခင်ဗျား" လို့ ထပ်မံချဉ်းကပ်ရပြန်တယ်။

ဒီတော့မှ ပထမပုဂ္ဂိုလ်က နောက်ပြောပြတဲ့ ပုဂ္ဂိုလ်ရဲ့စကားကို "အေးအေး ဟုတ်တယ်၊ သူလဲဒီတိုက်ပွဲမှာ ပါတာပဲ သူတကယ်မှတ်မိ တာပါလား" လို့ ရယ်ရယ်မောမောနဲ့ ချီးကျူးစကားပြောရင်း ဒုတိယလူရဲ့ ပြောပြချက်ကို အတည်ပြုပေးလိုက်ပါတယ်။

ဒါတွေဟာ တစ်ဆင့်စကားတွေ မဟုတ်ပါဘူး။ ဆရာကြီး ဦးရာဇတ်နဲ့ အတူလုပ်ဖော်ကိုင်ဖက်တွေ တပည့်တွေ သားမြေးတွေနဲ့ တိုက်ရိုက် နဖူးတွေ့ ဒူးတွေ့တွေ့ပြီး မေးမြန်းခဲ့တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်က ဆရာသမား ဗိုလ်စောမောင် အကြံပေးတဲ့အတွက် ဆရာကြီးဦးရာဇာတ်ရဲ့အကြောင်းတွေကို မေးမြန်းရေးသား ခဲ့လို့ အချက်အလက်အပြည့်အစုံကို စုစည်းမိခြင်း မရှိပေမယ့် ရာခိုင်နှုန်းတော်တော် ပြည့်ပြည့်စုံစုံ စုဆောင်းမိပါတယ်။ အဖြစ်အပျက်အမှန်တွေကို ကြိုးပမ်းအား ထုတ်ပြီး ရေးသားထားပါတယ်။

အခုအချိန်မှသာ ဆရာကြီး ဦးရာဇတ် အတ္ထုပ္ပတ္တိစာအုပ်ကို ရေးသားပြုစုဖို့ ကွင်းဆင်းရင်ကွင်းဆင်းတာသာ အဖတ်တင်မယ်။ ဆရာကြီးရဲ့ သူ့လုပ်ဖော် ကိုင်ဖက်များ တပည့်သားမြေးအများစုဟာ ကွယ်လွန်ကုန်ကြပြီဆိုတော့ အဖြစ်အပျက်အမှန်ဟာ ရဖို့မလွယ်ပေဘူး။ ကျန်ရစ်နေသေးတဲ့ လူတွေဆီက ရယူရင်လဲ ပြည့်စုံနိုင်မယ်မထင်ဘူး။

ဒီတော့ တစ်ဆင့်စကား ကြားသူများဆီ ချဉ်းကပ်ပြီး ရယူပြုစုရုံပဲ ရှိမယ်။ "ဒီတော့ သမိုင်းကို ပြုစုရတဲ့ စည်းကမ်းမှာ တစ်ဆင့်စကားအနေပဲ ဖြစ်ဖြစ်၊ စိတ်အထင်နဲ့ပဲဖြစ်ဖြစ် ရေးသားခြင်း မပြုရပါ"လို့ စစ်သမိုင်းဆရာကြီး "သူစိဒိုက်"က ဖော်ပြခဲ့ပါတယ်။

အဲဒါကြောင့် ကျမ်းပြုသူအနေနဲ့ ဆရာကြီးဦးရာဇတ်ရဲ့ အတ္ထုပ္ပတ္တိကို အချိန်မီရုံကလေးမှာ ပြုစုရေးသား လိုက်နိုင်ခဲ့ပါတယ်။ ဒါဟာလဲဆရာသမား ဗိုလ်စောမောင်ရဲ့ ကျေးဇူးပဲပေါ့။

# ကျမ်းပြုသူရဲ့ မိတ်ဆက်

ဆရာကြီးဦးရာဇတ်အတ္ထုပ္ပတ္တိရေးဖို့ အချက်အလက်တွေ ရှာဖွေစုဆောင်းဖို့ ကွင်းဆင်းရာမှာ တွေ့ဆုံမေးမြန်းခဲ့တဲ့ ဆရာကြီးနဲ့ လုပ်ဖော်ကိုင်ဖက်များ တပည့်သားမြေးများကို တွေ့ဆုံခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်ကြီးများ ပြောပြတဲ့ အချက်အလက်တွေထဲက အချို့အချက်အလက်တွေကို စာအုပ်ရဲ့ စာမြည်းသဘောအဖြစ် အောက်ပါအတိုင်း ဖော်ပြပါမယ်။

(၁)

စစ်ကိုင်းအနီးစခန်းဆရာတော်–

"ဆရာတော် အခုလို အင်္ဂလိပ်စာကို ရည်ရည်လည်လည် ဖတ်နိုင်တာဟာ ဆရာကြီး ဦးရာဇတ်ရဲ့ ကျေးဇူးပေါ့" ဒီလိုအမိန့်ရှိခဲ့ပါတယ်။

အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးကြီး ဘရွှေကဆိုရင်–

"ဆရာကြီး ဦးရာဇတ်ဟာ ဆရာကြီး တစ်ယောက်ထက် ကျွန်တော်တို့ မိဘလိုပါပဲ"တဲ့။

မန္တလေးတက္ကသိုလ် ပါဠိပါမောက္ခဟောင်း– အမ်အေဒေါ်အုံးကလဲ–

"မန္တလေးတက္ကသိုလ်က ကျေးဇူးတင်စရာရှိရင် တခြားလူထက် ဆရာကြီး ဦးရာဇတ်ကိုသာ ကျေးဇူးတင်ရမယ်"တဲ့။

အတွင်းဝန်ဟောင်း အိုင်စီအက် ဦးစောဟန်ကဆိုရင် ဒီလို ပြောပြပြန်ပါတယ်–

"ဆရာကြီး မစ္စတာရာဇတ်ဟာ ပညာရေးကလာတဲ့ ပုဂ္ဂိုလ်ဆိုတော့ တိုင်းပြည်မှာ ပညာရေးနဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲဖို့ အစီအစဉ်တွေ အများကြီး ရှိခဲ့တယ်။ ဒါတွေ ဘာမှမလုပ်နိုင်ခင် ကျဆုံးသွားရလို့ ပညာရေးဌာနအတွက် အင်မတန် နစ်နာခဲ့တယ်။ ဒီလို လူတော်တစ်ယောက် ဆုံးရှုံးခဲ့လိုက်ရတာဟာ တိုင်းပြည်အတွက်ပါ အင်မတန် ဆုံးရှုံးနစ်နာခဲ့တယ်"တဲ့။

ဖဆပလဝန်ကြီးဟောင်း ဦးကျော်ငြိမ်းကဆိုရင်–

"ဆရာကြီးဦးရာဇတ်ဟာ မန္တလေးတက္ကသိုလ် အကောင်အထည် ဖော်နိုင်ဖို့ ဝါလဲနဲ့၊ အသက်ကလည်းငယ်၊ ဖျတ်ဖျတ်လတ်လတ်လည်းရှိတဲ့ ဦးကိုလေးလို ပုဂ္ဂိုလ်ကို အများနဲ့ဆန့်ကျင်ပြီး ရွေးချယ်တာဝန်ပေးတာဟာ ပြတ်သားရဲရင့်တဲ့ ခေါင်းဆောင်မှုကို ထုထောင်လိုက်ခြင်းဖြစ်တယ်။ ဆရာကြီးရဲ့ "ရွေးချယ်ရေးတရားဟာ မှန်တယ်၊ ဒါကြောင့် တိုတောင်းတဲ့ သက်ပိုင်းအတွင်းမှာ မန္တလေးတက္ကသိုလ် အကောင်အထည် ပေါ်လာခဲ့တာပါတဲ့"

စာရေးဆရာမ လူထုဒေါ်အမာက ဆိုရင်–

"သူ အခုလို စာရေးဆရာ ဖြစ်လာရတာဟာ ဆရာကြီးရဲ့ လေ့ကျင့်ပေးမှုကြောင့်ပါပဲတဲ့။"

ဆရာကြီး ဦးရာဇတ်နဲ့ ပတ်သက်ပြီး ဗ–မ–က ဥက္ကဋ္ဌဟောင်းလဲဖြစ်၊ ဖ–ဆ–ပ–လ တရားရေးနဲ့ ကျန်းမာရေးဌာန ဝန်ကြီးဟောင်းလဲဖြစ်တဲ့ မစ္စတာလတစ်ဖ်ခန်းခေါ် ဦးခင်မောင်လတ်က–

"ဗမာမွတ်စလင် တစ်ယောက်က ဆရာတော် သံဃာတော်များကို စည်းရုံးနိုင်တာ သူတစ်ယောက်ထဲပဲရှိပါသတဲ့။ ဒါဟာ ရောမအရည်အချင်းတစ်ခုပဲပေါ့" တဲ့။

ဖ–ဆ–ပ–လ ပြည်ထဲရေးဝန်ကြီးဟောင်း ဆရာ ဗိုလ်ခင်မောင်ကလေးရဲ့ ပြောပြချက်ကိုလဲ ဆက်ကြည့်ပါဦး–

"ဆရာကြီး ဦးရာဇတ်က မြန်မာပြည်ဟာ ငါတို့တိုင်းပြည်လို့ ပြောတယ်။ ကိုးကွယ်တဲ့ဘာသာဟာ တခြားပဲတဲ့။ သူဟာ အစ္စလာမ်

သာသနာကို ကိုင်းရှိုင်းတယ်။ ဒါပေမယ့် ဒီပြင် ဘာသာတွေကိုလဲ လေးစားတယ်။ ဘာသာရေးမှာ အယူသည်းမှု မရှိဘူး။

ငါ (ဆရာ ဗိုလ်ခင်မောင်ကလေး) တို့က ဆရာကြီးဦးရာဇတ်ကို မွတ်စလင်တစ်ယောက်အနေနဲ့ မမြင်ဘူးကွ၊ မျိုးချစ်စိတ်ရှိတဲ့ ဗမာကြီး တစ်ယောက်ရယ်လို့ပဲ မြင်ကြတယ်။ အဲဒါကြောင့် ဆရာတော်တွေကအစ ဘုရားလူကြီးအဆုံး သူ့ကို ချစ်ခင်ကြတယ်။ ဒါကြောင့် မန္တလေးခရိုင် ဖ–ဆ–ပ–လဥက္ကဋ္ဌ၊ ဖဆပလဝန်ကြီးတို့ ရွေးချယ်ခန့်ထားဖို့ ဆရာတော် တွေက ဆန္ဒပေးတင်မြှောက်ကြတယ်။

"နောက် ဆရာကြီးအနေနဲ့ ဒီကောင် ဗုဒ္ဓဘာသာ၊ ဒီကောင်ဟိန္ဒူ၊ ဒီကောင်မွတ်စလင်၊ ဒီကောင်ခရစ်ယာန်ရယ်လို့ ပြောရင် မကြိုက်ဘူး၊ ဒါဟာ စိတ်ဝမ်းကွဲစေတယ်။ ဘယ်ဘာသာ ကိုးကွယ်ကိုးကွယ်၊ မြန်မာဟာ မြန်မာပဲဆိုပြီး ခေါင်းထဲရိုက်သွင်းခဲ့တယ်။

"ပြီးတော့လဲ မြန်မာစာ အရေးအသားမှာ စာလုံးတွေကို ဖျက်ရေးတာတွေ မကြိုက်ဘူး၊ ဘာလို့ ဖျက်ရေးတာလဲဆိုပြီး ဆူလေ့ရှိတယ်။ ဝိုင်းဝိုင်းစက်စက် ရေးတာပဲ ကြိုက်တယ်တဲ့"

မြန်မာပြည်မှာ မွတ်စလင်တစ်ယောက် အနေနဲ့ ဆရာတော်၊ သံဃာတော်များရဲ့ ချစ်ခင်မှုခံရတာ သူ့အပြင်မရှိဘူး၊ ဒါပြောချင်တယ်တဲ့ ဗမာမွတ်စလင် အမျိုးသားတွေဟာ မြန်မာပြည်မှာ ဘာသာတိုင်းရဲ့ ခေါင်းဆောင်ဖြစ်ချင်ရင် ဆရာကြီးရဲ့ထုံး နှလုံးကို အတုယူပြီး လိုက်နာဆောင်ရွက်ရမယ်"တဲ့။

"ဗုဒ္ဓဘာသာ ရှစ်ဆယ့်ငါးရာနှုန်းရှိတဲ့ မြန်မာပြည်မှာ တိုင်းပြည်ရဲ့ ခေါင်းဆောင်ဖြစ်ချင်ရင် ဆရာကြီးကို နမူနာယူဖို့ လိုမယ်တဲ့"

လ–အ–က ဗဟိုဌာနချုပ်အတွင်းရေးမှူး လုပ်သွားတဲ့ ဒေါက်တာ ကျော်ရင်ကလဲ ဆရာကြီးနဲ့ ပတ်သက်ပြီး ပြောတာလေးတွေ ရှိပါတယ်။

"စစ်ပြီးစမှာ အင်္ဂလိပ်နယ်ချဲ့သမားနဲ့ လွတ်လပ်ရေးအတွက် အရေးဆိုတဲ့အခါမှာ ဆရာကြီးရဲ့ နိုင်ငံရေး အတွေ့အကြုံနဲ့ စိတ်စေတနာ တည်ကြည်ဖြောင့်မတ်မှုတွေဟာ အရေးကြီးတယ်လို့ ဆိုရမယ်။ ဗိုလ်ချုပ်အောင်ဆန်း အနေနဲ့လည်း ဆရာကြီးအပေါ် ယုံကြည်အားကိုးမှု ရှိတယ်"တဲ့။

ဒီလို ယုံကြည်အားကိုးရတာဟာလည်း အကြောင်းမဲ့တော့ မဟုတ်ပါဘူး။ ဆရာကြီး ဦးရာဇတ်ရဲ့ ဘဝတစ်လျှောက်လုံးမှာ လွတ်လပ်ရေးအတွက် အသွင်အမျိုးမျိုးနဲ့ ပါဝင်လှုပ်ဆော် စည်းရုံးသိမ်းသွင်းခဲ့တာကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အသိဖြစ်ခဲ့လို့ပါပဲ။ ဆရာကြီးကို သူ့တပည့်တွေက ရိုရိုသေသေ လေးလေးစားစား ဆက်ဆံ သလို ဗိုလ်ချုပ်အောင်ဆန်းကလည်း အလားတူပဲ လေးလေးစားစား ယုံယုံကြည်ကြည်နဲ့ ဆက်ဆံခဲ့ပါသတဲ့။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ အပါးတော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) ကလဲ ဆရာကြီးနဲ့ ပတ်သက်ပြီး သူ့ထင်မြင်ချက်ကို ဒီလိုပြောလာပြန်ပါသေးတယ်။

"ဗုဒ္ဓဘာသာအများစုရှိတဲ့မြို့မှာ ဆရာကြီးဦးရာဇတ်ကို ဝန်ကြီးရာထူး ရွေးလိုက်တာဟာ ပြဿနာ တက်မလာနိုင်ဘူးလားလို့ သူက ဗိုလ်ချုပ်အောင်ဆန်းကို စိုးရိမ်စိတ်နဲ့ မေးမိပါသတဲ့၊ အဲဒီအခါမှာ ဗိုလ်ချုပ်အောင်ဆန်းက–

"ငါတို့ဆရာကြီးကို ရွေးချယ်ခန့်ထားတာ မွတ်စလင်တစ်ယောက် သက်သက်အနေနဲ့ မဟုတ်ပါဘူး။ အသင့်တော်ဆုံး အမျိုးသားခေါင်းဆောင် တစ်ယောက် အနေနဲ့ ရွေးချယ်လိုက်တာဖြစ်တယ်။ မျိုးချစ်စိတ် အပြည့်အဝရှိတဲ့အတွက် မန္တလေးက ဆရာတော်များ၊ ရဟန်းတော်များ ကိုယ်တိုင်က အကောင်းဆုံး အတော်ဆုံး ခေါင်းဆောင်အဖြစ် တောင်းဆိုထောက်ခံခဲ့တာမို့ ပြဿနာ တက်လာစရာအကြောင်း မရှိဘူး"လို့တောင် ပြောပါသေးသတဲ့။

နောက်ဖ–ဆ–ပ–လ ဝန်ကြီးဟောင်း သခင်သာခင်ကလဲ–

"ဖ–ဆ–ပ–လ ဝန်ကြီးတွေ အလျှိုလျှို ရွေးချယ်ခန့်ထားတဲ့ အခါမှာ စောစောပိုင်းက ဆရာကြီး ဦးရာဇတ်ကို ချန်ထားခဲ့ရတယ်။ ဒါနဲ့ ပတ်သက်ပြီး ဆရာကြီးရဲ့ စိတ်နေသဘောထား ဘယ်လိုရှိသလဲလို့ မန္တလေးရှိ သခင်သာခင်ဆီ ဗိုလ်ချုပ်အောင်ဆန်းက လှမ်းပြီး လှေလာခိုင်းတယ်"တဲ့။

"ဒီတော့ သခင်သာခင်က ဆရာကြီး ဦးရာဇတ် အနေနဲ့ ဝန်ကြီး အရွေးမခံရလို့ ဘယ်လိုမှ သဘောမထားပါဘူး။ ဒါပေမယ့်

ကျုပ် (ဆရာကြီးဦးရာဇတ်)နဲ့ နီးစပ်တဲ့ လူတွေကသာ စိတ်မကောင်း ဖြစ်နေတာပါ”လို့ ခပ်ပေါ့ပေါ့ပဲ ဖြေလိုက်ပါသတဲ့။”

“ဒီအကြောင်းကို သခင်သာခင်က ဗိုလ်ချုပ်အောင်ဆန်းဆီ အစီရင်ခံလိုက်ပါတယ်တဲ့။ ဒီမှာ ဗိုလ်ချုပ်အောင်ဆန်းက ဆရာကြီးကို အရင်တုန်းက ကြည်ညိုရင်း ရှိခဲ့တာထက် အခုတော့ပိုပြီး ကြည်ညိုသွားပါတယ် ဆိုတာကို ဗိုလ်ချုပ်က သခင်သာခင်နဲ့ ပြန်တွေ့တဲ့ အခါ အဲဒီလို ပြောခဲ့ပါသတဲ့”

ဒေါ်တင်လှ (ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ၊ အငြိမ်းစား၊ ညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန)ကလဲ ကျမ်းပြုသူကို ဒီလို ပြောလိုက်ပါသေးတယ်။

“ဆရာကြီးဟာ လူချစ်လူခင် အင်မတန်ပေါတဲ့လူပါ။ သူ့မှာ ရန်သူမရှိပါဘူး။ သေနတ်ပစ်ခံရတဲ့ ဇူလိုင် ၁၉ ရက်နေ့က အကြောင်း ပြောရရင် စက်ကွင်းမိသလို သဘောမျိုး ခံလိုက်ရရှာတာပဲတဲ့”

အငြိမ်းစားဗိုလ်မှူးကြီး ခင်ညိုကလဲ–

“ဗိုလ်ချုပ်တို့ ကျဆုံးတဲ့အချိန် ဆေးရုံသွားကြည့်တယ်။ ငါ (ဗိုလ်မှူးကြီးခင်ညို) အနေနဲ့ပြောရရင် ဆရာကြီး ဦးရာဇတ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးတဲ့အပေါ်မှာ ပူဆွေးမှု ကြေကွဲဝမ်းနည်းမှုတွေ ဖော်ပြလို့ မကုန်နိုင်လောက်အောင် ဖြစ်ခဲ့ရတာ အမှန်ပဲ၊ ဒါပေမယ့် ဆရာကြီး ဦးရာဇတ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ အပေါ်မှာ ငါခံစားမှု အနည်းနဲ့အများ ခြားနားမှုဆိုသလို ရှိပါတယ်။

“ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးတဲ့အတွက် ခေါင်းဆောင်တစ်ယောက် ဆုံးရှုံးရတဲ့ နမြောတသတဲ့ ဆုံးရှုံးမှုနဲ့ ပူဆွေးသောက ဖြစ်ရပါတယ်။

“ဆရာကြီးကျတော့ ခေါင်းဆောင်တစ်ယောက် ဆုံးရှုံးခဲ့သွားရတဲ့ အတွက် ကြေကွဲဝမ်းနည်းမှုမျိုး ခံစားရတဲ့အပြင် ကိုယ့်မိဘဆရာသမား တစ်ယောက် ကျဆုံးတဲ့ ဆုံးရှုံးမှုမျိုးကိုပါ ခံစားရတယ်။ အမှန်အတိုင်း မလိမ်မညာ မထိမ်မဝှက် ဘက်မလိုက်ပဲ ပြောရရင် ငါ့မျက်ရည်တွေဟာ ဆရာကြီးအတွက် ငိုခဲ့ပါတယ်ကွာ”တဲ့။

ဒေါက်တာခင်မောင်ညွှန့် M.A. Ph.D. London ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) နိုင်ငံတော်သမိုင်း သုတေသန ဦးစီးဌာနကလဲ–

"ဆရာကြီးဟာ ကျွန်တော်တို့ အိမ်နံဘေးချင်းကပ်မှာ နေကြတယ်။ အိမ်နီးနားချင်းဆိုတော့ ကျွန်တော်တို့အိမ်ကို ဆရာကြီး အမြဲလိုလို ရောက်တယ်။ ရောက်တဲ့အခါ ရယ်စရာ၊ မောစရာတွေ ပြောတယ်။ ဒီအချိန်က ကျွန်တော်ဟာ မက်ထရစ် (၁ပ တန်း) ရောက်နေပါပြီ။ ဒီတော့ ကျွန်တော့်အမေကို ဒီလိုပြောပါတယ်။

"မကြည်ရေ ခင်ဗျားသား (ခင်မောင်ညွှန့်) မက်ထရစ် ရောက်နေပြီ မဟုတ်လား၊ ဒီကောင်ကို ကောလိပ်မပို့ဘဲမနေနဲ့၊ ခင်ဗျားတို့က ကုန်သည်တွေဆိုတော့ သေစာရှင်စာ တတ်ရင်ပြီးရော ကြေးနန်းစာလေး ဘာလေး ဖတ်တတ်ရင်ပြီးရော ဆိုတာမျိုး လုပ်တာပဲ အဲဒါမျိုးမလုပ်နဲ့ ကောလိပ်ကို ပို့ဖြစ်အောင် ပို့ပါလို့ တိုက်တွန်းခဲ့တယ်"

"ဆရာကြီးဟာ ပညာရေးကို အရေးထားတယ်။ ဆရာကြီးရဲ့ တိုက်တွန်းမှုကြောင့် ကျွန်တော့အမေဟာ ကျွန်တော့ကို ကောလိပ်ပို့ ခဲ့တယ်။ နောက်ဆုံး အခုလို M.A တို့ Phd. London ဆိုတဲ့ ဘွဲ့တွေရခဲ့တာဟာ ဆရာကြီးရဲ့ကျေးဇူးတွေကြောင့်ပဲဆိုပါရစေ။

ဒါတွေက ဆရာကြီးဦးရာဇတ်နဲ့ ပတ်သက်ပြီး အချက်အလက်တွေကို စုဆောင်းစဉ်က ပုဂ္ဂိုလ်ကြီးများရဲ့ ပြောပြချက်တွေထဲက ရွေးချယ်ကာ အကျဉ်းမျှသာ ဖော်ပြလိုက်ခြင်းပါ။

(၂)

ဆရာကြီးဦးရာဇတ်နဲ့ ပတ်သက်ပြီး ဆရာကြီးနဲ့လုပ်ဖော်ကိုင်ဖက်များ တပည့်တပန်းတွေက ဆောင်းပါးများ ရေးကြတာတွေ ရှိပါတယ်။ အဲဒီဆောင်း ပါးတွေအားလုံးကိုတော့ ကျမ်းပြုသူအနေနဲ့ အတတ်နိုင်ဆုံး ရှာဖွေစုဆောင်း ခဲ့ပါတယ်။

ဒီမှာ တချို့သော ဆောင်းပါးရှင်များရဲ့ ဆောင်းပါးထဲမှ အချို့ကို ကောက်နုတ်ဖော်ပြရင်–

စာရေးဆရာနှင်းဦးက ၂၃–၈–၄၇ ခုနှစ် မန္တလေး ဗဟိုရ်စည် သတင်းစာမှာ "ကျွန်တော့်ဆရာကြီး မစ္စတာရာဇတ်"ဆိုတဲ့ ဆောင်းပါးမှ ဖော်ပြရရင်–

"အမျိုးသားကျောင်းတစ်ကျောင်းတွင် ကျောင်းအုပ်ကြီး ဖြစ်နေသောသူမှာ မြန်မာအမျိုးသားတစ်ဦး မဟုတ်ဘဲ မွတ်စလင် အမျိုးသားတစ်ဦး ဖြစ်နေသည်မှာ အံ့ဩဖွယ်ရာ ကောင်း၏။ ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးဟူသောအမည်နှင့် ကျောင်းအုပ်ကြီး မစ္စတာရာဇတ်ဟူသော အမည်သည် စင်စစ်အဆင်မပြေ မလိုက်လျော။ သို့သော် ထိုအမျိုးသားကျောင်းကြီးကို ထိုဆရာကြီး မစ္စတာရာဇတ်သာလျှင် စီမံအုပ်ချုပ်နိုင်ခဲ့သည်"။

"ဆရာကြီးကို ကျောင်းသူကျောင်းသားများက ချစ်ကြ၏။ ကြောက်ကြ၏။ အားကိုးကြ၏။ အမှန်မှာ ထိုအကြောင်းများကား မဆန်း၊ ကျောင်းသားမှန်က ကိုယ့်ဆရာသမားအား ချစ်ရမြဲ၊ ကြောက်ရမြဲ၊ အားကိုးရမြဲဖြစ်သည်။ သို့သော် ဆရာကြီးဦးရာဇတ်ကိုမူ သာမန်ဆရာကြီးတစ်ယောက်အနေဖြင့် မဟုတ်ကြဘဲ၊ ရဲဘော်ကြီးအနေဖြင့်လည်းကောင်း၊ အဖေတစ်ယောက် အနေဖြင့်လည်းကောင်း၊ သူငယ်ချင်းတစ်ယောက်ကအနေဖြင့်လည်းကောင်း ချစ်ကြကြောက်ကြအားကိုးကြသည်"

"တုံ့ပြန်သော အလားတူဆရာကြီးကလည်း၊ သူ့တပည့်များကို ချစ်သည်။ ဆရာကြီးသည် ဆရာကြီးလို နေသည့်အခါ နေသည်။ သူငယ်ချင်းလို ပေါင်းသည့်အခါပေါင်းသည်။ ကူညီသည့်အခါ ကူညီသည်"

စာရေးဆရာ နှင်းဦးက ဒီဆောင်းပါးမှာပဲ ဆက်လက်ရေးသားထားတာက ရေးသားထားတာက—

"ဆရာကြီးသည် သူ့ကျောင်း၌ ဥပုသ်ထွက်တိုင်း ဘုရားရှိခိုးစေခဲ့သည်။ ထိုအချိန်က ဘုရားရှိခိုး မတက်ဘဲ ခိုနေသော ကျောင်းသားများရှိတတ်လေရာ ဆရာကြီးသည် ထိုကျောင်းသားများကို ကြိမ်လုံးကြီးတကိုင်ကိုင်နှင့် လိုက်ဖမ်းရသည်မှာ အလုပ်တစ်ခု ဖြစ်ခဲ့သည်။ အချို့ကျောင်းသားများက ဗုဒ္ဓဘာသာမဟုတ်ဟု ဆင်ခြေပေးတတ်သောကြောင့် နောက်ဆုံးတွင် ဆရာကြီးသည် ဗုဒ္ဓဘာသာမဟုတ်သူများပါ ဘုရားရှိခိုးတက်ရ မည်ဟူသော အမိန့်ကို ထုတ်ခဲ့လေသည်။ ဤနည်းအားဖြင့်လည်း မွတ်စလင် ဆရာကြီးရာဇတ်သည် ဘာသာရေးကို ဂရုစိုက်ခဲ့ပေသည်။"

"ဆရာကြီးကျောင်းကား ပညာသင်ကျောင်းသာမက၊ နိုင်ငံရေး သင်တန်းကျောင်းလည်း ဖြစ်ခဲ့သည်။ ဆရာကြီးကျောင်း၏ ကျောင်း ဆရာများ ကိုယ်တိုင်မှာလည်း နိုင်ငံရေးသမားတွေချည်း ဖြစ်သည်။ မျိုးချစ်စိတ်ကို ကျောင်းနေရင်း မွေးပေးခဲ့သည်။ ကျောင်းသူကျောင်းသား များကလဲ နယ်ချဲ့သမားကို မုန်းလာခဲ့ကြသည်"။

"ထို့ကြောင့်လည်း မြန်မာပြည် နိုင်ငံရေးပါတီတိုင်းတွင် ဆရာကြီး တပည့်များကို တွေ့ရသည်။ ဆိုရှယ်လစ်ထဲလဲ ဆရာကြီးတပည့်၊ ကွန်မြူနစ်ထဲတွင်လဲဆရာကြီးတပည့်၊ အလံနီပါတီတွင်လဲ သူ့တပည့်များ ပါဝင်ခဲ့ပေရာ ဘယ်ထောင့်ကဘယ်သူတွေဆူဆူ၊ ထိုဆူသော ပါတီအဖွဲ့ အသင်းတွင် သူမွေးထုတ်လိုက်သော တပည့်တစ်ယောက်ဖြစ်နေရမည် ဖြစ်လေသည်။ ထို့ကြောင့်လည်း တပည့်များက သူ့ကို နိုင်ငံရေး ဖခင်ကြီးဟု ခေါ်ကြလေသည်။[၂၆]

"ဂျပန်လက်ထက်က ကြည့်မည်ဆိုလျှင်၊ မြန်မာ့တပ်မတော်တွင် သာမာန်စစ်သားကလေးမှအစ၊ အမြင့်ဆုံး စစ်ဗိုလ်ကြီးများအထိ သူ့တပည့်များကို အများဆုံးတွေ့ခဲ့ရပေမည်။ ထို့ကြောင့် ထမင်းစားပွဲ တစ်ခု၌ ကျောင်းသားဟောင်း တစ်ဦးက ဆရာကြီးအကြောင်းကိုထ၍ ပြောရာတွင် "ဘယ်သူလုပ်လို့ လွတ်လပ်ရေးရရ ဆရာကြီးလုပ်တာပဲ ဖြစ်ရမယ်။ ဆရာကြီးဟာ ကွန်မြူနစ်၊ ဆရာကြီးဟာဆိုရှယ်လစ်၊ ဆရာကြီးက အလံနီဟု ပြောခဲ့ဖူးသည်"။

ဗဟိုအမျိုးသားအထက်တန်းကျောင်းက ဘော်ဒါဆရာ ဆရာဦးထွန်း မောင်ကလဲ "ခေတ်ပညာတတ်စာဆိုတော်"ဆိုတဲ့ ခေါင်းစဉ်နဲ့ မန္တလေးမြို့ ဗဟိုရိပ်စည် သတင်းစာ၊ စာဆိုတော်နေ့ အထူးထုတ်မှာ ရေးသားဖော်ပြထားတာကို ကောက်နုတ်ဖော်ပြရရင်–

"ဆရာကြီး၏ အကြောင်း၊ ဆရာကြီး၏ ဂုဏ်ပုဒ်ကို အကျဉ်းချုံး၍ ဖော်ပြရေးသားရမည်ဖြစ်၍ အများသူတို့ သိအပ်၊ သိသင့်၊ မှတ်အပ်၊ မှတ်သင့်သည်တို့ကို လုံးဝဥဿုံ ပြည့်စုံအောင် မရေးသားနိုင်သဖြင့် လည်းကောင်း၊ ဆရာကြီး၏ ဂုဏ်ပုဒ်များကို ပြည့်စုံအောင် မဖော်ပြနိုင် သဖြင့်လည်းကောင်း၊ အကျွန်ုပ်အား ခွင့်လွှတ်ပါရန်နှင့် ခပ်သိမ်းသော

အပြစ်တို့မှ ပျောက်ပါစေခြင်း အကျိုးငှာ ဤစာရေးသားချက်များဖြင့် ကျေးဇူးရှင် ဆရာကြီးအား ရိုသေလေးမြတ်စွာ ကန်တော့ရပါကြောင်း" ဆရာဦးထွန်းမောင်က ဒီဆောင်းပါးမှာ အောက်ပါအတိုင်း ဆက်လက် ရေးသားထားတာက–

"ဆရာကြီး၏ဖခင်ကြီးသည် ကင်တိုမင်နယ်အတွင်း စစ်ဘက် ဆိုင်ရာရာဇဝတ်ဘက်ဆိုင်ရာ မျက်နှာဖြူလူမျိုးများနှင့် ဆက်ဆံ၍ အစီရင်ခံစာများကို ၎င်း၏ဖခင်ကြီးအား အင်္ဂလိပ်လို ကူညီရေးသား ပေးရာထိုစဉ်အခါက ရာဇဝတ်ဝန်ကြီး မစ္စတာရှားမင်းကြီးက ၎င်းရုံးသို့ ရောက်လာသော တပ်မြေနယ် ရာဇဝတ်ဘက် အစီရင်ခံစာများကို ဖတ်ကြည့်ပြီး အထူးနှစ်သက်၍ ဆရာကြီး၏ဖခင်ကြီးအား ချက်ချင်း တယ်လီဖုန်းနှင့်ခေါ်၍ သွားရောက်တွေ့ဆုံသောအခါ ဒီအစီရင်ခံစာတွေ ပညာတတ် အင်္ဂလိပ်လူမျိုးတစ်ဦး ရေးသားထားသကဲ့သို့ ရေးသား ထားတာမည်သူရေးထားသလဲဟု မေးမြန်းရာ အမှန်ကို ဝန်ခံ၍ ကျွန်တော့်သား (ရာဇတ်) ခေါ် ဘာဘူကြီး ရေးသားကြောင်း ပြောပြရာ မင်း၏သား (၎င်းဇတ်) ကို ရာဇဝတ်ဘက် ဝင်ရောက် အမှုထမ်းပါ၊ တိုက်ရိုက်အင်စပက်တော်အတန်း ရာထူးခန့်ထားပါမည်ဟု ပြော၏။ ငါသူ့ကိုတွေ့ချင်တယ်၊ နက်ဖြန်မနက် ငါ့အိမ်ကို သူနှင့်တွေ့ရအောင် လွှတ်ပါဟု ပြောကြား၏။

"နောက်နေ့နံနက် ဆရာကြီးတစ်ယောက်တည်း ရာဇဝတ်ဝန်ကြီး မစ္စတာ ရှားမင်းကြီးအိမ်သို့ သွားရောက်ရာ မစ္စတာရှားမင်းကြီးက အင်္ဂလန်မှ ရောက်ခါစ သူ၏ဇနီးသည် မစ္စက်ရှားမင်းနှင့် မိတ်ဆက်ပေးပြီး အလ္လာပ သလ္လာပ ပြောဆိုကြရာ ဆရာကြီးရာဇတ်အား အထူးချီး ကျူးခြင်းခံရပြန်လေ၏။ တစ်ဖန် ဆရာကြီးအား ရာဇဝတ်ဝန်ကြီးနှင့် ရာဇဝတ်ကတော်တို့က ရာဇဝတ်ဘက်တွင် အင်စပက်တော်ကြီး ဘဝနှင့် အမှုထမ်းရန် ထပ်မံတိုက်တွန်းကြပြန်ရာ ဆရာကြီးဦးရာဇတ်က ဤသို့ ပြော၏။ "ကျွန်တော့်ကို ယခုကဲ့သို့ တိုက်ရိုက်အင်စပက်တော် ခန့်ထားမယ်၊ နောင်လဲရာထူးတိုးမြှင့်ပေးရန် ကူညီစောင့်ရှောက်မယ်ဟု ပြောတာကြားရ၍ များစွာကျေးဇူးတင် ဝမ်းမြောက်ပါ၏။ ဒါပေမယ့် ကျွန်တော်၏ ရည်မှန်းချက်မှာ ထိုမျှလောက် မဟုတ်ပါ။ ဤရာထူး

ဂုဏ်ထူးကို လက်သင့်မခံနိုင်ပါသဖြင့် ဝမ်းနည်းပါသည်”ဟု ဆို၍ အိမ်သို့ ပြန်လာလေ၏။

မန္တလေးတက္ကသိုလ် ပါမောက္ခဟောင်း အမ်အေဒေါ်အုံးက ၁၉၄၇ ခုနှစ် အောက်တိုဘာလထုတ် မန္တလေးတက္ကသိုလ် ကျောင်းမဂ္ဂဇင်း နှစ်လည် စာစောင်မှာ– “ဆရာကြီးဦးရာဇတ်”ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးရေးသား ခဲ့ပါတယ်။ ဒီဆောင်းပါးမှ ကောက်နုတ်ဖော်ပြရရင်–

“ဆရာကြီးအား အမြဲမပြတ် မြတ်နိုးချစ်ခင်စေတော့၏။ ဆရာကြီးကို အခါခပ်သိမ်း သဒ္ဒါကြည်ဖြူစေတော့၏။ ဆရာကြီးအား အစဉ်တစိုက် နှစ်ခြိုက်ယုံကြည်စေတော့၏ မိမိတို့ရင်တွင်း၌ ရှိရှိသမျှ သုခဒုက္ခအဝဝတို့ကို တစ်စမကျန် ဆရာကြီးထံတွင် ဖွင့်ဟစေတော့၏။ တပည့်သစ်၊တပည့်ဟောင်းမရွေးရောင်းရင်းဘက် သာမန်အသိမိတ်ဆွေ မခွဲ သူစိမ်းသူကျက်မခြား၊ ကြွေးမှုအစ အချစ်ကိစ္စနှင့် လင်ကွာမယားကွာ အလယ်၊ လူသတ်မှု၊ တော်လှန်မှု၊ သူပုန်မှုအဆုံး အကြောင်းကြီး ငယ် အသွယ်သွယ်တို့ကို ဆရာကြီးထံ ပွင့်လင်းစွာ ပြောကြား၍ အကြံဉာဏ် အကူအညီ ရယူကြမှာလည်း ထိုးပြူးမယောင် အမူအရာ၏ အားပေးမှုကြောင့်သာပင်”

အမ်အေဒေါ်အုံးက ဒီဆောင်းပါးမှာ အောက်ပါအတိုင်း ဆက်လက် ရေးသားဖော်ပြထားတာက–

“အင်္ဂလိပ်တော်လှန်ရေးသို့ ရောက်ပြန်ပြီ။ ဗဟိုစခန်းမှ လာသမျှ သော ခေါင်းဆောင်တို့သည် ဆရာကြီးထံသို့ မိတ်ဆက်သူမပါဘဲ ပြူးမယောင် အမူအရာကြောင့် ချဉ်းကပ်ရဲကြ၍ မှဲ့မယောင် အမူအရာ ကြောင့် လေးစားကြပြန်ကာ မန္တလေးကို အခြေပြုပြီး သကာလ မြန်မာ့တော်လှန်ရေးအတွက် အကြံဉာဏ်များ ရယူကြလေသည်။

ဂျပန်ကြီးစိုးချိန် တပည့်အချို့က ဆရာကြီးအား ခိုးယူရန် တိုင်ပင်၍ ထောင်ထဲသို့ ဝင်ပြီးလျှင် ဆရာကြီးအား ထိုအကြောင်းကို ပြောပြကြသည်တွင် ဆရာကြီးသည် ပြူးမယောင် မှဲ့မယောင် မျက်နှာထား နှင့်ပင်–

“မင်းတို့ ငါ့တစ်ယောက်အတွက် အသက်မစွန့်နဲ့၊ တစ်ပြည်လုံး အတွက်လုပ်ဟု ပြောလိုက်၏။ တပည့်များလည်း ဆရာကြီး၏

စိတ်ထားကို ချီးကျူး၍ ညွှန်ပြပေးသော လမ်းကိုသာ လိုက်ကြတော့"
ဟူ၏။

ဒီဆောင်းပါးမှာပဲ ဆက်ပြီး ဖော်ပြရေးသားထားတာက–

ဆရာကြီးကား မရှိတော့ပြီ၊ သို့သော် ဆရာကြီး စတင်ပြုစု ပျိုးထောင်၍ မြေတောင်မြှောက်ပေးခဲ့သော အနှစ်နှစ်အလလမှ မျှော်မှန်း တမ်းတခဲ့ရသည့် မန္တလေးတက္ကသိုလ် ကျောင်းတိုက်ကြီးနှင့် မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးတို့အား ဆရာကြီး၏ "ကိုယ်စား၊ ကိုယ်ပွား" အဖြစ် ငွားငွားစွင့်စွင့် ကြွားကြွားဝင့်၍ မားမားတင့်တင့်ထည်လျက် ကျန်လျက်၊ မြဲလျက်စွဲလျက် ရှိရစ်သည်။ ၄င်းတို့ တည်နေ၊ ကျန်နေ၊ စွဲနေသည်နှင့်အမျှ ကျွန်မတို့၏ နှလုံးသည်ပွတ်ကြား၌ ဆရာကြီးလည်း တည်နေ၊ ကျန်နေ၊ မြဲနေ၊ စွဲနေတော့မည်သာ။ ကျွန်မတို့အဖို့မှုမန္တလေးတက္ကသိုလ်ကျောင်းတိုက် ကြီးနှင့် မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းတိုက်တို့ကို မြင်တိုင်းပင်လျှင် ဆရာကြီး၏ ပါးကို ရွှဲ၍ ပြုံးမယောင်မဲ့မယောင် အမူအရာကို စိတ်တွင် ထင်လာမြင်လာကာ ဤကျောင်းသားများကို ပင် ချစ်ခင်လျက် ဤကျောင်းများကိုပင် မြတ်နိုးကာ၊ ဤကျောင်းများ ကိုပင် ကြည်ဖြူပြီးလျှင် ဤကျောင်းများကိုပင် သဒ္ဓါပေါက်လျက် ဤကျောင်းများကို ပင်စုံမက်ပြီးသကာလ ဤကျောင်းများကိုပင် လေးစား၍ နေရပါတော့သတည်း။

တက္ကသိုလ်ဘုန်းနိုင်ကလဲ သူ့ရဲ့ကျော်ကြားတဲ့ "သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည်နိုင်" ဆိုတဲ့ ၁၉၆၄ ခု၊ မေလထုတ် ဝတ္ထုစာအုပ် ဒုတိယတွဲ၊ စာမျက်နှာ ၂၉–၃၀ မှာလဲ ဒီလိုဖတ်လိုက်ရပါသေးတယ်။

ဆရာကြီးမှာ အိန္ဒိယလူမျိုးတစ်ဦးအသွင်ပေါ်သည်။ ဆံပင်ဖြူစ ဖြစ်သော်လည်း သွက်လက်ဖျတ်လတ်သည်။ မျက်နှာသည် ခံ့ညား မွန်ရည်၍ တည်ငြိမ်အေးချမ်းသော အပြုံးကို ထာဝစဉ် ဆောင်ထား တတ်သည်။

နောင်အခါ ဆရာကြီး၏ နာမည်ကို ကျွန်တော် သိခဲ့ရသည်။ ဦးရာဇတ် ဟူသတည်း။

ဆရာကြီး ဦးရာဇတ်သည် ယခင်က မန္တလေး မြို့မ ကျောင်း အုပ်ကြီး ဖြစ်၍ မျိုးချစ်စိတ် ပြင်းထန်သူတစ်ဦးဟု ကျော်ကြားသည်။ လက်ဝှေ့ကျော် ကျားဘညိမ်းက (၁၈-၇-၆၈)နေ့ထုတ် ကြေးမုံ သတင်းစာ မှာ "ဦးရာဇတ်" ဆိုတဲ့ ခေါင်းစဥ်နဲ့ ဆောင်းပါးရေးသား ဖော်ပြထားတာက –

"လန်ဒန်မြို့ ကမ္ဘာ့အိုလံပစ်တွင် ကနေဒါနိုင်ငံသားကို အနိုင် ထိုးပြနိုင်သော မန္တလေးသား မျိုးသန့်၊ ဟဲလ်ဆင်ကီး အိုလံပစ်နှင့် ရောမအိုလံပစ်သို့သွားခဲ့ကြသောကျွန်တော်နှင့် သန်းထွန်း၊ အရှေ့တောင် အာရှတွင် မိုလ်စွဲခဲ့သည့် မန္တလေးစံလှတို့မှာ စစ်ပြီးခေတ်တွင် အမျိုးသားကျောင်း လက်ဝှေ့စင်မြင့်မှ ထွက်ပေါ်ခဲ့သူများ ဖြစ်သည်။

ဆရာကြီးဦးရာဇတ်သည် လက်ဝှေ့ကို မြတ်နိုးအပ်သော "ကိုယ်ခံပညာရပ်" ဟု လက်ခံခဲ့သည်။

ဆရာကြီးဦးရာဇတ်ချပေးခဲ့သော လက်ဝှေ့မျိုးစေ့ ရှင်သန်စေရန် အမျိုးသားကျောင်းသားဟောင်းတို့သည် ရောက်လေရာ အရပ်ရပ်တွင် ပြုစုလျှက်ပင် ရှိပါသည်။မြန်မာလူငယ်တို့ အလယ်တွင် ထည်ဝါစွာ ပွင့်လန်းလာသော လက်ဝှေ့သည် ဆရာကြီး ဦးရာဇတ် အစပျိုးခဲ့သော မျိုးစေ့ဟုသာ တင်ပြချင်ပါသတည်း။

ဒေါက်တာ ခင်မောင်ညွှန့် သမိုင်းဌာနမှူး၊ ပညာရေးတက္ကသိုလ် (အငြိမ်းစား)က A Tribute to my Great Neighbour ခေါင်းစဥ်နဲ့ ဂါဒီယန်းနေ့စဥ် သတင်းစာ ၁၉၆၈၊ ဇူလိုင်လ ၁၉ ရက် သောကြာနေ့ ထုတ်မှာ ဖော်ပြချက်ထဲမှ တချို့အချက်အလက်ကို ဖော်ပြရရင် –

There at the Mandalay National School he proved himself brilliantly successful in the task which the nation had given him to perform. That task was Propagating nationalism and training young leadership Burma's struggle for National Liberation

demanded a continous schools were met to provide the needed supply. So they become breeding ground of patriots politicians.

ဒေါက်တာခင်မောင်ညွန့်က ဒီဆောင်းပါးမှာ ရေးသားထားတာကို ဆက်လက်ဖော်ပြရရင် –

"on that ill-fated morning of 19th July {recalls Daw Khin Khin } I was pretty busy at home. So I could not accompany him to the secretariat as I used to do every morning. I told him so and he held my right hand and pointing to the gold bangle I was wearing, he said, "Do you think it is yours? It is the states." My life belongs to the country. We have an important meeting to day. When its is over I shall come back soon' But he never came back.

သက်အောင်နိုင်(မန္တလေး)ကဒ၉၆၉ခုဇူလိုင်၂၀ရက်တံခွန်စာစောင်မှာ "လက်ဇော့ချန်ပီယံများစွာကို မွေးဖွားပေးခဲ့သော ဆရာကြီး"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်စောင် ရေးခဲ့ပါတယ်။ ဒီဆောင်းပါးမှာ ဖော်ပြထားတာက–

ကိုယ့်ကိုယ်ကို အားကိုးကာ လိုရာကို စိတ်ကူးပါ၊ အောင်ကြောင်းကို တွေ့အောင်ရှာပါ။ မဖိတ်ပန်းဟာ လောကမှာ မရှိပါဘူး။ မောင်တွေ ကြံယူကာ၊ အတ္တာဟိအတ္တနောနာထော၊ မိမိကိုယ်သာ ကိုးကွယ်ရာ ဟူသော အမျိုးသားကျောင်းသီချင်းသံသည် အားကစားကွင်းထဲတွင် တစ်နေ့တခြား ဆူညံလာခဲ့ပါသည်။ ကျောင်းသားတိုင်းလည်း အားကစား လိုက်စားလာကြသည်။

စာရေးဆရာသိပ္ပံမှူးတင်က "အင်္ဂလိပ်စာနှင့် ဆရာကြီးရာဇတ်" ခေါင်းစဉ်နဲ့ (၂၆–၁–၇၀)နေ့ထုတ် ကြေးမုံသတင်းစာမှာ ဆောင်းပါး ရေးသားထားတာကို ကောက်နုတ်ဖော်ပြရရင်–

ဆရာကြီးကျဆုံးသွားပြီးနောက် ကျွန်တော်တို့မြန်မာပြည်တွင် အင်္ဂလိပ်စာပြဿနာ ပေါ်လာတိုင်း ကျွန်တော် ဆရာကြီးကို ပြေးသတိ ရမိသည်။ ကိုယ်ကိုယ်တိုင် အင်္ဂလိပ်စာကို အထိုက်အလျောက်ဖတ်မှတ် လေ့လာရတိုင်းဆရာကြီး၏ စေတနာ အမြော်အမြင်ကြီးမှုကို ကျွန်တော်

ချီးကျူးမကုန် ကျေးဇူးတင်မဆုံးအောင် ရှိရပါသည်။ အမျိုးသားကျောင်းဟူသည် အင်္ဂလိပ်ကို တော်လှန်ခဲ့သော သူများ စုစည်းတည်ထောင်သော ကျောင်းဖြစ်ပါလျက်နှင့် အင်္ဂလိပ်စကားမပြောသဖြင့် ကြိမ်နှင့် ရိုက်ဆုံးမသည်မှာ အင်္ဂလိပ်ကို ကျွန်ခံလို၍ အင်္ဂလိပ်စာကို ဘုရားစင်ပေါ်တင်လို၍မဟုတ်ကြောင်း ထိုစဉ်က ကျောင်းသားများကလည်း နားလည်သည်။ ကျောင်းသားမိဘများကလည်း နားလည်သည်။ တိုင်းပြည်ကလည်း နားလည်သည်။

နောက်ပြီး စာရေးဆရာ သိပ္ပံမှူးတင်က သူ့ဆောင်းပါးရဲ့ နိဂုံးမှာ ရေးသားဖော်ပြချက်တွေကိုလဲ ထပ်မံ ဖော်ပြပါရစေ။

ဆရာကြီး၏ စေတနာမျိုး အမြော်အမြင်မျိုးဖြင့် အားပေးပြုပြင် တိုက်တွန်းသော အလေ့အထသာ ယနေ့ကျွန်တော်တို့ ကျင့်သုံးနိုင်ပါက ယင်းတို့ ဝမ်းမြောက်စွာ လက်ခံမျှော်လင့်နေကြသူ လူငယ်များအများအပြားရှိမည်ဟု ယုံကြည်ပါသည်။

ဆရာကြီးရဲ့ အပါးတော်မြဲ ဦးချစ်ဆွေက (၁၈-၇-၇၀)နေ့ထုတ် ဟံသာဝတီ အချပ်ပို (၁) မှ "ကြည်ညိုလေးစားထိုက်ပါသည့် ဆရာကြီး" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ် ရေးသားဖော်ပြခဲ့ပါတယ်။ ဒီဆောင်းပါးမှ ကောက်နုတ် ဖော်ပြရရင် -

ကျွန်တော်၏ စိတ်ထဲတွင် ဆရာကြီးနှင့်ပတ်သက်၍ မချင့်မရဲဖြစ်နေတာကလေးတွေရှိပါသည်။ "ဟယ် မန္တလေး အမျိုးသားကျောင်းအုပ်က ကုလားကြီးဟယ်။ မန္တလေး ဖ-ဆ-ပ-လ ဥက္ကဋ္ဌကကုလား" စသည်ဖြင့်ခေါ်ဝေါ် ပြောဆိုနေကြသည်ကို ထိုစဉ်က ကျွန်တော်သည်းခံခဲ့ပါသည်။ အမှန်ကလည်း အမည်နာမဆိုသည်ကား ပရမတ်သဘောနှင့် ကြည့်လျှင်ဘာမျှတော့ မဟုတ်ပါ။ သို့ရာတွင် ဤမည်သော ကုလားကြီးက အဘယ်သို့သော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်းကို တိုင်းပြည်သို့ ဟုတ်တိုင်းမှန်ရာတင်ပြမှသာလျှင် ကျွန်တော့ တာဝန် ကျေပေသည်။ ဆရာကြီးကိုလည်း လေးစားရာ ရောက်ပေမည်။

ဆရာကြီး၏ ကျောင်း၌ နေ့စဉ်ဒေါင်းအလံကြီးကို အလေးပြုရခြင်း၊ အမျိုးသားသီချင်းဆိုရခြင်း၊ ကြီးငယ်မဟူအပျော်တမ်း ရဲတပ်ဖွဲ့၏အခြေခံ စစ်ပညာများ မသင်မနေရ လုပ်ထားခြင်းများကို အနည်းအများ

သိကြပါသည်။ သို့သော် ကုလားကြီး အုပ်ချုပ်သည့် ကျောင်း၌ ဘုရားဝတ်ပြုရခြင်းကို တင်းတင်းကျပ်ကျပ် လုပ်ထားသည်ကိုတော့ သိချင်မှသိကြပေမည်။ ကျောင်းတက်လျှင် တက်ချင်း ဘုရားစင်ရှိရာ အလယ်ခန်းမကြီးသို့ ဗုဒ္ဓဘာသာမှန်သမျှ တစ်ကျောင်းလုံး သွားကြရသည်။ ဘော်ဒါအုပ်ဆရာ ဦးထွန်းမောင်က တိုင်၍ ငါးပါးသီလခံယူကာ ဘုရားရှိခိုးကြရပါသည်။ ပျက်ကွက်သည့် ကျောင်းသားတော့ မသက်သာလှပါ။ ဆရာကြီးကိုယ်တိုင် ကြိမ်ဒဏ်ပေးပါသည်။ မျိုးချစ်ပုဂ္ဂိုလ်တွေ ဖြစ်ရုံမက ကောင်းသော မျိုးချစ်တွေ ဖြစ်စေချင်သည့် စေတနာပင်။

အပါးတော်မြဲ ဦးချစ်ဆွေက သူ့ရဲ့ဆောင်းပါးမှာ ဒီလိုဆက်လက်ရေးသားထားပါတယ်။

နိုင်ငံရေးသမားကြီးအသွင်နှင့် ကြည့်လိုက်ကြပါဦးစို့။ ဂျပန်ခေတ်တွင် ကင်ပေတိုင်က ဆရာကြီးအား ဖမ်းဆီးချုပ်နှောင် လိုက်ပါသည်။ အချို့က အင်္ဂလိပ်သူလျှိုထင်လို့ ဂျပန်ဖမ်းသည်ဟု ဆိုကြပါသည်။ အင်္ဂလိပ်ကို တစ်သက်လုံး ဆန့်ကျင်လာသူတစ်ဦး အနေနှင့် ဘယ်နည်းနှင့်မျှ သူလျှိုမဖြစ်နိုင်ပါ၊ တစ်ခုတော့ရှိသည်၊ ဆရာကြီးသည် ဟန်ဆောင်မှု အလျဉ်းမရှိ။ မကြိုက်လျှင် မကြိုက်ဘူး၊ မကောင်းလျှင် မကောင်းဘူး စသဖြင့် အဲဒီလို ပြောလေ့ရှိသည်။ ပရိယာယ်မဖက် မကွယ်မဝှက်ဘဲ စိတ်ထဲရှိသမျှကို ဘွင်းဘွင်းပြောတတ်ပါသည်။ ဖက်ဆစ်ဂျပန်ကို သူမကြိုက် သူ့အပြစ်တွေပြောနေသည်။ ထို့ကြောင့် ဂျပန်တို့၏ အကျဉ်းသား ဘဝနှင့် မန္တလေးကို မဟာမိတ်တပ်များ သိမ်းဆည်းချိန်ထိ ခံလိုက်ရ ရှာသည်။ ဂျပန်က ဆရာကြီးလို ပုဂ္ဂိုလ်မျိုး လွှတ်မထားရဲကြပါ။ ကြီးစွာသော အန္တရာယ်ရှိကြောင်း ရိပ်မိကြသည်။

သူက အဲဒီဆောင်းပါးမှာ ဆက်လက်ဖော်ပြထားပြန်တာက–

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်၍ အစိုးရ ဖွဲ့လိုက်လေပြီ။ လစ်လပ်သော ဝန်ကြီးနေရာများ ကျန်ရှိနေသေး၍ မည်သူမည်ဝါ ခန့်မည်ကို မသိကြရသေးပါ။ မန္တလေးအနေနှင့် အထက်မြန်မာပြည်မှ

ဆရာကြီးအား ဝန်ကြီးတစ်နေရာ ရစေချင်သည်။ ဆရာကြီးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော ဗမာမွတ်စလင် အဖွဲ့ချုပ်ကလည်း ဆရာကြီး အတွက် ဗိုလ်ချုပ်ထံ၌ ချဉ်းကပ်နေကြောင်း ကြားသိရပါသည်။ ဘာမျှတော့ အကြောင်းမထူးပါ။

သို့သော် မယုံလျှင် ပုံပြင်မှတ်တော့ဆိုရမလား မသိ။ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်ကြီးဆယ်ပါးက ဆရာကြီးအား ဝန်ကြီး တစ်နေရာပေးရန် ဗိုလ်ချုပ်ထံ တောင်းဆိုကြပါသည်။ ထိုဆရာတော်ကြီး မှာ (၁) ဟံသာဝတီ ဆရာတော် (၂) ဆရာတော်ဦးဇောတိက (၃) ဆရာတော် ဦးကလျာဏ (၄) ဆရာတော် ဦးစတိလ (၅) ဆရာတော် ဇောတိကမင်းမဟာကျောင်း (၆) ဆရာတော် ဦးနန္ဒိသေန (၇) ဆရာတော် ဦးမာဂိန် (၈)ဆရာတော် ဦးဝိစာရ (၉) ဆရာတော် ဦးကေသရ (၁၀) မြသိန်းတန်ဆရာတော်တို့ ဖြစ်ကြပါသည်။

ဆရာကြီးအား ပညာရေးဝန်ကြီးအဖြစ်နှင့်သာ လူသိများ ကြသည်။ ခေါ်ဝေါ် သုံးစွဲနေကြသည်။ အမှန်အားဖြင့် အမျိုးသားစီမံကိန်း ဌာနဝန်ကြီးလည်း ဖြစ်ခဲ့ပါသည်။ လွတ်လပ်ရေးရလျှင် တိုင်းပြည်နှင့် လူမျိုးအတွက် မည်သို့မည်ပုံ ဆောင်ရွက်မည်ကို စီမံကိန်း ချမှတ်သော ဌာနကြီးဖြစ်၍ အရေးကြီးလှပါသည်။ ဗိုလ်ချုပ်၏ (ဆိုရန်တိုဗီလာ) စီမံကိန်းကို ဆရာကြီး ဦးဆောင်၍ တာဝန်ယူခဲ့ရသဖြင့် ဗိုလ်ချုပ်က မည်မျှအားထား ယုံကြည်ကြောင်း ပေါ်လွင်ပါသည်။

သခင်အောင်ကြီး(ပေါင်းတည်)က ပေဖူးလွှာမဂ္ဂဇင်းမှာ "ကျွန်တော် အညာသားပါခင်ဗျာ"ဆိုတဲ့ ဆောင်းပါးမှာ အကြိမ်ကြိမ် ရေးခဲ့ပါတယ်။ အဲဒီဆောင်းပါးတိုင်းလောက် နီးနီးမှာ ဆရာကြီး ဦးရာဇတ်အကြောင်း တွေ ပါပါတယ်။ ဒါပေမယ်လို့ ဒီမှာ စာရှည်သွားမှာမို့လို့ တစ်ခု လောက်ကိုပဲ ဖော်ပြပါ့မယ်။

သခင်အောင်ကြီး (ပေါင်းတည်)က ပေဖူးလွှာ မဂ္ဂဇင်း အမှတ် (၄၄) ဇန်နဝါရီလ ၁၉၈၅ ခုမှာ "ကျွန်တော်အညာသားပါခင်ဗျာ"ဆိုတဲ့ ဆောင်းပါးမှာ ရေးသားဖော်ပြခဲ့တာကို ကောက်နုတ်ဖော်ပြရရင်–

> ၁၉၄၄ ခုနှစ် ဒီဇင်ဘာလလောက်မှာ ဂျပန်တော်လှန်ရေးအတွက် ဗိုလ်ခင်ညို၊ ဗိုလ်သိန်းဒန်၊ ဗိုလ်ချစ်ခိုင်၊ ဗိုလ်အေးမောင်(ရေဦး)

ဗိုလ်ကြည်ဝင်းနှင့် ကျွန်တော်တို့ မန္တလေး မြေအောက်တော်လှန်ရေး ဌာနခွဲ ဖွင့်ပြီး လုပ်ငန်းတွေ လုပ်နေတဲ့အချိန်မှာတော့ ဆရာကြီးကို ဂျပန်တွေက မဟာမိတ်တွေ အသံလွှင့်တာ ရေဒီယိုက ဖမ်းနားထောင်မှုနှင့် ဖမ်းထားချိန် ဖြစ်ပါတယ်။ တော်လှန်ရေး စသည်နှင့် တစ်ပြိုင်နက် ဆရာကြီးကို ကယ်ဖို့ ဆရာကြီးတပည့်များနှင့် အစီအစဉ် လုပ်ခဲ့ပါသေးတယ်။ ဗိုလ်သိန်းတန်နှင့် ကျွန်တော်တို့ ဗိုလ်ချုပ်အောင်ဆန်းက သံကြိုးဖြင့် အမြန်ဆုံးပြန်လာပြီး သူ့ထံ သတင်းပို့ရမည်ဆိုသည့်အတွက် အစီအစဉ်ပျက်ခဲ့ပါတယ်။ ကံအားလျော်စွာ ဆရာကြီးလည်း မသေမပျောက် ဂျပန်လက်မှ လွတ်ခဲ့ပါတယ်။

၁၃၀၀ပြည့်နှစ် အာဇာနည် ၁၇ ဦး အရေးတော်ပုံတွင်လည်း ဆရာကြီးနှင့် နေရှင်နယ်ကျောင်းကို အခြေခံစခန်းကြီးအဖြစ် အသုံးပြုမိကြပါတယ်။ အာဇာနည် ၁၇ ဦး စျာပနတွင် ဆရာကြီးကိုယ်တိုင် စစ်ဝတ်စုံအပြည့်နှင့် သူ့ရဲ့တပ်ဖွဲ့ကို ကိုယ်တိုင်ဦးစီးပြီး စစ်အခမ်းအနားနှင့် သင်္ဂြိုဟ်ရာတွင် လိုက်ပါခဲ့ပါသည်။ ၁၉၄၂ ခု မြေအောက် တော်လှန်ရေး ခေတ်မှာလည်း ဆရာကြီးဟာ ကိုယ်တိုင်ဖုံးဖုံးဖိဖိနှင့် သူ့ကျောင်းကို မြေအောက်တော်လှန်ရေး အထက်မြန်မာပြည် ဌာနချုပ်အဖြစ် အသုံးပြုတာ ခွင့်ပြုခဲ့ပါတယ်။ သူကိုယ်တိုင်ကတော့ ဂျပန်ကို လုံးဝ အယုံအကြည်မရှိခဲ့ပါဘူး။ သို့ပေမယ့် သူ့တပည့်တွေနှင့် ဆရာဗိုလ်ခင်မောင်ကလေးတို့ တစ်သိုက် ပျားပန်းခတ်မျှ အလုပ်ရှုပ်နေ သည်ကိုတော့ စောင့်ရှောက်ပြီး အကူအညီပေးခဲ့တာကိုတော့ အထက် မြန်မာပြည် နိုင်ငံရေးအသိုင်းအဝိုင်းအားလုံးက သိကြပါတယ်။ နောက် စစ်ပြီးစ ခေတ်မှာ သူ့တပည့်တွေ ဆိုရှယ်လစ်ဖြစ်သူဖြစ်၊ ကွန်မြူနစ် ဖြစ်သူဖြစ်၊ တပ်မတော်သားဖြစ်သူဖြစ် အမျိုးမျိုး ကွဲကြတာကိုတော့ စိတ်မကောင်းဖြစ်ဟန် တူပါတယ်။

## (၅)

ဒီစာအုပ်ကို ပြုစုရာမှာ ကျမ်းကိုးအဖြစ် ပြုခဲ့တဲ့စာအုပ်များ၊ ဆောင်းပါးများမှာပါရှိတဲ့ သတင်းစာ၊ ဂျာနယ်များ၊ စာရေးဆရာများနဲ့ ဆောင်းပါးရှင်များထံ ခွင့်ပြုချက်တောင်းခံပြီး သုံးခဲ့ပါတယ်။

တချို့ထံမှာတော့ အခြေနေမပေးလို့ ခွင့်ပြုချက် တောင်းခံမှု မပြုလုပ်နိုင်ခဲ့ပါ။ အဲဒါကြောင့် ဒီလိုခွင့်ပြုချက် မယူခဲ့တဲ့ ကျမ်းကိုးအဖြစ် သုံးခဲ့ရတဲ့အတွက် ခွင့်ပြုပါရန် ဒီမှာ တစ်ခါတည်း ခွင့်ပြုချက်ကို တောင်းခံအပ်ပါတယ်ခင်ဗျား။

ကျမ်းကိုးအဖြစ်သုံးခဲ့ရတဲ့ စာအုပ်၊ ဂျာနယ်၊ သတင်းစာနှင့် စာအုပ်ရေးသူ စာရေးဆရာကြီးများ၊ ဆောင်းပါးရှင်များကို အထူးကျေးဇူး တင်ရှိပါကြောင်း ဒီမှာ တစ်ပါတည်း မှတ်တမ်းတင် ဖော်ပြပါရစေ။

သမိုင်းဝင် ဓာတ်ပုံများကို သုံးစွဲခွင့်ပြုသူများ၊ သမိုင်းဝင် ဓာတ်ပုံများ ကူညီပေးသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပါရစေ။

အဲဒီလို ပင်ပန်းခံခဲ့၊ ငွေကုန်ကြေးကျခံခဲ့ပြီး ရက်တွေလတွေ နှစ်တွေ အကုန်ခံပြီး ဆောင်ရွက်ရတဲ့အတွက် ဆရာကြီး ဦးရာဇတ်ရဲ့ အတ္ထုပ္ပတ္တိဟာ ပြီးပြည့်စုံပြီ မဟုတ်သည့်တိုင်အောင် ချစ်စွာသော စာရှုသူများအတွက် ရာနှုန်းပြည့် နီးပါးလောက်တော့ ကျေနပ်မှုရကောင်းတယ်လို့ အောက်မေ့မိပါတယ် ခင်ဗျား။

တကယ်လို့ စာရှုသူများက ဒီလို ငွေကုန်လူပန်း နှစ်နဲ့ချီပြီး ပြုစုခဲ့တဲ့ ဒီမြန်မာအမျိုးသား အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်အတ္ထုပ္ပတ္တိ စာအုပ်ဟာ တိုင်းပြည်မှာ အင်မတန် ရှိသင့်ရှိထိုက်တဲ့ စာအုပ်ကောင်းတစ်အုပ် ဖြစ်တယ်လို့ အများက အသိအမှတ်ပြု မှတ်ချက်ချ ခံရရင် ကျမ်းပြုသူအနေနဲ့ နှစ်နဲ့ချီပြီး အချိန်ကုန် ငွေကုန် အပင်ပန်းခံရကျိုး နပ်ပြီလို့သာ ဆိုပါရစေတော့လား။

# နိဒါန်း

(၁)

မြန်မာပြည်ရဲ့ အမျိုးသားကျောင်းဆရာများနဲ့ အမျိုးသားကျောင်းရဲ့ သမိုင်းကို လေ့လာကြည့်တဲ့အခါ ဆရာကြီး ဦးရာဇတ်ဟာ ၁၉၂၀ ခုနှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သပိတ်ထဲက မွေးဖွားလာသူပါ။ သူဟာ မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းမှာ ကျောင်းဆရာကြီး အဖြစ် ကျောင်းအုပ်ကြီးအဖြစ် အစဉ်တစိုက် စိုက်လိုက်မတ်တတ် တစ်လျှောက်လုံး လုပ်လာခဲ့သူပေါ့။ ဒီလို အစဉ်တစိုက် လုပ်ခဲ့သူများ ရှိတော့ရှိပါတယ်။ ဒါပေမယ့် အလွန်ရှားပါတယ်။ အနည်းစုပဲဖြစ်ပါလိမ့်မယ်။

တောင်ငူအမျိုးသား ကျောင်းဆရာကြီး ဦးဖိုးကွန်း၊ ရေနံချောင်း အမျိုးသား ကျောင်းဆရာကြီး ဦးဘဝင်း (ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို)၊ ပျော်ဘွယ်အမျိုးသားကျောင်းဆရာကြီး ဦးမြ၊ ရန်ကုန်မြို့မကျောင်း ကျောင်းဆရာကြီး ဦးသွေယ်(ဝဏ္ဏကျော်ထင်) အစရှိတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါသေးတယ်။

ဆရာကြီး ဦးရာဇတ်ဟာ ဝန်ကြီးဖြစ်တော့မှပဲ သူ့ကျောင်းနဲ့ ခွဲခွာလိုက်ရပါတယ်။

ဆရာကြီးဟာ ၁၉၂၀ ခုနှစ်က ၁၉၄၆ ခုနှစ်ထိ နှစ်ပေါင်း ၂၅ နှစ်ကျော်ကျော်တိုင်အောင် သူ့ဘဝကို အမျိုးသားကျောင်းအတွက်ပဲ နှစ်မြှုပ်ထားခဲ့ပါတယ်။

> သခင်အောင်ကြီး (ပေါင်းတည်) ပြောသလို "မန္တလေးမှာတော့ နေရှင်နယ် ကျောင်းကြီးဟာ ဆရာကြီး ဦးရာဇတ်ရဲ့ ခေါင်းဆောင်မှုအောက်မှာ အကြီးအကျယ် ရှင်သန်ခဲ့ပါတယ် "လွတ်လပ်ရေးသမိုင်း တစ်လျှောက်မှာတော့ မန္တလေးနေရှင်နယ် ကျောင်းကြီးနဲ့ နေရှင်နယ် ကျောင်းသားဟောင်းတွေရဲ့ ကဏ္ဍဟာ တစ်ခမ်းတနားကြီး ဖြစ်တယ်။"[၁]

---

၁။ အောင်ကြီး၊ သခင် (ပေါင်းတည်) "ကျွန်တော်အညာသားပါခင်ဗျာ" ပေဖူးလွှာမဂ္ဂဇင်း အမှတ် ၄၇ မေ ၁၉၈၅– စာ ၉၆။

အဲဒီလိုတောင် ဆရာကြီးဦးရာဇတ်ကို ချီးကျူး ဂုဏ်ပြုရေးသားခဲ့ပါတယ်။ ဒီဆောင်းပါးဟာလဲ ခရီးသွားလမ်းကြုံ ကောက်ရေးလိုက်တာ မဟုတ်ဘူး။ ဆရာကြီးဟာ တကယ်လဲ ကျောင်းကြီးအတွက် ကိုယ်ကျိုးမဖက် အနစ်နာခံတယ်။ ဖွဲနပဲကြီးကြီးနဲ့ လုပ်ကိုင်ခဲ့တယ်ဆိုတာတွေ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့တဲ့အတွက် အဲဒီလို ရေးခဲ့တာပါလို့ နားလည်နိုင်ပါတယ်။

ဆရာကြီးဟာ အချိန်ပြည့် နိုင်ငံရေးသမားကြီး သက်သက်အဖြစ် ရပ်တည်ခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျောင်းဆရာကြီးအဖြစ် ဆောင်ရွက်ရင်း လွတ်လပ်ရေး တိုက်ပွဲဝင်မယ့် ထောင်သောင်းမကသော မြန်မာ့အာဇာနည် သားကောင်းရတနာတွေကို မွေးထုတ် ပေးခဲ့ပါတယ်။ ဒီလုပ်ငန်းကို တမွန်တမြတ် ထားခဲ့သူပေါ့။

ဆရာကြီးဟာ ပါဠိနဲ့မြန်မာစာမှာ တော်သလို အင်္ဂလိပ်စာမှာလဲ သူမတူအောင် တတ်မြောက်ကျွမ်းကျင်သူတစ်ဦးပါ။ သူဟာ တက္ကသိုလ်ကနေအိမ်ပြန်အနားယူနေချိန်မှာ သူ့ဖခင် ပုလိပ်အင်စပက်တော်ရဲ့ အစီရင်ခံစာကို အင်္ဂလိပ်လို ကူညီရေးပေး လိုက်ပါတယ်။

အဲဒီအစီရင်ခံစာကို ဆရာကြီးရေးမှန်း သိသွားတဲ့ ခရိုင် ပုလိပ်ရာဇဝတ်ဝန်ကြီး မစ္စတာရှားမင်း[၁]က ဆရာကြီးကို ပုလိပ်အဖွဲ့မှာဝင်လုပ်ရင် ချက်ချင်းပုလိပ်အင်စပက်တော်[၂] တိုက်ရိုက်ခန့်ပေးမယ်လို့ ပြောတယ်။ ဒါကို ဆရာကြီးကငြင်းပယ်ခဲ့တယ်။ ဘယ်အစိုးရဌာနမှာမှ ရာထူးရာခံဝင် မယူခဲ့ဘူး။ ကိုယ့်ကိုယ်ကို အသပြာတို့ ဂုဏ်တို့နဲ့ မလဲဘူး ရောင်းမစားဘူး။ မျိုးချစ်ပြည်ချစ်စိတ်ကို ထာဝစဉ် ပွေ့ပိုက် အလံလွှင့်ထားတဲ့ ပုဂ္ဂိုလ်ကြီးပဲပေါ့။

ဆရာကြီးဟာ ကိုယ်ကျိုးစွန့်ရာမှာ "စံ"ယူလောက်ပါပေတယ်။ မိမိအကျိုးစီးပွား ကိုယ့်သားမယား ဆွေမျိုးဉာတိ၊ အသိုင်းအဝိုင်း၊ ကောင်းစားရေးအတွက် ရှေးရှုတဲ့ ပုဂ္ဂိုလ် မဟုတ်ဘူး။

မအားမလပ်တဲ့ အထဲကပဲ ကျောင်းသူကျောင်းသားတွေရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေအပြင် ရပ်ထဲရွာထဲက လူမှုရေး ကိစ္စတွေမှာလဲမမောနိုင်မပန်းနိုင် အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့သူ ဖြစ်ပါတယ်။

---

၁။ Mr. Sherman - D. S. P District superintendent of police

၂။ I. P Inspector of Police.

မြန်မာစာဟာတို့စာ၊ မြန်မာစကားဟာ တို့စကား၊ တို့ပြည်ကို ချစ်ပါဆိုတဲ့ ကြွေးကြော်သံတွေ မိုးမွှန်အောင် ပျံ့ဝဲနေတဲ့ ကြားမှာပဲ အမျိုးသား အထက်တန်းကျောင်းက ကျောင်းဆရာကြီး တစ်ဦးဟာ အင်္ဂလိပ်စာကို အလေးပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ် မတိုင်ခင် အင်္ဂလိပ်အစိုးရဟာ နေမဝင် အင်ပါယာပါတဲ့။ သူ့စာပေနဲ့သူ့ စကားဟာ ကမ္ဘာကို လွှမ်းမိုးထားခဲ့တယ်၊ "သူ့ကျွန်မခံချင်ရင် သူ့စာပေနဲ့ သူ့စကားကို ထုံးလိုချေ ရေလိုနှောက်ပြီး တစ်ဖက်ကမ်းခတ်အောင် တတ်ကျွမ်းရမယ် သူ့အရိုးနဲ့ သူပြန်ထိုးရမယ်"ဆိုတဲ့ အမြင်ကြောင့် အင်္ဂလိပ်စာကို အလေးအနက် သင်ကြားစေတယ်။ အပျင်းပြေသဘော သင်ကြားခြင်းမျိုး မလုပ်စေခဲ့ဘူး။

(၂)

ကျောင်းအုပ်ဆရာကြီး လုပ်ခဲ့ပေမယ့် ကျောင်းသားသပိတ်တွေပေါ်လာတဲ့ အခါတိုင်း သူ့ကျောင်းကို သပိတ်တိုက်ပွဲရဲ့ အခြေခံစခန်းအဖြစ် အသုံးပြုစေခဲ့တယ်။ သူ့ကျောင်းသားတွေ သပိတ်မှောက်တဲ့အထဲမပါရင် ကြိမ်ကိုင်ပြီး သပိတ်ထဲလိုက်စေတယ်။

မန္တလေးမှာ ကျောင်းသားသပိတ်မှောက်မယ့် အရေးအခင်းပေါ်တိုင်း ဆရာကြီးနဲ့အတူ ဆရာကြီးရဲ့ရုံးခန်းမှာ ကြိုတင်ပြင်ဆင် ဆွေးနွေးကြတာချည်းပဲ။

သပိတ်အတွက် ရိက္ခာ၊ ရန်ပုံငွေတွေလိုလာရင် ဆရာကြီး ဦးရာဇတ်ဆီပဲ ပြေးပြီး အကူအညီတောင်းကြတယ်။ ဒီတော့ ဆရာကြီးကပဲ ကမကထလုပ်ပြီး ရန်ပုံငွေနှင့် ရိက္ခာရဖို့ စီစဉ်ပေးရတယ်။ ဒီလို ကျောင်းဆရာကြီးက ကန့်လန့်ကာနောက်ကွယ်ကနေ လိုအပ်သလို ညွှန်ကြားခြင်း၊ ကူညီပေးခြင်းတို့ဟာ ထူး၍ ဆန်းမနေပေဘူးလား။

သူဟာ နိုင်ငံရေးလောကထဲကို ခြေစုံပစ်မဝင်ခဲ့ပေမယ်လို့ မြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးတွေကို မျက်ခြည်ဖြတ်ထားသူ မဟုတ်ပါဘူး၊ နိုင်ငံရေးနဲ့ ပတ်သက်တဲ့အမြင်တွေ သူ့မှာရှိတယ်။ အဲဒီအမြင်တွေဟာ တန်ဖိုးဖြတ်လို့ မရတဲ့ ကျောက်မျက်ရတနာထက်တောင် ဝင်းလက်တောက်ပြောင်သေးတယ်လို့ဆိုရင် လွန်လွန်းရာကျမယ်လို့ မဆိုနိုင်ဘူး။

ဥပမာဆိုရင် မန္တလေးအာဇာနည် ၁၇ ဦးကို အင်္ဂလိပ်နယ်ချဲ့သမားက ရက်ရက်စက်စက် ပစ်သတ်လိုက်တုန်းကပေါ့။ ဒီတုန်းက တိုက်ပွဲကို ရှေ့တန်းက

ခေါင်းဆောင်နေတဲ့သူက ဆရာကြီးရဲ့ ကျောင်းဆရာ ဦးခင်မောင်ကလေး (ဖဆပလ ပြည်ထဲရေးဝန်ကြီးဟောင်း)ပေါ့။

ဆရာကြီးဦးရာဇတ်ရဲ့ ဗဟိုအမျိုးသား အထက်တန်းကျောင်းထဲကို ရဟန်းတော်များ၊ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများရဲ့ အလောင်းတွေကို ချယ်ဂါရီနဲ့ သယ်ယူလာကြတယ်။

ဒီအလောင်းတွေကိုကြည့်ပြီး အကြံအိုက်လာတဲ့ ဆရာဦးခင်မောင်ကလေးဟာ ဘာဆက်လုပ်ရမှန်းမသိလို့ စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေတယ်။ အဲဒီအချိန်မှာပဲ ဆရာကြီးဦးရာဇတ်ဆီက လွှတ်လိုက်တဲ့ အထောက်တော် ဆရာဦးထွန်းမောင် ရောက်လာပြီး–

"ညတွင်းချင်း ဒီအလောင်းတွေကို အိမ်တော်ရာ ဘုရားထဲရွှေ့ပြီး မြို့မိမြို့ဖတွေရဲ့ အကူအညီနဲ့ အလောင်းတွေပြင်ဖို့"

ဆရာကြီးက ပြောခိုင်းလိုက်ပါသတဲ့။

ဒီတော့မှ ဘဲဥကို အစရှာမရ ဖြစ်နေတဲ့ ဆရာဦးခင်မောင်ကလေးဟာ အဖြေရလိုက်တယ်။ စိတ်မောလူပန်း ဖြစ်နေတာတွေ လွင့်စင်ပြီး တစ်ခါထဲ လန်းဆန်းလာပါတော့တယ်တဲ့။ ညတွင်းချင်း အလောင်းများကို အိမ်တော်ရာ ၁၄ ခန်း ဇရပ်ထဲရွှေ့လိုက်ပါတယ်။

ဗဟိုအမျိုးသားကျောင်းထဲမှာသာ အလောင်းတွေပြင်ထားရင် ကျောင်းသားအရေးအခင်း သက်သက်လောက်သာ သဘောဆောင်မယ်။ အိမ်တော်ရာ ဘုရားထဲရွှေ့လိုက်တာဟာ အမျိုးသားတိုက်ပွဲ အသွင်ကို ဆောင်စေတယ်၊ ပြည်သူလူထုနဲ့ ကျောင်းသားတိုက်ပွဲကို ဆက်စပ်ပေး လိုက်ပြီး တိုက်ပွဲအဟုန်ကို မြှင့်တင်ပေးလိုက်တဲ့ သဘောပေါ့။

ဗဟိုအမျိုးသားကျောင်းနဲ့ အိမ်တော်ရာ ဘုရားရဲ့ အကွာအဝေးဟာ တစ်မိုင်လောက်ပဲရှိပါမယ်။ ဒါပေမယ့် နိုင်ငံရေး အဓိပ္ပာယ်နဲ့ကြည့်ရင် ရောမ ပြောင်းလဲမှုကြီးတစ်ရပ်ကို ဖြစ်ပေါ်စေပါတယ်။ အမျိုးသားတိုက်ပွဲပုံစံသို့ ချက်ချင်းပြောင်းလဲ ပေးလိုက်တယ်။

ဒါဟာ ဆရာကြီးဦးရာဇတ်ရဲ့ တန်ဖိုးထားပွတ်တိုက်ဉာဏ်ပဲပေါ့။ သူဟာ ရှေ့ကို ကြိုပြီးမြင်တယ်။ အတွေးအခေါ်မြင့်မားတယ်။ လာဘ်မြင်တယ်။ ဒါကြောင့် တော်တော်တန်တန်လူဟာ သူ့အတွေးအခေါ်ကို ရုတ်တရက် လိုက်မမီနိုင်ဘူးလေ။

ဒုတိယကမ္ဘာစစ်အတွင်းကလဲ ဂျပန်ကို မြန်မာပြည်သူ တစ်ရပ်လုံးက မျှော်နေတယ်။ အဲဒီအချိန်မှာ အောက်မြန်မာပြည်က နိုင်ငံရေးခေါင်းဆောင်များ အထက်မြန်မာပြည်ကို ရောက်လာတယ်။ အဲဒီခေါင်းဆောင်တွေကို ဆရာဦး ခင်မောင်ကလေးက ဆရာကြီးဆီ ခေါ်သွားပြီး မိတ်ဆက်ပေးပါတယ်။ နောက်နိုင်ငံရေး ဆွေးနွေးကြတယ်။

ဒီအခါမှာ ဆရာကြီး ဦးရာဇတ်က–

"အင်္ဂလိပ်ကို ဂျပန်နဲ့ပေါင်းပြီး ချတာတော့ ဟုတ်ပါပြီ၊ ဂျပန်အကြောင်းကိုလည်း ပြန်လေ့လာကြပါဦး"

လို့ စကားအစချီပြီး ဂျပန်အကြောင်း သူဖတ်ဖူးတာတွေကို ဆွေးနွေးပြပါတော့တယ်တဲ့။

ဂျပန်ဖက်ဆစ်တွေရဲ့ ပကတိရုပ်ကို ဘယ်သူမှ ခန့်မှန်းမရသေးချိန် တကယ့်ပဂေး နိုင်ငံရေး သမားကြီးတွေ အားလုံးလောက်နီးနီးက "ဂျပန်နဲ့ ပေါင်းအင်္ဂလိပ်တိုက်"ဆိုတဲ့ သေနင်္ဂဗျူဟာလမ်းစဉ်ကို ချပြီး လုပ်နေကြတဲ့ အချိန်မှာ မပေါင်းထိုက်ဘူးဆိုတာကို ကြိုမြင်ပြီး ပြတ်ပြတ်သားသား ဟောကိန်း ထုတ်ခဲ့သူပေါ့။

ဒါဟာ နိုင်ငံရေး စကားလုံးအရ ပြောရရင် အင်မတန် တောက်ပြောင်တဲ့အမြင်ပါ။ အန္တရာယ်ကို ကြိုတင်မြင်ပြီး သတိပေးခဲ့ခြင်းဖြစ်တယ်လေ။

(၃)

ဆရာကြီးဟာ ဗမာမွတ်စလင် အမျိုးသားတစ်ဦး ဖြစ်ပေမယ့် နောက်ဆုံး မင်းနေပြည်တော် ဗုဒ္ဓဘာသာ ထွန်းကားတဲ့ သံဃာ့မြို့တော်မှာ ဝင်ဆံ့နေခြင်း အကြောင်း ဆက်ပြောပါရစေ။

ဆရာကြီးကို မန္တလေးခရိုင် ဖဆပလ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ဖို့၊ ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အစိုးရအဖွဲ့မှာ ဝန်ကြီးအဖြစ် တာဝန်ပေးဖို့ မန္တလေးကျောင်းထိုင်ဆရာတော်ကြီးများက ဆန္ဒပေး တောင်းဆိုခဲ့ပါသတဲ့။

ဒါဟာ တမန်တော်မြတ် မုဟမ္မဒ်(ဆွ) ကျင့်သုံးတဲ့ စည်းရုံးရေးလမ်းစဉ်ကို ဆရာကြီး ဦးရာဇတ်က လက်တွေ့နယ်ပယ်မှာ အသုံးချမိလျက်သား ဖြစ်နေလို့ပါပဲ။ ဒါကို မြန်မာပြည်ရှိ ပသီအမျိုးသားတိုင်း အတုယူကျင့်သုံးတတ်ဖို့ အင်မတန် အရေးကြီးကြောင်း မီးမောင်းထိုးပြခဲ့တယ်။ လမ်းခင်းပေးခဲ့တယ်။

လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အား ဦးစီးဌာနက (၁၅၃၄ ပြည်သူ့အင်အား ဦးစီးဌာန ၉-၁၂-၇၂ တာဝတိံသာ) ထုတ်ဝေခဲ့တဲ့အတိုင်းပဲ ဆရာကြီး အနေနဲ့ ပသီအမျိုးသားများကို မြန်မာတိုင်းရင်းသား လူမျိုးတစ်မျိုး အဖြစ် ခံယူချက် ရှိပါတယ်။ ဒါပေမယ့် "မိမိတို့ဟာ လူနည်းစု အခွင့်အရေး မယူဘဲ လူအများစုအနေနဲ့ နေသွားရင် ပိုလို့ အကျိုးရှိမယ်"ဆိုတဲ့ ခံယူချက်မျိုး ရှိတယ်၊ ကျမ်းပြုသူ ယုံကြည်တယ်၊ ဒီခံယူချက်အရ ရဲရင့်ပြတ်သားတဲ့ ခေါင်းဆောင်မှုကို ထူထောင်လိုက်ခြင်း ဖြစ်ပါတယ်။

ဆရာကြီးရဲ့ ဒီဆောင်ရွက်ချက်ကို မလိုက်မမီတဲ့ တချို့တချို့သော ပသီ(ဗမာမွတ်စလင်)တွေဟာ အနည်းစုအများစု ပြဿနာ ပေါ်တဲ့အချိန်တုန်းက "အများစုဘက်က မဲထည့်ခဲ့ရကောင်းလား"ဆိုပြီး ဆရာကြီးကို အပြစ်ပြောသူများလဲ ရှိနေပါတယ်၊ သူတို့က ဆရာကြီးရဲ့ ခံယူချက်ကို အမြင်မရှင်းကြလို့ပါ။ ဒါဟာ သိမ်မွေ့ပြီး နက်နဲတဲ့ ပြဿနာပါ။

ဆရာကြီး ဦးရာဇတ်ဟာ အိန္ဒိယပြည်ကို ခွဲဝေပြီး ဟိန္ဒူများအတွက် ဟိန္ဒူစတန်ခေါ်တဲ့ ဒီနေ့အိန္ဒိယ အစ္စလာမ် ဘာသာဝင် မွတ်စလင်များအတွက် ပါကစ္စတန်ရယ်လို့ တိုင်းပြည်ကြီး ခွဲသွားမယ့်အရေးကို မလိုလားပါဘူး။ ဒါကို ၁၉၄၇ ခု မဒရပ်မြို့မှာ ကျင်းပတဲ့ အရှေ့တောင်ကျောင်းသား ပညာရေး ကွန်ဖရင့် သွားစဉ်တုန်းက အတိအလင်း ပြောခဲ့ပါတယ်။

ဒီလို ခွဲလိုက်တဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ အင်အားဟာ အစိတ်စိတ် အမြွာမြွာ ကွဲသွားခဲ့တယ် မဟုတ်ပါလား။ နောက်ထပ်လဲ ခွဲထွက်ဖို့အတွက် တိုက်ပွဲဝင်မှုတွေ ရှိနေကြတုန်းပဲ၊ ဒါဟာ နယ်ချဲ့သမားရဲ့ ထွက်ကန် ကန်ထွက်သွားတဲ့ မဟာလုပ်ရပ်ကြီး တစ်ရပ်ဆိုတာ ထုတ်ဖော် မပြောပေမယ့် နားလည်နိုင်တဲ့ အချက်ပါ။ (နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ထပ်ခွဲခဲ့ပြန်ပါတယ် မဟုတ်လား)

(၄)

ဆရာကြီး ဦးရာဇတ်ကို ကျောင်းဆရာကြီး အဖြစ်နဲ့ပဲကြည့်မလား၊ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှု ဘက်ကပဲ ကြည့်မလား၊ ဒါမှမဟုတ် လူမှုရေးဘက်ကပဲ ကြည့်မလား၊ အို ဘယ်လိုရှုထောင့်ကပဲ ကြည့်ကြည့် သူကတော့ တိုင်းပြည်မှာ "စံ"ထားလောက်မယ့် မဟာပုဂ္ဂိုလ်ကျော် တွေထဲက တစ်ဦး မဟုတ်ပါလား။

သူဟာ အာဇာနည် အမျိုးသားခေါင်းဆောင်ကြီး တစ်ဦးပါ။ ဒါတင်မကပါဘူး၊ မြန်မာပြည်သူတွေရဲ့ ဖခင်တွေထဲက တစ်ဦးလည်း ဖြစ်ပါတယ်။ ပြီးတော့ သူဟာ နိုင်ငံတော်ရဲ့ မဟာပုဂ္ဂိုလ် (STATE MAN) တစ်ဦး ဖြစ်ပါတယ်။

စတိတ်မင်းဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးမှာ ရှိရမယ့် အရည်အချင်းတွေ သူ့မှာ ရှိနေပါတယ်လေ။

စတိတ်မင်းတစ်ဦးမှာဆိုရင် အကြမ်းဖျင်း ရှိရမယ့် အရည်အချင်းများ ကတော့ တိုင်းပြည်မှာ ထူးထူးခြားခြား ထင်ရှားတဲ့ ပုဂ္ဂိုလ်ဖြစ်ရပါမယ်။ ကျွမ်းကျင်လိမ္မာရမယ်။ နိုင်ငံတော်ရဲ့ ရေးရာလုပ်ငန်းတွေကို စီမံခန့်ခွဲတတ်ရမယ်။ ထိုးထွင်းဉာဏ်၊ ဇဝနဉာဏ်၊ တန်ဏှာပွတ္တိဉာဏ် ရှိရမယ်။ နိုင်ငံရေးကို ကျွမ်းကျင်လိမ္မာပြီး နိုင်ငံရေးအမြင်တွေမှာ ကြိုတင်မြင်တတ်ရမယ်။ အဲဒီလို အကြမ်းဖျင်း အရည်အချင်းမျိုးရှိတဲ့ ပုဂ္ဂိုလ်ကို စတိတ်မင်း (State man) အဖြစ် အမိပ္ပာယ် ဖွင့်ဆိုကြပါတယ်။

ဆရာကြီး ဦးရာဇတ်ရဲ့ အတ္ထုပ္ပတ္တိနဲ့ သမိုင်းကြောင်းကို လေ့လာသွားတဲ့အခါ "စတိတ်မင်း" ဆိုတဲ့ မဟာပုဂ္ဂိုလ်ကျော်ကြီးရဲ့ အရည်အချင်း မျိုးတွေကို ဆရာကြီး ဦးရာဇတ်စာအုပ်မှာ တစ်နေရာမဟုတ် တစ်မျက်နှာမဟုတ် တစ်ခန်းမဟုတ် တွေ့ရမှာပါ။ ချုံလို့ပြောရင် ဆရာကြီးဟာ စတိတ်မင်း(State man) တစ်ဦးလို့ ကမ္ဘည်းထိုးလိုက်ပါတယ်။

ဆရာကြီး ဦးရာဇတ်ဟာ ကျောင်းဆရာကြီးတစ်ဦး ဖြစ်ခဲ့ပေမယ့် ဘက်စုံစွယ်စုံ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ပါ။ ဒါကြောင့် ပညာရေးနဲ့ အမျိုးသား စီမံကိန်းဝန်ကြီး တာဝန်နှစ်ရပ်စလုံးကို တစ်ပြိုင်တည်း ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ပေးခဲ့တာပဲပေါ့။

ဒုတိယကမ္ဘာစစ်ကြီးကြောင့် ပြာပုံနှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့တဲ့ မြန်မာ ပြည်ကြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းဟာ အင်မတန် အရေးကြီးကြောင်း ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းမြွက်ကြားခဲ့တယ်။[၁]

---

၁။ အောင်ဆန်း၊ ဗိုလ်ချုပ် ၁၉၄၇ ခု၊ ဇွန်လ (၇) ရက်၊ ရန်ကုန် ပြည်လမ်း ဆိုရန်တိုဗီလာ အဆောက်အအုံ မြန်မာပြည် ပြန်လည်ထူထောင်ရေး လုပ်ငန်းကွန်ဖရင့် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့်မိန့်ခွန်း။

အဲဒီလို အရေးကြီးတဲ့ တာဝန်ကို ဆရာကြီး ဦးရာဇတ် စွမ်းဆောင်နိုင်တယ်လို့ ယုံကြည်တဲ့အတွက် တာဝန်ပေးခဲ့တာပဲပေါ့။ ဒါနဲ့ပတ်သက်ပြီး နောက်ပိုင်းဆရာကြီး ဦးရာဇတ်ရဲ့ အပေါင်းတော်မြဲ ဦးချစ်ဆွေရဲ့ တင်ပြချက်က သက်သေထူပြနေပါတယ်။

"စီးပွားရေးနှင့် ပတ်သက်တဲ့ ကျမ်းပြုသူရဲ့ ပထမဆုံးဆရာသမားများကို ပြပါဆိုလျှင် ဆရာကြီး ဦးရာဇတ်နှင့် ဟသ်ာတဦးမြကို ပြရမှာဖြစ်ပါတယ်"[၁]

လို့ သခင်အောင်ကြီး' အမည်ခံ ဗိုလ်မှူးချုပ်အောင်ကြီးက ရေးထားပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ကြီးတွေဟာ "ဂဠုန်ဦးစောရဲ့ အန္တရာယ်ကို ကြိုတင်ခန့်မှန်း မိခဲ့ကြပေမယ့် ဒီလောက် ပက်ပက်စက်စက် လုပ်လိမ့်မယ်ရယ်"လို့ မယုံကြည်ကြဘူးတဲ့။

ဒီအယူအဆကတော့ လက်ယာသွေ့ဖိရေး တစ်ရပ် ဖြစ်ပါတယ်။

ဒီလို စကောလောက်မှ စောက်မနက်တဲ့ အကြံပက်စက်မှုကို လုပ်ခဲ့ရင် ပြည်သူတွေက မှုန့်မှုန့်ညက်ညက် ချေမှုန်းကြလိမ့်မယ်လို့ ယုံကြည်ကြပါတယ်။ ဒါကတော့ မှန်ပါတယ်။

ဒါပေမယ့် ခံစရာရှိတော့ ကိုယ်ကအရင်ခံလိုက်ကြရတဲ့ အဖြစ်ပါ။ အဲဒီလို မခံရအောင် လင်းယုန်မျက်စိနဲ့ အစစအရာရာ သတိရှိရှိနဲ့ လိုအပ်သလို ကြိုတင်ပြင်ဆင်မှု ရှိရမယ်ဆိုတဲ့ အချက်တွေကို ဗိုလ်ချုပ်အောင်ဆန်းတို့ မလုပ်ခဲ့မိလို့ ကြီးစွာသော ဆုံးရှုံးမှုကြီး ဖြစ်ခဲ့ရပြီ မဟုတ်ပါလား။

ဒါကြောင့် မြန်မာပြည်မှာ တစ်ခါဖူးမှ မကြုံခဲ့ဖူးတဲ့ မလုပ်ခဲ့ဖူးတဲ့ မရှိခဲ့ဖူးတဲ့ အာဏာလုလူသတ်ပွဲကြီးက နောင်ခေတ် အဆက်ဆက်က အစိုးရများအတွက် ကြီးမားတဲ့ သင်ခန်းစာကို ပေးခဲ့ပါပြီ။

ကျမ်းပြုသူဟာ ၁၉၇၂ ခုနှစ် မြန်မာပြည်မှာ နိုင်ငံတကာ စာအုပ်ပြပွဲကျင်းပမယ့်အကြောင်း သတင်းရရှိပါတယ်။ အဲဒီစာအုပ်ပြပွဲမှာ ဆရာကြီး ဦးရာဇတ်အကြောင်း စာအုပ် တင်ပြလိုပါတယ်။ ဒါပေမယ့် ဆရာကြီးနှင့် ပတ်သက်တဲ့ အကြောင်းအရာတွေ ပြည့်ပြည့်စုံစုံ မရေးရသေးဘူး။

---

[၁] အောင်ကြီး (ပေါင်းတည်) သခင်၊ ကျွန်တော်အညာသားပါခင်ဗျား။ ပေဖူးလွှာမဂ္ဂဇင်းအမှတ် ၄၄၊ ဇန်နဝါရီလ ၁၉၈၅၊ စာမျက်နှာ ၆၉။

ကြုံတောင့်ကြုံခဲလှတဲ့ နိုင်ငံတကာစာအုပ်ပြပွဲမှာ ဆရာကြီးစာအုပ် ပါဝင်လိုတဲ့ဆန္ဒ အင်မတန် ပြင်းပြပါတယ်။ ဒါပေမယ့် ဆရာကြီးရဲ့အကြောင်း စာအုပ်ရေးလို့ မပြီးသေးပါ။ အခန်း ၅ ခန်းလောက်ပဲ ပြီးသေးတယ်။ အပြည့်အစုံဆိုရင် အခန်း ၃၀–၄၀ ရှိပါမယ်။

အဲဒီလို ဆိုရင် ဘယ်နည်းနှင့်မျှ မမီနိုင်ဘူး၊ ဒါကြောင့် ပြီးသလောက် အခန်း ငါးခန်းလောက်နှင့်ပဲ စာအုပ်ပြပွဲကို ဝင်မယ်လို့ စိတ်ကိုလျှော့လိုက်ပြီး ပြီးသလောက်ကို ပုံနှိပ်လိုက်ပြီး ပထမတွဲဆိုပြီး မိမိရဲ့ ဗန်းမော်စာအုပ်တိုက်ကပဲ ရိုက်နှိပ်ထုတ်ဝေလိုက်ပါတယ်။ စာအုပ်ကို နာမည် အထူးပေးစရာ မလိုပါ။ ရှိပြီးသားပါ။ ဆရာကြီး ဦးရာဇတ်ဆိုရင် လူတိုင်း သိပြီးပြီမို့ "ဆရာကြီး ဦးရာဇတ်လို့ စာအုပ်နာမည်ပေးခဲ့ပါတယ်။

မြန်မာပြည် စာအုပ်ပြပွဲမှာ ဒီစာအုပ်က ထီးတည်းကြီး ထည်ထည်ဝါဝါ ခံ့ခံ့ညားညားကြီး နေရာယူထားပါတယ်။ နောက်တစ်နှစ် စာအုပ်ပြပွဲအလှည့် ကျတဲ့ နိုင်ငံက အနောက်ဂျာမနီဖြစ်ပါတယ်။ အနောက်ဂျာမနီ စာအုပ်ပြပွဲသို့ မြန်မာပြည်က သွားရောက်ပြသပါတယ်။ အနောက်ဂျာမနီ စာအုပ်ပြပွဲမှာလဲ ထည်ထည်ဝါဝါ ခံ့ခံ့ညားညားကြီးနှင့် တင့်တယ်နေတယ်ဆိုတာကို ဗိုလ်တထောင် သတင်းစာ သတင်းဓာတ်ပုံမှာ တွေ့မြင်လိုက်ပါတယ်။

မြန်မာပြည်မှာ စာအုပ်ပြပွဲကို ၁၉၇၂ ခုနှစ်မှာ လုပ်ပါတယ်။ ကျမ်းပြု သူရဲ့ ဆရာကြီးစာအုပ်ကို ဝင်းမော်ဦးစာပေတိုက်သို့ ဖြန့်ချိရန် ပေးထားပါတယ်။ အင်ဖွိုင်းစာအုပ်ပြပွဲမှာ ဝင်းမော်ဦး စာပေတိုက်ကလဲ ဝင်ရောက်ခင်းကျင်းပြ ထားတယ်။

၁၉၇၂ ခုနှစ် အင်ဖွိုင်းခန်းမမှာ ကျင်းပသည့် နိုင်ငံတကာ စာအုပ်ပြပွဲသို့ ထိုစဉ်က မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးလဲဖြစ် သမ္မတကြီးလဲဖြစ်တဲ့ ခေါင်းဆောင်ကြီးဟာ အစိုးရအဖွဲ့ဝင်များ လိုက်ပါလျက် လှည့်လည်ကြည့်ရှုကြ ပါတယ်။ သမ္မတကြီးဟာ စာအုပ်ပြပွဲသို့ လှည့်လည်ကြည့်ရှုရင်း နောက်ဆုံး ဝင်းမော်ဦးစာအုပ် ဖြန့်ချိရောင်းချတဲ့ နေရာကို ရောက်လာပါတယ်။ ဆရာကြီး ဦးရာဇတ် စာအုပ်ကို ယူကြည့်ပါတယ်။ "ဘယ်သူရေးတာလဲ" လို့ ဗိုလ်တင်မောင် ကို မေးတယ်။

ဝင်းမော်ဦး စာအုပ်တိုက်ပိုင်ရှင် ဗိုလ်တင်မောင်က–

"ကျွန်တော်တို့ မင်္ဂလာဒုံစစ်တက္ကသိုလ် တတိယပတ်က ကျောင်းသားဟောင်း ရဲဘော်ကျော်ဝင်းမောင် ရေးသားတာပါ ဉက္ကဋ္ဌကြီး"

"အေး ဒီစာအုပ်မျိုးဟာ နိုင်ငံတော်မှာ ရှိသင့်ရှိထိုက်တဲ့ စာအုပ်ပဲ"ဆိုပြီး သမ္မတကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက တစ်အုပ်စီ ဝယ်ယူကြပါတယ်။

(၆)

၁၉၇၂ ခုနှစ်တုန်းက ဆရာကြီးစာအုပ်မှ ကျန်သေးတဲ့ အခန်းတွေကို ဆက်လက် ရေးသားလိုက်ပါတယ်။ ဒီလို ပြတ်တောင်းပြတ်တောင်းနှင့် ရေးလိုက်၊ နားလိုက်နှင့် လာခဲ့တာ ၁၉၈၈ ခုနှစ်ကျမှ အပြီးသတ် မရေးပြီးသွားပါတယ်။

၁၉၆၉ ခုနှစ်က စတင်မေးမြန်းခဲ့ပြီး ယခုကျမ်းပြုသူရဲ့ ဗန်းမော်စာပေတိုက်ကနေ ပုံနှိပ်ထုတ်ဝေဖို့စီစဉ်တဲ့ ၁၉၉၈ နှစ်ထိဆိုရင် ကျမ်းပြုသူ တွေ့ဆုံမေးမြန်းခဲ့တဲ့ ပုဂ္ဂိုလ်များအနက် အများစုဟာ ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြရှာပါပြီ။ ဆရာကြီး ဦးရာဇတ်အကြောင်း စတင်မေးမြန်းရန် ကွင်းဆင်းတဲ့အချိန်ခန့်ကပင် သူတို့ဟာ အသက်အရွယ်အားဖြင့် အိုမင်းမစွမ်းလှပါ။ အချို့ကလဲ ဆရာဝန်က စကားမပြောရန် တားမြစ်ထားခြင်း ခံနေရတဲ့ ဆာမောင်ကြီးလို ပုဂ္ဂိုလ်များလဲ ပါပါတယ်။

အချို့ အသက်ရှင်လျက်ရှိနေတဲ့ လူများမှာလဲ ဇရာထောင်းလျက် ရှိနေပါပြီ။ အများစုမှာ အသက်ရှင်နေသော်လဲ အတိတ်အကြောင်းတွေကို ပြောပြဖို့ ဆန္ဒသာ ရှိပါတယ် အင်အားက မရှိတော့ပါ။ ကျမ်းပြုသူအား အမှာရေးသား ချီးမြှင့်ပေးခဲ့ကြတဲ့ လူထုဦးလှ၊ မန္တလေးသူရိယ ဦးသန်းမောင်တို့ ဆိုရင် ကွယ်လွန်သွားကြရှာပါပြီ။

၁၉၈၈ ခုနှစ်မှာ လက်နှိပ်စက် စာမူအဖြစ် ပြီးပြည့်စုံနေသော်လည်း ပုံနှိပ်ထုတ်ဝေမည့် စာပေတိုက်ကို မတွေ့ရပါ။ ကျမ်းပြုသူရဲ့ ဗန်းမော်စာပေတိုက် အနေနှင့် ကိုယ်တိုင်ထုတ်ဝေဖို့ကလဲ အရင်းအနှီးမရှိ၊ ဒါနဲ့ပဲ မထုတ်နိုင်ဘဲ ကြာခဲ့ပါတယ်။

အဲဒီတော့ နှစ်၂၀ ကျော် ၃၀ နီးပါး စုဆောင်းပြုစုခဲ့ရတာတွေ အချိန်တွေအများကြီး အကုန်ခံခဲ့တာတွေ ငွေကုန်ကြေးကျခံပြီး ပင်ပန်းဆင်းရဲ ခံခဲ့ရတာတွေဟာ အလကားဖြစ်တော့မယ်။ ဒီတော့ မိမိဗန်းမော် စာပေတိုက်ကပဲ

ကိုယ့်ဟာကိုယ် အရင်းအနှီးမရှိလဲရိုက် အရင်းအနှီးရှိရင်လဲ ရိုက်နှိပ်ရတာ ကလွဲလို့ တခြားနည်း မရှိတော့ဘူးပေါ့။

(၇)

ဒီစာအုပ်ကို ရေးပြီး လက်နှိပ်စက် ရိုက်ပြီး စာမူကြမ်းအဖြစ် ရှိနေတဲ့ အခြေအနေမှာပဲ အာဇာနည်နေ့များ ရောက်လာပြီဆိုရင် ဆရာကြီးရဲ့စာမူကြမ်းကို လာငှားပါတယ်။ အဲဒီအထဲက သူတို့ ခံတွင်းတွေ့မယ့် အပိုင်းကို ဟောပြောချင်လို့ ငှားပေးပါဆိုလာတော့လဲ ငှားလိုက်ရပြန်တယ်။

ပြီးတော့ လွန်ခဲ့တဲ့ ၁၉၇၅ ခု နိုဝင်ဘာလတုန်းက (၇၅)ကြိမ်မြောက် အမျိုးသားနေ့ စိန်ရတုပွဲတော် ကျင်းပတော့မယ်။ မန္တလေးက ပွဲတော်မှာ ခင်းကျင်းပြလိုပါ၍ ဆရာကြီးရဲ့အကြောင်း စာမူကြမ်းကို ခေတ္တငှားပါလို့ ဆိုလာပြန်တော့လဲ မန္တလေးက ရွှေရတုသဘင် ကျင်းပရေးကော်မတီ အတွင်းရေးမှူးသို့ ခဏငှားလိုက်ပြန်တယ်။

တကယ်ဆိုရင် စာရေးဆရာတို့မည်သည် မိမိစုဆောင်းရေးသားထားတဲ့ စာမူကို ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးခင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ငှားရမ်းလေ့ မရှိရိုးအမှန်ပါ။ ဘာကြောင့်လဲဆိုရင် အနှစ်နှစ်အလလက ငွေကုန် လူပင်ပန်း ပြုစုထားရတဲ့ စာမူကြမ်း တစ်ထိုင်တည်းနှင့် ကူးယူလိုက်မှာ စိုးတဲ့အတွက် ဘယ်စာရေးဆရာကမှ ငှားရမ်းကြမှာ မဟုတ်ပါဘူး။

ရုပ်ရှင်သရုပ်ဆောင် အနုပညာသည် အဆိုတော် မေဆွိရဲ့ ရွှေသဇင်မှာ ပါတဲ့ စာသားကလေးလိုပဲ "လူတွေသိလေ ပိုကောင်းလေ"ဆိုတဲ့ စာသားလို ဆရာကြီး ဦးရာဇတ်စာအုပ်ကို ပုံနှိပ်ထုတ်ဝေပြီးသည်ဖြစ်စေ၊ ပုံနှိပ်ထုတ်ဝေရခြင်း မပြုရသေးခင်ဖြစ်စေ ဆရာကြီးရဲ့ စွမ်းဆောင်ချက်တွေကို ပြည်သူတွေသိလေ ပိုကောင်းလေ ပြည်သူတွေထဲ စိမ့်ဝင်နေလေ ပိုကောင်းလေပဲ။

ရန်ကုန်နှင့် မန္တလေးမှာ (၇၅)ကြိမ်မြောက် အမျိုးသားနေ့ စိန်ရတုသဘင် ကျင်းပမယ်ဆိုတုန်းက ဆရာကြီးဓာတ်ပုံကို မန္တလေးစိန်ရတုသဘင်အဖွဲ့ အတွင်းရေးမှူးနှင့် ရန်ကုန် မန္တလေးအသင်းတိုက်တို့ကလဲ လာငှားတယ်။

ဓာတ်ပုံကြီးရဲ့ အပြင်မှန်ဘောင်ရဲ့ အလျားက ၂ ပေ၊ အနံက ၂ ပေ ၁၁ လက်မ၊ အနံ ၂ ပေ ၆ လက်မ အတွင်းဓာတ်ပုံက အလျား ၁ ပေ ၁၁ လက်မ၊ အနံ ၁ ပေ ၇ လက်မ ရှိတယ်။

အဲဒီလို ဓာတ်ပုံကြီးက ကြီးနေတော့ မန္တလေးကို သယ်သွားရမယ်၊ နောက်ပြန်ပို့ရမယ်ဆိုတော့ ကွဲပြဲသွားမှာစိုးတယ်၊ သယ်ရမှာလဲတာဝန်ကြီးတယ်၊ မယူတော့ပါဘူးလို့ ဆိုပြီး ထားခဲ့တယ်။

ရန်ကုန်ရှိ မန္တလေးအသင်းကလဲ မန္တလေးက စိန်ရတုသဘင် ကျင်းပရေး အတွင်းရေးမှူး ပြောသလို ဓာတ်ပုံကြီးက ကြီးလွန်းတယ်ဆိုပြီး မယူတော့ဘူး။ ဒါပေမယ့် ငယ်တာများ မရှိဘူးလားလို့ ထပ်မေးပြန်တယ်။ အာဇာနည်နေ့ကျရင် သတင်းစာထဲမှာ ပါတဲ့ပုံတော့ ရှိတယ်ဆိုတော့လဲ ဒါလဲ ငယ်လွန်းတယ်လို့ ပြောသွားတယ်။

မန္တလေးနှင့်ရန်ကုန်ရှိ စိန်ရတုသဘင်က ဆရာကြီးတွေက ဆရာကြီး ဓာတ်ပုံကြီးကို မသယ်ဘဲထားခဲ့တဲ့ ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပဲ ရန်ကုန် မ–အ–ဖ (မြန်မာမွတ်စလင်အမျိုးသားအဖွဲ့)ကလဲ ဆရာကြီး ဓာတ်ပုံကြီးကို ခဏငှားပေးပါ၊ ပုံတူကူးလို့ဖြစ်ဖြစ် ဓာတ်ပုံပြန်ရိုက်လို့ပဲဖြစ်ဖြစ် ဆရာကြီးရဲ့ ပုံကို မ–အ–ဖဌာနချုပ်ရုံးမှာချိတ်ဆွဲထားမလို့ပါ။ ဆရာကြီးရဲ့ ဓာတ်ပုံကြီးကို မကွဲမရှရအောင် ပြန်ပို့ပေးပါမယ်ဆိုပြီး တောင်းလာပြန်တယ်။ ပေးလိုက်ပါတယ်။ သူတို့ကိစ္စပြီးတော့ ဓာတ်ပုံကြီး မကွဲမရှ ပြန်ပို့လာပါတယ်။

၁၉၉၅ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပတဲ့ အမျိုးသားနေ့ စိန်ရတုသဘင် အခမ်းအနားကို လေ့လာဖို့ ကျမ်းပြုသူလိုက်သွားပါတယ်။ မန္တလေး ဗဟို အမျိုးသားကျောင်း ယခု အထက ကျောင်းထဲမှာ ကျင်းပပါတယ်။

တစ်ခန်းလုံးမှာ ဆရာကြီးရဲ့ ပုံတူရုပ်တု၊ ဆရာကြီးရဲ့ ဓာတ်ပုံများ၊ ဗဟိုအမျိုးသားကျောင်း ဆရာ,ဆရာမရဲ့ ဓာတ်ပုံများ၊ ကျမ်းပြုသူရေးသား ထုတ်ဝေခဲ့သော ဆရာကြီး အတ္ထုပ္ပတ္တိ ပထမစာအုပ် လေးငါးအုပ်ကို ကျမ်းပြုသူက မန္တလေး စိန်ရတုသဘင် ကော်မတီအတွင်းရေးမှူးကို ငှားပေး လိုက်တဲ့ ဆရာကြီးဦးရာဇတ် စာမူကြမ်းနှင့် အခြားဗဟိုအမျိုးသားကျောင်း ထုတ်ဝေတဲ့ စာရွက်စာတမ်းများကို ခင်းကျင်းပြသထားပါတယ်။

အင်မတန် စည်စည်ကားကား ရှိလှပါတယ်။ လူထုပရိတ်သတ်လဲ တိုးမပေါက်အောင်ပါပဲ။ ယခင်ဗဟိုအမျိုးသားကျောင်းမှာ တာဝန်ယူခဲ့တဲ့ ဆရာ ဆရာမတွေရဲ့ သားသမီး ဆွေမျိုးဉာတိများလဲ မနည်းပါ။ ဓာတ်ပုံတွေ ကြည့်ပြီး ဓာတ်ပုံကို လက်ညှိုးနဲ့ထိုးပြီး အဲဒါ တို့မေမေ အဲဒါ တို့ဖေဖေဆိုပြီး

ပြောဆို ဂုဏ်ယူနေကြတဲ့ သားသားမိးမိးတို့ရဲ့ အသံတွေက စူးစူးရှရှ လှုအုပ်ကြီးထဲလွှမ်း မိုးလျက် ရှိပါတယ်။

ဒါပေမယ့် ဆရာကြီး ဦးရာဇတ်ရဲ့ ဓာတ်ပုံတွေက တစ်ခန်းလုံးမှာ နေရာ ယူထားလျက်ပါ။ မန္တလေး ၇၅ နှစ်မြောက် အမျိုးသားနေ့ စိန်ရတုသဘင် မဂ္ဂဇင်းကို ရန်ကုန်ရှိ မန္တလေးအသင်း ပြန်ကြားရေးအဖွဲ့ငယ်မှ ၇၅ နှစ်မြောက် စိန်ရတုသဘင် အမျိုးသားနေ့အား ဂုဏ်ပြုထုတ်ဝေပါတယ်။

မန္တလေးအသင်းတိုက်က ထုတ်တဲ့ စာအုပ်အရွယ်က ဝလက်မ ၅ လက်မခွဲ စကောစက ဆိုက်ပါ။ မန္တလေးက မဂ္ဂဇင်းဆိုက် ဖြစ်ပါတယ်။ မန္တလေး အသင်းတိုက်က ထုတ်ဝေတဲ့ စာအုပ်နာမည်က "သူ့တပည့်များက ပြောပြတဲ့ ဆရာကြီးဦးရာဇတ်"ပါတဲ့။ မန္တလေးမြို့က ထုတ်ဝေတဲ့ မဂ္ဂဇင်း စာစောင်က အမျိုးသာနေ့ စိန်ရတုသဘင်ဆိုတဲ့ နာမည်နဲ့ပါ။

ဒီ ၇၅ နှစ်မြောက် အမျိုးသားနေ့ စိန်ရတုသဘင်မှာ မန္တလေးက ထုတ်တဲ့ မဂ္ဂဇင်းပုံစံ စာအုပ်မှာရော၊ မန္တလေးအသင်းတိုက်က ထုတ်ဝေတဲ့ ဝတ္ထုဆိုက် (၁၆ချိုး)ဆိုက် စာအုပ်တွေရဲ့ မျက်နှာဖုံးတွေမှာပါတဲ့ ပုံတွေက ဆရာကြီး ဦးရာဇတ်ရဲ့ ပုံတူပန်းချီနှင့်ပါ။

၁၉၉၅ ခုနှစ်မှာ ကျင်းပတဲ့ (၇၅)နှစ်မြောက် အမျိုးသားနေ့ စိန်ရတုသဘင်ကို ခြုံငုံပြောရရင် ဆရာကြီးဦးရာဇတ်ရဲ့ ပွဲပါပဲလို့ ဆိုပါရစေ။ အမျိုးသားနေ့စိန်ရတုသဘင်ရဲ့ သင်္ကေတဟာ ဆရာကြီး ဦးရာဇတ်ပဲဖြစ်နေတာ တွေ့ရပါတယ်။

ဆရာကြီးအတွက် ဆရာကြီးရဲ့ အမျိုးသားများဖြစ်တဲ့ ပသိနှင့် ၎င်းတို့ အဆက်အနွယ်များ ယခု အခါ ဗမာမွတ်စလင်များ ဂုဏ်ယူကြရမှာပါ။

(၈)

၁၉၉၆ ခုနှစ်ထဲမှာ ကျမ်းပြုသူဟာ ဆရာကြီးဦးရာဇတ် စာအုပ်ကို ပုံနှိပ်ထုတ်ဝေဖို့ ကြိုးစားခဲ့ပါတယ်။ ပုံနှိပ်ထုတ်ဝေဖို့လဲ အခက်အခဲရှိနေပါတယ်။

"ရေးပြီးထာ ကြာလှပြီပဲ ဒီလောက်ဆို စာအုပ်ပုံနှိပ် ထုတ်ဝေသင့်ပြီပဲ၊ ခင်ဗျားမှာလဲ ကိုယ်တိုင်ထုတ်ဝေဖို့က အရင်းအနှီးမရှိတော့ ခက်တာပေါ့။ ဒီလိုဆိုရင် ဒီလိုလုပ်ပါလား စာပေဗိမာန်မှာ စာမူပြိုင်ပွဲရှိတယ်၊ အဲဒီကို ဝင်ပါလား"

အဲဒီလို ကျမ်းပြုသူရဲ့ ရေးဖော်ရေးဖက် တစ်ဦးနဲ့စကားစမြည်း ပြောရာကနေ ဆရာကြီး ဦးရာဇတ် စာအုပ်ရေးပြီး ငွေမရှိလို့ မထုတ်နိုင်ကြောင်း ပြောပြလိုက်တယ်။ အဲဒီတော့ ကျမ်းပြုသူရဲ့ ရေးဖော်မိတ်ဆွေက အတန်ကြာ စဉ်းစားနေပြီးမှ အထက်ပါအတိုင်း အကြံပေးပါတယ်။

သူအကြံပေးတာကို လက်ခံလိုက်ပြီး စာပေဗိမာန် စာမူပြိုင်ပွဲဝင်ဖို့ စီစဉ်ရပါတယ်။

ပြိုင်ပွဲဝင်ဖို့ဆိုတာက ကျမ်းပြုသူရေးထားတာက ရန်ကုန်အခေါ် မန္တလေး လေနှင့် စကားပြောသလိုပါ။ ပြိုင်ပွဲဝင်မယ်ဆိုရင် အတ္ထုပ္ပတ္တိ ကျမ်းသဘောမျိုး၊ နိုင်ငံရေးအနေနှင့် ဝင်မယ်ဆိုရင် စာရေးသလိုရေးမှတဲ့၊ ဒါကြောင့် စာရေးသလို ဆိုရင် ဆရာကြီးစာမူကြမ်း တစ်အုပ်လုံးကို ပြန်ပြင်ရေးရပါတော့တယ်။ ပြီးတော့ ပြိုင်ပွဲအတွက် စာသွက်အောင်ဆိုပြီး မူလရေးထားတဲ့ စာတွေ အများကြီးကိုလဲ ဖြတ်တောက်လိုက်ရပါတယ်။ ဒီလို စာမျက်နှာတွေ ဖြတ်တောက် လိုက်ရတော့လဲ နမြော်တမ်းတရ ပါတယ်။

မူလက အမှာစာ ရေးပေးထားတဲ့ စာတွေကိုလဲဖြုတ်ထားရမယ်ဆိုလို့ ယာယီ ဖြုတ်ထားလိုက်ရပါတယ်။ ဒါအတွက် စိတ်မကောင်းရပါ။ အခြေအနေ က ပေးလာလျှင် ရေးသားပေးသည့် မိတ်ဆက်စာများနှင့် စာသွက်ရန်အတွက် ဖြုတ်ချထားခဲ့ရတဲ့ အကြောင်းအရာများ စာပိုဒ်များတို့ကို ထပ်မံ ထည့်သွင်းပြီး ပြန်လည်ပုံနှိပ် ထုတ်ဝေမယ်လို့ စိတ်ကူးထားပါတယ်။

* * *

စာရေးသလို ရေးတာ စကားပြောသလို ရေးတာနဲ့ ပတ်သက်ပြီး ကြုံတုန်း နည်းနည်း ရှင်းပါရစေ။

စကားပြောသလို ရေးတာနှင့် စာရေးသလို ရေးတာတို့ဟာ တစ်ခါက စာပေနယ်မှာ စာပေတိုက်ပွဲ ပေါ်ပေါက်ခဲ့တယ်လို့ ကြားဖူးပါတယ်။ ဒီတုန်းက ကျမ်းပြုသူဟာ လက်နက်ဆွဲကိုင်ပြီး တောခိုနေဆဲကာလပါ။ စကားပြောသလို ရေးတာဟာ မန္တလေးကပဲစတယ်လို့ ပြောချင်သလိုပြော။ ဒါပေမယ့် ဒီစကားပြောသလို ရေးတာစခဲ့တာက ၁၉၄၅ ခု ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲပြီး နောက် အလံနီကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်စိုးက စရေးခဲ့တာပါ။

၁၃

ဒီတုန်းက လက်ဝဲနိုင်ငံတွေနဲ့ လက်ဝဲသမားတွေရဲ့ ခံယူချက်က မိမိရေးတဲ့စာကို ကြားလူမပါဘဲ အမြန်ဆုံး လူထုထဲရောက်အောင်၊ မိမိရေးတဲ့စာကို လူထုနားလည်လွယ်တဲ့ စကားနဲ့စာမျိုးကို ရေးရမယ်ဆိုတဲ့ တွေးခေါ်ခဲ့မှု ပျံ့နှံ့လာခဲ့တယ်။ လူထုနားလည်လွယ်အောင်ဆိုရင်တော့ စာလိုရေးတာထက် စကားပြောသလို ရေးတာဟာ လူထုပိုနားလည်လွယ်တယ်ဆိုပြီး စကားပြောသလို ရေးကြတာပဲ။ တခြားပါတီက ရဲဘော်တွေ ဘယ်လိုရေးသလဲတော့ သတိမထား မိပါ။ ဒါပေမယ့် ကျမ်းပြုသူတို့ အလံနီတွေက စကားပြောသလို ရေးကြတာ ချည်းပဲ။

ကျမ်းပြုသူရေးခဲ့တာ အတ္တုပ္ပတ္တိတို့ ကျမ်းတို့ စာအုပ်များအပြင် မေတ္တာလက်တစ်လှမ်း၊ နွေဦးရဲ့ သမီးပျို ဝတ္ထုတွေကိုပါ စကားပြောသလိုပဲ ရေးခဲ့ပါတယ်။

* * *

စာပေဗိမာန် ပြိုင်ပွဲဝင်တုန်းက **"မြန်မာ့လွတ်လပ်ရေးအတွက် ပြုစု ပျိုးထောင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့သော ဆရာကြီး မစ္စတာရာဇတ်"** နာမည်နဲ့ နိုင်ငံရေးကဏ္ဍကနေ ဝင်ခဲ့ပါတယ်။

ဒါပေမယ့် ပြိုင်ပွဲက ကြေညာတဲ့အခါ ဒီစာမူကြမ်းဟာ အရွေးမခံရပါ။ ဘာကြောင့် အရွေးမခံရသလဲဆိုတာ မသိရပါ။ နောက်ဆုံး အရွေးမခံရတဲ့ ကိစ္စ သို့လော သို့လောဖြစ်မနေတော့ဘဲ "သူတို့မရွေးချင်လို့ မရွေးတာပဲ"လို့ ကိုယ့်ကိုယ်ကို ဖြေလိုက်ပါတယ်။

ဒါကြောင့် မိမိရဲ့ ဗန်းမော်စာပေတိုက်က ကျမ်းပြုသူကိုယ်တိုင် ငွေရှာပြီးမှ အခုလို ထုတ်ဝေလိုက်ပါတယ်။ မူလစာရေးဆရာကြီးရဲ့ မိတ်ဆက်စာ ရေးပေးတဲ့ စာများ၊ ပြိုင်ပွဲအတွက် ယာယီဖြတ်တောက်ထားတဲ့ စာများအားလုံးကိုပါ ပြန်လည် ထည့်သွင်းလိုက်ပါတယ်။

စာပေဗိမာန် စာမူပြိုင်ပွဲတုန်းက စာရေးသလို ရေးထားတဲ့အတိုင်း စာအုပ်တစ်အုပ်လုံးကို စကားပြောသလို ပြန်ပြင်ပြီး ရေးလိုက်ရပါတော့တယ်။

ပြည်သူတွေ အသည်းစွဲနေတဲ့ ဆရာကြီးတစ်ယောက်၊ ဒါမှမဟုတ် ခေါင်းဆောင်ကြီးတစ်ယောက်မို့ ကျမ်းပြုသူရေးနေတဲ့ ဒီစာအုပ်ကို နာမည်ပေးဖို့ ထူးထူးထွေထွေ အချိန်ကုန်ခံပြီး မရွေးချယ်ခဲ့ရပါဘူး။ ဒီစာအုပ်နာမည်ဟာ အလိုလိုရှိနေနှင့်ပြီးသလိုပါပဲ။ ဒါကြောင့် ဒီစာအုပ်ကို "မြန်မာ့လွတ်လပ်ရေး အတွက် ပြုစုပျိုးထောင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့သော ဆရာကြီး မစ္စတာရာဇတ်" လို့ စာပေဗိမာန် ပြိုင်ပွဲဝင်တဲ့ နာမည်အတိုင်းပဲ ထားရှိလိုက် ပါတယ်။

# အခန်း (၁)

## မတစ်ထောင် တစ်ကောင်ဖွား

ဆရာကြီး ဦးရာဇတ်ရဲ့ ဖခင်က မစ္စတာရှိတ်(ခ်) အဗ္ဗဒူလ်ရာမန်၊ မိခင်က ဒေါ်ပလုတ်(ခေါ်) ဒေါ်ငြိမ်းလှ။ မစ္စတာရှိတ်(ခ်) အဗ္ဗဒူလ်ရာမန်ဟာ အင်္ဂလိပ်နယ်ချဲ့တပ်တွေ အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးတဲ့နောက် အိန္ဒိယပြည်ကနေ မြန်မာပြည်ကို ရောက်ခဲ့ပါသတဲ့။ အဲဒီအချိန်က မစ္စတာ ရာမန်က အသက် ခုနစ်နှစ်အရွယ်သာ ရှိသေးဆိုပဲ။ တောင်ငူမှာ အခြေစိုက် နေထိုင်ပါတယ်တဲ့။

ဗြိတိသျှ နယ်ချဲ့ဟာ မြန်မာပြည်မကို ကျူးကျော်သိမ်းပိုက်ပြီး တောင်ငူဘက်ကနေ စစ်ကြောင်းဖွင့်ပြီး ရှမ်းပြည်နယ်ရှိ စောလဖော် နယ်ကို ထိုးဖောက်တိုက်ခိုက်ခဲ့ပါတယ်။ စောလဖော်စော်ဘွားကြီးက လက်နက်စွဲ ကိုင်ခုခံခဲ့ပါတယ်။

အဲဒီစစ်ကြောင်းမှာ မစ္စတာရှိတ်(ခ်)အဗ္ဗဒူလ်ရာမန်ကို အင်္ဂလိပ်စစ်တပ်က စကားပြန်အဖြစ်နဲ့ လိုက်ပါဆောင်ရွက်ပေးဖို့ အကူအညီ တောင်းခဲ့ပါတယ်။

ရှမ်းပြည်နယ်ကို အပြီးအပိုင် သိမ်းပြီးတဲ့နောက် အင်္ဂလိပ်နယ်ချဲ့ အစိုးရက မစ္စတာရာမန်ကို ချီးမြှင့်တဲ့အနေနဲ့ ပဲခူးမှာ ရာဇဝတ်အုပ် ခန့်လိုက်ပါတယ်။

အဲဒီကမှ အစိုးရတာဝန်နဲ့ မိတ္ထီလာကို ပြောင်းသွားတယ်။ မိတ္ထီလာမှာ မစ္စတာရာမန်နဲ့ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် ရှိပါတယ်။ သူက သစ်တောအရာရှိ၊ နာမည်က ဦးစံခင်။

တစ်နေ့မှာ မစ္စတာရာမန်က အိမ်ထောင်ပြုတော့မယ်လို့ စိတ်ဆုံးဖြတ်ပြီး ဦးစံခင်နဲ့ တိုင်ပင်ပါတယ်။ သူ့အိမ်ထောင်ဘက်အဖြစ် ရိုးသားတဲ့ အမျိုးသမီးတစ်ယောက်ကို ရွေးချယ်ချင်တယ် ဆိုပြီး သူ့ဆန္ဒကို ဖွင့်ဟ တိုင်ပင်တယ်ဆိုပဲ။

အဲဒီခံယူချက်အတိုင်း မစ္စတာရာမန်က နောက်ဆုံး မိတ္ထီလာ၊ လင်ဇင်းရပ်သူ ဒေါ်ပလုတ်(ခေါ်) ဒေါ်ငြိမ်းလှနဲ့ အိမ်ထောင်ပြုလိုက်ပါတယ်။ ဒေါ်ငြိမ်းလှ ဗုဒ္ဓဘာသာဗမာအမျိုးသမီး။

* * * * *

(ဆရာကြီး ဦးရာဇတ်နဲ့ ပတ်သက်ပြီး အချက်အလက်များ စုဆောင်းစဉ် ရန်ကုန်မှာ ၁၉၈၄ ခုနှစ်က ဆရာကြီးရဲ့ ညီမအရင်းဖြစ်သူ ဒေါ်သိန်းသိန်းနဲ့ တွေ့ပါတယ်။) ဒေါ်သိန်းသိန်းတို့ မန္တလေးကို ပြောင်းလာပြီး မိတ္ထီလာကို သွားလည်ပါတယ်။ အမေ့အသိတွေက–

"ဒါက ဘယ်သူ့သမီးလဲလို့ မေးတယ်တဲ့၊ ဒေါ်ငြိမ်းလှသမီးလို့ ဖြေလိုက်သတဲ့။ ဒေါ်ငြိမ်းလှကိုကောင်းကောင်းမမှတ်မိကြပါဘူး။ တစ်ယောက်က ဝင်ထောက်လိုက်ပါတယ်။ "ဒေါ်ပလုတ်မရဲ့ သမီး အငယ်ဆုံးလေ" အမေ့ကို ပလုတ်မလို့ ခေါ်တာက အမေက ပလုတ်တုတ်တုတ် လို ဝတုတ်တုတ်ဖြစ်လို့ ခေါ်ကြတာလို့ ဒေါ်သိန်းသိန်းကို အဲဒီနယ်ခံတွေက ပြောပြပါတယ်။

ဆရာကြီးရဲ့အကြောင်း အချက်အလက်တွေ စုဆောင်းရာကနေ ဆရာကြီးရဲ့ အဖေက မစ္စတာရာမန်နှင့်အိမ်ထောင် ကျသွားတဲ့အကြောင်း ရောက်သွားပါတယ်။

ဒေါ်သိန်းသိန်းက သူတို့အဖေနဲ့ အမေ အိမ်ထောင်ကျတဲ့ အဖြစ်အပျက်ဟာ ရယ်စရာကောင်းကြောင်းကို ရယ်ရယ်မောမောနဲ့ ပြောပြပါတယ်။ ဒေါ်သိန်းသိန်းက–

> ကျွန်မတို့အမေက မိတ္ထီလာ လင်ဇင်းမှာနေတယ်။ ကျွန်မတို့အဖေက ပုလိပ်ရာဇဝတ်အုပ်။ သူက နေ့စဉ်လို မငြိမ်းလှတို့ ဈေးဆိုင်ရှေ့က ဖြတ်သွား ဖြတ်လာ လုပ်တတ်ပါတယ်။
>
> မငြိမ်းလှအမေက ဈေးဆိုင်ကလေး ထွက်တယ်။ အဲဒီလို ဖြတ်သွား ဖြတ်လာအလုပ်။ သည်မှာ တစ်ခါလည်းမဟုတ် တစ်ရက်လည်း မဟုတ်၊ နေ့စဉ်လို ဖြစ်နေတယ်။ အဲဒီအခါမှာ မငြိမ်းလှမိခင်က မစ္စတာရာမန်နဲ့ မငြိမ်းလှတို့ နှစ်ယောက်ကို မသကာ

ဖြစ်လာပါတယ်။ "ဒီကုလားနဲ့ နင်ကြိုက်နေလို့ ဒီလိုနေ့စဉ် ဖြတ်သွားဖြတ်လာ လုပ်နေတာ မဟုတ်လား" ဆိုပြီး စစ်ဆေးမေးမြန်းပါတယ်။

မငြိမ်းလှခမျာ မဟုတ်ရကြောင်း ဖြေကြားပါတယ်။ အဲဒီလို မစ္စတာရာမန် ဖြတ်သွားဖြတ်လာ လုပ်နေတာကိုလဲ မငြိမ်းလှက အပျိုအရွယ်ပေမယ့် သူ့ဟာ သူ့ ဆိုင်အလုပ် လုပ်နေတာကြောင့် ဂရုစိုက်မနေအားဘူး။ သူ့လမ်းရှိလို့ ဖြတ်သွားဖြတ်လာတာပဲဖြစ်မယ်လို့ အမှတ်တမဲ့ နေပါတယ်။ မစ္စတာရာမန် သွားလာတာကိုလဲ သတိမထားမိ။

ဒါပေမယ့် အမေလုပ်သူက ဒီလို မေးတော့မှပဲ၊ မစ္စတာရာမန် ဖြတ်သွားဖြတ်လာ လုပ်တာကို သတိထား ကြည့်မိတယ်။ မစ္စတာ ရာမန်ဟာ ထုံးစံအတိုင်း သွားရိုးသွားစဉ်၊ လာရိုးလာစဉ် သွားလာသော်လည်း မငြိမ်းလှတို့ ဆိုင်ရှေ့ရောက်ရင် မငြိမ်းလှကို ကြည့်ကြည့် သွားတာကို မငြိမ်းလှ အကဲခတ်မိ လိုက်ပါတယ်။

အဲဒီတော့ ဂရုမမူဘဲ အမှတ်မထင် နေခဲ့သည်ကိုပဲ "ကုလားနဲ့ နင်ကြိုက်နေလား"လို့ စွပ်စွဲနေတဲ့ အမေဟာ မငြိမ်းလှက အမေပြောတော့မှ ဂရုစိုက်အကြည့်၊ ဒါကို မိခင်က မြင်သွားပါတယ်။

တကယ်ကြိုက်နေကြတယ် ထင်ပြီး မငြိမ်းလှ မိခင်က "ဒီကုလားနဲ့မှ ကြိုက်ရလေသလား" ဆိုပြီး ထ,ရိုက်ပြန်တယ်။

ဒီလို ရိုက်တာ တစ်ခါနှင့်ပြီးလျှင် တော်ရဲ့တဲ့၊ ဒါပေမယ့် မပြီးဘူး၊ မစ္စတာရာမန်ကလည်း ထုံးစံအတိုင်း ဖြတ်သွားဖြတ်လာ လုပ်မြဲလုပ်ပါတယ်။ သူ့ကိစ္စနဲ့သူ သွားရိုးလာရိုးပါ။

ဒါပေမယ့် အမေလုပ်သူက နင်ကြိုက်လို့ ဒီလို အခေါက်ခေါက် အခါခါ ဖြတ်သွား ဖြတ်လာ လုပ်နေတာပေါ့။ ကဲ ကြိုက်ဦးဆိုပြီး ရိုက်ပြန်ပါတယ်။

အဲဒီလို ဖြတ်သွားဖြတ်လာနဲ့ ဆိုင်ရှေ့ရောက်တိုင်း အရိုက်ချည်းပဲ ခံနေရတော့တယ်။

"မဟုတ်ရပါဘူးရယ်လို့ ပြောလည်းမယုံ ဒီတော့ မယုံမယ့် အတူတူ ဒီကုလားနဲ့ လိုက်ပြေးသွားတာ ကောင်းပါတယ်"ဆိုကာ လိုက်ပြေးသွားတော့တာပဲတဲ့။

မစ္စတာရာမန်ကလဲ မြို့မျက်နှာဖုံးဖြစ်တယ်။ ပုလိပ်ရာဇဝတ်အုပ် ဆိုပေမယ့် အဲဒီဒေသမှာ အာဏာရှိပါတယ်။ ဘုရားထူးခံ မင်းမှုထမ်း ဖြစ်လို့ လူကြီးစုံရာနဲ့ လက်ထပ်ယူလိုက်ပါတယ်။

အစိုးရ အမှုထမ်း၊ ပုလိပ်ရာဇဝတ်အုပ်ဆိုတော့ ထိုက်သင့်သလို စားနိုင်သောက်နိုင် ပေးနိုင်ကမ်းနိုင်တဲ့ အဆင့်မျိုးမှာရှိ ဘုရားထူးခံလဲ ဖြစ်တော့ အဲဒီကုလားကို တစ်ဆွေလုံး တစ်မျိုးလုံးက ဝိုင်းချစ်နေကြ ပါတော့သတဲ့၊ မငြိမ်းလှ ချစ်စရာတောင် မကျန်တော့ဘူးဆိုပဲ။ ဒီလို ရိုးရိုးချစ်တာကို စိတ်ထဲတောင် မထားဘဲဖွင့်ဟပြီး ပြောသေးသတဲ့။

"ဟဲ့ ငြိမ်းလှ၊ နင့်ကုလားက ဒီလိုတော့လည်း မဆိုးပါလား ကွယ်တဲ့"

ဒေါ်ငြိမ်းလှက သူတို့ အိမ်ထောင်ကျသွားပုံကို သားသမီးများအား စကားစပ်မိတိုင်း ရယ်ရယ်မောမောနဲ့ ပြောပြလို့ သားသမီးများက သဘောကျကျ ရယ်မောကြရပါတယ်တဲ့။

ဒီအကြောင်းတွေကို ဒေါ်သိန်းသိန်းက ရယ်မောပြီး ကျွမ်းပြုသူကို စိကာပတ်ကုံး ပြန်ပြောပြတာတွေပါ။

ဒါဟာလည်း အုပ်ထိမ်းသူ မိဘများ သတိထားအပ်တဲ့ အချက်ပဲ၊ မဟုတ်ဘူးဆိုတဲ့ အထဲက ဟုတ်ကိုဟုတ်တယ်ဆိုပြီး၊ ဇွတ်ကိုင်နေတော့ သားသမီးတွေ အနေနဲ့ "ကဲ မဟုတ်ပါဘူး ဆိုပါလျက်နဲ့ မယုံရင်လည်း ထင်တဲ့အတိုင်း ဟုတ်အောင်လုပ်မယ်ဆိုတဲ့ မထူးတော့ စိတ်ဝင်သွားတတ်တယ်။

သားသမီးတွေရဲ့ ဘဝဟာ ရေတိမ်နစ်သွားတတ်တယ်။ ဒီမှာ ဒေါ်ငြိမ်း လှက ကံထူးတယ်လို့ ဆိုရပေမယ်။ လင်ကောင်းရလိုက်လို့ပေါ့၊ နို့မို့ရင်ဘယ်ဘဝ၊ ဘယ်စခန်းမှာ ဘယ်လို ဇာတ်မျိုးကပြီး၊ ဘဝနိဂုံး ချုပ်လေမလဲဆိုတာ တွေးပင်မတွေးဝံ့အောင်ပါပဲ။

ဆရာကြီးဖခင်က အိမ်ထောင်ဘက်အတွက် အမြော်အမြင်ရှိရှိ ရွေးချယ် အိမ်ထောင်ပြုခဲ့လို့လဲ မစ္စတာရာမန်ရဲ့ဘဝ တစ်သက်တာမှာ စိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်းရှိရှိ နေထိုင်သွားခဲ့ရတယ်၊ ရတဲ့လစာကလေးနဲ့ မိသားစုများတဲ့ အိမ်ထောင်စုကြီးကို ဒေါ်ငြိမ်းလှက စနစ်တကျ ကွပ်ကဲထိန်းသိမ်းခဲ့တယ် ဆိုတာရယ်၊ ပြီးတော့ အိမ်ထောင်စုကြီး တစ်ခုလုံးကိုလဲ ဆရာကြီးဖခင် ကွယ်လွန်ပြီးနောက် သားသမီးတွေကို ရင်အုပ်မကွာ ထိန်းသိမ်းပြုစု စောင့်ရှောက်

ခဲ့တယ်၊ အိမ်ထောင်ရှင်မတစ်ဦးရဲ့ ကောင်းမြတ်တဲ့ ကြန်အင်လက္ခဏာတစ်ရပ် ဖြစ်တယ်လို့ဆိုရပါမယ်။ ဒေါ်ငြိမ်းလှဟာ ခင်ပွန်းကို လိုလေသေးမရှိအောင် ပြုစုပေးသလို သားသမီးများကိုလဲ လူတော်လူကောင်းကလေးတွေ ဖြစ်လာဖို့ ထိန်းသိမ်းလေ့ကျင့် ပေးခဲ့တယ်။ ပြောရရင် လင့်ဝတ္တရား၊ မိဘဝတ္တရား ကျေပွန်သူလို့ ဆိုရပါမယ်။

မိဘဝတ္တရားကို လိုလေသေး မရှိအောင် ကျင့်ကြံဆောင်ရွက်ပေးခဲ့လို့ သားသမီးတွေကလဲ မိဘကို ရိုသေကြကြောင်း သိရပါတယ်။

အမေဟာ အသက် ၉၀ ထိ နေသွားရတယ်။ ဘယ်သားသမီး တွေက ဆိုးလို့ အမေဖြင့် မျက်ရည်နဲ့ မျက်ခွက် မနေခဲ့ရဘူး၊ အမေဟာ ကုသိုလ် ကောင်းရှာတယ်လို့ ဆရာကြီးညီမ ဒေါ်ရန်က စာရေးသူကို ပြောပြခဲ့ဖူးပါတယ်။

ဆရာကြီးမိခင် ဒေါ်ငြိမ်းလှဟာ ဘဝပေး ကုသိုလ်ကံပဲကောင်းလို့လား၊ အိမ်ထောင်ဖက် အရွေးမှန်ခဲ့လို့ပဲလား မပြောတတ်။ ဒေါ်ငြိမ်းလှဆိုတဲ့ နာမည်နဲ့ လိုက်ညီအောင် အိမ်ထောင်ကြီးကို ငြိမ်းချမ်းအောင် ကွပ်ကဲထိန်းသိမ်းနိုင်ခဲ့ ကြောင်း သိရပါတယ်။

မစ္စတာရာမန်ဟာ ဒေါ်ငြိမ်းလှနဲ့ လက်ထပ်ပြီးတဲ့နောက် ချစ်ဇနီးချောကို အရေးကြီးသည့် သတိပေးစကားကို မှာကြားတာက–

"ငါတို့အစိုးရအလုပ်မှာ အောက်ဆုံး ရုံးပြာတာ (ရုံးလုလင်) ကစပြီး၊ ထိပ်တန်း အရာရှိချုပ်အထိ၊ လုပ်ကိုင်နေတဲ့ အစိုးရဝန်ထမ်း တွေဟာ ကုန်ကုန်ပြောရင် လာဘ်ပေးလာဘ်ယူမှုပေါ် အမိကမှိုခို ရပ်တည်နေကြရတာ ဖြစ်တယ်။ အင်္ဂလိပ်အစိုးရ လုပ်သူက သူ့တွက် အလုပ်လုပ်ပေးသူတွေကို မလွှဲမရှောင်သာ အလုပ်ခန့်တယ်။ ဒီအလုပ် သမားတွေ ဝန်ထမ်းတွေ မရှိရင်လဲ၊ သူ့အလုပ်ပြီးမှာ မဟုတ်ဘူး၊ ဒီဝန်ထမ်းတွေကို တကယ်က ပိုက်ဆံတစ်ပြား တစ်ချပ်မှ မပေးချင်ဘူး။ မပေးရင်လဲ ကိုယ့်ထမင်းကိုယ်စားပြီး ယောင်းမန္တား ဘယ်သူကျောင်းပေး မလဲ။

"အဲဒါကြောင့် မလွှဲမရှောင်သာ လခပေးထားရတယ်။ လခပေးပြန်လဲ ဝမ်းဝလို့ ခါးကမလှ၊ ခါးလှလို့ ဝမ်းကမဝ၊ ဒီလို မလောက်မင ပေးထားတယ်။ လခကြီးကြီး ရပေမယ့် မလောက်ဘူး။ ကျားကြီးတော့ ခြေရာကြီးတယ် ဆိုသလိုပဲ။

"ဒီတော့ ဒီ အစိုးရ ယန္တရားမှာ လုပ်တဲ့ ဝန်ထမ်းကြီးငယ်ဟာ လာဘ်ပေး လာဘ်ယူမှုအပေါ် အဓိကထားပြီး ရပ်တည်နေရတာ ဖြစ်တယ်။ တို့ ပုလိပ်အဖွဲ့ကျတော့ ဆိုးတာပေါ့။ ငွေညှစ်တဲ့နေရာမှာ လာဘ်ပေးလာဘ်ယူတဲ့ နေရာမှာ ပုလိပ်အဖွဲ့ဟာ အဆိုးဆုံးဖြစ်တယ်လို့ မှတ်တမ်းတင်ခြင်း ခံထားရတယ်။ လာဘ်ပေးလာဘ်ယူမှု နေရာမှာ နံပါတ်(၁)လို့ တိုင်းပြည်က ခံယူထားတယ် "ငိုစား ရယ်စားပုလိပ်သား" ဆိုပြီး တိုင်းပြည်က စာစပ်ပြီး သရော်ထားတယ်၊ ခနဲ့ထားတယ်။

"လခနည်းတာချင်းတူတူ. သူများသားမယား မျက်ရည်ကြီး ငယ်ကျမှ ကိုယ့်သားမယား ဝမ်းဝ ခါးလှတဲ့ ပုလိပ်ဆိုရင် လူထုက အော့ကြောလန်နေတော့ ဒီလူထု မေတ္တာတုံးနေတဲ့ ပုလိပ်ထဲ တို့လင်မယား မပါအောင် လုပ်ဖို့ မင်းမှာ တာဝန်ရှိတယ်။

"ဒါက ဘယ်လိုလဲဆိုရင် လူတွေက သူတို့အမှုအတွက် လာဘ်ပေး လာမယ်၊ ငါက လာဘ်မယူဘူးဆိုတာ လူတွေက သိနေတော့ နင့်ဆီ နောက်ပေးချောင်ကနေ ဝင်မယ်၊ နောက် မျက်နှာချိုသွေးမယ်၊ အဝတ်အစားတွေ၊ စားစရာတွေ ငွေတွေ၊ ရွှေတွေ၊ စိန်တွေလာပေးမယ်။ ဒါတွေဟာ စေတနာရှိလို့ လာပေးတာ မဟုတ်ဘူး။ မျက်နှာချိုသွေးပြီး လာဘ်ပေးတာ ဖြစ်တယ်။

အမှုအတွက် လာပေးတာ ဖြစ်တယ်။ ဒီလာဘ်အဖြစ်နဲ့ လာပေးတဲ့ ပစ္စည်းတွေကို စားမိရင် တို့မှာ အပြစ်ရှိတယ်။ အစိုးရက သိရင် အပြစ်ပေးမယ်။ နောက်ဆုံး အလုပ်ပြုတ် ထောင်ကျမယ်။ ဘာသာရေး ဘက်က ကြည့်ရင်လဲ မသန့်ရှင်းတဲ့ ပိုက်ဆံ မသန့်ရှင်းတဲ့ အစားအစာမို့ အပြစ်ရှိတယ်။ အဲဒါကြောင့် မင်းအနေနဲ့ ဒီလာဘ်ကို မယူရဘူး။

အစိုးရအမှုထမ်းတစ်ဦးက ရုံးကိစ္စနဲ့ ပတ်သက်ပြီး သိလို့ပဲဖြစ်ဖြစ် မသိလို့ပဲဖြစ်ဖြစ်၊ ကုန်ကုန်ပြောမယ်ကွယ် သူများတိုက်တဲ့ လက်ဖက် ရည်တစ်ခွက် သောက်မိရင် သူ့ကို လက်ဖက်ရည်တစ်ခွက်ဖိုး ကျေးဇူး တင်ရမယ်။ လုပ်ငန်းပေါ်မှာ လက်ဖက်ရည် တစ်ခွက်ဖိုးထက် မက သစ္စာဖောက်ရမှာပဲ။ အခု မဟုတ်တောင် တစ်နေ့နေ့မှာ အဲဒီ လက်ဖက်ရည်တစ်ခွက်ထက် မကတဲ့ တန်ဖိုးရှိတဲ့ အဲဒီလူရဲ့ ကိုယ်ကျိုး စီးပွားအတွက် အလုပ်တစ်ခုခု ပြန်လုပ်ပြီး ပြန်ပေးရမယ်။ အစိုးရက

ကန့်သတ်ထားတဲ့ဘောင်အတွင်းက အလုပ်မျိုးဆိုရင် လုပ်ပေးလိုက်ရလို့ ကိစ္စမရှိဘူး။ ဒါပေမယ့် ဥပဒေဘောင်နဲ့ မကိုက်တဲ့ အလုပ်ကို လုပ်ကိုင်ပေးလိုက်မိမယ်ဆိုရင် လက်ဖက်ရည်တစ်ခွက်ကြောင့် ဒုက္ခလှလှကြီး ရောက်မယ်။ ပြီးတော့ ကိုယ့်ကို ထမင်းကျွေးထားတဲ့ မူလအလုပ်ရှင်ပေါ် သစ္စာဖောက်ရာကျတယ်။

တကယ်လို့ မင်းအနေနဲ့ မသိလို့ဘဲဖြစ်ဖြစ် သိလျက်နဲ့ဖြစ်ဖြစ် လာဘ်ယူရင် မင်းနဲ့ငါအိုးစားကွဲပြီလို့သာမှတ်။ ကုန်ကုန်ပြောမယ်ဟေ့၊ သူများက ငှက်ပျောသီးတစ်ခိုင် တစ်ဖီးမပြောနဲ့ တစ်လုံးတလေ လာပေးတာကိုတောင် လက်ခံယူလိုက်တာ ငါသိရင် မင်းနဲ့ငါ ကွာရှင်းပြီးသားလို့သာ မှတ်ပေတော့”* ၁

အဲဒီစကားတွေကို ပုလိပ်ရာဇဝတ်အုပ် မစ္စတာရာမန်က ပူပူနွေးနွေး ရခါစ ဇနီးကို ရှည်လျားထွေပြားတဲ့ အသိတွေပေး မှာကြားခဲ့ပါတယ်။

မစ္စတာရာမန်ဟာ ဒီလာဘ်ပေးလာဘ်ယူမှုကို ရွံရှာမုန်းတီးသူ ဖြစ်တယ်။ သူ့လိုပဲ သူ့ဘဝကြင်ဖော် အိမ်သူကိုလဲ လာဘ်ပေးလာဘ်ယူလုပ်ငန်းကို မုန်းတီး စေချင်သူပါတဲ့။

နယ်ချဲ့အင်္ဂလိပ် အစိုးရရဲ့ ယန္တရားကြီး တစ်ခုလုံး နယ်ချဲ့အစိုးရရဲ့ အကျိုးစီးပွားတစ်ခုလုံး၊ နယ်ချဲ့ဓနရှင် ကုမ္ပဏီကြီးတွေရဲ့ အကျိုးစီးပွား တစ်ခုလုံးကို စစ်တပ်ပုလိပ်တပ်တွေက ကာကွယ်ပေးနေရတယ်။ ဒါပေမယ့် နယ်ချဲ့အစိုးရ၊ နယ်ချဲ့ကုမ္ပဏီတွေ၊ စက်ရုံအလုပ်ရုံစသော နယ်ချဲ့ အကျိုးစီးပွားရေးတွေကို ချက်ချင်း ကာကွယ်ပေးရသူက ပုလိပ်အဖွဲ့၊ ပုလိပ်အဖွဲ့နဲ့ပဲ ဦးတိုက်တွေ့ရတယ်။ ဒါကြောင့် လောလောဆယ်မှာ ပုလိပ်အဖွဲ့ကို အဓိက အားကိုး နေရတယ်။

နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းကို လုပ်နေတဲ့ ပြည်သူတွေနဲ့ ရင်ဆိုင်ရသူဟာလဲ၊ ပုလိပ်အဖွဲ့ဖြစ်တယ်။ ဒါကြောင့်လဲ ပုလိပ်အဖွဲ့ကို ပြည်သူက နယ်ချဲ့လက်တိုင်တုတ်နံပါတ် (၁)ဆိုပြီး မှတ်တမ်းတင်ထားတယ်။

ပြီးလာဘ်ပေးလာဘ်ယူတဲ့ နေရာ ငွေညှစ်တဲ့နေရာမှာလဲ ပုလိပ်အဖွဲ့က အဆိုးဆုံးဖြစ်လို့ အော့နှလုံးနာနေကြတယ်။ အော့ကြောလန်ကြတယ်။ ဒါကြောင့် အင်္ဂလိပ်နယ်ချဲ့ခေတ်က ပုလိပ်အဖွဲ့နဲ့ ပတ်သက်ပြီး စာဖွဲ့ထားတာက–

---

* ၁ ဆရာကြီးညီမ ဒေါ်ရန်နဲ့ ခေတ်မြန်ပုံနှိပ်တိုက်ပိုင်ရှင် ဦးကိုကိုကြီးရဲ့ ပြောပြချက်များမှ

(၁) မိန်းမပျင်းရင် ကွပ်
ယောကျ်ားပျင်းရင် ပုလိပ်
(၂) ငိုစား-ရယ်စား- ပုလိပ်သား
(၃) သူ့သားမယား မျက်ရည်ကျမှ ကိုယ့်သားမယားဗိုက်ဝ-

အဲဒီလို စာချိုးထားတာကိုလဲ ပုလိပ်ရာဇဝတ်အုပ် မစ္စတာရာမန်က သိတယ်။ ဒါကြောင့် သူက အဲဒီ ပုလိပ်အဖွဲ့ထဲက ထူးထူးခြားခြား လမ်းခွဲထွက်တယ်။

အင်္ဂလိပ်အစိုးရ ဝန်ထမ်းတွေဟာ လာဘ်ပေး လာဘ်ယူမှုပေါ်မှာ ရှင်သန်နေရတယ်ဆိုတာ သူသိတယ်။ အများ မိုးခါးရေ သောက်နေကြပေမယ့် သူက ရှောင်ခဲ့တယ်။

မီးဖိုချောင်မှာ အဲဒီလိုလာဘ်ပေးလာဘ်ယူမှုတွေနဲ့ အလုပ် ဖြစ်လေ့ရှိတယ်ဆိုတာ သက်ဆိုင်ရာ အိမ်ဦးနတ်တွေက သိတန်သလောက် သိကြပါတယ်။ ဒါပေမယ့် မသိကျိုးကျွံဟန် ပြုနေကြတယ်။ မမြင်ဟန် မသိဟန် မကြားဟန် ဆောင်ထားကြတယ်။

ဒါပေမယ့် မစ္စတာရာမန်နဲ့ ဒေါ်ငြိမ်းလှတို့ကတော့ ဒီအမျိုးအစားထဲမှာ မပါတဲ့ ဇနီးမောင်နှံပါ။ မစ္စတာရာမန်နဲ့ ဒေါ်ငြိမ်းလှတို့မှာ သားသမီး ၁၃ ယောက်ထိ ရခဲ့ပါတယ်။

| | | |
|---|---|---|
| (၁) | ဦးအိစမ်အင်ခေါ် ဦးစံဦး | ကွယ်လွန် |
| (၂) | လေးလသား၊ယောကျ်ားကလေး | ကွယ်လွန် |
| (၃) | ဒေါ်မျိုး | ကွယ်လွန် |
| (၄) | ဆရာကြီးဦးရာဇတ် | ကွယ်လွန် |
| (၅) | ဘာဘူလေး | ကွယ်လွန် |
| (၆) | ဒေါ်ရန် (အမှတ် ၄၀၂/၈လမ်း၊ မန္တလေး) | ကွယ်လွန် |
| (၇) | ဆရာဦးဘကြူး (အမျိုးသားကျောင်း အလယ်တန်းပြဆရာ၊ မန္တလေး) | ကွယ်လွန် |
| (၈) | ဦးဘမူ(ဘထူးအားကစားကွင်း အလုပ်လုပ်) | ကွယ်လွန် |
| (၉) | သားတစ်ဦး | ကွယ်လွန် |
| (၁၀) | ဦးဘတူ | ကွယ်လွန် |
| (၁၁) | ဦးဘသော် (ဒေါ်ရန်နဲ့အတူ-၈လမ်းမှာနေ) | ကွယ်လွန် |
| (၁၂) | ဦးဘကျော် (ရဲမင်းကြီးရုံး၊စာရေးကြီး၊ မန္တလေး) | ကွယ်လွန် |
| (၁၃) | ဒေါ်သိန်းသိန်း (ရန်ကုန်၊ကုန်သွယ်ရေး-၁၃အငြိမ်းစား) | ကွယ်လွန် |

သားသမီး ၁၃ ဦးအနက် အသက်ရှင်ရှိနေသူများမှာ ခြောက်ဦးသာ ရှိပါတယ်။ ဒေါ်ရန်၊ ဆရာဦးဘကြူး၊ ဦးဘမူ၊ ဦးဘသော်၊ ဦးဘကျော်နဲ့ ဒေါ်သိန်းသိန်းတို့ ခြောက်ဦးတို့ ဖြစ်ပါတယ်။ ၁

ဆရာကြီး ဦးရာဇတ်က စတုတ္ထမြောက်သား ဖြစ်ပါတယ်။

## နာမည်ငါးမျိုး

ဆရာကြီးကို ၁၂၅၉ ခု၊ ပြာသိုလဆုတ် (၄) ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၈၉၈ ခု၊ ဇန်နဝါရီလ (၂၀)ရက်၊ (တနင်္လာနေ့) မှာမွေးတယ်။ ဆရာကြီးရဲ့ မွေးဇာတိက မိတ္ထီလာ ဖြစ်ပါတယ်။ ၂

ဆရာကြီးမှာ နာမည် ငါးမျိုးရှိတယ်၊ အစ္စလာမ်နာမည်က အဗ္ဗဒူလ် ရာဇတ်၊ မြန်မာနာမည်က မောင်မောင်ကြီး၊ နောက်အရပ်ကပေးတဲ့ နာမည်က ဘာဘူကြီး၊ သူ့မောင်နှမတွေခေါ်တဲ့ နာမည်က ရန်ကုန်ကိုကိုလေး၊ ကျောင်းသား တွေပေးတဲ့နာမည်က မွတ္တား။

ဘာဘူကြီးဆိုတဲ့နာမည်ကို ကော်မရှင်နာ ဦးဆက် ရဲ့မိခင် ဒေါ်ခိုင်ခိုင်က ပေးခဲ့တဲ့နာမည်ပါ၊ ဆရာကြီး ငယ်စဉ်က ဝဝတုတ်တုတ်ရယ်ဖြစ်လို့ ဘာဘူ ကုလားကြီးနဲ့ တူလို့တဲ့၊ ဘာဘူကြီးဆိုတာ အများအားဖြင့် ချမ်းသာတဲ့ မရဝါဒီလူမျိုး အိန္ဒိယသားကို ခေါ်ဆိုခြင်းဖြစ်တယ်။ အများအားဖြင့် ချမ်းသာတဲ့ မရဝါဒီ ဘာဘူကုလားများဟာလဲ ဗိုက်ရွဲရွဲနဲ့ ဝဝဖိုင့်ဖိုင့်တွေပဲ များတယ်။ အဲဒါကြောင့် ဒေါ်ခိုင်ခိုင်က ဘာဘူကြီးလို့ ချစ်စနိုးနဲ့ အမည်ပေး ခဲ့တယ်လို့ ဆိုတယ်။

အဲဒီနာမည်က တွင်ခဲ့တယ်။ ဆရာကြီးကိုယ်တိုင်လဲ၊ ကလေးမို့ ဒီနာမည်ကို သဘောကျဟန်တူတယ်။ သူစကားပြောရင် "အမေ ဘာဘူကြီး

---

၁။ ကျမ်းပြုသူ ၁၉၆၇ ခု၊ ဧပြီလထဲတွင် မန္တလေးသို့ ဆရာကြီး ဦးရာဇတ်နဲ့ ပတ်သက်ပြီး အချက်အလက်များကို စုရန် ရောက်ခဲ့ပါတယ်။ ဒီအချိန်က ဆရာကြီးရဲ့ ညီအစ်ကို မောင်နှမများဟာ သက်ရှိထင်ရှား ရှိနေပါသေးတယ်။

၂။ ၂၁ ကြိမ်မြောက် မမေ့နိုင်တဲ့ ဇူလိုင် ၁၉ ရက်နေ့မှာ ထုတ်ဝေတဲ့ စာအုပ် စာမျက်နှာ ၂၁ မှာ ဆရာကြီးဟာ ကြာသပတေးသားလို့ ဖော်ပြထားတယ်။ ပြီး တက္ကသိုလ်ကထိက ဒေါက်တာခင်မောင်ညွှန့်က ဆရာကြီးနဲ့ပတ်သက်တဲ့ A Tribute To My Great Neighbour ဆိုတဲ့ အင်္ဂလိပ်လို ရေးသားထုတ်ဝေတဲ့ ဂါးဒီးယန်းသတင်းစာ ဆောင်းပါးမှာ ကြာသပတေးသားလို့ ရေးသားထားပါတယ်။ အမှန်မှာ တနင်္လာသားပဲ ဖြစ်တယ်လို့ ဒေါ်ရန်နဲ့ ဆရာဦးထွန်းမောင်တို့ ပြောပြပါတယ်။

ကလေ ဘာဘူကြီးကလေ”ဆိုပြီး ပြောလေ့ရှိတယ်။ သူ့ကိုယ်သူ ကျွန်တော် ကလေ ရာဇတ်ကလေဆိုတဲ့ အပြောမျိုး မသုံးခဲ့ဘူးတဲ့၊ သူ့မိခင်ကလဲ ဘာဘူကြီးလို့ပဲ ချစ်စနိုးခေါ်ခဲ့တယ်။

သူ့သူငယ်ချင်းဖြစ်တဲ့ ဦးခင်မောင်လတ် (ဆပ္ပလိုင်း ခေါ်ဖြန့်ဖြူးရေး မင်းကြီးဟောင်း ကွယ်လွန်)က ဆရာကြီး ဝန်ကြီးဖြစ်တဲ့အထိ ဘာဘူကြီး လို့ ခေါ်ခဲ့တယ်။

ဆရာကြီးအထက်မှာ အစ်ကိုတစ်ယောက်ရှိတယ်။ အဲဒီအစ်ကိုကို “ကိုကြီး” လို့ ခေါ်ပြီး ဆရာကြီးကိုတော့ ရန်ကုန်ကိုလေးလို့ သူ့ညီမတွေက ခေါ်တယ်။ ဘာကြောင့်လဲဆိုတော့၊ ဆရာကြီးက စာတော်တယ်။ ရန်ကုန်တက္ကသိုလ်မှာ တက်ရောက်ပညာသင်ကြားရသူမို့ ရန်ကုန်ကိုလေး။ ရန်ကုန်ကိုလေးလို့ခေါ်တာ ရှည်လို့ ရန်ကိုလေးလို့ခေါ်လာကြတယ်။

(မန္တလေးသားတွေက အခြားမြို့သားတွေနဲ့မတူဘူး၊ စကားကို အကျဉ်းချုပ်ပြီး ခေါ်လေ့ရှိတယ်။ “နန်းတော်ရှေ့ရပ်”ဆိုရင်၊ “နန်းရှေ့ရပ်”လို့ခေါ်တယ်။ ရန်ကုန်က “ရှေ့မှတ်တိုင်ပါတယ်”လို့ ဘတ်စ်ကားစီး ခရီးသည်က သုံးတယ်။ မန္တလေးက “ရှေ့တိုင်ပါတယ်ဆိုပြီး သုံးတယ်။ မန္တလေးက တိုတိုနဲ့ စကားကို ချုံ့ခေါ်တယ်။ စာရေးသူ)

မောင်မောင်ကြီးဆိုတဲ့ နာမည်ကတော့ အခေါ်အပြုနည်းလို့ မောင်မောင်ကြီးဆိုတဲ့ ဆရာကြီးရဲ့နာမည်ကိုတောင် မေးယူရမတတ်ပဲ၊ ဒါပေမယ့် မောင်မောင်ကြီးဆိုတဲ့ နာမည်ကို နောင်မှခေါ်လာကြတာပါ။ ယခုခေတ်စကားနဲ့ ပြောရရင် သူ့မှတ်ပုံတင်နာမည်က အဗ္ဗဒူလ်ရာဇတ်ပဲလို့ ပြောရပါမယ်။

မွတ္တားဆိုတာက ကုလားစကား၊ လူဝကြီးကိုကုလားလို မွတ္တားလို့ ခေါ်တယ်။ ဆရာကြီးက ကုလားကပြားလဲဖြစ်၊ ဝလဲဝသူမို့ ကျောင်းသားတွေက မွတ္တားလို့ ဆရာကြီးနောက်ကွယ်မှာခေါ်တယ်။ သူတို့ချင်း သိလွယ်တဲ့ နာမည်တစ်လုံးပဲ၊ ဉပမာကျောင်းထဲမှာ စီးကရက်သောက်လို့ပဲဖြစ်ဖြစ် ကျောင်း စည်းကမ်းနဲ့ မညီတဲ့လုပ်ရပ်တစ်ခုခု လုပ်နေချိန်ဆရာကြီး ခပ်လှမ်းလှမ်းက လာတာ မြင်လိုက်သူက “ဟော့ –ဟော့ မွတ္တားလာပြီ”လို့ ခပ်အုပ်အုပ်ကလေး ပြောလိုက်တာနဲ့ တစ်ချိုးထဲ လစ်ကြတယ်။

ဒေါက်တာခင်မောင်ညွန့်ကတော့ အထက်ပါသူ့ရဲ့ဆောင်းပါးမှာ မွတ္တားကို အင်္ဂလိပ်လို Saya Wa Gyi (Big bulky master) လို့၊ ကျောင်းသားတွေက ခေါ်ကြတယ်လို့ ရေးသားထားပါတယ်။ ဆရာ

"ဝကြီး"ဆိုတာက၊ မြန်မာစကား၊ မွတ္တားဆိုတာက ကုလားစကား အဓိပ္ပာယ်က တူတူပါပဲ။

**ကလေးဘဝ**

ဆရာကြီးဖခင်ဟာ မိတ္ထီလာကနေ မန္တလေးပြောင်းလာတော့ ပုလိပ်အင်စပက်တော် ဖြစ်နေပါပြီ၊ မန္တလေးနန်းတော်ရှေ့အရပ်မှာ သီးသန့်အိမ်နဲ့နေရတယ်။ နန်းတွင်းဌာန၊ မင်္ဂလာဥယျာဉ်ဌာနနဲ့၊ အိုးဘိုဌာန၊ ပေါင်း (၃)ဌာနကို အိုင်ပီခေါ် ပုလိပ်အင်စပက်တော်တစ်ဦးက အုပ်ချုပ်ရတယ်။

မန္တလေးရုံးကြီးရဲ့ အရှေ့ဘက်မြောက်ဌာနမှာ အလုပ်ဆင်းနေချိန်ဖြစ်တယ်။ မိခင်ဒေါ်ငြိမ်းလှက တစ်နေ့ ဈေးသွားတယ်။ အိမ်မှာ ဆရာကြီးနဲ့၊ သူ့အစ်ကိုရယ်ပဲ ရှိတယ်။ ဈေးအသွားမှာ ပုဏ္ဏားဗေဒင် ဦးကပိက "ခင်ဗျားသား ဒီရက်အတွင်း အချုပ်ခံရစရာ ရှိတယ်"လို့ ဟောလိုက်တယ်။

ဒါကို ဒေါ်ငြိမ်းလှက "မဟုတ်မဟတ် ပြောရကောင်းလား"ဆိုပြီး၊ မကျေမနပ်ဖြစ်ပြီး အိမ်ပြန်လာတယ်။ အိမ်ရောက်တော့ ကလေးတွေကို မတွေ့ဘူး၊ ဝါတ်အောက်မှာလဲမတွေ့ဘူး၊ ဒါနဲ့ ပုလိပ်သားတွေကို စိုးရိမ်စိတ်နဲ့ မေးကြည့်လိုက်တယ်။ ပုလိပ်သားက ညီအစ်ကို နှစ်ယောက် ရန်ဖြစ်ကြတယ် ဆရာ (တိုက်ပိုင်-မစ္စတာရာမန်)က၊ ရန်ဖြစ်ရကောင်းလားဆိုပြီး အချုပ်ထဲ ထည့်ထားလိုက်လို့ ပြောတာနဲ့ နှစ်ယောက်စလုံးကို အချုပ်ထဲထည့်ထားရကြောင်း ရှင်းပြလိုက်တယ်။

မိခင်ဒေါ်ငြိမ်းလှလဲရင်ဘတ်ဖိရင်း "ဖြစ်ရလေတော်"ဆိုပြီး ညည်းတွားမိတယ်၊ "အင်း-ဗေဒင်ဆရာကလဲ မှန်လိုက်လေခြင်း"လို့ ချီးကျူးလိုက်သေးတယ်။ ငိုအားထက် ရယ်အားသန် ဆိုသလိုဖြစ်ရတယ်။

စာမေးပွဲဖြေဆိုပြီး၊ ညီအစ်ကိုနှစ်ယောက် လျှောက်လာကြတယ်။ အပြန်မှာ သရက်သီးနူးပြီး၊ စာမေးပွဲအောင်မအောင် ဗေဒင်ကို ဥာဏ်ပူဇော်ခပေးပြီး ကြည့်တယ်၊ ဆရာကြီးတစ်ယောက်ထဲပဲ အောင်မယ်လို့ ဟောလိုက်တယ်။ ဗေဒင်ဆရာကို သရက်သီးတွေ ပေးခဲ့တယ်။ ဟောတဲ့အတိုင်း၊ ဆရာကြီး ဦးရာဇတ်ပဲ အောင်တယ်။

တစ်ခါကလဲ ဦးကျော်ညွန့် (အငြိမ်းစားနယ်ပိုင်ဝန်ထောက်)(ပြင်ဦးလွင်) က ဗေဒင်ဆရာ ဘုတလင် ဦးအုံကြီးဆီ သွားမေးတယ်။ မွေးဇာတ်ကို ကြည့်ပြီး ဟောသတဲ့၊ "ဇာတာရှင်" (ဆရာကြီး ဦးရာဇတ်)ဟာ၊ မြန်မာပြည်မှာ ဟိုးလေးတကျော်ဖြစ်မယ့် ပုဂ္ဂိုလ်ပဲ၊ ဒါပေမယ့် သူများလက်ချက်နဲ့ ကွယ်လွန်

ရလိမ့်မယ်လို့ အတိအကျ ဟောလိုက်တယ်။

ဒီလိုပဲ ဆရာကြီးနဲ့ ပတ်သက်ပြီး ဟောသမျှဗေဒင်တွေက မှန်နေတာဟာ ဆရာကြီးရဲ့မိဘက ဆရာကြီးမွေးနေ့၊ အချိန်၊ နေ့ညာ၊ နာရီ၊ ရက်လ၊ နှစ်တွေကို အတိအကျ မှတ်သားထားလို့ ထင်တယ်ဆိုပြီး ဦးကျော်ညွန့်က သူ့ထင်မြင်ချက်ကို ပြောပြခဲ့ဖူးတယ်။

ခြောက်နှစ်သားအရွယ်မှာ မောင်ရာဇာတ်ဟာ မန္တလေးမြို့ ဝက်စလီ မိန်းကလေးကျောင်းမှာ စတင်ပညာသင်ကြားခဲ့တယ်။ ပဥ္စမတန်းရောက်တော့ ဝက်စလီ ယောကျ်ား ကလေးကျောင်းကို ပြောင်းရွှေ့ပြီး ပညာဆက်သင်ရတယ်။ အဋ္ဌမတန်း ရောက်တဲ့အခါ ပညာထူးချွန်မှုကြောင့် နဝမတန်းကို ကျော်ပြီး ဒသမတန်းကို တင်ပေးရတယ်။ ၁၉၁၂ နှစ်မှာ တက္ကသိုလ်ဝင်အတန်းကို အောင်မြင်ခဲ့တယ်။ အဲဒီနှစ်မှာ ရန်ကုန်တက္ကသိုလ်မှာ ပညာဆက်သင်တယ်၊ ဝိဇ္ဇာတန်းကိုရောက်တဲ့အခါ အင်္ဂလိပ်စာဂုဏ်ထူးတန်းမှာ တက်ရောက် ပညာ သင်ကြားရတယ်။ (ကျောင်းက တစ်နှစ် အထုတ်ခံရပြီး ကျောင်းပြန်တက်ခွင့် ရတော့ ဘီအေရိုးရိုးအတန်းပဲ ပြန်တက်ရတယ်။ အင်္ဂလိပ်စာဂုဏ်ထူး ယူခွင့်မရတော့ဘူး)

၁၉၁၆ ခုနှစ်မှာ ဘီအေတန်း စာမေးပွဲဖြေဆိုရပါမယ်၊ စာမေးပွဲ မဖြေဆိုခင် စာကျက်ချိန်တစ်လ ရတယ်၊ ဆရာကြီး မိဘများက အိမ်ပြန်လာပြီး စာကျက်ဖို့ မှာတယ်၊ ဒါပေမယ့် ဆရာကြီးက ကျောင်းမှာပဲအဖော်တစ်စုနဲ့ အတူ ဆက်နေရင်း စာကြည့်ပါရစေလို့ လှမ်းပြီး ခွင့်တောင်းတယ်၊ မိဘက ခွင့်ပြုတော့မှပဲ ရန်ကုန်တက္ကသိုလ်အဆောင်မှာနေရင်း စာကြည့်နေတယ်။

တချို့ကျောင်းသားတွေဟာ မိဘဆီ "ဘယ်အတွက် ငွေဘယ်လောက် ကုန်မယ်၊ စာအုပ်ဖိုးက ဘယ်လောက်ကျတယ်။ ဒီအပတ် အကုန်အကျများမှာမို့ ခါတိုင်းပို့နေကျထက် ငွေဘယ်၍ဘယ်မျှ ပိုပို့ပေးပါ"ဆိုပြီး မိဘဆီ အကြောင်း အမျိုးမျိုးပြ ပိုက်ဆံတောင်းလေ့ရှိတယ်။ မိဘကတော့ သားပြောစကားယုံပြီး "ဟုတ်ရှာမှာပါ ကျုပ်သားလေးတောင်းတာ မြန်မြန်ပို့ပေး လိုက်ပါတော်"ဆိုပြီး လင်တော်မောင်ကို အပူတပြင်း တိုက်တွန်း တတ်ကြတယ်။

တချို့လင်ယောကျ်ားတွေက ချိန်ချိန်ဆဆ သားမှာတဲ့ ငွေဟာ ယုတ္တိရှိနိုင် မရှိနိုင် ချင့်ချိန်တတ်တယ်။ အဲဒါမျိုး တောင်းသလောက် မပို့သင့်ဘူးလို့ လင်သားက ပြောရင် "ရှင့်နှယ်တော် ကိုယ့်သားလေးက တကယ်လိုလို့ တောင်းတာ၊ ကျုပ်သားလေး စိတ်ဆင်းရဲနေပါဦးမယ်၊ တောင်းသလောက်ပို့မှာ

သာ မြန်မြန်ပို့စမ်းပါ"ဆိုပြီး နားပူနားဆာ လုပ်ကြတတ်တယ်။

ဒီတော့ လင်ဖြစ်သူက သားတောင်းတဲ့ ငွေဟာ သားအသုံးအတွက်လား အဖြုန်းအတွက်လားဆိုတာ ယောကျ်ားပီပီ ငယ်ရာက ကြီးလာသူမို့ ကြိုတင် ခန့်မှန်းနိုင်ပေမယ့် မယားကြောက်ရလို့ပဲဆိုချင်ဆို မယားနားပူနားဆာ လုပ်မှာကို "ဝမ်းပူတာ ခံချင်တယ်၊ နားပူမှာတော့ မခံနိုင်" နားငြီးသက်သာရင်ပြီးရော ဆိုတဲ့ သဘောနဲ့ သားတောင်းတဲ့ ငွေကို ပို့ရတာချည်းပါပဲ၊ တချို့ကျတော့လဲ သားတောင်းတာထက်တောင် ပိုပို့လိုက်တတ်သေးတယ်။ တချို့မိခင်ကျတော့လဲ လင်မသိအောင် တိတ်တိတ် သားဆီကို ပို့ရတာမျိုးလဲရှိတယ်။

မိဘက မြို့ကြီးမှာ သားမျက်နှာ မငယ်ရအောင် ပညာသင်ကြားရာမှာ အနှောင့်အယှက် မရှိအောင် ပိုက်ဆံကို တောင်းသလောက် ပို့လိုက် ပေ့မယ့် သားလုပ်သူက မိန်းမလိုက်၊ ဖဲရိုက်၊ အရက်သောက်၊ ကလပ်တက်၊ မြင်းလောင်းနဲ့ ဖြုန်းသူတွေလဲ မရှားပါဘူး။

ဆရာကြီးကတော့ ဒီလို မိဘပိုက်ဆံကို ဖြုန်းတဲ့ ကျောင်းသားထဲ မပါဘူး၊ လိုသလောက်ပဲ မှာတယ်၊ ပို့သလောက်နဲ့ ခြိုးခြံသုံးတယ်၊ ကျောင်းသားတွေနဲ့ မအပ်စပ်တဲ့ အလုပ်မျိုးတွေကို ဝေးဝေးက ရှောင်တယ်။ အချိန်ရတိုင်း စာကိုသာ အပတ်တကုတ် ကြိုးစားသူ ဖြစ်တယ်။

ဆရာကြီးနဲ့ အင်မတန် ရင်းနှီးတဲ့ သူငယ်ချင်းဖြစ်တဲ့ ရေနံချောင်းသား ကိုခင်မောင်လတ် (ဖြန့်ဖြူးရေး မင်းကြီးဟောင်း) တို့ နှစ်ယောက်ဟာ တခြားကျောင်းသားတွေ စာမေးပွဲဖြေဆိုနေတဲ့ အဆောင်နဲ့ မလှမ်းမကမ်းမှာ စာကျက်နေကြတယ်။ အဲဒီမယ် ကျောင်းသား တစ်ယောက်ဟာ စာမေးပွဲ ခန်းထဲက ထွက်လာတယ်။ မေးခွန်း နှစ်ရွက်ကို ဆရာကြီးတို့ သူငယ်ချင်း နှစ်ယောက်အား လာပေးပြီး သူ့အတွက် ကူညီဖြေဆိုပေးဖို့ တောင်းပန် ထားခဲ့တယ်။

တစ်ဖက်သားကို သနားကြင်နာတတ်၊ အကူအညီပေးတတ်၊ အခက်အခဲ တွေ့ရင် ကိုယ်ဖိရင်ဖိ ကူညီဆောင်ရွက် ပေးတတ်တဲ့ ဓာတ်ခံကြောင့် မေးခွန်း နှစ်ခုကို ဆရာကြီးက တစ်ခု၊ ကိုခင်မောင်လတ်က တစ်ခု ချက်ချင်း ကောက်ဖြေပေးလိုက်ကြတယ်။ ဒါကို သက်ဆိုင်ရာ အာဏာပိုင်တွေက မိသွားတယ်။ လက်ရေးတွေ တိုက်ကြည့်လိုက်တော့ ဆရာကြီးနဲ့ ကိုခင်မောင် လတ်တို့ရဲ့ လက်ရေးတွေ ဖြစ်နေမှန်းသိတော့ ကျောင်းအာဏာပိုင်တွေက ခေါ်စစ်ဆေးတယ်။ မှန်ရာကို ဝန်ခံလိုက်ကြတယ်။

နောက်ဆုံး ဒီပြစ်ချက်ကြောင့် ကျောင်းအုပ်ဆရာကြီး မစွတာ မက်သယူ တန်ထားက ဆရာကြီးနဲ့ ကိုခင်မောင်လတ်တို့ နှစ်ဦးကို နှစ်နှစ်ကျောင်းက ထုတ်ပစ်လိုက်တယ်။ ဒီအချိန်က ကျောင်းအုပ်ကြီးဟာ တောင်ကြီးမှာ အနားယူ အပန်းဖြေနေချိန်ဖြစ်တယ်။ ကျောင်းထုတ်အပြစ်ပေးကြောင်းကို တောင်ကြီးကနေ ကြေးနန်းနဲ့အကြောင်းကြားခဲ့တယ်။

အဲဒီနှစ် စာမေးပွဲ ဝင်ဖြေခွင့် မရတော့ပါ။ ဆရာကြီးနဲ့ ကိုခင်မောင်လတ်တို့ နှစ်ယောက်လဲ မိဘများဆီ အကြောင်းမကြားဘဲ နေလိုက်တယ်။ ပြီးတော့ မြန်မာပြည်မှာလဲ ဆက်လက်မနေချင်တော့ဘူး၊ ထိုင်းနိုင်ငံကို ထွက်သွားဖို့ အစီအစဉ် လုပ်ကြတယ်။

ကျောင်းအုပ်ချုပ်ရေးမှူးထံမှ မိဘများဆီ "ဆရာကြီးတို့ကို ကျောင်းက နှစ်နှစ် ထုတ်ပယ်ထားလိုက်ပြီဆိုတဲ့ အကြောင်း" အကြောင်းကြားစာ ရောက်သွားတော့မှ မိဘများ အခြေအနေ သိကြရတော့တယ်။ ဒီတော့မှ ချက်ချင်း ရန်ကုန်လိုက်ပြီး ဆရာကြီးတို့ကို မိဘတွေက ချော့မော့ဖျောင်းဖျ အားပေးကာ အိမ်ပြန် ခေါ်ခဲ့ကြတယ်။

ဆရာကြီးငယ်စဉ်က အိမ်မှာ အခြွေအရံတွေကပေါတော့ အိမ်တွင်း အလုပ်ကို ဘာမှ မည်မည်ရရ မလုပ်ရဘူး၊ ရတဲ့အချိန် သူငယ်ချင်း အပေါင်း အသင်းတွေနဲ့ လတ်လျားလတ်လျား လျှောက်လည်လေ့လည်ထ မရှိဘူး၊ စာကိုသာ ကြိုးစားတယ်။

ပသိခေါ် ဗမာမွတ်စလင် အသိုက်အဝန်းက အများအားဖြင့် ကုန်သည် မျိုးရိုး၊ ပြီး လက်လုပ်လက်စားတွေက များတော့ မိမိတို့ သားသမီးတွေကို ခေတ်ပညာသင်ကြားပေးရကောင်းမှန်း မသိကြဘူး။ ရေးတတ်မှတ်တတ်ရင် ပြီးရောဆိုပြီး မူလတန်းလောက်ပဲ ပညာသင်စေတယ်။ နောက် မိဘရိုးရာ အလုပ်ထဲဝင်လုပ်စေတယ်။ ပညာရေးကို ဂရုမစိုက်ကြသူက များတယ်။

ဆရာကြီး ဖခင်ကျတော့ အစိုးရ အမှုထမ်းလဲဖြစ်တယ်။ ဆက်ဆံရတဲ့ ပတ်ဝန်းကျင်အရလဲ သားသမီးကို ပညာသင်ကြားပေးရမယ်ဆိုတာကို အလိုလို သဘောပေါက်ထားတယ်။ ပညာကို အားပေးတယ်။ ပညာရေး ထွန်းထွန်း ပေါက်ပေါက် ဖြစ်စေချင်တယ်။ ဒါကြောင့် အားရင် စာကြည့် ခိုင်းတယ်။ နောက် ဘီအေအောင်ပြီးရင် နိုင်ငံခြားကို ပညာတော်သင်လွှတ်ဖို့ စိတ်ကူး ထားတယ်။

ဒါပေမယ့် ဆရာကြီးအနေနဲ့ ၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်နဲ့ ကြုံလာတဲ့အခါ ဘဝပေးတာဝန်တစ်ခုကို မလွှဲမရှောင်သာ ယူလိုက်တယ်။ ကျောင်းသားသပိတ်တွင် ကိုယ်ထိလက်ရောက် ပါဝင်လာခဲ့တယ်၊ ဆရာကြီးဟာ နိုင်ငံခြား ပညာတော်သင်သွားရန် စိတ်ကူးဖို့ နေနေသာသာ အင်္ဂလိပ်နယ်ချဲ့သမား စစ်တဲ့ ဘီအေဘွဲ့အတွက်ပင် စာမေးပွဲဝင်မဖြေတော့ဘူးဆိုပြီး အမျိုးသားပညာရေး အဖွဲ့ချုပ်က ကြီးကြပ်ကွပ်ကဲ စစ်ဆေးတဲ့ စာမေးပွဲကိုသာ သွားရောက် ဖြေဆိုအောင်မြင်ခဲ့တယ်၊ မိဘက "နိုင်ငံခြားမှာ ပညာဆက်သင်ပါလား"လို့ ချော့မော့ဖျောင်းဖျ ပြောတဲ့အခါ "အမျိုးသားအရေးပဲ လုပ်ပါ့မယ်၊ သူ့တစ်ကိုယ် ကောင်းစားရေးအတွက် ရှေးရှုတဲ့ ပညာကို ဆက်မသင်ချင်တော့ပါဘူး"ဆိုပြီး မိဘကို သူက ပြန်အသနား ခံခဲ့ပါတယ်။

ဆရာကြီးငယ်ငယ်က သူ့သူငယ်ချင်းတွေထဲမှာ မိဘမဲ့ကလေးတွေလဲ ရှိတယ်၊ အဲဒီကလေးတွေကို ဆရာကြီးက သူ့အိမ်ခေါ်ခဲ့လေ့ရှိတယ်၊ သူနဲ့အတူ ထမင်းစား စေတယ်၊ သူ့အဝတ်အစားတွေလဲ ဝေငှပေးတယ်။

သူငယ်ချင်းတွေနဲ့ ကလေးဘာဝ ကစားတယ်။ ဒရိန်း (လက်နက်မဲ့ စစ်အခြေခံသင်တန်း:) ပြတမ်းကစားတယ်၊ သူက ဗိုလ်လုပ်တယ်၊ တစ်ခါတလေလဲ၊ ကလေးတွေနဲ့ ထုတ်စည်းတိုးတန်း ကစားတယ်၊ ဆရာကြီးဟာ ကလေးများများနဲ့ နေချင်တဲ့သဘောရှိတယ်။ သူ့သူငယ်ချင်း တွေထဲမှာ ပန်ချာပီကလေးတွေလဲရှိတယ်၊ အများစု ပန်ချာပီတွေက ဂျုံပဲ စားကြတယ်။ အဲဒီကလေးတွေက အိမ်ကဂျုံတွေ ယူခဲ့တယ်။ သူ့အိမ်မှာ ကလေးတွေနဲ့အတူ ချပါတီတို့ ပလာတာတို့ လုပ်စားကြတယ်။ ဆရာကြီးက ဒိုင်ခံပြီး လက်ဖက်ရည် တိုက်တယ်။

တစ်ခါက ပုဏ္ဏားကြီး တစ်ယောက်ဟာ ထမင်းထုပ်ကလေးကိုင်ရင်း အချုပ်ကျနေတဲ့ သူ့သားဆီ ထမင်းထုပ်ပေးဖို့ အချုပ်ရှေ့မှာ ခပ်ယို့ယို့ကလေး ရပ်စောင့်နေတယ်။ အစောင့်စန္တရီ ပုလိပ်သားက အချိန်မကျသေးလို့ ပေးခွင့် မပေးဘူး၊ ဆရာကြီး ရောက်လာပြီး၊ သူ့ကိုယ်တိုင် ထမင်းထုပ်ကို ပုဏ္ဏားကြီး လက်က ယူပြီး၊ ပုဏ္ဏားကြီးသားကို သွားကျွေးလိုက်တယ်။ "ဒါဘာလုပ်တာလဲလို့ ဆရာကြီး အဖေက မေးတယ်" "သူ့ခမျာ ဆာရှာပေါ့ပါပါ၊ ဒါကြောင့် ဘာဘူကြီးယူပြီး ကျွေးလိုက်တာပါလို့ ပြန်ဖြေတယ်။ "အဲဒီမယ် တိုက်ပိုင်မင်း မစ္စတာရာမန်လဲ သားစေတနာ ရှိပုံကို ကြည့်ပြီး၊ စိတ်ထဲက ကြိတ်ပြီး ချီးကျူး သဘောကျလျက်ပြုံးကာ ထွက်သွားတယ်။

ကလေးတွေနဲ့ မကြာခဏ ဆိုသလို ပျော်ပွဲစား ထွက်လေ့ရှိတယ်။ တခြားကလေးတွေ၊ လူကြီးတွေ ပျော်ပွဲစား ထွက်ရင် ရေကူးကြ ရေနစ်သေကြတာမျိုးတွေလဲ ရှိလေ့ရှိထ ရှိတာကြောင့် ဆရာကြီးတို့ လူငယ်ကစ်သိုက် ပျော်ပွဲစားထွက်တိုင်း ဆရာကြီးအဖေက ကလေးတွေ စောင့်ရှောက် ထိန်းသိမ်းဖို့ ပုလိပ်တစ်ယောက်ကို ထည့်ပေးလေ့ ရှိတယ်။

ဆရာကြီးတို့ ညီအစ်ကို မောင်နှမ တစ်စုဟာ ဆိုးလွန်းပေလွန်းလို့ မိဘက ရိုက်နှက် ဆိုဆုံးမရတယ်ရယ်လို့ မရှိသလောက်ပါဘဲ၊ ဆရာကြီးတို့ မောင်နှမတစ်တွေထဲက တစ်ယောက်ယောက်က အပြစ် တစ်စုံတစ်ရာ ကျူးလွန်ခဲ့ရင် အဖေက မင်းမှာ အပြစ်ရှိသလားလို့ မေးမယ်၊ အဲဒီအခါ "ရှိပါတယ်၊ ပါပါ"လို့ ရိုးရိုးလေး ဖြေကြတယ်။ အပြစ်ရှိပါတယ်ဆိုတဲ့ သားသမီးတွေကို တုတ်နဲ့ရိုက် ဆိုဆုံးမတာမျိုး မလုပ်ဘဲ၊ အစ္စလာမ် ဘာသာရဲ့ "ကုရ်အာန်ကျမ်း" စာထဲက မြန်မာလို ဘာသာပြန်ထားတဲ့ စာတွေဖတ်ခိုင်းတယ်။

ဆရာကြီး မိဘက မူလကတည်းက ပညာပေး သွန်သင်ဆုံးမထားတာရှိတယ်။ ဒါက "သားသမီးတွေရဲ့ ဂျန္နတ်နိဗ္ဗာန်ဟာ မိဘရဲ့ ခြေဖဝါးအောက်မှာ ရှိတယ်။ အဲဒါကြောင့် သားသမီးတွေဟာ မိဘကို ရိုသေရမယ်။ မိဘစကားကို မြေဝယ်မကျ နားထောင်ရမယ်။ မိဘစိတ်မချမ်းသာအောင် ဘယ်တော့မှ မလုပ်ရဘူး" အဲဒီလို ဆုံးမထားတယ်။

တစ်ခါတလေ မိခင်ဒေါ်ငြိမ်းလှဟာ သူ့သားဆရာကြီးကို နှိပ်ခိုင်း၊ နင်းခိုင်း တယ်။ အဲဒီလို အခါမျိုးမှာ သားကြီးကို အေးအေးဆေးဆေး သွန်သင် ဆုံးမလေ့ရှိတယ်။ "သားပါပါဟာ အသက်ကြီးလုပြီ မပြောကောင်း ပြောကောင်း လွဲပါစေ၊ ဖယ်ပါစေကွယ် တကယ်လို့များ သားပါပါ မရှိတဲ့ နောက်များဆိုရင် အမေ့သားက သားကြီးဆိုတော့ အစ်ကိုကြီး အဖအရာတဲ့၊ အဲဒီတော့ သားကြီးကပဲညီတွေ ညီမတွေကို စောင့်ရှောက်ရမယ်နော်၊ အခုလို သားတို့ မောင်နှမတွေ ချစ်ချစ်ခင်ခင် နေသလို နေသွားကြရမယ်နော်"လို့ ငယ်ငယ်ကတည်းက သွန်သင်မှာကြားလေ့ရှိတယ်။

နောက်ဆုံး ၁၉၂၅ ခုနှစ်မှာ ဆရာကြီးဖခင် ဆုံးသွားတယ်။ ဆရာကြီးက သူ့ညီတွေ၊ ညီမတွေကို မိခင်ကြီးရဲ့ မှာကြားချက်အတိုင်း အစ်ကိုကြီး အဖအရာဆိုသလို ထိန်းထိန်းကျောင်းကျောင်း လုပ်ခဲ့တယ်။ သူ့ညီတွေ ညီမတွေကိုလဲ "မင်းတို့နော် အမေမျက်ရည်ကြီးငယ် ကျအောင် မလုပ်ရဘူး၊ တကယ်လို့ အမေမျက်ရည်တစ်ပေါက် ကျအောင်လုပ်ရင် လုပ်တဲ့သူကို

သတ်ပစ်မယ်၊ အဲဒါ မှတ်ထားကြ”ဆိုပြီး ညီ၊ ညီမတွေကို စားကြိမ်းကြိမ်းပြီး ခြောက်ထားတယ်” “အမေစိတ်ပူရမယ့် စကား၊ စိတ်ညစ်ရမယ့် စကားမျိုးတွေ မပြောရဘူး” လို့လဲ ပြင်းပြင်းထန်ထန် သတိပေးထားပါတယ်။

ဆရာကြီးဦးရာဇာတ်ဟာ လူကြီးဖြစ်တဲ့အထိ နောက်ဆုံး ဝန်ကြီးဖြစ်တဲ့အထိ သူ့အမေက ဆရာကြီးကို ခေါ်တယ်ဆိုရင် ဘယ်လောက်အရေးကြီးတဲ့ အလုပ်လုပ်နေပစေ အလုပ်လုပ်ရာကနေ အထက်လူကြီး ရှိနေတယ်ဆိုရင် လူကြီးကိုခွင့်တောင်းပြီး ချက်ချင်း ထသွားတယ်။ ဝန်ကြီးဖြစ်နေစဉ်မှာတောင်၊ ရေချိုး၊ အလုပ်လုပ်နေရင်လဲ အမေက ခေါ်တယ်ဆိုတော့ မျက်နှာသုတ်ပုဝါခြုံပြီး အမေ့ဆီ ခပ်သုတ်သုတ်သွားကာ “ဘာကိစ္စရှိလဲအမေ ကျွန်တော့်ကို ခေါ်တယ်ဆို” ဆိုပြီး အမေ့ဆီ သွားခဲ့တယ်။ အဲဒီလို မိဘကို ရိုသေတယ်။

ဆရာဦးဘလှ (ဗဟိုအမျိုးသားအထက်တန်းကျောင်း ဆရာဟောင်း)က စာရေးသူကို ဆရာကြီးမိဘကို ရိုသေတဲ့အကြောင်းနဲ့ ပတ်သက်ပြီး ဒီလိုပြန်ပြောဖူးပါတယ်။

> “ဆရာကြီးဟာ မိဘကို အင်မတန် ရိုသေတယ်။ ဝန်ကြီးဘဝက ရန်ကုန်သွားတယ်၊ ဆရာကြီးအမေက မန္တလေးကို ဆရာကြီးပြန်လာရင် အမေ့အတွက် မိန်းမဆောင်းထီးလေး တစ်လက်လောက် ဝယ်ခဲ့ပေးပါလို့ မှာလိုက်တယ် ဆရာကြီးလဲ ရန်ကုန်မှာ အလုပ်ကိစ္စတွေကများလို့ ထီးဝယ်ခဲ့ဖို့ မေ့သွားတယ်၊ မန္တလေးပြန် ရောက်တော့မှ အမေမှာလိုက်တဲ့ ထီး မေ့လာမှန်းသိတယ်၊ ထီးမပါခဲ့လို့ အမေဆီ မသွားဝံ့ဘူး၊ အဲဒါ သူ့အတွက်ပြဿနာတဲ့၊ အဲဒါနဲ့ ဘေးက ဆရာကြီး မိတ်ဆွေများက “ဒီလိုဆိုလဲဈေးချိုက ထီးတစ်လက် ဝယ်ပေးလိုက်၊ ပြီးတာပဲ”လို့ အကြံပေးတယ်။ ဒီတော့မှ ရင်မော ပြေရှာပါသတဲ့”

ဆရာကြီးဟာ မိဘစကားကို နားထောင်သူဖြစ်တယ်။ မိဘကို ရိုသေသူ ဖြစ်တယ်။ ညီအစ်ကို မောင်နှမတွေကိုလဲ ချစ်ခင်တယ်။ မရှိဆင်းရဲတဲ့ ကလေးတွေ၊ မိဘမဲ့ကလေးတွေကိုလဲ အဖက်လုပ်ပြီး အဖော်ပြုတယ်။ ကစားတယ်။ ကျွေးစရာရှိတာကို ကျွေးတယ်။ အဝတ်အစားတွေလဲပေးတယ်။ အဲဒါတွေဟာသူ့ရဲ့ ငယ်ရွယ်စဉ်ကတည်းက မွေးရာပါ လက္ခဏာအချက်တွေပဲ ဖြစ်တယ်။

## အားကစားနဲ့ စာပေဝါသနာပါခဲ့သူ

ဆရာကြီး ဦးရာဇတ်က စာပေဝါသနာပါသူဖြစ်တဲ့အတိုင်း သူ့လိုပဲ ရပ်ရွာမှာ ရှိတဲ့ ကလေးတွေကို စာပေဗဟုသုတ တိုးပွားစေချင်တယ်။ သူနေတဲ့ နန်းရှေ့မှာ သူ့သူငယ်ချင်း ကိုစိမ်းမောင် (ခရိုင်ဝန်ဟောင်း၊နောက်၊ သာသနာရေး အရာရှိဟောင်း) တို့နဲ့ ပေါင်းပြီး "ပရိယတ္တိစာကြည့်တိုက်" ဖွင့်ပေးခဲ့တယ်၊ ပြီးတော့လဲ ဘောလုံးကစားကွင်းက မရှိဘူး၊ အဲဒါကြောင့် အစိုးရဆီမှာ ဘောလုံးကစားကွင်း တောင်းခဲ့တယ်၊ ခုထိ အဲဒီကွင်းမှာပဲ ဘောလုံး ကစား နေကြရတယ်။

ဆရာကြီး ဦးရာဇတ် ငယ်စဉ်က ရပ်ရွာအကျိုး၊ လူငယ်များ အကျိုးကို ဘယ်လိုဆောင်ရွက်ခဲ့သလဲဆိုတာ ကျမ်းပြုသူ ပြောပြတာထက် မန္တလေးနန်းတော် ရှေ့ရပ်နယ်လုံးဆိုင်ရာ စာကြည့်သင်းသမိုင်း ရေးဆွဲရေးအဖွဲ့ ဥက္ကဋ္ဌဦးမောင်ကို

ရဲ့ နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်းသမိုင်း မှုကြမ်းကို လေ့လာရင် ပိုလို့ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ သိရှိနိုင်တယ်၊ ဒီမှုကြမ်းကို ၁၉၇၃ ခုနှစ်မှာ ပြုစုခဲ့ပါသတဲ့။

မြန်မာသက္ကရာဇ် ၁၂၄၇ ခု **ခရစ်နှစ်** ၁၈၈၅ ခုနှစ်သည် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကို နောက်ဆုံးစိုးစံသွားသော သီပေါဘုရင် အား ဗြိတိသျှနယ်ချဲ့သမားများ၏ လက်အောက်သို့ ကျရောက်ပြီး အကျဉ်းသမား သုံ့ပန်းဘဝ ရောက်ရှိကာ အိန္ဒိယနိုင်ငံ၊ ရတနာဂီရိသို့ ပါတော်မူသွားရသော မြန်မာနိုင်ငံအတွက်၊ အမင်္ဂလာနှစ်ကြီး ဖြစ်လေသည်။

သို့နှင့် မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသော အချိန်တွင် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့စာပေတို့သည် တဖြည်း ဖြည်း၊ တစ်စတစ်စ မှေးမှိန်လျက် နိုင်ငံခြား ယဉ်ကျေးမှုနှင့် နိုင်ငံခြားဓလေ့ တို့သည် တဖြည်းဖြည်းပေါ်လွင် ထင်ရှားလာခဲ့ရာ မြန်မာတိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည်လည်း တစ်စတစ်စ ပြိုကွဲအားနည်းခြင်းသို့ ရောက်ခဲ့လေသည်။

ထိုသို့ သူ့ကျွန်ဘဝရောက်ပြီးသည့် နောက်ပိုင်း (၂၁) နှစ်မျှ လောက်ကြာသော် မြန်မာသက္ကရာဇ် ၁၂၆၈ ခု ခရစ်နှစ် ၁၉၀၆ ခုနှစ်သို့ ရောက်သောအခါ မျိုးချစ်စိတ်ပြင်းပြစွာ ရှိနေကြသေးသည့် မြန်မာအမျိုးသား လူငယ်လူရွယ်ကလေးများသည် ဇာတိသွေး ဇာတိမာန်

တက်ကြွစွာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးဘာသာ သာသနာပညာ စောင့်ထိန်းရန် ဟူသော မွန်မြတ်သည့် ရည်ရွယ်ချက်ဖြင့် ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝ ဟူသော အမည်နှင့် ရန်ကုန်မြို့တွင် ဦးစွာ စတင်ဖွဲ့စည်းခဲ့ကြလေသည်။

ထို့နောက် မြန်မာနိုင်ငံအတွင်းရှိ လူငယ်လူရွယ်ကလေးများသည် လည်း နိုးကြားတက်ကြွလာကာ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စာပေ ထွန်းကားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ကို ရည်မျှော်၍ မြန်မာနိုင်ငံအနှံ့အပြား၊ စာဖတ်သင်းများ ဖွဲ့စည်းကြရာတွင် မြန်မာဘုရင် သီပေါမင်းတရား၏ နောက်ဆုံးစိုးစံသွားသော ရတနာပုံ နေပြည်တော်၊ မန္တလေးမြို့ လေးပြင်လေးရပ်အနက်၊ ကျွန်ုပ်တို့ အရှေ့ပြင် နန်းတော် ရှေ့နယ်အတွင်းရှိ ခေတ်ပညာတတ် လူငယ်များ ခေါင်းဆောင်၍ မြန်မာသက္ကရာဇ် ၁၂၇၂ ၇၃ ခု၊ **ခရစ်နှစ်** ၁၉၁၀–၁၁ ခုနှစ် နောက်ပိုင်းတွင် နန်းဦးထိပ်ရှိ မဟာဝိသုတာရာမတိုက်တော်ကျောင်းတိုက်အတွင်း၊ ဓမ္မာရုံတွင် နန်းရှေ့ရပ်ကွက် အသီးသီးမှ စိတ်ဝင်စားသူ၊ လူငယ်လူရွယ်များအား ဖိတ်ကြား၍ စည်းဝေးတိုင်ပင် ညှိနှိုင်းပြီး ''ပရိယတ္တိစာကြည့်သင်း''ဟူသော အမည်ဖြင့် အောင်မြင်စွာ စတင် ဖွဲ့စည်းလိုက်ကြသည်။

(၁) နာယက–ဦးဓမ္မဘိဝံသ (နိုင်ငံတော်ဝိနည်းဓိုရ် ဆဋ္ဌသင်္ဂါ ယနာတင် ဝန်ဆောင်ဆရာတော်)

(၂) ဥက္ကဋ္ဌ ဘာသာဂျီးခေါ် ဦးရာဇတ် (အမှတ် ၂၊ မန်းအမျိုးသား ကျောင်းအုပ်၊ ဖဆပလပညာရေး ဝန်ကြီးဟောင်း)

(၃) အတွင်းရေးမှူး–ဦးစိမ်းမောင် (ရွှေဘို အမျိုးသားကျောင်းအုပ်၊ ခရိုင် ဝန်ဟောင်း၊ သာသနာရေးအရာရှိချုပ်ဟောင်း)

(၄) ငွေထိန်း၊ ဦးကြက်တော (နန်းရှေ့ဈေးတွင်း အထည်ဆိုင်ရှင်) ရွာသာရပ်

(၅) စာရင်းစစ်– ဦးအောင်ကျော် (နန်းရှေ့ဈေးကန်ထရိုက်) ရွာသာရပ်

(၆) စာကြည့်တိုက်မှူး – ဆရာလွန် (ပန်းထိမ်ဆရာ) မြောက်ဒွါဟောင်း၊ အရန်အမှုဆောင်များ – ဦးကံလွန်း၊ နန်းတော်ရှေ့ ဆရာတင်၊ ပန်းထိမ်ဦးဖုံ၊ ဆည်ရုံးစာရေး– ဦးဘလင်းသူကြီးဟောင်း(ဦးအောင် ကျော်)၊ အဆိုတော် ဦးစံဘ၊ ပန်းဆိုးဦးဝ၊ ဦးစံမြ၊ ကိုဘကျော်တို့ ဖြစ်သည်။

စာကြည့်သင်း ဆောက်လုပ်ဖို့အတွက် ဘဏ္ဍာရှာဖွေရေး တူရိယာအဖွဲ့ ဖွဲ့စည်းပြီးတော့ နယ်ဘက်ထွက်ကြပြီး နန်းတော်ရှေ့ဆရာတင်က ကိုယ့်စာကိုယ်ရေး ကိုယ့်တေးကိုယ်ဆို ထိုခေတ်အခါက ခေတ်စားတဲ့ လက်နှိပ်ဘာဂျာ ဗျက်စောင်း၊ ပလွေ စသော အတီးအမှုတ်များနှင့် ဖိတ်ကြားတဲ့အိမ်တွေ အလှူငွေ အများကြီး ထည့်ဝင်သော အလှူရှင်အိမ်တွေသို့ ညစဉ်ထွက် အလှူခံကြရာ နယ်သူ နယ်သားများရဲ့ စိတ်အားတက်ကြွစွာ အားပေးလှူဒါန်းကြတာကြောင့် အဆောက်အုံ ဆောက်လုပ် ဖို့အတွက် ငွေကြေးပြည့်စုံ သွားပါတော့တယ်။

၁၉၁၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ်ဦး အတွင်းမှာ ဝန်စာရေးကြီး တိုက်သူကြီး ဦးဖေမှာ အနိုပ်တော်ရပ်ကွက်ရှိ မြေနေရာလွတ်၌ စာကြည့်သင်း အဆောက်အုံကို သုံးခန်းပတ်လည် ဆင်ဝင်နှင့် ဆောက်လုပ်ကြပါတယ်။

စာကြည့်သင်းတိုက်မှာ ညစဉ်လူငယ်တွေအတွက် သင်တန်းဖွင့်လှစ်ပေး ပါတယ်။

(၁) ညနေ ခြောက်နာရီ ခုနစ်နာရီ သဗြုံဟ်သင်တန်း (ဆရာတော် – ဦးဓမ္မာဘိဝံသ)

(၂) ညနေ ခုနစ်နာရီ ကိုးနာရီ အင်္ဂလိပ်စာ (ဦးရာဇတ်နှင့် ဦးစိမ်းမောင်)

အဲဒီတုန်းက နန်းတော်ရှေ့နယ်အတွင်းမှာရှိတဲ့ လူငယ်လူရွယ်တွေဟာ တက်တက်ကြွကြွ အဘိဓမ္မာသင်တန်းပေးခြင်း အင်္ဂလိပ်စာသင်ကြား ပေးခြင်းတို့ ကြောင့် ပရိယတ္တိစာကြည့်သင်းကို နယ်မိနယ်ဖများကပါ အားပေးထောက်ခံကြ ပါတယ်။

ထိုအသင်းလက်ထောက်မှာ အမှတ် (၁) ရဲဌာနရဲ့ အနောက်ဘက်ရှိ (ယခု – ဘောလုံးကွင်း) နေရာကို လူငယ်များရဲ့ ကျန်းမာရေး အတွက်၊ ကစားကွင်းအဖြစ် သတ်မှတ်ဖို့ တရားဝင်အဖြစ်ပေးပါရန် ကျောင်းသား ဘာဘူကြီး (ဦးရာဇတ်)နဲ့ ဦးစိမ်းမောင်တို့ နှစ်ယောက်က အင်္ဂလိပ်လို ရေးကြတယ်၊ အဲဒီတောင်းဆိုချက် စာရွက်စာတမ်းတွေကို နန်းတွင်းရှိ ကံတိုမင်းရုံးကတစ်ဆင့် ပြင်ဦးလွင်ရှိ စစ်ရုံးသို့ အဲဒီကတစ်ဆင့် အိန္ဒိယနိုင်ငံ ဆင်းမလားစစ်ရုံးသို့၊ အဆင့်ဆင့် တင်ပြတောင်းဆို ခဲ့တာကြောင့် အိန္ဒိယနိုင်ငံ ဆင်းမလားစစ်ရုံးက ခွင့်ပြုပေးလိုက်သည်။ အမိန့်စာကို

နန်းတွင်း ကံတိုမင်းမြို့ဝန်ထံ ရောက်ရှိလာလို့ မြို့ဝန်ကတစ်ဆင့် ''ပရိယတ္တိစာကြည့်သင်း အမှုဆောင်များအား ခေါ်ယူပါတယ်၊ ကစားကွင်းကို ခုတ်ထွင်ရှင်းလင်းပြီး အသုံးပြုခွင့်ကို တရားဝင် အမိန့်ပေးအပ်လိုက်ပါတယ်။

ပရိယတ္တိစာကြည့်သင်းရဲ့ ဘဏ္ဍာရာကြဲရေးအဖွဲ့မှာ ဆရာတင်ခေါင်းဆောင်တဲ့ ကိရိယာအဖွဲ့နဲ့ နှစ်သစ်ကူးအတူရေသဘင်ပွဲရဲ့ အဆိုတော်နှစ်ဦးဖြစ်တဲ့ ဦးစံဘ(ကျား) နောင်သောအခါမှာ အမြွာညီနောင်ဓာတ်ပြားမှာ နန်းတော်ရှေ့ဆရာတင်ရဲ့ အောင်ပင်လယ်သီချင်းဆိုသူ(ကွယ်လွန်) ဦးအောင်ကျော်(မ) (ကွယ်လွန်)တို့နဲ့ အောက်ဖော်ပြပါရေပက်စုံတွဲသီခင်းများနှင့် အလှူခံစထွက်ရာ အလှူငွေကောင်းစွာရှိကြပါတယ်။ ဒီအဖွဲ့မှာ ဘာဘူကြီးခေါ် ဆရာကြီးဦးရာဇတ်နဲ့ ကိုစိမ်းမောင်တို့ ပါဝင်ခေါင်းဆောင်ခဲ့တယ်။

ကျား = သကြိန်ကျပြီ ဟိုဟိုဒီဒီ ရေပင့်လာခဲ့သည်။ မေမရှက်ပါနဲ့ အတည်၊ ပိုးလုံချည် ဖဲလုံချည် အင်္ကျီကိုရွဲအောင် မောင်လောင်းမည်။

မ = "ကျောင်းကိုသွားမည်–ဘုရားကိုသွားမည်– မေပျိုဟာန်ချိရှုပါကွဲ့ အတည် ယခုလာခဲ့ပြီ– အလှမဒီ– ကျွန်မအမည် အတည်မယ်ညိုမြလို့ ခေါ်ကြသည်။

ကျား = ယခုတော့တကယ်၊ မောင်ကျိစယ်ပါရစေတော့၊ အို ခဏခဏ တကြွကြွ သူအော်သည်။

မ = "လွှတ်နော်အတည်၂ ဖွတ်အော်မည်၊ ပျော်သည်ငနဲ့ရယ်၊ ဘော်လီပြဲရင် ငရဲကြီးပါလိမ့် အို တစိမ့်စိမ့် တဖိန့်ဖိန့် တုံလှသည်။

ကျား = "တော်ပြီတန်ပြီ စိတ်ကျေနပ်သည် ရှုပါကွဲ့အတည် ယခုလာခဲ့ပြီ ပိုးလုံချည်ဖဲလုံချည် အင်္ကျီကိုရွဲအောင် မောင်လောင်းမည်။

မ = "မညိုမြရဲ့ ပျို့မဒီ ပိတ်သိးမနိုင်တဲ့ တရားတွေကြောင့်၊ စိတ်ပုတီးကိုင်ကာ သွားရပါသရှင် ဘုရားတရားနှဲ့ အိမ်ကိုနေမည်၊ သူများဥပုသ်စောင့်ရက်ရှည်၊ ပြီးတော့လာလို့ မစလာနဲ့ အလီလီအခါခါ ထပါတဲ့ ကိုညိုမြ ဗိုလ်ကေပြန်တော့အတည်..."

ကျား = (ပန်းပေါင်းအလီလီ ရေမွှေးရောတဲ့ ကံ့ကော်နံ့သာဆီ)၂၊ ရေကစားမယ် မောင်လည်သည်၊ ငွေဖလားကတော့ အောင်သွယ်မည်၊ ဟိုနားက ပျိုမဒီ၊ ဒီအစ်ကိုများကကြိုသည်၊ လေဒီချောကို မြင်သည် ရှောင်ကာမပြေးနဲ့ လာအတည်၊ ကန်တိုမင်နှင့် ဂုဏ်ကျက်သရေ အသင်းသားတွေလည်း ပါကြသည်၊ မိကောင်းဖခင် နွယ်မိုန်သည်၊ လှူဒါန်းကြဖို့ ရည်ရွယ်သည်၊ အောင်ဆုတော်ညီညီ၊ အောင်ပန်းတွေ စိစိ၊ ရေစက်သွန်းချပြန်သည်၊ သာဓုမောဒန ခေါ်ပြန်သည်။

ငှင်းပြင် အခြေအတင် စကားရည်လုပွဲများ မကြာမကြာ ကျင်းပခြင်း၊ တစ်လ လေးကြိမ် လက်ရေးသတင်းစာများ ထုတ်ဝေခြင်း စသော စာကြည့်သင်း လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်။

ယခုကစားနေကြသော ဘောလုံးကွင်းနှင့် ပတ်သက် မှတ်သားရန် တွေ့ခဲ့ဘူးသော ပြဿနာတစ်ခု တစ်ချိန်က တွေ့ခဲ့ရလေသည်။ ထိုဘောလုံး ကစားကွင်းအတွင်း၌ "မငွေမြိုင်"တို့ဇာတ်ရုံပွဲသွင်းရန်၊ နန်းတော်ရှေ့ ဈေးအနီးနေ ပွဲစားဦးဘိုးစုံ ဒေါ်မြင့်တို့က ကန်တိုမင်ရုံးတွင် ပွဲကခွင့် အမိန့်ယူ၍ ဇာတ်ရုံ ဆောက်လုပ်ရန် ချထားစီစဉ်နေဆဲတွင် "ပရိယတ္တိ" စာကြည့်သင်း အမှုဆောင် အဖွဲ့မှ အသင်းဥက္ကဋ္ဌ (ကျောင်းသားဘာဘူကြီး) ဦးရာဇတ် နဲ့ ကိုစိမ်းမောင်တို့က အင်္ဂလိပ်လို ရေးသားကန့်ကွက်သဖြင့် ကန်တိုမင်ရုံး အုပ်ချုပ်နေသော မျက်နှာဖြူ မြို့ဝန်က အမှတ်မဲ့ အမိန့်ထုတ်ပေးမိပါသည်။ စာကြည့်သင်း သဘောမတူက ပယ်ဖျက်ပေးပါမည်ဟု တောင်းပန်၍ အမိန့်ကို ပြန်လည် ရုပ်သိမ်းပေးခြင်းကြောင့် မျက်နှာကြီးဖြစ်သော ပွဲစားကြီး ဦးဘိုးစုံမှာ စာကြည့်သင်း ဥက္ကဋ္ဌကြီး ဦးရာဇတ်နှင့်တကွ အမှုဆောင် အဖွဲ့ကို ဒီတစ်ကြိမ် အားလုံးစီစဉ်ပြီး ဖြစ်၍ အခွင့်ပြုပါရန် အနူးအညွတ် တောင်းပန်သဖြင့် အိမ်သာများ ကင်းလွတ်သည့် အနောက်တောင်ဘက် နေရာများ ပြုလုပ်ပေးခြင်း၊ ဇာတ်ရုံဆောက်သည့် ကျင်းများကို ပြန်လည် မြေကောင်းမွန်စွာ ဖို့ပေးခြင်း စသော ကတိများ ဝန်ခံချက်များ ပေးသဖြင့် စာကြည့်သင်းမှ ညာတာ ထောက်ထားသောအားဖြင့် ခွင့်ပြုခဲ့ခြင်းကြောင့်ကို ဘောလုံးကွင်းအတွင်း "မငွေမြိုင်" ဇာတ်ပွဲသွင်းခွင့် ရခဲ့ပေသည်။

ထိုမှစ၍ ၎င်းဘောလုံး ကစားကွင်းအတွင်း အဆောက်အအုံများ ခေတ္တယာယီဖြစ်စေ၊ တူးဆွခြင်း၊ ဆောက်လုပ်ခြင်းတို့ကို အစဉ်အဆက် မပြုလုပ်ကြရပေ။

ထိုကဲ့သို့ ပရိယတ္တိ စာကြည့်သင်းကို စည်ကားသိုက်မြိုက်စွာ ဖွင့်ခဲ့ရာမှ ၁၂၈၂ (၁၉၂၀) ခုနှစ်သို့ ရောက်သောအခါ တက္ကသိုလ် ကျောင်းများ သပိတ်မှ ပေါက်ပွားလာသော အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်လာကြရာ ကျွန်ုပ်တို့ မန္တလေးမြို့တွင်လည်း၊ အမျိုးသားကျောင်း (နေရှင်နယ်) ယခုအမှတ် (၂) အထကကျောင်း ဖွင့်လှစ်ခဲ့ရာမှ ၁၂၈၃ (၁၉၂၁) ခုနှစ်တွင်၊ ပရိယတ္တိ စာကြည့်သင်း၏ အရေးကြီးသည့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော ဦးရာဇတ်၊ ဗဟို အမျိုးသားကျောင်းတွင်၊ ကျောင်းအုပ်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရ၍လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေရသော ဦးစိမ်းမောင်ကိုလည်း ရွှေဘိုမြို့ အမျိုးသားကျောင်းတွင် ကျောင်းအုပ် အဖြစ် ခန့်ထားခြင်း ခံကြရသဖြင့်၊ ၎င်းတို့ နှစ်ဦး စာကြည့်သင်းမှ စွန့်ခွာသွားကြရခြင်း၊ ကျန်ရှိသော တာဝန်ခံအချို့မှာလည်း အလုပ်အကိုင် မအားလပ် ကြသည့်အတွက်၊ လုပ်အားပေးခြင်း လျော့နည်းလာသည့် အားလျော်စွာ တဖြည်းဖြည်း ပရိဘောဂ၊ စာအုပ်စာတမ်းများကို စောင့်ရှောက်ထိန်းသိမ်း ထားရသူ(ပန်းထိမ်) ဆရာလွန်းကိုယ်တိုင် ကလည်း စိတ်ဓာတ်ကျဆင်းနေဆဲတွင် တိုက်သူကြီး ဦးဖေက ၎င်း၏ စာကြည့်သင်း ဆောက်လုပ်ထားသည့် မြေကွက် နေရာတွင် မြေးဖြစ်သူ မတင်အေး ကိုဘသောင်းတို့အား နေအိမ် ဆောက်လုပ်ပေးလိုသည်ဖြစ်၍ နေရာဖယ်ပေးကြရန် စာတင်ပြလာသဖြင့် စာကြည့်သင်း အဆောက်အအုံကို ဖျက်သိမ်းပြီး (ယခု) နန်းတော်ရှေ့ ဓမ္မာရုံကြီးတောင်ဘက် ကပ်လျက် ရှိသော ဦးဘ၏ မြေနေရာသို့ ရွှေ့ပြောင်း ဆောက်လုပ်ကြရလေသည်။

**ဒုတိယအကြိမ်မြောက် "ပရိယတ္တိ"စာကြည့်သင်း**

ပရိယတ္တိစာကြည့်သင်းကို နန်းတော်ရှေ့ ဓမ္မာရုံအနီးသို့ ရွှေ့ပြောင်း ဆောက်လုပ်ပြီးသော အချိန်တွင် မြန်မာပြည်အနှံ့အပြား ဗြိတိသျှနယ်ချဲ့သမား၏ လက်အောက်မှ လွတ်မြောက်ရန် ရုန်းကန် လှုပ်ရှား နေကြသော ဝံသာနုအသင်းများ ဖွဲ့စည်းအရေးဆိုနေကြသော ကာလနှင့် ကြုံကြိုက်နေသဖြင့် ကျွန်ုပ်တို့ နန်းတော်ရှေ့ တောင်ပိုင်းနှင့် မြောက်ပိုင်း ရှိ ဝံသာနုအသင်းများအနက်၊ မြောက်ပိုင်းအသင်းသားများက

ပရိယတ္တိ စာကြည့်သင်းကို ဒုတိယအကြိမ်မြောက် ထပ်မံဖွဲ့စည်းလိုက်ကြ လေသည်။

ဝံသာနုခေတ်ကျတော့လဲ၊ မန္တလေးဘီတီအင် ကျောင်းဆရာကြီးလဲဖြစ် ပထမဆုံး ဘီလပ်သွား၊ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင် ဖေ-ပု-ရှိန်- အဖွဲ့ဝင်ထဲက တစ်ဦးလဲဖြစ်တဲ့ ဦးထွန်းရှိန်ကို အဗ္ဗဒူလ်ရာဇတ် (ဆရာကြီး ဦးရာဇတ်)နဲ့ ကိုစိမ်းမောင်(ဦးစိမ်းမောင်)တို့ နှစ်ယောက်က ဖိတ်ကြားပြီး နန်းတော်ရှေ့ရပ်မှာ ဝံသာနုအသင်းဖွဲ့ခဲ့တယ်။ မန္တလေး မင်္ဂလာဈေး အနောက်ဘက်ကပ်လျက်ဝင်းအတွင်းမှာ မြို့လုံးကျွတ် နယ်လုံးကျွတ် ပါဝင်တဲ့ လူထုအစည်းအဝေးတွေကျင်းပပြီး ဟုမ်းမရူးတောင်းဆိုပွဲကို အင်နဲ့ အားနဲ့ ကျင်းပခဲ့တယ်။

ဆရာကြီး ဦးရာဇတ်ဟာ ရပ်ရွာရှိ လူငယ်တွေရဲ့ တိုးတက်ရာ တိုးတက်ကြောင်း လုပ်ငန်းကလေးတွေကိုလဲ ဂရုတစိုက် ဆောင်ရွက်ပေးတယ်။ အဲဒါကြောင့်လဲ လူငယ်ကျောင်းသားအရွယ်မှာလဲ လူချစ်လူခင်ပေါတယ်။

တက္ကသိုလ်က ကျောင်းပိတ်ရက်တွေမှာဆိုရင်လဲ အိမ်မှာရှိတဲ့ ညီငယ် ညီမငယ်တွေကို အပင်ပန်းခံပြီး ဂရုတစိုက် စာသင်ပေးတယ်။ သူ့ခြေရာကို နင်းပြီး သူ့လိုထူးချွန်စေဖို့ လမ်းတွေဖွင့်ပေးတယ်။ အိမ်ဝရန်တာမှာ စာဖတ် ပြီးနေတတ်တယ်။

သူ့အနားမှာ ခုနစ်တန်းကျောင်းသား ညီငယ် မောင်ဘကြူးကိုခေါ်ပြီး စာအုပ်ကို ဖတ်ခိုင်းတယ်၊ သူ့ညီက "နားမလည်ဘူး"လို့ ပြန်ဖြေတယ်။ "နားမလည်ရင် ပြန်ဖတ်"ဆိုပြီး ပြန်ဖတ်ခိုင်းတယ်။ ဖတ်ပြီး ပြန်ပြောခိုင်းတယ်။ အဲဒီလို အခေါက်ခေါက်အခါခါ ဖတ်ခိုင်းတော့ တစ်ခါနဲ့တစ်ခါမတူဘဲ သဘောပေါက်သထက် ပေါက်လာတယ်၊ နောက်ဆုံးမှာ အင်္ဂလိပ်အဘိဓာန် English Dictionary ကိုင်ခိုင်းတယ်၊ နောက်မှာ သဒ္ဒါ Grammar တို့ စာလုံးပေါင်းတို့ကို လေ့လာစေတယ်။

ဆရာကြီးဟာ ဆယ်တန်းမှာကတည်းက ပါဠိဘာသာကို ယူခဲ့တယ်။ ၁၀ တန်းအောင်တော့လဲ ပါဠိကိုဆက်ယူတယ်၊ ကျောင်းပိတ်ရက်တွေမှာဆိုရင် နန်းတော်ရှေ့က မဟာဝိသုတာရာမတိုက်တော် ဆရာတော် ဦးဓမ္မာဘိဝံသထံတွင် ပါဠိနဲ့မြန်မာစာကို သွားသင်တယ်။ အဲဒီကျောင်းတိုက်ကို မြန်မာမင်း လက်ထက်က **မင်းတုန်းမင်းကြီးက** တည်ဆောက်ထားခဲ့တာပါ။

ကျောင်းသားဘဝမှာ အချိန်ကို အလဟဿ မကုန်စေဘူး၊ အားရင်

စာဖတ်တယ်။ အားကစားလေ့ကျင့်တယ်။ တက္ကသိုလ်မှာတုန်းက တက္ကသိုလ် လက်ရွေးစင် ဘောလုံးသမားဖြစ်တယ်။ ဝါသနာ အပါဆုံးကစားနည်းက ဟော်ကီ တင်းနစ်၊ ဘောလုံးဖြစ်တယ်။

ဆရာကြီးဟာ တက္ကသိုက်က နှစ်နှစ် အပယ်ခံထားရတဲ့အချိန်မှာ အချိန်ကို တန်ဖိုးရှိရှိပဲ သုံးခဲ့တယ်။ အဲဒီအချိန်မှာ ပထမ ကမ္ဘာစစ်ကြီးကလဲ ဖြစ်နေချိန် ဖြစ်တယ်။ ဝက်စလီကျောင်းက ဆရာတစ်ဦးဟာ အိန္ဒိယ ကာကွယ်ရေး တပ်က အမှုထမ်းတစ်ဦးဖြစ်လို့ တပ်ကပြန်ခေါ်တဲ့အတွက် အိန္ဒိယကို ပြန်သွား ရတယ်၊ အဲဒါကြောင့် ဆရာတစ်ဦးလစ်လပ်နေတယ်။ အဲဒီမယ် ဆရာကြီးကို ခေါ်ပြီး၊ အထက်တန်းပြ ဆရာခန့်တယ်။ ဆရာကြီးကို ထိုက်သင့်တဲ့ လစာပေးတယ်။ ဒါပေမယ့် ဆရာကြီးက လခကို လက်မခံဘူး၊ စေတနာ့ဝန်ထမ်း အဖြစ် ဆရာဝင်လုပ် ပေးခဲ့သေးတယ်။

ဒါတင်မကဘူး ဖခင်ဖြစ်သူရဲ့ အလုပ်ကိုလဲကူညီလုပ်ကိုင်ပေးခဲ့ပါတယ်။

ဆရာကြီး ဦးရာဇတ်လို ပုဂ္ဂိုလ်က တစ်မိပေါက် တစ်ယောက်ထွန်း ရှာမှရှားပါ မတစ်ထောင် တစ်ကောင်ဖွားဆိုရင် လွန်အံ့မထင်ကြောင်း၊ နောက်အခန်းတွေမှာ ဆက်လက်လေ့လာ ဖတ်ရှုက စာရေးသူ၏ ထင်မြင်ချက်ကို သဘောတူနိုင်မယ်လို့ ထင်ပါတယ်။

ဒီအခန်းနဲ့ပတ်သက်ပြီး အောက်ပါပုဂ္ဂိုလ်များရဲ့ ပြောပြချက်ကို ကိုးကားရေးသားထားခြင်း ဖြစ်ပါတယ်။

ဆရာဦးဘကြူ - ဗဟိုအမျိုးသားကျောင်းဆရာကြီး (ဆရာကြီးရဲ့ညီ-ကွယ်လွန်)

ဒေါ်ရန် - ဆရာကြီးရဲ့ညီမ (ကွယ်လွန်)

ဒေါ်သိန်းသိန်း - ဆရာကြီးရဲ့ညီမ

ဦးထွန်းမောင် - ဗဟိုအမျိုးသားကျောင်းဆရာဟောင်း ဘော်ဒါဆောင်အုပ် (ကွယ်လွန်)

ဦးကျော်ညွန့် - အငြိမ်းစားနယ်ပိုင်ဝန်ထောက် ပြင်ဦးလွင်မြို့

သခင်ရန်ချွေ - အလံနီတောခို (ကွယ်လွန်)

ဦးကိုကိုကြီး - ခေတ်မြန်ပုံနှိပ်တိုက်ပိုင်ရှင် (ကွယ်လွန်) နန်းတော်ရှေ့နယ်လုံးဆိုင်ရာစာကြည့်သင်း သမိုင်းမှုကြမ်း

ဦးမောင်ကို - နန်းရှေ့အကွက်(၁) လှည်းတန်းရပ်၊ အနိုပ်တော်အုပ် မျိုးချစ်ရဲတပ်ဖွဲ့ ဥက္ကဋ္ဌဟောင်း၊ ဖ၊ဆ၊ပ၊လ အစိုးရ ခေတ်တွင် နန်းရှေ့အတွင်းရေးမှူး (ကွယ်လွန်)

# အခန်း (၂)

## ၁၉၂၀ခုနှစ် ပထမဆုံး ကျောင်းသားသပိတ်ကြီး

### ခေါင်းနှင့်ပန်း

ဆရာကြီး ဦးရာဇတ်၊ ဒါမှမဟုတ် ပြည်သူ့ အချစ်တော်ကြီးရဲ့ အတ္ထုပ္ပတ္တိအကြောင်းကိုရေးရင် မန္တလေးမြို့ ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးရဲ့အကြောင်းကို ချန်လှပ်ထားလို့ မဖြစ်ပါဘူး၊ ဆရာကြီးရဲ့ ဒုတိယအရွယ်ဟာ ဗဟိုအမျိုးသား အထက်တန်းကျောင်းနဲ့အတူ စခဲ့တာပါ၊ ဒီလိုဆိုရင် မှားမယ်မထင်ပါဘူး။ ဆရာကြီး ရာဇတ်လို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းဟာ တစ်ပါတည်း ကပ်ပါပြီးသားပါ။ ဒီလိုပဲ ဗဟိုအမျိုးသား အထက်တန်းကျောင်းရဲ့ အကြောင်း ပြောရင် ဆရာကြီး ရာဇတ်ကို မေ့ချန်ထားလို့မရဘူး။ တစ်မျိုးပြောရရင်တော့ ဆရာကြီးရာဇတ်နဲ့ ဗဟိုအမျိုးသား အထက်တန်းကျောင်းတို့ဟာ ဒင်္ဂါးတစ်ပြားရဲ့ ခေါင်းနဲ့ပန်းပါ။ ထပ်ပြီးပြောရရင် ဆရာကြီး ရာဇတ်ဟာ ဗဟိုအမျိုးသား အထက်တန်းကျောင်းရဲ့ အမှတ်အသားပါ။ ဒါကြောင့်မို့ ဗဟိုအမျိုးသား အထက်တန်းကျောင်းရဲ့ ဖြစ်စဉ်ကို အခန်းကဏ္ဍတစ်ခုဖွင့်ပြီး ဖော်ပြပါရစေ။

မန္တလေးမြို့ ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးဟာ ထက်အောက် မြန်မာပြည်တစ်လွှားမှာ ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့ပါတယ်။ စာသင်ကျောင်းကြီးအဖြစ်ထက် နယ်ချဲ့ဆန့်ကျင်တဲ့ မျိုးချစ်လူငယ်တွေကို နှစ်စဉ် ရာနဲ့

ထောင်နဲ့ချိပြီး မွေးထုတ်ပေးခဲ့တဲ့ နိုင်ငံရေးတက္ကသိုလ်ကျောင်းတိုက်ကြီး တစ်ခုလို့ဆိုရင် ပိုပြီး အဓိပ္ပာယ်ပြည့်စုံပါမယ်။

ဒီလိုကျော်ကြားတဲ့ "ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီး"ဟာ ဘယ်ပုံဘယ်နည်း ပေါ်ပေါက်လာခဲ့တယ်၊ သူ့မှာ ဘယ်လိုနောက်ခံ ပန်းချီကားချပ်တွေ ရှိခဲ့တယ်ဆိုတာတွေကို သိသူတွေရှိသလို မသိသူတွေလည်း ရှိကောင်းရှိပါလိမ့်မယ်။

သိရှိပြီးသူတွေအတွက် အတိတ်ကို ပြန်လည်သတိရ လွမ်းဆွတ်တမ်းတ စေဖို့နဲ့ မသိသူတွေအတွက် ဗဟုသုတရရှိဖို့၊ ပြီးတော့ စာစုသုတေသီတွေ အတွက်လည်း အထောက်အပံ့ရစေဖို့ ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ခုလို ဖော်ပြလိုက်ရပါတယ်။

**ခုခံရေး မျိုးချစ်စစ်ပွဲ**

ဗြိတိသျှနယ်ချဲ့သမားဟာ မြန်မာပြည်ရဲ့ အဆီအနှစ်တွေကို သွားရည်ကျခဲ့ပါတယ်။ ဒီရမက်ကြောင့် လက်နက်အားကိုးပြီး အမျိုးမျိုး အပြစ်ရှာခဲ့တယ်။ နင်မဟုတ်ရင် နင့်အဖေပဲ၊ နင့်အဖေမဟုတ်ရင် နင့်ဘိုးအေပဲ ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ အနိုင်ကျင့်ပြီး မြန်မာပြည်ကို စတင်ဝင်ရောက် ကျူးကျော်သိမ်းပိုက်ခဲ့တယ်။

(၁) ဘကြီးတော်ဘုရားလက်ထက် ပထမဆုံး အင်္ဂလိပ်–မြန်မာစစ်ပွဲ၊ ၁၈၂၄–ခုမှ ၁၈၂၆–ခု။

(၂) ပုဂံမင်းလက်ထက် ဒုတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲ။ (၁၈၅၂–ခု၊ ဧပြီလ (၅)ရက်မှ ၁၈၅၂–ခု၊ ဒီဇင်ဘာလ (၂၀)ရက်။

(၃) သီပေါမင်းလက်ထက် တတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲ။ ၁၈၈၅–ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်မှ ၁၈၈၆–ခုနှစ် ဇန်နဝါရီလ (၁)ရက်။

ဒီလို အင်္ဂလိပ်–မြန်မာ စစ်ပွဲသုံးပွဲကို ရန်စကျူးကျော် တိုက်ခိုက်ဆင်နွှဲပြီး အင်္ဂလိပ်နယ်ချဲ့သမားက သေနတ်တစ်ချက်မှ မပစ်ဖောက်ရဘဲ မလိမ့်တစ်ပတ် ဖြားယောင်းလှည့်ပတ်ပြီး သီပေါမင်းကို ဖမ်းဆီးခဲ့တယ်။ မန္တလေးနန်းတော်ကို သိမ်းဖို့ အင်္ဂလိပ်စစ်သင်္ဘောတွေ မန္တလေးကို ရှေးရှုချီတက်လာ

တုန်းက မြန်မာ့ လက်နက်ကိုင်တပ်တွေက ခုခံတိုက်ခိုက်ဖို့ အသင့်ဖြစ်နေကြ တယ်။ ဒါပေမယ့် ပြန်ပြီး ခုခံမတိုက်လိုက်ရဘူး။

သီပေါဘုရင်ကို ဖမ်းသွားပြီဆိုတဲ့အကြောင်း သိရှိကြတဲ့ တိုင်းရင်းသား ပြည်သူတွေဟာ အင်္ဂလိပ်နယ်ချဲ့သမားကို ရွံရှာမုန်းတီးပြီး သူ့ပုန်ထခဲ့ပါတယ်။ အညံ့မခံကြပါဘူး။ ရတဲ့လက်နက် ဆွဲကိုင်ပြီး မျိုးချစ်စစ်ပွဲကို စတင်ဆင်နွှဲ ခဲ့ကြတယ်။ ဒီပြောင်မြောက်တဲ့ တိုက်ပွဲတွေကြောင့် အင်္ဂလိပ်နယ်ချဲ့သမား ဟာ သီပေါဘုရင်ကို ဖမ်းသွားပေမယ့် မြန်မာပြည် တစ်ပြည်လုံးကို သူမသိမ်းပိုက် နိုင်သေးဘူး။ မြန်မာပြည်အလယ်ပိုင်း ချင်းတောင်၊ ကချင်တောင်နှင့် ရှမ်း ပြည်နယ် တစ်လျှောက်မှာ သူ့ကျွန်မခံလိုတဲ့ ပြည်ထောင်စုသားတွေက သူရသတ္တိရှိရှိ ဇာတိသွေး ဇာတိမာန်နဲ့ ရဲရဲဝံ့ဝံ့ (၁၂)နှစ်လုံးလုံး ခုခံကြတယ်။

ခုခံတိုက်ခိုက်တဲ့ နယ်တွေနဲ့ အဲဒီနယ်မြေတွေက မျိုးချစ်ခေါင်းဆောင် တွေကို ကြည့်မယ်ဆိုရင်...

ကချည်ပြည်နယ်က ဖုန်းကန်စော်ဘွားကြီးနဲ့ ဗိုလ်တီး (ဗိုလ်ရွှေတီး)
ချင်းတောင်က ဦးခိုင်ကမ်းစွမ်ဖ်စ်၊
ဝန်းသိုနယ်က စော်ဘွားကြီး ဦးအောင်မြတ်၊
တမူးနဲ့ ကင်းတပ်က ဗိုလ်လယ်၊
ရွှေဘိုနယ်က ဗိုလ်လှဦး ထိပ်တင်မှတ်၊
ရှိမ်းမကားက ဗိုလ်ယိုင်၊
အောက်ချင်းတွင်းက ဗိုလ်ပြား–ဗိုလ်တက်၊ သံတော်ဆင့် ဦးစံပုံ၊
စစ်ကိုင်းနယ်က ဗိုလ်မင်းအို၊ ဗိုလ်ညိုဖူး၊ ဗိုလ်ညိုဦး၊
တံတားဦးနဲ့ မြင်းခြံနယ်က စောရန်နိုင်၊ ဗိုလ်တုတ်၊ ဗိုလ်ရုံ။
ဝဲလောင်က ဗိုလ်ရာညွှန့်၊
ကျွန်းခင်ကြီးက ဗိုလ်ရာကျော် (ညောင်ဦးနယ်)
ပုဂံက ဗိုလ်ချို၊
ကျောက်ဆည်က မြင်စိုင်းမင်းသား၊
ယောချောင်းက ရွှေဂျိုးဖြူမင်းသား၊ဗိုလ်ကျော်ခေါင်နဲ့ ဗိုလ်သာကြည်၊
ပခုက္ကူက ဗိုလ်ရာကွပ်၊ ဗိုလ်ကွယ်၊ ဗိုလ်စကား၊
ဝမ်းတွင်းက ရွှေဓားဗိုလ် ၊ဦးမင်းပို၊
မိတ္ထီလာက ဗိုလ်တုတ်ကျော်၊

မလှိုင်က ဗိုလ်ခင်ပါး၊
သာစည်က ဗိုလ်မောင်ကြီး၊
ဆင်ဖြူကျွန်းက ဦးဥတ္တမ၊
ပျော်ဘွယ်ရန်နောင်က ကြည့်မြင်တိုင်မင်းသား၊
ရမည်းသင်းက လယ်ဝန်ဦးစံထွန်း၊ သိမ်ကုန်းသူကြီး၊
နတ်မောက်နယ်က ဗိုလ်မင်းရောင်၊
မင်းဘူးက ဗိုလ်ဆွဲ ခေါ် ဗိုလ်ရွှဲ၊
တောင်တွင်းကြီးနယ်က ဗိုလ်ပြည့်ကြီးနဲ့ မြေပြန့်ချင်းတွေ၊
ပျဉ်းမနားက ဗိုလ်ဗုဒ္ဓရာဇာ၊
ရှမ်းပြည်နယ်က လင်းပင်မင်းသား၊
ကရင်နီနယ်က စောလဖော်၊

... စတဲ့ စတဲ့ မြန်မာ့ အာဇာနည် သူရဲကောင်းတွေကို တွေ့ရပါတယ်။ ဒီသူရဲကောင်းကြီးတွေရဲ့ ရဲရဲတောက် လက်နက်စွဲကိုင် ခုခံ စစ်ပွဲရှုံးနိမ့်သွား ပြီးတဲ့နောက်မှာ အင်္ဂလိပ်နယ်ချဲ့အစိုးရက မြန်မာပြည်ကို သူတို့ အပြီးအပိုင် သိမ်းပိုက်လိုက်ပြီလို့ ၁၈၈၆–ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှာ ကြေညာခဲ့ ပါတယ်။ အုပ်ချုပ်မှုလွယ်ကူစေဖို့ ဆိုတဲ့ အကြောင်းပြချက်နဲ့ မြန်မာပြည်ကို အိန္ဒိယနိုင်ငံရဲ့ ပြည်နယ် တစ်နယ်အဖြစ် သတ်မှတ်အုပ်ချုပ်ခဲ့ပါတယ်။

အခုလို မြန်မာပြည်ဟာ အင်္ဂလိပ်နယ်ချဲ့ ကျူးကျော်ရေးသမား လက် အောက် ကျွန်သဘောက်အဖြစ် ကျရောက်တာကတော့ (၁) ခိုင်မာတောင့်တင်း တဲ့ ခေါင်းဆောင်မှုမရှိတာရယ်။ (၂) ပြည်တွင်း စည်းလုံးညီညွတ်မှု မရှိတာ ရယ်။ (၃) ခေတ်မီလက်နက် ခဲယမ်းမီးကျောက် မရှိတာရယ်တို့ကြောင့်ပါ။ ချုပ်ပြီးပြောရရင် ခေတ်မီတဲ့လက်နက် ကိုင်ဆောင်ထားတဲ့ တကယ့် ပြည်တွင်း စည်းလုံးညီညွတ်တဲ့ အင်အားစုတစ်ရပ်ကို ခိုင်ခိုင်မာမာ ခေါင်းဆောင်မယ့်သူ ဒါမှမဟုတ် အဖွဲ့ပါတီတစ်ရပ်မရှိလို့ ကျွန်ဘဝကို မရှုမလှကျရောက်ခဲ့ခြင်းပါ။

အဲဒီလို လက်နက်ကိုင်ခုခံရေး၊ မျိုးချစ်စစ်ပွဲ ရှုံးနိမ့်သွားတဲ့အတွက် အင်္ဂလိပ် နယ်ချဲ့သမားဟာ မြန်မာပြည်သူတွေကို မလှုပ်မယှက်နိုင်အောင် အမျိုးမျိုး ဖိနှိပ်ချုပ်ချယ် နှိပ်စက်ခဲ့ပါတယ်၊ မြန်မာပြည်ရဲ့ နယ်ချဲ့ အင်္ဂလိပ် ဆန့်ကျင်ရေးလှုပ်ရှားမှုဟာ လုံးဝသေသွားသလိုပါပဲ၊ တစ်ပြည်လုံး ငြိမ်ကျ သွားတယ်၊ တစ်မျိုးပြောရရင် နိုင်ငံရေးသေသွားတယ်ပေါ့။

## နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ ပညာတတ်လူတန်းစား ခေါင်းဆောင်မှု

လယ်သမားတွေရဲ့ ဓား၊ လှံ၊ သေနတ် စတဲ့ လက်နက်စွဲကိုင် ခုခံတိုက်ခိုက်တဲ့ မျိုးချစ်စစ်ပွဲ မရှုမလှ ရှုံးနိမ့်သွားပြီးတဲ့နောက်ပိုင်းမှာ နယ်ချဲ့ဆန့်ကျင်တဲ့လုပ်ငန်းဟာ ပြန်အသက်ဝင်လာပြန်တယ်၊ ဒါက ရန်ကုန်ကောလိပ်ကျောင်းက ပြန်လည်စခဲ့တာပါ။ တစ်မျိုးပြောရရင် မြေရှင်ပဒေသရာဇ်နဲ့ လယ်သမားလူတန်းစား ခေါင်းဆောင်တဲ့ လက်နက်ကိုင် ခုခံရေးစစ်ပွဲ ရှုံးနိမ့်သွားပြီးတဲ့နောက်မှာ နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေး တာဝန်ကို ပညာတတ်လူတန်းစားက ဝင်နေရာယူ ခေါင်းဆောင်လိုက်တာပါပဲ။ နယ်ချဲ့သမားကတော့ ပညာတတ်လူတန်းစားတွေကို မွေးထုတ်ပေးတာဟာ သူ့နယ်ချဲ့ယန္တရားကြီး လည်ပတ်ဖို့ပါ။ ဒါ့ကြောင့် ကျွန်ပညာကို ပေးခဲ့တာပေါ့။ ဒါပေမယ့် သူမွေးတဲ့မျောက်က သူ့ပြန်ချောက် ဆိုတဲ့အဖြစ်နဲ့ ကြုံတွေ့ရတော့တာပါပဲ။ ဒီပညာတတ်လူတန်းစားတွေကို မွေးထုတ်ပေးတာဟာ သူ့အတွက် ခေါင်းကိုက်စရာအဖြစ်နဲ့ ကြုံတွေ့ရတယ်၊ ဒီအချက်ကို အောက်ပါစာပိုဒ်က ထောက်ခံထားလျက် ရှိနေပါတယ်။

> ရန်ကုန်တက္ကသိုလ်၏ အတိတ်သမိုင်းကို ပြန်လှန်ကြည့်ပါက နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုတိုက်ပွဲကြီးများတွင် ခေါင်းဆောင်မှုပေးခဲ့သော အခန်းကဏ္ဍကြီးများကို တွေ့ရှိမည်ဖြစ်ပြီး...။
>
> (ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် ၁၉၆၀-၆၁ ခေါင်းကြီးစာမျက်နှာ၃)

ဒီရေးသားဖော်ပြချက်အပေါ် ဘယ်လိုမှ သံသယရှိစရာ မလိုပါဘူး။ ဇာတိသွေး ဇာတိမာန်ရှိတဲ့ မျိုးချစ်ပညာတတ် ကျောင်းသားတွေဖြစ်တဲ့ ကိုမောင်ကြီး (အခု ဆာအမ်အေမောင်ကြီး)၊ ကိုဘရင်၊ ကိုဘဒွန်း၊ ကိုဗဖေ (အခု ဘကြီးဗဖေ)နဲ့ ကိုစိန်လှအောင်တို့ ငါးဦးက စခဲ့တာပါပဲ။

တစ်မျိုးပြောရရင် အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေးသမိုင်းရဲ့ ကဏ္ဍသစ်ဖွင့်လှစ်ခဲ့သူတွေပေါ့၊ အဲဒီနေ့ဟာ ၁၉၀၄ ခု၊ ဇွန်လ ၂၅ရက်နေ့ ကာလကတ္တားတက္ကသိုလ်လက်အောက်ရှိ ရန်ကုန်ကောလိပ်မှာ ဒီလူငယ် ငါးဦးက ဗုဒ္ဓဘာသာအသင်းကို စတင်တည်ထောင်ခဲ့ပါတယ်။

ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်း မပေါ်ခင် ရှစ်နှစ်လောက်က မန္တလေးမြို့မှာ ဗုဒ္ဓသာသနာနုဂ္ဂဟအမည်နဲ့ အသင်းတစ်သင်းကို မျိုးချစ်စိတ် ထက်သန်သူတွေက စတင်တည်ထောင်ခဲ့ပါတယ်။ အဲဒီနောက် မြင်းခြံမြို့မှ ပညာအုပ် ဦးကျော်ရန် ဆိုသူက ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ဗုဒ္ဓကလျာဏမိတ္တ အသင်းကို တည်ထောင် ပြန်တယ်။ နောက်တော့ ဦးကျော်ရန်ကပဲ လူရော အသင်းပါ မန္တလေးကို ပြောင်းရွှေ့သွားပြီး မန္တလေးမှာရှိတဲ့ ဗုဒ္ဓသာသနာ နုဂ္ဂဟအသင်းနဲ့ ပူးပေါင်း လိုက်တယ်။ နောက် ဗုဒ္ဓသာသနာနုဂ္ဂဟ ကျောင်းကို တည်ထောင်ဖွင့်လှစ် လိုက်ပြန်တယ်။ ခရစ်ယာန်သာသနာပြုတွေက ဖွင့်လှစ် တည်ထောင်တဲ့ စာသင်ကျောင်းတွေနဲ့ယှဉ်ပြီး အပြိုင်ဖွင့်တဲ့သဘောပါ။ အခု တရုတ်တန်းမှာ ရှိတဲ့ကျောင်းပါ (ဘီ၊ တီ၊ အင်န်)ကျောင်းဆိုပြီး လူသိများ ပါတယ်။ အခုတော့ ပြည်သူပိုင်အဖြစ် အသိအမှတ်ပြုထားပြီး အထက အမှတ်(၁၅)တဲ့။

အဲဒီနောက် ၁၈၉၇ ခုနှစ်၊ နိုဝင်ဘာလ ၆ရက်မှာ မော်လမြိုင်မှာ "ရှင်ဗုဒ္ဓဃောသ" အမည်နဲ့ အင်္ဂလိပ်–မြန်မာ စာသင်ကျောင်း တစ်ကျောင်း ထပ်မံပေါ်လာပြန်တယ်။ ဒီကျောင်းတွေမှာ သာသနာရေးကို အခြေစိုက်ပြီး နိုင်ငံရေးလှုပ်ရှားမှုတွေကို စခဲ့ကြတယ်ပေါ့။

ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်းကို စတင်တည်ထောင်လာတဲ့ လူတွေကပဲ တစ်ဆင့်တက်လို့ ဗုဒ္ဓကလျာဏ ယုဝ အသင်းရယ်လို့ အသင်း တစ်ခုကို ကိုမောင်ကြီး (အမ်အေ ဦးမောင်ကြီး)နေတဲ့ ရန်ကုန် (၂၈)လမ်း အမှတ်(၆၆)အိမ်မှာ စတင်တည်ထောင်ခဲ့ကြတယ်။ တည်ဆောက်ခဲ့တဲ့ ရက်စွဲက ၁၉၀၆ ခု၊ မေလ ၁၀ရက်နေ့ပါ။

ဒါဟာ အရင်းရှင်ပါလီမန်ဒီမိုကရေစီအရ နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေးတိုက်ပွဲအတွက် ပြင်ဆင်သင့်တဲ့ အဦးနဲ့ ပထမဆုံး ခြေလှမ်းပေါ့။

အင်္ဂလိပ်နယ်ချဲ့လက်အောက် လုံးလုံးလျားလျား ရောက်ရှိပြီးတဲ့ နောက်ပိုင်းမှာ ပေါ်ပေါက်လာတဲ့ နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေး တိုက်ပွဲ အဆင့်ဆင့်ဟာ ဒီ ကောလိပ်ကျောင်းသားငါးဦးက စလိုက်တဲ့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေအသင်းကို)[၁] တစ်ဆင့်ပွား မွေးထုတ် လိုက်တာပါ။

---

YMBA - Young - Men's Buddhist Association.

စာသင်ခန်းကစတင်ခဲ့တဲ့ နိုင်ငံရေးလှုပ်ရှားမှုနောက်မှာ မျိုးချစ်စိတ်ရှိတဲ့ လူကြီးလူငယ် ကျားမ မရွေး အားလုံးပါဝင်စုရုံးခဲ့ကြပါတယ်။ မြန်မာပြည်အနှံ့အပြားမှာ ဝိုင်အမ်ဘီအေအသင်းတွေ အလျှိုလျှိုပေါ်ပေါက်လာပြန်တယ်။ ၁၉၁၀ ခုနှစ်၊ မတ်လ (၂၀)ရက်နေ့မှာ မြန်မာပြည်အရပ်ရပ်က အသင်းအဖွဲ့အမျိုးမျိုးကို ရန်ကုန်မြို့မှာ စုစည်းပြီး ဝိုင်အမ်ဘီအေ ခေါ်တဲ့ မြန်မာအသင်းချုပ်ကြီးကို စတင်ဖွဲ့စည်းခဲ့ပါတယ်။

အချိန်ကာလ ဒေသအခြေအနေအရ ဒီဝိုင်အမ်ဘီအေ အသင်းချုပ်ကြီးဟာ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းတွေကို နှစ်စဉ် တခမ်းတနားကျင်းပတဲ့ ပြည်လုံးကျွတ် ညီလာခံကြီးများကတစ်ဆင့် ရေးဆွဲပြီး လှုပ်ရှားခဲ့ပါတယ်။ ပထမအကြိမ်မြောက် ဝိုင်အမ်ဘီအေ ပြည်လုံးကျွတ်အစည်းအဝေးကြီးကို ၁၉၁၁ ခု မေလ (၇)ရက်မှာ ရန်ကုန်မှာ ကျင်းပပြန်တယ်။ နောက် ၁၉၁၄ ခု မေလ (၁၀)ရက် ရန်ကုန်။ ၁၉၁၅ ခု၊ အောက်တိုဘာလ (၃)ရက် မန္တလေး။ ၁၉၁၆ခု အောက်တိုဘာလ (၁၄)ရက် ပုသိမ်။ ၁၉၁၇ ခု အောက်တိုဘာလ (၂၂)ရက် မော်လမြိုင်။ အဲဒီလို ပြည်လုံးကျွတ်ညီလာခံကြီးတွေကို စည်းစည်းလုံးလုံးနဲ့ တခမ်းတနား ကျင်းပခဲ့ကြတယ်။ လိုအပ်တဲ့အခါတွေမှာဆိုရင် ဗြိတိသျှအစိုးရနဲ့ တွေ့ဆုံ ဆွေးနွေးဖို့ ဘိလပ်ထိအောင် ကိုယ်စားလှယ်တွေ စေလွှတ်ခဲ့ပါတယ်။

**ကရက်ဒေါက်ထွက်သွား**

၁၉၁၈–ခုနှစ်မယ် မြန်မာပြည်မှာ လျောင်ကြီးလှုပ်တဲ့အတွက် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်ကြီး ပြိုလဲပြီး စိန်ဖူးတော် မြေခခဲ့ပါတယ်။ အဲဒီအချိန်မှာ မြန်မာပြည် လက်ထောက်ဘုရင်ခံအဖြစ် ဆောင်ရွက်နေတဲ့ ဆာရယ်ဂျီနယ် ကရက်ဒေါက် (Sir Reginal Craddock)က စေတီတော်ကို သွားရောက်ကြည့်ရှုတယ်လေ။

ဒါက ပဒူအုံ တုတ်နဲ့ဆွလိုက်တာနဲ့ အတူတူပဲ။ ဘုရားကုန်းတော်ရင်ပြင်ပေါ်မှာ ဖိနပ်မချွတ်ဘဲ တက်ခဲ့တယ်။ ဒါကို ဘုရားဂေါပကလူကြီးတွေက မြင်တော့ မခံမရပ်နိုင်ဖြစ်ပြီး ရန်ကုန် ဝိုင်အမ်ဘီအေအသင်းကို တိုင်ကြားခဲ့တယ်။ ဝိုင်အမ်ဘီအေ အသင်းကြီးက ဂျူဗလီခန်းမဆောင်မှာ ပြည်လုံးကျွတ် အစည်းအဝေးကြီးတစ်ရပ်ကို ခေါ်ဆိုပြီး 'ဖိနပ်ပြဿနာ'

(The Shoe Question)ကို အပြင်းအထန် ဆွေးနွေးကန့်ကွက်ကြတယ်။ ဒါကို တစ်ပြည်လုံးကလည်း မခံမရပ်နိုင်ဖြစ်ပြီး ဆူပူအုံ့ကြွ ကန့်ကွက်လာပြန်တယ်။

အဲဒီမတိုင်ခင်က ဘုရားစောင်းတန်း မုခ်ဝတွေမှာ 'ဗြိတိသျှများနှင့် ဥရောပလူမျိုးများမှအပ မည်သူမျှဖိနပ်မစီးရ' (Foot wearing strietly prohibited, except the British and the Europeans) လို့ စာတန်းတွေရေးဆွဲထားကြပါတယ်။ အဲဒါကြောင့် ဗြိတိသျှအရင်းရှင်သခင်များနဲ့ ဥရောပတိုက်သားတွေက မိုးကျရွှေကိုယ်တွေပေပဲလားမသိ။ တစ်သီးတခြား အခွင့်ထူးခံတွေအနေနဲ့ ဘုရားရင်ပြင်တော်ပေါ် ဖိနပ်စီးခွင့်ပြုထားရသတဲ့။

အခုတော့ ပြည်သူတွေအတွက် နိုင်ငံရေးအဖွဲ့အစည်းတစ်ခု ရှိနေလို့ အားကိုးအားထား ရရှိနေပြီလေ၊ ဒီအရင်ကဆိုရင် မတရားဖိနှိပ်မှုတွေကို ခေါင်းငုံ့အံကြိတ်ပြီး ခံခဲ့ရတယ်၊ ခေါင်းမဖော်နိုင်ခဲ့ဘူး။ ဒါကြောင့်မို့ အားမတန်မာန်လျှော့ခဲ့ပြီး ပင့်သက်ကိုသာ တွင်တွင်ချရင်း နေခဲ့ရတယ်။ ဒါကြောင့်မို့လည်း 'ဖိနပ်ပြဿနာကို တစ်သီးတခြား ခွင့်ပြုထားခဲ့ရပါတယ်။ ခုတော့သည်းမခံနိုင်လောက်တဲ့ ပြဿနာကြီးတစ်ရပ်အနေနဲ့ အုံကြွပေါက်ကွဲမှု ဖြစ်လာတယ်။ ကန့်ကွက်ကြတယ်။ ဒါဟာ လူထုကို ကိုယ်ပိုင်နိုင်ငံရေး အတွေ့အကြုံနဲ့ နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းထဲ ဆွဲသွင်းပေးခဲ့တဲ့ အချက်ပါ။

ဒါဟာ အကြမ်းမဖက်ဘဲ အနုနည်းနဲ့ ပထမဆုံး တိုက်ပွဲလည်းဖြစ်၊ ပထမဆုံး အောင်ပွဲလည်းဖြစ်ခဲ့တယ်။ အဲဒီလို ဆန္ဒပြ ရှုတ်ချကန့်ကွက်တော့ 'ဘုရားများ၊ ကျောင်းများအတွင်း မည်သည့်ပုဂ္ဂိုလ်မှ ဖိနပ်စီး၍ မဝင်ရ' ဆိုတဲ့ စာတန်းကို ချိတ်ဆွဲနိုင်ခဲ့ပါတော့တယ်။

ပထမကမ္ဘာစစ် ပြီးဆုံးသွားပြီးတဲ့နောက်မှာ ၁၉၁၈–ခုနှစ် ဒီဇင်ဘာလထဲမှာပဲ လက်ထောက်ဘုရင်ခံ ဆာရဲဂျီနယ်ကရက်ဒေါက်က မြန်မာနိုင်ငံအုပ်ချုပ်ရေးစီမံကိန်းကို ရေးဆွဲပြီး ပါလီမန်မှာ တင်ပြတယ်။ ဒါကို ကရက်ဒေါက်ကြေညာချက် (Craddock Scheme) လို့လည်း ခေါ်တယ်။ ဒီစီမံကိန်းကို မြန်မာပြည်သူတွေနဲ့ တိုင်ပင်ဆွေးနွေးခဲ့တာ မဟုတ်ပါဘူး။ သူက တိုင်ပင်ချင်တဲ့ လူကိုသာ ခေါင်းခေါက်ခေါ်ယူ တိုင်ပင်တာပါ။ ဒီကြေညာချက်ကို မြန်မာပြည်နဲ့ အိန္ဒိယပြည်တို့မှာ ထုတ်ဖော်ကြေညာခြင်းမပြုဘူး။ အဲဒီကြေညာချက်

ထဲမှာ မြန်မာလူမျိုး တစ်မျိုးလုံးရဲ့ စွမ်းရည်သတ္တိနဲ့ အကျင့်စာရိတ္တတို့ကို ယိခိုက် ရှုတ်ချ ရေးသားဖော်ပြထားပြန်တယ်။

ဒီကြေညာချက်နဲ့ပတ်သက်ပြီး မြန်မာတစ်မျိုးသားလုံး နေရာအနှံ့အပြားမှာ တက်တက်ကြွကြွနဲ့ အစည်းအဝေးတွေ ပြုလုပ်ကန့်ကွက်ကြတာဟာ သိမ့်သိမ့်တုန်သွားတယ်၊ အားရစရာပါပဲ။ ဇာတ်သွေး ဇာတ်မာန်ရှိရှိနဲ့ 'ကရက်ဒေါက် အလိုမရှိဘူး၊ ကရက်ဒေါက် ထွက်သွား၊ ကရက်ဒေါက် ပြန်သွား' (Go back Craddock) ဆိုတဲ့ နိုးကြားတက်ကြွတဲ့ ဒီကြွေးကြော်သံတွေဟာ မိုးမွှန်ပြီး တစ်ပြည်လုံး ပဲ့တင်ထပ်ခဲ့တယ်။

ပထမကမ္ဘာစစ်ကြီးဖြစ်တုန်းကတော့ အင်္ဂလိပ်အစိုးရက မြန်မာပြည်၊ အိန္ဒိယပြည် အစရှိတဲ့ ကိုလိုနီကျွန်နိုင်ငံတွေဆီက အကူအညီတောင်းခံတယ်။ 'သူတို့ကို စစ်ကူကြပါ၊ စစ်ကြီးပြီးသွားရင် ဟုမ်းရူး (Home-Rule) ခေါ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးပါမယ်'တဲ့။ အဲဒါကြောင့် မြန်မာပြည်၊ အိန္ဒိယပြည် အစရှိတဲ့ တိုင်းပြည်တွေက လူအင်အား၊ ငွေအင်အားတွေ ပေးခဲ့တယ်။ စစ်ပြီးတော့ အင်္ဂလိပ်အစိုးရက မလိမ့်တပတ်လုပ်ထားပြီး ဆုတ်ဆိုင်းနေခဲ့တယ်။ ဘုရားပြီးပြီပဲ ငြမ်းကိုတော့ ဖျက်ရုံပေါ့။ ငြမ်းရဲ့ကျေးဇူးကိုတော့ အသိအမှတ်ပြုဖို့မလိုဘူး။ အဲဒီအထဲမှာ ကရက်ဒေါက်က သူ့သဘောနဲ့သူ ရေးဆွဲတဲ့ ကရက်ဒေါက်ကြေညာချက်ကို ထုတ်ပြန်လာတယ်။

အဲဒါကြောင့် မြန်မာပြည်သူတွေက မကျေနပ်ကြဘူး။ ကန့်ကွက်တယ်။ ကန့်ကွက်ရုံတင် ဘယ်ဟုတ်ဦးမလဲ၊ ဝိုင်အမ်ဘီအေ အဖွဲ့ကြီးက (ဖေပုရိုန်) ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန် တို့ကို ရွေးချယ်ပြီး အင်္ဂလိပ်အစိုးရနားပေါက်အောင် ပြောပြဖို့ အခွင့်အရေးတောင်းဖို့ စေလွှတ်တယ်။ ဒါဟာ ပထမအကြိမ်ဖြစ်တယ်။ ၇–၇–၁၉၁၉ နေ့က ရန်ကုန်က သင်္ဘောနဲ့ထွက်ကြတယ်။ ဘာမှ ပြတ်ပြတ်သားသား တင်ပြနိုင်လောက်အောင် အခွင့်အရေး မရခဲ့နိုင်ပါဘူး။ မကျေမနပ်နဲ့ဘဲ ပြန်ခဲ့ရတယ်။ ရန်ကုန်ကို ၄–၂–၁၉၂၀ နေ့မှာ ပြန်ရောက်တယ်။

နောက်တစ်ခါ ဘိလပ်အစိုးရက မြန်မာကိုယ်စားလှယ်အဖွဲ့ လာပါဆိုပြီး ဖိတ်ခေါ်တယ်။ ဒီအချိန်မှာ ဝိုင်အမ်ဘီအေ အသင်းကြီးက ဒုတိယအကြိမ် ဘိလပ်ကို ကိုယ်စားလှယ်စေလွှတ်ဖို့အတွက် စိုင်းပြင်းချိန်နဲ့လည်း

ဆုံစည်းနေတယ်။ အဲဒါကြောင့် ဝိုင်အမ်ဘီအေက ရွေးချယ်ထားတဲ့ ဦးဘဖေ၊ ဦးပုနဲ့ ဦးသိမ်းမောင်တို့ သုံးဦးကိုပဲ အင်္ဂလိပ်အစိုးရရဲ့ ဧည့်သည်တော်တွေအဖြစ် ထပ်ဆင့်အသိအမှတ်ပြုပြီး ဘိလပ်ကို စေလွှတ်ခဲ့တယ်။ ဒီကိုယ်စားလှယ်အဖွဲ့ဟာ ရန်ကုန်က (၂၉-၅-၁၉၂၀) နေ့မှာ ထွက်သွားကြပြန်တယ်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ဘိလပ်သွားပြီး ကရက်ဒေါက် ကြေညာချက်၊ ဒါမှမဟုတ် စီမံကိန်းကို ကန့်ကွက်အရေးဆို တင်ပြနေတာကို သိလျက်နဲ့ သူဟာ နည်းနည်းကလေးမှ မဖြုံခဲ့ဘူး။ မမှုခဲ့ဘူး။ သူ့ကြေညာချက်ကို တစ်ပြည်လုံးက အုန်းအုန်းကျွက်ကျွက် ကန့်ကွက်ဆန္ဒပြနေပေမယ့်လည်း သူ့ကြေညာချက်ကို ရုပ်သိမ်းဖို့ ပြင်ဆင်ဖို့ နည်းနည်းကလေးမှ မစဉ်းစားခဲ့ဘူး။ ငါမျက်နှာဖြူ၊ ငါမင်း၊ ငါဘုရင်ခံ ငါလုပ်သမျှ ကျွန်တွေက နာခံရမယ်ဆိုတဲ့ ဘဝင်ကိုင်တဲ့ အတွေးအခေါ်နဲ့ တိုးလို့သာ ပြည်သူတွေကို ဖိနှိပ်ခဲ့တယ်။

ပြည်သူ့ခေါင်းဆောင်တွေကို ပုဒ်ထိုး၊ ပုဒ်မ အမျိုးမျိုးတပ်ပြီး ဖမ်းဆီးအရေးယူခဲ့တယ်။ နာမည်ကျော် ပုဒ်မ ၁၄၄ ကို ထုတ်ခဲ့တယ်။ ဒါတင်မကဘူး အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဆရာတော် ဦးဥတ္တမကို မအူပင်နယ်ဘက်မှာ ဖမ်းဆီးပြီး အကျဉ်းချခဲ့ပါတယ်။

ဆရာတော် ဦးဥတ္တမကို ဖမ်းလိုက်ပြီဆိုတဲ့ ဒီသတင်းဟာ တစ်မဟုတ်ချင်းဆိုသလို မြန်မာနိုင်ငံ တစ်နိုင်ငံလုံးဆီကို ပြန့်လွင့်သွားပါတော့တယ်။ ဒီဖြစ်ရပ်ဟာ ရောမယမ်းပုံကြီးပေါ် မီးကျလို့ တစ်ပြည်လုံး ဖိန့်ဖိန့်တုန်အောင် ကြောက်မက်ဖွယ် မည်ဟည်းပေါက်ကွဲသွားတဲ့ တော်လဲသံနဲ့မခြားဘူး။ အင်္ဂလိပ်နယ်ချဲ့သမားကို အင်မတန်ရွံမုန်းတဲ့စိတ်တွေလည်း တစ်ဟုန်ချင်းကြီးမားလာတယ်။ ပြည်သူတွေ ဒေါသူပုန်ထလာကြတယ်။ နယ်ချဲ့ဆန့်ကျင်ရေးတွက်သွေးစည်းညီညွတ်မှုဟာလည်း သူ့ခေတ်နဲ့ သူ့ကာလမှာ အင်မတန်ကျေနပ်အားရစရာပဲ။ "ကရက်ဒေါက်ပြန်သွား" ဆိုတဲ့ ဒီကြွေးကြော်သံတွေဟာလည်း မိုးမွှန်နေလို့ပေါ့၊ "ကရက်ဒေါက် အလိုမရှိဘူး၊ ကရက်ဒေါက် ပြန်သွား" ဆိုတဲ့ ကြွေးကြော်သံစာတန်းတွေ နေရာအနှံ့အပြား လိုက်ကပ်နေတာတွေဟာလည်း အမောသား။ ဒါပေမယ့် ပြည်သူတွေကတော့ မမောနိုင် မပန်းနိုင်ရှာဘူး။ နယ်ချဲ့ဆန့်ကျင်တဲ့ စိတ်တွေကသာ အဟုန်ပြင်းစွာနဲ့ ပေါ်ပေါက်နေတယ်။

ဒီလောက် အုန်းအုန်းကျွက်ကျွက် ဆူပွက်ကန့်ကွက်နေတဲ့ အသံတွေ၊ သိမ့်သိမ့်တုန်အောင် ကြွေးကြော်နေတဲ့အသံတွေဟာ စာသင်ခန်းတွေဆီကို လည်း ပဲ့တင်သံရိုက်ခတ်ခဲ့ပါတယ်။ မစ္စတာ ရာဇတ်ဟာ နဂိုကလည်း ကျောင်းထုတ်ခံထားရတဲ့ ဓာတ်ခံကလည်းရှိနေ၊ ပြီးတော့ နေ့စဉ်နဲ့အမျှ စာသင်ခန်းဆီကိုလည်း နယ်ချဲ့ဆန့်ကျင်တဲ့ လှုပ်ရှားမှုသတင်းတွေဟာ ဝင်လာမစဲ တသဲသဲ ဖြစ်နေတော့ နယ်ချဲ့အစိုးရကို ဆန့်ကျင်ချင်တဲ့စိတ်တွေက တစိမ့်စိမ့်နဲ့ ကိန်းဝင်မှန်းမသိ ကိန်းအောင်နေပါတယ်။ ဒါကတော့ သူ့တွင်မကပါဘူး။ တခြားကျောင်းသားတွေဆီကိုလည်း တစိမ့်စိမ့်ကူးစက်ခဲ့တယ်။

ဆရာတော် ဦးဥတ္တမကို မန္တလေးကျောက်သွေးတန်းမှာ ဖမ်းပြီး ရန်ကုန်ပို့တယ်၊ အစိုးရအကြည်ညိုပျက်အောင် ဟောပြောမှုပုဒ်မ (၁၂၄)(က)နဲ့ ရုံးတင်စစ်တယ်၊ ရန်ကုန်မြို့ ဘုရင်မပန်းခြံ (အခု ဗန္ဓုလပန်းခြံ)မှာ ဝိုင်အမ်ဘီအေအသင်းကြီးက ဦးဆောင်ကန့်ကွက်ပွဲတစ်ရပ်ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပတယ်၊ အဲဒီမယ် အဖွဲ့အစည်းအမျိုးမျိုး တက်ရောက်ဆန္ဒပြခဲ့ကြပါ တယ်။ ဝံသာနုရက္ခိတအသင်းဝင် အမျိုးသမီးတွေ၊ သိမ်ကြီးဈေးဝံသာနု ကုမ္မာရီအသင်းပါ တက်ရောက်ကန့်ကွက် ဆန္ဒပြခဲ့ကြပါတယ်။

ရန်ကုန် ပုလိပ်မင်းကြီးက အမျိုးသမီးတွေ တက်ရောက် ဆန္ဒမပြရဘူး ဆိုတဲ့ အမိန့်တွေထုတ်ခဲ့တယ်။ ဒါပေမယ့် ပြည်သူတွေက မနာခံဘူး။ ထိပ်တိုက်သာဝင်ခဲ့တယ်။

ဒီလို ပြည်သူတွေက ဆူပူကန့်ကွက်ဆန္ဒပြပွဲတွေ လုပ်နေတာကို တစ်နေ့တခြား လျှော့ဆင်းသွားမှ သွားပါစေတော့ ဆိုတဲ့အနေနဲ့ မြန်မာ ပြည်သူတွေက ကျေနပ်အောင် ငါဘယ်အချက်ကိုတော့ မလုပ်သေးဘဲ ခဏရပ်ဆိုင်းလိုက်ဦးမယ်၊ ဘယ်အချက်ကိုတော့ လိုက်လျောပေးလိုက်မှပဲ ဆိုတဲ့ ခံယူချက်မျိုး နည်းနည်းကလေးမှ ဘုရင်ခံ ကရက်ဒေါက်မှာမရှိဘူး။

အင်္ဂလိပ်တွေဟာ နယ်ချဲ့တဲ့နေရာမှာရော၊ အုပ်ချုပ်တဲ့ရာမှာပါ အလွန် ပါးနပ်တယ်၊ အတွေ့အကြုံ ကုံလုံကြွယ်ဝတယ်၊ ဘိန်းစားချင်းတူရင် သူက တစ်လုံးပိုရှူတယ်ဆိုတဲ့ အစားထဲကပါ။ ပြင်သစ်၊ ပေါ်တူဂီ၊ ဒတ်ချ် အစရှိတဲ့ နယ်ချဲ့နိုင်ငံတွေဟာ အထူးသဖြင့် ပေါ်တူဂီ ဒတ်ချ် နယ်ချဲ့သမားဟာဆိုရင် ပထမဦးဆုံး အိန္ဒိယ မြန်မာပြည်ဘက်ကို ရောက်ခဲ့သူတွေပါ။ မြန်မာပြည်တို့၊

အိန္ဒိယပြည်တို့၊ အင်ဒိုချိုင်းနားပြည်တို့ ဆိုတာ ကျွန်ဖြစ်စားဖြစ်ရင် ပေါ်တူဂီ ပြင်သစ်တို့ရဲ့ ကျွန်ဖြစ်စရာပေါ့။ ဒါပေမယ့် သူ့နောက်မှရောက်လာတဲ့ အင်္ဂလိပ်က လက်မြန်ခြေမြန်နဲ့ ဝင်အုပ်လိုက်လို့ မြန်မာပြည်၊ အိန္ဒိယပြည်ဟာ အင်္ဂလိပ်လက်အောက် ရောက်ရတာ။

အဲဒီလို အင်္ဂလိပ်နယ်ချဲ့သမားဟာ အတွေ့အကြုံအရ၊ ပရိယာယ်အရ ကုံလုံကြွယ်ဝတယ်၊ ခြေလှမ်းကျဲတယ်၊ လက်မြန်တယ်၊ ကွက်ကျော်မြင်တယ်၊ ပါးတယ်၊ ရုပ်တယ်၊ လိမ္မာတယ်လို့ ကမ္ဘာက အသိအမှတ်ပြုထားတယ်။ ဒီလို ကမ္ဘာက အသိအမှတ်ပြုထားလျက်နဲ့ ဒီ ဆာရယ်ဂျီနယ်ဂရက်ဒေါက် ကျတော့ "ထုံထိုင်းနိုင်ရန်ကောလို့ ဆိုရမလောက် ထူတယ်၊ အ,တယ်၊ နုံတယ်၊ အကင်းမပါးဘူး၊ ပြီးတော့ ဒုံးသမားပါလား"လို့ ဆိုပြီး မှတ်ချက် ချလောက်ပါပေရဲ့။

စာရေးဆရာ ဗိုလ်မှူးဘသောင်းက သူ့ရဲ့ မြန်မာ့တော်လှန်ရေးသမိုင်းမှ ပထမကျောင်းသားသပိတ် ဆိုတဲ့အခန်းမှာ ဟောဒီလို ရေးသား ဖော်ပြထား ပါတယ်။

> 'ကျေးဇူးတင်လက်စနှင့် အင်္ဂလိပ်မျက်နှာဖြူများကို ဆက်၍ ကျေးဇူးတင်ရပေဦးမည်၊ ယခုသော် အင်္ဂလိပ်မျက်နှာဖြူအားလုံးကို သိမ်းကျုံး၍ ကျေးဇူးမတင်လို၊ တစ်ဦးတစ်ယောက်တည်းသာ ကွက်၍ ကွင်း၍ ကျေးဇူးတင်လိုက်ခြင်း ဖြစ်ပါသည်။ ထိုသူကား အခြားမဟုတ် "အထက်တွင် တစ်ချိန်တစ်ခါက တင်ပြခဲ့ဖူးပြီဖြစ်သော ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ် ကရက်ဒေါက်ပင် ဖြစ်ပါသည်။
>
> "မြန်မာလူမျိုးများကို နိုးကြားလာလေအောင် စွမ်းဆောင်ခဲ့ကြ သူများအထဲတွင် ဆာရယ်ဂျီနယ် ကရက်ဒေါက်သည် ထိပ်တန်းက ပါခဲ့သည်၊ ကျေးဇူးအထူးတင်စရာပင်။ (သောင်း/ဗိုလ်မှူးဘ–ဗမာ့ တော်လှန်ရေးသမိုင်း မိုးစာပေဖြန့်ချိရေး၊ ရန်ကုန်၊ မျက် ၁၈၃–၄)

အဲဒီလို ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။ ဒီလို နုံတဲ့၊ အ,တဲ့၊ လူရည်မလည်တဲ့ ကရက်ဒေါက်ဟာ လှုပ်လေမြုပ်လေပဲ ဖြစ်ခဲ့ရတယ်။ သူလုပ်သမျှ အတိုင်းအတာအရ မြန်မာအမျိုးသားတွေ နိုးကြားတက်ကြွ လာလေပဲ၊ စည်းလုံးညီညွတ်လာလေပဲ။ မြန်မာပြည်ဘုရင်ခံအနေနဲ့ လုပ်သွားတဲ့

ဆာဟာကုတ်ဘတ္တလာလိုလည်း အကင်းမပါးဘူး။ ဆာဟာကုတ် ဘတ္တလာက တော့ ရေမှုတ်တစ်ဖက် မီးစတစ်ဖက်ကိုင်ပြီး ရေရေလည်လည်ကြီး အုပ်ချုပ် သွားခဲ့သူပါ။

**ကျောင်းသားတွေရဲ့ ဗွေဆော်ဦးတိုက်ပွဲ**
**ကျွန်ပညာရေးစနစ်**

တက္ကသိုလ် ကျောင်းသားတွေ ခေါင်းဆောင်တဲ့ ဗွေဆော်ဦး ကျောင်းသား သပိတ်တိုက်ပွဲဟာ ကျောင်းသားထုရဲ့ ပညာရေးသမိုင်းသစ်ကို ကြိုဆိုလိုက် ခြင်းဖြစ်သလို မြန်မာ့လူ့အဖွဲ့အစည်းရဲ့ သမိုင်းသစ်ကိုလည်း မွေးထုတ်ခဲ့ပါတယ်။

ကရက်ဒေါက်ဟာ ဖိနပ်ပြဿနာကစပြီး လူထုဆန့်ကျင်ရေးကို ဖြစ်စေ ခဲ့တယ်။ အဲဒီနောက် ဆက်တိုက်ဆိုသလို ပထမကမ္ဘာစစ်ကြီး ပြီးတဲ့ ၁၉၁၈ ခုနှစ်မှာလည်း မြန်မာပြည်အုပ်ချုပ်ရေးနဲ့ပတ်သက်ပြီး 'စကင်း' ခေါ်တဲ့ အဲဒီ ကရက်ဒေါက် စီမံကိန်း (Craddock Scheme)ကို ဘိလပ်အစိုးရဆီ တင်ပြခဲ့တယ်။ အဲဒီတင်ပြချက်ပါ အချက်အလက်တွေကို သဘောမတူနိုင်ဘူး၊ ဒါကြောင့် ပြည်သူတွေက စည်းစည်းလုံးလုံးနဲ့ ဖိန့်ဖိန့်တုန်အောင် တစ်ခဲနက် ကန့်ကွက်ကြတယ်။ သူဟာ မြန်မာပြည်သူတွေ ကျေနပ်အောင် ရေရေလည်လည် ဖြေရှင်းမပေးနိုင်ရတဲ့အထဲ ပြဿနာသစ်တစ်ရပ်ကို ထပ်ဆင့်တင်ပြလာပြန် တယ်။ ဒါဟာ သူ့ကိုယ်သူ ဓာတ်ဆီလောင်းပြီး မီးရှို့ကစားလိုက်သလိုပါပဲ။

ဒါက တခြားမဟုတ်ဘူး။ ၁၉၂၀ခုနှစ် အောက်တိုဘာလ ၂၄ရက်နေ့ မှာ အိန္ဒိယဘုရင်ခံချုပ်ဆီက အတည်ပြုရရှိခဲ့တဲ့ ယူနီဘာစီတီ အက်ဥပဒေ ထဲက အချို့အချက်အလက်တွေကို ပြုပြင်ပေးဖို့ တောင်းဆိုနေပါလျက်ကနဲ့ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက် လုပ်ခဲ့တယ်။

ဒါက ယူနီဘာစီတီအက်ဥပဒေ (The University Act of 1920) ကို ၁၉၂၀ခု၊ ဒီဇင်ဘာလ ၁၇–ရက်နေ့မှာ ရန်ကုန်တက္ကသိုလ် ကျောင်းတိုက် ကြီးကို တခမ်းတနားဖွင့်လှစ်ကျင်းပပြီး ဒုဘုရင်ခံ ဆာရယ်ဂျီနယ် ကရက် ဒေါက်က သူကိုယ်တိုင် တက္ကသိုလ်အဓိပတိအဖြစ် တက်ရောက်ဖွင့်လှစ်မတဲ့ လို့ ကြေညာလာတယ်။ ပြည်သူတွေကို နှိပ်စက်လို့ အားမရသေးဘူး။ ခု ကျောင်းသားတွေဘက် လှည့်ခဲ့ပြန်ပါတယ်။ ဒါက တတိယမြောက် ကရက် ဒေါက်ရဲ့ လက်ရာပါ။

နယ်ချဲ့အစိုးရရဲ့ ယိုပေါက်တွေ၊ အားနည်းချက်တွေ၊ ပျော့ကွက်တွေကို အမြဲတမ်း လင်းယုန်မျက်စိလို ကြည့်နေတဲ့ မျိုးချစ်ပညာတတ် ခေါင်းဆောင်တွေဟာ အခါအခွင့်ပေါ်လာတိုင်း၊ ချက်ရတိုင်း အစိုးရကို ဖွင့်ဆော် ထိုးနှက်ရင်း တိုက်ပွဲဆင်ရင်း ပြည်သူလူထုကို နယ်ချဲ့ဆန့်ကျင်ရေး လမ်းကြောင်းပေါ် တင်ပေးခဲ့ပါတယ်။ ဒီအချိန်မှာ ဒီရေလှိုင်းကြီးတွေ တအိအိတက်လာသလို ဒေါသတွေဝေလျှံနေတဲ့ အဖိနှိပ်ခံပြည်သူတွေဟာ နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေးလမ်းကြောင်းပေါ် အလုံးအရင်းနဲ့ တစ်ခဲနက် ချီတက်နေချိန်ဖြစ်ပါတယ်။

ဒီအခြေအနေကို ချက်ကောင်းယူပြီး ရန်ကုန်မြို့ အလုံရပ်ရှိ အမေရိကန် သာသနာပြုကျောင်းက ကူရှင်ကျောင်းသားတွေဟာ ကျောင်းကို သပိတ်မှောက်ပြီး နောက်ဆုံး ကျောင်းကို ပြန်မလာတော့ဘူး။

ကျောင်းသားတွေက ပညာကိုလိုချင်ကြတယ်။ ဒါပေမယ့် ကျောင်းတွေက လုံလုံလောက်လောက်မရှိဘူး၊ အဲဒီတော့ ခရစ်ယာန် သာသနာပြုကျောင်းတွေကို မရမက ကပ်ပြီးပညာရှာကြရတယ်။ ဒီကျောင်းတွေက သာသနာပြုရေးကို အဓိကထားနေတော့ ခရစ်ယာန်ဘာသာဝင်တွေသာ အထူးအခွင့်အရေးတွေရရှိပြီး အခြားဘာသာဝင်တွေမှာတော့ အခွင့်အရေးတွေ အရှုံးခံနေကြရတယ်။ ဒါပေမယ့် ပညာရချင်လွန်းလို့ သည်းခံပြီး ခံစားခွင့်ကို စောင့်ဆိုင်းခဲ့ရတယ်။

ဒီအချိန်လောက်မှာပဲလက်ထောက်ဘုရင်ခံ ကရက်ဒေါက်ရဲ့ လုပ်ရပ်အမှားတွေကြောင့် ပြည်သူတွေက အုံကြွတိုက်ပွဲဆင်လာတာနဲ့ ကြုံလာတယ်။ အဲဒီအခွင့်အရေးကောင်းကိုယူပြီးမှ ကူရှင်ကျောင်းသားတွေက ကူရှင်ကျောင်းကို သပိတ်မှောက်ပြီး ထွက်ခဲ့ကြပါတယ်။ ဖြစ်ပုံက ဒီလိုပါ။

ရန်ကုန်ကူရှင် ဟိုက်စကူးကျောင်းမှာ ကျောင်းသူ၊ ကျောင်းသား (၁၄၀၀) ကျော်လောက်ရှိတယ်။ ဒီအထဲမှာ ခရစ်ယာန် ကျောင်းသူ၊ ကျောင်းသားတွေက (၃၀၀)နီးပါးပါ၊ ကျန်ကျောင်းသား အများစုက ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေပါ။ အဲဒီတုန်းက တန်ဆောင်တိုင်ပွဲတွေမှာ ခုခေတ်လို ကျောင်းပိတ်ရက်မရှိခဲ့ဘူး။ ကျောင်းပိတ်ပေးဖို့ နေနေသာသာ ဗုဒ္ဓဘာသာကျောင်းသားတွေကိုတောင် ခွင့်ပေးလေ့မရှိခဲ့ဘူး။ ဗုဒ္ဓဘာသာ ကျောင်းသားတွေကလည်း နှစ်စဉ်နှစ်တိုင်း ခွင့်မတိုင်ဘဲ ဒီလိုပဲနေခဲ့ကြပါတယ်။ ဒီလို ခွင့်မတိုင်ဘဲ

ကျောင်းမတက်တာကို အရင် ကျောင်းအုပ်ကြီးတွေက အရေးမယူဘဲ နားလည်မှုနဲ့ ငြိမ်နေခဲ့တာပေါ့။

၁၂၈၂ခု တန်ဆောင်တိုင်ပွဲတော်ကျတော့ ကျောင်းသားတချို့ ခွင့်မရပေမယ့် ကျောင်းမတက်ဘဲနေခဲ့တယ်။ ဒီတော့ ကျောင်းအုပ်ဆရာကြီးဖြစ်တဲ့ မစ္စတာ ဟတ္တာစလီက အရင်ကျောင်းအုပ်တွေထက် စည်းမျဉ်းကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်လိုက်တယ်။ သူက အဲဒီနေ့က ပျက်ကွက်ခဲ့တဲ့ ကျောင်းသား (၁၀၀)ကျော်ကို အရေးယူပြီး တစ်ယောက်ကို ဒဏ်ငွေ ငါးကျပ် တပ်လိုက်တယ်။ အမှန်က တစ်နေ့ကျောင်းပျက်ရင် လေးပဲသာ ဒဏ်ရိုက်လေ့ရှိသတဲ့။

ဒါကြောင့် ကိုစောရှိန် ခေါင်းဆောင်တဲ့ ကျောင်းသားထုက ဒါဟာ "မတရားတဲ့ လုပ်ဆောင်ချက်တစ်ရပ်ဖြစ်တယ်"ဆိုပြီး ပြင်းပြင်းထန်ထန် ကန့်ကွက်ကြတယ်။ ဒါကြောင့် ကျောင်းဆရာကြီးက သုံးပဲ ဒဏ်တပ်မယ်လို့ လျှော့ပေးတယ်။ ဒါပေမယ့် ကျောင်းသားထုက မခံမရပ်နိုင်တော့ဘဲ ၁၂၈၂ ခု တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်နေ့မှာ ရွှေတိဂုံ ဆံတော်ရှင်ဘုရား အရှေ့ဘက်ရှိ ဦးဖေရဲ့ခြံကို တန်းစီပြီး ချီတက်စုရုံးကြပါတယ်။

အဲဒီနောက် ၁၉၂၀၊ ဒီဇင်ဘာလ ၃ရက်နေ့ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း အမှတ် ၃၉–၄၀ အပေါ်ဆုံးထပ် ဂျီစီဘီအေ အသင်းတိုက်ကြီးမှာ အစည်းအဝေးတစ်ရပ် ကျင်းပတယ်။ အဲဒီအစည်းအဝေးပွဲမှာပဲ ဒဏ်ငွေလေးပဲကို မပေးတော့ဘူးလို့ တညီတညွတ်တည်း ဆုံးဖြတ်လိုက်တယ်။ ဗုဒ္ဓဘာသာ အင်္ဂလိပ်ကျောင်း တည်ထောင်ဖို့လည်း ဆုံးဖြတ်ပြီး ရန်ပုံငွေကောက်ကြတယ်။

နယ်ချဲ့အင်္ဂလိပ်အစိုးရ အုပ်စိုးပြီးခဲ့တဲ့နောက် ၁၈၈၅ ခုနှစ် မတ်လ ၃ရက်နေ့မှာပေါ့။ မစ္စတာ ဂျေအိပ်ချ် ဂီလ်ဘတ်ကို ပထမဆုံးကျောင်းအုပ်အဖြစ်ခန့်အပ်ထားပြီး အစိုးရအထက်တန်းကျောင်းတစ်ကျောင်းကို ရန်ကုန်မှာ ဖွင့်ခဲ့တယ်။ မစ္စတာ ဂျေအိပ်ချ် ဂီလ်ဘတ်[၁] ဟာ ရန်ကုန်ကောလိပ်ကျောင်းရဲ့ ပထမဦးဆုံး ကျောင်းအုပ်ကြီးလဲဖြစ်ပါတယ်။ အထက်တန်းကျောင်းလို့သာခေါ်ရတယ်။ တကယ်ကျတော့ ကလကတ္တားက အမြင့်ဆုံးကျောင်းရဲ့ လက်အောက်ခံပဲ။ (၁၀)တန်းကျောင်းနဲ့ ဆယ်တန်းထက်ကျော်တဲ့

၁။ Mr. J.H. Gilbert.

အထက်တန်းပါ ရောပြီး နှစ်မျိုးလုံးသင်ကြားခဲ့တယ်။ ၁၉၀၄ ခုနှစ်မှာ ဒီ အထက်တန်းကျောင်းကို ရန်ကုန် ကောလိပ်ကျောင်းလို့ အမည်တွင်ခဲ့ပါတယ်။

အဲဒီတုန်းက ရန်ကုန်မှာရှိနေတဲ့ အထက်တန်းကျောင်းနဲ့ ကောလိပ်ကျောင်းတွေရဲ့ အခြေအနေကိုလှမ်းပြီးကြည့်လိုက်မယ်ဆိုရင် မြန်မာပြည် ပညာရေးဟာ အင်မတန် အောက်ကျနောက်ကျနိုင်လှပါတယ်။ အင်္ဂလိပ် မြန်မာ အထက်တန်းကျောင်းရယ်လို့ မရှိသလောက်ပါဘဲ။ ဘုရားစူးလွတ်ရုံ ကျောင်း တစ်ကျောင်းတော့ ရှိခဲ့ပါတယ်။

အဲဒီနှစ်ထဲမှာပဲ ရန်ကုန်အစိုးရအထက်တန်းကျောင်းမှာ ကာလကတ္တား တက္ကသိုလ်ရဲ့ ဥပစာတန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်ဖို့ ပထမဆုံး စာသင်ပေး ခဲ့တယ်။

၁၈၈၄–၈၅ ခုနှစ်ထဲမှာ အဲဒီအစိုးရအထက်တန်းကျောင်းမှာ ရန်ကုန် ကောလိပ်ဆိုပြီး ဌာနသီးသန့်ဖွင့်ပေးပါတယ်။

ရန်ကုန်ကောလိပ် အဆောက်အအုံကို ၁၉၀၀ ပြည့်နှစ်မှာ ခု ရန်ကုန် ဆေးရုံကြီး အရှေ့မြောက်ဘက်ယွန်းယွန်းရှိ စံပြ ဗဟိုအစိုးရအထက်တန်း ကျောင်း[၂] နေရာမှာ စတင်တည်ထောင်ခဲ့တယ်။

ပြီးတော့ ရန်ကုန်ကောလိပ်ကျောင်းနဲ့တစ်ချိန်တည်း အပြိုင်အဆိုင် ကောလိပ်ကျောင်းတစ်ကျောင်းရှိသေးတယ်။ ဒါက ဂျပ်ဆင်ကောလိပ်တဲ့။ ယုဒသန်ကောလိပ်လို့လဲ ခေါ်တယ်။ ဒီကောလိပ်ကို အမေရိကန် သာသနာပြု အဖွဲ့က တည်ထောင်ထားတာပါ။ ဒါကြောင့် သူ့ကို ဘတ်ပတစ်ကောလိပ် လို့လဲခေါ်ကြတယ်။ မြန်မာပြည်မှာ အမေရိကန်တွေဟာ သာသနာပြုလုပ်ငန်း ကိုလုပ်ရင်း ပညာရေးလုပ်ငန်းကိုပါ ၁၈၄၃–ခုနှစ်လောက်ကတည်းက စတင် ခဲ့တာပါ။ ရန်ကုန်အလုံရပ်ကွက်ရှိ ကူရှင်ကျောင်းကို ဒီအမေရိကန်သာသနာပြု က ၁၈၇၂–ခုနှစ်မှာ တည်ထောင်ခဲ့ပါတယ်။ နောက်ပိုင်းတော့ မြန်မာပြည် အရပ်ရပ်မှာ အထူးသဖြင့် ပြည်နယ်တွေမှာ အေဘီအမ်ကျောင်းတွေ သောက် သောက်လဲအောင်ဖွင့်ခဲ့ပါတယ်။ ၁၈၉၄–ခုနှစ်မှာပဲ ကလကတ္တားတက္ကသိုလ်ရဲ့ ဥပစာတန်း စာမေးပွဲကို ဝင်ဖြေနိုင်ဖို့ ကူရှင်ကျောင်းမှာ စတင်ပြီး သင်ကြား ပေးခဲ့တယ်။ အဲဒီကမှ အမေရိကန် ဘတ်ပတစ်ကောလိပ် ပေါ်ပေါက်ခဲ့ရခြင်းပါ။

---

၂။ ယခု လသာ အထက ၁။

၁၉၁၈–ခုနှစ်မှာ အမေရိကန်ခရစ်ယာန် သာသနာပြုဆရာကြီး ဒေါက်တာ ဂျပ်ဆင်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဘတ်ပတစ်ကောလိပ်ကို ဂျပ်ဆင်ကောလိပ် ရယ်လို့ အမည်ပြောင်းလဲခေါ်ခဲ့တယ်။ ဂျပ်ဆင်ကောလိပ်ကို အခု ယုဒသန် ကောလိပ်အဖြစ်နဲ့ သိသူများပါတယ်။

၁၉၂၀–ခုနှစ်မတိုင်ခင်ကဆိုရင် မြန်မာပြည်မှာ သီးခြားတက္ကသိုလ် ကျောင်းတိုက်တစ်ခုမှမရှိခဲ့ဘူးတဲ့။ ဒီ ရန်ကုန်ကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ် သာရှိခဲ့တယ်။ ဒါပေမယ့် ဒီကောလိပ်ကျောင်းတွေဟာလဲ အိန္ဒိယပြည် ကာလ ကတ္တားတက္ကသိုလ်ကျောင်းတိုက်ရဲ့ သြဇာအာဏာလက်အောက်ခံတွေပါ။ ဒီကာလကတ္တား တက္ကသိုလ်ကျောင်းတိုက်ကပဲ မြန်မာပြည်က ကောလိပ်တွေ အတွက် သင်ရိုးညွှန်းတမ်းတွေနဲ့ ကျောင်းစာမေးပွဲတွေကို တာဝန်ယူခဲ့ရတာပါ။

ဒီအဖြစ်တွေကို တိုင်းပြည်ကသိတယ်။ ပညာရေးစနစ် ဒီလိုနိမ့်ကျနေတာ အောက်တန်းကျနေတာတွေကိုလဲ မခံမရပ်နိုင်ခဲ့ဘူး။ ဒါကြောင့် ၁၈၉၂–ခုနှစ် လောက်မှစတင်ပြီး သတင်းစာတွေ ပညာရေးဆင်ဒီကိတ်အဖွဲ့နဲ့ ပြည်သူတွေက မြန်မာပြည်မှာ သီးခြားတက္ကသိုလ်ကျောင်းတိုက်တစ်ခု တည်ထောင်ပေးဖို့ လှုံ့ဆော် တောင်းဆိုခဲ့ဖူးကြောင်း တွေ့ရှိရတယ်လို့ ဒေါက်တာညီညီက ရန်ကုန်တက္ကသိုလ် နှစ်လေးဆယ်ခရီးဆိုတဲ့ ဆောင်းပါးမှာ ဖော်ပြထားပါတယ်။

ဒီလိုလှုံ့ဆော်မှုတွေ၊ တောင်းဆိုမှုတွေကြောင့် ၁၉၁၀–ခုလောက် ကတည်းက မြန်မာပြည်မှာ သီးခြားတက္ကသိုလ်တစ်ရပ် တည်ထောင်ပေးဖို့ အိန္ဒိယအစိုးရမှာ ဝါဒတစ်ရပ်ရှိခဲ့ဖူးတယ်တဲ့။ ပြီးတော့ ၁၉၁၃–ခုနှစ်မှာ ရန်ကုန်မှာ သီးခြားတက္ကသိုလ်တစ်ရပ် တည်ထောင်ပေးဖို့ ဝါဒချမှတ်ထား ကြောင်း ထုတ်ပြန်ကြေညာခဲ့တယ်တဲ့။ ဒါကြောင့် မြန်မာပြည်အစိုးရက ရန်ကုန် တက္ကသိုလ်ကျောင်းတိုက်အတွက် မူကြမ်းရေးဆွဲပြီး အိန္ဒိယအစိုးရထံ တင်ဖူးတယ် ဆိုပဲ။ ဒါပေမယ့် အိန္ဒိယအစိုးရက ချောင်ထိုးခဲ့တယ်။ ဒါကြောင့် ၁၉၁၆–ခုနှစ်မှာ တစ်ကြိမ်ထပ်မံတင်ပြပြန်တယ်။ ဒါပေမယ့် ဒါဟာလဲ စစ်ဖြစ်လို့ ဒုတိယအကြိမ် ချောင်ထိုးခံလိုက်ရတယ်လို့ ဒေါက်တာညီညီက အထက်ပါ ဆောင်းပါးမှာ ရေးသားဖော်ပြခဲ့တယ်။

အိန္ဒိယအစိုးရက နောက်ပိုင်းမှာ ကာလကတ္တားတက္ကသိုလ် ကော်မရှင် တစ်ရပ် ဖွဲ့နှင့်ပြီးပြီမို့ အဲဒီကော်မရှင်ရဲ့ အစီရင်ခံစာကို စောင့်လိုဟန်တူတယ်လို့ သူ(ဒေါက်တာညီညီ)က ဖော်ပြပြန်တယ်။ ဒါပေမယ့် မြန်မာပြည်သူတွေက

အပူတပြင်း တောင်းဆိုနေလို့မို့ အဲဒီအချိန်က မြန်မာပြည်ရဲ့ ဘုရင်ခံဖြစ်တဲ့ ဆာဟားကုတ်ဘတ္တလာနဲ့ သူ့နေရာကို ဆက်ခံမယ့် ဆာရယ်ဂျီနယ်ကရက် ဒေါက်တာက ဖုတ်ပူမီးတိုက် စီစဉ်ရပါသတဲ့။

၁၉၁၈–ခုနှစ်မှာ အစိုးရက မစ္စတာမက်ဟန်တားကို ပညာမင်းကြီး ဆိုပြီး တက္ကသိုလ်ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ရေးဆွဲဖို့တာဝန်ပေးခဲ့တယ်။ ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို ကာလကတ္တားတက္ကသိုလ်ကော်မရှင်နဲ့ ဒက္ကားတက္ကသိုလ် ဥပဒေကြမ်းတို့ကိုမှီပြီး ပြင်ဆင်မှုတွေရှိခဲ့သတဲ့။ ၁၉၂၀–ခု စက်တင်ဘာလ (၆)ရက်မှာ မြန်မာပြည်ဥပဒေကောင်စီက ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို အတည်ပြုလိုက်ပြီး ၁၉၂၀–ခု အောက်တိုဘာလ (၂၄)ရက်နေ့မှာ အိန္ဒိယဘုရင်ခံချုပ်ရဲ့ အတည်ပြုချက်ကိုရရှိခဲ့တယ်။ အဲဒီအတည်ပြုချက်တွေကို ၁၉၂၀–ခုနှစ် ဒီဇင်ဘာလ(၁)ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်ဟာ ရန်ကုန်ကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်တို့နဲ့ တည်ထောင်ခဲ့ရပါတယ်ဆိုတာ ဒေါက်တာညီညီက (၁၉၆၀–၆၇) မယ် **ရန်ကုန်တက္ကသိုလ် နှစ်(၄၀)မြောက် စာစောင်** (၁၉၆၀–၆၇)မှာ ရေးသားဖော်ပြထားတာ ဖတ်ရှုရပါတယ်။

ရန်ကုန်တက္ကသိုလ် တည်ထောင်စခေတ်တုန်းက ကာလကတ္တား တက္ကသိုလ်ကော်မရှင် အစီရင်ခံစာဟာ အထူးသြဇာစူးရှနေတယ်ဆိုပဲ။ ဒီကော်မရှင်အနေနဲ့ ခေတ်သစ်တက္ကသိုလ်တစ်ရပ်မှာတော့ ဒီအရည်အချင်း အချက်အလက်တွေ ရှိရမယ်လို့ ဖော်ပြထားပါတယ်။

(၁) ကမ္ဘာကသတ်မှတ်လက်ခံထားတဲ့ နည်းစနစ်အတိုင်း သင်ကြားပို့ချမှုနှင့် လေ့လာမှုများရှိ၍ ကျောင်းသားများ အတူတကွ နေထိုင်သော လူမှုဆက်ဆံရေးလောကရှိခြင်း။

(၂) ပညာရေးသက်သက် ကိစ္စရပ်များတွင် ပညာရေးသမားများသာ ပါသော အဖွဲ့အစည်းက ဆုံးဖြတ်စီစဉ်ကာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွင် ပညာရေးသမားများနှင့် ပညာရေးသမားမဟုတ်သူများ ပါဝင်နိုင်သော တက္ကသိုလ်ဖွဲ့စည်းပုံဥပဒေရှိခြင်း။

(၃) အုပ်ချုပ်ရေးနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများသည် တန်ခိုးအာဏာနှင့် လုပ်ငန်းများတွင် လုံလောက်စွာ ဖြန့်ဖြူးခွဲဝေမှုနှင့် ဆက်သွယ်မှုရှိခြင်း။

(၄) တက္ကသိုလ်ရေးရာများကို အစိုးရလက်အောက်တွင် သီးခြားကင်းလွတ်သော အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ခွင့်ရှိခြင်း

တို့ ဖြစ်ကြ၏ တဲ့။ (ညီ–ဒေါက်တာညီ–ရန်ကုန်တက္ကသိုလ် အနှစ် ၄၀, ခရီး ၁၉၆၀–ခု၊ ရန်ကုန်တက္ကသိုလ် နှစ်ပါတ်လည်စာစောင်)။

ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်ကို စတင်ဖွင့်ခဲ့တဲ့ ပုဂ္ဂိုလ်တွေက ရန်ကုန်တက္ကသိုလ်အက်ဥပဒေနဲ့ ဖွဲ့စည်းပုံဟာ ဒီမူ(၄)ချက်နဲ့ ကိုက်ညီကြတယ်လို့ အဆိုရှိကြတယ်တဲ့။ တက္ကသိုလ်ရဲ့ပထမဆုံး အဓိပတိဟာ မြန်မာဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်ဖြစ်ပြီး ပထမဆုံး ဒု အဓိပတိက မစ္စတာရောဘတ်စစ်ဒနီဂိုးလ်စ်[၁] ဖြစ်ပါတယ်။ တက္ကသိုလ်ကောလိပ်ကျောင်းအုပ်ကြီးက မစ္စတာအာရ်အယ်လ်ဟောင်းဝပ်[၂] ဖြစ်ပြီး တက္ကသိုလ်ပထမဆုံး မော်ကွန်းထိန်းက မစ္စတာ စီဒဗလျူအိန်လေ[၃] ဖြစ်ပါတယ်။

ယူနီဘာစီတီအက်ဥပဒေ ပြဋ္ဌာန်းချက်တွေထဲမှာ တချို့အချက်အလက်တွေကို ပြင်ဆင်ပေးဖို့ ကောလိပ်ကျောင်းသားတွေက တောင်းဆိုကြပါတယ်။ အက်ဥပဒေ ထဲမှာတော့ ဒီအချက်တွေ ပါနေပါတယ်။

> မြန်မာပြည် တစ်ပြည်လုံးအတွက် တက္ကသိုလ်ကျောင်းနှင့် လက်အောက်ခံ ကောလိပ်ကျောင်း (၂)ကျောင်းသာ ဖွင့်လှစ်ထားရှိပြီး ကောလိပ်ကျောင်းများနှင့် ရန်ကုန်တက္ကသိုလ် ကျောင်းသားများလည်း အားလုံး ကျောင်းအိပ်ကျောင်းစားများဖြစ်ကြရမည်။
>
> ကောလိပ်ကျောင်းများနှင့် ရန်ကုန်တက္ကသိုလ်ကျောင်း၌နေ၍ သင်ခန်းစာများ သင်ယူနိုင်ခွင့်ရရှိစေရမည်။ ကျောင်းသူ ကျောင်းသားများ သင်ခန်းစာ အဆင့်အတန်းများမှာလည်း တက္ကသိုလ်ဝင်တန်းကို ဖြတ်၍ ဆယ်တန်းကို အင်္ဂလိပ်နှင့် အခြားသင်ခန်းစာတစ်မျိုးမျိုး ထူးချွန်အောင်မြင်သော ကျောင်းသူကျောင်းသားများ ဖြစ်ကြရမည် ဖြစ်ကြောင်း။

---

၁။ Mr. Robert Sydney Giles

၂။ Mr. R. L. Howard

၃။ Mr. C.w Ainly

(၁၀)တန်းစာမေးပွဲကို အရည်အချင်းမီ ထူးချွန်စွာ အောင်မြင်ပြီး ကောလိပ်ကျောင်းသို့ နေထိုင်သင်ယူခွင့်ရရှိပါသော်လည်း တက္ကသိုလ်ကျောင်းသင်ခန်းစာများကိုမူ အစဆုံးရောက်ရှိလာသောနှစ်မှာ ရောက်ရှိလျှင် ရောက်ရှိချင်း သင်ယူခွင့်မရရှိနိုင်ကြသေးပေ။ ရောက်စနှစ်မှာပင် အတန်းဝင်အစမ်းသင်ယူပြီးမှ ကျေနပ်လောက်သောအဆင့်ရှိလျှင် တက္ကသိုလ်ကျောင်းသင်ခန်းစာများကို ဆက်လက်သင်ယူနိုင်ကြရန် အရည်အချင်းတင်အဖြစ်ဖြင့် နှုတ်တိုက်ရေးဖြေ နှစ်ရပ်စလုံးကို ဖြေဆိုအောင်မြင်ကြရမည်ဖြစ်ကြောင်း။

အိုင်အေ၊ အိုင်အက်စ်စီတန်းများ အောင်မြင်ပြီးကြပြီး ဘီအေ ဘီအက်စ်စီတန်းများကို အထူးနှင့်အောင်မြင်ကြမှသာ အမ်အေတန်း ဖြေဆိုခွင့်ရရှိကြမည်။ ဘီအေအထူးတန်းကိုလည်း အိုင်အေ အိုင်အက်စ်စီ တန်းများအောင်မြင်ကြပြီး သုံးနှစ်ကြာသောအခါမှ ဝင်ရောက်ဖြေဆိုခွင့်ရရှိကြမည်။ ဘီအေအထူးတန်းကိုလည်း အကျမရှိစေဘဲ တစ်ကြိမ်တည်းနှင့် ဖြေဆိုအောင်မြင်ရမည်ဖြစ်ကြောင်း တင်/စစ်ကိုင်းဟန် **မြန်မာနိုင်ငံတော် မှတ်တမ်း အမှတ် (၁)။** အဲဒီလို ယူနီဘာစီတီအက်ဥပဒေကို တီထွင်လာပါတယ်။

ဒီဥပဒေထဲမှာ မလိုလားအပ်တဲ့အချက်တွေကို ကောင်စီအတွင်းအပြင်က ပြည်သူတွေက ဝိုင်းဝန်းကန့်ကွက်ကြတယ်။ ရန်ကုန်ကောလိပ်နဲ့ ယုဒသန်ကောလိပ်ရှိ ကျောင်းသားတွေက တကယ်လို့ ဒီဥပဒေကိုသာ အတည်ပြုခဲ့မယ်ဆိုရင် တစ်မျိုးသားလုံး ဆုတ်ယုတ်ပျက်စီးစရာပဲရှိပြီး ဒါဟာ ကျွန်ပညာသက်သက်ပဲဖြစ်တယ်။ ဘယ်အခါမှ ကျွန်တွင်းကလွတ်မြောက်လာဖို့ မမြင်ဘူး။

ပြီးတော့ ကြွယ်ဝချမ်းသာတဲ့ ကုန်သည်ပွဲစား လူကုံထံတွေ၊ ဗြူရိုကရက်မျက်နှာကြီးတွေရဲ့ သားသမီးတွေသာ ငွေအကုန်အကျခံပြီး ကျောင်းမှာကျောင်းအိပ် ကျောင်းစားအဖြစ် တက်ရောက်ပညာသင်ကြားနိုင်မှာဖြစ်မယ်။ ဇျတ်ထိုးခေါင်းရွက်သည်တွေဆင်းရဲနွမ်းပါးတဲ့ ကျောမွဲ မျက်နှာငယ်တွေရဲ့ သားသမီး တွေ၊ တူကိုကိုင်တဲ့ အလုပ်သမားနဲ့ တံဇဉ်ကိုကိုင်တဲ့ လယ်သမားတွေရဲ့ သားသမီးတွေအဖို့ တက္ကသိုလ်ပညာသင်ကြားဖို့ဆိုတာ စိတ်ကူးဝံ့နိုင်စရာ မရှိတော့ပါဘူး။ ကောလိပ်ကဘွဲ့ရပြန်တော့လဲ နယ်ချဲ့ယန္တရား လည်ပတ်ရာမှာ

ခိုင်းနွားတွေ၊ ကျွန်တွေနဲ့မခြား လုပ်ကိုင်ရမှာဖြစ်ပါတယ်။ သူတို့ရဲ့အလုပ်ကို ဝင်လုပ်ပေးနိုင်မယ့် လူနည်းစုကိုသာ မွေးထုတ်ပေးမယ့် ပညာရေး စီမံကိန်းပါ။

တက္ကသိုလ်ပညာရေးကို ပြန့်ပွားအောင်လုပ်ရမယ့်အစား၊ ပိုမိုရှားပါးအောင် အဟန့်အတားတွေချပြီး လုပ်နေတယ်။ ဒါကြောင့် သခင်ပညာအတွက် တိုက်ပွဲဆင်ကြဖို့ ကောလိပ်ကျောင်းသားတွေက တစ်ပြည်လုံးရှိ ကျောင်းသားတွေနဲ့ မိဘပြည်သူတွေကို တပ်လှန့်နှိုးဆော်လိုက်တယ်။

နဂိုက ပြည်သူ့ "ချဉ်ဖတ်"လို့ ကမ္ဗည်းထိုးပြီး အော့နှလုံးနာခံနေရတဲ့ ဆာရယ်ဂျိနယ်ဂရက်ဒေါက်ဟာ ယူနီဘာစီတီအက်ဥပဒေကို ကိုင်လာပြန်တော့ ကျောင်းသားတွေနဲ့ပြည်သူတွေက ကန့်ကွက်ကြတယ်။ သတင်းစာတွေကလဲ အကြီးအကျယ်ဆန့်ကျင်ကန့်ကွက်ရေးသားကြတယ်။ ဒါကြောင့် ခေတ်ဆိုလို တမဟုတ်ချင်း မြန်မာပြည်အနှံ့အပြား ကူးစက်ခဲ့တယ်။ မြို့ကြီးတွေမှာ အစည်းအဝေးပွဲတွေလုပ်တယ်။ ဆူပူကန့်ကွက်ဆန္ဒပြပွဲတွေကိုလဲ အုတ်အုတ်သဲသဲ မီးကုန်ယမ်းကုန် ကျင်းပကြတယ်။

ဒါပေမယ့် ဘယ်သူက ဘယ်လိုဆန္ဒပြကန့်ကွက်ကြလို့ လဲသေချင်သေပစေ "သံလွင်ကတော့ စီးမြဲသာ"ဆိုတဲ့သဘောနဲ့ပဲ နေခဲ့တယ်။

အနာဂတ်ကာလကို စိုးပိုင်ခေါင်းဆောင်မယ့် ကျောင်းသားထုနဲ့ ပြည်သူတွေက ဘယ်လိုပဲကန့်ကွက်ကန့်ကွက် မမှုဘူး။ သံလွင်ကတော့ စီးမြဲအတိုင်းစီးမှာပဲ ဆိုတဲ့သဘောနဲ့ လုပ်နေတဲ့အတွက် နောက်ဆုံးသပိတ်လက်နက်စွဲကိုင်တိုက်ပွဲဝင်တဲ့နည်းလမ်းကလွဲလို့ အခြားနည်းလမ်းမရှိတော့ဘူးလို့ ကျောင်းသားတွေက ထင်မြင်ယူဆလာကြတယ်။

အဲဒီခေတ်ကတော့ "သပိတ်မှောက်တယ်"ဆိုတဲ့ စကားလုံးကို မသုံးကြသေးပါဘူး။ ကောလိပ်ကျောင်းသားတွေကလဲဖြစ်၊ အင်္ဂလိပ်ကျောင်းသားတွေလဲဖြစ်၊ အင်္ဂလိပ်စာကို အသားပေးနေတဲ့ခေတ်လဲဖြစ်လို့မို့ သပိတ်မှောက်တယ်ဆိုတဲ့စကားလုံးအစား "ဘွိုင်းကောက်"ဆိုတဲ့စကားကိုသာ သုံးကြတယ်။ ပညာတတ်လူတန်းစားအတွင်းမှာတော့ ဘွိုင်းကောက်ဆိုတဲ့ ဝေါဟာရစကားလုံးရဲ့ အဓိပ္ပာယ်ကို နားလည်နေကြတယ်။

ပထမကျောင်းသားသပိတ်ဖြစ်တဲ့ ၁၉၂၀–ခုနှစ်မှာတော့ "ဘွိုင်းကောက်" ဆိုတဲ့ ဝေါဟာရကိုသာ အဓိကသုံးစွဲခဲ့ကြတယ်။ ဒုတိယ ကျောင်းသားသပိတ်

ဖြစ်တဲ့ (၁၉၃၆–ခု၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့)မှာတော့ "သပိတ်မှောတ်တယ်"ဆိုတဲ့ ဝေါဟာရစကားလုံးကို စသုံးလာတယ်။ ဒါပေမယ့် တတိယကျောင်းသားသပိတ် (၁၉၃၈) ခုနှစ်မှာတော့ "ဘွိုင်းကောက်"ဆိုတဲ့ စကားလုံးကို အသုံးနည်းသွားတယ်။ "သပိတ်သပိတ် မှောက်မှောက်"ဆိုတဲ့ ဝေါဟာရစကားလုံးကိုသာ တလုံးတခဲကြီး အားရပါးရ အာဘောင်အာရင်းသန်သန်နဲ့ မိုးမွှန်အောင် ကြွေးကြော်ခဲ့ပါတယ်။

## ဘွိုင်းကောက်ဆိုတာဘာလဲ

အဲဒီခေတ်က "ဘွိုင်းကောက်"(သပိတ်မှောက်)၊ ပြီးတော့ "ဘွိုင်းကောက်တား" (သပိတ်မှောက်သမား၊ သပိတ်မှောက်သူ)ဆိုတဲ့ ဝေါဟာရတွေ အထူးရေပန်းစားခဲ့တာပေါ့။ ဒါကြောင့်မို့ ဒါနဲ့ပတ်သက်ပြီး အလျဉ်းသင့်သလို ဖော်ပြပါရစေလား။

"အဲဒီခေတ်တုန်းက "ဘွိုင်းကောက်"ဆိုတဲ့ စကားဟာ ဘယ်လောက်ရေပန်းစားခဲ့သလဲဆိုရင် မစ္စတာမောင်မှိုင်းအမည်ခံ ပြည်သူ့ဖခင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ မြန်မာစင်စစ် မြန်မာအင်မတန်ဆန်တဲ့ ပုဂ္ဂိုလ်ကျော်ပါ။ ဒါပေမယ့် ဒီ"ဘွိုင်းကောက်"ဆိုတဲ့ စကားလုံးဟာ အခုခေတ်ကုန်ဝယ်စာအုပ်ကို ကုန်ဝယ်စာအုပ်လို့မခေါ်ဘဲ "ဆီစာအုပ်"ဆိုပြီး ခေတ်စားနေသလိုပါပဲ။ ဘွိုင်းကောက်ဆိုတဲ့စကားလုံးဟာ ခေတ်အလိုက် ခေတ်သဘောပေါက်နေတဲ့ စာလုံးမို့ သူ့ရဲ့ကျော်ကြားလှတဲ့စာအုပ်ကို မြန်မာဆန်ဆန် "သပိတ်မှောက်ဋီကာ"လို့ ကင်ပွန်းမတပ်ဘဲ "ဘွိုင်းကောက်ဋီကာ"လို့ပဲ နာမည်တပ်ခဲ့တယ်။

ဒီလိုအနောက်တိုင်းစကားလုံးနဲ့ မြန်မာစကားလုံး တွဲဖက်ဖော်ပြထားတဲ့ ကပြားနာမည်မျိုးကို ခုခေတ် အချို့ဆရာ့ဆရာတွေက စောင့်ပြီး ဝေဖန်တတ်တယ်။ ဒီမှာတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းမို့ "စာဘိုးအေ"မို့မဝေဖန်ဝံ့တာလား၊ ဝေဖန်ဖို့မေ့နေတာလား၊ အမှတ်မထင်ဖြစ်နေလို့ပဲလား မပြောတတ်ဘူး၊ တစ်ဦးတစ်ယောက်ကမှ "ဝေဖန်တယ်"ရယ်လို့ မကြားရဘူး။

အမှန်တော့ "ကပြားစကားလုံး"ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် အဓိကလူ့အဖွဲ့အစည်း အများစုက နားလည်ဖို့ပဲ အရေးကြီးတာပါ။ လူအများစု နားလည်ရင် စာရေးသူရဲ့ ရည်ရွယ်ချက် အောင်မြင်တာပဲပေါ့။

၁၉၂၇–ခုနှစ်၊ အမျိုးသားစာပုံနှိပ်တိုက် ရန်ကုန်မှာ ထုတ်ဝေတဲ့

ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ကျော်ကြားလှတဲ့ "ဘွိုင်းကောက်ဋီကာ" မှာ "ဘွိုင်းကောက်"ဆိုတဲ့စကားလုံးနဲ့ပတ်သက်ပြီး "အဖွင့်"သဘော အကျယ်ချဲ့ပြီး ရေးသားထားတာ တွေ့ရပါတယ်။ ဘွိုင်းကောက်ရဲ့ အဓိပ္ပာယ်ကို အကျဉ်းချုပ်ပြီး ရေးရရင်တော့...။

"ဘွိုင်းကောက်"ဆိုတဲ့ ဝေါဟာရဟာ အိုင်ယာလန်ပြည်က ပထမဆုံး စတင်ခဲ့တာတဲ့။ အိုင်ယာလန်ပြည် မေယိုနယ်စား အားလ်[၁] ဆိုတဲ့ နယ်ပယ်က အမတ်ကြီးရဲ့ကိုယ်စား အခွန်အကောက် ကောက်ပေးရတဲ့ ကပ္ပိတိန်ချားလ်ကန်နင်ဂန်ဘွိုင်းကောက်[၂] ဆိုသူဟာ ၁၈၈၀–ပြည့်နှစ်မှာ အကောက်အခွန် တောင်းခံတယ်။ ရပ်သူရွာသားတွေက အခွန်အခကြီးလေးလို့ လျှော့ပေါ့ ကောက်ဖို့ အသနားခံခဲ့တယ်။ ဒါပေမယ့် သူက လျှော့ပေါ့ကောက်ခံဖို့ မစဉ်းစားဘူး။ ပြောရရင် ပြားအပွန်းမခံဘူးဆိုတဲ့သဘောပဲ။ ကျသင့်တဲ့ အခွန်အခကို ဖွတ်တောင်းခံလာတယ်။ နောက်ဆုံး ရပ်သူရွာသားတွေက မခံမရပ်နိုင်ဖြစ်ပြီး သူ့ကိုလုပ်ကြံသတ်ဖြတ်ဖို့ တညီတညွတ်တည်း ဆုံးဖြတ်လိုက်တယ်။ အစားအသောက်တွေ ရောင်းချမပေးတော့ဘူး။ အော်ဟစ်ပြစ်တင်ဆဲဆိုကြတယ်။ လူမှုဆက်ဆံရေးကို လုံး၀ ဖြတ်တောက်လိုက်တယ်။ ကပ္ပိတိန် ဘွိုင်းကောက်မှာ အိမ်အတွင်းကအိမ်ပြင်မထွက်ရဲဘဲဖြစ်နေတယ်။ အစားအသောက်ဖြတ်ခံလိုက်ရတော့ အင်မတန် ဆာလောင်မွတ်သိပ်တဲ့ ဒုက္ခကို အပြင်းအထန်ခံစားရတယ်။ နောက်ဆုံး သေလုမျောပါးဖြစ်နေမှ စစ်သား (၉၀၀)ဝန်းရံပြီး ထုတ်ယူသွားလို့ အသက်ချမ်းသာရာရသွားတယ်။ လူထုက ကပ္ပိတိန်နဲ့ အသွင်တူတဲ့အရုပ်ကြီးလုပ်ပြီး သစ်ပင်မှ ကြိုးဆွဲချ မီးတင်လိုက်တယ်။

လူတစ်ဦးကို ဘွိုင်းကောက်လုပ်တယ်ဆိုတာ ကြဉ်တယ်၊ ဖယ်တယ်၊ ဝိုင်းပယ်တယ်၊ အဆက်အသွယ်ဖြတ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဒီ "ဘွိုင်းကောက်" ဆိုတဲ့ စကားလုံးကို ပြင်သစ်၊ အင်္ဂလန်၊ ရုရှားကနေ တစ်ကမ္ဘာလုံးကူးစက်ပျံ့နှံ့လာတော့တာပါပဲ။

အဲဒီလို ဝိုင်းပယ်တယ်၊ ကြဉ်တယ်ဆိုတဲ့အဆင့်ကနေ အခွင့်အရေးတောင်းဆိုရာမှာ လက်နက်ကောင်းတစ်ခုအဖြစ် အသုံးပြုခဲ့ကြပြန်တယ်။

---

၁။ Earl

၂။ Captain Charles Cunnighan Boy Cott.

၁၈၈၆–ခုနှစ်မှာ အမေရိကန်ပြည်မှာ ကူးသန်းရောင်းဝယ်ရေးအဖွဲ့တွေ၊ အလုပ်သမားအဖွဲ့တွေက သူတို့အလုပ်ရှင်တွေဆီ အခွင့်အရေးတောင်းဆိုတဲ့ အခါ "ဘွိုင်းကောက်"ကို လက်နက်အဖြစ် အသုံးပြုခဲ့ကြတယ်။ အလုပ်ရှင်တွေက တောင်းတဲ့အခွင့်အရေးကို မပေးရင် တညီတညွတ်တည်း အလုပ်မဆင်းဘဲ ဘွိုင်းကောက်လုပ်ပြီး ဆန္ဒပြတိုက်ပွဲဝင်ကြတယ်။

ဒါကြောင့် တစ်မျိုးပြောရမယ်ဆိုရင် "ဘွိုင်းကောက်" သပိတ်တို့ဟာ မနရှင်ဒီမိုကရေစီ ဥပဒေဘောင်အတွင်းမှာ အခွင့်အရေးတောင်းဆိုတဲ့အမြင်ဆုံး တိုက်ပွဲဖြစ်တယ်။ အဲဒီလို ဥပဒေဘောင်ထဲကနေ အမြင့်ဆုံးတိုက်ပွဲဆင်နွှဲလို့မှ အခွင့်အရေး တောင်းဆိုချက်တွေမရရင် အခွင့်တောင်းဆိုတိုက်ပွဲဝင်တဲ့သူတွေအနေနဲ့ ရွေးစရာလမ်း သုံးလမ်းရှိလာတယ်။ ဒီလမ်းတွေအနက် တစ်လမ်း ကို အမြန်ဆုံးရွေးချယ်တာ တွေ့လာရမယ်။

တိုက်ပွဲမှာ လက်နက်ချတဲ့စစ်သားတွေလို လက်နက်ချတဲ့အနေနဲ့ သက်ဆိုင်ရာအာဏာပိုင်တွေဆီမှာ ပြန်အညံ့ခံအရှုံးပေးပြီး အလုပ်ဆင်းမလား၊ ဒါမှမဟုတ်...။

အလုပ်ထွက်မလား၊ ဒါမှမဟုတ်ရင်...။

ဥပဒေတိုက်ပွဲကို ဆက်လက်ကူးပြောင်းပြီး ရရာလက်နက်ဆွဲကိုင်ပြီး နောက်ဆုံး အာဏာသိမ်းတဲ့အထိ ပုန်ကန်တော်လှန် တိုက်ပွဲဝင်မလား။

**ကျောင်းသားများရဲ့ နယ်ချဲ့သမားကို ပထမဆုံးစိန်ခေါ်ခြင်း**

အဲဒီနည်းလမ်းသုံးလမ်းအနက် တစ်လမ်းလမ်းကို ရွေးရပါမယ်။

အခုဒီမှာလဲ ယူနီဘာစီတီ အက်ဥပဒေထဲက အချို့အချက်အလက်တွေကို ပြင်ဆင်ပေးဖို့ မိဘပြည်သူတွေနဲ့ လက်တွဲပြီး ကျောင်းသားတွေက ဆန္ဒပြတောင်းဆိုပေမယ့် နယ်ချဲ့အစိုးရက ဘယ်လိုမှ လိုက်လျောပေးခြင်း မရှိတဲ့အပြင် ယူနီဘာစီတီ အက်ဥပဒေကို ၁၉၂၀–ခု၊ ဒီဇင်ဘာ (၁)ရက်နေ့ တက္ကသိုလ် အဓိပတိကြီး ဆာရယ်ဂျီနယ်ကရက်ဒေါက်က ယူနီဘာစီတီ တက္ကသိုလ် ကျောင်းတိုက်ကြီးကို တခမ်းတနားနဲ့ ဖွင့်လှစ်ဦးမတဲ့လို့ ကြေညာပြန်တယ်။

အဲဒါကြောင့် ၁၉၂၀–ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့မှာ ရန်ကုန်ကောလိပ်ကျောင်းက ကျောင်းသား (၁၁)ယောက်ဟာ ရွှေတိဂုံစေတီ စနေထောင့်

ရှိ အဆောက်အအုံ ဇရပ်မှာတွေ့ဆုံပြီး အစည်းအဝေးတစ်ရပ်ကျင်းပကြတယ်။ တက္ကသိုလ် သမိုင်းစဉ်တစ်လျှောက်မှာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံရေးလှုပ်ရှားမှု သမိုင်းစဉ်မှာပဲဖြစ်ဖြစ် ဒီပုဂ္ဂိုလ်(၁၁)ဦးရဲ့ အစည်းအဝေးဟာ အင်မတန် အရေးကြီးတဲ့ အခန်းကပါဝင်ခဲ့ပါတယ်။ (၁၁) ဦးကော်မတီရယ်လို့ မြန်မာ့ သမိုင်းစဉ်မှာ ကျော်ကြားလျက်ပါ။

ဒီပုဂ္ဂိုလ် (၁၁) ဦးကတော့...

| | | | | |
|---|---|---|---|---|
| (၁) | ကိုဘဦး | ဘီအေ | အထက်တန်း | (အခုကွယ်လွန်) |
| (၂) | ကိုဘိုးကွန်း | ဘီအက်စ်စီ | ။ | (အခု ပြည်သူ့ရဲဘော် ဥက္ကဋ္ဌ ဟောင်း နဲ့ သံ အမတ်ကြီး) |
| (၃) | ကိုဘခင် | အိုင်အေ | ။ | အခု မန္တလေးအမှတ် (၂) အထကကျောင်း ဆရာကြီးဟောင်း ကွယ်လွန်၊ အခု အထက (၂) အရင်က ဗဟို အမျိုးသား အထက်တန်းကျောင်း ပါ၊ ဝဏ္ဏကျော်ထင် ဦးဘခင်ပါ။ |
| (၄) | ကိုကြေညီပိတ် | ဘီအေ | ။ | အခု တရားလွှတ်တော် မော်ကွန်းထိန်း ဟောင်း |
| (၅) | ကိုလှတင် | ဘီအေ | ။ | (ပြည် ကွယ်လွန်) |
| (၆) | ကိုဖေသိန်း | အိုင်အေ | ။ | (ကွယ်လွန်) |
| (၇) | ကိုအောင်ဒင် | အိုင်အေ | ။ | (ရန်ကုန်) |
| (၈) | ကိုထွန်းဝင်း | ဘီအေ | ။ | (ထားဝယ်) |

| | | | |
|---|---|---|---|
| (၉) | ကိုဘရှင် | ဘီအက်စ်စီ ။ | အင်းစိန် စက်မှုလက်မှု ကျောင်း ဆရာဟောင်း |
| (၁၀) | ကိုကွမောင်အေး | ဘီအေ ။ | ယစ်မျိုးဝန်ဟောင်း |
| (၁၁) | ကိုကျော်မြ | ဘီအက်စ်စီ ။ | |

ဒီ (၁၁) ဦး ကော်မတီက စည်းဝေးပြီး ဒီလိုဆုံးဖြတ်ချက် ချခဲ့တာက...

(၁) ယူနီဘာစီတီ အက်ဥပဒေကို ကန့်ကွက်တဲ့အနေနဲ့ ရန်ကုန်ကောလိပ်နဲ့ ယုဒသန် ကောလိပ်ကျောင်း ၂–ကျောင်းကို သပိတ်မှောက်ကြရန်။

(၂) ၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာ (၄)ရက်နေ့မှာ ကောလိပ်ကျောင်း နှစ်ကျောင်းက ကျောင်းသားပေါင်းစုံ အစည်းအဝေး ခေါ်ယူပြီး သပိတ်မှောက်ကြရန်။

အဲဒီလို လျှို့ဝှက် ဆုံးဖြတ်ကြတယ်။

ဆာရယ်ဂျီနယ် ကရက်ဒေါက်ဟာ ဒီဇင်ဘာ (၁)ရက်နေ့မှာ ယူနီဘာစီတီ အခမ်းအနားကို ကြီးကြီးကျယ်ကျယ် ဖွင့်လှစ်မယ်လို့ သတ်မှတ်ခဲ့ပေမယ့် ကျောင်းသားတွေနဲ့ ပြည်သူတွေက အပြင်းအထန် ကန့်ကွက်ဆန္ဒပြနေလေတော့ အဲဒီနေ့မှာ မလုပ်တော့ဘဲ ဒီဇင်ဘာ (၇)ရက်နေ့ကို ရွှေ့လိုက်တယ်။

အဲဒါကြောင့် ဒီဇင်ဘာလ (၄)ရက်နေ့ (၈)နာရီမှာ ရန်ကုန်မြို့ ဗဟန်း ရွှေကျင်ကျောင်းတိုက် ဆရာတော် ဦးအရိယကျောင်းမှာ ရန်ကုန်ကောလိပ်နဲ့ ယုဒသန်ကောလိပ်ကျောင်းတို့က ကျောင်းသား (၅၀၀)ကျော် စုရုံးပြီး အစည်းအဝေးတစ်ရပ် ကျင်းပတယ်။

ဒီဇင်ဘာလ (၇)ရက်နေ့မှာ ဆာရယ်ဂျီနယ်ဂရက်ဒေါက်က တက္ကသိုလ် အဓိပတိအဖြစ်နဲ့ ယူနီဗာစီတီ ဖွင့်လှစ်လိုက်ကြောင်း ကြေညာလိုက်တာနဲ့ တစ်ပြိုင်နက် မိမိတို့ရဲ့ စာအုပ်များပိုက်ရင်း 'ဘွိုင်းကောက်–ဘွိုင်းကောက်' လို့ ကြွေးကြော်ပြီး စာသင်ခန်းက ထွက်ခွာလာကြဖို့ ဆုံးဖြတ်ကြတယ်။

အဲဒီအစည်းအဝေးမှာပဲ ကျောင်း နှစ်ကျောင်းက သပိတ်မှောက် ခေါင်းဆောင် အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက်ပါတယ်။ ရန်ကုန်ကောလိပ်က ၂၀ ဦး၊ ယုဒသန်က ခြောက်ဦးပါ။ အမှန်တော့ သူတို့ ၂၆ ဦးဟာ "တိုက်ပွဲ

ကော်မတီ”ပေါ့။ ဒီအမှုဆောင်အဖွဲ့ကို ကိုဘဦးကပဲ ခေါင်းဆောင်အဖြစ် ဆောင်ရွက်စေပါတယ်။ အဲဒီကော်မတီ ၂၆ ဦးထဲမှာ ၁၁ ဦးကော်မတီထဲက ကိုကြေညီပိတ် တစ်ယောက်တည်း ပြန်လာတာမတွေ့ရဘူး။

ကျောင်းသားတွေ ဒီလိုသပိတ် လက်နက် စွဲကိုင်မယ်ဆိုတာ ကရက်ဒေါက်နဲ့ ကျောင်းအုပ်ကြီးပါမောက္ခ အမ်ဟန်းတား[၁] က ဒီအထိ မျှော်လင့်မထားမိလေတော့ ထိပ်ထိပ်ပျာပျာ ဖြစ်ကြရတာပေါ့။ တကယ်ကျတော့ ဒီလိုဘွိုင်းကောက် (သပိတ်) လုပ်တယ်ဆိုတာ ဗြိတိသျှလက်ထဲ ရောက်ပြီးကတည်းက တစ်ခါဖူးမှ မကြားခဲ့ဖူးဘူး။ မရှိခဲ့ဖူးပဲကိုး။ ဒီသပိတ်မှောက်မှုကြီးအကောင်အထည်မပေါ်အောင်လို့ ကျောင်းသားတွေကို စည်းရုံးသိမ်းသွင်းတယ်။ ညီညွတ်ရေးပျက်အောင် ဖြားယောင်းတယ်။ စတဲ့ အဖျက်လုပ်ငန်းတွေကို အပူတပြင်းလုပ်လာကြတယ်။ ဒါကို ၂၆ ဦးကော်မတီဝင် ကျောင်းသားကိုလူဖေဝင်းက သိရှိပြီး ၂၆ ဦးကော်မတီမှာ သတင်းပို့တယ်။

အဲဒါကြောင့် နဂိုစီစဉ် ရွေးချယ်ထားတဲ့ ဒီဇင်ဘာလ (၇)ရက်နေ့အထိ စောင့်မနေတော့ဘဲ ဒီဇင်ဘာလ (၄)ရက်နေ့မှာ အရေးပေါ် အစည်းအဝေးကို အလောသုံးဆယ်ခေါ်ယူပြီး သပိတ်မှောက်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ပြီးတစ်ပါတည်း သပိတ်မှောက်ကြောင်း ကြေညာလိုက်ပါတယ်။ ဒါဟာ ကိုလိုနီကျွန်ပညာရေးစနစ်နဲ့ ကိုလိုနီအုပ်ချုပ်မှုကို ဥပဒေဘောင်အတွင်းကနေ ပထမဆုံးကျောင်းသားတွေရဲ့ တိုက်ပွဲခေါ်သံပါ။

ဗဟန်းရှိ ဇရပ်ပိုင်တွေရဲ့ ခွင့်ပြုချက်နဲ့ ကျောင်းသားတွေက ဇရပ်တွေပေါ်မှာပဲ ယာယီသပိတ်စခန်း ဖွင့်နေကြတယ်။ ဒီမှာ ကြက်သီးမွေးညင်းထလောက်အောင်ကောင်းတဲ့ ကြွေးကြော်သံတွေက ကရက်ဒေါက်နဲ့ ဗြိတိသျှအစိုးရကို ခြိမ်းခြောက်နေစေပါတယ်။ မျိုးချစ်ပြည်သူတွေက ကျောင်းသားတွေကို ယုယုယယပြုစုလျက် ပြည်သူ့စေတနာ ထမင်းထုပ်တွေ လျှံလျှံဝေလျက်ပဲပေါ့။

## တိုင်းပြည်သို့ကြေညာခြင်း

ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ရှိ ကျွန်တော်တို့ ကျောင်းသားအားလုံးတို့သည် အဆုံး၌ ဘယ်လိုဖြစ်မည်ကို သေချာစွာ

---

၁။ Mr. Hunter

မသိရသေးသော ကိစ္စတစ်ခုကို စတင်၍ ပြုလုပ်ကြပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် တရားနည်းလမ်း မှန်ကန်ကြောင်းကို ကောင်းမွန် နိုင်မြဲစွာ သိရှိရပါသည်။ ကျွန်တော်တို့သည် တစ်တိုင်း တစ်ပြည်လုံး ကျွန်တွင်းက မည်သည့်အခါမှ မလွတ်ကင်းမည့် ဗြူရိုကရက်တို့၏ သိပ္ပံကျောင်းဥပဒေကို ထုချေဖျက်ဆီးရန် အကြံရှိပါသည်။ ကျွန်တော်တို့သည် တိုင်းသူပြည်သားတို့၏ စိတ်အားထက်သန်သော အကူအညီအားဖြင့် လူငယ်များတို့က ခုခံဖြိုဖျက်ခြင်းမှ တစ်ပါး အခြားသော နည်းဖြင့် တိုင်းပြည်ကို ကယ်ဆယ်ဖို့ရာ နည်းလမ်းမရှိပြီဟု ယုံကြည်ပါ၏။ ကျွန်တော်တို့သည် မြန်မာပြည်ရှိလူအများ၏ ပညာအဆီအနှစ်နှင့် ပြည့်စုံသော ကျောင်းသားများဖြစ်မည်ကို ရည်သန်၍ ကူညီစောင်မဖို့ရန် တောင်းပန်ပြောကြားပါသည်။ ကျွန်တော်တို့စိတ်ထဲ၌ စွဲမြဲစွာ ယုံကြည်သော ဤလုပ်ငန်းကြီးသည် တိုင်းပြည်၌ လိုအပ်သော အချက်တစ်ခုကို ထုတ်ဖော်ပြောဆိုခြင်းပင် မည်ပါသည်။ (ဤကား အခြားမဟုတ် အမျိုးသားသိပ္ပံကျောင်းကြီးပေတည်း။) ထိုကျောင်းကြီးမှာ မြန်မာပြည်၏ သားသမီးများနှင့် သင့်တော်သော ပညာရပ်များကို ရရှိနိုင်ပေရာသည်။ အိန္ဒိယပြည်၌ အမျိုးသားကျောင်းတွေ အလိုအလျောက် ပေါ်ပေါက်လာကြပေရာ မြန်မာပြည်ကလည်း နောက်မကျရအောင် မြန်မာတို့သည် မြန်မာပြည်သားစစ်၍ ချစ်ခဲ့ပါလျှင် ဘယ်နံ့ရော အခါမျှ မတည်ထောင်နိုင်ဘဲ ရှိလိမ့်မည်မဟုတ်ပါ။ စိတ်ပါလက်ပါ လုပ်လျှင် မုချဖြစ်ပါလိမ့်မည်။

(မှိုင်း/မစ္စတာမောင်- ဘွိုင်းကောက်ဋီကာကြီး မန္တလေး ကြီးပွားရေးပုံနှိပ်တိုက်၊ ဒုတိယနှိပ်ခြင်း ၁၉၆၀၊ မျက် ၂၇၃-၄)

## 11. TO THE PEOPLE OF BURMA

December 8, 1920.

We, the students of the Rangoon and Judson Colleges have entered into a struggle, the end of which no one can yet foresee. But we are firmly conviced in the righteousness of our cause. We intend to smash the University Act which

is but an instrument, forged by the Government, to keep the nation in chains. We believe that, at this Juncture, nothing can save the nation but a proud and indomitable stand on the part of Young Burma, with the whole-hearted co-operation of the Burmese people. We appeal to all the institutions in the Land to realise that as college students, we form the intelligentsia and the nucleus of the people. We profoundly believe that our movement has exposed one of Burma's most vital needs that is, a National College, where education most sutied to the snow of the soil can be given. When National Colleges in India are matters of spontaneous outgrowths, should Burma lag behind?

No. Never- if Burma to herself be true.

It we have inspired to achieve such an object then our movement ought to be a success.

It is a call on the National Spirt. We hope the response will be prompt and overwhelming.

(The voice of Young Burma, The reproduction of the articles published by the publicity bureau of the University, New Burma press Montgomery Street, Ran - goon.) (p-2-3.)

ရန်ကုန်ကောလိပ်ကျောင်းတွေ သပိတ်မှောက်ကုန်ပြီ၊ ကျွန်ပညာရေးစနစ်ကို ကန့်ကွက်နေကြပြီဆိုတဲ့ ဒီသတင်းဟာ လျှပ်စစ်ခလုတ်ကို နှိပ်လိုက်သလို တစ်ချိန်တည်း မြန်မာပြည်အနှံ့အပြားဆီကို တစ်မုဟုတ်ချင်း ရောက်သွားတယ်။ နယ်ရှိ အစိုးရအင်္ဂလိပ်ကျောင်းတွေ၊ မြန်မာကျောင်းတွေနဲ့ သာသနာပြုကျောင်းတွေက ရန်ကုန်ကောလိပ်သပိတ်ကို ကြိုဆို ထောက်ခံကြတယ်။ တချို့ဒီကျောင်းတွေက ကျောင်းသားတွေဟာ ကျောင်းစာသင်ခန်းတွေက သပိတ်မှောက်ပြီး ထွက်ခဲ့ကြတယ်။ ကျောင်းသားတွေတွင် မကသေးဘူး။ မျိုးချစ်ကျောင်းဆရာတွေနဲ့ ကျောင်းပြောတာ (မင်းစေ)အထိပါ ဆန္ဒပြသပိတ်မှောက်ခဲ့ကြပါသေးတယ်။ ကိုဘလှဟာဆိုရင် အိန္ဒိယပြည် စီရင်ပူကောလိပ်၊ ဘီအေ ဒုတိယနှစ်မှာ ပညာသင်နေစဉ် ဒီသပိတ်မှောက်သတင်း

တွေကြားရတော့ ချက်ချင်း မြန်မာပြည်ပြန်လာပြီး သပိတ်မှောက်ကျောင်းသား တွေနဲ့ ပူးပေါင်းခဲ့တဲ့အထိပါပဲ။

သပိတ်မှောက်ကျောင်းသားတွေနဲ့ ပြည်သူဟာ တစ်သားတည်း လက်ရေတစ်ပြင်တည်း လက်တွဲပြီး တိုက်ပွဲဝင်နေပေမယ့် ကရက်ဒေါက် အစိုးရဟာ ဘာတစ်ခုမှ လိုက်လိုက်လျောလျော မရှိခဲ့သေးဘူး။ လိပ်ခဲတင်းတင်း ပဲ။ ဒါကြောင့် ဒီဇင်ဘာလ (၁၉)ရက် နေ့စွဲနဲ့ သပိတ်မှောက်ကျောင်းသား တွေရဲ့ကိုယ်စား ကိုဘဦး လက်မှတ်ရေးထိုးပြီး တက္ကသိုလ်အဓိပတိဆီကို တက္ကသိုလ် မော်ကွန်းထိန်းကတစ်ဆင့် ယူနီဘာစီတီ အက်ဥပဒေကို အမြန်ဆုံး ပြန်ပြင်ဆင်ပေးဖို့ဆိုတဲ့ ကျောင်းသားတွေရဲ့ လိုလားချက်တွေကို တင်ပြ တောင်းဆိုလိုက်ပါတယ်။ ဒီအချက်တွေကတော့

**ပူးတွဲရှိသည့်အချက်များ**

၁။ ။ ယူနီဘာစီတီသည် တစ်နေရာတည်းတွင်သာ တည်ရှိနိုင်၍ တစ်ကျောင်းတည်းသာ ဖြစ်သည့်ပြင် အခြားကျောင်းများက မဆက်သွယ်နိုင်သောကြောင့် ကျောင်းသားများမှာ စရိတ်အကုန်အကျ များပေလိမ့်မည်။ အဖိုးလွန်စွာကြီးသော ယူနီဗာစီတီပညာအတွက် မတတ်နိုင်သော မိဘများ၏ သားများကို အထက်တန်းပညာများကို တိုးတက်၍ သင်ခြင်းငှာ တားမြစ်ရာကျပေလိမ့်မည်။ ဆက်သွယ်ခြင်း နည်းစနစ်တွင် အချို့မကြိုက်စရာ အချက်များ ရှိငြားသော်လည်းချင့်ချိန်၍ ကြည့်မည်ဆိုလျှင် တစ်နေရာတည်းမှာသာရှိသော နည်းစနစ်သည် များစွာအပြစ်ရှိပါသည်။ အကြောင်းကိုလိုက်၍ စဉ်းစားလိုက် သည့်ရှိသော် ဤနိုင်ငံတွင် နေထိုင်သူတို့၏ ပျမ်းမျှခြင်းဝင်ငွေနှင့် အထက်တန်းပညာ သင်ကြားဖို့ ဆက်သွယ်ခြင်းနည်းစနစ်တွင် ဘယ်လိုပင် စရိတ်နည်း စေကာမူ ရှားပါးသောကြောင့်ပေတည်း။

၂။ ။ လျှောက်ထားသူတို့သည် အင်္ဂလိပ်စာကိုသာ (၁၀) တန်း စာမေးပွဲအောင်ဖို့ သေချာစွာ တတ်မြောက်စေရန် တိုက်တွန်း နှိုးဆော်ခြင်း အလျဉ်းမသင့်ဟု အောက်မေ့ပါသည်။ ဤသို့ပြုလုပ်ခြင်း အားဖြင့် မြန်မာလူမျိုး၊ အိန္ဒိယလူမျိုးတို့ကို လူမျိုးခြား ဘာသာကို အားထား၍ ၎င်းတို့ဘာသာကို သင်ဖို့ရာ အခွင့်မသာသောကြောင့် ထိခိုက်ပေလိမ့်မည်။

၃။ ။ (ပရီလင်မင်နေရီ) ခေါ် အချီးအစအဦးအတန်းသည် စာသင်ချိန်တိုး၍ နှောင့်နှေးခြင်းနှင့် ထပ်၍ စရိတ်လေးစေခြင်းမျှသာ ဖြစ်ပေသည်။ လျှောက်ထားသူတို့ ဝန်ခံရန် စွန့်စားပြောဆိုသည်မှာ အင်္ဂလိပ်စာကို ထူးချွန်၍ တတ်မြောက်စေရန် ကျောင်းကလေးများတွင် ဆ႟ာကောင်းနှင့် သင်ကြား၍သော်လည်းကောင်း၊ နည်းသစ်များနှင့် သော်လည်းကောင်း၊ စာမေးပွဲကို ထိုက်တန်သောသူမှသာလျှင် အတန်းကြီးများသို့ တက်ပေးရန် စာမေးပွဲတွင် ကျပ်တည်းစွာစစ်၍သော်လည်းကောင်း ဤအနည်းနည်းတို့ဖြင့် တိုက်တွန်းနှိုးဆော်သင့်ပေသည်။

၄။ ။ တစ်မျိုးဖော်ပြလိုပြန်သည်မှာ နှုတ်ဖြင့်မေးသော စာမေးပွဲတို့သည် ကောလိပ်ကျောင်းတွင် မလိုအပ်ပေ။ ၎င်းတို့သည် အခြားခြားသော သိပ္ပံကျောင်းကြီးတို့မှာ ဤနည်းကိုစမ်းသပ်ကြည့်ရာ ကောင်းစွာမအောင်မြင်ကြောင်း တွေ့ရှိရလေသည်။ အချို့သော အလုပ်သမားများအတွက် အရည်အချင်းရှိကြောင်း သိလိုပါလျှင် ကိုယ်ထိလက်ရောက် စမ်းသပ်ရခြင်းသည်ကား တစ်မျိုးဖြစ်ပေလိမ့်မည်။

၅။ ။ လျှောက်ထားသူတို့သည် ရိုးရိုးဘီအေအောင်မြင်သူကိုအဘယ်အတွက်ကြောင့် အမ်အေကိုသင်နိုင်ဖို့ မထိုက်ကြောင်း စဉ်းစားလို့မရပါ။ ထိုသူမှာ အထက်တန်းလက်မှတ်နှင့် ထိုက်တန်လျှင် စာမေးပွဲမှာသာ ကြည့်ဖို့ရာ အကြောင်းရှိသည်။ သို့ရာတွင် အမ်အေလက်မှတ်အတွက် စာမေးပွဲတွင် စွမ်းနိုင်ခဲ့ပါလျှင် အဘယ့်ကြောင့် ဘီအေလက်မှတ်နှင့်သာ တားမြစ်ထားနိုင်ပါသနည်း။

၆။ ။ စည်းကမ်းဥပဒေ၌ ဂုဏ်ထူး ကျောင်းသားတို့ကို တစ်ခါက နှစ်ခါထပ်၍ ဂုဏ်ထူးစာမေးပွဲကို ကြိုးစားခွင့်မရှိစေခြင်းမှာ သာ၍ပင် ဆိုးရွားခြင်းဖြစ်သည်။ အအောင်မြင်ခြင်းသည် ကုသိုလ်ကံမကောင်း၍သော် လည်းကောင်း၊ မတော်တဆကြောင့် သော်လည်းကောင်း ဖြစ်ပေလိမ့်မည်ဖြစ်၍ ကျောင်းသားတို့၏ နောင်စွမ်းဆောင်မည်ကိုတားမြစ်ရာကျပေသည်။

၇။ ။ လျှောက်ထားသူတို့သည် ဒုတိယအကြိမ်ဖြစ်စေ၊ သို့မဟုတ် နောက်အကြိမ်များနှင့်ဖြစ်စေ အောင်မြင်ခဲ့ပါလျှင် အမ်အေအတန်းများကို အအောင်ပေးသင့်ကြောင်း ပြောဆိုကြလေသည်။

၈။ ။ လျှောက်ထားသူတို့သည် အိုင်အေအောင်ပြီးမှ ဂုဏ်ထူးကိုဖြေဖို့ သုံးနှစ်တိုင်တိုင် စောင့်ဆိုင်းနေရခြင်းသည် အလွန့်အလွန် တန်ခိုးအာဏာပြရာ ရောက်ကြောင်းနှင့် ဝန်ခံပြောဆိုကြပေသည်။ ဤကန့်သတ်သည့် အချိန်အတွင်း ဖြေဆိုရန် ကျောင်းသားများတို့တွင် များစွာခိုင်ခန့်လုံလောက်သော အကြောင်းတို့သည် ကာကွယ်ဖို့ ပေါ်ပေါက်လာပေလိမ့်မည်။ ၎င်းတို့မှာ ဤကဲ့သို့သော နည်းဖြင့် အနှောင့်အယှက် မဖြစ်စေလို။

၉။ ။ ထိုနည်းတူ အမ်အေဒီဂရီ၌ ကန့်သတ်သည့်အချိန်ကို ဘားမားဂေဇက် ၁၉၂၀၊ ဒီဇင်ဘာလ (၄)ရက်နေ့ထုတ် အခန်းကြီး ၆၊ အပိုဒ် ၂၊ ပုဒ်မ ၁၃ကို ဖျက်ပစ်သင့်ကြောင်း။

၁၀။ ။ လျှောက်ထားသူတို့သည် လောကဓာတ်ပညာရိုးရိုးနှင့် ဂုဏ်ထူးဒီဂရီများ၌ အင်္ဂလိပ်စာရေးတတ်ဖို့ အကြောင်းမမြင်ပေ။ တိုင်းပြည်ကျိုးအတွက် ၎င်းလောကဓာတ် အတတ်များကို ပြန့်ပွားစေရာသည်။ ကျောင်းသားသည် မိမိစာအုပ်က စာကို ကောင်းစွာ နားမလည်ပါကမူ စာမေးပွဲကို မအောင်ဘဲရှိလိမ့်မည်။ သို့သော် လောကဓာတ်ဘက်၌ သန်သော ကျောင်းသားသည် လောကဓာတ်နှင့်ဆိုင်သော ဘာသာဖြစ်စေ၍ အင်္ဂလိပ်စာနှင့် အခြားသီးသန့်သည့် ဘာသာများ မဟုတ်စေရ။

၁၁။ ။။ လျှောက်ထားသူတို့သည် ရိုသေစွာ ဝန်ခံပြောဆိုလိုပြန်သည်မှာ စီနိတ်ခေါ် သိပ္ပံကျောင်း အုပ်ချုပ်သူလူကြီးစုံနှင့် ကောင်စီတွင်ပါဝင်သော လူကြီးများကို ပြန်၍စဉ်းစားရန် အကြောင်းမှာ အကြံအစည်အမျိုးမျိုးနှင့် လူမျိုးမျိုးအတန်းများမှ ပါဝင်နိုင်ရန်နှင့် ကောင်စီသို့ ကျောင်းသားများအထဲမှ ၎င်းတို့ ကိုယ်စားလှယ်ကို ၎င်းတို့ ရွေးချယ်နိုင်ခွင့်ပေးရန် ဖြစ်ပေသည်။

၁၂။ ။ ထို့ပြင် ဖော်ပြပြန်သည်မှာ လူအများတို့အကြိုက်ကို လိုက်လျောပြုလုပ်ရသည့် ဤခေတ်ကြီးတွင် အုပ်ချုပ်သော လူကြီးတို့မှ ဒုတိယအကြီးအမှူး လိုလားသော အကြီးအမှူးနှင့် ဆရာများကို ပထမအကြီးအမှူး၏ ကန့်ကွက်ငြင်းပယ်ခြင်း အာဏာတန်ခိုးနှင့်ထား၍ ၎င်းမှ တိုက်ရိုက်မခန့်ထားသင့်ကြောင်းကို ပြောဆိုလိုပေ၏။

၁၃။ ။ သိပ္ပံကျောင်းများမှာ အင်္ဂလန်ပြည်နှင့် အိန္ဒိယပြည်မှာကဲ့သို့ စာမေးပွဲပြုလုပ်ရာမှာ အခန်းများနှင့် သတ်သတ်သေချာစွာ စီမံထားရှိစေရန်။

၁၄။ ။ ဥပဒေသင်လိုသူ ကျောင်းသားများအတွက် နံနက်အချိန်မှာ စာသင်တန်းများရှိဖို့ စီမံထားရန်။

၁၅။ ။ ကောလိပ်ကျောင်းသား မဟုတ်သူများနှင့် အလွတ်ပညာသင်များအဖို့ သိပ္ပံကျောင်းက စာမေးပွဲများကို စီမံထားချက်ရှိစေရမည်။

၁၆။ ။ လျှောက်ထားသူများသည် ဤလျှောက်လွှာတွင် ပါရှိသည့် အနည်းနည်းအထွေထွေ ဝမ်းနည်းဖွယ်အချက်တို့ကို စဉ်းစားဆင်ခြင်၍ စိတ်ကျေနပ်လောက်အောင် တစ်ဖန်ပြန်၍ ပြုပြင်မပေးခဲ့ပါလျှင် ကောလိပ်ကျောင်းသို့ ပြန်တက်ကြလိမ့်မည်မဟုတ်။

ဘဦး

ဘိုင်းကော့တား ကျောင်းသားများကိုယ်စား။

**(မှိုင်း/မစ္စတာမောင်–ဘိုင်းကောက်ငှီကာ၊ မန္တလေး ကြီးပွားရေးပုံနှိပ်တိုက်၊ ဒုတိယနှိပ်ခြင်း၊ ၁၉၆၀၊ မျက်–၂၈၀)။**

၁၉၅၇ ခုနှစ်၊ သပိတ်မှောက်ကျောင်းသားတွေရဲ့ ဒီတောင်းဆိုချက်နဲ့ ပတ်သက်ပြီး ဒေါက်တာညီညီက ရန်ကုန်တက္ကသိုလ် (၆၀–၆၁)ခု နှစ်ပတ်လည်စာစောင်မှာ ရေးသားထားတာက...

အထက်ပါတောင်းဆိုချက်ကို လေ့လာကြည့်သော် မှန်ကန်သော တောင်းဆိုချက်များ အများအပြားပါသကဲ့သို့ ပညာရေးသဘောတရားနှင့် မညီသော တောင်းဆိုချက်များ ပါရှိသည်ကိုလည်း တွေ့ရှိရမည်ဖြစ်၏။ အမှန်အားဖြင့်ကားထိုကျောင်းသားသပိတ်သည် ပညာရေးထက် နိုင်ငံရေး အနှစ်သာရပိုရှိ၏။ ပညာတတ် ဝန်ထောက်လောင်း၊ အရေးပိုင်လောင်း၊ ကောလိပ်ကျောင်းသားများက မိမိတို့၏ အလားအလာကို လုံးဝ မတွက်ချက်ဘဲ ကိုယ်ကျိုးစီးပွားကို လုံးဝစွန့်လွှတ်ကာ သပိတ်မှောက်ခြင်းဖြင့် အာဏာပိုင် ဗြိတိသျှအစိုးရအား ချောက်ချား

စေပြီး တော်လှန်လိုက်ခြင်းဖြစ်ရာ တိုင်းပြည်အား နိုင်ငံရေးမျက်စိ ဖွင့်ပေးလိုက်သကဲ့သို့ ရှိလေသည်။ ထို့ကြောင့် တက္ကသိုလ် ပထမ သပိတ်ကို နိုင်ငံနှင့်အဝန်း ထောက်ခံခဲ့လေသည်။

(ညီ/ဒေါက်တာညီ ၁၉၆၀-၆၁ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင်မှ ရန်ကုန်တက္ကသိုလ် နှစ်လေးဆယ်ခရီး၊ မျက်အချပ်ပို ၅-၆)

အမှန်မှာတော့ လက်နက်ကိုင် ခုခံတဲ့မျိုးချစ်စစ်ပွဲပြီးတဲ့ နောက်ပိုင်းမှာ အင်္ဂလိပ်နယ်ချဲ့လက်အောက်ကျွန်သဘောက်အဖြစ်ရောက်ရှိလာတဲ့ အချိန်ကစပြီး ကျောင်းသားတွေက နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းတွေမှာ နယ်ချဲ့သမားရဲ့ ဟာကွက်၊ ပျော့ကွက် တွေ့တိုင်း တွေ့တိုင်း အလစ်မခံဘဲ အမြဲတမ်း ထိုးနှက်ခဲ့ရတာပါ။ ပညာရေးစနစ်ကို တိုက်ရာမှာလည်း ပညာရေးနဲ့ ဆက်နွယ်နေတဲ့ နိုင်ငံရေးလုပ်ငန်းကိုပါ အလိုလိုတိုက်မိလျက်ပါပဲ။ ပညာရေးနဲ့ နိုင်ငံရေးကို ခွဲမြင်လို့လည်းမရပါဘူး။ ခွဲထားလို့လည်း မရစကောင်းတဲ့ အရာပါ။

ဒါကြောင့် ဒီကျောင်းသားတွေ အမြော်အမြင် ကြီးကြီးနဲ့ သခင်ပညာရေး စနစ်အတွက် တိုက်ပွဲဝင်ခဲ့တာကို မိဘပြည်သူတစ်ရပ်လုံးက ခရီးဦးကြိုပြုပြီး ထောက်ခံအားပေးခဲ့တာပေါ့။

ဒီဇင်ဘာ (၂၀)ရက်နေ့မှာ ကျောင်းတော်ရာ ရွှေကျင်တိုက် အတွင်းမှာ သပိတ်မှောက် ကျောင်းသားတွေ အစည်းအဝေးတစ်ရပ် ကျင်းပကြပြန်ပါတယ်။ သပိတ်မှောက်ကျောင်းသားတွေရဲ့ ဥက္ကဋ္ဌ ကိုဘဦးက မိန့်ခွန်းစကား ပြောပါတယ်။

သူ့မိန့်ခွန်းကို အကျဉ်းချုပ်ပြီး ပြောရရင်...

ယူနီဘာစီတီကျောင်းတိုက်ရဲ့ အကြီးအမှူးတို့က ကျောင်းသားတွေ ကျောင်းပြန်တက်ဖို့ ရက်ချိန်ပေးထားတဲ့ နေ့ရက်ဟာ နီးကပ်လာပြီဖြစ်ကြောင်း၊ ဒီဇင်ဘာလ ၂၃-ရက်နေ့မှာ သပိတ်မှောက်ကျောင်းသားတွေရဲ့ အရည်အချင်းကို မှတ်ကျောက်တင်ပြရမှာ ဖြစ်ကြောင်း၊ ဘာပဲဖြစ်ဖြစ် ဘွိုင်းကောက် လုပ်တာဟာ အိပ်ပျော်နေတဲ့ မြန်မာတစ်မျိုးသားလုံးကို လှုပ်နှိုးလိုက်သလို ဖြစ်ကြောင်း၊ ဒီလုပ်ဆောင်ချက်ဟာ တိုင်းပြည်ကို ချစ်ရာ ခင်ရာကျကြောင်း၊

တက္ကသိုလ်အက်ဥပဒေဟာ ကျောင်းသားတွေနဲ့ တိုင်းပြည်ကို မတရား အနိုင်ကျင့်ချက်တစ်ရပ်သာ ဖြစ်ကြောင်း၊ တစ်နည်းဆိုရင် တိုင်းပြည်ကို တပ်လှန့်နှိုးလိုက်ခြင်းသာဖြစ်ကြောင်း၊ တိုင်းပြည်ကို မီးဖွားကလေး လောက် ချစ်ခင်စိတ်ရှိတဲ့ လူတိုင်း ဒီလိုအနိုင်ကျင့်မှုမျိုးကို တွန်းလှန် တိုက်ဖျက်ပစ်ရမှာဖြစ်ကြောင်း၊ ဒီကျောင်းသား အခွင့်အရေးအတွက် ဖွဲသန်သန်နဲ့ တိုက်ဖျက်ဖို့လိုကြောင်း၊ ကောလိပ်ကျောင်းသားတွေ နစ်နာကြရင်၊ နာကျင်ကြရင် ဟိုက်စကူးကျောင်းသားတွေလည်း ထပ်တူထပ်မျှ ခံစားရမှာဖြစ်ကြောင်း၊ မိမိတို့ရဲ့ တရားတဲ့ တိုက်ပွဲ ကြောင့်ပြည်သူတွေရဲ့ ထောက်ခံကြင်နာမှု ယုယမှုကို ခံနေရကြောင်း၊ ကျွန်ပညာရေးကိုပေးမယ့် ကောလိပ်ကျောင်းကို ပြန်မသွားဖို့လိုကြောင်း၊ မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေ အမျိုးသားကောလိပ် သိပ္ပံကျောင်းတော်ကြီးကို ဖွင့်လှစ်မှာဖြစ်ကြောင်း၊ မြူရိုကရေစီ အစိုးရဟာ မြန်မာပြည်သူတွေရဲ့ လိုလားချက်တွေကို ဘယ်တုန်းကမှ မပေးခဲ့ဖူးကြောင်း၊ ဘယ်တော့မှလဲ ပေးလိမ့်မည်မဟုတ်ကြောင်း၊ မြန်မာပြည်သူတွေဟာ တခြားတိုင်းပြည် တွေက လူမျိုးတွေလို မြင့်မြတ်တဲ့စိတ်ထားရှိတယ်ဆိုတာ ပြသဖို့ လိုကြောင်း၊ ဒီဇင်ဘာလ (၂၃)ရက်နေ့မှာ ကျောင်းမတက်တဲ့ ကျောင်းသားအားလုံးကို ကျောင်းက ထုတ်ပစ်မယ်လို့ ခြိမ်းခြောက် နေကြောင်း၊ မိမိတို့ဟာ ဒူးထောက် အညံ့ခံလိုက်မယ်ဆိုရင် မြန်မာ တစ်မျိုးသားလုံးရဲ့ ဂုဏ်သိက္ခာဟာ ဆယ်မရလောက်အောင် ဖြစ်သွားမှာ အမှန်ဖြစ်ကြောင်း တကယ့်တကယ် အရေးရှိလာရင် တိုင်းပြည် အတွက် အသက်ကိုစွန့်ပြီးအစတေးခံရေးအတွက်အသင့်ရှိဖို့ လိုကြောင်း၊ မတရား လုပ်ချင်သလိုလုပ်နေတာတွေကို လက်ပိုက်ကြည့်နေမယ့် သူတွေ မဟုတ်ကြောင်း၊ မိမိတို့ရဲ့ စွန့်စားခြင်းဟာ နောင်လာ နောက်သားများအတွက် ဖြစ်ကြောင်း။ မိမိတို့ကို ထောက်ခံတဲ့ ပုသိမ် မြို့က ကျောင်းသား (၄၀၀)ကို ကျောင်းမှနှင်ထုတ်ခံနေရပြီ ဖြစ် ကြောင်း၊ ဒီလိုအချိန်မှာ နောက်ဆုတ်ခဲ့ရင် မိမိတို့မှာ တံတွေးခွက်ထဲ ပက်လက်မျောခံရစရာသာရှိကြောင်း။ မြန်မာလူမျိုးတွေလည်း ဘယ် တော့မှ နာလန်ထူနိုင်မှာ မဟုတ်ကြောင်း။ အင်္ဂလိပ်နယ်ချဲ့ ကျူးကျော် ရေးသမားတွေ ဝင်ရောက်လာကတည်းက ဒီအချိန်လောက်ထိ ပြည်သူ

တွေရဲ့ ရက်ရက်ရောရော အားပေးကူညီမှုမျိုး မရှိခဲ့သေးကြောင်း။ မိဘတွေကိုလဲ ဖျောင်းဖျပြောဆိုဖို့လိုကြောင်း။ မိမိတို့မှာ ကိုယ်ကျိုးမဖက် တကယ့်လွတ်လပ်ခြင်းကို မြတ်နိုးတဲ့လူတွေဖြစ်ကြောင်း။ ခေါင်းကိုမော့ပြီး မော်နိုင် ဝါကြွားနိုင်တဲ့ လူမျိုးတွေနဲ့ ဘေးချင်းယှဉ်ပြီး ရန်ဖြိုကြပါစို့လို့ တိုက်တွန်းလိုကြောင်း.....

(မှိုင်း/မစ္စတာမောင် ဘွိုင်းကောက်ဋီကာ မန္တလေးကြီးပွားရေး တိုက်။ မျက်-၂၈၁ မှ ၂၈၉)

စတဲ့ ဇာတိသွေး ဇာတိမာန် တက်ကြွစေတဲ့ မိန့်ခွန်းကို ပြောကြားခဲ့ပါတယ်။ ကျောင်းသားထုက တက်တက်ကြွကြွနဲ့ တဝုန်းဝုန်း တဒိုင်းဒိုင်း ဩဘာပေးခဲ့ကြပါတယ်။

အစည်းအဝေးမှာ "ကျောင်းကို မတက်တဲ့ ကျောင်းသားတွေကို ထုတ်ပစ်မယ်လို့ ခြိမ်းခြောက်နေလေတော့ သူတို့က မထုတ်ခင်က မိမိတို့ဘာသာ နုတ်ထွက်ကြရင် အစိုးရနဲ့ တက္ကသိုလ်အာဏာပိုင်တွေကိုစိတ်ခုကြောင်း ပြသရာရောက်ကြောင်း။ စိတ်ဓာတ်စစ်ဆင်ရေး တစ်ရပ်ဖြစ်ကြောင်း။ အဆိုတင်သူ တင်ပြီး ထောက်ခံသူက ထောက်ခံကြတဲ့အတွက် အများသဘောတူ သူတို့ရဲ့စာရင်းတွေကို ကျောင်းမှ နုတ်ယူလိုက်ကြပါတယ်။

ရန်ကုန်ကောလိပ် ဘီအေအထက်တန်းက ကိုယ့်နာမည် ကိုယ်နုတ်ယူခဲ့တဲ့ ကျောင်းသားတွေက....

စောလွင်၊ မောင်မြ၊ မောင်မောင် (၁)၊ လှတင် (၂)၊ စံပုံ (စံဝင်း နာမည်ပြောင်း)၊ သာနိုး (၃)၊ ဘဦး၊ ဘာဘာ၊ အက်စ်ကာလီ ဒတ်စ်၊ လှထွန်းအောင်၊ ဘထွန်း၊ ဘစိန်၊ သာညွန့်၊ မောင်သွင်၊ လူဖေဝင်း၊ ကေညီပိတ်၊ ညီပု၊ မောင်ကလေး၊ ထွန်းမြိုင်၊ သန်းစိန်၊ ဘတင်၊ လှအောင်၊ ဘိုးဒန်၊ ဘသာ၊ မောင်ပိတ်၊ စိုးဝင်း၊ မောင်မောင် (၂)၊ အေဂျူးစိန်၊ စောင်မောင်အေး၊ ဘမောင်၊ အေစတီဖင်၊ သာနိုး (၂)၊ ချစ်မောင်၊ ရေကျော်အောင်၊ ဘမှူ၊ သာဒိုးဦး၊ လှမောင် (၁)၊ ကြီးဖေမောင်လှ၊ အီး အေ-ဒက်လေး၊ လှမောင် (၂)၊ ကျော်အေး(၂)၊ လာဘ၊ ဘကြွက်၊ မောင်မြ၊ မောင်ဘ၊ ဘသန်း (၂)၊ ကွမောင်အေး၊ သာနိုး (၁)၊ ဖထော်ဦး၊ ထွန်းဖေ (၂)၊ ယင်ထန်ဘသန်း (၁)၊

ဘိုးသုန်၊ အောင်ထွန်းဦး၊ စိန်ဖေ၊ ဘသိန်း၊ အုန်းဖေ၊ ကြင်စိန်၊ အင်န်စီဆင်း၊ ကျော်စိန်ယန်၊ ဘခင်၊ ဘချစ်၊ ခင်မောင်ကြီး၊ အောင်သိန်း၊ ဖေခင်၊ မဟာမက်ကာဆင်၊ ဘဝင်း၊ အဗ္ဗဒူရာဇော်၊ စိုးမြင့်၊ ဘဟန်၊ ထွန်းစိန်၊ ကျော်ဒင်၊ ထွန်းဖေ (၁)၊ သိန်းမောင်၊ စိန်မောင်။

(မှိုင်း/မစ္စတာမောင် ဘွိုင်းကောက်ငြိကာ၊ မျက် ၂၉၀-၉၁)

## XIV. BOYCOTTERS WITHDRAW FROM COLLEGES.

December 24, 1920

The withdrawal notices were handed over to the principals but it was understood that no action could be taken on them. We now request you to give this a wide publicity and let our parents and guardians understand that against Governmental attitude.

We also call upon our brother boycotters who are away from Rangoon to publicly withdraw their names from the rolls. We are prepared to answer challenges From any one whose name should not appear in the list.

RANGOON COLLEGE.

SENIOR B,A

Saw lwin, Maung E, Maung Maung I, Hla Tin II, San Pone, Tha Noe III, Ba U, Ba Ba, S.V. Kalidas, Hla Tun Aung, Ba Tun, Ba Sein, Tha Nyun, Maung Thwin, Lu Pe Win, K. Ngyi Paik Nyi Bu, Maung Gale, Tun Myaing, Than Sein, Ba Tin, Hla Aung, Po Dan, Ba Tha, Maung Paik, Soe Win, Maung Maung II, A. Joo Sein, Saw Mg,. E, Ba Maung, A. Stephen, Tha Doe II, Chit Maung, Rai Kyaw Aung, Ba Mu, Tha doe U, Hla Mg I, Kyi Pe, Maung Hla, G.Gwen, Kyaw EI, Khin Maung, Ba Thet, San Lin, Hla Mg. IV, E.A, Dakhley, Hla Maung II, Kyaw E II, La Ba, Ba Kywet,Maung Mya, Maung Ba, Ba Than II, Kwa Mg E, Tha Noe I, Pha Htay U, Tun Pe II, Yin Htan, Ba Than I, Po Thone, Aung Tun Oo, Sein Pe, Ba Thein, Ohn Pe, Kyin Sein N.C.

Sen, Kyaw Sein Yan, Ba Khin, Ba Chit, Khin Mg Gyi, Aung Thein, Pe Khin, Mohamed Cassim, Ba Win, Ba Hla, Abdul Razak, Soe Myint, Ba Han, Tun Sein, Kyaw Din, Tun Pe I, Thein Maung, Sein Maung, (The Voice of Young Burma. The reproduction of the articles published by the publicity Bureau of the University. New Burma Press Montgomery Street, Rangoon)

အဲဒီလိုပဲ ရန်ကုန်ကောလိပ်က ဘီအေ အောက်တန်း၊ အိုင်အေ အထက်တန်း၊ အိုင်အေ အောက်တန်း၊ အိုင်အက်စ်စီတန်းတွေက ကျောင်းသားတွေ၊ သူတို့ရဲ့စာရင်းတွေကို သူတို့ကိုယ်တိုင် နုတ်ယူလိုက်သလို ယုဒသန်ကောလိပ်ကျောင်းမှာလည်း ဒီအတိုင်း နုတ်ယူလိုက်ကြတယ်။

ဒီလို ကောလိပ်ကျောင်းသားတွေရဲ့ သပိတ်တိုက်ပွဲ အရှိန်ပြင်းပြင်း လှုပ်ရှားနေချိန်မှာ ဂူရှင်ကျောင်းက သပိတ်မှောက်လာတဲ့ ကျောင်းသားတွေကလည်း ပြည်သူတွေဆီ မေတ္တာရပ်ခံကြတယ်။ သူတို့ကလေးတွေရဲ့ မေတ္တာရပ်ခံချက်တွေကို ချုံ့လို့ တင်ပြရရင်–

> သူတို့တစ်တွေဟာ အမေရိကန် ခရစ်ယာန် သာသနာပြုကျောင်းမှာ ပညာသင်ကြားနေရတာ အင်မတန် စိတ်ဆင်းရဲစရာ ဖြစ်ခဲ့ကြရကြောင်း။
>
> ခရစ်ယာန်ဘုရားကို အမြဲ ရှိခိုးရပြီး ခရစ်ယာန်တရားကို မနာချင်ဘဲနဲ့လည်း နာနေရကြောင်း။ အချို့အတန်းတွေမှာ ခရစ်ယာန်ကျမ်းတွေကိုပါ သင်ကြားနေရကြောင်း။ ဗုဒ္ဓဘာသာကို ပုတ်ခတ်ပြောဆိုခံနေရကြောင်း။ ကျောင်းစာမေးပွဲတွေမှာလည်း ခရစ်ယာန်ဘာသာကျမ်းတွေကို ဖြေဆိုနေရကြောင်း၊ ဗုဒ္ဓဘာသာ အခါကြီးရက်ကြီးတွေမှာ ကျောင်းပိတ်မပေး၊ ခွင့်တိုင်ပါသော်လည်း ခွင့်မရ။ တခြားနေ့တွေ ကျောင်းမတက်ရင် ဒဏ် ၄–ပဲ၊ (၂၅ပြား) သာ တတ်သော်လည်း ရက်ကြီး အခါကြီးတွေမှာ ကျောင်းမတက်ရင် ဒဏ်ငွေ ၁–ကျပ် ပေးဆောင်နေရကြောင်း ချုံ၍ ပြောရရင် ခရစ်ယာန်ကျောင်းတွေမှာ ခရစ်ယာန်ဘာသာကလွဲရင် တခြားဘာသာတွေရဲ့ အခွင့်အရေး ဘာမှမရှိကြောင်း။ ဒါကြောင့် အမြဲတမ်း စိတ်ဆင်းရဲနေကြရကြောင်း။

အစိုးရအင်္ဂလိပ်ကျောင်းတွေနဲ့ မြန်မာကျောင်းတွေမှာတော့ ဘယ် ကိုးကွယ်တဲ့ ဘာသာစာပေကိုမှ သင်ကြားစေခြင်း မရှိကြောင်း။ အစိုးရကျောင်းဆိုလို့ ရန်ကုန်မှာ ဟိုက်စကူးကျောင်း တစ်ကျောင်းသာ ရှိနေလို့ ထောင်နဲ့ချီရှိနေတဲ့ ကျောင်းသားတွေအတွက် နေရာမလောက် တော့ နောက်ဆုံး ခရစ်ယာန်ဘာသာမှလွဲပြီး တခြားဘာသာတွေ အတွက် လွတ်လပ်မှုမပေးတဲ့ ခရစ်ယာန် သာသနာပြုကျောင်းတွေကို သွားနေရကြောင်း။

သီဟိုဠ်ကျွန်းနဲ့ အိန္ဒိယနိုင်ငံတို့မှာ ဟိန္ဒူ၊ ပသီ စတဲ့ လူမျိုး တွေက သူတို့ကိုယ်ပိုင် ဟိုက်စကူးကျောင်းတွေ၊ ကောလိပ်ကျောင်းတွေ ဖွင့်ထားနိုင်ပြီး ဖြစ်ကြောင်း။

မြန်မာပြည်မှာလည်း မန္တလေး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ညောင်လေးပင်တို့မှာ ဗုဒ္ဓဘာသာ ဟိုက်စကူးကျောင်းတွေ ဖွင့်ပေး ထားပြီး ဖြစ်ကြောင်း။

ရန်ကုန်မှာ ဗုဒ္ဓဘာသာ ကျောင်းဆိုလို့ တစ်ကျောင်းမှ မရှိသေး ကြောင်း။ ဒါကြောင့် အမျိုးဘာသာ သာသနာ ကောင်းရာ ကောင်း ကြောင်းအတွက် ရှေးရှုတဲ့အနေနဲ့ပဲ ဗုဒ္ဓဘာသာ အင်္ဂလိပ်ကျောင်းတွေ ကို အမြန်ဆုံး တည်ထောင်ဖွင့်လှစ်ပေးကြပါမည့် အကြောင်း ရှိခိုး အသနားခံလိုက်ပါကြောင်းဆိုပြီး ပန်ကြားကြပါတယ်။

(မှိုင်း/မစ္စတာမောင်–ဘွိုင်းကောက်ဋီကာ စာမျက်နှာ–၃၁၁)

* * *

ကဲ့ရှင်၊ ဟိုက်စကူးကျောင်းက ဗုဒ္ဓဘာသာကျောင်းသားတွေက ဒီလို တိုင်းပြည်ကို မေတ္တာရပ်ခံ တင်ပြလိုက်တော့ မြန်မာပြည်က စာသင်ကျောင်း တွေရဲ့ အခြေအနေကို ဒီနေ့ ဒီနေရာမှာထိုင်ပြီး စိတ်ထဲက အပြေးကလေး ကြည့်လိုက်တယ်ဆိုရင်ပဲ ဒီလိုသာ တွေ့ရပါမယ်။

နယ်ချဲ့အင်္ဂလိပ်ခေတ်တုန်းက အကြမ်းအားဖြင့် ကျောင်း အမျိုးအစား လေးမျိုးလောက် တွေ့နိုင်ပါတယ်။ (၁) အစိုးရကျောင်း၊ (၂) မြူနီစီပါယ် ကျောင်း။ (၃) သာသနာပြုကျောင်း၊ (၄) ကိုယ်ပိုင်ကျောင်း၊ ပရိုက်ဗိတ် ကျောင်း။

၁။ အစိုးရကျောင်းမှာ နှစ်မျိုးနှစ်စားရှိပါတယ်။ (က) တစ်ကျောင်းက အင်္ဂလိပ်စာနဲ့ မြန်မာစာ တွဲသင်တဲ့ကျောင်းပါ။ ဒီကျောင်းကို အင်္ဂလိပ်မြန်မာကျောင်း[၁] လို့ ခေါ်ပါတယ်။ ဒီကျောင်းမှာ မြန်မာစာကလွဲရင် ကျန်ဘာသာတွေကို အင်္ဂလိပ်လိုပဲ သင်ကြားရပါတယ်။ (ခ) တစ်ကျောင်းကတော့ မြန်မာစာသက်သက်သင်တဲ့ ကျောင်းပါ။ ဘာသာတွေအားလုံးကို မြန်မာလိုပဲ သင်ကြားရပါတယ်။ အင်္ဂလိပ်စာကိုတော့ နည်းနည်းပါးပါး ဘုရားစူးလွှတ်ရုံလောက် သင်တာပါ။ သူ့ကို မြန်မာကျောင်း[၂]လို့ ခေါ်ပါတယ်။

၂။ မြူနီစီပါယ်ကျောင်းကတော့ ဒီကျောင်းဟာလည်း ဘာသာတွေ တိုင်းလိုလို မြန်မာဘာသာနဲ့ သင်တာပါပဲ။ အင်္ဂလိပ်စာကို နည်းနည်းပါးပါး လောက် သင်ပေးပါတယ်။ ဒီကျောင်းကတော့ မူလတန်းကျောင်းထိလောက်ပဲ ထားတာများပါတယ်။

၃။ သာသနာပြုကျောင်း ဒီကျောင်းတွေမှာတော့ ပုံစံအမျိုးမျိုး ရှိတာပါ။ (က) အေ ဘီ အင်–အမေရိကန် သာသနာပြုကျောင်း[၃](ခ) စိန့်[၄] ကျောင်း၊ ဥပမာ စိန့်ဂျွန်းကွန်ဗင့်[၅] (ဂ) ဗုဒ္ဓဘာသာကျောင်း၊ မွတ်စလင် ကျောင်း၊ ဟိန္ဒူကျောင်း။

ဒီသာသနာပြုကျောင်းမှာ သုံးမျိုးသုံးစား တွေ့နိုင်ပြန်တယ်။ တစ်မျိုးက ဘာသာရေးနဲ့ ခေတ်ပညာတွေကို ပူးတွဲသင်ပြတဲ့ကျောင်း။ တစ်မျိုးက ဘာသာရေး သက်သက်သာ သင်ကြားပေးတဲ့ကျောင်း၊ နောက်တစ်မျိုးက ဘုန်းကြီး ရဟန်း မော်လဝီဘွဲ့ရဖို့အတွက် သင်ကြားပေးတဲ့ သက်ဆိုင်ရာ ဘာသာတွေရဲ့ ကျောင်း။

မြန်မာပြည်မှာ လာဖွင့်တဲ့ ရိုမင်ကက်သလိပ် သာသနာပြုကျောင်းနဲ့ အမေရိကန် သာသနာပြုကျောင်းတွေဟာ တခြားဥရောပက သာသနာပြု ကျောင်းတွေနဲ့ မတူပြန်ဘူး။ အမေရိကန် သာသနာပြုကျောင်းတွေကိုတော့ အေဘီအမ်တွေမှာ ခရစ်ယာန်ဘာသာကို ဦးစားပေး သင်ကြားတာကလွဲရင်

---

၁။ Government Anglo Vernacular School.

၂။ Government Vernacular School.

၃။ American Baptist School.

၄။ Saint.

၅။ St.John's Covent.

ဒီကျောင်းတွေရဲ့ စည်းမျဉ်းတွေက အစိုးရကျောင်းတွေလိုပါပဲ။ ကျောင်းတွေမှာ မြန်မာစကားပြောခွင့်ရှိတယ်။ ဘယ်ဘာသာဝင် ဘယ်လူမျိုးကိုမဆို အေဘီအမ်၊ အာစီအမ် ကျောင်းတွေက လက်ခံတယ်။ အထူးသဖြင့် တိုင်းရင်းသား တောင်ပေါ်သား လူနည်းစုတွေကို စည်းရုံးနိုင်ခဲ့တယ်။ အာစီအမ် နဲ့ အေဘီအမ် ကျောင်းတွေကို နယ်ခြားနဲ့ တောင်ပေါ်မြို့တွေမှာ အများဆုံး တွေ့နိုင်ပါတယ်။

တခြား သာသနာပြုကျောင်းတွေဖြစ်တဲ့ (စိန့်)ကျောင်းတွေမှာတော့ အများအားဖြင့် သာသနာပြုရုံမကဘူး ကျောင်းစည်းကမ်းတွေကလဲကြီးတယ်။ ဒီကျောင်းတွေကို မျက်နှာဖြူသွေးမပါရင် မရဘူး။ မျက်နှာဖြူသွေးမပါလို့ ခရစ်ယာန်ဘာသာဝင်ဆိုရင် နည်းနည်းလွယ်သေးတယ်။ မျက်နှာဖြူသွေးမပါလို့ နေရတဲ့ ကျောင်းတွေကျပြန်တော့လဲ အထက်လွှာနဲ့ မျက်နှာကြီးသား သမီးတွေပဲနေတာများတယ်။ အဲဒီသားသမီးတွေကျပြန်တော့ ဗိုလ်နာမည်လို့ ခေါ်မလား၊ ခရစ်ယာန်နာမည်လို့ပဲခေါ်မလား။ အဲဒီလို နာမည်အမျိုးမျိုးနဲ့ အဖေနာမည်တွဲပြီးခေါ်ကြတယ်။ ဥပမာ ပီတာတင်မောင်တို့ မာဂရက် သက်ထွန်း တို့ အဲဒီလိုပဲ အခေါ်များကြတယ် မြန်မာ စာသင်ချိန်ကလွဲရင် ကျန်တဲ့အချိန်တွေမှာ အင်္ဂလိပ်လိုပဲ ပြောရတယ်။ ၄၈–ခု လွတ်လပ်ရေးရပြီးတဲ့ ဒီဘက်ပိုင်းမှာတော့ အရင်ခေတ်တွေကထက် တင်းကျပ်မှုလျှော့လာတယ်။ ဒီကျောင်းတွေမှာ စည်းကမ်းကြီးတယ်၊ အောင်မှတ်ကောင်းတယ်၊ အင်္ဂလိပ်စာ တော်တယ်ဆိုပြီး ပြောဆိုနေကြတယ်။ ဒီကျောင်းက စာသင်သားတွေဟာ မြန်မာဆန်ဆန် ဖြစ်လာဖို့မလွယ်ဘူး၊ အနောက်တိုင်းဆန်လာကြတယ်။ သီချင်းဆိုရင် အင်္ဂလိပ်သီချင်းပဲ ကောင်းတယ်ထင်တယ်။ ရေဒီယိုက အင်္ဂလိပ်သီချင်းတွေပဲဆိုကြတယ်။ ရုပ်ရှင်ကြည့်လဲ အင်္ဂလိပ်၊ အမေရိကန်နဲ့ အနောက်တိုင်းက ကားတွေပဲ ကြည့်တယ်။ မြန်မာကားတွေ မကြည့်သလောက်ပါပဲ။ အများစု ကျောင်းသား တွေဟာ မျက်နှာဖြူဗိုလ်စိတ်ပေါက်ကုန်ပြီး မြန်မာမြေမှ လွတ်မတတ်ဘဝင်တွေ ကိုင်လာတတ်ကြပါတယ်။

အခုအထိ တချို့မိဘတွေထဲက သူတို့သားသမီးတွေ ဒီကျောင်းတွေ ထားမှဂုဏ်ရှိတယ်၊ စာတတ်တယ်ထင်ပြီး အရင် (စိန့်)ကျောင်းတွေမှာ အလုအယက်ထားကြတုန်းပဲ။ အဲဒီကျောင်းတွေမှာ စရိတ်စက အင်မတန် ကြီးတော့ တော်ရုံတန်ရုံနဲ့ ကျောင်းမနေနိုင်ကြဘူး။ ဒါပေမယ့် မိဘမဲ့

ကလေးတွေကျပြန်တော့ သူတို့ဘာသာထဲ တစ်ခါတည်း ဆွဲသွင်းလိုက်ပြီး ကျောင်းအိပ်ကျောင်းစားအဖြစ် မွေးလိုက်တယ်။ တစ်ဘက်ကလဲ တတ်နိုင်တဲ့ ကျောင်းရဲ့ တာဝန်တွေကို လုပ်ဆောင်စေတယ်။ မိဘက ဆင်းရဲလို့ မမွေးနိုင်တဲ့ကျောင်းမထားနိုင်တဲ့ ကလေးတွေကိုလဲ သူတို့ဘာသာထဲ ဆွဲသွင်းပြီး ကျောင်းအိပ်ကျောင်းစားထားလိုက်တယ်။

သူတို့ကျောင်းတွေကျပြန်တော့လဲ သူတို့ဘာသာကလွဲရင် တခြားဘာသာတွေကို မကောင်းဘူးဆိုပြီး ပုတ်ခတ်ဟောပြောတယ်။ စနစ်နဲ့ကျပြန်တော့လဲ သူတို့က အရင်းရှင်စနစ်နဲ့ ပါလီမန်ဒီမိုကရေစီတွေကိုသာ အားပေးတယ်။ ဆိုရှယ်လစ်စနစ်မကောင်းဘူး၊ ကွန်မြူနစ်မကောင်းဘူးဆိုတဲ့ အကြောင်းတွေကို ဟောပြောတယ်။ ဖတ်စာအုပ်တွေမှာ လဲထည့်ပြီးသင်ကြားတယ်။

အနောက်တိုင်းကလာတည်ထောင်ပေးတဲ့ သာသနာပြုကျောင်းတွေထဲကအထူးသဖြင့်တော့ (စိန့်)ကျောင်းတွေကို ဥရောပစနစ်အရ သင်တဲ့ကျောင်း[၁] အဖြစ် ခံယူကြတယ်။ ၁၉၂၀–၃၊ ဒိုင်အာခီဘာလ ကျောင်းသားသပိတ်အရေးအခင်းမှာ မြန်မာပြည်ကို အလည်အပတ်ရောက်နေတဲ့ ဗြိတိသျှအလုပ်သမားခေါင်းဆောင် ပါလီမန်လူကြီး ကာနယ်ဝတ်ဂျ်ဝုက ဥရောပသင်ကြားရေးစနစ်ကို သခင်ဖြစ်စေတဲ့ သင်ကြားရေးစနစ်ဖြစ်တယ်။ အင်္ဂလိပ်မြန်မာ သင်ကြားရေးစနစ်[၂]က ကျွန်ဖြစ်စေတဲ့ သင်ကြားရေးစနစ်ဖြစ်တယ်လို့ ခွဲခြားဖော်ပြသွားတာ တွေ့ရတယ်။

အင်္ဂလိပ်ခေတ်ကတော့ "ဥရောပ သင်ကြားရေးစတစ်"အရ သင်ကြားတဲ့ကျောင်းကဆင်းလာတဲ့ မြန်မာ၊ ကုလား၊ တရုတ် ကျောင်းသားတွေကတော့ အများအားဖြင့် "အပေါ်စား"ကျွန်ကြီးတွေ (ဉာဏကျွန်တွေ)ဖြစ်ပြီး အင်္ဂလိပ် မြန်မာကျောင်းတွေကဆင်းခဲ့တဲ့လူတွေကတော့ အများအားဖြင့် ပင်ပန်းတဲ့ ကျွန်ကြီးတွေ (ကာယကျွန်တွေ) ဖြစ်သွားတာများပါတယ်။ အဲဒီတုန်းက အလုပ်လျှောက်ရင် မျက်နှာဖြူသွေးပါတဲ့လူတွေကို ဦးစားပေးခန့်တယ်။ နောက်မှ အင်္ဂလိပ် (ဝါ) မိုလ်နာမည်ပါတဲ့ မြန်မာတွေကို ပေးတယ်။ မိုလ် နာမည်တွေ ပဲခေတ်စားခဲ့တယ်။ လွတ်လပ် ရေးရပြီး ဒီဘက်ပိုင်း မှာတော့ အင်္ဂလိပ် သွေးပါတဲ့ လူတွေ မစားသာတော့ဘူး။ တစ်ပါတည်းမှာ မိုလ်နာမည်တွေလဲ

---

၁။ European Code.

၂။ Anglo Vernacular Code.

မစားသာတော့ဘူး။ ဗိုလ်ကပြားတွေကိုယ်တိုင်က တစ်ခေတ်က အမွှန်အမြွတ်ထားတဲ့ သူတို့ရဲ့ ဗိုလ်နာမည်တွေကိုတော် ရက်ရက်ရောရောကြီး စွန့်လွှတ်ပစ်လိုက်ပြီး မြန်မာနာမည်ကိုသာ ပြောင်းလိုက်တယ်။ "ဗိုလ်ကပြား"ဆိုတာကိုတောင် သူတို့အထက်အရာရှိတွေသိသွားမှာ စိုးရိမ်တဲ့အထိ သူတို့ဇာတ်ကို တစ်ခါတည်း မြှုပ်ပစ်လိုက်ကြတယ်။

ပြည်သူပိုင်မသိမ်းခင်ကတော့ ဗိုလ်ကျောင်းတွေမှာနေတဲ့ မြန်မာကလေးတွေက မာဂရက်တို့၊ ရှယ်လီတို့ဆိုတဲ့ နာမည်တွေ အတော်ခံတွင်းတွေ့တွေ့ ခေါ်ခဲ့ကြတယ်။ ခုထိ လုံးလုံးမပျောက်သေးဘူးပေါ့။ တော်တော်နည်းသွားပါပြီ။

* * * * *

"ကူရှင်ကျောင်းက ဗုဒ္ဓဘာသာကျောင်းတွေက တိုင်းပြည်ကို မေတ္တာရပ်ခံလိုက်တဲ့အတွက် ၁၉၂၀–ခု၊ ဒီဇင်ဘာလ (၁၃)ရက်နေ့ည(၇)နာရီမှာ ဆူးလေဘုရားလမ်း တိုက်နံပါတ် (၃၉) (၄၀) မှာ စုရုံးရောက်ရှိပြီး အစည်းအဝေး တစ်ရပ်ကျင်းပကြတယ်။အစည်းအဝေးနာယက၊က ဝတ်လုံတော်ရ ဦးချစ်လှိုင်ပါ။ အကျိုးဆောင်ကတော့ အစည်းအဝေးကို ကမကထလုပ်ပြီး ဖိတ်ကြားတဲ့ ပွဲစား ဦးဘိုးတေပါ။ ဒီအစည်းအဝေးမှာ ပညာရေးဌာနက အာဏာပိုင်တွေနဲ့ ကူရှင်ကျောင်းဆရာကြီးတွေက မင်းတိုင်ပင် အမတ် ဦးမလှဖေကတစ်ဆင့် တင်ပြတာက "ဒီနှစ်အတွက် ဒဏ်ငွေတစ်ကျပ် ကိုသာ ပေးဆောင်ပါ။ နောက်နှစ်တွေမှာ ဘာသာရေးနေ့တိုင်း ကျောင်းတွေ ပိတ်ပေးဖို့ အစီအစဉ်ရှိကြောင်း။ ပြီးတော့ ခရစ်ယာန်ဘာသာရေးစာတွေ သင်ကြားတဲ့အခါဗုဒ္ဓဘာသာတရားနဲ့ နှိုင်းယှဉ်ပြီး မသင့်တော်ဘူးလို့ ကတိပေးတဲ့အကြောင်း" ဒါကို အစည်းအဝေးက ကျောင်းဆရာကြီးရဲ့ ဒဏ်ငွေရိုက်မယ်ဆိုတဲ့အချက်ကို ပြင်းပြင်းထန်ထန် ရှုတ်ချကန့်ကွက် ပါယ်ချလိုက်တယ်။ အထွေထွေ ဆွေးနွေးပြီးတဲ့နောက် ဝံသာနုရက္ခိတကျောင်း တည်ထောင်ဖို့ ဆုံးဖြတ်ချက် ချခဲ့ကြပါတယ်။

ရန်ကုန်ကောလိပ် သပိတ်မှောက်နေတုန်း မြန်မာပြည်ကို အလည်ရောက်လာတဲ့ အလုပ်သမားခေါင်းဆောင် ဗြိတိသျှ ပါလီမန် လွှတ်ကြီးကာနယ်ဝက်ဂျ်ဝုက ကျောင်းသားသပိတ်နဲ့ပတ်သက်ပြီး သူ့သဘောထားကို ဖော်ပြခဲ့ပါတယ်။ မြန်မာပြည်ဘုရင်ခံနဲ့ လုပ်ဆောင်ချက်တွေကို ပုတ်ခတ်

ဝေဖန်သွားပြီး မြန်မာကျောင်းသားတွေက ကျွန်ပညာကို အလိုမရှိဘူး။ သခင်ပညာကိုသာ လိုလားတယ်ဆိုတဲ့ ဖော်ပြချက်တွေကိုပါ သူက ထောက်ခံသွားပါသေးတယ်။ ဗြိတိသျှလူမျိုးတစ်ဦးဖြစ်ပေမယ့် သူ့ထင်မြင်ချက်တွေဟာ စိတ်ဝင်စားစရာ ကောင်းတယ်။ ကျောင်းသားလူတွေအတွက်လဲ သင်ခန်းစာတွေပါရှိတဲ့အတွက် သူ့ပြောပြချက်တွေကို မစ္စတာ မောင်မှိုင်းရဲ့ ဘွိုင်းကောက်ဋ္ဌကာ ဒုတိယအကြိမ်ရိုက် မဂ္ဂလေးကြီးပွားရေးတိုက် မျက် ၃၂၅-၂၆-၂၇ မှာ ဖော်ပြထားတာကို တွေ့ရပါတယ်။

ကူရှင်ကျောင်းသားသပိတ် ရန်ကုန်နဲ့ယုဒသန်ကောလိပ် ကျောင်းသားသပိတ်တွေရဲ့ လှုပ်ရှားမှုဟာ နယ်ချဲ့ဆန့်ကျင်တဲ့စိတ်ရှိသူတွေ၊ မျိုးချစ်စိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေကို လှုပ်ရှားစေခဲ့ပါတယ်။ မိဘပြည်သူတွေဟာ ကျောင်းသားအရေးအခင်းကို လက်ပိုက်ကြည့်မနေတော့ဘဲ သပိတ်မှောက် ကျောင်းသား တွေကို ဝိုင်းဝန်းကူညီစောင့်ရှောက်လျက်ရှိနေပါတယ်။ နောက်ဆုံး ဒီပုဂ္ဂိုလ်တွေ စုစည်းပြီး "ဘွိုင်းကောက်တား" ကောင်စီကို ဖွဲ့စည်းခဲ့ကြပါတယ်။ ပြီး အမျိုးသားကျောင်းတွေ ဖော်ထုတ်ရေးအတွက် တစ်ဆင့်တက်လှမ်းလာကြပြန်တယ်။ မြန်မာပြည်မှာ အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာဖို့အတွက် ပန်ကြားချက်တွေပါ ထုတ်ဝေခဲ့တယ်။ ပန်ကြားချက်မူရင်းက ဒီလိုပါ။

**အမျိုးသားကျောင်းများအတွက် တောင်းပန်ချက်**

ကျွန်တော်တို့သည် ရန်ကုန်မြို့ပေါ်က လူကြီးများနှင့် မြန်မာပြည်တစ်ဝှမ်းလုံးရှိ လူကြီးလူကောင်းတို့အား ပန်ကြားနိုးဆော်သည်ကား သားသမီးများနှင့် သင့်လျော်သည့် အမျိုးသားကျောင်းများ တည်ထောင်ဖို့ကိစ္စပေတည်း။ ဘွိုင်းကောင်တား ကောင်စီလူကြီးတို့သည် အမျိုးသားကျောင်းများ တည်ထောင်ရန် တိုင်ပင်ဆွေးနွေးလျက်ပင်ရှိ၏။ ဥပဒေကို ဖျက်ဆီးဖို့ အလုပ်ကို အမျိုးသားကောလိပ်များနှင့် ကျောင်းကလေးများ တည်ထောင်၍ ကျွန်တော်တို့ ကျောင်းသားပေါင်းအဖော်များ စာများကို ဆက်လက်သင်ကြားရန် အကြောင်းဖြစ်သော ကျွန်တော်တို့၏ စည်ပင်ဖို့ အလုပ်အတွက် ပစ်ပယ်ထားလိုက်ပါပြီ။ ကျွန်တော်တို့ တိုင်းပြည်မှာရှိသော အိန္ဒိယသားတို့သည် ကြေးငွေမှစ၍ အခြားအထောက်အပံ့များဖြင့် အလိုအလျောက် ထောက်မလာကြသည့်အတွက် အထူးကျေးဇူးတင်ကြပါ၏။

ဘွိုင်းကောက်ကိစ္စသည် မည်သည့်နေရာမှာပင် ဆုံးဆုံး၊ ကျွန်တော်တို့အပေါ်တွင် ညီညွတ်စွာဆောင်ရွက်ရန် တာဝန်ကျရောက်လာပါသည်။ ကျောင်းသားငယ်တို့၏ ကူညီခြင်းဖြင့် ကျောင်းများ ဖြစ်မြောက်လာရာ ကျေးဇူးတင်ဖွယ်ရာ ဖြစ်ပါကြောင်း။ ယခု အကူအညီမပေးနိုင်ကြသေးသော်လည်း နောင် အမျိုးသားကျောင်းများ၊ အင်္ဂလိပ်ကျောင်းများ အတည်တကျ ဖြစ်လာခဲ့လျှင် အလွန်အဖိုးထိုက်တန်၍ ဇာတိမာန် ပိုမိုတိုးတက်စေရန် ထိုကျောင်းများက သားသမီးတို့အား သင်ကြားပါလိမ့်မည်။

(မှိုင်း/မစ္စတာမောင်–ဘွိုင်းကောက်ဋီကာ စာမျက်နှာ ၂၇၄၊၅)

## VII, AN APPEAL FOR NATIONAL INSTITUTIONS,

December 15, 1920,

In an appeal to the associations of Rangoon and the general public of Burma's we have pointed out one of Burma's most vital needs, that is, national school where education most sutied to the sons and daughters of the soil can be given. At the time our appeal went forth, when our movement was still in its incipient stage, we were not even in a position to anticipate the financial support of the people. But, now, defeating all our most sanguine and extravert financial and otherwise, has been volunteered prompt and overwhelming. The council of the Boycotters is having its time full with conferences with some leading people upon the all important subjects of founding national schools and colleges. The council is more busily engaged in hatching ideas best commendable for the furtherance of this very desirable object than in taking steps to ensure unity in the boycott movement, which is admitted by some to

be the determining factor for our success. The destructive side of our work that of smashing the Act, has been neglected for the constructive side of our work— that is, the founding of national schools and colleges, where our fellow students, involved in this movement can resume their studies OurIndian friends have come forward with voluntary offers of financial and other supports, for which we shall remain indebted to them. In the face of such whole—heard support from our people, we cannot help being optimistic, Wherever the boycott may end, it now devolves upon our fellow workers to unite their efforts in another direction. Propagandists will besent round to recruit students for National High Schools, which are easier objects for a achievement than National colleges. We now raise another appeal to our fellow countrymen. By the self-sacrificing endeavours of the collegians and the much more nobler sacrifices of our younger brothers, the schools boys, we have achieved an end for which the nation will ever be grateful. To those who have dissociated themselves from the movement, we have only to say this:-when our national institutions come into existence, their best care should be to withdraw their sons and daughters from Government institutions and place them in the National schools and Colleges where Burma's worthey sons will be reared up. (THE VOICE OF YOUNG BURMA The reproduction of the articles published by the publicity Bureau of the University, New Burma Press Montgomery Street, Rangoon.)

ရန်ကုန်မြို့ပေါ်ရှိ သပိတ်မှောက်ကျောင်းသားတွေ စိတ်မလေလွင့်ရအောင်ရယ်၊ သပိတ်ကြောင့် ပညာရေး မထိခိုက်မနစ်နာရလေအောင်ရယ်တို့အတွက် ၁၂၈၂ ခု နတ်တော်လဆန်း (၇) ရက်မှာ ဗဟန်းတပိုက်မှာရှိတဲ့

အားလပ်တဲ့ ဇရပ်တွေမှာ ယာယီစာသင်ခန်းတွေဖွင့်လှစ်ပါတယ်။ အတန်းပေါင်း (၃၀) ကျော်၊ အတန်းတစ်တန်းမှာ ကျောင်းသား ၄၀ ရှိပြီး ပထမတန်းကနေ ဆယ်တန်းအထိရှိတယ်။ အိုင်အေ၊ ဘီအေ ကျောင်းသားတွေက ဆရာအဖြစ် လုပ်အားပေးကြတယ်။ ဆရာ ၇၀ ကျော်ရှိတယ်တဲ့။

ဒီကြားမှာ ကျောင်းတွေတည်ဆောက်ကြဖို့ အပူတပြင်းစိုင်းပြင်းကြပါတယ်။ ငွေများကို လိုက်လံကောက်ခံကြတာဟာလဲ အားရစရာကြီးပဲတဲ့။ ကုလားသူဌေးကြီးတစ်ဦးက ငွေတစ်သန်းလှူတယ်တဲ့။ မင်းတိုင်ပင်အမတ်ကြီး ဦးဘိုးသာက တစ်သိန်းနဲ့ ငါးရွေးထည့်တယ်ဆိုပဲ။

ဗဟန်းမှာ အမျိုးသားကောလိပ်ကြီးတစ်ရပ်လဲ ဖွဲ့စည်းလိုက်ပြန်တယ်။ ဒီသတင်းဟာ မြန်မာတစ်မျိုးသားလုံးအတွက် အလွန်ဝမ်းသာစရာ ကောင်းမြတ်တဲ့ မင်္ဂလာသတင်းပါ။ အမျိုးသားကျောင်းတွေက အောင်လာတဲ့ ကျောင်းသားတွေကို ဒီအမျိုးသားကောလိပ်မှာ ဆက်ပညာသင်ကြားနိုင်တယ်။ ပြီးတော့ ကောလိပ်ကပညာတစ်ပိုင်းတစ်စနဲ့ သပိတ်မှောက်တဲ့ကျောင်းသားတွေအတွက်လဲ ပညာကို လမ်းခုလတ်မှာ အနစ်မွန်းအဆုံးရှုံးခံစရာမလိုဘဲ အမျိုးသားကောလိပ်ကျောင်းမှာပဲ ဘွဲ့ရတဲ့အထိ ပညာဆက်သင်နိုင်မှာ ဖြစ်တယ်။

အမျိုးသားပညာရေးအဖွဲ့

ကောလိပ်ကျောင်းနဲ့ အဆင့်ဆင့်ကျောင်းတွေ သပိတ်မှောက်ကြတယ်ဆိုတော့ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်တဲ့ ပညာရှင်တွေဟာ ဒီအရေးမှာ လက်ပိုက်မနေနိုင်တော့ဘူး။ ပညာရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွေမှာ ကျောင်းသားတွေနဲ့ မလွှဲမရှောင်သာ ရင်အုပ်သဖွယ် ပါဝင် စောင့်ရှောက်လာခဲ့ကြရတယ်။ အမ်အေဦးမောင်ကြီး (ဆာမောင်ကြီး)ဟာ မိမိရဲ့ လခတစ်ထောင်ကို မက်မနေဘဲ အလုပ်ကိုစွန့်ပြီး သပိတ်မှောက် ကျောင်းသားတွေနဲ့ ပူးပေါင်းလာတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ သူရိယ သတင်းစာမှာ အယ်ဒီတာလုပ်နေရာကနေ ထွက်ခဲ့ပြီး ဗဟန်းအမျိုးသား ကောလိပ်အတွက် မြန်မာစာနဲ့ ရာဇဝင်ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့တယ်။ ဆရာကြီးဟာ သားသမီးသုံးယောက်အဖေ မုဆိုးဖိုပါ၊ လခလဲမရတော့ ဒီကလေးတွေနဲ့ ဘယ်လိုလုပ် ရပ်တည်မလဲ။ ဒါကို ဂရုမစိုက်နိုင်ခဲ့ရှာပါဘူး။ စေတနာ့ဝန်ထမ်းအဖြစ်နဲ့သာ ဝင်ရောက်

လုပ်အားပေးခဲ့ပါတယ်။ ဘုန်းကြီးကျောင်းမှာ ဆရာတော်တွေရဲ့ ဆွမ်းကျန်ကို စားသောက်ခဲ့သူပါ။ ဆရာကြီးဟာ ဘားလမ်း(ယခု မဟာဗန္ဓုလပန်းခြံလမ်း)က ဗဟာန်းကို အသွားအပြန် ခြေကျင် ကြိတ်ခဲ့ပါတယ်။ မမောနိုင် မပန်းနိုင်ပါ။ ပင်ပန်းတယ်လို့ သဘောမထားခဲ့ဘူး။

တခြားဆရာတွေကလဲဒီလိုပဲ လခမယူကြဘူး။ ဆွမ်းကျန်ကို အားပြုရင်း လုပ်အားပေးခဲ့တဲ့ တကယ့်စေတနာရှင်ကြီးတွေပါ။

အဲဒီလို အမျိုးသားကျောင်းတွေ အလျှိုလျှို ပေါ်ပေါက်လာပြီဆိုတော့ ဒီကျောင်းတွေကို ကြီးကြပ်ကွပ်ကဲပေးဖို့ ဦးဆောင်အဖွဲ့ဟာ မလွှဲမရှောင်သာ လိုအပ်လာတယ်။ ဒီကျောင်းတွေအတွက် ရည်ရွယ်ချက် ပန်းတိုင်းတစ်ခုထဲရှိဖို့ စာအုပ်တွေ၊ သင်ရိုးညွှန်းတမ်းတွေ၊ ပညာသင်ကြားရေး စနစ်တွေ ကျောင်းသားတွေ ထိန်းသိမ်းရေးတွေ စတဲ့စတဲ့ ကျောင်းကိစ္စအဝဝအတွက် မူတစ်ခုထဲ စနစ်တစ်ခုထဲ အားလုံး တစ်သဘောထဲရှိဖို့ လိုတယ်။ ဒါကြောင့် အမျိုးသား ပညာရေးကောင်စီ (စီ–အင်–အီ)[၁]ကို တည်ထောင်လိုပါတယ်။ ဒီပုဂ္ဂိုလ်တွေ ကတော့ –

၁။ ဦးမောင်ကြီး (ဦးစီးခေါင်းဆောင်)
၂။ ဦးမောင်မောင်အုန်းခိုင် (အတွင်းရေးမှူး)
၃။ ကိုကွန်း (တွဲဘက်အတွင်းရေးမှူး)
၄။ ဦးဘဖေ
၅။ ဦးပု (ရွှေကျင်)။
၆။ ကိုထွန်းအောင်
၇။ ကိုဖိုးကြား။
၈။ ကိုဖိုးခိုင်
၉။ ကိုအောင်ကြီး
၁၀။ ကိုမြင့်
၁၁။ ကိုထွန်းညို
၁၂။ ကိုဘဝင်း
၁၃။ ကိုစိုးဝင်း
၁၄။ ကိုကျော်မြင့်
၁၅။ ကိုမြ (ပျော်ဘွယ်)

၁၆။ ကိုဘဦး
၁၇။ ကိုဘကလေး။
၁၈။ ကိုဘခင်
၁၉။ ကိုဘိုးတက်
၂၀။ ကိုဘလှိုင် (နယူးဘားမား)
၂၁။ ကိုစိန်ဘ။
၂၂။ ဒေါက်တာဘရင်
၂၃။ ကိုလှဖိုး
၂၄။ ကိုကျင်ပု
၂၅။ ကိုဖိုးလတ်
၂၆။ မောင်ကိုကို (သထုံ)
၂၇။ ဒေါက်တာသိန်းမောင်
၂၈။ ကိုသာရွှေ (ပုသိမ်)
၂၉။ ကိုပု (သာယာဝတီ)
၃၀။ ကိုမြ
၃၁။ မစ္စတာအိပ်ခ်ီရှူး
၃၂။ မစ္စတာကရပ်လို။

ဒီအမျိုးသား ပညာရေး အဖွဲ့က မြန်မာပြည်တစ်ပြည်လုံး အမျိုးသားကျောင်းတွေကို စစ်ဆေးအကြံပေးဖို့ ပညာရေးအဖွဲ့တွေကို ခန့်ထားပြန်တယ်။ သူတို့က (၁) ဦးဖိုးကျား၊ (၂) ဦးဘခင်၊ ၁၉၂၀ ခုနှစ် ရန်ကုန်ကောလိပ် (၁၁) ဦးကော်မတီဝင် (၃) ဦးစိုးဝင်း (၄) ဦးထွန်းညို (၅) နေရှင်နယ်ဦးမြင့် မစ္စတာကေအင်(န) စီ အာယားက မော်ကွန်းထိန်းတို့ ဖြစ်ပါတယ်။

ဗဟန်းအမျိုးသားကျောင်းက အောင်တဲ့ ကောလိပ်ကျောင်းသားတွေကို ဘီအေ (Nat)လို့ ဖော်ပြကြတယ်။ (Nat)ဆိုတာ အမျိုးသားကောလိပ်က အောင်မြင်ကြောင်းကို ဖော်ပြခြင်း ဖြစ်ပါတယ်။

အမျိုးသားကောလိပ်ဟာ ငွေရေးကြေးရေး အခက်အခဲတွေကြောင့် ရေရှည်မခံနိုင်တော့လို့ နောက်ဆုံး တိုတောင်းတဲ့နှစ်ပိုင်းအတွင်းမှာ ပိတ်ပစ်လိုက်ရတယ်။ ဒါဟာ ရင်နင့်စရာ အဖြစ်ပါ။ ဒါဟာ တစ်မျိုးပြောရရင် ကြီးမားတဲ့ ဆုံးရှုံးမှု တစ်ရပ်ပါ။

## ၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်တွေရဲ့ ရလာဒ်

ဒီကျောင်းတွေရဲ့ သပိတ်နဲ့ ပတ်သက်ပြီးကြည့်ရင် နိုင်ငံရေးဘက် မှာသာမကဘဲ ပညာရေးဘက်မှာပါ အကျိုးအများကြီး ရှိခဲ့တယ်ဆိုတာ တွေ့နိုင်ပါတယ်။

မန္တလေးမြို့ ဗဟိုအမျိုးသား အထက်တန်းကျောင်းက ကျောင်းဘော်ဒါ ဆောင်မှူး ဆရာထွန်းမောင်က မြန်မာလွတ်လပ်ရေးအစ အမျိုးသားကျောင်းများ ကလို့ဆိုရင် အားလုံးလက်ခံကြမလားပဲလို့ ပြောပြပါတယ်။ ဒါဟာလဲ ငြင်းစရာ ရှိလိမ့်မယ် မထင်ဘူး။ ဟုတ်သလောက် ဟုတ်နေပါတယ်။

၁၉၂၀ ခု ကျောင်းသားသပိတ်နဲ့ ပတ်သက်ပြီး ပညာရေးအမြင်ဘက်က ကြည့်ရင် အမြတ်ရဲ့တန်းဖိုးဟာ အတိုင်းအဆမရှိ ကြီးမားလှပါတယ်။ ဒီကျောင်းသားသပိတ်နဲ့ ပတ်သက်ပြီး ဘယ်လိုအကျိုးရှိတယ် ဆိုတာကို ခုရန်ကုန်တက္ကသိုလ် ဘူမိဗေဒပါမောက္ခ ဒေါက်တာညီညီက ၁၉၆၀–၆၁ ခုနှစ် နှစ်ပတ်လည်မဂ္ဂဇင်း ရန်ကုန်တက္ကသိုလ် အနှစ် (၄၀) ခရီး စာမျက်နှာ အချပ်ပို (၆၀) မှာ ဟောဒီလို ရေးသားထားပါတယ်။

> ပညာရေး တောင်းဆိုချက်နှင့် ဆက်စပ်၍ကား ပါမောက္ခအဖွဲ့က ဖြေရှင်းပေးနိုင်သည်တို့ကို ဖြေရှင်းပေးခဲ့၏။ ဥပမာ အကြိုသင်တန်း တစ်နှစ် သတ်မှတ်ခြင်းကို ပယ်ဖျက်လိုက်ကာ နှစ်စဉ်ကျင်းပသော တန်းမြင့်ကျောင်းထွက် စာမေးပွဲမှ တက္ကသိုလ်ဝင် အရည်အချင်းရှိသူ များကို ရွေးထုတ်၍ တက္ကသိုလ်ဝင်ခွင့် ပြုခဲ့လေသည်”
>
> အခြားကိစ္စများအတွက်မူ တက္ကသိုလ် အက်ဥပဒေကို ပြင်ဆင်ရန် ဥပဒေကြမ်းတစ်စောင် ရေးဆွဲကာ ဦးဘဖေက ၁၉၂၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာပြည် ဥပဒေပြုကောင်စီတွင် တင်သွင်းလေသည်။ ထိုဥပဒေကြမ်းကို ရွေးချယ်ထားသော ကော်မတီသို့လွှဲလိုက်ရာ ယင်းကော်မတီက ၁၉၂၄ ခုနှစ် မတ်လတွင် အစီရင်ခံစာတင်သွင်း၍ ထိုလတွင်ပင် အတည်ပြုပြီး အိန္ဒိယဘုရင်ခံချုပ်၏ သဘောတူညီချက်ကို ၁၉၂၄ ခုနှစ် ဧပြီလတွင် ရလေသည်။
>
> ၁၉၂၄ ခုနှစ် ပြင်ဆင်ချက်အက်ဥပဒေကြောင့် နယ်များတွင် ကောလိပ်များ ဖွင့်လှစ်နိုင်လာရာ ထိုခွင့်ပြုချက်ကြောင့် ၁၉၂၅ ခုနှစ် ဇွန်လတွင် မန္တလေးဥပစာကောလိပ်ကို ဖွင့်နိုင်ခဲ့လေသည်။ တက္ကသိုလ်

ကောင်စီကိုလည်း တိုးချဲ့ကာ ပါမောက္ခ အဖွဲ့သို့လည်း ကောင်စီ၏ ကိုယ်စားလှယ်များ စေလွှတ်ခွင့်ပြုလေသည်။ ပါမောက္ခခန့်ထားရ အာဏာကို အဓိပတိက ဆက်လက်ထိန်းသိမ်းထားသော်လည်း နောင်သင့်တော်သော အချိန်တွင် တက္ကသိုလ် အာဏာပိုင်အဖွဲ့များ၏ အာဏာများကိုလည်း ပိုမိုတိကျစွာ ပြဋ္ဌာန်းထားပြီး ကောလိပ်များ နောက်ထပ်ဖွဲ့လိုက ဖွဲ့နိုင်ရန် နည်းလမ်းများပါ ဖွင့်ထားခဲ့လေသည်။

၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်ရဲ့ အကျိုးဆက်ဟာ-

(၁) အနာဂတ်ကို ခေါင်းဆောင်မယ့် မျိုးချစ်လူငယ်တွေကို ရာနဲ့ထောင်နဲ့ချီပြီး မွေးထုတ်ပေးခဲ့ပါတယ်။

(၂) အမျိုးသားကျောင်းတွေ မြို့တိုင်းလိုလိုမှာ တည်ထောင်လာကြတယ်။

(၃) ကျောင်းတွေမှာ ဘာသာရေး လွတ်လပ်မှု ပိုပြီးရှိလာပါတယ်။

**နိုင်ငံရေးအမြတ်ဘက်ကကြည့်ရင်**

တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေ ရှိလာပါတယ်။

၁။ နယ်ချဲ့စနစ်လက်အောက်မှာ ကျွန်တွေ ဖြစ်မှန်းမသိ ဖြစ်ပြီး စိတ်ချလက်ချ အိပ်မောကျနေတဲ့ ပြည်သူတစ်ရပ်လုံးကို တပ်လှန့်ပြီး နှိုးခဲ့ပါတယ်။

၂။ နယ်ချဲ့သမားတွေကိုလဲ "ဒင်းတို့ ဖိနှိပ်ချုပ်ချယ်မှုတွေကို မခံဘူး၊ တို့ကိုဖိရင် ပြန်ဆန့်ကျင်မှာပဲ၊ ဒို့မှာ ဒီလို စည်းရုံးတဲ့ အင်အားရှိတယ်" ဆိုပြီး ကျောင်းမှန်းကန်မှန်းသိအောင် အကြောင်းပြလိုက်တဲ့အတွက် နယ်ချဲ့အစိုးရကို ကြောက်ဒူးတုန်စေခဲ့တယ်။

၃။ ပါလီမန် ဒီမိုကရေစီရဲ့ ဒီမိုကရေစီ အခွင့်အရေး လွတ်လပ်စွာ အသင်းအဝင်း ထူထောင်ပိုင်ခွင့် သပိတ်မှောက် သပိတ်တားခွင့်ဆိုတဲ့ ဒီအချက်တွေအပေါ် ချက်ကောင်းယူပြီး ကျောင်းသားတွေနဲ့ ပြည်သူတွေက နယ်ချဲ့ဆန့်ကျင်ရေး လမ်းကြောင်းပေါ်တစ်ဆင့် တက်နိုင်ခဲ့တယ်။

၄။ ကျောင်းသားတွေကို အမျိုးသားကို ချစ်ရမယ်၊ တိုင်းပြည်ပေါ် သစ္စာစောင့်သိရမယ်၊ အမျိုးအတွက် ကိုယ်ကျိုးစွန့်ရမယ်၊ နယ်ချဲ့သမားထံက

ဘယ်လောက်သေးငယ်တဲ့ အခွင့်အရေးမျိုးကိုမဆို လက်ဖြန့်ခံလို့ မရဘူး၊ တိုက်ယူမှ ရမယ်ဆိုတဲ့ အချက်ကို ကျောင်းသားတွေနဲ့ ပြည်သူတွေကို သူတို့ရဲ့ကိုယ်ပိုင်နိုင်ငံရေး အတွေ့အကြုံနဲ့ သဘောပေါက်စေခဲ့တယ်။

၅။ ဒီ ပထမဆုံး ကျောင်းသားသပိတ်ဟာ အနာဂတ် ကျောင်းသားသပိတ်တွေရဲ့ မီးရှူးတဆောင် ဖြစ်စေခဲ့တယ်။

၆။ ဒီကျောင်းသားသပိတ်ကို အကြောင်းပြုပြီး အမျိုးသား အောင်ပွဲနေ့ ရယ်လို့ ဖြစ်ပေါ်လာစေပါတယ်။

**ဆရာကြီး ဦးရာဇတ်ရဲ့ ဘဝအစ ကျောင်းသားသပိတ်က**

"ကရက်ဒေါက် ထွက်သွား၊ ကရက်ဒေါက် အလိုမရှိဘူး ကရက်ဒေါက် ပြန်သွား"ဆိုတဲ့ ဒီကြွေးကြော်သံတွေနဲ့အတူ မြန်မာ တစ်မျိုးသားလုံး သွေးစည်း ညီညွတ်ပြီး နယ်ချဲ့ဆန့်ကျင်ရေး လမ်းကြောင်းပေါ်မှာ တစ်ခဲနက် ချီတက်နေချိန် ကူရှင်ကျောင်းက ဗုဒ္ဓဘာသာ ကျောင်းသားကလေးတွေကလဲ ကျောင်းကို မတက်တော့ဘဲ သပိတ်မှောက်နေချိန် ပြီး ကရက်ဒေါက်ကလဲ ယူနီဘာစီတီ အက်ဥပဒေကို အတည်ပြု ပြဋ္ဌာန်းလို့ ကျောင်းသားတွေနဲ့ မိဘပြည်သူ တစ်ရပ်လုံးက ဆွေ့ဆွေ့ခုန် ကန့်ကွက်ဆန္ဒပြနေချိန်၊ ဒီလိုအထွေထွေ မကျေနပ်မှု တွေကြောင့် အုံကြွဆူပူကန့်ကွက်မှုတွေဟာ ဒီလှိုင်းကြီးတွေလို တစ်လုံးပြီးတစ်လုံး တက်နေချိန်ပေါ့။

အဲဒီနှစ် အဲဒီကာလတစ်လျှောက်မှာရန်ကုန်တက္ကသိုလ် ကျောင်းသားကြီး ရာဇတ်တစ်ယောက်ဟာ တစ်ပြည်လုံး အုံးအုံးကြွက်ကြွက် ဆူပူလှုပ်ရှားနေတဲ့ ဒီအခြေအနေ အောက်မှာကော ဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ စာသင်နိုင်ပါဦးမှာ တဲ့လား၊ဒီနယ်ချဲ့ဆန့်ကျင်တဲ့ ဒီကြွေးကြော်သံတွေကို သူက ခရီးဦးကြိုပြု နေမလား၊ ဒါမှမဟုတ် ဆန့်ကျင်နေလေမလား။

သူကလဲ နယ်ချဲ့ ယန္တရားကြီးကို ပြည်သူတွေက ဖျက်မဆီးရလေအောင် ကာကွယ်ပေးနေတဲ့ ပုလိပ်အဖွဲ့ကြီး (ယခုရဲအဖွဲ့) ရဲသားပျိုးတစ်ဦးပါ။ သူ့အဖေဟာ ပုလိပ်အင်စပက်တော် တိုက်ပိုင်မင်းလို့လဲ ခေါ်ကြတယ်။ ပုလိပ်အင်စပက်တော်ရဲ့သားဆိုတော့ ဒီကြွေးကြော်သံတွေကို မလွဲမရှောင်သာ သူရှုံ့ရှာမုန်းတီး ဆန့်ကျင်ရမှာပါ။ ဒီကြွေးကြော်သံတွေကို မုန်းတီးအောင် ကြွေးကြော်နေတဲ့ လူတွေကို အကြင်နာ ကင်းကင်းနဲ့ ရိုက်နှက်ဖမ်းဆီး

ထောင်သွင်းအကျဉ်းချပေးရမယ့် သူ့အပါ (အဖေ) ရဲ့အလုပ်တွေကို သူပါ ပါဝင်ကူညီ ဆောင်ရွက်ပေးရမယ် မဟုတ်လား။ ဒါဟာ သဘာဝ ကျတယ်လေ။

တရားသူကြီးရဲ့သားဟာ တရားသူကြီးပဲဖြစ်ရမယ်။ တရားသူကြီးရဲ့ သားဟာ သူခိုးဓားပြ မဖြစ်ရဘူး၊ အဲဒီလိုပဲ ပုလိပ် အင်စပက်တော်ရဲ့သား ဒီလိုမခေါ်ချင်ရင်လဲ တိုက်ပိုင်မင်းရဲ့သားဟာ တိုက်ပိုင်ပဲဖြစ်ရမယ်ပေါ့ မဟုတ်လား။ သူခိုးဓားပြမဖြစ်ရဘူးပေါ့၊နိုင်ငံအစိုးရယန္တရားကိုသက် စိုးရှည် အောင် ကာကွယ်ပေးရမယ်၊နိုင်ငံအစိုးရကအင်္ဂလိပ်နယ်ချဲ့ကျူးကျော်သူ ဖြစ်နေတယ်ဆိုတာကိုလဲ သူထည့်စဉ်းစားဖို့ သူ့မှာ တာဝန်မရှိလား၊ အင်္ဂလိပ်နယ်ချဲ့အစိုးပေးမယ့် သူကို လခပေးထားတယ်လေ၊ အဲဒီတော့ ပုလိပ်ကြီးက မွေးထားတဲ့သားဟာ ပုလိပ်ကလေးပဲ ဖြစ်ရမယ်။ ကျားက မွေးထားတဲ့သားဟာ ကျားပဲဖြစ်ရမယ်။ ကျားက မွေးထားတဲ့ သားဟာ "ယုံသူငယ်" မဖြစ်နိုင်ဘူး။

ဒီမှာပဲ ပုလိပ်တိုက်ပိုင်မင်း အဗ္ဗဒူရာမန်းရဲ့သား ရာဇတ်ဆိုတဲ့ ဗမာ မွတ်စလင်လူငယ်၊ ဒါမှမဟုတ် ပသီလူငယ် တစ်ယောက်ကို ခုလို နှိုးကြားတဲ့ တက်ကြွတဲ့ လှုပ်ရှားတဲ့ အသက်ပါတဲ့ ဒီကြွေးကြော်သံတွေက ဘယ်လိုများ ဖမ်းစားနိုင်မှာတဲ့လဲ။

ကောလိပ်ကျောင်းသားကြီး ရာဇတ်ရဲ့အပါ (အဖေ) တိုက်ပိုင်ကြီး မဗ္ဗတာရာမန်ရဲ့ မျိုးရိုးနဲ့ စိတ်နေစိတ်ထားကို ကြည့်ဖို့လိုပါတယ်။ သူဟာ အိန္ဒိယ မြန်မာပြည်ကို သူ့အသက် ခုနစ်နှစ် အရွယ်လောက်မှာ ရောက်ရှိ လာတယ်။ သူက ကျူလီယာ မွတ်စလင် လူမျိုးပါ။ တောင်ငူမြို့မှာ ပညာသင်ခဲ့တယ်။

နယ်ချဲ့အင်္ဂလိပ်တွေဟာ မြန်မာပြည်မကို သိမ်းပြီးတဲ့နောက် ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်မှာလဲ မငြိမ်မသက်ဖြစ်နေခဲ့တယ်။ မစ္စတာအေရာမန်ကို အကူအညီတောင်းတဲ့အတွက် သူဟာ စကားပြန်အဖြစ်နဲ့ လိုက်ပါသွားတယ်တဲ့။ အဲဒီက ပြန်လာတော့ ပုလိပ်ဖက်မှာ တာဝန်ယူပါဆိုလို့ ပုလိပ်ဖက်မှာ ရာဇဝတ်အုပ်အဖြစ်နဲ့ စဝင်လုပ်ခဲ့တယ်။

ကရင်ပြည်နယ် ကြက်ဘိုးကြီးနယ် ကံသာရဝတီမြို့စား စော်ဘွားကြီး "စောလဖော်"က ၁၈၈၇–၈၉ ခုနစ် အတွင်း နယ်ချဲ့ အင်္ဂလိပ်ထံ အညံ့မခံဘဲ လက်နက်ဆွဲကိုင် ခုခံလျက် ရှိနေပါတယ်။ ဒါကြောင့် ဒီနယ်ကို သိမ်းပိုက်ရန်

အင်္ဂလိပ်မျက်နှာဖြူ ကာနယ်စန္ဒာ ဦးစီးတဲ့ အိန္ဒိယတပ်တွေက ချီတက်နှိမ်နင်းရပါတယ်။

အဲဒီ ပုလိပ်အရာရှိ တစ်ယောက်၊ ဒါတင် မဟုတ်သေးဘူး၊ ရှမ်းပြည်နယ်ဘက် နယ်ချဲ့အင်္ဂလိပ်အစိုးရ ဝင်သိမ်းတုန်းက လိုက်ပြီး အကူအညီ ပေးရတဲ့ လူတစ်ယောက် ဒါမှမဟုတ်၊ အင်္ဂလိပ်အလိုတော်ရိဆိုပြီး စာရင်းသွင်းခံရလောက်အောင် အရည်အချင်းရှိတဲ့ အမှုထမ်းတစ်ယောက်၊ အဲဒီလို အင်္ဂလိပ်နယ်ချဲ့သမား နဲ့ မကင်းရာမကင်းကြောင်း ဖြစ်နေတဲ့ လူတစ်ယောက်ရဲ့သား ရာဇတ်ဟာ "ဘမျိုး ဘိုးတူ" ရှိမယ်မဟုတ်လား၊ အဖေ့သား အဖေ့ခြေရာနင်းပြီး ပုလိပ်အမှုထမ်းပဲ ဖြစ်စရာပဲပေါ့။

တရားသူကြီးရဲ့သားဟာ တရားသူကြီးပဲ ဖြစ်သွားချင် ဖြစ်သွားမယ်၊ ဒါပေမယ့် ပုလိပ်တိုက်ပိုင်မင်းရဲ့သား ရာဇတ်ကတော့ အဖေခြေရာကို မနင်းခဲ့ရှာပါဘူး၊ အဖေ့သားမို့ အဖေနဲ့ကျောချင်း ကပ်ခဲ့ပါရဲ့၊ ဒါပေမယ့် ကျောချင်းကပ်ရာတနေပြီး မျက်နှာမူရာဖက်ကိုသာ တူရူလျှောက်ခဲ့ကြတယ်။ အဖေက အင်္ဂလိပ် နယ်ချဲ့သမားနဲ့ ယန္တရားကို ကာကွယ်ပေးရသူ၊ သားကျတော့ နယ်ချဲ့ယန္တရားကို ဖျက်ဆီးပစ်မယ့် လမ်းကြောင်းပေါ် လျှောက်နေသူ၊ ဒါပေမယ့်သူ့ချစ်သား လိမ္မာတုံးကြီးကို သူနဲ့ ဆန့်ကျင်ရာ တူရူဆီကို လျှောက်မှာကိုတော့ စိုးစေ့မှ စိုးရိမ်ရှာသူ မဟုတ်ဘူးတဲ့။

သားက နယ်ချဲ့သမားကို တူးတူးခါးခါးကြီး မုန်းတယ်။ မတရား ဖိနှိပ်ချုပ်ချယ်မှုကို မထောက်ခံနိုင်ဘူး၊ သူက နယ်ချဲ့နဲ့ သူ့ယန္တရားကို အသလွတ်တော့ မမုန်းကောင်းတန်ရာ။

သူဟာ ခြောက်နှစ်သားအရွယ်မှာ မန္တလေးမြို့ ဝက်စလီယံ မိန်းကလေး ကျောင်းမှာ ပညာစတင် သင်ကြားခဲ့ပါတယ်။ ပဥ္စမတန်းရောက်တဲ့နှစ်မှာ ဝက်စလီယံ မိန်းကလေးကျောင်းကနေ ဝက်စလီယောက်ျားကလေး အထက်တန်းကျောင်းကို ပြောင်းရွှေ့ ပညာသင်ခဲ့ရပြန်တယ်။ အဋ္ဌမတန်းကို အောင်တဲ့အခါမှာ ပညာထူးချွန်မှုကြောင့် နဝမတန်းကျော်ပြီး မက်ထရစ်[၁]တန်းမှာ ပညာဆက်ခဲ့ရပြန်တယ်။ ၁၉၁၂ ခုနှစ် တက္ကသိုလ် ဝင်တန်းကို အောင်မြင်ခဲ့ပါတယ်။ အဲဒီနှစ်မှာပဲရန်ကုန်ကောလိပ် ကျောင်းသို့ ဆက်တက်ခဲ့ပြန်တယ်။ ဉပစာဝိဇ္ဇာ

၁။ Matric

ဒုတိယနှစ်မှာ မစ္စတာဘိုင်မြားရဲ့ အင်္ဂလိပ်စာစီစာကုံးပြိုင်ပွဲမှာ ဝင်ဖြေဆိုခဲ့တဲ့ အတွက် ပထမရွှေတံဆိပ်ကို ဆွတ်ခူးခဲ့တယ်။ အဲဒီနောက် ဝိဇ္ဇာတန်းဂုဏ်ထူးမှာ တက်ရောက်ပညာ သင်နေပါတယ်။

နယ်ချဲ့သမားကို ပထမဆုံး သူမုန်းသွားတာကတော့ ရန်ကုန်တက္ကသိုလ်ကျောင်းမှာပဲဖြစ်တယ်။ ၁၉၁၆ ခုနှစ် အင်္ဂလိပ်ကို သူမေ့လို့ မရနိုင်ခဲ့ပါဘူး၊ ဖြစ်တာက ဒီလိုပါ အဲဒီနှစ်မှာ သူဟာ ဝိဇ္ဇာတန်း ပထမနှစ်မှာပေါ့၊ အဲဒီနှစ်မှာ တချို့ကတော့ အိမ်ပြန်ပြီး စာကျက်ကြတယ်။ တချို့ကျတော့ ကျောင်းမှာပဲ နေပြီးစာကျက်ကြတယ်။ ကျောင်းသားရာဇတ်နဲ့ သူ့အချစ်ဆုံးသူငယ်ချင်း ကိုခင်မောင်လတ်တို့လဲ တခြားကျောင်းသားတစ်စုနဲ့ ကျောင်းမှာပဲ စာကျက်နေတယ် (ကိုခင်မောင်လတ်ဆိုတာကတော့ ဖြန့်ဖြူးရေးမင်းကြီး ဦးခင်မောင်လတ်ပါ၊ ရေနံချောင်းသားပဲ၊ အခုတော့ ကွယ်လွန်သွားရှာပါပြီ။)

သူတို့စာကျက်နေချိန်မှာ တချို့အတန်းတွေက စာမေးပွဲဖြေနေရတယ်။ အဲဒီမှာ ဘာဖြစ်သလဲဆိုတော့ ကောင်းကောင်းမဖြေနိုင်တဲ့ ကျောင်းသားတစ်ယောက်ဟာ ကျောင်းခန်းမထဲက မယောင်မလည်နဲ့ ထွက်လာပြီး မေးခွန်းနှစ်ခုကို ဖြေပေးဖို့ မစ္စတာရာဇတ်နဲ့ ကိုခင်မောင်လတ်ကို တောင်းပန်ရင်းပေးခဲ့တယ်။ တစ်ဖက်သားအပေါ် ကြင်နာသနားတတ်ပြီး အမြဲလိုက္ကူညီပေးလေ့ပေးထရှိတဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ဘာရယ်ညာရယ် စဉ်းစားမနေတော့ဘဲ ကောက်ကာငင်ကာနဲ့ တစ်ယောက်တစ်ပုဒ်စီ ဖြေပေးလိုက်တယ်။ ဒီလို ဖြေပေးလိုက်တာကို ဆရာတွေက သိရှိသွားတယ်။ လက်ရေးကို တိုက်ကြည့်လိုက်တော့ မစ္စတာရာဇတ်နဲ့ ကိုခင်မောင်လတ်တို့ရဲ့ လက်ရေးတွေ ဖြစ်နေတယ်တဲ့။ ပြစ်မှုထင်ရှားတာမို့ ကျောင်းအုပ်ကြီး မစ္စတာမက်သယ့ူဟန်းတား[၂]က တောင်ကြီးမြို့ အပန်းဖြေစခန်းကနေလှမ်းပြီး ကြေးနန်း အမိန့်စာပို့လိုက်တယ်။ အဲဒီအမိန့်စာမှာ "မစ္စတာရာဇတ်နဲ့ ကိုခင်မောင်လတ် မောင်မင်းတို့နှစ်ဦးကို အဲဒီနှစ် စာမေးပွဲကစပြီး နှစ်နှစ်လုံးလုံး စာမေးပွဲ ဖြေဆိုခွင့်ကို ပိတ်လိုက်တယ်" လို့ ဖော်ပြလိုက်တယ်။

---

၁။ Mr.Bhymah

၂။ M.Hunter

အဲဒီလို ကိုခင်မောင်လတ်နဲ့ မစ္စတာရာဇတ်တို့ဟာ သက်ဆိုင်ရာ စာမေးပွဲက ဖြေဆိုခွင့် နှစ်နှစ်လုံးလုံး ပိတ်ပင်လိုက်တယ်ဆိုတာ သိတာနဲ့ အကြီးအကျယ် စိတ်ထိခိုက်သွားကြတယ်။ ရှက်လဲရှက်ကြတယ်။ အမှားဝန်ခံပြီး ဖြေဆိုခွင့် တောင်းပေမယ့် ခွင့်ပြုချက်မရခဲ့ဘူး။

ဒီအကြောင်းကို သူတို့အိမ်တွေဆီလဲ အကြောင်းမကြားဘူး အိမ်ကိုလဲ မပြန်ကြဘူး သူတို့အိမ်တွေကတော့ ကျောင်းမှာ စာကိုပဲ သဲသဲမဲမဲ ကြည့်နေကြ တယ်လို့ ထင်နေတာပေါ့၊ နောက်တော့မှ သက်ဆိုင်ရာ ကျောင်းအုပ်ချုပ်ရေး အဖွဲ့က သူတို့ မိဘတွေဆီ အကြောင်းကြားစာ ပို့တယ်။ အဲဒီတော့မှ သိကြတယ်။ မိဘတွေလဲ ဒီအဖြစ်ကိုကြားလို့ အကြီးအကျယ် စိတ်မကောင်း ဖြစ်သွားတယ်။

ကိုခင်မောင်လတ်နဲ့ မစ္စတာရာဇတ်တို့ကတော့ အတော်ကြေကွဲဝမ်းနည်း ဖြစ်ကြရုံမကဘူး မကျေမနပ်လဲဖြစ်ကြတယ်။ အဲဒါကြောင့် မိဘတွေဆီလဲ စာတစ်လုံးတလေမှ မရေးဘဲ နေလိုက်ကြတယ်။ အဲဒီမယ် နောက်ဆုံး "အင်္ဂလိပ် လက်အောက်မှာ မနေလိုတော့ဘူး ဘာပဲဖြစ်ဖြစ် မထူးဘူး" ဆိုတဲ့ စိတ်ဝင်ခဲ့ပြီး ယိုးဒယားဖက် ထွက်ပြေးကြဖို့ စီစဉ်ကြတယ်။

ဒီသတင်းဟာသက်ဆိုင်ရာမိဘတွေဆီကို ချက်ချင်းရောက်သွားပါတယ်။ မိဘတွေလဲ ရင်ဘတ်စည်တီးပြီး "ဖြစ်မှဖြစ်ရလေသားရယ်၊ မကြံအပ် မစည်အပ်၊ သူများတိုင်းပြည်သွားမယ်ရယ်" လို့ ဆိုပြီး ရန်ကုန်ကို ပြေးဆင်းလာခဲ့ကြတယ်ပေါ့ အဲဒီမှာ လက်မတင်ကလေးလိုတော့တယ် "ဘုရား၊ ဘုရား၊ ဘုရားမလို့သာပေါ့ နို့မို့ရင် သားရှိလို့မှ သားလို့ မခေါ်ရ သားကိုမမြင်ရနဲ့ မိဘတွေ ရင်ကွဲရချေရဲ့"ဆိုပြီး အမျိုးမျိုးဖျောင်းဖျပြောဆို ချော့မော့ခေါ်ခဲ့ရပါသတဲ့။

အဲဒီလို နှစ်နှစ်လုံးလုံး စာမေးပွဲ ဖြေဆိုခွင့် မပြုတဲ့အတွက် ကျောင်းထွက် နေခဲ့ရပါတယ်။ ၁၉၁၉ ခုနှစ် ကျောင်းပြန်ဖွင့်မှ ကျောင်းတက်ခွင့်ရကြတယ်။ နှစ်နှစ်လုံးလုံး ကွဲနေခဲ့တဲ့ သူငယ်ချင်းနှစ်ယောက် ပြန်လည်ဆုံစည်း ခဲ့ကြ ပြန်တယ်။ အဲဒီနှစ် ဝိဇ္ဇာပထမတန်း အောင်မြင်ခဲ့လို့ ဝိဇ္ဇာဒုတိယနှစ်တန်းမှာ ပညာသင်ကြားနေစဉ် ဖြစ်ပါတယ်။

အဲဒီလို နှစ်နှစ်လုံးလုံး စာမေးပွဲဖြေဆိုခွင့် မပြုခဲ့တော့တဲ့အတွက် သူတို့ အများကြီး နစ်နာခဲ့တယ်။ သူတို့အပြစ်ကိုတော့ သူတို့မြင်ရှာပါရဲ့။ အမှန်ကတော့ကျောင်းရဲ့ စည်းမျဉ်းစည်းကမ်းကို တမင်တကာချိုးဖောက်

တာတော့ မဟုတ်ရှာပါဘူး၊ ဒါပေမယ့် တစ်ဖက်သားက အကူအညီ တောင်းလာပြန်တယ် ဆိုတော့ အားနာတာရယ်၊ သနားတာရယ် အကူအညီပေးတတ်တဲ့ ဝါသနာရယ် ပေါင်းမိသွားတာပါ။

* * *

ဒီလောက် အုံးအုံးကြွက်ကြွက်ဆူပူကန့်ကွက်သံတွေ၊ သိမ့်သိမ့်တုန်အောင် ကြွေးကြော်နေသံတွေဟာ တလိပ်လိပ်တက်လာတဲ့ ဒီလှိုင်းလုံးတွေ ကမ်းကို တအားပြေးပြေးပြီး ရိုက်ခတ်နေသလို စာသင်ခန်းတွေဆီ ဝင်ဝင်ဆောင့်နေပါတယ်။ ပဲ့တင်ရိုက်ခတ်ခဲ့ပါတယ်။ မစ္စတာရာဇတ်ဟာ နဂိုကလဲ ကျောင်းထုတ် ခံထားရတဲ့ ဓာတ်ခံကလဲရှိနေ၊ ပြီးတော့ နေ့စဉ်နဲ့အမျှဆိုသလို စာသင်ခန်းဆီကိုလဲ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှု သတင်းတွေ ကြွေးကြော်သံတွေဟာ ဝင်လာမစဲ တသဲသဲ ဖြစ်နေတော့ နယ်ချဲ့အစိုးရကို ဆန့်ကျင်တိုက်ခိုက်ချင်တဲ့ စိတ်တွေက တစိမ့်စိမ့်နဲ့ ကိန်းဝပ်မှန်းမသိ ကိန်းအောင်းလာကြပါတယ်။ ဒါကတော့ သူတင် မဟုတ်ဘူး တခြား ကျောင်းသားတွေဆီကိုလဲ တစိမ့်စိမ့်ကူးစက်နေခဲ့ ပါတယ်။

အဲဒါကြောင့် ကျွန်ပညာကို တိုက်ဖျက်ပြီး သခင်ပညာကို အစားထိုးရေး လုပ်ငန်းမှာ ပါဝင်ခဲ့ခြင်း ဖြစ်ပါတယ်။ ရန်ကုန်နဲ့ ယုဒသန်ကောလိပ် ကျောင်းသားတွေက သူတို့နာမည်တွေကို သူတို့ကိုယ်တိုင် သွားရောက် နုတ်ယူကြတဲ့အထဲမှာ မစ္စတာရာဇတ်ပါပါတယ်။ ဒါကို ပြီးခဲ့တဲ့ စာမျက်နှာမှာ ဖော်ပြခဲ့ပြီးပါပြီး ဒီနာမည်စာရင်းတွေကို မစ္စတာမောင်မှိုင်းရဲ့ ဘွိုင်ကောက်ဦးကာ ထဲမှာတင် မကပါဘူး။ The Voice of Young Burma စာအုပ်မှာပါ ဖော်ပြထားတာ တွေ့ရပါသေးတယ်။ အဲဒီအထဲမှာ "Abdul Razak" (အဗ္ဗဒူရာဇတ်) ဆိုတဲ့ အမည်နဲ့ ဖော်ပြထားတယ်လေ။

အင်္ဂလိပ်ဘာသာနဲ့ ရေးသားထုတ်ဝေတဲ့ The Voice of Young Burma စာအုပ်ထဲမှာ XIV Boycotters Withdraw From Colleges. ခေါင်းစဉ်နဲ့ ဒီအတိုင်း တွေ့ရပါတယ်။

XIV BOYCOTTERS WITHDRAW FROM COLLEGES
DECEMBER 24, 1920

The following is a list of the students of Rangon Judson Colleges who have pledged them-

selves to a declaration that they are resolved not to attend any of the Colleges unless their demands which have been represented of the University authorities in the form of a memorial have been granted. We have, however, found to our regret that the authorities, are adamant in their attitude and all that we have heard from the authorities is that they have prescribed the 23rd December as the date on which all students must return to Colleges. Failing this, they are liable to expulsion for the rest of the term. This attitude is deplorable since the Government have failed to enquire into our grievances and redress them if possible, As the result, a meeting was held at the hadquarters on monday, the December 20 th, 1920 at 10:30 am with U Hpay, K.S. M., A.T.M., in the chair. It was there and then decided that students should withdraw their names at once from the College rolls as a sign of resentment against the official attitude. This was duly proposed and seconded.

The withdrawal notice were handed over to the Principals but it was understood that no action could be taken on them. We now request you to give this a wide publicity and let our parents and guardians understand that against Governmental attitude.

We also call upon our brother boycotters who are away from Rangoon to publicly withdraw their names from the rolls We are prepared to answer challenges from anyone whose name should not appear in the list.

RANGOON COLLEGES SENIOR

B.A. Mohamed Cassim, Ba Win, Ba Hla, Abdul Razak, Soe Myint,

(The VOICE OF YOUNG BURMA. The reproduction of the articles published by the publicity Bureau of the University) Page 34, 7-1-1922 Rangoon.

**သူ့အပါနဲ့သပိတ်**

မစ္စတာရာဇတ် ဒါမှမဟုတ် ကိုရာဇတ်ရဲ့ ဘဝဟာ ဒီယူနီဘာစီတီသပိတ်က စခဲ့တာပါ။ ပြီးနောက် သူရဲ့ ဘဝဖြစ်စဉ် တစ်လျှောက်လုံးနဲ့ နောက်ဆုံးရက်တွေဟာလဲ ဒီကျောင်းသားသပိတ်နဲ့ ဆက်စပ်နေပါတယ်။ တကယ်လို့များ ကျောင်းသားသပိတ်ကြီးသာ မပေါ်ခဲ့ဘူးဆိုရင် ဒါမှမဟုတ် သူဟာ ကျောင်းသားသပိတ်ထဲ မပါခဲ့ဘူးဆိုရင် သူ့ဘဝဟာ တစ်မျိုးတမည်ဖြစ်သွားမယ်လို့ ထင်ပါတယ်။ ပုလိပ် အင်စပက်တော်ရဲ့သားဟာ ပုလိပ်အင်စပက်တော် ဖြစ်မလာတဲ့တိုင်အောင် အစိုးရဌာန တစ်ခုခုမှာ ကျွန်အဖြစ်နဲ့ ဝင်အမှုထမ်း နေရမှာကတော့ မြေကြီးလက်ခတ်မလွဲပါဘူး။

ကျောင်းသားသပိတ်ဟာ ကျွန်ပညာရဲ့ တကယ့်သရုပ်ကို ဓာတ်ခွဲပြလိုက်တော့ ကျွန်ပညာကို မုန်းခဲ့ကြတယ်။ ရွံ့ရှာနလုံးနာခဲ့တယ်။ ကျောင်းသားတွေက တက္ကသိုလ်ကျောင်းကြီးကို သပိတ်မှောက်လိုက်ပြီး အဲဒီလိုသပိတ်မှောက်ရုံနဲ့ ရပ်မနေသေးဘဲ နောက်ဆုံးကျောင်းကိုပါ မတက်တော့ဘူးဆိုပြီးပြတ်ပြတ်သားသား ကျွန်ပညာရေး ခရီးလမ်းကို စွန့်ခွာခဲ့ပါတယ်။ ညောင်ညိုပင်စခန်းမှာ ပြတ်ပြတ်သားသား လမ်းခွဲကြပါတော့တယ်ဆိုတဲ့ သဘောပါ။

တကယ်တော့ ဒါဟာ ရောမ စွန့်စားမှုကြီး တစ်ခုပါ။ ဒေါက်တာညီညီပြောသလို ဒီကျောင်းသားတွေဟာ အရေးပိုင်လောင်း၊ ဝန်ထောက်လောင်းတွေပေါ့။ ဒါပေမယ့် သူတို့ဟာ ကိုယ်ကျိုးကိုကြည့်သူတွေ မဟုတ်ကြဘူး။ အနာဂတ် သခင်ပညာရေးအတွက် သူတို့ကိုယ်သူတို့ အနစ်နာခံခဲ့ကြတာပါ။

ဒါဟာ နယ်ချဲ့သမားရဲ့ အုပ်စိုးလာတဲ့အစဉ်မှာ နယ်ချဲ့အစိုးရ အနေနဲ့ တစ်ခါဖူးမျှ မကြုံခဲ့သေးဘူး၊ ဒါကြောင့် ဒါဟာ နယ်ချဲ့သမားကို အငိုက်ဖြစ်စေခဲ့ပါတယ်။

ဒါကြောင့်လဲ သပိတ်ထဲပါတဲ့ ကျောင်းသားတွေကို သပိတ်စခန်းတွေက ပြန်ခေါ်ကြဖို့ မိဘတွေကို အကျပ်ကိုင်တာတို့၊ ပြန်မခေါ်ရင် ရာထူးဖြုတ်ချမယ်၊ ဒါမှမဟုတ် နယ်ခြား ငှက်ဖျားတောပို့ပစ်မယ်၊ ဒါမှမဟုတ် ရာထူး တိုးမပေးဘူးဆိုတဲ့ ဒီလိုပြုမူခြိမ်းခြောက်မှုမျိုးကို မလွှဲမရှောင်သာ ကျင့်သုံးမှာကိုတော့

ယုံမှားသံသယ ဖြစ်စရာ မလိုဘူး။ ဒီအချိန်မှာ သပိတ်မှောက် သပိတ်တား ဥပဒေတွေ မထုတ်ရသေးဘူး။

ဒါပေမယ့် နောက်ပိုင်း ဒုတိယကျောင်းသား သပိတ်တို့ တတိယ ကျောင်းသားသပိတ်တို့မှာတော့ "ကျောင်းသားတွေ သပိတ်မှောက်သွားပြီးဟေ့" ဆိုတာနဲ့တစ်ပြိုင်နက် "အစိုးရအမှုထမ်း သားသမီးတွေ သပိတ်ထဲလိုက်သွားရင် ပြန်ခေါ်ကြပါ မခေါ်ရင် ရာထူးက လျှော့ချမယ်၊ ရာထူးလဲ တိုးမပေးဘူး တစ်နည်းမဟုတ်တစ်နည်း အရေးယူမယ်" ဆိုတဲ့ အမိန့်တွေထုတ်တယ်၊ အလုပ်ထိခိုက်မှာစိုးတဲ့ သပိတ်မှောက် ကျောင်းသားမိဘတချို့ဟာ အမိန့် ထုတ်ပြန်ချက်တွေကိုင်ပြီး အမောတကော မိမိသားသမီးတွေဆီ ပြေးပြီး သပိတ်မှောက်စခန်းက ပြန်ခေါ်ကြတယ်။ ဒီလို ချော့မော့ခေါ်နေတဲ့ မိဘဟာ စိတ်မောပြီး မျက်နှာချွေးစေးပြန်နေတယ်။ သနားစဖွယ် ကောင်းတဲ့ မိဘ မျက်နှာဟာ ဆီးရွက်လောက် ဖြစ်နေပါတယ်။

ဒါတွေမြင်လာတော့ စိတ်မခိုင်တဲ့ ကျောင်းသားတွေက မချိတင်ကဲ ဖြစ်လာတယ်။ အဲဒါကြောင့် စိတ်မကြည်မသာနဲ့ဘဲ မိဘသနားပြီး သပိတ် စခန်းက အိမ်ပြန်လိုက်သွားတယ်။ တချို့ကျတော့လဲစိတ်ကို တင်းလိုက်တယ်။ မိဘကို ဖျောင်းဖျောင်းဖျဖျရှင်းပြီး အနူးအညွတ် တောင်းပန်ကြတယ်။ တချို့ကြတော့ မိဘကိုငဲ့ညာပြီး သပိတ်စခန်းက ထွက်လာကြပေမယ့် အိမ်လဲ မပြန်တော့ပဲ စိတ်ပြေလက်ပျောက် စိတ်ကူးတည့်ရာ အရပ်ကို ခရီးထွက်သွား ကြတယ်။

တချို့မိဘကျပြန်တော့ ကျောင်းသားတွေရဲ့ သပိတ်တိုက်ပွဲကို ထောက်ခံ ကြတယ်။ အစိုးရအမှုထမ်း ဖြစ်နေလေတော့ မလွှဲမရှောင်သာ လိုက်ခေါ်ပါရဲ့ ဝတ္တရားကျေရုံပါ။ "ကျောင်းသားတွေက ခေါ်လို့မရတာပါ"လို့ သက်ဆိုင်ရာ ဌာနအကြီးအကဲဆီ တင်ပြကြတယ်။

ကိုရာဇတ်တို့ခေတ်ကတော့ နယ်ချဲ့သမားတို့က အငိုက်မိခံလိုက်ရသလို ဖြစ်သွားတော့ ဟုတ်ဟုတ်ငြားငြား အစိုးရအဖို့ ပြင်ဆင်ချိန်ရလိုက်ဟန် မတူဘူး၊ ဒီလိုနို့တစ်တွေထုတ်တာ မတွေ့ရဘူး၊ ဒါပေမယ့် သပိတ်မှောက် ကျောင်းသား တွေရဲ့ အစိုးရအမှုထမ်း မိဘတွေဟာ အင်္ဂလိပ်အစိုးရဲ့ ငြိုငြင်မှုကို အနည်းနဲ့ အများ ခံကြရတယ်။ ဒါကို အထူးသံသယရှိစရာ မလိုဘူး ဆရာကြီးရဲ့အဖေ

ပုလိပ်အင်စပက်တော်မင်းကတော့ တောက်လျှောက်ဆိုသလို ငြိုငြင်မှုကို ခံနေရတော့ တယ်တဲ့၊ ဒါပေမယ့် သူက မမှုခဲ့ပါဘူး၊ မဖြုခဲ့ရှာပါဘူးတဲ့။

သားလိမ္မာရဲ့ အဖေဆိုတော့ သူ့သားလေးကို ချစ်လွန်းလို့ သားရဲ့ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းကို ဘာတစ်ခုမှဝင်ပြီး မကန့်ကွက် မဟန့်တားဘူး၊ မနှောင့်ယှက်ဘူး၊ သူ့သားစိတ်ချမ်းသာရင်ပြီးရော ဘီအေ နောက်ဆုံးနှစ်ကစပြီး ဗဟိုအမျိုးသား အထက်တန်းကျောင်းဆရာကြီး အဖြစ်နဲ့ နေတဲ့အထိ နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းစဉ် တစ်ခုလုံးကို လုပ်ကိုင်နေတဲ့ ကာလ တစ်လျှောက်လုံးမှာ သူ့သားကို ဘာတစ်ခုမှ အနှောင့်အယှက် အဟန့် အတား မလုပ်ခဲ့ရှာဘူး၊ သူ့သားရဲ့ ဒီနယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းမှာ တက်တက်ကြွကြွ ပါဝင် လှုပ်ရှားနေတာကို အဝေးကပဲ တပြုံးပြုံးနဲ့ကြည့်ရင်း စိတ်ပေါ့ပါး ကြည်လင်နေတဲ့ အဖေပါ။

အမေကလဲ "သားရယ် သပိတ်ထဲလိုက်မသွားပါနဲ့၊အစိုးရနဲ့ ဆန့်ကျင်တဲ့ အလုပ်လုပ်ရင် ထောင်နုတ်ခမ်းလျှောက်နေတာနဲ့ အတူတူပဲ၊ သားပါပါရဲ့ အလုပ်ကို ထိခိုက်လိမ့်မယ်။ တစ်အိမ်လုံးဟာ သားပါပါရဲ့ လခပေါ်မှီပြီး စားသောက် နေထိုင်ကြရတယ်ဆိုတာ သားအသိဆုံးပါ၊ ဒါကြောင့် အစိုးရ မင်းများ ငြိုငြင်ပြီး အရေးယူရင် အမေတို့ တစ်အိမ်သားလုံး မခက်ပါလား။ ဒုက္ခရောက်ရချည်ရဲ့ သားကို ဖမ်းလားဆီးလားလုပ်လာရင်လဲ အမေ မကြည့်ရက်ဘူး" အဲဒီလို မျက်ရည်ခံထိုးလို့ တစ်မျိုး၊ ချော့ချည်တလှည့် ခြောက်ချည်တစ်ဖုံနဲ့ သားကို သပိတ်ထဲကထွက်ဖို့ ဖျောင်းဖျပြောဆို ရတာပဲပေါ့၊ ဒါပေမယ့် သူ့အမေကလဲ ဒါတွေ မလုပ်ခဲ့ပါဘူး၊ အမျိုးသားကျောင်း ဆရာကြီးအဖြစ်က ထွက်ဖို့ဆိုတာ မျိုးတွေ ဘယ်တော့မှ မတိုက်တွန်းခဲ့ရှာပါဘူး။

ကျောင်းသာအရေး အမျိုးသားရေးတွေကိုမမောနိုင်မပန်းနိုင် လုပ်ကိုင် နေတဲ့ သားကြီးရာဇတ်ကိုသာ တစ်နေရာက တစေ့တစောင်းကြည့်ရင်း စိတ် အကျေနပ်ကြီး ကျေနပ်နေလျက်ပါ။

ဗြိတိသျှ နယ်ချဲ့သမားက သီပေါမင်းတရားကြီးကို သေနတ်တစ်ချက်မှ မဖောက်ရဘဲ ဖမ်းဆီးသွားတဲ့ အချိန်ကစပြီး နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုတွေ ၁၉၂၀ ခုနှစ် ကျောင်းသား အရေးတော်ပုံတွေကို အကျဉ်းချုပ်နိုင်သလောက် ချုပ်ပြီးဖော်ပြခဲ့ပါတယ်။ အကျဉ်းချုပ်ပါတယ် ဆိုပေမယ့် စာမျက်နှာ တော်တော်လေး များခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီအခြေအနေတွေပေါ်မှာ

မူရင်းဘာသာရပ်ဖြစ်တဲ့ ဆရာကြီးဦးရာဇတ် စာအုပ်ဟာ အဓိက အခြေခံဆိုက်နေလို့ပါ။

ဆရာကြီးရဲ့ အနာဂတ် အဆောက်အအုံတစ်ခုလုံးဟာ ဒီအမျိုးသားလှုပ်ရှားမှု ကျောင်းသားလှုပ်ရှားမှုတွေဆိုတဲ့ အုတ်မြစ်ကြီးပေါ် အခြေစိုက်ထားတာပါ။ အဆောက်အအုံတစ်ခုကို တည်ဆောက်တဲ့အခါမှာ အုတ်မြစ်မကောင်းရင် မခိုင်ရင် ဘယ်လောက်ကောင်းတဲ့ အဆောက်အအုံကိုပဲဆောက်ဆောက် ဒီအဆောက်အအုံဟာ စိတ်မချရဘူး၊ ပြိုချင်လဲ အချိန်မရွေး ပြိုသွားနိုင်ပါတယ်။

အဲဒီတော့ အမျိုးကိုချစ်တယ်။ ကိုယ့်တိုင်းပြည်ပေါ် သစ္စာရှိတယ်။ ကိုယ့်ကျောင်းကို ခင်တွယ်မြတ်နိုးတယ်။ ချစ်တယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက် ဘာမဆို အနစ်နာခံနိုင်ရည် ရှိရမယ်ဆိုတဲ့ ဒီစိတ်ဓာတ်တွေဟာ တစ်ထိုင်တည်းနဲ့ ဟောပြော စည်းရုံးသိမ်းသွင်းလို့ ရစကောင်းတဲ့အရာမဟုတ်ဘူး၊ ရပါတယ်လို့ စောဒက တက်ပေမယ့် ဒါဟာ အချိန်မရွေး ပျက်ကျသွားနိုင်ပါတယ်။

ဆရာကြီးဟာ သူ့ဘဝ တစ်ခုလုံးကို တိုင်းပြည်နဲ့ လူမျိုးအတွက် မြှုပ်နှံခဲ့ပါတယ်။ ဘဝခရီးစဉ် တစ်လျှောက်မှာ အနစ်နာခံ အဆုံးရှုံးခံလိုက်ပြီး ဒီအမျိုးသားရေးဘက် သက်သက်ကိုသာ လိုက်ခဲ့တာဟာ ဒီလှုပ်ရှားမှုတွေ အတွက်ကြောင့်ပါ။ ရှောင်တခင်ဖြုန်းဆို သပိတ်မှောက် ကျောင်းသားဖြစ်ခဲ့တာ နောက်အမျိုးသား ကျောင်းဆရာကြီး ဖြစ်ခဲ့တာ နောက်ဆုံး တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ရန်သူရဲ့ လက်ချက်နဲ့ သွေးအိုင်ထဲမှာ မရှူမလှနဲ့ အစတေးခံခဲ့တာတွေ၊ ဒါတွေအားလုံးဟာ အမျိုးသားလှုပ်ရှားမှု အခန်းတွေ ကျောင်းသား သပိတ်တွေနဲ့ အင်မတန် ပတ်သက်ခဲ့ပါတယ်။

ကြည့်လေ၊ ဇူလိုင်လ (၁၉) ရက်နေ့မှာ ကျဆုံးခဲ့တဲ့ ဒိဝန်ကြီး ခုနစ်ဦးအနက် ဝန်ကြီး ငါးဦးဟာ ၁၉၂၀ ခု ကျောင်းသားသပိတ်နဲ့ ဆက်စပ်နေသူတွေ အမျိုးသားကျောင်းတွေနဲ့ ပတ်သက်နေသူတွေ ဖြစ်ပါတယ်။ ကြည့်မယ်ဆိုရင်

ဗိုလ်ချုပ်အောင်ဆန်းဟာ ရေနံချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းသား။

သခင်မြဟာ ၁၉၂၀ ခု ရန်ကုန်ကောလိပ် သပိတ်မှောက် ခေါင်းဆောင် ၂၆ ဦးပါ။ သပိတ်မှောက် ကောင်စီရဲ့ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားကောင်စီရဲ့ အဖွဲ့ဝင်၊ အမျိုးသား ပညာရေးကောင်စီက ကြီးမှူးကျင်းပခဲ့တဲ့ ဘီအက်စီတန်းကို အောင်မြင်ပြီး ကြည့်မြင်တိုင် အမျိုးသားကျောင်းဆရာကြီး။

ဦးဘချို၊ ၁၉၂၀ ခုနှစ် အမျိုးသားကောလိပ် ကျောင်းဆရာကြီး။

ဆရာကြီး ဦးရာဇတ် ၁၉၂၀ ခုနှစ် သပိတ်မှောက်ကျောင်းသား၊ မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းအုပ်ဆရာကြီး။

ဦးဘဝင်း ရေနံချောင်း အမျိုးသား အထက်တန်းကျောင်းအုပ် ဆရာကြီး။ ဦးအောင်ဇေယျ၊ ပျော်ဘွယ်ဦးမြ၊ ဦးဘဂျမ်း တို့ကိုလဲကြည့်ပါ။ ဝန်ကြီး ဦးအောင်ဇေယျဟာဆိုရင် ရခိုင်ပြည်မှာအမျိုးသားကျောင်းဆရာလုပ်ခဲ့သူပေါ့။နောက် ပျော်ဘွယ်ဦးမြကို ကြည့်ဦးမလား၊ ဟော သူလဲပျော်ဘွယ်နေရှင်နယ် ကျောင်းကို တည်ထောင်ခဲ့သူလေ၊ ပြီး ဝန်ကြီးဟောင်း ဦးဘဂျမ်းကို ကြည့်ဦးမလား သူလဲ နေရှင်နယ်ကျောင်းသားပါ။

ဘုရင်ခံရဲ့ ကက်ဗိနက်ဝန်ကြီး အများစုဟာ အမျိုးသား လှုပ်ရှားမှုတွေ သပိတ်မှောက်ကျောင်းသားတွေရဲ့ ပတ်သက်နေသလို အသက်ပေး ကျဆုံးသွားသူ အများစုဟာလဲ အမျိုးသား လှုပ်ရှားမှုတွေရဲ့ အမွေအနှစ်တွေပါ ဒီလို ဝန်ကြီးတွေဖြစ်ခဲ့တာ တိုင်းပြည်ရဲ့ ထိပ်တန်းခေါင်းဆောင်တွေ ဖြစ်ခဲ့တာဟာ ဒီလိုအနှစ်နှစ်အလလက လူမျိုးပေါ် သစ္စာစောင့်သိပြီး၊ ကိုယ်ကျိုးမဖက်လို့ပါပဲ၊ ထိုက်တန်တဲ့လူ ထိုက်တန်တဲ့နေရာ ရောက်ခဲ့တာပါ။ ဒါကြောင့် အမျိုးသား လှုပ်ရှားမှုတွေနဲ့ ပထမကျောင်းသားသပိတ် လှုပ်ရှားမှုတို့ဟာ သမိုင်းမှာ အင်မတန်အရေးပါ အရာရောက်တဲ့ ကဏ္ဍပါပဲ။ တိုင်းပြည်ကို တပ်လှန့် လှုပ်နိုးစေခဲ့တယ်။ ကောင်းမြတ်တဲ့ အမွေအနှစ်တွေကို ပေးခဲ့တယ်။ ဒီလှုပ်ရှားမှု တွေဟာ ဆရာကြီး ဦးရာဇတ်ကိုပဲဖြစ်ဖြစ်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည် ခေါင်းဆောင်တွေကိုပဲဖြစ်ဖြစ် အင်မတန် ရခဲလှတယ်ဆိုတဲ့ လူ့အသက် တစ်ချောင်းကို လွတ်လပ်ရေး ကန်ဘောင်ရိုးမှာ ဒီလိုရက်ရက်ရောရောကြီး အစတေးခံသွားရဲတဲ့ သတ္တိမျိုးကို မွေးထုတ်ပေးခဲ့တာပေါ့။

ဒါကြောင့် ဒီ ဆရာကြီး ဦးရာဇတ် အခန်းကို ဖော်ပြတဲ့နေရာမှာ ဘယ်လိုမှချန်လှပ်လို့ မဖြစ်တဲ့ နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေးလုပ်ငန်းမှာ ပညာတတ် လူတန်းစားတွေ ခေါင်းဆောင်ခဲ့တဲ့ အမျိုးသားလှုပ်ရှားမှုတွေ၊ ကျောင်းသားသပိတ် အကြောင်းတွေကို တမင်ကလာ ထည့်သွင်းဖော်ပြရတာပါ။

★

# အခန်း (၃)

## အမျိုးသားပညာရေးစနစ်

ကိုလိုနီပညာရေးစနစ် ကျွန်ပညာရေး စနစ်ကို ကျောင်းသားတွေနဲ့ မြန်မာပြည်သူတွေက အလိုမရှိကြဘူး၊ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ ကောင်းပြီ ကျွန်ပညာရေးကို ဘာလို့ အလိုမရှိကြတာလဲ။ ကျွန်ပညာမို့ မလိုချင်ကြတာလား။

ကဲ ကျွန်ပညာဟာ ဘာလဲဆိုတာကိုကော သိကြပါသလား။ သူများ ယောင်လို့ ယောင်လိုက်တာလား။ ဒီလိုတော့ မဖြစ်တန်ရာ။ "ကျွန်ပညာ" ဆိုတာဘာလဲဆိုတာ ကျွန်တော်တို့အားလုံး သိဖို့လိုပါတယ်။ ကျွန်ပညာ ဘာလဲဆိုတာသိမှ သခင်ပညာ၊ အမျိုးသားပညာရေးစနစ်ကို အစားထိုး ယူရပါမယ်။

ကျွန်ပညာနဲ့ သခင်ပညာတို့ရဲ့ အနက်အဓိပ္ပာယ်ကို ဒေါက်တာညီညီက စနစ်သစ်ပညာရေးဆိုတဲ့ ဆောင်းပါးဖြင့် အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ သူက တို့ကျောင်းသား စာစောင်အတွဲ ၁၊ အမှတ် ၁၂/၁၉၆၅ မေလ ဆောင်းပါးမှာ ရေးသားခဲ့ပါတယ်။ သူရေးသားခဲ့တဲ့ ပညာရေးဆောင်းပါးတွေကို စုစည်းလိုက်ပြီး တစ်ခါ ၁၉၇၆ ခု ပုဂံစာအုပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ အဲဒီစာအုပ်ရဲ့ နာမည်က "စနစ်သစ်ပညာရေး"တဲ့။

အဲဒီစာအုပ်ထဲက တက္ကသိုလ်ပညာရေးစနစ်သစ်၏ ထူးခြားချက်များဆိုတဲ့ အခန်း တစ်ခုလုံး (စာမျက်နှာ ၁-၁၄) ထိ ကို ချုံးပြီး ကျမ်းပြုသူက ရေးသားဖော်ပြပါမယ်။

မြန်မာပြည်ကို ဗြိတိသျှနယ်ချဲ့သမားက စတင်ကျူးကျော် တိုက်ခိုက် သိမ်းပိုက်ခဲ့ပါတယ်။ ပထမတော့ စီးပွားရေးကို အဓိကထားပြီး သိမ်းပိုက်ခဲ့တာပဲ။ နောက်ပိုင်းကျတော့ ကိုလိုနီအဖြစ် ကျွန်ပြုလိုက်တော့ မြန်မာပြည်ကို မလွဲမရှောင်သာ အုပ်ချုပ်ရေး ယန္တရားဟာ ကပ်ပါလာရ တော့တယ်။ အဲဒီလို တိုင်းပြည်ကို မင်းလုပ်အုပ်ချုပ် လာရတော့ သူ့မှာ ဒီနယ်ချဲ့ယန္တရားကြီး တစ်ခုလုံးလည်ပတ်ဖို့ အဆင့်ဆင့်သော အမှုထမ်းအရာထမ်း အစားစား လိုလာတယ်။ အင်္ဂလိပ်တွေချည်း ခန့်ထားလို့တော့ရတာပါပဲ။ ဒါပေမယ့် လခက အဆမတန်ပေးရမယ်။ ပြီးတော့ ပင်လယ်ရပ်ခြားကြေးဆိုတာကို ထပ်ဆောင်းပေးရမယ်။ အဲဒီတော့ အစိုးရနှင့် နယ်ချဲ့ကုမ္ပဏီတွေအတွက် အကုန်အကျများမယ်၊ "မှန်းချက်နှင့် နှမ်းထွက်မကိုက်" ဖြစ်မယ်။ အဲဒါကြောင့် အင်္ဂလိပ်လူမျိုး တွေချည်းကိုပဲ ခန့်ထားလို့ မဖြစ်ဘူး။ အဲဒါကြောင့် ငါးကြင်းဆီနှင့် ငါးကြင်းကြော်တဲ့မူအရ မြန်မာတိုင်းရင်းသားတွေကို လုပ်ခနည်းနည်း ပေးပြီး ကျွန်တွေ မွေးထုတ် ပေးလိုက်ပါတယ်။

ရုံးလုပ်ငန်းတွေနှင့် ကုန်တိုက်တွေမှာ သူတို့ရဲ့လခစား၊ ကြေးစား တွေအတွက် ရေးဖို့၊ မှတ်ဖို့၊ ချွတ်ဖို့တွေ လိုလာပါတယ်။ အဲဒါကြောင့် မူလတန်းကျောင်းကနေ တက္ကသိုလ်ကျောင်းအထိ အဆင့်ဆင့် ကျောင်းတွေ ဖွင့်ပေးခဲ့ပါတယ်။ ကျောင်းစရိတ်တွေကကြီးတော့ တော်ရုံတန်ရုံ ပုံမှန်ဝင်ငွေမရှိတဲ့ မိဘတွေက မိမိတို့ရင်သွေးငယ်များကို ကျောင်းမထားနိုင်။

အိန္ဒိယပြည်နှင့် မြန်မာပြည်တွင် ကျင့်သုံးခဲ့သော ကိုလိုနီ ပညာရေးစနစ်၏ အနက်သရုပ်ကို ၁၈၃၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အိန္ဒိယ အစိုးရ ဥပဒေတာဝန်ခံ လောဒ်မက်ကောလေးရဲ့ ပညာရေး မှတ်တမ်းက ဖော်ပြနေတယ်။ အဲဒီမှာ အချက် (၃)ချက်ကို တွေ့နိုင်ပါ လိမ့်မယ်။ ဒါက–

(၁) အရှေ့တိုင်းပညာရေး လေ့လာမှုအစား အင်္ဂလိပ်ဘာသာစာပေကို လေ့လာရန် အားပေးရန်။
(၂) အင်္ဂလိပ်ဘာသာကို သင်ကြားမှု မဏ္ဍိုင်စာအဖြစ် အသုံးပြုရန်နှင့်။
(၃) အသားအရောင်အားဖြင့် ညိုသော်လည်း အင်္ဂလိပ်ဘာသာ

တတ်ကျွမ်း၍ အင်္ဂလိပ်လိုတွေးခေါ်ကာ အင်္ဂလိပ်စိတ်ဓာတ် ပေါက်နေသော လူတန်းစားတစ်ရပ် မွေးထုတ်၍ ယင်းတို့ကို တိုင်းရင်းသား လူမျိုးများ အုပ်စိုးသူအကြားတွင် ပေါင်းကူး တံတားသဖွယ် ဆောင်ရွက်စေရန်ဟူ၍ မူသုံးရပ် ချမှတ်ခဲ့ပါတယ်။

ဒီမူတွေဟာ အမျိုးသားစိတ်ဓာတ်၊ ဇာတိသွေးဇာတိမာန်တွေ အမျိုးသားမာန်တွေ ပျောက်ကွယ်သွားပြီး အုပ်စိုးတဲ့ အင်္ဂလိပ်နယ်ချဲ့သမားကို ထာဝစဉ် အထင်ကြီးစိတ်၊ သစ္စာစောင့်သိလိုစိတ်တွေ မွေးဖွားစေတယ်။ တစ်မျိုးပြောရရင် ကျွန်သက်ရှည်အောင် ဆောင်ရွက်လိုက်တဲ့ ပညာရေး စီမံကိန်းတစ်ရပ် ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်ပညာလို့ ခေါ်ဝေါ်ခြင်း ဖြစ်ပါတယ်။ ဒါတင်မကဘူး။ မြန်မာစာပေကို လုံးဝ အထင်မကြီးအောင် တက္ကသိုလ်မှာသည်ပင်လျှင် မြန်မာစာကို မြန်မာလို သင်ပေးခြင်းမရှိပါ။ မြန်မာစာကို အင်္ဂလိပ်လို သင်ယူတဲ့ ခေတ်ပါ။

ကိုလိုနီပညာရေး၊ ဒါမှမဟုတ် ကျွန်ပညာရေးစနစ်ရဲ့ ထူးခြားချက် တစ်ရပ်က ဝိဇ္ဇာပညာကို အဓိကထားခဲ့ခြင်းနဲ့ အသက်မွေးဝမ်းကျောင်း ပညာကို အားပေးမှု ကင်းခဲ့ခြင်းဖြစ်ပါတယ်။

ဝိဇ္ဇာနဲ့သိပ္ပံ အောင်စာရင်းကို ဆက်ကြည့်ရအောင်။ တက္ကသိုလ် တည်ထောင်ပြီး ၁၀ နှစ်မြောက်တဲ့ ၁၉၃၀ မှာ ဘီအေအောင်သူ ၈၇ ဦး ရှိခဲ့ပါတယ်။ ဆရာဝန်ဖြစ်သူက ကိုးယောက်။ ဘီအက်စ်စီ အင်ဂျင်နီယာ အောင်သူက လေးယောက်ပဲရှိခဲ့ပါတယ်။

တစ်ခါ ၁၉၄၀ ခုနှစ် ပညာရေး အောင်စာရင်းကို ဆက်ပြီးကြည့်ပြန်ရင် ဘီအေအောင်သူ ၁၀၀ အထိ တိုးလာပါတယ်။ ဆရာဝန်အောင်သူက ၁၂ ယောက်၊ ဒါပေမယ့် ဘီအက်စီ အင်ဂျင်နီယာ အောင်သူက လေးဦးပဲရှိတယ်။ လေးဦးက မတက်ပါ၊ ၁၉၃၀ မှာ ဘီအက်စီဘွဲ့ရသူ ၃၄ ဦး ရှိခဲ့ပေမယ့် ၁၉၄၀ ခုနှစ်မှာ ဘီအက်စီဘွဲ့ရသူ ၂၀ သာ ရှိခဲ့ပါတယ်။

စီးပွားရေးအရ ဖိနှိပ်မှုနဲ့ အရာရှိ အရာခံ လုပ်ချင်တဲ့စိတ်၊ အိုင်စီအက်စ် ဘီစီအက်စ်လုပ်ချင်တဲ့ စိတ်များ ကိန်းအောင်းစေပါတယ်။ အသက်မွေးဝမ်း ကျောင်း ပညာသင်ကြားဖို့ စိတ်ကို မွေးမပေးခဲ့ပါဘူး။

အဲဒါတွေဟာ ကျွန်ပညာရေး စနစ်ဖြစ်ပါတယ်။ ဒီပညာရေး စနစ်ကို ကျောင်းသားထုနဲ့ မိဘပြည်သူတွေက အလိုမရှိကြပါဘူး။ "သခင်ပညာကိုသာ အလိုရှိတယ်။ သခင်ပညာကိုသာ ပေးပါ"လို့ တောင်းဆိုခဲ့တယ်။ ၁၉၄၈ ခု မြန်မာပြည် လွတ်လပ်ရေးရပြီးတဲ့တိုင်အောင် တက္ကသိုလ်ပညာရေးစနစ်မှာ ၁၉ ရာစုနှစ် ပညာရေး အတွေးအခေါ် အတိုင်းပင် ကျင့်သုံးခဲ့ပြန်သေးတယ်။ အင်္ဂလန်နိုင်ငံမှာ အသုံးမပြုတော့တဲ့ ၁၉ ရာစုနှစ်က ဘာသာတွဲစနစ်ကို မြန်မာနိုင်ငံမှာ ဆက်လက်အသုံးပြုခဲ့ပါတယ်။

တော်လှန်ရေးကောင်စီ အာဏာသိမ်းခဲ့ပြီးနောက် ၁၉၆၄ ခု ဧပြီလမှာ တော်လှန်ရေး အစိုးရ ပညာရေးဌာနက ဦးစီးပြီး တက္ကသိုလ်ပညာရေး နှီးနှောဖလှယ်ပွဲတစ်ရပ်ကို ကျင်းပခဲ့ပါတယ်။

နောက် ၁၉၆၄ ခု နိုဝင်ဘာလ ၂ ရက်တွင် စနစ်သစ် ပညာရေးကို စတင်ထူထောင်လိုက်ပါတယ်။

တက္ကသိုလ်ပညာရေးရဲ့ ထူးခြားချက်ဟာ ကိုးချက် ရှိပါတယ်။

(၁) ရည်မှန်းချက်အတိအကျရှိခြင်း
(၂) တက္ကသိုလ်များ ခွဲခြားတည်ထောင် ဖွင့်လှစ်ခြင်း၊
(၃) သိပ္ပံပညာနှင့် အသက်မွေးဝမ်းကျောင်းပညာကို ဦးစားပေးခြင်း
တက္ကသိုလ်ပညာရေးစနစ်သည် အသက်မွေးဝမ်းကျောင်း ပညာနှင့် သိပ္ပံပညာရပ်များကို အထူးဦးစားပေးထားသော်လည်း ဝိဇ္ဇာပညာကိုလည်း လျစ်လျူမရှုသောစနစ် ဖြစ်သည်။
(၄) ခေတ်နှင့်လျော်ညီမည့် သင်ရိုးညွှန်းတမ်းများ ပြောင်းထားခြင်း။
(၅) အထူးပြုလေ့လာရေး စနစ်ကို တီထွင်ခြင်း။
(၆) မြန်မာဘာသာကို သင်ကြားမှုမဏ္ဍိုင်အဖြစ် သတ်မှတ်ခြင်း။
(၇) သုတေသနလုပ်ငန်း အားပေးခြင်း။
(၈) သင်ကြားပုံ ပြောင်းလဲခြင်း။
(၉) စီမံကိန်းစနစ်ဖြစ်ခြင်း။

စနစ်သစ်ပညာရေးရဲ့ အခြေခံမှုတွေကတော့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်က ချထားတဲ့အတိုင်း ထပ်မံဖော်ပြရရင်–

(က) အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြု၍ စာရိတ္တမြင့်မားမှုကို အခြေခံသော ပညာရေးကို ဆောက်တည်မည်။

(ခ) သိပ္ပံပညာကို ဦးစားပေးမည်။
(ဂ) အခြေခံပညာကို လူတိုင်း သင်ယူနိုင်ခွင့်ရရေးကို ဦးတည်မည်။
(ဃ) အထက်တန်းပညာ (ဝါ) တက္ကသိုလ်ပညာကို ဉာဏ်ပညာ ထက်မြက်ခြင်းရှိ၍ အထက်တန်းကို မီအောင်လိုက်နိုင်သူ ကြိုးစာမှုရှိသူများကိုသာ သင်ကြားခွင့် ရှိစေရန် ရည်သန်သည်။

၁၉၂၀ခု ကျောင်းသားသပိတ်ကြီးက "ကိုလိုနီပညာရေးစနစ်၊ ကျွန်ပညာရေးစနစ်ကို အလိုမရှိဘူး" ဆိုပြီး သပိတ်မှောက်ခဲ့ပါတယ်။ အဲဒီအချိန်က စပြီး ၁၉၆၄ ခု အောက်တိုဘာလ (၁) ရက်နေ့ထိ စနစ်သစ် ပညာရေးကို အစားထိုးဖို့ လုပ်ခဲ့ကြပေမယ့် ပညာရေးစနစ်မှာ အခြေခံအားဖြင့် ပြောင်းလဲခြင်း မရှိခဲ့ပါ။

ပြီးတော့ ဘာသာရပ်တွေ အများကြီး သင်ကြားတာထက် မိမိဝါသနာပါတဲ့ ဘာသာရပ်တစ်ခုကိုသာ ပိုင်ပိုင်နိုင်နိုင် သင်ကြားတဲ့စနစ်ဟာ စနစ်သစ်ပညာရေးစနစ်လို့လဲ ခေါ်နိုင်ပါတယ်။

စနစ်သစ်ပညာရေး ဒါမှမဟုတ် ကျွန်ပညာရေးရဲ့ ဆန့်ကျင်ဘက်ပညာရေးစနစ်နဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း ဒေါက်တာညီညီက ဟောဒီလို ရေးသားထားတာ တွေ့ရပါတယ်။

[၁] စနစ်သစ်တွင်ကား ပညာရပ်နှင့် ဒေသအလိုက် တက္ကသိုလ်များ ခွဲခြားကာ သီးခြားတက္ကသိုလ်များအဖြစ် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ စီးပွားရေး တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်၊ စိုက်ပျိုးရေး တက္ကသိုလ်ဟူ၍ တက္ကသိုလ်ပေါင်း (၁၀)ခု ဖွင့်လှစ်ခဲ့ပါတယ်။ ထိုကဲ့သို့ ဖွင့်လှစ်ခြင်းကြောင့် အုပ်ချုပ်ရေးတွင် ပိုမိုနိုင်နင်းမှုရှိကာ မိမိဆိုင်ရာ ပညာရပ်များ၏ တိုးတက်မှု ကိုလည်း ပိုမိုအားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ကြတော့မည် ဖြစ်သည်။

တက္ကသိုလ်ပညာရေးစနစ်သည် အသက်မွေးဝမ်းကျောင်းပညာနှင့် သိပ္ပံပညာရပ်များကို အထူးဦးစားပေးထားသော်လည်း ဝိဇ္ဇာပညာရပ်များကို လျစ်လျူမရှုသော စနစ်ဖြစ်သည်။

---

၁။ ညီညီ/ဒေါက်တာ စနစ်သစ်ပညာရေး ပုဂံစာအုပ်တိုက်နှင့် ကုမာရပုံနှိပ်တိုက် ၁၉၇၆ ခုနှစ်

မှတ်မိသလောက် ပြောပါရစေ။ ၁၃၀၀ ပြည့်နှစ်တုန်းက အင်္ဂလိပ်စာကလွဲရင် ကျန်ပညာတွေကို မြန်မာဘာသာနဲ့ သင်ကြားပေးဖို့ စာမေးပွဲဖြေတဲ့အခါလဲ အင်္ဂလိပ်ဘာသာကလွဲရင် ကျန်မြန်မာဘာသာနဲ့ပဲ ဖြေလိုကြောင်း ပညာရေးဌာနမှာ တင်ပြကြပါတယ်။

အဲဒါကြောင့် ဆယ်တန်းစာမေးပွဲကို ဖြေဆိုရတဲ့ ၁၉၄၀-၄၁ နှစ်မှာ ၁၀ တန်းစာမေးပွဲမှာ တောင်းဆိုတဲ့အတိုင်း၊ အင်္ဂလိပ်ဘာသာကလွဲရင် ကျန်ဘာသာတွေကို မြန်မာစာနဲ့ ဖြေဆိုခွင့် ရခဲ့ပါတယ်။

တောင်းတုန်းကတော့ တောင်းပါရဲ့၊ "ကဲ တောင်းတဲ့အတိုင်း ဖြေပါ ဆိုတော့ မဖြေနိုင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ အားလုံးဟာ မြန်မာဘာသာကလွဲရင် ကျန်ဘာသာတွေကို အင်္ဂလိပ်စာနဲ့ ကျက်မှတ်ခဲ့ရလေတော့ အင်္ဂလိပ်လိုပဲ နားလည်ပါတယ်။ ဖြုန်းစားကြီး မြန်မာလိုပြောင်းဖြေရတော့ မြန်မာလိုဖြေဖို့ အသင့်မရှိလို့ မဖြေလိုက်နိုင်ကြတာပါ။

နောင်ဆို မြန်မာလို သင်ကြားလာခဲ့ရရင် ကိုယ့်မိရိုးဖလာဘာသာစကားမို့ မှတ်ရတာ၊ ကျက်ရတာ၊ ရေးရတာဟာ အင်္ဂလိပ်လို သင်ကြားကျက်မှတ်ဖြေဆိုရတာထက် အောင်ချက်ပိုများလာနိုင်ပါတယ်။

နောက်တစ်ချက်လဲ ရှိပါသေးတယ်။ ကျမ်းပြုသူတို့ ဂျပန်ခေတ်မင်္ဂလာဒုံစစ်တက္ကသိုလ်မှာ တက်ရောက်ပညာသင်နေတုန်းကလဲ၁၉၄၃ ခုနှစ် ဩဂုတ်လ (၁၀) ရက်နေ့မှာ ဂျပန်ဖက်ဆစ်အစိုးရက မြန်မာပြည်ကို လွတ်လပ်ရေးပေးလိုက်ပါတယ်။

အမှန်တော့ စက္ကူဖြူပေါ်မှာ အမည်းနဲ့ ရေးတဲ့ နာမည်ခံ လွတ်လပ်ရေးပါ။

လွတ်လပ်ရေးရပြီဖြစ်တဲ့ မြန်မာပြည်ရဲ့ စစ်တက္ကသိုလ်မှာ ဂျပန်စာကလွဲရင် ကျန်စစ်ပညာတွေကို မြန်မာလိုပဲ သင်ချင်တယ်။ မြန်မာလိုပဲ စာမေးပွဲဖြေဆို လိုတယ်။ ပြီးတော့ စစ်သားတွေရဲ့ အမိဌာန် လေးချက်ကိုလဲ မြန်မာလိုပဲ ရင်ခေါင်းထဲအူထဲအသည်းထဲက လာတဲ့အသံနဲ့ ပါးစပ်အပြည့် အော်ဟစ် ဆိုချင်ပါတယ်လို့ မြန်မာဗိုလ်လောင်းများက တင်ပြကြပါတယ်။

တင်ပြတဲ့အတိုင်း အမိဌာန် လေးချက်ကလွဲလို့ ကျန်တဲ့ စစ်ပညာတွေကို ဂျပန်လို လုံးလုံးလျားလျား သင်လာတာနဲ့စာရင် ဂျပန်တစ်ဝက် မြန်မာတစ်ဝက်နဲ့ သင်လာရတယ်။ စာမေးပွဲဖြေခွင့်ရလာတယ်။

ဒီတော့ ကိုယ့်မိခင်ဘာသာစကား၊ မိရိုးဖလာဘာသာစကားနဲ့ သင်ရမှတ်ရ ကျက်ရဆိုတော့ ကျောင်းသားတွေဟာ ပင်ပန်းမှုလဲနည်းပြီးတော့ သဘောလဲ ပေါက်လွယ်တယ်။ ဂျပန်လိုသင်ရ၊ ကျက်ရမှတ်ရတာထက်စာရင် ထောင်ပေါင်းများစွာ တာသွားခဲ့ပါတယ်။

အဲဒီလို အဖြစ်အပျက်များလဲ ရှိခဲ့ဖူးပါတယ်။

* * *

ရန်ကုန်တက္ကသိုလ်မှာကတော့ အင်္ဂလိပ်စာမှ အင်္ဂလိပ်စာ။ အင်္ဂလိပ်စာကိုသာ အားပေးရန်ဆိုပြီး လုပ်လာခဲ့တယ်။

အဲဒါကြောင့် ၁၉၂၀ ခုနှစ် ကျောင်းသားတွေဟာ အဲဒီလို ကျွန်ပြုစေမယ့် ပညာရေးစနစ်ထဲ အချက်တစ်ချက်အဖြစ် ပါနေတဲ့ အင်္ဂလိပ်စာမှ အင်္ဂလိပ်စာကို အဓိက လေလာရန် အားပေးရန်ဆိုတဲ့ အချက်တွေကိုလဲ ကန့်ကွက်ကြပါတယ်။

* * *

ဆိုဗီယက်ယူနီယံဟာ ပထမဆုံးသော ဂြိုဟ်တုကို ကမ္ဘာပါတ်လမ်းကြောင်းထဲကို လွှတ်တင်နိုင်တာဟာ ဂျပန်ဘာသာ အင်္ဂလိပ်ဘာသာတို့ကို တတ်အောင်သင်ပြီးမှ ဂြိုဟ်တုကို လွှတ်တင်နိုင်တာ မဟုတ်ပါဘူး။ ရုရှားဘာသာနဲ့ပါ။

အလားတူ အဲဒီနောက်မှာ အမေရိကန်ကလဲ လကမ္ဘာပေါ် လူကို လွှတ်တင်နိုင်တာဟာလဲ ပထမဆုံး ဂြိုဟ်တုကို လွှတ်တင်နိုင်တဲ့ ဆိုဗီယက်ဘာသာစကားနဲ့ သင်ကြားတတ်မြောက်ပြီးမှ လွှတ်တင်နိုင်တာ မဟုတ်ပါဘူး။ အင်္ဂလိပ်ဘာသာနဲ့ပဲ။

အလားတူ ဒီနေ့ စစ်ရှုံးဂျပန်ဟာ သိပ္ပံပညာရပ်များကို အင်္ဂလိပ်ဘာသာ ဆိုဗီယက်ဘာသာတို့နဲ့ သင်ယူတတ်မြောက်ပြီးမှ လျှပ်စစ်နဲ့ စက်မှုကုန်ပစ္စည်းများကို ထုတ်လုပ်ပြီး ကမ္ဘာကို ဖြန့်နေနိုင်တာ မဟုတ်ပါဘူး။ ဂျပန်ဘာသာနဲ့သာ ဆောင်ရွက်ခဲ့ကြတာပါ။ ဒါကို အများအသိပါ။

မိမိတို့ တိုင်းရင်းသားဘာသာနဲ့သာ သင်ကြားခြင်း လေ့လာစူးစမ်းခြင်း လုပ်ဆောင်ခြင်းအရသာ၊ ပညာရေး ပါရဂူများ ပညာရှင်များက လဟာပြင်နဲ့ ဆိုင်တဲ့ ပညာရပ်များ အပါအဝင် မြောက်မြားစွာသော ပစ္စည်းအမည်အမျိုးမျိုးကို ထုတ်လုပ်နေတာပါ။

ဂျပန်ဘာသာဖြစ်တဲ့ သူတို့ရဲ့ တိုင်းရင်းသားဘာသာနဲ့သာ ကုန်ပစ္စည်း

များကို ထုတ်လှုပ်ပြီး ကမ္ဘာတစ်ခွင်ကို ပြိုပြစ်အောင် တင်ပို့ရောင်းချနေရပါပြီ။

ပြောရရင် ဂျပန်ဟာ ကမ္ဘာ့ဈေးကွက်ရဲ့ အများစုကို ပိုင်စိုးထားတဲ့ အဆင့်မှာ ရှိနေရပါပြီ။ ကမ္ဘာ့နိုင်ငံ အများအပြားကို စီးပွားရေးအရ သိမ်းပိုက်ထားလိုက်နိုင်ပြီလို့ ပြောရရင် လွန်အံ့မထင်ပါ။

အဲဒါဟာ အမေရိကန်–ဆိုဗီယက်၊ ဂျာမနီဘာသာစကားများကို သင်ကြားပြီးလို့သာ ဒီနေ့ကမ္ဘာ့စီးပွားရေး နယ်ပယ်မှာ ထိပ်တန်းပြေးနေခဲ့ခြင်း မဟုတ်ပါ။

ဂျပန်တို့ဟာ မိမိတို့ တိုင်းရင်းသားဘာသာစာပေ၊ စကားအရ ဆောင်ရွက်တဲ့အတွက် ဒီအခြေအနေမျိုး ရောက်ခဲ့ရတာပါ။ ဒီအဖြစ်ဟာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှပါတယ်။

* * *

အမျိုးသားကျောင်းတွေကို အစိုးရကျောင်းတွေနှင့် ယှဉ်ပြိုင်ပြီး မြန်မာပြည် အနှံ့အပြားမှာ ဖွင့်ကြပါတယ်။

အဲဒီမယ် အင်္ဂလိပ်စာကို အဓိကဘာသာရပ်အဖြစ် မထားဘဲ အင်္ဂလိပ်စာမှလွဲ၍ ကျန်ဘာသာရပ်များကို မြန်မာဘာသာနှင့် သင်ကြားခဲ့ပါတယ်။

အဲဒါကြောင့် အတန်းတင် စာမေးပွဲကို မန္တလေး ဗဟိုအမျိုးသား ကျောင်းမှာ ခြောက်လတစ်ကြိမ် စာမေးပွဲ လုပ်ပေးတယ်။ မြန်မာလို သင်ရတော့ ကျောင်းသားတွေ သဘောပေါက်လွယ်တယ်။ စာမေးပွဲကို ဖြေဆိုရာမှာလဲ အောင်မြင်ကြပါတယ်။

ဥပမာ သခင်ဗဟိန်း (ယခင်ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ လုပ်ခဲ့တဲ့ ဗ–က–ပ ခေါင်းဆောင် ကွယ်လွန်) ဟာ ကျောင်းသားဘဝက မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းမှာ ပညာသင်ကြားခဲ့ပါတယ်။ သူဟာ အင်္ဂလိပ်မြန်မာ ၁၀ တန်းကို သုံးနှစ်ခွဲနဲ့ အောင်မြင်သူပါ။

သူဟာ ဗဟိုအမျိုးသား အထက်တန်းကျောင်းရဲ့ ပညာသင်ကြားမှု အရည်အချင်း ဘယ်လိုရှိသလဲဆိုတာကို အကောင်းဆုံး သက်သေထူပြလိုက်ခြင်းပါ။

တခြား မြန်မာနိုင်ငံ အရပ်ရပ်ရှိ အမျိုးသားကျောင်းတွေရဲ့ ဖြစ်စဉ်နဲ့ တကွ ပညာသင်ကြားစနစ်၊ အောင်မြင်မှုအဆင့်အတန်းတွေကို ကျမ်းပြုသူအနေနဲ့

လေ့လာနိုင်ခဲ့တာမျိုး မရှိသေးတော့ အဲဒီအမျိုးသားကျောင်းတွေရဲ့ ပညာရေး အဆင့်၊ ကျောင်းစည်းကမ်း လိုက်နာ ထိန်းသိမ်းမှု အရည်အချင်း ကျောင်းသား တွေရဲ့ ကျောင်းအောင်ချက်များ ဒါတွေကို မသိတဲ့အတွက် ပြောမပြနိုင်ပါ။

ဒါပေမယ့် ဆရာကြီးဦးရာဇတ်ရဲ့ မန္တလေးဗဟိုအမျိုးသားအထက်တန်းရဲ့ ပညာအရည်အချင်း၊ ကျောင်းစည်းကမ်း အင်္ဂလိပ်ဘာသာ အရည်ချင်းတွေကို ကျမ်းပြုသူကိုယ်တိုင် ဗဟိုအမျိုးသား အထက်တန်းကျောင်းသား မဟုတ်ခဲ့တော့ အတိအကျ အပြည့်အစုံ ပြောမပြနိုင်ပါ။

ဒါပေမယ့် ဗဟိုအမျိုးသား အထက်တန်းကျောင်းကတော့ အခြားကျောင်း တွေရဲ့ သွားပုပ်လေလွင့် ပြောဆိုကဲ့ရဲ့တာမျိုးကို ခံခဲ့ရပါတယ်။ အဲဒါကတော့ **နေချင်တိုင်းကျောင်း**တဲ့။ အဲဒီလို မှိုချိုးမှျစ်ချိုးပြောပြီး ကျောင်းကို နာမည်ပျက် အောင် ဝိုင်းဝန်းပြောကြပါတယ်တဲ့။

ဒါပေမယ့် စောစောက ပြောခဲ့သလို တခြားအမျိုးသားကျောင်းတွေ အခြေအနေကို မသိတော့ ဘယ်လိုမှ ယှဉ်မပြောရဲပါ။

ဒါပေမယ့် ဆရာကြီးဦးရာဇတ်ရဲ့ ဗဟိုအမျိုးသားကျောင်းကတော့ ဘယ်လိုပဲ ဘေးပတ်ဝန်းကျင်ကျောင်းတွေ၊ ကျောင်းသားကျောင်းသူတွေက သွားပုပ်လေလွင့် ပြောပြော၊ အဲဒါဟာ အဆံမပါတဲ့ သကြီးနံအမြောက်ပဲ။

ဆရာကြီးရဲ့ကျောင်းမှာ တစ်နှစ်နှစ်ကြိမ် အတန်းတင် စာမေးပွဲလုပ်တယ်၊ အောင်မှ အတန်းတင်ပေးတယ်။

အင်္ဂလိပ်စာကို ကျွန်ပညာမို့ မြန်မာပြည်ကို ကျွန်ပြုထားတဲ့ ဗြိတိသျှ အစိုးရရဲ့ ဘာသာစကားမို့ မသင်ဘူး။ မသင်မနေရလို့ သင်ရပြန်ရင်လဲ ဝတ္တရားကျေ၊ ဝတ်ကျေတန်းကျေပဲ သင်မယ်ဆိုတာမျိုး လုံးဝမရှိဘူး။

အင်္ဂလိပ်စာကလွဲရင် ကျန်ဘာသာရပ်များကို မြန်မာဘာသာနဲ့ သင်တာပါ။ ဒါပေမယ့် အင်္ဂလိပ်ဘာသာစာကိုတော့ အင်္ဂလိပ်မြန်မာ ဟိုက်စကူး ကျောင်းမျိုး မပြောနဲ့ စိန့်ပီတာ အစရှိတဲ့ ဗိုလ်ကျောင်းနဲ့ တန်းတူလိုက်နိုင်တယ်။

အဲဒီကျောင်းတွေထက် သာအောင်လဲ အင်္ဂလိပ်စာကို သင်ကြားပို့ချတဲ့ စနစ်ရှိတယ်။ “အင်္ဂလိပ်စာသင်ချိန် ရောက်ပြီဟေ့”ဆိုရင် အဲဒီအတန်း အဲဒီအချိန်မှာ မြန်မာစကားကို လုံးဝမပြောရတော့ဘူး၊ ပြောရင် Lock

System ဆိုတဲ့ သော့ခလောက်ဆွဲကိုင်စေတယ်။ နောက်ဆုံး သော့ခလောက် ရထားတဲ့သူကို ကျောင်းဆင်းရင် ဆရာကြီး ဦးရာဇတ်ကိုယ်တိုင် ကြိမ်လုံးစာ ကျွေးတယ်။

အဲဒီလို ကိုယ့်တိုင်းရင်းသား ဘာသာနဲ့ ပညာသင်ကြား ပို့ချတာသာလျှင် အမြန်ဆုံးနဲ့ အအောင်မြင်ဆုံး တတ်မြောက်နိုင်တယ်လို့ပဲ ဆိုပါရစေ။

ဒီပုံစံသာလျှင် သခင်ပညာရေးစနစ်ကို ထူထောင်တဲ့ ကာလမှာ အောင်ပွဲဆင်နိုင်ပါတယ်။

နယ်ချဲ့သမားရဲ့ ကျွန်ပညာ အလိုမရှိဘူးဆိုရင် သခင်ပညာဆိုတာ ရှိရမယ်။ ကျွန်ပညာနဲ့ သခင်ပညာကို ခွဲခြားသိနိုင်မှ ကျောင်းသားတွေ သပိတ်မှောက်ခဲ့တာ နည်းလမ်းကျ မကျဆိုတာ မိဘပြည်သူတွေက ဝေခွဲ သိနိုင်မှာပါ။

အဲဒါမှ ကျောင်းသားတွေရဲ့ သပိတ်ကို ပြည်သူတွေ အားသွန်ခွန်စိုက် လိုလေသေးမရှိအောင် အဘက်ဘက်မှ ကူညီကြမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် အဲဒီလို သခင်ပညာရဲ့ အဓိပ္ပာယ်အဖွင့်ကို ဖြည့်စွက်လိုက် ရခြင်းပါ။

၁၉၂၀ ခုနှစ် ကျောင်းသားများ သပိတ်ကာလအတွင်း တကယ့်ဖြစ်ရပ် များကို တစ်ဆင့်ပြော မဟုတ်ဘဲ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့တဲ့ သပိတ်မှောက် ကျောင်းသားကြီး ဦးသာဒင်၊ ဦးဖိုးကျား၊ ဦးလူဖေဝင်း၊ ဦးစံထွားတို့ရဲ့ ခံစားချက်တွေကို သိရှိရအောင် ဒီလို တင်ပြပါရစေ။

> တက္ကသိုလ် ဥပဒေကို အင်္ဂလိပ်တို့က ပြုပြင်ပေးတဲ့အတွက် တက္ကသိုလ် သပိတ်မှောက် ကျောင်းသားများ ကျောင်းပြန်ဝင်ရပါတယ်။ သို့သော် တချို့တက္ကသိုလ် ကျောင်းသားတို့ဟာ အမျိုးသားကျောင်းမှာ ဆက်လက်ပြီး ကျောင်းဆရာအဖြစ်နဲ့ သမိုင်းပေးတဲ့တာဝန်ကို ဆက်လက် ထမ်းဆောင်ကြပါတယ်။ အမျိုးသားတက္ကသိုလ်ကိုတော့ ပိတ်လိုက် ပါတယ်။ အမျိုးသားကျောင်းတွေမှာ အတွေးအခေါ်သစ်များနှင့် ပညာသင်ပါတယ်။ မိမိတို့လိုလားတဲ့ သင်ရိုးမာတိကာအရ သင်နိုင် ခဲ့တယ်။ ဒါကြောင့် အမျိုးသားကျောင်းဆရာတွေဟာ မိမိတို့တပည့်

များကို မျိုးချစ်စိတ်နဲ့ နယ်ချဲ့စနစ်ကို မုန်းတီးရေး စိတ်တို့ လိုသလောက် သွင်းခွင့်ရပါတယ်။ အမျိုးသား ပညာရေးကောင်စီကြီးကလည်း အမျိုးသားကျောင်းတွေကို ထိန်းသိမ်းခဲ့ပါတယ်။

အမျိုးသားကျောင်းတွေ ဆက်လက်တည်တံ့တဲ့ အကျိုးကို ဖော်ပြပါမယ်။ ဗြိတိသျှအစိုးရသည် ဒိုင်အာခီအုပ်ချုပ်ရေးသွင်းပြီး မြန်မာ့နိုင်ငံရေး အင်အားကို တစ်စတစ်စ ဖြိုခွဲလာလိုက်တာ မြန်မာ့ လွတ်လပ်ရေး ကံကြမ္မာသည် တစ်ခါတုန်းက ဂိရှူကုတ်တောင်ကြား နယ်ချဲ့ဘီလူးတို့ရဲ့ ပုဆိန်ရိုးများ စံမြန်းရာ ဒေသမှာ အလူးအလိမ့် ခံလိုက်ရလို့၊ နောက်ပြီး ငါးပွင့်ဆိုင်အဖွဲ့ ဖွဲ့တဲ့အခါမှာ တံတွေးနှင့်ကပ်တဲ့ ငါးပွင့်ဆိုင်မျိုးတောင် ခေါ်ဝေါ်သမုတ်ခြင်း ခံရတယ်။

ဒီလို နိုင်ငံရေးအင်အားများ ကစဉ့်ကလျား ဖြစ်တဲ့အခါမှာ အမျိုးသား ကျောင်းတို့သည် တော်လှန်ရေးစိတ်၊ တော်လှန်ရေး အင်အားများကို တဖွားဖွားမွေးထုတ်နေကြတယ်။ ခုနက ကျွန်တော် ဂိရှူကုတ်တောင်ကြားလို့ခေါ်တာ တခြား မဟုတ်ပါဘူး။ နယ်ချဲ့ဘီလူးရဲ့ ပုဆိန်ရိုးတွေဟာ သူတို့ဘာသာသူတို့ အမည်ပေးတဲ့ ဂိုးလ်တန်ဘယ်လီ ရပ်ကွက်ပါပဲ။ သူတို့က ဒီလိုခေါ်ပေမယ့် ကျွန်တော်တို့ ကတော့ နယ်ချဲ့ဘီလူးတွေ ကျက်စားရာ ဒေသမို့လို့ ဂိရှူကုတ် တောင်ကြားလို့ ခေါ်ခဲ့ပါတယ်။

အမျိုးသားကျောင်းသားတို့ဟာ လူကြီးပိုင်း နိုင်ငံရေး ဘယ်လို ဖြစ်ဖြစ် နယ်ချဲ့မုန်းတီးရေး စိတ်ဓာတ်၊ ဗြိတိသျှကို တော်လှန်လိုသော စိတ်ဓာတ်များ၊ ပွားများတဲ့ တော်လှန်ရေးသမားလောင်းကလေးများ ဆက်လက်မွေးထုတ်နေတဲ့ အတွက်ကြောင့် လူကြီးပိုင်းနိုင်ငံရေး အင်အား အစိတ်စိတ်အမြွှာမြွှာ ဖြစ်တဲ့အခါမှာ တော်လှန်တဲ့ လူငယ်အင်အားစု ပေါ်ထွက်စေတဲ့ အတွက်ကြောင့် ဒီအမျိုးသား ကျောင်းတွေဟာ တော်လှန်ရေးသမား မွေးထုတ်ရာ လယ်ယာမြေကောင်းသဖွယ် ဆက်လက် ဖြစ်နေပါတော့တယ်။ ဒီကျောင်းတွေက ထွက်တဲ့ ကလေးတွေက အချိန်ကျတော့ ဗြိတိသျှကိုတိုက်တဲ့ တော်လှန်ရေး အင်အားစု ဖြစ်လာတယ်။

၁၉၂၀ပြည့်နှစ်မှာ ပေါ်လာတဲ့ ကျောင်းသားတော်လှန်ရေးကြီးကို အင်္ဂလိပ်တို့က မနှိမ်နင်းနိုင်သည့် အတွက်ကြောင့် နောက်ထပ် တော်လှန်ရေး အင်အားစုတို့သည် ဆက်ကာဆက်ကာ ပေါ်လာနေ တော့တာပဲ။

ဒီကိစ္စနှင့် ပတ်သက်လို့ ကျွန်တော် အထူးတလည် တင်ပြလို တာက ၁၉၂၀ ပြည့်နှစ် သပိတ်ကြီးဟာ အသွင်အပြင်အားဖြင့် မတ်ဟန္တာနှင့် တက္ကသိုလ်ဥပဒေကို တော်လှန်တယ်ဆိုပေမယ့် သဘော တရားအစစ်က ဗြိတိသျှ နယ်ချဲ့စနစ်ကို အပြင်းအထန် တော်လှန်ခြင်း ပါပဲ။ ဒီနယ်ချဲ့စနစ်ဟာ ဗြိတိသျှ အရင်းရှင် စီးပွားရေး စနစ်က ပေါက်ဖွားလာတာဖြစ်လို့ အရင်းရှင် စီးပွားရေးနှင့် ၎င်း၏ အဆောင် အယောင်ဖြစ်တဲ့ ပညာရေးစနစ်ကိုပါ ထိထိရောက်ရောက် တော်လှန်ခြင်း ပါပဲ။ ဒါကြောင့် တက္ကသိုလ်သပိတ်နှင့် အမျိုးသားပညာရေး စနစ်တို့ဟာ ဗြိတိသျှနယ်ချဲ့စနစ်နှင့် အရင်းရှင်စနစ်ကို တွန်းလှန်ကြလို့ ဟိုစဉ်အခါ ကတည်းက နယ်ချဲ့စနစ်နှင့် အရင်းရှင်စနစ်ကို မလိုလားသည့် အလျောက် ၎င်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ ဆိုရှယ်လစ်စီးပွားရေး စနစ်ကို မြန်မာပြည်ဟာ စပြီး မျက်နှာမူတယ်ဆိုတာကို သိကြဖို့ လိုပါတယ်။ အဲဒီလို မျက်နှာမူတဲ့ အတိုင်းပဲ ဆရာစံသူပုန်၊ တို့ဗမာ အစည်းအရုံး ရေနံမြေသပိတ်၊ တောင်သူလယ်သမားတပ်များ ချီတက်ခြင်းတို့သည် ဆိုရှယ်လစ် စီးပွားရေးစနစ်ကို အခြေပြုကာ ဖြစ်ပေါ်လာတဲ့ ပေါက်ကွဲမှုကြီးများ ဖြစ်တယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး၊ ဒါကြောင့် မြန်မာပြည်နှင့် ဆိုရှယ်လစ်စနစ်ဟာ အဆန်းကိစ္စ မဟုတ်ပါဘူး။[၁]

ထိုမျှ အကျိုးကျေးဇူး ရသည်မှာ အလကားထိုင်နေ၍ ရသည်မဟုတ်။ အနာများများခံ၍ အကျိုးများများ ရသည်ဟု မှတ်လေ။

---

၁။ အမျိုးသားနေ့ နှစ်ငါးဆယ်မြောက် ရွှေရတုသဘင် အခမ်းအနားကို ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ ညနေ ငါးနာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာကျွန်းတွင် ကျင်းပရာ အခမ်းအနား သဘာပတိ ဆရာကြီး ဦးသာဒင် (ပဲခူး) ၏ မိန့်ခွန်းမှ ကောက်နုတ်ဖော်ပြပါတယ်။ အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ်စာစောင် ၁၉၇၀။ စာ-၄-၆။

အနာခံရပုံ ကိုယ်တွေ့တို့ကို ပြောပါဦးမည်။ သပိတ်မှောက်ရင်း လူကောလိပ် ကျောင်းသား ၅၀၀ ကျော် ၆၀၀ တို့မှာ အမျိုးသားတို့၏ အညွန့်အတက်လူများ ဖြစ်ကြ၏။ ခေတ်အလျောက်ဆိုရသော် မြို့အုပ်မြို့ချုပ်စသော အာဏာရှင်၊ သူဌေးသူကြွယ်စသော ဓနရှင်တို့ဖြစ်၏။ ထိုသို့သော အာဏာရှင်၊ ဓနရှင်အဖြစ်သို့ ရောက်တော့မည့်ဆဲဆဲ အနှစ်နှစ်က ကြိုးစားခဲ့မှုတို့ကို မငဲ့ဘဲ တိုင်းပြည်အတွက်ဟူ၍ စွန့်စားထွက်ခဲ့ကြခြင်း ဖြစ်၏။ မိဘဆွေမျိုးတော်စပ်သူတို့သည် ကျွန်ုပ်တို့ လူစုရှိရာသို့ လာရောက်၍ ရင်ထုကာ ငိုယိုကြသည်ကို ယခုတိုင် မြင်ယောင်သေး၏။ အချို့သပိတ်မှောက် ကျောင်းသားတို့မှာ အရေးပိုင် ဝန်ထောက်စသော အစိုးရအရာရှိတို့၏ သားသမီးများ ဖြစ်ကြရာ အစိုးရက မိမိတို့နိုင်ရာ ၎င်းတို့၏ မိဘတို့ပေါ်၌ ဖိနှိပ်လေသဖြင့် ၎င်းအရာရှိတို့က မိမိတို့ သားသမီးတို့ကို သေခန်းရှင်ခန်းဖြတ်ကြရလေသည်။ ထိုသို့သော အားကိုးရာမဲ့ ကျောင်းသားကျောင်းသူတို့ကို သပိတ်မှောက် ကျောင်းသားများအဖွဲ့က တာဝန်ယူ၍ ကြည့်ရှုစောင့်ရှောက်ထားရ၏။

ကျွန်ုပ်မှတ်မိသေး၏။ ကျွန်ုပ်နှင့် တစ်ခန်းတည်းနေရသူ ကောလိပ်ကျောင်းသားတစ်ယောက်သည် ထိုနှစ်တွင် စာမေးပွဲကို မြေကြီးလက်ခတ်မလွဲ အောင်မည့်သူဖြစ်၏။ မအောင်ဘဲ နေပါရိုးလား၊ တစ်နှစ်လုံးလုံး နေ့ရောညဉ့်ပါ အလွန်အမင်း စာကျက်၏။ အဘယ်ကြောင့် ဤမျှကြိုးစားပါသနည်း။ အကြောင်းရှိပါသည်။ ထိုနှစ် ဘီအေစာမေးပွဲအောင်လျှင် မြန်မာအရေးပိုင် တစ်ဦးက မိမိ၏ သမီးနှင့် ပေးစား၍ မြို့အုပ်အရာကို ကျောင်းထွက်ထွက်ချင်း ရနိုင်ရန် စီမံ စေ့စပ်ထားသောကြောင့် ဖြစ်ပါ၏။

ဤသို့ ပြုံးတုံ့တုံ့ ဒူးတနန့်နန့်နှင့် ပျော်ရွှင်စွာ နေလျက်ရှိရာ ထိုတုန်လှုပ် ကြောက်လန့်ဖွယ်ရာကောင်းသော သပိတ်မှောက် ကိစ္စကို ကျောင်းသားတို့ ဆုံးဖြတ်လိုက်ကြသောအခါ ထိုခများမှာ ချုန်းချုန်းချ၍ ငိုလေသည်။

ကျွန်ုပ်မှာလည်း ရယ်ချင်သလိုလို သူနှင့်ရော၍ ငိုချင်သလိုလို များစွာ စိတ်ချောက်ချားခြင်း ဖြစ်ရ၏။ အသို့နည်း စာဖတ်သူမိတ်ဆွေ၊ မိတ်ဆွေလည်း ရယ်ချင်သလိုလို ရှိပေလိမ့်မည်။ ဟုတ်ပါသေးရိုးလား။

သူ့နေရာက ဝင်ကြည့်စမ်းပါ။ အရေးပိုင်သမီး၊ မြို့အုပ်၊ ပိုက်ဆံကြေးငွေ၊ ဒါတွေ နည်းသလား၊ သာမညလောကီသား ပုဂ္ဂိုလ်တို့အဖို့ မတုန်လှုပ်ဘဲ ရှိအံ့နည်း။ တုန်လှုပ်ချောက်ချားမည် စင်းစင်းတည်း။

ကောလိပ်ကျောင်းသားတို့မှာ အထက်တန်းစား နေကြစားကြ ရ၏။ မွေ့ရာထူထူပေါ်တွင် သက္ကလပ်၊ ကတ္တီပါစောင်တို့ကို ခြုံ၍ ဇာခြင်ထောင်အတွင်း၌ အိပ်လေ့ရှိကြရာ သပိတ်မှောက်လာကြသောအခါ ဗဟန်းရပ်ရှိ ဘုန်းကြီးကျောင်းဇရပ်တန်ဆောင်းတို့၌ နေကြရကုန်၏။ အခင်းမှာ ကြမ်းသက်သက်၊ အချို့နေရာ၌ သစ်သားအခင်း မဟုတ်၊ အင်္ဂတေဖြစ်၏။ နီးကြောဖျား ဖျာကြမ်းများ၏ သင်ဖြူးဖျာ အနည်းငယ် သာရှိ၏။ ခေါင်းအုံးမှာ အများအားဖြင့် ဝါးပိုးခေါင်းအုံး၊ သစ်သားခုံ၊ အုတ်ခဲတို့ ဖြစ်ကြ၏။ အချို့ဇရပ် တန်ဆောင်းတို့မှ အကာလုံခြုံစွာ မရှိ။ အခါကလည်း ဆောင်းတွင်းဖြစ်၏။ ခြင်ကိုက်လည်း မသက်သာချေ။

အစားအသောက်ဖက်က ကြည့်ပါဦး၊ ကောလိပ်တွင် စားပွဲပေါ်၌ အဝတ်ဖြူခင်း ဇွန်းခက်ရင်းတို့နှင့် ဝက်သား၊ ကြက်သားစသော ဟင်းကောင်းများနှင့် အခန့်စားရ၏။ ခိုင်းစရာဘွိုင်နှင့်တကွ ဟန်ကြီး ပန်ကြီးစားသောက်ကြရ၏။ ဗဟန်းတွင်သော်ကား ငံပြာရည်ချက် ဆလတ်ရွက်ကိုတို့၍ ဗူးသီး၊ ခရမ်းသီး ရေလုံပြုတ်ဟင်းချိုတို့ကို အကောင်းဆုံးထား၍ စားကြရ၏။ သို့ရာတွင် ငတ်ကြဆာကြသည်လည်း တစ်ကြောင်း၊ စွန့်စား၍ အဆင်းရဲခံရမည်ဟု စိတ်ထားရှိလေသဖြင့် တစ်ကြောင်း၊ တစ်နည်းအားဖြင့် လူစုလူဝေးနှင့် ပျော်ပွဲစားထွက်ခြင်း တစ်မျိုးဟု စိတ်ထားလေသဖြင့် တစ်ကြောင်း အလွန်စား၍ သောက်၍ ကောင်းကြ၏။ ကသေးရိုးလား ထိုအခါကလောက် တစ်ခါမျှ မြိန်ရည်ရှက်ရည် မစားရဘူးကြချေ။

စားရာ သောက်ရာမှာ ပန်းကန် မပြည့်စုံ၍ သစ်ရွက်၊ စက္ကူတို့ကိုပင် ထမင်းထည့်၍ စားခဲ့ကြရ၏။

ကောလိပ်ကျောင်းသားကြီးတွေသာ မဟုတ်။

ကျောင်းသားငယ်ခများတို့မှာလည်း ရင်အောင့်ကြရ၏။ အကျွန်ုပ်အထူး မှတ်မိသည်ကား ကျွန်ုပ်ကြည့်ရသော ကျောင်းသားငယ် ၃၀ လောက် ရှိ၏၊ ၎င်းတို့မှာ စောင်လုံလောက်စွာ မရှိချေ။ ရှိသောစောင် အရေအတွက်နှင့် ကျောင်းသားအရေအတွက်ကို ဂဏန်းဖြင့် တွက်ကြည့်သော် တစ်ညလုံးမှာ တစ်ယောက်ကို လေးနာရီသာ ခြုံခွင့်ရကြသည်။ သို့အားလျော်စွာ သူငယ်တို့ကို ညကိုးနာရီတွင် အိပ်စေ၍ ပထမ တစ်စုကို လေးနာရီ ကြာအောင် ခြုံစေရ၏။ လေးနာရီပြည့်လျှင် စောင်တို့ကို ခွာယူ၍ ဒုတိယ တစ်စုကို ခြုံပေးရ၏။ ဤသို့လှည့်လည်၍ အစောင့်လူကြီးတို့က ခြုံပေးရပါသည်။

အစားအသောက်မှာလည်း ဆင်းရဲကြရရှာ၏။ သို့ပါသော်လည်း သူ့ခေတ်သူ့ကိန်း ကြုံလာ၍လား မသိရ။ အလွန်စိတ်ပျော်ရွှင်ကြရ၏။ မိဘတို့က လာရောက်ခေါ်ငင်သည်ကို မလိုက်လို၍ ပုန်း၍ပင် နေကြ၏။

* * *

ဆိုခဲ့သည့်အတိုင်း အနာခံ၍ အသာစံကြရခြင်းဖြစ်သည်။ ထိုသို့ သပိတ်မှောက်၍ အရက် ၂၀–၂၅ ရက်ခန့် ကြာသော် အစိုးရကလည်း ကျွန်ုပ်တို့ ကျေနပ်လောက်အောင် ကောလိပ်သိပ္ပံ ဥပဒေ ပြင်ဆင် မပေးသဖြင့် ကျောင်းများသို့ မည်သည့်နည်းနှင့်မျှ ပြန်၍ မဝင်ရန် ဆုံးဖြတ်လိုက်ကြပြီး ထိုထွက်လာသော ကျောင်းသားတို့နှင့်စ၍ အမျိုးသားကျောင်း တည်ထောင်ရလေသည်။

---

ဖိုးကျား/ဦး၊ အမျိုးသားနေ့ ဆောင်းပါး။ အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ်စာစောင် ၁၉၇၀။ စာ–၆၁–၆၃

ထောင်စဉ် ကျောင်းပေါင်း ၉၃၊ ကျောင်းသားပေါင်း နှစ်သောင်းနီးပါးခန့်ရှိ၏။ နောက် သုံးနှစ်ရှိသောအခါ အစိုးရထံမှ အထောက်အပံ့ယူရန် အရေးပေါ်ပေါက်လာသောအခါ ကျောင်း ၄၀ ကျော်က အထောက်အပံ့ မယူလိုဟုဆိုကာ မယူသည့်အပြင် အုပ်ချုပ်နေသော အမျိုးသားပညာရေး အဖွဲ့ချုပ်လက်အောက်မှလည်း ထွက်သွားကြရာ ထိုထွက်သွားကြသော နှစ်၌ပင် ယုတ်လျော့ပျက်စီး သွားကြလေသည်။ ဝမ်းနည်းဖွယ်ပင်။

ကျန်သော ၅၀ က အထောက်အပံ့ ယူသည်မှာ ယခုတိုင် တည်တံ့လျက်ရှိသေး၏။ ဤသို့ အမျိုးသားကျောင်းများ တည်ထောင်ရာ၌ အလှူငွေများစွာ လိုသည်ဖြစ်ရာ ကျွန်ုပ်တို့သည် သူတောင်းစားအကြီးစားအလုပ်ကို အတန်ပင် လုပ်ခဲ့ရ၏။

အမျိုးသားကျောင်းများ၏စာရင်း

၁၉၂၀ ပြည့်နှစ်က အစိုးရကျောင်းများကို သပိတ်မှောက်ပြီးသောအခါ အမျိုးသား အမျိုးသမီးကျောင်းများကို တည်ထောင်ကြရာ ကျောင်းပေါင်း ၁၄၅ ကျောင်း ရှိခဲ့ပါသည်။

အစိုးရထံမှ အထောက်အပံ့ ယူ မယူ သဘောကွဲလွဲပြီးနောက် အမျိုးသား ပညာရေး ကောင်စီ (စီ၊ အင်၊ အီး) လက်အောက်တွင် ကျောင်းပေါင်း (၉၃) ကျောင်း ရှိခဲ့၏။ ကျောင်းများ၏စာရင်းကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

(၁) မြို့မ (ကျား)။ (၂) မြို့မ (မ)။ (၃) ပုဇွန်တောင်။ (၄) ကြည့်မြင်တိုင်။ (၅) ဗိုလ်တထောင်။ (၆) တာမွေ။ (၇) ညောင်တုန်း။ (၈) ကာမ။ (၉) ပန်းတောင်း။ (၁၀) ကျိုက်ပိ။ (၁၁) ကျုံမငေး။ (၁၂) အုန်းပင်စု။ (၁၃) အထောင်။ (၁၄) လှည်းကူး။ (၁၅) စဥ့်ကူ။ (၁၆) မုံရွေး။ (၁၇) ညောင်ဦး။ (၁၈) ဝါးခယ်မ။ (၁၉) ကျောင်းကုန်း။ (၂၀) မကွေး။ (၂၁) သာစည်။ (၂၂) မော်လမြိုင် (မ)။ (၂၃) မော်လမြိုင် (ကျား)။ (၂၄) မော်လမြိုင် (ဒိုင်းဝန်ကွင်း)။ (၂၅) ရေတာရှည်။ (၂၆) မြစ်သား။ (၂၇) ထူးကြီး။ (၂၈) အိမ်မဲ။ (၂၉) ကြို့ပင်ကောက်။ (၃၀) ကောလင်း။ (၃၁) အာလံ။ (၃၂) ရွှေဘို။ (၃၃) မြိတ်။ (၃၄) သထုံ။ (၃၅) အုတ်ဖို။

(၃၆) မြန်အောင်။ (၃၇) ကြံခင်း။ (၃၈) ဘိုကလေး။ (၃၉) ဖျာပုံ (ကျား)။ (၄၀) ဖျာပုံ (မ)။ (၄၁) မယ်ဇလီကုန်း။ (၄၂) အင်္ဂပူ။ (၄၃) တောင်ငူ။ (၄၄) ဖြူး။ (၄၅) သန်လျင်။ (၄၆) စစ်ကွင်း။ (၄၇) ထားဝယ်(မ)။ (၄၈) ထားဝယ်(ကျား)။ (၄၉) ဓိးကုန်း။ (၅၀) ညောင်လေးပင်။ (၅၁) ပခုက္ကူ (၅၂)ပဲခူး။ (၅၃) ပုသိမ်။ (၅၄) ဟင်္သာတ။ (၅၅) ငါးသိုင်းချောင်း။ (၅၆) မန္တလေး(ကျား) (၅၇) ပျဉ်းမနား။ (၅၈) ပျော်ဘွယ်။ (၅၉) မန္တလေး (ကျား)။ (၆၀) မန္တလေး (မ)။ (၆၁) မန္တလေး (ညောင်ပင်ဈေး)။ (၆၂) ပြည်။ (၆၃) ဒလ။ (၆၄) မုံရွာ။ (၆၅) လက်ပံတန်း။ (၆၆) စစ်တွေ။ (၆၇) ရေနံချောင်း။ (၆၈) ကျုံပျော်။ (၆၉) မိတ္ထီလာ။ (၇၀) ဆင်ဖြူကျွန်း။ (၇၁) ရွှေကျင်။ (၇၂) မအူပင်။ (၇၃) ရွှေတောင်။ (၇၄) ရေကြည်။ (၇၅) ကန်ကြီးထောင့်။ (၇၆) ဒေးဒရဲ။ (၇၇) ကျိုက်လတ် (ကျား)။ (၇၈) ကျိုက်လတ်(မ)။ (၇၉) လေးမျက်နှာ။ (၈၀) ပန်းတနော်။ (၈၁) ကျောက်ဆည်။ (၈၂) ကျောင်းကုန်း။ (၈၃) အမရပူရ။ (၈၄) ဇလွန်။ (၈၅) ဝါးခယ်မ။ (၈၆) မြောင်းမြ။ (၈၇) စစ်ကိုင်း။ (၈၈) ကျော်ဇံ။ (၈၉) လှည်းဆိပ်။ (၉၀) မော်လမြိုင်ကျွန်း။ (၉၁) ပျဉ်းမနား။ (၉၂) အင်းစိန်။ (၉၃) ပုတီးကုန်း။

**(ဦးလှဖေဝင်းထံမှ)**

ထိုခေတ်က အမျိုးသားကျောင်းဆရာဘဝကို စုံမက်သူ မရှိသလောက်ပင် ကျောင်း၌ စာသင်ရုံသာမက အမျိုးသားကျောင်းဆရာသည် ကျောင်းရန်ပုံငွေအတွက်လည်း ပူပန်ကြရသေးသည်။ မလောက်မငသော မိမိ၏ လစာမှ ကျောင်းတည်တံ့ရေးအတွက် ကျောင်းရန်ပုံငွေသို့ အချိုးကျ လှူရပြန်သည်။ ဤသို့လျှင် စားဝတ်နေရေး ထိခိုက်လာပြီး လူနေမှု အဆင့်အတန်း နိမ့်ကျလာ၏။ "ကြွေးပတ်လည်ဝိုင်းရံလျက်ရှိသောသူကို အမျိုးသားကျောင်းဆရာဟုခေါ်သည်"ဟူ၍ မှန်သည့်အတိုင်း သရော်လာကြပြီ။ သို့ဖြစ်၍ အခါသင့် အခွင့်သာလျှင် ရေကြည်ရာ မြက်နုရာသို့ အလုပ်ပြောင်းရွှေ့သူများလည်း မရှားပေ။

---

လှဖေဝင်း-ဦး၊ အမျိုးသားကျောင်းများ၏ စာရင်း၊ အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ် စာစောင် ၁၉၇၀။ စာ – ၁၁၁။

ထိုသူများသည် အမျိုးသားပညာရေးတွင် တစ်နှစ်နှစ်နှစ်ကြာမျှ အမှုထမ်းခဲ့ပြီး၍ သက်ဆုံးတိုင် ဤဆင်းရဲမျိုး ခံနိုင်မည် မဟုတ်ဟု ဆုံးဖြတ်ကြဟန်တူသည်။ မည်သူအပြစ်ဆိုနိုင်အံ့နည်း။

ခင်တွယ်စရာ မဟုတ်လှသော အမျိုးသားကျောင်းဆရာလုပ်ငန်းကို စွဲစွဲလမ်းလမ်း စုံစုံမက်မက် လုပ်ကိုင်နေသူ တစ်စုကား ဦးဘွေယ်နှင့် "တနွယ်ငင်တစဉ်ပါ" အပေါင်းအဖော်တစ်သိုက်ဖြစ်သော ဦးအုံးဖေ၊ ဦးစံမြင့်၊ ဦးဘသန်း၊ ဦးအောင်မင်း၊ ဦးတင့်၊ ဦးဂွမ်ဟုတ် စသည်တို့ ဖြစ်ကြသည်။ (ဦးအုံးဖေသည် ရန်ကုန်ကောလိပ် ပါဠိဘာသာ ဂုဏ်ထူးတန်းက သပိတ်မှောက်၍ အမျိုးသား ကျောင်းဆရာဘဝနှင့်ပင် အရိုးထုတ်သွားလေသည်။ ထို့အတူအမျိုးသား ကျောင်းဆရာဘဝနှင့်ပင် အနိစ္စ ရောက်ရှာသူမှာ ဦးဂွမ်ဟုတ်ဖြစ်လေသည်။) ထိုသပိတ်ကျောင်းသား တစ်သိုက်မှာ သူတို့ကျောင်း တည်တံ့ရမည်။ အမျိုးသား ပညာရေး အောင်မြင်ရမည်ဟူသော အဓိဋ္ဌာန်နှင့် သူတို့ဘဝကို ပူဇော်ထားကြဟန်ရှိသည်။ အချို့မှာ ပညာသင်ပြရာ၌ အလုပ်နှင့် ဝါသနာ ဟပ်မိကြပုံရသည်။ သူတို့၏ စိတ်ကူး စိတ်သန်း၊ အပြောအဆို၊ အပြုအမူ၊ အလုပ်အကိုင်ကို အကဲခတ်လျှင်၊ သူတို့တွင် မျိုးချစ်စိတ် မည်မျှရင့်သန်လာကြောင်း ထင်ရှားပေမည်။ ဆရာက တရားမဟောရဘဲ၊ တပည့်များမှာ အလိုလိုတရားကျလာကာ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ပေါ်ပေါက်လာ၏။ ဤသည်ကိုပင် သူတို့ အကျေနပ်ကြီးကျေနပ်ကာ၊ ကျောင်းဆရာလုပ်ငန်းသည် အလွန်မွန်မြတ်သော လုပ်ငန်းဟု အချို့ယူဆလာကြသည်။ သူတစ်ပါးကို ပြုပြင်လိုလျှင် မိမိကိုယ်ကို ဦးစွာပြုပြင်မှ ဖြစ်မည်ဆိုသည်ကိုလည်း ကောင်းစွာ သိရှိနားလည်ပြီး ကိုယ်ကျင့်တရားပြည့်ဝအောင်လည်း သတိပြုကြသည်။ ခြိုးခြံစွာ နေထိုင်ကြ၍ "ယောနိသော၊ မနသိကာရ" သင့်တင့်စွာ နှလုံးသွင်းကြသည်။ လူတွင်ကျယ် မဖြစ်နိုင်လျှင် အလုပ်ကို တွင်ကျယ်အောင် လုပ်မည်ဟု သန္နိဋ္ဌာန်ချကြဟန်တူသည်။

---

စံထွား၊ဦး။ သက်ဆုံးတိုင် အမျိုးသားနေ့. ရွှေရတုသဘင် အထိမ်းအမှတ်စာစောင်၊ ၁၉၇၀။ စာ ၁၆၈–၁၆၉။

## အခန်း (၄)

## မန္တလေးမြို့တွင် အမျိုးသားကျောင်းများ တည်ထောင်ကြခြင်း

**အထောက်အကူသပိတ်များ**

၁၉၂၀ ခု ဒီဇင်ဘာလ (၅) ရက်နေ့မှာ "ရန်ကုန်ရှိ ရန်ကုန်ကောလိပ်နှင့် ယုဒသန် (ဂျပ်ဆင်)·ကောလိပ်တို့မှ ကျောင်းသားများက အစိုးရယူနီဗာစီတီ အက်ဥပဒေကို ကန့်ကွက်တဲ့ သပိတ်တွေ မှောက်ကြပြီ" ဆိုတဲ့ သတင်းတွေဟာ မြန်မာပြည် အမြို့မြို့အနယ်နယ်သို့ ပျံ့လွင့်သွားပါတော့တယ်။

ဒီ ရန်ကုန်ကျောင်းသားတွေရဲ့ ဗွေဆော်ဦး ကျောင်းသားသပိတ် ဒါမှမဟုတ် မြန်မာလူမျိုးတွေရဲ့ ပထမဆုံးအကြိမ် စစ်ခေါ်သံကို ထောက်ခံတဲ့ အနေနဲ့ မြန်မာပြည် အမြို့မြို့အနယ်နယ်ရှိ ကျောင်းများကလဲ သပိတ်လက်နက် စွဲကိုင် တိုက်ပွဲဝင်ကြဖို့ တိုက်တွန်းနိုးဆော်တဲ့ ကြေးနန်းစာတွေဟာ ပလူပျံခဲ့ပါတယ်။

အဲဒါကြောင့် မန္တလေးမြို့ပေါ်ရှိ အစိုးရအထောက်အပံ့ခံ ကျောင်း အသီးသီးက ကျောင်းတွေလဲ သပိတ်မှောက်ကြဖို့ စီစဉ်ကြပါတယ်။ ကျောင်းတိုင်းက ၁၀ တန်း ကျောင်းသား သုံးယောက်မှ ငါးယောက်အထိ ပါဝင်စေတဲ့ ကျောင်းသားများ အစည်းအဝေးပွဲကို ၁၉၂၀ ခု ဒီဇင်ဘာလ (၅) ရက်နေ့ ဆောင်းတွင်းရဲ့ ညချမ်းမှာ စုရုံးဆွေးနွေးကြပါတယ်။ အဲဒီ အစည်းအဝေးက ရန်ကုန်ကောလိပ် ကျောင်းသားများရဲ့ သပိတ်လက်နက် စွဲကိုင်တိုက်ပွဲဝင်မှုကို အားဖြည့်စေဖို့ တပ်ကူသပိတ်ကို ၆–၁၂–၁၉၂၀ နေ့က စတင် မှောက်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ဆုံးဖြတ်ချက်အတိုင်း ၆–၁၂–၁၉၂၀ နေ့ နံနက်မှာ မိမိတို့ ကျောင်းအသီးသီးမှ အောင်မြင်စွာ သပိတ်မှောက် ထွက်ခွာလာကြပါတယ်။ မဟာသကျသိဟာဘုရား မဟာရံတံတိုင်း အနောက်တောင်ထောင့်ရှိ မော်လမြိုင်သူဌေးဦးသာညှင်း (ဝတ်လုံတော်ရ ဦးချစ်လှိုင်ရဲ့ဖခင်)ရဲ့ အုတ်ဇရပ်ကြီးမှာ စုရုံးသွေးစည်းကာ သပိတ်စခန်း ဖွင့်လှစ်ကြပါတယ်။

မော်လမြိုင်သူဌေး ဦးသာညှင်းက ပရိယတ္တိ သာသနာ့ဟိတ အသင်းကြီးအတွက် ဆောက်လုပ်လှူဒါန်းခဲ့တဲ့ အုတ်ဇရပ်ကြီးပါ။

သပိတ်မှောက်ခဲ့တဲ့ ကျောင်းတွေကတော့ ဘီတီအင် ခေါ် ဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟ အထက်တန်းကျောင်း၊ ဝက်စလီယန်ကျောင်း၊ စိန့်ပီတာ ကျောင်း၊ အေဘီအမ်ကျောင်း ၊ အစိုးရနော်မန်ကျောင်း၊ အယ်ပီဂျီကျောင်း' မိန်းကလေးကျောင်း စသည်တို့ ဖြစ်ပါတယ်။

မန္တလေး သပိတ်မှောက်ကျောင်းသားတွေကို မြို့ပေါ်ရှိ ကုန်သည်ပွဲစားများ၊ မြို့မိမြို့ဖများနှင့် လုပ်သားပြည်သူတစ်ရပ်လုံးက သောင်းသောင်းဖြဖြ အားပေး ထောက်ခံကြပါတယ်။ လိုအပ်တဲ့ ငွေရေးကြေးရေး ရိက္ခာ– လိုလေသေး မရှိအောင် ပေးကြပါတယ်။

တစ်ခါဘူးမှ ဒီလိုနယ်ချဲ့ အစိုးရကို အန်တုတဲ့ နှလုံးရည်နှင့် စစ်ခင်းတဲ့ တိုက်ပွဲမျိုး မရှိခဲ့ပါဘူး။ ဒါဟာ ဖွေဆော်ဦး ကျောင်းသားထုရဲ့ နှလုံးရည်နှင့် စစ်ခေါ်သံပါ။

အဲဒါကြောင့် မိဘပြည်သူများက ရှေ့တန်းစစ်မျက်နှာမှာ တိုက်ပွဲဝင် နေတဲ့ ကျောင်းသားထုကို ကြင်နာမှုအပြည့်နဲ့ ထောက်ခံအားပေးခြင်း ဖြစ်ပါတယ်။

ဆရာဦးထွန်းမောင် (ဗဟိုအမျိုးသားအထက်တန်းကျောင်း ဆရာဟောင်း) နဲ့ ဆရာဦးဘလှ (ယခု ပြည်ထောင်စု အာမခံစနစ်အဖွဲ့ အုပ်ချုပ်ရေးမှူးချုပ်၊ ပင်စင်စား၊ ကွယ်လွန်၊ ရန်ကုန်)တို့က ဘာပြောပြသလဲဆိုရင်–

> မန္တလေးမှာ တစ်ခုထူးခြားတာ တွေ့ရတယ်။ တခြားမြို့တွေမှာဆိုရင် ကျောင်းကို သပိတ်မှောက်တယ်ဆိုရင် ကျောင်းသားတွေပဲ သပိတ်မှောက်တာ ရှိတယ်။ ဒါပေမယ့် မန္တလေးမှာတော့ ကျောင်းသားတွေတွင် မဟုတ်ဘူး၊ ကျောင်းဆရာတို့ ကျောင်းပြာတာတို့ (ရုံးလုလင်)တို့က စပြီး သပိတ်မှောက်ခဲ့ကြတယ်။

ဒီမျိုးချစ်စိတ်ရှိတဲ့ ကျောင်းဆရာတွေနဲ့ ကျောင်းလုလင်တို့ကတော့ မန္တလေး ဘီတီအင် အထက်တန်းကျောင်းက ကျောင်းဆရာ–ဆရာတင် (ကွယ်လွန်)၊ ဆရာချစ် (ပင်စင်စား)နှင့် ကျောင်းပြာတာ ဦးပြားတို့ပါ။

သူတို့သုံးဦးဟာ ဘီတီအင်ကျောင်းက ကျောင်းသားတွေနဲ့အတူ ကျောင်းကို သပိတ်မှောက်ပြီး လာခဲ့ကြသူတွေပါ။

ဒီသပိတ်မှောက်တဲ့ အချိန်မှာ မန္တလေး ဘီတီအင် ကျောင်းအုပ်ဆရာကြီး ဦးထွန်းရှိန်ဟာ "ဟုန်းမရှူး" တောင်းဖို့ ဘီလပ်ကို ဦးဘဖေတို့နဲ့အတူ သွားနေချိန်ပေါ့။

ဘီတီအင်သပိတ်မှောက် ကျောင်းသားခေါင်းဆောင်က ကိုဘသောင်းပါ။ (သူက သခင်နာမည်ကို ပထမဆုံး စတင်သုံးခဲ့သူတဲ့ အခု "သခင်ဘသောင်း" ရယ်လို့ အများက သိကြပါတယ်။ ယခုကွယ်လွန်)

ဘီတီအင်ကျောင်းက နောက်သပိတ်ကျောင်းသားခေါင်းဆောင် တစ်ဦးကတော့ ကိုဘသိ၊ သူက ဒိုင်အာခီ အုပ်ချုပ်ရေးခေတ်မှာ ဘဏ္ဍာရေး ဝန်ကြီးဖြစ်လာတဲ့ ဦးဘသိပါတဲ့။

မန္တလေးက တခြား အထက်တန်းကျောင်း သပိတ်မှောက်ခေါင်းဆောင် တွေက ကိုထွန်းမောင် (အခု ဗဟိုအမျိုးသား အထက်တန်းကျောင်းဆရာဟောင်း ကွယ်လွန်နဲ့ ကိုကျော်ဝင်း (ကွယ်လွန်)တို့ နှစ်ဦးက စိန်ပီတာကျောင်းက သပိတ်မှောက် ခေါင်းဆောင်တွေပါ။

ဝက်စလီကျောင်းက သပိတ်မှောက် ခေါင်းဆောင်က ကိုပွင့်သစ် (ကွယ်လွန်)ပါ။

ကယ်လီကျောင်းက ကိုသံဒိုင်(ရန်ကုန်)၊ ကိုလှည္ဟန့်၊ (အခု ဘီအေ ဘီအေယ်လ် လွှတ်တော်ချုပ်ရှေ့နေကြီး) မန္တလေးတို့ ဖြစ်ပါတယ်။

## အမျိုးသားကျောင်းများ တည်ထောင်ကြ

ဒီ ၁၉၂၀ ခုနှစ် မြန်မာပြည်ရဲ့ ပထမဆုံး ကျောင်းသားသပိတ်ကြီးဟာ မြန်မာပညာတတ် လူငယ်တွေရဲ့ မျိုးချစ်စိတ်ကို ကိုင်ပြီး လှုပ်နှိုးလိုက်ပါတယ်။ မျိုးချစ်စိတ်တွေက တစ်ဟုန်ထိုး တက်လာစေခဲ့ပါတယ်။ နယ်ချဲ့သမားနဲ့ မစေ့စပ်တန်း လမ်းခွဲလိုက်ကြပါတယ်။

တချို့တချို့သော ကျောင်းသားတွေကသာ သပိတ်လှန်ပြီး ကျောင်းပြန်တက်သွားကြပါတယ်။ ဒိဂရီတွေရပြီး အင်္ဂလိပ်နယ်ချဲ့ အစိုးရထံ ဝင်ရောက်အမှုထမ်းခဲ့ကြပါတယ်။

အဲဒီလို အမှုထမ်းကြပေမယ့်လို့ သူတို့မှာ ၁၉၂၀ ခု ကျောင်းသားသပိတ်က ရိုက်သွင်းပေးလိုက်တဲ့ မျိုးချစ်စိတ်ကတော့ အနည်းနှင့်အများ ပါသွားပါတယ်။

ကျောင်းမတက်တော့တဲ့ ကျောင်းသားတွေရဲ့ ပညာရေးတွေ မထိခိုက်မနစ်မွန်း မဆုံးရှုံးရလေအောင် အမျိုးသားကျောင်းတွေ (National Schools) တွေ တည်ထောင်ဖို့ ရန်ကုန်သပိတ်မှောက်ကောင်စီ (ဘွိုင်းကောက်တားကောင်စီ) က တည်ထောင်ဖွင့်လှစ်ဖို့ ပြည်သူတို့ တစ်ရပ်လုံးအား ပန်ကြားချက်တွေကို ထုတ်ပြန်လိုက်ပါတယ်။ (ဖော်ပြပြီး ဖြစ်ပါတယ်။ ကျမ်းပြုသူ)

သပိတ်မှောက် ခေါင်းဆောင်တွေနဲ့ သပိတ်မှောက် ကျောင်းသားတွေဟာ မြန်မာပြည် အမြို့မြို့အရပ်ရပ်သို့ နေရှင်နယ်ကျောင်းတွေ ဖွင့်လှစ် တည်ထောင်ကြဖို့ လှုစုခဲ့ပြီး နယ်ဆင်းစည်းရုံးကြပါတယ်။ အဲဒါကြောင့် မြန်မာပြည်တစ်ပြည်လုံးမှာ နေရှင်နယ်ကျောင်းပေါင်း ၉၀ ကျော် ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ကြပါတယ်။ တဖြည်းဖြည်းနဲ့ ဖွင့်လာလိုက်ကြတာ အမျိုးသားကျောင်း ၂၀၀ လောက်ထိ ရှိခဲ့ပါတယ်။

တချို့မြို့တွေကိုလည်း စည်းရုံးလှုံ့ဆော်ပြီး ကျောင်းတွေဖွင့်စေပါတယ်။ ဖွင့်ပြီးတဲ့ကျောင်းတွေမှာ ကျောင်းအုပ်များ၊ ကျောင်းဆရာကြီးများ၊ ဆရာများအဖြစ် ကျရာတာဝန်များကိုပါ ထမ်းဆောင်ဖို့ လူရွေးလွှတ်လိုက်ပါတယ်။

မန္တလေးကို သပိတ်မှောက်ကောင်စီက သပိတ်မှောက်ခေါင်းဆောင်များ သပိတ်မှောက် ကျောင်းသားများစုစုပေါင်း (၁၁)ဦးကို ကျရာတာဝန်ကို ထမ်းဆောင်ရန် ရွေးချယ်စေလွှတ်လိုက်ပါတယ်။ သူတို့က–

၁။ ဦးဘခင် မိတ္ထီလာသား ရန်ကုန်သပိတ်မှောက်ခေါင်းဆောင် (၁၁)ဦးဝင်
၂။ မစ္စတာရာဇတ် မန္တလေး
၃။ ဦးခင်မောင်
၄။ ဦးစိန်မောင်
၅။ ဦးခင်မောင်ကြီး
၆။ ဦးရင်ထန် မိတ္ထီလာ
၇။ ဦးလှအုန်း ညောင်တုန်း

၈။ ဦးထွန်းရှိန် အင်းစိန်
၉။ ဦးထွန်းမြ ပျော်ဘွယ်
၁၀။ ဦးခင်မောင် ဟင်္သာတ
၁၁။ ဦးငွေသော် မော်လမြိုင်

ဒီ (၁၁) ဦးအဖွဲ့မှာပါတဲ့ မန္တလေးသားတွေကတော့ ကိုယ့်အိမ်ကိုယ်ပြန်နေကြပြီး အမျိုးသားကျောင်းမှာ ဆရာအဖြစ် တာဝန်ယူကြပါတယ်။ တခြား နယ်ခံမဟုတ်တဲ့ လုပ်အားပေး ဆရာတွေကိုတော့ အမျိုးသားကျောင်းအုပ်ချုပ်ရေးကော်မတီက နေရေးထိုင်ရေးအတွက် စီစဉ်ပေးပါတယ်။ အဲဒီဆရာတွေအား ဝိုင်အမ်ဘီအေ အသင်းတိုက်မှာ နေရာချထားပေးပါတယ်။ နေ့စဉ် စားသောက်ရေးအတွက် စီမံခန့်ခွဲပေးပါတယ်။

မန္တလေး ဘီတီအင် ကျောင်းက သပိတ်မှောက် ကျောင်းဆရာနှစ်ဦးဖြစ်တဲ့ဆရာတင် (ကွယ်လွန်)နဲ့ ဆရာချစ် (ပင်စင်စား)တို့ကလဲ သပိတ်မှောက်ကျောင်းသားတွေနဲ့အတူ ပူးပေါင်းသင်ကြားခဲ့ကြတယ်။

ဆရာကြီး ဦးရာဇတ်နဲ့ သပိတ်မှောက်ကျောင်းသားတွေ ဆရာတွေဟာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာများအဖြစ် ကျရာတာဝန်ယူပြီး ကျောင်းသားများကို ပညာပို့ချပေးပါတယ်။

အဲဒီတုန်းက ရှိနေနှင့်ပြီးဖြစ်တဲ့ ဝိုင်အမ်ဘီအေ လက်အောက်ခံ ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာကျောင်းများကိုလဲ နေရှင်နယ်ကျောင်းများအဖြစ် နာမည်ပြောင်းလိုက်ပါတယ်။ ဥပမာဆိုရင် ကျောင်းဆရာကြီး ဦးစံတင်ရဲ့ ညောင်လေးပင်မြို့က ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာ အထက်တန်းကျောင်းကို နေရှင်နယ်ကျောင်းအဖြစ် အမည်ပြောင်းခဲ့ပါတယ်။

ဒီတုန်းက "အမျိုးသားကျောင်း"ရယ်လို့ မကျော်ကြားလှသေးပါဘူး၊ "နေရှင်နယ်" ကျောင်းရယ်လို့ပဲ ကျော်ကြားခဲ့ပါတယ်။

ဒီလိုပဲ သပိတ်မှောက် ကျောင်းသားတွေကိုလဲ "ဘွိုင်းကောက်တာ" တွေလို့ ခံတွင်းတွေ့ ခေါ်ကြပါတယ်။

ဒီလို အင်္ဂလိပ်အသုံးအနှုန်းတွေကို ခေါ်ကြတာဟာလဲ အင်္ဂလိပ်ခေတ်မို့ပါ။ အင်္ဂလိပ်စာတတ် ပညာတတ် လူတန်းစားတွေရဲ့ အသိုင်းအဝိုင်းမှာလဲဖြစ်တယ်။ ပြီးတော့မှုရင်း အင်္ဂလိပ် "စကားလုံး" တွေဟာ ပညာတတ်လူတန်းစားအတွင်းမှာ အဓိပ္ပာယ်ကို နားလည်ပြီးလဲဖြစ်တယ်။ ဒီစကားလုံးတွေကို မြန်မာလိုပြန်ရင်

မူလအခိပ္ပာယ်လောက် လေးနက်မယ်ရယ်လို့လဲ ထင်ချင်မှ ထင်မယ်။ အချုပ်ကို ပြောရရင် သူတို့ အင်္ဂလိပ်ကျောင်းထွက် လူတန်းစားအတွင်းမှာ သုံးနေကျ ပြောနေကျ စကားလုံးကို နှုတ်ကျိုးနေပြီမို့ အဲဒီလို ခေါ်ဝေါ်သုံးစွဲခဲ့ကြတာဟာ သဘာဝ ကျလှပါတယ်လို့ ဆိုပါရစေ။

မန္တလေးရှိ သပိတ်မှောက် ကျောင်းသားတချို့ဟာ ကျောင်းပြန်မတက်ကြ တော့ဘူး။ အဲဒါကြောင့် အဲဒီလို ကျောင်းသားတွေအတွက် နေရှင်နယ်ကျောင်း တွေ တည်ထောင်ဖွင့်လှစ်ဖို့ ကြိုးစားကြပါတယ်။

ရန်ကုန်ကောလိပ်နဲ့ ယုဒသန်ကောလိပ်တို့က သပိတ်မှောက် ကျောင်းသား တွေရဲ့ ရည်ရွယ်ချက်ဟာ အင်မတန် ကြီးမားလှပါတယ်။ သူတို့ရဲ့စွန့်စားမှု တွေဟာလဲ ကြက်သီးမွေးညင်း ထလောက်အောင်ပါပဲ။

မူလကတော့ ကျွန်ပညာရေး စနစ်လို့ဆိုပြီး ကျောင်းသားတွေ အမည် တပ်လိုက်တဲ့ ယူနီဗာစိတီ အက်ဥပဒေကို ဆန့်ကျင် သပိတ်မှောက်တာပဲ ဖြစ်ပါမယ်။ အဲဒီလိုပဲ ထင်မြင်ယူဆနိုင်ပါတယ်။

ဒါပေမယ့် ယူနီဗာစိတီ အက်ဥပဒေကို ဆန့်ကျင်တိုက်ခိုက်ရာကနေ အဲဒီ ဥပဒေကို ကြိုးကိုင်နေတဲ့ နောက်ကွယ်က အရိပ်ကို သွားတွေ့လိုက်ပါ လေရော။ တစ်ခါတည်း ပြည်ချစ်စိတ်မျိုးချစ်စိတ်တွေဟာ ဘွားခနဲပေါ်လာ ပါတော့တယ်။ ဒင်းကို အမြစ်က တော်လှန်မပစ်သမျှ အပေါ်ယံကျတဲ့ အကိုင်းအခက် အရွက်တွေနဲ့တူတဲ့ ယူနီဗာစိတီ အက်ဥပဒေတို့ အစရှိတဲ့ စနစ်တွေ တိုက်လဲတိုက်တိုက်ပဲ၊ အမြစ်ကိုတူးလှန်ပစ်ဖို့ အဓိက ကျတယ်ဆိုတာကို တဆက်တည်း တွေးခေါ်မိလိုက်ကြဟန် တူပါတယ်။

သပိတ်မှောက် ကျောင်းသားများက "တိုင်းပြည်သို့ ကြေညာခြင်း" ဆိုတဲ့ ကြေညာချက်ထဲမှာ–

> ကျွန်တော်တို့သည် တစ်တိုင်းတစ်ပြည်လုံး ကျွန်တွင်းက မည်သည့်အခါမှ မလွတ်ကင်းမည့် ဗြိုရိုကရက်တို့၏ သိပ္ပံကျောင်း ဥပဒေကို ထုချေဖျက်ဆီးရန် အကြံရှိပါသည်။ ကျွန်တော်တို့သည် တိုင်းသူပြည်သားတို့၏ စိတ်အား ထက်သန်သော အကူအညီအားဖြင့် လူငယ်များတို့က ခုခံဖြိုဖျက်ခြင်းမှတစ်ပါး အခြားသော နည်းဖြင့် တိုင်းပြည်ကို ကယ်ဆယ်ဖို့ရာ နည်းလမ်းမရှိပြီဟု ယုံကြည်ပါ၏။

အဲဒီ ကြေညာချက်ကိုကြည့်ရင် အဓိပ္ပာယ် ပေါက်နိုင်တယ်။ အဲဒီ ကြေညာချက်ရဲ့ အဓိပ္ပာယ်ကိုကြည့်ရင် လေ့လာရင် ကျောင်းသားတွေက ပညာရေး စနစ်ကို တိုက်ရင်းကနေ သူ့ကျွန်မခံဘူး၊ ကျွန်ဘဝ လွတ်မြောက်အောင် တိုက်ပွဲဆင်ကြရဦးမယ်ဆိုတဲ့ ခံယူချက်တွေ မွေးဖွားလာတယ်။

အမျိုးသားကျောင်းတွေကို နယ်ချဲ့ကျောင်းတွေနှင့် ယှဉ်ပြီး တည်ထောင်ဖို့ ဆောင်ဩလိုက်ပြန်တယ်။ လမ်းကြောင်းပေးလိုက် ပြန်တယ်။

ဒါဟာ နယ်ချဲ့သမားနဲ့ ခွာရာချင်း တိုင်းလိုက်တာပဲဖြစ်တယ်။ "ခွာရာတိုင်း"တယ်ဆိုတဲ့ စကားက ကြည့်ရင်ရိုင်းတယ်လို့ ထင်စရာပါပဲ။ ဒါပေမယ့် ဒီရဲ့ အဓိပ္ပာယ် ဘယ်လိုရှိတယ်ဆိုတာ ပြည်သူလူထုတွေ နားလည်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းတွေ ပြောတဲ့အခါ တစ်ခါတစ်ခါ ရိုင်းတယ်လို့ ထင်စရာရှိတဲ့ စကားမျိုးတွေ သုံးသွားတာ ရှိပါတယ်။ လူတိုင်း နားလည်တဲ့စကားလုံးကို သုံးလိုက်တာနဲ့ တိုတိုတုတ်တုတ် လိုရင်းအဓိပ္ပာယ်ကို နားလည်နိုင်တယ်။ အဲဒါကြောင့် အဲဒီစကားလုံးကို သုံးတန်သုံးရသလိုပါပဲ။

ဥပမာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းတစ်ခုမှာ ပြောခဲ့တာက ခပ်ရိုင်းရိုင်း ဗမာစကားပြောရလျှင် အတော်ကို ပြနေအောင် ကြိုးစားလုပ်မှ" * * * အဲဒီလိုမလုပ်လျှင်ဟိုလူလာလဲ မျက်နှာချိုသွေးရ၊ ဒီလူလာလဲ မျက်နှာချိုသွေးရ၊ ဖာသယ်နိုင်ငံဖြစ်မှာပဲ။

အဲဒီလိုဘဲ နယ်ချဲ့ကျောင်းတွေနှင့် ယှဉ်ပြီး အမျိုးသားကျောင်းတွေ တည်ထောင်ပါလို့ လှုံ့ဆော်ချက်ဟာ တော်တော်တန်တန် သတ္တိရှိရုံနဲ့ လမ်းညွှန် မပေးနိုင်ပါဘူး။

နယ်ချဲ့သမားကို ဆက်ပြီး တိုက်သွားမယ့် ခေါင်းဆောင်တွေလိုပါတယ်၊ ဒီတော့ အနာဂတ်ကို ခေါင်းဆောင်သွားမယ့် မြန်မာ့ အာဇာနည်သားကောင်း ရတနာကလေးတွေကို ရာနဲ့ ထောင်နဲ့ သောင်းနဲ့ချီပြီး မွေးထုတ်ပေးမည့် အမျိုးသား ကျောင်းတွေကို တည်ထောင်ကြဖို့ လေးလေးနက်နက် တိုက်တွန်း လမ်းညွှန်မှု ပေးလိုက်တာ ဖြစ်ပါတယ်။

---

မောင်ကျော်/ရင်– ဗိုလ်ချုပ်အောင်ဆန်း၏ မမေ့နိုင်သော မိန့်ခွန်းများ၊ စိန်ပန်းမြိုင်စာပေ။ ရန်ကုန်မြို့။ ၁၉၆၉၊ စာ ၄၄၉။

(သူတို့ရဲ့ ရည်ရွယ်ချက် လမ်းညွှန်ချက်တွေဟာ နောင်နှစ်ပေါင်း ၂၀-၂၅ နှစ်မှာ အကောင်အထည် ပေါ်ခဲ့ပါတယ်။)

ဒီကျောင်းသားတွေရဲ့ ကြေညာချက်ဟာ နယ်ချဲ့စနစ်အောက်မှာ နှစ်ပေါင်းများစွာ ဒူးထောက်အညံ့ခံပြီး တုတ်တုတ်မျှ မလှုပ်ဝံ့တဲ့ ဘဝကို ရိုက်နှိုးလိုက်သလိုပါပဲ။

မီးခဲပြာဖုံးလို ဖြစ်နေတဲ့ ပျောက်ကွယ်လုနီးနီး ဖြစ်နေတဲ့ ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တွေကိုလဲ ပြန်လည်ရှင်သန်စေပါတယ်။

ဒီကျောင်းသားတွေဟာ ပြည့်မျက်နှာဖုံးတွေပါ။ ပြည့်အင်အားတွေပါ။ လူငယ်လူရွယ်တွေဆိုတဲ့အတိုင်း ရှေ့နောက်လဲ လူကြီးတွေလို တွေးတောပူပင်ကြောင့်ကြနေသူတွေလဲ မဟုတ်ပါ။ သံယောဇဉ်ဆိုတာလဲ တွယ်တာမှု မရှိသေးပါဘူး။

ဒီတော့ သူတို့ယုံကြည်ရာကို စိုက်လိုက်မတ်တတ် လုပ်တတ်သူတွေပါ။ သေတတ်တယ်၊ ရှင်တတ်တယ်ဆိုတာလဲ စဉ်းစားဖို့ သူတို့မှာ ဦးနှောက်မရှိသေးဖူးဆိုရင် လွန်လွန်းရာ ကျမယ်မထင်ပါဘူး။

ကျောင်းသားတွေက လွတ်လပ်ရေးတိုက်ပွဲရဲ့ လမ်းကြောင်းကို အဲဒီလို မီးမောင်းထိုးပြလိုက်တော့ နဂိုကတည်းက သူ့ကျွန်ဘဝက ရုန်းထွက်နေချင်သူတွေ၊ လွတ်လပ်ရေးကို နေလို၊ လလို မျှော်လင့်တောင့်တသလို မျှော်နေတဲ့သူတွေ၊ လွတ်လပ်ရေးကို ဆာလောင်မွတ်သိပ်နေတဲ့ ပြည်သူတွေ။ သူတို့အားလုံးဟာ အိပ်နေတဲ့ ခြင်္သေ့ကြီး အိပ်ရာက နိုးလာသလို လှုပ်လှုပ်ရွရွ ဖြစ်လာပါတယ်။

ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တွေ ပြာဖုံးခံနေရတဲ့ မီးခဲဟာ လေအဝှေ့မှာ လေနဲ့အတူ ပြာတွေလွင့်စဉ်သွားလို့ မီးခဲဟာ ရဲကနဲဖြစ်သွားသလိုပဲ ပြည်ချစ်စိတ် မျိုးချစ်စိတ်တွေ တထောင်းထောင်း ထလာပါတော့တယ်။

ဒီတော့ ကျောင်းသားတွေက

“မိဘပြည်သူတို့ရဲ့ စိတ်အားထက်သန်သော အကူအညီများဖြင့်သာ လူငယ်များက နယ်ချဲ့ထမ်းပိုးအောက်က လွတ်မြောက်အောင် ဆောင်ရွက်နိုင်မယ်”လို့ တင်ပြရင်း၊ ပြည်သူလူထုတွေရဲ့ ထောက်ခံအားပေးမှုဟာ အရေးပါ အရာရောက်တယ်ဆိုတဲ့ ကဏ္ဍကိုလဲ မီးမောင်းထိုးပြလိုက်ပါသေးတယ်။

အဲဒါကြောင့် အနယ်နယ်အရပ်ရပ်က သပိတ်မှောက် ကျောင်းသားတွေရဲ့ ကြေညာချက်များ၊ မေတ္တာရပ်ခံတောင်းခံစာများ၊ လှူ့ဆော်စာများ၊ ရောက်လာတာနဲ့ တစ်ပြိုင်နက် ပြည်သူတစ်ရပ်လုံးက ယင်းကြေညာချက်ကို မိုးချုန်းသံလို ထောက်ခံကြိုဆိုကြပါတယ်။

ပြည်ချစ် မျိုးချစ်စိတ်တွေဟာလဲ သရဖူဆောင်းခဲ့ပါတယ်။ လူအားငွေအားနှင့် ဝါယမစိုက်ထုတ်ကာ အမျိုးသားကျောင်းတွေကို တည်ထောင်ကြပါတော့တယ်။ သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် တိုက်မယ့်တိုက်ပွဲ အကြိုမို့ မမောနိုင်မပန်းနိုင်ဘဲ ကျရာတာဝန်တွေကို ညီညာဖြဖြ ဆောင်ရွက်ကြပါတော့တယ်။

မန္တလေးကျောင်းသားသပိတ် မှောက်စဉ်က သပိတ်မှောက် ကျောင်းသားတွေကို ကူညီစောင့်ရှောက် ထိန်းသိမ်းပေးခဲ့ကြတဲ့ ကုန်သည်ပွဲစားနဲ့ မြို့မိမြို့ဖ၊ ပြည်သူတစ်ရပ်လုံးနဲ့တကွ မန္တလေး ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းနှင့် သမဂ္ဂသဟာယယုဝအသင်းတို့ဟာ မန္တလေးမြို့မှာ အမျိုးသား အထက်တန်းကျောင်းကြီးတစ်ကျောင်း စတင်တည်ထောင် ဖွင့်လှစ်ဖို့ ဆုံးဖြတ်ကြပါတယ်။

ဒီအမျိုးသားကျောင်း စတင် တည်ထောင်ဖွင့်လှစ်ဖို့အတွက် ကျောင်းကော်မတီကို ဖွဲ့စည်းလိုက်ပါတယ်။ ကျောင်းကော်မတီဝင်များကတော့–

| | |
|---|---|
| ၁။ ဦးဘရွှေ (ရတနာပုံဆပ်ပြာ) | ဥက္ကဋ္ဌ |
| ၂။ ဦးစံကောင်း (ဆရာဝန်) | ဒု–ဥက္ကဋ္ဌ |
| ၃။ ဦးစိုးမင်း (ပွဲစားကြီး၊ ဆန်စက်ပိုင်) | ဘဏ္ဍာရေးမှူး |
| ၄။ ဦးမောင်မောင် (မြပုံနှိပ်တိုက်ပိုင်) | အတွင်းရေးမှူး |
| ၅။ ဦးဘဦး (ဗဟိုစည်ဂျာနယ်) | အမှုဆောင် |
| ၆။ ဦးဘဖေ (မန္တလေး) | အမှုဆောင် |
| ၇။ ဦးစိန်ဘ (မြမန်းနို့ဆီ) | အမှုဆောင် |
| ၈။ ဦးမောင်မောင်ကလေး (သူဌေးတန်း) | အမှုဆောင် |
| ၉။ ဦးသူတော် (သမဝါယမဂျာနယ်) | အမှုဆောင် |
| ၁၀။ ဦးလှ (ရွှေမန်း) | အမှုဆောင် |
| ၁၁။ စိပီခင်မောင် (ကူးသန်းရောင်းဝယ်ရေး ပုံနှိပ်တိုက်) | အမှုဆောင် |

တို့ပါဝင်ကြတဲ့ ကျောင်းကော်မတီကို ဖွဲ့စည်းလိုက်ပါတယ်။

အဲဒီလို ကျောင်းကော်မတီ တစ်ရပ်ကို ဖွဲ့စည်းပြီးတဲ့နောက် ကျောင်းဖွင့်မယ့်ရက် ကျောင်းဆရာများကို ရွေးချယ်ကြပါတယ်။

မန္တလေးမြို့ရှိ မြန်မာပညာရှိ ဦးလူကလေးကိုယ်တိုင် အမျိုးသားအထက်တန်းကျောင်းကြီး ဖွင့်ရန် နေ့ကောင်းရက်သာ မင်္ဂလာအချိန်အခါကို ရွေးချယ်ပါတယ်။

၁။ မင်္ဂလာအချိန် ကျရောက်တဲ့ ၁၉၂၁ ခုနှစ် ဇန်နဝါရီလ (၅) ရက်နေ့ နံနက် (၁၀)နာရီ (၃၇) မိနစ်မှာ ရတနာဘုမ္မိရပ်ကွက်၊ မလွန်ဈေးသစ်ရှိ ဒင်္ဂါးတိုက်ရုံကြီးတွင် မြို့မိမြို့ဖများနဲ့ လုပ်သားပြည်သူများရဲ့ ဆန္ဒအရ လက်ဦးအစ ပထမအမျိုးသားကျောင်းကြီးကို စတင်တည်ထောင်လိုက်ပါတယ်။

မန္တလေးမြို့ပေါ်မှာ နေရှင်နယ်ကျောင်း ငါးကျောင်းရှိပါတယ်။

အမျိုးသားကျောင်းဆရာများရဲ့ နာမည်နဲ့ အရေအတွက်တို့ကို ဗဟိုအမျိုးသားကျောင်း ဆရာများအခန်းမှာ သီးသန့်ဖော်ပြထားမှာမို့ ဒီအခန်းမှာ ကျောင်းဆရာများ အခန်းကို ချန်လှပ်ထားပါရစေ။ (ကျမ်းပြုသူ)

ကျောင်းအုပ်ကြီး၊ ကျောင်းဆရာကြီး၊ ကျောင်းဆရာများနဲ့တကွ ကျောင်းကော်မတီဝင်များ ဖြစ်ကြတဲ့ (၁) ဦးဘဦး (၂) ဦးစိန်ဘ (၃) ဦးသူတော် (၄) ဆရာဦးဘတင်တို့ဟာ မန္တလေး လေးပြင်လေးရပ်စလုံးကို လှည့်လည်ပြီး ဟောပြောစည်းရုံး၊ ရန်ပုံငွေကောက်၊ ကျောင်းနဲ့ပတ်သက်တဲ့ လိုအပ်တဲ့ ပစ္စည်းများကို အလှူခံ အဲဒီလို မပြတ်ကြိုးစား ဆောင်ရွက်ကြပါတယ်။

စတင်တည်ထောင်တဲ့ အမျိုးသားကျောင်းကြီးမှာ သပိတ်မှောက်ကျောင်းသားများတင်မက ကျောင်းသားသစ်များပါ လာရောက် ပညာသင်ကြားရန်လည်း လိုက်လံဟောပြောကြပါတယ်။

အမျိုးသားကျောင်းများအတွက် ဘယ်လို ရည်ရွယ်ချက်နဲ့ ဘယ်လို လှုပ်ရှားခဲ့ကြသလဲဆိုတဲ့ အပိုင်းနဲ့ ပတ်သက်ပြီး (ဆရာဦးဘလှက သူ့ရဲ့ "ရန်ကုန်မြို့နေ မန္တလေး ဗဟိုအမျိုးသားကျောင်းသူကျောင်းသားဟောင်းများ လမ်းညွှန်" လက်နှိပ်စက်မူ၊ စာမျက်နှာ–၄) မှာ ဟောဒီလို ဖော်ပြထားပါတယ်။

(၁) မန္တလေး အမျိုးသားအထက်တန်းကျောင်းကြီးတွင် မိမိတို့ သပိတ်မှောက်လာကြစဉ်က အတန်းများ၏ သင်ခန်းစာများအတိုင်း သင်ကြားပို့ချ၍ ၁၉၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ မတိုင်ခင် ပထမတန်း မှ ၁၀ တန်းအထိ အတန်းတင် စာမေးပွဲများ ပြုလုပ်မည့်အကြောင်း။

(၂) ပညာရေး လှုပ်ရှားမှုအကြောင်း။
(၃) နိုင်ငံရေး နိုးကြားမှုအကြောင်း။

(ဤလှုပ်ရှားမှုများကို ထောက်ခြင်းအားဖြင့် ကျောင်းကော်မတီများ၊ ကျောင်းဆရာများ ကျောင်းသားကြီးများနှင့်အတူ၊ ပညာရေးလှုပ်ရှား မှုသည် နိုင်ငံရေးလှုပ်ရှားမှုကို အခြေခံကြောင်း တွေ့ရပေသည်။ ရလဒ်ကား နိုင်ငံရေး ခေါင်းဆောင်များနဲ့ တော်လှန်ရေး ခေါင်းဆောင်များ အစုလိုက်အပြုံလိုက် ပေါ်ထွက်လာခြင်းပေတည်း။) အဲဒီလို ဖော်ပြထားပါတယ်။

အဲဒီလို ကျောင်းကော်မတီများ ဆရာများ ကျောင်းသားကြီးများတို့ရဲ့ လုံ့လဝီရိယရှိရှိနဲ့ ကြိုးစားစည်းရုံးမှုကြောင့် ပြည်သူတွေရဲ့ ယုံကြည်မှု၊ အားကိုးမှု၊ ရခဲ့ပါတယ်။ သပိတ်မှောက် ကျောင်းသားများအပြင် မိဘများကိုယ်တိုင်ငှင်းတို့ရဲ့ သားငယ်သမီးငယ်များကို ကျောင်းသားသစ်များ အဖြစ်တဖွဲဖွဲလာရောက်အပ်နှံကြပါတယ်။ ၁၀ ရက်အတွင်း ကျောင်းသား ၁၅၀၀ ဖြစ်လာပါတယ်။ အံ့သြလောက်တဲ့ ဖြစ်ရပ်ပါ။ နောက်ထပ်လဲ ကျောင်းသားသစ် ၁၂၀၀ ခန့်ပင် စာရင်းသွင်းထား ကြပါတော့တယ်။

ဒီလို မိမိတို့ သားငယ်သမီးငယ်တွေကို အမျိုးသားကျောင်းတွေမှာလာရောက် အပ်နှံကြခြင်းကို ကြည့်ရင် ပြည်သူများဟာ နယ်ချဲ့လက်အောက်မှ လွတ်မြောက်လိုတဲ့စိတ်တွေ ဘယ်လောက် ကြီးထွားနေသလဲဆိုတာကို ခန့်မှန်းနိုင်ပါတယ်တဲ့။ သူ့ကျွန်အောက်မှာ မနေချင်တဲ့ မိဘပြည်သူများဟာ မိမိတို့ရဲ့ ရင်သွေးငယ်များအား အမျိုးသားစိတ်ဓာတ်ကို ပြုစုပျိုးထောင်ပေးမယ့်ကျောင်းမှာ လာရောက်အပ်နှံကြပါတယ်။

အဲဒါကြောင့် ဒီတစ်ကျောင်းတည်းနဲ့ မလုံလောက်တော့ဘဲ ကျောင်းခွဲများကို တိုးချဲ့ဖွင့်ရန်ပင် အခြေအနေက လတ်တလော တောင်းဆိုလာပါတော့တယ်။ ဒါကြောင့် ၁၉၂၁ ခုနှစ် နွေရာသီ ကျောင်းတစ်လကျော်ခန့်ပိတ်ပြီး အောက်ပါအတိုင်း ကျောင်းခွဲများကို တိုးချဲ့တည်ထောင် ဖွင့်လှစ်လိုက်ကြပါတော့တယ်။

၁။ ဆိုင်းတန်းရပ်မှာ အမျိုးသား အလယ်တန်းကျောင်းခွဲတစ်ကျောင်း။
၂။ ညောင်ပင်ဈေးရပ်မှာ အမျိုးသားအလယ်တန်းကျောင်းခွဲ တစ်ကျောင်း။
၃။ မင်္ဂလာဈေးရပ်မှာ အမျိုးသား အလယ်တန်းကျောင်းခွဲ တစ်ကျောင်း။

၄။ တရုတ်တန်းမှာ အမျိုးသမီး အထက်တန်းကျောင်းတစ်ကျောင်း စတဲ့ အမျိုးသား ကျောင်းခွဲတွေ စတင်ဖွင့်လိုက်ရပါတယ်။

ပထမမူလ အမျိုးသား အထက်တန်းကျောင်းကြီးကို ၁၉၂၁ ခုနှစ်ဧပြီလ (၁၂) ရက်နေ့မှ မေလ (၁၅) ရက်နေ့ထိ ကျောင်းပိတ်ပြီ၊ မဟာသကျသီဟာဘုရား တံတိုင်းအတွင်းရှိ မော်လမြိုင်သူဌေးဦးသာညွှင်း ဆောက်လုပ်လှူဒါန်းထားတဲ့ အုတ်ဇရပ်ကြီးမှာပင် ၁၉၂၁ ခုနှစ် စက်တင်ဘာလ (၁၀) ရက်နေ့ထိ ကျောင်းဖွင့်ရန်။ ခြောက်လတစ်ကြိမ် အတန်းတင် စာမေးပွဲကျင်းပပြုလုပ်ရန် စီစဉ်ကြပါတယ်။

ဒီလို ခြောက်လတစ်ကြိမ် အတန်းတင် စာမေးပွဲကျင်းပရာမှာ အမျိုးသား ပညာရေး သင်ရိုးညွှန်းတမ်းအတိုင်း ဆရာ၊ ဆရာမများက သင်ကြားပေးသွားရန် ဖြစ်ပါတယ်။

ဗဟိုအမျိုးသား အထက်တန်းကျောင်း အုပ်ချုပ်ရေး ကော်မတီအဖွဲ့က ဆိုင်းတန်းရပ်တွင် အမျိုးသားအလယ်တန်းကျောင်းခွဲ တစ်ကျောင်းဖွင့်ရန် မရည်ရွယ်မိကပင် ဦးနေဦး၊ဒေါ်မှိန်း ရခိုင်ဆေးတိုက်ပိုင်ရှင်ရဲ့တူ၊ ရန်ကုန်ကောလိပ် သိပ္ပံ အထက်တန်းက သပိတ်မှောက်လာခဲ့သူ ဦးမောင်မောင်တင်က အမျိုးသား ကျောင်းရယ်လို့ဖွင့်ပြီး သူကိုယ်တိုင် ဆရာကြီးအဖြစ် အမှုထမ်း ဆောင်ရွက်ခဲ့ ပါတယ်။

တခြား မြို့တွေမှာတော့ မန္တလေးလို အမျိုးသားကျောင်းခွဲတွေ မများဘူး။ ရန်ကုန်မှာတောင် မန္တလေးလို အမျိုးသားကျောင်းခွဲတွေ မများပါဘူး။

အဲဒါကြောင့် မန္တလေးမှာ နေရှင်နယ်ကျောင်းကပါလို့ ပြောရုံနှင့် မပြည့်စုံပါဘူးလို့ အဆိုရှိပါတယ်။ ဘယ်နေရှင်နယ်ကျောင်းကလဲ ထပ်မေးစရာ ရှိသလို ဖြေစရာလဲ ရှိလာပါတယ်။ အဲဒါကြောင့် ဆိုင်းတန်းနေရှင်နယ်ဆို ဆိုင်တန်း။ ညောင်ပင်ဈေး နေရှင်နယ်ကဆို ညောင်ပင်ဈေး နေရှင်နယ်ကပါလို့ ထပ်မံပြောဆိုရပါမယ်။

အဲဒီလို အမျိုးသားကျောင်းခွဲတွေ တိုးချဲ့တည်ထောင် ဖွင့်လှစ်လိုက် ရတော့ မူလ ပထမလက်ဦး တည်ထောင်ဖွင့်လှစ်ခဲ့တဲ့ အမျိုးသား အထက်တန်း ကျောင်းကို "ဗဟို"အမျိုးသား အထက်တန်းကျောင်းလို့ နာမည်မှည့်ခေါ်လိုက် ပါတယ်။

မြို့လယ်မှာလဲရှိပြီးတော့ မူလအစဦးဆုံး တည်ထောင်တဲ့ ကျောင်းမို့ ဗဟိုအမျိုးသားအထက်တန်းကျောင်းလို့ ခေါ်ဝေါ်ခြင်း ဖြစ်ပါတယ်။

ညောင်ပင်ဈေး အမျိုးသား အလယ်တန်းကျောင်းခွဲ တစ်ကျောင်းကို တည်ထောင်ဖို့ စပါးပွဲစား ဦးသစ်၊ ဦးကွန်း၊ ဦးစံတင်တို့ ခေါင်းဆောင်ကာ အမျိုးသားကျောင်းကော်မတီ အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်ခဲ့ကြတယ်။

မင်္ဂလာဈေး အမျိုးသားအလယ်တန်းကျောင်းခွဲ တစ်ကျောင်းကို တည်ထောင်ရန် မြေပိုင်ရှင် ဆွေတော်မျိုးတော် မင်းသား ဦးတင်မြဆွေ ခေါင်းဆောင်တဲ့ အမျိုးသားကျောင်းကော်မတီက တာဝန်ယူဖွင့်လှစ် တည်ထောင်ခဲ့ပါတယ်။

တရုတ်တန်းက အမျိုးသမီး အထက်တန်းကျောင်းကို ၁၃–၁–၁၉၂၁ ခုနေ့မှာ စပါးပွဲစားကြီး ဦးစိုးမင်းက ဖွင့်လှစ်ပေးပါတယ်။

ဒီ အမျိုးသမီး နေရှင်နယ် အထက်တန်းကျောင်းကို ဗဟိုနေရှင်နယ် အထက်တန်းကျောင်းက ကျောင်းဆရာတွေ သွားရောက် ကူညီသင်ကြားပေး ရပါတယ်။

နေရှင်နယ်ကျောင်းတွေ တည်ထောင်ကြပါဆိုပြီး လှုံ့ဆော်လိုက်တာ ကတော့ လွယ်ပါရဲ့၊ ဒါပေမယ့် နေရှင်နယ်ကျောင်းတစ်ကျောင်း ဖြစ်ပေါ်လာရေး လုပ်ငန်းဟာ လွယ်တဲ့ အလုပ်တစ်ခုတော့ မဟုတ်ဘူး။ အငိုလွယ်သလောက် အရှိုက်ခက်တယ်ဆိုတဲ့ စကားလိုပါပဲ။

– ကျောင်းဆောက်ဖို့နေရာ
– အဆောက်အအုံ
– ပညာသင်ကြားရေးအတွက် လိုအပ်တဲ့ ကျောင်းသုံးပစ္စည်းကိရိယာ။
– ကျောင်းမှာ သခင်ပညာကို အခြေခံတဲ့ သင်ရိုးညွှန်းတမ်းတွေ၊ ပြီးတော့ ကျောင်းဆရာ၊ ကျောင်းစာရေး၊ အစောင့်။
– ကျောင်းရန်ပုံငွေ။

ကျောင်းတွေ ဒီလို အရည်အချင်းတွေနဲ့ ပြည့်ပြည့်စုံစုံ ဖြစ်လာဖို့ တစ်ထိုင်တည်းနဲ့ စိစဉ်လို့မရဘူး၊ ဉ်ဖွလို့ဆိုပြီး မန်းမှုတ်လို့ရစကောင်းတဲ့ အရာလဲမဟုတ်ဘူး၊ ပသီပုံပြင်ထဲက အာလာဒင်ရဲ့ မီးခွက်ချိုးရရင်တော့

ဖြစ်ချင်ဖြစ် လေမလားပဲ။ ဒါပေမယ့် ဒါက ဒဏ္ဍာရီပုံပြင်မို့ စာရေးဆရာက သူဖန်တီးချင်သလို ဖန်တီးလို့ရနိုင်တာပါ။ လက်တွေ့မှာတော့ အခက်အခဲတွေဟာ တစ်ပုံကြီး တစ်ထွေးကြီးပါ။

မြန်မာပြည်ကို အုပ်ချုပ်နေတဲ့ အင်္ဂလိပ်အစိုးရ ကိုယ်တိုင် ရန်ကုန်ယူနီဘာစီတီကို တည်ထောင်ဖို့ ငွေရေးကြေးရေး အခက်အခဲရှိတာကြောင့် တိုင်းပြည်က ရန်ပုံငွေထည့်ကြပါလို့ တောင်းခံခဲ့ဖူးပါတယ်။

> ၁၉၂၇ မေလ ၁၉ ရက်နေ့မှာ မြန်မာပြည်ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက သူရိယသတင်းစာကနေ တစ်ဆင့် တက္ကသိုလ်အဆောက်အအုံတွေ ဆောက်ဖို့ ရန်ပုံငွေ ထည့်ကြပါလို့ တိုင်းပြည်ကို မေတ္တာရပ်ခံရပါတယ်။[၁]

ဘုရင်ခံက အဲဒီလို မေတ္တာရပ်ခံလိုက်တော့ နယ်အရာရှိတွေက ကစားဝိုင်းတွေထောင်ပြီး ရန်ပုံငွေရှာတော့တာပါပဲ။ ဦးလုက သူရဲ့ "ကျွန်တော်ဗျူရိုကရက်" မျက် ၈၆ မှာပဲ ဟောဒီအတိုင်း ရေးသားထားတာက–

> "အခုကုက္ကိုင်းက ယူနီဗာစီတီ တက္ကသိုလ် ကျောင်းအဆောက်အအုံတွေဟာ မြန်မာတစ်ပြည်လုံးက ကစားဝိုင်းတွေကရတဲ့ ငွေတွေကို မတည်ပြီး ဆောက်ခဲ့တာတွေပေါ့"တဲ့။ [၂]

အဲဒီလို တိုင်းပြည်ကို အပိုင်စားထားတဲ့ အင်္ဂလိပ်နယ်ချဲ့သမားကတောင် တက္ကသိုလ်ဆောက်လုပ်ရာမှာ ဘဏ္ဍာရေး အခက်အခဲရှိတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ (ဒါမှမဟုတ် သူ့နယ်ချဲ့ ဘဏ္ဍာထဲက တစ်ပြားတစ်စေ့မှ အကုန်မခံချင်တဲ့အတွက်ကြောင့်ပဲလား မသိ) အစိုးရက တိုင်းပြည်ကို အကူအညီတောင်းခဲ့တယ်။ ဒီလို အာဏာရှိတဲ့ အစိုးရကိုယ်တိုင် အာဏာကိုဗန်းပြပြီး ကစားဝိုင်းရန်ပုံငွေတွေကို အခြေခံကာ တည်ထောင်ခဲ့ရတာဆိုရင် ပိုက်ဆံတစ်ပြားတစ်ချပ်မှ မရှိတဲ့ သပိတ်မှောက်ခေါင်းဆောင်တွေနဲ့ အာဏာမရှိတဲ့ မြို့မိမြို့ဖတွေအတွက် အမျိုးသားကျောင်းတွေကို တည်ထောင်ဖို့အရေးဟာ ပိုလို့တောင် မခက်ပေဘူးလား။

---

၁။ လူထုဦးလှ ကျွန်တော်ဗျူရိုကရက် မန္တလေး ကြီးပွားရေးပုံနှိပ်တိုက်၊ ပထမနှိပ်ခြင်း ၁၉၇၀၊ မျက်–၇၄။
၂။ ၎င်း။

လူသားအနွယ်တစ်ခုလုံးဟာ မိခင်မြေကြီးနဲ့ ကင်းကွာလို့ ရစကောင်းတဲ့ အရာမဟုတ်သလို လူ့အဖွဲ့အစည်းကို ရှေ့ဆောင်ရှေ့ရွက်ပြုနေတဲ့ နိုင်ငံရေး ပါတီ အဖွဲ့အစည်းတွေဟာလဲ အလုပ်သမား လယ်သမား အပါအဝင် ပြည်သူလူထုနဲ့ တစ်သားတည်း၊ ရှိနေဖို့၊ တစ်စည်းတစ်လုံး ရှိနေဖို့ အင်မတန် အရေးကြီးပါတယ်။ ဘယ်လိုအခက်အခဲရှိရှိ ပြည်သူတွေနဲ့ တိုင်ပင်ဆွေးနွေးရင် အခက်ခဲကို ကျော်သွားနိုင်မှာပါ၊ ပြည်သူတွေက အထောက်အကူပေးကြမှာပါ။ ဒီမှာလဲဒီတိုင်းပဲ အမျိုးသားကျောင်းတွေ ဖော်ထုတ်ဖို့ ကိစ္စမှာလဲ ပြည်သူတွေနဲ့ တိုင်ပင်ဆွေးနွေးကြလို့ ပြည်သူတွေကပဲ အကူအညီ ပေးကြတယ်။

သခင်ပညာကိုလဲ လိုလိုချင်ချင် ရှိသူတွေ၊ နယ်ချဲ့စနစ်ကို မုန်းတီးတဲ့ သူတွေက ကျောင်းသားအရေးမှာ ဝင်ရပ်ပြီး အတတ်နိုင်ဆုံး ကူညီခဲ့ကြလို့ အမျိုးသားကျောင်းတွေ တစ်စတစ်စ ပေါ်ပေါက်ခဲ့တယ်။ "ရောမမြို့ကြီးကို တစ်ရက်တည်းနဲ့ တည်ဆောက်လို့မရဘူး" ဆိုတဲ့ ဆောင်ပုဒ်လိုပါပဲ။ အမျိုးသားကျောင်းတွေကို အခက်အခဲဒုက္ခတွေကြားကပဲ တဖြည်းဖြည်း တစ်စတစ်စ စုဆောင်းထူထောင်ခဲ့ရတာပါ။

မန္တလေးမှာ ပထမဆုံးကျောင်းက မလွန်ဈေး ရပ်ကွက် (၈၅) လမ်းမှာ ရှိတဲ့ အရင်ဒင်္ဂါးရုံ၊ ဒင်္ဂါးရုံဆိုတာက (၃၅) လမ်း အေလမ်းဘေးက အခုသာသနာ့ဗိမာန်ကြီး ဆောက်ထားတဲ့ ဇာတ်ပွဲရုံပါ။ ဒီသာသနာ့ဗိမာန်မှာ စပြီး နေရှင်နယ်ကျောင်းကို တည်ထောင်ဖွင့်ခဲ့တာပေါ့။

ဒီဒင်္ဂါးရုံမှာ ဖုန်တွေ၊ ဖုတ်တွေနဲ့ပါ။ သမန်သလင်းခင်းဖို့ဆိုတာ စိတ်ကူးဖို့နေနေသာသာ ဝါးခြမ်းပြားတောင် မခင်းနိုင်ဘူး၊ ဒါကြောင့် သဲတွေခင်း ထားရတယ်။ အဲဒီမှာ ခြောက်လလောက်ပဲ ဖွင့်ပြီး စာသင်ရတယ်။ ဒါပေမယ့် ရာသီဥတုက ပူပြင်းလာတော့ မဟာသကျသီဟဘုရား "ပရိဝုဏ်"မှာ ဆက်ဖွင့် ရပြန်တယ်။ **အင်္ဂလိပ်ခေတ်ကဆို ဘုရင်ခံက နွေရာသီမှာ ပြင်ဦးလွင်တက်ပြီး** ရုံးထိုင်တယ်။ ကျန်တဲ့ရာသီမှာတော့ ရန်ကုန်မှာ ပြန်နေတယ်။ အဲဒီလိုပူတဲ့ အခါ မဟာသကျသီဟဘုရားမှာဖွင့်ပြီး အေးတဲ့အခါ ဒင်္ဂါးရုံကို ပြန်ရွှေ့ခဲ့ရသတဲ့။

အဲဒီလိုနဲ့ တစ်နှစ်ကြာသွားတဲ့အခါမှာ မြန်မာသမဂ္ဂသဟာယ အသင်းက ကြီးမှူးပြီး ဆောက်တဲ့ ယိုးဒယားဈေးအနီးရှိ မြို့လယ်ပိဋကတ် အဆောက်အအုံ ကြီးမှာ ဆက်ဖွင့်ခဲ့တယ်။ လမ်း ၃၀ နဲ့ ၈၁ လမ်း (အခုရာဇတ်လမ်း) ထောင့်

နေရာမှာပေါ့၊ နောင်တော့ ဒီကျောင်းဟာ ဗဟိုနေရှင်နယ် အထက်တန်းကျောင်းရယ်လို့ဆိုပြီး ဟိုးလေးတကျော် ဖြစ်ခဲ့တာပါ။

၁၉၂၄ ခု မေလကစတင်ပြီး ဗဟိုအမျိုးသား အထက်တန်းကျောင်းဝင်းရှိ သမဂ္ဂသဟာယ ကုမ္ပာရီ အမျိုးသမီး အဆောက်အအုံကိုလဲ အဝေးမြို့က လာရောက် ပညာသင်ကြားတဲ့ ကလေးတွေအတွက် ဘော်ဒါဆောင်အဖြစ် အသုံးပြုလိုက်ပါတယ်။ မြန်မာပြည် အရပ်ရပ်မှာ နေရှင်နယ်ကျောင်းတွေ ဖွင့်လှစ် တည်ထောင်ခဲ့ပေမယ့် ရန်ကုန်နဲ့ မန္တလေးကလွဲရင် ဘယ်နေရှင်နယ်ကျောင်းမှာမှ ဒီလို ကျောင်းအိပ်ကျောင်းစားတွေအတွက် ဘော်ဒါဆောင်တွေ မရှိခဲ့ဘူးတဲ့။ ဘော်ဒါဆောင်တွေရှိခဲ့တာဟာလဲ အနည်းနဲ့အများ ဆိုသလို တခမ်းတနား ရှိခဲ့တာကို သက်သေထူခဲ့တာပဲ။

## ဒိုင်အာခီခေတ် ကျောင်းတွေ အခြေအနေ

ဗဟိုအမျိုးသားအထက်တန်းကျောင်းက သမဂ္ဂသဟာယပိုင် အဆောက်အအုံကိုငှားပြီး ကျောင်းဖွင့်ခဲ့တယ်။ ဒုတိယကမ္ဘာစစ် ဖြစ်တဲ့အထိပဲ။ အဲဒီအချိန်က စိန်ပီတာအစရှိတဲ့ အနောက်နိုင်ငံတွေရဲ့ ခရစ်ယာန် သာသနာပြုကျောင်းတွေက ရှိနေတော့ အဲဒီကျောင်းတွေနဲ့ အပြိုင်သဘောမျိုး ဖွင့်လာတဲ့ နေရှင်နယ်ကျောင်းတွေကို ပြည်သူတွေက အားပေးကြတယ်။ အဲဒီသဘောပဲ၊ သမဂ္ဂသဟာယ အသင်းက နေရှင်နယ်ကျောင်းအတွက် အဆောက်အအုံဇရပ်တွေ ငှားပေးခဲ့တယ်။

နေရှင်နယ်ကျောင်းက ကျသင့်တဲ့ အခကြေးငွေကို သမဂ္ဂသဟာယ အသင်းကို မှန်မှန်မပေးနိုင်ခဲ့ဘူး၊ အမျိုးသားအတွက် ဖွင့်တဲ့ကျောင်းမို့ သမဂ္ဂသဟာယ အသင်းက အခကြေးငွေကို အဓိက မထားခဲ့ဘူး၊ အခကြေးငွေ ရရှိဖို့ စိတ်လဲ မဝင်စားခဲ့ဘူး။

ဒီလိုနဲ့ ၂-၁-၂၃ နေ့မှာ ဒိုင်အာခီ အစိုးရဖွဲ့ခဲ့တယ်။ အဲဒီနေ့မှာပဲ မြန်မာပြည် ဘုရင်ခံဟောင်း ဆာရယ်ဂျီနယ် ဂရက်ဒေါက်ရဲ့လက်က ဘုရင်ခံသစ် ဆာဟာကုတ်ဘတ္တလာက တာဝန်လွှဲပြောင်း ယူခဲ့တာပဲပေါ့။ ဒိုင်အာခီ အုပ်ချုပ်ရေးဆိုတာက "ဒိုင်"က နှစ်၊ "အာခီ"ဆိုတာက အုပ်ချုပ်ရေး၊ ခြုံပေါင်းလိုက်ရင် ဖက်စပ်အုပ်ချုပ်ရေး ဖြစ်တယ်။ အဲဒီမှာ မြန်မာ နှစ်ဦး၊ အင်္ဂလိပ်ဘုရင်ခံက သူကြိုက်သူနှစ်ဦး၊ ဝန်ကြီးလေးဦး ရှိတယ်။ မြန်မာ ကိုယ်စားလှယ်ကို သစ်တောရေးနဲ့ ပညာရေးဌာနကို ကိုင်ခိုင်းတယ်။ အခြား

ပြည်ထဲရေးနဲ့ ဘဏ္ဍာရေးဌာနတွေကိုတော့ အင်္ဂလိပ်အစိုးရကပဲ သူကြိုက်တဲ့ လူခန့်ခဲ့တယ် သူတို့က–

၁။ ဘဏ္ဍာရေးဝန်ကြီး ဆာဝိလျံကို (အစိုးရခန့်)
၂။ ပြည်ထဲရေးဝန်ကြီး ဦးဘခင် (အစိုးရခန့်)
၃။ သစ်တောရေးဝန်ကြီး ဆာဂျေအေမောင်ကြီး (အမတ် ၂၀ ထောက်ခံသူရှိတဲ့ အင်ဒီပင်ဒင့် ပါတီခေါင်းဆောင်)
၄။ ပညာရေးဝန်ကြီး အမ်အေဦးမောင်ကြီး (အမတ် ၂၅ နေရာရတဲ့ ၂၁ ဦး ခေါင်းဆောင်)တွေ ဖြစ်တယ်။

အမ်အေဦးမောင်ကြီးဟာ ကောလိပ်ကျောင်းသားတွေ သပိတ်ကို အကြောင်းပြုပြီး ဖွဲ့စည်းခဲ့တဲ့ အမျိုးသား ပညာရေးအဖွဲ့ချုပ်တုန်းက ဥက္ကဋ္ဌ လုပ်ခဲ့သူပါ။ အမျိုးသားကောလိပ်ကတော့ ရေရှည်မခံနိုင်လို့ ပိတ်လိုက်ရပါတယ်။

ဆရာကြီး ဦးရာဇတ်နဲ့ ပတ်သက်ပြီး ဒီစာအုပ်ကို ပြုစုရာမှာ ဆာအမ်အေ ဦးမောင်ကြီး အကြောင်းဟာ မပါရင် မပြီးသလောက်ပါပဲလို့ ဆိုပါရစေ။

အမ်အေဦးမောင်ကြီးဟာ သူ့ခေတ်နှင့်သူတော့ အမျိုးသားရေး လုပ်ငန်းတွေအပေါ်မှာ သစ္စာရှိတဲ့ မြန်မာမျိုးချစ်ခေါင်းဆောင် တစ်ဦးလို့ ဆိုနိုင်ပါတယ်။ သူတို့ခေတ်က လယ်သမားတွေ ခေါင်းဆောင်တဲ့ လက်နက်ကိုင် ခုခံရေးစစ်ပွဲ မရှုမလှ ရှုံးနိမ့်ပြီးတဲ့ နောက်ပိုင်းမှာ နယ်ချဲ့သမားက မြန်မာတွေ နာလန် မထူနိုင်အောင် နည်းအမျိုးမျိုးနဲ့ ဖိနှိပ်ချုပ်ချယ်ခဲ့တယ်။ ကုန်ကုန်ပြောရရင် ဟင်းလှီးဓား၊ ထင်းခုတ်ဓားတောင် လွတ်လွတ်လပ်လပ် ကိုင်ဆောင်သုံးစွဲခွင့် မရှိတဲ့ခေတ်ပဲ၊ အဲဒီလို အခါမှာ နယ်ချဲ့အင်္ဂလိပ်ကို တစ်လုံးစ နှစ်လုံးစကနေ အခွင့်အရေး တစ်ပြားဖိုး နှစ်ပြားဖိုးထိ ရအောင် မနည်းလုံးပမ်း တိုက်ပွဲဝင် ရတဲ့ ခေတ်ပါ။

သူဟာ ကောလိပ်ကျောင်းကနေ ဗုဒ္ဓဘာသာအသင်း စတင် တည်ထောင် တဲ့ ခေါင်းဆောင် လေး–ငါးဦးထဲက တစ်ဦးအပါအဝင်ပေါ့။ ပြီးတော့ ဝိုင်အမ်ဘီအေ အသင်းကိုလဲ သူ့အိမ်မှာပဲ စတင်တည်ထောင်ခဲ့ပါသတဲ့။

သူဟာ ၁၈၈၆ ခုနှစ်မှာ မွေးဖွားတဲ့ ရွှေကျင်မြို့သားပါ။ အဲဒီမှာ သတ္တမတန်း အောင်မြင်ပြီး ရန်ကုန်မှာ ဆက်လက်ပညာသင်ကြားခဲ့ပါတယ်။ ရန်ကုန်ကောလိပ်မှာ ဘီအေဂုဏ်ထူး အောင်မြင်ခဲ့ပါတယ်။ အဲဒီကနေ ကာလကတ္တား တက္ကသိုလ်မှာ ဥပဒေစာမေးပွဲကို သွားဖြေရင်း မဟာဝိဇ္ဇာ

စာမေးပွဲကို အလွတ်ဝင်ရောက် ဖြေဆိုခဲ့ပါတယ်။ အမ်အေအောင်ခဲ့ပါတယ်။ အမ်အေအောင်တဲ့ခါမှာ သူ့အသက်ဟာ (၂၁)နှစ်ပဲ ရှိသေးတယ်ဆိုပဲ။

၁၉၁၁ ခုနှစ် လန်ဒန်မြို့မှာ ဝတ်လုံစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ပြီး၊ မြန်မာပြည် ပြန်ရောက်တဲ့အခါမှာ တရားရုံးချုပ်၊ အရင်ကတော့ ချီဖ်ကုတ်[၁] အခုတော့ ဟိုက်ကုတ်[၂]၊ ဒီရာထူးကို မြန်မာအမျိုးသားထဲမှာ ပထမဆုံး ရရှိသူပါ။ အသက်လဲအငယ်ဆုံးပဲ၊ ရုံးမှာ ဒုတိယ မော်ကွန်းထိန်းအဖြစ်နဲ့ ဝင်အလုပ်လုပ်ခဲ့ပါတယ်။ လခက တစ်ထောင်ကျော်ရတယ်။ အဲဒီတုန်းက မြန်မာထဲက လခထောင်ကျော်ရတဲ့လူ နှစ်ဦးသုံးဦးပဲ ရှိသေးတယ်။ ဒီအလုပ်ကို ၁၉၂၀ ခုနှစ်အထိပဲ လုပ်ခဲ့တယ်။

၁၉၂၀ ခုနှစ် ကောလိပ်ကျောင်းသားသပိတ်ပေါ်ပေါက်လာတဲ့ အခါ၊ ထောင်ကျော်လခနဲ့ ရာထူးကို စွန့်လွှတ်ပြီး အမျိုးသားအရေးအခင်းဘက်ကို အမောတကော ပြေးလာခဲ့သူပါ။ အဲဒီမှာ အမျိုးသားပညာရေး အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌလုပ်ခဲ့ပါတယ်။ အမျိုးသား ပညာရေး အဖွဲ့ချုပ် ဥက္ကဋ္ဌ လုပ်ပေမယ့် လခမရတဲ့ စေတနာ့ဝန်ထမ်းပါ။ လခမရတဲ့အပြင် အိပ်ထဲက တစိုက်ထဲ စိုက်နေခဲ့ရပါသတဲ့။

စီအင်န်အီး[၃] ဖွဲ့စည်းတဲ့ ရည်ရွယ်ချက်ကတော့ သပိတ်မှောက် ကျောင်းသားတွေကို ထိန်းသိမ်း စောင့်ရှောက်ပေးဖို့ အမျိုးသား ပညာရေး၊ သခင်ပညာရေး တိုးပွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့ခဲ့တာပဲ။

စီအင်န်အီးလက်အောက်မှာ ကလေးတွေကို ပထမတန်းကနေ အဆင့်ဆင့် (၁၀)တန်းအထိ၊ အဲဒီကနေ အိုင်အေ၊ ဘီအေ၊ အတန်းအထိ ဖွင့်လှစ်ထားရှိခဲ့ပါတယ်။

ဒီးဒုတ်ဦးဘချိုတို့က နေရှင်နယ် ကောလိပ် (အမျိုးသားကောလိပ်)ကို တည်ထောင်ခဲ့တယ်။ ဒီးဒုတ်ဦးဘချို၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ မစ္စတာအိုင်ယား၊ မတ္တရပ်ဟင်း စတဲ့ စေတနာရှင်တွေက ဆရာတွေ ဖြစ်ပါတယ်။ မစ္စတာအိုင်ယားနဲ့ မစ္စတာ မတ္တရပ်ဟင်းစတဲ့ အိန္ဒိယ အမျိုးသားဆရာတွေကိုတော့ စီအင်န်အီးက ထောက်ပံ့ငွေပေးတယ်။

---

၁။ Chief Court

၂။ High Court

၃။ Central National Education

စီအင်န်အီးနဲ့ ပတ်သက်ပြီး ၁၉၆၉ ခုနှစ် ဇွန်လထဲမှာ ဆာအမ်အေ ဦးမောင်ကြီးကို ကျမ်းပြုသူ တွေ့ဆုံမေးမြန်းတဲ့အခါ သူက ဒီလို စိတ်ရှည်လက်ရှည် လေအေးအေးနှင့် ပြောပြပါတယ်။

ပထမတော့ စီအင်န်အီး အဖွဲ့ဝင်တွေဟာ အင်မတန် တက်တက်ကြွကြွ အလုပ်လုပ်ကြပါတယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ပထမလောက် စိတ်အား ထက်သန်မှု မရှိတော့ဘူး။

ရန်ပုံငွေရှာဖွေ ကောက်ခံစုဆောင်းဖို့ စီအင်န်အီးအဖွဲ့က ပွဲစားကြီး ဦးဘိုးခိုင်၊ ဦးဘိုးတက်တို့ကို ရွေ့ကထားပြီး ကောက်ခံကြရပါတယ်။ သူတို့က ရန်ကုန်မြို့ရဲ့ မျက်နှာဖုံးတွေမို့ပါ။

နောက်ပိုင်းကျတော့ ငွေကောက်ရေး တာဝန်ကို မယူနိုင်တော့ဘူး ဆိုပြီး သူတို့အခက်အခဲကို တင်ပြကြတယ်။ သူတို့ ရှင်းပြတာက လူတွေက အမျိုးသား ပညာရေး ရန်ပုံငွေ မထည့်ကြတော့ဘူးတဲ့။ သွားကောက်ခံရင် အရင်ကလို အဆင်မပြေတော့ဘူး။ အလှူသွားခံရင် ရက်ချိန်းပေးတယ်။ ရက်ချိန်းရတဲ့နေ့ သွားပြန်တော့ လူအတွေ့ မခံဘူး။ တံခါးပိတ်ထား တယ်တဲ့။

ဘဏ္ဍာရေးရှာဖွေပေးတဲ့ ပွဲစားကြီးတွေက မျက်နှာအောက်ကျ နောက်ကျခံပြီး မကောက်နိုင်တော့ဘူးတဲ့။ မျက်နှာအပူခံ အောက်ကျ နောက်ကျခံပြီး ကောက်ခံပေမယ့် ထင်သလောက် အလုပ်က ဖြစ်မလာဘူး၊ ကြာတော့ မျက်နှာငယ်လှတယ်တဲ့။ ကိုယ့်စီးပွားရေး ကိစ္စဆိုရင် ဒီလောက်မျက်နှာ အောက်ကျနောက်ကျ ဖြစ်ရတဲ့အလုပ်မျိုး မျက်နှာငယ်ရတဲ့အလုပ်မျိုး မလုပ်ပါဘူးဆိုပြီး မချမ်းမြေ့စရာ တင်ပြလာကြသတဲ့။ အမှန်ကတော့ ဦးဘိုးခိုင်က နိုင်ငံရေး ဝါသနာ မပါဘူး။ တနွယ်ငင်တော့ တစဉ်ပါဆိုသလို ပါဝင်ကူညီ ခဲ့တာပါ။ ဦးဘိုးတက်ကတော့ နိုင်ငံရေး ဝါသနာပါတယ်။

အစတုန်းက ငွေရေးကြေးရေး တတ်နိုင်မယ်ဆိုရင် နေရှင်နယ် ကောလိပ် လောက်နဲ့တင် ကျေနပ်နှစ်သိမ့်ပြီး ရပ်မနေဘဲ အမျိုးသား တက္ကသိုလ်ကျောင်းတိုက် အဆင့်အထိ တိုးမြှင့်သွားဖို့ စီအင်န်အီးမှာ ရည်ရွယ်ချက် ရှိခဲ့တယ်။ အခုတော့ ဘဏ္ဍာရေး အခက်အခဲက ရှိလာလေတော့ အမျိုးသားတက္ကသိုလ် ကျောင်းတိုက်ဖွင့်ဖို့ဆိုတာထည့်ပြီး

အိပ်မက်တောင် မမက်ဝံ့တော့ဘူး။ ဒီအမျိုးသား ကောလိပ်ကျောင်း အတွက် ဆက်လက် မထောက်ပံ့နိုင်တော့ ကျောင်းကြီးကို ပိတ်ပစ်လိုက် ရတာပါ။

ဒီတုန်းက အမ်အေဦးမောင်ကြီးဟာ တောင်ငူတောင်ပိုင်း အမတ် အဖြစ် ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တယ်။ ဒီအချိန်မှာပဲ အင်္ဂလိပ်အစိုးရက ပညာရေးဝန်ကြီးလုပ်ဖို့ စကားကမ်းလှမ်းလာတယ်။

အဲဒီကိစ္စကို "နေရှင်နယ်လစ်ပါတီ"မှာ ထည့်သွင်းစဉ်းစား ကြတယ်။ နဂိုကမှ လူတွေက ပြောချင်ချင်ဖြစ်နေရတဲ့အထဲ အခုလို ဝင်လုပ်ရရင် စောင့်ပြီး အပြစ်ရှာနေသူတွေအတွက် အကွက်ရသွားမယ်။ အဲဒါကြောင့် ဝင်မလုပ်ဖို့ အများက ဆုံးဖြတ်ကြပါသတဲ့။

အဲဒီနောက် (၂၁)ဦး ပါတီထဲမှာ အရေးတကြီး စည်းဝေးပွဲတစ်ရပ် ကျင်းပပြန်ပါတယ်။ တကယ်လို့များ ပညာရေးဝန်ကြီးအဖြစ် တာဝန်ယူ ရမယ်ဆိုရင် အရေးကြီးတဲ့ ဟောဒီအချက် နှစ်ချက်ကိုရအောင် ဆောင်ရွက်ခွင့် ရမယ်ဆိုရင် ပညာရေးဝန်ကြီးရာထူး ဝင်ယူဖို့။ အဲဒီအချက် နှစ်ချက်ကတော့ –

(၁) ယူနီဘာစီတီ အက်ဥပဒေကို တိုင်းပြည်သဘောကျ ပြုပြင် ပေးဖို့။

(၂) အမျိုးသားကျောင်းတွေကို ခရစ်ယာန်သာသနာပြုကျောင်း တွေလို အထောက်အပံ့ ပေးဖို့ဖြစ်တယ်။

အဲဒီ သဘောတူချက် (၂)ချက်ကို အစိုးရဆီ တောင်းဆိုတဲ့အခါမှာ အစိုးရကလဲ ခွင့်ပြုခဲ့တယ်။ ဒါကြောင့် အမ်အေဦးမောင်ကြီးဟာ ဒိုင်အာခီအုပ်ချုပ်ရေး အဖွဲ့မှာ ဝင်ရောက်ပြီး ပညာရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ပါတယ်။

ရန်ကုန်ယူနီဘာစီတီ အက်ဥပဒေကို အိန္ဒိယပြည် မဒရပ် ယူနီဘာစီတီ အက်ဥပဒေလောက် ပြင်ရရင် ကောင်းမယ်လို့ (၂၁)ဦး ပါတီထဲမှာ ဆွေးနွေးပြီး ဒီအတိုင်းပဲ ဆုံးဖြတ်ခဲ့တယ်။ "မဒရပ် ယူနီဘာစီတီ အက်ဥပဒေမှာ အဓိကတော့ တက္ကသိုလ်အုပ်ချုပ်ရေး အပိုင်းမှာ ပြည်သူ့ကိုယ်စားလှယ် ပါဝင်ခွင့်ရှိတယ်။ ဒီအတိုင်းပဲ ရန်ကုန်ယူနီဘာစီတီ အက်ဥပဒေကို ပြင်ဆင်ခဲ့တယ်။

အမ်အေ ဦးမောင်ကြီးက ဒီလို ဆက်ပြောပြန်တယ်။

အင်္ဂလိပ်လည်း ဝိုင်းရုံလျက်ရှိတဲ့ သူတွေကို မီးမောင်းထိုးပြပါဆိုရင် နေ့ရှင်နယ်ကျောင်းဆရာတွေကို ပြရုံပါပဲ။ မြန်မာပြည်တစ်လွှားမှာ ရှိတဲ့ အမျိုးသားကျောင်းတွေ ဘယ်လောက်ဆင်းဆင်းရဲရဲနဲ့ ရပ်တည်နေရတယ်ဆိုတာ ကျုပ်တို့ကိုယ်တွေ့ပါ။ အမျိုးသားကျောင်းတွေ အသက်ရှင်နေလေ တိုင်းပြည်အတွက် အကျိုးများလေပဲ။ ပြီးတော့ ပညာရေးတွက် သုံးရမယ့် ဘဏ္ဍာငွေတွေဟာ ပညာရေးဘက်မှာ မသုံးဖြစ် လိုက်ရရင် တခြားဌာနဘက် ရောက်သွားမယ်။ ဒါကြောင့် အမျိုးသား ကျောင်းတွေ အစိုးရ အထောက်အပံ့ယူဖို့ လျှောက်ကြဖို့ အကြံပေး တိုက်တွန်းခဲ့ရတယ်။ ရန်ကုန်၊ တောင်ငူ၊ မန္တလေး အစရှိတဲ့ အမျိုးသားကျောင်းတွေဟာ အစိုးရရဲ့ အထောက်အပံ့ကို ယူခဲ့လို့ ဒုတိယကမ္ဘာစစ်ဖြစ်တဲ့အထိ တည်တံ့ခဲ့တယ် မဟုတ်လား။ အမျိုးသားကျောင်း (၂၀၀)လောက်ရှိတဲ့အထဲ အချို့အစိုးရ အထောက်အပံ့ မယူကြတဲ့အတွက် ကျောင်းတစ်ဝက်ကျော်ကျော်လောက်ဟာ ပိတ်သွားခဲ့တယ်။

အမျိုးသားကောလိပ်ကျောင်း ပိတ်ပစ်လိုက်ပြီးတဲ့နောက် ကျောင်းသားတွေ ပညာရေးမှာ တိုးလိုးတန်းလန်းနဲ့ နစ်နာမှုတွေ မဖြစ်ရလေအောင်ဆိုပြီး ရန်ကုန်ကောလိပ်မှာ ဆက်လက် တက်ရောက်ခွင့် ပေးခဲ့တယ်။ သူတို့အတွက် အရည်အချင်းအရ ကျောင်းဝင်စာမေးပွဲ[၁]တွေ လုပ်ပေးတယ်။ အရည်အချင်းအရ အတန်းတွေမှာ နေရာချထား ပေးခဲ့တယ်။

ကျောင်းတွေ အထောက်အပံ့ပေးတဲ့အခါမှာ စနစ်နဲ့ဘောင် ဝင်အောင် စနစ်ဇယားနဲ့ လုပ်ကိုင်ခိုင်းရတယ်။ ကျောင်းသားဦးရေ၊ ကျောင်းစည်းကမ်း၊ ကျောင်းသားမှတ်ပုံတင်၊ ကျောင်းသား အရည်အချင်းတွေဟာ အထောက်အပံ့ ခံကြရမယ့် ကျောင်းတွေရဲ့ အရည်အချင်း မျိုး ရှိရတယ်။ တိုးတက်တဲ့ ကျောင်းတွေ စည်းကမ်းကလနားနဲ့ ဘောင်ဝင်မယ့် ကျောင်းတွေသာ အထောက်အပံ့ ပေးမယ်လို့ စည်းမျဉ်း စည်းကမ်း ရှိခဲ့ပေမယ့် လျှောက်လွှာတင်တဲ့ အမျိုးသားကျောင်းတွေ

၁။ Preliminary Examination

အားလုံးကို အစိုးရက အသိအမှတ်ပြုပြီး အထောက်အပံ့ပေးခဲ့တယ်။ ခြွင်းချက်မထားခဲ့ဘူး။

အဲဒီလို အထောက်အပံ့ကျောင်းတွေ ဖြစ်သွားပြီဆိုတော့ တခြားခရစ်ယာန် သာသနာပြုကျောင်းတွေလိုပဲ အခွင့်အရေးတန်းတူ ရရှိစေတယ်။ ဆရာတွေကို သူ့သဘောနဲ့ သူခန့်ခွင့်ရှိတယ်။ ပညာဝန်တွေကိုလဲ လွတ်လွတ်ကင်းကင်း ထားရှိခွင့် ပေးထားတယ်။ စီအင်န်အီးက ခန့်တဲ့ အမျိုးသား ပညာဝန်တွေကလဲ သူ့ကျောင်းတွေ စစ်တယ်။ ကျောင်းစာအုပ် သတ်မှတ်ပေးတယ်။ သင်ရိုးညွှန်းတမ်းတွေကိုလဲ စီအင်န်အီးကပဲ သတ်မှတ်ရေးဆွဲပေးတယ်။ သူ့ဟာသူ ကင်းလွတ်မှု ပြည့်ပေးခဲ့ပါတယ်။

ပညာရေးဝန်ကြီးကတော့ ဌာနအကြီးအကဲ[၂]တွေကိုသာ ကွပ်ကဲထားရတယ်။ အစိုးရအနေနဲ့ ပညာရေး နိမ့်ကျမသွားရလေအောင် အဓိကထား ကြိုးကိုင်ဆောင်ရွက်ရတာပါပဲလို့ အသက်ကြီးလှပြီဖြစ်တဲ့ အမ်အေဦးမောင်ကြီးက စိတ်ရှည်ရှည်နဲ့ နားနားနေနေ အားယူပြီး ကျမ်းပြုသူကို ပြောပြခဲ့ပါတယ်။

တစ်ချိန်က ဆာအမ်အေ ဦးမောင်ကြီးဟာ အမျိုးသား ပညာရေးအဖွဲ့ချုပ်မှာ ဝင်လုပ်ခဲ့သူမို့ အမျိုးသားကျောင်းတွေပေါ်မှာ ကြီးမားတဲ့ သံယောဇဉ် ရှိသူပါ။ သူဟာ ကြီးမားတဲ့ အမြော်အမြင်လဲ ရှိခဲ့တယ်။ ဒါကြောင့် သူ့လက်ထက်မှာ သူတတ်နိုင်သလောက် ပိုင်ခွင့်ရှိသလောက် အမျိုးသားကျောင်း ကိစ္စတွေမှာ လိုလိုချင်ချင်နဲ့ ဖျတ်ဖျတ်လတ်လတ် လုပ်ဆောင်ပေးခဲ့ပါတယ်။ သူဆောင်ရွက် ပေးခဲ့တာတွေက–

(၁) အမျိုးသား ကောလိပ်မှာဘွဲ့ရတဲ့ ကျောင်းသားတွေကို အစိုးရ အနေနဲ့ အသိအမှတ် ပြုလိုက်တယ်။ အရင်ကဆိုရင် ဆရာကြီး ဦးရာဇတ်ဟာ သပိတ်မှောက်ပြီး ယူနီဘာစီတီကျောင်းကို ပြန်မသွားဘဲ အမျိုးသားကောလိပ်မှာ ဆက်တက်ခဲ့တယ်။ အဲဒီမှာပဲ ဘီအေဘွဲ့ကို ယူခဲ့တယ်။ အမျိုးသား ကောလိပ်ကျောင်းက အောင်ခဲ့တဲ့အတွက်၊ အေ–ရာဇတ် ဘီအေ (Nat)လို့ ဘွဲ့တပ်ပြီး ခေါ်ခဲ့ပါတယ်။ (Nat) ဆိုတဲ့ အဓိပ္ပာယ်ကတော့ အမျိုးသား ကောလိပ်က ဘွဲ့ရကြောင်း

---

၂။ Head of the Department.

ဖော်ပြခြင်းပါ။ အမျိုးသားကျောင်းက ဘွဲ့ရရင် ရတဲ့ဘွဲ့အနောက်က Nat ဆိုတဲ့ အတိုကောက် စာလုံးကို ဖော်ပြကြတယ်။

အမျိုးသားကောလိပ်က ဘွဲ့ရပေမယ့် ဒီဘွဲ့ကို အင်္ဂလိပ်စိုးရက အသိမှတ်မပြုခဲ့ဘူး။ အင်္ဂလိပ်အစိုးရက အသိအမှတ်ပြုပြု မပြုပြု အမျိုးသားကျောင်းက ဘွဲ့ရခဲ့တဲ့သူတွေကတော့ ဂရုမစိုက်ပါဘူး။

သူတို့ကို မြန်မာတစ်မျိုးသားလုံးက အသိအမှတ်ပြုဖို့ သူတို့လို လားတယ်။ အမျိုးသားကောလိပ်ဘွဲ့ကိုပဲ သူတို့တန်ဖိုးထား ဂုဏ်ယူတယ်။

အဲဒီတော့ ပညာရေးဝန်ကြီးဖြစ်တဲ့ အမ်အေဦးမောင်ကြီးဟာ သူ့လက်ထက်မှာ ဒီအမျိုးသား ကောလိပ်က ပေးခဲ့တဲ့ ဘွဲ့တွေကိုလဲ အသိအမှတ်ပြုလိုက်တယ်။ အဲဒီနောက် အစိုးရ ယူနိဘာစီတီကျောင်း တွေက ပေးတဲ့ဘွဲ့နှင့် ခွဲခြားမှု မရှိတော့ဘဲ တစ်တန်းစားတည်း ဖြစ်လာတယ်။ အဲဒီနောက် ဘီအေနတ် (B.A Nat) ဆိုတဲ့ နေရာမှာ (Nat) ကို ဖြုတ်ထားလိုက်ပြီး ဘီအေလို့သာ ခေါ်ကြတော့တယ်။

(၂) အမျိုးသားကျောင်းတွေကို အစိုးရက အထောက်အပံ့ ပေးခဲ့တယ်။ ပညာရေးဝန်ကြီး အမ်အေဦးမောင်ကြီးဟာ အမျိုးသား ကျောင်းတွေရဲ့ တကယ့်ရန်ပုံငွေ အခြေအနေကို သိသူပါ။ သူ စီအင်န်အီးမှာ ဥက္ကဌလုပ်ခဲ့စဉ်က ဗဟန်းအမျိုးသားကောလိပ် ပျက်သွား ရတဲ့ အကြောင်းရင်းတွေအနက် ဘဏ္ဍာရေးဟာ ထိပ်တန်းက ပါဝင်နေ တယ်ဆိုတာ သူအသိဆုံးပါ။

ဒါကြောင့်မို့ မြန်မာပြည် အနှံ့အပြားမှာရှိနေတဲ့ အမျိုးသားကျောင်းတွေကို ဗဟန်းအမျိုးသား ကောလိပ်လို ပျက်စီးသွားမှာ သူစိုးရိမ်ခဲ့တယ်။ ဒါကြောင့် အမျိုးသားကျောင်းတွေအားလုံးဟာ အစိုးရအထောက်အပံ့နဲ့ အသက်ဆက်ရင်း ဆက်လက်အသက်ရှည်နေအောင် သူဆောင်ရွက်ပေးခဲ့ပါတယ်။

အဲဒီလို အမျိုးသားကျောင်းတွေ အစိုးရ အထောက်အပံ့ကို ရယူကြပါဆိုပြီး အကြံပေးတိုက်တွန်းခဲ့ရုံမကဘူး၊ တချို့မြို့တွေကို လူလွှတ်ပြီး စည်းရုံးခိုင်းပါ သေးတယ်။ အစိုးရအထောက်အပံ့ရမယ့် ဥစ္စာပဲ ဒါကို အထူးလူလွှတ် စည်းရုံးနေရသလားလို့ စာဒက တက်ချင်တက်ကြပါလိမ့်မယ်။ အမှန်ကတော့

ဒီကိစ္စဟာ အရေးကြီးတဲ့ ကိစ္စပါ။ နောက်ပြီး ပြဿနာတွေ ပေါ်ပေါက်ရှုပ်ထွေး နေတဲ့ အတွက်ကြောင့်ပါ။

ဒါဟာအမျိုးသားကျောင်းတွေအထဲမှာ အကြီးအကျယ် အငြင်းအခုန် ဖြစ်ခဲ့တယ်။ စည်းလုံးညီညွတ်တဲ့ အမျိုးသား အင်အားစုတွေလဲ အကြီးအကျယ် အယူအဆ ကွဲခဲ့တယ်။ နယ်ချဲ့ ဗြိတိသျှအစိုးရကို အင်မတန် မုန်းတီးပြီး အမျိုးသားစိတ် ပြင်းထန်တဲ့ တချို့ပုဂ္ဂိုလ်တွေက "တို့အင်္ဂလိပ်အစိုးရဆီ အထောက်အပံ့ မယူဘူး၊ မြန်မာအမျိုးသားတွေပေါ်မှာပဲ ဖြစ်သလို ရပ်တည် မယ်ဟေ့"ဆိုပြီး ပညာဝန်ကြီး အမ်အေဦးမောင်ကြီးရဲ့ အကြံပေးချက်တွေကို ခါးခါးသီးသီး ကန့်ကွက်ဆန့်ကျင် တော်လှန်ပစ်ကြတယ်။

ဒီအဖြစ်အပျက်မျိုးတွေ ကြုံတွေ့ရတဲ့အတွက်၊ ပညာရေးဝန်ကြီး အမ်အေ ဦးမောင်ကြီးဟာ စီအင်န်အီး အတွင်းရေးမှူးဖြစ်တဲ့ ဦးမောင်မောင်အုန်းခိုင်ကို မန္တလေးကို လွှတ်ခဲ့တယ်။ ဦးမောင်မောင်အုန်းခိုင်က အဲဒီခေတ်တုန်းက လူသိများသူပါ။ သူက သူဌေးဦးအုန်းခိုင်ရဲ့သားပါ။

မန္တလေးကို ရောက်တဲ့အခါမှာ ဆရာကြီးဦးရာဇတ်နဲ့ ဆရာဦးထွန်းမောင် တို့ကို ခေါ်ယူတွေ့ဆုံပါတယ်။ အဲဒီအချိန်မှာ ဆရာကြီး ဦးရာဇတ်က ကျောင်းဆရာကြီး ဖြစ်နေပြီလေ။ ကျောင်းအုပ်ကြီးကတော့ ဦးဘဦးပါ။ ဆရာကြီး ဦးရာဇတ်နဲ့ ဆရာဦးထွန်းမောင်တို့ကို ဦးမောင်မောင်အုန်းခိုင်က အစိုးရ အထောက်အပံ့ကိစ္စကို ရှင်းလင်းတင်ပြပြီး အမျိုးသားကျောင်းတွေ အထောက်အပံ့ ယူသင့်ကြောင်း အကြံပေး တိုက်တွန်းခဲ့တယ်။

ဒီတင်ပြချက်ဟာ အမျိုးသားကျောင်းတွေအတွက် အင်မတန် အရေးကြီးတဲ့ ပြဿနာမို့ ဆရာကြီးဦးရာဇတ်နဲ့ ဆရာဦးထွန်းမောင်အနေနဲ့ ကန့်ကွက်စရာ မရှိဘူး။ ကျောင်းကြီး သက်ဆိုးရှည်ဖို့ဆိုတဲ့ အဓိကရည်ရွယ်ချက် တစ်ခုတည်းသာ ထားခဲ့ကြပါတယ်။

## ကျောင်းကော်မတီကွဲခြင်း

ဒီကိစ္စအတွက် ဆရာကြီး ဦးရာဇတ်နဲ့ ဆရာဦးထွန်းမောင်တို့က အရေးပေါ်အစည်းအဝေး တစ်ရပ် ခေါ်ယူပါတယ်။ ကျောင်းအုပ်ချုပ်ရေး ကော်မတီနဲ့ ဆရာဆရာမများပါ တက်ရောက်တဲ့ ဒီအရေးပေါ် အစည်းအဝေးမှာ ဒီကိစ္စတွေကို ရှင်းလင်းတင်ပြလိုက်တယ်။ ကျောင်းအုပ်ချုပ်ရေး အဖွဲ့မှာ

ကော်မတီ ၂၀ ရှိပါတယ်။ ဒီ ၂၀ ဦး ကော်မတီရှိတဲ့ အထဲမှာ ရှစ်ဦးက လက်မခံသင့်ကြောင်း ကန့်ကွက်ခဲ့တယ်။ ဒါပေမယ့် အများက လက်ခံဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ဒီအချိန်အထိ အမျိုးသားကျောင်းဆရာ–ဆရာမတွေဟာ ကိုယ့်ထမင်း ကိုယ်စားပြီး ယောက်မကျွဲကျောင်းနေတဲ့ သဘောပဲ၊ ဘယ်ကမှ အထောက်အပံ့ မည်မည်ရရရှိတာ မဟုတ်ဘူး၊ ရေသောက်ပြီး ကိုယ့်စရိတ်နဲ့ကိုယ် အနစ်နာခံ စေတနာသန့်သန့်နဲ့ တက်တက်ကြွကြွ လုပ်အားပေးနေချိန်ပေါ့။

ရွှေမျက်မှန် ကိုယ်တော်ဦးဝိဇယ ခေါင်းဆောင်တဲ့ ရှစ်ဦးကော်မတီအဖွဲ့က လက်မခံဘဲ ခွဲထွက်သွားပါတယ်၊ ဒါတင်မကဘူး "ငရာဇတ် ငထွန်းမောင်ဆိုတဲ့ အကောင်တွေ ပိုက်ဆံမျက်နှာလိုက်လို့ အထောက်အပံ့ ယူတယ်ဟေ့ ငရဲကျမယ့် အကောင်တွေ "စတဲ့ ကြော်ငြာတွေ လိုက်ကပ်လို့ကပ်။ အစည်းအဝေးတွေ လုပ်လို့လုပ် ရှုတ်ချလို့ချနဲ့ လုပ်ကြတော့တယ်။

အဲဒီတုန်းက ဒိုင်အာခီနဲ့ ဝံသာနု ကွဲတဲ့အချိန်လဲဖြစ်လို့ အစိုးရအထောက် အပံ့ကို ယူတဲ့ဆရာကြီး ဦးရာဇတ်တို့ အုပ်စုကို ဒိုင်အာခီ အဖွဲ့ဝင်တွေလို့လဲ စွပ်စွဲကြပါသေးတယ်တဲ့။ ဝံသာနုအဖွဲ့ကတော့ အစိုးရရဲ့ အထောက်အပံ့ကို လက်မခံဘူး၊ အမှန်ကတော့ ဆရာကြီးတို့ဟာ ဘယ်အဖွဲ့အစည်းဝင်တွေမှ မဟုတ်ကြပါဘူးတဲ့။

အဲဒီကြော်ငြာကပ်တော့ ဆရာကြီးက ဆရာဦးထွန်းမောင်ဆီ ပြေးလာပြီး စိုးရိမ်တကြီး ပြောပြတာကတော့။

"အဲဒီအတိုင်းသာဆိုရင် သူတို့ကျောင်းပစ္စည်းတွေ ဖွတ်အတင်း လာသယ် သွားမယ်ထင်တယ်။ ကျောင်းတက်မယ့် အပေါက်တွေကနေ ကျောင်းသားတွေ ကျောင်းမတက်နိုင်အောင် သပိတ်တားကြမယ် ထင်တယ်"

အဲဒီမယ်ဆရာထွန်းမောင်က ဒီလိုပြန်နှစ်သိမ့် အကြံပေးပါသတဲ့။

"သူတို့ပစ္စည်းတွေ သယ်ချင်သယ်သွားပါစေ ဆရာကြီး၊ ဒါပေမယ့် သပိတ်တားဖို့ကတော့ သူတို့မှာ လူမရှိပါဘူး"

အဲဒီထင်မြင်ချက်အတိုင်း ပစ္စည်းတွေကို သယ်ယူသွားပါတယ်။ ဒီလို ဘုံပိုင်ပစ္စည်းတွေကို မောင်ပိုင်စီးသွားပေမယ့် ဆရာကြီးတို့အစုက ဘယ်လိုမှ မကန့်ကွက်ဘူး၊ ပိုပြီး ပဋိပက္ခတွေ ဖြစ်မှာမို့ အနှောင့်အယှက် တစ်စုံတစ်ရာ မပေးခဲ့ဘူး၊ တစ်ဘက်အုပ်စုကလဲ သပိတ်တော့ မတားကြပါဘူး။ ကျောင်းပစ္စည်း

တွေကိုတော့ ကျောင်းကော်မတီတစ်ဦးဖြစ်တဲ့ စပါးပွဲစားကြီး ဦးစိုးမင်းက တရုတ်တန်းလမ်း အမှတ် (၈၀) ရှိ အမျိုးသမီး အဆောက်အအုံဆီကို အကုန်သယ်သွားသတဲ့။ သူက အမျိုးသမီး နေရှင်နယ်ကျောင်းမှာလဲ ကော်မတီ တစ်ဦးဖြစ်နေတာကိုး။

ခွဲထွက်သွားတဲ့ ကော်မတီ (၈)ဦးအနက် ခေါင်းဆောင်ငါးဦးက (၁) ကျောင်းကော်မတီဥက္ကဋ္ဌ ဦးဘရွှေ၊ (၂) စပါးပွဲစားကြီး ဦးစိုးမင်း၊ (၃) စိပိဦးခင်မောင် (စီးပွားရေး ပုံနှိပ်တိုက်[၁] ပိုင်ရှင်မို့ စိပိဦးခင်မောင်လို့ ခေါ်တာပါတဲ့) (၄) အတွင်းရေးမှူး မမြနှင့် အင်ဆန်း စာပုံနှိပ်တိုက်ပိုင်ရှင် ဦးခင်မောင်မောင် (၅) ဆရာဝန် ဦးစံကောက်တို့ ဖြစ်ကြတယ်။

ဗဟိုအမျိုးသားကျောင်းမှာ ကျောင်းသား ၈၀၀ ကျော်ရှိပါတယ်။ ကျောင်းနှစ်ခြမ်းကွဲသွားတယ်ဆိုရင်ပဲ ကျောင်းသားမိဘတွေနဲ့ ကျောင်းသား တွေလဲ စိတ်ပျက်ပြီး တွေဝေကုန်ကြတယ်။ တချို့ကျောင်းမတက်ဘဲ နေခဲ့ ကြတယ်။ အခွန်ချည်းကျန်ခဲ့တဲ့ ဆရာကြီး ဦးရာဇတ်တို့ကျောင်းမှာ မယိမ်းမယိုင်ဘဲ ကျောင်းတက်နေတဲ့ ကျောင်းသားတွေက ၁၇၀ ကျော်ကျော် လောက်ပဲ ကျန်ရှိတော့တယ်။

ရွှေမျက်မှန်ကိုယ်တော် ဦးဝိဇယ ခေါင်းဆောင်ပြီး ခွဲထွက်သွားတဲ့ ဦးဘရွှေတို့ အုပ်စုဘက်က ကျောင်းကိုတော့ အဲဒီခေတ်က ဘုန်းကြီးနေရှင်နယ် ကျောင်းရယ်လို့ သမုတ်ကြပါသတဲ့။ သူတို့ဆီမှာ ကျောင်းသား ၁၀၀ ကျော်လောက်ပါသွားတယ် ဆိုပဲ။

ကျောင်းမှာ ကျောက်သင်ပုန်းမရှိ၊ စားပွဲကုလားထိုင် ဗလာ၊ ကျောင်းသား တွေအတွက် စာရေးခုံနဲ့ ခုံတန်းတွေ နတ္ထိ၊ ဒါကြောင့်မို့ ကျောင်းသားတွေ ကြမ်းခင်းပေါ်ထိုင်ပြီး စာသင်ရတော့တယ်။ ကျောင်းသားတွေအတွက် စာသင်တဲ့ ကျောက်သင်ပုန်းတွေလဲ မရှိတော့လို့ ကြမ်းခင်းပေါ်မှာပဲ မြေဖြူနဲ့ ရေးခြစ်ပြီး စာပြရတဲ့ အဖြစ်ပါပဲ။ နှစ်လလောက်ကြာတဲ့အထိ ဒီလိုပဲ ကြမ်းပေါ်စာသင် ခဲ့ရတယ်။ အဲဒါကြောင့် ကျောင်းအုပ်ကြီးဦးဘဦး အမှူးပြုတဲ့ ကျောင်းကော်မတီ တွေနဲ့ ကျောင်းဆရာကြီးဦးရာဇတ်၊ ဆရာဦးဘလှ၊ ဆရာဦးထွန်းမောင်စတဲ့ ပုဂ္ဂိုလ်တွေက ပြည်သူတွေဆီ သွားရောက်ပြီး ကျောင်းပရိဘောဂတွေကို

၁။ Commercial Press

အလှူခံကြရပါတယ်။ တစ်ဖန် အစိုးရဆီ အထောက်အပံ့ရတော့မှပဲ ကျောင်း ပရိဘောဂ ပစ္စည်းတွေကို ထူထောင်ရပါတယ်။

နယ်ချဲ့ရဲ့ ကျွန်ပညာစနစ်ကို တစ်မျိုးသားလုံး ညီညီညွတ်ညွတ် ဆန့်ကျင်တိုက်ခိုက်ပြီး သခင်ပညာကို အစားထိုးဖို့ အပတ်တကုတ်ကြိုးစား ပါတယ်ဆိုတဲ့ ဒီမျိုးချစ်အင်အားစုတွေအတွင်း ဒီလိုကွဲပြဲကြတယ်ဆိုတဲ့ အဖြစ်မျိုးကို မမျှော်လင့်ဘဲ ကြုံတွေ့လိုက်တယ်ဆိုရင်ပဲ ပြည်သူတွေဟာ အင်မတန် စိတ်ထိခိုက်လာပါတော့တယ်။ နယ်ချဲ့ဆန့်ကျင်ရေး အင်အားပြိုကွဲတာနဲ့အမျှ "မျက်ဖြူဆိုက်လေ–ဆရာကြိုက်လေ"ဆိုတဲ့ စကားလို ဗြိတိသျှ နယ်ချဲ့အစိုးရကတော့ မနောရွှင်နေမှာပဲ။

အမျိုးသားချင်း ကွဲကြပြဲကြတာတွေကို မလိုလားလို့ စိတ်ပျက် ဘောထိုင်နေကြတဲ့ ကျောင်းသားမိဘတွေဆီလဲဆရာကြီး ဦးရာဇတ်တို့ အစုဟာ သွားရောက်ပြီး အစိုးရ အထောက်အပံ့ ဘာကြောင့် ယူရသလဲဆိုတဲ့ အချက် တွေကို စိတ်ရှည်လက်ရှည် ရှင်းပြ စည်းရုံးကြပါတယ်။ အဲဒါကြောင့် တွေဝေ စိတ်ပျက်နေတဲ့ ကျောင်းသားမိဘတွေဟာ သူတို့သားသမီးတွေကို ကျောင်းပြန် လွှတ်တော့တယ်။

၁၉၂၄ ခုနှစ် လောက်မှာတော့ ကျောင်းတွင်း ပရိဘောဂတွေလဲ အတော်ပြည့်စုံလာတယ်။ ကျောင်းသားတွေလဲ ၈၀၀ ကျော်လောက် ဖြစ်ခဲ့တယ်။ ကျောင်းကြီးလဲ စည်စည်ကားကား စိုစိုပြည်ပြည် ဖြစ်လာပါတော့တယ်။

၁၉၂၄ ခုနှစ်လောက်မှာ အထောက်အပံ့ကို မယူဘူးဆိုပြီး ကိုယ့်နည်း ကိုယ့်ဟန်နှင့် ရပ်တည်ခဲ့တဲ့ ကျောင်းတွေဟာ ဘဏ္ဍာရေး အကျပ်အတည်းနဲ့ ရင်ဆိုင်လာခဲ့တဲ့အတွက် နောက်ဆုံးကျောင်းတွေကို ပိတ်ပစ်လိုက်ကြရတယ်။

၁၉၂၀ ခုနှစ် ကောလိပ်ကျောင်းသားတွေ သပိတ်ကြောင့် တစ်ပြည်လုံး မှာ အမျိုးသားကျောင်း ၆၈ ကျောင်း ဖွင့်နိုင်ခဲ့တယ်ဆိုပဲ။ တချို့အဆိုကတော့လဲ ၉၀–ကျော် ဖွင့်နိုင်ခဲ့တယ်တဲ့။ အချို့ကတော့လဲ အမျိုးသားကျောင်း ၂၀၀ လောက် ရှိခဲ့သတဲ့။ အတိအကျ မသိခဲ့ရဘူး၊ အစိုးရအထောက်အပံ့ကို မယူခဲ့တဲ့အတွက် အမျိုးသားကျောင်း အလျှိုအလျှို ပြုတ်သွားပါတယ်။ နောက်ဆုံး ကျောင်း ၅၀ လောက်ပဲ ကျန်ခဲ့ပါသတဲ့။

အဲဒီလို အမျိုးသားကျောင်းတွေ ပိတ်ပစ်လိုက်တော့ အဲဒီကျောင်းတွေက ကျောင်းသားတွေဟာ ဗဟိုအမျိုးသားကျောင်းကို လာပေါင်းခဲ့ကြပါသတဲ့။

အစိုးရ အထောက်အပံ့ရယ်လို့သာ ဆိုရတယ်။ တကယ်ကျတော့ ကျောင်းတွေရဲ့ ပြဿနာ လုံလုံလောက်လောက် မဖြေရှင်းနိုင်ခဲ့ဘူး၊ ကျောင်းဆရာ ဆရာမတွေရဲ့ စားဝတ်နေရေး အတွက်လဲ ဟုတ်ဟုတ်ညားညား ပြေလည်တယ် ရယ်လို့ မရှိခဲ့ဘူး၊ အစ ပထမတော့ ကျောင်းရဲ့ ကုန်ကျစရိတ် စုစုပေါင်း အရှုံးရဲ့ တစ်ဝက်ကို အစိုးရက ကျခံတယ်။ ဒါဟာ မလောက်မင ဖြစ်ခဲ့လို့ ဒေါက်တာဗမော် နန်းရင်းဝန် ဖြစ်တဲ့အချိန်မှာ အစိုးရဆီ ပြန်တင်ပြရတယ်။ အဲဒီမှာ အရှုံးစရိတ်ရဲ့ သုံးချိုးနှစ်ချိုးကို အစိုးရက ပေးခဲ့တယ်။

ပြည်သူတွေက အရှုံးရဲ့ သုံးချိုးတစ်ချိုး စိုက်ရတယ်။ အဲဒါကြောင့် အရင်နဲ့ စာရင် နည်းနည်းအသက်ရှုပေါက် ချောင်ခဲ့တယ်။

၁၉၄၇ ခုနှစ် ဘုရင်ခံ ကတ်ဘိနက် အစိုးရအဖွဲ့မှာ ဝန်ကြီး ဖြစ်လာတဲ့ ဆရာကြီး ဦးရာဇတ်ဟာ အဲဒီတုန်းက အမျိုးသားကျောင်းတွေကို အစိုးရကျောင်း တွေအဖြစ် အသိအမှတ် ပြုဖို့ စိစဉ်ခဲ့ပါသေးတယ်။ ဒါပေမယ့် သူကျဆုံးသွားတဲ့ အတွက် သူကိုယ်တိုင် အကောင်အထည် မဖော်နိုင်ခဲ့ရှာပါဘူး၊ နောက်မှ သူ့အစီအစဉ်တိုင်း ဗိုလ်မှူးဖိုးကွန်း (အခုသံအမတ်ကြီး ကွယ်လွန်)က ဆက်လက် ဆောင်ရွက် အကောင်အထည် ဖော်ပေးခဲ့ပါတယ်။

အစိုးရ စည်းမျဉ်းက အထောက်အပံ့ခံ ကျောင်းတွေကို အရှုံးတစ်ဝက် ခံတယ်။ ဥပမာ ကျောင်းသားတွေဆီက ကျောင်းလခတွေပေါင်း၊ အဲဒီအထဲက ကျောင်းဆရာတွေရဲ့ ကျောင်းလခနဲ့ ကျောင်းပရိဘောဂ အပါအဝင် အထွေထွေ ကုန်ကျစရိတ်တွေကို ပေါင်းပြီးနှုတ်၊ ဥပမာ တစ်လ ၁၀၀၀ ကျပ် အရှုံးပြနေရင်း အစိုးရက ၅၀၀ ကျပ်ပဲစိုက်ခံတယ်။ ကျန်တဲ့ ၅၀၀ ကျပ်ကို ကျောင်းက ခံရတယ်။ ကျောင်းက ခံတယ်ဆိုတော့ ကျောင်းမှာ ရန်ပုံငွေ ထုနဲ့ထည်နဲ့ ရှိတယ်လို့ ထင်စရာပဲ၊ တကယ်တန်းကျတော့ ရန်ပုံငွေ မရှိဘူး၊ အဲဒီတော့ မြို့ထဲလိုက်ပြီး အလှူခံရပြန်တယ်။ ဒီထဲကမှ လိုနေသေးရင် ဆရာတွေ လခထဲက စုပြီး မှျခံရပြန်တယ်။

ဗဟိုအမျိုးသားကျောင်းတွေမှာတော့ အမြဲတမ်း အရှုံးပြနေတယ် ဘာကြောင့်လဲဆိုရင် ဆရာကြီးဦးရာဇတ်ဟာ အခမဲ့ပညာရေးကို ကြိုက်တဲ့ စိတ်ဓာတ် အခြေခံထားသူမို့ ကျောင်းသားတွဆီက ကျောင်းလခယူဖို့ အင်မတန် ဝန်လေးသူပါ။ အစိုးရက ကျောင်းသား ၁၀၀ ရှိရင် ၁၀ ယောက် ကိုသာ

အခမဲ့ ပေးနိုင်တယ်။ သဘောက ၁၀ ရာခိုင်နှုန်းနဲ့ မပိုရဘူးတဲ့၊ ဆရာကြီးဟာ အခမဲ့ ပညာရေးကို ဘယ်လိုမှ လုပ်လို့ မရတော့။

ဥပမာ အိမ်တစ်အိမ်မှာ ကျောင်းသား ငါးယောက်ရှိရင် ဆရာကြီးက သုံးယောက် အတွက်သာ ကျောင်းလခယူတယ်။ ကျန်နှစ်ယောက်ကို ကျောင်းလခ လွှတ်ထားတယ်။ တချို့ဆိုရင် ကျောင်းလခ တစ်ဝက်ပဲ ယူတယ်။ လခ တစ်ဝက်သာပေးရတဲ့ ကျောင်းသားနှစ်ဦးကို တစ်ယောက်လုပ်ထားတယ်။ ဒီလိုလုပ်လဲ အခမဲ့ ကျောင်းသားတွေဟာ အစိုးရသတ်မှတ်ထားတဲ့ ၁၀ ရာခိုင်နှုန်းထက် ကျော်နေပြန်တယ်။ ဒီတော့ ဆရာကြီးက စိတ်မချမ်းသာဘူး၊ ရာခိုင်နှုန်းများများကို လခလွှတ် ပညာသင်ကြားပေးချင်တယ်။

၁၉၃၅ ခုနှစ် ဒေါက်တာဗမော် (ဂျပန်ခေတ် အဓိပတိဟောင်း) အစိုးရဖြစ်လာတဲ့ အချိန်မှာ ရန်ကုန်မြို့မကျောင်းမှာ မြန်မာတစ်ပြည်လုံးက အထောက်အပံ့ခံ ကျောင်းတွေရဲ့ ညီလာခံတစ်ရပ် ကျင်းပပါတယ်။ အဲဒီညီလာခံ ကို အစိုးရအထောက်အပံ့ခံ သာသနာပြုကျောင်းတွေက ကိုယ်စားလှယ်တွေလဲ တက်ရောက်လာကြတယ်။ အဲဒီညီလာခံမှာ တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်ကြတာကတော့။

(၁) အစိုးရ ကုန်ကျစရိတ် တစ်ဝက်သာ အကုန်အကျခံတဲ့မူအစား သုံးချိုးနှစ်ချိုးပဲ အကုန်အကျခံပေးဖို့။

(၂) အထောက်အပံ့ယူတဲ့ ကျောင်းတွေက ဆရာတွေကို အစိုးရက အပြောင်းအရွှေ့ မလုပ်ဖို့။

(၃) ကျောင်းဆရာတွေရဲ့ လခကို မနှိမ်ဖို့။

ဒီအချက် သုံးချက်စလုံးကို ဒေါက်တာဗမော် အစိုးရက လိုက်လျော ခဲ့တယ်လို့ ဆရာဦးထွန်းမောင်က ပြောပြခဲ့တယ်။

## ဗဟိုအမျိုးသားကျောင်းသားတွေရဲ့ တံဆိပ်နဲ့ကြွေးကြော်သံ

ဗဟိုအမျိုးသားကျောင်းရဲ့ ကျောင်းတံဆိပ်နဲ့ ကျောင်းရဲ့ ကြွေးကြော်သံကို ဆရာကြီး ဦးရာဇတ်လက်ထက်မှာပဲ ရွေးချယ်သတ်မှတ်ပြုလုပ်ခဲ့ပါတယ်။ ကျောင်းတံဆိပ်က ဆောင့်ကြောင့်ထိုင်နေတဲ့ ခြင်္သေ့တစ်ကောင်ရဲ့ ပုံပါ။

ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးရဲ့ရှေ့မှာ ဆောင့်ကြောင့် ထိုင်နေတဲ့ အုတ်နဲ့ ထုလုပ်ထားတဲ့ ကေသရာဇာခြင်္သေ့မင်းရဲ့ ရုပ်ပုံလွှာဟာလဲ

ကျောင်းကြီးရဲ့ ဂုဏ်ရှိန်ဂုဏ်ဝါကို ပိုပြီး မြင့်တက်စေပါတယ်။ ကျက်သရေလဲ ထပ်ဆင့်ပြီး ရှိစေခဲ့ပါတယ်။ ကြွေးကြော်သံဆောင်ပုဒ် [၁] က "အတ္တာဟိ၊ အတ္တနော၊ နာထော"

အတ္တာဟိ မိမိရဲ့အကျိုး။

အတ္တနော မိမိသာလျှင်

နာထော ကိုးကွယ်ရာ ယုံကြည်ရာတဲ့။

မိမိရဲ့ အကျိုးအတွက် မိမိသာလျှင် ကိုးကွယ်ရာ ယုံကြည်ရာတဲ့။

ဆရာကြီးရဲ့ အတ္ထုပ္ပတ္တိ စာအုပ်ကို ရေးသားဖို့ဆိုပြီး ဆရာကြီးရဲ့ တပည့်တချို့ဆီ ရောက်ခဲ့ပါတယ်။ ကျမ်းပြုသူ သိလိုတာတွေ မေးမြန်းနေစဉ်မှာပဲ သူတို့ဟာ သူတို့ရဲ့ကျောင်း ကြွေးကြော်သံ ဆောင်ပုဒ်ဖြစ်တဲ့ "အတ္တာဟိ၊ အတ္တနော၊ နာထော"ကို တက်တက်ကြွကြွ ရွတ်ဆိုပြကြတယ်။ ဒီကြွေးကြော်သံတွေနဲ့အတူ သူတို့ဟာ ငယ်မူပြန်လာကြပါတယ်။ သူတို့ရဲ့ ကြွေးကြော်သံ ဆောင်ပုဒ်ကို မမေ့ကြသေးပါဘူး။

ဗဟိုနေရှင်နယ်ကျောင်းကြီးဟာ ပြည်သူ့ရန်ပုံငွေအပြင် အစိုးရရဲ့ ထောက်ပံ့ကြေးတွေပါ ပေါင်းစပ်ပြီ တဖြည်းဖြည်း တည်ထောင်လာခဲ့ပါတယ်။ ကျောင်းခေါင်မိုးပေါ်မှာ ပန်းခက်ပန်းလက်တွေနဲ့ ပြာသာဒ် တွေနဲ့ မိုးဆီကို ထိုးထိုးထောင်ထောင်မို့ ကျက်သရေ ရှိလှပါတယ်။ ကျောင်းကြီးက လေးထပ်ကျောင်းပါ။

(၁) အောက်ထပ်မြေညီထပ်

(၂) ပထမထပ်

(၃) ဒုတိယထပ်

(၄) တတိယထပ်

အဲဒီလို လေးထပ် ရှိပါတယ်။

သုံးထပ် ဒါမှမဟုတ် ဒုတိယထပ်မှာ လက်ဖွဲ့စင် ရှိပါတယ်။ အလယ်ကြမ်းခင်း တစ်ခုလုံး လက်ဖွဲ့လေ့ကျင့်ဖို့ လုပ်ထားတယ်။ အပေါ်ဆုံးဖြစ်တဲ့ တတိယထပ်မှာ ပွဲကြည့်စင် သဘောမျိုး လုပ်ထားတယ်။ လက်ဖွဲ့ကြည့်နိုင်အောင် ပတ်လည်စင် [၂] သဘောမျိုး ဆောက်ထားတယ်။

---

၁။ Motto

၁။ Gallery

အပေါ်ဆုံးထပ်မှာ ဘုရားစင်ရှိတယ်။ လက်ဝှေ့ပွဲမရှိရင် ပွဲစင်ကို ဘုရားစင်အောက်မှာ ရွှေ့ထားတယ်။ ပွဲရှိမှ အလယ်ကို ရွှေ့ထားတယ်။ အဲဒီမယ် ခန်းမသဘောမျိုး ရှိတယ်။ စာသင်ခန်း အတန်းနေရာတွေကတော့ ဘေးစွယ်တွေမှာ ရှိတယ်။ မနက်တိုင်း ဗုဒ္ဓဘာသာကျောင်းသားတွေ ဒီခန်းမဆီကို စုရုံးလာရပြီး ဘုရားဝတ်ပြုရပါတယ်။

စစ်ကြီးဖြစ်လာတော့ မြန်မာပြည်အနှံ့အပြားက ကျောင်းတွေဟာ ၁၉၄၁ ဒီဇင်ဘာလထဲမှာ ပိတ်လိုက်ရပါတယ်။ မန္တလေး ဗဟိုအမျိုးသား ကျောင်းလဲ ပိတ်ပစ်လိုက်ရပါတယ်။

ရန်ကုန်က စစ်ပြေးလာတဲ့ မီးသတ်တပ်ဖွဲ့ဟာ ဒီဗဟိုအမျိုးသားကျောင်းမှာ ခေတ္တယာယီစခန်းချပါတယ်။ နောက် ယာယီဆေးရုံလဲ ပူးတွဲဖွင့်ထားပါ သေးတယ်။

## ဂျပန်ဗုံးနဲ့အတူ ပြာပုံဘဝ

ဒီကျောင်းကြီးဟာ ၁၉၄၂ ခုနှစ် ဒုတိယအကြိမ် မန္တလေးမြို့ကို ဖက်ဆစ်ဂျပန် လေယာဉ်ပျံတွေ ဗုံးကြဲချရာမှာ ဗုံးထိပါပြီး မီးလောင်ပျက်စီး ခဲ့ရပါတယ်။ ပြည်သူတွေနဲ့ ကျောင်းဆရာတွေရဲ့ ချွေးနဲ့စာနဲ့ စုဆောင်းပြီး ရက်ပေါင်းများစွာ တည်ဆောက်ခဲ့ရတဲ့ ဒီကျောင်းကြီးဟာ စက္ကန့်ပိုင်း မိနစ်ပိုင်း အတွင်းမှာ ကြေကွဲဖွယ် ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အုတ်ပုံပဲ ကျန်ခဲ့တယ်။ ဒါကြောင့် နယ်ချဲ့စစ်ကို ကမ္ဘာသူကမ္ဘာသားတွေက အပြင်းအထန် မုန်းတီး ကန့်ကွက်ကြတာပေါ့။

ဗဟိုအမျိုးသားကျောင်းကြီးမှာ ယာယီစခန်းဖွင့်ပြီးနေတဲ့ မီးသတ်နဲ့ ဆေးရုံလူနာတွေပါ ဗုံးထိမှာ မရှုမလှ ခံစားရင်း အသက်ဆုံးရှုံးခဲ့ကြရပါတယ်ဆိုပဲ။

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားတဲ့အခါမှာ ဗဟိုအမျိုးသား အထက်တန်းကျောင်းကို ပြန်ဖွင့်ဖို့ လုပ်ပါတယ်။ ဒါပေမယ့် ကျောင်းအဆောက် အအုံ မရှိတဲ့အတွက် အဲဒီမှာ ကျောင်းကိုလဲ ရုတ်တရက် အသစ်ပြန်မဆောက် နိုင်ဘူး။ ဆောက်စရာလဲငွေမရှိဘူး၊ အဲဒါကြောင့် ၈၂ လမ်းနဲ့ ၈၃ လမ်းကြားရှိ တရုတ်ဘုံကျောင်းကို ခဏငှားပြီး ကျောင်းဖွင့်ခဲ့တယ်။ အဲဒီမှာ တစ်နှစ်လောက် ကြာခဲ့ပါတယ်။

အဲဒီနောက်မှာပဲ အရင်နေရာမှာ ကျောင်းသားဟောင်းတွေရဲ့ အကူအညီနဲ့ ကျောင်းဆောက်တယ်၊ အရင်ကျောင်းဟောင်းကတော့ လေးထပ်တိုက်ပဲ၊

အခုတော့ အဲဒီလို လေးထပ် ကျောင်းကြီးကို မဆောက်နိုင်ဘူး၊ ဝါးကပ်တဲတန်းကြီးထိုးပြီး ဖြစ်သလိုပဲ ကျောင်းဖွင့်ခဲ့ရပါတယ်။

ဆရာကြီး ဦးရာဇတ်ဟာ ပညာရေးဝန်ကြီးဘဝနဲ့ လူသတ်သမားတို့ရဲ့ လက်ချက်ကြောင့် ကျဆုံးသွားပြီးတဲ့နောက်မှာ အမျိုးသားကျောင်း ဆောက်ပေးမယ့် ဒကာ တစ်ယောက် ပေါ်လာပါတယ်။ အဲဒီအချိန်က ကျောင်းဆရာကြီးက ဝဏ္ဏကျော်ထင် ဦးဘခင်ပါ။

ကျောင်းဆောက်လှူဒါန်းချင်တဲ့ သူတွေက မန္တလေး အိမ်တော်ရာ သင်္ကန်းတန်းက ရွှေမြင်းလက်ဖက်ခြောက် ပွဲရုံပိုင်ရှင် ဦးထွန်းလှိုင် ဇနီးဒေါ်သိန်း၊ သားမောင်မြင့်ဆွေတို့ပါ၊ သူတို့က ကျောင်းဆောက်လှူဒါန်းချင်တယ်။ ဒါပေမယ့် ဘယ်မှာ လှူဒါန်းရမလဲလို့ ဝေခွဲမရနိုင်အောင် ဖြစ်နေတယ်။ ဒီစုံစမ်း ဟိုစုံစမ်း လုပ်နေတယ်။ ဒီသတင်းကို မန္တလေး ဘီတီအင်ကျောင်းက သိသွားတော့ သူတို့က မေတ္တာရပ် ခံတယ်။ သူတို့မှာက ကျောင်းအဆင့်သင့် ရှိနေတော့ ထည့်စဉ်းစားပါမယ်ဆိုပြီး တောင်းပန်လိုက်တယ်။ ဒီအတွင်းမှာပဲ ဗဟိုအမျိုးသား အထက်တန်းကျောင်းကို တွေ့လိုက်တယ်။ ကျောင်းက ဝါးကပ်တဲတန်းကြီး ဖြစ်နေတော့ ဗဟိုအမျိုးသား အထက်တန်းကျောင်းကိုပဲ ဆောက်လုပ်လှူဒါန်းဖို့ ဆုံးဖြတ်လိုက်တယ်တဲ့။

ဗဟိုအမျိုးသား အထက်တန်းကျောင်းက ဆရာဦးဘကြူ (ဆရာ ဦးရာဇတ်ရဲ့ညီ)နဲ့အတူ ကုန်သည်ကြီး ဦးထွန်းလှိုင်နဲ့ ဇနီးဒေါ်သိန်းတို့ဟာ ဆရာကြီး ရုံးခန်းထဲကို ဝင်သွားတယ်။ အဲဒီအချိန်မှာ ဖ–ဆ–ပ–လ အစိုးရ သစ်တောရေးဌာနဝန်ကြီး ဗိုလ်ခင်မောင်ကလေးလဲ ရောက်ရှိနေပါတယ်။ ဗိုလ်ခင်မောင်ကလေးက ဗဟိုအမျိုးသား အထက်တန်းကျောင်းက ကျောင်းသား ဟောင်း တစ်ဦးပဲ။ ကျောင်းဆရာဟောင်း တစ်ဦးလဲဖြစ်တယ်။အဲဒီအချိန်မှာတော့ ဖ–ဆ–ပ–လ အစိုးရအဖွဲ့မှာ သစ်တောရေးဌာနဝန်ကြီး တာဝန်ယူနေပြီ ဖြစ်ပါတယ်။

အဲဒီသစ်တောရေး ဝန်ကြီးအဖြစ် ဗဟိုအမျိုးသား အထက်တန်းကျောင်း အပေါ် သံယောဇဉ် တွယ်တာလွန်းလို့ ကျောင်းကို အလည်အပတ်လာရင်း ကျောင်းအုပ်ကြီး ဝဏ္ဏကျော်ထင် ဦးဘခင်ရုံးခန်းထဲမှာ ဆရာကြီးနဲ့ စကားလက်ဆုံ ကျနေခဲ့ပါတယ်။

အဲဒီအချိန်မှာ ကျောင်းလှူဒါန်းချင်တဲ့ ဦးထွန်းလှိုင် ဒေါ်သိန်းတို့ကို ကျောင်းအုပ်ကြီး ဦးဘခင်၊ ဝန်ကြီး ဗိုလ်ခင်မောင်ကလေးတို့နဲ့ ဆရာဦးဘကြူးက မိတ်ဆက်ပေးတယ်။

ဦးထွန်းလှိုင် ဒေါ်သိန်းတို့က ဝန်ကြီး ဗိုလ်ခင်မောင်ကလေးကို ဆရာဦးဘကြူးက မိတ်ဆက်ပေးပေမယ့် အရင်ကတည်းက သိကျွမ်းရင်းစွဲဖြစ်လို့ ကျောင်းဆရာ ဦးခင်မောင်ကလေးဘဝနဲ့ ၁၉၃၉–၄၀ ထဲမှာ အင်္ဂလိပ်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းတွေလုပ်ဖို့ မိုးကုတ်အလာမှာ ဦးထွန်းလှိုင်တို့ မိသားစုက အစစ အကူအညီ ပေးခဲ့သူတွေပါပဲ။ ဦးထွန်းလှိုင်တို့က မိုးကုတ်မှာ အရင်နေကြပါတယ်။ မိုးကုတ်မှာ ရှိနေတဲ့ သခင်သာခင် (ဖ–ဆ–ပ–လ ဝန်ကြီးဟောင်း)နဲ့ မြေအောက်လုပ်ငန်းအတွက် ဆက်သွယ် လုပ်ကိုင်ဖို့ မန္တလေးက မိုးကုတ်ကို အသွားမှာပဲ ပုတ်တန်းက သခင်ဗထွန်း (မန္တလေး သတင်းထောက်ဟောင်း အခု ကွယ်လွန်) ရဲ့ ခယ်မ မလှရင်က ဆက်သွယ် ပေးခဲ့လို့ သခင်သာခင်နဲ့ မတွေ့ခင် ဦးထွန်းလှိုင်တို့ဆီမှာ တည်းခိုဖို့ ရသွားနှင့်ပါတယ်။ သခင်သာခင်နဲ့ တွေ့ပြီးတော့လဲ အဲဒီမှာပဲ ဆက်တည်းခို နေခဲ့ပါတယ်။ ဒါကြောင့် ဝန်ကြီး ဗိုလ်ခင်မောင်ကလေးလဲ တွေ့တွေ့ချင်း မှတ်မိလို့ ဝမ်းသာအားရပဲ နှုတ်ဆက်လိုက်ပါတယ်။

အခုလို ကျောင်းဆရာဘဝကနေ ဝန်ကြီးဘဝ ရောက်နေတဲ့ ဗိုလ်ခင်မောင်ကလေးကို မမျှော်လင့်ဘဲတွေ့တော့ မိုးကုတ်တုန်းက အကူအညီပေးခဲ့တာကလေးတွေကို ပြန်ပြောင်းလို့ ဇာတ်ကြောင်းလှန်ရင်း မိတ်ဆက်ကြရတယ်။ နောက် ဒီလို အကူအညီ ပေးခဲ့တဲ့အပေါ် ရောမအခွင့်အရေးတွေ တောင်းခံယူတော့မှာပဲ ဆိုတာတော့ အစဦး ထင်စရာပဲ။

ဒါပေမယ့် ဦးထွန်းလှိုင် ဒေါ်သိန်းတို့က ဒီအကြောင်းနဲ့ ပတ်သက်ပြီး နည်းနည်းကလေးမှ စပ်လို့တောင် မဟခဲ့ဘူး။ သတိမရသလို ဘာသိဘာသာပဲ နေလိုက်တယ်။

လာရင်း ကိစ္စဖြစ်တဲ့ ကျောင်းဆောက်လှူချင်တဲ့ ကိစ္စကို ဆွေးနွေးတယ်။ သူတို့က နှစ်ထပ်ကျောင်းဆောင် သီးသန့်ဆောက်လှူဒါန်းရာမှာ ဝန်ကြီး ဗိုလ်ခင်မောင်ကလေးက လိုအပ်တဲ့ သစ်ကို အခွန်တော် လွတ်ငြိမ်းခွင့်အဖြစ် ခုတ်ခွင့်ရအောင်ရယ်၊ လိုအပ်တဲ့သွပ်၊ သံတို့ရအောင်ရယ်တို့ကို ကူညီဆောင်ရွက်ပေးမယ်လို့ ကတိပေးခဲ့ပါတယ်။

ကျောင်းကြီးကို အောက် ခုနစ်ပေကျော် ကွန်ကရစ်ခံပြီး တိုက်ခံသွပ်မိုး နှစ်ထပ်ကျောင်းဆောင် ဆောက်ခဲ့ပါတယ်။ ကျောင်းသား ၄၀၀ ကျော် ဆံ့တယ်။ အဲဒီကျောင်းဆောက်လို့ ပိုတဲ့ သစ်တွေ ပျဉ်တွေကိုတောင် အခြား အဆောက်အအုံတွေ ဆောက်ရာမှာ ဆက်အသုံးပြုရပါသေးတယ်။

ဦးထွန်းလှိုင် ဒေါ်သိန်းတို့ ကျောင်းဆောက်လှူဒါန်းဖို့ လျာထားခဲ့တဲ့ ငွေက နှစ်သောင်းပဲ၊ ဒါပေမယ့် ဆောက်ရင်း လေးသောင်းကျော် ကုန်ခဲ့တယ်။ ဒါတောင် ဝန်ကြီး ဗိုလ်ခင်မောင်ကလေးရဲ့ အကူအညီနဲ့ သစ်ကို အခွန်တော် မဆောင်ဘဲရတယ်။ သွပ်တို့သံတို့စတဲ့ အိမ်ဆောက်ပစ္စည်းတွေကိုလဲ လွယ်လွယ် ကူကူ ဝယ်ယူနိုင်ဖို့ ကူညီဆောင်ရွက်ပေးခဲ့တယ်။ အဲဒီလို အကူအညီလဲမရဘူး။ သစ်လဲအခွန်တော် ဆောင်ရမယ်ဆိုရင် နှစ်သိန်းကျော်လောက် ကုန်ကျသွားစရာ ရှိတယ်တဲ့။

ဗဟိုအမျိုးသားအထက်တန်းကျောင်းဝင်းထဲမှာ ကျောင်းသုံးကျောင်း ရှိပါတယ်။ မူလတန်းက တစ်ကျောင်း၊ ရွှေမြင်းကျောင်းဆောင်လို့ ခေါ်တဲ့ ဦးထွန်းလှိုင် ဒေါ်သိန်းတို့ ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းက တစ်ကျောင်း တို့ ဖြစ်ပါတယ်။ ကျန်တဲ့ကျောင်းကတော့ အစိုးရ အမှတ် (၂) ကျောင်းဆိုပြီး သတ်မှတ်ထားတဲ့ ကျောင်းက တစ်ကျောင်း အဲဒီလို ကျောင်းသုံးကျောင်း ရှိပါတယ်။

စစ်ပြီးလို့ ကျောင်းတွေ ပြန်ဖွင့်ခဲ့တယ်။ အမျိုးသားကျောင်းတွေထဲက ကျောင်းတွေ ပြန်ဖွင့်တာလဲရှိတယ်။ မဖွင့်တော့ဘဲ ဆက်ပိတ်လိုက်တဲ့ ကျောင်းတွေ လဲ ရှိတယ်။ ကျောင်းပြန်ဖွင့်ခဲ့တဲ့ အမျိုးသားကျောင်းတွေကို အင်္ဂလိပ်အစိုးရက အစိုးရကျောင်းတွေအဖြစ် ပြောင်းလဲ လိုက်ဖို့ တိုက်တွန်းတယ်။ တချို့ကျောင်း တွေက လက်ခံပြောင်းလဲလိုက်တယ်။ ဒါပေမယ့် စစ်ကိုင်း၊ မန္တလေး၊ မိတ္ထီလာတို့ကတော့ အရင်အတိုင်းပဲ နေခဲ့တယ်။

ဆရာကြီး ဦးရာဇတ် ပညာရေး ဝန်ကြီး ဖြစ်လာတဲ့ အခါကျမှ စစ်ကိုင်း၊ မန္တလေး မိတ္ထီလာတို့က ကျောင်းတွေကို အစိုးရ ကျောင်းအဖြစ် ပြောင်းဖို့ အစီအစဉ် လုပ်ခဲ့တယ်။ ဒီလို အစီအစဉ် လုပ်နေတုန်း ဖြုန်းဆို ဆရာကြီး ကျဆုံးသွားလို့ သူ့အစီအစဉ်အတိုင်း ဆရာကြီး ဗိုလ်မှူးဖိုးကွန်းက ဆက်လက် ဆောင်ရွက်ပေးခဲ့လို့ အစိုးရ အထက်တန်းကျောင်းအဖြစ် အသွင် ပြောင်းသွားပါတယ်။

ဦးထွန်းလှိုင် ဒေါ်သိန်းတို့ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ နှစ်ထပ်ကျောင်းဆောင်ကတော့ အစိုးရ ကျောင်းတော့ကျောင်းပဲ၊ ဒါပေမယ့် ပြည်သူထဲက တစ်ဦးက ဆောက်လုပ်ပေးခဲ့တဲ့ အဆောက်အအုံမို့ အစိုးရဆီ မအပ်သေးဘဲ ထားခဲ့တယ်။ ဒါပေမယ့် ၁၉၆၅ ခုနှစ်မှာ တစ်ပြည်လုံးရှိ ပုဂ္ဂလိက ကျောင်းတွေ ပြည်သူပိုင်သိမ်းလိုက်တော့မှ ဦးထွန်းလှိုင် ဒေါ်သိန်းတို့ လှူဒါန်းခဲ့တဲ့ ကျောင်းကို အစိုးရထံ အပ်လိုက်ရတော့တယ်။

★

# အခန်း (၅)

## အမျိုးသားအထက်တန်းကျောင်း ဆရာ ၊ ဆရာမများ

မန္တလေးအမျိုးသားအထက်ကျောင်းဆိုတဲ့အခန်းမှာ မန္တလေးအမျိုးသားကျောင်းတွေ ဘယ်လိုပေါ်ပေါက်လာခဲ့သလဲ။ ဘယ်လိုရပ်တည်ခဲ့သလဲဆိုတာတွေကို ဖော်ပြခဲ့ပြီးပါပြီ။

ဒီအခန်းမှာတော့ မန္တလေးအမျိုးသားအထက်တန်းကျောင်းတွေက ကျောင်းဆရာ–ဆရာမတွေနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကိုသာ ရေးသားဖော်ပြသွားမှာ ဖြစ်ပါတယ်။

"အမျိုးသားကျောင်းတွေ တည်ထောင်ကြပါ" လို့ သပိတ်မှောက်ကောင်စီက တိုင်းပြည်သို့ ပန်ကြားလိုက်ပါတယ်။ အဲဒီလိုပန်ကြားလိုက်တာနဲ့ တစ်ပြိုင်နက် ကျောင်းတွေကို တည်ထောင်ခဲ့ကြပါတယ်။ ဒါပေမယ့် ဒီကျောင်းတွေအတွက် ဆရာပြဿနာဟာ အလိုလိုရှိလာပါတယ်။ ကျောင်းရှိရင် ကျောင်းဆရာရှိရမှာပဲ။ ကဲ–ကောင်းပြီ။ ဒီလိုဆိုရင် ကျောင်းဆရာတွေကို ဘယ်လိုဖော်ထုတ်ကြမလဲ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေက ဒီကျောင်းတွေမှာ ကျောင်းဆရာတွေအဖြစ် လုပ်အားပေးကြမလဲ၊ ဆရာတွေရလာပြီထား၊ ဒီကျောင်းဆရာတွေရဲ့ စားဝတ်နေရေးအတွက် ဘယ်သူတွေက တာဝန်ယူပြီး ဆောင်ရွက်ကြမလဲ။

ဒီအချက်ဟာ အင်မတန်အရေးကြီးတဲ့အချက်ပါ။ ဒါတွေဟာ ပဟေဠိဆန်လှပါတယ်။ ဒါဟာ လွယ်မယောင်နှင့်ခက်ခဲတဲ့ပြဿနာပါ။ ဒါတွေကို ပြည်သူနဲ့ပေါင်းပြီး အဖြေရှာလိုက်ရင် တစ်ခုပြီးတစ်ခု ပြေလည်ရှင်းသွားပါ

မယ်၊ ဒီလိုဆိုလိုက်တော့ ပြဿနာတွေကို တစ်ထိုင်တည်းနဲ့ ရှင်းလို့ရသွားနိုင်ရောလား၊ လွယ်လွယ်နဲ့ ရှင်းသွားလေမလား၊ ဒီလိုထင်ရင် အမှားကြီးမှားသွားပါမယ်။

လွယ်မယောင်နဲ့ခက်တယ်၊ တိမ်မယောင်နဲ့ နက်တယ်ဆိုတဲ့ စကားလိုပါပဲ။ ဒါဟာ လွယ်လွယ်ကူကူနဲ့ဖြေရှင်းလို့ရခဲ့တဲ့ပြဿနာတော့ မဟုတ်ဘူး။ နာရီပေါင်း၊ ရက်ပေါင်း၊ လပေါင်း နှစ်ပေါင်းအများကြီးချီပြီး လုပ်ကိုင်ဖြေရှင်းရတဲ့ ပြဿနာပါ။ ဒီလိုကျောင်းဆရာအခက်အခဲပြဿနာပေါ်နေတုန်းမှာပဲ မြန်မာပြည်အရပ်ရပ်က မျိုးချစ်ပုဂ္ဂိုလ်တွေဟာ ကျောင်းဆရာအဖြစ်နဲ့ စုပြုံရောက်ရှိလာခဲ့ပါတယ်။

ကိုဘခင်၊ မစ္စတာရာဇတ်၊ ကိုခင်မောင်၊ ကိုစိန်မောင်၊ ကိုခင်မောင်ကြီး၊ ကိုယဉ်ထက်၊ ကိုခင်မောင်(ဟင်္သာတ)၊ ကိုလှအုန်း(လက်ပံတန်း)၊ ကိုထွန်းရှိန်(အင်းစိန်)၊ ကိုထွန်းမြ(ပျော်ဘွယ်)၊ ကိုငွေသော်(မော်လမြိုင်) ဒီလို နယ်ခံကျောင်းသားတွေက သပိတ်မှောက်ကျောင်းသား (၁၁) ဦးဟာ မန္တလေးမှာ အမျိုးသားကျောင်းဖော်ထုတ်ဖို့ ယူနီဘာစီတီသပိတ်မှောက် ကောင်စီက ရွေးလွှတ်လိုက်သူတွေပေါ့။ သူတို့ဟာ မန္တလေးကို တစ်စုတစ်ဝေးတည်းရောက်လာကြတာပဲ။

အဲဒီလိုတစ်စုတစ်ဝေးတည်း ရောက်လာတဲ့အထဲက မန္တလေးသားတွေကတော့ ကိုယ့်အိမ်ကိုယ်ပြန်နေပါတယ်။ ကိုယ့်မိဘရဲ့ထမင်းကိုစားပြီး အမျိုးသားကျောင်းမှာ ဆရာအဖြစ်လုပ်အားပေးခဲ့တယ်။ ကိုယ့်ထမင်းကိုယ်စားပြီး ဘကြီးနွားကျောင်းပေးတဲ့အဖြစ်မျိုးပေါ့။

ကျန်နယ်ခံမဟုတ်တဲ့ တစ်နယ်တစ်ကျေးက ဆရာတွေကိုတော့ အမျိုးသား ကျောင်းအုပ်ချုပ်ရေးကော်မတီက နေရေးထိုင်ရေးအတွက် ဝိုင်အမ်ဘီအေ အသင်းတိုက်မှာ နေရာချပေးထားပါတယ်။ သူတို့ စားရေးသောက်ရေးကိုလဲ အမျိုးသားကျောင်းအုပ်ချုပ်ရေးကော်မတီကပဲ တာဝန်ယူပေးပါတယ်။

ပြီးတော့ သူတို့နဲ့အတူ မန္တလေးမြို့ ဘီတီအန်ကျောင်းက သပိတ်မှောက်ကျောင်းဆရာနှစ်ဦးဖြစ်တဲ့ ဆရာတင် (ကွယ်လွန်)နဲ့ ဆရာချစ်(ပင်စင်စား)တို့လဲ မိမိကျောင်းကို သပိတ်မှောက်ပြီး သပိတ်မှောက်ကျောင်းသားတွေနဲ့ သပိတ်စခန်းမှာ သပိတ်မှောက်သူအဖြစ်လာနေတယ်။

သပိတ်ကြီး လှန်လိုက်တော့လဲ သူတို့မိခင်ကျောင်းကိုသွားပြီး ပြန်အလုပ်ဝင်မလုပ်ဘူး။ အမျိုးသားကျောင်းတွေ တည်ထောင်ဖွင့်လှစ်တော့ အမျိုးသားကျောင်းတွေမှာ ဝင်ရောက်လုပ်အားပေးတယ်။

နောက် မန္တလေးမြို့ပေါ်က သပိတ်မှောက်ကျောင်းသားကြီးတွေကလဲ ကျရာအမျိုးသားကျောင်းတွေမှာ တာဝန်ယူလုပ်အားပေးကြပါတယ်။

ဒီ ဆရာ–ဆရာမတွေရဲ့စေတနာဟာ အင်မတန်မွန်မြတ်ပါတယ်။ ပြည်ချစ်စိတ် မျိုးချစ်စိတ်အပြည့်ရှိတဲ့သူတွေပါ။ ကိုယ်ကျိုးစွန့်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ လခတို့ ထောက်ပံ့ကြေးတို့ ရလိမ့်မယ်ရယ်လို့ မျှော်ကိုးစိတ် လုံးဂမရှိတာအမှန်ပါ။

သပိတ်မှောက်ကောင်စီက လွှတ်လိုက်လို့ ဆရာလုပ်ဖို့သွားမယ့်အခါက "ကျွန်တော်တို့အား ဘယ်အဆင့်မျိုးခန့်ပေးမှာလဲ၊ ဒါမှမဟုတ် လုပ်အားခ၊ ဒါမှမဟုတ် ချီးမြှင့်ငွေကကော ဘယ်လောက်ပေးမှာလဲ၊ ကျောင်းဖွင့်ဖွင့်ချင်းမို့ မပေးနိုင်သေးရင် ဘယ်တော့လောက်ကျမှ လခပေးမလဲ၊ ကျောင်းဆရာသွားလုပ်တော့ကော ဘဝအာမခံချက်အတွက် တာဝန်ယူနိုင်မလား"ဆိုတဲ့ "လား" ပေါင်းများစွာသော မေးခွန်းများကို မေးခဲ့တာများရှိသလားလို့ စောကြောရင် ထိုပုဂ္ဂိုလ်များအနေနဲ့ ဒီမေးခွန်းတွေကို တစ်လုံးတစ်ပါဒမျှ မေးခဲ့တယ်ရယ်လို့ မတွေ့ခဲ့ပါဘူး။

သပိတ်မှောက်ကောင်စီတွေကလဲ ဘာအာမခံချက်တွေကိုမှ တစ်စုံတစ်ရာ ပေးခဲ့ဖူးတယ်ရယ်လို့လဲ ဘယ်ပုဂ္ဂိုလ် ဘယ်ကျမ်းမှာမှမတွေ့ခဲ့ရ မဆိုခဲ့ရပါဘူး။ တစ်စုံတစ်ယောက်သောသူကလဲ ဒီလိုကျောင်းဆရာတွေရဲ့ နောင်ရေးအတွက် အထက်လူကြီးတွေက ကတိပေးခဲ့ဖူးပါတယ်ရယ်လို့ တစ်စုံတစ်ယောက်သောသူထံမှလဲ မကြားရဘူးပါ။

ကျမ်းပြုသူအမြင်နဲ့ အထင်ပြောပါရစေ။

အရင် မြန်မာ့လွတ်လပ်ရေးတပ်မတော် B.I.A ထဲဝင်ရောက်အမှုထမ်းခဲ့သူတွေ၊ ကျမ်းပြုသူပါဝင်ခဲ့တဲ့ (မြန်မာ့ကာကွယ်ရေး တပ်မတော် B.D.A နောက် ပြည်သူ့ပြောက်ကျားနဲ့ မျိုးချစ်တပ်မတော် B.P.F တို့ထဲဝင်လို့ လက်နက်စွဲကိုင်ပြီး မြန်မာ့လွတ်လပ်ရေးတပ်မတော်အတွက် ပါဝင်တိုက်ပွဲဝင်သူတွေဟာ–

အမျိုးသားကျောင်းတွေမှာ ဆရာဝင်လုပ်မယ်ဆိုပြီး ဖွဲ့နဲ့အားနဲ့မာန်နဲ့ မှင်နဲ့ မောင်းနဲ့ ဝင်ရောက်အမှုထမ်းခဲ့ကြတဲ့ ကျောင်းဆရာ–ဆရာမတွေနဲ့ အတူတူပါပဲ။ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်မယ်၊ အနစ်နာခံမယ်၊ ငတ်ချင် ငတ် ပြတ်ချင်ပြတ်၊ အနာဂတ်ဆိုတာ သူတို့အတွက် ဘယ်လိုရှိရမယ်ဆိုတာ လဲ သူတို့ထည့်ပြီး မတွက်ကြဘူး။

B.I.A-B.D.A ပြည်သူ့ပြောက်ကျားနဲ့ B.P.F ရဲဘော်တွေရဲ့ ဆောင်ပုဒ်က–

တိုင်းပြည်အတွက် ပါဝင်တိုက်ပွဲဝင်တဲ့ ရဲဘော်တွေအတွက် နောက်ဆုံး မှာ "သေဆု"ကလွဲပြီး ဘာမှမရရှိနိုင်တဲ့–

အမျိုးသားကျောင်းမှာ လာရောက်လုပ်အားပေးမယ့် ဆရာ–ဆရာမနဲ့ ရုံးဝန်ထမ်းတွေအတွက် နောက်ဆုံးမှာ "ငတ်တာတို့ ကြွေးတင်တာတို့ဆိုတဲ့ ဆုကလွဲရင် ဘာမှမရှိဘူး"တဲ့။

အဲဒီဆုံးဖြတ်ချက်တွေကို ဦးထိပ်ပန်ပြီး တိုင်းပြည်တာဝန်တွေကို ဝင်ရောက် ဆောင်ရွက်ကြပါတယ်။ သူတို့ရဲ့ရည်ရွယ်ချက်တွေဟာ အင်မတန် မြင့်မြတ်လှပါတယ်။ ချီးကျူးလို့လဲ ဆုံးနိုင်အံ့မထင်လို့သာ ဟစ်၍အော် လိုက်ချင်တယ်ဆိုတဲ့ အဖြစ်ပဲ။

အမျိုးသား ကျောင်းဆရာ–ဆရာမတွေကို နေ့လယ်အချိန်မှာ မုန့်နဲ့ သွားရေစာတွေကိုသာ ကျောင်းကော်မတီကကျွေးပါတယ်။ ပြီး တစ်လကို အသုံးစရိတ်အဖြစ် ငွေ ၅၀ကျပ်သာ ပေးပါတယ်။

တချို့ လုပ်အားပေးဆရာ–ဆရာမတွေဟာ ပထမတစ်နှစ်မှာ လုပ်အား အပြည့်ပေးခဲ့ကြတယ်။ တချို့တော့ နောင်နှစ်တွေမှာ ဆက်ပြီး လုပ်အား မပေးနိုင်ရှာပါဘူး။ ရှေ့နေစာမေးပွဲဖြေဖို့၊ ကျောင်းပြန်တက်ဖို့၊ တခြားအလုပ် တွေ ကူးပြောင်းလုပ်ဖို့ ကျောင်းတွေက နုတ်ထွက်သွားကြပါတယ်။

ကျန်တဲ့ဆရာတွေကတော့ ဆက်လုပ်ကြပါတယ်။ အဲဒီလိုဆက်လုပ်ရင်း အကြောင်းအမျိုးမျိုးကြောင့် နောက်ထပ် နုတ်ထွက်သွားကြပါတယ်။

နောက်ထပ်လုပ်အားပေးမယ့်သူတွေ ဝင်လာကြပြန်ပါတယ်။ အမျိုးသား ကျောင်းတွေချုပ်ငြိမ်းသွားတာ၊ ပိတ်သွားတာတွေရှိသလို စစ်ကြီးဖြစ်တဲ့အထိ ရှင်သန်လာခဲ့တာမျိုးလဲရှိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အမျိုးသားကျောင်းအတွက်၊ တိုင်းပြည်အတွက်၊ အမျိုးအတွက် တစ်စက္ကန့်ပဲဖြစ်ဖြစ်၊ တစ်မိနစ်ပဲဖြစ်ဖြစ်၊ တစ်နာရီပဲဖြစ်ဖြစ်၊ တစ်ရက်ပဲဖြစ်ဖြစ်၊ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း ကြာအောင်ပဲဖြစ်ဖြစ် လုပ်အားပေးခဲ့ကြတာတွေအတွက်တော့ သူတို့ရဲ့ ကြီးမားတဲ့မျိုးချစ်စိတ်ကို လည်းကောင်း၊ တန်ဖိုးမဖြတ်နိုင်တဲ့ လုပ်အားကိုလည်းကောင်း အသိအမှတ်ပြု နေရမှာပဲဖြစ်ပါတယ်။

သူတို့ရဲ့နာမည်တွေကို မြန်မာ့သမိုင်းမှာ ကမ္ပည်းထိုးလို့ မှတ်တမ်းတင် ကြရမှာပါ။

အမျိုးသားနေ့ကျရောက်မှသာ သူတို့ရဲ့ မျိုးချစ်စိတ်တွေ၊ စွန့်စားမှု တွေ၊ လုပ်အားပေးခဲ့မှုတွေကို ဖော်ကျူးရင်ကြရမှာမဟုတ်ဘဲ အချိန်တိုင်း ရက်တိုင်း နှစ်တိုင်းမှာလည်း အမြဲတမ်း သတိရနေမှာပါ။ အခါအခွင့်ကြုံတိုင်းလဲ ဖော်ကျူးရင့်ရပါ့မယ်။

ဆက်လက်ပြီး မန္တလေးအမျိုးသားကျောင်းမှာ ထိပ်တန်းကပါဝင်လာခဲ့ ကြတဲ့ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းဆရာကြီးများအကြောင်းကို အကျဉ်း ချုပ်ပြီး ပြည်သူအား မိတ်ဆက်ပေးပါရစေ။

ကျောင်းကို စတင်ဖွင့်တဲ့အချိန်မှာ ကျောင်းအုပ်ကြီးက တစ်ယောက်၊ ကျောင်းဆရာကြီးက တစ်ယောက် အဲဒီစနစ်နဲ့ဖွဲ့စည်းခဲ့တယ်။

မန္တလေးမှာ မူလပထမ စတည်ထောင်ဖွင့်လှစ်တဲ့ကျောင်းမှာ ကျောင်း အုပ်ဆရာကြီးက ဦးဘတင် (ရွှေပြည်တော်)ဖြစ်ပါတယ်။ နောက် ဒေါက်တာ စံကောင်း(အကျိုးတော်ဆောင်)၊ အဲဒီနောက် ဦးဘဦး၊ ပြီးတော့မှ နောက်ဆုံး ဦးဘသော(လေး)၊ အဲဒီလိုအစဉ်လိုက် ကျောင်းအုပ်ဆရာကြီး တာဝန်ကို ယူသွားကြပါတယ်။

**ဦးဘတင်။** ။ပထမဆုံးကျောင်းအုပ်ကြီးက ဦးဘတင်ဖြစ်တယ်။ သူက ပုသိမ်သား။ အင်္ဂလိပ်နယ်ချဲ့လက်အောက်မှာရှိစဉ်က ဘိလပ်မှာ ဟုမ္မရူး (Home Rule)ကိုယ်ပိုင်အုပ်ချုပ်ရေးသွားတောင်းတဲ့ မြန်မာကိုယ်စားလှယ် (ဖေ–ပု–ရှိန်) ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်အဖွဲ့မှာပါတဲ့ ဦးထွန်းရှိန်ရဲ့ ညီ ဦးဘတင်ပါ။ ဦးထွန်းရှိန်ကိုယ်တိုင်ဟာလဲ (ဘီတီအင်) ဗုဒ္ဓသာသနာ့ နဂ္ဂဟ အထက်တန်းကျောင်းက ကျောင်းဆရာကြီးပေါ့။ ဦးဘတင်ကို နောင်အခါမှာ ရွှေပြည်တော်ဦးဘတင်လို့ ခေါ်တွင်ခဲ့တယ်။

ဒါက စစ်ဖြစ်ခါနီး ဂဗ္ဗုန်ဦးစောနန်းရင်းဝန်ဖြစ်တဲ့ လက်ထက်မှာ ရွှေပြည်တော်သတင်းစာထုတ်ခဲ့လို့ဖြစ်သတဲ့။ ဒီသတင်းစာက အစိုးရသတင်းစာတဲ့။ နောက် ဦးဘတင်ဟာ သာသနာရေးဌာန ဒုတိယညွှန်ကြားရေးဝန်အဖြစ်ကနေ ပင်စင်အငြိမ်းစားယူပြီး ကွယ်လွန်သွားခဲ့ပါတယ်။ ဦးဘတင်ဟာ အပြောဆိုလဲ ကောင်းတယ်။ အကကောင်း အဆိုကောင်း တစ်ယောက်ပါတဲ့။ ကျောင်းသားစုဆောင်းရေးမှာ အမျိုးသားဝံသာနုစိတ်ဓာတ် တက်တက်ကြွကြွဖြစ်လာအောင် ဟောပြောလှုံ့ဆော်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ။ နောက် စင်မြင့်ပေါ်တက်ပြီး နိုင်ငံရေးတရားတွေ ပြောင်ပြောင်တင်းတင်းဟောတဲ့အတွက် ကြာရင် ကျောင်းကြီးရပ်တည်ရေးအတွက် စိုးရိမ်စရာရှိလာမယ်ဆိုပြီး ကျောင်းကောင်စီကမေတ္တာရပ်ခံလို့ ကျောင်းအုပ်ကြီးအဖြစ်က နုတ်ထွက်သွားရပါသတဲ့။ သူက ၅–၁–၁၉၂၁ မှ ၁၂–၄–၁၉၂၁ ခုထိပဲ ကျောင်းအုပ်ကြီးအဖြစ်လုပ်ခဲ့ပါတယ်။

ဦးဘတင်ကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းနေစဉ် အမျိုးသားကျောင်းကို ဒဂုံးရုံထဲမှာပဲ ဖွင့်လှစ်ခဲ့တယ်။ ဒါပေမယ့် ရာသီဥတုကပြင်း၊ ဓာတ်ရုံထဲကလဲ လေလုံမိုးလုံဆိုတော့ ပူအိုက်လွန်းလို့ စာကမသင်နိုင်။ ဒါကြောင့် ကျောင်းကို မဟာသကျသီဟဘုရားဝင်းထဲက မော်လမြိုင်သူဌေး ဦးသာညွှင်းဇရပ်ကို ပြောင်းသင်ရပြန်တယ်။

သကျသီဟဘုရားဝင်းထဲမှာလဲ မကြာခဲ့ပါဘူး။ ၁၆–၅–၁၉၂၁ ကနေ ၃၀–၉–၁၉၂၁ နေ့ထိပဲဖြစ်တယ်။ တစ်ခါ ဒဂုံးရုံကို ပြန်ပြောင်းခဲ့ပြန်တယ်။ ဒုတိယအကြိမ်ဒဂုံးရုံမှာက ၁–၁၀–၁၉၂၁ မှ ၃၁–၃–၁၉၂၂ နေ့ရက်ထိပဲ။ အဲဒီလို နေရာအတည်တကျမရှိတော့ စာသင်ရာမှာ ဂနာမငြိမ်ဖြစ်ခဲ့ရတယ်။

ဒါကြောင့် နောက်ဆုံးသမဂ္ဂသဟာယပိုင် အဆောက်အအုံကို အမျိုးသား ကျောင်းကော်မတီက ငှားရမ်းပြီး ၁–၄–၁၉၂၂ နေ့မှာပဲ ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးကို ဆက်ဖွင့်ပြီး ကျောင်းကြီးရဲ့ နောက်ဆုံးရက်အထိ ရပ်တည်ခဲ့တယ်။ အခု မန္တလေး အ–ထ–က အမှတ်(၂)ပဲ။

**ဦးစံကောင်း**။ ။ကျောင်းအုပ်ကြီး ဦးဘတင်နုတ်ထွက်သွားတော့ သူ့နေရာမှာ ဆရာဝန် ဦးစံကောင်းက ကျောင်းအုပ်ကြီးအဖြစ် ယာယီဝင်ကိုင်ခဲ့တယ်။ ဒါပေမယ့် သူက အမျိုးသားအကျိုးတော်ဆောင် ကျောင်းအုပ်ကြီးတဲ့။

ဦးစံကောင်း အမျိုးသားအကျိုးတော်ဆောင် ကျောင်းအုပ်ကြီးအဖြစ် ယာယီတာဝန်ယူနေစဉ်မှာပဲ ဒိုင်အာခီအုပ်ချုပ်ရေးမှာ ပညာရေးဝန်ကြီး ဖြစ်လာတဲ့ ဆာအမ်အေမောင်ကြီးက အမျိုးသားကျောင်းတွေကို တခြားအင်္ဂလိပ် အမေရိကန် သာသနာပြုကျောင်းတွေလို အထောက်အပံ့ယူဖို့တိုက်တွန်းခဲ့တယ်။ ဗဟိုအမျိုးသား အထက်တန်းကျောင်းအနေနဲ့ အစိုးရအထောက်အပံ့မယူရေး၊ ယူရေး ပြဿနာပေါ်တော့ ဆရာဝန် ဦးစံကောင်းက အထောက်အပံ့မယူရေးဘက်က ရပ်တော့ အမျိုးသားကျောင်းကောင်စီကွဲသွားတယ်။ အဲဒီမယ် ဆရာဝန် ဦးစံကောင်း ကျောင်းအုပ်ကြီးအဖြစ်က အလိုလိုရပ်ဆိုင်းသွားတယ်။

**ဦးဘဦး။** ။အကျိုးတော်ဆောင်ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ပေးနေတဲ့ ဒေါက်တာဦးစံကောင်း ရပ်ဆိုင်းသွားပြီးနောက် ကျောင်းအုပ်ကြီးအဖြစ် ဆက်လက်ဆောင်ရွက်လာသူက ဦးဘဦးပါ။ ဦးဘဦးဟာ မင်းတုန်းမင်းတရားကြီးလက်ထက်မှာ မဟာမင်းထင်သခ်ယာဘွဲ့ခံ တဘက်ဆွဲခုနစ်ရွာစားစာဆိုတော် ဦးမြရစ်ရဲ့ မြေးတော်ပါတဲ့။ ဦးဘဦးရဲ့ဖခင်က လက်နက်တိုက်စာရေးကြီး ဦးယောတဲ့။ သူဟာ သက္ကရာဇ် ၁၂၅၇ ခုနှစ်ထဲမှာ မန္တလေး ဒေးဝန်ရပ်မှာ မွေးဖွားခဲ့တယ်။

ငယ်စဉ်ကရွှေရေးဆောင်တိုက်ဆရာတော်ဆီမှာ မြန်မာစာကို သင်ကြားခဲ့ပါတယ်။ ၁၂ နှစ်အရွယ်မှာ အင်္ဂလိပ်မြန်မာစာကို အမေရိကန်ကျောင်းမှာ ဆက်လက်သင်ကြားပြီး ၁၀ တန်းအောင်ခဲ့ပါတယ်။ ဆရာဖြစ်ကျောင်း ဆက်တက်ပြီး ဆရာဖြစ်စာမေးပွဲအောင်တော့ မန္တလေးဗုဒ္ဓသာသနာ့နုဂ္ဂဟ ကျောင်းကြီးမှာ ကျောင်းဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။

သူဟာ ငယ်စဉ်ကတည်းက နိုင်ငံရေးစိတ်ဓာတ်ရင့်သန်ခဲ့သူပီပီ အမျိုးဘာသာ သာသနာ ပညာတို့ကို ကျောင်းဆရာဘဝကတည်းက ကြိုးပမ်းလုပ်ဆောင်ခဲ့ပါသတဲ့။ အင်္ဂလိပ်နယ်ချဲ့အစိုးရက ကျောင်းဆရာတွေကို နိုင်ငံရေး မလုပ်ရဘူးလို့ ပိတ်ပင်တားမြစ်ခဲ့တော့ နိုင်ငံရေးစိတ်ဓာတ်ပြင်းထန်တဲ့ ဦးဘဦးဟာ ကျောင်းဆရာဘဝကို စွန့်လွှတ်ခဲ့တယ်။

မန္တလေးမြို့ ဗဟိုစည်ဂျာနယ်(သတင်းစဉ်)ကို ၁၂၈၃ ခုနှစ်ကပဲ စတင်ခဲ့တဲ့သူပါ။ သူဟာ ၁၂၈၃ ခုနှစ် မန္တလေးမှာကျင်းပတဲ့ ဝံသာနုရက္ခိတအသင်း နိုင်ငံလုံးဆိုင်ရာ နဝမမြောက် ညီလာခံကြီးမှာ အတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်ပြန်ပါတယ်။ အဲဒီအချိန်မှာပဲ အင်္ဂလန်ပြည်က အိမ်ရှေ့ဥပရာဇာ

ဝေလမင်းသားက တိုင်းခန်းလှည့်လာမယ်ဆိုတော့ ကြိုဆိုပွဲအတွက် ပြင်ကြဆင်ကြတယ်ပေါ့။

ဒီကြိုဆိုပွဲကို သပိတ်မှောက်ကြဖို့ ဦးဘဦးတို့တစ်တွေက လှုံ့ဆော်ကြတယ်။ ဒီလုပ်ဆောင်ချက်ကို နယ်ချဲ့အင်္ဂလိပ်မင်းတို့က ငြိုငြင်တော်မူပြီး ဦးဘဦးကို ရခိုင်ပြည် စစ်တွေမြို့သို့အကျယ်ချုပ်နဲ့ပို့လိုက်တယ်။ ဒါ ပထမအကြိမ်ပို့ခြင်းပါ။ (ဇာဘုရင်အုပ်စိုးတဲ့ ရုရှားပြည်မှာ ဇာဘုရင်ကိုဆန့်ကျင်တဲ့လူတွေကို ဖမ်းပြီး ရေခဲပြင်ကြီးဖြစ်နေတဲ့ ဆိုက်ဗေးရီးယားကို ပို့သလိုပေါ့)။

ဦးဘဦးဟာ ဒိုင်အာခီအစိုးရလက်ထက်မှာ ဥပဒေပြုအမတ်အဖြစ် သုံးကြိမ်တိုင်တိုင် အရွေးခံရသူပါ။ မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်းအုပ်ကြီးအဖြစ်လည်းကောင်း၊ မန္တလေးမြူနီစပါယ်မြို့တော်ဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သူပေါ့။ သူဟာ နိုင်ငံရေးအသင်းဖြစ်တဲ့ မန္တလေး ၂၁ ဦးနဲ့ ငါးပွင့်ဆိုင်အဖွဲ့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့အပြင် ၁၃၀၀ ပြည့်နှစ် ညွန့်ပေါင်းအစိုးရအဖွဲ့မှာ အခွန်တော်ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့တယ်။ ဦးဘဦးဟာ ဒို့ဘုရင်ဝါဒခေါင်းဆောင်အဖြစ်နဲ့ အနာဂတ်မြန်မာပြည် လွတ်လပ်ရေးရတဲ့အခါ "မြန်မာပြည်အုပ်ချုပ်ရေးစည်းမျဉ်း"ကို ရေးဆွဲပြန်ပါတယ်။

၁၃၀၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၉၁ ဌာန အုပ်ချုပ်ရေးအစိုးရလက်ထက် ကာကွယ်ရေးပုဒ်မနဲ့ ဦးဘဦးဟာ ဒုတိယအကြိမ် စစ်တွေထောင်ကို အပို့ခံရပြန်ပါတယ်။ ၁၃၀၄ ခု၊ စစ်တွေမြို့ကို ဖက်ဆစ်ဂျပန်တွေက ဗုံးချတော့ ထောင်ကလွတ်မြောက်ပြီး တောင်အထပ်ထပ်၊ တောအတန်တန်၊ ချောင်းအသွယ်သွယ်ကိုဖြတ်ကျော်ပြီး မန္တလေးမြို့ကို ပြန်ရောက်ခဲ့တယ်။ ဂျပန်ခေတ် အင်္ဂလိပ်အမေရိကန်ဗုံးဒဏ်တွေကြောင့် မြို့ပေါ်မှာ မနေနိုင်ကြဘူး။ ဒါကြောင့် သူတို့မိသားစုဟာ မန္တလေးမြောက်ဘက်ရှိ ကပိုင်ရွာကိုပြောင်းရွှေ့နေကြပါတယ်။ အဲဒီမှာပဲ ရခိုင်ဘက်ကအပြန် တောထဲမှာ ရခဲ့တဲ့ ငှက်ဖျားရောဂါကြောင့် ၁၃၀၄ ခုနှစ်မှာ ကွယ်လွန်သွားပါတယ်။

ဦးဘဦးကျောင်းအုပ်ကြီးအဖြစ် လုပ်နေရာကနေ ဒေါက်တာဗမော်အစိုးရတက်လာတော့ သူ့ကို အခွန်တော်ဝန်ကြီးအဖြစ် ခန့်အပ်တယ်။ ဒါကြောင့် ကျောင်းအုပ်ကြီးအဖြစ်က နုတ်ထွက်သွားတယ်။

**ဦးဘဘော(လေး)**။ ။အဲဒီ ဦးဘဦးနေရာမှာ ဦးဘဘောကဆက်ခံခဲ့ပါတယ်။ အဲဒီဦးဘဘောကို ဦးဘဘောလေးလို့ခေါ်ကြသတဲ့။ ဘာကြောင့်လဲဆိုရင် ရန်ကုန်

မှာ ဦးဘဘော(ဘကြီးဘဘော)ကရှိတော့ ရန်ကုန်ဦးဘဘောနှင့် ခွဲခြားထားတဲ့ အနေနဲ့ ဦးဘဘောရယ်လို့ ခေါ်ဟန်တူကြောင်း ထင်မြင်ချက်ပေးကြတယ်။ ဦးဘဘောလေးဟာ ကျောင်းအုပ်ကြီးအဖြစ်နဲ့ ၁၉၃၇ ခုနှစ်အထိ တာဝန်ယူခဲ့တယ်။

**စစ်ကိုင်းခေတ် ၅–၁–၁၉၂၁ ခုနှစ်မှ ပထမဆုံးစတင်တည်ထောင်ပြီး**
**၁၉–၂–၁၉၄၂ ထိ**
**အမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာကြီးများ**

**ဗဟိုအမျိုးသားအထက်တန်းကျောင်းကော်မတီ**

| ကျောင်းအုပ်ဆရာကြီး | ကျောင်းဆရာကြီး |
|---|---|
| ကျောင်းအုပ်ဆရာကြီး ၅–၁–၁၉၂၁ / ၁၂–၄–၁၉၂၁ | ကျောင်းဆရာကြီး |
| ဦးဘတင်(ရွှေပြည်တော်) ၁–၁၀–၁၉၂၁ / ၃၁–၃–၁၉၂၂ | ဦးတင် ၅–၁–၁၉၂၁ / ၃၀–၉–၁၉၂၁ ထိ |
| ဒေါက်တာစံကောင်း(အကျိုးတော်ဆောင်) | ဦးယဉ်ထန် |
| ဦးဘဦး | ဦးရာဇတ် |
| ဦးဘဘော(လေး) ၁၉၃၇ ထိ | |

ဦးရာဇတ်

ဦးဘခင် (ဝဏ္ဏကျော်ထင်)

ကျောင်းအုပ်ဆရာကြီးများအကြောင်းကို ဖော်ပြပြီးပါပြီ။ အခု ကျောင်းဆရာကြီးများအကြောင်းကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြသွားပါမယ်။

ကျောင်းဆရာကြီးများကတော့ ဆရာကြီး ဦးတင်၊ ဆရာကြီးဦးယဉ်ထန်နဲ့ ဆရာကြီးရာဇတ်တို့ဖြစ်ပါတယ်။ ဆရာကြီးရာဇတ် ဝန်ကြီးရာထူး လက်ခံသွားတဲ့အခါ ဆရာကြီး ဦးဘခင် (၁၁ ဦးအဖွဲ့ဝင်) က ဆက်လက် တာဝန်ယူပါတယ်။

**ဆရာကြီးဦးတင်။** ။ဦးဘတင်ကျောင်းအုပ်ကြီးလုပ်နေတုန်းက ကျောင်းဆရာကြီးက ဆရာဦးတင်၊ ဆရာ ဦးတင်ဟာလဲ မန္တလေး ဘိတီအင် (ဗုဒ္ဓသာသနာ့နုဂ္ဂဟ)အထက်တန်းကျောင်းက ကျောင်းဆရာပါ။ ၁၉၂၀ ခုနှစ် ယူနီဘာစီတီသပိတ်မှောက်ကြတော့ သူဟာ မန္တလေးဘိတီအင်ကျောင်းက ကျောင်းဆရာပေါ့။ ရန်ကုန်သပိတ်ကို ထောက်ခံပြီးတော့ မန္တလေးသပိတ်မှောက်ကျောင်းသားတွေနဲ့ အတူပူးပေါင်းပြီး သူကျောင်းကို ဆရာအဖြစ်နဲ့ သပိတ်မှောက်ခဲ့တယ်။ ဆရာကြီးဦးတင်ဟာ ပထမဆုံးတည်ထောင်တဲ့ အမျိုးသားအထက်တန်းကျောင်း (ဗဟို)မှာ ၆ လပဲလုပ်ခဲ့တယ်။ မင်္ဂလာဈေး အမျိုးသား အထက်တန်းကျောင်းတစ်ကျောင်း တိုးချဲ့ဖွင့်တော့ အဲဒီကျောင်းကို ကျောင်းဆရာအဖြစ်နဲ့ ပြောင်းရွှေ့သွားပါတယ်။

**ဆရာကြီး ဦးယဉ်ထန်။** ။ကျောင်းဆရာကြီး ဦးတင်၊ မင်္ဂလာဈေးက အမျိုးသားအထက်တန်းကျောင်းကို ပြောင်းသွားတော့ သူ့နေရာမှာ ဦးယဉ်ထန်က ကျောင်းဆရာကြီးဖြစ်လာပြန်တယ်။ ဦးယဉ်ထန်ကလဲသိပ်မကြာပါဘူး။ ၆–လလောက်ပဲလုပ်တယ်။ ဆရာကြီးဦးယဉ်ထန်ကို သီပေါ စော်ဘွားကြီးက ခေါ်ယူပြီး သူ့အတွင်းရေး အတွင်းဝန်အဖြစ် ခန့်အပ်ခြင်းခံရပါတယ်။

(**ဗဟိုအမျိုးသား အထက်တန်းကျောင်းရန်ပုံငွေအတွက် ရှမ်းပြည်နယ်ဘက်**တက်ရောက်ကောက်ခံခဲ့တဲ့အခါ သီပေါစော်ဘွားကြီးရဲ့ အတွင်းရေး အတွင်းဝန်ဖြစ်နေတဲ့ ဦးယဉ်ထန်ဆီပဲ ဦးတည်သွားကြရပါသတဲ့။ ဦးယဉ်ထန်က အစစအရာရာကူညီဆောင်ရွက်ပေးပါတယ်။ ဦးယဉ်ထန်က ပင်စင်အငြိမ်းစားယူပြီး သီပေါမြို့မှာပဲနေထိုင်လျက်ရှိပါတယ်။)

**ဆရာကြီးဦးရာဇတ်။** ။ဆရာကြီးဦးယဉ်ထန် သီပေါစော်ဘွားကြီးရဲ့ အတွင်းရေး အတွင်းဝန်အဖြစ် ပြောင်းရွှေ့သွားတဲ့အခါမှာ ဆရာကြီးဦးရာဇတ်ဟာ ကျောင်း

ဆရာကြီးအဖြစ်ဆောင်ရွက်ခဲ့ရပါတယ်။ ဆရာကြီးဦးယဉ်ထန် သိပေါ မပြောင်း ရွှေ့ခင်ကတော့ ဦးရာဇတ်ဟာ ကျောင်းဆရာအဖြစ်နဲ့ပဲ တာဝန်ယူခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ ကျောင်းအုပ်ဆရာကြီးသီးသန့်မထားတော့ဘူး လို့ သိရပါတယ်။ ကျောင်းအုပ်ကြီးတာဝန်နဲ့ ကျောင်းဆရာကြီးတာဝန်ကို တစ်ပူးတစ်ပေါင်းတည်းလုပ်လိုက်ပါတယ်။ အဲဒီမှာ ဆရာကြီး ဦးရာဇတ်ဟာ ကျောင်းဆရာကြီးတာဝန်အပြင် ကျောင်းအုပ်ကြီးတာဝန်ကိုပါ ဆက်ယူလိုက်ရ ပါသတဲ့။ တကယ်ကျတော့ ကျောင်းအုပ်ကြီးတာဝန်က ဘာမှ ထူးထူးထွေထွေ မရှိလှဘူးတဲ့။ ကျောင်းဆရာကြီးကသာ အစစအရာရာ တာဝန်ခံဆောင်ရွက် နေရတဲ့သူတဲ့။

ဆရာကြီးဦးရာဇတ်ဟာ ကျောင်းအုပ်ဆရာကြီးအဖြစ် ဆောင်ရွက်ရာ က ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဘုရင်ခံအတိုင်ပင်ခံအစိုးရအဖွဲ့မှာ ပညာရေးနဲ့ အမျိုးသားစီမံကိန်းဌာနဝန်ကြီးအဖြစ် တာဝန်ယူလိုက်ရတော့ ကျောင်းအုပ်ဆရာကြီးအဖြစ်က နုတ်ထွက်သွားရပါတယ်။

**ဆရာကြီး ဦးဘခင်။** ။ဆရာကြီး ဦးရာဇတ်ဟာ ပညာရေးနဲ့အမျိုးသားစီမံကိန်း ဝန်ကြီးဖြစ်လာတဲ့အခါ ဆရာကြီးဦးဘခင်က ဆရာကြီးဦးရာဇတ်ရဲ့ နေရာမှာ ဆက်လက်တာဝန်ယူခဲ့ပါတယ်။

ဆရာကြီးဦးဘခင်ဟာ မိတ္ထီလာနယ် ကနီ (ပန်းတောက်ပင်)ရွာက အဘမြို့သူကြီး ဦးကြွယ်၊ အမိဒေါ်ငယ်က ၁၈၉၃ ခု၊ ဒီဇင်ဘာလ ၆ ရက်၊ စနေနေ့မှာ တတိယမြောက် သားရတနာအဖြစ်၊ ငယ်နာမည်အပုခေါ် ဝဏ္ဏ ကျော်ထင်ဆရာကြီး ဦးဘခင်ကို ဖွားမြင်တယ်။

ငယ်စဉ်က သူ့ဘထွေးဘုန်းတော်ကြီး သုမာလာကျောင်းမှာ သင်ပုန်း ကြီးကစပြီး သဂြိုဟ်ကိုးပိုင်းထိ၊ ဆက်ပြီးတော့ ညောင်ကိုင်းတိုက်နယ် မြောက်ရုံးတောရွာကျောင်းမှာ ဆရာတော် ဦးသုန္ဒြဆီမှာ ပညာသင်ကြားခဲ့ ပါတယ်။

၁၉၀၈ ဇွန်လ ၆ ရက်နေ့ကစပြီး သာစည်အစိုးရအထက်တန်းကျောင်း (Government High School)၊ ကျောက်ဆည်ဝက်စလီအလယ်တန်း ကျောင်း၊ စစ်ကိုင်းအထက်တန်းကျောင်းမှာ (၈)တန်းအထိနဲ့ မန္တလေးဘီတီအမ် အထက်တန်းကျောင်းစတဲ့ ကျောင်းတွေမှာ ပညာသင်ကြားခဲ့ပါတယ်။

၁၉၁၆ ခု ကလကတ္တား ယူနီဗာစီတီကကျင်းပတဲ့ အေ-ဖွိတက္ကသိုလ် ဝင်စာမေးပွဲကို အောင်မြင်ခဲ့တယ်။ ဥပစာဝိဇ္ဇာအထက်တန်းရောက်တဲ့ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကိုကန့်ကွက်တဲ့အနေနဲ့ သပိတ် မှောက်ခဲ့ကြတယ်။ ရန်ကုန်ကောလိပ်နဲ့ ယုဒသန်ကောလိပ်တို့က ကျောင်းသား ခေါင်းဆောင် (၁၁) ဦးထဲက တစ်ဦးပါ။

၁၉၂၀ ပြည့်နှစ် သပိတ်မှောက်ပြီး မန္တလေးအမျိုးသားကျောင်းမှာ ၁၉၂၁ ခုနှစ်မှ ၁၉၂၂ ခုနှစ်အထိ အထက်တန်းပြဆရာအဖြစ်၊ ၁၉၂၃ မှ ၂၃ ခုထိ ညောင်ပင်ဈေးအလယ်တန်း အမျိုးသားကျောင်းမှာ ကျောင်းအုပ်ဆရာကြီး အဖြစ်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။

၁၉၂၄ ခုနှစ်တွင် မန္တလေးမြို့ ရသေ့ကိုယ်တော်ကြီး ဦးခန္တီရဲ့ ကိုယ်စားလှယ်အဖြစ် ကန်ထရိုက်တာ ဦးကျော်လှ-ဒေါ်သိန်းခင်တို့ရဲ့သမီး ကြီး ဒေါ်လှဝင်းနဲ့ အိမ်ထောင်ကျခဲ့ပါတယ်။

၁၉၂၄ ခုမှ ၂၅ ခုထိ အမျိုးသား ပညာရေးကောင်စီကရွေးချယ် ခန့်ထားလို့ အမျိုးသားပညာဝန်အဖြစ် ရန်ကုန်မြို့ (ဘီ)နယ်မှာ ဆောင်ရွက် ခဲ့ရပြန်ပါတယ်။

၁၉၂၅ ခုမှ ၄၂ ခုထိ မန္တလေးဗဟိုအစိုးရအထက်ကျောင်းမှာ အထက် တန်းပြဆရာအဖြစ်။

၁၉၄၅ ခုမှ ၄၆ ခုနှစ်ထိ ဆရာကြီးဦးရာဇတ် ပညာရေးဝန်ကြီးဖြစ် လာတဲ့အခါ အမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းအုပ်ဆရာကြီးအဖြစ် အမှုထမ်းခဲ့တယ်။

၁၉၄၆ ခုမှ ၆၂ ခုထိ အဆက်မပြတ် မန္တလေးမြို့လုံးဆိုင်ရာ မြို့မ ကျောင်းဆရာများအသင်း၊ ခရိုင်လုံးဆိုင်ရာ ကျောင်းဆရာများအသင်း၊ အသင်းအသီးသီးတို့ရဲ့ ဥက္ကဋ္ဌကြီးအဖြစ်နဲ့ နှစ်စဉ်တင်မြှောက်ခြင်းခံရသူပါ။

၁၉၄၇ ခု ဩဂုတ် ၁ ရက်နေ့မှစပြီး ဗဟိုအမျိုးသားအထက်တန်းကျောင်း ကို အမှတ်(၂) အစိုးရအထက်တန်းကျောင်းအဖြစ် အသိအမှတ်ပြုလိုက်ပြီ ဆိုတာကို ၁၉၄၉ ခုနှစ်တွင် အစိုးရရဲ့ပြန်တမ်းမှာ ဖော်ပြခဲ့တယ်။

၁၉၅၁ ခုနှစ် အောက်တိုဘာလမှာ အောက်တန်း နိုင်ငံတော်ဝန်ထမ်း အဖြစ်၊ ၁၉၅၂ ခုနှစ်တွင် "ဝဏ္ဏကျော်ထင်"အဖြစ် နိုင်ငံတော်အစိုးရက အသိအမှတ်ပြု ချီးမြှင့်ခဲ့ပါတယ်။

ပင်စင်လုပ်သက်ပြည့်သော်လဲ တစ်နှစ်ပြီးတစ်နှစ် ဆက်လက်ခန့်ထားခြင်း ခံရပါတယ်။ ၁၉၆၂ ခုနှစ် မေလ ၃၁ ရက်နေ့မှစ၍ ပင်စင်ယူခဲ့ပါတယ်။

ပညာရေးလုပ်သက် ၄၂ နှစ်ကျော်ရှိခဲ့ပေမယ့် ဗဟိုအမျိုးသားအထက်ကျောင်းကို အမှတ်(၂) အစိုးရအထက်တန်းကျောင်းရယ်လို့ (၁၉၄၇) ခု ဩဂုတ်လ(၁)ရက်နေ့မှာ စတင်ကြေညာခဲ့တာမို့ အဲဒီရှေ့ပိုင်းလုပ်ခဲ့တဲ့ လုပ်သက်ကို ပယ်လိုက်တော့ အစိုးရလုပ်သက် ၁၅ နှစ်နဲ့ပဲ ပင်စင်လစာကို ခံစားခဲ့ပါတယ်။

ဆရာကြီးဦးဘခင်ဟာ ကျောင်းသားဘဝကတည်းက အားကစားလဲ ဝါသနာထုံခဲ့သူပါ။ ဘောလုံး၊ ဟော်ကီ၊ တင်းနစ်၊ တာတိုတာရှည် အပြေးပြိုင်ပွဲ၊ အမြင့်ခုန်၊ သံလုံးပစ်တို့ပါ ထူးချွန်ခဲ့ပါတယ်။ ဆုတံဆိပ်များ မကြာခဏရခဲ့ပါတယ်။

ဆရာကြီးဦးဘခင်ဟာ ငယ်စဉ်က တရားဟောပြောပွဲတွေမှာ၊ စာပေဟောပြောပွဲတွေမှာ၊ စကားရည်လုပွဲတွေမှာ ပါဝင်ဆင်နွှဲခဲ့သူပါ။

ကျောင်းသားဘဝမှာ အနုပညာကို ဝါသနာပါခဲ့တယ်။ ကပွဲတွေမှာလဲ ပါဝင်ကခဲ့သေးတယ်။

ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးသွားခဲ့တဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးကို ၁၉၄၅ ခုနှစ်က လမ်း ၈၀ နဲ့ လမ်း ၃၀ ထောင့်ရှိ မူလပိဋကတ်တိုက် ဗဟိုအမျိုးသားအထက်ကျောင်းနေရာမှာပဲ အရင်ကျောင်းကြီးရဲ့အကျယ်အဝန်းပုံစံအတိုင်း ခြသေ့်ကျောင်းဆောင်ကို ဖြစ်မြောက်အောင် ပြန်လည်တည်ဆောက်ခဲ့တယ်။ ရွှေမြင်းပွဲရုံ ဦးထွန်းလှိုင်–ဒေါ်သိန်းသိန်း၊ သား မောင်မြင့်ဆွေတို့ကလှူဒါန်းခဲ့တဲ့ ရွှေမြင်းဆောင် ကျောင်းအဆောက်အအုံကြီး အကောင်အထည်ပေါ်လာရေးမှာလဲ အတတ်နိုင်ဆုံး ဆရာကြီး ဦးဘခင်လဲ ပါဝင်ကူညီခဲ့သူဖြစ်ပါတယ်။

ခြသေ့်ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းတဲ့အခါ ရန်ပုံငွေမလုံလောက်လို့ ဆရာကြီးဦးဘခင်ဟာ သူ့လခထုတ်တဲ့နေ့မှာ တာရဲတန်းက ဦးထင်ကျော်အစရှိတဲ့ လက်သမားဆရာတွေကို အလုပ်ဝင်လုပ်ခိုင်းတယ်။ သူ့လခကို လက်သမား လုပ်ခအဖြစ်ပေးတယ်။ လခကုန်ရင် အလုပ်ရပ်ထားစေတယ်။ နောက်လဆန်း လခထုတ်လျှင် တစ်ခါခေါ်ပြီး အလုပ်ဆက်စေပြန်တယ်။

ကျောင်းကြီးပြီးတဲ့အခါ "သမီးရေ–ဖေဖေတော့ သေပျော်ပြီ၊ ကျောင်းကြီးပြီးသွားပြီလို့ ဝမ်းသာအားရပြောတယ်။ သစ်စက်ပိုင် ဦးသာဌေးသစ်ခွဲခ အကြွေးတွေ မကျေသေးကြောင်း၊ သမီး ဒေါ်တင်လှကပြောတဲ့အခါ "ဦးသာဌေးက ကျောင်းကိုတော့ ဖျက်မယူပါဘူးကွယ်"ဟု သမီး ကျေနပ်အောင် နှစ်သိမ့်ခဲ့ပါသေးတယ်။

နောက်ဆုံး ကွယ်လွန်တဲ့အထိ တိုင်းပြည်နဲ့ လူမျိုးအတွက် လုံ့လဝီရိယနဲ့ ဖွဲ့သတ္တိအပြည့် မလျှော့တမ်းဆောင်ရွက်ခဲ့သူဖြစ်ကြောင်းသိရပါတယ်။ ဒါ့အပြင် သားသမီးတို့ကိုလဲ သူ့လိုစိတ်ဓာတ်မျိုး ပုံသွင်းခဲ့ပါသေးတယ်။ "ငွေမရရင် ဘယ်သူမှ အလုပ်မလုပ်ကြပါဘူး၊ ဖေဖေတို့ သမီးတို့ကမှ မလုပ်ရင် ဘယ်သူလာလုပ်မလဲ" လို့ အားပေးစကား ပြောခဲ့သေးသတဲ့။

မန္တလေးသက်ကြီးတက္ကသိုလ်ကို စစ်ပြီးခေတ်ကစတင်တည်ထောင်ခဲ့တယ်။ သမီးဒေါ်တင်လှအား ပါဠိကထိကအဖြစ် စေတနာ့ဝန်ထမ်း လုပ်အားပေးစေလွှတ်ခဲ့တယ်။ လခရတဲ့အခါမှ သမီးပင်ပန်းရင် ဒါမှမဟုတ် မအားလပ်ရင် အနားယူချင်ယူတော့တဲ့။ ဒီအချိန် မြန်မာကျောင်းဆရာတွေအတွက် လစာများပေးနိုင်တဲ့အခြေအနေကို ရောက်ခဲ့ပါပြီတဲ့။ ဒီတော့ ဘယ်သူမဆို လစာရရင် လွယ်လွယ်ကူကူ အမှုထမ်းနိုင်ပါလိမ့်မယ်။

ဆရာကြီး ဦးဘခင်ဟာ ကမ္ဘာ့စံချိန်မီ စာကြည့်တိုက်နဲ့ ပြတိုက်ကြီးတစ်ခု မန္တလေးမြို့မှာ ရှိသင့်တယ်ဆိုပြီး ကွယ်လွန်သူပညာမင်းကြီး ဦးကောင်းတို့နဲ့ ဆရာကြီး ဦးဘခင်တိုင်ပင်ပြီး သက်ဆိုင်ရာယဉ်ကျေးမှုဝန်ကြီးရဲ့ အကူအညီနဲ့ တိုင်းမင်းကြီးဦးစိန်ချော့လက်ထက်မှာ မန္တလေးမြို့ အမျိုးသားစာကြည့်တိုက်နဲ့ပြတိုက်ကို ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလမှာ စတင်တည်ထောင်ခဲ့တယ်။

အဲဒီလိုဆရာကြီးဦးဘခင်ဟာ တိုင်းပြည်နဲ့လူမျိုးအကျိုးဖြစ်စေမယ့် လုပ်ငန်းတွေကို အကောင်အထည်ဖော်ပေးခဲ့သူပါ။

အမျိုးသားကျောင်းများကို တည်ထောင်ဖွင့်လှစ်တဲ့အချိန်မှာ အစောဆုံး လက်ဦး တာဝန်ထမ်းဆောင်ခဲ့တဲ့ ဆရာ၊ ဆရာမများမှာ–

| | | |
|---|---|---|
| ၁။ | မစ္စတာရာဇတ် | (ပထမကောလိပ်သပိတ်မှောက်ကျောင်းသား) |
| ၂။ | ဦးဘခင် | (ပထမကောလိပ်သပိတ်မှောက်ခေါင်းဆောင် ၁၁–ဦး အဖွဲ့ဝင်) |

၃။ ဦးစိန်မောင် (ပထမကောလိပ်သပိတ်မှောက်ကျောင်းသား)
၄။ ဦးခင်မောင်ကြီး ။
၅။ ဦးယဉ်ထန် ။
၆။ ဦးထွန်းမြတ် ။
၇။ ဦးထွန်းရှိန် ။
၈။ ဦးခင်မောင်(ခေါ်)
ဦးခင်မောင်လင်း ။
၉။ ဦးလှအုံး ။
၁၀။ ဦးထွန်းဖေ ။
၁၁။ ဦးငွေသော် (မြန်မာစာသင်ဆရာ)
၁၂။ မစ္စတာဆုံဒရမ် (အိန္ဒိယပြည်မှရောက်လာသူ)
၁၃။ ဦးထွန်းမောင် (စိန်ပီတာအထက်တန်းကျောင်းမှ
သပိတ်မှောက်ကျောင်းသား)
၁၄။ ဦးလှတင် (ဘီတီအန်အထက်တန်းကျောင်းမှ
သပိတ်မှောက်ကျောင်းသား)
၁၅။ ဦးကျော် ။
၁၆။ ဦးစိန်ညွှန့် ။
၁၇။ ဦးဘအုန်း ။
၁၈။ ဦးအုန်းရွှေ ။
၁၉။ ဦးဘတိုး ။
၂၀။ ဦးခင်မောင်လတ် (အမ်ဘီအေအထက်တန်းကျောင်းမှ
သပိတ်မှောက်ကျောင်းသား)

အထက်ပါဆရာများကတော့ ပထမဆုံး ရန်ကုန်က ကောလိပ် သပိတ်မှောက် ကျောင်းသားများနဲ့ နယ်အထက်တန်းကျောင်းများက သပိတ်မှောက်ကျောင်းသားများ ဆရာအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်သူများ ဖြစ်ပါတယ်။

အဲဒီသပိတ်မှောက်ကျောင်းသားကြီးများနဲ့အတူ ဆရာများအဖြစ် အမှုထမ်းကြတဲ့ မန္တလေးက သပိတ်မှောက်ကျောင်းဆရာများလဲရှိပါသေးတယ်။ သူတို့ကတော့–

*၁။ ဆရာကြီးဦးဘတင် (ဘီတီအန်ကျောင်းဆရာ၊ ပထမဘိလပ်သွား ဖေ-ပု-ရှိန် အဖွဲ့ဝင် ဦးထွန်းရှိန်ရဲ့ညီ)
၂။ ဆရာတင် (ဘီတီအန် ကျောင်းဆရာ)
၃။ ဆရာချစ် ။

## ဆိုင်းတန်းအမျိုးသားအလယ်တန်းကျောင်း

ဆိုင်းတန်းမှာ ကျောင်းသားကော်မတီက ကျောင်းခွဲများဖွင့်ရန် မစီစဉ်ရသေးခင်ကပင် ရန်ကုန်မှ သပိတ်မှောက်ကောလိပ်ကျောင်းသားကြီး ဦးမောင်မောင်တင် (ဆိုင်းတန်းရှိ ဦးနေဦး ဒေါ်မှိန်၊ ရခိုင်ဆေးတိုက်ရဲ့တူ)က အဲဒီရခိုင်ဆေးတိုက်မှာပဲ အမျိုးသားကျောင်းနာမည်နဲ့ ကျောင်းဖွင့်ပြီး ကျောင်းဆရာကြီးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီကျောင်းမှာ ဆရာ၊ ဆရာမများအဖြစ် အမှုထမ်းနေသော ဆရာများက–

၁။ ဦးတော်ဦး
၂။ ဦးထွန်းရင် (မန္တလေး သူရိယတိုက်ပိုင်)
၃။ ဦးစိုးလှ (ရေဦး)
၄။ ဦးသိန်းမောင် (ကောလိယ)[၁]
၅။ ဒေါ်သိမ်းမေ (ရန်ကုန်မှ ကောလိပ်သပိတ်မှောက် ကျောင်းသူ ဦးဘကြွား၏ ဇနီး)
၆။ ဦးဘတုတ် (ဘီတီအန်သပိတ်မှောက်ကျောင်းသား)

ကျောင်းဆရာကြီးအဖြစ် အမှုထမ်းနေသော ဦးမောင်မောင်တင်ထွက်သွားသောအခါ ဦးတော်ဦးက ဆရာကြီးအဖြစ် တာဝန်ဆက်ယူပါတယ်။

## သောင်ပင်စျေးအမျိုးသားအထက်တန်းကျောင်း

သောင်ပင်စျေး အမျိုးသားအထက်တန်းကျောင်းခွဲတည်ထောင်စမှာတော့ ကျောင်းဆရာကြီးအဖြစ် ကိုကျော်ဝင်း (စိန်ပီတာကျောင်းက သပိတ်မှောက်ကျောင်းသား) က တာဝန်ယူပါတယ်။ ၁၉၂၁ ခုနှစ်မှ ၁၉၂၂ ခုနှစ်ထိဖြစ်ပါတယ်။

---

၁။ လက်ဦးကျောင်းဆရာလုပ်ပြီးနောက် အစိုးရစာရင်းစစ်လုပ်သည်။
ကောလိယ=မင်္ဂလာတံခါးအနီးရှိ အိမ်တစ်အိမ်။

ကိုတင်(၁) စိန်ပီတာ၊ ဆရာခို၊ ကိုတင်(၂) စိန်ပီတာ အစရှိတဲ့ပုဂ္ဂိုလ်များက ဆရာများအဖြစ် တာဝန်ယူပေးခဲ့ကြပါတယ်။

ရန်ကုန်မှကောလိပ်သပိတ်မှောက်ခေါင်းဆောင် (၁၁)ဦးမှာပါတဲ့ ဦးဘခင်ဟာ မန္တလေးအမျိုးသားအထက်တန်းကျောင်း နောင် ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ၁၉၂၁ ခုနှစ်မှ ၁၉၂၂ ခုနှစ်အထိ အထက်တန်းပြဆရာအဖြစ် တာဝန်ယူခဲ့ပါတယ်။

ညောင်ပင်ဈေး အမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းဆရာကြီးတာဝန်ယူနေတဲ့ ဦးကျော်ဝင်းဟာ ရှေ့နေစာမေးပွဲဝင်ဖြေရန်အတွက် ကျောင်းဆရာကြီးအဖြစ်မှ နုတ်ထွက်သွားပါတယ်။

အဲဒီမှာ ဆရာကြီးဦးဘခင် (၁၁) ဦးအဖွဲ့ဝင်က ညောင်ပင်ဈေးကျောင်းမှာ ကျောင်းဆရာကြီးအဖြစ် ဆက်လက်တာဝန်ယူပါတယ်။ ၁၉၂၂ ခုနှစ်ကနေ ၁၉၂၃ ခုနှစ်အထိ ဖြစ်ပါတယ်။

**မင်္ဂလာဈေးအမျိုးသားအလယ်တန်းကျောင်း**

မင်္ဂလာဈေး အမျိုးသားအလယ်တန်းကျောင်းခွဲဖွင့်လှစ်တည်ထောင်တဲ့အခါ မန္တလေးအမျိုးသားအထက်တန်းကျောင်း (ဗဟို) တွင် ဆရာကြီးအဖြစ် ဆောင်ရွက်နေတဲ့ ဆရာတင်က ယင်းကျောင်းမှ မင်္ဂလာဈေးအမျိုးသားအလယ်တန်းကျောင်းခွဲသို့ ကျောင်းဆရာကြီးအဖြစ် ပြောင်းရွှေ့တာဝန်ယူလိုက်ပါတယ်။ မန္တလေးအမျိုးသားအထက်တန်းကျောင်း(ဗဟို)မှာ အထက်တန်းပြဆရာအဖြစ် တာဝန်ယူနေတဲ့ ဆရာချစ်လဲ တစ်ပါတည်း ဆရာတင်နဲ့အတူ မင်္ဂလာဈေးအမျိုးသား အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ တာဝန်ယူပါတယ်။

ဆရာတင်နဲ့အတူ အခြား ဆရာ–ဆရာမများပါ ပူးတွဲကာ အမှုထမ်းကြပါတယ်။

**တရုတ်တန်းအမျိုးသမီးအထက်တန်းကျောင်း**

ဒီကျောင်းမှာ ကျောင်းဆရာမကြီးအဖြစ် ဘိလပ်သွား ဖေ–ပု–ရှိန် ကိုယ်စားလှယ်အဖွဲ့ဝင် ဦးထွန်းရှိန်ရဲ့အစ်မ ဒေါ်စောအုံက တာဝန်ယူ ဆောင်ရွက်ပါတယ်။ ဆရာမများကတော့ ဒေါ်ထား၊ ဒေါ်မမကြီး (မန္တလေး ဦးဘဖေရဲ့ဇနီး)၊ ဒေါ်တင့်တင့်၊ ဒေါ်လှတင်၊ ဒေါ်သန်းတင် (ရုပ်ရှင်မင်းသား မောင်မောင်တာရဲ့မိခင်)၊ ဒေါ်ဝဝ၊ ဒေါ်ပုပု စတဲ့ ဆရာမများ ဖြစ်ပါတယ်။

အဲဒီလိုဆရာမတွေက တာဝန်ယူသင်ပြပို့ချပေးနေပေမယ့် မန္တလေး အမျိုးသားအထက်တန်းကျောင်း(ဗဟို)က ကျောင်းဆရာများဖြစ်တဲ့ မစ္စတာ ရာဇတ်၊ ဆရာဦးအေးဖေ၊ ဆရာဦးငွေသော်၊ ဆရာတုတ် စတဲ့ဆရာများကလဲ ကျောင်းချိန်စာရင်းအရ လာရောက်ကူညီပြသပေးပါတယ်။

အမျိုးသားကျောင်းအုပ်ကြီး၊ ကျောင်းဆရာ၊ ဆရာမများရဲ့စာရင်း မေးမြန်းရရှိသလောက် စုပေါင်းပြီး အောက်တွင်ဖော်ပြလိုက်ပါတယ်။ ဒီစာရင်း မှာပါတဲ့ ဆရာ၊ ဆရာမတွေအများစုဟာ ကွယ်လွန်ကုန်ကြပါပြီ။

၁။ ဦးဘတင် (ရွှေပြည်တော်)
၂။ ဒေါက်တာစံကောင်း (ဆရာဝန်)
၃။ ဦးဘဦး (ဝန်ကြီးဟောင်း၊ဗဟိုစည်-တို့ဘုရင်ဦးဘဦး)
၄။ ဦးဘဘေ(ကြီး) (၉၁ ဌာနအုပ်ချုပ်ရေးကာလ ပါလီမန်အတွင်းဝန်)
၅။ ဦးဘဘေ(လေး) (ဗိုလ်ဖေယျဇနီး ဒေါ်ခင်တင့်ရဲ့ ဦးလေး)
၆။ ဦးတင် (ဘီတီအင်န် အထက်တန်းကျောင်းက သပိတ်မှောက်တဲ့ထဲ ပါတဲ့ ကျောင်းဆရာ)
၇။ ဦးဘခင် (ဝဏ္ဏကျော်ထင် ဦးဘခင်)
၈။ မစ္စတာရာဇတ်
၉။ ဦးခင်မောင်ကြီး
၁၀။ ဦးစိန်မောင်
၁၁။ ဦးယဉ်ထန် (သီပေါစော်ဘွားရဲ့ အတွင်းဝန်ဟောင်း)
၁၂။ ဦးခင်မောင် (မန္တလေး) (ပညာရေးဒုတိယအတွင်းဝန်-ကွယ်လွန်)
၁၃။ ဦးခင်မောင် (ဟသ်ာတ)
၁၄။ ဦးလှအုန်း(လက်ပံတန်း) (စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်ဟောင်း)
၁၅။ ဦးထွန်းရှိန် (အင်းစိန်)
၁၆။ ဦးထွန်းမြ (ပျော်ဘွယ်)
၁၇။ ဦးဘသိ (အမရပူရ) (ဦးစောလက်ထက် ဘဏ္ဍာရေးဝန်ကြီးဟောင်း)
၁၈။ ဆရာချစ်
၁၉။ ဦးဘဦး
၂၀။ ဦးထွန်းမောင်
၂၁။ ဦးဘလှ (ယခုသိရိပျံချီ ဦးဘလှ-ကွယ်လွန်)

၂၂။ ဦးဘကြူ (ဆရာကြီး ဦးရာဇတ်ညီ၊ ယခု မန္တလေး နန်းရှေ့ရပ်–ကွယ်လွန်)
၂၃။ ဒေါ်မမ (ဆရာဦးထွန်းမောင်၏ဇနီး ကျောင်းဆရာမ)
၂၄။ ဒေါ်သိုက် (ကွယ်လွန်)
၂၅။ ဒေါ်နှင်းဦး
၂၆။ ဦးကျော်ဝင်း (ကွယ်လွန်)
၂၇။ ဦးသိန်းအောင် (ကျောင်းသားခေါင်းဆောင်–လက်ညှိုးထောင်သိန်းအောင်)
၂၈။ ဦးဘထိုက် (အထက်တန်းပြဆရာ ယခုမန္တလေးမှာရှိ)
၂၉။ ဦးကြီးအို (သူက အိုင်အေအောင်ပြီး ပညာမင်းကြီးရုံးမှာ စာရေးလုပ်ရာကနေ သပိတ်မှောက်ပြီး ပျော်ဘွယ်အမျိုးသားကျောင်းမှာ ဆရာလုပ်ခဲ့တယ်။ နောက် မန္တလေး ဗဟိုအမျိုးသားကျောင်းမှာ ကျောင်းဆရာလုပ်လာသူ)
၃၀။ ဦးခင်မောင်ကလေး (ဖ–ဆ–ပ–လ ဝန်ကြီးဟောင်း ဗိုလ်ခင်မောင်ကလေး)
၃၁။ ဒေါ်အုံး (ယခုအမ်အေဒေါ်အုံး–မန္တလေးတက္ကသိုလ် ပါဠိဘာသာပါမောက္ခ အငြိမ်းစား)
၃၂။ ဒေါ်တင်လှ (ယခု ဝိဇ္ဇာဂုဏ်ထူး မဟာဝိဇ္ဇာ မဟာသိပ္ပံ–မန္တလေးအမျိုးသားပြတိုက်နဲ့ စာကြည့်တိုက်မှူး၊ အငြိမ်းစား)
၃၃။ ဒေါ်မြဝင်း (ယခုပင်စင်စား)
၃၄။ ဦးသိန်းဖေ (ဦးသိန်းဖေမြင့်–ကွယ်လွန်)
၃၅။ ဦးကြီးဒန်
၃၆။ ဦးသိန်းဒန်
၃၇။ ဦးမောင်မောင်
၃၈။ ဦးအေးမောင် (သခင်အေးမောင်လေး)
၃၉။ မစ္စက်လီယာ
၄၀။ သခင်အေးမောင် (ယခု ရန်ကုန်ဘုန်းကြီးလမ်း၊ အမှတ် ၄၂ နေသူ)
၄၁။ ဦးမောင်မောင်တင်
၄၂။ ဦးခင်မောင်ဝင်း (ဗိုလ်ခင်မောင်ကလေးရဲ့ညီ)

၄၃။ ဦးရွှေဆင့် (ဒေါ်ရှိကြိန်အစ်ကို)
၄၄။ ဦးဘဒင် (ဒရိန်းဗိုလ်)
၄၅။ ဒေါ်သန်း (လေး)
၄၆။ ဒေါ်သန်း (အသားမည်း)
၄၇။ ဦးတော်ဦး
၄၈။ ဆရာဦးဘညွန့် (ရုံတော်ကြီး ရှင်လုံးရဲ့သား၊ ၁၉၃၀ ခုဌ် Lord Reading Prize ရသူ)
၄၉။ ဦးလှဦး
၅၀။ ဆရာဗထူး
၅၁။ ဒေါ်သိန်းညွန့် (ပုဏ္ဏားအမျိုးသမီး)

စသည်တို့ဖြစ်ကြပါတယ်။ အကယ်၍ ဆရာ–ဆရာမများ နာမည်ကျန်ပြုနေရင် ထပ်လောင်းဖြည့်စွက်ပေးကြစေလိုပါတယ်။ ကျန်ပြုနေလို့ရှိရင် ကျွန်တော့်ထံ စာရေးပေးစေချင်ပါတယ်။ အမှားရှိရင်လဲ စေတနာဖြင့် မှားခြင်းဟုသာ သဘောပိုက်ကာ ခွင့်လွှတ်ပါမည်အကြောင်း။

**ဆရာဦးဘလှ**။ ။ဆရာဦးဘလှအကြောင်းကို နည်းနည်းပြောပါရစေ။

ဆရာဦးဘလှဟာ ၁၉၂၀ ခုနှစ်၊ ယူနီဘာစီတီသပိတ်မှောက်တဲ့အချိန်တုန်းက အိန္ဒိယပြည် ဘင်္ဂလား ဆီရန်ပူကောလိပ်မှာ ပညာသင်ကြားနေသူပါ။ မြန်မာပြည်မှာ ကျွန်ပညာရေးစနစ်ကို ဖျက်သိမ်းပြီး အမျိုးသားပညာရေးစနစ်ကို ပြောင်းလဲဖို့ “ရန်ကုန်ယူနီဘာစီတီ ကျောင်းသားတွေက ခေါင်းဆောင်သပိတ်မှောက်ကြပြီ”ဆိုတဲ့ သတင်းရောက်လာတယ်။ အဲဒီမှာ အမျိုးသားစိတ်ဓာတ်တွေ တစ်ဟုန်ထိုး တက်ကြွလာတော့တယ်။ အဲဒါကြောင့် စာဆက်သင်ဖို့ စိတ်မဝင်စားတော့ဘူး။ မြန်မာပြည်က သပိတ်မှောက် ကျောင်းသားတွေနဲ့ ဆိုးတူကောင်းဖက် ဒီသပိတ်တိုက်ပွဲမှာ လက်ရေတပြင်တည်း ပါဝင်ဆင်နွှဲဖို့ ဆုံးဖြတ်လိုက်တယ်။

ဘာမဆိုင်ညာမဆိုင်နဲ့ သူနေတဲ့ အိန္ဒိယပြည် ဆီရန်ပူကောလိပ်ကျောင်းကို သပိတ်မှောက်ပြီး မြန်မာပြည်ကို ပြန်လာခဲ့တယ်။

ပုသိမ်ရောက်တဲ့အခါ ပုဂံကျောင်းတိုက်မှာ ဆရာဦးဘထွန်းအမှူးပြုတဲ့ အမျိုးသားကျောင်းမှာ ဆရာအဖြစ်ဝင်ရောက်လုပ်အားပေးခဲ့တယ်။ ဒီလိုလုပ်ရင်း

ဒီပဲယင်းဝန်ထောက်မင်း ဦးမြဲဆီ လျှို့ဝှက်ကိစ္စအတွက် မန္တလေးရောက်လာတယ်။ နိုင်ငံရေး ခေါင်းဆောင် ဦးဘဘေ(ကြီး)အိမ်မှာ တည်းခိုနေတယ်။

အဲဒီမယ် ဆရာကြီးဦးရာဇတ်နဲ့တွေ့တယ်။ ဆရာကြီးဦးရာဇတ်က မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းဆရာလုပ်ဖို့ တိုက်တွန်းတယ်။ ဒါကြောင့် မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်းမှာပဲ အထက်တန်းပြဆရာ ဝင်လုပ်တယ်။ ရာဇဝင်ဘာသာရပ်ကို သင်ကြားပို့ချတယ်။

သူဟာ ပုသိမ်နဲ့ မန္တလေးအမျိုးသားကျောင်းတွေမှာ ၁၉၂၂ ခုနှစ်က ၁၉၃၆–၃၇ ခုနှစ်အထိ လုပ်ကိုင်ပေးခဲ့တယ်။ ကျောင်းဆရာလုပ်သက် ၁၇ နှစ်ကျော်ကျော် ရှိခဲ့တယ်။

ဆရာဦးဘလှ မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ဝင်လုပ်အားပေးခဲ့တုန်းက ကျောင်းဟာ အကာအရံ၊ တံခါး၊ မျက်နှာကြက်တွေမရှိသေးတဲ့အပြင် ကြမ်းပြင်မှာလဲ ကြမ်းခင်းအပြည့်မခင်းနိုင်သေးဘူး။ ဒါကြောင့် ကျောင်းရန်ပုံငွေရရှိရေးအတွက် တစ်ပါတည်းလဲ ကျောင်းရန်ပုံငွေရှာဖွေရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူရသေးတယ်။

မန္တလေးမြောက်ပြင်၊ တောင်ပြင်နယ်တွေ လှည့်လည်ပြီး ရန်ပုံငွေစုရပါတယ်။ ရွှေပြည်ဆရာဦးဘတင်က ရှေ့ကတရားဟော၊ ဦးဘလှက နောက်က တောင်သူကြီးများကလှူတဲ့စပါးတွေကိုစု၊ ကိုယ်တိုင်ကားမောင်းပြီး ငွေထိန်း ဦးပေါ်ဆီ ပို့ရပါသတဲ့။

ကျောင်းဆရာအဖြစ်မှာ အမျိုးမျိုးအနစ်နာခံပြီးတဲ့နောက် အဲဒီနှစ် ဆရာဦးခင်မောင်ကလေး (ဗိုလ်ခင်မောင်ကလေး)ကလဲ ရန်ကုန်တက္ကသိုလ်က ဘီအေအောင်ခဲ့တယ်။

"ကဲ–ခင်မောင်ကလေး၊ မင်းတချိတမောင်းဆရာအဖြစ်ဝင်လုပ်ပြီး အင်္ဂတော်ခံလိုက်ဦး၊ ငါတော့ အနားယူတော့မယ်"ဆိုပြီး လွှဲပြောင်းပေးခဲ့ပါတယ်။

အငတ်အပြတ်ခံပြီး ကိုယ့်စရိတ်ကိုယ်စားနေရတဲ့ ကျောင်းဆရာ၊ နောင်အနာဂတ်အတွက်လဲ ဘာတစ်ခုမှ အာမခံချက်မရှိတဲ့ အမျိုးသားကျောင်းဆရာအဖြစ်ကနေ အနားယူသွားပါသတဲ့။ အမျိုးသားကျောင်းဆရာအဖြစ်က အမျိုးသားအာမခံကုမ္ပဏီ(ဘားမားနေရှင်နယ်) တည်ထောင်တော့ အဲဒီ ကုမ္ပဏီ

မှာ ဝင်အမှုထမ်းခဲ့တယ်။ ၁၉၅၂ ခုနှစ်မှာ အဲဒီကုမ္ပဏီကို နိုင်ငံပိုင်လုပ်လိုက်ပြီး "ပြည်ထောင်စုအာမခံစနစ်အဖွဲ့"ရယ်လို့ ပြောင်းလဲ တည်ထောင်လိုက်တဲ့အခါမှာ ဦးဘလှဟာ"အုပ်ချုပ်ရေးမှူး"တာဝန်ပေးခြင်းခံရတယ်။ အဲဒီတာဝန်ကိုထမ်းဆောင်ပြီး ၁၉၆၀ ပြည့်နှစ် မတ်လမှာအနားယူလိုက်ပါတယ်။ ရန်ကုန် ၄၀၉ ဘိုလိန်းလမ်း၊ တာမွေမှာ အေးချမ်းစွာ နေထိုင်ရာကနေ ၁၉၈၅ ခု နိုဝင်ဘာလ ၂ ရက်နေ့မှာ လူကြီးရောဂါနဲ့ကွယ်လွန်ရှာပါတယ်။

ဆရာကြီး ဦးရာဇတ်အတွက် ဆရာဦးထွန်းမောင်နဲ့ ဆရာဦးဘလှ တို့ဟာ လက်ရုံးများတမျှအားကိုးရပါသတဲ့။

ဒီအချိန်မှာ ဆရာဦးခင်မောင်ကလေးက ကျောင်းသားပဲရှိပါသေးတယ်။ ဆရာဦးခင်မောင်ကလေး တက္ကသိုလ်ဘွဲ့ရပြီး မိခင်ကျောင်းမှာ ဆရာလာလုပ်ပါတယ်။

ဒီနောက်ပိုင်းမှာ ဆရာဦးခင်မောင်ကလေးဟာ အထက်မြန်မာပြည်ရဲ့ နိုင်ငံရေးခေါင်းဆောင်ဖြစ်လာပါတယ်။ တစ်ပါတည်းမှာ အထက်မြန်မာပြည် တော်လှန်ရေးလှုပ်ရှားမှုအတွက် အောက်မြန်မာပြည်ကရောက်လာတဲ့ ဗဟို ခေါင်းဆောင်တွေဟာ ဆရာဦးခင်မောင်ကလေးနဲ့ ဗဟိုအမျိုးသားကျောင်းမှာ အခြေခံရပါတယ်။

ဆရာဦးခင်မောင်ကလေးကလဲ ရောက်လာတဲ့ ခေါင်းဆောင်တွေကို ဆရာကြီးဦးရာဇတ်ဆီခေါ်သွားပြီး မိတ်ဆက်ပေးခြင်း၊ အပြန်ပြန်အလှန်လှန် နိုင်ငံရေး ဆွေးနွေးခြင်းကို ပြုစေပါတယ်။ ဒီလိုအခါမျိုးမှာ ဆရာဦးခင်မောင်ကလေးဟာ ဆရာကြီးဦးရာဇတ်နဲ့ အောက်မြန်မာပြည်ဌာနချုပ် ခေါင်းဆောင်တွေကို ဆက်သွယ်ပေးတဲ့ ဆက်သွယ်ရေးအရာရှိလိုလဲဖြစ်ရပြန်ပါတယ်။

ဆရာဦးထွန်းမောင်ကျတော့ ဆရာကြီးရဲ့ အတိုင်ပင်ခံသဘော၊ အပါးတော်မြဲသဘော၊ ဆက်သွယ်ရေးအရာရှိသဘောမျိုးတာဝန်ကို ယူထားသလို အဖြစ်မျိုးမှာ ရှိနေပါတယ်။

ဆရာဦးထွန်းမောင်ဟာလဲ ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးကို စတင်တည်ထောင်ကတည်းက ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့ပါတယ်။ နောက်ပိုင်းကျမှ ကျောင်းဆရာဘဝက အနားယူလိုက်ပါတယ်။

ဒီလိုကျောင်းဆရာဘဝက အနားယူလိုက်ပေမယ့် ကျောင်းကြီးရဲ့ ကိစ္စအဝဝကို အသေးစိတ်ကစပြီး တာဝန်ယူပေးခဲ့ပါတယ်။ ဆရာကြီးဦးရာဇတ်

တို့ မြန်မာ့အာဇာနည်များအဖြစ် ကျဆုံးသွားပြီးတဲ့နောက်ပိုင်း ဗဟိုအမျိုးသား အထက်တန်းကျောင်းကနေ အမှတ်(၂) အစိုးရအထက်တန်းကျောင်းအဖြစ်သို့ ကူးပြောင်းသွားတဲ့တိုင်အောင် ဒီကျောင်းကြီးရဲ့ ဝေယျာဝစ္စကိစ္စအဝဝမှာလဲ ခေါင်းဆောင်ကာ တာဝန်ယူပေးခဲ့ပါတယ်။

အမျိုးသားအောင်ပွဲနေ့ကာလမျိုးကျရောက်လာပြန်တော့လဲ အမျိုးသား အောင်ပွဲနေ့ကျင်းပရေးအတွက် ရှေ့တန်းနေရာက ထကြွလှုံ့လဝီရိယရှိရှိ ငွေရေး ကြေးရေး လိုအပ်ရင်လဲလိုအပ်သလို လူစိုက်ငွေစိုက် တစ်နည်းပြောရရင် လူအင်အား ငွေအင်အားပါ ပါဝင်ဆောင်ရွက်ပေးခဲ့သူပါ။

နောက်ဆုံး မကွယ်လွန်မီ ကျမ်းပြုသူရေးသားပြုစုခဲ့တဲ့ ဆရာကြီး ဦးရာဇတ်အတ္ထုပ္ပတ္တိစာအုပ်အတွက် လက်နှိပ်စက်စာမူများကိုပင် ပြင်ဆင် တည်းဖြတ်ပေးခဲ့ပါသေးတယ်။

ဒီထိအောင်ဆရာကြီးဦးရာဇတ်နဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်း ကြီးအပေါ်မှာ သံယောဇဉ်ကြီးခဲ့သူပါ။

ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းဆရာအဖြစ် လုပ်အား ပေးခဲ့တဲ့ ကျောင်းဆရာတွေထဲမှာ တချို့ဆရာတွေဟာ ဗဟိုအမျိုးသားအထက် တန်းကျောင်းကနေ ဆယ်တန်းအောင်သွားတဲ့ ကျောင်းသားဟောင်းတွေပါ။ သူတို့ဟာ တက္ကသိုလ်တွေမှာဘွဲ့ရပြီး သူတို့နေခဲ့တဲ့ကျောင်းမှာ လာလုပ်အား ပေးကြတယ်။ ကျောင်းကျေးဇူးကို တုံ့ပြန်မေတ္တာနဲ့ ဒီဗဟိုအမျိုးသား အထက်တန်းကျောင်းမှာ လုပ်အားလာပေးရင်း သူတို့ရသင့်တဲ့အခကြေးငွေ အပြည့်၊ ဒါမှမဟုတ်ရင် သူတို့ရသင့်တဲ့လခကိုရမှာမဟုတ်ဘူးဆိုတာကို သိတယ်။ သိပေမယ့် သူတို့ဟာ ကျေးဇူးတရားကိုသိတတ်တာကတစ်ကြောင်း၊ တိုင်းချစ် ပြည်ချစ် မျိုးချစ်စိတ်ရှိတာကလဲတစ်ကြောင်း၊ ဒါကြောင့်မို့ ဝင်ပြီးလုပ်အား ပေးခဲ့ကြတယ်။

ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာဝင်ပြီး ဆရာအဖြစ် လုပ်အားပေး ခဲ့တဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်းသားတွေက ဆရာဦးခင်မောင် ကလေး (ဘီအေ၊ ဖ-ဆ-ပ-လ ဝန်ကြီးဟောင်း မိုလ်ခင်မောင်ကလေး)၊ လက်ညှိုးထောင် ဦးသိန်းအောင် (ဘီအေ၊ အင်္ဂလိပ်စာဂုဏ်ထူး၊ ရန်ကုန် ကျောင်းသားများသမဂ္ဂ ခေါင်းဆောင်ဟောင်း၊ ကွယ်လွန်)။

အမ်အေဒေါ်အုံး (မန္တလေးတက္ကသိုလ် ပါဠိ ပါမောက္ခ၊ အငြိမ်းစား)။

ဒေါ်တင်လှ (ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ၊ အမျိုးသားစာကြည့်တိုက်နဲ့ ပြတိုက်မှူး၊ အငြိမ်းစား)။

လက်ညှိုးထောင် ဦးသိန်းအောင်၊ ဒေါ်အုံး၊ ဒေါ်တင်လှတို့က ကျောင်းဆရာအဖြစ် ယာယီလုပ်အားပေးခဲ့သူတွေပေါ့။ ဆရာဦးခင်မောင်ကလေးကတော့ သမိုင်းဆရာအဖြစ် အထက်တန်းကို ကိုင်တယ်။

## တိုက်ပုံအင်္ကျီအနက် လုံချည်စိမ်းနဲ့ ဦးသိန်းဖေ(မြင့်)

ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ဦးသိန်းဖေ (ယခုဦးသိန်းဖေမြင့်–ကွယ်လွန်)ကလဲ ကျောင်းဆရာအဖြစ်နဲ့ ယာယီဝင်လုပ်ခဲ့သေးတယ်။

၁၉၄၀–၄၁ ခုနှစ်မှာ ကမ္ဘာ့အနောက်ဘက်စစ်မီးလျှံတွေ တောက်လောင်နေပြီ။ အဲဒီမယ် မြန်မာပြည်က အင်္ဂလိပ်ကိုတော်လှန်ဖို့ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ရဲဘော်သုံးကျိပ်က ဂျပန်ပြည်ရောက်ပြီး စစ်ပညာများသင်နေပါပြီ။ ဘီအိုင်အေတပ်တွေဖွဲ့ဖို့လုပ်နေတယ်။ မြန်မာပြည်ထဲကနေ မြေအောက်တော်လှန်ရေးပါတီက ခေါင်းဆောင်ပြီး အင်္ဂလိပ်မောင်းထုတ်ရေးအတွက် မြေအောက်အဖွဲ့အစည်းတွေ ဖွဲ့စည်းနေကြပါတယ်။

အထက်မြန်မာပြည်မှာ ဒီစည်းရုံးရေးနဲ့ပါတ်သက်ပြီး ဆရာ ဦးခင်မောင်ကလေးနဲ့ တွဲလုပ်ဖို့ ဦးသိန်းဖေ(မြင့်)ကို မြေအောက်တော်လှန်ရေးဌာနချုပ်က တာဝန်ပေးတယ်။ ဒါကြောင့် မန္တလေးကိုရောက်လာတယ်။ မန္တလေးမှာ စည်းရုံးရေးလုပ်နေတုန်း ဦးသိန်းဖေ(မြင့်)ကို ပုလိပ်က အနံ့ရပြီးလိုက်တယ်။

ဒါကြောင့် ဆရာဦးခင်မောင်ကလေးရဲ့ စီစဉ်ချက်နဲ့ သူဟာ တိုက်ပုံအင်္ကျီအနက် လုံချည်အစိမ်းနဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာပဲ ကျောင်းဆရာဝင်လုပ်နေရသေးတယ်။ ဒါဟာ မြေအောက်လုပ်ငန်းကို အကာအကွယ်ဖြစ်စေလို့တဲ့။

ဆရာကြီးဦးရာဇတ်ဟာ ဒါတွေကိုသိတယ်။ သူကိုယ်တိုင်ခွင့်ပြုခဲ့တယ်။ ဗဟိုအမျိုးသားအထက်တန်းကျောင်းဟာ ဒီလှုပ်ရှားမှုရဲ့ အခြေခံစခန်းဖြစ်ပါတယ်။ ကျောင်းထဲမှာ လျှို့ဝှက်အစည်းအဝေးလုပ်ရင် ဆရာကြီးသိတယ်။ ဒါပေမယ့် သူက ကိုယ်ထိလက်ရောက်မပါဘူး။ မသိကျိုးကျွံပြုနေတယ်။

ဗဟိုအမျိုးသားအထက်တန်းကျောင်း–ကျောင်းရုံးမှာ ဦးဘကျော်က

အထွေထွေစာရင်းကိုင်၊ ဒေါ်မြတင်က ငွေကိုင်နဲ့ ငွေစာရင်းကိုင်စာရေး၊ ကျောင်းပြွန်းခေါ် ရှုံးလုလင်က ဦးပြား၊ ဦးပြားဟာ ဘီတီအင်ကျောင်း က ရှုံးလုလင်ပဲ။ ၁၉၂၀ခုနှစ်သပိတ်မှာ သူလဲရှုံးလုလင်အဖြစ်နဲ့ ဘီတီအင်ကျောင်းက သပိတ်မှောက်ပြီး ဗဟိုအမျိုးသားအထက်တန်းကျောင်းကို ရောက်လာခဲ့သူပါ။

## ဆရာကြီးဦးရာဇတ် ကျောင်းဆရာကြီးဖြစ်လာပုံ

ဖော်ပြပြီးခဲ့တဲ့အတိုင်း ဆရာကြီးဦးယဉ်ထန်ဟာ သီပေါစော်ဘွားကြီး ရဲ့အတွင်းရေးအတွင်းဝန်ရာထူးကို လက်ခံလိုက်တယ်ဆိုတော့ သူ့အစား ကျောင်းဆရာကြီးအသစ် ရွေးချယ်ခန့်ထားဖို့ ဖြစ်ပါတယ်။

ဒီအတွက်အမျိုးသမီးထက်တန်းကျောင်းမှာ ဆရာဝန်ဦးစံကောင်းနဲ့ ကျောင်းကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းတို့ကဦးစီးပြီး အစည်းအဝေးထိုင်ကြတယ်။ နောက်ဆုံး "ကျောင်းဆရာတွေထဲက သင့်လျော်မယ့် တစ်ဦးဦးကိုပဲရွေးကြ ပါဆိုပြီး ဆရာတွေအပေါ် လုံးဝပုံအပ်လိုက်တယ်။

ဒါကြောင့် ဆရာတွေအားလုံး စည်းဝေးတိုင်ပင်ကြတယ်။ အစည်းအဝေး ရဲ့အတွင်းရေးမှူးက ဆရာဦးထွန်းမောင်၊ ဒီအစည်းအဝေးမှာ ဆရာကြီး ဦးရာဇတ်က စာတမ်းတစ်စောင်ရေးပေးတယ်။

ကျောင်းဆရာကြီးတို့၊ ကျောင်းအုပ်ကြီးတို့ဆိုတာ မကြာခဏဆိုသလို နုတ်ထွက်ကြတယ်။ ဒါကြောင့်အနစ်နာခံပြီး ရေရှည်စွဲစွဲမြဲမြဲလုပ်မယ့် လူတစ်ဦးဦး ကို ရွေးဖို့သင့်တယ်။ မကြာခဏအပြောင်းအလဲဖြစ်မနေသင့်ဘူးဆိုတာပဲ။

အဲဒီစပ်ကူးမတ်ကူးကာလမှာ ရန်ကုန်အမျိုးသားပညာရေးကောင်စီနဲ့ ယူနီဘာစီတီသပိတ်မှောက်ကောင်စီကလွှတ်လိုက်တဲ့ (၁၁) ဦးအနက် ဦးခင်မောင် ကြီး(ဘီအေ)၊ မစ္စတာရာဇတ်(ဘီအေ)၊ ဦးစိန်းမောင်(ဘီအေ) စတဲ့ မန္တလေးလေးသား(၄)ဦးပဲ ကျောင်းဆရာအဖြစ်နဲ့ ဆက်ပြီးအနစ်နာခံနေကြ တယ်။ ကျန်တဲ့ ဆရာတွေလဲပြန်ကုန်ကြပြီ။

သပိတ်မှောက်ကျောင်းသားမဟုတ်တဲ့ ဦးအေးဖေကျပြန်တော့ ဘီအက်စ်စီ ပဲ၊ ဒါပေမယ့် ဘွဲ့မရသေးဘူး၊ သပိတ်မမှောက်ခင် ကျောင်းကထွက်သွားသူပါ။

ဦးထွန်းဖေတစ်ယောက်လဲရှိတယ်။ ဒီဦးထွန်းဖေက နောင် ဒေသန္တရ အစိုးရအဖွဲ့မှာ စာရင်းစစ်ဖြစ်လာသူပါ။

အဲဒီမယ် ရန်ကုန်ယူနိဘာစီတီထဲ ကျန်တဲ့လူတွေကလဲ မြမြစွဲစွဲလုပ်ဖို့ ကတိမပေးနိုင်ဘူး။ တစ်ချို့ကလဲထွက်ဖို့ အစီအစဉ်ရှိတယ်ဆိုတာ ပြောလာကြတယ်။

ဆရာကြီးဦးရာဇတ်ကတော့ ဒီကျောင်းကြီးနဲ့ ဖက်နေမယ်။ ဘယ်လိုအခက်အခဲရှိရှိ ကျောင်းကြီးကိုတော့ စွန့်မသွားဘူးဆိုပြီးတင်ပြတယ်။ အဲဒီတော့ နောက်ဆုံးအားလုံးက ဆရာကြီးဦးရာဇတ်ကိုပဲ တညီတညွတ်တည်း ရွေးလိုက်တယ်။

ဆရာကြီးဦးရာဇတ်အပါအဝင် အမျိုးသားကျောင်းဆရာ၊ ဆရာမတွေနဲ့ ပတ်သက်ပြီး သခင်အောင်ကြီး ပေါင်းတည်းက ဒီလိုရေးသားဖော်ပြခဲ့ပါတယ်။

အဲဒါက–

> ၁၉၂၀ ပြည့်နှစ်နောက်ပိုင်းမှာ သပိတ်မှောက်ကျောင်းသားခေါင်းဆောင်တွေကိုယ်တိုင် ကျောင်းဆက်မနေကြတော့ဘဲ အစိုးရအထက်တန်းကျောင်းတွေနှင့် စင်ပြိုင်အထက်တန်းကျောင်းတွေ ထောင်ကြတာဖြစ်ပါတယ်။ နေရှင်နယ်ကောလိပ်ဆိုပြီး ကောလိပ်ကျောင်းလည်း ဗဟန်းမှာ ထောင်ကြပါသေးတယ်။
>
> သက်ဆိုးမရှည်ခဲ့ရှာပါဘူး။ နေရှင်နယ်ကျောင်းတွေလည်း အမြို့မြို့မှာထောင်ကြပါတယ်။ မျိုးချစ်စိတ်တက်ကြွပြီး ထောင်ခဲ့ကြသော်လည်း စီးပွားရေးအနေကျပ်တည်းကြပြီး တစ်ကျောင်းပြီးတစ်ကျောင်းပြုတ်ခဲ့ပါတယ်။ မန္တလေးမှာတော့ နေရှင်နယ်ကျောင်းကြီးဟာ ဆရာကြီး ဦးရာဇတ်ရဲ့ခေါင်းဆောင်မှုအောက်မှာ အကြီးအကျယ်ရှင်သန်ခဲ့ပါတယ်။ လွတ်လပ်ရေးသမိုင်းတစ်လျှောက်မှာတော့ မန္တလေးနေရှင်နယ်ကျောင်းကြီးနှင့် နေရှင်နယ်ကျောင်းသားဟောင်းတွေရဲ့ ကဏ္ဍဟာ တခမ်းတနားကြီးဖြစ်ခဲ့ပါတယ်။
>
> အဲဒါတွေကြောင့်ပဲ ဆရာကြီးဦးရာဇတ်ရဲ့ကျေးဇူးကို ကျွန်တော်တို့ သတိတရဖြစ်ခဲ့ရပါတယ်။ အဲဒီအချိန်လောက်မှာ ကျန်နေတဲ့ နေရှင်နယ်ကျောင်းတွေရဲ့ စရိတ်အချို့တစ်ဝက်ကို အစိုးရက ထောက်ပံ့ခဲ့ပါတယ်။ မန္တလေးနေရှင်နယ်ကျောင်းတို့၊ ရန်ကုန်မြို့မကျောင်းတို့၊ ပုသိမ်ကနေရှင်နယ်ကျောင်းတို့ဟာ ကျောင်းသားများ သမဂ္ဂညီလာခံပြုလုပ်ခဲ့တဲ့ ကျောင်းတွေဖြစ်ခဲ့ပါတယ်။ ဒါဟာ သမိုင်းဝင်အချက်

အလက်တွေပါ။[၁]

အဲဒီလို သခင်အောင်ကြီးက ရေးသားဖော်ပြခဲ့ပါတယ်။

မင်းနေပြည်တော်ကြီး ဖြစ်ခဲ့ဖူးတဲ့ ရတနာပုံနေပြည်တော် ဗုဒ္ဓဘာသာ ထွန်းကားခဲ့တဲ့ မန္တလေးရဟန်းသံဃာတော်တွေ အများဆုံးရှိတဲ့မြို့။ ပြီးတော့ အမျိုးသားကျောင်း၊ ဒိပတ်ဝန်းကျင်လိုနေရာမှာ အစ္စလာမ်ဘာသာဝင် ဗမာမွတ်စလင်အမျိုးသားတစ်ယောက်ဟာ အမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းဆရာဖြစ်လာတယ်ဆိုတော့ အံ့သြစရာပေါ့။

ဒါနဲ့ပတ်သက်ပြီး စာရေးဆရာ နှင်းဦးက ဒီလိုရေးခဲ့ဖူးပါတယ်။

"အမျိုးသားကျောင်းကြီးတစ်ကျောင်းတွင် ကျောင်းအုပ်ကြီး ဖြစ်နေသောသူမှာမြန်မာအမျိုးသားတစ်ဦးမဟုတ်ဘဲမူစလင်အမျိုးသား တစ်ဦးဖြစ်သည်မှာ အံ့သြဖွယ်ရာကောင်း၏။ ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးဟူသောအမည်နဲ့ ကျောင်းအုပ်ကြီး မစ္စတာ ရာဇတ်ဟူသောအမည်သည် စင်စစ်အဆင်မပြေ၊ မလိုက်လျော။ သို့သော် ထိုအမျိုးသားကျောင်းကြီးကို ထိုဆရာကြီး မစ္စတာရာဇတ်သာလျှင် စီမံအုပ်ချုပ်နိုင်ခဲ့သည်"[၂]

## ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်

"အကြွေးပတ်လည်ဝိုင်းလျက်ရှိသောသူကို အမျိုးသားကျောင်းဆရာဟု ခေါ်သည်" ဒါက ပထမတန်းမြန်မာဖတ်စာထဲက ဖတ်စာမဟုတ်ပါ။ အဲဒီတုန်းက အမျိုးသားကျောင်းဆရာများရဲ့ဘဝကို သရုပ်ဖော်လိုက်တဲ့စာဖြစ်ပါတယ်။

၁၉၆၉ ခုနှစ်က ဆာအမ်အေမောင်ကြီးဆီ ကျမ်းပြုသူ ဆရာကြီး ဦးရာဇတ်နဲ့ပတ်သက်ရာပတ်သက်ကြောင်းများကို သွားရောက်မေးမြန်းခဲ့ဖူး ခဲ့ပါတယ်။

အမျိုးသားကျောင်းဆရာများအကြောင်းကို ပြောပြရင်း သူက အထက်ပါ ဆောင်ပုဒ်ကို ရွတ်ပြပါတယ်။

---

၁။ အောင်ကြီး/သခင် ကျွန်တော်အညာသားပါခင်ဗျာ၊ ပေဖူးလွှာမဂ္ဂဇင်း၊ ၁၉၈၅ ဧပြီလ အမှတ် ၄၇၊ စာ ၇၀။

၂။ (ဦး/နှင်း-ကျွန်တော့်ဆရာကြီး မစ္စတာရာဇတ်၊ ၂၃-၈-၄၇ နေ့ထုတ် ဂျာနယ်ကျော်)

၁၉၂၀ ခုနှစ် ရန်ကုန်ယူနီဘာစီတီအက်ဥပဒေကို သပိတ်မှောက်ကြတဲ့ ကျောင်းသားတွေဟာ အနာဂတ်မြန်မာပြည်အတွက် ပြောင်မြောက်တဲ့ တိုက်ပွဲရဲ့ မီးရှူးတန်ဆောင် စတင်ထွန်းညှိခဲ့ကြပါတယ်။ အနစ်နာခံခဲ့ကြပါတယ်။ ပြောကြစို့ဆိုရင် ဒီကောလိပ်ကျောင်းသားတွေဟာ မြို့အုပ်လောင်း၊ ဝန်ထောက်လောင်း၊ အရေးပိုင်လောင်းတွေပေါ့။ သူတို့ဟာ သူတို့ကိုယ်ကျိုးကိုစွန့်ပြီး သပိတ်မှောက်ခဲ့ကြတယ်။ ဒီမြို့အုပ်လောင်း၊ ဝန်ထောက်လောင်း၊ အရေးပိုင်လောင်းတွေဖြစ်တဲ့ တက္ကသိုလ်ကျောင်းသားကြီးများက ကိုယ်ကျိုးစွန့်ပြီး သပိတ်မှောက်ခဲ့ကြတဲ့ အကြောင်းနဲ့ပတ်သက်ပြီး အမျိုးသားပညာရေးစနစ် အခန်းမှာ သပိတ်မှောက်ကျောင်းသားကြီးများရေးတဲ့ ကိုယ်တွေ့ဆောင်းပါးများကို ကြည့်နိုင်ပါတယ်။ တကယ်တန်းကျတော့ သူတို့ဆန့်ကျင်ကန့်ကွက်တိုက်ပွဲဝင်တဲ့ ဥပဒေဟာ သူတို့နဲ့မပတ်သက်တော့ဘူးလို့ပြောရင်လဲပြောလို့ရပါတယ်။ ဒါပေမယ့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတွေ အဆင့်ဆင့်တက်လာမယ့် သူတို့ညီငယ်၊ ညီမငယ်တွေအတွက် ထိခိုက်နစ်နာမယ့်အရေးကြိုမြင်ပြီး သူတို့လက်ထက် သူတို့ခေတ်မှာ ရင်ဆိုင်ကြုံတွေ့လိုက်ရတဲ့ တာဝန်တစ်ရပ်ကို ချက်ချင်းလက်ငင်း ဆောင်ရွက်ခြင်းပါ။ ကျွန်သက်ရှည်မယ့် ယူနီဘာစီတီဥပဒေကိုရိုက်ချိုးဖို့ သူတို့မှာ မဟာတာဝန်ကြီးတစ်ရပ်လို့ သူတို့နားလည်တယ်။ အနာဂတ်အတွက် ကြိုမြင်တယ်။ အဲဒါကြောင့် သပိတ်မှောက်ခဲ့ကြတယ်။

စင်စစ် ဒီသပိတ်ကြီးဟာ လုံး၀စနစ်တကျအောင်မြင်ခဲ့တယ်လို့မဆိုနိုင်ဘူး။ ဒါပေမယ့် အချို့အချက်အလက်တွေကိုတော့ နောင်အခါမှ ရရှိခဲ့ပါတယ်။

ဒီသပိတ်တိုက်ပွဲထဲပါဝင်ခဲ့တဲ့ ကျောင်းသားအချို့ဟာ အစိုးရရဲ့ ယူနီဘာစီတီကျောင်းကို ပြန်သွားကြသူတွေလဲရှိသလို၊ အမျိုးသားကောလိပ်ကျောင်းမှာ ဒီဂရီဘွဲ့ယူသူတွေလဲရှိတယ်။ အချို့ ဘယ်ကျောင်းမှာမှမနေတော့ဘဲ အပြီးအပိုင်ကျောင်းထွက်သွားသူတွေတွေလဲရှိတယ်။

"နေဝင်ရင် လထွက်မယ်"ဆိုတဲ့စကားဟာ သစ္စာစကားဖြစ်ချင်မှဖြစ်မယ်။ ဒါပေမယ့် ဒီယူနီဘာစီတီကျောင်းသားတွေဟာ မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင်တွေဖြစ်ကြမယ်ဆိုတာကတော့ မြေကြီးလက်ခတ်မလွဲ သေချာတယ်။ ဒါကိုသူတို့နားလည်ပေမယ့် အဲဒီအခွင့်အရေးကို အစွန့်ကြီးစွန့်လိုက်တယ်။ ဒါတင်သူတို့မကျေနပ်သေးဘူး။ မြန်မာပြည်အရပ်ရပ်မှာ အမျိုးသားကျောင်း

တွေ ပေါ်ပေါက်ဖို့အတွက်ပါ သူတို့ကိုယ်ကျိုးကိုစွန့်ကြခြင်းဖြစ်ပါတယ်။ ပြီးတော့ နှစ်ရှည်လများ ဒီအမျိုးသားကျောင်းတွေမှာ ဝတ်ဝတ်ပြတ်ပြတ် ဆင်းဆင်းရဲရဲခံကြပြန်ပါတယ်။ သူတို့ကို ချီးကျူးတဲ့လူတွေရှိသလို၊ ကဲ့ရဲ့ ရှုတ်ချအထင်သေးအမြင်သေးသူတွေလဲ အနမတက္ကပဲ။ ဒါပေမယ့် ချီးကျူး ခံရလို့လဲ နားထင်သွေးမရောက်၊ ကဲ့ရဲ့ခံရလို့လဲမတုန်လှုပ်၊ သူတို့လုပ်သင့် လုပ်ထိုက်တာကိုသာ ရဲရင့်ပြတ်သားစွာ လုပ်လိုက်တာပါပဲ။

ဒါပေမယ့် နှစ်ရှည်လများတော့ အများစုက မလုပ်နိုင်ပြန်ဘူး။ သူတို့မှာ က မယားတွဲလွဲ သားတွဲလွဲဖြစ်တဲ့သူကဖြစ်တယ်။ တချို့ကတော့လဲ တစ်ဘက် မှာ စီးပွားထွက်ရှာ၊ အဆင်ပြေတဲ့တစ်နေ့ အမျိုးသားကျောင်းကိုပြန်လာနဲ့ ဝင်လိုက်ထွက်လိုက်ပါပဲ။ ဆရာကြီးဦးရာဇတ်ကတော့ ခဏတဖြုတ် ဖြစ်ဖြစ်၊ အစဉ်ဖြစ်ဖြစ်စွန့်ခွာလို့မသွားခဲ့ဘူး။ နောက်ဆုံးဝန်ကြီးအဖြစ် တာဝန်ပေးခံ ရတော့မှပဲ သူကျောင်းကခွာခဲ့ရတယ်။ ဒီလိုဆရာမျိုးက အရှားသားကလား။

အဲဒီအချိန်တုန်းက အမျိုးသားကျောင်းမှာ ငွေကြေးအခက်အခဲရှိနေတယ်။ ကျောင်းမှာ ခြောက်လပတ် အတန်းတင်တဲ့စနစ်ရှိတယ်။ တချို့ကျောင်းသား တွေက ကျောင်းလခကို မှန်မှန်မပေးကြဘူး။ ဒီတော့ ကျောင်းလခကို အပြေ မပေးတဲ့ကျောင်းသားကို စာမေးပွဲဝင်ခွင့်မပေးဘူးဆိုပြီး တစ်လလောက်က ကြိုတင်ပြီး ကြေညာတယ်။ အဲဒီတော့မှ လာပေးတယ်။ တချို့ကျောင်းလခ အပြေမပေးတဲ့ကျောင်းသားတွေကျပြန်တော့လဲပဲ စာမေးပွဲဝင်ခွင့်မပေးဘဲ မထားဘူး၊ ဝင်ခွင့်ပေးတယ်။ ဒါပေမယ့် အတန်းတင်မပေးဘူးဆိုတော့ အတန်းမတက်ရမှာစိုးလို့ ကျောင်းလခတွေ စုပြုံပေးလာကြတယ်။

အဲဒီအခါကျမှ ဆရာတွေကို ပေးစရာရှိတဲ့ငွေကို ခွဲဝေပေးလိုက်ရ တယ်။ ဒီတော့မှ ဆရာတွေလဲ စုပြုံတင်နေတဲ့ကြွေးတွေ သွားဆပ်နိုင်တော့ တယ်။

တချို့မတတ်နိုင်တဲ့ ကျောင်းသားတွေကျတော့လဲ အတန်းတင်ပေး လိုက်ရတယ်။ တချို့ကလဲမတတ်နိုင်လို့ လျှော့ပေးပါဦးဆိုတော့ ကျောင်းလခ တွေ လျှော့ရပြန်တယ်။ ကျောင်းသားတွေအပေါ် လခတွေလျှော့ရတယ်ဆိုတော့ ဆရာတွေရဲ့ဝင်ငွေနည်းသွားပြန်တယ်။

ကျောင်းသားတွေဆီရကရတဲ့ကျောင်းလခအပေါ် ပဓာနပြုမှီခိုလို့မရဘူး။ ကျောင်းကော်မတီကကောက်ခံပေးတဲ့ ရန်ပုံငွေပေါ်မှာပဲရပ်တည်ရတယ်။ အများ

အားဖြင့်တော့ ကျောင်းကော်မတီကပဲ ဒီရန်ပုံငွေတွေရှာပေးတယ်။ အမြဲတမ်းကျောင်းဆရာတွေက ရတဲ့ငွေကလေးတွေကို အားလုံးခွဲဝေပြီး စားသောက်ကြရတယ်။

ကျောင်းသားတွေဆီက ကျောင်းလခတွေကိုလဲကျောင်းတွေ ပြည်သူပိုင်မသိမ်းခင်က ကိုယ်ပိုင်ကျောင်းတွေကို လခတွေနှင့်ခနဲနေအောင်ယူရင် အခုခေတ်ကျူရှင်ကျောင်းတွေလို တစ်ဘာသာ တစ်ဆယ်–ဆယ့်ငါးကျပ်ယူရင်တော့ အစိုးရကျောင်းက ကျောင်းဆရာတွေထက်တောင် လခကောင်းကောင်းနဲ့ မပူမပင်မငြကြောင့်မကြ စာသင်ပေးနိုင်မှာအမှန်ပဲ။ ဒီအခါမှာ ဆရာတွေအဆင့်ဟာလဲ စေတနာဆရာတွေ၊ ကိုယ်ကျိုးစွန့်တဲ့ဆရာတွေအဖြစ်ကနေ ကိုယ်ကျိုးကြည့်ဆရာတွေ ဖြစ်ကုန်မှာ အမှန်ပဲ။

ကျောင်းသားတွေဆီက ကျောင်းလခကို နင့်နေအောင်မယူဘူး။ ဒါအပြင် အင်မတန်သက်သာတဲ့ လခယူရုံတင်မကဘူး၊ ကျောင်းလခမပေးနိုင်တဲ့ ကျောင်းသားတွေကိုတောင် အခမဲ့ကျောင်းနေစေတယ်။ ဒါတင်မကဘူး၊ ကျောင်းစာအုပ်တွေ၊ အဝတ်အစားတွေပါ မဝယ်နိုင်တဲ့ ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေကိုပါ ကျောင်းဆရာတွေက သူတို့ရတဲ့ ထောက်ပံ့ငွေကလေးတွေနဲ့ စုဆောင်းဝယ်ပေးခဲ့ရတဲ့အထိပဲ။

အဲဒီတုန်းကဆရာဦးဘခင်တို့လိုပုဂ္ဂိုလ်တွေလောက်ပဲ နဂိုမိဘကတောင့်တောင့်တင်းတင်း ပြည့်ပြည့်စုံစုံမို့ ကိုယ့်ခြေပေါ်ကိုယ် လုံးဝရပ်တည်နိုင်ကြတယ်။ အချို့ဆရာတွေကိုတောင် ဆရာဦးဘခင်တို့က ထောက်ပံ့ရသေးသတဲ့။

ဆရာဦးဘလှက ဘာပြောသလဲဆိုရင်–

အဲဒီတုန်းက ပိုက်ဆံတစ်ပဲ (လေးပြားမှာ ၁ ပဲ)ဖိုး ပဲပြုတ်ဝယ်စားရင် တစ်အိမ်သားစားလောက်တယ်။ ဒါပေမယ့် တစ်ခါတစ်ခါ အမျိုးသားကျောင်းဆရာတွေမှာ ပိုက်ဆံတစ်ပဲလေးတောင်မရှိလို့ ပဲပြုတ်တောင် ဝယ်မစားနိုင်ဘူး။ တချို့ကျတော့ ပဲပြုတ်တစ်ပဲဖိုးတောင် အကြွေးယူစားရတဲ့အဖြစ်ပဲ၊ အဲဒါသာကြည့်၊ ဦးကျော်ဝင်းမောင် (စာရေးသူ) အဲဒီတုန်းက အမျိုးသားကျောင်းဆရာတွေ ဘယ်လောက်ဆင်းဆင်းရဲရဲငတ်ငတ်ပြတ်ပြတ်ခံပြီး တိုင်းပြည်အတွက်၊ အမျိုးအတွက် အနစ်နာခံကြရသလဲဆိုတာ။

တချို့လဲသွားစရာ လာစရာကိစ္စရှိတော့ မြင်းလှည်းငှားစီး ရတယ်။ တစ်ခါတစ်ခါ မြင်းလှည်းခမပေးနိုင်လို့ အကြွေးတောင် စီးရတဲ့အဖြစ်ပါတဲ့။

ဆရာကြီးဦးရာဇတ်နဲ့ အမျိုးသားကျောင်းဆရာတစ်သိုက်ကတော့ "ပိုးဖလံမျိုး မီးကိုတိုး–ကိုယ်ကျိုးနည်းရပြီ"ဆိုတဲ့အဖြစ်ပဲ။ ဒါပေမယ့် မီးကိုတမင်တိုးတဲ့ပိုးဖလံတွေပါ။ ဆင်းဆင်းရဲရဲငတ်ငတ်ပြတ်ပြတ် ကိုယ်ကျိုး ကတော့ နစ်နာလျက်ပဲ။ တိုင်းပြည်နဲ့လူမျိုးအတွက် နစ်နာပေစေပေါ့။

တချို့ကဆရာကြီးဦးရာဇတ်နဲ့ အပေါင်းအပါများကို မိုက်တွင်းနက်သူ များတဲ့။ တချို့ကတော့ အင်မတန်အဖိုးတန်တဲ့ပညာကို တန်ဖိုးရှိအောင် မလုပ်တတ်သူတွေတဲ့။ မိဘပိုက်ဆံကိုဖြုန်းတီးပစ်သူတွေလို့ ပြောသူကပြောပေ မယ့် ဆရာကြီးဦးရာဇတ်နဲ့ ကျောင်းဆရာတွေကတော့ ကဲ့ရဲ့ရှုတ်ချတာတွေကို မသိကျိုးကျွံပြုပြီး မမောနိုင်မပမ်းနိုင် အလုပ်လုပ်ကြတယ်။

"တိုင်းပြည်လွတ်လပ်ရေးအတွက် အနစ်နာခံ တိုက်ပွဲဝင်ကြတဲ့လူတိုင်း ဟာ လွတ်လပ်ရေးရပြီးရင် စစ်ဗိုလ်ကြီး၊ ဒါမှမဟုတ် ဒီထက်အဆင့်မြင့်တဲ့ ဗိုလ်မှူးကြီးတွေဖြစ်လာမယ်၊ ဒါမှမဟုတ် အလားတူ တိုင်းပြည်မှာ အင်မတန် ကြီးတဲ့ ရာထူးရာခံသမားတွေဖြစ်လာမယ်လို့ မျှော်ကိုးချက်နဲ့ အခုလို အနစ်နာ ခံတာလားလို့မေးရင် သူတို့က ဒါတွေဘယ်လိုလဲဆိုတာ ကျုပ်တို့ဖြင့် အိပ်မက် တောင်မက်မနေအားဘူးတဲ့။ အဲဒီအတွက်လဲ တိုက်ပွဲဝင်ကြတာလဲမဟုတ်ဘူး။ ကျုပ်တို့သိတာတစ်ခုရှိတယ်။ အဲဒါ နယ်ချဲ့သမားကို အသက်စွန့်ပြီး တိုက် ထုတ်ပစ်ဖို့ပဲတဲ့။

အခုလဲဆရာကြီးဦးရာဇတ်နဲ့ ကျောင်းဆရာတစ်စုဟာ နောင်အနာဂတ် မှာ သူတို့အတွက် ဘာအလားအလာတွေရှိတယ်ဆိုတာလဲ သူတို့မသိဘူး။ သူတို့သိတာကတော့ ကျွန်ပညာရေးစနစ်ကို တိုက်ဖျက်ပစ်ပြီး သခင်ပညာရေး စနစ်ထွန်းကားလာဖို့ပဲ။ အဲဒီကတစ်ဆင့် နယ်ချဲ့သမားကို မောင်းထုတ်နိုင် ဖို့ပါပဲတဲ့။

ဒီလိုပြင်းထန်တဲ့ဆန္ဒနဲ့ သန္နိဋ္ဌာန်မချခဲ့ဘူးဆိုရင် ဒီလိုဆင်းရဲခံဖို့ဆိုတာ တွေ မလွယ်ဘူး။ ဆရာကြီးဦးရာဇတ်ဟာ မိဘကိုမထောက်ပံ့နိုင်တဲ့အပြင် မိဘပိုက်ဆံနဲ့ ဆင်သတ်အရပ်ဝေတဲ့အလုပ်မျိုးလဲ မကြာခဏလုပ်လေ့ရှိသတဲ့။ မရှိဆင်းရဲတဲ့ကျောင်းသားတွေကို အဝတ်အစားဝယ်ပံ့ပေးတယ်။ ဆံပင်

ညှပ်ဖို့ပိုက်ဆံမရှိရင် သူကပေးတယ်။ ထမင်းမစားရသေးတဲ့ ကျောင်းသားကို အိမ်မှာ ထမင်းကျွေးလွှတ်တယ်။ ပြီးတော့ ကျောင်းရန်ပုံငွေမလောက်လို့ ကျောင်းမှာ သုံးစရာပိုက်ဆံများလိုနေရင်သူ့မိဘမသိအောင် ညီမတွေ ဝတ်နေတဲ့ လက်ဝတ်လက်စားတွေ ချော့မော့ချွတ်ခိုင်းပြီး ပေါင်နှံလိုက်သေးသတဲ့။ ကျောင်းရန်ပုံငွေပြန်ရတော့မှ ပြန်ရွေးပေးသတဲ့။ ညီမတွေက အစ်ကိုကြီး လုပ်သူစိတ်မငြိုငြင်စေရအောင် မိဘကသာမကဘူး၊ ညီမများကပါ ပါရမီဖြည့်ရသေးဆိုပဲ။

နောက်ပိုင်းကာလများမှာတော့ ဆရာကြီးရဲ့ဖခင်လဲပင်စင်အငြိမ်းစားယူလိုက်တယ်။ ဖခင်ရဲ့ပင်စင်လစာလေးနဲ့ ဆရာကြီးဆီက ပြတ်တောင်းပြတ်တောင်း ရတဲ့လခ၊ ပြီးတော့ ဆရာကြီး ဦးဘကြူးရတဲ့လခ အားလုံးစုပေါင်းပြီး အိမ်ထောင်ကြီးတစ်ခုရဲ့ စားဝတ်နေရေးကို ကျပ်တည်းကျဉ်းမြောင်းစွာ ဖြေရှင်းခဲ့ရသတဲ့။

ဆရာကြီးဦးရာဇတ် အိမ်ထောင်ပြုလိုက်ပြန်တော့ အိမ်ထောင်တာဝန်ကလဲ တစ်ဖက်ဖိလာပြန်သတဲ့။ ဒါပေမယ့် ဆရာကြီးက မညည်းညူဘူး။ အပြုံးမပျက်ဘူး။

**အစိုးရအထောက်အပံ့ခံကျောင်းဆရာများဘဝ**

၁၉၂၀ ခုနှစ်၊ အမျိုးသားပညာရေးကောင်စီမှာ ပါဝင်ခဲ့တဲ့ ဆာအမ်အေ မောင်ကြီးဟာ ဒိုင်အာခီအုပ်ချုပ်ရေးမှာ ပညာရေးဝန်ကြီးဖြစ်လာတယ်။ အဲဒီမှာ သူတတ်နိုင်တာတွေ လုပ်ပေးခဲ့တယ်။

စောစောကပြောခဲ့တဲ့အတိုင်း အကြွေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ အမျိုးသားကျောင်းဆရာတွေရဲ့ဘဝကို သူနားလည်စာနာခဲ့တယ်။ အမျိုးသားကျောင်းကြီးတွေရဲ့ထာဝစဉ် တည်မြဲရေးကို သူလိုလားတယ်။ အမျိုးသားပညာရေး ထွန်းပေါက်စေချင်တယ်။ အမျိုးသားကောလိပ်ကြီး ဖျက်သိမ်းခံလိုက်ရတဲ့ အကြောင်းရင်းတွေထဲမှာ ရန်ပုံငွေမလုံလောက်တဲ့အခန်းဟာ အကြီးမားဆုံးအခန်းကပါနေတယ်ဆိုတာ သူနားလည်တယ်။ ဒီသင်ခန်းစာတွေယူပြီး အမျိုးသားကျောင်းတွေ အဓွန့်ရှည်ရေးအတွက် သူအဘက်ဘက်က ဆောင်ရွက်တယ်။

ဒါက ဘာလဲဆိုရင် အမျိုးသားကျောင်းတွေကို တခြားသာသနာပြုကျောင်းတွေလို အထောက်အပံ့ပေးရေးကိစ္စဖြစ်တယ်။ ဒါကို တိုင်းပြည်မှာ

ကြေညာလိုက်တယ်။ ပညာရေးဌာနက ငွေတွေပညာရေးဌာနမှာပဲ ဆာဦးမောင်ကြီးက သုံးပစ်ချင်တယ်။ ပညာရေးဌာနက မသုံးရင် တခြားဌာနတွေအတွက် အသုံးဖြစ်သွားမယ်။ ဒါကြောင့် အမျိုးသားကျောင်းတွေ အထောက်အပံ့ယူဖို့ တိုက်တွန်းတယ်။ ဒီတိုက်တွန်းချက်ဟာအမှန်ကတော့ စေတနာပါပဲ။

ဒါပေမယ့် အမျိုးသားကျောင်းတွေရဲ့ စည်းလုံးညီညွတ်ရေးကို ဖြိုခွဲလိုက်သလိုဖြစ်သွားရာယ်။ "အစိုးရရဲ့အထောက်အပံ့ကို မယူသင့်ဘူး၊ ယူသင့်တယ်" ဆိုတဲ့ အငြင်းအခုံတွေပေါ်ခဲ့ပြီး ယူတဲ့ကျောင်းကယူ၊ မယူတဲ့ကျောင်းက မယူဘဲ ကွဲကုန်ကြတယ်။

မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်းမှာလဲ ဒီပြဿနာပေါ်ခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီး မန္တလေးမြို့တွင် အမျိုးသားကျောင်းများ တည်ထောင်ကြခြင်းအခန်းမှာ ဖော်ပြပြီးဖြစ်တယ်။

အထောက်အပံ့မယူရေးဘက်ကပုဂ္ဂိုလ်တွေဟာ ကျောင်းပိုင်ပစ္စည်းတွေဖြစ်တဲ့ စားပွဲ ကုလားထိုင်တွေကအစ ကျောင်းသုံးပရိဘောဂပစ္စည်းတွေအားလုံးကို ယူသွားလို့ ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးဟာ "အခေါင်း" ချည်းကျန်ခဲ့တယ်။ ကလေးတွေစာသင်ဖို့ စားပွဲကုလားထိုင်မရှိတော့ ကြမ်းပေါ်မှာဖြစ်သလို စာသင်ခဲ့ရတယ်။ အဲဒီမယ် ဦးဘဦး၊ ဆရာကြီး ဦးရာဇတ်၊ ဦးဘလှ၊ ဦးထွန်းမောင်တို့ အစရှိတဲ့ဆရာတွေဟာ ရပ်ကွက်တွေမှာ စားပွဲကုလားထိုင်စတဲ့ ကျောင်းသုံးပရိဘောဂတွေ လိုက်အလှူခံတန်ခံ၊ အကြွေးစနစ်နဲ့ ပရိဘောဂတွေ လုပ်ခိုင်းရ၊ အခြေအနေတွေကို လိုက်ရှင်းပြရ၊ ကျောင်းသားတွေ များလာအောင် စည်းရုံးရနဲ့ အလုပ်များခဲ့ကြရတယ်။ ဒီပရိဘောဂတွေကို အစိုးရအထောက်အပံ့ ရတော့မှ အသစ်ဝယ်တန်ဝယ်ရတယ်။ အကြွေးဝယ်ထားတဲ့ပစ္စည်းတွေအတွက် အကြွေးဆပ်ရဆိုတော့ ရတာနဲ့ မကာမိဘူး။ အထောက်အပံ့ရလိုက်တယ် ဆိုတဲ့အမည်နဲ့ ငွေတွေကိုသာမြင်လိုက် ရတယ်၊ ဆရာတွေလခအတွက်ကတော့ ကျန်တာလေးပဲမျှတပြီး ခွဲဝေယူ ကြရတယ်။

အစပထမနှစ်မှာ အစိုးရက ကျောင်းသားဦးရေးအလိုက် ၁၅ ရာခိုင်နှုန်း ပေးတယ်။ နောက်နှစ်တွေကျတော့ အရှုံးရဲ့တစ်ဝက်ပေးတယ်။ ဥပမာ ကျောင်းသားတွေဆီက ငွေ ၅၀၀၀ ကျပ်ပဲ ရတယ်ဆိုပါတော့ အထွေထွေ ကုန်ကျငွေ (ကျောင်းဆရာလခ၊ ကျောင်းစရိတ်စတဲ့ ကျောင်းကုန်ကျစရိတ်) က ၁၀၀၀၀ ကျပ်ဆိုပါတော့။ ရှုံးငွေဟာ (၁၀၀၀ဝိ–၅၀၀ဝိ)နုတ်တော့

၅၀၀ဝိ/–ကျန်တယ်။ အဲဒါစုစုပေါင်း အရှုံးငွေ ၅၀၀ဝိ/–အနက် အစိုးရ အရှုံးနှင့် တစ်ဝက်ခံတယ်ဆိုတော့ အစိုးရကျောင်းကို ၅၀၀ဝိ–၂၅၀ဝိ/–ပဲစိုက်ပေးတယ်။ အဲဒီတော့ အစိုးရဆီကရတဲ့ငွေ၊ ကျောင်းသားတွေဆီကရတဲ့ငွေ၊ အထွေထွေအလှူခံလို့ရတဲ့ငွေတွေ၊ အဲဒီအထွေထွေဝင်ငွေထဲက ကျောင်းပရိဘောဂတို့၊ အခြားစာရွက်စာတမ်းတို့၊ ရုံးသုံးပစ္စည်းကိရိယာတို့ ဝယ်တဲ့အထွေထွေကုန်ကျစရိတ်ကို နုတ်လိုက်ပြီး ကျန်တာလေးတွေကိုမှ ဆရာတွေခွဲဝေယူကြရတယ်။ အဲဒီတော့မှ ရတဲ့ငွေလေးကို ပြေးပြီးအကြွေးဆပ်လိုက်။ ဒီလိုနဲ့ပဲ ဆက်လက်ချီတက်ခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ် အရင်ဟာနဲ့စာရင် ရှူသာရှိုက်သာဖြစ်လာတယ်။

မန္တလေးနဲ့တကွ မြန်မာပြည်တစ်ပြည်လုံးမှာ အစိုးရရဲ့ အထောက်အပံ့မယူဘဲ တင်းခံနေခဲ့တဲ့ကျောင်းတွေဟာ ရန်ပုံငွေမတတ်နိုင်တော့တဲ့ အတွက် တစ်နှစ်ပြီးတစ်နှစ် တစ်ကျောင်းပြီးတစ်ကျောင်းဆိုသလို ပိတ်ပစ် လိုက်ရတဲ့အထိ ဖြစ်ခဲ့တယ်။

အထောက်အပံ့မယူတဲ့ အမျိုးသားကျောင်းများရဲ့ ကျောင်းဆရာတွေရဲ့ဘဝကို ကိုယ်တွေ့မြင်ခဲ့ရတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တတိယအကြိမ်မြောက် နှီးနှောဖလှယ်ပွဲ နိဂုံးချုပ်မိန့်ခွန်းမှာ ဟောဒီလိုပြောပြခဲ့တယ်။ ဒါကို ဒေါက်တာမောင်မောင်က သူ့ရဲ့ "မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း" ဆိုတဲ့စာအုပ်မှာ ဒီလိုဖော်ပြထားပါတယ်။

> "ရှင်လိုင်ပြန်မောင်ရှုမောင်သည် ပြည်မြို့သို့ သွားရောက်၍ကျောင်းနေရသည်။ အမျိုးသားအထက်တန်းကျောင်းကို သူငယ်ချင်းများနှင့်အတူ တက်၏။ ရန်ကုန်ကောလိပ် ဘွိုင်းကောက်ပြီးစ အမျိုးသားကျောင်းတွေတက်တုန်း များမကြာမီ အမျိုးသားကျောင်းများအစိုးရအထောက်အပံ့ ခံသင့်မသင့် ပြဿနာပေါ်သည်။ အမျိုးသားပညာရေးကောင်စီမှ လူကြီးများလည်း အစိုးရရာထူးယူသည်။ အမျိုးသားပညာရေးအား ကွဲလာသည်။ အမျိုးသားကျောင်းတွေပိတ်ရသည်။ ကျောင်းသားတွေ အစိုးရကျောင်းများသို့ ပြန်ကြသည်။
>
> "ပြည်မြို့အမျိုးသားအထက်တန်းကျောင်းအုပ် ဦးထွန်းမောင်က အတော်ကြာပေတေ၍လုပ်သေးသည်။ မောင်ရှုမောင်တို့လူသိုက်

ကလည်း ဆရာရှိသေး၊ ကျောင်းရှိသေးသမျှ မခွာကြ။ နောက်ဆုံးတွင် ဆရာကြီးကခေါ်၍ ကျောင်းတော့ ပိတ်ရတော့မယ်၊ ပြောင်းပေတော့ ပြောမှ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းကြရသည်။

"ဆရာ့ကျေးဇူးကို မမေ့တတ်သော မောင်ရှုမောင်က ဗိုလ်ချုပ်ကြီးနေဝင်းဖြစ်လာသောအခါ ဤသို့ နေရှင်နယ်ကျောင်းမှ ဆရာများကို ပြန်လည်သတိရဖူးသည်။

"နောင်အခါ အစိုးရအလုပ်ကိုတော့ လက်မခံဘူး၊ ဒီအင်္ဂလိပ်ပေးတဲ့အလုပ်တောင်မှ မလုပ်ဘူးဆိုပြီးတော့ ခေါင်းမာနေတဲ့ပုဂ္ဂိုလ်တွေဟာ တော်တော်များများ ကျန်ရစ်ခဲ့တယ်။

"၄-၅-၁၀ နှစ်ကြာလာတဲ့အခါ အလုပ်မရှိအကိုင်မရှိ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ဖြစ်လို့ နောက်ဆုံးကျတော့ ဒီအစိုးရဆီမှာပဲသွားပြီ အလုပ်လုပ်ရတဲ့သူတို့ကို ကျွန်တော်သိတဲ့ပုဂ္ဂိုလ်တော်တော်များများ ရှိပါတယ်။ ကျွန်တော်တို့ နေရှင်နယ်ကျောင်းက ကျွန်တော်တို့ဆရာကြီးဟာ အင်္ဂလိပ်အစိုးရဆီမှာ အလုပ်မလုပ်ဘူးဆိုပြီးတော့ သူမလုပ်ဘူး၊ ဒီအတိုင်းနေတယ်။ အဲဒါ နောင် ၁၀ နှစ်လောက်၊ ၁၂ နှစ်လောက် ကြာတဲ့အခါကျတော့ ယောက္ခမဆီကပ်ပြီး ယောက္ခမလုပ်စာ ထိုင်စားနေရတာရက်တာနဲ့ နောက်ဆုံး အင်္ဂလိပ်အစိုးရဆီမှာဝင်ပြီးတော့ ကျွန်တော်တို့ အမြွတ်တော်ဌာနမှာ ဝင်လုပ်သွားရတယ်။

"နောက် ကျွန်တော့်ကို ဦးဆုံးပညာသင်ပေးတဲ့ ဆရာနှစ်ယောက် ရှိတယ်။ အင်္ဂလိပ်စာစသင်ပေးတာ၊ အခုနောက် ကျွန်တော်တို့ တက်တဲ့ အခါကျမှ ဘယ်လိုဖြစ်နေသလဲဆိုတော့ ဆရာတစ်ယောက်ဟာ ဗိုလ်ချုပ်စန်းယုရဲ့အစ်ကိုဖြစ်နေတယ်။ အဲဒီဆရာဆိုလို့ရှိရင် ဒီလိုပဲအင်မတန်ခေါင်းမာတယ်။ မလုပ်ဘူးဆိုပြီးတော့ နေလိုက်တာဟာ ၁၅ နှစ်လောက်ကြာတဲ့အခါကျတော့ မတတ်နိုင်လို့ ရဲဘက်မှာဝင်ပြီး အလုပ်လုပ်နေတယ်။ နောက်ဆုံး ကျွန်တော်ဒီဆရာကိုရှာလိုက်တာ၊ ကျွန်တော့်ဆရာကို လွန်ခဲ့တဲ့ ၆၂-၆၃ ခုနှစ်လောက်ကမှ ဒီဆရာကို ကျွန်တော်ပြန်တွေ့တယ်။ ကျွန်တော်နဲ့တွေ့တဲ့အချိန်ကျတော့ ဆရာလဲအသက်ကြီးနေပြီမို့ ပင်စင်စားရခါနီး အင်းစိန်စီအိုင်ဒီမှာရောက်နေတယ်။ အဲဒီတော့ ဒီလောက်ထိအောင် ခေါင်းမာပြီးတော့ လုပ်ခဲ့တဲ့ပုဂ္ဂိုလ်တွေရှိပါတယ်"

အဲဒီလို အစိုးရအထောက်အပံ့မယူ တဲ့ ကျောင်းတွေ၊ ကျောင်းဆရာတွေ ဟာ ပိတ်လိုက်ရတဲ့ကျောင်းတွေရှိသလို ခေါင်းမာမာနဲ့ အနစ်နာခံသွားကြတာပဲ။ ဒါပေမယ့် အဲဒီအချိန်မှာသာ နယ်ချဲ့အစိုးရဆီက အထောက်အပံ့မယူဘူး ဆိုပေမယ့် ဘဝရပ်တည်ရေးအခက်အခဲရှိလာတော့ အချို့ခေါင်းမာတယ် ဆိုတဲ့ ကျောင်းဆရာတွေဟာ အချိန်ကာလတစ်ခုမှာ မလွှဲမရှောင်သာ "နယ်ချဲ့ ယန္တရား"တစ်ခုခုထဲဝင်ပြီး အလုပ်လုပ်နေကြရတယ်။ တချို့ကျတော့လဲ လုံးဝမလုပ်တော့ဘူး။ ဒီလိုပုဂ္ဂိုလ်တွေလဲ ရှိကြမှာအမှန်ပဲ။

ဆရာကြီးဦးရာဇတ်နဲ့ အထောက်အပံ့ခံကျောင်းတွေဟာ ဆက်လက် ချိတက်လျက်ရှိတယ်။ ဆရာကြီးတို့နေရှင်နယ်ကျောင်းက ၂၁ ဦးကျောင်းပဲ။ ဒါကြောင့် ၂၁ ဦးတွေက ရန်ပုံငွေရှာပေးတယ်လို့ ပြောကြသတဲ့။

ကျောင်းရန်ပုံငွေကမလုံလောက်။ ကျောင်းမှာ အကုန်အကျတွေက များတော့ ကျောင်းဆရာတွေရဲ့လခဟာ ၃၀ဝိ/-လို့ သတ်မှတ်ထားပေမယ့် တကယ်ရတော့ တစ်ဝက်ပဲရတယ်။ ၃၀ဝိ/-ရတဲ့သူဟာ ၁၅ဝိ/-ပဲရတယ် ဆိုတဲ့သဘော။ ဒါပေမယ့် လက်မှတ်ထိုးတော့ သတ်မှတ်လခအပြည့်ဖြစ်တဲ့ ၃၀ဝိ/-အတွက်ထိုးရတယ်။ ဆရာကြီးဦးရာဇတ်ဟာ လခ ၃၀ဝိ/-ရတယ်။ တကယ်ကျတော့ ၁၈ဝိ/-ပဲရတယ်။

အဲဒါနဲ့ပတ်သက်ပြီး အမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းဆရာမ လုပ်တဲ့ မစ္စလီယာဆိုတဲ့ ကပြားဆရာမက တစ်နှစ်ကြာတဲ့အခါ ရုံးမှာတရား စွဲတယ်။ သူ့လခဟာ ၁၅ဝိ/-ဆိုပြီး လက်မှတ်ထိုးရတယ်။ တကယ်ကျတော့ လခငွေ ၁၀ဝိ/-ပဲရတယ်တဲ့။ ဒါကို ကျောင်းစာရေးလုပ်တဲ့ ဒေါ်မြတင်က အစစ်ခံဖို့ တရားသူကြီးရှေ့ရှိ ဝက်ခြံထဲဝင်လိုက်ရတယ်ဆိုရင်ပဲ အဲဒီမယ် ဒေါ်မြတင်က ကြောက်လဲကြောက်၊ ရှက်လဲရှက်ပြီး ငိုပါလေရော။

အဲဒီတော့ ဆရာကြီးဦးရာဇတ်က "ဘာငိုစရာရှိသလဲ၊ မှန်တဲ့အတိုင်း ရဲရဲတင်းတင်း အစစ်ခံလိုက်ပေါ့"လို့ဆိုပြီး သူ့ကရွှဲပြုံးကလေးနဲ့လှမ်းပြီး အားပေးလိုက်တယ်။ အဲဒီတော့မှ ဒေါ်မြတင်လဲ ရဲရဲတင်းတင်း ကျောင်း အခြေအနေမှန်ကို အစစ်ဆေးခံလိုက်တယ်။

ဆရာကြီးကိုယ်တိုင် မရှိဆင်းရဲတဲ့ ကျောင်းသားတွေ ထောက်ပံ့ရတာ တွေ၊ ကျောင်းရန်ပုံငွေအတွက် သုံးရတာတွေရယ်ကြောင့် ငွေကမလောက်ဘူး။ ဒီတော့ ဆရာတွေအားလုံးရဲ့ သတ်မှတ်တဲ့ မူလလစာငွေအတိုင်း အပြည့်

မပေးနိုင်ခဲ့ဘူး။ သူကအစ ဆရာတွေအားလုံးရဲ့လခတွေ လျှော့ယူကြရတယ်။ ဒါကြောင့် မစ္စလီယာရဲ့ မူလသတ်မှတ်ထားတဲ့ လခရင်းကို မပေးနိုင်တာပါ။ ဒါဟာ အခြေအနေအရ ကျောင်းရဲ့ရပ်တည်ရေးကိုရှေးရှုပြီး ဆောင်ရွက်ရတဲ့ အတွက် ဒီလိုဖြစ်ရတာပါလို့ အစစ်ခံတယ်။

အဲဒါကြောင့် ဆရာကြီးဦးရာဇတ်ကပဲ အမှုနိုင်သွားတယ်။ မစ္စလီယာလဲ ကျောင်းမှာဆက်မလုပ်တော့ဘဲ ထွက်သွားတော့တယ်။

၁၉၃၈ ခုနှစ် ဒေါက်တာဗမော်အစိုးရလက်ထက် ရန်ကုန်မြို့၊ မြို့မကျောင်းမှာ အထောက်အပံ့ခံကျောင်းတွေရဲ့ ညီလာခံကြီးတစ်ရပ်ကျင်းပတယ်။ အဲဒီကို ဗုဒ္ဓဘာသာအထောက်အပံ့ခံကျောင်းတွေ၊ ခရစ်ယာန်သာသနာပြုကျောင်းတွေ၊ မွတ်စလင်အထောက်အပံ့ခံကျောင်းတွေနဲ့ နေရှင်နယ်ကျောင်းတွေကကိုယ်စားလှယ်တွေ တက်ရောက်ကြတယ်။ အဲဒီမယ်ညှိနှိုင်းတိုင်ပင်တာကတော့ အစိုးရက အရှုံးတစ်ဝက်ခံတာဟာ ကျောင်းရဲ့ အထွေထွေကုန်ကျစရိတ်ကိုမကာမိဘူး၊ အဲဒါကြောင့် အရှုံးရဲ့သုံးပုံနှစ်ပုံကို ခံသင့်တယ်လို့တင်ပြတယ်။ အဲဒီအခါမှာ အစိုးရက လိုက်လျောခဲ့တယ်။

အဲဒီတော့မှ ကျောင်းဆရာတွေမှာ ခံသာလာတယ်။ ရှိတဲ့ကြွေးတွေလဲ ဆပ်ကြရတယ်။ ဒီလိုနဲ့ အကြွေးတွေလဲကျေကုန်ပြီး ကျောင်းဆရာတွေလဲ ချောင်ချောင်လည်လည်ရှိလာရော ဒုတိယကမ္ဘာစစ်ကြီးကြောင့် ဗဟိုအမျိုးသားကျောင်းကြီးလဲ ၁၈–၂–၄၂ မှာ ပိတ်လိုက်ရရော။

## စစ်ပြီးခေတ်ဒီဘက် ကျောင်းဆရာတွေဘဝ

စစ်ကြီးဒီဘက်ပိုင်း အချို့အမျိုးသားကျောင်းတွေ ဆက်မဖွင့်တာလဲ ရှိတယ်။ ဖွင့်တဲ့ကျောင်းအားလုံးလောက်နီးနီးဟာလဲ အစိုးရကျောင်းတွေဖြစ်ကုန်ကြတယ်။ ဆရာတွေလဲ အမျိုးသားကျောင်းဆရာတွေအဖြစ်ကနေ အစိုးရကျောင်းဆရာတွေအဖြစ် ပြောင်းလဲသွားတယ်။ အဲဒီမယ် ကျောင်းဆရာတွေလဲ မူလသတ်မှတ်ထားတဲ့အတိုင်း ကျောင်းလခတွေအပြည့်ရတော့တယ်။

အစိုးရအသိအမှတ်ပြုတဲ့အချိန်ကစပြီး ဒီဘက်ပိုင်းလုပ်လာတဲ့ကာလကိုသာ အစိုးရကအသိအမှတ်ပြုတယ်။ ပင်စင်ခံစားခွင့်ကိုလဲ ဒီအစိုးရအသိအမှတ်စပြုတဲ့အချိန်ကစပြီး ရေတွက်သတ်မှတ်တယ်။

လွတ်လပ်ရေးရပြီးတဲ့နောက် တက်လာတဲ့ ဖ–ဆ–ပ–လ အစိုးရအဖွဲ့ဝင်တွေကိုယ်တိုင် အမျိုးသားကျောင်းဆရာတွေဟာ အင်္ဂလိပ်နယ်ချဲ့စက်ယန္တရားအောက်မှာ ဘယ်လိုစွန့်စားခဲ့တယ်၊ အနစ်နာခံခဲ့တယ်ဆိုတာသူတို့အသိဆုံးပဲ။ ဒီကျောင်းဆရာတွေရဲ့ပင်စင်သက်တမ်းကို တွက်ချက်တဲ့အခါမှာ အမျိုးသားကျောင်းဆရာတွေအဖြစ် လုပ်ခဲ့တဲ့သက်တမ်းကို အသိအမှတ်မပြုကြဘူးတဲ့။

ဒါဟာဝမ်းနည်းစရာအဖြစ်အပျက်တစ်ရပ်ပေါ့။ နယ်ချဲ့အစိုးရက အသိအမှတ်မပြုဘူးဆိုရင်တော်ရဲ့၊ ခံသာရဲ့၊ ဖြေသာနိုင်ရဲ့။ ဒီလိုလွတ်လပ်ရေးရလာအောင်၊ ဒီကိုယ်ပိုင်အစိုးရဖြစ်လာအောင် အဘက်ဘက်ကလုပ်လာခဲ့တဲ့ ဒီအမျိုးသားကျောင်းဆရာတွေရဲ့အခန်းကို လျစ်လျူရှုထားရာကျတယ်။ ရသင့်ရထိုက်တဲ့အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့်မပေးတာတော့ အရုပ်ဆိုးလွန်းလှပါတယ်။

ဆရာကြီးဦးရာဇတ်ဟာ ဒါတွေကို အကောင်အထည်ဖော်ဖို့ ရှိသတဲ့။ ဒါပေမယ့် ဒါကိုအကောင်အထည်မဖော်နိုင်ခင် လမ်းခုလတ်မှာ နယ်ချဲ့လက်ပါးစေတွေရဲ့လက်ချက်နဲ့ ကျဆုံးသွားလို့ သူ့တို့ဒီလိုအနစ်နာခံခဲ့ရတယ်လို့ပြောပြကြတယ်။

မန္တလေးအမျိုးသားစာကြည့်တိုက်နဲ့ ပြတိုက်မှူး ဒေါ်တင်လှက သူ့ဖေဖေဆရာကြီး ဦးဘခင်ကို ဒီလိုထေ့လုံးကလေးများနဲ့ ခနဲ့လိုက်သေးတယ်။

“ဖေဖေတို့ တိုင်းပြည်အတွက် အနစ်နာခံပြီး အလုပ်လုပ်ခဲ့တဲ့အတွက် ဘယ်သူကများ အသိအမှတ်ပြုခဲ့သလဲ၊ ဘာများအကျိုးရှိခဲ့သလဲ”တဲ့။

အဲဒီလိုအခါမှာ သူ့ဖေဖေက လေအေးအေးနဲ့ စိတ်ရှည်လက်ရှည်ဒီလိုပြန်ဖြေပါသတဲ့။

> “တိုင်းပြည်အတွက်၊ အမျိုးအတွက်အလုပ်လုပ်သူတွေဟာ လူသာသေပေမယ့် နာမည်မသေဘူးသမီးရဲ့၊ သမီးတို့ ကိုလန်ဘတ်စ်ကို သိတယ်မဟုတ်လား၊ အမေရိကန်ပြည်ကို ပထမဆုံးတွေ့ခဲ့တဲ့ ကိုလန်ဘတ်စ်ကို စောစောပိုင်းကလူတွေ အပြစ်တင်ကြတယ်၊ ကဲ့ရဲ့ကြတယ်၊ နောက်တော့မှ အတောမသတ်အောင် ချီးကျူးကြတယ်။
>
> “ရှိတ်စပီးယားကိုလဲ ဒီလိုပဲ၊ သူ့အသက်ရှင်နေစဉ်ကာလတစ်လျှောက်လုံးမှာ စာပေနဲ့တိုင်းပြည်အကျိုးပြုခဲ့တယ်။ သူတို့ခေတ်က လူတွေက အသိအမှတ်မပြုကြဘူး။ ဟော အခုမျက်မှောက်ခေတ်ကျ

တော့ သူ့ကိုချီးကျူးဂုဏ်ပြုလိုက်တာတွေဟာ မမောနိုင် မပန်းနိုင်အောင်ပဲ။ ရှိတ်စပီးယားနေ့များတောင် လုပ်လိုက်ကြသေးသတဲ့။ ဟား–ဟား–ဟား။

"အရင် တိုင်းပြည်မလွတ်လပ်ခင်တုန်းက တိုင်းပြည်မယ် မြန်မာအရေးပိုင်တို့၊ မြန်မာတိုင်းမှူးကြီးတို့ဆိုတာ မရှိသလောက်ပဲ၊ ခုရှိခဲ့ပြီ။ တိုင်းပြည်လွတ်လပ်ရေးရခဲ့ပြီ။ ဒါတွေဟာ ဖေဖေတို့တာဝန်သိသိ၊ တာဝန်ရှိရှိစွန့်စားဆောင်ရွက်ခဲ့တဲ့ အကျိုးအာနိသင်တွေပဲမဟုတ်လား။ ကမ္ဘာက မြန်မာဟေ့လို့သိလာတာဟာလဲ ဖေဖေတို့ အနစ်နာခံလုပ်ခဲ့လို့ပဲ၊ သမီးကိုယ်တိုင် ကမ္ဘာပတ်ပြီး ဘွဲ့တွေရခဲ့တာတွေဟာလဲ ဒီကျောင်းသားသပိတ်ကြီးရဲ့ အာနိသင်ပဲမဟုတ်လား။"

"ဒါကြောင့် လူသာသေပစေသမီးရဲ့၊ နာမည်ကိုတော့ ဘယ်တော့မှ အသေမခံနဲ့"တဲ့။

အဲဒီလို နေရှင်နယ်ကျောင်းဆရာကြီးဟောင်း ဝဏ္ဏကျော်ထင် ဦးဘခင်က သူ့ချစ်သမီးကို စိတ်ရှည်လက်ရှည်သွန်သင်ဆုံးမရှင်းလင်းပြခဲ့တာတွေကို ခုထိပဲကြားယောင်နေမိတယ်လို့ ဒေါ်တင်လှက ကျမ်းပြုသူကို ပြောပြခဲ့ပါတယ်။

ဒီအခန်းအတွက် အောက်ပါပုဂ္ဂိုလ်များပြောပြချက်များမှ ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။

၁။ ဦးဘလှ (သီရိပျံချီဦးဘလှ–ကွယ်လွန်)။

၂။ ဦးထွန်းမောင် (ဗဟိုအမျိုးသားကျောင်းဆရာဟောင်း၊ ဘော်ဒါဆောင်အုပ်၊ ကွယ်လွန်)။

၃။ ဆရာမိုလ်ခင်မောင်ကလေး (ဖ–ဆ–ပ–လ ပြည်ထဲရေးဝန်ကြီးဟောင်း၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်) ရန်ကုန်။

၄။ ဆာ–အမ်အေမောင်ကြီး (မြန်မာပြည်အပျော်တမ်း ရဲတပ်မိုလ်ချုပ်ကြီး၊ ရန်ကုန်–ကွယ်လွန်)။

၅။ ဦးသိန်းဖေမြင့် (စာရေးဆရာ–ရန်ကုန်)။

၆။ ဒေါ်တင်လှ (မန္တလေးအမျိုးသားပြတိုက်မှူး–အငြိမ်းစား)။

၇။ ဒေါ်မမ (ဗဟိုအမျိုးသားအထက်တန်းကျောင်း–ကျောင်းဆရာမ)။

၈။ ဒေါ်ရန် (ဆရာကြီးရဲ့ ညီမ)

၉။ ဒေါ်မြတင် (အမျိုးသားအထက်တန်းကျောင်း–ကျောင်းရုံးစာရေး၊ ကျောင်းငွေကိုင်)

# အခန်း (၆)

## ပြည်သူချစ်သော ကျောင်းဆရာကြီးအဖြစ်

**ဆရာဝန်က နားကြပ်ကိုင်တော့**
**ဆရာကြီးကလဲ ကြိမ်ကိုင်**

စည်းကမ်းဆိုတာ လူမျိုးတစ်မျိုးရဲ့ တန်ဖိုးကိုတိုင်းတာတဲ့ ကိရိယာပါလို့ ဆိုရင် မှားမယ်မထင်ဘူး။ ကမ္ဘာ့အရင်းရှင်နိုင်ငံများထဲမှာ ဗြိတိသျှလူမျိုး တွေဟာစည်းကမ်းအရှိဆုံးရယ်လို့ စာဖွဲ့ပြောကြတာ မကြာခဏကြားဖူးကြပါ လိမ့်မယ်။ အထူးသဖြင့် ဗြိတိသျှဘုရင်မရေတပ်မတော် ဂိ ပင်လယ်ကူးသင်္ဘော တို့မှာရှိနေတဲ့ တာဝန်ခံ ကပ္ပတိန်တို့ကအစ အောက်ဆုံးငယ်သားများအထိ စည်းကမ်းရှိကြတယ်တဲ့။

တကယ်လို့များ သင်္ဘောဟာ ပင်လယ်မှာ အကြောင်းတစ်ခုခုနဲ့ ရင်ဆိုင်နေရပြီး နစ်မြုပ်တော့မယ့်အခြေအနေကို ရောက်နေရင် သင်္ဘော ကပ္ပတိန်ကအစ သင်္ဘောသားတွေဟာ သင်္ဘောပေါ်မှာပါလာတဲ့ ခရီးသည်တွေ ကို ကြောက်အားလန့်အားနဲ့ ဟိုစုပြေးလိုက်၊ ဒီစုပြေးလိုက်၊ လူးလား ဆန်ခတ် သွားတာမျိုးမဖြစ်ရအောင်သတိပေးတယ်။ ဣန္ဒြေရရ၊ အသက်ကယ် အဝတ်များကို ဝတ်ပုံဝတ်နည်းများသင်ကြားပေးတယ်။ အသက်ကယ်လှေများ ကို ချပေးပြီး အစီအစဉ်နဲ့လွှတ်တယ်။ ပထမကလေးငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ နောက်မှ အရပ်သားလူရွယ်လူလတ်တွေကို အဆင်ဆင့် အသက်ကယ်လှေပေါ်တင်ပြီး ကယ်ဆယ်ကူညီပေးခဲ့တယ်။ အဲဒီမှာ အချိန် ရသေးရင်တော့ သင်္ဘောသားတွေ အသက်ကယ်လှေထဲ ဆင်းကြတယ်။

တကယ်လို့ အချိန်မရတော့ဘူးဆိုရင် သူတို့တစ်တွေဟာ သတိအနေအထားနဲ့ ပင်လယ်ပြင်သချိုင်းမှာ အရှင်လတ်လတ် အစတေးခံသွားကြပါသတဲ့။

ဒီလိုပဲအပြောများခဲ့ပါတယ်။ လက်တွေ့တော့ ဟုတ်မဟုတ် ကိုယ်တွေ့မဟုတ်လို့ အခိုင်အမာမပြောနိုင်ဘူးပေါ့။

ဒါပေမယ့် ဘယ်နေရာမျိုးမဆို သေဘေးနဲ့ ရုတ်တရက်ကြုံလာရင်တော့ သေဘေးကလွတ်အောင် လူတွေဟာ သူ့ထက်ငါ အသက်လုပြေးကြ၊ လွှားကြတတ်တာဟာ ဓမ္မတာပါ။

သားသမီးတွေရဲ့အသက်ကိုလဲ ဂရုမစိုက်နိုင်တော့ဘူး၊ ရှိတော့ရှိတယ်၊ ရှားတယ်ဆိုတဲ့ စကားအတိုင်းပါပဲ။ ဒီအဖြစ်မျိုးကို တကယ်တမ်းကြုံလာကြတဲ့အခါ ကမ္ဘာမီးလောင် သားကောင်ချနင်းဆိုတဲ့စကားဟာလဲအမှန်ပါပဲ။ ဒီလိုအရေးကြုံတဲ့အခါမျိုးမှာ ဘယ်သူမဆို ကိုယ့်အသက်ထက် ဘယ်သူ့ကိုမှ ပံ့ပိုးကူညီမပေးနိုင်တာကို ကျမ်းပြုသူဘဝတစ်လျှောက်မှာ အကြိမ်ကြိမ်ဆုံဖူး၊ ကြုံဖူးခဲ့ပါတယ်။

ဒါပေမယ့် သင်္ဘောပေါ်မှာတော့ တစ်ခါမှမဆုံဖူး၊ မကြုံဖူးသေးဘူးပေါ့။ သင်္ဘောပေါ်မှာသာဆိုရင် ဟိုပြေး ဒီပြေးလုပ်ကြရင် သင်္ဘောကြီးဟာ တစ်ဘက်စောင်းနင်းဖြစ်ပြီး မှောက်သွားနိုင်ပါတယ်။ လူတွေရုတ်ရုတ်သဲသဲဆိုရင် ဘာအစီအစဉ်မှ လုပ်နိုင်မှာမဟုတ်ဘူး။ ဒီတော့ မဖိတ်မစဉ်သင့်တာတွေ ဖိတ်စဉ်တယ်။ မဆုံးရှုံးသင့်တာတွေ ဆုံးရှုံးတတ်တယ်။ ဒါကြောင့် စည်းကမ်းနဲ့ ထိန်းကွပ်ဖို့ အင်မတန်လိုအပ်ပါတယ်။ ဒီနေရာမှာ စည်းကမ်းရှိဖို့ အင်မတန်အရေးကြီးပါတယ်။ ဗြိတိသျှလူမျိုးတွေဟာ ပင်လယ်အတွေ့အကြုံများတဲ့အတွက် ဒီလိုအစီအစဉ်နဲ့ စည်းကမ်းတကျလုပ်လိမ့်မယ်လို့ယူဆနိုင်ပါတယ်။ ဒီအစီအစဉ်မျိုး ချမှတ်စီစဉ်နိုင်တယ်ဆိုတာ သံသယဝင်စရာမလိုဘူးလို့ ထင်ပါတယ်။

လူဆိုတာ သေဘေးနဲ့တွေ့ကြုံလာရင်တော့ သူများအသက်ကို ဒီလိုဦးစားပေးလုပ်လိမ့်မယ်လို့ ထင်စရာကောင်းတဲ့အရာတော့ မဟုတ်ပေဘူး။ ဒါပေမယ့် တာဝန်နဲ့ဝတ္တရားအရ နှစ်ရှည်လများ လုပ်ပေးတဲ့အလေ့အကျင့်များ၊ စည်းကမ်းများအရတော့ သေဘေးနဲ့ကြုံလာပေမယ့် သူများအသက်ကို ဦးစားပေးကယ်တဲ့လူတွေ အနမတဂ္ဂပဲရှိတယ်ဆိုတာကိုတော့ ဘယ်သူမှ ငြင်းနိုင်မှာ မဟုတ်ပါဘူး။

ဥပမာပြောရရင် မနေ့တစ်နေ့ကပဲဆိုပါတော့။ မြန်မာပြည်မှာ ကြည့်။ "ဟင်နရီဒူးနန့်"ခေါ်တဲ့ ကမ္ဘာ့ကြက်ခြေနီ အမြင့်ဆုံးဆုတံဆိပ် ချီးမြှင့်ခြင်း ခံရတဲ့ မြစ်ကြီးနားသား၊ ရှမ်းအမျိုးသားကလေး စိုင်းအောင်လှိုင်မြင့်ဟာ ရောဝတီကမ်းစပ်မှာ အရှိန်လွန်ပြီး ရေထဲနစ်မြုပ်သွားတဲ့ စစ်ကားထဲက ဒရိုင်ဘာ ရဲဘော်တစ်ဦးကို သူ့အသက်စွန့်ကယ်ခဲ့တယ်လေ။ ဒီအဖြစ်ဟာ ပူပူနွေးနွေးကလေးရှိသေးတော့ မြန်မာပြည်သူပြည်သားတွေတင်မက ကမ္ဘာကပါသိကြတယ်။

ဒီအချိန်က ကြက်ခြေနီလူငယ်ဟာ ၄က်ဖျားဖျားနေသူဖြစ်တယ်။ သူ့အသက်၊ သူ့ကျန်းမာရေးကိုပင် လုံးဝမေ့ပစ်လိုက်တယ်။ ကြက်ခြေနီ အဖွဲ့အစည်းက သွန်သင်မှာကြားချက်များ၊ စည်းမျဉ်းများကို အကောင်းဆုံး လက်တွေ့သုံးလိုက်တာကိုကြည့်ခြင်းဖြင့် ဗြိတိသျှသဘော်သားတွေအပေါ် လူတကာ စာဖွဲ့ပြောဆိုချက်တွေဟာ ယုံနိုင်စရာရှိတယ်၊ ယုတ္တိရှိတယ်ဆိုတာ နားလည် သဘောပေါက်နိုင်တယ်လေ။

ဗြိတိသျှလူမျိုးတွေဟာ စည်းကမ်းကြီးတယ်၊ စည်းမျဉ်းစည်းကမ်း တကယ်တမ်းလိုက်နာတတ်သူများဖြစ်တယ်ဆိုပြီး ကမ္ဘာက အသိအမှတ်ပြုခဲ့ကြတယ်။ ဆက်ပြောရရင် လန်ဒန်မြို့နဲ့ ရှေးအင်္ဂလန်ရှိ အိမ်တွေ လမ်းတွေဟာ ရှေးခေတ်အလိုက် ရှေးခေတ်ရဲ့ စီးပွားရေးအရ လူဦးရေ၊ ယာဉ်အသွား အလာအလိုက် ဆောက်ထားတာဖြစ်တယ်။ အခုတော့ လူတွေကလည်း များလာတယ်၊ မော်တော်ယာဉ်အရေအတွက်လဲအရင်တုန်းကနဲ့စာရင် အင်မတန်မှ များပြားလာတယ်။ ဒီမော်တော်ယာဉ်တွေနဲ့ ဒီရှေးလမ်းကျဉ်းကျဉ်းကလေးနဲ့ဆို ဘယ်လိုမှမအပ်စပ်တော့ဘူး။ နေ့စဉ် ယာဉ်အချင်းချင်းတိုက်မှုတွေ၊ ယာဉ်ကလူကိုတိုက်မှုတွေ အမြဲလိုလိုဖြစ်နေနိုင်တယ်။ နေ့စဉ်အပျက်အစီး အဆုံးရှုံးတွေဟာလဲ ခန့်မှန်းလို့ ရေတွက်လို့မရနိုင်အောင်ဘဲရှိပေမပေါ့။

ဒါပေမယ့် လူမျိုးတွေဟာ အင်မတန် စည်းကမ်းရှိတဲ့လူမျိုးတွေမို့ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းတွေကို မြေဝယ်မကျ လိုက်နာကျင့်သုံးကြတဲ့အတွက် လမ်းကျဉ်းပေမယ့် ယာဉ်တွေဘယ်လောက်များများ ဖြတ်သန်းသွားလာမှုရှိကြပေမယ့် အထိအခိုက်အပျက်အစီး အဖိတ်အစဉ်ဆိုတာ မရှိသလောက်ပဲတဲ့။

ဒါဟာ စည်းကမ်းကို ရိုသေမှု၊ လိုက်နာမှုကြောင့်ဆိုတာ ထင်ရှားလှပါတယ်။

တောင်းမှာ အကွပ်ရှိမှ၊ လူမှာလဲ စည်းကမ်းရှိမှ၊ ကျောင်းမှာလဲ ကျောင်းစည်းကမ်း၊ အိမ်မှာလဲအိမ်စည်းကမ်း၊ အလုပ်တိုက်မှာလဲ အလုပ်တိုက်စည်းကမ်း၊ ရဲဌာနမှာရဲစည်းကမ်း၊ စစ်တပ်မှာ စစ်တပ်ဆိုင်ရာ စစ်စည်းကမ်းဆိုတာရှိကြတယ်။ သက်ဆိုင်ရာစည်းကမ်းတွေကို မလိုက်နိုင်ဘဲ စည်းကမ်းချိုးဖောက်ကြရင် စည်းကမ်းချိုးဖောက်မှုရဲ့ အတိမ်အနက်အလိုက် အရေးယူရမှာဖြစ်တယ်။

ကျောင်းမှာ ကျောင်းစည်းကမ်းရှိတယ်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းသလိုပဲ။ ကျောင်းတစ်ကျောင်းနဲ့တစ်ကျောင်းလဲ မတူကြဘူး။ ဒါပေမယ့် စည်းကမ်းတော့ရှိကြစမြဲပဲ။

ကျောင်းတွေမှာ ကျောင်းအလိုက် စည်းကမ်းတွေထုတ်ထားကြတယ်။ စည်းကမ်းကို ချိုးဖောက်လို့ အရေးယူအပြစ်ပေးပုံတွေဟာလဲ အဆင့်ဆင့်ရှိနေတယ်။ ကြမ်းပေါ်မှာ မတ်တတ်ရပ်၊ လက်ပိုက်၊ ထိုင်ထ ဘယ်နှစ်ကြိမ်လုပ်၊ ခုန်ပေါ်မတ်တတ်ရပ်၊ လက်ပိုက်၊ ကျောင်းဆင်းပြီး ၁၀ မိနစ်မတ်တတ်ရပ်နေ၊ ကြိမ်နဲ့လက်ဝါးရိုက်၊ ကြိမ်နဲ့တင်ပါးရိုက်၊ ငါးပြားဒဏ်ခတ်၊ နောက်တစ်ခါမလုပ်တော့ပါဘူးဆိုတာ အကြိမ် ၁၀၀ ရေး၊ နောက်ဆုံးအကြိမ်သတိပေးခြင်း၊ ကျောင်းက (ရက်) ဒါမှမဟုတ် (လ) ဒါမှမဟုတ် (နှစ်) အကန့်အသတ်နဲ့ထုတ်ထား။ နောက်ဆုံးအပြီးအပိုင် ထုတ်ပစ်၊ ဒါတွေဟာ ကျောင်းတိုင်းမှာတွေ့ရတဲ့ အပြစ်ပေးနည်းတွေ ဖြစ်ပါတယ်။ အပြစ်ရဲ့ အတိမ်အနက်အလိုက် အပြစ်ပေးတာချည်းပါပဲ။

ဆရာကြီးကျောင်းဟာ ကျောင်းတွေထဲက ကျောင်းတစ်ကျောင်းမို့ အထက်ပါအတိုင်း ပြစ်ဒဏ်ခတ်လေ့ရှိပါတယ်။ အတန်းဆရာတွေဟာလဲ အတန်းထဲက ကျောင်းသားတွေရဲ့ အပြစ်ကျူးလွန်မှုရဲ့ အတိုင်းအတာအရ အပြစ်ပေးကြပါတယ်။ နောက်ဆုံးမှာ ကျောင်းတစ်ကျောင်းလုံးရဲ့ အကြီးအကဲဖြစ်တဲ့ ကျောင်းအုပ်ဆရာကြီးဆီပို့ပါတယ်။ ဆရာကြီးဆီရောက်ပြီဆိုရင်တော့ ကြိမ်ဖူးဟင်းကို တရွှမ်းရွှမ်းနဲ့ကျွေးတော့တာပဲ။

အိုးကောင်းဖို့ရာ အိုးထိန်းသည်ခမျာ အိုးကို နာနာရိုက်ရသတဲ့။ ဒီလိုပဲ စည်းကမ်းပျက်ကျောင်းသားတွေကိုလဲ ခပ်နာနာ ရိုက်နှက်ဆုံးမမှ မကောင်းတဲ့

ကြေးညှော်တွေ ကွာကျမယ်တဲ့။ ဒါမှ လူ တော်လူ ကောင်းကလေးတွေဖြစ်လာကြမယ်။ ဆရာဝန်ဟာ လူနာတွေဆီသွားတဲ့အခါ အမြဲတမ်း နားကြပ်ကိုကိုင်သွားတယ်။ ဆရာကြီးဟာလဲ ကျောင်းသားတွေဆီသွားတဲ့အခါ ကြိမ်လုံးကို ကိုင်ဆောင်သွားလေ့ရှိသတဲ့။

ကျောင်းသားတွေ ကျောင်းစည်းကမ်းမလိုက်နာရင်၊ စာမကြိုးစားရင် ကြိမ်နဲ့ရိုက်တယ်၊ ဆရာကြီးဟာ အရိုက်ကြမ်းတယ်လို့အဆိုရှိတယ်။ ဆရာကြီးက ကျောင်းသားတွေကို ဘယ်လောက်ပဲရိုက်ရိုက်၊ ဆရာကြီးမှာ ချစ်စရာကောင်းတဲ့အချက်တွေက ရှိနေတော့ ဆရာကြီးကို စိတ်မခုကြဘူး။

ဆရာကြီးကို ကျောင်းသားတွေတင် ကြောက်ကြရတာမဟုတ်ဘူး။ ဆရာတွေ၊ ဆရာမတွေကိုယ်နှိုက်ကပါ ကြောက်ကြတယ်။ သူ့မျက်နှာပေးက ချစ်ကြောက်ရိုသေစရာဟန်ပဲ။ သူ့အပြုံးက တစ်မျိုးလေးတဲ့။

အင်္ဂလိပ်စာသင့်တဲ့အချိန်ဆိုရင် “ဒိဗိုက်ပူကြီး မလာရင်ကောင်းမှာပဲ” လို့ တစ်ယောက်တစ်ခွန်းစကားပြောနေကြတယ်။ “ဘာကွ”လို့ အောင်မြင်တဲ့ သြဇာရှိတဲ့ဆရာကြီးအသံက အခန်းထဲအရင်ပြေးဝင်လိုက်ရုံရှိသေး မီးကို ရေနဲ့ငြိမ်းလိုက်သလို တစ်ခန်းလုံးငြိမ်ကျသွားတယ်။ အပ်ကျတာကိုတောင် ကြားရမတတ်ပဲတဲ့။ အသံနောက်မှ ဆရာကြီးကပ်ပါလာတယ်။

ဘယ်လောက်ပဲကျောင်းသားတွေ ဆူနေဆူနေ ဆရာကြီးကိုယ်တိုင်ကို မပြောနဲ့ အသံကိုပဲဖြစ်ဖြစ်၊ လှုရိပ်ကိုပဲဖြစ်ဖြစ်၊ ကြားရုံမြင်ရုံနဲ့ပဲ ဆူနေတဲ့ ကျောင်းသားတွေဟာ ရေထိမီးလို တစ်ခါတည်း ငြိမ်သွားပါသတဲ့။

ဆရာကြီးဟာ ကျောင်းသားတွေကို စိတ်ဆိုးတဲ့အခါ “ခွေးမသား” “ခွေးမသား”လို့ ဆဲလေ့ရှိတယ်။ ဒါဟာ သူ့ရဲ့လက်သုံးစကားပဲတဲ့။

ဆရာကြီးဟာ ကျောင်းသူ ကျောင်းသားမခွဲခြားဘဲ ဆက်ဆံတယ်။ အပြစ်ပေးအရေးယူရာမှာလဲ အတူတူပဲ။

ဆရာကြီးနဲ့အတူရိုက်ဖော်ရိုက်ဖက် ဆရာတစ်ယောက်ရှိတယ်။ သူက ဆရာတင်ပါ။ သူကတော့အရိုက်သန်တဲ့ဆရာအဖြစ် လူသိများတယ်။ တစ်ခါလဲ ကျောင်းသားတစ်ဦးက တစ်မူးတန်ဝတ္ထုတစ်အုပ် ကျောင်းကို ယူလာခဲ့တယ်။

အဲဒီခေတ်က တစ်မူးတန်ဝတ္ထုဆိုတာ အဆင့်မြင့်စာရေးဆရာ အကျော်အမော်တွေရဲ့ ဝတ္ထုမျိုး၊ ဒါမှမဟုတ် စာဖောင်များတဲ့ စာအုပ်မျိုးမှရတယ်။ တန်ဖိုးနည်းတဲ့ စာအုပ်ဆိုင်ဆိုရင် ခြောက်ပြားတန်၊ တစ်ပဲတန်အထိ ဈေးနည်း

တဲ့ ဝတ္ထုမျိုးလဲရှိခဲ့တယ်။ ဝတ္ထုစာအုပ်မျက်နှာဖုံးမှာ ကျောင်းသားတစ်ယောက်က ပူတူတူးလေးလို့ ရေးလိုက်တယ်။ ကျောင်းသူကလေးက ဒါ သူ့ကို စောင်းချိတ်ရေးတာပဲဆိုပြီး ဆရာ့ဆီသွားတိုင်တယ်၊ အဲဒီမယ်ဆရာတင်က အဲဒီတပည့်ကို ခေါ်ရိုက်တော့တာပဲတဲ့။

ဒေါ်လှကြည်ဟာ စစ်ပြီးခေတ်မှာတော့ အစိုးရပြန်ကြားရေးဌာနခွဲ၊ စာကြည့်တိုက်မှူးလုပ်နေတယ်။ တစ်နေ့မှာ ဆရာကြီး ဦးရာဇတ်ဟာ ဖဆပလ ဝန်ကြီးအဖြစ်နဲ့ ပြန်ကြားရေးစာကြည့်တိုက်ကို ရောက်လာတယ်။ သူနဲ့အတူ ဖဆပလအတွင်းရေးမှူး ဦးလှ၊ မြို့တော်ဝန်တို့လဲပါတယ်။ ဒေါ်လှကြည်က ရုံးချိန်မှာ လက်ဖက်ရည်သောက်နေတယ်။ ဆရာကြီးနဲ့ ဆုံသွားတယ်။ ဆရာကြီးက–

"တယ်ခန့်နေပါလား စာရေးကြီး၊ ရုံးချိန်မှာ လက်ဖက်ရည်သောက်နေရသလား" အဲဒီလို ငေါ့ထေ့ထေ့လေး မဲ့ပြုံးလေးပြုံးပြီး ပြောလိုက်တယ်။ အဲဒီလိုပြောရာကနေ ချက်ချင်းပဲ မျက်နှာတည်သွားတယ်။

"ဟေ့–သွား၊ ရုံးချိန်ရုံးအလုပ်လုပ်" လို့ ငေါက်လိုက်တယ်။

အဲဒီလို ဒေါ်လှကြည်က ကျမ်းပြုသူအား ရုံးချိန်မှာ လက်ဖက်ရည်သောက်မိလို့ ဆရာကြီးငေါက်တာကို ခံလိုက်ရသေးတယ်ဆိုတဲ့အကြောင်းပြောပြပါတယ်။

**ကျောင်းဝတ်စုံနဲ့ နေ့စဉ်ကျောင်းတက်ကျောင်းဆင်း**

ဆရာကြီးတို့ကျောင်းမှာ ကျောင်းဝတ်စုံသတ်မှတ်ထားတာရှိတယ်။ ဆရာကြီးက ကျောင်းတက်ရင် ကုတ်အင်္ကျီအနက်၊ လုံချည်အစိမ်းဝတ်တယ်။ တခြားဆရာတွေကတော့ တိုက်ပုံအင်္ကျီအနက်နဲ့ လုံချည်အစိမ်း၊ ကျောင်းသားတွေက တိုက်ပုံအနက်နဲ့ လုံချည်အစိမ်း၊ ကျောင်းသူတွေကျတော့ အင်္ကျီအဖြူ၊ ထဘီအပြာ၊ ဒီလိုကျောင်းဝတ်စုံကို သတ်မှတ်ပေးထားတယ်။

အဲဒီခေတ်က ကျောင်းသားတွေဟာလဲ လူငယ်တွေသဘာဝ တစ်ကျောင်းနဲ့တစ်ကျောင်း စောင့်နေတတ်ကြတယ်။ တစ်ခါတလေ ချိန်းရိုက်ကြသေးတယ်။ တစ်ခါတလေ သံချပ်ထိုးပြီး ပုတ်ခတ်ကြတယ်။ သံချပ်နဲ့ အနိုင်ယူကြတယ်။ မန္တလေးမှာရှိတဲ့ ဖာသာလဖုန်းကျောင်းက ကျောင်းသားတွေက ဆရာကြီးရဲ့ကျောင်းကို ဘယ်လိုအပုပ်ချသံချပ်ထိုးသလဲဆိုရင်–

"အစိမ်းဝတ်လို့–အနက်ဆင်–ခဲမြင်ရင်ပြေးတဲ့ကျောင်းသား"လို့ စောင်းချိတ် သံချပ်ထိုးခဲ့တယ်။ ဒီသံချပ်ကလေးကိုပဲကျေးဇူးတင်နေရဦးမယ်။

ဘာကြောင့်လဲဆိုတော့ ဒီသံချပ်ကလေးထဲမှာ နေရှင်နယ်ကျောင်းသားတွေရဲ့ ဝတ်စုံကို ဖော်ပြထားလို့ပါပဲ။

အမျိုးသားကျောင်းတွေက "ဖြူပြာ–စိမ်းနက်–ဆင်တူဆင်–တယ်ယဉ် တဲ့ တို့ကျောင်းသားပဲ"လို့ သံချပ်ထိုးခဲ့ကြပြန်တယ်။ ဒီလို ဆင်တူဝတ်စုံတွေ ဝတ်ဖို့ သတ်မှတ်ပေးတာဟာ အတုအပမရှိအောင်၊ အကုန်အကျသက်သာ အောင် ရည်ရွယ်ခဲ့ခြင်းဖြစ်တယ်။

ဝံသာနုခေတ်ကျတော့ ဗဟိုအမျိုးသားကျောင်းမှာ ဟံဇာပင်နီတို့၊ ပိုး ပင်နီတို့လောက်ဝတ်ကြသေးတယ်။ အင်္ကျီပါးပါးမဝတ်ရဘူး။ ညှပ်ဖိနပ်စီးရ မယ့်အချိန်မှာ ဒေါက်မြင့်ဖိနပ်စီးရင် ကျောင်းမဂ္ဂဇင်းကနေ "ပါးစပ်ကမပြောဘဲ ဖိနပ်ကပြောတာလား"ဆိုပြီး ဖော်ပြဝေဖန်တယ်။

ရန်ကုန်က မြို့မနေရှင်နယ်မှာဆိုရင် စနေ–တနင်္ဂနွေ ကျောင်းပိတ် တယ်။ ဝါတွင်းကျမှ ဥပုသ်နေ့ပိတ်တယ်။ ဆရာကြီးကျောင်းမှာတော့ အဖိတ်နဲ့ ဥပုသ် ၂ ရက်ပိတ်တယ်။ အဲဒါတောက်လျှောက်လုပ်လာခဲ့တယ်။ ပြီးတော့ ပြက္ခဒိန်မှာ ဗုဒ္ဓနဲ့ပတ်သက်တဲ့ နေ့ကြီးရက်ကြီးတွေကို ဖော်ပြထားတယ်။ အဲဒီနေ့ကြီးရက်ကြီးတွေမှာ ပိတ်တယ်။ မန္တလေးဈေးချိုမှာလဲ ဥပုသ်နေ့ ဈေးပိတ်တယ်။ ဒီနေ့အထိပဲ။ ဒါရှေးရိုးမြန်မာ့အစဉ်အလာကတည်းက ပိတ်ခဲ့တာပါ။

ဆရာကြီးက အရပ်ထဲမှာတော့ အင်္ကျီလက်တိုအဖြူ ကာကီရောင် ဘောင်းဘီကို ဝတ်တယ်။ အရေးကိစ္စရှိလို့ ဆိုင်ရာဆိုင်ရာဌာနဖြစ်စေ၊ အိမ်ဖြစ်စေ သွားရမယ်ဆိုရင် ရှပ်အင်္ကျီအဖြူ လုံချည်ဝတ်ပြီး ကတ္တီပါပုံတော်ဖိနပ်စီးပြီး သွားလေ့ရှိတယ်။ ဖိနပ်ကျတော့ ဆိုင်တင်ရောင်းတဲ့ ဖိနပ်တွေက သူ့ခြေထောက် နဲ့ မတော်ဘူး။ ဒါကြောင့် သူ့တပည့်ဖိနပ်ဆိုင်တစ်ဆိုင်က ဆရာကြီးအတွက် အထူးစပါယ်ရှယ်ချုပ်ပေးတယ်တဲ့။ ငွေမယူဘူး။ ပွဲနေပွဲထိုင်သွားရင်တော့ အနောက်တိုင်းဝတ်စုံ အပြည့်ဝတ်ပါသတဲ့။

ဆရာကြီးရဲ့ကျောင်းမှာ ဦးပြား (ကျောင်းပြာတာ)ဆိုတဲ့ ရုံးလုလင် ရှိတယ်။ ၁၉၂၀ ခုနှစ် ကျောင်းတွေသပိတ်မှောက်တော့ သူက ဘီတီအင် ကျောင်းက ကျောင်းပြာတာ၊ သူများတွေသပိတ်မှောက်တော့ သူကလဲ သပိတ် မှောက်တဲ့အထဲပါခဲ့တယ်။

မန္တလေးအမျိုးသားကျောင်းဖွင့်တော့ ဘီတီအင်ကနေ ကျောင်းဆရာ

ဦးတင်၊ ဆရာချစ်တို့နဲ့အတူ ပြောင်းလာခဲ့သူပေါ့။

ဒီတုန်းက ကျောင်းသားတွေက ဆရာကြီးဦးရာဇတ်ထက် ဦးပြားကို တောင်ပိုကြောက်ရသေးသတဲ့။ သူ့ကို ကျောင်းလုလင်လို့သာ ခေါ်တာ၊ တကယ်တော့ ဆရာကြီးရဲ့ အပါးတော်မြဲခေါ်ရင် မှားမယ်မထင်ဘူးတဲ့။ တချို့ကတော့ ဒုတိယကျောင်းအုပ်လို့တောင် မကြားတကြား ပြောနေကြသေးတယ်။

သူက ကျောင်းတွင်း ကျောင်းပြင်လှေ့ာက်သွားမယ်။ (ယူနီဖောင်း) ကျောင်းဝတ်စုံမဝတ်ခဲ့တဲ့ ကျောင်းသား၊ ကျောင်းနောက်ကျတဲ့ ကျောင်းသား၊ ကျောင်းပြေးတဲ့ကျောင်းသား၊ ကျောင်းတွင်းမှာ ဆေးလိပ်သောက်တဲ့ ကျောင်းသား အဲဒီလို ကျောင်းကသတ်မှတ်ထားတဲ့၊ စည်းကမ်းမလိုက်နာတဲ့ ကျောင်းသားတွေကို ချောင်းမြောင်းကြည့်၊ လိုက်ခြေရာခံ၊ နောက် ဆရာကြီးဆီ သတင်းပို့၊ ဆရာကြီးကခေါ်ပြီး ရိုက်၊ အမှန်တော့ သူပေးတဲ့သတင်းတွေကလဲ မှန်တာကိုး။ ဒါကြောင့် ဆရာကြီးက စဉ်းမျဉ်းစည်းကမ်းထိန်းသိမ်းကြပ်မတ်ရာမှာ ဦးပြားကို အင်မတန် အားကိုးရပါသတဲ့။

ကျောင်းသားတွေက ဆရာကြီးထက် ဦးပြားကို ပိုကြောက်ကြတာပေါ့။ "ကြက်တူရွေးကတော်တော်–မယ်ဘော်ကပိုကဲ" ဆိုတဲ့သဘောပဲပေါ့။

ဗဟိုအမျိုးသားအထက်တန်း ကျောင်းသူ ကျောင်းသားတွေဟာ မနက်ကျောင်းတက်ရင် အားလုံး အလံတော်ကိုအလေးပြုဖို့ ကျောင်းဝင်းရှိ ကွင်းပြင်မှာ အတန်းလိုက်အားလုံးစုဝေးပြီး တန်းစီကြရတယ်။ သုံးရောင်ခြယ် ဒေါင်း အလံကို အလေးပြုပြီးမှ ကျောင်းခန်းမထဲဝင်၊ ဘုရားရှိခိုးကြရတယ်။ ဗြိတိသျှ အလံကိုတော့ အလေးမပြုဘူး။ ဗြိတိသျှအစိုးရအလံကို အသိအမှတ်မပြုတဲ့ သဘောပဲလေ။

ဆရာကြီးဟာနယ်ချဲ့ဆန့်ကျင်ရေးအတွက် ကျောင်းသားတွေရဲ့ စိတ်ဓာတ်တွေကို မြှင့်တင်ပေးသလို၊ ဘာသာရေးလုပ်ငန်းတွေမှာလဲ မလစ်ဟင်းစေရဘူး။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဆိုလဲ ဘုရားရှိခိုးချိန်မှာ ရှိမခိုးဘဲ ခိုကပ်နေရင် သူကိုယ်တိုင်ကြိမ်လုံးတကိုင်ကိုင်နဲ့ လိုက်ရှာဖမ်းတယ်။ တချို့ကတော့လဲ ဗုဒ္ဓဘာသာမဟုတ်ဘူးဆိုပြီး ဖြေကြပြန်တယ်။ ဒီတော့ နောက်ပိုင်းမှာ ဘုရားရှိခိုးချိန်ရောက်ပြီဆိုရင် အားလုံးသော ဘာသာဝင်တွေကို ဘာသာအလိုက် ဘုရားရှိခိုးစေတယ်။

တစ်ခါကလဲကိုမင်းဆွေ (အခု–မန္တလေး မာလာမြိုင်ပုံနှိပ်တိုက် ပိုင်ရှင် ဦးမင်းဆွေ)ဟာ ဘုရားရှိခိုးမယ့်အချိန်မှာ လစ်နေတာကို ဆရာကြီး နဲ့တွေ့တော့ “ဘုရားရှိမခိုးရကောင်းလား”ဆိုပြီး ကြိမ်နဲ့ရိုက်တယ်။

ဒီလိုအရိုက်ခံရတဲ့အတွက် ဆရာကြီးကွယ်ရာကျတော့ “မြန်မာ မြန်မာဘုရား ရှိမခိုးတာကို ကုလားကရိုက်တာနာသကွာ”လို့ ငေါ်လုံးနဲ့ ပြောဖူးတယ်။ အသားနာလို့မကျေနပ်၊ မခံချင်တဲ့စိတ်ကလေးနဲ့ ရုတ်တရက် ပြောဆိုလိုက်ပေမယ့် သူလဲပဲ ဆရာကြီးကို ချစ်သူတစ်ယောက်ပေါ့။

ကျောင်းမှာ ပုဏ္ဏားအမျိုးသားကျောင်းသားတွေလဲ တော်တော်များတယ်။ ဗုဒ္ဓဘာသာဝင်တွေကို ဂရုတစိုက်ဘုရားရှိခိုးစေသလို အစ္စလာမ်ဘာသာဝင်တွေကို ပလီတက်ဖို့၊ ပုဏ္ဏားကျောင်းသားတွေကိုလဲ သူတို့ဘုရားရှိခိုးဖို့၊ ဟိန္ဒူဘာသာ ဝင်တွေကျတော့ ဟိန္ဒူဘုရားကျောင်းသွားဖို့ ခွင့်ပေးတယ်။ သောကြာနေ့ဆို ဆရာကြီးကိုယ်တိုင်လဲပလီတက်တယ်။ အစ္စလာမ်ဘာသာဝင် ကျောင်းသား တွေလဲ ပလီသွားတက်ကြရတယ်။

ဒီအစ္စလာမ်ဘာသာဝင်တို့၊ ဟိန္ဒူဘာသာဝင်တို့၊ ပုဏ္ဏားတို့အတွက်လဲ မိမိတို့ နေ့ထူးနေ့မြတ်ကျရင် ကျောင်းမတက်တဲ့အတွက် ခွင့်စာတင်ဖို့မလို ကြောင်းလဲမှာကြားတယ်။ သူကအစ္စလာမ်ဘာသ ာင်တစ်ဦးမို့ ကျန်ဘာသာ ဝင်ကျောင်းသားတွေကို နှိမ်မယ်၊ တစ်နည်းနည်းနဲ့ ညှဉ်းမယ်ဆိုတဲ့စိတ်ဓာတ်မျိုး အလျင်းမရှိဘူး။ ကုန်ကုန်ပြောရရင် ဆရာကြီးကို သောကြာနေ့ပလီသွားတက် တဲ့နေ့မှ မွတ်စလင်တစ်ဦးလို့မြင်ပြီး ကျန်ရက်တွေမှာ ဗုဒ္ဓဘာသာမြန်မာကြီး လို့ မြင်ကြပါသတဲ့။ ဘယ်ဘာသာဝင်တွေကိုမှ မငြိုငြင်စေရဘူးတဲ့။ သူကိုယ်တိုင် မှာလဲ ဘာသာရေးအယူသည်းမှု မရှိဘူးဆိုပဲ။

အဲဒီတော့ အထက်ကဆိုခဲ့သလို ကျောင်းသားတွေဟာ ဘုရားရှိခိုး ပြီးတော့ မိမိတို့သက်ဆိုင်ရာအခန်းအသီးသီးကိုဝင်ကြရတယ်။ အတန်းထဲရောက် တော့ အမျိုးသားသီချင်းဆိုကြရတယ်။ အမျိုးသားသီချင်းစတင်ဆိုလို့ (၆) လခန့်ကျတော့ အစီအစဉ်တစ်မျိုးပြောင်းပြန်တယ်။

ဘာ့ကြောင့်အစီအစဉ် ပြောင်းပြန်သလဲဆိုတော့ ဘုရားရှိခိုး၊ အမျိုးသား သီချင်းဆို၊ ပြီးတော့ အားလုံးအတန်းထဲ တစ်ပြိုင်တည်း ရောက်တဲ့အထိ စောင့်ဆိုရတော့ အချိန်ဖြုန်းရာကျတာလဲ တစ်မျိုး။ ဒီလိုအချိန်မဖြုန်းစေဘဲ ကိုယ့်အတန်းထဲအရင်ရောက်တဲ့အတန်းက ကိုယ့်ဘာသာကိုယ်ဆိုကြပြန်ရင်လဲ တစ်ကျောင်းလုံး တစ်ချိန်တည်းမဖြစ်နိုင်ဘူး။ တစ်တန်းတစ်ပေါက်စီဖြစ်နေ

မယ်။ ဒါတင်မကဘူး။ မနက်ပိုင်း စာစသင်တဲ့ မိနစ် ၄၀ အချိန်ဟာလဲ ဘုရားရှိခိုးရတာနဲ့ အခန်းပြန်နေရာယူရတာနဲ့၊ တစ်ခါ အမျိုးသားသီချင်း ဆိုရတာနဲ့ပါဆိုရင် မိနစ် ၄၀ တောင်ကြာတယ်။ ဒီတော့ စာသင်ချိန်အလွန် နည်းသွားတယ်။ အချိန်မျှသွားအောင် ညနေပိုင်းကို အမျိုးသားသီချင်းဆိုဖို့ အချိန်ပြောင်းဆိုလိုက်တယ်။ အဲဒါကြောင့် (၆)လလောက်ကျတော့ မနက်ပိုင်း ဘုရားရှိခိုး၊ [illegible]ကိုယ်ဝင်စေပြီး စာစသင်တယ်။ ညနေကျောင်းဆင်းမှပဲ အမျိုးသားသီချင်းကို ဆိုစေတော့တယ်။

ညနေကျောင်းဆင်းတဲ့ခေါင်းလောင်းထိုးရင် ကျောင်းသားတွေအားလုံး ကိုယ့်အတန်း၊ သူ့အတန်းမှာ မတ်တတ်ရပ်ကြရတယ်။ အမျိုးသားသီချင်းကို မာန်ပါပါနဲ့ဆိုကြရတယ်။ ဒီသီချင်းကိုလဲ ဝတ္တရားကျေသဘော၊ အပေါ်ယံ ကြောသဘောမျိုးမဆိုရဘူး။ အမျိုးသားသီချင်းပေါ်မှာ စိတ်ဝင်စားမှု၊ လေးနက်မှု ထားဆိုကြရမယ်လို့ ပညာပေးထားတယ်။

အဲဒီနောက်မှာ “ဒရိန်း” (Drill) ခေါ် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ရေး လုပ်ဖို့ ကျောင်းဝင်းအတွင်းရှိ မြေကွက်လပ်ကိုဆင်းကြရပြန်တယ်။ ဒရိန်းကို ယောကျာ်း၊ မိန်းမမခွဲဘဲ အားလုံးပါဝင်လှုပ်ရှားစေတယ်။ ဒါပေမယ့် အမျိုးသမီး တွေက သီးသန့်၊ ယောကျာ်းလေးတွေက သီးသန့်ခွဲပြီး လေ့ကျင့်ကြရတယ်။ ဒီလိုဒရိန်းပြချိန်လဲ ဘုရားရှိခိုးတုန်းကလို ချောင်ခိုနေတာတို့၊ လစ်နေတာတို့ ရှိမရှိဆိုတာကို ဆရာကြီးအနေနဲ့ ကြိမ်ကိုင်ပြီး လျှောက်စစ်ဆေးတယ်။ ခိုင်လုံတဲ့အကြောင်းပြချက်မပေးနိုင်တဲ့ ကျောင်းသားကိုတော့ ဒရိန်းပြကွင်း ကို ဆင်းပြီး ပါဝင်လေ့ကျင့်စေတယ်။

မိနစ် (၂၀) ခန့်လေ့ကျင့်ပြီး ကျောင်းဆင်းပေးလိုက်တယ်။ အဲဒါတွေ က နေ့စဉ်အလုပ်ပဲဖြစ်ပါတယ်။

**အမျိုးသမီး၊ အမျိုးသားရောပြီး စာသင်တာက**

ဆရာကြီးရဲ့ကျောင်းမှာ အမျိုးသမီးနဲ့အမျိုးသားရောပြီး ပညာသင်ရတယ်။ ဒါတင်မကဘူး၊ ဦးပဉ္စင်းနဲ့ ကိုရင်တွေပါအတူရောသင်ကြသေးတယ်။ ဦးပဏ္ဍိတ– အဂ္ဂမဟာပဏ္ဍိတ–အနီးစခန်းဆရာတော်တို့၊ အခု မိုးကုတ်နန်းမွန်ကျောင်း ဘုန်းတော်ကြီးတို့ဟာ ငယ်ငယ်က လူထုဒေါ်အမာတို့နဲ့ တစ်တန်းတည်းပေါ့။ ဒီဆရာတော်တွေဟာ သက်န်းဝတ်နဲ့ ခေတ်ပညာသင်ကြတာပါ။

မန္တလေးမှာကတော့ ဗိုလ်ကျောင်းတွေရှိတယ်။ အစိုးရက အင်္ဂလိပ်မြန်မာကျောင်းတွေလဲရှိပါတယ်။ ဗိုလ်ကျောင်းတွေမှာတော့ ယောကျ်ားကလေးသတ်သတ်၊ မိန်းကလေးသတ်သတ်ဆိုပြီး ကျောင်းခွဲတွေရှိတယ်။ အစိုးရ အင်္ဂလိပ်မြန်မာအထက်တန်းကျောင်းတွေနဲ့ နေရှင်နယ်ကျောင်းမှာသာ ယောကျ်ားကလေးနဲ့ မိန်းကလေး ရောပြီး စာသင်ကြရပါတယ်။

ကျောင်းသူမလှကြည်ဆိုတဲ့ ကျောင်းသူလေးဟာ ဝက်စလီမှာ ကျောင်းနေခဲ့တယ်။ သူ့မိဘကအစိုးရလခစားဆိုတော့ အင်္ဂလိပ်ကျောင်းထားတာပေါ့။ တစ်နေ့တော့ မလှကြည်မိသားစုတို့ ကိုးကွယ်နေတဲ့ ဆရာတော် ဦးပါဝရ (အခု–မန္တလေး စီဘီလိုင်းက မိဘမဲ့ကျောင်း) "ဘိဘိအိုအေ" ဆရာတော်က–

"တကာမလေးကို ဘာကြောင့် အင်္ဂလိပ်ကျောင်းမှာ ထားရတာတုံး၊ အမျိုးသားကျောင်းမှာပဲထားပါလား။ ဒီအမျိုးသားကျောင်းထားမှ ကလေးတွေဟာ အမျိုးကိုချစ်ရမှန်း၊ တိုင်းပြည်နဲ့လူမျိုးကိုချစ်ရမှန်း သိတော့မပေါ့။ တိုင်းပြည်နဲ့လူမျိုးအတွက် အနစ်နာခံလုပ်ချင်တဲ့စိတ်တွေ မွေးလာမပေါ့။ ဆရာကြီးဦးရာဇတ်ဟာလဲ စာအသင်အပြလဲကောင်းကကောင်းပါဘိသနဲ့၊ အောင်ချက်လဲမဆိုးဘူး။ စည်းကမ်းလဲရှိတယ်။ ဒီတော့ ကလေးလဲအမျိုးချစ်တဲ့စိတ်တွေရအောင်၊ ပညာရည်လဲတတ်အောင် စွယ်စုံရကျောင်းမို့ အင်္ဂလိပ်ကျောင်းကနေ အမျိုးသားကျောင်း ပြောင်းထားစေချင်တယ်ကွယ်"လို့။

ဆရာတော်ရဲ့ ဆိုဆုံးမစကားအရ မလှကြည်ရဲ့ မိဘများက သူ့သမီးကို ဆရာကြီးရဲ့ကျောင်းမှာ ပြောင်းရွှေ့ထားလိုက်တယ်။

ဆရာကြီးရဲ့ကျောင်းရောက်တယ်ဆိုရင်ပဲ မလှကြည်မျက်နှာ မထားတတ်အောင် ရှိုးတိုးရှန်းတန်းဖြစ်ပါလေရော။ ဘာကြောင့်လဲဆိုတော့ မူလနေခဲ့တဲ့ကျောင်းက မိန်းကလေးတွေသန့်သန့်နေတဲ့ မိန်းကလေးကျောင်းကိုး။ ဆရာကြီးကျောင်းကျတော့ ဦးပဥ္စင်း–ကိုရင် တို့ကအစ ယောကျ်ားကလေး–မိန်းကလေးအားလုံးကို ရောလက်ခံတဲ့ကျောင်း။ ဒါကြောင့် မျက်နှာပူပြီး မနေတတ်ရှာဘူးတဲ့။

ဒီအထဲ စည်းကမ်းကလဲကြီးပါတယ်လို့ ဆရာတော် ဦးပါဝရက အမွှန်း လိုက်တဲ့ကျောင်းတော်ကြီးဟာ မလှကြည်ရောက်တဲ့နေ့မှာပဲ ကျောင်းသားတစ်ယောက်က စာလိုက်ပေးပါတော့တယ်။ ရှက်လွန်းလို့တဲ့။ "ဒီကျောင်းမှာ မနေပါရစေနဲ့"လို့ မိဘများကို ငိုယိုခွင့်တောင်းပါတော့တယ်။

စည်းကမ်းကြီးလှပါတယ်ဆိုတဲ့ကျောင်းက ဒီလိုပဲညီမချင်းမစာနာ

ဝင်ဝင်ချင်း ဆောက်နဲ့ထွင်းတဲ့သဘောနဲ့ စော်ကား မော်ကားလုပ်လိုက်တယ်။ "နဂိုကမှ အထင်မကြီးရတဲ့ကျောင်း၊ ဆရာတော်ရဲ့ အမိန့်အာဏာ၊ ဆရာတော် ဆိုဆုံးမတဲ့စကားပယ်ရာကျမှာမို့သာ ကိုယ့်ဆန္ဒနဲ့ဆန့်ကျင်ပြီး ထားခဲ့ပါတယ်။ ခုတော့ သမီးအရှက်ကွဲပြီး စိတ်ဆင်းရဲရပြီ၊ မိဘတွေတာဝန်ကျေပြီ ကျောင်း ထားခဲ့ပြီ၊ ခုသူတို့အဆိုးမဟုတ်ဘူး"ဆိုပြီး ဆရာတော်ထံပါးလဲ အကြောင်းပြ ကောင်းတာမို့ ချက်ချင်းဆရာကြီးဆီ လိုက်သွားတယ်။ ကျောင်းက နုတ်ထွက် ခွင့်တောင်းတယ်။

ဆရာကြီးလဲမလှကြည်နဲ့ မိဘတွေရဲ့မျက်နှာ မသာမယာဖြစ်လာတာ မြင်တော့ ပြဿနာတစ်ခုခုတော့ ဖြစ်လာပြီနဲ့တူတယ်လို့ အောက်မေ့လိုက် တယ်။ အကျိုးအကြောင်းမေးတော့ မလှကြည်အတွက် ကျောင်းထွက် လက်မှတ် လာတောင်းခြင်းဖြစ်ကြောင်း သိရတယ်။

ဒီနေ့အပ်၊ ဒီနေ့ကျောင်းထွက်လက်မှတ်လာတောင်းတော့ အံ့အားသင့် သွားတယ်။ "အင်း–ခန့်စာနဲ့ ဖြုတ်စာ"က တစ်နေ့တည်းထွက်တယ်ဆိုတဲ့ အဖြစ်ပါလားလို့ ရေရွတ်မိမှာအမှန်ပဲ။

"ကဲ–ဆိုစမ်းပါဦး၊ ဒီနေ့အပ်၊ ဒီနေ့ထွက်ဆိုတော့ အကြောင်း တစ်ခုခု ရှိရမှာပဲလို့ထင်ပါတယ်။ ဒီတော့ ကျွန်တော့်ကို အားမနာနဲ့၊ ပြဿနာကို တင်ပြ၊ ငါ့တပည့်မကလေးကလဲ ဆရာကြီးကို မထိမ်မဝှက်ဘဲပြောပြစမ်း"

မလှကြည်လေးလဲမျက်နှာမှာ နှင်းဆီရောင်သမ်းနေတယ်။ ရှက်သွေး တွေဖြန်းနေတယ်။ မျက်ရည်စမ်းကလေးတွေလဲ မျက်လုံးအိမ်ထဲမှာ ပြည့်လျှမ်း လာပြီး ပါးပြင်မို့မို့ပေါ် ပုလဲလုံးကလေးများနှယ် လိမ့်ဆင်းလာတယ်။ ရှက်လွန်းလို့ အသံထွက်မလာ။ ဒီတော့သူ့မိဘကပဲ သမီးရဲ့ကိုယ်စား သူတို့ ကိုယ်တိုင်ပဲ ဆရာကြီးကို ကူညီပြောပေးတယ်။

"သမီးကို ကျောင်းသားတစ်ဦးက မေတ္တာစာလိုက်ပေးလို့တဲ့ဆရာကြီးရဲ့၊ အဲဒါရှက်ပြီး ငိုပြန်လာခဲ့တယ်၊ ကျောင်းထွက်လက်မှတ်တောင်းပေးပါတဲ့၊ ဆရာကြီးကိုလဲ လေးလဲလေးစားပါတယ်၊ အားလဲနာပါတယ်၊ ဒါပေမယ့် သမီးက ဒီကျောင်းမှာ မနေချင်တော့လို့ ကျောင်းထွက်ခွင့်ပေးပါ၊ ကျောင်းထွက် လက်မှတ်ပဲမစပါဆရာကြီး"လို့ မိခင်ဖြစ်သူကရှင်းပြလိုက်တယ်။

ဆရာကြီးက ရောဂါကို သိလိုက်တဲ့ဆရာဝန်ပမာ လွယ်လွယ်ကူကူ ဖြေရှင်းပေးဖို့ပြင်လိုက်တယ်။ မဲ့ပြုံးကလေးတစ်ချက်ပြုံးလိုက်ပြီး–

"ကဲ–ငါ့တပည့်၊ ညီးကိုစာပေးတဲ့ကျောင်းသား ဘယ်သူဆိုတာ

မှတ်မိတယ်မဟုတ်လား၊ ကျောင်းသားတွေ တန်းစီပြမယ်၊ ငါ့တပည့်ကို နှောင့်ယှက်တဲ့ကျောင်းသားကို ဆွဲထုတ်ပြနော်၊ ပြင်းပြင်းထန်ထန် အရေးယူပေးမယ်၊ ကဲ–မငိုနဲ့တော့ တပည့်မလေး၊ ညည်းကို စာပေးတဲ့သူကိုသာ ဆွဲထုတ်ပြ”

“ကျွန်တော် ထုပ္ပူပြီး ရှက်စိတ်တွေမွှန်နေလို့ ဘယ်သူဘယ်ဝါဆိုတာ မှန်းတောင် ခွဲခြားပြနိုင်မယ်မထင်ဘူး ဆရာကြီး”

“ကဲ–ဒီလိုဆိုလဲတစ်ခါတော့ သည်းခံလိုက်ပါ ကလေးရယ်၊ ကျောင်းမနုတ်ပါနဲ့၊ နောင်ဒီလိုအဖြစ်မျိုး မဖြစ်စေရပါဘူး၊ ဆရာကြီးတာဝန်ယူပါတယ်။ ဆရာကြီးကျောင်းမှာ ဒီအဖြစ်မျိုးမကြုံဖူးဘူး၊ မဖြစ်ဖူးခဲ့ပါဘူး၊ ဒါပထမဆုံးအကြိမ်ပါ၊ ဒါကြောင့် ဆရာကြီးကျောင်းမှာ ဆက်သာနေပါ၊ နောက်ထပ်ဒီလိုစော်ကားမှုမျိုး မခံရအောင် ကျောင်းသွား ကျောင်းပြန် ပို့/ကြိုပေးပါ့မယ်၊ ကျောင်းကတပည့်တစ်ယောက်ကို အစောင့်အရှောက်ထည့်ပေးပါမယ်၊ ဒီတစ်ခါတော့ သည်းခံလိုက်ပါ ကလေးရယ်နော်”

ဆရာကြီးရဲ့တောင်းပန်ချက်အရ မလှကြည်ရဲ့မိဘများလဲ “ကဲ–သမီး ဆရာကြီးလဲတာဝန်ယူပြီပဲ၊ ဆရာကြီးကိုလဲ အားနာစရာကြီးပါ၊ ကျောင်းသာဆက်တက်ပါသမီးရယ်နော်၊ ဆရာတော်သိရင်လဲစိတ်ဆိုးနေပါဦးမယ် သမီးရယ်” တဲ့။

အဲဒီလိုသမီးကိုချော့မော့နှစ်သိမ့်လိုက်တယ်။ သမီးလဲအားလုံးသောလူကြီးများရဲ့စကားကို နားထောင်ဖို့ ခေါင်းညိတ်လိုက်ပါသတဲ့။

အဲဒီနေ့ကစပြီး ကျောင်းပို့ကျောင်းကြို စောင့်ရှောက်ဖို့ ကျောင်းသားကြီး လက်ဖွေ့ကျော် ကိုဘချစ်ကြီးကိုရွေးချယ်ပြီး “ဘော်ဒီဂတ်”ခန့်လိုက်တယ်။ ကျောင်းသား ကိုဘချစ်ကြီးက မလှကြည်ထက် အသက်အများကြီးကြီးသူပါ။ ကိုဘချစ်ကြီးက အခုခေတ် ကမ္ဘာ့လက်ဖွေ့ကျော် မိုဟမ္မဒ်အလီလောက်လက်သီးမပြင်းပေမယ့် ကျောင်းသားများအလယ်မှာတော့ ကိုဘချစ်ကိုတော်တော်တန်တန်ကျောင်းသားတွေက မထိမဲ့မြင်မလုပ်ရဲကြဘူး။ ကိုဘချစ်ကြီးက ခေါမခေတ်က သူရဲကောင်းစစ်သူကြီးတစ်ဦးမဟုတ်ပေမယ့် သူ့မြင်ရင် “ရှဲ”သွားကြတာချည်းပါပဲ။ တစ်နှစ်လုံး မလှကြည်လေးရဲ့ ဘော်ဒီဂတ်ကိုယ်ရံတော်ကြီးအဖြစ် စောင့်ရှောက်ပေးခဲ့ရှာပါတယ်။ လစာကတော့ စေတနာ့ဝန်ထမ်းပေါ့။ နေသားတကျဖြစ်သွားတော့မှ ဆက်မပို့ရတော့ဘူးတဲ့။

စောစောကပြောခဲ့သလို တခြားကျောင်းတွေက အမျိုးသမီးနဲ့ အမျိုးသားသီးသန့်ကျောင်းတွေထားခဲ့ပေမယ့် ဆရာကြီးကျောင်းမှာတော့ အမျိုးသား၊

အမျိုးသမီး ရောထားတယ်။ ဒါဟာလဲ ဆရာကြီးက နိုင်ငံရေးအမြင်နဲ့ ထားခြင်းပါ။ ယောကျ်ားနဲ့မိန်းမဟာ တန်းတူရင်ပေါင်တန်းသွားရမယ်။ အမြင့်ဆုံး ဖြစ်တဲ့ လွတ်လပ်ရေးတိုက်ပွဲမှာ အတူလက်တွဲရဲတဲ့သတ္တိမျိုးရအောင် စာသင် ကျောင်းမှာကတည်းက အခြေခံကာ လေ့ကျင့်ပေးခြင်းဖြစ်တယ်လေ။

အမျိုးသမီးတွေက အမျိုးသားတွေနဲ့ ဆက်ဆံတဲ့အခါ ပြောရဲဆိုရဲ ရမယ်။ မကြောက်ရဘူးဆိုတဲ့စိတ်တွေ သွင်းပေးတယ်။ လူမှုရေးစိတ်၊ ဝန်ထမ်းစိတ်တွေလဲသွင်းပေးသေးတယ်။

ပြီးတော့ အတူတူရောနှောထားခြင်းဖြင့်လည်း တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကို၊ မောင်ရင်းနှမတွေလို ချစ်ချစ်ခင်ခင်ရှိဖို့၊ ရိုင်းပင်းကူညီခင်မင် တတ်တဲ့စိတ်မျိုးကို မွေးဖို့ အဲဒီလိုရည်ရွယ်တယ်။ မိန်းကလေးတွေကို ရိုင်းရိုင်း စိုင်းစိုင်းဆက်ဆံတာသိရင် ဆရာကြီးက ခေါ်ပြီးရိုက်တယ်။

မလှကြည်တို့အတန်းထဲမှာ ကျောင်းသူ လေးငါးဆယ်ယောက်ရှိတယ်။ နောက် ကျောင်းကအလျှိုလျှိုထွက်ကြပြီးတဲ့နောက်မှာလဲဆက်လက်ပြီး တစ်ဦးကိုတစ်ဦး မောင်နှမတွေလို ချစ်ချစ်ခင်ခင် စောင့်ရှောက်နေခဲ့ကြပါ သတဲ့။ ဒါဟာလဲ အမြော်အမြင်ကြီးတဲ့ ဆရာကြီးရဲ့ ခံယူချက်တစ်ရပ်ပေပဲ။

ဆရာကြီးဟာ တချို့ကျောင်းဆရာ၊ ဆရာမတွေရဲ့ ပေါ့လျော့မှုကလေး တွေကို မကြာခဏကြုံတွေ့ရတယ်။ ဥပမာ ကျောင်းမှာ အမိန့်တစ်ခုခု ထုတ် လိုက်တယ်ဆိုပါတော့။ ဒီအမိန့်စာအကြောင်း အားလုံးကိုသိရှိရအောင် အရင် ခေတ်အခေါ် "ပွဲန်း"၊ အခုခေတ်အခေါ် "ကျောင်းလုလင်"ဦးပြားက တစ်ကျောင်းလုံးမှာရှိတဲ့ ဆရာ၊ ဆရာမတွေဆီ လိုက်ပြရတယ်။ ကြည့်ပြီးပြီ ဆိုရင် တွေ့မြင်ဖတ်ရှုပြီးကြောင်း လက်မှတ်ရေးထိုးကြရတယ်။

အချိန်တန်ကျတော့ လုပ်ဆောင်ရမယ့် အမိန့်ညွှန်ကြားချက်ကို မလိုက် နာမိဘူး။ အဲဒီလိုမလိုက်နာမိလို့ ထုချေလွှာတောင်းကာမှ သူတို့ ဒီအမိန့် မသိလိုက်ကြောင်း ပြောဆိုသူတွေလဲရှိတယ်။ ဒီအမိန့်ကိုသိရှိပြီးကြောင်း သူတို့ကိုယ်တိုင် လက်မှတ်ထိုးထားကြောင်းပြတော့မှ မငြင်းနိုင်တော့တဲ့အဖြစ် မျိုး ဆိုက်ရတော့တယ်။

ဒီတော့ အမိန့်ကိုမဖတ်ဘဲ ပေါ့ပေါ့လျော့လျော့ လက်မှတ်ထိုးတဲ့ အကျင့်မျိုးကို စွန့်လွှတ်အောင် ရည်ရွယ်တဲ့သဘောနဲ့ ဆရာကြီးက အမိန့် တစ်ရပ်ထုတ်ပြန်လိုက်တယ်။ "ကျောင်းစာရေး ဒေါ်မြတင်ကို ဆရာ၊ ဆရာမ

တွေက ကျေနပ်ရင် တစ်ဦးလျှင် ငွေ ၁/–စီ ပေးကြရမယ်”လို့ ရေးသားလိုက်တယ်။

ဆရာ၊ ဆရာမတွေဆီ ဦးပြားကလိုက်ပြတယ်။ တချို့က စာဖတ်ပြီး လက်မှတ်မထိုးကြဘူး။ တချို့ကစာမဖတ်ဘဲ ခါတိုင်းလို ပေါ့ပေါ့လက်မှတ်ထိုးလိုက်တယ်။ လလဲကုန်၊ လစာလဲထုတ်တော့ လက်မှတ်ထိုးသူတွေဆီက ၁/–စီ နုတ်ယူထားလိုက်တယ်။ အဲဒီအခါ အမိန့်ထုတ်တုန်းက ပေါ့ပေါ့တန်တန်ဖတ်ပြီး လက်မှတ်ထိုးလိုက်တဲ့ ကျောင်းဆရာ၊ ဆရာမတွေက အူကြောင်ကြောင်ဖြစ်သွားတယ်။ “ဘာကိစ္စကြောင့် ငွေ ၁/–နုတ်ယူထားရကြောင်း မေးကြတယ်။ ဒီတော့ မမြတင်ကို ပေးဖို့သဘောတူပြီး ဟောဒီ လူကြီးမင်းတို့က လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း ဒါကြောင့် ငွေ ၁/– နုတ်ယူထားရခြင်းဖြစ်တယ်”လို့ ဖြေရှင်းပြလိုက်ပါသတဲ့။

ဒါလူကြီးမင်းများက အကြောင်းအရာကို မဖတ်ဘဲ အရမ်း လက်မှတ်ထိုးတဲ့အတွက် ဒဏ်ခတ်ခြင်းဖြစ်တယ်။ နောင်လူကြီးမင်းတို့အတွက် သင်ခန်းစာယူဖို့လိုကြောင်းကို သက်သေပြလိုက်တာဖြစ်တယ်”လို့ ရှင်းပြလိုက်ပါသတဲ့။

ဒီတော့ ဆရာ၊ ဆရာမတွေလဲ ဇောဒကမတက်နိုင်ကြတော့ဘဲ မဆင်မခြင် ပေါ့ပေါ့တန်တန် လက်မှတ်ထိုးမိတဲ့ ဆရာ၊ ဆရာမတွေလဲ ဆရာကြီးရဲ့ စေတနာ၊ ပြုမူပုံကိုသဘောကျပြီး ငွေ ၁/–စီကို လိုလိုချင်ချင်နဲ့ပေးသွားကြပါသတဲ့။ ဆရာကြီးရဲ့ စေ့စပ်သေချာမှု၊ အသေးအမွှားကစပြီး ဂရုစိုက်ပုံကို စိတ်ထဲကနေ ချီးကျူးနေမိကြရတယ်။

**ကျောင်းတွင်းဆက်ဆံရေး**

ဆရာကြီးဟာ စာသင်တဲ့အခါ ဟာသဉာဏ်၊ ဇဝနဉာဏ် (Sense of humour) ပြက်လုံးကလေးတွေနဲ့ ညှပ်ညှပ်ပြီး ပို့ချတယ်။ ခပ်တည်တည် မျက်နှာပေးနဲ့ ပြက်လုံးကလေးတွေ ပြောလိုက်တာကိုပင် ကျောင်းသားတွေအဖို့ ဟားတိုက်လို့ရယ်ရတဲ့အဖြစ်ပဲ။ ဒါပေမယ့် သူ့အဖို့ကတော့ ရွဲ့ပြုံး။

စာသင်ရာမှာကော၊ စကားပြောရာမှာပါ ခပ်ရွှန်းရွှန်းပြောတတ်လေတော့ သူ့တပည့်တွေကပဲဖြစ်ဖြစ်၊ တခြားမိတ်ဆွေတွေကပဲဖြစ်ဖြစ် သူ့ကို ခပ်သောသောလေး ပြန်ပြောတတ်ကြတယ်။ အဲဒီလိုခပ်သောသောပြောတာကို သူက သဘောကျတယ်ဆိုပဲ။

ဆရာကြီးဟာ အင်္ဂလိပ်စာနဲ့ ပါဠိကိုတာဝန်ယူသင်ပြတယ်။ ဒါပေမယ့် သူက စွယ်စုံတော်တယ်။ ဘက်စုံရတယ်။ ဒီပြင်အချိန်မှာ သက်ဆိုင်ရာ ဘာသာပြဆရာတွေက နေမကောင်းလို့ ကျောင်းမလာနိုင်ရင် သူတို့အစား ဆရာကြီးက ဝင်ပြတယ်။ အချ်ာပဲဖြစ်ဖြစ်၊ သမိုင်းပဲဖြစ်ဖြစ် သင်ပြတဲ့အခါ သက်ဆိုင်ရာဘာသာပြဆရာတွေထက် သူသင်ပြပို့ချတာဟာ ပိုစိတ်ဝင်စားကြတယ်တဲ့။ ဒီလိုစိတ်ဝင်စားအောင် အသင်အပြကောင်းလို့လဲ တချို့တပည့်ဟာ ပါဠိတို့၊ အင်္ဂလိပ်စာတို့မှာ ဂုဏ်ထူးတွေချိတ်ကြတာဆိုပဲ။

ဆရာကြီးဟာ ဖားတာတို့၊ အနားမှာလာပြီး ပြာပြာသလဲဟန်မျိုးနဲ့ အလုပ်လုပ်ပေးတာတို့၊ လူကြီးကွယ်ရာမှာ ဘာမှမလုပ်ဘဲ လူကြီးရှေ့မှာသာ အလုပ်များသယောင်ဟန်ဆောင်ပြီး အလုပ်လုပ်တာတို့၊ (အခုခေတ်ခေါ် အနားပြာ)ကို မကြိုက်ဘူး။ ဒီလိုလူမျိုးတွေဟာ တကယ်ဆိုရင် အလုပ်လုပ်တဲ့လူမဟုတ်ဘူးဆိုတာ သူနားလည်တယ်။ လူကြီးရှေ့ကျတော့ "အနားပြာ" ပြာပြာသလဲလုပ်တတ်တဲ့သူတွေဟာ လူကြီးကွယ်ရာကျတော့ အလုပ်မလုပ်ဘူး၊ လည်သလိုကြည့်နေတယ်။ ခိုကပ်စရာမရှိ ခိုကပ်နေတတ်တယ်။ ပျင်းရိနေတတ်တယ်။ ဒါကြောင့် "အနားပြာ"တွေကို မကြိုက်ဘူး။ အထင်မကြီးဘူး။ အားမကိုးဘူး။ အသိအမှတ်မပြုဘူး။

သူတော်ကောင်းယောင်ဆောင်တဲ့သူ (hypocrity) တွေကို ကြည့်မရဘူးတဲ့။ အင်မတန်မုန်းတီးတယ်။ ဆရာကြီးကိုယ်တိုင်လဲ ဘယ်တော့မှ ဒီလို မကျင့်ကြံဘူးတဲ့။ ဒါကြောင့်လဲ ဆရာကြီးကို ဆရာတော်တွေကလဲယုံကြည်တယ်။ မြို့မိမြို့ဖတွေကလဲချစ်ခင်လေးစားတယ်။ ကျောင်းသူ ကျောင်းသားတွေကလဲ အားကိုးချစ်ခင်တယ်။

တစ်နေ့ (၇)တန်း (ဘီ)က ကျောင်းသားအားလုံး ဗုတ်တလုတ်ကန်သွားပြီး ရေကူးကြတယ်။ ကျောင်းသားမောင်အေးကျော် (အခု ဗိုလ်ကြီး အေးကျော်၊ စီရုံ၊ သိမ်ကြီးဈေး၊ရန်ကုန်)ရေနစ်တယ်။ ကျောင်းသား မောင်သိန်းတန် (အခု သိန်းစာပုံနှိပ်တိုက်၊ လမ်းမတော်၊ ရန်ကုန်)က ဆယ်လိုက်တယ်။

ဒီသတင်းဟာ ဆရာကြီးဆီရောက်သွားတယ်။ နောက်တစ်နေ့ ကျောင်းအတက် (၇)တန်း (ဘီ) ကျောင်းသားအားလုံးကို ဆရာကြီးက ဆင့်ခေါ်လိုက်တယ်။

"မင်းတို့မနေ့ကရေသွားကူးတယ်၊ နစ်တဲ့သူနစ်နဲ့၊ ဆယ်သူကဆယ်နဲ့၊ ဒီတော့ နစ်တဲ့ကောင်ရယ်၊ ဆယ်တဲ့ကောင်ရယ် ထွက်ခဲ့"

ကျောင်းသားတွေက အရိုက်ခံရတော့မှာမို့ ကြောက်ပြီး ငြိမ်နေကြတယ်။

"ဘသောင်းသား ရန်ရွှေ မင်းမသိဘူးလား"လို့ ဆရာကြီးက ငေါက်လိုက်တယ်။

ကျောင်းသား မောင်ရန်ရွှေက ဆိတ်ဆိတ်နေလိုက်တယ်။အဖြေမပေးဝံ့ဘူး။

အဲဒီမယ် ကျောင်းသား မောင်သိန်းတန်နဲ့ မောင်အေးကျော်တို့က ရှေ့ထွက်လာတယ်။ မောင်သိန်းတန်က–

"ဆရာကြီး ကျွန်တော်က ရေနစ်သူကို ဆယ်သူပါ"

"ကျွန်တော်က ရေနစ်သူပါဆရာကြီး"လို့ မောင်အေးကျော်က ဖွင့်ပြောလိုက်ပါတယ်။ ဆရာကြီးက ဆယ်သူမောင်သိန်းတန်ကို (၇) ချက် ရိုက်တယ်။ ပြီးသူပြောလိုက်တာက–

"ရေနစ်တဲလူကိုဆယ်ရင် ဆယ်တဲ့သူပါသေတတ်တယ်ဆိုတာ မင်းမကြားဖူးဘူးလား။ အရမ်းကာရော ဆယ်လို့ဖြစ်တာမဟုတ်ဘူး။ ရေနစ်သူကိုဘယ်ပုံဘယ်နည်းဆယ်ရတယ်ဆိုတဲ့ အတတ်ပညာရှိတယ်။ အဲဒီအတတ်ပညာနဲ့ဆယ်မှ ၂ ဦးစလုံးအသက်ချမ်းသာမယ်။ မဆယ်တတ်ဆယ်တတ်နဲ့ ဆယ်ရင် မင်းပါ ရေနစ်သူနဲ့အတူ သေမှာ၊ အဲဒါကြောင့် ဘုမသိ ဘမသိဘဲ ဆယ်တဲ့အတွက် မင်းမှာအပြစ်ရှိလို့ ရိုက်တာ"

"လာ–ရေနစ်တဲ့ကောင်၊ မင်းကဘာကြောင့် သေအောင်နစ်မသွားသလဲ၊ ဟိုကောင်က မဆယ်တတ်ဆယ်တတ်နဲ့ဆယ်တယ်၊ အခုကံကောင်းလို့ပေါ့၊ နို့မို့ဆိုရင် ဟိုကောင်ပါသေမှာ၊ အဲဒီတော့ နောက်ရေနစ်ရင် သေအောင်ကိုယ့်ဟာကိုယ်နစ်၊ လာ မင်းလဲ(၇)ချက်"

မောင်အေးကျော်ကို (၇)ချက်ရိုက်ပြီးတဲ့နောက် ရေကူးတဲ့ကျောင်းသားတွေအားလုံးကို (၃) ချက်စီ ရိုက်တယ်။ ဆရာကြီးက–

"တပည့်တို့–ကဲ–ဉာဏ်–ဝီရိယဆိုတာရှိတယ်။ ဉာဏ်ဆိုတာ အချုပ်ပဲ။ ရေမကူးတတ်ဘဲကူးရင် ရေနစ်တတ်တယ်။ မကူးရဘူး။ ဒါဟာဉာဏ်ပဲ။ ဒီဉာဏ်မင်းတို့မှာမဲ့နေလို့ ဆရာကြီးက ကြိမ်နဲ့သင်ပေးရတာ။ ကဲ–နောက်ကို ရေမကူးနဲ့၊ ကူးချင်ရင် ရေကူးသင်းဖွဲ့၊ ဆရာကြီး ရေကူးသင်ဆရာခန့်ပေးမယ်" လို့ ဆုံးမစကားပြောလွှတ်လိုက်ပါသတဲ့။

တစ်ခါက ကျောင်းသားတွေက သူတို့ကိုပေးလိုက်တဲ့ အိမ်စာများတယ်ဆိုပြီး ထိုင်သပိတ်လိုလိုဆန္ဒပြတယ်။ ဒီအထဲမှာ ပေးတဲ့အိမ်စာကို ကျက်ခဲ့သူတွေ၊

ရတဲ့သူတွေလဲရှိပါတယ်။ အိမ်မပြန်ဘူးဆိုပြီး ထိုင်နေကြတယ်။ ဆရာကြီးက မဟုတ်တဲ့နေရာမှာ စည်းရုံးဆန္ဒပြတာမျိုးကို လက်မခံဘူး။ လုပ်ခွင့်လဲမပေးဘူး။ အဲဒီတော့ မင်းတို့ရအောင်ကျောင်းမှာဆက်ကျက်ကြ။ ငါလဲမပြန်ဘူး။ မင်းတို့နဲ့ အတူနေမယ်ဆိုပြီး မပြန်ဘဲနေတယ်။ ည (၇)နာရီကျော်ကျော်အထိ ထိုင်စောင့်နေတယ်။ စာများတယ်လို့ပြောတဲ့ ကျောင်းသားတွေလဲ ရောယောင်ပါနေတဲ့ စာရတဲ့ ကျောင်းသားတွေကိုလဲ ဆရာကြီးက မင်းတို့နောက် ဒီလို မလုပ်အပ်တဲ့ သဘောထားမျိုးထားခြင်းဟာ မသင့်တော်တဲ့အကြောင်း ပညာပေးဆုံးမတယ်။

ဆရာကြီးဟာ သူ့ကျောင်းသားကို နောက်ကျောပြင်ကကြည့်ရုံနဲ့ ဘယ်သူ ဘယ်ဝါဆိုတာသိတယ်။ ပြီး သူ့တပည့်တစ်ယောက်စီ တစ်ယောက်စီအကြောင်း ကိုလဲသိတယ်။ မျက်ရမ်းမှန်းဆဆိုတဲ့သဘောမျိုး မရှိဘူး။ ကျောင်းသားတွေ ရဲ့ ဗီဇ၊ ဉာဉ်၊ ဝါသနာ၊ အထာတွေကိုလဲကျက်မိနေတယ်။ တစ်ယောက်စီရဲ့ သီးခြားလက္ခဏာတွေကိုသိရှိပြီး လိုက်လျောညီထွေကြိုးကိုင်ပြီး သူတို့ရဲ့ အောင်မြင်ရေးလမ်းကြောင်းပေါ်ကို တင်ပေးတယ်။ ကျောင်းသားတွေကို သံမဏိကို ဆေးသားတင်သလို တင်ပေးတယ်။

ကျောင်းမှာ တေတယ်၊ ပေတယ်ဆိုတဲ့ ကျောင်းသားတွေကျတော့ လက်ဝှေ့စင်ပေါ်တင်ပေးလိုက်တယ်။ အတီးအမှုတ်ဝါသနာပါတဲ့ ကျောင်းသား တွေကျပြန်တော့လဲ ကျောင်းရဲတပ်က ဘင်ခရာအဖွဲ့ထဲထည့်ပေးလိုက်တယ်။ နိုင်ငံရေးတရားဟောချင်တဲ့ ကျောင်းသားတွေကျတော့လဲ ကျောင်းစကားရည်လု ပွဲတို့၊ ဟောပြောပွဲတို့၊ ကျပန်းစကားပြောပွဲတို့ဘက်ကို ထည့်ပေးတယ်။

အဲဒီလို သူတို့ဝါသနာအရ အားသန်ရာသန်ရာတွေကို အကဲခတ်ကြည့်ရှု ပြီး သူတို့နဲ့သင့်တော်မယ့် အားကစား၊ အတီးအမှုတ်၊ လက်ဝှေ့၊ ဘောလုံး၊ ခြင်း အစရှိတဲ့ သင့်တော်ရာနေရာတစ်ခုခုမှာ ရှေ့ဆောင်ရှေ့ရွက်လုပ်ပြီး နေရာချပေးတဲ့အတွက် ကျောင်းမှာလဲ ထူးချွန်တယ်၊ နောင် ကျောင်းက ထွက်သွားတဲ့အခါကျလဲ ထူးချွန်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်လာကြတယ်။

ဆရာကြီးဟာ စာတော်ဖို့၊ စည်းကမ်းရှိဖို့ စိတ်ဓာတ်တွေကိုလဲ မကြာခဏသွင်းပေးတယ်။ ရယ်စရာကလေးတွေနဲ့ မှတ်သားစရာကလေးတွေကို ပြောရင်း စာကိုပို့ချပေးတယ်။ ရယ်စရာပြောပေးမယ့်လဲ ဝါးလုံးကွဲရယ်တဲ့သဘော မျိုး၊ စည်းလွတ် ကမ်းလွတ်နဲ့ တခြားအခန်းတွေရဲ့ ပညာသင်ကြားမှုကို နှောင့်ယှက်တဲ့အနေမျိုးကိုတော့ နည်းနည်းမှခွင့်မပေးဘူး။ စည်းကမ်းပျက်လာရင်၊ အကျင့်စာရိတ္တပျက်လာရင် သည်းမခံဘူး။ ရိုက်တော့တာပဲ။

ဆရာကြီးရဲ့ကျောင်းမှာ လုံချည်စိမ်းဝတ်ရမယ်လို့ သတ်မှတ်ထားရက်နဲ့ တစ်နေ့မှာ ကြီးအိုခေါ်တဲ့ ကျောင်းသားတစ်ယောက်က ဖက်ဖူးရောင် လုံချည်ဝတ်လာတယ်။ ဆရာကြီးက ကျောင်းသားကို ခေါ်တွေ့တယ်။ ဆရာကြီးနဲ့ကျောင်းသား ဒီလိုအခြေအတင်ပြောကြပါသတဲ့။

"ဟေ့ကြီးအို၊ တို့ကျောင်းမှာ လုံချည်အစိမ်းရောင်ရင့်ရင့် ဝတ်ရမယ်လို့ ညွှန်ကြားထားပါရက်နဲ့ မင်းကဘာကြောင့် ဖက်ဖူးရောင်လုံချည် ဝတ်လာရသလဲကွ"

"ဖက်ဖူးရောင်ဟာ အစိမ်းပဲမဟုတ်လား ဆရာကြီး"

"ဟေ–ဟုတ်လား၊ အေး–အေး၊ ကဲဒီလိုဆိုရင်ကွာ မင်းပြောသလိုဆို ဝါးနဲ့မျှစ်ဟာ အတူတူပဲပေါ့ ဟုတ်လား၊ ကဲ–မျှစ်တော့ လူတွေကစားပြီး ဝါးကျတော့ လူတွေဘာကြောင့် မစားသလဲ"

"မျှစ် မဟုတ်လို့ပါ ဆရာကြီး"

"အေး–ငါ့တပည့်ပညာရှိလာပြီ၊ ဒီမှာလဲဒီလိုပဲပေါ့ကွ၊ အစိမ်းရောင်ဟာ အစိမ်းရောင်ပဲပေါ့၊ ဖက်ဖူးရောင်ဟာ ဖက်ဖူးပဲ၊ ဖက်ဖူးရောင်ဟာ အစိမ်းရောင်မဟုတ်ဘူးဆိုတာ မသေမချင်းမှတ်၊ နောင် အစိမ်းရောင်ပဲဝတ်လာရမယ် ဟုတ်ပလား"

"ဟုတ်ကဲ့ပါဆရာ၊ နားလည်ပါပြီခင်ဗျ"

"ဒီတစ်ခါတော့ခွင့်လွှတ်လိုက်မယ်၊ နောင်တစ်ခါတော့ အစိမ်းနဲ့ ဖက်ဖူးရောင်ကိုခွဲခြားပြီး မသိတတ်ရင် တုတ်စာကျွေးမယ်၊ ကဲ–သွားပေတော့"

အဲဒီနောက် တစ်ကျောင်းလုံးသိစေဖို့ နို့တစ်စာအတန်းတိုင်း ပို့တယ်။ "ကြီးအို အစိမ်းမဝတ်ရ"တဲ့။

အလားတူကိစ္စမျိုးကို စိန်ခိုဆိုတဲ့ကျောင်းသားနဲ့ ဆရာကြီးတို့ တွေ့ကြပြန်တယ်။ ဒီတစ်ခါတော့ လုံချည်ကိစ္စမဟုတ်ဘူး။ တိုက်ပုံအရောင်ကိစ္စပဲဖြစ်ပါတယ်။

တစ်နေ့မှာ ကိုစိန်ခိုဟာ တိုက်ပုံအနက်ဝတ်ရမယ့်အစား မရမ်းရောင် တိုက်ပုံအင်္ကျီကို ဝတ်လာတယ်။ ဆရာကြီးကတွေ့တော့–

"ဟေ့–စိန်ခို၊ သူများကအနက်နဲ့အစိမ်းဝတ်ကြတယ်၊ မင်းကျတော့ ငါးပိစိမ်းစားရောင်ဝတ်လာပါလား၊ ငါးပိစိမ်းစားရောင်ဝတ်လာတော့ မင်းကိုယ်မင်းလှတယ်လို့များ ထင်နေလို့လား၊ နောက် ငါးပိစိမ်းစားရောင်နဲ့ ကျောင်းမတက်နဲ့ကြားလား"

ကျောင်းမှာ အနက်ရောင်တိုက်ပုံဝတ်ခွင့်ပြုထားပေမယ့် ပင်နီတိုက်ပုံ ဝတ်ချင်သူအတွက်လဲ ဝတ်ခွင့်ပြုထားပါတယ်။ အနောက်တိုင်းဝတ်စုံ ဝတ်ချင်သူအတွက်လဲဝတ်ခွင့်ရှိပါတယ်။ ဒါပေမယ့် ကုတ်အင်္ကျီအနက်သာ ဝတ်ခွင့်ပြုတယ်။

ဆရာကြီးဟာ စာသင်တဲ့နေရာမှာလဲ အလွန်ပါးတယ်။ တစ်ခါက ကျောင်းသား မောင်ဘအေးဟာ တောင်ပြုံးပွဲတော်အခါဆိုတော့ ပွဲကြည့်ခဲ့လို့ အိပ်ရေးပျက်လာတယ်။ ဆရာကြီး ပါဠိသင်မယ့်အချိန်လေးကပ်ပြီး အတန်းထဲရောက်လာတယ်။ ရောက်လာတော့လဲ အိပ်ချင်မူးတူးနဲ့ပဲ။ ဒါကို ဆရာကြီးက လှမ်းမြင်လိုက်တယ်။ သူသင်နေတဲ့သင်ခန်းစာကို ဆက်ဖတ်ခိုင်းလိုက်တယ်။ မောင်ဘအေးဟာ အိပ်ချင်မူးတူး ဖြစ်နေရာက ကယောင်ကတမ်းနဲ့ လန့်ဖျပ်ပြီး ထဖတ်လိုက်တယ်။ ကျောင်းသားတွေတစ်စုလုံးက ဝါးခနဲ ပြိုင်တူရယ်လိုက်ကြတဲ့အသံကြောင့် မောင်ဘအေးခမျာ လန့်ဖျပ်သွားပါတော့တယ်။ ဆရာကြီးသင်နေတဲ့စာကြောင်း ဆက်မဖတ်ဘဲ ဖတ်မိဖတ်ရာ ဖတ်လိုက်လို့ပဲ။ သူလဲ တော်တော်ရှက်သွားတယ်။ အဲဒီနည်းနဲ့နောင်ကြဉ်စေတယ်။ နောင်တရစေတယ်။ ပြီးတော့ အမှားကနေ အမှန်ကို ရောက်စေပါသတဲ့။

လူငယ်လူရွယ်တွေဟာလဲ အချစ်နဲ့မကင်းကြဘူးပေါ့။ ဆရာကြီးကျောင်းက ကျောင်းသူလေးတစ်ယောက်ဟာ ကျောင်းသားကလေးတွေအပေါ်မှာ မျက်နှာ များသလိုရှိတယ်။ ကျောင်းသား မောင်ကိုကြီး (မုဒုံ)က အဲဒီမိန်းကလေးနဲ့ ယှဉ်ထိုင်ရတော့ "အမ်အမ်"ဆိုတဲ့, အင်္ဂလိပ်စာလုံး ၂ လုံးကို သူ့ လက်ဖျားမှာ ဓားနဲ့ခြစ်ပြီး ရေးပြခဲ့တယ်။ "အမ်အမ်"ဆိုတာက အဲဒီမိန်းကလေးရဲ့ နာမည်အတိုကောက်ပေါ့။

ဒါကို ကျောင်းသားစန်းမောင်ဆိုသူကသိတော့ အားကျမခံ မိန်းကလေးဆီ သွားတယ်။ ဟိုကောင်က ဓားနဲ့ခြစ်ပြီး နင့်နာမည်ကို ထိုးရုံထိုးတာ၊ ငါကတော့ ဟောဒီလို ဓားနဲ့ထိုးပြမယ်ဆိုပြီး သူ့လက်ကို ဓားနဲ့ထိုးချလိုက်တယ်။ သွေးကြော တွေပြတ်ပြီး သွေးတွေတပေါက်ပေါက်နဲ့ကျလာတယ်။ ကိုကိုကြီး (တိုင်း စာရင်းရုံး၊ ရခိုင်ပြည်နယ်ဦးစီးဌာနမှူး)တို့က ချက်ချင်း ကလျာဏ ဆေးတိုက်ပိုင်ရှင် ဒေါက်တာရှားမားဆီ ခေါ်သွားဆေးကုတယ်။

ဒီသတင်းဆရာကြီးဆီရောက်သွားတယ်။ ဆရာကြီးက အဖြစ်အပျက်ကို မေးတယ်။

"စန်းမောင်က သူ့လက်ကို ဓားနဲ့ထိုးလိုက်တာပါဆရာကြီး"

"အေး–နောက်တစ်ခါဆိုရင် လက်ကိုမထိုးနဲ့၊ ကိုယ့်စလုပ်ကိုသာ ထိုးလို့ပြောပြလိုက်"

အဲဒီလိုဆရာကြီးက ဒေါပွပြီးပြောလိုက်တယ်။ ဒီလောက်မိုက်တဲ့ကောင် ဆိုပြီး စန်းမောင်ကို ခေါ်ပြုလဲမတွေ့ဘူး။ အဲဒီလို ရွှတ်ချင်တဲ့ကျောင်းသား ငမိုက်ကလေးတွေကျပြန်တော့လဲ ဆရာကြီးက ပြန်ရွှတ်တတ်တယ်။

ဆရာကြီးကျောင်းမှာ ထန်းတပင်ဇီးကုန်းက ကျောင်းအိပ် ကျောင်းစား အဖြစ်လာနေတဲ့ ဘော်ဒါကျောင်းသားနှစ်ယောက်ရှိတယ်။ သူတို့က မောင် မဂျစ်နဲ့ မောင်ဟာဘီတဲ့။ ဗမာမွတ်စလင်လူငယ်တွေပေါ့။ သူတို့နှစ်ဦးဟာ လူပေလေးတွေ။ အိမ်ကပိုက်ဆံပို့ခဲ့ရင် ကျောင်းဖွင့်ရက်ပေမယ့် ကျောင်းမတက် ဘူး။ ကျောင်းကနေတစ်နည်းနည်းနဲ့ အပြင်ကို လစ်ဖြစ်အောင်လစ်တယ်။ ရုပ်ရှင်ကြည့်မယ်။ တခြားလည်ချင်တဲ့နေရာတွေ လျှောက်လည်မယ်။ စားမယ်၊ သုံးမယ်။ အဲ–ပိုက်ဆံတွေကုန်သွားတဲ့အခါကျတော့ ကျောင်းပိတ်ရက်ဖြစ်တာ တောင် သူတို့မှာ ဘိုင်ကျငွေမရှိတော့လို့ ဘယ်မှလျှောက်မလည်ကြဘူး။ အဆောင်မှာပဲကုပ်နေတတ်တယ်။ ဒါကို ဆရာကြီးက တွေ့တယ်။

"ဘယ့်နှယ်လဲ–ဘိုင်ကြီးနဲ့ဘိုင်လေးတို့ ဘာထိုင်ငိုင်နေကြရတာလဲကွ၊ ဒီနေ့ဟာကျောင်းပိတ်ရက်လေ၊ မြို့ထဲလျှောက်မလည်ကြတော့ဘူးလား"လို့ ဆရာကြီးက တမင်သရော်ပြီးပြောလိုက်တယ်။

တစ်ခါကလဲ မောင်မဂျစ်တို့ မောင်ဟာဘီတို့ သူတို့ဝတ်ဖို့ မန္တလေး ပိုးလုံချည်တွေဝယ်ခဲ့တယ်။ တစ်ခါတလေပိုက်ဆံပြတ်ရင် သူတို့မနေတတ် ရှာကြဘူး။ ဒီတော့ ဝယ်လာပြီး တစ်ကြိမ်မှမဝတ်ရသေးတဲ့ အဝတ်အစားတွေ ကို ရသလောက်နဲ့ ပြန်ရောင်းစားပစ်ကြတယ်။

ဆရာကြီးဟာ သူ့ကျောင်းကကျောင်းသားတွေ ခုံဖိနပ်စီးပြီး ကျောင်းတ[illegible] တာကို ချွေတာရေးကျတာမို့အားပေးတယ်။ ဒါပေမယ့် ခုံဖိနပ်ကြီးက ခွပ်ခွပ် မြည်အောင် လျှောက်တာကိုတော့ မကြိုက်ဘူး။ သူ့အတွက်ချွေတာရေးကျ ပေမယ့် တစ်ဖက်သားအတွက် အနှောင့်အယှက်ဖြစ်စေတယ်ဆိုတာကိုတော့ လက်မခံဘူး။

ဆရာကြီးကစာသင်ခန်းကထွက်လာပြီး "ဟေ့–မင်းခုံဖိနပ်ကြီး ချွတ်ပြီး အိတ်ထဲထည့်ယူသွားစမ်း"ဆိုပြီး ရယ်သလို မောသလိုနဲ့ ခနဲ့တဲ့တဲ့ပြောလိုက် တယ်။ ဒီလိုတစ်ဘက်သားကို အနှောင့်အယှက်ဖြစ်စေတဲ့ အလုပ်မျိုးကို

ဆင်ခြင်စေတယ်။ ကျန်တဲ့ကျောင်းသားတွေကိုလဲ ပညာပေးရာလဲကျတယ်။ ဆရာကြီးဟာ လူတစ်ယောက်ကို အနှောင့်အယှက်ဖြစ်စေတဲ့ လေ့ကျင့်မှုတွေကိုလဲ ဂရုစိုက်ပညာပေးလေ့ရှိတယ်။

သူ့ကျောင်းမှာ (၆)လတစ်ကြိမ် အတန်းတင်စာမေးပွဲကျင်းပတယ်။ သီတင်းကျွတ်လမှာတစ်ခါ၊ တန်ခူးလမှာတစ်ခါကျင်းပတယ်။ သီတင်းကျွတ်လမှာ ကိုးတန်းကျောင်းသားက စာမေးပွဲဝင်ဖြေလို့အောင်သွားရင် နောင်နှစ်တပေါင်းလမှာကျင်းပမယ့် ဆယ်တန်းစာမေးပွဲကို ဝင်ဖြေခွင့်ရတယ်။ အောင်တဲ့သူအောင်ပြီး ကျတဲ့သူလဲကျကြတယ်။ တချို့ကျောင်းသားတွေကျတော့ **ပေသီးပစ်ရင်း၊ ဂေါ်လီလိမ့်ရင်း အောင်သွားကြတာတွေလဲရှိတယ်။**

တစ်ခါကတော့ ကျောင်းသားတစ်ယောက် (၆) လပတ် ၂ ပတ်စလုံး စာမေးပွဲကျတယ်။ ကလေးကဖျင်းတယ်။ ဖျင်းလို့စာကြိုးစားလားဆိုတော့ စာလဲမကြိုးစားဘူး။ နောက် ၃ ပတ်ဖြေပြန်တယ်။ အဲဒီ (၃) ပတ်စလုံးလဲ ကျပြန်တယ်။ ကလေးအဖေကလာပြီး သူ့သားကို အတန်းတင်ပေးဖို့ပြောတယ်။ ကလေးအဖေကလှည်းခေါင်းပါ။ ဒါကြောင့်ဆရာကြီးက–

"ခင်ဗျားသား ကျောင်းဆက်မထားနဲ့တော့၊ အချိန်ကုန်ရုံရှိမယ်၊ ကျောင်းစရိတ်လဲကုန်ကျမယ်၊ ဒီတော့ နွားလှည်းသာဝယ်ပေးလိုက်ပါ"

လှည်းခေါင်းကြီးလဲ ဆရာကြီးအပြောကို သဘောကျပြီး ရယ်ပါလေရော။ ဒါပေမယ့် သားအဖနှစ်ယောက် စိတ်ချမ်းသာအောင်ဆိုပြီး အတန်းတင်ပေးလိုက်သေးတယ်။ ဒါပေမယ့် ကလေးဟာ နောက်အတန်းမှာလဲ ကျပြန်တယ်။ နောက်ဆုံးတော့ လှည်းခေါင်းကြီးက သူ့သားကို ကျောင်းကထုတ်လိုက်တယ်။ လှည်းခေါင်းကြီးရဲ့သား မောင်ရွှေဖျင်းဟာ အတန်းမရ၊ ဘွဲ့မရပေမယ့် လှည်းနဲ့နွားကိုတော့ အဖေက တစ်သက်တာ စားမကုန်တဲ့အမွေအဖြစ်နဲ့ ချီးမြှင့်လိုက်ပါသတဲ့။

မန္တလေးနဲ့ရန်ကုန်မှာ ထိုခေတ်ကတည်းကစပြီး ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်တဲ့ တော်လှန်ရေးကောင်စီလက်ထက်ထိ မြင်းပွဲရှိတယ်။ မြင်းပွဲဟာ လူတွေကို ဆင်းရဲတွင်းနစ်စေတယ်။ လူညွန့်တုံးစေတယ်။ အလုပ်ကို စွန့်စွန့်စားစား ကြိုးကြိုးစားစားလုပ်ချင်စိတ်တွေကို ဒီမြင်းပွဲကဖျက်ဆီးစေတယ်။ အဲဒါကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းကအာဏာသိမ်းပြီး မကြာခင်အချိန်မှာပဲမန္တလေးနဲ့ ရန်ကုန်မြင်းပွဲကို ပိတ်ပစ်လိုက်တယ်။

လူညွှန့်တုံးစေတဲ့ ဒီမြင်းကွင်းကြီးကိုလဲ လူရည်ချွန်တွေ၊ လူတော် လူကောင်းတွေ၊ ဆိုရှယ်လစ်သူရဲကောင်းတွေ မွေးထုတ်ပေးဖို့ ကွင်းကြီးအဖြစ် ပြောင်းပေးလိုက်တယ်။

ဒီလိုမြင်းပွဲကို ပိတ်မပစ်ခင်က စနေနေ့တိုင်းဆိုရင် မြင်းပွဲရှိတယ်။ ဆရာကြီးရဲ့ကျောင်းသား မောင်ဘရွှေ(အခု–ဗိုလ်မှူးကြီး ဘရွှေ)၊ မောင်စံဝင်း (အခု–မန်နေဂျာ၊ ပြည်ထောင်စုအာမခံကိုယ်စားလှယ်)၊ မောင်ကိုကြီး (အခု–ရခိုင်ပြည်နယ် ဦးစီးဌာနမှူး၊ တိုင်းစာရင်းရုံး)တို့ မြင်းပွဲလစ်ဖို့လုပ်တယ်။ ကျောင်းကလဲမဆင်းသေးတော့ ခါတိုင်း ကျောင်းရှေ့ကဆင်းသလိုမဆင်းရဲဘူး။ (၉)တန်းကနေ (၆)တန်းဘက်ကလှည့်ပြီး ကျောင်းခြံတိုင်ကို ကျော်ပြေးတယ်။

ဆရာကြီးမှာလဲ စပိုင်တွေရှိတယ်။ ဒီခြံကိုကျော်ပြေးတော့ ခြံတိုင်နဲ့ လုံချည်ငြိလို့ လုံချည်စုတ်ပြတ်ရပေါင်းလဲ မနည်းဘူး။

မောင်ကိုကြီးတို့ ၃–၄ ဦးဟာ ဒီလိုပဲကျောင်းကလစ်လစ်ပြီး မြင်းပွဲသွား လောင်းတဲ့အကြိမ်ပေါင်းမနည်းပါဘူး။ ဒါပေမယ့် နိုင်တယ်ရယ်လို့မရှိဘူးတဲ့။ မြင်းပွဲလဲရှုံးသေး။ ဆရာကြီးသိပြန်ရင်လဲ ကြိမ်နဲ့ရိုက်ခံရသေးတယ်။

ဆရာကြီးက ဒီလောက်စည်းမျဉ်းစည်းကမ်းတွေကို ကြိမ်ကိုင်ထိန်းတဲ့ အထဲက တချို့ကျောင်းသားတွေက မြင်းပွဲမသွားလဲ တခြားနေရာလစ်ကြသေး တယ်။ အများအားဖြင့် ကျောင်းဆွေးဆွေး လူဆွေးဆွေးဆိုတဲ့ ကျောင်းသား ကြီးတွေပေါ့။ ဒီကျောင်းသားတွေ ကျောင်းကလစ်ရင် ဒီကောင်တွေ ဘယ် သွားမလဲဆိုတာကအစ ဆရာကြီးကသိတယ်။ ချက်ချင်းလိုက်ဖမ်းလေ့ရှိတယ်။

အပြင်မှာ ဆရာကြီးရဲ့ကျောင်းသားတစ်ဦးဦးက တစ်ခုခုလုပ်ခဲ့လို့ လာတိုင်ရင် သူက ချက်ချင်းခေါ်ပြီး "ဘာလုပ်ခဲ့သလဲ" လို့ မေးတယ်။ "မှန်တာပြော၊ နောက်ဆုံး လူသတ်ခဲ့ရင်တောင် ငါ့ကိုအရင်လာပြော၊ ဘာမှ ထိမ်ဝှက်မထားနဲ့၊ သူများလာပြောမှ ရင်ဆိုင်ရတာဟာ ကိုယ့်ကျောင်းသိက္ခာ လဲထိခိုက်တယ်။ ပြီး ကိုယ့်ဘက်ကတပန်းရှုံးတယ်။ အမှုတစ်ခုကျူးလွန်ခဲ့ ရင်လဲမထိမ်မဝှက်ဖို့၊ လုပ်ရဲရင်ခံရဲရမယ်"ဆိုတဲ့ စိတ်ဓာတ်တွေလဲသွင်းပေး လေ့ရှိတယ်။

အကြောင်းတစ်ခုခုရှိရင် ဆရာကြီးက ရှေ့တန်းကပဲ။ တစ်ခါကလဲ ကယ်လီကျောင်းကွင်းမှာ ဖားသားလဖုံးကျောင်းနဲ့ ဆရာကြီးကျောင်း ဘောလုံး

ကစားကြတယ်။ ကစားရာကရန်ပွဲဖြစ်တယ်။ တုတ်မိုး ခဲမိုးတွေရှာကြတယ်။ ဆရာကြီးက ကလေးတွေ တုတ် ခဲတွေမမှန်အောင် သူက လုံချည်စိမ်းနဲ့ အင်္ကျီအနက်ဝတ်ပြီး မားမားရပ်ပြီး ကလေးတွေကို စောင့်ရှောက်ပေးခဲ့တယ်။

တချို့ကျောင်းသားတွေကျတော့လဲ ဆိုးတယ် ပေတယ်ပေါ့။ မကြာခဏ ဆိုသလိုလဲ ရဲဌာနကိုရောက်လိုရောက်၊ တစ်ခါတလေလဲအဖမ်းခံလိုခံရနဲ့။

တစ်ခါက ဆရာကြီးက ပုလိပ်ရာဇဝတ်အုပ် ဦးသိန်းဆီ ကျောင်းသား မောင်ခင်မောင်တင့် (အခု–ဗိုလ်ကြီးခင်မောင်တင့်၊ အငြိမ်းစား၊ ရန်ကုန်) ကို လွှတ်ပြီး စာတစ်စောင်ပေးခိုင်းလိုက်တယ်။ လမ်းကျတော့ မောင်ခင်မောင်တင့် က စာကို ဖတ်ကြည့်လိုက်တယ်။

One of my students has been pakarow by your police constables, kindly arrange to release him.

ဒီစာကိုဖတ်ပြီး နားမလည်အောင်ဖြစ်နေတယ်။ တခြားစာလုံးတွေရဲ့ အနက်အဓိပ္ပာယ်ကိုသိပေမယ့် "pakarow" ဆိုတဲ့ စာလုံးရဲ့အဓိပ္ပာယ်ကို အင်္ဂလိပ် မြန်မာအဘိဓာန်မှာ ကြည့်ဖို့ကလဲအချိန်မရှိဘူးတဲ့။ ဒီစကားလုံးကို ကြားလဲမကြားမိဘူးတဲ့။ ဒီစာကိုပြလိုက်တော့မှ အဖမ်းခံနေရတဲ့ ဆရာကြီး ကျောင်းသားကို ဦးသိန်းကလွှတ်ပေးလိုက်ပါသတဲ့။ နောက်တော့မှ "pakarow" ဆိုတာ ကုလားစကားလုံးမှန်းသိသွားတယ်။ ကုလားစကားလုံးကို ညှပ်ပြီး သုံးထားမှန်းသိသွားတယ်။ "pakarow" ပါတ်ကာရိုးဆိုတာ အဖမ်းခံရခြင်း လို့ အဓိပ္ပာယ်ရတယ်။

ဆရာကြီး ရေးပေးလိုက်တဲ့စာရဲ့ အဓိပ္ပာယ်က "သူ့ကျောင်းသား တစ်ယောက် ခင်ဗျားရဲ့ ပုလိပ်သားတွေက ဖမ်းသွားတယ်။ ကျေးဇူးပြု၍ လွှတ်ပေးဖို့ စီစဉ်ပေးပါရန်"တဲ့။

ဆိုးတဲ့ပေတဲ့ကျောင်းသားတွေ အဖမ်းခံရပြန်တော့လဲ ဒီလိုပဲပုလိပ် ဌာနက ပြန်နုတ်ယူရပါတယ်။ ဆရာကြီးဆိုတော့ ပုလိပ်ဌာနကလဲ လေးစား ယုံကြည်မှုနဲ့ ဆက်ဆံကြပါတယ်။

**တရားတဲ့အခွင့်အရေးကို တောင်းတတ်ရမယ်တဲ့**

ကျောင်းသားတွေဟာ ကျောင်းချိန်မှာ ရုပ်ရှင်ကြည့်ဖို့လိမ်ညာပြီး ခွင့်တောင်းဖို့အတွက် ဆရာကြီးအခန်းထဲကိုဝင်ဖို့ ခြေတွန့်နေတတ်တယ်။

အခန်းထဲရောက်ပြန်တော့လဲ ခွင့်တောင်းဖို့ နှုတ်မဝံ့မရဲ၊ အာစေးထည့်ထား သလိုပဲတဲ့။ ဒါပေမယ့် ဘောလုံးကစားဖို့ ဆရာကြီးအခန်းကို ရင်ကော့ဝင်ရဲတယ်။ အထဲရောက်ပြန်ရင်လဲ "ဆရာကြီး ကျွန်တော်တို့ ဘောလုံးကစားချင်ပါတယ်။ ဘောလုံးထုတ်ပေးပါ"လို့ အာသွက်လျှာသွက်နဲ့ ရဲရဲဝံ့ဝံ့ ပြောရဲကြတယ် ဆိုပဲ။

တစ်ခါက ဦးဥတ္တမနေ့မှာ ကျောင်းပိတ်ပေးဖို့ ဆရာကြီးဆီ ကျောင်းသား သမဂ္ဂဥက္ကဋ္ဌ မောင်ငွေထွန်း (အခု–ဌာနခွဲမန်နေဂျာ၊ ကုန်သွယ်ရေး–၁၊ မိတ္ထီလာမြို့နယ်၊ အငြိမ်းစား) က ခေါင်းဆောင်တောင်းဆိုတယ်။ မောင်ငွေထွန်းက–

"ဆရာကြီး–ဦးဥတ္တမနေ့မို့ ကျောင်းပိတ်ပေးစေချင်ပါတယ် ခင်ဗျာ"

"ဘာကြောင့် ပိတ်ပေးရမှာလဲကွ"

"ကျွန်တော်တို့ကျောင်းက အမျိုးသားကျောင်းပါဆရာကြီး၊ ဆရာတော်ဦးဥတ္တမဟာလဲ အမျိုးသားခေါင်းဆောင်ကြီးတစ်ဦးပါ။ မြန်မာ တစ်မျိုးသားလုံးကို မျက်စိဖွင့်ပေးတဲ့ဆရာတော်ပါ။ ဒါကြောင့် ဆရာတော် လုပ်ငန်းတွေကို အသိအမှတ်ပြုရပါမယ်။ ဆရာတော်ကို ဂုဏ်ပြုရ ပါမယ်။ ဂုဏ်ပြုတဲ့အနေနဲ့ ကျောင်းပိတ်ပေးထိုက်ပါတယ် ဆရာကြီး"

"ဒီလိုဆိုရင်ကွာ–တစ်နှစ်ပတ်လုံး ပိတ်ရက်ရအောင် ဦးဥတ္တမ အပါအဝင် ဦးဥတ္တမလို နိုင်ငံခေါင်းဆောင် ၃၆၅ ဦးလဲရှာ၊ ပြီးတော့ ရက်လဲတစ်ရက်စီဖြစ်ပေစေ၊ ရက်မထပ်စေနဲ့၊ ရက်ထပ်နေရင်တော့ ၃၆၅ ရက်အတွက် ပိတ်ရက်တစ်ရက်ပဲရပေလိမ့်မယ်"

ဆရာကြီးက အဲဒီလိုမဲ့ပြုံးကလေးပြုံးပြီး ပြောလိုက်တယ်။

"ကျွန်တော်တို့က ကျောင်းမတက်ချင်လို့ ကျောင်းပိတ်ပေးဖို့ လာပြောတာမဟုတ်ပါဘူးဆရာကြီး၊ အမျိုးသားခေါင်းဆောင်မို့ ထိုက်ထိုက်တန်တန် တစ်မျိုးသားလုံးက ဂုဏ်ပြုရာကျအောင် ပိတ်ပေးဖို့ မေတ္တာရပ်ခံခြင်းပါ ခင်ဗျာ"

"ငါ့တပည့်တွေ ဒီလိုအကျိုးရယ် အကြောင်းရယ်နဲ့ ပြဿနာ ကို ခိုင်ခိုင်မာမာတင်ရဲရမယ်။ Fact and figure နဲ့ အထက်လူကြီး ကို ရဲရင့်စွာတင်ပြနိုင်စွမ်းရှိရမယ်"လို့ ဆုံးမစကား၊ အားပေးစကား

ပြောလိုက်တယ်။

အဲဒီလိုဆရာကြီးနဲ့ စကားအခြေအတင်ပြောခဲ့ကြပြီး ကျောင်းခန်းမထဲလာကြတယ်။ ဦးဥတ္တမကိုဂုဏ်ပြုတဲ့အကြောင်းတွေ ဟောကြ ပြောကြတယ်။ ဒီလိုအခမ်းအနားကျင်းပနေတုန်း ကျောင်းပိတ်ပေးလိုက်ပြီဆိုတဲ့ ဆရာကြီးရဲ့အမိန့်စာ ရောက်လာတယ်။ ကျောင်းသားတွေလဲ သူတို့တောင်းဆိုချက်ပြည့်သွားလို့ ကျေနပ်ပျော်ရွှင်နေကြတယ်။

"အခုဆရာကြီးအလှည့်ကျတော့မှ စုပေါင်းပြီး ကျဆုံးခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ခေါင်းဆောင်ကြီးများဟာ လွတ်လပ်ရေးကန်ဘောင်ရိုးမှာ အစတေးခံခဲ့ကြသူများဖြစ်တဲ့အတွက် ဝမ်းနည်းတဲ့အထိမ်းအမှတ်နဲ့ အလံတစ်ဝက်လွှင့်ပြီး ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့တယ်။ အမျိုးသားကျောင်းတွင်မက ကျောင်းအားလုံးပိတ်၊ ရုံးတွေပိတ်ဆိုတဲ့ အခွင့်အရေးတွေ ရသွားကြတယ်"

လို့ ဦးငွေထွန်းက ပြောပြပါတယ်။

ဗဟိုအမျိုးသားထက်တန်းကျောင်းက ကျောင်းအုပ်ဆရာကြီးလဲဖြစ်၊ အမျိုးသားခေါင်းဆောင်ကြီးလဲဖြစ်တဲ့ ဆရာကြီးဦးရာဇတ်ဟာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးဘချို၊ မိုင်းပွန်းစော်ဘွားကြီး မန်းဘခိုင်၊ ဦးဘဝင်း၊ ဦးအုန်းမောင်၊ ကိုထွေးတို့နဲ့အတူ တစ်ချိန်တည်း တစ်နေ့တည်းစုပြုံကျဆုံးသွားတော့ ဆရာကြီးက ဦးငွေထွန်းကို ပြောပြခဲ့တဲ့စကားတွေကို ကျမ်းပြုသူက ပြေးပြီးသတိရမိတယ်။ စိတ်ထဲလဲထိခိုက်မိပါတယ်။ ဒီခေါင်းဆောင်ကြီးတွေကျဆုံးသွားတဲ့အခါ တိုင်းပြည်အတွက် ကြီးစွာသောဆုံးရှုံးမှုဖြစ်စေပါတယ်။ ရင်နာမိပါတယ်။ ကျမ်းပြုသူမှာ ဘယ်လိုရည်ရွယ်ချက်မှ မရှိပါဘူး။ အံ့သြစရာကောင်းတဲ့ တိုက်ဆိုင်မှုမို့ ပြောပြချင်ပါတယ်။ ဒါက–

"မင်းတို့ တစ်နှစ်ပတ်လုံးလိုလို ပိတ်ရက်တွေရချင်ရင် ဦးဥတ္တမလို နိုင်ငံရေးခေါင်းဆောင် ၃၆၅ ဦးရှာထား၊ ဒီလိုရှာထားပြန်ရင်လဲ နေ့မထပ်ပါစေနဲ့၊ တစ်နေ့စီဖြစ်ပါစေ၊ နေ့ထပ်နေရင် ၃၆၅ ဦးပဲဖြစ်ပါစေ၊ ပိတ်ရက်ကတော့ တစ်ရက်ပဲရလိမ့်မယ်။ ဒီတော့ တစ်နှစ်ပတ်လုံး ကျောင်းပိတ်ရက်ရအောင် ၃၆၅ ဦးအတွက် ရပ်မထပ်စေနဲ့တဲ့"

ဟော–ဆရာကြီးပြောတဲ့စကားအရပြောရရင် ဒီဆရာကြီးနဲ့တကွ အာဇာနည်ကိုးဦးဟာ တိုင်းပြည်အတွက် ရက်မထပ်ဘဲ တစ်ရက်စီသာ

တစ်နယ်တစ်ဒေသမှာလဲဖြစ်၊ အဖြစ်အပျက်ကလဲ တစ်မျိုးစီနဲ့သာ ကျဆုံးမယ် ဆိုရင် မမေ့နိုင်တဲ့အာဇာနည်နေ့အဖြစ် နေ့(၉)နေ့ပဲဖြစ်မှာပဲ။ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်လဲ (၉)ရက်ဖြစ်မယ်။ ခုတော့ တစ်နေ့တည်းစုံပြုံကျဆုံး သွားတဲ့အတွက် အာဇာနည်နေ့ဟာ တစ်နေ့ပဲဖြစ်တော့ ရုံးပိတ်ရက်၊ ကျောင်း ပိတ်ရက်ဟာလဲ တစ်ရက်တည်းပဲဖြစ်တော့တယ်။

ခပ်ရွတ်ရွတ်ကျောင်းသားတွေထဲက တစ်ဦးတလေကများ ဆရာကြီး ပြောသွားတဲ့စကားအရ "ဆရာကြီးရေ–ဆရာကြီးတို့ အာဇာနည် (၉)ဦးဟာ တစ်နေ့တည်းကျဆုံးသွားလို့ ကျွန်တော်တို့ဖြင့် ကျောင်းပိတ်ရက် (၈)ရက် နစ်နာသွားပါပကောလားလို့ ချစ်စနိုးနဲ့ မတော်တရော်ပြောလိုက်လေမလား

လို့တောင် တွေးပြီး စိုးရိမ်မိသေးတယ်။ ဒါပေမယ့် ဒီလိုမရှုမလှနဲ့ ကျဆုံး ခဲ့တဲ့ သူတို့ဆရာကြီး သို့မဟုတ် ဖခင်လိုသဘောထားခဲ့တဲ့ဆရာကြီး၊ သူတို့ ခေါင်းဆောင်ကြီးကို ထေ့လုံး ငေါ်လုံးကလေးတွေနဲ့ ဆရာကြီးစကားကို ချေပဝံ့ခြင်း မရှိရှာကြပါဘူးတဲ့။

## ဆင်းရဲတဲ့ကလေးတွေအတွက်သာဆိုရင်

တချို့ကလေးတွေဟာ ပညာလဲဇော်တယ်၊ ပညာရေးမှာလဲ ကြိုးစား တယ်။ ဒါပေမယ့် မိဘကဆင်းရဲတယ်။ ကျောင်းလခမပေးနိုင်ရှာဘူး။ စာအုပ်ဖိုးလဲမတတ်နိုင်ရှာဘူး။ ကျောင်းလဲဆက်နေချင်တယ်။ အဲဒီလိုအခြေ နေမျိုးရှိတဲ့ကလေးတွေကို ကျောင်းမှာ အခမဲ့နေခွင့်ပေးတယ်။ အစိုးရကျောင်း တွေမှာ "စတိုင်ပင်"ခေါ် ထောက်ပံ့ကြေးပေးတဲ့သဘော ထောက်ပံ့တယ်။ ဒီနည်းနဲ့ပညာရေးကို အားပေးတယ်။

ဒီလိုကလေးတွေကို ပညာရစေချင်လို့ ထောက်ပံ့ပေးပေမယ့် ဆရာကြီးမှာ ငွေပိုငွေလျှံမပြောနဲ့ သူ့မိသားစုအတွက် တစ်လနဲ့တစ်လ အလျင်မိဖို့မလွယ် ဘူး။ ဒါပေမယ့် သူ့မိသားစုခြိုးခြံစားပြီး ကလေးတွေရဲ့ပညာရေးအတွက် ထောက်ပံ့ခဲ့တယ်။ သူနဲ့သူ့မိသားစုအနစ်နာခံတယ်။

တစ်ခါတလေ သူ့ကျောင်းကအောင်သွားခဲ့တဲ့ ဆင်းရဲတဲ့ကလေးတွေရဲ့ ကောလိပ်စရိတ်ကိုလဲ တစ်ဖက်တစ်လမ်းကနေ ထောက်ပံ့ပေးသေးသတဲ့။ ဒီကျောင်းသားကလေးတွေကို ထောက်ပံ့ပေးဖို့ ငွေလိုလာရင် ဆရာကြီးက သူ့ညီမတွေဆီ စာရေးပြီးငွေတောင်းတယ်။

ဒီအချိန်မှာ ဆရာကြီးရဲ့ ပါပါ ဦးအဗ္ဗဒူရာမန်ဟာလဲ ပင်စင်ယူပြီး ဖြစ်တယ်။ မိသားစုအားလုံးဟာ ပင်စင်လခကလေးပေါ် အဓိကထားမှီခိုနေရ ချိန်ပေါ့။ ဆရာကြီးညီမ ဒေါ်ရန်ဟာ အစ်ကိုကငွေတောင်းလာပြန်တယ် ဆိုတော့လဲ"အစ်ကိုရေ–ပါပါ ပင်စင်လစာကလေးနဲ့လောက်အောင် ချိန်ချိန် ဆဆသုံးနေရတာ၊ ရန်ကိုလေး (ဆရာကြီးကို အိမ်ကညီမတွေခေါ်တဲ့နာမည်)လဲ အသိပဲ။ မရန်တို့မှာ ဘယ်ကငွေပိုရှိမလဲဆိုပြီး ငြင်းဆန်လွှတ်လိုက်မယ် ဆိုရင် အစ်ကိုလုပ်သူ စိတ်ထိခိုက်မယ်၊ စိတ်မကောင်းဖြစ်မိမယ်။

အစ်ကိုရဲ့လုပ်ငန်းမှာ အစ်ကိုတစ်ယောက်အစိုးရဘက်မှာ ရာထူးကြီးကြီး၊ ဝင်ငွေကောင်းကောင်းနဲ့ **နေနိုင်ပါရက်နဲ့ သူ့အကျိုးစီးပွားကို စွန့်လွှတ်ခဲ့တယ်။ သစ်တစ်ပင်ရဲ့ အရိပ်အာဝါသကောင်းရင်** ငှက်ပေါင်း ထောင်သောင်း မှီခိုနေ ကြရတယ်မဟုတ်လား။ ဒီစကားလိုပဲ တစ်အိမ်လုံးက ပါပါလခရယ်၊ အစ်ကိုက ဘီစီအက်စ်–အိုင်စီအက်စ်ဖြစ်ရင် အစ်ကို့လခရယ်နဲ့ဆို "နွားနို့ရောင်းတဲ့ မိန်းကလေးအဖြစ်နှယ်" အခွင့်အရေးတွေကို တမျှော်တခေါ်ကြီး အတွေးပင်လယ် ကျယ်မှာ တွေးနေမိကြမှာတော့ အမှန်ပဲ။

သူတို့မျှော်လင့်ချက်ဟာ အလွန်ပူပြင်းတဲ့ နေပူရှိန်ကို ခံလိုက်ရတဲ့ ရေခဲတောင်ရဲ့အဖြစ်နဲ့မခြား မျှော်လင့်ချက်ဆုံးခဲ့ရပါပကောလား။

ဒါပေမယ့်ဆရာကြီးရဲ့ ပါပါနဲ့တကွ တစ်အိမ်လုံးက ဒီလိုဘဝအာမခံချက် မဲ့တဲ့ အမျိုးသားကျောင်းမှာ သူ့ဘဝကိုမြှုပ်နှံလိုက်တာကို ဘယ်လိုမှ ဝင်ရောက် ဟန့်တားခြင်း၊ တားမြစ်ခြင်းမလုပ်ခဲ့ရိုးအမှန်ပါတဲ့။ မကျေနပ်ချက်ကို ဘယ်အမူ အရာနဲ့မှလဲ မပြခဲ့။ ဆရာကြီးအလုပ်မှာလဲ ကဖျက်ယဖျက်မလုပ်ခဲ့ပါဘူးတဲ့။

ထောင်နှုတ်ခမ်းပေါ်လျှောက်ရင်း မမောနိုင် မပန်းနိုင်၊ ထမင်းမှန်း ဟင်းမှန်းမသိ၊ ဉာဏ်ရှိသလောက်၊ ကိုယ်စွမ်းရှိသလောက် အားစိုက်ခွန်စိုက် အမျိုးသားကျောင်းမှာပင် အနစ်နာခံလှုပ်ရှားနေတဲ့ သားရဲ့အဖြစ်ကို အဝေးက တစ်စေ့တစ်စောင်းကြည့်ရင်း အမောပြေလျက်ရှိကြပါသတဲ့။

ဒါက ပုံပြင်လို့လဲ မမှတ်စေချင်ပါ။ ယုံတမ်းစကားပြောတာလို့လဲ မအောက်မေ့စေချင်ပါ။ အဖြစ်မှန်ပဲဖြစ်ပါတယ်။ ဆရာကြီးတပည့်တွေက အကောင်းဆုံး သက်သေခံကြပေလိမ့်မယ်။

ဆရာကြီးက ငွေတောင်းတော့လဲ ငွေကအလွယ်တကူအဆင်သင့်မရှိ။ ဒီတော့ ဒေါ်ရန်တို့ညီအစ်မက သူတို့မှာရှိတဲ့ လက်ဝတ်လက်စားကလေးတွေ

မိဘမသိအောင် တိတ်တဆိတ်ပေါင်နှံပြီး ပေးခဲ့ရတယ်။ ဒီလိုပေးခဲ့ရတဲ့ အကြိမ်ပေါင်းဟာလဲမနည်းတော့ဘူးဆိုပဲ။ နောင်ငွေကြေးအဆင်ပြေလာတော့မှ ပြန်ရွေးယူလိုက်ကြတယ်။

ဒီအဖြစ်ကို မိဘများကို အသိမပေးသလို ဆရာကြီးကိုလဲ မပြောပြခဲ့ပါဘူး။ ဆရာကြီးက "ညီးဆီမှာ ငွေများလွယ်ရဲ့လား"ဆိုတဲ့ စကားကလေးတောင် ဝတ္တရားကျေပလွှင်ခံပြီး မမေးခဲ့ဘဲ "ငွေပေးလိုက်ပါ"လို့သာ ပြောခဲ့တယ်။ ငွေရခဲ့ပြန်တော့လဲ ဘယ်ပုံဘယ်နည်းပေးခဲ့ကြသလဲလို့ မေးဖော်မရဘူးတဲ့။ ဒါကြောင့် "တော်တော်ဆိုးတဲ့ အစ်ကိုရယ်" လို့ ဆိုလိုက်ချင်တယ်။ ဒါပေမယ့် စိတ်ထဲက **မရေရွတ်၊ ယောင်လို့တောင် မညည်းညူခဲ့ပါဘူးတဲ့။**

ဒီအထဲက တစ်ခါတစ်ခါ ဆရာကြီးအိမ်ပြန်လာတဲ့အခါ မိဘမဲ့ကလေးတွေ၊ ဆင်းရဲတဲ့ကလေးတွေ ပါပါလာတတ်တယ်။ " ဒီကလေးတွေ လက်သဲညှပ်ပေးပါဦး၊ ဆံပင်ညှပ်ပေးပါဦး၊ သူ့အတွက်ထားတဲ့ ထမင်းနဲ့ ဟင်းထဲကခွဲပြီး ကောင်းကောင်းမွန်မွန် ကျွေးလိုက်ပါဦး"တဲ့။ ဒီကြားထဲ ကြိုကြားကြိုကြား အဝတ်ကလေးတွေ ဝယ်ဆင်ပေးရတာကလဲရှိသေး။

ဒီနည်းနဲ့မိဘ၊ ညီ၊ ညီမတွေက ဆရာကြီးရဲ့ မွန်မြတ်တဲ့ ပြုမူဆောင်ရွက်ချက်မှန်သမျှကို နောက်ပိုင်းကနေ စေတနာနဲ့ ပါရမီဖြည့်ဆည်းပေးခဲ့တယ်တဲ့။

## ဘဝမှာ ကျော်ကြားသူများအဖြစ်

ဗဟိုအမျိုးသားအထက်တန်းကျောင်းက ဘော်ဒါဆရာဟောင်း ဆရာဦးထွန်းမောင်က ပြောပြတာက ဆရာကြီးက သူ့တပည့်တွေကို တစ်ခါတစ်ခါ ဒီလိုမှာကြားတတ်သတဲ့။

> "မင်းတို့အပေါ် လူလည်လုပ်လာရင် ဘယ်တော့မှ ငြိမ်ခံမနေနဲ့၊ ငြိမ်ခံရင်ကိုယ်ညံ့ရာကျမယ်။ ကုန်ကုန်ပြောမယ်ကွာ၊ သူများက လူလည်လုပ်လာရင် ကိုယ်က အဲဒီလူထက်ပိုလူလည်လုပ်ပြလိုက်၊ သူများက တစ်ထွာလိမ်ရင် မင်းတို့တစ်တောင်လိမ်ပြလိုက်၊ သူများက တစ်ထွာမိုက်လာရင် မင်းတို့က တစ်တောင် မိုက်ပြလိုက်"တဲ့။

မန္တလေးတက္ကသိုလ် ပါမောက္ခဟော ်း အမ်အေ ဒေါ်အုံးကလဲ အလားတူ ဆရာကြီးရဲ့ သဘောထားကို ဟောဒီလို ပြောပြပါတယ်။

"ကျွန်မတို့ဆရာကြီးဟာ သူ့ကျောင်းကထွက်လာတဲ့ ကျောင်းသားတွေဟာ သာမန်လူတစ်ယောက်အဆင့်မှာရှိနေမယ်ဆိုရင် မကြိုက်ဘူး။ စကားကုန်ပြောရရင် ဆိုးရင်လဲတကယ်ကျော်ကြားတဲ့လူဆိုးလူမိုက်ဖြစ်ရမယ်။ ဓားပြဗိုလ်ကြီးဖြစ်ရမတဲ့။ အကောင်းဘက်က ကျော်ကြားရမယ်ဆိုရင်လဲ စစ်ဗိုလ်ချုပ်ကြီးတို့၊ ဝန်ကြီးတို့၊ ဝန်ကြီးချုပ်တို့၊ နိုင်ငံတော်ခေါင်းဆောင်ကြီးတို့၊ ဆရာတော်ကြီးတို့အဖြစ် ကျော်ကြားရမတဲ့"

"မင်းတို့လူရယ်လို့ဖြစ်လာရင် သာမန်လူရယ်လို့ မဖြစ်စေနဲ့၊ ဆိုးရင်လဲ ကမ္ဘာကျော်ပစေ၊ ကောင်းရင်လဲကမ္ဘာကျော်ပစေ"တဲ့။

ဒီစကားမျိုးတွေဟာ ဆရာဦးထွန်းမောင်တို့၊ အမ်အေ ဒေါ်အုံးတို့တင်မကပါဘူး။ ကျမ်းပြုသူတွေ့ဆုံရတဲ့ ဆရာကြီးရဲ့ ကျောင်းသားကျောင်းသူတိုင်းလောက်နီးနီးက ဒီစကားမျိုးတွေ ပြောကြတာချည်းပါပဲ။

ဆရာကြီးက "ငါ့တပည့်တွေ နောင်ကြီးပြင်းလာကြလို့ လောက လူ့ဇာတ်ခုံမှာ သာမန်လူအဖြစ်မျိုးနဲ့ ရောင့်ရဲတင်းတိမ်မနေကြနဲ့၊ ကောင်းတဲ့ဘက်မှာပဲဖြစ်ဖြစ်၊ ဆိုးတဲ့ဘက်မှာပဲဖြစ်ဖြစ် အကျော်ဒေးယျ ဖြစ်စေရမယ်။ သရဖူဆောင်းတဲ့သူတွေဖြစ်ရမယ်။ အထွတ်အထိပ်မှာသာနေရာယူကြရမယ်လို့ ပြောတယ်။

တကယ်တမ်းကျတော့ ဆရာကြီးဟာ သူ့တပည့်တွေကို ဓားပြဗိုလ်ကြီး၊ လူဆိုးဗိုလ်ကြီး၊ ချိုးကပ်နေအောင်မိုက်တဲ့လူမိုက်ကြီး၊ လူလိမ်၊ လူကောက်၊ လူညာကြီးအဖြစ်နဲ့ မကောင်းတဲ့ဘက်မှာ ကျော်ကြားတာမျိုးမဖြစ်စေချင်ရိုးအမှန်ပါ။ အဲဒီလိုဖြစ်စေချင်ရင်လဲ လူမိုက်ကျောင်း၊ ဓားပြကျောင်းတော်ကြီး၊ လူလိမ်ကျောင်းတော်ကြီးလို့ တခမ်းတနားဖွင့်ပြီး ပညာပေးမှာပေါ့။

ဆရာကြီးရဲ့ တကယ့်စေတနာက သူ့တပည့်တွေကို ကောင်းတဲ့ဘက်မှာသာ ကျော်ကြားစေချင်တဲ့ဆန္ဒရှိတယ်ဆိုတာ ရှင်းပါတယ်။

ဆရာကြီးကျောင်းသားတွေဟာ တကယ့်စာတတ်ပေတတ်ကြီးတွေဖြစ်ပြီး တိုင်းပြည်နဲ့ လူမျိုး၊ ဘာသာအတွက် တကယ်အနစ်နာခံလုပ်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေသာ ဖြစ်စေချင်တယ်ဆိုတာ သူအမြဲပြောခဲ့တယ်။

ဆိုးရင်လဲလူဆိုးကြီးဖြစ်မှ၊ ကောင်းရင်လဲ တကယ့်လူကောင်းကြီး

ဖြစ်မှ ကြိုက်တယ်ဆိုတဲ့စကားဟာ တကယ်က ကျောင်းသားတွေရဲ့စိတ်ဓာတ်ကို မြင့်မားစေဖို့ ရည်ရွယ်ပြောတယ်လို့ နားလည်နိုင်တယ်။

ဆရာကြီးက ဒီလိုစိတ်ဓာတ်တွေ မြှင့်တင်ပေးခဲ့လို့လဲ ဗဟိုအမျိုးသားအထက်တန်းကျောင်းက ကျောင်းသားအများစုဟာ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အားကစား အနုပညာရေး၊ စစ်ရေး၊ အုပ်ချုပ်ရေးတို့မှာ ထိပ်တန်းချည်းပဲ။

ကလေးတွေရဲ့စိတ်ဓာတ်ကို မြှင့်ပေးခဲ့တဲ့ ဆရာကြီးကိုယ်တိုင်ဟာ အင်္ဂလိပ်နဲ့ပါဠိမှာ အကျော်အမော်ဖြစ်ခဲ့တယ်။ ဘီစီအက်စ် အိုင်စီအက်စ်တန်းတို့ လိုက်နိုင်တဲ့အရည်အချင်းရှိခဲ့ပေမယ့် သူတစ်ကိုယ်ကောင်း အကျိုးကိုစွန့်ပြီး ထိပ်တန်းကနေ တိုင်းပြည်အတွက် အနစ်နာခံတယ်။ သူကျောင်းဆရာလုပ်ပြန်တော့ ကျောင်းအုပ်ဆရာကြီးအဖြစ်၊ ရဲတပ်ဖွဲ့ကျတော့လဲ ရဲတပ်ဗိုလ်ချုပ်ကြီးလုပ်ခဲ့တယ်။ ဗမာမွတ်စလင်အသိုင်းအဝိုင်းကျတော့လဲ ဗမာမွတ်စလင်နီးကြားရေးအဖွဲ့ဥက္ကဋ္ဌ၊ ဗမာမွတ်စလင်ကွန်ဂရက်ဖွဲ့တော့လဲဗမာမွတ်စလင်ကွန်ဂရက်ဥက္ကဋ္ဌ၊ အစိုးရကက်ဘိနက်မှာ ဝန်ကြီးအဖြစ်။ ဘယ်အခါမဆို ထိပ်တန်းနေရာတွေချည်းပဲရခဲ့တယ်။

ကျဆုံးပြန်တော့လဲ တခြားပုဂ္ဂိုလ်တွေလို မြေချသင်္ဂြိုဟ်ပြီးရင်ပြီးရောဆိုတဲ့အဖြစ်မျိုးမဟုတ်။ မမေ့နိုင်တဲ့ ဇူလိုင် ၁၉ ရက်ကို ကဗ္ဗည်းထိုးခံထားရတယ်။ ကျဆုံးခဲ့တဲ့နေ့ကိုလဲ နိုင်ငံတော်အစိုးရက ဝမ်းနည်းတဲ့အထိမ်းအမှတ်အဖြစ် နိုင်ငံတစ်ဝန်းလုံး ရုံးပိတ်ရက်အဖြစ်သတ်မှတ်ခဲ့တယ်။ မြန်မာပြည်သူတွေနဲ့ နိုင်ငံတကာသံမှူးတွေက နှစ်စဉ်လာအလေးပြုခြင်းခံရတဲ့ ဘ၀။ မြန်မာနိုင်ငံကို ဧည့်သည်အဖြစ်ပဲဖြစ်ဖြစ်၊ နိုင်ငံတော်ကိစ္စအတွက်ပဲဖြစ်ဖြစ်လာကြတဲ့ နိုင်ငံတကာအစိုးရအကြီးအကဲတွေကလဲအချိန်အခါမရွေး ရောက်လာရင် ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ထာဝစဉ်အိပ်စက်လဲလျောင်းရာကနေအလေးပြုခြင်းကို ခံနေကြတုန်းပါ။

ဆရာကြီးက သူ့ကျောင်းသားတွေကို အထွတ်အထိပ်မှာနေဖို့ ဆိုဆုံးမခဲ့သလို သူဟာ အသက်ရှင်စဉ်ကာလမှာကော၊ ကွယ်လွန်ပြီးတဲ့နောက်မှာပါ ထာဝစဉ် အထွတ်အထိပ်မှာနေခဲ့ပါတယ်။ နေလျက်ရှိနေပါတယ်။

တခြားသူတွေရဲ့ “ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့” ဆိုတဲ့ဆောင်ပုဒ်ကို ဆရာကြီးအဖို့ကတော့ “ငါပြောသလိုလုပ်၊ ပြီးတော့လဲ ငါလုပ်သလိုပဲလုပ်” ဆိုတဲ့ ဆောင်ပုဒ်နဲ့ အစားထိုးခဲ့ပါတော့တယ်။

ဒီအခန်းကို အောက်ပါပုဂ္ဂိုလ်တွေရဲ့ပြောပြချက်များကို စုပေါင်းရေးသားထားခြင်းပါ။

| | | |
|---|---|---|
| သခင်ရန်နွေ | – | တောခိုအလံနီခေါင်းဆောင်ဟောင်း။ |
| ဦးကိုကိုကြီး | – | ပြည်ထောင်စု အာမခံအဖွဲ့ အုပ်ချုပ်ရေးမှူး၊ အငြိမ်းစား၊ ရန်ကုန်။ |
| ဦးကိုကိုကြီး | – | ခေတ်မြန်ပုံနှိပ်တိုက်ပိုင်ရှင်၊ ၃၇ လမ်း၊ ရန်ကုန်။ (ကွယ်လွန်) |
| ဦးကိုကြီး | – | တိုင်းစာရင်းရုံး၊ ရခိုင်ပြည်နယ် ဦးစီးဌာနမှူး၊ အငြိမ်းစား၊ စစ်တွေမြို့။ |
| ဗိုလ်ကြီးခင်မောင်မြင့် | – | အငြိမ်းစား၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဦးစီးဌာနမှူး၊ ရန်ကုန်။ |
| ဒေါက်တာခင်မောင်ညွှန့် | – | ဌာနမှူး၊ (ရှေးဟောင်း သမိုင်းဌာန)။ |
| ဦးငွေထွန်း | – | ကုန်သွယ်ရေး(၁)၊ ဌာနခွဲမန်နေဂျာ၊ အငြိမ်းစား၊ ရန်ကုန်။ |
| ဦးစံဝင်း | – | လက်ထောက် အထွေထွေမန်နေဂျာ၊ အငြိမ်းစား၊ ရန်ကုန်။ |
| သီရိပျံချီ ဆရာဦးဘလှ | – | ပြည်ထောင်စု အာမခံအဖွဲ့၊ အုပ်ချုပ်ရေးမှူး၊ အငြိမ်းစား၊ ရန်ကုန်။ (ကွယ်လွန်) |
| ဦးဖြားမောင် | – | မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်း၊ အငြိမ်းစား၊ ရန်ကုန်။ |
| ဒုဗိုလ်မှူးကြီးတင်အောင် | – | ဗမာ့တပ်မတော် (လေ) |
| ဦးကျော်ညွှန့် | – | နယ်ပိုင်ဝန်ထောက်၊ အငြိမ်းစား၊ မေမြို့။ |
| ဦးချစ်ဆွေ | – | ဆရာကြီးဦးရာဇတ်၏ အပါးတော်မြဲဟောင်း၊ မန္တလေး။ (ကွယ်လွန်) |
| ဦးညို | – | အထက်တန်းရှေ့နေ၊ မန္တလေး။ |
| ဆရာဦးထွန်းမောင် | – | ဗဟိုအမျိုးသားအထက်တန်းကျောင်း၊ ဘော်ဒါဆရာ၊ မန္တလေး။ (ကွယ်လွန်) |
| ဦးစောလှ | – | အရှေ့တိုင်း နို့ဆီလုပ်ငန်းပိုင်ရှင်၊ မန္တလေး။ |
| ဒေါ်တင်လှ | – | အမျိုးသားပြတိုက်မှူး၊ အငြိမ်းစား၊ ရန်ကုန်။ |
| ဦးဘမှု | – | ဆရာကြီးဦးရာဇတ်၏ညီ၊ မန္တလေး၊ |

(ကွယ်လွန်)

| | | |
|---|---|---|
| ဦးဘကြူ | – | ဆရာကြီး ဦးရာဇတ်၏ညီ၊ မန္တလေး။ |
| ဆရာမကြီး ဒေါ်မမ | – | ဆရာဦးထွန်းမောင်၏ ဇနီး၊ ဗဟိုအမျိုးသား အထက်တန်းကျောင်းဆရာမဟောင်း၊ မန္တလေး။ |
| ဒေါ်လှကြည် | – | စာကြည့်တိုက်မှူး၊ ပြန်ကြားရေးဌာန၊ မန္တလေး။ |
| အမ်အေ ဒေါ်အုံး | – | တက္ကသိုလ်ပါမောက္ခ၊ အငြိမ်းစား၊ မန္တလေး။ |
| လှုထုဒေါ်အမာ | – | စာရေးဆရာ၊ ဂျာနယ်ဆရာ၊ သတင်းစာဆရာ၊ မန္တလေး။ |

★

## အခန်း (၇)

## ဆရာကြီးနှစ်ဦးရဲ့ ပူးပေါင်းဆောင်ရွက်မှု

ဆရာကြီး ဦးရာဇတ်နဲ့ ဆရာဦးဘခင်တို့အတွင်း မွန်မြတ်တဲ့ဆက်ဆံရေးကို မှတ်တမ်းတင်ထားသင့်တယ်လို့ ရေးပါရစေ။ ညီညွတ်ရေးကို ဦးတည်လုပ်ဆောင်နေတဲ့ ဘယ်အဖွဲ့အစည်းပဲဖြစ်ဖြစ် ဆရာကြီးဦးရာဇတ်နဲ့ ဆရာဦးဘခင်တို့နှစ်ဦးတို့ရဲ့ နမူနာကို လိုက်နာကျင့်သုံးသင့်တယ်။ မိမိနေရာရရေးဟာ ပြဿနာအဖြစ် ရှေ့တန်းမထားသင့်ဘူးဆိုတဲ့ ခံယူချက်ကို ဒီပုဂ္ဂိုလ်နှစ်ဦးက အကောင်းဆုံး သက်သေထူခဲ့ပါတယ်။ လုပ်ငန်းအောင်မြင်ရေးကို အဓိကရှေးရှုချင်တယ်ဆိုရင် ဆရာကြီးဦးရာဇတ်နဲ့ ဆရာဦးဘခင်တို့ရဲ့ ဆက်ဆံရေးကို စံနမူနာအဖြစ် ယူသင့်တယ်။

ကြည့်မယ်ဆိုရင် ဆရာကြီးဦးဘခင်ဟာ ပထမဆုံး မြန်မာပြည်ဘုရင်ခံဆာရယ်ဂျီနယ်ဂရက်ဒေါက်ရဲ့ မာန်စွယ်ကို ရိုက်ချိုးခဲ့တဲ့ ၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်ကို မွေးထုတ်ခဲ့တဲ့ (၁၁)ဦးထဲက တစ်ဦးပါ။ ဆရာကြီးဦးဘခင်ဟာ ပထမကျောင်းသားသပိတ်ကို ရှေ့ဆောင် ရှေ့ရွက်ပြုခဲ့တဲ့ (၁၁) ဦးတွင် တတိယနေရာက ရပ်တည်ခဲ့သူပေါ့။

ဆရာကြီးဦးဘခင်တို့က သပိတ်ခေါင်းဆောင် (၁၁)ဦးကော်မတီတွင် ပါဝင်လှုပ်ရှားနေစဉ် ဆရာကြီး ဦးရာဇတ်က ရန်ကုန်တက္ကသိုလ်မှာ ရိုးရိုးသပိတ်မှောက်ကျောင်းသား။

မြန်မာပြည်အနှံ့အပြားမှာ အမျိုးသားကျောင်းတွေ တည်ဆောက်ဖို့ ညွှန်ကြားတယ်။ မန္တလေးကို ဆရာကြီးနဲ့ သပိတ်မှောက်ကျောင်းသား (၁၁)ဦးကို မန္တလေးမှာ အမျိုးသားကျောင်းဖော်ထုတ်ဖို့ လွှတ်လိုက်ပါတယ်။

မန္တလေးက ဆရာကြီးဦးရာဇတ်၊ ဦးခင်မောင်၊ ဦးစိန်မောင်၊ ဦးခင်မောင်ကြီး၊ ဦးရင်ထန်းတို့ ဖြစ်တယ်။ မိတ္ထီလာက ဆရာကြီးဦးဘခင်၊ ညောင်တုန်းက ဦးလှအုန်း၊ အင်းစိန်က ဦးထွန်းရှိန်၊ ပျော်ဘွယ်က ဦးထွန်းမြ၊ ဟင်္သာတက ဦးခင်မောင်နဲ့ မော်လမြိုင်က ဦးငွေသော်တို့ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေနဲ့ မန္တလေးကျောင်းတွေ သပိတ်မှောက်ဆရာတွေ ကျောင်းသားတွေနဲ့ပါ ပေါင်းပြီး အမျိုးသားကျောင်းများ တည်ထောင်ကြတယ်။

အားလုံးဟာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း စတဲ့ ဆရာတွေ အဖြစ် တာဝန်ခွဲဝေယူခဲ့ကြပါတယ်။ ဆရာကြီးဦးရာဇတ်၊ ဆရာကြီးဦးဘခင် တို့က ဗဟိုအမျိုးသားအထက်တန်းကျောင်းရယ်လို့ ကျော်ကြားလာမယ့် ကျောင်းမှာ အထက်တန်းပြဆရာအဖြစ် တာဝန်ယူခဲ့ကြပါတယ်။

နောက် ၁၉၂၂–၂၄ မှာ ဆရာကြီးဦးဘခင်ဟာ ညောင်ပင်ဈေး အလယ် တန်းကျောင်းမှာ ကျောင်းဆရာကြီးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင် ခဲ့ပါတယ်။ ၁၉၂၄–၂၅ မှာ အမျိုးသားပညာဝန်–ရန်ကုန် (ဘီ) အဖြစ် ပြောင်းရွှေ့ တာဝန်ယူ ဆောင်ရွက်ရပြန်တယ်။

ဆရာကြီးဦးရာဇတ်တို့ ပထမဆုံး အမျိုးသားအထက်တန်းကျောင်းမှာ တာဝန်ယူစဉ်က ကျောင်းအုပ်ကြီးက ဦးဘတင်၊ ကျောင်းဆရာကြီးက ဦးတင်၊ နောင်အဆင့်ဆင့်ကျောင်းအုပ်ကြီးတွေ၊ ကျောင်းဆရာကြီးတွေ ပြောင်းသွားတော့ နောက်ဆုံးမှာ ဆရာကြီးဦးရာဇတ်က ကျောင်းဆရာကြီးအဖြစ် တာဝန်ယူရတယ်။ ဒီမယ် ကျောင်းအုပ်ကြီးနဲ့ ကျောင်းဆရာကြီးတာဝန်ကို တစ်ပေါင်း..ပည်းပေါင်း ပြီး တာဝန်ယူစေပါတယ်။

မြန်မာပြည်အရပ်ရပ်မှာ တည်ထောင်ခဲ့တဲ့ အမျိုးသားကျောင်းတွေထဲက တချို့ ငွေရေးကြေးရေး မတတ်နိုင်ကြတော့ ပိတ်ပစ်ကြရတယ်။ အဲဒီတော့ ကျောင်းတွေက နည်းသွားတော့ အမျိုးသားပညာဝန်တွေ လျှော့ဖို့ဖြစ်လာ တယ်။ ဒါကြောင့် ဆရာကြီးဦးဘခင်ဟာ အမျိုးသားပညာဝန်အဖြစ်ကနေ ၁၉၂၅–၂၆ ခုမှာ အထက်တန်းပြဆရာကြီးအဖြစ်နဲ့ ဆရာကြီးဦးရာဇတ် လက်အောက်မှာ လာရောက်တာဝန်ယူခဲ့တယ်။

ဆရာကြီးဦးရာဇတ်နဲ့ ဆရာကြီးဦးဘခင်ရဲ့ မှန်ကန်တဲ့ပေါင်းစပ်မှုကြောင့် မန္တလေးရှိ ဗဟိုအမျိုးသားအထက်တန်းကျောင်းဟာ မားမားမတ်မတ် ရပ်တည် နိုင်ခဲ့ခြင်းပါ။ ဒီပုဂ္ဂိုလ်ကြီးနှစ်ဦး ရပ်တည်မှုဟာ အကွဲကွဲအပြားပြားဖြစ်နေတဲ့

နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး အဖွဲ့အစည်းအသီးသီး ပြန်လည်ပေါင်းစပ်ရေးအတွက် နည်းလမ်းရှာနေသူများအတွက် လမ်းစများကိုရနိုင်လိမ့်မယ်လို့ ဆိုချင်ပါတယ်။

ဆရာကြီးဦးရာဇတ်နဲ့ ဆရာကြီးဦးဘခင်တို့ရဲ့ ၁၉၂၀ ခုနှစ် တက္ကသိုလ်ကျောင်းသားများသပိတ်နဲ့ အမျိုးသားကျောင်းတွေရဲ့ အခန်းကဏ္ဍကို အကျဉ်းရေးသားဖော်ပြခဲ့ပြီးပြီ၊ ဆရာကြီးနှစ်ဦးတို့ရဲ့ ဒီရက်ပိုင်းကာလရဲ့ လုပ်ဆောင်ချက်တွေကို အရည်အချင်းတစ်ရပ်အဖြစ် သဘောထားကာ နှိုင်းယှဉ်ပြရပါလျှင်–

(၁) ဆရာကြီးဦးဘခင်က အင်္ဂလိပ်နယ်ချဲ့သမားကို ပညာရေးဌာနကနေ သပိတ်လက်နက်ဆွဲကိုင် စိန်ခေါ်လိုက်ခြင်းမည်တဲ့ တက္ကသိုလ်ကျောင်းသားသပိတ်ကို ဖော်ထုတ်လိုက်တဲ့ (၁၁)ဦးအဖွဲ့ထဲမှာ ပါခဲ့ပါတယ်။ ဆရာကြီးဦးရာဇတ်က ရိုးရိုးသပိတ်မှောက်ကျောင်းသား။ ဆရာကြီးဦးဘခင်က ခေါင်းဆောင်ပိုင်း၊ ဆရာကြီးဦးရာဇတ်က နောက်လိုက်ပိုင်း။

(၂) ဆရာကြီးဦးဘခင်က မန္တလေးမှာ ဆရာကြီးဦးရာဇတ်ထက်အရင် ညောင်ပင်ဈေး အမျိုးသားအလယ်တန်းကျောင်းမှာ ကျောင်းအုပ်ဆရာကြီးအဖြစ် ဆောင်ရွက်ခဲ့တယ်။ ဒီအချိန် ဆရာကြီးဦးရာဇတ်က ရိုးရိုးအထက်တန်းပြဆရာ။

(၃) ဆရာကြီးဦးဘခင်က အမျိုးသားပညာဝန်လုပ်နေစဉ် ဆရာကြီးဦးရာဇတ်က ရိုးရိုးအထက်တန်းပြဆရာ၊ နောက်မှ အထက်တန်းကျောင်းရဲ့ ကျောင်းအုပ်ကြီးဖြစ်လာတယ်။

ဒီလို နှိုင်းယှဉ်ရာမှာ ဆရာကြီးဦးဘခင်က ဆရာကြီးဦးရာဇတ်ထက် အရည်အချင်းသာလျက်ရှိတယ်ဆိုတာ သိနိုင်တယ်။ ဒါကြောင့် ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ဖြစ်ချင်းဖြစ်ရင် ဆရာကြီးဦးဘခင်ကပဲ ကျောင်းဆရာကြီး ဖြစ်သင့်တယ်ပေါ့။

ဒါပေမယ့် ဆရာကြီး ဦးဘခင်က ဆရာကြီးကို ဖယ်ရှားပေးပါလို့ မတောင်းဆိုဖူးဘူး၊ ဆရာကြီး ဦးရာဇတ်လက်အောက်မှာ သဘောထားကြီးကြီးနဲ့ပဲ ဝင်လုပ်ခဲ့တယ်။ ငါက မြင့်တယ်၊ အဆင့်အတန်းသာတယ်ဆိုတဲ့သဘောထား မရှိဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် ဆရာကြီးဦးဘခင်ဟာ လူကြီးပီသတယ်၊ အမျိုးသားရေးအတွက် သူ့ကိုယ်ရေးကိုယ်တာကို ရှေ့တန်း

မထုတ်ခဲ့ဘူး။ ဗဟိုအမျိုးသားကျောင်းကြီး အစွန့်ရှည်ရေးကိုသာ သူမျှော်မှန်းခဲ့တယ်။

တခြားလူသာ ဆရာကြီးဦးဘခင်လို နေရာမျိုးမှာဆိုရင် ကျုပ်က သပိတ်မှောက်ခေါင်းဆောင်၊ အမျိုးသားပညာဝန်၊ ကျောင်းဆရာကြီးအဖြစ်လည်း ကျုပ်က အရင်လုပ်ခဲ့တယ်။ ကျုပ်က မြန်မာ၊ ဗုဒ္ဓဘာသာ၊ ခင်ဗျားက မွတ်စလင်၊ မင်းနေပြည်တော်နဲ့ ဗုဒ္ဓဘာသာထွန်းကားတဲ့ မြို့တော်မှာ မြန်မာ မွတ်စလင်တစ်ဦးက အမျိုးသားကျောင်းဆရာကြီး ဖြစ်နေတာဟာ အင်မတန် အကြည်းတန် အရုပ်ဆိုးတယ်။ ဒီတော့ ခင်ဗျား နားလည်မှုနဲ့ဖယ်ပေး၊ ဖယ်မပေးရင်တော့ ကျုပ်ကလည်း တစ်နည်းနည်းနဲ့ ကျုပ်ကျောင်းအုပ်ကြီးဖြစ်အောင် ဝင်လုပ်ရမှာပဲ။ နောက်ဆုံး စင်ပြိုင်ကျောင်းကြီးအနေနဲ့ ဖော်ထုတ်ရမှာလို့ ရာဇသံပေးပေလိမ့်မယ်။

ဒီခံယူချက်နဲ့သာ ဦးဘခင်ကလုပ်ခဲ့ရင် တစ်နည်းနည်းနဲ့ ကျောင်းကြီးဟာ နှစ်ခြမ်းကွဲချင် ကွဲသွားပေလိမ့်မည်။

တခြားလူတစ်ယောက်သာ ဆရာကြီးဦးရာဇတ် နေရာမှာ ရှိနေမယ်ဆိုရင်–

“ဟုတ်ပါတယ်၊ ဆရာကြီးဦးဘခင်ပြောတာတွေကို ကျွန်တော် တစ်ခုမှ မငြင်းပါဘူး။ ဒါပေမယ့် ကျောင်းကြီး အခုလိုကျောင်းသက်ရှည်အောင် ကျုပ်နဲ့ ကျုပ်ဆရာတွေကလုပ်ခဲ့ပါတယ်။ ဆရာကြီးဦးဘခင်က ၁၉၂၁–၂၂ နှစ်မှာသာ ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ဆရာ တစ်နှစ်လောက် လုပ်ပြီး ထွက်သွားခဲ့တယ်။ ဒီနောက်ပိုင်းမှာ ကျုပ်ဆရာတွေ၊ ကျောင်းကော်မတီတွေ၊ ကျောင်းသားမိဘတွေ၊ မြို့သူ မြို့သားတွေနဲ့ ကျုပ်ဘယ်လိုကြိုးစားပြီး လုပ်ခဲ့ရတယ်ဆိုတာကိုလည်း ဆရာကြီးဦးဘခင် ထောက်ထားပါဦး။

“ပြီးတော့ အစိုးရဆီက အထောက်အပံ့ မယူဘူး ယူမယ်ဆိုတုန်းကလည်း ကျောင်းကော်မတီ ရှစ်ဦးအနက် ငါးဦးက အစိုးရအထောက်အပံ့ မယူဘူးဆိုပြီး ခွဲထွက်သွားကြတယ်။ ဒီလိုခွဲထွက်သွားတယ်လို့ ပြောရုံနဲ့မပြီးဘူး။ သူတို့က ကျောင်းသုံးပရိဘောဂတွေ၊ ကျောက်သင်ပုန်း၊ စားပွဲ၊ ကုလားထိုင်၊ ထိုင်ခုံတွေကအစ အားလုံးယူသွားတယ်။ ကလေးတွေထိုင်ပြီး စာသင်စရာ မရှိတော့ဘူး။ ပြီး ကျောင်းသား ၂၇၀ လောက်ရှိတဲ့အထဲက ကျောင်းသား ၁၀၀ သူတို့ဆီ ပါသွားတယ်။

"အဲဒီလို ကျောင်းကော်မတီ ကွဲသွားတော့ ကျုပ်မှာ အခက်အခဲတွေ အများကြီးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကျုပ်နဲ့ ကျောင်းကော်မတီတွေ၊ ဆရာ၊ ဆရာမတွေက ကျောင်းသားမိဘတွေ၊ မြို့မိ မြို့ဖတွေဆီ ချက်ချင်းသွား အကူအညီတောင်းတယ်၊ ကျောင်းသားတွေ ကျောင်းမှာ ဆက်ပညာသင်ဖို့ မောရွေး ဓောရွေးတွေအကျခံပြီး အပတ်တကုတ်ကြိုးစားခဲ့လို့ ဒီကျောင်းကြီး ဒီလိုအခြေအနေနဲ့ ဒီလိုသက်စိုးရှည်ခဲ့ရတာ။

"တစ်ဖက်ကလည်း အစိုးရအထောက်အပံ့ယူခဲ့ရလို့ ကျောင်းဟာ အသက်ရှည်နေတယ်။ ဒီလို အဘက်ဘက်က အနစ်နာခံထားပြီးမှ ဆရာကြီး ဦးဘခင်က ဒီကျောင်းမှာ ကျောင်းဆရာကြီးလုပ်ချင်တယ်လို့ တောင်းရင် တရားရာကျ မကျ ကိုယ်ချင်းစာနာပြီးပြောပါဦး။ ပြီးတော့ ဆရာကြီးဦးဘခင်က အင်တာ၊ ပညာရေးနဲ့ သပိတ်ကို ခေါင်းဆောင်ခဲ့ရတယ်။ ကျုပ်က ဘီအေ၊ ဒီတော့ ဒါတွေအားလုံး ခြုံငုံစဉ်းစားပြီး ဆရာကြီးတောင်းဆိုချက်ဟာ တရားနည်းလမ်း ကျ မကျ စဉ်းစားပြီးလည်းလုပ်ပါဦး ဆရာကြီးရယ်"လို့ ရှင်းပြ ပေမပေါ့။ ပြီးတော့–

"ကျုပ်က ဆရာကြီးဦးဘခင်ကို လေးစားပြီးသားပါ။ ဆရာကြီး တောင်းဆိုချက်အရ လွှဲပေးပါဆိုရင် ပေးလိုက်ပါ့မယ်။ ဒါပေမယ့် ကျောင်းကော်မတီနဲ့ ကျောင်းဆရာ၊ ဆရာမတွေက သဘောတူညီဖို့က ရှိသေးတယ်။ ပြီးတော့ မြို့မိမြို့ဖတွေရဲ့ ဆန္ဒတွေကလည်း ရှိပါသေးတယ်။ ဆရာကြီး ပြောသလို ကျုပ်က အစ္စလာမ်ဘာသာဝင်တိုင်းရင်းသားပါ။ မြန်မာ ဗုဒ္ဓဘာသာ မဟုတ်ပါဘူး။ ဒါပေမယ့် ဆရာကြီးဦးဘခင်မြင်သလို ကျုပ်ကို ကုလားကြီး အနေနဲ့ မြန်မာအမျိုးသား နေရှင်နယ်ကျောင်းမှာ ဆရာကြီးလာဖြစ်တာ နည်းနည်းမှ မအပ်စပ်ဘူး၊ လူမြင်လို့မှ မတင့်တယ်ဘူး။ ပြယုဂ်ကလည်း ကုလားမို့ မကောင်းဘူး ဆိုတဲ့ စွပ်စွဲချက်မျိုးရှိရင် အများရဲ့ဆန္ဒတွေလည်း တီးခေါက်ကြည့်ပါဦး။

"အဲဒါမှမရလို့ ဖွတ်တောင်းဆိုလာရင် ကျုပ်ဖယ်ပေးပါ့မယ်၊ ဒီကျောင်းကြီး ကျုပ်ကြောင့် ပြိုကွဲသွားတာကိုတော့ ကျုပ်မမြင်လိုဘူး။ နောက်ရှိသေးတယ်။ အစိုးရအထောက်အပံ့ယူမယ် မယူဘူးဆိုတုန်းကလည်း ကျောင်းကြီး ကွဲခဲ့ရပါပြီ။ အခုလည်း ကျောင်းကြီးပြိုကွဲသွားရင် ဆရာကြီးဦးဘခင်ရဲ့ အပေါ်မှာ တာဝန်ရှိပါမယ်။ ဒီလုပ်ဆောင်ချက်အတွက် သမိုင်းကခွင့်ပြုမှာ

မဟုတ်ပါဘူး။ အဲဒါတွေအားလုံး ထည့်တွက်ပြီးမှ ဆရာကြီးဦးဘခင် အလိုရှိရာပြောပါ။ ကျုပ်က ထားရာမှာနေနေပါ့မယ်” လို့ ဆရာကြီးဦးရာဇတ် နေရာမှာ တခြားလူတစ်ယောက်ဆိုရင် အထက်ပါအတိုင်း ရှင်းလင်းတင်ပြ နိုင်စရာပါ။

ဆရာကြီးဦးဘခင်က ကျောင်းအုပ်ကြီး သူသာ ဖြစ်ထိုက်တယ်လို့ တောင်းဆိုလာခဲ့ပါရင်လည်း ဆရာကြီးဦးရာဇတ်က အကျိုးရယ်၊ အကြောင်း ရယ် ရှင်းလင်းပြမယ်ဆိုရင် ကျမ်းပြုသူဖော်ပြခဲ့တဲ့ အချက်အလက်တွေပဲ ရှင်းပြကောင်း ရှင်းပြပေလိမ့်မယ်လို့ ယူဆပါတယ်။

ဒါပေမယ့် ဆရာကြီးဦးဘခင်အနေနဲ့ ဆရာကြီးဦးရာဇတ် နေရာ ဝင်လုဖို့ အကြံအစည်ရှိခဲ့တယ်ဆိုတာလည်း မကြားဖူးဘူး။ ဝင်လုပါတယ် လို့လည်း ဘယ်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကမှ ပြောပြခဲ့တာလည်း မရှိခဲ့ဘူး။

အဲဒီလို ဆရာကြီးဦးဘခင်က တောင်းဆိုချက်မရှိတဲ့ ပြဿနာကို ဆရာကြီးဦးရာဇတ် အနေကလည်း ကျမ်းပြုသူအတွေးနဲ့ ရေးခဲ့တဲ့အကြောင်း အရာ အချက်အလက်တွေရှိခဲ့ ပြောခဲ့တယ် ဆိုတာလည်း မကြားခဲ့ရိုး အမှန်ပါ။

ပြောရရင် ဆရာကြီးဦးဘခင်နဲ့ ဆရာကြီးဦးရာဇတ်တို့မှာ တစ်ခုတည်း သော တူညီတဲ့ရည်ရွယ်ချက်ရှိပါတယ်။ ဒါက နယ်ချဲ့သမားရဲ့ ကျွန်ပညာရေး နေရာမှာ သခင်ပညာရေးစနစ်ကို အစားထိုးဖို့၊ တိုင်းပြည်မှာ အင်မတန်လိုအပ် နေတဲ့ မြန်မာ့သားကောင်းရတနာလေးတွေ မွေးပေးဖို့၊ နယ်ချဲ့အင်္ဂလိပ် လက်အောက်က လုံးဝလွတ်လပ်ရေးအတွက် တစ်မျိုးသားလုံး ဉမကွဲသိုက်မပျက် တစ်စည်းတစ်လုံးတည်း ပူးပေါင်းဆောင်ရွက်ဖို့၊ နောက်ဆုံး လုံးဝလွတ်လပ်ရေး ရဖို့ အဲဒီအဓိကအချက်ကြီးတွေပေါ်မှာ တစ်သဘောတည်းရှိတယ်။ ဒီအချက် တွေ ဆောင်ရွက်နိုင်ဖို့ဆိုရာမှာလည်း အမျိုးသားကျောင်းများ စည်းလုံးညီညွတ် မှုကို အဓိကထား ဆောင်ရွက်နိုင်ကြမှဖြစ်မယ် ဆိုတဲ့အချက်ကို အလေးအနက် ထားခဲ့ကြတယ်။

ဆရာကြီးဦးဘခင်အနေနဲ့ ငါဟာ ထိပ်သီးသပိတ်မှောက်ခေါင်းဆောင်၊ အမျိုးသားပညာဝန်၊ အဲဒီလိုအဆင့်မြင့်တဲ့နေရာကလာခဲ့သူ။ အခုမှ သာမန် သပိတ်မှောက်သမားလေးဖြစ်တဲ့ ဗုဒ္ဓဘာသာမဟုတ်တဲ့ ဆရာကြီးဦးရာဇတ် အောက်မှာ ဝင်အမှုထမ်းခြင်းဟာ ငါ့အတွက် နစ်နာတယ်၊ အများတကာက

ငါ့ကို လက်ညှိုးထိုးကြမယ်၊ ကဲ့ရဲ့ရှုတ်ချမယ်၊ ငါ့အတွက် ရှက်ဖို့ပါလားဆိုတဲ့ စိတ်မျိုး လုံးဝမရှိဘူးလို့ လေ့လာမိပါတယ်။

အမျိုးသားရေးအတွက် အမျိုးသား စည်းလုံး ညီညွတ်ရေးအတွက် ကျရာကနေပြီး ဖြူစင်တဲ့နှလုံးသား၊ ကိုယ်ကျိုးကိုစွန့်တဲ့ စိတ်ဓာတ်နဲ့ မာန်မာနကို ချိုးနှိမ်နိုင်တဲ့ ဂုဏ်အင်္ဂါနဲ့ စိတ်သန့်သန့်မွေးမြူကာ သူသာတယ်၊ ငါနာတယ်ဆိုတဲ့ စိတ်မျိုးမမွေးဘဲ ဆရာကြီးဦးရာဇတ် လက်အောက်မှာ ဝင်လုပ်ခဲ့သူပါ။

ဒီလုပ်ဆောင်ချက်အတွက် အင်မတန် ချီးကျူးစရာကောင်းလှပါတယ်။ ဂုဏ်ပြုထိုက်ပါတယ်၊ စံထားလောက်ပါတယ်၊ မွန်မြတ်တဲ့စိတ်ဓာတ်ကို အကွဲကွဲ အပြားပြား ရှိနေတဲ့အဖွဲ့အစည်းတွေ၊ အသင်းအပင်းတွေဟာ ပြန်လည်စည်းလုံး ညီညွတ်ဖို့ လုပ်ချင်တယ်ဆိုရင် ဆရာကြီးဦးဘခင်ရဲ့ထုံး နှလုံးမူရပါ့မယ်။ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ရတဲ့ နောက်ကြောင်းဖြစ်ရပ်တွေကို သမိုင်းပြခန်းမှာသာ မှတ်တမ်းအဖြစ်ထားရမှာပါ။ အချင်းချင်း စည်းလုံးညီညွတ်ရေး လုပ်တဲ့နေရာမှာ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ဖူးတဲ့အဖြစ်ကို ထပ်ခါတလဲလဲ ဂုဏ်ယူပြောနေရင် စည်းရုံးရေးလုပ်ငန်းမှာ မိမိအတွက် ကြီးစွာသော အဟန့်အတားကို ဖြစ်စေပေလိမ့်မယ်ဆိုတာကို ဆရာကြီးဦးဘခင်က မီးမောင်းထိုးပြသွားခဲ့ပါတယ်။ သင်ပုန်းချေ ခွင့်လွှတ်ခြင်း၊ ဖြစ်နိုင်တဲ့ဘက်ကနေ စည်းရုံးမှုကို စတင်ခြင်း၊ သူတစ်ပါးအများကို တစ်ဆိတ် တစ်အိတ်လုပ်ခြင်း စတဲ့ ယုတ်ညံ့တဲ့ စိတ်ဓာတ်ကို ဖျောက်ဖျက်ပြီး ကြီးတဲ့ကိစ္စ သေးငယ်အောင်၊ သေးငယ်တဲ့ကိစ္စ ပပျောက်စေတဲ့အဖြစ်နဲ့ သဘောထား ဆောင်ရွက်ကြရမှာပဲ။ ဒါက အပြောလွယ်သလောက် လက်တွေ့ကျင့်သုံးရာမှာ အင်မတန်ခဲယဉ်းတဲ့သဘောထားပါ။ ဒါပေမယ့် ကြိုးစားလုပ်ကြရမှာပဲ။

ဆရာကြီးဦးရာဇတ် ကျပြန်တော့လည်း ဆရာကြီးဦးဘခင်ကို ၁၉၂၀ ခုနှစ် သပိတ်မှောက်ခေါင်းဆောင်အဖြစ် ဆက်လက်အသိအမှတ်ပြုခဲ့ပြန်တယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင်ရှိကြတယ်။ အပြန်အလှန် လေးစားမှုရှိကြတယ်။ ဆရာကြီးဦးရာဇတ်ကလည်း "မင်း ငါ့လို ဘီအေအောင်သူမဟုတ်ဘူး။ မင်း အစက ခေါင်းဆောင်ဖြစ်ပေမယ့် အခု ငါ့လက်အောက်မှာ ငါ့ကျောင်းဆရာ၊ ငါ့ကို လေးစားရမယ်၊ ငါခိုင်းတာလုပ်ရမယ်၊ အဲဒီလိုသဘောထားမျိုး လုံးဝ မရှိခဲ့ဘူး။ ဆရာကြီးဦးဘခင်ကလည်း ရွှေထီးဆောင်းခဲ့ရဖူးသူအဖြစ်နဲ့ ကပျက်

ယပျက် မလုပ်ခဲ့ဘူး။ လွယ်အိတ်လို ဘေးကမလိုက်ခဲ့ဘူး။ ရှေ့ကသွားတဲ့နေရာ ရှေ့ကပဲသွားပြီး နောက်ကလိုက်ရမယ့်နေရာ နောက်ကပဲလိုက်လို့ ဆရာကြီး ကလည်း ဆရာကြီးဦးဘခင် တင်ပြချက်တွေကို လေးလေးစားစား ဂရုတစိုက် လိုက်နာဆောင်ရွက်ပေးတယ်။ အကြံပေးတင်ပြချက်တွေပေးရင်လည်း ငါ့လာ မပေးနဲ့၊ ငါ မင်းထက်တတ်တယ်ဆိုပြီး ပါးစပ်က ထုတ်ဖော်မပြောတဲ့တိုင်အောင် စိတ်ထဲကတော့ ပေးလာတဲ့အကြံဉာဏ်ကို မထိမဲ့မြင်လုပ်လိုက်တာတို့၊ ထားပစ် လိုက်တာတို့၊ ခေါက်ထားလိုက်တာတို့ မရှိခဲ့ဘူး။ အဲဒီလို တစ်ဦးနဲ့တစ်ဦး အပြန်အလှန် လေးလေးစားစား ဆက်ဆံကြတယ်။

အဲဒီနှစ်သက်စရာဖြစ်တဲ့ ကျီးက ဘုတ်ကို ရှိသေသလို ဘုတ်ကလည်း ကျီးကိုရှိသေတယ် ဆိုတဲ့သဘောမျိုးကို မှန်မှန်ကန်ကန် ခံယူဆက်ဆံကြ တယ်၊ ဒါကြောင့် အမြဲတမ်းညီညွတ်မှုရှိတယ်၊ အဲဒီလိုသာ သဘောထားကို မှန်မှန်ကန်ကန် မဆက်ဆံကြရင် တစ်ယောက်ကို တစ်ယာက် အကွက်စောင့် အလဲထိုးကြရင် စည်းလုံးညီညွတ်မှု ပျက်ပြားသွားမယ်။ ကျောင်းကြီးလည်း နှစ်ခြမ်းဖြစ်သွားမယ်၊ အခုလိုအဓွန့်ရှည်နေမှာမဟုတ်ဘူး။ မွန်မြတ်တဲ့ သူတို့ မျှော်မှန်းချက်အတွက် အနစ်နာခံ ကိုယ်ကျိုးစွန့်မှုဟာ သဲထဲရေသွန်ဖြစ်မယ်။

ဒီလိုတစ်ခုတည်းသော အမျိုးသားရေးကို ရှေးရှုရင်း အနစ်နာခံလုပ်ခဲ့တဲ့ အတွက် ဆရာကြီးဦးရာဇတ်ကို နိုင်ငံတော်က ဝန်ကြီးအဖြစ် ရွေးချယ် နေရာ ပေးခဲ့ပါတယ်။ ဆရာကြီးဦးဘခင်ကိုလည်း နိုင်ငံတော်က ၁၉၅၂ ခုနှစ်မှာ "ဝဏ္ဏကျော်ထင်" ဆိုတဲ့ဘွဲ့ကို ချီးမြှင့်ပေးခဲ့တယ်။ ဒီကျောင်းကြီး အဓွန့်ရှည် ရတာဟာလည်း တစ်ဖက်မှာ ဆရာကြီးဦးဘခင်၊ ဆရာကြီးဦးရာဇတ်နဲ့ ဆရာ၊ ဆရာမတွေ၊ ကျောင်းသားမိဘတွေ၊ မြို့မိမြို့ဖတွေရဲ့ ကြီးမားတဲ့ မေတ္တာရေစင်ကြောင့်ပဲ ဖြစ်တယ်ပေါ့။

အမျိုးသားအောင်ပွဲနေ့များ ကျရောက်ပြီဆိုမှဖြင့် ဆရာကြီးဦးရာဇတ်က ဆရာကြီးဦးဘခင်ကို အမြဲတမ်းနေရာပေးတယ်။ ၁၉၂၀ ခုနှစ်က ပထမဆုံး ကျောင်းသားသပိတ်ကို ဆရာကြီး ဦးဘခင်တို့ (၁၁) ဦးအဖွဲ့က ခေါင်းဆောင်ပြီး လုပ်ခဲ့တဲ့အတွက် အမျိုးသားအောင်ပွဲနေ့ရယ်လို့ ဖြစ်လာတယ်လေ။ ပြောရရင် ဆရာကြီးဦးဘခင်တို့ရဲ့ ကြိုးပမ်းချက်ပေါ့။ ဒါကြောင့် ဆရာကြီး ဦးဘခင်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဆရာကြီးဦးဘခင်ကိုပဲ စင်မြင့်ပေါ်တင်ပြီး အမျိုးသားအောင်ပွဲ နေ့အကြောင်း ဟောပြောဖို့ ပွဲထုတ်ပေးမြဲပါ။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဘုရင်ခံအမှုဆောင်အဖွဲ့ ဖွဲ့ပြီးတဲ့နောက် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူနေရာမှ ဆရာကြီးဦးရာဇတ်ကို ဝန်ကြီးအဖြစ် ရွေးချယ်ခေါ်ယူခန့်လိုက်ပါတယ်။ အဲဒီတော့မှာ ဆရာကြီးဦးရာဇတ်က ဆရာကြီးဦးဘခင်ကို သူ့တာဝန်များကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ကျောင်းဆရာကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၂ ခု၊ မေလ (၃၁)ရက်နေ့မှသာ ပင်စင်ယူလိုက်ပါတယ်။

ဆရာကြီးဦးဘခင်ဟာ ၁၉၆၆ ခု၊ အောက်တိုဘာလ (၉)ရက်နေ့မှာ မန္တလေးတွင် ကွယ်လွန်သွားရှာပါတယ်။

ကျောင်းဆရာကြီး ဦးရာဇတ်နဲ့ ကျောင်းဆရာကြီးဦးဘခင် တစ်ယောက်ကို တစ်ယောက် အပြန်အလှန်နားလည်မှုနဲ့ ကျောင်းကြီးရဲ့ အခွန့်ရှည်ရေး၊ ကျောင်းသားများ ပညာရေး ထက်မြက်အောင်မြင်ရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ အနာဂတ်ရဲ့ သားကောင်းသမီးကောင်းများ ဖြစ်လာရေးတို့ကို ရည်ရွယ်ပြီး အစစအရာရာ တိုင်ပင်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြပါတယ်။

မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးမှာ ဆရာကြီးဦးရာဇတ်နဲ့ ဆရာကြီး ဦးဘခင်တို့ ညှိနှိုင်းတိုင်ပင် ဆက်ဆံဆောင်ရွက်ချက်များကိုရေးရင်း ရန်ကုန်မြို့မ အမျိုးသားအထက်တန်းကျောင်းကြီးက ဆရာကြီးဦးဘလွင်နဲ့ ဆရာကြီးဦးသွေ့ယ်တို့ရဲ့ အကြောင်းကလေးကို သွားသတိရမိလိုက်ပါတယ်။

စာဖတ်သူများအတွက် ရန်ကုန်မြို့-မြို့မကျောင်း ကျောင်းဆရာကြီးဦးဘလွင်နဲ့ ကျောင်းဆရာကြီး ဦးသွေ့ယ်တို့ အပြန်အလှန် နားလည်မှု၊ လေးစားမှု ဘယ်လိုရှိတယ်ဆိုတာကို ဖတ်ရှုလေ့လာနိုင်အောင် အောက်ပါအတိုင်း ဖော်ပြရရင်-

> ဦးသွေ့ယ်သည် အခြားကျောင်းအုပ်ဆရာကြီး သုံးလေးဦးနှင့် လုပ်ကိုင်ခဲ့ပြီးဖြစ်သော်လည်း ဦးဘလွင်နှင့်တွေ့ကာမှ နတ်ဖက်သကဲ့သို့ ရှိချေသည်။ ကျောင်းဆရာကြီး ဦးသွေ့ယ်ကို စိတ်ချယုံကြည်အားထားရကြောင်း သိသောအခါ (ထိုအခါတွင် ဦးသွေ့ယ်သည်လည်း လက်ပံတန်း အမျိုးသားကျောင်းဆရာကြီး ဦးစံရွှေနှင့်အတူ တစ်နှစ်တည်းတွင် ကာလကတ္တားတက္ကသိုလ်မှ ဘီအေဘွဲ့ကိုရရှိပြီးဖြစ်သည်။) "ကျီးဘုတ်ရှိသေ၊ ဘုတ်ကျီးရှိသေ" ဆိုသကဲ့သို့ တစ်ဦးကိုတစ်ဦး ကြည်ညို

လေးစားကြ၏။ မျက်စိနှလုံး ဖွင့်ကတည်းက မိုးစုပ်စုပ်ချုပ်သည့်တိုင်အောင် ဦးသွေယ်သည် ကျောင်းလုပ်ငန်းကိုလုပ်ကြောင်း၊ သူကဲ့သို့အပြောသမားမဟုတ်ဘဲ အလုပ်သမားဖြစ်ကြောင်း၊ ကျောင်းပြင်ပဥ္စတိုက်ပွဲအသီးသီး သူဝင်နေစဉ် ကျောင်းတွင်း၌ ကျောင်းပစ္စည်းအဖိတ်အစင်မရှိရအောင် “စီးတဲ့ရေ ဆည်တဲ့ကန်သင်း” ဆိုသကဲ့သို့သိမ်းသိမ်းဆည်းဆည်းရှိကြောင်း၊ ဦးသွေယ်သည် သူ၏ ပါရမီဖြည့်ဖက်အစစ်ဖြစ်ကြောင်းကို ပရိသတ်ရှေ့ မကြာခဏတင်ပြလေ့ရှိ၏။ ဤသို့ထုတ်ဖော်ချီးကျူး အမွှမ်းတင်ခံရသော ဦးသွေယ်သည် အဘယ်မှာလျှင်မကျေနပ်ဘဲ ရှိနိုင်အံ့နည်း။

..........................................................

..........................................................

..........................................................

ဦးဘလွင်၏ အဆိုအမိန့်အတိုင်း သူသည် မြို့မဖခင်ဖြစ်လျှင် ဦးသွေယ်သည်လည်း မြို့မမိခင် ဖြစ်ရမည်၊ ဦးသွေယ်သည် သက်ဆုံးတိုင်မြို့မပင်။

ဒီအခန်းနဲ့ပတ်သက်ပြီး အောက်ဖော်ပါပုဂ္ဂိုလ်များရဲ့ ပြောပြချက်များမှ ကူးယူဖော်ပြလိုက်ပါတယ်။

ဦးထွန်းမောင် – (ဗဟိုအမျိုးသား အထက်တန်းကျောင်း ဆရာဟောင်းဘော်ဒါဆောင်အုပ် – ကွယ်လွန်)။

ဒေါ်တင်လှ – (မန္တလေးအမျိုးသားပြတိုက်မှူး – အငြိမ်းစား)။

ဦးဘလှ – (သိရိပျံချီဦးဘလှ – ကွယ်လွန်)။

ဆရာမိုလ်ခင်မောင်ကလေး – (ဖ–ဆ–ပ–လပြည်ထဲရေးဝန်ကြီးဟောင်း၊ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်–ရန်ကုန်)။

# အခန်း (၈)

## နိုင်ငံရေးတက္ကသိုလ်ကျောင်းတော်ကြီး

**အမျိုးသားသီချင်း**

ဆရာကြီး ဦးရာဇတ်ရဲ့ ကျောင်းတော်ကြီးဟာ အင်္ဂလိပ်နယ်ချဲ့ လက်အောက်က လွတ်မြောက်အောင် ဆောင်ရွက်တဲ့နေရာမှာ အထက်မြန်မာပြည်ရဲ့ တကယ့်စစ်ဌာနချုပ်နဲ့ ခြားနားခြင်းမရှိပါဘူး။ ဆရာကြီးဟာ သူကိုယ်တိုင် ကိုယ်ကြပ် ခေါင်းမဆောင်တာ တစ်မယ်ပဲကျန်တယ်။

ဆရာကြီးရဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်းတော်ကြီးဟာ စာပေပညာ သင်ကြားပို့ချတဲ့ ကျောင်းတော်ကြီးအပြင် တိုင်းပြည်လွတ်မြောက်ရေး တိုက်ပွဲအဆင့်ဆင့်အတွက် ရှေ့တန်းက စွမ်းစွမ်းတမံ တာဝန်ယူနိုင်မယ့် သားကောင်း သမီးကောင်း ရတနာများကို ရာနဲ့ ထောင်နဲ့ချီ မွေးထုတ်ပေးခဲ့တဲ့ နိုင်ငံရေးတက္ကသိုလ်ကြီးလည်း ဖြစ်ပါတယ်။

ကျွန်တော်ရဲ့ နိုင်ငံရေးဘဝ အစဟာ မန္တလေး နေရှင်နယ်ကျောင်းကြီးကဖြစ်ပါတယ်။ ကျောင်းသားတွေရဲ့ အဓိကတာဝန်ဟာ ပညာသင်ကြားရေးဖြစ်ပြီး မိဘများက အကုန်အကျများစွာခံ၊ အချို့ဆင်းရဲဒုက္ခ အမျိုးမျိုးခံကာ သားသမီးများ ပညာကြိုးစားရှာဖွေခြင်း

မပြုလျှင် သားသမီးတာဝန် ပျက်ကွက်သည်ဟု တစ်ထစ်ချယုံကြည်ခဲ့သူ ဖြစ်ခဲ့ပါတယ်။ သို့သော် သည်ကျောင်းကြီးရောက်ကာမှ ကျွန်တော့် အယူအဆတွေ ပြောင်းပြန်ဖြစ်ခဲ့ရပါတော့တယ်။ စစ်ဘေးဒဏ်ကြောင့် ပျက်စီးသွားရှာသည့် အဲဒီကျောင်းကြီးကို သာမန်ပညာသင်ကြားပေးသည့် ထိုထိုသော ကျောင်းကြီးတွေလို မျက်စိတွင် မြင်၍မရပါ။ တကယ်တော့လည်း သာမန်ကျောင်းမဟုတ်၊ ဗဟိုမြန်မာ့လွတ်လပ်ရေး သမိုင်းတစ်လျှောက် အဓိကအပိုင်းက ပါဝင်ခဲ့တဲ့ အထက်မြန်မာပြည် တော်လှန်ရေးလှုပ်ရှားမှု၊ လွတ်လပ်ရေးလှုပ်ရှားမှုတွေ အားလုံးရဲ့ မှိုခို အားထားရာ ပြုစုပျိုးထောင်ရာ ခိုလှုံရာဌာနကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ ဆရာကြီး ဦးရာဇတ်ကအစ များလှစွာသော ကျောင်းသားတွေ၊ မျိုးချစ်ပုဂ္ဂိုလ်တွေ၊ အာဇာနည်တွေရဲ့ သွေးနဲ့ တည်ဆောက်ခဲ့တဲ့ ကျောင်းကြီးဆိုလျှင်လည်း မမှားပါ။ ရွှေတိဂုံစေတီတော်ကြီးဟာ အောက်မြန်မာပြည် လွတ်လပ်ရေးသမိုင်းတစ်လျှောက် တော်လှန်ရေး သမားတို့၏ ခိုလှုံရာ၊ မှီခိုရာ၊ အားထားရာ၊ ကိုးကွယ်ရာဖြစ်ဘိသကဲ့သို့ မန္တလေး နေရှင်နယ်ကျောင်းကြီးလည်း အလားတူပင် ဖြစ်ခဲ့ဖူးပါသည်။ သမိုင်းမှတ်တိုင်ကြီးတစ်ခုဟု ကျွန်တော် ဆိုချင်ပါသည်။ ထိုကျောင်းကြီး ဗဟိုစည်အခန်းကလေးထဲကနေပြီး နိုင်ငံရေးနယ်ပယ်ထဲ ရောက်ခဲ့ရတဲ့အတွက်လည်း ကျွန်တော့်အနေနှင့် အဲဒီကျောင်းကြီးကို တသသ ဖြစ်ခဲ့ရပါတယ်။ ဖြစ်သာဖြစ်ရပါတယ်။ တကယ်တော့ ကျွန်တော် မန္တလေး နေရှင်နယ်ကျောင်းသား မဖြစ်ခဲ့ဖူးပါ။ ပေါင်းတည် ဟိုက်စကူးကျောင်းက ကျောင်းသားတစ်ယောက်မျှသာ ဖြစ်ခဲ့ပါတယ်။

အထက်မြန်မာပြည်အနေနဲ့ ဆရာကြီးကျောင်းက ထွက်တဲ့ ကုန်သည်၊ ပွဲစား အစရှိတဲ့ စီးပွားရေးသမားတွေရှိသလို အလံနီကွန်မြူနစ်၊ မြန်မာပြည်ကွန်မြူနစ် (ဗကပ)၊ ပြည်သူ့ရဲဘော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၊ နောက် ဗမာ့မျိုးချစ်တပ်မတော် (ဘီ၊ ပီ၊ အက်ဖ်) နှင့် ဒီဘက်ခေတ် မြန်မာ့တပ်မတော်တို့မှာ ပါဝင်အမှုထမ်းခဲ့သူတွေလည်း အမြောက်အမြားရှိပါတယ်။ ပြောရရင် အထက်မြန်မာပြည်အနေနဲ့ နိုင်ငံရေးသမား ၄၀ ရာခိုင်နှုန်းကို ဆရာကြီးရဲ့ ကျောင်းတော်ကြီးက မွေးထုတ်ပေးခဲ့ပြီး ဖြစ်တယ်လို့ ပြောစမှတ်ပြုကြပါတယ်။

ဗဟိုအမျိုးသား အထက်တန်းကျောင်းထွက်တွေဟာ အင်္ဂလိပ်လက်ထက်က အလုပ်ရှာရတဲ့နေရာမှာ အင်မတန်မျက်နှာငယ်ပါတယ်။ အလုပ်ရလို့ လခစားဝင်လုပ်ပြန်တော့လည်း မျက်နှာကောင်းမရဘူး။ ဖြစ်သလိုပဲ ကုန်းရုန်းပြီး လုပ်ကိုင်စားသောက်ခဲ့ကြရတယ်။ နေရှင်နယ်ကျောင်း နေဖူးရင်ကိုပဲ အများက နိုင်ငံရေးသမားပေါက်စလို့လည်း အထက်အရာရှိတွေက သတ်မှတ်လိုက်ကြတယ်။ ဒီတော့ အထူးသဖြင့် အင်္ဂလိပ်နဲ့ပတ်သက်နေတဲ့ အစိုးရလုပ်ငန်းတွေမှာ၊ အင်္ဂလိပ်ကုမ္ပဏီလုပ်ငန်းတွေမှာ အလုပ်ဝင်လုပ်ဖို့ အခက်အခဲရှိလှပါတယ်။ အပါယ်ခံသဘော ထားခံကြရတယ်လို့ အဆိုရှိပါတယ်။

တိုင်းပြည်လွတ်လပ်ရေး ရလာတော့မှ နေရှင်နယ်ကျောင်းသားတွေရဲ့ အခွင့်အရေးတွေဟာ "စန်း" ထလာကြပါတော့တယ်။ ဒါပေမယ့် အမျိုးသား (နေရှင်နယ်) ကျောင်းသားတွေဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ အနေနဲ့ အခွင့်အရေးယူလားပြုလားလုပ်ဖို့ မကြိုးစားကြဘူးတဲ့။

ရေနံမြေကနယ်နှင်လို့ မန္တလေးရောက်လာခဲ့ရတဲ့ သခင်တင်လှကို ဆရာကြီးက သူ့ကျောင်းမှာ ပညာဆက်လက်သင်ကြားဖို့ ခွင့်ပြုခဲ့တယ်။ သခင်တင်လှ (ရေနံချောင်း၊ စဥ့်ကူ၊ အခု ယူဘီအေလေကြောင်း ကိုယ်စားလှယ်ဟောင်း၊ မကွေး) ကိုစောမောင်၊ (မန္တလေးမြို့တော်ဝန်ဟောင်း၊ ဗိုလ်စောမောင်–ကွယ်လွန်)၊ ကိုသန်းနိုင် (သခင်ဗဟိန်းရဲ့ညီ) တို့တစ်တွေဟာ မြေအောက်တော်လှန်ရေးနဲ့ ပတ်သက်တဲ့ လက်ကမ်းပိုစတာများ၊ နံရံကပ်ပိုစတာများကို မြို့အနှံ့ လိုက်လံကပ်ကြတာတွေကို ဆရာကြီးသိတယ်၊ ဒါပေမယ့် မသိဟန်ဆောင်နေလိုက်ပါတယ်။

ဆရာကြီးရဲ့ နိုင်ငံရေးတက္ကသိုလ်ကျောင်းတော်ကြီးဟာ ၁၃၀၀ ပြည့်နှစ် မန္တလေးအရေးတော်ပုံမှာ အင်မတန် အရေးပါအရာရောက်တဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။

ဥပမာဆိုရင်– ကျောင်းသားတွေ သပိတ်မှောက်သွားတဲ့အခါ နောက်ပိုင်းက လိုအပ်သလိုကူညီပေးခဲ့တယ်၊ သူ့လက်ထောက်ဆရာတွေလွှတ်ပြီး သပိတ်ကို စောင့်ရှောက်စေတယ်။ သူ့ကျောင်းက သပိတ်မမှောက်တဲ့ ကျောင်းသားတွေကို ကြိမ်ကိုင်ပြီး သပိတ်ထဲလိုက်စေတယ်။ သပိတ်ကြီးပြိုကွဲမသွားအောင်လည်း အဓိကအရေးကြီးတဲ့ အချက်ဖြစ်တဲ့ ရန်ပုံငွေနဲ့ ရိက္ခာတွေကို သူ့နည်းသူ့ဟန်နဲ့ စုဆောင်းပေးပါတယ်။

ရန်ကုန် ဗဟန်းရပ် ရေတာရှည်လမ်း ခြံအမှတ် (၃၃)တွင် ၁၉၃၀ ပြည့်နှစ် မေလ (၂၆)ရက်နေ့တွင် ကိုလှသောင်း၊ ကိုဗသောင်း၊ ကိုအောင်ဒင်၊ ကိုတင်စိန်၊ ကိုအုန်းတင်၊ ကိုလှမောင် စတဲ့ မြန်မာလူငယ်တစ်စုက တို့ဗမာ အစည်းအရုံးကို တည်ထောင်လိုက်တယ်။ သူတို့နာမည်တွေရှေ့မှာ သခင်၊ သခင်မ ဆိုတာတွေ ထပ်တိုးလိုက်ပါတယ်။ အဲဒီမယ် သခင်လှသောင်း၊ သခင်ဗသောင်း၊ သခင်အောင်ဒင်၊ သခင်တင်စိန်၊ သခင်အုန်းဖေ၊ သခင် လှမောင် တို့ရယ်လို့ စတင်ခေါ်ကြတယ်။

ဒီအချိန် မန္တလေးက သီချင်းရေးဆရာ ဝိုင်အမ်ဘီ ကိုတင် ရောက်လာတယ်။ သူကလည်း အဲဒီမှာ "တို့ဗမာ" လို့ နှုတ်ဆက်ရင်းကနေ "ဝိုင်အမ်ဘီ သခင်တင်" ဆိုပြီး နာမည်ပြောင်းလိုက်တယ်။

နောင်မကြာခင်မှာဘဲ သခင်ဘသောင်း ဥက္ကဋ္ဌ၊ သခင်သိန်းမောင် အတွင်းရေးမှူး ပါဝင်တဲ့ အမှုဆောင် ခုနစ်ဦးပါအဖွဲ့ကို ဖွဲ့ခဲ့ပါတယ်။

တို့ဗမာအစည်းအရုံး တည်ထောင်ပြီးတဲ့နောက် တို့ဗမာများ အမျိုးသား စိတ်ဓာတ် ထကြွလာအောင် ဇာတိသွေး ဇာတိမာန်များ တဖွားဖွားပေါ်လာအောင် အမျိုးသားသီချင်းတစ်ပုဒ် ရှိဖို့လိုအပ်ကြောင်း ဆွေးနွေးမိကြပြန်တယ်။ ဒါကြောင့် တို့ဗမာသီချင်းတစ်ပုဒ်ကို ဖော်ထုတ်ကြပါတယ်။ သခင်ဗသောင်း၊ သခင်လှဘော်တို့က မြန်မာစကားလုံးများကို ရှာပေးပါတယ်။ ဝိုင်အမ်ဘီသခင်တင်က သီချင်းရေးစပ် အသံသွင်းပေးခဲ့ပါတယ်။ ဒီတို့ဗမာ သီချင်းကို နောင်ကာလများတွင် အမျိုးသားသီချင်းရယ်လို့ အသိအမှတ်ပြုခဲ့ပါတယ်။

အမျိုးသားသီချင်းမှာ–

တကောင်း အဘိရာဇာ–– တို့ဗမာသာကီမျိုးဟာမို့– မညှိုးဂုဏ်တေဇာ– ယိုးဒယားနှင့် ကုလားကိုပါ–– တိုက်ခိုက်ကာ– အောင်ခဲ့တာ– တို့ဗမာ– စိန်မှန်ကင်းစစ်–– အဖြစ်ကြီးဖြစ်ရင်– ထင်းတစ်လှဲ့ကြုံရတုန်းနှင့် မသွေ– လောကဓမ္မတာပေ– ငါတို့က်ခေ ဖြစ်ရပြန်သလေ–– သို့သော်– အရင်းစစ် လျှင်– ဗမာပြေ– ငါတို့– ငါတို့ပြေ–

၁။ နောင်ဥဒါန်းဘယ်မပြေစရာ
ရာဇဝင်ထင်းထင်းမျိုးရိုးနွယ်လာ
ကမ္ဘာတစ်ခွင်မှာဖြင့် ဗမာအထင်အရှား

တို့ခေတ်တွင်းမှာ
ညံ့ကြတော့မှာလား တို့ဗမာ
တို့ဗမာမဟုတ်လေသလား
တို့ဗမာ– ငါတို့ဗမာ
တို့ဗမာ– ငါတို့ဗမာ
ဒါ– ငါတို့ဗမာ
ဒါ– ငါတို့ဗမာ
အားလုံးညီညီ
ယောကျာ်းဘသားတို့ဗမာ
နောင်လာနောက်သား ကောင်းစားဖို့ရာ
တို့ကိုယ်ကျိုးလုံးလုံးမပါ
ရဲရဲဗမာပီပီ
ဗမာပြေကို တို့ဗမာတို့ပါ
သခင်ကျင့်ကို ကျင့်ကြပါ
သခင်မျိုးဟော့ တို့ဗမာ
မိုးအောက်မြေပြင်မှာ
အထက်တန်းစိတ်နဲ့
စာမရှိ သွေးတို့ဗမာ

၂။ ကမ္ဘာမကြေ ဗမာတွေ
ဒါတို့ပြေ ဒါတို့မြေ ဒါငါတို့မြေ
ကမ္ဘာမကြေ ဗမာတွေ
ဒါတို့ပြေ ဒါတို့မြေ ဒါငါတို့ပြေ
ဒါတို့ပြေ ဒါတို့မြေ ဒါငါတို့ပြေ
တို့ဗမာ တို့ဗမာပြေကို
တိုင်းရင်းသားအကုန်အစင်
တို့မြေလို့မှတ်ထင်
တို့ဝတ္တရားပင်
တို့ဗမာသခင်။

၃။ အမျိုးသားရေးကြိုးပမ်းကြပါ
တို့ဗမာဟော့ တို့ဗမာ

ဩော် အမျိုးသားရေး ကြိုးပမ်းကြပါ
တို့ဗမာဟေ့ တို့ဗမာ
အရှေ့ကနေဝန်းထွက်သည့်ပမာ
တို့ခေတ်ကိုသာ ရောက်ရမည်မှာမလွဲပါ
တို့ဗမာဟေ့ တို့ဗမာ
ဗမာပြည်တစ်ဝန်းအကုန်
တို့အိမ်မှတ်ပါ
တို့ယာမှတ်ပါ
အဲဒါတို့ဗမာ–

(အပိုဒ် (၂) ကမ္ဘာမကြေ ပြန်ကောက်ပါ)

၁၉၃၀ ခု၊ ဇူလိုင်လ (၁၉)ရက်နေ့မှာ တို့ဗမာသီချင်းကို သထုံကျောင်းဆောင် သဟာယနဲ့ စာဖတ်ခန်းမှာ ပထမဆုံး စတင်သီဆိုခဲ့ကြပါတယ်။

နယ်ချဲ့သမားကို အစာငတ်ခံတိုက်ပွဲဝင်ရင်း ကျဆုံးသွားတဲ့ အရှင်ဦးဝိစာရ ကိုယ်တော်အား ဂုဏ်ပြုတဲ့အနေနဲ့ ၁၂၉၃ ခုနှစ် တော်သလင်းလကွယ်တနင်္ဂနွေနေ့ နေ့လယ် ရွှေတိဂုံကုန်းတော် အနောက်မြောက်ဘက် ရာဟုထောင့်ဦးစံထွန်း ဒေါ်နှစ် တန်ဆောင်းကြီးအတွင်းမှာ တို့ဗမာသီချင်းကို အတီးအမှုတ်ဖြင့် သီဆိုပြခဲ့ပါတယ်။

ဒီပွဲသို့ မန္တလေး ဆရာကြီးဦးရာဇတ်ကျောင်းက ကျောင်းသား ဖြစ်နေသေးတဲ့ ကိုခင်မောင်ကလေး (နောင်တော့ ဆရာဦးခင်မောင်ကလေး သို့မဟုတ် ဗိုလ်ခင်မောင်ကလေး)က လမ်းကြုံတာနဲ့ တက်ရောက် နားထောင်ခဲ့ပါတယ်။ ပြီးတော့ တို့ဗမာအစည်းအရုံးမှာ ဒီသီချင်းကို တက်ရောက်သင်ကြားခဲ့ပါတယ်။ သခင်စိုးက လက်ဟန်ခြေဟန်နဲ့ ချပေးခဲ့တယ်တဲ့။

မန္တလေး ပြန်ရောက်တော့ ဒီသီချင်းကို ဆရာကြီးရဲ့ကျောင်းမှာ ကျောင်းသား ကိုခင်မောင်ကလေး (ဆရာဦးခင်မောင်ကလေး သို့မဟုတ် ဗိုလ်ခင်မောင်ကလေး)က ဆိုဆိုနေတယ်။ ဒါကို ဆရာကြီးကကြားတော့ သဘောကျသွားတယ်။

"မျိုးချစ်စိတ်ကို နှိုးဆွပေးတဲ့သီချင်း ဖြစ်တယ်၊ ကျောင်းမှာ ဒီသီချင်း သီဆိုဖို့ကောင်းတယ်" ဆိုပြီး ဆရာကြီးက ကျောင်းဆင်းချိန်မှာ ဆိုစေတယ်။

တစ်နေ့ညမှာ ပခုက္ကူက ကျောင်းသား ကိုဘခိုင်၊ နေရှင်နယ်ကျောင်းသား ကိုခင်မောင်ကလေးနဲ့အတူ ဆိုင်းတန်းအငြိမ့်တစ်ခုမှာ သွားဆိုတော့ ပြောင်းဖူးနဲ့ ပေါက်ခံရတယ်။

ဒီသီချင်းကို နောက်ပိုင်း မန္တလေးက အထက်တန်းကျောင်းတွေမှာပါ သီဆိုလာကြတယ်။ ဗဟိုအမျိုးသား အထက်တန်းကျောင်းက ပထမဆုံးသီဆိုခဲ့ခြင်း ပါတဲ့။

မြန်မာတစ်ပြည်လုံးက အမျိုးသားအောင်ပွဲနေ့ ကျင်းပစဉ်မှာ ဒီအမျိုးသား သီချင်းတွေကို သီဆိုကြပါတယ်။

ဆရာကြီး ကျောင်းမှာလည်း အမျိုးသားအောင်ပွဲနေ့မှာ သီဆိုကြပါတယ်။

**မျိုးချစ်စိတ်ကို ပြုစုပျိုးထောင်ပေးခြင်း**

သပိတ်မှောက်ရင်လည်း ဒီကျောင်းကစပြီပါ။ အာဇာနည် ၁၇ ဦး ကျဆုံးတဲ့တိုက်ပွဲကို ခေါင်းဆောင်သူများဟာလည်း ဒီကျောင်းထွက်တွေပဲ။ အာဇာနည် (၁၇)ဦး ကျဆုံးတဲ့အထဲမှာလဲ ကျောင်းသား မောင်တင်အောင်ဟာ ဒီအမျိုးသားကျောင်းက ကျောင်းသားပဲ။ ရန်ကုန်တက္ကသိုလ်ကျောင်းသား သမဂ္ဂဥက္ကဋ္ဌများဖြစ်ကြတဲ့ ကိုဗဟိန်း၊ လက်ညှိုးထောင် ကိုသိန်းအောင်၊ မန္တလေးသူရိယ ကိုသန်းမောင်တို့ဟာလည်း ဗဟိုအမျိုးသားအထက်တန်း ကျောင်းထွက်တွေ ဖြစ်ပါတယ်။

နောင်အနာဂတ် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွေမှာ ရှေ့တန်းက ပါဝင်ခေါင်းဆောင်ခဲ့တဲ့ သခင်ဗဟိန်း၊ ဗိုလ်မှူးကြီးဟောင်းခင်ညို၊ ဝန်ကြီးဟောင်း ဗိုလ်ခင်မောင်ကလေး၊ စစ်သံမှူးကြီး ဗိုလ်မှူးကြီးဘရွှေ၊ ဗိုလ်မှူး တင်မောင် (သိပ္ပံမှူးတင်)၊ မန္တလေးမြို့တော်ဝန်ဟောင်း ဗိုလ်စောမောင်၊ သခင်ရန်ရွှေ စတဲ့ မြန်မာ့သားကောင်းအာဇာနည်များကို မွေးထုတ်ပေးခဲ့ပါတယ်။

ဗဟိုအမျိုးသားအထက်တန်းကျောင်းသားတိုင်းဟာ ကိုယ့်အမျိုး ချစ်ရမယ်၊ ကိုယ့်ဆရာ၊ ဆရာမတွေကို ချစ်ရမယ်၊ ကိုယ့်ကျောင်းကို ချစ်ရမယ် ဆိုတာ နားလည်နေကြသလို နယ်ချဲ့အင်္ဂလိပ်အစိုးရကို မုန်းရမယ် ဆိုတာကိုလည်း နားလည်လာကြတယ်။

ကျောင်းစစ်ဖို့ အင်္ဂလိပ်ပညာဝန်တွေလာရင် မကြောက်ဖို့၊ မေးတာကို သတ္တိရှိရှိဖြေဖို့ စိတ်ဓာတ်သွင်းပေးထားတယ်။ ဆရာတွေ၊ ဆရာမတွေက

အင်္ဂလိပ်ပညာဝန်တို့ကို သိပ်ကြောက်ရိုသေနေစရာ မလိုဘူး၊ ခပ်မှန်မှန် ခပ်တင်းတင်းပဲ ဆက်ဆံဖို့ မှာကြားထားတယ်။ သူကိုယ်တိုင်ကလည်း သိပ်ဂရုမစိုက်ဘူး။ ကြိုတင်အကြောင်းကြားမှုမရှိဘဲလာရင် နေရာကကိုမထဘဲ စကားပြောတယ်။ အမျိုးသားပညာဝန် ဦးဖိုးကျားလာရင်တော့ အားလုံး သူနဲ့အတူ ဆရာ၊ ဆရာမတွေကို ခရီးဦးကြိုပြုဖို့၊ လေးလေးစားစား ဆက်ဆံဖို့ မှာကြားထားတယ်။

စာရေးဆရာ နှင်းဦးက ၂၃–၈–၅၇ နေ့ထုတ် ပြည်သူ့ဂျာနယ်မှာ ဒီလိုရေးခဲ့ပါတယ်။

"ထို့ကြောင့်လည်း မြန်မာပြည် နိုင်ငံရေးပါတီတိုင်းတွင် ဆရာကြီး တပည့်များကို တွေ့ရသည်၊ ဆိုရှယ်လစ်ထဲလည်း ဆရာကြီးတပည့် တွေ၊ ကွန်မြူနစ်ထဲတွင်လည်း သူ့တပည့်၊ အလံနီပါတီတွင်လည်း သူ့တပည့်များ ပါဝင်ခဲ့ပေရာ ဘယ်ထောင့်က ဘယ်သူတွေဆူဆူ ထိုဆူသောပါတီ အဖွဲ့အသင်းတွင် သူမွေးထုတ်လိုက်သော တပည့် တစ်ယောက် ဖြစ်နေရမည်ဖြစ်လေသည်။ ထို့ကြောင့်လည်း တပည့် များက သူ့ကို နိုင်ငံရေးဖခင်ကြီးဟု ခေါ်ကြလေသည်။

"ဂျပန်လက်ထက်ကို ကြည့်လိုက်ဦးမယ် ဆိုလျှင် မြန်မာ့ တပ်မတော်တွင် သာမန်စစ်သားကလေးမှအစ အမြင့်ဆုံး စစ်ဗိုလ်ကြီး များအထိ သူ့တပည့်များကို အများဆုံးတွေ့ခဲ့ရပေမည်။ ထို့ကြောင့် ထမင်းစားပွဲတစ်ခု၌ ကျောင်းသားဟောင်းတစ်ဦးက ဆရာကြီး အကြောင်းကို ထ၍ပြောရာတွင် "ဘယ်သူလုပ်လို့ လွတ်လပ်ရေးရရ ဆရာကြီးလုပ်တာပဲဖြစ်ရမယ်၊ ဆရာကြီးဟာ ကွန်မြူနစ်၊ ဆရာကြီးဟာ ဆိုရှယ်လစ်၊ ဆရာကြီးဟာ အလံနီ ဟု ပြောခဲ့ဖူးသည်။

စာရေးဆရာ၊ သတင်းစာဆရာ လူထုဒေါ်အမာကလည်း ဒီလို ပြောပြပြန်ပါသေးတယ်–

"ဆရာကြီးရဲ့ကျောင်းမှာ မျိုးချစ်စိတ်ရှိတဲ့ အချို့ပုဂ္ဂိုလ်တွေက သူတို့သားတွေကို ပညာသင်စေတယ်၊ မျိုးချစ်လူငယ်တွေ ဖြစ်စေချင် လို့ပဲ။

ဒီကျောင်းဟာ နှစ်ကြာလာတော့ စည်းကမ်းတွေ လျော့ရဲလာ တယ်တဲ့။ တခြားကျောင်းတွေက စည်းကမ်းပျက်၍ ထုတ်ပစ်တဲ့

ကျောင်းသားတွေ လက်ခံခဲ့တယ်။ နောက်ဖြစ်လာတာကတော့ နေချင်တိုင်း နေလို့ရတဲ့ကျောင်းတဲ့။

တခြားကျောင်းတွေက ဆရာကြီးရဲ့ နေရှင်နယ်ကျောင်းကို အမှိုက်ပုံလို သဘောထားကြတယ်။ တို့ကျောင်းက စည်းပျက်ကမ်းပျက် လို့ မရလို့ထုတ်ပစ်တဲ့ ကျောင်းသားတွေ သူတို့နေရှင်နယ်က လက်ခံတယ်။ စည်းပျက်ကမ်းပျက်ကျောင်းလို့ တီးတိုး ဝါဒဖြန့်ကြတယ်။

ဒီလိုစည်းကမ်းတွေ လျော့ရဲလာတာကတော့ ဆရာတွေ ကွပ်ကဲတဲ့နေရာမှာ လျော့ရဲလို့ရယ်၊ ပြီးတော့ တစ်မျိုးက ကျောင်းသားတွေကို နိုင်ငံရေးစိတ်ဓာတ်တွေ သွင်းပေးလို့ရယ်ကြောင့် ဖြစ်တယ်။ နေရှင်နယ်ကျောင်းဟာ ပညာရေးမှာ ပထမတန်းစားထဲမှာ မပါဘူး။ ဒါပေမယ့် နိုင်ငံရေး၊ အမျိုးသားရေး ယဉ်ကျေးမှုတို့မှာကတော့ ထိပ်တန်းကနေတယ်။

အမျိုးသားကျောင်းမှာ တစ်ခုခုမလုပ်လိုက်နဲ့၊ လုပ်လိုက်ရင် နိုင်ငံရေးအငွေ့အသက်တွေတော့ ပါစေတယ်။ ရာဇဝင် (သမိုင်း) ဘာသာသင်တဲ့အခါမှာလည်း နိုင်ငံရေးပညာတွေ၊ တိုင်းပြည်လွတ်လပ်ရေးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ကြိုကြားကြိုကြား ညှပ်ညှပ်ပြောသွားတယ်။ ပထဝီသင်ရင်လည်း ဟိုမိုင်ပေါင်းများစွာ ဝေးတဲ့ အင်္ဂလန်ကျွန်းစုကလေးက မြန်မာပြည်ကို လက်နက်နဲ့ အဓမ္မ ကျူးကျော်သိမ်းပိုက်တဲ့ အကြောင်းတွေလည်း အလျဉ်းသင့်သလို ပြောရင်း နိုင်ငံရေးစိတ်ဓာတ်တွေ မသိမသာ ရိုက်သွင်းစေတယ်။

အင်္ဂလိပ်စာသင်ပြန်ရင်လည်း နယ်ချဲ့အင်္ဂလိပ်ရဲ့ လိမ္မာပါးနပ်မှုတွေကို ဉာဏ်မီစွာ တွေးနိုင်ခေါ်နိုင်ဖို့ အမေရိကန်ပြည်ထောင်စုကို အင်္ဂလိပ်က ကျူးကျော်အုပ်စိုးထားတယ်။ ဂျော့ဝါရှင်တန်ဆိုတဲ့ အမေရိကန်မျိုးချစ်တွေဟာ ထပြီး သူပုန်ထခဲ့ပုံတွေ၊ အိုင်ယာလန် သူပုန်ခေါင်းဆောင် မိုင်ကယ်ကောလင်းတို့ အင်္ဂလိပ်နယ်ချဲ့လွှမ်းမိုးမှု အောက်က လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ပုံတွေ၊ ကမ္ဘာ့ လွတ်လပ်ရေးလှုပ်ရှားမှုများ၊ အင်္ဂလိပ်ရဲ့ အုပ်ချုပ်ပုံများ၊ စက်မှုသိပ္ပံ ပညာရပ်တွေဟာ အင်္ဂလိပ်လို ရေးသားထားတော့ အင်္ဂလိပ်စာမတတ်ရင် မျက်ကန်းတွေလို ဖြစ်နေမှာဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည် လွတ်လပ်ရေး

ကြိုးပမ်းမှုမှာ နေးကွေးနိုင်ကြောင်း၊ အထွေထွေဗဟုသုတ မရနိုင်ကြောင်း၊ နိုင်ငံတကာ နိုင်ငံရေးလှုပ်ရှားမှုကို မသိရှိနိုင်ကြောင်း၊ ဒါကြောင့် အင်္ဂလိပ်အုပ်စိုးတာကို မုန်းရမှာဖြစ်ပေမယ့် အင်္ဂလိပ်စာကို တော့ အင်္ဂလိပ်စာတတ်၊ အင်္ဂလိပ်တစ်ယောက်လို တတ်အောင် ကြိုးစားသင့်ကြောင်း။

အင်္ဂလိပ်စာရဲ့ အရေးပါ အရာရောက်မှုကို စာရေးဆရာ သိပ္ပံမျိုးတင်က သူ့ရဲ့ "အင်္ဂလိပ်စာနှင့် ဆရာကြီးရာဇတ်" ဆောင်းပါး (၂၆–၁–၇၀ နေ့ထုတ် ကြေးမုံ) မှာ ဖော်ပြထားတာကတော့–

"ဆရာကြီး ကျဆုံးသွားပြီးနောက် ကျွန်တော်တို့ မြန်မာပြည်တွင် အင်္ဂလိပ်စာပြဿနာပေါ်လာတိုင်း ကျွန်တော့်ဆရာကြီးကို ပြေးပြေး သတိရမိသည်။ ကိုယ်ကိုယ်တိုင် အင်္ဂလိပ်စာကို အထိုက်အလျောက် ဖတ်မှတ်လေ့လာနိုင်မိရတိုင်း ဆရာကြီး၏ စေတနာအမြော်အမြင် ကြီးမှုကို ကျွန်တော် ချီးကျူးမကုန် ကျေးဇူးတင်မဆုံးအောင် ရှိပါသည်။ အမျိုးသားကျောင်းဟူသည် အင်္ဂလိပ်ကို တော်လှန်ခဲ့သောသူများ စုစည်း တည်ထောင်သောကျောင်း ဖြစ်ပါလျက်နှင့် အင်္ဂလိပ်စကား မပြော သဖြင့် ကြိမ်နှင့်ရိုက်ဆုံးမသည်မှာ အင်္ဂလိပ်ကို ကျွန်ခံလို၍၊ အင်္ဂလိပ် အလိုကျလုပ်လို၍၊ အင်္ဂလိပ်ကို အမွှန်းတင်လို၍၊ အင်္ဂလိပ်ကို အထင် ကြီး၍၊ အင်္ဂလိပ်စာကို ဘုရင်းစင်ပေါ်တင်လို၍ မဟုတ်ကြောင်း၊ ထိုစဉ်က ကျောင်းသားများကလည်း နားလည်သည်၊ ကျောင်းသား မိဘများကလည်း နားလည်သည်၊ တိုင်းပြည်ကလည်း နားလည်သည်။

နှစ်ပေါင်း (၃၀) ကျော်ပြီးနောက် တစ်ဖန်ပြန်လည် စဉ်းစားမိ သောအခါ ဆရာကြီး၏လမ်းညွှန် တိုက်တွန်းအားပေးမှုမျိုးသည် ထိုခေတ် ထိုအခါကပင်လျှင် အံဝင်ခွင်ကျသည်မဟုတ်သေး။ ယခုခေတ် ယခုအခါတွင်လည်း အလွန်သင့်မြတ်ပြီး နောင်တွင်လည်း လက်ခံ ရဦးမည်၊ တိုက်တွန်းအားပေးမှုကို လိုချင်ပါသည်၊ ထိုစဉ်ကသာလျှင် ဆရာကြီးသည် လိပ်ပြာငယ်ရောဂါ စွဲကပ်ကာ သိမ်ငယ်စိတ်သာ မွေးလာပါက ယင်းသို့ တိုက်တွန်းရန်မဟုတ်ဘဲ ကျဉ်းမြောင်းသော အတွေးအခေါ်တို့နှင့် ကျွန်တော်တို့အား သွန်သင်ဖွယ်ရာရှိမည်မဟုတ်ချေ။

ကျွန်တော်တို့သည်လည်း ကျဉ်းကျဉ်းမြောင်းမြောင်းနှင့်ပင် လူချင်း မယှဉ်ဝံ့၊ ကမ္ဘာသို့မထွက်ဝံ့၊ မနိုင်းဝံ့၊ မလေ့လာဝံ့ ဖြစ်နေကြရမည် ဖြစ်ပေသည်။

စာရေးဆရာ သိပ္ပံမှူးတင်က သူ့ရဲ့ အဲဒီဆောင်းပါးမှာ ဒီလိုနိဂုံးချုပ်ထားပြန်ပါတယ်–

ဆရာကြီး၏ စေတနာမျိုး အမြော်အမြင်မျိုးဖြင့် အားပေး ပြုပြင် တိုက်တွန်းသော အလေ့အထကသာ ယနေ့ ကျွန်တော်တို့ ကျင့်သုံးနိုင်ပါက ယင်းကို ဝမ်းမြောက်စွာ လက်ခံမျှော်လင့်နေကြသူ လူငယ်များ အများအပြားရှိမည်ဟု ယုံကြည်ပါသည်။

ယနေ့လူငယ်များသည် အနာဂတ် မြန်မာများပင်ဖြစ်သတည်း။

အဲဒီလိုပဲ ဘယ်ဘာသာကိုပဲသင်သင် သက်ဆိုင်ရာဘာသာ ပို့ချတဲ့ ဆရာတွေက ကျောင်းသားတွေကို တိုင်းပြည် လွတ်လပ်ရေးလုပ်ငန်းအတွက် ဦးတည်ပြီး ဆောင်ရွက်ခဲ့တာချည်းပဲဖြစ်တယ်။

ဆရာကြီးက သူ့ကျောင်းသားတွေကို နဂါးနီစာအုပ်အသင်းဝင်ဖို့ တိုက်တွန်းတယ်၊ နဂါးနီက ထုတ်တဲ့စာအုပ်တွေလည်း ဖတ်ခိုင်းပါတယ်။ ဒါကြောင့် ကျောင်းသူ ကျောင်းသား တော်တော်များများဟာ နဂါးနီစာအုပ် အသင်းဝင်များဖြစ်လာကြတယ်။ နဂါးနီကထုတ်တဲ့ စာအုပ်တွေဖတ်ပြီး အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းလိုစိတ်တွေ မြင့်တက်လာကြတယ်။

## နယ်ချဲ့အစိုးရရဲ့ ရာထူး

"မင်းတို့တစ်တွေဟာ ဘီအေဂုဏ်ထူး ဘွဲ့ထူးတွေကို အထင်မကြီးဖို့၊ အမ်အေ၊ အမ်အက်စ်စီတွေအောင်ပြီး အိုင်စီအက်စ်တွေ ဖြစ်လာကြမယ်ဆိုရင်တော့ ငါဝမ်းသာတယ်၊ ဒါပေမယ့် မင်းတို့အတွက် ဂုဏ်မယူဘူး။

တိုင်းပြည်အတွက် ဘယ်နေရာမှာ ဘယ်လိုအနစ်နာခံပြီး ဘယ်လိုတာဝန်ထမ်းဆောင်နေတယ်ဆိုရင် အဲဒီအတွက် ငါဂုဏ်ယူတယ်။ အဲဒီလို တိုင်းပြည်အတွက် အနစ်နာခံလုပ်နေတာကို ဂုဏ်ယူရမှာပါ"

၁၉၄၀–၄၁ ခုနှစ်က ဆရာကြီးရဲ့ကျောင်းမှာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ၊ မန္တလေးမြို့လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ လုပ်သွားတဲ့ ချောက် တစ်ဖက်ကမ်းက ဆိပ်ဖြူသား ကိုငွေထွန်း (ဌာနခွဲမန်နေဂျာ၊ ကုန်သွယ်

ရေး–၁၊ ရန်ကုန်–အငြိမ်းစား)က ဆရာကြီးနဲ့ပတ်သက်ပြီး ကျမ်းပြုသူကို ဟောဒီလို ပြောပြပါတယ်။

"စာမေးပွဲအောင်ရုံသက်သက်နဲ့တော့ ငါ့ကျောင်းကို မလာကြနဲ့၊ စာမေးပွဲအောင်ရုံသက်သက်ဆိုရင် စိန့်ပီတာတို့လို၊ ဟိုက်စကူးကျောင်းတွေ အများကြီးရှိတယ်။ အဲဒီကျောင်းတွေသွားကြ၊ ခုချိန်မှာ တိုင်းပြည်အတွက် အရေးကြီးတယ်၊ မျိုးချစ်စိတ်ရှိဖို့ လိုတယ်၊ တိုင်းပြည်လွတ်လပ်ရေးအတွက် နည်းလမ်းရှာဖို့ အချိန်အခါမျိုးဖြစ်တယ်" လို့ ဆရာကြီးက ပြောပြတယ်။

ဆရာကြီးက တိုင်းပြည် လွတ်လပ်ရေးကြိုးပမ်းမှုနဲ့ အခါအခွင့်ဟာ အရေးကြီးတတ်ပုံကိုလည်း ဒီလို ပြောပြပါသေးတယ်။

"လှိုင်းအကျနဲ့ လှေအပုတ်ကို စောင့်ပြီး စုန်ရမယ်၊ တံငါရဲ့ လှေဝမ်းထဲရောက်နေတဲ့ ငါးက သူ့လွတ်မြောက်ရေးအတွက် ချိန်ကိုက်မခုန်ဘဲ ခုန်ချင်သလို ထခုန်နေရင် တံငါက ဒီငါးနယ်နော် ငြိမ်ငြိမ်နေတာမဟုတ်ဘူး ဆိုပြီး အမြင်ရှုပ်ရှုပ်နဲ့ တက်မနဲ့ ခုတ်ပေလိမ့်မယ်။

"ဒီလိုပဲ တိုင်းပြည်လွတ်လပ်ရေးအတွက် လုပ်ရာမှာလဲ လှိုင်းအထလှေအပုတ်ကို စောင့်လုပ်တတ်ဖို့လိုတယ်။ လှိုင်းအကျ လှေအပုတ်မှာ ခုန်ဖြစ်အောင် ခုန်နိုင်ဖို့ အရေးကြီးတယ်"လို့ ဆရာကြီးကလဲ ပညာပေးတယ်။

၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်တုန်းက ကျွန်တော်က အကျွေးအမွေးတွေကို တာဝန်ခံရသူပါ။ ဒီတုန်းက ဆရာကြီးက ဘယ်လိုဆုံးမစကားပြောသလဲဆိုရင်–

"တို့ကျောင်းဟာ တခြားကျောင်းတွေနဲ့ယှဉ်ရင် စည်းကမ်းရှိရမယ်၊ ဖွဲ့ရှိရမယ်၊ အနစ်နာခံပြီး စည်းရုံးရမယ်၊ အရာရာမှာ စံပြဖြစ်ရမယ်" လို့ သွန်သင်ဆုံးမခဲ့တယ်။

ဆရာကြီးဟာ တစ်ကိုယ်ရေ ကောင်းစားရေးလှုပ်ရှားမှုကို အားပေးခြင်း၊ ဂုဏ်ယူခြင်းမရှိဘူး။ သူကိုယ်တိုင်ဟာလည်း ကျောင်းသားဘဝ အိုင်အေတန်းမှာကတည်းက "အိုင်ပီ"ရာထူးကို ချက်ချင်းခန့်ပေးမယ်၊ နောင်လည်း ရာထူးတွေတက်အောင် ဆောင်ရွက်ပေးမယ်ဆိုတာကို ပယ်ချခဲ့တယ်။

ဆရာကြီးမိဘဟာ ဆရာကြီး ပညာတော်တဲ့အတွက် ဘီအေ အောင်ပြီး နောက် နိုင်ငံခြားကိုလွှတ်ဖို့ အစီအစဉ်ရှိတယ်။ အဆင့်မြင့် ပညာတွေကို သင်စေမယ်၊ အများဆုံး အိုင်စီအက်စ်တစ်ယောက် ဖြစ်စေမယ်လို့ ရည်မှန်း ခဲ့တယ်။

ဒါပေမယ့် ဆရာကြီးက ဒါတွေအားလုံးကို စွန့်ပြီး ဘဝ အာမခံချက် မရှိတဲ့ အမျိုးသားကျောင်းမှာ လခရတစ်ချက် မရတစ်ချက် လခကလေးနဲ့ပဲ ဝင်ပြီးအနစ်နာခံခဲ့တယ်။

အဲဒါကြောင့် သူ့ကျောင်းသားတွေ မြို့အုပ် ဝန်ထောက်တို့၊ အရေးပိုင်တို့၊ အိုင်စီအက်စ်တို့ဖြစ်လာရင် ဝမ်းသာတဲ့အဆင့်ပဲရှိတယ်။ သူ့အတွက်တော့ ဂုဏ်မယူဘူးလို့ ခပ်ရှင်းရှင်းပဲ ပြောပြတယ်။

ပညာတတ်တွေဖြစ်ပြီး ငါးကြင်းဆီနဲ့ ငါးကြင်း ကြော်စေချင်တယ်။ ဆိုလိုတာက အင်္ဂလိပ်အစိုးရက သင်ပေးတဲ့ပညာနဲ့ အင်္ဂလိပ်အစိုးရကို ပြန်တော်လှန်စေချင်တဲ့ဆန္ဒ ဆရာကြီးမှာရှိတယ်။

ဆရာကြီးဟာ ကျောင်းသားတွေ ပညာတတ်သွားရင် အင်္ဂလိပ်အစိုးရ ဆီမှာ လခစားဝင်မလုပ်ဘဲ လွတ်လွတ်လပ်လပ် လုပ်စားကြဖို့ သွယ်ဝိုက်ပြီး ပြောတယ်။ ကျွန်ဘဝက လွတ်မြောက်အောင်အတွက် လွတ်လပ်ရေး တိုက်ပွဲဝင် တပ်သားများဖြစ်စေချင်တဲ့ သဘောတွေရှိတယ်လို့ ဆိုတဲ့အချက်ကို ဆရာကြီးက ထုတ်ဖော်မပြောပေမယ့် ဆရာကြီးရဲ့ လေ့ကျင့်ပေးမှုတွေက ဒီလို သဘောပေါက် နားလည်စေတယ်။

နိုင်ငံရေးကို ထိထိမိမိလုပ်နေတဲ့ ကျောင်းသားတွေ ကျောင်းပျက်ကွက် ရင် မသိလိုက်မသိဘာသာ နေလိုက်တယ်။ ဒါပေမယ့် အောင်ဖို့အတွက် အဲဒီလိုကျောင်းသားမျိုးကို သီးသန့်လေ့ကျင့်ပေးတယ်။ အကြောင်းမဲ့ ကျောင်းပြေး တဲ့ ကျောင်းသားကိုတော့ ချမ်းသာမပေးဘူး။ အိမ်အထိ လိုက်ရိုက်တယ်။

မြန်မာလူမျိုးတွေသာမက အချို့ပုဂ္ဂိုလ်ကြီးတွေကို အင်္ဂလိပ်အစိုးရက T.P.S, K.S.M., A.T.M., အဲဒီလိုဘွဲ့တံဆိပ်တော်တွေ ပေးတယ်။ ဒီကျောင်းက ကျောင်းထွက်သွားကြတဲ့အခါမှာ အင်္ဂလိပ်ကပေးတဲ့ ဒီဘွဲ့ထူး ဂုဏ်ထူးတွေကို အားကျမိမှာစိုးလို့နဲ့တူပါတယ်။ ကျောင်းနေကတည်းက ဆရာတွေက ကြိုပြီး ပညာပေးထားတယ်။

ဒီအင်္ဂလိပ်ကပေးတဲ့ ဘွဲ့တံဆိပ်တွေဟာ မြန်မာ့မျိုးချစ်တွေရဲ့ အမြင်နဲ့ဆိုရင် အင်္ဂလိပ်အုပ်စိုးတဲ့ စစ်ကြိုခေတ်က MM ဆိုပြီး မြူနီစီပါယ်၊ အခုအခေါ် စည်ပင်သာယာရေးဌာန နွားကိုယ်ရေပေါ်မှာ ရိုက်ပေးလိုက်တာနဲ့ အတူတူပါပဲ။ မြူနီစီပါယ်က လှည်းဆွဲရမယ့်နွားတွေပေါ်မှာ MM ဆိုပြီး တံဆိပ်ရိုက်ပေးလိုက်တယ်။ ဒီတံဆိပ်တွေမရိုက်ရတဲ့ နွားတွေဆိုရင် လှည်းမဆွဲရဘူး။ နွားတွေကတော့ ဒီတံဆိပ်ရဲ့တန်ဖိုးကို မသိဘူးပေါ့။

ဒါပေမယ့် ဒီတံဆိပ်ရိုက်ခံလိုက်ရတဲ့ နွားတွေခမျာမှာတော့ လှည်းကိုရုန်းကန်ဆွဲကြရပါတော့တယ်။ ဒီတံဆိပ်ရိုက်နှိပ်ခံလိုက်ရတော့မှ ဒီလို ပခုံးထက်မှာ လှည်းထမ်းပိုးနဲ့ အချည်အတုပ်ခံရပြီး လှည်းပေါ်ပါလာတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို မနိုင်တစ်နိုင် ကုန်းရုန်းပြီးဆွဲကြရရှာပါတယ်။ တကယ့်လို့သာ နွားတွေမှာ အသိရှိနေမယ်ဆိုရင် လူတွေကို ပြန်ပြောနိုင်မယ်ဆိုရင် အဲဒီလို MM ဆိုတဲ့တံဆိပ် ရိုက်မပေးပါနဲ့လို့ ကန့်ကွက်ပြောရှာပေလိမ့်မယ်။

အင်္ဂလိပ်အစိုးရရဲ့ ပေးတဲ့ အထက်ကဘွဲ့ရတဲ့ ပုဂ္ဂိုလ်ကြီးတွေကတော့ ဒီဘွဲ့တံဆိပ်တွေအတွက် လူပုံလည်မှာ ဝင့်ကြွား ဂုဏ်ယူနေချင်ကြပေမယ်။ ဒါပေမယ့် မျိုးချစ် မြန်မာတွေကြားထဲမှာတော့ အင်္ဂလိပ်သစ္စာကို ဘယ်လောက်ထိ ရိုကျိုးခဲ့သလဲဆိုတာကို နှုတ်ဖြင့် ဖွင့်ဟမပြောပေမယ့် တံဆိပ်ကြီးတွေက ထုတ်ဖော်ပြောလျက်ရှိနေပါတယ်။ ဒါဟာ ရှက်ဖွယ်လိလိ ဖြစ်နေတယ်ဆိုတာကို မသိကြရှာပါဘူး။

မြန်မာမျိုးချစ်တွေအမြင်နဲ့သာဆိုရင် T.P.S တို့၊ K.S.M., K.T.M တို့ဆိုတာတွေဟာ နယ်ချဲ့အင်္ဂလိပ်အစိုးရ အလိုတော်ရိတွေ၊ အင်္ဂလိပ်အစိုးရရဲ့ အကောင်းဆုံးအလုပ်အကျွေးပြုတဲ့ အမျိုးသားသစ္စာဖောက်တွေလို့ပဲ မြင်တယ်။ ဒါကြောင့် တံဆိပ်နှိပ်ခံထားရတဲ့ နွားဟာ ဘာမှမသိသလို ဒီဘွဲ့တံဆိပ်ရသူတွေဟာလည်း တိုင်းပြည်ချစ်ရမယ်၊ မျိုးချစ်စိတ်ရှိရမယ် ဆိုတာတွေကို နကန်းတစ်လုံးမှ မသိတဲ့သူတွေအဖြစ်နဲ့ သဘောထားကြတယ်။ တစ်မျိုးပြောရရင် နွားနဲ့ တစ်တန်းစားတည်းထားပြီး ပြောခြင်းဖြစ်တယ်တဲ့။ ဒီကျောင်းမှာ ဆရာကြီးနဲ့တကွ ဆရာ၊ ဆရာမတွေက ကျောင်းသူ၊ ကျောင်းသားတွေကို အင်္ဂလိပ်နယ်ချဲ့သမားတွေကို မကြောက်ဖို့ အလျဉ်းသင့်သလို စိတ်ဓာတ်တွေ သွင်းပေးတယ်။ အမှတ်တမဲ့ဖြစ်ဖြစ် အင်္ဂလိပ်နယ်ချဲ့ကို မုန်းတီးလာမယ့် စိတ်ဓာတ်တွေ သွင်းပေးတယ်။

ဘာပဲဖြစ်ဖြစ် လုပ်ရင်ဖြစ်ရမယ်၊ အောင်ရမယ်၊ ကြောက်စိတ်ကို စွန့်ရမယ်၊ ရဲစိတ်ကို မွေးရမယ်လို့ တဖွဖွပဲ သိမ်းသွင်းခဲ့တယ်။

ကျောင်းရဲ့ အမှတ်အသားတံဆိပ်ကိုလည်း "ခြင်္သေ့" ကို ကိုယ်စားပြု ထားတယ်။ သတ္တိရှိရမယ်၊ ရဲ့စိတ်ရဲမာန်ရှိရမယ်တဲ့။

ကျောင်းရဲ့ ဥပဒေသကို ကြည့်ပြန်ရင်လည်း "အတ္တာဟိ အတ္တနော နာထော" တဲ့။

| | | |
|---|---|---|
| အတ္တာဟိ | = | မိမိ၏အကျိုးသည် |
| အတ္တနော | = | မိမိသာလျှင် |
| နာထော | = | ကိုးကွယ်ရာ၊ ယုံကြည်ရာသည် တဲ့။ |

"မိမိအကျိုးအတွက် မိမိသာလျှင် ကိုးကွယ်ရာသည်" တဲ့။ ကိုယ့်အလုပ် ကိုယ့်အကျိုးအတွက် ကိုယ်ဟာကိုယ် ဆောင်ရွက်ရမယ်၊ သူများအားမကိုးရဘူး ဆိုတဲ့သဘောပဲ။ ကိုယ့်တိုင်းပြည် လွတ်လပ်ရေးအတွက် ကိုယ့်ဟာကိုယ် စွန့်စားအားထုတ်မှုနဲ့ လုပ်ရမယ်။ ဒီလို အပတ်တကုတ် လုပ်ဆောင်ခြင်းဖြင့် ကိုယ့်လွတ်လပ်ရေးဟာ နောက်ဆုံး ရရမယ်ဆိုတဲ့ ယုံကြည်ချက်ပဲ ရှိနေရမယ်ဆိုတဲ့ စိတ်ဓာတ်တွေ မွေးပေးတယ်။

### အနာဂတ်ရဲ့ ခေါင်းဆောင်ကောင်းဖြစ်ရေး

နောင်အနာဂတ်မှာ ခေါင်းဆောင်ကောင်းတွေဖြစ်အောင် စည်းရုံးလှုံ့ဆော်ရေးမှူးတွေဖြစ်အောင် ကျောင်းမှာ စတင်ပြီး လေ့ကျင့်ပေးတယ်။ ကျောင်းရွေးကောက်ပွဲတွေမှာ၊ စကားပြောပွဲတွေမှာ၊ စကားရည်လုပွဲတွေမှာ စကားပြောတတ်အောင် ဟောရဲ ပြောရဲရှိအောင် လေ့ကျင့်ပေးတယ်။

ကျောင်းသားသမဂ္ဂက ဦးဆောင်ပြီး အပြင်မှာရှိတဲ့ လူကြီးလူကောင်းတွေကို ဖိတ်ခေါ်ပြီး မိန့်ခွန်းစကားတွေပေးဖို့ မေတ္တာရပ်ခံတယ်။ ဒီနည်းနဲ့လည်း ကျောင်းသူ၊ ကျောင်းသားတွေကို ဗဟုသုတ ပွားများစေတယ်။

ကျောင်းသားတွေဟာ အရွယ်ရောက်ကြရင် တိုင်းပြည်အစိုးရအဖွဲ့ ရွေးကောက်ပွဲတွေမှာ မဲပေးတတ်အောင် တိုင်းပြည်အတွက် ကိုယ်ကျိုးမဖက် အနစ်နာခံလုပ်ကိုင်ပေးမယ့် အမတ်တွေကို ရွေးချယ်တတ်အောင် ဒီမိုကရေစီကျကျ လုပ်တတ်အောင် ကျောင်းမှာရှိတဲ့ ကျောင်းသားများသမဂ္ဂ ရွေးကောက်ပွဲနဲ့ အစားထိုး လေ့ကျင့်ပေးတယ်။

ကိုယ့်ကျောင်းသားတွေရဲ့ အရေးအခင်းတွေကို ကိုယ်ကျိုးမဖက် ရှေ့တန်းကနေ အနစ်နာခံလုပ်မယ့် ခေါင်းဆောင်တွေ ရွေးချယ်တတ်ဖို့၊ အဲဒီ ခေါင်းဆောင်တွေကို မဲပေးတတ်ဖို့ သင်ပေးတယ်။

တိုင်းပြည်ကို နယ်ချဲ့အင်္ဂလိပ်က ဘယ်ပုံဘယ်နည်း အုပ်ချုပ်တယ်၊ ရွေးကောက်ပွဲ ဘယ်လိုကျင်းပတယ် စတဲ့ တိုင်းပြည်ကို ဖွဲ့စည်းအုပ်ချုပ်ထားတဲ့ အစိုးရယန္တရားတစ်ခုလုံးအကြောင်း၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ဥပဒေအကြောင်းတွေလည်း ဟောပြောသင်ကြားပေးတယ်။

အင်္ဂလိပ်အစိုးရရဲ့ ဒီမိုကရေစီအခွင့်အရေးဖြစ်တဲ့ လွတ်လပ်စွာ ဟောပြောရေးသားခွင့်၊ ရိုက်နှိပ်ထုတ်ဝေခွင့်၊ အသင်းအပင်းထူထောင်ခွင့်၊ စိတ်တန်းလမ်းလျှောက်ဆန္ဒပြခွင့်၊ သပိတ်မှောက် သပိတ်ထားခွင့်များအားလုံး ကျောင်းသားတွေ နားလည်သဘောပေါက်အောင် အခါအားလျော်စွာ သင်ကြားပေးထားတယ်။

ရွေးကောက်ပွဲတွေမှာ မဲပေးစနစ်တွေပေါ်မှာလည်း စိတ်ဝင်စားလာအောင် သမဂ္ဂမဲထည့်စနစ်နဲ့ အစားထိုးပေးတယ်။ ရွေးကောက်ပွဲဝင်မယ့် ပုဂ္ဂိုလ်တွေကလည်း မဲဆွယ်တရား ဟောတတ်အောင် ဟောခိုင်းတယ်။ သူတို့ရဲ့ သမဂ္ဂကြီး ကြီးပွားတိုးတက်အောင် လုပ်ပေးမယ့် ခေါင်းဆောင်တွေအတွက်လည်း မဲဆွယ်တရားပွဲတွေ လုပ်ပေးကြတယ်။ "အသည်းကြားက မဲတစ်ပြား" ရဲ့တန်ဖိုး ဘယ်လိုရှိတယ်။ မဲထည့်မမှားကြရအောင်လည်း သတိပေး ဟောပြောပွဲတွေကို လက်တွေ့လုပ်ကြည့်စေတယ်။

ကျောင်းကြီး တစ်ကျောင်းလုံးရဲ့ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်ဖြစ်ဖို့ အောက်ခြေကစတဲ့ သဘောနဲ့ အတန်းလိုက်ကစပြီး ရွေးကောက်ပွဲလုပ်စေတယ်။ ဒီမှာ ဗဟိုအမျိုးသားကျောင်းမှာကတော့ နိုင်ငံတော်ရဲ့ အထွေထွေ ရွေးကောက်ပွဲလို နိုင်ငံရေးပါတီအသီးသီး ကိုယ်စားလှယ်အမတ်များ တစ်သီးပုဂ္ဂလ အမတ်များရယ်လို့ မရှိကြဘူး။

ကျောင်းအိမ်သာထရံတို့၊ ကျောင်းအုတ်နံရံတို့မှာ ကျောင်းကြော်ငြာဘုတ်မှာ ကိုယ့်ကိုယ်ကို သမဂ္ဂအမှုဆောင် အရွေးခံရအောင် နံရံကပ်ပိုစတာတွေ ကပ်တယ်၊ တကယ်လို့များ ကျွန်တော့်ကိုရွေးချယ်ရင် ကျောင်းအိမ်သာပျက်စီးယိုယွင်းနေတာကို ပြင်ပေးအောင် ကျောင်းဆရာကြီးနဲ့ ကျောင်း:

အုပ်ချုပ်ရေးအဖွဲ့ကို တင်ပြပေးမယ်။ ဘောကန်ဖိနပ်နဲ့ ဘောကန်အင်္ကျီ ဘောင်းဘီဝတ်စုံတွေရအောင် ဆောင်ရွက်ပေးမယ် ဆိုပြီး မဲဆွယ်တရားတွေကိုလည်း ဟောတယ်။ မဲဆွယ်တဲ့နေရာမှာလည်း တရားသဖြင့် ဖြစ်စေတယ်။

ရွေးကောက်ပွဲဝင်မယ့် ကျောင်းသားတွေဟာ စာရင်းပေးရတယ်၊ ရွေးကောက်ပွဲ ယှဉ်ပြိုင်အရွေးခံမယ့်ပုဂ္ဂိုလ်တွေရဲ့ စာရင်းပါတဲ့စာရွက်တွေ ဝေတယ်။ မဲပုံးထဲ မဲထည့်မယ့်အခါ ယှဉ်ပြိုင်အရွေးခံဖို့ စာရင်းပေးထားတဲ့ စာရွက်ထဲမှ ကိုယ်မကြိုက်တဲ့သူကို ခြစ်ပစ်ပြီး မဲပုံးထဲ သွားထည့်ရတယ်။

ဒီကျောင်းသားသမဂ္ဂ ရွေးကောက်ပွဲကို ဆရာ၊ ဆရာမတွေက ကြီးကြပ်ပေးရတယ်။ မဲထည့်ပေးပြီးရင် ရွေးချယ်သတ်မှတ်ထားတဲ့ ကျောင်းသားကိုယ်စားလှယ်က မဲအရေအတွက်ကို ရေတွက်ရတယ်။ ကျောင်း ဆရာ၊ ဆရာမတွေက ကြီးကြပ် ကြည့်ရှုကြရတယ်။ အဲဒီအရွေးခံရတဲ့ကျောင်းမှ ကျောင်းသူ ကျောင်းသားတွေဟာ သမဂ္ဂဦးစီးတွေဖြစ်လာတယ်။ အဲဒီအထဲက အလုပ်အမှုဆောင်ကို ရွေးချယ်ဖွဲ့စည်းတယ်၊ ပြိုင်ဆိုင်သူရှိရင် မဲခွဲဆုံးဖြတ်တယ်။

ဒါတွေဟာ ကျောင်းသားအရေး ဆောင်ရွက်ပေးမယ့် သမဂ္ဂရွေးကောက်ပွဲအဆင့်ကနေ တိုင်းပြည်ရဲ့ ကံကြမ္မာကို ဖန်တီးပေးမယ့် ရွေးကောက်ပွဲတွေအဆင့်ထိ လူမှန်နေရာမှန် ရွေးချယ်နိုင်အောင် ကိုယ်ကိုယ်တိုင်ကလည်း ပြည်သူ့အမတ်တွေ၊ ပြည်သူ့ကိုယ်စားလှယ်တွေအဖြစ် ပါဝင်အရွေးခံရအောင် အဲဒီလို လက်တွေ့လေ့ကျင့် ပြုစုပျိုးထောင်ခြင်းပဲ ဖြစ်တယ်။

**မန္တလေးကျောင်းသားများ သပိတ်တွင်အဓိကအင်အား**

ရန်ကုန်မှာ ကျောင်းတွေ သပိတ်မှောက်ကုန်ကြပြီဆိုတဲ့ ကြေးနန်းသတင်း ရရချင်း ဆရာကြီးက ချက်ချင်းပဲ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေကို တိတ်တဆိတ်ခေါ်တွေ့ပြီး သပိတ်မှောက်ကြဖို့ နှိုးဆော်တိုက်တွန်းတယ်လို့ မန္တလေးမြို့တော်ဝန်ဟောင်း ဗိုလ်စောမောင်က ကျမ်းပြုသူကို ပြောပြခဲ့ပါတယ်။

ရန်ကုန်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုနု၊ ဒုဥက္ကဋ္ဌ မစ္စတာရာရှစ်တို့ ခေါင်းဆောင်တဲ့ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်မှောက်တုန်းက ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာလည်း သပိတ်မှောက်တယ်။

အဲဒီသပိတ်မှောက်သင့် မမှောက်သင့်ကို ကျောင်းသားသမဂ္ဂက ဦးဆောင်ပြီး ကျောင်းသားထုတစ်ရပ်လုံး ပါဝင်တဲ့အစည်းအဝေးကို ကျောင်းခန်းမဆောင်မှာ စုပြီးဆွေးနွေးကြတယ်။ ကိုစံဝင်း၊ အလီဘိုင် စတဲ့ ကျောင်းသားကြီးတွေက သပိတ်မှောက်ဖို့ ဦးဆောင်ဆွေးနွေး လှုံ့ဆော်တယ်။ ဆရာကြီးနဲ့ ဆရာမတွေလည်း မသိလိုက် မသိဘာသာ သပိတ်မှောက်ဖို့ တိုက်တွန်းတယ်။ နောက်ဆုံး ကျောင်းသားထုတစ်ရပ်လုံး သပိတ်မှောက်ဖို့ ဆုံးဖြတ်တယ်၊ သပိတ်မှောက်ကြတယ်။ သပိတ်ထဲ ငါးနှစ်ကလေးတွေကအစ ပါဝင်ခဲ့ကြတယ်။

မန္တလေးမှာ သပိတ်ကို ကိုဘဟိန်း၊ ကိုစံလင်းတို့က ခေါင်းဆောင်မှောက်ခဲ့တယ်။ မန္တလေးတစ်မြို့လုံးရှိ ကျောင်းသားတွေ သပိတ်မှောက်ခဲ့ပါတယ်။ သပိတ်စခန်းကိုတော့ သကျသီဟဘုရားဝင်းထဲမှာ ဖွင့်ထားပါတယ်။ ကျောင်းတစ်ကျောင်းက ကျောင်းအုပ်ဆရာကြီးက ဒီသပိတ်ကိုခွဲဖို့လုပ်တယ်။ မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းက ကျောင်းသားတွေကိုလည်း ဘိတီအင်ကျောင်းက မြသွေးဆိုတဲ့ ကျောင်းသားက သပိတ်မှောက်ရင် အစိုးရကပေးနေတဲ့ အထောက်အပံ့ကို ရပ်ဆိုင်းခံရလိမ့်မယ်လို့ ခြိမ်းခြောက်ပြောဆိုတယ်။

ဒီတော့ ကျောင်းသားတွေက ဆရာကြီးဆီလာပြီး ဒီအကြောင်းကို စိုးရိမ်စိတ်နဲ့ ပြောကြတယ်။

“အဲဒီလို နောက်လာပြီး ခြိမ်းခြောက်ရင် အစိုးရက သူတို့ပေးတဲ့ အထောက်အပံ့ ဖြုတ်ရဲရင်ဖြုတ်၊ ငါက (          )ထင်တယ်၊ ငါတို့က လည်ပင်းခွက်ဆွဲပြီး ဈေးချိုတစ်ပတ် မပတ်ရဘူး၊ ငါတို့လိုတဲ့ငွေထက်တောင် ရဦးမယ်။ ဈေးချိုက ဝိုင်းပြီးအလှူငွေထည့်ကြမယ်။ ငွေဖလားပိုက်ပြီး မြို့ထဲ တစ်ပတ် မပတ်ရဘူး၊ ငွေဖလားပြည့်လျှံသွားအောင် အလှူငွေထည့်ကြမယ်၊ အပြန်တောင် ဝိုင်းပြီးထမင်းကျွေးလိုက်ကြဦးမယ်၊ မင်းတို့က တစ်ထွာမိုက်ရင် မင်းတို့ထက် အလံတစ်ရာမက ငါတို့က မိုက်ပြလိုက်မယ်လို့ မင်းတို့က ကြိမ်းဝါးမလွှတ်လိုက်ဘူးလား” ဒီလို ဆရာကြီးက စိတ်ပေါက်ပေါက်ရှိပြီး ပြောတယ်။ ဆက်ပြောတာကတော့–

“တို့ နေရှင်နယ်အပေါ် မိဘပြည်သူတွေက စေတနာထားတယ်ဆိုတာ နည်းနည်းမှ မကြားမိဘူးလား။ မန္တလေးမြို့က မိဘပြည်သူတွေက သေကုန်တာမှ မဟုတ်တာ”

အဲဒီလို ဆရာကြီးက တစ်ချက်တည်းရပ်လှဲတရား ဟောလိုက်တယ်။ ဒီနည်းနဲ့ စိုးရိမ်စိတ်နဲ့ လာတွေ့တဲ့ တပည့်တွေရဲ့ စိတ်ဓာတ်ကို မြှင့်ပေးလိုက်ပါသတဲ့။

ကျောင်းပေါင်းစုံက သပိတ်မှောက်ကျောင်းသား ခေါင်းဆောင်တွေဟာ မြို့ပေါ်နဲ့ မြို့ပတ်ဝန်းကျင်တစ်လျှောက်ရှိ မိဘပြည်သူများဆီ သွားရောက်ပြီး ရန်ပုံငွေကောက်ခြင်း၊ ကျောင်းသားတွေရဲ့ လိုလားချက်တွေကို တင်ပြပြောပြောခြင်း၊ အင်္ဂလိပ်နယ်ချဲ့အစိုးရကို ဆန့်ကျင်ရေးတရားတွေ ဟောပြောခြင်းများကို ပြုလုပ်ကြတယ်။ ဒီအထဲမှာ ဗဟိုအမျိုးသား အထက်တန်းကျောင်းသားတွေက ထိပ်ကပါပဲတဲ့။

ဒီလို ကျောင်းသားတွေက “သပိတ်–သပိတ်–မှောက်မှောက်”လို့ လုပ်ရိုးလုပ်စဉ်တစ်ခုကို လုပ်သွားလေ့ရှိပါတယ်။

အချို့ကျောင်းသားတွေကျတော့လည်း “သပိတ် သပိတ် မှောက်မှောက်၊ ဆရာကြီး ဆရာကြီး– မှောက်မှောက်”ဆိုပြီး ချစ်စနိုးအပြုံးဖြင့် ရောယောင်အော်ပြီး သွားကြပါသေးသတဲ့။

ဒီ ၁၉၃၆ခုနှစ် ကျောင်းပေါင်းစုံသပိတ်မှာ “သပိတ် သပိတ် မှောက်မှောက်” ဆိုပြီး ကျောင်းသားတွေ သပိတ်စခန်းကိုထွက်ခွာသွားတယ်။ တချို့ ဘော်ဒါဆောင်က ကျောင်းသားတွေ သပိတ်ထဲလိုက်မသွားဘဲ ကျန်နေတယ်။ ကိုစံဝင်း၊ ကိုချစ်ဆွေတို့က သပိတ်မမှောက်ဘဲ ကျန်တဲ့အထဲမှာပါတယ်။

မင်းတို့က ဘာလို့ ခုထိသပိတ်ထဲ လိုက်မသွားဘဲ အချောင်ခိုနေရစ်ရတာလဲဆိုပြီး ဆရာကြီးက ကြိမ်နဲ့ လိုက်ရိုက်တယ်။ ကိုစံဝင်းက သပိတ်မှောက်ဖို့ ဆော်ဩတဲ့အထဲ၊ လှုံ့ဆော်တဲ့အထဲပါပြီး သပိတ်မှောက်လိုက်တော့ သပိတ်ထဲပါမသွားလို့ ဆရာကြီးက ဒေါပွပြီး လိုက်ရိုက်ပါသတဲ့။

ဆရာကြီးရဲ့ကျောင်းဟာ အစိုးရကို ထိုက်သင့်သလို မှီနေရတဲ့ကျောင်း၊ အစိုးရဆီက အထောက်အပံ့ယူထားတဲ့ ကျောင်းတစ်ကျောင်းဟာ အခုလို အစိုးရကို ဆန့်ကျင်တဲ့လုပ်ငန်းထဲ ပါဝင်ရင် သူ့ထမင်းအိုး သူခွဲပစ်ရာ ရောက်မယ်၊ ဒါကြောင့် အစိုးရအထောက်အပံ့ ဖြတ်ခံရမှာစိုးတဲ့အတွက် ဘာသိဘာသာနေမှာပဲ၊ ဒီလို တက်တက်ကြွကြွ ရှေ့တန်းကပါလိမ့်မယ် မထင်ဘူး။ သပိတ်မှောက်ကြတဲ့ ကျောင်းသားတွေကိုတောင် သပိတ်မမှောက်

အောင် စည်းရုံးရမယ်၊ ပြီး မှောက်တဲ့လူ မှောက်သွားပေမယ့် ကျန်နေတဲ့ ကျောင်းသားကို ဆရာကြီးက စာမေးပွဲတင်ပေးမယ်ဆိုတဲ့ မျက်နှာချိုသွေး လိမ့်မယ်လို့များ တွက်ပြီး မျက်နှာလိုအားရ ဆရာကြီးအား ဆီးကြိုနှုတ်ဆက် ကြတယ်။

ဒါပေမယ့် ဆရာကြီးက သူတို့ထင်သလိုမဟုတ်ဘဲ သပိတ်မမှောက်တဲ့ အတွက် အမြှောက်အစားမခံရတဲ့အပြင် ကြိမ်စာကိုပင် ကျွေးလိုက်ပါသေးတယ်။ မလိမ္မာတဲ့သူ မြင်းရပ်နှင်သလို ကြိမ်ပြပြီး သပိတ်စခန်းကို နှင်လိုက်ပါသတဲ့။

သပိတ်တွေပေါ်တိုင်းလည်း ဆရာကြီးဟာ ဒီသပိတ်ကြီး ယိုင်မသွား အောင်၊ ဖရိုဖရဲမဖြစ်အောင် အမြဲတမ်းနောက်ကနေပြီး ပဲ့ကိုင်ထိန်းသိမ်းပေးလျက် ရှိတယ်။ မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂမှာလည်း ဆရာကြီး သြဇာမကင်းဘူး။

၁၉၃၀ ခုနှစ်၊ ဇူလိုင် (၂၉)ရက်နေ့က စတင်ပြီး မြန်မာနိုင်ငံလုံး ဆိုင်ရာ လူငယ်များအသင်းကြီးက စီးကရက်မသောက်ရန် တောင်းပန်ရေး အဖွဲ့များ ဖွဲ့စည်းကြတယ်။ ဒီအဖွဲ့က စီးကရက်မသောက်ရေး လုပ်ဆောင် ချက်များနဲ့အတူ ပြည်တွင်းဖြစ်အထည်များဖြစ်တဲ့ ပင်နီပင်ဖြူများ ဝတ်ဆင် ဖို့ လှုံ့ဆော်စည်းရုံးတယ်။ ဒီလှုံ့ဆော်မှုတွေဟာ ရန်ကုန်ကတစ်ဆင့် မန္တလေး ကို ပြန့်လာပါတယ်။

ဘယ်လောက်သေးငယ်တဲ့ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းဖြစ်ပါစေ။ ဆရာကြီးရဲ့ ကျောင်းကတော့ ထိပ်တန်းက ပါဝင်လှုပ်ရှားခဲ့တာချည်းပါပဲ။

ဒီဝံသာနုလုပ်ငန်းတွေမှာ ဆရာကြီးက သူ့ကျောင်းသားတွေကို ပါဝင် စေတယ်။ မအုံး (အမ်အေ–ဒေါ်အုံး) မမြဝင်းတို့ကိုလဲလွှတ်ပြီး တရားဟော စေတယ်။

## နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းရဲ့ အခြေခံစခန်း

ဆရာကြီးကျောင်းဟာ အထက်မြန်မာပြည်မှာဆိုရင် နယ်ချဲ့ဆန့်ကျင် ရေးအတွက် အခြေခံစခန်းလိုဖြစ်နေပါတယ်။ ကျောင်းသားတွေ သပိတ် မှောက်ရင်လည်း သူ့ကျောင်းဟာ သပိတ်စခန်းအဖြစ် အသုံးပြုတယ်။

မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ညီလာခံလုပ်မယ်ဆိုရင် သူ့ကျောင်းကို လွတ်လွတ်လပ်လပ် အသုံးပြုစေခဲ့တယ်။ ၁၉၃၇ခုနှစ် ဒုတိယ

အကြိမ်မြောက် ကျောင်းသားများ သမဂ္ဂညီလာခံကို သူ့ကျောင်းမှာပဲ ကျင်းပစေခဲ့တယ်။

ဒီတုန်းက ကိုနု၊ ကိုအောင်စန်း (ဗိုလ်ချုပ်အောင်ဆန်း)၊ ကိုလှရွှေ၊ မစ္စတာရာရှစ်၊ ကိုညိုမြ၊ ကိုထွန်းတင်၊ ကိုစိန်၊ ကိုဗဟိန်း၊ လက်ညှိုးထောင် ကိုသိန်းအောင်၊ ကိုခင်မောင်ကလေး၊ ကိုထွန်းတင် (စာရေးဆရာမန်းတင်)၊ ကိုမြင့်မောင် (အခုတရားရေးဦးမြင့်မောင်၊ သမဝါယမရန်ကုန်)၊ သူရိယ ကိုသန်းမောင်၊ မသန်းလှ၊ မအုန်းကြည် အစရှိတဲ့ ကျောင်းသူ ကျောင်းသားတွေပါခဲ့တယ်။ သဘာပတိအဖြစ် ကိုအောင်စန်း (ဗိုလ်ချုပ်အောင်ဆန်း)က ဆောင်ရွက်ခဲ့တယ်။

ဒီအချိန်က အိန္ဒိယကွန်ဂရက်ခေါင်းဆောင် မစ္စတာ ပဏ္ဍစ်နေရူးနဲ့ သူ့သမီး အင်ဒီရာဂန္ဒီတို့ သားအဖကလည်း မြန်မာပြည်ရောက်နေချိန် ကြုံတာနဲ့ ဒုတိယအကြိမ် မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ညီလာခံသို့ တက်ရောက်လာပြီး မိန့်ခွန်းပြောခဲ့တယ်။ သမီး အင်ဒီရာဂန္ဒီက မစ္စတာနေရူးရဲ့ အတွင်းရေးမှူးအဖြစ် လိုက်ပါလာခြင်းဖြစ်တယ်။

ကိုအောင်စန်း (ဗိုလ်ချုပ်အောင်ဆန်း) သဘာပတိမိန့်ခွန်း ပြောဖို့ အင်္ဂလိပ်လိုရေးသားထားတယ်။ သူ့မိန့်ခွန်းကို ဆရာကြီးအား ပြင်ဆင်တည်းဖြတ်ဖို့ပေးတယ်။

ဒီနောက် အင်္ဂလိပ်ဆန့်ကျင်ရေးအတွက် မြေအောက်လှုပ်ရှားမှုတွေကိုလည်း အထက်မြန်မာပြည်အတွက် သူ့ကျောင်းမှာ အခြေခံတယ်။

ဆရာကြီးရဲ့အကြောင်း ဦးသိန်းဖေမြင့်ဆီသွားရောက်မေးမြန်းတဲ့အခါ ဦးသိန်းဖေမြင့်က အောက်ပါအတိုင်း ကျမ်းပြုသူကို ပြောပြလိုက်ပါတယ်။

> "၁၉၃၆ ခု သပိတ်မှောက်ဖို့ မန္တလေး ကျွန်တော်သွားတော့ ဆရာကြီး ဦးရာဇတ်နဲ့တွေ့ပါတယ်။ ဆရာကြီးဟာ ကျောင်းသားလှုပ်ရှားမှုတို့၊ လွတ်လပ်ရေးလှုပ်ရှားမှုတို့မှာ အမြဲတမ်းကူညီအားပေးပါတယ်။
>
> "၁၉၄၀-၄၁ ခုနှစ် မန္တလေးကို ကျွန်တော်ရောက်သွားတဲ့အချိန်၊ အနောက်ဘက်မှာ ကမ္ဘာစစ်ဖြစ်နေပါပြီ။ ဒီဘက်ကူးစက်ဖို့လဲ အခြေအနေက များပါတယ်။

"ဒါကြောင့် ပြည်သူ့အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီတို့ဟာ မြေအောက်စည်းရုံးရေးတွေ လုပ်နေကြတယ်။ အထက်မြန်မာပြည် အတွက် ဆရာကြီးရဲ့ကျောင်းကို အခြေခံစခန်းအဖြစ် ရွေးချယ်ထား ပါတယ်။

"၁၃၀၀ ပြည့်နှစ် အရေးတော်ပုံအပြီး ကွန်မြူနစ်ပါတီဟာ "Cell" ကလာပ်စည်းကလေး သဘောပဲရှိတယ်။ ပါတီရယ်လို့ မည်မည်ရရမရှိဘူး။ ကွန်မြူနစ်လို့ထင်ရတဲ့ ပုဂ္ဂိုလ် သခင်အောင်ဆန်း (ဗိုလ်ချုပ်)ကလဲ ဂျပန်ပြည်ရောက်နေတယ်။ သခင်စိုး၊ သခင်သန်းထွန်း တို့ကလဲ ထောင်ထဲမှာ။ သခင်ဗဟိန်း၊ သခင်ချစ်တို့တစ်တွေကလဲ ပြည်သူ့အရေးတော်ပုံပါတီထောင်၊ အဲဒီတော့ ကွန်မြူနစ်ပါတီအနေနဲ့ လှုပ်ရှားမှုမရှိဘူး။ ဒီပြည်သူ့အရေးတော်ပုံပါတီကလဲ ဂျပန်နဲ့ ပေါင်းဖို့ ဆိုပြီး လုပ်ကြတယ်။ ဒီတော့ ကျွန်တော့်အနေနဲ့လဲ ကိုယ့်ကိုယ်ကို ဘာရယ်လို့မသိဘူး။

"ဂျပန်နဲ့ပေါင်း၊ အင်္ဂလိပ်တိုက်ရေး အစီအစဉ်ဟာ စောစော ပိုင်းတုန်းကတည်းကမရှိဘူး။ ဂျပန်တိုက်ရေးပဲ ရှိတယ်။

"မြေအောက်လုပ်ငန်းတွေအတွက် မန္တလေးကိုသွားတော့ ကျွန်တော့်နောက်က ပုလိပ်က တကောက်ကောက်လိုက်နေတယ်။ အလုပ်လုပ်ရာမှာ လုံခြုံမှုမရှိဘူး။ ဒီတော့ ကိုခင်မောင်ကလေးက ကျွန်တော့်ကို ဆရာကြီးကျောင်းမှာ ဆရာဝင်လုပ်ဖို့ အကြံပေးတယ်။ ဆရာကြီးဦးရာဇတ်ရဲ့ ခွင့်ပြုချက်နဲ့ပဲ ဆရာကြီးရဲ့ကျောင်းဝတ်စုံဖြစ်တဲ့ တိုက်ပုံနက် လုံချည်စိမ်းနဲ့ဝတ်ပြီး ဆရာဝင်လုပ်တယ်။ ဒီနည်းနဲ့ ခြေရာဖျောက်ခဲ့ရတယ်။ ပုလိပ်တွေလဲ သံသယရှင်းသွားတယ်။

"ဆရာကြီးက ဂျပန်တော်လှန်ရေး မြေအောက်လုပ်ငန်းတွေ အတွက် အထက်မြန်မာပြည်တာဝန်ခံအဖြစ် ကျွန်တော် ဆောင်ရွက် နေတယ်ဆိုတာသိတယ်။ သူ့ကျောင်းမှာ အစည်းအဝေးလုပ်လဲ သူသိ တယ်။ ခွင့်ပြုထားတယ်။

"ငါ့ကျောင်းမှာ ဒါတွေလာမလုပ်နဲ့၊ အစိုးရသိသွားရင် အထောက် အပံ့လဲရပ်သွားမယ်၊ ဒါတွေထက် လောလောဆယ် ကျုပ်အဖမ်းခံရ

မယ်၊ အလုပ်ပြုတ်မယ်ဆိုပြီး စိုးရိမ်စိတ်နဲ့ ဟန့်တားမှုလဲမရှိဘူး။ တားမြစ်ချက်လဲမရှိဘူး။ သူကတော့ ပါဝင်ဆောင်ရွက်ခြင်းမရှိဘူး”

အဲဒီလို ဦးသိန်းဖေမြင့်က ဆရာကြီးရဲ့အကြောင်းနဲ့ သူ အထက်မြန်မာပြည်မှာ မြေအောက်လှုပ်ရှားဖို့ သူ့ကျောင်းမှာ အခြေခံစခန်းဖွင့်ကြရတဲ့ အကြောင်းတွေ ပြောပြပါတယ်။

ဂျပန်ဝင်ခါနီးမှာ ဒေါက်တာဘမော်နဲ့ သခင်နုတို့ လက်တွဲ ပူးပေါင်းကာ ဗမာ့ထွက်ရပ်ဂိုဏ်းဖော်ထုတ်ကြတယ်။ မန္တလေးအနေနဲ့ ဒါမှမဟုတ် အထက်မြန်မာပြည် နိုင်ငံရေးလှုပ်ရှားမှုတိုင်းကို ဆရာဦးခင်မောင်ကလေးဆီပဲ ဦးတည်တာဝန်ပေးတယ်။ ဦးတည်လာတယ်။ ဒီအကြိမ်လည်း မန္တလေးမှာ လူထုတရားပွဲကျင်းပဖို့ သခင်နုက လှမ်းပြီး ဦးခင်မောင်ကလေးဆီ အကြောင်းကြားလိုက်တယ်။

ဒါကြောင့် ဆရာဦးခင်မောင်ကလေးက အခြားနေရာမှာထက် ဆရာကြီး ကျောင်းမှာပဲ အစီအစဉ်လုပ်လိုက်တယ်။ အားလုံး အစီအစဉ်လုပ်ပြီးမှ ဆရာကြီးဆီ တင်ပြခွင့်တောင်းတယ်။ ဆရာကြီးက ခွင့်ပေးလိုက်တယ်။ အဲဒါကြောင့် သခင်နုနဲ့ ဒေါက်တာဘမော်တို့က တရားဟောကြတယ်။ ဆရာကြီးကတော့ ဘာမှမပြောဘဲ ရေငုံနှုတ်ပိတ် နေလိုက်တယ်။

ဆရာကြီးရဲ့ အတ္ထုပ္ပတ္တိကို ဝန်ကြီးဟောင်း ဗိုလ်ခင်မောင်ကလေးထံ သွားရောက်မေးမြန်းပါတယ်။ ဆရာဗိုလ်ခင်မောင်ကလေးက ဒီလို ကျမ်းပြုသူကို ပြောပြပါတယ်။

“ဗိုလ်ချုပ်အောင်ဆန်းတို့ ဂျပန်ရောက်နေတဲ့အချိန် တစ်နေ့မှာ ဆရာ့ဆီ သခင်စိုးနဲ့ သခင်ဗဟိန်းတို့နှစ်ယောက် ရောက်လာကြပါတယ်။ တစ်နေ့ ည (၈)နာရီလောက်မှာ ဆရာက သခင်ဗဟိန်းတို့ နှစ်ယောက်ကို ဆရာကြီးဆီခေါ်သွားပါတယ်။ သခင်ဗဟိန်းက ဂျပန်နဲ့ ပေါင်းပြီး အင်္ဂလိပ်ကို လက်နက်စွဲကိုင်တော်လှန်ဖို့ အခြေအနေတွေကို ဆွေးနွေးတင်ပြကြတယ်။

ဆရာကြီးက အင်္ဂလိပ်ကို ဂျပန်နဲ့ပေါင်းပြီးချတာတော့ ဟုတ်ပါပြီ၊ ဂျပန်အကြောင်းကိုလဲ ပြန်လေ့လာကြပါဦးလို့ ပြောတယ်။ မန်ချူးရီးယား၊ ကိုရီးယားနဲ့ တရုတ်ပြည်တို့မှာ ဂျပန်က ကျူးကျော်

လုယက်သတ်ဖြတ်နေတာကိုများ မကြားလေရော့သလား၊ ဂျပန်နဲ့တွဲပြီး အင်္ဂလိပ်ကို မောင်းထုတ်တယ်ဆိုတာ ဟုတ်တော့ဟုတ်ပါရဲ့။ ဒါပေမယ့် ကြည့်လဲလုပ်ကြပါဦး။ မင်းတို့က နိုင်ငံရေးသမားတွေဆိုတော့ လက်တွေ့မှာ ငါ့ထက်တော့ပိုပြီး နားလည် သဘောပေါက်မှာပါ။ အဲဒါ ကြည့်လုပ်ကြပေါ့ကွာ။ ငါကတော့ ဂျပန်ကိုမယုံဘူး”

အဲဒီလို ဆရာကြီးရဲ့ ဂျပန်အပေါ် အမြင်ကို ပြတ်ပြတ်ပြောခဲ့တယ်။ ဒီအချိန်မှာ တစ်ပြည်လုံးက ဂျပန်ကို အားကိုးတကြီးနဲ့ ပန်းသပြေနဲ့ မင်္ဂလာ စည်တော်ရွှမ်းပြီး ကြိုဖို့တကဲကဲလုပ်နေချိန်ဖြစ်တယ်။ ဂျပန်လာရင် ငွေတစ်ကျပ် ဖိုးနဲ့ ခေါင်းပေါင်းကစပြီး အင်္ကျီ၊ လုံချည်၊ ဖိနပ်စတဲ့ လူတစ်ကိုယ်စာ ဝတ်စုံ အပြည့်ရလိမ့်မယ်လို့ မျှော်လင့်နေကြတယ်။ ဂျပန်ကို သူ့ထက်ငါ ကြိုဆို စိတ်ကူးယဉ်နေတဲ့အချိန်ပဲပေါ့။

ဂျပန်ဖက်ဆစ်တွေရဲ့ ပကတိဇာတိရုပ်ကို ဘယ်သူမှ ခန့်မှန်းမရသေး ချိန်၊ ဂျပန်ကို တကယ့်ပငေး နိုင်ငံရေးသမားတွေ အားလုံးလောက်နီးနီးက ဂျပန်နဲ့ပေါင်း၊ အင်္ဂလိပ်တိုက် ဆိုတဲ့ မြန်မာသေနင်္ဂဗျူဟာလမ်းစဉ်ကိုချပြီး လုပ်နေကြတဲ့အချိန်မှာ ဂျပန်နဲ့မပေါင်းထိုက်ဘူး ဆိုတာကို ကြိုပြီးမြင်ခဲ့ ဟောကိန်းထုတ်ခဲ့ပါတယ်။

ပြောခဲ့တဲ့အတိုင်း ဂျပန်ဟာ မြန်မာပြည်မြေကို ခြေမချခင် ရဲဘော် သုံးကျိပ်ဟာ ဟိုင်နန်းကျွန်းမှာ စစ်ပညာသင်ကြားနေစဉ်ကတည်းက ဂျပန် ဖက်ဆစ်တွေရဲ့ သဘောထားကို သိခဲ့ကြပြီ။

ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး စာရေးဆရာ ရဲဘော်သုံးကျိပ်ဝင် ရွှေတူကလည်း သူ့ရဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ် ဆိုတဲ့စာအုပ် မှာလည်း ရေးသားထားတာ ဖတ်ရှုရပါတယ်။

ဒီလို ဂျပန်နဲ့ပတ်သက်တဲ့ သူ့အံမြင်ကို သခင်စိုး၊ သခင်ဗဟိန်းတို့ကို ပြောပြသလို ဆရာဦးခင်မောင်ကလေးဆီ အထက်မြန်မာပြည် နိုင်ငံရေး လှုပ်ရှားမှုအတွက် လာသူများဖြစ်တဲ့ သခင်တင်မြ၊ အာဏာရှင်လှရွှေ၊ သခင် ကျော်ငြိမ်း၊ သခင်လှမောင် ခေါ် ဗိုလ်ဇေယျတို့တစ်တွေကိုလည်း ဆရာကြီးနဲ့ တွေ့ပေးတယ်။ ဒီအချိန်က ဗိုလ်ဇေယျက ဂျပန်မသွားရသေးဘူး။

သခင်တင်မြ (မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီဝင် ဟောင်း)ကလည်း ကျမ်းပြုသူကို ဂျပန်အပေါ် ဆရာကြီးအမြင်နဲ့ပတ်သက်ပြီး ဒီလို ပြောပြခဲ့ဖူးပါတယ်။

"ကိုစံညွန့်နဲ့အတူ ဆရာခင်မောင်ကလေး ခေါ်သွားပေးလို့ ဆရာကြီး ဦးရာဇတ်အိမ် ရောက်သွားပါတယ်။ ဆရာကြီးမှာ ဂျပန်ဆန့်ကျင်တဲ့စိတ်ရှိတယ်။ ဂျပန်နဲ့ပေါင်းရမယ်ဆိုတဲ့ ကိစ္စဟာ စိတ်ချရပါ့မလားလို့ ဆရာကြီးက ကျွန်တော့်ကို မေးတယ်။ ဆရာကြီးက ဂျပန်အပေါ် သံသယရှိခဲ့တယ်"

ဆရာကြီးဟာ နောက်ပိုင်း ဂျပန်ဝင်လာတော့လည်း ဂျပန်နဲ့ ပလူးပလဲ မနေဘူး။ ဂျပန်နဲ့ ဝေးဝေးနေခဲ့တယ်။ ဂျပန်ဆီမှာလည်း လက်ဝေခံကာ ရာထူးရာခံလည်း မတောင်းခဲ့ဘူး။ ဂျပန်ကို စိတ်မချဘူးဆိုတဲ့အတိုင်း ဂျပန်က သူ့ကိုဖမ်းပြီး စပိုင်အဖြစ်နဲ့ သတ်ခံရဖို့ထိ ဖြစ်လာတယ်။ ကံကောင်းလို့သာ "ထောင်ဆု"လောက်နဲ့ပဲ ဝဲ–ယားနာရပြီး အိမ်ကိုပြန်ခဲ့နိုင်ရှာတယ်။ ဒါတောင် ထောင်အဆောင်မီးလောင်လို့ သူမီးလောင်တဲ့တိုက်ထဲမှာ အသက်ပျောက်ခဲ့ရဦးမလို့။

သခင်လှမောင် (ဗိုလ်ဇေယျ) ရန်ကုန်ပြန်သွားတော့ ကမာရွတ် သခင်ကျော်စိန်၊ ဗိုလ်မိုးညိုတို့ကို ဗဟိုကလွှတ်လိုက်ပြန်တယ်။ သူတို့ကိုတော့ ဆရာဦးခင်မောင်ကလေးအိမ်မှာပဲ ထားတယ်။ သူတို့ကိုလည်း ဆရာကြီးနဲ့ တွေ့ပေးတယ်။

သူတို့နဲ့တွေ့ ဆွေးနွေးပြန်တော့လည်း ဆရာကြီးက "ဂျပန်ကို ယုံရရဲ့လားကွာ" လို့ ထပ်မံပြောပြပြန်တယ်။ ဆရာကြီးကဆက်ပြီး "ဟော့ အင်္ဂလိပ် နဲ့ ဂျပန်နဲ့စာရင် အင်္ဂလိပ်ကျွန် ခံချင်ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုရင် အင်္ဂလိပ်က နုတယ်။ ဂျပန်တွေက စစ်ဝါဒီတွေဖြစ်တယ်။ ကြမ်းတယ်"လို့ ရှင်းပြတယ်လို့ ကျမ်းပြုသူကို ဆရာဗိုလ်ခင်မောင်ကလေးက ပြောပြပါတယ်။

ဆရာကြီးက ဒီတုန်းက ဂျပန်ကို ဖက်ဆစ်ဂျပန်လို့ မသုံးဘူး။ ဂျပန်စစ်ဝါဒီတွေလို့ပဲ ခေါ်တဲ့အကြောင်းကိုလည်း ဆရာဗိုလ်ခင်မောင်ကလေးက ကျမ်းပြုသူကို ပြောပြပါတယ်။

ဆရာဗိုလ်ခင်မောင်ကလေးက ဒီလို ဆက်ပြောပြပြန်တာက –

"ဗိုလ်မိုးညိုကို ပုလိပ်က မသင်္ကာဘူး။ မြေအောက်အဖွဲ့က ဆက်သားလွှတ်တယ်ထင်ပြီး ဖမ်းမယ်လုပ်တဲ့အကြောင်း ဆရာကြီးက သတင်းရလာတယ်။ "ရှောင်နေဖို့ကောင်းတယ်"လို့ ဆရာကြီးက

အကြံပေးလို့ တခြားနေရာကို ပြောင်းရွှေ့ထားလိုက်ရတယ်။ စာရွက်စာတမ်းတွေကိုလည်း တခြားသိမ်းဆည်း ရွှေ့ထားလိုက်ရတယ်။

"ရေနံမြေကနယ်နှင်လို့ မန္တလေးရောက်လာတဲ့ သခင်လှတင် (ရေနံချောင်းသား) မြေအောက်တော်လှန်ရေးနဲ့ဆိုင်တဲ့ လက်ကမ်းပိုစတာများ၊ နံရံကပ်ပိုစတာများကို ဆရာကြီးကျောင်းက ကိုစောမောင် (မြို့တော်ဝန်ဟောင်း ဗိုလ်စောမောင်)၊ ကိုသန်းလှိုင်တို့နဲ့အတူ မြို့အနှံ့လည်ကပ်ကြတယ်။ ဒါကို ဆရာကြီးသိတယ်။ ဒါပေမယ့် မသိဟန်ဆောင်နေလိုက်တယ်။

"ဆရာကြီးရဲ့ ကျောင်းတော်ကြီးဟာ အင်္ဂလိပ်နယ်ချဲ့လက်ကလွတ်မြောက်အောင်လုပ်တဲ့နေရာမှာ အထက်မြန်မာပြည်ရဲ့ တကယ့်စစ်ဌာနချုပ်ကြီးနဲ့မခြားပါ။ ဆရာကြီးက ကိုယ်တိုင်ကိုယ်ကြပ် ရှေ့ကခေါင်းမဆောင်တာတစ်မည်ပဲ ကျန်တယ်။

ဆရာကြီးရဲ့ နိုင်ငံရေးသိပ္ပံကျောင်းတော်ကြီးအခန်းကို အောက်ပါပုဂ္ဂိုလ်များ၏ ပြောကြားချက်များကို လေ့လာဖော်ပြထားခြင်း ဖြစ်ပါတယ်။

**ပုဂ္ဂိုလ်များ–**

ဦးကိုကိုကြီး– ခေတ်မြန်ပုံနှိပ်တိုက်ပိုင်ရှင်– ရန်ကုန် (ကွယ်လွန်)
ဒေါ်မြတင်– ကျောင်းစာရေးဟောင်း– မန္တလေး၊
ဦးချစ်ဆွေ– ဆရာကြီး၏အပါးတော်မြဲ– မန္တလေး၊ (ကွယ်လွန်)
ဒေါ်တင်လှ– စာကြည့်တိုက်မှူး (အငြိမ်းစား)– မန္တလေး
၃–ဗိုလ်မှူးကြီးတင်အောင် (လေ)– ရန်ကုန်
ဦးစံဝင်း– လက်ထောက်အထွေထွေ မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း အငြိမ်းစား၊ ရန်ကုန်
ဆရာဗိုလ်ခင်မောင်ကလေး– ဖ၊ဆ၊ပ၊လ ဝန်ကြီးဟောင်း–ရန်ကုန် (ကွယ်လွန်)
ဆရာဦးထွန်းမောင်– ဗဟိုအမျိုးသားအထက်တန်းကျောင်း ဘော်ဒါဆရာဟောင်း (ကွယ်လွန်)
သခင်တင်မြ– မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဟောင်း၊ ရန်ကုန်

ဦးသိန်းဖေမြင့်–စာရေးဆရာ– ရန်ကုန် (ကွယ်လွန်)
ဦးညို – အထက်တန်းရှေ့နေ၊ မန္တလေး
ဦးဖြားမောင်– မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်း– မန်နေဂျာ
(အငြိမ်းစား) ရန်ကုန်
ဗိုလ်စောမောင်– မြို့တော်ဝန်ဟောင်း၊ ရန်ကုန် (ကွယ်လွန်)
တိုင်းချစ် ဦးသိန်းဖေ– မန္တလေး
လူထုဒေါ်မာ– စာရေးဆရာ၊ သတင်းစာဆရာမကြီး၊ မန္တလေး၊
ဗိုလ်ကြီးကိုကိုလေး– ကာကွယ်ရေးဝန်ကြီးရုံး၊ အငြိမ်းစား၊ ရန်ကုန်
ဦးကျော်ငြိမ်း–(ဖ၊ဆ၊ပ၊လ ဝန်ကြီးဟောင်း) ရန်ကုန် (ကွယ်လွန်)
သီရိပျံချီ ဆရာဦးဘလှ– ပြည်ထောင်စုအာမခံစနစ် အုပ်ချုပ်ရေးမှူးချုပ်
အငြိမ်းစား၊ ရန်ကုန် (ကွယ်လွန်)

# အခန်း (၉)

## နေချင်တိုင်း ကျောင်းတဲ့လား

ဆရာကြီးရဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးရဲ့ ပညာရေးအဆင့်ဟာ ကျောင်းအလိုက်ပြောရရင် ဒုတိယတန်းစားလောက် လိုက်တယ်။ နိုင်ငံရေးအရ ပြောရရင် ပထမတန်းစားပဲ။ ပြိုင်ဖက်ကင်းတဲ့ ထိပ်တန်းကပေါ့။

ကျောင်းမှာ အခုခေတ် ရှစ်တန်းကအထက် အတန်းတစ်တန်းမှာ နှစ်နှစ်ပဲ နေခွင့်ရှိတယ်။ နှစ်နှစ်ဆက် စာမေးပွဲဖြေနေလို့မှ ဆက်ကျပြန်ရင် ကျောင်းမှာ နေခွင့်မပြုတော့ဘူး။ အဲဒီအတန်းစာမေးပွဲကို အပြင်ကနေပြီး ဖြေဆိုခွင့်တော့ရှိတယ်။ ဒါပေမယ့် ဟိုခေတ်ကတော့ ၁၀ တန်းမအောင်မချင်း ကျောင်းဆွေးဆွေး၊ လူဆွေးဆွေး နေချင်သပဆိုရင်လဲ နေခွင့်ရှိတယ်လေ။ ဒီလိုကျောင်းဆွေးဆွေး၊ လူဆွေးဆွေးဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တကယ်နေတဲ့ ကျောင်းသားတွေလဲ မနည်းဘူး။

အဲဒီလို ကျောင်းဆွေးဆွေး၊ လူဆွေးဆွေး ဆောင်ပုဒ်နဲ့အညီ နေလို့ရတဲ့ ကျောင်းမှာ ကျောင်းသက် ငါးနှစ်လောက်နဲ့ ၁၀ တန်းအောင်သွားတဲ့ ကျောင်းသားတွေလဲရှိတယ်။ ဥပမာပြရရင် ကျောင်းသား ကိုဗဟိန်း၊ (နောင်တော့ မြန်မာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ သခင်ဗဟိန်း၊ ကွယ်လွန်) ၁၀ တန်းကို တစ်နှစ်တစ်တန်းနှုန်းနဲ့ဆိုရင် ကျောင်းသက် ၁၀ နှစ်ပြည့်မှ ၁၀ တန်းအောင်မယ်။ ဒါပေမယ့် ကိုဗဟိန်းကတော့ သုံးနှစ်ခွဲလောက်နဲ့ အောင်သွားတယ်။

ဒီကျောင်းကထွက်တဲ့ ကျောင်းသားတွေထဲမှာ လူထုဒေါ်အမာတို့လို ကမ္ဘာသိ ပြောင်မြောက်တဲ့ စာရေးဆရာ သတင်းစာ ဂျာနယ်ဆရာတွေလဲ ရှိတယ်။

ပါမောက္ခဟောင်း ဒေါ်အုံး၊ ဦးကိုကိုကြီးတို့လို အမ်အေဘွဲ့ရ ကျောင်းသားကျောင်းသူတွေ၊ ဒေါ်တင်လှလို အမ်အေအမ်အက်စ်ဘွဲ့ရ ကျောင်းသူတွေ၊ ကိုတင်အေး၊ ကိုတင်အောင်တို့လို အမ်ဘီဘီအက်စ်ဘွဲ့ရ ဆရာဝန်တွေကိုလဲ မွေးထုတ်ပေးခဲ့ပါတယ်။

**စစ်ကြိုခေတ်ကကျောင်းအမျိုးအစား**

စစ်ကြိုခေတ်က ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းသူကျောင်းသား ၁၀၀၀ က ၁၅၀၀ အတွင်းရှိပါတယ်။ ၁၀ တန်းမှာဆိုရင် အေ ဘီ စီ ဆိုပြီး အတန်းခွဲတွေရှိပါတယ်။ အတန်းတစ်တန်းမှာ ကျောင်းသား ၅၀ လောက်ရှိပါတယ်။

ဟိုခေတ်က ဆရာ၊ ဆရာမတွေက ကျောင်းမှာ ဂရုတစိုက် ဖိဖိစီးစီး သင်ပေးတယ်။ ဒီအပြင် ကျောင်းမတက်ခင် မနက်ပိုင်းနဲ့ ကျောင်းဆင်းပြီး ညနေပိုင်းမှာ အပင်ပန်းခံပြီး အချိန်ပိုသင်ပေးတယ်။ စပါယ်ရှယ်ကလပ်စ် (Special class) လို့လဲခေါ်တယ်။ အခုခေတ်စကားနဲ့ပြောရရင် “ကျူရှင်” ပါပဲ။ ဒါပေမယ့် ငွေကြေးမယူပါဘူး။ အခမဲ့ စေတနာ့ဝန်ထမ်းပါ။

ကလေးသဘာဝကလဲ စာမေးပွဲအောင်ဖို့ မအောင်ဖို့ဆိုတာလဲ သိပ်စိတ်ဝင်စားမှု၊ နားလည်မှုမရှိဘူး။ ကလေးတွေကများတယ်၊ ဆော့ချင် ကစားချင်တဲ့စိတ်က များတယ်။ ဆရာ၊ ဆရာမတွေသင်လဲ သင်သင်ပဲ ရှိမယ်။ ဖိဖိစီးစီးမပြနိုင်ဘူး။ ဒီတော့ ကျူရှင်တွေမယူဘဲ ရောယောင်ပြီး တစ်နှစ်တစ်တန်း အောင်သွားပေမယ့် ၁၀ တန်းကျတော့ အားလုံးထစ်ကုန်ကြတော့တာပဲ။ တစ်နှစ်ဖြေလဲမအောင်၊ နောက်တစ်နှစ်ဖြေလဲ မအောင်။ တတိယနှစ်ကျတော့ ကျောင်းကထွက်ရရော။ အပြင်က ကျူရှင်တက်ပြီး ဖြေရင်လဲမအောင်၊ တဖုတ်ဖုတ်ကျနေပါရော။ အဲဒီလိုကျလို့ ကျူရှင်ယူပြီး ဖြေပြန်လဲ ကျတဲ့သူတွေတစ်ပုံကြီးပဲ။

ကျမ်းပြုသူဟာ ကသာမြို့ အင်္ဂလိပ်အစိုးရအထက်တန်းကျောင်းကပါ။ ဒီတုန်းက ၁၀ တန်းမှာဆို ကျောင်းသူ၊ ကျောင်းသား ၂၅ ယောက်ပဲရှိတယ်။ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းမှာ အေ ဘီ စီ မရှိဘူး။ ဆရာကြီးရဲ့ကျောင်းမှာ

တော့ ၁၀ တန်းမှာ ကျောင်းသား လေးငါးဆယ်ရှိပြီး ၁၀ တန်းမှာ အေ ဘီ စီ ခွဲထားတယ်။ အတန်းတစ်တန်းမှာ နှစ်ဆယ် အစိပ်က ငါးဆယ်လောက်ထိ ဆိုရင် ဆရာတစ်ယောက်အတွက် လက်နိုင် ခြေနိုင်ပဲ။

ဟိုခေတ်က မြန်မာစာသင်ကျောင်း၊ အင်္ဂလိပ် မြန်မာကျောင်း၊ မွတ်စလင် ကျောင်း၊ ဟိန္ဒူဘာသာကျောင်း၊ ဘုန်းကြီးကျောင်း၊ ခရစ်ယာန်သာသနာပြု ကျောင်း အမျိုးမျိုး၊ နေရှင်နယ် ခေါ် အမျိုးသားကျောင်း၊ အင်္ဂလိပ်ကျောင်း၊ အဲဒီလိုကျောင်းတွေ အမျိုးမျိုးရှိခဲ့ပါတယ်။ ဟိုခေတ်က အခုခေတ်လို (One type of school) တစ်မျိုးတစ်စားတည်း စနစ်မျိုးမဟုတ်ဘူး။

ဒီလို ကျောင်းတွေအမျိုးမျိုး ရှိခဲ့ပါတယ်။ ကျောင်းတွေအမျိုးမျိုးရှိသလို ပညာရေးအဆင့်အတန်းကလဲ အမျိုးမျိုးဖြစ်ပါတယ်။ တစ်မျိုးတစ်စားတည်း စံနစ်မျိုး မဟုတ်ပါ။

ပိုက်ဆံမရှိတဲ့ ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေဟာ အများအားဖြင့် ဘုန်းကြီးကျောင်းများ၊ မွတ်စလင်ကျောင်း၊ ခရစ်ယာန်သာသနာပြုကျောင်း များ၊ ဟိန္ဒူကျောင်းများမှာ နေကြရတယ်။ ဒီကျောင်းတွေမှာ ကျောင်းလခ မပေးရဘူး။ ကျောင်းလခ မပေးရတဲ့အပြင် ဆင်းရဲနွမ်းပါးတဲ့ကလေးတွေ၊ မိဘမဲ့ကလေးတွေကို ကျောင်းစာအုပ်တွေ၊ ကျောင်းသုံးကိရိယာဖြစ်တဲ့ ခဲတံ၊ ခဲဖျက်တွေကိုတောင် အခမဲ့ထောက်ပံ့သေးတယ်။

အစိုးရ မြန်မာကျောင်းတို့၊ "နော်မံ" ခေါ် ဆရာဖြစ်သင်ကျောင်းတို့ ဆိုသာရှိတယ်။ လက်လုပ်လက်စားမိဘတွေ၊ ငွေနည်းနည်းပါးပါး တတ်နိုင်တဲ့ မိဘတွေက သူတို့သားသမီးတွေကို မြန်မာကျောင်းမှာထားတယ်။ မြန်မာ ကျောင်းက အင်္ဂလိပ်ကျောင်းတွေထက် ကျောင်းလခနဲ့ ပညာသင်စရိတ် သက်သာတယ်။ ဘာသာရပ်တွေအားလုံးကို မြန်မာလိုချည်းသင်ရတယ်။ ငါးတန်းလောက်ကျမှ အပိုဘာသာအနေနဲ့ အေဘီစီဒီ စပြီး အင်္ဂလိပ်စာ သင်ရတယ်။ ခုနစ်တန်းအောင်ပြီး ဆရာဖြစ်သင်သွားလို့ရတယ်။ အဲဒီကနေပြီး ပညာသင်တော့ ၁၀ တန်းပဲရှိတယ်။ Higher grade လို့ခေါ်တယ်။ အဲဒီ ကနေ ဆရာဖြစ်သွားကြတယ်။ ဒီကျောင်းထွက်တွေက အင်္ဂလိပ်စာကို နည်းနည်းပါးပါးပဲတတ်တယ်။

အစိုးရအင်္ဂလိပ်မြန်မာ ၁၀ တန်းကျောင်းတွေကျတော့ ကျောင်းလခနဲ့ ကျောင်းစရိတ်ကကြီးတယ်။ မြန်မာစာကလွဲရင် ကျန်တဲ့ဘာသာတွေကို

အင်္ဂလိပ်လိုသင်ရတယ်။ ပိုက်ဆံတတ်နိုင်တဲ့ စာရေးစာချီတွေနဲ့ ခနရှင်ပေါက်စ လူလတ်တန်းစားတွေက သူတို့သားသမီးတွေကို ပညာသင်စေတယ်။ တော်တော်တန်တန် ပုံမှန်ဝင်ငွေမရှိတဲ့ မိဘတွေက သူတို့သားသမီးတွေကို ဒီကျောင်းတွေပို့ပြီး ပညာမသင်နိုင်ဘူး။

အင်္ဂလိပ် (European School)တွေကျတော့ ဒီကျောင်းတွေနေရဖို့က တော်ရုံတန်ရုံပိုက်ဆံရှိရုံနဲ့ မနေနိုင်ဘူး။ အရာရှိကြီးတွေ၊ ခနရှင်ပေါက်စတွေရဲ့ သားသမီးတွေပဲ နေနိုင်တယ်။ ဒါလဲ အကပ်ရှိမှ၊ အင်္ဂလိပ်သွေး၊ အနောက်နိုင်ငံသွေးပါတဲ့ ကျောင်းသူ၊ ကျောင်းသားတွေ၊ ခရစ်ယာန်ဘာသာဝင်တွေသာ အဓိကဦးစားပေးနေခွင့်ရှိတယ်။ ကျောင်းမှာနေတဲ့ ကလေးတွေအားလုံး အင်္ဂလိပ်နာမည်နဲ့ချည်းဖြစ်တယ်။ မြန်မာတွေနေချင်ရင် အင်္ဂလိပ်နာမည်နဲ့ အဖေနာမည်တွဲပေးတဲ့နာမည်။ ဥပမာ ဒေးဗစ်ထွန်းစိန်၊ မာကရက်စိန်မြင့်မြင့်လို နာမည်နဲ့နေရတယ်။

ဒီကျောင်းတွေရဲ့ ကျောင်းစရိတ်ဟာ (International School) အင်တာနေရှင်နယ်ကျောင်းတို့၊ (Deplomatic School) သံတမန်ရေးရာကျောင်းတို့ ဆိုတဲ့ နိုင်ငံခြားသားတွေအတွက် သက်သက်သင်တဲ့ ကျောင်းတို့ သံတမန်ရေးရာဆိုင်ရာ မိဘတွေရဲ့ သားသမီးတွေထားတဲ့ ကျောင်းတွေလောက် မကြီးပေမယ့် အစိုးရအင်္ဂလိပ်မြန်မာ စာသင်ကျောင်းတွေနဲ့စာရင် အမြင့်ဆုံးလို့ဆိုရမယ်။ ကျောင်းတက်ရင်လဲ ကျောင်းဝတ် ကျောင်းစားက အနောက်တိုင်းဝတ်စုံကို ဝတ်ရတော့ အကုန်အကျများတယ်။

ဒီကျောင်းမှာ ဘာသာရပ်တွေအားလုံး အင်္ဂလိပ်လိုသင်ရတယ်။ ပြီးတော့လဲ အစိုးရအထက်တန်းကျောင်းမှာသင်တဲ့ အင်္ဂလိပ်စာထက် မြင့်တယ်။ အင်္ဂလိပ်စာကို ဦးစားပေးသင်တယ်။ မြန်မာစာကိုတော့ ငါးတန်းလောက်မှ သင်တယ်။ ဒီကျောင်းထွက်ရင် မြန်မာစာတောင် ကောင်းကောင်းမတတ်ကြဘူး။ ကျောင်းမှာကတော့ အင်္ဂလိပ်စကား ပြောရတယ်။ မြန်မာစကားကို မြန်မာစာသင်ချိန်မှသာ ပြောခွင့်ရှိတယ်။

နာမည်အမျိုးမျိုးတပ်ထားတဲ့ မွတ်စလင်ဟိုက်စကူးတို့၊ နာမည်အမျိုးမျိုးတပ်ထားတဲ့ ဟိန္ဒူဟိုက်စကူးတို့၊ နာမည်အမျိုးမျိုးတပ်ထားတဲ့ တရုတ်အမျိုးသားကျောင်းတို့ ဆိုတာလဲရှိတယ်။ ဘာသာရပ်တွေက သူတို့ဘာသာရပ်ကို ဦးစားပေးသင်တယ်။ တရုတ်အမျိုးသားကျောင်းတွေကလဲ တရုတ်ဘာသာကို

ဦးစားပေးသင်တယ်။

အဲဒီတော့ ပညာသင်တဲ့ သားသမီးတွေကိုလဲ ငွေရေးကြေးရေးပေါ်မှာ အဓိကထားပြီး ကျောင်းတွေပို့ကြတယ်။ ကျောင်းတွေမှာ မျှပြီးနေတဲ့ သဘောရှိတယ်။ စီးပွားရေးတတ်နိုင်ရင် တတ်နိုင်သလို ဒီကျောင်းတွေ ဖြန့်ပြီး ပညာသင်စေပေမယ့် အင်မတန်ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေကျတော့ အခမဲ့စရိတ်ငြိမ်းကျောင်းများဖြစ်တဲ့ ဘုန်းကြီးကျောင်း သာသနာရေးကျောင်း တွေမှာတောင် မနေနိုင်ရှာဘူး။ ပလက်ဖောင်းပေါ်မှာ လျှောက်နေတဲ့ ကလေး တွေ ဒုနဲ့ဒေးပဲ။

ဒီလို ပညာရေးစနစ်တွေကလဲ အသပြာပေါ်မှာမှီပြီး အဆင့်အတန်း ခွဲနေကြရတော့ ကောလိပ်ကျောင်းတွေ၊ ယူနီဘာစီတီ ခေါ်တဲ့ တက္ကသိုလ်တွေ ရောက်ဖို့ မလွယ်ဘူး။ ပညာတော်လို့ အောင်မှဝ်ကောင်းပေမယ့် ငွေမတတ် နိုင်ရင် ကောလိပ်တို့၊ ယူနီဘာစီတီတို့မှာ တက်ရောက်ပညာသင်ကြရဖို့ဟာ မလွယ်ဘူး။ အခုခေတ်လို ၁၀ တန်းအောင်ပြီး အလုပ်လုပ်မယ်၊ အလုပ်လုပ်ပြီး ပြင်ပဝိဇ္ဇာတို့ တက္ကသိုလ်စာပေးစာယူတို့ တက်ရောက်ဖို့ဆိုတာ စစ်ကြို ခေတ်က ဘယ်လိုမှ စိတ်ကူးယဉ်ကြည့်ဖို့ အိပ်မက်မက်ကြည့်ဖို့ဆိုတာ ဝေလာဝေးပဲ။

## ဖ–ဆ–ပ–လခေတ်ကျောင်းများ

ဖ–ဆ–ပ–လ အစိုးရခေတ်ကစပြီး အခမဲ့ပညာသင်ကြားရေးစနစ်ကို လုပ်လိုက်တယ်။ ဒါပေမယ့် European School ခေါ် ဗိုလ်ကျောင်း၊ မစ်ရှင်ကျောင်းခေါ် သာသနာပြုကျောင်းတွေ၊ မွတ်စလင်၊ ဟိန္ဒူဘာသာရေး ကျောင်းတွေ၊ တရုတ်အမျိုးသားကျောင်းနဲ့ ပရိုက်ဗိတ်ကျောင်းတွေတော့ ကျန်တယ်။ အမျိုးသားကျောင်းတွေကျတော့ အစိုးရကျောင်းတွေဖြစ်လာတယ်။ ပြီးတော့ အစိုးရမြန်မာကျောင်းရယ်လို့လဲ မရှိတော့ဘူး။ အစိုးရ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းရယ်လို့ ခေါ်လာတယ်။

ဒီလို အခမဲ့ပညာရေးစနစ်ဖြစ်လာတော့ တော်တော်တန်တန် လက်လုပ် လက်စား သားသမီးတွေကလဲ ကျောင်းနေနိုင်လာတယ်။ ပညာရေးစနစ် ဟာလဲ အမျိုးမျိုးမဟုတ်တော့ဘဲ တစ်မျိုးတည်းဖြစ်လာတယ်။ လူတိုင်းဟာ တန်းတူရည်တူ ပညာသင်လာနိုင်တော့ ကလေးတွေကိုကျောင်းပို့တော့တယ်။

ကျောင်းတိုင်း ကျောင်းတိုင်းမှာ ကျောင်းသားတွေနဲ့ ပြည့်နေတယ်။ ကျောင်းတွေက မလုံမလောက်၊ ဆရာတွေလဲ မလုံမလောက်။ ဒီတော့ ဖြစ်သလို သင်ကြားရတယ်။ ပညာရေးဌာန မနိုင်မနင်းဖြစ်လာတယ်။ အထက်တန်းရောက်မှပဲ ကျောင်းလခ ပေးကြရတယ်။

**တော်လှန်ရေးခေတ်ကျောင်းများ**

ဒီတော်လှန်ရေးအစိုးရခေတ်ကျတော့ ၁၉၆၅ ခုနှစ်လောက်က စပြီး ဘာသာရေးကျောင်းတွေ European School ခေါ် မိုလ်ကျောင်းတွေ၊ မစ်ရှင်သာသနာပြုကျောင်းတွေ၊ တရုတ်အမျိုးသားကျောင်းတွေပါ ပြည်သူပိုင်လုပ်လိုက်တော့ မြန်မာပြည်မှာ ပညာရေးစနစ်ဟာ နှစ်မျိုးမဟုတ်တော့ဘူး။ တစ်မျိုးတစ်စားတည်းဖြစ်သွားတယ်။ နိုင်ငံခြားသားများရဲ့ ကလေးတွေအတွက် (International School) နိုင်ငံတကာကျောင်းရယ်၊ သံတမန်ရေးရာဆိုင်ရာပုဂ္ဂိုလ်တွေရဲ့ သားသမီးတွေအတွက် Deplomatic School ပဲ သီးခြားရှိတယ်။ ကျန်ကျောင်းတွေက မိမိတို့ဘာသာရေးသက်သက်သင်တဲ့ ကျောင်းတွေလောက်ပဲ သီးသန့်ကျောင်းတွေအဖြစ်နဲ့ ရှိနေတယ်။

ဒီတော့ စစ်ကြိုခေတ်က အထက်တန်းကျောင်း တစ်ကျောင်းမှာ အလွန် ၁၀၀၀ က ၁၅၀၀ ကြား ရှိပေမယ့်၊ ခုခေတ်မှာ ဒီထက်ကျောင်းသားဦးရေ များလိမ့်မယ်ဆိုတာ အထူးပြောဖို့မလိုဘူး။ ပြီးတော့ အခုခေတ် အထက်တန်းကျောင်းတွေဟာလဲ အရေအတွက် အင်မတန်များပြားလာတယ်။ အထက်တန်းကျောင်းတွေ များလာသလို ကောလိပ်ကျောင်းတွေလဲ ရန်ကုန်၊ မန္တလေး တက္ကသိုလ်ဆိုပြီး တိုးလာတယ်။ ပြီးတော့ ကောလိပ်ကျောင်းတွေ၊ ဒေသကောလိပ်တွေလဲ အဆမတန်တိုးလာတယ်။ ဆေးဖက်မှာလည်း ရန်ကုန်ဆေးတက္ကသိုလ် (၁) နှင့် (၂)၊ မန္တလေးမှာက (၁)၊ ပေါင်း သုံးခု။ ပြီးသွားဖက်ဆိုင်ရာ တက္ကသိုလ်ဆိုပြီး တက္ကသိုလ်တစ်ခု တိုးလာတယ်။ ဒီအထဲဘွဲ့လွန်သင်တန်းတွေရှိလာတယ်။ စစ်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တွေ အဖြစ်နဲ့လဲ ခွဲခြားလာတယ်။

**ဆရာ–ဆရာမတွေရဲ့ စားဝတ်နေရေး**

အဲဒီလို အခမဲ့ပညာရေးစနစ်ရဲ့ ကျေးဇူးကြောင့် တစ်ခုတည်းသော

ပညာရေးပုံစံကြောင့် လူတိုင်းလောက်နီးနီး ခေတ်ပညာသင်ကျောင်းတွေကို အလွယ်တကူ တက်လာနိုင်တယ်။ ဒီတော့ ကျောင်းသားဦးရေက များလာတယ်။ အဆောက်အအုံက မလုံမလောက်၊ ကျောင်းဆရာတွေလဲ မလုံမလောက်ဖြစ်လာတယ်။ တချို့မြို့နယ်ဒေသတွေမှာ မနက်ကျောင်း ညနေကျောင်းရယ်ဆိုပြီး တစ်နေ့ နှစ်ပိုင်းသင်တဲ့ ကျောင်းတွေလုပ်ရတယ်။ အတန်းတစ်တန်းမှာ ကျောင်းသားက ရှစ်ဆယ် တစ်ရာ။ တစ်တန်း တစ်တန်းမှာ အတန်းခွဲတွေက အေ ဘီ စီ ဒီ အီး ဆိုပြီး ရှိလာတယ်။

ပြီး ဟိုစစ်ကြိုခေတ်ကထက် ဘာသာရပ်တွေကလဲ များလာတယ်။ ဒီတော့ ကျောင်းသားတွေကို သူ့အတန်းနဲ့သူ ဘာသာရပ်တွေကို ဆရာတွေက သူ့အချိန်နဲ့သူ နားလည်အောင် သင်ပြပေမယ့် ကလေးတွေက မလိုက်နိုင်ကြဘူး။

နောက် ဟိုခေတ်က ဆရာတွေက မနက် ကျောင်းမတက်ခင်အချိန် ညနေ ကျောင်းဆင်းပြီးအချိန်၊ အဲဒီလိုအချိန်မျိုးမှာ ကျောင်းသားတွေကို အခမဲ့ အချိန်ပိုသင်ပေးကြတယ်။ ကလေးတွေ စာမေးပွဲအောင်ဖို့ရယ်၊ ပြီးတော့ မိမိတို့ကျောင်း အောင်ချက်ကောင်းအောင်လဲ ကြိုးစားတဲ့သဘောပါတယ်။

ဟိုခေတ်က ကျောင်းဆရာတွေဟာ ဟိုခေတ်က ကုန်ဈေးနှုန်းနဲ့ စားလောက် ဝတ်လောက်တဲ့ သဘောရှိတော့ အပိုငွေရှာဖို့ စိတ်မကူးဘူး။ တိုက်နဲ့ကားနဲ့ နေဖို့ဆိုတဲ့ အားကျတဲ့စိတ်ကလဲ ရှားတယ်။ အတ္တပရဟိတ မျှတယ်ပေါ့။ ဝတ်စားဆင်ယင်မှုဟာလဲ ခပ်ရိုးရိုး အပြိုင်အဆိုင်မရှိဘူး။ နယ်ချဲ့သမားအောက်မှာ ရှိနေတော့ ဆရာတွေက ကလေးတွေကို ပညာတတ်စေချင်တဲ့ဆန္ဒဟာ မလွှဲမရှောင်သာ ကိန်းဝပ်နေရတယ်။ ဘဝပေးတာဝန်ကို ဆောင်ရွက်ပေးကြရတယ်ဆိုရင်လဲ မှားမယ်မထင်ဘူး။

**အောင်မှတ်အထူးကောင်းသူကို ခြောက်လနှင့်အတန်းတင်ပေးခြင်း**

ဆရာတွေ ဆရာမတွေ မနက်ကျောင်းမတက်ခင်နဲ့ ညနေကျောင်းဆင်းပြီးရင် ကျောင်းသားတွေကို အချိန်ပိုသင်ပေးတယ်။ အတန်းထဲ ဖျင်းတဲ့ကလေးတွေ၊ စာမလိုက်နိုင်တဲ့ကလေးတွေကျပြန်တော့လဲ ဆရာ့အိမ်လာခဲ့ဆိုပြီး ညပိုင်းနဲ့ မနက်ပိုင်းမှာ စာသင်ပေးတယ်။ အခကြေးငွေ မယူဘူး။

အင်္ဂလိပ်စာမလိုက်နိုင်တဲ့ ကလေးတွေ အထူးတန်းမှာ ပို့ပြီးပညာသင်စေတယ်။ နောက်ပြီး စောစောက ရေးခဲ့တဲ့အစိုးရ မြန်မာကျောင်းက

ခုနစ်တန်းတို့ ကိုးတန်းတို့က အောင်ခဲ့တဲ့ ကျောင်းသားတွေက အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင်ကျောင်းမှာ ဆက်ပြီးနေချင်တဲ့ ကလေးတွေကို လက်ခံပြီး အင်္ဂလိပ်စာ အထူးတန်းမှာ တက်ရောက်ပညာသင်စေတယ်။ သူ့ပညာအရည်အချင်းကိုစစ်ဆေးပြီး သင့်တော်တဲ့အတန်းမှာ နေစေတယ်။ အဲဒီလိုကနေ ၁၀ တန်းအောင်လို့ ကောလိပ်ရောက်သွားတဲ့ ကလေးတွေလဲ ရှိပါတယ်။

ဆရာကြီးရဲ့ကျောင်းမှာ တစ်နှစ်ကို နှစ်ကြိမ်အတန်းတင်စာမေးပွဲလုပ်တယ်။ ဒါက တော်တဲ့ကလေးတွေကို တော်သလို အတန်းတင်ပေးတဲ့သဘောဖြစ်တယ်။ ဉာဏ်ကောင်းပြီး တော်တဲ့ကလေးတွေကို စာသင်နှစ်ကုန်တဲ့အထိ တစ်နှစ်ပတ်လုံး အချိန်အလဟဿ အကုန်ခံစေမယ့်အစားခြောက်လနဲ့ အတန်းတင်ပေးတာဟာ အဲဒီကလေးအတွက် အကျိုးရှိတယ်ပေါ့။ သခင်ဗဟိန်းဆိုရင် ကျောင်းသားဘဝတုန်းက တစ်နှစ်နှစ်ကြိမ် အတန်းတင်စာမေးပွဲကြောင့် ၁၀ တန်းကို သုံးနှစ်ခွဲလောက် ကျောင်းနေရုံနဲ့ အထက်တန်းကျောင်းပညာကို အပြီးသတ်ခဲ့တယ်။

ဒီခေတ်က ဆရာကြီးရဲ့ကျောင်းမှာတင်မကဘူး။ တခြားကျောင်းတွေမှာလဲ အတန်းနဲ့မမျှအောင် စာတော်တဲ့ကျောင်းသားတွေကို နှစ်မကုန်မီ အတန်းတင်ပေးလေ့ရှိတယ်။ ဒီနည်းဟာ တစ်နှစ် နှစ်တန်းတက်ရတဲ့ သဘောပဲ။ ဒါပေမယ့် ဆရာကြီးကျောင်းမှာကတော့ တစ်နှစ်ကို အတန်းတင်စာမေးပွဲအတွက် မူတစ်ခု စနစ်တစ်ခုနဲ့ကျင်းပပြီး အတန်းတင်ပေးတဲ့သဘောရှိပါတယ်။

## ဆရာဝန်က ရောဂါကုသပုံမျိုး

အခုခေတ်မှာတော့ ဒီလိုစနစ်မျိုး မရှိတော့ပါဘူး။ ဆရာကြီးရဲ့ကျောင်းကို အမှိုက်ပုံသဘောမျိုး နေချင်တိုင်းနေလို့ရတဲ့ ကျောင်းအဖြစ် တခြားကျောင်းတွေက တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်သွယ် သားပုပ်လေလွင့် ပြောကြတယ်။

ကျောင်းတစ်ကျောင်းက စည်းကမ်းပျက်လို့၊ ကျောင်းဆရာတွေကို ပြန်အာခံလို့၊ ရန်ဖြစ်လို့ ထုတ်ပစ်လိုက်တယ်။ ဒီအထုတ်ခံရတဲ့ကျောင်းသားတစ်ဦးကို တခြားကျောင်းတွေက လက်မခံရအောင် ကျောင်းတွေဆီ အကြောင်းကြားစာတွေ ပို့ချင်ပို့တယ်။ ပို့သည်ဖြစ်စေ မပို့သည်ဖြစ်စေ ကျောင်းထွက်လက်မှတ်မှာတော့ ဒီကျောင်းသားမှာ ဘာပြစ်ချက်ရှိလို့ ထုတ်ပစ်ရကြောင်းဆိုတဲ့ မှတ်ချက်ကိုတော့ ရေးပေးလိုက်တယ်။

ဒီမှတ်ချက်ပါနေတော့ ကျောင်းတိုင်းက ဒီကျောင်းသားကို လက်မခံတော့ဘူး။ တစ်ကျောင်းကျောင်းက အမှတ်မထင် လက်ခံတာသိသွားရင် မူလကျောင်းထုတ်ပစ်တဲ့ ကျောင်းအာဏာပိုင်တွေက "ဒီပီအိုင်" ခေါ်တဲ့ ပညာရေးဌာနကို လှမ်းတိုင်လိုက်တယ်။ သက်ဆိုင်ရာက ထုချေလွှာတောင်းတော့တာပဲ။ ဒါကြောင့် ကျောင်းထုတ်ခံရတဲ့ကျောင်းသားတွေကို ဘယ်ကျောင်းကမှ လက်မခံတော့ဘူး။

လက်ဇေ့ကျော် ကျားဘငြိမ်းငယ်စဉ်က မန္တလေးဝက်စလီမှာ ကျောင်းနေတယ်။ ဆရာနဲ့ရန်ဖြစ်လို့ ဝက်စလီကျောင်းအာဏာပိုင်တွေက သူ့ကို ကျောင်းထုတ်ပစ်လိုက်တယ်။ ဒီတော့ သူ့မိဘက မန္တလေးမြို့ပေါ်ရှိ ကျောင်းပေါင်းစုံကို သွားအပ်တယ်၊ ဘယ်ကျောင်းကမှ လက်မခံဘူး။ နောက်ဆုံး ဆရာကြီးကျောင်းရောက်သွားတော့ ဆရာကြီးက လက်ခံလိုက်တယ်။

ဒီလို ကျောင်းတကာက စည်းပျက်ကမ်းပျက်မို့ ကျောင်းပေါင်းစုံက လက်မခံတဲ့ကျောင်းသားကို ဆရာကြီးက လက်ခံတဲ့အတွက် ကျောင်းပေါင်းစုံက မကျေနပ်ကြဘူး။ ဒါကြောင့် စည်းပျက်ကမ်းပျက်ကျောင်း၊ အမှိုက်ပုံကျောင်း၊ နေချင်သလို နေလို့ရတဲ့ နေချင်တိုင်းကျောင်းဆိုပြီး ပြက်ရယ်ပြုသရော်လှောင်ပြောင်ကြတယ်။ ဒါ့အပြင် ဒီပီအိုင်ခေါ်တဲ့ ပညာရေးဌာနကိုလဲ တိုင်စာတွေပို့တယ်။

တစ်ခါက ဒီတိုင်စာတွေအရ ကျောင်းစစ်ဖို့လာတဲ့ အိုင်အက်စ် ခေါ် ပညာဝန်က "ကျောင်းစည်းကမ်းပျက်လို့ ထုတ်ပစ်တဲ့ ကျောင်းသားတွေကို ဘာကြောင့် လက်ခံရသလဲ" လို့မေးတယ်။

"ဒါက ဒီလိုရှိပါတယ်၊ ကလေးတွေဆိုတာက အမိုက်အမဲကလေးတွေပါပဲ။ တစ်ကြိမ်တစ်ခါ ပြစ်မှုကျူးလွန်တာနဲ့ ကျောင်းကထုတ်ပစ်လိုက်တယ်။ ထုတ်ပစ်တဲ့ကလေးကိုလဲ ကျောင်းတကာက လက်မခံဘဲ လျစ်လျူရှုလိုက်ရင် ဒီကလေးဘဝတစ်ခုလုံး ဆုံးရှုံးသွားနိုင်စရာရှိပါတယ်။ တိုင်းပြည်အတွက်လဲ နစ်နာပါတယ်။ သူ့အတွက် ပြင်ဆင်ချိန်ကိုတော့ ပေးဖို့လိုတယ်လို့ မြင်ပါတယ်။ ဘယ်လိုမှ ပြုပြင်လို့မရရင်လဲ နောက်ဆုံး သူ့ထိုက်နဲ့သူ့ကံဆိုပြီး လျစ်လျူရှုလွှတ်လိုက်ရမှာပဲ။ ကျောင်းက ထုတ်ပစ်ရမှာပဲ။ ဒါကြောင့် သူ့ကို နောက်ဆုံး ပြင်ဆင်ချိန်ပေးတဲ့အနေနဲ့ ကျောင်းတကာက ထုတ်ပစ်တဲ့ ကျောင်းသားတွေကို လက်ခံရခြင်းဖြစ်ပါတယ်" လို့ ဆရာကြီးက အဲဒီလို

ပြန်ရှင်းပြလိုက်ရတယ်တဲ့။ ဒီတော့ ပညာဝန်လဲ ဒီကိစ္စကို နောက်ထပ် ဆက်မဆွေးနွေးတော့ဘူး။

ရောဂါသည်တစ်ဦးကို ဆရာဝန်က ရောဂါပျောက်အောင်ကုပြီး လူကို အရယူလိုက်တယ်။ တစ်ခါတစ်ခါကျတော့လဲ လူမှာစွဲကပ်နေတဲ့ရောဂါကို ကုသပေမယ့် မပျောက်ဘူး။ နည်းအမျိုးမျိုးနဲ့ ကုသပေမယ့်လဲ မရတဲ့ အဆုံးမှာမှ လူနဲ့ရောဂါကိုပါ သင်္ချိုင်းကုန်းထဲ ထည့်လိုက်ရတော့တယ်။

ဆရာကြီးဟာလဲ ဆရာဝန်အတိုင်းပဲ လူနာကို ကုသပေးခဲ့တယ်။ ကျောင်းသားမှာရှိတဲ့ စာရိတ္တပျက်ရောဂါ၊ စည်းပျက် ကမ်းပျက်ရောဂါကို ပျောက်အောင်ကုပြီး စာရိတ္တကောင်းတဲ့ ကျောင်းသားကောင်း၊ လူတော် လူကောင်းကလေးတွေဖြစ်အောင် ကုသလိုက်နိုင်ခဲ့ပါတယ်။ တစ်ခါတစ်ခါ ဘယ်လိုမှကုသလို့မရ ပြုပြင်လို့မရတဲ့အဆုံးကျမှ စာရိတ္တပျက်ရောဂါ၊ စည်းကမ်း ပျက်ရောဂါနဲ့အတူ ကလေးကို ကျောင်းက အပြီးအပိုင် ထုတ်ပစ်လိုက်ရ တော့တာပဲ။

တခြားကျောင်းတွေက ထုတ်ပစ်လိုက်တဲ့ ကျောင်းသားတွေနဲ့ ပတ်သက်ပြီး စာရေးဆရာနှင်းဦးက "ကျွန်တော့်ဆရာကြီး မစ္စတာရာဇတ်" ဆိုတဲ့ ခေါင်းစဉ်နဲ့ (၂၃-၈-၄၇) ထုတ် ဂျာနယ်ကျော်မှာ ဟောဒီလို ရေးသားဖော်ပြခဲ့ပါတယ်။

> "ဆရာကြီးသည် ကျောင်းသားကောင်းတွေချည်း ရွေးချယ် လက်ခံသူမဟုတ်။ ဆရာကြီးကျောင်းသည် ဘယ်ကျောင်းကမှ လက် မခံရဲသော ကျောင်းသားဆိုးများ၊ နောက်ဆုံးသောင်တင်ရာ ကျောင်းကြီး တစ်ကျောင်း ဖြစ်ခဲ့သည်။ ဆရာကြီးသည် အဆိုးဆုံး၊ အပေဆုံး ကျောင်းသားများကို လက်ခံကာ အတော်ဆုံး၊ အလိမ္မာဆုံးဖြစ်အောင် ဖန်တီးခဲ့သည်။ သည်လိုအရည်အချင်းတွေကြောင့်လဲ သူ့ကို မြို့က ကြည်ညိုသည်၊ လေးစားသည်"တဲ့။

ဆရာကြီးဟာ သည်းခံပြီး အမျိုးမျိုးနည်းနဲ့ ကျောင်းသားတွေကို ကုသပေးခဲ့တယ်။ ကုသဖို့အချိန်ကို မလွဲမရှောင်သာ ယူရမယ်ဆိုတဲ့အတိုင်း အချိန်ယူပြီး ကုသပေးခဲ့တယ်။ ဒီအထဲမှာ စာရိတ္တကောင်းလာတဲ့သူတွေလဲ မနည်းဘူးတဲ့။ ဆရာကြီးကျောင်းမှာ အောင်ချက်ကောင်းတာက ပါဠိနဲ့ အင်္ဂလိပ်စာပဲ။ နေရှင်နယ်ကျောင်းဆိုတာက အစိုးရမြန်မာကျောင်းသာသာပဲလို့

သဘောထားကြသူတွေလဲ ရှိပေလိမ့်မယ်။ ဒီနေရှင်နယ်ကျောင်းထက် အဆင့်မြင့်တဲ့ ကျောင်းက အစိုးရအင်္ဂလိပ် မြန်မာ အထက်တန်းကျောင်း၊ အဲဒီကျောင်းထက် အဆင့်မြင့်တဲ့ကျောင်းက European school ခေါ် ဗိုလ်ကျောင်းတဲ့။

**၁၀–တန်းအောင်ချင်သလား**

ဘယ်လိုပဲသတ်မှတ်ထားပေမယ့် ဆရာကြီးကျောင်းက အင်္ဂလိပ်စာမှာ အောက်တန်းမကျခဲ့ဘူး။ ဗိုလ်ကျောင်းတွေလောက် မမြင့်ပေမယ့် အစိုးရ အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းထက် မနိမ့်ဘူး။ သာချင်သာဦးမယ် ဆိုပဲ။

ခေတ်မြန်ပုံနှိပ်တိုက်ပိုင်ရှင် ဦးကိုကိုကြီးက ဆရာကြီးရဲ့ အင်္ဂလိပ်စာပေါ် ထားရှိတဲ့သဘောထားကို ဒီလိုပြောပြပါတယ်။

ဆရာကြီးက မင်းတို့အထဲက အင်္ဂလိပ်စာအောင်မယ်၊ မအောင်ဘူးဆိုတဲ့လူကို ဆွဲပြမယ်လို့ ဆရာကြီးက စကားစလိုက်တယ်။

"ကဲ မင်းတို့အထဲက အင်္ဂလိပ်စာအုပ် အကြီးအသေး ၃၀၀ ဖတ်ဖူးတဲ့ကျောင်းသား မတ်တတ်ရပ်ပါ"လို့ ခိုင်းလိုက်တယ်။

တစ်ယောက်မှ ရပ်သူမရှိဘူး။

"ကဲ ၂၅၀ ကွာ"

မတ်တတ်ရပ်မယ့်သူ မရှိဘူး။

"ကဲ မတ်တတ်ရပ်မယ့်သူမရှိရင် ဒါဖြင့် ၂၀၀ ကွာ"

ဒါလဲ မတ်တတ်ရပ်ပြသူမရှိ။

"၁၈၀ ကွာ"

အဲဒီအခါ ကိုတင်အောင် (ရုံတော်ကြီးက ကျင်လုံ့ရှပ်ဆိုင်)က မတ်တတ်ရပ်လိုက်တယ်။ အင်္ဂလိပ်စာသိပ်တော်တယ်။ သူကိုယ်တိုင်လဲ အင်္ဂလိပ်စိတ်ပေါက်နေတယ်တဲ့။

"ကဲ ဟုတ်ပြီ ၁၅၀ ကွာ"

ကျွန်တော် (ဦးကိုကိုကြီး– ခေတ်မြန်ပုံနှိပ်တိုက်ပိုင်ရှင်)က မတ်တတ်ရပ်လိုက်တယ်။

"ကဲ တော်ပြီ။ မင်းတို့က ၁၀ တန်းလဲ အောင်ချင်သေးတယ်။ စာအုပ်ကျတော့လဲ ၁၀၀ ပြည့်အောင် ဘယ်သူမှ မဖတ်ဘူး။ ဒီတော့

ဆရာကြီးလဲ မတတ်နိုင်ဘူး” ဆိုပြီး အတည်လိုလို ရွှဲ့သလိုလိုနဲ့ ပြောတယ်။

ဆရာကြီးဟာ ကျောင်းသားတွေကို မင်းတို့ ၁၀ တန်း အောင်ချင်သလား၊ အောင်ချင်ရင် အင်္ဂလိပ်စာအုပ် အုပ်ပေါင်း ၁၀၀ ဖတ်ရမယ်။ အဲဒီစာအုပ်ဖတ်ပြီးရင် ကေန်အောင်မယ်။ ဗေဒင်မမေးနဲ့၊ မေးရင် ဆန်ကုန်မတဲ့။

ဒီကိစ္စကို တော်တော်များများ ကျောင်းဆရာတွေ ကျောင်းသားတွေက ပြောပြတယ်။

ဒီခေတ်က အင်္ဂလိပ်စာကလွဲရင် ကျန်တာတွေအားလုံး မြန်မာလို သင်ရတယ်။ ပြီး အင်္ဂလိပ်စာကျပြန်တော့လဲ ငါးတန်းကစသင်ရတာ။ ဒီတော့ ဟိုခေတ်ကဆို အင်္ဂလိပ်စာက အရာရာကို ဆုံးဖြတ်နေတာမို့ အင်္ဂလိပ်စာတတ်ဖို့ အထူးအရေးကြီးတယ်။

ဆရာကြီးက ၁၀ တန်းအောင်ချင်ရင် စာအုပ် ၁၀၀ ဖတ်ဖို့ပြောတဲ့ အဓိပ္ပာယ်က အင်္ဂလိပ်မြန်မာကျောင်းတွေမှာ သူငယ်တန်းကစပြီး ၁၀ တန်းအထိ ကျောင်းတွေမှာ မြန်မာစာကလွဲရင် ကျန်ဘာသာတွေအားလုံးဟာ အင်္ဂလိပ်လိုပဲသင်ရတယ်။ ဒါကြောင့် အင်္ဂလိပ်စာကို ထုံးလိုချေ ရေလိုနှောက်နိုင်မှ တော်ကာကျမယ့်ခေတ် ဖြစ်တယ်။ အင်္ဂလိပ်စာအုပ်တွေ များများဖတ်လေ အင်္ဂလိပ်စာကျွမ်းကျင်လာလေပဲ။ အင်္ဂလိပ်စာ ကျွမ်းကျင်တတ်မြောက်လာရင် အင်္ဂလိပ်ဘာသာကိုလဲ ပိုင်နိုင်စွာ ပြောနိုင်မယ်၊ တခြားဘာသာတွေကိုလဲ အင်္ဂလိပ်လိုကျက်ရမှတ်ရ ရေးရဆိုတော့ အင်္ဂလိပ်စာတော်နေရင် လွယ်လွယ်ကူကူ သဘောပေါက်မှာ၊ လွယ်လွယ်ကူကူ ရေးနိုင်မှာဖြစ်တယ်။ စာမေးပွဲ ဖြေနိုင်မယ်ပေါ့။ ဆရာကြီးရဲ့ ဆောင်ပုဒ်က “သင် ဆယ်တန်းအောင်လိုရင် အင်္ဂလိပ်စာအုပ် တစ်ရာဖတ်ပါ” တဲ့။ ဒါက လိုရင်းကိုတိုတိုပဲ ပြောလိုက်တဲ့ သဘောဖြစ်ပါတယ်။

## အင်္ဂလိပ်ကျွန်ဘဝကလွတ်ချင်ရင် အင်္ဂလိပ်စာကြိုးစားတဲ့

“အင်္ဂလိပ်စာအုပ်တွေ အမြဲဖတ်ဖို့ ဆရာကြီးက အမြဲတမ်း လှုံ့ဆော်နေတယ်။ သူကိုယ်တိုင်လဲ စာအုပ်ကောင်းတွေ့ရင် စားစရာမရှိပေမယ့် စာအုပ်တော့ဝယ်ဖြစ်အောင် ဝယ်ဖတ်တယ်။ ဆရာကြီးရဲ့

အင်္ဂလိပ်ကို တော်ရုံတန်ရုံ အိုင်စီအက်စ်မမီဘူးလို့ ရဲရဲပြောဝံ့တယ်” လို့ ပြည်ထောင်စုအာမခံစနစ် အုပ်ချုပ်ရေးမှူးချုပ် ဆရာဦးဘလှက ကျမ်းပြုသူကို ပြောပြသေးတယ်။

လူထုဒေါ်အမာက ကျမ်းပြုသူကို ပြောပြလိုက်တာ ရှိသေးတယ်။ ဒါက–

“ဆရာကြီးက အင်္ဂလိပ်စာနဲ့ပတ်သက်ပြီး ပို့ချတဲ့နေရာမှာ အင်္ဂလိပ်စာတတ်လိုရင် အင်္ဂလိပ်စာဖတ်၊ အင်္ဂလိပ်စာရေးချင်ရင် **မြန်မာလို** တွေးပြီး မရေးနဲ့၊ အင်္ဂလိပ်လိုတွေးပြီး ရေးရမယ်။ နောက်ဆုံးကုန်ကုန် ပြောရရင် အိပ်တဲ့အခါ အိပ်မက်လို့ယောင်ရင်တောင် အင်္ဂလိပ်လို ယောင်တတ်အောင် သတိထားအိပ်တဲ့” လို့ ပြောပြခဲ့ပါတယ်။

ကျမ်းပြုသူတို့ ကသာမြို့ အစိုးရအင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းမှာကတော့ အတန်းထဲမှာ မြန်မာစကား မပြောရဘူး၊ ပြောရင် ဒဏ်တပ်မယ်၊ ရိုက်ခံထိမယ်ဆိုတာမျိုး လုံးဝ မရှိပါ။ ကျောင်းတိုင်းမှာတော့ ဒီစနစ်မျိုး မရှိဘူးလို့ သိရပါတယ်။ မြန်မာစကားကို လွတ်လွတ်လပ်လပ် ပြောရိုးပြောစဉ် ပြောခွင့်ရှိပါတယ်။

European School ဗိုလ်ကျောင်းတွေမှာတော့ မြန်မာစာသင်ချိန် လွှော့က်ကလွဲရင် မြန်မာစကား ပြောရင် တစ်ခါပြော တစ်ပဲပေးရတယ်၊ လို့ သိရကြားရပါတယ်။

တချို့ကျောင်းတွေမှာ မြန်မာစာသင်ချိန်ကလွဲပြီး မြန်မာစကား ပြောရင် စကားတစ်လုံး တစ်ပဲ ဒဏ်တပ်တယ်လို့ ကြားဖူးပါတယ်။ တစ်ပဲ ဆိုတာက ဟိုခေတ်က တစ်ပဲမှာ လေးပြားရှိပါတယ်။ ဆရာကြီးရဲ့ ကျောင်းမှာ တော့ မြန်မာစာသင်ချိန်ကလွဲရင် ကျောင်းဝင်းထဲမှာ အထူးသဖြင့် အခန်းထဲမှာ မြန်မာစကား ပြောရင် Lock System အရ သော့ခလောက်ကြီးကို ကိုင်ထားရတယ်။ တစ်ယောက်ယောက်က မြန်မာစကား ပြောနေတာတွေ့ရင် သော့ကို ကိုင်ထားရတဲ့ Lock Keeper သော့ကိုင်ကလာပြီး Please take my lock ဒါမှမဟုတ် Please ecept my lock ကျေးဇူးပြုပြီး ငါ့သော့ခလောက်ကြီးကို လက်ခံပါလို့ ပြောပြောဆိုဆို သော့ခလောက်ကို အပ်လိုက်တယ်။

နောက်တစ်ယောက်က မြန်မာစကားကို ပြောနေတာကြားရရင် အဲဒီလိုပဲ အထက်ကအတိုင်း အင်္ဂလိပ်လိုပြောပြီး အပ်ရတယ်။ သော့ကို လက်မခံလို့ မရဘူး၊ လာပေးရင် ယူရမယ်လို့ အမိန့်ထုတ်ထားတယ်။ နောက်ဆုံး ကျောင်းဆင်းခေါင်းလောင်းထိုးရင် သော့ခလောက်ကိုင်ထားရသူက ဆရာကြီးဆီ သော့ကိုသွားအပ်ရတယ်။ အဲဒီမှာ ဆရာကြီးကနောက်ကို မြန်မာစာသင်ချိန်ကလွဲရင် မြန်မာစကားမပြောရဘူး၊ အင်္ဂလိပ်လိုပြောဆိုပြီး သော့ခလောက်ကို လက်ခံပြီး ကြိမ်ဒဏ်ပေးလိုက်တယ်။

ဒီနည်းဟာ အင်္ဂလိပ်စာတော်အောင် ရည်ရွယ်ခြင်း ဖြစ်ပါတယ်။ အင်္ဂလိပ်စာကို ဌာန်ကရိုဏ်းကျကျ ပြောနိုင်မှ ရယ်လို့ မဟုတ်ဘူး။ ပြောတတ်မပြောတတ် ပြောရမယ်၊ အဲဒါမှ ပြောရဲဆိုရဲ ရှိသွားမယ်ဆိုပြီး "သော့ခလောက်ထိန်း" သမားစနစ်ကို ထူထောင်ထားခြင်း ဖြစ်ပါတယ်။

စာရေးဆရာမှူးတင်က ၂၆-၉-၇၀ ကြေးမုံမှာ အင်္ဂလိပ်စာနဲ့ ဆရာကြီးရာဇတ်ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးမှာ (Lock System) "သော့ခလောက်စနစ်"နဲ့ ပတ်သက်ပြီး ဒီလို ရေးပြထားပါတယ်။

> ကျောင်းတွင် တစ်နေကုန် သင်ပြီး ညနေ ၄ နာရီကျောင်းဆင်းခါနီး၌ လက်သီးဆုပ်ခန့်ရှိသော သော့ကြီးတစ်လုံး ကျွန်တော်၏ စားပွဲပေါ်သို့ တစ်စုံတစ်ယောက်က လာရောက်တင်ပါသည်။ မေးမြန်းကြည့်သောအခါ "ဆယ်တန်းတွင် စနစ်တစ်ခုလုပ်ထားကြောင်း၊ တစ်နေကုန် ကျောင်းခန်းထဲ၌ တစ်ဦးနဲ့ တစ်ဦး အင်္ဂလိပ်စကားနဲ့ ပြောဆိုရမည်ဖြစ်ကြောင်း၊ မြန်မာစကား ပြောဆိုသူကို ကျောင်းမှ ပေးထားသော သော့ကြီးကို ပေးရမည်။ ယင်းသော့ကို တစ်ဦးမှ တစ်ဦး မြန်မာစကားပြောနေသူတိုင်းသို့ လက်ဆင့်ကမ်းရမည်။ မငြင်းရ၊ ညနေ ၄ နာရီ ကျောင်းဆင်းခေါင်းလောင်းထိုး၍ သော့ကြီး လက်ဝယ်ရှိသူသည် သော့ကြီးကို ယူ၍ ဆရာကြီးရာဇတ်၏ အခန်းသို့ သွားရမည်။ ထိုအခါ ဆရာကြီးက ကြိမ်ဒဏ်ခတ်မည်"ဟူသတည်း။
>
> ဆရာကြီးအခန်းသို့ ကျွန်တော်ရောက်သွားသောအခါ ဆရာကြီးမှာ ကျွန်တော့်ကိုမော့ကြည့်ပြီး "မင်းက လူသစ်ကိုး"ဟု ဆိုပါသည်။ ထို့နောက် ဆရာကြီးသည် ကြိမ်ကို လက်တစ်ဖက်မှ ကိုင်ရင်း" လော့ခ်စစ်စတမ်"ဟု ခေါ်သော ဤသော့ကြီး လက်ကမ်းသည့်

စနစ်ကို ရှင်းပြပါသည်။ ကမ္ဘာနှင့် ရင်ပေါင်တန်းရမည့် ခေတ်တွင် အင်္ဂလိပ်စာ ညံ့နေ၍ မဖြစ်ကြောင်း၊ ထို့ကြောင့် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောကို အားပေးလို၍ ဤစနစ်ထွင်ထားကြောင်း။ နောင်တွင် အတန်းထဲ၌ အင်္ဂလိပ်စကားပြော ကျင့်ရမည် ဖြစ်ကြောင်းနှင့် ပြောဆိုကာ ကျွန်တော့တင်ပါးကို ကြိမ်နှင့် ငါးချက်ခန့် ခပ်ဆတ်ဆတ် ကလေး ရိုက်လွှတ်လိုက်သည်ကို ယနေ့တိုင် အမှတ်ရမိနေပါသေးသည်။

အင်္ဂလိပ်စကားကို ပြောတဲ့အခါ အသံထွက်နဲ့ ပတ်သက်ပြီး အလေးထားတယ်တဲ့၊ ဆရာကြီး အင်္ဂလိပ်စာကို ဖတ်ခိုင်းတဲ့အခါ မတ်တပ်ရပ်ပြီး ဖတ်ခိုင်းတယ်၊ ဖတ်ခိုင်းတဲ့အခါလဲ အသံနေအသံထား မှန်မမှန် (Punctuation)ဆက်မိမမိ အဲဒါတွေ ဂရုစိုက် သင်ပေးတယ်တဲ့။

ဘော်ဒါဆရာ "ဆရာဦးထွန်းမောင် ဘယ်သွားသလဲ"လို့ လှမ်းမေးလိုက်တယ်။ တပည့်က–

"ဆာကုတ်ဟောက်စ် သွားပါတယ်ခင်ဗျ"လို့ ဖြေတယ်။

"မင်းတောသားမို့ 'ဘီစကုတ်' ကြိုက်တယ်၊ ငါတို့က မြို့သားမို့ 'ဘီစကစ်' ကြိုက်တယ်။ မင်းလဲ မြို့သားဖြစ်ချင်ရင် 'ဆာကုတ်'လို့ မဆိုနဲ့ "ဆာကစ်" Circuit လို့ ပြောင်းလိုက်ပါ"

အဲဒီလိုပဲ ရယ်စရာကလေးနဲ့ ပြင်ပေးလိုက်တယ်။ တစ်ဘက်သားကို ပညာပေး သွန်သင်တဲ့ အခါလဲ ရယ်စရာကလေးတွေ ညှပ်ညှပ်သုံးပြီး မှတ်လဲ မှတ်မိနေအောင် ပြုပြင်ပေးလေ့ရှိတယ်။

ညနေကျောင်းဆင်းရင် အတန်းဆရာက Lock Keeper person လို့ ပြောပြီး Who is the Lock Keeper? မေးလိုက်တယ်၊ သော့ခလောက် လက်ဝယ်ရှိတဲ့ ကျောင်းသားက I am sir, ကို မတ်တတ်ရပ်ပြီး ဖြေလိုက်တယ်။

အဲဒီမယ် ဆရာကြီးဆီကို သော့ကြီးယူပြီးသွားစေတယ်၊ ဆရာကြီးက၊ ကဲ "နောက်အတန်းမှာ မြန်မာစကားမပြောနဲ့ ပြောရင် နောက်နေ့လဲ ရိုက်ခံရမယ်။ Spare the rod and spoil the child မရိုက်ပုတ်ရက် ကလေးပျက်တဲ့၊ တုတ်ကို ပါစားပေးထားရင် ကလေးဟာပျက်စီးမယ်၊ ဆိုလိုတာက အိုးထိမ်းသည်က အိုးကောင်းအောင် နာနာရိုက်ပေးရတယ်ကွဲ့ဆိုပြီး ရိုက်ပါတော့တယ်။

ဆရာကြီး ကျောင်းမှာ ၅ တန်းကစပြီး ၁၀ တန်းထိ Bright Story Reader Grade I ကစပြီး Grade II အစရှိသည့် အဆင့်ဆင့် သင်ရတယ်။ အင်္ဂလိပ်စာကို သူငယ်တန်းကစပြီး မသင်မနေရ သင်ရတယ်။ အင်္ဂလိပ်စာ မဖတ်မနေရ မပြောမနေရ။

ဆရာကြီးက အင်္ဂလိပ်စာကို မသင်မနေရ မဖတ် မနေရလို့ အမိန့်ထုတ် လေ့ကျင့်ထားပေမယ့် အင်္ဂလိပ်မှ အင်္ဂလိပ်၊ အင်္ဂလိပ်ကိုမှ ကိုးကွယ်ရာဆိုပြီး တစ်ဖက်စောင်းနင်း အထင်ကြီးမှု ကိုးကွယ်မှုကိုတော့ ဆန့်ကျင်တယ်၊ အင်္ဂလိပ်တွေကို မျက်ကန်းတစ္ဆေမကြောက် တစ်ဖက်သတ် စိတ်ဝင်စား သွားမှာကိုလဲ တစ်ဖက်က စိုးရိမ်တကြီး ရှိတယ်။

ဆရာကြီးက မင်းတို့ အင်္ဂလိပ်စာနဲ့ ပတ်သက်ရင် ဘယ်သူနဲ့ ပြိုင်ပြိုင် နိုင်အောင် ကြိုးစားရမယ်။ အင်္ဂလိပ်စာမှာ (European School) ဗိုလ်ကျောင်း တွေက အတော်ဆုံး၊ တခြားကျောင်းတွေက အလယ်အလတ်တန်းစား နေရှင်နယ်ကျောင်းက အဖျင်းဆုံး၊ နောက်ဆုံးကလို့ အပြင်မှာ လူတွေ ပြောဆိုနေတာတွေ ကြားရတယ်၊ အဲဒီတော့ တခြားကျောင်းတွေထက် သာအောင် ကြိုးစားရမယ်၊ ဆရာကြီးကိုယ်တိုင်မှာလဲ သူများတွေ အညံ့ဆုံး ကျောင်းလို့ သတ်မှတ်ခံရတာကို လက်မခံနိုင်ဘူး၊ တော်ရုံတန်ရုံ အစိုးရ အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းတွေမှာတောင် ကျောင်းချိန်မှာ အင်္ဂလိပ် လို မပြောလဲ နေခွင့်ရှိတယ်။

မအုံး (အမ်အေ) ၁၀ တန်း နှစ်က ဆရာကြီးကျောင်းကနေ ပါဠိ ဂုဏ်ထူးနဲ့ အောင်တယ်။ ဘီအေ ရောက်တော့လဲ ပါဠိဂုဏ်ထူးနဲ့ အောင်တယ်။ ကိုသိန်းအောင်က ဆယ်တန်းကို အင်္ဂလိပ်စာဂုဏ်ထူးနဲ့ အောင်တယ်။ ကိုသိန်းအောင်နဲ့ မအုံးက မောင်နှမအရင်းပါ။ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌပေါ့။

အမ်အေဒေါ်အုံးက ဆရာကြီးနဲ့ပတ်သက်ပြီး ဒီလိုပြောပြပါတယ်။

ဆရာကြီးဟာ အင်္ဂလိပ်စာအခန်းတစ်ခန်းကို အလွန်ဆုံး တစ်နေ့ တစ်မျက်နှာသင်တယ်။ တစ်ခါတလေ ငါးကြောင်းလောက်ပဲသင်တယ်။ ကျန်တာတွေ မင်းတို့ဘာသာဆက်ဖတ် နားလည်အောင်ကျက်ဆိုပြီး ပြော တယ်။ အဲဒီတစ်မျက်နှာပဲဖြစ်ဖြစ် ငါးကြောင်းလောက်ကိုပဲဖြစ်ဖြစ် နားလည် အောင် အထပ်ထပ် သင်ကြားပေးတယ်။

သင်တဲ့အခါလဲ ရယ်စရာတွေ ညှပ်ညှပ်ပြောတယ်။ တစ်ခါတစ်ခါ သူ့အပြောတွေကြောင့် တဝါးဝါး ရယ်ကြရတယ်။ တစ်တန်းလုံး တဝါးဝါး ရယ်ပေမယ့် သူကတော့ ဣန္ဒြေကြီးနဲ့ပဲ။ အင်္ဂလိပ်သံကို ပီပီပြောခိုင်း၊ ဖတ်ခိုင်းတယ်။ အင်္ဂလိပ်စကားပြောရင်၊ အင်္ဂလိပ်စာ ဖတ်ရင် အင်္ဂလိပ်သံနဲ့ ပြောဖတ်တဲ့။ မြန်မာစကားပြောရင်၊ မြန်မာစာဖတ်ရင် မြန်မာသံပီပီပြော မြန်မာသံပီပီဖတ်။ မြန်မာစကားပြောရင် အင်္ဂလိပ်သံ မပေါက်စေနဲ့ ဆိုသလို အင်္ဂလိပ်စာဖတ်ရင်လဲ မြန်မာသံ မပေါက်စေနဲ့တဲ့။

## နေချင်တိုင်းကျောင်းနဲ့ လောဒ်ရီဒင်းဆု

နေချင်တိုင်းကျောင်း၊ အမှိုက်ပုံကျောင်း၊ ကျောင်းထဲမှာ အညံ့ဆုံးလို့ တီးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ၊ သားပုပ်လေလွင့် ပြောခံရတဲ့ကျောင်းဟာ ကျောင်းပေါင်းစုံ အင်္ဂလိပ် စာစီစာကုံးပြိုင်ပွဲမှာ ပထမဆုရတဲ့ ကျောင်းသားအကျော် အမော်တွေကို မွေးထုတ်ပေးခဲ့တယ်ဆိုတာ လားလားမှ မကြားဖူးဘူး ဆိုတော့ ခုလို နေရှင်နယ်ကျောင်းက ဆုရတာတစ်မျိုး ထုတ်ဖော်ပြောရရင် အလှူ့ရှင်မှန်းသိ အောင် မဏ္ဍပ်တိုင် တက်တယ်လို့များ ဆိုလေမလားတဲ့။

နှစ်တိုင်း နှစ်တိုင်း အင်္ဂလိပ်စာ စာစီစာကုံးရေး ပြိုင်ပွဲ ကျင်းပတယ်။ ဒီပြိုင်ပွဲမှာ ပထမဆုရတဲ့သူကို Lord Reading Prize လောဒ့်ရီဒင်းဆုပေး တယ်။ လော့ရီဒင်းဆုဆိုတာက ဟိုတစ်ချိန်က အိန္ဒိယပြည်ဟာလဲ ဗြိတိသျှအစိုးရ ရဲ့ ကျွန်နိုင်ငံ တစ်နိုင်ငံပဲ၊ အိန္ဒိယနိုင်ငံကို အင်္ဂလိပ်ဘုရင်ခံချုပ်က အုပ်ချုပ်တယ်။ အဲဒီဘုရင်ခံချုပ်ကို လော့ရီဒင်းတဲ့။

ဒီအချိန်က အိန္ဒိယနဲ့ မြန်မာပြည်ဟာလဲ တွဲရက်ပဲ ရှိသေးတယ်။ အင်္ဂလိပ်ဘုရင်ခံချုပ် တစ်ဦးတည်း ဒီအိန္ဒိယနဲ့ မြန်မာနိုင်ငံကို တာဝန်ခံ အုပ်ချုပ်တယ်။ ဒီတော့ လော့ရီဒင်းက မြန်မာပြည်ကိုလဲ အုပ်ချုပ်ရတယ်။ ၁၉၂၃ ခုနှစ်မှာ လော့ရီဒင်း ခေါ်တဲ့ ဘုရင်ခံချုပ်ဟာ မြန်မာပြည်ကို တိုင်းခန်း လှည့်လာတယ်။ သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လို စာစီစာကုံး ပြိုင်ပွဲ ကျင်းပစေတယ်။ လောဒ်ရီးဒင်းပရိုက်စ်ဆိုပြီး ဘုရင်ခံချုပ်ရဲ့ ဆုကို ပေးတယ်။ ပထမဆုပဲ ပေးတယ်။ ဒီဆုကို ၁၉၂၄ ခုနှစ်က စတင်ပြီး လုပ်ခဲ့တယ်။ နောက်ပိုင်းမှာလဲ ဆက်တိုက်ပဲ နှစ်စဉ် ကျင်းပစေတယ်။

ဒီအချိန်က ကျောင်းအချင်းချင်း နှိမ်ကြတယ်။ ဘီတီအင် ကျောင်းကို ဘားမားတေလေတဲ့။ နေရှင်နယ်ကျောင်းကိုတော့ နေချင်တိုင်းကျောင်းတဲ့။ မန္တလေးမြို့ပေါ်ရှိတဲ့ ကျောင်းတွေက စည်းပျက်ကမ်းပျက်မို့ တခြားကျောင်းတွေက ထုတ်ပစ်လိုက်တဲ့ ရေမျှောကမ်းတင် ကျောင်းသားတွေ ဘယ်ကျောင်းမှာမှ သုံးမရတဲ့ အဖျင်းတွေကို လက်ယပ်ခေါ် လက်ခံထားတဲ့ကျောင်း အမှိုက်ပုံတဲ့။ ဘယ်လိုပဲ ပုတ်ခတ်ပြောပေမယ့် ရောဝတီကတော့ စီးမြဲစီးလျက်သာပါပဲ။

၁၉၂၄ ခုနှစ်မှာ ဆရာကြီးရဲ့ နေရှင်နယ်ကျောင်း သို့မဟုတ် ဗဟိုအမျိုးသား အထက်တန်းကျောင်းက ၁၀ တန်းကျောင်းသား မောင်လှထွန်း (အခု ဦးလှထွန်းဟာ စိုက်ပျိုးရေးမင်းကြီး၊ အငြိမ်းစား၊ ရန်ကုန်)ဆိုသူက ပထမဆု ရခဲ့ပါတယ်။ ဒီမွေးကြိုင်တဲ့ မင်္ဂလာသတင်းဟာ မလိုတမာ အပုပ်ချနေတဲ့ ကျောင်းတွေအတွက် အနေခက်ပြီး မဟာအရှက်တော်များ ကွဲလေမလားတဲ့။ ဒီဆုကို ပထမဆုံး ပြိုင်ပွဲကျင်းပတဲ့ ၁၉၂၄ ခုနှစ်မှာပဲ မောင်လှထွန်းက ရခြင်း ဖြစ်တယ်။

၁၉၃၀ ခုနှစ်မှာ တစ်ခါ ဆရာကြီး ကျောင်းကပဲ ဒီဆုကို မောင်ဘညွန့်က ရလိုက်ပြန်တယ်။ မောင်ဘညွန့်ဟာ ဆရာကြီးကျောင်းက ၁၀ တန်းအောင်ပြီး ဆရာဖြစ်ကျောင်း သွားတက်တယ်၊ အဲဒီကျောင်းက ဆရာဖြစ်ခဲ့တော့ ဆရာကြီးရဲ့ ကျောင်းမှာပဲ ပြန်အလုပ်အကျွေးပြု ကျေးဇူးဆပ်တဲ့ အနေနဲ့ ဆရာပြန်ဝင်လုပ်တယ်။ အဲဒီနှစ်က မအုံး (အမ်အေဒေါ်အုံး) ဒုတိယရတယ်။ ဒါပေမယ့် ဆုက ပထမပဲ ပေးတော့ ဒုတိယရတဲ့ မအုံး ဆုမရလိုက်ဘူးတဲ့။

၁၉၃၆ ခုနှစ် ကျပြန်တော့ ဆရာကြီးရဲ့ ကျောင်းသား မောင်ကိုကိုကြီး (အခု ပြည်ထောင်စု အာမခံစနစ် အုပ်ချုပ်ရေးမှူး အငြိမ်းစားဆွတ်ခူးခဲ့တယ်)။

(Kindness to the animal)တိရစ္ဆာန်များကို ကြင်နာခြင်း"ဆိုတဲ့ စာစီစာကုံးကို အင်္ဂလိပ်လို ရေးသားပြိုင်ပွဲဝင်ရတယ်။ ခွေးအကြောင်းပဲ ရေးရေး၊ နွားအကြောင်းပဲ ရေးရေး၊ ကိုယ်ကြိုက်တာရေးလို့ရတယ်။ ဒီအကြောင်း အရာပါ စာစီစာကုံးရေးပြီး ဝင်ပြိုင်လို့ မောင်ကိုကိုကြီး ပထမဆု ရခဲ့တယ်။

၁၉၃၈ ခုနှစ်မှာ ဒီလော့ဒ်ရီးဒင်းဆုကို ဘီတီအင်ကျောင်းက ကျောင်းသား ကိုမောင်မောင် (အခု ဒေါက်တာမောင်မောင် နိုင်ငံတော်ကောင်စီဝင်) က ရသွားသတဲ့။

ဒီအင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲအတွက် ရေးခိုင်းချင်တဲ့ စာစီစာကုံးကို စာမေးပွဲမေးခွန်းသဘော စာအိတ်ချိပ်ပိတ်ပြီး ပြိုင်ပွဲဝင်မယ့် ကျောင်းတွေကို ပို့ပေးခဲ့တယ်။ ပြိုင်ပွဲ ဝင်ချင်တဲ့ ကျောင်းသားတွေက ကိုယ့်ကျောင်းမှာပဲ ကိုယ်ဝင်ပြိုင်ရတယ်။ စာလုံးရေကို ကန့်သတ်ထားတယ်၊ အဖြေလွှာတွေကို ပညာရေးဌာနဆီ စာမေးပွဲ အဖြေလွှာအတိုင်း ချိပ်ပိတ်ပို့ရတယ်။ ပညာဝန်က စစ်ဆေးတယ်၊ မောင်ကိုကိုကြီး ပထမဆုရတဲ့နှစ်က ပညာဝန်က ဦးဘတုတ်။

ဆရာကြီးဟာ သူ့ကျောင်းကို အမျိုးမျိုး မှိုချိုးမျှစ်ချိုး ပြောကြလေ၊ သူ့ကျောင်းကို အဘက်ဘက်က အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ခဲ့တယ်။ အဖျင်းဆုံး ကျောင်းလို့ ကမ္ပည်းထိုးခံရတဲ့ ကျောင်းက အခုလို Lord Reading Prize ကို တစ်ခါမက နှစ်ခါသုံးခါပင် ရအောင် ယူပြလိုက်နိုင်တယ် မဟုတ်ပါလား။

**စာအုပ်သယ်တဲ့ လက်တွန်းလှည်း**

ဆရာကြီးကျောင်းမှာ "Lock system" တို့ "Lord Reading Prize" ဆေးပေါ့လိပ်၊ ရဲတပ်၊ သပိတ်၊ ဘုရားရှိခိုးရတဲ့အကြောင်း၊ လက်ဖှေ့ ဆိုတဲ့ရေပန်းစားတဲ့စကားထဲမှာ Tray System ဆိုတဲ့ လက်တွန်းလှည်းငယ် ဟာလဲ မပါရင် မပြီးတဲ့ကိစ္စ ဖြစ်ပါတယ်။

တစ်နေ့တစ်နေ့ ၅ တန်းက ၁၀ တန်းထိ အင်္ဂလိပ်စာ လေ့ကျင့်ခန်း စာအုပ်တွေကို ညနေပိုင်းမှာ သစ်သားနဲ့ လုပ်ထားတဲ့ လက်တွန်းလှည်း ကလေးနဲ့ သူ့အခန်းကို စုပို့ရတယ်။

အဲဒီလို စာအုပ်တွေ ပို့တဲ့အခါ အတန်းမှာ စုစုပေါင်း ကျောင်းသား ဘယ်လောက်ရှိတယ်၊ ပျက်ကွက်ဘယ်လောက်ရှိတယ်၊ အခု တက်ရောက် ဘယ် လောက်ရှိတယ်ဆိုတဲ့ ကျောင်းရှိ၊ ကျောင်းတက်၊ ပျက်ကွက်၊ နေ့စဉ်စာရင်းကိုလဲ တစ်ပါတည်းပေးလိုက်ရပါတယ်။

ဆရာကြီး လေ့ကျင့်ခန်းစာအုပ်တွေကို စစ်ဆေးတယ်။ ဒီလို လက်တွန်း လှည်းကလေးနဲ့ ယူရတဲ့ စာအုပ်တွေကို စစ်ဆေးကြည့်ရတာက ကျောင်းဆရာ၊ ဆရာမတွေ အလုပ်လုပ်သလား၊ ကျောင်းသားတွေ အလုပ်လုပ်သလား၊ လက်ရေးလှသလားဆိုတဲ့ ကျောင်းဆရာတွေ၊ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ အခြေအနေကို စစ်ဆေးဖို့ ရည်ရွယ်ချက်နဲ့ သူ့ဆီပို့ရခြင်း ဖြစ်တယ်။

ဒီလေ့ကျင့်ခန်းစာအုပ်တွေကြည့်ပြီး ကျောင်းဆရာကိုဖြစ်စေ ကျောင်းသားတွေကိုဖြစ်စေ လိုအပ်သလို ညွှန်ကြားတယ်၊ စာအုပ်တွေမှာ မှတ်ချက်တွေ ရေးပေးတယ်။ တချို့ကျောင်းသားတွေ ခေါ်တွေ့ပြီး နှုတ်နဲ့ ဆုံးမတန်ဆုံးမ၊ ကြိမ်နဲ့ ဆုံးမတန် ဆုံးမတယ်။ ညံ့တဲ့ကလေးကိုလဲ ဂရုစိုက်ပေးပါဆိုပြီး ဆရာ့အတွက်လဲ ညွှန်ကြားချက် ရေးပေးတယ်။

ဒီလိုလုပ်တာဟာ ဆရာကြီးရဲ့ နေ့စဉ်အလုပ်ထဲမှ တစ်ခုဖြစ်တယ်။ တစ်နေ့တာ ရောက်လာတဲ့ ဒီစာအုပ်တွေကို အလွယ်တကူ လှန်လှောသွားတာမျိုး မဟုတ်ဘဲ စေ့စေ့စပ်စပ် စစ်ဆေးတယ်။ ဒီလိုအလုပ်တွေ ညနေကျောင်းဆင်းပြီးသွားတဲ့တိုင်အောင် ဆက်ပြီးစစ်ဆေးခြင်း ဖြစ်တယ်။ အင်မတန် ပင်ပန်းခံပြီး လုပ်ခဲ့တယ်။ အလုပ်လုပ်ရာမှာလဲ ဖျတ်လတ်မြန်ဆန်မှု ရှိတယ်။

၅ တန်းမှ ၁၀ တန်းထိ ကျောင်းသားကျောင်းသူတွေရဲ့ နေ့စဉ် လုပ်ငန်းစာအုပ်တွေကို သေသေချာချာ စစ်ဆေးတယ်ဆိုတာ ယုံတမ်းစကားပါလို့ ထင်ကောင်းထင်ပေလိမ့်မယ်။ တစ်နေ့တာအလုပ်ကို အကြွေးမထားဘဲ တစ်ထိုင်တည်း လုပ်သွားတယ်ဆိုတာ ဆရာကြီးရဲ့ ကျောင်းဆရာဆရာမများနဲ့ ကျောင်းသားတွေ မေးကြည့်ရင် သူတို့က အကောင်းဆုံး သက်သေခံပြကြပါမယ်။

ဆရာကြီးကိုယ်တိုင်က ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းမှာ ပါဠိနဲ့ အင်္ဂလိပ်စာပြတော့ စာစီစာကုံးဖြစ်ဖြစ် ပုံဝတ္ထုဖြစ်ဖြစ် နေ့စဉ် ရေးခိုင်းတယ်၊ ဒါမရေးရင် မနေရဘဲ။ ၈-၉-၁၀ တန်းမှာ စုစုပေါင်း ကျောင်းသား ၂၀၀ ကျော် ၃၀၀ ရှိတယ် ဒီ ၂၀၀-၃၀၀ ရှိတဲ့ ကလေးတွေရဲ့ ဆောင်းပါး၊ ဝတ္ထု၊ စာစီစာကုံးတွေကို အကြွေးမထားဘူး။ အပင်ပန်းခံပြီး တစ်နေ့တည်းနဲ့ အပြီး စစ်ဆေးပေးခဲ့တယ်။

ဆရာကြီးက ဒီလို အပင်ပန်းခံပြီး အလုပ်လုပ်တော့လဲ ကျန်ဆရာဆရာမတွေက မလုပ်ဘဲ မနေနိုင်ကြတော့ဘူးပေါ့။

အမှိုက်ပုံကျောင်းလို့ သမုတ်ခံရတဲ့ကျောင်းက ထိပ်တန်းပညာကို ရခဲ့သူများ

နေချင်တိုင်းကျောင်းမှ ထိပ်တန်းပညာကို ရခဲ့သူများ စာရင်းမှ အကျဉ်းကို ဖော်ပြရရင် -

ဦးကိုကိုကြီး - ၁၉၄၂ B.A. (English) Honours Second Class Rangoon University.
1950 M.A. (Eng) University of Rangoon.
1960 A.C. II (Marine) chartered Insurance Institute London.
1963 F.C.II Chartered Insurance Institute, London.
1963 F.I.Arb: Institute of Arbitrated London.

ဦးကိုကိုကြီးဟာ ၁၉၃၆ ခုနှစ်ကလဲ Lord Reading Prize ကို ရခဲ့ဖူးသူ ဖြစ်ပါတယ်။

ဒေါ်တင်လှ - ၁၉၄၈-၅၄ အတွင်း ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာတန်း ပါဠိဘာသာ ဂုဏ်ထူး BA.(Hon.) MA. ဘွဲ့ကို (A-Grade)နဲ့ အောင်မြင်ခဲ့တယ်။
၁၉၅၈-၅၉ အမေရိကန်ကာလီဖိုးနီးယား တက္ကသိုလ် MS (Master of Science in Library Science) အဆင့်အတန်းမြင့်မြင့်ဖြင့် အောင်မြင်ခဲ့တယ်။
၁၉၆၉ ခုနှစ်အတွင်း မြန်မာပြည်မှာ MA MS ဘွဲ့ရသူ ၃ ဦးအနက် ဒေါ်တင်လှဟာ တစ်ဦးအပါအဝင် ဖြစ်ပါတယ်။ ကျန်နှစ်ဦးဟာ ဦးဖေအောင်နဲ့ ဦးလှမောင်တို့ ဖြစ်ပါတယ်။

MA ဒေါ်အုံး - M.A. ပါဠိဂုဏ်ထူး မြန်မာပြည်မှာ အမျိုးသမီးထဲမှ ပထမဆုံး တက္ကသိုလ်ကျောင်းအုပ်ကြီး လုပ်ဖူးသူဖြစ်တယ်။

ဒီအခန်းနဲ့ ပတ်သက်ပြီး အောက်ပါပုဂ္ဂိုလ်များ ထံမှလည်းကောင်း၊ ဆောင်းပါးမှလည်းကောင်း ပြောပြချက်များကို ရေးသားဖော်ပြခြင်း ဖြစ်ပါတယ်။

ဒေါ်မိမိခင် - စောင်းကောက်ဖိနပ်တိုက်၊ မန္တလေး။

ဒေါ်မမ – ဗဟို အမျိုးသား အထက်တန်းကျောင်း၊ ကျောင်းဆရာမဟောင်း၊ မန္တလေး။

ဦးထွန်းမောင် – ဗဟို အမျိုးသား အထက်တန်းကျောင်း၊ ဘော်ဒါဆရာဟောင်း၊ မန္တလေး။

ဦးဘလှ – သီရိပျံချီ ဦးဘလှ ကွယ်လွန် ရန်ကုန်။

ဒေါ်မြတင် – ကျောင်းစာရေး၊ မန္တလေး။

လူထုဒေါ်အမာ – သတင်းစာဆရာ၊ စာရေးဆရာ ဂျာနယ်ဆရာ၊ မန္တလေး။

ဒေါ်တင်လှ – (အငြိမ်းစား) ပြတိုက်မှူး၊ ယဉ်ကျေးမှုဌာန၊ မန္တလေး။

အမ်အေဒေါ်အုံး – မန္တလေးတက္ကသိုလ် ကထိကဟောင်း၊ မန္တလေး။

ဦးကိုကိုကြီး – ဦးဆောင်ညွှန်ကြားရေးမှူး၊ အငြိမ်းစား မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်း၊ ရန်ကုန်။

ဦးကိုကိုကြီး – ခေတ်မြန်ပုံနှိပ်တိုက်ပိုင်ရှင်၊ ရန်ကုန်။

ဦးကိုကြီး – ရခိုင်ပြည်နယ်၊ ဦးစီးဌာနမှူး၊ ငွေစာရင်းရုံး၊ စစ်တွေ။

ဆရာမိုလ်ခင်မောင်ကလေး – ဖဆပလ ဝန်ကြီးဟောင်း (ကွယ်လွန်)ရန်ကုန်။

ဒေါက်တာခင်မောင်ညွန့် – ဌာနမှူး (သမိုင်းဌာန) ပညာရေးတက္ကသိုလ်၊ ရန်ကုန်။

ဦးစံဝင်း – လက်ထောက်အထွေထွေမန်နေဂျာ (အငြိမ်းစား)၊ ရန်ကုန်။

ဦးပြားမောင် – မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်း မန်နေဂျာ။

## အခန်း (၁၀)

## ပါဠိနှင့် အင်္ဂလိပ်စာ စွယ်စုံတော်သည့် ဆရာကြီး

ဒီပါဠိတက္ကသိုလ်ကြီးတည်ဆောက်ရေးဟာလဲ ဆရာကြီးကျဆုံးသွားတာနဲ့ အတူ တိမ်မြုပ်ပျောက်ကွယ်သွားပါသတဲ့။

ပါဠိမတတ်ရင် မြန်မာစာ မတတ်ဘူးဆိုတဲ့ သဘောပဲလို့ အဆိုရှိတယ်။ ဗုဒ္ဓဘာသာဘက်က ကြည့်မယ်ဆိုရင်လဲ ပါဠိတတ်မြောက်ဖို့ အရေးကြီးတယ်၊ အဲဒီအမြင် ဆရာကြီးမှာ ရှိတယ်။

ဆရာကြီးဟာ စွယ်စုံတော်သူပါ။ မြန်မာစာနဲ့ ပါဠိတော်တဲ့ ကျောင်းသားဟာ အင်္ဂလိပ်စာညံ့တတ်ပါတယ်။ အင်္ဂလိပ်စာတော်တဲ့ ကျောင်းသားဟာ မြန်မာစာ ညံ့တတ်ပါတယ်။ ဆရာကြီးကျတော့ မြန်မာစာနဲ့ပါဠိ၊ ပြီးတော့ အင်္ဂလိပ်စာကိုပါ တော်သူဖြစ်ပါသတဲ့။

၁၉၁၇ ခုနှစ်၊ အိုင်–အေ၊ အထက်တန်းမှာ ပညာသင်ကြားနေချိန် မစ္စတာဘိုင်မီယားရဲ့ အင်္ဂလိပ်စာ–စာစီစာကုံး ပြိုင်ပွဲဝင်ရောက် ပြိုင်ပါတယ်။ အစ္စလာမ်ဘာသာရေးအကြောင်း ရေးသားပြိုင်ပွဲဝင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ ဆရာကြီးပထမဆုရခဲ့ပါတယ်။

ဆရာကြီးဟာ ကျောင်းမှာတုန်းက အင်္ဂလိပ်စာ အရေးအသားတော်လွန်းလို့ ပါမောက္ခတွေရဲ့ ချီးကျူးခြင်း မကြာခဏ ခံရတတ်ပါတယ်။

ဆရာကြီးနဲ့အလွန်ရင်းနှီးတဲ့ ငယ်ပေါင်းသူငယ်ချင်းက ရေနံချောင်းတွင်းစားသူဌေးသား၊ ကုန်စည်ဖြန့်ဖြူးရေးမင်းကြီး ဦးခင်မောင်လတ် က သူ့လက်ထက်မင်္ဂလာအခမ်းအနား တက်ရောက်ဖို့ ဆရာကြီးကို ဖိတ်ကြားလိုက်တယ်။ ဒါပေမယ့် သူက မန္တလေးကနေ လက်ထပ်မင်္ဂလာ အခမ်းအနားကို သွားရောက်တက်ရောက်နိုင်ခြင်း မရှိတဲ့အတွက် မင်္ဂလာရတုပိုဒ်စုံကို ရေးသားပေးပို့လိုက်တယ်။ (ဒီရတုပိုဒ်စုံကို စာရေးဆရာကြီး ဦးရာဇတ်၏ အခန်းတွင် အကျယ်ဖော်ပြထားပါတယ်–ကျမ်းပြုသူ)

ဒီရတုပိုဒ်စုံကို မင်္ဂလာအခမ်းအနားမှာ ဖတ်ကြားလိုက်ရာ ကြွရောက်တဲ့ မင်းပရိသတ်များက အထူးသဘောကျ ချီးကျူးကြပါတယ်။ အဲဒီ ရတုပိုဒ်စုံကို သူတို့ရဲ့ မင်္ဂလာလက်ဖွဲ့အဖြစ် အထူးတလည် တရိုတသေ သိမ်းဆည်းထားကြပါ သတဲ့။

သူရေးတဲ့ ဒီမင်္ဂလာရတုပိုဒ်စုံရဲ့ အင်္ဂါရပ်သမြောက်ပုံကို စာရေးဆရာကြီး သခင်ကိုယ်တော်မှိုင်းက ၁၄–၇–၆၉ နေ့ထုတ် လုပ်သားပြည်သူ နေ့စဉ်သတင်းစာမှာ “ဤ ရတုပိုဒ်စုံ” ခေါင်းစဉ်နဲ့ ဆောင်းပါးရေးခဲ့ပါတယ်။ ဆရာကြီးသခင်က သူ့ဆောင်းပါးထဲမှာ ဆရာကြီးရဲ့ ရတုစပ်ပုံစပ်နည်း ဘယ်လောက်ပြောင်မြောက် သလဲဆိုတာ အောက်ပါအတိုင်း ချီးကျူးရေးသားထားတာက–

“ရုတ်တရက်ဖတ်ရလျှင် ဤရတုစာကိုယ်စာကို ရှေးစာဆိုများရဲ့ စာဟောင်းများဟု ထင်ကောင်းထင်ဖွယ် ရှိလိမ့်မည်။ အမှန်တော့လည်း ဤရတုပိုဒ်စုံမှာ ရှေးနှစ်ပေါင်း ၃၀ ကျော်လောက်က ရေးစပ်ခဲ့သော ရတုဟောင်းများ ဖြစ်သည်ကားမှန်၏။ သို့သော် ရှေးခေတ် စာဆိုတော်ကြီး၏ ရတု စာဟောင်းများကား မဟုတ်ပေ။

“သို့မဟုတ်သော်ငြားလည်း ကာရန်အစပ်အဟပ်နှင့် လေယူ လေသိမ်း အဖွဲ့အနွဲ့တို့မှာကား သာမည ပုဂ္ဂိုလ်တစ်ဦး၏ လက်ရာမဟုတ် ဘဲ အတော်အတန် ကဗျာဉာဏ် ရသဂုဏ်နှင့် ပြည့်စုံအောင် နိုင်နိုင် နင်းနင်းဖွဲ့နိုင်သူ တစ်ဦးဖြစ်ကြောင်းကိုမူ သုတေသီများ ခန့်မှန်းနိုင် လောက်ပေသည်”

“ထိုထက် ယင်းကဗျာရှင် မည်သူဖြစ်သည်လို့ သိက ပို၍ အံ့ဩသွားပေလိမ့်မည်။ ထိုရတုပိုဒ်စုံ သုံးပုဒ်၏ စာဆိုရှင်ကား အခြားသူ မဟုတ်ဘဲ ကျွန်ုပ်တို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်တို့နှင့်အတူ ၁၉ ဇူလိုင် မမေ့နိုင်သော နေ့တွင် ကျဆုံးကွယ်လွန်ခဲ့ရသူတစ်ဦး အပါအဝင် ဖြစ်သည့် ဆရာကြီး ဦးရာဇတ်ပင် ဖြစ်သည်။ ဆရာကြီး ဦးရာဇတ်၏ နာမည်နှင့် ရုပ်လက္ခဏာ အဝတ်အစား အဆင်အပြင်တို့ကို သာမန်တွေ့မြင်ရသူ တစ်ဦးအဖို့မှာကား ထိုကဗျာသည် ဆရာကြီး၏ လက်ရာဖြစ်သည်ဟုဆိုလျှင် အမှန်သံသယစိတ်ဓာတ်ဖြင့် အံ့ဩသွားမည် မုချဖြစ်သည် သို့သော် ဤရတုပိုဒ်စုံသုံးပုဒ်ကား ဆရာကြီး ဦးရာဇတ်၏ လက်ရာစစ်များသာတည်။

ပါဠိုကို နှိုက်နှိုက်ကျွတ်ကျွတ် လေ့လာတတ်မြောက်ထားသူ။ မြန်မာစာ ရတုပိုဒ်စုံကို ပြောင်မြောက်အောင် ဖွဲ့နွဲ့ရေးသားထားသူဟာ အစ္စလာမ်နာမည် မစ္စတာရာဇတ်နဲ့ လားလားမှ ပန်မစားပါတဲ့။

ဆရာကြီးဟာ မြန်မာမွတ်စလင်တစ်ယောက်၊ ကြည့်ရင် အိန္ဒိယသား ကုလားကြီးတစ်ယောက်အသွင် ဝတ်တော့လဲ အနောက်တိုင်းဝတ်စုံ၊ အဲဒီပုဂ္ဂိုလ် တစ်ဦးက ဒီလောက်ထည်ဝါခံ့ညားပြောင်မြောက်လှတဲ့ ရတုပိုဒ်စုံကို ရေးသူဟာ ဆရာကြီး ဦးရာဇတ်လို့ ဆိုရင် ဟုတ်မှဟုတ်ပါလေစလို့ နောင်မျိုးဆက်တွေမှာ အငြင်းပွားနိုင် မပွားနိုင်ဆိုတဲ့ ပြဿနာကို အသာထား၊ အခုမျက်မှောက်ခေတ်မှာ တောင် စာရေးဆရာကြီး ဆရာသင်္ခါရဲ့ "ဤရတုပိုဒ်စုံ"ဆိုတဲ့ ဆောင်းပါးမျိုး၊ ဗဟိုအမျိုးသား အထက်တန်းကျောင်းက ဘော်ဒါကျောင်းဆရာကြီး ဆရာ ဦးထွန်းမောင်ရဲ့ "ခေတ်ပညာတတ် စာဆိုတော် ဆရာကြီးအကြောင်း"စတဲ့ ဆောင်းပါးမျိုးတွေ အခိုင်အမာ ရှိနေလို့ပေါ့။ နို့မို့ရင် အငြင်းပွားနိုင်စရာတွေ ပါပဲ။

စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်က "သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည် ခိုင်" ဆိုတဲ့ ကျော်ကြားလှတဲ့ သူ့ဝတ္ထုစာအုပ်မှာ ဆရာကြီးအပေါ် သူ့အမြင်ကို ဒီလိုရေးသားထားပါတယ်။

[၁] "ဆရာကြီးမှာ အိန္ဒိယလူမျိုး တစ်ဦးအသွင် ပေါ်သည်။ ဆံပင်ဖြူစ ဖြစ်သော်လည်း သွက်လက်ဖျတ်လတ်သည်။ မျက်နှာသည် ခံ့ညားမွန်ရည်၍ တည်ငြိမ်အေးချမ်းသော အပြုံးကို ထာဝစဉ် ဆောင်ထားတတ်သည်။

"နောင်သောအခါ ဆရာကြီးနာမည်ကို ကျွန်တော် သိရသည်။ ဦးရာဇတ်ဟူသတည်း"

"ဆရာကြီး ဦးရာဇတ်သည် ယခင်က မန္တလေးမြို့မကျောင်း အုပ်ကြီး ဖြစ်သည်။ မျိုးချစ်စိတ် ပြင်းထန်သူ တစ်ဦးဟု ကျော်ကြားသည်။

စာရေးဆရာ–ဆရာနှင်းဦးကလဲ သူ့ရဲ့ "ကျွန်တော့်ဆရာကြီး မစ္စတာရာဇတ်"မှာ အမျိုးသားကျောင်းတစ်ကျောင်းမှာ မွတ်စလင်အမျိုးသား တစ်ဦး ဖြစ်တဲ့ ဆရာကြီးက ကျောင်းအုပ်ကြီး ဖြစ်နေတာဟာလဲ အံ့သြဖွယ်ရာ ကောင်းတယ်လို့လဲ ရေးသားခဲ့တယ်။

---

၁။ ဘုန်းနိုင်/တက္ကသိုလ် "သူငယ်ချင်းလို့ဘဲ ဆက်၍ခေါ်မည်ခိုင်" ဒုတိယတွဲ မြစာပေတိုက် ၁၉၆၄ ခု မေလ စာမျက်နှာ ၂၉၊ ၃၀

ဒေါက်တာခင်မောင်ညွှန့် အမ်အေ–ပီအိပ်ချ်ဒီဘွဲ့ရ၊ ရန်ကုန်ပညာရေးတက္ကသိုလ် သမိုင်းဌာန၊ ဌာနမှူးကလဲ ဘုန်းကြီးလွှမ်းမိုးတဲ့ မြို့မှာ ဗုဒ္ဓဘာသာဝင် မဟုတ်သူ ဆရာကြီးဦးရာဇတ်က ဝင်ဆံ့နေတာဟာလဲ ဆန်းကြယ်နေတယ်လို့ ကျမ်းပြုသူကျွန်တော့်ကို ပြောပြခဲ့ပါတယ်။

ပြီးတော့ ဆရာကြီးရဲ့ အပါးတော်မြဲ ဦးချစ်ဆွေကလဲ ၁၈–၇–၇၀ နေ့ ဟံသာဝတီသတင်းစာမှာ "ဆရာကြီး ဝန်ကြီးဖြစ်ဖို့ မန္တလေး မြို့ လေးပြင် လေးရပ်က ဆရာတော်ကြီး ၁၀ ပါးက ဖ–ဆ–ပ–လ အဖွဲ့ချုပ်မှာ တောင်းဆိုခဲ့တာဟာလဲ မယုံရင် ပုံပြင်မှတ် ဆိုရမလားမသိ" ဆိုပြီးလဲ ရေးခဲ့တယ်။

ဆရာကြီးရဲ့ သမိုင်းမှာ ဆောင်ရွက်ခဲ့တာတွေဟာ ဘုန်းကြီးနဲ့ ဘီးလို ဆက်စပ်မရနိုင်သလို အဖြစ်မျိုးပါ။ သမိုင်းမှာ ယုံတမ်းစကားအဖြစ် မကျန်ရစ်အောင် အထောက်အထားရှိဖို့ လိုအပ်တဲ့အတွက်ကြောင့် ဒီကျမ်းမှာ ပြုစုရေးသားထားရခြင်းပါ။

မြန်မာမွတ်စလင် အမျိုးသား၊ အိန္ဒိယကုလားရုပ်ပေါက်နေသူက ဒိဂုဏ်မြောက်တဲ့ ရတုပိုဒ်စုံရေးတာတို့၊ အမျိုးသားကျောင်းဆရာကြီး လုပ်ခဲ့တာတို့၊ ဖဆပလ–ဥက္ကဋ္ဌအဖြစ် အရွေးချယ်ခံရတာတို့ ဗုဒ္ဓဘာသာ သာသနာထွန်းကားနေတဲ့မြို့တော်၊ မြန်မာဘုရင်ရဲ့ နောက်ဆုံးမင်းနေပြည်တော်မှာ ကျောင်းထိုင်ဆရာတော်ကြီးများကိုယ်တိုင် ပြိုင်ဖက်မရှိ တစ်ဦးတည်းသော ပုဂ္ဂိုလ်အဖြစ် ဝန်ကြီးခန့်ဖို့ တစ်သွေးတစ်သံတစ်မိန့်နဲ့ တောင်းဆိုလို့ ဆရာကြီး ဦးရာဇတ် ဝန်ကြီး ဖြစ်လာရတာတို့ဟာ ဆရာကြီးရဲ့ ဘဝဖြစ်စဉ်သမိုင်းမှာ အင်မတန် ခိုင်မာတဲ့ မှတ်တမ်းတွေပါ။

တစ်နည်းပြောရရင် မြန်မာ့သမိုင်းမှာ ပြောစမှတ် ဖြစ်လောက်အောင် ဆန်းကိုဆန်းကြယ်နေသူပါ။ ဆရာကြီးကတော့ မလှုပ်လိုက်နဲ့ လှုပ်လိုက်သမျှတော့ အဆန်းချည်းပဲ။ သူများနဲ့ထူးတဲ့ အပြောအဆို၊ အရေးအသား၊ လုပ်ပုံကိုင်ပုံ၊ ခံယူပုံ၊ မြင်ပုံမြင်နည်း၊ ဆောင်ရွက်ပုံတွေဟာ စာဖွဲ့ကျန်ရစ်လောက်အောင်ဖြစ်ခဲ့လို့ သမိုင်းမှာ မှတ်တမ်းတင်လောက်စရာချည်း ဖြစ်ခဲ့တာပေါ့။

အင်္ဂလိပ်စာကျပြန်တော့လဲ အင်မတန် အရေးအသားကောင်းသူပါ။ ဆရာကြီးရဲ့ ဘော်ဒါဆရာ–ဆရာဦးထွန်းမောင် ပြောပြတာက ဆရာကြီးဟာ အင်္ဂလိပ်စာမှာ စကားပြောထက် စာအရေးအသားက ပိုတော်သတဲ့။

ဆရာကြီးနဲ့ သူ့သူငယ်ချင်း ဦးခင်မောင်လတ်တို့ ကောလိပ်ကျောင်းသား တစ်ဦးရဲ့ စာမေးပွဲမေးခွန်းကို ကျောင်းခန်းမအပြင်ဘက်ကနေ ဖြေဆိုပေးတဲ့ အတွက် သက်ဆိုင်ရာ ကျောင်းအာဏာပိုင်များက သိရှိသွားလို့ သူတို့ နှစ်ဦးကို ကျောင်းက နှစ်နှစ် အပယ်ခံလိုက်ရတယ်။

ဒီတော့ ဆရာကြီးဟာ အိမ်မှာပဲ စာဖတ်၊ စာရေး၊ ညီငယ်တွေစာပြ၊ ဖခင်ရုံးအလုပ်တွေ ကူညီလုပ်ပေး၊ အဲဒီလိုနဲ့ အချိန်ကုန်စေခဲ့ပါတယ်။ တစ်နေ့မှာ ဆရာကြီးရဲ့ ဖခင် မအားတဲ့အတွက် ကင်တိုမင်တပ်မြေဆိုင်ရာ ရာဇဝတ်ဘက် ဆိုင်ရာ အစီရင်ခံစာများကို ကူညီရေးပေးလိုက်တယ်။

ဆရာကြီးရဲ့ ဖခင် ပုလိပ်အင်စပက်တော် မစ္စတာရာမန်ဟာ ကင်တိုမင် တပ်နယ်မြေကိုလဲ ကိုင်ထားရသူပါ။ နယ်ဘက် စစ်ဘက်ဆိုင်ရာ မှုခင်းကို ကိုင်ရပါတယ်။ ရာဇဝတ်ဖက်ဆိုင်ရာမှာက မျက်နှာဖြူများက အကြီးအကဲ ဖြစ်ပါတယ်။ ရာဇဝတ်ဝန်ကြီးက မစ္စတာရှားမင်းတဲ့။

မစ္စတာရှားမင်းရုံးရောက်လို့ မစ္စတာရာမန်တင်ပြတဲ့ မှုခင်းဆိုင်ရာ အစီရင်ခံစာကို ကောက်ဖတ်ပါတယ်။ အင်္ဂလိပ်လို အရေးအသားအထူးကောင်း နေတော့ သဘောကျ နှစ်သက်သွားတယ်။ ချက်ချင်း တယ်လီဖုန်းနဲ့ ဆက်သွယ်ပြီး ခေါ်ယူတွေ့ဆုံတယ်။ မစ္စတာရာမန် ရောက်တော့ "ခရီးရောက်မဆိုက် အစီရင်ခံစာဟာ မင်းလက်ရာ မဟုတ်ပါဘူး။ ပညာတတ် အင်္ဂလိပ်လူမျိုးတစ်ဦးရေးထားတာ ဖြစ်ရမယ်၊ ဘယ်သူရေးတာလဲ"လို့ မေးပါ တယ်။ "ကျွန်တော့်သားရေးတာပါလို့ မထိမ်မဝှက် ဘွင်းဘွင်းပဲ ဟုတ်တိုင်းမှန်ရာ ကို ဖြေလိုက်တယ်။ ရာဇဝတ်ဝန်ကြီးက တအံ့တသြ ဖြစ်သွားတယ်။

"မင်းသား ဒီလောက် အင်္ဂလိပ်စာတော်ကြောင်း ငါမသိဘူး၊ ဒီလိုဆိုရင် မင်းသားကို ရာဇဝတ်ဖက်မှာ ဝင်အမှုထမ်းစေပါလား၊ ဒါရိုက်ပုလိပ်အင်စပက် တော် ရာထူးခန့်လိုက်မယ်။ ငါသူ့ကို တွေ့ချင်တယ်။ မနက်ဖြန်မနက် မင်းသားကို ငါ့အိမ်လွှတ်လိုက် "လို့ အမိန့်ပေးလိုက်တယ်။

ချိန်းထားတဲ့အချိန် ဆရာကြီးတစ်ယောက်တည်း မစ္စတာရှားမင်းအိမ်ကို သွားပါတယ်။ မစ္စတာရှားမင်းက အင်္ဂလန်ကရောက်ခါစ သူ့ဇနီးနဲ့ ဆရာကြီးကို မိတ်ဆက်ပေးတယ်။ မစ္စတာရှားမင်းတို့ ဇနီးမောင်နှံ နှစ်ဦးနဲ့ အလာပသလာပ စကားပြောကြတယ်။ ဆရာကြီးဟာ အင်္ဂလိပ်စကားကို လေယူလေသိမ်း အသံထွက်ကအစ အင်္ဂလိပ်နီးပါးပြောတတ်ပုံကို သူတို့ ဇနီးမောင်နှံနှစ်ဦးက

ချီးကျူးကြတယ်။ ပြီးတော့ သူတို့ဇနီးမောင်နှံ နှစ်ဦးစလုံးကပဲ ဆရာကြီးကို ပုလိပ်ဖက်မှာ ဝင်ရောက်အမှုထမ်းဖို့ တိုက်တွန်းတယ်။ ပုလိပ်အင်စပက်တော် အဖြစ် ချက်ချင်းခန့်ပေးမယ်တဲ့။

ဆရာကြီးက သူ့ကို ရာဇဝတ်ဝန်ကလေးရာထူး ခုချက်ချင်းပေးမယ် ဆိုရင် ပုလိပ်ဖက်မှာ ဝင်အမှုထမ်းပါမယ်လို့ အေးအေးဆေးဆေးလေး အဖြေပေးခဲ့ သတဲ့။

ရာဇဝတ်ဝန်ကြီးက ဒီလောက်မြင့်တဲ့အဆင့်ကိုတော့ သူ့အနေနဲ့ ဘယ်လိုမှ ခန့်မပေးနိုင်ကြောင်း၊ ဒါပေမယ့် ဒီအဆင့်က စလုပ်ရင်းကနေ မကြာခင် ရာထူးတိုးမြှင့်သွားအောင် သူထောက်ခံကူညီ ဆောင်ရွက်ပေးနိုင်ကြောင်း ရှင်းပြပါတယ်။

ဆရာကြီးက လက်မခံဘဲ အေးအေးဆေးဆေး နှုတ်ဆက်ပြန်လာတယ်။ ဆရာကြီးရဲ့ မိဘများကတော့ ဒီအခွင့်အရေးကို လက်မလွှတ်စေချင်ပါဘူး။ အလုပ်ဝင်လုပ်စေချင်ကြတယ်။ ဒါပေမယ့် ဆရာကြီးကတော့ အစိုးရအမှုထမ်း ဝင်မလုပ်ချင်ဘူး၊ ဒီတော့ မိဘစိတ်ချမ်းသာအောင် လှည့်ပြီး သူ့ကို ပုလိပ် ရာဇဝတ်ဝန်ကလေး ဒါရိုက်ပေးရင်တော့ ဝင်လုပ်မှာပဲတဲ့၊ အခုတော့ ဒီလောက် ပညာတွေသင်ထားပြီးမှ ပုလိပ်အင်စပက်တော် တိုက်ပိုင်လောက်နဲ့တော့ ရောင့်ရဲ တင်းတိမ်မနေချင်ဘူး၊ ကိုယ့်ပညာနဲ့ တန်ရာတန်ရာဆိုရင် တော်သေးတယ် ဆိုပြီး မိဘကို နှစ်သိမ့်ပါတယ်၊ မိဘစိတ်ချမ်းသာအောင် စကားတွေ လှည့်ပတ် ပြောပြီး ပုလိပ်အင်စပက်တော်ရာထူးကို ရှောင်ခဲ့တယ်။

ဆရာကြီးဟာ ကျောင်းက နှစ်နှစ် ပယ်ခံရပြီး ကျောင်းပြန်နေခွင့် ရတော့ ရန်ကုန်တက္ကသိုလ် ပြန်တက်ပါတယ်။ ၁၉၂၀ ခုနှစ်၊ တက္ကသိုလ်ကျောင်း သား သပိတ်ကြီး မပေါ်ခင် သီတင်းကျွတ်ကျောင်းပိတ်ရက်မို့ ဆရာကြီး မန္တလေးအိမ်ကို ပြန်လာခဲ့ပါတယ်။ တစ်ခါက အဖြစ်အပျက်တစ်ခုလဲ ရှိတယ်။ မန္တလေး နန်းတွင်းစစ်ဆေးရုံက ဆရာဝန် ဦးထွန်းဖေ (အလ်အမ်ပ်)ဟာ ဆရာကြီးရဲ့ မိတ်ဆွေတစ်ဦးပေါ့။ သူက နန်းတွင်းနဲ့ အရှေ့ပြင်ရှိ ရပ်သူ ရပ်သားများကို ဆေးကုသပေးရပါတယ်။ သူ့ကို ထားဝယ်မြို့ ဆေးရုံသို့ ပြောင်းရွှေ့တာဝန်ယူဖို့ အမိန့်ရောက်လာတယ်။

ဒီတော့ သူက မန္တလေးရှိ ဆွေမျိုးမိတ်ဆွေတွေကို ခွဲခွာပြီး မပြောင်းချင်ဘူး ပြောင်းရမှာကို စိတ်မချမ်းမသာ ဖြစ်နေတယ်။ ဒီတော့ သူ့အတွက် မပြောင်း

ရအောင် အသနားခံစာတစ်စောင် ရေးပေးပါလို့ ဆရာကြီးဆီ မေတ္တာရပ်ခံတယ်။ အမြဲတမ်း သူတစ်ပါးရဲ့ အခက်အခဲ ကို ဖြေရှင်းပေးလေ့ရှိတဲ့ သူ့ပင်ကိုစရိုက် အတိုင်းပဲ ဆရာကြီးဟာ အသနားခံလွှာ စာတစ်စောင်ကို တစ်ထိုင်တည်းနဲ့ ကောက်ကာငင်ကာ ရေးပေးလိုက်ပါတယ်။

ဆရာဝန်ကြီးက ကပ္ပတိန်ဖူးလား (အိုင်အမ်အက်စ)တဲ့၊ သူက ဦးထွန်းဖေရဲ့စာကို ဖတ်ကြည့်ရင်း စိတ်ထိခိုက်လာတယ်။ မျက်ရည်များပင် လည်လာသတဲ့။ ဒီလောက် အင်္ဂလိပ်လူမျိုးတစ်ယောက်ကို ထိထိမိမိနဲ့ စိတ်ထိခိုက်ကာ မျက်ရည်ကျလောက်အောင် ရေးနိုင်တဲ့ ကလောင်ရှင်ဟာ ဘယ်သူလဲ၊ မင်းကိုယ်တိုင်ပဲ ရေးတာလား မှန်မှန်ပြောပါလို့ ခေါ်ပြီး မေးပါသတဲ့။

ဆရာဝန် ဦးထွန်းဖေ လဲ မှန်ရာကို ပြောပြလိုက်တယ်။ ဆရာဝန်ကြီး ကပ္ပတိန်ဖူးလားက "မြန်မာလူမျိုးထဲမှာ ဒီလောက် အင်္ဂလိပ်စာတော်တဲ့လူ ရှိလိမ့်မယ်လို့ မထင်ကြောင်း ရိုးရိုးသားသား ဝန်ခံလိုက်သတဲ့။ အင်္ဂလိပ် လူမျိုးတစ်ယောက်ကို မျက်ရည်လည်လောက်အောင် ကလောင်ကွန့်နိုင်တဲ့အတွက် လဲ ချီးကျူးကြောင်း၊ ဒီလောက် အင်္ဂလိပ်စာတော်တဲ့ ပုဂ္ဂိုလ်နဲ့ တွေ့ပေးစေလို ကြောင်း ပြောပြီး ဆရာဝန် ဦးထွန်းဖေကိုလဲ ပြောင်းရွှေ့အမိန့်ကို ပြန်ရုပ်သိမ်း လိုက်ကာ အခြားတစ်ဦးကို အစားထိုး ပြောင်းရွှေ့စေသတဲ့။

ဆရာဝန်ကြီး ဦးထွန်းဖေလဲ ဆရာကြီးနဲ့ ဆရာဝန်ကြီး ကပ္ပတိန်ဖူးလားကို တွေ့ဆုံမိတ်ဆက်ပေးလိုက်ပါတယ်။ ဆရာဝန်ကြီးကလဲ ရာဇဝတ်ဝန်ကြီးမစ္စတာ ရှားမင်းလိုပဲ အင်္ဂလိပ်စာ အရေးအသားကောင်းတဲ့အတွက် ချီးကျူးစကား ပြောကြားပြန်ပါသတဲ့။

နဝမမြောက် ဂျီ–စီ–ဘီ–အေ နိုင်ငံရေးကွန်ဖရင့်မှာ ဆရာကြီးရဲ့ အင်္ဂလိပ်စာ အရေးအသားကောင်းပုံကို ဗဟိုအမျိုးသား အထက်တန်းကျောင်း ဆရာဟောင်း ဦးထွန်းမောင်က မန္တလေးဗဟိုရိစ်စည်သတင်းစာတွင် အောက်ပါ အတိုင်း ရေးသားဖော်ပြထားပါတယ်။

နဝမမြောက် ဂျီစီဘီအေ ကွန်ဖရင့် (တစ်မျိုးသားလုံး မြန်မာပြည် စည်းရုံးညီညွတ်သည့် အချိန် ၁၂၈၂ ခုနှစ်၊ မန္တလေးမြို့တွင် ကျင်းပပြုလုပ် ရန် စိုင်းပြင်းသည့်အခါ နဝမမြောက် ဂျီစီဘီအေ၏ ဧည့်ခံကော်မတီ ဥက္ကဋ္ဌ ဒိပဲရင်း ဝန်ထောက်မင်း ဦးမြ၏ နှုတ်ခွန်းဆက် မိန့်ခွန်းစကား

များကို ဦးဘဦး ဦးဘဖေ၊ ရွှေဘိုဦးမောင်မောင်ကလေး၊ သူဌေးတန်း ဦးဘတင် (ဦးထွန်းရှိန်၏ညီ)၊ ဦးသူတော် (သမဝါယမ)နှင့် ဆရာကြီး ရာဇတ်ခေါ် ဘာဘူကြီးတို့ ခေါင်းချင်းရိုက် တိုင်ပင်ကြပြီး မြန်မာဘာသာ ဖြင့် လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း စာချောရေးသား စီကုံးရန် ဆရာကြီးအား တာဝန်ပေးလိုက်၏။ ထိုစဉ်အခါ အစိုးရမှာ ညွှဲ့ခံကော်မတီဥက္ကဋ္ဌ မိန့်ခွန်းစကားများကို ကြားသိရသောအခါမှ စ၍ အင်္ဂလန်ပြည် အစိုးရ ကက်ဘိနက်အဖွဲ့ကပင် ကြက်သီးမွေးညှင်း ထွက်တော့၏။ အဲဒီအချိန်က ပေါ်လာသော စကားတစ်လုံးသည်ကား အင်္ဂလိပ်လူမျိုးများကို မြန်မာများက ဓားပြဟု စတင်ခေါ်ကြလေ၏။

မြန်မာပြည် ဒိုင်အာခီအုပ်ချုပ်ရေးအစိုးရ လက်ထက် မန္တလေး အမတ် (ဗဟိုအမျိုးသားအထက်တန်းကျောင်း ဆရာဟောင်း) ဦးဘဖေ သည် လွှတ်တော် အစည်းအဝေးတွင် နိုင်ငံခြားသို့ ပညာတော်သင် တစ်နှစ်လျှင် ၆ ယောက်မှ ၁၂ ယောက်ထိ စေလွှတ်ရန် အစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ်ကို ဆရာကြီး ရာဇတ်အား၊ အင်္ဂလိပ်လို ပြင်ဆင်ပေးရန်ပြော၍ ဆရာကြီးက ၎င်းအဆိုနှင့်ပတ်သက်၍ အထောက် အထားအချက်အလက် ပြည့်စုံစွာဖြင့် တန်ဆာဆင်ပေးသော အဆိုလွှာကို ရေးသားပေး၏။ လွှတ်တော်အစည်းအဝေးတွင် အမတ် ဦးဘဖေက ထိုအဆိုကို ဖတ်ပြတင်သွင်းရာ ရန်ကုန်မြို့ထုတ် အင်္ဂလိပ်သတင်းစာ အစောင်စောင်တို့က ဦးဘဖေ၏အဆိုလွှာကို ချီးကျူးထောပနာ ပြုဘာ ပေးကြကြောင်း ဖတ်ရှုရလေသည်။

အရေးကြီးသောစာများ အကြောင်းအရာများ မကြာခဏ ကိစ္စများ ပေါ်ပေါက်တိုင်း၊ အင်္ဂလိပ်ဘာသာဖြင့် ရေးပေးရသူကား၊ သူတစ်ပါး၏ အလုပ်လျှောက်လွှာမှစ၍ နိုင်ငံတော်ကိစ္စ အင်္ဂလိပ်ပါလီမန် ထံ ခေတ်ပညာတတ်၊ ခေတ်ပညာရှိ စာဆိုတော် ဆရာကြီး ဦးရာဇတ်ပင် (နေရှင်နယ်ကန့်လန့်ကာ နောက်မှနေလျက် ရေးရရှာ၏) ဖြစ်တော့သည်။

အင်္ဂလိပ်စစ်တပ်တွေ မန္တလေးကို သိမ်းပြီးတဲ့နောက် မန္တလေးကို စစ်အုပ်ချုပ်ရေး (C.A.S. (B))အစိုးရအုပ်ချုပ်ထားတယ်၊ စစ်အုပ်ချုပ် ရေးမှူးက ကာနယ်တစ်ယောက် ဖြစ်တယ်၊ စစ်မဖြစ်ခင်က ဒီကာနယ်ကြီး ဟာ အရေးပိုင် (အိုင်စီအက်စ်) တစ်ယောက်ပဲ၊ စစ်ဖြစ်လာတော့

စစ်ရာထူး ယူပြီး စစ်အုပ်ချုပ်ရေး ရာထူးရကာ နယ်ရာထူးအဆင့်နဲ့ တာဝန်ယူလာခဲ့ရသူတဲ့။

စစ်အုပ်ချုပ်ရေးအတွင်းမှာပဲ ဆရာကြီးက ခေါင်းဆောင်ပြီး ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ကို ဖွဲ့ထားချိန် ဖြစ်တယ်၊ အိုင်စီအက်စ် တစ်ယောက် ဖြစ်ပြီး ဆက်ဆံရေးဟာ ပြေပြစ်မှု မရှိဘူး၊ ဆက်ဆံရေး ကြမ်းတမ်းတယ်ဆိုပြီး ဆရာကြီးက အထက်ကို စာရေးတင်တယ်၊ ဆရာကြီးရေးတဲ့ စာတဲမှာ ပါတဲ့ စာကြောင်းတစ်ကြောင်းက "The Crown and the pip got the better of I.C.S." ဆိုပြီး ဖော်ပြတယ်၊ စစ်ရာထူး ပခုံးပေါ်က သရဖူနဲ့ ကြယ်ပွင့်တွေဟာ အလွန်သိမ်မွေ့တဲ့ အိုင်စီအက်စ် တစ်ယောက် ပေါ် လွှမ်းမိုးနိုင်ခဲ့တဲ့အတွက် အိုင်စီအက်စ်တစ်ယောက်ရဲ့ ဆက်ဆံရေး ဟာ စစ်သားတစ်ယောက်လို ကြမ်းတမ်းခက်ထရော်တယ်လို့ ရေးသား ဖော်ပြလိုက်ပါသတဲ့။

အဲဒီလို ယဉ်ယဉ်လေး တွယ်ထည့်လိုက်ပြီး မကြာခင်ဘဲ ကာနယ်ကြီးဟာ မန္တလေးက ပြောင်းရွှေ့သွားရပါတယ်၊ သူပြောင်းခါ နီးမှာ မြို့ပေါ်ရှိ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေကို ဖိတ်ပြီး နှုတ်ဆက်ပွဲ ကျင်းပတယ်၊ အင်္ဂလိပ်ကာနယ်ကြီးက ဆရာကြီးကို ဒီပါတီပွဲမှာ ဆက်ဆက် တက်ရောက်ဖို့ ဖိတ်ပေးပါလို့ ဆိုင်ရာကို အမိန့်ပေးတယ်၊ ဆရာကြီးလဲ ဖိတ်ကြားချက်အရ ပါတီပွဲသွားတက်ပါ တယ်၊ ကာနယ်ကြီးက ကျေးဇူးတင်စကားပြောရင်းက ဆရာကြီးရဲ့ ရေးသားချက်ကို ဟောဒီလို ပြန်လည်ရှင်းပြသွားပါသတဲ့။

"ကျွန်ုပ်ဟာအသွင်သဏ္ဌာန်မှာကတော့ စစ်သားတစ်ယောက်ပဲ၊ ဒါပေမယ့် အတွင်းစိတ်မှာကတော့ အိုင်စီအက်စ် တစ်ယောက်ရဲ့ နူးညံ့ သိမ်မွေ့တဲ့ စိတ်ထား အပြည့်ရှိပါတယ်၊ အဲဒါကြောင့် ကျုပ်အပေါ် အမြင်မှန်မှန်နဲ့ မြင်နိုင်ပါစေလို့ ပန်ကြားအပ်ပါတယ်" ဒီစကားတွေရဲ့ အဓိပ္ပာယ်ကို ဆရာကြီးနဲ့ ကာနယ်ကြီးတို့ နှစ်ဦးပဲ နားလည်ကြပါသတဲ့။

ဆရာကြီးရဲ့ ကလောင်ဟာ ဒီလောက်ထက်တယ်ဆိုတဲ့ အကြောင်းကို မန္တလေး တယ်လီဖုန်းဆက်သွယ်ရေး အင်ဂျင်နီယာ

ဦးသာဒွန်းက သူသိရှိချက် အဖြစ်မှန်အတိုင်း ကျမ်းပြုသူကို ပြောပြခဲ့ပါတယ်။ ဒါကြောင့် တစ်ဆင့်ဖောက်သည်ချလိုက်ခြင်း ဖြစ်ပါတယ်။

ဆရာကြီးဟာ အင်္ဂလိပ်စာတတ်၊ အင်္ဂလိပ်တစ်ယောက်နဲ့ တန်းတူရည်တူ အင်္ဂလိပ်စာ တတ်မြောက်တာဟာ သိမ်မဆန်းဘူးလို့ ပြောတယ်တဲ့၊ သူပြောတာက "အင်္ဂလိပ်စာ တတ်ချင်ရင် အင်္ဂလိပ်စာ များများဖတ်ရမယ်"တဲ့၊ အဲဒါ အပြောအတိုင်းလဲ သူဟာ ပိုက်ဆံရှိရင် အင်္ဂလိပ်စာအုပ်ဟောင်းတွေပဲ ဝယ်ဝယ်ဖတ်သတဲ့၊ သူ့ကျောင်းမှာရှိတဲ့ စာကြည့်တိုက်က စာအုပ်တွေဆိုရင်လဲ သူမဖတ်ဖူးတာ မရှိဘူး။

စာသင်ချိန် ကျောင်းလုပ်ငန်းချိန်မှ လွဲရင် စာကြည့်တိုက်ရှိ စာအုပ်တွေ သူချည်းပဲ ဖတ်နေတယ်၊ စာဖတ်လောဘကြီးသူတဲ့၊ (Oxford Dictonary) ကြေသူ ဖြစ်ပါသေးသတဲ့။

ကျောင်းစာကြည့်တိုက်က စာအုပ်ငှားဖတ်တဲ့ ကျောင်းသားတွေဆိုရင်လဲ တစ်ခါတစ်ခါ သူက ခေါ်တွေ့ပြီး၊ သူတို့စာကြည့်တိုက်က ငှားရမ်းဖတ်တဲ့ စာအုပ်ကို တကယ်ဖတ်မဖတ် မေးခွန်းထုတ်မေးပြီး စစ်ဆေးလေ့ရှိတယ်။

စာအုပ်ကို အမြဲဖတ်တယ်၊ လမ်းလျှောက်ရင်လဲ စာအုပ်နဲ့ ဆေးပေါ့လိပ်ဟာ သူ့ရဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းပဲ ဖြစ်နေတယ်၊ အမြဲတမ်း စာဖတ်တော့လဲ ဒီလိုစာတော်လာတာ မဆန်းဘူးလို့ ဆိုရခြင်းပါ။

နွေရာသီ ကျောင်းပိတ်ချိန် မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ၁၉၃၇ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဒုတိယအကြိမ်မြောက် ညီလာခံ သဘင်ကြီး ကျင်းပတယ်၊ ကိုအောင်စန်း (ဗိုလ်ချုပ်အောင်ဆန်း)၊ ကိုလှရွှေ အမ်ဘီဘီအက်စ် (ဗိုလ်လက်ျာညီ)၊ စစ်ကိုင်းကိုညွန့် (သံအမတ်ဟောင်း)၊ ဦးထွန်းအုံ (ရန်ကုန် မြူနီစပါယ်မင်းကြီးဟောင်း) ဗိုလ်ခင်မောင်ကလေး၊ ကိုသိန်းအောင် (အမ်အေဒေါ်အုံးရဲ့မောင်) ရာရှစ်အစရှိတဲ့ ခေါင်းဆောင်များလဲ အစုံအညီ တက်ရောက်ကြပါတယ်၊ ဒီညီလာခံမှ အိန္ဒိယခေါင်းဆောင် နေရူးနဲ့ အင်ဒီယာဂန္ဒီတို့ သားအဖလဲ တက်ရောက်တယ်၊ ညီလာခံမှာ ကိုအောင်စန်းက အင်္ဂလိပ်လို မိန့်ခွန်းပြောဖို့ ဖြစ်တယ်၊ သူ့မိန့်ခွန်းကို

အင်္ဂလိပ်လိုရေးပြီး ဆရာကြီး ဦးရာဇတ်ကို တည်းဖြတ်ဖို့ ပေးတယ်၊ ဆရာကြီးက တည်းဖြတ်ပေးရင်း ဆရာဦးထွန်းမောင်ကို "ဒီကောင်နေရာကျမယ်၊ အင်္ဂလိပ်စာ အရေးအသားလဲ ကောင်းတယ်၊ အယူအဆလဲ ကောင်းတယ်၊ ကြီးပွားဦးမှာပဲတဲ့"လို့ ကိုအောင်စန်းနဲ့ ပတ်သက်ပြီး ပြောပြလိုက်သတဲ့။ (ဒီတုန်းက ဆရာကြီးက ကျောင်းဆရာကြီး၊ ဗိုလ်ချုပ်အောင်ဆန်းက ကောလိပ်ကျောင်းသားပဲ၊ ကျောင်းဆရာဆိုတာက တပည့်တပန်းတွေကို ဒီကောင် ဟိုကောင်"အဲဒီလို ခေါ်လေ့ခေါ်ထရှိလို့ ဦးထွန်းမောင်က ကျမ်းပြုသူကို ပြောပြလို့ သူ့အခေါ်အတိုင်းရေးသားဖော်ပြချက်ကို ခွင့်လွှတ်ကြပါရန် (ကျမ်းပြုသူ)

ဒီလိုအင်္ဂလိပ်စာကို အင်္ဂလိပ်စာတတ်–အင်္ဂလိပ်တစ်ယောက်ထက်တော့ သူ့ပညာမသာတောင် တန်းတူလိုက်နေကြောင်း၊ ပြီးခဲ့တဲ့ဆောင်းပါးများနဲ့ အဖြစ်အပျက်တွေက အကောင်းဆုံး သက်သေခံခဲ့ပါတယ်။

ဒီအထဲ အရပ်ထဲက ရုံးကနားနဲ့ ပတ်သက်တာပဲ ဖြစ်ဖြစ်၊ နိုင်ငံရေး၊ လူမှုရေးကိစ္စတွေနဲ့ ပတ်သက်လို့ပဲ ဖြစ်ဖြစ်၊ ဆရာကြီးထံလာရောက်အကူအညီတောင်းကြပါတယ်၊ ဆရာကြီးကလဲ သူ့ပညာကို အခကြေးငွေနဲ့ တန်ရာတန်ဖိုးရမှ လုပ်မယ်လို့ နှုတ်ကလဲ ရေလာမြောင်းပေး မပြော၊ ဟန်အမူအရာကလဲ မပြောဘဲ ချက်ချင်း ကောက်ကာငင်ကာလုပ်ပေးလေ့ရှိတယ်။

အစိုးရဝန်ထမ်းတွေ ပြည်သူ့ဝန်ထမ်းတွေကို ပြည်သူ့ငွေနဲ့ ပြည်သူ့ကိုယ်စား အစိုးရက ဝန်ထမ်းတွေကို လခကြီးငယ်ပေးပြီး ခန့်ထားပါတယ်၊ ဒါကို ဝန်ထမ်းတွေက သဘောမပေါက်ကြဘူး၊ ဟိုဖိုင် ဆွဲယူလှန်လှောသလိုလို၊ ဟိုဖိုင်ဒီဘက်စားပွဲထောင့် ရွှေ့၊ ဒီဘက်ဖိုင်ကို ဟိုဘက်စားပွဲ ရွှေ့လိုရွှေ့၊ ထပြီး ဗီရိုဖွင့်ပြီး လှန်လှောရှာလိုရှာနဲ့ သူတို့ကိုယ်သူတို့ အလုပ်များအောင် လုပ်ပြနေတယ်၊ ဒီအတွင်းမှာ ပြည်သူက သူ့လုပ်ငန်း အောင်မြင်ရင် ပြီးရောဆိုပြီး ငွေစကလေးများ တဲ့တိုးစကားနဲ့ လာဘ်အဖြစ်၊ ခပ်ယဉ်ယဉ်ဆိုရင် ဆုကြေးအဖြစ် ချပေးမလားလို့မျှော်လင့်ချက်နဲ့ အလုပ်များအောင် လုပ်နေတယ်၊ ဘယ်လိုမှ လာဘ်ပေးတာ မမြင်ရင် မနက်ဖြန်၊ နောက်

မနက်ဖြန်၊ ဖြစ်နိုင်ရင် ပသိပ်ပြင်လို တစ်ထောင့်တစ်ညနဲ့ ရက်ရွှေ့လိုက်ချင်မှာပဲ။

သူတို့ရဲ့ နည်းဗျူဟာကို ရိပ်မိလို့ သူတို့သည်းခြေကြိုက် ငွေစလေးများကို လာဘ်အဖြစ် ဆက်သလိုက်ရင်တော့ အပြုံးပေါင်း တစ်ထောင် မျက်နှာနဲ့ အလုပ်ကို ချက်ချင်းပဲ ဆောင်ရွက်ပေးလိုက်တတ်ကြတယ်။

ဝန်ထမ်းဆိုပေမယ့်လဲ ဝန်ထမ်းစိတ်ရှိသူကား အလွန်နည်းလှပါတယ်။

ဆရာကြီးကမူ သူ့အသက်သွေးချွေးနဲ့ ကိုယ်ခန္ဓာတစ်ခုလုံးကို ပြည်သူ့အတွက် လှူဒါန်းထားပြီးတဲ့လူမို့လား မသိ၊ ပြည်သူ့တာဝန်ကို အသပြာငွေ တစ်စမှ မယူဘဲ တစ်ထိုင်တည်း လုပ်ကိုင်ပေးလိုက်တာချည်းပါပဲတဲ့။

တစ်ခါတစ်ခါ မဲ့ပြုံးကလေးနဲ့ ဆရာဦးထွန်းမောင်ကို "ကိုထွန်းမောင်ရေ ကျုပ်ကတော့လျှောက်လွှာစာရေး ဖြစ်မှန်းမသိ ဖြစ်နေပြီကော"လို့ပြောပါသေးတယ်ဆိုပဲ။

လူမှုဝန်ထမ်းစိတ် အပြည့်နဲ့ ပြည်သူ့တာဝန်၊ ကြီးငယ်မရွေး ဆောင်ရွက်ပေးတတ်လို့နဲ့ တူပါတယ်၊ ပြည်သူချစ်သော ဆရာကြီး အဖြစ်သို့ သူ့အား ပြည်သူတွေရဲ့ နှလုံးသည်းပွတ်ထဲမှာ ကမ္ပည်းထိုးထားကြပေသကိုး။

* * * * *

ဤဆောင်းပါးကို အောက်ပါ ပုဂ္ဂိုလ်များ၏ ပြောပြချက်များမှ ကောက်နုတ်ပေါင်းစပ် ရေးသားဖော်ပြခြင်း ဖြစ်ပါတယ်။

(ကျမ်းပြုသူ)

ပုဂ္ဂိုလ်များ =ဆရာဦးထွန်းမောင်၊ ဗဟိုအမျိုးသားကျောင်းဆရာဟောင်း။
=ဦးချစ်ဆွေ၊ အပါးတော်မြဲ၊ မန္တလေး။
=ဦးဘကြူး၊ ဆရာကြီး ဦးရာဇတ်ရဲ့ ညီ၊ မန္တလေး။
=ဆရာဖိုလ်ခင်မောင်ကလေး၊ ဖဆပလဝန်ကြီးဟောင်း၊ ရန်ကုန်။
=ဒေါက်တာခင်မောင်ညွန့် (အမ်အေ၊ပီအိပ်ချ်ဒီ) သမိုင်းဌာနမှူး (သမိုင်းဌာန) ပညာရေးတက္ကသိုလ်၊ ရန်ကုန်။
=ဦးသာဒွန်း တယ်လီဖုန်းဆက်သွယ်ရေး အင်ဂျင်နီယာ၊ မန္တလေး

## အခန်း (၁၁)

## သံဃာများ လွှမ်းမိုးတဲ့မြို့မှာ ဝင်ဆံ့နေတဲ့ဆရာကြီး

ဆရာကြီး ဦးရာဇတ်ဟာ ကျောင်းသားဘဝကတည်းက ဘုန်းကြီးကျောင်းတွေမှာ ဝင်ထွက်သွားလာပြီး ပညာသင်ခဲ့သူပါ။ ဒီလိုအစရှိခဲ့တော့ သူ့ဘဝတစ်လျှောက်လုံးမှာလဲ ဘုန်းတော်ကြီးများ ရဟန်းသံဃာများနဲ့ ဆက်ဆံရေးမှာ အဘက်ဘက်က အကြောင်းအပေါင်းသင့်ခဲ့သူပါ။

ရဟန်းသံဃာတော်များနဲ့ ဘယ်လောက် အပြန်အလှန် နားလည်ရင်းနှီးသလဲဆိုရင် ရဟန်းသံဃာများကို သူ့ကျောင်းမှာ ပညာသင်ခွင့်ပြုတယ်။ ဒီတုန်းက မန္တလေးမှာရှိတဲ့ အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းနဲ့ အင်္ဂလိပ်အထက်တန်းကျောင်း တွေမှာ ရဟန်းသံဃာတွေကို လက်ခံပြီး ပညာသင်ခွင့်မပြုဘူး၊ ဆရာကြီး ဦးရာဇတ်ရဲ့ ကျောင်းမှာသာ လိုလိုချင်ချင်နဲ့ ပညာသင်ကြားခွင့်ပြုပါတယ်။

အခု အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဦးပဏ္ဍိတ အနီးစခန်း ဆရာတော်က ကျမ်းပြုသူကို ဆရာကြီး ဦးရာဇတ်နဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း စိတ်ရှည်စွာနဲ့ ပြောပြခဲ့ပါတယ်။

> "ဆရာကြီးဟာ ရဟန်းတော်များကို အင်္ဂလိပ်စာ သိပ်တတ်စေချင်တယ်။ ဆရာတော် ကျောင်းတက်နေတုန်း ဆရာတော်နဲ့အတူ ဦးပဥ္စင်းနဲ့ ကိုရင်လေးငါး ဆယ်ပါး ရှိတယ်။ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်း ဆယ်တန်းစတဲ့ အတန်းတွေမှာ ပညာသင်ကြားနေတယ်။ အင်္ဂလိပ်စာ မမိတဲ့ ရဟန်း ကိုရင်တွေကို "အင်္ဂလိပ်ဘာသာ အထူးတန်း"မှာ တက်ရောက် ပညာသင်စေတယ်။

ဒီအရင်က ဆရာကြီးကျောင်းက သံဃာ ၂ ပါး ဆယ်တန်းအောင်သွားတယ်ဆိုတာ သိရတယ်။ ဆရာတော်ကလဲ အဲဒီအချိန် ကိုးတန်းရောက်နေပါပြီ။ ဆရာတော်က တစ်သက်လုံး ရဟန်းဘဝနဲ့ နေသွားမယ်။ လူဝတ်လဲတော့မှာ မဟုတ်တဲ့အတွက် ကျောင်းက ထွက်လိုက်တယ်။

"ကျောင်းထွက်တော့မယ်"လို့ ဆရာကြီးကို သွားပြောတုန်းက ဆရာကြီးက မကျေနပ်ဘူး၊ ကျောင်းမထွက်ဖို့ တားပါတယ် ဒီလောက်အခြေခံရပြီပဲ တော်လောက်ပါပြီ"လို့ ပြောဆိုထွက်ခဲ့ရတယ်။

ဆရာကြီးဟာ ရဟန်းပဲဖြစ်ဖြစ်၊ ယောကျ်ား မိန်းမပဲဖြစ်ဖြစ် စောင့်ရှောက်တယ်။ မြန်မာ အမျိုးသားစိတ် ပြင်းထန်တယ်။ သူနေရှင်နယ်ကျောင်း (အမျိုးသားကျောင်း) ဆရာလုပ်တာ သူ့ရဲ့ကိုယ်ရေး ကိုယ်တာ အကျိုးစီးပွား တစ်စွန်းတစမှ မရှိဘူးဆိုတာ သိလျက်နဲ့ အနစ်နာခံပြီး ကျောင်းဆရာကြီး လုပ်သွားတယ်။ ဆရာကြီးဟာ သူ့လက်အောက်ရှိ ဆရာ–ဆရာမတွေအပေါ်မှာလဲ လိုက်လျောပြီး သည်းခံတဲ့ စိတ်ရှိတယ်။

ဆရာတော် သူ့ကျောင်းမှာ ခုနစ်တန်း ကျောင်းသားတုန်းက သုံးတန်း ဆရာက နေမကောင်းလို့ ခွင့်ယူတယ်။ ဆရာတော်ကို သုံးတန်းကူပြပေးပါဦးလို့ အကူအညီတောင်းတယ်။ ဒါကြောင့် ဝင်ပြပေးရသေးတယ်။ အဲဒီဆရာ နေကောင်းမှ ခုနစ်တန်းပြန်တက်ရတယ်။

ဆရာတော်နဲ့ သံဃာ၊ ကိုရင်များကို ဆရာကြီးဟာ လိုလေသေး မရှိအောင် လိုက်လိုက်လျောလျော ပြုစု သင်ကြားပေးပါတယ်။ ဆရာကြီးက ဆရာတော်ပေါ် အားအရဆုံးကတော့ အင်္ဂလိပ်စာပဲ။ ဆရာတော် အင်္ဂလိပ်စာကို အလေးဂရုပြု အာရုံစိုက်သင်ကြားခဲ့တယ်။

ကျောင်းနေတုန်းမှာ ဆရာကြီးက မျက်နှာသာပေးလို့လားမသိဘူး၊ ဆရာဆရာမတွေကပါ ဆရာတော်နဲ့တကွ၊ သံဃာတွေ ကိုရင်တွေကို ခင်မင်ကြတယ်။ အခုထိပဲ။

ဆရာတော် အနေနဲ့ ပြောရရင် ဆရာကြီးးရဲ့ ဂုဏ်ကျေးဇူးတွေကို ခုထိ မမေ့သေးပါဘူး။

ပြည်၊ တောင်တွင်းကြီး အစရှိတဲ့ မြို့တွေက အချို့သံဃာတွေလဲ စာရေးပြီး ကျောင်းမှာဘော်ဒါ (ကျောင်းအိပ်ကျောင်းစား)နေရင်း ပညာလာသင်ကြတယ်။

ဆရာတော် မှတ်မိသလောက် ပြောရရင်–

ဦးသဇ္ဇန (ရဟန်းက ကြည်ညိုဖွယ်၊ ထောင်ထောင်မောင်းမောင်း ရယ်စရာလဲ ပြောတတ်တယ်) ချမ်းသာကြီးတိုက်၊ မန္တလေး၊ အခုတော့ ပျံလွန်တော်မူပါပြီ)

ဦးနန္ဒိယ (အခု မိုးကုတ်နန်းမွန်ကျောင်း ဘုန်းကြီး)

အစရှိတဲ့ သံဃာများ ဘော်ဒါမှာနေတော့၊ ဒီတုန်းက ဆရာတော်ကလဲ ဆရာတော့်ကျောင်းမှာ ကြွက်ကျလို့ စာသင်မပျက် ရအောင်ဆိုပြီး ဆရာကြီးတို့ ဘော်ဒါဆောင်မှာ ခဏ ပြောင်းနေတယ်။ ဦးသဇ္ဇနနဲ့အတူ ဘော်ဒါမှာ နေရတယ်။

သံဃာတွေကလဲ ဘော်ဒါခပေးရတယ်။ ဒါပေမယ့် သံဃာမို့ ကျောင်းသားတွေလိုတော့ ကြေးအပြည့် မပေးရဘူး၊ လျှော့ပြီးယူတယ်။ ဒါလဲ စည်းကမ်းက ရှိနေလို့ပေါ့၊ နို့မို့ ယူမှာမဟုတ်ဘူး၊ စည်းကမ်းပျက်ရာ ကျမှာမို့တဲ့။

ဂျပန်ခေတ်ရောက်တော့ ဆရာကြီးကို အင်္ဂလိပ်စပိုင်ဆိုကာ ဂျပန်ကဖမ်းပြီး မန္တလေးထောင်မှာ အကျဉ်းချထားတယ် ပထမ စစ်ကိုင်းမှာဖမ်းပြီး ရွှေဘိုထောင် ပို့တယ်။ အဲ့ဒီက မန္တလေးထောင်ကို ပြောင်းထားတယ်။ ဒီသတင်းကြားတော့ ဆရာတော်က စစ်ကိုင်းကနေ မန္တလေးထောင် လိုက်သွားပြီး ဆရာကြီးကို တွေ့တယ်။ ထောင်မှူးကြီးကလဲ သဘောကောင်းရှာပါတယ်။ အဲဒီနေ့ ထောင်မှာ ဆွမ်းကျွေးတယ်။ တစ်နေ့လုံး ထောင်မှာ ဆရာကြီးနဲ့ စကားပြောခွင့် ပေးတယ်။ ဆရာတော်က အပြင်က တိုင်းပြည်အခြေအနေ စစ်အခြေအနေတွေ ပြောပြတယ်။ ဆရာကြီးတို့လဲ မကြာခင် လွှတ်လိမ့်မယ့်အကြောင်း ဒီကြားမှာတော့ သတိနဲ့ နေကြဖို့အကြောင်း အပြင်အခြေအနေတွေက သိပ်ဆိုးနေတဲ့အကြောင်းကို ပြောဆိုပြီး ညနေမှာ စစ်ကိုင်း ပြန်ခဲ့တယ်။

ဆရာကြီးလို ပုဂ္ဂိုလ်က "ရှာမှရှား" ဆိုသလိုပဲ၊ ဘယ့်နှယ် ဒီလောက် အမျိုးသားစိတ် ထက်သန်ရမှန်းကို မသိဘူး၊ အမျိုးသား စိတ် အလွန်ပြင်းထန်တယ်ကွဲ့။

တွေ့ရသမျှ ဆရာကြီးကျောင်းထွက်တွေဟာလဲ အမျိုးသားစိတ် အလွန်ထက်သန်ကြတယ်။

အင်္ဂလိပ်ကို ဆန့်ကျင်တဲ့နေရာတွေမှာ သူမတူဘူး၊ အလွန် သတ္တိရှိတယ်၊ ရဲရင့်တယ်၊ တော်တော်တန်တန် ဖွဲနဲ့ ဒီလို အမျိုးသား ကျောင်းမှာ ဆရာမလုပ်နိုင်ဘူး။

မန္တလေးမှာ ဘယ်အထက်တန်းကျောင်းကမှ သံဃာဝတ်တွေကို လက်မခံဘူး။ ဆရာကြီးကျောင်းမှာသာပဲ လက်ခံတယ်။ ပြောရရင် အဲဒါ တော်တော်သတ္တိရှိတဲ့ အချက်ပဲဖြစ်တယ်။ တော်တော် ထူးဆန်းတယ်။ တချို့ ဗုဒ္ဓဘာသာ ဘုန်းကြီးတွေကလဲ သံဃာတွေကို အင်္ဂလိပ်စာသင်တာ မကြိုက်ဘူး၊ အဲဒီခေတ်က အင်္ဂလိပ်စာသင်ရင် ဘုန်းကြီးမဟုတ်တော့ သလောက် ထင်ကြတယ်။ ဒီတုန်းက အင်္ဂလိပ်စာ တတ်ဘုန်းကြီးတွေကို အချို့ဘုန်းကြီးတွေက မလိုလားကြဘူး။ အင်္ဂလိပ်နယ်ချဲ့သမားကတော့ သာလို့ ကဲသေးတယ် မကြိုက်ဘူး။ ဒါပေမယ့် ဆရာကြီးကတော့ အားပေးတယ်။ အဲဒီတုန်းက ဘာကြောင့် အားပေးတယ်ဆိုတာ သဘောမပေါက်ဘူး၊ ဒီနောက်မှပဲ သဘောပေါက် လာတော့တယ်။

ဆရာတော် ဆရာကြီးကျောင်းက ထွက်ပြီးတဲ့နောက်ပိုင်းမှာ ဦးဘဦးရဲ့ ဘုန်းကြီးသတ်မှုနဲ့ ကြုံတယ်။ ဦးဘဦးကို တရားသေ လွှတ်လိုက်တယ်။ တရားသူကြီးက မစ္စတာ စင်န်ဆိုတဲ့ ပုဂ္ဂိုလ်ပဲ။

"The Government having ill advice to reopen this case" ဆိုတဲ့ ရန်ကုန်ဂေဇက် သတင်းစာပါ အကြောင်းအရာများကို အင်္ဂလိပ်လိုဖတ်၊ ဖတ်ပြီး လူထုအစည်းအဝေးပွဲမှာ တစ်ချက်ချင်း၊ ဝေဖန်ပြစ်တင်တယ်။ လူထုပရိသတ်ကြီးက သဘောကျလွန်းလို့ သြဘာပေးကြတယ်။

ဦးဘဦးရဲ့ ဘုန်းကြီးသတ်မှုကို အောက်ရုံးက ပယ်ချတာကို ဟိုက်ကုတ်တရားရုံးချုပ်ကို တင်တယ်။ အဲဒီသတင်း သတင်းစာတွေမှာ ပါလာတယ်။ ဆရာတော်တို့လဲ မကျေနပ်ဘူး။ ဒါကြောင့် လူထု အစည်းအဝေးမှာ အဲဒီလို သတင်းစာကိုင်ပြီး ချက်နဲ့လက်နဲ့ ဝေဖန် ခဲ့တယ်။

လူထုအစည်းအဝေးပွဲကြီးပြီးတော့ "ဦးပဥ္ဇင်းက တယ်တွယ်လှပါလား" ဆိုတဲ့ ဆရာကြီးရဲ့ပြောစကား တစ်ဆင့်ကြားရတယ်။ ဆရာကြီးက တော်တော်ကျေနပ်အားရပုံလဲ ရသတဲ့။

အင်္ဂလိပ်စာကို ဆရာကြီးဆီက သင်ခဲ့လို့သာ ဒီလို အင်္ဂလိပ်အစိုးရရဲ့ လုပ်ရပ်တိုင်းကို သိရှိနိုင်တယ်။ မကျေနပ်ချက်ပေါ်လာရင် ကြုံလာရင် ပြောဆိုဝေဖန်ခဲ့တာချည်းပါပဲ။ မြန်မာသတင်းစာကိုင်ဝေဖန်ရှုတ်ချ ပြစ်တင်တာထက် အင်္ဂလိပ်သတင်းစာကိုင် ဖတ်ပြုပြောဆိုဝေဖန်ရတာက ပိုပြီး အရသာ ရှိတယ်။ လေးလေးပင်ပင်ရှိတယ်ပေါ့။

တစ်နေ့မှာ ဆရာတော် အင်္ဂလိပ်လို ရေးထားတဲ့ လျှောက်လွှာတစ်စောင်ကိုင်ပြီး ဆရာကြီးရဲ့ ကျောင်းဆရာနှစ်ဦးကို ပြတယ်။ ဒါပေမယ့် အားမရတာနဲ့ ဆရာကြီး ရုံးခန်းထဲဝင်ပြီး သွားပြပြန်တယ်။ အမှားအမှန် ပြင်ဆင်ပေးဖို့ပါ။ လျှောက်လွှာကတော့ ဒကာမကြီးတစ်ယောက်ရဲ့ ရုံးကိစ္စနဲ့ ပတ်သက်ပါတယ်။ ဆရာတော်ဆီ လာအကူအညီ တောင်းလို့ ဆရာတော်ကိုယ်တိုင် အင်္ဂလိပ်လို ရေးခဲ့တာပဲ။

အဲဒီစာကို ဆရာကြီးဆီ ဝင်ပြတော့ ဆရာကြီးဟာ ခဲတံကိုင်ရင်းစာကိုပြုံးပြီး ဖတ်နေပါတယ်။ ဆရာကြီး မျက်နှာပြုံးနေတော့ "အမှားတွေပါနေလို့ပဲလားလို့ထင်ပြီး" ကိုယ့်ကိုယ်ကို မလုံမလဲ ဖြစ်နေတယ်။ ဆရာကြီးက ဘာပြောသလဲဆိုရင် "အမှားက အနည်းအကျဉ်းပါ။ အင်္ဂလိပ်အသုံးအနှုန်းတွေက ကောင်းလို့ သဘောကျတာပါ။ ဦးပဥ္ဇင်းကျောင်းထွက်သွားတာ နာတယ်။ အဖျဉ်းဆုံး ဆယ်တန်းအောင်တဲ့အထိတော့ ဝင်ဖြေဖို့ ကောင်းတယ်"လို့ ပြောဆိုပြီး ချက်ချင်းလိုအပ်တာတွေ ပြုပြင်ပေးခဲ့ပါတယ်။

သက်ဆိုင်ရာကို လျှောက်လွှာသွားတင်တော့ အောင်မြင်ပြီးဒကာမကြီးလဲ အကျိုးရှိသွားတယ်။

ဆရာတော်ဟာ အားတဲ့အခါ ဆရာကြီးဆီက အင်္ဂလိပ်စာအုပ်တွေငှားရမ်းပြီး ဖတ်ခဲ့တယ်။

ဆရာတော်ကတော့ ဆရာကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ဒီနေ့ထိမမေ့နိုင်အောင် ရှိပါတယ်လို့ ကျမ်းပြုသူကို ပြောပြပါတယ်၊

အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ အနီးစခန်း ဆရာတော် ဦးပဏ္ဍိတက ကျမ်းပြုသူကို စိတ်ရှည်လက်ရှည်နဲ့ ကောက်ကာငင်ကာ ဆရာကြီးအကြောင်းကို စဉ်းစားမနေဘဲ ပြောပြပါတယ်။ ပြီးတော့လဲ ဆရာတော်အနီးမှာရှိတဲ့ ဂါဒီယန်း တစ်စောင်ကိုလဲ ယူပြီး အင်္ဂလိပ်အသံနေ၊ အသံထားနဲ့ သွက်သွက်လက်လက် ဖတ်ပြလိုက်ပါ သေးတယ်။

ဆရာကြီးဆီ ရဟန်းသံဃာတွေ မကြာခဏလာလည်တတ်ပါတယ်။ ဒီအခါမှာ ဆရာကြီးက ထပြုပြီး ပျူပျူငှာငှာ ကြိုဆိုနေရာထိုင်ခင်းပေးတယ်။ အဖျော်ယမကာ တိုက်ရမယ့် အချိန်ဆိုရင် အဖျော်ယမကာနဲ့ ဧည့်ခံကပ်လှူတယ်။

ဗဟိုအမျိုးသား အထက်တန်းကျောင်းမှာ တက်ရောက် ပညာသင်ကြား နေတဲ့ ရဟန်းနဲ့ ကိုရင်တွေအတွက် ဆွမ်းစားဖို့ (၁၁) နာရီမှာ ကျောင်းဆင်း ပေးတယ်။

**ကုလားဗမာအဓိကရုဏ်း**

၁၃၀၀ ပြည့်နှစ်မှာ တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုဟာ သရဖူ ဆောင်းခဲ့ပါတယ်။ နယ်ချဲ့ဆန့်ကျင်တဲ့ ဆန္ဒပြပွဲကြီး အဟုန်ပြင်းပြင်းနဲ့ ဒီလှိုင်းကြီးတက်လာသလို တရိပ်ရိပ် တက်လာနေပါတယ်။ ဒီအန္တရာယ်ကို အချိန်မီတားဖို့က နယ်ချဲ့သမားတာဝန်၊ မတားနိုင်ရင် ဒီ ၁၃၀၀ ပြည့်နှစ် မုန်တိုင်းကြားမှာ နယ်ချဲ့သမားရဲ့ ဘဝရပ်တည်ရေးဟာ အင်မတန် အန္တရာယ် များလှတယ်။ နောက်ဆုံးနစ်မြုပ်ကျဆုံးခံချင် ခံရပေလိမ့်မယ်။

ဒါကြောင့် အခုခေတ် အနုမြူလက်နက်ထက် အရေးပါ အရာရောက်လှတဲ့ ဖြိုခွင်းရေး လက်နက်ကို သုံးလိုက်တယ်။ ဒါက "ကုလားဗမာ အဓိကရုဏ်းပဲ။ ၃၀-၇-၁၉၃၈ နေ့မှာ နယ်ချဲ့သမားက မော်လဝီတစ်ဦးရဲ့ ယောဂီစာတမ်းကို အကြောင်းပြုပြီး ကုလားဗမာ အဓိကရုဏ်းကို ဖန်တီးလိုက်တယ်။ ဒါပေမယ့် သူထင်သလို မအောင်မြင်လိုက်ဘူး။

နယ်ချဲ့သမားရဲ့ အကြိုက် ပထမတော့ အငိုက်မိရုံလောက် သတ်ကြ ဖြတ်ကြ သေးသပေါ့။ နယ်ချဲ့သမားက သားကောင်ချင်း လူသတ်ပွဲ ဆင်ယင်ကျင်းပခိုင်းတာပဲ ဆိုတာကို အချိန်မီ သတိရှိရှိနဲ့ နှစ်ဖက်စလုံး ထိန်းလိုက်နိုင်တယ်။ နယ်ချဲ့အစိုးရက သူ့ဆီလာနေတဲ့ လူထုဆန့်ကျင် တိုက်ပွဲကြီးကို ကုလားဗမာအဓိကရုဏ်းတွေ ဖန်တီးပေးပြီး ရှန်းတွက်ဖို့ ကြိုးစားတယ်။ လက်နက်မဲ့ တော်လှန်ရေးမြားဦးကို နယ်ချဲ့သမားက အချင်းချင်း

ဘက်လှည့်ပေးပေမယ့် ပြည်သူက သူ့ဆီသာ ပြန်လှည့်ပေးလိုက် နိုင်တယ်။ တပ်ချီတက်ပွဲကြီးနဲ့ ကျောင်းသားတွေရဲ့ သပိတ်မှောက် သပိတ်တား ပွဲကြီးတွေကို ရဟန်းသံဃာတွေနဲ့ အလွှာအသီးသီးမှ ပြည်သူများက သောင်းသောင်းဖြဖြ ပါဝင်ဆန္ဒပြကြတယ်။ ဒီဆန္ဒပြပွဲတွေကို လယ်သမား သူပုန်ဂျွန်ဆရာစံနဲ့ သူ့ရဲဘော်တွေရဲ့ ခြင်းခြင်းနီတဲ့ သွေးမြေကျတာတွေ၊ ကျောင်းသားဗိုလ်အောင်ကျော်နဲ့မန္တလေး အာဇာနည် (၁၇) ဦးရဲ့ ရဲရဲနီတဲ့ သွေးကွက်တွေကို နင်းပြီး တော်လှန်ရေး တံခွန်ကို အဟုန်ပြင်းစွာ လွှင့်ထူလို့သာ လာခဲ့တယ်။

အဓိကရုဏ်း ဖန်တီးလိုက်တဲ့ အချိန်က မန္တလေးမှာ အဖိတ်အစဉ် အပျက်အဆီး ရှိတန်သလောက်တော့ ရှိပါတယ်။ ဒါပေမယ့် နယ်ချဲ့သမားရဲ့ ပိုက်ချက်ထဲက အချိန်မီ ရှောင်ရှားလိုက်ကြတယ်။ အဲဒီနေ့ မနက် (၁၁) နာရီနဲ့ (၁၂) နာရီကြားလောက်မှာ ကျောက်သွေးတန်းဘက်က စတင်ရိုက်လာပြီဆိုတဲ့ သတင်းကြားတော့ ဆရာကြီးနဲ့ ကိုကျော်ညွန့် (ယခုနယ်ပိုင်ဝန်ထောက် ပြင်ဦးလွင်)က ကျောင်းဝင်းတံခါးတွေ ပိတ်လိုက်တယ်။ ချက်ချင်းပဲ အစ္စလာမ် ဘာသာဝင် ကျောင်းသားတွေနဲ့ ဗုဒ္ဓဘာသာကျောင်းသားတွေရဲ့ မိဘတွေက ကလေးတွေကို လာခေါ်တယ်။ မိဘတွေနောက် ထည့်လိုက်ရင် လမ်းမှာ အန္တရာယ်နဲ့ ကြုံနိုင်တယ်လို့ တွက်မိပြီး ဆရာကြီးက ကလေးတွေကို ထည့်မပေးလိုက်ဘူး။

"ခင်ဗျားတို့ သားသမီးတွေအတွက် စိတ်ချပါ။ ကျုပ်ကျောင်းက ခင်ဗျားတို့အိမ်တွေထက် လုံခြုံမှုရှိပါတယ်။ ခင်ဗျားတို့ သားသမီးတွေ ဘာမှ မဖြစ်စေရဘူး ကျုပ် တာဝန်ယူပါတယ်။ ခင်ဗျားတို့သာ မြန်မြန်ပြန်ကြပါ" ဆိုပြီး မေတ္တာရပ်ခံ လွှတ်လိုက်တယ်။ ဆရာကြီး ပြောတဲ့အတိုင်းလဲ ကျောင်းက ကလေးတွေမှာ မှဲ့တစ်ပေါက်မှ အနာတရ မဖြစ်ကြဘူး။

ဆရာဦးခင်မောင်ကလေးနဲ့ ကျောင်းသားတွေက တုတ်ဓားတွေ ဆွဲကိုင်ရင်း ထွက်အလာ ဆရာကြီးနဲ့ ပက်ပင်းပါတွေ့တယ်။ ဆရာကြီးက–

"ဟော့ ဆရာခင်မောင်ကလေး ဒါက ဘယ်သွားလို့ ဘာလုပ်ကြမလို့လဲ" လို့ ဆီးမေးလိုက်တယ်။

"ဟိုမှာ ကုလားတွေ မဟုတ်တရုတ်တွေ လုပ်နေလို့ သွားချမလို့"

"ဟေ ဟိုကုလား[၁]တွေ မြှောက်ပေးလို့ သူတို့ကိုယ်သူတို့ ကုလားလို့ ထင်နေတဲ့ မြန်မာမွတ်စလင်တွေ၊ သေကုန်ပါဦးမယ်"

ဆရာကြီးကလဲ ဒီလိုရှင်းပြလိုက်တော့မှ ဆရာဦးခင်မောင်ကလေးနဲ့ အဖွဲ့ဟာ ရန်သူအမှန်ဟာ ဘယ်သူလဲဆိုတာ သိရှိသဘောပေါက်သွား ပါသတဲ့။

ဆရာကြီး ပြောလိုက်တဲ့ "ဟိုကုလား" တွေက မြှောက်ပေးလို့ ဆိုတဲ့ နေရာမှာ မြန်မာပြည်မှာ သွေးစုပ်ဖို့လာပြီးနေတဲ့ အိန္ဒိယသားတွေက အရေးဆိုရင် သူတို့အတွက် အားဖြစ်အောင် သူတို့အတွက် မားစာခံ လုပ်ပေးပြီး မြန်မာတိုင်းရင်းသား၊ မြန်မာမွတ်စလင် အမျိုးသားတွေကို သူတို့ကုလား "စာရင်းထဲ သိမ်းသွင်းနေတယ်။ အဲဒါကို ဗမာတိုင်းရင်း သား" ကို ရွှေဗမာ မွတ်စလင်တွေက အမောင်တောင်မှန်း မြှောက်မှန်း မသိဘဲ ကိုယ့်ကိုယ်ကို "ကုလား"လို့ ဆိုပြီး ကင်ပွန်းတပ်သူတွေကလဲ ရှိသေးတယ်။

ဆရာဦးခင်မောင်ကလေးက ကိုယ့်တိုင်းရင်းသား ဗမာ မွတ်စလင် အမျိုးသားတွေကို "ကုလား"တွေ အမှတ်နဲ့ ရှုမြင်ပြီး သွားသတ်ရင် ကိုယ့်တိုင်းရင်းသားတွေကို ကိုယ်ပြန်သတ်သလို ဖြစ်သွားမှာပဲ ဆိုတာ နားလည်သွားတော့တယ်။

ကုလားဗမာရိုက်တော့ ရဟန်းသံဃာတွေ ကိုယ်တိုင်က ဆရာကြီးရဲ့ ဗဟိုအမျိုးသားကျောင်း၊ ဆရာကြီးရဲ့အိမ်၊ ဆရာကြီးရဲ့ မိခင်တို့ကို အထူးဂရုစိုက်ပြီး စောင့်ရှောက်ပေးတော် မူကြတယ်။ ဆရာကြီး ကိုယ်တိုင်ကတော့ ဆေးလိပ်လက်ကြားညှပ်ပြီး လျှောက်လည် နေတယ်။ ဆရာတော် ဦးကလျာဏ၊ ရဟန်းပျိုအဖွဲ့ ဥက္ကဋ္ဌကိုယ်တိုင် ကြပ်မတ်စောင့်ရှောက်ပေးခဲ့လို့ ဆရာကြီးရဲ့ အိမ်၊ ဆရာကြီး မိဘအိမ် တွေလဲအန္တရာယ် စက်ကွင်းမှ လုံးဝ လွတ်ကင်းခဲ့ပါတယ်။

ဒေါက်တာ ခင်မောင်ညွန့်က ဆရာကြီးနဲ့ ပတ်သက်ပြီး၊ အောက်ပါ အတိုင်း ကျမ်းပြုသူကို ပြောလိုက်တာက–

"မန္တလေးက ဘုန်းကြီးတွေ လွှမ်းမိုးတဲ့ မြို့ပဲ။ ဒီမြို့မှာ ဗုဒ္ဓဘာသာဝင် မဟုတ်သူ (ဆရာကြီး ဦးရာဇတ်) လို ပုဂ္ဂိုလ်တစ်ဦးက

---

၁။ ကုလား၊ အိန္ဒိယ ကုန်သည်ကြီးများ၊ ခနရှင်များ၊

ဝင်ဆံ့နေတဲ့ အချက်တွေကို ကြည့်ရင် သူ့မှာ ထူးခြားတဲ့ ဝိသေသတွေ ရှိလို့ပဲ”တဲ့။

မန္တလေး နန်းတော်မြို့ရိုး ဦးထိပ်တံခါး အရှေ့အထွက် မြောက်ဘက် ကပ်လျက် နန်းတော်ရှေ့အရပ်ရဲ့ အနောက်ဘက် တစ်လမ်းကျော်မှာ အခု မြေကွက်လပ်ကြီး ရှိနေပါတယ်။ တချို့နေရာမှာတော့ အုတ်လှေကားပျက်တွေကို တွေ့နိုင်ပါသေးတယ်။ ဒီမြေကွက်ရဲ့ အရှေ့ဘက်အဝင်နဲ့ တောင်ဘက်အဝင် ပေါက်နေရာများမှာ ဆင်တစ်ရပ်အမြင့် တိုင်နှစ်တိုင်ထောင်ပြီး မဟာဝိသုတာရာမ တိုက်တော်ဆိုပြီး စာတန်းဆိုင်းဘုတ်များ ရှိပါတယ်။

အခု မန္တလေးမင်းနေပြည်တော်ကို ကမ္ဘာလှည့် ခရီးသည်များ ရောက်ရင် လှည့်လည်ကြည့်ရှုကြတဲ့ ရှုခင်းတွေထဲမှာ အတုမရှိတဲ့ရွှေကျောင်းကြီး ရှိပါတယ်။ မဟာဝိသုတာရာမတိုက်တော်ရှိ ကျောင်းဆောင်များက ဒီအတုမရှိကျောင်းအတွင်း ရွှေကျောင်းထက် လက်ရာအင်မတန်မြောက်ပါတယ်။ တိုင်တစ်လုံးတစ်လုံး ဆိုရင်လဲ ရွှေပိန်းချထားပါတယ်။ (ရွှေအပြည့်ချထားတယ်လို့ ဆိုလိုပါတယ်) အခန်းတွင်း နံရံအားလုံး ရွှေအပြည့် ချထားတယ်။ မျက်နှာကြက်တွေမှာဆိုရင် ကျောက်ဖယောင်းတိုင် ထည့်ထွန်းဖို့ ဖန်ပဒိုင်းများ အဆိုင်းလိုက် အဆိုင်းလိုက် ချိတ်ဆွဲထားပါတယ်။ ဖန်ချက်ဝန်လှူဒါန်းထားတဲ့ ငါးဥဆီဖောင်းနဲ့တူတဲ့ ဖန်လုံးကြီးများနဲ့ မှိုင်းလုံးကော်ဇောများ အပြည့်ခင်းကျင်းထားတယ်။ ဒါကြောင့် တစ်ကျောင်းလုံးဟာ လှပတင့်တယ်နေတယ်ဆိုပဲ။ ပိသုကာ လက်ရာများဟာလဲ အလွန်ကောင်းတယ်လို့ ဆိုပါတယ်။

မဟာဝိသုတာရာမတိုက်တော်မှာ ကျောင်းဆောင်များရှိပါတယ်။ ဒီတိုက်တော်ရှိကျောင်းမှာ သီပေါမင်းတရားကြီး ငယ်စဉ်က ကျောင်းနေသွားပါသတဲ့။ အလယ်ဆောင်မှာ သီပေါမင်းတရားကြီးနဲ့ ကျောင်းနေဖက်ဖြစ်တဲ့ ကျောက်ပန်းတောင်းဆရာတော် အုပ်ချုပ်စဉ် အဲဒီအလယ်ကျောင်းကြီးရဲ့ လက်ယာရံမှာ အခန်းရှိပါတယ်။ အခန်းနေကိုယ်တော်က ဦးဓမ္မာဘိဝံသဆရာတော် နေပါသတဲ့။

အဆောင်များမှာ ဆရာတော်ကြီးနေဖို့က ခနဲဆောင်။ ဆရာတော်ကြီး အနားယူတာတို့၊ တရားပွားများတာတို့၊ ကျိန်းဖို့ တို့အတွက် သီးခြားအဆောင်တွေ ရှိတယ်။ နန်းရှေ့ရှိ တိုက်လုံးကျွတ်မှာ သံဃာများ လာဝါဆိုတဲ့အဆောင်နဲ့

စာသင်သားများ စာချတဲ့ အဆောင်ကြီး၊ အဆောင်ကြီးက အနံ ပေ ၅၀၊ အလျား ၆၀ ပေ ရှိသတဲ့။

အဲဒီမှာ လက်ရာမြောက်မြောက် ထုလုပ်ထားတဲ့ ယက္ခနဲ့ ကုမ္ဘာန်ထမ်းထားတဲ့ ကြေးခေါင်းလောင်းကြီး ရှိတယ်။ ဆရာတော်ရဲ့ ဘွဲ့တံဆိပ်တော် ထည့်ထားတဲ့ ရွှေချမှန် သေတ္တာရှိတယ်တဲ့။

ကျောင်းတော်ကြီးရဲ့ တောင်နဲ့မြောက်မှာ အုတ်လှေကား သုံးစင်းစီ (သုံးခုစီ) ရှိတယ်။ အရှေ့နဲ့အနောက် ဒါမှမဟုတ် ဦးထိပ်နဲ့ခြေရင်းမှာ လှေကား တစ်ခုစီ ရှိပါတယ်။

ဆရာတော်ရဲ့ ကျောင်းဆောင်ဘေးမှာ အခန်းဆောင်များ ရှိပါတယ်။ ဝဲဆောင်မှာ စစ်ကိုင်း၊ မကျီးစဉ်းရွာသား ဦးဂုဏ သီတင်းသုံးတယ်။ ယာဆောင်မှာ ဥက္ကံသား ဦးနန္ဒဝံသနဲ့ ယင်းကိုယ်တော်တူ ဦးပုည သီတင်းသုံးတယ်။ အဲဒီအဆောင်ကြီးရဲ့ အနောက်စွန်ဆုံးအခန်းမှာ ဦးသီလဝံသ သီတင်းသုံးတယ်။

ကျောင်းမကြီးအပြင် ကျောင်းမကြီးရဲ့ အနောက်ဖက်မှာ အဆောင်ကြီး တစ်ဆောင်ရှိတယ်။ အဲဒီကျောင်းဆောင်မှာ ဦးအာလောက သီတင်းသုံးတယ်။ အဆောင်အပြင် လက်ဝဲလက်ယာ အဆောင်နှစ်ခု ရှိတယ်။ လက်ဝဲဆောင်မှာ ဦးကုမာရ သီတင်းသုံးတယ်။ လက်ယာဆောင်မှာ ဦးဓမ္မာဘိဝံသ သီတင်းသုံးသတဲ့။

ဒီကျောင်းကြီးမှာ သီပေါမင်းတရားကြီး ငယ်စဉ်က သာမဏေဘဝနဲ့ နေခဲ့တယ်။

ဒီပြင် အရန်ကျောင်းတော်ကြီးများ ရှိသေးတယ်။ အရန်ကျောင်းများမှာ ဝန်ကြီးများနဲ့ မိဖုရားများ အဆောင်ရှိတယ်။ အရန်ကျောင်းဆောင်တွေဟာ ဒုတိယမဟာယံ တံတိုင်းအတွင်းရှိတယ်။

ဒီကျောင်းများကို စာပြသင်ကျောင်း (ပြတိန်ကျောင်း) ညောင်အုပ်ကျောင်း၊ လက်ဆွဲ၊ အလုံ၊ မောင်းထောင်၊ ရွှေရေး (ရွှေရေးမိဖုရား) ယောအတွင်းဝန် ဦးဘိုးလှိုင်–

တတိယ မဟာရံ အတွင်းမှာ ကုဋီများ ရှိတယ်။ မဟာဝိသုတာရာမ တိုက်တော်ကို ဒုတိယကမ္ဘာစစ်မှာ အင်္ဂလိပ်တပ်များ မန္တလေးရောက်နေပေမယ့် နန်းတွင်းက ဂျပန်က ခံချနေတယ်ဆိုပြီး အင်္ဂလိပ် အမေရိကန် ဗုံးချလို့ မီးလောင် ပျက်ဆီးဆုံးရှုံးသွားပါတယ်။

ဒုတိယကမ္ဘာစစ် မတိုင်ခင်က မဟာဝိသုတာရာမတိုက်တော် အလယ်ကျောင်းမှာ ကျော်ပန်းတောင်း ဆရာတော်ကြီး သီတင်းသုံးနေစဉ်ပေါ့၊ ဒီကျောင်းကြီးရဲ့ လက်ယာအဆောင်မှာ ဦးဓမ္မဝံသ ကိုယ်တော်က သီတင်းသုံးတော် မူနေတယ်။ ဒီဆရာတော်ဟာ ဆဋ္ဌမသင်္ဂါယနာတင်မှာ နာယကဆရာတော် (၁၂)ပါး အနက် တစ်ပါးအပါအဝင်ပါ။ အခု ပျံလွန်တော်မူပါပြီ။ ဆရာတော်ဟာ ဆဋ္ဌမသံဂါယနာတင်နေချိန်အတွင်း ရန်ကုန်မှာပဲ ရုတ်တရက် ပျံလွန်တော် မူသွားပါတယ်။ တပည့်တပန်းများက ဆရာတော် ရုပ်အလောင်းတော်ကို မန္တလေးပြန်ယူ သဂြိုဟ်လိုက်ကြပါသတဲ့။

အဲဒီအခန်းမှာ ဒေါင်လိုက်အမြင့် ၂၄ လက်မ၊ ဖျတ်အကျယ် ၁၅ လက်မရှိတဲ့ ဘဲဥပုံ ဆရာကြီးရဲ့ဓာတ်ပုံ ဆွဲချိတ်ထားတာ ရှိတယ်။ ဒီအချိန်က နောင် သခင်ရန်ချော်လို့ ဖြစ်လာမယ့် ဆရာတော်ရဲ့ ကျောင်းသားကလေး ခွေးနီ ခေါ် သခင်ရန်ချောက ကျမ်းပြုသူကို ဒီလို ပြောပါတယ်၊

"ကျွန်တော်က ခွေးနီဆိုတဲ့ နာမည်နဲ့ ဆရာတော်ကျောင်းမှာ ပညာသင်နေရတယ်ပေါ့။ တစ်နေ့ ဆရာတော်ကို ဝတ်ဖြည့်ပေးနေပါတယ်။ ကျွန်တော်က–

"တခြားကိုယ်တော်တွေက ဘုရားကားများကိုသာ ချိတ်ဆွဲထားတာ ရှိပါတယ်။ အရှင်ဘုရား အခန်းမှာတော့ ကုလားပုံကြီး ရှိနေတယ်၊ မကောင်းပါဘူးလို့ လျှောက်လိုက်ပါတယ်။ ဒီလို လျှောက်လိုက်တော့ ဆရာတော်က ရယ်လိုက်တယ်။ ပြီးတော့–

**"ဟဲ့ ခွေးနီ ကုလား**ပေမယ့် ဘုရား**စကား** အများကြီး ပြောတတ်တဲ့ ကုလားဟာ၊ **ငါ့တကာပဲ** **ငါ**နဲ့ ခဏခဏ ပါဠိဆွေးနွေးတဲ့ ကုလားဟဲ့"လို့ မိန့်တော်မူလိုက်တယ်။

နောင်ကျတော့ ခွေးနီခေါ် ကျွန်တော်ဟာ ဗဟိုအမျိုးသားအထက်တန်းကျောင်းရောက်မှ ဆရာတော် **ဦးဓမ္မ**ဘိဝံသ အခန်းထဲက ကုလားကြီး ဓာတ်ပုံဟာ ကျွန်တော်ရဲ့ ကျောင်းအုပ်ကြီး ဖြစ်နေတာ သိရပါတော့တယ်။

---

အလားတူ ဘဲဥပုံ အရွယ်အစား ဆရာကြီးရဲ့ ဓာတ်ပုံကို အခုထိ ဆရာကြီးသားငယ် ကိုလှကြည်ရဲ့ တိုက်ဧည့်ခန်းဆောင်မှာ ချိတ်ဆွဲထားပါတယ်။ ကျမ်းပြုသူ

**ဆရာကြီး**ရဲ့ သဘောထားက အပြစ်ကင်းစင်တယ်။ မွေးကင်းစကလေးလို **နှစ်လိုဖွယ်**ရာ ကောင်းတယ်လို့ ဆိုပါရစေ”တဲ့။

**နောက်** **သခင်**ရန်ရွှေ ဆက်ပြောပြတာက–

**ဆရာကြီး**ဟာ ကိုယ်ကျိုးစွန့်ရာမှာ ဝေဿန္တရာတမျှ ဖြစ်တာရယ်၊ ပညာ**အရာမှာ** ထွက်ပြူစ နုနယ်တဲ့ သစ်ပင်လို လှပခိုင်ခံ့တာရယ်၊ **ပညာပို့ချရာမှာ** ဖူးပွင့်စ ပုရစ်၊ ရွက်သစ်လို အေးမြပြီး ကြည်လင်ခိုင်ခံ့တာရယ်တို့ကြောင့် ဆရာကြီးကို ပိုမိုကြည်ညို လေးစားမြတ်နိုးခဲ့ပါတယ်။ ငယ်ငယ်က ဆရာတော် ဦးဓမ္မာဘိဝံသထံတော်မှာ နေစဉ်က ဆရာတော် အခန်းက ကုလားကြီး ဓာတ်ပုံအကြောင်းကို ပြန်ပြောင်းစဉ်းစားရင်း ရယ်မိပါတော့တယ်”လို့ ကျမ်းပြုသူကို ပြောပြပါတယ်။

မြို့တည်နန်းတည်မြို့ကြီးလဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာအများစု ကိုးကွယ်ရာလဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာထွန်းကားရာ မြို့ကြီးလဲ ဖြစ်တယ်ဆိုတဲ့ ဒီမန္တလေးမြို့မှာ ဆရာကြီး ဦးရာဇတ်ကို ဖဆပလ ဥက္ကဋ္ဌအဖြစ် အဓိကဘုန်းကြီးတွေရဲ့ မဲနဲ့ အရွေးခံရတာရယ်။ ဖဆပလ ဝန်ကြီးအဖွဲ့မှာ ဝန်ကြီးတစ်နေရာ ပေးဖို့ ဗိုလ်ချုပ်အောင်ဆန်းထံ ကျောင်းထိုင် ဆရာတော်ကြီး (၁၀)ပါးကနေ ကြေးနန်းရိုက်ပြီး တောင်းဆိုလို့ ဝန်ကြီး ဖြစ်ခဲ့ရတာတွေဟာ အကြောင်း ရှိပါတယ်။

“ဗမာမွတ်စလင် တစ်ယောက်က ဘုန်းကြီးတွေကို စည်းရုံးနိုင်တာ ဆရာကြီး ဦးရာဇတ် တစ်ယောက်ပဲရှိတယ်၊ ဒါဟာ တော်တော်တန်တန် အရည်အချင်း မဟုတ်ဘူး၊ ဘုန်းကြီးတွေနဲ့ ဝင်ဆံ့တာ သူတစ်ယောက်ပဲ ရှိတယ်”လို့ ဗ၊ မ တ ဥက္ကဋ္ဌဟောင်းလဲဖြစ်၊ ဝန်ကြီးဟောင်းလဲ ဖြစ်ခဲ့တဲ့ ဦးခင်မောင်လတ်က ကျမ်းပြုသူအား ပြောပြဖူးပါတယ်။

မန္တလေးက ဘုန်းကြီးတွေ လွှမ်းမိုးတဲ့မြို့ပါ။ အဲဒီမြို့မှာ ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးက ဝင်ဆံ့နေတဲ့ အချက်ကိုကြည့်ရင် သူ့မှာ(ဆရာကြီး ဦးရာဇတ်) ထူးခြားတဲ့ ဝိသေသတွေ ရှိလို့ပဲလို့ သမိုင်းဌာန ပါမောက္ခ ဒေါက်တာခင်မောင်ညွန့်က ကျမ်းပြုသူကို ပြောပြဖူးပါတယ်။

ဆရာကြီးဟာ သံဃာတော်များ ထွန်းကားရာ မန္တလေး နေပြည်တော်မှာ ဝင်ဆံ့တယ်ဆိုပြီး သူပြောကိုယ်ပြောတွေ ရှိပါတယ်။

ဒီလို အဓိပ္ပာယ် ဖွင့်ဆိုချက်တွေဟာ မှန်ပါတယ်။ ကျမ်းပြုသူအနေနဲ့ ဆရာကြီး ဦးရာဇတ် အတ္ထုပ္ပတ္တိရေးဖို့ မန္တလေးကို သွားတဲ့အခါမှာ ဆရာတော်ကြီးများနဲ့လဲ ဖူးမြော်တွေ့ဆုံခဲ့ရပါတယ်။ ဆရာကြီး အကြောင်းနဲ့ ပတ်သက်ပြီး ဆရာတော်များ ပြောပြချက်တွေကို ကျမ်းပြုသူနားနဲ့ ဆတ်ဆတ်ကြားခဲ့ရပါတယ်။

ဆရာတော်များ၊ ဘုန်းတော်ကြီးများ၊ ဗုဒ္ဓဘာသာများ၊ ခရစ်ယာန်များ၊ ဟိန္ဒူများ၊ နတ်ကိုးကွယ်သူများနဲ့ လိုက်လျောညီထွေ ဆက်ဆံခဲ့တယ်။

ဒါကြောင့် သူ့စည်းရုံးရေး နယ်ပယ်ဟာ ကျယ်ပြန့်ပြီး အောင်မြင်မှု ရှိခဲ့ပါတယ်။

ဆရာတော် သံဃာတော်များလည်း ဆရာတော် သံဃာတော်များမို့၊ လုပ်ဖော်ကိုင်ဖက်တွေလဲ လုပ်ဖော်ကိုင်ဖက်တွေမို့၊ တပည့်သားမြေးတွေလဲ တပည့်သားမြေးတွေမို့၊ အားလုံးပါးစပ်ဖျားမှာ ဆရာကြီး ဦးရာဇတ်မှ ဆရာကြီး ဦးရာဇတ်ရယ်လို့ ဖြစ်ခဲ့ပါတယ်။ ဒါကို အပေါ်ယံကြောက ကြည့်ရင် သာမန်ကာလျှံကာ သဘောပဲ မြင်ရတွေ့ရပါမယ်။ ဒါပေမယ့် လေးလေး နက်နက် စဉ်းစားရင် ထူးခြားမှုကို တွေ့ရပါမယ်။

သူဟာ သူများနဲ့ မတူဘူးဆိုတဲ့ လူတကာက ကောက်ချက်ချသလိုပါပဲ၊ သူ့ခေတ်မှာ အစ္စလာမ်ဘာသာဝင် တစ်ယောက်အနေနဲ့ ထူးခြားတဲ့ စည်းရုံးမှုတွေကို လက်တွေ့ကျင့်သုံးနိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ လူတကာ မစွမ်းဆောင်နိုင်တဲ့ စည်းရုံးရေး စွမ်းရည် သူ့မှာရှိတဲ့အတွက်ကြောင့် လူတကာနဲ့ မတူအောင် အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်

ဒီအခန်းကို အောက်ပါပုဂ္ဂိုလ်များမှ တစ်ဆင့် ပြောပြပါတယ်။

- ဆရာတော်ဦးပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ၊ စစ်ကိုင်းချောင် အနီးစခန်းဆရာတော်။
- ဦးချစ်ဆွေ ဆရာကြီးဦးရာဇတ် အပါးတော်မြဲဟောင်း၊ နန်းတော်ရှေ့အရပ် မန္တလေး။
- ဗိုလ်ခင်မောင်ကလေး– ဗဟိုအမျိုးသားကျောင်းဆရာနဲ့ ဖ–ဆ–ပ–လ ဝန်ကြီးဟောင်း
- ဒေါက်တာခင်မောင်ညွန့်– ဌာနမှူး (သမိုင်းဌာန) ပညာရေးတက္ကသိုလ်၊ ရန်ကုန်။

- ဦးစောလှ– ဗဟိုအမျိုးသားကျောင်းသားဟောင်း၊ (အရှေ့တိုင်းနို့ဆီ လုပ်ငန်းပိုင်ရှင်)
- ဦးခင်စိန်– ဗဟိုအမျိုးသားကျောင်းသားဟောင်း၊ ပြည်ထောင်စု အာမခံအဖွဲ့ရုံး၊ ရုံးအုပ်။
- စာရေးဆရာနှင်းဦး– ဗဟိုအမျိုးသား အထက်တန်း ကျောင်းသားဟောင်း၊
- ဒေါ်မြတင် ဗဟိုအမျိုးသားကျောင်း၊ ကျောင်းစာရေး။

## အခန်း (၁၂)

# လူမှုရေးလုပ်ငန်းတွေက တစ်ဖက်

ဆရာကြီး ဦးရာဇတ်ဟာ ကျောင်းဆရာ ဆရာမတွေနဲ့ ကျောင်းသားတွေအပေါ်သာ ဩဇာညောင်းတာ မဟုတ်ဘူး၊ မြို့ထဲရပ်ထဲတို့ အစိုးရဌာနတို့ ပုလိပ်ဌာနတို့ပေါ်မှာလဲ ဩဇာညောင်းတယ်။ ရဟန်းသံဃာများနဲ့လဲ ဝင်ဆံ့တဲ့ ပုဂ္ဂိုလ်ကြီးပါ၊ တစ်နည်းပြောရရင် ဆရာကြီးဟာ မြို့မိမြို့ဖ တစ်ဦးပေါ့၊ ကျောင်းမှာအားလုံးက ချစ်ကြောက်ရိုသေကြသလို မြို့ထဲရွာထဲမှာလဲ ဆရာကြီးကို ချစ်ခင်လေးစား ကြည်ညိုကြတယ်။

မြို့ထဲရပ်ထဲမှာ သားရေးသမီးရေးကိစ္စ၊ သာရေးနာရေးကိစ္စ၊လင်မယားရန်ဖြစ်တဲ့ကိစ္စ၊ ယုတ်စွအဆုံး သမီးရည်းစား ချစ်တာ ကြိုက်တာတွေပါမကျန် ဆရာကြီးကို တိုင်ပင်တယ်။

တပည့်တပန်းတွေက သူ့အကြောင်းမကောင်း ဘယ်သူမှ မပြောကြသလို မြို့ထဲ ရပ်ထဲကလဲ သူ့အကြောင်း မကောင်းတစ်ချက်ကလေးမှ မပြောကြဘူး။ မကောင်းတာလုပ်တာ မရှိလို့လဲ ဖြစ်ချင်ဖြစ်ပေမပေါ့။ ဒါပေမယ့် လူပုဂ္ဂိုလ်ခင်မင်နေတော့လဲ တော်တော်တန်တန်နဲ့ ခွင့်လွှတ်နိုင်တဲ့ ကိစ္စဝိစ္စကလေးတွေရှိရင်တောင် အပြစ်မမြင်တော့ဘူး ခွင့်လွှတ်ကြမှာပါ။

အမ်အေ ဒေါ်အုံးက ဆရာကြီးဟာ လူမှုရေး ကိစ္စကြီးငယ်ကို ဘယ်လိုဆောင်ရွက်ပေးသလဲဆိုတာ "ဆရာကြီးဦးရာဇတ်"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးရေးသားပြီး ၁၉၄၈ ခု အောက်တိုဘာလ မန္တလေးရာဇ္ဇသိုလ် မဂ္ဂဇင်း နှစ်လည်စာစောင်မှာ ဖော်ပြလိုက်တာက–

"ဆရာကြီးအား အမြဲမပြတ် မြတ်နိုးချစ်ခင်စေတော့၏။ ဆရာကြီးကို အခါခပ်သိမ်း သဒ္ဓါကြည်ဖြူစေတော့၏။ ဆရာကြီးအား

အစဉ်တစိုက် နှစ်ခြိုက် ယုံကြည်စေတော့၏။ မိမိတို့ ရင်တွင်း၌ရှိရှိသမျှ သုခ၊ ဒုက္ခ အဝဝတို့ကို တစ်စမကျန် ဆရာကြီးထံတွင် ဖွင့်ဟစေတော့၏။ တပည့်သစ်၊ တပည့်ဟောင်းမရွေး၊ ရောင်းရင်းဖက်၊ သာမန် အသိမိတ်ဆွေ မခွဲ၊ သူစိမ်းသူကျက်မခြား ကြွေးမြီအစ၊ အချစ်ကိစ္စနှင့် လင်ကွာမယားကွာ အလယ်၊ လူသတ်မှု တော်လှန်မှု သူပုန်မှု အဆုံးရှိသော အကြောင်းကြီး ငယ် အသွယ်သွယ်တို့ကို ဆရာကြီးထံ ပွင့်လင်းစွာ ပြောကြား၍ အကြံဉာဏ် အကူအညီ ရယူကြသည်မှာလည်း ထိုပြုံးမယောင် အမူအရာ၏ အားပေးမှုကြောင့်သာပင်။

တကယ်လို့ လူပုဂ္ဂိုလ်မခင်ခဲ့ရင်တော့ တစ်ဆိတ်လုပ်ပြီး ပုံကြီးချဲ့ ပြောတတ်တာတို့၊ အလကား ကိုယ့်ထမင်းကိုယ်စားပြီး တစ်ဘက်သားကို စောင့်ကြည့် အပြစ်ရှာတတ်သူတွေကလဲ တစ်ပုံကြီး။ တစ်ဘက်ကိုကြည့်ပြီး ထိုင်ရင် ထိုင်ပြန်ပြီ၊ ထရင်ထပြန်ပြီဆိုပြီး ကိုယ့်ထမင်း ကိုယ်စားပြီး မျက်စိ ၈ပါးမွေးစူး တောင်မြောက်လျှောက်ပြောနေတဲ့ သူကလဲ မရှား၊ ဒါတွေဟာ လူ့သဘာဝပဲလေ။

ဆရာကြီးမှာ ခြောက်ပြစ်ကင်း သဲလဲစင်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် လူပုဂ္ဂိုလ် ကြည်ညိုစရာတွေက တစ်ထွေးကြီး တစ်ပုံကြီးမို့ သူ့ကိုယ်ရေးကိုယ်တာ အားနည်းချက်တွေ ရှိနေတာကိုတောင် မျက်စိကန်းချင်ဟန် မသိကျိုးကျွံ ဟန်ဆောင်နေလိုက်တယ်။

ရပ်ထဲရွာထဲလျှောက်သွားပြီး အားလုံးရဲ့ ကျန်းမာရေး စားရေးသောက်ရေး သားသမီးရေး၊ ကလေးတွေရဲ့ ပညာရေးတွေကအစ စပ်စပ်စုစု မေးတာမြန်းတာ ရှိတယ်။ လိုတဲ့အကြံဉာဏ်ပေးတယ်။ လူပုဂ္ဂိုလ်လိုက် ဆောင်ရွက်ပေးစရာ ရှိရင်လဲ လိုက်လံ ဆောင်ရွက်ပေးလိုက်တယ်။ စာနဲ့ပေနဲ့ ရေးပြုပြီး ကူညီရမယ့် သူတွေကိုလဲ အချိန်အခါ ဆွဲမနေဘဲ တစ်ချက်ထဲနဲ့ ကလောင်ဆွဲရေးပေး လိုက်တယ်။ အဖြူပေါ်အမည်း ထင်စေလိုက်တယ်။

တစ်နေ့မှာ ကိုခင်မောင်ညွန့် ရန်ကုန် (အခု တက္ကသိုလ်သမိုင်းဌာနမှူး ဒေါက်တာခင်မောင်ညွန့်) ရဲ့ အိမ် အလည်ရောက်သွားတယ်။ ဆရာကြီးတို့နဲ့ အိမ်နီးချင်းဖြစ်တယ်။ ဆရာကြီးက–

"မကြည်တို့အမေ ခင်ဗျားသား မက်ထရစ်ရောက်နေပြီ မဟုတ်လား၊ ဒီကောင်ကို ကောလိပ်မပို့ဘဲ မနေနဲ့နော်၊ ခင်ဗျားတို့က ကုန်သည်မျိုးဆိုတော့ သေစာရင်စာ ရေးတတ်ရင် ကြေးနန်းစာလေး ဖတ်တတ်ရင် ပြီးရောဆိုပြီး ကလေးကို ကျောင်းကထုတ်ပြီး အိမ်စီးပွားရေး အလုပ်မှာ ပါဝင် လုပ်ကိုင်စေ

တတ်တယ်။ ဒါမျိုးမလုပ်နဲ့ ကောလိပ်ကို ပို့ဖြစ်အောင်ပို့နော်" ဆိုပြီး သူများ အိမ်ထောင်စုထဲ ဝင်အကြံပေးတယ်။

ဗဟိုအမျိုးသား အထက်တန်းကျောင်းထွက်ဆိုရင် အစိုးရ အလုပ်တစ်ခုခု ရဖို့ မလွယ်ဘူး၊ အစိုးရဌာနတွေက အထင်မကြီးလို့ပေါ့၊ အဲဒီအခါမျိုးမှာ ဆရာကြီး ကိုယ်တိုင်လိုက်ပြီး သူ့ကျောင်းသားတွေ အလုပ်ရဖို့ ကိုယ်တိုင် ကိုယ်ကျ လိုက်ပြောပေးနေရတယ်။

ဗဟိုအမျိုးသားအထက်တန်းကျောင်း၊
မန္တလေးမြို့။

CENTRAL NATIONAL HIGH SCHOOL
MANDALAY

11th July 1940

This is to certify that Mg Tin Aung was a student of this school which he left after passing the High School Final Examination held in March 1940.

Mg Tin Aung was one of the best pupils I have had in this school. Steady, attentive, intelligent & obedient Mg Tin Aung was a student of whom any teacher would be proud.

In the playground too Mg Tin Aung was a lively figure. He took to all sorts of games with enthusiasm & skill.

Mg Tin Aung was a versatile lad. He was a good artist & a photographer of a fairly high order.

This testimonial is given him with the conviction that he will prove to be all that I expect of him.

[illegible]

Superintendent

ကိုခင်မောင်တင့် ဆိုသူဟာ မန္တလေး စီဘီလိုင်းက မခင်နုဆိုတဲ့ မိန်းကလေး တစ်ယောက်နဲ့ ချစ်ကြိုက်နေတယ်။ မခင်နုကလဲ ဆရာကြီး ကျောင်းက (၇)တန်းကျောင်းသူ။ ကိုခင်မောင်တင့်ကလဲ ဆရာကြီး ကျောင်းသား။

တစ်နေ့မှာ ကိုခင်မောင်တင့်က ဆရာကြီးဆီ လာတိုင်ပင်တယ်။

"ဆရာကြီး ကျွန်တော် မခင်နုနဲ့ မေတ္တာရှိနေတယ်။ ကျွန်တော် သူ့ကို လက်ထပ်ချင်တယ်။ ဒါကို သူ့အမေဆီ သွားတောင်းရရင် မကောင်းဘူးလား ဆရာကြီး"

"အေး ကောင်းတယ်၊ ဒါကိုယ့်တာဝန်ကျေတာပေါ့၊ သွားတောင်းပါ" အဲဒီလို အကြံပေးလိုက်တယ်။ နောက်ရက်ပိုင်းအတွင်း ဆရာကြီးဆီကို ခင်မောင်တင့် ရောက်လာပြန်တယ်။ ဆရာကြီးက ဆီးပြီး ခပ်တည်တည် နောက်လိုက်တယ်။

"ဟေ့ မင်းတို့ကိစ္စ ဘယ်လိုလဲကွ၊ မင်းယောက္ခမကြီးက မျက်နှာချိုတယ် တဲ့လား"

"မလွယ်ဘူး ဆရာကြီး ၁၀ တန်းအောင်တဲ့အထိ စောင့်ပါတဲ့"

"ဟေ ဒီလိုလား၊ ကဲ ဒီလိုဆိုလဲ စောင့်လိုက်ဦးပေါ့ကွာ၊ သူ့မိဘသဘောဆန္ဒအတိုင်း ၁၀ တန်းအောင်တဲ့အထိ"

"ဟင်း-ဟင်း ကျွန်တော်တို့က မစောင့်နိုင်ဘူး ဆရာကြီးရဲ့၊ အဲဒါကြောင့် ဆရာကြီးဆီ အကြံဉာဏ် လာတောင်းရတာပါ"

"မစောင့်နိုင်တော့ မင်းတို့က ဘယ်လို စိတ်ကူးသလဲ ပြောပါဦး"

"ကျွန်တော် မခင်နုကို ခိုးပြေးချင်တယ်၊ သူကလဲ တစ်ပါတည်း လိုက်မယ်လို့ ကတိပေးတယ်"

ဆရာကြီးက သူ့ရှေ့မှာရှိတဲ့ ရောမစစ်သူကြီး ရုပ်ပါတဲ့ မီးခြစ်ကိုယူပြီး ဆေးလိပ်မီးညှိလိုက်တယ်။

"ဟုတ်လှပါလားကွ၊ မင်းတို့ဟာက၊ ဒါမျိုးဆိုတာ လွယ်တဲ့ ကိစ္စ မဟုတ်ဘူး၊ လွယ်လွယ်နဲ့ ဆုံးဖြတ်လို့ ရကောင်းတဲ့အရာ မဟုတ်ဘူး၊ ဒီတော့ ချင့်ချင့်ချိန်ချိန်နဲ့ အချိန်ယူစဉ်းစားစေချင်တယ်။

"ဆရာကြီး ကျွန်တော်တို့ နှစ်ယောက် အားလုံးပြင်ဆင်ပြီးပြီ ဆရာကြီး ပြေးကြရုံပဲ ရှိတော့တယ်"

"ဟင် ဟုတ်လား၊ ဒီလိုဆိုလဲ မင်းတို့သဘောရှိပဲ၊ ဒါပေမယ့် မင်းတို့ တစ်ဦးကို တစ်ဦး ချစ်ချစ်ခင်ခင်နဲ့ ရာသက်ပန်ပေါင်းသွားဖို့ လိုတယ်၊ အပျော်သဘောတော့ မကြံနဲ့ပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကဲ ကျွန်တော့်ကို သွားခွင့်ပြုပါ ဆရာကြီး"

"အေး အေး"

အဲဒီလို ဆရာကြီးဆီ လာတိုင်ပင် အသိပေးပြီး ကိုခင်မောင်တင့်နဲ့ မခင်နုတို့လဲ လစ်သွားပါတော့တယ်။

မိဘတွေက သမီးပျောက်သွားတော့ လိုက်စုံစမ်းတယ်၊ ကိုခင်မောင်တင့်နဲ့ လိုက်ပြေးကြောင်း သိသွားတယ်။

မခင်နုရဲ့ မိဘများက

"လူကြီးတွေက မင်္ဂလာဆောင်ပေးပါမယ်ဆိုပါလျက်နဲ့ လိုက်ပြေးရ ကောင်းလား"ဆိုပြီး စိတ်ဆိုးကြသတဲ့။

ကိုခင်မောင်တင့် မိဘများဆီ ချဉ်းကပ်ပြီး သူတို့ သမီးကို အပ်ဖို့ ဖြောင်းဖျ ပြောဆိုတယ်။

ဆရာကြီးက သူတို့ဆန္ဒကို မေးပါတယ်။ သူတို့က "တစ်ဦးကိုတစ်ဦး မခွဲနိုင်ကြောင်း၊ မခင်နုကလဲ ကိုခင်မောင်တင့်ကို ခွဲထားခဲ့ပြီး သူ့မိဘဆီ မပြန်လိုကြောင်း" ရှင်းပြကြတယ်။

"ကဲ ဒီလိုဆိုလဲ မသွားနဲ့ပေါ့ ညည်းမိဘနဲ့ ငါသွားတွေ့ပြီး ဆွေးနွေး ပြောပြမယ်"

ဆရာကြီးဟာ မခင်နု မိဘများနဲ့ သွားဆွေးနွေးတယ်။ သူတို့သမီးကိုပဲ အရင်အပ်ဖို့ တွင်တွင်တောင်းဆိုတယ်။

"ကဲ လူကြီးစုံရာမှာ ကျုပ်တွေ့ပေးမယ်။ လူကြီး ၄–၅–၁၀ ဦးလောက် ဖိတ်ထား၊ အဲဒီလူကြီးတွေရှေ့မှာ မေးပါ၊ သမီးဆန္ဒအတိုင်း ဖြစ်စေရမယ်လို့ ကျုပ်ကို အရင်ကတိပေး၊ အဲဒါမှ ကျုပ်က ကလေးတွေကို ချော့မော့ပြီး ခေါ်ခဲ့နိုင်မယ်။ နို့မို့ရင် ကလေးတွေက လိုက်မှာ မဟုတ်ပါဘူး"

အဲဒီလို ဆရာကြီးက သဘောတူညီမှုကို ရအောင်ယူခဲ့တယ်။ ချိန်းဆိုတဲ့ ရက်မှာ ကလေးတွေကို မခင်နုရဲ့ မိဘအိမ်ခေါ်သွားတယ်၊ လူကြီးစုံရာမှာ သူတို့သမီးကို မေးတယ်။ သမီးက "လင်နဲ့လိုက်နေမယ်"လို့ အဖြေပေး လိုက်တယ်။ မိဘလုပ်တဲ့ လူတွေလဲ ရင်နာပေမပေါ့၊ ဒါပေမယ့် ကတိအတိုင်း သမီးကို လင်နဲ့ ထည့်လိုက်ရတယ်။

"ကဲ မောင်ခင်မောင်တင့်တို့ပြန်ကြ၊ ဆရာကြီး ဒီမှာ လူကြီးတွေနဲ့ တိုင်ပင်စရာ ရှိသေးတယ်"လို့ ပြောဆိုပြီး ပြန်လွှတ်လိုက်တယ်။

ကလေးတွေ မင်္ဂလာဆောင်ရေး ကိစ္စကို ဆရာကြီးကပါ ပါဝင်ပြီး စီစဉ်ပေးတယ်။ မင်္ဂလာဆောင်တဲ့နေ့မှာ ဆရာကြီးက လာပြီး ဆောင်ပေးတယ်။ မခင်နုတို့ အိမ်မှာ ပွဲပြင်တယ်။ မင်္ဂလာဆောင်တဲ့နေ့မှာပဲ မခင်နု အမေက မကျေနပ်လို့ ခမည်းခမက်ချင်း ရန်ဖြစ်ကြသေးတယ်။ ဒါပေမယ့် ဆရာကြီးက ဝင်ဖျန်ဖြေပေးလိုက်တော့မှပဲ အားလုံး ငြိမ်သွားပါသတဲ့။

ဆရာကြီးအနေနဲ့ ကျောင်းသားတွေ မြို့မိမြို့ဖတွေ ရပ်သူရပ်သားတွေရဲ့ လူမှုရေး တာဝန်တွေ အချိန်ရတိုင်း လိုက်လံဆောင်ရွက်ပေးပါတယ်။ အဲဒါကြောင့် ဆရာကြီးဟာ သူကျောင်းသားတွေရဲ့ ဖခင်သဖွယ် ဖြစ်ရုံမကဘူး၊ မြို့သူမြို့သား တွေရဲ့ ဖခင်ကြီးပင် ဖြစ်တယ်လို့ တင်စားပြီး ပြောကြတယ်။

ဒီအခန်းနဲ့ပတ်သက်ပြီး အောက်ပါပုဂ္ဂိုလ်များ ပြောပြချက်ကို ဖော်ပြခြင်း ဖြစ်ပါတယ်။

၁။ သခင်ရန်ရွှေ – အခုနန်းတော်ရှေ့ရပ်၊ မန္တလေး၊ ကွယ်လွန်

၂။ ဦးညီ – အထက်တန်းရှေ့နေ၊ မန္တလေး။

၃။ လူထုဒေါ်အမာ – စာရေးဆရာ၊ ဂျာနယ်ဆရာ၊ သတင်းစာ ဆရာ၊ မန္တလေး၊

၄။ ဒေါ်တင်မြ – ဗဟိုအမျိုးသားကျောင်းဆရာမဟောင်း၊ မန္တလေး။

၅။ ဒေါက်တာခင်မောင်ညွန့် – သမိုင်းဌာနမှူး (သမိုင်းဌာန) ပညာရေးတက္ကသိုလ်၊ ရန်ကုန်။

၆။ ဗိုလ်ကြီးခင်မောင်တင် – တိုင်းဦးစီးဌာနမှူး၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ ရန်ကုန်။

# အခန်း (၁၃)

## အိမ်ထောင်ပြုခြင်း

**မန္တလေးက လူပျိုအပျို ရွှေဘိုမှာ ဆုံခြင်း**

ဆရာကြီး ဦးရာဇတ် ကျောင်းကြီးပိတ်ရင် ရွှေဘိုကို လာလေ့ရှိတယ်။ လာတာက သူ့အဖေရဲ့ညီ ရုံးစာရေးကြီး ဦးဟာမက်ဆိုတာ ရှိပါတယ်။ သူ့ကြာကြာ (ကုလားလို ဘဒွေးကို ကြာကြာလို့ ခေါ်ပါတယ်) ရဲ့ ဇနီးက ဒေါ်မျိုးတဲ့၊ နွေရာသီ ကျောင်းပိတ်ရင် ရွှေဘိုက သူ့ဘဒွေးအိမ်ကို အလည်လာ အပန်းဖြေလေ့ ရှိပါတယ်။ အဲဒီမယ် ဒေါ်ခင်ခင်နဲ့ တွေ့ကြတာပါပဲ။

ဒေါ်ခင်ခင်ရဲ့ ဇာတိက မန္တလေး အိုးဖိုရပ်က ဖြစ်ပါတယ်။ သူ့အဘိုးက ဗလီဒကာ ဦးဆိုင်၊ ဘွားအေက ဒေါ်ဖော့ပါ။ သူတို့ရဲ့သား ဦးမောင်မောင်ပု ဒေါ်ခင်ခင် အမေက ဒေါ်ခင်တုတ်၊ သူ့အစ်မအကြီးဆုံးက ဒေါ်စောလှ ရွှေဘိုမှာ အိမ်ထောင်ကျတယ်။ ဒေါ်စောလှ ခင်ပွန်းက ဦးမောင်ကြီး၊ ဒေါ်ခင်ခင်က အငယ်ဆုံးပါ။ သူ့အစ်မနဲ့ ဦးမောင်ကြီး အိမ်ထောင်ကျတော့ ရွှေဘို ဈေးအတွင်းမှာ အထည်ဆိုင်ဖွင့်တယ်။ ဆိုင်နာမည်က ဦးမောင်ကြီး၊ ဒေါ်စောလှ အထည်ဆိုင်တဲ့။

ဦးမောင်ကြီးက ဒေါ်စောလှနဲ့ရတော့ ဆိုင်ခန်းတစ်ခန်းတည်းပဲ ရှိသေးတယ်။ တစ်ခန်းတိုးချဲ့တော့ နှစ်ခန်း ဖြစ်သွားတယ်။ ဒီအချိန်မှာ ဒေါ်ခင်ခင်ဟာ မိဘများနဲ့ စစ်ကိုင်းမင်းလမ်းရပ်မှာ နေပါတယ်။ ရွှေဘိုမှာ အစ်မနဲ့ ခဲအိုက ဆိုင်တိုးချဲ့လိုက်လို့ အစ်မများကို ကူညီဖို့ ကျောင်းက ထွက်လိုက်ရပြီး ဒေါ်ခင်ခင် လိုက်သွားရပါတယ်။ ဒီအချိန်က မြန်မာကျောင်းက စတုတ္ထတန်း ကျောင်းသူပါ။

အဲဒီအချိန်က သူ့အသက် ၁၃ နှစ် ရှိပါတယ်။ ရွှေဘိုမှာ အထည်ကူရောင်းပေးနေစဉ် ကလေးတို့ဘာဝ အသစ်အဆန်း ပေါ်ဝယ်ဝတ်၊ ဖြီးလို့ လိမ်းလို့ပေါ့၊ ချစ်ရေးကြိုက်ရေး နားမလည်သေးဘူးဆိုရင်လဲ မမှားပါဘူး။

ဆရာကြီးရဲ့ အဒေါ် ဒေါ်မျိုးနဲ့ ဒေါ်ခင်ခင်နဲ့ မသိကြသေးပါဘူး။ ဒေါ်ခင်ခင်တို့ တစ်မျိုးလုံးက ဆံပင်ကောင်းတယ်။ ဆံပင်တစ်ရပ် လူတစ်ရပ်ပဲ၊ သူလဲ အရွယ်ကလေး ရောက်လာတော့ ဆံပင်ကောင်းတယ်။ ရုပ်ရည်ကလေးကလဲ ချောတယ်။ ကိုယ်လုံးကိုယ်ပေါက် ကြည့်ကောင်းတယ်။ အသားအရေကလဲ ဝါပြီး ဖြူတဲ့အသား၊ ခြုံပြီးပြောရရင် မိန်းမချော တစ်ယောက်လို့ ခေါ်နိုင်ပါတယ်။

အရွယ်အားဖြင့်လဲ နုနယ်၊ ရုပ်ကလဲလှပပြီးကြည့်ပျော်ရှုပျော် ဆိုတော့ ဆရာကြီးကလဲ မျက်စိကျမိမှာပေါ့။ ဒေါ်ခင်ခင်ကတော့ ဆရာကြီးကို သတိမထားမိပါဘူးတဲ့။ ဒေါ်ဒေါ်မျိုးက ဒေါ်ခင်ခင်တို့ အထည်ရုံထဲမှာပဲ အထည်ရောင်းပါတယ်။ ဒေါ်ဒေါ်မျိုး ဇာတိက မန္တလေးအရှေ့ပြင်ကဖြစ်ပါတယ်။

ရေးတုန်းကတော့ ကိုယ့်အဆက်အနွယ်တွေ အတွင်းမှာပဲ အချင်းချင်း အိမ်ထောင်ချပေးလေ့ပေးထ ရှိပါတယ်။

ဒီအချိန်မှာ အရှေ့ပြင်က ဆရာကြီးတို့နဲ့ ကျောင်းနေဖက်ကိုစိမ်းမောင်ကို ဒေါ်ဒေါ်မျိုးက အထည်တန်းတဲက ကလေးမ တစ်ယောက်နဲ့ စေ့စပ်နေပါတယ်။ ဒီတော့ ဒေါ်ဒေါ်မျိုးအိမ်ကို ကိုစိမ်းမောင်က ကျောင်းပိတ်တိုင်း ဆရာကြီးနဲ့ နှစ်ယောက်အတူလာလေ့ ရှိတယ်။ ဒေါ်ဒေါ်မျိုးအိမ်မှာ တည်းခိုပါတယ်။

ဦးဟာမက် ဒေါ်ဒေါ်မျိုးတို့က ကိုစိမ်းမောင်အတွက် အထည်တန်းထဲက သင့်တော်မယ့် လူနဲ့ စေ့စပ်ပေမယ့် တစ်မြို့သားကို မပေးစားနိုင်ဘူးဆိုပြီး မိန်းကလေးရှင်က ငြင်းလိုက်လို့ ပျက်သွားတယ်။

ဒီနောက်ပိုင်းကျတော့ ဆရာကြီးတစ်ယောက်တည်း ဦးဟာမက် ဒေါ်ဒေါ်မျိုးတို့ အိမ်ကို လာလည်ပါတယ်။ အဲဒီအခါမှာ ဒေါ်ခင်ခင်က အထည်သည်ဆိုတော့ ဆိုင်သွားဆိုင်ပြန်မှာ ဒေါ်ဒေါ်မျိုးတို့ လမ်းဆီဖြတ်သွားဖြတ်လာ ရပါတယ်။ ဒေါ်ဒေါ်မျိုးတို့အိမ်မှာ ဆရာကြီးက ပက်လက်ကုလားထိုင်နဲ့ အနားယူထိုင်လေ့ရှိတယ်။ ဒေါ်ခင်ခင် ဈေးသွားဈေးပြန် ဆရာကြီးက ပက်လက်ကုလားထိုင်ပေါ်ကနေ မြင်နေလေ့ ရှိတယ်။

"ကြာကြီး ကြာကြီး ခဏလောက် လာစမ်းပါ"

လို့ ဆရာကြီးက သူ့အဒေါ်ကို လှမ်းခေါ်လိုက်တယ်။

"ဘာတုံး ဘာဘူကြီး"

"ဒီကလေးမကလေးကြည့်စမ်း၊ တော်သားပဲ"လို့ ဆရာကြီးက ဆိုတော့ အဒေါ်လုပ်သူက–

"အို ဒါငါတို့ အပေါင်းအသင်းထဲက မဟုတ်ပါဘူး အသာနေစမ်းပါ"လို့ ပြောပြတယ်။

ဒါနဲ့ဆရာကြီးလဲ ငြိမ်နေလိုက်ရတယ်တဲ့။

နှစ်တိုင်း ကျောင်းကြီးပိတ်တိုင်း ဆရာကြီးက လာရိုးလာစဉ် လာနေတာပဲ၊ ဒီအချိန်ထိ ဆရာကြီးကို ဒေါ်ခင်ခင်က မမြင်ဖူးသေးဘူး။ အဲဒီလိုနေရင်းနဲ့ ဒေါ်ခင်ခင်အဒေါ် ဒေါ်ခင်တုတ်က ဒေါ်ဒေါ်မျိုးကို ဒေါ်မျိုးရယ် ကျွန်မ သမီးလေး ရှိပါတယ်တဲ့၊ စောင့်ရှောက်ပါ၊ တော်တာရှိရင် သူ့အစ်မများကို ပြောပါ နေရာချပေးပါ"လို့ ဒေါ်ခင်ခင်ကို အပ်လာတယ်။ ဒီအချိန်မှာ ဒေါ်ခင်ခင်အမေက ဆရာကြီးလဲမသိပါဘူး။ မိဘဆိုတာက အနားအနီးရှိတဲ့လူကို အပ်ရိုးအပ်လေ့ ခတိုင်း အပ်ခဲ့တာပဲဖြစ်တယ်။ သမီးကို စိတ်ချလက်ချ အပ်ခဲ့ပြီး မကြာခ ပဲ ကျောက်မဲ(ရှမ်းပြည်နယ်မြောက်ပိုင်း)ကို အရောင်းဝယ် သွားရင်း ဒေါ် င်အမေ ဆုံးသွားပါတယ်။

အဖေက ရှစ်နှစ်သမီးမှာ မန္တလေးမှာပဲဆုံးတယ်။ ညီအငယ်ဆုံး ဦးသက်ရဲ့တိုက်မှာပဲဆုံးတယ်ပေါ့ (ဦးဘကြွယ်ရဲ့ယောက်ဖ ဖြစ်ပါတယ်။)

ဆရာကြီးကတော့ လာလေ့လာထ ရှိတဲ့အတိုင်း ရွှေဘိုလာတယ်။ အဖေ့ညီရဲ့ မိန်းမဆိုတော့ ဆရာကြီး အင်မတန် ခင်ဆိုပဲ၊ ဒီအခါမှာ ဆရာကြီးက နေရှင်နယ်ကျောင်းအုပ်ကြီး ဖြစ်နေပါပြီ။ အရှေ့ပြင်က မောင်ဘဝမ်းဆိုတဲ့ ဆရာကြီးရဲ့ တပည့်တစ်ယောက်ရှိတယ်။ တပည့်ကလဲ ရွှေဘိုနဲ့ ဆွေမျိုးအဆက်ရှိလို့ မကြာမကြာလဲ လာလေ့ရှိတယ်။ ဒေါ်ဒေါ်မျိုးနဲ့ ခင်ပါတယ်။

ဆရာကြီးက လူကြီး ဖြစ်နေတော့ ဒီပြင်လူကို ပြောရမှာ ခက်နေတယ်။ ဒါကြောင့် သူ့တပည့် မောင်ဘဝမ်းကို ပြောတယ်။ ဒါလဲတည့်တည့်တော့ မပြောဘူး။

"ရွှေဘိုက ခင်ခင်ဆိုတဲ့ သူငယ်မကလေးဟာ ချစ်စရာ သိပ်ကောင်းတယ်။ သွားပုံလာပုံ တယ်ကြွရွှေရတယ်"တဲ့။

ဒီလောက်ပြောတာနဲ့ မောင်ဘဝမ်းကလဲ ဆရာကြီး ဘယ်လို ရည်ရွယ်ချက်နဲ့ ပြောတယ်ဆိုတာ နားလည်လိုက်တယ်။ ဒေါ်ခင်ခင်ကို သဘောကျနေပြီလို့ပဲ။ ဘယ်တော့မှ အပျိုကလေးတွေနဲ့ ပတ်သက်ပြီး ဒီစကားမျိုး မပြောဖူးဆိုတော့ -

"အင်းဖြစ်မှ ဖြစ်ပလေ"ဆိုပြီး ကိုဘဝမ်းက ကောက်ချက်ချလိုက်တယ် ဆိုပဲ၊ ဒီနောက်ပိုင်းကျတော့ ဆရာကြီးက ဒီစကားပဲ ထပ်ပြန်တလဲလဲ ပြောလာတယ်။

"ဒီမိန်ကလေးဟာ သိပ်ချစ်ရာကောင်းတယ်"တဲ့။

လူကြီးမို့ ဖွင့်မပြောတာပဲဖြစ်မယ်။ ဒါကြောင့် ရွှေဘိုက ဒေါ်ခင်ခင်အတွက် သူပဲအောင်သွယ်လုပ်မယ်ဆိုပြီး တပည့်ကျော် မောင်ဘဝမ်းကပဲ ရွှေဘိုဒေါ်ခင်ခင် ဆီ စာထည့်လိုက်တယ်။

မမခင် ခင်ဗျားတဲ့-

"ဆရာကြီးကဖြင့် မမခင်ကို များစွာနှစ်သက်နေပါတယ်။ မမခင်ထံက ပြန်စာကို မျှော်လင့်နေပါတယ်"ဆိုတဲ့ စာလေးတစ်ကြောင်း နှစ်ကြောင်း၊ သွေးတိုးစမ်းတဲ့ အနေနဲ့မောင်ဘဝမ်းက ရေးထည့်ပေး လိုက်တယ်။

ဒီအချိန်မှာတော့ ဆရာကြီးလို့ ဆိုတာနဲ့ မန္တလေးက နေရှင်နယ် ကျောင်းကဆရာကြီး ဦးရာဇတ်ဆိုတာကိုတော့ ဒေါ်ခင်ခင် သိလိုက်ပါပြီ။ ဒါပေမယ့် ဒီစာရတဲ့အထိ ဆရာကြီးကို မမြင်ဖူးသေးဘူး။

ဒေါ်ခင်ခင်တို့ ကုန်သည်ဆိုတာက ဆိုင်မှာ စာအိတ်တို့ ခေါင်းတို့ စာရေးစက္ကူတို့က အမြဲရှိရတယ်။ ကုန်လိုလို့ မှာချင်ပြုချင်ရင် အလွယ်တကူ ရအောင်ပေါ့။

သူက စိတ်ဆိုးဆိုးနဲ့ "ဘူး"ဆိုတဲ့ စာတစ်လုံးတည်း စာရွက်အပြည့် ရေးပြီး ဘဝမ်းဆီ လိပ်တပ်ထည့်ပေးလိုက်တယ်။

နောက်တော့ ဆိုင်နီးချင်း ဒေါ်ဒေါ်မျိုးကို ဒေါ်ခင်ခင်က ခေါ်ပြီး "မောင်ဘဝမ်းက ကျွန်မကို ဒီလိုစာမျိုး ပေးတယ်" ဆိုပြီး တိုင်တယ်။

ဒေါ်ဒေါ်မျိုးက ဖက်ဖြူဆေးလိပ်ကြီး သောက်ရင်း၊ ဒေါ်ခင်ခင်က ဒီလို ဆူပူပြီး တိုင်လိုက်တော့ ရုတ်တရက် ဖက်ဖြူဆေးလိပ်ကြီး လွတ်ကျသွားတယ်။ သူကတော့ ဆရာကြီးနဲ့ သူ့ကို သဘောတူနေတဲ့ သူကိုး။

ဒေါ်ဒေါ်မျိုးကိုလဲ"သဘောမတူနိုင်ဘူး"ဆိုတဲ့ အဖြေကို ရေးထည့်လိုက်ကြောင်းကိုပါ ပြောပြလိုက်တယ်။

ဒေါ်ဒေါ်က "ကောင်းပေ့တော်"လို့ ခပ်ငေါ့ငေါ့နဲ့ မကျေမနပ်ပြောဆင်းသွားတော့တယ်။ ဒေါ်ဒေါ်မျိုးကတော့ ဒီလို ဒေါ်ခင်ခင်ဆီကို စာရေး လိုက်ပြီးပြီဆိုတဲ့ အကြောင်း သူ့ဆီကိုလဲမောင်ဘဝမ်းက စာကြိုပြီးရေးထားနှင့်တော့ သူ့လဲသိနှင့်ပြီး ဖြစ်နေတယ်။ ဒါပေမယ့် မသိသေးဟန်မျိုးပြသွားရတယ်။

ဒီကြားထဲထပ်ပြီး ဒေါ်ခင်ခင်ဆီ မောင်ဘဝမ်း အမည်နဲ့ စာလာပြန်တာပါပဲ။ ဒေါ်ခင်ခင်က စာမပြန်ဘူး။ သုံးလေးစောင်လောက် လာလဲမပြန်ဘူး။ ဒေါ်ဒေါ်မျိုးကတော့ ဒေါ်ခင်ခင်ရဲ့ အရိပ်အကဲကို ကြည့်ပြီး ဆက်အောင်သွယ်လျက်ပဲ။

နောက်တစ်ခါ စာတစ်မျိုးပြောင်းလာတယ်။ ဒေါ်ခင်ခင်လို့ လိပ်စာတပ်ပြီးမှ တစ်ဆင့် ဒေါ်ဒေါ်မျိုး ပေးပါလို့ စာရေးခဲ့ပြန်တယ်။ အဲဒီလိုလာလာနေတယ်။ ဒေါ်ဒေါ်မျိုးကလဲ သဘောတူနေသူဖြစ်တော့ ဖွဲ့သန်သန်စိတ်ရှည်ရှည်နဲ့ စည်းရုံးနေရတယ်ပေါ့။ ဒေါ်ဒေါ်မျိုးက မနက်ဈေးလာရင် သူ့ဆိုင်မထိုင်ဘဲ ဒေါ်ခင်ခင်ဆိုင်ထိုင်ပြီး၊ ဆရာကြီးကိုယူဖို့ အကြောင်းပဲနားချနေတယ်။

"မယူပါရစေနဲ့"လို့ ဒေါ်ခင်ခင်က ပြောပြီး ငြင်းတယ်။ ဒါပေမယ့် စာရောက်တုန်းကတော့ အရိုင်းသဘောမျိုးမို့ ခပ်ရှက်ရှက်နဲ့ ဒေါ်ဒေါ်မျိုးကို သွားဆူခဲ့တယ်။ ခုတော့ ခဏခဏ နားပူလာတော့ နားလဲယဉ်လာတယ်ပေါ့။

ကျွန်မက ဒေါ်ဒေါ်မျိုးကိုလဲ ချစ်ပါတယ်။ ခင်ပါတယ်"

လို့ ဒေါ်ခင်ခင်က ပြောဆိုပြီး ငြင်းနေပြန်တယ်။

သူက ဖွင့်ပြောတာကတော့–

"အမိထက် လှတဲ့၊ ချောတဲ့သူတွေလဲ ရှိတယ်။ အမိထက် ပိုက်ဆံရှိတဲ့ သူတွေလဲ ရှိပါတယ်။ ဒါပေမယ့် အမိ စိတ်ကလေးက မျှတနိုင်တဲ့ စိတ်ကလေးရှိတော့ ပြည့်တယ်။ အဲဒါက မွန်မြတ်တယ်။ ဒါကြောင့် အမိနဲ့ ရရင် အခုဆရာကြီး မဟုတ်တော့ပါဘူး။ ဆရာကြီး အသစ်တစ်ယောက် ဖြစ်သွားပါလိမ့်မယ်။ ဒေါ်ဒေါ်ဟာ ဒေါ်ဒေါ် အတွက် ပြောတာမဟုတ်ပါဘူး။ ဒေါ်ဒေါ်က အမိတို့အိမ်လာရင် ကာဖီတစ်ခွက်ထက်ပိုပြီး မသောက်နိုင်ပါဘူး။ အမိကောင်းစားတာ ကြည့်ချင်လို့ပါ။ ပြီးတော့ ဆရာကြီးကလဲ အမိပြောရင် ဆိုရင် နားထောင်ပါလိမ့်မယ်"

လို့ ဒေါ်ဒေါ်မျိုးက နားချပြန်တယ်။

ဒေါ်ဒေါ်မျိုးက မကြာခဏ ပြောလာပြန်တော့ ဒေါ်ခင်ခင်က သိပ်မပြောတော့ဘူး။

တစ်ညမှာလဲ ဒေါ်ဒေါ်မျိုးက ဒေါ်ခင်ခင်ဆီလာပြီး အိပ်မက်ပေးသတဲ့။ "ဒေါ်ခင်ခင်နေတဲ့ အိမ်မှာ ဆင်ကြီးဝင်လာတယ်။ တောင်ဘက်က ဝင်ပြီး မြောက်ဘက်ကို ထွက်သွားတယ်တဲ့"

ဒီအိပ်မက်က ဆန်းသလိုမို့ ဒေါ်ခင်ခင်က သူ့အစ်မကို ဒီလို အိပ်မက်တဲ့ အကြောင်း ပြောပြတယ်။

ဒေါ်ခင်ခင်အစ်မကလဲ "ဒါတော်တော် ထူးဆန်းတယ်"ဆိုပြီး ဗေဒင်ဆရာကို သွားမေးတယ်။ အခန့်သင့်ပဲ အထက်က ယောဆရာတစ်ယောက်ကလဲ ရွှေဘိုရောက်တာနဲ့ ကြုံနေတယ်။ အဲဒီယောဆရာဆီ သွားပြီး ဗေဒင်မေးတယ်။ ဒီလိုဒေါ်ခင်ခင်အစ်မက ဗေဒင်သွားမေးတာတွေ ဒေါ်ခင်ခင်ကို အသိမပေးဘူး။ သူက ကလေးဆိုတော့ လူကြီးတွေထဲ ဝင်မပါရဘူးဆိုတဲ့ သဘောပေါ့။

ဗေဒင်မေးတဲ့အခါ "သမီးပျိုရှိတဲ့အိမ် ဆင်ဝင်တယ်လို့ အိပ်မက်မက်ရင် အဲဒီမိန်းကလေးအတွက် နန်းမတော် မယ်နကိန်း ဆိုက်ရောက်နေတယ်"လို့ ဟောကိန်း ထုတ်လိုက်သတဲ့။ ဘယ်သူနဲ့ပဲယှဉ်ယှဉ် အဲဒီမိန်းကလေးနဲ့ ယှဉ်တဲ့ ယောကျ်ားဟာ ဒီသူငယ်မလေးကို အမှီပြုပြီး အောက်မကျဘူး၊ အထက်ကိုပဲ တက်လိမ့်မယ်လို့ ဟောကိန်း ရှိတယ်တဲ့။

အဲဒီကြား ဆရာကြီးကတော့ မောင်ဘဝမ်းချည်းပဲ အောင်သွယ်နိုင်း နေတယ်။ သူ့နဖူးစာဆုံချင်တော့ –

''အမိအမေ သူ မသေခင်က ကျုပ်ကို အပ်သွားတယ်''

''ဘယ်လိုအပ်သွားလဲ စာရေးကြီးကတော်''

သိလိုဇောနဲ့ ဒေါ်ခင်ခင်က မေးလိုက်တယ်။ ''ကျွန်မသမီးလေးကို တောင်းတဲ့သူရှိရင် နေရာချထားပေးပါ''လို့ အပ်သွားတယ်။

''အဲဒီလိုဆိုရင် ကျွန်မ ဒေါ်ဒေါ်မျိုး စကား နားထောင်ပါမယ်''

''အမိ အဟုတ်ပြောတာလား ကျုပ်မယုံဘူး''

''အဟုတ်ပြောတာပါ''

(ဒေါ်ဒေါ်မျိုးဟာ ဝမ်းသာလွန်းလို့ လက်ကလေးများပါ တုန်လို့ဆိုဝ အခုတိုင် မှတ်မိသေးတယ်ဆိုတဲ့ အကြောင်း ကျမ်းပြုသူကို ပြောသေးတ

''ဒီလိုဆိုရင် မောင်ရာဇတ် (ဆရာကြီး) ဆီ အကြောင်းကြားမပ ဆိုပြီး ထပြန်သွားတယ်။

ဒေါ်ခင်ခင်က ''ငွေမမက်ဘူး ရုပ်လဲမမက်ဘူး၊ လူထဲ ၊ ၃တဲ့ ခံ့ခံ့ညားညား ယောကျ်ားမျိုးဆို ယူမယ်လို့ စိတ်ပိုင်းဖြတ်ထားတယ်။ ဆရာကြီးဟာ ဒေါ်ခင်ခင် ရွေးချယ်မှန်းဆထားတဲ့ အင်္ဂါရပ်ထဲမှာ ပါဝင်နေတယ်။ သူ့စိတ်ကြိုက်လဲ ဖြစ်နေတယ်။

ဒေါ်ဒေါ်မျိုးစာကြောင့် ထင်ရဲ့ သုံးလေးရက်နေတော့ ဆရာကြီး ရောက်လာတယ်။ သူတစ်ဝမ်းကွဲညီမ မသန်းရဲ့ ယောကျ်ား ကျန်းမာရေး အင်စပက်တော် ကိုချစ်ဖေအိမ်မှာတည်းတယ်။

''မောင်ရာဇတ် ရောက်လာပြီး''ဆိုပြီး ဒေါ်ဒေါ်မျိုးက ဒေါ်ခင်ခင်ကို လာပြောတယ်။

''ဟင် မြန်လှချည်းလား''လို့ ပြောရင်း တအံ့တဩ ဖြစ်သွားတယ်။

ဒေါ်ခင်ခင် အပျိုအရွယ် ဝင်လာကတည်းက သူ့ကို လိုချင်လို့ လာလာစပ်ကြတယ်။ ဒါပေမယ့် သူကချည်း ငြင်းနေလေ့ရှိတယ်။ တစ်နေ့ ဆောင်းတွင်းမီးဖိုမှာ ဝိုင်းမီးလှုံကြရင်းကနေ ဒေါ်ခင်ခင်အစ်မက –

''ဝို့က တစ်ထွာပြောရင်း ညည်းက တစ်လံပြောတယ်။ ဒါကြောင့် ညည်းနဲ့မဖြစ်ဘူးအေ့၊ ညည်းကြိုက်တဲ့လူ ရှိရင်ပြော တို့က ပေးစားမယ်။ တို့ကတို့သဘောနဲ့ ရွေးပေမယ့် ညည်းကမရဘူး။ ညည်းက တော်ရုံတန်ရုံလူလဲ ယူမယ့်အစားထဲက မဟုတ်ဘူး။ ညည်းသဘောကျတဲ့ လူတွေ့ရင်သာ

ညည်းသာရွေးပေတော့”လို့ ပြောဖူးတဲ့ စကားရှိခဲ့တဲ့အတွက် ဒေါ်ခင်ခင်က ဒီလို ဖွင့်ပြောလိုက်တယ်။

“မမနဲ့ကိုကို ကျွန်မ ယောက်ျားယူတော့မယ်”

“ဘယ်သူနဲ့လဲ”

“ဆရာကြီးနဲ့ပါ”

ကိုကိုက နားထောင်နေတယ်။ “မန္တလေးက ဒေါ်ခင်ခင်အစ်ကို အငယ် ဦးအီဗရာဟင်နဲ့ ပြင်ဦးလွင်က အစ်ကိုကြီး ဦးအီစမ်အင်တို့ကိုလဲ လှမ်းအကြောင်းကြားပေးပါ။ သူတို့သဘော မတူရင် မယူဘူး”လို့ ပြောပြတယ်။ ဒါပေမယ့် မဖျက်ကြဘူး။ အစ်မကြီး ဒေါ်စောလှက မောင်တွေဆီ သွားတွေ့ ဆွေးနွေး ဆန္ဒတောင်းတယ်။

ပြင်ဦးလွင်မှာရှိတဲ့ အစ်ကိုကြီးက

“မမကြီး (ဒေါ်စောလှ) ခင်ခင်ဟာ ကောင်းကောင်းနေလာတာ သူ့ဝတ္တရား လွန်ပြီ။ ကျွန်တော်တို့ ဝတ္တရားပဲ ကျန်တော့တယ်။ ဆရာကြီးလဲ လူကြီးလူကောင်းပဲ၊ သူနဲ့ဆို ကောင်းပါတယ်။ သဘောတူပါတယ်”လို့ အဖြေပေးလိုက်သတဲ့။

အဲဒီလို ဆန္ဒတွေ တောင်းခံလာပြီး ပြန်လာခဲ့တယ်။ “အားလုံးက တညီတညွတ်တည်း မဟုတ်တော့ တို့ကမင်္ဂလာဆောင်မပေးနိုင်ဘူး။ ညည်း သဘောအတိုင်းပဲလုပ်။ ဒါပေမယ့် ဒီအိမ်မှာတော့ နေကာ (မင်္ဂလာဆောင်) မဖတ်နိုင်ဖူး”လို့ ရက်ရက်စက်စက်ပြောလိုက်တယ်။

အဲဒီတော့ ဒေါ်ခင်ခင်က ထွေးပြီးသားတံတွေးကို မမျိုနိုင်ဘူး။ “ဆရာကြီးကို ယူပါမယ်”လို့ ကတိပေးလိုက်ပြီးပြီမို့ စကားမဖျက်နိုင်ဘူး။ ဒါကြောင့် ညနေလေးနာရီမှာ အနောက်ဖက်ကို မျက်နှာမူပြီး အလ္လာဟ် အရှင်မြတ် (ဘုရားသခင်ထံ) ကျွန်မ “ကဝါကလ်သိုအလလ္လာ” ထာဝရ အလ္လာဟ် ဘုရားသခင်ထံ သူ့ကိုယ်ကို အပ်နှင်းလိုက်ပါတယ်။ စောင့်ရှောက်တော်မူပါ”လို့ သုံးကြိမ်သုံးခါ ခပ်တိုးတိုး ရွတ်ဆိုလိုက်တယ်။ ဒေါ်ခင်ခင်ဟာ သူ့ကိုယ်သူ အလ္လာအရှင်မြတ်ထံတော်မှာ အပ်ခဲ့ပြီး ဦးချစ်ဖေတို့အိမ်ကို ထွက်ခဲ့ပါတယ်။

ဒေါ်ဒေါ်မျိုးနဲ့ မသန်းတို့က ဒေါ်ခင်ခင်ကို ဆီးကြိုပြီး သူတို့အိမ်အပေါ် ထပ်ကို ခေါ်သွားပါတယ်။ ဆရာကြီးက ငုတ်တုတ်ကလေး ထိုင်နေတယ်။ ဒေါ်ခင်ခင်က ဆရာကြီးနဲ့ မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်တယ်။

မသန်းနဲ့ဒေါ်ဒေါ်မျိုးက ရှောင်ပေးခဲ့တယ်။ ဒီတုန်းကတော့ ဒေါ်ဒေါ်ခင်က ရှောင်ပေးတယ်လို့ မထင်ပါဘူး။

အဲဒီမယ် တစ်ယောက်တက်လာပြီး ''နေကာမြန်မြန် ဖတ်လိုက်''လို့ အကြံပေး တိုက်တွန်းလာတယ်။ ဒေါ်ခင်ခင်ကလဲ သဘောတူလိုက်တယ်။ ဆင်ရုံဆိုတဲ့ ဗလီက မော်လဝီဆရာကို သွားခေါ်တယ်။ မော်လဝီဆရာက မဂရစ်အချိန် (နေဝင်မီးထွန်းချိန်) နီးလို့ ပျာယီးပျာယာ လိုက်လာရှာတယ်။

ကိုချစ်ဖေရယ်၊ မော်လဝီဆရာရယ်၊ လူကြီး လေးငါးယောက်ရယ်နဲ့ နေကာဖတ်တယ်။ (မင်္ဂလာဆောင်ပေးတယ်)

''မဟာရ်ဘယ်လောက်တင်မလဲ''လို့ မေးကြတယ်။

ဆရာကြီးက အကြွေးငွေးသားတစ်ထောင်လို့ ဖြေတယ်။ အဲဒီမယ် နေကာဖတ်လိုက်တယ်။ အားလုံးအိမ်ပေါ်က ဆင်းသွားတော့ သူတို့နှစ်ယောက် စလုံးပဲ ကျန်နေတော့တယ်။ ဒေါ်ခင်ခင်က ''ယောက္ခမတွေ ယောက်မတွေနဲ့ အတူမနေနိုင်ဘူး'' လို့ ခပ်ပြတ်ပြတ်ကလေးပြောလိုက်တယ်။

ဆရာကြီးက ''မထားပါဘူး''လို့ ကတိပေးတယ်။

အစ္စလာမ်ဘာသာမှာ အိမ်ထောင်ပြုရင် သတို့သားက သတို့သမီးအတွက် ရွှေငွေ၊ ဒါမှမဟုတ် ပစ္စည်းတစ်ခုခုကို လက်ဆောင် သဘောပေးရတယ်။ လက်ဆောင်ပေးတဲ့ ပစ္စည်းဟာ သတို့သမီးပိုင် ပစ္စည်း ဖြစ်သွားတယ်။

အချို့ ရွှေငွေပစ္စည်းကို လက်ငင်း မပေးနိုင်ရင် သတ်မှတ်တန်ဖိုးကို အကြွေးအဖြစ် ထားတာလဲရှိတယ်။ ဘာပဲဖြစ်ဖြစ် သတို့သမီးက သဘောတူဖို့ပဲ အရေးကြီးတယ်။ ဒါပေမယ့် သတို့သမီးကို လက်ဆောင်ပစ္စည်းအဖြစ် မပေးဘဲမနေရဘူး။ အဲဒီလက်ဆောင်ပစ္စည်းကို မဟာရ်လို့ ခေါ်ပါတယ်။ (ကျမ်းပြုသူ)

ဆရာကြီး အိမ်ထောင်ပြုပြီဆိုတဲ့ သတင်းဟာ တစ်မုဟုတ်ချင်း ပြန့်လွင့်သွားပါတယ်။ ဒီသတင်းကို ကြားတော့ လက်ဖွဲ့ပစ္စည်းတွေ ဘယ်က ဘယ်က ရောက်လာမှန်း မသိအောင် များပြားသတဲ့။ ဒေါ်ခင်ခင်မှာလဲ အရှက်ကလေးနဲ့ဆိုတော့ မျက်နှာပန်းလှအောင် ပွဲကလေးတော့ ခင်းမှာပဲဆိုပြီး၊ ဆရာကြီးက နောက်တစ်နေ့ညနေမှာ ပွဲခင်းပေးတယ်။

ပွဲခင်းတော့ အတော်လေး စည်စည်ကားကား ရှိပါတယ်။ ဘယ်သူ့ကိစ္စ မဆို ဒေါ်ခင်ခင်က ပါဝင်ကူညီတဲ့အလေ့ ရှိတယ်။ သူ့ကိုခင်မင်ကြတော့ လက်ဖွဲ့တွေ လာကြတယ်။ ဒေါ်ခင်ခင် အမေရဲ့မောင် အငယ်ဆုံးဦးမွတ်က

ရွှေဘိုမှန်အာတွင်းရပ်မှာ နေတယ်။ သူတို့က ဒေါ်ခင်ခင်တို့နဲ့ လှမ်းတယ်။ သူက ဒေါ်ခင်ခင်ဆီ မလာရဲဘူး။ "ငါ့တူမလေးကို ကိုမောင်ကြီးနဲ့ မစောလှက မင်္ဂလာဆောင် မပေးလို့ သူတို့က ခင်ခင်မျက်နှာငယ်အောင် လုပ်ရလေခြင်း" ဆိုပြီး ပြောရင်းဆိုရင်း ဝမ်းနည်းပြီး မျက်ရည်ကျသတဲ့။

မင်္ဂလာဆောင်ပြီး ချက်ချင်းဆိုသလိုပဲ မန္တလေးကို ပြန်သွားကြတယ်။ အမရပူရရောက်တော့ ဆရာကြီးရဲ့ အပျော်တမ်း ရဲတပ်ဖွဲ့က ဆရာကြီးတို့ နှစ်ယောက်ကို ဂုဏ်ပြုအလေးပြုကြတယ်။

မီးရထားဆက်ထွက်လို့ မန္တလေးဘူတာကြီးရောက်တော့မယ်ဆိုတော့ ဆရာကြီးက ဘယ်လုံချည်ဝတ်၊ ဘယ်ပုဝါခြုံဆိုပြီး ပြောပြပါတယ်။ ဆရာကြီး မင်္ဂလာဆောင်ပြီး ချစ်သူဇနီးနဲ့ ဘယ်နေ့ ဘယ်ရက်ရောက်မယ်ဆိုတာ ဆရာဦးထွန်းမောင်ဆီ ကြိုတင်အကြောင်းကြားထားပါတယ်။ ဒါကြောင့် ရဲတပ်ဖွဲ့ဟာ မီးရထားဘူတာကြီးက ဆီးကြိုအလေးပြုကြ ပြန်ပါတယ်။ ဒီအချိန်က မော်တော်ကားရှားတုန်း အချိန်ပါ။ ဒါပေမယ့် မော်တော်ကားနဲ့နေမယ့်တိုက်ကို သွားကြတယ်။ ဒေါ်ခင်ခင်ကိုထားဖို့ တိုက်ကိုငှားထားနှင့်ပြီး ဖြစ်တယ်။

လှည်းယာဉ်တန်းက ဆရာကြီး မိဘများနဲ့အတူ အရင်နေတဲ့ နှစ်ထပ်တိုက်နဲ့ ကပ်လျက် မြောက်ဘက် နှစ်ထပ်တိုက်ကို ရောက်တယ်။ တိုက်မှာ ပြင်ဆင် ခင်းကျင်းထားနှင့်ပြီး ဖြစ်တယ်။

ဆရာကြီးနဲ့ ဒေါ်ခင်ခင်တို့ နေမယ့်တိုက်ကို မဝင်သေးဘဲ သူ့အမေတိုက်ဆီ ဝင်ပြီး သူ့အမေကို စလာမ်ပေးတယ်။ နောက်မှ ဇနီးမောင်နှံနေမယ့် တိုက်ကို သွားကြတယ်။

အဲဒီမှာ ခဏနေပြီးတော့ နေရှင်နယ်ကျောင်းနားက ရှစ်မှတ်ဂိတ်နဲ့ မျက်နှာချင်းဆိုင် တိုက်အမြင့်ကြီးကို ပြောင်းရွှေ့နေကြတယ်။ ဒီတိုက်က အရင် ဦးကိုကိုကြီး နေသွားတဲ့ တိုက်ပါ။

အိမ်ထောင်သက်ရလာတော့ ဦးဆုံးသမီး မိန်းကလေးကို မန္တလေး ဆေးရုံကြီးမှာ သွားမွေးတယ်။ အဖတ်မတင်းဘူးတဲ့။

ဒုတိယ မောင်တင်မြင့်၊ တတိယကလေးက ခင်ခင်စိန်၊ သူ့အောက်မှာ အဖတ်မတင်တဲ့ မိန်းကလေးတစ်ယောက်၊ ပေါင်းကလေး လေးယောက်ကို ဒီဆေးရုံမှာပဲ သွားမွေးတယ်။

မောင်လှကြည်ကလေး ကိုယ်ဝန်ရှိတော့ ဖုံးထဲမှာပဲ မွေးခဲ့ပါတယ်။ အခုသားသမီးသုံးယောက်ရှိပါတယ်။ ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ် ပဒုမ္မာလမ်း၊ ခြံအမှတ်

(၂၁)မှာ နေထိုင်လျက် ရှိနေပါတယ်။

(ဆရာကြီး ဦးရာဇတ် အိမ်ထောင်ပြုတဲ့ အခန်းကို ၅-၃-၇၄ နေ့မှာ ဆရာကြီးရဲ့ ဇနီး ဒေါ်ခင်ခင်ထံမှ မေးမြန်းရယူခဲ့ခြင်း ဖြစ်ပါတယ်။ ကျမ်းပြုသူ)

# အခန်း (၁၄)

## လက်ဇွေနဲ့အမျိုးသားစိတ်ဓာတ်ကို မြှင့်တင်ပေးတဲ့ ဆရာကြီး

အင်္ဂလိပ်နယ်ချဲ့သမား လက်အောက်မှာ ကျွန်ပြုခံထားရတော့ မြန်မာအမျိုးသားတွေရဲ့ စိတ်ဓာတ်တွေ မှေးမှိန်ပြီးရင်း မှေးမှိန်ပေလိမ့်မယ်။ ဆရာကြီး ဦးရာဇတ်ကတော့ မြန်မာအမျိုးသား ဇာတိသွေး ဇာတိမာန်တွေ တက်ကြွစေဖို့ အမြဲတမ်း နည်းလမ်းတွေ ရှာခဲ့တယ်။ ဟောပြောတယ်၊ လေ့ကျင့်ပေးတယ်။ အမျိုးသားအောင်ပွဲနေ့တွေကို တခမ်းတနား ကျင်းပစေတယ်။ ကျောင်းတွေ သပိတ်မှောက်ရင်လဲ သူ့ကျောင်းက ကျောင်းသားတွေပါ သပိတ်မှောက်စေတယ်။ သူ့ကျောင်းကိုလဲ သပိတ်စခန်းအဖြစ် အပ်ခဲ့တယ်။ မြန်မာအမျိုးသားတွေ အရေးဆိုရင် ဖွဲ့နဘဲရှိဖို့၊ သတ္တိရှိဖို့ အရေးဆိုရင် သက်လုံကောင်းဖို့ စိတ်ဓာတ်ကြံ့ခိုင်ဖို့ ခံနိုင်ရည်ရှိဖို့၊ ကာယဗလဖွံ့ဖြိုး တောင့်တင်းသန်မာ ထွားကျိုင်းဖို့ အတွက်ပါ။

ဒီလိုနဲ့ နိုင်ငံရေး အသိဉာဏ်တွေ တစ်ဖက်က ပေးပြီး တစ်ဘက်က ဇာတိသွေး ဇာတိမာန်တွေ တက်စေတဲ့ အားကစားလုပ်ငန်းကို တွဲဖက် လေ့ကျင့်ပေးတယ်။ ဒီလို အားကစားလုပ်ငန်းကို လေ့ကျင့်ပေးတဲ့ ရည်ရွယ်ချက်ကတော့ ညနေကျောင်းဆင်းရင် ဒရိန် Drill ခေါ် ကိုယ်လက်လေ့ကျင့်ရေး လုပ်ငန်းကို လုပ်စေတယ်။ ကျားမမရွေး ပါဝင်လှုပ်ရှားစေတယ် အဲဒါကို ကျောင်းဆရာတွေနဲ့ တင်ပစ်မထားဘဲ ဆရာကြီးကိုယ်တိုင် လိုက်လံကြည့်ရှု ကြပ်မတ် စစ်ဆေးပေးတယ်။

၁၉၇၇ ခုနှစ်လယ်လောက်တုန်းက ကျမ်းပြုသူ့အိမ်အမှတ် ၄၃၊ ၂၆ လမ်း တိုက်ခန်းမှာ ဗမာမွတ်စလင် အမျိုးသားစာရေးဆရာများ၊ အနုပညာရှင်များနဲ့ အားကစားသမားများကို မနက်စာ ဒံပေါက်ထမင်း၊ လက်ဖက်ရည်တို့နဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။ ဒီဧည့်ခံပွဲမှာ ၁၉၇၉ ခုနှစ် ဇွန်လထဲမှာ ကွယ်လွန်သွားတဲ့ အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ဝှေ့နည်းစနစ်မှူးကျားဘညိမ်းက ဆရာကြီး ဦးရာဇတ်ရဲ့ မြန်မာအမျိုးသား အထက်တန်းကျောင်းမှာ လက်ဝှေ့ကို ပျိုးထောင်ပေးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဒီလို ပြောပြပါတယ်။

"လက်ဝှေ့ကစားနည်းဟာ ဗမာမွတ်စလင် လူငယ်ကလေးတွေတင် မကဘူး၊ မြန်မာတိုင်းရင်းသားများ အားလုံးနဲ့ ကိုက်ညီတဲ့ အားကစား တစ်ရပ် ဖြစ်တယ်" ဆိုပြီး ကျဆုံးသွားတဲ့ ဗမာမွတ်စလင် အမျိုးသားခေါင်းဆောင်ကြီးလဲဖြစ်၊ မြန်မာနိုင်ငံ အမျိုးသားခေါင်းဆောင်ကြီးလဲဖြစ်တဲ့ ဆရာကြီး ဦးရာဇတ်က ရွေးချယ် ပေးသွားခဲ့တာပါ။ ဆရာကြီး ဦးရာဇတ်ဟာ မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းမှာ "ဘီလ်ဖစ်ရှား" ဆိုတဲ့ နိုင်ငံခြား နည်းပြဆရာတစ်ဦးကို ငှားရမ်းပြီး လက်ဝှေ့အတတ်ပညာကို သင်ကြားပေးခဲ့ပါတယ်။

၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ထုတ် တံခွန်မှာ "သက်အောင်နိုင် (မန္တလေး ကလဲလက်ဝှေ့ချိန်ပီယံများကို မွေးဖွားပေးခဲ့သော ဆရာကြီး" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးရေးခဲ့ပါတယ်။ ဆောင်းပါးမှ အချို့စာပိုဒ်တွေကို ဖော်ပြရရင်–

"ဆရာကြီး၏ မြေတောင်မြှောက်ပေးမှုကြောင့် မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်း (အခု အမှတ် ၂ အထက) လက်ဝှေ့သင်းသည် နေလိုလလို ထင်ရှားခဲ့ပါသည်။ ဆရာကြီး စစည်းပေးခဲ့သည့် လက်ဝှေ့အင်အားစုတို့သည် ယနေ့တိုင်အောင် မပျက်ပြယ်သေးပါ။ ကြိုးဝိုင်းတွင်းတွင် လွှမ်းမိုးနေဆဲဖြစ်ပါသည်"

"ဆရာကြီး၏ ယုယမှုအောက်တွင် အမျိုးသား လက်ဝှေ့သင်းသည်လည်း ရှင်သန်ထွန်းကားလာပါသည်။ သဲအိတ်ကွဲအောင် ထိုးနိုင်သည်ဆိုသော ချစ်အုန်း၊ လန်ဒန်တွင် ၁၉၄၈ ခုနှစ်က ပြုလုပ်ခဲ့သော ကမ္ဘာ့အိုလံပစ် လက်ဝှေ့ပြိုင်ပွဲတွင် ကနေဒါပြည်သား လက်ဝှေ့ကျော် အောလက်(စ်) ဆန်ဒရိုးကို အနိုင်ထိုးခဲ့သည့် မျိုးသန့်၊

ရွှေမန်းသု၊ ရွှေမန်းသာတို့ နှုတ်ဖျားတွင် ထာဝရ ရေပန်းစားနေသော ကျားဘငြိမ်းတို့ကို မွေးထုတ်ပေးနိုင်ခဲ့သည်။ တပည့်ကျော်တို့၏ အောင်မြင်မှုများကို ကြည့်လျက် ဆရာကြီး အထူးဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ပါသည်"

ဆရာကျားဘငြိမ်းဖော်ပြတဲ့ အတိုင်း လက်ဖွေ့ဟာ မြန်မာတိုင်းရင်းသားများနဲ့ အင်မတန် ကိုက်ညီတဲ့ ကစားနည်း ဖြစ်တယ်။ လက်ဖွေ့တင်မကဘူး သိုင်း၊ ဗန်တို၊ ဗန်ရှည်၊ အခုခေတ် ဂျူဒို၊ ကရာတေးတို့ဟာ လူငယ်လူရွယ်တွေရဲ့ စိတ်ဓာတ်ကို မြင့်မားစေပါတယ်။ တက်ကြွစေပါတယ်။ ကိုယ်ခံပညာ ရစေပါတယ်။ လူမျိုးထွားကျိုင်းပြီး သက်လုံကောင်းစေပါတယ်။

ဘိန်း၊ ဆေးခြောက်စတဲ့ မူးယစ်ဆေးဝါးဟာ လူမျိုးရဲ့ ဇာတိသွေး၊ ဇာတိမာန်ကို မှေးမှိန်စေတယ်။ လူညွန့်တုံးစေတယ်။ နယ်ချဲ့နိုင်ငံတွေဟာ စစ်ကြိုခေတ်က တရုတ်ပြည်ကြီးကို ဘိန်းကျွေးပြီး လူမျိုးကို အညွန့်တုံးစေခဲ့တယ်။ တရုတ်ဆိုရင် ဘိန်းစားကြီးပဲလိုလို ဖြစ်ခဲ့တယ်။ "ကုလားပဲစား၊ တရုတ်ဘိန်းစား" လို့တောင် စာဖွဲ့ခဲ့ကြတယ်။ တရုတ်ကွန်မြူနစ်တွေ အောင်ပွဲခံလိုက်ပြီးမှ တရုတ်ပြည်ဟာလဲ ဘိန်းစားတရုတ် မဟုတ်တော့ဘူး၊ ကမ္ဘာ့နယ်ချဲ့အရင်းရှင် နိုင်ငံတွေက တဖိန့်ဖိန့်တုန်အောင် စိုးရိမ်ရတဲ့ တိုင်းပြည်ကြီး တစ်ပြည် ဖြစ်လာတယ်။

အင်္ဂလိပ်ခေတ် အင်္ဂလိပ်နယ်ချဲ့ အစိုးရဟာ မြန်မာပြည်ကိုလဲဇာတိသွေး ဇာတိမာန်တွေကုန်ခမ်းတဲ့ ဘိန်းစားတိုင်းပြည်၊ ဆေးခြောက်တိုင်းပြည် ဖြစ်အောင် လုပ်ခဲ့တယ်။ အစိုးရ ကိုယ်တိုင် ဘိန်းရောင်းတဲ့ ဆိုင်တွေ ဖွင့်ပေးထားတယ်။ လွတ်လပ်စွာ ဘိန်းရှုဖို့ ဘိန်းစားလက်မှတ်တွေကို ထုတ်ပေးခဲ့တယ်။ ဘိန်းစား လိုင်စင်လက်မှတ်ထုတ်ပေးတော့ ကားလိုင်စင် လုပ်သလို ထိုက်သင့်တဲ့ အခကြေးငွေကိုလဲ ယစ်မျိုးဘက် ပေးရပါသေးတယ်။ ဘိန်းရောင်းတဲ့ ဆိုင်တွေ ဖွင့်ပေးတာဟာလဲ ဘိန်းရှုတဲ့ လူတွေကို သနားလို့ပါတဲ့။ ဘိန်းခင်းတွေကို မမြင်ဟန်ပြုပြီး လျစ်လျူရှုထားတယ်။

ဒီနည်းနဲ့ မြန်မာလူမျိုးတွေရဲ့ ဇာတိသွေး ဇာတိမာန်တွေ အညွန့်ကျိုးသွားအောင် လုပ်ခဲ့တယ်။ တနည်းပြောရရင် လွတ်လပ်ရေးဆိုတဲ့ စကားကို မေ့ပြီး ဘိန်းငွေ့ထဲမှာ မိန်းမောနေ့အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တယ်။ ကျွန်သက်ရှည်စေတဲ့ လုပ်ဆောင်ချက်ပေါ့။

ဆရာကြီး ဦးရာဇာအပါအဝင် မြန်မာ့နိုင်ငံရေး ခေါင်းဆောင်တွေက ဦးဆောင်ပြီး နိုင်ငံရေးလဲနိုင်ငံရေးမို့ အားကစားလဲအားကစားမို့ လူမှုရေးလဲ လူမှုရေးမို့ ပညာရေးလဲပညာရေးမို့ ပြုစုပျိုးထောင်ပေးခဲ့လို့ နယ်ချဲ့သမားရဲ့ ထောင်ချောက် ပိုက်ကွန်တွင်းမှ အချိန်မီ ရုန်းထွက်နိုင်ခဲ့တယ်။ နို့မို့ရင် တရုတ်ဆို ဘိန်းစားချည်းပဲလို့ ကမ္ဘာက သတ်မှတ်သလို မြန်မာလို့ ဆိုလိုက်ရင်လဲ ဘိန်းစားချည်းပဲလို့ အပြောခံရမှာပဲ။ ဆရာကြီးရဲ့ကျောင်းကို လက်ဝှေ့ ဘယ်ပုံဘယ်နည်း ရောက်လာသလဲဆိုတာကိုတော့ နည်းနည်းဖော်ပြပါရစေ။

၁၉၂၀ပြည့်နှစ်ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ကြီး မပေါ်ခင် မန္တလေး၊ ဘိတ်အင် (ဗုဒ္ဓသာသနာ့နုဂ္ဂဟ)ကျောင်းမှာ ကျောင်းအုပ်ဆရာကြီးက ဦးထွန်းရှိန်ပါ။ သူက လက်ဝှေ့ဝါသနာပါတဲ့ ကျောင်းဆရာကြီးပေါ့။ သူ လက်ဝှေ့ ဝါသနာပါတဲ့ အကြောင်းကို စာရေးဆရာ လှကွန်းရဲ့ ၁၉၇၆ ခုနှစ် ဇွန်လက နီလာပုံနှိပ်တိုက်မှာ ရိုက်နှိပ်ပြီး ဝန်းသိုစာအုပ်တိုက်ထုတ် "ဘော-ပု-ရှိန်" သို့မဟုတ် "ဗမာနိုင်ငံရေးကို ကိုင်လှုပ်ခဲ့သော ထိုသုံးဦး" စာအုပ်စာမျက်နှာ ၁၅၁ မှာ ဟောဒီလိုဖော်ပြထားပါတယ်။

"မောင်ထွန်းရှိန်သည် အားကစား အလွန်ဝါသနာပါသည်။ အားကစားစိတ်ဓာတ်လည်း အပြည့်အဝရှိသည်။ သူကိုယ်တိုင်လည်း ကစားလေသည်။ သူကစားသော အားကစားများမှာ ဘားကျွမ်း ကစားခြင်း၊ လက်ဝှေ့ထိုးသတ်ခြင်း၊ ဘောလုံးကန်ခြင်းတို့ ဖြစ်သည်။

လက်ဝှေ့ထိုးသတ်ခြင်းကို ပိုဝါသနာပါသည်။ တကယ်လည်း ထိုးသတ်သည်။ မောင်ထွန်းရှိန်သည် လက်ဝှေ့ထိုးသတ်ရမည်ဆိုလျှင် အတန်းမရွေး၊ တွေ့မရှောင်၊ မည်သူနှင့် မဆို ထိုးသတ်လေ့ရှိသည်။ သူရှုံးလျှင် ရှုံးပါစေ။ စိတ်မပျက် အားမလျော့ စိတ်ဓာတ်ကြံ့ခိုင်သည်။ ခွဲကောင်းသည်။ ရှုံးသူကို နောက်တစ်ကြိမ် အနိုင်ယူနိုင်ရန် ကြိုးစားသည်။ မနာလို ဝန်တိုစိတ်မျိုးမဟုတ်။ ဘာကြောင့်ရှုံးရသည်ကို ပြန်လည် သုံးသပ်သည်။ သူ၏ အားနည်းချက်ကို ပြန်ရှာတတ်သည်။ အားနည်းချက် ကိုတွေ့လျှင် အမြန်ဆုံး ပြုပြင်သည်။ ပြန်လည်ကြိုးစားသည်။ ပြန်လည်အနိုင်ယူသည်။

အားကစားစိတ်ဓာတ် အပြည့်အဝရှိသဖြင့် စိတ်ဓာတ်ကြံ့ခိုင်သည်။ မည်သူကိုမျှ ကြောက်ရွံ့သည် မရှိ။ မိမိဘက်ကမှန်လျှင်၊ မည်သည့်အလုပ်မျိုးကိုမဆို လုပ်ရဲသော သတ္တိရှိလေသည်”

ဆရာကြီးဦးထွန်းရှိန်ဟာ လက်ဝှေ့ဝါသနာပါသူ တစ်ယောက်ဖြစ်ပါတယ်။ ဦးထွန်းရှိန်ဟာ ၂၁ နှစ်အရွယ်မှာ ရန်ကုန်တက္ကသိုလ်က ဘီအေအောင်ခဲ့သူပါ။ ကျောင်းကဘွဲ့ရပြီးပြီးချင်း ရန်ကုန်အစိုးရ ဟိုက်စကူးကျောင်းမှာ အထက်တန်းပြ ဆရာအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အသက် ၂၂ နှစ်မှာ မန္တလေး ဘီဘီအင်ကျောင်းမှာ ကျောင်းအုပ်ဆရာကြီးအဖြစ် ပြောင်းရွှေ့တာဝန်ယူခဲ့ပါတယ်။

ဆရာကြီး ဦးထွန်းရှိန်ဟာ ဆရာကြီး ဦးရာဇတ်လိုပဲ ကျောင်းတကာက ထုတ်ပစ်လိုက်တဲ့ ကျောင်းသားတွေကို သူ့ကျောင်းမှာ လက်ခံခဲ့တယ်။ အမျိုးမျိုး အနစ်နာခံပြီး ပြုပြင်ပေးခဲ့တယ်။ ပြုပြင်လို့ရတဲ့ ကျောင်းသားတွေရှိသလို ပြုပြင်လို့ မရတဲ့ ကျောင်းသားဆိုးကျောင်းသားပေတွေလဲရှိတယ်။ နောက်ဆုံး ကျောင်းက ထုတ်ပစ်လိုက်ရတယ်ပေါ့။

ဆရာကြီး ဦးရာဇတ်လို ဆရာကြီး ဦးထွန်းရှိန်က အသက်မရသေး။ လူပုံပန်းကလည်း ဆရာကြီး ဦးရာဇတ်လို တုတ်တုတ်ခိုင်ခိုင်၊ ဗလကောင်းကောင်း မဟုတ်ဘူး။ ဆရာကြီး ဦးရာဇတ်ကျတော့ တော်တော်တန်တန်ကျောင်းသားဟာ သူ့ရုပ်အင်္ဂါ သူ့ကိုယ်ကာယကိုကြည့်ပြီး အလိုလိုရှိန်းရတဲ့ အနေအထားမျိုး။ ဆရာကြီး ဦးထွန်းရှိန်က ဒီလို မဟုတ်ဘူး။

ဆရာကြီး ဦးထွန်းရှိန်ကျတော့လဲ ကျောင်းသားနဲ့ တပည့်နဲ့ မတိမ်းမယိမ်း ကာယဗလနဲ့ ကိုယ်ခန္ဓာ ထွားကျိုင်းမှုကလဲ ကျောင်းသားတွေ ရွံ့ရ၊ ရှဲရတဲ့ အနေအထားက မရှိသလောက် နုနယ်လျက် ရှိပါတယ်။

ဆရာကြီး ဦးထွန်းရှိန်နဲ့ ကျောင်းသားတွေဟာ သက်တူရွယ်တူမို့ ကြိမ်ကိုင် စည်းကမ်းထိန်းပေမယ့် ဆရာကြီးကို မမှုကြ။ ဖုတ်လေတဲ့ ငါးပိ ရှိလေတယ်ရယ်လို့တောင် မအောက်မေ့ကြဘူး။ ဆရာကြီး ဦးထွန်းရှိန် ကိုယ်တိုင် စည်းကမ်းအလွန်ကြီးသူဖြစ်တယ်။ ကျောင်းသားတွေက စည်းကမ်း ဖောက်လာရင်လဲ အင်မတန် စိတ်ဆိုးတယ်။ ဒါပေမယ့် လူလိမ္မာအမျက်

အပြင်မထွက်စေနဲ့ဆိုတဲ့ ဆောင်ပုဒ်ကြောင့် ဒေါသကို မျိုသိပ်ထားလေ့ရှိတယ်။ အလိမ္မာထားပြီး နည်းနည်းပါးပါးလောက်ပဲ ဆူပူ ကြိမ်းမောင်း လိုက်တယ်။

ဆိုးပေတေတဲ့ ကျောင်းသားတွေက စည်းကမ်းကို ဖြစ်တဲ့နည်းနဲ့ ချိုးဖောက်တယ်။ ဆရာကြီးကို ရန်စတယ်။ ဘေးချင်းတိုက်တယ်။ လှေကား အဆင်းအတက် စောင့်တိုက်ချင်တိုက်လာတယ်။ ဒါကြောင့် အဲဒီလို လူပေလူတေ ကျောင်းသားလေးငါးဦးကို ဆရာဝန်က လူမမာဆီက ရောဂါကို ကုလို့မရတော့ လူနဲ့ရောဂါကို သချိုင်းထဲထည့်လိုက်ရတဲ့သဘော ကျောင်းက ထုတ်ပစ်လိုက်တယ်။ ကျောင်းထုတ်ခံရတဲ့ ကျောင်းသားတွေက မကျေမနပ် ဖြစ်ကာ ဆရာကြီးအခန်းကို ခဲနဲ့ ပေါက်ပါတယ်။ ဆရာကြီး ဦးထွန်းရှိန်မှာ အရှောင် အတိမ်းကောင်းလို့ ခဲမိုးကလွတ်ခဲ့ပါတယ်။ ကျောင်းမှန်များ ကွဲကုန်တယ်။ တချို့ပစ္စည်းတွေလဲ ပျက်စီးကုန်တယ်။

ကျောင်းကော်မတီတွေက ကွဲတဲ့ မှန်နဲ့ ပျက်စီးသွားတဲ့ ပစ္စည်းတွေ ပြန်လည်ပြုပြင်ဖို့လုပ်တယ်။ ဆရာကြီးက မပြင်ဖို့ မေတ္တာရပ်ခံလိုက်တယ်။ ဒါကြောင့် ပျက်စီးတဲ့အတိုင်းပဲထားလိုက်တယ်။ ဒါဟာ သူ့အတွက် ဂုဏ်ယူစရာ အဖြစ် ထားလိုက်တယ်။ ကျောင်းကော်မတီက ကျောင်းသားတွေ ဘာကြောင့် မခန့်လေးစား ဖြစ်ရသလဲ ဆိုတဲ့ အချက်ကို ရှာကြတယ်။

ဒီအချိန်က ဆရာကြီး ဦးထွန်းရှိန် အသက်ဟာ အသက် ၂၅ နှစ်ပဲ ရှိသေးတယ်။ ဒီတော့ ဆိုးပေနေတဲ့ ကျောင်းသားတွေရဲ့ အသက်ဟာလဲ၂၀ ကျော် ၂၅ နှစ် ပတ်ဝန်းကျင်မှာပဲ ရှိတယ်။ ပေတော့ တစ်နှစ်တစ်တန်း မအောင်၊ ဒီအထဲ ကျောင်းတစ်ကျောင်းပြီး တစ်ကျောင်း ပြောင်းနေကြတော့ အသက်သာကြီးပြီး ပညာဘက်မှာက အတန်းမရ၊ အဲဒီလူတွေရဲ့ အသက်နဲ့ ဆရာကြီး အသက်ချင်းက မကွာ၊ ပြီး အရွယ်ကလဲ နုပျိုနေတယ်။ ဒါကြောင့် ဆရာကြီးကို မခန့်လေးစား ပြဿနာတွေပေါ်ခဲ့တယ်။

ဒီတော့ ဆရာကြီးကို လူကြီးဆန်သွားအောင် ခံ့ညားသွားအောင် အရွယ်ရင့်လာအောင်ဆိုပြီး နှုတ်ခမ်းမွေးထား၊ တိုက်ပုံအမြဲဝတ်ဖို့ အကြံ ပေးခဲ့တယ်။ ကျောင်းကော်မတီရဲ့ အကြံပေးချက်အတိုင်း နှုတ်ခမ်းမွေးနဲ့ တိုက်ပုံနဲ့ ဖြစ်လာတယ်။ ဒီတော့မှ ကျောင်းဆရာကြီးအသွင် ထည်ဝါခံ့ညား လာတယ်တဲ့။

ဆရာကြီး ဦးရာဇတ်ကျတော့ ထည်ဝါခဲ့ညားပြီးသားဆိုတော့ ကျောင်းသားတွေက ကိုယ်စောင်းဝင်တိုက်ဖို့ နေနေသာသာ၊ မော်လို့ပင် မကြည့်ဝံ့။ ကျောင်းပြင်မှာလဲ ဆရာတပည့် ဆက်ဆံတာမျိုး မဆက်ဆံဘူး။ သူငယ်ချင်းလိုပဲ ဆက်ဆံတယ်။ ကျောင်းမှာ ဣန္ဒြေကြီး တခွဲသားနဲ့ မျက်နှာတင်းတင်း နေသလို ကျောင်းအပြင်မှာလဲ မျက်နှာတင်းတင်း နေခဲ့မယ်ဆိုရင် ဒီထက်တောင် ခေါင်းမမော်ဝံ့ဘဲ ရှိပေလိမ့်မယ်ပေါ့။ ဆရာကြီး ဦးရာဇတ်နဲ့ ပတ်သက်ပြီး ဆရာကြီး တပည့်များ ဖြစ်တဲ့ လုထုဒေါ်အမာနဲ့ ဦးဖြားမောင်တို့ရဲ့ ပြောပြချက်ကို ဖော်ပြလိုက်ပါတယ်။ လူထုဒေါ်အမာက

"ဆရာကြီးမှာ ထူးခြားချက်ကလေးတွေ ရှိတယ်။ ဒါက ဆရာကြီးဟာ ကျောင်းဝိုင်းထဲမှာ ဆရာနဲ့တပည့်အသွင်ကို တိတိကျကျ လိုက်နာ ဆက်ဆံတယ်။ ကျောင်းသားတွေက ကြောက်ရတဲ့အနေနဲ့ ဆက်ဆံတယ်။ ကျောင်းအပြင်ရောက်သွားရင်တော့ ဆရာတပည့် အဖြစ်ကနေ ချက်ချင်းအသွင်တစ်မျိုး ပြောင်းသွားတယ်။ ဒါက တန်းတူရည်တူ ဆက်ဆံတယ်။ ဆရာတပည့် အသွင်မဟုတ်တော့ဘူး။ ရင်းရင်းနှီးနှီး ဆက်ဆံတယ်။ အဲဒါ ချစ်စရာ ကောင်းတဲ့ အချက်ပဲ။ ဒါကို ဘယ်ကျောင်းသားကမှ မမေ့ဘူး။ မေ့လို့လဲမရဘူးလေ။

ဦးဖြားမောင်ကလဲ ဒေါ်အမာလိုအလားတူ ဆရာကြီးရဲ့ သဘောထားတွေကို ပြောပြပြန်ပါတယ်။ သူက–

"ဆရာကြီးကို လူတိုင်း ကြောက်တယ်၊ ချစ်တယ်၊ ရိုသေတယ်။ ကျောင်းအပြင်မှာ ဆရာကြီးနဲ့တွေ့ရင် ခေါ်ရဲပြောရဲရှိတယ်။ ဘိုင်စကုတ်ကြည့်ချင်လို့ ပိုက်ဆံပေးပါဆရာကြီး ဆိုရင်လဲ ပိုက်ဆံ ထုတ်ပေးသွားတာပဲ။ ဆရာကြီး ဦးရာဇတ်မှာ တွန့်တိုမှု မရှိဘူး"

ဆရာကြီး ဦးထွန်းရှိန်အကြောင်းဟာ မှတ်သားစရာလဲ ကောင်းတယ်။ ဆရာကြီးဦးရာဇတ်လို တိုင်းပြည်နဲ့ လူမျိုးအတွက် အနစ်နာခံတဲ့စိတ် ရှိတယ်။ ကိုယ်ကျိုးစွန့်မှု အပြည့်ရှိတယ်။ ဒီလို ပုဂ္ဂိုလ်မျိုး ရှိတော့ရှိတယ်ရှားတယ် ဆိုသလိုပဲ။ ကျောင်းဆရာကြီးလုပ်တော့လဲ သာသနာပြုကျောင်းတွေထက် ဗုဒ္ဓဘာသာကျောင်းက မသာတောင် တန်းတူလိုက်နိုင်မယ်ဆိုတဲ့ ခံယူချက်နဲ့ အပြင်းအထန် ကြိုးစားခဲ့ရှာတယ်။ ဆရာကြီးဦးရာဇတ်နဲ့ ဆရာကြီး ဦးထွန်းရှိန် တို့ရဲ့ စိတ်ထားတွေဟာ အံ့ဩလောက်ပါတယ်။ ခံယူချက်ချင်း ဆောင်ရွက်ချက်

တွေဟာလဲ တစ်သဘောတည်းပဲလို့ ဆိုရင် မှားအံ့မထင်။ ဒါကြောင့် ဆရာကြီး ဦးထွန်းရှိန်အကြောင်း နည်းနည်းတော့ ရေးသားဖော်ပြဖို့ သင့်တယ်လို့ ယူဆပါတယ်။

* * *

မြန်မာနိုင်ငံရဲ့ နိုင်ငံရေး သမိုင်းကို ပြောရင် ရေးရင် ဆရာကြီး ဦးထွန်းရှိန်အကြောင်း မပါရင် မပြည့်စုံဘူး။ မလေးနက်ဘူးလို့ စာရေးဆရာ လှကွန့်က သူရဲ့ "ဘော–ပု–ရှိန်–"သို့မဟုတ် "မြန်မာနိုင်ငံရေးကို ကိုင်လှုပ်ခဲ့သော ထိုသုံးဦး"ဆိုတဲ့ စာအုပ် စာမျက်နှာ ၁၃၇ မှာ အတိအလင်း ရေးသားဖော်ပြ ထားပါတယ်။

ကျမ်းပြုသူ ထပ်ဖြည့်ရေးချင်တာက "ဆရာကြီး ဦးရာဇတ်နဲ့ ကျောင်းရဲ့ လက်ဝှေ့အကြောင်း။ အထက် မြန်မာပြည်ရဲ့ လက်ဝှေ့သမိုင်းကို ပြောရင် ရေးရင် ဆရာကြီး ဦးထွန်းရှိန်ရဲ့ နာမည်မပါရင် သစ္စာစကား မဖြစ်နိုင်ဘူး။ မပြည့်စုံနိုင်ဘူး။ တရားမျှတရာ မကျနိုင်ဘူးလို့ ပြောဝံ့ဆိုဝံ့ပါတယ်။ အဲဒါကြောင့် ဗဟိုအမျိုးသား အထက်တန်းကျောင်းရဲ့ လက်ဝှေ့အကြောင်း ပြောတိုင်း ဆရာကြီး ဦးထွန်းရှိန် ဒါမှမဟုတ် မြန်မာနိုင်ငံရေး ခေါင်းဆောင်ကြီး ဦးထွန်းရှိန်အကြောင်း လက်ဝှေ့ဝါသနာရှင်များ လက်ဝှေ့သုတေသီများ ထိပ်ဆုံးက သိနေထိုက်တယ်ပေါ့။

ဦးထွန်းရှိန်ရဲ့ မိဘမျိုးရိုးက မြန်မာမင်းရဲ့မင်းမှုထမ်းများမှ ဆင်းသက် လာသတဲ့။ အဖက ဦးမောင်ကြီး အမိက ဒေါ်ခင်၊ သားသမီး ခုနစ်ယောက်အနက် ဆရာကြီး ဦးရာဇတ်လိုပဲ စတုတ္ထမြောက်သားပါ။ ၁၂၅၂ ခုနှစ် ပြာသိုလဆန်း လေးရက်နေ့ ပုသိမ်မြို့မှာ မွေးဖွားခဲ့ပါတယ်။

အဖက ပုသိမ်အစိုးရ အင်္ဂလိပ်မြန်မာ ဟိုက်စကူးမှာ ကျောင်းဆရာပါ။ ဦးထွန်းရှိန်ရဲ့ ငယ်နာမည်က မောင်တာရဲတဲ့။ မောင်တာရဲအစား မောင်ထွန်းရှိန်လို့ အဖေက ထပ်ပြီး နာမည်ပြောင်းပေးခဲ့တယ်။

ဦးထွန်းရှိန်ဟာ အသက် လေးနှစ် အရွယ်မှာပဲ ငါးသိုင်းချောင်းအစိုးရ အင်္ဂလိပ်မြန်မာကျောင်းမှာ စတင်ကျောင်းနေခဲ့တယ်။ ခုနစ်နှစ်သား အရွယ်မှာ သူ့ဖခင်ကြီး ဆုံးသွားတော့ ကျန်ရစ်တဲ့ မိသားစုဟာ ပုသိမ်ကို ပြန်ပြောင်းခဲ့တယ်။ သူဟာ ပုသိမ်ဟိုက်စကူးမှာ ဆက်ပညာသင်ခဲ့တယ်။ ခုနစ်တန်းမှာ စကော့လားရှစ် ရခဲ့တယ်။ ဘင်္ဂလားတန်းခေါ် နဝမတန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်မှာ

ပညာ ဆက်သင်ခဲ့တယ်။ ရန်ကုန်အပျော်တမ်း ထပ်ထဲကို တီအိုရှိန်းဆိုတဲ့ နာမည်နဲ့ ဝင်ခဲ့တယ်။ ၁၉၁၀ ခုနှစ်မှာ ဘီအေအောင်ပြီး ရန်ကုန်ဟိုက်စကူးမှာ ကျောင်းဆရာ ဝင်လုပ်ခဲ့ပါသတဲ့။

နဂိုကတည်းက နိုင်ငံရေး ဝါသနာပါခဲ့တဲ့အတွက် ပုသိမ်မှာ ဝိုင်အမ်ဘီအေ အသင်းကို စတင်ဖွဲ့ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ရောက်တော့လဲ ဝိုင်အမ်ဘီအေ အသင်းထဲဝင်လှုပ်ရှားခဲ့တယ်။ ကျောင်းဆရာ ပထမနှစ်လုပ်ပြီးတဲ့နောက် မန္တလေး ဘီတီအင်ကျောင်းမှာ ကျောင်းဆရာကြီးအဖြစ် ပြောင်းရွှေ့တာဝန်ယူခဲ့ ပြန်တယ်။

ဦးထွန်းရှိန် ဘီတီအင်ကျောင်း ရောက်စက အထက်တန်းကျောင်း မဖြစ်သေးဘူး။ အထက်တန်းဖြစ်အောင် အထက်မြန်မာပြည် အနှံ့သွားပြီး ဟောပြော အလှူခံခဲ့တယ်။ တစ်ဘက်မှာလဲ တိုင်းပြည်လုပ်ငန်းတွေမှာ ပါဝင်ဆောင် ရွက်ခဲ့တယ်။ ဝိုင်အမ်ဘီအေလက်အောက်ရှိ အမျိုးသမီးကျောင်း ကိုလဲ ဘီတီအင်လက်အောက်ကို လွှဲပြောင်းပေးလိုက်တယ်။ ဒါကြောင့် ဘီတီအင် မိန်းကလေး ကျောင်းကိုလဲ ဦးထွန်းရှိန် အုပ်ချုပ်ရပြန်တယ်ပေါ့။

ရွှေမန်းသူဒေါ်ခင်ခင်ညွန့်နဲ့ အိမ်ထောင်ကျခဲ့တယ်။ ငွေကြေးကြွယ်ဝ ချမ်းသာသူဖြစ်ပါတယ်။ ဒေါ်ခင်ခင်ညွန့်တို့ အသိုင်းအဝိုင်းက ဦးထွန်းရှိန်ကို နိုင်ငံရေး နယ်ပယ်နဲ့ အဆက်ဖြတ်ဖို့ စည်းရုံးခဲ့တယ် မရဘူး။ ဒီကြားမှာပဲ ဘိလပ်သွားပြီး လွတ်လပ်ရေးတောင်းဖို့ မြန်မာကိုယ်စားလှယ်ကြီး သုံးဦး ဦးပု၊ ဦးဘဖေနဲ့ ကျောင်းဆရာကြီး ဦးထွန်းရှိန်ကို ရွေးလိုက်တယ်။

ဒီသတင်းကြားတော့ ဒါဟာ အင်္ဂလိပ် အစိုးရကို ဆန့်ကျင်ရာ ကျတယ်။ ဒါကြောင့် မလိုက်ဖို့ ဒေါ်ခင်ခင်ညွန့်က တားတယ်။ မရတဲ့အတွက် သူ့ကို ကွာရှင်းပေးဖို့တောင်းဆိုတယ်။ သားသမီးလေးဦးရခဲ့ပေမယ့် အားလုံး နှစ်သားမပြည့်ခင် ပျက်စီးကုန်တယ်။ ဒီအချိန်မှာ မြန်မာပြည် လွတ်လပ်ရေး တောင်းဆိုဖို့ ပထမဦးဆုံး မြန်မာကိုယ်စားလှယ်အဖွဲ့ ဘိလပ်သွားမှာ ဖြစ်တယ်။ မြန်မာပြည်အတွက် အရေးကြီးတဲ့ ကာလမို့ မလိုက်မဖြစ်တဲ့ အခြေအနေပါ။ ဒါကြောင့် လိုက်ရမှာမို့ ဒေါ်ခင်ခင်ညွန့်ရဲ့ တောင်းဆိုချက်အရ ကွာရှင်းခဲ့တယ်။

ဒီအဖြစ်ဟာ ဦးထွန်းရှိန်အတွက် ရင်နာစရာပါ။ ရမ့်ချော့ဥစ္စာပေါတဲ့ အမျိုးသမီးကို သွေးအေးအေးနဲ့ စွန့်လွှတ်လိုက်တယ်ဆိုတာ တော်တော့သတ္တိ မဟုတ်ဘူး။ တိုင်းပြည်အရေးအတွက် သူ့ဘဝ အပျက်စီး အနစ်နာခံခဲ့တာဟာ

ရောမ စွန့်စားခြင်း တစ်ရပ်ပဲမဟုတ်ပါလား။ အချစ်ရေးထက် တိုင်းပြည်ရေးကို ဦးစားပေးသူက ရာခိုင်နှုန်း အင်မတန် နည်းပါတယ်။

ကျောင်းအုပ်ကြီးအဖြစ် ရောက်စဉ် ဘီဘီအင်ကျောင်းမှာ ကျောင်းသား ၂၀၀ ပဲရှိတယ်။ သူဘိလပ်သွားတဲ့နှစ်မှာ ကျောင်းသား ၅၅၁ ယောက် ရှိတယ်။ ဘီတီအင် အမျိုးသမီးကျောင်းအဖြစ် လက်ခံစဉ် ကျောင်းသူ ၇၃ ဦးပဲ ရှိတယ်။ ဘိလပ်သွားမယ့်နှစ်မှာ ကျောင်းသူ၁၂၀ ခန့်ရှိလာတယ်။

ကျောင်းဆဲရာကြီး လုပ်နေစဉ် ဖတဆိုး ဘဝနဲ့ ပညာဆက်သင်ဖို့ အခက်ခဲတွေ့နေတဲ့ ကျောင်းသားကိုဘသောင်း (နောင် တို့ဗမာအစည်းအရုံးကို ဆက်တည်ထောင်ခဲ့တဲ့ သခင်ဗသောင်း)ရဲ့ ပညာဆက်သင်ကြားရေးကို ဆရာကြီး ဦးထွန်းရှိန်က တာဝန်ယူခဲ့တယ်။ ဦးထွန်းရှိန် ကိုယ်တိုင်လဲ ဖခင်ဆုံးသွားတော့ ပညာသင်ကြားရေးအတွက် သူ့ဘဝမှာ အင်မတန် ကသီလင်တ ဖြစ်ခဲ့ရတဲ့ အဖြစ်နဲ့ ချိန်ထိုးပြီး ကိုဘသောင်းဘဝကို ကိုယ်ချင်းစာခဲ့လို့ပဲပေါ့။

ဘိလပ်သွားတဲ့အချိန်မှာ သူ့ကျောင်းကို ဆရာဦးဘသိန်း လက်သို့ လွှဲအပ်ပေးထားတယ်။ သူတာဝန်ယူ လုပ်ဆောင်ခဲ့တဲ့ အလုပ်များအားလုံးကိုလဲ ဆိုင်ရာဆိုင်ရာမှာ လွှဲအပ်ပေးထားခဲ့တယ်။ ဒီအထဲဘိလပ်သွားနေစဉ် မြန်မာပြည် အစိုးရအဖွဲ့က ပညာရေးဝန်ကြီး မက်ဟန်တားဆိုသူက အစိုးရ အထောက်အပံ့ ယူထားတဲ့ကျောင်းက အမှုထမ်းတစ်ဦးဟာ ဗြိတိသျှအစိုးရကို ဆန့်ကျင်တဲ့ လုပ်ငန်းမှာ ပါဝင်ခြင်းကို ရှောင်ရှားသင့်ကြောင်း၊ အကယ်၍ လက်မခံနိုင်ရင် ကျောင်းဆရာကြီးအဖြစ်မှ နုတ်ထွက်စာတင်ရမည်ဖြစ်ကြောင်း ခြိမ်းခြောက်စာ လှမ်းပို့ခဲ့တယ်။ နဂိုကမှ လခစား မလုပ်လိုတဲ့ ဦးထွန်းရှိန်အတွက် အကွက်ရ သွားတယ်။ ချက်ချင်းပဲ ကျောင်းအုပ်ကြီး အဖြစ်က နှုတ်ထွက်စာရေးပြီး ပို့လိုက်တယ်။

ဆရာကြီး ဦးထွန်းရှိန်ဟာ ပညာဆက်လက် သင်ကြားဖို့ အခက်အခဲ ရှိနေတယ်။ အဲဒါကြောင့် အစိုးရ ပညာရေးပိုင်းက အထောက်အပံ့ ယူခဲ့ရတယ်။ တက္ကသိုလ်က ဘွဲ့ရပြီးရင် ကျောင်းဆရာ နှစ်နှစ်လုပ်ပေးပါမယ်လို့ ကတိပေး ခဲ့ချက်အရ ကျောင်းဆရာ ဝင်လုပ်ခဲ့ခြင်းပါ။ ခုလို ပညာရေး ဝန်ကြီး မက်ဟန်တားရဲ့ ညွှန်ကြားလွှာရတော့ လွတ်ပြီ၊ ကျွတ်ပြီ ဆိုပြီး ဝမ်းပန်းတသာနဲ့ နှုတ်ထွက်စာ ပေးပို့လိုက်ခြင်း ဖြစ်ပါတယ်။

(၆–၂– ၁၉၂၀) ခု နေ့မှာ ဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာပြည်ကို သင်္ဘောနဲ့ ပြန်လည် ရောက်ရှိလာပါတယ်။ ဦးထွန်းရှိန် မန္တလေးပြန်ဖို့ သံယောဇဉ်ကြိုးက ပြတ်ခဲ့ပါပြီ။ ဒါကြောင့် သူ့ပေါ် စိမ်းကားခဲ့တဲ့ ချစ်ဦးသူရှိရာ မန်းမြေပေါ်မှာတော့ သူ့ဘဝကို အခြေမစိုက်လိုတော့ပြီမို့ မန္တလေးကို မပြန်ဘဲ ရန်ကုန်ဂျီစီဘီအေ ဌာနချုပ်မှာပဲ တာဝန်ဆက်ယူခဲ့တယ်။ မြန်မာပြည်အနှံ့သွားပြီး အင်္ဂလိပ်အစိုးရ ဆန့်ကျင်ရေးတွေ ပြောလို့နေတော့တယ်။

(၁–၅–၁၉၂၀) နေ့မှာ မသန်းညွန့်ဆိုသူ အမျိုးသမီးနဲ့ အိမ်ထောင်ပြုလိုက်တယ်။ မသန်းညွန့် မိဘမျိုးရိုးက ချမ်းသာကြွယ်ဝသူများပေါ့။ မသန်းညွန့်ဟာ ပညာရေး နိုင်ငံရေး အဘက်ဘက်မှာ ပြည့်စုံသူ မျိုးချစ်မယ် တစ်ဦးပါ။

မအိပ်မနေ ငှက်ဖျားတောမကျန် အစဉ်နယ်ထွက်ကာ အင်္ဂလိပ်အစိုးရဆန့်ကျင်ရေး တရားပွဲများ ဟောပြောခဲ့လို့ ပန်းဖျား ပန်းနာကနေ ငှက်ဖျားမိလာပါတယ်။ ဒုတိယအကြိမ် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘိလပ်သွားဖို့ ဖြစ်လာပြန်ပါတယ်။ ကျန်းမာရေးအခြေအနေက အင်မတန် ဆိုးရွားလှတဲ့အတွက် ဦးထွန်းရှိန်အစား ဦးသိန်းမောင်ကို ထည့်လိုက်ရတယ်။ (၂–၆–၁၉၂၀)နေ့ ဒေါ်သန်းညွန့်လက်ထဲမှာ ဆရာကြီး ဦးထွန်းရှိန် (သို့) ဘိလပ်သွား မြန်မာကိုယ်စားလှယ်တော်ကြီး ဦးထွန်းရှိန်ဟာ အနိစ္စရောက်ခဲ့ရရှာပါတော့တယ်။

ဆရာကြီး ဦးထွန်းရှိန်ဟာ ဆရာကြီးဦးရာဇတ်လိုပဲ တိုင်းပြည်ပေါ် သူ့ခန္ဓာကိုယ်ကို ပေးလှူခဲ့ပါတယ်။ အသက်ရှင်စဉ်လဲ အမျိုးမျိုး အနစ်နာခံခဲ့ပါတယ်။ ဒါကြောင့် ဆရာကြီး ဦးရာဇတ် စာအုပ်ဖတ် ပရိသတ်ကြီးဟာလဲ ဦးထွန်းရှိန်ကဲ့သို့သော ကိုယ်ကျိုးစွန့် အနစ်နာခံတတ်တဲ့ ပုဂ္ဂိုလ်ကြီး၊ ခေါင်းဆောင်ကြီး တစ်ဦးကို ပြန်လည် သတိရစေလိုခြင်းကို ရည်ရွယ်ပြီး ကြားညှပ်ကာ သူ့ဘဝ ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်ကို ဖော်ပြလိုက်ရတာပါ။

* * *

ကဲ လက်ဇော့အခန်းကို ပြန်လည် သွားပါမယ်။

ဆရာကြီး ဦးထွန်းရှိန်ဟာ လက်ဇော့ကို ဘယ်လို ရည်ရွယ်ချက်မျိုးနဲ့ ဖော်ထုတ်ပေးခဲ့သလဲ ဆိုတာကို စာရေးဆရာ လှကွန့်ရဲ့ အထက်ပါ စာအုပ်

(ဘေ-ပု-ရှိန်) သို့မဟုတ် မြန်မာနိုင်ငံရေးကိုကိုင်တိုင်လုပ်ခဲ့သော ထိုသုံးဦး စာ ၁၇၃- ၁၇၄ မှာ ဒီလို ဖော်ပြထားပါတယ်။

"ဗုဒ္ဓဘာသာကျောင်းသည် စတင်တည်ထောင်ခါစ ဖြစ်သည်။ စတင်တည်ထောင်စ ဖြစ်သည့်အလျောက် ကျောင်းသားများအား အထူးလိုအပ်လျက် ရှိသည်။ ကျောင်းသားလိုအပ်သည့်အတွက် ဦးထွန်းရှိန်ကိုယ်တိုင် နယ်များသို့ သွားရောက်စည်းရုံးခဲ့ရသည်။ ခရစ်ယာန်သာသနာပြု ကျောင်းများမှ ထုတ်ပစ်သော ကျောင်းသားများကိုလည်း လက်ခံခဲ့သည်။ ယင်းကဲ့သို့ လက်ခံရာတွင် ထိုကျောင်းသားများ၏ စာရိတ္တကို ပြုပြင်မည်ဟူသော ရည်ရွယ်ချက် ထားခဲ့သည်။

ဆရာကြီးဦးထွန်းရှိန် ပြုပြင်လိုသော ကျောင်းသားများက မည်မျှဆိုးသနည်းဆိုသော် တစ်ဦးနှင့်တစ်ဦး တစ်ဘက်နှင့်တစ်ဘက် အပြောမခံ ကျောသည်ဟု ထင်သည်နှင့် တစ်ပြိုင်နက် တစ်ယောက်ချင်းသော်လည်းကောင်း၊ အုပ်စုချင်းသော်လည်းကောင်း ချဲကြသည်။ တစ်ဘက်နှင့်တစ်ဘက် ရိုက်ကြသည်။ ဆရာကိုပင် ပမာမခန့် ဘေးချင်းဝင်တိုက်သူကမရှား ဖြစ်ခဲ့သည်။ ဆရာကြီး ဦးထွန်းရှိန်နှင့် တပည့်များမှာ အသက်အားဖြင့် အရွယ်အားဖြင့် သိပ်ကွာခြားမှု မရှိပေ။

ထိုသို့သော ကျောင်းသားများအား လက်ခံပြုပြင်ခဲ့သဖြင့် ဆရာကြီးအဖို့ အထိန်းအသိမ်းရ ခက်လှသည်။ တစ်နေ့တွင် ဆရာကြီးသည် အနောက်တိုင်း လက်ဝှေ့ထိုးရာတွင် အသုံးပြုသော လက်ဝှေ့အိတ်များကို ဝယ်ယူခဲ့သည်။ ကျောင်းသို့ရောက်လျှင် ဆိုးသွမ်းကျောင်းသားများအား ပေးလိုက်သည်။ ကျောင်းသားများသည် လက်အိတ်ရသည်နှင့် တစ်ပြိုင်နက် လက်အိတ်များကို စွပ်၍ တစ်ဦးနှင့်တစ်ဦး စိန်ခေါ်ကြ ထိုးကြတော့သည်။

ထိုသို့စိန်ခေါ်ကြ၊ ထိုးကြသတ်ကြဖြစ်သောအခါတွင် ကာယနည်းပြဆရာဦးတင်ကိုခေါ်၍ လက်ဝှေ့နည်းစနစ်များကို သင်ပြစေသည်။ စည်းကမ်း၊ စည်းမျဉ်းများ သတ်မှတ်သည်။ အားကစားစိတ်ဓာတ် သွင်းပေးသည်။ ဆရာကြီး ဦးထွန်းရှိန်၏ အစီအမံကြောင့် တစ်ဦးချင်း

သော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း၊ ချိန်း၍ ရိုက်သော အလေ့အထ လျော့ပါးသွားခဲ့သည်။ အပြင်တွင် အသေအလဲ၊ အကွဲအပြဲ ရိုက်ကြနက်ကြရန်ဖြစ်ကြသည့် အမှုများ သိသိသာသာ၊ ထင်ထင်ရှားရှား လျော့ပါးသွားခဲ့သည်။

အပြင်တွင် ချိန်းရိုက်မည့်အစား စည်းကမ်းစနစ်တကျနှင့် ကြိုးဝိုင်းတွင်းဝင်၍ ထိုးသတ်ခဲ့ယှဉ်ပြိုင်ခဲ့သည်။ ဆရာကြီး၏ မှန်ကန်သော အတွေးခေါ်အယူအဆကြောင့် ကျောင်းတွင်းစည်းကမ်း ကိုင်နိုင်ခဲ့သည်။ ထိန်းသိမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးတွင် ဆရာဦးထွန်းရှိန်၏ ပါးနပ်သော ထိန်းသိမ်းမှုကြောင့် အပြင်တွင် ဟော့ရမ်းဆိုးသွမ်းနေသော ကျောင်းသားများသည် ကြိုးဝိုင်းအတွင်းသို့ ဝင်ခဲ့သည်။ လက်ဝှေ့တည်းဟူသော အားကစားလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပေသည်။

အဲဒီလို အမြော်အမြင်ရှိရှိနဲ့ ဆရာကြီး ဦးထွန်းရှိန်ဟာ အချင်းချင်း တစ်ဦးချင်းပဲဖြစ်ဖြစ်၊ အုပ်စုလိုက်ပဲဖြစ်ဖြစ် ချိန်းရိုက်ချင်တဲ့ လူငယ်လူရွယ်တွေကို အခုခေတ်ကလေးတွေ ပြောနေတဲ့စကားမျိုး “မင်းတို့က အုပ်စုနဲ့မို့ မိုက်တာလား ဟေ့ သတ္တိရှိရင် ဟေ့ မကြည်ရင် တစ်ပွဲချင်းချမယ်၊ ထွက်ရဲတဲ့ကောင် ထွက်ခဲ့” ဆိုပြီး စိန်ခေါ်တဲ့ အတိုင်းပဲ ဆရာကြီးဦးထွန်းရှိန်ဟာ အုပ်စုလိုက် ချိန်းပြီး ရိုက်မယ့်အစား တစ်ပွဲချင်းချမယ်ဆိုတဲ့ ခေတ်လူငယ်တွေရဲ့ စိန်ခေါ်ချက်နဲ့ ထပ်တူထပ်မျှအတိုင်း တစ်ယောက်ချင်း ထိုးသတ်ရေးဘက်ကို ဦးတည်စေတယ်။ လက်ဝှေ့ကြိုးဝိုင်းအတွင်းမှာ တစ်ပွဲချင်းဆိုတဲ့ တစ်ယောက်ချင်း တစ်ဦးချင်း ထိုးသတ်ခြင်းဖြင့် အုပ်စုလိုက် ထိုးသတ်ခြင်း အလေ့ကို တစ်စတစ်စ ကွယ်ပျောက်အောင် ဦးတည်ဖန်တီးပေးခဲ့တယ်။

ဆရာကြီး ဦးထွန်းရှိန်ဟာ ကျောင်းက ကာယဗလမှူး ဆရာဦးတင်ကို လက်ဝှေ့အတတ်ပညာကို သင်ကြားပေးဖို့ တာဝန်ပေးလိုက်တယ်လေ။ ဦးတင်ဟာ ဒီလက်ဝှေ့ကြိုးဝိုင်းထဲမှာ အချင်းချင်း ထိုးသတ်ပွဲကို လေ့ကျင့်ပေးခဲ့တယ်။

အပြင်မှာဆိုရင် တုတ်ဓားနဲ့ စာရင်းရှင်းကြရင် မလိုလားအပ်တဲ့ ဆုံးရှုံးမှုဖြစ်မယ်။ အောက်တန်းကျမယ်။ အဲဒါ သတ္တိမဟုတ်ဘူး၊ မိုက်ရူးရဲအလုပ်။ အဲဒီလိုလုပ်မယ့်အစား လက်ဝှေ့ကြိုးဝိုင်းထဲမှာပဲ အသေထိုးသတ်ကြ”လို့

လှုံ့ဆော်ပညာပေးရင် မမှန်ကန်တဲ့ နည်းနဲ့ စာရင်းရှင်းမယ့်အစား ယောက်ျားပီပီ ယှဉ်ပြိုင်ထိုးသတ်ကြတာဟာ ရဲရင့်မှုနဲ့ သတ္တိကို ပေးပေလိမ့်မယ်။ ဂုဏ်လဲ ရှိပေလိမ့်မယ်။

လက်ဝှေ့ပွဲနဲ့ တစ်ဦးကိုတစ်ဦး သေအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထိုးသတ်ဖို့ဆိုတာ အင်မတန် ခဲယဉ်းလှပါတယ်။ အများဆုံးကတော့ စုတ်ပြတ်သွားအောင်၊ မဲ့သွားအောင်၊ ပါးစပ်၊ နှာခေါင်းတွေထဲက သွေးထွက်သွားအောင် ထိတော့ ထိုးသတ်နိုင်တယ်ပေါ့။

လက်ဝှေ့ထိုးသတ်ပြီးရင် အချင်းချင်း လက်ဆွဲနှုတ်ဆက်ရတယ်။ ဒီမှာ တစ်ဦးပေါ်တစ်ဦး အခဲမကျေ ထိုးသတ်လိုက်ရတော့ စိတ်ပြေပျောက်သွားတတ်တယ်။ သဘောထားကြီးမှုကိုလဲ ဖြစ်စေတယ်။ တစ်ယောက်ယောက်က ဒဏ်ရာရသွားတဲ့ အပေါ်မှာလဲ ပြန်လည်သနားကြင်နာစိတ် ဝင်လာစေတတ်တယ်။ လက်ဆွဲနှုတ်ဆက်ရင်း တစ်ဦးကိုတစ်ဦး တောင်းပန်ခြင်း၊ ခွင့်လွှတ်ခြင်းကို ဖြစ်စေတယ်။ ပြီး စိတ်ကျေနပ်မှုရဲ့ နောက်ကွယ်မှာ ဒေါသတွေပြေရတယ်။ ပြန်လည်ချစ်ခင် လာကြဖို့များပါတယ်။ ဒါတွေက လက်ဝှေ့ကြိုဝိုင်းထဲက ရနိုင်တဲ့ ရလဒ်တွေပေါ့။

၁၉၂၀ ခုနှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားတွေရဲ့ ပထမဆုံး သပိတ်ကြီးပေါ်ပေါက်လာတယ်။ ဒီသပိတ်ကြီးရဲ့ ဂယက်ကြောင့် မြန်မာပြည်အနှံ့အပြားမှာလဲ ထပ်တူသပိတ်တွေ မှောက်ခဲ့ကြတယ်။ ဒီမှာ ဘီတီအင်ကျောင်းက ဆရာတင်နဲ့ ဆရာချစ်၊ ရုံးလုလင် (ရုံးပြာတာ) ဦးပြားတို့နဲ့တကွ ကျောင်းသားတွေ သပိတ်မှောက်ခဲ့ကြတယ်။

ဆရာကြီး ဦးရာဇတ်တို့နဲ့အတူ နယ်စုံသပိတ်မှောက် ကျောင်းသားတချို့ မန္တလေးရောက်လာပြီး အမျိုးသားကျောင်း လာဖွင့်တယ်။ ဒီမယ် ဘီတီအင်က သပိတ်မှောက် ကျောင်းဆရာ ဆရာတင်၊ ဆရာချစ်၊ ရုံးလုလင် ဦးပြားတို့လဲ အမျိုးသားကျောင်းကို ပြောင်းလာခဲ့တယ်။

အမျိုးသားကျောင်း ရောက်ပြန်လဲ တစ်ယောက်ကိုတစ်ယောက် အကြည့်မခံတဲ့ ကျောင်းသားတွေ တစ်ဦးပေါ်တစ်ဦး ဗိုလ်မထားဘူးဆိုတဲ့ ကျောင်းသားတွေရဲ့ ချိန်းရိုက်ပွဲ၊ တုတ်ဓား ဆွဲခုတ်သတ်ပွဲ၊ အုပ်စုတိုက်ပွဲတွေနဲ့ မလွတ်ပြန်ဘူး၊ ဒီတော့ ဆရာချစ်၊ ဆရာတင်က ဘီတီအင်တုန်းက ဆရာကြီး ဦးထွန်းရှိန်ရဲ့

ကောင်းမြတ်တဲ့ အစဉ်အလာအတိုင်း တစ်ယောက်ကို တစ်ယောက် တုတ်ခေါနဲ့ စာရင်းရှင်းတာမျိုးအစား လက်ဝှေ့စင်ပေါ် တင်ပေးလိုက်တယ်လေ။

ဒါကို တစ်စေ့တစ်စောင်းက အကဲခတ်ကြည့်နေတဲ့ ဗဟိုအမျိုးသား အထက်တန်းကျောင်းက ကျောင်းဆရာကြီး ဦးရာဇတ်က "လက်ဝှေ့ထိုး သတ်ပုံကို လေးလေးနက်နက် တွေးယူလိုက်တယ်။ လက်ဝှေ့စင်ကနေ အဝေးကို မျှော်ကြည့်လိုက်တယ်။ ခေါင်းတညိတ်ညိတ်နဲ့ လက်ဝှေ့ထိုးသတ် တာကို သဘောကျလာတယ်။ ဆရာကြီး ဦးရာဇတ်ဟာ လက်ဝှေ့ထိုးသတ်မှုကို အဟုန်ပြင်းစွာ ကြီးထွားဖို့ မောင်းနှင်အား မြှင့်တင်ပေးခဲ့ပါတယ်။

ဒါကြောင့် လက်ဝှေ့ကို မန္တလေးမှာ စတင်မွေးပေးခဲ့သူမှာ မြန်မာကိုယ်စား လှယ်ကြီး အမည်ခံ ဘီတီအင်ကျောင်းက ဆရာကြီး ဦးထွန်းရှိန်။ အမျိုးသား ကျောင်းကို ဘီတီအင်ကတစ်ဆင့် သယ်ဆောင်လာသူတွေက ဆရာချစ်၊ ဆရာတင်၊ အထက်မြန်မာပြည် ပြီးတော့ အောက်မြန်မာပြည်နဲ့ နောက် မြန်မာတစ်ပြည်လုံး၊ ပြီးတော့ ကမ္ဘာတစ်လွှား ကျော်ကြားအောင် လုပ်ခဲ့သူကတော့ ဆရာကြီး ဦးရာဇတ်နဲ့ သူ့တပည့်သားချင်းများပေါ့။

ဒါကြောင့် လက်ဝှေ့အကြောင်းပြောရင် ဒီပုဂ္ဂိုလ် သုံးဦးစလုံးရဲ့ အခန်းကဏ္ဍကို ထည့်သွင်းကြရမှာပါ။ ဒီလို ဖော်ပြမှသာ ဘက်လိုက်မှုကင်းတယ်။ ပြည့်စုံတယ်။ တရားတယ်လို့ဆိုနိုင်မပေါ့။ ကုန်ကုန်ပြောရရင် ပြည့်စုံတဲ့ သမိုင်းဝင် အဖြစ်အပျက်လို့ ခေါ်နိုင်မယ်ပေါ့။

ဗဟိုအမျိုးသား အထက်တန်းကျောင်းဟာ လေးထပ်ကျောင်းပါ။ မြန်မာ အခေါ် တတိယထပ်၊ အင်္ဂလိပ်အခေါ် ဒုတိယအထပ်မှာ လက်ဝှေ့စင်ရှိတယ်။ အလယ်ကြမ်းခင်း တစ်ခုလုံး လက်ဝှေ့လေ့ကျင့်ဖို့ လုပ်ထားတယ်။ အပေါ်ဆုံး ဖြစ်တဲ့ မြန်မာအခေါ် လေးထပ်မှာ ပွဲကြည့်စင်သဘောမျိုး လုပ်ထားတယ် ပတ်လည်စင် (Gallery) သဘောမျိုး ဆောက်ထားတယ်။ အဲဒီအထပ်မှာ ဘုရားစင်ရှိတယ်။ လက်ဝှေ့ပွဲမရှိရင် ပွဲစင်ကို ဘုရားစင်အောက်မှာ ရွှေ့ထားတယ်။ ပွဲရှိမှ အလယ်ကို ရွှေ့ထားတယ်။

အင်္ဂလိပ်ကပြားများ အသိုင်းအဝိုင်းထဲမှာ လက်ဝှေ့ထိုးကောင်းသူများ ရေပန်းစားခဲ့တယ်။ ၁၉၂၈ ခုနှစ်လောက်က စတင်ပြီး ဗဟိုအမျိုးသား အထက်တန်းကျောင်းမှာ လက်ဝှေ့ကိုပြုစုပျိုးထောင် ခဲ့တယ်။ ဒီအချိန်က

ပုလိပ်ဆပ်ကျောင်းခေါ်တဲ့ ပုလိပ်ရာဇဝတ်အုပ်သင်တန်းကျောင်း (အခုခေတ် အခေါ် ရဲသိပ္ပံ)နဲ့ ပုလိပ်အဖွဲ့မှာသာ လက်ဝှေ့ကို သင်ကြားပေးတာပဲရှိတယ်။

ဘီလ်ဖစ်ရှားဆိုတဲ့ နိုင်ငံခြားလက်ဝှေ့ နည်းပြဆရာဟာ သီဟိုဠ်ကျွန်းသား လူမည်းတစ်ဦးပဲ။ ရန်ကုန်ကို ကြေးတန်းစားအဖြစ် ရောက်လာခဲ့တယ်။ ရန်ကုန်မှာတော့ "ဂျဲလ်ကိုး" ဆိုတဲ့ လက်ဝှေ့သမားနဲ့ ထိုးဖူးတယ်။ ဖဲသာဝိတ်တန်းက ကြေးတန်းစား လက်ဝှေ့သမားပါ။အိန္ဒိယ–သီဟို–မြန်မာ ဒီသုံးနိုင်ငံရဲ့ ချန်ပီယံဖြစ်တယ်။ မြန်မာပြည်ကို ကြေးတန်းစားအဖြစ် ရောက်လာရာကနေ မန္တလေးပုလိပ်ဆပ်ကျောင်း (ရဲသိပ္ပံကျောင်း)က လက်ဝှေ့နည်းပြ ဆရာအဖြစ် ငှားထားလိုက်တယ်။

ဘီလ်ဖစ်ရှားဟာ ဒုတိယကမ္ဘာစစ် ဖြစ်လာတော့ သီဟိုကို ပြန်သွားတယ်။ စစ်ပြီးတော့ မြန်မာပြည် ပြန်လာဖို့ စီစဉ်တုန်းမှာ ကားပေါ်က လိမ့်ကျပြီး ကွယ်လွန်သွားရှာပါသတဲ့။

ဆရာကြီးကလဲ ဘီလ်ဖစ်ရှားကို သူ့ကျောင်းရဲ့ လက်ဝှေ့နည်းပြဆရာ အဖြစ်ထပ်ငှားလိုက်ပြန်တယ်။ ပုလိပ်ဆပ်ကျောင်းနဲ့ ဗဟိုအမျိုးသား အထက်တန်းက ကျောင်းသားတွေကို တစ်ပြိုင်တည်းတာဝန်ယူပြီး သင်ကြား ပေးပါတယ်။ သူ့ကို တစ်လ ၄၅ ကျပ် ပေးရပါတယ်။ လခသာ သတ်မှတ် ပေးတာပါ လခအပြည့်ရတဲ့ အခါမှ ရတာပါ။ တစ်ပတ်မှာ နှစ်ကြိမ်လာ သင်ပေးတယ်။

မန္တလေးမှာ ဒီအချိန်က ပုလိပ်ဆပ်ကျောင်းနဲ့ ပုလိပ်ဌာနတွေနဲ့ ဆရာကြီးရဲ့ ကျောင်းကလွဲရင် တခြားကျောင်းတွေမှာ လက်ဝှေ့ပညာကို သင်ကြားတာမျိုး မရှိသေးပါဘူး။ ကျောင်းတွေမှာဆိုရင် ဗဟိုအမျိုးသား အထက်တန်းကျောင်းက စခဲ့ပါတယ်။ ဒီကျောင်းကပဲ အခုလို နည်းပြဆရာနဲ့ စနစ်တကျ စတင်သင်ကြားခဲ့ခြင်းပါ။ သူနဲ့အတူ မွတ်စလင်အမျိုးသား အထက်တန်းကျောင်းက ခေတ်ပြိုင်အနေနဲ့ ပေါ်လာပါတယ်။ အဲဒီနောက်မှာမှ အခြားကျောင်းတွေမှာ တစ်စတစ်စ လက်ဝှေ့ပညာကို သင်ကြားလာကြပါတယ်။ ဗဟိုအမျိုးသား အထက်တန်းကျောင်းလိုတော့ စနစ်တကျ ဖိဖိစီးစီး သင်တာမျိုး မရှိဘူး။ နောက်ပိုင်းမှာ ကယ်လီကျောင်းကလဲ သူ့ကို ငှားပြီး သင်ကြားပါသတဲ့။

ဗဟိုအမျိုးသား အထက်တန်းကျောင်းက တခြားကျောင်းတွေလို ကစားကွင်းကျယ်ကျယ် မရှိတဲ့အတွက် ကျဉ်းကျဉ်းနဲ့ ကာယလေ့ကျင့်ခန်း

လုပ်နိုင်အောင်လို့ လက်ဝှေ့ကစားနည်းကို ဆရာကြီး ရွေးခဲ့ဟန် တူတယ်လို့ တချို့က ပြောကြတယ်။ ဒါဟာ လုံလောက်တဲ့ အကြောင်းပြချက် ဖြစ်မယ်လို့ ကျမ်းပြုသူက မထင်ပါ။ အဓိကအမျိုးသားစိတ် တက်ကြွလာအောင် သက်လုံကောင်းပြီး သတ္တိရှိအောင် တိုင်းပြည်အရေးတော်ပုံ ပေါ်လာရင် သူ့ရဲကောင်းလေးတွေ အသင့်ရှိနေအောင် ရည်ရွယ်ပြီး ဒီလက်ဝှေ့ကို သင်ကြားတယ်လို့ပဲ ယူဆနိုင်ပါတယ်။

လက်ဝှေ့နဲ့ ပတ်သက်တဲ့ ပစ္စည်းတွေကိုလဲ ငွေကုန်ကြေးကျခံပြီး အပြည့် အစုံ ဝယ်ယူထူထောင်ပေးထားပါတယ်။

ဒါနဲ့ပတ်သက်ပြီး တချို့ကျောင်းသားကြီးတွေက ကျောင်းသူတွေကို သွေးတိုးမြှောက်ပင့်ပြီး ချောက်တွန်းပေးတယ်။ "ယောကျာ်းကလေးတွေ အတွက်တော့ ငွေကုန်ကြေးကျခံပြီး လက်ဝှေ့ပစ္စည်း ဝယ်ပေးရတာနဲ့၊ ရဲတပ်အတွက် ဘင်ခရာပစ္စည်းစုံတွေ ဝယ်ပေးရတာနဲ့ နင်တို့အတွက်တော့ ဘာမှ ဝယ်ပြုမပေးဘူးတဲ့။ ကျောင်းသူတွေကလဲ သူတို့အတွက် တကယ့်စေတနာနဲ့ ကျောင်းသားတွေ ချောက်တွန်းလွှတ်လိုက်တာကို တကယ်အထင် မှတ်ကြတယ်။ "ဟုတ်တယ် ဟုတ်တယ် တို့အတွက်လဲ အရေးဆိုရမယ်" ဆိုပြီး ဆရာကြီးဆီ ဝင်တွေ့ကြတယ်။

"ဆရာကြီးက မတရားဘူး ကျောင်းသားတွေအတွက်တော့ လက်ဝှေ့ပစ္စည်း ဝယ်ပေးရတာနဲ့ ကျွန်တော် (မန္တလေးက အမျိုးသမီးများရဲ့ အသုံးစကား)တို့အတွက်တော့ ဘာမှ ဝယ်ယူမပေးဘူးလား"

"နင်တို့အတွက်လား၊ အေးရမယ် ရမယ်၊ သောက်ရေအိုးချွဲပြီး ရေအိုးကွဲခြမ်းစတွေနဲ့ ရုပ်ထိုး ကစားကြပေါ့ ဟုတ်လား" လို့ မဲ့ပြုံးပြုံးပြီး ရယ်စရာ ပြောလိုက်တယ်။

"အေး နင်တို့ရဲရဲဝံ့ဝံ့နဲ့ ဒီလို အခွင့်အရေး တောင်းတတ်တာကို ငါသဘောကျတယ်"

ကျောင်းသူတွေလဲ ဆရာကြီးအပြောကို သဘောကျပြီး အခန်းက ပြန်လှည့်ထွက်ခဲ့တော့တယ်။

ဆရာကြီးဟာ မြန်မာလူငယ်တွေ လက်ထဲကို လက်ဝှေ့ပညာကို ထည့်ပေးပြီး အမျိုးသားစိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့တယ်။

ကျောင်းမှာ အချင်းချင်းရန်ဖြစ်ရင် တုတ်ကိုင်ခွင့် မပေးဘူး။ ရန်ဖြစ်တဲ့ ကျောင်းသားတွေကိုလဲ ရန်ဖြစ်ရကောင်းလားဆိုပြီး မရိုက်ဘူး။ ယောကျ်ားပီပီ သတ္တိရှိတဲ့ စိတ်မျိုးမွေးနိုင်အောင် ညနေကျောင်းဆင်းချိန် လက်ဝှေ့စင်ပေါ် တင်ပြီး လက်ဝှေ့အိတ်စွပ်ထိုးခိုင်းတော့တယ်။ ဆရာကြီးနဲ့ ဆရာတွေက အနိုင်အရှုံးကို ဆုံးဖြတ်ပေးတယ်။ နှစ်ယောက် စိတ်ကျေသွားမှ လက်ဆွဲ နှုတ်ဆက်ပြီး မူလအတိုင်း မိသားစုသဘော ပြန်လည်သင့်မြတ်စေတယ်။

တစ်ခါက ကိုစံဝင်းနဲ့ ကိုချစ်ဆွေ ညီမကိစ္စနဲ့ အစသန်ရာကနေ ရန်ဖြစ်တယ်။ ဒီတော့ လက်ဝှေ့အိတ် စွပ်ခိုင်းပြီး နှစ်ယောက်သား ထိုးခိုင်းတယ်။ ဆရာကြီးက ရပ်ကြည့်နေတယ်။ နှစ်ယောက်စလုံး မောတော့မှ "တော်ပြီလား" လို့ ဆရာကြီးက မေးတယ်။ "တော်ပြီ၊ စိတ်ကျေနပ်ပြီ"ဆိုတော့မှ ရပ်ခိုင်းလိုက်တယ်။ နောက်ရန်မဖြစ်ကြနဲ့လို့ တိုတိုတုတ်တုတ် ဆုံးမလိုက်တယ်။

တစ်ခါကလည်း ကျောင်းသားနှစ်ယောက်ဟာ မိန်းကလေး တစ်ယောက် အတူပြိုင်ပိုးရာကနေ ညနေကျောင်းဆင်းတော့ လက်ဝှေ့အတူလေ့ကျင့်ကြတယ်။ ဒိုင်က ကိုချစ်အုံး (တိုင်းအားကစားမှူး မကွေး) ပထမကတော့ ရိုးရိုးလေ့ကျင့်ကြ တာပါပဲ။ နောက်တော့ မိန်းကလေးပြိုင်တူပိုးတဲ့ မခံချင်စိတ်တွေ ထလာတာနဲ့ တူပါရဲ့၊ တစ်ယောက်ကို တစ်ယောက် အပြတ်ရှင်းတဲ့ အနေနဲ့ အဟုတ်ထိုးသတ် ကြပါလေရော။

အစမ်းထိုးပွဲနဲ့ အဟုတ်အပြတ်သတ် ထိုးသတ်ပွဲချင်း မတူဘူးပေါ့။ အပြတ်ထိုးသတ်ပွဲက ကြည့်ကောင်းတယ်။ ဒါသဘာဝပဲ၊ ဒိုင်နဲ့ပွဲကြည့် ပရိသတ်လဲ ကြည့်နေလိုက်တယ်။ ကျွဲနှစ်ကောင် ဗိုလ်လုဖို့ အသေခပ်ကြတဲ့ ပုံနှယ် နှစ်ယောက်စလုံးဟာ မိန်းကလေး တစ်မျက်နှာအတွက် အနိုင်မခံ အရှုံးမပေးဘဲ ထိုးကြသတ်ကြတာ နောက်ဆုံးနှစ်ယောက်စလုံး စုတ်ပြတ်ကုန်ပါ လေရော။ နှစ်ယောက်စလုံး ဘယ်သူကို ဘယ်သူကမှ နောက်ကောက် မချနိုင်ကြဘူး။ ခြေကုန်လက်ပန်း ဖြစ်လာတဲ့ အခြေကျမှ ဒိုင်လူကြီး ကိုချစ်အုံးက (Time) တိုင်းမ်လို့ အော်လိုက်ပြီး ပွဲကို ရပ်လိုက်တော့တယ်။

သူတို့နှစ်ယောက်ဟာ ဘာကြောင့် ဒီလို တစ်ယောက်ကို တစ်ယောက် အပြတ်ရှင်းနေကြသလဲဆိုတာ သူတို့ကိုယ်တိုင် သိတယ်။ ဒိုင်နဲ့ တကွ ဆရာတွေ၊ ကျောင်းသားတွေကလဲသိကြတယ်။ ဒီတော့ ဒိုင်က လက်ဝှေ့စင်မှာပဲ အခဲမကျေမှု ယှဉ်ပြိုင်သတ်ဖြတ်ချင်စိတ်ကို ကုန်ဆုံးတဲ့အထိ အရောက်ပို့ပေး

လိုက်တယ်။ နှစ်ယောက်စလုံး မောပြီး စိတ်ကျေနပ်သွားတော့တယ်။ ဒေါသစိတ်တွေလဲ အရည်ပျော်ကျသွားတော့တယ်။ ဒီတော့မှ ဒိုင်က နှစ်ယောက်စလုံးကို လက်ဆွဲနှုတ်ဆက်ခိုင်း လိုက်တယ်။ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ချစ်ရေးကိစ္စအတွက် အခုလို ကွဲပြဲ စုတ်ပြတ်ခဲ့ရတဲ့ အဖြစ်အတွက်လဲ ရှက်ခြင်း၊ နာကျင်ခြင်း၊ နောင်တရခြင်းတို့ဖြင့် အဖြေမှန်ကို ရသွားကြတော့တယ်။ တစ်ယောက်ကိုလဲ တစ်ယောက် ခွင့်လွှတ်ခြင်း မူလအတိုင်း ချစ်ချင်ခင်ခင် ပြန်လည်ဆက်ဆံသွားတော့တယ်။

ဓားတုတ်ဆွဲပြီး အချင်းချင်း ချကြတာ မကြိုက်ဘူး ရန်ဖြစ်တိုင်း လက်ဝှေ့ထိုးခိုင်းလေ့ရှိတော့ သူ့ဆရာတွေကလဲ ရန်ဖြစ်တဲ့ ကျောင်းသားတွေ လက်ဝှေ့စင်ပေါ်တင်ပြီး ထိုးခိုင်းတဲ့ စနစ်ကို ကျင့်သုံးလာတယ်။

ဆရာကြီး ဦးဘခင်က ဂဏန်းသင်္ချာနဲ့ မြန်မာစာပြတယ်။ ဆောင့်ကြောင့်ထိုင်ပြီး စာသင်လေ့ရှိတယ်။ ကျောင်းသားတစ်ဦးဦးကို ပြောမရရင် "လာ ငါနဲ့ ဘောက်ဆင်ထိုးမလား" လို့ စိန်ခေါ်လေ့ရှိတယ်။ သူကလဲ လက်ဝှေ့ဝါသနာ ပါတယ်။ လက်ဝှေ့ထိုးတတ်တယ်။

ဆရာကြီးက လက်ဝှေ့ကို Free and fair fight လို့ သဘောထားတယ်။ လက်ဝှေ့နဲ့ ပတ်သက်ပြီး မြန်မာတစ်ပြည်လုံးမှာ နာမည်ကြီးတဲ့ ကျောင်းတွေထဲမှာ ဆရာကြီးရဲ့ ကျောင်းဟာလဲ အပါအဝင် ဖြစ်တယ်။

နှစ်စဉ် ကျောင်းပေါင်းစုံ ဗိုလ်လုပွဲမှာ ရန်ကုန်၊ ရမည်းသင်း၊ မြင်းခြံစတဲ့ မြို့တွေအထိ သွားရောက် ယှဉ်ပြိုင် ထိုးခဲ့တယ်။ ဗဟိုအမျိုးသား အထက်တန်းကျောင်းက ပါဝင်ယှဉ်ပြိုင်ခဲ့တယ်။ ကျောင်းပေါင်းစုံ ဗိုလ်လုပွဲမှာ နာမည်ကြီးခဲ့တဲ့ သူတွေကတော့ -

| | | |
|---|---|---|
| ကိုဘချစ် | – | (ကွယ်လွန်) |
| ကိုဘသစ် | – | ကျောင်းဆရာပုသိမ်ကြီး (ကိုဘချစ်ရဲ့ညီ) |
| ကိုကိုကြီး | – | ထွန်းသင်းဘရားသား (ကွယ်လွန်) |
| ကိုစံဝင်း | – | (ပြည်သူ့အာမခံစနစ်) |
| ကိုလှဒင် | – | (ရှာမှုရှားလှဒင်–ယခုကွယ်လွန်) |
| ကိုခင်ညို | – | (ယခုအငြိမ်းစား ဗိုလ်မှူးကြီး ခင်ညို) |
| ကိုဘရွှေ | – | (သံအမတ်ကြီးဟောင်း၊ အငြိမ်းစား ဗိုလ်မှူးကြီး) |
| ကိုသိမ်းမောင် | – | (ဘုန်းကြီးသိန်းမောင်– ကွယ်လွန်) |

ကိုချစ်အုံး - (ယခုတိုင်းအားကစားမှူး မကွေး)
ကိုသန်းနိုင် - (ရွှေမန်းရုပ်ရှင်ပိုင်ရှင် မန္တလေး) ကွယ်လွန်
ကျားဘငြိမ်း - လက်ဝှေ့အားကစား နည်းစနစ်မှူး၊ အား/ကာ ဦးစီးဌာန၊ ကွယ်လွန်)
ကိုဘဝိုင်း - (လာလာခန့်လိုခေါ်တယ်)
ကိုစိန်ဆင် - ကွယ်လွန် (လက်သီးအလွန်ပြင်းသူ)

မန္တလေးက ရန်ကုန်ဆင်းပြီး လက်ဝှေ့ထိုးဖို့ သွားတဲ့အခါမှာ ဗဟို အမျိုးသားကျောင်းက လက်ဝှေ့ထိုးမယ့်သူ လက်ရွေးစင် သုံးလေးယောက်ကို မီးရထားမှာ ဒုတိယတန်း တစ်တွဲလုံးကို ငှားပြီးလိုက်ပါစေတယ်။ (မီးရထားတွဲမှာ ဟိုခေတ်က အခုလို ရိုးရိုးတန်းနဲ့ အထူးတန်း ထားရှိတာ မဟုတ်ဘူး။ ပထမတန်း၊ ဒုတိယတန်းနဲ့ ရိုးရိုးတန်း၊ အဲဒီလိုပဲရှိတယ်။ သုံးလေးယောက် ရှိပေမယ့် တစ်တွဲလုံးငှားပေးတာက စိတ်ဓာတ်မြှင့်တင်ပေးတဲ့ လုပ်ရပ်တစ်ခုပဲ၊ ဒုတိယတန်း စီးပြီးသွားရတာဟာ အခုခေတ် နိုင်ငံခြားသွားရတာလောက်နီးနီး ဂုဏ်ရှိသတဲ့။ ရန်ကုန်ရောက်တဲ့အခါလဲ ရန်ကုန်မြို့မကျောင်းမှာ တည်းခိုကြတယ်။

ဆရာဗိုလ်ခင်မောင်ကလေးက ကျားဘငြိမ်းတို့ဆရာ၊ လက်ဝှေ့ကို အင်မတန် မြတ်နိုးသတဲ့၊ သူတို့ညီအစ်ကို တစ်တွေဟာ လက်ဝှေ့မှာ အထူးပဲ တော်တယ်။ ထူးချွန်တယ်။

ကိုခင်ညိုတို့ လက်ဝှေ့ထိုးတဲ့ အချိန်လောက်မှာ ကျားဘငြိမ်းက အမျိုးသားကျောင်းကို ဝက်စလီက ပြောင်းလာတယ်။ ဝက်စလီမှာ ကျားဘငြိမ်းက ကျောင်းဆရာနဲ့ ရန်ဖြစ်လို့ဆိုတဲ့ ပြစ်ချက်ကြောင့် ကျောင်းက အထုတ်ခံရတယ်။ ဒီပြစ်ချက်ကကြီးတော့ ဘယ်ကျောင်းမှ လက်မခံဘူး၊ ဒါပေမယ့် ဗဟိုအမျိုးသား အဘက်တန်းကျောင်းကပဲ လက်ခံလို့ ပညာဆက်သင်ခဲ့ရသတဲ့။

ဗဟိုအမျိုးသား အထက်တန်းကျောင်းက နှစ်စဉ်နှစ်တိုင်းလိုလို လက်ဝှေ့ အကျော်အမော်တွေ နှစ်ဦးသုံးဦးကို မွေးထုတ်ပေးခဲ့ပါတယ်။

ကိုချစ်အုန်းက သူတို့အထဲမှာ လူကြီး။ သခင်ဗဟိန်းရဲ့ညီ ကိုသန်းနိုင်နဲ့ ကျားဘငြိမ်းတို့က သက်တူရွယ်တူ အတန်းတူ ခုံတူတူ ယှဉ်ထိုင်ရတယ်။ ကိုခင်ညိုက လက်ဝှေ့မှာဆရာကြီး။ ကိုခင်ညိုအောက်မှာ ကိုချစ်အုန်း၊ ကိုချစ်အုန်း

အောက်မှာ ကိုသန်းနိုင်၊ ကိုသန်းနိုင်အောက်မှာ ကိုဘငြိမ်း။ ကိုထွန်းအေး (ဗ–က–ပ ဟောင်း)

ဗဟိုအမျိုးသား အထက်တန်းကျောင်း လက်ဝှေ့အသင်းရဲ့ အမှတ်တံဆိပ်ကတော့ ကျောင်းတံဆိပ်ဖြစ်တဲ့ ခြသေ့ံပဲ၊ စွပ်ကျယ်ရင်ဘတ်မှာ ခြသေ့ံတံဆိပ် ထိုးထားပါတယ်။

ဆရာကြီးက * စားတုတ်ကိုင်ပြီး အချင်းချင်းပြဿနာကို မရှင်းဖို့၊ ရှင်းချင်ရင် လက်ဝှေ့နဲ့ ယောက်ျားပီပီရှင်းဖို့၊ လက်ဝှေ့ကို အပေါစားမလုပ်ဖို့၊ တစ်မတ်ငါးမူးနဲ့ ရောင်းမစားဖို့။ အမြဲသတိပေး ပြောကြားလျက် ရှိတယ်။

ကိုခင်ညို (အခုအငြိမ်းစား ဗိုလ်မှူးကြီး) ဟာ လက်ဝှေ့လောကမှာ အတော်လေး ရေပန်းစား နာမည်ကြီး ခဲ့ပါတယ်။ မကြာခဏ အင်္ဂလိပ်နဲ့ဂေါ်ရာစစ်သားတွေကိုအလဲထိုးခဲ့ပါတယ်။ နှစ်ငါးဆယ်တစ်ရာ၊ ကိုယ့်ကိုကျွန်ပြုထားတဲ့ နယ်ချဲ့အင်္ဂလိပ်ကို စားလှံ့သေနတ်တွေနဲ့ ရင်ဆိုင်နိုင်တဲ့အခြေအနေ မပေးသေးခင်ကာလမှာ လက်ဝှေ့ကြိုးဝိုင်းမှာပဲ ကိုခင်ညိုလို မြန်မာလူငယ်တွေက အငြိုးနဲ့ တရားဝင် လက်စားချေပြလိုက်နိုင်တယ်။ ကိုခင်ညိုဟာ ဒီလိုအင်္ဂလိပ် စစ်သားတွေအပေါ် အနိုင်ထိုးသတ်ခဲ့ပြီးတိုင်း ဆရာကြီးက လက်ဆွဲနှုတ်ဆက်ခဲ့တယ်။

မြန်မာပြည် အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျွန်ဘဝရောက်သွားတုန်းက စား၊ လှံ၊ လေးမြား၊ သေနတ် စတဲ့ လူသတ်လက်နက်တွေကို အင်္ဂလိပ်နယ်ချဲ့အစိုးရက ကိုင်ဆောင်ခွင့်မပေးတော့ဘူး။ ထင်းခုတ်စားနဲ့ မီးဖိုဆောင်သုံးစားကိုတောင် မလွဲမရှောင်သာလို့ သုံးခွင့်ပြုခဲ့တယ်။ခြောက်လက်မကအစ စားဆောင်ခရီးသွားရင် ဆောင်စားအဖြစ် ကိုင်သွားခွင့်မပေးဘူး။ ကိုင်သွားရင် လူသတ်လက်နက် ကိုင်ဆောင်သွားတယ်ဆိုပြီး ဥပဒေနဲ့အရေးယူခြင်းခံရမှာ သေချာတယ်။ "စားမြှောင်" ကို ဆောင်စားအဖြစ်ကိုင်ဆောင်ချင်ရင် လိုင်စင်ခေါ် ခွင့်ပြုချက် အတွက် အခွန်ထမ်းဆောင်ပြီးမှသာ ကိုင်ဆောင်ခွင့်ပေးမယ်။ နို့မို့ရင်ကိုင်ဆောင်ခွင့် မပေးဘူး။

ဒါကလက်နက်ကိုင်ဆောင်ခွင့်နဲ့ ပတ်သက်တဲ့ ချုပ်ချယ်မှုတစ်ရပ်ပေါ့။ ကိုင်း–ဒါဖြင့်လက်နက်မဲ့ဖြစ်တဲ့ မြန်မာတိုင်းရင်းသား ရိုးရာသိုင်းနဲ့မြန်မာ့လက်ဝှေ့ ကျတော့ကော လွတ်လပ်စွာတည်ရှိပိုင်ခွင့် ကြီးထွားပိုင်ခွင့်ကော ရှိသလားလို့

မေးစရာရှိပါတယ်။ မရှိပါဘူးလို့ ဖြေရပါမယ်။ မြန်မာတိုင်းရင်းသား ရိုးရာသိုင်းတို့ မြန်မာ့လက်ဝှေ့တို့ကို ရှင်သန်ကြီးထွားအောင် နေနေသာသာ ရပ်တည်ခွင့်တောင် မပေးဘူး၊ နောက်ဆုံး မြေမြှုပ်သုတ်သင်ပစ်ခဲ့တဲ့အဖြစ်ပါ။

စစ်ကြိုခေတ်အင်္ဂလိပ် ပြေးခါနီးကာလလောက်မှ မြန်မာ့ရိုးရာလက်ဝှေ့နဲ့ မြန်မာတိုင်းရင်းသားရိုးရာသိုင်းတို့ ပြန်လည်အသက်ဝင်လာပါတယ်။ စစ်ပြီး အင်္ဂလိပ်နယ်ချဲ့အစိုးရ လက်အောက်က လွတ်မြောက်လာခဲ့တဲ့ ဒီမှာဘက်ကျတော့ ဒီမြန်မာ့လက်ဝှေ့နဲ့ မြန်မာတိုင်းရင်းသား ရိုးရာသိုင်းတို့ဟာ ရှင်သန်ကြီးထွား လာခဲ့ပါတော့တယ်။ အထူးသဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ တော်လှန်ရေးကောင်စီ ခေတ်လောက်ကစပြီး အဟုန်ပြင်းစွာ တိုးတက်ကြီးထွား လာခဲ့ပါတယ်။ တစ်ပါတည်းမှာ ဂျူဒို၊ ကရာတေး၊ ကွန်ဖူးစတဲ့ ကမ္ဘာအရပ်ရပ်က လက်နက်မဲ့ တိုက်ခိုက်ရေး၊ ကာကွယ်ရေးပညာတွေဟာလဲ ခေတ်စားကျယ်ပြန့် လာခဲ့ပါတယ်။

ဘာကြောင့်သိုင်းတို့၊ မြန်မာ့လက်ဝှေ့ပညာတို့ကို နယ်ချဲ့သမားက ရှင်သန်ကြီးထွားခွင့် မပေးရသလဲဆိုတဲ့ မေးခွန်းဟာ တကယ်ကျတော့ လေ ကုန်ခံပြီး မေးထိုက်တဲ့မေးခွန်း မဟုတ်ဘူးလို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အင်္ဂလိပ်နယ်ချဲ့သမားက လက်နက်မဲ့နဲ့ခုခံမှာ၊ တိုက်ခိုက်မှာကို ကြောက်လို့ပဲ ဖြစ်တယ်။

စစ်ကြိုခေတ်က အင်္ဂလိပ်လက်ဝှေ့ သို့မဟုတ် အနောက်တိုင်းလက်ဝှေ့ဟာ အင်္ဂလိပ်–ဂေါ်ရာနဲ့ကပြားများ အတွင်းမှာလည်းကောင်း၊ စစ်တပ်–စစ်ရဲ– ပုလိပ်အဖွဲ့များ အတွင်းမှာလည်းကောင်း၊ မြို့ပေါ်ရှိ ခေတ်ပညာသင်ကျောင်း အတွင်းမှာလည်းကောင်း၊ ခေတ်စားလျက်ရှိနေပါတယ်။

ဒီခေတ်ပညာသင်ကျောင်းတွေ မနေနိုင်တဲ့ မြန်မာတိုင်းရင်းသား ကလေး သူငယ်တွေ၊ အထူးသဖြင့် ကျေးလက်နဲ့တောင်ပေါ်ဒေသ နယ်ခြားဒေသရှိ ကလေးသူငယ်တွေဟာ ဒီအင်္ဂလိပ်လက်ဝှေ့ပညာကို ရယူနိုင်ဖို့ အင်မတန်မှ ဝေလာဝေးပါ။

ဒီတော့ ဘိတိအင်ကျောင်းကနေ ဆရာချစ်တို့ ဆရာတင်တို့ယူလာတဲ့ အင်္ဂလိပ်လက်ဝှေ့ပညာကို ဆရာကြီးဦးရာဇတ်က အမြော်အမြင်ကြီးကြီးနဲ့ သူ့ကျောင်းမှာ ရှင်သန်ကြီးထွားဖို့ အဘက်ဘက်မှနေပြီး လိုအပ်သလို၊ လိုလေသေး မရှိ အားပေးကူညီ ဆောင်ရွက်ပေးခဲ့ပါတယ်။

အင်္ဂလိပ်နယ်ချဲ့သမား ယန္တရားကို နေ့ညကာကွယ်နေတဲ့ စစ်တပ်၊ စစ်ရဲတပ်၊ ပုလိပ်တပ်တွေနဲ့ ဆရာကြီးရဲ့လက်ဝှေ့ အကျော်အမော်တွေက မကြာခဏချိန်းပြီး ထိုးသတ်ခွင့်ရခဲ့ကြရပါတယ်။

အဲဒီလို ထိုးသတ်ဖို့အသွားမှာ ဆရာကြီးနဲ့တကွ ဆရာ၊ ဆရာမတွေ ကျောင်းသားတွေကပါ "ဟေ့–မင်းဟာမြန်မာ၊သခင်မျိုးဟေ့ ဒို့မြန်မာဆိုပြီး မင်း လက်မထောင်ရမယ်၊ လက်ဝှေ့ပွဲမှာ နယ်ချဲ့ခါးပိုက်ဆောင် တပ်တွေနဲ့ ဓားသေနတ်တွေနဲ့ ယှဉ်ပြိုင်ခွင့် မရသေးခင်မှာ လက်ဝှေ့နဲ့အနိုင် ယှဉ်ပြိုင် ထိုးသတ်ရမယ်၊ မနိုင်လို့ရှုံးရင်ရှုံးပါစေ၊ ဒူးထောက်တော့ အညံ့မခံရဘူး၊ ကြောက်ချေးပါခဲ့ရင် မင်းဟာမြန်မာမဟုတ်ဘူး၊ ဒါမြဲမြဲစိတ်ထဲနှလုံးသွင်းထား" ဆိုပြီး အားပေးခဲ့တယ်၊ မျိုးချစ်စိတ်ဓာတ်တွေ သွင်းပေးလိုက်တယ်။

"ငါဟာ**မြန်မာ–တစ်ချိန်က** ကိုယ်ထီးကိုယ်နန်း–ကိုယ့်ကြငှန်းနဲ့ နေခဲ့တဲ့ လူမျိုး၊ ကျားဆိုမှကျားကွ၊ မြန်မာမ–ပိပိ ရန်သူအပေါ် အနိုင်မခံအရှုံးမပေးဘူး၊ မြန်မာ့ဇာတိသွေး ဇာတိမာန်နဲ့ ထိုးသတ်မယ်၊ သေသေကျေကျေ ကျားဆိုမှကျား မြန်မာဟေ့" လို့ဆိုတဲ့ စိတ်ဓာတ်တွေမွေးပြီး လက်ဝှေ့ဝိုင်းထဲ ဝင်ခဲ့ကြတယ်။ အနိုင်ထိုးသတ်ခဲ့ရတဲ့ ပွဲတွေရှိသလို ရှုံးခဲ့တဲ့ပွဲတွေလဲရှိတယ်။

ကြောက်ချေးပါတဲ့ မျက်နှာမျိုးနဲ့ လက်ဝှေ့စင်ပေါ်ကသာ ဆင်းခဲ့ရင် အဲဒီကောင်တော့ အများရဲ့ တံတွေးခွက်ထဲ မျောမယ်သာကြဲ။

"ရှုံးရင်လည်း မြန်မာ့မာန်ကို မချခဲ့ရဘူး၊ ဒို့မြန်မာ တိုင်းရင်းသားတွေဟာ ရန်သူနယ်ချဲ့သမားတွေက သတ်ဖို့ခေါ်သွားရင်တောင် ရင်ကော့ပြီး လိုက်သွားရမယ်၊ မျက်နှာအဝတ်နက် အစည်းမခံရဘူး၊ ဒူးထောက်၊ လည်စင်းမခံရဘူး" ဆိုတဲ့သဘောပဲ၊ မာန်ကိုမချဘဲ ခပ်တင်းတင်းပဲ လက်ဝှေ့စင်ပေါ်က ဆင်းခဲ့ရမတဲ့။

အဲဒီလို အမျိုးရဲ့ဇာတိသွေး ဇာတိမာန်နဲ့ ရပ်တည်ရေးဘက်ကို ဦးတည်ဖို့ အချင်းချင်း အမြဲမပြတ် သတိပေးနှိုးဆော်ခဲ့တယ်၊ အားပေးခဲ့တယ်၊ မျက်နှာကို တင်း၊ အံကိုကြိတ်၊ လက်မကိုထောင်ပြီး "မြန်မာကွနော်မြန်မာ၊ မင်းဟာ မြန်မာဆိုတာကို မမေ့နဲ့၊ ကျားဆိုမှကျား၊ ကဲ လက်ဝှေ့စင်ပေါ် ရဲစိတ်ရဲမာန်နဲ့ ဝင်ထိုးသတ်" အဲဒီလို လှုံ့ဆော်အားပေးမှုတွေဟာ အမျိုးသားကျောင်းရဲ့ မရိုးနိုင်မဆန်းနိုင်တဲ့ လုပ်ရိုးလုပ်စဉ် တစ်ခုပါတဲ့။

ကိုချစ်အုန်းဟာ ရေနံချောင်း လက်ဝှေ့ကြိုးဝိုင်းမှာ ဂေါ်ရာစစ်သားကို အလဲထိုးချလိုက်တယ်၊ ဂေါ်ရာစစ်သားဟာ ကြမ်းပေါ် "ဖြတ်ခနဲ" ဆို လဲကျ

သွားတယ်၊ ကြမ်းပေါ်ပစ်လဲကျတာ ရိုးရိုးမဟုတ်ဘူး၊ လက်သီးချက်ရဲ့ ပြင်းထန်မှုနဲ့ "ဗိုင်း" ဆိုအရုပ်ကြိုးပြတ် ပြုတ်ကျသလိုကျသွားတာ၊ ဆိုဖာပေါ် ကျသလို ကြမ်းကအထက် ခြောက်လက်မခန့် မြင့်တက်သွားတယ်၊ ပြီးမှ ကြမ်းပေါ်ပြန်ကျသွားတယ်၊ ပြန်မထနိုင်ဘဲ အရှုံးပေးခဲ့ပါသတဲ့။ ဒါကို ဝန်ကြီးဟောင်း ဆရာဗိုလ်ခင်မောင်ကလေးက အခုထိသူ့မျက်စိထဲက ထွက်မရ နိုင်တဲ့ အဖြစ်အပျက်တစ်ရပ်ပါတဲ့။

ဗဟိုအမျိုးသား အထက်တန်းကျောင်းက ကျောင်းသားလက်ဝှေ့သမား တွေရဲ့ စိတ်ဓာတ်ထဲမှာ ကမ္ဘာ့လက်ဝှေ့ချန်ပီယံဟောင်း–ဂျိုးလူဝစ်တို့၊ အပြေး သမား ဂျက်စီအိုဝင်တို့ရဲ့ စိတ်ဓာတ်မျိုးကို အသိနဲ့ယှဉ်ပြီး ဆရာကြီးနဲ့ ကျောင်းဆရာတွေက သွင်းပေးလေ့ရှိတယ်။

အရင်က အမေရိကန်မှာ လူမည်းတွေက လူရာမဝင် အပါယ်ခံတွေပေါ့၊ ပြီး ကျေးကျွန်လိုလဲ သဘောထားခံထားရတယ်လေ၊ အမေရိကန်လူဖြူတွေကို ရွံမုန်းတယ်၊ ဖြစ်နိုင်ရင် ဘီလူးသဘက်တွေလို အစိမ်းလိုက် သတ်စားပစ်လိုက်ချင် တယ်။ ဒီတော့ အမေရိကန်လူဖြူတွေအပေါ်မှာ ရတဲ့နည်းနဲ့ အနိုင်ယူမယ်ဆိုတဲ့ စိတ်တွေမွေးကြတယ်၊ လက်နက်ကို လက်နက်ချင်းယှဉ်ရရင်တော့ ပြဿနာ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် အမေရိကန်လူဖြူတွေက ချယ်လှယ်သူအဖြစ် အာဏာလက်ဝယ်ထားသူအဖြစ်၊ အမေရိကန် နီဂရိုးလူမည်းတွေက အချယ် လှယ်ခံ ကျေးကျွန်တွေ၊ ငွေဝယ်ကျွန်သာသာ။ လက်နက်နဲ့ယှဉ်ဖို့ ဘဏ္ဍာရယ်၊ လက်နက်ရယ်၊ အာဏာရယ်မရှိတော့ ချယ်လှယ်သွေးစုပ်ခံနေရတယ်။ ပြန်ပြီး တော်လှန်ဖို့ဆိုတာက ဘဏ္ဍာ–လက်နက်–အာဏာကမရှိ၊ ဒီတော့အံကိုသာ နာနာကြိတ်နေရတယ်၊ အသည်းထဲအူထဲမှာ မခံချင်တဲ့စိတ်တွေ၊ လက်စားချေ လိုတဲ့စိတ်တွေ တထွေးကြီးရှိနေတယ်၊ ဒေါသတွေကို အတောမသတ်နိုင် ဖြစ်နေတယ်။

ဒီတော့ ဘဏ္ဍာ–လက်နက်–အာဏာနဲ့ မယှဉ်နိုင်ပေမယ့် လက်ဝှေ့မှာပဲ ဖြစ်ဖြစ် အားကစားမှာပဲဖြစ်ဖြစ်ယှဉ်မယ်၊ လူသတ်လက်နက် သုံးစရာမလို၊ အားကစားနဲ့လက်စားချေမယ်၊ အနိုင်ယူမယ်၊ အရှက်ခွဲပြမယ်၊ ဒို့ဟာ အစွမ်းအစ တုံးတဲ့လူမျိုးတွေ မဟုတ်ဘူးဆိုတာ ပြမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အမေရိကန်နီဂရိုး ဒါမှမဟုတ် လူမည်း–ဂျိုးလူဝစ်–ဂျက်စီအိုဝင်နဲ့ အပေါင်းအပါ တွေဟာ အင်မတန်ကြိုးစားတယ်၊ ကျားမ မရွေး တန်းတူကြိုးစားခဲ့တယ်ပေါ့။

ဂျိုးလူဝစ်ဟာ ဒီစိတ်ဓာတ်တွေနဲ့ လူဖြူလက်ဝှေ့ကျော်တွေကို စစ်မြေပြင်မှာမဟုတ်ဘူး လက်ဝှေ့စင်အတွင်းမှာ တစ်ယောက်ပြီးတစ်ယောက်ကို လက်စားချေရင်း၊ တစ်ယောက်ပြီးတစ်ယောက်ကို ထိုးသတ်အနိုင်ယူခဲ့တယ်၊ လူဖြူတွေနာလံမထူနိုင်ခဲ့ဘူး၊ လူဖြူတွေ အရှက်ကွဲခဲ့တယ်။ နှစ်ပေါင်းအတော်ကြာအောင်ကမ္ဘာ့လက်ဝှေ့ သရဖူကို ပြိုင်ဘက်ကင်းအောင်ယူခဲ့တယ်၊ အခုမျက်မှောက်ခေတ်ကမ္ဘာ့လက်ဝှေ့ကျော် မိုဟမ္မဒ်အလီ (ခေါ်) ကလေးဟာလဲ ဒီစိတ်ဓာတ်မျိုးနဲ့ဖော်ထုတ်ပါဝင်ခဲ့သူပါ။ ကမ္ဘာ့လက်ဝှေ့ ချန်ပီယံဘွဲ့ကို လူမည်းတွေအချင်းချင်းတစ်ယောက်ပြီးတစ်ယောက် လှည့်ယူခဲ့ကြတယ်၊ ဒါကလက်ဝှေ့မှာ။

ဟော–အပြေးဘက်ကိုကြည့်ဦး၊ ဂျိုးလူဝစ်ဟာ ကမ္ဘာ့လက်ဝှေ့ကျော်မိုဟမ္မဒ်အလီ ကမ္ဘာ့လက်ဝှေ့နယ်ပယ်မှာထိပ်သီးနေရာက သရဖူဆောင်းနေသလို၊ သူ့ခေတ်နဲ့သူ ယူထားခဲ့သလို ဂျက်စီအိုဝင်ကလဲ အမေရိကန်လူဖြူအားကစားသမားတွေကို အပြတ်အနိုင်ယူခဲ့တယ်၊ ဒါတင်မကသေးဘူး၊ ကမ္ဘာ့အိုလံပစ်ပွဲတွေမှာလဲ အမေရိကန်လူဖြူတွေထက် အဘအမေရိကန်နိုင်ငံအတွက်၊ ရွှေ–ငွေ–ကြေးတံဆိပ်တွေ ယူပေးခဲ့တယ်၊ အမေရိကန်ရှိ လူဖြူတွေတင်မကဘူး ကမ္ဘာ့လူဖြူတွေပေါ်လဲ အနိုင်ယူခဲ့တယ်လေ။

၁၉၃၆ခု၊ ဂျာမန်ဟစ်တလာ အုပ်စိုးစဉ်က ကမ္ဘာ့အိုလံပစ်ပွဲကို ဘာလင်မှာကျင်းပခဲ့တယ်၊ ကမ္ဘာ့အပြေးသမား ရွှေတံဆိပ်အများကြီးရခဲ့တဲ့ဂျက်စီအိုဝင်ကိုနာဇီဟစ်တလာက လက်ဆွဲနှုတ်မဆက်ဘူးတဲ့၊ အမေရိကန်လူဖြူတွေကိုတောင်သူတို့ဂျာမန်အနွယ်လို မျိုးသန့်မဟုတ်လို့ လက်ဆွဲနှုတ်မဆက်ချင်ရတဲ့အထဲအမေရိကန်နီဂရိုးလို လူမည်းတွေကျတော့ သာလို့တောင် လက်ဆွဲနှုတ်ဆက်ဖို့ဝေလာဝေးပေါ့၊ မတူမတန်လို့ လက်ဆွဲနှုတ်ဆက်ဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတဲ့အပေါက်ပဲ။

ဟစ်တလာတို့ ဂျာမန်လူမျိုးတွေက အိုင်ရီယန်အနွယ်တဲ့။ သွေးပေါင်းရောနေပြီးမှ အမေရိကန်လူမျိုးလို့ဖြစ်လာတဲ့ အမေရိကန်လူဖြူတွေနဲ့ လက်မဆွဲနိုင်လို့ဆိုနေမှတော့ ဂျက်စီအိုဝင်လိုလူမည်းတွေကို လက်ဆွဲနှုတ်ဆက်မတဲ့လား။ အဲဒါကြောင့် ဂျက်စီအိုဝင်တို့လို လူမည်းအဖွဲ့က ဘယ်စိတ်မနာဘဲ နေနိုင်မတဲ့လဲ။ လူလူချင်းခွဲခြားလို့ ဘယ်သူပဲဖြစ်ဖြစ် စိတ်နာရင် တစ်နည်းနည်းနဲ့ လက်စားချေမယ်၊ အနိုင်ယူပစ်မယ်ဆိုတဲ့စိတ်မျိုး၊ မခံချိမခံသာ စိတ်မျိုးပေါ်လာမှာကတော့သဘာဝပဲ။

ဒီတော့ ဂျက်စီအိုဝင်အနေနဲ့ အမေရိကန် မျက်နှာဖြူသွေးစုပ်ချယ်လှယ်တဲ့ ဓနရှင်ကြီးတွေပေါ်တင်မကဘူး နာဇီဟစ်တလာတို့လို လူမျိုးဖြစ်တဲ့၊ မင်းတို့နဲ့မတူမတန်ဘူးဆိုတဲ့ လူတန်းစားခွဲခြားတဲ့၊ အသားအရောင်ခွဲခြားတဲ့ လူတွေအပေါ် အားကစားနဲ့ အလဲထိုးအနိုင်ယူပြလိုက်တယ်။ သူတို့မျက်ခုံးမွေးပေါ် စကြဲလျှောက်ပြခဲ့တယ်။ အမေရိကန်လူဖြူများနဲ့ အိရိယန်ဆိုတဲ့ နာဇီဟစ်တလာကို မဟာအရှက်တော် ရစေခဲ့တယ်လေ။

အဲဒီထုံးနှလုံးပြုပြီး ကမ္ဘာ့ကျော်လက်ဝှေ့သမား ဂျိုးလူဝစ်စိတ်ဓာတ်၊ ကမ္ဘာကျော်အပြေးသမား ဂျက်စီအိုဝင်တို့ရဲ့ စိတ်ဓာတ်မျိုးနဲ့ ဆရာကြီးရဲ့ ကျောင်းသားတွေက အင်္ဂလိပ်နယ်ချဲ့အစိုးရကို ကာကွယ်ထိန်းပေးနေတဲ့ ပုလိပ်တွေ၊ စစ်ရဲတွေ– စစ်သားတွေကို လက်ဝှေ့နဲ့ အနိုင်ယူခဲ့ကြပါသတဲ့။

ဗဟိုအမျိုးသား အထက်တန်းကျောင်းက ကျောင်းချင်းယှဉ်ပြိုင် ထိုးသတ်တဲ့အခါမှာပဲဖြစ်ဖြစ်၊ နယ်ချဲ့လက်ပါးစေ ကြေးစားတပ်တွေနဲ့ ယှဉ်ပြိုင်ထိုးသတ်တဲ့အခါမှာပဲဖြစ်ဖြစ်၊ အမှတ်နဲ့ဆိုရင် ဆရာကြီးရဲ့ လက်ဝှေ့ကျော်တွေက ရှုံးတာများတယ်။ ဒါပေမယ့် ဗဟိုအမျိုးသားကျောင်းက အလဲထိုး (နောက်ကောက်)ပြီး အနိုင်ယူခဲ့တာက များပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတော့ ကျောင်းတွေပိတ်လိုက်ရတယ်။ ဗဟိုအမျိုးသား အထက်တန်းကျောင်းလဲ ပိတ်လိုက်ရတယ်။ တစ်ပါတည်း လက်ဝှေ့ထိုးသတ်ခြင်းဟာလဲ ယာယီရပ်ဆိုင်းသွားပါတယ်။

စစ်ကြီးဖြစ်လာတော့ ဗဟိုအမျိုးသား အထက်တန်းကျောင်းက ကျောင်းသားအများစုဟာ မြန်မာ့လွတ်လပ်ရေး တပ်မတော်ထဲ လိုက်သွားကြတယ်။ လူနည်းစုကသာ အင်္ဂလိပ်စစ်တပ်ထဲ လိုက်သွားတယ်။

ကျားဘငြိမ်းကတော့ အင်္ဂလိပ်တပ်မှာ ပစ္စည်းထိန်းအဖြစ် ဝင်ရောက်အမှုထမ်းခဲ့တယ်။ အင်္ဂလိပ်တွေ မြန်မာပြည်ကအဆုတ်မှာ မြစ်ကြီးနားအထိ ပါသွားခဲ့တယ်။ အဲ့ဒီကနေ တပ်ကထွက်ပြီး မန္တလေးပြန်ခဲ့တယ်။

ဒီအချိန်က ဗမာမွတ်ဆလင် အမျိုးသားအားလုံးလောက် နီးနီးဟာ မန္တလေးရဲ့ တောင်ဘက်အနီးရှိ ဘုံးအိုး (အမရပူရ ဘုံးအိုး)ဆိုတဲ့ ဗမာမွတ်ဆလင် အမျိုးသားအများစုနေတဲ့ ရွာကြီးဆီ တိမ်းရှောင်နေကြတယ်၊ ကျားဘငြိမ်းဟာလည်း သူ့ဆွေမျိုးမိဘများရှိရာ ဘုံးအိုးကိုပဲလိုက်သွားတယ်။

ဘုံးအိုးမှာ ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိတယ် "ဆရာကြီးချပေး လိုက်တဲ့ လက်ဝှေ့မျိုးစေ့ ရှင်သန်ရေးအတွက် ဗဟိုအမျိုးသား အထက်တန်း ကျောင်းသားတွေဟာ ရောက်ရာအရပ်မှာလက်ဝှေ့ပညာ ပြန့်ပွားစေခဲ့တယ်။ ဖြန့်ဖြူးစေတယ်" ဆိုတဲ့ ဆောင်ပုဒ်အရ ကျားဘငြိမ်းကပဲ ညနေညနေမှာ ဘုံးအိုးရှိ ဗမာမွတ်စလင် လူငယ်တွေကို လက်ဝှေ့ပညာ ဆက်သင်ပေးတယ်။

ဒီမှာလူငယ်အစည်းအရုံးနဲ့ ဝန်ထမ်းအဖွဲ့လည်းရှိတယ်၊ ကိုမောင်မောင် (အခုအငြိမ်းစား ဗိုလ်မှူးကြီးတင်စိုး)က အာရှလူငယ်အစည်းအရုံး တာဝန်ခံဖြစ်တယ်၊ ဒါပေမယ့် ဂျပန်ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေးသမား ဖြစ်တယ်။ အာရှလူငယ် အစည်းအရုံးမှာ အားကစားဌာနလဲရှိတော့ အာရှလူငယ်ဇင် ဗမာမွတ်စလင်လူငယ်တွေဟာ အဲဒီဘုန်းကြီးကျောင်းမှာ စုစုပြီး ကာယဗလ လုပ်ငန်းတွေ လုပ်ကြတယ်၊ စန္ဒရားလဲရှိတော့ တချို့က စန္ဒရားတီး၊ တချို့ကကျားထိုး၊ တချို့က လက်ဝှေ့ထိုး၊ တချို့က အလေးမ စတဲ့ ကိုယ်ကြိုက်နှစ်သက်ရာ ကစားနည်းတွေကို ကစားကြတယ်။

အဲဒီမှာ ကိုမောင်မောင်နဲ့ ကျားဘငြိမ်းတို့က ပြိုင်ပွဲတွေ လုပ်ပေးတယ်။

ဒီလိုဗမာမွတ်စလင် အမျိုးသားအများစု၊ စုစုပြီး ကိုယ်ကြိုက်နှစ်သက်ရာ ကစားမျိုးတွေ ကစားကြတော့၊ ရပ်ကွက်ကတောင် အဲဒီဘုန်းကြီးကျောင်းကို "ဇေတဝန်ကျောင်း" လို့ နောက်ပြောင်ပြီး ခေါ်ဝေါ်သမုတ်ကြပါသေးသတဲ့။

စစ်ကြိုခေတ်၊ ဒို့ဗမာအစည်းအရုံးခေတ် မတိုင်ခင်က မြန်မာမွတ်စလင် အမျိုးသားတွေကို ဇေဒဘာဒီ၊ ဇေစတဲ့နာမည်မျိုးနဲ့ ခေါ်ကြတယ်။ အဲဒီဇေဒဘာဒီ တွေစုကစားကြလို့ "ဇေတဝန်ကျောင်း" ရယ်လို့ သမုတ်ခြင်းဖြစ်ပါတယ်။

မန္တလေးမှာ ဖက်ဆစ်ဂျပန်ကို ဗိုလ်မှူးဗထူးခေါင်းဆောင်တဲ့ ဗမာ့ကာကွယ် ရေးတပ်မတော် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့က မတ်လ(၈)ရက်နေ့မှာ စတင် တော်လှန်လိုက်တယ်၊ အဲဒီနောက်(၁၄) နံပါတ် အင်္ဂလိပ်တပ်တွေလဲ ရွှေဘိုကွင်းက မတ္တရာဘက်လှည့်ပြီး မန္တလေးကိုဖုံးကြဲ၊ အမြောက်နဲ့ပစ်ပြီး ဝင်သိမ်းဖို့ လုပ်နေတယ်။

စစ်သားတွေစစ်နားတဲ့အခါမှာ ဘောလုံးကစားတယ်၊ လက်ဝှေ့ထိုးတယ်၊ အဲဒီလိုကနေ ကျားဘငြိမ်း လက်ဝှေ့ထိုးတတ်တယ် ဆိုတဲ့သတင်း ရောက် သွားတယ်။ ဒီအချိန်က ကျားဘငြိမ်းက (၁၈)(၁၉) နှစ်အရွယ်ပဲ ရှိသေးတယ်၊ စစ်တပ်က လက်ဝှေ့ထိုးဖို့ လာခေါ်တော့လိုက်သွားရတယ်။

စကော့စစ်သားနှစ်ယောက်နဲ့ ကျားဘငြိမ်းတို့ ထိုးစေတယ်။ စကော့စစ်သား တစ်ယောက်နဲ့ထိုးရာမှာ ကျားဘငြိမ်းလက်သီး မိသွားတော့ စကော့ရဲ့နှာခေါင်း စုပ်ပြတ်သွားတယ်။ အဲဒီတပ်က မေဂျာအော်ရင်းဆိုတဲ့ အင်္ဂလိပ်ဗိုလ်မှူးက သူ့လက်စွပ်တစ်ကွင်း ချွတ်ပြီး ကျားဘငြိမ်းကို ဆုအဖြစ် ချီးမြှင့်လိုက်တယ်၊ ဒါဟာကျားဘငြိမ်းအတွက် ပထမဆုံးသော အောင်ပွဲဖြစ်သတဲ့။

ဖက်ဆစ်ဂျပန်တွေအပြီးအပိုင် လက်နက်ချ၊ စစ်တွေလဲပြီးတော့ ပြာပုံဘဝ ရောက်နေတဲ့ ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးကိုလဲ ဖြစ်သလို ဆရာကြီးကပဲ ဦးဆောင်ဖွင့်ခဲ့တယ်၊ ကျောင်းကြီးပြန်ဖွင့်ပြီ ဆိုလိုက်တာနဲ့ လက်ဝှေ့ဟာလဲကျောင်းကြီးနဲ့အတူ ပြန်လည်အသက်ဝင် လှုပ်ရှားလာ ပါတယ်။

မန္တလေးမှာ ကျားဘငြိမ်းကို အကြောင်းပြုပြီး ဗမာမွတ်ဆလင် လူငယ်တွေကလဲ တော်တော်လက်ဝှေ့ လိုက်စားလာပါတယ်၊ ကျားဘငြိမ်း ကိုယ်တိုင်လည်း "ကျား" လက်ဝှေ့အသင်းကို ဦးစီးဖွဲ့ပေးလိုက်တယ်၊ အဲဒီနောက် ကိုဘငြိမ်းကို ကျားဘငြိမ်းဆိုပြီး ဖြစ်လာတယ်။

၁၉၄၇ခု၊ ဇူလိုင်လလယ်ထဲမှာ ကျားဘငြိမ်းခေါင်းဆောင်တဲ့ မန္တလေး လက်ဝှေ့သမားတစ်စုဟာ မြို့မကျောင်းမှာ တည်းခိုနေကြတယ်။ ရန်ကုန် လက်ရွေးစင်များနဲ့ ဇူလိုင်(၁၉)ရက်နေ့ညမှာ စတင်ပြီး မြို့မကျောင်း လက်ဝှေ့ကြီးဝိုင်းမှာ ယှဉ်ပြိုင်ထိုးသတ်ရမှာ ဖြစ်ပါတယ်၊ ဒီမန္တလေးလက်ရွေးစင် လက်ဝှေ့အကျော်အမော်တွေဟာ ဆရာကြီးဦးရာဇတ်ရဲ့ ကျောင်းသားဟောင်းများ ဖြစ်ပါတယ်။ သူတို့က–

ကျားဘငြိမ်း – (အားကစားနည်းစနစ်မှူး(လက်ဝှေ့)
ကိုခင်မောင် – (အခုပါမောက္ခ–အင်္ဂလန်မှာဘွဲ့ရခဲ့သူ)
ကိုမြသောင်း – (ဘီအက်စ်စီ၊ အင်္ဂလန်–မြူနီစပါယ်အလုပ်ဝန်)
ကိုတင်အေး – (အခု ဒေါက်တာတင်အေး အမ်ဘီဘီအက်စ်)
ကိုဆွေ – (နယ်ပိုင်)
ကိုကျော်ညွန့် – (မှတ်ပုံတင်အရာရှိ)
ကိုတင်အောင် – (အခု ဒေါက်တာတင်အောင်၊ အမ်ဘီဘီအက်စ် မန္တလေး)
ကိုမြင့်အောင် – (အခုဘီအက်စ်စီ၊ အားကစားမှူး၊ မန္တလေးတက္ကသိုလ်)

ကိုမျိုးသန့်  – (ဗိုလ်မှူးမျိုးသန့်)
ကိုသန်းတင်  – (အခုဗိုလ်ကြီး)
ကိုထွန်းတင်  – (ဘီအက်စ်၊ အမေရိကန်ပြန်၊ ရန်ကုန် ဂျီတီအိုင် ကထိက)
ကိုလေးမောင် – (ယခင်မီးခြစ်လုပ်ငန်းတွင် ဝင်လုပ်ပြီး ထွက်သွားသူ)
စတဲ့ ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။

ကျားဘငြိမ်းက ရန်ကုန်ကလက်ဖွေ့ကျော် အာရ်အဲလစ်နဲ့ ယှဉ်ပြိုင်ထိုးသတ်ရန် ဖြစ်ပါတယ်။ ကျားဘငြိမ်းက လုပ်စရာကိစ္စလေးတွေ ရှိတဲ့အတွက် ဇူလိုင်(၁၈) ရက်နေ့က ဆရာကြီးဆီ ဂါရဝပြုဖို့ လိုက်မသွားဘူး။ ကျန်လက်ဖွေ့သမားများက အတွင်းဝန်ရုံးမှာ ဆရာကြီးကို ဂါရဝပြုကြတယ်။

ဆရာကြီးက ကျားဘငြိမ်းပါလာတာ မမြင်တဲ့အတွက် "ဟိုအကောင်ကော ဘာလို့လိုက်မလာသလဲ" လို့မေးသတဲ့။ ဗိုလ်ချုပ်အောင်ဆန်းတို့ ဆရာကြီးတို့ သေနတ်ပစ်မခံရခင်ကလေးမှာ အစည်းအဝေးခန်းမထဲက ဆရာကြီးထွက်လာပြီး ဦးချစ်ဆွေကိုမှာတယ်၊ မန္တလေးက လက်ဖွေ့သမားတွေမှာ လူကြီးမပါလို့ စိတ်အားငယ်နေမလားလို့ တွေးမိဟန်တူပါတယ်။ ဒါကြောင့်သူ့အပါးတော်မြဲ ဦးချစ်ဆွေကို တွေ့ပြီးတော့ ဒီလိုမှာတယ်။

"ဟော့ကောင် မန္တလေးက ကောင်ကလေးတွေကို ပစ်မထားနဲ့ မင်းလိုက်သွားဦး၊ သူတို့မှာ လူကြီးမပါဘူး၊ မင်းပဲလူကြီးသွားလုပ်ချေ၊ ညကျရင် ဗိုလ်ချုပ်နဲ့ ငါလာကြည့်မယ်လို့ ပြောလိုက်၊ အဲဒါကိုလဲ စိစဉ်လိုက် အခုပဲသွားကွာ"

(ဆွေ/အပါးတော်မြဲ ဦးချစ်၊ ဟံသာဝတီ သတင်းစာ အချပ်ပို(ခ) ၁၈–၇–၇၀)

အဲဒါကြောင့် ဦးချစ်ဆွေလည်း မြို့မကျောင်းမှာ တည်းခိုနေတဲ့ မန္တလေးလက်ဖွေ့သမားများဆီ လိုက်သွားတယ်၊ သူမြို့မကျောင်းကို ရောက်ပြီး မကြာမတင်ဘဲ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဆရာကြီးတို့ လုပ်ကြံခံရတယ်ဆိုတဲ့ အမင်္ဂလာသတင်းကြီး အပြေးအလွှား ရောက်လာတော့တယ်။

ကျားဘငြိမ်းကလဲ အဲဒီ(၁၉) ရက်နေ့မနက် လက်ဖွေ့ထိုးဖို့ ကိုယ်အလေးချိန် ချိန်တာတို့ ဆေးစစ်တာတို့ပြီးမှ ဆရာကြီးကို ဂါရဝပြုဖို့ သွားပါတယ်။ ဒါပေမယ့် သူမရောက်ခင် ဆရာကြီးတို့ဟာ လူမသမာတစ်စုရဲ့ လက်ချက်ကြောင့်

ခြင်းခြင်းနီတဲ့ သွေးကွက်ထဲမှာ အသက်ပျောက်ခဲ့ရှာပြီ၊ ဆရာကြီးကိုကား မတွေ့လိုက်ရတော့ပါ။

ဆရာကြီးကျဆုံးသွားပြီဆိုတဲ့ သတင်းလဲကြားရော လက်ဝှေ့သမားတွေ အားလုံးလဲ ငိုကြပါလေရော။ ဒီကြေကွဲဝမ်းနည်းစရာကောင်းတဲ့ အဖြစ်ဆိုးကြောင့် လက်ဝှေ့ပွဲလဲပျက်သွားပါတယ်။ နှစ်ရက်လောက်နေပြီးတော့ လက်ဝှေ့သမား တွေဟာလဲ စာဖွဲ့ဖြေနိုင်အောင်မရှိတဲ့ ဝမ်းနည်းကြေကွဲမှုနဲ့ မန္တလေးကို ပြန်ကြ ပါတော့တယ်။

နယ်ချဲ့လက်ပါးစေတွေက ဆရာကြီး ကိုယ်ခန္ဓာနဲ့အသက် ချုပ်ငြိမ်း အောင် တတ်နိုင်စွမ်းရှိခဲ့ပေမယ့် ဆရာကြီးရဲ့ နာမည်ကိုကား စက်သေနတ်တွေနဲ့ ပစ်သတ်လို့မရနိုင်ခဲ့ပါ။ အလားတူပဲ ဆရာကြီးရဲ့ လက်ရာတစ်ခုဖြစ်တဲ့ လက်ဝှေ့ထိုးသတ်ခြင်း လုပ်ငန်းကိုလည်း နယ်ချဲ့လက်ပါးစေတွေက မြေမြှုပ် သင်္ဂြိုဟ် မပစ်နိုင်ကြပါ။

ဆရာကြီး အသက်နဲ့ကိုယ်ခန္ဓာ ကျဆုံးကွယ်ပျောက်ခဲ့ပေမယ့် ဆရာကြီး နာမည်က မကွယ်ပျောက်ခဲ့ပါ။ အလားတူ ဆရာကြီးစိုက်ပျိုးခဲ့တဲ့ လက်ဝှေ့ ပညာဟာလဲ ဆက်လက်ရှင်သန် ကြီးထွားလို့ပင် လာခဲ့ပါတော့တယ်။

ကျားဘငြိမ်းရဲ့ သူငယ်ချင်း ဦးဘာဝါးဆိုသူဟာ တစ်နေ့ ကျားဘငြိမ်းဆီ ရောက်လာတယ်၊ ကျားဘငြိမ်း ထိုးသတ်ပုံ ထိုးသတ်နည်းတွေကြည့်ပြီး အကြံပေး တိုက်တွန်းလာတယ်။

> "ငါ မင်းရဲ့ လက်ဝှေ့ပညာ အကဲခတ်ကြည့်တယ်၊ ဒီအတိုင်း ဆိုရင် မင်း(၄၈)ခုနှစ်လုပ်မယ့်၊ ကမ္ဘာ့အိုလံပစ်ပွဲတော်မှာ ပါဝင်ထိုးသတ် နိုင်တဲ့ အလားအလာရှိတယ်၊ အခုအတိုင်းဆိုရင်၊ အိန္ဒိယက လက်ဝှေ့ သမားတွေ ကို အလွယ်တကူနဲ့ နောက်ကောက်ချနိုင်တယ်၊ အဲဒီတော့ ကမ္ဘာ့အိုလံပစ်ပွဲမှာ ပါဝင်ထိုးနိုင်အောင် မင်းကြိုးစားပါ"

အဲ့ဒီလို အကြံပေးစကားတွေ ပြောပြီးနောက်၊ မကြာခင်ပဲ ဦးဘာဝါ အိန္ဒိယကို ထပ်ပြန်သွားပြန်တယ်။

သူဟာ စစ်ဖြစ်ခါနီး အိန္ဒိယပြန်သွားတယ်၊ စစ်အတွင်း အိန္ဒိယမှာပဲ နေရစ်ခဲ့တယ်၊ စစ်ပြီးမှ မြန်မာပြည်ပြန်ခဲ့တယ်။ ကျားဘငြိမ်းရဲ့ လက်ဝှေ့ စွမ်းအားကို ကြည့်ပြီး ကမ္ဘာ့အိုလံပစ်ဝင်ဖို့ ပြောသွားခြင်းပါ။

အဲ့ဒီလို အားပေးတိုက်တွန်းတော့ ကျားဘငြိမ်းလဲ အပြင်းအထန် ကြိုးစားလာတယ်။ လူရွေးပွဲတွေအတွက် ရန်ကုန်ကိုလာထိုးတယ်။ ရှုံးပြီး ပြန်သွားရတယ်။ နောက်ထပ် ရန်ကုန်ဆင်းထိုးတော့ နိုင်တယ်။ ၄၈–ခု ကမ္ဘာ့အိုလံပစ် လူရွေးပွဲအတွက် ရန်ကုန်ကိုထပ်ပြီး သွားထိုးရပြန်ပါတယ်။ ဒါပေမယ့် သူကားရှုံးခဲ့ရှာတယ်။

အဲဒီမှာ ဦးဘာဝါ အိန္ဒိယက ပြန်ရောက်လာပြန်တယ်၊ ကျားဘငြိမ်းကို တွေ့တော့ တအံ့တဩ မေးတယ်။

"ဘယ့်နှယ်လဲ မင်းအိုလံပစ်ကို ပါမသွားဘူးလား" တဲ့။

သိတဲ့အတိုင်းပဲ ကျွန်တော်က ဆိုင်းဘုတ်ရေးစားနေရတယ်၊ သူတစ်ပါးလုပ်အကိုင်က မကောင်းတော့ စီးပွားရေးကကျပ်တည်းတယ်၊ အဲဒါကြောင့် အလေ့အကျင့်က မမှန်ဘူး၊ စိတ်တိုင်းကျလေ့ကျင့်ဖို့ အချိန်မပေးနိုင်ဘူး ဒါကြောင့် လူရွေးပွဲမှာ ကျွန်တော်ရှုံးခဲ့ရတယ်"

လို့ ကျားဘငြိမ်းက မချင့်မရဲဖြေလိုက်တယ်။

ဆရာကြီးရှိစဉ်တုန်းက လက်ဝှေ့ထိုးသတ်ခြင်းကို ကျောင်းသူကျောင်းသား တွေကအားပေးခဲ့တယ်၊ ဆရာ–ဆရာမတွေကလည်း အထူးတလည် စိတ်ပါ လက်ပါနဲ့အားပေးခဲ့ပါသတဲ့။ ဆရာ–ဆရာမထဲက ထူးထူးခြားခြား လက်ဝှေ့ကို ရှေ့ဆောင်ရှေ့ရွက်အဖြစ် ဆောင်ရွက်ပေးခဲ့သူက ဆရာဦးခင်မောင်ကလေးတဲ့။

ဆရာဗိုလ်ခင်မောင်ကလေးဟာ ဒုတိယကမ္ဘာစစ်ကြီး ဒီဘက်ပိုင်းမှာ လက်ဝှေ့နဲ့မကင်းကွာဘူး။ သူဟာမြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တယ်၊ (၉) နှစ်တိတိဥက္ကဋ္ဌလုပ်ခဲ့တယ်။ ဥက္ကဋ္ဌသက်တမ်း အကြာဆုံး ဖြစ်တယ်။

စစ်ကြီးဒီဘက်ခေတ် အင်္ဂလိပ်လက်ဝှေ့သမိုင်းမှာ ဗိုလ်ခင်မောင်ကလေး ဦးစီးတဲ့ ခေတ်ဟာ အတက်ကြွဆုံး အအောင်မြင်ဆုံးဖြစ်ခဲ့ပါသတဲ့။ ၁၉၅၇ခုနှစ်က ငါးနိုင်ငံ လက်ဝှေ့ထိုးသတ်ပွဲ အားလုံးကိုလဲ ဗိုလ်ခင်မောင်ကလေးကပဲ တာဝန်ယူခဲ့ခြင်းဖြစ်တယ်၊

အခုလဲမန္တလေးမှာ လက်ဝှေ့ကို ကွပ်ကဲနေတဲ့ ပုဂ္ဂိုလ်တွေလဲ ဆရာကြီး ကျောင်းသားဟောင်းတွေချည်းပါပဲ။

လက်ဝှေ့နဲ့တိုင်းပြည်ဂုဏ်ကို "ကမ္ဘာတစ်လွှားမှာ မြန်မာပေါ့" လို့မြန်မာ တံခွန်ကို ထိပ်တန်းက လွှင့်ထူပေးခဲ့တဲ့ လက်ဝှေ့အကျော်အမော်တွေကို ဗဟို အမျိုးသားအထက်တန်းကျောင်းက မွေးထုတ်ပေးခဲ့ပါတယ်။ သူတို့က–

ကိုမျိုးသန့် – ၁၉၄၈ခု၊ လန်ဒန်အိုလံပစ်မှာ ကနေဒါပြည်သား အော့လက်(စ)ဆန်ဒူရိုးကို အနိုင်ထိုးခဲ့သူ

ကျားဘငြိမ်း– ၁၉၅၂ခု ဖင်လန်နိုင်ငံ ဟဲလ်စင်ကီအိုလံပစ်မှာ သွားရောက်ယှဉ်ပြိုင်ခဲ့တယ်။

ကိုစံလှ – (လက်ရွေးစင် ပုံနှိပ်တိုက်၊ ၃၂လမ်း၊ ရန်ကုန်) ၁၉၅၂ခုဟဲလ်စင်ကီး အိုလံပစ်မှာ သွားရောက်ယှဉ် ပြိုင် ထိုးသတ်ခဲ့တယ်။

ကိုသန်းထွန်း– (အခု မန္တလေးတရုတ်တန်း) ၁၉၆၀ခု၊ ရောမအိုလံပစ်မှာ သွားရောက် ယှဉ်ပြိုင်ခဲ့တယ်။

ကျားဘငြိမ်းနဲ့ ကိုသန်းထွန်းတို့ဟာ အရှေ့တောင်အာရှမှာ ဗိုလ်စွဲတဲ့ လက်ဝှေ့အကျော်အမော်ပေါ့။

ကိုအုန်းရွှေ(ကွယ်လွန်)ဟာ စတုတ္ထကျွန်းဆွယ် လက်ဝှေ့ပွဲမှာ ကြေး တံဆိပ်တောင် ရခဲ့ပါသေးတယ်။

ဆရာကြီး ချပေးခဲ့တဲ့ လက်ဝှေ့ပညာကို ဆက်လက်ရှင်သန် တိုးတက် ကျယ်ပြန့်လာရေးအတွက် အမျိုးသား ကျောင်းသားဟောင်းတွေဟာ ရောက်လေရာအရပ်ဒေသ ဌာနတွေကနေ ပြုစုပျိုးထောင်ကြပါသတဲ့။

ဆရာဗိုလ်ခင်မောင်ကလေး၊ ဗိုလ်မှူးကြီးဟောင်းခင်ညို၊ ဗိုလ်မှူးကြီးဟောင်း ဘရွှေ၊ ကျားဘငြိမ်း၊ ဦးချစ်အုံး အစရှိတဲ့ ဗဟိုအမျိုးသား ကျောင်းသားဟောင်းတွေ ဘယ်သူကမှ တာဝန်မပေးပေမယ့် ကိုယ့်အသိနဲ့ပဲ လက်ဝှေ့ပြန့်ပွားရေးကို အဆက်မပြတ် လုပ်ခဲ့ကြတာတွေကို တွေ့ရပေမယ်။ ဗိုလ်မှူးကြီးဘရွှေကိုကြည့်၊ ဗိုလ်မှူးကြီးဘရွှေကလဲ ဂျပန်မှာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင် နေစဉ်မှာ လက်ဝှေ့နဲ့ပတ်သက်ပြီး သတင်းတွေ အဆက်မပြတ် ပို့ပို့ပေးတယ်။ မက်စီကိုအိုလံပစ် ပြိုင်ပွဲတုန်းကလဲ မက်စီကိုမှာကျင်းပတဲ့ လက်ဝှေ့သတင်းတွေကို သူကပဲ ဦးဦးဖျားဖျား မြန်မာပြည်ကို အရောက်ပေးပို့ခဲ့တယ်။ ဆရာကြီးရဲ့ တပည့်တွေဟာ လက်ဝှေ့ပေါ်ဒီလောက်ထိ သံယောဇဉ်တွယ်တာခဲ့တာပါ။

ကျားဘငြိမ်းကိုကြည့်ရင်လဲ ဒီအတိုင်းပဲ တွေ့ရပါတယ်။ ဆရာကြီး မြတ်နိုးတဲ့လက်ဝှေ့ပညာကို ကျားဘငြိမ်းက မြန်မာပြည်အစွန်ဖျားဆုံး၊ မြစ်ကြီးနား အောက်မြန်မာပြည်အစွန်ဆုံး၊ ရေး၊ မြိတ်–ထားဝယ်ထိ ပြန့်ပွားစေခဲ့တယ်။ လက်တွေ့သင်ကြား ပေးခဲ့တယ်။ လက်ဝှေ့နဲ့ပတ်သက်ပြီး ဝါဒဖြန့်ချိပေးခဲ့တယ်။ စာစောင်တွေမှာ ဆောင်းပါးတွေရေးပေးခဲ့တယ်။ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်က အသိအမှတ်ပြုတဲ့ လက်ဝှေ့ဒိုင်စာရင်းထဲမှာ ကျားဘငြိမ်းတစ်ယောက် ပါဝင်ခဲ့ပါတယ်။

ကမ္ဘာ့လက်ဝှေ့ အဖွဲ့ချုပ်ကပေးတဲ့ ပုင်လူကြီးဒီပလိုမာဘွဲ့ကို ၁၉၆၄ခုနှစ်၊ ဧပြီလမှာရခဲ့တယ်။ ဒီ ဒီပလိုမာဘွဲ့အတွက် စာမေးပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ သွားဖြေဆိုခဲ့ခြင်းပါ။ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အမှုဆောင် လူကြီးများ ကိုယ်တိုင် ဘန်ကောက်မှာ စခန်းဖွင့်ပြီး စစ်ဆေးခဲ့တာပါတဲ့။

၁၉၆၄ ခုနှစ်က ရန်ကုန်၊ ပ–လ–က အနုပညာဌာနက ပန်းပုဆရာကြီး ဦးဟန်တင်က၊ ကျားဘငြိမ်းဟာ ဒိုင်လူကြီး ဒီပလိုမာဘွဲ့ရတဲ့အတွက် သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကိုယ်တစ်ပိုင်း လက်ဝှေ့ထိုးမယ့်ဟန်ပုံကို ပန်းပုထုလုပ်ပြီး လက်ဆောင်ပေးခဲ့ပါတယ်။

ကျားဘငြိမ်းဟာ လက်ဝှေ့နဲ့ပတ်သက်တဲ့ ဆောင်းပါးများ စာအုပ်များ ရေးသားခဲ့ပါတယ်။ သူရေးခဲ့တဲ့ စာအုပ်တွေက–

(၁) သဲခင်းပေါ်မှာ သွေးတစ်ကွက်(လက်ဝှေ့ဝတ္ထု)
(၂) မင်းခေါင်(မြန်မာရာဇဝင်လူဆိုး)
(၃) ကမ္ဘာကျော်လက်သီးမည်းကြီးများ(လက်ဝှေ့အတ္ထုပ္ပတ္တိ)
(၄) မိုဟမ္မဒ်အလီ သို့မဟုတ်မဟူရာကေရာဇ်(၁၉၇၄ အောက်တိုဘာ) (၁၉၇၅ ဒီဇင်ဘာ)
(၅) အလီဖရေဇီးယား ပွဲစဉ်အမှတ်(၃) (၁၉၇၅ ဒီဇင်ဘာ)

အမှတ်(၂) အစိုးရအထက်တန်းကျောင်းအဖြစ် ဘဝပြောင်းရပ်တည်ခဲ့တဲ့ ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးက လက်ဝှေ့ကျော်များကို ဆက်လက် မွေးထုတ်ပေးလျက် ရှိနေပါတယ်။ ဦးအောင်သိန်း၊ ဦးသာဋ္ဌေး၊ ဦးအောင်မြင့်၊ ဦးသန်းထွန်း၊ ဦးလှမြင့်စတဲ့ ပုဂ္ဂိုလ်ကြီးများက အနာဂတ် လက်ဝှေ့ကြယ်ပွင့် ကလေးများကို လေ့ကျင့်ပေးလျက် ရှိနေဆဲပါ။

ဆရာကြီးဦးရာဇတ် ပြုစုပျိုးထောင်းပေးခဲ့တဲ့ လက်ဝှေ့မျိုးစေ့ဟာ ဆရာကြီးဦးရာဇတ်ဆိုတဲ့ နာမည်နဲ့အတူ ကမ္ဘာတည်သလောက် ရှင်သန်နေပေလိမ့်ဦးမယ်လို့ဆိုရင် လွန်အံ့မထင်။

* * * * *

"လက်ဝှေ့ဖြင့် အမျိုးသားစိတ်ဓာတ်ကို မြှင့်တင်ပေးတဲ့ ဆရာကြီး" ဆိုတဲ့အခန်းကို အောက်ပါပုဂ္ဂိုလ်များထံမှ ရယူပေါင်းစပ် ရေးသားထားခြင်းဖြစ်ပါတယ်။

ပုဂ္ဂိုလ်များရဲ့ပြောပြချက်–

| | | |
|---|---|---|
| ဆရာဗိုလ်ခင်မောင်ကလေး | – | ဖဆပလဝန်ကြီးဟောင်း ရန်ကုန် ကွယ်လွန် |
| အငြိမ်းစားဗိုလ်မှူးကြီးခင်ညို | – | ရန်ကုန် |
| ဆရာကျားဘငြိမ်း | – | အားကစားနည်းစနစ်မှူး(လက်ဝှေ့) အားကစားနဲ့ကာယပညာ ဦးစီးဌာန၊ အောင်ဆန်းအားကစားပြိုင်ကွင်း။ကွယ်လွန် |
| ဦးချစ်ဆွေ | – | ဝန်ကြီးဦးရာဇတ် အပါးတော်မြဲ မန္တလေး ကွယ်လွန် |
| ဒေါ်မြတင် | – | ယခင် ဗဟိုအမျိုးသား အထက်တန်း ကျောင်း၊ ကျောင်းစာရေး။ |
| ဒု–ဗိုလ်မှူးကြီးတင်အောင် | – | မြန်မာ့တပ်မတော်(လေ) ဗဟိုအမျိုးသား အထက်တန်းကျောင်း ကျောင်းသား |
| ဦးစံဝင်း | – | လက်ထောက် အထွေထွေမန်နေဂျာ အငြိမ်းစား ရန်ကုန်။ |
| ဦးကိုကြီး | – | ရခိုင်ပြည်နယ် စာရင်းရုံး ဦးစီးဌာနမှူး စစ်တွေ။ |

* * * * *

# အခန်း (၁၅)

## စာရေးဆရာအမည်မခံတဲ့ စာဆိုတော်ကြီး ဦးရာဇတ်

ဆရာကြီးဦးရာဇတ်ကို ကျောင်းဆရာကြီးအဖြစ်၊ ဗမာမွတ်စလင်ခေါင်းဆောင်ကြီးအဖြစ်၊ အမျိုးသားခေါင်းဆောင်ကြီးအဖြစ်၊ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ကျဆုံးသွားတဲ့ အာဇာနည်ခေါင်းဆောင်ကြီးအဖြစ်လောက်သာ လူသိများကြတာပါ။

စာဆိုတော်တစ်ဦးအဖြစ် သိသူအင်မတန် နည်းလှပါတယ်၊ လူသိနည်းတယ်လို့ ရေးတာထက် တိုင်းပြည်က မသိသလောက်ပဲလို့ ရေးရရင် လွန်ရာကျမယ်မထင်ဘူး။ ဘာကြောင့်လူသိ အင်မတန်နည်းရသလဲဆိုရင် သူရေးတဲ့စာတွေမှာ ကလောင်နာမည် မခံလို့ဘဲ။ လူသိမခံချင်လို့ လား-ဒါမှမဟုတ်ဘယ်လိုရည်ရွယ်ချက် ရှိလို့လဲဆိုတာတော့ မသိဘူး။

သူက အင်္ဂလိပ်လို ဆောင်းပါးတွေရေးခဲ့တယ်၊ မြန်မာလိုလဲ ဘာသာပြန်စာအုပ်တွေရေးခဲ့တယ်၊ ဒါပေမယ့် နာမည်မခံလို့မသိကြဘူး၊ The Cry (Official Organ of the Muslim Students Society Rangoon)-မှာ သူ့နာမည်နဲ့ တွဲပြီးထွက်လာတဲ့ ဆောင်းပါးတစ်ပုဒ်ပဲ တွေ့ရတယ်။

ကျမ်းပြုသူရဲ့ "အဖွင့်"မှာ စာရေးဆရာ အမျိုးအစားသုံးမျိုးကို အကျမ်းဖျင်းဖော်ပြထားပါတယ်။ ဝါသနာအရ ရေးတဲ့စာရေးဆရာရယ်၊ ဝမ်းစာရေးအတွက်ရေးတဲ့စာရေးဆရာရယ်၊ ပြီးတော့ တာဝန်အရရေးတဲ့စာရေးဆရာရယ်လို့ ဖော်ပြထားပါတယ်။

ဆရာကြီးဟာ ဒီအမျိုးအစားတွေထဲမှာ ပါသလားလို့ ဆန်းစစ်ကြည့်ရင် ဝါသနာအရ ရေးတာလဲ မဖြစ်နိုင်ဘူး၊ ပြီးတော့ ဝမ်းရေးအတွက် ရေးတာလဲ မဟုတ်နိုင်ဘူး၊ ဒါဖြင့်တာဝန်အရ ရေးတာပဲဖြစ်နိုင်တယ် ဆိုရပါမယ်။ သူ့ကိုဘယ်သူကမှ တာဝန်ပေးတာမဟုတ်ဘူး။

သူဟာ ဝါသနာအရ ရေးတယ်ဆိုရင် သူ့ကလောင်ကို သူဖော်ပြပေလိမ့်မယ်၊ ပြီးတော့ စာတွေကိုလဲ မပြတ်ရေးနေပေလိမ့်မယ်။ ဒါပေမယ့် စာတွေကိုမပြတ် သူမရေးခဲ့ဘူး။ သူဟာစာရေးတာ စာဖတ်တာတော့ ဝါသနာထုံသူပါ၊ စာကြည့်တိုက် တစ်ခုလုံးလိုလိုလဲ လောဘတကြီးနဲ့ သူဖတ်ခဲ့တယ်ဆိုတာလဲ ဖော်ပြခဲ့ပြီးပြီ၊ စာဖတ်ဝါသနာပါပေမယ့် စာရေး ကျတော့ ရေးရရင်ပြီးရောဆိုတဲ့ ဝါသနာမျိုးနဲ့ ပင်တိုင်ရေးတာမျိုး မရှိဘူး၊ ဝါသနာရှိပြီး ထင်ပေါ်အောင် သူ့နာမည်ကို အကြောင်းအရာ ခေါင်းစည်းမှာ ထည်ဝါထင်ရှားအောင် ရေးခဲ့တာမျိုးမဟုတ်ဘူး၊ ခြုံပြောရရင် ဝါသနာအရ ရေးတာ မဟုတ်ဘူး။

ကိုင်း ဒါဖြင့် စီးပွားရေး(ဒါမှမဟုတ်)ဝမ်းရေးအတွက် ရေးတာကော မဖြစ်နိုင်ဘူလားလို့ မေးစရာရှိတယ်။ ဝမ်းရေးအတွက် ရေးတာမဟုတ်ဘူးလို့လဲ ဖြေရပါမယ်။ ဘာကြောင့်လဲဆိုရင် သူဟာသူ့ကိုယ်ကို ကြည့်ခဲ့သူမဟုတ်ဘူး၊ သူ့ကိုယ်ကျိုးနဲ့ စီးပွားရေးအတွက်ကိုသာ အဓိကထားတဲ့လူဆိုရင် ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ငတ်ငတ်ပြတ်ပြတ်နဲ့ ဝင်လုပ်နေမှာလဲမဟုတ်ဘူး၊ စိတ်ဓာတ်တက်ကြွလို့ လုပ်မိပေမယ့် နောင်သားနဲ့၊ သမီးနဲ့ ပြီး သူ့မိုခိုတဲ့ အသိုင်းအဝိုင်းကလဲ ရှိလာတယ်ဆိုတော့ တချို့အမျိုးသား ကျောင်းဆရာတွေလို ကျောင်းကို စွန့်ခွာသွားသလိုသွားမယ်၊ တချို့ဘွဲ့ပြန်ယူမယ်။ ဘီစီအက်(စ်)၊ အိုင်စီအက်(စ်) ဖြစ်အောင်လုပ်ပြီး ထည်ထည်ဝါဝါနေမယ်၊ ဒါမှမဟုတ် ဘွဲ့တွေထပ်မယူလဲ သူ့ကိုအရင်ကပေးခဲ့တဲ့ ပုလိပ်အဖွဲ့မှာ အင်စပက်တော်တိုက်ရိုက်ခန့်ကနေ ဝင်လုပ်ချင်လုပ် မယ်။

ဒါပေမယ့် ဒါတွေကို သူတစ်ခုမှမလုပ်၊ သူ့ဘဝအတွက် ဝမ်းရေးကို ထိပ်တန်းမတင်၊ စီးပွားမဖက်၊ ရတာလေးနဲ့ လောက်အောင်စားပြီး တင်းတိမ်နေခဲ့သူမို့၊ သူစာရေးတာဟာ ဝမ်းရေးအတွက် တစ်ဖက်တစ်လမ်းက အခုခေတ်စကား–"ဘော်ချက်တာ၊ ဝက်ခုပ်တာလဲမဟုတ်၊ ဒါကြောင့်စီးပွားရေးအရ၊ ဒါမှမဟုတ် ဝမ်းရေးအတွက် လုပ်တာလဲမဖြစ်နိုင်ဘူးလို့ တင်ပြရတာပါ။

ငွေရဖို့ ဝမ်းရေးအတွက်သာဆိုရင်လဲ စာတွေအမြဲတမ်း ရေးနေမှာပဲ၊ ဝမ်းရေးအတွက် အဓိကပဲဆိုရင် ပေါပင်တွေလိုက်ရေးမယ်၊ ဖြစ်နိုင်ရင် အပြာစာတွေလဲ အစိုးရတားထားတဲ့ စာပေစည်းကမ်းကို ကွေ့ရှောင်ရင်း ရေးမယ်၊ ဆရာကြီးခေတ်ကတော့ အပြာမကလို့ အစိမ်းပဲအကျက်ပဲ၊ အို–တိုင်းပြည်အဆိပ်သင့်လို့ ပြာပုံပဲဖြစ်ဖြစ်၊ လူတွေ အနုမြူပြာသင့်လို့ လူသားအနွယ် တစ်ရပ်လုံး ပျက်ပျက်ပြုန်းရင် ပြုန်းသွားပါစေ၊ ဘယ်စာမျိုးမဆို ရေးခွင့်ရှိတယ်၊ ဒါပေမယ့် အင်္ဂလိပ်နယ်ချဲ့အစိုးရကိုတော့ ကွေ့ရှောင်ပြီး ရေးဖို့လိုတယ်၊ ဂျပန် ဖက်ဆစ်ခေတ်ကျတော့လဲ သူ့ကိုတော်လှန်မယ့် စာကလွဲလို့ အပြာမကလို့ ဘာစာပဲရေးရေး ရတယ်။

ဝမ်းရေးအတွက်ဆိုရင်တော့ ထုတ်ဝေသူတွေရဲ့ ကျေးကျွန်ပဲဖြစ်ဖြစ်၊ အသပြာရ ကျေးကျွန်ဖြစ်ဖြစ် ရေးပြီးဝက်ခုတ်မယ်၊ ဘော်ချက်မယ်၊ ဒါပေမယ့် ဆရာကြီးက ဒါမျိုးတွေလဲ မရေးခဲ့ဘူး၊ ငွေအတွက်လဲ မရပ်တည်ခဲ့ဘူး၊ ဝမ်းရေးအတွက်လဲ မရေးခဲ့ဘူး။

ဝါသနာအရလဲ မဟုတ်၊ ဝမ်းရေးအတွက်လည်း မဟုတ်ဘူးဆိုရင်–ကိုင်းဘာအတွက် စာရေးရတာလဲလို့ မေးရင် တာဝန်အရပဲ ရေးရတာပါလို့ ဖြေရုံပဲ။

ဟုတ်ပါတယ်၊ ဆရာကြီးကို ဘယ်သူက၊ ဘယ်အစိုးရက၊ ဘယ်အဖွဲ့ အစည်းက တာဝန်ပေးလို့ သူ့မှာတာဝန်ရှိရှိနဲ့ ရေးရတာလဲလို့ မေးကြစမ်းပါဦး၊ ဖြေရမှာကတော့သူ့ဘဝ၊ သူ့အသိက၊ သူ့ပတ်ဝန်းကျင်က သူ့ကိုတာဝန်ပေးတာပါ၊ ဒါကြောင့် တာဝန်အရ ရေးရပါတယ်။

သိတော်မူတဲ့အတိုင်း ဆရာကြီးဟာ ၁၉၂၀ပြည့်နှစ် ပေါ်ပေါက်လာတဲ့ တက္ကသိုလ်ကျောင်းသား သပိတ်က သူ့စိတ်ကို၊ သူ့ဘဝကို ဖမ်းစားခဲ့ပါတယ်။ ဒါကြောင့် သူတွေးတာခေါ်တာ ခံယူတာ လှုပ်ရှားတာတွေဟာ အားလုံးအမျိုးသား အတွက်၊ အမျိုးသား လွတ်မြောက်ရေး အတွက်ပါ။ ဒါကြောင့် တိုင်းပြည်မှာ လိုအပ်တဲ့ စာတွေပေတွေ ရေးသားခဲ့ဖို့ သူ့မှာအလိုလို တာဝန်ရှိလာတယ်။ တစ်နည်းပြောရရင် သူဟာလဲ ကျမ်းပြုသူလိုပဲ အဖြည့်ခံ စာရေးဆရာ၊ စာဆိုတော်ပေါ့။ ဒါကြောင့် သူရေးခဲ့တဲ့စာတွေမှာ နာမည်မဖော်တာများတယ်၊ တိုင်းပြည်အတွက် လိုတာကလေးတွေပဲ ရှာကြံရေးခဲ့တယ်။

မန္တလေး သူရိယနေ့စဉ်သတင်းစာတိုက်က ထုတ်ဝေတဲ့ "ရွှေနန်းတွင်း အရေးတော်ပုံ" စာအုပ်ကိုဆိုရင် ဆရာကြီးဘာသာပြန် ရေးသားခဲ့တာပါ။ ဒါလဲ သူရိယဦးသန်းမောင်က ဆရာကြီးအပေါ် သစ္စာရှိတဲ့သူမို့-ဒီစာအုပ် ရေးသား ပြုစုသူဟာ ကျွန်တော်တို့၏ အမျိုးသားခေါင်းဆောင်ကြီး(ကွယ်လွန်သူ) ဆရာကြီးဦးရာဇတ်ပင် ဖြစ်ပါသည်–လို့ သဘောထားမှန်မှန်နဲ့ ရိုးရိုးသားသား ဖွင့်ပြောလို့ တိုင်းပြည်က သြော် ဒီစာအုပ်ဟာ ဆရာကြီးဦးရာဇတ် ရေးတာကိုး လို့ဆိုပြီး သိလိုက်ကြတယ်ဗျ။

မန္တလေး သူရိယသတင်းစာ အယ်ဒီတာချုပ်က ဆရာကြီးဦးရာဇတ် ရေးသော "ရွှေနန်းတွင်း အရေးတော်ပုံ" စာအုပ်တွင် အောက်ပါအတိုင်း အမှာရေးသား ဖော်ပြခဲ့ပါတယ်။

### အမှာ

မန္တလေးသူရိယ နေ့စဉ်သတင်းစာတိုက်မှ ယခု ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်သော(ရွှေနန်းတွင်း အရေးတော်ပုံ)စာအုပ်သည် ကိုလိုနီခေတ်တွင် မန္တလေးသူရိယ နေ့စဉ်ထုတ်ဝေခဲ့စဉ် မန္တလေး သူရိယတိုက်မှ ရိုက်ထုတ်ခဲ့သည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။

ရှေးယခင်က ၎င်းစာအုပ်ကို ထုတ်ဝေခဲ့စဉ်က (ရွှေနန်းတွင်း အတ္တုပ္ပတ္တိခေါ် လက်ထက်တော်တွင်း အဖြစ်အပျက်စာတမ်း) အမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။

မူလ ပထမစာအုပ်တွင် ရေးသားပြုစုသူ၏ အမည်နာမလုံးဝ မပါရှိခဲ့ပါ။ အမှန်စင်စစ် ၎င်းစာအုပ်ကို ရေးသားပြုစုသူမှာ ကျွန်တော်၏ ဆရာ အမျိုးသားခေါင်းဆောင်ကြီး (ကွယ်လွန်သူ) ဆရာကြီးရာဇတ်ပင် ဖြစ်ပါသည်။

ဆရာကြီးရာဇတ်နှင့် ကျွန်တော်၏ ဖခင်ကြီး (ကွယ်လွန်သူ) ဦးထွန်းရင်တို့ တိုင်ပင်ညှိနှိုင်းပြီး ဆရာကြီး ရာဇတ်က ပြုစုခဲ့သော စာအုပ်ကြီး တစ်အုပ်ဖြစ်ပါသည်။

ဤစာအုပ်ပါ ဓာတ်ပုံဘလောက်များကို မန္တလေး သူရိယ၏ ဖခင်ကြီး ဦးထွန်းရင်ကိုယ်တိုင် မင်းတုန်းမင်း သီပေါမင်းတို့၏ ဆွေတော်မျိုးတော်များထံ အပင်ပန်းခံ၍ အပတ်တကုတ် ကြိုးစား

အားထုတ်ပြီး ရှာဖွေတင်ပြထားသော ရှေးဟောင်း ဓာတ်ပုံများပင် ဖြစ်ပါသည်။

ဤစာအုပ်ကို ဒုတိယအကြိမ် ပြန်လည် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ ဤစာအုပ် ထုတ်ဝေစဉ်က အရွယ်မရောက်သေး၍ မဖတ်ရသေးသော လူငယ်လူရွယ်များ ဖတ်ရှုလေ့လာစေရေးအတွက် အကြောင်းတစ်ချက် ပါပါသည်။

ထို့ပြင် ဤ(ရွှေနန်းတွင်း အရေးတော်ပုံ)ပါ အဖြစ်အပျက်သည် မန္တလေးမြို့၊ ကိုယ့်မင်းကိုယ့်ချင်းဘဝ နေခဲ့စဉ်က အဖြစ်အပျက်များကို ရေးသားထားခဲ့သော စာအုပ်ဖြစ်ပြီး၊ ဤ "မြို့တည်နန်းတည် နှစ်တစ်ရာပြည့်" အထိမ်းအမှတ်ပွဲတော်နှင့်လဲ ကြုံဆုံနေသဖြင့် ယခုလို ပုံနှိပ် ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ဖြစ်မြောက်အောင် ဆောင်ရွက်ပြုစုကြသူများမှာ ကျွန်တော်၏ ဖခင်ကြီးနှင့် ဆရာကြီးတို့ဖြစ်ရာ ၎င်းတို့၏ လက်ငုတ်လက်ရင်း အမွေအနှစ် မကွယ်ပျောက်စေရန်နှင့် ကျေးဇူးတရားကို တုံ့ပြန်သောအားဖြင့် ဤစာအုပ်ကို ပြန်လည် ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အဖက်ဖက်မှ ကူညီအားပေးသော စာရေးဆရာ (ရွှေကိုင်းသား)နှင့် အထက်မြန်မာနိုင်ငံ သတင်းထောက်အသင်းဥက္ကဋ္ဌကြီး ဦးဘထွန်းတို့အား အထူးကျေးဇူး တင်ရှိပါကြောင်း။

သန်းမောင်
အယ်ဒီတာချုပ်
မန္တလေးသူရိယနေ့စဉ်
နေ့စွဲ၊ ၁–၁၁–၅၉၊ မန္တလေး။

အကယ်၍သာ ဦးသန်းမောင်က စာရေးသူဘယ်သူဘယ်ဝါ ဖြစ်ပါတယ်လို့ ဖွင့်မပြောလဲရတာပဲ၊ ဒါမှမဟုတ် စာရေးတဲ့လူ ဘယ်သူဘယ်ဝါဖြစ်ပါသလဲလို့ ကျမ်းလိုက်စားသူများ၊ သုတေသီတွေကများ မေးလာခဲ့ရင် "ဒီစာအုပ်ရေးသူလား– ဒီစာအုပ် ရေးသားပြုစုသူ ဘယ်သူရှိမလဲဗျ၊ ကျုပ်ဖေဖေ–ဦးထွန်းရင်ပေါ့" လို့ တစ်လုံးတည်းပြောလဲ ရတာပါပဲ။

ဒီစာအုပ်က ၁၂၉၂/၉၃–ခု၊ စစ်ကြိုခေတ် အင်္ဂလိပ်နယ်ချဲ့ လက်အောက တုန်းက ရေးသားထုတ်ဝေခဲ့တဲ့ စာအုပ်ဆိုတော့ ခုခေတ်လူတွေ ဘယ်သိတေ မလဲ။ ဟိုခေတ်ကသိသူတွေရှိတော့ တချို့လဲ အစိမ်းကြွေ ကြွေလိုကြွေ အမှည့်ကြွေ ကြွေလိုကြွေနဲ့ ကုန်သလောက်ရှိခဲ့ပြီ၊ကျန်နေသေးသူရှိပြန်ရင်လဲ ဇရာပိုင်း တုန်တုန်ယင်ယင်နဲ့မို့ စာကိုလဲ ဘယ်သူမှ စိတ်ဝင်စားပြီး–"မဟုတ်ဘူ မောင်သန်းမောင် ရေ–ဒီစာအုပ်ကို ပြုစုရေးသူဟာ ဆရာကြီးဦးရာဇတ်ပါ၊ မင်းဖေဖေဦးထွန်းရင် မဟုတ်ပါဘူး၊ ဒီတုန်းက မင်းကကလေးပါဒီတော့မင်းဂ မှတ်မိတာ မဟုတ်ဘူကွဲ"လို့လဲ လိုက်ပြီးပြဿနာ ရှာတက်နေအားမှ မဟုတ်ပါဘူး။

ကျမ်းပြုသူအနေနဲ့ ဆရာကြီးဟာ အဖြည့်ခံစာရေးဆရာပါ၊ တာဝန်အရ ရေးရတဲ့စာရေးဆရာပါလို့ ဖော်ပြချက်ဟာ ယုတ္တိရှိမရှိဆိုတာ သိရအောင် ဆရာကြီးရေးခဲ့တဲ့ "ရွှေနန်းတွင်းအရေးတော်ပုံ" စာအုပ်ကို ဖော်ပြရုံနဲ့ ပြည့်စုံ လုံလောက်လိမ့်မယ်လို့ ထင်ပါတယ်။ ယင်းစာအုပ်ရဲ့ နိဒါန်းကို ဖတ်ရှုတော်မူ ကြပါရန် အောက်မှာ ဖော်ပြလိုက်ပါတယ်။

"နိဒါန်း"

ရည်ရွယ်ချက်နှင့်နိဒါန်း

ကျွန်ုပ်တို့၏သခင် မြန်မာ့ပြည့်ရှင်–ရှင်ဘုရင် သီပေါမင်းတရား အား ထိပါးရှုတ်ချလျက်–မစ္စတာနီဆင်ဂျက် အမည်ရှိသော အင်္ဂလိပ် လူမျိုး စာရေး ဆရာမတစ်ယောက်က(လက္ကား–လေဒီ) ဟူသော အမည်နှင့် ဝတ္ထုစာအုပ် အဖြစ်ဖြင့် ၁၂၉၂ခု–၉၃ ခုအတွင်းဆီက ထုတ်ဝေ ဖြန့်ချိခြင်း ပြုခဲ့ကြောင်း။

ထို့နောက် အရှင်သီပေါမင်းတရား၏ အပါးတော်မြဲ အတွင်းဝ မင်း ဦးစံရွှေနှင့် ရန်ကုန်သူရိယသတင်းစာတို့က မြန်မာတန်ခိုး တိမ်မညှိုးစေရန် ကြောင်းကျိုးဆက်လက်၊ ကြိုးစားချက်ကြော လက္ကာလေဒီဝတ္ထုကို ချေပခြင်း ပြုကာ၊ ဂီရိရတနာ ဆောင်းပါးမဟာ မကြာမီထုတ်ဝေခြင်း ပြုခဲ့ကြောင်း။

အထက်ဖော်ပြပါ လက္ကာလေဒီဝတ္ထုနှင့် ဂီရိရတနာ ဆောင်းပါး မဟာတို့တွင် ပါရှိကြသော လက်ထက်တော် အဖြစ်အပျက်များလည်း တစ်မျိုးတစ်ဖုံစီ ဖြစ်ပြန်ကြောင်း။

ထို့ပြင်တဝ ၁၂၄၇ ခုနှစ်တန်ဆောင်မုန်းလအတွင်း အရှင်သီပေါမင်းတရားကို၊ ဗြိတိသျှအစိုးရတို့က အိန္ဒိယသို့ ယူဆောင်သွားသည့်အခါက၊ မြန်မာပညာရှိ ပုဂ္ဂိုလ်ကျော်-ပုဂ္ဂိုလ်မော်တို့သည် ပါတော်မူဆောင်းပါး ကဗျာများကို ရေးသားကြရာတွင်လည်း များစွာကွဲလွဲဆန့်ကျင်ခြင်း ရှိခဲ့ကြပေသည်။

ပဌမ - မန္တလေးမြို့ ကဗျာဝိဒူဆီဘန်နီ ဆရာတော်ဘုရားကြီးက "မှတ်ပါရစ် - မှာခဲ့ပေအံ့" ဟူသော သံဝေဂရတုဧကပိုဒ်ဖြင့် မကိုဋ်နရိန် ဂုဏ်ရှိန်ရွှေရော် ပါတော်မူရခြင်းမှာ မှူးမတ်သေနာအမတ်တို့ သစ္စာမဲ့မှုကြောင့်ဟု အပြစ်ဖို့ရေးတော်မူ၏။

ဒုတိယ ကင်းဝန်မင်းကြီးက "မန်းမကိုဋ်မှာလ"ဟူသော လေးချိုးကဗျာဖြင့် လောကဓံ ဓမ္မသဒ္ဒါရကို အကြောင်းပြ ခြောက်လှန့်ကာပြန်လှန်ရေးသားခဲ့၏။

တတိယ ဆီးဘန်နီဆရာတော် ဘုရားကြီးက "တစ်ဖန်မှတ်စေ ထပ်၍ပြေဖို့" ဟူသော ဧကပိုဒ်ဖြင့် ပထမဧကထက်ပင် မှူးမတ်များအပေါ် အပြစ်တင်ဖို့ခဲ့သည်။ ထိုခေတ်၌ သေခြင်းကပင် ကောင်းသေး၏ဟု ရေးသားပြန်ကြောင်း။

စတုတ္ထ စာရေးတော် နော်ရထာသီဟ အမည်ရှိသောပုဂ္ဂိုလ်က "မြရောင်သာရွှန်းတော့ တောင်ကျွန်းက ပြေဒီမှာ" ဟူသောကောက်ချက်လေးချိုးဖြင့် အပြန်တစ်ရာရေးထားကြောင်း။

ပဥ္စမ စာဆိုတော်ဘွဲ့ရ လွှတ်တော်စာရေးကြီး ဦးမောင်ကလေး ဆိုသူ ပုဂ္ဂိုလ်ကလည်း "အံ့လို့သာ လှိုင်းတော့ - မြန်တိုင်းသူမိန်မှာ" ဟူ၍ အပြန်တစ်ရာ အဖြစ်ဖြင့် လေးချိုးရေးသားပြန်ကြောင်း။

ဆဋ္ဌမ စစ်ကိုင်းမြို့ ညောင်ပင်သာ ဆရာတော် ဦးပုညက၊ "ကုန်းဘောင်အာဟိန်း ဘုန်းရောင်ရှိန်သား" ဟူသောဧကပိုဒ်ဖြင့် ကမ္မသကာဆိုသော သဘာဝဓမ္မဖြင့် ရေးသားပြဆိုပြန်ကြောင်း။

သတ္တမ ညောင်ကန်ဆရာတော် ဦးဝိလာသကလည်း " တဘန်ဇာတ်နေ ဟပ်၍ကြေစိမ့်" ဟူသော ဧကပိုဒ်ဖြင့် လောကဓမ္မကိုပင် နှိုင်းဆယှဉ်ရာ ရေးသားတော် မူခဲ့၏။

အဌမ ယခု မန္တလေးမြို့ရှိ တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီးကလည်း " လုဗ္ဗန ပလုဗ္ဗန တေနလောကော" ဟူသော တမ်းချင်းကဗျာသုံးပုဒ်ဖြင့် ပါတော်မူရခြင်းများအတွက် အများပြည်သူ ဗိုလ်သူခပင်းဖြည့်တင်းမွေ့ဉာဏသံဝေ ယူဆစေရန်ကျမ်းဂန် ရာဇဝင်ပုံပြင်တန္တုအစုစုတို့ဖြင့် အဖုအထစ် အဆစ်အမြက်ပျက်ပြေ ပျောက်အေးစေရန် ရေးသားတော်မူပေကြောင်း။

အထက်တွင် ဖော်ပြခဲ့သော (၁) လက္ကာလေဒီဝတ္ထု (၂) ဂီရိရတနာဆောင်းပါးမဟာ၊ (၃) မြန်မာပညာရှိတို့ပါတော်မူ ဆောင်းပါးများစသောဝတ္ထုဆောင်းပါးကဗျာတွင် အရှင်သီပေါမင်းတရား၏ ရွှေနန်းတွင်းအဖြစ်အပျက် အတ္ထုပ္ပတ္တိအကြောင်းတို့မှာ ကွဲလွဲဆန့်ကျင်ကာ များပြားရှုပ်ထွေးလျက်ပါရှိနေကြ၏။

ကျွန်ုပ်တို့ မန္တလေးသူရိယ၏ အဓိကရည်ရွယ်ချက် သဘောရင်းမှာအရှင်သီပေါမင်းတရားကြီး ပါတော်မူရခြင်း၏ အကြောင်းတရားအကျိုးတရားများကို သေချာစွာစိစစ်၍ အမှန်ကို ချိန်ဆနှိုင်းယှဉ်ဖွယ်များနှင့် နောင်လာနောက်သား ကျွန်ုပ်တို့၏ မျိုးညွန့်တက်လူ မြန်မာများစဉ်းစားဉာဏ် ပွင့်လင်းတောက်ထွန်းစေခြင်း အကျိုးငှာ မြန်မာ့ငွေ မြန်မာမိဘဟု မြန်မာဥသျှောင်ကုန်းဘောင် နေညွန့် ကိုင်းကွန့်ဖြာထိန်သမ္ဘာရှိန်လက် ဆယ့်တကြိမ်ကြွင့်နန်းပြည်တောင်မန်းကို စံမြန်းအုပ်စိုးတော်မူသော မာရ်အောင်ရတနာ စေတီတော်ဒါယိကာ မင်းတရားကြီး၏ ရွှေလက်ထက်တော်တွင် မြန်မာလွှတ်တော် မှူးကြီးမတ်ကြီးများနှင့် ဗြိတိသျှ အစိုးရတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်ရာဇသံ ရွှေလွှာကမ်းလှမ်းပေးပို့တော်မူကြသော စာများ၏ မူလစာကိုယ်၌အပိုအလိုမရှိစေရဘဲ၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထည့်သွင်းဖော်ပြမည်ဖြစ်၏။ ဤကဲ့သို့ အတွင်းရေးများအတွက် ဗြိတိသျှ အစိုးရ၏အမိန့်စာများနှင့် အစိုးရအမှုတော်ထမ်း အရာရှိများ၏ အစီရင်ခံစာများ၊မြန်မာမှူးတော် မတ်တော်များ၏ အစီရင်ခံစာ စသည်များမှာ လွယ်လင့်တကူရရှိသည်မဟုတ်၊ အတော်ပင် ကြိုးစားရှာဖွေ စုဆောင်းကာ ရရှိထားရသောစာများဖြစ်ကြောင်း။

ထိုကဲ့သို့ ခက်ခက်ခဲခဲ ရှာဖွေစုဆောင်းပြီးလျှင် ကျွန်ုပ်တို့၏ သတင်းစာ၌ ထည့်သွင်းဖော်ပြသည်မှာ ယခင်အမျိုးသားတို့၌ အမှတ်အသား ဖောက်ပြားသံသယ လွန်မင်းစွာ ဖြစ်ကြသည့် သံမှုဌည့တ်ကွင်းမှ လွတ်ကင်းပျောက်ပပြီးလျှင် ခေတ်ကာလအလျောက်မျိုးချစ်စိတ်၊ မျိုးစောင့်စိတ်၊ ရောက်ရှိကြကာ မိမိတို့၏ မြန်မာအမျိုးသားများအတွက် ကြီးပွားရေး၊ စီးပွားရေး၊ ကျန်းမာရေး ချမ်းသာရေး၊ ဘာသာ သာသနာထွန်းလင်းတောက်ပရေး စသောနိုင်ငံနှင့် အမျိုးသားတို့၏ တိုးတက်ကောင်းစားရေးကို ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်အသီးသီးတို့အား ပါပကာရိပါပကံ ကလျာဏကာရိ ကလျာဏဟုဟောတော်မူသော ဒေသနာအရပင် ဤသို့သော အကြောင်းပြုလျှင် ထိုသို့သော အကျိုးပေးပါတကားဟု အတိတ်က ဖြစ်ပျက်ခဲ့ကြသော မြန်မာ ဝံသရာဇာကန္တိ ပဝေဏီဥဒါန်း စာတမ်းသာဓက ရကြစေရန်အကျိုးများကို မျှော်ကိုးထောက်ဆခြင်း အမှုကိုလည်း ပြုလုပ်လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့သော ရှေ့ရေးနောက်ရေး ထောက်တွေးညှိနှိုင်းကာ အမျိုးသားတို့ဉာဏ်မှာ ပွင့်လင်းခြင်းဖြစ်ဖို့ရာ ပဓာနမှုပြုပြီးလျက် အဆိုပါ လက်ထက်တော်အတွင်း အဖြစ်အပျက်၊ ရွှေနန်းတွင်းအတ္ထုပ္ပတ္တိ စာတမ်းကို ဘာသာပြန်ဆို၍ ထုတ်ဝေရေးသားခြင်းပြုရပေကြောင်း။

နောင်လာနောက်သား အမျိုးသမီးအမျိုးသားတို့သည် ဆင့်ပွားဉာဏ စူးရှထက်မြက် ထက္ကမ ရာဇဝံသော မှန်ရာဟုတ်တိုင်းမြင်းကောင်းနှင့်စိုင်းမားကောင်းပိုင်းသို့ မဆိုင်းမတွ ခဏချက်တပြုတ် တစ်မုဟုတ်ချင်း သံသယကင်းရှင်းလျက် ပွင့်လင်းသောဉာဏ်သတိဖြင့် သိရှိနိုင်ကြပါစေသော်။

ဒီရွှေနန်းတွင်းအရေးတော်ပုံကို ရေးသားပြုစုရခြင်းမှာ အင်္ဂလိပ်စာရေးဆရာမ "လက္ကား-လေဒီ"ဆိုတဲ့ ဝတ္ထုစာအုပ်ကို ရေးသားထုတ်ဝေခဲ့တယ်။ မြန်မာ့တန်ခိုး ညိုးမှိန်အောင် ရေးသားခဲ့တဲ့အတွက် အဲဒီဝတ္ထုကို ချေပဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆရာကြီးဦးရာဇတ်က ရေးသားပြုစုခဲ့တာပါ။ ဒါဟာ မျိုးချစ်ပြည်ချစ်စိတ်ဓာတ်ခံကာ သူ့ကို တိုက်တွန်း နှိုးဆော်တဲ့အတွက် ရေးရခြင်းပါ။ ဒါကြောင့် တာဝန်အရ ရေးရတဲ့စာရေးဆရာလို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

ပြီး စီးပွားရေးအရ ဝမ်းရေးအရရော ရေတဲ့ စာရေးဆရာဆိုရင်လဲ မောရစ်ကောလစ်ရေးတဲ့ Trials in Burma ဆိုတဲ့ ကောလစ်ကြုံခဲ့ရတဲ့ မြန်မာပြည် "စာအုပ်ကို သူဘာသာပြန်ပြီး မန္တလေး သူရိယ သတင်းစာမှာ နေ့စဉ် ထည့်နေတယ်။ ဒါပေမယ့် ဘာသာပြန်သူ ဘယ်သူဘယ်ဝါဆိုပြီး မပါဘူး၊ အခန်းတစ်ခန်းပြန်ပြီးသွားပြီ၊ ဒီစာအုပ်ကို စိတ်ဝင်စားရင် ဆက်ပြန်၊ ပြီး မန္တလေး သူရိယမှာ ထည့်၊ မင်းနာမည်ခံလိုက်" ဆိုပြီး ဘယ်ပေးပါမလဲ၊ သူဟာ သူ့နာမည်ခံပြီး ရေးမပေါ့။

ဒေါ်အမာက နာမည်ခံပြီး ဆက်လက်ပြန်ဆိုရေးသားခဲ့တယ်။ အဲဒီကစပြီး ဒေါ်အမာလဲ စာပေနယ်မှာ အခြေချမိသွားတယ်

(ဒါနဲ့ပတ်သက်ပြီး နောက်ဆက်တွဲ ဆောင်းပါးမှာ အကြမ်းရေးသား ဖော်ပြထားပါတယ်။)

ဒီစာအုပ်ကို ဆရာကြီး ရွေးပြီး ဘာသာပြန်တာလဲ ပြည်သူများ သိသင့်သိထိုက်တဲ့အတွက် ဘာသာပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါဟာလဲ တာဝန်တစ်ရပ် အနေနဲ့ပါ။

ဗဟိုအမျိုးသား အထက်တန်းကျောင်းက ဘော်ဒါဆရာ ဆရာဦးထွန်းမောင်က စာဆိုတော်နေ့မှာ ဗဟိုစည် သတင်းစာ အထူးထုတ်ကနေ "ခေတ်ပညာတတ် စာဆိုတော် ဆရာကြီး၏အကြောင်း" ဆိုတဲ့ ဆောင်းပါး ရေးသားခဲ့ပါသေးတယ်။

> ကျွန်ုပ်သည် ရတနာသုံးပါးနှင့်တကွ၊ မိဘဆရာတို့အား ရှိသေစွာ ရှိခိုး၍ ကျွန်ုပ်၏ အကြားအမြင် အတွေ့အကြုံတို့မှ အများသူတို့ သိအပ်မှတ်အပ်သော ခေတ်ပညာတတ် ခေတ်ပညာစာဆိုတော် ဆရာကြီး၏ အကြောင်းကို အကျဉ်းအားဖြင့် ရေးသားပါအံ့။ ငါ၏ တပည့်များ စာတတ်ပညာ သင်ကြကုန်လော့၊ အဘယ်ကြောင့် ပျင်းရိနေဘိသနည်း။ အတတ်ပညာမရှိသော သူသည် သူ၏ ဝန်ထမ်း ဖြစ်တတ်၏။ အတတ်ပညာရှိသောသူကို လောက၌ သူတစ်ပါးတို့ ပူဇော်တတ်၏။ ထို့ကြောင့် သင်တို့သည် နေ့တိုင်းနေ့တိုင်း အတတ်ပညာရပ်များကို သင်ကြပါကုန်လော့ဟု ၎င်း၏ တပည့်တို့အား မကြာခဏ သတိပေးဆိုဆုံးမသူကား ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးလေပြီးသော ဆရာကြီး ရာဇတ်ပင် ဖြစ်ပေသည်။

ဆရာကြီးဟာ အင်္ဂလိပ်စာကို အင်္ဂလိပ်စာတတ် အင်္ဂလိပ်တစ်ယောက်လို တတ်မြောက်သူပါ။ ပါဠိနဲ့ အင်္ဂလိပ်စာ စွယ်စုံတော်တဲ့ ဆရာကြီး ဆိုတဲ့အခန်းမှာ ရန်ကုန်တက္ကသိုလ် အိုင်အေအထက်တန်းကျောင်းမှာ မစ္စတာဘိုင်မီးယားရဲ့ အင်္ဂလိပ်စာစီစာကုံး ပြိုင်ပွဲမှာ ပထမဆုရလို့ ရွှေတံဆိပ်ဆု တစ်ဆုရခဲ့တဲ့အကြောင်း ဖော်ပြပြီးပါပြီ။

အင်္ဂလိပ်လို အရေးအသား၊ အပြောအဆိုတော်သလို မြန်မာစာမှာလဲ တော်သူပါ။ တစ်ခါက သူ့သူငယ်ချင်း ဦးခင်မောင်လတ်ဟာ ရေနံချောင်းမှာ တွင်းစားသူဌေးသမီးနဲ့ လက်ထပ်မယ့်အခါ ဆရာကြီးက မန္တလေးမှာ။ ရေနံချောင်း ကနေ ဦးခင်မောင်လတ်က လှမ်းပြီး မင်္ဂလာဖိတ်စာကို ဆရာကြီးဆီ ပို့လိုက်တယ်။ ဆရာကြီးကလဲ ဒီမင်္ဂလာပွဲကို မတက်နိုင်တဲ့အတွက် အောက်ပါ မင်္ဂလာရတုပိုဒ်စုံ တစ်ပုဒ်ကို ရေးစပ်ပြီး ပို့ခဲ့တယ်။

## ရတုပိုဒ်စုံ

ငယ်ပေါင်းချစ်ဆွေ၊ မန်းရပ်မြေက၊ စေ့ရေတွေးဆ၊ ချီအချဖြင့်၊ ညီမျှစေမှု၊ စုံရတုဟု၊ ယခုရေးစီ၊ စာပလီကို၊ နာရီဖင့်လျှား၊ ခွင့်မအားလည်း၊ ရပ်ခြားဝေးကြူ၊ စာပေးသူအားရေးယူကြောင်းဟတ် ချစ်ကြည်စိတ်ဖြင့်၊ တဆိတ်လောက်ပင်၊ ရှုစေချင်၏။ ဟိုစဉ်ငယ်သော်၊ သက်ဆယ်ကျော်က၊ နှစ်ဖော်တူကွ၊ မေတ္တာမျှ၍၊ ဒေသကွာဝေး၊ ရှိလေသေးလည်း၊ အေးလျှင်အတူ၊ ပူလျှင်မကွဲ၊ ရှိစမြဲဟု၊ ဝမ်းထဲပိုက်ခါ၊ ဆင်မိပါ၏။ ခုမှာတကြောင်း တဇာတ်ပြောင်း၍ ငယ်ပေါင်းမျိုးမြတ်၊ ခင်မောင် လတ်၏၊ စုတ်သပ်ချင်ဖွယ်၊ ချစ်ကြိုးနွယ်သည်၊ ပျက်ပြယ်ထင်ရပြန် တော့သည်။

သွယ်ပြောင်းလှစ်ချွေ၊ မှာလိုက်ပေ၏။ ရက်ရေမကွာ၊ ဟိုစဉ်ခါက၊ စာလာစာပြန်၊ စာတမန်သည်၊ ဖန်ဖန်သွယ်ဆက်၊ ရှိပါလျက်နှင့်၊ ဖြစ်ပျက်ရပုံ၊ ကြောင်းဥသုံကို၊ စေ့ငုံသေချာ၊ မသိပါငဲ့၊ ထင်ရာထင်မှား၊ ကြံစဉ်းစားသော်၊ ရပ်ခြားနယ်ဝေး မြို့မကွေးက၊ စာပေးလေတိုင်း၊ ရေလှိုင်းမြစ်ကြော၊ စာသဘောသည် ဝဲသြဃစုပ်၊ နစ်ခါမြုပ်၍၊ ငုပ်လေသလော၊ ကြံစိတ်စောလျက်၊ တွေးတောစဉ်တွင်၊ ယခင်မိတ်ဦး၊ သူတထူး၏၊ အိမ်မှူးထံမှောက်၊ ပို့ရောက်စေလာ၊ လတ်၏စာကို၊

သေချာသိမှ၊ သတိရ၍၊ ဖြစ်ရလေတယ်၊ ညှိုးစိတ်ငယ်သည်၊ ရှက်ဖွယ်မြင်ရ ပြန်တော့သည်။

ဘယ်ကြောင်းဖြစ်ထွေ၊ မြင်မိချေ၏။ ရွှေငွေစုပေါင်း၊ ရေနံချောင်းဟု၊ မြစ်စောင်းမို့မို့၊ မှိုင်းရည်ညို့တဲ့၊ မြို့နဂရာတွင်၊ သပြာစန်းငွေ၊ သန်းကုဋေဖြိုး၊ မှန်းခြေကိုး၍၊ အကျိုးခွင့်ပေး၊ တွင်းသူဌေး၏၊ ရင်သွေးပိုက်ဖြား၊ ပျိုနုထွားနှင့်၊ စုလျားပတ်ရစ်၊ လွတ်ပေါင်းကျစ်၍၊ အချစ်ဓာတ်ငွေ့၊ သူ့ရင်ငွေ့ကြောင့်၊ မေ့လေသလား၊ စဉ်းစားတတ်ပေါင်၊ တို့မောင်မောင်သည်၊ ယခေါင်ပြကတော့၊ စိတ်မှရွှေ့လျက်၊ လိပ်မေ့ဖွတ်မေ့၊ ပတတ်မေ့နှင့် မေ့အမျိုးမျိုး၊ မေ့ပင်ပိုးလည်း၊ မညှိုးမေတ္တာ၊ ရှိလျက်ပါဟု၊ ထက်ညာမန်းပျော်၊ အဆွေတော်က၊ ထုတ်ဖော်ရှုဖွယ်၊ စီကုံးခြယ်သည် ဆက်သွယ်ခင်ရပြန်တော့သည်။

ဒီရတုပိုဒ်စုံဟာ အင်မတန်ပြောင်မြောက်တဲ့အကြောင်း စာရေးဆရာကြီး သခင်ကိုယ်တော်မှိုင်းနေ့၊ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာမှာ ဖော်ပြခဲ့ပါတယ်။ (ဆရာကြီး သခင်ရဲ့ ရေးသားဖော်ပြချက်ကို ပါဠိနဲ့ အင်္ဂလိပ် စာ- စွယ်စုံတော်တဲ့ ဆရာကြီး အခန်းမှာ ဖော်ပြထားပြီး ဖြစ်ပါတယ်-ကျမ်းပြုသူ)

ဦးခင်မောင်လတ်ကို ပေးတဲ့ရတုပိုဒ်စုံကို ဆရာကြီးဟာ နန်းတော်ရှေ့၊ ဈေးမြောက်ဘက်၊ ဒွါလောင်းရပ်က အိမ်မှာ ရေးတာဖြစ်တယ်။ ဆရာကြီးရဲ့ ဖခင်ကို အစိုးရက ပေးထားတဲ့အိမ်ပါ။ ပုလိပ်အင်စပက်တော်နေဖို့ အတွက် သီးသန့်ဆောက်ထားတဲ့ အိမ်ပါ။

ဆရာကြီးရဲ့ ရတုပိုဒ်ဒုံအောက်ဆုံးအပိုဒ်မှာ-

"အချစ်ဓာတ်ငွေ့၊ သူ့ရင်ငွေ့ကြောင့်၊ မေ့လေသလား၊ စဉ်းစားတတ်ပေါင်၊ တို့မောင်မောင်သည်၊ ယခေါင်ပြကတော့၊ စိတ်မှရွှေ့လျက်၊ လိပ်မေ့ဖွတ်မေ့၊ ပတတ်မေ့နှင့်၊ မေ့အမျိုးမျိုး၊ မေ့ပင်ပိုးလည်း"

ဆိုတဲ့ အပိုဒ်ကလေးတွေပါတယ်။ အဲဒီအထဲမှာ "ဖွတ်မေ့၊ ပတတ်မေ့နှင့်" ဆိုတဲ့ အပိုဒ်ကို သူက ဖော်ပြထားတယ်။ "ဖွတ်မေ့ပတတ်မေ့"ဆိုတဲ့ စကားကိုတော့ ဆရာကြီးက သိတယ်။ ဒါပေမယ့် "ဖွတ်မေ့ ပတတ်မေ့" ဘယ်လို မေ့သလဲဆိုတာကို သူ့မိခင်ကို မေးပါသတဲ့။

ဆရာကြီး ဦးရာဇတ်ဟာ စစ်ကြိုခေတ် အင်္ဂလိပ်လို ဆောင်းပါး တစ်စောင်ရေးပြီး (The Illustrated Weekly of Indiaa) အိန္ဒိယထုတ်

ရုပ်ပြဂျာနယ်ကို ပို့ခဲ့ပါတယ်။ ဒီမှာဆောင်းပါးမရှိတဲ့အတွက် တစ်ပါတည်း ဖော်မပြနိုင်တာ ကိုတော့ ခွင့်လွှတ်ကြပါရန်၊ ကျမ်းပြုသူ)

၁၉၂၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့စွဲနဲ့ မြန်မာပြည် ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက သူရိယ သတင်းစာကနေတစ်ဆင့် "တက္ကသိုလ် အဆောက်အအုံဆောက်ဖို့ ရန်ပုံငွေထည့်ကြပါလို့" တိုင်းပြည်ကို မေတ္တာ ရပ်ခံတယ်၊ အဲဒီတော့ ဆိုင်ရာအရေးပိုင်တွေကမြန်မာပြည်နဲ့ ရှမ်းပြည်နယ် တစ်လွှားမှာ ကစားဝိုင်းတွေ ဖွင့်စေပြီး အကောက်ကောက်တယ်၊ မန္တလေးမှာလဲ ၃၆ ကောင်ထိနဲ့ ကစားဝိုင်း အမျိုးမျိုးထောင် ကစားကြတယ်။ ၃၆ ကောင်ထိ ကစားနည်းက အင်မတန် စိတ်ဝင်စားစရာ ကောင်းတယ်။

အဲဒီမယ် ဆရာကြီးက (၃၆) ကောင်နဲ့ ပတ်သက်ပြီး ဆောင်းပါး ရေးတယ်။ (၃၆) ကောင်အကြောင်းကို ကြေးဆံနီနတ်ကြီး ရုပ်ပုံနဲ့ (၃၆) ကောင်ကို ပြောပြတယ်။ (၃၆) ကောင်ထိ အတိတ်ပေးပုံ၊ ကပ်တိတ်ခေါ် အနီးတိတ်ပေးပုံ ထိဖွင့်ပုံ၊ အလျော်အစား လုပ်ပုံတို့ကို အသေးစိတ်အင်္ဂလိပ်လို ရေးသားခဲ့တယ်။ (The Illustrated weekly of India) ရုပ်စုံဂျာနယ်မှာ ထည့်လိုက်တယ်။ မကြာခင် ဒီဆောင်းပါးကို ရုပ်ပုံများနဲ့ တစ်ခမ်းတစ်နား အင်္ဂလိပ်လို ဖော်ပြ ပေးခဲ့တယ်။ ဒီအတွက် စာမူက ၁၅၀ ကျပ် ရခဲ့ပါသတဲ့။

ဒီဆောင်းပါးကို မြန်မာပြည်က ဘယ်သူရေးတယ်ဆိုတာ မသိဘူး၊ အင်္ဂလိပ်လူမျိုးတစ်ဦး ရေးတယ်လို့ စာဖတ်ပရိသတ်က ထင်ကြတယ်။ အစိုးရကလဲ မြန်မာပြည် လောင်းကစားဥပဒေ နောက်ဆက်တွဲမှာ နောက်ဆက်တွဲ ဥပဒေအဖြစ် ရုပ်ပုံနဲ့တကွ ကူးယူဖော်ပြခဲ့တယ်တဲ့။

# အခန်း (၁၆)

## အနုပညာသင် ပန်တျာကျောင်းတော်ကြီး

ဆရာကြီးရဲ့ ကျောင်းတော်ကြီးဟာ နိုင်ငံရေးသိပ္ပံကျောင်းတော်ကြီး၊ ပညာရေးကျောင်းတော်ကြီးအဖြစ် လူသိများသလိုပဲ၊ အနုပညာသင် ပန်တျာကျောင်းတော်ကြီးရယ်လို့လဲ လူသိများပါတယ်။

ဟိုအချိန်တုန်းက ကျမ်းပြုသူရဲ့ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက် တစ်ဦးဖြစ်သူ ရှမ်းတင်လှလေး ဆိုသူရှိတယ်။ သူက တည်တည်နဲ့ နောက်လုံးပြက်လုံးစကားတွေ ပြောတတ်တယ်။ ကျမ်းပြုသူက ပြဇာတ်မှာ ဒါရိုက်တာလဲလုပ်တယ်။ စကားပြော ရင်လဲ တစ်ခါတစ်ခါ စာနယဥ်ကလေးတွေ ညှပ်ညှပ်လဲပြောတတ်တယ်။ ဒါကြောင့် ရှမ်းတင်လှလေးက "အင်း ခင်ဗျားကတော့ ရူပါခေသလောက် အင်မတန် ကဗျာဆန်တဲ့ လူပဲတဲ့" အဲဒီလိုသာသာလေးနဲ့ ခပ်တည်တည် တွယ်ခဲ့ပါတယ်။ ဟုတ်ပါတယ်။ သူပြောတဲ့အတိုင်း ကျမ်းပြုသူက ရူပါကခပ် ခေခေပါ။ မယုံမရှိနဲ့၊ မယုံရင်လဲ ဒီဆရာကြီး ဦးရာဇတ်စာအုပ်တစ်နေရာမှာ ကျမ်းပြုသူရဲ့ ဓာတ်ပုံပါတယ်လေ ပြန်ကြည့်ပေါ့။

ကျမ်းပြုသူကလဲ အလားတူပဲ ရှမ်းတင်လှလေး ပြောတဲ့စကားအတိုင်း ထပ်ဆင့်ပြောရရင် ဆရာဟာလဲရူပါခေတယ်။ ကဗျာဆန်တယ်လို့ ပြောရင် ဆရာကြီး တပည့်တွေက ခွင့်လွှတ်လေမလား၊ အရှိကိုအရှိအတိုင်း ရေးရတာမို့ မကြိုက်ရင်လဲ ကျမ်းပြုသူကို ခွင့်လွှတ်ပါလို့။ ကြည့်ပါလား သူ့ရူပါနဲ့ မလိုက်အောင် သူ့အပြိုးကလေးက ကဗျာဆန်လွန်းတယ်လို့ ဒီအတိုင်းလဲ ဆရာကြီးရဲ့ တပည့်သားမြေးတွေက ပြောကြတုန်းပဲ။ တော်တော်တန်တန်

ဆိုးတဲ့ပေတဲ့ ကျောင်းသားဟာ သူ့ကိုယ်ရိုပ် မပြောနဲ့ ဩဇာကြောင့် အသံကြားတာနဲ့ ကြောင်သံကြားတဲ့ ကြွက်တွေလို တစ်ခါတည်း တိတ်သွားလို့သွား၊ လူစုကွဲသွားလို သွားနဲ့။

ဆရာကြီး ဦးရာဇတ်ရဲ့ ပင်ကိုယ်ရုပ်က ရုတ်တရက်ဆိုရင် တစ်ဖက်သားရွံ့စရာပဲ၊ ဒါပေမယ့် သူ့ရဲ့အပြုံးကလေးက ကဗျာဆန်လွန်းလှလို့ တစ်ဖက်သားက ချစ်ကြောက်ရိုသေကြတယ်။ မန္တလေး တက္ကသိုလ် ပါမောက္ခ (အငြိမ်းစား) အမ်အေဒေါ်အုံ့က ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ မန္တလေးတက္ကသိုလ် ကျောင်းမဂ္ဂဇင်း နှစ်လည်စာစောင်မှာ "ဆရာကြီးဦးရာဇတ်" ဆိုတဲ့ ခေါင်းစီးနဲ့-

ဗိုလ်ချုပ်ကဲ့သို့လည်း မျက်နှာထားမတင်း။ သခင်မြကဲ့သို့လည်း မျက်နှာထားမချို၊ လူမြင်လျှင် ပါးကိုရွဲ့၍ ပြုံးမယောင်မဲ့ယောင် အမူအရာနှင့် ဆီးကြိုလေ့ရှိသော ဆရာကြီးဦးရာဇတ် မျက်နှာကိုသာ ယခုတိုင် ကျွန်မ ထင်မိပြန်နေမိသည်။

အဲဒီတော့ ဆရာကြီးဦးရာဇတ်ဟာ ရုပ်အနေနဲ့ ကဗျာမဆန်ပါ။ သူကရုပ ကျမ်းပြုသူလောက် ခေသူမဟုတ်ပါ။ ကဗျာဆန်သလို ရုပ်ကတော့ ကဗျာမဆန်ပါ။

ဒါပေမယ့် အနုပညာကိုတော့ အားပေးတယ်၊ သူ့ကျောင်းက ဆရာတွေဆိုလဲ အဆိုပိုင်သူ အကပိုင်သူတွေ ရှိတယ်။ ဆရာကြီးဟာ ပွဲလမ်းသဘင်ကို ဝါသနာပါတယ်။ ဇာတ်ပွဲကြည့်တယ်။ ဒါပေမယ့် ရုပ်သေးကိုပိုပြီး ကြိုက်တယ်။ စိန်ဗေဒါကြီးဆိုရင် ဆရာကြီးရဲ့ အချစ်တော်ပဲ၊ စိန်ဗေဒါမပါရင် သူ့ကျောင်းက ကျင်းပတဲ့ အမျိုးသားအောင်ပွဲနေ့ဟာ အထမမြောက်သလို သဘောထားရတဲ့ အဖြစ်ပါ။

နန်းတော်ရှေ့ဆရာတင်ဟာလဲ ဆရာကြီး ငယ်သူငယ်ချင်း ကျောင်းနေဖက်ပါတဲ့။ အမျိုးသားအောင်ပွဲနေ့အတွက် သီချင်းစပ်ဖို့ခေါ်ရင် ချက်ချင်းပဲ ပေါက်လာတယ်။ နန်းတော်ရှေ့ဆရာတင်ကို ဆရာဦးထွန်းမောင်ဆီ အပ်တယ်။ ဆရာဦးထွန်းမောင်က လိုချင်တဲ့ သီချင်းရဲ့သဘောကို ပြောလိုက်ရင် ချက်ချင်းပဲ နန်းတော်ရှေ့ဆရာတင်က သီချင်းစပ်ပေးတယ်။

ကျောင်းသားတွေရဲ့ အဆိုအက ကိစ္စတွေကို ဆရာဦးဘလှတို့ကလဲ ဝိုင်းဝန်းပံ့ပိုး ကူညီသင်ပြပေးတယ်။

၁၉၂၄ ခုနှစ်လောက်မှာ ပညာရေးဝန်ကြီး၊ အမ်အေ ဦးမောင်ကြီးနဲ့ သစ်တောရေးဝန်ကြီး ဆာဂျေအေမောင်ကြီးတို့ မန္တလေးကို ရောက်လာမယ်တဲ့။ ဒီတော့ ပညာရေးဝန်ကြီးကိုလဲ ကြိုဆိုဂုဏ်ပြုရာလဲကျ၊ ဗဟိုအမျိုးသားကျောင်း ရန်ပုံငွေလဲရဆိုတဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘော၊ ဆရာကြီး ကျောင်းက ရွှေတိုက်ရုံထဲမှာ ကပွဲကျင်းပဖို့ ပြင်ဆင်ခဲ့တယ်။ ပညာရေးဝန်ကြီး ဦးမောင်ကြီး (အမ်အေ)တို့ မန္တလေးရောက်တဲ့အခါ ပွဲကျင်းပတယ်။

Grand Variety Entertainment given by the students of the central National Boy's High School, Mandalay, under the patronage of the Hon'ble U Maung Gyi M.A. Education Minister.

ဒီအချိန်က တောင်ပြုံးပွဲကလဲ နီးပြီဖြစ်တဲ့အတွက် ဆရာကြီးရဲ့ ကျောင်းသားတွေက နတ်ကတော်ယိမ်း၊ လူမိုက်တို့ရဲ့ သွားရာလမ်း ပြဇာတ်ငယ်၊ တပင်တိုင်အက၊ အရှေ့တိုင်းသူများအကနဲ့ ဝိဇယဇာတ်ကြီးကို ကပြခဲ့တယ်။

ဝိဇယဇာတ်နှစ်ပါးသွား ဇာတ်လမ်းမှာ မင်းသားက ကျောင်းသား ကိုညီ (အခု သ/မဝန်ထောက်မှ အငြိမ်းစားယူပြီး မန္တလေးမှာ အထက်တန်း ရှေ့နေ လိုက်နေသူဦးညီ) မင်းသမီး လုပ်သူက ကိုဘဆန်း (အခု ဂျပန်ပြည်ရောက် စစ်သံမှူး ဗိုလ်မှူးကြီး ဘရွှေရဲ့ညီ ဦးဘဆန်း–ကွယ်လွန်)

အရှေ့တိုင်း တပင်တိုင်အက, ကသူဟာ ဦးလှထွန်း (စိုက်ပျိုးရေးမင်းကြီး အငြိမ်းစား) ဖြစ်တယ်။

ဝိဇယဇာတ်မှာ ရသေ့အဖြစ် ပါဝင်ကပြသွားသူက ရွှေပြည်ဆရာ ဦးဘတင်ပါ။ အဲဒီနှစ်မှာပဲ ဖျာပုံရေလွှမ်းမိုးတုန်ကလဲ ရေဘေးကယ်ဆယ်ရေး ရန်ပုံငွေအတွက် ဆရာကြီးကျောင်းသားတွေက ကပွဲ ကျင်းပပေးခဲ့ရပါသေးသတဲ့။

ကပွဲမှာ ပါခဲ့တဲ့ ဆရာကြီး တပည့်တွေက–

ဘသွင်၊ ဘရှင်၊ လှထွန်း၊ ထွန်းတင်၊ အောင်ထွား၊ ထွန်းအေး၊ အုန်းဖေ၊ ဖေနှင်း၊ အုံးပွင့်၊ အုံးဖေ၊ ဘကြည်၊ လှမောင်၊ ဘသိန်း၊ အေးမောင်၊ ကိုကြီး၊ သန့်ဇင်၊ မောင်ညီ၊ ဘစ်၊ မျိုးဒင်၊ ဝန်သံ၊ ရွှေပြည်ဆရာဘတင်၊ မောင်ချစ်၊ ဘသာ၊ လှဖေ၊ မောင်ချစ်၊ သိန်းတန်၊ ချစ်တင်၊ ဘရင်၊ ထွန်းအောင်၊ အေးကျော်၊ အောင်မြင့်တို့ ဖြစ်ပါတယ်။

(ဒီကပွဲမှာပါတဲ့ ကျောင်းတော်သား အနုပညာသည်တွေရဲ့ ဓာတ်ပုံကိုတော့ ဆရာကြီး ဦးရာဇတ် စာအုပ်ဓာတ်ပုံဖောင်မှာ ဖော်ပြထားပါတယ်)

ကျောင်းကပွဲတွေကျရင် ကျောင်းသားတွေက တို့ဗမာသီချင်း၊ ဒါမှမဟုတ် အမျိုးသား သီချင်းကို ဇာတိသွေး ဇာတိမာန်နဲ့ တက်တက်ကြွကြွ စိတ်ထဲ အူထဲအသည်းတွေထဲက ထွက်လာတဲ့ အသံနဲ့ စိတ်ပါလက်ပါ၊ ပြီးတော့ ကိုယ်ဟန်အမူအရာနဲ့ အစအဆုံး ဆိုကြရပါသတဲ့။

ဆရာကြီး ဦးရာဇတ်ဟာ အဖက်ဖက်က မလစ်ဟင်းရအောင် တိုင်းပြည် အတွက် ကျောင်းသားတွေကို လေ့ကျင့်ပေးခဲ့ပါတယ်။ ဒါကြောင့်လဲ ဗဟိုအမျိုးသား အထက်တန်းကျောင်းက ကျောင်းဆရာကြီး၊ ဗမာမွတ်စလင် အမျိုးသား ခေါင်းဆောင်ကြီး၊ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ရှိတဲ့ အမျိုးသား ခေါင်းဆောင်ကြီးရယ်လို့ မြန်မာပြည်တစ်လွှားမှာ ဟိုးလေးတကျော် ကျော်ကြားခဲ့ပါတယ်။

အမ်အေဒေါ်အုံး မန္တလေးတက္ကသိုလ် ပါမောက္ခ (အငြိမ်းစား)က ဆရာကြီးရဲ့ လေ့ကျင့်ပေးမှုကြောင့် သူဘယ်လို အောင်မြင်ကျော်ကြားခဲ့တယ် ဆိုတာကို ၃-၆-၁၉၆၉ နေ့က ကျမ်းပြုသူကို အောက်ပါအတိုင်း စိတ်ရှည် လက်ရှည် ပြောပြလိုက်ပါတယ်။

> "ကိုသိန်းအောင်နဲ့ ကျွန်မဟာ မောင်နှမပါ၊ နှစ်ယောက်စလုံး ဆရာကြီးရဲ့ ကျောင်းက ၁၀ တန်းအောင်ခဲ့ကြသူများ ဖြစ်ပါတယ်။ နှစ်ယောက်စလုံး မန္တလေး အင်တာမီဒီရိတ် ကောလိပ်မှာ တက်ရောက် ပညာသင်ကြပါတယ်။ ကိုသိန်းအောင်အိုင်အက်စ်၊ သူက ဆယ်တန်းက အင်္ဂလိပ်ဂုဏ်ထူးနဲ့ အောင်တယ်၊ ကျွန်မကတော့ ဆယ်တန်းက ပါဠိ ဂုဏ်ထူးနဲ့ အောင်တယ်။
>
> "ကျွန်မတို့ မောင်နှမ နှစ်ယောက်စလုံး မန္တလေး အင်တာ မီဒီရိတ်တန်းကို အောင်ကြတယ်။ ကျွန်မက လောဂျစ်နဲ့ ပါဠိကို ဂုဏ်ထူးနဲ့အောင်တယ်။ လောဂျစ်ကို မြန်မာလို ယက္ကဗေဒလို့ ခေါ်တယ်။ အခုတော့ ဒဿနိကဗေဒလို့ ခေါ်တယ်။
>
> "မောင်နှမနှစ်ယောက်စလုံး ရန်ကုန်တက္ကသိုလ်မှာ ဆက်လက် ပညာသင်ကြားဖို့ မတတ်နိုင်ဘူး၊ ကိုသိန်းအောင် တစ်ယောက်တည်း

စတိုင်ပင် (အစိုးရ အထောက်အပံ့)ရတယ်။ ကျွန်မကျတော့ မရဘူး၊ နှစ်ယောက်စလုံး စတိုင်ပင်နဲ့ နေခွင့်မရဘူး။

"ကိုသိန်းအောင်ဆိုတာက မန္တလေး အာဇာနည် ၁၇ ဦး ချီတက်ပွဲမှာတုန်းက သူလာပြီး အကူအညီ ဆောင်ရွက်ပေးသေးတယ်။ တက္ကသိုလ်ရောက်တော့ တက္ကသိုလ်မှာ ကျောင်းသားသမဂ္ဂခေါင်းဆောင် ဖြစ်လာတယ်။ တရားဟောတဲ့အခါ လက်ညှိုးထောင်ထောင်ပြီး ဟောတတ်တဲ့အတွက် လက်ညှိုးထောင် ကိုသိန်းအောင်လို့ ကျော်ကြား ခဲ့တယ်။

"ကျောင်းသားများသမဂ္ဂခေါင်းဆောင် ကိုဘဟိန်းတို့၊ ကိုဘဆွေတို့ မကွေးအလုပ်သမားတပ်ကြီး ချီတက်ပွဲမှာ သွားရောက် တရားဟောခဲ့တဲ့အတွက် အစိုးရက ဖမ်းတယ်။ ဒီတော့ ရန်ကုန်မှာရှိတဲ့ ကျောင်းသားခေါင်းဆောင် ကိုလှရွှေနဲ့ ကိုသိန်းအောင်တို့က ဆက်ပြီး ခေါင်းဆောင်ခဲ့တယ်။ ကိုလှရွှေကို အာဏာရှင် ကိုလှရွှေလို့ တိုင်းပြည်က သိတယ်။ ကိုသိန်းအောင်ကိုကျတော့ လက်ညှိုးထောင် ကိုသိန်းအောင်လို့ သိကြတယ်။

"မန္တလေး အင်တာမီဒီရိတ် ကောလိပ်ပွဲတော်မှာ ကျွန်မကို တပင်တိုင်အကနဲ့ ဖြေဖျော်ပေးဖို့ ပွဲတော်ကျင်းပရေးအဖွဲ့က တောင်းပန်တယ်။ ဒါကိုသိတော့ ဆရာကြီးက ကျွန်မကိုခေါ်တွေ့ပြီး (Solo dance)ဆိုလိုဒန့်စ် တပင်တိုင်အက ဝင်ကဖို့ တိုက်တွန်းတယ်။

တချို့ကတော့ ယိမ်းအဖွဲ့ထဲ ဝင်ကတယ်။ ယိမ်းအဖွဲ့က အများနဲ့ဝင်ကရတော့ အားရှိတယ်ပေါ့၊ တပင်တိုင်အက ဆိုတော့ တစ်ယောက်ထဲ ခပ်ကြောင်ကြောင်ကရမှာ အားငယ်စရာ။

ပြီးတော့ ကောလိပ်ကျောင်းသူ အရွယ်ကလဲ ၁၇ နှစ်ပတ်လည် ပျိုရွယ်၊ အခုခေတ်လို အနုပညာတစ်ရပ်အနေနဲ့ တိုင်းပြည် သဘောပေါက် ချီးမြှင့်တဲ့ခေတ် မဟုတ်ဘူး၊ အကဆိုတာ ဖက်ခွက်စား အလုပ်၊ အင်မတန် အောက်ကျနောက်ကျဖြစ်တဲ့ အောက်တန်းစား အလုပ်ကို ကောလိပ်ကျောင်းသူ တစ်ဦးက ပါဝင်ပြီး ကပြရတယ်ဆိုရင် ကောလိပ်ကျောင်းသူကျောင်းသား အသိုင်းအသိုင်း၊ ပြီး အထက်လွှာ

အသိုင်းအဝိုင်းကို စော်ကားရာ ကျတယ်။ အဲဒီလို ပတ်ဝန်းကျင်မှာ ကျွန်မ မကချင်ဘူး၊ ကရမှာ ကြောက်တယ်ဆရာကြီး မကပါရစေနဲ့”လို့ ဆရာကြီးကို တောင်းပန်တယ်။ အဲဒီတော့ ဆရာကြီးက–

“မင်းတို့ လူရယ်လို့ ဖြစ်လာရင် သာမန်လူမဖြစ်စေနဲ့၊ ဆိုးရင်လဲ ကမ္ဘာကျော်ပစေ၊ ကောင်းရင်လဲ ကမ္ဘာကျော်ပစေ။

“ပတ်ဝန်းကျင်ကို ဂရုစိုက်မနေနဲ့၊ ကိုယ်ကကောင်းမယ်လို့ ထင်ရင်လုပ်ပါ။ ကောလိပ်ကျောင်းသူ ကျောင်းသားဆိုရင် လူထုက မျက်လုံးဒေါက်ထောက် ကြည့်နေတာ၊ ကောလိပ်ဆိုရင် လူထုက အဟုတ်ကြီးအောက်မေ့နေတယ်။ သူတို့ကိုပဲ မျက်ခြည်မပြတ် ကြည့်နေတယ်။ ကောင်းတယ်ဆိုရင်လဲ လူထုက မြှောက်စားမှာ၊ မကောင်းခဲ့ရင် လူထုရဲ့ တံတွေးခွက်မှာ ပက်လက်မျောရမှာပဲ။

“သူများသားမယား ဖျက်ဆီးတာလဲ မဟုတ်ဘူး၊ လင်ခိုးတာလဲ မဟုတ်ဘူး၊ ဘာမှ ရှက်စရာ မလိုဘူး၊ နင် က,စရာရှိတာသာ ဝင်က၊ ကဲ့ရဲ့ ခုနစ်ရက် ချီးမွမ်းခုနစ်ရက်ပဲ၊ ကောလိပ်ကျောင်းသူဟာ သဘင်သည်မှ မဟုတ်တာ၊ မှားရင်လဲ အများလူထုက သားချင်းသမီးချင်း စာနာမှုနဲ့ ခွင့်လွှတ်လိမ့်မယ်။ သူတို့သဘောကျရင် မိုးမဆုံး လေမဆုံး မြှောက်စားပေလိမ့်မယ်။ အဲဒီတော့ ရဲရဲသာ မရှက်မကြောက်နဲ့ ဝင်က။

ဆရာကြီးကတော့ ထုံးစံအတိုင်းပဲ ဉာဏ်ဘက်ပါး လေးရွဲ့ပြီး ပြုံးကာ ပြောပြခဲ့ပါတယ်။ ဒီချစ်စရာ ကောင်းတဲ့အချက်ကလေးကတော့ ကျောင်းသားတွေလို ကျွန်မကလဲ မမေ့နိုင်ပါ။ ကောလိပ်ကျောင်းသူ မပြောနဲ့ အထက်တန်းကျောင်းသူတောင် စင်မြင့်မှာ တက်ကတာ ကောင်းကောင်းလက်ခံသေးတဲ့ခေတ် မဟုတ်သေးဘူး။ ကောလိပ် ကျောင်းသူအပျိုဖြားဖားက ဝင်ကမယ်ဆိုတဲ့ စကားဟာ အဲဒီခေတ်က အင်မတန် အံ့သြစရာကောင်းတဲ့ စကားပါ။ ကောလိပ်ကျောင်းသူတွေဟာ စင်မြင့်မှာ တက်ကတာ မရှိသလို လူထုကလဲ ကောလိပ်ကျောင်းသူ တစ်ယောက် တက်ကတာကို လက်မခံဘူး။

ရုပ်ရှင်မှာလဲ ဒီအတိုင်းပဲ ဟိုခေတ်က ရုပ်ရှင်အနုပညာတွေမှာ ကောလိပ်ကျောင်းထွက် မရှိသလောက်ဘဲ။ လူကုံထံ သားသမီးတွေ ပျော်စံမြန်းတဲ့

နယ်ပယ် မဟုတ်ဘူး၊ အင်မတန် အောက်ကျနောက်ကျတဲ့ လူ့အလွှာတွေရဲ့ အလုပ်လို့ ထင်ခဲ့ကြတယ်။

ဒီခေတ်ကျတော့ လူကုံထံ သားသမီးတွေ၊ ကောလိပ်ကျောင်းသားတွေ ကျောင်းသူတွေ သူ့ထက်ငါ အလုအယက် ဝင်နေတဲ့ နယ်ပယ်ဖြစ်တယ်။ မင်းသားမင်းသမီးဖြစ်ဖို့ အရေး လူများက စင်မြင့်ပေါ်က မကောက်ပေမယ့် ကိုယ့်သားသမီးတွေကို ကိုယ့်ငွေနဲ့ ကိုယ် အကုန်အကျခံပြီး တွန်းတင်ပေးတဲ့ခေတ် ဖြစ်နေတယ်။ စစ်ဘက်နယ်ဘက် ကုန်သည်ဘက်က လူကုံထံတွေရဲ့ သားသမီးတွေ ဒီနယ်ပယ် ရောက်အောင် ဂုဏ်ရှိရှိနဲ့ တင်ပို့ခဲ့ကြပါတယ်။

ဆရာမကြီး အမ်အေဒေါ်အုံးရဲ့ စကားတွေကို ဆက်လက်ဖော်ပြရမယ် ဆိုရင်–

"ဆရာကြီးရဲ့ သွန်သင်အားပေးစကားတွေ ကျွန်မနားမှာ ခုထိ ကြားယောင်နေပါသေးတယ်။ သူ့အားပေးစကားတွေက ကျွန်မကို ဖမ်းစားခဲ့ပါတယ်။ သူ့အားပေးစကားတွေကို ယုံယုံကြည်ကြည် ဆုပ်ကိုင်ထားခဲ့သူပါ။ ကိုယ့်အရည်အချင်း တစ်ခုခုနဲ့ ကိုယ့်ကျောင်း အတွက် ကိုယ့်လူမျိုးအတွက် တိုင်းပြည်ကို အလုပ်အကျွေးပြုရမယ်လို့ ပြင်းပြတဲ့ သန္နိဋ္ဌာန် ချထားသူပါ။

အားကစားမှာပဲဖြစ်ဖြစ်၊ ပညာရေးအခန်းကဏ္ဍမှာပဲဖြစ်ဖြစ်၊ အက အနုပညာမှာပဲဖြစ်ဖြစ် ဆည်းပူးစရာရှိတာတွေကို အပတ်တကုတ် ဆည်းပူးခဲ့ပါတယ်။ ပတ္တမြားငမောက်လို ငွားငွားတောက်တောက် တောက်စေရမယ်လို့ ကျွန်မ စိတ်ကို ကျွန်မ မွေးလိုက်ပါတယ်။

"ဆိုလိုဒါန့်(စ်)ဆိုတဲ့ တပင်တိုင်အကကို အပတ်တကုတ် ကြိုးစားသင်ကြားခဲ့ပါတယ်။ မန္တလေးအင်တာမီဒီရိတ် ကောလိပ်ကျောင်း ပွဲတော် ရက်ကျတော့ ကျွန်မတပင်တိုင်အကနဲ့ ဝင်ရောက်ဖြေဖျော် ခဲ့ပါတယ်။

ဒီလိုရဲရဲရင့်ရင့် ဇာတ်ခုံပေါ်ကနေ မိဘပြည်သူတွေကို တင်ဆက်ကပြ လိုက်တယ်ဆိုရင်ပဲ ခန်းလုံးပြည့် သြဘာသံတွေဟာ မိုးမွှန်လို့သွားပါတယ်။ မန္တလေးအင်တာမီဒီရိတ်က မအုံးတဲ့၊ ဆရာကြီး ဦးရာဇတ်ရဲ့ ဗဟိုအမျိုးသား အထက်တန်းကျောင်းထွက်တဲ့ဆိုတဲ့

မွေးကြိုင်တဲ့ သတင်းစကားတွေဟာလဲ မန္တလေးတွင် မကဘူး၊ ရန်ကုန်အထိ လေနဲ့အတူ ပြန့်နှံ့လာခဲ့ပါတယ်။

"ဒီလိုတပင်တိုင်အကကို ပီပီပြင်ပြင်စွမ်းစွမ်းတမံ ကပြနိုင်တဲ့ အရည်အချင်းကြောင့် ရန်ကုန်တက္ကသိုလ်မှာ တက်ရောက်ပညာ ဆည်းပူး ဆက်လက်သင်ကြားဖို့ လမ်းပွင့်သွားပါတော့တယ်။ ကိုသိန်းအောင်နဲ့ အတူ မောင်နှမနှစ်ယောက်စလုံးအတွက် အစိုးရက ပညာသင်ကြား စရိတ် ထောက်ပံ့ဖို့ မပေးနိုင်ဘူးဆိုတာနဲ့ ကိုသိန်းအောင် တစ်ယောက် တည်း စတိုင်ပင်နဲ့ ရန်ကုန်တက္ကသိုလ်မှာ ပညာဆက်သင်နေတယ်။

မအုံးကျတော့ စတိုင်ပင်မရလို့တဲ့ ရန်ကုန်တက္ကသိုလ် ဆက် ပညာမသင်နိုင်တာဆိုပဲတဲ့။ ပညာဆက်လက်သင်ကြားရေးအတွက် အခက်အခဲရှိနေတာကို ဆိုင်ရာပညာရေး ဌာနမှက သိရှိသွားတယ်။

ကောလိပ်ကျောင်းသူ အပျိုဖားဖားကြီး ဖြစ်ပေမယ့် မရှက် မကြောက် ခုလိုဇာတ်ခုံပေါ် တက်ကနိုင်တဲ့ အရည်အချင်းဟာလဲ မှတ်တမ်းတင်ထိုက်တယ်ဆိုပြီး ပညာရေးဌာနရဲ့ ချီးမြှင့်မှုကို အပြည့်အဝ ခံရလိုက်ပါတယ်။ ဒါကြောင့် အမ်အေဘွဲ့ကိုရပြီးတဲ့ နောက်အမ်အေ ဒေါ်အုံးရယ်လို့ မြန်မာပြည်တစ်လွှားမှာ မွေးကြိုင်တဲ့ သတင်းနဲ့ ကျော်ကြားခဲ့တယ်။

"ဒီအောင်မြင်ချက်ဟာ ဆရာကြီးရဲ့ စေ့ဆော်အားပေးမှုကြောင့်ပါ၊ ဒါကြောင့် ဆရာကြီးကျေးဇူးဟာ အင်မတန်ကြီးမားလှတာမို့ ဒီတစ်သက် မှာ ကျွန်မတော့ မေ့မရပါဘူး။

ရန်ကုန်တက္ကသိုလ်မှာ တက်ရောက်ပညာသင်ကြားနေပါပြီ။ တစ်နေ့မှာ ရန်ကုန်မြို့မကျောင်းမှာ ကြီးကျယ်ခမ်းနားတဲ့ ပွဲတော်ကြီး တစ်ခုလုပ်ဖို့ စီစဉ်တယ်။ ဒီပွဲတော်ကြီးမှာ ကျွန်မကို မန္တလေး အင်တာမီဒီရိတ်တုန်းကလို တပင်တိုင်အကနဲ့ ကူညီပေးဖို့ လက်ကမ်း လာပါတယ်။ ရန်ကုန်တက္ကသိုလ် ယုဒသန်များဆိုလဲ အကူအညီ တောင်းတယ်။

ရန်ကုန်မြို့မနဲ့ မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်း ဆိုတာက ကျောင်းမောင်နှမပါ၊ ဒီတော့ အကူအညီလိုနေရင် အကူအညီ ပေးရမှာပေါ့။

ဒါပေမယ့် ကျွန်မအနေနဲ့ မန္တလေး အင်တာမိဒီရိတ်မှာတုန်းကနဲ့ စာရင် ကျွန်မအသက်ကလဲရလာပြီ။ အပျိုကြီးဖားဖား တစ်ယောက်က ဘယ်လိုပဲစေတနာနဲ့ ကူညီကပေမယ့် ကျွန်မကို သွားပုပ်လေလွင့် ပြောဆိုမှာပဲ၊ တက္ကသိုလ် ကျောင်းသူကြီး တစ်ယောက်က ဒီလို ဖက်ခွက်စားအလုပ်မျိုး ဝင်လုပ်ရသတဲ့လားဆိုပြီး မမြှောက်စားတဲ့အပြင် ကဲ့ရဲ့ ရှုတ်ချပေလိမ့်ဦးမယ်။

မန္တလေးမှာတုန်းကတော့ မန္တလေးက ကိုယ့်မြို့ကိုယ့်ရွာဖြစ်တော့ တော်တော်တန်တန် ကဲ့ရဲ့ရှုတ်ချချင်ဦးတော့ မြို့သားချင်းဆိုတော့လဲ မချိုးမွမ်းချင်တောင် ကဲ့ရဲ့ကြမှာတော့ မဟုတ်ဘူး။

အခုတော့ သူများမြို့ရွာမှာဆိုတော့ ဘာသံယောဇဉ်၊ ဘာတွယ်တာမှုမှ မရှိတော့ ချိုးကျူးထိုက်တာကိုပင် ကဲ့ရဲ့ရှုတ်ချဦးမည်မှာ မုချ။ ခဲနဲ့ပေါက်၊ ပုလင်းနဲ့ပစ်ပြီး အရှက်ကွဲအောင် လုပ်ချင် လုပ်ကြပေမယ်။

ဒါကြောင့် အကူအညီပေးချင်ပေမယ့် စကားကို ချက်ချင်း မပြန်ရဲဘူး၊ ဆရာကြီးဦးရာဇတ်ဆီလှမ်းပြီး ဆန္ဒတောင်းရပါတယ်။

ဆရာကြီးဆီလှမ်းပြီး ဆန္ဒသာ တောင်းရတာပါ။ သူ့ဆီက ဘယ်လို ဆန္ဒမျိုး ပေးမလဲဆိုတဲ့ အဖြေကိုတော့ ကျွန်မသိပြီးသားပါ။ ကျွန်မထင်တဲ့အတိုင်း မြို့မကျောင်းပွဲတော်အတွက် အခါအခွင့်ကြုံကြိုက် နေတာမို့ မဖြစ်မနေဝင်ပြီး ကူညီဖြေဖျော်ပေးပါ”တဲ့။ ကျွန်မ ထင်ပါတယ်လေ ဆရာကြီးက ကျွန်မကို ဒီလို တိုက်တွန်းပါလိမ့်မယ်လို့။

ဆရာကြီးက ထပ်မှာကြားလိုက်တာက–

ရန်ကုန်မြို့မနဲ့ မန္တလေးဗဟို အမျိုးသား အထက်တန်းကျောင်း ဆိုတာက အမျိုးသားကျောင်းတွေချင်းဆိုတော့ ကျောင်းမောင်နှမလို ဖြစ်တယ်။ ဆရာကြီးဦးရာဇတ်က သစ္စာတရား လက်ကိုင်ထားပြီး အမှန်တရားနဲ့ မြေတောင်မြှောက်ပေမယ့် ကျောင်းရဲ့ ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ညည်းက ဝင်ကပေးရမယ်။

မရှက်နဲ့ မကြောက်နဲ့ သူများကဲ့ရဲ့မှာ ရှုတ်ချမှာတွေကို တွေးပြီး စိုးရိမ်ထိတ်လန့် ကြောင့်ကြ မနေပါနဲ့၊ ကိုယ်က ကြေးစားလဲမဟုတ်ဘူး အမှားအယွင်းရှိတဲ့တိုင်အောင် လူထုက ခွင့်လွှတ်မှာပါ။ ဒီလိုဝင်ကတဲ့ အတွက် ကိုယ့်မှာ ဂုဏ်မငယ်ပါဘူး၊ ဒီလိုဝင်ကတာ တို့နေရှင်နယ်ရဲ့ ကျေးဇူးကိုလဲ ဆပ်ရာကျပါတယ် အဲဒီတော့ ဝင်လဲကပါ။

ဆရာကြီး မှာကြားချက်တွေဟာ ကျွန်မအတွက် အားဆေးပါ။ ဆရာကြီးရဲ့ ရှေ့ဆောင်ရှေ့ရွက်လုပ်ပြီး သွန်သင်အားပေးမှုကြောင့် ကျွန်မအချိန်တန်တော့ မြို့မကျောင်းပွဲတော်ကြီးမှာ ပါဝင်ကပြခဲ့ပါတယ်။ ဒီမှာလဲ တပင်တိုင် ဆိုလိုဒန်(စ်)ကိုပဲ ကခဲ့ပါတယ်။

ကျွန်မကို လက်ခုပ်တဖြောင်းဖြောင်းနဲ့ အားပေးတာတစ်ဖုံ လေမှုတ်လို့တစ်မျိုး ချီးမြှင့်အားပေးခဲ့ပါတယ်။ ရန်ကုန်ယူနီဘာစီတီက မအုံး၊ မန္တလေးနေရှင်နယ်က မအုံးတဲ့၊ ရဲရင့်ပါပေ့၊ အကတော်လှပါပေ့" ဆိုပြီး မအုံးဆိုတဲ့ နာမည်ဟာ တမုဟုတ်ချင်း မြို့မကျောင်း နယ်ပယ်ကနေ ရန်ကုန်တက္ကသိုလ် နယ်ပယ်ထိ ကျော်ကြားခဲ့ပါတယ်။

ကျွန်မနာမည်ဟာ မန္တလေးအင်တာမီဒီရိတ်မှာတုန်းကထက် ပိုမိုကျော်ကြားလာပါတယ်။ ကျွန်မ အတိုင်းမသိ ရွှင်မြူးဘဝင်ကျ ပီတိဖြစ်ခဲ့ပါတယ်။ ကျွန်မဘဝကို ကျွန်မ အကျေနပ်ကြီး ကျေနပ်ခဲ့ပါတယ်။ ဒါဟာ ဆရာကြီးရဲ့ ကျေးဇူးတွေပါလို့ ကျွန်မက အထူးပြောဖို့ လိုမယ်လို့တောင် မထင်ပါဘူး။ ဆရာကြီးရဲ့ ကျေးဇူးက ကြီးမားလှပါပေ့။ ဒီကျေးဇူးတွေကို ကျွန်မ အစဉ်သတိရနေမှာပါ။

ကျွန်မ ၁၉၃၆ ခုနှစ်မှာ အမ်အေ အောင်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာလဲ အဆောင်မှူးဖြစ်ခဲ့ပါတယ်။ ပါဠိဘာသာအတွက် နည်းပြဆရာအဖြစ် တာဝန်ယူရတယ်။ ကျွန်မတို့အရင်က အင်္ဂလိပ်ကြီးစိုးတဲ့ခေတ် ဖြစ်တယ်။ အရင်က မြန်မာအမျိုးသမီးတွေကို ကျူတာရာထူး ခန့်ထားခဲပါတယ်။

၁၉၃၆ ခုနှစ် ဦးနု–ဦးရာရှစ်တို့ခေါင်းဆောင် သပိတ်မှောက်လိုက်တဲ့ အကျိုးကတော့–

(က) မျက်နှာဖြူကျောင်းအုပ်ကြီးတွေနေရာမှာ မြန်မာတွေ ဖြစ်လာတယ်။ ပထမဆုံးကျောင်းအုပ်ကြီးက ဦးဖေမောင်တင်ဖြစ်တယ်။ ဒီဦးဖေမောင်တင်က ဆရာကြီး ရန်ကုန်တက္ကသိုလ်မှာ နေစဉ်က ဆရာကြီး ဦးရာဇတ်နဲ့ တစ်တန်းတည်း နေခဲ့ဖူးတယ်။

(ခ) အဆောင်မှူးတို့ လက်ထောက်အဆောင်မှူးတို့ဟာလဲ မြန်မာတွေ ဖြစ်လာတယ်။

ကျွန်မမှာ လုပ်ရဲကိုင်ရဲတဲ့ သတ္တိရှိလို့ ကျွန်မကို အဆောင်မှူးအဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်ပါတယ်လို့ ပြောပါရစေ။

အင်္ဂလိပ်တွေ မန္တလေးကို သိမ်းပိုက်ပြီးတဲ့နောက် ဆရာကြီး

ဦးရာဇတ် ခေါင်းဆောင်ပြီး အထက်မြန်မာပြည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ချုပ်ကို ပထမဆုံး ဖွဲ့စည်းတယ်။ အမှုဆောင်အဖွဲ့မှာ ကျွန်မပါတယ်။ ပထမဆုံး အမျိုးသမီး အမှုဆောင် ဖြစ်တယ်။

ဒီအချိန်က ဖ၊ တ၊ ပ၊ လမှာ ပါဝင်ပြီး ဘယ်သူမှ အလုပ်မလုပ်ချင်ဘူး၊ မလုပ်ဝံ့ဘူး၊ ဂျပန်ဆန့်ကျင်ရေးသမားတွေ အင်္ဂလိပ်ဆန့်ကျင်ရေးသမားတွေကို (F. S. S) တို့ (B. I. C)တို့ စတဲ့ စစ်ထောက်လှမ်းရေးအဖွဲ့က လိုက်နေတယ်။ အရင် နိုင်ငံရေးသမားဟောင်းတွေဆီ သွားချဉ်းကပ်ပြန်တော့ မောင်ရင်တို့ လူငယ်တွေပဲ လုပ်ကြပါ။ တို့က အသက်ကြီးပါပြီဆိုပြီး ငြင်းတဲ့ခေတ်ပေါ့။ အင်္ဂလိပ်ကလဲ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းပြီး စစ်တရားခံအဖြစ် စစ်ခုံရုံးမှာ တင်မလိုလို ကောလာဟလ ဖြစ်နေတဲ့ ခေတ်ပါ။ အဲဒီလို ထိတ်လန့်စရာကောင်းတဲ့ခေတ်မှာ ကျွန်မက အမှုဆောင် ဝင်လုပ်ပါတယ်။

နောက်တစ်ခါက ကျွန်မ တရုတ်ပြည်ကို ၁၉၅၂ ခုနှစ်မှာ ပထမဆုံးသွားတဲ့ ယဉ်ကျေးမှုအဖွဲ့နဲ့ လိုက်ပါခွင့် ရပါတယ်။ ဒါဟာလဲ ဆရာကြီးရဲ့ ကျေးဇူးပဲလို့ ကျွန်မဆိုပါမယ်။ ဒီအဖွဲ့ကို ဦးထွန်းဖေ (ထွန်းနေ့စဉ်)က ခေါင်းဆောင်သွားတာပါ။ အတွင်းရေးမှူးက နိုင်ငံခြားရေးရုံးက ဦးစိုးတင့်ပါ၊ ဒီအဖွဲ့မှာ သခင်ချစ်ထွန်း (ရန်ကုန်) ပါလီမန်အမတ်၊ သခင်ထွန်းစံ (မိတ္ထီလာ) ပါလီမန်အမတ်၊ သခင်သိန်းမောင် ပါလီမန်အမတ်။ ဦးလှဖေဝင်း (မဟာဝိဇ္ဇာ) ကျောက်စာဝန် ပညာရေး ဘက်က။ ဦးအေးမောင် (မဟာဝိဇ္ဇာ) မြန်မာစာပါမောက္ခ ပညာရေး ဘက်က၊ ဒေါ်အုံး (မဟာဝိဇ္ဇာ) ဂုဏ်ထူး ပညာရေးဘက်က ဦးဘကြည် ပန်းချီပညာရှင်၊ ကချင်ပြည်နယ်မှ ကိုယ်စားလှယ်တစ်ဦး၊ ကရင်ပြည်နယ်မှ ကိုယ်စားလှယ်တစ်ဦး ကယားပြည်နယ်မှ ကိုယ်စားလှယ်တစ်ဦး။

၁၉၅၂ ခုနှစ် တရုတ်ပြည်က ပြန်ရောက်ပြီးတဲ့နောက်မှာ တစ်ခါ ယူနိုက်တက်နေးရှင်းမှာ မြန်မာပြည်ရဲ့ အမျိုးသမီး ကိုယ်စားလှယ် အဖြစ် တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါကိုလဲ တစ်နည်းပြောရရင် ဆရာကြီးက အရည်သွေးပြီး အရောင်တင်ပေးခဲ့လို့ပါပဲ။

၁၉၅၃ ခုနှစ်က မန္တလေး တက္ကသိုလ် ကျောင်းအုပ်ဆရာကြီး ဦးကိုလေး နိုင်ငံခြားကို သွားရပါတယ်။ သူသွားတော့ ဦးကိုလေး

နေရာမှာ ဝင်ပြီး ကျောင်းအုပ်ကြီးအဖြစ် တာဝန်ဝင်ယူခဲ့ရပါသေးတယ်။ မြန်မာပြည်ရဲ့ တက္ကသိုလ်သမိုင်းမှာ အမျိုးသမီးထဲက ခေတ္တယာယီပဲ ဖြစ်ဖြစ် ကျောင်းအုပ်ကြီးရယ်လို့ တစ်ဦးတစ်ယောက်မှ မရှိခဲ့ဖူးပါ။ ကျွန်မဟာ အမျိုးသမီးထဲက ပထမဆုံးကျောင်းအုပ်အဖြစ် တာဝန်ယူခဲ့ရသူပါ။

ဒါဟာလဲ ဆရာကြီး ဦးရာဇတ်ရဲ့ ကောင်းမှုကြောင့်ပါလို့ ပြောပါရစေ။

အမ်အေဒေါ်အုံးဟာ ကျောင်းမှာထဲက ကျောင်းစာတွေသင်ရင်း တစ်ဘက်က ရဲစိတ်ရဲမာန်ရှိဖို့ မျိုးချစ်စိတ်ရှိဖို့ စိတ်ဓာတ်တွေကိုပါ အစာကျွေးခဲ့ပါတယ်။ ဒါတင်မကပါဘူး အနုပညာဘက်မှာလဲ ထွန်းထွန်းပြောင်ပြောင် လုပ်ရဲကိုင်ရဲအောင် လေ့ကျင့်ပျိုးထောင်ပေးတဲ့အတွက် အခုလို အမ်အေဒေါ်အုံးဆိုတဲ့ နာမည်တစ်လုံးနဲ့ မြန်မာတစ်ခွင်တွင်မကဘူး၊ နိုင်ငံခြားအထိပါ ပေါက်ရောက်ကြော်ကြားခဲ့တယ်။

ဒါကြောင့် ဆရာကြီးကျောင်းမှာ ပညာလဲရတယ်။ လူလူချင်း ယောကျာ်း မိန်းမမခွဲ ရင်ပေါင်တန်းရပ်ခဲ့တယ်။ တိုင်းပြည်က စစ်သားကောင်းတွေ ရနိုင်တယ်။ အနုပညာသည်တွေ လိုရင်လဲ အနုပညာသည်တွေ ရနိုင်အောင် အဘက်ဘက်မှ တိုင်းပြည်အတွက် အနရော အကြွမ်းပါရအောင် သားသမီး ရတနာတွေ အဆက်မပြတ် မွေးပေးခဲ့ခြင်းပါ။

## ဗဟိုအမျိုးသားအထက်တန်းကျောင်းကသီချင်းအချို့

### ဘီလူးမယိမ်း

၁၃ ကြိမ်မြောက်

ဆို– စိန်စိန်၊ မအုံး၊ ခင်ခင်၊ မလှကြည်၊ မဟုန်၊ မကြေည်။

(အမျိုးသားအောင်ပွဲနေ့ထူးအခါ၊ ကျောင်းသူလှပျို ကျွန်မတို့ဆောင်ရွက်မှာ)၂။

(အထက်တန်းနေရှင်နယ်မှာ ပျော်ရွှင်ခြင်းဖြင့် ထင်လင်းတီးမှုတ်ခါ မိုးနတ်ယက္ခသူဇာ ဆိုအကနှင့် ပျိုကျွန်မတို့တွေလာ)၂။

(ယခုနှစ်တန်ဆောင်မုန်းလဆုတ် (၁၀) ရက် ဒီချိန်ခါ ၁၃ ကြိမ်မြောက်သည့် အောင်ပွဲမှာ အားလုံးအမျိုးသမီး/ သားတို့ ပျော်မြူးစရာ)၂

(ကြည့်ပါ ရှုပါ၊ ကျောင်းသူကညာ)

မြို့ပြပြည်ရွာညီညာ၊ အထက်အောင်မကျန်ပါ သည်နေ့သည်ရက်မှာ အမျိုးသားထိမ်းမှတ်ဆိုစရာ (နေရှင်နယ်ဒေးဟု ပြန့်မွေးကြေညာ အမျိုးသမီးကညာအလှတို့က ပြဆိုတာ)၂။

အသုံးတော်ခံရ မနေသာကြ ဆိုကနှင့် ပျိုကျွန်မတို့တွေတို့လာ၊ ဇာတ်လမ်းဇာတ်ကွက်မှာ မှတ်တမ်းမှတ်ချက်တွင်စရာ၊ ယက္ခသူဇာထင်ရှားယိမ်းတော်မဟာ၊ (မြန်မာ့ညွှန့်ဆရာတင်ထွင်ရေးတေးဂီတာ)

အားလုံး (ကျောင်းသူတော် အမျိုးသမီးပေါင်းကညာ တော်ဝင်တေးသဘင်ဆက်ခါ) ၂။ (ထမ်းဆောင်ရွက်မှာ )၃ အရှက်အကြောက်တရားကို မြူမထားပါယ်ခွာ၊ ကိုယ့်အမျိုးဘာသာ (ကြီးပွားစေကြောင်းသာ) ၃။ ကျွန်မတို့ဆောင်ရွက်တာ အားလုံးဝမ်းသာကြဖို့ မြန်မာအမျိုးသား ဒီချိန်ရောက်သည့်အခါ။

* * *

**၁၉၃၇– ၁၂၉၉ တန်ဆောင်မုန်းလဆုတ် (၁၀) ရက် (၁၇) ကြိမ်မြောက် အောင်ပွဲညာ၊ ဗဟိုကျောင်း (မန္တလေးတွင်) မခင်နုအမိမြန်မာပြည်လုပ်ကဒေါင်းအလံကိုင်၍ ရပ်ပြီး တင်တင်၊ မတင်လှ၊ မအုံးကြည်၊ မသန်း၊ မိမိ၊ မရာထုံ၊ မဒေါင်းရွှေ သီဆိုရသော အမိမြန်မာပြည် သီချင်း။**

(အမိမြန်မာပြည် ကျက်သရေကိုဆောင် သာကီနွယ်မျိုး မြတ်ထိပ်ခေါင်)၂။

လူတို့ဘောင်ဥဒါန်း မကြေအောင်ကိုယ့်မင်း၊ ကိုယ့်ချင်းနှင့် နိမ်နင်းသမျှအောင်

အောင်ခဲ့ ......ဒို့ပြေ...... ဒို့မြေ......ကိုယ့်ပြေ......ကိုယ့်မြေ...... အမိမြန်မာပြည် လွှမ်းမိုးခဲ့သလေ။

သံပြိုင် ဒို့ခေတ်ကို ရောက်ပေါ့ညီညီစေ၊ ကြံတိုင်းအောင် ဆောင်တိုင်းအောင်၊ ဆောင်တိုင်းမြောက်ညီညီစေ၊ ဆုတောင်းပါရဲ့ အမိမြန်မာပြည် သားတွေ သမီးတွေ ချစ်ခင်ရမည်၊ ယောကျ်ားများမောင်တို့ အာဇာနည်။

(အို......မေ မေ့သားတွေ၊ အို......မေ့မေ့သမီးတွေ အို မိမိတို့ကိုသာ မိမိတို့အားကိုးရာ)၂။ မညှိုးသအာဝမျိုးရိုးနွယ်လာ ရဲရဲဗမာဇာနည်သွေးနဲ့ ဖော်ပြ ညီညီ အချိန်ရောက်လာပြီ၊ သတိပေးရမည် မောင်တို့အမေ အမိမြန်မာပြည်။

သံပြိုင် ဒို့ခေတ်ကို ရောက်ပေါ့အာဇာနည်။

* * *

### ၁၉၃၇–၁၂၉၉ တန်ဆောင်းမုန်းလဆုတ် (၁၀) ရက် (၁၇) ကြိမ်မြောက်အောင်ပွဲ မခင်တင့်ဆို၍ကသော တချစ်ထဲချစ်သီချင်း။

(တချစ်ထဲချစ်တာဘာကြောင့်ဆိုသည်၊ ဟိုယခင်အခါကတည်း မြန်မာစချီ မြေဆီမြေလွှာ ဆင်းနုံ့ရ အရသာ၊ ဖြဟ္မာကြီးတွေဟာ ကမြင်းပြီးတော့ ခံတွင်းသင့်လို့စား မြို့ရှာသည်။ ကိုယ်ရောင်ကျင်းလို့ အချို့အဆင်းလှ အချို့အဆင်း မလှ လှတဲ့သူကမယ် မဒီ အထိမာနကြောင့် ကိုယ်ရောင်ပြိုးပျောက် ရသာ ပထဝီကွယ်သည်။

သံပြိုင်။ တချစ်ထဲ ချစ်တာထွင်တဲ့ ဖြဟ္မာတွေ ကျေးဖူးတင်စရာကောင်းသည်၊ ပြစ်တင်စရာကောင်းသည်၊ ဆုံးဖြတ်ဖို့တတ်တဲ့သူ၊ တည်သူတို့ကြောင့်လဲ ရှင်နှင်ကျွန်မနှင့် မပစ်ဘဲနှင့် နှစ်လသံသရာရှည် တချစ်ထဲချစ်ရ ပြန်ပါသည်။

(ဖူးဝေမြေဆီ ဘူမိပပ္ပဒက တောင်ပို့သဏ္ဍာန်လိုပေါ်သည် စားကြ ပြန်တော့ သခင်တူညီ မန်မူခြင်းကြောင့်ပျောက်သည်) ၂။ မတာလတခေါ် နွယ်ချိုပင်ပေါက်စား သောက်ပြန်လို့ ပျောက်ကွယ်ပြန်သည်၊ ဒါကိုစားကြလို့ ကျား–မတို့ ဖြစ်ပေါ်လာပြန်သည်။

သံပြိုင် တချစ်ထဲ ချစ်တာထွင်တဲ့ဖြဟ္မာ... ချစ်ရပြန်ပါသည်။

၁၉၃၇–၁၂၉၉ တန်ဆောင်မုန်းလဆုတ် (၁၀) ရက် (၁၇)ကြိမ်မြောက် အောင်ပွဲ။ မတင်ညွန့်ဆို၍က (၁၃၀၁) ခု ၁၉ ကြိမ်မြောက်အောင်ပွဲဉ္ဇလည်း ၎င်းသီချင်း။

(အောင်မြင်တဲ့ နေ့ထူးနေ့မြတ် ထိမ်းမှတ်အောင်ပွဲပေ၊ ဒီနေ့ဒီခါ မြန်မာနိုင်ငံတော် အောင်လံတော် တဝေဝေ)၂။

ရက်မြတ်လပေ တက်ကြွကြစေ၊ ဇာနည်သွေးကို မွေးလို့ဟိုရှေး အခြေ ဒို့ဘေးအေ ဒို့ဘိုးအေများ အမျိုးသားမြန်မာတွေ ခံယူပါလေ နိုင်ငံဝန်ထမ်း အထက်တန်းမှာ တည်နေ့များ၊ ဗိုလ်လူသောင်းဖျဖျ ညောင်ရေ မြန်မာတို့ပြေ။

သံပြိုင် (နေ့ထူးနေ့မြတ် သိမှတ်ကြပေ၊ ရှင်လန်းဝမ်းမြောက် ထက်အောက်မြန်ပြေ အောင်လံတော်တွင်းက ဥဒေါင်းမင်းတောင်လွန်ပျော်မြူး ။ ထွန်ကြူးသလိုနေ (အိုးဝေ)၃။ ခြိမ့်ခြိမ့်သဲ မစဲအောင်သံချွေ အမျိုးသားနေ့ မမေ့နိုင်ပေ။

(မြန်မာတိုင်းဖွား အမျိုးသားချင်း ညီရင်းအစ်ကိုတွေ သွေးညီကြစို့လေ)၂။ ပညာရေးဘက် ထက်မြက်ကြောင်းနှင့် လမ်းကောင်းထွင်ခဲ့ပေ၊ ညီမောင်တွေ သြော်ဒီနေ့၊ ဒီလ၊ ဒီရက်အထက်အစ်ကိုများ ဆောင်ရွက်သွားကြ မှတ်သားသတိရစေ။

သံပြိုင် နေ့ထူးနေ့မြတ်...အမျိုးသားနေ့ မမေ့နိုင်ပေ။

* * *

**၁၉၃၇–၁၂၉၉ တန်ဆောင်မုန်းလဆုတ် (၁၀) ရက် (၁၇) ကြိမ်မြောက် အောင်ပွဲ မသန်းလှဆို၍က (ဗိုလ်ခင်မောင်ကလေး နှမ)**

**၁၉၃၉–၁၃၀၁ ခု(၁၉)ကြိမ်မြောက် အောင်ပွဲတွင် ဤသီချင်းကိုပင် မခင်တင့်ဆို၍က။**

(အမိမြန်မာပြည်ဝယ် မှတ်တမ်းထုတ်ခဲ့တယ်။ ချစ်သမီးချစ်သား တက်လူများ မှတ်သားနာယူဖွယ်)၂ ရှေးဟိုတုန်းက လက်ရုံးနှစ်လုံး ဂုဏ်မငယ် သူ့ခေတ်နှင့်သူထည်၊ ဇာနည်နွယ်သား စွမ်းကောင်းများ အားကျနိုင်ပါတယ်၊ ယုံကြည်ဖွယ် သတ္တိခွန်အား အကြံဉာဏ်များနှင့် တရားသဖြင့် မောင်ရယ် အထက်တန်းအောင်ပန်း ဆင်မြန်းစေချင်တယ်။

သံပြိုင် မင်းတြားရွှေထီး ဘုန်းကြီးခဲ့ပေတယ်၊ အလောင်းဘုရား ကောင်းစားလာလဲ သူ့ခေတ်နှင့်သူထည်၊ ပါးစပ်ချည့်အရသာမယူဘဲ၊ ကိုယ့်ကိုယ် ကိုလဲ အားကိုးအုံးမှာပေါ့ကွယ်၊ အထက်တန်းပညာသင်ခါ မောင်ရယ် ကိုယ့်တာဝန်နှင့် ကိုယ်ယူစေချင်တယ်။

ငွေရှာကာ ချွေတာတဲ့ထုံး မပယ်သင့်တယ်၊ သမီးများလဲနည်းမမှားဘဲ အမျိုးစောင့်သင့်တယ်၊ လူတိုင်းတာဝန် မလွန်ဆန်ဖွယ် မြန်မာမျိုးနွယ်

ကျောခြင်းအပ် ရင်းချင်းကပ်မြတ်တာကို မပယ်သင့်တယ်၊ အို တစ်မျိုးလုံး စည်းရုံးစေချင်ပါတယ်။

သံပြိုင် မင်းတြားရွှေထီး ...စေချင်တယ်။

၁၃၀၀ ခု ၁၉၃၈ (၁၈)ကြိမ်မြောက် အောင်ပွဲ မခင်တင့်ဆိုက။

(ကျက်သရေမင်္ဂလာ ရတနာပုံမန်းမှာ သမ္ဘာဂုဏ်လွှမ်းတာ ဒေါင်းစန္ဒာ) နေရှင်နယ်ကျောင်းသူ အလုကညှာ ဦးတင် ကန်တော့ပန်းဆင်ကာ။

(ကျောင်းသား/သမီးပါ) ၂ ဂုဏ်အကဲတင်မှာ ၂ ဆယ့်ရှစ်ကြိမ်အောင်ပွဲဆင်နွှဲသည်ခါ၊ (ကျောင်းတော်)၂ (ဗဟိုအျိုးသား/သမီးတွေပါ)၂ အမိမြန်မာ ပြည်ကြီး သည်ပိုးဆောင်ရွက်မှာ (ဘာသာ– သာသနာပညာကျိုး သယ်ပိုးဆောင်မှာ)၂ ကျောင်းတော်ဗဟိုမှ နန်းတော်တောင် စာရေးလို့ သူ ဌေးဝါဒ ဆရာတင် (ကျောင်းသားသမီးပါ)၂ ဂုဏ်အကဲတင်မှာ) ၂ ဆယ့်ရှစ်ကြိမ် အောင်ပွဲဆင်နွှဲသည်ခါ။

* * *

**၁၉၃၈ (၁၈)ကြိမ်မြောက် အမျိုးသားအောင်ပွဲ(၁၃၀၀)ပြည့် မတင်ညွန့်၊ သံတိုင်၊ သောင်းသောင်း၊ မိမိ၊ ဟလ်ဒါ၊ မအုံးကြည်၊ မမြကြည်၊ မစိန်ဝင်း၊ မခင်စန်း၊ မသိန်း။**

## မျိုးချစ်မယ်ယိမ်း

ညွှန့် မြန်မာမှာအဆိုရှိတယ်၊ မိန်းမဖျက်ရင် ပြေပျက်တယ်၊ ဒီစကားဟာ နားခါးဘွယ်၊ ကြားကောင်းကြသလား၊ အမများရယ် ညီမများရယ်၊

သံပြိုင် (ဟုတ်ပါမှတ်ပါတယ်)၂။

ညွှန့် ဒီစကားပျက်အောင် ဘယ့်နှယ်ချေပမယ်။ လွန်ရှက်ဖွယ် အမျိုးသမီးတိုင်းရဲ့ တာဝန်ဆိုသင့်တယ် ဟော့။

သံပြိုင် (ညီညီညာညာကြိုးစား ဆောင်ရွက်မယ်၊ ဝတ်တူစားတူ တွေကိုလဲဖယ်) ဝါမှုကြွားမှုတွေကိုလဲဖယ်၊ ဒါမှ အစစ်မျိုးချစ်မယ်)၂၊ ယနေ့ကစ၍ နှောင်ပြင်ပါမယ်။ ကိုယ့်တိုင်းဖြစ် အထည်ဆင်ကာရယ်၊ အမျိုးကို စောင့်စည်းသမီးမြတ် မြန်မာမြတ် မြန်မာမယ်။

ညွှန့် ခုချိန်ထိဝယ် အမျိုးသမီးများဟာ နိုင်ငံရေးကို မဆိုင်သလို နေကြတယ်။ ကိုယ့်ပြေကောင်းအောင် အသက်တောင် စွန့်ကြဲကြ

မိန်းမဇာနည် စပိန်နှင့်တရုတ်ပြည်ဝယ်)၂ ဒို့မြန်မာ အမျိုးသမီးများလဲ
အားကျဆောင်ရွက်ဖွယ် မျိုးချစ်စိတ်တဖိတ်ဖိတ် အရောင်တင်မယ်။
သံပြိုင် ညီညီညာညာ ...အမိမြန်မာမယ်၊

* * *

**၁၉၄၀ –၁၃၀၂ ခု (၂၀ ကြိမ်မြောက် အောင်ပွဲနေ့ မခင်တင့်ဆို၍က)**

(ကျောင်းတော်သူခင်ခင်လေးမှာ ဆင်နွဲရအောင်ပွဲသည်ခါ၊ ဆရာတွေ မိန့်စကားကို ထိပ်ထားပန်ကာ) ၂ (သာသနာတောင် ခိုင်မြဲပြီး တည်စေရာ၊ တိုင်းပြည်နှင့် ကိုယ့်အမျိုးသား တိုးပွားရာ ရွှေလည်တွဲ မလွဲနေ့ညညီကြပါ)၂။

သံပြိုင် (ရွှေမန်းမြို့က ကျောင်းဗဟိုမှာ ကျက်သရေညွှန်းလို့ဖြာ)၂ (ဒို့ပြေရှာသာစေကြောင်း ဆုတောင်းပန်လို့သာ)၂ ခေတ်ပညာသင်ခါ ကြိုးစားဆောင်ရွက်မှာ၊ မြင့်ထက်မြင့်စရာ ဒို့တိုင်းပြည်စည်ကား မြန်မကြာ။

(အမျိုးသားနေ့ခါ အစ်ကိုများခြေရာ အဆက်မပြတ်လိုက်ခါ တာဝန်ထမ်းမှာ) ၂ (ပညာဉာဏ်လွန်တိုးပွားမှုအားပြု၍ သာလှမ်းတက်ရန် ဖန်ဖန်ခဲလို့ မလွဲဆောင်ရွက်မှာ)၂ ခေတ်ဟောင်းပစ် အသစ်စတည်ကာ ကိုယ်မျိုးတွက်ကိုယ့်သက်ပုံကာ စိတ်ထက်သန်စွာ အားပြုစေရာ။

သံပြိုင် မန်းရွှေမြို့က...... မြန်မကြာ။

**၁၉၄၀–၁၃၀၂ခု (၂၀) ကြိမ်မြောက် အောင်ပွဲမတင်ညွှန့်ဆိုက။**

(ညီညာကြစေ အောင်ပွဲရွှေ အမျိုးသားနေ့မြတ်ပေ၊ သခင်ဗမာ တိုင်းပြည်ထင်ရှားစေ ကြိုးစားဒို့ဗမာတွေ) (ပညာဉာဏ် တိုးတက်စေ အားသစ်လောင်းခဲ့ပေ နောင်လာသူနောက်သားတွေ ကောင်းစားစေဖို့မသွေ)၂ နှစ်စဉ်မပြတ်ပေ ကျင်းပခဲ့သလေ၊ နေ့ထူးမြတ်ဤရာသီပါဝင်ကာ နွဲကြအညီ စီစဉ်ကာ (မန်းရွှေမြို့က) တစ်မျိုးလုံးဂုဏ်ရည်။

သံပြိုင် ဗဟိုကျောင်းက ဖြန့်ကာဝေ ပညာရေးဘက် ထက်မြက်စေ၊ မြန်မာဤပြေကြီးပွားရန်ဖို့မသွေ)၂ (မြန်မာတိုင်းသား/သမီး မြတ်မှန်စေ)၂ အာဇာနည်သွေးကို မွေးစို့ဒို့တတွေ၊ ဗဟိုကျောင်းကဖြန့်ကာဝေ ပညာရေးဘက် ထက်မြက်စေ မြန်မာဤမြေ ကြီးပွားရန်ဖို့မသွေ။

(ခေတ်ပြောင်းခေတ်လွဲ ဤချိန်ခါ ဒို့တိုင်းပြည်သစ် စတည်ဖို့ရာ၊ ညီညာကြမှ အောင်မြင်မှာ ရာဇဝင်တွင်စေရာ)၂ ကုန်သည်လုပ်သမားအား

လုံးမကွာ ပူးပေါင်းဆောင်ရွက်စရာ၊ တောင်သူလယ်သမား ကျောင်းသားမကွာ စည်းလုံးမြန်မကြာ ချစ်ခင်တူမြဲတွဲ၍သာ ရှေ့သို့တက်လမ်းရှာ။

သံပြိုင် ဗဟို .........မသွေ။

## ၁၉၄၁–၁၃၀၃ခု၊ (၂၁) ကြိမ် ခင်မမဆိုက။
## (ရှေးရေစက်အလိုက်)

အောင်လံတော်လွှင့်ကာကွယ် မြန်မာလူမျိုးတိုင်းကွယ်၊ တက်ကြွတဲ့ စိတ်ဖြိုးကြွယ်၊ အောင်မြင်ပွဲ နှစ်ဆယ့်တစ်ကြိမ်မြောက်တယ်) ၂ မြန်မာမှာ ဇာတိသွေးကို မွေးကြဖို့ ခုချိန်ဝယ်၊ အာဇာနည်ငါ တို့အမျိုးဟာ တန်ခိုးအရပ်ရပ် အပုံကြီးတယ်၊ ထွေးပါအုံးကွယ် ရှေးအခါတုံးအနွယ်၊ ဒို့ကိုကြောက်ရိုသေတယ် မြန်မာမှန်အခွန်နှင်းဆက်တယ်။

**သံပြိုင်ရှမ်းပြည်နယ်** မောပြည်တွေနယ် ဒေါင်းလံကြီးတွေ လွှင့်ကာပဲ တိုက်စည်မောင်းသံ ခြိမ့်ခြိမ့်သံ တိုက်ဆင်ကြီးတွေမို့မို့မဲ စစ်ချီဆဲဝယ် စစ်သူကြီးက တပ်ကွပ်ကဲ မြင်းဗိုလ်မှူးတွေစားကိုစွဲ ရဲပါဘိတော့ ခြေသည်တော်တွေ ဒို့ဘုန်းတောက်ခဲ့တယ် (ထိုစဉ်ခါ လယ်ယာချောင်းနှင့် မိုးကောင်းလို့ဝပြောကြွယ်၊ ဒီမိခင် သားနှင့်သမီး ညီးညီးပြောင် မြန်တိုင်းဝယ်)၂ (မောင်မေ့ပါတယ် တက်ခေတ်လူမော် ကိုယ် တတ်မှ ကိုယ်တို့ဖြစ်မယ် အမိမဲ့သားကြီးဆီဝယ်)၂ (တက်လူမော်)၂ ကိုယ်ကြိုးစားကာ အမိကောင်းတယ် တကယ်အောင်ပန်းကို ရှယ် လွတ်ရေးလပ်ရေး တက်လမ်းတက်လှမ်းမယ်။

**သံပြိုင် ရှမ်းပြည်နယ်** ........ ခဲ့တယ်။

## ၁၉၄၁–၁၃၀၃ (၂၁)ကြိမ်မတင်ညွန့်ဆိုက
## (ဖူးစာပိုင်အလိုက်)

(ဒီခါဒီရက်ဝယ် တက်ကြွကြွစေ ဇာနည်နွယ်အမျိုးနှင့် ချီညီကြစို့ မြန်မာလူငယ်၊ ကမ္ဘာဝယ်တူရင်တောင် အမိလိုက်လို့ ကြံစည်မယ်၊ ဉာဏ်ရည်ရွှယ်မြန်မာပြည် လွတ်ကြောင်းကွယ်)၂

အောက်ကျဂုဏ်ဝယ်လှည်းလေ့တွေ ခေတ်နောက်ကွယ် မောင်ရမ်းရော် မှန်းမျှော်ကာ ပျော်ရွှင်မနေနှင့်တော့ ဘိုးအေတွေ ဘွားအေတွေ သူ့ခေတ်နှင့်သူ

အပုံကြီးအားကျလို့ စံယူနိုင်ဘွယ်ကောင်းကင်ခရီး လေယာဉ်စီးလို့ ဗမာ ဂုဏ်ကြွယ်။

သံပြိုင် အသွယ်သွယ်စက်ယန္တရား အမြောက်တွေ ရယ်၊ သံချပ်ကာကား ကျင်လည် တို့အမျိုးတို့အကျိုးကယ်မယ် ဘယ်ဆီခါဝယ် စွမ်းနိုင်ပါမယ် တွေးရည်ခါရှယ် သွေးညီညာတယ်၊ ကောင်းကင်တွေ လယ်ရေပြင်ကျယ် ဒို့ပိုင်နက် ဒို့အမျိုးစိုးမိုးချယ်။ တက်လူအမိဂုဏ်ဖြင့်မောင် ဘယ်ကျိုးနှောင်တွေ၊ ပြီးအောင်ရည်ရွယ်၊ အမျိုးဂုဏ်တက်အောင် ဆောင်ရွက်ပါမယ်။ စည်သူကျော်ထင် သောင်းဖေရယ် မောင်လှဒင် မြောက်ဗိုလ်တဝယ်အောင် မာရဖင်ဖွဲ့နွဲ့တယ် စောလှမောင်စားလွတ်ကို လွယ်လက်ရာပြန်ချီခံအူး ဖေညီ နတ်စင်ရောင် မီးထွန်းတင်ညီးတောက် ကိုယ်ဖိုင့်ဖိုင့် ဟန်ပါတယ်။ ဗိုလ်ဂိုက်နှင့်မြန်မာတွေဟာ ဘယ်ညာဘယ်ခြေလှမ်းကြမယ့် အသံတွေဟာ အပြေပြေလွှင့်ကာ တန်းတူလိုက်ဖို့ ဒို့ဒေါင်းလံထူမယ်။

သံပြိုင် အသွယ်သွယ် ... ရွတ်ပါမယ်။

ဒီအခန်းနဲ့ပတ်သက်ပြီး အောက်ပါပုဂ္ဂိုလ်များက ပြောပြပါတယ်။

| | |
|---|---|
| ဆရာဦးထွန်းမောင် | အခု ဗဟိုအမျိုးသားအထက်တန်းကျောင်း ဘော်ဒါ ဆရာဟောင်း မန္တလေး။ |
| ဦးညီ | အခုအငြိမ်းစား စာရင်းဌာနဝန်ထမ်း၊ အထက်တန်း ရှေ့နေ၊ မန္တလေး။ |
| အမ်အေဒေါ်အုံး | အငြိမ်းစား မန်းတက္ကသိုက် ပါမောက္ခ၊ မန္တလေး။ |
| ဆရာဦးဘလှ | ပြည်ထောင်စုအာမခံစနစ်၊ အုပ်ချုပ်ရေးမှူး၊ အငြိမ်းစား၊ ရန်ကုန်မြို့။ |
| ဦးညွှန့်အောင် | မြေကျေးရှင်း စက်မှုလယ်ယာစီမံကိန်း၊ လေ့ကျင့် ရေးဌာန အထက်တန်းနည်းပြ၊ ရန်ကုန်မြို့။ |

# အခန်း (၁၇)

## ရဲတပ် ဗိုလ်ချုပ် ဦးရာဇတ်

ဆရာကြီးဦးရာဇတ်အကြောင်းကို ရေးရင် မြန်မာပြည်အမျိုးသား ရဲတပ်ဖွဲ့အကြောင်းကို ဖော်ပြမှ ပြီးပြည့်စုံပါမယ်။

ဆရာကြီးရဲ့ ဗဟိုအမျိုးသား အထက်တန်းကျောင်းက ဖွဲ့စည်းထားတဲ့ ရဲတပ်ဖွဲ့အကြောင်းကိုမရေးခင် မြန်မာပြည် အမျိုးသားရဲတပ်ဖွဲ့ကြီးရဲ့ သမိုင်းကို ပထမဆုံး အကျဉ်းချုပ်ပြီး ဖော်ပြဖို့ လိုမယ်လို့ ထင်ပါတယ်။

**ပထမဆုံးမြန်မာပြည် ရဲတပ်ဖွဲ့ကို ဖော်ထုတ်သူ**

ကျမ်းပြုသူဟာ ဆရာကြီး ဦးရာဇတ် အတ္ထုပ္ပတ္တိရေးတဲ့ နေရာမှာ မြန်မာနိုင်ငံ ကျွန်တွင်းကျရောက်စ ကာလမှာ နယ်ချဲ့ အင်္ဂလိပ်အစိုးရက ဘယ်လို ချုပ်ချယ်ခဲ့သလဲ ဆိုတာကို အခန်းအလိုက် ဆီလျော်အောင် ဖော်ပြခဲ့ပါတယ်။ ဒီလို ပလ္လင်မခံရင် ရေးသားဖော်ပြတဲ့ အခန်းရဲ့ အကြောင်းအရာမှာ ကွင်းဆက်လဲ ကျကျန်ရစ်သလို ဖြစ်မယ်။ နှိုင်းယှဉ်ချက် မပြရင် ဖော်ပြတဲ့ အခန်းမှာ လေးနက်မှု ရှိမလာနိုင်ဘူး၊ ပြီး ဆက်စပ်မှုလဲရမယ် မထင်ဘူး၊ ဒါကြောင့် သီပေါမင်းတရားကြီး ပါတော်မူပြီးစကာလမှာ အင်္ဂလိပ်နယ်ချဲ့ အစိုးရရဲ့ ဖိနှိပ်မှုကို ရေးသားဖော်ပြရခြင်းပါ။

မြန်မာနိုင်ငံဟာ အင်္ဂလိပ်နယ်ချဲ့သမားလက်အောက် ရောက်ပြီးတဲ့ နောက်ပိုင်းမှာ ကျမ်းပြုသူ မကြာခဏ ရေးသားဖော်ပြခဲ့သလိုပဲ ဟင်းလင်းဓားကို တောင် ပိုင်ပိုင်နိုင်နိုင် ကိုင်ဆွဲခွင့်ရှိတာ မရှိပါဘူး။

မြန်မာဘုရင်သီပေါမင်းတရားကြီးကို ဖမ်းသွားတော့ တချို့က လက်နက်ချ အညံ့ခံကြပေမယ့် တချို့က တစ်ပါးလက်အောက်မှာ ကျွန်အဖြစ် နေရတာထက် နယ်ချဲ့ကျူးကျော်သူတွေကို တိုက်ရင်းသေရတာက မြတ်တယ် ဆိုပြီး၊ အညံ့မခံဘဲ တော်လှန်ခဲ့ပါတယ်။ အရေးတော်ပုံဟာ လုံးဝ ဆုံးရှုံးခဲ့ပါတယ်။

ဒီနောက်ပိုင်း ထင်းခွေစားမတိုကိုတောင် အကန့်အသတ်နဲ့ ကိုင်လာရ တဲ့အထိ လက်နက်ကိုင်ဆွဲခွင့်ကို ကန့်သတ်ပိတ်ပင် ထားတယ်။ မြန်မာ တိုင်းရင်းသား ရိုးရာသိုင်းတို့၊ ဗန်တို ဗန်ရှည်များကိုလဲ တိမ်ကောအောင် လုပ်ခဲ့တယ်။

ဒီတော့ ဇာတိသွေး ဇာတိမာန်တွေဟာလဲ မီးခဲပြာဖုံးဘဝ ရောက်နေတယ်။ ဒီမိုကရေစီ အစိုးရလို့ ကမ္ဘာမှာ ကြွေးကြော်နေတဲ့ နယ်ချဲ့အင်္ဂလိပ်ဟာ မြန်မာပြည်မှာ လွတ်လပ်စွာ အသင်းအပင်း ထူထောင်၊ ချီတက်လမ်းလျှောက် ဆန္ဒပြ သပိတ်မှောက်၊ သပိတ်တားခွင့် အပါအဝင် ဒီမိုကရေစီ အခွင့်အရေးတွေ ကို ပြည်ဖုံးကားချထားတယ်။ ဒီအခွင့်အရေးတွေ မပေးတဲ့အပြင် အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်ခဲ့တယ်။

ဇာတိသွေး ဇာတိမာန်တွေလဲကျဆင်းနေတယ်။ နယ်ချဲ့အင်္ဂလိပ် အစိုးရဲ့ လက်အောက်က ဘယ်လို လွတ်မြောက်အောင် လုပ်ရပါ့မလဲဆိုတဲ့ လမ်းစဟာလဲ ပျောက်နေတယ်။ လက်နက်ကို လက်နက်ချင်း အားပြိုင်ခဲ့ပေမယ့် အားချင်းမမျှလို့ လက်နက်ကိုင် တော်လှန်ရေးကိုလဲ စဉ်းစားမရနိုင်တဲ့အချိန်။ ပြောရရင် အထွေထွေ အခက်အခဲ၊ အကျပ်အတည်းနဲ့ တွေ့နေချိန် ဖြစ်တယ်။ ကိုယ့်မင်း ကိုယ့်ချင်း၊ ကိုယ့်ကြငှ န်းနဲ့ ပြန်လည်နေထိုင်နိုင်အောင် ဆိုလို အပေါက်ရှာ ထွက်ဖို့ကို ရှာမတွေ့တဲ့ အချိန်မျိုးဖြစ်တယ်။ လမ်းစပျောက်နေတဲ့ အချိန်ပေါ့။

ဒီကာလမျိုးမှာပဲ တက္ကသိုလ် ကျောင်းသားကြီးများဖြစ်တဲ့ ဦးမောင်ကြီး (အမ်အေ ဦးမောင်ကြီး)၊ ဦးဘဖေ (ဘကြီးဘဖေ)၊ ဦးဘရင်တို့ဟာ ဝိုင်အမ် စီအေ (ခရစ်ယာန်လူငယ်များအသင်း နမူနာကိုယူပြီး ဝိုင်အမ်ဘီအေ (ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း)ကို ၁၉၀၆ ခုနှစ်မှာ စတင်တည်ထောင် ခဲ့တယ်။ ဒီအသင်းဟာ နယ်ချဲ့သမားကို တော်လှန်ဖို့ ပထမဆုံးသော ခြေလှမ်းလို့ ဆိုရင်မှားမယ် မထင်ပါ။

ဒီအသင်းဟာ ဗုဒ္ဓဘာသာ၊ ဘာသာရေးလုပ်ငန်းတွေအတွက် ဖွဲ့စည်း တယ်လို့ ဆိုရပေမယ့် ဒီဗုဒ္ဓဘာသာ၊ ဘာသာရေး လုပ်ငန်းရဲ့ နောက်ကွယ်မှာ

နိုင်ငံရေးဟာ ကပ်ပါလျက် ရှိနေပါတယ်။ ဒါကို ကမ္ဘာမှာ နေမဝင်ဘုရင်လို့ ကိုယ့်ကိုယ်ကို ကမ္ဘာတစ်လွှားမှာ ဝင့်ကြွားနေတဲ့ နယ်ချဲ့အင်္ဂလိပ်ဟာ မရိပ်မိလိုက်ပါဘူး။ နယ်တွေမှာ ဆက်တိုက်၊ တိုးချဲ့ဖွဲ့စည်းလာတယ်။

ဒီအသင်းနောက် ၁၉၁၁ ခု၊ မေလ (၇) ရက်နေ့မှာ ဆက်တိုက်ပဲ၊ ဂျီစီဘီအေခေါ် မြန်မာအမျိုးသား အသင်းကြီးကို ရန်ကုန်မြို့မှာ ဖွဲ့စည်းခဲ့ပြန်တယ်။ ဒီအဖွဲ့ထဲမှာ ဝိုင်အမ်ဘီအေနဲ့ အလားတူအဖွဲ့များ ပါဝင်ခဲ့ပါတယ်။ ဘာသာရေးအသင်းများအပြင် ပညာရေး၊ လူမျိုးရေး၊ နိုင်ငံရေးများကိုပါ လုပ်လာတော့တယ်။

၁၉၂၀ ခုနှစ်မှာ တက္ကသိုလ် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရေးအတွက် ပထမဆုံး ကျောင်းသားသပိတ်ကြီး ပေါ်ခဲ့ပြန်တယ်။ မန္တလေးမှာ ကျင်းပတဲ့ နဝမအကြိမ်မြောက် ကွန်ဖရင့်ကြီးဟာ ပြည်လုံးကျွတ် စည်းလုံးညီညွတ်ရေးနဲ့ အမျိုးသားရေး စိတ်ဓာတ်ကို ကိုင်လှုပ်လိုက်တဲ့အတွက် တစ်ပြည်လုံး နိုးကြားလာပါတော့တယ်။

တစ်ဆက်တည်း ကျွန်ပညာကို ဆန့်ကျင်ပြီး အမျိုးသား ပညာရေးကို အစားထိုးဖို့ အမျိုးသားကျောင်းတွေကို ထူထောင်ခဲ့ကြတယ်။

ဒီအချိန်မှာ အမ်အေဦးမောင်ကြီးက ဟိုက်ကုတ်ခေါ် တရားရုံးချုပ်မှာ ဒုတိယ မော်ကွန်းထိန်း (ဟိုခေတ်က လခတစ်ထောင်စား) ဝင်လုပ်နေတယ်။ အဲဒီအလုပ်က ထွက်ခဲ့ပြီး အမျိုးသားကျောင်းတွေကို အုပ်ချုပ်ဖို့ ဖွဲ့စည်းတဲ့ အမျိုးသားပညာရေးအဖွဲ့ (စီအင်န်အီး) မှာ ဥက္ကဋ္ဌအဖြစ် လခမရတဲ့ စေတနာ့ဝန်ထမ်းတာဝန်ယူခဲ့တယ်။

ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို နယ်ချဲ့အစိုးရက တိုးမြှင့်ပေးလိုက်တဲ့အခါမှာ အမ်အေဦးမောင်ကြီးဟာ တောင်ငူတောင်ပိုင်း မဲဆန္ဒနယ်က နေရှင်နယ်လစ်ပါတီဝင်အဖြစ် ဝင်အရွေးခံရတဲ့ အမတ်ဖြစ်လာပြန်တယ်။ အဲဒီမှာ အစိုးရက ပညာရေးဝန်ကြီးလုပ်ဖို့ ကမ်းလှမ်းခဲ့တယ်။

ဒီတော့ နေရှင်နယ်လစ် ပါတီရဲ့ သဘောတူညီချက်အရ အစိုးရဆီမှာ–

(၁) ယူနီဗာစီတီ အက်ဥပဒေကို တိုင်းပြည်သဘောကျ ပြုပြင်ပေးဖို့၊

(၂) အမျိုးသားကျောင်းတွေကို ခရစ်ယာန် သာသနာပြုကျောင်းတွေလို အထောက်အပံ့ပေးဖို့။

ဒီနှစ်ချက်ကို တောင်းခဲ့တယ်။ တောင်းဆိုတဲ့အချက် နှစ်ချက်စလုံးကို အစိုးရက ခွင့်ပြုတာကြောင့် အမ်အေဦးမောင်ကြီးဟာ ပညာရေးဝန်ကြီး တာဝန်ကို လက်ခံပြီး ဝင်လုပ်ခဲ့တယ်။

သူပညာရေးဝန်ကြီး ဖြစ်လာတော့ အမျိုးသားကျောင်းတွေ အထောက်အပံ့ယူဖို့ တင်ပြတယ်။ ပြည်သူတွေက ပြောတော့ အမျိုးသားရေးအတွက် အနစ်နာခံမယ်၊ စည်းစိမ်ကုန်သွားပစေ၊ အသက်သေသွားပစေလို့ပြောတော့ ပြောကြတာပါပဲ။ ဒါပေမယ့် ရေရှည်ကျတော့ စိတ်ရှိသလို ကိုယ်က မပါနိုင်၊ အပြောရှိသလို အလုပ်က မလိုက်နိုင်။ ဆိုလိုတာက အမျိုးသားကျောင်းတွေကို ရေရှည်မထောက်ပံ့နိုင်ဘူး၊ ဒါကို အမ်အေ ဦးမောင်ကြီးနဲ့ သူ့ရဲ့ "နေရှင်လစ်" ပါတီက မြင်တယ်။ ဒါကြောင့် မြန်မာပြည်သူတွေဆီကရတဲ့ အထွေထွေ အကောက် အခွန်တွေကို ခရစ်ယာန် သာသနာပြုတွေတောင် ပေးနိုင်ရင်၊ တို့အမျိုးသားကျောင်းတွေလဲ ရထိုက်တယ်ဆိုတဲ့ အမြင်နဲ့အစိုးရဆီ တောင်းခဲ့ခြင်း ဖြစ်ပေလိမ့်မပေါ့။

အမျိုးသားကျောင်းတွေအတွက် သူက ရှေ့ဆောင်ရှေ့ရွက်ပြုပြီး အရေးဆိုပေမယ့် တချို့က သူ့စေတနာကို အကောင်းမမြင်ဘူး၊ အထောက်အပံ့ယူဖို့ ပြောတာကို လက်ခံသူရှိသလို လက်မခံသူတွေလဲ ရှိတယ်။ အမျိုးသားကျောင်း ၂၀၀ ရှိတဲ့အနက် အစိုးရ အထောက်အပံ့ မယူတဲ့ ကျောင်းတွေဟာ ရေရှည်မခံနိုင်ကြဘူး၊ တစ်ဝက်ကျော်ကျော်ဟာ ပြုတ်သွားတယ်။

အဲဒီနောက်"ဟုမ္မရူး"ခေါ် အတိုင်းအတာ တစ်ခုထိ လွတ်လပ်ရေးရရှိရေး အတွက် လှုပ်ရှားမှုတွေဟာလဲ တစ်ဆင့်တက်လာတယ်။ ဒီ"ဟုမ္မရူး"နဲ့အတူ အိန္ဒိယနဲ့ မြန်မာ ခွဲရေးအသင်းကို ၁၉၂၈ ခုနှစ်မှာ တည်ထောင်ခဲ့တယ်။ ဒီအသင်းရဲ့ ဥက္ကဋ္ဌက အမ်အေဦးမောင်ကြီး၊ အတွင်းရေးမှူးက သူရိယ ဦးသန်းမောင်။

၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ တနင်္ဂနွေနေ့မှာ မြန်မာပြည် အနှံ့အပြားရှိ ခွဲရေးအသင်း ညီလာခံကို ရန်ကုန်မှာ ကျင်းပတယ်။ ဆုံးဖြတ်ချက်တွေ ချခဲ့ကြတယ်။ ဆုံးဖြတ်ချက် အမှတ်(၄)ကို အကြောင်းပြုပြီး ဇာတိသွေး ဇာတိမာန် တက်ကြွလာစေမယ့် မြန်မာသူရဲကောင်း စာအုပ် ထုတ်ဖို့နဲ့ မြန်မာအမျိုးသား အပျော်တမ်းရဲအဖွဲ့များ တည်ထောင်ဖို့ ပါလာတယ်။ ဒီတာဝန်ကို ဥက္ကဋ္ဌနဲ့အတွင်းရေးမှူးက တာဝန်ယူ ဆောင်ရွက်ရန် ဖြစ်တယ်။

အမ်အေဦးမောင်ကြီးက မြန်မာအမျိုးသားအပျော်တမ်း ရဲအဖွဲ့များ တည်ထောင်ရန် တာဝန်ယူပြီး သတင်းစာဆရာ၊ စာရေးဆရာဖြစ်တဲ့ သူရိယ ဦးသန်းမောင်က မြန်မာ့ သူရဲကောင်းအကြောင်း စာအုပ်ရေးသား ပြုစုရန် တာဝန်ခွဲယူလိုက် ကြပါတယ်။

## အမျိုးသားရဲတပ် စတင်တည်ထောင်ခြင်း

အဲဒီလို တာဝန်ခွဲဝေပြီးတဲ့နောက် အမ်အေဦးမောင်ကြီးဟာ သူ့မိတ်ဆွေ ဝတ်လုံတော်ရများ၊ မိတ်ဆွေများဆီ တစ်ဦးချင်းဆီ သူကိုယ်တိုင် ချဉ်းကပ်ပြီး ရဲတပ်ဖွဲ့ ဖွဲ့စည်းဖို့ ၁၉၂၉ ခုနှစ်ကတည်းက လုံးပမ်းဆွေးနွေးခဲ့ပါသတဲ့။

၁၉၃၀ ခု ဇွန်လ ၂၂ ရက်နေ့ အမ်အေဦးမောင်ကြီးအိမ်မှာ တက္ကသိုလ် ကျောင်းသားကြီးများ၊ ဝတ်လုံတော်ရမင်းများ၊ ပထမကမ္ဘာစစ်အတွင်းက အမှုထမ်းဟောင်း စစ်ဗိုလ်ကြီးများ၊ အင်္ဂလန်ပြန် စစ်ပညာသင် ပုဂ္ဂိုလ်များနဲ့ စတင်ပြီး ကြည့်မြင်တိုင် ရပ်ကွက်ဆိုင်ရာ အပျော်တမ်းရဲအဖွဲ့ကို အမ်အေဦးမောင် ကြီးက ဦးစီးဖွဲ့စည်းခဲ့ပါတယ်။ ဒီအချိန်မှာ အမ်အေဦးမောင်ကြီးဟာ နိုင်ငံရေးက အနားယူချိန်ဖြစ်တယ်။ ဒီအဖွဲ့ဟာ ဘယ်ပါတီအဖွဲ့အစည်းရဲ့ လက်ကိုင်တုတ်မှ မဟုတ်ပါ။ အားလုံးနဲ့ သက်ဆိုင်တဲ့ အဖွဲ့အဖြစ်ခံယူခဲ့ပါတယ်။ ဒီအဖွဲ့ကို စတင်ဖွဲ့ဖွဲ့ချင်း အဖွဲ့ဝင် ၃၀၀ ထိ ပါဝင်ခဲ့တယ်။

အမ်အေဦးမောင်ကြီးက အိုင်ယာလန် သူပုန်ကို အားကျပြီး ရဲတပ်ဖွဲ့ကို ဖွဲ့တာဖြစ်ပါတယ်။ Green army(ဂရင်းအာမီ)ဆိုတဲ့ နာမည်နဲ့ အပျော်တမ်း ရဲတပ်ကို ဖွဲ့ခဲ့ပါသတဲ့။

မြန်မာပြည်မှာ ဒီလို စစ်ယူနီဖောင်းနဲ့ ဖွဲ့စည်းတဲ့အဖွဲ့ဟာ ဒီမတိုင်မီက မရှိခဲ့ပါဘူး၊ သူကပဲ စတင်ဖွဲ့စည်းခဲ့တာ ဖြစ်တယ်။

ဆရာကြီး ဦးရာဇတ်က အဲဒါကို သဘောကျပြီး ရဲတပ်ဖွဲ့မှာ ပါဝင် ဆောင်ရွက်တာဆိုတာကို ဆရာဗိုလ်ခင်မောင်ကလေး (ဖဆပလ ပြည်ထဲရေး ဝန်ကြီးဟောင်း)က ကျမ်းပြုသူကို ပြောပြခဲ့ပါတယ်။

ဒီအဖွဲ့မှာ ဖွဲ့စည်းအုပ်ချုပ်ပုံများ စနစ်တကျရှိပါတယ်။ ရည်ရွယ်ချက်မှာ အချက်လေးချက် ရှိပါတယ်။

(၁) ကိုယ်လက်ကျန်းမာ သန်စွမ်းရေး အားပေးရန်

(၂) စည်းကမ်းနည်းလမ်း သေဝပ်ရန်

(၃) အကျင့်စာရိတ္တ ကောင်းရန်
(၄) ရပ်ရွာမြို့နယ် ကာကွယ်ရန်တို့ ဖြစ်ပါတယ်။
ဒီရည်ရွယ်ချက်အပြင် ဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေများ၊ အုပ်ချုပ်ရေး တာဝန်ခန့်ခွဲရေး တာဝန်ဝတ္တရားများကို ပြည့်ပြည့်စုံစုံ ရေးဆွဲထားပါတယ်။
ဒီလိုကြည့်မြင်တိုင်မှာ မြန်မာပြည် အမျိုးသားအပျော်တမ်း ရဲတပ်ဖွဲ့ကို ဖွဲ့စည်းပြီးတဲ့နောက် မြန်မာအပြည်နဲ့အပြားမှာ အဖွဲ့ခွဲတွေ ပေါ်ပေါက်လာဖို့ အတွက် ကြေညာစာတမ်းတွေ ထုတ်ဝေခဲ့ပါတယ်။
ဒီကြေညာစာတမ်းထဲက နိဂုံးချုပ်အပိုင်းမှာပါတဲ့ အမေးအဖြေကို ကောက်နုတ်ပြီး အောက်တွင် ဖော်ပြလိုက်ပါတယ်။

(က) အို–မြန်မာပြည်ဖွား တိုင်းရင်းသားအပေါင်းတို့၊ သင်တို့သည် မည်သည့်အမျိုးအစားနည်း (ကိုယ့်မင်းကိုယ့်ချင်းနှင့် အထက်တန်းစား လူမျိုးဖြစ်ခဲ့ပါသည်။)

(ခ) အထက်တန်းစား လူမျိုးသည် အဘယ်ကိုမှီ၍ ဖြစ်သနည်း (ယောက်ျားပီသစွာ စစ်ရေးစစ်ရာ လိမ္မာခြင်းကို မှီ၍ဖြစ်ပါသည်။)

(ဂ) ယခု အသင်တို့ အဘယ်အခြေရောက်နေသည်ကို သိပါ၏လား (သိကြပါသည်။)

(ဃ) သင်တို့၏ တိုင်းပြည်နှင့် အမျိုးကို နှမြောချစ်ခင် ရှိသေကြ၏ မဟုတ်လော။
(သြော်–ဟုတ်ပါ၏။)

(င) ကိုယ်ပိုင်အုပ်ချုပ်ရေးကား အဘယ်နည်း။
(ဌာနအရပ်ရပ်တို့ကို အထူးသဖြင့် အတွင်းအပြင် ဘေးရန် ကာကွယ်ရေးဌာနကို တာဝန်ယူ၍အုပ်ချုပ်နိုင်ခြင်းကို ဆိုပါသည်။)

(စ) သို့ဖြစ်လျှင် ထိုသို့ တာဝန်ယူနိုင်ရန် ယခုစတင်၍ မြန်မာ အပျော်တမ်းအဖွဲ့ ဖွဲ့စည်းသင့်ကြသည် မဟုတ်ပါလော။ (ဟုတ်လှပါပေသည်။ မှန်လှပါပေသည်။)
အို သူရဲကောင်းတို့ နားလင့်ကုန်။
ငါတို့၏ ဘေး–ဘိုး–ဘတို့သည် စိုးရိမ်ကြီးစွာဖြင့် အထက်က စောင့်ကြည့်လျက် နေကြ၏။ ၎င်းတို့၏ အသွေးအသား အရိုးတို့နှင့် ရင်းနှီးတည်ထောင်၍ ငါတို့အား အမွေပေးခဲ့သော

ဤမြန်မာပြည်ကြီးကို ငါတို့ကာကွယ်စောင့်ရှောက် ချီးမြှောက်ရန် အချိန်ကျလေပြီ။ လာလှည့်ကုန်လော့ ထကြွ ကြွကြကုန်လော့ ဝိုင်းလှည့်ကုန် အုံလှည့်ကုန်၊ ငါတို့ဆောင်ကုန်အံ့၊ အို သူရဲကောင်းတို့။

ဒီအမေးအဖြေအပြင် အချက်(၁၈)ချက်လဲ ဖော်ပြထားပါတယ်။ ဒီမှာ စာတွေရှည်နေမှာမို့ ဒီအချက် (၁၈)ချက်ကို ချန်လှပ်ထားလိုက်ပါတယ်။

## မြန်မာပြည် အရပ်ရပ်တွင် အပျော်တမ်းရဲအဖွဲ့များ ဖွဲ့စည်းခြင်း

ဒီကြေညာချက် ထုတ်ပြန်ပြီးတဲ့နောက် မြန်မာပြည် အရပ်ရပ်မှာ အပျော်တမ်း ရဲတပ်ဖွဲ့များ ဖွဲ့စည်းကြပါတယ်။ အဖွဲ့ပေါင်း တစ်ရာကျော်အထိ တိုးတက်ဖွဲ့စည်းလာတယ်။

ဒီအဖွဲ့ကို တပ်ဖွဲ့ပုံစံရော၊ အသင်းအပင်းပုံစံမျိုးပါ ပူးတွဲထားတယ်။ ဒီအဖွဲ့ကြီးရဲ့ အဖွဲ့ချုပ် ပုံစံမျိုး အနေနဲ့ ပြောရင် အမ်အေဦးမောင်ကြီးက ဥက္ကဋ္ဌ၊ တပ်ဖွဲ့ပုံစံမျိုးနဲ့ ပြောရရင် အမ်အေဦးမောင်ကြီးက ဗိုလ်ချုပ်ကြီး ဖြစ်ပါတယ်။

ဒီအဖွဲ့ကို အမ်အေ ဦးမောင်ကြီးက ဦးစီးပြီး ကြည့်မြင်တိုင်ရပ်ကွက် အနေနဲ့ စတင်ဖွဲ့ခဲ့ပြီးတဲ့နောက် နှစ်စဉ် တစ်ပြည်လုံးက စိတ်ဝင်စားတဲ့ ကိုယ်စားလှယ်တွေ တက်ကြတဲ့ ကွန်ဖရင့်တွေ ကျင်းပခဲ့တယ်။ ကွန်ဖရင့်တွေကို မြို့မကျောင်းမှာပဲ နှစ်စဉ်ကျင်းပခဲ့တယ်။

- ပထမဆုံး ပြည်လုံးကျွတ်ညီလာခံ ကွန်ဖရင့်ကို ၁၉၃၃ ခုနှစ် ဧပြီလ ၂ ရက်
- ဒုတိယ ပြည်လုံးကျွတ်ညီလာခံကွန်ဖရင့်ကို ၁၉၃၄ ခုနှစ် ဧပြီလ ၂၂ ရက်။
- တတိယ ပြည်လုံးကျွတ်ညီလာခံကွန်ဖရင့်ကို ၁၉၃၅ ခု ဧပြီလ ၂၂ ရက်။

အဲဒီနောက်ပိုင်း ကွန်ဖရင့် ကျင်းပတယ်၊ မကျင်းပဘူးဆိုတာကိုတော့ ရဲသမိုင်းစာစောင်တွေမှာ မတွေ့ရဘူးလို့ ရဲသမိုင်းပြုစုသူ သတင်းစာဆရာ ဦးသိမ်းမောင်က ရေးသားခဲ့ပါတယ်။ သူက ဆက်ရေးထားတာက ရဲတပ်ဖွဲ့ သက်တမ်း ၂၀ အတွင်းမှာတော့ (၆)ကြိမ်ထက် မနည်းသော ပြည်လုံးကျွတ်

ညီလာခံ ကျင်းပနိုင်စရာ ရှိမှာပဲလို့ ရေးခဲ့တယ်။ သူ့အနေနဲ့ ရဲတပ်ဖွဲ့ရဲ့ ပစ္စည်းတွေကို စစ်အတွင်း ပျက်စီးကုန်တဲ့အတွက် ရဲတပ်သမိုင်း ပြုစုရာမှာ စာရွက်စာတမ်းများ အပြည့်အဝ မရခဲ့ဘူးတဲ့။ ဒါကြောင့် ပြည့်စုံအောင် မဖော်ပြနိုင်ဘူးလို့ ရေးထားပါတယ်။

တတိယအကြိမ် ကွန်ဖရင့်ရဲ့ နေ့စွဲဟာ စာစောင်မှာ ၂၂-၄-၁၉၃၅ ခုနေ့မှာ စတင်ကျင်းပတယ်လို့ ဆိုပေမယ့် အမှတ် (၉၂) ဖဲယားလမ်းခေါ် ပန်းဆိုးတန်းမှာ ဌာနချုပ် လုပ်ထားတဲ့ လိပ်စာနဲ့ မြန်မာပြည် ဘုရင်ခံနဲ့ အိန္ဒိယ ဘုရင်ခံချုပ်ဆီပို့တဲ့ တတိယနှစ်ပတ်လည် ဆုံးဖြတ်ချက်နဲ့ အမ်အေ ဦးမောင်ကြီးရဲ့ စာများ လက်ခံရရှိတဲ့နေရာမှာ ညီလာခံရက်ဟာ (၅-၃-၁၉၃၅)လို့ ဖော်ပြထားတယ်။ ဒီတော့ စာနဲ့ပေနဲ့ အတိအကျ ရှိတဲ့ (၅-၃-၃၅)နေ့ကို ယူလိုက်ပါတယ်။ ဒါပေမယ့် အဲဒီကျောင်းတွေရဲ့ စာမေးပွဲတွေက မကျင်းပသေးပြန်တော့ ဒီအင်္ဂလိပ်ဘုရင်ခံထံမှ ပြန်စာကို အတည်ပြုဖို့ကလဲ အခက်ဖြစ်နေပါတယ်။

ပထမပြည်လုံးကျွတ် ညီလာခံကျင်းပတဲ့ နေ့ရက်မပါဘဲ နှစ်ကိုသာ ဖော်ပြထားပေးမယ့် ဒုတိယ ညီလာခံ ကျင်းပတဲ့နှစ်မှာ နေ့နဲ့လ အတိအကျ ဖော်ပြထားတာ တွေ့ရပါတယ်။ (၂၂-၄-၃၅) နေ့တဲ့။ ဒီတော့ စာမေးပွဲတွေ ပြီးလို့ နွေရာသီကျောင်းပိတ်ရက် ဖြစ်နေပါပြီ။ ကျောင်းပိတ်မှပဲ ဒီကွန်ဖရင့်ကို လုပ်မှာ သေချာတယ်။

ဘာကြောင့်လဲဆိုရင် ဒီအနယ်နယ် အရပ်ရပ်က ညီလာခံ တက်လာကြတဲ့ ကိုယ်စားလှယ် စာရင်းကိုကြည့်ရင် မြို့မဦးဘသွင်၊ ဆရာကြီး ဦးရာဇတ်နဲ့ ဆရာကြီး ဦးငွေတို့လို ကျောင်းဆရာကြီးများလဲ ပါနေတာ တွေ့ရလို့ပါပဲ။

ဒါကြောင့် တတိယနှစ်ပတ်လည် ပြည်လုံးကျွတ်ညီလာခံဟာ စာရေးဆရာ၊ သတင်းစာဆရာ ဦးသိမ်းမောင် ရေးသားတဲ့ (၂၂-၄-၃၅) ခုနှစ်ဟာ ပိုပြီးမှန်လိမ့်မယ်လို့ ထင်ပါတယ်။

တတိယနှစ်ပတ်လည် ညီလာခံရဲ့ ဆုံးဖြတ်ချက်များကို အမ်အေဦးမောင်ကြီးရဲ့ သီးသန့်စာနဲ့အတူ မြန်မာနိုင်ငံ ဘုရင်ခံနဲ့ အိန္ဒိယ ဘုရင်ခံချုပ်ဆီပေးပို့တဲ့စာများပေါ် ပြန်စာ မိတ္တူကို ဒီလို ဖော်ပြလိုက်ပါတယ်။

General Department No. 366 D 35 (660)

From,

W.Booth Graval, Esq, C.I.E., I.C.S.,
Chief Secretary to the Government of Burma,
(Home and political Deprtment)

TO,

U Maung Gyee, M.A.., M.I.C., Bar-at-law.

Dated Rangoon, the 10 th, July 1935.

Sir,

I am directed to inform you that a copy of the resolution passed at the 3rd, annual conference of the Burma, Natior volunteers on the 5 th, March 1935 , received with your letter of the 21 st, May 1935 has been forwarded for the information and consideration of the Government of India and His Majesty's secretary of states for India in council.

I have the honour to be,
Sir,
your Most obedient servant,
W. Booth Gravely,
Chief Secretary.

* * *

Viceregal Lodge
Simla,
3 rd, June, 1935.

D.D.No 4165/G.P

Dear Sir.

I am directed to acknowledge the receipt of your letter dated the 21 st, May 1935, Which has been forwarded to the Secretary to the Government of India in the Army Department to whom all communications on the subject may please be addressed in future.

Yours faithfully.
Asst; Private Secretary to the Viceroy.

The Chairman
Annual Conference of
National Volunteers,
92 rd, Phayre Street, Rangon.

ဒီစာတွေရဲ့ သဘောက မြန်မာနိုင်ငံ အင်္ဂလိပ်အစိုးရ၊ အတွင်းဝန်ချုပ် (ပြည်ထဲရေးနှင့် နိုင်ငံရေးဌာန) ဆီကဖြစ်တဲ့ ပထမစာမှာက (၅–၃–၃၅)နေ့၊ ရဲတပ် တတိယနှစ်ပတ်လည် ညီလာခံ ဆုံးဖြတ်ချက်နဲ့ လူကြီးမင်းရဲ့စာကို အိန္ဒိယအစိုးရနဲ့ ဘုရင်မင်းမြတ်ရဲ့ အိန္ဒိယအတွင်းဝန်ထံ သိရှိဖို့နဲ့ စဉ်းစားနိုင်ဖို့ တင်ပို့စာများအတွက် ပြန်စာဖြစ်တယ်။ ပြီးတော့ အိန္ဒိယ ဘုရင်ခံချုပ်ရဲ့ လက်ထောက်အတွင်းရေး အတွင်းဝန်ထံက ဖြစ်တဲ့ ဒုတိယစာမှာ (၂၁–၅–၃၅) နေ့စွဲပါစာကို ရရှိတဲ့အတွက် အိန္ဒိယအစိုးရ စစ်ဘက်ဌာနကို တင်ပို့ပေးလိုက်ပြီး ဖြစ်ကြောင်း ပြန်ကြားချက်ပင် ဖြစ်ပါတယ်။

## ပြည်လုံးကျွတ်ညီလာခံများ ခေါ်ယူကျင်းပခြင်း

ပထမစာဟာ ဝတ်လုံတော်ရ အမ်အေဦးမောင်ကြီးဆီ လိပ်စာတပ်ပြီး ဒုတိယစာက အပျော်တမ်း ရဲအဖွဲ့ညီလာခံသဘာပတိ လိပ်စာတပ်ထားတာကြောင့် ညီလာခံဆုံးဖြတ်ချက်ကို ညီလာခံ သဘာပတိဖြစ်တဲ့ ဗိုလ်ချုပ်ကြီး အမ်အေဦးမောင်ကြီးက လက်မှတ်ရေးထိုးပေးပို့ကြောင်း သိနိုင်ပါတယ်။

ပထမ–ဒုတိယ– နှစ်ပတ်လည် ညီလာခံတွေရဲ့ ကိုယ်စားလှယ်စာရင်းကို စာရေးဆရာဦးသိမ်းမောင်ရဲ့ ရဲတပ်သမိုင်းစာစောင်မှာ မတွေ့ရဘူး၊ တတိယနှစ်ပတ်လည် ညီလာခံ (၂၂–၄–၃၅) နေ့ တက်ရောက်တဲ့ ကိုယ်စားလှယ်စာရင်းကို တွေ့ရပါတယ်။ အဲဒီညီလာခံ တက်တဲ့ ကိုယ်စားလှယ် ၄၅ ဦးဖြစ်တယ်။ ရဲတပ်ဖွဲ့ဝင်များ စာရင်းမပါပါ။ မြို့ကြီးမြို့ငယ် ၄၈ မြို့မှ တက်ရောက်တယ်။ ညီလာခံကို ဌာနချုပ်အကြံပေးအဖွဲ့ဝင်ကြီးများလဲ တက်ရောက်ကြတယ်။ ဌာနချုပ် အကြံပေး အဖွဲ့ရဲ့ အကျိုးဆောင် ဦးဖိုးကျားပါ တက်ရောက်တယ်။

တက်ရောက်တဲ့ ပုဂ္ဂိုလ်များ ဦးသွင်၊ ဦးမောင်မောင်အုန်းခိုင်၊ ဦးကြင်မှန်၊ ဦးထွန်းညို၊ ဦးအေးမောင်၊ ဒေါက်တာသိန်းမောင်၊ ဦးဖိုးတက်၊ ဦးဘဒွန်း၊ ဒေါက်တာဘမော်၊ ဦးဘကလေး(သူရိယ)၊ ဦးတင် (မြန်မာ့အလင်း)၊ ဦးညွန့်

(ဗြိတိသျှဘားမားရုပ်ရှင်) ဦးဆံနီ(ပဲရော့ရုပ်ရှင်) ဦးညိုပု (အေဝမ်းရုပ်ရှင်) ဝတ်လုံတော်ရများဖြစ်တဲ့ ဦးပုနဲ့ ဦးသိမ်းမောင်၊ ဘကြီးဘဖေ၊ မြို့မဦးဘလွင်၊ ဦးထွန်းအောင်နဲ့ ဦးဘဝင်း၊ ပဲခူးဦးဘစည်နဲ့ ဦးသာဒင်၊ ကြည့်မြင်တိုင် ဦးဖိုးခဲ၊ မစ္စတာအိပ်ချ်စံရှား၊ အငြိမ်းစား ပညာဝန်ထောက် ဦးဖိုးစိန်၊ ဝတ်လုံတော်ရများဖြစ်ကြတဲ့၊ ဦးကျော်မြင့်၊ ဦးမြင့်သိန်း၊ ဦးစိုးညွန့်၊ ဦးမောင်မောင်လတ်၊ ဦးဧ၊ ဦးဧမောင်၊ ဦးခင်မောင်ကြီးနဲ့ ဦးချန်ထွန်း၊ ဒီးဒုတ်ဦးဘချို၊ ဦးတင့်ဆွေ၊ ဦးတင်မောင်၊ ဦးထင်ပေါ်(သူရိယ) မန္တလေးက ဆရာကြီး ဦးရာဇတ်နဲ့ ဦးဘဦး၊ အယ်ဒီတာ ဦးပိန်၊ ဦးလူဖေဝင်း၊ ဓာတ်ခွဲအရာရှိ ဦးချစ်သောင်း၊ ဆရာကြီး ဦးငွေ၊ မောင်လမြိုင် ဦးမောင်ကြီးတို့ ဖြစ်ပါတယ်။

ဒီစာရင်းများကိုကြည်ရင် ရဲအပျော်တမ်းအဖွဲ့ရဲ့ အဆင့်အတန်းကို သိနိုင်တယ်လို့ ခန့်မှန်းနိုင်ပါတယ်။

ဒီလို ရဲတပ်ဖွဲ့ကို ဖွဲ့ရခြင်းရဲ့ ရည်ရွယ်ချက်မှာ မြန်မာလူမျိုးတွေ ကိုယ်လက်ကြံ့ခိုင်ဖို့၊ အကျင့်စာရိတ္တကောင်းဖို့၊ စည်းကမ်းရှိတဲ့ လူမျိုးဖြစ်ဖို့၊ ပြည်သူ့အကျိုးသယ်ပိုးဖို့ ကာကွယ်စောင့်ရှောက်ဖို့ ဆိုပြီး ဖော်ပြခဲ့ပါတယ်။

## မြန်မာ့တော်လှန်ရေးအတွက်အမြုတေများ

ဒါတွေက တကယ့်ရည်ရွယ်ချက် မဟုတ်ပါဘူး၊ နယ်ချဲ့ဥပဒေဘောင် တွင်းက ဒီအချက်တွေကို ပြယုဂ်သဘော လုပ်ထားတာပါ။ ဒါပေမယ့် အက္ခရာမတင်၊ စာနဲ့တစ်စုံတစ်ရာ ဖွဲ့နွဲ့ထားတာ မဟုတ်တဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကျွန်ပြုထားတဲ့ အင်္ဂလိပ်နယ်ချဲ့အစိုးရကို တစ်နေ့ လက်နက်ကိုင် တော်လှန်ပြီး ကိုယ့်မင်းကိုယ့်ချင်းနဲ့ လွတ်လပ်တဲ့ မြန်မာနိုင်ငံတော် ထူထောင်နိုင်ဖို့ နေရာမှာ မပါရင်မပြီးတဲ့ လက်နက်ကိုင် တပ်မတော်တစ်ရပ် ဖော်ထုတ်ရေးအတွက် ကြိုတင်ပြင်ဆင် စည်းရုံးထားတာပါ။

ဒီရဲတပ်ဖော်ထုတ်ရေးရဲ့ နောက်ကွယ်မှာရှိတဲ့ ရည်ရွယ်ချက်ကို အင်္ဂလိပ် နယ်ချဲ့အစိုးရအနေနဲ့ ရိပ်စားမှု ရှိမရှိ မဆိုနိုင်သော်လဲပဲ၊ မျိုးချစ်နိုင်ငံရေး သမားတွေအတွင်းမှာ သဘောပေါက်မှု ရှိနေပါတယ်။

မြန်မာပြည် အမျိုးသား အပျော်တမ်းရဲတပ်ဖွဲ့ ဖွဲ့စည်းတဲ့ နေရာမှာ အင်္ဂလိပ်နယ်ချဲ့အစိုးရက အနှောင့်အယှက်မပေးဘူးလို့ လေ့လာသိရပါတယ်။ ဒါပေမယ့် အင်္ဂလိပ်နယ်ချဲ့ အစိုးရဆီတော့ ရဲတပ်ဖွဲ့ ဖွဲ့စည်းပြီးတဲ့အကြောင်း၊

ဒီအဖွဲ့ကို ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ဖွဲ့တယ်ဆိုတဲ့ အကြောင်းတွေပါ ဖော်ပြလိုက်တယ်။

အင်္ဂလိပ် အစိုးရအနေနဲ့ ဒီတုန်းက သဘောကောင်းလို့ ခွင့်ပြုတာ မဟုတ်ပါဘူး။ ဒီအချိန်က ကျောင်းတွေမှာ (ဘွိုင်းစကောက်) ကင်းထောက် အဖွဲ့တွေဖွဲ့ထားပြီး သူနာပြုတပ်တို့ အပျော်တမ်း မီးသတ်တို့ကလဲ ဖွဲ့ထားပြီးပြီ။ သူတို့ဟာလဲ ယူနီဖောင်းဝတ်ရတာ ဖြစ်တယ်။ ဒါကြောင့် ရဲတပ်ယူနီဖောင်း ဝတ်တာကို ပိတ်ပင်မှု မရှိဘူး။

ဓနရှင် ဒီမိုကရေစီအရ ရေးဆွဲထားတဲ့ ဥပဒေကရှိတယ်။ ဒီတော့ ဝတ်လုံတော်ရမင်းဖြစ်တဲ့ အမ်အေဦးမောင်ကြီးဟာ ဥပဒေများက ခွင့်ပြုထားတဲ့ ဘောင်အတွင်းကနေ ပါးနပ်လိမ္မာစွာနဲ့ပဲ ရဲတပ်ဖွဲ့ကို ဖွဲ့ခဲ့တယ်။

ဒါပေမယ့် ဒုတိယကမ္ဘာစစ်ပြီးစ ဗိုလ်ချုပ်အောင်ဆန်းတို့ ဖဆပလ အဖွဲ့ချုပ်က အင်္ဂလိပ်နယ်ချဲ့သမားနဲ့ လွတ်လပ်ရေးအတွက် အရေးဆိုနေချိန်၊ နှစ်အားဖြင့် ပြောရမယ်ဆိုရင် ၁၉၄၆ ခု နှစ်ထဲမှာ ဘီအိုင်အေ ဘီဒီအေနဲ့ မြန်မာ့မျိုးချစ်တပ်မတော်ထဲပါခဲ့တဲ့ စစ်ထွက်စစ်ပြန်၊ စစ်မှုထမ်းဟောင်းတွေလဲ ကန်ဒီစာချုပ်အရ၊ အသစ်ဖွဲ့တဲ့ မြန်မာ့တပ်မတော်မှာပင် အမှုမထမ်းတဲ့ ရဲဘော်တွေကို စုစည်းပြီး ပြည်သူ့ရဲဘော်အဖွဲ့ကို ဖဆပလက ခေါင်းဆောင်ပြီး ဖွဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းကပဲ ဖွဲ့ခဲ့တယ်ဆိုရင် မမှားပါဘူး။

အဲဒီပြည်သူ့ရဲဘော်တပ်ဖွဲ့က စစ်ယူနီဖောင်း ဝတ်တာကို ဆာပေါ်ထွန်း အစိုးရက စစ်ယူနီဖောင်း မဝတ်ရဘူးဆိုပြီး အမိန့်ထုတ်တယ်။ ဒါပေမယ့် ပြည်သူ့ရဲဘော်တွေက လက်မခံဘူး၊ ပြည်သူ့ရဲဘော်တွေနဲ့အတူ ပြည်သူတွေကပါ ပါဝင်ကာ စီတန်းလှည့်လည် ကန့်ကွက်ပွဲတွေ ကျင်းပကြတယ်။ ဒီအခါ အောက်မြန်မာပြည် ထန်းတပင်မှာ အစိုးရက စီတန်းလှည့်လည် ဆန္ဒပြတဲ့ လူအုပ်ကြီးကို သေနတ်နဲ့ပစ်ပြီး လူအုပ်ခွဲလိုက်တယ်။ တချို့ကျဆုံးတယ်။ အများအပြား ဒဏ်ရာရသွားတယ်။

နောက်မြန်မာပြည်အနှံ့အပြားမှာ ကန့်ကွက်ဆန္ဒပြပွဲတွေ အုတ်အော် သောင်းတင်း ကျင်းပကြတယ်။ ဒီတော့မှ ယူနီဖောင်းဝတ်ခွင့် ပေးခဲ့တယ်။ စစ်မဖြစ်ခင်က အပျော်တမ်း ရဲတပ်ဖွဲ့ဖွဲ့ခွင့်၊ ယူနီဖောင်းဝတ်ခွင့် အခက်အခဲ မရှိပေမယ့် စစ်ပြီးခေတ်မှာတော့ ယူနီဖောင်း ဝတ်ခွင့်ကိုမပေးဘူး။

ဘာကြောင့်လဲဆိုရင် မြန်မာလူမျိုးတွေဟာ သူတို့ကိုလဲ မြန်မာပြည်မြေပေါ်ကနေ ဂျပန်နဲ့ပေါင်းပြီး လက်နက်နဲ့ မောင်းထုတ်ခဲ့တယ်။ နောက်အင်္ဂလိပ်နဲ့လဲ ပေါင်းပြီး ဂျပန်ကို လက်နက်စွဲကိုင် တော်လှန်ခဲ့ပြီးပြီဆိုတော့ ဒီလူမျိုးရဲ့ ဇာတိရုပ်ကို သိသွားတာကြောင့် ယူနီဖောင်း (စစ်ဝတ်စုံ) ဝတ်ခွင့်ကို မပေးခြင်းဖြစ်တယ်။ ယူနီဖောင်းဝတ်သူတွေ လက်ထဲ လက်နက်ဟာ အလွယ်တကူ ထည့်လိုက်ရုံမျှနဲ့ အင်္ဂလိပ်အစိုးရအတွက် ပြဿနာပဲ။ ဒါကြောင့် ယူနီဖောင်းဝတ်ခွင့်ကို တားမြစ်ပိတ်ပင်ခဲ့ခြင်းပါ။ ဒါပေမယ့် နောက်ဆုံးမှာတော့ ခွင့်ပြုခဲ့ရတယ်။

**ခွဲရေးနောက်ပိုင်း မြန်မာစစ်တပ်ဖြင့် အစားထိုးပေးရန်**

အင်္ဂလိပ်အစိုးရအနေအထားဟာလဲ မတူဘူး မဟုတ်လား၊ စစ်ကြိုခေတ်က အင်္ဂလိပ်အစိုးရက နေမဝင်ဘုရင်တဲ့။ ဒုတိယကမ္ဘာစစ်ကြီးလဲဖြစ်ရော အင်္ဂလိပ်နယ်ချဲ့အစိုးရဟာ စစ်အတွင်း အတောမသတ်နိုင်အောင် ဆုံးရှုံးခဲ့လို့ ဒေဝါလီခံရမယ့် အခြေအနေမျိုးထိ ချွတ်ချုံကျခဲ့တယ်။

စစ်ကြိုခေတ်က ဆရာစံ သူပုန်ထလာတာဟာ ဆင်ကို ပုရွက်ဆိတ် ကိုက်တာလောက်တောင် မထိခိုက်ဘူး။ ဒီတော့ အမ်အေဦးမောင်ကြီးရဲ့ ရဲတပ်ဖွဲ့ ယူနီဖောင်းဝတ်တာကို စာဖွဲ့ပြီး မျက်လုံးဒေါက်ထောက် မကြည့်ခဲ့ဘူး။

၁၈–၅–၃၂ နေ့ထုတ် သူရိယ သတင်းစာ စာမျက်နှာ (၃) ခေါင်းကြီးမှာ "မြန်မာ့ရဲအဖွဲ့များ"ဆိုတဲ့ ခေါင်းစီးနဲ့ ဒီလို ဖော်ပြထားပါတယ်။

> ၁၂၉၀ ခုနှစ်၊ တပို့တွဲလဆန်း (၄) ရက်၊ ၁၉၂၉ ခု၊ ဇန်နဝါရီလ (၁၃) ရက်နေ့က ကျင်းပသော အိန္ဒိယနှင့် မြန်မာပြည် ခွဲခွာရေး ပထမသင်းလုံးကျွတ် အစည်းအဝေး ကျင်းပရာတွင် အရပ်ရပ် ပြဋ္ဌာန်းချက်များ၊ ပြဋ္ဌာန်းချက် (၄)မှာ မြန်မာလူမျိုးတို့သည် မိမိတို့ တိုင်းပြည် အိုးအိမ်ကာကွယ်စောင့်ရှောက်ဖို့ စွမ်းရည်သတ္တိရှိကြစေခြင်းငှာ–
>
> (က) မြန်မာအမျိုးသားများအတွက် စစ်အတတ်ပညာသင်ကျောင်းများ မြန်မာပြည်အတွင်း၌ ဖွင့်လှစ်ပေးရန်အတွက် အစိုးရအား တိုက်တွန်းကြောင်း–

(ခ) စစ်တပ်အဖွဲ့၊ စစ်ပုလိပ်အဖွဲ့၊ အပျော်တမ်းအဖွဲ့၊ စကောက်ကင်းထောက် အသင်းများသို့ မြန်မာအမျိုးသားတို့ ဝင်ရောက်ရွက်ဆောင်ရန်အတွက် တိုက်တွန်းအားပေးရန်–

(ဂ) အရပ်ရပ်၌ မြန်မာအမျိုးသားများ ကိုယ်လက်သန်စွမ်းဖို့ အလေ့အကျင့်များ လေ့ကျင့်နိုင်ရန်အတွက် တိုက်တွန်းအားပေး ကူညီရန်

(ဃ) မြန်မာအမျိုးသားများ စစ်ရေးစစ်ရာ၌ သင်ကြားလေ့ကျင့်ခြင်းဝါသနာ ပြန်၍ဖြစ်ပေါ်စေဖို့ တိုက်တွန်းအားပေးကူညီရန်–

ပြဋ္ဌာန်းဆုံးဖြတ်ခဲ့ကြသည့်ပြင် နောက်တစ်ကြိမ် နှစ်လည်အစည်းအဝေးပွဲကြီးတွင်လည်း "မြန်မာတိုင်းရင်းသားများအတွက်ကုန်းတပ်၊ ရေတပ်၊ လေတပ် စတဲ့ စစ်အတတ်ပညာသင်ကျောင်းများမြန်မာပြည်အတွင်း၌ အလျင်အမြန် ဖွင့်လှစ်ပေးရန် အစိုးရအားတိုက်တွန်းကြောင်း"ဟူသော နှိုးဆော်ချက်ဖြင့် နံပါတ်(၄) အရာရောက်စေခြင်းငှာ ထပ်မံဆုံးဖြတ်ကြ ပြန်ကြောင်း–

အထက်အဆိုပါပြဋ္ဌာန်းဆုံးဖြတ်ချက်၊ အစိုးရအား တိုက်တွန်းနှိုးဆော်ချက်များကို တစ်စတစ်စ ထမြောက်အောင်မြင်စေရန် ရည်သန်ချက်ဖြင့် ကြည့်မြင်တိုင် ကာကွယ်ရေးအဖွဲ့က (၁) ရန်ကုန်ရဲတပ်ကို ပထမ စံနမူနာအဖြစ်ဖြင့် ဝတ်လုံတော်ရ အမ်အေ ဦးမောင်ကြီးကိုယ်တိုင်ကြီးမှူးဖွဲ့စည်း တည်ထောင်ရန်၊ ကောင်းစွာအောင်မြင်ထမြောက်ခဲ့သည့်အတိုင်း ယခုအခါ မြန်မာပြည်အရပ်ရပ်တိုင်း၊ ရဲအဖွဲ့များ၊ ၎င်းပြင် အလားတူဖြစ်သော ဘော်လံဒီယာ အပျော်တမ်းအဖွဲ့များ၊ မြို့ရွာရပ်ကွက် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့များ၊ အနံ့အပြား တည်ထောင်ဖွဲ့စည်းကြလေပြီဖြစ်၍ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ရပေကြောင်း။

ဒီလို အိန္ဒိယနဲ့ မြန်မာပြည်ခွဲရေးပြီးတဲ့နောက် မြန်မာပြည် ကာကွယ်ဖို့အတွက် မြန်မာလူမျိုးများကို အိန္ဒိယစစ်သားများ နေရာမှာ အစားထိုးပေးဖို့ အထက်ပါအတိုင်း တောင်းဆိုခဲ့တယ်။ အဲဒါနဲ့ပတ်သက်ပြီး ဆိုင်မွန်ကော်မရှင်အစီရင်ခံစာမှာ ဘယ်လိုရှိတယ်ဆိုတာကို (၂၁–၁၁–၃၀) နေ့ထုတ် သူရိယသတင်းစာ၊ စာမျက်နှာ(၇) ခေါင်းကြီးပိုင်းမှာ "မြန်မာပြည်နှင့်စစ်တပ်"ဆိုတဲ့အခန်းမှာ ဒီလို ဖော်ပြထားပါတယ်။

"ဆိုင်မွန်ကော်မရှင် အစီရင်ခံစာအရ၊ အပိုဒ် (၂၂၀)တွင် မြန်မာပြည်နှင့် စစ်တပ်အကြောင်း ရေးသား အစီရင်ခံထားသည်မှာ မြန်မာပြည်သည် စစ်ရေးစစ်ရာနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ ဗဟိုတပ်မကြီးကို မှီခိုထားပြီးလျှင် ထိုတပ်မကြီး၏ စရိတ်ကိုပါ မြန်မာပြည်ကခံရန် ရေးသားထားကြောင်း၊ မြန်မာတို့သည် စစ်ရေးစစ်ရာ၌ သူတစ်ပါးကို အားမကိုးလိုဘဲ ကိုယ့်အရေးကို ကိုယ်အားကိုးလိုကြသဖြင့် တပါးသူအပေါ်တွင် မှီခိုဖို့ကို အလျင်းသဘော မတူခဲ့ကြချေ။

စက်တင်ဘာလ ၂၀ ရက်နေ့ အိန္ဒိယနိုင်ငံ အစိုးရက အိန္ဒိယနိုင်ငံအတွင်း ဝန်ကြီးချုပ် ဝက်ဂျဝုဘင်းထံသို့ ရေးသားပေးပို့သော စာလွှာတွင် မြန်မာပြည် နှင့် စစ်တပ်အကြောင်းကိုပါ ထည့်သွင်းဖော်ပြထားကြောင်း

ထိုစာလွှာ အပိုဒ် (၈၅) တွင် ရေးသားဖော်ပြထားသည်မှာ အိန္ဒိယနိုင်ငံနှင့် မြန်မာပြည်အတွက် ခုခံကာကွယ်ရန် တစ်နေရာတည်းကနေ၍ တပ်မကြီးတစ်ဖွဲ့ထားရှိရန် လိုသည်၊ မလိုသည်ကို စဉ်းစားရာ အိန္ဒိယနိုင်ငံ တစ်နိုင်ငံလုံး၏ စစ်ဗိုလ်ချုပ်ကြီးက တစ်နေရာတည်းမှနေ၍ စိုးမိုးအုပ်ချုပ်ရန် အရေးမကြီးဟု အကြံပေးထား၏။ အိန္ဒိယနိုင်ငံ အစိုးရကလည်း အိန္ဒိယနှင့်မြန်မာပြည် သီးခြား၍ စစ်တပ်များ မထားနိုင်စရာ အကြောင်းမရှိဟူ၍ ထောက်ခံစာစကား ရေးသားဖော်ပြပြီးလျှင် ထိုကဲ့သို့ စစ်တပ်သီးခြား ပေးလိုက်သည့်အတွက်လည်း ခွဲခွာရေးအတွက် အနှောင့်အယှက်တစ်ခု ပပျောက်သွားသည်ဟု ရေးသားထားကြောင်း–

ဒီလို ဖော်ပြထားတာ ဖတ်ရှုရပါတယ်။ ဒီသတင်းစာမှာပဲ ခေါင်းကြီးကနေ ဆက်လက်ဖော်ပြထားတာက–

"မြန်မာများသည် မိမိတို့တိုင်းပြည်ကို မိမိတို့ စိုးမိုးအုပ်ချုပ်ရသည့်အခါ စစ်မက်ရေးရာကိုလည်း ကိုယ့်လူမျိုးများဖြင့်သာလျှင် ထမ်းရွက်လိုကြသဖြင့် အိန္ဒိယနိုင်ငံအစိုးရတို့၏ ရေးသားချက်ကို မြင်သည့်အခါ အမှန်ပင်ဝမ်းမြောက်ဝမ်းသာရှိကြလိမ့်မည်ဖြစ်ကြောင်း–

မြန်မာများသည် ကုန်းတပ်၊ ရေတပ်၊ လေယာဉ်တပ်များနှင့် မိမိတို့တိုင်းပြည်ကို မိမိတို့ခုခံလိုသည်ဟူသော အာသီသရှိကြောင်း ထင်ရှားစေရန် ပြသင့်ကြကြောင်း၊ ထိုသို့အာသီသရှိသည်ဟု ထုတ်ဖော်

ပြောဆိုရုံမျှနှင့်မပြီး၊ မိမိတို့တိုင်းပြည်အတွက် မိမိတို့ခုခံရန်အသင့် ပြင်ဆင်ထားရန်လည်း လိုကြောင်း၊ အကြောင်းအားလျော်စွာ ရေးသား ဖော်ပြရပေသတည်း"

ဒီလို ခွဲရေးတွဲရေးခေတ်ကို အကြောင်းပြပြီး မိမိနိုင်ငံ ကာကွယ်ရေး အတွက် မြန်မာနိုင်ငံဘုရင်ခံ လက်အောက်မှာ မြန်မာစစ်တပ်များသာ ဖွဲ့စည်းပေး ထားသင့်ကြောင်း ရေးသားကြ၊ တောင်းဆိုကြသည်။

၂၆-၁၂-၃၆ နေ့ထုတ်ရဲ့ သတင်းစာ ဒုတွဲ နံပါတ် (၃၆)၊ စာမျက်နှာ (၁၉)မှာ "မြန်မာပြည် ကာကွယ်ရေး ဘုရင်ခံဟာ ဘာပြောသလဲ"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဖော်ပြတာက-

**ရန်ကုန်မြို့နီစီပယ် ထမင်းစားပွဲကြီးမှာ မြန်မာပြည် ဘုရင်ခံပြောတဲ့ စကားများ အနက် မြန်မာနိုင်ငံ ကာကွယ်ရေး ကိစ္စနဲ့ ပတ်သက်တဲ့ ပြောစကားများမှ ကောက်နုတ်ဖော်ပြချက်**

မြန်မာပြည်ကို အိန္ဒိယမှ ခွဲခွာလိုက်သည်နှင့် တစ်ပြိုင်နက် တိုင်းပြည် ကာကွယ်ရေး တာဝန်ဝတ္တရားကို အိန္ဒိယပြည်နှင့် တွဲ၍ နေစဉ်ကထက် ပိုမို၍ တာဝန်ခံယူပြီးလျှင် ဆောင်ရွက်ရမည်ဖြစ်ရာ တိုင်းပြည် ကာကွယ်ရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို အနည်းငယ် ပြောကြားလိုကြောင်း။

"တိုင်းပြည်ကာကွယ်ရေးဌာနတွင် မြန်မာပြည်ဘုရင်ခံမှာ ဦးစီး ခေါင်းဆောင်အဖြစ် ဆောင်ရွက်မည်ဖြစ်ရာ မြန်မာပြည် ကာကွယ်ရေး ဆိုင်ရာ စစ်တပ်များကို လုံးဝ တာဝန်ခံယူ၍ စီမံခန့်ခွဲအုပ်ချုပ်မည် ဖြစ်ကြောင်း၊ စစ်ဘက်ဌာနတွင် မြန်မာပြည်ဘုရင်ခံမှာ အိန္ဒိယပြည် ဘုရင်ခံချုပ်ကြီးကဲ့သို့လည်းကောင်း၊ ဒိုမိနီယံနိုင်ငံများဆိုင်ရာ ဘုရင်ခံ ချုပ်များ၊ ကိုလိုနီနိုင်ငံများဆိုင်ရာ ဘုရင်ခံများကဲ့သို့လည်းကောင်း အလားတူတန်ဖိုးအာဏာများ ရှိပေလိမ့်မည်ဖြစ်ကြောင်း။

"ဒိုမိနီယံနိုင်ငံများနှင့် ကိုလိုနီနယ်ပယ်များတွင် ဘုရင်ခံချုပ်နှင့် ဘုရင်ခံများမှာ ဝေါဟာရအားဖြင့် အခေါ်အဝေါ်ကွဲလွဲသော်လည်း ၎င်းတို့မှာ စစ်ဗိုလ်ချုပ်ကြီးများဖြစ်ရာ၊ ထိုဘုရင်ခံချုပ်နှင့် ဘုရင်ခံများ ပင်လျှင် စစ်ဗိုလ်ချုပ်ကြီးများ ဖြစ်ပေကြောင်း။

"မြန်မာပြည်အဖို့တွင်မူကား အစိုးရတို့၏ မြန်မာပြည် အုပ်ချုပ်ရေးအက်ဥပဒေတွင်လည်းကောင်း၊ အခြားသော ပါလီမန် အက်ဥပဒေတွင်လည်းကောင်း၊ အတိအလင်း ရှင်းလင်းစွာ ဖော်ပြထားပြီး ဖြစ်သဖြင့် မြန်မာပြည်ဘုရင်ခံမှာ "စစ်ဗိုလ်ချုပ်ကြီး"ဟူ၍ အထူးတလည် ထပ်မံဖြည့်စွက် ခေါ်ဝေါ်ရန် မလိုကြောင်း။

အဲဒီလို မြန်မာပြည် ဘုရင်ခံက မိန့်ခွန်းပြောဆိုခဲ့ပါတယ်။ မြန်မာပြည်ရှိ နယ်ခြားစစ်တပ်နဲ့ တပ်များအားလုံးဟာ မြန်မာပြည် ဘုရင်ခံရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာ ရောက်ရှိတော့မယ်။ ဒါတွေဟာ အိန္ဒိယနဲ့ မြန်မာပြည် ခွဲရေးပြီး လုပ်ရမယ့် လုပ်ငန်းများ ဖြစ်ပါတယ်။

## မြန်မာ လူမျိုးများကိုမယုံ

မြန်မာပြည်မှာ ချထားတဲ့ နယ်ခြားစစ်တပ်များ စစ်ရဲတပ်များကို အိန္ဒိယသို့ ပြန်လည်ရုပ်သိမ်းပြီး မြန်မာပြည် စစ်တပ်များကို အစားထိုးကြရပါမယ်။

အဲဒီသတင်းစာမှာ ဆက်ဖော်ပြထားတာက–

"--- မြန်မာပြည်အား အိန္ဒိယနှင့် ခွဲခွာလိုက်သည်နှင့် တစ်ပြိုင်နက် စစ်သားအသစ်များကို စတင်၍ ဝင်ခွင့်ပြုရန်အတွက် ခေါ်ယူလိမ့်မည်ဖြစ်ကြောင်း၊ အကယ်၍ နံပါတ် (၄) စစ်တပ်ကို ဖွဲ့စည်း၍ ပြီးမြောက် သွားပါက နံပါတ် (၅) စစ်တပ်တစ်ခုကို ထပ်မံဖွဲ့စည်းရန် ကြိုးစားဦးမည်ဖြစ်ရာ အဆိုပါနံပါတ် (၅) စစ်တပ်ကိုလည်း ယခုလက်ရှိ နံပါတ် (၂၀) စစ်တပ်ကဲ့သို့ပင် စစ်သားများကို မြန်မာပြည်တွင် နေထိုင်သူများထဲမှ စုဆောင်းလိမ့်မည်ဖြစ်ကြောင်း။

"အထက်တွင် ဖော်ပြခဲ့သည့် ပြောင်းလဲချက်များကို ပြုပြင်ပြောင်းလဲခြင်းအားဖြင့် မြန်မာ့စစ်တပ်ထဲတွင် ယခုရှိရင်းစွဲ တောင်ပေါ်ရှိ လူမျိုးများ၊ ချင်း၊ ကချင်နှင့် ကရင်များသာမက မြေညီကုန်းပြင်တွင် နေထိုင်သော လူမျိုးများလည်း စစ်တပ်ထဲသို့ ဝင်ခွင့် ရရှိဖွယ်ရှိကြောင်း။

အင်္ဂလိပ်အစိုးရအနေနဲ့ **မြန်မာ**လူမျိုးတွေကို လုံးဝမယုံကြည်တဲ့အတွက် စစ်တပ်မှာမပြောနဲ့ နယ်ခြားစောင့် စစ်တပ်အဖွဲ့မှာတောင် **မြန်မာ**လူမျိုးတွေကိုပါ ဝင်ခွင့် မပေးဘူး၊ ဒါပေမယ့် ကချင်၊ ချင်းစတဲ့ တောင်ပေါ်ဒေသသားများ

ကိုသာ ပါဝင်ခွင့် ပေးထားတယ်။ တောင်ပေါ်သားဆိုတဲ့ နေရာမှာ ရှမ်းများ၊ ကရင်များ၊ ကယားများကိုယ်တိုင်က မပါချင်လို့ မပါတာလား၊ ဒါမှမဟုတ် ပါဝင်ခွင့်မပေးလို့ မပါတာလား ဆိုတာကိုတော့ ကျမ်းပြုသူအနေနဲ့ အတိအကျ မပြောနိုင်ပါ။

ကျမ်းပြုသူငယ်စဉ်က ဗန်းမော်မြို့ရှိ နယ်ခြားစောင့် စစ်တပ်ထဲမကြာခဏ အလည်အပတ် ရောက်တဲ့အခါတွေမှာ ချင်း၊ ကချင်၊ အမျိုးသားများကိုသာ မျက်မြင်မို့ ရေးသားရခြင်းပါ။

ဒီစစ်တပ်မှာ အိန္ဒိယ ဆစ်ခ်လူမျိုးများ ပန်ချာပီလူမျိုးများ၊ ဂေါ်ရခါးလူမျိုးများ၊ ပထန်လူမျိုးများသာ တွေ့ရပါတယ်။ ၎င်းနယ်စပ်စစ်တပ်တွင် ဗမာမွတ်စလင်နဲ့ မြန်မာပြည်ပေါက် ပန်ချာပီများကိုတောင် ဝင်ခွင့်မပြုဘူး၊ အိန္ဒိယပေါက် ပန်ချာပီများကိုသာ ဝင်ခွင့်ပြုပါတယ်။

ဗမာလူမျိုးများကို စစ်တပ်ထဲဝင်ခွင့် မပြုပါ။ တစ်ဦးတလေတော့ အင်္ဂလိပ်အဆင့်အတန်းမျိုးရတဲ့ ဗမာများ ရှိပါတယ်။ သူတို့ဟာ အင်္ဂလိပ်နာမည်တွေနဲ့ ဗိုလ်ကျောင်းထွက်များလောက်သော လက်ခံတာ တွေ့ဖူးပါတယ်။

ဗမာတွေကို တိုက်ခိုက်ရေး ကြည်းတပ်ထဲ ဝင်ခွင့် မပြုသလောက်ဘဲ။ စပ္ပါးအင်းမိုင်းနား (Suppers and Miners) ခေါ်တဲ့ အလုပ်သမားတပ်မျိုးမှာသာ ဝင်ခွင့်ပြုတယ်။

အိန္ဒိယသားတွေနဲ့ ဒီမြန်မာတိုင်းရင်းသားတွေအတွက် စစ်တပ်၊ နယ်ခြားစစ်တပ်တွေမှာ အားလုံးကို India Rank အိန္ဒိယစစ်ရာထူးပေးတယ်။ ဥပမာ စူဗေဒါ၊ ဂျာမဒါ၊ ဟော်လ်ဒါ၊ စတဲ့ရာထူးအခေါ်အဝေါ်များ ဖြစ်တယ်။

၁၉၃၉–၄၀ ခုနှစ် ပြည်လုံးဆိုင်ရာ ဗမာမွတ်စလင် မျက်နှာ စုံညီ အစည်းအဝေးကြီးမှာ အချက် ၂၅ ချက် ပြဋ္ဌာန်းခဲ့တယ်။ အဲဒီအထဲမှာ ဗမာမွတ်စလင်များကို သီးခြားတပ် တစ်တပ်အနေနဲ့ ပါဝင်ဖွဲ့စည်းပေးဖို့ ဆိုတဲ့ ပြဋ္ဌာန်းချက်လဲ ရှိခဲ့တယ်။ အစိုးရဆီမှာ တင်ပြတောင်းဆိုခဲ့တယ်။ ဒါပေမယ်လို့ မရခဲ့ပါ။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လုဖြစ်ခင် ၁၉၄၀ ခုနှစ် နှစ်စလောက်မှ ကောလိပ်ကျောင်းသား မြန်မာတွေကို **ပြင်ဦးလွင်** ဖွင့်တဲ့ Military Course ခေါ်တဲ့ ဗိုလ်သင်တန်းကျောင်းကို တက်ခွင့်ပေးတယ်။ British Rank အင်္ဂလိပ်စစ်အဆင့်အတန်း ရာထူးပေးတယ်။ မြန်မာတိုင်းရင်းသား ဗမာ၊

ချင်း၊ ကရင်၊ ရှမ်းရယ်လို့ မခွဲတော့ဘဲ အားလုံးကို တိုက်ခိုက်ရေးတပ်တွေမှာ လက်ခံတာ တွေ့ရပါတယ်။

ဒီစပွါးအင်မိုင်းနားတပ် အပါအဝင် မြန်မာပြည်က စစ်ရဲတပ်၊ စစ်တပ်တွေ အားလုံးလောက်နီးနီးဟာ စစ်တပ်တွင်းမှာ "အူရဒူ" ဘာသာ (ပါကစ္စတန်) ဘာသာစကားကိုပဲ ပြောဆိုကြရတယ်။ စစ်စကားပြောရင်လဲ အူရဒူစကားနဲ့ ပဲပြောကြရတယ်။ ဒီစကားကို စစ်သားတွေအားလုံး သင်ကြရတယ်။ ဒါပေမယ့် စာကို အင်္ဂလိပ် အက္ခရာ အေဘီစီဒီနဲ့ ရေးရတယ်။ ရေးတဲ့စကားလုံးရဲ့ အသံထွက်ဟာ အူရဒူစကားလုံး ဖြစ်လာတယ်။ အဲဒီတော့ အူရဒူစကားကို တတ်ကြရတယ်။ ဒီစကားကို တပ်ထဲ ရောက်သူ ကချင်၊ ချင်း၊ ကရင်၊ ဗမာ တိုင်းရင်းသားတိုင်း သင်ကြရတယ်။

စစ်မိန့်ပေးတဲ့အခါလဲ **ဗမာ** ၊ ပန်ချာပီ၊ ကချင်၊ ချင်းစတဲ့ အင်္ဂလိပ်စကား မပီတပီ လျှာလိပ်သံနဲ့ "ရိုက်–ထန်း" "လက်–ထန်း"ရယ်လို့ ထွက်လာပါတယ်။

**ရဲတပ်များ ဖွဲ့စည်းရာတွင် အနှောင့်အယှက်များ**

အဲဒီတော့ ခွဲရေးတွဲရေး ပြီးတဲ့နောက်ပိုင်းကာလမျိုးမှာ ဗြိတိသျှအစိုးရ အနေနဲ့ မြန်မာပြည်ဘုရင်ခံ လက်အောက်မှာ သီးခြားတပ်များ ဖွဲ့စည်းရမယ့် အခြေအနေဟာ မလွှဲမရှောင်သာ ရှိလာတဲ့ အပိုင်းမှာလဲဖြစ်တယ်။ ပြီးတော့ မြန်မာသတင်းစာတွေကလဲ မြန်မာများကို စစ်တပ်ထဲဝင်ခွင့်ပြုဖို့ စစ်ပညာသင်ခွင့် ပေးဖို့ ကင်းထောက်ပညာသင်ကြားပေးဖို့ တောင်းဆိုနေတဲ့ ကာလမျိုးလဲ ဖြစ်တယ်။

ဒါ့အပြင် ခနရှင်ဒီမိုကရေစီက ခွင့်ပြုထားတဲ့ ဥပဒေဘောင်အတွင်းကနေ ဝတ်လုံတော်ရမင်းဖြစ်တဲ့ အမ်အေဦးမောင်ကြီးဟာ ပါးနပ်လိမ္မာစွာနဲ့ပဲ ဖွဲ့စည်းခဲ့ ပါတယ်။

အဲဒီအထွေထွေ အခြေအနေတွေကြောင့် မြန်မာပြည် အပျော်တမ်း ရဲတပ်ကို တရားဝင် ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

ဒါပေမယ့် တချို့မြို့တွေမှာ ဒီလိုဖွဲ့တာကို အင်္ဂလိပ်အစိုးရမင်းများက ငြိုငြင်လေမလားရယ်လို့ စိုးရိမ်စိတ်တွေကြောင့် ရဲတပ် မဖွဲ့ခဲ့တာရှိတယ်။ ဥပမာဆိုရင် ပခုက္ကူ ဈေးရပ်မှာ မြို့မိမြို့ဖ လူကြီး သုံးဦးက ရဲတပ်ဖွဲ့ဖို့ ကိစ္စ ဆွေးနွေးတော့ တစ်ဦးက ရာဇဝတ်ဝန်ရဲ့အမျိုးဖြစ်တယ်၊ ကျန်နှစ်ဦးက

အစိုးရလခစားများဖြစ်နေလို့ အလုပ်ကို ထိခိုက်မှာစိုးတဲ့အတွက် ရဲတပ်မဖွဲ့ဘဲ မီးသတ်သာဖွဲ့ပါဆိုပြီး မီးသတ်သာ ဖွဲ့ခဲ့ကြတယ်။ ပခုက္ကူ မန်ကျည်းချောင်းရပ် လူငယ်များကျတော့ အဖွဲ့တစ်ခုတည်းနဲ့ ရဲတပ်၊ မီးသတ်အဖွဲ့၊ လူငယ်များ ကြီးပွားရေးအသင်းတည်း ဟူသော တာဝန် သုံးရပ်ကို တစ်ပြိုင်တည်း ထမ်းဆောင်နေနိုင်ရင်၊ ပခုက္ကူဈေးပိုင်းကလဲ ဘာကြောင့် မထိန်းနိုင်စရာရှိသလဲဆိုပြီး ဆောင်းပါးရှင်"အာဝါး"ဆိုသူက ၃၀–၈–၃၄ သူရိယ သတင်းစာ စာမျက်နှာ (၁၈)မှာ ဆောင်းပါးရေးသား ဖော်ပြတာ တွေ့ရပါတယ်။

စာရေးဆရာ၊ သတင်းစာဆရာ၊ ဦးသိမ်းမောင်ရေးတဲ့ ရဲတပ်သမိုင်း အနှောင့်အယှက် ပဋိပက္ခအပိုင်းကို လေ့လာတဲ့အခါ မြန်မာပြည်အမျိုးသား အပျော်တမ်း ရဲတပ်ဖွဲ့နဲ့ ပတ်သက်ပြီး အနှောင့်အယှက်ကလေးတွေ ရှိခဲ့ကြောင်း တချို့နေရာမှာ အရိုက်အနှက်ပင် ခံရကြောင်းတို့ကို လေ့လာရပါတယ်။

ဥပမာဆိုရင် ပခုက္ကူမှာ ရဲတပ်ဖွဲ့ ဖွဲ့စည်းတုန်းက ပုလိပ်အဖွဲ့က သဘောမကျဘူး၊ ရဲတပ်ဖွဲ့ မပျက်ပျက်အောင် နည်းအမျိုးမျိုးနဲ့ လျှို့ဝှက်လုပ်ခဲ့တယ်။ အချင်းချင်းအတွင်း စိတ်ဝမ်းကွဲအောင် လုပ်ခဲ့တယ်။ ဒါပေမယ့် အသင်းတိုက်ကို တိုက်ရိုက်လာပြီး နှောင့်ယှက်တာမျိုးတော့ မလုပ်ဘူးလို့ ပခုက္ကူ လူငယ်များ ကြီးပွားရေးအသင်း ဥက္ကဋ္ဌ ဦးဘအုံး ၁၆–၉–၃၄ နေ့စွဲနဲ့ သတင်းပို့စာမှ–

နောက် ချောက်မြို့မှာလည်း ပုလိပ်အရာရှိများရဲ့ အနှောင့်အယှက်ကို ရဲတပ်ဖွဲ့ဝင်များ ခံကြရတယ်လို့ ချောက်မြို့ အမိန့်တော်ရ ဦးသာထိုရဲ့ ၁၀–၅–၃၅ နေ့စွဲနဲ့ သတင်းပို့ တိုင်ကြားစာမှ–

ရပ်ရွာလူကြီးများနဲ့ သူကြီးများက ရဲတပ်ဖွဲ့ဖွဲ့တာကို မနှစ်မြို့တဲ့အပြင် အစိုးရမင်းများကို မတော်မတရား သွားရောက်တိုင်ကြားတယ်ဆိုတဲ့ ပဲခူးမြို့နယ်က တိုက်ရွာ၊ ရွှေလဝင်း ဆန်စက် ဦးဘချစ်ထံက ၁၅–၁–၃၅ နေ့စွဲနဲ့ ပေးပို့တဲ့စာမှ–

ဖျာပုံ အစိုးရအထက်တန်းကျောင်းက ကျောင်းဆရာကြီးနဲ့တကွ ဆရာမ တစ်ယောက်ကပါ ကျောင်းသားအချို့ကို ရဲတပ်ဖွဲ့ထဲမဝင်ဖို့ ဟောပြောကြကြောင်း၊ ရဲတပ်ဖွဲ့ဝင်ရင် သက်ဆိုင်ရာ ပညာရေးဌာနက အရေးယူနိုင်ခြင်းရှိမရှိ ပြန်ကြားပေးပါလို့ ၂၀–၆–၃၄ နေ့စွဲနဲ့ မေးမြန်းလိုက်တဲ့ ဖျာပုံ ၂ လမ်း၊ အမှတ် ၄၂ မောင်လှဖေရဲ့ ပေးစာမှ–

အဆိုးရွားဆုံး အဖြစ်အပျက်က ညောင်တုန်းမှာ ကြုံတွေ့ကြရပါတယ်။ ညောင်တုန်းမြို့ ၂၈–၉–၃၄ နေ့စွဲနဲ့ အဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကျော်ရဲ့ စာအရ လည်းကောင်း၊ ၂၅–၂–၃၅ နေ့စွဲ ညောင်တုန်းမှ ရဲတပ်၊ တပ်ဌာနချုပ်သို့ ပေးပို့တဲ့ ကြေးနန်းစာအရ သိရှိရပါတယ်။ မြို့ရွာလူကြီးတချို့က စကောက် အဖွဲ့ကိုသာ အားပေးအားမြှောက်လုပ်ပြီး ရဲတပ်အဖွဲ့ကို အမျိုးမျိုး အနှောင့်အယှက် ပေးခဲ့ကြောင်း၊ ရဲတပ်ဗိုလ်တစ်ယောက်ဖြစ်သူ မောင်အာကာကို စကောက် အသင်းသား မောင်ကြီးဆိုသူက ခဲသီးတုတ်နဲ့ နောက်ကနေ ရိုက်လိုက်တဲ့ အတွက် ည ၈ နာရီမှာ အတွင်းလူနာအဖြစ် ဆေးရုံမှာ တက်ရောက်ကုသနေရပါသတဲ့။

ရဲတပ်ကြီး ပေါ်ပေါက်လာတဲ့နေရာမှာ အင်္ဂလိပ်အစိုးရအနေနဲ့ ဘယ်လိုမှ ကန့်ကွက်ခြင်း၊ နှောင့်ယှက်ခြင်း မရှိဘူး၊ ဒါပေမယ့် လက်ပါးစေများရဲ့ နှောင့်ယှက်မှုကိုတော့ အနည်းနဲ့အများ ခံကြရတယ်ဆိုတာကိုတော့ လေ့လာ သိရှိရပါတယ်။

မြန်မာပြည် အမျိုးသား အပျော်တမ်းရဲတပ်ဖွဲ့အနေနဲ့ တရားဝင် တည်ထောင်ခွင့် ရယူရုံမကဘဲ၊ ရန်ကုန်ဌာနချုပ်ကနေ တပ်ရင်းဒရိန်းနဲ့ ပတ်သက်တဲ့ စာအုပ်များ၊ ကပ်ရင်းမှူးက တပ်သားအထိ အဆင့်ဆင့်သော အရာရှိများရဲ့ တာဝန်ဝတ္တရားနဲ့ သက်ဆိုင်သော စာအုပ်များကို လန်ဒန်မြို့ရှိ ဟာရီဆန်နဲ့ သားများ လီမိတက်ဆီမှာခဲ့ရကြောင်း သိရတယ်။

ဒီလိုမှာတော့ ဒီဟာရီဆန်သားများ လီမိတက်က ပြန်စာပေးပို့ခဲ့ပါတယ်။ ဒီပြန်စာကို သိရှိနိုင်အောင် ဖော်ပြလိုက်ပါတယ်။

HARRISON & SONS, LTD.
LONDON & HAYOS (MIDDX)
AND HIGH WYCOMBE.
44, 45, 46 & 47 , st Martins Lana.
LONDON, W.C.2

Please Quote Reference RG/MAH. 29 th March 1934.

Mr U. Maung Maung,
Secretary, Burma National Volunteers.
92, Phayre Street,
Rangoon.

Dear Sir,

We are in receipt of your order of the 18 th inst, and beg to inform you that the books as shown on enclosed invoice have been despatched under separate cover.

We regreat that "battalion Drill" and "Duties for all Ranks" are out of print, but we have inculded in the pockage a copy of "Company Drill" "Drill Instructor", "Guard duty" and "Hints to Instructors" trusting this will meet with your approval.

Our catalogue is at present out of print.

Your faithfully,

P.P. HARRISON & SONS, LTD.

အဲဒီလို လန်ဒန်စာအုပ်တိုက်နဲ့ ဆက်သွယ်ပြီး စစ်ပညာသင် စာအုပ်များကိုပင် တရားဝင် မှာယူခဲ့ကြောင်း တွေ့ရပါတယ်။

**မြန်မာစစ်သည်တော်များသာ ဖြစ်ခဲ့ပါရင်**

မြန်မာအမျိုးသား အပျော်တမ်းတပ်ဖွဲ့ဟာ အနာဂတ် မြန်မာ့လွတ်လပ်ရေး တပ်မတော်ရဲ့ အမြုတေတပ်ဖွဲ့လို့ဆိုရင် မှားမယ် မထင်ပါဘူး။

မြန်မာနိုင်ငံဟာ ကျွန်တွင်းကိုရောက်ပြီးတဲ့နောက် မြန်မာစစ်သည်တော် အဝတ်အစားကို ဇာတ်ပွဲများ၊ ရုပ်ရှင်များ၊ ပြဇာတ်များထဲတွင်သာ တွေ့မြင်ကြရတယ်။ ဒီမြန်မာစစ်ဝတ်စစ်စားတွေ မြင်ရင် မြင်သူတိုင်းဟာ ဇာတိသွေး ဇာတိမာန်များ တက်ကြွလာတယ်။ မျိုးချစ်စိတ်များ ပေါ်လာတယ်။ ဒီစစ်ဝတ်စစ်စားနဲ့ မြန်မာစစ်သားများကို ပွဲလမ်းသဘင်မှာသာမြင်ပြီး ပွဲပြီးသွားတဲ့အခါ ရုပ်ရှင်ပြဇာတ်ပြီးသွားတဲ့အခါမှာ ဟာတာတာကြီးဖြစ်ပြီး ကျန်ခဲ့တယ်။ အိပ်မက်ထဲမှာ နတ်သမီးချောချောနဲ့ ချစ်ခဲ့ရတဲ့သူလို အိပ်ရာက လန့်နိုးလိုက်တာနဲ့ တစ်ပြိုင်နက် အိပ်မက်ထဲက မင်းသမီးလေး ပျောက်သွားတော့ စိတ်ထဲမချင့်မရဲ ဖြစ်ရသလိုပဲ။

ခေတ်မပျက်ခင် တစ်နှစ်ကျော် ၁၉၃၉ ခုနှစ်လောက်က ကသာမြို့ကို မြန်မာစစ်တပ်ဟာ သဘော်ာနဲ့ ပြောင်းရွှေ့လာပါတယ်။ မြန်မာစစ်တပ်ကို ဒီမြို့သားတွေ တစ်ခါမှ မမြင်ဖူးပါဘူး၊ ဒီအချိန်မြန်မာစစ်တပ်ဟာ တပ်ဝင်းရှိ ကသာမြို့မြောက်ပိုင်းကို ကမ်းဘက်ကနေ ကပ်ပြီးလာတယ်။ အိုးစည်ဗုံမောင်း

တီးလို့ပါ။ အင်္ဂလိပ်စစ်တပ်က **မြန်မာတွေတဲ့ပဲ့လို့** တစ်ယောက်စကား **တစ်ယောက်ကြားတော့မြန်မာစစ်သားမြင်ချင်တာနဲ့** ထွက်ကြည့်ကြတာ ကမ်းညွှတ်မတတ်ဘဲ။

မန္တလေးလိုနေရာကမြန်မာစစ်သားတွေမြင်ဖူးနေတော့ မဆန်းပေမယ့် ကသာလို **မြန်မာစစ်သား** မရောက်ဖူးတဲ့ အရပ်ဆိုတော့ ဝမ်းသာအားရ ပြေးကြည့်ကြ လက်ခုပ်လက်ဝါးတီးပြီး ကြိုဆိုကြနဲ့ ဒီအဖြစ်ကို ကျမ်းပြုသူရဲ့ မျက်စိထဲက ခုထိမပျောက်သေးဘူး။

ကသာတို့ ဗန်းမော်တို့မှာက ပန်ချာပီစစ်သား၊ ဂေါ်ရခါးစစ်သား ကချင်ချင်းတို့လောက်သာ အမြင်ရများပြီး **မြန်မာဆို** တစ်ခါမှ မမြင်ဖူးဘူး၊ ဒါကြောင့် ပြေးကြည့် ကြိုဆိုကြနဲ့ မြူးနေကြတယ်။ ဒါတောင် လွတ်လပ်တဲ့ မြန်မာပြည်နဲ့ မြန်မာ့တပ်မတော် မဟုတ်သေးဘူး။ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ စစ်သည်များသာ ဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် စစ်ဝတ်စုံနဲ့ **မြန်မာတွေကို** မြင်လိုက်ရတော့ ဝမ်းသာကြည်နူး ဖြစ်ခဲ့ကြတာကတော့ အမှန်ပဲ။

ဒီလို စစ်ဝတ်စစ်စားနဲ့ လွတ်လပ်တဲ့ မြန်မာနိုင်ငံ မြန်မာတိုင်းရင်းသား တပ်မတော်ကြီးကို မြင်လို တွေ့လိုတဲ့ ဆန္ဒတွေဟာ အတောမသတ်နိုင်အောင် ရှိနေတဲ့ အချိန်မှာ မြန်မာပြည်အမျိုးသားအပျော်တမ်း တပ်မတော်ကို မြင်ကြတော့ တွေ့ရမြင်ရသူတိုင်းဟာ အတိုင်းမသိ ဝမ်းသာအားရ ဖြစ်ကြရမှာအမှန်ပဲ။

**စစ်ဝတ်စုံများ ရွေးချယ်ပုံနဲ့ စစ်အမိန့်ပေးသံများ**

စစ်ဝတ်စုံတွေက အစိမ်းပုတ်အင်္ကျီ ဘောင်းဘီနဲ့ ဘယ်ညာနင်းပြီး ချီတက်လာတာ မြင်ရသူတိုင်း အားရစရာ စိတ်ဓာတ်တက်ကြွစရာတွေပဲပေါ့။

ရဲတပ်မှာ ရဲတပ်ရဲ့အလံ သီးခြားရှိပါတယ်။ ပိတ်ဖြူအလျား ကိုးတောင် အလယ်မှာ အနီကွက် ဥဒေါင်းရုပ်၊ ပန်းစက်ကိုက်အကွပ် ရွှေထည်ဖြစ်ပါတယ်။

စစ်မိန့်ပေးသံတွေကလဲ မြန်မာတိုင်းရင်းသားတွေအဖို့ ဆန်းနေပါတယ်။ မြန်မာတွေကြားနေတာက အင်္ဂလိပ် စစ်မိန့်ပေးသံတွေ၊ စစ်မိန့်ပေးသံတွေကလဲ အင်္ဂလိပ်မကျ ကုလားသံတွေ လျှာလိမ်သံတွေနဲ့ နှောနေတဲ့ “ရိုက်တန်း၊ လက်တန်း” တွေပဲ ကြားနေရပါတယ်။

ဒါတင်မကဘူး၊ စာသင်ကျောင်းတွေမှာလဲ ဒရိန်း Drill သင်တန်းပြတဲ့ အခါမှာ အင်္ဂလိပ်လို အမိန့်ပေးလေတော့ အင်္ဂလိပ်သံတွေပဲ ကြားနေရတယ်။

ဒီလိုပတ်ဝန်းကျင်မှာ ရက်ပေါင်းလပေါင်း နှစ်ပေါင်းကြာနေရတဲ့ထဲက သတိ၊ သက်သာ ၊ နေမြဲ၊ ဘယ်လှည့်၊ ညာကွေ့ ချီတက်စတဲ့ မြန်မာသံတွေ ကြားလိုက်ရတော ထူးလဲထူးဆန်းနေတယ်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရာကနေ ဇာတိသွေး ဇာတိမာန်တွေလဲ ထကြွလာတယ်။

ဒီ သတိ၊ သက်သာ၊ နေမြဲ၊ ဘယ်လှည့်၊ ချီတက်ဆိုတဲ့ ရဲတပ်ဖွဲ့က စလိုက်တဲ့ စစ်မိန့်ပေးသံများကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ မြန်မာ့လွတ်လပ်ရေး တပ်မတော်ကနေ အမွေဆက်ခံ ခေါ်ဝေါ်ခဲ့ပါတယ်။ ဒီနေ့ထိ ပါပဲ၊ ဒါဟာ ရဲတပ်ဖွဲ့အတွက် ဂုဏ်ယူစရာပါပဲ။

စစ်ဘက်ဆိုင်ရာ ရာထူးအမည်တွေကိုလဲ ရဲတပ်က ခေါ်ဝေါ် သုံးစွဲခဲ့တဲ့ ရဲသား၊ ရဲကြပ်ကလေး၊ ရဲကြပ်ကြီး၊ ရဲကြပ်မှူး၊ ပစ္စည်းထိန်း ရဲကြပ်မှူး၊ ရဲကြပ်ချုပ်၊ အလံပြရဲသား၊ ဗုံရဲသား၊ ဗိုလ်ကလေး၊ ဗိုလ်ကြီး၊ ဗိုလ်မှူးကြီး၊ ဗိုလ်ချုပ်ကြီး ဗိုလ်ချုပ်စတဲ့ အခေါ်အဝေါ်တွေ ခေါ်ခဲ့ပါတယ်။

မြန်မာ့လွတ်လပ်ရေး တပ်မတော်ကနေ ဒီနေ့အထိ ရှိနေခဲ့တဲ့ မြန်မာ့ တပ်မတော်ရဲ့ အခေါ်အဝေါ်တွေနဲ့လဲ ထပ်တူထပ်မျှ မဟုတ်ပေမယ့် နီးစပ်မှုများ ရှိခဲ့တယ်။

ဂျပန်ခေတ်ရောက်တဲ့အခါကျတော့ အင်္ဂလိပ်လက်ထက်က ရှိခဲ့တဲ့ ပုလိပ်အဖွဲ့ကို ရဲအဖွဲ့လို့ ပြောင်းလဲခေါ်ခဲ့ပါတယ်။ ဒါဟာ အပျော်တမ်း ရဲအဖွဲ့က "ရဲ"ဆိုတဲ့ စကားလုံးကို ကူးယူသုံးခဲ့တာပဲလို့ ဆိုနိုင်ပါတယ်။

အစိမ်းပုပ်ဝတ်စုံဝတ်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အမ်အေဦးမောင်ကြီးနဲ့ ကျမ်းပြုသူ ၁၉၇၁ ခုနှစ်က တွေ့စဉ် အမ်အေ ဦးမောင်ကြီးက–

> အစိမ်းပုပ်ဝတ်စုံကို ရဲတပ်ဖွဲ့ရဲ့ တူညီဝတ်စုံအရောင်အဖြစ် ရွေးရတာဟာ ရည်ရွယ်ချက်ရှိတယ်။ မြန်မာပြည်ဟာ တောတောင် စိမ်းလန်း စိုပြည်နေတယ်။ သဘာဝအရောင်ကို စစ်ဝတ်စုံအဖြစ် အသုံးပြုတာဟာ မိမိအတွက် သဘာဝ အကာအကွယ်ယူပြီးသား ဖြစ်တယ်။ စိမ်းစိုတဲ့ ပတ်ဝန်းကျင်ကိုယူပြီး ရန်သူကိုလဲ တိုက်ခိုက် နိုင်တယ်။
>
> ဒါကို ဒုတိယကမ္ဘာစစ် မဖြစ်ခင်က အင်္ဂလိပ်တွေ မမြင်ဘူး၊ မြန်မာ့မြေပေါ်မှာ တပ်စွဲထားတဲ့ အင်္ဂလိပ်စစ်တပ်တွေ နယ်ခြားစောင့် စစ်တပ်တွေကြည့်ရင် ကာကီရောင် ဝတ်စုံတွေပဲ ဝတ်ဆင်ပေးထားတယ်။

ဒုတိယကမ္ဘာစစ် ဖြစ်လာတော့မှ မြန်မာပြည်ကို ရောက်လာတဲ့ ဗြိတိသျှနဲ့ မဟာမိတ်တပ်တွေဟာ မြန်မာပြည်ရဲ့ တောတောင်ရေမြေ ပတ်ဝန်းကျင်နဲ့ လိုက်ဖက်တဲ့ အစိမ်းပုပ်ရောင်ကို ရွေးချယ်ဝတ်ဆင်လာကြတယ်။ အဲဒါ စစ်ဝတ်စုံ အရောင်ရွေးချယ်ရေးမှာ မှန်လာတယ်။

## ရန်ကုန်ရဲတပ်ဖွဲ့

ဦးသောင်းဖေ (အငြိမ်းစား လုပ်သားသတင်းစာတိုက် ဖြန့်ချိရေးမှူး ရန်ကုန်ရဲတပ်ဖွဲ့ဝင်ဟောင်း၊ နိုင်ငံဂုဏ်ရည် ဒုတိယဆင့်)က ကျမ်းပြုသူကို ဒီလို ပြောပါတယ်။

"အရင်ရဲတပ်ဖွဲ့ကို ဖွဲ့စည်းခါစ အချိန်တုန်းက စည်တော် မရှမ်းရ၊ စစ်ဖိနပ် မစီးရ၊ ယူနီဖောင်းမဝတ်ရ၊ ဒေါင်းအလံအလေးမပြုရ အဲဒီလို အသေးအမွှားလေးတွေကစပြီး နယ်ချဲ့အစိုးရက ချုပ်ချယ်ခဲ့တယ်။ ဒါကို ဆာဦးမောင်ကြီးနဲ့ ရဲအဖွဲ့ခေါင်းဆောင်များက ဒီဆူးညှောင့်ခလုတ်တွေနဲ့တူတဲ့ ဥပဒေက တားမြစ်ချက်တွေကို လိမ္မာပါးနပ်စွာနဲ့ပဲ ကျင့်သုံးနိုင်လို့ ရဲတပ်ကြီးဟာ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့တယ်။

**အင်္ဂလိပ်စစ်တပ်က ကာကီရောင် ယူနီဖောင်းကို ဘိုးဝါးစစ်ပွဲမှာ စပြီး အသုံးပြုခဲ့တယ်။ အစိမ်းရောင် ယူနီဖောင်းကိုတော့ ဒုတိယကမ္ဘာစစ် အတွင်းမှသာ စတင်ပြီးအသုံးပြုခဲ့တာ ဖြစ်တယ်။ မြန်မာ့လွတ်လပ်ရေးမှာ စပြီးပါလာခဲ့တဲ့ လူတွေဟာ အပျော်တမ်း ရဲတပ်ဖွဲ့က လူတွေပဲဖြစ်တယ်။ အားကစားပဲကြည့်ကြည့် ရဲတပ်ဖွဲ့က လူတွေပဲဖြစ်တယ်။ ရန်ကုန်မှာ စက်ဘီးစီး ရဲတပ်ဖွဲ့လဲရှိတယ်။ အားကစားက ဝါလ်တာချစ်ထွန်း၊ ဦးရှိန်၊ သိုင်း ဦးဘသွင်၊ ဦးလှမောင်၊ ကမ္ဘာလှည့်ဦးခင်စတဲ့ အကျော် အမော်တွေဟာ ရဲတပ်ဖွဲ့ဝင်တွေပဲ ဖြစ်တယ်။ ရဲတပ်ဖွဲ့ဝင်တွေဟာ တိုင်းပြည် လွတ်လပ်ရေးတိုက်ပွဲလဲ တိုက်ပွဲမို့ အားကစားလဲ အားကစားမို့ ဘက်စုံကနေ တိုင်းပြည်ရဲ့ ဂုဏ်ရောင်တွေကို သယ်ပိုးရွက်ဆောင်တဲ့ သားကောင်းရတနာများ ဖြစ်ခဲ့ကြတယ်။ စစ်ရေးနဲ့ ကိုယ့်တိုင်းပြည် အလုခံရသလို ကိုယ့်တိုင်းပြည် ပြန်ယူဖို့လဲ စစ်ရေးနဲ့ပဲ တိုက်ယူရမယ်ဆိုတာတွေကို ရဲတပ်ဖွဲ့ဝင်တွေ အလိုလို နားလည်သဘောပေါက်**

အောင် ပညာပေးခဲ့တယ်။ ဒါကြောင့်မို့ ဒီရဲ့အဖွဲ့ဝင်တွေဟာ မြန်မာ့လွတ်လပ်ရေး မှာ သာမန်ကာလျှံကာ ပါလာခဲ့ကြတာ မဟုတ်ပါဘူး”

**အပျော်တမ်းတပ်ဖွဲ့ အသီးသီးပေါ်လာခြင်း**

မြန်မာပြည်မှာ ဦးမောင်ကြီးရဲ့ အပျော်တမ်း ရဲတပ်ဖွဲ့ ဖွဲ့စည်းပြီး အနှောင့်အယှက်တွေကြားထဲကနေ အခိုင်အမာဖွဲ့စည်း လှုပ်ရှားပြီးတဲ့နောက်ပိုင်းမှာ အလားတူ အပျော်တမ်းတပ်ဖွဲ့များ တစ်ခုပြီးတစ်ခု ပေါ်လာတယ်။ တို့ဗမာအစည်းအရုံး တည်ထောင်ပြီးတဲ့ အခါမှာ ဗမာ့လက်ရုံးတပ်ဖွဲ့ဆိုပြီး တပ်ဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်လာတယ်။ သူ့အဝတ်အစားက ရုပ်ညိုရောင် အင်္ကျီဝတ်ဆင်ကြပါတယ်။

ဒေါက်တာဗမော်ဦးစီးတဲ့ ဆင်းရဲသား ဝံသာနုအဖွဲ့ကလဲ“ဓားမ” တပ်ဖွဲ့ဆိုပြီး ဖွဲ့စည်းခဲ့တယ်။

ဂဠုန်ဦးစော ဦးစီးတဲ့ မျိုးချစ်ပါတီက ဂဠုန်တပ်ဖွဲ့ (ဝါးရင်းတုတ်တပ်ဖွဲ့) ဖွဲ့တယ်။ ဂဠုန်ဦးစောဟာ ဂဠုန်တပ်ဖွဲ့ကိုမဖွဲ့ခင် ဆာမောင်ကြီးရဲ့ အပျော်တမ်းရဲတပ်ဖွဲ့ သူ့ကို လွှဲပြောင်းပေးဖို့ ဆာမောင်ကြီးဆီ တောင်းဆိုဖူးတယ်လို့ ကျွမ်းပြုသူကို ဆာမောင်ကြီး မကွယ်လွန်ခင်က ပြောပြဖူးပါတယ်။

ဆာမောင်ကြီးက သူရဲ့အပျော်တမ်း ရဲတပ်ဖွဲ့ကို ဂဠုန်ဦးစောအား လွှဲပြောင်း မပေးနိုင်ဘူးလို့ ပြောလိုက်တယ်။ ဒီတော့မှ ဂဠုန်ဦးစောဟာ ဂဠုန်တပ်ဖွဲ့ကို ဖွဲ့စည်းတယ်။ ဒီဂဠုန်တပ်ဖွဲ့ဟာ ဝါးရင့်တုတ် ကိုင်တယ်။ ဦးစောဟာ သူနဲ့ အတိုက်အခံဖြစ်တဲ့ သခင်တွေ နိုင်ငံရေးပါတီဝင်တွေကို လွှတ်တော်ထဲမှာ အတိုက်အခံပြု ပြောတယ်ဆိုတယ်။ အပြင်မှာတော့ သူ့အတိုက်အခံတွေကို ဝါးရင်းတုတ်နဲ့ ရိုက်နှက်ခဲ့တာမျိုးတွေ ရှိပါသတဲ့။

မန္တလေး အရှေ့ပြင်မှာ ဦးမောင်ကို ဦးစီးတဲ့ မျိုးချစ်ရဲအရန် အပျော်တမ်းမီးသတ်တပ်ဖွဲ့၊ စိန်ဂျွန်းသူနာပြုတပ်ဖွဲ့တွေ ပေါ်ပေါက်ခဲ့တယ်။ မန္တလေးမှာဆိုရင်လဲ ဗမာမွတ်စလင်တွေရဲ့ စွန္နီဂျမာအတ် ရဲတပ်ဖွဲ့တွေလဲ ပေါ်ပေါက်လာခဲ့တယ်။

၁၉၃၅ ခုနှစ်လောက်မှာ မန္တလေး နိုးကြားရေးလက်ရုံးတပ်ဆိုပြီး ဖွဲ့ခဲ့တယ်။ ယူနီဖောင်းက နီညိုရောင်ရုပ်နဲ့ ကာကီဘောင်းဘီတို့ ဖြစ်တယ်။

နောက်ပြီးတော့ မန္တလေးမှာ မွတ်စလင်အဖွဲ့အစည်းတွေ ရဲ့ ရှပ်စိမ်းရှပ်နီဆိုတဲ့ အဖွဲ့နှစ်ဖွဲ့လဲ ပေါ်ခဲ့တယ်။

ဒီအဖွဲ့တွေ အချင်းချင်း စည်းလုံးညီညွတ်မှု အပြန်အလှန် နားလည်မှု ရှိသလို မရှိတာတွေလဲ ရှိတယ်။ ဒါပေမယ့် မရှိတာကများပါတယ်။ဂျွန်တပ်နဲ့ လက်ရုံးတပ် ရိုက်ကြတာတွေလဲရှိတယ်။

**မန္တလေး အပျော်တမ်း ရဲတပ်ဖွဲ့**

မန္တလေး အပျော်တမ်း ရဲတပ်ဖွဲ့ကို ဆရာကြီးရဲ့ ဇဟိုအမျိုးသား အထက်တန်းကျောင်းမှာ အခြေစိုက်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ ဒါပေမယ့် ဇဟို အမျိုးသား အထက်တန်းကျောင်းအတွက် သက်သက်မဟုတ်ပါဘူး၊ မန္တလေး အနေနဲ့ ဖွဲ့ခြင်းသာ ဖြစ်ပါတယ်။

မြို့မတီးဝိုင်းက ဦးဘကျင်(ဓားတန်း)က ရဲတီးဝိုင်းခေါင်းဆောင်ဖြစ်တယ်။ အမျိုးသားကျောင်းက ကိုချစ်အုန်းက ဗလကောင်းတော့ ဘင်တီးတယ်။ ဦးကျားရဲ့တူ မောင်မောင်ကြီးဆိုသူက ခရာဝင်မှုတ်တယ်။ သူက ဆံရှည်ကိုယ်တော် ဿျောင်ကြီးဇွေနဲ့ဆိုတော့ ဆရာကြီးက "မင်းကဿျောင်ကြီးဇွေနဲ့ ဘယ်ဖြစ်မလဲ"လို့ နောက်ရွှတ်ရွှတ် ပြောလိုက်တော့ နောက်တစ်နေ့မှာ ဿျောင်ကိုပြုတ်ပြီး ဘိုကေဆံတို ဖြစ်လာပါသတဲ့။

ကျောင်းသားတွေက ဘင်ခရာပါစေချင်တယ်လို့ ပူဆာကြတယ်။ ဒါကြောင့် ဆရာကြီးကအိန္ဒိယပြည်က ဘင်ခရာ အစုံကို မှာယူလိုက်တယ်။ ကျသင့်တဲ့ တန်ဖိုးထဲက တချို့ကို ဆရာကြီးကပဲ သူ့အိတ်ထဲက စိုက်ထုတ် အကုန်ကျခံတယ်။

ရဲတပ်ဖွဲ့ဝင်အင်အားဟာ အမြဲတမ်း ၂၀၀ ရှိတယ်။ တချို့ကျတော့လဲ အဝတ်အစား မပြည့်စုံလို့ မှန်မှန်သင်တန်း မတက်နိုင်ဘူး။ ဆရာကြီးက ဒီအပျော်တမ်း တပ်ဖွဲ့ရဲ့ ဗိုလ်ချုပ်ဖြစ်ပါတယ်။ သူ့ဆရာတွေကတော့ အဆင့်ဆင့် တပ်မှူးများအဖြစ် တာဝန်ပေးထားပါတယ်။ တာဝန်အလိုက် ရာထူးကြယ်များလဲ သတ်မှတ်ပေးထားတယ်။ ကျောင်းသားတွေကိုကြည့်ပြီး အရစ်တွေ ပေး ထားတယ်။ ဆရာကြီးရဲ့ ရဲတပ်ဖွဲ့ယူနီဖောင်းဟာ အင်္ကျီအစိမ်း လက်တိုနဲ့ ကာကီ ဘောင်ဘီတိုတို ဖြစ်တယ်။ ရန်ကုန်မှာကတော့ ဘောင်းဘီအင်္ကျီ အစိမ်းပုပ် ဖြစ်တယ်။

ဆရာကြီး ဦးရာဇတ်ကျောင်းမှာ အပျော်တမ်းရဲတပ်ဖွဲ့အပြင်

ရဲဘင်ခရာတပ်ဖွဲ့၊ ရဲညွန့်တပ်ဖွဲ့တို့လဲရှိတယ်။ ပထမက ရဲမေတပ်ဖွဲ့ဆိုပြီး ဖွဲ့ဖို့ စိတ်ကူး ခဲ့ကြပါသေးသတဲ့၊ ဒါပေမယ့် မလုပ်ဖြစ်ဖူးတဲ့၊ ဒီအပျော်တမ်း ရဲတပ်ဖွဲ့တွေဟာ အမျိုးသားကျောင်းတွေတိုင်းမှာ ပေါ်ပေါက်လာတာချည်းပဲ။

ဆရာကြီး ဦးရာဇတ် အထက်မြန်မာပြည် ရဲတပ်က သီးခြားတပ်ဖွဲ့ ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဆိုသော်လည်း အမ်အေဦးမောင်ကြီးရဲ့ လက်အောက်ခံ မဟုတ်ပါ။ ဆရာဦးထွန်းမောင်တို့ ဆရာဗိုလ်ခင်မောင် ကလေးတို့ကလည်း ဗိုလ်အဆင့်ဖြစ်ပြီး ဗိုလ်မှူးကြီး ဘရွှေတို့ ဗိုလ်မှူးကြီး ခင်ညိုတို့ ဗိုလ်သိန်းတန်တို့ တစ်တွေကတော့ နှစ်ရစ်စီလောက် အဆင့် တပ်ကြရသူများ ဖြစ်ပါတယ်။ ရန်ကုန်ရဲတပ်ဖွဲ့ကတော့ ဗိုလ်မှူးကြီးဝင်းတို့ ဗိုလ်မှူးဗိုလ်သူရတို့ ဆရာဗိုလ်လှဖိုးတို့ ရေတပ်ဗိုလ်မှူး ခင်မောင်မြင့်တို့ ဗိုလ်ကျော်ညွန့်တို့ စတဲ့သူတွေ တပ်မတော်သမိုင်း တစ်လျှောက် ပါဝင်ခဲ့ပါတယ်။

၁၃၀၀ပြည့်နှစ် အာဇာနည် (၁၇) ဦး အရေးတော်ပုံတွင်လည်း ဆရာကြီးရဲ့ နေရှင်နယ်ကျောင်းဟာ အခြေခံစခန်းကြီးအဖြစ် အသုံးပြုခဲ့ ကြပါတယ်။ အာဇာနည် ၁၇ ဦး ဈာပနတွင် ဆရာကြီးကိုယ်တိုင် စစ်ဝတ်စုံအပြည့်နှင့် သူ့ရဲတပ်ဖွဲ့ကို ကိုယ်တိုင်ဦးစီးပြီး စစ်အခမ်းအနားနှင့် သင်္ဂြိုဟ်ရာတွင် လိုက်ပါခဲ့ပါတယ်။

အောင်ကြီး/သခင်(ပေါင်းတည်) "ကျွန်တော် အညာသားပါ ခင်ဗျာ" ပေဖူးလွှာ မဂ္ဂဇင်းအမှတ် ၄၄ ဇန်နဝါရီလ ၁၉၈၅ စာမျက်နှာ ၁၁၃။

သခင်အောင်ကြီး (ပေါင်းတည်)က ဆရာကြီး ဦးရာဇတ်နဲ့ ရဲတပ် အကြောင်း ဖော်ပြတဲ့နေရာမှာ ဆရာကြီးရဲ့တပ်ဟာ အထက်မြန်မာပြည်မှာ သီးခြားတပ်ဖွဲ့ ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဆိုသော်လဲ အမ်အေဦးမောင်ကြီးရဲ့ လက်အောက်ခံ မဟုတ်ပါဘူးလို့ ဖော်ပြထားတယ်။ ဒါပေမယ့် ကျမ်းပြုသူ အနေနဲ့ လေ့လာသိရှိရသလောက်တော့ ဆရာကြီးဦးရာဇတ်ရဲ့ ရဲတပ်ဖွဲ့ဟာ ဆာအမ်အေ ဦးမောင်ကြီးရဲ့ ဗဟိုတပ်ဖွဲ့ လက်အောက်ခံဆိုတာကို ဆရာ ဦးထွန်းမောင်နဲ့ တချို့ ပုဂ္ဂိုလ်များဆီက လေ့လာသိရှိရပါတယ်။

ဆရာကြီးဦးရာဇတ်နဲ့ ဗဟိုအမျိုးသား အထက်တန်းကျောင်းမှာတော့

ရဲတပ်ဖွဲ့သန့်သန့်တစ်ခုတည်းသာ ရှိပါတယ်။ စကောက်အဖွဲ့ လုံးဝမရှိပါ။ ရန်ကုန်မြို့မကျောင်းနဲ့တချို့ အမြို့မြို့မှာရှိတဲ့ အမျိုးသားကျောင်းတွေမှာတော့ ရဲတပ်ဖွဲ့လဲရှိတယ်၊ စကောက်အဖွဲ့လဲ ရှိတယ်လို့ အငြိမ်းစား ဗိုလ်မှူးကြီး ခင်ညိုထံမှ လေ့လာသိရှိရပါတယ်။

ဒီဗဟိုအမျိုးသား အထက်တန်းကျောင်းက ရဲတပ်ဖွဲ့မှာ သင်တန်းမှူးအဖြစ် စစ်ပြန်ဆရာကြီး ဦးဘဒင်က စနစ်တကျ သင်ကြားပြသပါတယ်။ သူ့ကို ဒရိန်းဗိုလ်လို့ခေါ်ပါတယ်။

ဒီအပျော်တမ်း ရဲတပ်ဖွဲ့ထဲကို မဝင်မနေရဆိုတဲ့ အမိန့်ထုတ်ပြန်ထားတာ မရှိပါဘူး၊ ဒါပေမယ့် ကျောင်းတိုင်းလိုလို ဝင်ကြတာများပါတယ်။ ကျောင်းသား တွေရဲ့ ၃၀ ရာခိုင်နှုန်းဟာ ရဲတပ်ဖွဲ့ဝင်တွေချည်း ဖြစ်ပါတယ်။

ဘာကြောင့် ဒီလို ဖြစ်ရသလဲဆိုရင် ကျောင်းမှာ ဆရာကြီး ဦးရာဇတ်နဲ့ တကွ ကျောင်းဆရာဆရာမတွေက "ကျောင်းသားတွေကို မျိုးချစ်စိတ် ရှိရမယ်။ တိုင်းချစ်ပြည်ချစ်စိတ် ရှိရမယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်စွန့်ရမယ်" ဆိုတဲ့ စိတ်ဓာတ်တွေ ရှိလာအောင် တတွတ်တွတ် တဖွဖွနဲ့ သွင်းပေးတယ်။ နယ်ချဲ့သမားကို မုန်းတီးရေး၊ သတ္တိရှိရေးကို အမြဲတမ်း အားပေးတယ်။ ကျောင်းကို ပညာဝန်ထောက် (အင်စပက်တာအော့စကူး) အိုင်အက်စ်တွေ လာစစ်လို့ရှိရင်လဲ ဘာမှမကြောက်ဖို့ သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းဖို့ ကျောင်းသား တွေကို တိုက်တွန်းထားတယ်။

အနာဂတ် လွတ်လပ်ရေး တိုက်ပွဲမှာ ဒီကျောင်းသားတွေဟာ ရှေ့တန်းက ခေါင်းဆောင်နေရာတွေကို တက်ယူကြရမယ်လို့ ရှေ့ဆောင်လမ်းပြ ပြုခဲ့ကြတယ်။ ဒါတွေကြောင့် ရဲတပ်ဖွဲ့ထဲကို ဇွတ်အတင်း မဝင်ခိုင်းပေမယ့် သူတို့ရဲ့ ကိုယ်ပိုင်အသိနဲ့ပဲ အနာဂတ်ရဲ့ အရေးတော်ပုံတပ်သားတွေ ဖြစ်လိုတဲ့ ပြင်းပြတဲ့ ဆန္ဒကြောင့် သူတို့ရဲ့ ကိုယ်ပိုင်ဆန္ဒနဲ့ပဲ ရဲတပ်ဖွဲ့ထဲကို ခြေစုံပစ်ဝင်ကြခြင်း ဖြစ်တယ်။

ရဲတပ်ဖွဲ့အနေနဲ့ ဘာမှ မည်မည်ရရ အလုပ်မရှိပါဘူး။ ဘင်ခရာနဲ့ လမ်းလျှောက်တယ်၊ အမျိုးသားအောင်ပွဲနေ့ ကျရင်လဲ ဘင်ခရာတပ်ဖွဲ့နဲ့အတူ ရဲတပ်ဖွဲ့ဟာ ပါဝင်ဆင်နွှဲတယ်။ အာဇာနည် ၁၇ ဦး ကျဆုံးတုန်းကလဲ

ဆရာကြီး ဦးရာဇတ်ကိုယ်တိုင် ရှေ့ဆောင်ရှေ့ရွက်ပြုပြီးပါဝင်ဆင်နွှဲတယ်။ အဲဒီလောက် လှုပ်ရှားမှု ကလေးသာ ရှိပါတယ်။

ဒါပေမယ့် ရဲတပ်ဖွဲ့ဝင်တွေက တာကလွှတ်မယ့် ပြိုင်မြင်းလို ကြွနေရွနေအောင် ရန်သူကို မြင်လို့ရှိရင် ရှူးရှူးရှဲရှဲမာန်ဖီမယ့် မြွေဟောက်လို၊ သားကောင်ကိုမြင်ရင် ခုန်အုပ်ဖို့ ဟန်ပြင်နေတဲ့ ကျားခြင်္သေ့လို စစ်စိတ်စစ်သွေးတွေ အားနဲ့မာန်နဲ့ အမြဲမပြတ် ရှိနေဖို့အတွက် ဒီအပျော်တမ်းတပ်ဟာ ရပ်တည်နေခဲ့တယ်။ အရေးဆိုချဖို့ သဘော တိုက်ဖို့သဘောပဲ ဖြစ်စေပါတယ်။ အမြဲတမ်း တိုင်းပြည်အတွက် အသင့်ဖြစ်နေဖို့ဆိုတာပါပဲတဲ့။

အမျိုးသားစိတ် ပြင်းထန်စေဖို့ ရဲရင့်စေဖို့ စည်းကမ်းသေဝပ်စေဖို့ စည်းလုံးညီညွတ်စေဖို့ ဆိုတာတွေကို ရဲတပ်ဖွဲ့မှာလဲ လေ့ကျင့်ပေးတယ်။ စစ်စိတ်စစ်သွေးတွေ ရှိလာပြီး လူငယ်တွေကို နောင်တစ်ခေတ်မှာ တိုင်းပြည်ရဲ့ သားကောင်းရတနာတွေ ဖြစ်အောင်လေ့ကျင့်ပေးတယ်။ ဒီတပ်ဖွဲ့ထဲကို ဝင်ကြဖို့ ဆရာတွေက စည်းရုံးတာအပြင် ကျောင်းသားအချင်းချင်းကလဲ စည်းရုံးကြတယ်။ မဝင်တဲ့လူကို "မင်း မိန်းမလျာလားကွ၊ ရဲတပ်ထဲဝင်ပါလား" လို့ ခနဲ့တဲ့တဲ့ ပြောပြီးလဲ စည်းရုံးကြတယ်။

တိုင်းပြည်အတွက် သက်လုံကောင်းရမယ်၊ ကြံ့ခိုင်ရမယ်၊ တစ်ပတ်မှာ တစ်ခါ ဒရိန်း(ခေါ်) စစ်ရေးလေ့ကျင့်ခန်းတွေ လုပ်ရတယ်။ တစ်ခါတစ်ခါ ညနေပိုင်းမှာ မြို့ထဲကို ချီတက်လှည့်လည်ကြတယ်။ မြို့သူမြို့သားတွေကလဲ စိတ်ဝင်စားစွာပဲ ထွက်ကြည့်ကြတယ်။ ဒီရဲတပ်ဖွဲ့ထဲကို ကျောင်းသားတွေတင် မကဘူး၊ ကျောင်းအနီးအနား ပတ်ဝန်းကျင်က လူငယ်တွေ ဝင်ချင်တယ်ဆိုရင်လဲ ဝင်ခွင့်ပေးထားတယ်။ ဒီလို လှည့်လည်ချီတက်တာကိုပဲဖြစ်ဖြစ် ကျောင်းမှာ သင်တန်းဆင်းတာကိုပဲဖြစ်ဖြစ် အစိုးရက မကန့်ကွက်ဘူး၊ မြို့ထဲလှည့်လည် ချီတက်တဲ့အခါကျရင် ဆရာကြီးဦးရာဇတ်ကိုယ်တိုင် ရဲတပ်ဗိုလ်ချုပ် ယူနီဖောင်းအပြည့်နဲ့ ပါဝင်ဆင်နွှဲတယ်။

အပျော်တမ်း ရဲတပ်ဖွဲ့ဟာ မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းရဲ့ သမိုင်းမှာ ထင်ရှားတဲ့ သင်္ကေတတစ်ရပ် ဖြစ်ပါတယ်။

## ရဲတပ်သီချင်းများ

နန်းတော်ရှေ့ဆရာတင်–ရေး/ဆို

(၁) ရဲဇာနည်၊ နွဲ့ကြရမည်။ သက်ဆုံးအတည် (လက်ရုံးရည်)၄။ (လက်ရုံးအသုံးပြုတဲ့)၂ တို့ဗမာတို့ဗမာတို့ဗမာ တို့အာဇာနည်။ ရေးကထဲက တို့ရာဇဝင်တည်။ နိုင်ငံအပ၊ သူတကာ့နေပြည်၊ တို့ပိုင်ဘူးသည်။ (ဗိုလ်မှူး ကိုယ်ဒူး ကိုယ်ချွန်၊ ရဲမရှုံ့စစ်တံခွန်ချိ)၂၊ အောင်ပါပြီ၊ အောင်တပ်အောင်ညီညီ၊ ဇာတိသွေးကို မွေးကြပြီ။ တို့ဗမာပြည်–ပြည်။ တို့ဗမာစစ်သည်။ တို့ပြည်ကို တို့ပိုင်ပေမည်။ ဗမာမောင်များ၊ ယောကျ်ားတံခွန်၊ လူရည်ချွန်၊ ကောင်းကင် တမွတ်၊ ကြယ်ကိုဆွတ်တော့၊ မလွတ်စေနှ်၊ ရရန်မှန်သည်။ (ရဲဇာနည်–၄)။ ကိုယ်ပိုင်အသစ်နိုင်ငံတည်။

**ဦးဖိုးစိန်**

(၂) (မျိုးမြန်မာတွေ ကြိုးစားလေ၊ တို့ပြည်တိုးပွားစေ–၂)၊ ဒီရေတွေ ဒီမြေတွေ မြန်မာလူမျိုးပြည်၊ ထကြွလို့လကျိုး မယုတ်ပေ၊ ကိုယ်ပိုင်အုပ်ချုပ်စေ၊ ရေမြေလေ တို့အမွေတို့ပြေ၊ မြန်မာတွေကြာရှည် အမျိုးတစ်ရာ့တပါးနဲ့နေ – ၂)။ ထကြွလို့လ ကျိုးမယုတ်ပေ။ ကိုယ်ပိုင်အုပ်ချုပ်စေ။ ရေ–မြေ–လေ– တို့အမွေတို့ပြည်။ မျိုးမြန်မာ ဘိုးဘွားဘီဘင်တွေ။ စိုးစံကာ ကြိုးစားတည်ထွင်တဲ့ မြေ။ တကယ့်အခြေ။ မျိုးမြန်မာဘိုးဘွားဘီဘင်တွေ၊ အပြည်ပြည်–အထွေထွေ ဘေးရန်ရှင်းခဲ့ပေ။ အခြေတို့လက်ထက်မှာ မသွေ။ အသရေ မပျက်ကြစေနဲ့လေ။ မြန်မာတွေ ဝလာဇွေ၊ တို့အိုးတို့အွားတွေ၊ ကြည့်ကာနေ တို့တတွေ ယောကျ်ား ပြသစေ။ နဂရေ– ပြည်စောင့်တပ်သားတွေ၊ ညီစေ၊ စွန့်စားကြပါလေ။ မြန်မာတွေတဆယ့်ရှစ်ရပ်။ ပညာမြတ်အခြေ။ ကိုယ့်ပြည်ကျိုး၊ သည်ပိုးရှာဖွေ ယောကျ်ားဘသားတွေ (တို့မြန်မာဘာသာ–သာသနာ–၂) ဘေးရန်ခပင်း ရှင်းလင်းကြဖို့လေ။ တို့တတွေ။

**ရုပ်ရှင်မင်းသမီး ခင်ခင်ရီ၊ ကြွေတ္ထိယ ဇာတ်ကား**

(၃) မြန်မာပြည်တိုင်းရင်းသားတွေ အောင်ပါစေ –၂။ (ရဲတပ်တော် ဗိုလ်မှူးဗိုလ်ခြေ– ဆုတောင်းကာညီညာပေ–၂)၊ ဤကမ္ဘာမြေ တည်ဌာနေ။ (ဗမာ–၃) မျိုးဟော့၊ ထက်ဆုံးလက်ရုံးရည်။ ဇာနည်တွေ။ တို့တိုင်းတို့ဌာနေ။ တို့ဗမာ ရဲတပ်ဖွဲ့ကာ အမျိုးသားတွေအောင်ပါစေ။ တို့တိုင်းတို့ဌာနေ။ တို့ဗမာ ရဲတပ်ဖွဲ့ကာ အမျိုးသားတွေအောင်ပါစေ။

အမျိုးသာတွေ–နိုးကြားစေ။ ဓာတ်တိသွေးကို မွေးပါမွေးပါစို့ (ဗမာ–၃) ပြည်။ (တို့တိုင်းတို့ဌာနေ)။

အို–အို စဉ်းစားကြကမ္ဘာတခွင်၊ ရာဇဝင်ထက်ဆုံး လက်ရှုံးရည်။ အရိုးကြေကြေ သေလျှင်မြေ၊ ရဲသွေးနဲ့ရဲတပ်တော်လာပြီ ဓာနည်တွေ။ (တို့တိုင်းတို့ဌာနေ)။

ဒီအခန်းတွေနဲ့ ပတ်သက်ပြီး အောက်ပါပုဂ္ဂိုလ်များထံ မေးမြန်းခဲ့ပါတယ်။

ရန်ကုန်မှ ဆာအမ်အေ ဦးမောင်ကြီး (ကွယ်လွန်)။ သိရိပျံချီ ဦးဘလှ (အငြိမ်းစား မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်း၊ ကျောင်းဆရာဟောင်း၊ မြန်မာ့အာမခံလုပ်ငန်း ကော်ပိုရေးရှင်း၊ အမှုဆောင်အရာရှိချုပ်–ကွယ်လွန်)။ ဗိုလ်မှူးကြီးခင်ညို (အငြိမ်းစားဗိုလ်မှူးကြီး နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)။ ဆရာဗိုလ်ခင်မောင်ကလေး (နိုင်ငံဂုဏ်ရည်ပထမဆင့်၊ ဖ–ဆ–ပ–လ ပြည်ထဲရေးဝန်ကြီးဟောင်း–ကွယ်လွန်)။ ဦးသောင်းဖေ (အငြိမ်းစားလုပ်သား သတင်းစာတိုက် ဖြန့်ချိရေးမှူး၊ ရန်ကုန်ရဲတပ်ဖွဲ့ဝင်ဟောင်း၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်)။ ဒုဗိုလ်မှူးကြီးလှမောင် (အငြိမ်းစား ဒု–ဗိုလ်မှူးကြီး–ကွယ်လွန်)။ ဦးမောင်မောင် (နိုင်ငံဂုဏ်ရည် ဒုတိယဆင့်)။

ရန်ကုန်မှ ဦးကိုကိုကြီး (ဦးဆောင်ညွှန်ကြားရေးမှူး အငြိမ်းစား မြန်မာ့အာမခံလုပ်ငန်းကော်ပို့ရေးရှင်း ရန်ကုန်)။ ဦးစံဝင်း (လက်ထောက် အထွေထွေမန်နေဂျာ အငြိမ်းစားရန်ကုန်)။ ဦးခင်စိန် (အငြိမ်းစားရုံးအုပ်၊ မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်း)။ ဦးဖြားမောင် (မြန်မာ့အာမခံလုပ်ငန်း ကော်ပိုရေးရှင်း မန်နေဂျာ အငြိမ်းစား ရန်ကုန်)။ ဗိုလ်စောမောင် (မန္တလေးမြို့ တော်ဝန်ဟောင်း–ကွယ်လွန်)။

မန္တလေးမှ ဆရာဦးထွန်းမောင် (အငြိမ်းစား ဗဟိုအမျိုးသား အထက်တန်းကျောင်း ကျောင်းဆရာ–ကွယ်လွန်)။ ဦးချစ်ဆွေ (ဆရာကြီး ဦးရာဇတ်အပါးတော်မြဲ ကွယ်လွန်)။ ခြင်းဦးဘသိန်း (စာပေဗိမာန် စာမူဆုရ စာရေးဆရာ)။

# အခန်း (၁၈)

## အမျိုးသားအောင်ပွဲနေ့

မြန်မာပြည်မှာအစိုးရတွေ အဆင့်ဆင့်ပြောင်းခဲ့ပေမယ့် အမျိုးသားနေ့ဟာဖြင့် မပြောင်းခဲ့ဘူး။ အမျိုးသားနေ့ကို ပထမဆုံးအင်္ဂလိပ်နယ်ချဲ့လက်အောက်မှ စတင်ခဲ့တယ်။ နောက်အင်္ဂလိပ်ပြေးတော့ ဂျပန်ရောက်လာတယ်၊ ဂျပန်ပြေးပြန်တော့ အင်္ဂလိပ် ပြန်ရောက်လာတယ်။ နောက်လွတ်လပ်ရေးရခဲ့တယ်။ ဆာပေါ်ထွန်းအစိုးရ၊ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ဘုရင်ခံ အမှုဆောင်အဖွဲ့အစိုးရ၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ဖဆပလအစိုးရ၊ အိမ်စောင့်အစိုးရ၊ နောက်ပထစ အစိုးရ၊ နောက်ဆုံး တော်လှန်ရေးအစိုးရ၊ နောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ရှေ့ဆောင်တဲ့ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အစိုးရ စတဲ့အစိုးရတွေ ဆင့်ကဲဆင့်ကဲပြောင်းခဲ့ပါတယ်။ ဒါပေမယ့် အမျိုးသားအောင်ပွဲနေ့ကတော့ မားမားမတ်မတ်ရပ်တည်လျက် မပြောင်းလဲခဲ့ဘူး။

အမျိုးသားအောင်ပွဲနေ့ ဘယ်ကပေါ်လာသလဲဆိုတာ စစ်ကြိုခေတ်ကမြို့နေလူထု လူတန်းစားတွေ အကုန်သိကြပါတယ်။ ဒါပေမယ့် လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းတော့ မြို့ပေါ်လူထုက အမျိုးသားအောင်ပွဲနေ့ဆိုတာလောက်ပဲ သိကြမှာပါ။ အမျိုးသားကျောင်းတွေဟာ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ကစပြီး အစိုးရကျောင်းတွေ ဖြစ်သွားပါတယ်။

စစ်ကြိုခေတ်ကတော့ အမျိုးသားအောင်ပွဲနေ့ကို အဓိကထား လုပ်ကြတယ်။ တခမ်းတနား ကြီးကြီးကျယ်ကျယ် ကျင်းပကြတယ်။ ဒီလို ကျင်းပကြတဲ့ ရည်ရွယ်ချက်ကတော့ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တွေ တဟုန်းဟုန်း တောက်လောင်လာတဲ့ တောမီးလို အရှိန်အဟုန်ပြင်းစွာနဲ့ တိုးတက်လာအောင် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအတွက် အဓိဋ္ဌာန်တွေချဖို့ တို့ဟာ တစ်ချိန်က ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနဲ့ နေခဲ့တဲ့ သခင်လူမျိုးတွေဖြစ်တယ်။ အခု ကျွန်ဘဝမှာ ရောက်နေတယ်။ ဒီတော့ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနဲ့ နေဖို့အတွက် တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရမယ်။ တစ်မျိုးသားလုံးက အရိုးကြေကြေ အရေခန်းခန်း နေ့ရှိသရွေ့ နာရီနဲ့အမျှ လွတ်လပ်ရေးတိုက်ပွဲ အတွက် ကြိုးစားကြရမယ်"ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ့ပါ။

အမျိုးသားအောင်ပွဲနေ့ ဘယ်က စတင်ပေါ်ခဲ့သလဲဆိုတာ အရင်ခေတ်က လူငယ်တွေလောက်နဲ့ အခုခေတ် သမိုင်းသုတေသီတွေလောက်ပဲ သိပါတော့မယ်။ သိပြီးသူတွေအတွက် ရှေးခေတ်ဟောင်းကို ပြန်ပြောင်းသတိရအောက်မေ့ဖို့ရယ်၊ မသိသေးသူတွေအတွက်တော့ ဗဟုသုတရှိဖို့ရယ် ရည်ရွယ်ပြီး အခု အကျဉ်းချုပ် သဘော ဖော်ပြပါရစေ။

၁၉၂၀ ခုနှစ် ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေကို အကြောင်းပြုပြီး အမျိုးသားအောင်ပွဲနေ့ရယ်လို့ ဖြစ်လာပါတယ်။ (၁၉၂၀ ခုနှစ် ပထမဆုံး တက္ကသိုလ် ကျောင်းသား သပိတ်အကြောင်းနဲ့ ပတ်သက်ပြီး ဒီစာအုပ်ရဲ့ အခန်း(၂)မှာ အကျယ်တဝင့် ရေးသားဖော်ပြထားပြီး ဖြစ်တဲ့အတွက် ဒီအခန်းမှာ ထပ်မံ မဖော်ပြတော့ပါ။ (ကျမ်းပြုသူ)

၁၉၂၀ ခုနှစ်ထဲမှာ ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေ ပြဋ္ဌာန်းချက်တွေထဲက တချို့အချက်အလက်တွေကို ပြင်ဆင်ပေးဖို့ ယူနီဗာစီတီ ကျောင်းသားတွေက တောင်းဆိုကြတယ်။

ဒီအချိန်က တက္ကသိုလ်ရဲ့ ပထမဆုံး အဓိပတိ၊ မြန်မာပြည် ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်။ ပထမဆုံး ဒုတိယ အဓိပတိက မစ္စတာ

ရောဘတ်စစ်ဒနီ ဂီးလ်စ်။ တက္ကသိုလ်ကျောင်းအုပ်ကြီးက မစ္စတာအာရ်အယ်လ်ဟောင်းဝပ်ဖြစ်ပြီး ပထမဆုံး မော်ကွန်းထိန်းက မစ္စတာစီဒဗလျူအိန်လေ ဖြစ်ပါတယ်။

ဆာရယ်ဂျီနယ်ကရက်ဒေါက်ကို “ပြည်သူ့အော်ကျောလန် ပြည်သူ့ချဥ်ဖတ်” လို့ မြန်မာပြည်သူတွေက ကမ္ပည်း ထိုးထားပါသတဲ့။

ကျောင်းသားတွေရဲ့ တောင်းဆိုချက်တွေကို ဆာရယ်ဂျီနယ် ကရက်ဒေါက်က လျစ်လျူရှုခဲ့တယ်။ ဒါကြောင့် ကျောင်းသား ၁၁ဦး ကော်မတီက ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ၂၆ ဦး ကော်မတီအထိ တိုးချဲ့ဖွဲ့စည်းလိုက်တယ်။ အစိုးရရဲ့ လျစ်လျူရှုမှုကြောင့် ဒီ ၂၆ ဦး ကော်မတီက ရှေ့ဆောင်ပြီး ၁၉၂၀ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သပိတ်ကို စတင်မှောက်လိုက်တယ်။

ပထမဆုံးကျောင်းသားသပိတ်တိုက်ပွဲဟာ အင်္ဂလိပ်နယ်ချဲ့လက်အောက်ကျွန်ဘဝအဖြစ် ရောက်ခဲ့တဲ့ ကာလမှာ ပထမဆုံးမြန်မာပြည်သူ တစ်ရပ်လုံးက နယ်ချဲ့သမားကို လက်နက်မဲ့နဲ့ စစ်ငယ်တစ်ခုကို ကြေညာခဲ့ခြင်းပါ။ ပထမဆုံးစစ်အေးတိုက်ပွဲ စတင်တဲ့ သမိုင်းမှတ်တိုင်ပေါ့။

ပထမ ကျောင်းသားတွေက ပညာရေးစနစ်သစ်ကို တောင်းဆိုရာက မရလို့ ပညာရေး သပိတ်မှောက်တယ်။ ပညာရေး သပိတ်ကနေ အမျိုးသားနေ့ပေါ်လာတယ်။ အမျိုးသားနေ့ကို ပထမဦးဆုံးကျောင်းသားတွေကပဲ ကျင်းပတယ်။ နောက်နိုင်ငံရေးသမားတွေ ဝင်လှုပ်ရှားခဲ့တယ်။ အဲဒီမှာ ကျောင်းသားတွေနဲ့ နိုင်ငံရေးသမားတွေ ပေါင်းမိသွားတယ်။ နောက် တို့ဗမာ အစည်းအရုံးခေတ်မှာ အမျိုးသားနေ့ကို တို့ဗမာအစည်းအရုံးက ဦးစီးလုပ်လာတယ်။ နောက် နိုင်ငံရေး လှုပ်ရှားမှုတွေကို ဒီအမျိုးသားနေ့ စင်မြင့်ကနေ အခွင့်သာရင်သာသလို တစ်မျိုးသားလုံး ပူးပေါင်းပြီး လှုပ်ရှားလာခဲ့ကြပါတယ်။

ဒီကျောင်းသားသပိတ်ဟာ တက္ကသိုလ်ကျောင်းသားများရဲ့ ပညာရေးတွင် မကသေးဘူး။ မြန်မာတစ်မျိုးသားလုံးရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲရဲ့ မုခ်ဦးဆီ ဦးလှည့်ပေးခဲ့ပါတယ်။ အဲဒီသပိတ်တိုက်ပွဲဟာ တစ်မျိုးသားလုံးရဲ့ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ကို နိုးကြားစေတယ်။ တက်ကြွစေတယ်။ ပြင်းထန်ထက်မြက်စေတယ်။ လုံးဝ လွတ်လပ်ရေးရတဲ့အထိ

ဥပဒေတွင်း တိုက်ပွဲပုံစံ အဆင့်ဆင့်ကနေ လက်နက်ကိုင် တော်လှန်ရေးအထိ တွန်းပို့ပေးခဲ့ပါတယ်။

ဆရာကြီးရဲ့ကျောင်းက ဘော်ဒါဆရာဦးထွန်းမောင်က "လွတ်လပ်ရေး အစ နေရှင်နယ်ကျောင်းက"လို့တောင် ကြွေးကြော် ပြောခဲ့ပါသေးတယ်။

အမျိုးသားနေ့ ဘယ်လို ဖြစ်ပေါ်လာခဲ့သလဲ ဆိုတဲ့အကြောင်းကို နေရှင်နယ်ဦးမြင့် (ဘီအေ–ဂုဏ်ထူး) အမျိုးသား ပညာဝန်ထောက်ဟောင်းနှင့် သာသနာပြု ဓမ္မကထိက, က ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပြန်ကြားရေး ဝန်ကြီးဌာနကနေပြီး ၁၉၇၀ ခုနှစ်မှာ ထုတ်ဝေတဲ့ အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ် စာစောင် စာမျက်နှာ (၈၂/၈၃)မှာ ဟောဒီလို ဖော်ပြထားတယ်။

"အဲဒီလို အမျိုးသားပညာရေးကိစ္စ အကြောင်းပြု၍ တစ်တိုင်းပြည်လုံးက တစ်မြို့လုံး အုံးအုံးကျွတ်ကျွတ် ညီညီညွတ်ညွတ် မေတ္တာ ကရုဏာတရားများ လွှမ်းမိုးနေစဉ် ၁၉၂၁ ခု၊ အောက်တိုဘာလ ၁၂၈၃ ခုနှစ် သီတင်းကျွတ်လ ရောက်သောအခါ နဝမမြောက် ဂျီစီဘီအေ (အမျိုးသားပေါင်းချုပ်) ကွန်ဖရင့်ကြီးကို မန္တလေးမြို့တော်ကြီးမှာ ကျင်းပပါတယ်။ အဲဒီအစည်းအဝေးကြီးဟာ ဂျီစီဘီအေသမိုင်းတွင် အကြီးအကျယ်ဆုံး၊ အစည်ကားဆုံး အခမ်းနားဆုံး ဖြစ်ပါတယ်။

"အမြို့မြို့အနယ်နယ်မှ ကိုယ်စားလှယ်များ ရောက်ပါသည်။ အစည်းအဝေး သဘာပတိအဖြစ် ပထမ ဒီပဲယင်းဝန်ထောက် ဦးမြကဆောင်ရွက်ပါတယ်။ ဒုတိယ ဦးချစ်လှိုင်က ဆက်လက် ဆောင်ရွက်ပါတယ်။

အစည်းအဝေးကြီး မကျွပ်သေ့ခံရုံးမှစပြီး စည်တော်ရွှမ်းလျက် ကြိုဆိုပါတယ်။ အချို့သော သက်ရွယ်ကြီးရင့်သူများ မျက်ရည်မဆည်နိုင်အောင် မြန်မာဘုရင်များခေတ်ကို လွမ်းဆွတ်တမ်းတ သတိရမိပြီး မျက်ရည်ကျပါတယ်။

"အမျိုးကို အဘက်ဘက်က စောင့်ရှောက်ကူညီရမယ်ဆိုတဲ့ ဝံသာနုရက္ခိတ စိတ်ဓာတ်က အင်မတန်ပြင်းထန် လှုံ့ဆော်တိုက်တွန်းနေချိန် ဖြစ်ပါတယ်"

ထိုကွန်ဖရင့်ကြီးတွင် ပညာရေး၊ စီးပွားရေး၊ ညီညွတ်ရေး လွတ်မြောက်ရေးစသော အကြံပေးချက်၊ အဆိုသွင်းချက်များ အနက် အမျိုးသားနေ့ကိစ္စ သတ်မှတ်ဖို့ ပေါ်လာပါတယ်။

"အမျိုးသားနေ့ သတ်မှတ်ရေးကိစ္စကို တိုင်ပင်ဆွေးနွေးသောအခါ သူရိယသတင်းစာ ဦးတုတ်ကြီးက သီပေါဘုရင် နန်းကျသောနေ့ကို ပျဉ်းမနားအေလာ ဦးဒွေးက ဦးဥတ္တမထောင်ကျသောနေ့ကို သတ်မှတ်ရန် အကြံပေးကြပါတယ်။ ထိုအခါ ကျွန်တော်က ရန်ကုန်တက္ကသိုလ် သပိတ်ကိုယ်စားလှယ် အနေနှင့် နန်းကျသောနေ့ ထောင်ကျသောနေ့ များဟာ မင်္ဂလာမရှိပါ။ အမင်္ဂလာဖြစ်ပါတယ်။ ဇမ္ဗူဒီပါလက်ယာ တောင်ကျွန်း ဩဘာနိမိတ်ထွန်းဆိုတဲ့ ရှေးသူဟောင်းတို့ စကားအတိုင်း မင်္ဂလာရှိသောနေ့ကို ရွေးချယ်သတ်မှတ်ဖို့ သင့်ပါတယ်ဟု အကြံပေး စကား ပြောကြားပါတယ်။

ထို့နောက် ဆက်လက်ပြီး တက္ကသိုလ် အက်ဥပဒေကို သပိတ်မှောက်တဲ့ ကိစ္စဟာ အင်္ဂလိပ်ခေတ်တွင် အင်္ဂလိပ်ဩဇာအာဏာ ဥပဒေကို ပထမဆုံး တော်လှန်ပုန်ကန်တဲ့ ကိစ္စဖြစ်ပါတယ်။ အကျ ကိစ္စမဟုတ် အတက်ကိစ္စ ဖြစ်ပါတယ်။ အစုန်ကိစ္စမဟုတ်၊ အဆန်ကိစ္စ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးကို နိုးကြားထကြွသတိရပြီး ဝံသာနု ရက္ခိတ တရား ထွန်းကားလာပါတယ်။ အဲဒီအကြောင်းအကျိုးတရား များကို ထောက်ထားဆင်ခြင်ပြီး ကျောင်းသားသပိတ်မှောက်သော နေ့ကို အမျိုးသားနေ့ဟု ရွေးချယ်သတ်မှတ်ရန် အဆိုသွင်းခဲ့ပါတယ်။

ထို ဂျီစီဘီအေ ကွန်ဖရင့်ကြီးတွင် အမျိုးသားနေ့ကို မသတ်မှတ်ဘဲ ချန်ထား၍ အမှုဆောင် လူကြီးများ ၃၅ ယောက် ရန်ကုန်မြို့သို့ ပြန်ရောက်လာသောအခါတွင်မှ ကျောင်းသားများ သပိတ်မှောက်သော နေ့ကို ရွေးချယ်သတ်မှတ်ပြဋ္ဌာန်း ကြပါတယ်။

အဲဒါကြောင့် ကျွန်တော့်ကို နေရှင်နယ်ဒေးဦးမြင့်၊ နေရှင်နယ် ဦးမြင့်ရယ်လို့ တိုင်းပြည်က ချီးကျူးထောပနာ ဩဘာပြုကြတော့ တာပါပဲ။ အဲဒီလို သတ်မှတ်ပြဋ္ဌာန်းပြီးနောက် နှစ်စဉ်နှစ်တိုင်း အမြို့မြို့ အနယ်နယ်မှာ အမျိုးသားနေ့ကို ခမ်းခမ်းနားနား သိုက်သိုက်မြိုက်မြိုက် ကျင်းပကြပါတယ်။

ထို့နောက် ၁၉၂၃ ခုနှစ်မှ တက္ကသိုလ်အက်ဥပဒေကို အစိုးရက ပြင်ပေးပါတယ်။

ထို့နောက် ၁၉၃၀ ပြည့်နှစ်မှာ အမျိုးသားနေ့ကို အစိုးရဂေဇက်ဝင် ရုံးပိတ်ရက် ကျောင်းပိတ်ရက်နေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းပါတယ်။

"အဲဒီအမျိုးသားနေ့ကို မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး အတွက် အုတ်မြစ်ချတဲ့နေ့ပဲဟု တိုင်းပြည်က အသိအမှတ်ပြုထားပါတယ်။ တက္ကသိုလ် အက်ဥပဒေကို သပိတ်မှောက်သောနေ့မှ ရေတွက်သော် ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်အထိ ၂၇ နှစ်နှင့် တစ်လ တိတိပဲ ကြာပါတယ်။ အဲသည်အချိန် ကာလမျှလောက်နှင့် လွတ်လပ်ရေးရတဲ့ နိုင်ငံ ကမ္ဘာ့ရာဇဝင်မှာ မရှိခဲ့ပါဘူး။

နေရှင်နယ်ဦးမြင့်က ၁၉၃၀ ပြည့်နှစ်မှာ အမျိုးသားနေ့ကို အစိုးရဂေဇက်ဝင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်နေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့တယ်ဆိုပြီး အထက်ပါ သူ့ရဲ့ ဆောင်းပါးမှာ ဖော်ပြတာ တွေ့ရပါတယ်။

ဒါပေမယ့် ၁၉၇၀ ခုနှစ်မှာ ထုတ်ဝေတဲ့ အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ် စာစောင် စာမျက်နှာ (၁၄၇–၁၄၈) မှာ သခင်တင်ဦးက ကျောင်းနဲ့ရုံး ပိတ်ရပုံ ခေါင်းစီးနဲ့ ဆောင်းပါးကို ရေးခဲ့ပါတယ်။

သူက ယင်းဆောင်းပါးမှာ ဒီလို ရေးခဲ့ပါတယ်။

"ယင်းအခြေအနေကို မှီ၍ ၁၉၃၄ ခုနှစ်တွင် ပညာရေးဝန်ကြီးဖြစ် လာသော ဒေါက်တာဘမော်သည် အမျိုးသားနေ့တွင် ကျောင်းများပိတ် နိုင်ရန် သူ့အာဏာအတွင်းမှ အမိန့်ချခဲ့လေသည်။ ဤသို့ စီစဉ်လိုက် သဖြင့် အမျိုးသားနေ့တွင် အစိုးရ ကျောင်းများလည်း မျက်နှာမငယ်တော့၊ သို့သော် အစိုးရလခစားဆရာကြီးများက အုပ်ချုပ်ထားသဖြင့် အမျိုးသား ကျောင်းများကဲ့သို့ကား ဦးဆောင်မှု မပေးနိုင်။

သူ့ဆောင်းပါးအရ ပြောရလို့ရှိရင် ၁၉၃၄ ခုနှစ်ကစပြီး မြန်မာပြည်ရှိ ကျောင်းသားအားလုံးဟာ အမျိုးသားအောင်ပွဲနေ့မှာ ကျောင်းပိတ်ရက်အဖြစ် သတ်မှတ်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီတော့ အထက်ပါ နေရှင်နယ်ဦးမြင့်က အထက်တွင် ရုံးများနဲ့ကျောင်းများကို ၁၉၃၀ ပြည့်နှစ်မှ ရုံးပိတ်ရက် ကျောင်း ပိတ်ရက်အဖြစ် ပြဋ္ဌာန်းခဲ့တယ်လို့ ရေးပါတယ်။

အဲဒီတော့ သခင်တင်ဦးရဲ့ ဖော်ပြချက်နဲ့ နေရှင်နယ် ဦးမြင့်ရဲ့ ဖော်ပြချက်များဟာ လေးနှစ်တိုင်တိုင် ကွာခြားမှု ရှိခဲ့ပါတယ်။ သခင်တင်ဦး ရေးသားချက်ဟာ မှန်မယ်လို့ ယူဆပါတယ်။ သခင်တင်ဦးက အထက်ပါ သူ့ရဲ့ဆောင်းပါး စာ (၁၄၈)မှာ ဒီလိုရေးသား ဖော်ပြထားပြန်တယ်။

> ယင်းအသွင်ကို အသုံးချတတ်သော ဒေါက်တာဘမော်သည် ၁၉၃၇ ခုနှစ်တွင် ဝန်ကြီးချုပ် ဖြစ်၍လာသောအခါ ရုံးပိတ်ရက် အဖြစ် သတ်မှတ်လိုက်သဖြင့် အမျိုးသားနေ့မှာ အမျိုးသားအားလုံး စုပေါင်း ကျင်းပနိုင်ခဲ့တော့သည်။

ဒီရုံးပိတ်ရက်နဲ့ ပတ်သက်ပြီးလဲ အထက်ပါသခင်တင်ဦးရဲ့ ရေးသားဖော်ပြချက်နဲ့ နေရှင်နယ် ဦးမြင့်ရဲ့ ရေးသားဖော်ပြချက်များဟာ ခုနစ်နှစ်တောင် ကွာခြားမှု ရှိနေပြန်ပါတယ်။

ဒီမှာလဲ သခင်တင်ဦးရဲ့ ရေးသားချက်ဟာ မှန်မယ်လို့ ထင်ပါတယ်။ ရုံးပိတ်ရက်နဲ့ ကျောင်းပိတ်ရက်ကို တစ်ချိန်တည်း အစိုးရရဲ့ ဂဇက်ဝင် ရုံးပိတ်ရက်အဖြစ် ပြဌာန်းခဲ့တာ မဟုတ်ဘူးလို့ ဒီတုန်းက သိရှိခဲ့ရပါတယ်။

နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလဆုတ် (၁၀)ရက်ရောက်လာပြီ ဆိုမှဖြင့် အမျိုးသားအောင်ပွဲနေ့ကို မြန်မာပြည်တလွှားမှာ ခြိမ့်ခြိမ့်သည်း ကျင်းပကြပါတယ်။

ဒီနေ့ကို နယ်ချဲ့အစိုးရက မြန်မာပြည်သူတွေရဲ့ ဆန္ဒအရ မလွှဲမရှောင်သာပဲ National Day ဆိုပြီး ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့ရပါတယ်။ တန်ဆောင်မုန်းလဆုတ် (၁၀)ရက်နေ့ဟာ အမျိုးသားနေ့၊ အမျိုးသားအောင်ပွဲနေ့ ဆိုစေကာမူ တကယ့်လက်တွေ့က အောင်ပွဲရယ်လို့ သတ်မှတ်မရပါဘူး၊ အောင်ပွဲရဲ့ အကြိုအောင်ပွဲကလေးလို့ပဲ ခေါ်ရပါမယ်။

ကမ္ဘာတစ်လွှားမှာရှိနေတဲ့ နိုင်ငံတွေရဲ့ အမျိုးသားအောင်ပွဲနေ့ အမျိုးသားနေ့နဲ့တော့ အဓိပ္ပာယ်ချင်း သဘောချင်း အင်မတန် ခြားနားတယ်ပေါ့။ ဟိုမှာက လွတ်လပ်တဲ့နေ့ကိုသာ အမျိုးသားနေ့ရယ်လို့ကျင်းပတယ်။ လွတ်လပ်တဲ့ တိုင်းပြည်တစ်ပြည် တည်ထောင်တဲ့နေ့မို့ အမျိုးသားနေ့ရယ်လို့ သတ်မှတ်တာပါ။ အခုလို ကျွန်ဘဝကနေ အမျိုးသားနေ့လို့ သတ်မှတ်တာ ရယ်စရာလို ဖြစ်နေပါတယ်။

ဒါပေမယ့် နယ်ချဲ့ အင်္ဂလိပ် လက်အောက်ကို စရောက်တဲ့ အချိန်ကစပြီး ဒီလိုဥပဒေတွင်းနည်းနဲ့ ဆန့်ကျင်တဲ့နေရာမှာ ဒါဟာ ဗွေဆော်ဦးနဲ့ အပြောင်မြောက်ဆုံး အရဲရင့်ဆုံးသော တိုက်ပွဲမို့ အနာဂတ် တကယ့်လွတ်လပ်ရေးရဲ့ အကြိုအောင်ပွဲလို့ သဘောထားကြဟန် တူပါတယ်။ ဒါကြောင့် အမျိုးသားနေ့ အဖြစ် အုတ်အော်သောင်းတင်း ကျင်းပကြတာပါ။

နယ်ချဲ့သမား လက်အောက် ကျွန်ပြုခံထားရတဲ့ ဘဝမှာ လုံးဝရှိနေတုန်းမို့ပါ။ အောင်ပွဲလို့ခေါ်မယ့်အစား အောင်ပွဲရအောင် တစ်မျိုးသားလုံး တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ပြီး နယ်ချဲ့သမားတွေကို တိုက်ထုတ်မယ်ဆိုတဲ့ စွဲမြဲခိုင်မာ ညီညွတ်သွေးစည်းတဲ့ အဓိဋ္ဌာန်ကို ပြုတဲ့ပွဲ သက်သက်မျှသာဖြစ်တယ်လို့ ဆိုထိုက်ပါတယ်။ အမျိုးသား လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် စိတ်ဓာတ်ကို မွေးပေးတဲ့ပွဲလို့ ပြောရင် ပိုမှန်ပါလိမ့်မယ်။ ဒါကြောင့်မို့ ဒီပွဲဟာ သီတင်းကျွတ်မီးထွန်းပွဲလို၊ အစ်ပွဲတော်လို၊ ခရစ်စမတ်ပွဲတော်လို ဒေဝါလီပွဲတော်တွေလို ပျော်ပွဲရွှင်ပွဲကို ရာခိုင်နှုန်းအပြည့် စိတ်ချမ်းချမ်းသာသာနဲ့ ဆင်ယင်ကျင်းပရတဲ့ ပွဲမဟုတ်ပါဘူး။

လွတ်လပ်ရေးမရခင်က ဒီပွဲကို ကျင်းပရတဲ့ ရည်ရွယ်ချက်က "တို့ပြည်ဟာ နယ်ချဲ့သမားလက်အောက်မှာ ရှိနေသေးတယ်ဆိုတာ နားလည် သဘောပေါက်နေဖို့ တိုင်းပြည်ကို အတင်းအဓမ္မ လက်နက်အားကိုးနဲ့ လုယူထားတဲ့ နယ်ချဲ့ဓားပြဆိက တို့တိုင်းပြည်ကို ပြန်ရအောင် လုပ်မယ်လို့ ကြီးမားတဲ့ သန္နိဋ္ဌာန်ချရမယ့်ပွဲ၊ တစ်နှစ်ထက်တစ်နှစ် လွတ်လပ်ရေး တိုက်ပွဲဟာ အရေးကြီးလာပြီမို့ တိုင်းရင်းသားတွေ သွေးစည်းညီညွတ်နေရမယ်၊ ဥပဒေတွင်းတိုက်ပွဲတွေကို အခါအခွင့်ကြုံတိုင်း ဆင်နွှဲကြဖို့ အခါအခွင့် ပေးလာရင် ထပြီးချနိုင်ဖို့ အမြဲသတိရှိနေရမယ်"လို့ တပ်လှန့်ပေးနေတဲ့ ပွဲပါလို့ နားလည်နေကြရပါမယ်။

လူမှန်းသူမှန်း သိလာတဲ့ ကလေးသူငယ် ယောကျ်ားကလေး၊ မိန်းကလေးကနေ သက်ကြီးဝါကြီး ယောကျ်ား၊ မိန်းမအထိ၊ ပြီးတော့ ရဟန်း သံဃာများပါမကျန် အားလုံးဟာ နယ်ချဲ့ဆန့်ကျင်တဲ့ စိတ်ဓာတ်တွေပေါ်ပေါက် လာအောင် "နေရှင်နယ်ဒေး" ဒါမှမဟုတ် "အမျိုးသားနေ့"ဆိုတဲ့ ဟောပြောပွဲ စင်မြင့်ပလက်ဖောင်းပေါ်က မီးခဲပြာဖုံး ဖြစ်နေတဲ့ အမျိုးသားစိတ်တွေ အပြိုင်းအရိုင်းကြက်သီးမွေးညင်း ထစေတဲ့ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး

စကားတွေကို အာပေါင်အာရင်းသန်သန် သတ္တိရှိရှိ ဟောကြပြောကြတာက တစ်မျိုး။

မြို့လုံးပတ်လည် စီတန်းလှည့်လည်ရာမှာ မိခင်မြန်မာပြည်ကို ကိုယ်စားပြုထားတဲ့ အမျိုးသမီးကို ကြိုးတုတ်လို့ပြ၊ နတ်တန်ဆာပလာ ဝတ်ဆင်ထားတဲ့ မိခင်မြန်မာပြည်က ကိုယ်လက် နွမ်းနယ်ပြီး မျက်ရည်ဥများကျလျက် လိုက်ပါလာ၊ ဒီမြင်ကွင်းကို မြင်ရသူတို့ မချိမဆံ့ ဖြစ်လာတယ်။ မခံချင်စိတ်တွေ နိုးကြားတက်ကြွပြီး ဒေါသူပုန်ထလာတယ်။ နယ်ချဲ့သမားကို အစိမ်းလိုက် ကိုက်စားချင်လာတယ်။ လက်နက်စွဲကိုင် တောင်လှန်ချင်လာကြတယ်။

ဝါဆိုလပြည့်နေ့မှာ ရွှေတိဂုံစေတီတော်ပေါ်တက် ဘုရားမှာ ပန်းမျိုးစုံကပ်လှူပြီး ဆုတောင်းကြသလို အမျိုးသားနေ့မှာ အခမ်းအနားပွဲတွေ ကျင်းပ၊ လှည့်လည်ပွဲတွေ ခြိမ်းခြိမ့်သည်းအောင် ကျင်းပပြီး အမျိုးသား လွတ်မြောက်ရေး အတွက် အဓိဋ္ဌာန်ပြုကြတာပါပဲ။

မလွတ်လပ်သေးတဲ့ တိုင်းပြည်မှာ အမျိုးသားနေ့ရယ်လို့ သတ်မှတ်လိုက်တာဟာ အထက်ပါ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားစိတ်ဓာတ်တွေကို လွတ်လွတ်လပ်လပ် မြှင့်တင်ပေးတဲ့ ပလက်ဖောင်းတစ်ခု ဖော်ထုတ်လိုက်တာလို့ ဆိုရင်လဲ မှားမယ်မထင်ဘူး။

ပထမနေ့ရှင်နယ်ဒေးခေါ် အမျိုးသားနေ့ပွဲတော်ကို အမျိုးသားကျောင်းတွေကစတင်ပြီး လုပ်ခဲ့တာပါ။ အမျိုးသားနေ့ မသတ်မှတ်ခင်ကတည်းက အမျိုးသားတွေက ရပ်ထဲရွာထဲစည်းရုံးရေးဆင်းခြင်း၊ အမျိုးသားနေ့ ကျင်းပဖို့ စီစဉ်ခြင်း၊ လှူ့ဆော်ခြင်းတွေကို လုပ်ကြတယ်။ အမျိုးသားနေ့ကျတော့ ဟောပြောပွဲတွေ လုပ်ပါတယ်။

နိုင်ငံရေး အယူအဆတွေ ကွဲခဲ့ကြတယ်။ ကွဲပြီး တစ်ဖွဲ့တစ်သင်း အသီးသီးထောင်ကြတယ်။ ဘယ်လိုပဲ ကွဲကြပြဲကြပေမယ့် အမျိုးသားနေ့ကျတော့ တသီးတခြားစီ ဖွဲ့စည်းထားကြတဲ့ အဖွဲ့အသင်းတွေ အားလုံး လာဆုံကြတယ်။ အရင်တုန်းက အတူတူကျောင်းနေခဲ့တဲ့ အကြောင်းပဲဖြစ်ဖြစ် နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းတွေကို မကွဲမပြဲခင်က အတူလုပ်ခဲ့တာပဲဖြစ်ဖြစ် စမြုံ့ပြန်ပြီး မြိန်ရေရှက်ရေ ပြောကြဆိုကြတာတွေလဲ မရှားဘူး။

၁၉၇၀ ပြည့်နှစ် အမျိုးသားအောင်ပွဲနေ့ ရွှေရတုသဘင် အထိမ်းအမှတ်ပွဲမှာ တော်လှန်ရေးကော်စီဥက္ကဋ္ဌကြီး မိန့်ခွန်းမြွက်ကြားခဲ့သလို နာစရာကို လွမ်းစရာနဲ့

ဖြေရန် အကြံပေးသလိုပဲ နာစရာတွေကို လွမ်းစရာနဲ့ ဖြေကြသူတွေက များပါတယ်။

ဘယ်လောက်ပဲ ကွဲခဲ့ပြဲခဲ့ကြပေမယ့် ဒီအမျိုးသားနေ့မှာတော့ လာဆုံကြစမြဲပဲ။ ဒါဟာအားလုံးအတွက် အမျိုးသားနေ့ရယ်လို့ သမိုင်းက သတ်မှတ်ပေးထားခဲ့လေတော့ အဲဒီတစ်နေ့တာမှာ လာပြီးစုကြတာပါပဲ။ မန္တလေးမှာ အမျိုးသားကျောင်းတွေကစပြီး အမျိုးသားနေ့ကို ကျင်းပတယ်။ နောက်မှ တခြားကျောင်းတွေပါ ကျင်းပလာတော့တယ်။

မန္တလေးမှာတော့ အမျိုးသားနေ့ဆိုရင် ဆရာကြီးရဲ့ကျောင်းက အထူးစည်စည်ကားကား ကျင်းပတယ်။ အမျိုးသားနေ့မတိုင်ခင် တစ်ပတ်၊ နှစ်ပတ်လောက်ကတည်းက ကြိုပြီး ယိမ်းတွေအကတွေ လေ့ကျင့်ကြ၊ သီချင်းတွေ ဆိုကြတိုက်ကြနဲ့ ပျော်လို့ရွှင်လို့ မမောနိုင်မပန်းနိုင်ခဲ့ဘူး။

အမျိုးသားနေ့မှာ အခမ်းအနားကို ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်လုပ်တယ်။ ကျောင်းပတ်ပတ်လည်မှာ ရုပ်သေးပွဲ (အဲဒီတုန်းက နာမည်ကျော်တဲ့ ဦးဘကျော်ရုပ်သေး) စိန်ဗေဒါကြီးဆိုင်းအဖွဲ့၊ စိန်ဗေဒါကြီးကတော့ ဆရာကြီးရဲ့ အရင်းအနှီးဆုံး မိတ်ဆွေကြီး၊ အင်မတန် ခင်မင်ကြတယ်။ စိန်ဗေဒါကြီးနေတာလဲ ကျောင်းနားမှာပဲ၊ ကျောင်းကိစ္စမှန်သမျှ အခမဲ့ စေတနာ့ဝန်ထမ်း အကူအညီပေးတယ်။ ကပွဲတွေ ယိမ်းတွေမှာလဲ အခမဲ့ကူညီတီးပေးတယ်။ တစ်ခါတလေလဲ တချို့ဇာတ်တွေကလဲ အခမဲ့ကူညီပေးတယ်။

ကျောင်းသူကျောင်းသားတွေရဲ့ ပဒေသာကပွဲလုပ်ပေးတယ်။ နန်းတော်ရှေ့ဆရာတင်၊ မြို့မဆရာငြိမ်းတို့က ကလေးတွေကို သင်ကြားပေးတယ်။ (မြို့မဆရာငြိမ်း ကိုယ်တိုင်လဲ မြို့မကျောင်းထွက်ပါ) ဆရာကြီး ဦးရာဇတ်နဲ့ ဆရာတင်တို့က တစ်ခါတရံ သီချင်းတွေ ရေးစပ်သီကုံးပေးတယ်။

ဆရာကြီး ဦးဘခင်တို့ ဆရာဦးဘလှတို့က အကတွေ သင်ပေးတယ်။ ဆရာကြီး ဦးဘခင်က ဇာတ်ဆရာပေါ့ အားလုံးကို သူကပဲ သင်ကြားပြသတယ်။ အမ်အေဒေါ်အုံးတို့ မတင်ညွန့်တို့၊ ကျောင်းသားဘဝမှာတုန်းက အကဘက်က တာဝန်ယူကြရတယ်။

ကျောင်းပတ်ပတ်လည်မှာ နိဗ္ဗာန်ဈေးလဲခင်းတယ်။ အခမဲ့ကျွေးတယ်။ ဒါတွေကို မြို့ထဲရပ်ထဲက ငွေကုန်ကြေးကျခံပြီး ဖွင့်ကြတာပါ။ မြို့မိမြို့ဖတွေက

အမျိုးသားနေ့ (နေ့ရှင်နယ်ဒေး) အခမ်းအနား ကျင်းပရေးအတွက် ကော်မတီ ဖွဲ့တယ်။ အဲဒီကော်မတီက ရန်ပုံငွေကောက်ခံပြီး နိဗ္ဗာန်ဈေးဖွင့်တယ်။

ဆရာကြီး ကျောင်းအနေနဲ့ကတော့ ကျောင်းသူကျောင်းသားတွေက နေ့ရှင်နယ်ဒေး ရင်ထိုးစက္ကူ အလံကလေးတွေ လုပ်တယ်။ အဝါရင့်ရောင်ပေါ်မှာ "က" နေတဲ့ ဒေါင်းရုပ်အစိမ်း၊ အဲဒီရင်ထိုးအလံ ကလေးတွေ ကျောင်းသူကျောင်းသားများက လိုက်ရောင်းတယ်။ ရတဲ့ငွေနဲ့ ကျောင်းသားတွေကလဲ နိဗ္ဗာန်ဈေးဖွင့်ပြီး အခမဲ့ ကျွေးမွေးဧည့်ခံတယ်။

ဒီအမျိုးသားနေ့ မတိုင်ခင် ကျောင်းသူကျောင်းသားတွေ မန္တလေး လေးပြင်လေးရပ်ကိုခွဲပြီး ရန်ပုံငွေ ကောက်ခံကြရတယ်။ အတန်းလိုက် သွားကြရတယ်။ ဘယ်သူခေါင်းဆောင်ပြီး ဘယ်ဘက်ပိုင်း သွားအလှူခံမယ် ဆိုတာတွေ ဆရာကြီးဆီ တင်ပြရတယ်။ ဆရာကြီးရဲ့ ခွင့်ပြုချက်အရ သွားကြရတယ်။

ဆရာကြီးရဲ့ ဗဟိုအမျိုးသား အထက်တန်းကျောင်းကို ၂၁ ဦး ကျောင်း ရယ်လို့သတ်မှတ်ကြတယ်။ ၂၁ ဦးဝင်တွေကလဲ ၂၁ ဦး ကျောင်း ဆိုတော့ ရန်ပုံငွေ ရှာပေးရမပေါ့ဆိုပြီး တစ်ဖက်တစ်လမ်းကနေ ရန်ပုံငွေ ကောက်ခံပေးကြတယ်။

ဗဟိုအမျိုးသား အထက်တန်းကျောင်းက နေ့ရှင်နယ်ဒေး လှည့်တယ်။ အဲဒီအခါမှာ မြို့သူမြို့သားတွေက တစ်ဘက်တစ်ချက်ကနေ ကျောင်းသူကျောင်း သားတွေအတွက် ရေချမ်းစင်များအသင့်ထားပေးကြတယ်။ အဖျော်ယမကာများနဲ့ ဆီးကြိုဧည့်ခံတယ်။ စားသောက်စရာများ ဝေငှပေးတယ်။ အဲဒီနေ့များဆိုရင် ကျောင်းသားတွေက လွယ်အိတ်နှစ်လုံး စလွယ်သိုင်းပြီး လွယ်သွားကြတယ်။ မြို့မိမြို့ဖများက ကမ်းလှမ်းတဲ့ အသီးအနှံတွေ မုန့်ပဲသွားရေစာတွေကို စားလဲစား၊ မစားနိုင်တာတွေ လွယ်အိတ်ထဲထည့်တော့တာပါပဲ။ အဖျော်ယမကာတွေကတော့ မသောက်ချင်အဆုံး။

ကျောင်းသားတွေက ပျော်လွန်းလို့ ဒီအမျိုးသားနေ့မျိုး ခဏခဏ ဖြစ်ပါစေလို့တောင် ဆုတောင်းကြလေမလားဘဲ။

အမျိုးသားအောင်ပွဲနေ့ ကျရောက်တိုင်း ကျရောက်တိုင်း အမျိုးသားနေ့ အဖြစ် ကျင်းပတဲ့ ကျောင်းကပွဲမှာ ဆရာကြီး ဦးရာဇတ်အနေနဲ့ အမျိုးသားနေ့

အကြောင်း တက်ရောက် မိန့်ခွန်းပြောခဲ့ပါတယ်။ ၁၉၂၀ ခုနှစ် ကျောင်းသား သပိတ်မှာ ဆရာကြီး ဦးဘခင်က ၁၁ ဦးခေါင်းဆောင် အဖွဲ့ဝင် ဖြစ်ပါတယ်။

ဒါကြောင့် နေရှင်နယ်ဒေး အခမ်းအနားပွဲ ကျင်းပတိုင်း ဆရာကြီး ဦးဘခင်ကိုပဲ ဇာတ်ခုံစင်မြင့်ပေါ် တင်ပေးတယ်။ နေရှင်နယ်ဒေးနဲ့ ပတ်သက်ပြီး ဟောပြောဖို့ ဆရာကြီး ဦးရာဇတ်က နေရာပေးခဲ့ခြင်းပါ။

ဆရာကြီး ဦးဘခင်အနေနဲ့လဲ အမျိုးသားအောင်ပွဲနေ့ည ကျောင်းကပွဲများမှာ မြန်မာမင်းများ လက်ထက်ကစစ်ပွဲများ၊ အောင်ပွဲများ၊ စည်းလုံးမှုများ၊ စာရိတ္တမဏ္ဍိုင်ခိုင်မာမှုများကို အသားပေးခဲ့တဲ့ ဇာတ်ညွှန်းများ ရေးပေးတယ်။ သူကိုယ်တိုင် စီစဉ် ညွှန်ကြားပေးတယ်။ ဇာတ်တိုက်ပေးတယ်။

ဒီတုန်းက ကိုဘရွှေ (ကိုစောရွှေဘ သံအမတ်ကြီးဟောင်း အငြိမ်းစား ဗိုလ်မှူးကြီးဘရွှေ)က စစ်သူကြီး မဟာဗန္ဓုလအဖြစ် စစ်ဝတ်တန်ဆာများကို ဝတ်ဆင်ပြီး အမျိုးသားနေ့ဇာတ်ခုံပေါ်မှာ တက်ကပြခဲ့တယ်။ ဒါက ဇာတိသွေး ဇာတိမာန် စစ်စိတ်၊ စစ်သွေး တက်ကြွစေဖို့ ရည်ရွယ်ကာ ကပြခဲ့ခြင်းပါ။

တို့ဗမာသီချင်း မန္တလေးကို ပထမဆုံး ရောက်တဲ့နှစ် အမျိုးသားအောင်ပွဲနေ့မှာ ဆရာဦးခင်မောင်ကလေးက ဆရာကြီးကျောင်းမှာ ပခုက္ကူက ကျောင်းလာနေတဲ့ ကိုဘခိုင်နဲ့အတူ ဇာတ်ခုံပေါ်တက်ပြီး အမျိုးသားသီချင်းကို ဟန်နဲ့ပန်နဲ့ ဆိုခဲ့တယ်။ နောင်နှစ်အဆက်ဆက် အမျိုးသားနေ့တွေမှာ ကျောင်းသားတွေက ဆက်ပြီး တို့ဗမာသီချင်းကို ဟန်နဲ့ပန်နဲ့ ဆိုကြတယ်။

စီတန်းလှည့်လည်ရာမှာ ဆရာကြီး ဦးရာဇတ်ကိုယ်တိုင် ပါဝင် ဦးစီးပြီး ဆရာကြီး ဦးဘခင်နဲ့တကွ ဆရာ/ဆရာမများ စုံစုံညီညီ လိုက်ပါခဲ့တယ်။

စီတန်းလှည့်လည်တဲ့အခါ လှည်းတွေနဲ့ လှည့်တဲ့အခါလှည့် မော်တော်ယာဉ်တွေနဲ့ လှည့်တဲ့အခါလှည့်တယ်။ ဒီလိုလှည့်တဲ့အခါမှာ ကျောင်းသူတစ်ဦးဦးကို အမိမြန်မာပြည် လုပ်ခိုင်းတယ်။

တချို့တိုင်းပြည်တွေရဲ့ ကြွေးကြော်သံကတော့ “အဘနိုင်ငံကို ကယ်တင်ကြလော့”ဆိုပြီး ကြွေးကြော်ကြတယ်။ ကိုယ့်တိုင်းပြည်ကို “အဘ”သဘော၊ ဖခင်သဘော တင်စားခေါ်ဝေါ်ခဲ့ကြတယ်။ မြန်မာပြည်ကတော့ “အမိနိုင်ငံ လွတ်မြောက်ရေးအတွက် သွေးစည်းညီညွတ်စွာ တိုက်ပွဲဝင်ကြကုန်လော့”ဆိုပြီး ကြွေးကြော်ကြတယ်။

ဒီတော့ "အမိ" သို့မဟုတ် "အမေ" မိခင်ကို မြန်မာပြည်အတွက် ကိုယ်စားပြုကြတယ်။ ဒီတော့ အမျိုးသားနေ့ လှည့်လည်တိုင်း မြန်မာပြည်အနံ့ အပြားမှာ အမျိုးသမီးငယ်တစ်ဦးကို အမိမြန်မာပြည်အဖြစ် တင်စားကာ ပါဝင်စေခဲ့တယ်။

အဲဒီအမျိုးသမီးကို နတ်ဝတ်တန်ဆာပလာများ ဝတ်ဆင်ပေး ထားတယ်။ အမျိုးသမီးကရပ်လျက် သူ့အနောက်မှာက မြန်မာ့ထီးမွေနန်းမွေဖြစ်တဲ့ ဦးကင်း ရာဇပလ္လင်ရှိတယ်။ ရာဇပလ္လင်မှာ ထီးဖြူစိုက်လို့။ အမျိုးသမီးကို ကြိုးတုပ်ထားတဲ့ ဟန်ပန်ပြထားတယ်။ ဒါက မြန်မာပြည် ကျွန်ပြုခံထားရတယ်ဆိုတာ သဘော ပေါက်စေပါတယ်။ အမိမြန်မာပြည်အဖြစ် သရုပ်ဆောင်ရသူ အမျိုးသမီးကျပြန် တော့လဲ မျက်နှာညှိုးငယ်နေတဲ့ အနေအထား ဟန်ပန်အသွင်နဲ့ နေနေရတယ်။ သဘောကတော့ လွတ်လပ်မှုမရှိဘူး။ နယ်ချဲ့သမားရဲ့ အမျိုးမျိုး ဖိနှိပ် ချုပ်ချယ်မှုကို ခံနေရတယ်ဆိုတဲ့ အသွင်ကို ဆောင်စေတယ်။

ဒီပုံကိုမြင်တဲ့ မြန်မာတိုင်းရင်းသားတိုင်းဟာ "တကယ့်ကိုယ့်မိခင်အရင်း ကို တိုင်းတစ်ပါးက ကြိုးတုပ်နှိပ်စက်နေပါလား တို့မခံဘူး" အဆုံးမရှိတဲ့ ဒေါသနဲ့ ပြန်လက်စားချေလိုစိတ်တွေကို ပေါ်ပေါက်စေပါတယ်။ မီးခဲပြာဖုံး ဖြစ်နေတဲ့ ကိုယ့်အမျိုးသားစိတ်ကို ဆွဲခါလှုပ်လိုက်သလိုလဲ ဖြစ်စေပါတယ်။

တောရွာအလှူပွဲတော်တွေမှာ ရွာထဲက အချောဆုံးအလှဆုံး လှထိပ် ခေါင်တင် အမျိုးသမီး တစ်ဦးဦးကို ကွမ်းတောင်ပန်းထောင် ကိုင်ခိုင်းရတယ်။ "ဒီရွာမှာကတော့ ဒီမိန်းကလေးက ကွမ်းတောင်ကိုင်ပဲဟေ့"လို့ ပြောလိုက်ရင် ဒီရွာမှာ အချောဆုံး အလှဆုံး ခုခေတ်စကားနဲ့ဆိုရင် "စတား"လို့ ဆိုမှ သဘောပေါက်မှာပဲ။

မြို့ပေါ်တွေမှာ ချောတဲ့လှတဲ့ မိန်းကလေးတွေကို ရွေးတယ်၊ ဒါပေမယ့် ကိုယ်ကာယကလဲ အဆင်ပြေရမယ်။ တစ်ခါတစ်လေ မြို့မှာ အလှမယ်တို့ မယ်ဘွဲ့ရတဲ့ အမျိုးသမီးတွေကို ရွေးပြီး အမိမြန်မာပြည် လုပ်ခိုင်းတယ်။ အမိမြန်မာပြည် လုပ်သူကလဲ အဲဒီနေ့မှာ မျက်နှာလေး ညှိုးငယ်အောင် သွင်ပြင်ဟန်မျိုးနဲ့နေဖို့ ရှိပေမယ့် မျက်နှာတစ်ခုလုံး ခေတ်အလိုက် သနပ်ခါး မျက်နှာချေစတဲ့ မိတ်ကပ်မျိုးစုံနဲ့ ခြယ်မှုန်းထားရပါတယ်။

အမျိုးသမီးရဲ့ လက်ထဲမှာတော့ အဝါအစိမ်းအနီ သုံးရောင်ခြယ် ဒေါင်းအလံ ကိုင်ထားရပါတယ်။ အခုမန္တလေးရှိ (အငြိမ်းစား) အမျိုးသား

ပြတိုက်မှူး အမ်အေအမ်အက်စ်ဘွဲ့ရ ဒေါ်တင်လှဟာ ကျောင်းသူဘဝတုန်းက အမိမြန်မာပြည် လုပ်ခဲ့ရသေးတယ်။ သူဟာ ရွှေမန်းမယ် (မယ်ဘွဲ့)ရသူတစ်ဦးပါ။

မန္တလေးမြို့ လမ်းမကြီးများပေါ် လှည့်လည်ချီတက်တဲ့အခါ မန္တလေးမြို့ ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးဆိုတဲ့ ခေါင်းစီးကို ကျောင်းသားကြီးနှစ်ဦးက ဖြန့်ကိုင်ရတယ်။ ခေါင်းစီးစာတန်း ရေးထားတဲ့ အဝတ်ဟာလဲ တစ်လမ်းလုံး ပြည့်လောက်အောင် အလျားရှိတယ်။

အဲဒီစာတန်းနောက်မှာ အမိမြန်မာပြည်ကားက လိုက်ရတယ်။ နောက်ဆင့်ကဲဆင့်ကဲ လိုက်ကြရတယ်။ ပြီးတော့ ကြွေးကြော်သံတွေ ရေးထားတဲ့ ပိုစတာတွေကိုင်ပြီး လျှောက်ကြရပါတယ်။ ပညာရေး၊ နိုင်ငံရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေး တိုက်ပွဲတွေအတွက် တိုက်ပွဲဝင်ဖို့ လှုံ့ဆော်တဲ့ ကြွေးကြော်သံများ ဖြစ်တယ်ပေါ့။

ဆရာကြီးရဲ့ ရဲတပ်ဖွဲ့ကလဲ ယူနီဖောင်း စစ်ဝတ်စုံအပြည့်နဲ့ လိုက်ပါကြရပါတယ်။ ဗဟိုအမျိုးသား အထက်တန်းကျောင်းက လှည့်လည်ပွဲဟာ စည်ကားလှပါတယ်။

တစ်ခါတစ်ခါကျပြန်တော့ မိုး ႏွဲလေမလွတ်ဖူး၊ မိုးတွေရွာနေပေမယ့် လှည့်လည်ပွဲ အစီအစဉ်ကို မရုပ်သိမ်းဘူး အစီအစဉ်အတိုင်း ဆက်လက်ဆင်နွှဲချီတက်ကြတယ်။ ဆရာကြီးနဲ့တကွ ကျောင်းသူကျောင်းသားတွေဟာ ရွှဲရွှဲစိုနေတဲ့ အဝတ်တွေနဲ့ပဲ ဆုံးခန်းတိုင်အောင် လှည့်လည်ပွဲကို ကျင်းပကြတယ်။

"အမျိုးသားရေး သွေးစည်းပါ အရေးကြီးလာပြီ သိကြသိကြ" စတဲ့ ကြွေးကြော်သံတွေ ကြွေးကြော်ရင်း အမျိုးသား စည်းလုံးရေး တည်ဆောက်ကြဖို့ နယ်ချဲ့သမားဆီက မတရားလုယူထားတဲ့ မြန်မာပြည် ပြန်လည်ရရှိအောင် ဆောင်ရွက်ကြဖို့လှုံ့ဆော်ခဲ့ကြပါတယ်။

အမျိုးသားအောင်ပွဲနေ့နဲ့ ပတ်သက်ပြီး ဗဟိုသန်း အမည်ခံ ဦးမြသန်းက ၃၉ ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ ၁၃၂၂ ခု တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ထုတ် မန္တလေး ဗဟိုစည်သတင်းမှာ ဟောဒီလို ရေးသားဖော်ပြထားပါတယ်။

> "(၁၄) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့လောက်ဟု ထင်မှတ်မိပါသည်။ အမျိုးသားကျောင်းအုပ်ဆရာကြီး ဦးဘဦးနှင့် ဆရာကြီး ဦးရာဇတ်တို့ ခေါင်းဆောင်ပြီး မြို့ပေါ်သို့ လှည်းများဖြင့် လှည့်လည်ခဲ့

ပါသည်။ ညအချိန်တွင် အမျိုးသားကျောင်းပတ်လည်တွင် အငြိမ့်ပွဲ၊ ဇာတ်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲ ဆင့်ခဲ့ပါသည်။ ဆရာဦးဘဦးနှင့် ဆရာကြီး ဦးရာဇတ်တို့ ရှင်းပြ၍ အမျိုးသားအကြောင်း သိခဲ့၏။

ထို့နောက်တစ်နှစ်ထက်တစ်နှစ် တိုးတက်ကာ မန္တလေး ဥပစာ ကောလိပ်ကျောင်းမှစ၍ ကျောင်းပေါင်းစုံ ပါဝင်ဆင်နွှဲကြသဖြင့် အမျိုးသားအောင်ပွဲ ခမ်းနားသည်ထက် စည်ကားလာပါသည်။ ၁၉၃၆ ခုနှစ်တွင် စာရေးသူမှာ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအနေဖြင့် ရွှေနန်းတော်အနောက်တောင်ထောင့်တွင် ကျောင်းသားကျောင်းသူများ ကိုယ်စား အမျိုးသားအောင်ပွဲနေ့ မိန့်ခွန်း ပြောကြားခဲ့ဖူးပါသည်။ ထိုအချိန်က စကားပြောဝံ့ကြသူများမှာ သွားလေသူဦးဘဦး သွားလေသူ ဦးရာဇတ်၊ သွားလေသူကျောင်းသားခေါင်းဆောင် ကိုဘဟိန်း ကျောင်း ဆရာများကိုယ်စား ဆရာရွှေပြည်ဘတင် ဦးထွန်းဦးနှင့် ကျွန်တော်ဖြစ် ပါသည်။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဆရာကြီး လေးဦး၏ ကျေးဇူးကြောင့် စာရေးသူမှာ အမျိုးသားစိတ်ဓာတ် တက်ကြွမှု ရရှိခဲ့ပါသည်။ ခေါင်းဆောင်များနှင့် ရင်းနှီးပြီး ဒုတိယအကြိမ်မြောက် ဒုတိယကျောင်းသား ကွန်ဖရင့်ကြီးကို ဗဟိုအမျိုးသားကျောင်းတွင် ကျင်းပနိုင်ခဲ့ပါသည်။

# အခန်း (၁၉)

## မန္တလေးအာဇာနည် (၁၇) ဦး

ဆရာကြီး ဦးရာဇတ်အတ္ထုပ္ပတ္တိပြုစုတဲ့အခါ မြန်မာပြည်မှာ တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ မန္တလေး အာဇာနည် ၁၇ ဦးအကြောင်း မပါရင် ပြီးပြည့်စုံမယ်လို့မထင်ပါ။ အာဇာနည် ၁၇ ဦးအကြောင်း ပြောရရင်လဲ ဆရာကြီးဦးရာဇတ်အကြောင်း ပါရမှာပါ။

အာဇာနည် ၁၇ ဦးနဲ့ပတ်သက်တဲ့ အချက်အလက်တွေ မေးရ၊ မြန်းရ၊ စုဆောင်းရနဲ့၊ ဒီလိုမေးရ၊ မှတ်ရ လုပ်ရာကနေ နောက်ဆုံးကျမ်းပြုသူဟာ အာဇာနည် ၁၇ ဦးရဲ့ ဗိမာန်နန်းဆီကို ခြေဦးလှည့်ရပြန်ပါတယ်။

အာဇာနည် ၁၇ ဦးရဲ့ဗိမာန်ဟာ မန္တလေးတောင်ပြင်၊ မန္တလေး- စစ်ကိုင်းသွား ကားလမ်းဘေးအရှေ့ဘက်ရှိ တမ္ပဝတီ သုဿန်ကုန်းမှာပါ။

အာဇာနည်ဗိမာန် နန်းအဝင်အဝဖြစ်တဲ့ အနောက်ဘက် မျက်နှာစာမှာ "အာဇာနည်ဗိမာန်"ဆိုတဲ့ ခေါင်းစီးစာတန်းက ခရီးဦးကြိုဆိုလျက်ပါ။

ဝင်ပေါက်ကဝင်သွားတဲ့အခါ မြေကွက်လပ်ငယ်ကိုတွေ့ရပါတယ်။ အဲဒီမြေကွက်လပ်ငယ်ကို ဖြတ်ကျော်ပြီး အရှေ့အရပ်တူရူကို ဆက်လျှောက်လာခဲ့တယ်။ အာဇာနည် ၁၇ ဦးတို့ကို ဂူသွင်းမြှုပ်နှံထားတဲ့ ဂူဗိမာန်တွေကို တွေ့ရပါတယ်။ အဲဒီဂူဗိမာန်အဆောက်အအုံရဲ့ အရှေ့ဘက်နားကပ်လျက်မှာတော့ "၁၃၀၀-ပြည့်၊ ၁၉၃၉ ခုနှစ် မန္တလေးအာဇာနည် ၁၇ ဦး အရေးတော်ပုံကျောက်စာတိုင်နဲ့ အာဇာနည် ၁၇ ဦး ကျဆုံးရာနေရာပြမြေပုံပါ ကျောက်စာတိုင်တို့ဟာ မားမားမတ်မတ်ရှိနေတာတွေ့ရပါတယ်။

အဲဒီကျောက်စာတိုင်တွေရဲ့ နောက်ကျောမျက်နှာပြင်မှာလဲ ရှေ့ဘက်မျက်နှာစာမှာ မြန်မာလိုရေးသားဖော်ပြထားတဲ့ မူရင်းအတိုင်း အင်္ဂလိပ်လိုပြန်ဆိုရေးသားထားတာ တွေ့ရပါတယ်။

ကျမ်းပြုသူဟာ မြန်မာ့လွတ်လပ်ရေးကန်ပေါင်ရိုးမှာ မိမိတို့ရဲ့ မွန်မြတ်လှတဲ့ လူ့တစ်သက်မှာ တစ်ခါရခဲလှတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့အသက်ကို စွန့်လွှတ်သွားခဲ့တဲ့ "နေမျိုးမဟာသီဟသူရဘွဲ့ရ" အာဇာနည်များကို ချီးကျူးဂုဏ်ပြုရင်း အလေးပြုလိုက်ပါတယ်။

ပြီးမှ ကျမ်းပြုသူဟာ အာဇာနည်ဗိမာန်နဲ့ပတ်သက်ပြီး ရေးစရာမှတ်စရာတွေကို ရေးမှတ်ယူပါတယ်။ နောက်အာဇာနည်ဗိမာန်အဆောက်အအုံအတွင်းမှာပဲ ခဏတဖြုတ်အပန်းဖြေလိုက်ပါတယ်။

ဒီလိုအနားယူရင်း အာဇာနည်ဗိမာန်အတွင်းမှာ အငြိမ်းအပိုင် အိပ်စက်နားခိုနေကြတဲ့ "နေမျိုးမဟာသီဟသူရဘွဲ့ရ" အာဇာနည်များအကြောင်း ဆွေးမြည့်စွာ တွေးတောရင်းကနေ ကျွန်တော့်စိတ်အာရုံတွေဟာ ၁၃၀၀ ပြည့်နှစ်ဆီကို ပျံ့လွင့်သွားပါတော့တယ်။ ၁၃၀၀ ပြည့်နှစ်လှုပ်ရှားမှုတွေဟာ ကျမ်းပြုသူမျက်စိထဲ အလျှိုအလျှို အခန်းလိုက်ဝင်လာကြပါတယ်။

## မြူနှင်းမှုန်တွေကြားက တိုက်ပွဲခေါ်သံ

အင်္ဂလိပ်ပြက္ခဒိန်နှစ် နောက်ပိုင်း နိုဝင်ဘာလကစပြီး နှစ်သစ်ဦးဖေဖော်ဝါရီ၊ မတ်လဆန်းအထိ ဒီလတွေအတွင်းမှာ အထူးသဖြင့် အထက်မြန်မာပြည်မှာ ဆီးနှင်းမှုန်တွေဟာ မင်းမူလျက်ရှိနေပါတယ်။

မြူနှင်းတွေပိတ်ဖုံးနေအောင်ကျဆင်းနေတဲ့အခါမျိုးမှာဆိုရင် ရှေ့ ၃–၄ လှမ်းအကွာမှာ ဘာရှိနေမယ်ဆိုတာကိုတောင် တစ်ခါတလေ မမြင်နိုင်ပါဘူး။ ညနဲ့နံနက်ပိုင်းလင်းအားကြီးအချိန်မှာဆိုရင် လမ်းဘေးက ဓာတ်တိုင်မီးတွေဟာ နှင်းထုကို ဖောက်ထွင်းနိုင်စွမ်း မရှိကြပါဘူး။

---

အာဇာနည် (၁၇) ဦးနဲ့ပတ်သက်ပြီး အချက်အလက်များစုဆောင်းဖို့အတွက် မန္တလေးသွားရာမှာ ဆရာဗိုလ်ခင်မောင်ကလေး (ဖ–ဆ–ပ–လ ပြည်ထဲရေးဝန်ကြီးဟောင်း၊ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ ကွယ်လွန်)ရဲ့ မိတ်ဆက်စာအရ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ ရဟန်းသံဃာများ၊ ပုဂ္ဂိုလ်ကြီးများထံ ချဉ်းကပ်မေးမြန်းပြီး ရေးသားဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။

နေထွက်နေပြီဖြစ်ပေမယ့်လဲ တစ်ခါတစ်ရံမှာ နေရောင်ခြည်ဟာ ဒီနှင်းထုကြားမှာ ခိုအောင်းနေတတ်တဲ့အတွက် အေးလွန်းလို့ နေပူဆာလှုံချင်သူတွေကတောင် "နေကလဲခုထိတောင် ထွက်ပြူလာနိုင်ရန်ကောရယ်လို့တောင်" ညည်းတွားနေရတဲ့အဖြစ်မျိုးပါ။ ရံဖန်ရံခါလဲ ခိုက်ခိုက်တုန်အောင်ချမ်းလွန်းလို့ စောင်ဖြူစောင်ကြားတွေနဲ့ ဘယ်လောက်ပဲလွှမ်းခြုံထားပေမယ့် မနွေးနိုင်ဘူး။ အများအားဖြင့် မွန်းတည့်နေခြည်ဖြာမှပဲ နွေးတော့တယ်။

နယ်ချဲ့အင်္ဂလိပ်အစိုးရရဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေကို ဒီမြူနှင်းဖွေးဖွေး၊ မြူမှုန်သမ်းသမ်းတွေထဲမှာ မချမ်းနိုင်၊ မအေးနိုင်ရှာဘဲ ကြွေးကြော်သံတွေ၊ သံချပ်ထိုးသံတွေနဲ့ သပိတ်မှောက်၊ သပိတ်တား၊ စီတန်းလှည့်လည်ပွဲ၊ ကန့်ကွက်ဆန္ဒပြပွဲတွေကို ခြိမ့်ခြိမ့်သည်းဆင်နွှဲခဲ့ကြတယ်။ ကြွေးကြော်သံတွေဟာ မြူနှင်းတွေကြောင့် ပိန်းပိတ်လို့မှောင်နေတဲ့ကြားက ထိုးဖောက်လာပြီး တစ်လောကလုံးကို တုန်ဟည်းသွားစေခဲ့ပါတယ်။ ပွဲတင်ထပ်စေခဲ့ပါတယ်။

ဒီမြူနှင်းတွေဝေဖြာနေတဲ့ကြားကပဲ အင်မတန်တက်ကြွပြီး အသက်ပါတဲ့ ကြွေးကြော်သံတွေကို အင်နဲ့အားနဲ့ မာန်နဲ့ကြွေးကြော်ရင်း ဆန္ဒပြချီတက်သွားတဲ့ လူထုချီတက်ပွဲကြီးကို သဲသဲကွဲကွဲ ဘယ်သူဘယ်ဝါရယ်လို့ ပြတ်ပြတ်သားသား မမြင်ရပေမယ့် မြူနှင်းတွေ တဖြောက်ဖြောက်ကျနေတဲ့ နှင်းထုအတွင်းကပဲ မိဘပြည်သူတွေက လက်ခုပ်လက်ဝါးတီးပြီး ဆီးကြိုအားပေးလျက်ရှိနေတတ်ပါတယ်။

(ကျမ်းပြုသူအနေနဲ့ မှတ်မိသလောက်ပြောရရင် နှင်းတွေဝေနေတဲ့ ဆောင်းရာသီဟာ နယ်ချဲ့အင်္ဂလိပ်အစိုးရနဲ့ နယ်ချဲ့အရင်းရှင်ကုမ္ပဏီကြီးတွေကို အကြီးအကျယ်တုန်လှုပ်ချောက်ချားစေခဲ့ပါတယ်။ နောက်ဆုံး မတရားအဓမ္မကျူးကျော်သိမ်းပိုက်ထားတဲ့ အင်္ဂလိပ်နယ်ချဲ့သမားနဲ့ ဖက်ဆစ်ဂျပန်တွေဟာ ဒီမြူနှင်းမှုန်တွေကြားမှာပဲ မြန်မာ့မြေက ထွက်ခွာပေးခဲ့ကြရပါတယ်။ နှင်းမှုန်တွေလဲပျောက်၊ နေခြည်လဲရောက်၊ အင်္ဂလိပ်–ဂျပန်နယ်ချဲ့ ဖက်ဆစ်တွေလဲ တပ်ခေါက်ပြန်ကြရတော့တာပါပဲ)။

ကျောက်စာတိုင်မှာ ဖော်ပြထားတဲ့ အာဇာနည် ၁၇ ဦးရဲ့ (၁) အမည်စာရင်း၊ (၂) အရေးတော်ပုံကျောက်စာတိုင်၊ (၃) ကျဆုံးရာပြမြေပုံနဲ့ (၄) အင်္ဂလိပ်လို ပြန်ဆိုဖော်ပြထားတဲ့စာတို့ကို အောက်ပါအတိုင်း တွေ့ရပါမယ်။

## မန္တလေးမြို့ (၁၃၀၀)ပြည့် အာဇာနည် (၁၇) ဦး ကျဆုံးရာနေရာပြမြေပုံ

| | | | |
|---|---|---|---|
| (က) | ၁။ | ဦးပဏ္ဍိတ | (၂၈)နှစ် |
| | ၂။ | ဦးပညာဇောတ | (၂၅)နှစ် |
| | ၃။ | ဦးဝေပုလ္လ | (၂၇)နှစ် |
| | ၄။ | ဦးဇနိတ | (၃၅)နှစ် |
| | ၅။ | ဦးအာသောက | (၃၀)နှစ် |
| | ၆။ | ဦးကေလာသ | (၂၅)နှစ် |
| | ၇။ | ဦးကေတု | (၄၀)နှစ် |
| (ခ) | ၈။ | ကိုထွန်းအောင် | (၁၈)နှစ် |
| | ၉။ | ကိုအောင်ထူး | (၂၁)နှစ် |
| | ၁၀။ | ကိုခင်မောင် | (၁၉)နှစ် |
| | ၁၁။ | ဦးဘလွန်း | (၃၃)နှစ် |
| | ၁၂။ | မောင်ရွှေရိုး | (၁၆)နှစ် |
| (ဂ) | ၁၃။ | မောင်ဘဌေး | (၁၈)နှစ် |
| | ၁၄။ | မောင်လှမောင် | (၁၅)နှစ် |
| | ၁၅။ | မောင်တင်အောင် | (၁၂)နှစ် |
| | ၁၆။ | ကိုမှူ | (၂၆)နှစ် |
| (ဃ) | ၁၇။ | ကိုထွန်းအိ | (၅၃)နှစ် |

(*) ဦးထွန်းအိကို တတိယအပစ်မှာ ကျည်သင့်ပေမယ့် နေရာတွင် လဲမကျဘဲ ၈၄/၅ လမ်းကြားမှာ ကျမှ လဲကျအသက်ပျောက်သွားရာပါတယ်။

**၁၃၀၀–ပြည့်နှစ်၊ ၁၉၃၉ ခု**
**မန္တလေးအာဇာနည် (၁၇) ဦး**
**အရေးတော်ပုံ–ကျောက်စာ။**

ဤဗိမာန်ကား သူ့ကျွန်ဘဝမှ လွတ်မြောက်အောင်ရန်းရင်း ကျဆုံးကြသော အာဇာနည် (၁၇) ဦးတို့အား မြှုပ်နှံရာဗိမာန်တည်း။ မြန်မာတို့သည် အင်္ဂလိပ်ကျွန်ဖြစ်နေစဉ် တိုက်ပွဲဝင်ခဲ့ရာမှ (၁၃၀၀)ပြည့်သို့ရောက်လာသည်။ ကျောင်းသား လယ်သမားနှင့် အလုပ်သမားတို့သည် သွေးစည်းဆန္ဒပြကြသည်။ သံဃာများလည်း ရဟန်းပျိုအဖွဲ့အမည်ဖြင့် ပါဝင်ကြ၏။ (၁၃၀၀) ပြည့် တပို့တွဲလပြည့်ကျော် (၇)ရက်နေ့၌ အစိုးရအားဆန့်ကျင်ကန့်ကွက်ရန် အိမ်တော်ရာရင်ပြင်၌ တစ်သိန်းကျော်လူထုကြီးစုမိကြ၏။ ဆန္ဒပြရန် မြောက်ပေါက်မှထွက်၍ ဘီလမ်းမှ အရှေ့သို့တက်ရာ တပ်ဦးသည် ကြေးနန်းရုံးအရောက် အရေးပိုင်လတ်နှင့် ရာဇဝတ်ဝန်ကြီး (ရိန်း)တို့ ခေါင်းဆောင်၍ စစ်သားတို့က သေနတ်များဖြင့် ပစ်သတ်သဖြင့် ဤ (၁၇) ဦးတို့ ကျဆုံးသတည်း။

၁၃၀၀ ပြည့် မန္တလေးအာဇာနည် ၁၇ ဦးရဲ့အမည်နေရပ်များကို ကျောက်စာတိုင်မှာ ဒီလိုဖော်ပြထားတာတွေ့ရပါတယ်။

ကျောက်စာတိုင်တစ်ဘက်မှာ အထက်ပါစာသားအတိုင်း အင်္ဂလိပ်လို ဖော်ပြထားပြန်ပါတယ်။ လေ့လာနိုင်ရန် အင်္ဂလိပ်လိုပင် အောက်တွင် ဖော်ပြလိုက်ပါတယ်။

**Dedicated to the memory of 17 MARTYRS of MANDALAY**

This building is the seat of a memorial to 17 Martyrs who sacrificed their lives for the sake of National Freedom. After many years of struggle for Freedom along with the Buddhist Clergy, sons and daughters of the soil of Burma gathered at a mass protest meeting in Mandalay, organised by the All Burma Yahan-Byo (Samagha) league.

At this meeting, held on February 10-1939 (the 7th waning of Dabodwe 1300 B.E.) a congregation of about 100,000 people gatheared in and around the premises of Eindawya Pagoda as a protest against British Rule in Burma.

After the meeting, the unarmed mass marched in orderly procession from the northern gate of Eindawya Pagoda to the east along 26th (6) Road until it came opposite the telegraph office where soldiers, headed by Mr.H.N.LETT.D.C. and Mr. C.HRaynes, D.E.P, fired into the crowd with rifles, killing 17 Priests, men and boys on the spot.

၁၃၀၀–ပြည့်နှစ်ပတ်ဝန်းကျင်မှာ လူထုလှုပ်ရှားမှုတွေကို ပြန်ပြောင်းကြည့်လိုက်ရင်–

## ၁၉၃၆–ခု၊ တက္ကသိုလ်ကျောင်းသားများသပိတ်

ဒီအချိန်က ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌက ကိုနု (ဝန်ကြီးချုပ်ဟောင်း–ဦးနု)၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂရဲ့ အိုးဝေမဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာက ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) ဖြစ်တယ်။

သူတို့နှစ်ဦးကို ကျောင်းကထုတ်ပစ်တယ်။ သူတို့ကိုထုတ်ပစ်ရတဲ့ အကြောင်းက–

ကိုနုက တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအစည်းအဝေးမှာ တက္ကသိုလ် ဥပဒေတစ်ရပ်လုံးကို ပြောင်းပစ်ဖို့၊ ကျောင်းသားတွေကို မတရား ဖိနှိပ်တဲ့ ဆရာများကို အရေးယူပေးဖို့၊ တက္ကသိုလ်ကောင်စီက ကျောင်းသားများရဲ့ ညီညွတ်ရေးကို သွေးခွဲနေပြီး ဖိနှိပ်မှုတွေအရေးယူပေးဖို့တို့နဲ့ ပတ်သက်ပြီး ဟောပြောတယ်။ နောက်ကျောင်းအုပ်ကြီး မစ္စတာ စလော့ဆီ အကြိမ်ကြိမ်လဲ စာရေးတယ်။ ကိုနုရဲ့တောင်းဆိုချက်တွေကို လျစ်လျူရှုထားရုံမက ကျောင်းသားတွေရဲ့ကိုယ်စား ကျောင်းသားတွေရဲ့လိုလားချက်တွေကို တောင်းဆိုတဲ့ ကိုနုကိုပင် ကျောင်းကထုတ်ပစ်ခဲ့တယ်။

ကိုအောင်ဆန်းကိုကျပြန်တော့လဲ အိုးဝေမဂ္ဂဇင်းမှာ ကိုသိန်းတင် (ကိုညိုမြ) က "Hell hound at large" (ငရဲခွေးကြီးလွတ်နေသည်)ဆိုတဲ့ ဆောင်းပါး

* 1 "the 17 Martyrs were as follows"

၁။ ဒီနေရာမှာ နာမည်၊ အသက်၊ မိဘ၊ လိပ်စာအပြည့်အစုံကို အင်္ဂလိပ်လို ရေးသားဖော်ပြထားသော်လဲ မြန်မာလိုဖော်ပြပြီးဖြစ်နေ၍ ထပ်မံပြီး အင်္ဂလိပ်လို ဖော်ပြခြင်း မပြုတော့ဘဲ ချန်လှပ်ထားပါတယ်။ ကျမ်းပြုသူ။

ကို အင်္ဂလိပ်လိုရေးခဲ့တယ်။ ဒီဆောင်းပါးက တက္ကသိုလ်အာဏာပိုင်များနဲ့ နယ်ချဲ့အစိုးရကို သွယ်ဝိုက်ပြီးထိခိုက်အောင် ခနဲ့ရေးသားထားတာပါ။ သက်ဆိုင်ရာ အာဏာပိုင်တွေက မခံမရပ်ဖြစ်လာပြီး–

"ဒီဆောင်းပါး ဘယ်သူရေးသလဲ"လို့ မေးတယ်။ ကိုအောင်စန်းက–

"အယ်ဒီတာတို့မှာ ကလောင်ရှင် ဘယ်သူဘယ်ဝါဆိုတာကို ထုတ်ဖော်ပြောပြပိုင်ခွင့်မရှိပါ" လို့ ငြင်းဆိုလိုက်တယ်။ အဲဒီလိုအခြေအနေမျိုးမှာ အရေးယူဖို့ အကွက်ကောင်းချောင်းနေတဲ့ တက္ကသိုလ်အာဏာပိုင်တွေက ကိုအောင်စန်းကိုလဲ ကျောင်းကထုတ်ပစ်လိုက်ပြန်တယ်။

အဲဒါကြောင့် ဒီကျောင်းသားခေါင်းဆောင် ၂ ဦးကို ထုတ်ပစ်တဲ့အတွက် ကျောင်းသားထုက မခံမရပ်ဖြစ်ပြီး ၁၉၃၆ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ သပိတ်မှောက်ကြတယ်။ ဒုတိယအကြိမ်မြောက် ကျောင်းသားသပိတ်ကြီးဖြစ်တယ်။ ဒီသပိတ်ရဲ့ဥက္ကဋ္ဌကကိုနုဖြစ်ပြီး ဒုတိယဥက္ကဋ္ဌက မစ္စတာရာရှစ် (ဝန်ကြီးဟောင်း ဗမာမွတ်စလင်အဖွဲ့၊ ဘီ၊အမ်၊အို ဥက္ကဋ္ဌကြီးဟောင်း ဦးရာရှစ်)ဖြစ်တယ်။

သပိတ်မှောက်ကျောင်းသားများက ရွှေတိဂုံစေတီတော်ကြီးရဲ့ အရှေ့ဘက် ...

သပိတ်မှောက်ကျောင်းသားများက ကြေးကြော်သံများကိုကိုင်ကာ ပုလိပ်ရုံးကြီးကိုဝိုင်းတယ်။ ယူနီယံဂျက်အလံကိုမီးရှို့ကြတယ်။ ဒီသပိတ်မီးဟာ ဓာတ်ဆီမီးလို တစ်မုဟုတ်ချင်း မြန်မာပြည်တစ်ဝန်းလုံးသို့ ပျံ့နှံ့လောင်ကျွမ်းသွားတော့တယ်။

နောက်ဆုံး သက်ဆိုင်ရာများက ကိုနုနဲ့ကိုအောင်စန်းတို့ ၂ ဦးကို ကျောင်းမှာ ပြန်လည်လက်ခံလိုက်ရတယ်။ တက္ကသိုလ်ကျောင်းသားများရဲ့ မကျေနပ်ချက်ကိုလဲ တရားရေးဝန်ကြီးချုပ် ဆာမြဘူးက အထူးစုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့ကာ စုံစမ်းစစ်ဆေးပြီး အစီရင်ခံစာတင်တယ်။

## ရေနံမြေသပိတ်တပ်ကြီးချီလာပြီ

ပညာရေးဘက်မှာ ကျောင်းသားတွေရဲ့ဆန္ဒပြပွဲတွေ၊ သပိတ်မှောက်လှုပ်ရှားမှုတွေရှိနေသလို ရေနံမြေမှာလဲ ဘီအိုစီကုမ္ပဏီအလုပ်သမားတွေက သူတို့နစ်နာချက်တွေကို တောင်းဆိုတိုက်ပွဲဝင်နေတယ်။ ရေနံမြေအလုပ်သမားခေါင်းဆောင်တွေကို အလုပ်ကထုတ်ပစ်တယ်။ ထောင်သွင်းအကျဉ်းချတယ်။ ပုဒ်မ ၁၄၄ ကိုပင် ထုတ်ခဲ့သေးတယ်။

ဒီလိုလုပ်ဆောင်ချက်တွေကို သခင်ဗတင်၊ သခင်ဖိုးလှကြီးတို့ ခေါင်းဆောင်တဲ့ အလုပ်သမားခေါင်းဆောင်တွေက မခံမရပ်နိုင်ဖြစ်လာတယ်။

၁၉၃၈–ခု၊ ဇန်နဝါရီလ (၈)ရက်နေ့ ချောက်ရေနံမြေမှာ စတင်ပြီး သပိတ်လက်နက်ဆွဲကိုင်ဆန္ဒပြခဲ့ပါတယ်။

တစ်နှစ်နီးပါးသပိတ်မှောက်နေပေမယ့် ဘီအိုစီအင်္ဂလိပ်အရင်းရှင်များက လိုက်လျောမှုမရှိ။ အင်္ဂလိပ်နယ်ချဲ့အစိုးရဆီ တိုင်ကြားတောင်းဆိုပေမယ့်လဲ ပြေလည်အေးချမ်းအောင် လုပ်မပေး။

ဒီရေနံမြေအလုပ်သမားတွေနဲ့တိုက်ပွဲဖြစ်နေစဉ်မှာ ပဲခူးက လယ်သမားတွေကလဲ သူတို့ရဲ့လယ်သမားအခွင့်အရေးတွေအတွက် ရန်ကုန်အစိုးရဆီ ချီတက်ဆန္ဒပြမယ်ဆိုတဲ့ကြေညာချက်ကို သတင်းစာများမှာ အတိအလင်း ထည့်သွင်းဖော်ပြကြပါတယ်။ ဒီတိုက်ပွဲခြေလှမ်းနမူနာကိုယူပြီး ရေနံမြေ အလုပ်သမားတွေက ရန်ကုန်ကို ချီတက်ဆန္ဒပြတောင်းဆိုမယ်ဆိုတဲ့ အလင်းရောင်ကို လက်ခနဲမြင်လိုက်ပါတယ်။

ဒါကြောင့် လူ့အခွင့်အရေးဆုံးရှုံးခဲ့ရတဲ့ ရေနံမြေသပိတ်မှောက် လူထု တောင်းဆိုချက်များကို ရန်ကုန်ရှိသက်ဆိုင်ရာဗဟိုအစိုးရဆီ သွားရောက် တင်ပြတောင်းဆိုဖို့ ဆုံးဖြတ်ကြတယ်။

အလုပ်သမားတွေရဲ့တောင်းဆိုချက်ကို အကျဉ်းချုံးပြီး ဖော်ပြရရင်–

အလုပ်သမားတွေရဲ့အခွင့်အရေးဆုံးရှုံးခဲ့တဲ့ တောင်းဆိုချက်များကို ပေးရန်၊ ဒါမှမဟုတ် အလုပ်သမားတွေအပေါ် အနှစ်(၅၀)ကျော် တောင်းဆိုကောက်ခံခဲ့တဲ့ သဿမေဓ–လူခွန်တော်ကို ပြန်လည်ထုတ်ပေးဖို့ဖြစ်တယ်။

ဒီအချက်တွေကို တောင်းဆိုပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာ အာဏာပိုင်တွေက လိုက်လျောမှုမရှိဘူး။

နောက်ဆုံးမှာ သပိတ်မှောက်အလုပ်သမား (၁၀၀၀)ကျော်တို့ဟာ ချောက်ရေနံမြေကနေ ရန်ကုန်ကို ခြေလျင်ချီတက်ကြမယ်လို့ တစ်ခဲနက် ဆုံးဖြတ်ကြတယ်။

လမ်းခရီးမှာ အသက်အန္တရာယ်များလှပါတယ်။ အစိုးရမြင်းစီး ပုလိပ်တွေရဲ့တိုက်ခိုက်မှုတွေ၊ ပုလိပ်တွေနံပါတ်တုတ်နဲ့ရိုက်မှာတွေ၊ စစ်တပ်တွေကလှံစွပ်နဲ့ထိုး စစ်သေနတ်နဲ့ပစ်မှာတွေကို မလွှဲမရှောင်သာ ကြုံရနိုင်တယ်။

ဒါတွေကြောင့် အလုပ်သမားကြီးတွေရဲ့ အိမ်သူချောမယ်အလှတွေက ပူပင်ကြောင့်ကြကြတယ်။ မျက်ရေစက်လက်နဲ့ ရင်သွေးသက်ညှာတို့ကလဲ ဒီလို ဘသခင်ကျေးဇူးရှင်ကို ခွဲခွာဖူးလက်စမရှိလေတော့ ပလီပလာ တီတီ တာတာနဲ့ပြောတတ်သလို ချွဲကြ၊ ငိုကြ၊ အဲဒီအထဲ ရန်ကုန်ကအပြန် ကစားစရာ လေးတွေ မှာသူကမရှား။

ဒီပတ်ဝန်းကျင်မှာ အလုပ်သမားကြီးတွေအနေနဲ့ ယောကျ်ားရင့်မာကြီး တွေဖြစ်ပေမယ့် ဣန္ဒြေမဆည်နိုင်ရှာကြတော့ဘူးတဲ့။ မျက်ရည်ကြည်တွေ မျက်လုံးအိမ်မှာ တလဲ့လဲ့လက်နေပေမယ့် မျက်ရည်တစ်ပေါက်ကျရင် သား မယားတွေရဲ့အသည်းခိုင်ကို လှံစွပ်နဲ့တစ်ချက်မွှမ်းတာထက် အခံရခက်ရှာပေလိမ့် မယ်မို့လားမပြောတတ်။ မျက်ရည်ပုလဲဥကလေးတွေ လိမ့်မဆင်းရအောင် ထိန်းရတဲ့အလုပ်ကလဲ ပင်ပန်းလှမှာပါပဲ။

မိုင်(၄၀၀) ကျော်ခရီးကို ချီတက်ရ၊ သပိတ်မှောက် ရေနံတပ်သား တစ်ဦးစီတို့ရဲ့အဖြစ်ဟာ စစ်ထွက်ယောကျ်ားတွေရဲ့အဖြစ်နဲ့မခြား ခံစားမှုတွေ ကို ဖော်ပြနိုင်အားရှိမယ်မထင်ပါ။

စစ်ထွက်ယောကျ်ားကတောင် ဓားကိုဓားချင်း၊ သေနတ်ကိုသေနတ်ချင်း ယှဉ်ရမှာမို့ခံသာပေလိမ့်ဦးမယ်။ ဟောဒီအလုပ်သမားတွေကျတော့ သေနတ်၊ ဓား၊ လှံ မပြောနဲ့ အပ်တိုတောင်မပါ။ လက်နက်မဲ့ပါ။ အလုပ်သမားတွေ မှာ နှလုံးသားလက်နက်ပဲပါတယ်။ လူသတ်လက်နက်နဲ့ နှလုံးသားလက်နက်ယှဉ် ရမယ်ဆိုတော့ စိုးရိမ်ရတက်မအေးစရာပေပဲကိုး။

ရေနံမြေ သခင်ဗတင်က သူ့ရဲ့ (၁၃၀၀)ပြည့်နှစ် အရေးတော်ပုံမှတ်တမ်း စာမျက်နှာ ၂၀၄-၂၀၅ မှာ ဒီလိုဖော်ပြခဲ့ပါတယ်။

> ထိုအချိန် ရေနံတပ်ကြီး၏ လက်ဝဲလက်ယာ လမ်းနှစ်ဖြာမှ ရင်သွေးငယ် လူမမည်ကလေးများကို ရင်ဝယ်ပိုက်ထွေး မိမိတို့ ခင်ပွန်းသည် တပ်မတော်သားများ၏ဘေးမှ တရွေ့ရွေ့လိုက်ပါလာကာ မျက်ရည်ကြည်စက်လက် အမဲ့တည်းဟူသော မျက်နှာပေးမှ အားသွန် ကြိုးပမ်းအပြုံးမျက်နှာအသွင်သို့ ပြောင်းရသည်က တစ်မျိုး၊ သားသား ရေ သွားပြီဟူသောအသံကြားမှ လူလေး-မင်းအဖေကို နှုတ်ဆက် လိုက်ပါဦးဆိုသည်ကတစ်ဖုံ။ သမီး-မင်းဖေဖေ ကြည့်နေတယ်၊ လက်ပြလိုက်ပါဦးဆိုသည်ကတစ်သွယ်၊ လင့်မျက်နှာကိုတစ်ချက်၊

သားသမီးမျက်နှာကိုတစ်လီ၊ ဣန္ဒြေမဆည်နိုင်ဘဲစီးကျသည့်မျက်ရည်ကြည်ကို သိမ်းဆည်းရသည်ကတစ်ဖြာ၊ သား ညာဘက်လက်ကို မြှောက်ကာ လှုပ်ပြီး ပြုံးပြနှုတ်ဆက်အားပေးရခြင်းကတစ်ရပ် စသည်ဖြင့် မြန်မာ့ လွတ်လပ်ရေးအောင်ပန်း ဆွတ်လှမ်းလိုသော ဇာတိစိတ်တိုက်တွန်းချက်အရ ရေနံတပ်သားနှင့် ဇနီးများတို့သည် မိမိတို့ဘဝတစ်လျှောက်တွင် မတွေ့ဖူး၊ မစဉ်းစားဖူး၊ အိပ်မက်ပင် မမက်ဖူးခဲ့သော သမုဒယစစ်ပွဲကြီးကို ပထမဆုံးပြင်းပြင်းထန်ထန် တွန်းလှန်တိုက်ခိုက်ခဲ့ရပေသည်။

ရေနံမြေအလုပ်သမားတပ်ကြီးဟာ အဝါ၊ အစိမ်း၊ အနီ သုံးရောင်ခြယ်တူ့တံစဉ်အလံကြီးကို ရှေ့ကမားမားမတ်မတ် မြမြစွဲစွဲ ကိုင်ဆောင်ရင်း ချောက်ရေနံမြေစခန်းက စတင်ချီတက်ခဲ့ကြပါတယ်။ အလံတွေက ကြွားတဝင့်ဝင့်နဲ့။

(ရေနံမြေသပိတ်တပ်ကြီး စတင်ချီတက်သွားပုံဟာ ရှေးမြန်မာဘုရင်များလက်ထက်က နန်းတော်မြို့ရိုးမင်္ဂလာတံခါးပေါက်က ခြေလျင်စစ်သည်များ ဒေါင်းတံခွန်ကိုတပ်ဦးကလွှင့်ထူရင်းဇာတိသွေးဇာတိမာန်နဲ့ ဘယ်ညာညီညီ စစ်ထွက်လာဟန်နဲ့မခြားရှိနေပေလိမ့်မယ်လို့ ကျမ်းပြုသူအနေနဲ့ တွေးကြည့်မိပါတယ်။)

"ခနရှင်အစိုးရ–ပျက်စီးပါစေ"
"အလုပ်သမားအရေး–ဖြေရှင်းပေး"
"သခင်မျိုးဟော့–တို့ဗမာ"
"အရေးတော်ပုံ–အောင်ရမည်"
"မီးတုတ်မီးတုတ် ရှို့ရှို့"
"သေမြေကြီး–ရှင်ရွှေထီး"
"ဘေးနဲ့ကြုံ–ရဲဂုဏ်ပြ"
"မီးတုတ်ကြီးရဲ့အလင်းရောင်–မြန်မာပြည်ဘောင် ထွန်းပြောင်စေသား"
"မီးတုတ်ကြီးရောက်လေရာ–တိုင်းပြည်ကျေးရွာအေးပါစေသား"
"အရေးတော်ပုံ–အောင်ရမည်"

စတဲ့ကြွေးကြော်သံတွေ ကြွေးကြော်ရင်း ချီတက်ခဲ့ကြပါတယ်။ ချောက်မှ အင်အား ၁၀၀၀ နဲ့ စထွက်ခဲ့ကြတယ်။ နောက် ရေနံချောင်းက အင်အား

၄၀၀ ထပ်အားဖြည့် ပါဝင်ခဲ့ပါတယ်။ ရေနံမြေသပိတ်တပ်ကြီးဟာ မကွေးကို ရောက်သွားပါတယ်။ အုပ်စိုးသူအာဏာပိုင်များဟာ ခရီးဆက်မတက်နိုင်အောင် ဖျားယောင်းတာတစ်မျိုး၊ ခြိမ်းခြောက်မှုတစ်ဖုံနဲ့လုပ်ကြတယ်။

နောက်ပုဒ်မ ၁၄၄ ကိုထုတ်ပြီး ဖြိုခွင်းပြန်တယ်။ သပိတ်တပ်ခေါင်းဆောင် သခင်ဗတင့်၊ သခင်ဖိုးလှကြီးအစရှိတဲ့ ခေါင်းဆောင်တွေကို ပုဒ်မ ၁၀၇ ဖြင့် ဖမ်းဆီးကြတယ်။ မြို့လူထုမထောက်ခံရဲအောင် ခြောက်လှန့်ကြတယ်။ ဒါပေမယ့် လူထုကြီးက လိုလေသေးမရှိအောင် ပြုစုကျွေးမွေးထောက်ခံကြတယ်။

သပိတ်တပ်ကြီးဟာ ရှေ့တိုးဖို့အခက်ကြုံနေပါတယ်။ အဲဒီအချိန် ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်း (ဗကပ ခေါင်းဆောင်အဖြစ်ကွယ်လွန်) နဲ့ အထွေထွေအတွင်းရေးမှူး ကိုဗဆွေ (တည်မြဲ ဖ–ဆ–ပ–လဝန်ကြီးဟောင်း) တို့က ရေနံချောင်းကျောင်းသားသပိတ်ကို စစ်ဆေးဖို့သွားတယ်။ အပြန်ကျ မကွေးကို ဝင်ပြီး အလုပ်သမားသပိတ်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးတယ်။ ကျောင်းသားထုက သပိတ်ကြီးကို ကြိုဆိုထောက်ခံတဲ့ ဟောပြောပွဲတွေ လုပ်တယ်။ အဲဒီမှာ သခင်စိုး၊ သခင်ထိန်ဝင်းနဲ့ သခင်ဖေသန်းတို့ကလဲ သပိတ်တပ်ကြီး ရန်ကုန်အရောက် ဆက်လက်တက်နိုင်ဖို့နဲ့ မကွေးအရေးပိုင်က ထုတ်ထားတဲ့ ပုဒ်မ ၁၄၄ ကို ဆန့်ကျင်ကာ နိုင်ငံရေးတရားတွေ ဟောပြောတယ်။ ဒါကြောင့် မကွေးအာဏာပိုင်တွေက ကိုဗဟိန်း၊ ကိုဗဆွေတို့ကို ဖမ်းလိုက်တဲ့အပြင် သခင်စိုး၊ အခင်ထိန်ဝင်းနဲ့ သခင်ဖေသန်းတို့ကိုပါ တရားပွဲပြီးပြီးချင်း အာဏာဖီဆန်မှုနဲ့ ဖမ်းလိုက်ကြတယ်။

၁၉၃၈ ခု ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ အစိုးရထုတ်ထားတဲ့ ပုဒ်မ ၂၃ နဲ့ ပုဒ်မ ၁၄၄ တို့ကို ဖီဆန်တိုက်ဖျက်ဖို့ အလုပ်သမားသပိတ်တပ်ကြီးဟာ ကြီးမားတဲ့ သန္နိဋ္ဌာန်ကိုချတယ်။ နောက်နံနက် ၅ နာရီမှာ ငါးပါးသီလခံယူတယ်။ ၆ နာရီတိတိမှာ တစ်စည်းတစ်လုံးတည်း သရဏဂုံတင်ကြတယ်။(ဒီပုဒ်မ ၂၃ နဲ့ ပုဒ်မ ၁၄၄ တို့ကို မကွေးတင်မကဘူး၊ မန္တလေးမှာပါ ထုတ်ပြန်လိုက်ပါတယ်။)

ဒီအဖြစ်ကို လာရောက်ကြည့်ရှုအားပေးနေကြတဲ့ ပြည်သူလူထုဟာ ဒီလိုမသေခင်ကတည်းက အရှင်လတ်လတ်ငါးပါးသီလခံယူပြီး ကိုယ့်ကိုယ်ကို သရဏဂုံတင်ကြတဲ့ မြင်ကွင်းဟာ အဖြစ်ဆန်းပဲပေါ့။

မြို့လူထုဟာ ဒီအဖြစ်ဆန်းကိုမြင်ပြီး စိတ်ကြေကွဲဝမ်းနည်းဖြစ်လာတယ်။ တချို့ကငိုကြတယ်။ မခံချင်စိတ်ပေါက်လာသူတွေကလဲ နယ်ချဲ့

အစိုးရနဲ့ ဘီအိုစီအာဏာပိုင်တွေကို ကျိန်ဆဲကြတယ်။ အုတ်အော်သောင်းတင်း ဖြစ်နေတဲ့မနက်ပိုင်းပဲ။

သပိတ်တပ်ကြီးစတင်ချီတက်ကြပါပြီ။ ရာဇဝတ်ဝန်ဘီလ်စတော့လ် နဲ့အဖွဲ့က ရှေ့ကိုချီမတက်ဖို့ခြောက်လှန့်ဟန့်တားပါတယ်။ တားမရပါ။ သပိတ်တပ်က ရှေ့ကိုတက်ခဲ့ပါတယ်။ "ကျည်ဆန်လုံးစွပ် နောက်မတွန့်ဘူး" ဆိုပြီး လာမယ့်ဘေးကို အာဇာနည်သူရဲကောင်းတွေပီပီ ပြေးတွေ့ကြတယ်။

ပုလိပ်က နံပါတ်တုတ်နဲ့ ဝင်ဖြိုပါတယ်။ တုတ်များသားကျိုးတယ်။ အလုပ်သမားတပ်ကတော့ မဖြိုု။ နောက် သေနတ်ကိုင်ပုလိပ်တပ်ကိုလှည့်ပြီး ဖြိုခိုင်းပြန်တယ်။ အလုပ်သမားထုက ပူးသတ်ကြပြန်တော့ သေနတ်နဲ့အပစ် ခက်နေပြန်တယ်။ နောက်သေနတ်တပ်ရုပ်သိမ်းပြီး မြင်းစီးပုလိပ်တပ်ကို လွှတ်ပြန် တယ်။ မြင်းတပ်နဲ့လွှတ်ပေးပေမယ့် လူထုကမပြိုဘဲ ကြံ့ကြံ့ခိုင်ခိုင် တိုက်ပွဲဝင် ကြတယ်။

အဲဒီမှာ ကျောင်းသားကိုတင်ဦး (ယခု သခင်တင်ဦး၊ တိုင်းတရား သူကြီးအဖွဲ့ဝင်၊ မကွေး)နဲ့အဖွဲ့က ထောင်ကြီးဆီသွားတယ်။ "အစိုးရကမြင်းတပ် နဲ့နင်းလို့ အလုပ်သမားတွေ သေကုန်ပါပြီ"လို့ ထောင်တွင်းခေါင်းဆောင် များဆီ လှမ်းအော်သတင်းပို့တယ်။

အဲဒီမယ် သခင် ခင်က ထောင်အမိုးပေါ်တက်ပြီး–

"အလုပ်သမားထု ရှေ့သို့သာချီတက်ကြ၊ သေတစ်နေ့မွေးတစ်နေ့၊ အာဇာနည်ပီပီ အသေခံတိုက်ပွဲဝင်ကြ" ဆိုတဲ့ ရေနံမြေသပိတ်ခေါင်းဆောင် သခင်ဗတင်ရဲ့အမိန့်ညွှန်ကြားစာကို ဖတ်ပြတယ်။

အဲဒါကို ထောင်ဖောက်တယ်အထင်နဲ့ ထောင်ဘူးဝရှိ စန္ဒာရီက သံချောင်းခေါက်တယ်။ ထောင်ဖောက်ပြီအမှတ်နဲ့ အလုပ်သမားတွေနဲ့ ယှဉ်ပြိုင် တိုက်ပွဲဝင်နေတဲ့ ပုလိပ်ရာဇဝတ်ဝန်ဟာ မြင်းစီးပုလိပ်တပ်ကို ထောင်ကြီးဆီ ကို အမြန်ဆုံး ဦးလှည့်တက်ဖို့ အမိန့်ပေးလိုက်တယ်။

ဒါဟာ အလုပ်သမားသပိတ်တပ်ကြီးအတွက် ထွက်ပေါက်ပွင့်သွားစေ တယ်။ သပိတ်တပ်ကြီးဟာ ရဲတံခွန်တလူလူလွှင့်ထူရင်း ရှေ့သို့ လွတ်လွတ် ကျွတ်ကျွတ်ချီတက်ကြပါတယ်။ လက်နက်ဆိုလို့ အပ်တစ်ချောင်းတောင် မပါဘဲ စွန့်စွန့်စားစား ရဲရင့်စွာတိုက်ပွဲဝင်ကြတဲ့ အာဇာနည်တွေကို ချီးကျူး ရင်း "အောင်ပြီ–အောင်ပြီ"လို့ ဟစ်အော် ဩဘာပေးကြတယ်။

ထောင်ကိုဝိုင်းပေမယ့် ထောင်အခြေအနေက နဂိုအတိုင်း အေးအေးဆေးဆေး၊ အရေးပိုင်နဲ့ရာဇဝတ်ဝန်ကြီး သံချောင်းခေါက်တဲ့ကိစ္စ မေးမြန်းစစ်ဆေးပါတယ်။ နောက်ဆုံး ထောင်ဖောက်တာမဟုတ်မှန်းသိတော့ ဘယ်သူ့အပေါ် စိတ်ဆိုးရမှန်းမသိဘဲ ခေါင်းချာချာလည်သွားတယ်။ ဒီတော့မှ ရေနံမြေသပိတ်တပ်ကြီးကို သတိရပြီး "တို့လူလေးများ ဆိုသလေလေ" ဆိုပြီး သပိတ်တပ်ကြီးဆီ တပ်တော်ပါဗိုလ်ထုနဲ့ ဝိုင်းဖို့ ချီတက်ကြပြန်တယ်။

နဂိုနေရာမှာ သပိတ်တပ်ကြီးကို မမြင်ပြန်တော့ ခေါင်းနဘန်းကြီးသွားပြန်တယ်။ သပိတ်တပ်ကြီးဟာ သူ့မျက်စိအောက်က ကြက်ပျောက်ငှက်ပျောက်ပျောက်သွားတာ အံ့ဩကုန်နိုင်ဖွယ်လို့များ ညည်းလေမလားဘဲ။

ဒါပေမယ့် ငယ်ထိပ်မြွေပေါက်ခံရသလိုဖြစ်မှာကတော့ သေချာတယ်။ သွေးရူးသွေးတန်းနဲ့ သပိတ်တပ်ကြီးကို ရှစ်ခွင်တိုင်း လှည့်လည်ရှာဖွေမေးမြန်းကြပါတယ်။ တွေ့ပြန်တော့လဲ သပိတ်တပ်ကြီးဟာ မြို့ပြင်တစ်မိုင်ခွဲလောက်ဆီ ရောက်နှင့်ပြီး ညီညာဖြဖြနဲ့ ရဲတံခွန်ကြွှားကြွှားလွင့်ကာ အစိုးရအာဏာပိုင်တွေကို သရော်လျက်။

သပိတ်တပ်ကြီးကို ဘယ်လိုမှဟန့်တားလို့မရမှန်းသိတော့ အလံကိုင် ၁၇ ဦးနဲ့ ခေါင်းဆောင်ငယ် ၁၇ ဦးတို့ကို အရှက်ပြေ ဖမ်းကာ တပ်ခေါက်ပြန်သွားကြရှာတယ်။

ဒီတစ်ချီမှာတော့ နှလုံးသား လက်နက်က လူသတ်လက်နက်မျိုးစုံကိုင်လာတဲ့ လူသတ်သမားတွေပေါ် ပြုံးပြုံးကြီးနဲ့ အနိုင်ရလိုက်ပါပြီကောလား။

## ဗိုလ်အောင်ကျော်ကျဆုံးတဲ့ ကျောင်းသားတိုက်ပွဲ

ရေနံမြေသပိတ်တပ်ကြီးဟာ ၂၀-၁၂-၃၈ နေ့မနက် ပြည်မြို့ကို ရောက်ရှိကြပါတယ်။ နောက်တစ်ရက်အထိ အနားယူနေကြပါတယ်။

အဲဒီလို အလုပ်သမားတပ်ကြီး အေးအေးဆေးဆေး အနားယူနေတဲ့အချိန်မှာ ရန်ကုန်အတွင်းဝန်ရုံးတစ်ဝိုက်မှာတော့ ကျောင်းသားတွေကို စစ်ပုလိပ်မြင်းတပ်တွေက မြင်းနဲ့တိုက်၊ လဲသွားတော့ ကျောင်းသားတွေကို မြင်းနဲ့နင်း၊ ခွာနဲ့ပေါက်နဲ့ ကျောင်းသားတွေ သွေးမြေကျတဲ့နေ့ပေါ့။

၁၁-၁၂-၃၈ နေ့က ::မြို့မှာ တက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်းက ညတရား သပိတ်တပ်ကြီးကို ကျောင်းသားထုက

ထောက်ခံကြိုဆိုကြောင်းနဲ့ ပြီးတော့ "မိဘအလုပ်သမားတွေကို နယ်ချဲ့အစိုးရက တုတ်နဲ့တစ်ချက်ရိုက်လိုက်ရင် မြန်မာပြည်ကြီး ပွဲတင်ရိုက်တုန်ဟည်းသွားမယ်၊ မြင်းခွာတစ်ချက်ပေါက်လိုက်ရင် နယ်ချဲ့အရင်းရှင် အသက်ဘယ်လောက်ပျောက်သွားမယ်"ဆိုတာ ‌ မိဘအလုပ်သမားတို့ကိုယ်တိုင် မြင်ရတွေ့ရမှာနီးကပ်နေပါပြီ" စတဲ့ နယ်ချဲ့အစိုးရကိုစိန်ခေါ်တဲ့ ရဲရဲတောက်စကားတွေ ဟောပြောခဲ့တယ်။

ဒါကြောင့် မကွေးနယ်ချဲ့အစိုးရလက်ပါးစေတွေက ဖမ်းဆီးကာ ထောင်တွင်းချခဲ့တယ်။ ဒါဟာ ပတူအုံတုတ်နဲ့ဆွသလိုဖြစ်ခဲ့တယ်။ ယမ်းပုံပေါ် ဓာတ်ဆီလောင်းမီးရှို့သလိုဖြစ်ခဲ့တယ်။

ဒီသတင်းဟာ တစ်မုဟုတ်ချင်း ကျောင်းသားထုဆီ မောင်းတီးဝင်လာသလို ရောက်လာတယ်။

မြန်မာပြည်သူတွေက နယ်ချဲ့အစိုးရကို ရွံရှာမုန်းတီးပြီး အော့ကြောလန်ဖြစ်နေတဲ့ ဒီပတ်ဝန်းကျင်မှာ နယ်ချဲ့သမားကလှုပ်ရှားလိုက်တိုင်း သူ့သေတွင်းကို သူတူးနေသလိုဖြစ်နေတယ်။ အလုပ်သမားပြဿနာကိုင်လိုက်လဲ သူ့ကိုဆန့်ကျင်၊ ကျောင်းသားပြဿနာကိုင်လဲ ကျောင်းသားထုက တုံ့ပြန်ဆန့်ကျင်လာတယ်။ သူ့အတွက်က မြန်မာပြည်သူလူထုအတွင်းမှာ ဘယ်လောက်သက်ဆိုးရှည်နိုင်မတဲ့လဲ။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများက မခံမရပ်နိုင်ဖြစ်လာတယ်။ ၂၁-၁၂-၃၈ နေ့မနက် ၁၀ နာရီမှာ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ၊ အာဏာရှင်ကိုလှရွှေခေါင်းဆောင်ပြီး အတွင်းဝန်ရုံးကိုဝိုင်းတယ်။ ဖမ်းထားတဲ့ခေါင်းဆောင်တွေ အမြန်လွှတ်ပေး၊ ဖိနှိပ်ချုပ်ချယ်တဲ့ဥပဒေတွေ အမြန်ရုပ်သိမ်းပေး စတဲ့ကြွေးကြော်သံတွေကို ကြွေးကြော်ကြတယ်။

ဒီအချိန်မှာ ရန်ကုန်မှာ ပုဒ်မ ၁၄၄ ထုတ်ထားချိန်ဖြစ်တယ်။

နယ်ချဲ့အစိုးရက ပုလိပ်မြင်းတပ်နဲ့ ပုလိပ်တွေက လက်နက်မဲ့ အေးအေးချမ်းချမ်းဆန္ဒပြနေတဲ့ကျောင်းသားတွေကို နံပါတ်တုတ်နဲ့ရိုက်၊ မြင်းစီးပုလိပ်တွေက မြင်းနဲ့တိုက်၊ မြင်းနဲ့နင်း၊ မြင်းခွာနဲ့ပေါက်၊ ကျောင်းသားကျောင်းသူ ၂၀၀ ကျော် ဒဏ်ရာအပြင်းအထန်ရတယ်။ အဲဒီမှာ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်ဟာ ဒဏ်ရာအပြင်းအထန်ရတယ်။ ရပြီး ၂ ရက် လောက် ဒဏ်ရာအလူးအလဲခံစားရာကနေ ဆေးရုံမှာ ကွယ်လွန်သွားရာတယ်။

ဒီလိုပြည်သူ့သားကောင်းရတနာတွေကို လူမဆန်တဲ့ရိုင်းပြတဲ့ ရက်စက်မှုဟာ တစ်ပြည်လုံးကို တစ်မုဟုတ်ချင်းပျံ့နှံ့သွားတယ်။ ယမ်းပုံပေါ်မီးကျသလို တစ်မုဟုတ်ချင်း ပြည်သူလူတစ်ရပ်လုံးကလဲ မိုးမွှန်အောင်ဒေါသဖြစ်လာတယ်။ ဓာတိသွေးတွေလဲ ဆူပွက်လာနေတယ်။

ကျဆုံးသွားရှာတဲ့ ကိုအောင်ကျော်ရဲ့နာမည်ရှေ့မှာ "ဗိုလ်"ဘွဲ့ ချီးမြှင့်ပေးလိုက်တယ်။ ဆန္ဒပြပွဲမှာ ဒဏ်ရာရခဲ့သူတွေကိုတော့ မြို့တော်ခန်းမမှာ အခမ်းအနားကျင်းပပြီး ဂုဏ်ပြုလက်မှတ်တွေချီးမြှင့်ခဲ့တယ်။ ဂုဏ်ပြုလက်မှတ်မျက်နှာစာမှာ အဝါ အစိမ်း အနီ သုံးရောင်ခြယ်ထားပြီး အဲဒီအပေါ်မှာ ချီးကျူးဂုဏ်ပြုစာတမ်းတွေ ဖော်ပြရိုက်နှိပ်ထားတယ်။

ဗိုလ်အောင်ကျော်နဲ့ကျောင်းသားတွေရဲ့ ရဲရဲနီတဲ့သွေးတွေ ခန်းခြောက်မသွားခင် ရေနံမြေအလုပ်သမားသပိတ်တပ်ကြီးဟာ နယ်ချဲ့လက်ပါးစေတွေရဲ့ စက်သေနတ်ကျည်ဆန်လှံစွပ်တွေကြားကနေ မိဘပြည်သူတွေရဲ့ ပန်းသပြေနဲ့ ကြိုဆိုထောက်ခံမှု၊ ညှော်ခံကျွေးမွေးမှုတို့ကြောင့် ၁၉၃၉ ခု၊ ဇန်နဝါရီ (၈) ရက်နေ့မှာ ရန်ကုန်ရွှေတိဂုံရင်ပြင်ပေါ် အောင်တံခွန်လွှင့်ပြီး အောင်ပန်းဆွတ်ခဲ့ပါတော့တယ်။

ရွှေတိဂုံရင်ပြင်တစ်ခုလုံးလဲ သံဃာတော်များ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ကျောင်းသား အလုပ်သမား၊ လယ်သမား၊ ဗျပ်ထိုးခေါင်းရွက်မကျန် ပြည်သူလူထုတစ်ရပ်လုံးဟာ ကြိတ်ကြိတ်တိုး ပြည့်လျှံသွားပါတယ်။ ကြက်ပျံမကျစည်းကားလျက်။

## မန္တလေးအာဇာနည် ၁၇ ဦး

ရန်ကုန်မြို့တော် လူထုလူတန်းစားတွေ သွေးစည်းညီညွတ်စုရုံးနေတဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံအတွင်းမှာ မန္တလေးရှိ ရဟန်းသံဃာ၊ ကျောင်းသား၊ အလုပ်သမား လယ်သမားနဲ့ လူတန်းစားအသီးသီးတို့ဟာ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်ကျဆုံးရတဲ့အပေါ် မခံမရပ်နိုင်အောင် ဒေါသဖြစ်ကြပါတယ်။ ရေနံမြေအလုပ်သမားသပိတ်ကြီးရဲ့ တောင်းဆိုချက်တွေကိုလဲမပေး။ ခေါင်းဆောင်တွေကိုဖမ်း၊ သပိတ်သမားတွေကို နံပါတ်တုတ်နဲ့ရိုက်၊ မြင်းနဲ့တိုက်၊ ကျည်ဆန်လှံစွပ်နဲ့ ခြိမ်းခြောက်လုပ်တာတွေကိုလဲ မခံမရပ်နိုင်အောင် ဖြစ်ကြတယ်။

နောက်ဆုံး အဲဒီသပိတ်တွေကို ထောက်ခံတဲ့အနေနဲ့ မန္တလေးမှာ တပ်ကူသပိတ်တွေကိုပါ မန္တလေးမြို့လုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂက ဦးစီးတဲ့ ဒီလှုပ်ရှားမှုမှာ ရဟန်းသံဃာများ၊ အလုပ်သမား လယ်သမားနဲ့ မြို့နေလူထုလဲ ပါဝင်လာကြတယ်။

တချို့ကျောင်းသားတွေက သပိတ်မမှောက်ဘဲနေတာတွေကိုလဲ ဆရာကြီး ဦးရာဇတ်ကိုယ်တိုင် ကြိမ်ကိုင်ပြီး သပိတ်ထဲမောင်းသွင်းတယ်။

ဒီလှုပ်ရှားမှုအတွက် အမျိုးသားကျောင်းဆရာကြီး ဦးရာဇတ်ရုံးခန်းမှာ မြို့ပေါ်နိုင်ငံရေး ခေါင်းဆောင်တွေ၊ ကျောင်းသားခေါင်းဆောင်တွေ ဝင်ထွက် အလုပ်များနေတယ်။ ဆရာကြီးရဲ့ဆန္ဒ၊ အကြံဉာဏ်တွေ၊ ညွှန်ကြားချက်တွေကို ခံယူလျက်ရှိနေပါတယ်။

သပိတ်မှောက်ကျောင်းသားတွေကို ဆရာကြီးက ပြုံးမယောင် မဲ့မယောင်နဲ့ပြုံးပြီး–

"သပိတ်မှောက်တာက မင်းတို့အလုပ်ပဲ၊ ဒါပေမယ့် ဘုရားကြီးထဲမှာ စည်းမဲ့ကမ်းမဲ့ သွားမနေကြနဲ့၊ ငါ့ကျောင်းမှာလာနေကြ"လို့ ညွှန်ကြားပြီး သူ့ကျောင်းကို အပ်လိုက်တယ်။

အဲဒါကြောင့် လေးထပ်ရှိတဲ့ဗဟိုအမျိုးသားကျောင်းကြီးတစ်ခုလုံး သပိတ်စခန်းဖြစ်သွားတယ်။ သပိတ်ကျောင်းသားတွေနဲ့ပြည့်လျှံသွားတယ်။ ဘော်ဒါဆောင်မှူး ဆရာဦးထွန်းမောင်ဟာ သပိတ်မှောက်ကျောင်းသားတွေကို ထိန်းရပြန်တယ်။ ကျောင်းသားတွေကို ဆရာ၊ ဆရာမများက ချက်ပြုတ်ကျွေးမွေးတယ်။ ပြုစုကြတယ်။

ကျောင်းကြီးကို သပိတ်မှောက်ကျောင်းသားများက စခန်းလုပ်ထားတော့ ဆရာကြီးက ကျောင်းကိုမလာဘဲ အိမ်ကနေပြီး လိုအပ်သလိုအကြံပေး ညွှန်ကြားလျက်ရှိတယ်။

အထွေထွေဆန္ဒပြလှုပ်ရှားမှုကို နောက်ပိုင်းက တာဝန်ခံခေါင်းဆောင် သူက ဗဟိုအမျိုးသားအထက်တန်းကျောင်းက ကျောင်းဆရာ ဆရာဦးခင်မောင် ကလေး (ဖဆပလဝန်ကြီးဟောင်း ဗိုလ်ခင်မောင်ကလေး)။ တကယ်က ဆရာ ဦးခင်မောင်ကလေးဟာ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းတွေကို တာဝန်ယူ လုပ်နေရသူဖြစ်တယ်။ အင်္ဂလိပ်အစိုးရက ခြေရာမခံနိုင်အောင် ကျောင်းဆရာဝင်လုပ်နေခြင်းဖြစ်တယ်။ ဒါကို ဆရာကြီးလဲသိတယ်။ သိပြီးလို့ခွင့်လွှတ်ထားတာဖြစ်တယ်။

ဒါပေမယ့် လူသိရှင်ကြား နာမည်ခံရှေ့ပိုင်းစစ်မျက်နှာ ခေါင်းဆောင်သူက မန္တလေးကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုအောင် (အမျိုးသား ကျောင်းဆရာဦးတင့်ဇနီးရဲ့မောင်)နဲ့ အတွင်းရေးမှူးက ကိုကိုကြီး (အခု ပြည်ထောင်စုအာမခံစနစ်အဖွဲ့၊ အုပ်ချုပ်ရေးမှူး၊ အငြိမ်းစား)တို့ဖြစ်ပါတယ်။ ရဟန်းပျိုဥက္ကဋ္ဌ ဦးဇောတိက (ယခုအဂ္ဂမဟာပဏ္ဍိတ၊ ပျံလွန်တော်မူပြီး)နဲ့ မဟာဝေယံဘုံသာတိုက်အုပ်ဆရာတော် ဦးကလျာဏ(ပျံလွန်တော်မူပြီး) တို့ကလဲပါဝင်တွဲဖက်ခေါင်းဆောင်လျက်ပါ။ ဒီဆရာတော်ကြီးနှစ်ပါးရဲ့ စည်းရုံးရေးအားဟာလဲ အင်မတန်ကြီးမားလှပါတယ်။ တော်လှန်ထက်မြက်လှပါတယ်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂဌာနချုပ်ကိုယ်စားလှယ် ကိုကျော်ငြိမ်း (ဖဆပလဝန်ကြီးဟောင်း)ကလည်း လိုအပ်သလိုပါဝင်ကူညီပေးလျက်ရှိပါတယ်။

ကိုကျော်ငြိမ်းကို ရန်ကုန်သို့ ချက်ချင်းပြန်လာဖို့ ညွှန်ကြားချက်ကိုသူ့အစား တာဝန်ပြောင်းလဲယူရမယ့် ကျောင်းသားခေါင်းဆောင် ကိုလှမောင် (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇေယျ၊ တောခို ဗကပ၊ ကျဆုံး)က သူနဲ့တစ်ပါတည်း တက္ကသိုလ်ကျောင်းသားများသမဂ္ဂနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဌာနချုပ်ရဲ့ ညွှန်ကြားစာကို သယ်ဆောင်ခဲ့ပြီး ကိုကျော်ငြိမ်းကိုပေးတယ်။ အဲဒါကြောင့် ကိုကျော်ငြိမ်း ညတွင်းချင်း ရန်ကုန်ကို ချက်ချင်းလိုက်သွားရတယ်။

ဒီရဟန်းသံဃာ၊ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ မြို့နေလူထုလူတန်းစားတွေ သွေးစည်းညီညွတ်ပါဝင်လှုပ်ရှားတဲ့ ဆန္ဒပြပွဲကို နေ့အချိန်မှာ ကြွေးကြော်သံတွေတိုင်ပြီး မြို့ထဲစီတန်းလှည့်လည်လာပါတယ်။ နယ်ချဲ့ဆန့်ကျင်တဲ့ ဟောပြောပွဲတွေလုပ်ပါတယ်။

မြူးနှင်းတွေဝေဖြာနေတဲ့ ညချမ်းမှာဆိုရင် သပိတ်တပ်သားတွေကမီးတုတ်ကြီးတွေထွန်းညှိပြီး စီတန်းလှည့်လည်ပွဲတွေ လုပ်ကြတယ်။ ကြွေးကြော်သံတွေ တိုင်ပြီး ကန့်ကွက်ဆန္ဒပြကြတယ်။ ဟောပြောပွဲတွေကိုလဲ ခြိမ့်ခြိမ့်သည်းအောင် ကျင်းပကြတယ်။

ဒီလိုနေ့ညမရွေး ဆန္ဒပြပွဲလုပ်နေပေမယ့် နယ်ချဲ့လက်ပါးစေတွေကအခြေအနေကို စောင့်ကြည့်နေဆဲပဲ။ ဟန့်တားပစ်ခတ်မှု မလုပ်ကြသေးဘူး။

ဝက်စလီမိန်းကလေးကျောင်းသပိတ်မှောက်၊ သပိတ်တားလုပ်ငန်းမှာ အမျိုးသားအထက်တန်းကျောင်းက ကိုအောင်ကျော်ဝင်း (၁၀–တန်း) ပေါက်မြိုင်ကျောင်းတိုက်၊ ကိုကြည်မြ၊ ကိုချန်ထွန်း(၁၀–တန်း) ဗဟိုအမျိုးသား အထက်တန်းကျောင်းနဲ့ ကိုကိုလေး(၁၀–တန်း)ဝက်စလီယံကျောင်းတို့က ကျောင်းသားခေါင်းဆောင် (၄) ယောက်ကို ပုလိပ်က ဖမ်းသွားတယ်။ ဒါပေမယ်လို့ ပြည်သူလူထုရဲ့အုံကြွမှု ကန့်ကွက်ဆန္ဒပြမှုအားကြောင့် ချက်ချင်းဆိုသလို ပြန်လွှတ်ပေးလိုက်တယ်။

ဖေဖော်ဝါရီလ (၈) ရက်နေ့မနက် (၄) နာရီလောက်မှာ ဒုတိယအကြိမ်အဖြစ် ပုလိပ်စုံထောက် ဒေးဗစ်ခေါင်းဆောင်တဲ့ ရဲတပ်ဖွဲ့များက ကိုမောင်ကြည်၊ ကိုချန်ထွန်း၊ ကိုကိုလေးတို့သုံးယောက်ကို ဖမ်းသွားပါတယ်။ ဒီအချိန်က ဖမ်းမယ့်စာရင်းထဲမှာ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်ဝင်းတို့လဲ ပါတယ်။ ဒါပေမယ့် သူက နယ်စည်းရုံးရေးဆင်းနေတဲ့အတွက် ဖမ်းတဲ့အထဲ လိုက်မသွားရဘူး။ အဲဒီနေ့ကအဖမ်းမခံရပေမယ့် ကိုအောင်ကျော်ဝင်းပြန်လာတဲ့ အခါမှာ သွားပြီးအဖမ်းခံလိုက်တယ်။

ဒီကန့်ကွက်ဆန္ဒပြပွဲကြီးကို ဆရာဦးခင်မောင်ကလေး ဦးဆောင်တယ်ဆိုတာလဲ ဆရာကြီးဦးရာဇတ်သိတယ်။ ပြီးတော့ ကျောင်းဆရာ၊ ဆရာမတွေကလဲ ကိုယ်ထိလက်ရောက်ပါနေတယ်ဆိုတာလဲသိတယ်။ ဒါပေမယ့် သူက မသိကျိုးကျွံပြုနေလိုက်တယ်။

ဗဟိုအမျိုးသားအထက်တန်းကျောင်းက ကျောင်းသူကျောင်းသားတွေကို သက်ဆိုင်ရာ အတန်းဆရာ၊ ဆရာမတွေက–

"မနက်ဖြန် ရဟန်းသံဃာတော်တွေပါဝင်တဲ့ စီတန်းလှည့်လည်ပွဲကျင်းပမယ်။ ကျောင်းသူကျောင်းသားများက ဆန္ဒပြပွဲထဲလိုက်ပါချင်တယ်ဆိုရင် ကျောင်းသားတွေအားလုံး ကျောင်းကို မနက်ဖြန်မနက် (၆) နာရီမထိုးခင် အရောက်လာကြပါ။ မနက်ဖြန်ကျောင်းပိတ်ထားတယ်။ ဒါပေမယ့် ကျောင်းသူကျောင်းသားတွေရဲ့မိဘတွေဆီကခွင့်ပြုချက်တောင်းယူပါ။ မိဘတို့ရဲ့ ဆန္ဒအရခွင့်ပြုမှ ကျောင်းကိုလာကြပါ"လို့ အတန်းလိုက် ဆရာ ဆရာမများက ကျောင်းသားတွေကို မှာလိုက်တယ်။

နောက်တစ်နေ့ မှာထားတဲ့အချိန် ကျောင်းသားတွေအားလုံး ကျောင်းကိုရောက်လာကြတယ်။ အတန်းဆရာ၊ ဆရာမတွေက ကျောင်းခေါ်ချိန်

အတိုင်း ခေါ်ပါတယ်။ နာမကျန်းဖြစ်လို့ ခွင့်ယူထားတဲ့ ကျောင်းသူကျောင်းသား တွေကအပ ကျန်ကျောင်းသူကျောင်းသားတွေ ကျောင်းကိုရောက်လာကြ ပါတယ်။

ကျောင်းကနေ သက်ဆိုင်ရာအတန်းလိုက် ဆရာ၊ ဆရာမတွေက ကိုယ့်ကျောင်းသား ကျောင်းသူတွေနံဘေးက ကြပ်မတ်ပြီး အိမ်တော်ရာဘုရားဆီ ဦးတည်ချီတက်သွားပါတယ်။ ဟိုကျတော့ ရောက်နှင့်ပြီးသော ရဟန်း သံဃာများနဲ့တကွ မြို့သူမြို့သား လုပ်သားပြည်သူများနဲ့ ပေါင်းလိုက်ပါတယ်။ ကျောင်းသားတွေရောက်ပြီးနောက်မှာလဲ ရဟန်းသံဃာများနဲ့ မြို့သူမြို့သား လုပ်သားပြည်သူများ နောက်ထပ် ရောက်လာကြပါသေးတယ်။

၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်၊ ၁၃၀၀ ပြည့် တပို့တွဲလပြည့် ကျော် (၇)ရက်နေ့ မနက်(၈)နာရီမှာ အိမ်တော်ရာဘုရားအတွင်းမှာ ဆန္ဒပြသူ တစ်သိန်းကျော်ရှိ လူထုကြီး အိမ်တော်ရာဘုရားမြောက်ဘက်မုခ်ဝမှ စတင် ချီတက်လာပါတယ်။

ရဟန်းသံဃာတော်များက ရှေ့ဆုံးမှချီတက်ကြပါတယ်။ အဲဒီနောက် မြို့သူမြို့သားများ၊ ကျောင်းသားများလိုက်ပါကြတယ်။ ဆရာကြီးရဲ့ကျောင်းက ဆရာ၊ ဆရာမများက သက်ဆိုင်ရာအတန်းလိုက် ကျောင်းသူကျောင်းသား များကို ကြပ်မတ်ခေါ်ဆောင်ချီတက်ပါတယ်။ ဆရာကြီးရဲ့ ဘော်ဒါကျောင်း ဆောင်ဘော်ဒါအုပ်ဆရာ ဦးထွန်းမောင်တစ်ယောက်ကသာ အိမ်တော်ရာ ဘုရားထဲကနေချီတက်တဲ့အဖွဲ့တွေအားလုံးကို စနစ်တကျချီတက်ရန် ပြင်ဆင် တာလွှတ်ပေးနေရင်း အိမ်တော်ရာဘုရားထဲ ရှိနေဆဲ။

"သပိတ်သပိတ် မှောက်မှောက်
မီးတုတ်မီးတုတ် ရှို့ရှို့
အလုပ်သမားအရေး ချက်ချင်းပေး
ပုဒ်မ ၁၄၄ ချက်ချင်းရုပ်သိမ်းပေး
ဖမ်းထားတဲ့တို့ခေါင်းဆောင်တွေ ချက်ချင်းလွှတ်ပေးလွှတ်ပေး
ခနရှင်စနစ် ပျက်စီးပါစေ
ဗမော်အစိုးရ အလိုမရှိ
သခင်မျိုးဟေ့ တို့ဗမာ သခင်မျိုးဟေ့ တို့ဗမာ
ပုဒ်မ ၁၄၄ အလိုမရှိ
ဖိနှိပ်ချုပ်ချယ်တဲ့ဥပဒေတွေ ရုပ်သိမ်းပေး

လက်ထိတ်လက်ထိတ် ခတ်ခတ်
ထောင်ကြီးထောင်ကြီး ချဲ့ချဲ့
ရိုင်ဖယ်ရိုင်ဖယ် အပျော့အပျော့
နယ်ချဲ့သွေးစုပ် အလိုမရှိ
သခင်မျိုးဟော့ တို့ဗမာ
အရေးတော်ပုံ အောင်ရမည်
ကောက်ရိုးမီးလား ရှားမီးလား ရှားမီးရှားမီး
ဗြိတိသျှနယ်ချဲ့သမား သတ်သတ်
ဗြိတိသျှနယ်ချဲ့သမား အလိုမရှိ
သူပုန်သူပုန် ထထ
သေရင်မြေကြီး ရှင်ရွှေထီး
Slavery or death
လွတ်လပ်ရေးသည်အဓိက မှားမှားမှန်မှန် ငါ့နိုင်ငံ
Right or Wrong my Country
သူပုန် သူပုန် ထထ
စစ်တိုက်ထွက်ကြ
Fright for Freedom
သေတစ်နေ့ မွေးတစ်နေ့ လူ့မှိုက်အလိုရှိသည်။

ဒီနိုးကြားတက်ကြွတဲ့ ကြွေးကြော်သံတွေဟာ မြုနှင်းမှုန်တွေကြားက ထိုးဖောက်ကာ နယ်ချဲ့အရင်းရှင်တွေကို သိမ့်သိမ့်တုန်စေခဲ့ပါတယ်။

၁၃၀၀ ပြည့်နှစ် လှုပ်ရှားမှုမှာ တောရောမြို့ပါမကျန် အမျိုးသားတစ်မျိုးသားလုံး တက်ရေးတစ်ပြင်တည်း စည်းလုံးညီညွတ်စွာ ဝက်ဝက်ကွဲအောင် ဆန့်ကျင်ကန့်ကွက်ဆန္ဒပြခဲ့ကြတာပါ။

- လယ်သမားတွေရဲ့ လယ်ယာမြေခွန် မပေးရေးလှုပ်ရှားမှုများ၊
- အလုပ်သမားအခွင့်အရေး အရေးတော်ပုံတိုက်ပွဲများ၊
- ကျောင်းသားတွေရဲ့ ကျွန်ပညာရေးစနစ် ဆန့်ကျင်တဲ့တိုက်ပွဲများ၊
- ရဟန်းသံဃာတော်များ၊ ကျောင်းသား၊ အလုပ်သမား ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ အပါအဝင် မြို့နေလူထုများရဲ့ ဆန္ဒပြပွဲကန့်ကွက်ပွဲများ။

ဒီလိုဘက်စုံပြင်းထန်တဲ့ တောရောမြို့ပါ ရောမလူထုလူတန်းစားတွေရဲ့ စည်းလုံးညီညွတ်တဲ့ ဥပဒေတွင်းတိုက်ပွဲ (လက်နက်မပါတဲ့ တိုက်ပွဲမျိုးစုံ) မျိုးဟာ ကျွန်ဘဝကို စရောက်တဲ့အချိန်ကနေ ၁၃၀၀ ပြည့်နှစ်အထိ ကြားကာလမှာ တစ်ခါဖူးမှ မပေါ်ပေါက်ပါ။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကတော့ သမိုင်းမှာ မှတ်တိုင်အဖြစ်နဲ့ တည်ရှိနေမှာဖြစ်ပါတယ်။ "စံ"တင်လောက်တဲ့ ဥပဒေတွင်း တိုက်ပွဲပေါ့။

× × ×

အဝါ၊ အစိမ်း၊ အနီနဲ့ သုံးရောင်ခြယ်ဒေါင်းအလံ။

အဝါ၊ အစိမ်း၊ အနီနဲ့ သုံးရောင်ခြယ် တူတံစဉ်အလံ။

ဒီအလံတွေက တပ်ဦးက တလူလူနဲ့ ဝင့်ကြွားလို့နေပါတယ်။ တစ်မျိုးပြောရရင် နယ်ချဲ့အရင်းရှင် အင်္ဂလိပ်တွေကို စိန်ခေါ်ခဲ့ပါတယ်။ တလူလူလွင့်နေတဲ့အလံတွေကတော့ ကိုယ်ထိလက်ရောက်ပါဝင်တိုက်ပွဲဝင်နေတဲ့ ပြည်သူတွေကိုရော၊ ဘေးကအားပေးကူညီနေတဲ့ပြည်သူတွေကိုပါ နယ်ချဲ့ဆန့်ကျင်တော်လှန်ချင်တဲ့စိတ်တွေ၊ အမျိုးသားချစ်တဲ့စိတ်တွေ၊ ဇာတိသွေး ဇာတိမာန်တွေ အဲဒီစိတ်ဓာတ်တွေကို ထိန်းမနိုင်သိမ်းမရအောင် လှုပ်ရှားစေခဲ့ပါတယ်။

ဆန္ဒပြလူထုကြီးဟာ (၈၇)လမ်းကနေ (၂၆)လမ်း(ဘီလမ်း)အတိုင်း နန်းတော်ကြီးထိ ရှေးရှုချီတက်လာခဲ့ပါတယ်။

အရေးပိုင် အိပ်ချ်အင်လက်နဲ့ ခရိုင်ပုလိပ် ရာဇဝတ်ဝန်ကြီး စီအိပ်ချ် ရိန်းတို့က လက်နက်ကိုင်စစ်တပ်နဲ့အသင့်စောင့်နေပါတယ်။ လက်နက်ကိုင်စစ်တပ်ကို ကျုံးထိပ်(၂၆)လမ်းပေါ်မှာ တပ်ဖြန့်နေရာယူထားစေပါတယ်။

ရဲစိတ်ရဲမာန်ရှိရှိ၊ ဒေါင်းအလံတလွင့်လွင့်၊ တူတံစဉ်အလံ တလွင့်လွင့်နဲ့ ချီတက်လာတဲ့ တိုက်ပွဲဝင်တပ်ဖွဲ့ရဲ့ အလံကိုင်တပ်ဦးဟာ ကြေးနန်းရုံးရှေ့ရောက်လာတယ်။ လက်နက်ကိုင်စစ်တပ်အားကိုးနဲ့ အရေးပိုင်က လူထုကြီးရှေ့ဆက်မတက်လာဘဲ တပ်ခေါက်ပြန်ဖို့အင်္ဂလိပ်လိုအမိန့်ပေး ခြိမ်းခြောက်တယ်။

အဲဒီမယ် နယ်ချဲ့အစိုးရလက်ပါးစေပီပီ၊ အရေးပိုင်က ၄က်ဆိုးသံနဲ့ ရက်ရက်စက်စက်ပစ်ဖို့အမိန့်ပေးလိုက်တယ်။ သေနတ်သံတွေဟာ တဒိန်းဒိန်း တဒိုင်းဒိုင်းနဲ့ ထွက်လာပါတယ်။ ငြိမ်းချမ်းသာယာလှတဲ့ မန်းမြေအလှကို ပြည်သူတွေရဲ့သွေးတွေနဲ့ ညစ်နွမ်းစေပါတော့တယ်။

သေနတ်စတင်ပစ်ခံရတဲ့အချိန်မှာ ဆရာကြီးရဲ့ ဆရာ၊ ဆရာမတွေဟာ မိမိတို့အတန်းလိုက် ကျောင်းသူကျောင်းသားတွေကို ထိန်းသိမ်းရင်း

လိုက်ပါလျက်ပါ။

အပြစ်ကင်းစင်တဲ့ရဟန်းသံဃာတွေ၊ ကျောင်းသား၊ အလုပ်သမား၊ လယ်သမားတွေ ကျည်သင့်ခံရရှာပါတယ်။ အာဇာနည် ၁၇ ဦးဟာ ခြင်းခြင်းနီရဲတဲ့သွေးကွက်ထဲမှာ မချိမဆံ့ခံစားရင်း ကျဆုံးခဲ့ပါတယ်။ ၅၀ ကျော်ဒဏ်ရာအပြင်းအထန်ရခဲ့ပါတယ်။ ၂၆ ဘီလမ်းတစ်ခုလုံးဟာ မြန်မာ့အာဇာနည်တွေရဲ့သွေးတွေနဲ့ ခြင်းခြင်းနီခဲ့တယ်။

ဒဏ်ရာရတဲ့အထဲမှာ ချီတက်ပွဲလုပ်မယ့်ဆဲဆဲ ထပ်ရောက်လာတဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုလှမောင် (တောတွင်းကျဆုံးသွားတဲ့ ဗကပ၊ ရဲဘော်သုံးကျပ်ဝင် ဗိုလ်ချုပ်ဇေယျ)လဲ တစ်ယောက်အပါအဝင်ဖြစ်တယ်။ နယ်ချဲ့သမားဟာ ပထမဆုံးမန္တလေးလူထုကို အစုလိုက်အပြုံလိုက်ပစ်သတ်တဲ့ လူသတ်ပွဲဖြစ်တယ်။

ဒုတိယအကြိမ်ပစ်တော့ ကျဆုံးသွားတဲ့သူတွေက–

(၁) ဦးကေသာလ၊ ခင်မကန်ကျောင်းတိုက်
(၂) မောင်ဘငွေး၊ ဝက်စလီကျောင်း
(၃) မောင်လှမောင်၊ ဦးနိဗ္ဗန္ဒကျောင်း
(၄) မောင်တင်အောင်၊ အမျိုးသားကျောင်း
(၅) မောင်မူ၊ ခုံတော်မင်းဝင်း၊ ကြေးနန်းရုံမြောက်ဘက်
တို့ ဖြစ်ပါတယ်။

ဒဏ်ရာရသူများကတော့–

(၁) ကာကာဆင်ခေါ် မောင်ဘသန်း၊ ကယ်လီကျောင်း
(၂) မောင်အောင်သိန်း၊ ပေါက်မြိုင်ကျောင်း
(၃) မောင်လှမြင့်၊ အမျိုးသားကျောင်း
(၄) ကိုလှမောင် ရန်ကုန်ကျောင်းသားများ သမဂ္ဂကိုယ်စားလှယ်
(၅) မောင်ငွေး ခေါ် မောင်ဖေ၊ မင်္ဂလာဈေး
(၆) မောင်သန်း တို့ဖြစ်ပါတယ်။

တတိယအကြိမ်ပစ်ရာတွင် ကျဆုံးသွားသူများမှာ–

(၁) ကိုထွန်းအောင်၊ ဆိုင်းတန်း
(၂) ကိုအောင်ထူး၊ ဒက္ခိဏဝန်တိုက်
(၃) ကိုခင်မောင်၊ ဥယျာဉ်တန်း
(၄) ကိုဘလွန်း၊ သရက်ပင်

(၅) ကိုခင်မောင်(ခေါ်) ရွှေရိုး၊ တရုတ်တန်း
(၆) ကိုထွန်းအိ၊ မရမ်းခြံ တို့ဖြစ်ပါတယ်။
ဒဏ်ရာရသူများကတော့–
(၁) ဦးနွံ့ကြီး၊ ထီးဝင်း၊ မန္တလေး
(၂) သခင်ရွှေခေါ် ဂဠုန်ရွှေ၊ ဆိုင်းတန်း၊ ဆံပင်ညှပ်ဆိုင်၊ မန္တလေး
(၃) ဦးဘစော၊ ဆေးဆရာ၊ စိန်ပန်း
(၄) မောင်ခင်မောင်၊ ထီးဝင်း၊ မန္တလေးတို့ ဖြစ်ပါတယ်။

အဲဒီနေ့ကအဖြစ်အပျက်ကို ဆရာဗိုလ်ခင်မောင်ကလေးက ကျမ်းပြုသူကို ဒီလိုပြောပြပါတယ်။

ဒုတိယအကြိမ်ပစ်တော့ ကိုလှမောင်ကိုမှန်တယ်။ သူ့ကို ရွှေထီးသက်န်းပရိက္ခရာဆိုင်ထဲကို ဆွဲပြီးခေါ်သွားတယ်။ ကျောင်းသားကျောင်းသူတွေကိုပြန်စုပြီး အမျိုးသားကျောင်း(ဌာနချုပ်)ကို ပြန်ဖို့ကျောင်းဆရာတွေနဲ့ ကျောင်းသားခေါင်းဆောင်တွေကို တာဝန်ပေးနေတုန်းမှာပဲ တတိယအကြိမ်ပစ်ပြန်တယ်။ ဒီတော့ သမဂ္ဂအတွင်းရေးမှူးကိုစံယျကို လိုက်ရှာပြီး–

"ဟေ့စံယျ–ဒီနေ့ကိစ္စက ဒီနေ့တစ်နေ့တည်းနဲ့ပြီးသွားမှာမဟုတ်ဘူး၊ လူတွေ၊ ဒဏ်ရာရတဲ့ ရဟန်းတွေ၊
လူတွေကိစ္စကို ဆက်လုပ်ကြရလိမ့်မယ်။ လွယ်လွယ်ဖြစ်မလား၊ အကျပ်အတည်းဖြစ်မလား မသိနိုင်ဘူး။ အလောင်းတွေကို ပြန်မပေးဘဲထားရင် ငါကတော့ ရနိုင်သလောက် အလောင်းတွေကို အကြမ်းဝင်လုချင်တာပဲ။ ဒါ မင်းဘယ်လိုသဘောရသလဲ"

"ကျွန်တော်လဲ ဒါကိုပဲဖြစ်မလားလို့ စိတ်ထင့်နေတယ်ဆရာ"

"အေး–ဖြစ်လာမှ လူပြန်စုနေလို့မဖြစ်ဘူး။ ဒီတော့ လူအားစုရမယ်။ ရိုးရိုးစုတာမဟုတ်ဘူးနော်။ အသေခံတပ်မျိုးဖြစ်ရလိမ့်မယ်။ ရဟန်းပျို့အဖွဲ့ကိုတော့ ငါသွားပြီး လျှောက်ထားမယ်။ မန္တလေးမြို့ပေါ်က ကျောင်းသားတွေကိုတော့ ညကျမှပဲပြောပြပြီး လူစုတာပေါ့။ နောက်ပြီး စစ်ကိုင်းကိုလဲ တပ်ကူပို့ဖို့အကြောင်းကြားချင်တယ်"

"ကောင်းတယ်ဆရာ၊ ကျွန်တော် ဘာလုပ်ရမလဲ"

"အသေခံတပ်တစ်တပ် ဒီနေ့ညတွင်းချင်း မန္တလေးရောက်အောင်ပို့ပေးပါ။ နက်ဖြန်အရေးတကြီးကိစ္စလုပ်ရလိမ့်မယ်လို့ စာရေးပြီး အခု

ချက်ချင်း စစ်ကိုင်းကိုလူလွှတ်လိုက်သွား။ ဒီနေ့အဖြစ်ပျက်လည်း ထည့်ရေးလိုက်ဖို့လဲမမေ့နဲ့။ အဲဒီစာကို အခုရေးပြီးပို့လိုက်ပေတော့။ ဌာနချုပ်ကိုလဲ စာအမြန်ပြန်ပြီး ကျောင်းသားတွေ ထိန်းသိမ်းထားနော်။ ရှစ်မှတ်ဂါတ်ကိုသွားပြီး ရန်လုပ်ကြမှာစိုးရိမ်ရတယ်။ ညကျရင် အမှုဆောင်အစည်းအဝေးလဲ လုပ်ရအောင်။ မောင်ကိုလဲ အကြောင်းစုံ ပြောပြထားဖို့မမေ့နဲ့ဦး။ ငါ ဈေးချိုနဲ့ အိမ်တော်ရာဘက် သွားကြည့်လိုက် ဦးမယ်"

"ဒီမယ်ဆရာ၊ တစ်ယောက်တည်း မသွားပါနဲ့၊ ကျောင်းသားကြီး သုံးယောက်လောက်ခေါ်သွားပါ ဆရာ"

"အေးပါကွာ၊ ငါခေါ်သွားပါမယ်"လို့ ပြောပြီး ငါတို့နှစ်ဦး ကိုယ့်ကိစ္စကိုယ်လုပ်ရန် လူစုခွဲလိုက်ကြတယ်။

ညနေစောင်း မှောင်စပျိုးမှာ ကျောင်းကိုပြန်လာတော့ ကျောင်းသားတွေရဲ့ကြွေးကြော်သံကို (လေးပြ) လေးဖာလုံလောက်က စကြားရတာပဲ။ ဒီအသံတွေကြားရတော့ ငါလဲသိပ်အားတက်သွားပြီး မျက်ရည်ကျတယ်။ ငါနဲ့အတူပါလာတဲ့ ကျောင်းသား(၁)ယောက်က ငါ့ကိုစောင်းငဲ့ကြည့်ကြတာနဲ့ ငါကသူတို့ကိုပြောလိုက်တယ်။ "ဝမ်းနည်းဝမ်းသာလွန်းလို့" မျက်ရည်ကျတာပါလို့။

---

"ကျောင်းရောက်တော့ ဘုန်းကြီးအလောင်း ၆ လောင်းကို ကျောင်းရဲ့အနောက်ဘက်က သူငယ်တန်း အခန်းနားမှာ မြင်လိုက်ရတော့ ငါဘာလုပ်ရမှန်းမသိဖြစ်သွားတယ်။ အလောင်းတွေကို လုယူရမယ်လို့တွေးပြီးစီစဉ်နေတုန်း အလောင်းတွေဖြုန်းစားကြီး ကျောင်းထဲရောက်နေတော့ မစဉ်းစားဘဲ မမျှော်လင့်တဲ့ပြဿနာနဲ့ရင်ဆိုင်တိုးနေတာကိုး။

"အကြံအိုက်ပြီး ဘာလုပ်ရမလဲလို့စဉ်စားလိုက်တာ ညသာနက်လာတယ်။ အကြံကပေါ်မလာဘူး။

"ဒီလိုဖြစ်နေတုန်း ဆရာဦးထွန်းမောင်ပေါက်လာပြီး ဆရာကြီးဦးရာဇတ်ကပေးလိုက်တဲ့ အကြံဉာဏ်ကို ပြောပြတော့မှပဲ အလုံးကျသွားတော့တယ်။ ဒါနဲ့ ညသန်းခေါင်ကျော်ကျော်မှ အလောင်းတွေကို အိမ်တော်ရာ (၁၄)ခန်းဇရပ်ကို သယ်ယူဖို့စီစဉ်လိုက်တယ်။ ငါရယ်၊ ဆရာဦးထွန်းမောင်ရယ်၊ ခေါင်းဆောင်ချစ်ဆွေရဲ့အဖေ ဦးလှကျော်နဲ့ ရှေ့တော်ပြေးဝင်းက လူ ၄-၅ ယောက် ကျောင်းအရှေ့ဘက် အထက်ဆင်ဝင်းက လူ ၄-၅ ယောက်၊ ကျောင်းသားကြီးအချို့နဲ့ အလောင်း

တွေကို အိမ်တော်ရာကို သယ်ယူသွားကြတယ်။ ငါလဲရဟန်းပျို အဖွဲ့ကိုသွားဖို့ သတိမရတော့ဘူး"

ဆရာကြီးဦးရာဇတ်ဟာ အမြော်အမြင်ကြီးတယ်လို့ဆိုရပါမယ်။ ဘာကြောင့်လဲဆိုတော့ အကယ်၍သာအလောင်းတွေကို ဗဟိုအမျိုးသား အထက်တန်းကျောင်းဝင်းထဲမှာသာထားပြီး သဂြိုဟ်ရင် ဒီနယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုဟာ ကျောင်းသားတွေရဲ့လှုပ်ရှားမှုသာဖြစ်တယ်လို့ အဓိပ္ပာယ် ရနိုင်ပါတယ်။

ဒါပေမယ့် အလောင်းတွေကို အိမ်တော်ရာဘုရားထဲသို့ ပြောင်းရွှေ့ ချထားလိုက်ခြင်းဟာ ဘာအဓိပ္ပာယ်ကို ဆောင်မလဲဆိုတာ စဉ်းစားကြည့်ရင် ရိုးရိုးလေးနဲ့ လွယ်လွယ်လေးအဖြေထွက်ပါတယ်။ ဒါက တစ်မျိုးသားလုံးနဲ့ ဆိုင်တဲ့ လှုပ်ရှားမှုအသွင်ကို ဆောင်စေပါတယ်။

ဗဟိုအမျိုးသားအထက်တန်းကျောင်းနဲ့ အိမ်တော်ရာဘုရားဟာ ဘယ် လောက်မှ မဝေးပါဘူး။ ဒါပေမယ့် ဒီလိုအပြောင်းအရွှေ့ကလေးလုပ်လိုက်တာကို နိုင်ငံရေးအဓိပ္ပာယ်နဲ့ကြည့်ရင် အင်မတန်ကြီးမားတဲ့ ကွာခြားမှုကြီးကို ဖြစ်စေ ပါတယ်။

ကျောင်းထဲမှာသာထားပြီး အသုဘချရင် ကျဉ်းမြောင်းတဲ့အသွင်ကို ဆောင်စေပါတယ်။ ဒါဟာ အင်အားအရကြည့်ရင် ကျောင်းသားထုရဲ့အားပဲ ရှိမယ်။ အိမ်တော်ရာကို ပြောင်းရွှေ့လိုက်တာနဲ့တစ်ပြိုင်နက် ကျယ်ပြန့်တဲ့ အသွင်ကို ဆောင်စေတယ်။ တစ်မျိုးသားလုံးရဲ့လှုပ်ရှားမှုအသွင်ကို ဆောင်စေ ပါတယ်။ ဒါဟာမြန်မာပြည်အတွက် အကြီးမားဆုံး နယ်ချဲ့ဆန့်ကျင်လှုပ်ရှား မှုကို ရုပ်လုံးပေါ်စေပါတယ်။ ဒီရည်ရွယ်ချက်နဲ့ပဲ ဆရာကြီးဦးရာဇတ်က အလောင်းတွေကို အိမ်တော်ရာဘုရားထဲ ရွှေ့ပြောင်းလိုက်ဟန်တူပါတယ်။ ဒါဟာ ဆရာကြီးဦးရာဇတ်ရဲ့ ကြီးမားတဲ့ အမြော်အမြင်ကို ဖော်ပြလိုက်ခြင်းပါ။

၁၀-၂-၃၉ နေ့ ည (၁၂) နာရီမှာဆရာတော် ဦးကလျာဏ ရဟန်းပျို အဖွဲ့ချုပ်ဥက္ကဋ္ဌနဲ့ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုအောင်တို့ကို ဖမ်းသွားပါတယ်။

သေနတ်ပစ်မှုကြီးဖြစ်တဲ့အတွက် စစ်ကိုင်းနဲ့ မန္တလေးအကျုံးအသန်း ကိုလဲ သက်ဆိုင်ရာမှ စောင့်ကြပ်လိုက်ပါတယ်။ ညအချိန်မှာ လုံးဝသွားခွင့် လာခွင့်မပြုရန်တားမြစ်ထားပါတယ်။

မန္တလေးမှာ သေနတ်ပစ်မှုကြီးဖြစ်တယ်ဆိုတော့ စစ်ကိုင်းက ကျောင်းသား

တွေကလဲ အသေခံဗိုလ်များအဖြစ် တပ်ကူလာကြပါတယ်။

အဲဒီလိုစစ်တပ်ပုလိပ်တပ်တွေ အထပ်ထပ်ချထားတဲ့အထဲက စစ်ကိုင်းက အသေခံတပ်ကူကျောင်းသားတွေဟာ စွန့်စားပြီး မန္တလေးကို ကျောင်းသားတွေရဲ့ခွပ်ဒေါင်းအလံလွှင့်ထူပြီး ချီတက်ခဲ့ပါတယ်။ မန္တလေးဘက်အကူးအမရပူရအရောက်မှာတော့ နယ်ချဲ့စစ်တပ်ကလုံ့စွပ်နဲ့ထောက်ပြီး ရှေ့မတိုးရန်တားမြစ်ခဲ့ပါတယ်။

ဒါပေမယ့် ကျောင်းသားတွေက အသေခံတွေပါ။ ကိုယ့်ကိုယ်ကိုသရဏဂုံတင်ပြီးသည့်အလား ကျည်ဆန်လုံ့စွပ် နောက်မတွန့်ဘဲ ရှေ့သို့သာတိုးလာခဲ့ကြပါတယ်။ နောက်ဆုံး မန္တလေးဗဟိုအမျိုးသား အထက်တန်းကျောင်းကို လူစုခွဲပြီး ရောက်ရှိသွားကြပါတယ်။

၁၇-၂-၁၉၃၉ နေ့မှာ နယ်ချဲ့သမားကပစ်လိုက်တဲ့ သေနတ်ဖျားက ယမ်းငွေ့တွေမပြယ်သေးခင် ရုပ်ကလာပ်များကို အမြောက်တင်ယာဉ် သုံးရောင်ခြယ်တူတံစဉ်အလံနဲ့ လွှမ်းခြုံတင်ဆောင်ပြီး အာဇာနည်ဗိမာန်မှာ သင်္ဂြိုဟ်လိုက်တယ်။

ဆရာကြီးဦးရာဇတ်ဟာ ဈာပနအခမ်းအနားမှာ ရဲတပ်ဗိုလ်ချုပ်ကြီးဦးရာဇတ်အဖြစ်နဲ့ ရဲတပ်စစ်ဝတ်စုံအပြည့်ကိုဝတ်ပြီး လိုက်ပို့ပါတယ်။

မူလစီတန်းလှည့်လည်ပွဲတုန်းက လူထုတစ်သိန်းကျော်ပါဝင်ခဲ့ပေမယ့် အခုဈာပနပွဲမှာ လူထု ၂ သိန်းကျော်ပါဝင်ဆင်နွှဲတယ်။ ၀-တစ်လုံးကိုဖျက်လိုက်တော့ နှစ်လုံးပေါ်လာတယ်ဆိုတဲ့ ခင်မောင်ရင်ရဲ့ ဘိုးဘိုးအောင်သီချင်းလိုပဲ။ ပြည်သူလူထုကြီးဟာ ကြောက်မသွားတဲ့အပြင် ဇာတိသွေး ဇာတိမာန်အပြည့်နဲ့အစိုးရကို ရွံရှာမုန်းတီးတဲ့၊ လက်စားချေလိုတဲ့စိတ်နဲ့ လိုက်လံပို့ဆောင်ခဲ့တယ်။ သံဃာ ၁၅၀ နဲ့ သရဏဂုံတင်ပြီး အုတ်ဂူသွင်းမြှုပ်နှံကြပါတယ်။

## ဒဏ်ရာရသူများကို ပုဒ်မ ၁၄၅ နဲ့ဖမ်းထားခြင်း

ချီတက်ဆန္ဒပြတဲ့နေ့က ကျဆုံးသွားသူများရှိသလို ဒဏ်ရာရသူများလဲရှိပါတယ်။ ဒဏ်ရာရသူများ အဖမ်းခံကြပါတယ်။

အဖမ်းခံရသူများကို ထောင်ကြီးချုပ်ပို့၊ ချက်ချင်းစစ်၊ ချက်ချင်းအပြစ်ပေးလိုက်ပါတယ်။ ဒဏ်ရာရသူများကိုတော့ အိန္ဒိယ ရာဇသတ်ပုဒ်မ

၁၄၅ အရ အမှုဖွင့်ထားပါတယ်။ ဆေးရုံမှာ ဆေးကုခံနေတဲ့ကာလမှာ လက်ထိတ်တစ်ဘက်ခတ်ထားတယ်။ ပုလိပ်အစောင့်များလဲ ချထားပါတယ်။

ဒဏ်ရာရသူများအတွက် အာမခံရရှိဖို့ ဗဟိုအမျိုးသားအထက်တန်းကျောင်းက ဆရာဦးခင်မောင်ကလေးနဲ့ ဆရာကြီးဦးဘဖေတို့က အပူတပြင်း စီစဉ်ပါတယ်။ အမှုအတွက် အာမခံလျှောက်ရတဲ့ရုံးက ငွေတိုက်ရုံးဖြစ်ပါတယ်။

ဒဏ်ရာရပြီး ဆေးရုံမှာဆေးကုသခံနေရတဲ့သူ ဘယ်သူဘယ်ဝါအတွက် ဘယ်သူက အာမခံငွေ ဘယ်ရွေ့ဘယ်မျှနဲ့ အာမခံပါတယ်ဆိုပြီး ငွေတိုက်ဝန်ထောက်မင်းဆီ အာမခံလျှောက်ရပါတယ်။

ငွေတိုက်ဝန်ထောက်က အာမခံတင်မယ့်ပုဂ္ဂိုလ်တွေမှာ တင်ပြတဲ့ ကတိအာမခံပစ္စည်း ရှိမရှိဆိုတာ နောက်ရက်မှာ လိုက်လံစစ်ဆေးကြည့်ပါသတဲ့။

အဲဒီလိုလိုက်လံစစ်ဆေးရင်းကနေ ဒေါ်ကြည် (သခင်အေးမောင်ကြီးရဲ့ဇနီး) ဆီ ငွေတိုက်ဝန်ထောက် ရောက်လာတယ်။

ဒေါ်ကြည်က ဒဏ်ရာရပြီး ဆေးရုံမှာ ပုဒ်မ ၁၄၅ နဲ့ အမှုဖွင့်ခံထားရတဲ့ မောင်ခင်မောင်အတွက် အာမခံပေးတဲ့ပုဂ္ဂိုလ်နှစ်ဦးထဲက တစ်ဦးပါ။

မောင်ခင်မောင်ဆိုတာ တတိယ အကြိမ်အပစ်မှာ မန္တလေး ထီးဝင်းကတဲ့။ မောင်ခင်မောင်ဆိုတာ ဘယ်သူ့သားလဲ၊ ဘယ်ကလဲ၊ ဖြူတယ်၊ မည်းတယ်၊ ကြီးတယ်၊ ငယ်တယ်ဆိုတာကို ဒေါ်ကြည်ကသိတာမဟုတ်ဘူး။ လိုက်အာမခံပေးပါလို့ ပြောလို့သာ လိုက်အာမခံပေးတာပါ။ တစ်မျိုးပြောရင် ကိုယ်စီးတဲ့ မြင်းအထီးလား၊ အမလားဆိုတာ မသိသလိုပါပဲတဲ့။ ဒေါ်ကြည်က မောင်ခင်မောင်ကို မသိသလို၊ မောင်ခင်မောင်ကလဲဒေါ်ကြည်ကို သိသလားလို့ မေးစရာရှိပါတယ်။ သူကလဲ ဒေါ်ကြည်ကိုမသိဘူးတဲ့။ ကဲ-အဖြစ်က ကိုယ့်ကိုယ်ကို ဂလိထိုးပြီး ရယ်ရမယ့်အပေါက်ပဲ။ ကိုင်း ထားပါတော့။ မောင်ခင်မောင်အတွက် အာမခံပေးပါဆိုလို့ ရုံးကိုလိုက်ပြီး အာမခံတင်ခဲ့တယ်။ ဒါကြောင့် ငွေတိုက်ဝန်ထောက်က လာစစ်ဆေးသတဲ့။

ဒေါ်ကြည်က နှစ်ထပ်တိုက်ပိုင်ရှင်ပါ။ အခြေနဲ့အနေနဲ့ဆိုတော့ ကိုယ်တွေ့မျက်မြင်ဖြစ်သွားပြီး ဟုတ်မှန်ကြောင်း သေချာမှ အာမခံသူတစ်ဦးအဖြစ် လက်ခံလိုက်ပါသတဲ့။

အာဇာနည် (၁၇)ဦး စျာပနအခမ်းအနားကို ရန်ကုန်က သတင်းစာဆရာများဖြစ်ကြတဲ့ ဦးဘခိုင်၊ ဦးလှ၊ မြန်မာနိုင်ငံဆိုင်ရာ အမျိုးသမီး

လွတ်လပ်ရေးအဖွဲ့ဝင် ဒေါ်အေးခင်၊ ဒေါ်ခင်မျိုးချစ်(ခေါ်) ဒေါ်ခင်မြတို့လဲ တက်ရောက်ပို့ဆောင်ကြပါတယ်။

အာဇာနည်များအတွက် အမိန့်ပြန်တမ်းနဲ့အမျှဝေစာတမ်းများကို ရဟန်းပျိုများအဖွဲ့ချုပ်ရဲ့ အလှည့်ကျသဘာပတိဥက္ကဋ္ဌဆရာတော် ဦးကလျာဏ ကိုယ်တော်အစား မဟာဝေယံဘုံသာတိုက် နေပြည်တော် မျိုးချစ်ရဟန်းတော် ဦးကုမာရကိုယ်တော်ကလည်းကောင်း၊ မန္တလေးမြို့လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ မိန့်ခွန်းကို ဒုဥက္ကဋ္ဌ ကိုမောင်ကိုကလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ လက်ညှိုးထောင် ကိုသိန်းအောင်ကိုယ်စား သမဂ္ဂကိုယ်စား ကိုသိန်းမောင်ကလည်းကောင်း အသီးသီးအမိန့်ပြန်တမ်းနဲ့အမျှဝေစာတမ်းများ၊ မိန့်ခွန်းများကို ဖတ်ကြားကြပါတယ်။

ချီတက်ဆန္ဒပြပွဲတုန်းက ဒဏ်ရာရခဲ့လို့ဆေးရုံမှာ တက်ရောက်ကုသနေတဲ့ မောင်ရွှေရိုးခေါ် မောင်ခင်မောင်ဟာ ဒဏ်ရာပြင်းထန်လွန်းလို့ ကုမရဘူး။ **ဆေးရုံမှာ (၈) ရက်ကြာကုသရင်းနဲ့ လဲကျသေဆုံးသွားရှာပါတယ်။**

သူ့အလောင်းကိုလဲ မဟာလောကရံသီ အိမ်တော်ရာဘုရားအတွင်းရှိ ၁၄ ခန်းဇရပ်မှာ ပြင်ဆင်ကြပါတယ်။ အာဇာနည် ၁၆ ဦးတို့ကို ပို့ဆောင်တဲ့နည်းတူ မောင်ရွှေရိုးခေါ် မောင်ခင်မောင်ရဲ့ ဈာပနအခမ်းအနားကို သံဃာတော်များ၊ မြို့မိမြို့ဖများ၊ တရုတ်ဘာသာဝင်များ စတဲ့ လူထုလူတန်းစားအဖွဲ့ပေါင်းစုံက လိုက်လံပို့ဆောင်ကြပါတယ်။ သူဟာ ၁၇ ဦးမြောက် **နေ့မျိုးမဟာသိဟသူရဘွဲ့ရသူ ပါ။**

ကျမ်းပြုသူကို ဖ-ဆ-ပ-လ ဝန်ကြီးဟောင်း ဦးကျော်ငြိမ်းက အောက်ပါအတိုင်း ပြောကြားပါတယ်။

"မန္တလေး အာဇာနည် (၁၇)ဦး ကျဆုံးတဲ့ ၁၃၀၀ ပြည့်နှစ်အရေးတော်ပုံ ကျောင်းသား၊ အလုပ်သမား၊ လယ်သမားနဲ့ မြို့ပေါ်ရှိ လူထုလူတန်းစားတွေ ပါဝင်လှုပ်ရှားဖို့အတွက် ရန်ကုန်ဌာနချုပ်က **ကျွန်တော့်ကို အထက်မြန်မာပြည် စည်းရုံးရေးမှူးအဖြစ် လွှတ်ထားခြင်း** ဖြစ်ပါတယ်။ ဒါပေမယ့် မန္တလေးမှာ ဧရာမဒီလှုပ်ရှားမှုကြီး ပေါ်ပေါက်လာအောင် ဆရာခင်မောင်လေးက ခေါင်းဆောင်တာဝန်ယူဆောင်ရွက်တာဖြစ်တယ်။

ဆရာကြီးဦးရာဇတ်ကတော့ ဆရာခင်မောင်ကလေးကို နောက်ပိုင်းကနေ လိုအပ်သလို ကူညီပေးနေတယ်။

ကျွန်တော်ကတော့ မန္တလေးကို အာဇာနည်နေ့ သေနတ်ပစ်မှု မဖြစ်ခင်ရောက်နေတယ်။ ကျွန်တော်က ဌာနချုပ်ကိုယ်စားလှယ်အနေနဲ့ ဘေးက လိုအပ်သလို ရံပေးတာပဲဖြစ်တယ်။

သေနတ်ပစ်မှုမတိုင်ခင် တစ်နေ့မှာ သခင်လှမောင် (ဗိုလ်ဇေယျ) ရန်ကုန်ကရောက်လာပြီး "ကျွန်တော့်တာဝန်တွေကို သခင်လှမောင်ကို လွှဲပေးထားပြီး ဌာနချုပ်ကို အမြန်ပြန်လိုက်ခဲ့ရမယ်"တဲ့။ အဲဒါကြောင့် ကျွန်တော်ချက်ချင်း ရန်ကုန်ကို လိုက်သွားရတယ်။

နို့မို့ရင် သေနတ်ပစ်ခံရမှာ သေချာပဲ။ သခင်လှမောင် (ဗိုလ်ဇေယျ) က နောက်တစ်နေ့ စီတန်းလှည့်လည်ပွဲမှာ လိုက်ပါသွားရတဲ့အတွက် ပေါင်မှာ ကျည်ဆန်ထိမှန်သွားတယ်။ သခင်လှမောင်မို့မသေတယ်။ ဘာကြောင့်လဲဆိုရင် သူက ဗလကောင်းသူမို့ဖြစ်တယ်။ ကျွန်တော့်လို နံပိန်ဘိန်းစားပုံမျိုးနဲ့ဆိုရင် ဒဏ်ရာရရင် သေမှာအမှန်ပဲ။ လွဲချင်တော့ ဌာနချုပ်အမိန့်နဲ့ ရန်ကုန်ကို ပြန်လိုက်သွားရတယ်။

နယ်ချဲ့အစိုးရက လယ်သမားတွေအပေါ် သဿမေဓလူခွန်တော်တွေ ကောက်တယ်။ လယ်ခွန်တွေ အဆမတန်ကောက်ခံ၊ ချစ်တီးတွေကလဲ သီးစားတွေ အတိုးတွေအဓမ္မတောင်း၊ မပေးနိုင်ရင် နွားသိမ်း၊ လယ်သိမ်း၊ နောက်ဆုံး သမီးပျိုပါသိမ်း၊ မွဲကိန်းဆိုက်နေတယ်။ အဲဒီလယ်သမားထုက မခံမရပ်နိုင်ဖြစ်လာတယ်။ ၁၉၃၀ ခု ဒီဇင်ဘာလ ၂၂ ရက်နေ့ တနင်္လာနေ့မှာ ဆရာစံဟာ သုဝဏ္ဏကဂဠုန်ရာဇာဘွဲ့ခံယူပြီး သာယာဝတီနယ်ကို တိုက်ရာကနေ စတင်သူပုန်ထခဲ့ပါတယ်။ နယ်ချဲ့အစိုးရက လက်နက်အားကိုးနဲ့ သူပုန်ကို ချေမှုန်းပစ်ခဲ့တယ်။ ဆရာစံကို ကြိုးပေးသတ်ခဲ့တယ်။

ရေနံမြေ (ချောက်ရေနံချောင်း)ရှိ ဘီအိုစီအလုပ်သမားတွေပေါ်မှာလဲ နယ်ချဲ့အစိုးရက နှစ်ပေါင်း ၅၀ ကျော် သဿမေဓ လူခွန်တော်တွေ ကောက်ခံခဲ့တယ်။ ဘီအိုစီနယ်ချဲ့အရင်းရှင်ကုမ္ပဏီကလဲ အလုပ်သမားတွေပေါ် ကုပ်သွေးစုပ်ခဲ့တယ်။ ထမင်းမဝလို့ ထမင်းဝအောင်ကျွေးပါလို့ တောင်းဆိုနေတဲ့ အလုပ်သမားတွေကို ဝအောင်မကျွေးဘူး။ အလုပ်သမားတွေကို အလုပ်ထုတ်ပစ်ခဲ့တယ်။ ခေါင်းဆောင်တွေကို ထောင်သွင်းအကျဉ်းချခဲ့တယ်။ သပိတ်မှောက်တဲ့ အလုပ်သမားတွေရဲ့ တောင်းဆိုချက်ကို မပေးဘဲ နံပါတ်တုတ်စာကျွေးတယ်။ မြင်းနဲ့တိုက်တယ်။ မြင်းခွာနဲ့ပေါက်တယ်။

ကျွန်ပညာကိုအလိုမရှိလို့ဆန့်ကျင်တဲ့ကျောင်းသားတွေ၊ မတရားဖိနှိပ်တဲ့

ဥပဒေတွေကို ရုပ်သိမ်းပေးဖို့တောင်းဆိုတဲ့ ကျောင်းသားခေါင်းဆောင်တွေကို ကျောင်းကထုတ်ပစ်တယ်။ ထောင်သွင်းအကျဉ်းချခဲ့တယ်။ သပိတ်မှောက်တဲ့ ကျောင်းသားတွေကို နံပါတ်တုတ်နဲ့ရိုက်တယ်။ မြင်းနဲ့တိုက်တယ်။ သေနတ်နဲ့ ပစ်သတ်တယ်။

ရဟန်းသံဃာတော်တွေ၊ အလုပ်သမား၊ လယ်သမားတွေ၊ ကျောင်းသားတွေနဲ့ ပြည်သူလူထုတွေရဲ့ နီရဲနေတဲ့သွေးတွေ ချောင်းစီးမတတ် ကျဆုံးခဲ့ရပါတယ်။

အာဇာနည် (၁၇) ဦးမှာ ဦးကေတု သက်တော် ၄၀၊ ဦးထွန်းအိဆိုသူက အသက် ၅၃ နှစ်တို့ကလွဲရင် ကျန်အာဇာနည်တွေဟာ အသက် ၃၀ အောက်တွေချည်းပဲ။ ကိုရွှေရိုးက ၁၆ နှစ်၊ မောင်လှမောင်က ၁၅ နှစ် ဖြစ်တယ်။ မန္တလေး "ထွန်းလှ ဟိုတယ်" ပိုင်ရှင် ဦးထွန်းလှ–ဒေါ်သိန်းညွန့်တို့ရဲ့သား ဗဟိုအမျိုးသားအထက်တန်းကျောင်းသား မောင်တင်အောင်ဟာဆိုရင် ၁၂ နှစ်ပဲရှိပါသေးတယ်။

ဒီလို လူရိုင်းဆန်ဆန် အပြစ်ကင်းမဲ့ခဲ့တဲ့ ပြည်သူတွေကို သတ်ဖြတ်ခဲ့တဲ့ပြစ်ချက်ကို မဝေးသောကာလမှာ ပြစ်ဒဏ်ခတ်ခံရပေလိမ့်မယ်။

လက်နက်ဆို အပ်တိုတစ်ချောင်းမှ မပါတဲ့ ရဟန်းရှင်လူ လူမမည်ကျောင်းသားတွေကို နယ်ချဲ့အင်္ဂလိပ်အစိုးရက လက်နက်အားကိုးနဲ့ ဒီလိုရက်ရက်စက်စက်သတ်ဖြတ်ခဲ့တာဟာ တစ်နည်းဆိုရင် သူ့သေတွင်းကို သူတူးနေလိုက်ခြင်းပဲဖြစ်တယ်ဆိုတာဟာ သမိုင်းက အကောင်းဆုံး သက်သေခံခဲ့ပြီးပါပြီ။

၁၂–၂–၃၉ နေ့မှာ ဒေါက်တာဗမော်အစိုးရပြုတ်ကျသွားပြီး ဦးဘဖေရဲ့ မျိုးချစ်ပါတီတက်လာပါတယ်။ ကျောင်းသားတွေနဲ့ပြည်သူတွေက "ဗမော်ဘဦးတို့က ရှုပ်သနော်"စတဲ့သီချင်းကို စပ်ဆိုရွတ်ချခဲ့ကြတယ်။

နေမျိုးမဟာသီဟသူရဘွဲ့ရ အာဇာနည် (၁၇) ဦးအခန်းနဲ့ပတ်သက်ပြီး–

အောက်ပါပုဂ္ဂိုလ်များရဲ့ ပြောပြချက်များကို စုပေါင်းရေးသားထားတာဖြစ်ပါတယ်။

မန္တလေး ဦးကြည်မြ (ရန်ကုန် ဗဟိုတရားရုံး၊ တရားသူကြီးအဖွဲ့ဝင်ဟောင်း၊ စာရေးဆရာ ကြည်မြ)။

သခင်ရန်ရွှေ၊ နန်းတော်ရှေ့ရပ် (အလံနီကွန်မြူနစ်ပါတီ ခေါင်းဆောင်ဟောင်း)။

ဦးခင်မောင်ကို၊ နန်းတော်ရှေ့ (အရင်ခရိုင် ဖဆပလအဖွဲ့ အတွင်းရေးမှူးဟောင်း)။

ဦးဘမြင့်နဲ့ဇနီးဒေါ်ညိုညို၊ နေပြည်တော်ပုံနှိပ်တိုက်ပိုင်ရှင် ၈၄ လမ်း။

ဦးချစ်ဆွေနဲ့ဇနီးဒေါ်မိမိခင်၊ စောင်းကောက်ဖိနပ်လုပ်ငန်း ပိုင်ရှင်၊ တရုတ်တန်း။

ဒေါ်စိမ်းရင်၊ ဆန်းနုယဉ်ဂေဟာ၊ တရုတ်တန်း။

ဒေါ်သန်းတင် (ဒေါ်သိန်းရင်နဲ့အတူနေ) တရုတ်တန်း။

ဦးစောလှ၊ အရှေ့တိုင်း နို့ဆီလုပ်ငန်း။

အငြိမ်းစားဗိုလ်မှူး ထွန်းလင်းနဲ့ဇနီး ဒေါ်တင်တင်မြိုင်၊ ကျော် တည်းခိုခန်း၊ ၂၆ လမ်း။

ဦးချစ်ဆွေ၊ ကျဆုံးသွားတဲ့ အာဇာနည်ခေါင်းဆောင်ကြီး ဆရာကြီး ဦးရာဇတ်၏ အပါးတော်မြဲ။

ဦးဘတုတ်၊ မန္တလေး သူရိယသတင်းထောက်ဟောင်း၊ အခု လမ်း ၂၀၈၊ သက်မာဆေးလိပ်လုပ်ငန်း၊ ရန်ကုန်။

ဦးသိန်းဖေ (စာရေးဆရာ သိန်းဖေမြင့်–ကွယ်လွန်)။

**ဆရာဗိုလ်ခင်မောင်ကလေး၊ ဖဆပလဝန်ကြီးဟောင်း၊ ကွယ်လွန်။**

ဦးကျော်ငြိမ်း၊ ဖဆပလ ဝန်ကြီးချုပ်ဟောင်း၊ ကွယ်လွန်။

အငြိမ်းစားဗိုလ်မှူးကြီးဘရွှေ (သံအမတ်ကြီးဟောင်း)။

ဦးအောင် (ငွေစာရင်းအရာရှိဟောင်း)။

ဦးတင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် အသံလွှင့်ဌာန၊ အငြိမ်းစား။

သခင်ချန်ထွန်း၊ သံအမတ်ကြီးဟောင်းနှင့် ဇနီး ဒေါ်ရင်ရင်။

ဦးဘတင်၊ အငြိမ်းစား၊ ရုံးအဖွဲ့မှူး၊ မြို့နယ်ပြည်သူ့ကောင်စီ၊ ပန်းဘဲတန်းမြို့နယ်။

ဦးသန်းမောင်၊ သူရိယသတင်းစာတိုက်ပိုင်ရှင်နဲ့ အယ်ဒီတာချုပ်ဟောင်း။

ဗိုလ်သိန်းတန်၊ (တပ်နီ၊ ဗကပ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ် သုတေသနမှူး၊ အငြိမ်းစား)။

စစ်ကိုင်းဟန်တင်၊ အခန်း(၂)၊ တိုက်အမှတ် (၁၆၄)၊ ကမာကြည်လမ်း၊ သုဝဏ္ဏမြို့။

ဒေါ်သန်းလှ၊ အမျိုးသားစိမ်ကိန်းဌာန၊ အထူးအရာရှိဦးဘကလေး၏ဇနီး။

## အခန်း (၂၀)
## မန္တလေးမှာကျင်းပတဲ့
## ဒုတိယအကြိမ်မြောက်
## ကျောင်းသားများကွန်ဖရင့်နဲ့ ပဏ္ဏာစ်နေရှး

မန္တလေးမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂညီလာခံသဘင်ကို ၁၉၃၇ ခု၊ မေလ (၁-၂) ရက်နေ့များတွင်ကျင်းပဖို့စီစဉ်ကြပါတယ်။

ဒီကျောင်းသားကွန်ဖရင့်ဟာ ဒုတိယအကြိမ် ကျင်းပတဲ့ညီလာခံဖြစ်ပါတယ်။

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂညီလာခံကို မန္တလေးမှာလုပ်ဖို့ ဘာကြောင့်ရွေးချယ်လိုက်သလဲဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး သခင်အောင်ကြီး(ပေါင်းတည်)က ဒီလိုရေးသားဖော်ပြတာတွေ့ရပါတယ်။

> မန္တလေးမှာ ညီလာခံကျင်းပရတဲ့အကြောင်းရင်းကတော့ မန္တလေးဟာ မြန်မာရှင်ဘုရင်များရဲ့နောက်ဆုံးမင်းနေပြည်တော်လည်းဖြစ် ရန်ကုန်ကလွဲလျှင် ဒုတိယအကြီးမားဆုံး မြန်မာပြည်ရဲ့မြို့တော်လည်းဖြစ်၊ အထက်မြန်မာပြည်ရဲ့အချက်အချာလည်းဖြစ်တဲ့အတွက် ရွေးချယ်ခြင်းဖြစ်ဟန်တူပါတယ်။
>
> တကယ်တိတိကျကျ ခိုင်းတဲ့သူကတော့ မစ္စတာရာရှစ်ဖြစ်ပြီး တိတိကျကျ တာဝန်ခံယူတဲ့သူကတော့ ဆရာခင်မောင်ကလေး (ဗိုလ်ခင်မောင်ကလေး) ဖြစ်ပါတယ်။ ဆရာခင်မောင်ကလေးဟာ သပိတ်မှောက်ခေါင်းဆောင်တစ်ယောက်ဖြစ်ခဲ့ပြီး မန္တလေးသားလည်းဖြစ်၊

နေရှင်နယ်ကျောင်းဆရာလည်းဖြစ်၊ (ကျောင်းဆရာဆိုပေမယ့် ကျောင်းဆရာပေါက်စပါ) မန္တလေးမှာလည်း ဩဇာရှိတဲ့အတွက် တာဝန်ပေးခံရတာဖြစ်ပါတယ်။

ဆရာခင်မောင်ကလေးဟာ ဟိုခေတ်ကတော့ မန္တလေးမှာ လျှမ်းလျှမ်းတောက် လူငယ်ခေါင်းဆောင်ဖြစ်ပါတယ်။ မန္တလေးကို ခြေကုပ်ယူခဲ့ရတဲ့ အာဇာနည်(၁၇)ဦးကျဆုံးခဲ့တဲ့ကျောင်းသားများနှင့် ရဟန်းပျိုများလှုပ်ရှားမှုတွေ၊ မြေအောက်တော်လှန်ရေး လုပ်ငန်းတွေဆိုတာဟာ ဆရာခင်မောင်ကလေးရဲ့ ကြိုးပမ်းမှုတွေအဓိက ပါဝင်

---

၁။ ထိုနေ့နံနက်က မန္တလေးမြို့၌ ဒုတိယအကြိမ်ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများကွန်ဖရင့်မှ ကိုယ်စားလှယ်ကျောင်းသားများက ပဏ္ဍာစ်ဂျဝါဟလာ နေရူးအား ဗဟိုအမျိုးသားကျောင်းကြီးသို့ပင့်ဆောင်လာသည့် အခမ်းအနား၌ ထိပ်ဆုံးက လိုက်ပါလာကြကြောင်း၊ သူရိယသတင်းစာ (၁၁-၅-၃၇) စာမျက်နှာ ၁၁။

၂။ ခေါင်းဆောင်များနှင့် ရင်းနှီးခဲ့တဲ့ ဒုတိယအကြိမ်မြောက် ကျောင်းသားကွန်ဖရင့်ကြီးကို ဗဟိုအမျိုးကျောင်းတွင် ကျင်းပနိုင်ခဲ့ပါသည်။ (ဦးမြသန်း-ဗဟိုရိစည်တင်ပြသည့် အမျိုးသားအောင်ပွဲနေ့နှင့် အမျိုးစိတ်ဓာတ်၊ (၃၉)ကြိမ်မြောက်အမျိုးသားပွဲနေ့ထုတ်-ဗဟိုရိစည်သတင်းစာ)။

၃။ ၁၉၃၇ ခုနှစ်မှာကျင်းပတဲ့ ဒုတိယကျောင်းသားညီလာခံနဲ့ပတ်သက်ပြီး စာရေးဆရာကြီးဆရာမန်းတင်ကလည်း "သည်နှစ်ဦး" ဆိုတဲ့ခေါင်းစဉ်နဲ့ ကိုယ်တွေ့ဆောင်းပါးတစ်တခုကို ၁၉၅၀ ခု၊ ဇွန်လထုတ် ပဒေသာမဂ္ဂဇင်းမှာ ရေးထားတာကို ဖတ်ရှုရပါတယ်။ သူ့ဆောင်းပါးမှာလည်း ဒုတိယအကြိမ်မြောက်ကျောင်းသားများသမဂ္ဂ ညီလာခံဆိုပြီး အတိအလင်းရေးသားဖော်ပြခဲ့ပါတယ်။

၄။ ဒါပေမယ့် ပေဖူးလွှာမဂ္ဂဇင်းအမှတ် ၄၉၊ ဇွန်လ ၁၉၈၅ ထုတ်စာ ၄၃ ကျွန်တော် အညာသားပါခင်ဗျာဆိုတဲ့ဆောင်းပါးမှာ ၁၉၃၈ ခုနှစ် ပုသိမ်မှာ ကျင်းပတဲ့ ဒုတိယအကြိမ်ကျောင်းသားညီလာခံလို့ ရေးသားခဲ့ပါတယ်။ ဒီလို ရေးသားဖော်ပြခဲ့ပါတယ်။ အမှန်ကတော့ သခင်အောင်ကြီး (ပေါင်းတည်) အနေနဲ့ (၄၈) နှစ် ကြာတဲ့အခါမှ ဒီဆောင်းပါးကိုရေးခဲ့ပါတယ်။ဒီလောက်ကြာလာပြီးမှရေးရတော့ မေ့ချင်လည်းမေ့နေပါမယ်။ (၁၁-၅-၃၇) နေ့ထုတ် သူရိယနေ့စဉ်သတင်းစာကတော့ နေ့စဉ်လို သတင်းတွေ ရေးသားဖြန့်ချိနေရတော့ စိတ်ထင်နဲ့ရေးတဲ့သတင်းမဟုတ်ခဲ့ဘူး။ ယင်းသူရိယ သတင်းစာနဲ့ ဦးမြသန်း ဗဟိုစည်သတင်းစာ စာရေးဆရာကြီးဆရာမန်းတင်ရဲ့ "သည်နှစ်ဦး" ဆောင်းပါးတို့မှာ ၁၉၃၇ ခုနှစ် မန္တလေးမှာကျင်းပတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကွန်ဖရင့်ဟာ ဒုတိယအကြိမ်ဖြစ်ကြောင်း ဖော်ပြတော့ အဲဒီဖော်ပြချက်ဟာအမှန်လို့ယူဆရပါမယ်။

ပါတယ်ဆိုလျှင်တော့ မလွဲနိုင်ပါဘူး။ ဒါကြောင့်လည်း နောက်ပိုင်း ပါဝင်လာတဲ့ ကျွန်တော်တို့လူငယ်စုထဲမှာ သူဟာအသည်းစွဲဖြစ်ခဲ့ ပါတယ်။

ဆရာခင်မောင်ကလေးဟာ သူ့ကိုတာဝန်ပေးခဲ့ရတာနဲ့ တစ်ပြိုင် နက် သူ့ဆရာ–ဆရာကြီးဦးရာဇတ်ထံပြေးပြီး အကျိုးအကြောင်းတင်ပြပြီး ဆရာကြီး ကျောင်းအုပ်အဖြစ် စတင်တည်ထောင်ခဲ့တဲ့နေရှင်နယ်ကျောင်း ကြီးကို ညီလာခံကျင်းပရန်နေရာအဖြစ် ပြုလုပ်ခွင့်တောင်းပါတယ်။ သခင်အောင်ကြီး (ပေါင်းတည်)က နောက်ပိုင်းဆက်ရေးသားထားတာ ကို ဖော်ပြရမယ်ဆိုရင်–

ဆရာကြီးဦးရာဇတ်ဟာ ဆရာခင်မောင်ကလေးရဲ့တင်ပြရှင်းလင်း ပြောဆိုချက်တွေကို လေးလေးနက်နက် နားထောင်ပြီးသည်နှင့်တစ်ပြိုင် နက် လက်ခံသဘောတူခွင့်ပြုလိုက်ပါတယ်။ အစစအရာရာ မလစ် ဟင်းအောင် ဆောင်ရွက်ကြဖို့လည်း မှာကြားလိုက်ကြောင်းကိုလည်း သိရပါတယ်။ ဆရာခင်မောင်ကလေးဟာ ဆရာကြီးခွင့်ပြုချက်ရသည်နှင့် တစ်ပြိုင်နက် ဘော်ဒါကျောင်းဆောင်အုပ် ဆရာထွန်းမောင်နှင့်တိုင်ပင်ပြီး ဆရာ ထွန်းမောင် ဘော်ဒါဆောင်မှာ စခန်းချပြီး ညီလာခံအတွက် စိုင်းပြင်း ပါတယ်။ ကိုဗဟိန်းဟာ မန္တလေးကောလိပ်ကျောင်းသားသမဂ္ဂ ခေါင်းဆောင် ဖြစ်ပါတယ်။

ဒီကျောင်းသားကွန်ဖရင့်မှာ ဖွဲ့စည်းလိုက်တဲ့ ဧည့်ခံကော်မတီက ကြေညာချက်တစ်စောင်ကိုထုတ်လိုက်ပါတယ်။ ဒီကြေညာချက်ကို သူရိယ သတင်းစာ (၃–၄–၃၅)နေ့စာမျက် ၄၄ မှာ အခုလိုဖော်ပြထားပါတယ်။

**ကျောင်းသားများကွန်ဖရင့်**
**ဧည့်ခံကော်မတီဝင်ကြေညာချက်**

၁။ ကွန်ဖရင့်ကို မေလ ၁ ရက်နှင့် ၂ ရက်နေ့များတွင် နံနက် ၈ နာရီမှ ၁၀ နာရီခွဲအထိ၊ ညနေ ၆ နာရီမှ ၈ နာရီခွဲအထိ အချိန်များ အတွင်း ကျင်းပလိမ့်မည်ဖြစ်ကြောင်း၊ ကြားအချိန်များတွင် ဗဟုသုတ

---

သခင်အောင်ကြီး (ပေါင်းတည်) ကျွန်တော်အညာသားပါခင်ဗျား ပေဖူးလွှာမဂ္ဂဇင်း၊ အမှတ် (၄၇) ဧပြီလ ၁၉၈၅ ခု၊ စာ–၇၁–၇၂။

ဖြစ်ဖွယ်ရာ စကားပြော၊ ဟောပြောပွဲများကျင်းပခြင်း၊ ရာဇဝင်ထင်ရှားခဲ့သော အရပ်ဒေသနေရာများသို့ သွားရောက်ကြည့်ရှုခြင်း၊ ဒီစတြိတ်အတွင်းရှိ တောရွာများသို့သွားရောက်ကြကာ ဆင်းရဲသားများ၏အခြေအနေကို လက်တွေ့မျက်မြင်စုံစမ်းခြင်း စသည်တို့ကို ပြုလုပ်လိမ့်မည်။

၂။ ကွန်ဖရင့်သို့ အမျိုးဘာသာမခွဲခြားဘဲ ကောလိပ်ကျောင်းများမှဖြစ်စေ၊ အင်္ဂလိပ်ကျောင်း၊ အင်္ဂလိပ်မြန်မာနှစ်ဘာသာကျောင်းများမှဖြစ်စေ မည်သည့်ကျောင်းသားမဆို တက်ရောက်နိုင်သည်။

၃။ ကွန်ဖရင့်သို့တက်ရောက်ကြသော ကျောင်းသားများကို ကွန်ဖရင့်အဖွဲ့သားများအဖြစ် အသိအမှတ်ပြု၍ အဖွဲ့ဝင်ကြေးအဖြစ် ကျောင်းသားတစ်ဦးလျှင် ၁/–ကျ ပေးရမည်ဖြစ်ကြောင်း၊ ကွန့်ဖရင့်အဖွဲ့သားတိုင်း ကွန်ဖရင့်တွင် စကားပြောဆိုနိုင်ခွင့်နှင့် မဲဆန္ဒပေးခွင့်ရသည်။

၄။ ကျောင်းသားမဟုတ်သူ လူကြီးလူငယ်မည်သူမဆို ဧည့်သည်အဖြစ် ၁/–ပေး၍တက်ရောက်နိုင်သည်။ ဧည့်သည်များသည် ကွန်ဖရင့်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရှိဘဲ စကားပြောဆိုနိုင်ခွင့်မရှိကြောင်း။

၅။ နယ်မှတက်ရောက်ကြမည့်ကျောင်းသားများနှင့် (ကျောင်းသားမဟုတ်သည့်)ဧည့်သည်များ တည်းခိုနေထိုင်ရန် အတွက် တစ်ဦးလျှင် တည်းခိုခနှင့်စားသောက်ခ ၅/–ကျပေးရမည်ဖြစ်ကြောင်း၊ စားသောက်ရေးကိစ္စကို ဧပြီလ ၃၀ ရက်နေ့က စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း။

၆။ ကွန်ဖရင့်သို့တက်ရောက်ကြမည့် ကျောင်းသားများနှင့် ဧည့်သည်များသည် ကျသင့်သောအခကြေးငွေများကို ၁၉၃၇ ခု ဧပြီလ ၂၅ ရက်ထက် နောက်မကျစေဘဲ တင်ပို့စေလိုပါသည်။ တည်းခိုရာဌာနတွင် နေမည် မနေမည် အလျင်ကြိုတင်အကြောင်းကြားစေလိုပါသည်။ တည်းခိုရာဌာနတွင် နေမည်ဆိုက မိမိတို့နှင့်အတူ အိပ်ရာလိပ်များကို ယူခဲ့စေလိုပါသည်။

၇။ ကွန်ဖရင့်အတွက် အဆိုစိစစ်ရေးကော်မတီ၏ အစည်းအဝေးကို ဧပြီ ၃၀၊ ၃၁ ရက်နေ့များတွင် ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုများကို ဧပြီလ ၃၀ ရက်နေ့နံနက်အရောက်ပို့ပေးစေလိုသည်။

၈။ အဆိုစိစစ်ရေးကော်မတီတွင် မြို့တိုင်းရှိ သမဂ္ဂအသင်းမှ တစ်ဦး၊ သမဂ္ဂအသင်းမရှိသော မြို့တိုင်းမှ ကိုယ်စားလှယ် ၅ ဦးလျှင် တစ်ဦး၊ ရန်ကုန်သမဂ္ဂအသင်းမှ ၃ ဦး၊ မန္တလေးကောလိပ် သမဂ္ဂအသင်းမှ ၃ ဦး၊ မန္တလေးသမဂ္ဂအသင်းမှ ၂ ဦးကျပါဝင်ကြလိမ့်မည်ဖြစ်ကြောင်း။

၉။ အမျိုးသမီးများတည်းခိုရန်အတွက် အထူးသီးသန့်ကာ စီစဉ်ထားသည်။

**မှတ်ချက်။** သမဂ္ဂအသင်းမဟုတ်သော အခြားအလားတူ အသင်းများ (ဥပမာ) ဗုဒ္ဓဘာသာအသင်း၊ ကျန်းမာရေးအသင်း၊ စကားဟောပြောပွဲအသင်းနှင့် အခြားအသင်းများ) မှလည်း ကိုယ်စားလှယ် စေလွှတ်နိုင်ကြပါသည်။ ညီမျှသော ကိုယ်စားလှယ်အခွင့်အရေးများကိုလည်း ရပါသည်။

သန်းမောင်
အကျိုးဆောင်
ကွန်ဖရင့်ညှိခံကော်မတီ
ဗဟိုအမျိုးသားကျောင်း
မန္တလေးမြို့။

သူရိယသတင်းစာ(၃-၄-၃၇)၊ စာ-၄၄။

အဲဒီလိုကွန်ဖရင့်ကို မေလ (၁-၂)ရက်နေ့များမှာကျင်းပဖို့ရှိပါတယ်။ ဒါပေမယ့် အိန္ဒိယပြည်ကွန်ဂရက်ပါတီဥက္ကဋ္ဌကြီး ပဏ္ဍစ်ဂျဝါဟာလာနေရူးနဲ့ သမီး အင်ဒီရာဂန္ဒီတို့သားအဖ မြန်မာပြည်ကိုအလည်အပတ်လာကြမယ်၊ အဲဒီအခါ အိန္ဒိယပြည်ကွန်ဂရက်ပါတီဥက္ကဋ္ဌကြီးကို ကြုံကြိုက်တုန်း ကျောင်းသားညီလာခံမှာ မိန့်ခွန်းပြောကြားဖို့ အစီအစဉ်လုပ်လိုက်ပါတယ်။

အဲဒါကြောင့် ညီလာခံကို အိန္ဒိယပြည်ကွန်ဂရက်ပါတီဥက္ကဋ္ဌကြီး မန္တလေးကိုရောက်မယ့်အချိန်ကိုတွက်ချက်ပြီး ကျောင်းသားကွန်ဖရင့်ကို ရွှေ့ဆိုင်းလိုက်တယ်လို့ သခင်အောင်ကြီး (ပေါင်းတည်) က ပေဖူးလွှာ မဂ္ဂဇင်းအမှတ် ၄၉ ဇွန်လ ၁၉၈၅ မှာ သူ့ရဲ့ ကျွန်တော်အညာသားပါ ခင်ဗျာဆောင်းပါးစာမျက်နှာ (၄၄)မှာ အတိအကျရေးသားဖော်ပြထားပါတယ်။

"မစ္စတာပဏ္ဍစ်ဂျဝါဟာလာနေရူးရဲ့အတ္ထုပ္ပတ္တိအကျဉ်း"

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂညီလာခံအကြောင်းကိုရေးရင် ခေါင်းဆောင်ကြီး ပဏ္ဍစ်နေရူးအကြောင်းကို ချန်လှပ်ထားလို့မရပါ။ ဒါကြောင့် ပဏ္ဍစ်နေရူးနဲ့ စာဖတ်ပရိသတ်တွေကို မိတ်ဆက်ပေးလိုပါတယ်။ တကယ်တမ်းကျတော့ စာဖတ်ပရိသတ်တွေကို အထူးမိတ်ဆက်ပေးဖို့ လိုမယ်မထင်ပါဘူး။ ခေါင်းဆောင်ကြီး ပဏ္ဍစ်နေရူးနဲ့ သမီး အင်ဒီရာဂန္ဒီဆိုရင် မြန်မာပြည်သူတွေတင်မက ကမ္ဘာပြည်သူတွေပါ သိပြီး ဖြစ်ပါတယ်။ အကျော်ဒေးယျသားအဖနှစ်ယောက်ပါ။ ဒီမှာ ထပ်မံပြီး မစ္စတာ ပဏ္ဍစ်နေရူးရဲ့အကြောင်းကို အကျဉ်းချုပ် ဖော်ပြပါရစေလား။

ဥက္ကဋ္ဌကြီး ပဏ္ဍစ်နေရူး မြန်မာပြည်ကို အလည်လာဖို့ အထူးကြိုးစားပြီး ဖိတ်ကြားသူကတော့ မစ္စတာ ရာမတ်(ရှ်)နိုပ်ဂိုတွမ်ပါ။ သူဟာ ဘရားမား‌ဒ်(ရှ်)ဂျာနယ်၏ အယ်ဒီတာတစ်ဦးဖြစ်ပါတယ်။ မြန်မာပြည်ကွန်ဂရက်ရဲ့ စက္ကရီတေရီလဲဖြစ်ပါတယ်။ တိုင်းကျိုးပြည်ကျိုးကိုအထူးဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ပါ။ သူသွားရောက်ဖိတ်ကြားခဲ့တဲ့အတွက် ဥက္ကဋ္ဌကြီးတို့သားအဖ မြန်မာပြည်ကို ရောက်လာကြခြင်းဖြစ်ပါတယ်။

မစ္စတာပဏ္ဍစ်နေရူးဟာ မစ္စတာမိုတီလ်နေရူးရဲ့သားပါ။ ဥက္ကဋ္ဌကြီးရဲ့ ဖခင်ဟာ မြန်မာပြည်က ဦးဥတ္တမကိုယ်တော်ကြီးနဲ့ အင်မတန်ရင်းနှီးခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ဇနီး ကလာမာနေရူးဟာ သူတို့သားအဖ မြန်မာပြည်မလာခင်မှာပဲ ဂျာမဏီမှာ ဆေးသွားကုရင်း ဂျာမဏီမှာပဲဆုံးခဲ့ပါတယ်။ မြန်မာပြည်ကို လာတဲ့အခါမှာ သမီး အင်ဒီရာဂန္ဒီကို သူ့ရဲ့အပါးတော်မြဲအဖြစ်နဲ့ခေါ်လာခဲ့ပါတယ်။

ပဏ္ဍစ်နေရူးဟာ ငယ်စဉ်က ရင်ဘီ (Rugby) ကျောင်းကြီးမှာ ပညာသင်ခဲ့တယ်။ နောက် ထရင်နီတီကောလိပ် (Trinity College) ကျောင်းမှာ သိပ္ပံပညာရပ်များကို ဆက်လက်သင်ကြားတယ်။ အဲဒီနောက် လန်ဒန်မြို့ရှိ အင်နာတင်းပဲလ် (Inner Temple) ဥပဒေကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ခဲ့တယ်။ ၁၉၁၂ ခုနှစ်မှာ ဝတ်လုံဘွဲ့ကိုရရှိခဲ့တယ်။ နောက် မဟာဝိဇ္ဇာ (M.A) ဘွဲ့ကိုပါ ရရှိခဲ့တယ်။

သူဟာ ကျောင်းသားဘဝမှာထဲက နိုင်ငံရေးကို စိတ်ဝင်စားသူဖြစ်တယ်။ သူပညာသင်နေတဲ့အချိန်တုန်းက အိန္ဒိယပြည်မှာ ကျော်ကြားတဲ့ ခေါင်းဆောင်

တွေဖြစ်တဲ့ လတ်ဂျပတ်ရေး၊ ဘီလက်ဘီပင်ချန်ဒရာပေါလ်နဲ့ အိန္ဒိယ အမျိုးသမီးကြီး ဒေါက်တာ အင်နီဗင်းဆင့်တို့ကို အထူးကြည်ညိုခဲ့ပါတယ်။

၁၉၁၃ မှ ၁၉၂၀ ခုနှစ်အထိ အလဟာဘတ်ဟိုက်ကုပ် လွှတ်တော်ဝတ်လုံရအဖြစ် အမှုလိုက်ခဲ့ပါတယ်။ ဒါပေမယ့်လို့ အစိုးရနဲ့ဆက်ဆံရတဲ့လုပ်ငန်းကို မနှစ်မြို့တဲ့အတွက် ၁၉၂၀ ခု၊ စက်တင်ဘာလမှာ ဝတ်လုံအလုပ်ကိုတစ်ခါတည်း စွန့်လွှတ်လိုက်တယ်။

သူဟာတိုင်းပြည်အတွက် အထူးအနစ်နာခံလိုတဲ့စိတ်ရှိသူပီပီ အိန္ဒိယကွန်ဂရက်ပါတီထဲကို ခြေစုံပစ်ဝင်လိုက်ပါတယ်။ တစ်ဘက်မှာလဲ အလဟာဘတ်မြို့မှာ အင်္ဂလိပ်ဘာသာနဲ့ထုတ်ဝေတဲ့ အင်ဒီပင်းဒင့် သတင်းစာမှာ ဒါရိုက်တာလူကြီးတစ်ယောက်အဖြစ်နဲ့လည်းကောင်း၊ သတင်းစာအယ်ဒီတာတစ်ဦးအဖြစ်နဲ့လည်းကောင်း ဝင်ရောက်လုပ်ကိုင်ခဲ့တယ်။ ဒီသတင်းစာဟာ သူ့ဖခင်ရဲ့ သတင်းစာဖြစ်ပါတယ်။

ဒီလိုနိုင်ငံရေးဝင်လုပ်တဲ့အတွက် ၁၉၂၁ ခုနှစ်မှာ ထောင်ဒဏ် (၆)လ အပြစ်ပေးခံရတယ်။ ထောင်ထဲမှာ (၃)လနေပြီး ထောင်ကလွှတ်လိုက်တယ်။ နောက်တစ်ကြိမ်(၉)လထောင်ကျပြန်တယ်။ ၁၉၂၃ ခုနှစ်မှာ အစိုးရရဲ့အမိန့်ကို ဖီဆန်တဲ့အတွက် ထောင် (၆)လ၊ ရုန်းကန်ထကြွဖို့စီစဉ်တဲ့အတွက် ထောင် (၂) နှစ်၊ ဒါပေမယ့် ပြစ်ဒဏ်မခံရခင်ဘဲ သူ့ပုန်ထမှာစိုးတဲ့အတွက် လွှတ်ပေးလိုက်ရပြန်တယ်။

၁၉၄၃ ခုနှစ်မှာ အစိုးရကို အကြည်ညိုပျက်စေတဲ့တရားကို ဟောတဲ့အတွက် ထောင်ဒဏ်(၂)နှစ်ကျခံဖို့ အမိန့်ချမှတ်တယ်။ ၂ နှစ်မစေ့ခင်ဘဲ သူ့ရဲ့ဇနီးက မကျန်းမာတဲ့အတွက် ထောင်ကလွှတ်လိုက်ပြန်တယ်။

မစ္စတာနေရူးဟာ ၁၉၂၆–၂၇ ခုနှစ်လောက်မှာ ဥရောပတိုက်သို့ လှည့်လည်ပြီး အိန္ဒိယပြည်ကြီးကို လွတ်လပ်ရေးပေးသင့်ကြောင်း တရားဟောခဲ့တယ်။ ၁၉၂၇ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပတဲ့ အောက်တိုဘာတော်လှန်ရေးရဲ့ ၁၀ နှစ်မြောက် အခမ်းအနားမှာ ပါဝင်ခဲ့တယ်။ ရုရှားပြည်ရဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်တွေကို လေ့လာခဲ့တယ်။ အဲဒီစီးပွားရေးစနစ်အကြောင်းကို စာအုပ်တစ်အုပ်ရေးသားထုတ်ဝေခဲ့တယ်။ ဒီစာအုပ်အတွက် အင်္ဂလိပ်သတင်းစာတွေက ချီးကျူးကြတယ်။

ပဏ္ဍာစ်နေရူးဟာ စာပေအရာမှာ ထူးထူးချွန်ချွန် နိုက်နိုက်ချွတ်ချွတ် သင်ကြားခဲ့သူပီပီ စာပေအရေးအသားမှာ ပြောင်မြောက်သူ တစ်ယောက်ဖြစ်ပါတယ်။ လူလူချင်းဆက်ဆံရာမှာ သိမ်မွေ့တယ်။ ပျော့ပျောင်းတယ်။ နူးညံ့တယ်။ နှလုံးကောင်းသူဖြစ်တယ်။

အဲဒီအရည်အချင်းတွေကြောင့် အင်္ဂလန်ကိုရောက်တဲ့အခါမှာ သူ့ရဲ့ ပျော့ပျောင်းနူးညံ့တဲ့ ဆက်ဆံရေး၊ ယဉ်ကျေးသိမ်မွေ့တဲ့စိတ်ထား၊ မြင့်မြတ်တဲ့ သဘောထားအရလည်းကောင်း၊ စာပေအရာမှာ တတ်ကျွမ်းတတ်မြောက်တဲ့ အတွက်လည်းကောင်း၊ မြင့်မြတ်တဲ့နိုင်ငံရေးစိတ်ဓာတ်ကြောင့်လည်းကောင်း ရွှန်းရွှန်းဝေအောင် ချီးကျူးရေးသားခြင်းခံရပါတယ်။

မစ္စတာနေရူးဟာ ၁၉၁၂ ခုနှစ် မတ္တနာမြို့ ကွန်ဂရက်အစည်းအဝေးကြီးကို ညွှဲ့သည်တော်အဖြစ်တက်ခဲ့တယ်။ ၁၉၁၇ ခုနှစ်မှာ ဒေါက်တာ အင်နီဗင်းဆင်ရဲ့ ဟုမ်းရူးအဖွဲ့မှာ စက္ကရီတေရီအဖြစ် ဝင်လုပ်ခဲ့တယ်။ ၁၉၃၆ ခုနှစ် (၄၉) ကြိမ်မြောက် ကွန်ဂရက်ညီလာခံကြီးတွင် ဒုတိယအကြိမ် ကွန်ဂရက်ဥက္ကဋ္ဌရာထူးကို အများသဘောတူခန့်အပ်ခြင်းခံရတယ်။ သူဟာ ဆိုရှယ်လစ်တစ်ယောက်ဖြစ်ကြောင်းကို သူ့ရဲ့ ကွန်ဂရက်မိန့်ခွန်းမှ အတိအလင်း ထုတ်ဖော်မိန့်ခွန်းပြောခဲ့ပါတယ်။

ဂျာမဏီတွင် ဇနီးသည် ကွယ်လွန်အနိစ္စရောက်ပြီးတဲ့နောက် အင်္ဂလန် ပြည်ကို နောက်တစ်ကြိမ်ရောက်သွားပြန်တယ်။ အင်္ဂမြောက်အက်ဒဝပ်ဘုရင်က မစ္စတာနေရူးအားတွေ့ဆုံဖို့ ဖိတ်မန္တကပြုခဲ့တယ်။ ဒါပေမယ့် အိန္ဒိယပြည် သူများက ယုံထင်ကြောင်ထင်ဖြစ်မှာစိုးတဲ့အတွက် ဝမ်းနည်းစွာနဲ့ပဲ ငြင်းပယ်လိုက်ရပါတယ်။

မစ္စတာနေရူးလက်ခံထားတဲ့ ဝါဒက ဆိုရှယ်လစ်ဝါဒခေါ် ဘုံဝါဒဖြစ်ပါတယ်။ သူဟာ ဒီဘုံဝါဒကို တစ်ပြည်လုံးမှာပျံ့နှံ့စေဖို့ ဟောပြောစည်းရုံးခဲ့တယ်။ ၁၉၃၅ ခုနှစ် အုပ်ချုပ်ရေးအက်ဥပဒေအရ ကျင်းပတဲ့ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အောက်လွှတ်တော် ရွေးကောက်ပွဲမှာ ကွန်ဂရက်ပါတီဝင်များကို မဲပေးဖို့ လေယာဉ်ပျံနဲ့ လိုက်လံဟောပြောခဲ့ပါတယ်။

သူဟာ အိန္ဒိယပြည်ကွန်ဂရက်ပါတီဥက္ကဋ္ဌကြီးဖြစ်လာတဲ့အခါမှာ အိန္ဒိယပြည်မှာသာကျော်ကြားတာမဟုတ်ပါဘူး။ ဥရောပတိုက်၊ တောင်အမေရိက

တိုက်၊ မြောက်အမေရိကတိုက် စတဲ့ တိုက်ကြီး (၆ )တိုက်စလုံးမှာ အမည်သတင်း ပျံ့နှံ့ကျော်ကြားသူဖြစ်ခဲ့ပါတယ်။

အမေရိကန်ပြည်က လေယာဉ်ပျံနဲ့ပျံသန်းရောက်ရှိလာတဲ့ အမျိုးသမီးစာရေးဆရာ တစ်ဦးဟာဆိုရင် အိန္ဒိယ ပြည်မှာရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေ အနက် မဟတ္တမဂန္ဒီ တစ်ဦးတည်းကိုသာ အဓိကထားပြီး တွေ့ဆုံခဲ့ဖူးတယ်။

ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ်ယောက်က မြန်မာပြည်ကို ပထမဦးဆုံးအနေနဲ့ လာရောက်လည်ပတ်မယ်ဆိုတဲ့သတင်းဟာ မြန်မာပြည်မှာ အုတ်အော်သောင်းတင်းဖြစ်စေခဲ့ပါတယ်။

## "မဟတ္တမဂန္ဒီနေရှူးကို မြန်မာပြည်သူများက ကြိုဆိုခြင်း

မဟတ္တမနေရူးနဲ့သမီးဟာ အိန္ဒိယပြည် ကာလကတ္တားမြို့ကို မေလ (၃) ရက်နေ့မှာရောက်တယ်။ မေ(၄)ရက်နေ့မှာ ကာလကတ္တားမြို့က အက်ကမားသင်္ဘောနဲ့ထွက်ခဲ့ရာ ရန်ကုန်ဆိပ်ကမ်းကို မေ(၇)ရက်နေ့ နံနက် (၆) နာရီခွဲမှာ ကောင်းမွန်စွာရောက်ရှိခဲ့ပါတယ်။ ရန်ကုန်ဆိပ်ကမ်းရောက်ရှိတဲ့အခါမှာ မြန်မာလူမျိုးများ၊ အိန္ဒိယလူမျိုးများ စည်စည်ကားကား ကြိုဆိုကြတာဟာ ကမ်းညွှတ်မတတ်ပါပဲ။ ကြိုဆိုကြတဲ့ လူအုပ်ကြီးဟာ ကြက်ပျံမကျ စည်ကားလှပါတယ်။

မဟတ္တမဂန္ဒီနေရူးဟာ မြန်မာပြည်ကိုလာရောက်လည်ပတ်ခြင်းဟာ တိုင်းရေးပြည်ရေးနဲ့ တစ်စုံတစ်ရာမပတ်သက်ပါလို့ သူရိယသတင်းစာက ရေးသားကြပါတယ်။ သူမြန်မာပြည်ကို လာရောက်မယ်ဆိုတဲ့ သတင်းကနေ မြန်မာပြည်က ထွက်ခွာသွားတဲ့ နောက်ပိုင်းအထိ သတင်းများကို မြန်မာသတင်းစာတွေက နေ့စဉ်လိုလို အသားပေးပြီး ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

## မြန်မာပြည်ရှိ အိန္ဒိယတိုင်းရင်းသားများနှင့်နိုင်ငံရေး နေရှူးအထူးစုံစမ်းသောအချက်ကြီးတစ်ချက်

(နိုင်ငံရေးဆောင်းပါးရှင် တစ်ဦးထံမှ)

အိန္ဒိယခေါင်းဆောင်ကြီးနေရူး မြန်မာပြည်ကိုရောက်ရှိရာ၌ အထူးသိလို၍ စုံစမ်းသောအချက်ကြီးတစ်ခုသည်ကား (စာတိုက် ခေါင်းဖိုး

ရှုန်းတိုးရာ၌ မြန်မာလူမျိုးတို့က ဘာကြောင့် သဘောတူကြရသနည်း၊ မြန်မာလူမျိုးတို့သည် အိန္ဒိယလူမျိုးတို့အပေါ်၌ မလိုမုန်းထားခြင်းများ တိုးတက်နေသလား) ဟူသော အချက်ကြီးပင်ဖြစ်သည်။ နေရှုးသည် ဂျွန်ဦးစောနှင့်တွေ့ဆုံ၍ နိုင်ငံရေးဆွေးနွေးကြသောအခါ နေရှုးက ဂျွန်ဦးစောအား ထိုမေးခွန်းကို မေးသဖြင့် ဦးစောက ဖြေကြားလိုက်သည်ဟု ကြားသိရ၏။

သူရိယသတင်းစာ (၂၄-၅-၃၇) စာ ၁၉-၂၀။

**ပဏ္ဍာစ်နေရှုးရဲ့ မြန်မာပြည်ခရီးစဉ်**

| | | |
|---|---|---|
| မေလ (၈) ရက်နေ့ | - | ရန်ကုန် |
| မေလ (၉) ရက်နေ့ | - | မန္တလေး |
| မေလ (၁၀) ရက်နေ့ | - | ပြင်ဦးလွင် |
| မေလ (၁၁) ရက်နေ့ | - | ရန်ကုန် |
| မေလ (၁၂) ရက်နေ့ | - | ရန်ကုန် |
| မေလ (၁၃) ရက်နေ့ | - | ဝါးခယ်မ၊ ပုသိမ် |
| မေလ (၁၄) ရက်နေ့ | - | ပြည် |
| မေလ (၁၅) ရက်နေ့ | - | မော်လမြိုင် |
| မေလ (၁၆) ရက်နေ့ | - | မော်လမြိုင်မှ ရန်ကုန်ပြန်ရောက် |
| မေလ (၁၇) ရက်နေ့ | - | ကာလကတ္တား |

**ကျောင်းသားညီလာခံပြင်ဆင်ခြင်း**

ကျောင်းသားညီလာခံကို ဆရာကြီးရဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာပဲကျင်းပဖို့နဲ့ ကျောင်းသားကိုယ်စားလှယ်တွေကိုလဲ ဆရာကြီးရဲ့ကျောင်းမှာပဲ တည်းခိုဖို့ ဆရာကြီးရဲ့ ခွင့်ပြုချက်ကို ဆရာဦးခင်မောင်ကလေးကတစ်ဆင့် ရယူခဲ့တယ်ဆိုတာကို အထက်မှာဖော်ပြခဲ့ပြီးပါပြီ။

မြန်မာပြည်အရပ်ရပ်က ကျောင်းသားကိုယ်စားလှယ်များ ရောက်ရှိလာကြပါတယ်။ ဒီကိုယ်စားလှယ်တွေကို သက်ဆိုင်ရာမြို့နယ်ကျောင်းများက စနစ်တကျရွေးချယ်စေလွှတ်လိုက်တာဖြစ်ပါတယ်။ အဲဒီကိုယ်စားလှယ်များထဲက အစောဆုံးရောက်လာတဲ့ ကိုယ်စားလှယ်တွေကို ညှော်ခံကြိုဆိုရေး ကော်မတီ

မှာ ထည့်သွင်းဖွဲ့စည်းတယ်။ တချို့ကိုတော့ ရန်ပုံငွေကောက်တဲ့အဖွဲ့မှာ ထည့်သွင်းဖွဲ့စည်းထားတယ်။

မန္တလေးညီလာခံမတိုင်ခင် ပေါင်းတည်က ကျောင်းသားခေါင်းဆောင် ကိုထွန်းရှိန်၊ ကိုအောင်ကြီးစတဲ့ ဂါစတွန်နယ်သား ၄ ယောက်ဟာ (၈) ရက် စောပြီး မန္တလေးကို ရောက်လာခဲ့ပါတယ်။ ဒါကြောင့် ညီလာခံအတွက် လိုအပ်တဲ့နေရာတွေမှာ ဝင်ရောက်တာဝန်ယူဆောင်ရွက်ပေးကြပါတယ်။

ကျောင်းသားညီလာခံတက်ဖို့ မန္တလေးကို ရောက်လာတဲ့ ကျောင်းသား ကိုယ်စားလှယ်တွေအနက် တချို့ကို မန္တလေးနေရာအနှံ့အပြားသို့ လူစုခွဲပြီး ရန်ပုံငွေကောက်ခံတဲ့အခါမှာ မန္တလေးဗဟိုအမျိုးသားကျောင်းနဲ့ မန္တလေး မြို့ပေါ်ရှိ ကျောင်းများ၊ ကောလိပ်များက ကျောင်းသားကြီးများကို ရန်ပုံငွေ ကောက်ခံမယ့်အဖွဲ့မှာ ပူးတွဲထည့်သွင်းပြီး ခေါင်းဆောင်စေပါတယ်။

ပြည်သူတွေက လိုလိုချင်ချင်နဲ့ပဲ ရန်ပုံငွေများကို ပေးလှူကြပါတယ်။

ကျောင်းသားညီလာခံမစခင်မှာ ညီလာခံမှာတင်သွင်းမယ့် အဆိုများကို စိစစ်ဖို့ စိစစ်ရေးကော်မတီကိုဖွဲ့ရပါတယ်။ ပေါင်းတည်က ကျောင်းသား သမဂ္ဂ ကိုထွန်းရှိန်နဲ့ ကိုအောင်ကြီး (သခင်အောင်ကြီး)တို့လဲ ဒီကော်မတီမှာ ပါတယ်။ အဆိုတွေက များပါတယ်။ နယ်ကတင်သွင်းတဲ့အဆိုနဲ့ အမှုဆောင် အဖွဲ့က တင်သွင်းတဲ့ အဆိုတွေလဲ ရွေးချယ်ရပါတယ်။

တချို့အဆိုတွေက နိုင်ငံရေးနဲ့ပတ်သက်နေတဲ့အတွက် ကျောင်းသား ညီလာခံမှာ မတင်သွင်းထိုက်ဘူးဆိုပြီး ကန့်ကွက်ကြတယ်။ အငြင်းအခုန် လုပ်ရတာတွေလဲရှိတယ်။ တချို့ မဲခွဲရတဲ့အထိလဲ ရှိပါတယ်။

သခင်အောင်ကြီး (ပေါင်းတည်)ရဲ့ အမှတ် ၄၉ ဇွန်လ ၁၉၈၅ ခု ပေဖူးလွှာမဂ္ဂဇင်း၊ ကျွန်တော်အညာသားပါခင်ဗျားဆိုတဲ့ ဆောင်းပါးမှာ အဲဒီ တုန်းကတက်လာတဲ့ ကျောင်းသားကိုယ်စားလှယ်တွေကို မြန်မာကိုယ်စားလှယ် လို့မခေါ်ကြဘဲ “ဒယ်လီကိတ်ကြီးတွေ” လို့ ခေါ်ဆိုကြကြောင်း။ ပြီးတော့ “ရန်ပုံငွေထည့်တဲ့နေရာမှာလည်း ရန်ပုံငွေလို့ မသုံးကြပါဘူး၊ အလှူငွေထည့် တာမျိုးပဲရှိသေးတဲ့ခေတ်” ဖြစ်ကြောင်းကို ဖော်ပြထားတာကို လေ့လာဖတ်ရှု ရပါတယ်။

ဒီညီလာခံမှာ ကျောင်းသားကိုယ်စားလှယ်တစ်ဦးကို ဝင်ကြေးတစ်ကျပ်စီ ပေးဆောင်ရန်နဲ့တည်းခိုနေထိုင်ရန်အတွက် တစ်ဦးလျှင် တည်းခိုခနဲ့ စားသောက်

ခ ၂ ကျပ်စီကြိုတင်ပေးရမယ်လို့ ဖော်ပြထားပြီးဖြစ်ပါတယ်။ တခြားကျောင်းသား မဟုတ်ဘဲ လူကြီးလူငယ် ဘယ်သူမဆို ညီလာခံကို တက်ရောက်လာမယ်ဆိုရင် တက်ရောက်ခွင့်ပြုထားတယ်။ ဒါပေမယ့် ဝင်ကြေးတစ်ကျပ်ကျစီ ပေးသွင်းရမယ်လို့ သတ်မှတ်ထားတယ်။

မစ္စတာပဏ္ဍစ်နေရူး လာမယ်ဆိုတဲ့အတွက် မိန့်ခွန်းကို လာနားထောင်မယ့် ပရိသတ်ကြီးဟာ တစ်ယောက်တစ်ကျပ်နှုန်းနဲ့ ဝယ်ကြရပါတယ်။ မန္တလေး ကွန်ဂရက်ပါတီက လက်မှတ်များကို ကူညီရောင်းပေးပါတယ်။ တစ်စောင်ကို တစ်ကျပ်ဆိုပေမယ့် တစ်ချို့လည်း စေတနာရှိရှိနဲ့ တစ်ဆယ်နှစ်ဆယ်ပေးသွားတဲ့ သူတွေလည်း ရှိပါတယ်။

ဧည့်သည်များအနေနဲ့ ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်မရဘဲ စကားပြောခွင့်မရှိကြောင်း ပြီးတော့ ဆန္ဒမဲပေးပိုင်ခွင့်လည်း မရှိကြောင်းတို့ကို ကွန်ဖရင့်ဧည့်ခံကော်မတီ အကျိုးဆောင် ကိုသန်းမောင်က ကြိုတင်ပြီး ကွန်ဖရင့်ဧည့်ခံကော်မတီကြေညာချက်ကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။

## ဥက္ကဋ္ဌ ကိုအောင်ဆန်း

၁၉၃၇ ခုနှစ် မန္တလေးမှာကျင်းပတဲ့ ကျောင်းသားများ သမဂ္ဂညီလာခံရဲ့ ဥက္ကဋ္ဌဟာ ကိုအောင်ဆန်း(သခင်အောင်ဆန်း/ဗိုလ်ချုပ်အောင်ဆန်း)ဖြစ်ပါတယ်။ ၁၉၃၈ ခုနှစ် ပုသိမ်မြို့မှာကျင်းပတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ညီလာခံရဲ့ ဥက္ကဋ္ဌကလည်း ကိုအောင်ဆန်းပဲဖြစ်ပါတယ်လို့ သခင်အောင်ကြီး(ပေါင်းတည်)ပေဖူးလွှာမဂ္ဂဇင်း၊ အမှတ် ၄၅၊ ဖေဖော်ဝါရီလ၊ ၁၉၈၅၊ စာ–၂၈မှာ ဖော်ပြထားတာတွေ့ရပါတယ်။

ကျောင်းသားဥက္ကဋ္ဌ ကိုအောင်ဆန်းဟာ တို့ဗမာအစည်းအရုံးဝင်လာတဲ့ အခါကျမှာပဲ သူ့နာမည်ကို သခင်အောင်ဆန်းဆိုပြီး ပြောင်းလိုက်တယ်ဆိုတာကိုလဲ အဲဒီဆောင်းပါးရဲ့ အဲဒီစာမျက်နှာမှာပဲ ဖော်ပြထားတာတွေ့ရပါတယ်။ ကျောင်းသား ဥက္ကဋ္ဌကိုအောင်ဆန်း၊ ကိုဗဟိန်းတို့နှင့် ပတ်သက်ပြီး သခင်အောင်ကြီး(ပေါင်းတည်)က အထက်ပါ သူ့ရဲ့ဆောင်းပါးမှာ ဒီလိုရေးသားထားတာ တွေ့ရပါတယ်။

မန္တလေးကောလိပ်က ကိုဗဟိန်းတစ်ယောက်ကတော့ ပင်ဖြူရုပ်အင်္ကျီ၊ ပင်ဖြူအပေါ်တိုက်ပုံနှင့် ယောလုံခြည်ကို ဝတ်လေ့ရှိပြီး

သူ့အသားနဲ့သူ မန်းဆန်ဆန်ဟန်နဲ့ အင်မတန် ရည်ရည်မွန်မွန်ရှိပြီး စကားပြောတဲ့အခါ အဆုံးသတ်တဲ့အခါမှာ ကျွန်တော်တို့ မြေလတ်သား တွေလို ဒိုးတိတိမဟုတ်ဘဲ "ခင်ဗျ၊ ခင်ဗျ"နှင့် အဆုံးသတ်ပြောတာလေး တွေကြောင့် မခင်လို့မရဘဲ ဖြစ်မိကြပ် တယ်။ စိတ်ရင်းလည်း အင်မတန် ကောင်းပါတယ်။ စာကလည်း အင်မတန်တော်သူ ၃ နှစ်ခွဲနှင့် ဆယ်တန်း အောင်သူလို့လည်း သိရပါတယ်။ သူနဲ့ ကိုအောင်ဆန်းကတော့ ဟန်ပန်ရော၊ အမူအယာရော ပြောဆိုပုံရော ဆန့်ကျင်ဘက်ဖြစ်ပါတယ်။

ကိုအောင်ဆန်းကို စစ်ကြီးအပြီးမှာ ဗိုလ်ချုပ်အောင်ဆန်းအဖြစ် တိုင်းပြည် တစ်ခုလုံး သိမ့်သိမ့်တုန်အောင် ကိုင်လှုပ်နေသည့်အချိန် သူနှင့် အင်မတန်ရင်းနှီးသည့် ညီအစ်ကို ရင်းချာပမာ ချစ်ခင်သည့် စာရေးဆရာ ဒဂုန်တာရာက 'အောင်ဆန်းနှင့် အရိုင်း'ဟူသောခေါင်းစဉ်နှင့် သူ့ အကြောင်းရေးသည်ကို ဖတ်ပြီး အားရပါးရ သဘောကျပြီး ရယ်သည်ကို တွေ့မြင်လိုက်ခဲ့ဖူးပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းအနေနှင့် "ဒီ ဒေါင့်မကျိုးသည့် တောဆန် သည့် တိုက်ရိုက်ရိုးရိုးဆင်းဆင်းဟန်ပန်"ကိုပင် သဘောကျဟန်တူ ပါတယ်။ ကျွန်တော် တို့အားလုံးဟာလည်း သည်ဟန်ပန်ကလေးကိုပဲ စွဲစွဲလန်းလန်းဖြစ်မိကြပါတယ်။ သူ့ရိုးသားမှု စင်ကြယ်မှုကြောင့် တစ်ပြည်လုံးက ကြည်ညိုကြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကိုအောင်ဆန်းနှင့် ကိုဗဟိန်းတို့က ဆရာထွန်းမောင်ရဲ့ ဘော်ဒါ ဆောင်မှာ ရောက်နှင့်ပြီးဖြစ်တယ်။ ကိုအောင်ဆန်းကတော့ အပေါ်ထပ် အင်္ဂလိပ် အက္ခရာ ယူပုံသဏ္ဌာန် ဒေါင့်ခန်းတစ်ခန်းမှာ နေပါတယ်။ ရန်ကုန်တက္ကသိုလ်က ရုံးချုပ်စာရေးကြီး ကိုဇင်ဟာ ကိုအောင်ဆန်းနဲ့အတူ တည်းခိုပါတယ်။ နေ့လယ် ကျရင်တော့ သခင်ထွန်းမောင်ရဲ့ အခန်းမှာပဲ အလုပ်လုပ်ကြတယ်။ စာရေးကိုဇင်က တော့ သူ့အခန်းမှာပဲ ရုံးခန်းလုပ်ထားပါတယ်။

ဗဟိုအမျိုးသားကျောင်းမှာ ရှိတဲ့ ဗဟိုစည်ခန်းမဆောင်မှာပဲ ဆွေးနွေး တိုင်ပင်ကြတယ်။ ဗဟိုခန်းမဆောင်ဆိုပေမယ့် ဗဟိုစည်မရှိပါ။

ညီလာခံမှာတော့ မစ္စတာပဏ္ဏစ်နေရူး မိန့်ခွန်းပြောမှာဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်းကတော့ အပြန်အလှန် ကျေးဇူးတင်

စကားပြောရင်း ဥက္ကဋ္ဌမိန့်ခွန်းပြောရပါမယ်။ သူဟာ ဒီမိန့်ခွန်းတွေကို အင်္ဂလိပ်လိုပဲ ပြောမှာဖြစ်ပါတယ်။

အဲဒီမှာ ပြောရမဲ့ မိန့်ခွန်းနဲ့ပတ်သက်ပြီး ကျမ်းပြုသူဟာ ဆရာကြီး ဦးရာဇတ်အကြောင်း ရေးသားဖို့ ဆရာထွန်းမောင်နဲ့ တွေ့တဲ့အခါမှာ ဆရာဦးထွန်းမောင်က ဒီလိုပြောပါတယ်။

> ကိုအောင်ဆန်းဟာ သူပြောမယ့် မိန့်ခွန်းကို အင်္ဂလိပ်လို ရေးပြီး ဆရာကြီးဦးရာဇတ်ကို ပြပါတယ်။ အဲဒီမှာ ဆရာကြီး ဦးရာဇတ်က သူ့ရဲ့ မိန့်ခွန်း ကိုဖတ်ပြီး တော်တော်သဘောကျပါတယ်။ ညာဘက်ပါး တစ်ဖက်ကို ရွဲ့ပြီး ပြုံးလိုက်တယ်။ ပြီးတော့ ဒီကောင် နေရာကျမယ်။ အင်္ဂလိပ်စာ အရေးအသားလည်းကောင်း တယ်။ အယူအဆလည်း ကောင်းတယ်၊ ကြီးပွားအုံးမှာပဲ။" ဆိုပြီး ကောက်ချက်ချလိုက်တယ်။ သူ့အင်္ဂလိပ်စာ အရေးအသားကို တော်တော်သဘောကျတယ်ဆိုတာ ကိုလည်း ဆရာ ဦးထွန်းမောင် က ပြောပြလိုက်ပါသေးသတဲ့။

ဗိုလ်မှူးချုပ်အောင်ကြီးကလည်း ပေဖူးလွှာမှာပါတဲ့ အထက်ပါ သခင်အောင်ကြီးရဲ့ 'ကျွန်တော်အညာသားပါခင်ဗျာ'ဆိုတဲ့ ဆောင်းပါးမှာ လည်း ကိုအောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)နဲ့ အင်္ဂလိပ်စာအကြောင်းကို ရေးသား ဖော်ပြတာဖတ်ရပါတယ်။ ကိုအောင်ဆန်းဟာ သူ့မိန့်ခွန်းတွေကို အင်္ဂလိပ်လို ရေးလေ့ရှိတယ်ဆိုတဲ့အကြောင်း၊ ဖဆပလ ခေါင်းဆောင်ဖြစ် လာတော့လည်း မြန်မာလိုပြောမယ့် သူ့မိန့်ခွန်းတွေကို အင်္ဂလိပ်လိုပဲ ရေးတယ်ဆိုတဲ့အကြောင်း ရေးသားဖော်ပြတာ ဖတ်ရတယ်။

> ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာလိုမိန့်ခွန်းပြောတဲ့ အခါမှာလည်း အင်္ဂလိပ်လို စာကြမ်းရေးပြီးမှ အဲဒီကို ကြည့်ပြီး မြန်မာလို မိန့်ခွန်းပြောလေ့ရှိတယ်။ အဲဒါကြောင့် သူ့မိန့်ခွန်းတွေဟာ ချော ချောမွေ့မွေ့ စကားအသုံးအနှုန်း လှလှကလေးမဟုတ်ပါဘူး။ ရှက်ကြမ်း ရေကျို မြန်မာစကားနဲ့ သဘောပေါက်အောင် ပွင့်ပွင့်ပြော လေ့ရှိပါတယ်။ ခပ်ကြမ်းကြမ်းအသုံးအနှုန်း သုံးလိုက်တာ မျိုးလည်း တွေ့ရပါတယ်။ တစ်ခါတစ်ခါ သူ့ကို တွေ့ပြီးမှ မေးမိတယ်။ သူရေးတဲ့ အင်္ဂလိပ် မိန့်ခွန်းတွေထဲမှာ ဘယ်မှာပြောတဲ့ မိန့်ခွန်းဟာ အကောင်းဆုံးလဲလို့ မေးတဲ့

အခါမှာ မန္တလေးကျောင်းသားများရဲ့ညီလာခံမှာ သူပြောခဲ့တဲ့ မိန့်ခွန်းဟာ အကောင်းဆုံးလို့ ဆိုပါတယ်။[၁]

ကိုအောင်စန်းဟာ ညအပြင်ထွက်ပြီး ပြန်လာတဲ့အခါကျမှ ညဥ့်နက်သန်းခေါင်အထိ စာကို စွဲစွဲမြဲမြဲရေးတယ်ဆိုတာကို ကိုအောင်စန်းရဲ့စာရေးကြီး ကိုဇင်က ကိုအောင်ကြီး သခင်အောင်ကြီး (ပေါင်းတည်)ကို ပြောပြလို့ သိလိုက်ရပါသတဲ့။ ညဥ့်နက်မှအိပ်ပြီး မနက်ကျတော့ နေမြင့်မှ ထလေ့ရှိတယ်ဆိုပဲ။

ညီလာခံတက်နေတဲ့အချိန်အတွင်း အစီအစဉ်တွေနဲ့ပတ်သက်ပြီး သခင်အောင်ကြီး (ပေါင်းတည်)ရဲ့ "ကျွန်တော် အညာသားပါခင်ဗျာ" ဆိုတဲ့ ဆောင်းပါးမှာ ဒီလိုဖော်ပြထားတာတွေ့ရပါတယ်။

## ကျောင်းသားကွန်ဖရင့်ရဲ့ နေ့စဉ်အစီအစဉ်

ကျွန်တော်တို့ အစီအစဉ်ကို ပရိသတ်များကို ဖတ်ကြားပြပါမယ်။

အာဂျင်တာအစီအစဉ် (၁)ကတော့ မန္တလေးဈေးချိုကို ရထားလုံးဖြင့် သွားပြီး လေ့လာကြမှာဖြစ်ပါတယ်။ ဒုတိယအစီအစဉ်ကတော့ မန္တလေး နန်းတော်ကိုလှည့်လည်ကြည့်ရှုလေ့လာမှာဖြစ်ပြီး တတိယအစီအစဉ်ကတော့ မန္တလေးတောင်ကို သွားရောက်ပြီး ဆရာတော်ရသေ့ကြီး ဦးခန္တီကို ဂါရဝပြုဖူးမြော်ပြီး မန္တလေးတောင်တော် အဆောက်အအုံများကို လေ့လာသုံးသပ်ကြမည် ဖြစ်ပါတယ်။

ဒုတိယနေ့ အစီအစဉ်ကတော့ မီးရထားနှင့် အင်းဝတံတားကြီးကို ဖြတ်ပြီး စစ်ကိုင်းတောင်ရိုးရှိစေတီပုထိုးများကို ဖူးမြော်ပြီး အချိန်ရလျှင် စစ်ကိုင်းကောင်းမှုတော်စေတီတော်ကို သွားရောက်ဖူးမြော်ကြရန် ဖြစ်ပါတယ်။

တတိယနေ့အစီအစဉ်ကတော့ နံနက်ပိုင်းမှာ လိုအပ်သလို မန္တလေးရွှေမြို့တော်မှာရှိတဲ့ လေ့လာကြည့်ရှုအပ်သည်များကို ကြည့်ရှုပြီး

---

၁။ အောင်ကြီး၊ သခင် (ပေါင်းတည်) ကျွန်တော်အညာသားပါခင်ဗျာ ပေဖူးလွှာမဂ္ဂဇင်း အမှတ် ၄၉၊ ဇွန်လ ၁၉၈၅။

၂။ အောင်ကြီး၊ သခင် (ပေါင်းတည်) ကျွန်တော်အညာသားပါခင်ဗျာ ပေဖူးလွှာမဂ္ဂဇင်း အမှတ် ၄၅၊ ဖေဖော်ဝါရီလ ၁၉၈၅။

ညနေပိုင်းထမင်းစားပြီးချိန် **ပြင်ဦးလွင်သို့** မော်တော်ကားဖြင့် သွားရောက်လည်ပတ်ကြရန်ဖြစ်ပါတယ်။ **ပြင်ဦးလွင်အစီအစဉ်ကို** ဆရာဦးထွန်းမောင်ထံ အကူအညီတောင်းပြီး သူ့ညွှန်ကြားချက်အတိုင်း လိုက်နာရန်ဖြစ်ပါတယ်။

၁၉၃၇ ခုနှစ်မှာကျင်းပတဲ့ ဒုတိယကျောင်းသားညီလာခံနဲ့ပတ်သက်ပြီး စာရေးဆရာကြီး မန်းတင်ကလည်း "သည်နှစ်ဦး" ဆိုတဲ့ ခေါင်းစဉ်နဲ့ ကိုယ်တွေ့ဆောင်ပါးတစ်ခုကို ၁၉၅၀ ခု ဇွန်လထုတ် စာပဒေသာမဂ္ဂဇင်းမှာ ရေးထားတာကို ဖတ်ရှုရပါတယ်။

သူ့ဆောင်းပါးမှာလည်း ဒုတိယအကြိမ်မြောက် ကျောင်းသားများ သမဂ္ဂညီလာခံသဘင်ဆိုပြီး အတိအလင်းရေးသားဖော်ပြခဲ့ပါတယ်။

သူဟာ ဒီညီလာခံကိုတက်တဲ့ ကိုယ်စားလှယ်တွေထဲက မှတ်မိတဲ့နာမည်တွေကို ဖော်ပြထားတာရှိပါတယ်။ တစ်ဆင့်ဖော်ပြရမယ်ဆိုရင် တက်ရောက်လာတဲ့ ကျောင်းသားခေါင်းဆောင်တွေက ကိုအောင်စန်း၊ ကိုလှရွှေ၊ မစ္စဟာရာရှစ်၊ ကိုညွှန့်၊ ကိုထွန်းတင်၊ ကိုစိန်၊ ကိုဘဟိန်း၊ ကိုသန်းအောင်တို့ဖြစ်ကြောင်း ဆောင်းပါးမှာ ရေးသားဖော်ပြတာရှိပါတယ်။

စာရေးဆရာကြီး မန်းတင်ကတော့ ဒီအချိန်က ကျောင်းသား ကိုယ်စားလှယ်အဖြစ်နဲ့တက်ရောက်နေတာ မဟုတ်ပါဘူးတဲ့။ ကျောင်းသားသပိတ်မှောက်စဉ်က သူ့ရဲ့သပိတ်မှောက်ရဲဘော်ရဲဘက်များ ဒီညီလာခံကို တက်ရောက်လာတဲ့အတွက်ကြောင့် ဒီညီလာခံမှာ ဘေးပန်းကနေကူညီစရာ၊ ဆောင်ရွက်ပေးစရာကိစ္စတွေရှိလို့ရှိရင် ကူညီဆောင်ရွက်ပေးဖို့ ရောက်ရှိလာခြင်းဖြစ်ပါတယ်။

သူဟာ မန္တလေးသားပါ။ ညီလာခံကလည်း မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာကျင်းပတယ်ဆိုတော့ မြို့ခံကျောင်းသားဟောင်းတစ်ယောက်ဖြစ်တဲ့အတွက် သူတတ်နိုင်တဲ့ဘက်ကနေ ညီလာခံမှာ ဆောင်ရွက်ပေးရမယ်လို့ ယုံကြည်တဲ့အတွက် အဲဒီညီလာခံမှာ ပါဝင်ဆောင်ရွက်ခဲ့ခြင်းပါ။

ဒီညီလာခံတက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေကို ချက်ပြုတ်ကျွေးမွေးဖို့ "အိုးသူကြီး"က မန္တလေးသား ကိုစိန်ဆိုသူဖြစ်ပါတယ်။ ဆရာကြီးမန်းတင်က မီးဖိုချောင်ဝင်ပြီး အိုးသူကြီး ကိုစိန်ကို လိုအပ်သလိုကူညီပေးပါတယ်။ ထမင်းပွဲပြင်ခြင်း၊ ပန်းကန်သိမ်းခြင်းစတဲ့ အောက်ခြေသိမ်း ဝေယျာဝစ္စတွေကို ကူညီလုပ်ကိုင်ပေးပါတယ်။

ဆရာကြီးမန်းတင်နဲ့တကွ မိဖိုချောင်က လုပ်ကိုင်ပေးခဲ့တဲ့ ရဲဘော်တွေဟာ ကျောင်းသားကိုယ်စားလှယ်တွေကို ကျွေးမွေးပြီးတဲ့နောက်မှပဲ သူတို့ထမင်းစားကြရတယ်။

သူတို့ နောက်ကျန်မှ ဒီလိုစားရတဲ့အတွက် "အဝေတတ် ဆရာ ဖုံးပေါလအော"ဆိုတာမျိုးမဟုတ်ဘဲ "အဝေမတတ်ဆရာတော်" ဆိုတာလိုချည်းပဲကြုံကြရတယ်။ ဧည့်သည်တွေကို ရူးခပ်ကျွေးတော့ ထမင်းဟင်းတွေက ကျန်တယ်ရယ်လို့မရှိဘဲ တက်တက်စင်ပြောင်တာချည်းပဲ။ အဲဒီတော့ မိးဖိုချောင်က သူတို့တစ်တွေ အစာငတ်ခံကြရတာပဲဆိုတာကို ဆရာမန်းတင်က သူ့ဆောင်းပါးမှာ အဲဒီလိုဖော်ပြထားတာရှိပါတယ်။

ညီလာခံကိုတက်လာတဲ့ ပဏ္ဍစ်ဂျဝါဟာလာနေရူး၊ သမီး အင်ဒီရာဂန္ဒီတို့ဆိုတာက ကျောင်းသားလောကမှာ ကျော်ကြားပြီးသားဖြစ်တယ်။ ပဏ္ဍစ်နေရူးဟာ အိန္ဒိယပြည် နယ်ချဲ့အကျဉ်းထောင်ကနေ အပြင်လောကမှာရှိတဲ့ သူ့သမီးထံစာတွေရေးပို့ခဲ့ပါတယ်။ ပဏ္ဍစ်နေရူးက ထောင်တွင်းမှ သူ့ချစ်သမီးထံပေးစာဆိုတဲ့ စာအုပ်ကို ကျောင်းသားတိုင်းလိုလို ဖတ်ရှု ဖတ်ဖူး ပြုဖူးတော့ သူတို့သားအဖနှစ်ယောက် ညီလာခံကို တက်ရောက်လာတယ်ဆိုရင်ပဲ သားအဖနှစ်ယောက်ကို အသေအချာအာရုံစိုက်ပြီး ကြည့်မိကြပါသတဲ့လို့ ဆရာမန်းတင်က သူ့ရဲ့ အထက်ပါဆောင်းပါးမှာ အဲဒီလိုရေးထားပါတယ်။

ဒီညီလာခံမှာ ပဏ္ဍစ်နေရူးမိန့်ခွန်းပြောကြားပြီးတဲ့နောက် ကျောင်းသားခေါင်းဆောင် ဦးအောင်စန်း (ဗိုလ်ချုပ်အောင်ဆန်း)က မိန့်ခွန်းဆက်လက်ပြောပါတယ်။ သူ့မိန့်ခွန်းပြောရာမှာ ကိုအောင်စန်းရဲ့ပြောပုံပြောနည်း ပြောရာမှာ ဘယ်လိုစိတ်တွေလှုပ်ရှားတယ်ဆိုတာကို ဒီတုန်းက ကိုယ်တိုင်တက်ရောက်နားထောင်ဖူးတဲ့ ကိုယ်တွေ့မျက်မြင်ကို ဆရာမန်းတင်က သူ့ရဲ့အထက်ပါ "သည်နှစ်ဦး" ဆိုတဲ့ ဆောင်းပါးမှာ ရေးသားထားတာကို တိုက်ရိုက်ကူးယူဖော်ပြရမယ်ဆိုရင်–

ကိုအောင်စန်းမိန့်ခွန်းပြောလေတော့သည်။ သူသည် အစည်းအဝေး၏ သဘာပတိဖြစ်လေသည်။ ပင်နီအင်္ကျီနှင့် ပိုးလုံချည်အနီကို ဝတ်ဆင်ထားလေသည်။ သူသည် စကားကို အားရပါးရပြောနေလေသည်။ ပြောစက ခပ်လေးလေးပင် ထစ်ထစ်ငေါ့ငေါ့နှင့်ပြောနေလေ

သည်။ တော်တော်အရှိန်ရလာသောအခါ သွက်လာလေသည်။ အထစ်အငေါ့လည်း အစတုန်းကလောက်မရှိတော့ပါ။ ကြာလာလေလေ ဒေါပါလာလေ၊ စားပွဲနောက်မှ ပြောနေရာမှ တဖြည်းဖြည်းစားပွဲစွန်းသို့ ရောက်လာသည်။ နောက်စားပွဲရှေ့သို့ရောက်လာလေသည်။ နားထောင်နေသည့် ကျောင်းသားကျောင်းသူများမှာ စိတ်ဝင်စားစွာနားထောင်နေဟန်မတူပါ။ တစ်ခါတရံကြွက်စိကြွက်စိဖြစ်လာပါသည်။ မိန့်ခွန်းကလည်း ရှည်လျားပါသည်။ ပြောရင်းပြောရင်း သူ့လုံချည်ကို မ၍မ၍ ဒူးနှင့်ညှပ်ထားလေသည်။ သည်အထဲလုံချည်က ရုတ်တရက် ပြုတ်ကျ၏။ ကတိုက်ကရိုက်ဖမ်းပြီး ပြန်ဝတ်ရသေးသည်။ အတော်ကြီးကြာမှ မိန့်ခွန်း ဆုံးသွားလေသည်။ ညီလာခံကြီးကျင်းပနေပုံကို ကျွန်တော့်မျက်စိထဲတွင် ရေးရေးသာမြင်ပါတော့သည်။

**"ပဏ္ဍာစ်နေရူးမန္တ လေးရောက်လာခြင်း"**

မစ္စတာပဏ္ဍာစ်နေရူးဟာ ရန်ကုန်မြို့ကို ခြေချတဲ့အခါမှာ လူထုကြီးက တစ်ခဲနက်ကြိုဆိုကြတယ်။ ပန်းကုံးတွေစွပ်ကြတယ်။ မဂိုလမ်း(ယခု ရွှေဘုံလမ်း) အစရှိတဲ့လမ်းတွေမှာလည်း ပဏ္ဍာစ်နေရူးအား အထူးတလည်ကြိုဆိုကြပါတယ်။ "ကျွနုပ်တို့ စိန်ဘာဘူများက ကြိုဆိုကြပါသည်"ဆိုတဲ့ စာတန်းများလမ်းကိုဖြတ်ကျော်ပြီး ဆွဲထားပါတယ်။ ရန်ကုန်မြို့တော်ဝန်ကလည်း လှိုက်လှိုက်လှဲလှဲကြိုဆိုကြောင်း မိန့်ခွန်းပြောပါတယ်။

မြန်မာပြည်သည် အိန္ဒိယပြည်မှ ခွဲခွာလိုက်သော်လည်း နှစ်ပြည်ထောင်ဆက်သွယ်နေသော အကျိုးကျေးဇူးများသည် ကာလကြာသောအခါ ပိုမိုခိုင်မြဲဖွယ်ရာရှိသည်ဟု ကျွန်တော်များ ယုံကြည်ပါကြောင်း။

ဤတိုင်းပြည်သို့ လာရောက်လည်ပတ်ရသည့်အတွင်း အသင်၌ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းဖြစ်စေလိမ့်မည်ဟု ကျွန်တော်များ ယုံကြည်သည့်အပြင် နေရပ်သို့ပြန်သွားသည့်အခါ၌ အစဉ်အမြဲသတိရလျက် ရှိနေမည်ဟု မျှော်လင့်ပါကြောင်း-

အဲဒီလို ရန်ကုန်မြို့တော်ဝန် ဒေါက်တာမာရေးက အထက်ပါအတိုင်း ကြိုဆိုပွဲမှာ သြဝါဒမိန့်ခွန်းကို ဖတ်ပြပါတယ်။

မစ္စတာပဏ္ဍာစ်နေရူးဟာ ရန်ကုန်က မန္တလေးအသွား တောင်ငူကို ခဏဝင်ပါတယ်။ တောင်ငူ လူထုပရိသတ်ကြီးက အသင့်လုပ်ထားတဲ့ ကြိုဆိုရေးအခမ်းအနားမှာ ဝင်ပြီးမိန့်ခွန်းပြောခဲ့တယ်။

မေလ(၉)ရက်နေ့ နံနက် (၅) နာရီအချိန်မှာ တောင်ငူ ... ရီးဆက်ခဲ့ပါတယ်။ သူတို့သားအဖလိုက်ပါလာတဲ့ မီးရထားကြီးဟာ မန္တ... ...ဘူတာသို့ဝင်ခဲ့ပါတယ်။ မြစ်ငယ်၊စစ်ကိုင်း၊ပြင်ဦးလွင်စတဲ့ မန္တလေးပတ်ဝန်းကျင်မြို့များက ထောင်သောင်းမကသော မြန်မာနဲ့အိန္ဒိယအမျိုးသားပရိသတ်ကြီးဟာ ဘူတာရုံမှာ ကြိုဆိုလျက်ရှိနေပါတယ်။

မြန်မာနိုင်ငံရေးအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များစတဲ့ အဖွဲ့ပေါင်းစုံဟာ ညသန်းခေါင်ကျော်(၂)ချက်လောက်ကတည်းကစပြီး စုရုံးရောက်ရှိကြိုဆိုနေကြတယ်။ ပန်းကုံးစွပ်ကြ၊ တိုးဝှေ့နှုတ်ဆက်ကြတဲ့ ပရိသတ်ကများလွန်းလို့ သတင်းဓာတ်ပုံဆရာများဟာ ကင်မရာတကားကားနဲ့ ဓာတ်ပုံရိုက်မရအောင်ဖြစ်ခဲ့ရတယ်။ လူအုပ်ကြီးကြားမှာ ခြေထောက်မြေမကျဘဲ မြောက်လျက်လိုက်ပါသွားရတယ်။ ဘူတာရုံအပြင်ကျမှပဲ ဓာတ်ပုံရိုက်ကြရတယ်။

အထက်မှာဖော်ပြခဲ့တဲ့အတိုင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများညီလာခံကျင်းပမယ့် ဗဟိုအမျိုးသားအထက်တန်းကျောင်းကို ကြိုဆိုရေးအဖွဲ့က ခေါင်းဆောင်ပြီး ခေါ်ဆောင်သွားပါတယ်။

ညီလာခံစတယ်ဆိုရင်ပဲ ဗဟိုအမျိုးသားအထက်တန်းကျောင်းဟာ ဧည့်ပရိသတ်များနဲ့ ပြည့်လျှံလို့သွားပါတယ်။ ကျောင်းကြီးပြည့်လျှံသွားတဲ့အတွက် တချို့လည်း ကျောင်းပြင်ဘက်က၊ တချို့လည်း လမ်းမတန်းကြီးပေါ်မှာ နေရာယူကြရတယ်။ အိန္ဒိယအမျိုးသားတွေက မစ္စတာပဏ္ဍာစ်နေရူးကို ကြွေးကြော်သံများနဲ့ကြိုဆိုဂုဏ်ပြုကြပါတယ်။

“မဟတ္တမဂန္ဒီကီဂျေဟင်း၊ ပဏ္ဍာစ်နေရူးကီဂျေဟင်း”ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ နှုတ်ဆက်ကြတယ်။ ဒီကြွေးကြော်သံတွေဟာ ကျောင်းကြီး ပြိုကျသွားမတတ် ဟိန်းလို့သွားပါတယ်။

သူတို့ဝတ်စားလာတဲ့ အဝတ်အစားနဲ့ ပတ်သက်ပြီး အဲဒီဆောင်းပါးမှာပဲ ဆရာမန်းတင်က မှတ်မိတာတွေ ရေးသားဖော်ပြတာကို ထပ်မံဖော်ပြရမယ်ဆိုရင်–

ဂျဝါဟာလာနေရူးသည် တစ်ကိုယ်လုံးပင် တိုင်းရင်းဖြစ် အဖြူများကို ဝတ်ဆင်ထားလေသည်။ ဦးထုပ်ပါးကလေးအဖြူ၊ အင်္ကျီခပ်ရှည်ရှည်အဖြစ် ဒိုတီအဖြူ၊ သူ့နှာခေါင်းသည် ပေါ်လွင်၍ သူ့မျက်လုံးအစုံသည် တောက်ပနေလေသည်။ သူ့ချစ်သမီး အင်ဒီရာကား အဝါဆာရီကိုဝတ်ခြုံ၍ ဖခင်၏နောက်မှ ကပ်ပါလာလေသည်။

သူဟာ မြန်မာပြည်ကိုအလည်အပတ်လာရင်းကြုံတာနဲ့ ခရီးကြုံသဘောမိန့်ခွန်းပြောသွားတာမဟုတ်ပါဘူး။ တမင်သက်သက် နိုင်ငံရေးနဲ့ပတ်သက်တဲ့ မိန့်ခွန်းပြောဖို့ ရောက်လာခြင်းဖြစ်ပါသတဲ့။

သူက "စာကြိုးစားဖို့၊ လူတော်လူကောင်းတွေဖြစ်ဖို့၊ အသိပညာရှင် အတတ်ပညာရှင်တွေဖြစ်ဖို့ မိန့်ခွန်းပြောတာမဟုတ်ပါဘူးတဲ့။ နယ်ချဲ့စနစ်ကို ဆန့်ကျင်ဖို့၊ ကိုလိုနီစနစ်ကို ဆန့်ကျင်တိုက်ခိုက်တော်လှန်ဖို့၊ အဖိနှိပ်ခံ သူ့ကျွန်ဘဝက လွတ်မြောက်အောင်ကြိုးစားဖို့ တိုက်တွန်းတဲ့ မိန့်ခွန်းတွေကိုသာ ပြောခဲ့ခြင်း" ဖြစ်ပါသတဲ့။

"သူ့မိန့်ခွန်းတွေဟာ အိန္ဒိယနိုင်ငံက ကမ္ဘာကျော် နိုင်ငံရေးခေါင်းဆောင်တစ်ယောက်အနေနဲ့ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေး တိုက်ပွဲအတွက် လှုံ့ဆော်တဲ့မိန့်ခွန်းဖြစ်လို့ မော်ကွန်းတင်ထိုက်ပါတယ်"ဆိုတာကို သခင်အောင်ကြီး (ပေါင်းတည်)က ပေဖူးလွှာမဂ္ဂင်း အမှတ် ၄၉၊ ဇွန်လ ၁၉၈၅ ခုမှာ အထက်ပါသဘောထားများ ပါတဲ့အတိုင်း ရေးသားဖော်ပြခဲ့တာကို ဖတ်ရှုရပါတယ်။

သူ့မိန့်ခွန်းတွေကို အင်္ဂလိပ်လိုပဲရေးထားပါတယ်။ ဆိုက်ကလို စတိုင်ရိုက်ပြီး မိန့်ခွန်းမပြောခင် တက်ရောက်လာတဲ့ ပရိသတ်ကြီးဆီ ဝေငှထားပါတယ်။ သူ့မိန့်ခွန်းတွေဟာ အင်မတန်ထိ အင်မတန်မိ၊ အင်မတန် လေးလေးနက်နက်ရှိတာမို့ ကြားရသူတိုင်း ကြက်သီးမွေးညှင်းထသလို ဥက္ကဋ္ဌ ကိုအောင်စံန်းရဲ့ မိန့်ခွန်းဟာလည်း လေးနက်မှု[၁] ရှိတယ်ဆိုတာကို သခင်အောင်ကြီး

၁။ ဒီ ၁၉၃၇ ခုနှစ် မန္တလေးမှာကျင်းပခဲ့တဲ့ ကျောင်းသားညီလာခံမှာ ကျောင်းသားဥက္ကဋ္ဌ ကိုအောင်စံန်းနဲ့ အိန္ဒိယကွန်ဂရက်ပါတီဥက္ကဋ္ဌကြီး မစ္စတာပဏ္ဍစ်နေရူးရဲ့ သမိုင်းဝင်မိန့်ခွန်းတွေကို သခင်အောင်ကြီး(ပေါင်းတည်) အနေနဲ့ရှာဖွေကြည့်တော့လည်း ဘယ်မှာမှ ရှာမရဘူးလို့ သခင်အောင်ကြီး (ပေါင်းတည်)က ပေဖူးလွှာမဂ္ဂဇင်းမှာပဲဖော်ပြခဲ့ပါတယ်။ ကျမ်းပြုသူအနေနှင့်လည်း ၁၉၃၇ ခုနှစ် မေလထုတ် နေ့စဉ်သတင်းစာတွေမှာ မွှေနှောက်ရှာဖွေသော်လည်း အခုစာရေးနေသည့်အချိန်ထိ မတွေ့ရသေးပါ။ ကျမ်းပြုသူ။

(ပေါင်းတည်)က အထက်ပါ သူ့ဆောင်းပါးမှာ ဆက်လက်ဖော်ပြထားပြန်ပါတယ်။

**မစ္စတာပဏ္ဍာစ်နေရူးတို့သားအဖဟာ** ကျောင်းသားညီလာခံကနေ ပြင်ဦးလွင်ကို ခရီးဆက်ပြန်တယ်။ ပြင်ဦးလွင်ကနေအထက်မှာ ဖော်ပြထားခဲ့တဲ့ ပဏ္ဍာစ်နေရူးရဲ့ ခရီးစဉ်အတိုင်း မြန်မာပြည်အနှံ့အပြားကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ရောက်လေရာ ညှိခံပွဲများမှာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေး တရားပွဲများကိုသာ အဓိကထားပြီး ဟောပြောခဲ့ပါတယ်။ မြန်မာပရိသတ်များနဲ့ အိန္ဒိယလူထုကြီးဟာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြပါတယ်။

မစ္စတာပဏ္ဍာစ်နေရူးကို မြန်မာပြည်ရှိအဖွဲ့အစည်းများကလည်း တွေ့ဆုံကြပါတယ်။

သူတွေ့ဆုံဆွေးနွေးခဲ့တဲ့ အဖွဲ့အစည်းများနဲ့ ပုဂ္ဂိုလ်များဟာ အောက်ပါအတိုင်းဖြစ်ပါတယ်။

ဦးဥတ္တမကိုယ်တော်

ဂဠုန်ဦးစော

ကုန်သည်ကြီးများအသင်း

ချစ်တီးများ

ဂုတ်တာရီအသင်း

အမျိုးသမီးများ

ဖေဘီယန်ခေါင်းဆောင်များ

ဟိန္ဒူမဟာသဘ္ဘအသင်း

ဦးစိုးသိမ်း

ဒေါက်တာဘမော်

## မန္တလေးကျောင်းသားများညီလာခံရဲ့ ရလာဒ်

၁၉၃၇ ခု၊ မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ၂ ရက်ကြာကျင်းပတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂညီလာခံဟာ ပြီးဆုံးသွားပါပြီ။ ဒီလိုညီလာခံတွေပြီးဆုံးသွားတဲ့အခါမှာ ညီလာခံတက်လာတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ ခံစားချက်အမျိုးမျိုးကို ကြုံရတတ်ပါတယ်။

ဥပမာ အချစ်နဲ့ပတ်သက်တဲ့ ဇာတ်လမ်းတစ်ခုကို ပြီးသွားလို့ မီးပွင့်လိုက်တဲ့အခါ ချစ်သူနှစ်ဦးမပေါင်းလိုက်ရဘဲ ကွဲသွားတဲ့ရုပ်ရှင်ကားကိုကြည့်ခဲ့ရတဲ့ ပရိသတ်အနေနဲ့ မချင့်မရဲနဲ့ ရင်ထဲ ဟာတာတာနဲ့ ကျန်ခဲ့တဲ့အဖြစ်မျိုး။

တချို့ရုပ်ရှင်ကားတွေကျတော့လည်း ရန်သူအပေါ်အောင်ပွဲဆင်ပြီး ချစ်သူနဲ့ပြန်လည်ဆုံစည်းခွင့်ရတဲ့ကားမျိုး၊ အဲဒီလိုကားမျိုးကြည့်ရတဲ့လူတွေကျတော့ ကျေနပ်နှစ်သက်တဲ့ ခံစားမှုမျိုးဖြစ်ခဲ့ရပါတယ်။

တချို့ရုပ်ရှင်ကားတွေကျတော့ ပြီးလို့မီးသာလင်းသွားရော ပွဲကြည့်ပရိသတ်အနေနဲ့ ဘာမှန်းလဲမသိဘူးဆိုတဲ့ ဝေဖန်ချက်တွေနဲ့ ဇာတ်ရုံက ထွက်လာခဲ့ရတာမျိုးတွေလည်းရှိတယ်။

အဲဒီလိုပဲ တချို့ညီလာခံကြီးတွေဟာလည်း ကြေကွဲဝမ်းနည်းစရာအဖြစ်နဲ့ ကွဲကြပြဲကြတာတွေရှိခဲ့တယ်။ တချို့ညီလာခံတွေကျတော့လည်း ဦးတည်ချက်အတိုင်း အောင်မြင်မှုနဲ့အဆုံးသတ်ခဲ့ရတဲ့ညီလာခံတွေလည်းရှိတယ်။ တချို့ညီလာခံတွေကျတော့ ပြီးသာပြီးတယ် "ဘာမှန်းလဲမသိဘူး" ဆိုပြီး နိဂုံးချုပ်သွားတာတွေလည်း ရှိတယ်။

---

ဒီမန္တလေးညီလာခံကြီးကတော့ ရန်သူအပေါ်အနိုင်ရပြီး ချစ်သူနဲ့ဆုံစည်းခဲ့ရတဲ့ဇာတ်လိုပဲ၊ ခေါင်းဆောင်ကြီးများရဲ့မိန့်ခွန်းတွေ၊ အဆိုတွေ၊ ဆွေးနွေးချက်တွေကြောင့် ညီလာခံတက်ရောက်လာတဲ့ကိုယ်စားလှယ် တွေဟာ ခုပဲ နယ်ချဲ့သမားကိုဓားနဲ့ ထခုတ်လိုက်ရ၊ သေနတ်နဲ့ပစ်လိုက်ရဆိုတဲ့ "ချင်"တဲ့စိတ်တွေ၊ ဇာတိသွေးဇာတိမာန်တွေကလည်း အရိုးထဲ ချဉ်ဆီထဲအထိစိမ့်ဝင်ခဲ့တယ်။

ကျင်းပတဲ့အစည်းအဝေးက ကျောင်းသားပြဿနာ၊ ရလာဒ်ကတော့ တိုင်းပြည်လွတ်လပ်ရေးအတွက် အမျိုးမျိုးအနစ်နာခံ၊ နောက်ဆုံး အသက်ပေးမယ်ဆိုတဲ့စိတ်တွေအပြည့်နဲ့ နိုင်ငံရေးသမားကြီးတွေကို မွေးထုတ်ပေးခဲ့တယ်ပေါ့။ ပေါင်းတည် သခင်အောင်ကြီးရဲ့ ၁၉၃၇ ခု၊ မန္တလေးကျောင်းသားညီလာခံနဲ့ ပတ်သက်တဲ့ ပေဖူးလွှာမဂ္ဂဇင်း အမှတ်(၄၉) ဇွန်လ ၁၉၈၅ ခု "ကျွန်တော်အညာသားပါခင်ဗျာ" ဆောင်းပါးပါစကားလုံးအရပြောရရင်–

> ၁၉၃၇ ခု၊ မန္တလေး မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂညီလာခံဟာ ကျွန်တော်တို့တစ်သိုက်ကို နိုင်ငံရေးမှော်သွင်းပေးလိုက်တာပါလို့ ပြောရင် မမှားဘူးလို့ထင်ပါတယ်"

ဆက်ပြီး သခင်အောင်ကြီးက ဒီကျောင်းသားညီလာခံနဲ့ပတ်သက်ပြီး ပြောပြန်တာက-

ကျွန်တော်တို့နိုင်ငံရေးအစဟာ မန္တလေး နေရှင်နယ်ကျောင်းကြီးက ဖြစ်ပါတယ်။ ကျောင်းသားတွေရဲ့ အဓိကတာဝန်ဟာ ပညာသင်ကြားရေးဖြစ်ပြီး မိဘများကအကုန်အကျများစွာခံ၊ အချို့ဆင်းရဲဒုက္ခ အမျိုးမျိုးခံကာ သားသမီးများကို ပညာတတ်စေချင်လွန်းလို့ ကျောင်းထားခဲ့ရာမှ သားသမီးများ ပညာကြိုးစားရှာဖွေခြင်းမပြုလျှင် သားသမီးတာဝန် ပျက်ကွက်သည်ဟု တစ်ထစ်ချယုံကြည်ခဲ့သူဖြစ်ခဲ့ပါတယ်။ သို့သော် သည်ကျောင်းကြီးရောက်ကာမှ ကျွန်တော့်အယူအဆတွေ ပြောင်းပြန်ဖြစ်ခဲ့ရပါတော့တယ်။ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးသွားရှာတဲ့ အဲဒီကျောင်းကြီးကို သာမန်ပညာသင်ကြားပေးသည့် ထိုထိုသောကျောင်းကြီးတွေလို မျက်စိတွင်မြင်၍မရပါ။ တကယ်တော့လည်း သာမန်ကျောင်းမဟုတ်၊ မြန်မာ့လွတ်လပ်ရေးသမိုင်းတစ်လျှောက် အဓိကအပိုင်းကပါဝင်ခဲ့တဲ့ အထက်မြန်မာပြည်တော်လှန်ရေးလှုပ်ရှားမှုတွင် လွတ်လပ်ရေးလှုပ်ရှားမှုတွေအားလုံးရဲ့ မှီခိုရာ အားထားရာ ပြုစုပျိုးထောင်ရာ ခိုလှုံရာဌာနကြီးတစ်ခုဖြစ်ခဲ့ပါတယ်။ ဆရာကြီးဦးရာဇတ်ကအစ များလှစွာသော ကျောင်းသားတွေ၊ မျိုးချစ်ပုဂ္ဂိုလ်အာဇာနည်တွေရဲ့ သွေးတွေနဲ့ တည်ဆောက်ခဲ့တဲ့ ကျောင်းကြီးဆိုလျှင်လည်း မမှားပါ။ ရွှေတိဂုံစေတီတော်ကြီးဟာ အောက်မြန်မာပြည်လွတ်လပ်ရေးသမိုင်းတစ်လျှောက် တော်လှန်ရေးသမားတို့၏ ခိုလှုံရာ မှီခိုရာ အားထားရာ၊ ကိုးကွယ်ရာဖြစ်ဘိသကဲ့သို့ မန္တလေးနေရှင်နယ်ကျောင်းကြီးလည်း အလားတူပင်ဖြစ်ခဲ့ဖူးပါတယ်။ သမိုင်းမှတ်တိုင်ကြီးတစ်ခုဟု ကျွန်တော်ဆိုချင်ပါတယ်။ ထိုကျောင်းကြီးရဲ့ ဗဟိုရ်စည်အခန်းကလေးထဲကနေပြီး နိုင်ငံရေးနယ်ပယ်ထဲရောက်ခဲ့ရတဲ့ အတွက်လည်း ကျွန်တော့်အနေနှင့် အဲဒီကျောင်းကြီးကို တသသဖြစ်ခဲ့ရပါတယ်။ ဖြစ်သာဖြစ်ရပါတယ်၊ တကယ်တော့ ကျွန်တော် မန္တလေးနေရှင်နယ်ကျောင်းသားမဖြစ်ခဲ့ဖူးပါ။ ပေါင်းတည် ဟိုက်စကူးကျောင်းက ကျောင်းသားတစ်ယောက်မျှသာဖြစ်ခဲ့ပါတယ်။

အတိတ်ကရာဇဝင်ကြောင်းလေး ပြန်ပြောရမယ်ဆိုရင်တော့ ၁၉၃၇ ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကစရပါလိမ့်မယ်။ ပိုပြီး နည်းနည်းတိတိကျကျ ပြောရမယ်ဆိုရင် ၁၉၃၇ ခုနှစ်၊ ဧပြီလ သင်္ကြန်အပြီး တစ်ပတ်လောက်မှာဖြစ်ပါတယ်။

ဒီ ၁၉၃၇ ခုနှစ်၊ မန္တလေး ကျောင်းသားညီလာခံက ကျောင်းသား အများစုကို နိုင်ငံရေးနယ်ပယ်ထဲသို့ ရိုက်သွင်းပေးလိုက်တာနဲ့ မခြားပါဘူးလို့ ဆိုရင်လည်း လွန်ရာကျမယ် မထင်ပါဘူး။

ဒီညီလာခံကအပြန် ကျောင်းသားတွေဟာ တို့ဗမာအစည်းအရုံးထဲကို ပစ်ဝင်လာကြတယ်။ ကိုအောင်စန်းကိုယ်တိုင်လည်း တို့ဗမာအစည်းအရုံးထဲ ဝင်လိုက်ပါတယ်။ ဒီလိုဝင်ရုံသာမက စလုံးနဲ့စန်းထားတဲ့ သူ့နာမည်ကိုပါ ဆနဲ့ဆန်းပစ်လိုက်တဲ့အထိ တက်ကြွရဲရင့်တဲ့ ပြတ်သားတဲ့နိုင်ငံရေးသမားဖြစ်ခဲ့ပါတယ်။ ကိုနု၊ ကိုအောင်စန်း၊ ကိုလှဖေတို့ ကျောင်းသားခေါင်းဆောင်တွေဟာ ကျောင်းကထွက်ပြီး တို့ဗမာအစည်းအရုံးကို ခြေစုံပစ်ဝင်ကြတာပါ။ ဒါပေမယ့် ကိုအောင်ကြီးတို့ ပေါင်းတည်က ကျောင်းသားလူငယ်တွေကတော့ ကျောင်းသားဘဝနဲ့ပဲ တို့ဗမာအစည်းအရုံးထဲဝင်ကြတယ်။ တို့ဗမာအစည်းအရုံး ထောင်ကြတယ်။ ကိုထွန်းရှိန်ဟာ ကျောင်းသား ညီလာခံက အပြန်မှာ နတ်တလင်း တို့ဗမာအစည်းအရုံးကို ထူထောင်လိုက်တယ်။ ကိုအောင်ကြီး၊ ကိုတင်မောင်တို့ကတော့ ညီလာခံကအပြန်မှာ တိုင်ပင်ပြီး တို့ဗမာအစည်းအရုံးကို ထောင်လိုက်တယ်။

အဲဒီညီလာခံက မွေးဖွားပေးလိုက်တဲ့ မြန်မာ့သားကောင်းရတနာတွေဟာ အနာဂတ် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွေမှာ မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့ကြသူတွေဖြစ်ပါတယ်။

မေလ (၂၄)ရက်နေ့တွင် ပဏ္ဍာစ်နေရူးတို့ သားအဖဟာ ရန်ကုန်မြို့က ထွက်ခွာပြီး ပ၍ူးကျွန်းဆွယ် တယ်ပင်မြို့ကို ရောက်ရှိသွားပါတယ်။

# အခန်း (၂၁)

## ဖက်ဆစ်အကျဉ်းသမား

**ဗဟိုအမျိုးသားကျောင်း ပြာပုံဘဝ**

ဒုတိယကမ္ဘာစစ်မီးဟာ အရှေ့အာရှဆီကို ကူးခဲ့ပါပြီ။ ဂျပန်ဖက်ဆစ်နယ်ချဲ့သမားဟာ အမေရိကန်ကို စစ်မကြေညာဘဲ "ပါလ်ဟာဘား" ကျွန်းဆိပ်ကမ်းကို ဖုံးကြဲခဲ့တယ်။ ၁၉၄၁ခု၊ ဒီဇင်ဘာလ (၈) ရက်နေ့ကျမှ စစ်ကြေညာလိုက်တယ်။

ဂျပန်ဟာ "ဒိုင်တိုဝါကြိုအေးခင်– အရှေ့အာရှ သာတူညီမျှရေး" ဆိုတဲ့ ကြွေးကြော်သံကို ထိပ်တန်းတင် ကြွေးကြော်ခဲ့တယ်။ အရှေ့အာရှက မလွတ်လပ်သေးဘဲ ကျွန်ဘဝရောက်နေကြတဲ့ မြန်မာ၊ ဗီယက်နမ်၊ အိန္ဒိယ အစရှိတဲ့ တိုင်းပြည်တွေကို ဒီကြွေးကြော်သံနဲ့ လှည့်စားဖြားယောင်းတဲ့ ခြေလှမ်းကို လှမ်းခဲ့ပါတယ်။ ဒီကြွေးကြော်သံရဲ့ အဓိပ္ပာယ်က "အနောက်နိုင်ငံတွေဖြစ်တဲ့ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်တို့ အုပ်စိုးတာမခံကြနဲ့၊ တွန်းလှန်တိုက်ဖျက်ကြ၊ ငါတို့ဂျပန်လက်အောက်မှာပဲ အေးအေးလူလူ ကျွန်ခံကြ၊ ကျွန်ဖြစ်ခံရတာချင်း အတူတူ ကိုယ့်အာရှတိုက်သား အချင်းချင်းလက်အောက်ခံမှာ ကျွန်ဖြစ်ရတာက ဂုဏ်ရှိသေးတယ်" ဆိုတဲ့ အရှင်သခင်ဟောင်း နေရာဝင်ယူမယ့် သဘောမျိုးပါ။

သူကအဲဒီနည်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ရဲဘော်သုံးကျိပ်ကို စည်းရုံးစစ်ပညာပေးပြီး ဘီဒီအေတပ်မတော်ကို ဖွဲ့ပေးတယ်မြန်မာကလည်း မြန်မာ့ရည်ရွယ်ချက်နဲ့ အင်္ဂလိပ်အခက်မြန်မာအချက်ပဲဆိုပြီး စစ်ပညာသင်ယူတယ်။ လက်နက်ကိုင်တပ်မတော် ဖွဲ့ခဲ့တယ်။

စစ်ကြီးဖြစ်လာပြီမို့ မြန်မာပြည်အနှံ့အပြားက ကျောင်းသားတွေဟာ စာသင်ခန်းကို စွန့်ခွာပြီး ဗုံးခိုကျင်းများ၊ ဒါမှမဟုတ် အေးကျင်းတွေဆီကို ခိုကပ်လာရပါတော့တယ်။

ဂျပန်တွေ ရန်ကုန်မြို့ကို ၁၉၄၁–ခုနှစ်၊ ဒီဇင်ဘာလ(၂၃)ရက်နေ့ နံနက်(၁၀)ရီမှာ ပထမဆုံးဗုံးကြဲချလို့ လူတွေအတုံးအရုံး သေဆုံးကုန်တယ်။ ဒဏ်ရာရသူရတယ်၊ အဆောက်အအုံတွေ ပြိုကျလို့ကျ ပျက်စီးလို့ပျက်စီး၊ မီးလောင်လို့လောင်နဲ့ တစ်မြို့လုံးအကြီးအကျယ် ဆုံးရှုံးနစ်နာခဲ့ပါတယ်။ လူတွေလဲ သွေးရူးသွေးတန်းဖြစ်သူဖြစ်၊ သွေးပျက် နှလုံးပျက်ဖြစ်လို့ဖြစ်၊ အထိတ်ထိတ် တလန့်လန့်ဖြစ်သွားကြတယ်။ ခါချဉ်အုံ–ပုရွက်ဆိတ်အုံ တုတ်နဲ့ ဆွလိုက်သလိုပါပဲ။

အဲဒီတော့ မီးရထား၊ သင်္ဘော၊ ကားတွေနဲ့ ရန်ကုန်ကနေ မိမိတို့နီးစပ်ရာ ဆွေမျိုးတွေရှိရာ တောမြို့တွေဆီဦးတည်ပြီး တိမ်းရှောင်ကြတော့တယ်။ မီးရထား သင်္ဘောဆိပ်တွေမှာ တိုးမပေါက်အောင် စည်းကားလို့ပေါ့။ လက်မှတ်ရဖို့ နေရာရဖို့ဆိုတာတွေ စဉ်စားမနေနိုင်ကြဘူး၊ ရန်ကုန်က ထွက်ပြေးနိုင်ဖို့လောက်ပဲ အလုအယက်တက်ကြရတယ်။ ပစ္စည်းတွေလဲ ရသလောက်သာ ယူနိုင်ခဲ့ကြတယ်။

ဒီဒုက္ခကို မန္တလေး မြို့သူမြို့သားတွေဆီရောက်လာတဲ့ စစ်ပြေးဒုက္ခသည်တွေကတစ်ဆင့် ပြောကြပေမယ့် “တောထဲသွားကျားတွေ၊ အိမ်ပြန် မယားပြော၊ ပေါ့ပျက်ပျက်” ဆိုတဲ့ သဘောမျိုးဖြစ်နေတယ်။ မကြာပါဘူး ရန်ကုန်သားတွေရဲ့ ဒုက္ခတွေကို လက်တွေ့ကျမှ သဘောပေါက်လာတော့တယ်။

၁၉၄၂–ခု၊ ဖေဖော်ဝါရီလ(၁၉) ရက်နေ့ မန္တလေးနန်းတွင်းထဲကို ပထမဆုံးအကြိမ် ဂျပန်လေယာဉ်(၂၅)စီး လာပြီးဗုံးကြဲပါတယ်။ ဒီတုန်းက ကြားရတဲ့သတင်းကတော့–ကွန်မင်တန်တရုတ်စစ်ဗိုလ်ချုပ်ကြီး ဂျင်နရယ်လစ်စီမိုချန်ကေရှိတ်ဟာ မန္တလေးနန်းတွင်းထဲမှာ အင်္ဂလိပ်စစ်အာဏာပိုင်တွေနဲ့ လာဆွေးနွေးတယ်ဆိုတာကို ဂျပန်သတင်းရသွားလို့၊ အစည်းအဝေး လုပ်တယ်ဆိုတဲ့နန်းတွင်းထဲကို ဗုံးကြဲချခြင်းဖြစ်သတဲ့။ ဒါပေမယ့် ဂျပန်က နောက်ကျသွားတယ်။ ချန်ကေရှိတ်က အစည်းအဝေးလုပ်ပြီးပြီးချင်း ဂျပန်ဗုံးမချခင် တစ်ရက်အလိုမှာ မြန်မာပြည်က လေယာဉ်နဲ့ပြန်ထွက်သွားတယ်

ဆိုပဲ။ ဒါပေမယ့် ဂျပန်လေယာဉ် (၂၅) စင်းက နန်းတွင်းထဲ ဗုံးအလုံး (၅၀) ကျော် ချသွားတာကတော့ အမှန်ဖြစ်တယ်။

အဲဒီလို ဗုံးတွေလာချတော့မှ မန္တလေးသူ မန္တလေးသားများအဖို့တော့ "ဗုံးဟာ တော်လဲတဲ့အသံထက် အဆပေါင်းများစွာ ကြောက်စရာ ကောင်းလှပါကလား"လို့ မှတ်ချက်ချလိုက်တယ်။ မှတ်ချက်ချရုံတင် မကသေးဘူး၊ မန္တလေးသားတွေကို တုန်လှုပ်ချောက်ချားစေခဲ့တယ်။ အဲဒီတော့ မန္တလေးက မြို့သူမြို့သားတွေဟာ အထုပ်ကိုယ်စီပြင်ပြီး မန္တလေးစစ်ကိုင်းနယ်တစ်လျှောက်ရှိ ဆွေမျိုးတွေ၊ အပေါင်းအသင်းမိတ်ဆွေတွေရှိရာ ကျေးရွာဒေသတွေဆီကို ပြေးကြလွှားကြနဲ့ တစ်မြို့လုံးလှုပ်ရှားသွားတယ်။

ဒီအထဲမှာ မန္တလေးဗဟိုအမျိုးသား အထက်တန်းကျောင်းအုပ်ဆရာကြီး ရာဇတ်နဲ့ သူ့အိမ်ထောင်စုလဲ အပါအဝင်ပေါ့။ ဆရာကြီးရဲ့မိခင်ကြီးဒေါ်ငြိမ်းလှ တို့သားအမိတစ်စုဟာ မန္တလေးကနေ မင်းကွန်းအလယ်တောရချောင်ကို ပြောင်းပြီးရိပ်ကြီးခိုနေပါတယ်။ မိခင်ကြီးပြောင်းသွားရာ မင်းကွန်း အလယ်တောရချောင်ကိုပဲ ဆရာကြီးတို့အိမ်ထောင်စုလဲ လိုက်ပြောင်းသွားပါ တယ်။

အဲဒီအချိန်မှာ မြန်မာပြည်အောက်ပိုင်းက ပြေးလာတဲ့ စစ်ပြေးဒုက္ခသည် တွေဟာ ကိုယ့်ပစ္စည်းအပိုတွေကို မန္တလေးဈေးအနှံ့အပြားမှာ ချရောင်းနေကြတာ တောင်ပုံရာပုံ။ တစ်ဘက်မှာကမောက်ကမဖြစ်ပြီပေမယ့် တစ်ဘက်မှာတော့ သောင်ထွန်း သွားတယ်ဆိုတဲ့စကားလို၊ ရန်ကုန်မြို့ပျက်သွားပေမယ့် မန္တလေးကိုပြေးလာတဲ့ လူတွေကြောင့်၊ ဈေးတွေမှာ လမ်းတကာမှာ တိုးမပေါက်နိုင်အောင် စည်ကား လျက်ပါ။ မြို့ထဲကလူခံတွေက တောပြေး၊ ရန်ကုန်ကပြေးလာတဲ့လူတွေက မန္တလေးမြို့က အိမ်လွတ်တွေမှာ ငှားရမ်းနေထိုင်ကြတယ်။ မကြာပါဘူး အဲဒီလူတွေရဲ့ ကံကြမ္မာဆိုးက ဆိုက်လာပြန်ပါတယ်။

အမေရိကန်တပ်မတော်ဗိုလ်ချုပ် ဂျင်နရယ်စတီးဝဲလ် ကွန်မင်တန်တရုတ် စစ်သူကြီး ချန်ကေရှိတ်နဲ့သူ့ဇနီးတို့ သုံးယောက်ဟာ ၁၉၄၂–ခု ဧပြီလထဲမှာ မေမြို့မှာရှိနေတယ်ဆိုတာကို အမေရိကန်တပ်မတော် ဓာတ်ပုံသတင်းအရ သိရှိရပါတယ်။ ဒါကို ဂျပန်တွေက သတင်းရဟန်မတူပါဘူး။ မန္တလေးကိုပဲ ၁၉၄၂ခု၊ ဧပြီလ(၃)ရက်နေ့(၁၁)နာရီ မြို့စည်ကားနေတုန်းအချိန်မှာ တဝုန်းဝုန်း မြည်ဟည်းပြီး ကြောက်မက်ဖွယ်ရာအသံကြီးတွေကို ကြားလိုက်ကြတာနဲ့

တစ်ပြိုင်နက် "ဂျပန်လေယာဉ်ပျံတွေလာကုန်ပြီ" လို့ ငယ်သံပါအောင် အော်ဟစ်ပြေးလွှားကြကုန်တယ်။

အဲဒီမယ် တဝုန်းဝုန်းနဲ့ မြို့အနှံ့အပြားကို ဗုံးတွေ အပြွတ်လိုက်အတွဲလိုက် ဖြုတ်ချ၊ တဒုတ်ဒုတ် တဒက်ဒက်နဲ့ စက်သေနတ်တွေပစ်၊ မီးလောင်ဗုံးတွေ အနွယ်လိုက် အခက်လိုက် ဖြုတ်ချ၊ တစ်မြို့လုံးလဲ သွေးတွေ မီးခိုးတွေနဲ့ တဒင်္ဂအတွင်းမှာပဲ ပြောပြလို့မယုံနိုင်လောက်အောင် အကြီးအကျယ် ပြောင်းလဲသွားပါတော့တယ်။ အဆောက်အုံအကြီးအငယ်မရွေး ပြာပုံဘဝကို လျှပ်တစ်ပြက်အတွင်းမှာ ကူးပြောင်းသွားပါတော့တယ်။ တိုက်တွေပြိုကျ၊ တချို့အုတ်နံရံတွေ မိုးတိုးမတ်တတ် ကျန်ရစ်ခဲ့တယ်။ ငိုသံတွေ၊ သွေးတွေနဲ့ အနိစ္စတရားဟာ မြင်စရာမကောင်းလောက်အောင် တရားကျလောက်အောင် အခြေမျိုးကို တစ်မုဟုတ်ချင်း ရောက်သွားပါတယ်။ အဲဒီအထဲမှာ ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးလဲ ပြာပုံအဖြစ်ကို ဘဝပြောင်းခဲ့ပါတယ်။ အချို့အုတ်နံရံသာ ထိုးထိုးထောင်ထောင် တွေ့ရပါတယ်။

အဲဒီအချိန်မှာ စောစောက မန္တလေးကနေ မတိမ်းရှောင်ခဲ့မိလို့ ဘယ်သူတွေ ဖြင့်သွေးစိမ်းရှင်ရှင်ထဲမှာ မရှုမလှ သေသွားရပြီ၊ ဘယ်သူတော့ တိုက်ပိလို့၊ ဘယ်သူတော့ လမ်းမပေါ်မှာ စက်သေနတ်ကျည်သင့်လို့ ပိုးလိုးပက်လက် စင်းစင်းကြီး သေနေပြီဆိုတဲ့ စကားတွေဟာ နားမဆံ့အောင် ကြားရပြန်ပါတယ်။

မသေလို့ကျန်နေတဲ့သူတွေလဲ ရရာအဝတ်အစားတွေနဲ့ ရရာပစ္စည်းတွေ ကမန်းကတန်းသယ်ပြီး ရရာသင်္ဘော၊ မော်တော်ကား၊ မီးရထား၊ လှည်း၊ လှေငှက်တို့နဲ့ဆက်ပြီး တစ်သုတ်ပြီးတစ်သုတ် နေပြည်တော်က စွန့်ခွာရရှာပြန်တော့တယ်။

"ဩော်--စစ်---စစ်--စစ်" လို့ ညည်းတွားရင်း ဘယ်ဘက်လက်မှာ ဖတ်လက်စ စာအုပ်တစ်အုပ်ကို လက်ညှိုးခံပိတ်ကိုင်ထားပြီး၊ ညာဘက်လက် အလယ်လက်ညှိုးနဲ့ လက်မကြားမှာ၊ နဂါးဆေးလိပ် ညှပ်ကိုင်ထားသူကတော့၊ မန္တလေးဗဟိုအမျိုးသား အထက်တန်းကျောင်းရဲ့ ဆရာကြီးဦးရာဇတ်ပဲ ဖြစ်ပါတယ်။

တစ်ခုသော သစ်ပင်ရိပ်အောက်မှာ ပက်လက်ကုလားထိုင်နဲ့ အနားယူပြီး စာဖတ်နေတုန်း တောင်အရပ်ဆီက တဝုန်းဝုန်းနဲ့ မြည်ဟည်းလာတဲ့အသံ ကြားရပါတယ်။ တဖြည်းဖြည်းနဲ့အသံဟာ မိုးပြိုတော့မယ့်ပုံလို ကြောက်မက်ဖွယ်

တုန်ဟည်းပြီးလာပါတော့တယ်။ ဒီအ[illegible] အားလုံးကို ချောက်ချားတုန်လှုပ်သွားစေပါတယ်။ ဒီလိုမြေတုန်ပြီး မိုး[illegible]ပျော့မယ့် ရောမအသံလှိုင်းကြီးတွေကို ကြားလိုက်ရတော့ ဇရပ်တွင်းက တစ်နှစ်သာသာရှိသေးတဲ့ သမီးလေးခင်ခင်စိန်ကို ဆရာကတော်ဒေါ်ခင်ခင်က ပွေ့ချီလာပြီး ဆရာကြီးဆီပြေးလာခဲ့တယ်။ သုံးနှစ်ရွယ်ရှိတဲ့ ဝဝတုတ်တုတ် ဖအေတူသားကလေး စနေသား မောင်တင်မြင့်ကလေးကတော့ ဖအေအနားမှာပဲ ကပ်ကစားနေရင်း ကြောက်မက်ဖွယ်အသံကြီးကိုကြားလိုက်ရတော့ "ဘာသံတွေလဲပါပါ" လို့ပဲ တအံ့တသြ အဆက်မပြတ်မေးနေရှာပါတယ်။

တဝုန်းဝုန်းနဲ့ ဗုံးချသံတွေဟာ တော်လဲတဲ့အသံတွေထက်တောင် ကြောက်ခမန်းလိလိ ကြားရတော့ ကြက်သီးမွေးညှင်းထလောက်အောင် ကြောက်ရွံ့စိုးရိမ်စရာ ရှိပါတယ်။

ဆရာကြီးကတော့ သောက်နေတဲ့ သူ့နဂါးဆေးလိပ်က မှုန်ဝါးဝါးထွက်နေတဲ့ မီးခိုးတွေကိုကျော်ပြီး အလိပ်လိုက်အထွေးလိုက် အလုအယက်တစ်ရှိန်ထိုးတက်လာတဲ့ မည်းနက်နေသော မီးခိုးလုံးတွေကို မတုန်မလှုပ်ကြည့်နေပါတယ်။ သူ့စိတ်ထဲမှာတော့ နှစ်ပေါင်း(၂၀)လောက် ရှိခဲ့ပြီဖြစ်တဲ့ သူ့ဗဟိုအမျိုးသား အထက်တန်းကျောင်း အဆောက်အအုံကြီးကတော့ မီးထဲမှာ မရှုမလှ လောင်ကျွမ်းပြာကျနေပြီလားလို့လဲ တွေးနေမိပါတယ်။

သူချစ်တဲ့မြို့ကြီး၊ သူချစ်တဲ့ကျောင်းကြီး၊ သူချစ်တဲ့ ကျောင်းသားတွေ၊ သူချစ်တဲ့ မြို့သူမြို့သားတွေရဲ့ဘဝဟာ ဘယ်အခြေဆိုက်ကုန်လေမလဲဆိုတာကိုလဲ မှင်သက်မိနေသလို စဉ်းစားနေပါတော့တယ်။

ဒီလိုအဆောက်အအုံတွေ၊ အိုးအိမ်တွေဖြစ်ဖို့ နှစ်ပေါင်းများစွာ စုဆောင်းလုံးပမ်းထားပြီး တည်ဆောက်ခဲ့ရတယ်။ ဒီစစ်ကြောင့်စက္ကန့်ပိုင်း၊ မိနစ်ပိုင်းကလေးမှာ ပြာပုံဘဝကို လုလုကြီးဆိုက်ရောက် သွားရတော့မှာပါလား။ ဗုံးထဲဘယ်သူတွေပါကုန်ပြီလဲ၊ ဘယ်သူတွေ ဒဏ်ရာရလို့ လူဖြစ်ကျိုးဆုံးရရှာလေမလဲ ဆိုတာတွေတောင်စဉ်ရေကျ တသီတန်းကြီးတွေးရင်း မျက်ရည်တွေ လည်မတတ်ဖြစ်ခဲ့ပါတော့တယ်။

ပြည်သူတွေဆီက ပြား၊ ပဲကစပြီး အလှူခံစုဆောင်းတည်ဆောက်ခဲ့ရတဲ့ ဒီဗဟိုအမျိုးသား အထက်တန်းကျောင်းမျိုး ဖြစ်ပေါ်လာဖို့ဆိုတာက စိတ်ကူးထဲထည့်လို့ရမှ ရပါတော့မလားလို့လဲ တွေးနေမိတယ်။ ဒီတစ်ခါတော့ ခက်ကြပြီ၊

ခက်မှသိပ်ခက်။ ကျောင်းကြီး၊ ပြည်သူတွေအားထားရာ ကျောင်းကြီး၊ ဒီကျောင်းကြီးမီးထဲ မပါပါစေနဲ့လို့ ဆုတောင်းရမှာပဲလို့ ရေရွတ်နေပါတော့တယ်။

စစ်ကိုသူမုန်းတယ်၊ စစ်ကိုသူမလိုလားဘူး၊ ဂျပန်ဖက်ဆစ်တွေကိုလဲ သူရွံ့ကြောက်ကြီးဖြစ်တယ်၊ ဂျပန်ဖက်ဆစ်တွေနဲ့ **မြန်မာမျိုးချစ်ခေါင်းဆောင်တွေ** ပူးပေါင်းတာကိုလဲ သူမထောက်ခံခဲ့၊ ဂျပန်ဖက်ဆစ်တွေ မြန်မာပြည်ကို လွတ်လပ်ရေး ပေးလိမ့်မယ်ဆိုတာကိုလည်း သူမယုံဘူး၊ ဖြစ်နိုင်ရင် စစ်ကို သူတားထားချင်တယ်၊ ဂျပန်ဖက်ဆစ်ဘီလူးတွေ မြန်မာပြည်မလာနိုင်အောင်လဲ တားထားချင်တယ်။ ဒါပေမယ့် သူ့မှာတားနိုင်တဲ့ ဂါထာမန္တရားလဲမရှိ၊ တခြားဘာစွမ်းရည်မှလဲမရှိ၊ "အေးလေ ဒီမျှနဲ့ပဲ တော်လောက်ပါပြီ၊ ဒီထက်တော့ လူတွေလဲ မသေစေချင်ဘူး၊ အဆောက်အအုံတွေလဲ ထပ်မပျက်စီးစေချင်ဘူး။ ဂျပန်ပေါ် သူနိမိတ်ဖတ်ခဲ့တာတွေဟာ မှန်သလား၊ မှားသလားဆိုတာ မဝေးတဲ့ ကာလမှာ အဖြေတွေမှာပဲ" ဆိုပြီး ဒီအနိဋ္ဌာရုံကို ကြာရှည်ဆက်လက် တွေးတောလိုစိတ် မရှိတော့တဲ့အတွက် သူနဲ့တူတဲ့ သူ့သားတုတ်တုတ်ခဲခဲကလေးကို ပွေ့ချီပြီး ဇရပ်ဆီသို့ လျှောက်သွားပါတော့တယ်။

အရေးဆို မျက်ရည်လွယ်ပြီး ငိုတတ်တဲ့ ဆရာကြီးကတော် ဒေါ်ခင်ခင်လဲ ဝေ့လျှံနေတဲ့ မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး ပွေ့ထားတဲ့သမီးငယ် ခင်ခင်စိန်(မျက်နှာပိုင်းဖြူဖြူ) ကိုချီရင်း ဆရာကြီးနောက်ကလိုက်သွားတော့တယ်။ အချိန်တန်နို့သောက်ဖို့ ငိုတတ်တာသာသိတဲ့ ခင်ခင်စိန်ဟာ ဘာမှနားမလည်ရှာတော့ "မေမေဘာလို့ငိုတယ်၊ ဖေဖေဆူလို့လား" ဆိုတာ ကလေးငယ်က ပလီပလာ တီတီတာတာ မေးဖော်မရရှာသေးဘူး။

၁၉၄၂ခု ဧပြီလ (၃၀) ရက်နေ့ညမှာ အင်္ဂလိပ်တွေလဲ စစ်ကိုင်းနဲ့ မန္တလေး ဖြတ်ကူးထားတဲ့ အင်းဝတံတားကြီးကို မိုင်းခွဲဖျက်ပစ်လိုက်ပါတယ်။ အဲ့ဒီနောက် အင်္ဂလိပ်တွေလဲ မန္တလေးက အောင်မြင်စွာဆုတ်ခွာ သွားတော့ ဘယ်။

## မြို့ပြပြန်လည်ထူထောင်ရေး ချယ်ရာမင်

၁၉၄၂–ခု မေလ(၁)ရက်နေ့ ဂျပန်တွေမန္တလေးကို အောင်မြင်စွာ သိမ်းပိုက်ခဲ့ပါတယ်။ မန္တလေးမြို့ဟာ ဂျပန်လက်အောက်ကျပြီးတဲ့နောက်မှာ အုပ်ချုပ်ရေးတွေ လုပ်ကိုင်ဖို့ လိုအပ်လာတဲ့အတွက်၊ မျိုးချစ်စိတ်ရှိသူတွေ၊

နိုင်ငံရေးသမားတွေ၊ သခင်တွေကို ပြန်လည်စုစည်းတယ်။ အဲ့ဒီမယ် မင်းကွန်းကို ရောက်နေတဲ့ ဆရာကြီးရာဇတ်ကိုလဲ လှမ်းခေါ်ကြတယ်။ အဲဒါကြောင့် ဆရာကြီးဟာ သူ့မိခင်နဲ့သူ့ဇနီး၊ ကလေးတွေကို မင်းကွန်းချောင်မှာပဲထားခဲ့ပြီး ညီဖြစ်သူ ဦးဘမှုနဲ့အတူ မန္တလေးဆင်းခဲ့တယ်။

မန္တလေးရောက်တော့ သူ့ကိုပြန်လည်ထူထောင်ရေး ချယ်ရာမင်အဖြစ် ခန့်ထားတာဝန်ပေးတယ်။ သူ့ရုံးကိုတော့ (အခု၂၆လမ်းနဲ့ ၆၈လမ်းထောင့်)မှာ ဖွင့်ထားတယ်။ ဝက်စလီယန်ကျောင်းမြောက်ဘက် နေရာနားမှာ ဆရာကြီးနေဖို့ နေရာချထားတယ်။ ဆရာကြီးမန္တလေးရောက်တော့ ဗဟိုအမျိုးသားကျောင်းကြီးကိုသွားကြည့်တဲ့အခါ ကျောင်းကြီးဟာ ဂျပန်ဗုံးအောက်မှာ ပြာပုံနဲ့ အုတ်ပုံတွေသာ ကျန်တော့တာကို ကြေကွဲဝမ်းနည်းစရာအဖြစ် မြင်တွေ့လိုက်ပါတယ်။

ဆရာကြီးဟာ စိတ်မချမ်းမသာနဲ့ဘဲ မိမိနေအိမ်ကို ခေါင်းငိုက်စိုက်ချပြီး ပြန်ခဲ့ပါတယ်။ အရင်မူလ၊ ကျောင်းကြီးအခြေအနေဖြစ်အောင် ဘယ်လိုပြန်လည် တည်ဆောက်ရပါမလဲဆိုတာ စဉ်းစားမရအောင် ဖြစ်နေရှာမှာပါပဲ။

ဂျပန်ဟာ မန္တလေးကိုသိမ်းပြီးပြီ၊ ဒါကြောင့်စစ်ကြီးပြီးသွားပြီ၊ ကျောင်းတွေ ပြန်ဖွင့်ရတော့မယ်လို့ ဘယ်သူမှမတွက်ကြဘူး၊ ဂျပန်က ဝင်လာကတည်းက ဘုန်းကြီးတွေကိုလဲ ချမ်းသာမပေး ခိုင်းချင်တာခိုင်းခဲ့တယ်။ ရထားတွဲကို တွန်းခိုင်းလို့တွန်းခိုင်း၊ သူတို့ကို ခေါင်းညိတ်ပြီး အလေးပြုခိုင်းလို့ခိုင်း၊ သူတို့နဲ့ယှဉ်ပြီး ရန်သူအင်္ဂလိပ်တပ်တွေကို တိုက်လာတဲ့ ဘီအိုင်အေတပ်တွေကို ပါးရိုက်လိုရိုက်၊ မိန်းကလေးတွေကိုတွေ့ရင်“ယောရောရှိ” လို့သွားဖြဲပြီး ဆွဲလို့ဆွဲနဲ့ ဖြစ်နေတယ်။အဲဒီလို မငြိမ်းချမ်းတဲ့ဘဝမျိုးကို ပြည်သူတွေ နေ့စဉ်နဲ့အမျှ ကြုံတွေ့နေရတော့ သူတို့ရဲ့သားသမီးတွေကို စာသင်ကျောင်းတွေဆီ မပို့ရဲ ဖြစ်နေတယ်။ တိုင်းပြည် ဘယ်လိုဖြစ်လာဦးမလဲ ဆိုတာကိုပဲ အကဲခတ် စနည်းနာနေတဲ့ ဘဝမျိုးမှာပဲရှိတယ်။ တောကမြို့ပေါ် ပြန်တက်မလာသေးဘဲ အခြေအနေကိုသာ စောင့်ကြည့်နေဆဲ ဖြစ်ပါတယ်။

အဲဒါကြောင့် ဆရာကြီးအနေနဲ့လဲ မိခင်ကြီးဒေါ်ငြိမ်းလှနဲ့ဇနီး ဒေါ်ခင်ခင် တို့ကို ပြန်မခေါ်သေးဘဲ မင်းကွန်းချောင်မှာ အခြေမပျက်နေစေခဲ့တယ်။ ဆရာကြီးလဲ ညီဦးဘမှုကို အဖော်ပြုပြီး အစိုးရကပေးတဲ့ အိမ်မှာပဲနေပါတယ်။

ဈေးချိုကြီးရဲ့ ချယ်ယာမင်လူကြီးကတော့ ဦးသော် (ယခုကွယ်လွန်) ဖြစ်ပါတယ်။ မန္တလေးက မီးရထားနဲ့ခရီးသွားလိုသူတွေ၊ သင်္ဘောနဲ့ခရီးသွား လိုသူတွေအတွက် ခရီးသွားလက်မှတ်တွေကို နေ့ညမပြတ် ရေးပေးနေရတယ်။ ဒါဟာ အဓိကတာဝန်လိုဖြစ်ခဲ့တယ်၊ ဆရာကြီးက လူတိုင်းလောက်နီးနီး သိနေတော့ သူ့ကို ဒီတာဝန်ပေးထားတာဖြစ်တယ်။ အဲဒီလက်မှတ်မပါရင် ခရီးသွားခွင့် မရှိဘူး။

ဂျပန်လက်အောက် ကျရောက်နေတဲ့ မန္တလေးကို ၁၉၄၂–ခု၊ ဇူလိုင်လ နှစ်ရက်နေ့မှာ ဗွေဆော်ဦးအနေနဲ့ ကျွဲညီနောင်ခေါ်တဲ့ အင်္ဂလိပ်လေယာဉ်ပျံ နှစ်စင်းဟာ တောင်ကမြောက်ကို ခပ်နိမ့်နိမ့်ကလေး ပျံလာပြီး မန္တလေးမီးရထား ဘူတာဝန်းတစ်လျှောက်ကို ဗုံးကြဲစက်သေနတ်နဲ့ ပစ်တယ်။ အဲဒီနောက် မကြာခဏဆိုသလို လေယာဉ်ပျံတွေရောက်လာတတ်ပြီး ဗုံးကြဲလေ့ရှိတယ်။ ဒီလိုနဲ့ အင်္ဂလိပ် အမေရိကန် မဟာမိတ်လေယာဉ်ပျံတွေရဲ့ အန္တရာယ်ဟာ တစ်နေ့တစ်ခြား ကြီးမားလာနေတယ်။

ဒါကြောင့် မြို့ပေါ်မှာ ခေတ္တသွေးတိုးစမ်းတဲ့အနေနဲ့နေတဲ့ မန်းမြို့သား တွေဟာ ဖျာလိပ်ပြီး အရင်အတိုင်း တောဖက်ကို သုတ်ခြေတင်ကြပြန်တယ်။ အဲဒီအထဲမှာ ဆရာကြီးတို့ညီအကိုလဲ အပါအဝင်ဖြစ်တယ်။

ဆရာကြီးလဲ မြို့ပြပြန်လည် ထူထောင်ရေးလုပ်ငန်းကို စွန့်လွှတ်ပြီး မိခင်ကြီးနဲ့ဇနီးသားသမီးတွေရှိရာ မင်းကွန်းကို တပ်ခေါက်ပြန်ခဲ့တယ်။

**အင်္ဂလိပ်စပိုင်တဲ့**

မင်းကွန်းမှာ မြန်မာပြည်အရပ်ရပ်က ပြောင်းလာပြီး ခိုအောင်းနေတဲ့ စစ်ပြေးဒုက္ခသည်တွေနဲ့ စည်ကားလို့ပေါ့။ စစ်ကိုင်းချောင်မှာ အောက်မြန်မာပြည်– ရေး၊ မြိတ်၊ ထားဝယ်ကအစ၊ မန္တလေးစစ်ကိုင်းအလယ် အထက်အညာ ကသာ၊ ဗန်းမော်အဆုံး အဲဒီလို အရပ်ရှစ်မျက်နှာက စစ်ပြေးဒုက္ခသည်တွေနဲ့ ပြည့်ကျပ်နေပါတယ်၊ အများအားဖြင့်တော့ အစိုးရအမှုထမ်း အရာရှိကြီးတွေ၊ အငြိမ်းစားကြီးတွေ ဖြစ်ပါတယ်၊ ချမ်းသာတဲ့ကုန်သည်ပွဲစားကြီးတွေ၊ စက်ပိုင်ရှင်ကြီးတွေလဲ ရှိနေပါတယ်၊ သူတို့ဟာ ကိုယ့်အဆက်အသွယ်ရှိရာ ချောင်တွေမှာ နေထိုင်ကြပါတယ်။

အောက်မြန်မာပြည်က ပြေးလာတဲ့ ကပြားတွေလဲ မင်းကွန်းလူအိုရုံမှာ ဝင်ပြီး ခိုအောင်းနေပါတယ်၊ တချို့ကပြားတွေက အရေးပိုင်ဦးကာ (ယခု

ကွယ်လွန်)ကို အကြောင်းပြုပြီးတော့ မင်းကွန်းလူအိုရုံကို ရောက်ရှိလာကြခြင်း ဖြစ်ပါတယ်၊ မင်းကွန်းလူအိုရုံမှာ ကပြား၊ ကပြားမတွေ ခိုအောင်းနေတဲ့ သတင်းကို ဂျပန်အလိုတော်ရိတစ်ယောက်က ဂျပန်ကင်ပေတိုင်ခေါ် ဂျပန် စစ်ထောက်လှမ်းရေးတပ်ကို သတင်းသွားပို့ပါတယ်၊ အဲဒါကြောင့် ကပြား၊ ကပြားမတွေကို မင်းကွန်းသစ်တောရိပ်သာမှာ စုဝေးစေပါတယ်။ ဒီအထဲမှာ ဦးကာနဲ့ ဆရာကြီး ဦးရာဇတ်အပြင် မန္တလေးမြို့က စက်ပိုင်သူဌေးတွေလဲပါတယ်။

ဂျပန်စစ်ရဲတပ်ကြပ်ကြီး စံရှားက–

"ရေဒီယိုတွေ၊ စစ်ပစ္စည်းတွေ၊ ကင်မရာတွေ၊ လက်နက်တွေရှိရင် အခုကတည်းကအပ်ပါ၊ ဝှက်ထားရင် စပိုင်ဖြစ်တယ်၊ လူကြီးလူကောင်းတွေ ဖြစ်တဲ့အတွက် ထောင်ထဲမပို့ချင်ဘူး၊ အဲဒီတော့ ခုကတည်းက အခုပြောတဲ့ ပစ္စည်းတွေ အပ်လှည့်ကြပါ"လို့ သတိပေးနှိုးဆော် အမိန့်ပေးလိုက်တယ်။

အဲဒါကြောင့် ဂျပန်စံရှားတောင်းတဲ့ ပစ္စည်းတွေ ပါလာတဲ့လူတွေက အလျှိုလျှို အပ်ကြတယ်။

ဂျပန်စံရှားဟာ ဦးကာနေတဲ့ ဒေါ်ဦးနွန်းတိုက်မှာ သူ့ရုံးခွဲ လုပ်ထားတယ်။ ဦးကာကိုတော့ မင်းကွန်းချောင်ရောက်နေတဲ့ စစ်ပြေးဒုက္ခသည်တွေကို ဦးစီးခိုင်းထားတယ်။ ဦးကာကို အကြောင်းပြုပြီး တောင်ငူ အမျိုးသားအထက်တန်း ကျောင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည် (အင်္ဂလိပ်စာဂုဏ်ထူး)တို့ မိသားစုဟာလဲ မင်းကွန်းကို ရောက်ရှိပြီး လူအိုရုံမှာပဲ ခိုအောင်းနေတယ်။

ဒေါ်ကြည်တို့ မောင်နှမတစ်စုဟာ ဒီဂရီဘွဲ့ရ ပညာတတ်တွေ ဖြစ်ကြပါတယ်၊ ဒေါ်ကြည်မှာ သမီးဒေါ်တင်တင်ကြည် ဆိုတာရှိတယ်။ ဒေါ်တင်တင်ကြည်ဟာ ဗိုလ်ကပြားမလေးတစ်ယောက်ဖြစ်တယ်၊ ဒေါ်တင်တင်ကြည်ရဲ့ ခင်ပွန်းက ပဲခူးအစိုးရအင်္ဂလိပ်မြန်မာ အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး မစ္စတာ ဂေဆိုင်းမွန် ဖြစ်ပါတယ်၊ စစ်ဖြစ်လာတော့ စစ်အတွင်းမှာ စစ်အမှုထမ်းရင်း ကျဆုံးသွားပါတယ်၊ သားတစ်ယောက်နဲ့ သမီးတစ်ယောက် ကျန်ရစ်ခဲ့ပါတယ်။

ဂျပန်စံရှားဟာ မင်းကွန်းသစ်တောရိပ်သာမှာ လာပြီး လက်နက်၊ ရေဒီယိုတွေ အပ်ဖို့ အမိန့်ပေးတုန်းက ချောချောလှလှ မုဆိုးမလေး ဒေါ်တင်တင်ကြည်ကို မျက်စိကျခဲ့ပြီး အဲဒီ လူအိုရုံစခန်းမှာရှိတဲ့ ကပြားတွေကို

ကွပ်ကဲအုပ်ချုပ်ဖို့လဲ ဒေါ်တင်တင်ကြည်ကိုပဲ တစ်ခါတည်းရွေးချယ်ပြီး တာဝန်ပေးခဲ့တယ်။

ဒေါ်တင်တင်ကြည်က "ဘာပဲဖြစ်ဖြစ်လေ တို့လူတွေအပေါ် သက်သက်ညှာညှာဖြစ်အောင် ငါလုပ်ပေးနိုင်မှာပဲ၊ တစ်ဖက်ကလဲ ဂျပန်သတင်းတွေ သိရအောင်တစ်မျိုး၊ ပြီးတော့ ကိုယ်လူထဲက ဂျပန်ကသက်ာမကင်းလို့ ဖမ်းပြီး ညှဉ်းချင်တောင်မှ ကိုယ်ကဖေးဖေးမမ ကူညီပေးနိုင်အောင်တစ်ဖုံ၊ အဲဒီလို အကြောင်းကြောင်းတွေကြောင့် ဂျပန်ပေးတဲ့တာဝန်ကိုလက်ခံမှပဲ" ဆိုပြီး လက်ခံလိုက်ပါတယ်။

ဒါပေမယ့် ဂျပန်စံရှားက ဒီလိုတာဝန်ပေးရုံတင် ရပ်မနေတော့ဘဲ ရိုးမယ်ဖွဲ့အကြောင်းရှာပြီး စစ်ကိုင်းကင်ပေတိုင်ရုံးကနေ မကြာခဏ မင်းကွန်း ဒေါ်တင်တင်ကြည်ဆီ လာလည်လေ့ရှိတယ်။ နောက်ဆုံးတော့ ဖွတ်အတင်းဆိုသလို အကျပ်ကိုင်ပြီး သူ့ဇနီးအဖြစ် သိမ်းပိုက်လိုက်တယ်။ ဒေါ်တင်တင်ကြည်ရဲ့ ဆွေမျိုးတွေလဲ ရှက်ရှက်နဲ့ အားမတန်လို့ မာန်လျှော့ပြီး ခေါင်းသာငုံ့နေလိုက်ရတော့တယ်။ အဲဒီလို နာမည်ကျော်စံရှားရဲ့ ဇနီးအဖြစ်ကိုရောက်ခဲ့ပေမယ့် ဒေါ်တင်တင်ကြည်ဟာ သူ့လူတွေအပေါ် အခါမလပ်ရအောင် အတတ်နိုင်ဆုံး ကူညီပေးခဲ့တယ်။

* * * * *

ကျမ်းပြုသူဟာ ဝမ်းအိုဝမ်းနဲ့ ဗမာ့မြေအောက်တော်လှန်ရေး စာအုပ်ကို ရေးသားပြုစုဖို့၊ ၁၉၆၅ခုလောက်က ဒေါ်တင်တင်ကြည်ထံမှ သတင်းများ မေးမြန်းရန် ဒေါ်တင်တင်ကြည်နေတဲ့ အမရပူရမြို့ကို ရောက်ခဲ့ပါတယ်။ သူ့ဆီကသိခဲ့ရတာကတော့–

သူဟာ ဂျပန်ဇနီးဖြစ်နေပေမယ့်ဂျပန်ဆီက စစ်သတင်းတွေကို အရယူပြီး ဆရာကြီးဦးရာဇတ်ဆီ ပို့ပေးတယ်၊ ဆရာကြီးနဲ့ လျှို့ဝှက်စွာဆက်သွယ်မှု ရှိခဲ့ကြောင်း၊ ပြီးတော့ဆရာကြီးတို့တစ်စု အဖမ်းခံရထားရစဉ်မှာလဲ အညှဉ်းဆဲမခံရလေအောင် တတ်နိုင်သလောက် နောက်ပိုင်းကနေ ဖေးဖေးမမ ဆောင်ရွက်ပေးခဲ့ကြောင်း။

ဒါတင်မကသေးပါဘူး ကျမ်းပြုသူကိုတောင် အကူအညီပေးခဲ့သေးကြောင်း ဇာတ်ကြောင်းပြန်ခဲ့ပါတယ်။ (ကျမ်းပြုသူဟာ ဂျပန်တော်လှန်ရေးမှာ မြန်မာ့မြေအောက် တော်လှန်ရေးသမားတစ်ဦး ဖြစ်ခဲ့ပါတယ်။ ဦးသိန်းဖေမြင့်

ခေါင်းဆောင်တဲ့အဖွဲ့က အင်္ဂလိပ်စစ်တပ် (Force 136) နဲ့ပေါင်းပြီး ဂျပန်တော်လှန်ရေးကို လုပ်ခဲ့သလို ကျမ်းပြုသူလဲ အမေရိကန်တပ်မတော်-(U.S.Army Detachment 101) ၁၀၁-တပ်ဖွဲ့နဲ့ စတင်ဆက်သွယ်ပြီး၊ အခုလယ်ယာနဲ့သစ်တောရေး ဌာနအတွင်းဝန်ဟောင်း၊ အငြိမ်းစား ဗိုလ်မှူးကြီး တင်စိုးတို့နဲ့အတူ ဂျပန်တော်လှန်ရေးအတွက် မြေအောက်လုပ်ငန်းတွေကို လုပ်ခဲ့ပါတယ်။

အဲ့ဒီလိုနေတုန်း အမေရိကန် (၁၀၁)တပ်ဖွဲ့ကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့နဲ့ ဆက်သွယ်ပေးဖို့ အမေရိကန် စစ်(၁၀၁)တပ်ဖွဲ့ရုံး၊ စစ်ဌာနရုံးစိုက်ရာ မြစ်ကြီးနားကနေ လျှို့ဝှက်စွာ လာခဲ့ ပါတယ်။ ၂၁-၁-၄၅ခုနေ့ မင်းကွန်းအရောက်မှာ ကျမ်းပြုသူနဲ့အတူ အကူအညီပါလာတဲ့ ရွှေဘိုနယ်-ရွှေကွန်းရွှေတိုက်က လှေသမားကိုစံထွန်း၊ မင်းကွန်းက စစ်ပြေးရင်းရောက်နေတဲ့ ကသာကျောင်းသား မောင်လှဆွေ၊ (ယခုဗမာပြည် ကွန်မြူနစ်ပါတီအနေနဲ့ တောခိုရင်း ကသာခရိုင် ပင်လည်ဘူး ဗန်းမောက်နယ်တွင်ကျဆုံး) တို့ကို ဂျပန်စံရှားတို့အဖွဲ့က ဖမ်းလိုက်ပါတယ်။ လူယုံသတ်လို့ ရေတိမ်မှာနစ်ခဲ့ရတဲ့ဘဝပါ။

အဲ့ဒီနေ့ညစာကို ဒေါ်တင်တင်ကြည်က သူ့ခင်ပွန်း ဂျပန်စံရှားတို့ မသိအောင် တိတ်တိတ်ပုန်း ခိုးကျွေးတယ်လို့ ပြောပြပါသေးတယ်။ ဒီအချိန်မှာတော့ ဂျပန်ရုံးက လူအိုရုံမှာမဟုတ်တော့ဘဲ မင်းကွန်းအရိယာမဂ္ဂင် ချောင်မှာဖြစ်နေပါပြီ။ အဲဒီကနေ စစ်ကိုင်းစစ်ရုံးချုပ်လုပ်ထားတဲ့ ကျိုက်လပ် ချောင်ကို ရောက်တဲ့အခါမှာတော့ တစ်နေ့ထမင်းနှစ်ဆုပ်-ရေနှစ်ခွက်ပဲ ပေးပါတယ်။ ထမင်းဆုပ်တစ်ဆုပ်ဆိုရင် တင်းနစ်ဘောလုံးအရွယ်ပဲ ဖြစ်ပါတယ်။ ဒီတုန်းက ဒေါ်တင်တင်ကြည် ခိုးကျွေးတဲ့ထမင်းကို တဝကြီးစားလိုက်ရပါတယ်။

ဒေါ်တင်တင်ကြည်က ဒီလိုထပ်ပြောပြပြန်ပါသေးတယ်။ ပန်းကန်ပြား ပက်ပက်ကြီးထဲမှာ ထမင်းတွေဟင်းတွေ ပုံပေးခဲ့ပါတယ်။ အဲဒီလိုမသိအောင် ကျွေးထားခဲ့ပြီး သူကဂျပန်တွေ မရိပ်မိအောင် ဂျပန်တွေနဲ့ လိုက်လိုက်လျောလျော ညှိခံနေရတယ်လို့ ထပ်ရှင်းပြပါတယ်။ သူဟာ-ဆရာကြီးဦးရာဇတ်နဲ့လဲ လျှို့ဝှက်စွာ ဆက်သွယ်မှုရှိတယ်လို့လဲ ပြောပြပါတယ်။ ပြီးတော့ အခုလွတ်လပ် ရေး မော်ကွန်းဝင်ရရှိရေးအတွက် လျှောက်ထားတယ်လို့ ပြောပြပါတယ်။ သူ့သဘောက သူဟာ ဂျပန်ဆီက သတင်းရရှိဖို့ ကမ္ဘာကျော် "မာတာဟာရီ"

သူလျှိုမလေးလို ဆောင်ရွက်တာ ဖြစ်တယ်တဲ့။

ဂျပန်စံရှားဆိုရင် မင်းကွန်းက ကလေးတွေ လူကြီးတွေအားလုံး ရွံ့ကြောက်ကြီးဖြစ်ပါတယ်။ မင်းကွန်းရွာသူကြီး ဦးတင်ကိုလဲ မသက်ာဘူးဆိုပြီး ရေလောင်းစစ်တယ်။ နောက်ဆုံးလက်လွန်ပြီး အရိယမဂ္ဂင်ချောင်မှာပဲ ဆုံးသွားတယ်လို့ သိရပါတယ်။

ဒီ စံရှားဟာ စစ်ကိုင်းမင်းကွန်း အထူးသဖြင့် မင်းကွန်းချောင်မှာ မင်းမူနေသူဖြစ်ပါတယ်။ ဖက်ဆစ်ညှဉ်းဆဲနည်းအမျိုးမျိုးနဲ့ ပြည်သူတွေကို ညှဉ်းဆဲခဲ့တယ်။ သတ်ပစ်တယ်။

ကျမ်းပြုသူကတော့ စစ်ကိုင်း ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝင်နဲ့ စစ်ကိုင်း ဘီဒီအေ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်–တပ်မှူးဗိုလ်သိန်းဦး(ဂျပန်တွေနဲ့ သပြေပင်တိုက်ပွဲမှာ တိုက်ရင်းကျဆုံး)နဲ့၊ အေအက်ဖ်အိုအဖွဲ့ဝင် မြေဒူးဆရာတော် ဦးပဏ္ဍိတ(ယခုပျံတော်မူ)ဂျပန်စစ်ရုံးမှ ကင်ပို(မြန်မာစစ်ရဲအဖြစ် လုပ်နေတဲ့ ရဲဘော်အောင်မို)တို့ရဲ့ ကြိုးစားမှုကြောင့် အချုပ်ခန်းကို သော့တူနဲ့ဖွင့်ပြီး ထွက်ပြေးလွတ်မြောက် လာခဲ့ပါတယ်။

ကျမ်းပြုသူနဲ့ အတူပါလာတဲ့ လှေသမားကိုစံထွန်းကတော့ တခြားအခန်းမှာ ချုပ်ခံထားရတယ်။ သူ့ကိုထုတ်ဖို့ ဗိုလ်သိန်းဦးတို့ စီစဉ်နေတုန်း ဂျပန်စံရှားတို့အဖွဲ့က သတ်သင်ပစ်လိုက်တယ်။ မောင်လှဆွေကလေးကိုတော့ အမှုမှာပါဝင်သူမဟုတ်ဘူးဆိုပြီး နိပ်စက်လို့အားရမှ လွှတ်ပစ်လိုက်တယ်။

ဂျပန်တော်လှန်ရေးစတော့ စစ်ကိုင်းက ဂျပန်စစ်ရဲတွေ ထွက်ပြေးကြတယ်။ နောက်ဆုံး ဗိုလ်စံရှားပဲကျန်တယ်။ ဗိုလ်စံရှားဟာ မင်းကွန်းသရက်ပင်ဆိပ်ကနေ အင်းဝဘက်၊ အဲဒီကနေ ပလိပ်ဖက်ဆက်ကူးဖို့ အစီအစဉ်လုပ်နေတယ်၊ အဲဒီလို လုပ်နေတာကို စစ်ကိုင်းမြေအောက်အဖွဲ့ဝင် ဘီဒီအေတပ် ဗိုလ်ထွန်းကြည်တို့က(ဝ)တပ်ဗိုလ် သခင်သန်းတင်ကတစ်ဆင့် သတင်းရတယ်။ သခင်သန်းတင်ကလဲ ဂျပန်လူပဲ၊ ဒါပေမယ့် မြေအောက်ရဲဘော်ဖြစ်တယ်။ ဂျပန်စံရှားက သူအင်းဝဘက်ကူးမယ့် အစီအစဉ်လုပ်ပေးဖို့ညွှန်ကြားလို့ သခင်သန်းတင်က အစီအစဉ်လုပ်ထားရတယ်။

အဲဒီအချိန်မှာ စံရှားရဲ့ဇနီး ဒေါ်တင်တင်ကြည်ဟာ အခုတင်မောင်ရှားဆိုတဲ့ ကလေးကို ကိုယ်ဝန်ပိုက်ထားစဉ်ဖြစ်တယ်။ မွေးလုမွေးခင်ပဲ၊ အဲဒီမယ်စံရှားက "သူသေမယ်ရှင်မယ်မသိဘူး၊ စစ်ပြီးသွားရင် တကယ်လို့ သားယောက်ကျားလေး

မွေးရင် တင်မောင်ရှားလို့ နာမည်ပေးပြီး သူ့ဇာတိချက်ကြွေဖြစ်တဲ့(ဟိရိရှိမာ -
တာကာတာခရိုင် ဟွန်ရှူဒေဆူအိစန်)ကို မေးလိုက်ခဲ့ပါလို့ မှာကြားခဲ့တယ်။
အဲဒီနောက် လေ့နဲ့ကူးခါနီးမှာ သခင်သန်းတင်တို့က အရက်ချော့တိုက်တယ်
မလွဲသာမရှောင်သာ မိတ်ဖြစ်ဆွေဖြစ်လောက် သောက်တယ်။

အဲဒီနောက် အနောက်ဖက်ကမ်းကိုကူးဖို့လှေပေါ် တက်ခါနီး ဒူးထောက်ပြီး စစ်ကိုင်းပုညရှင်စေတီကို ဦးချရှိခိုးတယ်၊(၅)မိနစ်လောက်ကြာအောင် ဆုတောင်းပြီးမှ ၎က်(လှေ)ပေါ်တက်တယ်။ ဧရာဝတီမြစ်လယ်ရောက်တော့မှ စံရှားကို(ဝ)တပ်ဗိုလ် ဗိုလ်မင်းဟန်က သံတုတ်နဲ့ရိုက်တယ်၊ အဲဒီလို ခေါင်းငိုက်စိုက် ကျသွားပြီးပြန်အထမှာ ဗိုလ်ထွန်းကြည်က ခြောက်လုံးပြူးသေနတ်နဲ့ နှစ်ချက်ဆင့် ပစ်ရိုက်တယ်။ အဲဒီတော့မှ ဧရာဝတီမြစ်ထဲ ထိုးကျသွားပြီး ဖက်ဆစ်ကင်ပေတိုင် စံရှားရဲ့ ဘဝဟာ နိဂုံးချုပ်သွားပါတယ်။ ဒီအကြောင်းတွေကို ကျမ်းပြုသူက ဝမ်းအိုဝမ်းနဲ့ ဗမာ့မြေအောက် တော်လှန်ရေးဆိုတဲ့စာအုပ်မှာ အပြည့်အစုံ ရေးသားဖော်ပြ ထားပါတယ်။

* * * * *

အဲဒီလို မင်းကွန်းပြောင်းပြီး နေကြတဲ့အချိန်မှာ ဆရာကြီးမှာ ဘာအလုပ် အကိုင်မှမရှိဘူး။ ထိုင်စားဘဝပဲ ဖြစ်နေတယ်။ မင်းကွန်းရောက်ပြီးနောက် သမီးခင်ခင်စိန်အောက် မိမိကွန်းဆိုတဲ့ သမီးငယ်တစ်ယောက် ရပြန်တယ်။ မင်းကွန်းမှာ ပြေးရင်းလွှားရင်း ရခဲ့တဲ့အတွက် မိမိကွန်းလို့ ကင်ပွန်းတပ် ခေါ်လိုက်တာပါ။ ဒီကလေးလဲ (၄)လလောက်ပဲ နေလိုက်ရတယ်။ နေမကောင်းဖြစ်တာ ဆေးဝါးမပြည့်မစုံလို့ ပျက်ဆီးသွားရှာပါတယ်။

၁၉၄၃ခု ဩဂုတ်လ(၁)ရက်နေ့မှာ ဂျပန်က လွတ်လပ်ရေး အတုအယောင် ကိုပေးခဲ့တယ်။ အဲဒီနေ့မှာ မင်းကွန်းမှာရှိတဲ့ စစ်ပြေးဒုက္ခသည်တွေရော ရွာခံတွေပါပေါင်းပြီး လွတ်လပ်ရေး အခမ်းအနားပွဲတစ်ရပ် ကျင်းပတယ်။ အခမ်းအနားမှာ အရေးပိုင်ဟောင်း ဦးကာကအကြီးအကဲ နာယကဖြစ်တယ်။ အဲဒီတော့ ဦးကာက လွတ်လပ်ရေးနဲ့ပတ်သက်တဲ့ မိန့်ခွန်းပြောဖို့ဖြစ်တယ်။ ဒါပေမယ့် မိန့်ခွန်းပြောဖို့ အများက ဆရာကြီးရာဇတ်ကိုသာ ဆန္ဒရှိကြတယ်။ ဒီတော့ ဦးကာက အားနာနာနဲ့ပဲ အများကို မလွန်ဆန်နိုင်လို့ ဆရာကြီးကိုပဲ မိန့်ခွန်းစကား ပြောစေပါတယ်။

ဆရာကြီးဟာ မင်းကွန်းမှာ စာဖတ်ရင်း အချိန်ကုန်လွန်ခဲ့ပါတယ်။ ဒီလိုနဲ့ ရခိုင်နဲ့မြန်မာပြည်မြောက်ပိုင်းစစ်မျက်နှာတွေမှာ ဂျပန်တွေဟာ မရှုမလှ ဆုံးရှုံးစပြုလာပါပြီ။

မြန်မာပြည်ရဲ့ စစ်အနိုင်အရှုံးကို အဆုံးအဖြတ်ပေးမယ့် ကျော်ကြားလှတဲ့ "အင်ဖာ"တိုက်ပွဲမှာ ဂျပန်အမှတ်၁၅တပ်မတော်က လူပေါင်း၅၀၀၀၀ မရှုမလှ ကျဆုံးခဲ့ရပြီး အမြောက်အမြား ဒဏ်ရာရခဲ့ပါတယ်။ မြန်မာပြည် စစ်မျက်နှာဆိုင်ရာ အာဏာပိုင်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီး"ကဝါသီ"ဟာ အင်ဖာတိုက်ပွဲမှာ မရှုမလှ ဆုံးရှုံးခဲ့တဲ့အတွက် ဂျပန်ပြည်ကို ပြန်လည်ခေါ်ယူခြင်း ခံရပါတယ်။ သူ့အစား ဗိုလ်ချုပ်ကြီး"ကီမူရာ"ကို တာဝန်ပေးခဲ့ပါတယ်။

အင်ဖာတိုက်ပွဲ၊ ရခိုင်နဲ့မြန်မာပြည်မြောက်ပိုင်းဒေသ စတဲ့စစ်မျက်နှာမှာ ၁၉၄၄ခု မတ်လကနွှန်လအထိ လေးလအတွင်း ဂျပန်ဖက်ဆစ်ဘက်က ၉၀၀၀၀ကျဆုံးခဲ့ပြီး မဟာမိတ်ဘက်က ၄၀၀၀၀–သေကျေပျက်စီးဆုံးရှုံးခဲ့ပါတယ်။

ဒီအခြေအနေမျိုးမှာဆိုတော့ ဂျပန်ဟာစစ်ရှုံးပြီး အင်္ဂလိပ်အမေရိကန်တို့က စစ်နိုင်ဖို့ အလားအလာများနေပါတယ်။ အင်္ဂလိပ်အမေရိကန် တပ်တွေဟာ ထိုးစစ်ကြီးတွေ ဆက်တိုက်ဆင်နွှဲလျက် ရှိနေပါတယ်။ အဲဒီလိုကာလမှာပဲ ဂျပန်လက်အောက်ရှိ နယ်မြေတွေပေါ် အင်္ဂလိပ်ဘက်က လေနတ်သားဆိုတဲ့ ဝါဒဖြန့်ချိတဲ့ သတင်းစဉ်တွေကို လေယာဉ်ပျံပေါ်က ပလူပျံအောင် ဝေငှဖြန့်ချိလျက်ရှိပါတယ်။

အဲဒီလေနတ်သား သတင်းစဉ်ထဲမှာ စစ်အခြေအနေတွေနဲ့ ဝါဒဖြန့်ချိရေးဆောင်းပါးတွေ၊ ကာတွန်းတွေ ပါဝင်ပါတယ်။ ဒီလေနတ်သားနဲ့ တခြားလေယာဉ်ပျံပေါ်ကပစ်ချတဲ့ ဖြန့်တဲ့စာရွက်စာတမ်းတွေကို ရရှိရင် ဂျပန်တွေဆီ သွားအပ်ရတယ်။ သိမ်းဆည်းထားတာတွေ့ရင် ဂျပန်က သေဒဏ်အပြစ်ပေးတယ်။ ဒီအချိန်လောက်မှာ ပြည်သူတွေက ဂျပန်ကို အလွန်မုန်းတီးပြီး တော်လှန်ချင်နေတဲ့ ကာလလဲဖြစ်တယ်။

ဆရာကြီးဇနီး ဒေါ်ခင်ခင်ရဲ့အစ်ကို ဦးဘတူခေါ်ဦးအိစမ်အင် (ယခုကွယ်လွန်)က ဟိုကဒီက လေနတ်သားသတင်းစဉ် ရခဲ့ရင် ဆရာကြီးဆီလာလာပို့တယ်။ အဲ့ဒီမှာစုပြီး ဖတ်ကြတယ်။ မန္တလေး စစ်ကိုင်းတန်းရပ်က သစ်စက်ပိုင်ရှင် ဦးလှဘော်ခေါ်မစ္စတာနူးလ်တို့က ဆရာကြီးဦးရာဇတ်နဲ့ နှစ်မိုင်လောက်

ဝေးတဲ့ ဖောင်တော်သီချောင်မှာပေါ့၊ ဆရာကြီးဆီမပြတ် ဝင်ထွက်လေ့ရှိတယ်။ သူတို့ကလဲ လေနတ်သားသတင်းစဉ်တွေ လာလာဖတ်တယ်။

တစ်နေ့တော့ မန္တလေးမှာနေတဲ့ အရင်ဗဟိုအမျိုးသား အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးထွန်းမောင်ဆီကို ဗိုလ်ချုပ်အောင်ဆန်း ညွှန်ကြားချက်အရ တပ်မတော်ပညာရေးဌာနမှာ တာဝန်ယူနေတဲ့ဆရာကြီး ဗိုလ်မှူးဖိုးကွန်း (ယခုသံအမတ်ကြီး ကွယ်လွန်)ထံက အထောက်တော် ရောက်လာတယ်။

တပ်မတော်ပညာရေးဌာနမှာ ဆရာကြီးဦးရာဇတ်ကို တာဝန်ပေးဖို့တဲ့။ ဒါကြောင့် ဆရာကြီးဦးရာဇတ်ကို အမြန်ဆုံးရှာပေးဖို့ ပြောလာပါတယ်။ ဆရာကြီးဦးရာဇတ်နေတဲ့ မင်းကွန်းအလယ်တောရချောင်ကို လိုက်သွားပါတယ်။

ဆရာကြီးနဲ့တွေ့တဲ့အခါ ဆရာဦးထွန်းမောင်က ဗိုလ်မှူးဖိုးကွန်း မှာကြားချက်တွေကို တစ်ဆင့်ပြောပြလိုက်ပါတယ်။ ဒီတော့ ဆရာကြီးက ချက်ချင်းဆိုသလို ကောက်ကာငင်ကာလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီမယ် ဆရာထွန်းမောင်က ခရီးသွားလာရေးနဲ့ ပတ်သက်ပြီး ရက်တွက်ပြတယ်။

ဆရာဦးထွန်းမောင်က ဗေဒင်တို့ လက္ခဏာတို့ကို နားလည်ကျွမ်းကျင်သူ ဖြစ်ပါတယ်။ သူတစ်ပါး မလိမ်နိုင်အောင် ဗေဒင်တို့၊ လက္ခဏာတို့ လေ့လာထားတာ ဖြစ်ပါတယ်။ ဗေဒင်လက္ခဏာတို့ကို ကျွမ်းကျင်သူမဟုတ်ပေတဲ့ သူဟာ ဝါရမိတ္တုရက်မှာ သိလွယ်အောင် လေ့လာထားပါတယ်။ ရက်နှင့်နေ့ ပေါင်း၍(၁၃)ဖြစ်ရင် ဝါရမိတ္တုဖြစ်ပါတယ်။ ဥပမာ–ပြာသိုလဆန်း ၁၂– တနင်္ဂနွေဖြစ်ရင် ဝါရမိတ္တုဖြစ်တယ်။ နတ်တော်လဆုတ် ၉ ရက်၊ ဗုဒ္ဓဟူးဖြစ်ရင် ဝါရမိတ္တုဖြစ်တယ်။

အဲဒီမယ် ရက်တွက်ကြည့်တော့ “ဝါရမိတ္တုရက်” ဖြစ်နေတယ်။ မကောင်းတဲ့ရက်ဟာ နှစ်ရက်ဖြစ်တယ်။ တစ်ရက်က “ပြဿဒါး” ရက်၊ နောက်တစ်ရက်ကတော့ “ဝါရမိတ္တုရက်” ဖြစ်တယ်။ ဝါရမိတ္တုရက်က ပြဿဒါးရက်ထက် ဆိုးတယ်လို့ အယူရှိကြတယ်။ ကောင်းတဲ့ရက်ဟာလဲ နှစ်ရက်ရှိတယ်။ ရက်ရာဇာနဲ့ အမြိတ္တစုတ်ရက်ရယ်လို့ ဖြစ်တယ်။ အဲဒီကောင်းတဲ့ ရက်နှစ်ရက်ထဲမှာ အမြိတ္တစုတ်ရက်က ရက်ရာဇာထက်ပိုပြီး ကောင်းတယ်လို့ အယူရှိကြတယ်။

ဝါရမိတ္တုရက်မယ် ဘယ်အမှုကိုမှ မပြုရဘူးတဲ့။ နေ့နဲ့ရက်ပေါင်း လဆန်း(သို့မဟုတ်)၊ လဆုတ်(၁၃)ဖြစ်နေရင် ဝါရမိတ္တုဖြစ်တယ်။ အဲဒီတော့ ဒီနေ့လဲ ရက်မကောင်းသေးဘူး၊ မနက်ဖြန်လဲ ရက်မကောင်းသေးဘူး၊ သန်ဘက်

ခါမှ ရက်ကောင်းမယ်၊ အဲဒီတော့မှ ဆရာကြီးထွက်ခဲ့ပါ၊ မန္တလေးက စောင့်ကြိုနေပါမယ်လို့ မှာကြားပြီး၊ ဆရာထွန်းမောင် မန္တလေးကို တပ်ခေါက်ပြန်သွားတယ်။

**ဖက်ဆစ်ဂျပန်များ ဖမ်းသွားခြင်း**

ဆရာထွန်းမောင် ပြန်သွားတဲ့ နောက်တစ်နေ့မှာ ဂျပန်စံရှားက (၀)တပ်သားကွေလွှတ်ပြီး ဆရာကြီးကို ဖမ်းသွားတယ်။ အဲဒီနေ့ဟာ ၁၉၄၄ ခု၊ ဩဂုတ်လ(၃၀)ရက် မနက်(၇)နာရီ ဖြစ်ပါတယ်။(ဦးထွန်းမောင် အခါပေးကောင်းလို့ ဆရာကြီးကို ဂျပန်က စပိုင်အဖြစ် အဖမ်းခံသွားရပြီဆိုပြီး ပြောစမှတ် ဖြစ်ကျန်ရစ်ခဲ့တယ်။ တကယ်လို့ ဆရာထွန်းမောင်နဲ့ တစ်ခါတည်း လိုက်ပါသွားပြန်ရင်လဲ လမ်းမှာတစ်ခုခုတော့ ဖြစ်မှာပဲလို့လဲ ပြောကြတယ်။ ဆရာထွန်းမောင်ကတော့ သူ့အခါပေးကောင်းလို့ ဆရာကြီးသေမလို ဖြစ်ခဲ့တယ်ဆိုပြီး မချိပြုံးပြုံးပြီးပြောတယ်။)

ဆရာကြီးတို့ကို လာဖမ်းတော့ ကလေးတွေကလဲ ငိုကြတယ်။ ဆရာကြီးမိခင်ကလဲ မျက်ရည်နဲ့မျက်ခွက် ဖြစ်တယ်။ သားလေးမောင်တင်မြင့်ကတော့ နားလည်တတ်တဲ့အရွယ်ဖြစ်တော့ "မြင့်မြင့်တို့" ပါပါမရှိရင် မြင့်မြင့်တို့ သုံးယောက်တည်း နေရတော့မယ်။ ပါပါကိုဘာလို့ ခေါ်သွားကြတာလဲလို့" တီတီတာတာပြောရင်း ချုံးချပြီး ရှိုက်ကြီးတငင်ငိုပါတော့တယ်။ ကလေးကငိုလေ လူကြီးတွေကလဲ မျက်ရည်မဆည်နိုင်အောင် ဖြစ်လာပြီး ငိုကြရပြန်တယ်။

အဲဒီမယ် ဒေါ်ခင်ခင်ကသားမောင်တင်မြင့်ကို "မငိုပါနဲ့သားရယ်၊ သားပါပါမှာ ဘာအပြစ်မှမရှိဘူး။ အလ္လာအရှင်မြတ်(ဘုရား)ထံ ဆုတောင်းပါ"လို့ ချော့မော့ နှစ်သိမ့်ပေးပါတယ်။ ဆရာကြီးတို့ကို ခေါ်သွားပြီးမကြာမီ မိုးတွေ ရွာချခဲ့ပါတယ်။ မျက်ရည်ပူတွေနဲ့ မိုးရေတွေဟာ ရောနှောယှက်တင် ဖြစ်သွားပါတယ်။ ဆရာကြီးဟာ မိခင်နဲ့ဒေါ်ခင်ခင်တို့မိသားစု ဘယ်လို ဗလောင်ဆူပြီး ကျန်နေမလဲဆိုတာ စဉ်းစားရင်း ဂျပန်တွေခေါ်ရာကို ကောက်ကောက်ပါ လိုက်သွားပါတယ်။

အဲဒီနေ့က ဆရာကြီးဦးရာဇတ်အပါအဝင် လူပေါင်း(၁၈)ယောက်ကို စံရှားနဲ့သူ့တပည့်တွေ လာဖမ်းလိုက်ကြတယ်။ အဖမ်းခံရသူတွေကတော့ ဆရာကြီးဦးရာဇတ်၊ ဦးလှဘော်(မန္တလေး စစ်ကိုင်းတန်းရပ်နေ ရွှေလရောင်

သစ်စက်ပိုင်ရှင် ကွယ်လွန်)၊ အိုင်အီးမပါးရား(ကုန်သည်)၊ မစ္စတာမိုးဇက်(ဂျူးလူမျိုး အိုင်အီးမပါးရားရဲ့ မန်နေဂျာ)၊ ကိုကိုလေး(စိုက်ပျိုးရေးဝန်ထောက်အခုရန်ကုန်)၊ ဦးဘတူခေါ်ဦးအိစမ်အင်(ဆရာကြီးရဲ့ဇနီး ဒေါ်ခင်ခင်ရဲ့အစ်ကို)၊ ဦးလူ(ပသီလူမျိုး ရောဝတီသင်္ဘောဖိုမင် ယခုကွယ်လွန်)၊ ဦးနစ်(ပသီလူမျိုးကုန်သည် ယခုစစ်ကိုင်းတန်း မန္တလေးမှာနေ)၊ ဦးဘသွယ်(ယခုရေဒီယိုရောင်းဝယ်ပြုပြင်ရေး ရန်ကုန်)၊ ဦးတင်(ယခုကွယ်လွန်)၊ ဦးခင်မောင်ဖြူ(ဗမာဗုဒ္ဓဘာသာ၊ ယခုမိုးရထားစာရင်းကိုင် မန္တလေး)၊ အိုင်အီးမပါးရားရဲ့သားနှစ်ယောက်ဖြစ်တဲ့ ဘူလူဘဝင်း(ယခုကွယ်လွန်) နဲ့ဘာလူဂျမ်း၊ ပန်ဒေးခေါ်ဦးထွန်း(ယခုအငြိမ်းစား ရဲဝန်ထောက်)နဲ့ အခြားလေးယောက်ပေါင်း(၁၈)ယောက် ဖြစ်ပါတယ်။

အဲဒီလိုဖမ်းတဲ့ နေ့ကဆိုရင် ဆရာကြီးဦးရာဇတ်ရဲ့ ဇနီးဒေါ်ခင်ခင်ဟာ၊ ကိုယ်ဝန်(၇)လနဲ့ ကျန်ရစ်ခဲ့ပါတယ်။ အဲဒီလိုဖမ်းတော့ ဘာအပြစ်ကြောင့်ဖမ်းတယ်ဆိုတာကိုလဲ မသိရဘူး။ ဂျပန်ဖမ်းတယ်ဆိုရင်တော့ သေလမ်းသွားရတာက များတာပဲဆိုတာ သူတို့သိထားပြီးပြီ။ ဒါကြောင့် စိုးရိမ်ကြီးစွာနဲ့ ငိုတော့တာပါပဲ။ ဆရာကြီးက သူကောင်းကောင်းမွန်မွန်နဲ့ အမြန်ဆုံးပြန်လာခဲ့ပါ့မယ်။ စိတ်ပူပင်သောက ဖြစ်မနေပါနဲ့ စိတ်ထိခိုက်ရင် ဗိုက်ထဲက ကလေးပါ အန္တရာယ် ရှိလာနိုင်မယ် အစစစိတ်ချပါရစေ ဆိုတာပဲ မှာကြားသွားတယ်ဆိုတဲ့ စကားတွေ ဒေါ်ခင်ခင်နားမှာ ကြားနေမိပါတယ်။

ဦးလှဘော်ရဲ့ဇနီး ဒေါ်လှမေကလဲ မီးတွင်းထဲမှာ သွေးနုနုသားနုနုပဲ ရှိသေးတယ်။ သွေးတက်သေစရာပဲ ရှိတယ်။ ဒါပေမယ့် စိတ်ကိုတင်းပြီး တရားနဲ့ ဖြေနေရပါတယ်။ ဘုရားသခင်ထံမှာ ဦးလှဘော်အတွက် ဆုတောင်းရင်း ကျန်ရစ်ခဲ့ပါတယ်။ ဒါဟာ သားသမီးသုံးယောက်အနက် နောက်ဆုံးမြောက် သမီးအထွေးဆုံးလေး ဖြစ်ပါတယ်။ ဦးလှဘော်ဟာပန်းသေး(တရုတ်မွတ်ဆလင် အမျိုးသား)ဖြစ်ပါတယ်။ သူ့ကို ဖမ်းတဲ့အချိန်ကာလဟာ အစ္စလာမ်ဘာသာဝင်တို့ရဲ့ "ဝါရှောင်လ" (ဥပုသ်လ)ဖြစ်ပါတယ်။

ဆရာကြီးရာဇတ်ရဲ့ဇနီး ဒေါ်ခင်ခင်ရဲ့အစ်ကို ဦးအိစမ်အင်ကို အရင်ဖမ်းဆီးစစ်ဆေးခဲ့ပါတယ်။ သူက လေနတ်သားစာစောင်များ ယူလာသူအဖြစ် သတင်းရရှိသွားပြီး၊ သူ့ကို ပထမဆုံး ဖမ်းလိုက်ခြင်းဖြစ်ပါတယ်။ ဆရာကြီးရာဇတ်နဲ့ ကျန်လူတွေကိုတော့ နောက်ပိုင်းမှ ဖမ်းတာဖြစ်တယ်။ ဒီပုဂ္ဂိုလ်တွေကို

ဖမ်းတုန်းက လက်ကိုကြိုးချည်တာတို့ ရိုက်နှက်တာတို့ဆိုတာတွေ တစ်စုံတစ်ရာ မလုပ်ကြပါဘူး။ အိမ်တွေထဲတောင် မွှေနှောက်ရှာဖွေခြင်း မရှိပါဘူး။ လူတွေကိုသာ သွေးအေးအေးနဲ့ အေးအေးလူလူ ခေါ်သွားခြင်း ဖြစ်ပါတယ်။

ဆရာကြီးတို့တစ်တွေကို စံရှားတို့ဖမ်းသွားပြီ ဆိုတဲ့သတင်းဟာ တစ်မုဟုတ်ချင်း မင်းကွန်းချောင်တစ်ချောင်လုံးဆီကို ပျံ့နှံ့သွားပြီး အုတ်အော်သောင်းနင်း ဖြစ်သွားပါတယ်။ ဂျပန်ဖမ်းတယ်ဆိုကတည်းက ဘယ်လိုကြမ္မာဆိုးနဲ့ ကြုံတွေ့ရမယ်ဆိုတာ လူတွေနားလည် သိရှိပြီးဖြစ်ပါတယ်။ အမျိုးမျိုးညှဉ်းဆဲပြီး စစ်ဆေးမယ်၊ အမှုမပေါ်လို့ လွှတ်ပစ်လိုက်ရင်လဲ အဲဒီလူကတော့ ဘဝရှုံးရတော့တာပဲ။ နာလံထူနိုင်တဲ့ ပုဂ္ဂိုလ်ကရှားပါတယ်။ ကျိုးကျိုးပဲ့ပဲ့ခံကြရသူတွေချည်း များပါတယ်။ သူတို့ဘယ်လိုညှဉ်းပမ်းတယ်၊ ဘယ်လိုစစ်ဆေးတယ်၊ ဘာတွေ မေးမြန်းစစ်ဆေးတယ်ဆိုတာတွေကအစ ဘာတစ်ခုလေးကိုမှ ဘယ်သူ့ကိုမှ ပြန်ပြောမပြရဘူးလို့လဲ ခြိမ်းခြောက်နှုတ်ပိတ်လိုက်ပြန်ပါသေးတယ်။

အများတကာက ကြည်ညိုလေးစားနေတဲ့ ပုဂ္ဂိုလ်ကြီး၊ ဘယ်သူ့ကိုမှ ရန်လဲမရှာတတ်၊ ရန်လဲမမူတတ်၊ အေးအေးလူလူ နေတတ်တဲ့သူ၊ ရေမြွေလိုလူမှ ဖမ်းရလေမလားဆိုပြီး ကျိတ်ပြီးဒေါသ ဖြစ်နေသူများကလဲ မရှားလှပါ။

ဗိုလ်ချုပ်အောင်ဆန်းက လူလွှတ်ခေါ်တဲ့သတင်းကိုလဲ ကြားသိပြီးဖြစ်တဲ့လူထုက “ဆရာကြီးက ရက်ချိန်းတွေဘာတွေ လုပ်နေတာကိုး တစ်ခါတည်း ဆရာထွန်းမောင် လာခေါ်တဲ့နေ့က လိုက်သွားရင် ဒီလိုခံရမှာမဟုတ်ဘူး။ အခုတော့ လူကိုခွေးကိုက်တော့တာပဲ” ဆိုပြီး တဖြစ်တောက်တောက် ပြောသူများလဲ မရှားလှပါ။

မြန်မာပြည်အရပ်ရပ်က စစ်ပြေးဒုက္ခသည်တွေ အမြောက်အမြား လာရောက်ခိုအောင်း နေထိုင်ကြတဲ့အတွက် မင်းကွန်းဈေးဟာ အထူးကြိတ်ကြိတ်တိုးစည်ကားလျက် ရှိနေပါတယ်။ ဆရာကြီးတို့ကို ဖမ်းသွားတယ်ဆိုတဲ့သတင်းကြောင့် အဲဒီပတ်ဝန်းကျင်မှာတော့ မီးခိုးတိတ်ဖြစ်ပြီး လူတွေထိတ်ထိတ်လန့်လန့်နဲ့ ချောက်ချားကုန်တော့တယ်။ သင်္ချိုင်းတစပြင်လို ဖြစ်သွားပါတယ်။ တစ်လလောက်နီးနီး ငြိမ်ကျသွားပါတယ်။

အဲဒီလိုသာ သူတို့အားလုံး အဖမ်းခံသွားကြရတယ်။ ဘာအမှုနဲ့ဖမ်းတယ်ဆိုတာဟာ ဘယ်သူမှ မသိကြဘူး။ သူတို့အားလုံး မင်းကွန်းဖောင်တော်သိချောင်

ဂတ်ထဲသွားထားတယ်။ မနက်(၉)နာရီလောက်မှာ အဖမ်းခံရသူတွေ စုံစုံညီညီ ရောက်ရှိခဲ့တယ်။

ဆရာကြီးကိုကြည့်ပြီး ဦးလှဘော် စိတ်မကျေမချမ်းဖြစ်နေမိတယ်။ ဂျပန် ဖမ်းခံနေရပါတယ်ဆိုမှ လူတွေအားလုံးက ထိတ်ထိတ်လန့်လန့်ရှိပြီး ရင်တွေတုန် သွေးတိုးတွေကလဲ အဆမတန်မြန်နေတယ်။ ဗလောင်ဆူအောင် ဖြစ်နေတဲ့ ခုလိုအချိန်မှာ ဆရာကြီးဟာ သူ့နဂိုမူမပျက် ခေါင်းအေးအေးထားပြီး ပြုံးပြနေတယ်။ အဲဒါနဲ့ ဦးလှဘော်လဲ စိတ်မရှည်နိုင်တော့ဘဲ ဆရာကြီးကို မေးပါတယ်။

ဦးလှဘော်။ ။ ဒီလောက် တထိတ်ထိတ် တလန့်လန့်နဲ့ အသက်မှ မှန်အောင် မရှူနိုင်တဲ့ကာလမှာ ဆရာကြီးဟာ ဘာကြောင့် ပေါ့ပေါ့ဆဆနဲ့ တပြုံးပြုံးဖြစ်နေရတာလဲဗျာ။

ဆရာကြီးဦးရာဇတ်။ ကိုယ့်ကိုခင်တဲ့လူတွေက ကိုယ့်မျက်နှာဟာ ငိုမဲ့မဲ့ ဖြစ်နေမယ်။ စိတ်မချမ်းမသာ ဖြစ်နေမယ်ဆိုတာ တွေ့မြင်သွားရရင် အဲ့ဒီလူတွေ စိတ်မချမ်းမသာ ဖြစ်ကုန်မှာပေါ့ဗျ။ အဲ့ဒါကြောင့် ပြုံးရယ်နေရတာပဲ။ ပြီးတော့ ကိုယ့်ကိုမလိုလို့ ချောက်တွန်းတဲ့လူက မျက်နှာသေနဲ့ စိုးရိမ်ထိတ်လန့် ဖြစ်နေတဲ့ အမူအရာမျိုး မြင်သွားကြရင် ပျော်ကြမယ်၊ ပီတိဖြစ်ကြမယ်။ ဒါပေမယ့် သူတို့ထင်သလို စိုးရိမ် ကြောက်ရွံ့နေတဲ့ မျက်နှာအနေအထားမျိုး မတွေ့ရဘဲ ရယ်ရယ်ပြုံးပြုံးမျက်နှာကို မြင်သွားမယ်ဆိုရင်တော့ တို့လုပ် လိုက်တာတော့ဖြင့် မအောင်မြင်ပါလား။ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ပါလားလို့ မှတ်ချက်ချပြီး စိတ်မချမ်း မသာ ဖြစ်သွားမယ်။

အဲ့ဒီလို ဆရာကြီးကရှင်းပြပြီး ဟန်ကိုယ့်ဖို့ဆိုတဲ့ အနေအထားနဲ့ ပြုံးပြုံးပဲ နေပြလိုက်ပါတယ်။ ဦးလှဘော်ကတော့ ဘယ်လိုမှ ဟန်လုပ်နေလို့မရဘူး။ တခြားလူတွေအားလုံးလဲ ဦးလှဘော်လိုပဲ စိုးရိမ်မကင်း ဖြစ်နေပါတယ်။ အခြေအနေက ဘယ်လိုဖြစ်လာဦးမယ်ဆိုတာ မသိနိုင်ဘူး။ ဒါကြောင့် အားလုံးကြောက်ရွံ့နေကြပါတယ်။ ဆရာကြီးအနေအထားကတော့ မစိုးရိမ်ဘူးလား၊ တကယ်ကျတော့ စိုးရိမ်မှုရှိနေတယ်။

ဂျပန်ဖက်ဆစ်အကြောင်းကို ဂျပန်မြန်မာပြည် မလာခင်ကတည်းက နားလည်သိရှိထားသူ ဖြစ်တယ်။ ဂျပန်ဟာ မြန်မာပြည်ကို လွတ်လပ်ရေးပေးမယ့် လူမဟုတ်ဘူး။ ဂျပန်နဲ့ပေါင်းပြီး လွတ်လပ်ရေးပေးမယ်ဆိုတဲ့ ခံယူချက်ဟာ မမှန်ဘူး။ သွေးဖည်ရေးတစ်ရပ် ဖြစ်ကြောင်းတို့ကို သူ့တပည့်လဲဖြစ်၊ သူ့ဇဟို အမျိုးသားအထက်တန်းကျောင်းက ကျောင်းဆရာလဲဖြစ်၊ အထက်မြန်မာပြည် ပြည်သူ့အရေးတော်ပုံပါတီ ကော်မတီဝင်လဲဖြစ်တဲ့ ဆရာခင်မောင်ကလေးနဲ့ သူ့လူတွေကို တဖွဖွပြောဆိုခဲ့ဖူးပါတယ်။

ပြီးတော့ ဆရာကြီးဟာ လက္ခဏာအတတ်ပညာကိုလဲ လေ့လာခဲ့သူ ဖြစ်ပါတယ်။ သူ့လက္ခဏာကိုကြည့်ပြီး သူဟာ သူများလက်ချက်နဲ့ဖြစ်ဖြစ်၊ တခြားတစ်နည်းနည်းနဲ့ ဖြစ်ဖြစ် ရုတ်တရက်သေရလိမ့်မယ်လို့ သူ့ကိုယ်သူ ဟောကိန်းချထားတယ်။ သူ့လက္ခဏာမှာ ဥပစ္ဆေဒကကံထိုက်သူဖြစ်လို့ သူများ လက်ချက်နဲ့ အသက်ဆုံးရှုံးရမယ်ဆိုတာ ကောင်းကောင်းကြီး လက်ခံယုံကြည် ထားတဲ့လူ ဖြစ်တဲ့အတွက် သူ့အနေနဲ့ တခြားလူတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် သူကသာ ဂျပန်လက်နက်နဲ့ သေဖို့များတယ်လို့ သူနားလည်ထားတယ်။

ဟန်မပျက်သာ ပြုံးရယ်နေရပေမယ့် တကယ်တမ်းကျတော့ သူလဲသူ့ နောင်ရေးအတွက်ရော ကျန်ရစ်ခဲ့တဲ့ မိခင်နဲ့ကိုယ်ဝန်ဆောင်ဇနီး၊ ပြီးတော့ သူ့အသက်နဲ့အမျှ ထပ်တူချစ်ခဲ့ရတဲ့ တုတ်တုတ်ဝဝလေး မြင့်မြင့်ခေါ် မောင်တင်မြင့်နဲ့၊ မှို့ဉလိုဖြူဖွေးပြီး မျက်နှာဝိုင်းဝိုင်း မျက်လုံးပြူးပြူးသမီး ငယ်ကလေး ခင်ခင်စိန်တို့ရဲ့ ရှေ့ရေးအတွက် ရတက်မအေး ဖြစ်ခဲ့ရပါတယ်။ ရင့်ကျက်နေသူ တစ်ယောက်မို့လို့သာ စိတ်ကိုတင်းပြီး စိတ်ထဲကအပူကို တစ်ပါးသူ မရိပ်မိလေအောင် ဣန္ဒြေရရနဲ့ ဟန်ဆောင်နေခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဒီအဖြစ်ကို သူ့မိတ်ဆွေများဖြစ်တဲ့ ဦးလှဘော်နဲ့ တခြားလူတွေကတော့ သိနိုင်စွမ်းမရှိပါ။

ဖမ်းတဲ့နေ့ကတော့ မနက်စာကိုကော ညစာကိုပါ သူတို့သက်ဆိုင်ရာ အိမ်တွေက ပို့တဲ့ထမင်းဖြစ်နေတော့ ဘယ်သူမှ ထမင်းမစားနိုင်ကြပါဘူး။ ဆရာကြီးကတော့ "ဟော့---မင်းတို့က ချောက်တွန်းလို့ ငါတို့ကို ဂျပန်တွေက ဖမ်းကြပေမယ့် တို့မမှုမပါဘူးကွ။ ထမင်းတောင် အစားမပျက်ဘူးဟေ့၊ တို့ကပျော်ပွဲစား ထွက်တယ်လို့ပဲ သဘောထားတယ်။ အိမ်တိုင်းက ထမင်း

ဟင်းတွေကို ပျော်ပျော်ပဲစုပြုံပြီး ဟောဒီလိုစားပြလိုက်မယ်" ဆိုတဲ့သဘောနဲ့ အားပါးတရ စားခဲ့ပါတယ်။

တစ်နေ့လုံး ဘယ်သူ့ကိုမှ ဘာတစ်ခုမှ စစ်ဆေးမေးမြန်းခြင်း မရှိခဲ့ဘူး။ ညနေ ၅ နာရီလောက်မှာ သံဖြူချောင်ဆိပ်မှာ ဆိုက်ကပ်ထားတဲ့ ခွေးသင်္ဘောနဲ့ တင်ပြီး စစ်ကိုင်းခေါ်သွားပါတယ်။ စစ်ကိုင်းရောက်တဲ့အခါ ဂျပန်ကင်ပေတိုင် စစ်ထောက်လှမ်းရေးရုံးကို ခေါ်သွားတယ်။ ဂျပန် စစ်ထောက်လှမ်းရေးရုံးကတော့ စစ်ကိုင်း "ဓာတ်ပေါင်းစေတီ" ဘုရားလမ်းကြောင်းက "တိုက်ဝါ" မှာဖြစ်ပါတယ်။

**စစ်ကိုင်းဂျပန် ငရဲခန်း**

ဆရာကြီးတို့ကို စစ်ကိုင်းခေါ်ခဲ့ပြီး "တိုက်ဝါ" မှာ ချုပ်ထားပြီဆိုတဲ့ သတင်းဟာ စစ်ကိုင်းတစ်မြို့လုံးကို တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပါတော့တယ်။ မြို့ပေါ်မှာလဲ သိမ့်သိမ့်တုန် ချောက်ချားသွားပါတယ်။ ဆရာကြီးရဲ့တပည့်တွေ မိတ်ဆွေတွေဟာ ဒေါသပုန်ထကြပါတယ်။ ဂျပန်တွေကို တီးတိုးမြည်တွန် တောက်တီး ဆဲရေးတိုင်းထွာကြပါတယ်။ ဂျပန်ကို မုန်းတီးတဲ့စိတ်တွေ ဆထက်ထမ်းပိုး တိုးလာကြပါတယ်။

"တိုက်ဝါ" ရောက်တော့ ခြောက်ယောက်စီခွဲပြီး နေရာချထား ပေးပါတယ်။ ဆရာကြီးရဲ့အုပ်စုမှာ ဦးလှဘော်တစ်ယောက်လဲ အပါအဝင် ဖြစ်ပါတယ်။ ရှစ်ပေပတ်လည်ရှိတဲ့ ရေချိုးခန်းထဲမှာ ဆရာကြီးတို့ကို နေရာချထား ပေးပါတယ်။ အဲဒီညမှာ အခင်းမရှိ ခေါင်းအုံးဗလာ စောင်နတ္ထိဆိုသလို အိပ်ခဲ့ရပါတယ်။

အခန်းကလဲကျဉ်းတယ်၊ အလင်းရောင် ဝင်ပေါက်အတွက် သံတိုင်တွေ ကာထားတဲ့ ပြတင်းပေါက်ငယ် တစ်ခုပဲရှိတယ်။ အဲဒီအပေါက်ကပဲ လေဝင်နိုင်တယ်။ ရာသီကလဲ ပူအိုက်တဲ့ရာသီ၊ (၈)ပေပတ်လည်လောက်ရှိတဲ့ အခန်းကျဉ်းကလေးထဲမှာ လူတွေကလဲ အသက်အရွယ်ကြီးသူတွေ၊ ခန္ဓာ ကိုယ်လဲ ဝဝဖိုင့်ဖိုင့်တွေ၊ အိပ်ရပြန်တော့လဲ ပူးပူးကပ်ကပ်၊ ဒီတော့ ဘယ်အိပ်လို့ရပါ့မလဲ၊ ချွေးထုတ်ဆေးစားပြီး ချွေးအောင်းနေသလို တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်ကျလို့ မအိပ်နိုင်ကြဘူး။ ဒီလိုမအိပ်နိုင်တဲ့အထဲ ကြမ်းပိုး ကလဲ ကိုက်လိုက်သေးတယ်။ တဝီဝီ ပျံသန်းမင်းမူနေတဲ့ ခြင်တွေကလဲ "တို့တော့မယ်တဲ့ ဆိတ်တော့မယ်" ဆိုတဲ့ ဟန်မျိုးနဲ့ ကျီစယ်နေပြန်ပါတယ်။

မအိပ်နိုင်ကြတိုင်း ဖုံးဒဏ်၊ စက်သေနတ်ဒဏ်ကြားမှာ ခွဲခွာထားခဲ့ရတဲ့ မိသားစုတွေရဲ့ဘဝကိုလဲ တွေးမိကြပြန်တယ်။ အိပ်သံဟောက်သံတွေ ကြားရမယ်

အစား ပင့်သက်ချသံတွေပဲ ကြားနေကြရတယ်။ ဆရာကြီးကတော့ စိတ်ကို အေးအေးထားပြီး "အိပ်နိုင်အောင် ကြိုးစားအိပ်ကြပါ။ အိပ်ရေးပျက်ရင် ကျန်းမာရေး ချို့တဲ့လာတတ်တယ်၊" ဆိုပြီး အားပေးစကား ပြောကြားပါတယ်။

ဒါပေမယ့် ဘယ်သူမှသူ့စကားကို စိတ်မဝင်စားနိုင်ကြဘူး။ တို့ဘဝမှာ ဒီလိုအဖြစ်မျိုးလဲ တခါမှ မကြုံခဲ့ဖူးဘူး။ သူတို့ဘဝ ဘယ်အဖြစ်မျိုးနဲ့ နိဂုံးချုပ်လေမလဲဆိုတာ၊ မရှိသေးတဲ့အရာတွေ၊ မဖြစ်လာသေးတဲ့ အရာတွေကိုပါ ပြောပြီး တွေးကြည့်မိကြပြန်တယ်။ ဂျပန်အဖမ်း ခံရပြီဆိုကတည်းက မချိမဆံ့နဲ့ နောက်ဆုံး နိဂုံးချုပ်ရမှာကလွဲလို့ တခြားလမ်း ရှိလာစရာအကြောင်း မရှိဘူးဆိုတာ သူတို့တွေးနေမိတယ်။ အဲ့ဒီလိုတွေးမိတိုင်း ပင့်သက်ကိုအခါခါ ချမိလေပဲဖြစ်တယ်။ မိုးလင်းခါနီးမှ အအေးဓာတ် နည်းနည်းဝင်လာလို့ အိပ်ပျော်သွားကြရှာပါတယ်။

နောက်နေ့ကျတော့ လူထပ်ခွဲပြန်တယ်။ ဆရာကြီးနဲ့ ဦးလှဘော်လဲ ကွဲသွားပြန်တယ်။ အဲ့ဒီနေ့မှာတော့ ထမင်းဆုပ်တစ်လုံးစီ ငါးခြောက်လက်နှစ်သစ်စီလောက်ရတယ်။ ထမင်းဆုပ်က တင်းနစ်ဘော်လုံးခန့် ရှိပါတယ်။ ရေနွေးကြမ်း တစ်ခွက်လဲပါတယ်။ ညကျတော့လဲ ဒီလိုပဲပေးတယ်။ ဒီအတွင်း မေးမြန်း စစ်ဆေးခြင်းမရှိဘဲ ချုပ်ရုံသက်သက် ချုပ်ထားပါတယ်။

(၁၈)ရက်လောက်ရှိတော့မှ တစ်ယောက်စီ တစ်ယောက်စီကို ထုတ်ပြီး စစ်ဆေးတယ်။ စကားပြန်က မောင်တိုးတဲ့။ ဂျပန်ကပထမဆုံး ကိုယ်ရေးရာဇဝင်တွေမေးတယ်။ နောက်တော့မှ သူတို့လိုချင်တာတွေ မေးတယ်။ ဒီလိုမေးရာမှာ ထိတ်လန့် ကြောက်ရွံ့သွားအောင် အစိမ်းလိုက်ဝါးစားမယ့် ဘီလူးမျက်နှာထားမျိုးနဲ့ အော်ဟစ်မေးမြန်းတယ်။ လိပ်ပြာလွင့်စင်သွားမတတ်ပါပဲ။ အဲဒီလို အော်ဟစ်ခြိမ်းခြောက် မေးနေရာကနေတစ်ခါ မျက်နှာချိုသွေးတဲ့ မျက်နှာအနေအထားကို တစ်မုဟုတ်ချင်း ပြောင်းလိုက်ပြန်တယ်။ ချော့မော့ပြီး လိုချင်တဲ့ အချက်တွေ နှိုက်ယူပြန်တယ်။

သူတို့မေးတာက အင်္ဂလိပ်အမေရိကန် စပိုင်လုပ်တယ် မဟုတ်လား။ လေနတ်သားသတင်းစဉ် ဘယ်ကရသလဲ။ ရေဒီယိုရှိတယ်မဟုတ်လား။ ရေဒီယိုနဲ့ အင်္ဂလိပ်အမေရိကန်တွေနဲ့ အဆက်အသွယ် လုပ်တယ်မဟုတ်လား။ အဲ့ဒီအချက်တွေကိုပဲ ထပ်ပြန်တလဲလဲ ချော့ချည်တစ်ခါ ခြောက်ချည်တစ်လှည့် မေးပါတယ်၊ မေးလို့မရလေ ဒေါပွလေပဲ။

နောက်တစ်ခါ ဦးလှဘော်တို့အလှည့်ကျတော့ သူတို့က အမျိုးမျိုး စစ်မေးတယ်။ စပိုင်မဟုတ်ဘူး၊ အဆက်အသွယ်မရှိဘူးလို့ဘဲ ဇွတ်ပြောပြီး ငြင်းတယ်။ အဲဒီအခါ ဂျပန်က ဒေါသထွက်ပြီး သူ့လက်ထဲ အသင့်ကိုင်ထားတဲ့ ဓားမြှောင်နဲ့ ပေါက်လိုက်တယ်။ ဦးလှဘော်အနား လာစိုက်ကျသွားတယ်။ လူကိုထိဖို့ သိသီလေးလိုသွားတယ်။ ဒါကသက်သက် ခြောက်လှန့်ရုံ ပေါက်တာပဲ ဖြစ်တယ်။ တကယ်သာပေါက်လိုက်ရင် အဲဒီမှာ ပွဲချင်းပြီးပဲ။ အဲဒီလို ခြောက်လှန့်မရပြန်တော့ ကြိုးတစ်ချောင်းကို အခါခါခေါက်ပြီး အဲဒီကြိုးနဲ့ ဦးလှဘော်ကို ရိုက်ပြန်တယ်။

ဒါပေမယ့် ဦးလှဘော်က "ဘူး"ပဲကွယ်တယ်။ ကွယ်သာပြောရတယ် တကယ်ကျတော့ အင်္ဂလိပ်စပိုင်လဲမဟုတ်ဘူး။ ရေဒီယိုလဲမရှိဘူး။ မရှိလို့ မရှိဘူးပဲပြောတယ်။ အဲဒီလို ထွက်ဆိုရုံကလွဲလို့ တခြားဘယ်လို ထွက်ရဦးမလဲ၊ စပိုင်လုပ်နေပြီးမှ မဟုတ်ပါဘူးဆိုပြီး ဘူးကွယ်သလို ကွယ်နေတာ မှမဟုတ်ဘဲ။ မရှိတာကို မရှိဘူး။ မဟုတ်တာကို မဟုတ်ဘူးလို့ပဲ ရိုးရိုးသားသား ဖြေဆိုတာပဲ။ အဲဒီလို ဖြေဆိုပါရက်နဲ့ မယုံဘူးဆိုပြီး နှိပ်စက်ညှဉ်းဆဲရင်လဲ ညှဉ်းဆဲ၊ သတ်ချင်လဲသတ်၊ ပြုသမျှ ခံရဖို့ကလွဲလို့ တခြားနည်းလမ်းမရှိဘူး။

အဲဒီတုန်းက အဖြစ်အပျက်ကို ကျမ်းပြုသူကို ဦးလှဘော်က ဒီလို ပြောပြပါတယ်။

"လူဟာ မထူးဘူးဆိုတဲ့ စိတ်ဝင်လာရင် ဘာမှမမြင်တော့ဘူး။ မဝေဖန်တတ်တော့ဘူး။ သေမှာကိုလဲ မကြောက်တော့ဘူး၊ တစ်ခါတလေ ဆိုရင် ဂျပန်က မတရားညှဉ်းဆဲနေတာ အခံရခက်လာတယ်။ အဲဒီတော့ ဂျပန်ကို သေနတ်နဲ့ပစ်သတ်ဖို့ စိတ်ကူးမိလိုက်သေးတယ်။ သူတို့ကို စစ်ဆေးတဲ့နေရာမှာ ဂျပန်သေနတ် တွေ ထောင်ထားတယ်။ ဂျပန်က စစ်ဆေးမေးမြန်းရင်း မကြာခဏ ဆိုသလို ထသွားလေ့ရှိတယ်။

အဲဒီလို ဂျပန်ထသွားတုန်း ဒီသေနတ်ကိုယူပြီး ပစ်လိုက်ရရင်တော့ အဖျဉ်းဆုံး ဂျပန်နှစ်ယောက်လောက်တော့ သေမှာပဲ၊ ဒါပေမယ့် ငါလဲသေမှာပဲ၊ သေမှာအတူတူတော့ မထူးဘူး၊ ဒီလိုပဲ သေနတ်ဆွဲယူ ပစ်လိုက်ရလေမလားဆိုတာ စိတ်ပေါက်သွားတယ်။ ဒါပေမယ့် ပြန်စဉ်းစားကြည့်တယ်၊ သေနတ်ယူတာကတော့ ဟုတ်ပါပြီ၊ အဲ့ဒီသေနတ် ထဲကျည်ဆန်က ရှိမှာတဲ့လား၊ ကျည်ဆန်ရှိတဲ့သေနတ်ကို ဒီလိုပစ်

ထားမယ်တဲ့လား၊ ကျည်ဆန်မရှိတဲ့ သေနတ်သွားကိုင်လို့ ဂျပန်ကမြင်သွားမှဖြင့် ဘာမှဆက်စစ်ဆေး မေးမြန်းနေမှာမဟုတ်ဘူး။ တစ်ခါတည်းလမ်းဆုံးကို အမြန်ဆုံးပို့လိုက်မှာ သေချာတယ်။ အဲ့ဒီလို အသိလဲဝင်လာလို့ သေနတ်သွားမကိုင်မိဘူး။

နောက် ထမင်းချက်တဲ့ ကိုတင်ကြီးကို စကားစပ်မိရာကနေ အဲ့ဒီသေနတ်တွေထဲမှာ ကျည်ဆန်ပါသလားလို့ မေးကြည့်တယ်။ မပါဘူးလို့ပြန်ဖြေတယ်။ အဲ့ဒီတော့မှ သက်ပြင်းကိုမှုတ်ထုတ်မိတယ်။ အင်း---ငါကံကောင်းတယ်။ ကျည်ဆန်ရှိတယ်အထင်နဲ့ မိုက်မိုက်ရူးရူးသေနတ်ယူ မောင်းထိုးမိလိုက်မယ်ဆိုရင် ပွဲကြီးပွဲကောင်းနဲ့လှလှကြီးတိုးသွားမှာပဲ၊ ကံကောင်းထောက်မလို့ပဲ ဆိုကြပါစို့။ သေနတ်သွားမကိုင်မိတာကိုပဲ အလ္လာအရှင်မြတ်(ဘုရားသခင်)ကို အများကြီး ကျေးဇူးတင်မိလိုက်တယ်။

လို့ ဦးလှဘော်က ပြောပြပါတယ်။

ဆရာကြီးတို့အားလုံးကို အမှုစစ်ဆေးလို့ ပြီးသွားပါပြီ။ စီရင်ချက်ကိုသာစောင့်ဆိုင်းနေခဲ့ကြတယ်။ ဒီရက်အတွင်းမှာ စစ်ကိုင်း ဂျပန်စစ်ထောက်လှမ်းရေးရုံးကိုရောက်ကတည်းက တစ်နေ့ တင်းနစ်ဘောလုံးအရွယ် ထမင်းဆုပ်နှစ်ဆုပ်၊ လက်နှစ်သစ်လောက်ရှိတဲ့ ငါးခြောက်တုံးနှစ်တုံး၊ ရေနွေးကြမ်းနှစ်ခွက်ပဲ သောက်ရတယ်။ အစားအစာစားရဖို့ နည်းလမ်းလဲရှာကြတယ်။ အိမ်သာတက်ဖို့ ထွက်သွားတဲ့အခါမှာ အချုပ်ခန်းနဲ့ကပ်လျက် တစ်နေရာမှာ ကောက်ရိုးတွေနဲ့ ရစ်ပတ်ထားတဲ့ ပန်းကန်ပုံထန်းလျက်တုံးကြီးတွေ တွေ့ရတယ်။ အဲဒီထန်းလျက် တုံးကြီးတွေကို လူငယ်တွေက ဂျပန်အလစ်မှာ ခိုးခိုးယူခဲ့တယ်။ အားလုံးအညီအမျှ ခွဲဝေစားကြတယ်။ တချို့ကလဲ ဂျပန်လာပေးတဲ့ ရေနွေးကြမ်းနဲ့ မြည်းကြတယ်။ သူတို့စိတ်ထဲမှာတော့ အကောင်းဆုံးဆိုတဲ့ ရှာမီးကိတ်တွေ ကော်ဖီတွေထက် အဆပေါင်းများစွာ အရသာရှိသေးတယ်လို့ ဆိုပါရစေတဲ့။

နောက်အချုပ်ခန်းများမှာ သီးသီးပင်လဲရှိတယ်။ သီးသီးတွေ ကြွေကျလေ့ရှိတယ်။ သီးသီးကြွေကျနေတာ တွေ့ရင်လဲ ဂျပန်အလစ်မှာကောက်ပြီး ပုဆိုးခါးပုံထဲ ထည့်ယူခဲ့တယ်။ ဒါပေမယ့် အခန်းထဲရောက်တော့ ခွဲစားဖို့ အခက်အခဲက ရှိလာပြန်တယ်။ အဲ့ဒီမှာ အခန်းထဲရှိတဲ့လူတွေဝိုင်းပြီး စုထိုင်တယ်။ တစ်ယောက်က တစ်-နှစ်-သုံးလို့တိုင်ပေးပြီး သုံးလဲကျရော လူအားလုံးက

ရယ်ပြီး သီးသီးကို တအားရိုက်ထုလိုက်တယ်။ အဲဒါတစ်ခါနဲ့ မကွဲသေးရင် နောက်တစ်ခါ ဒီလိုပြန်လုပ်ရပြန်တယ်။ ရယ်သံကြောင့် ဂျပန်အစောင့်လာပြီး "ခူးရား" ဆဲဆိုကြိမ်းမောင်းပြီး "ဘာလုပ်တာလဲ မကောင်းဘူးရှိတယ်ကား" လို့ပြောတယ်။ "စကားပြောရင်း ရယ်တာပါ" လို့ဆလံပေးပြီး ပြောပြရတယ်။ ဂျပန် ဆဲဆိုထွက်သွားတော့မှ သီးသီးကို ဝေငှစားကြရတယ်။

သူတို့နဲ့အတူ ဂျပန်စစ်သားတစ်ယောက်ကိုလဲ ချုပ်ထားတာရှိတယ်။ အဲဒီဂျပန်က ဦးနောက်ပျက်ပြီး ရူးနေတယ်။ အဲဒီဂျပန်ဟာ စစ်မြေပြင်မှာ အလောင်းချင်းထပ်၊ သွေးချောင်းစီး လူတွေကျဆုံးခဲ့တာတွေ မြင်ခဲ့လို့ သွေးရူးသွေးတန်း ကယောင်ချောက်ချားဖြစ်ပြီး ဦးနောက်ပျက် ရူးသွားဟန်တူတယ်။ အဲဒီဂျပန်ကိုကျတော့ ပဲင်ပြာရည်ကြဲညို့နဲ့ ကြော်ထားတဲ့ အမဲသားဟင်းတို့ ထမင်းတို့ကို လုံလုံလောက်လောက်ပေးတယ်။ ပေးတဲ့ထမင်းဟင်းကို ဂျပန်လဲ ကုန်အောင်မစားနိုင်ဘူး။ ဒီတော့အဲဒီဂျပန်နဲ့ လက်ဟန်ခြေဟန်ပြပြီး မိတ်ဖွဲ့ရတယ်၊ ပြီးတော့ သူ့ဝေစုကို တောင်းရမ်းစားကြရတယ်။

နောက်ပြီး ရေချိုးကြရတဲ့အခါမှာ ပြဿနာပေါ်ပြန်ရော။ ဂျပန်တွေက ရေချိုးရင် အဝတ်ဗလာချိုးကြတယ်။ သူတို့ကိုလဲ အဝတ်ဗလာပဲ ရေချိုးခိုင်းတယ်။ ဒီတော့ပြဿနာတက်ရော။

သူတို့က ရေလဲလုံချည်နဲ့မှ မချိုးရရင် မချိုးဘူးလို့ အရေးဆိုပြန်လဲ မရဘူး။ ဖွတ်ကိုယ်လုံးတီးပဲ ချိုးခိုင်းတယ်။ အဲ့ဒါကြောင့် အားလုံးကိုယ်လုံးတီးနဲ့ ချိုးကြရတယ်။

> "ကျွန်တော်တို့ဖြင့် ရှက်လိုက်တာမပြောပါနဲ့ဗျာ။ အဲဒီဟီရိသြတ္တပ္ပ တရားလုံးလုံးမရှိတဲ့ ဂျပန်တွေက ကျွန်တော်တို့အဖြစ်ကိုကြည့်ပြီး တဟားဟား အားပါးတရ ရယ်ကြတော့တယ်။ ရယ်မယ်ဆိုလဲ ရယ်စရာပေပဲကိုးဗျ။ သူတို့လို ပြောင်တင်းတင်း ဣန္ဒြေရရဝင်ချိုး လိုက်ရင်လဲ ဘယ်လိုမှ သူတို့အတွက် ရယ်စရာမတွေ့နိုင်ဘူး။ အခုဟာက ဒီလိုမဟုတ်ဘူး။ ကျွန်တော်တို့ကိုယ်ကကို အလေ့အကျင့်မရှိတော့ ရှိုးတိုးရှန်းတန်း ဖြစ်နေတယ်။ ဒါဟာ သူတို့အဖို့ အဆန်းတကြယ်ဖြစ်ပြီး ဟားကွက် တွေ့သွားတာပေါ့ဗျာ "

လို့ ရယ်ရယ်မောမောနဲ့ ဦးလှဘော်က ပြောပြပြန်ပါတယ်။ သူကဆက်ပြီး ပြောပြပြန်တာက–

ဒီလိုနဲ့ အမှုစစ်ပြီး (၁၀)ရက်လောက်မှာ အမှုစစ်ဆေးဖို့ဆိုပြီး လာခေါ်သွားလို့ လိုက်သွားရပြန်တယ်၊ ရင်ထဲမှာတော့ တထိတ်ထိတ်နဲ့ပဲ၊ ဒီတစ်ခါတော့ သတ်မလား လွှတ်မလား ဒီနှစ်ချက်အနက် တစ်ချက်ချက်ပဲလို့တွေးရင်း အစောင့်တွေခေါ်ရာနောက်ကို လိုက်ခဲ့ပါတယ်။ ဒါပေမယ့် ပြုံးချိုတဲ့မျက်နှာ အသွင်အပြင်နဲ့ ဂျပန်တွေက ဆီးကြိုနေပါတယ်။ ဒီဂျပန်တွေဟာ အရင်သူတို့ကို အမှုစစ်ဆေးခဲ့တဲ့ ဂျပန်တွေပဲဖြစ်တယ်။ အရင်ကတော့သူတို့ဟာ ဘီလူးသဘက်တွေလို ကြောက်စရာကောင်းတယ်။ ဒီတစ်ခါကျတော့ သူတို့မျက်နှာတွေဟာ တကယ်ချိုပြီးနေပါတယ်။

စာပွဲပေါ်မှာလဲ ဂျပန်မောချီမုန့်တွေ၊ ကော်ဖီတွေ၊ စီးကရက်တွေ၊ မြန်မာသေနပ်ဖက်ဆေးလိပ်တွေ လှိုင်လို့ပါပဲ။ ဒီတစ်ခါမှာ စကားပြန်မပါဘူး။ ဗမာလိုပဲ ပြောကြပါတယ်။ အဲဒီလိုတည်ခင်းထားတဲ့ စားသောက်စရာတွေမြင်တော့ စိတ်ထဲမှာ ဟန်လုပ်မနေချင်တော့ဘူး။ တကယ်ပဲ အလုအယက် ယူငင်စားသောက် ပစ်လိုက်ချင်တယ်။

ဒါပေမယ့် ဒီလိုကျွေးတာ ညှဉ်းခံတာတွေဟာ အင်္ဂလိပ်ခေတ်က ကြိုးပေးခါနီး နောက်ဆုံးရိက္ခာယူသွားဖို့ ရည်ရွယ်တဲ့အနေနဲ့ ကျွေးတဲ့ သဘောများဖြစ်နေမလားလို့ သံသယဝင်ပြီး ပူပင်စိတ်တွေ ဝင်လာတယ်။ မစားရဲကြဘူး၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ညှဉ်းခံနေတယ်ဆိုတာ မသိရဘူး။ အရက်(၂၀)နီးပါး ထမင်းတစ်နေ့နှစ်ဆုပ် ရေနှစ်မှုတ်နှင့် နေခဲ့ကြရတော့ အခုလိုမုန့်တွေ၊ ကော်ဖီတွေ၊ စီးကရက်တွေမြင်ရတော့ ဘယ်သူမှ မစားချင်ဘဲနေပါ့မလဲ။ ဒါပေမယ့် မစားဘဲနေကြတယ်။

ဂျပန်က စားကြဖို့ပြောပါတယ်။ “တကယ်တမ်းကျတော့ လူကြီးမင်းတို့မှာ ဘာမှအပြစ်မရှိပါဘူး။ မှားပြီးဖမ်းခဲ့ရခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့အနေနဲ့ အပြစ်မရှိကြောင်းသိပေမယ့် လွှတ်ပေးနိုင်တဲ့ ပါဝါ အခွင့်အရေး မရှိပါဘူး။ အဲဒီတော့ လူကြီးမင်းတို့အားလုံး ရွှေဘိုထောင်ကို ပို့ဖို့ဖြစ်ပါတယ်။

အဲဒီရောက်တဲ့အခါမှာ စစ်ခုံရုံးမှာ တင်အစစ်ခံရမယ်။ အရာရှိကြီးကြီးတွေလာပြီး စစ်ဆေးပါလိမ့်မယ်။ အဲဒီတော့ အခုစစ်ကိုင်းမှာ ဖြေသလိုဖြေပါ။ ဒီထက်ပိုလဲမဖြေပါနဲ့ လျှော့လို့လဲ မဖြေပါနဲ့။

ဒီမှာဖြေတာထက်လျော့ဖြေမယ် တိုးဖြေမယ်ဆိုရင် စစ်ခုံရုံးက လူကြီးတွေက စစ်ကိုင်းမှာတစ်မျိုး၊ ရွှေဘိုမှာတစ်မျိုးထွက်တယ်ဆိုပြီး သံသယတွေဝင်သွားရင် စစ်ကိုင်းကဂျပန်တွေအတွက်လဲ အပြစ်ရှိမယ်။ လူကြီးမင်းတို့ကိုလဲ လိမ်တယ်ညာတယ်ဆိုပြီး မမျှော်မှန်းနိုင်တဲ့ အပြစ်တွေပေးခြင်း ခံရမယ်။ အဲဒီတော့ စစ်ကိုင်းမှာ ထွက်ဆိုထားတဲ့အတိုင်းသာ ထွက်ဆိုပါ။ လူကြီးမင်းတို့မှာ အပြစ်မရှိပါဘူး။ အဲ့ဒါကြောင့် စိတ်အေးအေးထားပါ၊ အခုကျွေးမွေး ဧည့်ခံတာတွေကိုလဲ သုံးဆောင်ကြပါလို့” လေအေးအေးနဲ့ ဗမာလိုယဉ်ယဉ်ကျေးကျေး ပြောပြတယ်။

အဲဒီတော့မှစိတ်ထဲက အေးသွားသလိုရှိပါတယ်။ ကျွေးမွေးတည်ခင်းတဲ့မုန့်နဲ့ကော်ဖီတွေကို တအားယူပြီး ပလုပ်ပလောင်း သောက်စားပစ်လိုက်ချင်ကြတယ်။ ဒါပေမယ့် ဂျပန်တွေရှေ့မှာ “ဟေ့–––မင်းတို့က ငါတို့ကို ဘယ်လိုပဲညှဉ်းဆဲအစာငတ် ထားပေမယ့် ငါတို့မှာ ခံနိုင်ရည်ရှိတယ်။ ငါတို့မင်းတို့ကျွေးတဲ့ အစားအသောက်တွေကိုလဲ အငမ်းမရမဖြစ်ဘူးကွ” ဆိုတဲ့ ဟန်မျိုးထားပြီး မစားမသောက်ဘဲနေတယ်။ ဂျပန်တွေက အတန်တန်ပြောတော့မှ ဣန္ဒြေနဲ့တဖြည်းဖြည်း အရသာခံစားသောက်ကြတယ်။ ဘယ်လိုအရသာရှိတယ်ဆိုတာ စာဖွဲ့မပြောနိုင်လောက်အောင် ဖြစ်ပါတယ်။ တခြားလူတွေက စီးကရက်ကိုခဲကြပေမယ့် ဆရာကြီးကတော့ သနပ်ဖက်ဆေးလိပ်ကိုသာ အရသာခံပြီး ရက်တိုးနဲ့ချရှုနေတယ်။ အဲဒီဆေးလိပ် မီးခိုးတွေထဲမှာ အတိတ်က အရိပ်တွေကိုပဲ စဉ်းစားလာမိပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ အမဲသားဟင်းတို့ ထမင်းတို့ကို စားလာရတယ်။ ဂျပန်ထမင်းချက်က ပသိလူမျိုး ကိုတင်ဖြစ်ပါတယ်။ ကိုတင်ချက်ပြုတ်ကျွေးလို့လဲ စိတ်သန့်သန့်ရှင်းရှင်းနဲ့ပဲ စားခဲ့ကြရတယ်။

စဖမ်းတဲ့ရက်က ၁၉၄၄ ခု ဩဂုတ်လ ၃၀ ရက်နေ့၊ အခုရွှေဘိုထောင်ပြောင်းရမယ့်ရက်က ၁၉၄၄ ခု၊ အောက်တိုဘာလ– ၃ ရက်ဆိုတော့ ရက်ပေါင်း ၃၄ ရက်လောက်၊ မင်းကွန်း၊ စစ်ကိုင်း၊ ဂျပန်ငရဲခန်းမှာ နေခဲ့ကြရပါတယ်။ အဲ့ဒီနေ့မှာ ဆရာကြီးဦးရာဇတ်၊ ဦးလှဘော်၊ မစ္စတာအိုင်အီးမပါရားခေါ် ချိုတာဘိုင်၊ ဦးကိုလေး၊ မစ္စတာမိုးဇက်၊

ဦးအိစမံအင်တို့ကို ချန်ထားပြီး ကျန်တဲ့လူတွေကို အလျှင်းပြန်လွှတ်လိုက်ပါတယ်။

၁၉၄၄–အောက်တိုဘာလ ၃ရက်နေ့ညနေမှာ ဂျပန်အစောင့်တွေခြံရံပြီး ရွှေဘိုကို ကားနဲ့တင်ခေါ်သွားပါတယ်။ လမ်းမှာကားဘီးပေါက်တာနဲ့တစ်ည "သဲတောရွာ" မှာ အိပ်ကြရပါတယ်။ နောက်တစ်နေ့ညနေပြန်ခရီးထွက်ကြတော့ ရွှေဘိုကို ၄–၁၀–၄၄ နေ့ ညသန်းခေါင်မှာရောက်ပါတယ်။ ဂျပန် စစ်ထောက်လှမ်းရေးရုံး(ကင်ပေတိုင်)မှာပဲ အဲဒီညအိပ်တယ်။ အဲဒီညက ခြောက်ပေပတ်လည်ရှိတဲ့ အခန်းမှာ အိပ်ရတယ်။ အခန်းဝင်ပေါက် နံရံမှာတော့ ၄x၂ ပျဉ်ချောင်းတွေ တစ်လက်မခန့်ခြားပြီး ကာထားပါတယ်။ တခြားဘက်တွေမှာ ပျဉ်တွေစေ့နေအောင် ကာရံထားပါတယ်။ ဒီအထဲမှာ ဂေါ်ရခါးတစ်ယောက် အချုပ်ခံနေရပါတယ်။ အဲ့ဒီဂေါ်ရခါးနဲ့ပါဆိုရင် ခုနစ်ယောက် ဖြစ်ပါတယ်။

အောက်တိုဘာမှာဆိုတော့ အချမ်းဝင်စပြုလာတဲ့ ရာသီဖြစ်ပါတယ်။ ဒါပေမယ့် ဒီခြောက်ပေလောက်ရှိတဲ့ အခန်းကျဉ်းမှာလဲဖြစ်၊ လေကလုံနေတယ်ဆိုတော့ ဒီခုနစ်ယောက် ပြွတ်သိပ်အိပ်ရတာဟာ တကယ်ကျပ်ကျပ်တည်းတည်း နေခဲ့ရတယ်။ အသက်တောင်ဝအောင် မရှူခဲ့ရဘူး။ ချွေးသီးချွေးပေါက်တွေကျပြီး အိပ်မရခဲ့ပါ။ အဲဒီညမှာ အဲဒီလိုဆင်းရဲခံရင်း မိုးလင်းခဲ့ကြရပါတယ်။

မနက်ကျတော့ ကပ်လျက်အခန်းကို ချောင်းကြည့်ကြတယ်။ ကိုယ်လိုဘဝတူတွေ ဘယ်နှစ်ယောက်များ ရှိလေမလဲ၊ အသိမိတ်ဆွေထဲက တစ်ယောက်ယောက်များ ရှိလေမလားဆိုတဲ့ စိတ်နဲ့ချောင်းကြည့်ကြတော့ မျက်နှာဖြူစစ်သားနှစ်ယောက်ကို တွေ့ရတယ်။ အဲဒီမျက်နှာဖြူစစ်သား နှစ်ယောက်ဟာ ဘယ်လောက်အညှဉ်းဆဲ ခံထားရသလဲမသိဘူး။ မျက်တွင်းယောက်ပြီး ပိန်ချုံးနေပါတယ်။ မုတ်ဆိတ်မွေးတွေ ဆံပင်တွေလဲ တော်တော်ရှည်နေပါတယ်။ လူတွေကြည့်ရတာ ပျော့ခွေနေပုံရတယ်။ အဲ့ဒီမျက်နှာဖြူ စစ်သားနှစ်ယောက်အတွက် စိတ်မကောင်းဖြစ်မိကြတယ်။ ဒါပေမယ့် သူတို့ကိုယ်တိုင်လဲ ဘယ်လိုကြမ္မာနဲ့ ရင်ဆိုင်ရလေဦးမလဲ

ဆိုတာ ဘယ်သူမှ မပြောနိုင်ကြဘူး။
ဆိုပြီး ဦးလှဘော်က သူ့စကားကို ဖြတ်လိုက်ပါတယ်။

## ရွှေဘိုထောင်က လူကြီးခြောက်ယောက်

မနက်ကျတော့ ဆရာကြီးတို့လူသိုက်ကို ရွှေဘိုထောင်ကို ပို့လိုက်တယ်။ ရွှေဘိုထောင်ရောက်တော့ ရွှေဘိုထောင်မှူးဖြစ်နေတဲ့ သခင်ဖေသန်း(ယခု အငြိမ်းစား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနအရာရှိ မြစ်ကြီးနား ဦးဖေမြင့်)က ဆရာကြီးကို ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်ပါတယ်၊ ကိုယ်ရေးရာဇဝင်တွေယူပြီး ထောင်ထဲသွင်းလိုက်တယ်။ အကျဉ်းသမား ၄၀၀-ကျော်က လှိုက်လှိုက်လှဲလှဲ ခရီးဦးကြို ပြုကြပါတယ်။ ထောင်ထဲရောက်တော့ အိမ်ကအဝတ်အစားတွေလဲပြီး ထောင်အဝတ်အစားတွေ ဝတ်ရပါတယ်။

တစ်ညမှာ အားလုံးအိပ်နေကြတုန်း အင်္ဂလိပ်လေယာဉ်ပျံတစ်စင်း နိမ့်နိမ့်ပျံဆင်းလာပြီး မြို့ကိုစက်သေနတ်နဲ့ပစ်တယ်။ ထောင်ထဲကိုလဲ စက်သေနတ်နဲ့ပစ်တယ်။ ဆရာကြီးတို့ ခေါင်းရင်းက အိပ်နေတဲ့လူတစ်ယောက် ကျည်သင့်ပြီး သွေးအိုင်ထဲမှာအလူးအလဲခံစားရင်း သေဆုံးသွားရှာတယ်။ ဆရာကြီးတို့ အောက်ထပ်မှာအိပ်တဲ့ ညီအစ်ကိုနှစ်ယောက်ထဲက အစ်ကိုလုပ်တဲ့လူဟာလဲ ကျည်သင့်ပြီး ဆုံးသွားပြန်တယ်။ အဲဒီမယ် ညီလုပ်တဲ့လူက အစ်ကိုအလောင်းနား မှာထိုင်ပြီး ရှိုက်ကြီးတငင် ငိုနေပါတယ်။ ရင်နင့်စဖွယ်စကားတွေပြောရင်း ရင်ဘတ်တီးရင်း ငိုနေပါတယ်။ မနေ့ညက အစ်ကိုက သူအိပ်တဲ့နေရာဟာ ကြမ်းပိုးကိုက်လွန်းလို့ မအိပ်နိုင်ဘူးတဲ့။

အဲဒါကြောင့် သူ့ညီအိပ်တဲ့နေရာ အိပ်ပါရစေဆိုလို့ နေရာချင်းပြောင်းအိပ် လိုက်တယ်တဲ့။ အဲဒီလိုနေရာ ပြောင်းအိပ်တဲ့ညကျမှ သူ့အစ်ကို ကျည်သင့်ပြီး အခုလိုသေဆုံးရတယ်။ သူ့အစ်ကိုဟာ သေခါနီးအထိတောင် သူ့ကိုအသက် နဲ့လဲပြီး စောင့်ရှောက်ခဲ့ရှာတယ်။ ဒီလိုအစ်ကိုမျိုး ဘယ်မှာရနိုင်ပါမလဲတဲ့။ သူ့အစ်ကိုက ညီတစ်ယောက်အပေါ် ဘယ်လိုကြင်နာယုယတယ်၊ အနစ်နာ ခံတယ်ဆိုတဲ့ အစ်ကိုရဲ့ ကြီးမားလှတဲ့ မေတ္တာတရားကို ငိုကြီးချက်မနဲ့ တဖွဖွ ပြောပြနေရှာပါတော့တယ်။ ဒီလိုအချုပ်ခန်းထဲမှာ ကြေကွဲဝမ်းနည်းစရာအဖြစ်ကို မြင်သူတိုင်းမျက်ရည်မကျဘဲ မနေနိုင်ကြပါဘူး။ အဲဒီညမှာ ၁၂-ဦးကျည်သင့်ပြီး သေဆုံးခဲ့ရပါတယ်။

အဲဒီလို အကျဉ်းသမားတွေနဲ့ ရောသိပ်ပြီးထားရာက ဆရာကြီးတို့ ခြောက်ယောက်ကို မိန်းမထောင်ကို ပြောင်းရွှေ့ပေးလိုက်ပါတယ်။ အဲဒီတော့မှ လွတ်လွတ်လပ်လပ် နေထိုင်ခွင့် ရသွားကြပါတယ်။

ညညကျတော့ ထောင်မှူးသခင်ဖေသန်းတစ်ယောက် ဆရာကြီးတို့ဆီ လာလာလည်ပြီး ဝိုင်းဖွဲ့စကားပြောလေ့ရှိတယ်။ စစ်သတင်းတွေ မြေအောက် တော်လှန်ရေးအဖွဲ့အကြောင်းတွေ ဆွေးနွေးတယ်။ သခင်ဖေသန်းဟာ ထောင်မှူး တာဝန်ယူပြီး တစ်ဘက်ကလဲရွှေဘိုခရိုင် မြေအောက်တော်လှန်ရေး အဖွဲ့ဝင် ခေါင်းဆောင်တစ်ဦးလဲ ဖြစ်ပါတယ်။

ရွှေဘိုခရိုင် မြေအောက်တော်လှန်ရေးအဖွဲ့အတွက် ဆက်သွယ်ဆောင်ရွက် ဖို့ အထက်မြန်မာပြည် မြေအောက်တော်လှန်ရေးကော်မတီက စေလွှတ်ထားတဲ့ စစ်ကိုင်းကို မြမောင်(ယခုဘယ်ရောက်နေပြီမသိ)လဲ ရွှေဘိုခရိုင်မှာ တပ်စွဲထားတဲ့ ဗမာ့ကာကွယ်ရေး တပ်မတော်တပ်ရင်း (၅)တပ်ခွဲ(၃)ထဲမှာ ပါတယ်။ တပ်ထဲနဲ့ ထောင်ထဲမှာ ဂျပန်ဆန့်ကျင်ရေး သင်တန်းတွေကို စစ်ကိုင်းကိုမြမောင်က တာဝန်ယူပေး နေပါတယ်။

ရွှေဘိုခရိုင် မြေအောက်တော်လှန်ရေး(အေ အက် အို)ကော်မတီမှာ တပ်ရင်း(၅) တပ်ခွဲ(၃)ရဲ့ တပ်ခွဲမှူး ဗိုလ်တင်သိန်း(ယခု ရန်ကုန်လဟာပြင်ဈေး ဈေးကော်မတီ ဥက္ကဋ္ဌဟောင်း)ဖြစ်ပါတယ်။ ထောင်မှူးသခင်ဖေသန်း၊ ကိုဘကြည် (ယခုဘကြည် ရေဒီယိုပြင်ဌာန ကွယ်လွန်) ရွှေဘိုသခင်မြင့်မောင်(ရွှေဘို ရဲဝန်ကလေးဟောင်း)၊ ဆရာချယ်(နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)၊ ကိုသိန်းအောင် (ယခုကွယ်လွန်)၊ ကိုဘကြည်(ရဲအရာရှိဟောင်း) တို့ပါဝင်ကြပါတယ်။

အဲဒါကြောင့် ဆရာကြီး ဦးရာဇတ်တို့အတွက် ရွှေဘိုထောင်ရောက် ကတည်းက အတော်အတန် စိတ်ချမ်းသာမှု ရခဲ့ကြပါသတဲ့။

၁၅-၁၀-၄၄ နေ့မှာ ဆရာကြီးတို့အုပ်စုကို စစ်ခုံရုံးဖွဲ့ပြီး စတင်စစ်ဆေး ပါတယ်။ ဂျပန်စစ်ထောက်လှမ်းရေး(ကင်ပေတိုင်) ဗိုလ်မှူးဗိုလ်ကြီးအဆင့်ရှိကြတဲ့ ဂျပန်အရာရှိတွေ လာရောက်ပြီး ဆရာကြီးတို့အားလုံးကို တန်းစီပြီးထားပါတယ်။ ဘယ်ဘက်ဆုံးက မစ္စတာမပါရား၊ နောက်ဦးလှဘော်၊ နောက်ဆရာကြီးဦးရာဇတ်၊ မစ္စတာမိုးဇက်၊ ဦးကိုလေး၊ ဦးအိစမံအင်၊ အဲဒီလို အစဉ်လိုက်ရပ်နေကြရပါတယ်။

စတင်စစ်ဆေးတဲ့အခါကျတော့ ဆရာကြီးဦးရာဇတ်ကို အရင်စစ်ပါတယ်။ စစ်ကိုင်းမှာ စစ်တဲ့အတိုင်းစစ်ပါတယ်။ စစ်ကိုင်းမှာ အစစ်ခံတဲ့အတိုင်း

အစစ်ခံကြပါတယ်။ ဆရာကြီးကို

"ဘီအေအောင်သလား"

လို့မေးပါတယ်။

"အောင်ပါတယ်"

လို့ဆရာကြီးက ထုံးစံအတိုင်း နဂိုဟန်အပြုံးနဲ့ ဖြေလိုက်ပါတယ်။

"ကောလိပ်ရောက်ဖူးသလား"

လို့ထပ်မေးပြန်တယ်။ သူတို့အမေးကို ဆရာကြီးက ရယ်ချင်လာတယ်။ "ဘီအေအောင်ပါတယ်။"လို့ ဖြေပြီးသားပဲ "ကောလိပ်ရောက်ဖူးသလား"လို့ ထပ်မေးမှ မေးတတ်ပလေတယ်။ "ကောလိပ်မရောက်ပဲ ဘယ့်နှယ်ဘီအေအောင်မလဲ"ဆိုတာ နည်းနည်းတော့ နားလည်ပို့ကောင်းတယ်လို့ ဆရာကြီးစိတ်ထဲမှာ အောက်မေ့ပြီး ရယ်ချင်နေတယ်။ ဒါပေမယ့် မရယ်ရဲဘူး။

"နေဘူးပါတယ်" လို့ပဲ ဖြေလိုက်ရပါတယ်။

အဲဒီနေ့အားလုံးကို စစ်ဆေးမေးမြန်းပြီး ဂျပန်ဗိုလ်မှူးတွေ ပြန်သွားကြတယ်။ သူတို့က ရင်တမမနဲ့ စီရင်ချက်ကိုပဲ နာခံဖို့ စောင့်ဆိုင်းနေတယ်။ မသေမချင်း သေနတ်နဲ့ပစ်သတ်မလား။ ဒါမှမဟုတ် အလွန်ထက်ပြီး အရောင်တဖိတ်ဖိတ်တောက်နေတဲ့ ဂျပန်ဓားနဲ့ပဲ ကုပ်ကိုခုတ်ပိုင်းလိုက်လေမလား၊ အဲဒီလိုပဲစိတ်ထဲမှာ ကြောင့်ကြစိုးရိမ်စိတ်တွေ တဖွားဖွားပေါ်နေကြပါတယ်။

"ဟိုညက စက်သေနတ်နဲ့ပါသွားရင် ခုလောက်ဆို ဒုက္ခငြိမ်းလောက်ပြီ။ အခုတော့ ရတက်မအေး ဖြစ်နေကြရတယ်" ဆိုပြီး အားလုံးအတွေးကိုယ်စီနဲ့ ငြိမ်ပြီး ကိုယ့်နေရာကိုယ်ပဲ လဲလျောင်းနေကြတယ်။ ဒီအထဲဂနာမငြိမ်ဖြစ်ပြီး ခေါက်တုန့်ခေါက်ပြန် လျှောက်နေသူက လျှောက်နေပေါ့။

၁၃-၁၁-၄၄ နေ့မှာ ဂျပန်တွေက "တွေ့ချင်တယ်" လို့ဆိုပြီး လာထုတ်ပါတယ်။ အရင်ကလာစစ်တဲ့ ဂျပန်ဗိုလ်မှူးကြီးတွေထက် အဆင့်နိမ့်တဲ့ ဂျပန်ကင်ပေတိုင်စစ်ဗိုလ်တွေ ဖြစ်ပါတယ်။ သူတို့အားလုံးရဲ့ရင်တွေက ပူလောင်နေပါတယ်။ အသည်းတထိတ်ထိတ်နဲ့ ခေါ်ရာကို လိုက်သွားကြပါတယ်။

ဆရာကြီးကတော့ နဂိုအတိုင်းဟန်မပျက် ခပ်အေးအေး "ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ သေတာရဲ့ဟိုဘက် ဘာဆန်းဦးမလဲ၊ သူ့အနေနဲ့ ဥပစ္ဆေဒက ကံထိုက်သူတစ်ယောက် ဖြစ်နေတယ်။ သူများလက်နက်နဲ့ပဲဖြစ်ဖြစ် တစ်နည်းနည်းနဲ့ အစိမ်းသေ သေရမယ်လို့ သိထားတဲ့အတွက် မထူးပါဘူး။

စိုးရိမ်နေလဲ မသေခင်ကတည်းက သေနေပြီးတာနဲ့ မခြားမို့"ဖြစ်သမျှ အကြောင်းပဲ"လို့ အောက်မေ့ပြီး ခေါ်ရာနောက်ကိုသာ တကောက်ကောက် ပါအောင် လိုက်သွားရှာပါတယ်။

ဟိုကျတော့မှ "ဟင်းခန်" ဆိုပြီး သက်ပြင်းရှည်တစ်ချက် ချလိုက်မိတယ်။ ဒါပေမယ့် သက်ပြင်းချသံကို ဂျပန်မသိအောင်လဲ ဂရုစိုက်ရသေးတယ်။

ဂျပန်တွေက စီရင်ချက်ကို ဖတ်ပြပါတယ်၊

"လူကြီးမင်းတို့တွင် အပြစ်ရှိကြောင်း တွေ့ရှိရကြောင်း၊ ဒါပေမယ့် လူကြီးလူကောင်းတွေမို့လို့ အမှုအတွက် ပြင်းပြင်းထန်ထန် အပြစ်မပေးလို ကြောင်း၊ အဲဒါကြောင့် သက်ညှာစွာနဲ့ အောက်ပါအတိုင်း ပုဂ္ဂိုလ်သီးသီးကို ထောင်ဒဏ်အပြစ် ပေးလိုက်ကြောင်း"

ဆိုပြီး အမိန့်စာကို ဖတ်ကြားပြပါတော့တယ်။

| | | |
|---|---|---|
| မစ္စတာ အိုင်အီမပါးရား | ထောင်ဒဏ် | ၄–နှစ် |
| ဦးလှဘော် | ထောင်ဒဏ် | ၄–နှစ် |
| မစ္စတာ မိုးဇက်စ် | ထောင်ဒဏ် | ၃–နှစ် |
| ဦးကိုလေး | ထောင်ဒဏ် | ၃–နှစ် |
| ဦးအီစမ်အင် | ထောင်ဒဏ် | ၃–နှစ် |
| ဆရာကြီး ဦးရာဇတ် | ထောင်ဒဏ် | ၂–နှစ် |

အဲဒီလို အမိန့်ချမှတ်ပေးပြီးနောက် ကိုယ့်နေရာကိုယ် ပြန်နိုင်ကြပြီ ဖြစ်ကြောင်း အမိန့်ပေးတာနဲ့ ပြန်ကြတယ်။ အဖိုးတန်လှတဲ့ လည်ကုပ်ကို စမ်းကြည့်ကြသေးပါသတဲ့။ ဂျပန်လိုတော့ "အာရိကတ်တိုး"ကျေးဇူးတင် ပါတယ်လို့ ပြောပြလိုက်ချင်ပါတယ်ဆိုပဲ။ ကျေးဇူးဆိုတာ တင်စရာမရှိရင် ကြဲဖန်တင်ရမယ် ဆိုသလိုပဲ။ သူတို့ကို "စပိုင်မှုနဲ့ ပတ်သက်လေမလား"လို့ ရင်တထိတ်ထိတ်နဲ့ နာရီပေါင်း၊ ရက်ပေါင်းအများကြီး စောင့်နေခဲ့ရတယ်။ မသတ်တော့ဘူး ထောင်ပဲချလိုက်တယ်ဆိုတော့ တစ်နေ့ကလို ထောင်ထဲမှာ အင်္ဂလိပ်လေယာဉ်ပျံတွေက စစ်သေနတ်ပစ်၊ ဗုံးကြဲအဲဒီလိုမလုပ်ခဲ့ရင် အသက်ရှင် နေသရွေ့တော့ တစ်နေ့မှာ ကိုယ့်သားမယားတွေနဲ့ ပြန်တွေ့ဖို့ အလားအလာ အများကြီးရှိသွားပြီ မဟုတ်လား။ ဒါကြောင့်မို့"မောင်မင်းကြီးသားတို့ကို ကျေးဇူးတင်ပါတယ်"လို့ တိုးတိုးတိတ်တိတ် ပြောဆိုထွက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ကိုယ့်နေရာမှ ပြန်မရောက်သေးဘူး "ဂျပန်က ခေါ်ပြန်တယ်"ဆိုတော့ ရင်ထဲထိတ်ခနဲ ဖြစ်သွားပြန်တယ်။ "သူတို့ကိုမှားပြီး ထောင်ဒဏ်ကိုသာ ပေးလိုက်မိလို့ ထပ်ခေါ်လေသလား စီရင်ချက်အသစ်ပဲ ဖတ်ပြလေမလား" စိတ်ရှုပ်သွားကြပါတယ်။ စိုးရိမ်စိတ်တွေကို ခံစားလိုက်ကြရပြန်တယ်။ ခေါ်ရာသို့ ပြန်လှည့်ခဲ့ကြရတယ်။

တော်ပါသေးတယ် စီရင်ချက်ကို ပြုပြင်ပြောင်းလဲတာမဟုတ်ဘဲ သူတို့အား "ထောင်ဒဏ်ဘယ်ရွေ့ ဘယ်မျှစီ ပေးလိုက်ကြောင်းကို မှတ်မှမှတ်မိလေမလား ဆိုတဲ့ စိုးရိမ်စိတ်နဲ့ ပြန်ခေါ်ပြီး မေးမြန်းခြင်း ဖြစ်ပါသတဲ့။

သူတို့က နာမည်ခေါ်ပါတယ်။ နာမည်အခေါ်ခံရတဲ့ ပုဂ္ဂိုလ်က သူထောင် ဘယ်နှစ်နှစ်ကျပါတယ် ဆိုတာဖြေရပါတယ်။ အဲဒီလို စစ်ဆေးလို့ ကျေနပ်သွားမှ ကိုယ့်နေရာ ပြန်လာကြရပြန်ပါတယ်။ နောက်ထပ် ပြန်ခေါ်လေဦးမလား" ဆိုတဲ့ သံသယနဲ့ ကျောမလုံဘဲ ပြန်လှည့်ကြည့်မိကြပြန် သေးတယ်။ ကိုယ့်နေရာကို ပြန်ရောက်တော့မှ ပစ်လှဲပြီး ပင့်သက်ကို မှုတ်ထုတ်လိုက်နိုင်ကြ ပါတော့တယ်။

ဆရာကြီးကတော် ဒေါ်ခင်ခင်ရဲ့အစ်မ ဒေါ်စောလှက ရွှေဘိုမှာရှိတော့ မကြာခဏဆိုသလို ထောင်ထဲကို စားစရာတွေ လာပို့တတ်ပါတယ်၊ ရွှေဘို ထောင်ထဲမှာတော့ အစားအသောက် အခက်အခဲမရှိလှပါဘူး။ ထောင်မှူး သခင်ဖေသန်းက လိုတာတွေ တိတ်တဆိတ် ယူလာပေးပါတယ်။ ဆရာကြီး အတွက် အရေးအကြီးဆုံးကတော့ ဆေးပေါ့လိပ်ပဲ။

ထောင်ထဲမှာပြဿနာ မကြာခဏဆိုသလို ပေါ်တတ်တယ်။ အဲဒီမယ် ဆရာကြီးတို့ကပဲ ဖြေရှင်းပေးရလေတယ်။ အဲ့ဒါကြောင့် ဆရာကြီးတို့ခြောက် ယောက်ဟာ မပါမပြီးတဲ့ "ပဲချုးဆား" ဖြစ်နေပါတယ်။ အကျဉ်းသမားတွေက ထစ်ခနဲဆိုရင် "လူကြီးခြောက်ယောက် လာပြီးဖြေရှင်းပေးပါ" ဆိုပြီးတောင်း ဆိုလေ့ရှိတယ်။ ဒါကြောင့် "လူကြီးခြောက်ယောက်"လို့ တွင်သွားတယ်။

အင်္ဂလိပ်ထိုးစစ်တွေလဲ စစ်ကိုင်းမန္တလေးဘက် ရှေးရှူချီတက်လာနေတော့ ဗိုလ်သိန်းဦး ဦးစီးတဲ့ စစ်ကိုင်းလေယာဉ်ပစ် အမြောက်ကြီးတပ်ဟာ အမြောက် တပ်ကိုစွန့်ပြီး အနီးပတ်ဝန်းကျင်ရွာတွေမှာ တပ်ဖျောက်နေလိုက်ပါတယ်။

ကလေး၀ လေယာဉ်ပစ် အမြောက်ကြီးတပ်ဟာ မဟာမိတ်ဝင်လာတော့ မဟာမိတ်ဆိုပြီး သွားရောက်ဆက်သွယ်တယ်။ လာဆက်သွယ်တဲ့ ဘီဒီအေ

ရဲဘော်တွေကို ဖမ်းလိုက်တယ်။ တချို့တော့လဲ အဖမ်းမခံဘဲ စစ်ကိုင်းမန္တလေး ဘက်ရှိ ဘီဒီအေတပ်တွေနဲ့ လာပေါင်းတယ်။

ဒီသတင်းတွေကြားထားတော့ အင်္ဂလိပ်တပ်တွေလာရင် အဖမ်းခံရမှာ ကြောင့်နဲ့တူပါတယ် ဗိုလ်သိန်းဦးဟာ တော်လှန်ရေးလုပ်ဖို့ အချိန်ထက်စောပြီး တပ်ဖျောက်လိုက်တယ်။ အချိန်က ၁၉၄၄ခုနှစ် ဒီဇင်ဘာလလောက်မှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ရန်ကုန်ရှိ ဂျပန်လေယာဉ်ပစ်အမြောက်ကြီးတပ် စစ်ဌာန ချုပ်က စစ်ကိုင်းလေယာဉ်ပစ် အမြောက်တပ်ကို ပြန်လည်ဖွဲ့စည်း ထူထောင်ဖို့ ဘီဒီအေလေယာဉ်ပစ် အမြောက်တပ် တပ်ရင်းမှူး ဗိုလ်ကြီးခင်ညိုကို ညွှန်ကြား လိုက်တယ်။

အဲဒါကြောင့် ဗိုလ်ကြီးခင်ညိုဟာ ဗိုလ်လောင်းထွန်းကြည် ဗိုလ်လောင်း ဖေတင်တို့ အပါအဝင် တပ်စုတစ်စုစာ–ဘီဒီအေရဲဘော် ၄၀ကျော်အား ရန်ကုန်က ဂျပန်စစ်လော်ရီကားနဲ့ စစ်ကိုင်းကိုချီတက်ခဲ့တယ်။ မန္တလေး လေယာဉ်ပစ် အမြောက်ကြီးတပ်ခွဲရှိ ဗိုလ်စောမောင်ကို စစ်ကိုင်းဘီဒီအေ လေယာဉ်ပစ်အမြောက်ကြီးမှူးအဖြစ် တာဝန်ပေးပြီး စစ်ကိုင်းလေယာဉ်ပစ် အမြောက်ကြီးတပ်ကို ပြန်လည်အသက်သွင်း ပေးလိုက်ပါတယ်။

အဲဒီကနေ မန္တလေးကို ပြန်ခဲ့ပါတယ်။ မန္တလေးကနေ ဗိုလ်ကြီးခင်ညိုဟာ မုံရွာလေယာဉ်ပျံပစ် အမြောက်ကြီးတပ်ကို တပ်စစ်ဆေးဖို့နဲ့ လိုအပ်တဲ့ ညွှန်ကြားချက်များပေးဖို့ ရေဦးကလှည့်ပြီး မုံရွာသွားပါတယ်။

မုံရွာဘက်သွားမယ့် ဗိုလ်ကြီးခင်ညိုကို မန္တလေးရောက်နေတဲ့ ဗိုလ်ကြီး အောင်ကြီး(ယခုအငြိမ်းစား ဗိုလ်မှူးချုပ်အောင်ကြီး)က ရွှေဘိုထောင်မှာ အကျဉ်း ခံနေရတဲ့ ဆရာကြီးဦးရာဇတ်ကို ခိုးထုတ်နိုင်က ခိုးထုတ်ဖို့ တိုက်တွန်း လိုက်ပါတယ်။

အဲဒါကြောင့် ဗိုလ်ကြီးခင်ညိုဟာ ရေဦးဘက်ကနေလှည့်ပြီး ရွှေဘိုထောင် မှာ ဆရာကြီးဦးရာဇတ်နဲ့ တွေ့ခဲ့ပါတယ်။

ရွှေဘိုထောင်မှာ ထောင်မှူးသခင်ဖေသန်း စီစဉ်ပေးခဲ့တဲ့အတွက် တစ်ညမှာ တိတ်တဆိတ် ဆရာကြီးဦးရာဇတ်နဲ့ ဗိုလ်ကြီးခင်ညိုတွေ့တယ်။ ဗိုလ်ကြီးခင်ညိုက ဆရာကြီးကို ခိုးထုတ်မယ်ပြောတယ်။ တစ်ခါတည်းလိုက်ခဲ့ဖို့ ပြောတယ်။

ဗိုလ်ကြီးခင်ညိုဟာ ဆရာကြီးရဲ့ဗဟိုအမျိုးသား အထက်တန်းကျောင်းက ကျောင်းသားဟောင်း ဖြစ်တယ်။ ရဲတပ်ဖွဲ့ဝင်လဲဖြစ်တယ်။ ပြီးတော့ အင်္ဂလိပ် မျက်နှာဖြူလက်ဖွေ့သမားတွေကို အလဲထိုးနိုင်သူ ဖြစ်တယ်။ ဗဟိုအမျိုးသား အထက်တန်း ကျောင်းသားဟောင်းပီပီ ဆရာကြီးအပေါ် အလွန်သံယောဇဉ် ကြီးသူဖြစ်တယ်။ ဒါကြောင့် ဆရာကြီးကိုထုတ်သွားဖို့ စီစဉ်ခြင်းဖြစ်တယ်။

ဒါပေမယ့် ဆရာကြီးက ပြန်ပြီးတောင်းပန်လိုက်တယ်။ "ဘာကြောင့်လဲ ဆိုရင် ဆရာကြီးနဲ့ အမှုတွဲတစ်ခုတည်းဖြစ်နေတဲ့ ကျန်လူငါးဦးက ဆရာကြီး သူတို့ကိုခွဲပြီး မထားခဲ့ပါနဲ့၊ ဆရာကြီးသာမရှိရင် သူတို့အတွက် အခုလို အရာရာ အဆင်ပြေနိုင်မှာ မဟုတ်ဘူး။ အဲဒါကြောင့် ခွဲပြီးမသွားဖို့ အတန်တန် တောင်းပန်ခဲ့ပါတယ်။ ဆရာကြီးမရှိရင် သူတို့ ဒုက္ခလှလှကြီး ရောက်ကြမယ်။ အဲ့ဒါကြောင့် လစေ့နှစ်စေ့လို့ လွတ်တဲ့အခါမှာသာ သူတို့ကိုခွဲခွာသွားပါ။ ဒီကြားတော့ ဘယ်လိုအခွင့်အလမ်းတွေပေါ်ပေါ် သူတို့ကို ခွဲခွာမသွားပါနဲ့လို့ အတန်တန် တောင်းပန်ခဲ့ဖူးကြောင်း" ပြောပြလိုက်တယ်။

ဗိုလ်ကြီးခင်ညို မလာခင်ကလဲ ဆရာကြီးရဲ့တပည့် ကျောင်းသားဟောင်း တစ်ဦးဖြစ်တဲ့ ကိုချစ်ဆွေ(ဆရာကြီးဝန်ကြီးဖြစ်တုန်းက အတွင်းရေးအတွင်းဝန် ဖြစ်ခဲ့ဖူးတဲ့ မန္တလေးဦးချစ်ဆွေ ကွယ်လွန်)က ရွှေဘိုထောင်မှာ ဆရာကြီး ဦးရာဇတ်နဲ့ သွားတွေ့ပြီး "ဆရာကြီးသဘောတူရင် ဖြစ်တဲ့နည်းနဲ့ ထုတ်ယူမယ်" လို့ အစီအစဉ်ကို တင်ပြဖူးတယ်။

အဲဒီတုန်းက သူ့လူတွေကို ပြောပြတိုင်ပင်ကြည့်တော့ "ဆရာကြီး သူတို့ကိုစွန့်ပစ် မသွားပါနဲ့လို့ အတန်တန် တောင်းပန်ခဲ့ကြကြောင်း"ကို ဗိုလ်ကြီးခင်ညိုအား အခြေအနေ ရှင်းပြတယ်။

"ဒါတင်မကဘူး သူထွက်ပြေးသွားတာကို ဂျပန်တွေသတင်းရသွားရင် နောက်ပိုင်းမှာရှိတဲ့ မိခင်အိုကြီးနဲ့ သားမယားတွေကို ဂျပန်က အန္တရာယ်ပေးမှာ ဖြစ်ကြောင်း၊ အဲဒါကြောင့် သူ့အပေါ် အခုလို စေတနာနဲ့စွန့်စားမှုတစ်ခုကို ပြုလုပ်ပေးမယ်ဆိုတဲ့ သတင်းကြားရတဲ့အတွက် ဝမ်းသာမဆုံး ဖြစ်ကြောင်း၊ မကြာခင် မဟာမိတ်တွေလဲ ရောက်လာတော့မှာမို့ သူတို့ထွက်ပြေးလွတ်မြောက် နိုင်လိမ့်မယ်လို့ ယူဆကြောင်း၊ အဲဒါကြောင့် သူတို့အတွက် စိုးရိမ်မကောင်းမဖြစ်ဖို့" ဆရာကြီးက ဗိုလ်ကြီးခင်ညိုကို ဖျောင်းဖျစကား ပြောပြလိုက်ပါတယ်။

ဗိုလ်ကြီးခင်ညိုလဲ ဆရာကြီးကို လွှန်ဆန်နိုင်တဲ့လူ မဟုတ်လေတော့ ရွှေဘိုကမုံရွာဆက်သွားပြီး မန္တလေး ဗိုလ်မှူးဗထူးဆီ ပြန်ခဲ့တယ်။ ဗိုလ်ကြီးခင်ညိုလဲ ပြန်သာလာခဲ့ရတယ် ဆရာကြီးရဲ့နောင်ရေး ဘယ်လိုအဖြစ်မျိုးနဲ့ ကြုံရလေမလဲဆိုတာ တွေးမိတိုင်း ပင့်သက်ကိုသာ အခါခါချခဲ့ရပါသတဲ့။

ဗိုလ်ကြီးခင်ညို၊ ဗိုလ်ကြီးအောင်ကြီး၊ ဒုဗိုလ်သိန်းတန်၊ ဗိုလ်စောမောင်၊ ဗိုလ်ကြည်ဝင်းတို့တစ်တွေဟာ မန္တလေးမှာရှိတဲ့ အင်အားနဲ့ အင်္ဂလိပ်တပ်တွေ နီးလာရင် မဟာမိတ်တပ်တွေနဲ့ အဆက်အသွယ် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ဂျပန်ကို စတင်တော်လှန်ဖို့ ဆုံးဖြတ်ထားကြသူများ ဖြစ်ပါသတဲ့။

ဒါနဲ့ပတ်သက်ပြီး သခင်အောင်ကြီး(ပေါင်းတည်) အမည်နဲ့ အငြိမ်းစား ဗိုလ်မှူးချုပ်အောင်ကြီးက "ကျွန်တော်အညာသားပါခင်ဗျာ" ဆောင်းပါးကို ပေဖူးလွှာမဂ္ဂဇင်း အမှတ်၄၆၊ မတ်လ ၁၉၈၅၊ စာ–၇၇မှာ ဒီလိုရေးသား ထားပါတယ်။

"ကျွန်တော်တို့ အနေနဲ့နှင့်ကတော့ မဟာမိတ်တွေနှင့် အဆက်အသွယ်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဂျပန်ကိုတိုက်ရန် ဆုံးဖြတ်ထားကြသူများ ဖြစ်ပါတယ်။"

"ဗိုလ်မှူးဗထူးအနေနှင့် တိုင်းမှူးဖြစ်သည့်တိုင် ကျွန်တော်တို့လူစုက ဘပ်အတွင်း တော်တော်များများ စည်းရုံးထားပြီး ပြင်ပမှာရှိတဲ့ တော်လှန်ရေးအင်အားစုနှင့် ဂျပန်ကိုချလိုသူများကို ဒေသအလိုက် စည်းရုံးထားပြီး ဖြစ်သည့်အတွက် ဂျပန်ကိုဒေသအလိုက် တပ်တွေ တောခိုကြပြီး စတင်တိုက်ကြဖို့ တာစူခဲ့ကြပါတယ်။

"ဗိုလ်မှူးဗထူးကိုယ်တိုင်က စစ်ရုံးချုပ်က အမိန့်မရသေးသည့်တိုင် ကျွန်တော်တို့လူအများစုနှင့် သဘောတူသယောင်ယောင် ဖြစ်လာသော အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကြေးနန်းနှင့် အမြန်ဆုံး လိုက်နာရန်ဆိုသော အမိန့်နှင့်အတူ အမိန့်တစ်ခု ပေးလိုက်ပါတယ်"။

ထိုအမိန့်ကတော့–

"ဗိုလ်အောင်ကြီးနှင့် ဒုဗိုလ်သိန်းတန် အမြန်ဆုံး ငါ့ထံသတင်းလာရောက် ပို့ရမည်"

အောင်ဆန်း

ဟုဖြစ်ပါသည်တဲ့ ခင်ဗျာ။

အဲဒီလို ရေးသားထားတာ ဖတ်လိုက်ရပါတယ်။ ဗိုလ်ကြီးခင်ညို၊ ဗိုလ်အောင်ကြီးတို့ တပ်မတော်အရာရှိတွေဟာ ဆရာကြီးဦးရာဇတ်ကို တော်လှန်ရေးစတာနဲ့တစ်ပြိုင်နက် ထောင်ဖောက်ပြီး ထုတ်ယူဖို့ အစီအစဉ်ရှိခဲ့ပါတယ်။

ဒီလိုဗိုလ်ချုပ်အောင်ဆန်းက သံကြိုးရိုက်ခေါ်လိုက်တော့ ချက်ချင်းရန်ကုန်ကို လိုက်သွားရပါတယ်။ ဗိုလ်မှူးချုပ်အောင်ကြီး ဆရာကြီးအတွက် စိုးရိမ် စိတ်နဲ့ရတာက်မအေး ဖြစ်ခဲ့ရပါသတဲ့။

## မန္တလေးထောင်တွင် ခရီးတစ်ထောက်နားရန်

ဒီဇင်ဘာလထဲ ရောက်နေပါပြီ၊ ၁၉၄၄ခု ဒီဇင်ဘာလ ၁၄ ရက်နေ့ဖြစ်ပါတယ်။ ဆောင်းရာသီဆိုတော့ မနက်မှာ မြူနှင်းတွေဝေလျက် ရှိနေပါပြီ။ နေမင်းဟာ မြူနှင်းတွေပေါ် ထိုးဖောက်နိုင်စွမ်း မရှိသေးပါဘူး။ စစ်အခြေအနေဟာ တစ်နေ့တစ်ခြား ဆိုးရွားလျက် ရှိနေပါတယ်။ ရွှေဘိုထောင် ကနေ တစ်ဖက်နဲ့တစ်ဖက် ပစ်ခတ်နေတဲ့ အမြောက်သံတွေ ကြားနေရပါတယ်။ ဂျပန်တွေဟာ တစ်ဆုတ်တည်းဆုတ် နေရပါတယ်။ မကြာခင် ရွှေဘိုမြို့ကို မဟာမိတ်တပ်တွေ ဝင်လာနိုင်တဲ့ အခြေအနေမျိုးကို ရောက်ရှိနေပါတယ်။ အဲဒါကြောင့် ရွှေဘိုမှာ လုံခြုံမှုမရှိတော့တဲ့အတွက် ရွှေဘိုထောင်က အကျဉ်းသမားအားလုံးကို မန္တလေးကို ပို့ဖို့စီစဉ်ကြပါတယ်။

ဆရာကြီးတို့ကို ကျောက်မြောင်းကို ကားနဲ့ပို့မယ်။ ကျောက်မြောင်းက လှေနဲ့တစ်ဆင့် မန္တလေးကို ခေါ်ဆောင်မယ့် အစီအစဉ်ရှိတယ်။ ဆရာကြီးတို့ကို တာဝန်ယူ ခေါ်သွားရမယ့်သူကတော့ ရဲအင်စပက်တော် ဦးဘဇော်(ယခုအငြိမ်းစားယူပြီး ၃–လမ်း မန္တလေးနေ) ဖြစ်ပါတယ်။

ဆရာကြီးကို ရွှေဘိုနဲ့ ကျောက်မြောင်းအကူး လမ်းမှာဖြတ်ပြီး လုယူဖို့လဲ စီစဉ်တယ်။ အဲဒီမယ် ဆရာကြီးတပည့် ကိုချစ်အုန်း(အခုရှမ်းပြည်နယ် အားကစားနှင့်ကာယပညာ ကော်မတီတိုင်းမှူး ကွယ်လွန်) သခင်မြင့်မောင် (ဂျပန်ခေတ်ရဲဗိုလ်မှူးဟောင်း) သခင်သန်းမြင့်(ယခု မြန်မာ့တပ်မတော် အရာရှိ ဗိုလ်မှူးသန်းမြင့်)တို့ ခေါင်းဆောင်ပြီးလုဖို့ အစီအစဉ်လုပ်တယ်။ "အဲဒီလိုလုပ်မယ် ဆရာကြီး သဘောတူပါသလား"ဆိုပြီး တွေ့ဆုံမေးမြန်းကြတယ်။

ဒီအစီအစဉ်တွေကြားတော့ ဆရာကြီးဟာ သူ့တပည့်တွေက သူ့အပေါ် ဒီလောက်ပဲသံယောဇဉ် ကြီးမားလှပါလား။ သူတို့အသက်ကို ပဓာနမထားပဲ

အသေခံလုကြမယ်ဆိုပြီး ကျောင်းသားတွေရဲ့ စေတနာကိုချီးကျူးရင်း ဣန္ဒြေမဆည်နိုင်ရှာဘဲ မျက်ရည်များတောင် ကျခဲ့ရှာပါတယ်။ "အဲဒီအစီအစဉ် မလုပ်ကြဖို့" ဆရာကြီးက တောင်းပန်တယ်။

"အဲဒီလို လုပ်ကိုင်ရင်း ဂျပန်တော်လှန်ရေးဟာ စရဟော့မယ့် အခြေအနေမျိုးရောက်ချင်လဲ ရောက်သွားနိုင်တယ်။ အဲဒီတော့ လူကြီးတွေလုပ်ထားတဲ့ အစီအစဉ်တွေကိုပါ သွားထိခိုက်နိုင်တယ်။ ပြီးတော့ သူတို့လွတ်သွားရင်လဲ နောက်ပိုင်းမှာ သူ့မိခင်ကြီးညီ–ညီမများ လူမမည်သားသမီးတွေနဲ့ ဇနီးတွေကိုပါ မီးခိုးကြွက်လျှောက် လိုက်ခံနေရရင် သူလွတ်သွားခြင်းဟာ ဘာမှ အဓိပ္ပာယ်မရှိဖြစ်မယ်။ ခုလိုသက်စွန့်ဆံဖျား လုပ်ရမယ့်ကိစ္စဖြစ်လို့ ကိုချစ်အုန်းတို့အတွက်လဲ အန္တရာယ်ရှိနိုင်တယ်။ မဟာမိတ်တပ်တွေလဲ နီးလာပြီဖြစ်တဲ့အတွက် သူတို့မကြာခင် လွတ်မြောက်နိုင်မှာဖြစ်တယ်။ အဲဒီအခြေအနေကြောင့် သူတို့ကိုလုယူမယ့်အစီအစဉ်ကို မလုပ်ဖို့"ပြန်တောင်းပန်ခဲ့ ပါသေးတယ်။

ဆရာကြီးက

"အကျဉ်းသမားတွေ ကောင်းကောင်းမွန်မွန် လိုက်မယ်လို့ ကတိခံရင် တစ်ယောက်မှ ကြိုးမတုပ်ဘဲ လွတ်လွတ်လပ်လပ် ခေါ်ဆောင်ပေးဖို့ ပြောပေးမယ်။ ဒီလိုကတိပေးပြီး ထွက်ပြေးရင် အဲဒီလူဟာ တန်ဖိုးမရှိတဲ့ လူပဲဖြစ်မယ်"

လို့ အကျဉ်းသမားတွေကို ရှင်းလင်းပြောပြတယ်။

## လူတစ်ရ ဒုက္ခရယ်တဲ့ကိုယ်စီ

ဆရာကြီးတို့ကို ဖမ်းသွားပြီးတဲ့အခါ မိခင်ကြီးဒေါ်ငြိမ်းလှနဲ့ ညီ–ညီမတွေကလဲဆရာကြီးအတွက် ရတက်မအေး ဖြစ်နေကြတယ်၊ ဘုရားသာအာရုံပြုပြီး မိမိသားဟာ မိမှန်းဖမှန်း သိတတ်တဲ့သူတစ်ယောက် ဖြစ်ပါတယ်။ မိဘကိုလဲ ရိုသေသူတစ်ယောက်ပါ။ အများအကျိုးကို စေတနာထားပြီး လုပ်ကိုင်ပေးနေတဲ့ လူလိမ္မာလေးတစ်ယောက် ရေတိမ်မှာအနစ်ခံရမှာ စိုးပါတယ်။ ဘေးမထိရန်မခဘဲ ပြန်လာတာ မြင်ပါရစေ။ မိဘရဲ့ကြီးမားတဲ့ မေတ္တာရေစင်ကို ခံယူနေရတဲ့ သားတစ်ယောက်ဟာ ရှေးကဝဋ်ကြွေးမကင်းလို့ အဖမ်းခံရပေမယ့် ဘယ်လိုဒုက္ခမျိုးနဲ့မှ မကြုံတွေ့ပါစေနဲ့လို့လဲ ဆုတောင်းရင်း ဘုရားပန်းလဲခြင်း၊ ဖယောင်းတိုင်မီးထွန်း ပူဇော်ခြင်းနဲ့ပဲ မိခင်ကြီးဒေါ်ငြိမ်းလှမှာ အလုပ်များလျက်နေပါတယ်။

ဒေါ်ခင်ခင်ကလဲ ဆရာကြီး ဘေးဥပဒ်တစ်စုံတစ်ရာ မခံရဘဲ ချောချော မောမောနဲ့အမြန်ဆုံး ပြန်ရောက်လာတာ မြင်ပါရစေလို့ မမောမပန်းနိုင် အချိန်ရှိသရွေ့ (အလ္လာအရှင်မြတ်)ဘုရားသခင်ထံ လက်ဖြန့်ဆုတောင်း နေပါတယ်။

ဒေါ်ခင်ခင်ဟာ ဒီလိုအဖြစ်မျိုး ဒီတစ်ခါသာကြုံတွေ့ဖူးတယ်။ သူ့ချစ်လင် အတွက် ပူပင်သောက ပရိဒေဝမီး တောက်လောင်နေပါတယ်။ တစ်ဖက်မှာလဲ လူမမည်သားလေး၊ သမီးလေးတွေနဲ့ ဆက်လက်ပြီး ဘယ်လိုရပ်တည်ရမလဲ ဆိုတာ နောင်ရေးအတွက် မစဉ်စားဝံ့အောင် ဖြစ်နေတယ်။

အဲဒါတွေအားလုံးထက် သူ့မှာမွေးလုမွေးခင် ဖြစ်နေတဲ့သားငယ်ကို ကိုယ်ဝန်ပိုက်ထားရတော့ ဆရာကြီးမရှိရင်၊ ဒီလိုဗုံးတွေ စက်သေနတ်တွေထဲမှာ ဘယ်လိုမွေးလို့ ဘယ်လိုမီးလှုံရပါ့မလဲ။ ခါတိုင်းကလေးတွေကျတော့ ဆရာကြီး အနားမှာရှိနေတယ်။ ခုတော့ဆရာကြီးရဲ့အဖြစ်ဟာ ဘယ်လိုဘဝမျိုး ဆိုက်ရောက် နေလေမလဲ။ ဘေးမထိရန်မခဘဲ မီးဖွားအမီ ပြန်လည်ရောက်ရှိနိုင်ပါစေ လို့သာ ဆုတောင်းရင်း သားနဲ့သမီးကို တစ်ဖက်တစ်ချက်မှာ တင်းတင်းကျပ်ကျပ် ဖက်ပြီး ငိုပွဲဆင်နေရတဲ့ ရက်တွေဟာလဲ နေ့စဉ်နဲ့အမျှလို ဖြစ်နေပါတယ်။ အင်း---ကလေးနှစ်ယောက်ကတော့ ဘာမှမသိ၊ အမေကငိုတော့လဲ လိုက်ငိုကြ ပြန်တယ်။

ဆရာကြီးအသည်းစွဲကလေး မြင့်မြင့်(မောင်တင်မြင့်) ကလေးကလဲ "အမာ ကိုကို ပါပါမလာသေးဘူးလား၊ ဘယ်တော့လာမလဲ"ဆိုပြီး မေးနေရှာ ပြန်တယ်။ မြင့်မြင့်ရဲ့မျက်အိမ်ထဲက ဝေလျှံနေတဲ့မျက်ရည်တွေဟာလဲ ပါးပြင် မို့မို့ပေါ်ကို ပုလဲဥကလေးတွေလို လိမ့်ပြီး စီးဆင်းနေပါတယ်။ အဲဒီလိုတီတီ တာတာ ခရာတာတာ မပီကလာနဲ့ တရှုံ့ရှုံ့ငိုနေတဲ့ သားကလေးရဲ့မျက်ရည်တွေ သုတ်ပေးရင်း "တိတ်ပါဘေတာရယ်(သားရယ်) သားငိုနေတာ အမာမကြည့် ရက်နိုင်ဘူး။ မငိုပါနဲ့ဘေတာရယ် အမာမချိလွန်းလို့ပါ။ မြင့်မြင့်-ပါပါ မကြာခင်ပြန်လာမှာပေါ့ တိတ်နော် တိတ်ပါသားရယ်"လို့ မကြာခဏ ချော့မော့ ပြောနေပြန်တယ်။

သားက "မြင့်မြင့်လဲမငိုတော့ဘူး၊ အမာလဲမငိုရဘူးတဲ့"ဆိုပြီး အရေးဆို နေပြန်တော့ အမေလုပ်တဲ့ ဒေါ်ခင်ခင်လဲ အသည်းတုန်အောင် မချိတင်ကဲ ဖြစ်မိပါတယ်။ ခေါင်းကိုသာညိတ်ပြပြီး "မငိုပါဘူးသားရယ်"လို့ "အမာငိုတာ

မမြင်ချင်ရင် မငိုပါဘူးဖေတာရယ်”ပြောရင်း သားကိုရင်ခွင်ထဲ ဆွဲသွင်းထားပြီး ကျောကလေးကို ပွတ်သပ်ပေးကာ သူ့ရင်သွေးကို နှစ်သိမ့်နေရပါတယ်။

ရင်ထဲမှာတော့ ဗလောင်ဆူနေပါတယ်။ အလုံးဆို့မတတ် ခံစားနေရပါတယ်။ ပူဆွေးနေတဲ့ မျက်ရည်ပူတွေဟာ ရင်ခွင်ထဲရောက်နေတဲ့ သားရဲ့ကျောပေါ် တစ်စက်ပြီးတစ်စက် ကျနေပါတော့တယ်။ သမီးကလေး ခင်ခင်စိန်ကတော့ သူများငို-ငိုလိုက်တာပဲ၊ ဘာရယ်ညာရယ်တောင် နားမလည်နိုင်ရှာသေးပါဘူး။

ဆရာကြီးတို့ကို ဖမ်းသွားတဲ့နေ့က ထမင်းပို့ခွင့်ရတယ်ဆိုတာနဲ့ အိမ်က ထမင်းချက်ကိုလွှတ်ပြီး ထမင်းပို့ခိုင်းရတယ်။ ရေချိုးချိန်ရောက်တော့ မြစ်ဆိပ်ကို ဆင်းပြီး ရေသွားချိုးရတယ်။ ခါတိုင်းဆိုရင် ဆရာကြီးက သားလေးမောင်တင်မြင့်ကိုလက်တွဲ၊ သမီးကလေးခင်ခင်စိန်ကို ပွေ့ချီပြီးမြစ်ဆိပ်ကို ရေသွားချိုးလေ့ ရှိတယ်။

မြစ်ဆိပ်ဟာ နေတဲ့ချောင်နဲ့ တစ်မိုင်လောက်ဝေးတယ်။ အဝတ်လျှော်တဲ့အခါ ဆရာကြီးလဲ ကူလျှော်လေ့ရှိတာမို့ မိသားစုတပျော်တပါးကြီး ရေချိုးအဝတ်လျှော်နဲ့နေခဲ့ကြတာ။ အခုတော့ သားကို လက်တွဲ၊ သမီးကိုပွေ့ချီ၊ တစ်ဘက်မှာလဲ သားငယ်ကို ကိုယ်ဝန်ဆောင်ထားရတာမို့ အရင်ကလို ခရီးမပေါက်တော့ပါလားလို့တွေးမိရင် အားငယ်လာပါတော့တယ်။

ဒီတစ်မိုင်ခွဲလောက်ဝေးတဲ့ရေ ဆိပ်ကိုဆိုတော့ အခါခါနားပြီး သွားမှ ရောက်တော့တယ်။ နေကလဲပူတော့ ဖြူဖွေးနေတဲ့ သမီးရဲ့ပါးပြင်မို့မို့လေးဟာ နီရဲ၍လာပါတော့တယ်။ ရေချိုးလာရတဲ့ ဒုက္ခဟာလဲ မသက်သာလှပါဘူး။

သဲဖြူချောင်ဆိပ်ကမ်းမှာ “ခွေးသဘော်”ဆိုက်ကပ်ထားတာ တွေ့ရတယ်။ ခွေးသဘော်နဲ့ဆရာကြီးတို့ကို ခေါ်သွားမယ်လို့ ပြောသံတွေကြားထားတယ်။ ခွေးသဘော်ကလဲ တဂူဂူနဲ့အဆက်မပြတ် ဥဩပေးနေပါတယ်။ လှောင်ပြောင်သရော်ကျီစယ်နေသလို “စိတ်ချလက်ချ နေရစ်ခဲ့ပေတော့ သွားတော့မယ်”လို့ နှုတ်ဆက်နေသလို အမျိုးမျိုးထင်စရာ ဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် ဥဩမှုတ်လိုက်တိုင်း ရင်ထဲမှာတော့ တထိတ်ထိတ်ဖြစ်ပြီး ရင်တွေခုန်နေပါတယ်။ အဲဒီမယ်ဒေါ်ခင်ခင်ဟာ ထန်းတောထဲကနေ သဘော်ဆီပဲ သွားရမလား၊ ချောင်ကိုပဲ ပြန်ရလေမလားလို့ ရှေ့တိုးနောက်ငင် လွန်ဆွဲပွဲလိုဖြစ်ပြီး ဗျာများနေပါတော့တယ်။ နောက်ဆုံး ရေမချိုးတော့ဘဲ ဆရာကြီးကို အလှာအသျှင်မြတ် (ဘုရားသခင်)ထံ အပ်နှံခဲ့ပြီး ချောင်ကိုသာ ပြန်ခဲ့ပါတော့တယ်။

## တုံ့လှည့်မေတ္တာ

ဆရာကြီးဦးရာဇတ်ရဲ့ ကြီးမားတဲ့မေတ္တာ စေတနာဟာ ဘယ်တော့မှ အလဟဿ မဖြစ်ခဲ့ဖူးဘူး။ ဆရာကြီးတို့မင်းကွန်းမှာ အလုပ်မရှိအကိုင်မရှိဘဲ အကြာကြီးနေနိုင်တာဟာ အရင်ကရှိခဲ့တဲ့ အထုပ်ကလေးကြောင့်လို့ ထင်စရာ ရှိတယ်။ ရှိတဲ့အထုပ်ကလေးဖြေဖြေပြီး လိုတာဝယ်ခြမ်း စားနေရတယ်လို့ထင်ရင် အမှားကြီး မှားသွားပါလိမ့်မယ်။ ဆရာကြီးတို့မှာ စုဆောင်းထားခဲ့တဲ့ ပစ္စည်း ဆိုတာ ဘာမှမရှိပါဘူး။ ဆရာကြီးကတော်ကလဲ ဆရာကြီးနဲ့အိမ်ထောင်ကျ ခဲ့တော့ အထုပ်ကြီးပိုက်ပြီးလာခဲ့တာ မဟုတ်ရှာပါဘူး။

အဲဒီတော့ ဗဟိုအမျိုးသားအထက်တန်း ကျောင်းအုပ်ဆရာကြီးအဖြစ်နဲ့ ရလာတဲ့လခဆိုတာဟာလဲ ရချင်တဲ့အခါမှရ၊ ရပြန်တော့လဲမလုံလောက် ရသမျှနဲ့ ခြိုးခြံပြီး စားသောက်နေရတယ်။ စုဆောင်းထားဖို့ နေနေသာသာ တစ်လနဲ့တစ်လ အလျဉ်မိအောင် မနည်းကြိုးစားနေရတယ်။ ဆရာကြီးအပါ(အဖေ) ဆုံးသွား ပြန်တော့၊ အစ်ကိုကြီးအဖရာ ဆိုတဲ့အတိုင်း၊ ကျန်ရစ်တဲ့မိခင်ကြီးနဲ့ ညီ–ညီမ တစ်ပြုံလုံးရဲ့တာဝန်ကိုလဲ တစ်ဖက်က ယူထားရပြန်တယ်။ ပြီး တစ်ဖက်မှာလဲ သူ့အိမ်ထောင်စုရဲ့ တာဝန်ရှိနေတယ်ဆိုပြန်တော့၊ အမြဲတမ်း လချုပ်ဘတ်ဂျက်မှာ လိုငွေသာ ညွှန်ပြနေပါတယ်။ ဘေးပန်းက ထောက်ပံ့မှုကလေးတွေ ရှိနေလို့သာ ဒီလောက်ကြီးမားတဲ့ တာဝန်ကို ဣန္ဒြေမပျက်ဟန်မပျက် သယ်ဆောင်နိုင်ခဲ့ တာပဲပေါ့။

ဆရာကြီးတို့မင်းကွန်းမှာ ရက်ရှည်လများ အလုပ်မရှိဘဲ စားသောက် ရပ်တည် နေနိုင်တာဟာ၊ ဆရာကြီးရဲ့မိတ်ဆွေတွေ တပည့်သားမြေးတွေက ထောက်ပံ့ခဲ့လို့ပါ။ လက်လှမ်းမီသလောက် ဒေသတွေကဆရာကြီးကို ဆီ၊ ဆန်၊ ဆားစတဲ့ ရိက္ခာတွေကို မပြတ်ပို့ပေးနေကြပါတယ်။ ဒါကြောင့် ရပ်တည်နိုင်ခြင်း ဖြစ်ပါတယ်။

ဆရာကြီး အဖမ်းခံသွားရတဲ့နောက်လဲ ပိုပြီးကြင်နာယုယမှုတွေ ရှိလာ တယ်။ ဝိုင်းဝန်းထောက်ပံ့ လာကြတယ်။ ဆရာကြီးအကြောင်း ရေးရင် မေ့ချန်ထားလို့မဖြစ်တဲ့ ကျောင်းသားဟောင်းတစ်ယောက် ရှိပါတယ်။ သူက ပခုက္ကူသား ကိုတင်အုံး(ယခုချောက်မြို့ လမ်းစဉ်ပါတီယူနစ်) ဖြစ်ပါတယ်။

ဦးချစ်ဆွေ(ဆရာကြီးရဲ့ အတွင်းရေးအတွင်းဝင်ဟောင်း ကွယ်လွန်)ဟာ အဲဒီအချိန်က ဂျပန်ခေတ် ဘီအိုင်အေဖျက်လိုက်တော့ ဥတ္တရတိုင်းခွဲ ပခုက္ကူမှာ

ရဲ့အရာရှိအဖြစ် တာဝန်ယူနေပါတယ်။ တစ်နေ့ ဂျပန်ဆန့်ကျင်ရေး မြေအောက်အဖွဲ့တွေနဲ့ အဆက်အသွယ်ရှိတယ်ဆိုပြီး ဂျပန်ကလိုက်တဲ့အတွက် "ကိုရင့်ရွာ"ကို တိမ်းရင်းရှောင်ရင်း ရောက်သွားပါတယ်။ အဲဒီမယ် ဗဟိုအမျိုးသားအထက်တန်းကျောင်းသားဟောင်း ကိုတင်အုံးကို မမျှော်လင့်ပဲ သွားတွေ့တယ်။ ဦးချစ်ဆွေက ဆရာကြီးကို ငပု(ဂျပန်)တွေ ဖမ်းသွားပြီလို့ ပြောပြလိုက်တယ်။

အဲဒီမယ် ကိုတင်အုံးက "ခွေးမသားငပုတွေ ဆရာကြီးမှာ ဘာအပြစ်ရှိလို့ဖမ်းရတာလဲ၊ နင်တို့တော့ တစ်နေ့သိကြရမှာပဲ၊ ပျံလေတဲ့ငှက်ခါး နားကာမှ သိရမဟော့နော်"လို့ ကြိမ်းဝါးခဲ့တယ်။ ဆရာကြီးမရှိရင်တော့ ဆရာကြီးရဲ့မိသားစုဝေတ်ဝေတ်ပြတ်ပြတ် ဒုက္ခတော့လှလှကြီး ရောက်ရှာမှာပဲဆိုပြီး ကြင်နာယုယကရုဏာစိတ်တွေ ပေါ်ထွက်လာတယ်။ အဲဒီအချိန်က ပခုက္ကူမှာ ဆန်အလွန်ရှားတဲ့ ခေတ်ဖြစ်တယ်။ ဆန်ကို ပြည်၊ စလေစတဲ့ မြို့တွေကိုဆင်းပြီး ဝယ်ရတဲ့အချိန်ပေါ့။ လှေနဲ့သွားလာရတဲ့ အချိန်ပါ။ သွားလာရတဲ့ မြစ်ကြောင်းခရီးမှာ အင်္ဂလိပ် အမေရိကန် လေယာဉ်ပျံတွေက စက်သေနတ်နဲ့ပစ် ဗုံးကြဲဆိုတော့ အန္တရာယ် အလွန်များလှပါတယ်။

အဲဒီလို ရှားပါးတဲ့ခေတ်မှာ ဆန်အိတ်တွေ၊ ဆီပုံးတွေ၊ ပဲဆန်တွေကို လှေပေါ်တင် "တောင်လေကိုမိတ်ဆွေဖွဲ့ပါလို့"ဆိုတဲ့ စာဆိုနဲ့အညီ ရွက်ဖွင့်ပြီး စက်သေနတ်ကြားကနေ မင်းကွန်းအရောက် ဆန်တက်ခဲ့ပါတယ်။ ဆရာကြီးကတော် ဒေါ်ခင်ခင်ကိုလဲ မတွေ့ဖူးဘူး-မြင်လဲမမြင်ဖူးဘူး။ ဆရာကြီးအပေါ်ထားရှိတဲ့ သံယောဇဉ်တွေကြောင့် ဆီပုံးတွေ၊ ဆန်အိတ်တွေ၊ ပဲဆန်တွေကို အိမ်တိုင်ရာရောက်ဆိုသလို ထမ်းပြီးပို့ခဲ့တယ်။

* * * * *

ပြောရဦးမယ်၊ ဆရာသမားမိဖဆိုတာ သားသမီးကို ဆင်စီးပြီးမြင်းရံတာသာ ကြည့်ချင်ကြတယ်။ ဆင်နင်းလို့ မြင်းကန်တာ မကြည့်ချင်ကြဘူး။ ဒါမှေ့တာပါ။ ဆဲဆိုဆုံးမတယ်၊ ရိုက်တယ်၊ နှက်တယ်ဆိုတာတွေဟာ မိဖဆရာသမားတွေက သားသမီးတွေ တပည့်တပန်းတွေကို လိမ္မာရေးခြား ရှိစေချင်တယ်။ အဲဒီရည်ရွယ်ချက်နဲ့ ရွှံ့ဖယောင်းလိုအရွယ်မှာ ပုံသွင်းလောင်းပေးခြင်းဖြစ်တယ်။ ဆဲဆိုဆုံးမတန် ဆုံးမ၊ ရိုက်တန်ရိုက်ရတဲ့ သဘော လုပ်တန်လုပ်ရတယ်။ အဲဒီလိုပဲ သားသမီးနဲ့ကျောင်းသားတွေက ဆရာမိဘတွေရဲ့စေတနာကို နားလည်သင့်တယ် မဟုတ်ပါလား။

ကိုချစ်ဆွေ(ဆရာကြီးရဲ့ အတွင်းရေးအတွင်းဝန်ဟောင်း ကွယ်လွန်)၊ ကိုချစ်အုံး(အားကစားနှင့် ကာယပညာကော်မတီ ရှမ်းပြည်နယ်ကွယ်လွန်)၊ ကိုတင်အုံးတို့ခေတ်မှာ ငပွကြီးတွေရှိကြတယ်။ ရိုက်ခံနေရပြီဆိုရင် ပြဿနာပေါ်ပြန်ပြီဆိုရင် ငပွကြီးတွေပဲလို့ မှတ်လိုက်။ ဗေဒင်မမေးနဲ့ ဆန်ကုန်တယ်ဆိုတဲ့စကားရှိတယ်။ ဆရာကြီးကျောင်းခန်းထဲမှာ "တရှမ်းရှမ်းနဲ့ အရိုက်ခံနေရပြီဆိုရင် ဘယ်သူ့ကိုများ ဒီလောက်တရှမ်းရှမ်းနဲ့ ရိုက်နေပါလိမ့်ဆိုပြီး ချောင်းမြောင်းသွားကြည့်စရာ မလိုဘူး။ ငပွကြီးသုံးယောက်ထဲက တစ်ယောက်ပဲဖြစ်မယ်။ တစ်ခြားလူမဖြစ်နိုင်ဘူးလို့ ရာခိုင်နှုန်းပြည့် အဖြေမှန်တစ်ခါတည်း ပေးလိုက်နိုင်တယ်။

အဲဒီခေတ်မှာ ငပွကြီးသုံးယောက်က ကိုမဂျစ်၊ ကိုဟာဘီနဲ့ ကိုတင်အုံးတို့ဖြစ်တယ်။ ကိုမဂျစ်နဲ့ကိုဟာဘီက ရွှေဘိုမြောက်ဘက် ထန်းတစ်ပင်ဇီးကုန်းက ဖြစ်တယ်။ ကိုတင်အုံးကတော့ ပခုက္ကူကပါ။ သူတို့သုံးဦးစလုံးဟာ ဘော်ဒါကျောင်းသားတွေ ဖြစ်တယ်။ သူတို့ဟာ ကျောင်းမှာဖဲရိုက်တယ်၊ ကျောင်းပြေးတယ်၊ ကျောင်းဥပဒေကို ချိုးဖောက်တယ၊ ပြစ်မှုတစ်ခုခုကျူးလွန်ရင် ကျောင်းဆရာကြီး အခန်းထဲခေါ်ပြီး တရှမ်းရှမ်းနဲ့ အရိုက်ခံရတယ်။ အပြင်က လေထဲဝှေ့ပြီးလာတဲ့ ကြိမ်သွားသံကို ကြားရသူတိုင်း ကျောစိမ့်စရာ ဖြစ်ရပါတယ်။ ဒါပေမယ့် သူတို့ကတော့ စပ်ဖြီးဖြီးကြီးနဲ့ ထွက်လာကြလေ့ရှိတယ်။ "ဒီလူတွေဒီလောက်အရိုက်ခံ နေရတော့ ဆရာကြီးကို မုန်းနေမှာပါပဲ"လို့ ဦးချစ်ဆွေက ထင်ခဲ့တယ်။

ဒါပေမယ့် သူ့ကောက်ချက်ဟာ တက်တက်စင်လွဲမှား ခဲ့ပါတယ်ဆိုတာ ဂျပန်ခေတ်ကျမှ သိရတော့တယ်။ အဲဒီလို ကြိမ်စာမိပြီးရင်းမိခဲ့ရတဲ့ ကိုတင်အုံးဟာ သူ့ဆရာကြီးကိုလဲ မမုန်းဘူး။ သူ့ကျောင်းကိုလဲ မမုန်းခဲ့ဘူး။ ဆရာကြီးကို ဂျပန်တွေက မတရားဖမ်းသွားတယ်ဆိုတာ သိရှိလာတာနဲ့တစ်ပြိုင်နက် ဂျပန်ကို ဆဲဆိုကြိမ်းမောင်း ပါတော့တယ်။ တကယ်ကျတော့ သူဟာ အဲ့ဒီတုန်းက နိုင်ငံရေးသမားလဲ မဟုတ်ပါဘူး။ ဒါပေမယ့် သူချစ်တဲ့ဆရာကြီးကို ဂျပန်က ဖမ်းတယ်ဆိုတော့ မခံမရပ်နိုင်အောင် ဖြစ်လာခဲ့တယ်။ ကြင်နာလေးစားတဲ့စိတ်နဲ့ပဲ အလွန်ဝေးလံတဲ့ခရီးကို လေ့ရှက်ဖွင့်ပြီး ရိက္ခာတွေပို့ပေးခဲ့ပါတယ်။

တခြားဆရာကြီးရဲ့ အသိမိတ်ဆွေတွေ ကျောင်းသားတွေလဲ ကိုတင်အုံးလိုပဲ ရိက္ခာတွေမပြတ် ပို့ပေးလေ့ရှိကြပါတယ်။ ဆရာကြီးမရှိပေမယ့် မျက်နှာ

မငယ်ရအောင် ဝိုင်းဝန်းပြီး တတ်နိုင်သလို ကူညီပေးကြပါတယ်။ ဒီလိုပဲ ဒေါ်ခင်ခင်တို့မိသားစု မင်းကွန်းအလယ်တောရချောင်မှာ နေကြရပါတယ်။

မျက်နှာမြင်ဖို့လဲ ရက်နီးလာပြီ၊ ဒီတော့မီးဖွားရေးကိစ္စကို စီစဉ်ရပါတော့တယ်။ ဒေါ်ခင်ခင်ရဲ့ လက်စွဲဆရာဝန် ဒေါက်တာမောင်မောင်က အမရပူရ လမ်းငါးခွမှာ နေပါတယ်။ ဒေါက်တာမောင်မောင်ဟာ ဦးစံခေါင်ရဲ့သား ဖြစ်တယ်။ ဒေါ်ခင်ခင်မီးဖွားတိုင်း ဒေါက်တာမောင်မောင်ကိုပဲ လက်ကိုင်ထားခဲ့ရပါတယ်။

## ဖုံးကြားထဲမှ လူဖြစ်လာရတဲ့ မောင်လှကြည်

ဆရာကြီးအမေ ဒေါ်ငြိမ်းလှတို့ကိုခွဲခဲ့ပြီး အမရပူရကို လှေနဲ့စုံဆင်းခဲ့ပါတယ်။ ဒေါ်ခင်ခင်တို့မိသားစုက ဆရာဝန် ဒေါက်တာမောင်မောင်နဲ့နီးအောင်ဆိုပြီး အစ်ကိုကြီး ဦးအိဘရာဟင်-ယောက်မဒေါ်လှတို့ဆီမှာ သွားနေပါတယ်။ အမရပူရရောက်ပြီး ၁၃ဝ၆ခုမှာ သားလေးမောင်လှကြည်(ယခု ဘူမိဗေဒ နောက်ဆုံးနှစ်)ကို ဖွားမြင်ပါတယ်။ ဖွားပြန်တော့ လွယ်လွယ်ကူကူ ချောချောမောမော ဖွားရတာမဟုတ်ဘဲ မိခင်ကိုဆေးထိုးပေးပြီး ညှပ်နဲ့ဆွဲထုတ်ခဲ့ရပါတယ်။ အရင်ကလေးတွေတုန်းကတော့ အခုလိုညှပ်နဲ့ ဆွဲထုတ်မယူရပါဘူး။ အခုကလေးကျတော့ နှလုံးတုန်ရင်ခုန် ဖြစ်ခဲ့ရတဲ့ ကိုယ်ဝန်ဆောင်မို့ အညင်သာဆုံးသောနည်းလမ်းနဲ့ မျက်နှာမြင်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒေါက်တာမောင်မောင် အထူးဂရုစိုက်ခဲ့ပါတယ်။

ညမှာမီးမထွန်းရတော့ ဆေးလိပ်ရောင်ကို အားကိုးပြုပြီး ကလေးအနီးလဲတာတို့ နို့တိုက်တာတို့ကို လုပ်ခဲ့ရတယ်။ တဲပျက်အိမ်ပျက်မှာ နေရတော့ "ကာကဝလ္လိယမောင်နှံ"ကတောင် အရှုံးပေးရမတတ်ပါပဲ။ ကြမ်းခင်းကလဲ ခုနစ်ချောင်းရှိတယ်။ အကာကလဲအပျက်၊ သူများနေတဲ့အောက်ထပ်မှာ ခိုနေရတာ ဖြစ်တယ်။ ရေဝင်တတ်တဲ့ နေရာလဲဖြစ်တော့ ကြမ်းအောက်မှာရေဝပ်ပြီး ရေစိုနေပါတယ်။

မောင်လှကြည်ကလေးမွေးပြီး ၁၈ရက်အကြာမှာ အမေရိကန်အင်္ဂလိပ် လေယာဉ်ပျံတွေ ရောက်လာပြီး အမရပူရမြို့ကို ဖုံးအကြီးအကျယ် လာချပါတယ်။ စက်သေနတ်တွေလဲ တရစပ်ပစ်ပါတော့တယ်။ အသည်းနှလုံးတွေ အတွဲလိုက်ပြုတ်ကျမတတ် ကြောက်စရာကောင်းလောက်အောင် တဝုန်းဝုန်းကြဲချခဲ့ပါတယ်။

သားအကြီးမြင့်မြင့်၊ သမီးခင်ခင်စိန်၊ ရက်သားသာရှိသေးတဲ့ **မောင်လှကြည်လေးနဲ့** အတူ ကျွန်းဖက်ကိုပြေးရတယ်။ လူတွေထဲက တစ်ယောက်ယောက်က 'ကျွန်းဖက်ကိုပြေးကြ ကျွန်းဖက်ကိုပြေးကြ' လို့ အော်ဟစ်သတိပေးနေပါတယ်။

ဒီနေရာမှာဒီဒေသကို ဒီတစ်ခါသာ ရောက်ဖူးတော့ ကျွန်းဖက်ဆိုတာ ဘယ်အရပ်ဒေသမှန်း မသိဘူး။ နောက်တော့ သူများပြေးရာဆီ ပြေးခဲ့ရတယ်။ သားကြီးမြင့်မြင့်ကို "မေမေ့ထဘီကိုဆွဲလိုက်ခဲ့" လို့ ပြောပြီး၊ သမီးလေးခင်ခင်စိန်ကိုတော့ လက်တစ်ဖက်က မြဲမြဲဆွဲကိုင်ခဲ့တယ်။ သားထွေးနုနုလေးကိုတော့ ရင်ခွင်မှာပိုက်ပြီး ပြေးခဲ့ရတယ်။ ဘာပစ္စည်းကိုမှ မသယ်ယူနိုင်ခဲ့ဘူး။

ပြေးလာတော့ ဖိနပ်လဲမပါဘူး။ နေကလဲပူတော့ သဲသောင်ကလဲ နေပူရှိန်ကြောင့် အပူငွေ့တွေက တရှိန်းရှိန်းထွက်နေတယ်။ ဆူးတွေကလဲ ပေါတယ်။ အဲဒီလို ပတ်ဝန်းကျင်မှာ အသက်ကိုလုပြီး ပြေးနေရတယ်။ နေပူတာလဲ ဂရုမစိုက်နိုင်ဘူး၊ ဆူးစူးတာလဲ မမှုနိုင်ခဲ့ဘူး။ ရှေ့ကပြေးနေတဲ့လူတွေနောက်ကိုသာ ယက်ကန်ယက်ကန်နဲ့ အမီလိုက်နေရပါတယ်။ သဲသောင်လွန်ပြီး လယ်ကန်သင်းပေါ် ကျော်တက်ပြေးရပြန်တယ်။

အဲဒီမယ်သမီးလေးခမျာ လယ်ကန်သင်းပေါ်လဲလို့ ဒူးပြဲသွားရှာပါတယ်။ နေပူရှိန်ပြင်းနေတော့ သွေးဟာလဲဆူနေချိန်ဖြစ်လို့ သွေးတွေယိုစီးကျလာပါတယ်။ ဒါကိုလဲ ဂရုစိုက်မနေအားဘဲ "သမီးလေး ကြိုးစားသာပြေး" လို့ အမေလုပ်သူက ပြေးရင်းအားပေးရပါတယ်။ အဲဒီကနေ ချောင်းငယ်တစ်ခုဟာ လမ်းကဆီးလို့ ကန့်လန့်ခံနေပြန်တယ်။

အဲဒါကြောင့် မောင်တင်မြင့်ကလေးကို ချောင်းဘေးမှာ အသာထိုင်ခိုင်းထားပြီး ၁၈–ရက်အရွယ် သားငယ်နုနုကလေးကို မြင့်မြင့်လက်ပေါ်အတင်ပေးထားခဲ့တယ်။ ပြီးတော့မှသမီးငယ် ခင်ခင်စိန်ကို ဒေါ်ခင်ခင်က ဟိုတစ်ဘက်ကမ်းကိုသွားပို့၊ နောက်မှရက်သားကလေးကို ရင်ဝယ်ပိုက် မြင့်မြင့်ကိုတွဲပြီး တစ်ဖက်ကမ်းကို ပြန်ကူးခဲ့ပြန်တယ်။

အဲဒီကနေ သားအမိလေးယောက် ဆက်ပြေးကြပြန်ပါတယ်။ လယ်ပြင်ထဲ အဝေးကြီးထပ်လျှောက် ကြရပြန်တယ်။ ဒီအချိန်အထိ ဗုံးတွေချတုန်းပဲ၊ ပြီးမှ ဆီးပင်ကြီး တစ်ပင်အောက်ဝင်ပြီး အရိပ်ခိုနေလိုက်ပါတယ်။ အဲဒီနေရာတွေက ရေဝင်ပြီးရေကျသွားခါစဆိုတော့ နုံတွေတင်ကျန်ရစ်ခဲ့တယ်။ နုံတွေထဲမှာပဲ ရပ်ပြီးအမောဖြေနေရပါတယ်။

အဲဒီလိုနေတုန်း မိန်းမကြီးတစ်ယောက် ဆီးပင်ကြီးအောက် ပြေးဝင်လာပါတယ်။ တစ်ကိုယ်လုံး နန္ဒင်းဝါဝါဖြစ်နေတဲ့ ဒေါ်ခင်ခင်ကိုမြင်တော့ အံ့အားသင့်သွားပါတယ်။ ကရုဏာသက်ဝင်ပြီး မိန်းမချင်း ကိုယ်ချင်းစာနာသွားတယ်။

"အမယ်လေး တစ်ကိုယ်လုံးနန္ဒင်းဝါဝါနဲ့ သွေးနုသားနုနဲ့ပါလား၊ ဘယ့်နှယ်ရွှံ့ထဲ ရပ်နေရတာလဲ အမြင်မတော်ပါဘူးအေ"လို့ ဘာမဆိုင်ညာမဆိုင် ပြောပြောဆိုဆို သူရွက်လာတဲ့ ဆေးလိပ်အစိခံအိတ်ကြီးကို သွန်ချလိုက်ပါတယ်။

အဲဒီမိန်းမကြီးကလဲ ဗုံးလာချတော့ ကောက်မိကောက်ရာ အထုပ်ကြီးကောက်ပြီး ရွက်ပြေးလာခြင်းဖြစ်တယ်။ လမ်းကျမှ အစိခံထုပ်ကြီးမှန်း သိရတော့ ငိုအားထက်ရယ်အားသန်ဆိုသလို ဖြစ်မိတယ်တဲ့။

အဲဒီအစိခံအိတ်ကြီး သွန်ချလိုက်ပြီး အဲဒီအပေါ်မှာ ဒေါ်ခင်ခင်ကို ထိုင်စေတယ်။ လေယာဉ်ပျံတွေ လာဝဲတဲ့အခါတိုင်း ကလေးသုံးယောက်ကို အပေါ်ကစီးပြီး ကြက်သားအုပ်မကြီးက ကြက်ကလေးတွေအုပ်သလို အုပ်ထားလိုက်ရပါတယ်။

အဲဒီလိုနေတုန်း ဗုံးဆံမှန်လို့ဒဏ်ရာရတဲ့ ဂျပန်တစ်ယောက် သွေးရဲရဲသံရဲရဲနဲ့ အူရားဖားရား ဆီးပင်ကြီးအောက် ပြေးဝင်လာပါတယ်။ မိန်းမကြီးဟာ ဂျပန်ပြေးဝင်လာတာမြင်တော့ လန့်ပြီး ခြေဦးတည့်ရာ ထပြေးပါတော့တယ်။ အတော်လေးကြာတော့ မိုးကောင်းကင်တစ်ခုလုံး နေပူရာက နေဝင်သွားသလို မိုးမှောင်ကြီးကျသွားတယ်။ မီးလောင်တဲ့နေရာက မီးခိုးလုံးကြီးတွေ အလိပ်လိပ်တက်လာတဲ့အတွက် မိုးကောင်းကင်တစ်ခုလုံး မှောင်မည်းသွားခြင်းဖြစ်တယ်။

လေယာဉ်ပျံသံတွေကလဲ စဲသွားပါပြီ။ သွေးရဲရဲသံရဲရဲ မြင်ရတာလဲ စိတ်မကောင်း၊ ကိုယ်ကနဂိုကမှ သွေးနုနုသားနုနု ရှိရတဲ့အထဲ ကိုယ်ကလဲ ဘာမှအကူအညီ မပေးနိုင်တဲ့အပြင် သူ့မြင်ပြီး သွေးပျက်သွားမှာတောင် စိုးရိမ်လာတယ်။ ဒါကြောင့် သားအမိလေးယောက်ဟာ လာလမ်းအတိုင်း တရွေ့ရွေ့ ပြန်ခဲ့ကြပါတယ်။ ဂျပန်လဲညည်းညူပြီး ကျန်ရစ်ခဲ့ပါတယ်။

ပြေးတုန်းကတော့ အသက်ကိုလုပြီး ပြေးခဲ့ရတယ်။ "နောက်ကျတဲ့ဖနောင့် သစ္စာဖောက်"ဆိုတဲ့အနေနဲ့ သဘောထားပြီး ပြေးခဲ့ရလို့ မောမှန်း ညောင်းမှန်း ဆူးစူးမှန်း ဂရုမစိုက်နိုင်ခဲ့ဘူး။ အခုရန်သူကင်းလို့ အိမ်ပြန်တော့မှ စောစောကဆူးစူးခဲ့တဲ့ နေရာတွေကလဲ သွေးအေးလို့ထင်ပါရဲ့ နာလာတယ်။

ခြေဖဝါးတွေလဲ ကျိန်းလာတယ်။ ပြီး စောစောက ဖြတ်ကျော်ခဲ့ရတဲ့ ရေကျသွားလို့ နုံးပြင်ဖြစ်နေတဲ့ နေရာတွေပြန်ဖြတ်ရပြန်တော့လဲ နုံးတွေထဲ မနည်းရုန်းခဲ့ရတယ်။ ခြေထောက်တွေလဲ ခြေစွပ်အနက်အရှည်ကြီး စွပ်ထားသလို နုံးဗွက်တွေ ခြေထောက်မှာလူးပေပြီး ပါလာတယ်။

သမီးလေးနဲ့ သားလေးကတော့ ဒီနုံးတွေထဲမှာ လဲကျမသွားအောင် သူတို့ကိုယ်သူတို့ထိန်းပြီး အမေနဲ့ကပ်လိုက်လာကြရာတယ်။ အမေကတော့ သားငယ်နုနုကို နေပူမခံရလေအောင် အတတ်နိုင်ဆုံး ရင်ထဲထွေးပိုက် ခဲ့ပါတယ်။ သားနဲ့သမီးကိုလဲ အားပေးစကားပြောရင်း ရုန်းခဲ့ရပါတယ်။ အရွယ်နဲ့မမျှအောင် ဒုက္ခတွေ ပွေလိမ်ရှုပ်အောင် ခံစားရရှာတဲ့ လူမမည်ကလေး တွေအတွက် တွေးမိတိုင်း စိတ်မကောင်းရာက ကလေးအဖေ ဆရာကြီးဆီကို စိတ်ရောက် သွားပြန်တယ်။

"မောင်ရေ–မိခင်ခင်တော့ ဒီလိုသွေးနုနုသားနုနုနဲ့ ဒီကလေးတွေနဲ့ ခုလိုပဲ တစ်ကိုယ်တည်းရုန်းနေရပါပြီ။ မောင်သာရှိမယ်ဆိုရင် ဒီဒုက္ခတွေကို မျှပြီး ရုန်းကြရမှာပဲ၊ မောင့်အတွက်လဲတစ်နေ့မှ ရတက်မအေးရဘူး မောင်ရယ်။ မောင်ဘယ်ဘဝမှာ ဘယ်လိုရောက်နေပြီလဲ မောင်ရယ်" အဲဒီလိုတွေးမိ ပြန်တော့လဲ တစ်ပူပေါ်တစ်ပူထပ်ဆင့်လာပြီး မချိတင်ကဲ ဖြစ်မိပြန်တယ်။ "ခင်တော့ မချိလှတော့ပါဘူး မောင်ရယ်"လို့ ညည်းတွားမိပါတယ်။ မျက်ရည် တွေလဲ ကျလာပါတယ်။

ဒါပေမယ့် ဒီလိုညည်းတွားမှုတွေကို စိတ်ထဲမှာဘဲ မျိုသိပ်ထားလိုက် ပါတယ်။ အသံအဖြစ်နဲ့ ထွက်ပေါ်မလာခဲ့ဘူး။ ကလေးတွေကြားသွားရင် အားပျက်သွားမယ်။ ဝမ်းနည်းကြေကွဲရှာမယ်။ အခုလို ဒုက္ခရောက်နေချိန် သမီးလေးနုနု နယ်နယ်ကိုတောင် ပွေ့ပြီးမချီနိုင်အောင်ပဲ လက်ကတရွတ်တိုက် နီးပါး ဆွဲပြေးရခဲ့တယ်။

သူတို့ပါပါသာရှိမယ်ဆိုရင် ဒီလိုအခါမှာသူတို့ကို ပခုံးပေါ်တင်ချီချင်ချီ ပေလိမ့်မယ်။ ဒါမှမဟုတ် ကျောပိုးလို့ပဲဖြစ်ဖြစ် ပွေ့ချီလို့ပဲဖြစ်ဖြစ် သူတို့ခုလို ဒုက္ခမရောက်ရလေအောင် တစ်နည်းနည်းနှင့် သယ်ဆောင်ပြေးမှာပဲလို့ ထင်ကောင်းထင်ပေလိမ့်မယ်။ သူတို့ပါပါကို ဘာပဲဖြစ်ဖြစ် သတိရကြမှာကတော့ အမှန်ပါ။ အခု သူတို့ပါပါ ဘယ်ရောက်နေတယ်ဆိုတာ သူတို့သိကြဟန်မတူဘူး။

ပင်ပန်းနွမ်းနယ်စိတ်တွေနဲ့ပဲ ဒီကလေးတွေကိုဖေးမပြီး အိမ်အရောက် ကြိုးစားပြီး သယ်ခဲ့ပါတယ်။ ကိုယ်တိုင်လဲ သွေးနုနုသားနုနုရယ်လို့ ထည့်မစဉ်းစားနိုင်ဘူး။ အခြေအနေကို ကျော်လွှားဖို့ပဲ ကြိုးစားနေရပါတယ်။

ကိုယ်ကအားပျက်ရင် ကလေးတွေအဖို့ ဆိုဖွယ်မရှိတော့ဘူး။ အလ္လာရှင်မြတ်(ဘုရားသခင်) ကြည့်ရှုစောင်မတဲ့အတွက် ဒီလောက်ဒုက္ခတွေကြားရန်းကန်ပြေးလွှားခဲ့ရပေမယ့် နို့စို့ကလေးကအစ ဘယ်ကလေးတစ်ယောက်မှ မငိုရှာဘူး။ ကလေးတွေ တငိုငိုတအီအီနဲ့သာဆိုရင် ကလေးတွေကိုချော့မယ်၊ ချော့မရရင် ငေါက်မိမယ်၊ ငေါက်မရရင် ရိုက်မိမယ်။ "ကမ္ဘာမီးလောင် သားကောင်ချနင်း"ဆိုတဲ့ စကားကလဲရှိတယ်။ "ကိုယ်မချိသော် အမိတော်ခဲ" ဆိုတဲ့စကားတွေလဲ ရှိတယ်ဆိုတာ သွားသတိရမိတယ်။ အခုလိုကလေးတွေခမျာ ကြိုးစားလိုက်ရှာပြန်တော့လဲ အမေလုပ်သူဟာ ရင်ထုမနာ ဖြစ်ရပြန်တယ်။

အိမ်ရောက်လို့ ကြည့်လိုက်တော့ အိမ်ပတ်ပတ်လည် ဗုံးတွေကျထားတာ တွေ့ရတယ်။ အိမ်နားမှာကျတဲ့ ဗုံးတွေကြောင့်လေဟပ်ပြီး နွားနို့အိုးတွေလဲ မှောက်လိုမှောက်၊ ချက်ထားတဲ့ထမင်းအိုး ဟင်းအိုးတွေလဲ မရှိတော့ဘူး။ တချို့နေရာတွေမှာလဲ ဗုံးဆန်တွေ မှန်ထားတာတွေ့ရတယ်။ တစ်ခါဆရာဝန် ဦးမောင်မောင်အိမ်လဲ ဗုံးမှန်တယ်။ ဂျပန်တွေလဲဗုံးထဲ တော်တော်ပါသွားတယ်။ "လူတွေလဲတော်တော် အဖိတ်အစင်များတယ်"ဆိုတဲ့ သတင်းတွေ နားမဆံ့အောင် ကြားရပါတယ်။ နှလုံးသွေး ပျက်မတတ်ပါပဲတဲ့။

အမရပူရမှာ အဲဒီလိုမိသားစုဖြစ်သလို အောင့်အည်းပြီး နေလာတဲ့တစ်နေ့မှာ ဆရာကြီးတို့ မန္တလေးထောင်ကို ရောက်လာပြီဆိုတဲ့ သတင်းရတယ်။ ဆရာကြီး တို့ မန္တလေးထောင်ရောက်ပြီး နှစ်ရက်လောက်မှာ ဒေါ်ခင်ခင်ဆီကို သတင်း ရောက်လာခြင်း ဖြစ်တယ်။ ချက်ချင်းပဲ ဆရာကြီးအတွက် ပူမိပြန်တယ်။ "တကယ်လို့များ မန္တလေးထောင်ပေါ် ဗုံးတွေများချလိုက်ရင်တော့လား"ဆိုပြီး ဒေါ်ခင်ခင်က ရှေ့ဆက်မတွေးဝံ့အောင် ဖြစ်သွားရှာပါတယ်။ နောက်ဆုံး ဆယ်ဖြာသောလက်များကို မြှောက်ပြီး"မန္တလေးထောင်ပေါ် ဗုံးမကျပါစေနဲ့၊ စက်သေနတ်မကြဲပါစေနဲ့"လို့သာ အလ္လာအရှင်မြတ်(ဘုရားသခင်)ထံ အကြိမ်ကြိမ်ဆုတောင်း ရပါတော့တယ်။

## ဖုံးအိုးမှာ တစ်ထောက်နား

ဟာဂျီ အီစမ်အင်ဘရားသားရဲ့သား မောင်စလေမံက ဆရာကတော် ဒေါ်ခင်ခင်ကို သူတို့နေတဲ့ ဖုံးအိုးကိုလိုက်ခဲ့ဖို့ ဖွတ်အတင်းလာခေါ်တယ်။ အဲဒါကြောင့် သူ့ကားနဲ့ပဲ ဒေါ်ခင်ခင်တို့မိသားစု လိုက်သွားတယ်။ ကားကဖုံးကျ ထားတဲ့နေရာတွေကို ဖြတ်ကျော်မောင်းနှင် သွားရတယ်။ မြေစိုင်မြေခဲတွေပေါ် ဖြတ်ကျော် မောင်းသွားရလေတော့ ကားကလေးဟာ ဘယ်စောင်းလိုက်၊ ညာယိမ်းလိုက်နဲ့ တလူးလူးတလိမ့်လိမ့် မောင်းလာရင်း ဖုံးအိုးချောင်ဆီ ရောက်လာပါတယ်။ ဖုံးအိုးချောင်းရောက်တော့ ကားလမ်းမပေါက်ဘူး။ ဒါကြောင့် ဒီဘက်ကမ်းမှာပဲ ချထားပေးခဲ့တယ်။

ဒီသားအမိလေးယောက်ဟာ ဒီချောင်းကို ဘယ်လိုလုပ် ကျော်ရမလဲဆိုတာ စဉ်းစားနေတယ်။ မြင့်မြင့်၊ သမီးခင်ခင်စိန်တို့က မိခင်နဲ့အတူ မတ်တတ်ရပ်ပြီး ကမ်းတစ်ဘက်ဆီကို မျှော်ကြည့်နေတယ်။ မြင့်မြင့်ကတော့ တစ်ဖက်ကမ်းကို ကူးမယ်ဆိုကူးနိုင်တယ်။ ဒါပေမယ့် သမီးကတော့မကူးနိုင်ဘူး။ အဲဒီလို ချီတုံ ချတုံဖြစ်ပြီး စိတ်အိုက်နေတုန်း အမှတ်မထင်

"ဆရာကြီးကတော် နေကောင်းပါလားခင်ဗျာ။ ဆရာကြီးကော လွတ်လာပြီလား"

လို့ လူတစ်ယောက်ရဲ့ မေးသံကြားလိုက်တော့ အသံလာရာဘက် လှည့်ကြည့်မိလိုက်တယ်။ အဲဒီမယ် ဆရာကြီးကတော်က

"ဆရာကြီး မလွတ်သေးပါဘူးကွယ်"

လို့အသံ တုန်တုန်ယင်ယင်နဲ့ အဖြေပေးလိုက်တယ်။

အဲဒီမယ် လူငယ်ကပြောပြောဆိုဆိုပဲ မြင့်မြင့်ကိုပွေ့ပြီး တစ်ဘက်ကမ်းကို ပို့ပေးလိုက်တယ်။ (အဲ့ဒီလူငယ်ဟာ ဘယ်သူဆိုတာကိုတော့ ဒီနေ့ထိမသိ လိုက်ဘူး)။ မြင့်မြင့်က ဟိုဘက်ကမ်းရောက်တော့ ငုံ့ထိုင်နေပါတယ်။ ဒီဘက်ကမ်း ကနေ ဆရာကတော်က သမီးအလတ်နဲ့ သားနနကို ရင်ဝယ်ပိုက်ထွေးပြီး ချောင်းထဲဆင်းသွားတယ်။ ချောင်းထဲရောက်တော့ ချောင်းရေကတိမ်တယ်။ ဆင်းလို့ရတယ်ဆိုတာ တွေ့ရတယ်။

အဲ့ဒီအချိန်တုန်းက ဒေါ်ခင်ခင်က ဘာမဆိုင်ညာမဆိုင် မဟောသဓာ ဇာတ်တော်ထဲက ဘိလူးမနဲ့ သားလုပွဲအကြောင်း သတိရလိုက်ပြီး အလိုလို ဝမ်းနည်းလာတယ်။ သမီးလေးကို ညာဘက်နဲ့ သူ့လက်မောင်းရင်းကို နာနာ

ဆုပ်ကိုင်ရင်း၊ နို့စို့ကလေးကို ရင်ခွင်ထဲနာနာဖိပိုက်ပြီး ကူးသွားပါတယ်။ ချောချောမောမော ဟိုဘက်ကမ်းကိုရောက်သွားတော့ ငုံ့လို့ထိုင်နေတဲ့ သားကြီး မြင့်မြင့်နဲ့ ပြန်ဆုံမိတယ်။

"ဖိနပ်ဆိုတာဘာလဲ"လို့ မေးယူရမတတ်ပါပဲ။ ထီးလဲမပါ ဖိနပ်လဲဗလာနဲ့ နေပူမှာလျှောက်ရတယ်။ ဒီအထဲ ထမင်းကလဲဆာသေးတယ်။ ဖုံးအိုးရောက်ရင် တော့နားရတော့မယ်။ ထမင်းကျန်ကလေးတွေလဲ တောင်းပြုစားနိုင်ကောင်းရဲ့ ဆိုပြီး 'ရွာရောက်အောင်အားခဲပြီး ဖွဲနဲ့သုတ်ချေတင် ကြရပါတယ်။

ဟိုရောက်တော့ ဒေါ်ခင်ခင်အစ်မ တစ်ဝမ်းကွဲတော်တဲ့ဒေါ်ရင်၊ ဦးရာကွပ် ဇနီးဒေါ်ရန်တို့အိမ် ခဏဝင်တယ်။ အဲ့ဒီလိုဝင်တယ်ဆိုရင်ပဲ"ညည်းတို့ ငါ့အိမ် မနေကြနဲ့ အိမ်သာငှားနေကြ။ ညည်းတို့ယောက်ျားကို ဂျပန်ကဖမ်းပြီး ထောင်ထဲ ထည့်ထားတယ်။ တို့ဂျပန်ကိုကြောက်တယ် ခပ်ရှင်းရှင်းပဲ တို့ကလက်သင့် မခံရဲဘူး။ အိမ်သာငှားနေကြ" အဲ့ဒီလို တွင်တွင်ကြီးတဲ့တိုးကြီး ပြောတော့တာပါပဲ။

မျှော်လင့်ကြီးစွာနဲ့ အားခဲလာခဲ့ပေမယ့် အစ်မဝမ်းကွဲတော်သူက ဆီးပြီး အဲဒီလိုခြေထောက်နဲ့ ရင်ဝကန်တော့တာပါပဲ။ မှန်းချက်နဲ့ နှမ်းထွက်မကိုက် ဖြစ်ခဲ့ရတယ်။ အဲဒါကြောင့် ပြန်ထွက်လာခဲ့တယ်။

ပင်ပန်းနွမ်းနယ်လှတဲ့အတွက် အဝတ်ထုပ်ကြီးကို တစ်နေရာမှာ ပစ်ချ လိုက်ပြီး သားအမိတစ်စု ထိုင်ငိုပွဲဆင်ကြတယ်။ ဂျပန်လက်ထဲရောက်နေတဲ့ သူတစ်ယောက်ရဲ့ဇနီးနဲ့ သားသမီးတွေကို ဘယ်သူကမှ လက်မခံရဲကြဘူး။

အဲ့ဒီတော့ အစ်မအိမ်ကနေ ဟာဂျီအိစမ်အင်ဘရားသားအိမ်ကို သွားတယ်။ အိမ်ငှားပေးဖို့ ပြောတယ်။ ကြက်တွေမရှိတော့တဲ့ ကြက်ခြံတစ်ခုမှာ နေရာချ ပေးတယ်။ နေရာရပြန်တော့လဲ ကြက်လှေးတွေကိုက်လို့ တစ်ညလုံးမအိပ်နိုင်ကြ ရှာဘူး။ တစ်ညလုံးလိုလို ငုတ်တုတ်ထိုင်ရင်း မိုးလင်းခဲ့ပါတယ်။ အဲဒီကြက်ခြံမှာပဲ ဆရာကြီးတို့နဲ့အတူ အဖမ်းခံထားရတဲ့ အစ်ကိုအိစမ်အင်ရဲ့ဇနီး ဒေါ်ညွှန့်သမီး မြမြတို့နဲ့အတူ နေရပါတယ်။

အိမ်နီးနားချင်းဖြစ်တဲ့ မောင်မောင်ဝပ်ရှော့ကမောင်လေးရဲ့ အစ်မ မကြည်တို့က မြင့်မြင့်နဲ့ခင်ခင်စိန်တို့ကို သူတို့ရေချိုးသွားတဲ့အခါ ခေါ်သွားပြီး ရေချိုးပေးလေ့ရှိတယ်။ ဖုံးအိုးမှာနေတုန်း မောင်ချိုတားနဲ့ဇနီးမကြည်မ (ယခုပြင်ဦး ဂေါ်ပြားတိုက်)၊ မောင်ဟိုစိန်နဲ့ဇနီးမဖိုင်(ယခုကွယ်လွန်)၊ မောင်ဘထူး(ယခု

ရုံးဝန်ထောက်ရန်ကုန် ကွယ်လွန်)၊ မောင်တင်မောင်(ယခု လုပ်သားစက်မှုလက်မှု ၃၁လမ်းရန်ကုန် ကွယ်လွန်)တို့က အမြဲတမ်း ကူညီပေးကြပါတယ်။

မောင်တင်မောင်တို့ မောင်ဘထူးတို့ ညီအစ်ကိုကဆိုရင် ကလေးတွေကို ရေချိုးပေးတယ်၊ မောင်ဘထူးဆိုရင် ညညဆရာကတော် အဖော်ရအောင် သွားအိပ်စောင့်ပေးတယ်။ သူတို့ပဲ ဆရာကြီးမန္တလေးထောင် ရောက်ကတည်းက အမြဲတမ်း ဒေါ်ခင်ခင်နဲ့ ဆရာကြီးတို့ကြားမှာ ဆက်သွယ်ပေးနေသူတွေ ဖြစ်တယ်။

(ဦးတင်မောင်တို့နဲ့ ဒေါ်ခင်ခင်တို့ဟာ ရွှေဘိုမှာအရင်က ရပ်ဆွေရပ်မျိုးလို နေခဲ့သူတွေ ဖြစ်ပါတယ်။ ဦးတင်မောင်ကိုယ်တိုင် ဒေါ်ခင်ခင်လက်ပေါ် ကြီးခဲ့ရပါသတဲ့။ အခုထိ ဦးတင်မောင်က ဒေါ်ခင်ခင်ကို ဆရာကြီးကတော်လို့ မခေါ်ဘဲ ရွှေဘိုမှာနေစဉ်က ခေါ်ခဲ့တဲ့အတိုင်း “မမ”လို့ပဲခေါ်ပြီး ဒေါ်ခင်ခင်အိမ် ဝင်ထွက်နေသူ ဖြစ်ပါတယ်)။

ထမင်းကျွေးတဲ့အခါ မန္တလေး ကိုစလေမ်ကြီးဆိုသူက မြင့်မြင့်နဲ့ခင်ခင်စိန် ကိုခေါ်ပြီး ထမင်းကျွေးလေ့ရှိတယ်။

ကြက်လေးကိုက်လွန်းလို့ ကြက်ခြံထဲ မနေနိုင်တော့ဘူး။ အဲဒီတော့ ဗုံးအိုးအလယ်ရွာထဲကို ပြောင်းရွှေ့သွားရတယ်။ တစ်ညမှာအချိန်ကတော့ ခုနစ်နာရီလောက်ပဲ ရှိဦးမယ်။ မြင့်မြင့်နဲ့သမီးခင်ခင်စိန်တို့နှစ်ယောက် ဘာစိတ် ကူးပေါက်ကြသလဲမသိဘူး၊ လက်ဆယ်ဖြာဖြန့်ပြီး ဆုတောင်း(ဒိုအာ)ပြုနေ ပါတယ်။ မြင့်မြင့်က“ကျွန်တော်မျိုးကြီးရဲ့ပါပါကို လွှတ်ပေးတော်မူပါ။ သမီး ခင်ခင်စိန်ကလဲ ကျွန်မအဖေကို လွှတ်ပေးပါ။ ကျွန်တော်အဖေလာရင် ဒီပန်း ကလေးတွေ ကြဲထားပါမယ်၊ ဒီပန်းကလေးတွေတွေ့ရင် ကျွန်တော်ပါပါကို ဆီးကြိုပါတယ်”လို့ပြောရင်း ဆုတောင်း နေပါတယ်။

ပန်းတွေပန်းပွင့်ကလေးတွေနဲ့ ကစားနေရာကနေ သူတို့ပါပါကိုသွား သတိရတယ်ထင်ပါတယ်။ ဘာအဓိပ္ပာယ်နဲ့ဘာတွေ လျှောက်ပြောနေလဲမသိဘူး။ စကားတွေကလဲ အဆီအငေါ်မတည့်ဘူး။ နောက်ဆုတောင်းရာကနေ ရှိုက်ကြီး တငင်ငိုကြပြန်တယ်။ ဒီအဖြစ်ကို လူကြီးတွေမြင်တော့ စိတ်ထဲမချိတင်ကဲ ဖြစ်ကြရပြန်တယ်။ နှစ်ယောက်စလုံးကို လူကြီးတွေက ပွေ့ချီနှစ်သိမ့် ပေးလိုက် ကြရတယ်။

**မန္တလေးထောင်တွင်းမီး**

ဆရာကြီးတို့ မန္တလေးထောင်ထဲ ရောက်တဲ့အခါမှာ၊ ရွှေဘိုထောင်ထဲမှာ နေရသလိုပဲ ကောင်းကောင်းမွန်မွန် စားသောက်နေရပါတယ်။ အိမ်နဲ့လဲအဆက် အသွယ်ရနေကြတော့ အတော်လေးအဆင်ပြေနေကြပါပြီ။ ဒါပေမယ့် လေယာဉ် ပျံတွေက မကြာခဏဆိုသလို မန္တလေးမြို့ပေါ်ဝဲပြီး ဗုံးကြဲလေ့ရှိတော့ မန္တလေး နန်းတွင်းနဲ့ထောင်ပေါ်လဲ ဗုံးချမှာစိုးရိမ်နေရပါတယ်။

ဆရာကြီးညီ ဗဟိုအမျိုးသား အထက်တန်းကျောင်းဆရာ ဦးဘကြူ ဇနီးဒေါ်ကြည်တို့လဲ၊ ဆရာကြီးတို့ မန္တလေးရောက်ပြီဆိုတဲ့ သတင်းကြား ကတည်းက မန္တလေးနန်းတွင်းထောင်ကို ကင်းစောင့်ဂျပန်အား ခေါင်းငုံ့အလေးပြု ဝင်ပြီးဆရာကြီးနဲ့ တွေ့ခဲ့ကြပါတယ်။ ဒေါ်ခင်ခင်ကလဲ ကိုတင်မောင်(ယခု လုပ်သားစက်မှုလက်မှု ၃၁လမ်း)တို့ ညီအစ်ကိုကိုလွှတ်ပြီး ဆက်သွယ်ခဲ့ပါတယ်။

အဲဒီလိုနေရင်းတစ်နေ့ ဦးလှဘော်ဟာ ထောင်ထဲကအဆောင်တွေဆီက အသိမိတ်ဆွေတွေဆီ သွားလည်တယ်။ အဆောင်တစ်ခုမှာ မစ္စတာဖော်စတာနဲ့ တွေ့တယ်။ **အဲဒီမစ္စတာဖော်စတာဟာ ပြင်ဦးလွင်က ကပြားတစ်ယောက်ပဲ။** ဂျပန်ကစပိုင်မှုနဲ့ဖမ်းပြီး ထောင်ချထားတာဖြစ်တယ်။ သူ့ဆီမှာ ပုဆိန်ရိုးတစ်ရိုးကို ဦးလှဘော်တွေ့လိုက်တယ်။ နောက်ပုဆိန်ကို တွေ့တယ်။ ပုဆိန်ရိုးနဲ့ပုဆိန်ကို တစ်နေရာစီထားပြီး ဝှက်ထားတယ်။ ဒီပုဆိန်ရိုး ဘာလုပ်ဖို့လဲလို့ မေးကြည့်တယ်။ အဲ့ဒီမယ် ဖော်စတာက

"ထောင်ဆိုတာ မီးလောင်တတ်တယ်ကွ။ အဲဒီတော့ အဆောင်ပျဉ်ချောင်း တွေကို ခုတ်ဖြတ်ထွက်ရတယ်။ အဲ့ဒီလို အမြော်အမြင်နဲ့ ပုဆိန်ကို ထောင်အာဏာ ပိုင်တွေမသိအောင် တိတ်တဆိတ်ဝှက်ပြီး သိမ်းထားတာဖြစ်တယ်"

လို့ပြောပြပါတယ်။ အဲ့ဒီလို သူပြောပြတာကို တယ်လဲစိတ်ဝင်စားမှု မရှိလှပါဘူး။ နားရှိလို့သာ နားထောင်ခဲ့ရတယ်ဆိုတဲ့ သဘောပဲ။ အဲဒီလိုနဲ့ ဦးလှဘော်လဲ ကိုယ့်အဆောင်ကို ပြန်ခဲ့ပါတယ်။

ဖော်စတာက မီးအကြောင်းပြောလို့မှ မကြာသေးဘူး ၂၂-၂-၄၅နေ့ည (၇နာရီ ၁၅မိနစ်)အချိန်မှာ ဖော်စတာတို့အောက်ထပ် အဆောင်မှာမီးထလောင် ပါတော့တယ်။ ဖဲကစားရင်း မီးထလောင်တာဖြစ်ပါတယ်။ လူတွေလဲ ထိတ်လန့် တုန်လှုပ် ခြေဦးတည့်ရာပြေးလွှားရင်း ထွက်ပေါက်ရှာကြတော့တယ်။ ထောင် တစ်ခုလုံး ပွက်လောရိုက်ကုန်တယ်။ အုတ်အုတ်ကျက်ကျက် အော်ဟစ်ဆူညံတဲ့

အသံတွေကြောင့် ထောင်ကြီးတစ်ခုလုံး တော်လဲသကဲ့သို့ မြည်ဟည်းသွားပါတယ်။

အဲဒီမယ် ဖော်စတာက ပုဆိန်နဲ့ပျဉ်ချောင်းတွေကို အစွမ်းကုန်ခုတ်ဖြတ်နေပါတယ်။ အဲဒီလိုနေရင်း လူတစ်ယောက်စာ ထွက်ပေါက်ရသွားပါတယ်။ အပေါက်ဖောက်တဲ့လူက မထွက်ရသေးဘူး တစ်ခြားလူတွေက အဲဒီအပေါက်ကနေ အသက်ဘေးက လွတ်ရာလွတ်ကြောင်း အတင်းအဓမ္မ သူ့ထက်ငါလုယက်တိုးဝှေ့ထွက်ကြပါတော့တယ်။ အဲဒီနောက် ဒဲလ်ဘီဆိုတဲ့ ဂေါ်ရခါးကုန်သည်တစ်ယောက်လဲထွက်ဖို့ ဝင်းတိုးပြန်တယ်။ သူဝင်တိုးလိုက်မှ အားလုံးဒုက္ခရောက်ကုန်တော့တာပဲ။

ဘာကြောင့်လဲဆို သူကအလွန်ဝတဲ့သူ ဖြစ်နေတဲ့အတွက် ထွက်ပေါက်မှာ တစ်နေပါတယ်။ အဲ့ဒီလူကို အပြင်ထွက်နိုင်အောင် ကယ်ဖို့လုပ်နေရင်းကနေ အောက်က တစ်ဟုန်ထိုး လိမ့်တက်လာတဲ့ မီးခိုးမှိုင်းတွေကြောင့် ဘာမှလဲမမြင်ရတော့ဘူး။ လူတွေလဲ မီးခိုးမွန်းပြီး မီးခိုးအဆိပ်သင့်လို့ အလွန်သတိကြီးလှတဲ့ မစ္စတာဖော်စတာခမျာ လွတ်မြောက်ရေးအတွက် လုံးပန်းရင်း အဲ့ဒီမီးထဲမှာပဲ မရှုမလှ မီးလောင်ကျွမ်းခံရရင်း ခန္ဓာကြွေခဲ့ရရှာတယ်။

အဲဒီနေ့က လူပေါင်း(၁၂၅)ယောက်လောက် မီးလောင်ခံရလို့ သေဆုံးပျက်ဆီးခဲ့ပါတယ်။ ဆရာကြီးနဲ့ဦးလှဘော်တို့က ဦးဥတ္တမဆောင်မှာမို့ လွတ်သွားပါတယ်။ မန္တလေး ထောင်သမိုင်းမှာတော့ ဒီနေ့ဒီရက်ကိုတော့ မေ့မရနိုင်တဲ့ ရက်တစ်ရက်အဖြစ် မှတ်တမ်းတင် ထားရပေလိမ့်မပေါ့။

ဒီသတင်းဟာ ညတွင်းချင်းမြို့ထဲကို ပျံ့နှံ့သွားပါတော့တယ်။ အပြင်က ဆွေမျိုးညာတိတွေက ထောင်ထဲမှာရှိတဲ့ သူတို့နဲ့ ပတ်သက်ရာတွေအတွက် စိုးရိမ်မကင်းဖြစ်ပြီး ပူပင်ကြောင့်ကြ ရှိနေပါတော့တယ်။ အဲ့ဒီမယ် ဒေါ်ခင်ခင်လဲ ငယ်ထိပ်မြွေကိုက်ခံရသလိုဖြစ်ပြီး မျက်လုံးပြာလာပါတယ်။ ဘာလုပ်ရမှန်းမသိဖြစ်ခဲ့တယ်။ ချက်ချင်း သတိပြန်လည်လာသလိုရှိမှ ထောင်ကိုလူလွှတ်ပြီး စုံစမ်းခိုင်းပါတော့တယ်။

မျောက်မီးခဲကိုင်မိသလို ဂနာမငြိမ်ဖြစ်နေပါတယ်။ "ဆရာကြီး မီးဘေးထဲမပါပါစေနဲ့လို့"လဲ လက်မြောက်ပြီး အလ္လာရှင်မြတ်(ဘုရားသခင်)ထံ ဆုတောင်းနေပါတယ်။ ဒေါ်ခင်ခင်ဟာ သားနဲ့သမီးကို ယုယပိုက်ထွေးရင်း နှလုံးတုန်

ရင်ခုန်လျက် ရှိနေပါတယ်။ တထိတ်ထိတ်နဲ့ လွတ်လိုက်တဲ့လူကိုသာ မျှော်လင့်စောင့်ဆိုင်းနေပါတယ်။

မကြာပါဘူး စုံစမ်းသွားတဲ့ ကိုတင်မောင်ဟာ မောကြီးပန်းကြီးနဲ့ ပြန်ရောက်လာပါတယ်။ သူ့မှာတော့ ခရီးပန်းလာလို့ ပင်းပန်းနွမ်းနယ်တာက လွဲရင် သူ့မျက်နှာမှာ အေးဆေးတဲ့အမူအရာကိုသာ တွေ့ရပါတယ်။ ဒေါ်ခင်ခင်ဟာသူ့အပြောကို စောင့်မနေဘဲ–

"ဘယ့်နှယ်လဲဟေ့ မောင်တင်မောင် မင်းဆရာကြီးကို တွေ့ခဲ့ရရဲ့မဟုတ်လား ဘာမှမဖြစ်ဘူး မဟုတ်လား။ ပြောစမ်းပါ မမသိချင်လှပါပြီ"

လို့ ဣန္ဒြေမဆည်နိုင်ရှာအားဘဲ တတွတ်တွတ်အဆက်မပြတ် မေးလိုက်ပါတော့တယ်။ သူဖြစ်စေချင်တဲ့ ဆန္ဒအတိုင်းသာ "တွေ့ခဲ့တယ်မဟုတ်လား၊ ဘာမှမဖြစ်ဘူးလား"ဆိုတဲ့ ရေလာမြောင်းပေး စကားတွေကိုသာ မေးခဲ့တယ်။ ကိုတင်မောင်က

"ဘာမှမဖြစ်ပါဘူးခင်ဗျာ ဆရာကြီးနဲ့ တွေ့ခဲ့ပါတယ်"လို့ ပြောပြလိုက်တော့မှ စိတ်ထဲကအလုံးကြီး ကျသွားပြီး၊ ဟင်းခနဲပင့်သက်ကို ချလိုက်ပါတော့တယ်။

## ရာဇဝင်ကု–ရာဇဝင်ကု

ဂျပန်ဖက်ဆစ်တွေ မြန်မာပြည်ထဲဝင်ရောက်ပြီး မကြာခင်ဆိုသလိုပဲ သူတို့ဟာ သူတို့ရှိရင်းစွဲဖက်ဆစ်ဘီလူးအစွယ်ကို ပြခဲ့တယ်။ တစ်မျိုးသားလုံးကို ဖိနှိပ်သတ်ဖြတ် လာခဲ့တယ်။ မြန်မာ့စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ ပညာရေး၊ လူမှုရေးတွေ အားလုံးကို နာလန်မထူနိုင်အောင် ချုပ်ချယ် ဝါးမျိုခဲ့တယ်။ လွတ်လပ်ရေးအတုကို ပေးခဲ့တယ်။ အဲဒါကြောင့် ဖက်ဆစ်ဂျပန်တွေကို တော်လှန်ပစ်ဖို့ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ မြန်မာ့ကာကွယ်ရေးတပ်မတော်နဲ့ လူမျိုးစုတွေ ပါတီအဖွဲ့အစည်းတွေပူးပေါင်းပြီး ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့တယ်။

ဒီအဖွဲ့ချုပ်ကြီးက ဂျပန်တော်လှန်ရေးအတွက် ဖက်ဆစ်ဂျပန်စားသွားအောက်မှာ သက်စွန့်ဆံဖျား စည်းရုံးခဲ့ပါတယ်။ ဂျပန်ဖက်ဆစ်မျက်ခုံးမွေးပေါ်စကြီလျှောက်ခဲ့ကြပါတယ်။ တစ်နေ့တခြား ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုကြီးဟာ လှိုင်းလုံးကြီးတွေလို တလိမ့်လိမ့်တက်ခဲ့ပါတယ်။ တစ်ဖက်မှာလဲ အင်္ဂလိပ်အမေရိကန် မဟာမိတ်တပ်တွေနဲ့လဲ ဆက်သွယ်ခဲ့ပါတယ်၊

၁၉၄၅–ခု မတ်လ(၂၇)ရက်နေ့မှာ ဖက်ဆစ်ဂျပန်တွေကို စတင်တော်လှန်ဖို့ဆုံးဖြတ်ပြီး တစ်ပြည်လုံးကို ဗိုလ်ချုပ်အောင်ဆန်းက လျှို့ဝှက်ညွှန်ကြားခဲ့ပါတယ်။ မဟာမိတ်တပ်ဟာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ရဲ့ အကူအညီနဲ့ မြန်မာပြည်မထဲကို လွယ်လွယ်ဝင်ရောက် နိုင်ခဲ့ကြတယ်။ နောက်ဆုံး ရွှေဘိုလွင်ပြင်ကိုပါ သိမ်းလိုက်နိုင်ခဲ့ပြီး မန္တလေးမြို့ကိုသိမ်းယူဖို့ ဦးတည်ချီတက်နေကြပြီ။

အဲဒါကြောင့် ၁၉၄၅–ခု၊ မတ်လ(၂၇)ရက်နေ့မှာ ဖက်ဆစ်ဂျပန်တွေကိုတော်လှန်ဖို့ ညွှန်ကြားချက်ရှိခဲ့ပေမယ့် မတ်လ(၂၇)ရက်နေ့အထိ စောင့်ဆိုင်းမနေတော့ဘဲ မန္တလေးကို မဟာမိတ်တွေ မသိမ်းပိုက်ခင် ဂျပန်ကိုတော်လှန်ဖို့ မြန်မာ့ကာကွယ်ရေးတပ်မတော် အနောက်မြောက်ပိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးဗထူးက သူ့လက်အောက်မှာရှိတဲ့ မန္တလေးစစ်ကိုင်းနဲ့ နယ်အသီးသီးက တပ်အားလုံးကို ညွှန်ကြားလိုက်တယ်။ အဲဒီနေ့ဟာ ၁၉၄၅ခု၊ မတ်လ(၈)ရက်နေ့ ညပေါ့။

အဲ့ဒီနေ့ညက အချိန်းအဆက်လုပ်ထားတဲ့အတိုင်း စတင်တော်လှန်ဖို့ မန္တလေးမျက်ပါးရပ်မှာရှိတဲ့ လေယာဉ်ပစ် အမြောက်ကြီးတပ်ကနေပြီး အမြောက်ပစ်ဖောက် အမိန့်ပေးညွှန်ကြားခဲ့ပါတယ်။

မဟာမိတ်တပ်တွေကလဲ ချီတက်နေချိန် ဗိုလ်မှူးဗထူးခေါင်းဆောင်တဲ့ ဖက်ဆစ်ဆန့်ကျင် အင်အားစုတွေကပါ တော်လှန်လိုက်တယ်ဆိုတော့ ဂျပန်ဖက်ဆစ်တွေဟာ ရပ်တည်ရာမရ ဖြစ်သွားတယ်။ သူတို့အင်မတန် အားထားရတဲ့ မြန်မာ့ကာကွယ်ရေးတပ်မတော်နဲ့ မြန်မာပြည်သားတွေကပါ သူတို့ကို ပြန်တော်လှန် နေပါပကောဆိုတာ သိလာတော့ ထိတ်လန့်တကြားဖြစ်ပြီး အားထားစရာ ရပ်တည်စရာမရှိ ဖြစ်လာတယ်၊ သွေးပျက်လာခဲ့တယ်။

ဗိုလ်မှူးဗထူးက အထက်မြန်မာပြည်က မတ်လ(၈)ရက်နေ့မှာ ထိးတည်ကြီး စတင်တော်လှန်လိုက်တော့၊ **အောက်မြန်မာပြည်မှာ** ဂျပန်နဲ့အတူရှိနေတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ မြန်မာ့ကာကွယ်ရေး တပ်မတော်တစ်ခုလုံးအပေါ် ဂျပန်က လက်နက်ဖြုတ်ဖမ်းဆီး သတ်ဖြတ်နိုင်တယ်ဆိုတာကို ကြိုပြီးထွက်မိတဲ့ ဗိုလ်မှူး ဗထူးဟာ ဂျပန်တွေ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သူ့တပ်တွေအပေါ် သံသယမရှိရလေအောင် "ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဂျပန်ဖက်ဆစ်တွေကိုပါ

တော်လှန်တယ်”ဆိုပြီး ကြေညာချက်ကို ထုတ်ပြန်လိုက်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗိုလ်မှူးဗထူးကြားမှာတော့ နားလည်မှုရှိပြီးသားပါပဲ။

ဒီကြေညာချက်ကြောင့် ဂျပန်တွေက ဗိုလ်ချုပ်အောင်ဆန်းကို ဗိုလ်မှူးဗထူးနဲ့ခွဲပြီး မြင်ခဲ့တယ်။ ဒါကြောင့်ဘယ်လိုမှ အရေးမယူခဲ့တဲ့အပြင် ယုံကြည်မြဲယုံကြည်ခဲ့တယ်။

မြန်မာတွေကဂျပန်တွေကို တော်လှန်ကြပြီဆိုတော့ ချုံဖုတ်တိုင်း၊ ကမူတိုင်းဟာ ဂျပန်အတွက် ထိတ်လန့်စရာ ချောက်ချားစရာတွေ ဖြစ်နေတော့တာပါပဲ။

ဗိုလ်မှူးဗထူးနဲ့သူ့တပ်တွေက ဂျပန်ဖက်ဆစ်ကို တော်လှန်နေချိန် မဟာမိတ်တပ်တွေရဲ့ ဟောဒီလိုစစ်ပရိယာယ်ကို ဂျပန်ဖက်ဆစ်တွေ ရင်ဆိုင်နေကြတယ်။

ဂျပန်စစ်သူကြီး “ကီမူရာ”ဟာ အင်ဖာစစ်မျက်နှာမှာ မရှုမလှရှုံးလာခဲ့တဲ့ ဂျပန်တပ်မတော်သုံးခုကို ရွှေဘိုလွင်ပြင်မှာ မဟာမိတ်တပ်ပေါင်းစုနဲ့ တွေ့ပေးရင် ထပ်မံပြီး အထိနာမှာစိုးတဲ့အတွက် ရွှေဘိုလွင်ပြင်မှာ ရင်မဆိုင်စေတော့ဘဲ ဧရာဝတီအရှေ့ဖက်ကမ်းကို တဖြည်းဖြည်း ဖြတ်ကူးသွားစေပါတယ်။

ဂျပန်စစ်သူကြီးရဲ့ အစီအစဉ်ကို မဟာမိတ်စစ်သူကြီး ဝီလျံစလင်းက အကဲခတ်မိတော့ ရွှေဘိုလွင်ပြင်မှာ ဂျပန်နဲ့မတွေ့လိုက်ရရင် မန္တလေးလွင်ပြင်မှာ အမှန်တွေ့စေတော့မှာပဲဆိုတာ ရှင်းနေ ပါတယ်။

ဒါကိုအကွက်ကောင်းယူပြီး စစ်ပရိယာယ် ဆင်လိုက်ပါတယ်။ မဟာမိတ်တပ်တွေ မန္တလေးစစ်မျက်နှာဘက်သို့ ချီတက်ဟန်ပြုစေပြီး မိတ္ထီလာစစ်မျက်နှာကို အလစ်ဝင်တိုက်ဖို့ရန် စီစဉ်ခဲ့တယ်။

မိတ္ထီလာကို တိုက်ခိုက်အောင်မြင်ခဲ့ရင် အထက်ပိုင်းရဲ့စစ်သွေးကြောတွေကို ဖြတ်လိုက်တာနဲ့ အတူတူပဲ။

မိတ္ထီလာကို အလစ်ဝင် တိုက်ခိုက်သိမ်းပိုက်နိုင်ရန် မန္တလေးအစရှိတဲ့ အထက်ပိုင်း စစ်မျက်နှာအားလုံး သိမ်းပိုက်ပြီးဖြစ်မယ်လို့ စစ်သူကြီးစလင်းက တွက်ချက်လိုက်ပြီး ဒီနည်းပရိယာယ် အောင်နိုင်ဖို့အတွက် ပင်မတိုက်ခိုက်ရေးတပ်အဖြစ် အမှတ်၃၃ တပ်မကြီးကို မဏ္ဍိုင်ပြုပြီး အမှတ်၁၉ တပ်ကို အမှတ် ၃၃တပ်မကြီးနဲ့ တွဲဖက်စေတယ်။

ဒီနောက် ဧရာဝတီမြစ်ကြီးကို မန္တလေးရဲ့မြောက်ဘက်နဲ့ အနောက်ဘက်ကနေပြီး အတင်းဖြတ်ကူးဖို့အတွက် စစ်သူကြီးစလင်းက ညွှန်ကြားလိုက်ပါတယ်၊ ဒီလိုလုပ်လိုက်ခြင်းဟာ ဂျပန်စစ်သူကြီး "ကီမူရာ" ရဲ့တပ်တွေကို မန္တလေးဒေသတစ်ဝိုက်မှာ အများဆုံးစုလာအောင် စစ်မြူခေါ်လိုက်ခြင်း ဖြစ်တယ်။

အဲဒီလို စစ်မြူခေါ်လိုက်တဲ့အတိုင်းပဲ ဂျပန်စစ်သူကြီး "ကီမူရာ"ဟာ သူ့တပ်တွေကို မြန်မာပြည်အရပ်ရပ်ကစတင်ပြီး မန္တလေးစစ်မျက်နှာဆီကို အမြန်ဆုံး ချီတက်စေပါတယ်။

လီဒိုတရုတ်တပ်တွေကို ရင်ဆိုင်နေတဲ့ ဂျပန်အမှတ်၃၃ တပ်မတော်က အမှတ်၁၈ တပ်တစ်ခုလုံးရယ်၊ အမှတ် ၄၉ တပ်မက တပ်ဖွဲ့တစ်ခုလုံးရယ်၊ ရခိုင်စစ်မျက်နှာက အမှတ်၅၄တပ်မအချို့ချန်ပြီး အများစုရယ်၊ မြန်မာပြည်တောင်ပိုင်းက အမှတ်၄၉က ကျန်တပ်တွေရယ်၊ အမှတ်၅၅တပ်မက တပ်ဖွဲ့တစ်ခုလုံးရယ်၊ ထိုင်းနိုင်ငံဖက် လမ်းပြင်နေတဲ့အမှတ်၂တပ်မရယ်၊ အိန္ဒိယအမျိုးသား လွတ်မြောက်ရေးတပ်မတော် (အိုင်–အင်–အေ) တစ်ခုလုံးရယ် စုစေပြီး မန္တလေးစစ်မျက်နှာကို အပြင်းအထန် ချီတက်စေခဲ့တယ်။

ဒီလိုနဲ့ ဂျပန်စစ်သူကြီးကီမူရာက ဧရာဝတီမြစ်ရိုးတစ်လျှောက်နဲ့ မန္တလေးပတ်ဝန်းကျင်တစ်လျှောက်မှာ အာရုံစူးစိုက်ပြီး အင်္ဂလိပ်တပ်တွေကို လိုက်ရှာနေပါတယ်။

ရန်သူက တိုက်စေချင်တဲ့နေရာမှာ မတိုက်ဘဲ၊ ကိုယ်ကတိုက်ချင်တဲ့နေရာလဲဖြစ်ပြီး ရန်သူကမတိုက်စေချင်တဲ့ နေရာမျိုးမှာ ဝင်တိုက်ခြင်းဟာ စစ်ရေးအရ အောင်ပွဲအတွက် တစ်ဝက်သေချာနေပြီလို့ မှတ်ယူနိုင်ပါတယ်။

အဲဒီလိုစစ်သူကြီး "ကီမူရာ" ဟာ မန္တလေးစစ်မျက်နှာဘက်ကို သူ့တပ်တွေချီတက်ရောက်ရှိပြီး မဟာမိတ်တပ်တွေကို ရှာဖွေနေတုန်းမှာ အင်္ဂလိပ်စစ်သူကြီးဝီလျံစလင်းက ပခုက္ကူဘက်တစ်လျှောက်မှာ ဝှက်ထားတဲ့သူ့တပ်တွေကို မိတ္ထီလာဘက်ကို အလုံးအရင်းနဲ့ အပြင်းချီတက် တိုက်ခိုက်စေပါတယ်။ အဲ့ဒီမှာ "ကီမူရာ"ဟာ အငိုက်မိသွားပြီး မျက်လုံးပြူးကာ အထိတ်တလန့် ဖြစ်သွားပါတယ်။ ချက်ချင်း မန္တလေးစစ်မျက်နှာကို ရောက်နေတဲ့သူ့စစ်တပ်တွေကို အပြင်းချီတက်စေပြန်တယ်။ သူ့အစီအစဉ်က နောက်ကျခဲ့ပါပြီ။ မဟာမိတ်တပ်တွေက ရက်ပိုင်းအတွင်းမှာ မိတ္ထီလာကို သိမ်းပိုက်လိုက်ပါတယ်။

ဂျပန်တပ်တွေ မိတ္ထီလာစစ်မျက်နှာဘက်ကို အပြင်းချီတက်သွားကြတော့ မန္တလေးမှာ မြို့စောင့်လောက်ပဲ ချထားခဲ့ပါတယ်။ အဲ့ဒီဂျပန်တွေကို ၁၉အိန္ဒိယ တပ်က တပ်မဟာ တချို့က ဝင်ရောက်တိုက်ခိုက်လာပါတော့တယ်။

အဲဒီလိုအခြေအနေမှာ မန္တလေးမြောက်ဖက်က အဝေးပစ်အမြောက်သံတွေ ကြားနေရပါပြီ။ ဂျပန်ဟာမန္တလေးကို လက်လွှတ်ရတော့မယ်ဆိုတာ ကြိုတွက်မိလာပါတယ်။ ဒါကြောင့် မန္တလေးထောင်က အကျဉ်းသမားတွေကို လွှတ်ပစ်လိုက်ပါတော့တယ်။

အဲဒီနေ့ဟာ ၁၉၄၅ခု၊ မတ်လ၉ရက်နေ့ ဖြစ်ပါတယ်။ "ရှင်လူထွက်တဲ့ နေ့ရယ်၊ အိမ်ထောင်ကျတဲ့နေ့ရယ်၊ ပြီးတော့ ထောင်ကထွက်တဲ့နေ့ရယ်" အဲ့ဒီနေ့သုံးနေ့ဟာ လူ့ဘဝမှာ အပျော်ဆုံးနေ့များရယ်လို့ အသိအမှတ်ပြုထား ကြပါတယ်။

ထောင်ထဲမှာရှိတဲ့လူတွေဟာ အပျော်ကြီးပျော်ကြတော့တယ်။ ကတဲ့လူက က၊ အဝတ်တွေစောင်တွေအပေါ် မြှောက်ကစားလို့ကစား၊ အို---တစ်ယောက် တစ်ယောက်ဖက်လိုက်၊ ဆွဲယမ်းလိုက် နမ်းရှုတ်လိုက်၊ နှုတ်ဆက်လိုက် ရှုပ်ယှက်ခတ် ဖြစ်နေကြတယ်။ ဒါပေမယ့် ထောင်အိပ်ဆောင်တွေထဲမှာ ထောင်ဘူးထဲမှာ တာရှည် အချိန်ဖြုန်းမနေဝံ့ကြဘူး။

စစ်အတွင်းမှာ အပြောင်းအလဲတွေက အလွန်မြန်ဆန်လွန်းလို့ လိုက်မမီ အောင်ရှိနေတယ်။ အခုတစ်မျိုးဖြစ်ပေမယ့် ချက်ချင်းဆိုသလို နောက်ထပ်တစ်မျိုး ဖြစ်လာနိုင်တယ်။ ဒီဂျပန်အရာရှိက ထောင်ဖွင့်ပေးလိုက်ပေမယ့် အခြားဂျပန် အရာရှိတစ်ဦးဦးက "ဒါမဟုတ်ဘူး တစ်ယောက်မှမထွက်ရဘူး ပြန်ပိတ်လိုက်" လို့လဲ အမိန့်ပေးပြီး ပြန်ပိတ်လိုက်ချင် ပိတ်လိုက်နိုင်တယ်။

ဂျပန်ဆိုတဲ့ သတ္တဝါတွေက ယုံရတာမဟုတ်ဘူး။ တစ်ယောက်က လက်မှတ် ရေးပေးထားပေမယ့် နောက်တစ်ယောက်က အဲဒီလက်မှတ်ကို အသိအမှတ်မပြုဘဲ ဆုတ်ပစ်ချင်ပစ်တာ၊ စိတ်ချရတာမဟုတ်ဘူး။

အဲဒီလိုမှမဟုတ်လဲ အင်္ဂလိပ်အမေရိကန်တွေက ဂျပန်ဘယ်နေရာမှာ ရှိတယ်ဆိုတဲ့ပစ်မှတ်ကို သိချင်မှသိမယ်။ မန္တလေးထောင်ထဲမှာ ဂျပန်တွေရှိချင် ရှိနေမှာပဲဆိုပြီး သံသယနဲ့ ဗုံးကြဲစက်သေနတ်နဲ့ ပစ်ချင်လဲပစ်မယ်။ အဲဒီအန္တရာယ် ကလဲရှိသေးတယ်။ ပြီးတော့ဂျပန်က လွှတ်ပစ်လိုက်ပေမယ့် အင်္ဂလိပ်စစ်တပ်တွေ ဝင်ရောက်လာပြီး မြို့ရှာငြိမ်ဝပ်ပိပြားရေးအတွက် ဒီအကျဉ်းသားတွေကို

ခဏတော့ဖမ်းထားရဦးမယ်။ နောင်မှတဖြည်းဖြည်း အမှုတွဲကြည့်ပြီး လွှတ်တန် လွှတ်ရမယ်ဆိုပြီး ပြန်ဖမ်းချင် ဖမ်းထားမယ်။

အဲဒီလိုဘယ်ထောင်က ဘယ်လိုအခြေအနေမျိုး ဝင်လာမယ်မပြောနိုင်ဘူး ဆိုတ္တာ သဘောပေါက်ကြတယ်။ ဒါကြောင့် အကျဉ်းသမားတွေ သူ့ထက်ငါ "ထောင်ဘူး" အပြင်ရောက်ဖို့သာ တိုးဖော့ထွက်နေကြတယ်။ ဒီလိုလုယက် တိုးဖော့နေတာ ကြည့်မကောင်းရှုမကောင်း ဖြစ်ရုံတင်မက ထိခိုက်မိမှာလဲ စိုးရိမ်ရတယ်။ ဒါကြောင့် ထောင်ပိုင်ထောင်မှူးတွေက ပြန်ထိန်းပေးပြီး အသုတ်လိုက်အသုတ်လိုက် လွှတ်ပေးတဲ့အစီအစဉ် ပြုလုပ်ကြရပါတယ်။

ဆရာကြီးတို့အသုတ်က နောက်ဆုံးအသုတ်မှာ ဖြစ်တယ်။ ဆရာကြီးက ထောင်ထဲမှာ ဂျပန်နှာခေါ်တဲ့ ဝဲနာ–ယားနာတွေပေါက်ပြီး လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး။ ခြေထောက်ထော့နင်းထော့နင်းဖြစ်ပြီး တုတ်တစ်ချောင်းကို အဖော်ပြုလျှောက်နေရတယ်။

ထော့နင်းထော့နင်းလျှောက်လာတော့ ကင်းစောင့်တဲ့ဂျပန်က "ရာဇတ်ကု –ရာဇတ်ကု–စပိုင်စပိုင်ရှိတယ်ကား၊ မပါးရား–အီစမံအင်စပိုင်"

လို့အော်ဟစ်ရင်း ကင်းစောင့်ရာကနေ ပြေးဆင်းလာပြီးတားပါတော့ တယ်။ အဲဒီမယ် ကင်းမှူးက

"မင်းဘယ့်နှယ်သိသလဲလို့" ဂျပန်ကိုမေးတယ်။

"ရာဇတ်ကု–မပါးရား" တို့ဟာ စပိုင်ဖြစ်တယ်ဆိုပြီး ဇာတ်လမ်းစဉ်ကို ဂျပန်လိုပြန်ပြောပြတယ်။ အဲဒီ "ရာဇတ်ကု–ရာဇတ်ကု"ဆိုတဲ့ ဂျပန်အစောင့်ဟာ အရင်ဆရာကြီးတို့ကို မင်းကွန်းမှာဖမ်းပြီး စစ်ကိုင်းမြို့ပေါ် "တိုက်ဝါ"ငရဲခန်းထဲ ပို့ထားတုန်း အစောင့်အဖြစ်နေသွားဖူးတယ်။ သူကဆရာကြီးကို မှတ်မိနေတယ်။ အဲဒါကြောင့် ဆရာကြီးတို့အစုကို တားလိုက်တယ်။

အဲဒီမယ်ထောင်မှူး ဦးလှဘော်သူ(ရခိုင်အမျိုးသား ယခုထောင်ပိုင်၊ ရဲဘက်များကို အုပ်ချုပ်နေသူ)ကို ဂျပန်ကမေးတယ်။ အဲဒီမယ် ဦးလှဘော်သူက

"သူတို့စပိုင်မဟုတ်ဘူး၊ စပိုင်ဆိုရင် အရင်ကတည်းကသတ်ပြီးပြီ၊ သူတို့ စပိုင်ဆိုရင်လဲ ကျုပ်ကိုယ်တိုင် ဟောဒီခြောက်လုံးပြူးနဲ့ ပစ်သတ်မှာပဲ"

ဆိုပြီး ခြောက်လုံးပြူးထောင်ပြတယ်၊ ဦးလှဘော်သူက "သူထောင်မှူး ဖြစ်တယ်"ဆိုတဲ့ ဂျပန်အရာရှိပေးထားတဲ့ ထောင်မှူးခန့်စာကို ထုတ်ပြလိုက်တယ်။ အဲ့ဒီတော့ ဂျပန်ကင်းမှူးလဲ ပြေလည်သွားပါတယ်။ "ကဲ ဒါဖြင့်ခဏစောင့်ပါ"

ဆိုပြီး သူ့အထက်အရာရှိဂျပန်ဆီ စက်ဘီးစီးဆက်သား တစ်ယောက်ကို လွှတ်လိုက်ပါတယ်။

"ကဲ ခုမှတော့ ခက်ကြပြီ၊ လုလုကြီး ဒုက္ခရောက်ကြရတော့မှာပါပဲလား၊ ဂျပန်အရာရှိသာလာရင်တော့ ငါတို့ကိုဘယ်နည်းနဲ့မှ လွှတ်မှာမဟုတ်ဘူး။ သူတို့တပ်ဆုတ်သွားရာ ခေါ်ချင်ခေါ်သွားမယ်။ မခေါ်နိုင်ရင်တော့ ခေါင်းနဲ့ကိုယ် အိုးစားကွဲချင် ကွဲထားခဲ့မယ်"

ဆရာကြီးကြောင့် မပါးရား၊ ဦးလှဘော်တို့ လူတစ်သိုက်ဟာ ထောင်ထဲမှာ ရှိတဲ့လူထဲက ဆွဲနှုတ်ပယ်ထားခြင်း ခံလိုက်ရတယ်။ ဆရာကြီးကြောင့် ရွှေဘို မန္တလေးထောင်တွေမှာ အေးအေးလူလူ နေခဲ့ကြရတယ်။ ထောင်ကလွှတ်လိုက်ပြီ ဆိုတော့မှ ဆရာကြီးကြောင့် အခုအဖမ်းခံရပြီ နောက်ဘယ်လိုဖြစ်ဦးမလဲလို့ မတွေးဝံ့အောင် ဖြစ်နေကြတယ်။

ဆရာကြီးရဲ့ပုံစံက ဘယ်လိုမှဖျောက်လို့မရဘူး၊ လူတွေကြားထဲမှာ ထောင်မှူးဦးလှဘော်သူက ရောနှောထည့်ပေးလိုက်ပါရဲ့။ ဒါပေမယ့်သူ့ဗလကလဲ ကောင်း အခြားလူတွေနှင့် ရိုးရိုးယှဉ်နေစဉ်မှာကို ရောလို့မရ၊ တသီးတခြား ဖြစ်နေတယ်။ ဒီအထဲဂျပန်အစောင့်မျက်စိထဲမှာ မေ့ပျောက်ပစ်လို့မရတဲ့ အချက် တစ်ချက်ရှိတယ်။ ဒါကဆရာကြီး အမြဲဝတ်လေ့ရှိတဲ့ ကွတ်အင်္ကျီအမည်းကြီး ဖြစ်တယ်။ ဒီအပြင် အများတကာထဲမှာ ထူးခြားနေတဲ့ အချက်တစ်ချက်လဲ ရှိနေပြန်သေးတယ်။ ဝဲနာတွေကြောင့် ထော့နင်းထော့နင်းဖြစ်နေတဲ့ အခြင်းအရာ ကလဲ ဂျပန်ရဲ့အာရုံထဲမှာ ထူးခြားစေတယ်။

အဲဒီအကြောင်းတွေကြောင့် ဂျပန်ကတားထားတော့ မလှုပ်သာမရှားသာ ဖြစ်နေတယ်။ ရေတိမ်မှာ အနစ်ခံရတော့မယ်။ အားလုံး စိုးရိမ်စိတ်တွေနဲ့ ဇောချွေးတွေတောင် ကျနေတယ်။ ဆရာကြီးကတော့ အနာဝေဒနာကြောင့် တရှုံ့ရှုံ့ဖြစ်နေတာကလွဲလို့ တခြားဘာကိုမှ စဉ်းစားမနေအားဘူး။ သေတစ်ခါ မွေးတစ်ခါပဲ၊ မွေးတစ်ခါ သေနှစ်ခါမဖြစ်နိုင်ဘူး။ လာမယ့်ဘေးကို ပြေးတွေ့ ဖို့ပဲ စိတ်ပိုင်းဖြတ်ထားတယ်။ "ဖြစ်လေရာ ငါ့သားမက်ပဲ"ဆိုပြီး စိတ်ညစ်ခံမနေတော့ဘူး။ ကြုံရာတွေမှာ ကြုံရာရေစီးမှာ ကြုံတဲ့တက်နဲ့ပဲ လှော်ခတ်သွား၊ စိတ်ကိုဖြေရင်း စက်ဘီးဆက်သားကိုသာ စောင့်ဆိုင်းနေပါ တော့တယ်။

ထောင်မှူးဦးလှဘော်သူကလဲ ဆရာကြီးတို့လူစုအတွက် အသက်ရှူကျပ်နေတယ်။ ချွေးသီးချွေးပေါက်တွေတောင် ကျနေတယ်။ ညနေကျတော့မှ ဂျပန်စစ်ဗိုလ်တွေ ရောက်ရှိလာကြပါတယ်။ သူတို့ကင်းတဲမှာ စုဝေးစေတယ်၊ ပြီးမှ အဓိကထောင်မှူး ဦးလှဘော်သူလဲ ဣန္ဒြေရရ အကြောက်အကန်ဟိတ်ဟန်နဲ့ ရှင်းပြပါတယ်။ အဲဒီတော့ သံသယရှင်းသွားပါပြီ။ ဆရာကြီးတို့ကိုလွှတ်ပစ်လိုက်တယ်။ ဒီအခါမှပဲ ဦးလှဘော်သူအပါအဝင် အားလုံးသက်ပြင်းချလိုက်နိုင်တော့တယ်။

အမှန်တိုင်းပြောရရင် အဲဒီအချိန်မှာဆရာကြီးတို့ အသက်ရှင်ရေးသေရေးဟာ ထောင်မှူးဦးလှဘော်သူ လက်ထဲမှာပဲရှိခဲ့တယ်။ သူအခုလိုစေတနာနဲ့ ရဲရဲဝံ့ဝံ့ဝင်ပြောမပေးဘဲ ခေါင်းရှောင်လိုက်မယ်ဆိုရင် ဆရာကြီးတို့အစုရဲ့ ကံကြမ္မာဟာ ဘယ်အဖြစ်မျိုးနဲ့ နိဂုံးချုပ်မယ်ဆိုတာ မပြောဝံ့အောင်ပါပဲ။

အဖမ်းခံခဲ့ရတဲ့ ၃၀–၈–၄၄နေ့ကစပြီး လွှတ်တဲ့၉–၃–၄၅နေ့ထိ ရက်ပေါင်း ၁၉၁ရက်တိတိ ဖက်ဆစ်အကျဉ်းသမားအဖြစ် နေခဲ့ရပါတယ်။ တကယ်လို့သာ မဟာမိတ်တပ်တွေကလဲ အလာနှောင်းနေမယ်၊ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကလဲ ဂျပန်ကိုပြန်မတော်လှန်သေးဘူးဆိုရင် ဆရာကြီးတို့ဟာ ဂျပန်အပြစ်ပေးတဲ့ ထောင်ကျနှစ်အတိုင်း နေရမယ်ဆိုရင် ဘေးအန္တရာယ်များပြီး ဒုက္ခတွေအမျိုးမျိုးကြားမှာ အလူးအလဲခံနေရပေဦးမှာပါပဲ။

ဆရာကြီးတို့ လွှတ်လာတော့မယ်ဆိုတဲ့ သတင်းဟာ ဆရာကြီးတို့ မလွှတ်ခင် ရက်ပိုင်းအတွင်းမှာပဲ မန္တလေးမြို့ထဲမှာ ဟိုးလေးတကျော် ပြန့်လွင့်လျက်ရှိနေပါတယ်။

မန္တလေး၈၄လမ်း သံလမ်းမှာရှိတဲ့ နှစ်ထပ်တိုက်တစ်တိုက်မှာ ဖြစ်ပါတယ်။ ဂျာမဏီလုပ် မှန်အိမ်ကို ထွန်းညှိထားပါတယ်။ မီးစာ ခပ်မှိန်မှိန် ထားရုံမက မီးရောင်မထွက်ရအောင် မှန်ကို စက္ကူကပ်ထားပါသေးတယ်။ မီးခွက်နားမှာ ငှက်ကြီး တောင်ဓားကို မြဲမြဲဆုပ်ကိုင်ထားရင်း အပြင်ကအသံကို နားဆင်နေသူ တစ်ယောက် ရှိပါတယ်။ သူကအခြားမဟုတ်ပါ၊ ဆရာကြီးဦးရာဇတ်နဲ့ အလွန်ခင်မင်ရင်းနှီးတဲ့သူငယ်ချင်း ကုန်သည်ကြီး ဦးခင်ဖြစ်ပါတယ်။ ဦးခင်ဟာ ရန်ကုန်ကောလိပ်မှာ ဆရာကြီးဦးရာဇတ်နဲ့အတူ ပညာသင်ကြားခဲ့သူ ဖြစ်ပါတယ်။

ကျောင်းမှာ ဦးခင်ဟာ နာမည်ကျော် အားကစားသမားတစ်ယောက် ဖြစ်တယ်။ လူတိုင်းရဲ့ခင်မင်မှုကို ရပါတယ်။ ဆရာကြီးထက် အသက်ကြီးပါတယ်။ ဦးခင်ကိုဆရာကြီးက အစ်ကိုတစ်ယောက်လို ခင်မင်တယ်။ ဦးခင်ဟာ ကျောင်းသားတွေကို ကူညီဆောင်ရွက် ပေးတတ်တယ်။ ဘော်ဒါဆောင်မှာ တစ်ခန်းထဲအိပ်ခဲ့သူတွေ ဖြစ်ပါတယ်။ သူဟာ ကာလကတ္တားတက္ကသိုလ်ကို ပြောင်းသွားတော့မှ ဆရာကြီးနဲ့ ကွဲသွားပါတယ်။

(ဦးခင်ဟာ မန္တလေးမြို့ သံလမ်း ပိုးကုန်သည်ဦးဘ–ဒေါ်မေတို့ရဲ့သား ဖြစ်ပါတယ်။ ပသီအမျိုးသားပါ။ ပိုးကုန်သည်ဘဝက နောက်စက်ဘီးလက္ကားဆိုင် ဖွင့်ခဲ့ပါတယ်။ အခုတော့ဆုံးရှာပါပြီ၊ ဆရာကြီးနဲ့ အလွန်ရင်းနှီးတဲ့သူငယ်ချင်း ဖြစ်ပါတယ်။ အခုရန်ကုန် ခေတ်မြန်ပုံနှိပ်တိုက်ပိုင်ရှင် ဦးကိုကြီး၊ ကာကွယ်ရေး ဌာန ဒုလက်ထောက်ဥပဒေချုပ် အငြိမ်းစားဗိုလ်ကြီးခင်မောင်လတ်တို့ ဖခင် ဖြစ်ပါတယ်။ ဆရာကြီးရဲ့သမီးခင်ခင်စိန် အချိန်တန် အရွယ်ရောက်လာတဲ့အခါ မှာပဲ ဒေါ်ခင်ခင်ကဦးခင်ရဲ့သား ဗိုလ်ကြီးခင်မောင်လတ်အငြိမ်းစားနဲ့ လက်ထပ် ပေးစားခဲ့ပါတယ်)

သူကဆရာကြီးတို့ လွတ်လိမ့်မယ်ဆိုတဲ့ သတင်းကြားကတည်းက ထောင်နံဘေးနားသွားပြီး ရစ်သီရစ်သီနဲ့လုပ်ပြီး စောင့်ကြိုခဲ့သေးတယ်။ ဒါပေမယ့် ဆရာကြီးတို့ကို မတွေ့ရဘူး။ နေ့မှာတစ်နေရာရာပုန်းနေပြီး ညကျမှကိုယ့်အရပ် ဌာနေကိုလာကြလေမလားပဲ။ အဲဒီတော့ ညလဲဆက်စောင့်ဖို့လိုမယ်လို့ ဦးခင်က တွက်တယ်၊

“ဘာဘူကြီး(ဆရာကြီး)လာရင် ငါ့ဆီကိုပဲလာမယ် တခြားကိုသူသွားမှာ မဟုတ်ဘူး။ မြို့ထဲမှာဆိုလဲ သူအချစ်ဆုံးအခင်ဆုံးလူဟာ ငါပဲရှိတယ်။ ဒီတော့သူညလာ တံခါးဖွင့် ခိုင်းရင် အလွယ်တကူ ဖွင့်ပေးနိုင်အောင် ငါတံခါး ကပဲစောင့်မှပဲ အိမ်ပေါ်တက်အိပ်နေရင် တကယ်လို့လာရင် ကြားဖို့မလွယ်ဘူး” ဆိုပြီး ကြီးမားတဲ့သံယောဇဉ်နဲ့ ဆရာကြီးကို စောင့်မျှော်ခဲ့ပါတယ်။

အဲ့ဒီလို စောင့်နေတဲ့ညမှာ တံခါးကိုလာခေါက်ထုပြီး ခေါ်သံကြားတယ်။ ငှက်ကြီးတောင်ဓားကို မြဲမြဲဆုပ်ကိုင်ထားရင်း “ဘယ်သူလဲ”လို့ အသံမာမာနဲ့ မေးလိုက်တယ်။ “နိပွန်မာစတာ(ဂျပန်)က ထောင်ပြေးတွေရှိသလားဆိုတာ ရှာဖွေချင်တယ် တံခါးဖွင့်ပေးပါ”လို့မြန်မာသံပီပီသသ ပြောသံကြားလိုက်တယ်။ အဲ့ဒီအသံ ကြားလိုက်ကတည်းက ဘယ်သူဘယ်ဝါဆိုတာ သိလိုက်ရပြီး

အဲဒီလူဟာ **မြန်မာလူမျိုးသစ္စာဖောက်** ဂျပန်အလိုတော်ရိဖြစ်တယ်။ ဂျပန်ကို ဆပွလိုင်း(ရိက္ခာ)သွင်းပြီး စီးပွားလမ်းဖြောင့်နေသူ ဖြစ်ပါတယ်။

အဲဒီတော့ "ဖွင့်မပေးနိုင်ဘူး ဒီမှာဘယ်ကထောင်ပြေးမှမရှိဘူး၊ ရှာချင်ရင် မနက်မှလာခဲ့ပါ"ဆိုပြီး မာမာတင်းတင်း ပြတ်ပြတ်သားသားပဲ ပြောလိုက်တယ်။ အဲ့ဒီမယ် ဓွတ်ဖွင့်ခိုင်းတယ်။ ဒါပေမယ့် တင်းခံပြီးဖွင့်မပေးဘူး။ အဲဒီတော့ တံခါးမကြီးကို ဓွတ်အတင်းရိုက်နှက် တွန်းဖွင့်ကြတယ်။ မရလို့နောက်ဆုံး လက်လျှော့ပြီး မြည်တွန်တောက်တီးဆဲဆိုပြီး ပြန်သွားတယ်။

တံခါးကို ဘယ်လွယ်လွယ် ဖွင့်ရလိမ့်မလဲ။ တံခါးဟာ ရှေးတံခါးကြီး ဖြစ်တယ်။ အဲဒါကြောင့် လွယ်လွယ်နဲ့ဖွင့်ရတဲ့တံခါး မဟုတ်ဘူး။ ဒါကြောင့် မနက်မိုးလင်းတော့ ဂျပန်လာပြီး အနှောင့်အယှက်ပေးဦးမလားလို့ စိုးရိမ်ပြီး တစ်နေ့လုံးတံခါးကို ပိတ်ထားတယ်။ ဒါပေမယ့် ဘယ်ဂျပန်တစ်ကောင်တမြီးမှ ပေါ်မလာဘူး။

နောက်တစ်နေ့ (ထောင်ကလွတ်ပေးတဲ့ ၉–၃–၄၅)နေ့ညမှာ ဆရာကြီး ရောက်လာတယ်။ ဦးလှဘော်တို့ကတော့ သူတို့သားမယားတွေရှိရာ မင်းကွန်းကို လိုက်သွားပါတယ်။ ဆရာကြီးဟာ ဦးခင်အိမ်ရောက်လာတော့ ဆရာကြီး တစ်ကိုယ်လုံးမှာ (ဂျပန်နာ)ခေါ်တဲ့ ဝဲနာယားနာတွေနဲ့ ဖြစ်နေတာကြောင့် လမ်းကလဲကောင်းကောင်း မလျှောက်နိုင်ရှာဘူး။ ၁၉၁ရက်တိတိ အချုပ်ခံရတော့ စိတ်ထောင်းကိုယ်ကြေ ဖြစ်ခဲ့ရတဲ့အတွက် အတော်လေးပိန်လာတယ်။ ဒါပေမယ့် ဆင်ပိန်ကျွဲလောက်ဆိုသလိုတော့ ရှိပါသေးတယ်။

ဆရာကြီးဟာ သူ့လက္ခဏာမှာ ဥပစ္ဆေဒကကံထိုက်လိမ့်မယ်၊ တစ်နည်း နည်းနဲ့အစိမ်းသေ သေလိမ့်မယ်လို့ သူယုံကြည်ထားတယ်။ အခုလိုမသေဘဲနဲ့ ဂျပန်ဖက်ဆစ်လက်က လွတ်လာပြီဆိုတော့ ဥပစ္ဆေဒကကံထိုက်စရာ မရှိတော့ဘူး။ ယတြာကြေသွားပြီလို့ ယူဆခဲ့ကြောင်း သိရပါတယ်။

ဦးခင်ဟာဆရာကြီးကို သူ့ငယ်နာမည်အတိုင်း "ဘဘူကြီး"လို့ပဲ ခေါ်တယ်။ "ဘဘူကြီး" မင်းဒီအိမ်မှာ စိတ်ချလက်ချနေပါ။ ငါမသေသမျှ မင်းပေါ်မှည့်တစ်ပေါက် တစ်စွန်းမှမထိစေရဘူး၊ ဘာမှမဖြစ်စေရဘူး၊ ငါသေပြီးတဲ့ နောက် မင်းတစ်ခုခုဖြစ်ရင် ဒါတော့ငါမတတ်နိုင်ဘူး။ ငါ့အိမ်မှာဘာမှ အားနာစရာမလိုဘူး၊ မင်းမိန်းမနဲ့ကလေးတွေရော အတူဒီမှာနေချင်လဲ မင်းကြိုက် သလောက်ပျော်သလောက်နေပါ" လို့အားပေးတယ်။

ဆရာကြီးစိတ်ထဲမှာ အခုလိုဒုက္ခရောက်လာတဲ့လူကို ဆီးကြိုနှစ်သိမ့် အားပေးသံကြားရပြန်တော့ စိတ်ထဲမှာဝမ်းနည်းသလို ဝမ်းသာသလို ခံစားရရှာ ပါသတဲ့။

ဆရာကြီးဆီက လူလွှတ်ခေါ်လိုက်တဲ့လူတွေနဲ့ပဲ ဒေါ်ခင်ခင်တို့မိသားစု လိုက်လာကြပါတယ်။ ဆရာကြီးကိုမြင်တော့ ဒေါ်ခင်ခင်က ရင်ထဲမှာဆို့နင့်သွား မတတ်ဖြစ်မိတယ်။ ငိုရလေမလား၊ ရယ်ရလေမလား၊ မြင့်မြင့်ကတော့ ပါပါလို့ခေါ်ရင်း ပြေးဖက်ခဲ့ပေမယ့် သမီးလေခင်ခင်စိန်က ကြောင်ပြီးကြည့်နေ ပါတယ်။ သူ့ပါပါကို မမှတ်မိရှာဘူးတဲ့။

ဆရာကြီးဟာ အနာအဆာမရှိ ပကတိကြည်လင်အေးမြတဲ့ အပြုံးနဲ့ဇနီး သားသမီးတွေကို ဆီးကြိုလိုက်ပါတယ်။ ဒါဟာရက်ပေါင်း ၁၉၁ရက်တိတိ ကွဲခဲ့ပြီး ပြန်လည်ဆုံစည်းခဲ့သူတို့ရဲ့ အခန်းတစ်ခန်းမျှသာ ဖြစ်ပါတော့တယ်။

# အခန်း (၂၂)

## ဆရာကြီး ဦးရာဇတ်ကသာ တာဝန်မဲ့ နေခဲ့မယ်ဆိုပါရင်

ဂျပန်နဲ့ဘီအိုင်အေ (မြန်မာ့လွတ်လပ်ရေး တပ်မတော်)တို့ မြန်မာပြည်က အင်္ဂလိပ်နယ်ချဲ့သမားကို မောင်းထုတ်လိုက်ပြီးစ အချိန်ပေါ့။

၁၉၄၂ ခုနှစ် မေလ (၅) ရက်နေ့မှာ မြန်မာပြည်တစ်ပြည်လုံးလောက် နီးနီး ဂျပန်လက်အောက်ကို ကျရောက်ခဲ့ပါတယ်။ နယ်ခြားဒေသများသာ ဗြိတိသျှနဲ့ သူ့မဟာမိတ်တပ်များ လက်အောက်မှာ ဆက်လက်တည်ရှိနေတုန်းပါ။

မြန်မာပြည်အရပ်ရပ်မှာ တပ်စွဲထားတဲ့ ဘီအိုင်အေ (မြန်မာ့လွတ်လပ်ရေး တပ်မတော်) မြို့စောင့်တပ်တွေကလွဲရင် ကျန်ဘီအိုင်အေတပ်တွေကို မန္တလေး အမရပူရမှာ စုရုံးတပ်ချထားပါတယ်။ မန္တလေးကို စုပြုံရောက်လာတဲ့ ဘီအိုင်အေတပ်များ မန္တလေးမှာ တပ်စခန်းရုံး ဖွင့်စရာ မရှိတဲ့အတွက်၊ မန္တလေး မစိုးရိမ်ကျောင်းတိုက်မှာ ခေတ္တရုံးဖွင့်နေရပါတယ်။ နောက် မန္တလေး ကျောက်သွေးတန်း၊ နောက်ဆုံးတော့ အမရပူရမြို့သို့ ပြောင်းရွှေ့ခဲ့ရပြန်တယ်။

အမရပူရမှာ ဂျပန်ပြန် ဗိုလ်လင်းယုန် ဦးစီးတဲ့ မန္တလေး စီရင်စု(ခရိုင်) ဘီအိုင်အေစစ်ရုံးနဲ့ ဗိုလ်မှူးကြီးလကျာ ဦးစီးတဲ့ ဘီအိုင်အေတပ် ဗဟိုစစ်ဦးစီးရုံး ကိုပါ ဖွင့်ထားပါတယ်။

အဲဒီမှာပဲ ဘီအိုင်အေဗိုလ်သင်တန်းကျောင်းကိုဖွင့်ပြီး ဗိုလ်လောင်းများ သင်တန်းတက်ရောက်လျက် ရှိနေပါတယ်။ မြန်မာပြည် အရပ်ရပ်က ဘီအိုင်အေ တပ်တွေလဲ အမရပူရမြို့ရှိ ဘီအိုင်အေ တပ်စခန်းသို့ တဖွဲဖွဲရောက်ရှိလာကြတယ်။

တစ်နေ့ စစ်ကိုင်းမြို့မြောက်ဘက်ရှိ မင်းကွန်းရွာမှာ မြန်မာပြည်ရပ်ရပ်က စစ်ပြေးရင်း ရောက်ရှိလာတဲ့ အင်္ဂလိပ်အစိုးရ အရာရှိဟောင်းများထဲ ဗိုလ်လင်းယုန်ရဲ့ ညွှန်ကြားမှုနဲ့ ဘီအိုင်အေ ဗိုလ်–ဗိုလ်ထွန်းရှိန် (ပြည်သူ့ရဲဘော် ပါတီ ခေါင်းဆောင် ဗိုလ်ထိန်လင်း ကွယ်လွန်) က ပြေပြေလည်လည် ရှင်းပြပြီး လက်နက်များကို သိမ်းခဲ့ပါတယ်။

အဲဒါကို တချို့အင်္ဂလိပ် အစိုးရအရာရှိဟောင်းတွေက ဂျပန် ကင်ပေတိုင် (ခေါ်) ဂျပန်အင်ပီ (ခေါ်) စစ်ထောက်လှမ်းရေး အဖွဲ့ကို ပွားတိုင်တယ်။ အဲဒါကြောင့် ဂျပန်ကင်ပေတိုင် စစ်ပုလိပ်ရှိဘာတာက မန္တလေး ဗိုလ်လင်းယုန်ထံ လာရောက်ကာ “ဒီလို လက်နက်သိမ်းရမလား” ဆိုပြီး ဘီအိုင်အေ ရဲဘော်တွေ ရှေ့မှာ ကြိမ်းမောင်းဟိန်းဟောက်ပြီး ဗိုလ်လင်းယုန်ကို ပါးရိုက်သွားပါတယ်။

ဒါကို ဘီအိုင်အေ ရဲဘော်တွေက မကျေမနပ် ဖြစ်ကြပါတယ်။ ဗိုလ်လင်းယုန်က ဟန့်တားလိုက်တဲ့အတွက် ဂျပန်ကင်ပေတိုင် စစ်ပုလိပ်ရှိ ဘာတာ အသက်နဲ့ ခန္ဓာမကွဲဘဲ အန္တရာယ်ကင်းစွာနဲ့ စစ်ကိုင်းကို ပြန်သွားနိုင်ပါတယ်။

အဲဒီလို ဖြစ်လို့မှ မကြာသေးဘူး ဂျပန်နဲ့ ဘီအိုင်အေတပ်တွေရဲ့ တိုက်ပွဲ ဖြစ်လုဖြစ်ခင်ဆိုတဲ့ အဖြစ်မျိုး ကြုံရပြန်တယ်။

အဖြစ်အပျက်တွေက ဒီလိုပါ။

အမရပူရမှာရှိတဲ့ ဘီအိုင်အေ တပ်စခန်းမှာ တပ်တွေက တဖြုတ်ဖြုတ် ရောက်လာတော့ စားရေးသောက်ရေး ကိစ္စဟာ အလွန်ခက်ခဲတဲ့ တာဝန်ကြီး တစ်ရပ်ဖြစ်လာခဲ့ပါတယ်။ အဲဒါကြောင့် အနီးအနားရွာတွေမှာ ရိက္ခာရှာဖွေ စုဆောင်းကြရပါတယ်။ ကြက်၊ ဆိတ်၊ နွားတွေ၊ မွေးမြူနေတဲ့ အမရပူရနားမှာရှိတဲ့ ဘုံအိုရွာကြီးဆီသို့လဲ မကြာခဏ ရိက္ခာအရှာအဖွေ ရောက်ကြရပါတယ်။

ဒီဘုံအိုရွာကြီးက မြန်မာဘုရင်များ လက်ထက်ကတည်းက ပသီ (ဗမာ–မွတ်စလင်) လူမျိုးတွေချည်းနေတဲ့ ရွာကြီးတစ်ရွာပါ၊ စစ်ဖြစ်တော့ မန္တလေးနဲ့ နယ်အရပ်ရပ်က ပသီစစ်ပြေးဒုက္ခသည်တွေက မိမိတို့ ပသီလူမျိုးများ ရှိတဲ့ ဘုံအိုရွာကြီးသို့ လာရောက် ခိုလှုံနေကြပါတယ်။

အဲဒီအထဲ အင်္ဂလိပ်စစ်တပ်မှ တပ်ပျက်လို့ စစ်ပြေးလာတဲ့ ပသီ လူမျိုးစစ်သားတွေ ၄–၅–၁၀ ဦးလောက်ကိုလဲ လက်ခံဝှက်ထားပေးတယ်ဆိုတဲ့ သတင်းကို ဘီအိုင်အေတပ်ကလဲ သတင်းရထားတယ်တဲ့။

တစ်နေ့ကျတော့ ရိက္ခာရှာထွက်လာတဲ့ အမရပူရက ဘီအိုင်အေတပ်သား သုံးယောက်ကို ဘုံအိုက ပသီလူမျိုးတွေက ဝိုင်းရိုက်လွှတ်လိုက်လို့ တစ်ယောက်က လဲကျကျန်ခဲ့ကြောင်း၊ သေမယ်ရှင်မယ်မသိကြောင်း ဘီအိုင်အေတပ်ရုံးကို ကျန်တဲ့ ဘီအိုင်အေရဲဘော် နှစ်ယောက်က ပြေးပြီး သတင်းလာပို့တယ်။

အဲဒါကြောင့် ဘီအိုင်အေ ရဲဘော်များက မခံမရပ်နိုင်ဖြစ်ကြပြီး ဘီအိုင်အေ ရဲဘော်များ လက်နက်ကိုယ်စီနဲ့ အခင်းဖြစ်ပွားရာ ဘုံအိုရွာသို့ ချီတက်သွားပါတယ်။

ည ကိုးနာရီလောက်မှာ ဘုံအိုက ပသီလူအုပ်က ဝိုင်းရိုက်လိုက်လို့ သေဆုံးသွားတဲ့ ရဲဘော်ရဲ့ အလောင်းကို လှည်းနဲ့တင်ပြီး၊ ပသီလူကြီးတချို့က လာရောက်ပို့ပေးပါတယ်။

ရွာလူကြီးများက “အဲဒီရဲဘော်သုံးဦးဟာ၊ ရွာထဲဝင်ပြီး ပြည့်တန်ဆာ များကို မေးမြန်းရှာဖွေခြင်း ဖြစ်ကြောင်း၊ ရွာတွင် ပြည့်တန်ဆာများ မရှိကြောင်း ပြောသောအခါ တွေ့တဲ့ မိန်းမများကို အတင်းအဓမ္မဆွဲလားငင်လား လုပ်တဲ့အတွက် ရွာသားများက မခံမရပ်နိုင်ဖြစ်ကာ ဝိုင်းရိုက်လိုက်ကြောင်း၊ တစ်ယောက်မှာ လက်လွန်သွား၍ သေဆုံးသွားကြောင်း” အဖြစ်အပျက်ကို ရွာလူကြီးများက ရှင်းပြပါတယ်။

အရိုက်ခံရတဲ့ ရဲဘော် နှစ်ယောက်က “ကြက်ရှာသွားခြင်းသာဖြစ်ကြောင်း၊ ပြည့်တန်ဆာများရှိကြောင်းကိုလည်း မမေးရကြောင်း၊ နောက်ကလူတစ်စုက ဝိုင်းရိုက်ခြင်းသာဖြစ်ကြောင်း” ဖြေရှင်းပြကြပြန်တယ်။

ဘုံအိုရွာလူကြီးများက “ရဲဘော် နှစ်ယောက်ရဲ့ တင်ပြချက်ဟာ မမှန်ကန်ကြောင်း၊ အဖြစ်မှန်မှာ သူတို့တိုင်ကြားသည့် အတိုင်းသာ မှန်ကန်ကြောင်း” ထပ်မံထွက်ဆိုကြပါတယ်။

ဗိုလ်လင်းယုန်နဲ့ တပ်မှူးများဟာ ပြဿနာကို ချက်ချင်းဆုံးဖြတ်ချက် မလုပ်သေးဘဲ၊ စုံစမ်းဦးမည်လို့ ပြောပြီး ဘုံအိုရွာလူကြီးများအား ပြန်လွှတ်လိုက် ပါတယ်။ အသုဘ ကိစ္စကိုလဲ ပြီးစီးအောင် ဆောင်ရွက်လိုက်ကြပါတယ်။

ဒီကိစ္စကို ညတွင်းချင်း ဘိုးအိုရွာနဲ့ တစ်ဆက်တည်းဖြစ်တဲ့ ရွာများက ဘီအိုင်အေတပ်ကို လိုလားတဲ့ ရွာသူရွာသားများထံက ညတွင်းချင်း သတင်းများ ရရှိလိုက်တယ်တဲ့။

ဘီအိုင်အေ ရဲဘော်များက "အင်္ဂလိပ်စစ်တပ်က စစ်ပြေးကုလား ခြောက် ယောက်ကို ဝှက်ထားပေးတဲ့ အိမ်ဝင်းထဲသို့ ရဲဘော် သုံးယောက် ဝင်သွားတာကို ရုပ်ဖျက်ပြီး ပုန်းနေတဲ့ လက်နက်ကိုင် ကုလားစစ်သား ခြောက်ယောက်ကို စုံစမ်းရန် လာတယ်အထင်နဲ့ ဝိုင်းရိုက်လိုက်ခြင်း ဖြစ်ကြောင်း၊ အလောင်းကို လှည်းနဲ့လာပို့တဲ့ ဘုံအိုရွာလူကြီးများက အဖြစ်မှန်ကို ဖုံးကွယ်ပြီး လီဆယ်ကာ တိုင်ကြားသွားခြင်းဖြစ်ကြောင်း" သတင်းပို့ကြပါတယ်။

အဲဒါကြောင့် ဘီအိုင်အေတပ်သားများက ပုန်းအောင်းနေတဲ့ ကုလား စစ်သားများကို ဖမ်းဆီးဖို့နဲ့ ဘီအိုင်အေ ရဲဘော်တစ်ယောက်ကို ဝိုင်းရိုက်သတ် ပစ်လိုက်တဲ့ တရားခံများကို ရှာဖွေဖမ်းဆီးဖို့ ဗိုလ်လင်းယုန်ကိုယ်တိုင် ဦးစီးပြီး ဘီအိုင်အေတပ်နဲ့ မနက်လေးနာရီမှာ ချီတက်သွားပါသတဲ့။

ဘီအိုင်အေတပ်များ ချီတက်လာတာကို ရွာသူရွာသားများက သိရှိပြီး အထုပ်အပိုးတွေနဲ့၊ ကလေးမိန်းမ အပါအဝင် ရွာသူရွာသားများ ရွာမှထွက်ပြေး ကြပါတယ်။ အင်္ဂလိပ်စစ်ပြေးများ ရှိတယ်လို့ သတင်းရတဲ့ အိမ်ကို ဝိုင်းနေဆဲမှာပဲ မိုးလင်းခဲ့ပါတယ်။ မနက် ခြောက်နာရီလောက်မှာ ဂျပန်တပ်များ အပြင်း ချီတက်လာ ပါတယ်။

"ဘီအိုင်အေတပ်များက အမျိုးသမီးများကို စော်ကားရန် တောင်းခြင်း၊ ရွာသားများကို ဓားပြတိုက်ခြင်း၊ တစ်ရွာလုံးကိုလဲ မီးရှို့ဓားပြတိုက်ရန် မိမိတို့ရွာကို ဝိုင်းထားကြောင်း ဂျပန်ကို သွားသတင်းပို့လိုက်ကြတယ်"ဆိုပဲ၊ ဒါကြောင့် ဂျပန်တွေ ချီတက်လာခြင်း ဖြစ်ပါသတဲ့။

ဘီအိုင်အေတပ်က ရွာကိုဝိုင်းထားတဲ့အတွက် ဘီအိုင်အေတပ်ကို ဂျပန်တပ်က ဝိုင်းထားလိုက်ပြန်တယ်။ ဂျပန်က ဘီအိုင်အေတပ်များ ဆုတ်ခွာ သွားဖို့ ဗိုလ်လင်းယုန်ကို အမိန့်ပေးပါတယ်။

ဗိုလ်လင်းယုန်က ဆုတ်မပေးဘဲ အခြေအနေကို ချက်ချင်း စစ်ဌာနချုပ်သို့ သတင်းပို့လိုက်တော့ နောက်ထပ် လက်နက်မျိုးစုံ ကိုင်ထားတဲ့ ဘီအိုင်အေတပ်တွေ ထပ်မံ လိုက်သွားပါတယ်။

ဘုံအိုမှာရှိတဲ့ ဘီအိုင်အေတပ်ကို ဝိုင်းထားတဲ့ ဂျပန်တပ်ကို ပြန်ဝိုင်းလိုက် ပါတယ်။ အဲဒီလို လူ၊ လက်နက်အင်အားနဲ့ဆိုတော့ မူလဝိုင်းထားတဲ့ ဂျပန်တပ်မှူးက ပြေပြေလည်လည်ဖြစ်အောင် ဖြေရှင်းလိုတဲ့ အမူအရာကို ပြလာတယ်။

မူလကတော့ ဗိုလ်လင်းယုန်ရဲ့ တပ်လောက်ပဲ ရှိနေခဲ့တုန်းက ဗိုလ်လင်းယုန်ရဲ့တပ်ကို ဆုတ်ခွာသွားဖို့ အမိန့်ပေးပါတယ်။ ဗိုလ်လင်းယုန်က ဆုတ်မပေးဘူးတဲ့၊ အခုတပ်တွေ များလာတော့မှ ပြေပြေလည်လည် ဖြေရှင်းဖို့ လုပ်လာခြင်း ဖြစ်သတဲ့။

မနက် ရှစ်နာရီခွဲလောက်ကျတော့ နှစ်ဘက်တပ်တွေ ဆုတ်ခွာဖို့ စစ်ဦးစီးဌာနချုပ်က အမိန့် ရောက်လာပါသတဲ့။ ဒီတော့မှ ဗိုလ်လင်းယုန်ရဲ့ ဘီအိုင်အေတပ်တွေအားလုံး တပ်ခေါက်ပြန်လာကြပါတော့တယ်။

ဘုံအိုရွာက အမတ်ဟောင်း ဦးဘသိန်နဲ့ ရွာသား သုံးဦးခန့်တို့ကို စစ်ဆေးဖို့ ဖမ်းခေါ်ခဲ့ကြပါတယ်။ ဒီလို ပြန်ခဲ့ရတော့ စစ်ပြေးတွေလဲ ဖမ်းဆီးရမိခြင်းမရှိ၊ ပြီးတော့ ရဲဘော်တွေကို ဝိုင်းရိုက်တဲ့ တရားခံများကိုလဲ ဖမ်းနိုင်ခဲ့ခြင်း မရှိပါတဲ့။

ဒီလို တပ်တွေ ဘာကြောင့် ဆုတ်ပေးခဲ့ရသလဲဆိုတာကတော့ ဘီအိုင်အေ စစ်ဦးစီးဌာနချုပ်နဲ့ သက်ဆိုင်ရာ ဂျပန်တပ်တွေ တွေ့ဆုံဆွေးနွေးပြီး နှစ်ဘက် တပ်တွေကို ဆုတ်ခွာဖို့ အမိန့်ပေးလိုက်တဲ့ အတွက်ပါတဲ့။

နို့မို့ရင် ဂျပန်နဲ့ ဘီအိုင်အေတပ်တွေ၊ တစ်ဘက်နဲ့ တစ်ဘက် လုံ့စွပ် ထိုးပွဲကြီးတော့ လှလှကြီး ဖြစ်ရတော့မှာ သေချာပါသတဲ့။

တော်လှန်ရေး မစခင် ဒီလိုသာ ဂျပန်နဲ့ **မြန်မာအနီးကပ်လုံ့စွပ်ထိုးပွဲကြီး** ဖြစ်သွားမယ်ဆိုရင် ဘယ်အဖြစ်မျိုးထိ ဆိုက်ရောက်သွားမလဲဆိုတာ တွေးပင် တွေးလို့ ရနိုင်အံ့ မထင်စရာဘဲ။

ဘုံအိုရွာ ပသီများနဲ့ ဖြစ်တဲ့ကိစ္စမှာ မနက်စောစောကတည်းကပဲ ဆရာကြီးဦးရာဇတ်ဟာ ဗွီအိပ်ချ်ဖို့ဒ် ဆလုံးကားငယ်ကလေးနဲ့ ဘီအိုင်အေ စစ်ဦးစီးဌာနချုပ်သို့ အမောတကော ရောက်ရှိလာပါတယ်။ ဘီအိုင်အေ ဗိုလ်ချုပ်ကလေး နေဝင်းနဲ့ တွေ့ဆုံပြီး ဆွေးနွေးလိုက်ပါသတဲ့။

ဘုံအိုတွင် ပသီတွေနဲ့ ဘီအိုင်အေရဲဘော်တွေအကြား ဖြစ်သွားတဲ့ အရေးအခင်းကို ငြိမ်းချမ်းစွာ ဆောင်ရွက်ရေးကို ရှေးရှုကြဖို့ တရားခံအစစ်အမှန်ကို ရှာဖွေရန်နဲ့ မိမိတို့ တိုင်းရင်းသား လူမျိုးချင်းဖြစ်တဲ့ ကိစ္စမှာ ဂျပန်ပါဝင် ပတ်သက်ခြင်း မပြုနိုင်တဲ့ နည်းလမ်းတွေနဲ့သာ အဖြေရှာရန် ဆွေးနွေးညှိနှိုင်း ကြပါသတဲ့။

ဒါနဲ့ ပတ်သက်ပြီး စစ်ကိုင်းဟန်တင် ရေးတဲ့ "မြန်မာ့လွတ်လပ်ရေးသို့" စာအုပ်မှာ ဒီလို ဖော်ပြထားပါတယ်။

(၂)

မြန်မာ့လွတ်လပ်ရေးသို့-

**ဘုံအိုဌ ဘီအိုင်အေတပ်သားကို သေနတ်နဲ့ပစ်မှု**
**တရားခံများ ဝန်ချတောင်းပန်သဖြင့် စစ်ရုံးမှလွှတ်ခြင်း**

လွန်ခဲ့သော နယုန်လဆုတ် သုံးရက်နေ့က အမရပူရမြို့အနီး ဘုံအိုရွာဌ ဘီအိုင်အေ တပ်သားတစ်ဦးအား သေနတ်နှင့် ပစ်ခတ်တဲ့ ဘိုးအိုရွာသူကြီး ဦးတွမ်အိဗရာဟင်ဟာမက်၊ မာမက်အိဘရာဟင်နဲ့ ရာမတ္တုလာတို့ကို မန္တလေး ခရိုင် ဘီအိုင်အေစစ်ရုံးက စစ်ဆေးပြီးတော့ တရားခံတွေက အောက်ပါအတိုင်း ဖြောင့်ဆိုဝန်ချ တောင်းပန်သည်က တစ်ကြောင်း၊ ၎င်းပြင် မြန်မာပြည်လုံးဆိုင်ရာ ဗမာမွတ်စလင် အသင်းဥက္ကဋ္ဌလူကြီးများက အောက်ပါတောင်းပန်ချက် ပေးကြသည်က တစ်ကြောင်းကြောင့် ဆိုင်ရာဗိုလ်ချုပ်တွေရဲ့ သဘောတူချက်နဲ့ အထက်ပါ တရားခံများကို လွှတ်လိုက်ရန် အမိန့်ချမှတ်လိုက်ပြီ ဖြစ်ကြောင်း။

ယခုအချုပ်နှင့်နေရသူ ကျွန်ုပ် အမရပူရမြို့နယ် ဘုံအိုရွာသူကြီး မစ္စတာစူလတန်ခေါ်ဦးတွမ်၊ အိဘရာဟင်ဟာမက်၊ မာမက်အိဘရာဟင်နဲ့ ရာမတ္တုလာတို့က အောက်ပါအတိုင်း ဖြောင့်ချက်ပေးပါကြောင်း။

၁။ ၁၃၀၄ ခု၊ နယုန်လဆုတ် သုံးရက်နေ့က ဂျပန်တပ်မတော်၏ တစ်စိတ်တစ်ဒေသဖြစ်သော မြန်မာ့လွတ်လပ်ရေး တပ်မတော်၏ အာဏာကို မလေးစားခြင်းဖြင့် ကျွန်တော်များ မှားယွင်းကြောင်း ဝန်ခံပါသည်။

၂။ ထိုနေ့ကပင် မြန်မာ့လွတ်လပ်ရေး တပ်မတော်က တရားသဖြင့် အပြစ်ပေးခြင်း ခံနေရသော တရားခံများကို လွှတ်စေရန် ကြိုးစား အားထုတ်မိသဖြင့် မှားယွင်းကြောင်းကိုလည်း ဝန်ခံပါသည်။

၃။ ထိုနေ့ကပင် မြန်မာ့လွတ်လပ်ရေး တပ်မတော်သား တစ်ယောက်ထံမှ ရိုင်ဖယ်သေနတ်ကို လုယူရန် ကြိုးစားမိသဖြင့် မှားယွင်းကြောင်းကိုလည်း ဝန်ခံပါသည်။

၄။ ထိုနေ့ကပင် ကျွန်ုပ်၏ ရွာသားများက မြန်မာ့လွတ်လပ်ရေး တပ်မတော်၏ စစ်သားတစ်ယောက်ကို သေနတ်နှင့် ပစ်ခတ်မိခြင်းမှာလည်း ကျွန်ုပ်တို့က မှားယွင်းကြောင်းကို ဝန်ခံပါသည်။

၅။ ၎င်းပြင် ကျွန်ုပ် (ဦးတွမ်)သည် ဘုံအိုရွာ၌ရှိသော လိုင်စင်မရှိသော သေနတ်အားလုံးကို ရရှိက မြန်မာလွတ်လပ်ရေး တပ်မတော်သို့ ပေးအပ်ရန် အသင့်ရှိကြောင်းကို အာမခံပါသည်။

ထို့ကြောင့် ဤကဲ့သို့ အဏ္ဏာဗိဆန်မိသည့် အပြစ်နှင့် မြန်မာ့လွတ်လပ်ရေး တပ်မတော်၏ တပ်သားတစ်ယောက်ကို သေနတ်နှင့် ပစ်ခတ်မိသည့် အမှားအယွင်း အပြစ်တို့ကို ချမ်းသာခွင့် ပေးပါရန် အသနားခံပါသည်။

ကျွန်ုပ်တို့သည် ဂျပန်တပ်မတော်နှင့် ဂျပန်တပ်မတော်၏ တစ်စိတ်တစ်ဒေသဖြစ်သော မြန်မာ့လွတ်လပ်ရေး တပ်မတော်၏ သစ္စာကို မသွေမဖည် စောင့်ထိန်းပါမည်။ တရားခံများ (ပုံ) မောင်တွမ် အီဘာရာဟင်မာမက်ရာမတ္တုလာ၊ အသိသက်သေများ ကျွန်ုပ်တို့ ရှေ့တွင် လက်မှတ်ရေးထိုးပါသည်။

(ပုံ) အဗ္ဗဒူဦးရာဇတ်
ဗိုလ်လင်းယုံ(မေဂျာ)
၅-၆-၄၂
တာဝန်ခံ ဗိုလ်မှူး
မန္တလေးခရိုင်စစ်ရုံး
အမရပူရ

## မွတ်စလင်ခေါင်းဆောင်များ၏ တောင်းပန်ချက်

မန္တလေးခရိုင် စစ်ရုံးတာဝန်ခံအရာရှိ ဗိုလ်မှူးကလေး ဗိုလ်လင်းယုံမှ တစ်ဆင့် မြန်မာနိုင်ငံ တိုက်ခိုက်ရေး တပ်မတော်မှူးချုပ် ဗိုလ်တေဇထံသို့-

ကျွန်တော်တို့ အောက်ပါလက်မှတ်ရေးထိုးသူ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗမာမွတ်စလင် အသင်းခေါင်းဆောင်ကြီးများက ဂျပန်တပ်မတော်၏ တစ်စိတ်တစ်ဒေသဖြစ်သော မြန်မာ့လွတ်လပ်ရေး

တပ်မတော်ကြီးအား ဘုံအိုကိစ္စဟု ထင်ရှားခဲ့သော အဖြစ်အပျက်တွင် ထိုတပ်မတော်၏ အထူးသဖြင့် သဘောထားကြီးမှု၊ မြင့်မြတ်မှု၊ ရက်ရောမှုတို့ကို များစွာ ကျေးဇူးတင်ကြပါကြောင်း ထိုတပ်မတော်၏ တပ်သားတစ်ယောက်အား သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြင့် ကျွန်ုပ်တို့ တကယ်ကျူးလွန် မှားယွင်းကြောင်းကိုလည်း ခြွင်းချက်မရှိသိမြင်ကြပါ၏။

မြန်မာ့လွတ်လပ်ရေး တပ်မတော် အရာရှိများကသာ နိုင်ငံအုပ်ချုပ်မှု၊ အမြင်ကျယ်ခြင်း၊ သဘောထားကြီးခြင်းတို့ဖြင့် တကယ့်စစ်သားတို့၏ သတ္တိကို မပြပါမူ ရွာသားများ မည်မျှအတိဒုက္ခ ရောက်ကြရမည်ကို ရွာသားများကိုယ်တိုင် အလင်းပေါက်ကြပါပေပြီ။

ပြည်သူ့လွတ်လပ်မှုအတွက် ဆောင်ရွက်လာခဲ့သော မြန်မာ့ လွတ်လပ်ရေး တပ်မတော်၏ ကိုယ်ကျိုးအနစ်နာခံမှု၊ စွန့်စားမှုဖြင့် ရေရှည်တွင်အကျိုးဖြစ်ထွန်းစေမှု ရည်ရွယ်ချက်နှင့် ဝါဒတို့ကို အသိအမှတ် ပြုပါ၏။ အာရှတိုက်သည် အာရှတိုက်သားများအဖို့ ဟူသော ဝါဒသစ်ကို နှစ်ခြိုက်ယုံကြည်ကြသဖြင့်လည်း ကျွန်ုပ်တို့ ဂုဏ်ယူကြပါ၏။ မြန်မာပြည် သည် အာရှတိုက်ကြီး တိုးတက်ကြီးပွားမှုတွင် လွတ်လပ်သော တိုင်းပြည် တစ်ပြည်အဖြစ် ပါဝင်လျက် အာရှတိုက်၏ အကျိုးကို သည်ပိုးမည် ဟူသော မြန်မာ့လွတ်လပ်ရေးတပ်မတော်၏ဝါဒကို ကောင်းစွာသက်ဝင် နားလည်သည့်အားလျော်စွာ ချီးကျူးကြပါ၏။

လူမျိုးမရွေး၊ ဘာသာမရွေး ညီညာထားသော မြန်မာ့လွတ်လပ်ရေး တပ်မတော်ကို စိတ်အားထက်သန်စွာ ကူညီလျက် ထိုတပ်မတော်နှင့် ပူးတွဲလုပ်ကိုင်ရန် ကျွန်ုပ်တို့တွင် ပြင်းပြသော အာသီသ ရှိကြပါ၏

ရာဇဝတ် (ဥက္ကဋ္ဌ)
မြန်မာပြည်လုံးဆိုင်ရာ ဗမာမွတ်စလင် အသင်းကြီး
မောင်တင် (အမိန့်တော်ရ မြူနီစပါယ်လူကြီးဟောင်း)
ဟာရှင်ဒါဂူ(အိန္ဒိယပြည် လွတ်လပ်ရေးအဖွဲ့ ကော်မတီ)
မောင်ဆင် (သမာဓိမြို့ဝန်)
ဦးအောင်သင်း (အထက်လွှတ်တော် အမတ်လောင်း)

ယင်းကြေညာချက်များကို တိုင်းချစ်စာပုံနှိပ်တိုက်၊ လက်ဆည်ကန် မန္တလေးတွင် ရိုက်နှိပ်ဖြန့်ဝေခဲ့ခြင်းပါ၊

ယင်းကြေညာချက်များကို စိန်ရတနာ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်တဲ့ စစ်ကိုင်းဟန်တင်ရဲ့ မြန်မာ့လွတ်လပ်ရေးသို့ ဆိုတဲ့ စာအုပ် စာမျက်နှာ ၂၇၁ မှ ၂၇၄ထိ တိုက်ရိုက်ကူးယူ ဖော်ပြလိုက်တာပါ။

အခင်းဖြစ်ပွားတဲ့ ညကဆိုရင် ပသီလူကြီးတွေက သူတို့ရွာသို့ ဘီအိုင်အေ ရဲဘော်များက မိန်းမပျက်များ လာရာကြောင်း မိန်းမပျက်များ မရှိကြောင်းရှင်းပြလိုက်တော့ မိန်းမပျိုများကို အတင်းဆွဲလွဲမည် ပြုလုပ်သောကြောင့် ရွာကာလသားများက စိတ်မထိန်းနိုင်ဖြစ်ပြီး ဝိုင်းရိုက်လိုက်လို့ လက်လွန်ပြီး သေသွားရကြောင်းလောက်ဖြင့် သူတို့ပေါ် ကျလာမယ့် အန္တရာယ်ကို ရှောင်လွဲ ထွက်ဆိုချက်များကို ထွက်ဆိုခဲ့ပါတယ်။

ဒါပေမယ့် ဆရာကြီး ဦးရာဇတ်တို့ လာရောက် ကိုင်တွယ် ဖြေရှင်းရေးလုပ်တော့ သေနတ်နဲ့ ပစ်ခတ်ခြင်းကြောင့် ဘီအိုင်အေရဲဘော် တစ်ဦး ကျဆုံးသွားရကြောင်း ဝန်ခံလိုက်ပါတယ်။

အကယ်၍များ ဆရာကြီး ဦးရာဇတ်သာ ဘုံးအို ရွာသူရွာသားများနဲ့ ဘီအိုင်အေရဲဘော်တွေအတွင်းရှိတဲ့ ပဋိပက္ခကို အချိန်မီ လာရောက် ကိုင်တွယ် မဖြေရှင်းခဲ့ပါရင် အောက်မြန်မာပြည် မြစ်ဝကျွန်းပေါ်မှာ ဘီအိုင်အေတပ်တွေနဲ့ ကရင်လူမျိုးတွေအတွင်း မလိုလားအပ်တဲ့ ပဋိပက္ခဖြစ်မှုမျိုး မလွဲမရှောင်သ ၁ ကြုံတွေ့ရဖို့ များပါတယ်။

မလိုလားအပ်တဲ့ အမည်းစက်ကြီး တစ်ခုဖြစ်ခဲ့သလို ဒီမှာလဲ အဲဒီလို အမည်း စက်မျိုးဖြစ်ဖို့ လက်မတင်ကလေးအလိုမှာ နှစ်ဘက်ခေါင်းဆောင်များက အချိန်မီကိုင်တွယ်ဖြေရှင်း ဖယ်ရှားလိုက်နိုင်ခဲ့ပါတယ်။

ဆရာကြီး ဦးရာဇတ်ကိုယ်တိုင် ပသီလူမျိုးတွေရဲ့ ခေါင်းဆောင်ပါ၊ ဘီအိုင်အေတပ်မှူးတွေအနေနဲ့ ဆရာကြီးရဲ့ မျိုးချစ်ပြည်ချစ်စိတ်ကို လေးစားမိပြီး သားပါ။

ပြီးတော့ ဆရာကြီး ဦးရာဇတ်နဲ့အတူ လက်မှတ်ရေးထိုးတဲ့ ဂျပန်ပြန် ဗိုလ်မှူး ဗိုလ်လင်းယုန်ဟာဆိုရင်လဲ ဆရာကြီးဦးရာဇတ်ရဲ့ တပည့်အရင်းပါ။ မောင်ထွန်းရွှေဆိုတဲ့ နာမည်နဲ့ ဆရာကြီး ဦးရာဇတ်ရဲ့ ဗဟိုအမျိုးသား အထက်တန်းကျောင်းမှာ တောင်ငူက လာရောက်ပညာသင်ကြားဖူးပါတယ်။

ဗိုလ်လင်းယုန်(ခေါ်) ဦးထွန်းရွှေဟာ ဆရာကြီးအား ရိုသေလေးစားနှင့်ပြီး ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီဘုံးအိုအရေးအခင်းကို ဆွေးနွေးဖြေရှင်းတဲ့ အခါမှာ ပိုမိုလွယ်ကူ အဆင်ပြေခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်ခင်မှ တရားမင် တယ်ဆိုတဲ့ စကားအတိုင်း ရင်းနှီးခဲ့တယ် ပုဂ္ဂိုလ်ရေးအရ ဖြေရှင်းကိုယ်တွယ် နိုင်ခဲ့ခြင်းပါပဲ။

ဆရာကြီး ဦးရာဇတ်ဟာ မိမိတို့ တိုင်းရင်းသား အချင်းချင်းအတွင်းမှာ အထင်အမြင်မှားပြီး မလိုလားအပ်တဲ့ စိတ်ဝမ်းကွဲမှု မရှိရအောင် မပေါ်ပေါက်ရ လေအောင် တာဝန်သိသိ ဝင်ရောက် ဆောင်ရွက်ခဲ့ခြင်းပါ။

ပသီများကို မြန်မာဘုရင်များ လက်ထက်ကတည်းက အပြန်အလှန် ယုံကြည်မှု နားလည်မှု ရှိခဲ့တဲ့ အစဉ်အလာကို မိမိတို့ လက်ထက်မှာလဲ ဒီ ကောင်းမြတ်တဲ့ အစဉ်အလာကို ဆက်လက် ထိန်းသိမ်းခဲ့သူပါ။

ဒီအခန်းမတိုင်ခင် အင်္ဂလိပ်စိုးရလက်ထက်မှာ အမျိုးသားစည်းလုံးညီညွတ် မှုကို ပျက်ပြားအောင် ထိုးနှက်လိုက်တဲ့ မဟာဗုဒ္ဓဘာသာများနဲ့ ပသီများကို အချိန်မီ ထိန်းပေးခဲ့ဖူးတဲ့ အကြောင်းလဲ တစ်နေရာမှာ ဖော်ပြခဲ့ပြီးပါပြီ။

ဘာပဲဖြစ်ဖြစ် ဆရာကြီးဦးရာဇတ်နဲ့ ဘီအိုင်အေတပ်မှူးများဟာ သမိုင်းမှာ အဆိုးဘက်ကိုသာ ရေးရှုစေနိုင်မယ့် မြန်မာတိုင်းရင်းသားများ အချင်းချင်းအတွင်း သွေးချောင်းစီးမှုကြီးကို အချိန်မီဖယ်ရှားနိုင်ခဲ့ပါတယ်။

ဒါကြောင့် နှစ်ဖက်သော ခေါင်းဆောင်များဟာ မြန်မာဘုရင်များ လက်ထက်က အစဉ်အလာရှိခဲ့တဲ့ ကောင်းမြတ်တဲ့ အစဉ်အလာကို ပြန်လည် တည့်မတ် ထူထောင်လိုက်ခြင်းမျှသာ ဖြစ်ပါတယ်။

မြန်မာတိုင်းရင်းသားများအနေနဲ့ "ဒီအစဉ်အလာကောင်းကို မြန်မာ ပြည်ကြီး တဲည်ရှိနေသရွေ့ အစွန့်ရှည်စွာ စိုက်ထူနိုင်ကြပါစေ"လို့ ဆုမွန်တောင်း ရမှာပါ။

# အခန်း (၂၃)

## ဖ–ဆ–ပ–လ ဥက္ကဋ္ဌ ဦးရာဇတ်

**နိုင်ငံရေးလုပ်ငန်းများကို အကွယ်မှဆောင်ရွက်ခဲ့ခြင်း**

ဆရာကြီးဦးရာဇတ်ဟာ ပုလိပ်အင်စပက်တော်ရဲ့သားပါ။ ပုလိပ်အဖွဲ့ဆိုတာက အင်္ဂလိပ်အစိုးရရဲ့ ယန္တရားကြီးကို အနီးကပ်(သို့မဟုတ်) ရှေ့တန်းကနေ ကာကွယ်စောင့်ရှောက် ပေးနေတဲ့အဖွဲ့ပါ။ အဲဒီအဖွဲ့ကြီးမှာ အမှုထမ်းနေတဲ့ အင်စပက်တော်တစ်ယောက်ရဲ့သားဖြစ်သူ ဆရာကြီး ဦးရာဇတ်က အဲဒီနယ်ချဲ့ အစိုးရယန္တရားကြီးကို အမြစ်ပါမကျန်တူးဖော်ပစ်ဖို့ လုပ်နေသူပါ။ ဒါကိုဆရာကြီးရဲ့အပါ(အဖေ)က သိပါတယ်။ ဒါပေမယ့် သူ့အလုပ်ကိုသာ အပြုတ်ခံမယ်၊ သူ့သားကြီးရဲ့စိတ် ငြိုငြင်မယ့်အပြောအဆို အပြုအမူမျိုးကိုတော့ မလုပ်ရှာပါဘူး။

ဆရာကြီးဦးရာဇတ် အနေနဲ့လဲ သူ့အပါစိတ်မချမ်းသာမယ့်အလုပ်တွေကို မလုပ်ပါဘူး။ မိဘကိုရိုသေတယ်၊ မိဘကိုပြန်ပြောခြင်း၊ ခွာချင်းတိုင်းတဲ့အလုပ်မျိုး မလုပ်ရှာပါဘူး။

ဆရာကြီးဟာ ၁၉၂၀ခုနှစ်က ရန်ကုန်တက္ကသိုလ်သပိတ်မှာ ပါဝင်ခဲ့ပါတယ်။ အဲဒီနောက် အစိုးရအဖွဲ့မှာလဲ ဝင်ရောက်အမှုမထမ်းဘူး။ ပြီးတော့ နိုင်ငံရေးနယ်ပယ်တွေမှာလဲ ပါဝင်ဆောင်ရွက်ခြင်း မရှိခဲ့ပါဘူး။

အမျိုးသားကျောင်းရဲ့ ကျောင်းဆရာအဖြစ်သာ ဆောင်ရွက်ရင်းနဲ့ အနာဂတ်လွတ်လပ်ရေး တိုက်ပွဲများအတွက် မြန်မာ့သားကောင်းရတနာများကို အထွေးလိုက်အစုလိုက် မွေးထုတ်ပေးခဲ့ပါတယ်။

အဲဒီလို ကျောင်းဆရာကြီးအဖြစ် ဆောင်ရွက်နေသော်လဲ သူကြိုက်တဲ့ နိုင်ငံရေးပါတီ အဖွဲ့တွေကိုတော့ လိုလားခြင်း၊ ထောက်ခံခြင်း ရှိခဲ့ပါတယ်။ ဒါပေမယ့် ဘယ်နိုင်ငံရေးပါတီတွေနဲ့မှ ဟုတ်ဟုတ်ငြားငြား မပေါင်းခဲ့ဘူး။ ခွဲရေးတွဲရေးခေတ်တုန်းက လှိုင်–ပု–ကျော်ခေါ် ဦးချစ်လှိုင်၊ ဦးပု၊ ဦးထွန်းအောင်ကျော်၊ ဒေါက်တာဘမော်က တွဲရေးဘက်က၊ ဦးဘဖေ၊ ဦးစောတို့(၂၁)ဦးကတော့ ခွဲရေးဘက်က အတိအကျပြောရရင် ဆရာကြီးတို့အနေနဲ့ (၂၁) ဦးအဖွဲ့ကို ကြိုက်တယ်။ ထောက်ခံတယ်။ ဒါလဲတစ်သမတ်တည်း မဟုတ်ပါဘူး။

(၂၁)ဦးကို ထောက်ခံချိန်တုန်းက ဆရာကြီးတို့အမျိုးသားကျောင်းက မင်းတိုင်ပင်အမတ် ရွေးကောက်ပွဲတို့ မြူနီစပါယ်ရွေးပွဲတွေမှာ ဝင်ပြီးကူညီအားပေးတယ်။

ဆရာကြီးဦးရာဇတ်ကိုယ်တိုင် (၂၁)ဦးအနေနဲ့ မန္တလေးမြူနီစပါယ် ရွေးကောက်ပွဲမှာ ဘီ–အိုင်–အေဦးမောင်ကြီးနဲ့ အပြိုင်အရွေးခံပါတယ်။ ဒါပေမယ့် ဆရာကြီးရှုံးသွားတယ်။ အဲဒီနောက်ပိုင်းမှာ ဘယ်ရွေးကောက်ပွဲမှ မဝင်တော့ပါဘူး။

အင်္ဂလိပ်ကိုတော်လှန်ဖို့ အောက်မြန်မာပြည်က ကိုသိန်းဖေ (ဦးသိန်းဖေမြင့်)အစရှိတဲ့ မြေအောက်အဖွဲ့တွေရောက်တိုင်း ဆရာဦးခင်မောင်ကလေးကတစ်ဆင့် ဗဟိုအမျိုးသား အထက်တန်းကျောင်းမှာ ခြေကုတ်ယူလှုပ်ရှားကြတယ်။ ဒါကို ဆရာကြီးဦးရာဇတ်ကသိတယ်။ တချို့ကိစ္စတွေမှာ မသိကျိုးကျွံပြုနေတယ်။ တချို့ကိစ္စတွေမှာ သွယ်ဝိုက်ပြီး အကူအညီပေးတယ်။ အကြံဉာဏ်ပေးတယ်၊ ကျောင်းသားသပိတ်တွေမှာလဲ သူ့ကျောင်းသားတွေကို ကြိမ်ကိုင်ပြီး သပိတ်ထဲ နှင်တယ်။ သပိတ်စခန်းကိုလဲ သူ့ကျောင်းမှာပဲ စခန်းချစေတယ်။ သပိတ်မှောက် ကျောင်းသားတွေ နောက်ပိုင်းကရံပုံငွေရရှိအောင် သပိတ်ကိုပြည်သူတွေ ထောက်ခံအောင် ဆောင်ရွက်ပေးခဲ့တယ်။

ကျောင်းဆရာကြီး လုပ်ရင်းကနေ အဲဒီလိုနောက်ပိုင်းက နိုင်ငံရေးလုပ်ငန်းတွေမှာ ကူညီခဲ့ပါတယ်။

အရေးတော်ပုံတပ်သားတွေကို ရာနဲ့ထောင်နဲ့သောင်းနဲ့ချီပြီး မွေးပေးခဲ့ပါတယ်။ ဒါပေမယ့် သူကိုယ်တိုင်ကတော့ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေမှာ ခြေစုံပစ်ပြီး မဝင်ခဲ့ဘူး။ နိုင်ငံရေးအာဏာတွေကိုရယူဖို့ နိုင်ငံရေးလှုပ်ရှားမှုတွေ မလုပ်ခဲ့ပါဘူး။

ဗမာမွတ်ဆလင် အမျိုးသားလုပ်ငန်းတွေမှာတော့ အချိန်ပိုင်း လုပ်အားပေးခဲ့ပါတယ်။

ဆရာကြီးဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ အင်္ဂလိပ်သူလျှိုဆိုပြီး ဂျပန်ကဖမ်းခဲ့လို့ စစ်ကိုင်း၊ ရွှေဘို၊ မန္တလေးအကျဉ်းထောင်ထဲမှာ နေခဲ့ရတယ်။ မဟာမိတ်များ မန္တလေးကိုဝင်ခါနီးမှာ ဆရာကြီးဦးရာဇတ်တို့ကို လွှတ်ပေးလိုက်တယ်။

## အထက်မြန်မာပြည် ဖ–တ–ပ–လဥက္ကဋ္ဌ ဖြစ်လာခြင်း

၁၉၁၇ခုနှစ်၊ နိုဝင်ဘာလ(၇)ရက် (အောက်တိုဘာလ ၂၅ ရက်)နေ့ ရုရှားပြည်မဟာပစ္စည်းမဲ့ တော်လှန်ရေးတွင် ခရဇာတိုက်ရေယာဉ် "အိုရိုးရာ"က ပစ်ဖောက်လိုက်တဲ့ အမြောက်သံများဟာ လူ့သမိုင်းရဲ့ခေတ်သစ်ကို ခရီးဦးကြို ပြုလိုက်သလို ဒီမျက်ပါးရပ် လေယာဉ်ပစ်အမြောက်ကြီးတပ်ကနေ နှစ်ချက်တိတိ ပစ်ဖောက်လိုက်တဲ့ အမြောက်သံများဟာ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ လုံး၀ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဆိုရှယ်လစ်ရေးတို့ ပါ၀င်ရာ သမိုင်းသစ်အတွက် ခရီးဦးကြိုပြုလိုက်ပါတယ်။

အဲဒီဘီဒီအေလေယာဉ်ပစ် အမြောက်ကြီးတပ်က ဂျပန်တပ်ကို ဖောက်ထွက်ပြီး တပ်ဖြောက်လိုက်တယ်။ ဂျပန်ကိုစတင် တော်လှန်ကြပါတယ်။ ပြီး ဗိုလ်မှူးဗထူးဦးစီးတဲ့ မြန်မာ့တပ်ပေါင်းဟာ ရှမ်းပြည်နယ်ဘက်ရှေးရှုချီတက် တိုက်ခိုက် သွားကြပါတယ်။

မဟာမိတ်တပ်တွေဟာ မတ်လ(၂၀)ရက်နေ့နံနက်မှာ မန္တလေးနန်းတော်ကို သိမ်းပိုက်လိုက်ပါတယ်။ မတ်လ(၂၁)ရက်နေ့မှာ မန္တလေးတစ်မြို့လုံးကို သိမ်းပိုက်လိုက်ပါတယ်။ စစ်တပ်တွေသိမ်းပြီးတာနဲ့ မန္တလေး မြို့ကို CAS (B) ကက်စဘီခေါ် စစ်အုပ်ချုပ်ရေးက အုပ်ချုပ်ပါတော့တယ်။

အဲဒီကာလအတွင်းမှာ ဗိုလ်မှူးဗထူးက မန္တလေးမှာအထက်မြန်မာပြည် ဖ–တ–ပ–လ၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကို ဖွဲ့စီးပြီး ပြောင်ဆိုင်းဘုတ်တင်ဖို့ မန္တလေးရှိ မြေအောက်ဆန့်ကျင်ရေးအဖွဲ့ တာဝန်ခံများဆီ ညွှန်ကြားပါတယ်။

မန္တလေးမှာ ကွန်မြူနစ်ပါတီခေါင်းဆောင် ကိုကျော်သန်း(ခေါ်)ကိုစံညွှန့်၊ ကိုညွှန့်အောင်တို့နဲ့ ဗိုလ်ကု(ဆရာတော်ဦးကုသလ–ရဟန်းပျိုအဖွဲ့ချုပ်)တို့ထံ ညွှန်ကြားတယ်။

အဲဒါကြောင့် (၂၀-၅-၄၅)နေ့မှာ အထက်မြန်မာပြည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို ဖွဲ့စည်းလိုက်ပါတယ်။

ဖွင့်ပွဲမှာ မြို့မတူရိယာအဖွဲ့ကကြီးမှူး၍ အငြိမ့်မင်းသမီးညွန့်ပေါင်းနဲ့ ညှော့ခံဖြေဖျော်ပါတယ်။

အဲဒီအဖွဲ့မှာ ဆရာကြီးဦးရာဇတ်ကို ဥက္ကဋ္ဌအဖြစ်ပြိုင်ဘက်မရှိ ရွေးချယ်တင်မြှောက်လိုက်ပါတယ်။ အမှုဆောင်အဖွဲ့မှာ–

| | |
|---|---|
| ဥက္ကဋ္ဌ | –ဆရာကြီးဦးရာဇတ် |
| ဒုဥက္ကဋ္ဌ | –သခင်ထိပ်တင် ကိုယ်တော်ကြီး |
| အထွေထွေအတွင်းရေးမှူး | –လူထုဦးလှ (သတင်းစာဆရာ စာရေးဆရာ ကွယ်လွန်) |
| တွဲဘက်အတွင်းရေးမှူး | –ကိုကျော်သန်း (အလံနီကိုစံညွန့် တောခို–ကျဆုံး) |
| အမှုဆောင်များ | –နန္ဒဝန်ဦးဘတင်<br>ပိုးဦးဘတင်<br>ဆရာဦးထွန်းမောင် (အငြိမ်းစားဗဟိုအမျိုးသားကျောင်းဆရာ–ကွယ်လွန်)<br>ဦးညွန့်အောင် (အငြိမ်းစားလယ်–စိုက်–ရှင်းအထူးအရာရှိ)<br>ဦးကျော်ရင် (ရန်ကုန်တက္ကသိုလ် ကထိက–ကွယ်လွန်)<br>ပိုး–ကုန်သည် ဦးဘသိန်း<br>ဦးဗရင်–ဦးဘရင်<br>အမ်အေ–ဒေါ်အုံး<br>သခင်အေးမောင်လေး တို့ဖြစ်ပါတယ်။ |

ဖက်ဆစ်တိုက်ဖျက်ရေး ပြည့်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို အတိုကောက်အဖြစ် (ဖ–တ–ပ–လ)လို့ခေါ်ရန် အမှုဆောင်အဖွဲ့က ဆုံးဖြတ်ကြောင်းကို (၂၆–၁၂–၄၅)နေ့မှာထုတ်တဲ့ မြန်မာ့အလင်းမှာ ဖော်ပြခဲ့ပါတယ်။

အခုပျံလွန်တော်မူသွားတဲ့ ဆရာတော်ဦးကုသလနဲ့ (လယ်စိုက်ရှင်းအငြိမ်းစား အထူးအရာရှိ) ဦးညွန့်အောင်တို့က ကျမ်းပြုသူကို ပြောပြချက်များအရ တစ်ပေါင်းတည်း ဖော်ပြရရင်–

ဒီတုန်းက ဖ–တ–ပ–လမှာ ဘယ်သူမှဝင်မလုပ်ချင်ကြဘူး။ ဥက္ကဋ္ဌလုပ်မယ့်သူကို လိုက်ရှာတော့လဲ လုပ်မယ့်သူ၊လုပ်ဝံ့သူ ရှာမတွေ့ဘူး။ နောက်မှထောင်က ထွက်လာပြီးစ ဆရာကြီးဦးရာဇတ်ကို သွားသတိရ တော့မှဘဲ ဆရာကြီးဆီပြေးပြီး ချဉ်းကပ်ဆွေးနွေးတော့ ဆရာကြီးက ဥက္ကဋ္ဌလုပ်ပါမယ်လို့ အာမ[illegible] ခံလိုက်တော့မှပဲ ဖ–တ–ပ–လအဖွဲ့ကို ဖွဲ့ဖြစ်သွားပါသတဲ့။

တချို့နိုင်ငံရေးသမားကြီးများထံ သွားရောက်ချဉ်းကပ်ပြန်တော့လဲ မောင်ရင်တို့ လူငယ်တွေပဲလုပ်ကြပါ၊ တို့ကအသက်ကြီးပါပြီဆိုကာ ငြင်းလိုက် ကြပါတယ်။

ဒီအချိန်က စစ်ဦးဘီလူးပဲ၊ စစ်အုပ်ချုပ်ရေးကလဲ ရှိသေးတယ်။ ဗြိတိသျှအစိုးရက သူတို့ကိုဆန့်ကျင်တဲ့ နိုင်ငံရေးသမားဟောင်းတွေကို အက်ဖ်အက်စ်အက်စ်–စစ်မြေပြင် ထောက်လှမ်းရေးအဖွဲ့နဲ့ ဘီ–အိုင်–စီခေါ် ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့တို့က လိုက်နေချိန်ဖြစ်ပါတယ်။ အဲဒါကြောင့် အဖမ်းအဆီးအချုပ်အနှောင် ခံရမှာစိုးလို့ စကားလှလှကလေးတွေပြောပြီး ခေါင်းရှောင်နေလိုက်ကြပါတယ်။ သူတို့တွေ ကြောက်မယ်ဆိုလဲကြောက်စရာပါပဲ၊ မဟာမိတ်တပ်တွေ မြန်မာပြည်ကို ဝင်လာတယ်ဆိုရင်ပဲ နိုင်ငံရေးသမားတွေကို စစ်ရဲ့တရားခံတွေအဖြစ် လိုက်လံဖမ်းဆီး အကျဉ်းချထားတာတွေ လုပ်နေလို့ပါ။

ဆရာကြီးဦးရာဇတ်အနေနဲ့တော့ ဖက်ဆစ်ဂျပန်ရဲ့ အချုပ်ထောင်မှ ထွက်လာစဖြစ်ပါတယ်။ ထောင်ထဲကရခဲ့တဲ့ ဝဲခြောက်နာ၊ ယားနာတွေကလဲ ခုထိမပျောက်သေးပါဘူး။ အညှန့်ချိုးလိုက်သလို ခံလိုက်ရပါတယ်။ ဒါပေမယ့် ဆရာကြီးကတော့ ကြောက်မသွားခဲ့ပါဘူး။ သူဟာ ၁၉၂၀ခုနှစ် ကျောင်းသားသပိတ်ကတည်းက သူ့ရဲ့ကိုယ်ကျိုးစီးပွား၊ အသက်ကိုယ်ခန္ဓာများကို တိုင်းပြည်ကိုအပ်နှံထားခဲ့တဲ့သူပါ။ လိုအပ်ရင် သူ့အသွေးအသားတွေကို အချိန်မရွေး တိုင်းပြည်အတွက် ပေးလှူဖို့အသင့်ဖြစ်နေတဲ့လူဆိုတော့ ဒီအင်္ဂလိပ်စစ်အုပ်ချုပ်ရေးအောက်မှာ ဖ–တ–ပ–လဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရတဲ့လုပ်ငန်းကို ဗာရာဏသီချဲ့ပြီး လျှာရိုးမရှိတိုင်း ဆင်ခြေဆင်လက်တွေ ပေးမနေတော့ပါဘူး။

ဆရာကြီးဦးရာဇတ်အနေနဲ့ ၁၉၂၀ခုနှစ် ကျောင်းသားဘဝကတည်းက တိုင်းပြည်နဲ့လူမျိုးအတွက် ကိုယ်ကျိုးမဖက် ထာဝစဉ်တာဝန်ယူခဲ့တဲ့သူပါ။

ဒါပေမယ့် သူ့အနေနဲ့ အချိန်ပြည့် နိုင်ငံရေးသမားအဖြစ် ပါဝင်ဆောင်ရွက်တာ မရှိတာတစ်ခုပါပဲ။ အခုတော့ နိုင်ငံရေးသမားကြီးအဖြစ်နဲ့ အချိန်ပြည့် တာဝန်ယူလိုက်ပါပြီကော။

သူဟာ ဖ–တ–ပ–လဥက္ကဋ္ဌအဖြစ် တာဝန်ယူနေတဲ့အချိန်မှာ လုပ်ငန်း အကောင်အထည်ပေါ်လာရေးအတွက် အစဉ်မပြတ်ဟောပြောပွဲတွေ ကျင်းပခြင်း၊ စည်းရုံးရေးတွေလုပ်ခြင်းဖြင့် အချိန်ကုန်ခဲ့ပါတယ်။ ဒီအချိန်က အောက်မြန်မာပြည်မှာ ဂျပန်နဲ့တိုက်ကြတုန်း ခိုက်ကြတုန်းရှိဆဲပါ။ ရန်ကုန်မြို့ သည်ပင်လျှင် ဂျပန်ရဲ့လက်အောက်မှာ ရှိနေဆဲဖြစ်ပါတယ်။ အောက်မြန်မာပြည် မြို့တိုင်းမှာ ဖ–တ–ပ–လအဖွဲ့ကို ဖွဲ့နိုင်သေးတဲ့ အခြေအနေမှာမရှိပါ။

မန္တလေးမှာသာ စံပြအဖြစ်နဲ့ ဗြိတိသျှအစိုးရလက်အောက်မှာ ပြောင်ပြောင် တင်းတင်းကြီး ဖ–တ–ပ–လဆိုင်းဘုတ်ကြီးကိုတင်ကာ ရှေ့လွတ်လပ်ရေး အတွက် စည်းရုံးလှုပ်ရှားနေချိန် ဖြစ်ပါတယ်။

ရန်ကုန်ကျပြီးတဲ့နောက် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရှေ့ဆောင် ရှေ့ရွက်ပြုပြီး ရန်ကုန်နေသူရိန်ရုံကြီးမှာ ပြည်သူ့အစည်းအဝေးကြီးတစ်ရပ် ကျင်းပခဲ့တယ်။ ဒီအစည်းအဝေးကြီးရဲ့ ဆုံးဖြတ်ချက်များကို ထောက်ခံဖို့ အတွက် မန္တလေးမြို့ အောင်နန်းရိပ်သာရပ်ရှိ မြန်မာ့ညွန့်ရပ်ရှင်ရုံတော်မဟာမှာ (၇–၉–၄၅)ရက်နေ့၊ နေ့လယ်(၁၂)နာရီအချိန်၊ အထက်မြန်မာပြည် (ဖ၊တ၊ပ၊လ)ကဦးစီးပြီး မျိုးချစ်အဖွဲ့ ဆင်းရဲသားအဖွဲ့ တို့ဘုရင်အဖွဲ့ ညီညွတ်ရေး အဖွဲ့ ဒို့ဗမာ အစည်းအရုံး မျိုးချစ်ဗမာ့တပ်မတော်အစရှိတဲ့ ပါတီအဖွဲ့အသီးသီးက ခေါင်းဆောင်များက တာဝန်ယူပြီး ပြည်သူ့အစည်းအဝေးကြီးတစ်ရပ်ကို ကျင်းပကြတယ်။

မြန်မာ့တပ်မတော်အရေး၊ ပြည်သူ့လွတ်တော်အရေး၊ တစ်နိုင်ငံလုံး ညီညွတ်ရေး၊ လုံခြုံရေးအတွက်ဖမ်းဆီးထားတဲ့ အကျဉ်းသမားများအရေး စတဲ့ အရေးတွေကို ဆွေးနွေးဆုံးဖြတ်ကြပါတယ်။

အဲဒီအစည်းအဝေးကြီးကို ဦးရာဇတ်၊ သခင်ထိပ်တင်ကိုယ်တော်ကြီး၊ ကြီးပွားရေးဦးလှ၊ ဦးကျော်သန်း၊ ရွှေပြည်ဦးဘတင်၊ ကျက်သရေဆောင်ဦးတင်၊ ဆရာဦးထွန်းမောင်၊ ပို ဦးဘဒင်၊ ဆရာဝန်ဦးမောင်မောင်၊ သစ်စက်ပိုင်ဦးဆွေ၊ မင်းဘူးဦးမောင်မောင်၊ နန္ဒဝန်ဦးဘတင်၊ အထက်မြန်မာပြည်တိုင်းမှူး ဗိုလ်ရန် အောင်၊ တပ်ပေါင်းမှူး ဗိုလ်အာဋ္ဌဝကစတဲ့ တပ်မတော်ဗိုလ်ကြီးများ၊ ဗြိတိသျှ

လေကြောင်း စစ်ဗိုလ်မစ္စတာကရွတ်၊ လက်ထောက်ပြန်ကြားရေးဝန် ဦးကိုကိုလေး၊ မန္တလေးအမတ်ဟောင်း ဦးဘဖေလေး စတဲ့ပုဂ္ဂိုလ်များ တက်ရောက်ကြပါတယ်။

ဒီအစည်းအဝေးမှာ ဆရာကြီးဦးရာဇတ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်သန်း(ဦးစံညွန့်)က အစည်းအဝေး ခေါ်ယူရတဲ့အကြောင်းကို ရှင်းပြတယ်။ နောက်ဆုံး အစည်းအဝေးမှာ နေသူရိန် ဆုံးဖြတ်ချက်အဆိုများကို ကန့်ကွက်သူမရှိ တညီတညွတ်ဆုံးဖြတ်လိုက်ကြ ပါတယ်။

## မန္တလေးခရိုင် (ဖ၊ဆ၊ပ၊လ)ဥက္ကဋ္ဌအဖြစ်

မြန်မာပြည်အနှံ့ အပြားမှာ ဖ၊ဆ၊ပ၊လအဖွဲ့အစည်းများကို စနစ်တကျ ပြန်လည်ဖွဲ့စည်းပြန်တယ်။ ဒီအချိန်က စစ်အုပ်ချုပ်ရေးကနေ မြို့ပြအုပ်ချုပ်ရေး စနစ်သို့ ပြောင်းလဲနေတဲ့အချိန် ဖြစ်တယ်။ ဖ၊ဆ၊ပ၊လအဖွဲ့အစည်းများကိုလဲ စည်ကားသိုက်မြိုက်စွာ ပြောင်ပြောင်တင်းတင်း ဖွဲ့စည်းနေတဲ့အချိန်ပါ။

မန္တလေးမှာ အထက်မြန်မာပြည် ဖ၊တ၊ပ၊လကိုဖျက်သိမ်းပြီး မန္တလေးခရိုင် ဖ၊ဆ၊ပ၊လဖွဲ့စည်းဖို့ ရန်ကုန်ဌာနချုပ်မှ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးခေါင်းဆောင်တဲ့ ဖ၊ဆ၊ပ၊လအဖွဲ့ချုပ်က ရောက်ရှိလာကြပါတယ်။ ဆရာကြီးဦးရာဇတ်တိုက်မှာပဲ ဖ၊ဆ၊ပ၊လ ဦးစီးအဖွဲ့ဝင်များ တည်းခိုကြပါတယ်။

မန္တလေးခရိုင် ဖ၊ဆ၊ပ၊လဖွဲ့ဖို့ ၁၉၄၅ခုနှစ် အောက်တိုဘာလ(၇)ရက်နေ့ ညမှာ အဖွဲ့ချုပ်ခေါင်းဆောင်များ၊ ဆရာတော်များနဲ့ ပါတီအဖွဲ့အစည်းများက ကိုယ်စားလှယ်များဟာ ဆရာကြီးဦးရာဇတ်အိမ်မှာ တွေ့ဆုံဆွေးနွေးကြပါတယ်။

အထက်မြန်မာပြည် ဖ၊တ၊ပ၊လကိုဖျက်သိမ်းပြီး မန္တလေးခရိုင်ဖ၊ဆ၊ပ၊လ ဖွဲ့စည်းဖို့အတွက် အမှုဆောင်များရွေးပေးပါလို့ ဗိုလ်ချုပ်အောင်ဆန်းက စတင် ပြောပါတယ်။

> မန္တလေးအဖွဲ့ချုပ်ကို ဖျက်သိမ်းပြီး မန္တလေးခရိုင်အသစ်ပြန်ဖွဲ့မည်၊ အမှုဆောင်များလဲ အသစ်ပြန်ဖွဲ့မည်၊ အားလုံးသဘောထားပြောကြပါ ဟု ကိုအောင်ဆန်းက ပြောသောအခါ မန္တလေးသခင်အုပ်စုကစ၍ ပြောပါသည်။ အဲဒီအချိန်အစည်းအဝေးမှာ အဖွဲ့ပေါင်းစုံ၊ လူမျိုးပေါင်းစုံနှင့် လက်ရှိအမှုဆောင်များလဲ ရှိကြပါသည်။
>
> ၄င်းအချိန်က ပုဂ္ဂိုလ်များ သခင်များ ယခုထိအသက်ထင်ရှား ရှိနေပါသေးသည်။ သခင်များကစ၍ ပြောသည်မှာ မန္တလေးမြို့သည်

မြို့တည်နန်းတည်မြို့ကြီးလဲ ဖြစ်သည်။ ဗုဒ္ဓဘာသာအများစု ကိုးကွယ်ရာလဲဖြစ်သည်။ သာသနာထွန်းကားရာ မြို့ကြီးလဲဖြစ်သည်။ ထို့ကြောင့် မင်းမျိုးမင်းနွယ်လဲဖြစ်သော သခင်ထိပ်တင်ကိုယ်တော်ကြီးကို ခရိုင်ဥက္ကဋ္ဌတင်ဖို့ အဆိုတင်သွင်းပါသည်။ ယခုလက်ရှိလုပ်နေသော ဥက္ကဋ္ဌမှာ ဗမာမွတ်ဆလင်ကုလားကြီးလဲ ဖြစ်ပါသည်။ မင်းနေပြည်နှင့်လဲ မတန်ပါ။ ထို့ကြောင့် ၄င်းအားဖြုတ်ချပြီး သခင်ထိပ်တင်ကိုယ်တော်ကြီးအား တင်ပါဟု ပြောဆိုကြပါသည်။

၎င်းအချိန်မှာ–ဖ၊ဆ၊ပ၊လ အတွင်းရေးမှူးက လူထုဦးလှဖြစ်ပါသည်။ အစည်းအဝေးကို ဆရာကြီးဦးရာဇတ်အိမ်မှာ လုပ်ပါသည်။ ဆရာကြီးတို့ ဇနီးမောင်နှံရှေ့မှာ ပြောင်ပြောင်ပြောဆိုနေကြခြင်းဖြစ်ပါသည်။ ထိုအချိန်မှာ ကိုအောင်ဆန်းက ကျန်နေသူများပြောဆိုကြပါဆိုတော့ မည်သူမျှ မပြောကြပါ။ ကဲ ဗိုလ်ကု–ဗိုလ်ကကု ဘာပြောမှာလဲ ၎င်းအချိန်က ကိုအောင်ဆန်းက ငါ့ကိုဗိုလ်ကုလို့ ခေါ်ပါသည်။

ဗိုလ်ကုတင်ခဲ့တဲ့ ဆိုင်းဘုတ်၊ ဗိုလ်ကုလူစုပြီးဖွဲ့ခဲ့တဲ့ ဖ၊ဆ၊ပ၊လမို့ ပြောပါဟု တိုက်တွန်းသည်။ အစည်းအဝေးတွင် ရှိနေကြသော ဆရာတော်များကလဲ မင်းပြောပါဟု တိုက်တွန်းသည်။

အဲဒီတော့ ယခုအဆိုတင်သွင်းတဲ့ သခင်ဆိုတဲ့လူတွေဟာ ငါ ဖ၊ဆ၊ပ၊လဖွဲ့စည်းဖို့ လိုက်ရှာချိန်မှာ တစ်ယောက်မှမရှိခဲ့ကြပါ။ ဥက္ကဋ္ဌလုပ်မည့်လူကို ရှာပြန်တော့လဲ တစ်ဦးမျှမလုပ်ရဲကြပါ။ ရက်တစ်ပတ်တိတိ ငါကိုယ်တိုင်မြို့ပေါ်မှာ လိုက်ရှာသော်လဲ တစ်ယောက်မှမတွေ့ပါ။

ယခုအသက်ထင်ရှားရှိနေသော လူထုဦးလှနှင့် ယခုရန်ကုန်မှာရှိနေသော ဗိုလ်မှူးကြီးတင်စိုးတို့က ဘုန်းကြီးနေ၊ နေရှင်နယ်ကျောင်းဆရာကြီး–ဦးရာဇတ်တော့ သူ့အိမ်မှာတွေ့ခဲ့ပြီ၊ သူလဲဖက်ဆစ်ဂျပန်ကဖမ်းပြီးထောင်ထဲထည့်သွင်းထားတာ ယခုမှလွတ်တာပဲ၊ ဘုန်းကြီးလိုက်ပြောရင် ရမှာပါပဲဆိုတာနဲ့ ၄င်းတို့နှစ်ယောက်နှင့်အတူ ဆရာကြီးအိမ်သွားပြီး ဖ၊ဆ၊ပ၊လအဖွဲ့ချုပ် ဥက္ကဋ္ဌလုပ်ရန်ပြောပါသည်။

---

၁။ မန္တလေးခရိုင်ဖ၊ဆ၊ပ၊လ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အဲဒီတုန်းက ပါဝင်ခဲ့တဲ့ ဆရာတော်ဦးကုသလ(မန္တလေးရဟန်းပျိုအဖွဲ့ အကျိုးတော်ဆောင်) မပျံလွန်ခင်ငါးနှစ်ခန့်က မန္တလေးပသီဦးစိုးအား ပြောပြချက်ကို တိပ်ခွေနဲ့သွင်းယူထားပါတယ်။ အဲဒီ အခွေပါမိန့်ခွန်းကို ပသီဦးစိုးထံမှ ရရှိဖော်ပြပါတယ်။

ဒါဟာ တစ်မျိုးသားလုံး အရေးဖြစ်တယ်။ အင်္ဂလိပ်ကဖမ်းရင်လဲ အကုန်အဖမ်းခံရမှာပဲ၊ ဦးပဥ္စင်းလဲ အဖမ်းခံပါ့မည်ဟု ပြောသည့်အတွက် ဆရာကြီးဦးရာဇတ်က တစ်မျိုးသားလုံးအရေးမို့ ဥက္ကဋ္ဌလုပ်ပါမည်။ ဖမ်းလျှင်လဲ အဖမ်းခံပါမည်ဟု ပြောပါသည်။ ထို့ကြောင့်ဆရာကြီး အခုလိုက်ခဲ့ပါ၊ လူတွေလဲစုံနေပြီဟု ငါကပြောတော့ လုံချည်တောင် မလဲနိုင်ဘဲ ချက်ချင်းထလိုက်ခဲ့ပါတယ်။

အဲဒီလို အနစ်နာခံခဲ့စဉ်က ယခုသူတို့ခေါ်နေတဲ့ ကုလားကြီးပဲ လုပ်မယ့်လူရှိတယ်။ ဒါကြောင့် ဒီဆရာကြီးဦးရာဇတ်ပဲ ဥက္ကဋ္ဌထားပါဟု ငါပြောသည့်အတွက် ကိုအောင်ဆန်းကသခင်တွေ ဘာပြောချင်သေးသလဲ ဆိုတော့ အားလုံးခေါင်းငုံ့နေကြပါသည်။ ဘာမှပြန်မပြောကြတော့ပါ။

ဒါကြောင့်ကိုအောင်ဆန်းက မန္တလေးခရိုင် ဖ၊ဆ၊ပ၊လဥက္ကဋ္ဌကို ဆရာကြီးဦးရာဇတ်၊ အတွင်းရေးမှူးကို လူထုဦးလှ၊ တွဲဖက်အတွင်းရေးမှူး ကို သွားလေသူကိုကျော်သန်း(ခေါ်)ကိုစံညွန့်တို့ကို တာဝန်ပေး၍ ခရိုင်ဖ၊ဆ၊ပ၊လ ဖွဲ့စည်းပေးခဲ့ပါသည်။

၎င်းသာဓကကို ထောက်ထားခြင်းအားဖြင့် ငါဟာဘာသာရေး တယူသန်သမားမဟုတ်ဘူး။ လူမျိုးရေးခွဲခြားသူ မဟုတ်ဘူးဆိုတာ အလွန်ထင်ရှားနေပါသည်။

"မန္တလေးခရိုင် ဖ၊ဆ၊ပ၊လအဖွဲ့မှာ ပြန်လည်ဖွဲ့စည်း ပါဝင်ကြသူတွေ ကတော့ နိုင်ငံရေးပါတီတိုင်းမှ ကိုယ်စားလှယ်သုံးဦးကျစီ ဖြစ်ပါတယ်။ သူတို့ဟာ (၁) မျိုးချစ်အဖွဲ့က ဦးပြည်၊ ဦးဘတင်၊ ဦးဝင်း၊ ဦးကိုကိုကြီး၊ (၂) ဆင်းရဲသားအဖွဲ့က ဦးဘ၊ ဦးခင်စန်း၊ ဦးပေါ၊ (၃) တို့ဘုရင်အဖွဲ့က ဦးဘဒင် (ပိုး)ဦးကောင်း၊ ဦးဘရင်၊ (၄) ညီညွတ်ရေးအဖွဲ့က ကျက်သရေဆောင်ဦးတင်၊ မင်းဘူးဦးမောင်မောင်၊ ဦးစံမင်း၊ (၅) တို့ဗမာအစည်းအရုံးက သခင်ထိပ်တင်

---

ဆရာတော်ရဲ့ ပြောပြချက်များအရ မန္တလေးခရိုင် ဖ၊ဆ၊ပ၊လအမှုဆောင်အဖွဲ့တွင် ဆရာကြီးဦးရာဇတ်ကိုပင် ပြန်လည်ပြီးရွေးကောက်လိုက်ကြောင်း သိရပါတယ်။

မန္တလေးခရိုင် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို ဖွဲ့စည်းလိုက်တဲ့အကြောင်း လူထုဦးလှ ရေးတဲ့ သတင်းစာများကပြောပြတဲ့ စစ်ပြီးဗမာပြည် ပထမတွဲ-၁၉၆၉-စာ-၁၃၃-၁၃၄တွင် ဖော်ပြချက်ကို အောက်ပါအတိုင်း စကားပြောသလို ပြန်လည်ရေးသား ဖော်ပြလိုက်ခြင်းပါ။

ကိုယ်တော်ကြီး၊ သခင်မောင်မောင်လေး၊ သခင်အေးမောင်ကလေး၊ (၆) ကွန်မြူနစ်ပါတီက ကိုငွေး၊ ကိုအောင်သူ၊ ကိုကျော်သန်း၊ (၇) ဆိုရှယ်လစ်ပါတီက သခင်ဗသိန်း၊ ကိုသန်းမောင်၊ သခင်ညီ၊ (၈) အမျိုးသမီးအဖွဲ့က ဒေါ်အုံး (အမ်အေ)၊ ဒေါ်ဦး(နဂါး)၊ ဒေါ်စိန်ရင်(မာလာ)တို့ ဖြစ်ပါတယ်။ (၉) ဗမာမွတ်စလင်အဖွဲ့က ၃-ဦး၊ (၁၀) တရုတ်အမျိုးသားအဖွဲ့မှ ၃-ဦး၊ (၁၁) တောင်သူလယ်သမား သမဂ္ဂမှကိုယ်စားလှယ် ၃-ဦး ပေါင်း(၁၂)ဦးမှာ ကိုယ်စားလှယ်များ မရသေးပါ။

"တစ်ဖွဲ့ကို၃-ဦးကျ ပါရှိတဲ့အတွက် အထက်ပါအဖွဲ့တွင်၊ ၃၃-ဦး ရှိမည်ဖြစ်ပါတယ်။ အဲဒီနောက် တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များကို ရွေးချယ်ပြန်ပါတယ်။ (၁) ဆရာကြီးဦးရာဇတ် (၂) ဦးမြ (၃) အယ်ဒီတာဦးတင် (၄) ဆရာဦးထွန်းမောင် (၅) ကိုသိန်း (၆) ဦးဘရှင်(ထီး) (၇)လူထုဦးလှ (၈) တိုင်းချစ်သခင်သိန်းဖေ (၉) နန္ဒဝန်ဦးဘတင်နဲ့ (၁၀) ဦးဘသိန်း(ပိုး)တို့ ဖြစ်ပါတယ်၊

**ပြင်ဦးလွင်**၊ ပုသိမ်ကြီး၊ အမရပူရ၊ မတ္တရာနဲ့ စဉ့်ကူးတို့က ကိုယ်စားလှယ် ၂-ဦးကျစီ ဖြစ်ပါတယ်။

အဲဒီဖ၊ဆ၊ပ၊လအဖွဲ့အတွက် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ရာတွင် အရွေးခံရသူတို့မှာ – ဥက္ကဋ္ဌဆရာကြီးဦးရာဇတ်၊ ဒုတိယဥက္ကဋ္ဌ သခင်ထိပ်တင်ကိုယ်တော်ကြီး၊ အထွေထွေအတွင်းရေးမှူး ဦးလှ(လူထု)၊ တွဲဘက်အတွင်းရေးမှူးများ (၁)ကိုအောင်သူ၊ (၂)ကိုသန်းမောင်(သူရိယ)စာရင်းစစ် သခင်မောင်မောင်ကလေး၊ ငွေထိန်း ဦးဘသိန်း(ပိုး)၊ အမှုဆောင်မျိုးချစ်အဖွဲ့ ဦးကိုကိုကြီး၊ တို့ဘုရင်အဖွဲ့ ဦးဘရင်၊ ညီညွတ်ရေးအဖွဲ့ မင်းဘူးဦးမောင်မောင်၊ ဆင်းရဲသားအဖွဲ့ ဦးခင်စန်း၊ အမျိုးသမီးအဖွဲ့ ဒေါ်အုံးနဲ့ ကျန်အဖွဲ့မှရွေးချယ်ရမယ့် အမှုဆောင် ၄-ဦးဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ဗဟိုဖ၊ဆ၊ပ၊လဦးစီးအဖွဲ့က အထက်မြန်မာပြည်ဖ၊တ၊ပ၊လအဖွဲ့ချုပ်ကို ဖျက်သိမ်းပြီး မန္တလေးခရိုင်ဖ၊ဆ၊ပ၊လကို ဖွဲ့စည်းဖို့ဆောင်ရွက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး တစ်ချိန်ကမန္တလေးခရိုင်တွင် အမှုဆောင်အဖွဲ့ဝင်ဖြစ်ခဲ့တဲ့ ဦးညွန့်အောင်(အခုလယ်စိုက်ရှင်း အထူးအရာရှိ အငြိမ်းစား)က အောက်ပါအတိုင်း ဒီလိုပြောပြပါတယ်။

"ဒီတုန်းက ခရိုင်ဖ၊ဆ၊ပ၊လကို ဖွဲ့စည်းတဲ့အခါမှာ လူထုလူတန်းစား၊ ကိုယ်စားလှယ်တွေ ထည့်ရေးနဲ့ပတ်သက်ပြီး **မြန်မာပြည်** ကွန်မြူနစ်ပါတီနဲ့ ဆိုရှယ်လစ်ပါတီတို့ အငြင်းအခုံဖြစ်ကြတယ်။

အဲဒီမှာ ဗိုလ်ချုပ်အောင်ဆန်းက အရာရာဟာ လုပ်ငန်းအောင်မြင်ရေးအတွက် ရေးရှုပြီး ညီညီညွတ်ညွတ် ဆောင်ရွက်ဖို့လိုတယ်။ အင်အားကြီးဝါဒကို လက်ကိုင်ထားရင်လဲ မမှန်ဘူး။ နောက်ပြီးနိုင်ငံရေးမှာ ညစ်ပတ်မှုကိုရှောင်ဖို့လဲ လိုတယ်ဆိုပြီး ပြောပြပါသတဲ့။

ဗြိတိသျှနယ်ချဲ့အစိုးရကို တိုက်နိုင်ရေးမှာ အမျိုးသားညီညွတ်ရေးဟာ အဓိကဖြစ်တယ်။ ဒီလိုတိုက်တဲ့အခါမှာ ရန်သူနည်းနိုင်သမျှနည်းအောင်လုပ်ပြီး မဟာမိတ်အင်အား များနိုင်သမျှများအောင် လုပ်ဖို့လိုတယ်ဆိုပြီး ဗိုလ်ချုပ်က ဩဝါဒစကားပြောတယ်။

ဒီအချိန်က ဖ၊ဆ၊ပ၊လအဖွဲ့ထဲကို တစ်ဦးချင်းဝင်တဲ့ ပုံစံလား၊ အဖွဲ့စုံပါတီစုံက ကိုယ်စားလှယ်တွေအနေနဲ့ ဝင်တဲ့ပုံစံလားဆိုတာ မည်မည်ရရမရှိဘူး။ လူထုလူတန်းစား ကိုယ်စားလှယ်(သမဂ္ဂ)တွေကို ခဏထားပြီး အဖွဲ့အစည်းကိုယ်စားလှယ်တွေကိုသာ ထည့်ဖို့ပြောတယ်။ အဲဒီအတိုင်းပဲ မန္တလေးခရိုင် ဖ၊ဆ၊ပ၊လအဖွဲ့ကို ဖွဲ့ခဲ့ပါတယ်။

အဲဒီညမှာပဲ ဆရာကြီးဦးရာဇတ်နဲ့ ကိုညွန့်အောင်တို့ တွေ့ကြတယ်၊ ဆရာကြီးက ကိုအောင်ညွန့်ကို အချက်နှစ်ချက် ဆွေးနွေးပြတယ်တဲ့။

(၁)အချက်က– အမျိုးသားညီညွတ်ရေးဟာ အရေးကြီးတယ်။ အမျိုးသားညီညွတ်ရေးကို ထိန်းရမယ့်အင်အားဟာ မင်းတို့လက်ဝဲအင်အားစုတွေပဲ ဖြစ်တယ်။

(၂)အချက်က– လွတ်လပ်ရေးတိုက်ပွဲဟာ ပြီးသေးတာမဟုတ်ဘူး။ အခုမှစသေးတဲ့ သဘောမျိုးရှိတယ်။ ဗြိတိသျှနယ်ချဲ့သမားရဲ့ သဘော ဘယ်လိုရှိတယ်ဆိုတာ မသိရသေးဘူး။ အခုကြည့်ရတဲ့ သဘောကတော့ လွတ်လပ်ရေးတိုက်ပွဲ ဆက်လုပ်ရင် လွတ်လပ်ရေးဟာ မြန်မြန်ဆန်ဆန် ရလာမယ်၊ အဲဒီတော့ ဘယ်သူဘယ်နေရာမှာရောက်ရောက် ဘယ်နေရာက တာဝန်ယူရ ယူရ နေရာကိုအဓိကထားဖို့

မသင့်ဘူး။ တိုက်ပွဲထဲကနေပဲ လူတော်လူကောင်းလေးတွေ မွေးထုတ်ပေးလိမ့်မယ်။ တိုက်ပွဲတွေကပဲ အချောင်သမားတွေကို ဝိုင်းပယ်လိမ့်မယ်။

အချုပ်ကတော့ နေရာပြဿနာကို အဓိကမထားဖို့လိုမယ်။ ဘယ်သူပဲပါပါ တိုက်ပွဲထဲ မီးတင်မခံနိုင်ရန် ဒီအချောင်သမားတွေ ပြုတ်ထွက် ကုန်မှာပါပဲ။

ဆရာကြီးအနေနဲ့ ဖ၊ဆ၊ပ၊လထဲမှာ ဂိုဏ်းဂဏဝင်နေတာတွေကိုလဲ မြင်တယ်။ ဒါတွေကို သူမကြိုက်ဘူး၊ လူငယ်ဆိုတာ တက်တက်ကြွကြွ ရှိတယ်၊ ကိုယ်ကျိုးစွန့်တယ်။ ဒါပေမယ့် ဘဝင်မမြင့်ဖို့ အများကြီး သတိထားပြီး လူကြီးတွေနဲ့ တွဲလုပ်သွားဖို့ လိုတယ်တဲ့။

ဦးညွန့်အောင်က ဆရာကြီးဦးရာဇတ်အနေနဲ့ နိုင်ငံရေးအမြင်တွေဟာ မဆိုးလှဘူးလို့ ကျမ်းပြုသူကို ပြောပြခဲ့ပါတယ်။

ဖ၊ဆ၊ပ၊လအဖွဲ့ချုပ်အနေနဲ့ ဘုရင်ခံရဲ့အမှုဆောင်အဖွဲ့ထဲ ဝင်ရေးမဝင်ရေးကိစ္စအတွက် ဆွေးနွေးမယ့် ဖ၊ဆ၊ပ၊လဦးစီးညီလာခံသို့ တက်ရောက်ဖို့ မန္တလေးခရိုင်ဖ၊ဆ၊ပ၊လ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဆရာကြီးဦးရာဇတ်၊ သခင်ထိပ်တင်ကိုယ်တော်ကြီး၊ ဦးလှ၊ မင်းဘူးဦးမောင်မောင်၊ နန္ဒဝန်ဦးဘတင်၊ ဦးဘဒင်(ပိုး)သခင်အေးမောင်လေး၊ ဦးညွန့်အောင်တို့ကို ရွေးချယ်လိုက်တယ်။

ဒီအချိန်က မီးရထားအသွားအလာတွေ မကောင်းသေးဘူး။ ဒါကြောင့် လော်လီကားကြီးနဲ့ လိုက်သွားကြရတယ်။ ပျော်ဘွယ်ဦးမြ အိမ်မှာ ဝင်အိပ်ကြတယ်။ အဲဒီညမှာပဲ လူငယ်တွေနဲ့လူကြီးတွေ ဘုရင်ခံအမှုဆောင်အဖွဲ့ထဲ ဖ၊ဆ၊ပ၊လ ဝင်သင့်မဝင်သင့်ကိစ္စကို ဆွေးနွေးကြတယ်။

တချို့ကတော့ အင်္ဂလိပ်အပြေးမှာ အင်္ဂလိပ်ကိုတိုက်ခိုက်ဖို့၊ ဂျပန်အပြေးမှာ ဂျပန်ကိုဆန့်ကျင် တိုက်ခိုက်ကြတာတို့ဆိုတဲ့ ရေသာခို အချောင်လိုက်တဲ့ နိုင်ငံရေးသမားတွေလဲ ရှိနေတယ်။ အချိန်အခါလိုက်ပြီး မီးစင်ကြည့်ကတဲ့ ကိုယ်ကျိုးရှာနိုင်ငံရေးသမားတွေ ရှိနေတယ်။ ဒါကို ဆရာကြီးက မကြိုက်ဘူး။ ဆရာကြီးဦးရာဇတ်အနေကတော့ လက်ဝဲအင်အားစုတွေဘက်ကနေ လူငယ်တွေဘက်ကနေရပ်ပြီးမှ ဆွေးနွေးတယ်။

ဦးလှတို့ ကိုညွန့်အောင်တို့ အစရှိတဲ့လူငယ်တွေက ဖ၊ဆ၊ပ၊လ ထဲမှာ ကျားသေတွေကို ဆွဲသွင်းထားတဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ သခင် သန်းထွန်းတို့ရဲ့ အယူအဆကို မကြိုက်ကြဘူး။ ဒီရေသာခို အချောင် သမားတွေကို တိုးတက်တဲ့အင်အားစုထဲမှာ ဆွဲသွင်းထားတာ အန္တရာယ် ရှိတယ်။ အဲဒီလူတွေဟာ အရေးဆိုပြေးကြမယ်ဆိုပြီး ဆရာကြီးဦးရာဇတ် ကို ဆွေးနွေးပြတယ်။

အဲဒီမှာ ဆရာကြီးဦးရာဇတ်က ပြေးရင်လဲပြေးကြပါစေ။ ပြေးရင် တစ်မျိုးသားလုံးရှေ့မှာ လွတ်လပ်ရေး သစ္စာဖောက်တွေအဖြစ် ဝိုင်းပယ် ခံရမှာပဲပေါ့ဆိုပြီး ဆွေးနွေးပြတယ်။

ဦးညွန့်အောင်က ဆရာကြီးမှာ အမျိုးသားညီညွတ်ရေး သဘော ထားကို ရှေးရှုထားတဲ့ အမြင်တွေ ရှိတယ်လို့ ကျမ်းပြုသူကို ပြောပြတယ်။

ကွန်မြူနစ်ပါတီနဲ့ ဖ၊ဆ၊ပ၊လကွဲချိန်က အကြောင်းနဲ့ပတ်သက်ပြီး ဆရာကြီးရဲ့ ခံယူချက်အနေအထားကို ဦးညွန့်အောင်က ဆက်ပြော ပြန်တယ်။

ဖ၊ဆ၊ပ၊လထဲက ကွန်မြူနစ်တွေထုတ်ပစ်ရေးအတွက် ဆိုရှယ်လစ် ပါတီခေါင်းဆောင်တွေက ဆရာကြီးကို ဖိအားပေးတယ်။ ဆရာကြီး ကတော့ ကာဆီးကာဆီးလုပ်နေတယ်။ ရန်ကုန် ဌာနချုပ်မှာတော့ ဖ၊ဆ၊ပ၊လထဲက ကွန်မြူနစ်ပါတီကိုထုတ်ပစ်ဖို့ ဆရာကြီးကို တိုက်တွန်း ကြတယ်။ ဆရာကြီးကတော့သူ့ဆီ ညွှန်ကြားချက် မရောက်သေးဘူး ဆိုတဲ့အကြောင်းပြချက်နဲ့ပဲ ကွန်မြူနစ်တွေကို ဖ၊ဆ၊ပ၊လထဲမှာ ဆက်ထား ခဲ့တယ်။

ဖ၊ဆ၊ပ၊လဌာနချုပ်က ညွှန်ကြားချက် ရောက်လာပြန်တော့ ဖ၊ဆ၊ပ၊လထဲက ကွန်မြူနစ်တွေထုတ်ပစ်ဖို့ ဆိုရှယ်လစ်တွေက အဆိုတင် သွင်းတယ်။ ဆရာကြီးက အဲဒီလိုအဆိုတင်သွင်း ထောက်ခံခဲ့တဲ့ သဘောမျိုးအရ၊ အမှုဆောင်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ ဖ၊ဆ၊ပ၊လထဲက ဗမာပြည်ကွန်မြူနစ်ပါတီက ထုတ်ပစ်တဲ့ပုံစံမျိုး မကျင့်သုံးချင်လို့ မကျင့်သုံးဘူး။

ဆရာကြီးသဘောကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လမ်းခွဲကြတဲ့ သဘောမျိုးပဲဖြစ်စေချင်တယ်။ ထုတ်ပစ်တယ်ဆိုတဲ့ သဘောမျိုးမဖြစ်စေလိုဘူး။

ဆရာကြီးခံယူချက်က တိုင်းပြည်ဟာ မလွတ်လပ်သေးဘူး။ လွတ်လပ်ရေးတိုက်ပွဲကို တစ်မျိုးသားလုံး လှည်းနေလှေအောင်း မြင်းစောင်းမကျန် စည်းလုံးညီညွတ်မှုနဲ့သာ လွတ်လပ်ရေးကို အရယူနိုင်မယ်ဆိုတဲ့ ပြင်းပြတဲ့ယုံကြည်ချက် ဓာတ်ခံရှိသူပါ။ အဲဒါကြောင့် အခုလိုခွဲသွားပြီးလဲ နောက်တစ်နေ့ပြန်လည်ညီညွတ်ပြီး လွတ်လပ်ရေးတိုက်ပွဲရေစီးကြောင်းမှာ ပြန်လည်ဆုံမိမှာပါ။

ဒါကြောင့် ဖ၊ ဆ၊ ပ၊ လမှာ ဗမာပြည်ကွက်မြူနစ်ပါတီကို ထုတ်ပစ်တဲ့လုပ်ရပ်မျိုးကို ရှောင်ရှားပြီး အခြေအနေအရ ခွဲတဲ့သဘောနဲ့ ခွဲတာပဲဖြစ်စေချင်ပါသတဲ့။ ဒီလိုတစ်ဖက်နဲ့တစ်ဖက် ခါးသီးတဲ့ ဆက်ဆံရေးကို လုပ်မိရင် နောင်တစ်ကြွေ ပြန်လည်ဆုံစည်းတဲ့အခါ တစ်ယောက်မျက်နှာတစ်ယောက် အကြည့်ရခက်နေမယ်။ မဝံ့မရဲ အမ်းတမ်းတမ်းဖြစ်နေမယ်။

ဒါကြောင့် မပြီးဆုံးသေးတဲ့ လွတ်လပ်ရေးခရီးမှာ အငိုလွယ်လို့ အရှိုက်ခက်တဲ့သဘောမျိုး မဖြစ်စေဘဲ အေးအေးဆေးဆေး လမ်းခွဲကြဖို့ ပြောကြားခဲ့ပါတယ်။

ဒီလိုပြောတဲ့အခါမှာ ဆရာကြီးရဲ့မျက်နှာဟာ မကောင်းပါဘူး။ စိတ်လဲမကောင်းဘူးဆိုတာ ရိပ်စားမိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီအင်အားစုတွေဟာ တစ်ချိန်က ဖက်ဆစ်ဂျပန်ကို ပြောင်ပြောင်မြောက်မြောက်လက်တွဲပြီး တိုက်ခိုက်ခဲ့တဲ့ အင်အားစုတွေ ဖြစ်လို့ပါပဲတဲ့၊ အခုလဲ လွတ်လပ်ရေးတိုက်ပွဲဟာ ပြီးဆုံးသေးတာမဟုတ်ဘူး။ ဒီအင်အားတွေပြိုကွဲခြင်းဟာ လွတ်လပ်ရေးအတွက် ဘယ်လောက်ထိ နစ်နာဆုံးရှုံးရမလဲဆိုတာကို သူမှာအဖြေရထားပြီးဖြစ်တယ်။

ဆရာကြီးဦးရာဇတ်ဟာ အဲဒီလိုအမျိုးသား စည်းလုံးညီညွတ်မှုအခြေခံကို အခိုင်အမာထူထောင်ထားတဲ့ ပုဂ္ဂိုလ်ဆိုတာကို ကျွန်တော်တို့ နားလည်ထားပါတယ်။

အဲဒီလိုကျမ်းပြုသူအား ဦးညွန့်အောင်က သူနဲ့ဆရာကြီးဦးရာဇတ်တို့ အနီးကပ်ဆက်ဆံမှုအရ တွေ့ကြုံခဲ့တဲ့ အဖြစ်အပျက်များကို အောက်ပါအတိုင်း စိတ်ရှည်လက်ရှည် ပြောပြခဲ့ပါတယ်။

မန္တလေးခရိုင် ဖ၊ ဆ၊ ပ၊ လဖွဲ့စည်းတဲ့နေရာမှာ ဆရာကြီးဦးရာဇတ်အနေနဲ့ ဗမာမွတ်စလင် ကိုယ်စားလှယ်အဖြစ် အရွေးခံရတာမဟုတ်ပါ။ တစ်သီးပုဂ္ဂလ အဖြစ်နဲ့သာ ဝင်အရွေးခံရခြင်း ဖြစ်ပါတယ်၊

ရန်ကုန်တွင်ကျင်းပတဲ့ ဖ၊ ဆ၊ ပ၊ လညီလာခံကြီးမှာ ဗဟိုဦးစီးအဖွဲ့ဝင်များ ရွေးချယ်ပါတယ်။

ဗဟိုဦးစီးအဖွဲ့ဝင် တစ်သီးပုဂ္ဂလခေါင်းဆောင်ကြီး (၁၀)ဦး ရွေးချယ်တဲ့အခါ၊ ဆရာကြီးဦးရာဇတ်လဲ တစ်သီးပုဂ္ဂလခေါင်းဆောင်ကြီးအဖြစ် အရွေးခံရပါတယ်။ ဒီအချိန်က ဆရာကြီးဦးရာဇတ်ဟာ ဗမာမွတ်စလင်ကွန်ကရက်အဖွဲ့ ဌာနချုပ်ရဲ့ဥက္ကဋ္ဌကြီး ဖြစ်နေပါပြီ။ ဒီမှာလဲသူဟာ ဗ၊ မ၊ ကကိုယ်စားလှယ်အဖြစ် အရွေးခံရခြင်း မဟုတ်ဘဲ တစ်သီးပုဂ္ဂလအဖြစ်သာ အရွေးခံရခြင်း ဖြစ်ပါတယ်။

ဗဟိုဦးစီးအဖွဲ့အတွက် ဗ၊မ၊ကအဖွဲ့မှ ကိုယ်စားလှယ်(၃)ဦး သီးသန့် ရွေးချယ် ပေးခဲ့ပါတယ်။ သူတို့က ဦးကြွယ်ဝ၊ မစ္စတာလတစ်ဖ်(ခေါ်)ဦးခင်မောင်လတ်နဲ့ ဦးဖေခင်တို့ ဖြစ်ပါတယ်။

ဆရာကြီးဦးရာဇတ်အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဖ၊ဆ၊ပ၊လအစိုးရ အဖွဲ့မှာ ဖ၊ဆ၊ပ၊လခေါင်းဆောင်အဖြစ် ပညာရေးနဲ့ အမျိုးသားစီမံကိန်းဝန်ကြီး ဖြစ်လာပါတယ်။ အဲဒီလိုဝန်ကြီးဘဝ တိုင်းပြည်တာဝန် ထမ်းဆောင်နေချိန်မှာ ၁၉၄၇ခု၊ ဇူလိုင်လ(၁၉)ရက် မနက်(၁၀)နာရီ(၃၇)မိနစ်တွင် ဦးစောနဲ့ အပေါင်းအပါတို့ရဲ့ လုပ်ကြံမှုကို ခံလိုက်ရတဲ့အတွက် အာဇာနည်ခေါင်းဆောင် အဖြစ် ကျဆုံးခဲ့ရရှာပါတယ်။

ဒီအခန်းနဲ့ပတ်သက်ပြီး မေးမြန်းခဲ့တဲ့ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| ဆာအမ်အေဦးမောင်ကြီး | (မြန်မာပြည် အမျိုးသားအပျော်တမ်းရဲတပ် ဗိုလ်ချုပ်ကြီး ရန်ကုန်၊ ကွယ်လွန်။) |
| ဆရာဦးထွန်းမောင် | (အငြိမ်းစား-ဗဟိုအမျိုးသား အထက်တန်း ကျောင်း - ကျောင်းဆရာ (ကွယ်လွန်) မန္တလေး) |

| | |
|---|---|
| ဆရာဗိုလ်ခင်မောင်ကလေး | (ပြည်ထဲရေးဝန်ကြီးဟောင်း နိုင်ငံ့ဂုဏ်ရည် ပထမဆင့်) ရန်ကုန်၊ ကွယ်လွန်။ |
| ဒေါ်မြတင် | (ဗဟိုအမျိုးသား အထက်တန်းကျောင်း–ကျောင်းရုံးစာရေး– ကျောင်းငွေကိုင်)။ |
| ဒေါ်တင်လှ | (မန္တလေး အမျိုးသားပြတိုက်မှူး အငြိမ်းစား) |
| ဦးစောလှ | (အရှေ့တိုင်း နို့ဆီလုပ်ငန်း လက်ဆည်ကန်) |
| ဦးညီ | (အထက်တန်းရှေ့နေ သိက္ခာတော်ရ တရားဌာနဝန်ထမ်း ၂၇လမ်း မန္တလေး။ |
| လူထုဦးလှ | (သတင်းစာဆရာ – စာရေးဆရာ) မန္တလေး ကွယ်လွန် |
| လူထုဒေါ်အမာ | (သတင်းစာဆရာ – စာရေးဆရာ) မန္တလေး |
| ဆရာတော်ဦးကုသလ | (မန္တလေးရဟန်းပျိုအဖွဲ့ အကျိုးတော်ဆောင်) မပျံလွန်ခင် ၅–နှစ်ခန့်က မန္တလေးပသီဦးစိုးအား ပြောပြချက်ကို တိတ်ခွေနဲ့သွင်းယူထားပါတယ်။ အဲဒီတိတ်ခွေမိန့်ခွန်းကို ပသီဦးစိုးထံမှ ရရှိဖော်ပြပါတယ်။ |
| ဦးညွန့်အောင် – | (အငြိမ်းစား–လယ်–စိုက်–ရှင်း အထူးအရာရှိ) ရန်ကုန်။ |

## ၁၉၄၅ခု၊ သာစည်ဗမာက–ကြားဖြတ်ညီလာခံ

### ကြားဖြတ်ညီလာခံ ခေါ်ဆိုရတဲ့အကြောင်း

ဒီကြားဖြတ်ညီလာခံကို ဘာကြောင့်ခေါ်ရသလဲဆိုတဲ့အကြောင်းကို အခု စာရေးနေတဲ့အချိန် လိုက်လေ့လာတော့ ဒုဥက္ကဋ္ဌဦးအောင်စိန်ကို အရေးယူဖို့ ကိစ္စပေါ်လာပါသတဲ့၊ အဲဒါကြောင့် ဒီကြားဖြတ်ညီလာခံကို ကျင်းပလိုက်ရတယ် ဆိုပဲ။

၁၉၄၆ခုနှစ်၊ စက်တင်ဘာလ(၂၁၊ ၂၂)ရက်နေ့မှာ သာစည်တွင် ဦးစီး ညီလာခံ ကျင်းပတယ်။ ဒါပေမယ့် ဗမာက အမှုဆောင် အစည်းအဝေးကို (၂၀)ရက်နေ့မှာ ပျော်ဘွယ်မှာ အရင်ထိုင်လိုက်ပါတယ်။ အဲဒီမှာ ဗမာက ဒုဥက္ကဋ္ဌ ဦးအောင်စိန်ကို သူ့လုပ်ရပ်တွေ ထောက်ပြပြီး သူ့အား အဖွဲ့က ဝမ်းနည်းစွာနဲ့ အနားယူခိုင်းလိုက် ပါတယ်။

၁၉၄၅ခု၊ ဒီဇင်ဘာလတွင် ပျဉ်းမနားမှာ ဗမာမွတ်စလင်မျက်နှာစုံညီ ညီလာခံကျင်းပမယ့်အကြောင်းဟာ လမ်းပန်းဆက်သွယ်မှု အခက်ခဲတွေကြောင့် ကျမ်းပြုသူတို့ရဲ့ ကသာမြို့သို့ သတင်းမရောက်ခဲ့ပါ။

အဲဒါကြောင့် ပျဉ်းမနားညီလာခံသို့ ကသာမြို့ကတစ်ယောက်မှ တက်ရောက်နိုင်ခြင်း မရှိခဲ့ပါ။ ညီလာခံပြီးတော့မှပဲ ယင်းပျဉ်းမနားညီလာခံကြီးမှာ ဗမာမွတ်စလင် ကွက်ဂရက်အဖွဲ့အစည်းကြီး ဖွဲ့စည်းပြီးကြောင်းကို သိလိုက်ရ ပါတယ်။

အဲဒီတော့မှ ကသာမှာလဲ ခရိုင်ဗမာမွတ်စလင် ကွန်ဂရက်အဖွဲ့ကို ဖွဲ့လိုက်နိုင်ပါတယ်၊ ဒီအဖွဲ့မှာ နာရီဆရာ ဦးအိစမ်အင်(ကွယ်လွန်)က ဥက္ကဋ္ဌ၊ ကျမ်းပြုသူက ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးက ကိုဘကြည်(အငြိမ်းစား ဗိုလ်ကြီးဘကြည်)၊ ကိုလှကြိုင် (အငြိမ်းစာ–ဒု–ဗိုလ်မှူးကြီးအောင်ကြိုင်)၊ ကိုရီ (မန္တလေးပီကင်းမွတ်စလင် စားပွဲရုံပိုင်ရှင်ဦးရီ) ဦးလှရွှေ (တောခိုဗကပကျဆုံး)၊ ကိုချစ်မောင်(ကသာရွှေဒင်္ဂါးပရဆေးဆိုင်ပိုင်ရှင်) စတဲ့သူများဟာ အမှုဆောင်များ ဖြစ်ကြပါတယ်။

ဒီအချိန်မှာ ကျမ်းပြုသူဟာ ကသာခရိုင် ဖ၊ ဆ၊ ပ၊ လ ဥက္ကဋ္ဌနဲ့ အလံနီ ကွန်မြူနစ်ပါတီ ခရိုင်ကော်မတီဝင်အဖြစ် တစ်ချိန်တည်းမှာ တာဝန်နှစ်ခုကို ပူးတွဲဆောင်ရွက်နေချိန် ဖြစ်ပါတယ်။

ကျမ်းပြုသူ အနေနဲ့ ကသာမြို့တွင် ဗ၊ မ က အဖွဲ့ကို ခေါင်းဆောင် ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် မြစ်ကြီးနားနဲ့ ဗန်းမော်သို့လဲ သွားရောက်ပြီး ဗ၊ မ၊ ကအဖွဲ့များကို တာဝန်ယူ ဖွဲ့စည်းပေးခဲ့ပါတယ်။

* * *

၁၉၄၆ ခုနှစ် စက်တင်ဘာလ (၂၁–၂၂ )ရက်များတွင် သာစည်မှာ ဗမာမွတ်စလင် ကွန်ဂရက်ရဲ့ ကြားဖြတ်ညီလာခံ တစ်ရပ်ကို ကျင်းပပါတယ်။

ဒီညီလာခံသို့ ကသာခရိုင်ကိုယ်စားလှယ်အဖြစ် ကျမ်းပြုသူ တက်ရောက်ခဲ့ပါတယ်။ မှတ်မိသလောက် ပြောရရင် ဒီညီလာခံကို အထက်မြန်မာပြည် ကသာမြို့က ကျမ်းပြုသူ၊ ရွှေဘိုမှ ဆရာချယ်၊ ဗိုလ်ဘလှ (တတိယပတ် မင်္ဂလာဒုံ–စစ်တက္ကသိုလ်ဆင်း၊ တောခိုဗကပ ကျဆုံး)၊ မန္တလေးခရိုင် ဦးသန်းရွှေ၊ ကိုလေးမောင်(ဘုံးအိုး–တောခိုအလံနီကျဆုံး) ကိုဟန်ညွန့် (မန္တလေး အလံနီ ခေါင်းဆောင်)တို့ လောက်ကိုသာ မှတ်မိပါတယ်၊ အထက်မြန်မာပြည်က ကိုယ်စားလှယ်အဖွဲ့ဝင်များဟာ ၂၀ ကျော်ပါမယ်။

ရွှေဘိုက တက်လာတဲ့ ဆရာချယ်နဲ့ အဖွဲ့ဝင်တွေ အများစုဟာ မြန်မာပြည်ကွန်မြူနစ် ပါတီဝင်တွေပါ။ ကသာနဲ့ မန္တလေးက ကိုယ်စားလှယ်တွေ ထဲက အများစုဟာ အလံနီကွန်မြူနစ်ပါတီဝင်တွေပါ။

**အယုံအကြည်မရှိအဆိုတင်ခြင်း**

ပျဉ်းမနားညီလာခံနဲ့ သာစည်ညီလာခံအကြား (၉)လခန့်ကြာခဲ့ပြီ ဖြစ်ပေမယ့်၊ ဌာနချုပ် အမှုဆောင်များဟာ အလုပ်မလုပ်ဘဲ ရှိနေကြောင်း တွေ့ရပါတယ်။ ဥက္ကဋ္ဌဆရာကြီး ဦးရာဇတ်ကတော့ မန္တလေးမှာ ရှိနေပါတယ်။ အထွေထွေအတွင်းရေးမှူး လုပ်သူမစ္စတာလတစ်ခန် (ဦးခင်မောင်လတ်)မှာ မစ္စတာ နေဇာမိထံတွင် စာရေးအဖြစ် ဝင်ရောက်အလုပ်လုပ်နေတုန်းပါ။

အထက်မြန်မာပြည်က ခေါင်းဆောင်တစ်စုက စုစည်းတိုင်ပင်ကြကာ ဗ၊ မ၊ က ဌာနချုပ် အမှုဆောင်အဖွဲ့ အပေါ် အယုံအကြည်မရှိ အဆိုကို တင်လိုက်ပါတယ်။

အဲဒီဌာနချုပ် အမှုဆောင်အဖွဲ့ကို အကျိုးအကြောင်းပြ ဝေဖန်သူမှာ ကိုဟန်ညွန့်ပါ။ တစ်မနက်လုံး အချက်ကျကျ ဝေဖန်ပါတယ်။ သူဟာ အမိက စကားပြောသူပါ။ စကားပြောကောင်းသူမို့လဲ ညီလာခံတစ်ခုလုံး

ငြိမ်ပြီးနားထောင်နေကြပါတယ်။ သူက တိုင်းပြုပြည်ပြု လွှတ်တော်အား သပိတ်မှောက်ရန်လည်း ထည့်သွင်းဆွေးနွေးတင်ပြပါတယ်။ ဒါပေမယ့် ဒါကို အဆိုတစ်ခုအဖြစ် တင်သွင်းတဲ့ သဘောတော့ မဟုတ်ပါ။ အမှုဆောင်အဖွဲ့ကို အယုံအကြည်မရှိအဆိုကိုတော့ ကိုဟန်ညွန့်ပဲ တင်တယ်လို့ ကျမ်းပြုသူ ထင်ပါတယ်။ အတိအကျတော့ မမှတ်မိတော့ပါ။ ဆရာချယ်ကတော့ အဲဒီအဆိုကို သူတင်တယ်လို့ သူ့ရဲ့ ကျွန်ုပ်အကြောင်းမှ သိကောင်းစရာများ စာအုပ်မှာ ရေးသားဖော်ပြထားပါတယ်။

## အဆိုပြန်ရုပ်သိမ်းခြင်း

ဒါပေမယ့် ဒီအဆိုကို ပြန်ရုပ်သိမ်းသူက ကျမ်းပြုသူ ကိုယ်တိုင်ပဲဖြစ်တယ် ဆိုတာ ကောင်းကောင်းမှတ်မိနေပါတယ်။ ကျမ်းပြုသူတို့အနေနဲ့ ဒီအဆိုကို တင်လိုက်တော့ ဗ၊ မ၊ က ဌာနချုပ် အလုပ်အမှုဆောင် အဖွဲ့အနေနဲ့ မမျှော်လင့်တဲ့အဆိုကို ရင်ဆိုင်ရတဲ့အတွက် မိုးကြိုးပြိုကျသလို အံ့အားသင့်သွားပြီး ကသိကအောက် ဖြစ်သွားကြပါတယ်။ ဆရာချယ် ရေးတဲ့ ကျွန်ုပ်အကြောင်းမှ သိကောင်းစရာများစာအုပ် စာမျက်နှာ ၂၃၅ တွင် "တချို့ အမှုဆောင်များ မျက်ရည်ပင် ကျကြကြောင်း ကြားသိခဲ့ရသည်ဟူ၍ ဖော်ပြခဲ့ပါတယ်။ ကျမ်းပြုသူ ကတော့ အမှုမဲ့ အမှတ်မဲ့မို့ သတိမထားမိလိုက်ပါ။

နယ်ကိုယ်စားလှယ်များလဲ ဒီအဆိုနဲ့ ပတ်သက်ပြီး စိတ်မကောင်း ဖြစ်ကြတယ်ဆိုတာ နားလည်လိုက်ပါတယ်။

ကျမ်းပြုသူတို့က ဆရာကြီးဦးရာဇတ်ဟာ ဗ၊ မ၊ က ဌာနချုပ် ဥက္ကဋ္ဌ ဖြစ်ပေမယ့် မန္တလေးမှာ နေရတဲ့အတွက် ဌာနချုပ်လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိ၊ ဒီအတွက် ဆရာကြီးအား ကျမ်းပြုသူတို့ အစုက ခွင့်လွှတ်နိုင်သော်လည်း ဆရာကြီးကိုကွက်ချန်ထားပြီး ကျန်တဲ့အမှုဆောင် အဖွဲ့ဝင်များကိုသာ အယုံအကြည်မရှိကြောင်း အဆိုတင်လိုပါတယ်။

ဒါပေမယ့် ဆရာကြီးဟာ ဥက္ကဋ္ဌဖြစ်တဲ့အတွက် လက်ညှိုးထိုးမယ်ဆိုရင် သူ့မှာပိုပြီး တာဝန်ရှိတယ်လို့ ဆိုရမှာပဲ မဟုတ်ပါလား။ ဒါကလဲ အဖွဲ့အစည်း တစ်ခုရဲ့ သဘာဝပဲဖြစ်တယ်။ ဆရာကြီးကိုသာ အယုံအကြည်ရှိပြီး ကျန် အမှုဆောင်များကို အယုံအကြည်မရှိဘူးဆိုရင် အထက်မြန်မာပြည်သား အချင်းချင်းမို့ ခွင့်လွှတ်ပြီး ကျန်အမှုဆောင်အဖွဲ့ပေါ် အယုံအကြည်မရှိကြောင်း ကွက်ပြီး တင်ပြခဲ့ရင် ဂိုဏ်းဂဏဆန်ရာ ကျမယ်။

ကျမ်းပြုသူတို့အဆိုနဲ့ ပတ်သက်လို့ တခြားနယ်ကိုယ်စားလှယ်တွေကလဲ သံသယဝင်မယ်၊ သဘာဝမကျတဲ့ အဆိုဖြစ်တယ်လို့ ယူဆမယ်။ အဲဒီအခါမှာ ကျမ်းပြုသူရဲ့ အဆိုကို ထောက်ခံဖို့ အင်မတန် အားနည်းသွားပေလိမ့်မယ်။

အခုလို ဆရာကြီးကို ခွင့်လွှတ်နိုင်ပေမယ့် ဌာနချုပ်ဥက္ကဋ္ဌမို့ အမှုဆောင်တစ်ရပ်လုံးကိုပါ ထည့်သွင်းကာ အယုံအကြည်မရှိကြောင်း အဆိုတင်သွင်းရပါတယ်။

ဌာနချုပ် ကိုယ်စားလှယ်တွေ အနေနဲ့ လက်တွေ့ အလုပ်မလုပ်နိုင်သေးတာကို ကျန်နယ်ကိုယ်စားလှယ်တွေကလဲ မြင်ပါတယ်။ တကယ်လို့ မဲခွဲခဲ့ပါရင် ဌာနချုပ်အမှုဆောင်အဖွဲ့ တစ်ခုလုံး ပြုတ်သွားမှာ မြေကြီးလက်ခတ်မလွဲပါ။

အဲဒါကြောင့် ဒီအယုံအကြည်မရှိအဆိုကို မဲခွဲဆုံးဖြတ်တဲ့အထိ မဆောင်ရွက်ကြပဲ ညှိနှိုင်းလို့သာ ပြဿနာကို ကျော်လွှားသွားဖို့ အမှုဆောင်အဖွဲ့က လိုလားကြတယ်။

မျက်ရည်ကျသူလဲ ကျပါသတဲ့။

ဆရာချယ်ရေးတဲ့ အထက်ပါစာအုပ် စာမျက်နှာ (၂၃၈)မှာ "စင်စစ်အားဖြင့် ဌာနချုပ် အလုပ်အမှုဆောင် အဖွဲ့က တက်တက်ကြွကြွ၊ အလုပ်လုပ်စေချင်သည်မှာတော့ တစ်ညီတစ်ညွတ်တည်း ဖြစ်ခဲ့ကြသည်"လို့ ဖော်ပြခဲ့ပါတယ်။

## ကျမ်းပြုသူတို့ ဘယ်ရည်ရွယ်ချက်နဲ့ အယုံအကြည်မရှိအဆို တင်သလဲ

အယုံအကြည်မရှိ အဆိုတင်တဲ့အထဲက တချို့ဆရာချယ်ရေးသလို သဘောမျိုး ခံယူချက်လဲ ရှိချင်ရှိပေမယ်။

ဆရာချယ်တို့ ရွှေဘို ဗ၊ က၊ မ ဝင်တွေနဲ့ ကျန်အထက်မြန်မာပြည်ကိုယ်စားလှယ်အများစုက ဌာနချုပ်ကိုယ်စားလှယ်များ အလုပ်မလုပ်တဲ့အတွက် ရိုးရိုးသားသားသဘောရိုးနဲ့ အယုံအကြည်မရှိ အဆိုတင်တာပါပဲလို့ ဆိုရပါမယ်။

ဒါပေမယ့် ပြောရရင် ကျမ်းပြုသူတို့ အလံနီခေါင်းဆောင်များဖြစ်တဲ့ ဗ၊ မ၊ က ကိုယ်စားလှယ်တွေကတော့ ဌာနချုပ် အမှုဆောင်အဖွဲ့ အလုပ်လုပ်လာဖို့ စေတနာမေတ္တာ ရှေ့ထားပြီး အယုံအကြည်မရှိ အဆိုတင်တာ မဟုတ်ပါဘူး။

၁၉၄၆ ခု၊ ဖေဖော်ဝါရီလမှာ ကျင်းပတဲ့ မြန်မာပြည် ကွန်မြူနစ်ပါတီ ညီလာခံမှာ ပါတီ (၂) ခြမ်း ကွဲသွားပါတယ်။ သခင်စိုးခေါင်းဆောင်တဲ့ အလံနီ ကွန်မြူနစ်ပါတီနဲ့ သခင်သန်းထွန်း၊ ဦးသိန်းဖေ (နောင်အခါမှာ ဦးသိန်းဖေမြင့်ဖြစ်လာသူ) တို့ ခေါင်းဆောင်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ (အလံနီအခေါ် အလံဖြူကွန်မြူနစ်ပါတီ) ရယ်လို့ ဖြစ်လာပါတယ်။

အဲဒီလို ပါတီကွဲလိုက်တော့ ပါတီက ဦးစီးထားတဲ့ အလုပ်သမား လယ်သမားစတဲ့ လူတန်းစား အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများလဲ လိုက်ပြီးတော့ ကွဲသွားရတယ်လေ။

အလံနီ အနေနဲ့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ထဲကလဲ အထုတ်ခံရတယ်။ အဲဒီတော့ အလံနီတွေဟာ ရှိသမျှ အဖွဲ့အစည်းများ၊ လူတန်းစား အဖွဲ့အစည်းများ မှာ နေရာယူထားတဲ့ ဗ၊ က၊ ပ ခေါင်းဆောင်တွေကို တိုက်ထုတ်ပစ်ဖို့ မဟာတာဝန်ကြီး ဖြစ်နေတယ်။ ဗ၊ က၊ ပ အချောင်သမားတွေရှိနေရင် ဘယ်တော့မှ အောင်ပွဲဆင်နိုင်မှာ မဟုတ်ဘူး၊ အချောင်သမားတွေကို တိုက်ထုတ်ပစ်ရမယ်လို့ပဲ ခံယူချက်ရှိပြီး ရောက်ရာ အဖွဲ့အစည်းများထဲမှာ တိုက်ပွဲဆင်နေသူတွေပေါ့။

ဒီတော့ ဗ၊ မ၊ က ဌာနချုပ်မှာ အဓိက ဗ၊ က၊ ပ ခေါင်းဆောင်တစ်ဦး ဖြစ်တဲ့ ကိုကြွယ်ဝ (ခေါ်) ကိုညွှန့်မောင်ရှိနေတယ်။ သူနဲ့ တစ်နွယ်ငင် တစ်စင်ပါနေတဲ့ သူတွေလဲ ရှိနေနိုင်တယ်။ ဆိုလိုတာက သူ့ညြဇာခံတွေပဲ၊ အဲဒါကြောင့် "ဌာနချုပ် အမှုဆောင်အဖွဲ့တစ်ခုလုံးကိုပါ အယုံအကြည်မရှိဘူး" လို့ ကျမ်းပြုသူတို့ အလံနီ အစုက ခံယူပြီး အဲဒီအဆိုကို တင်ရတာ ဖြစ်ပါတယ်။

အထက်မြန်မာပြည် ကိုယ်စားလှယ်တွေကိုကြည့်ရင် မန္တလေးခရိုင် အနေနဲ့ ဘုံးအိုး ကိုလေးမောင် (တောခို- အလံနီကျဆုံး) ကိုဟန်ညွှန့်၊ ကသာခရိုင်အနေနဲ့ ကျမ်းပြုသူ။

ဒီအချိန်က ဆရာချယ်ဟာ ကနဦး ဗမာပြည် ကွန်မြူနစ် ပါတီဝင်ပါ။ ကွန်မြူနစ်ပါတီ ကွဲသွားတော့ သူဟာ အလံနီကွန်မြူနစ်ပါတီဝင် ဖြစ်လာ ပြန်တယ်။ ဒါပေမယ့် နောက်ပိုင်းတော့-

အလံနီကွန်မြူနစ်ပါတီသည် အောင်မြင်မည်မဟုတ်ကြောင်း

ကျွန်တော်တို့ လက်တွေ့လုပ်နေဆဲ အတွေ့အကြုံ အမြင်များ၏

အတိုင်းအတာအရ ယုံကြည်သဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီကို ထောက်ခံကာ ပြန်လည်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

အဲဒီလို ကျွန်ုပ်အကြောင်းမှ သိကောင်းစရာများစာအုပ် စာမျက်နှာ (၂၄၀)မှာ ဖော်ပြထားပါတယ်။ အလံနီကနေ ဗ၊ က၊ ပ ဖြစ်သွားပြန်ပါတယ်။ ဆရာချယ်ဟာ ဗ၊ က၊ ပ အဖြစ်နဲ့ သာစည်ညီလာခံ တက်ရောက်ခြင်းပါ။

ဒါပေမယ့် အလံနီတစ်စုရဲ့ စည်းရုံးမှုအောက်မှာ အထက်မြန်မာပြည် ကိုယ်စားလှယ်များ အများစုက ကျမ်းပြုသူတို့နဲ့အတူပဲ ဒီအယုံအကြည်မရှိ အဆိုကို တင်လိုက်ခြင်းပါ။

အဲဒီမှာ ဌာနချုပ် အမှုဆောင်အဖွဲ့ဝင် နှစ်ဦးဟာ အထက်မြန်မာပြည် အစုနဲ့ လာတွေ့ ဆွေးနွေးပါတယ်။ အကယ်၍သာ အယုံအကြည်မရှိ အဆိုကြောင့် သူတို့ ဗ၊ မ၊ က အမှုဆောင်အဖွဲ့က ပြုတ်သွားရင် ဖ၊ ဆ ပ၊ လအနေနဲ့ သူတို့ကို တာဝန်ကြီးကြီးပေးဖို့ လျာထားချက်ဟာ အလိုလိုရပ်ဆိုင်းပြီးသား ဖြစ်သွားပါမယ်၊ အဲဒီအတွက် စိုးရိမ်မှုနဲ့ အယုံအကြည်မရှိ အဆိုဂ ရုပ်သိမ်းပေးဖို့ မေတ္တာရပ်ခံကြတယ်။

ဒီအယုံအကြည်မရှိအဆိုကို တင်သာတင်ရပါတယ်။ တကယ်က အိမ်တစ်အိမ်ကို ဖျက်ချရင် ချက်ချင်း အိမ်တစ်အိမ်အသစ်ကို **အစားထိုးရပါမယ်။**

ဒါဟာ သဘာဝပဲ။ နို့မို့ရင် အဲဒီအိမ်ဟောင်းမှာ နေခဲ့တဲ့သူတွေ ဘယ်မှာ သွားနေမလဲ၊ ချက်ချင်းပြန်ဆောက်ပေးမှ နေနိုင်မယ် မဟုတ်ပါလား။

အမှုဆောင်ဟောင်းတို့ကို ဖြုတ်ချလိုက်ပါပြီပဲထား၊ အဲဒီနေရာမှာ အဆိုရှင်တွေအနေနဲ့ ရန်ကုန်သွားပြီး တာဝန်ယူနိုင်မှာတဲ့လား၊ ဘယ်သူမှတာဝန် သွားမယူနိုင်ပါဘူး။

အလံနီပါတီကို ကြည့်လိုက်ရင် ပါတီကွဲသွားပြီးတော့ အလံနီဘက် ပါလာတဲ့သူဟာ လူနည်းစုသာ ဖြစ်တယ်။ အဲဒီတော့ ပါတီဝင်အားဟာ နည်းပါတယ်။ နည်းနည်းနဲ့ ကျဲကျဲဝိုင်းနေရတဲ့ ကာလဖြစ်တယ်။ အဲဒါကြောင့် ဗ၊ မ၊ က တာဝန်ကို အဓိကထားပြီး၊ တာဝန်ယူနိုင်တဲ့ အနေအထား မရှိပါ။

(အဲဒီတုန်းက အခြေအနေကို အခုအမြင်နဲ့ ပြန်သုံးသပ်ကြည့်တဲ့အခါ ကျမ်းပြုသူတို့ အလံနီအစုဟာ အဖျက်လုပ်ငန်း တစ်ခုကို သွားလုပ်တာကလွဲရင် ဘာမှမရှိဘူး၊ အလံနီနဲ့ ဗ၊ က၊ ပ တိုက်ပွဲကို ဒီ ဗ မ က ထဲထိ သယ်ဆောင်လာပြီး တိုက်ပွဲဆင်ခြင်းမျှသာ ဖြစ်ပါတယ်။)

အဲဒါကြောင့် အားလုံးတိုင်ပင်ပြီး ဒီအယုံအကြည်မရှိအဆိုကို ကျမ်းပြုသူကပဲ ပြန်လည်ရုပ်သိမ်းကြောင်း ထပြီး ပြောကြားလိုက်ပါတယ်။

"(၁) ၁၉၄၆ ခုနှစ် ညီလာခံတွင် ဗ မ က ၏ ဖွဲ့စည်းပုံစည်းမျဉ်းကို တင်ပြရန် (၂) နယ်အဖွဲ့ခွဲများနှင့် အမြဲတစေ ဆက်သွယ်မှုပြုနေရန်နှင့် (၃) ဌာနချုပ်ရုံးကို စနစ်တကျ ဖွင့်ပြီး အလုပ်လုပ်ရန် သဘောတူ ကတိပြုလျှင် တင်ထားသော အယုံအကြည်မရှိအဆိုကို ပြန်လည်ရုပ်သိမ်းရန် ညှိနှိုင်း သဘောတူခဲ့ကြပါသည်" လို့ ဆရာချယ်ရေး ကျွန်ုပ်အကြောင်းမှ သိကောင်းစရာများ ဆိုတဲ့စာအုပ် စာမျက်နှာ ၂၃၈ မှာ ဖော်ပြထားပါတယ်။ အဲဒီလို ကတိခံယူချက်များ တောင်းယူခဲ့တယ်ဆိုတာကို ကျမ်းပြုသူ မမှတ်မိတော့ပါ။ တကယ်တန်း ပြောရရင် ဒီအချက်တွေပေါ်မှာ အလေးမထားခဲ့လို့ပါပဲ။

ဒီတုန်းက ကျမ်းပြုသူတို့ကတော့ ဗ မ က ထဲရှိ သခင်သန်းထွန်းရဲ့ ဗမာပြည် ကွန်မြူနစ်ပါတီထဲက ပါတီခေါင်းဆောင် ကိုကြွယ်ဝ(ခေါ်) ကိုညွှန့်မောင်နဲ့ သူ့သြဇာခံများကို တိုက်ထုတ်ပစ်ဖို့ပဲ အဓိက ပစ်မှတ်ဖြစ်နေလို့ပါ။

အရင်ကလို ဗ၊ မ က ဌာနချုပ် အမှုဆောင်အဖွဲ့ဟာ အလုပ်မလုပ်ဘဲ မနေကြဖို့ တိုက်တွန်းရင်း အဆိုကို ရုပ်သိမ်းလိုက်ပါတယ်ဆိုတဲ့ စကားအဆုံးမှာ။

ဆရာကြီးဦးရာဇတ်က–

"ဘယ်သူ က မလုပ်ဘဲ ထိုင်နေမှာမို့လဲ"ဆိုပြီး မျက်နှာရှုတင်းတင်းနဲ့ ခနဲ့တဲ့တဲ့ ပြောလိုက်တဲ့ စကားကို ဒီနေ့ထိ ကျမ်းပြုသူ ကြားယောင်နေမိပါတော့တယ်။

အယုံအကြည်မရှိ အဆိုကို ပြန်လည်ရုပ်သိမ်းလိုက်တော့မှပဲ မရွှင်မပြမပြုံးနိုင်တဲ့ မျက်နှာများ လန်းဆန်းရွှင်ပြုံး လာပါတော့တယ်။ အထူးသဖြင့် မစ္စတာလတစ်ခန်နဲ့ ဦးဖေခင်တို့ မျက်နှာတွေဟာ တခြားလူတွေထက် ပို့ပြီးရွှင်မြူးကြည်လင် လာပါတော့တယ်လို့ သတိထားမိလိုက်တယ်။

ဗဟိုအမှုဆောင်များရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးဦးရာဇတ်က မိမိတို့အနေနဲ့ ရှေ့တွင် တာဝန်ကျေကျေ ဆောင်ရွက်သွားမယ့်အကြောင်း ကတိပေး ပြောကြားပါတယ်။ ညီလာခံ ပြီးဆုံးသွားတဲ့အတွက် မိမိတို့ဒေသများသို့ ကိုယ်စားလှယ်များ ထွက်ခွာသွားကြပါတော့တယ်။

## မန္တလေးတွင် စည်းမျဉ်းဥပဒေရေးဆွဲခြင်း

ဗ မ က မှာ စည်းမျဉ်းဥပဒေ တိတိကျကျ မရှိသေးလို့ ဗ မ က စည်းမျဉ်း ဥပဒေမူကြမ်းကို ရေးဆွဲပြီးနောက် ကျင်းပမယ့် ညီလာခံမှာ တင်ပြဖို့လိုတယ်။ အဲဒါကြောင့် မန္တလေးခရိုင် ဗ၊ မ၊ က မှာ ဗ၊ မ၊ က စည်းမျဉ်းရေးဆွဲဖို့ အစည်းအဝေးကို ပြည်ကြီး ကျက်သရေရပ် ကလာဂ ရေဒီဝင်းရှိ ဒေါက်တာမရွှေဒွင်(ခေါ်) ကေဘာစိန်အိမ်မှာ ထိုင်ကျင်းပတယ်။ ဆရာကြီးဦးရာဇတ် ဦးသာဒွန်း၊ ဦးဘစိန်၊ ဦးဘသော်(အငြိမ်းစားကျောင်းအုပ်ကြီး) ကိုလေးမောင် (အလံနီအဖြစ် တောခိုကျဆုံး) ဆရာချယ် (ရွှေဘို)တို့နဲ့ ထိုင်ကြတယ်။

အဲဒီအစည်းအဝေးမှာ ဆရာကြီးဦးရာဇတ်က ဥက္ကဋ္ဌ၊ ဦးသာဒွန်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်တယ်။ အဲဒီမယ် စည်းမျဉ်းရေးဆွဲဖို့ ကိုလေးမောင်နဲ့ ဆရာချယ်တို့ကို ရွေးချယ် တာဝန်ပေးလိုက်တယ်။

နောက် အဲဒီအစည်းအဝေးမှာပဲ ကိုလေးမောင်က ဖဆပလမှ ဗ မ က နုတ်ထွက်ရန် အဆိုတင်သွင်းခိုင်းတယ်။ အဲဒီမှာ ဆရာကြီးက ထွက်ဖို့ မသင့်ကြောင်း၊ တစ်မျိုးသားလုံး သွေးစည်း ညီညွတ်ရန် လိုအပ်နေချိန် ဖြစ်ကြောင်းတို့ကို ဆွေးနွေးတင်ပြပါတယ်။ အဲဒီလို ဆရာကြီးဦးရာဇတ်က ဖျောင်းဖျပြောတော့ ကိုလေးမောင်လဲ သူ့အဆိုအတွက် အကြောက်အကန် မလုပ်တော့ပါဘူးတဲ့။

၁၉၄၆ ခုနှစ် ၄၇ ခုနှစ်အစ မန္တလေးခရိုင်မှာ ဗမာမွတ်စလင် ကွန်ဂရက် အစည်းအဝေး ကျင်းပတယ်။ အဲဒီမှာ လူကြီးတွေကို ဖြုတ်ချလိုက်ပါတယ်။ အဲဒါကြောင့် ဗ၊ မ၊ က လူကြီးဟောင်းတွေက လျှို့ဝှက်အစည်းအဝေးလုပ်ဖို့ ဆရာကြီးဦးရာဇတ်ကို တိုင်ပင်ပါတယ်။ မန္တလေး ဗ၊ မ၊ ကမှာ အလံနီတွေချည်းဖြစ်တယ်။ ဒါကြောင့် ဒီလူငယ်တွေနဲ့ မပေါင်းဖို့ တိုက်တွန်းတယ်။ အဲဒီမယ် ဆရာကြီးက "ဒီလူငယ်တွေဟာ နိုးကြားရေးစတင်ဖွဲ့စည်းကတည်းက လုပ်လာတဲ့သူတွေပါ။ ဒီလူငယ်တွေဟာ ကျွန်တော်တို့ကို ချောက်ချဖို့ မလုပ်ပါဘူး။ ချောက်တွန်းတဲ့ အလုပ်မျိုးလဲ မလုပ်ခဲ့ကြပါဘူး။ ပြီး ကျွန်တော့်အပေါ် လုံးဝယုံကြည်မှု ရှိနေတယ်။ ဘယ်ခါမဆို ကျွန်တော်နဲ့တိုင်ပင်ပြီး လုပ်လေ့ရှိတယ်"လို့ ဆရာကြီးက ရှင်းပြလိုက်ပါတယ်။

**စက္ကူဖြူကန့်ကွက်ပွဲ**

၁၉၄၆ ခု စက်တင်ဘာလ ၂၈ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး ဘုရင်ခံ အတိုင်ပင်ခံ အစိုးရအဖွဲ့ထဲကို ဝင်လိုက်တယ်။ အစိုးရအဖွဲ့ထဲဝင်ပြီး နှစ်ရက်အကြာ စက်တင်ဘာလ ၃၀ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖဆပလအဖွဲ့က စက္ကူဖြူစာတမ်းကို စတင်ကန့်ကွက်တဲ့ပွဲကို ပြုလုပ်ကြပါတယ်။ တစ်ပြည်လုံးမှာ တစ်ချိန်တည်း အုတ်အော်သောင်းနင်း ကျင်းပကြပါတယ်။

ဒါဟာ ကမ္ဘာမှာ မရှိတဲ့ လုပ်ရပ်တစ်ခုလို့ ဆိုချင်ပါတယ်။ ကိုယ့်အစိုးရကို ကိုယ့်အစိုးရအဖွဲ့ ဝန်ကြီးများကိုယ်တိုင် ပါဝင်ကန့်ကွက် ဆန္ဒပြပွဲဆင်နွှဲပါသတဲ့။ လူထုကန့်ကွက်ဆန္ဒပြ ချီတက်ပွဲကို ခြိမ့်ခြိမ့်သဲအောင် ကျင်းပရခြင်းဟာ ထူး၍ဆန်းနေပါတယ်။ ဘယ်နိုင်ငံမှာမှ မရှိဘူးတဲ့ ကန့်ကွက်ပွဲမျိုးမို့ပါ။

**ဒီတစ်ခါလဲ ဆရာကြီးကို မတွယ်ချင်ပေမယ့် တွယ်ရပြန်ပါပြီ**

ကျမ်းပြုသူနှင့် အလံနီရဲနီတွေဟာ သာစည်ကြားဖြတ်ညီလာခံပြီးတော့ သာစည်ကပြန်လာပြီး မန္တလေး ရောက်တယ်။ မန္တလေးရောက်ရောက်ချင်း ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖဆပလက စက္ကူဖြူ တိုက်ဖျက်ရေး ဆန္ဒပြပွဲနှင့် လာကြုံနေပြန်တယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘုရင်ခံအတိုင်ပင်ခံ အစိုးရက ကိုယ့်အစိုးရကို ကိုယ်ပြန်ကန့်ကွက်ဆန္ဒပြပွဲမှာ အလံနီတွေက ဝင်ရောက်တိုက်ပွဲဝင်ဖို့ လုပ်တယ်။ ဒါနဲ့ ကျမ်းပြုသူတို့ သာစည်က ရဲနီတွေက ဝင်၍ တိုက်ပွဲဆင်ရပြန်တယ်။

ဒီတစ်ခါလဲ မဲ့ပြုံးကလေးနဲ့ ကြည်ညိုလေးစား ထိုက်ပါသော ဆရာကြီး ဦးရာဇတ်ကိုလည်းကောင်း၊ ချစ်ခင်လေးစားရပါသော စာပေဆရာ သတင်းစာဆရာ ဂျာနယ်ဆရာ လူထုဦးလှကိုလည်းကောင်း တွေ့ရပါပြီ။

ရန်ကုန်နှင့် အနယ်နယ်အရပ်ရပ်မှာ စက်တင်ဘာလ ၃၀ ရက် စက္ကူဖြူ စာတမ်း ကန့်ကွက်ပွဲကိုလုပ်သလို မန္တလေးမှာလဲ စည်စည်ကားကား ကျင်းပကြပါတယ်။ အိမ်တော်ရာဘုရားဝင်းထဲမှာ ကျင်းပတဲ့ လူထုဆန္ဒပြပွဲကြီးသို့ ရာထောင် သောင်းမက တက်ရောက်ခဲ့ကြပါတယ်။

## ရုတ်ရုတ်သဲသဲနဲ့ တစ်ပိုင်းတစ်စ

ဒီအချိန်က ဦးဝမ်းမောင်ခေါင်းဆောင်းတဲ့ ပုလိပ်သပိတ်အဖွဲ့ကြီးက ဖဆပလအဖွဲ့ကြီးရဲ့ ထောက်ခံမှုကို ရယူပြီး သပိတ်မှောက်ခဲ့ပါတယ်။ အဲဒီနောက် အမှုထမ်းပေါင်းစုံများ၊ အလုပ်သမားများဟာ သပိတ်တိုက်ပွဲထဲသို့ ရှေ့ဆင့်နောက်ဆင့်ဆိုလလို ပါဝင်လာခဲ့ကြပါတယ်။

အဲဒီလို ပုလိပ်အဖွဲ့က သပိတ်လက်နက် စွဲကိုင်ဆန္ဒပြတဲ့အတွက် သပိတ်မှောက် သပိတ်တားတဲ့ ပုလိပ်တွေကို ဖမ်းဆီးချုပ်နှောင် ထားခဲ့ပါတယ်။ အနယ်နယ်အရပ်ရပ်က ပုလိပ်သပိတ်ဝင်တွေကို ဖမ်းဆီးထားသလို မန္တလေးထောင်ကြီးထဲမှာ ပုလိပ်သပိတ်ဝင်တွေကို ဖမ်းဆီးဆဲပါ။

ထိုအချိန်က ဆရာကြီးဦးရာဇတ် ဝန်ကြီး မဖြစ်သေးပါ။

အခမ်းအနားကို စတင်လိုက်ပြီး စက္ကူဖြူစာတမ်း ဘာကြောင့် ကန့်ကွက်တယ် ဆိုတဲ့အကြောင်းကို ဆရာကြီးရာဇတ်က ပြည့်ပြည့်စုံစုံ ရှင်းပြပါတယ်။

သဘာပတိဆရာကြီးအနား ကပ်နေရာ ယူထိုင်နေတဲ့ အလံနီဒေါ်စောမြက သဘာပတိ မိန့်ခွန်းလဲပြောပြီးရော နေရာမှထပြီး "သဘာပတိကြီးရှင့် ကျွန်မနည်းနည်းပြောပါရစေ"လို့ ခွင့်တောင်းပါတယ်။ အခမ်းအနားမှူး လူထုဦးလှက မူလအစီအစဉ်မှာ မပါဝင်တဲ့အတွက် စကားပြောခွင့်ကို မပြုနိုင်ကြောင်း ရှင်းပြပါတယ်။

ဒေါ်စောမြက ဖမ်းထားတဲ့ ပုလိပ်သပိတ်ဝင်များနဲ့ နိုင်ငံရေးသမားများကို လွှတ်ပေးဖို့အတွက် မန္တလေးထောင်ကြီးကို သွားဝိုင်းဖို့ လူထုကြီးကို ဆွဲဆောင်ခေါ်ယူသွားဖို့ စီစဉ်ထားခြင်းပါ။ ဒါကို ဖဆပလခေါင်းဆောင်များက ရိပ်စားမိပါတယ်။

လူထုကြီးရှင့် ကျွန်မစကားပြောပါရစေလို့ သဘာပတိကြီးထံ ခွင့်တောင်းတာကို အတွင်းရေးမှူးက မူလအစီအစဉ်မှာ မပါတဲ့အတွက် ခွင့်မပြုနိုင်ပါကြောင်း ပြောပါတယ်ရှင့်။

## လူထုထဲခွဲ၍ နေရာယူထားသူများ

လူထုထဲ အရပ်ရှစ်မျက်နှာမှာ လူစုခွဲပြီး နေရာယူထားကြတဲ့ အလံနီများဖြစ်တဲ့ ကိုဖေသန်း၊ ကိုထင်ကျော်၊ ကိုဟန်ညွန့် မအမာနှင့်

ကျမ်းပြုသူ အပါအဝင် အလံနီတစ်စုက တစ်ယောက်ပြီး တစ်ယောက် ထပြီးပြောပါစေ၊ ဒေါ်စောမြကို ပြောခွင့်ပြုပါလို့ အော်ဟစ်ပြီး တောင်းဆိုကြပါတယ်။

ဒီလိုတောင်းဆိုကြတော့ တချို့လူထုကလဲ ဘုမသိ ဘမသိ "ပြောခွင့်ပြုပါလို့" တောင်းဆိုလာကြပါတယ်။ အလံနီတွေမှန်းသိကြတဲ့ ဖကပနဲ့ ဆိုရှယ်လစ်တွေကထပြီး၊ ပြောခွင့်မပြုဖို့ ကန့်ကွက်ကြပါတယ်။ ညီလာခံမှာ ပြောခွင့်ပြုပါ။ ပြောခွင့်မပေးနဲ့ဆိုတဲ့ ရုန့်ရင်းဆန်ခတ်မှု ဖြစ်လုဖြစ်ခင်မှာ အသံချဲ့စက် လက်ဝယ်ကိုင်ထားတဲ့ အခမ်းအနားမှူး လူထုဦးလှက ရဲနီကျော်ဟိန်း (ကျမ်းပြုသူ ဂျပန်ခေတ်လျှို့ဝှက်နာမည်)တို့ ကိုထင်ကျော်တို့၊ ဒေါ်အမာတို့ ကိုဟန်ညွန့်၊ ကိုအေးမောင်တို့ကို ကျွန်တော်နဲ့ ရင်းရင်းနှီးနှီး သိကျွမ်းသူများဖြစ်ပါတယ်။

ဒါပေမယ့် သဘာပတိကြီးရဲ့ ခွင့်ပြုချက်အရ ကန့်ကွက်ပွဲကို စတင်တော့မှာမို့ လေးယောက်တစ်တွဲ တန်းစီကြဖို့ မေတ္တာရပ်ခံပါတယ်လို့ အသံချဲ့စက်ဖြင့် ပြောကြားလိုက်ပါတယ်။

## အခမ်းအနား တစ်ပိုင်းတစ်စနဲ့ ချီတက်ပွဲစရခြင်း

ရုတ်ရုတ်သဲသဲ ဖြစ်နေတဲ့ လူထုကြီးကလဲ အသံချဲ့စက်ဖြင့် မေတ္တာရပ်ခံလိုက်တာနဲ့ တစ်ပြိုင်နက် လေးယောက်တစ်တွဲထ၍ တန်းစီလိုက်ကြပါတယ်။ လူထုဟောပြောပွဲလုပ်မယ့် အစီအစဉ်တွေ ရှိပါလျက်ကနဲ့ လူထုတွေ ရုတ်ရုတ်သဲသဲ ဖြစ်လာတာကြောင့် မူလအစီအစဉ် ဘာတစ်ခုမျှ မလုပ်လိုက်ရတဲ့ ချီတက်ပွဲ စလိုက်ရပါတယ်။

## ဒီတစ်ခါလဲဆရာကြီးတို့ လူထုဦးလှတို့ကို မတွယ်ချင်ဘဲ တွယ်ရပြန်ပြီ

အလံနီတွေက ရှေ့ဆုံးမှချီတက်ကြတဲ့ ဖဆပလ အမှုဆောင် လူကြီးများနောက်မှ ကပ်လိုက်ကြပါတယ်။ စက္ကူဖြူစာတန်း စီးမံချက်တို့ကို ကန့်ကွက်တယ်။ စက္ကူဖြူအစိုးရအဖွဲ့ အလိုမရှိ။ ဖဆပလအချောင်သမား ခေါင်းဆောင်တွေ အလိုမရှိ။ ဖမ်းထားတဲ့ ပုလိပ်သပိတ်ခေါင်းဆောင်တွေကို လွှတ်ပေး လွှတ်ပေး၊ ထောင်ကြီးထောင်ကြီး ဝိုင်းဝိုင်း၊ ဖဆပလ အစိုးရအလိုမရှိ။

အဲဒီလို ဆရာကြီး ဦးရာဇတ်တို့ နောက်ကကပ်လိုက်ပြီး ကြွေးကြော်ကာ လူထုချီတက်ပွဲကို ၁၃၀၀ ပြည့်နှစ် ချီတက်ပွဲတုန်းကလိုပင် ချီတက်ခဲ့ကြပြီး မန္တလေးထောင်ကြီးကို ဝိုင်းဖို့၊ ဖမ်းထားတဲ့ နိုင်ငံရေးသမားတွေနဲ့ ပုလိပ်သပိတ်ခေါင်းဆောင်တွေ လွှတ်ပေးဖို့ ရှေ့ဆောင်ပြီး ကြွေးကြော်ခဲ့ကြပါတယ်။

အစိုးရ ပုလိပ်အဖွဲ့ကလဲ ဈေးချိုကနေ ၂၆ လမ်းဘက် ချီတက်မသွားနိုင်အောင် ပိတ်ဆို့ထားကြပါတယ်။ ဆရာကြီးဦးရာဇတ်နဲ့ လူထုဦးလှတို့ကို အချောင်သမားများ၊ ဖဆပလအစိုးရ အလိုမရှိလို့ ကြွေးကြော်ခဲ့ကြပေမယ့် ဆရာကြီး ဦးရာဇတ်တို့လဲ ဟန်မပျက် ချီတက်ကြပါတယ်။ ဈေးချို ၂၆ လမ်းအတိုင်းချီတက်ကြရန် လူထုကို အလံနီတို့က လှုံ့ဆော်သော်လဲ ဖဆပလ ခေါင်းဆောင်များက ဈေးချိုကနေ တောင်ဘက်စကြာသီဟ ဘုရားလမ်းဘက်ကို ရှေးရှုချီတက်ခဲ့ကြပါတယ်။

## ချီတက်ဆန္ဒပြပွဲ လမ်းခုလတ်တွင် ပြီးဆုံးလိုက်ရခြင်း

စကြာသီဟဘုရားဘက်ရောက်တော့ လူထုဦးလှက မူလအစီအစဉ်အတိုင်း စကြာသီဟဘုရားပွဲအတွင်း တရားဟောပြီး လူထုချီတက်ဆန္ဒပြပွဲကြီးကို ရုပ်သိမ်းရန် ဖြစ်သော်လည်း ယင်းအစီအစဉ်အတိုင်း မလုပ်တော့ဘဲ လမ်းခုလတ်တွင်ပဲ အခြေအနေအရ ချီတက်ပွဲကို ရုပ်ဆိုင်းလိုက်ပါပြီ။ လူထုကြီးများ ပြန်နိုင်ကြပါပြီလို့ ပြောလိုက်ပါတယ်။

## အလံနီတွေက လူထုကြီးကို တရားဟော

ဒါပေမယ့် အဲဒီမှာ အလံနီတွေက လူထုကြီးကို မန္တလေးထောင်မှာ ပုလိပ်သပိတ် ရဲဘော်တွေနဲ့ ဖမ်းဆီးထားတဲ့ နိုင်ငံရေးသမားတွေကို လွှတ်ပေးရန် မန္တလေးထောင်ကို ဝိုင်းဖို့ လှုံ့ဆော်ကြပါတယ်။

အစ်မကြီးဒေါ်စောမြက စတင်ပြီး အဲဒီအခမ်းအနားမှာရှိတဲ့ မြောင်းကလေးပေါ်တက်ပြီး ဟောပါတယ်။ နောက် ဒေါ်အမာစတဲ့ ကျမ်းပြုသူ အပါအဝင် အလံနီတွေက တံတားပေါ် တက်ဟောကြပါတယ်။ လူထုကြီးလဲ တရားပွဲကို နားထောင်နေကြပါတယ်။ လူစုမကွဲပါ။ ဖဆပလ၊ ဗကပ၊ ဆိုရှယ်လစ်များက လူစုခွဲကြဖို့ အော်ဟစ်ပြောကြသော်လဲ လူထုကြီးက အလံနီတွေ တစ်ယောက်ပြီး တစ်ယောက် တက်ဟောပြောနေတာကို စိတ်ဝင်စားစွာ နားထောင်နေကြပါတယ်။

## အုတ်နီခဲကျိုးနဲ့ လူစုခွဲ

အလံနီကိုထင်ကျော် ဟောနေတုန်း သခင်အုန်းဖေဆိုသူက ကျုပ်ဟောပါဦးမယ် ဆင်းပါဦးဆိုတာနဲ့ အလံနီကိုထင်ကျော်က ဆင်းပေးလိုက်ပါတယ်။

သခင်အုန်းဖေကြီးလဲ ဖဆပလအစိုးရ ဥပဒေကို ဘယ်သူချိုးဖောက်တယ်။ ကျုပ်တို့ ချိုးဖောက်တယ်ဆိုပြီး စတင်ဟောပြောခါစ ရှိသေး၊ စကြာသီဟဘုရားဝင်ထဲကနေ ဗမကများ၊ ဆိုရှယ်လစ်များက အုတ်နီခဲကျိုးတွေနဲ့ စတင်ပေါက်ကြပါတော့တယ်။ အုတ်နီခဲကျိုးတစ်လုံးက သခင်အုန်းဖေကြီးကို ထိမှန်သွားပါတော့တယ်။

အဲဒီလို အုတ်နီခဲတွေ တအုံးအုံးနဲ့ ခဲမိုးရွာချလိုက်တော့ ဒီလောက်များတဲ့ လူအုပ်ကြီးဟာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြပါတော့တယ်။

## ပထမ မတရားသင်းအောက်က အလံနီတွေ

အဲဒီအနားမှာ ကျန်ရစ်ခဲ့သူများက အစ်မကြီးဒေါ်စောမြ၊ မအမာနဲ့တကွ အလံနီများသာ ဖြစ်ပါတယ်။

ဒီအချိန်က အင်္ဂလိပ်အစိုးရက အလံနီတွေကို ပထမ မတရားသင်း ကြေညာထားတဲ့အတွက် အဲဒီနေရာမှာ အလံနီတွေလဲ ကြာကြာမနေရဲဘဲ အမြန်ဆုံး လူစုခွဲလိုက်ကြရပါတော့တယ်။

## ၁၉၄၆ ရန်ကုန် ဗ၊ မ၊ က ညီလာခံ

၁၉၄၅ ခု ဗ၊ မ၊ က သာစည်ကြားဖြတ်ညီလာခံပြီးတဲ့နောက် ဗ၊ မ၊ က ညီလာခံကို ၁၉၄၆ ခု၊ ဒီဇင်ဘာလ ၆၊ ၇၊ ၈ ရက်များတွင် ကျင်းပကြပါတယ်၊ နေရာကတော့ ကန်တော်ကလေးသိမ်ဖြူလမ်းရှိ ဇိနတ်အစ္စလာမ် မိန်ကလေးကျောင်းမှာ ဖြစ်ပါတယ်။

ဒီညီလာခံ ကျင်းပမယ့်အကြောင်း ဖိတ်စာရတဲ့အတွက် ကသာခရိုင် ဗ၊ မ၊ က အဖွဲ့က ကျမ်းပြုသူကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်စေလွှတ်ခဲ့ပါတယ်။

ဒီအချိန်က ကျမ်းပြုသူဟာ အလံနီပါတီဝင် မဟုတ်တော့ပါဘူး၊ အလံနီက ထုတ်ပယ်ပစ်ခြင်း ခံရတဲ့အချိန်ပါ။

*　　*　　*

သာစည်ကြားဖြတ် ညီလာခံပြီးတဲ့နောက် ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်က ဦးစီးတဲ့ ပြည်လုံးကျွတ် ဆန္ဒပြပွဲကြီး တစ်ရပ်ကို မြန်မာပြည်အနှံ့အပြားရှိ မြို့တိုင်းတွင် ကျင်းပကြပါတယ်။

ဒီအချိန်က ဦးဝမ်းမောင် ခေါင်းဆောင်တဲ့ ပုလိပ်အဖွဲ့ကြီး

က ဖဆပလ အဖွဲ့ကြီးရဲ့ ထောက်ခံမှုကို ရယူပြီး၊ သပိတ်မှောက်ခဲ့ပါတယ်၊ အဲဒီနောက် အမှုထမ်းပေါင်းစုံများ၊ အလုပ်သမားများတို့ဟာ သပိတ်တိုက်ပွဲထဲသို့ ရှေ့ဆင့်နောက်ဆင့် ပါဝင်လာကြပါတယ်။

အဲဒီလို ပုလိပ်အဖွဲ့က လက်နက်စွဲကိုင် ဆန္ဒပြတဲ့အတွက် သပိတ်မှောက်၊ သပိတ်တားတဲ့ ပုလိပ်တွေကို ဖမ်းဆီးချုပ်နှောင်ထားခဲ့ပါတယ်။

ဒီဆန္ဒပြပွဲများ အားလုံးဟာ ဗြိတိသျှအစိုးရဲ့ စက္ကူဖြူစိမ်ကိန်းကို ဖျက်သိမ်းပေးဖို့ ဆန္ဒပြခြင်းပါ။

ဒီအချိန်က ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖ၊ ဆ၊ ပ၊ လ ဟာ ဘုရင်ခံရဲ့ အမှုဆောင်အဖွဲ့ထဲမှာ တာဝန်ယူနေပါပြီ။

အံ့သြစရာကောင်းတာက ဖ၊ ဆ၊ ပ၊ လ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက လူထုဆန္ဒပြပွဲကြီးကို ရှေ့ဆောင်ရှေ့ရွက် ပြုခြင်းကိစ္စပါ။ ကမ္ဘာ့သမိုင်းမှာ အစိုးရဝန်ကြီးများက ကိုယ့်အစိုးရရဲ့ ပေါ်လစီကို ဒီလိုဆန္ဒပြကြတာ ရှိမယ် မထင်ဘူး မြန်မာနိုင်ငံတစ်ခုမှာပဲ တွေ့ပါတယ်၊ ဖ၊ ဆ၊ ပ၊ လ ဝန်ကြီးများ ကိုယ်တိုင်က ဦးစီးခေါင်းဆောင်ပြီး စက္ကူဖြူစိမ်ကိန်းကို ကန့်ကွက်ကြပါသတဲ့။

ဒီအချိန်က ဆရာကြီး ဦးရာဇတ်ကတော့ ဝန်ကြီးမဖြစ်သေးပါ။

သာစည် ဗ၊ မ၊ က ကြားဖြတ်ညီလာခံပြီးတော့ ကျမ်းပြုသူဟာ ကသာခရိုင်သို့ အပြန် မန္တလေးခရိုင် ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်က ဦးစီးတဲ့ ၁၉၄၆ ခု၊ စက်တင်ဘာလ (၂၆) ရက်နေ့မှာ စက္ကူဖြူစိမ်ကိန်းကို ကန့်ကွက်တဲ့ ဆန္ဒပြပွဲကြီးနဲ့ သွားကြုံပါတယ်၊ ကျမ်းပြုသူဟာ အဲဒီဆန္ဒပြပွဲကြီးတွင် မန္တလေး အလံနီခေါင်းဆောင် အစ်မကြီး ဒေါ်စောမြ၊ ကိုဖေသန်း၊ ကိုထင်ကျော်၊ ကိုဟန်ညွန့်၊ မအမာ စတဲ့ အလံနီများနဲ့ ပေါင်းပြီး ဆန္ဒပြပွဲတွင် ပါဝင်ဆင်နွှဲခဲ့ပါတယ်။

ဆန္ဒပြပွဲအကြောင်းနဲ့ပတ်သက်ပြီး ရှေ့အခန်းမှာ ဖော်ပြခဲ့ပြီးလို့ ဒီမှာ အကျယ်ချဲ့ပြီး ထပ်မပြောလိုတော့ပါ။

လိုရင်းကို ရေးရပါမယ်ဆိုရင် အိမ်တော်ရာဘုရားမှာ ဖ၊ ဆ၊ ပ၊ လ ဦးစီး တဲ့ စက္ကူဖြူစိမ်ကိန်း ဆန္ဒပြဟောပြောပွဲကြီးဟာ အလံနီတစ်စုရဲ့ ပါဝင်လှုပ်ရှား မှုကြောင့် တစ်ပိုင်းတစ်စနဲ့ ရုပ်သိမ်းခဲ့ရတယ်။

ဒါကြောင့် ဟောပြောပွဲကို ရုပ်သိမ်းလိုက်ပြီး စီတန်းလှည့်လည် ဆန္ဒပြပွဲကို စတင်လိုက်တယ်၊ အဲဒီမယ် မန္တလေးခရိုင် ဖ၊ ဆ၊ ပ၊ လ ဥက္ကဋ္ဌ ဆရာကြီး ဦးရာဇတ်နဲ့ ဖ၊ ဆ၊ ပ၊ လ ခေါင်းဆောင်တွေကို အလံနီတွေက ဆန့်ကျင်ရှုတ်ချတဲ့ ကြွေးကြော်သံတွေ ကြွေးကြော်ကြပါတယ်၊ မန္တလေးထောင် ကြီးထဲမှာ အချုပ်ခံနေရတဲ့ ပုလိပ်အမှုထမ်းများကို လွှတ်ပေးရေးအတွက် အဲဒီ စီတန်းလှည့်ပွဲကို (၂၆) ဘီ လမ်းကနေ မန္တလေးထောင်ကြီးဆီ ချီတက် ဝိုင်းဖို့ အလံနီတွေက လှုံ့ဆော်ပြီး ကြွေးကြော်ပါတယ်။

အဲဒီဘက် ချီတက်ခွင့်ကို အင်္ဂလိပ်အစိုးရက ပိတ်ပင်တားမြစ်ထားပြီး ဖြစ်တယ်၊ ဒါကို ဖ၊ ဆ၊ ပ၊ လ ခေါင်းဆောင်တွေက သိတယ်။ ဒီ (၂၆) ဘီ လမ်းပေါ်မှာဘဲ ၁၃၀၀ ပြည့် အရေးတော်ပုံခေတ်က ရဟန်းသံဃာတော်များ၊ ကျောင်းသား၊ လယ်သမား၊ အလုပ်သမားများရဲ့ ဆန္ဒပြပွဲကြီးကို ...

အစိုးရက သေနတ်နဲ့ ရက်ရက်စက်စက် ပစ်ခဲ့လို့ အာဇာနည် ၁၇ ဦးတို့ရဲ့ သွေးမြေခခဲ့ရဖူးတယ်။

အဲဒီလမ်းကြောင်းအတိုင်း ချီတက်ဖို့ အလံနီတွေက လှုံ့ဆော်ကြွေးကြော် တော့ ဒီစီတန်းလှည့်လည်ပွဲကြီးဟာ လမ်းခုလတ်မှာပဲ ရုပ်သိမ်းလိုက်ရတဲ့ အဖြစ်ပါ။

ဗြိတိသျှအစိုးရက ဒီဆန္ဒပြပွဲကြီး ရုပ်သိမ်းလိုက်ပါလို့ လက်နက်နဲ့ လာဟန့်တားပေမယ့် ဒီဆန္ဒပြ ချီတက်ပွဲဟာ ရုပ်သိမ်းပေးချင်မှ ပေးမှာပါ၊ ဒါပေမယ့် အလံနီ ၄၊ ၅ ယောက်က လာလှုပ်ရှားလိုက်တော့ တစ်ခါတည်း ပွဲကြီးဟာ လမ်းခုလတ်တင် ရုပ်ပျက်ဆင်းပျက်နဲ့ ရုပ်သိမ်းလိုက်ရပါတယ်။

အဲဒီအချိန်ဟာ အလံနီ ကွန်မြူနစ်ပါတီကို ဖ၊ ဆ၊ ပ၊ လ အစိုးရက ပထမ မတရားသင်းကြေညာထားတဲ့ အချိန်ပါ။ မန္တလေးကနေ ရန်ကုန် အလံနီဌာနချုပ်ကို ပါတီကိစ္စနဲ့ အလံနီခေါင်းဆောင် ဒေါ်စောမြနဲ့အတူ ဆင်းသွားရပြန်တယ်။

ရန်ကုန်ကျတော့လဲ ဒလသဘော်ကျင်း သပိတ်များနဲ့ အခြားသပိတ် များမှာ အလံနီခေါင်းဆောင်များနဲ့အတူ ကျမ်းပြုသူဟာ သပိတ်တား သပိတ်

ဒလသဘော်ကျင်း အလုပ်သမားသပိတ်မှာ ပါဝင်ဆောင်ရွက်ပေးခဲ့အပေါင်းပါ အလံနီများနဲ့အတူ ကျမ်းပြုသူတို့ အဖမ်းခံရပြီး ရန်ကုန်ဘားလမ်းစတီးဝပ်အချုပ်ထဲမှာ အချုပ်ခံလိုက်ရပါတယ်။ ဘားလမ်းအချုပ်ထဲရှိ သံမံတလင်းပေါ် အခင်းမရှိ လက်ကို ခေါင်းအုံးပြီး တစ်ညအိပ်ခဲ့ရပါတယ်၊ တစ်ညလုံး ခြင်ကတဝီဝီမို့ မအိပ်နိုင်ခဲ့ပါ။

နောက်တစ်နေ့ ဗိုလ်ချုပ်အောင်ဆန်း အစိုးရက ပြန်လွှတ်ပေးပြန်တယ်။

ဒီအချိန်မှာ အလံနီခေါင်းဆောင် သခင်စိုးကို အင်္ဂလိပ်အစိုးရက ဖမ်းထားပြီး ရန်ကုန်ပုလိပ် ဌာနချုပ်တစ်ခုမှာ ချုပ်ထားပါတယ်။ ရန်ကုန်အချုပ်စခန်းကနေ ကားနဲ့ တင်ခေါ်ပြီး သန်လျင်ရဲစခန်းသို့ ရွှေ့ပြောင်းမယ့်အကြောင်း ပုလိပ်ခေါင်းဆောင် ဦးဝမ်းမောင်ထံမှ သိရပါတယ်။ ကိုကျော်ဝင်း(အလံနီဗိုလ်ချုပ်ကျော်ဝင်း)နဲ့ ကျမ်းပြုသူတို့ဟာ တက္ကစီစလုံးကားတစ်စီးငှားကာ သခင်စိုးကို တင်လာတဲ့ ပုလိပ်ကားကို တိုက်ပြီး ဝင်လာဖို့လုပ်ခဲ့ပါတယ်။

ဒီအစီအစဉ်ကို ကားမောင်းသူက သိသွားတော့ ဒီကားဟာ သူ့ကားမဟုတ်တဲ့အတွက် ဒီကိစ္စမှာ သူ့ကားကို သုံးခွင့်မပြုပါရစေနဲ့လို့ တုန်တုန်ယင်ယင်နဲ့ တောင်းပန်တယ်၊ ကျမ်းပြုသူတို့လဲ နောက်ဆုံးပြန်လွှတ်လိုက်ရပါတယ်။

ဒီအချိန်မှာ ကျမ်းပြုသူတို့ လက်ထဲမှာ လက်နက်ပုန်းများ ပါပါတယ်၊ သခင်စိုးကို သယ်ဆောင်သွားမယ့် ကားကို ဝင်တိုက်ပြီး လုယူရေးကိစ္စပျက်သွားရတယ်။

သခင်စိုးကို သန်လျင်ဂတ်တဲမှာ ချုပ်ထားတယ်လို့ သတင်းအတိအကျရတဲ့အတွက် ကျမ်းပြုသူဟာ သန်လျင်ကို လိုက်သွားရပါတယ်၊ ကိုကျော်စော၊ ကိုထိန်လင်းတို့နဲ့ အစီအစဉ်လုပ်ပြီး သန်လျင်ရဲစခန်းကို လက်နက်နဲ့ ဝင်စီးဖို့ သန်လျင်ရှိ ဘုရားပေါ်မှာ လအဝင်ကို စောင့်နေပါတယ်။

သခင်စိုးကို အာဖရိကတိုက်ပို့ပြီး အကျဉ်းချထားမယ်ဆိုတဲ့ သတင်းကြောင့် ဒီလို အပူတပြင်း သခင်စိုးကို ထုတ်ယူဖို့ စီစဉ်ခြင်းပါ။ အဲဒီအချိန် ရန်ကုန်က အလံနီခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုထွန်းစိန် (သခင်အေးမောင်)က အလောသုံးဆယ် သုတ်ခြေတင် ရောက်လာခဲ့ပါတယ်၊ ဒီအစီအစဉ်ကို ဖျက်လိုက်ရန် လာပြောပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက သခင်စိုးကို ပြန်လွှတ်မယ့်အကြောင်း၊ သခင်ကျော်စိန်က တစ်ဆင့် သိရကြောင်းကို ရှင်းပြပါတယ်။

အဲဒါကြောင့် ရန်ကုန်ကို ပြန်လာကြပါတယ်၊ ရန်ကုန်ပြန်ရောက်တော့လဲ ကျမ်းပြုသူဟာ ရုံးပိုင်းဂါတ်ပိုင်း လုပ်ငန်းတွေမှာ ဆက်လက် တာဝန်ယူနေရပြန်တယ်။

ကသာခရိုင်မှာလဲ လယ်သမားတိုက်ပွဲများ၊ ဆန်လုပွဲများကို အလံနီတွေက ဦးဆောင်လှုပ်ရှားလျက် ရှိနေကြပါတယ်။ ကျမ်းပြုသူကို အမြန်ဆုံး ကသာပြန်ခဲ့ရန်၊ ကသာ အလံနီပါတီက ကြေးနန်းရိုက် ခေါ်ပါတယ်။

ရန်ကုန်အလုပ်သမားတိုက်ပွဲတွေမှာက ကုလားအလုပ်သမားတွေပါ ပါဝင်လှုပ်ရှားနေတော့ အလံနီပါတီထဲမှာ ကျမ်းပြုသူတစ်ယောက်သော ကုလားစကား တတ်သူမို့ ကသာခရိုင်သို့ ပြန်မလွှတ်ပါ။

ကသာခရိုင် အလံနီပါတီက ထပ်မံကြေးနန်းနှစ်စောင် ရောက်လာပါတယ်။ မလွှတ်ရင် မဖြစ်တဲ့အတွက် သွားပြီး ချက်ချင်း ရန်ကုန်ကို ပြန်ဆင်းလာရန် သခင်စိုးက မှာလိုက်ပါတယ်။

ကသာရောက်တော့ ကျမ်းပြုသူဟာ လယ်သမား၊ အလုပ်သမားတိုက်ပွဲတွေမှာ "အသေခံဗိုလ်" ဆိုတဲ့ စလွယ်နီကြီးကို သိုင်းရင်း တိုက်ပွဲကို ခေါင်းဆောင်ရပါတယ်။

ကသာအရေးပိုင်ရုံးကို ဝိုင်းပြီး လယ်သမား၊ အလုပ်သမားတွေရဲ့ အခွင့်အရေးကို တောင်းဆိုပါတယ်။

ရုံးထွက်ပေါက် ဝင်ပေါက်တွေကို ပိတ်ဆို့ထားပြီး အရေးဆိုပါတယ်။ အရေးပိုင်က အလုပ်သမား လယ်သမားတို့ရဲ့ တောင်းဆိုချက်ကို လိုက်လျောပေးမယ်လို့ ကတိပြုပါတယ်။ ကျမ်းပြုသူ ကသာကိုပြန်မရောက်ခင် ဆန်လုပွဲမှာ ခေါင်းဆောင်ခဲ့တဲ့ ကိုလေးမောင်နဲ့ ကိုတင်ဖေတို့ကို ဖမ်းထားရာမှ လွှတ်ပေးရန် တောင်းဆိုပါတယ်၊ အရေးပိုင်က အာမခံနဲ့ လွှတ်ပေးမယ့်အကြောင်း ကတိပြုပါတယ်။

အလံနီပါတီရဲ့မူတွင် "အာမခံဖြင့် ကတိဝန်ခံချက်မျိုးနဲ့ လက်မှတ်ထိုးကာ ထောင်မှ ထွက်ခြင်း မလုပ်ရ၊ တိုက်ပွဲများနဲ့သာ ထောင်ကထွက်ကြရမယ်"လို့ ညွှန်ကြားထားတာ ရှိပါတယ်။ အဒါကြောင့် ကိုလေးမောင်တို့ကို အာမခံ မပါဘဲ လုံးဝလွှတ်ပေးရန် တောင်းဆိုရပြန်တယ်။

ဒီပြဿနာတွေကို ဆွေးနွေးရင်း မိုးချုပ်သွားပါတယ်၊ အရေးပိုင်၊

ခရိုင်ရာဇဝတ်ဝန်ကြီးနဲ့ အရေးကြီးသူများကို အိမ်ပြန်ခွင့် မပေးပါ။ ရုံးထွက်ပေါက်များမှာ ပိတ်ဆို့ဆန္ဒပြထားပါတယ်၊ တစ်ညလုံး အရေးပိုင်ဦးလှိုင်ဘွားနဲ့ အဖွဲ့လဲ ရုံးပေါ်မှာ နေကြရပါတယ်။

အလုပ်သမား၊ လယ်သမားတပ်ကြီးဟာ၊ ကသာမြို့နဲ့ မိုင် (၃၀)ကျော်ဝေးတဲ့ ထီးချိုင့်နယ်က စတင်ချီတက်လာကြရတော့ ခရီးပန်းလျက်ရှိနေကြပါတယ်၊ ခရီးပန်းခဲ့ပေမယ့် အရေးပိုင်တို့ ရုံးခန်းက ဆင်းပြေမသွားအောင် သတိကြီးစွာနဲ့ စောင့်ကြပ်နေကြပါတယ်။

အဲဒီလို စောင့်ကြပ်နေတဲ့ အထဲက အလံနီအစောင့်များ အိပ်ငိုက်အသွားမှာ အပြင်ရုံးဝန်ထမ်းများက ပြတင်းပေါက်မှာ ကြိုတင်ထောင်ပေးထားတဲ့ လှေကားကနေ အရေးပိုင်နဲ့ ခရိုင်ရာဇဝတ်ဝန်ကြီးတို့ အဖွဲ့ဟာ တိတ်တဆိတ် ဆင်းပြေးခဲ့ကြပါတယ်။

ဒါပေမယ့် (၂) ညနဲ့ (၃) ရက်လုံးလုံး အရေးပိုင်ရုံးများမှာပဲ အခြေစိုက်ပြီးနေကြတယ်။ အင်္ဂလိပ်အလံကို ဖြုတ်ချပြီး တူတံစဉ်အလံကို တင်ထားလိုက်ပါတယ်။

ကျမ်းပြုသူနဲ့အတူ အချို့အလုပ်သမား လယ်သမားအမျိုးသမီးတွေဟာ ရုံးပေါ်တွင် အစာငတ်ခံ တိုက်ပွဲဝင်ကြပါတယ်။

စစ်တပ်က အရေးပိုင်ရုံးကို ပစ်ခတ်မယ်ဆိုတဲ့ သတင်းလဲ ရထားပါတယ်။ ဒါပေမယ့် ရုံးပေါ်က ရွှေ့ပြောင်းမပေးဘဲ ဆက်ပြီး အာဏာသိမ်းထားသလို နေလိုက်ပါတယ်။

သုံးရက်မြောက် မနက်အရုဏ်ကျင်းလို့ အလင်းရောက်ခဲ့ပါပြီ။ အညာမြေမှာတော့မြူနှင်းတွေဟာ ဝေလျက်ရှိပါတယ်။ အဲဒီ နှင်းထုအမှောင်ကို အကာအကွယ်ယူပြီး အင်္ဂလိပ်စစ်တပ်က အရေးပိုင်ရုံးကြီးကို ဝိုင်းထားလိုက်ပါတယ်။

ဒါကို တချို့ရဲနီတွေ အလုပ်သမားတွေက စစ်တပ်များ ဖြန့်ဝိုင်းလာတာ မြင်ကြပါတယ်။ ဒါပေမယ့် ရုံးပေါ်က ဘယ်သူမှ ဆင်းမပြေးကြပါဘူး။

"ခေါင်းဆောင်နဲ့တွေ့ ဆွေးနွေးချင်တယ်" လို့ဆိုပြီး ရဲတစ်ယောက်က လာခေါ်တဲ့အတွက် ဒီတိုက်ပွဲရဲ့ အသေခံဖြစ်တဲ့ကျမ်းပြုသူက အသေခံဖိုလ်လို့ ရေးထားတဲ့ စလွယ်နီကြီး လွယ်ပြီး ရုံးပေါ်က ဆင်းလိုက်သွားပါတယ်။

ဒီလို ဆင်းလိုက်သွားတာဟာ သူတို့ထောင်ချောက်ထဲ ကျသွားတာပါပဲ။

တပ်နဲ့ တပ်ခေါင်းဆောင်ဟာ တိုက်ပွဲမှာ အတူရှိနေသင့်ပါတယ်။ ဒီလို တပ်ခေါင်းဆောင်နဲ့ တပ်ဟာ ကွဲသွားကတည်းက အရေးနိမ့်ဖို့ ဖြစ်သွားပါတယ်။

အဲဒီမှာ အရေးပိုင်က "ရုံးပေါ်က အလံနီတပ်တွေကို ဆင်းခိုင်းပါ အချိန် (၅) မိနစ်ပေးမယ်"လို့ ရာဇသံပေးတယ်။ ဒီတော့ ကျမ်းပြုသူက–

"တိုက်ရင်း သေမလား၊ ငတ်ရင်း သေမလား"ဆိုတဲ့ အလံနီတို့ရဲ့ ပြောင်မြောက်တဲ့ တိုက်ပွဲခေါ်သံ ကြွေးကြော်သံကို လှမ်းတိုင်ပေးလိုက်ပါတယ်။

"တိုက်ရင်းသေမယ်၊ တိုက်ရင်းသေမယ်"ဆိုပြီး မိုးပြိုမတတ် ကြွေးကြော် အဖြေပေးလိုက်ပါတယ်။

ကြွေးကြော်သံ မဆုံးခင် ကျမ်းပြုသူကို အင်္ဂလိပ်စစ်ဗိုလ်က ဖမ်းလိုက်ပါတယ်။ ပြီးတော့ အရေးပိုင်ရုံးပေါ်သို့လဲ မျက်ရည်ယိုဗုံးတွေနဲ့ပစ်၊ သေနတ်တွေနဲ့လဲ ပစ်ပါတော့တယ်။

အဲဒီမယ် ထီးချိုင့်နယ် ကံပေါက်ရွာက လယ်သမား ကိုအောင်သူ (ဗိုလ်အောင်သူ) နေရာတွင် ပွဲချင်းပြီး ကျဆုံးသွားပါတယ်။ လယ်သမားတစ်ဦး ခြေထောက်မှာ ဒဏ်ရာရလို့ ခြေထောက်ဖြတ်လိုက်ရပါတယ်။ တချို့လဲ ဒဏ်ရာအနည်းအများစီ ရသွားပါတယ်။

ရုံးပေါ်မှာ မျက်ရည်ယိုဗုံးတွေ ပစ်သွင်းတော့ အဲဒီဗုံးတွေကို အလံနီတွေက ပြန်ကောက်ပြီး နေရာယူထားတဲ့ စစ်သားများဆီ ပြန်ပစ်တယ်။ စစ်သားများကလဲ ဝပ်ကြ၊ နေရာယူကြပါတယ်။ အလံနီတွေက လက်ပစ်ဗုံးနဲ့ ပစ်တယ်လို့ ထင်မှတ်ကြဟန်တူပါတယ်။

နောက်ဆုံး မူးမေ့ကုန်တော့မှ အလံနီ (၂၀) ကျော်ကို ဖမ်းမိပြီး ကသာထောင်ထဲ ထည့်ထားလိုက်တယ်။ လယ်သမားတွေ အမျိုးသမီးတွေကိုလဲ ရုံးပေါ်က ဆွဲချပါတော့တယ်။

မြို့ထဲမှာတစ်ဗိုလ်ကျ တစ်ဗိုလ်တက်ရန် အသင့်စောင့်နေတဲ့ ကိုလှ၊ ကိုဘသောင်း၊ ကိုထူး (ဆရာထူး)အစရှိတဲ့ ရဲနီခေါင်းဆောင်တွေကိုလဲ ဆက်ဖမ်းပြီး ကသာထောင်ထဲ သွင်းလာခဲ့တယ်။

ကသာထောင်ထဲရောက်တော့ ရုံးပေါ်တုန်းက အစာအငတ်ခံခဲ့တဲ့သူတွေကို သပိတ်ပြန်လှန်စေပြီး၊ ကိုလှ၊ ကိုမောင်မောင်၊ ကိုတင်ဖေနဲ့ ကျမ်းပြုသူတို့ ဆက်လက် အစာငတ်ခံတိုက်ပွဲဝင်ကြပါတယ်။

အမှန်က ရုံးကို စဝိုင်းစဉ်အချိန်က အလုပ်သမား လယ်သမားတွေရဲ့ အခွင့်အရေးတောင်းရာမှာ ရသလောက်ယူပြီး တပ်ခေါက်ပြန်သင့်တယ်။ ဒီအောင်ပွဲရဲ့ ရလဒ်ကြောင့် တခြားလယ်သမား အလုပ်သမားတွေလဲ တိုးလာမယ်၊ အခွင့်အရေးဆိုတာ တိုက်မှရတယ်ဆိုတဲ့ အသိမျိုးကို လယ်သမား အလုပ်သမား တွေဟာ သူတို့ရဲ့ ကိုယ်ပိုင်အတွေ့အကြုံနဲ့ နားလည်သဘောပေါက်လာပါမယ်။

ဒါပေမယ့် ကျမ်းပြုသူတို့ရဲ့ တိုက်ပွဲဟာ အလုပ်သမားလယ်သမား တွေရဲ့ အခွင့်အရေးထက် ထောင်ထဲရောက်နေတဲ့ ရဲနီကိုလေးမောင်တို့ လွတ်မြောက်ရေးကို အဓိကစောင်းပေးလိုက်တယ်။

အဒီအမှားရဲ့ ဒဏ်ကို ခံကြရတယ်ဆိုတာ ရုံးဝိုင်းခဲ့တဲ့ တိုက်ပွဲပြီးမှ ဝေဖန်သုံးသပ်မိတော့တယ်။

အဲဒီကာလ ပတ်ဝန်းကျင်တလျှောက် မြန်မာပြည်အနှံ့အပြားမှာ အလံနီ များ ခေါင်းဆောင်တဲ့ ရုံးဝိုင်း၊ ဂတ်ဝိုင်း၊ ဆန္ဒပြပွဲကြီးများ ပြင်းပြင်းထန်ထန် ဖြစ်နေပါတယ်။

အစာငတ်ခံ တိုက်ပွဲဝင်ပြီး ၁၀ ရက်၊ ၁၅ ရက်လောက်ရှိတော့၊ ဒုတိယ အကြိမ် အလံနီပါတီကို မတရားသင်းကြေညာပါတယ်။

ဒီလို တိုက်ပွဲတွေ ဆင်တော့ အလံနီတွေ အဖမ်းခံကြရပါတယ်၊ ထောင်ထဲရောက်ရောက်ချင်း အလံနီတွေက အစာငတ်ခံ တိုက်ပွဲဝင်ကြတယ်၊ အလံနီကို မတရားသင်းကြေညာထားတဲ့ ကာလဆိုတော့ အစာငတ်ခံ တိုက်ပွဲဝင် တဲ့ ရဲနီတွေကို လွှတ်မပေးဘူး၊ တချို့ထောင်တွေမှာ အစာငတ်ခံ တိုက်ပွဲဝင်ရင်း ရဲနီစိုးလှ၊ ရဲနီသာရွှေ၊ ရဲနီတင်မောင်ရှိန်၊ ရဲနီသိန်းဇံတို့ဟာ ကျဆုံးကုန်ကြတယ်။

ဖ၊ ဆ၊ ပ၊ လ အစိုးရဆိုပေမယ့် ဖ၊ ဆ၊ ပ၊ လ ထဲမှာက ကွန်မြူနစ် ကို အမုန်းဆုံးဖြစ်တဲ့ ဆိုရှယ်လစ်ပါတီက ခေါင်းဆောင်နေတယ်။

ဒီအချိန်မှာ ဖ၊ ဆ၊ ပ၊ လ ထဲမှ ကွန်မြူနစ်ပါတီကိုလဲ ထုတ်ပစ် ထားတဲ့အချိန် ဖြစ်တယ်၊ ဆိုရှယ်လစ်တွေကို ဖက်ဆစ်တွေလို့ အဓိပ္ပာယ်ဖွင့် ဆိုတယ်၊ ဖက်ဆစ်တွေလက်အောက်မှာ အစာငတ်ခံ တိုက်ပွဲဝင်ခြင်းဟာ လက်ဝဲသွေဖည်ရေး ဖြစ်တယ်လို့ ကျမ်းပြုသူတို့ ထောင်ထဲရှိ အလံနီများက သုံးသပ်ကြတယ်။

အဲဒါကြောင့် အစာငတ်ခံ တိုက်ပွဲကို စွန့်လိုက်တယ်၊ အဲဒီအချိန်မှာ ကျမ်းပြုသူတို့ဟာ ရေနဲ့အစာမစားဘဲ အစာငတ်ခံ တိုက်ပွဲဝင်တာ ၁၅ ရက် ကျော် အရက် ၂၀ ထဲ ဝင်လာပါပြီ။

အဲဒီလို အစာငတ်ခံ တိုက်ပွဲကို လှန်ရကောင်းလားဆိုပြီး၊ အလံနီဌာန ချုပ်က ကသာထောင်ထဲရှိ အလံနီတွေ အားလုံးကို ထုတ်ပစ်လိုက်တယ်။

ကျမ်းပြုသူတို့က အလံနီပါတီရဲ့ လမ်းစဉ်အတိုင်း တိုက်ပွဲဝင်ခဲ့ပါတယ်၊ နောက်ထောင်ထဲ ရောက်တယ်၊ ပါတီက ထုတ်ပစ်လိုက်ပြီးမှတော့ ထောင်ထဲမှာ ဆက်နေခြင်းဟာ ဘာအဓိပ္ပာယ်ရှိတော့မလဲလို့ သုံးသပ်ကြတယ်၊ မြို့မိမြို့ဖ တွေက အစိုးရနဲ့ စေ့စပ်ပေးလို့ ထောင်ကထွက်ခဲ့ရပါတယ်။

အဲဒီတော့ ရန်ကုန် ဇိနတ်အမျိုးသမီးကျောင်းမှာ ကျင်းပတဲ့ ဗ၊ မ၊ က ပြည်လုံးဆိုင်ရာ မျက်နှာစုံညီ အစည်းအဝေးကို တက်လာနိုင်ခဲ့ပါတယ်၊ ထောင်ထဲမှာသာ ဆက်လက်ရှိနေဦးမယ်ဆိုရင် ကျမ်းပြုသူဟာ ဒီညီလာခံသို့ ပင် တက်နိုင်မယ် မထင်ပါ။

* * *

မန္တလေးမှာ ဗ၊ မ၊ က ဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေမူကြမ်းကို ဦးသန်းရွှေ၊ ကိုလေးမောင်၊ ဆရာချယ်တို့တိုင်ပင်ပြီး အစအဆုံးရေးဆွဲကြပါတယ်၊ အဲဒီဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေကို (၇) ရက်တိုင်တိုင် အချိန်ယူခဲ့ပါသတဲ့။

အဲဒီနောက် ကိုလေးမောင်နဲ့ ဆရာချယ်တို့ နှစ်ဦးဟာ စည်းမျဉ်းဥပဒေ ကြမ်းကို မြို့တိုင်းရှိ ဗ၊ မ၊ က များရဲ့ ဆန္ဒသဘောထားကို ရယူရန်အတွက် မန္တလေးမှ ရန်ကုန်သို့ ခရီးထွက်ခဲ့ပါတယ်။

မန္တလေးနဲ့ရန်ကုန်ကြားရှိ မြို့များတွင် ဗ၊ မ၊ က များနဲ့ တွေ့ဆုံကာ ဆန္ဒသဘောထားများကို ခံယူခဲ့ပါတယ်။

ရန်ကုန်ရောက်တဲ့အခါ တည်းခိုစရာမရှိတဲ့အတွက် အရင် ဗ၊ မ၊ က ဌာနချုပ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ အရေးယူထုတ်ပစ်ခြင်း ခံရတဲ့ ဦးအောင်စိန် အိမ်မှာ တည်းခိုကြပါတယ်၊ ဦးအောင်စိန်ကလဲ တာဝန်ယူ ကျွေးမွေးဧည့်ခံ ရုံမက လိုအပ်တာတွေကိုလဲ ဆောင်ရွက်ပေးပါတယ်။

ဆရာချယ်နဲ့ ကိုလေးမောင်တို့ဟာ အထက်မြန်မာပြည်သို့ ပြန်ချိန် မရတော့ဘဲ၊ အဲဒီ ဇိနတ်အမျိုးသမီးကျောင်းမှာ ကျင်းပမယ့် ဗ၊ မ၊ က ညီလာခံကို ဆက်ပြီး တက်ကြပါတယ်။

## ညီလာခံ ကျင်းပခြင်း

ညီလာခံကို ၁၉၄၆ ခု၊ ဒီဇင်ဘာလ (၆) ရက်နေ့မှာ စပါတယ်။ ဒီညီလာခံကြီးကို ဗ၊ မ၊ က ဥက္ကဋ္ဌကြီး ဦးရာဇတ်နဲ့ အမှုဆောင်အဖွဲ့အားလုံး စုံစုံညီညီ တက်ရောက်လာခဲ့ကြပါတယ်၊ နယ်ကိုယ်စားလှယ်များလဲ အစုံအညီ တက်ရောက်လာခဲ့ကြပါတယ်။

ညီလာခံသို့ ကိုလေးမောင်၊ ဆရာချယ်တို့ ရောက်တဲ့အခါ "ဗ၊ မ၊ က ဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေများနဲ့ ကိုယ်စားလှယ်များသို့ ပန်ကြားချက် စာတမ်း" ကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်များဆီ ကြိုတင်ဝေငှထားလိုက်ပါတယ်။

ဒီညီလာခံမှာ ဆရာကြီး ဦးရာဇတ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး၊ မစ္စတာလတစ်ဖိခန် (ခေါ်) ဦးခင်မောင်လတ်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပါတယ်၊ ဒီညီလာခံမှာ အရေးကြီးတဲ့ ပြဿနာ ၃ ရပ်ကို ဆွေးနွေးတာပါ။

(၁) ဗမာမွတ်စလင်တို့အား မြန်မာ့လွတ်လပ်ရေး ရယူသောအခါ လူနည်းစုအခွင့်အရေး တောင်းဆိုမည်လော (သို့မဟုတ်) လူများစုအဖြစ် သွားသင့်သလော။

(၂) ဗ၊ မ၊ က ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းဥပဒေတွင် လူငယ်ဌာန အမျိုးသမီးဌာနဟူ၍ ထားရှိပြီး သီးခြား ဗမာမွတ်စလင် အမျိုးသမီးအဖွဲ့၊ သီးခြားဗမာမွတ်စလင် လူငယ်အဖွဲ့တို့ ရှိသင့်မရှိသင့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အတည်ပြုရေး။

(၃) မည်သည့်စည်းမျဉ်း၊ မည်သည့်ဆုံးဖြတ်ချက်မှ မရှိဘဲ ဗ၊ မ၊ က ပြည်လုံးကျွတ် ညီလာခံကိုယ်စားလှယ်များ စာရင်းအပြင်၊ ဗမာမွတ်စလင် လူငယ်ကိုယ်စားလှယ် (၉) ဦးနှင့် ဗမာမွတ်စလင် အမျိုးသမီး ကိုယ်စားလှယ် (၉)ဦး တက်ခွင့်ပြုရန်။

အဲဒီပြဿနာ (၃) ရပ်ကို ဆွေးနွေးရန် ဖြစ်ပါတယ်။

## လူနည်းစု လူများစုပြဿနာ

ထုံးစံအတိုင်း အစည်းအဝေးဖွင့်ပွဲကို စတင်လိုက်ပါတယ်။ ဆရာကြီး ဦးရာဇတ်က သဘာပတိမိန့်ခွန်း ပြောကြားပါတယ်။

အဲဒီတုန်းက အများစုနဲ့သွားမယ်ဆိုပြီး ဘယ်သူကခေါင်းဆောင်ပြီး ဆွေးနွေးသလဲဆိုတာ ကျမ်းပြုသူအနေနဲ့ မမှတ်မိတော့ပါ။ နှစ်ဘက်စလုံးက အကြောက်အကန် ပြောကြပါတယ်။

လူနည်းစုအခွင့်အရေး တောင်းဆိုသင့်တယ်ဆိုတဲ့ ဦးသိန်းဟန်(မစ္စတာဇဟူးရီ)တို့အစုက လူနည်းစုအခွင့်အရေးအနေနဲ့ တောင်းဆိုတဲ့အဆိုနဲ့ပတ်သက်ပြီး ဥပဒေစာအုပ်ကြီးများကိုင်လို့ ရှင်းလင်းတင်ပြသွားတယ် ဆိုတာလောက်ပဲ မှတ်မိပါတယ်။

လူနည်းစုအခွင့်အရေး ဆိုတဲ့နေရာမှာ ဗမာမွတ်စလင်တွေဟာ လူမျိုးတစ်မျိုးဖြစ်ပါတယ်။ အဲဒါကြောင့် လူမျိုးပေါ်အခြေခံပြီး လူနည်းစုအခွင့်အရေး ပေးဖို့တောင်းဆိုတာလား။

ဒါမှမဟုတ် မြန်မာပြည်မှာရှိတဲ့ အစ္စလာမ်ဘာသာဝင် အားလုံးအတွက် ရှေးရှုပြီး လူနည်းစုအခွင့်အရေး တောင်းတာလား။ ဒီအချိန်က အိန္ဒိယပြည်မှာ မစ္စတာအလီဂျင်းနား ခေါင်းဆောင်တဲ့ မွတ်စလင်လိဂ်က အိန္ဒိယမွတ်စလင်တွေအတွက် ပါကစ္စတန်အဖြစ် သီးခြားနယ်မြေ တောင်းတာရှိပါတယ်။ အဲဒီသဘောမျိုး ဘာသာကိုးကွယ်မှုအရ လူနည်းစုအဖြစ် တောင်းတာလားဆိုတာ မသိပါ။

ဒီအဆိုရှင်ရဲ့ ကာယကံရှင်ထံ သွားရောက်တွေ့ဆုံ မေးမြန်းဖို့ဟာလဲ အဆိုရှင်–ဦးသိန်းဟန်(မစ္စတာဇဟူးရီ)ဟာ ကွယ်လွန်သွားရှာပါပြီး

အဲဒီတုန်းက ကျမ်းပြုသူကတော့ အများစုဘက်မှာ ရပ်တည်ပါတယ်။ ဒီအများစုဘက်က ရပ်တည်မယ်ဆိုတဲ့ နေရာမှာလဲ ဘာကြောင့်အများစုဘက်က ရပ်တည်တယ်ဆိုတာကို ပီပီပြင်ပြင် နားလည်တဲ့သူတွေရှိသလို ရောယောင်နေသူတွေလဲ ရှိနိုင်ပါတယ်။

လူနည်းစုအဖြစ် ရပ်တည်ကြတဲ့ သူတွေထဲမှာလည်းကောင်း၊ လူများစုအဖြစ် ရပ်တည်ကြတဲ့ သူတွေထဲမှာလည်းကောင်း၊ အဲဒီထဲက ပုဂ္ဂိုလ်တွေမှာ မိမိတို့ဘာကြောင့် ရပ်တည်ကြရသလဲဆိုတာ နားလည်သဘောပေါက်မှု ရှိသလား မရှိသလားဆိုတာတော့ ကျမ်းပြုသူနေနဲ့ သေသေချာချာမပြောနိုင်ပါ။

ကျမ်းပြုသူနေနဲ့ကတော့ မိမိတို့ဟာ ဗမာလူမျိုးပဲဖြစ်တယ်။ ဘာသာယုံကြည်မှုတစ်ခုသာ ခြားနားမှုရှိတယ်။ ဒီဘာသာရေး ယဉ်ကျေးမှုကွာခြားချက်ဟာလဲ လူတန်းစားတိုက်ပွဲမှာ လက်ရည်တစ်ပြင်တည်း ဆောင်ရွက်သွားရင် အဲဒါတွေ ပပျောက်သွားမှာပါ။ မိမိတို့ဟာ အစ္စလာမ်ဘာသာကို ကိုးကွယ်ကြတဲ့

ဗမာလူမျိုးတွေ ဖြစ်တယ်လို့ယူဆပြီး အများစုအနေနဲ့ နေမယ်ဆိုပြီး အများစု ဘက်က မဲပေးခဲ့ပါတယ်။

**ဗမာမွတ်စလင်များပေါ် ဖ၊ ဆ၊ ပ၊ လသဘောထား**

ဖ၊ ဆ၊ ပ၊ လအဖွဲ့ချုပ်အနေနဲ့လဲ ဗမာမွတ်စလင်တွေကို ဗမာလူမျိုးများ ဖြစ်တယ်ဆိုတဲ့ ခံယူချက်ရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဖ၊ ဆ၊ ပ၊ လအဖွဲ့ချုပ်ကြီးရဲ့ ညီလာခံကြီးတွင် အဆိုအမှတ်(၆)ဖြစ်သော လူနည်းစုအရေးအတွက် ဒီးဒုတ်ဦးဘချိုရဲ့ ရှင်းလင်းတင်ပြချက်ကို ကောက်နှုတ် ဖော်ပြရရင်–

ကျွန်တော်၏အဆို စတုတ္ထပိုင်းကတော့ ဗမာမွတ်စလင်များနှင့် ပတ်သက် ပါတယ်။ ဗမာမွတ်စလင်များဟာ ရှေးကဗမာများနှင့် အယူဘာသာခြား ရုံနှင့် မိမိတို့ကိုယ်ကို နိုင်ငံခြားသားများ စာရင်းတွင်သွတ်သွင်းကာ၊ မြန်မာနိုင်ငံရေးတွင် မပါဝင်ဘဲ လျစ်လျူရှုခဲ့ကြပါတယ်။ ယခုစီးပွားရေး ပေါင်းသင်းဆက်ဆံရေး၊ ယဉ်ကျေးမှု အစစမှာ ဗမာတို့နှင့်ခွဲလို့မရသော မြန်မာလူမျိုးများပင် ဖြစ်နေကြောင်း အယူမှန်၊အမြင်မှန်သို့ ရောက်ရှိလာ ကြသည့်အတိုင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဗမာမွတ်စလင် ပျဉ်းမနား ကွန်ဖရင့်ကြီးက–ငါတို့သည်ဗမာများပင် ဖြစ်သည်ဟု ကြွေးကြော် ဆုံးဖြတ်ခဲ့ကြသည်ကို ဤညီလာခံကြီးက အထူးချီးကျူးဝမ်းမြောက် ကြောင်း၊ ဤသို့သဘောထားကြသော ဗမာမွတ်စလင်များကို တိုင်းရင်း သားလူနည်းစုတို့ ရထိုက်သောအခွင့်အရေးများကို ပေးရန်သဘော တူကြောင်း–ဟူသောအဆိုဖြစ်ပါတယ်။

ဒီးဒုတ်ဂျာနယ်–တွဲ(၁၉)၊ မှတ်(၂၆) (၄–၂–၁၉၄၆)မှ ကူးယူဖော်ပြ ထားပါတယ်။

ဒီးဒုတ်ဦးဘချိုက ပြည်လုံးကျွတ် ဖ၊ ဆ၊ ပ၊ လညီလာခံမှာ ဗမာမွတ် စလင်တို့နဲ့ပတ်သက်တဲ့ ပြဿနာကို ရှင်းတဲ့အခါမှာ ဗမာမွတ်စလင်များဟာ ရှေးကဗမာများနဲ့ အယူဘာသာခြားရုံနဲ့ မိမိတို့ကိုယ်ကို နိုင်ငံခြားသားများ စာရင်းတွင်သွတ်သွင်းလိုက်ပြီး၊ မြန်မာ့နိုင်ငံရေးကို လျစ်လျူရှုခဲ့တယ်။ အခုတော့ ပျဉ်းမနားမှာ ဗမာမွတ်စလင်တွေက ညီလာခံကြီး ကျင်းပပြီး ဗမာလူမျိုးများ ဖြစ်တယ်လို့ ထုတ်ဖော်ကြွေးကြော်ခဲ့တယ်။ အဲဒီဗ၊ မ၊ က ရဲ့ပီပီပြင်ပြင် ပြည့်ပြည့်စုံစုံမရှိတဲ့ ကြွေးကြော်သံအမှားပေါ် ဖ၊ ဆ၊ ပ၊ လ ကလိုက်နင်းပြီး ဗမာမွတ်စလင်တွေဟာ ဗမာလူမျိုးတွေဖြစ်တယ်လို့ ဖွင့်ဆိုခဲ့တယ်။

**မြန်မာပြည်၏ကံကြမ္မာကို ဖန်တီးမည့်ပုဂ္ဂိုလ်များ**

**ဖဆပလ ညီလာခံမှ တင်မြှောက်လိုက်သော ဗဟိုဦးစီးအဖွဲ့ဝင်များ**

ဥက္ကဋ္ဌ– ဗိုလ်ချုပ်အောင်ဆန်း၊ တစ်သီးပုဂ္ဂလခေါင်းဆောင်ကြီး ၁၀– ဦး၊ ဦးဘဖေ၊ မြန်မာ့အလင်းဦးတင်၊ ဒီးဒုတ်ဦးဘချို၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ပျော်ဘွယ်ဦးမြ၊ ဝတ်လုံဦးကွန်း၊ ဒေါက်တာဆက်၊ သခင်နု၊ မစ္စတာရာဇတ်၊ မိတ္ထီလာဦးဘရင်။

နိုင်ငံရေးပါတီများမှ–

ကွန်မြူနစ်– သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ချစ်။

ဆိုရှယ်လစ်– သခင်မြ၊ ကိုအောင်သန်း (ဗိုလ်စကြာ)၊ ကိုကျော်ငြိမ်း၊

မျိုးချစ်– ဟသ်ာတဦးမြ၊ ပုသိမ်ဦးဘဂျမ်းနှင့် ကျန်တစ်ဦး။

လူမျိုးရေးအဖွဲ့များ–

(ရခိုင်) ဦးအောင်ဇံဝေ၊ ကဿကဦးဖိုးမြ၊ သခင်ဗတင်။

(ကရင်) စောဘဦးကြီး၊ မန်းဘခိုင်၊ ဆရာသာထို။

(ဗမာမွတ်စလင်) ဦးမောင်စိန်၊ ဦးဖေခင်၊ မစ္စတာလတစ်(ဖ်)၊

လူငယ်အစည်းအရုံး ဦးဘဂျမ်း၊ ဦးကြံထွန်း၊ ဦးမျိုးအံ့။

ဒီးဒုတ်ဂျာနယ် (၄–၂–၆၄) ထုတ် စာမျက်နှာ ၂၂ မှ ကောက်နုတ်ဖော်ပြထားတယ်။

ဟစ်ပါတည်းမှာ ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် တခြားလူမျိုးများနည်းတူ ဗမာမွတ်စလင်ကွန်ဂရက်မှာ ကိုယ်စားလှယ် သုံးဦးကိုလဲ လက်ခံပြန်ပါတယ်။

အမှန်မှာတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ဖဆပလ ခေါင်းဆောင်များရဲ့ ပကတိစိတ်မှာ ဗမာမွတ်စလင်တွေကို ဗမာလို့မြင်ဟန်တူမယ် မထင်ဘူး။ ဗမာတိုင်းရင်းသား လူမျိုးတစ်မျိုးအဖြစ်သာ မြင်ကြပါမယ်။ အဲဒါကြောင့် လူနည်းစုအခွင့်အရေးများပေးဖို့ လိုမယ်လို့ ယူဆမှာသေချာပါတယ်။

ဖဆပလအဖွဲ့ချုပ်က လူနည်းစုရပိုင်ခွင့် ပေးမယ်လို့ဆိုခဲ့ပေမယ့် ဒီဇိနတ် အမျိုးသမီးကျောင်းမှာကျင်းပတဲ့ ပြည်လုံးကျွတ်ညီလာခံမှာ လူနည်းစု၊ လူများစု ပြဿနာပေါ်တော့ ကျမ်းပြုသူအနေနဲ့ အဲဒီလူနည်းစုအခွင့်အရေး မယူလိုဘူး။ ဗမာလူမျိုးပဲဖြစ်တဲ့အတွက် ဗမာလူမျိုးများရဲ့ အခွင့်အရေးအတိုင်း

တန်းတူယူမယ်လို့ခံယူပြီး အများဘက်က မဲထည့်ခဲ့ပါတယ်။

ဒီနေရာမှာ ကျမ်းပြုသူက ကိုယ့်ကိုယ်ကို ဗမာလို့ သတ်မှတ်ရာမှာ တို့ဗမာအစည်းအရုံးကပြောသလို ဗမာကပြားများဟာ ဗမာဖြစ်တယ်ဆိုတဲ့ ခံယူချက်နဲ့ ခံယူတာမဟုတ်ပါဘူး။ ဗမာလူမျိုးဖြစ်တယ်လို့ကို ယုံကြည်ပြီး ဗမာလို့ ပြောတာပါ။

တခြားကိုယ်စားလှယ်တွေအနေနဲ့ ဘယ်လိုခံယူချက်နဲ့ အများစုဘက်က မဲထည့်သလဲ ဆိုတာကိုတော့ မသိပါ။ သူ့ခံယူချက်နဲ့သူ ရှိပေလိမ့်မယ်။

ဒီအချိန်က မြန်မာ့လွတ်လပ်ရေးဟာ ကြက်ရေးငှက်ရေးလို အရေးကြီးတဲ့ အခြေအနေပါ။ ကြွေတစ်လက် ကြက်တစ်ခုန် အခြေအနေမျိုးပါ။ အင်မတန် အရေးကြီးတဲ့ စပ်ကူးမပ်ကူးကာလပါ။ ကမ္ဘာမီးလောင် သားကောင်ချနင်း ဆိုတဲ့အချိန်မို့ ဗမာမွတ်စလင်တွေအနေနဲ့ သခွတ်ပင်က မီးတကျိုကျို ထလောင်တာမျိုး မလုပ်သင့်ဘူးလို့ ခံယူထားပါတယ်။ ဒီနေ့စကားနဲ့ပြောရင် လန်ဒန်မှာ အရေးဆိုနေတဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ကို ဦးနှောက်စားတဲ့အလုပ်မျိုး မလုပ်သင့်ဘူးလို့ ခံယူပါတယ်။

ဒီအချိန်မှာ တိုင်းရင်းသားညီညွတ်ရေးဟာ အရေးကြီးပါတယ်။ ပင်လုံစာချုပ်ကိုတောင် လက်မှတ်ရေးထိုးရတဲ့ အချိန်လဲမဟုတ်ပါ။ ဗိုလ်ချုပ်အောင်ဆန်း၊ မြန်မာခေါင်းဆောင်များ လန်ဒန်မှာ ဗြိတိသျှနန်းရင်ဝန် အက်တလီနဲ့ လွတ်လပ်ရေးအတွက် အကြိတ်အနယ် အရေးဆိုနေချိန်ပါ။

အဲဒီအချိန်မှာပဲ တချို့ဗမာမွတ်စလင်အဖွဲ့တွေကလဲ ဗမာမွတ်စလင်တွေကို လူနည်းစုအခွင့်အရေးပေးဖို့ ဗိုလ်ချုပ်အောင်ဆန်းတို့ ဆွေးနွေးပွဲသို့ပင် ကြေးနန်းရိုက် တောင်းဆိုခဲ့ကြပါသေးသတဲ့။

လူနည်းစုအခွင့်အရေး ရလိုကြောင်း တောင်းဆိုတဲ့ တောင်းဆိုချက်နဲ့ အတူ သီးခြားပြည်နယ်ဆိုတာဟာလဲ အလိုလိုကပ်ပါလာမှာပါ။

ဒီအချိန်က အိန္ဒိယမှာ ပါကစ္စတန်နိုင်ငံ ထူထောင်ဖို့ အရေးဆိုနေတယ်။ ဒီလို ဒီမှာလဲ မွတ်စလင်တွေအများစုရှိနေတဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်း ပြည်နယ်အဖြစ်လုပ်လိုတဲ့ လေသံတွေလဲ ကြားနေတယ်။ ရခိုင်ပြည်နယ် မြောက်ပိုင်း မျက်စပစ်နေသူတွေလဲ ရှိနေပါသတဲ့။ သီးခြားပြည်နယ် ဆိုတဲ့ စကားဟာ ရေပန်းစားနေပါတယ်။

ကျမ်းပြုသူတို့အနေနဲ့လဲ လွတ်လပ်ရေးကို အရေးဆိုနေတဲ့အချိန် တွင် သီးခြား လူနည်းစု အခွင့်အရေးရဲ့ နောက်ကွယ်မှာ ပြည်နယ်ပြဿနာ ဟာ အလိုလိုကပ်ပါလာနေတယ် ဆိုတာ မြင်နိုင်စရာပါပဲ။

ဒီပြဿနာတွေဟာ ရှုပ်ထွေးလာရင် လွတ်လပ်ရေးအတွက် အနည်းနဲ့ အများ အနှောင့်အယှက်ဖြစ်စေနိုင်တယ်။ အဲဒါကြောင့် သမိုင်းတွင် ဗမာ မွတ်စလင်တွေဟာ လွတ်လပ်ရေးတိုက်ပွဲမှာ တရားခံတွေအဖြစ်နဲ့ ကျန်မနေ ထိုက်ဘူးလို့ ယူဆခဲ့ပါတယ်။

ညီလာခံမှာ အနည်းစုအဖြစ် ရပ်မလား၊ အများခုအဖြစ် နေသွားမလား ဆိုတဲ့ ပြဿနာဟာ ညီလာခံတစ်ခုလုံးကို လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့တယ်။ တစ်နေ့လုံးလိုလို အပြန်အလှန် ဆွေးနွေးရင်း ညလုံးပေါက်ခဲ့ပါတယ်။ မနက် (၄)နာရီကျတော့မှ နောက်ဆုံး မဲခွဲဆုံးဖြတ်ရတော့မယ့်အကြောင်း သဘာပတိ ဆရာကြီး ဦးရာဇတ်က ကြေညာပါတယ်။ အဲဒီလိုပြောပြီး လူနည်းစုအဖြစ် ရပ်တည်လိုသူများ မတ်တတ်ရပ်ပါလို့ ဆိုလိုက်ရာ (၃၈)ဦး မတ်တတ်ရပ် ပါတယ်။

တစ်ခါလူများစုများအဖြစ် ရပ်တည်မယ့်သူ မတ်တတ်ရပ်ပါ ဆိုပြန် တော့လဲ မတ်တတ်ရပ်သူမှာ (၃၈)ဦး ဖြစ်နေပြန်ပါတယ်။ မဲချင်းလာညီ နေပါတယ်။ နောက်ဆုံး သဘာပတိ မဲနဲ့ဆုံးဖြတ်ရမယ့် အခြေသို့ ရောက်လာ ပါတယ်။

ဆရာကြီးဦးရာဇတ်က အများဘက်ကို ပြတ်သားတဲ့အမြင်နဲ့ မဲပေးခဲ့ ပါတယ်။ သူက အများဘက်သို့ မဲပေးကြောင်း ထုတ်ဖော်ကြေညာလိုက်လို့ အများစုဘက်က အနိုင်ရခဲ့ပါတယ်။

တစ်ညလုံး ဒီပြဿနာကို တင်ပြ၊ ဆွေးနွေးကြတယ်။ တချို့လဲ ပင်ပန်းလာကြတော့ အိပ်ပျော်သွားကြလို့ မဲမထည့်ဖြစ်ခဲ့သူတွေလဲ ရှိပါ တယ်။ တချို့လဲ မဲမထည့်ဘဲ ကြားနေသူတွေလဲ ရှိပါတယ်။

ဒီ ဗ၊မ၊က ပြည်လုံးကျွတ်ညီလာခံကြီးမှာ ဗမာမွတ်စလင်များဟာ လူများစုအဖြစ် ရပ်တည်သွားရန် ဆုံးဖြတ်ချက်ချကြောင်းကို လန်ဒန်တွင် နန်းရင်းဝန် မစ္စတာ အက်တလီနဲ့ အရေးဆိုနေတဲ့ ဖ၊ဆ၊ပ၊လ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်အောင်ဆန်းထံ ကြေးနန်းပို့လိုက်ပါတယ်။

လူနည်းစု အဆိုရှင်များမှာ မိမိတို့အဆို ရှုံးသွားနိမ့်သွားတဲ့အတွက် ညီလာခံကြီးမှ ထွက်ခွာသွားကြပါတော့တယ်။

အဲဒီမှာပဲ နောက်ပြဿနာတစ်ခုက ဒီညီလာခံမှာ လူငယ်ဌာနနဲ့ အမျိုးသမီးဌာနတို့က သီးခြားအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ကာ ဗ၊မ၊က တွင် တပ်ပေါင်းစုအဖြစ် ပါဝင်လိုကြတယ်။ အဓိကအားဖြင့် ဗမာမွတ်စလင် အမျိုးသမီးအဖွဲ့ချုပ်မှာ ၎င်းတို့၏ အဖွဲ့အစည်းကို မဖျက်သိမ်းဘဲ သီးခြား ရပ်တည်လိုတဲ့အကြောင်း တင်ပြသွားတယ်။

* * *

# အခန်း (၂၄)
# ပညာရေးဝန်ကြီး ဦးရာဇတ်

ဗြိတိသျှအစိုးရ ပြန်ဝင်လာစအခြေအနေ

မြန်မာပြည်မှာတော့ စစ်မီးဟာတောက်လောင်နေဆဲပါ။ ဒါပေမယ့် ဒုတိယကမ္ဘာစစ်ကြီးကတော့ ပြီးသလောက်နီးနီးရှိနေပြီလို့ ဆိုရမလောက်ပါပဲ။ ကြည့်မယ်ဆိုရင် ဖက်ဆစ်အီတလီဟာ ၁၉၄၃ ခု၊ စက်တင်ဘာလ (၈)ရက်နေ့မှာ ခြွင်းချက်မရှိ လက်နက်ချပြီးလို့ နာဇီဂျာမဏီကတောင် ၁၉၄၅ ခု၊ မေလ (၆)ရက်နေ့မှာ လက်နက်ချဖို့ ပြင်ဆင်နေပြီပေါ့။

၁၉၄၅ ခုနှစ် မေလ (၈)ရက်နေ့ဟာ ဥရောပရှိ ဆိုဗီယက်လူနီယံနဲ့ အင်္ဂလိပ်အမေရိကန်တို့ရဲ့ မဟာမိတ်စစ်အောင်ပွဲနေ့ကြီးတောင် ဖြစ်ခဲ့ပြီ။ ဂျပန်ဖက်ဆစ်တွေသာကျန်တော့တယ်။

ဂျပန်တွေကိုယ်တိုင်မှာလဲ အရှေ့အာရှစစ်မျက်နှာမှာ တစ်နေ့တခြားအရှုံးကြီးရှုံးနေပြီ။ မြန်မာပြည်စစ်မျက်နှာမှာဆိုရင်လဲဒီလိုပါပဲ။ ဂျပန်ဖက်ဆစ်တွေဟာ ၁၉၄၄ ခု မတ်လကနေ ဇွန်လအထိ အပြင်းအထန်ဖြစ်ပွားခဲ့တဲ့ အင်ဖာတိုက်ပွဲမှာ မရှုမလှရှုံးခဲ့ပါတယ်။ ပြောရရင် အင်ဖာတိုက်ပွဲဟာ မြန်မာပြည်စစ်မျက်နှာအတွက် အနိုင်အရှုံးကို အဆုံးအဖြတ်ပေးမယ့် တိုက်ပွဲပေါ့။ ဒီတိုက်ပွဲမှာ ဂျပန်တွေ သောက်သောက်လဲအောင် ရှုံးတဲ့အတွက် တောက်လျှောက်ဆိုသလို အတောမသတ်အောင် ဆုတ်ခဲ့ကြရပါတယ်။

အဲဒီလိုဂျပန်တွေဟာ ဒရောသောပါး ဆုတ်ခွာခဲ့ပြီး မန္တလေးလွင်ပြင်နဲ့ နန်းတွင်းခံတပ်တွင်းကနေ အင်္ဂလိပ်တပ်တွေကို ခုခံဖို့ပြင်ကြပါတယ်။

ဒါပေမယ့် ပြင်ဆင်ချိန်သိပ်မရလိုက်ခင် ဗိုလ်ချုပ်ကြီး စလင်းရဲ့အမှတ်(၁၄) တပ်မတော်က တပ်အချို့ မိတ္ထီလာကို အလစ်ဝင်တိုက်ခိုက်တော့တာပါပဲ။ အဲဒီမယ် မန္တလေးဘက်က ဂျပန်ဖက်ဆစ်တပ်တွေ မိတ္ထီလာစစ်မြေပြင်ဆီ တပ်ကူဖို့ အူယားဖားယားသုတ်ခြေတင်တော့တယ်။

အဲဒီလိုခြေမကိုင်မိ လက်မကိုင်မိ ရပ်တည်ရာမရဖြစ်နေတဲ့ ဂျပန်တပ်အတွက် ကံဆိုးမိုးမှောင်အဖြစ်နဲ့ လှလှကြီးကြုံခဲ့ပါတယ်။ ဒါကတခြားမဟုတ်ပါဘူး။ ၁၉၄၅ ခု၊ မတ်လ(၈)ရက်နေ့ကစပြီး ဗိုလ်မှူးဗထူးရဲ့ အနောက်မြောက်တိုင်းက ဖက်ဆစ်ဂျပန်ကို စတင်ပြီး တော်လှန်တိုက်ခိုက်ခဲ့ပါတယ်။ နောက်တစ်ပြည်လုံးမှာ အဲဒီနှစ် မတ်လ(၂၇)ရက်နေ့မှာ တော်လှန်ပြန်တယ်။

ဒါကြောင့် ဂျပန်ဟာ သူ့နောက်ကျောအတွက် ရတက်မအေးနိုင်လို့ စစ်တောင်းမြစ်ကိုကျော်ပြီး ထိုင်းနိုင်ငံဘက်ဝင်ပြေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စစ်တောင်းဘက်ကမ်းဆီကို ရှေ့ရှုဆုတ်ခွာနေတယ်။

ပိတ်ဝိုင်းသုတ်သင်တဲ့ စစ်ထက်မောင်းထုတ်တဲ့စစ်ဆင်ရေးကို အဓိကထားဆင်နွှဲနေတဲ့ အင်္ဂလိပ်အမေရိကန်စတဲ့ မဟာမိတ်တွေဟာ ဒီလိုတောတောင်တွေမှာ အဝေးပြေးအမြောက်လဲ သုံးလို့မရ၊ တင့်ကားလဲ သုံးဖို့စိတ်ကူး မထည့်ဝံ့လို့ ပြီးတော့အနီးကပ်တိုက်ပွဲကို တတ်နိုင်သလောက်ရှောင်ရှားလေ့ရှိတာမို့ အနီးကပ်တိုက်ပွဲကို စွန့်စွန့်စားစားဆင်နွှဲနေတဲ့ မြန်မာ့တော်လှန်ရေး အင်အားတွေကိုတာ ရွေးပြီးစစ်မျက်နှာမှာ ခွဲပေးခဲ့တယ်

မြန်မာ့တော်လှန်ရေး အင်အားစုတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် မဟာမိတ်တပ်တွေဟာ ရန်ကုန်မြို့ကို ၁၉၄၅ခု၊ မေလ (၃)ရက်နေ့မှာ သိမ်းပိုက်နိုင်ခဲ့တယ်။

ရန်ကုန်မြို့ကြီး ဂျပန်ဖက်ဆစ်လက်က လွတ်ကတည်းကလုံးဝ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာပိုင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ်ဟာ အလုပ်ရှုပ်လာပါတယ်။ မနားမနေအလုပ်လုပ်နေကြရပါတယ်။ အဖွဲ့အစည်းတွေဟာလည်း အလျှိုလျှိုတည်ထောင်ဖွဲ့စည်းလာကြတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ မိတ္ထီလာမှာ ဗိုလ်ချုပ်ကြီးစလင်းနဲ့ ၁၉၄၅ခု၊ မေလအတွင်းမှာ တွေ့ဆုံပြီး လွတ်လပ်ရေးအတွက် တိုင်ပင်ဆွေးနွေးခဲ့တယ်။

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မြန်မာ့တပ်မတော်ကထွက်ပြီး နိုင်ငံခြားဘက်ကို ကူးပြောင်းလုပ်ရမလား။ တပ်မှာပဲ ဆက်တာဝန်ယူရမလား ဆိုတဲ့အချက်တွေက ရှိလာတယ်။ ပြီးတော့ လုံးဝလွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရနဲ့ အရေးဆိုရာမှာ ပြည်တွင်းရဲ့တကယ့်ညီညွတ်မှုအင်အားဟာလဲ အဓိကဖြစ်တယ်။ ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီ၊ မျိုးချစ်ပါတီ မဟာဗမာအဖွဲ့ စတဲ့ပါတီအဖွဲ့အစည်းများ လူမျိုးစုအဖွဲ့အစည်းများ တစ်သီးပုဂ္ဂလများ လူမျိုး၊ ပါတီ အဖွဲ့အစည်းများအားလုံးကို သိမ်းသွင်းခဲ့ရပြန်တယ်။

မြန်မာပြည်ရဲ့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ အမျိုးသားစည်းလုံးညီညွတ်မှုမျိုး ဘယ်တုန်းအခါကမှ အခုလောက်မရှိခဲ့ဖူးပါဘူး။ ဗိုလ်ချုပ်ဟာ နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုကြီးတစ်ရပ်ကို အခုလိုစုဆောင်းမိအောင် လုပ်ရတဲ့တာဝန်ဟာ အင်မတန်ကြီးမားပါတယ်။ ဒီတာဝန်ကိုဆောင်ရွက်တဲ့အခါမှာ သူကိုယ်သူအတက်နိုင်ဆုံး နှိမ့်ချခဲ့ပါတယ်။ သူမှာ ဒီလိုခံယူချက်မျိုးရှိပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ကိုယ့်တိုင်းပြည်မှာ စည်းလုံးညီညွတ်တဲ့အင်အားစုတစ်ရပ်ရရှိဖို့လိုအပ်တယ်။ ပြီးတော့ ကိုယ့်တိုင်းပြည်တစ်ပြည်တည်း ထီးတည်းကြီးနေတာထက် အရှေ့တောင်အာရှရှိ တိုင်းပြည်တွေစုပေါင်းနေတာဟာ နယ်ချဲ့သမားတွေရဲ့ ရန်ကိုကာကွယ်နိုင်မယ်။ ဒီလိုသူကခံယူထားတယ်။ အဲဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ သွေးစည်းညီညွတ်မှုရအောင်ကြိုးစားခဲ့တယ်။

၁၉၄၅ ခု၊ ဩဂုတ်လ (၁၉)ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်က ဦးစီးပြီး ကန်တော်ကြီးဇောင်းရှိနေသူရိန်ရုံကြီးမှာ လူထုအစည်းအဝေးကြီးတစ်ရပ် ကျင်းပခဲ့တယ်။ အစည်းအဝေးမှာ

၁။ မြန်မာ့တပ်မတော်အဆို

၂။ တိုင်းပြုပြည်ပြုလွှတ်တော်အဆို

၃။ တစ်နိုင်ငံလုံး စည်းလုံးညီညွတ်ရေးအဆို

စတဲ့အဆို (၃)ရပ်ကို ချမှတ်ခဲ့တယ်။ ဒီအဆို (၃)ရပ်လုံးဟာ တိုင်းပြည်ရဲ့မျက်မှောက် လက်ငင်းပြဿနာဖြစ်တယ်။ ဒါကြောင့် ဒီအဆိုကို တစ်တိုင်းပြည်လုံးက သိမ့်သိမ့်တုန်အောင် တောင်းတောင်းပြပြကြိုဆိုခဲ့ပြီး တစ်ခဲနက်ထောက်ခံခဲ့ပါတယ်။ ဒါဟာဗြိတိသျှအစိုးရကို တုန်လှုပ်ခြောက်ခြားစေခဲ့တယ်။

ဗြိတိသျှအစိုးရအနေအထားကို ပြန်ကြည့်ရင် မြန်မာပြည်ကို ဗြိတိသျှအစိုးရက ပြန်လည်အုပ်စိုးဖို့ စက္ကူဖြူစာတမ်းကို ကိုင်ပြီးဝင်လာတယ်။ ဒါပေမယ့် ဆာချာချီရဲ့ ကွန်ဆာဗေးတစ်ပါတီ ပြုတ်သွားတော့ အက်တလီရဲ့ လေဘာပါတီအစိုးရတက်လာတယ်။ မြန်မာပြည်အတွက် အက်တလီရဲ့ စက္ကူဖြူစာတမ်းကို ရေးဆွဲခဲ့ပြန်တယ်။

ရန်ကုန်ကျသွားပြီဆိုကတည်းက မြန်မာပြည်စစ်ပြေးဘုရင်ခံ ဆာရယ်ဂျီနယ်ဒေါမန်စမစ်ဟာ မြန်မာပြည်အုပ်ချုပ်ရေးအတွက် အရှေ့တောင်အာရှ စစ်သေနာပတိချုပ်ကြီး လော့ဒ်လူဝီမောင့်ဘက်တန်နဲ့ သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

၁၉၄၅ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှာ အရှေ့တောင်အာရှ စစ်မျက်နှာဆိုင်ရာ စစ်သေနာပတိချုပ်ကြီး လော့ဒ်လူဝီမောင့်ဘက်တန်က ရန်ကုန်မြို့ကို ရောက်လာပြီး စစ်အောင်ပွဲသဘင်ကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ကျင်းပခဲ့တယ်။ ဒီအခမ်းအနားမှာ သူကိုယ်တိုင် တက်ရောက်ပြီး မိန့်ခွန်းပြောခဲ့တယ်။ ပြီးတော့ ဗြိတိသျှဘုရင်ခံက မြန်မာပြည်သူတွေဆီ ပေးလိုက်တဲ့ သဝဏ်လွှာကို သူကိုယ်တိုင်ဖတ်ကြားပြခဲ့တယ်။

အဲဒီနောက် ၄-၅ ရက်လောက်အကွာမှာ ဆာရယ်ဂျီနယ်ဒေါမန်စမစ်ဟာ ဆာပေါ်ထွန်းနဲ့ ဆာထွန်းအောင်ကျော်တို့ခြံရံပြီး မြန်မာပြည်ကို စစ်သင်္ဘောနဲ့ ခေတ္တရောက်လာပါတယ်။ အဲဒီနေ့ကတော့ ဇွန်လ ၂၀ ရက်နေ့ပါ။ ရန်ကုန်မြစ်အတွင်းကနေ သူတွေ့လိုတဲ့ မြန်မာခေါင်းဆောင်တွေကို ရွေးဖိတ်ပြီး စစ်သင်္ဘောပေါ်မှာပဲ တွေ့ဆုံနှုတ်ဆက်ခဲ့တယ်။

သူလာတဲ့အကြောင်းရင်းကတော့ မြန်မာပြည်သူတွေဟာ သူတို့ ဗြိတိသျှအစိုးရအပေါ် ဘယ်လိုသဘောထားတယ်၊ သဒ္ဓါကြည်ဖြူသေးရဲ့လား၊ တကယ်လို့ သူတို့အုပ်ချုပ်လာရင် ဘယ်ပုဂ္ဂိုလ်တွေဆီကတစ်ဆင့် သူတို့ ဗြိတိသျှအစိုးရအာဏာစက်ကို မြန်မာပြည်သူတွေအပေါ် လွှမ်းခြုံအောင်လုပ်ရေးမှာ ဘယ်သူတွေဟာ အခရာဖြစ်မယ်ဆိုတာတွေလဲ အကဲခတ်လေ့လာဖို့တစ်ကြောင်း၊ ပြီးတော့ စက္ကူဖြူစာတမ်းအရ မြန်မာပြည်လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရက ဘယ်လိုပြင်ဆင်ထားတယ်ဆိုတဲ့ မြန်မာတွေခံတွင်းတွေ့မယ့် မက်လုံးတွေ ကြိုက်လုံးတွေပြပြီး မျှော့သွေးစမ်းသလို လေ့လာအကဲခတ်ဖို့တစ်ကြောင်း ဒီအကြောင်းတွေကြောင့် လာတာနေမှာပါပဲ။

ဆာရယ်ဂျိနယ်ဒေါ်မန်စမစ်ဟာ စစ်ကြီးမဖြစ်ခင် ၁၉၄၁ ခုနှစ်မှာ မြန်မာပြည်ဘုရင်ခံအဖြစ်နဲ့ မြန်မာပြည်ကိုရောက်ခဲ့တယ်။ သူ့အရင်ကတော့ မြန်မာပြည်ဘုရင်ခံဟာ ဆာအာချီဘောကော့ကရိန်းပါ။

ဆာရယ်ဂျိနယ်ဒေါ်မန်စမစ်ဟာ မြန်မာခေါင်းဆောင်တွေကို သူ့ရဲ့ အဓိက ရည်ရွယ်ချက် ၂ ခုကိုတင်ပြတယ်။

(၁) စစ်ဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းပြီး အုတ်ပြာပုံဖြစ်နေတာတွေကို အမြန်ဆုံးပြန်လည်ပြင်ဆင်ဖို့။

(၂) ဒိုမိနီယံနိုင်ငံများနဲ့ တန်းတူဖြစ်တဲ့အပြင် ဗြိတိသျှလူမျိုးတွေကိုယ်တိုင်ရရှိထားတဲ့ လွတ်လပ်ရေးမျိုးနဲ့ ညီမျှတဲ့ လုံးဝလွတ်လပ်ရေးမျိုးရရှိစေမယ်။

ဒါပေမယ့် ဒါတွေရရှိရေးဟာ မြန်မာပြည်သူလူထုတွေအပေါ်မှာ အဓိက တည်လိမ့်မယ်တဲ့။ မြန်မာပြည်သူတွေဆီက လုံလောက်တဲ့အကူအညီရရင် မြန်ဆန်မယ်လို့လဲ ရှင်းပြပါတယ်။

ဒီလိုဘုရင်ခံဟာ ခဏတဖြုတ်လာရောက်ရှင်းလင်းပြောဆိုပြီး ပြန်သွားတယ်။ အဲဒီအချိန်အထိ မြန်မာပြည်မှာ စစ်ဟာလုံးဝမပြီးသေးဘူး။ စစ်အုပ်ချုပ်ရေးလဲရှိပါသေးတယ်။ မြို့ပြအုပ်ချုပ်ရေးမရှိသေးပါဘူး။

မြန်မာပြည်သူတွေမှာ စစ်ဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်နေကြတယ်။ လယ်ယာချောင်းမြောင်းတွေလဲပျက်စီး၊ မျိုးစပါးတွေလဲ မီးလောင်၊ ဝတ်စရာအဝတ်အစားမရှိ၊ ဒီအထဲဂျပန်ငွေစက္ကူဒဏ်ကိုလဲ အလူးအလဲခံနေရတယ်။

၁၉၄၂ ခုနှစ် အင်္ဂလိပ်အစိုးရက ထုတ်သုံးသွားတဲ့ ငွေစက္ကူဟာ ၃၄ ကုဋေကျော်ဖိုးလောက်ပဲရှိတယ်။ ဒါပေမယ့် ဂျပန်နေသွားတဲ့ ၃ နှစ် ၃ မိုးအတွင်းမှာ ထုတ်သုံးခဲ့တဲ့ ဂျပန်ငွေစက္ကူက ကုဋေ ၃၀၀ ဖိုးခန့်ရှိတယ်။ အင်္ဂလိပ်တွေဝင်လာတော့ ဒီငွေတွေအတွက်တာဝန်မယူဘူး။ တန်ဖိုးမဲ့ငွေတွေတဲ့။ ဒီတော့မြန်မာပြည်သူတွေ ရင်ကျိုးတော့တာပဲ။

အင်္ဂလိပ်အစိုးရက သူတို့တတ်နိုင်တာက "လက်ထဲမှာ ငွေမရှိလို့ အလုပ်မလုပ်နိုင်သူတွေကို အဝတ်အစားနဲ့ အစားအသောက်တွေ အခမဲ့ဝေပေးမယ်တဲ့။ ပြီးတော့ လယ်သမားတွေအတွက်လဲ ကောက်ပဲသီးနှံမပေါ်ခင် အပေါင်သဘောနဲ့ အဝတ်အစားနဲ့ အစားအသောက်တွေကို ဝေငှထုတ်ပေးထားမယ်"လို့ ဖော်ပြထားတယ်။

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖဆပလအဖွဲ့မှာ တို့ဗမာအစည်းအရုံး၊ မျိုးချစ်ပါတီ၊ မဟာဗမာအဖွဲ့၊ ဗမာမွတ်စလင် ကွန်ဂရက် စတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ၊ လူမျိုးစုအဖွဲ့အစည်းတွေဟာ ပါဝင်စုရုံးလျက်ရှိနေတယ်။ ဒီတော့ ဒါကို တစ်နည်းနည်းနဲ့ အင်္ဂလိပ်အစိုးရက ခွဲပစ်ဖို့စီစဉ်တယ်။ တောင်းတန်းနဲ့မြေပြန့်ခွဲပစ်ဖို့၊ အဓိကကတော့ ဗိုလ်ချုပ် အောင်ဆန်းကို အန်တုနိုင်မယ့်ပုဂ္ဂိုလ်တစ်ဦးဦးကိုရှာဖို့အရေးကြီးတယ်။ အဲဒီလိုရှာတဲ့အခါ ဦးစောကိုမြင်တယ်။ ဦးစောဟာဗိုလ်ချုပ်ကို အန်တုနိုင်မယ်လို့ထင်တယ်။ ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ခေါင်းဆောင်တွေကို ဂျပန်ခေါ်ခဲ့သူတွေမို့စစ်တရားခံ အဖြစ်နဲ့ဖွဲ့ချက်တင်ဖမ်းဆီး အရေးယူမလိုလိုဖြစ်နေတယ်။ ဒါပေမယ့်ဗြိတိန်ပြည်က အမတ်ကြီး လော့ဒ်လက်ဝကိုဝမ်က လွတ်ငြိမ်းချမ်းသာခွင့်သဘောထားကို အကျယ်တဝင့်တင်ပြဆွေးနွေးခဲ့တယ်။ သူက ဗြိတိသျှအထက်လွှတ်တော်မှာ ဆွေးနွေးတဲ့ မြန်မာနိုင်ငံယာယီအုပ်ချုပ်ရေးဥပဒေကြမ်းကို ထောက်ခံရင်း ဂျပန်နဲ့ပေါင်းခဲ့သူတွေအပေါ် လွတ်ငြိမ်းချမ်းသာခွင့်ပေးသင့်ကြောင်း အကျယ်တဝင့်တင်ပြခဲ့တယ်။

ဆာရယ်ဂျီနယ်ဒေါ်မန်စမစ်ဟာ ၁၉၄၃ ခုနှစ်က လော့ဒ်မောင်ဘက်တန်နဲ့တွေ့တယ်။ အင်္ဂလိပ်ကအမေရိကန်တွေရဲ့ပတ်ဝန်းကျင်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ မြန်မာ့တပ်မတော်ကို "သစ္စာဖောက်တပ်" လို့ ခေါ်ဝေါ်သမုတ်နေတဲ့အကြောင်း ဒေါ်မန်စမစ်ကတစ်ဆင့် ပြောပြတယ်။ အဲဒီမယ် မောင့်ဘက်တန်က "နောင် ဘယ်တော့မှ သစ္စာဖောက်တပ်ရယ်လို့ မခေါ်ကြဖို့အမိန့်ထုတ်ညွှန်ကြားခဲ့ရတယ်ဆိုပဲ။ သူကိုယ်တိုင် မြန်မာ့မျိုးချစ်တပ်မတော်ကိုတကယ့်စစ်စည်းကမ်းရှိရှိအဖြစ်နဲ့ တွေ့ခဲ့ရကြောင်း ဖွင့်ဟချီးကျူးခဲ့ပါသတဲ့"

၁၉၄၅ ခု ဩဂုတ်လ ၁၅ ရက်နေ့မှာ ဂျပန်ဟာ မဟာမိတ်တွေဆီမှာ အပြီးအပိုင်လက်နက်ချခဲ့ပါတယ်။ မြန်မာပြည်စစ်မျက်နှာမှာရှိတဲ့ ဂျပန်တွေကတော့ တောကြိုအုံကြားရောက်နေကြတဲ့အတွက် "ဂျပန်တွေ လက်နက်ချပြီ"ဆိုတာ ချက်ချင်းမသိကြရှာဘူး။ ပထမဆုံး ဂျပန်စစ်သား (၈)ယောက်က အိန္ဒိယတပ်များဆီမှာ လက်နက်ချခဲ့ပါတယ်။

ရန်ကုန်မြို့မှာ အရှေ့တောင်အာရှစစ်ဌာနချုပ်ရဲ့ ကိုယ်စားလှယ်တွေနဲ့ ဂျပန်လက်နက်ချရေး ကိုယ်စားလှယ်တွေ တွေ့ဆုံပြီး ၁၉၄၅ ခု၊ ဩဂုတ်လ

(၂၇)ရက်နေ့ ညသန်းခေါင်ကျော် (၁၂) နာရီ (၅၅)မိနစ်အချိန်မှာ ဂျပန် လက်နက်ချပွဲကျင်းပခဲ့တယ်။

နေသူရိန်လူထုအစည်းအဝေးကြီး ကျင်းပပြီးတဲ့နောက် အရှေ့တောင် အာရှစစ်ဌာနချုပ်မှာ မြန်မာ့တပ်မတော်ပြဿနာကို ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ချုပ်နဲ့ ဆွေးနွေးဖို့စီစဉ်ကြတယ်။ ၁၉၄၅ ခု၊ စက်တင်ဘာလ ၆ ရက်နေ့ မှာ အရှေ့အာရှစစ်မျက်နှာဌာနချုပ်ကိုယ်စားလှယ်များနဲ့ မြန်မာကိုယ်စားလှယ် အဖွဲ့ကို စတင်ဆွေးနွေးကြပါတယ်။ ဒီနေ့မြန်မာ့တပ်မတော်ဟာ ဒီဆွေးနွေးပွဲ ရဲ့ ရလဒ်ပေါ့။

ဒီအချိန်လောက်မှာပဲ စစ်ပြေးမြန်မာပြည်ဘုရင်ခံဟာ အရှေ့တောင် အာရှစစ်သေနာပတိချုပ် လော့ဒ်လူဝီမောင့်ဘက်တန်နဲ့တွေ့ဆုံပြီး မြန်မာပြည် အခြေအနေကို ဆွေးနွေးဖို့ ကန္ဒီကိုသွားပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးလဲပြီးသွားပါပြီ။ စစ်အုပ်ချုပ်ရေးကနေ မြို့ပြ အုပ်ချုပ်ရေးကိုပြောင်းရတော့မယ့်အချိန်မှာ မြန်မာပြည်ရဲ့အခြေအနေဟာ အေးချမ်းစပြုလာပါပြီ။ ဒီအချိန်မှာပဲ မြန်မာပြည်ဘုရင်ခံဟာ မြန်မာပြည်ကို ခြေချဖို့အချိန်အခါသင့်ပြီလို့ယူဆပြီး ပြည်တော်ပြန်အခမ်းအနားကို ကြီးကြီး ကျယ်ကျယ်ပြုလုပ်ခဲ့ပါတယ်။

၁၉၄၅ ခု၊ အောက်တိုဘာလ ၁၆ ရက်နေ့မှာ ကလီယို ပထရာသင်္ဘော နဲ့ ရန်ကုန်ကိုရောက်ခဲ့ပါတယ်။ အမြောက် ၁၇ ချက်စီ ၂ နေရာမှာ ပစ်ဖောက် ပြီး ပြည်တော်ပြန်လာကြောင်း ကြော်ငြာမောင်းခတ်လာတယ်။ နောက်တစ်နေ့ မနက် မြို့တော်ခန်းမမှာ မြို့သူမြို့သားတွေက သူ့ကိုကြိုဆိုတဲ့အခမ်းအနား ကျင်းပတယ်။ အခမ်းအနားကို တက်ရောက်ပြီး ဘုရင်ခံက မိန့်ခွန်းရှည်ကြီး ပေးခဲ့ပါတယ်။ ပြီးတော့ ဆင္ဒမမြောက် ဈေးဘုရင်ရဲ့ သဝဏ်လွှာကိုလဲ ဖတ်ကြားတယ်။

ဘုရင်ခံမြန်မာပြည်ကိုပြန်လာခဲ့တော့ သူနဲ့အတူလက်ဝဲရံ၊ လက်ယာရံ သင်္ဘောမျိုးခစားနေတဲ့ ဆာပေါ်ထွန်းနဲ့ ဆာထွန်းအောင်ကျော်တို့ ၂ ဦးလဲတစ်ပါ တည်း ပါဝင်ခဲ့တယ်။

ဆာဒေါ်မန်စမစ် မြန်မာပြည်ကိုပြန်ရောက်လာတဲ့အခါ မြန်မာပြည်ရဲ့ အခြေအနေကို တော်တော်ကြီးနားလည်သဘောပေါက်သွားတယ်။ မြန်မာပြည် ဆိုတာ ဖ–တ–ပ–လ။ ဖ–တ–ပ–လဆိုတာ ဗိုလ်ချုပ်အောင်ဆန်း။ ဗိုလ်ချုပ်

အောင်ဆန်းဆိုတာ မြန်မာပြည်လူထု။ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဆိုသလိုလို ဖြစ်နေတယ်ဆိုတော့ သူ့အနေနဲ့ အလုပ်လုပ်ရာမှာ အခက်အခဲရှိနိုင်တယ်။ သူကြိုးကိုင်ချင်သလို ရနိုင်မယ်မထင်တော့ဘူး။ ပြီးတော့ မြန်မာပြည်အနေအထား ဟာလဲ အရင်သူရှိတုန်းကလိုမဟုတ်တော့ဘူး။ ၄ နှစ်အတွင်းမှာ အကြီးအကျယ် ပြောင်းလဲသွားပြီဆိုတာကိုလဲ သတိထားမိလိုက်တယ်။

အဖွဲ့အစည်းတွေဆိုရင်လဲ အားလုံးက တစ်ပူးတည်း တစ်ပေါင်းတည်း ရှိနေတယ်။ တောင်ပေါ်မြေပြန့်ခွဲဖို့ဆိုတာလဲ မြန်မာတစ်ပြည်လုံးဟာ တစ်ပေါင်း တည်း တစ်စည်းတည်းဖြစ်နေတယ်။ အားလုံးထဲမှာ တောင်ပေါ်မြေပြန့် သွေးစည်းညီညွတ်နေတာဟာ သူ့အတွက်မဟာပြဿနာပဲ။ နယ်ချဲ့သမား တွေရဲ့ ပင်ကိုယ်လက္ခဏာက Divide and Rule Policy သွေးခွဲအုပ်ချုပ်တဲ့ စနစ်အရ အုပ်ချုပ်နိုင်ပါမှ သူတို့ဘဝ အခွန့်ရှည်တည်တံ့နိုင်မှာကိုး။

အဲဒီတော့ ပထမဆုံးနဲ့အဓိကသူ့တာဝန်ဟာ မြန်မာပြည်သူပြည်သား တွေ စစ်ဘေးဒဏ်ကြောင့် ပြာပုံဘဝရောက်နေတဲ့အဖြစ်က ပြန်လည်ထူထောင် ရေးလုပ်ငန်းတွေကို အဆောတလျင် လုပ်ပေးဖို့မဟုတ်ပေဘူးလား။ ဒါပေမယ့် ဒီတာဝန်လုပ်ဖို့ သူကအဓိကထားမစဉ်းစားနိုင်ဘူး။ သူနက်နက်နဲနဲစဉ်းစား နေတာက ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖ–ဆ–ပ–လ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပြည်သူ ဘယ်လိုကွဲအောင်လုပ်ရမလဲ။

ဖဆပလထဲမှာရှိနေတဲ့ အဖွဲ့အစည်းတွေ ကွဲကွဲပြားပြားဖြစ်သွားအောင် လုပ်ဖို့ အားလုံးထဲမှာ အဓိကလဲကျ၊ အရေးကြီးဆုံးသော့ချက်လဲဖြစ်တဲ့ ချင်း–ကရင်–ကချင်–ရှမ်းစတဲ့ တောင်ပေါ်ဒေသတွေနဲ့ မြေပြန့်သားတွေ သွေးကွဲသွားအောင်လုပ်ဖို့။ မြန်မာပြည်ကိုတော့ လွတ်လပ်ရေးပေးရမှာ မြေကြီး လက်ခတ်မလွဲဘူးဆိုသလို သေချာနေလေတော့ လွတ်လပ်ရေးမလွှဲမကင်းသာ လို့ ပေးလိုက်ရတဲ့တိုင်အောင် တောင်ပေါ်ဒေသတွေကိုတော့ သူတို့လက်အောက် မှာ ဆက်လက်ကုတ်ကပ်ထားဖို့အရေးကြီးတယ်။

စစ်ရေးသေနင်္ဗျူဟာအရကြည့်ကြည့်၊ အဖိုးမဖြတ်နိုင်တဲ့ သယံဇာတ ပစ္စည်းတွေထုတ်ယူသွေးစုပ်နိုင်တဲ့ စီးပွားရေးရှုထောင့်ကပဲကြည့်ကြည့်၊ ဒီတောင် တန်းတွေဟာ ဗြိတိသျှနယ်ချဲ့သမားတွေအတွက် အင်မတန်အရေးကြီးနေတယ်။ ဒါကြောင့် သူတို့လက်လွှတ်ရမယ့်အတူတူ မြန်မာပြည်မကိုသာ လက်လွှတ်ခံ

ပြီး တောင်ပေါ်ဒေသတွေကိုတော့ ဆက်လက်ဆုပ်ကိုင်အုပ်ချုပ်ထားဖို့ ဆန္ဒရှိနေတယ်။

သူ့အနေနဲ့ မြန်မာပြည်ရဲ့လက်ဝှေ့စင်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ထိုးခိုင်းမယ့် လက်ဝှေ့ကျော်များဖြစ်တဲ့ ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်တို့ကို စစ်အတွင်း သုံးလေးနှစ် သူနဲ့အတူငြိမ်ငြိမ်ထားပြီးအားမွေးစေခဲ့တယ်။ ဒါပေမယ့် မြန်မာပြည်လက်ဝှေ့စင်ပေါ်မှာ ခဏတင်ကြည့်တယ်ဆိုရင်ပဲ သူ့လက်ဝှေ့ကျော်တွေ အလိုလိုဒူးတုန်နေပြီဖြစ်ကြောင်း သူသဘောပေါက်ခဲ့တယ်။ နယ်ချဲ့သမားတွေကကျွေးထားတဲ့ ဗီတာမင်ဆေးသက်သာရှိနေတယ်ဆိုတာ သူပိုပြီးသဘောပေါက်ခဲ့တယ်။ တစ်နည်းဆိုရင် ဆာပေါ်ထွန်းတို့တစ်တွေဟာ နိုင်ငံရေးကျားသေကြီးတွေလိုဖြစ်နေပြီ။

ဗိုလ်ချုပ်အောင်ဆန်းကတော့ ပြည်သူ့ဗီတာမင်အားဆေးတွေကြောင့် ဆာပေါ်ထွန်းတို့ကို အချိန်အခါမရွေး အလဲထိုးနိုင်တယ်။ ပြည်သူ့ပြဒါးရှင် လုံးငုံထားလေတော့ မြေလျှိုးပြီး မိုးပျံနိုင်သလိုပါပဲ၊ လိုရာခရီး တစ်မဟုတ်ချင်း ရောက်နိုင်တယ်ပေါ့။

အဲဒီတော့ဗိုလ်ချုပ်အောင်ဆန်းနဲ့ပြိုင်ထိုးနိုင်မယ့်ပုဂ္ဂိုလ်ကို ရှာရပြန်တယ်။ ဂျပန်နဲ့လိုက်ပြေးတဲ့ ပြည်ပြေးနိုင်ငံတော်အဓိပတိကြီး ဒေါက်တာဘမော်ကိုလဲ ဘုရင်ခံဒေါမန်စမစ်ကပြေးပြီး အားကိုးမိလိုက်တယ်။ ဒါကြောင့် ဒေါက်တာဘမော်ဟာ ဂျပန်ပြည် "ဆူဂါမို"အကျဉ်းထောင်မှာ အမေရိကန်တွေက ဖမ်းဆီးချုပ်နှောင်ခံထားရာမှ ဘုရင်ခံဒေါမန်စမစ်က လှမ်းခေါ်လိုက်ပါတယ်။ သူကလဲကျားသေဘဝမှာမို့ မြန်မာပြည်သူတွေက မသုံးတော့ဘူးဆိုတာ နားလည်သွားပြန်တယ်။

အဲဒီတော့မျိုးချစ်အဖွဲ့ကို စိတ်ကူးမိလိုက်ပြန်တယ်။ စစ်မဖြစ်ခင်ကတော့ မျိုးချစ်အဖွဲ့ရဲ့ လက်စလက်နကလေးတွေကိုသိရှိပြီးပြီမို့ မျိုးချစ်အဖွဲ့ရဲ့ ခေါင်းဆောင် ဦးစောကိုအသုံးပြုရလေမလားလို့ စိတ်ကူးကြည့်တယ်။ ဦးစောနဲ့ သူ့မျိုးချစ်ပါတီက ထက်လဲထက်တယ်။ ဇက်ရဲလက်ရဲလဲလုပ်တတ်တယ်။ ဦးစောဆိုရင် မျက်နှာပေါက်ကျဉ်းကျဉ်း နှာခေါင်းတိုတိုလန်လန်၊ သတ်ရဲဖြတ်ရဲတဲ့သတ္တိရှိတယ်ဆိုတော့ ဘုရင်ခံက အားထားမျှော်လင့်မယ်ဆို မျှော်လင့်စရာပါပဲ။

ဦးစောအကြောင်းတွေကို ဗိုလ်ချုပ်နဲ့အာဇာနည်များ ကျဆုံးခြင်းအခန်းမှာ ဖော်ပြထားတာမို့ ဒီမှာ သူ့ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်ကလေး ဖော်ပြလိုပါတယ်။ ဦးစောဟာ သာယာဝတီနယ်ဇာတိပါ။ ပညာအရည်အချင်းကတော့ ငါးတန်းပါပဲ။ ဒါပေမယ့် မနားမနေကြိုးစားခဲ့ရတဲ့အတွက် လူပုံအလယ်ဝင်ဆံ့သူပါ။ အင်္ဂလိပ်လိုရည်ရည်လည်လည်ပြောဆိုနိုင်၊ ရေးနိုင်ပါတယ်။

၁၉၆၉ ခုနှစ်မှာ မန္တလေးတက္ကသိုလ်ကျောင်းအုပ်ဆရာကြီးဟောင်း ဦးကိုလေးနဲ့ပြင်ဦးလွင်က အိမ်မှာ တွေ့ခဲ့ပါတယ်။ ဆရာကြီးဦးရာဇတ်ရဲ့အကြောင်း ပြောကြဆိုကြရင်းနဲ့ နန်းရင်ဝန်ဟောင်း ဂဠုန်ဦးစောအကြောင်း ရောက်သွားပါတယ်။

သူဘိလပ်မှာ ပီအိပ်ချ်ဒီအတွက် ဘွဲ့ယူဖို့စိစဉ်နေဆဲ သူ့ဆီ (မြန်မာပြည်) ကို အမြန်ဆုံးပြန်လာဖို့ခေါ်ယူကြတဲ့အတွက် မြန်မာပြည်ကိုပြန်ရောက်ခဲ့တယ်။ အဲဒီမယ် နန်းရင်ဝန်ဂဠုန်ဦးစောအိမ်ကိုသွားပြီး သူရောက်ခဲ့ပြီဆိုတဲ့အကြောင်း သတင်းပို့ရင်း သူ့အလုပ်တာဝန်နဲ့ပတ်သက်ပြီး ဦးကိုလေးကို ဒီလိုအင်္ဂလိပ်လို နှုတ်ဆက်လိုက်ပါသတဲ့။ "I am so glad you come back"

နောက် အဲဒီအချိန်မှာ ဦးစောဟာ ပါလီမန်လွှတ်တော်မှာ အင်္ဂလိပ်လို ပြောမယ့်စကားတွေကို အင်္ဂလိပ်ကပြားမလေးတစ်ယောက်နဲ့ လေ့ကျင့်နေတယ်ဆိုတာ ဦးကိုလေးကိုယ်တိုင် တွေ့မြင်ခဲ့ပါသတဲ့။ အဲဒီစကားပြောရင်းတစ်ဘက်မှာလဲ "နက်တိုင်" Necktil (လည်စီး) စည်း ကျင့်နေပါတယ်လို့ ကျမ်းပြုသူကို ပြောပြပါတယ်။

ဦးစောဟာအဲဒီလိုခေတ်နဲ့အညီ လိုက်နိုင်သွားနိုင်အောင် အပတ်တကုတ်ကြိုးစားခဲ့တယ်ဆိုပဲ။ သူဟာလိုအပ်တဲ့ပညာအရည်အချင်း၊ လူမှုဆက်ဆံရေးပညာရပ်တွေအတွက် သင်အံလေ့လာဆည်းပူးတဲ့နေရာမှာ ငရုတ်ကျည်ပွေ့ အတက်သာပေါက်ချင်ပေါက်မယ်၊ စာတော့တတ်မှာမဟုတ်ဘူးလို့ ကဲ့ရဲ့ပြောဆိုခံရတဲ့ဘုန်းကြီးအိုရဲ့စိတ်ဓာတ်ထက်တော့ လျော့မယ်လို့မထင်ဘူး။ သူဟာလဲ ငရုတ်ကျည်ပွေ့နဲ့ဆရာတော်ကြီးပုံပြင်ကို စံနမူနာယူပြီး ဘုန်းကြီးအိုကြီးရဲ့ စိတ်ဓာတ်နဲ့ မအိပ်မနေမရှက်မကြောက် လိုအပ်တဲ့ပညာများကို သင်အံလေ့ကျင့် ဟန်တူပါတယ်။

ဒီလိုကြိုးစားလို့လဲ ပညာအရည်အချင်း (၅)တန်းအောင်တဲ့ သာမန်လူတစ်ယောက်ဟာ ဘီအေ၊ အမ်အေတွေ၊ ဒေါက်တာဘွဲ့ရပုဂ္ဂိုလ်တွေရဲ့ မျက်ခုံးမွေး

ပေါ် စကြိုလျှောက်နိုင်တာမဆန်းဘူးပေါ့။ ဦးစောဟာ ဟစ်တလာလို သာမန် ဆေးသုတ်သမားဘဝကနေ နာဇီဟစ်တလာဖြစ်လာပြီး ကမ္ဘာကို တုန်လှုပ် ချောက်ချားအောင် ဆွဲကိုင်လှုပ်နိုင်သူမဟုတ်ပေမယ့် မြန်မာနိုင်ငံကို တုန်လှုပ် ချောက်ချားအောင်လုပ်နိုင်စွမ်းရှိသူပါ။ ဒါပေမယ့် သူ့ကျော်ကြားမှုဟာ ဟစ်တလာလိုပါပဲ။ လူသားတွေအတွက် ကောင်းကျိုးဆောင်ရွက်ပေးတဲ့ ဘက်က ကျော်ကြားမှုမျိုးမဟုတ်ပါဘူး။ ကမ္ဘာသူကမ္ဘာသားတွေက ရွံ့ကြောက် အော့နှလုံး နာတဲ့အဖြစ်မျိုးနဲ့ ကျော်ကြားခြင်းပါ။

ဂျွန်ဆရာစံကို ပြည်သူတွေက အသိအမှတ်ပြုချီးကျူးဂုဏ်ပြုနေတဲ့ အချိန် ဂျွန်သူပုန်ကြီးဆိုပြီး တိုင်းပြည်တစ်လွှားမှာ ဟိုးလေးတကျော်ဖြစ်နေတဲ့ အချိန်မှာ ဦးစောဟာ သူ့ကိုယ်သူ ဂျွန်ဦးစောဆိုပြီး ကင်းပွန်းတပ်လိုက်တယ်။ ဒါဟာပြည်သူတွေက သူ့ကိုထောက်ခံအားပေးအောင် ဂျွန်နာမည်ကို အလွဲ သုံးစားလုပ်လိုက်ခြင်းပေါ့။

ဒါပေမယ့် ဂျွန်စစ်သူကြီးဘွဲ့ကို ဒီလိုပြည်သူ့ချဉ်ဖတ်တစ်ယောက်က ပုံတူကူးယူအသုံးပြုလိုက်တဲ့အတွက် တော်လှန်ရေးအစဉ်အလာရှိခဲ့တဲ့ "ဂျွန်" တွေရဲ့သိက္ခာ အလိုလိုထိခိုက်ကျဆင်းရမလိုပါပဲ။

ပြီးတော့ သူ့ကိုယ်သူဘုရင်တစ်ဆူလိုထင်မှတ်ပြီး နန်းရင်းဝန် ဦးစော ဟာ ဘယ်နန်းရင်းဝန်တွေမှမလုပ်ခဲ့ဖူးတဲ့ လယ်ထွန်မင်္ဂလာပွဲတော်ကိုပါ ဆင်ယင် ကျင်းပခဲ့သေးတယ်။ ဒီလိုဆောင်ရွက်ချက်ဟာ လယ်ယာလုပ်သားပြည်သူတွေရဲ့ ထောက်ခံချီးမြှင့်မှုကိုပါ မျှော်လင့်ပြီးဖြစ်တယ်။ ဒါပေမယ့်ပြည်သူတွေက ဖုတ်လေတဲ့ငါးပိ ရှိလေတယ်ရယ်လို့တောင် မအော ``ာ်မေ့ကြဘူး။

ပြီးတော့ရှိသေးတယ်။ ဒုတိယကမ္ဘာစစ်မတိုင်ခင် ဆာအမ်အေ ဦးမောင်ကြီး ဦးစီးဖွဲ့စည်းတဲ့ ရဲတပ်ကို သူပိုင်အဖြစ်လွှဲအပ်ဖို့ အမ်အေ ဦးမောင်ကြီးဆီလာတောင်းသတဲ့။ အမ်အေမောင်ကြီးက "ရဲတပ်ဖွဲ့ကို သူစတင် တည်ထောင်တာကတော့ မှန်ရဲ့၊ ဒါပေမယ့် သူပိုင်မဟုတ်ဘူး၊ ပြည်သူပိုင်ပဲ ဖြစ်တယ်"လို့ ပြောလိုက်တယ်။

ဒါနဲ့သူလဲစိတ်ပျက်သွားပြီး သူ့ဟာသူ "ဂျွန်အပျော်တမ်းတပ်" တစ်ခုဖွဲ့ခဲ့တယ်။ ဒါက သူကိုယ်ပိုင်တပ်ဖြစ်တယ်။ အဲဒီလို သူ့ပါတီရဲ့ လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းထားပြီး သူ့အာဏာရရေးအတွက် ပြည်သူကို ခြိမ်းခြောက်ဖို့ရန်ဖြစ်ပါတယ်။

အဲဒီခေတ်စောစောပိုင်းက ရဲတပ်ကို အပျော်တမ်းတပ်မျိုးမရှိခဲ့ဘူး။ အင်္ဂလိပ်အစိုးရက ခွင့်လဲမပေးခဲ့ဘူး။ ရဲတပ်သာရှိတယ်။ ဒါလဲဗြိတိသျှနယ်ချဲ့သမားကိုလက်တစ်လုံးခြားလှည့်ပြီးဖွဲ့ခဲ့ရတဲ့ ပထမဆုံး အပျော်တမ်းတပ်ဖွဲ့ပါ။ ဒီတပ်ဖွဲ့ကို ဦးစောက သူ့အာဏာရရေးအတွက် အသုံးပြုချင်လို့ သွားတော့င်းတာပါ။

အဲဒီလိုပြည်သူ့ဆန့်ကျင်ရေးသမားတစ်ယောက်ဖြစ်နေတဲ့ ဦးစောကို ဒုတိယအကြိမ်မြန်မာပြည်ကို ပြန်ဝင်လာတဲ့ ဘုရင်ခံ ဒေါ်မန်စမစ်က ပြည်သူတွေရဲ့အသည်းစွဲဖြစ်တဲ့ တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒိလိုယှဉ်ခိုင်းဖို့ စိစဉ်တာဟာ စိတ်ကူးယဉ်ချက်တစ်ခု ဖြစ်မနေပေဘူးလား။

ဗိုလ်ချုပ်ကို တရားဝင်တဲ့နည်းပဲဖြစ်ဖြစ်၊ တရားမဝင်တဲ့နည်းပဲဖြစ်ဖြစ် ယှဉ်ဖို့ ကြေးစားလူမိုက်တော့ရှာမှပဲဆိုပြီး ဒေါ်မန်စမစ်ဟာ ဒိန်ခဲနဲ့ပေါင်မုန့်ကိုစားရင်း လိုက်ရှာဖွေတော့ ယူဂါတာအကျဉ်းထောင်မှာ ဂျပန်သူလျှိုအဖြစ်ထောင်သွင်းအကျဉ်းကျနေတဲ့ ဦးစောကိုပြေးမြင်လိုက်ပါတယ်။

ဦးစောဟာ ခေသူမဟုတ်ဘူး။ သူ့ဆရာအရင်းကြီး ဘကြီးဘဖေကိုလဲ ထောင်ထဲဆွဲထည့်ဝံ့တဲ့သတ္တိရှိတယ်။ ဆွဲလဲထုတ်ခဲ့တယ်။ အဘက်ဘက်က ပြည့်စုံနေတဲ့ ဒေါက်တာဘွဲ့ရ ဒေါက်တာဘမော်တို့လိုပုဂ္ဂိုလ်၊ နန်းရင်းဝန် ဦးပုတို့လိုပုဂ္ဂိုလ်တွေကို နန်းရင်းဝန်အဖြစ်မှဆွဲချခဲ့ပြီး သူနန်းရင်းဝန်လုပ်ခဲ့တယ်။

တို့မြန်မာသခင်များကို ရက်ရက်စက်စက်ဖမ်းဆီးနှိပ်စက်ခဲ့တယ်။

ဒီလိုလုပ်ရဲကိုင်ရဲသတ်ရဲတဲ့ ဦးစောလိုလူကို သူအသုံးမချရင် ဘယ်သူ့ကို အသုံးချမလဲ။ ဒါကြောင့် အကျဉ်းစခန်းကလူကို မြန်မာပြည်ပြန်ခေါ်ခဲ့တာပေါ့။

ဦးစောရဲ့မျိုးချစ်ပါတီကို စစ်ဖြစ်စက ဗြိတိသျှအစိုးရက မတရားသင်းအဖြစ်ကြေညာပြီးဖျက်သိမ်းခဲ့တယ်။ ဒါကို ပြန်ပြီးအသက်သွင်းပေးခဲ့တယ်။ တရားသင်းဆိုတဲ့အမိန့်ကို ၁၃၀၄ ခု၊ နတ်တော်လဆန်း ၃ ရက်နေ့မှာ ကြေညာခဲ့ပါတယ်။ ရန်ကုန်နဲ့မြန်မာပြည်အရပ်ရပ်မှာ မျိုးချစ်ပါတီကို တရားဝင်ပြန်လည်ထူထောင်ခဲ့ပါတယ်။ အဲဒီပါတီမှာ ဥက္ကဋ္ဌက ဟသ်ာတဦးမြပေါ့။ အရင်ကဆိုရင် မျိုးချစ်ပါတီဟာ လုပ်ရဲသတ်ရဲတဲ့သတ္တိလဲရှိတယ်။ အင်အားလဲရှိတယ်။ ဒါကြောင့်ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖဆပလအဖွဲ့နဲ့ ရင်ဆိုင်ပေးဖို့အတွက် မျိုးချစ်ပါတီကို ချက်ချင်းအသက်ပြန်သွင်းခဲ့ခြင်းဖြစ်တယ်။

ဦးစောမြန်မာပြည်ကိုပြန်မရောက်ခင်မှာ ဆာပေါ်ထွန်း ဆာထွန်းအောင်ကျော်တို့ ဦးစောရဲ့ဇနီးနဲ့သွားတွေ့တယ်။ ဦးစောပြန်လွတ်လိုရင် မျိုးချစ်ပါတီအနေနဲ့ ဖ–ဆ–ပ–လထဲကခွဲထွက်ပြီး ဘုရင်ခံအမှုဆောင်အဖွဲ့ထဲ ရာထူးဝင်ယူပါ။ အဲဒီကနေတစ်ဆင့် ဦးစောမြန်မာပြည်ပြန်လာရေးအတွက် ထပ်ဆင့်အရေးဆိုခိုင်းမယ်ဆိုပြီး သွားပြောကြတယ်။ အဲဒါကို ဦးစောရဲ့ဇနီး ဒေါ်သန်းခင်က မျိုးချစ်ပါတီဥက္ကဋ္ဌဟောင်း ဟသ်ာတဦးမြကိုတစ်ဆင့်ပြောပြတယ်။ ဦးမြက ဖ–ဆ–ပ–လက ခွဲမထွက်ဘူး။ ဖ–ဆ–ပ–လနဲ့ပဲလက်တွဲနေတယ်။ ဒါပေမယ့် ဦးအေးနဲ့ဦးဘအုန်းတို့ကတော့ ဖ–ဆ–ပ–လအဖွဲ့ထဲက နုတ်ထွက်ပြီး မျိုးချစ်ပါတီမှာ ဆက်လက်ခေါင်းဆောင်ခဲ့ကြတယ်။ ဟသ်ာတဦးမြကတော့ မျိုးချစ်ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီး ဖ–ဆ–ပ–လ အဖွဲ့ထဲမှာ တစ်သီးပုဂ္ဂလအဖြစ် ဆက်လက်နေခဲ့ပါတယ်။

ဦးစောမြန်မာပြည်ကိုပြန်ရောက်ပြီး ၁၉၄၆ ခု၊ မေလလောက်မှာ မျိုးချစ်ပါတီကို စနစ်တကျပြန်လည်စုစည်းရေးကို လုံးပမ်းလာတယ်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှာ ဦးစောမော်တော်ကားနဲ့သွားရင်း တစ်စုံတစ်ယောက်က သေနတ်နဲ့ပစ်လို့ဒဏ်ရာနည်းနည်းရသွားပါတယ်။ သူကတော့ ဒါဗိုလ်ချုပ်အောင်ဆန်းရဲ့ပြည်သူ့ရဲဘော်တပ်ဖွဲ့က ပစ်တာ၊ ဘာပဲဖြစ်ဖြစ် ဗိုလ်ချုပ်အောင်ဆန်းလူတွေက သူ့ကိုလုပ်ကြံတာပဲဖြစ်ရမယ်လို့ခံယူမှာကတော့ မြေကြီးလက်ခတ်မလွဲဘူး။ ဘာကြောင့်လဲဆိုရင် သူနဲ့မျိုးချစ်ပါတီက ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖ–ဆ–ပ–လအဖွဲ့ကို အတိုက်အခံလုပ်နေတယ်။ ပြိုင်ဆိုင်နေလို့ပါ။ ဘာပဲဖြစ်ဖြစ် ဗိုလ်ချုပ်အောင်ဆန်းအပေါ် အခဲမကျေဖြစ်နေမှာတော့ သေချာပါတယ်။

တကယ်ကျတော့ ဗိုလ်ချုပ်အောင်ဆန်းမှာကတော့ ဒီလိုသူရဲဘောနည်းတဲ့ မင်းမဲ့ဆန်တဲ့ပစ်ခတ်လုပ်ကြံမှုကို သူ့ဘဝခရီးတစ်လျှောက်မှာ မလုပ်ရိုးအမှန်ပဲ။ ပထမစည်းရုံးမယ်၊ သိမ်းသွင်းမယ်၊ မရမှ လူထုနည်းနဲ့ဝိုင်းပယ်မယ်။ ဆရာဝန်တွေလူမမာကိုကုသလိုပဲ။ ရောဂါပျောက်အောင်ကုမယ်။ ကုမရတော့မှ အရှုံးခံလိုက်မယ်ဆိုတဲ့သဘောပဲ။ နယ်ချဲ့သမားဆီက မြန်မာပြည်လွတ်လပ်ရေးကို အပြင်းထန်ဆုံးတောင်းဆိုတိုက်ပွဲဝင်နေရတဲ့ကာလမှာ တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေးဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သူကောင်းကောင်းကြီးနားလည်တယ်။ ဒါကြောင့် လူမျိုးစုအဖွဲ့အစည်းများအားလုံးကို

သူ့ကိုယ်သူနှိမ့်ချပြီး အတတ်နိုင်ဆုံးစည်းရုံးသိမ်းသွင်းခဲ့တယ်။ ဒါကြောင့် ဆန်ကောလောက်မှစောက်မနက်တဲ့၊ လူမဆန့်တဲ့ ပက်စက်တဲ့အကြံမျိုး ဘယ်တုန်းကမှ ဗိုလ်ချုပ်အောင်ဆန်းကမကြံစည်ခဲ့ဘူး။ လုပ်လဲမလုပ်ခဲ့ဖူးဘူး။

ဒါတွေက ဦးစောတစ်ယောက် ဘုရင်ခံရဲ့ အတိုင်ပင်ခံအဖွဲ့မှာ ဝင်ရောက် အမှုမထမ်းခင် အခြေအနေတွေပဲဖြစ်ပါတယ်။

ဆာဒေါ်မန်စမစ်နဲ့ဆာပေါ်ထွန်းအစိုးရဟာ ဆင်းမလားမှာ စစ်ပြေး အစိုးရအနေနဲ့ ပြဿနာမရှိ၊ အတိုက်အခံလုပ်မယ့် နိုင်ငံရေးပါတီမရှိ၊ စစ် အတွင်းမှာ ရန်သူနဲ့ဝေးလေတော့ ဘေးရန်မရှိဘူး။ ဒီတော့ ဒူးတနန့်နန့် လေ တချွန်ချွန်နဲ့ အေးအေးချမ်းချမ်း အနားယူစားသောက်နေတယ်။ ဒီစည်းစိမ်မျိုး ဆာပေါ်ထွန်းအစိုးရအဖို့ "ဘယ်ခါမေ့နိုင်ပါ့မလဲ"။ အကြောင်းအကြံမရှိ၊ ဟုတ်ဟုတ်ညားညားတာဝန်မရှိ၊ လခကြီးကြီးစားပြီး စည်းစိမ်နဲ့နေနေရတယ်။ "ဒီစည်းစိမ်မျိုး အစဉ်ထာဝရခံစားရပါလို့၏ဘုရား"လိုတောင် ဆုတောင်း မိလောက်စရာပေပဲကိုး။

ဆီးနှင်းမြို့တော်ဆိုတဲ့အတိုင်း ဆင်းမလားမြို့ဟာ ဆီးနှင်းကမ္ဘလာ လွှမ်းခြုံထားလေတော့ အမြဲတမ်း အေးအေးချမ်းချမ်းရှိခဲ့တယ်။ ရေကြော မြေကြောလိုက်ပြီး စစ်ပြေးအစိုးရဟာ အေးအေးဆေးဆေးနေခဲ့ရတဲ့ဘဝကနေ ဖြုန်းဆို စစ်ဖြစ်ခဲ့လို့ ယမ်းငွေ့တွေမပြေသေးတဲ့ မြန်မာပြည်ကိုပြန်ခဲ့ကြတယ်။ စစ်မြေပြင်မို့ ပုပ်သိုးညှီဟောက်နေတဲ့လူသေအနံ့တွေ၊ မီးလောင်ပြာကျလို့ အနံ့ဆိုးအနံ့ညစ်တွေနဲ့ လွှမ်းခြုံနေတယ်။ မီးလောင်မြေက ပြာတွေကလဲပူနေဆဲ။

စစ်ရဲ့ရလဒ်ဖြစ်တဲ့ အနိဋ္ဌာရုံတွေနဲ့အတိပြည့်နေတဲ့ မြန်မာ့မြေပေါ်ကို နင်းမိတယ်ဆိုရင်ပဲ ဆင်းမလားမှာ အေးငြိမ်းနေခဲ့သလောက် ဒီမှာပြာပူ၊ ညှီစို့စို့ညှော်နံ့တွေ၊ သန်းနဲ့ချီပြီးလူတွေအိုးမဲ့အိမ်မဲ့ဖြစ်နေတာတွေ၊ အစား အသောက်တော်ပြတ်နေတာတွေ၊ ဂျပန်ငွေစက္ကူပြဿနာတွေ၊ ရေနံအစရှိတဲ့ သတ္တုတွင်းလုပ်ငန်းတွေ ရပ်ဆိုင်းထားရတာတွေ၊ ဒါတင်မဟုတ်ဘူး၊ အတိုက်အခံ လုပ်တဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ၊ လက်နက်ကိုင်လယ်သမား ပုန်ကန် မှုတွေ စတဲ့ပြဿနာသောင်းခြောက်ထောင်တွေဟာ သူ့ထက်ငါ ဒေါ်မန်စမစ် ရဲ့ ဆာပေါ်ထွန်းအစိုးရတို့နဲ့ ထိပ်တိုက်ဝင်တိုးမိလေတော့တာပါပဲ။ သူတို့ဟာ ထိပ်မြွေကိုက်မိသလိုခံစားရမှာက သေချာပါတယ်။

မြန်မာပြည်ကိုဆာပေါ်ထွန်းအစိုးရရောက်ပြီး မကြာခင်မှာပဲ ၄၆ ခု၊ ဖေဖော်ဝါရီလမှာ မြန်မာပြည်မှာ အင်အားအကောင်းဆုံးဖြစ်တဲ့ ကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲသွားတယ်။ အဲဒီမယ် နောက်ဆက်တိုက် ဖ–ဆ–ပ–လ ထဲမှာ နေချင်ရင် သခင်စိုးခေါင်းဆောင်တဲ့ အလံနီကွန်မြူနစ်ပါတီက ထွက်ပေးရမယ်။ ဒါမှမဟုတ် အလံနီလုပ်ချင်ရင် ဖ–ဆ–ပ–လ အဖွဲ့ကထွက်ပေးရမယ်။ အဲဒီလို ဖ–ဆ–ပ–လ အဖွဲ့ချုပ်က တောင်းဆိုလိုက်တော့ အလံနီတွေ ဖ–ဆ–ပ–လထဲက ထွက်ခဲ့ရပြန်တယ်။

ဘာပဲဖြစ်ဖြစ် ဖ–ဆ–ပ–လ အင်အားစုအထဲက ဒီအကွဲဟာ အသက်မှမှန်အောင်မရှုနိုင်ဖြစ်နေတဲ့ ဆာပေါ်ထွန်းအစိုးရကို "ဟင်း"ဆိုပြီး သက်မချစေနိုင်ပါတယ်။ သူတင်ဘယ်ဟုတ်မလဲ၊ သူ့နောက်ကွယ်မှာရှိနေတဲ့ အင်္ဂလိပ်အစိုးရကိုပါ တော်တော်သဘောခွေ့သွားစေပါတယ်။

"အလံနီကွန်မြူနစ်ပါတီ"က လွတ်လပ်ရေးဆိုတာ တောင်းယူလို့ရကောင်းတဲ့အရာမဟုတ်ဘူး။ ဗြိတိသျှအစိုးရဟာ မြန်မာပြည်ကို လက်နက်နဲ့တိုက်ယူခဲ့သလို သူ့လက်ကလုံးဝလွတ်လပ်ချင်တယ်ဆိုရင် ဗြိတိသျှအစိုးရကို ဒူးထောက်အသနားခံလို့မရဘူး။ တိုက်ယူမှရမယ်။ လက်နက်နဲ့ တော်လှန်ရမယ်ဆိုပြီး လူသိရှင်ကြားကြွေးကြော်ခဲ့တယ်။

ဒီကြွေးကြော်သံဟာ ဝါဒဖြန့်ကြွေးကြော်သံအဆင့်မှာရှိနေပေမယ့် ဒီကြွေးကြော်သံအောက်မှာ မြန်မာတစ်မျိုးသားလုံး စုရုံးမိမှာကိုတော့ အင်္ဂလိပ်အစိုးရအနေနဲ့ စိုးရိမ်မိမှာသဘာဝပဲ။ အဲဒါကြောင့် အလံနီကွန်မြူနစ်ပါတီရဲ့ခြေလှမ်းကို ဗြိတိသျှအစိုးရကအမြဲစောင့်ကြည့်လာခဲ့တယ်။ အလံနီကွန်မြူနစ်ပါတီရဲ့ ဖ–ဆ–ပ–လ ပြန်လည်ညီညွတ်ပေါင်းစည်းမှုမရအောင် အမျိုးမျိုးလုပ်ခဲ့ပါတယ်။ ကြိုးပမ်းအားထုတ်ကြတယ်။

အဲဒီအချိန်မှာပဲ အောက်မြန်မာပြည်၊ ထန်းတပင်သေနတ်ပစ်မှုကြီးပေါ်ပေါက်လာတယ်။ ဖြစ်ပုံက စစ်ပြီးတော်လှန်ရေးထဲပါခဲ့တဲ့ ဘီအိုင်အေ၊ ဘီဒီအေ၊ မြန်မာ့မျိုးချစ်တပ်မတော်နဲ့ ဂျပန်တော်လှန်ရေး ရဲဘော်တွေထဲက မြန်မာ့တပ်မတော်မှာ ပြန်အမှုမထမ်းတဲ့ ရဲဘော်တွေကိုစုစည်းပြီး ပြည်သူ့ရဲဘော်အဖွဲ့ကိုဖွဲ့ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်ပါ။

ဆာပေါ်ထွန်းအစိုးရနဲ့ သူ့ဆရာ ဗြိတိသျှအစိုးရက စိုးရိမ်မကင်းဖြစ်လာပြီး ပြည်သူ့ရဲဘော်တွေ ယူနီဖောင်းမဝတ်ရဘူးဆိုပြီး တားပြန်တယ်။ ဒါကို

ပြည်သူ့ ရဲဘော်တွေက မခံဘူး။ ကန့်ကွက်ဆန္ဒပြပွဲတွေလုပ်တယ်။ ဆာပေါ်ထွန်း အစိုးရက သေနတ်နဲ့ပစ်လို့ လယ်သမားတွေ သေသူသေ၊ ဒဏ်ရာရသူရနဲ့ အုတ်အော်သောင်းနင်းဖြစ်ခဲ့တယ်။ ဒါကိုပြည်သူ တစ်ရပ်လုံးက အပြင်းအထန် ကန့်ကွက်ဆန္ဒပြကြတယ်။ တစ်ပြည်လုံး အုံးအုံးကျွတ်ကျွတ်ညံသွားတယ်။ ဆာပေါ်ထွန်းအစိုးရနဲ့ နယ်ချဲ့ဗြိတိသျှအစိုးရတို့ဟာ မြန်မာပြည်ဝင်ဝင်ချင်း မြန်မာပြည်သူတွေနဲ့ ပထမဆုံး ထိပ်တိုက်ဝင်တိုးတဲ့ လူထုလှုပ်ရှားမှုကလွှာပဲ။

နောက်လူထုလှုပ်ရှားမှု၊ ဆန္ဒပြမှု၊ သပိတ်မှောက်မှုတွေနဲ့ ဆက်ကာ ဆက်ကာ နေထွက်နေဝင်ဆိုသလို နာရီနဲ့အမျှ ရင်ဆိုင်လာခဲ့ပါတော့တယ်။

မြန်မာပြည် ပုလိပ်အဖွဲ့ကြီး (အခုခေတ်ခေါ်ရဲအဖွဲ့) ရဲ့ သမိုင်း တစ်လျှောက်မှာ ဘယ်တုန်းကမှ မကြားဖူးတဲ့ သပိတ်မှောက်မှုကြီးဟာ မအုံ့ဘဲနဲ့ ရွာချလိုက်တဲ့ မိုးလိုပဲ ပေါ်ပေါက်လာပါတော့တယ်။ ဒီအချက်ဟာ "ထူးထွေတည့်အံ့ရာသော်"ဆိုတာလိုပါပဲ။ ပုလိပ်အဖွဲ့ဟာ ဗြိတိသျှနယ်ချဲ့ ယန္တရားကို အနီးကပ်ဆုံး ကာကွယ်ပေးခဲ့တဲ့အဖွဲ့ပါ။ ပုလိပ်အဖွဲ့ဟာ ဗြိတိသျှ အစိုးရဲ့ လက်ရုံးတစ်ဆူပေါ့။

ဒါပေမယ့် ဒီတစ်ခေါက် ဗြိတိသျှအစိုးရပြန်လာတဲ့အခါမှာတော့ ပုလိပ် အဖွဲ့ဟာ အရင်တုန်းက ပုလိပ်အဖွဲ့မဟုတ်တော့ပါဘူး။ အရင်တုန်းက သူတို့ လိုလားချက်များ၊ နစ်နာမှုများရှိမရှိတော့မသိဘူး၊ ရှိတော့ရှိတာပေါ့။ ရှိတဲ့တိုင် အောင် အခုလိုသပိတ်လက်နက်ဆွဲကိုင်ပြီး ဆန္ဒမပြခဲ့ဖူးဘူး။ အခုတော့ သူတို့လိုလားချက်၊ နစ်နာချက်တွေကို ရဲရဲတောက် ဖော်ထုတ်တောင်းဆိုလာ ခဲ့ပါတယ်။ နောက်ဆုံး ဆာပေါ်ထွန်းအစိုးရက လိုက်လျောမပေးတဲ့အတွက် သပိတ်လက်နက်ဆွဲကိုင်တိုက်ပွဲဝင်ခဲ့တော့တာပါပဲ။

ပုလိပ်အဖွဲ့ကို အရင်တုန်းက နယ်ချဲ့သမားရဲ့ လက်ကိုင်တုတ်၊ ဗြူရို ကရက်၊ ပြည်သူ့ချဉ်ဖတ်တွေအဖြစ်နဲ့ပြည်သူတွေအော့နလုံးနာခဲ့ကြပါတယ်။ အခုတော့ အင်္ဂလိပ်နယ်ချဲ့သမားကို မောင်းထုတ်ခဲ့တဲ့စစ်ပွဲ၊ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးစစ်ပွဲတွေရဲ့ အတွေ့အကြုံတွေကို မြင်တွေ့လို့ပဲဖြစ်ဖြစ်၊ ကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့လို့ပဲဖြစ်ဖြစ်၊ ပုလိပ်အဖွဲ့ဟာ အခုတော့ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါတယ်။ မမှန်တာကို ခေါင်းငုံ့မခံဘူး။ သူတို့မှာ တော်လှန်ရေး စိတ်ဓာတ်တွေကိန်းအောင်းနေခဲ့ကြပြီ။ ဒါကြောင့် ကိုယ့်ဘဝရပ်တည်ရေး၊ ကိုယ်အခွင့်ရရှိရေးတို့အတွက် တရားတဲ့တိုက်ပွဲကို ဆင်နွှဲတော်ကြပါပြီ။

သပိတ်ခေါင်းဆောင်တွေက ဦးဝမ်းမောင်၊ ဦးအေးနဲ့ ဦးစိုးရှိန်တို့ပါ။

၁၉၄၆ ခုနှစ် စက်တင်ဘာလ (၅) ရက်နေ့ (၁၂) နာရီ ရန်ကုန်ရွှေတိဂုံစေတီတော်ရာဟုထောင့်မှာ ပုလိပ်အမှုထမ်းအစည်းအဝေးကြီးတစ်ခုကို ကျင်းပခဲ့ပါတယ်။ ဒီအစည်းအဝေးက ဟောဒီအချက်များကို ဆာပေါ်ထွန်းအစိုးရဆီမှာ တောင်းဆိုခဲ့ပါတယ်။

(၁) ပုလိပ်သမဂ္ဂကိုအသိမှတ်ပြုရန်၊

(၂) ပုလိပ်အမှုထမ်းတို့ကို လစာနှင့် စရိတ်များ တိုးမြှင့်ပေးရန်၊

(၃) ပုလိပ်အဖွဲ့တို့၏ နစ်နာချက်များကိုစုံစမ်းနိုင်ရန်အတွက် အစိုးရကိုယ်စားလှယ်၊ ပုလိပ်အမှုထမ်းကိုယ်စားလှယ်နဲ့ ပြည်သူ့ကိုယ်စားလှယ်တို့ပါဝင်သည့် တွဲဖက်ခုံအဖွဲ့ ဖွဲ့စည်းပေးရန်။

အဲဒီဆုံးဖြတ်ချက် (၃) ချက်ကို ဆုံးဖြတ်ပြီး ဆာပေါ်ထွန်းအစိုးရဆီတင်လိုက်တယ်။ ဒါပေမယ့် အစိုးရကတောင်းဆိုချက်တွေကို လိုက်လျောမပေးခဲ့ဘူး။ ဒါကြောင့် ပုလိပ်သပိတ်ကြီးပေါ်ပေါက်ခဲ့ရပါတယ်။

ဒီသပိတ်ကို အမှုထမ်းသမဂ္ဂပေါင်းစုံ စီအိုဒီ (စစ်သုံးလက်နက် ပစ္စည်းပြင်ဆင်ပြုလုပ်တဲ့ဌာန) မန္တလေး ဗမာမွတ်စလင်လူငယ်များအစည်းအရုံး၊ လူမျိုးစုအဖွဲ့အစည်းများက လူထုအစည်းအဝေးပွဲကြီးများ ကျင်းပပြီး တစ်ခဲနက်ကြိုဆိုထောက်ခံသြဘာပေးခဲ့ပါတယ်။

မြန်မာပြည်သူတွေကို မထိခိုက်တဲ့ နယ်ချဲ့လုပ်ငန်း ကြီးငယ်မဟူဆိုသလိုကို ပြည်သူတွေကကြိုဆိုထောက်ခံတာဟာ ဓမ္မတာပါပဲ။ သပိတ်တွေကိုမိုးခြိမ်းသလိုထောက်ခံမှာပါပဲ။ ဒါပေမယ့် စစ်ကြိုခေတ်တစ်ခေတ်လုံး ပြည်သူကို နယ်ချဲ့သမားလက်ကိုင်တုတ်ပီပီ ဒုက္ခအများကြီးပေးခဲ့တဲ့ ပုလိပ်အဖွဲ့ဟာ အခုလိုနယ်ချဲ့ဆန့်ကျင်ရေးလမ်းကြောင်းပေါ် လျှောက်ကြပြီဆိုတော့ ဟယုံကြည်နိုင်လောက်အောင်အံ့သြမိကြပါတယ်။ ဒီအဖွဲ့ခုလိုသပိတ်မှောက်လိုက်တာဟာ အင်္ဂလိပ်အစိုးရအဖို့ အံ့ဆန်းတကြယ်ဖြစ်နေလို့ပါပဲ။ ရန်ကုန်ပုလိပ်များ သပိတ်မှောက်တဲ့သတင်းဟာ နယ်ကိုချက်ချင်းဆိုသလို ပျံ့နှံ့သွားပါတော့တယ်။ မြန်မာပြည်အရပ်ရပ်မှာ ပုလိပ်သပိတ်များ ပေါ်ပေါက်ခဲ့ပါတယ်။

ရန်ကုန်ရာဇဝတ်အုပ် (အခုအခေါ် လုံခြုံရေးမှူး) ဦးအောင်ကိုနဲ့ ပုလိပ် ၁၇ ဦးဟာ ရန်ကုန်က မြောင်းမြငွေတိုက်ကို ငွေသိန်း ၂၀ ပို့ပြီးတော့ မုံရွာက အကျဉ်းသမားများကို မန္တလေးနဲ့ မြင်းခြံတောင်များဆီပို့ပေးဖို့ အလုပ်ဝတ္တရားနဲ့

လာခဲ့ကြသူတွေပါ။ ၄၆ ခု၊ စက်တင်ဘာလ ၉ ရက်နေ့မှာ မုံရွာရောက်တယ်။ အဲဒီမှာ ရန်ကုန်ပုလိပ်အဖွဲ့ရဲ့တောင်းဆိုချက်တွေမရလို့ သပိတ်မှောက်ပြီဆိုတဲ့သတင်း ကြားသိရတယ်။ ရရချင်းပဲ မုံရွာပုလိပ်အဖွဲ့ဆီ လက်နက်များစနစ်တကျပေးအပ်လိုက်တယ်။ ရာဇဝတ်ဝန်ကြီး ဦးဇော်ဝင်းဆီအကြောင်းကြားပြီးသပိတ်မှောက်လိုက်တယ်။

ပုလိပ်သပိတ်အဖွဲ့ဟာ မုံရွာပုလိပ်ဌာနအရေးပိုင်ရုံး၊ ရာဇဝတ်ဝန်ရုံးနဲ့မြို့ပေါ်လှည့်လည်ပြီး သပိတ်မှောက်ကြောင်း ကြွေးကြော်ကြတယ်။ အဲဒီကနေချောင်းဦး၊ မြင်းမူ၊ စစ်ကိုင်းမြို့များဆီကို မော်တော်ကားနဲ့လှည့်လည်ပြီးသပိတ်မှောက်ကြောင်း ကြွေးကြော်ကြတယ်။ နောက် မန္တလေးကိုရောက်တယ်။ မန္တလေးမှာလဲ စက်တင်ဘာလ ၁၀ ရက်နေ့ည သပိတ်မှောက်ကြတယ်။

## ကြွေးကြော်သံ

သူတို့သံချပ်တွေကတော့–

"အိပ်ပျော်နေတဲ့ပုလိပ်တွေ–ခုချိန်ခါမှာ နိုးကြ–နိုးကြ"

"ရန်ကုန်ပုလိပ်တွေသပိတ်မှောက်လာ–နယ်ပုလိပ်တွေ ဆူကြဆူကြ"

"ဒီတစ်ခါမှ မညီလျှင်–သိကြားမင်းတောင် ကယ်လို့မရ"

"သပိတ်မှောက်တဲ့ပုလိပ်တွေ–သက်တော်ရာကျော်ရှည်ပါစေသား"

"ပုလိပ်သပိတ်–မှောက်မှောက်"

မုံရွာ၊ စစ်ကိုင်း၊ မန္တလေးမှာ ပုလိပ်တွေသပိတ်မှောက်ကြပါတယ်။ သပိတ်မှောက်နေစဉ် ပြည်သူ့ရဲဘော်အဖွဲ့က ရပ်ရွာငြိမ်ဝပ်ပိပြားရေးအတွက်နေ့ညမလပ်ကင်းများစောင့်ခြင်း၊ ရပ်ရွာများကိုကြည့်ရှုစောင့်ရှောက်ပေးခြင်းဖြင့် တာဝန်ယူခဲ့ပါတယ်။ ပြည်သူလူထုကသပိတ်ကို ကြိုဆိုထောက်ခံတဲ့အနေနဲ့ ထမင်းထုပ်များ၊ ရိက္ခာများနဲ့ ဆေးဝါးများကို လိုလေသေးမရှိအောင်စောင့်ရှောက်ပြုစုကြပါတယ်။ ဆာပေါ်ထွန်းအစိုးရက သပိတ်ကို လှန်ခိုင်းတယ်။

ဗြိတိသျှနယ်ချဲ့အစိုးရ မြန်မာပြည်ကိုစရောက်တဲ့နေ့ကစပြီး ဒုတိယကမ္ဘာစစ်ကြီးဖြစ်လို့ အိန္ဒိယကို ဒရောသောပါး ဆုတ်ခွာခဲ့တဲ့တိုင်အောင်ပုလိပ်အဖွဲ့ဟာ ဘယ်တုန်းကမှ နယ်ချဲ့အစိုးရကို မော်လို့တောင်မကြည့်ခဲ့ဘူး။ သူ့ဩဇာသက်သက်ဖြစ်တယ်။ ခုလိုအဖြစ်မျိုးနဲ့ကြုံတွေ့လိုက်ရလိမ့်မယ်လို့နယ်ချဲ့အစိုးရအနေနဲ့ ဘယ်တုန်းကမှ မျှော်လင့်ခဲ့မယ်မထင်ပါဘူး။

ဒုတိယကမ္ဘာစစ်မဖြစ်ခင်အချိန်ကာလအထိ ဗြိတိသျှနယ်ချဲ့သမားဟာ သူ့မှာ ကိုလိုနီကျွန်နိုင်ငံတွေများလွန်းလို့သူ့အင်ပါယာမှာ ဘယ်တော့မှ နေမဝင်ဘူးတဲ့။ သူကိုယ်တိုင်လဲ နေမဝင်ဘုရင်ပါတဲ့။

ဒါပေမယ့် ဂျာမန်အာဏာရှင်ဟစ်တလာနဲ့ အပေါင်းအပါတွေက ဒုက္ခပေးခဲ့လို့ ဒုတိယကမ္ဘာစစ်ဒဏ်အကြီးအကျယ်ခံလိုက်ရတယ်။ "ဒေဝါလီ"ခံရတော့မယ့်အဖြစ်မျိုးတောင် ရောက်ခဲ့ပါတယ်။ အစက ကမ္ဘာမှာ ပထမ ထိပ်တန်းနေရာက ဖြူနီပြာသုံးရောင်ခြယ်အလံကို လေနဲ့အတူတလူလူဝင့်ကြွားစေခဲ့ပါတယ်။

ဒါပေမယ့် ခုတော့ ဒီလိုမကြွားနိုင်တော့ပါဘူး။ သူ့နေရာကို အမေရိကန် "ဒေါ်လာ"နယ်ချဲ့သမားကလုယူပြီး ပထမတန်းနေရာမှာ ရပ်နေခဲ့ပါတယ်။ ဗြိတိသျှအနေက ယို့ယို့လေးကုပ်ကုပ်လေးအဖြစ်နဲ့ သုံးရောင်ခြယ်အလံမလဲအောင် တုန်တုန်ယင်ယင်နဲ့ ကိုင်ထားရတဲ့အဖြစ်ပါ။ ဒီအဖြစ်ကိုသူနားလည်ပါတယ်။ ဒါပေမယ့် ဟန်ကိုယ့်ဖို့မရဲသော်လဲပြေးခဲစေဆိုတဲ့အဖြစ်ပါ။

သူ့ကိုအင်္ဂလိပ်အစိုးရက စစ်အောင်နိုင်သူအဖြစ်နဲ့ ၁၂၄၇ ခုနှစ်၊ ခရစ်နှစ် ၁၈၈၅ ခုနှစ် သီပေါဘုရင်ကိုဖမ်းဆီးပြီး အောင်ပွဲခံခဲ့တဲ့အချိန်အခါ မျိုးနဲ့မခြား မြန်မာပြည်သူတွေကို စေတဲ့ကျွန် ထွန်တဲ့နွားအဖြစ်မျိုးထားပြီး နဂိုရှိခဲ့တဲ့ ဟိတ်ဟန်မပျက်ဝင်ခဲ့ပါတယ်။

နယ်ချဲ့ရဲ့လက်ရုံး၊ ဒါမှမဟုတ် နယ်ချဲ့ရဲ့ဖွားဖက်တော်ကြီးဖြစ်တဲ့ ပုလိပ်အဖွဲ့က ခုလိုသပိတ်မှောက်ပြလိုက်တော့မှ သူ့ဘဝအမှန်ကို သုံးသပ်မိတော့မှာပါပဲ။

ပုလိပ်အဖွဲ့ကတော့ သူ့ကို လာလာချင်း ဆောက်နဲ့ထွင်းဆိုတဲ့အဖြစ်နဲ့ ဆန္ဒပြတိုက်ပွဲဝင်တယ်ဆိုရင် တခြားအလုပ်သမား၊ လယ်သမား၊ လူငယ်ကျောင်းသားတွေအဖို့တော့ ဘယ်လိုနေမယ်ဆိုတာ ကြိုတင်တွက်ချက်မိမှာပဲ။ မြန်မာပြည်ရဲ့ တကယ့်အခြေအနေကိုလဲ သဘောပေါက်မိကောင်းရဲ့။

ဒါကြောင့်နယ်ချဲ့ဗြိတိသျှကိုယ်စားလှယ်၊ မြန်မာပြည် ဘုရင်ခံ ဆာဒေါ်မန်စမစ်ဟာ သူ့ရှေ့ကစားခုတ်ရာ လက်လျှိုဖို့ခိုင်းထားတဲ့ ဆာပေါ်ထွန်းအစိုးရဟာ ပြဿနာသောင်းခြောက်ထောင်နဲ့ရင်ဆိုင်လိုက်ရတယ်ဆိုရင်ပဲ ကြောက်ဒူးတွေ တုန်ပြီး နှလုံးခုန်ရင်တုန်နဲ့ သည်းခြေပျက်လာတာသူမြင်လိုက်ပါတယ်။

ဒါကြောင့် ဘုရင်ခံဟာ ဆာပေါ်ထွန်းအစိုးရကို သုံးမရတော့တဲ့ ကြောင်အို မြင်းအိုကြီးများအဖြစ်မျိုးနဲ့ ပယ်ရှားလိုက်တယ်။ ပြဿနာသောင်း

ခြောက်ထောင်ကိုရင်ဆိုင်ရမယ့် ဘယ်သူ့ကိုမဆို၊ ပါတီအဖွဲ့အစည်းကိုမဆို ရွေးချယ်ဖို့ ပန်းကုံးစွပ်ပွဲကြီး ဆင်ယင်ကျင်းပလိမ့်မယ်လို့ ဟောဒီလို ကြေညာ မောင်ထုလိုက်ပါသတဲ့။ .

## ယာယီအုပ်ချုပ်ရေး မြန်မာပြည်ဘုရင်ခံ၏ကြေညာချက်

မြန်မာပြည်ဘုရင်ခံသည် အောက်တိုဘာ ၁၇ ရက်နေ့စွဲဖြင့် အောက်ပါ ကြေညာချက်ကို ထုတ်ပြန်လိုက်ကြောင်း။

(က) ဘုရင်ခံမင်းကြီးသည် မိမိ၏တာဝန်ဝတ္တရားများ၊ အခွင့်အာဏာ များနှင့် အလုပ်အမှုဆောင်များကို ဆောင်ရွက်တော်မူရာ၌ ဘုရင်ခံ မင်းကြီးအား ကူညီအကြံပေးရန် ဘုရင်ခံမင်းကြီးခန့်အပ်သော လူကြီး တစ်ဆယ့်ငါးယောက်ထက်မများ ပါဝင်သော အမှုဆောင် ကောင်စီတစ်ဖွဲ့ ဖွဲ့စည်းစေရမည်။

(ခ) ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့စွဲပါ ကြေညာချက်ဖြင့် ဘုရင်ခံမင်းကြီးသိမ်းပိုက်တော်မူခဲ့သော ဥပဒေပြုလွှတ်တော်၌လည်း ကောင်း၊ အထက်အောက်ဥပဒေပြုလွှတ်တော်တစ်ရပ်ရပ်၌လည်းကောင်း အပ်နှင်းထားသည့်အခွင့်အာဏာများကို ဆောင်ရွက်တော်မူရာ၌ ဘုရင်ခံ မင်းကြီးအား အကြံပေးရန် ယခုကြေညာ ချက်အပိုဒ် (က) အရ ခန့်ထားသော အမှုဆောင်ကောင်စီ အဖွဲ့ဝင်လူကြီးများနှင့် ဘုရင်ခံ မင်းကြီး ရွေးကောက်ခန့်ထား၍ ရာထူးနုတ်သိမ်းပိုင်ခွင့်ရှိသော အခြား လူကြီးများပါ အဖွဲ့ဝင် ငါးဆယ်ထက်မများပါဝင်သော ဥပဒေပြု လွှတ်တော်တစ်ရပ် ဖွဲ့စည်းစေရမည်။

ဤကြေညာချက်၌ပါရှိသည့် ရည်ရွယ်ချက်များ အထမြောက် ရေးအတွက် လိုအပ်သည်ဟူ၍လည်းကောင်း၊ ရှိသင့် ရှိထိုက်သည်ဟူ၍ လည်းကောင်း ဘုရင်ခံမင်းကြီး သဘောရရှိသည့်အတိုင်း အကြောင်း အားလျော်စွာ ပေါ်ပေါက်လာသော အောက်ပါပြဋ္ဌာန်းချက်များကို ဘုရင်ခံမင်းကြီး ပြုလုပ်တော်မူသည်။

၁။ အမှုဆောင်ကောင်စီအဖွဲ့နှင့် ဥပဒေပြုလွှတ်တော်ဆိုင်ရာ တာဝန် ဝတ္တရားများ၊ အခွင့်အာဏာများ၊ အလုပ်အမှုဆောင်များကို စည်းမျဉ်း သတ်မှတ်ရေးအလို့ငှာလည်းကောင်း၊ အဆိုပါအချက်များနှင့် ပတ်သက်

ပေါ်ပေါက်သောကိစ္စများအတွက်လည်းကောင်း၊ ဘုရင်ခံမင်းကြီးက အောက်ပါအတိုင်း နည်းဥပဒေများကို ပိုင်းခြားသတ်မှတ်နိုင်သည်။

(၁) အမှုဆောင်ကောင်စီအဖွဲ့ဝင်လူကြီးများအား အုပ်ချုပ်ရေး လုပ်ငန်းများကို ခွဲဝေသတ်မှတ်ပေးခြင်း၊ ဘုရင်ခံမင်းကြီး၏ တာဝန် ဝတ္တရားများ၊ အခွင့်အာဏာများနှင့် အလုပ်အမှုဆောင်အချို့ကို ကောင်စီ ဝင်လူကြီးများအား လွှဲအပ်ခြင်း၊ မှုခင်းကိစ္စဆောင်ရွက်ရန်အတွက် ကောင်စီဝင်လူကြီးများ အစည်းအဝေးကျင်းပရန် စည်းကမ်း၊ ထိုသို့ သောအစည်းအဝေးများ၌ လိုက်နာကြရမည့်စည်းကမ်းများနှင့် ထိုသို့ သော အစည်းအဝေးများဆောင်ရွက်ရမည့် မှုခင်းကိစ္စတို့ကို သတ်မှတ် ပေးခြင်း၊ ထို့ပြင့်–

(၂) ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့စွဲဖြင့် ထုတ်ပြန် သော ကြေညာချက်အရ ဘုရင်ခံမင်းကြီးသိမ်းပိုက်သော အခွင့်အာဏာ များကို ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဥပဒေပြုလွှတ်တော်၌ လိုက်နာ အပ်သော ကျင့်ထုံးစည်းကမ်းနှင့်မှုခင်းကိစ္စဆောင်ရွက်ရေးကို စည်းမျဉ်း သတ်မှတ်ခြင်း။

၂။ အက်ဥပဒေပုဒ်မ ၁၂–၁၁၉ နှင့် ၁၂၀ တို့ကို ယခုကြေညာ ချက်တွင် ပြန်လည်အတည်ပြုသည်။ (ပြန်လည်အတည်ပြုခြင်း၏ ရည်ရွယ်ချက်မှာ အစိုးရရှေ့နေချုပ်ကြီးတစ်ဦးခန့်ထားရေး ရာထူး ခန့်ထားရေးအဖွဲ့တစ်ဖွဲ့ခန့်ထားပြီးလျှင် ထိုအဖွဲ့၏အလုပ်အမှုဆောင် များကို သတ်မှတ်ပေးရေးအတွက်ဖြစ်သည်။)

၃။ ဤကြေညာချက်အရဖွဲ့စည်းသော ကောင်စီအဖွဲ့ တစ်စုံတရာ ကသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုတရာကသော်လည်းကောင်း၊ အာဏာပိုင်တစ်စုံတရာကသော်လည်းကောင်း၊ ပေးသောအကြံပေး ချက်ကို လိုက်နာပါက ဘုရင်ခံမင်းကြီးကိုယ်တိုင် ချင့်ချိန်ဆောင် ရွက်အပ်သော အလုပ်တစ်စုံတရာကို ဆောင်ရွက်ရေးအတွက် ဆန့်ကျင် ခြင်းရှိမည်ဖြစ်လျှင် အဆိုပါအဖွဲ့အစည်း တစ်စုံတရာကပေးသော အကြံ ပေးချက်ကို ဘုရင်ခံမင်းကြီးက လက်ခံရမည်ဆိုလိုသည်ဟု ဤကြေညာချက် အချက်အလက်များကို အဓိပ္ပာယ်ကောက်ယူခြင်း မရှိစေရ။

ဤကြေညာချက်ကို ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့စွဲ၌ ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုးထုတ်ပြန်သည်။

အာရ်–အိပ်ချ်–ဒေါမန်စမစ်
မြန်မာနိုင်ငံတော်ဘုရင်ခံမင်းကြီး။

(လှ/လှထုဦး–**သတင်းစာများကပြောပြတဲ့ စစ်ပြီးစမြန်မာပြည်၊** မန္တလေးကြီးပွားရေးပုံနှိပ်တိုက်။ ၆၉–မျက်၊ ၁၅၄–၅၅။)

မြန်မာပြည်ဘုရင်ခံကအဲဒီလိုကြေညာပြီးတဲ့နောက် ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ရဲ့ ဦးစီးချုပ်အဖွဲ့ဝင် ဦးဘအုန်း (မျိုးချစ်)၊ ဦးအေး(မျိုးချစ်)တို့ကို ဘုရင်ခံကခေါ်ယူတွေ့ဆုံတယ်။ ဒီလုပ်ဆောင်ချက်ဟာ ဖ–တ–ပ–လထဲက မျိုးချစ်တွေနဲ့ ကျန်ခေါင်းဆောင်တွေ ထင်ယောင်ထင်မှားတွေ သံသယဝင်ကာ ကွဲကြပြဲကြဖို့ လုပ်ဆောင်လိုက်ခြင်းပါ။

ဝတ်လုံတော်ရ ဦးသိန်းမောင်၊ ဦးပုတို့ကိုလဲ သီးသန့်ခေါ်ယူတယ်။ ဘုရင်ခံရဲ့အထက်ပါကြေညာချက်ကိုလေ့လာပြီး ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖ–တ–ပ–လ ဗဟိုဦးစီးအဖွဲ့ချုပ်က ဘုရင်ခံနဲ့တွေ့ဆုံဖို့ ဆုံးဖြတ်လိုက်တယ်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးဘဖေတို့ကို ရွေးချယ်လိုက်ပါတယ်။

ဖ–တ–ပ–လ ဗဟိုဦးစီးကိုယ်စားလှယ်များ ဘုရင်ခံနဲ့သွားရောက်တွေ့ဆုံတဲ့အခါမှာ ဘုရင်ခံပြောပြချက်နဲ့ ဖ–တ–ပ–လ ဦးစီးကိုယ်စားလှယ်တွေရဲ့ တောင်းဆိုချက်တွေဟာ လုံးဝအဆင်မပြေဖြစ်ခဲ့တယ်။ ဒါပေမယ့် ဖ–တ–ပ–လ ဦးစီးကသတ်မှတ်ထားတဲ့ သဘောအတိုင်း ဖြစ်နိုင်မယ်ဆိုရင် လက်ခံရန်ဆုံးဖြတ်ထားခဲ့တယ်။

ဘုရင်ခံရဲ့အမှုဆောင်အဖွဲ့မှာ ၁၅ ဦးပါဝင်တယ်။ အင်္ဂလိပ် ၂ ဦး၊ မြန်မာ ၁၃ ဦးဖြစ်မယ်။ ၁၁ ဦးကို ဖ–တ–ပ–လ ဦးစီးက အမည်တင်သွင်းရပါမယ်။

ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌက တိုင်းပြည်ကို ဒီလိုကြေညာခဲ့ပါတယ်။

**ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌကြေညာချက်**

မြန်မာပြည်သူအပေါင်းတို့-ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်သည် မြန်မာတစ်မျိုးလုံးအတွက် မည်ကဲ့သို့ဆောင်ရွက်ခဲ့သည်မှာ အထူးပြောရန်မလိုတော့ပေ။ မြန်မာပြည်၏အနာဂတ်စီးပွားရေး စသောကြီးလေးသောတာဝန်ကြီးများကို ဆက်လက်ဆောင်ရွက်ရာတွင် အခက်အခဲများစွာနှင့် တွေ့ကြုံရဦးမည်ကားမလွဲပင်ဖြစ်ချေသည်။

ထိုတာဝန်ကြီးကို ကျွန်ုပ်နှင့်တကွ အဖွဲ့ချုပ်ဝင်အပေါင်းတို့စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရန် ပြည်သူအပေါင်းတို့က စုံရုံး ထောက်ခံအားပေးရုံမျှမက ငွေကြေးအင်အားဖြင့် ကူညီရန်လည်း အထူးလိုပေသည်။

ထို့ကြောင့် ယနေ့မှစ၍ အဖွဲ့ချုပ်ရန်ပုံငွေအတွက် မြန်မာတစ်မျိုးသားလုံးက တတ်စွမ်းနိုင်သမျှ ကူညီထည့်ဝင်ကြရန် ကျွန်ုပ်အထူးတိုက်တွန်းလိုပါကြောင်း။

(ပုံ) အောင်ဆန်း

၂၃-၁၀-၄၅

(လှ/လူထုဦး-ဂုဏ်ရည်စာအုပ်-မျက် ၁၀၂။)

**အမှုဆောင်အဖွဲ့**

**ဗဟိုဦးစီးအဖွဲ့မှ (၁၁) ဦး ရွေးချယ်လိုက်ပြီ။**

အောက်တိုဘာ ၂၄ ရက်နေ့ နေ့လယ် ၁ နာရီအချိန်တွင်ကျင်းပသော ဖစ်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဗဟိုဦးစီးအဖွဲ့အစည်းအဝေးတွင် ဘုရင်ခံ၏အမှုဆောင်အဖွဲ့တွင်ဝင်ရောက်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ အဖွဲ့၏ ဆုံးဖြတ်ချက် ချမှတ်ထားသည့် စည်းကမ်းချက်များ (Instrument of Instruction) အရ ၁၁ နေရာအတွက် အမည်စာရင်းတင်သွင်းရန်ကိစ္စကို ဆောင်ရွက်ကြောင်း။

အစည်းအဝေးစလျှင်စချင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းကနန်းရင်းဝန်ဟောင်း ဦးပုသည် အဖွဲ့မှနုတ်ထွက်စာတင်သွင်းသည့်အကြောင်း ပြောပြပြီး ဦးပု၏နုတ်ထွက်စာကို ဖတ်ပြကြောင်း။

ထို့နောက် အမှုဆောင်အဖွဲ့တွင်ပါဝင်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များအမည်စာရင်းကို တင်သွင်းရာတွင် တင်သွင်းသော အမည်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဦးဘဖေ
(၂) ဦးပု
(၃) ဗိုလ်ချုပ်အောင်ဆန်း
(၄) ဦးဘဝင်း
(၅) ဦးဆက်
(၆) ဦးမြ (ဟင်္သာတ)
(၇) ဦးကြင်မှိန်
(၈) ဦးမြ (ပျော်ဘွယ်)
(၉) သခင်အေး
(၁၀) ဦးညိုထွန်း
(၁၁) ဦးရာဇတ်
(၁၂) ကိုသိန်းဖေ
(၁၃) သခင်မြ
(၁၄) ဦးဘအုန်း
(၁၅) ဦးတင်
(၁၆) သခင်ညီ
(၁၇) ဦးအေး
(၁၈) ဦးဘတင် (မစ္စတာရာရှစ်)

တို့ ဖြစ်ကြောင်း။

အထက်ပါအမည်စာရင်း တင်သွင်းခံရသူများအနက် ဦးပုမှာ အဖွဲ့ချုပ်မှ နုတ်ထွက်သွားသဖြင့် ရွေးချယ်ရန်မလိုတော့ကြောင်း။ ကျန်အမည်စာရင်းတင်သွင်းခံရသူများအနက် ဦးဆက်၊ ဦးမြ (ဟင်္သာတ)၊ ဦးကြင်မှိန်၊ ဦးတင်နှင့် သခင်ညီတို့က မိမိတို့အရွေးချယ်မခံလိုကြောင်းနှင့် ပြောဆိုသဖြင့် အမည်စာရင်းမှထုတ်ပယ်လိုက်ပြီးလျှင် ကျန်ခေါင်းဆောင်များကို လျှို့ဝှက်သောမဲဆန္ဒများဖြင့် ရွေးကောက်တင်မြှောက်လိုက်ရာ မဲဆန္ဒရှင်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း။

| | | |
|---|---|---|
| ၁။ | ဦးဘဖေ | ၂၆ မဲ |
| ၂။ | ဗိုလ်ချုပ်အောင်ဆန်း | ၂၇ မဲ |
| ၃။ | ဦးမြ(ပျော်ဘွယ်) | ၂၄ မဲ |
| ၄။ | ဦးညိုထွန်း | ၂၂ မဲ |
| ၅။ | ဦးရာဇတ် | ၂၂ မဲ |
| ၆။ | ကိုသိန်းဖေ | ၂၁ မဲ |
| ၇။ | သခင်မြ | ၂၃ မဲ |
| ၈။ | ဦးဘအုန်း | ၂၄ မဲ |
| ၉။ | ဦးအေး | ၂၀ မဲ |
| ၁၀။ | ဦးဘဝင်း | ၄ မဲ |
| ၁၁။ | ဦးဘတင် (မစ္စတာရာရှစ်) | ၄ မဲ |
| ၁၂။ | သခင်အေး | ၈ မဲ |

အသီးသီး ဖြစ်ကြောင်း။

မဲဆန္ဒများကို ရေတွက်ရန်အတွက် ဗဟိုဦးစီးအဖွဲ့က ဦးတင်နှင့် ဦးဆက်တို့အား ခန့်အပ်ကြောင်း။

ဘုရင်ခံ၏အမှုဆောင်အဖွဲ့သို့ တင်သွင်းရမည့် အမည်စာရင်းမှာ ၁၁ နေရာအတွက်ဖြစ်ရာ ကရင်အမျိုးသားများအတွက် ၂ နေရာကို မန်းဘခိုင်နှင့် စောဘဦးကြီးတို့အား ယှဉ်ပြိုင်သူမရှိဘဲ ရွေးကောက်တင်မြှောက်လိုက်ကြောင်း။ ကျန် ၉ နေရာအတွက် မဲအများဆုံးအစီအစဉ်လိုက်ရရှိသူ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဖေ(ပျော်ဘွယ်)၊ ဦးညိုထွန်း၊ ဦးရာဇတ်၊ ကိုသိန်းဖေ၊ သခင်မြ၊ ဦးဘအုန်းနှင့် ဦးအေးတို့အား ရွေးကောက်တင်မြှောက်လိုက်ကြောင်း။

အောက်တိုဘာ ၂၄ ရက်နေ့ ညနေ ၇ နာရီအချိန်တွင် ဗဟိုဦးစီးအဖွဲ့ ကိုယ်စားလှယ်များသည် ဘုရင်ခံနှင့်တွေ့ဆုံလိမ့်မည်ဖြစ်ရာ အထက်ပါအမှုဆောင်အဖွဲ့အတွက် အမည်စာရင်းများကို တင်သွင်းလိမ့်မည်ဟု သိရှိရကြောင်း။

(မြန်မာ့အလင်းသတင်းစာ၊ ၁၃၀၇ ခု၊
သီတင်းကျွတ်လဆုတ် ၄ ရက်၊ ကြာသပတေးနေ့ ၂၅-၁၀-၄၅)။
(လှ/လှုထုဦး-၄၄င်းစာအုပ်၊ မျက် ၁၈၂-၃)

တိုင်းပြည်အခြေအနေ အင်မတန်အရေးကြီးနေတဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်းအနေနဲ့ တပ်မတော်ဗိုလ်ချုပ်တစ်ဦးအနေနဲ့ တာဝန်ယူဆောင်ရွက်တာထက် တပ်ကထွက်ပြီး နိုင်ငံရေးသက်သက်လုပ်ဖို့ အခြေအနေကတောင်းဆိုလာတဲ့အတွက် မျိုးချစ်မြန်မာ့တပ်မတော် ဗိုလ်ချုပ်ရာထူးမှ နုတ်ထွက်လိုက်ပြီဆိုကြောင်း ရေဒီယိုကကြေညာခဲ့ပါတယ်လို့ ၁၃၀၇ ခု၊ သီတင်းကျွတ်လဆုတ် (၆) ရက်၊ စနေနေ့ ၂၇-၁၀-၄၅ မြန်မာ့အလင်းသတင်းစာတွေမှာ ဖော်ပြပါတယ်။

နောက်ထပ် ဖ-ဆ-ပ-လ ကိုယ်စားလှယ်များ ဘုရင်ခံနဲ့ သွားရောက်တွေ့ဆုံပြန်တယ်။ ဒါပေမယ့် ဘုရင်ခံက ဖ-ဆ-ပ-လ အဖွဲ့ချုပ်ရဲ့ တောင်းဆိုချက်တွေအထဲက ဟောဒီအချက်(၃)ချက်ကို လက်မခံနိုင်ဘူးတဲ့။

(၁) ကြားဖြတ်အစိုးရကောင်စီက (၁၄) နေရာထဲက (၁၁)နေရာကို ဖ-ဆ-ပ-လကို ပေးရမယ် တောင်းဆိုပေမယ့် (၇) နေရာကိုသာ ပေးမတဲ့။

(၂) ပြည်ထဲရေးဌာနကို ဖ-ဆ-ပ-လ ကောင်စီလူကြီးလက်ကို မအပ်နိုင်ဘူးတဲ့။

(၃) ဦးသိန်းဖေ (ဦးသိန်းဖေမြင့်)ကို ကောင်စီလာလူကြီးအဖြစ် လက်မခံနိုင်ဘူးတဲ့။

အဲဒီအချက် (၃)ချက်ကြောင့် ဘုရင်ခံနဲ့ ဖ-ဆ-ပ-လဆွေးနွေးလို့ အဆင်မပြေဘူး။ ဘုရင်ခံဒေါ်မန်စမစ်က ရှုံ့ချည်နှပ်ချည်လုပ်လို့ ဖ-တ-ပ-လ အဖွဲ့က ဘုရင်ခံရဲ့အမှုဆောင်အဖွဲ့ထဲ မပါတော့ဘူးလို့ဆုံးဖြတ်ပြီး ၁၉၄၆ ခု နိုဝင်ဘာလ ၁ ရက်နေ့မှာ ခေါင်းဆောင်တွေ အထက်မြန်မာပြည်ကို စခရီးထွက်ကြတယ်။ ဌာနချုပ်ကခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးမြ (ဟင်္သာတ)၊ ဦးမြ(ပျော်ဘွယ်)၊ ဦးဘဖေ၊ သခင်ညို၊ သခင်သန်းထွန်း၊ ဦးကျော်ငြိမ်း၊ ဓားမဦးဘသိန်းတို့နဲ့အတူ ရန်ကုန်က မန္တလေးကို ဆရာကြီးဦးရာဇတ်၊ ဦးမောင်မောင်၊ ဦးဘသီ၊ လူထုဦးလှတို့လဲတစ်ခါလိုက်ပါလာခဲ့တယ်။

၄၅ ခု၊ နိုဝင်ဘာလ ၂၅ ရက်နေ့မှာ ဘုရင်ခံကသူကြိုက်တဲ့လူတွေကို ခေါင်းဆောင်တွေရွေးပြီး အမှုဆောင်အဖွဲ့ကို ဖွဲ့ခဲ့တယ်။ အဲဒီပုဂ္ဂိုလ်တွေက တော့-

(၁) ဆာပေါ်ထွန်း-ပြည်ထဲရေး၊ နိုင်ငံရေးနှင့် တရားရေးဌာန။

(၂) ဆာထွန်းအောင်ကျော်-ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန။

(၃) ဦးပု–လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်တောရွာ စည်ပင်ရေး။
(၄) ဦးအေး–ကူးသန်းရောင်းဝယ်ရေးဌာနနှင့် ရိက္ခာဌာန။
(၅) ဦးဘအုံး
(၆) မန်းဘခင်–ပေါင်းသင်းဆက်ဆံရေးနှင့် ကြီးပွားရေးဌာန။
(၇) သခင်ရန်အောင်–ပညာရေးဌာန။
(၈) ဦးထွန်း–လမ်းပန်းအဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေးဌာန။
(၉) ဆာမက္ကဒူးဂဲလ်–ကာကွယ်ရေးနှင့် နိုင်ငံခြားဆက်သွယ်ရေးဌာန။
(၁၀) မစ္စတာပီးယား(စ) တောင်တန်းနယ်အုပ်ချုပ်ရေး။

ဘုရင်ခံအမှုဆောင်များဖြစ်တဲ့ ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်၊ ဦးပု၊ ဦးအေး၊ ဦးဘအုန်း၊ သခင်ရန်အောင်၊ ဦးထွန်းနဲ့ မန်းဘခင်တို့က လက်မှတ်ရေးထိုးပြီး အမှုဆောင်အဖွဲ့ စည်းမျဉ်းပါဝါဒကို တိုင်းပြည်သို့ ထုတ်ဖော်ကြေညာခဲ့ပါတယ်။

သူတို့ဘုရင်ခံရဲ့ကောင်စီအဖွဲ့ဝင်ရတာဟာ မြန်မာနိုင်ငံအတွက် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရရှိစေရန်ဖြစ်ကြောင်း၊ ဘုရင်ခံအမှုဆောင်ထဲမဝင်ဘဲနေတာထက် ဝင်ရောက်ဆောင်ရွက်ရတာက သူတို့ရဲ့ရည်မှန်းချက်ဆီ ပိုမိုလျင်မြန်စွာပေါက်ရောက်အောင်မြင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါသတဲ့။ လွတ်လပ်စွာရွေးကောက်ပွဲကျင်းပရေးအတွက်လည်းကောင်း၊ ဖက်ဆစ်ဝါဒအကြွင်းအကျန်များ သုတ်သင်ပစ်ရန်လည်းကောင်း တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက်လည်းကောင်း၊ ဘုရင်ခံဒေါ်မန်စမစ်က မြန်မာနိုင်ငံအပေါ် စေတနာမွန်မြတ်ပုံကို သူတို့လုံးဝယုံကြည်ကြောင်း၊ ကမ္ဘာ့ရှေ့မှောက်တွင် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရသော တိုင်းပြည်အဖြစ် ရရှိလိုတဲ့ တိုင်းသူပြည်သားများက သူတို့ကိုယုံကြည်စိတ်ချ ထောက်ခံစေလိုပါသတဲ့။

ဘုရင်ခံအမှုဆောင်အဖွဲ့ကို နိုဝင်ဘာလ ၂ ရက်နေ့မှာရွေးပြီး ၃ ရက်နေ့မှာ ဌာနများသတ်မှတ်ပေးပြီး ကျမ်းသစ္စာဆိုကြပါတယ်။ တိုင်းပြည်မှာ အင်မတန်အရေးကြီးတဲ့ ကာကွယ်ရေးနဲ့ နိုင်ငံခြားရေး၊ ပြီးတော့ တောင်တန်းဒေသ၊ အဲဒီကိစ္စတွေကို မြန်မာတွေကိုတာဝန်မပေးဘဲ မျက်နှာဖြူတွေ

ကိုသာ တာဝန်ပေးခဲ့တယ်။ အဲဒါသာကြည့်၊ မြန်မာတွေအပေါ်ဘယ်လောက် စေတနာရှိသလဲလို့။ တကယ်တန်းတော့ ဒီကာကွယ်ရေးတို့၊ နိုင်ငံခြားရေး တို့၊ တောင်တန်းဒေသစည်းရုံးအုပ်ချုပ်ရေးတို့ကို မြန်မာတိုင်းရင်းသားများ ကိုပဲတာဝန်မပေးသင့်ပါလား။

ဒါနဲ့ပတ်သက်ပြီး ရန်ကုန်မှာ ကျန်ရစ်ခဲ့တဲ့ ဖ-တ-ပ-လ ခေါင်းဆောင် တွေဖြစ်တဲ့ ဒီးဒုတ်ဦးဘချို၊ သခင်ချစ်၊ ကိုသိန်းဖေတို့က သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကျင်းပတယ်။

ဖ-တ-ပ-လ အဖွဲ့ချုပ်ကြီးက တိုင်းပြည်ပြန်လည်ထူထောင်ရေး၊ သက်သာချောင်ချိရေး၊ ရွေးကောက်ပွဲမြန်မြန်ကျင်းပနိုင်ရေး၊ နိုင်ငံရေး ငြိမ်းချမ်း ရေးတို့အတွက် ဆောင်ရွက်သွားပါတယ်။ အစိုးရကအကူအညီရှိလို့ရှိရင် အပြင်ပကနေ တိုင်းပြည်အကျိုးအတွက် အစွမ်းကုန်ကူညီဆောင်ရွက်သွားမယ် ဆိုတဲ့ အကြောင်း သတင်းစာဆရာများကို ရှင်းလင်းတင်ပြပါတယ်။

၁၉၄၅ ခု၊ နိုဝင်ဘာလ ၃ ရက်နေ့မှာ ရန်ကုန် ဖ-တ-ပ-လ ဌာနချုပ်-က ရောက်လာတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်တွေဟာ မန္တလေး အောင်နန်းရိပ်သာရပ် ဘီတီအင်ကျောင်းဝင်းအတွင်းရှိ နေသူရိန်ရုံကြီးမှာ လူထုအစည်းအဝေးကြီးတစ်ရပ် ကျင်းပကြတယ်။ ၅၀၀၀ ကျော် တက်ရောက် ပါတယ်။

နောက်တစ်နေ့ နိုဝင်ဘာလ ၆ ရက်နေ့မှာ ခရီးစဉ်အတိုင်း ရွှေဘိုသို့ ခရီးထွက်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့အတူ အထက်မြန်မာပြည် ဖ-တ-ပ-လ ခေါင်းဆောင်များဖြစ်ကြတဲ့ ဆရာကြီး ဦးရာဇတ်နဲ့ လူထုဦးလှ တို့လဲလိုက်သွားကြပါတယ်။ ရန်ကြီးအောင်ရုံကြီးမှာ လူထုအစည်းအဝေးပွဲ တစ်ရပ် ကျင်းပပါတယ်။ လူထု ၃၀၀၀ ကျော်တက်ရောက်ပါတယ်။ လှုပ်ရှားမှုကင်းမဲ့နေတဲ့ ရွှေဘိုနိုင်ငံရေးကို အသက်ပြန်ဝင်စေခဲ့ပါတယ်။

နိုဝင်ဘာလ ၇ ရက်နေ့မှာ ဆရာကြီးဦးရာဇတ်၊ ဦးလှတို့နဲ့အတူ စစ်ကိုင်းကို ဗိုလ်ချုပ်အောင်ဆန်းတို့ ပြန်လည်ရောက်ရှိခဲ့ပါတယ်။ နေ့လယ် (၁၂) နာရီမှာ စစ်ကိုင်းဘုရင့်ရုံမှာ လူထုအစည်းအဝေးပွဲကျင်းပပြန်တယ်။ လူထုအထူးစည်ကားလျက်ရှိပါတယ်။

နိုဝင်ဘာလ ၈ ရက်နေ့မှာ အောက်မြန်မာပြည်ရှိ မြို့များဆီသို့ ခရီး ဆက်ဖို့ မန္တလေးက ကျောက်ဆည်ကို စတင်ပြီးထွက်ခဲ့ကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ မြန်မာပြည်အရပ်ရပ်ကို ခရီးထွက်ကြတယ်ဆိုတော့ ဘုရင်ခံဒေါ်မန်စမစ်ဟာလဲ တိုင်းခန်းလှည့်လည်မယ်လို့ အိမ်တော်က သတင်းထုတ်ပြန်တယ်။

အဲဒီအချိန်မှာပဲ ဘိလပ်ပါလီမန်လွှတ်တော်မှာ မြန်မာပြည်ဆိုင်ရာလက်ထောက်အတွင်းဝန် မစ္စတာဟင်ဒါဆင်က မြန်မာပြည်ဘုရင်ခံအမှုဆောင်အဖွဲ့မှာ ၁၅ ဦးအထိ ခန့်ထားဖို့ အစီအစဉ်ကို မဖျက်သိမ်းသေးဘူး။ မူလအစီအစဉ်အတိုင်း တိုးပြီးခန့်ထားချင်ခန့်ထားမယ်လို့ ပြောသတဲ့။ ပြီးတော့ ဘုရင်ခံနဲ့ ဖ–တ–ပ–လ အဖွဲ့ချုပ်သဘောကွဲလွဲစရာအကြောင်းမရှိပါဘူးလို့ ထင်ပြပါသတဲ့။

၁၆–၁၀–၄၅ ခုနေ့မှာ ဆာရယ်ဂျီနယ်ဒေါ်မန်စမစ်ဟာ အမြွတ်တနိုးသယ်ဆောင်လာတဲ့ စက္ကူဖြူစာတမ်းကို မြန်မာပြည်သူတွေက ကန့်ကွက်ကြတယ်။ စက္ကူဖြူစာတမ်းဟာ တကယ်တန်းကျတော့ စက္ကူဖြူစာတမ်းပါဖော်ပြချက်တွေဟာ မရေမရာဝေ့လယ်ကြောင်ပတ် စကားလုံးများနဲ့ ရက်စက်စွာလှည့်စားမှုတစ်ရပ်ဖြစ်တယ်လို့ အိန္ဒိယပြည် နယူးဒေလီမြို့ထုတ် "ဟင်ဒူစတန်တိုင်း" သတင်းစာကြီးက စက္ကူဖြူစာတမ်းလား စက္ကူမည်းစာတမ်းလားဆိုတဲ့ ခေါင်းစဉ်နဲ့ ဝေဖန်ရေးသားခဲ့ပါတယ်။

မြန်မာပြည်စက္ကူဖြူစာတမ်းပေါ် ဒီးဒုတ်ဦးဘချို က ၈–၁၁–၄၅ ရက်နေ့ထုတ် ဒီးဒုတ်ဂျာနယ် ပြည်တွင်းရေးအခမ်းအနားမှာ ဟောဒီလိုတင်ပြထားပါတယ်။

## "ယူနီယံဂျက်နှင့် ဒေါင်းတံဆိပ်"

စက္ကူဖြူစာတမ်းသည် မြန်မာပြည်ဖြစ်မဟုတ်။ မြန်မာလူမျိုးတို့ဆန္ဒဖြစ်သော ဒေါင်းတံဆိပ်မပါ။ ယူနီယံဂျက်တံဆိပ်တပ်၍ အင်္ဂလန်ပြည်မှာထုတ်သည်ဟူသောစာနှင့်ထွက်လာခဲ့သော စာတမ်းဖြစ်၏။ ထို့ကြောင့် မြန်မာလူမျိုးတို့သည် စက္ကူဖြူစာတမ်းကို မဝေဖန်ကြ။ ခေါင်းတံဆိပ်မြန်မာပြည်ဖြစ် နေသူရိန်ဆုံးဖြတ်ချက်ကို ဘုရင်ခံနှင့်တကွ ဗြိတိသျှအစိုးရထံသို့ ပေးပို့ပြီးဖြစ်၏။ မြန်မာတို့ ဒေါင်းတံဆိပ် နေသူရိန်ဆုံးဖြတ်ချက်တို့ကား ယခုချက်ချင်း စစ်အုပ်ချုပ်ရေးရပ်၊ ပြည်သူ့အစိုးရအဖွဲ့ ဖွဲ့၊ တစ်နှစ်အတွင်း အရွယ်ရောက်သူတိုင်း

မပေးနိုင်မည့်စနစ်သစ်ဖြင့် ရွေးကောက်ပွဲလုပ်၊ တိုင်းပြုပြည်ပြု လွှတ်တော်ဖွဲ့၊ လွတ်လပ်သော မြန်မာပြည်အုပ်ချုပ်ရေးကို ရေးဆွဲဟူသော အချက်တို့ဖြစ်၏။ ဤသည်မှာ ဗြိတိသျှစက္ကူဖြူမဟုတ်၊ မြန်မာတို့၏ စက္ကူနီဖြစ်၏"

(လှ/လူထုဦး–၄င်းစာမျက်–၂၅၀)။

စက္ကူဖြူစာတမ်းရဲ့အနှစ်သာရက–

(၁) တိုက်ရိုက်အုပ်ချုပ်ရေး၊

(၂) ဘုရင်ခံရွေးချယ်တဲ့ အတိုင်ပင်ခံအဖွဲ့ရဲ့ အကူအညီနဲ့ အုပ်ချုပ်ရေးက ၃ နှစ်၊

(၃) ရွေးကောက်ပွဲကျင်းပရေး၊

(၄) ရွေးကောက်ပွဲပြီးရင် ပြည်သူ့အစိုးရဖွဲ့လို့ဖြစ်ဖြစ်၊ ဒိုမီနီယံအဆင့်အတန်းအတွက် ဥပဒေရပ်များ ရေးဆွဲဖို့ဆိုတဲ့ ရှည်လျားထွေပြား မရေရာလှတဲ့အတွက် ပြည်သူတွေမလိုလားဘူး၊ ပြည်သူတွေလိုလားတာကတော့–

(၁) ပြည်သူ့ယာယီအစိုးရဖြစ်ရေး၊

(၂) ရွေးကောက်ပွဲတွေအမြန်လုပ်ရေး၊

(၃) တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် အဆင့်ဆီကို မကြန့်ကြာဘဲ တက်လှမ်းဖို့ပါပဲ။

လန်ဒန်မြို့ကိုရောက်လာတဲ့ မြန်မာပြည်ဘုရင်ခံရဲ့ အတိုင်ပင်ခံဝန်ကြီးဖြစ်တဲ့ ဆာထွန်းအောင်ကျော်က စက္ကူဖြူစာတမ်းလျာထားချက်နဲ့ပတ်သက်ပြီး မြန်မာပြည်သူတွေက ဆန့်ကျင်ကန့်ကွက်တယ်ဆိုတဲ့အကြောင်း ပြောပြတယ်။

"မြန်မာလူမျိုးတို့သည် ကြားဖြတ်အစိုးရကို အလိုမရှိ၊ ကိုယ့်လွတ်လပ်ရေး ကိုယ်ရေးဆွဲမည့် တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကိုသာလျှင် အလိုရှိကြသည်။ ယခုမြန်မာလူမျိုးတို့ ဗြိတိသျှလူမျိုးတို့နှင့် ပေါင်း၍ ဂျပန်ကိုတိုက်နေခြင်းမှာ ဗြိတိသျှတို့စိုးမိုးခြင်းကို ကြိုက်လို့ဟုထင်လျှင် မှားလိမ့်မည်"တဲ့။

(လှ/လူထုဦး–၄င်းစာမျက်နှာ ၂၂၀)။

**လုံးဝလွတ်လပ်ရေးအတွက် နိုင်ငံခြားတိုင်းပြည်များနဲ့ဆက်သွယ်ခြင်း**

ဗိုလ်ချုပ်အောင်ဆန်းက မြန်မာပြည်လုံးဝလွတ်လပ်ရေးအတွက် လက်အောက်ခံနိုင်ငံကလေးတွေရဲ့ လွတ်လပ်ရေးရရှိဖို့အတွက် ဘဝတူအိမ်နီးနားချင်းတိုင်းပြည်တွေဆီကိုလဲအခါအခွင့်သင့်သလို စာရေးခဲ့တယ်။ အိန္ဒိယ ကွန်ဂရက်ပါတီဥက္ကဋ္ဌကြီး မောင်လာနာအဗ္ဗဒူလ်ကလန်အာဇတ်ကဒါကို ကြိုဆိုထောက်ခံပါတယ်ဆိုတဲ့ စာပြန်ကြားခဲ့တယ်။ အာရှနိုင်ငံအချင်းချင်း တွေ့ဆုံဆွေးနွေးဖို့ ကွန်ဖရင့်တစ်ရပ်ကျင်းပသင့်တယ်ဆိုတဲ့ ဗိုလ်ချုပ်ရဲ့တိုက်တွန်းနှိုးဆော်ချက်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုလက်ခံကြောင်းဆိုတဲ့စာကို အိန္ဒိယကွန်ဂရက်ခေါင်းဆောင်ကြီး ပဏ္ဍစ်ဂျဝါဟာလာနေရူးက လူကြုံနဲ့စာပေးပို့ခဲ့ပါတယ်။

လက်အောက်ခံနိုင်ငံကလေးတွေ လွတ်မြောက်ရေးအတွက် အမေရိကန်နိုင်ငံခြားရေးဝါဒအရ ဦးစီးဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံစာကို ဗိုလ်ချုပ်ကိုယ်တိုင် ရေးသားပြီး အမေရိကန်သမ္မတကြီး ထရူးမင်ဆီ ပေးပို့ခဲ့တယ်။

မြန်မာပြည်ပေါ်စေတနာထားတဲ့ အင်္ဂလန်ပြည် လေဘာပါတီ လွှတ်တော်အမတ်တွေဆီလဲ လှမ်းပြီးဆက်သွယ်ခဲ့တယ်။ ဘိလပ်ပါလီမန် ဒုတိယနန်းရင်းဝန် ဆာစတက်ဖို့ကရစ် လေဘာပါတီအမတ် ဒရိုင်းဘတ်စတဲ့အဖွဲ့ဝင်တွေပါတဲ့ ဘိလပ်ပါတီစုံ ပါလီမန်ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယပြည်ကို လာတယ်ဆိုတာသိလို့ "မြန်မာနိုင်ငံကိုပါ လာကြပါ၊ မြန်မာတွေရဲ့ဆန္ဒတွေ လေ့လာကြည့်ပါ"ဆိုပြီး ဗိုလ်ချုပ်အောင်ဆန်းက စာနဲ့ ဖိတ်ခေါ်ခဲ့ပြန်တယ်။ ဒါက ဒီပုဂ္ဂိုလ်တွေကိုယ်တိုင် မြန်မာပြည်ရဲ့ အခြေအနေမှန်ကို သိစေချင်တဲ့သဘောပါ။ ဒီအဖွဲ့ကလဲပြန်ကြားစာပေးပို့ခဲ့ပါတယ်။

ဗြိတိသျှလေဘာပါတီခေါင်းဆောင်လဲဖြစ်၊ စာရေးဆရာလဲဖြစ်တဲ့ မစ္စတာဘရေး(စ)ဖို့ဒ်ဆီကို ဖ-တ-ပ-လ က မြန်မာပြည်ကိုလာရောက် လည်ပတ်ဖို့ကြေးနန်းနဲ့ဖိတ်ကြားခဲ့တယ်။ ဒါကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြောင်း၊ မြန်မာပြည်သူတွေအပေါ် ထာဝစဉ်စိတ်ဝင်စားလျက်ရှိနေကြောင်း၊ မြန်မာပြည်ကို လာလည်ဖြစ်လိမ့်မည်လို့ မျှော်လင့်ကြောင်း ပြန်ကြားခဲ့ပါတယ်။

ဒါတင်မကဘူး၊ မြန်မာပြည်အခြေအနေမှန်ကို ဗြိတိသျှလူမျိုးများရော ဗြိတိသျှလွှတ်တော်နဲ့အစိုးရကပါသိရှိစေဖို့ဆိုပြီး ဘိလပ်သွားဖို့စီစဉ်တယ်။ ဘိလပ်သွားကိုယ်စားလှယ်အတွက် ရန်ပုံငွေ ၂ သိန်းကောက်ခံတယ်။ တိုင်းပြည်က လိုလိုလားလားထည့်ကြလို့ ၂ သိန်းတောင်ကျော်သွားတယ်ဆိုပဲ။

**မြန်မာပြည်ဘုရင်ခံအမှုဆောင်အဖွဲ့ထဲ**
**ဖ–တ–ပ–လ ကိုယ်စားလှယ်ပါဝင်ရေး**

မြန်မာပြည်ဘုရင်ခံ ဆာဒေါမန်စမစ်ဟာ သူ့ရဲ့အမှုဆောင်အဖွဲ့ထဲ ဖ–တ–ပ–လ အဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်မပါတာကို စိတ်ထဲမချင့်မရဲဖြစ်နေ ဟယ်။ "ဒီလောက်တောင် စည်းရုံးရေးညံ့ရသလားလို့ ဘိလပ်အစိုးရက ဝေဖန်ပြစ်တင်မှာကိုလဲ ဆာဒေါမန်စမစ်က စိုးရိမ်နေဟန်တူပါတယ်။ အဲဒါ ကြောင့် ဖ–တ–ပ–လ အဖွဲ့ချုပ်ထဲက အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဖေနဲ့ သခင်သန်းထွန်းတို့တစ်တွေပါလာရေးအတွက် အပတ်တကုတ် ကြိုးစားခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ အထက်မြန်မာပြည်က နိုဝင်ဘာလ ၁၅ ရက်နေ့မှာ ပြန်ရောက်တယ်။ နောက်တစ်နေ့မှာ ဘုရင်ခံက ဗိုလ်ချုပ် အောင်ဆန်းနဲ့ ဦးဘဖေတို့ကို အစိုးရအိမ်မှာ ဖိတ်ခေါ်တွေ့ဆုံဆွေးနွေးတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ပြန်ရောက်လာပြီး ရွှေတိဂုံစေတီတော်အလယ် ပစ္စယံမှာ ပြည်လုံးဆိုင်ရာညီလာခံတစ်ရပ်ကို ၁၈–၁၁–၄၅ နေ့မှာ ကျင်းပဖို့ စီစဉ်နေခဲ့တယ်။ စီစဉ်တဲ့အတိုင်းလဲ ၁၈–၁၁–၄၅ တနင်္ဂနွေနေ့ ၁၂ နာရီမှာ ဖ–တ–ပ–လ ပြည်လုံးကျွတ်ညီလာခံကျင်းပခဲ့တယ်။ မြန်မာပြည်လွတ်လပ် ရေးကိစ္စရယ်၊ ပြီးတော့ မြန်မာပြည်ရဲ့ တကယ့်အခြေအနေမှန်ကို ကမ္ဘာက သိရှိစေဖို့ကိစ္စရယ်တို့အတွက် ဖ–တ–ပ–လ အဖွဲ့ချုပ်က အပြင်းအထန် ကြိုးစားတယ်။

အဲဒီအချိန်မှာပဲ အလံနီကွန်မြူနစ်ပါတီခေါင်းဆောင် သခင်စိုးက လွတ်လပ်ရေးကို ဘိလပ်သွားတောင်းတာဟာ အချောင်သမားလုပ်ငန်းဖြစ်တယ်။ ဖေ–ပု–ရှိန်တို့ ဒိုင်အာခီလွတ်လပ်ရေးမျိုး ရလိမ့်မယ်လို့ ဝေဖန်နိမိတ်ဖတ်လိုက် ပြန်တယ်။

ဖ–တ–ပ–လအဖွဲ့ချုပ်က ဘိလပ်သွားပြီး မြန်မာပြည်လွတ်လပ်ရေး အတွက် ဆွေးနွေးဖို့နဲ့ ကမ္ဘာ့ကမြန်မာ့အခြေအနေကို သိရှိစေဖို့ ရည်ရွယ် လုပ်ဆောင်တဲ့ကိစ္စမှာ အနည်းနဲ့အများဆိုသလို မြန်မာပြည်ဘုရင်ခံ ဆာဒေါမာန်စမစ်က ကပျက်ယပျက်လုပ်လာပြန်တယ်။ ဘုရင်ခံက ဒီကိစ္စဟာ သူ့ကျော်ပြီးမလုပ်သင့်ဘူး။ သူကတစ်ဆင့်သာ ဘိလပ်အစိုးရနဲ့ ဆက်သွယ် ဆောင်ရွက်ထိုက်တယ်ဆိုပြီး ဝေဖန်ပြောဆိုလာတယ်။

တကယ်ကျတော့ ဒီလိုအဖြစ်မျိုး အခုမှကြုံတာမဟုတ်ပါဘူး။ ၁၉၁၈ ခုနှစ်လောက်က ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်လက်ထက်မှာလဲ ဒီလိုအဖြစ်မျိုးနဲ့ကြုံခဲ့ဖူးတယ်။ ပထမကမ္ဘာစစ်ကြီးပြီးတဲ့နောက် ၁၉၁၈ ခုနှစ်မှာ မြန်မာပြည်အုပ်ချုပ်ရေးအတွက် ဘုရင်ခံဆာရယ်ဂျီနယ်ကရက်ဒေါက်က မြန်မာပြည်အုပ်ချုပ်ရေးစီမံကိန်းကို ရေးဆွဲတယ်။ ဒါကို မြန်မာပြည်သူ တစ်ရပ်လုံးက အပြင်းအထန်ကန့်ကွက်ကြတယ်။ ဒါပေမယ့် ကရက်ဒေါက်က ဗွတ်လုပ်လာတဲ့အတွက် ဝိုင်-အမ်-ဘီ-အေ အသင်းကြီးက မြန်မာပြည်မှာ ဘုရင်ခံနဲ့ဆောင်ရွက်နေလို့တော့ဖြစ်မှာမဟုတ်ဘူး။ ဘိလပ်သွားပြီး ဘိလပ်အစိုးရနဲ့ဆွေးနွေးမှပဲဆိုပြီး ဖေ-ပု-ရှိန်( ဦးဘဖေ၊ ဦးပုနဲ့ ဦးထွန်းရှိန်) တို့ကို ကိုယ်စားလှယ်ရွေးပြီး စေလွှတ်ဖို့စီစဉ်တယ်။ ဒီတုန်းကလဲ ဘုရင်ခံက ဘိလပ်မသွားနိုင်အောင် အမျိုးမျိုးနှောင့်ယှက်ခဲ့ဖူးတယ်။

အဲဒီအတိုင်းပင်ခံ ဆာဒေါမန်စမစ်ကလဲ ဆက်လက်ကျင့်သုံးနေပြန်တယ်။ မြန်မာပြည်ဘုရင်ခံက ဒီခံယူချက်ရှိထားတော့ ဘိလပ်အစိုးရကလဲ ဖ-တ-ပ-လအဖွဲ့ဟာ မြန်မာပြည်ကို ကိုယ်စားပြုတဲ့ အဖွဲ့ချုပ်ရယ်လို့ အသိအမှတ်ပြုလို့မဖြစ်နိုင်ဘူး။ ဖ-တ-ပ-လကိုယ်စားလှယ်တွေကို တွေ့ဆုံလက်ခံရင် တခြားအဖွဲ့အစည်းတွေကလဲ မခံမရပ်နိုင်ဖြစ်လာမယ်။ လူထုကိုယ်စားလှယ်ကို လွတ်လပ်တဲ့ ရွေးကောက်ပွဲတစ်ခုနဲ့သာ စီစဉ်နိုင်မယ်ဖြစ်ကြောင်း စတဲ့စကားတွေနဲ့ ဆင်ခြေပေးလာပြန်တယ်။

တစ်ဘက်မှာလဲဘုရင်ခံဟာ မျက်နှာချိုသွေးပြီး ဖ-ဆ-ပ-လ အဖွဲ့ကို သူ့အသိုင်းအဝိုင်းထဲဆွဲသွင်းဖို့ကြိုးစားပြန်တယ်။ ဖ-တ-ပ-လအဖွဲ့ဟာလဲ ဘုရင်ခံရဲ့အမှုဆောင်အဖွဲ့မှာပဲဖြစ်ဖြစ်၊ ဥပဒေပြုအဖွဲ့မှာပဲဖြစ်ဖြစ် ဝင်လာပြီးနောက် မိမိတို့လိုလားချက်တွေကို တစ်ဆင့်ပြီးတစ်ဆင့် ရအောင်လုပ်ဆောင်နိုင်တဲ့အလားအလာများ ရှိမယ်ဆိုတဲ့ နှစ်သိမ့်စကားတွေနဲ့ လေချိုသွေးခဲ့တယ်။

တိုင်းပြည်တွင်းမှာ ပုလိပ်သပိတ်တွေ၊ စာတိုက်သပိတ်တွေ၊ အမှုထမ်းစုံသပိတ်တွေ၊ ရှားပါးစရိတ်တိုက်ပွဲတွေ၊ လယ်သမားအုံကြွမှုတွေ အပြင်းအထန်ဖြစ်လာနေတဲ့အချိန်။ ပြီးတော့ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်အရေးတော်ပုံကြီးလဲ ပေါ်ပေါက်လာဖို့က တကဲကဲဖြစ်နေတဲ့အချိန်ဆိုတော့ အဲဒီအခြေအနေကို ဘုရင်ခံဆာဒေါမန်စမစ်နဲ့ ဆာပေါ်ထွန်းအစိုးရဟာ ဘယ်လိုမှ ထိန်းသိမ်းဖြေရှင်းပေးနိုင်မယ့် အခြေမမြင်တော့ဘူးလို့ ဘိလပ်အစိုးရက ကောင်း

ကောင်းသဘောပေါက်သွားတယ်ထင်ရဲ့။ မြန်မာပြည်ဘုရင်ခံအသစ် တစ်ယောက် အစာထိုးပြောင်းလဲပစ်ဖို့ စီစဉ်လာတော့တယ်။

ဘုရင်ခံဒေါ်မန်စမစ်နေရာမှာ မေဂျာဂျင်နရယ်ဆာဟူးဘတ်ရန့်စ်ကို အစားထိုးပြီးလွှတ်ခဲ့တယ်။ စစ်အတွေ့အကြုံရှိနေတဲ့ မေဂျာဂျင်နရယ်ဆာဟူးဘတ်ရန့်စ်ကို စေလွှတ်ရတဲ့ရည်ရွယ်ချက်ကတော့ တကယ်လို့ မြန်မာပြည်သူတွေက လက်နက်နဲ့တော်လှန်ပုန်ကန်လာရင် ချက်ချင်းတုံ့ပြန်ချေမှုန်းပစ်နိုင်ရေးအတွက် ရည်ရွယ်ဟန်တူပါရဲ့။ မေဂျာဂျင်နရယ်ဟူဘတ်ရန့်စ်ဟာ ကက်စဘီ Cas(B) ခေါ်စစ်အုပ်ချုပ်ရေးကာလအတွင်းမှာ လက်တွေ့လုပ်လာခဲ့ဖူးတဲ့အတွက် စစ်ရေးနဲ့ ဖက်စပ်အုပ်ချုပ်ရတဲ့ အတွေ့အကြုံရှိပြီးသူဖြစ်တယ်။

ဘုရင်ခံဟာမြန်မာပြည်ရဲ့ ငြိမ်ဝပ်ပိပြားရေးအတွက် ပထမဆုံး ဆောင်ရွက်လိုက်တဲ့လုပ်ငန်းက ဆာပေါ်ထွန်းအစိုးရကို နုတ်ထွက်ခိုင်းတဲ့အလုပ် ဖြစ်တယ်။ ဒီအခြေအနေကို ထောင့်တစ်ထောင့်က စောင့်အကဲခတ်ကြည့်နေတဲ့ ဦးစောက ဆာပေါ်ထွန်းအစိုးရ မပြုတ်ခင်ကလေးမှာကပ်ပြီး အစိုးရအဖွဲ့ထဲက သူ့လူတွေကို ချက်ချင်းနုတ်ထွက်ခိုင်းလိုက်တယ်။

ဘုရင်ခံမေဂျာဂျင်နရယ်ရန့်စ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖ–တ–ပ–လအဖွဲ့ချုပ် ကိုယ်စားလှယ်တို့ အပြန်အလှန်ဆွေးနွေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းက–

"ကျုပ်တောင်းတာတွေကို အေးအေးဆေးဆေးမပေးရင် လူထုကို ကျုပ်ထိန်းနိုင်တော့မယ်မဟုတ်ဘူး။ ထချကုန်လိမ့်မယ်"ဆိုတဲ့ ရဲရဲတောက်ပြတ်သားတဲ့ စကားတွေနဲ့ ခြိမ်းခြောက်အကျပ်ကိုင်အရေးဆိုခဲ့တယ်။

နောက်ဆုံးဘုရင်ခံ ရန့်(စ်)နဲ့ ပေါဒီအဟိုင်း သဘောတူညီချက်ရရှိခဲ့တယ်။

(၁) ဘုရင်ခံက ဗီတိုအာဏာကို အရမ်းမသုံးဘူး (ဒါပေမယ့် လုံးဝမသုံးပါဘူးလို့ ကတိမပြု)။
(၂) ဘုရင်ခံက အမှုဆောင်ကောင်စီရဲ့ တောင်တန်းဒေသများကို ဘုရင်ခံကပဲ တိုက်ရိုက်ကိုင်မတဲ့။ ဗိုလ်ချုပ်အောင်ဆန်းက ဒုတိယသဘာပတိ၊ ကာကွယ်ရေးနဲ့ နိုင်ငံခြားဆက်သွယ်ရေးဌာနတွေကိုလဲ ဗိုလ်ချုပ်အောင်ဆန်းကိုပဲ ကိုင်စေမယ်တဲ့။

(၃) ဖ–တ–ပ–လ အဖွဲ့ချုပ်က ရွေးချယ်တဲ့ ကောင်စီလာ ဝန်ကြီးတွေက ကောင်စီထဲ အများစုဖြစ်ပါစေမတဲ့။ ဖ–တ–ပ–လ (၇) ဦး၊ ဘုရင်ခံ (၄) ဦး။

(၄) ကောင်စီကိုလဲ ကက်ဘိနက်သဘော အလုပ်လုပ်သွားစေမတဲ့။

တိုင်းပြုပြည်ပြုလွှတ်တော်ကို ကြားဖြတ်အစိုးရက အဆင်သင့်တဲ့အခါ ခေါ်နိုင်တယ်။ ၁၉၃၅ ခု၊ အုပ်ချုပ်ရေးအက်ဥပဒေအရ ရွေးကောက်ပွဲဖြစ်သင့် မဖြစ်သင့် ရှေ့ဆက်ဆွေးနွေးသွားကြဖို့ ဖြစ်ပါတယ်တဲ့။

အဲဒီနှစ်ဘက်သဘောတူညီချက်အရ ၁၉၄၆ ခု၊ စက်တင်ဘာလ ၂၅ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ကြားဖြတ်အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်ပါတယ်။ ဒီအဖွဲ့အစည်းထဲမှာ ပါဝင်တဲ့ပုဂ္ဂိုလ်တွေက–

| | | | |
|---|---|---|---|
| (၁) | ဗိုလ်ချုပ်အောင်ဆန်း | – | ကာကွယ်ရေးဌာန၊ နိုင်ငံခြားရေးဌာန။ |
| (၂) | ဦးဘဖေ | – | ကူးသန်းရောင်းဝယ်ရေးနဲ့ ရိက္ခာဖြန့်ဖြူးရေးဌာန။ |
| (၃) | ဦးသိန်းဖေ(သိန်းဖေမြင့်) | – | သစ်တောရေးနဲ့ လယ်ယာ စိုက်ပျိုးရေးဌာန။ |
| (၄) | သခင်မြ | – | ပြည်ထဲရေးဌာနနဲ့ တရားရေး ဌာန။ |
| (၅) | မန်းဘခိုင် | – | အလုပ်သမားနဲ့ စက်မှုလက်မှု ဌာန။ |
| (၆) | ဦးအောင်ဇံဝေ | – | လမ်းပန်းဆက်သွယ်ရေးဌာန။ |
| (၇) | ဆာမောင်ကြီး | – | ပညာရေးဌာန။ |
| (၈) | သခင်ဗစိန် | – | သယ်ယူပို့ဆောင်ရေးဌာန။ |
| (၉) | ကရင်တစ်နေရာ | – | (ဘုရင်ခံခန့်မည်) |
| (၁၀) | ဒေါ်မြစိန် | – | ကြီးပွားရေးဌာန။ |
| (၁၁) | ဦးတင်ထွဋ် | – | ဘဏ္ဍာရေးဌာန။ |

ပထမ (၆) ဦးကို ဖ–တ–ပ–လ အဖွဲ့ချုပ်ကရွေးချယ်ပြီး ကျန် (၅) ဦးကို ဘုရင်ခံက ဖ–တ–ပ–လနဲ့ တိုင်ပင်ရွေးချယ်ရန်ဖြစ်တယ်။

ဦးစောခေါင်းဆောင်တဲ့ မျိုးချစ်ပါတီနဲ့ ဒေါက်တာဘမော်ခေါင်းဆောင်တဲ့ မဟာမြန်မာ(ဓားမပါတီ)က နှစ်နေရာစီတောင်းတယ်။ တစ်နေရာစီပေးလို့ လက်မခံကြဘူး။ ဒါကြောင့်မို့ ဒေါ်မြစိန်နဲ့ ဆာမောင်ကြီးကို ယာယီခန့်ထားလိုက်တယ်။ တကယ်လို့ မျိုးချစ်ပါတီနဲ့ ဓားမပါတီက တစ်ဦးစီ ပေးလိုက်တာကို လက်ခံရင် ဒေါ်မြစိန်နဲ့ ဆာမောင်ကြီးတို့နေရာကို ပေးရန်ဖြစ်တယ်။ ၂၆–၉–၄၆ ခုနေ့မှာ မျိုးချစ်ပါတီလက်ခံတဲ့အတွက် ဆာမောင်ကြီးနေရာအစား ဦးစောကို ပညာရေးနဲ့အမျိုးသားစီမံကိန်းဌာနဝန်ကြီးဖြစ်လာပါတယ်။ ကျန်(၂)နေရာအတွက် ဘုရင်ခံကိုယ်တိုင်စဉ်းစားလျက်ရှိသေးတယ်။ အဲဒီနေရာက ကရင်တစ်နေရာနဲ့ ကျန်တစ်နေရာတို့ဖြစ်တယ်။ ဒီအဖွဲ့ထဲမှာ ဆရာကြီးဦးရာဇတ်ရဲ့နာမည် မပါခဲ့ဘူး။

၂၄–၁၀–၄၆ ခုနေ့ ဖ–ဆ–ပ–လ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးမှာ ဘုရင်ခံရဲ့အမှုဆောင်အဖွဲ့အတွက် (၁၁) နေရာရွေးချယ်ဖို့စီစဉ်တယ်။ အဲဒီအတွက် ပုဂ္ဂိုလ် (၁၈)ဦး ပထမရွေးချယ်ခဲ့တယ်။ အဲဒီစာရင်းထဲမှာ ဆရာကြီးဦးရာဇတ်ရဲ့နာမည်လဲပါခဲ့ပါတယ်။ ပြီးတော့ (၁၁) ဦးနေရာအတွက် ဗဟိုဦးစီးအဖွဲ့မှာ လျှို့ဝှက်ဆန္ဒမဲကောက်တယ်။ ဒီလိုဆန္ဒမဲစာရင်းကောက်ရာမှာ ဆရာကြီးဦးရာဇတ်ဟာ ၂၂ မဲရတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ၂၇ မဲ၊ ဦးဘဖေက ၂၆ မဲ၊ ပျော်ဘွယ် ဦးမြက ၂၄ မဲ၊ ဦးဘအုန်းက ၂၄ မဲ၊ ဦးညိုထွန်းက ၂၂ မဲ၊ ဦးသိန်းဖေ (သိန်းဖေမြင့်)က ၂၁ မဲ၊ ကျန်တာတွေ ဆင့်ကဲဆင့်ကဲ မဲနည်းသွားတယ်။

ဗိုလ်ချုပ်အောင်ဆန်းက ဆရာကြီး ဦးရာဇတ်ကို ဝန်ကြီးတစ်နေရာ ပေးဖို့တိုင်ပင်ခဲ့တယ်ဆိုတာ ဟောဒီလိုသိရှိနိုင်ပါတယ်။

> "အထဲမယ်တုန်းက ကျုပ် မစ္စတာရာဇတ်ကို ဝန်ကြီးတစ်နေရာ ပေးရရင် ဘယ့်နှယ်လဲမေးတယ်။ သူတို့ကပဲ မလိုသေးပါဘူးလို့ပြောတယ်"

(ရင်/မောင်ကျော်–ဗိုလ်ချုပ်အောင်ဆန်း၏ မမေ့နိုင်သော မိန့်ခွန်းများ–စိန်ပန်းမြိုင်စာပေ)
(၁၉၆၉ မေ–၁၊ အထူးထုတ်–စာ–၁၃၇။)

ဝန်ကြီးစာရင်းထဲမှာ ဆရာကြီးဦးရာဇတ်ရဲ့နာမည် မပါတော့ လူတွေတော်တော်များများ အံ့အားသင့်ကြသတဲ့။ ဆရာကြီးဝန်ကြီးဖြစ်လိမ့်မယ်လို့

"တစ်"ပေးကြတယ်။ လူအများစုက ဆရာကြီး ဦးရာဇတ်ဟာ သေချာ ပေါက်ဝန်ကြီးဖြစ်မယ်လို့တွက်ထားတယ်။ ဖ-တ-ပ-လ ဦးစီးအဖွဲ့ထဲမှာလဲ ၂၂ မဲရထားသူဆိုတာ တိုင်းပြည်ကအသိဖြစ်တယ်။ ဆရာကြီးကိုယ်တိုင်လဲ ဒီအတိုင်းတွက်ထားမှာ သေချာတယ်။

နောက် ဝန်ကြီးစာရင်းကြေညာတော့ ဆရာကြီးနာမည်မပါလာဘူး။ အဲဒီမယ် ဆရာကြီးအနေနဲ့ ဘယ်လိုမှ ထိခိုက်တုန်လှုပ်မှုမရှိဘူးတဲ့။ တိုင်းပြည်ညီညွတ်ရေးဟာ အဓိကဖြစ်တဲ့အချိန်မို့ အစိုးရအဖွဲ့ထဲမှာ မျိုးချစ်ပါတီ တို့ကအစ လူမျိုးစုပါတီတွေပါမကျန် နေရာပေးရမယ့် ကာလမျိုးမို့ ခုလို သူ့ကို ချန်ထားခဲ့ဟန်တူကြောင်း၊ အဲဒီလိုပဲ သူသဘောပေါက်နေသတဲ့။ ဒါကြောင့် ဝန်ကြီးမဖြစ်ရလဲပြဿနာမရှိဘူးတဲ့။ ဆရာကြီးအနေနဲ့ ဝန်ကြီး မလုပ်ရတဲ့အတွက် မကျေနပ်တဲ့အပြောအဆိုအမူအရာလုံးလုံးမရှိဘူးတဲ့။ လုပ်စရာ ရှိတဲ့ ဖ-တ-ပ-လ အလုပ်တွေကို ဖိဖိစီးစီးပဲဆက်လုပ်နေခဲ့တယ်ဆိုပဲ။

## ဆရာကြီးဦးရာဇတ်ဝန်ကြီးဖြစ်ရေးအတွက် မန္တလေးကဆရာတော်များရဲ့ တောင်းဆိုတင်ပြချက်

ဆရာကြီး ဦးရာဇတ်တစ်ယောက် ဝန်ကြီးအဖြစ် အရွေးမခံရဘူးဆိုတဲ့ သတင်းဟာ အထက်မြန်မာပြည်တစ်လွှားဆီကို ပျံ့လာတော့ အားလုံးက "ဟင်"ကနဲအံ့အားသင့်သွားကြတယ်။ ပြီးတော့ ဗမာမွတ်စလင် ကွန်ဂရက်နဲ့ မြန်မာပြည်လုံးရှိ ဗမာမွတ်စလင်အမျိုးသားထုတစ်ရပ်လုံးကလဲ သို့လော သို့လော ဖြစ်လာကြတယ်။

"ဆရာကြီး ဝန်ကြီးမဖြစ်ဘူးဆိုတဲ့သတင်းဟာ "ဟယ်" "ဟောဗျ" "ဘယ်လိုလဲ" ဆိုတဲ့အသံတွေဟာ မိုးမွန်လို့နေပေမယ့် ဆရာကြီးကတော့ မတုန်လှုပ်ဘူး။ ဣန္ဒြေမပျက်သွားမြဲအတိုင်းသွား၊ လုပ်မြဲအတိုင်းလုပ်လို့။

ဒါကြောင့် ဆရာကြီးဝန်ကြီးတစ်နေရာရဖို့အတွက် အားလုံးကကြိုးစား ကြပြန်တယ်။ ဗမာမွတ်စလင်ကွန်ဂရက်နဲ့ ပသီအမျိုးသားထုတစ်ရပ်လုံးကလဲ သူတို့ကိုယ်စားလှယ်အနေနဲ့ဆရာကြီး ဦးရာဇတ်ကိုတော့ အနည်းဆုံးဝန်ကြီး တစ်နေရာမှာ ရှိသင့်တယ်လို့ မြင်ကြပြီး အပူတပြင်းကြိုးစားကြတယ်။

ဒီလိုပဲ မန္တလေးအရပ်ရှစ်မျက်နှာ ကျောင်းထိုင်ဆရာတော်ကြီးများ၊ အထက်မြန်မာပြည် ဖ-တ-ပ-လ အသင်းဝင်များ၊ ဆရာကြီးရဲ့ အမျိုးသား

အထက်တန်းကျောင်းသားဟောင်း/သစ်များ၊ မြို့မိမြို့ဖများကလဲ အပြင်းအထန် ကြိုးစားကြပြန်တယ်။

အဲဒီမှာ ဟောဒီစာတစ်စောင်ကို ဆရာတော်များ လက်မှတ်ရေးထိုးပြီး ဗိုလ်ချုပ်အောင်ဆန်းဆီ ဦးစောလှကို စေလွှတ်အပို့ခိုင်းလိုက်ပါတယ်။ ဆရာကြီးကိုဝန်ကြီးအဖြစ်ခန့်အပ်ဖို့ မန္တလေးကျောင်းထိုင်ဆရာတော်များနဲ့ မြို့နယ်လူထုက လိုလားကြောင်း အထောက်တော်တစ်ယောက်ကိုလဲ စာနဲ့တကွ လွှတ်လိုက်ကြောင်း ကြေးနန်းရိုက်ပြီး အကြံပေးတိုက်တွန်း တောင်းဆိုခဲ့ပါတယ်။

သို့/ တကာတော်
ဗိုလ်ချုပ်အောင်ဆန်း
မြန်မာနိုင်ငံလုံးဆိုင်ရာ (ဖ-ဆ-ပ-လ) အဖွဲ့ချုပ်ကြီး
အမှတ်(၈) ကိုယ့်မင်းကိုချင်းလမ်း
ရန်ကုန်မြို့။

**တကာတော်ဗိုလ်ချုပ်အောင်ဆန်း။**

အောက်ပါသံဃာတော် အရှင်မြတ်များက မေတ္တာရပ်ခံပါသည်။ အကြောင်းမှာ-မကြာမီကဖွဲ့စည်းလတ္တံ့သော အစိုးရဝန်ကြီးအဖွဲ့၌ လိုအပ်သောဝန်ကြီးနေရာများတွင် ဆရာတော်များနှင့်တကွ ဖ-ဆ-ပ-လ အဖွဲ့ဝင်များ ယုံကြည်အားထားစိတ်ချရသော မန္တလေးမြို့ ဗဟိုအမျိုးသားအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီးလည်းဖြစ်၊ မန္တလေးခရိုင် ဖ-ဆ-ပ-လ အဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ်သော ဆရာကြီး ဦးရာဇတ်အား ဝန်ကြီးရာထူးတစ်နေရာ ခန့်အပ်ထားရန် မေတ္တာရပ်ခံပါကြောင်း။[၁]

(၁) ဟံသာဝတီဆရာတော်-ဘုရားကြီးကျောင်းတိုက်။
(၂) ဆရာတော်ဦးဇောတိက-တောင်ပြင်ထီးလင်းတိုက်။

---

၁။ မန္တလေးက ကျောင်းထိုင်ဆရာတော်ကြီး (၁၀)ပါးက ဗိုလ်ချုပ်အောင်ဆန်းထံ ဆရာကြီးဦးရာဇတ်အား ဝန်ကြီးတစ်နေရာပေးရန် တောင်းဆိုခဲ့တဲ့အကြောင်း ဆရာကြီး ဦးရာဇတ်ရဲ့အပါးတော်မြဲ ဦးချစ်ဆွေက "ကြည်ညိုလေးစားထိုက်ပါသည့် ဆရာကြီး" ဆိုတဲ့ခေါင်းစဉ်နဲ့ ၁၈-၇-၇၀ ဟံသာဝတီအချပ်ပို(ခ)တွင် ရေးသားဖော်ပြထားကြောင်းတွေ့ရပါတယ်။ ကျမ်းပြုသူ။

(၃) ဆရာတော်ဦးကလျာဏ–ဝေယံဘုံသာတိုက်။
(၄) ဆရာတော်ဦးဇဋိတ–ဇောတိကုန်း ရဟန်းပျိုအဖွဲ့ချုပ်၊ တွဲဖက် ဩဝါဒစရိယဆရာတော်။
(၅) ဆရာတော်ဦးဇောတိက–မဟာမြတ်မုနိဘဏ္ဍာတော်ထိန်းအဖွဲ့၊ (မင်းမဟာကျောင်း)။
(၆) ဆရာတော်ဦးမာဂိန္ဒ–ပျော်ဘွယ်အုတ်ကျောင်း၊ ဘုရားကြီးတိုက်။
(၇) ရွှေမန်းဆရာတော် ဦးကေသရ–စကုတိုက်။
(၈) မြသိန်းတန်ဆရာတော် ဦးဉာနုတ္တရ–စကုတိုက်။
(၉) ဆရာတော် ရွှေမျက်မှန်–ဦးဝိဇယ–သံဃာသာမဂ္ဂီအဖွဲ့ချုပ်၊ (ခေတ္တ–စကုတိုက်)။

(ဒီစာမိတ္တူကို မန္တလေးမြို့ ဗဟိုအမျိုးသားအထက်တန်းကျောင်း–ကျောင်းဆရာ ဦးထွန်းမောင်ဆီက ရပါတယ်။ ကျမ်းပြုသူ)

ဒီစာကိုရေးသူက မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်းဆရာ ဘော်ဒါကျောင်း အဆောင်မှူး ဆရာဦးထွန်းမောင်၊ လက်မှတ်ရေးထိုးလိုက်တဲ့ အကျိုးတော်ဆောင်ကတော့ ဆရာတော် ဦးဝိမလ–ချမ်းအေးသာဇံကျောင်း ဘုန်းတော်ကြီးဖြစ်ပါတယ်။

ဆရာကြီးဦးရာဇတ်ရဲ့နောက်ကြောင်းနဲ့ စိတ်နေသဘောထားမသိတဲ့ သံဃာတွေတချို့အတွင်းမှာတော့ ပြဿနာနည်းနည်းပေါ်သေးတယ်ဆိုပဲ။ ဆရာကြီးဦးရာဇတ်ဟာ မွတ်စလင်အမျိုးသားတစ်ယောက်ဖြစ်တဲ့အတွက် ဖြစ်ချင်းဖြစ်ရင် မြန်မာဗုဒ္ဓဘာသာထဲကပဲ ပေးသင့်သတဲ့။ ဒါပေမယ့် ကျန်တဲ့ ဆရာတော်ဘုန်းကြီးများက ဆရာကြီးအတ္ထုပ္ပတ္တိကိုဖွင့်ဟပြီး ရှင်းလင်းမိန့်ကြား ပြတော့မှ ဘဝင်ကျသွားကြပါသတဲ့။

ရန်ကုန်ကို အထောက်တော်အဖြစ်သွားဖို့ ဦးစောလှ (မန္တလေး လက်ဆည် ကံရပ်၊ အရှေ့တိုင်း နို့ဆီလုပ်ငန်း) ကို ရွေးချယ်တယ်။ ဦးစောလှဟာလဲ ဗဟိုအမျိုးသားအထက်တန်းကျောင်းက ကျောင်းသားဟောင်းတစ်ယောက်ပဲ။

ဆရာကြီး ဦးထွန်းမောင်က–

ဒီစာကို ရန်ကုန်ရောက်ရင် ဆရာကြီး တည်းခိုလေ့ရှိတဲ့ ဘဏ္ဍာရေးအတွင်းဝန် ဦးခင်မောင်လတ် (ရေနံချောင်းသား)အိမ်မှာ

တည်းပြီး မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်း ဆရာဟောင်း ဦးဘလှ (အခု ပြည်ထောင်စုအာမခံအဖွဲ့ အုပ်ချုပ်ရေးမှူးဟောင်း သီရိပျံချီ ဦးဘလှ၊ ကွယ်လွန်) နဲ့ ဦးခင်မောင်လတ်တို့ကို မန္တလေး ဆရာတော်များက ရေးပေးလိုက်တဲ့စာကိုပြ၊ သူတို့နှစ်ဦးရဲ့ အကြံဉာဏ် ယူပြီးမှ ဗိုလ်ချုပ်အောင်ဆန်းနဲ့သွားတွေ့၊ စာကိုတော့ ဗိုလ်ချုပ် အောင်ဆန်းလက်ထဲတိုက်ရိုက်ထည့်။

အဲဒီလို တိတိကျကျ ဦးစောလှကို မှာလိုက်တယ်တဲ့။

အဲဒီအချိန်တုန်းက စစ်ပြီးစဆိုတော့ လမ်းပန်းဆက်သွယ်ရေးဟာ မကောင်းသေးဘူး။ ဦးစောလှက ကားနဲ့ရန်ကုန်ကိုဆင်းသွားတယ်။ သူ့စရိတ်နဲ့ သူပဲ အကုန်အကျခံပြီးသွားတာပါတဲ့။

ဒီလိုအစီအစဉ်တွေလုပ်ကြတာကိုလဲဆရာကြီးက လုံးဝမသိဘူးဆိုပဲ။ ဆရာကြီးရဲ့နောက်ကွယ်က စီစဉ်ဆောင်ရွက်ချက်မျှသာဖြစ်သတဲ့။ ဒီအချိန်မှာ ဆရာကြီးဦးရာဇတ်လဲ ဖ-တ-ပ-လ ဦးစီးအစည်းအဝေးတက်ဖို့ ရန်ကုန် ရောက်နေတယ်။

ဦးစောလှလဲရန်ကုန်ရောက်တော့ ဆရာဦးထွန်းမောင်ရဲ့ ညွှန်ကြားချက် အတိုင်း အတွင်းဝန် ဦးခင်မောင်လတ်(ရေနံချောင်း)အိမ်မှာ တည်းခိုပြီး ဆရာဦးဘလှနဲ့ပါ တိုင်ပင်တယ်။ ဆရာကြီးလဲဦးခင်မောင်လတ်အိမ်မှာ တည်းခို နေတယ်။ ဆရာကြီးနဲ့ဦးစောလှဆုံမိကြတယ်။ ဦးစောလှ လာရတဲ့အကြောင်း ကိုလဲဆရာကြီးကိုပြောပြတယ်။ ဒါပေမယ့်ဆရာကြီးက သူ့အတွက် ဆောင် ရွက်နေကြတာကို စိတ်ဝင်စားမှုမရှိဘူးတဲ့။ ဝန်ကြီးဖြစ်ဖို့ ဟက်ဟက်ပက်ပက် မရှိဘူး။ သူ့နဂိုအတိုင်း ပြုံးမယောင်အမူအရာထက် စိုးစဉ်းမျှ မပိုဘူးတဲ့။

ဆရာကြီးဦးရာဇတ်နဲ့ ဦးစောလှ ဦးခင်မောင်လတ်အိမ်မှာ ဆုံမိတဲ့ အချိန်မှာပဲ ဆရာကြီးဟာ ဖ-တ-ပ-လ လုပ်ငန်းတွေပြီးလို့ မန္တလေးမြို့ ပြန်ဖို့လုပ်နေတယ်။ အဲဒီအချိန်မှာ ဆရာကြီးရဲ့သူငယ်ချင်း ဦးခင်မောင်လတ် က ဒီလိုပြောပါတယ်။

ဦးခင်မောင်လတ်။ "ဘာဘူကြီးရာ မင်းဘာပဲဖြစ်ဖြစ် တစ်ရက်နှစ်ရက် လောက်တော့ ထပ်နေပါဦးလား"

ဆရာကြီး။ "ငါနေရင် ရာထူးမက်လို့နေတယ်လို့ ငါ့ကိုစွပ်စွဲကြလိမ့် မယ်၊ လူတကာကငါ့ကို ဒီလိုထင်မြင်ယူဆမှာကို ငါ

မခံနိုင်ဘူး၊ စောလှနဲ့ကိုဘလှတို့ရှိသားပဲ၊ သူတို့ ကြံညှိ လုပ်လိမ့်မယ်”

အဲဒီလိုပြောပြီး မန္တလေးကို ခရီးဆက်ထွက်သွားပါတယ်။

ဦးစောလှဟာ ဆရာဦးဘလှနဲ့ ဦးခင်မောင်လတ်တို့ဆီက အကြံဉာဏ်ယူပြီး တစ်နေ့မနက်စောစောမှာ ဖ–တ–ပ–လအဖွဲ့ချုပ်ရုံးကိုရောက်သွားတယ်။

အမှတ်(၈) ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဖ–တ–ပ–လ အဖွဲ့ချုပ်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့မတွေ့ခင် ဦးစောလှဟာ ဗိုလ်ချုပ်အပါးတော်မြဲ ဗိုလ်ထွန်းလှခေါ် တက္ကသိုလ်နေဝင်းနဲ့ ပထမတွေ့တယ်။ အကျိုးအကြောင်းပြောပြတော့ “မန္တလေးကဆရာတော်များပေးလိုက်တဲ့စာကို သူ့ကိုပေးပါ။ သူဗိုလ်ချုပ်ကိုပေးပါမယ်”လို့ ဗိုလ်ထွန်းလှကပြောတယ်။ “မန္တလေးက ဗိုလ်ချုပ်လက်ထဲ လူကိုယ်တိုင်ပေးပါ”လို့ မှာလိုက်တဲ့အကြောင်း ဦးစောလှက ပြန်ပြောတယ်။

“ဒီလိုဆိုရင်လဲ ဒီကပဲစောင့်ပါ၊ ဗိုလ်ချုပ်အခုပဲဆင်းလာပါလိမ့်မယ်” လို့ပြောပြီး အစောင့်ခိုင်းထားတယ်။

ဦးစောလှနဲ့ ဗိုလ်ချုပ်အောင်ဆန်းတွေ့တော့ မန္တလေးဆရာတော်များရဲ့ စာကိုပေးလိုက်တယ်။ ဗိုလ်ချုပ်ကစာကိုလှမ်းယူရင်း ဆရာကြီးအကြောင်းကို ဒီလိုမေးမြန်းစုံစမ်းကြည့်ပါသတဲ့။

ဗိုလ်ချုပ်အောင်ဆန်း။ “ဆရာကြီးကို အစကတည်းက ဝန်ကြီးအဖြစ်လျာထားခဲ့တယ်။ ဒါပေမယ့် ဟိုလူတွေ ဒီလူတွေက ဝန်ကြီးဖြစ်ချင်နေတာလဲ တစ်ကြောင်း၊ ပြီးတော့ အမျိုးသားညီညွတ်ရေးရယူလိုတဲ့အတွက်ကလဲ တစ်ကြောင်း၊ ဒါကြောင့်မို့ ဆရာကြီးကို မလွှဲမရှောင်သာ ချန်လုပ်ထားလိုက်ရတယ်။ ဒါနဲ့ပတ်သက်ပြီး မန္တလေးဆရာတော်များဆီကလဲ ကြေးနန်းရောက်ပြီးပြီ။ ဒါထက်ဝန်ကြီးမဖြစ်ရလို့ ဆရာကြီးအနေနဲ့ ဘယ်လိုရှိသလဲ၊ စိတ်များကော ထိခိုက်နေသလား”

ဦးစောလှ။ “ဆရာကြီးအနေနဲ့ ဘယ်လိုမှ ထူးထူးထွေထွေ အပြောင်းအလဲမရှိပါဘူးခင်ဗျာ၊ မကျေမနပ်ပြောဆိုသံလဲ မကြားရပါဘူး၊ ဒါပေမယ့်ဆရာကြီးနဲ့ နီးစပ်တဲ့ပတ်ဝန်းကျင်

အသိုင်းအဝိုင်းကသာ စိတ်မကောင်းဖြစ်နေကြပါတယ် ခင်ဗျာ"

ဗိုလ်ချုပ်။ "ဆရာကြီးဟာ အရင်ကတည်းက ကြည်ညိုလေးစား ထိုက်တဲ့ပုဂ္ဂိုလ်ပဲ။ ဒီကိစ္စမှာ ဒီလိုသဘောမျိုးထားတယ် ဆိုတာ ကြားသိရပြန်တော့ နဂိုထက်တောင် ကြည်ညို လေးစားလာမိတယ်"

နောက် ဗိုလ်ချုပ်က "ဒီနေ့ ဖ-တ-ပ-လ ဦးစီးအစည်းအဝေးရှိတယ်။ ဒီအစည်းအဝေးမှာ မန္တလေးကဆရာတော်များပေးလိုက်တဲ့စာကို တင်ပြ ဆွေးနွေးမှာဖြစ်တယ်" လို့ပြောပြီး ဦးစောလှကိုနှုတ်ဆက်ရင်း ကားနဲ့ထွက်သွား ပါသတဲ့။

ဗိုလ်ခင်မောင်လေး (ဖ-တ-ပ-လ ဝန်ကြီးဟောင်း)က ဆရာကြီး ဝန်ကြီးဖြစ်ရေးကိစ္စနဲ့ပတ်သက်ပြီးတော့ ဟောဒီလို (ကျမ်းပြုသူ)ကို ပြောပြ ပြန်ပါတယ်။

"ဆရာကြီးဦးရာဇတ်ဟာ ဘယ်တုန်းကမှ ရာထူးတို့၊ ဂုဏ်တို့ မမက်ခဲ့ဘူး၊ မတောင့်တခဲ့ဘူး၊ စိတ်လဲမကူးခဲ့ဘူး၊ စိတ်ဝင်စားမှုလဲ မရှိဘူး၊ ဂျပန်ခေတ် ဂျပန်နဲ့မပေါင်းခဲ့ဘူး၊ ဂျပန်နဲ့ဝေးအောင်နေခဲ့ တယ်။ တစ်ပြည်လုံးက ဂျပန်ကို မျှော်နေချိန်တုန်းကလဲ-

"မင်းတို့ ဂျပန်နဲ့ပေါင်းမယ်ဆိုတာက ဟုတ်ပါပြီ။ ဒီဂျပန်က စစ်ဝါဒီအကြမ်းသမားဆိုတော့ လွတ်လပ်ရေး ပေးမတဲ့လား။ ကြည့်လဲ လုပ်ပါဦး"

လို့ ဂျပန်နဲ့ပေါင်းပြီး အင်္ဂလိပ်ကို မောင်းထုတ်ဖို့ မြေအောက် စည်းရုံးရေးလုပ်နေတဲ့ ခေါင်းဆောင်တွေကို ဆရာကြီးက ကြိုပြီး သတိပေးခဲ့ဖူးတယ်။

အင်္ဂလိပ်ပြန်ဝင်လာတော့လဲ အင်္ဂလိပ်နဲ့ပလူးပလဲမလုပ်ခဲ့ဘူး။ ရာထူးယူဖို့စိတ်မကူးခဲ့ဘူး။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကြားဖြတ်အစိုးရ ထဲက ကွန်မြူနစ်ကိုယ်စားလှယ် ဦးသိန်းဖေ(သိန်းဖေမြင့်)နဲ့ ဦးစော တို့ နုတ်ထွက်သွားတော့ ဝန်ကြီးနှစ်နေရာ လစ်လပ်တယ်။

ဝန်ကြီးနှစ်နေရာနဲ့ပတ်သက်ပြီး ဦးဘဆွေအိမ်မှာ ဆိုရှယ်လစ် ပါတီ အစည်းအဝေးထိုင်ပြီး စဉ်းစားကြတယ်။ ဒီအစည်းအဝေးမှာ

အထက်မြန်မာပြည်ကတစ်ယောက်၊ အောက်မြန်မာပြည်ကတစ်ယောက် ရွေးသင့်တယ်လို့ဆုံးဖြတ်ချက်ချတယ်။

အထက်မြန်မာပြည်ကတစ်ယောက်ဆိုရင်တော့ ဆရာကြီး ဦးရာဇတ်ကို ရွေးချယ်သင့်တယ်။ ဆရာကြီးဦးရာဇတ်ဟာ တိုင်းပြည် အတွက် ဘဝတစ်လျှောက်လုံး အမျိုးမျိုးအနစ်နာခံခဲ့သူဖြစ်တယ် ဆိုပြီး ဆရာဗိုလ်ခင်မောင်ကလေးက အဆိုတင်သွင်းခဲ့တယ်။ အဲဒီတော့ ဆရာကြီးမှာ သူ့ပင်ကိုအရည်အချင်းကလဲရှိတော့ ဘယ်သူမှ ကန့်ကွက်ခြင်းမရှိ ရွေးချယ်လိုက်တယ်တဲ့။

အောက်မြန်မာပြည်အတွက် ဒီးဒုတ်ဦးဘချိုကို ရွေးချယ်လိုက်တယ်။

ဖ–တ–ပ–လ ဦးစီးညီလာခံမှာ ဆိုရှယ်လစ်ပါတီရဲ့ သဘောထားကို တင်ပြလိုက်တယ်ဆိုတာ ဗိုလ်ခင်မောင်ကလေးက ကျမ်းပြုသူကို ပြောပြခဲ့ပါတယ်။

ဆရာကြီး ဝန်ကြီးဖြစ်ပြီဆိုတဲ့သတင်းထွက်လာတော့ အဲဒီတုန်းက အခြေအနေကို အမ်အေဒေါ်အုံးက ဒီလိုရေးသားဖော်ပြထားတာတွေ့ရပါတယ်။

"တစ်ကြိမ်၌ မန္တလေးနှင့်ရန်ကုန်တွင်ပါ ဆရာကြီးဝန်ကြီးဖြစ်တော့မည်ဟု သတင်းကောင်းထွက်လာသည်။ ဆရာကြီးအား မေးကြမြန်းကြသူများမှာ အများအပြားပင်။ သို့သော်ဆရာကြီးကား "မသိပါဘူး"ဟူ၍ တစ်ခွန်းသာအဖြေပေးသည်။ တကယ်လည်း သိပုံမပေါ်။ ထိုဦးစီးအစည်းအဝေးကြီး ပြီးသည့်နေ့ပင် မန္တလေးသို့ပြန်ရန် ဘူတာသို့လိုက်လာပြီးလျှင် "ဘယ့်နယ်–ခင်ဗျားကိစ္စ သေချာပြီလား၊ နေဦးမှပေါ့။ ခင်ဗျားမရှိရင် ရှောင်တောင်တောင် လုပ်ပစ်လိုက်ကြလိမ့်မယ်။ လာပါ ပြန်လိုက်ခဲ့ပါ"ဟုခေါ်ရာ ပြုံးမယောင်မဲ့မယောင် မျက်နှာထားနဲ့ပင် ဆရာကြီးက "အို–ဒါကျုပ်အလုပ်မဟုတ်ပါဘူး၊ ဝန်ကြီးဆိုတာတာဝန်ပဲ။ ခန့်ရင်ခေါ်လိမ့်မယ်။ ခေါ်မှလာမယ်" ဟု ဆိုကာ ရထားကိုပင် စီး၍ပြန်ခဲ့သည်။

(အုံး/အမ်အေ ဒေါ်–မန္တလေးတက္ကသိုလ်မဂ္ဂဇင်း၊
နှစ်လည်စာစောင်–အောက်တိုဘာ–၁၉၄၀)။

နောက်ဆုံး ဖ–တ–ပ–လ အဖွဲ့ချုပ်အတွင်း ဦးစီးအစည်းအဝေးမှာ ဆရာကြီးဦးရာဇတ်နဲ့ ဒီးဒုတ်ဦးဘချို့တို့ကို ဝန်ကြီးအဖြစ်ခန့်အပ်ဖို့ အများသဘောတူရွေးချယ်လိုက်ပါတယ်။

ဆရာကြီးဟာ ဗမာမွတ်စလင်အမျိုးသားတစ်ယောက်ဖြစ်ပေမယ့် ဗမာမွတ်စလင်အမျိုးသားတွေရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ ရွေးချယ်တင်မြှောက်ခြင်းခံရတာမဟုတ်ပါဘူး။ မျိုးချစ်ပုဂ္ဂိုလ် ဗမာအမျိုးသားတစ်ယောက်အနေနဲ့ပါ။ ဆရာကြီးဟာ ၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်ကစပြီး နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်တဲ့တိုက်ပွဲအဆင့်ဆင့်မှာ အသွင်အမျိုးမျိုး၊ နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးနဲ့ ပါဝင်ခဲ့တဲ့အတွက် အခုလိုစင်တော်ကကောက်တယ် ဆိုတဲ့အဖြစ်မျိုးပါ။

မန္တလေးဆရာတော်များက ဆရာကြီးဦးရာဇတ်ကို ဝန်ကြီးခန့်ပေးဖို့ ဖ–တ–ပ–လဥက္ကဋ္ဌကြီး ဗိုလ်ချုပ်အောင်ဆန်းဆီ တောင်းဆိုခဲ့ကြတယ်ဆိုတဲ့ အကြောင်းအရာတွေကို ဖော်ပြခဲ့ပြီးပါပြီ။ ဒါနဲ့ပတ်သက်လို့ ဆရာကြီးမှာ ဘယ်လိုအရည်အချင်းတွေရှိနေလို့ ဆရာတော်များကိုယ်တိုင်က ဒီလိုတောင်းဆိုကြတာလဲ။ ဒါကိုပြည်သူလူထုဆီကတစ်ဆင့် ကျမ်းပြုသူအနေနဲ့ အစီရင်ခံချင်ပါတယ်။

ဒါကြောင့် ၁၉၆၉ ခုနှစ်ထဲမှာ မန္တလေးဘုရားကြီးကျောင်းတိုက်က အဂ္ဂမဟာပဏ္ဍိတ ဟံသာဝတီဆရာတော်ဆီ ကျမ်းပြုသူချဉ်းကပ်ပြီး လျှောက်ထားမေးမြန်းလေ့လာခဲ့ပါတယ်။ ဟံသာဝတီဆရာတော်ဟာ ဗိုလ်ချုပ်အောင်ဆန်းဆီ လက်မှတ်ရေးထိုးတောင်းဆိုတဲ့ ဆရာတော်များအနက် တစ်ပါးအပါအဝင်ပါ။ ကျမ်းပြုသူဆရာတော်ကို တွေ့ချိန် ဆရာတော်ဟာ သက်တော် ၈၂ နှစ်၊ ဝါတော် ၆၂ ဝါရှိပါပြီ။ ကျန်းကျန်းမာမာရှိလျက်ပါပဲ။

ဆရာတော်က ဆရာကြီး ဝန်ကြီးတစ်နေရာရရေးအတွက် လက်မှတ်ရေးထိုးရတာနဲ့ပတ်သက်ပြီး အောက်ပါအတိုင်း အမိန့်ရှိခဲ့ပါတယ်။

> [၁] "ဒကာ ဒဇက်အကြောင်းကိုတော့ အထူးမပြောလိုဘူးကွယ့်၊ တိုင်းပြည်ကအသိပဲ။ ဒါပေမယ့် ဆရာတော် နည်းနည်းပါးပါးတော့ ထပ်ပြီးပြောရသေးတာပေါ့။

---

၁။ ဆရာကြီး ဦးရာဇတ်အား ဆရာတော် သံဃာတော်များက ရာဇာတ်အစား "ဒဇက်" လို့ ခေါ်ကြပါတယ်။ ကျမ်းပြုသူ။

“ဒကာ ဒဇက်ဟာ အမျိုးသားစိတ်ဓာတ်ပြင်းထန်တယ်။ သူက ဗမာမွတ်စလင်တစ်ယောက်ဖြစ်တယ်။ ဒါပေမယ့် နိုင်ငံရေးနဲ့ပတ်သက်ရင် တစ်မျိုးတည်း တစ်စိတ်တည်းရှိတယ်။ သွေးမကွဲဘူး။ မတော်မလျော်လုပ်ချင်တဲ့စိတ်မရှိဘူး။ သူတစ်ပါးကို နှိပ်စက်ချင်တဲ့စိတ်မရှိဘူး။ ကလေးတွေကို သူနဲ့မပတ်သက်ချင်နေ၊ သွေးသားမတော်စပ်ချင်နေ၊ သူ့ကျောင်းကကျောင်းသားမဟုတ်ချင်နေ လိုတဲ့အကူအညီကို လိုလိုချင်ချင် မဆိုင်းမတွပေးလေ့ရှိတယ်။ ကြပ်ကြပ်မတ်မတ် လေးလေးနက်နက်ကို လိုက်လံလုပ်ဆောင်ပေးလေ့ရှိတယ်။

သူဟာ ဘီအေဘွဲ့ရတဲ့ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ အစိုးရဘက်မှာ လခကြီးကြီးနဲ့ အေးအေးဆေးဆေး စားသောက်နေထိုင်နိုင်တဲ့ပုဂ္ဂိုလ်ကွယ့်။ ဒါပေမယ့် သူ့ကိုယ်သူ အမျိုးနဲ့တိုင်းပြည်အတွက် အနစ်နာခံတဲ့အနေနဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းဆရာဝင်လုပ်တယ်။ တော်တော်ပြတ်ပြတ်ဆင်းဆင်းရဲရဲနဲ့ ဒုက္ခခံရှာတယ်။ သူဟာ အမျိုးသားစိတ်ဓာတ်တွေ တဖွားဖွားပေါ်ပေါက်လာအောင် ဟောနိုင်ပြောနိုင်တဲ့သူပဲကွဲ့။ ကျောင်းသားကလေးတွေနဲ့ လူထုတွေကို အမျိုးသားစိတ်ဓာတ် ရင့်ကျက်နေအောင် လေ့ကျင့်ပေးတယ်။ သူကိုယ်တိုင်ကလဲ ရင့်ကျက်နေတဲ့ပုဂ္ဂိုလ်တစ်ဦးကွဲ့။”

“ဘယ်ဝါဒ၊ ဘယ်ပါတီကပဲဖြစ်ဖြစ်၊ သူနဲ့အယူအဆတူတဲ့လူပဲဖြစ်ဖြစ်၊ မတူတဲ့လူပဲဖြစ်ဖြစ် မခွဲခြားဘူး။ တတ်နိုင်ရင်အကူအညီပေးလိုက်တာပဲ။ ငါနဲ့အယူဝါဒချင်းမတူဘူး၊ ဒါကြောင့် ပေယျာလကန်ထားမယ်၊ နောက်ခိုင်းနေမယ်ဆိုတဲ့စိတ်ဓာတ်မျိုး လုံးဝမရှိဘူး။ ဝါဒချင်းမတူပေမယ့် အတိဒုက္ခရောက်နေတဲ့လူထုကို အကူအညီပေးမှာပဲ ဆိုတဲ့စိတ်ဓာတ်နဲ့ပဲ ကူညီတယ်။”

“ခွဲရေးတွဲရေးခေတ်တုန်းက သူအမတ်ဝင်ရွေးခံမလိုလို တို့ကြားတယ်။ အဲဒီမယ် သူ့နာမည်က မွတ်စလင်နာမည်ဖြစ်နေတယ်။ ဒါဟာ လူထုစည်းရုံးရေးမှာ အဟန့်အတားဖြစ်နိုင်တယ်။ ဒါကြောင့် ဒဇက် နာမည်အစား ဗမာနာမည်တစ်ခုခုပြောင်းလိုက်ဖို့ ကောင်းတယ်လို့ အကြံပေးဖူးတယ်။ အဲဒီတော့ ဒကာ ဒဇက်က ဘာပြောသလဲသိလား၊ သူ့မှာ အမတ်ဝင်ရွေးခံဖို့ ရည်ရွယ်ချက်လဲမရှိပါဘူးဘုရား။ ပြီးတော့

အဖေပေးထားတဲ့နာမည်ဆိုတော့ အဖေစိတ်တဲ့မကောင်းမှာစိုးပါတယ်။ အဖေကိုသနားပါတယ်။ တကယ်က နာမည်အဓိကဖြစ်မယ်မထင်ပါဘူး ဘုရားတဲ့။ တိုင်းပြည်နဲ့လူမျိုးအပေါ်သစ္စာရှိရှိ တာဝန်သိသိ ကိုယ်ကျိုးမဖက် အနစ်နာခံနိုင်တဲ့စိတ်ရှိဖို့သာ အဓိကပဲမဟုတ်လားဘုရားတဲ့လို့ လျှောက်ထားရှာတယ်”

“မွတ်စလင်ကိစ္စတွေဆိုရင်လဲ ပလီတက်မယ်။ ဗုဒ္ဓဘာသာနဲ့ ပတ်သက်လာရင်လဲအစစအရာရာ ဂရုစိုက်ဆောင်ရွက်လေ့ရှိတယ်ကွဲ့။

သူဟာ ဘုန်းကြီးကျောင်းထွက်ဆိုတာ လူတိုင်းသိကြသကွဲ့။ မြန်မာစာပေတော်တော်ကလေးတတ်တော့မှ လောကီပညာကျောင်း (အင်္ဂလိပ် မြန်မာကျောင်း)ကို ပြောင်းသွားတယ်။ သူ့မိဘက သားသမီးတွေအများကြီးနဲ့ဆိုတော့ အချောင်ကြီးလဲမဟုတ်ဘူး၊ အကျပ်ကြီးလဲ မဟုတ်ဘူးကွဲ့။

သူကဘယ်သူပဲဖြစ်ဖြစ်၊ ဘာသာရေးနဲ့ပတ်သက်လို့ အခွင့်အရေးတောင်းတာမျိုး မှန်တယ်လို့ မထင်ဘူးတဲ့။ ဥပမာ ဗုဒ္ဓဘာသာက ၁၀၀ ရမယ်ဆိုရင် မွတ်စလင်က ၁၀၀ ရရမယ်။ အဲဒီလို ကြေးတန်းတိုက်တဲ့ တောင်းဆိုချက်မျိုးကို မနှစ်မြို့ဘူး။ အဲဒီလို ဘာသာရေးနဲ့ ခွဲပြီး တောင်းဆိုတဲ့ တောင်းဆိုချက်တွေကို ဒကာ ဒဇက်က မလိုလားဘူး။ ဘာသာရေးဗန်းပြပြီး တောင်းဆိုတာတွေ မလိုလား မနှစ်သက်ဘူး။ အားမပေးချင်ဘူး။ ပြောဂဲမပြောလိုဘူးတဲ့။ နိုင်ငံရေးအရစကားပြောစရာရှိရင် ပြောဖို့ပဲလိုတယ်လို့ ဒကာ ဒဇက်က လျှောက်ထားတယ်။ နို့မို့ရင် စိတ်ဝမ်းကွဲစရာဖြစ်လာမယ်။ အဲဒါ နယ်ချဲ့သမားဝမ်းသာစရာဖြစ်မတဲ့လို့ ဒကာ ဒဇက်ကပြောပြန်တယ်။

“အမျိုးသားကျောင်းတွေ မတည်ထောင်ခင်တုန်းက အင်္ဂလိပ်နယ်ချဲ့သမားတွေကို တချို့အင်မတန်ကြောက်ကြတယ်ကွဲ့။ ဒါပေမယ့် အမျိုးသားကျောင်းတွေတည်ထောင်လာပြီး ဒီဘက်ပိုင်းမှာတော့ ရဲစိတ်ရဲမာန်တွေ၊ ဇာတိသွေး ဇာတိမာန်တွေ တဝုန်းဝုန်းနဲ့တက်ကြွလာတယ်။ ရဲရဲတောက်ပြလာကြတယ်။

“အို–ဒကာကြီး ဒဇက်အကြောင်းပြောရရင် ကုန်နိုင်မှာမဟုတ်ဘူးကွဲ့။ ဘာပဲဖြစ်ဖြစ် သူဟာ တိုင်းပြည်နဲ့လူမျိုးအပေါ်

ချစ်တယ်၊ ခင်တယ်၊ သစ္စာရှိတယ်၊ ဘာသာခွဲခြားမှုမရှိဘူး။ ဘာသာကို အယူ:သီးမှုမရှိဘူး။ ဒါကြောင့် သူ့ကို မန္တလေးကဆရာတော်များ၊ ဘုန်းကြီးများက ချစ်ခင်ကြတာပဲ။

ဗိုလ်ချုပ်အောင်ဆန်း အစိုးရဖွဲ့လာတော့ ဒကာကြီး ဒဇက်ကို ဝန်ကြီးတစ်နေရာပေးမယ်လို့ ထင်ခဲ့သကွဲ့။ ဒါပေမယ့် ဝန်ကြီးစာရင်းတိုင်းပြည်ကိုထုတ်ပြန်ကြေညာတော့ ဒကာဒဇက်ရဲ့နာမည်မပါခဲ့ဘူး။ "ဆရာတော်များလဲအံ့အားသင့်သွားတယ်"။ အမှန်က ဖ–ဆ–ပ–လ ကိုဖွဲ့တာက တို့မန္တလေးကစဖွဲ့တာ၊ ရန်ကုန်က နောက်မှလိုက်ဖွဲ့ရတာ။ မန္တလေးမှာ ဖ–ဆ–ပ–လ ဖွဲ့ရာမှာလဲ ဒကာ ဒဇက်ဟာ အဓိကပဲ။

"ဒါကြောင့် ဒကာဒဇက်ကို ဝန်ကြီးတစ်နေရာပေးဖို့ မန္တလေးက ဆရာတော်များက လက်မှတ်ရေးထိုးပြီး ဖ–ဆ–ပ–လဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းဆီ တောင်းဆိုခဲ့တယ်။ ဒါကြောင့် ဝန်ကြီးဖြစ်လာသကွဲ့။ ဒကာဒဇက်က ဆရာတော်တို့ သိရသလောက်ဆိုရင် ဝန်ကြီးရဖို့ စိတ်ဝင်စားဟန်မတူဘူး။

"တစ်ခါတစ်ခါ တို့ဆရာတော်များဟာ သူ့အကြောင်း တွေးမိလိုက်ရင် စိတ်မကောင်းဖြစ်ကြရတယ်။ ဘို့ကတောင်းဆိုလို့သာ ဝန်ကြီးဖြစ်လာရတယ်။ ဒါကြောင့် သူ့ခမျာ တစ်ပါးသူလက်ချက်နဲ့ အနိစ္စရောက်သွားရရှာတယ်။ သူ့ဟာသူဆိုရင် ဝန်ကြီးလဲဖြစ်မှာမဟုတ်ဘူး။ တစ်ပါးသူလက်ချက်နဲ့လဲကျဆုံးရမှာမဟုတ်ဘူး။ အခုတော့ ဆရာတော်တွေရဲ့စေတနာဟာ ဝေဒနာဖြစ်ခဲ့ရတယ်။

အဲဒီလိုစိတ်ရှည်လက်ရှည်နဲ့ ကျမ်းပြုသူကို မိန့်တော်မူခဲ့ပါတယ်။ ဒါတွေပြောပြပြီး ဆရာတော်ကိုယ်တိုင်လဲ စိတ်လက်မချမ်းမသာဖြစ်သွားတာကို သတိထားမိလိုက်ပါတယ်။

အဲဒီလိုဆရာကြီးဦးရာဇတ်အကြောင်း ဟံသာဝတီဆရာတော် မိန့်ကြားနေစဉ်မှာ မန္တလေး ချမ်းအေးသာဇံကျောင်းတိုက်က ဘုန်းတော်ကြီး ဦးဝိမလကလဲ ဟံသာဝတီဆရာတော်ကြီးအနားမှာ ဝတ်ပြုခစားလျက်ရှိနေပါတယ်။

၁၉၄၇ ခုနှစ်မှာကျင်းပတဲ့ ပညာရေးနှီးနှောဖလှယ်ပွဲတက်ဖို့ ဆရာကြီးဦးရာဇတ်နဲ့အဖွဲ့ အိန္ဒိယပြည်ကိုသွားတုန်းက အဲဒီအချိန်မှာ ပါကစ္စတန်ပြည်အဖြစ်

ခွဲထွက်ရေးအတွက် ဆန္ဒပြင်းပြနေတဲ့ မွတ်စလင်အမျိုးသားတွေကို ဆရာကြီးက ဒီလိုပြောလိုက်ပါတယ်။

"ကျွန်တော်ဟာ ၁၉၂၀ ခုနှစ်ကစပြီး မြန်မာ့ယဉ်ကျေးမှု တည်ရာဌာနလဲဖြစ်၊ ဗုဒ္ဓသာသနာထွန်းကားရာအရပ်လဲဖြစ်၊ မြန်မာ ဘုရင်ရဲ့ နောက်ဆုံးမြို့တော်လဲဖြစ်တဲ့ မန္တလေးမြို့တော်မှာ အမျိုးသား အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီးလဲလုပ်ခဲ့တယ်။ အဲဒီမြို့ ဟာလဲ ကျွန်တော့်မဲဆန္ဒပေးတဲ့ မြို့လဲဖြစ်တယ်လို့ ပြောပြခဲ့ဖူးပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဦးချစ်ဆွေ (ဆရာကြီးဦးရာဇတ်ရဲ့ အတွင်းရေး အတွင်းဝန်လုပ်ခဲ့သူ)က ဒီလိုပြောပြဖူးတာ သတိရပြန်တယ်။ သူပြောပြတာက–

ဆရာကြီးဟာ ကျဉ်းမြောင်းတဲ့ လူမျိုးရေးစိတ်ဓာတ်မရှိဘူး။ သူဟာ မွတ်စလင်ခေါင်းဆောင်တွင်မကဘူး၊ ကျွန်တော်တို့ မြန်မာအမျိုးသားခေါင်းဆောင်ကြီးလဲဖြစ်တယ်ဆိုတာ ရဲရဲကြီးပြောဝံ့ နိုင်ပါတယ်တဲ့။

ဒါတွေက ဆရာကြီးမှာ ဘယ်လိုအရည်အချင်းတွေရှိတယ်ဆိုတာ ပုဂ္ဂိုလ်တချို့ရဲ့တင်ပြချက်ကို တစ်ဆင့်ဖောက်သယ်ချခြင်းသာဖြစ်ပါတယ်။ ဒီအရည်အချင်းတွေကြောင့် ရဟန်းသံဃာနဲ့ပြည်သူတွေက ထောက်ခံကြလို့ ဝန်ကြီးဖြစ်လာရသူပါ။

ဆရာကြီးဦးရာဇတ်ကို ပညာရေးနဲ့ အမျိုးသားစီမံကိန်းဝန်ကြီးအဖြစ် ခန့်လိုက်ပြီဖြစ်ကြောင်း ဦးစောလှက ချက်ချင်း မန္တလေးကို ကြေးနန်းရိုက် ပြီးအကြောင်းကြားလိုက်တယ်။ အစိုးရကလဲ အသံလွှင့်ဌာနကတစ်ဆင့် တိုင်းပြည်ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ပြီးတော့ ဆရာကြီး ဦးရာဇတ် ကို ဝန်ကြီးအဖြစ်ရွေးချယ်ခန့်အပ်လိုက်ပြီဖြစ်လို့ ရန်ကုန်သို့အမြန်လိုက်ခဲ့ဖို့ ဖ–တ–ပ–လ အခွဲ့ချုပ်က ကြေးနန်းနဲ့အကြောင်းကြားပြန်တယ်။

ဆရာကြီးဦးရာဇတ် ဝန်ကြီးဖြစ်သွားပြီဆိုတဲ့သတင်းဟာ ပန်းပေါင်း တစ်ရာပွင့်သလိုပါပဲ၊ မန္တလေးတစ်မြို့လုံးကို မွှေးကြိုင်စေခဲ့ပါတယ်။ အားလုံး မိုးဆန်းပန်းတွေလို လန်းဆန်းလာခဲ့ကြတယ်။ ဝမ်းသာပျော်မြူးကြတယ်။ ဆရာကြီးအတွက် ဂုဏ်ယူကြတယ်။ ရဟန်းသံဃာတွေကအစ ဆရာကြီးရဲ့ တပည့်တွေအလယ်၊ မြို့မိမြို့ဖတွေအဆုံး ပျော်မဆုံးတပြုံးပြုံးနဲ့ ဆရာကြီးရဲ့အိမ်

ဝင်ထွက်မေးမြန်း နှုတ်ဆက်ကြပါတယ်။ ဆရာကြီးရဲ့ မိသားစုများအတူ ထပ်တူထပ်မျှဝမ်းသာကြလျက်ရှိပါသတဲ့။

ဆရာကြီး ရန်ကုန်မထွက်မီ တစ်ရက်ညနေမှာ ဗဟိုအမျိုးသား ကျောင်းသူကျောင်းသားဟောင်းအသင်းက ကြီးမှူးပြီး ဆရာကြီးအတွက် ဂုဏ်ပြု နှုတ်ဆက်ပွဲတစ်ရပ်ကျင်းပတယ်။ အဲဒီအချိန်မှာ အသီးသီးမိတ်ဆက်စကား ပြောကြပါတယ်။ ဒီအချိန်မှာ ဗဟိုအမျိုးသားကျောင်းအုပ်ဆရာကြီးက ဝဏ္ဏ ကျော်ထင် ဆရာကြီးဦးဘခင်ဖြစ်နေပါပြီ။

ဒီပွဲမှာ ဆရာကြီးရဲ့တပည့်တွေဟာ မျက်ရည်တွေအပြည့်နဲ့ မိတ်ဆက် စကားပြောကြတယ်။ ကျောင်းဆရာတွေဖြစ်တဲ့ ကျောင်းသားဟောင်းကြီးတွေ ကပါ ဣန္ဒြေမဆည်နိုင်ဘူး၊ မျက်ရည်အသွယ်သွယ်ကျခဲ့ကြသတဲ့။ တချို့ ရှိုက်ကြီးတငင်ငိုကြတဲ့အဖြစ်ပါလို့ အမ်အေဒေါ်အုံးက သူ့ရဲ့ (မန္တလေး တက္ကသိုလ် နှစ်လည်စာစောင်-အောက်တိုဘာ-၁၉၄၈ ထုတ်) ဆောင်းပါးမှာ ဖော်ပြခဲ့တယ်။ သူတို့တစ်တွေရဲ့ပါးပြင်တွေပေါ်မှာ ပုလဲလုံးတွေလို လိမ့်ဆင်း လာတဲ့မျက်ရည်တွေနဲ့ ကျင်းပတဲ့ မိတ်ဆက်ပွဲပါတဲ့။

တစ်မျိုးပြောရရင် ဆရာကြီးဟာ သူတို့တစ်တွေကို အပြီးအပိုင် ခွဲသွားခဲ့သလိုပဲ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့အတွက် ကြိုတင်ကျင်းပ ခဲ့တဲ့ ငိုပွဲငယ်တစ်ရပ်ဖြစ်နေသလိုပါပဲ။ မရိုကင်ကဲဖြစ်ပြီး အသည်းနှလုံးထဲက လှိုက်လှိုက်လှဲလှဲထွက်လာတဲ့စကား၊ မျက်ရည်ပုလဲဥကလေးတွေ၊ ရင်ထဲ ဆို့နစ်ရာမှ ထွက်လာတဲ့ စကားလုံးလှလှကလေးတွေဟာ ဒီနှုတ်ဆက်ပွဲအတွက် မကောင်းတဲ့ အတိတ်နိမိတ်ပေပဲလားလို့ ဘယ်သူမှ ကြိုပြီးမတွေးခဲ့မိဘူး။ ထည့်လဲမတွက်မိခဲ့ကြဘူး။

တကယ်လို့များ ဆရာကြီးဟာ ရောဂါဝေဒနာတစ်ခုခုကြောင့် အလူး အလဲခံစားရရင်းက ဘဝတစ်ပါးပြောင်းသွားခါနီး မေ့မြောနေတဲ့အချိန်ပိုင်းမျိုး ရောက်နေရင် ဒိပရိသတ်ဟာ ဆရာကြီးရဲ့ဘေးဝဲယာနဲ့ ခုတင်ပတ်ပတ်လည် မှာ မတ်တတ်ရပ်ပြီး ရင်နင့်အောင် တရှုံ့ရှုံ့ငိုပွဲဆင်ကြမယ့်သူတွေပေါ့။ အဲဒီအချိန်မှာ ဆရာကြီးကတော့ “ငါ့တပည့်သားမြေးတွေ ငါ့အတွက် ယူကျုံး မရ ရှိုက်လို့ရှိုက်လို့ငိုနေကြပါလားရယ်”လို့ မြင်နိုင်ကြားနိုင်မှာတော့ မဟုတ် ရှာဘူး။

အခုနှုတ်ဆက်ပွဲမှာတော့ ငိုရှိုက်သံတွေကို ဆရာကြီးကိုယ်တိုင် မြင်တွေ့ကြားနေရတော့ စိတ်မောမယ်၊ ဘဝင်ခုန်မယ်၊ မချိတင်ကဲဖြစ်မိမယ်။ ဒီချစ်လှတဲ့ ပရိသတ်နဲ့ခွဲခွာရမယ့်အရေးဟာ ရတက်မအေးဖြစ်ရမှာကတော့ ဓမ္မတာပါပဲ။ သူ့ရင်ထဲဆို့နင်ပြီး မချိတင်ကဲဖြစ်ရာက မျက်ရည်တွေလည်လာပါသတဲ့။

ဒါပေမယ့် သူ့ပရိသတ်ကြားမှာ သူ့မျက်ရည်တွေမကျရအောင်တော့ သူ့စိတ်ကိုအနိုင်နိုင်တင်းပြီး ထိန်းထားလိုက်ရတယ်။ ဒါအတွက်တော့ သံသယဖြစ်စရာလိုမယ်မထင်ဘူး။ ဆရာကြီးကတော့ သူ့နဂိုမျက်နှာပေးအတိုင်း ပြုံးမယောင်မဲ့မယောင်မျက်နှာပေးကို အနိုင်နိုင်ဟန်မပျက် အလံမလဲရအောင် ထိန်းထားရရှာတယ်။ ဒီလိုလုပ်ထားရလေ၊ သူ့အတွက်ပင်းပန်းလှလေပဲ။

တကယ်လို့သာ ဒီနှုတ်ဆက်ပွဲသာမဖြစ်ခဲ့ဘဲ ရိုးရိုးတွေ့ဆုံနှုတ်ဆက်ရုံမျိုးသာဆိုရင်တော့ ဆရာကြီးရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့တပည့်တွေ၊ အသိမိတ်ဆွေတွေမှာလဲ ဒီလောက်ရင်နင့်အောင် ဖြစ်လာကြမယ်မထင်ဘူး။ မျက်ရည်စမ်းများကျလာစရာမရှိသလို ဆရာကြီးအနေနဲ့လဲ ငိုရှိုက်သံတွေလွှမ်းခြုံနေတဲ့ကြားမှာ စိတ်ထိခိုက်လောက်အောင် မချိတင်ကဲဖြစ်မယ်လို့ မထင်ဘူး။

ဒီနှုတ်ဆက်ပွဲဟာ ဆရာကြီးနဲ့ပရိသတ်ကြားမှာ ပထမဆုံး နှုတ်ဆက်ပွဲဖြစ်သလို နောက်ဆုံးနှုတ်ဆက်ပွဲလဲဖြစ်လေမပေါ့။

ဆရာကြီးဟာ ဆရာတော်၊ သံဃာတော်များ၊ လုပ်ဖော်ကိုင်ဖက် အသိမိတ်ဆွေ၊ တပည့်တပန်းတွေဆီ တရိုတသေ လိုက်လံနှုတ်ဆက်ခဲ့တယ်။ ဆရာကြီးရဲ့ လက်ဦးဆရာဖြစ်တဲ့ ဆရာတော် ဦးဓမ္မာဘိဝံသဆီလဲ သွားရောက်နှုတ်ဆက်ကန်တော့ခဲ့ပါသေးတယ်။

ဆရာတော် ဦးဓမ္မာဘိဝံသဟာ ဆရာကြီးကို မြန်မာစာနဲ့ ပါဠိဘာသာ သင်ကြားပို့ချပေးခဲ့တဲ့ဆရာတော်ပါ။ ဒီဆရာတော်ဟာ မန္တလေး နန်းရှေ့မဟာဝိသုတာရာမတိုက်တော်ကပါ။ ဒီကျောင်းတိုက်ဟာ မြန်မာမင်းလက်ထက် မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တဲ့ ကျောင်းတိုက်ပါတဲ့။

(ဆရာတော်ဟာ ဆဋ္ဌသံဂါယနာတင်ပွဲ ကျင်းပနေကြဆဲ ပျံလွန်တော်မူသွားတဲ့ဆရာတော်ပါ။ ဒီဆရာတော်ဟာ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ဖြစ်တယ်လို့လဲသိရပါတယ်။ ရန်ကုန်ဆေးရုံကြီးမှာ ပျံလွန်တော်မူသွားလို့ ရုပ်ကလာပ်ကို မန္တလေးသယ်ဆောင်သဂြိုဟ်လိုက်ပါတယ်။ ကျမ်းပြုသူ)

ဆရာတော် ဦးဓမ္မဘိဝံသဆီ ဆရာကြီး ဦးရာဇတ်ရောက်တဲ့အခါ ဆရာတော်က ဒီလိုမိန့်ကြားလိုက်သတဲ့။

ဆရာတော်။ "ဒကာတော် ဒဇတ်(ရာဇတ်) ငါ့တပည့်၊ အခုလို ဝန်ကြီးဖြစ်တယ်ဆိုတဲ့သတင်းကြားရတော့ ဆရာတော်လဲ အတိုင်းမသိဝမ်းသာလှပါတယ်။ စိတ်ချမ်းသာပါရဲ့။ ဒါပေမယ့် ဒကာကြီးကို သတိပေးချင်တာတစ်ခုရှိတယ်။ ဒါက တခြားမဟုတ်ဘူးကွဲ့။ ဒကာကြီးဟာ ပညာရေးဝန်ကြီးဆိုတော့ သာသနာရေးလုပ်ငန်းတွေကိုပါ တွဲဖက်လုပ်ကိုင်သွားရမယ်လို့ ဆရာတော်နားလည်ထားတယ်။ ဒီတော့ သာသနာရေးတာဝန် ဒကားကြီးကိုပေးရင် မကိုင်နဲ့။ ဒကာကြီးမှာ ဘာသာရေးအစွဲအလမ်းမရှိဘူးဆိုတာ ဆရာတော်သိတယ်။ ဘယ်ဆရာတော်တွေကမှလဲ ဒကာကြီးသာသနာရေးတာဝန်ကိုယူရင် ကန့်ကွက်မှာမဟုတ်ဘူး၊ ဒါကိုဆရာတော်ယုံကြည်တယ်။ ဒကာကြီးတို့ မွတ်စလင်ဘာသာဝင်တွေအနေကတော့ ထူးလို့ပြောစရာမလိုဘူးပေါ့။

ဒါပေမယ့် သာသနာရေး ဘာသာရေးနဲ့ပတ်သက်ပြီး မကျေနပ်စရာတွေ မပေါ်လာဘူးလို့ မပြောနိုင်ဘူး။ အဲဒီလို မကျေနပ်စရာအကြောင်းတွေပေါ်လာရင် ဒကာကြီးအနေနဲ့ မကောင်းဘူး၊ သူများတကာပြောစရာဖြစ်နေမယ်။ ဒကာကြီးကို သူများတွေပုတ်ခတ်ဝေဖန်လာရင် ငါတို့ကခံနိုင်မှာမဟုတ်ဘူး၊ ဒကာကြီးဘက်ရပ်ပြီး ဒီလိုမဟုတ်တမ်းတရားတွေ လုပ်ကြံစော်ကားလာမှာတွေကို ဆရာတော်တို့က ရေငုံနှုတ်ပိတ်ကြည့်နေမှာမဟုတ်ဘူး၊ အန္တရာယ်တွေနဲ့ရင်ဆိုင်ရမယ်၊ အဲဒီတော့ အခုကတည်းက ဒကာကြီး သာသနာရေးတာဝန်ကို မကိုင်ဖို့ ဆရာတော်အကြံပေးချင်သကွဲ့."

အဲဒါကြောင့် ဆရာကြီး ဦးရာဇတ်ဟာ သာသနာရေးတာဝန်ကို မကိုင်ခဲ့ဘူးတဲ့။

ရန်ကုန်ဆင်းပြီး ဝန်ကြီးတာဝန်လက်ခံဖို့ရှိပါတယ်။ ဒါပေမယ့် ဆရာကြီးမှာ ခရီးစရိတ်အတွက် တစ်ပြားမှမရှိဘူး။ ဒါကြောင့် ဆရာကြီးသူငယ်ချင်း

ဟာဂျီအီစမ်ဘရားသားဆီမှာ ငွေငါးရာချေးပြီး စရိတ်လုပ်ရတယ်။ အရေးထဲ မီးရထားက ပျက်နေပြန်ပါရော။ ဒီတော့ လေယာဉ်ပျံနဲ့ပဲ ရန်ကုန်လိုက်ရတယ်။

ရန်ကုန်ရောက်တော့ ဆရာကြီးသူငယ်ချင်းဖြစ်တဲ့ အတွင်းဝန် ဦးခင်မောင်လတ်(ရေနံချောင်း) ဒေါ်မမတို့ရဲ့အိမ်မှာ ခဏတည်းခိုရတယ်။ သူတို့အိမ်က **ဘိုလိန်း(ယခု ဗညားဒလ)လမ်းမှာပါ။**

အဲဒီကနေတာဝန်လက်ခံပြီး မန္တလေးတစ်ခေါက်တက်သွားပါတယ်။ မန္တလေးကိုပြန်လာတော့ သီးသန့်တွဲဖြူရထားနဲ့ဖြစ်တယ်။ အဲဒီမယ် ဆရာကြီးရဲ့တပည့်တွေထဲက ကွန်မြူနစ်တွေ ဗကပအဖွဲ့ဝင်အချို့လဲ ခရီးကြုံလို့ ဆရာကြီးက ခေါ်တင်ခဲ့သေးသတဲ့။ အဲဒီတွဲပေါ်မှာ ဦးစောလှလဲ ပါခဲ့သတဲ့။

အပြန်မှာ ဒေါ်ခင်ခင်နဲ့ သားသမီးတွေကိုခေါ်ပြီး ရန်ကုန်ဆင်းလာခဲ့တယ်။ ရန်ကုန်ရောက်တော့ နေစရာမရှိပြန်၊ အသိမိတ်ဆွေတစ်ဦးဖြစ်တဲ့ သကြား ဦးဘစိန် ဒေါ်ခင်ပြုံးတို့အိမ်မှာ ၁၅ ရက်လောက် ထပ်နေရပြန်ပါတယ်။

ဆရာကြီးတို့ကိုနေရာချထားပေးမယ့်အိမ်က ဗုံးဒဏ်ကြောင့်ပျက်စီးနေတယ်။ အိမ်ပြုပြင်ပြီးသွားတော့မှ အဲဒီကို ပြောင်းသွားရတယ်။ အဲဒီအိမ်က ဝင်္ကဘာလမ်း အိမ်အမှတ်က (၁၀) ပါ။ အဲဒီမှာပဲဆရာကြီးတို့ဟာ နောက်ဆုံးရက်အထိ နေသွားကြပါတယ်။

# အခန်း (၂၅)

# အရှေ့တောင်အာရှကျောင်းသားညီလာခံ

**ဒုတိယကမ္ဘာစစ်ပြီးစ၊ အရှေ့တောင်အာရှနိုင်ငံများ အခြေအနေ။**

အချိန်အားဖြင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးစပါ၊ အရှေ့အာရှနဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာတော့ စစ်မီးစစ်လျှံတွေ ဆက်လက် တောက်လောင်နေပါသေးတယ်။

အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ သီရိလင်္ကာ၊ မြန်မာပြည်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်း၊ အင်ဒိုချိုင်းနား (လာအို–ကမ္ဘောဒီးယား၊ ဗီယက်နမ်) နိုင်ငံတွေဟာ လွတ်လပ်တဲ့နိုင်ငံတွေပေါ့၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနဲ့ နေခဲ့ကြတဲ့ လွတ်လပ်တဲ့ နိုင်ငံတွေပါ၊ ဒါကိုအားလုံး အသိပါ။

ဒါပေမယ့် ဥရောပရှိ တစ်ချို့နိုင်ငံကြီးတွေဟာ လက်နက်အားကိုးနဲ့ ထိုင်းနိုင်ငံကလွဲရင် ကျန်အရှေ့တောင်အာရှနိုင်ငံတွေကို အလှျိုလှျို ဝင်ရောက်ကျူးကျော် သိမ်းပိုက်လိုက်ပါတော့တယ်။

ပထမတော့ ရိုးရိုးသားသားနဲ့ပဲ၊ ဒီတိုင်းပြည်တွေမှာရှိတဲ့ ကုန်ကြမ်းများကိုဝယ်ယူပြီး သူတို့ထံက ကုန်ချောပစ္စည်းများကို ရောင်းချဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စခဲ့ကြတာပါပဲ။

သမိုင်းကို ပြန်ကြည့်မယ်ဆိုရင်–

ဥရောပတိုက်အတွက် ဟင်းခပ်အမွှေးအကြိုင်များ အထူးလိုအပ်နေတယ်။ ဒီအပင်များ အပွင့်များဟာလဲ အာရှတိုက်များမှာသာ ပေါက်ရောက်လေ့ရှိတော့

အဲဒီအချိန်က အီတလီ၊ ရောမသားတွေဟာ အာရှတိုက်ကို အရှာအဖွေထွက်ခဲ့ကြတယ်။

ဘာစ်ကိုဒကားမ( Varco Dagema)ဟာလဲ ဟင်းမွှေးမဆလာအတွက် ရှာပုံတော် ဖွင့်ခဲ့ပါတယ်၊ ရွက်သင်္ဘောလွှင့်လာရာ ၁၄၉၈ ခုမှာ အိန္ဒိယပြည်ကို ရောက်ခဲ့တယ်၊ ဘာစ်ကိုဒကားမ ဒီလမ်းကြောင်းသစ်ကို တွေ့လိုက်တာဟာ အရှေ့တောင်အာရှနိုင်ငံတွေအတွက် ကံဆိုးမိုးမှောင်ကျဖို့ ဖန်တီးလိုက်တာပဲလို့ ဆိုပါရစေ။ ဒီလမ်းကြောင်းသစ်ကို တွေ့ရှိလိုက်ခြင်းကြောင့် ဗြိတိသျှ၊ ပြင်သစ်၊ ပေါ်တူဂီ၊ ဒါချ်စတဲ့ ဥရောပနယ်ချဲ့နိုင်ငံတွေဟာ အရှေ့ အာရှတိုင်းပြည်တွေကို အလုအယက် ရောက်လာကြပါတယ်။

ဒီကိုလိုနီအရင်းရှင် နယ်ချဲ့နိုင်ငံတွေဟာ သူ့ထက်ငါ အပြိုင်အဆိုင် ကူးသန်းရောင်းဝယ်ဖို့ အရှေ့အာရှတိုင်းပြည်တွေကို ရောက်ခဲ့တာပါပဲ၊ ဒါပေမယ့် မကြာပါဘူး ဒီတိုင်းပြည် တွေကို ကျူးကျော်သိမ်းပိုက် ကျွန်ပြုလိုက်ပါတော့တယ်။

အိန္ဒိယ၊ မြန်မာ၊ မလေးရှား၊ စင်ကာပူနိုင်ငံတွေကို ဗြိတိသျှနယ်ချဲ့ သမားတွေ သိမ်းယူကျွန်ပြုလိုက်ပါတော့တယ်။

အင်ဒိုနီးရှားကျွန်းစုဆီ ပထမ ပေါ်တူဂီတွေ ကူးသန်းရောင်းဝယ်ဖို့ ရောက်လာတယ်၊ နောက် သူတို့နေရာကို ဒါချ်တွေက ဝင်ရောက်အစားထိုး လိုက်ပြန်တယ်၊ ပြီးတော့ ဒါချ်တွေက ကျူးကျော်သိမ်းပိုက်တယ်။

ထိုင်း(ယိုင်းဒယား) နိုင်ငံကတော့ ဘယ်နယ်ချဲ့သမားရဲ့ ကျူးကျော်သိမ်းပိုက်မှုကိုမှ မခံလိုက်ရဘူး၊ လွတ်လပ်တဲ့ နိုင်ငံအဖြစ် ကျန်ရစ်ခဲ့တယ်၊ ကိုယ့်မင်း ကိုယ့်ချင်း-ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနဲ့ နေနိုင်ခဲ့တယ်ပေါ့။

အင်ဒိုချိုင်းနားကိုတော့ ပြင်သစ်နယ်ချဲ့ သမားတွေက သိမ်းပိုက် လိုက်ကြတယ်လေ။

ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်တော့ ဂျပန်ဖက်ဆစ်တွေက ဒီနိုင်ငံတွေပေါ် ကျွန်ပြုအုပ်စိုးနေတဲ့ ကိုလိုနီ နယ်ချဲ့သမားတွေကို မောင်းထုတ်လိုက်ပါတယ်၊ (ဒိုင်တိုးငါးကြိုးအီးကင်) အရှေ့အာရှ သာတူညီမျှရေး ဆိုတဲ့ ကြွေးကြော်သံ အလံကိုကိုင်ပြီး ဝင်ရောက် သိမ်းပိုက်လိုက်ပါတယ်။

ဒီအရှေ့တောင်အာရှနိုင်ငံတွေ အားလုံးဟာ ကျွန်ငယ်ဘဝကနေ ကျွန်ကြီး ဘဝကို ကူးပြောင်း ကျွန်ပြုခြင်း ခံလိုက်ကြရပါတယ်။

မကြာပါဘူး ဗြိသိသျှနဲ့ မဟာမိတ်တပ်တွေက ဂျပန်ဖက်ဆစ်တပ်တွေပေါ် အောင်ပွဲဆင်လိုက်နိုင်ပြန်ပါတယ်၊ ဒီတိုင်းပြည်တွေဟာ ဂျပန်ဖက်ဆစ် လက်အောက်က လွတ်မြောက်သွားပြန်တယ်ပေါ့။

ဂျပန်ဖက်ဆစ်တွေက ၁၉၄၅ ခု၊ ဩဂုတ်လ ၁၄ ရက်မှာ ခြွင်းချက်မရှိ လက်နက်ချလိုက်ပါတယ်၊ ဒီလို ဂျပန်က လက်နက်ချလိုက်တော့ ဒီတိုင်းပြည်တွေဟာ လွတ်လပ်ရေးရကရောလား၊ မရပါဘူး။ အခုထိုင်းလို့ ခေါ်တဲ့ ယိုးဒယားနိုင်ငံက လွဲရင် ကျန်အရှေ့တောင်အာရှနိုင်ငံတွေဟာ ကျွန်ကြီးဘဝကနေ ကျွန်ငယ်ဘဝကို တစ်ဆင့် လျော့ကျသွားရုံပါပဲ၊ ဒုံရင်းဒုံရင်းပဲပေါ့၊ ကျွန်ပဲ ပြန်ဖြစ်ပါတယ်။

ဂျပန် လက်နက်ချလိုက်တယ်ဆိုရင် ဒီတိုင်းပြည်တွေကို မူလ ကျွန်ပြုထားတဲ့ အရှင်သခင်တွေက လေချွန်ပြီး ပြန်ဝင်လာပါတော့တယ်၊ ဒါတွေဟာ သူတို့ရဲ့ ဘိုးဘွားပိုင် အမွေအနှစ်ကို ခါးပြလက်ထဲက ပြန်ရတဲ့သဘောထားကြသလိုပါပဲ။

အရှင်သခင်အဟောင်းနဲ့ အရှင်သခင်အသစ်ကြား လက်ပြောင်းလက်လွှဲသဘောပါပဲ။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားပေမယ့် တရုတ်ပြည်မှာတော့ မော်စီတုန်းခေါင်းဆောင်တဲ့ တရုတ်ကွန်မြူနစ်တွေနဲ့ အမေရိကန်နောက်လိုက်၊ ဒါမှမဟုတ် အလိုတော်ရိ ချန်ကေရှိတ် ခေါင်းဆောင်တဲ့ တရုတ်ဖြူတပ်တွေနဲ့ အပြင်းအထန် တိုက်နေဆဲပါပဲ။

အင်ဒိုချိုင်းနားမှာလဲ ဗီယက်နမ်ခေါင်းဆောင် ဟိုချီမင်းက ပြင်သစ်နယ်ချဲ့သမားကို အပြင်းအထန် တိုက်နေချိန် ဖြစ်ပါတယ်။

ထိုင်းနိုင်ငံကတော့ စစ်မီးစစ်လျှံတွေ မရှိတော့လို့ လုံးလုံးလျားလျား စိတ်အေးလက်အေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ လုပ်နေပါတယ်၊ ဂျပန်ဝင်လာမယ့်အရေး ကြိုမြင်လိုက်တဲ့ ထိုင်းအစိုးရဟာ ဂျပန်ဖက်ဆစ်တွေနဲ့လဲ နားလည်မှုယူလိုက်တော့ စစ်ဘေးစစ်ဒဏ်ကို ပြင်းပြင်းထန်ထန် မခံလိုက်ရဘူး၊ ဖျက်အစီးအဆုံးအရှုံးလဲ စာဖွဲ့လောက်အောင် မရှိခဲ့ဘူးလေ။

အင်ဒိုနီးရှားမှာတော့ ဆိုကာနို ခေါင်းဆောင်ပြီး ဒါချ်နယ်ချဲ့သမားကို တော်လှန်လျက်ရှိနေပါတယ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မြန်မာ၊ မလေးရှား၊ စင်ကာပူ တို့မှာတော့ ဗြိတိသျှနယ်ချဲ့သမားထံက လွတ်လပ်ရေးရဖို့ ငြိမ်းချမ်းတဲ့နည်းနဲ့ အရေးဆိုနေချိန်ပါ။

မြန်မာပြည်မှာတော့ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး လွတ်လပ်ရေးကို ငြိမ်းချမ်းတဲ့နည်းနဲ့ တောင်းလို့ရရင်ရ၊ မရရင် လက်နက်နဲ့ တိုက်ယူဖို့ စိုင်းပြင်း ပြင်ဆင်နေတဲ့ အချိန်ပေါ့။

ဒုတိယကမ္ဘာစစ်ကြီးဟာ ပြီးသွားပေမယ့်လဲ ဒီအရှေ့အာရှနဲ့ အရှေ့တောင်အာရှနိုင်ငံမှာတော့ စစ်ရိပ်စစ်ခိုးတွေဟာ တလူလူတငွေ့ငွေ့နဲ့ပါပဲ။

ဒီတိုင်းပြည်တွေရှိ တက္ကသိုလ်တွေဟာလဲ စစ်ဒဏ်တွေကြောင့် ပျက်စီးလို့ပျက်စီး တက္ကသိုလ်အဆောက်အအုံတွေဟာလဲ စစ်တန်းလျားများအဖြစ် ဆက်လက် အသုံးပြုခံနေရလို့ ခံနေရ အဲဒီလို အခြေအနေမျိုးမှာ ရှိတယ်။

အဲဒါကြောင့် စစ်တန်းလျား အလုပ်ခံထားရတဲ့ တက္ကသိုလ်ဆောင်တွေ ပြန်ပေးဖို့ အရေးဆိုမှုတွေကလဲ လွတ်လပ်ရေးတောင်းဆိုချက်တွေနဲ့ ထပ်တူတပ်မျှ ဘဝင်လှုံနေပါတယ်။

စစ်ကြီးပြီးသွားတယ်ဆိုရင်ပဲ တက္ကသိုလ်ကျောင်းတွေနဲ့ အခြေခံကျောင်း အသီးသီးတွေကိုလဲ နယ်ချဲ့သမားတွေက စတင်ဖွင့်ပေးတယ်၊ ဒါပေမယ့် ကျောင်းသာ ဖွင့်ပေးခဲ့တယ်၊ ပြာဘုံဘဝ ကျရောက်သွားတဲ့ အဆောင်တွေ၊ ကျောင်းပရိဘောဂတွေ–သင်ရိုးစာအုပ်တွေ အားလုံးကို ပြန်ထူထောင်နေရတယ်။

မပြည့်မစုံနဲ့ ကျောင်းတွေ ပြန်တက်ကြရပါတယ်၊ ပညာသင် ပျက်ခဲ့ရတဲ့ ကျောင်းသူကျောင်းသားတွေမှာ စစ်ကြီးကြောင့် အလဟဿ ဖြစ်သွားတဲ့ အချိန်တွေကို နှမြောတသနေချိန်၊ ကျောင်းတွေဖွင့်တာနဲ့ တစ်ပြိုင်နက် အပြေးအလွှား တက်ရောက် ပညာသင်ကြားကြရပါတယ်။

ဒါပေမယ့် ကျောင်းဆောင်က မလုံလောက်၊ ပရိဘောဂက မပြည့်မစုံ၊ စာအုပ်၊ မင်၊ မင်တံ၊ ခဲတံကအစ မလုံမလောက်နဲ့– အဲဒီမျက်မှောက် အခြေအနေမှာ ကျောင်းတက်ကြရတဲ့ ကျောင်းသားတွေအတွက် စိတ်ပင်ပန်းရဆုံး အချိန်ပဲပေါ့၊ လွတ်လပ်ရေးဟာလဲ မရသေးတော့ ပညာသင်ရာမှာ မဖြောင့်၊ နောက်ဆံတင်းနေကြရမှာကို ယုံမှားသံသယရှိစရာ မလိုဘူးပေါ့။

အဲဒီအခြေအနေမှာလဲ Freedom Movements as Peace Movement ဆိုတဲ့ ကြွေးကြော်သံကို ကိုင်စွဲပြီး နိုင်ငံတကာ ကျောင်းသားအဖွဲ့ကနေ အရှေ့တောင်အာရှ ကျောင်းသားညီလာခံကြီး တစ်ခုကို အိန္ဒိယနိုင်ငံ မဒရပ်မြို့မှာ ကျင်းပဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

**နိုင်ငံတကာကျောင်းသားအဖွဲ့**

Freedom Movements as Peace Movements. International Student Sarvice-I.S.S. ဆိုတဲ့ နိုင်ငံတကာကျောင်းသားအဖွဲ့ဟာ

မြန်မာပြည်က ကျောင်းကောင်စီ သဘောနဲ့ ဖွဲ့စည်းထားပါတယ်၊ ကျောင်းကောင်စီမှာ ဆရာများနဲ့ ကျောင်းသားများ ပါဝင်ပါတယ်။

နိုင်ငံတကာ ကျောင်းသားအဖွဲ့ကတော့ တက္ကသိုလ်ပါမောက္ခများ၊ နည်းပြ ဆရာများနဲ့ တက္ကသိုလ်ကျောင်းသားများ ပါဝင်ကြပါတယ်၊ ဒီအဖွဲ့ရဲ့ ဌာနချုပ်ကတော့ ဆွစ်ဇာလန်ပြည်၊ ဂျီနီဗာမြို့မှာ ရုံးစိုက်ထားရှိပါတယ်။

ကမ္ဘာ့နိုင်ငံတကာမြို့တော်တွေမှာလဲ အိုင်အက်စ်အက်စ် ဌာနခွဲများ ရှိပါတယ်၊ မြန်မာပြည်မှာဆိုရင်လဲ ဒီအဖွဲ့ခွဲ ရှိပါတယ်၊ ဒီအဖွဲ့ရဲ့ အရှေ့တောင် အာရှအဖွဲ့ ကော်မတီထဲမှာ မြန်မာပြည်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ ကိုယ်စားလှယ် ရန်ကုန်တက္ကသိုလ်ပါမောက္ခ ဦးဘဦးလဲ တစ်ဦးအပါအဝင် ဖြစ်ပါတယ်။

မြန်မာပြည်ရဲ့ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌနဲ့ မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ ဖြစ်တဲ့ ကိုသန်းမောင်ဟာ နိုင်ငံတကာ ကျောင်းသား (I.S.S) ရဲ့ မြန်မာပြည်ဆိုင်ရာ အထွေထွေ အတွင်းရေးမှူး ဖြစ်ပါတယ်။ ဒီနိုင်ငံတကာ ကျောင်းသားအဖွဲ့နဲ့အတူ World Student Relief W.S.R. ခေါ်တဲ့ ကမ္ဘာ့ကျောင်းသား သက်သာချောင်ချိရေးအဖွဲ့ ဆိုတာလဲ ရှိတယ်။

ဒီအဖွဲ့နှစ်ဖွဲ့ဟာ အပြန်အလှန် နားလည်မှုနဲ့ နိုင်ငံတကာရှိ ကျောင်းသား အရေးအခင်းတွေကို ဆောင်ရွက်ပေးနေပါတယ်။

ဒီနိုင်ငံတကာကျောင်းသား အဖွဲ့ထဲကို ကျွန်တော်/ ကျွန်မဟာဖြင့်-
------------------- နိုင်ငံတကာကျောင်းသားအဖွဲ့ရဲ့ မိတ်ဆွေတစ်ဦး အဖြစ် ဝင်ချင်ပါတယ်ဆိုရင်လဲ ဝင်ခွင့်ပြုပါတယ်၊ နိုင်ငံတကာကျောင်းသား အဖွဲ့သို့ အဲဒီခေတ် ၁၉၄၇ ခုနှစ်က ဝင်ကြေးအဖြစ် သတ်မှတ်ထားတဲ့ အမေရိကန်ငွေ (၃) ဒေါ်လာနဲ့အတူ လျှောက်လွှာကို သက်ဆိုင်ရာ နိုင်ငံရှိ နိုင်ငံတကာကျောင်းသားအဖွဲ့သို့ ပေးပို့ရပါတယ်၊ ဒေါ်လာငွေ မသုံးတဲ့ နိုင်ငံတွေကတော့ အမေရိကန်ငွေ (၃) ဒေါ်လာနဲ့ ညီမျှတဲ့ ငွေကို ပေးရပါတယ်။

နိုင်ငံတကာကျောင်းသားအဖွဲ့ချုပ်က အခါအားလျော်စွာ ထုတ်ဝေတဲ့ စာအုပ်စာတမ်းများ ပို့တဲ့အခါ မိမိကြိုက်နှစ်သက်ရာ ဘာသာနဲ့ ပို့ပေးဖို့လဲ ဖော်ပြရပါတယ်၊ ဥပမာ အင်္ဂလိပ်ဘာသာဖြင့် ပို့ပေးပါလို့ ဖော်ပြရပါတယ်။

ဒီနိုင်ငံတကာ ကျောင်းသားအဖွဲ့ရဲ့ ကြွေးကြော်သံက Freedom Movements as Peace Movements ဆိုတဲ့ လွတ်လပ်ရေးလှုပ်ရှားမှုဟာ ငြိမ်းချမ်းရေးလှုပ်ရှားမှုပါပဲတဲ့။

ကိုလိုနီကျွန်ပြုခံထားရတဲ့ နိုင်ငံတွေ မလွတ်မြောက်သေးရင် ငြိမ်းချမ်းရေး မရနိုင်သေးဘူးတဲ့၊ တစ်ပါတည်း ပညာသင်ကြားရေးဟာလဲ မလွတ်လပ်ဘူး ဆိုတဲ့ သဘောပဲ။

ဒီနိုင်ငံတကာ ကျောင်းသားအဖွဲ့ ဌာနချုပ်ကနေ နိုင်ငံအသီးသီးရှိ ကျောင်းသားအဖွဲ့ချုပ်တွေထံက ရန်ပုံငွေတွေကို မေတ္တာရပ်ခံ ကောက်ခံတယ်၊ ချမ်းသာတဲ့ နိုင်ငံများ၊ ဥပမာ အမေရိကန်နိုင်ငံ–ဆွီဒင်နိုင်ငံတို့လိုပေါ့၊ အဲဒီလို ချမ်းသာတဲ့ တိုင်းပြည်တွေရှိ နိုင်ငံတကာကျောင်းသားအဖွဲ့ခွဲတွေဆီက ငွေများကို အမျိုးမျိုးသော ပုံစံတွေနဲ့ ကောက်ခံကြပါတယ်၊ ဒီကောက်ခံရရှိတဲ့ ငွေတွေကို ဂျီနီဗာရှိ ကျောင်းသားအဖွဲ့ချုပ်ကို ပေးပို့ရပါတယ်။

အဲဒီလို ကောက်ခံရတဲ့ ငွေတွေကို ဆင်းရဲတဲ့ နိုင်ငံတွေမှာရှိတဲ့ တက္ကသိုလ်များကို ကျောင်းပရိဘောဂများ၊ ဘော်ဒါကျောင်းဆောင်များ– သင်ရိုးစာအုပ်များနဲ့ လက်တွေ့လေ့ကျင့်ရတဲ့ ကိရိယာတန်ဆာပလာများ၊ ဆေးဝါးနဲ့ဆေးပေးခန်းများအတွက် လိုအပ်သလို ခွဲဝေပြီး ထောက်ပံ့မှုတွေကို အသုံးပြုရန် ဆောင်ရွက်ပေးစေခဲ့ပါတယ်။

အထက်ပါ နိုင်ငံတကာ ကျောင်းသားများအဖွဲ့ရဲ့ အခြေခံမူများကို အောက်တွင် မြန်မာပြန်ဆို ဖော်ပြလိုက်ပါတယ် – (ကျမ်းပြုသူ)

## နိုင်ငံတကာကျောင်းသားများအဖွဲ့ အခြေခံမူဝါဒများ

နိုင်ငံတကာကျောင်းသားများ အဖွဲ့သည် နိုင်ငံတကာကျောင်းသား လောက၏ တကယ့်လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်သည့် အောက်ဖော်ပြပါ အခြေခံမူဝါဒများကို မြှင့်တင်ကာကွယ်သွားမည်။

(က) အမှန်တရားကို ရိုးသားစွာနှင့် ကိုယ်ကျိုးမငဲ့ကွက်ဘဲ ရှာဖွေခြင်း ဆိုလိုသည်မှာ (၁) ယေဘုယျလက်ခံထားကြသည့် သိဝရီအားလုံးနှင့် တွေ့ရှိရရှိချက်အားလုံးကို ချဉ်းကပ်ရာတွင် ဝေဖန်ရေးမျက်စိဖြင့် ဘက်စုံမှ ချဉ်းကပ်ခြင်း၊ ထိုးထွင်းကြံဆသော အယူအဆဖြင့် ချဉ်းကပ်ခြင်း (၂) လွတ်လပ်စွာ

စူးစမ်းလေ့လာမှုကို ဟန့်တားနှောင့်ယှက်ရန် ပြင်ပဖိအားပေးမှု အားလုံးကို ခုခံဆန့်ကျင်ခြင်း။

(ခ) လူ့အဖွဲ့အစည်းအတွင်း မိမိတာဝန်ကို ကောင်းစွာ နားလည်သဘော ပေါက်ခြင်း၊ လူ့ယဉ်ကျေးမှုအပေါ်တွင် ကျယ်ပြန့်၍ အဆက်အစပ်ရှိသော အမြင်ရှိစေခြင်းတို့အတွက် အမျိုးသားအမျိုးသမီးများအား လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ဆိုလိုသည်မှာ -(၁) တကယ့်ပညာရှာဖွေမှုနှင့် အသက်မွေးဝမ်းကျောင်းအတွက် လေ့ကျင့်ပေးမှုတို့ကို မျှမျှတတဖြစ်စေခြင်း၊ (၂) အမျိုးသားရေးရာနှင့် နိုင်ငံတကာရေးရာ အတိုင်းအတာအားဖြင့် လူ့ယဉ်ကျေးမှုကို ဖြစ်ပေါ်တိုးတက်စေခြင်း၊ (၃) တကယ့်လူမှုအခြေအနေများအပေါ်တွင် တက်ကြွစွာ စိတ်ဝင်စားခြင်း။

(ဂ) ကျောင်းသားအဖွဲ့အစည်းကြီး ထူထောင်ခြင်း။ ဆိုလိုသည်မှာ- (၁)တက္ကသိုလ်များတွင် လူမျိုး၊ ဥစ္စာဓန၊ ကျား-မ၊ နိုင်ငံရေးနှင့် ဘာသာရေးယုံကြည်ချက် စသည်တို့ကြောင့် အဆင့်အတန်း ခွဲခြားမှု မပြုစေရ၊ (အဖွဲ့အစည်းကြီးအတွင်းတွင် ဘာသာရေး၊ လူမျိုးရေး စသည့် သီးခြားအုပ်စုများ၏ ကိုယ်စားလှယ်များ အနေနှင့် ထိုက်တန်သော နေရာကို ရရှိစေရမည်)။ (၂) အရည်အချင်းအလိုက် တက္ကသိုလ်သို့ ကျယ်ပြန့်စွာ ဝင်ခွင့်ရရှိရေး အာမခံနိုင်စေခြင်းငှာ၊ ရုပ်ပိုင်းဆိုင်ရာ အင်အားများ ပြည့်စုံစေရမည်။ (၃) ကျောင်းသားအချင်းချင်းအတွင်း၊ ကျောင်းသားနှင့် ဆရာများ အတွင်း ကျောင်းသားနှင့် ၎င်းတို့ ပါဝင်လျက်ရှိသည့် လူ့အဖွဲ့အစည်းကြီးအတွင်း ဆက်ဆံရေးကို အားဖြည့်ပေးရမည်။ ဤသို့အားဖြင့် တက္ကသိုလ်၏ သားကောင်းများအဖြစ် အပြည့်အဝ ဖြစ်ပေါ်တိုးတက်လာစေရန် အာမခံချက် ရရှိစေမည် ဖြစ်သည်။ (၄) နိုင်ငံအားလုံး၏ တက္ကသိုလ်လောကအတွင်းတွင် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် သိနားလည်မှု စိတ်ဓာတ်ကို ရှင်သန်စေရမည်။ (၅) ဤကြေညာချက်တွင် ဖော်ပြထားသော မူဝါဒများကို ဖျက်ဆီးပစ်ရန် ရည်ရွယ်သည့် အစိတ်အပိုင်းများ စိမ့်ဝင်လာခြင်းမှ ကာကွယ်ရန်၊ တက္ကသိုလ်တွင် အခွင့်အရေးနှင့် တာဝန်ရှိသည်။

**အရှေ့တောင်အာရှ ကျောင်းသားညီလာခံအတွက် ဖိတ်ကြားလာခြင်း**

ဒေါက်တာအမ်အက်စ်အဒီစ်ရှိအာဟာ မဒရပ် တက္ကသိုလ်ကပါ။ ၁၉၄၆ ဇူလိုင်လထဲမှာ အင်္ဂလန်ပြည်ရှိ ကင်မ်ဗရိတ်ချ်၊ (Cambridge)တက္ကသိုလ်မှာ

ကျင်းပတဲ့ အနှစ် (၂၀) မြောက်နိုင်ငံတကာ ကျောင်းသားအဖွဲ့၊ အိုင်အက်စ်အေ ညီလာခံသို့ တက်ရောက်ဖို့ ညီလာခံကျင်းပရေးအဖွဲ့က ဒေါက်တာအား ဖိတ်ကြားလိုက်ပါတယ်။ အဲဒီ ညီလာခံမှာပဲ ဒေါက်တာအားဟာ ဗဟိုအိုင် အက်စ်အက်စ် ဌာနချုပ်အဖွဲ့က တင်ပြရန် တာဝန်ပေးတဲ့ အရှေ့တောင်အာရှ ကျောင်းသားများအတွက် လိုအပ်တဲ့ တောက်ပံ့မှုများနဲ့ အိန္ဒိယ၊ အာရှအရှေ့ပိုင်း တက္ကသိုလ်များရဲ့ ဖွဲ့စည်းထားပုံများကို ပီပီပြင်ပြင် တင်ပြခိုင်းခဲ့ ပါတယ်။

အဲဒါကြောင့် သူ့အား ဂျီနီဗာမှာ ဗဟိုရုံးစိုက်ထားတဲ့ နိုင်ငံတကာ ကျောင်းသားအဖွဲ့ရဲ့ တွဲဘက် အထွေထွေ အတွင်းရေးမှူးအဖြစ် ရွေးချယ် ခန့်အပ်လိုက်ပါတယ်၊ တစ်ပါတည်းမှာပဲ သူ့အား အရှေ့တောင်အာရှ တက္ကသိုလ်ရေးရာ အပိုင်းအတွက် အထူးတာဝန်ယူစေပါတယ်။

ကမ္ဘာ့ကျောင်းသား သက်သာချောင်ချိရေးအဖွဲ့ကလဲ အိန္ဒိယနဲ့ မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှား အစရှိတဲ့ အရှေ့တောင်အာရှ တိုင်းပြည်များရှိ တက္ကသိုလ်များအတွက် ကျောင်းစာအုပ်များ၊ သိပ္ပံပစ္စည်း ကိရိယာများ၊ ကျောင်းသားဘော်ဒါဆောင်များ၊ ပျက်စီးသွားတဲ့ တက္ကသိုလ်ကျောင်းဆောင်များ နဲ့ ဆေးပေးခန်းများကို အထိုက်အလျောက် ကူညီပေးမယ့် အစီအစဉ်ရှိပါတယ်။

အိန္ဒိယအပါအဝင် အရှေ့တောင်ဒေသဆိုင်ရာ တက္ကသိုလ်များ ရဲ့ ညီလာခံတစ်ရပ်ကို အိန္ဒိယမှာ ကျင်းပဖို့ကို နိုင်ငံတကာ ကျောင်းသားအဖွဲ့က ဆုံးဖြတ်လိုက်ပါတယ်။ ဒီအစီအစဉ် ဖြစ်မြောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့လဲ ဒေါက်တာအား တာဝန်ပေးလိုက်ပါတယ်၊ ဒေါက်တာ အဒီစ်ရှိအာဟာ ဥရောပက ၁၉၄၆ ခု ဧပြီလ ထဲမှာ ထွက်ခဲ့ပါတယ်။

အင်ဒိုနီးရှားတက္ကသိုလ်များမှာ သုံးပတ်၊ မလေးရှားရှိ တက္ကသိုလ်များမှာ တစ်ပတ်ခန့်၊ ထိုင်းနဲ့ ဗီယက်နမ်တက္ကသိုလ်များမှာ နှစ်ပတ်၊ မြန်မာပြည်မှာ တစ်ပတ် အဲဒီလို အစီအစဉ်နဲ့ ခရီးထွက်ခဲ့ပါတယ်။

အဲဒီတိုင်းပြည်တွေရှိ တက္ကသိုလ်များ၊ နိုင်ငံတကာကျောင်းများ အဖွဲ့ရဲ့ လုပ်ငန်းစဉ်များ၊ လှုပ်ရှားမှုများကို တင်ပြဆွေးနွေးရန်နဲ့ ကမ္ဘာ့ကျောင်းသား သက်သာချောင်ချိရေးအဖွဲ့ကလဲ ဒီတက္ကသိုလ်ကျောင်းသားများ ကျောင်းများ အတွက် လိုအပ်တဲ့ အကူအညီများကို တတ်နိုင်သလောက် ပေးသွားမယ့် အကြောင်းနဲ့ နိုင်ငံတကာ ကျောင်းသားညီလာခံ တက်ရောက်ရန် ဖိတ်ကြားဖို့ အဲဒီတာဝန်များ သူနဲ့အတူ ပါလာတယ်။

သူ့ရဲ့ ခရီးစဉ်အရ ဒေါက်တာ အဒိစ်ရှိအာဟာ အရှေ့တောင်အာရှနိုင်ငံများကို သွားရောက်ဆွေးနွေး တင်ပြဖိတ်ကြားခဲ့ပြီးနောက် ဒေါက်တာဟာ ရန်ကုန်မြို့ကို ရောက်ခဲ့ပါတယ်။

ဒေါက်တာအမ်အက်စ်အဒိစ်ရှိအာ ဟာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ်နဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ ကိုသန်းမောင်အား တွေ့ဆုံပြီး နိုင်ငံတကာကျောင်းသားအဖွဲ့ရဲ့ စည်းမျဉ်း ဥပဒေများ၊ လုပ်ငန်းစဉ်များ ရည်ရွယ်ချက်များနဲ့ ရှေ့လုပ်ငန်းစဉ်များကို ရှင်းပြပါတယ်၊ မကြာခင်လပိုင်းမှာပဲ အရှေ့တောင်အာရှ ကျောင်းသားအဖွဲ့ ညီလာခံကြီးကို အိန္ဒိယပြည် မဒရပ်မြို့မှာ ကျင်းပမယ့်အကြောင်း၊ ယင်း ကျောင်းသား ညီလာခံသို့ မြန်မာပြည် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ကိုယ်စားလှယ် တက်ရောက်ရန် လာရောက်ဖိတ်ကြားခြင်း ဖြစ်ကြောင်းတို့ကို ရှင်းလဲရှင်းပြ ဖိတ်လဲဖိတ်ကြားလိုက်ပါတယ်။

ဒီအချိန်က ကိုသန်းမောင် (မန္တလေးသူရိယ ဦးသန်းမောင်)ဟာ ၁၉၄၇ ခုတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ် တစ်ပေါင်းတည်း တာဝန်ယူနေချိန် ဖြစ်ပါတယ်။

မြန်မာပြည်ကို ဒေါက်တာရောက်တဲ့ အချိန်ကတော့ ဒုတိယကမ္ဘာစစ်ပြီးစ ကျောင်းတွေ ပြန်လည်ဖွင့်ပြီးချိန်ပဲ။ ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်း အနေနဲ့ အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုပြီး အင်္ဂလန်က ပြန်လာစအချိန်ပေါ့။ ဗိုလ်ချုပ်အောင်ဆန်းတို့ ဖ–ဆ–ပ–လ အဖွဲ့ချုပ်အနေနဲ့ ဘုရင်ခံ မေဂျာဂျင်နရယ် ဆာဟူးဘတ်ရန့်စ်ရဲ့ အစိုးရအဖွဲ့ထဲ ပါဝင်တာဝန်ယူနေချိန် ၁၉၄၇ ခု၊ မတ်–ဧပြီလလောက်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ ကိုသန်းမောင်က ဒေါက်တာအား ဗိုလ်ချုပ်အောင်ဆန်းထံ ခေါ်သွားပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့တဲ့အခါ ဒေါက်တာက ကျောင်းသားပွဲ ညီလာခံရဲ့ ရည်ရွယ်ချက်များနဲ့ သူလာရောက်တဲ့ကိစ္စကို အသေးစိတ် ရှင်းပြပါတယ်။

ဒေါက်တာက ဗိုလ်ချုပ်အောင်ဆန်းကို ဆက်လက်တင်ပြတာက ကျောင်းသားညီလာခံ ကျင်းပမယ့်နေရာဟာ မြန်မာပြည်နဲ့ နီးတဲ့ အိန္ဒိယနိုင်ငံရှိ မဒရပ်မြို့ ဖြစ်ကြောင်း၊ အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လာရောက်

မိန့်ခွန်းပြောစေလိုကြောင်း၊ တကယ်လို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မအားလပ်ခဲ့ပါရင် ဝန်ကြီးအဖွဲ့က ဝန်ကြီးတစ်ဦးဦးအား လွှတ်၍ပေးစေလိုကြောင်း၊ အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မလာနိုင်ခဲ့ပါရင်လဲ ညီလာခံသို့ ဗိုလ်ချုပ်ရဲ့ကိုယ်စား သဝဏ်လွှာပေးပို့စေလိုကြောင်းကို မေတ္တာရပ်ခံလိုက်တယ်။

တစ်ဆက်တည်း ဒေါက်တာက ဒီအရှေ့တောင်အာရှ ကျောင်းသားညီလာခံ ပြီးသွားရင် ဒိန်းမတ်နိုင်ငံမှာ ကမ္ဘာလုံးဆိုင်ရာ ကျောင်းသားများညီလာခံဆက်လုပ်မယ့်အကြောင်း အဲဒီ ညီလာခံလို့လဲ မြန်မာပြည်က ကျောင်းသားကိုယ်စားလှယ်များ စေလွှတ်ပေးစေလိုကြောင်းတို့ကို ဆက်လက်ပြီး တင်ပြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက သူ့အနေနဲ့ ကျောင်းသားညီလာခံသို့ တက်ရောက်မိန့်ခွန်းပြောချင်သော်လဲ အချိန်မပေးနိုင်ကြောင်း၊ မြန်မာပြည်က ဝန်ကြီးတစ်ဦးဦးကိုတော့ စေလွှတ်ပေးမယ့်အကြောင်း၊ သူ့အနေနဲ့လဲ သဝဏ်လွှာတစ်စောင် ရေးသားပေးပို့မယ့်အကြောင်း ပြီးဒိန်းမတ်ပြည်မှာလုပ်မယ့် နိုင်ငံတကာကျောင်းသားညီလာခံသို့လဲ ကျောင်းသားကိုယ်စားလှယ်အဖွဲ့ကို လွှတ်ပေးမယ့်အကြောင်း ကတိပြုလိုက်ပါတယ်။

ဒေါက်တာလဲ ကျောင်းသားညီလာခံနဲ့ ပတ်သက်လို့ ပြင်ဆင်စရာဆောင်ရွက်စရာများ ရှိတဲ့အတွက် မြန်မာပြည်ကနေ အိန္ဒိယသို့ ထွက်ခွာသွားပါတော့တယ်။

ကျောင်းသားညီလာခံသို့ စေလွှတ်ခြင်း

မြန်မာကျောင်းသား ကိုယ်စားလှယ်များကို အိန္ဒိယကျောင်းသားညီလာခံသို့ တက်ရောက်ရန် ဗိုလ်ချုပ်အောင်ဆန်းက ခွင့်ပြုလိုက်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ဘဏ္ဍာရေးဝန်ကြီးဖြစ်တဲ့ ဖ-ဆ-ပ-လဝန်ကြီး သခင်မြအား ကျောင်းသားညီလာခံသို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအတွက် ခရီးစရိတ်ထုတ်ပေးရန် ညွှန်ကြားလိုက်ပါတယ်။

ဒီကျောင်းသား ညီလာခံသို့ မြန်မာပြည်ကတက်မယ့် ကိုယ်စားလှယ်အဖွဲ့ကို ရွေးချယ်လိုက်ပါတယ်။

တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌလဲဖြစ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားအဖွဲ့ရဲ့ မြန်မာပြည်ဆိုင်ရာ အထွေထွေအတွင်းရေးမှူး

ဖြစ်တဲ့ ကိုသန်းမောင်အား ခေါင်းဆောင်စေပြီး အောက်ပါ တက္ကသိုလ်ကျောင်းဆရာမနဲ့ ကျောင်းသူကျောင်းသား များအား အဖွဲ့ဝင်များအဖြစ် ရွေးချယ်လိုက်ပါတယ်။

အဖွဲ့ဝင်များမှာ -

၁။ ကိုညွန့်သိန်း၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့ဝင် (ယခုဗဟိုတရားရုံးရှေ့နေ)

၂။ ကိုမောင်မောင်ကျော်၊ တွဲဖက်အတွင်းရေးမှူး၊ ဆေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (ယခု ဒေါက်တာမောင်မောင်ကျော်)

၃။ ကိုမြတ်ထွန်း၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (ယခုကျောင်းဆရာ နောက်ပါတီယူနစ် ဥက္ကဋ္ဌဟောင်း)

၄။ ကိုဘဆက်၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ယခုနိုင်ငံခြားရေးရုံး နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်-ကွယ်လွန်)

၅။ ကိုညွန့်ဝေ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ယခု မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး)

၆။ ဒေါ်သန်းသန်းနွယ်၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ယခုကွယ်လွန်)

၇။ ဒေါ်ခင်သိန်း၊ ရန်ကုန်တက္ကသိုလ်ဆရာမ (ယခု ဒေါက်တာဘဟန်ဇနီး) တို့ဖြစ်ပါတယ်။

ဒီအဖွဲ့ဝင်တွေဟာ ၁၉၄၇ ခု၊ မေလ ပထမအပတ်ထဲမှာ ကျောင်းသားပွဲတော် ကျင်းပမယ့် မဒရပ်မြို့သို့ ပင်လယ်ကူးသင်္ဘောနဲ့သွားကြပါတယ်။ လမ်းမှာ တစ်ညအိပ်ပြီး ဗီရှာခါပါတ်တမ် ( Vishakhapatam) ဆိုတဲ့ပင်လယ်ဆိပ်ကမ်း မြို့ကိုရောက်ကြပါတယ်။ အဲဒီကနေ မဒရပ်ကို မီးရထားနဲ့ ဆက်သွားကြပါ တယ်။ ဒီအချိန်က လေကြောင်းခရီးက မတွင်ကျယ်သေးဘူး၊ သင်္ဘောနဲ့ပဲ သွားလာမှုများကြပါတယ်။

ကိုသန်းမောင် အိန္ဒိယပြည်သို့ ရောက်ခြင်းဟာ ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပထမအကြိမ်က လွန်ခဲ့တဲ့ (၃)လလောက်ကပါ။ သူနဲ့ အာရှလူငယ်ကို အမည်ပြောင်းလိုက်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးဥက္ကဋ္ဌ ပုဂံဦးဘဂျမ်းတို့ဟာ အိန္ဒိယမှာ ကျင်းပတဲ့ အာရှနိုင်ငံစုံညီလာခံနဲ့ ကမ္ဘာ့လူငယ်များ ညီလာခံသို့ တက်ရောက်ခဲ့ခြင်းပါပဲ။

ဒီအာရှနိုင်ငံ လူငယ်များ ညီလာခံကြီး ကျင်းပဖို့ ပထမဆုံး အကြံပေးတိုက်တွန်းလိုက်သူက ဖ-ဆ-ပ-လ ဥက္ကဌ ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းပါ

ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းထံ ပဏ္ဍစ်နေရူးထံမှ ပေးပို့လိုက်တဲ့ ကြေးနန်းဖြင့် သက်သေထူပါရစေလား။

"ဗိုလ်ချုပ်အောင်ဆန်းထံ ပဏ္ဍစ်နေရူးထံမှ ကြေးနန်း"

အိန္ဒိနိုင်ငံ အာလာဟာဘတ်မြို့မှ ပဏ္ဍစ်ဂျဝါဟာလာနေရူးက ဗိုလ်ချုပ်အောင်ဆန်းထံ အောက်ပါကြေးနန်းကို ပေးပို့လိုက်ကြောင်း။

ခင်ဗျား၏ စာကို ရရှိပါ၍ ကျေးဇူးတင်ပါသည်။ အာရှတိုက်နိုင်ငံပေါင်းစုံ ကွန်ဖရင့်တစ်ခုခေါ်သင့်သည်ဟု ခင်ဗျား၏ ယူဆချက်အားကျွန်ုပ် အနေဖြင့် လုံးဝသဘောတူပါသည်။ မြန်မာနိုင်ငံသို့ အလွန်လာရောက်လိုပါသည်။ သို့ရာတွင် နိုင်ငံခြားသွား လက်မှတ်မရသေးပါ။ ခရီးထွက်နိုင်အောင် လဲစီစဉ်၍မပေးသေးပါ။ မြန်မာနိုင်ငံအတွက် ဆုတောင်းမေတ္တာပို့လိုက် ပါကြောင်း။

(မြန်မာ့အလင်း သတင်းစာ၊ ၁၃၀၇ ခု၊ ပြာသိုလဆန်း (၁)ရက်သောကြာနေ့၊ ၄-၁-၄၆)

ဒီကြေးနန်းစာကို ကြည့်ခြင်းအားဖြင့် အာရှနိုင်ငံများ ညီလာခံသဘင်တစ်ခုကို အရေးတကြီး လိုအပ်ကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းမြော်မြင်ပြီး စတင်အကြံပေး တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

ဒါပေမယ့် ဒီညီလာခံကို ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲအတွက် အလုပ်များနေချိန်မို့ တက်ရောက်နိုင်ခဲ့ခြင်းမရှိပါ။

အဲဒီအာရှနိုင်ငံများ ညီလာခံကျင်းပချိန်နှင့် တစ်ချိန်တည်းမှာ ဒေလီမြို့မှာပဲကမ္ဘာလူငယ်များ အဖွဲ့ချုပ် (World Federation of Democratic Youth W.F.D.Y)ရဲ့ညီလာခံသဘင်လဲ ကျင်းပနေချိန်နဲ့ တိုက်ဆိုင်နေပါတယ်။

အဲဒါကြောင့် အဲဒီညီလာခံ နှစ်ခုစလုံးကို တက်ရောက်ဖို့ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံးဥက္ကဌ ဦးဘဂျမ်းနဲ့ ရန်ကုန်တက္ကသိုလ်

---

ထိုအချိန်က အိန္ဒိပြည် လွတ်လပ်ရေးမရသေးပါ။ ထို့ကြောင့် ပဏ္ဍစ်နေရူးလဲဝန်ကြီးချုပ်မဖြစ်သေးပါ။ ကွန်ဂရက်ပါတီလဲ အာဏာမရသေးပါ။

ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုသန်းမောင် (မန္တလေးသူရိယ ဦးသန်းမောင်) တို့နှစ်ဦးအား စေလွှတ်ခဲ့ပါတယ်၊ ဦးဘဂျမ်းက လူငယ်ကိုယ်စားလှယ်အဖြစ်၊ ကိုသန်းမောင်က ကျောင်းသားကိုယ်စားလှယ်အဖြစ်ပါ။

ဦးဘဂျမ်းနဲ့ ကိုသန်းမောင်တို့ နှစ်ဦးဟာ အဲဒီညီလာခံနှစ်ခုစလုံးကို မြန်မာပြည်ကိုယ်စားလှယ်အဖြစ် တတ်ရောက်ရန် ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ပေးလိုက်ခြင်း ဖြစ်ပါတယ်။

အာရှညီလာခံကာလမှာ ဦးဘဂျမ်း၊ ကိုသန်းမောင်တို့ ကိုယ်စားလှယ်အားလုံးအား ဂျဝါဟာလာလ်နေရူးက တရင်းတနှီး ဆက်ဆံခဲ့ကြပါတယ်။ သူ့အနေနဲ့ ဒီအာရှတိုက်ရှိ နိုင်ငံတွေရဲ့ ညီလာခံကို အလေးအနက်ထားကြောင်း ပြောပြပါတယ်တဲ့။

ဒေလီမြို့မှာရှိနေတဲ့ ဗြိတိသျှဘုရင်ခံချုပ် လော့ဒ်လူဝီမောင့်ဘက်တန်ကလဲ အာရှနိုင်ငံများ ညီလာခံသို့ တက်လာတဲ့ ကိုယ်စားလှယ်များအား ဖိတ်ကြားဧည့်ခံပါတယ်၊ ကိုသန်းမောင်တို့လဲ သွားရောက်တက်ခဲ့ပါတယ်။

## ဝန်ကြီးဦးရာဇတ် ကျောင်းသားညီလာခံသို့

ဦးရာဇတ် ဒါမှမဟုတ် ပညာရေးဌာနနဲ့ အမျိုးသားစီမံကိန်းဝန်ကြီးဦးရာဇတ်ဟာ မြန်မာပြည် အစိုးရကိုယ်စားလှယ်အဖြစ် ၁၉၄၇ ခု ဇွန်လထဲမှာ လေယာဉ်နဲ့ အရှေ့တောင်အာရှ ကျောင်းသားများ ညီလာခံလုပ်မယ့် မဒရပ်မြို့ကို သွားပါတယ်၊ ဝန်ကြီးဟာ သူနဲ့အတူ သူ့အပါးတော်မြဲ သို့မဟုတ် သူ့အတွင်းရေးအတွင်းဝန်အဖြစ် ဆောင်ရွက်တဲ့ ဦးချစ်ဆွေကို ခေါ်သွားပါတယ်။

ဦးချစ်ဆွေဟာ ဝန်ကြီးရဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်းက ကျောင်းသားဟောင်းတစ်ဦး ဖြစ်ပါတယ်။

ညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းက သဝဏ်လွှာတစ်စောင် ပေးလိုက်ပါတယ်။ ဒီသဝဏ်လွှာကို ဝန်ကြီးက သူနဲ့အတူ သယ်ဆောင်ခဲ့ပါတယ်။

ပညာရေးနဲ့ အမျိုးသားစီမံကိန်းဌာနဝန်ကြီး ဦးရာဇတ်နဲ့ ဦးချစ်ဆွေတို့ နှစ်ယောက်က လေယာဉ်ပျံနဲ့ ရန်ကုန်က–ကာလကတ္တားသို့ သွားတယ်။

ဗြိတိသျှလေကြောင်းပို့ဆောင်ရေး လောယာဉ်ဖြစ်တယ်၊ လေယာဉ်မောင်းသူနဲ့ အခုခေတ်အခေါ် လေယာဉ်မောင်တို့အားလုံးဟာ ဗြိတိသျှလူမျိုးတွေ

ဖြစ်ပါတယ်၊ အဲဒီလိုလေယာဉ်နဲ့ စီးနင်းလိုက်ပါလာကြတော့၊ အဲဒီလေယာဉ်ပေါ်က ရယ်စရာအဖြစ်အပျက်ကလေးတစ်ခုကို ကျမ်းပြုစုသူအား ဦးချစ်ဆွေက ရယ်ရယ်မောမောနဲ့ ဒီလိုပြောပြလိုက်ပါသေးတယ်။

ဆရာကြီးဟာ ဒီအချိန်က ရှပ်ဖြူလက်တိုနဲ့ ဘောင်းဘီအရှည်အဖြူကို ဝတ်ဆင်ထားတယ်။ ကျွန်တော်ကလဲ အနောက်တိုင်းဝတ်စုံအပြည့် ဝတ်ထားတယ်။

ဆရာကြီးဟာ လေယာဉ်စီးလာရာကနေ ဗြိတိသျှလေယာဉ်မောင်က ညှော်ဝတ်ကျေပွန်စွာ ပြုစုနေတာမြင်ရတော့ ထုံးစံအတိုင်း မဲ့ပြုံးကလေး ပြုံးလိုက်ရာက–

"ဟော့–ချစ်ဆွေ–ငါတို့က ဗြိတိသျှ နယ်ချဲ့လက်အောက်ကျွန်သပေါက် ဖြစ်ခဲ့ရတယ်။ သူတို့ကို မော်မကြည့်ဝံ့ခဲ့ဘူး၊ ပြီး–တို့မြန်မာတွေကို မစားရ၊ ဝခမန်း လခကလေးပေးပြီး သူတို့ဆီကျွန်ခံခိုင်းတယ်၊ တစ်သက်လုံး ကိုယ်တို့ဟာ ကျွန်ဖြစ်ခဲ့တယ် မဟုတ်လားကွ ---"

"ဟုတ်ပါတယ်ဆရာကြီး"

"အေး–အခု ကိုယ်တို့တိုင်းပြည် လွတ်လပ်ရေးရတော့မယ်ဆိုတော့ အခုကိုယ်တို့က သခင်ဖြစ်နေပြီကွ၊ ကြည့် ကိုယ်တို့သွားချင်တဲ့နေရာကို ဗြိတိသျှလေယာဉ်မှူးတွေက မောင်းပြီး ပို့ပေးနေတယ်၊ ဟော–စားစရာတွေ၊ သတင်းစာတွေကိုလဲ ဗြိတိသျှလေယာဉ် အလုပ်သမား (လေယာဉ်မောင်)က တစ်ခုပြီးတစ်ခု ရိုရိုသေသေ လာပေးတယ်၊ ဒါ သူတို့ဝင့်လည်တာပဲ မဟုတ်လား"

"အဲဒါကြောင့် ကိုယ်တို့က ခိုင်းလို့ရတုန်း သမိုင်းကြွေးဆပ်တဲ့အနေနဲ့ ဝအောင်ခိုင်းလိုက်ရအောင်လား ချစ်ဆွေရ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မင်းကြည့်နေ၊ ငါတစ်ခုပြီးတစ်ခု ခိုင်းပြမယ်၊ မင်းအဲဒီ ဗြိတိသျှဘွိုင် (အလုပ်သမား–ဒါမှမဟုတ် လေယာဉ်မောင်)ကို လက်ဖျောက်တီးပြီး ခေါ်လိုက်စမ်း"

"ဟုတ်ကဲ့ဆရာကြီး" ဆိုပြီး ကျွန်တော်က ဆရာကြီးခိုင်းတဲ့

အတိုင်း လက်ဖျောက်တီး ခေါ်လိုက်တယ်။

လေယာဉ်မောင်က ခပ်သုတ်သုတ်ကလေး လာပြီး ယို့ယို့လေး ရှေ့မှာလာရပ်ပါတယ်။

"ဘာများ ဆောင်ရွက်ပေးရပါ့မလဲ ဝန်ကြီးခင်ဗျား"

"ဟော့–ဒီနေ့ Stateman သတင်းစာ မရှိဘူးလား၊ ဒီလန်ဒန်ဂေဇက် တို့ဖတ်ပြီးသွားပြီ"

"ရှိပါတယ်ဝန်ကြီး"

"အေး – မြန်မြန်သွားယူပေးစမ်းပါကွာ"

"ဟုတ်ကဲ့ – ဝန်ကြီး" ဆိုပြီး ယို့ယို့ကလေး ထွက်ပြီး သတင်းစာပုံထဲက စတိတ်မင်း သတင်းစာကို ဆွဲယူပြီး ယို့ယို့လေး လာပို့ပါတယ်။

"အေး – ကျေးဇူးတင်တယ်" ဆိုပြီး လေယာဉ်မောင်ထွက်သွားတော့ ဘယ့်နှယ့်လဲ ချစ်ဆွေဆိုပြီး မဲ့ပြုံးပြုံးပြတယ်။

"တယ်ဟုတ်ပါလား ဆရာကြီး"

ဆရာကြီးဟာ လေယာဉ်ပေါ်က မဆင်းမချင်း ဗြိတိသျှလေယာဉ်မောင်အား တစ်ခုပြီးတစ်ခု ခိုင်းခဲ့ပါတယ်။

ဆရာကြီးဟာ ဒီလိုကိုယ့်တိုင်းပြည်ကို ကျွန်ပြုခံထားရတဲ့အပေါ် အင်မတန် နာကြည်းမှု ရှိခဲ့တယ်၊ ဒီလိုခိုင်းတာ စေတာတွေဟာ သမိုင်းကြွေးဆပ်တာပါလို့ ပြောပြပါတယ်။

ကြည့်မယ်ဆိုရင် ဝန်ကြီးရဲ့ လုပ်ရပ်ဟာ ကလေးကလားနိုင်လှတယ်လို့ပဲ မြင်နိုင် ပြောဆိုနိုင်ပါတယ်၊ ဒါပေမယ့် နှစ်ပေါင်းတစ်ရာကျော် မြန်မာပြည်ကို ကျွန်ပြုညှဉ်းဆဲ နှိပ်စက်ခဲ့တာကို ဒီကနေ့တော့ သူတို့ဘယ်လို ခံစားရမလဲဆိုတာ ကိုယ်ပိုင်အတွေ့အကြုံနဲ့ နားလည်စေချင်တဲ့ သဘောပါတဲ့။

အဲဒီလို ဦးချစ်ဆွေက ရယ်ရယ်မောမောနဲ့ သူတို့ရဲ့ လေယာဉ်ခရီးကို ပြောပြပါတယ်။

သူတို့ ကာလကတ္တားရောက်ပြီး မဒရပ်ကို ဆက်ပြီး ခရီးမသွားခင် ကာလကတ္တားမှာ နားရပါတယ်၊ တစ်နေ့ ညနေစောင်းမှာ ကာလကတ္တားမြို့ထဲ လိုက်လည်ကြတယ်၊ ဆရာကြီးက ဒီအချိန်မှာ ရှပ်အင်္ကျီလက်တို၊ ဘောင်းဘီ

တို့နဲ့ ဦးချစ်ဆွေက ဘောင်းဘီရှည်နဲ့တဲ့၊ လမ်းတစ်လမ်းလုံး လူအသွားအလာ ယာဉ်အသွားအလာ မရှိဘူး၊ ရှင်းနေတယ်၊ ဝန်ကြီးက -

"ချစ်ဆွေရေ လမ်းလျှောက်ရတာ တယ်ဟန်ကျလှပါလား၊ လူသွား လူလာတွေ ရှင်းနေတော့ အေးအေးလူလူ ဖြစ်တာပေါ့"

"ဆရာကြီး၊ ကာလကတ္တားမှာ ဟိန္ဒူမွတ်စလင်အဓိကရုဏ်းကြောင့် နေ့ဝင်မီးငြိမ်း အမိန့်ထုတ်ထားတယ်၊ လေယာဉ်ပေါ်မှာတုန်းက စတိတ်မင်း သတင်းစာမှာ ဖတ်ခဲ့ရပါတယ်"

"ဟေ - ဟုတ်လား"

"ဟုတ်တယ်ဆရာကြီး"

"အေး ဒီလိုဆိုရင် မြန်မြန်ပြန်မှကောင်းမယ်၊ ဟိန္ဒူတွေက ကိုယ့်ကို မွတ်စလင်လို့ထင်ပြီး မွတ်စလင်တွေက ကိုယ့်ကိုဘာဘူကြီး မှတ်နေလိမ့်မယ်၊ လူမှားပြီး အရိုက်အနှက်ခံနေရဦးမယ်" လို့ ခပ်ရွှန်းရွှန်းပြောပြီး တည်းခိုခန်း ကိုပြန်ကြပါတယ်။

ကာလကတ္တားကနေ မဒရပ်ကို လေယာဉ်နဲ့ ဝန်ကြီးဦးရာဇတ်တို့ ဆရာတပည့် ခရီးဆက်ကြပြန်တယ်။

ဝန်ကြီး ဦးရာဇတ်တို့ မဒရပ်လေဆိပ်ရောက်တော့ ဝန်ကြီးအား ကြိုနေတဲ့အဖွဲ့ဟာ နှစ်ဖွဲ့ပါ။ တစ်ဖွဲ့က ကွန်ဂရက်ပါတီရဲ့ ကိုယ်စားလှယ်အဖွဲ့ ကျန်တစ်ဖွဲ့ကတော့ အိန္ဒိယပြည်ကို ပိုင်းခြားပြီး ပါကစ္စတန်ပြည်ကို ထူထောင် လိုတဲ့ မဒရပ်ရှိ မွတ်စလင်လိဂ်အဖွဲ့ဝင်များ ဖြစ်ပါတယ်၊ အဲဒီမွတ်စလင် အဖွဲ့ကတော့ ဝန်ကြီးဦးရာဇတ်ဟာ အမည်အားဖြင့် အေ-ရာဇတ်ဖြစ်ပြန် မွတ်စလင်ခေါင်းဆောင်လဲ ဖြစ်ပြန် သူတို့ဆီမှာ လိုက်တည်းလိမ့်မယ်လို့ အထင်ရှိဟန်တူပါသတဲ့

ဒါပေမယ့် ဝန်ကြီးဦးရာဇတ်က သူဟာ အစိုးရဧည့်သည်တော် အဖြစ်လာရောက်ရတဲ့အတွက် အစိုးရဧည့်ဂေဟာမှာ လိုက်တည်းရမယ့် အကြောင်း မွတ်စလင်အဖွဲ့က ဖိတ်ခေါ်တာကို ကျေးဇူးတင်ကြောင်း၊ ဒါပေမဲ့ လိုက်မတည်းနိုင်တဲ့အတွက် ဝမ်းနည်းကြောင်း တောင်းပန်လိုက်ပါတယ်။

ဝန်ကြီး ဦးရာဇတ်နဲ့ ဦးချစ်ဆွေတို့အား ကြိုဆိုရေးအဖွဲ့က ကားဖြင့် တည်းခိုအိမ်သို့ ခေါ်သွားပါတယ်။ ဝန်ကြီးတို့ဟာ မဒရပ်ပြည်ထဲရေး ဝန်ကြီး ဒေါက်တာ စူဗာရီယန်းရဲ့ အိမ်မှာ တည်းကြရပါတယ်။

ဝန်ကြီးက ဟိန္ဒူလူမျိုးပါ၊ ဝန်ကြီးနဲ့ ဇနီးတို့ နှစ်ဦးစလုံးဟာ အင်္ဂလန်

ရှိ အောက်စ်ဖို့ဒ်တက္ကသိုလ်က အမ်အေဘွဲ့ကို ရခဲ့ကြသူများပါ၊ ဒေါက်တာဟာ ကွန်ဂရက်ပါတီဝင် ဝန်ကြီးဖြစ်ပါတယ်၊ သားတစ်ယောက်က စစ်ဗိုလ်ပါ၊ တစ်ခြား သားတစ်ယောက်ကတော့ ကွန်မြူနစ်ပါတီ ခေါင်းဆောင်၊ သားတွေ အားလုံး ဘီလပ်ပြန်တွေပါတဲ့။

ဝန်ကြီးနဲ့ ဝန်ကြီးကတော်တို့က တော်တော်လေး ဖော်ဖော်ရွေရွေနဲ့ ဧည့်ခံကြပါတယ်။ ဧည့်ဝတ်ကျေသူများ ဖြစ်ပါသတဲ့။ ဝန်ကြီးကတော်ကလဲ ဝန်ကြီးဦးရာဇတ်တို့အား တရင်းတနှီး ဆက်ဆံပါတယ်၊ စကားလက်ဆုံကျရာ ကနေ ဝန်ကြီးကတော်က ဦးချစ်ဆွေအား-

"ငါတော့ ဘယ်လိုလုပ်ပြီး ဆုတောင်းရမလဲ-သားရယ်-"တဲ့။

"သားတစ်ယောက်က ကွန်မြူနစ် တောခိုခေါင်းဆောင်၊ သားတစ် ယောက်က အစိုးရတပ်က စစ်ဗိုလ်၊ ဒီတော့ ဘယ်ဘက်လိုက်ပြီး ဘယ်လို ဆုတောင်းရမလဲ ဆိုတာဝေခွဲလို့မရအောင် ဖြစ်နေပါတယ်ကွယ်" လို့ ညည်း နေရှာသတဲ့။

အဲဒီတော့ ဦးချစ်ဆွေက မြန်မာပြည်က အိုးထိန်းသည်နဲ့၊ ခဝါ သည်ရဲ့ ဒဏ္ဍာရီပုံပြင်လေးကို ပြောသတိရလိုက်ပါသတဲ့။

ဒီပုံပြင်ကလေးကိုတော့ အားလုံးသိပြီးဖြစ်ပါတယ်။ ပုံပြင်က-

အဘိုးအိုက သူ့သမီးတစ်ယောက်အား အိုးထိန်းသည်နဲ့ အိမ်ထောင် ချပေးလိုက်တယ်။ ကျန်သမီးတစ်ယောက်ကိုတော့ ခဝါသည်နှင့်ပေးစားလိုက် တယ်။

အဘိုးအိုက အိုးထိန်းသည်ရဲ့ ဇနီးဖြစ်တဲ့သမီး အိမ်အလည်အပတ် ရောက်တဲ့အခါ မိုးကပြတ်တယ်ရယ်လို့မရှိဘူး။ အိုးတွေနေပူမလှမ်းရတော့ စားရေးသောက်ရေး ဒုက္ခရောက်ကြောင်း အဲဒါကြောင့် နေပူအောင် ဆုတောင်းပေးစေလိုကြောင်း တောင်းပန်ရှာသတဲ့။

နောက်ခဝါသည်အိမ် သွားလည်ပြန်တယ်။ သူ့သမီးက မိုးခေါင်လို့ သူတို့အလုပ်တွေမလုပ်နိုင်ကြောင်း စားဝတ်နေရေး အခက်အခဲနဲ့ ကြုံတွေ့ နေရကြောင်း၊ အဲဒါကြောင့် မိုးရွာအောင်ဆုတောင်းပေးပါမည့်အကြောင်း အသနားခံပါသတဲ့။

အဲဒီတော့ အဘိုးအိုမှာ အကျပ်ဆိုက်နေတယ်ပေါ့။ မိုးခေါင်အောင် ဆုတောင်းပေးရင် အိုးထိန်းသည် မိသားစုအတွက် အလုပ်အဆင်ပြေမယ်။ တစ်ခါ မိုးရွာအောင် ဆုတောင်းပေးပြန်ရင် ခဝါသည်အတွက် အဆင်ပြေပြန် မယ်၊ အဲဒီ သမီးအတွက် အဆင်ပြေပြီး အခြားသမီးအတွက် ဒုက္ခရောက်မယ်။

အဒတော့ ဘယ်သူ့အတွက ဆုတောင်းပေးရမလဆိုတာ ဝေခွဲမရနိုင်တာမို့ သက်ပြင်းကိုသာ အခါခါ ချမိပါသတဲ့။

အဲဒီဒဏ္ဍာရီ ပုံပြင်ကလေးကို သတိရလိုက်တော့ ရယ်ချင်လာတယ် ဒါပေမယ့် ဝန်ကြီးကတော်အနေနဲ့ စိတ်ထိခိုက်ပြီး ဝမ်းနည်းနေလေတော့ သူကပါ စိတ်ထိခိုက်သလို နေလိုက်တယ်။

ဝန်ကြီးကတော်လဲ တောခိုတဲ့သားဘက်လိုက်ပြီး "မေ့သားကြီး ရန်သူတွေကို ချေမှုန်းသုတ်သင်ပစ်ပြီး အောင်ပွဲဆင်နိုင်ပါစေ "ဆိုရင်၊ အစိုးရ စစ်ဗိုလ်အတွက် တိုက်ပွဲမှာ ကျချင်ကျမယ်၊ ဘေးတွေ့ချင်တွေ့မယ်ပေ့ါ။ အဲဒီ လိုမဟုတ်ဘဲ အစိုးရစစ်ဗိုလ်ဘက်လိုက်ပြီး သားအနေနဲ့ သူပုန်တွေကို အမြစ် ကလှန်ပြီး ချေမှုန်းသုတ်သင်ပစ်နိုင်ပါစေလို့ ဆုတောင်းလိုက်ပြန်ရင်လဲတောခို တဲ့သားအတွက် သေချင်သေပစေဆိုပြီး လျစ်လျူရှုလိုက်တဲ့ သဘောရောက် သွားသတဲ့"

အဲဒီတော့ ဘယ်လိုဆုတောင်းပေးရမလဲဆိုတာ ဝေခွဲမရအောင် ဖြစ်နေလို့သူမရဲ့ စိတ်ခံစားနေရတဲ့ အပူလုံးကြီးကို ဦးချစ်ဆွေမျှား ဖြေရှင်း ပေးနိုင်မလား ရယ်ဆိုပြီး အကူအညီတောင်းတဲ့သဘောပါတဲ့။

ဦးချစ်ဆွေကလဲ ဘယ်လိုမှ အဖြေမပေးနိုင်ဘူး၊ ဒါပေမယ့် -

"မကြာမီ အိန္ဒိယပြည်ကြီး လွတ်လပ်ရေးရတော့မှာပဲ၊ ညီအစ်ကို နှစ်ယောက်လဲ ဘေးမသိ ရန်မခပြန်လည်ဆုံစည်းကြရတော့မှာပါ၊ အမေ့ သားတွေအတွက် စိုးရိမ်ကြောင့်ကြမှု ဖြစ်မနေစေချင်ပါ၊ ကိုယ့်စိတ်ကို ချမ်းသာအောင်ထားပါအမေရယ်လို့ပဲ နှစ်သိမ့်ပေးလိုက်ရပါသတဲ့"

ဝန်ကြီး ဦးရာဇတ်တို့ကို မဒရပ်ရှိ ချစ်တီးနတ်မဟာရာဂျာ နန်းတော်ကြီးမှာ ထမင်းဖိတ်ကျွေးပါတယ်၊ သွားစားကြပါတယ်၊ တည်းခိုခန်း ပြန်ရောက်တော့ ချစ်တီးတွေကျွေးတဲ့ထမင်းဟာ မျိုမကျဖြစ်ခဲ့ရတဲ့အကြောင်း မြန်မာပြည်က ပြည်သူတွေ အထူးသဖြင့် လယ်သမားတွေရဲ့ငွေတွေနဲ့ ဆောက်ထားတဲ့ အဲဒီ ချစ်တီးနန်းတော်ကြီးကို မြင်လိုက်ရတယ်ဆိုရင်ပဲ စိတ်မကောင်း ဖြစ်မိကြောင်းတို့ကို ဝန်ကြီး ဦးရာဇတ်တို့က အိမ်ရှင်ဝန်ကြီးနဲ့ ဝန်ကြီးကတော်တို့ကို ပြောပြလိုက်ပါသတဲ့။

---

၁။ ကြည်ညွန့်၊ ချစ်ကြည်ရေး သမိုင်းဝင် သူရိယမြန်မာ့အလင်းနှင့် မြန်မာနိုင်ငံရေး ပုသိမ်ပုံနှိပ်တိုက်၊ ရန်ကုန် ၁၉၇၄/စာမျက်နှာ ၁၉၁။

အဲဒီမှာ ဝန်ကြီးကတော်က ဝင်ပြီး –

"ဟုတ်တယ်– ကျွန်မလဲ ဒါကိုပဲ ပြောပြမလို့ပါ" လို့ဆိုပြီ ဝန်ကြီး ဦးရာဇတ်တို့ရဲ့ တင်ပြချက်ကို ထောက်ခံဖြေကြားလိုက်တယ်တဲ့။

ဝန်ကြီးကတော်က မစ္စတာပဏ္ဍစ်ဂျဝါဟာ လာနေရှုနဲ့ ကွန်ဂရက်ပါတီကို မထောက်ခံနိုင်ကြောင်း ဆိုတာကိုလဲ ပြောပြတယ်၊ နောက် မစ္စတာအလီဂျင်းနားနဲ့ ပတ်သက်ပြီး ဆက်ပြောပြပြန်တယ် ဆိုပဲ – ဒါက –

မစ္စတာအလီဂျင်းနားဟာ အစက ဘဲဘောကွန်ဂရက်ပါတီမှာ အင်မတန်အားတက်သရော လုပ်ကိုင်ဆောင်ရွက်တဲ့အကြောင်း၊ ဟိန္ဒူတွေက ဖိနှိပ်လွန်းလို့ သူ့ခမျာ ထွက်သွားရကြောင်း ဘုံဘေမှာတောင် ဂျင်းနားဟောလ် Jinner Hall ဆိုတာ ရှိခဲ့တဲ့အကြောင်းတို့ကိုပါ ပြောပြသတဲ့။

**အရှေ့တောင်အာရှရှိပထမဆုံးကျင်းပတဲ့နိုင်ငံတကာကျောင်းသားများ ညီလာခံ**

မဒရပ်မြို့မှာ ကျင်းပမယ့် နိုင်ငံတကာ ကျောင်းသားအဖွဲ့ ညီလာခံဟာ ၁၆ ရာစုနှစ်နောက်ပိုင်း ပထမဆုံး ကျင်းပတဲ့ အရှေ့တောင်အာရှ ကျောင်းသားညီလာခံပါတဲ့၊ အာရှနဲ့ အရှေ့တောင်အာရှ နိုင်ငံတွေကို ဥရောပနယ်ချဲ့သမားတွေ သိမ်းပိုက်ပြီးတဲ့နောက် ပထမဆုံးကျင်းပတဲ့ ညီလာခံလို့လဲ ဆိုပါတယ်။

အဲဒီ အစည်းအဝေးကျင်းပနေတဲ့အချိန်ဟာ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ အခြေအနေကို တစေ့တစောင်း ကြည့်လိုက်မယ်ဆိုရင် ဗီယက်နမ်မှာ တက္ကသိုလ်ကျောင်းသားတွေနဲ့အတူ ပြည်သူ့လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ အချိန်ဖြစ်ပါတယ်၊ သီရိလင်္ကာနိုင်ငံနဲ့ မလေးရှားနိုင်ငံတွေမှာ တက္ကသိုလ်များကိုလဲ စတင်ပုံဖော်နေတဲ့အချိန်ပါ၊ အင်ဒိုနီးရှားရှိ တက္ကသိုလ်များဟာလဲ တစ်နိုင်ငံလုံးမှာ စုစုစည်းစည်း မရှိဘဲ ပြန့်ကျဲနေချိန်၊ ငါးနှစ်တိုင်တိုင် ဖက်ဆစ်ဂျပန်များက စစ်ရေးအရ ကျူးကျော်သိမ်းပိုက်တာကို ခံထားရတဲ့နိုင်ငံမို့လဲ `တက္ကသိုလ်ကျောင်းသားများဟာ စစ်ခိုးစစ်ငွေ့များ အောက်က ထွက်ပြူစအချိန်။

မြန်မာပြည်ဟာလဲ စစ်မြေပြင် နှစ်ကြိမ်တိုင်တိုင် အဖြစ်ခံလိုက်ရတဲ့အတွက် တက္ကသိုလ်များဟာ စစ်ဒဏ်ကို အလူးအလဲ ခံထားခဲ့ရတဲ့ ဘဝက နာလန်ထူမယ် ကြံပါသေးတယ်။

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင အဆောက်အအုံကြီးကို ဒုတိယကမ္ဘာစစ် ပြီးကာနီးမှာ ဂျပန်ရဲ့ ဒိုင်းနမိုက်နဲ့ ခွဲဖောက်ခြင်းခံရသောကြောင့် အတွင်းဖက်မှာ အတော်လေး ပျက်စီးသွားတယ်၊ အဲဒါကို ပြန်လည်ပြုပြင်နေချိန်။

တက္ကသိုလ်နယ်မြေတွင်းရှိ ဆရာဖြစ်သင် ကောလိပ်အဆောက်အအုံကြီးဟာ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၄ ခုနှစ်မှာ မဟာမိတ်တို့ရဲ့ ဗုံးဒဏ်ကြောင့် ပျက်စီးသွားပါတယ်။

ဒုတိယကမ္ဘာစစ်ကာလမှာ ဂျပန်ဖက်ဆစ်အောက်တွင် အရှေ့တောင်အာရှ နိုင်ငံများနည်းတူ မြန်မာနိုင်ငံ ပညာရေးဟာလဲ မည်မည်ရရမရှိ၊ ကျောင်း အဆောက်အအုံများ တက္ကသိုလ်အဆောက်အအုံများကို ဂျပန်စစ်ဖက်မှ သိမ်းထား တယ်။ ကျောင်းအဆောက်အအုံများ၊ ကျောင်းသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးသွား ပါတယ်။

မဟာမိတ်များ ဝင်လာတဲ့အခါ ရန်ကုန်မန္တလေးတက္ကသိုလ်နဲ့ ကောလိပ်များကို စစ်စခန်းလုပ်ထားတယ်။

အဲဒါကို ဖယ်ပေးဖို့ အရေးဆိုနေရတုန်း အချိန်ပေါ့။

အိန္ဒိယပြည်ရှိ ပြည်သူတွေဟာလဲ ဗြိတိသျှနှင့် မဟာမိတ်နိုင်ငံများရဲ့ စစ်အခြေခံ စခန်း လုပ်ထားခြင်းကို ခံခဲ့ရတဲ့အတွက် ပြည်သူတို့ စားဝတ်နေရေး တွေဟာ ခြိုးခြံခဲ့ရရုံမက ချွတ်ခြုံကျသွားရတဲ့ အခြေအနေမျိုးမှာ ရောက်ရှိခဲ့ပါတယ်၊ အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များဟာလဲ ပြည်သူတွေနဲ့အတူ ဒီစီးပွားရေးကပ်ဆိုးဒဏ်ကို အလူးအလဲ ခံရချိန်။

အဲဒီလို အချိန်များအတွင်းမှာပဲ ဒီအရှေ့အာရှ ကျောင်းသားများ ညီလာခံကို ကျင်းပတာပါ။

ဒီအစည်းအဝေးမှာ အရှေ့အာရှနိုင်ငံ တိုင်းပြည်တွေရဲ့ တူညီတဲ့ ပြဿနာရပ်များကို တင်ပြဆွေးနွေးမှာပါ၊ ဒါက ကျွန်ဘဝက လွတ်မြောက်ရေး အတွက် ရုန်းကန်တိုက်ပွဲဝင်နေတဲ့ ဘဝတူ တိုင်းပြည်များရှိတက္ကသိုလ်များက (Freedom Movements as Peace movements) ဆိုတဲ့ ဆောင်ပုဒ်အရ လွတ်လပ်ရေးတိုက်ပွဲအတွက် တူညီတဲ့ ပြဿနာများကို တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။

တက္ကသိုလ်များရဲ့ ကျွန်ပညာရေးစနစ်ကို အားလုံး ညှိနှိုင်းဆွေးနွေးကြပြီး သခင်ပညာရေး (ဝါ) အမျိုးသားပညာရေးစတစ်ဆီသို့ ရှေးရှုချီတက်ရေး လမ်းကြောင်းကို ဖော်ထုတ်ရန် ဖြစ်ပါတယ်။

တက္ကသိုလ်ကျောင်းများ ပြန်လည်ထူထောင်းရေးအတွက် အချင်းချင်း ရိုင်းပင်းကူညီရေးအတွက် ဆောင်ရွက်စေမယ့် အရှေ့အာရှကျောင်းသားညီလာခံ ဖြစ်ပါတယ်။

ဒီတက္ကသိုလ်ကျောင်းသားများဟာ မိမိတို့ တိုင်းပြည်များ နယ်ချဲ့ ထမ်းပိုး အောက်က လွတ်မြောက်ရေးအတွက် ရှန်းကန်းတိုက်ပွဲဝင်ဖို့ ဆောင်ရွက်ကြရမှာ ဖြစ်ပါသတဲ့။

ဒီကျောင်းသားညီလာခံ သဘင်ကို မြန်မာပြည်က အစိုးရကိုယ်စားလှယ် ဆရာကြီး ဦးရာဇတ်နဲ့ ကျောင်းသားကိုယ်စားလှယ် (၈) ဦးပေါင်း (၉) ဦး၊ အင်ဒိုနီးရှားမှ (၄) ဦး ၊ အိန္ဒိယက (၃၄)ဦး၊ အိန္ဒိယတက္ကသိုလ် ဆရာများနဲ့ အိန္ဒိယတောင်ပိုင်း ကျောင်းသားများသမဂ္ဂကိုယ်စားလှယ် နှစ်ရပ်ပေါင်းက (၁၀) ဦး၊ သီရိလင်္ကာက ကိုယ်စားလှယ် (၂) ဦး၊ မလေးရှားက တစ်ဦး၊ ဗီယက်နမ် (၂) ဦး စသည်တို့ ဖြစ်ပါတယ်။

ဧည့်သည်တော်အဖြစ် ချက်ကိုစလိုဗေးကီးယားက (၃) ဦး၊ ပြင်သစ်က (၁) ဦး၊ ဟော်လန်က (၁) ဦး၊ အမေရိကန်က (၂) ဦး တို့ ဖြစ်ကြပါတယ်။

ကျောင်းသားကိုယ်စားလှယ်တွေ အားလုံး စုံတဲ့အခါမှာ ကော်မရှင်အဖွဲ့ များကို ဖွဲ့လိုက်ပါတယ်၊ ဒီအဖွဲ့တွေထဲမှာ အထက်ဖော်ပြပါ အရှေ့တောင်အာရှ က တက်ရောက်လာတဲ့ ကျောင်းသားကိုယ်စားလှယ်တွေနဲ့ ဖွဲ့တာပါ၊ ကော်မရှင်အဖွဲ့ (၉) ဖွဲ့ရှိပါတယ်။

**Programme of the Conference**

**Theme: Freedom Movements as Peace Movements.**

| June 1947 | 9-12 | 3-5 | 7 |
|---|---|---|---|
| Wednesday 11th | SESSION 1<br>1. *Expansion of University Education*<br>i. R. Varma (India)<br>ii. Soegiono (Indonesia)<br>2. *Technological Versus general University Education*<br>i. T. Wickremasinghe (Ceylon)<br>ii. Tran Van Luan (Viet-Nan)<br>iii. S.A Abisegam (Malaya).<br>iv. Luan Bin (Siam)<br>3. *Student Movements and Student Organization*<br>i. A. Bhattacharya (India)<br>ii. Ko Than Maung (Burma) | Commissions | ADDRESS<br>'Freedom Movements as Peace Movements'<br>Hon. Abdul Razzak *minister of Education (Bruma)* |
| Thursday 12th | Commissions | Report to Plenary Session | |
| Friday 13th | SESSION 2<br>1. *Social Transformation*<br>i. Khalid bin Sayeed<br>2. *Cultural Autonomy and Political Unity*<br>i. H. Mukherji<br>3. *University Curricula and Social Sdructure*<br>i. U. Ba | Commissions | 'Freedom Movements as Peace Movements'<br>Mr. Bashir Ahmed Sayed *(India)* |
| Saturday 14th | Commissions | Report to Plenary Session | |
| Sunday 15th | SESSION 3<br>1. *I.S.S Programme in S.E. Asia*<br>i. Relief programme Ubani<br>ii. *Cultural programme R.Ragasighan*<br>iii. Organisation and Policy of I.S.S in S.E. Asia M.S. Adiseshiah | Commissions | 'Freedom Movements as Peace Movements' |
| Monday 16th | Report to Plenary Session | Closing Meeting | |

# APPENDIX

## PRINCIPLES OF THE I.S.S

International Student Service will promote and defend the following principles which correspond to the real needs of the international university community:—

(A) The sincere and disinterested research for truth which implies:—

(1) a creative thought and a critical and many-sides approach to all results reached and all theories generally accepted;

(2) resistance to all external pressure liable to hinder freedom of study.

(B) The training of men and women with a wide and coherent view of human culture and a sense of their responsibilities within society which implies:

(1) a harmonious balance between professional training and true scholarship;

(2) the development of human culture on the national and international plane;

(3) an active concern for social realities.

(C) University community, which implies;

(1) that no one should be held at a disadvantage in the university on account of factors of race, nationality, wealth, sex or political or religious conviction, while recognizing the place, within the wider community, of foundations representative of particular groups, religious, racial or other;

(2) that material resources should be provided to ensure the widest access to the university according to merit;

(3) the strengthening of community life among students, between teachers and students, and between students and the whole of the society of which they form part, in such a way as to ensure their full development as members of the university,

(4) that a real spirit of understanding and collaboration should be fostered between the university community of all nations;

(5) that the university has a right and a duty to protect itself against the infiltration of elements whose aim is the destruction of the principles laid down in this declaration.

ကျောင်းသားကိုယ်စားလှယ်တွေအားလုံး စုံတဲ့အခါမှာ ကော်မရှင်အဖွဲ့များကို ဖွဲ့လိုက်ပါတယ်၊ ဒီအဖွဲ့တွေထဲမှာ အထက်ဖော်ပြပါ အရှေ့တောင်အာရှက တက်ရောက်လာတဲ့ ကျောင်းသားကိုယ်စားလှယ်တွေနဲ့ ဖွဲ့တာပါ၊ ကော်မရှင်အဖွဲ့ (၉)ဖွဲ့ ရှိပါတယ်။

အဖွဲ့ (၁) တက္ကသိုလ်ပညာရေးစနစ် တိုးချဲ့ခြင်း
The Commission Extension on of University Education.

အဖွဲ့ (၂) အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးနှင့် အထွေထွေတက္ကသိုလ်ပညာရေးစနစ်ကို နှိုင်းယှဉ်ခြင်းဆိုင်ရာအဖွဲ့။
Technological Versus General Education

အဖွဲ့ (၃) ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသားအဖွဲ့အစည်းများ။
Student-movement and Student organizations.

အဖွဲ့ (၄) လူမှုဘဝပြောင်းလဲခြင်း။
Sicial Transformation.

အဖွဲ့(၅) ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်မှုနှင့် လူမှုဘဝ စုစည်းမှု။
Cultural Autonomy and Social Unity.

အဖွဲ့(၆) ပညာရေးညွှန်းတမ်းနဲ့ လူမှုအဖွဲ့အစည်း။
Curriculum and Social Structure

အဖွဲ့(၇) အရှေ့တောင်အာရှ ကျောင်းသားအဖွဲ့ရဲ့ အထွေထွေအုပ်ချုပ်ပုံနည်းစနစ်။
General Policy of I.S.S in S.E Asia.

အဖွဲ့(၈) ကျောင်းသားအဖွဲ့ ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်။
I.S.S Cultural Programme.

အဖွဲ့(၉) နိုင်ငံတကာ ကျောင်းသားအဖွဲ့ သက်သာချောင်ချိရေး အစီအစဉ်။
I.S.S Relief Programme.

အဲဒီလို အဖွဲ့ (၉) ဖွဲ့ ရှိတဲ့အနက်-

အဖွဲ့(၁)မှာ ဒေါ်ခင်သိန်းက အတွင်းရေးမှူး,

အဖွဲ့(၃)မှာ ကိုသန်းမောင်က သဘာပတိ

အဖွဲ့(၆)မှာ ဒေါ်ခင်သိန်းက သဘာပတိ

အဖွဲ့(၇)မှာ ကိုသန်းမောင်က အတွင်းရေးမှူး

အဖွဲ့(၈)မှာ ကိုဘဆက်က သဘာပတိ

အဲဒီလို မြန်မာပြည်ကျောင်းသားများက သက်ဆိုင်ရာ အဖွဲ့တွေမှာ သဘာပတိတာဝန်အဖြစ် အတွင်းရေးမှူးတာဝန်အဖြစ် ရွေးချယ်တာဝန်ပေးခြင်း ခံရပါတယ်၊ ကျန်တဲ့သူတွေကတော့ သက်ဆိုက်ရာအဖွဲ့တွေမှာ အဖွဲ့ဝင်တွေ ဖြစ်ပါတယ်။

**အာရှတောင်အာရှ ညီလာခံစတင်ဖွင့်ခြင်း**

ဒီနိုင်ငံတကာ ကျောင်းသားအဖွဲ့ရဲ့ညီလာခံအစီအစဉ်ကို ဖော်ပြရမယ်ဆိုရင်-

အရှေ့တောင်အာရှဒေသ နိုင်ငံတကာကျောင်း သားအဖွဲ့ရဲ့ညီလာခံကို ၁၉၄၇ ခု ဇွန်လ (၁၀) ရက်နေ့ ညနေ (၄)နာရီမှာ အန္တိယပြည် မဒရပ်မြို့ ဗန်ကွက်ဆင် (Banqueting Hall) ခန်းမမှာ ကျင်းပပါတယ်။

ညီလာခံဖွင့်ပွဲကို ၁၉၄၇ ခု၊ ဇွန်လ (၁၀)ရက် အင်္ဂါနေ့ ညနေ (၄) နာရီ (၃၀) မိနစ်မှာ ဖွင့်ပါတယ်၊ အခမ်းအနားမှူးကို အိုမန်ဒါရတန္တနာရာမာဆွာမိရက်ဒီယား (Hon. Omandur P.Ratnaswamy Reddier)နဲ့ ညီလာခံ သဘာပတိက ဒေါက်တာဇာကီရ်ဟူစိန် (Dr. Zakir Hussein)ပါ၊ (သူဟာ နောင်အခါမှာ အိန္ဒိယပြည်ရဲ့ သမ္မတဖြစ်လာသူပါ)

ဒီညီလာခံပွဲတော်ကို လုပ်ရိုးလုပ်စဉ်ဖြစ်တဲ့ မနက်ပိုင်းမှာ စတင်ပြီး အခမ်းအနားဖွင့်တာမျိုး မဟုတ်ဘူး၊ ညနေ (၄) နာရီမှာ ဖွင့်ပါတယ်၊ အဲဒါ ကျွန်တော်တို့ မြန်မာပြည်မှာဆိုရင် လုပ်ရိုးလုပ်စဉ်မဟုတ်တော့ ဆန်းမနေပေဘူးလား။

(၁)ဒေါက်တာဘီးဗွီဗာနာရာယာနာဆွာမိနေဒူး (Dr.B.V. Narayana Swamy Naidu) ညှိခံကြိုဆိုရေး ကော်မတီက သဘာပတိမိန့်ခွန်းကို ပြောကြားပါတယ်၊ အဲဒီနောက်၊ တီအက်စ်အက်စ်အဗနာရှိလင်န်ဂမ်ချစ်တီးယား (Hon.T.S.S. Avanashilingam Chettiar) မဒရပ်အစိုးရရဲ့ ပညာရေး ဝန်ကြီးက မိန့်ခွန်းပြောပါတယ်၊ ပညာရေးဝန်ကြီး မိန့်ခွန်ခြွေပြီးတဲ့နောက် အိုမန်ဒါရတန္တနာရာမာဆွာမိရက်ဒီယား မိန့်ခွန်းပြောပါတယ်၊ နောက်ဆုံးမှာ ဒေါက်တာ အက်စ်အက်စ်အဒီရှိအာက နိုင်ငံတကာ ကျောင်းသားအဖွဲ့ရဲ့ လုပ်ငန်းတာဝန် များကို ပြောကြားပါတယ်။

အဲဒီနောက် (၁၀)ရက်နေ့ အခမ်းအနားကို ရပ်နားလိုက်ပါတယ်။

(၁၁) ရက်နေ့ မနက်ပိုင်းမှာ အခမ်းအနားကို ပြန်စပါတယ်၊ အခမ်းအနားစတာနဲ့ တစ်ပြိုင်နက် ကော်မရှင်အဖွဲ့ (၁) (၂) နဲ့ (၃) တို့ရဲ့ အခန်းကဏ္ဍကို ဆွေးနွေး ကြပါတယ်။ မနက်ပိုင်း ကော်မရှင်တွေ ညှိနှိုင်းတိုင်ပင် ဆွေးနွေးတဲ့အခါမှာ ကော်မရှင်အဖွဲ့ (၃) ရဲ့ သဘာပတိဖြစ်တဲ့ မြန်မာပြည်က ကိုသန်းမောင်က မြန်မာပြည်ရဲ့ တက္ကသိုလ်ကျောင်းသားများ လှုပ်ရှားမှု အခြေအနေတွေကို ဟောဒီလို တင်ပြထားပါတယ်။ အင်္ဂလိပ်ဘာသာစကားနဲ့ပါ။

* THAN MAUNG (Burma) gave an account of the student movement in Burma As in the other colonial

---

၁ Extract from" Freedom movements. Madras 1947. International Student Service (The First South East Asian Regional Conference) Page 7.

courtres,students of Burma have relised that until and unless their country is free and independent, they can never enjoy the fruits of real education. That is why they have had to be the torch bearers of Burma's Freedom Movement.

The real beginning of Burma's student movement can be put in 1920, when students of Rangoon College went on strike is still celebrated annually as the National Day.In 1936, the Rangoon University students presented a memorandum of 10 points,for better conditions in the university,and went on strike for supporting it. During the war and the Jupanese occuoation, when the universities broke down under Fascist terror, students took direct and active part in the national resistance struggle,Burma's leaders of today are the students of yesterday. General Aung San, Thein Pe, Thakin Nu and others, for instance.

Today the students of Burma know that their country is greatly in need of doctor, engineers and scientistes.But they know also that so long as they are subjugated, ther is no hope for them of a better education. They know that in this nationl struggle they have to align themselves with the workers and peasants the best and most powerful forces of Burma today in this national struggle. They are keen also establishing contacts with student movement in other colonial countries as well as of the democratic countries of the world.

And thus they can estiblish the full independence of their country, they can transform the university system from a colonial into a nationnal basic so that these universities can be really accessible to the peasants and workers, and the teaching methods and university curriculaum be improved in order to serve the real needs of the Burmese people. The Burma universities should no longer be clerk producing factories.

အထက်ပါကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ ကိုသန်းမောင်ရဲ့ အစီရင်ခံစာကို မြန်မာလို အောက်တွင် ထပ်မံဖော်ပြလိုက်ပါတယ်– (ကျမ်းပြုသူ)

**ကိုသန်းမောင်ရဲ့ အစီရင်ခံစာ**

မြန်မာနိုင်ငံမှ ကိုသန်းမောင်က မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဤသို့ ဆက်လက်ပြောကြားခဲ့သည်။အခြားသော ကိုလိုနီနိုင်ငံများမှာကဲ့သို့ပင် မြန်မာနိုင်ငံ ကျောင်းသာများအနေနှင့် သူတို့တိုင်းပြည် လွတ်လပ်ရေးမရသေးသမျှ စစ်မှန်သော တကယ့်ပညာရေး၏ အသီးအပွင့်များကို ခံစားနိုင်ကြလိမ့်မည် မဟုတ်ကြောင်း ကောင်းစွာ သဘောပေါက် နားလည်ကြသည်။ ထို့ကြောင့်ပင် သူတို့သည် မြန်မာ့ လွတ်လပ်ရေး လှုပ်ရှားမှု၏ မီးတုတ်ကိုင်ဆောင်သူများ ဖြစ်ကြလိမ့်မည်ဟု ယူဆထားကြပေသည်။ မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှု၏ အစမှာ တက္ကသိုလ် ဥပဒေကို သပိတ်မှောက်ဆန္ဒပြခဲ့ ကြသည့် ရန်ကုန်ကောလိပ် ကျောင်းသားများ၏ ၁၉၂၀ ပြည့်နှစ် အရေးအခင်းဖြစ် သည်ဟု ဆိုနိုင်ပါသည်။ ထိုနေ့ကို နှစ်စဉ် အမျိုးသားနေ့အဖြစ် ဆင်ယင် ကျင်းပ လျက် ရှိပါသည်။ ၁၉၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် တက္ကသိုလ်တွင် အခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် အချက်(၁၀)ချက်ပါ တောင်းဆိုချက်များကို ထောက်ခံသောအားဖြင့် သပိတ်မှောက်ခဲ့ကြပါသည်။ စစ်အတွင်းနှင့် ဂျပန်လက်အောက် ကျရောက်ခဲ့စဉ်အတွင်း တက္ကသိုလ်များပိတ် ထားခဲ့သည်ဖြစ်ရာ ကျောင်းသားများသည် အမျိုးသားတော်လှန်ရေးတိုက်ပွဲတွင် တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယနေ့ မြန်မာနိုင်ငံ၏ ခေါင်းဆောင်များသည် အတိတ်က ကျောင်းသားခေါင်းဆောင်များ ဖြစ်ကြသည်။ ဥပမာ ဗိုလ်ချုပ် အောင်ဆန်း၊ ဦးသိန်းဖေ၊ သခင်နုနှင့် အခြားသူများ။

ယနေ့ မြန်မာနိုင်ငံ ကျောင်းသားများသည် သူတို့တိုင်းပြည်တွင် ဆရာဝန်များ၊ အင်ဂျင်နီယာများနှင့် သိပ္ပံပညာရှင်များ အလွန်အမင်းလိုအပ်လျက်ရှိသည်ကို သိနားလည်ကြသည်။ သို့သော် သူ့ကျွန်ဘဝမှ မလွတ်မြောက်မချင်းပိုမိုကောင်းမွန် သောပညာရေးအတွက် မျှော်လင့်ချက်မရှိကြောင်းကိုလည်း ကောင်းစွာ သိနားလည်ထားကြသည်။ ဤအမျိုးသားရေးတိုက်ပွဲတွင် မြန်မာနိုင်ငံ၏ အကောင်းဆုံး နှင့် အင်အားအရှိဆုံး အင်အားစုများဖြစ်ကြသည့် အလုပ်သမားများနှင့် ကျောင်းသားတို့ လက်တွဲတိုက်ပွဲဝင်ရမည်ကို သူတို့သိနားလည်ထားကြသည်။ အခြားကိုလိုနီနိုင်ငံ များနှင့် ကမ္ဘာ့ ဒီမိုကရေစီနိုင်ငံများမှ ကျောင်းသားလှုပ်ရှားမှု များနှင့်လည်း အဆက် အသွယ်ရယူရန် သူတို့ စိတ်အား ထက်သန်လျက် ရှိကြသည်။ ဤနည်းအားဖြင့် လုံးဝ လွတ်လပ်ရေးကို ရရှိအောင် လုပ်ဆောင်ပြီး နောက် တက္ကသိုလ်စနစ်ကို ကိုလိုနီ အခြေခံမှ အမျိုးသားအခြေခံသို့ ပြောင်းလဲပစ်

ခြင်းအားဖြင့် တက္ကသိုလ်များသည် အလုပ်သမား၊ လယ်သမားများအတွက် လမ်းပွင့်စေလျက် တက္ကသိုလ်သင်ကြားမှု ညွှန်တမ်းနှင့် နည်းနှစ်[၁]များကို မြန်မာပြည်သူတို့၏ တကယ့်လိုအပ်ချက်များကို အလုပ်အကျွေးပြုနိုင်ရန် ဖြစ်ပေါ်တိုးတက်စေရမည် ဖြစ်သည်၊ မြန်မာတက္ကသိုလ်များ သည် ရုံးစာရေးထုတ်လုပ်သည့် စက်ရုံများအဖြစ်ဖြင့် ဆက်လက်တည်ရှိရန် မသင့်တော့ပေ။

ညနေပိုင်းကျတော့ ပုဂ္ဂိုလ်အကျော်အမော်(၄)ဦးက မိန့်ခွန်းပြောကြားကြပါတယ်။ ညနေပိုင်း အခမ်းအနားစလျှင် စချင်း မြန်မာပြည်က ပညာရေးဝန်ကြီးနဲ့ အမျိုးသားစီမံကိန်း ဝန်ကြီးဌာနဝန်ကြီး ဦးရာဇတ် (ဆရာကြီး ဦးရာဇတ်)က အင်္ဂလိပ်လို မိန့်ခွန်းမြွက်ကြားခဲ့ပါတယ်။

ဝန်ကြီးရဲ့ မိန့်ခွန်းအပြည့်အစုံက -

FREEDOM MOVEMENTS AS PEACE MOVEMENTS

HON'BLE A. RAZAK

I come from a land where a people, happy in their independence, not seriously interruped since the dawn of history, lost their sovereignty 61 years ago and have been striving ever since to regain it. We are all now meeting in a great country whose sovereignty has likewise been expropriated, though a longer time than Burma, and which at last is on the eve of freedom and independence after a fight lasting through many decades and after the people had undergone immeasurable physical and mental suffering in the cause of freedom. In the great non-Co-operation Movement inaugurated by Mahatma Gandhi in 1930, thousands of men and women and even children suffered assault and imprisonment for the cause of freedom, and since then the undaunted Indian people have been fighting incessantly for their freedom till at last their cause is won.

Elsewhere in the East we see the same struggle with

---

၁ Extract from" Freedom movements. Madras 1947. International Student Service (The First South East Asian Regional Conference) Page 54-8.

varying success and at different stages In my own country, Burma, fortunately, we like India, are on the eve of success The Philippines have gained their independence Indonesia is nearing success. French Indo China is in the throes of armed revolt, while Korea, after years of suffering under the Japanese, has been divided under the guardianship of the United States and Russia, through there is hope for her ultimate independence. Further west we see Egypt striving to shake of the last bonds of subjugation to a western power, while Madagascar is in the throes of revolt and the call for freedom is moving the minds and hearts of the subject countries of North Africa.

Almost everywhere the fight for freedom seems to evoke violence-violence certainly on the part of the conqueror to conserve his illegal gains and to stem the tide of revolt, and violence also on the part of the conquered and the subdued to regain the freedom which is man's birthright. Everywhere history has proved that the conquest of one country by another, saving the rare exception where the conquering race has merged with the conquered to form a new nation, means as unstable equilibrium, leading sooner or later to bloodshed and wars of revolt; for the instinct of freedom is the truest and deepest of human instincts. The Tartar conquest of eastern Europe, the Ottoman conquest, the conquest of Spain and Portugal by the Moors and the subjugation of the Netherlands by Spain all led in the end to violent revolt.

It is a terrible blot on the history of mankind that nation should seek to enslave nation and that the conscience of the world should have permitted for so many centuries the subjugation of one country by another the reduction of

the conquered to the status of salves. In later days, the partial awakening of the conscience of the world prevented conquered peoples from actually becoming slaves but they were nevertheless enslaved mentally and economically in spite of whatever degree of personal freedom they may have been permitted to enjoy by the conquering power.

It took two great world wars totally to awake the conscience of the world. What was the cause of the first World War ? You may say the murder of the Archduke Francis Ferdinand at Serajevo in 1914 or give any or give any of the other proximate causes. The real cause, of course, was the system of territorial conquests which the nations of Europe permitted themselves at the expense of other parts of the world. Over-populated Europe sought space in other lands. The great sea-faring race, the Portuguese, founded an empire; Spain also founded a great empire which she afterwards lost because gold from the Americas made it unnecessary for her people to work and they degenerated in consequence The Dutch founded a great empire which still remains under contest in the two thousand islands of the East Indies. The French and the English fought for supremacy in India and the French, expelled from India except for a few towns, went further east to found an empire in Indo-China. The British were somewhat late as empire-builders but nevertheless founded the greatest empire which the world has ever seen now contracting with the independence nearly attained by India and Burma China escaped because the western powers could not agree on the division of the spoils. Africa the western powers divided among themselves and even the last surviving country, Abyssinia, fell ultimately under the yoke of Italy from which she has happily now been released. Germany was a late comer in the conquest for empre because until comparatively recently she was a collection of numverous states. With her consolidation in to an empire by Bismarck she joined in the race for colonial possessions but found herself too late except in Africa and even there she received only a small share. Italy.

another late entrant into the game, was also in time only for small slices of Africa. So long as the conscience of the world permits these conquests, the 'have-nots' will try to grab shares from the 'haves'. The real cause of the first World War was therefore the desire of Germany for expension and for colonial possessions the hope to conquer all Europe and perhaps in time all the world. The second World War arose from the same real cause, Germany being this time impregnated not only by a lust for conquest but also by the Nasi doctrine of the chosen race. Germans believed that they were born to conquer the world and to rule over other countries. Italy, under a Fascist regime, allied herself with Germany to share in the plundering of the world, and the Japanese, another nations impregnated with the doctrine of the chosen race, acted with the same motives in the east. The result in both these wars was terrible human suffering, millions of lives lost, millions mained, millions starved to death, misery and destruction of wealth from which the world has yet to recover.

Is it not clear from the facts I have recounted that the enslavement of one nation by another, the deprivation of human liberties by conquest, so long as they are permitted by the conscience of the world, must lead to greedy and ambitious nations striving for material power and for armaments in order to be able to conquer and subjugate other nations? If war is to be prevented in future it can only by the conscience of the world forbidding the enslavement of one country by another. Happily, that conscience is awakening as we see from the enlightend policy of the present government of the United Kingdown and from the impact of world opinion on the actions of the Dutch, even on the actions of the French, though the war of liberation in Indo-China is not yet at an end.

Nations which fight for their freedom, as all self-respecting nations must do, are fighting against a condition of

affairs which must destroy the prospects of world peace. Stable equilibrium will be attained in the world only when each nation is allowed to rule itself and to manage its own affairs, but is forbidden to encroach on the liberties of other nations. All subject nations who strive for their liberties of other nations. All subject nations who strive for their liberties are fighting to that end, for the freedom of all nation, for the ultimate happiness of the world and for perpetual peace when every nations is free and is restrained by the opinion of all nations from impinging on the rights and liberties of other nations. The fight for liberty is therefore the fight for peace and it is in this spirit that we now find a new world organisation, the United Nations, whose objective is the freedom and self-determination of all nations, the abolition of war and the peaceful settlement of all international disputes by discussion and by arbitration.

What I have said of nations applies also to classes of people. For so long as one class of people dominate other classes, for example, when unbridled capitalism is allowed to exploit unorganised labour, there will be no freedom. It is only when there is class equilibrium, when each class takes its proper share of the profits of industry and disputes are settled by the conciliation and arbitration of impartial tribunals, that in this field also we can hope for peace. Class freedom and equality make for social and industrial peace and for so long as there is exploitation of class by class, it is right for the exploited to fight for their freedom. Here also the fight for freedom is the fight for peace, for the ultimate peace that will come when all classes, peoples and individuals are free and unexploited.

Let us from this hall and from this historic conference send a message of hope and greeting to all nations which are fighting for freedom, whether the fight is a moral one or a physical one, and Mahatma Gandhi has proved in India how great a weapon is that of non-Violent non-cooperation.

However and wherever the fights may be all who fight for their liberties are entitled to the sympathy of the world, for as I have ventured to prove, the fight for liberty is the fight for peace. Only when there is universal liberty in the world, will there be universal peace. And like peace, liberty is indivisible. If in the world there remain peoples subject to other peoples, nations enslaved to other nations, classes enslaved to other classes, then the liberty of the world, the liberty of mankind, is impaired, and the possibility of universal peace threatened. So let us from here convey our sympathy for all who are fighting for freedom, and wish them early success, so that the world may the sooner consist only of free and sovereign nations willing to respect one another's rights and liberties so that there may be just one world, a world of liberty-loving and peace-loving nations, for withour liberty there can be no peace.

အထက်ပါပညာရေးနှင့် အမျိုးသားစီမံကိန်း ဝန်ကြီး ဦးရာဇတ် မိန့်ခွန်းကို အောက်တွင် မြန်မာလို ပြန်ဆိုရေးသား ဖော်ပြလိုက်ပါတယ် (ကျမ်းပြုသူ)။

## လွတ်လပ်ရေးလှုပ်ရှားမှုသည် ငြိမ်းချမ်းရေး လှုပ်ရှားမှုများ ဖြစ်သည်

ဂုဏ်ပြုအပ်သော ဝန်ကြီး–အေ၊ ရာဇတ်

ကျူပ်လာခဲ့တဲ့ တိုင်းပြည်က ပြည်သူတွေဟာ သူတို့ရဲ့ လွတ်လပ်တဲ့ဘဝမှာ ပျော်ရွှင်စွာ နေခဲ့ကြရာက သမိုင်းဦးအစကတည်းက အဲဒီ လွတ်လပ်ရေးကို ထိထိရောက်ရောက် အနှောင့်အယှက်ခံရခြင်း မရှိဘဲ နေခဲ့ကြရာက လွန်ခဲ့တဲ့ (၆၁)နှစ်လောက်ကမှ သူတို့ရဲ့ အချုပ်အခြာ အာဏာ ဆုံးရှုံးခံခဲ့ရတဲ့အတွက် အဲဒီ ကတည်းက အချုပ်အခြာ အာဏာ ပြန်လည်ရရှိအောင် ကြိုးပမ်းလုပ်ဆောင်နေကြ သူတွေ ဖြစ်ပါတယ်။

ကနေ့ ကျူပ်တို့အားလုံး တွေ့ဆုံနေကြတာဟာ ကြီးမြတ်တဲ့ နိုင်ငံကြီး တစ်နိုင်ငံမှာ ဖြစ်တယ်။ အဲဒီနိုင်ငံကြီးဟာလဲပဲ မိမိရဲ့

အချုပ်အခြာ အာဏာကို ဆုံးရှုံးခံခဲ့ရတာကတော့ ကျုပ်တို့ မြန်မာနိုင်ငံလို ပါပဲ၊ ဒါပေမယ့် အဲဒီနိုင်ငံကြီးက မြန်မာပြည်ထက် ပိုပြီးတော့ ကျွန်သက်ရှည်ခဲ့တယ်၊ လွတ်လပ်ရေးအတွက် အဲဒီ နိုင်ငံ ပြည်သူတွေဟာ ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာပါ အတိုင်းအတာမသိနိုင်အောင် ဆင်းရဲဒုက္ခခံခဲ့ကြရပြီးတဲ့နောက် နှစ်ပေါင်းများစွာကြာမြင့်အောင် တိုက်ပွဲ ဆင်နွှဲခဲ့ကြရတဲ့အတွက် လွတ်လပ်ရေးဟာ လက်တစ်ကမ်းမှာ ရောက်ရှိနေပါပြီ။ ၁၉၃၀ ပြည့်နှစ်မှာ မဟတ္တမဂန္ဒီ ဦးဆောင်ဆင်နွှဲခဲ့တဲ့ အစိုးရနှင့် မပူးပေါင်းရေး မဟာလှုပ်ရှားမှုကြီးအတွင်းမှာ ထောင်ပေါင်း များစွာသော ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များပါမကျန် လွတ်လပ် ရေးအတွက် ရိုက်နှက်ခြင်း၊ အကျဉ်းချထား ခြင်းတို့ ခံခဲ့ကြရပါတယ်။ အဲဒီကတည်းက ဒူးမထောက် လက်မမြှောက်တဲ့ အိန္ဒိယပြည်သူတွေဟာ သူတို့ လွတ်လပ်ရေးအတွက် စဉ်ဆက်မပြတ် တိုက်ပွဲ ဆင်နွှဲခဲ့ကြတာ ဟာ နောက်ဆုံး အောင်ပန်းဆွတ်လှမ်းနိုင်သည် အထိ ဖြစ်ပါတယ်။

ကမ္ဘာ့အရှေ့ခြမ်းရဲ့ တခြားဒေသတွေမှာလဲ အလားတူ တိုက်ပွဲ မျိုးကို ကျုပ်တို့ တွေ့နေကြရပါတယ်။ ရောက်ရှိနေတဲ့ အဆင့်နှင့် အောင်မြင်မှု အတိုင်းအတာကတော့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူ ခြားနားကွဲပြားလျက်ရှိနေကြတာပေါ့၊ ကျုပ်တို့ မြန်မာနိုင်ငံမှာတော့ ကံအားလျော်စွာပဲ အိန္ဒိယနိုင်ငံလို အောင်မြင်မှုကို ရလုနီးနေပါပြီ။ ပြင်သစ်၊ ဖိလစ်ပိုင်ဟာဆိုရင် လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ပြီး ဖြစ်ပါတယ်၊ အင်ဒိုနီးရှားဟာလဲ အောင်ပွဲနှင့် နီးကပ်နေပါပြီ။ အင်ဒိုချိုင်း နားဒေသမှာတော့ လက်နက်ကိုင် တော်လှန်မှုများ ဖြစ်ပွားနေပါတယ်၊ ဂျပန်လက်ထက်မှာ နှစ်ပေါင်းများစွာ ဒုက္ခရောက်ခဲ့ရတဲ့ ကိုရီးယားဟာ လဲပဲ အမေရိကနှင့် ရုရှတို့ရဲ့ အုပ်ထိန်းမှုအောက်ကို နှစ်ပိုင်းခွဲပြီး ရောက်ရှိနေရပေမယ့် လုံးဝလွတ်လပ်ရေး ရရှိလိမ့်မယ်လို့ မျှော်လင့်ရပါ တယ်၊ အနောက်ဘက်ကို ဆက်ပြီး ကြည့်လိုက်ရင် အီဂျစ်ဟာ ဥရောပအင်အားကြီးနိုင်ငံရဲ့ ကျွန်ပြုမှု အနှောင်အဖွဲ့ရဲ့ နောက်ဆုံးသံကြိုး ကွင်းဆက်ကို ကြိုးစား ဖြတ်တောက်လျက်ရှိနေတာကို တွေ့ရပါတယ်။ မာဒါဂတ်စကာကျွန်း မှာတော့ တော်လှန်ပုန်ကန်မှုတွေ ပေါ်ပေါက်နေ ပါပြီ၊ အာဖရိက မြောက်ပိုင်းရှိ မလွတ်လပ်သေးတဲ့ နိုင်ငံတွေမှာ

လွတ်လပ်ရေးအတွက် တပ်လှန့်နိုး လိုက်တဲ့ အသံဟာ လူတွေရဲ့ စိတ်ထား နှလုံးသားတွေကို လှုပ်ရှားတက်ကြွ စေလျက် ရှိနေပါတယ်။

နေရာဒေသတိုင်းလိုလိုမှာပဲ လွတ်လပ်ရေးအတွက် တိုက်ပွဲဟာ ပြင်းထန်တဲ့ ဖြစ်ရပ်တွေကို ဖြစ်ပေါ်စေခဲ့ပါတယ်လို့ ထင်မြင်ရပါတယ်၊ ပိုမိုသိမ်းပိုက်ထားသူ တွေက သူတို့ရဲ့ မတရားရယူထားတဲ့ အမြတ်အစွန်း တွေကို ဆက်လက်ထိန်းသိမ်းထားရှိဖို့နှင့် တော်လှန်မှု ဒီရေကို ဟန့်တားဖို့ကြိုးစားရာကနေ ပြင်းထန်တဲ့ တိုက်ပွဲ တွေ ပေါ်လာတာက တော့ သေချာပါတယ်၊ အဖိနှိပ် အစိုးမိုးခံထားရတဲ့ သူတွေ အနေနှင့်လဲ လူသားတို့ရဲ့ မွေးရာပါ အခွင့်အရေးဖြစ်တဲ့ လွတ်လပ်ခွင့်ကို ပြန်လည်ရရှိ အောင် လုပ်ဆောင်ရာမှလဲ ပြင်းထန်တဲ့ တိုက်ပွဲတွေ ပေါ်ပေါက်လာခဲ့ ပါတယ်။ နေရာတကာမှာ သမိုင်းက သက်သေပြနေတာက တစ်တိုင်း ပြည်က အခြားတစ်တိုင်းပြည်ကို တိုက်ခိုက်သိမ်းပိုက်ထားရှိမှုဟာ မတည်ငြိမ်မှုကို ဖြစ်ပေါ်စေပါတယ်။ (ကြုံတောင့်ကြုံခဲခြွင်းချက်အနည်း ငယ် အနေနဲ့ကတော့ အောင်နိုင်သူ လူမျိုးနှင့် အောင်နိုင်ခံရ သူ လူမျိုးတို့ ပူးပေါင်းမိကြပြီး နိုင်ငံသစ်တစ်ရပ် ထူထောင်ကြတာမျိုးပဲ ဖြစ်ပါတယ်) ဒီလို မတည်မငြိမ်ဖြစ်ရာကနေပြီး အနေးနှင့်အမြန်ဆိုသလို သွေးထွက်သံယိုမှုတွေ၊ တော်လှန်စစ်တွေ ဖြစ်ပွားလာတတ်ကြပါတယ်။ ဒါဟာဘာကြောင့်လဲဆိုတော့ လွတ်လပ်မှုဆိုတဲ့ အသိဟာ လူသားတွေရဲ့ ပင်ကို အခြေခံအသိတွေထဲမှာ အမှန်ကန်ဆုံးနှင့် အနက်ရှိုင်းဆုံး အသိတစ်ရပ် ဖြစ်နေလို့ပါပဲ။ အရှေ့ဥရောပကို၊ တာတာတွေက အောင်နိုင်သိမ်းပိုက်ထားခဲ့တာတွေ၊ အော့တိုမန် (တူရကီ) အောင်နိုင် သိမ်းပိုက်မှုနှင့် မူးရ်လူမျိုးတွေက စပိန်နှင့် ပေါ်တူဂီကို အောင်နိုင်သိမ်း ပိုက်ခဲ့တာတွေ၊ နယ်သာလင်နိုင်ငံကို စပိန်က သိမ်းပိုက် ကျွန်ပြုထားခဲ့ တာတွေ အားလုံးဟာ နောက်ဆုံးတစ်နေ့မှာ ပြင်းထန်းတဲ့ တော်လှန်မှုတွေ နှင့် အဆုံးသတ်ခဲ့ကြရပါတယ်။

လူ့သမိုင်းမှာ ကြောက်လန့်စရာ အမည်းစက်ကြီး ထင်ကျန်နေခဲ့ ရတဲ့ အချက်ကတော့ တစ်နိုင်ငံက အခြားတစ်နိုင်ငံကို ကျွန်ပြုခြင်း၊ ကျွန်းပြုခံရသူတွေကို ကျွန်အဆင့်သို့ လျော့ကျရောက်ရှိစေခြင်းနှင့် တစ်တိုင်းပြည်က အခြားတစ်တိုင်းပြည်ကို ကျွန်ပြုအုပ်စိုးခြင်းတို့ကို ရာစုနှစ်ပေါင်း များစွာ ကြာမြင့်အောင် ကမ္ဘာကြီးရဲ့ အသိစိတ်က

ခွင့်ပြုထားခဲ့ပါကလား ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ နောက်ပိုင်းကျတော့ ကမ္ဘာကြီးရဲ့ အသိစိတ်ဓာတ် တစ်ပိုင်းတစ်စ နိုးကြားလာတဲ့ အတွက် စိုးမိုးသိမ်းပိုက်ခြင်း ခံရသူတွေဟာ ကျွန်လုံးလုံး ဖြစ်ရာက နည်းနည်း ပါးပါး သက်သာရာရလာခဲ့ကြပါတယ်။ ဒါပေမယ့် သူတို့ဟာ ပုဂ္ဂလိက လွတ်လပ်ခွင့်ကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ခံစားရရှိလာ ကြသည့်တိုင်အောင် စိတ်ဓာတ်ရေးအရရော စီးပွားရေးအရပါ ကျွန်ပြုခြင်းကို ဆက်လက် ခံနေကြရပါတယ်။

ကမ္ဘာကြီးရဲ့ အသိစိတ်ကို လုံးဝ လှုပ်နိုးလိုက်နိုင်ဖို့အတွက် ကမ္ဘာစစ်ကြီး ၂ စစ်ဖြစ်ပွားခဲ့ရပါတယ်၊ ပထမကမ္ဘာစစ်ကြီးဟာ ဘာကြောင့် ဖြစ်ပွားခဲ့ရပါသလဲ။ ဆာရာယေဖိုမှာ နယ်စားကြီး ဖရန်စစ်ဖာဒီနန် ၁၉၀၄ ခုနှစ်က လုပ်ကြံသတ်ဖြတ်ခြင်း ခံရတာလို့ ဒါမှမဟုတ်ရင် တခြားအနီးကပ် အကြောင်းတွေတို့ကို ပြောချင်ပြော ကြပါလိမ့်မယ်။ ဒါပေမယ့် တကယ့်အကြောင်းရင်းကတော့ ဥရောပနိုင်ငံ တွေက ကမ္ဘာရဲ့ အခြားဒေသတွေကို တိုက်ခိုက်သိမ်းပိုက် စိုးမိုးထားရှိခဲ့ ကြတဲ့ စနစ်ကြောင့်ပဲ ဖြစ်ပါတယ်။ လူဦးရေ ထူထပ်များပြားလျက်ရှိတဲ့ ဥရောပဟာ တခြားဒေသတွေမှာ သွားရောက်သိမ်းပိုက်ပြီး နေရာသစ်ရှာခဲ့ ကြပါတယ်။ ပင်လယ်ကို ရဲရဲကြီး ဖြတ်ပြီး သွားခဲ့ကြတဲ့ လူမျိုးကြီး တစ်မျိုးဖြစ်တဲ့ ပေါ်တူဂီဟာ အင်ပိုင်ယာနိုင်ငံကြီးကို ထူထောင်ခဲ့တယ်၊ စပိန်ဟာလဲပဲ အင်ပိုင်ယာနိုင်ငံကြီးကို ထူထောင်ခဲ့ပါတယ်။ အမေရိက တိုင်းပြည်များကထွက်တဲ့ ရွှေတွေကြောင့် စပိန်လူမျိုးတွေ အလုပ်လုပ်ဖို့ မလိုတော့ဘဲ တစ်ဆက်တည်းမှာ လူမျိုးရဲ့ အရည်အသွေး ကျဆင်းညံ့ဖျင်း လာခဲ့လို့ ဒီအင်ပိုင်ယာကြီးကို စပိန် လက်လွှတ်ခဲ့ရတာ ဖြစ်ပါတယ်။

ဒတ်(ချ)တို့ကလဲ မဟာအင်ပိုင်ယာကြီးကို ထူထောင်ခဲ့ကြပါ တယ်၊ အဲဒီ အင်ပိုင်ယာကြီးရဲ့ အရှေ့အိန္ဒိယကျွန်းစု ကျွန်းပေါင်း နှစ်ထောင်မှာ ဒတ်ချ် အုပ်စိုးသူတွေနှင့် အုပ်စိုးခံ လူတန်းစားတွေ အားပြိုင်လွန်ဆွဲနေကြဆဲပဲ ဖြစ်ပါတယ်။ ပြင်သစ်နှင့် အင်္ဂလိပ်တို့ဟာ အိန္ဒိယမှာ အသာစီးရအောင် ကြိုးစားကြရင်းက မြို့ကလေးအနည်းငယ်က လွဲပြီး ကျန်ဒေသတွေ အားလုံးကို ပြင်သစ်တို့ ဆုံးရှုံးလက်လွှတ်ခဲ့ရတဲ့ အတွက် အရှေ့ဘက်ကို ခြေဦးလှည့်ပြီး အင်ဒိုချိုင်းနားမှာ ပြင်သစ်

အင်ပိုင်ယာ ထူထောင်ခဲ့ကြပါတယ်၊ အင်္ဂလိပ်တွေဟာ အင်ပိုင်ယာ ထူထောင်ရာမှာ နောက်ကျကျန်ရစ်ခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့သမိုင်းမှာ အကြီးအကျယ်ဆုံး အင်ပိုင်ယာကို ထူတောင်ခဲ့ကြပါတယ်။ အခုတော့ အိန္ဒိယနှင့် မြန်မာက လုံးဝလွတ်လပ်ရေးရလုနီးပြီမို့ အင်္ဂလိပ်အင်ပိုင်ယာဟာလဲ ကျဆင်းလာနေပါပြီ၊ အနောက်အင်အားကြီးနိုင်ငံချင်း အဝေမတည့်ကြလို့ တရုတ်ပြည်ကတော့ သက်သာရာရခဲ့ပါတယ်၊ အာဖရိကတိုက်ကိုတော့ အနောက်နိုင်ငံများက ခွဲဝေယူလိုက်ကြပါတယ်၊ နောက်ဆုံးကျန်နေတဲ့ အဘီဆီနီးယားဟာ အီတလီရဲ့ လက်အောက်ကို ကျရောက်ခဲ့ရပြီး မကြာခင်ကမှပဲ ဝမ်းမြောက်ဖွယ်ရာ လွတ်မြောက်လာခဲ့တာ ဖြစ်ပါတယ်။ ဂျာမဏီကတော့ အင်ပိုင်ယာ ထူထောင်နယ်ချဲ့ရာမှာ နောက်ဆုံးမှရောက်ရှိလာသူပါ။ ဒါကဘာကြောင့်လဲဆိုတော့ ဂျာမဏီဟာ နိုင်ငံတစ်နိုင်ငံရယ်လို့ ပေါင်းစည်းမိတာ မကြာမြင့်သေးပါဘူး။ ဒီ့အရင်က ပြည်ငယ်များစွာ စုပေါင်းတည်ရှိနေခဲ့တာ ဖြစ်ပါတယ်၊ ဘစ္စမတ်ရဲ့ ဦးဆောင်မှုနှင့် ပြည်ငယ်ကလေးတွေကို စုစည်းပြီး ဂျာမန်အင်ပိုင်ယာ အဖြစ် ထူထောင်အောင်မြင်တော့မှ နယ်ချဲ့စားကျက်လုပွဲကို ဝင်ရောက်လာခဲ့တယ်၊ ဒါပေမယ့် နောက်ကျလွန်းနေလို့ အာဖရိကမှာပဲ ဝေစုအနည်းအကျဉ်းနှင့် တင်းတိမ်ခဲ့ရတယ်၊ အခြားနောက်ကျဝင်လာသူ တစ်ဦးဖြစ်တဲ့ အီတလီဟာလဲပဲ အာဖရိကနယ်မြေ စိတ်ကလေး သေးသေးပဲ ရရှိတော့တယ်။

အဓမ္မ သိမ်းပိုက်စိုးမိုး ကျွန်ပြုခြင်းကို ကမ္ဘာကြီးရဲ့ အသိစိတ်က ခွင့်ပြုထားရှိနေသေးသမျှ လက်မဲ့နိုင်ငံတွေက လက်ရှိနိုင်ငံတွေရဲ့ လက်ထဲက ဝေစုကို လုယူကြမှာ အမှန်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားရခြင်းရဲ့ တကယ့်အကြောင်းရင်းက ဂျာမဏီရဲ့ နယ်ချဲ့လိုတဲ့ ကိုလိုနီပိုင်ဆိုင်လိုတဲ့ ဆန္ဒကြောင့်ပဲ ဖြစ်ပါတယ်။ ဂျာမဏီဟာ ဥရောပတစ်တိုက်လုံးကို အောင်နိုင်သိမ်းပိုက်ဖို့ နောက်တစ်ကမ္ဘာလုံး သိမ်းပိုက်ဖို့ မျှော်လင့်ခဲ့တယ်၊ ဒုတိယကမ္ဘာစစ်ကြီး ဟာလဲပဲ အလားတူအကြောင်းရင်း အစစ်ကြောင့် ဖြစ်ခဲ့တာပါပဲ။ ဒီအခါမှာတော့ ဂျာမဏီဟာ နယ်ချဲ့ရမှုက် ငမ်းငမ်းတက်ခဲ့ရုံသာမက သူတို့လူမျိုးသည်သာလျှင် စိုးမိုးဖို့ ရွေးချယ်ခံထားရတာ ဖြစ်တယ်ဆို

တဲ့ နာဇီဝါဒလဲ စွဲကပ်နေခဲ့တယ်။ သူတို့ဟာ ကမ္ဘာကို အောင်နိုင်သိမ်းပိုက်ဖို့နှင့် အခြားတိုင်းပြည်တွေကို စိုးမိုးဖို့ မွေးဖွားလာသူတွေ ဖြစ်တယ်လို့ ဂျာမန်တွေက ယုံကြည်ထားခဲ့ကြတယ်၊ ဖက်ဆစ်အစိုးရရဲ့ လက်အောက်ကျရောက်နေတဲ့ အီတလီကလဲပဲ ကမ္ဘာကို လုယက်တိုက်ခိုက်ရာမှာ အစုရှယ်ယာပါဖို့ ဂျာမဏီနှင့် မဟာမိတ်ဖွဲ့ခဲ့တယ်။ ရွေးချယ်ခံထားရတဲ့ လူမျိုးဖြစ်တယ်ဆိုတဲ့ အယူဝါဒကို အလားတူ လက်ခံထားရှိခဲ့တဲ့ ဂျပန်ကလဲ တူညီတဲ့ ရည်မှန်းချက်တွေနှင့် ကမ္ဘာ့အရှေ့ခြမ်းဘက်မှာ ဆောင်ရွက်ခဲ့တယ်။ အဲဒီစစ်ကြီးနှစ်စစ်ရဲ့ ရလဒ်ကတော့ ကြောက်ဖွယ်လိလိ လူသားတွေ အတိဒုက္ခရောက်ခဲ့ကြရတာပဲ ဖြစ်တယ်။ သန်းပေါင်းများစွာ သေကြေပျက်စီးကြ၊ သန်းပေါင်းများစွာကျိုးပဲ့ဒဏ်ရာရကြ၊ သန်းပေါင်းများစွာ အစာငတ်သေကြေကြ စိတ်ဒုက္ခရောက်ကြနှင့် ကမ္ဘာ့ဥစ္စာဓနတွေဟာလဲ ပျက်စီးဆုံးရှုံးခဲ့ရတယ် ခုထက်ထိ နာလန်မထူနိုင်သေးဘူး။

ကျုပ်အခု ပြန်ပြောင်းပြောပြခဲ့တဲ့ အချက်အလက်တွေအရ တစ်နိုင်ငံက အခြားတစ်နိုင်ငံကို ကျွန်ပြုမှု၊ သိမ်းပိုက်စိုးမိုးမှုကြောင့် လူ့လွတ်လပ်ခွင့် ဆုံးရှုံးစေမှုဆိုတာတွေကို ကမ္ဘာကြီးရဲ့ အသိစိတ်က ခွင့်ပြုထားရှိသမျှ ကာလပတ်လုံး လောဘရမ္မက်နှင့် ရည်ရွယ်ချက်ကြီးမားတဲ့ နိုင်ငံတွေက အခြားနိုင်ငံတွေကို သိမ်းပိုက်ကျွန်ပြုဖို့ လက်နက်ရုပ်ဝတ္ထုပစ္စည်း အင်အားကြီးမားအောင် ကြိုးစားအားထုတ်ကြလိမ့်မယ်ဆိုတာ မရှင်းပါကလားလို့ မေးပါရစေ။

အကယ်၍ အနာဂတ်မှာ စစ်ကို တားဆီးချင်ကြတယ်ဆိုရင် တစ်နိုင်ငံက အခြားတစ်နိုင်ငံ ကျွန်ပြုမှုကို ကမ္ဘာ့အသိစိတ်က ပိတ်ပင်၍ တားမြစ်နိုင်မှ ဖြစ်ပါလိမ့်မယ်။

အင်ဒိုချိုင်းနား လွတ်မြောက်ရေးစစ်ကြီး မပြီးဆုံးသေးပေမယ့် ပြင်သစ်တို့၏ လုပ်ဆောင်ချက်ကို ကမ္ဘာ့အမြင်က ဆန့်ကျင်ကန့်ကွက်လျက် ရှိတယ်၊ ဒတ်ချ်တို့ရဲ့ လုပ်ဆောင်ချက်ကိုလဲ အလားတူ ကန့်ကွက်လျက်ရှိတယ်၊ လက်ရှိ ဗြိတိန်အစိုးရရဲ့ မူဝါဒ သဘောထားဟာလဲ အမြင်မှန်ရလာတယ်လို့ ဆိုရမယ်၊ ဒါတွေဟာ ကမ္ဘာ့အသိစိတ်နိုးကြားထကြွလာတာ ဖြစ်လို့မို့ ဝမ်းသာစရာအချက်လို့ ဆိုရမယ်။

ကိုယ့်သိက္ခာကို ရှိသေတဲ့ နိုင်ငံတိုင်း လျှောက်ကြရမယ့် လမ်းအတိုင်း သူတို့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ နိုင်ငံတွေဟာ ကမ္ဘာ့ငြိမ်းချမ်းရေး အာလားအလာကို ဖျက်ဆီးပစ်မည့် ဖြစ်ရပ်အခြေအနေတွေကို တိုက်ခိုက်နေကြတာလဲ ဖြစ်ပါတယ်။

နိုင်ငံတိုင်း မိမိဘာသာ မိမိ အုပ်ချုပ်ဖို့ မိမိအရေးအရာကို မိမိဘာသာ စီမံခန့်ခွဲဖို့ဆိုတာတွေကို ခွင့်ပြုထားပြီး တခြားနိုင်ငံတွေရဲ့ လွတ်လပ်ခွင့်ထိပါးခြင်းကို ပိတ်ပင်တားမြစ်ထားမှသာလျှင် ကမ္ဘာမှာ တည်ငြိမ်မှု ရလာမှာ ဖြစ်ပါတယ်။

လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတဲ့ နိုင်ငံအားလုံးဟာ မိမိလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြတာ ဖြစ်တဲ့အပြင် နိုင်ငံအားလုံးရဲ့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြတာလဲ ဖြစ်ပါတယ်။ အဆုံးစွန်တစ်နေ့-ကမ္ဘာမှာ ပျော်ရွှင်သာယာစေဖို့နှင့် စဉ်ဆက်မပြတ်တဲ့ ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲစေဖို့ တိုက်ပွဲဝင်နေကြတာ ဖြစ်ပါတယ်။ အဲဒီခေတ်အခါမှာတော့ နိုင်ငံတိုင်း လွတ်လပ်နေကြပြီ ဖြစ်တဲ့အပြင် နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံတွေရဲ့ အခွင့်အရေးနှင့် လွတ်လပ်မှုကို မထိပါးဖို့ ကမ္ဘာ့အမြင်က ထိန်းချုပ်ထားနိုင်ပြီလဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဟာ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲလဲ ဖြစ်ပါတယ်။ အဲဒီစိတ်ဓာတ်နှင့်ပဲ ကမ္ဘာ့ကုလသမဂ္ဂဆိုတဲ့ နိုင်ငံတကာ အဖွဲ့အစည်းသစ်ကြီးတစ်ခု ပေါ်ထွက်လာခဲ့တာ ဖြစ်တယ်။ အဲဒီကုလသမဂ္ဂရဲ့ ရည်မှန်းချက်တွေကတော့ နိုင်ငံအားလုံး လွတ်လပ်ပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိဖို့၊ စစ်ကို ဖျက်သိမ်းပြီး နိုင်ငံတကာ အငြင်းပွားမှုများကို စေ့စပ်ဆွေးနွေး ဖျန်ဖြေရေးနှင့် ငြိမ်းချမ်းစွာ ဖြေရှင်းစေဖို့ပဲ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံတွေနှင့် ပတ်သက်ပြီး ပြောခဲ့တာတွေဟာ လူတန်းစားတွေနှင့်လဲ သက်ဆိုင်ပါတယ်၊ ဥပမာအားဖြင့် အချုပ်အထိန်းမဲ့တဲ့ အရင်းရှင်စနစ်က အဖွဲ့အစည်းမဲ့ ဖြစ်နေကြတဲ့ အလုပ်သမားတွေကို ခေါင်းပုံဖြတ် သွေးစုပ် ချုပ်ချယ်နေတာမျိုးကို လူတစ်တန်းစားက အခြားလူတန်းစားတွေကို လွှမ်းမိုးဗိုလ်ကျနေသမျှ ကာလပတ်လုံး လွတ်လပ်ရေးဆိုတာ မရှိနိုင်ပါဘူး၊ လူတန်းစား ညီမျှမှု ရှိတော့မှ

ကုန်ထုတ်လုပ်မှု အသီးအပွင့်များကို လူတန်းစားတိုင်း ရသင့်ရထိုက်တဲ့ ဝေစုကို ရရှိကြမှ အငြင်းပွားမှုတွေကို ခုံရုံးတွေက ဘက်မလိုက် ဖျန်ဖြေပေးခြင်း၊ မျှမျှတတ ဖြေရှင်းခြင်းတို့ ပြန်လုပ်နိုင်မှသာလျှင် ဒီလောကမှာလဲ ငြိမ်းချမ်းမှုကို မျှော်လင့်နိုင်မှာ ဖြစ်တယ်။

လူတန်းစား လွတ်လပ်ရေးနှင့် တန်းတူရည်တူ ရှိရေးတို့ဟာ လူမှုရေးနှင့် လုပ်ငန်းခွင် ငြိမ်းချမ်းရေးကို ဖြစ်စေလိမ့်မှာ ဖြစ်ပါတယ်။ လူတစ်တန်းစားက တစ်တန်းစားကို ခေါင်းပုံဖြတ်သွေးစုပ်နေသမျှ ကာလပတ်လုံး သွေးစုပ်ခံ လူတန်းစားအနေနှင့် သူတို့လွတ်လပ်ရေး အတွက် တိုက်ပွဲဝင်တာ တရားနည်းလမ်းကျတယ်လို့ ဆိုရပါမယ်။ ဒီမှာလဲပဲလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်တာဟာ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်ခြင်းပဲ ဖြစ်ပါတယ်။ လူတန်းစားအားလုံး ပြည်သူအားလုံး ပုဂ္ဂိုလ်အားလုံး လွတ်လပ်ပြီး သွေးစုပ်မှု မခံရတဲ့အတွက် အဆုံးစွန်မှာ ငြိမ်းချမ်းရေးရရှိလာရေးကို ရှေးရှုပြီး တိုက်ပွဲဝင်တာ ဖြစ်ပါတယ်။

ဒီခန်းမကြီး၊ ဒီသမိုင်းဝင် ကွန်ဖရင့်ကြီးက တစ်ဆင့် လွတ်လပ်ရေး အတွက် တိုက်ပွဲဝင်နေကြတဲ့ အားလုံးကို မျှော်လင့်ချက်ပေးတဲ့ ကြိုဆိုနှုတ်ခွန်းဆက်တဲ့ အမှာစကားကလေး ပါးလိုက်ပါရစေ။ သူတို့ တိုက်ပွဲဟာ စိတ်ဓာတ်ရေးတိုက်ပွဲပဲ ဖြစ်ဖြစ် လက်တွေ့ရင်ဆိုင် တိုက်ပွဲပဲ ဖြစ်ဖြစ်ပေါ့ အကြမ်းမဖက်ဘဲ မပူးပေါင်း မဆောင်ရွက်ရေး လက်နက်ဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ မဂတ္တမဂန္ဒီက အိန္ဒိယ ပြည်မှာ လက်တွေ့ သက်သေပြခဲ့ပါတယ်။ ဒါပေမယ့် ဘယ်မှာပဲ တိုက်တိုက် လွတ်လပ်ရေးအတွက် တိုက်ခိုက်သူတွေမှန်သမျှဟာ ကမ္ဘာကြီးရဲ့ ထောက်ခံအားပေးမှုကို ရသင့်ရထိုက်သူတွေချည်းပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်သက်သေထူ တင်ပြခဲ့တဲ့ အတိုင်း လွတ်လပ်ရေးအတွက် တိုက်ပွဲဟာ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲပဲ ဖြစ်ပါတယ်၊ တစ်ကမ္ဘာလုံး လွတ်လပ်မှ တစ်ကမ္ဘာလုံး ငြိမ်းချမ်းမှာ ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးလိုပဲ လွတ်လပ်ရေးဆိုတာ ခွဲခြမ်းပစ်လို့ မရစကောင်းပါဘူး၊ အကယ်၍ ကမ္ဘာမှာ အခြားပြည်သူတွေ ရဲ့ လက်အောက်ခံဖြစ်နေတဲ့ ပြည်သူတွေ၊ အခြားနိုင်ငံတွေရဲ့ ကျွန်သဘောက်ဘဝကို ရောက်နေတဲ့ နိုင်ငံတွေ၊ အခြားလူတန်းစားတွေရဲ့

ကျွန်ပြုမှုကို ခံနေကြရတဲ့ လူတန်းစားတွေ ကျန်ရှိနေသေးတယ်ဆိုရင် ကမ္ဘာရဲ့ လွတ်လပ်ရေး၊ လူသားတွေရဲ့ လွတ်လပ်ရေးကို ဆုတ်နစ်လျော့ပါးစေမှာ ဖြစ်တယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးကိုလဲ ခြိမ်းခြောက်ခံရမှာ ဖြစ်တယ်။ ဒါကြောင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြသူ အားလုံးကို ဒီညီလာခံကတစ်ဆင့် ထောက်ခံအားပေးကြောင်း အမှာစကား ပြောကြား ပေးပို့ကြပါစို့။ အလျင်အမြန် အောင်ပွဲခံကြစေရန် ဆန္ဒပြုကြပါစို့၊ ဒါမှသာလျှင် ကမ္ဘာမှာ လျင်မြန်စွာ အခြား တစ်ဦးရဲ့ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို တစ်ဦးက လေးစားတဲ့ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတွေချည်းပဲ ဖြစ်လာမှာ ဖြစ်ပါတယ်၊ ဒါမှသာလျှင် ကမ္ဘာတစ်ခုတည်းသာလျှင် ရှိမယ်၊ လွတ်လပ်ရေးကို ချစ်မြတ်နိုးတဲ့၊ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတဲ့ နိုင်ငံတွေရဲ့ တစ်ခုတည်းသော ကမ္ဘာသာလျှင် ရှိနေမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လွတ်လပ်ရေး မရှိရင် ငြိမ်းချမ်းရေးဆိုတာ လုံးဝ မရှိနိုင်တာကြောင့်ပဲ ဖြစ်ပါတယ်။

အရှေ့တောင်အာရှနိုင်ငံတွေက ဝန်ကြီးအဆင့်အနေနဲ့ တက်ရောက်မိန့်ခွန်းပြောတာဆိုရင် မြန်မာအစိုးရအဖွဲ့ တစ်ခုတည်းသာ ရှိပါသတဲ့။ အဲဒါကြောင့် ညီလာခံက ဂုဏ်ယူကြဆိုပဲ။

ဝန်ကြီးဦးရာဇတ် မိန့်ခွန်းမြွက်ခြွေပြီးတဲ့အခါ မစ္စတာဗရှီ ရ်အာမက်စာရဒ် (Mr. Basheer Ahmed Sayeed)က ဆက်ပြီး မိန့်ခွန်းပြောပါတယ်၊ သူက အိန္ဒိယနိုင်ငံလုံးဆိုင်ရာ မွတ်စလင်လိဂ်နဲ့ မဒရပ်တက္ကသိုလ်ရဲ့ ဆီးနိတ်အဖွဲ့ဝင် ဖြစ်ပါတယ်၊ အိန္ဒိယပြည်ရဲ့ ပညာရေးလောကမှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲပေါ့။

အဲဒီနောက် အင်ဒိုနီးရှားက မစ္စတာဘီ၊ စီ၊ စမာ (Mr. B.C. Samah)နဲ့ ဗီယက်နမ်က မစ္စတာမိုင်း ဒီချူ (Mr. Mai The Chau) ဆိုတဲ့ ပုဂ္ဂိုလ်နှစ်ဦးက ရှေ့ဆင့်နောက်ဆင့် မိန့်ခွန်းပြောကြားကြပါတယ်။

ညီလာခံရဲ့ အပိုင်း (၅) ကျတဲ့အခါ သဝဏ်လွှာတွေကို ဖတ်ကြားကြပါတယ်။

ပထမ ဖတ်ကြားတဲ့ သဝဏ်လွှာက ဂျဝါဟာလာလ်ပဏ္ဍစ်နေရူးရဲ့ သဝဏ်လွှာပါ။ အားလုံးသိကြတဲ့အတိုင်း ဂျဝါဟာလာလ်ပဏ္ဍစ်နေရူးဟာ အိန္ဒိယကွန်ဂရက်ပါတီရဲ့ ဥက္ကဋ္ဌကြီးပါ။

၁၉၄၇ ခု၊ ဩဂုတ်လ (၁၅)ရက်မှာ အိန္ဒိယပြည်ဟာ လွတ်လပ်ရေး ရသွားပါတယ်။ အိန္ဒိယသမ္မတနိုင်ငံကို တည်ထောင်လိုက်တဲ့ ဒိတိုင်းပြည်မှာ ပထမဆုံး ဝန်ကြီးချုပ် ဖြစ်လာသူပေါ့. သူဟာ ဝန်ကြီးချုပ်အဖြစ် ဆက်တိုက် တာဝန်ယူခဲ့ပြီး ၁၉၆၄ ခုနှစ်မှာ ကွယ်လွန်သွားရှာပါတယ်။

သဝဏ်လွှာပေးပို့တဲ့ အချိန်မှာတော့ သူဟာ အိန္ဒိယပြည် ကွန်ဂရက်ပါတီ ဥက္ကဋ္ဌကြီးအဖြစ်နဲ့ ရှိစဉ်တုန်းမှာ သူ့သဝဏ်လွှာမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ ဆရာကြီး ဦးရာဇတ်တို့လို Honourable ဆိုတဲ့ စကားလုံး မသုံးဘဲ ရိုးရိုးပဲ ပဏ္ဍစ်ဂျဝါဟာလာလ်နေရူးဆိုပြီး ရေးသားဖော်ပြ ထားခြင်းပါ။

ပဏ္ဍစ်နေရူးဟာ မြန်မာပြည်နဲ့တော့ ဆွေးမျိုးရင်ချာတွေလို ဖြစ်နေပါတယ်ဆိုပြီး သခင်အောင်ကြီး (ပေါင်းတည်)က ကျွန်တော် အညာသားပါခင်ဗျား ဆိုတဲ့ ဆောင်းပါးကို ပေဖူးလွှာ မဂ္ဂဇင်း အမှတ် (၄၉)ဇွန်လ ၁၉၈၅ ထုတ်မှာ ရေးသားဖော်ပြထားတယ်၊ သခင်အောင်ကြီး (ပေါင်းတည်)စာ အငြိမ်းစားဗိုလ်မှူးချုပ်တစ်ဦးပါ။

မစ္စတာနေရူးရဲ့ သဝဏ်လွှာ ဖတ်ကြားပြီးတော့ ဗိုလ်ချုပ် အောင်ဆန်းရဲ့ သဝဏ်လွှာကို ဖတ်ကြားပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သဝဏ်လွှာမှာတော့ From the Hon'ble U Aung San လို့ ခေါင်းစဉ်တပ်ပြီး ဖော်ပြပါတယ်၊ သူ့သဝဏ်လွှာကို သက်ဆိုင်ရာ ညီလာခံ တာဝန်ယူကျင်းပသူများလက်သို့ ဝန်ကြီး ဦးရာဇတ်က တစ်ဆင့် ပေးပို့လိုက်တာပါ၊ ဗိုလ်ချုပ်ရဲ့ သဝဏ်လွှာမှာ အောက်ပါ အတိုင်း ဖြစ်ပါတယ်။

## ဗိုလ်ချုပ်အောင်ဆန်းရဲ့ သဝဏ်လွှာ

From the Hon'ble U Aung San

"On this occasion, when the student population from the countries in S.E. Asia are gathered together at a Conference, I send to them all my warmest greet-

---

* Extract from" Freedom movements. Madras 1947. International Student Service (the First South East Asian Regional Conference) Page 76-7.

ing, and my best wishes for the success of their worthy endeavours. It is to the credit of the students of India that arrangements could be made for the holding of a Conference of this kind for the first time in S.E. Asia- and at a date soon after the conclusion of the Inter-Asian Relations Conference. In the task of bringing about a regeneration of our people, and in the work of securing for ourselves our rights or free actions, it is but appropriate that the students should play their noble part. Fully realishing, therefore, the significance of the Conference, I would have attended it myself, had not pressure of important public duties kept me in my own country. I can assure you, however, that I will be following the transactions of your Conference with the closest interest. However, I ahve commissioned the Hon'ble Mr. A. Razak, Member in charge of the portfolio of Education and National Planning, as Burma's representative to the Conference.

I have no doubt that, as a result of Rallies and Conferences of this kind, the students of the countries in S.E. Asia will become united by closer intellectual links, resulting from a freer flow of ideas than in the past. It is my sincere hope also that the conference will enable the teaching institutions in the participating countries to rise to their proper heights, stimulate their efforts in the search for truth, and help them to become the foci of the vitalising force for the youth in the new era that has opened."

Rangoon 6th June, 1947.

အထက်ပါ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သဝဏ်လွှာကို အောက်တွင် မြန်မာဘာသာဖြင့် ပြန်ဆို၍ ထပ်မံဖော်ပြလိုက်ပါတယ်–(ကျမ်းပြုသူ)။

"ဂုဏ်ပြုအပ်သော ဦးအောင်ဆန်းထံမှ"

အရှေ့တောင်အာရှ တိုင်းပြည်များမှ ကျောင်းသားကိုယ်စားလှယ်များ အစည်းအဝေးကြီး ကျင်းပရန် စုရုံးရောက်ရှိနေကြသည့် အခါသမယတွင် ကျွန်ုပ်က နှစ်ထောင်းအားရစွာ ဆုမွန်ကောင်း တောင်းလိုက်သည့်အပြင် သူတို့၏ တန်ဖိုးရှိသော အားထုတ်မှုများ အောင်မြင်စေကြောင်း ဆန္ဒပြုလိုက်ပါသည်။

အာရှနိုင်ငံချင်း ဆက်ဆံရေးညီလာခံကြီး ပြီးဆုံးခါစတွင် အရှေ့တောင်အာရှတွင် ပထမဆုံးအကြိမ် ဤလို အမျိုးအစား ကွန်ဖရင့်မျိုးကို ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည့်အတွက် အိန္ဒိယနိုင်ငံကျောင်းသားများအနေနှင့် ချီးကျူးဂုဏ်ပြုခံထိုက်ပေသည်။ ကျွန်ုပ်တို့ပြည်သူများ ပြန်လည်နိုးကြား ရှင်သန်လှုပ်ရှားလာရေးအတွက် ဆောင်ရွက်ရာတွင် လည်းကောင်း၊ ကျွန်ုပ်တို့၏ အခွင့်အရေးများ လွတ်လပ်စွာ လုပ်ဆောင်ခွင့်များအတွက် ဆောင်ရွက်ရာတွင် လည်းကောင်း၊ ကျောင်းသားများက ဂုဏ်ရောင်ပြောင်သည့် အခန်းမှ ပါဝင်ကြရမည်မှာ ဖြစ်သင့်ဖြစ်ထိုက်သော အရာသာ ဖြစ်ပေသည်။ ဤကွန်ဖရင့်၏ အရေးပါ အရာရောက်မှုကို နားလည်သဘောပေါက်မိသည်နှင့်အညီ ကျွန်ုပ်၏ တိုင်းပြည်တွင် အရေးကြီးသော ပြည်သူ့တာဝန်များက ကျွန်ုပ် အနားမရအောင် ဖိအားပေးထားခြင်း မရှိပါက ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ဤကွန်ဖရင့်တွင် တက်ရောက်လာခဲ့မည်မှာ အမှန်ပင်ဖြစ်သည်။ ကွန်ဖရင့်တွင် ရဲဘော်တို့၏ လုပ်ဆောင်ချက်ကို အထူးစိတ်ပါဝင်စားစွာ စောင့်စားကြည့်ရှုနေမည်ဖြစ်ကြောင်း ကတိပြုအပ်ပါသည်။

ပညာရေးဌာနနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီး မစ္စတာ အေရာဇတ်အား ဤကွန်ဖရင့်သို့ မြန်မာနိုင်ငံအစိုးရကိုယ်စားလှယ်အဖြစ် ကျွန်ုပ် တာဝန်ပေး စေလွှတ်ခဲ့ပါသည်။

ဤသို့သော ကွန်ဖရင့်မျိုး တွေ့ဆုံပွဲမျိုးဖြင့် အရှေ့တောင်အာရှကျောင်းသားများသည် အတိတ်ကထက် ပိုမိုလွတ်လပ်စွာ အယူအဆချင်း ကူးသန်းဖလှယ်ကြရာမှ အသိပညာဆိုင်ရာ အဆက်အသွယ်များ ပိုမိုနီးကပ်စွာ ရရှိလာကြပြီး ပိုမို၍ စည်းလုံးညီညွတ်လာကြလိမ့်မည်ကို

ကျွန်ုပ် ယုံမှားသံသယ မဖြစ်ပေ။ ဤကွန်ဖရင့်သည် ပါဝင်တက်ရောက်ကြသည့် နိုင်ငံများ၏ သင်ကြားပို့ချရာ ဌာနများကို သူတို့ရှိသင့်သည့် အတိုင်းအတာအထိ မြင့်မားတိုးတက်စေပြီး အမှန်တရား ရှာဖွေရာတွင် သူတို့၏ ကြိုးပမ်းအားထုတ်မှုများကို တက်ကြွရှင်သန်စေကာ ပွင့်လင်းလာသည့် ခေတ်သစ်တွင် လူငယ်များအား အားသစ်လောင်းပေးရာ ဌာနဖြစ်လာကြလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်မျှော်လင့်မိပါသည်။

ရန်ကုန်- ၁၉၄၇ ခု၊ ဇွန်လ (၆)ရက်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ သဝဏ်လွှာကို ဖတ်ကြားပြီးတဲ့နောက် မစ္စက်စရိုဂျိနီနေဒူ၊ မစ္စတာဟာမဒ်ခန်း၊ ဗြိတိသျှအိုင်အက်စ်အက်စ်ရဲ့ အထွေထွေအတွင်းရေးမှူး ဂျိမ်းဟင်ဒါစန်–ဂေါသမ်ချတိုပ်ကတီအာယား–တရုတ်နဲ့ ဗီယက်နမ်ကျောင်းသား အဖွဲ့များနှင့် မဒရပ်ဝန်ကြီး မစ္စတာဘာ်သဝတ်စာလမ်တို့ထံမှ သဝဏ်လွှာအသီးသီးကို ဖတ်ကြားပါတယ်။

ညီလာခံအတွင်းမှာတော့မဒရပ်မြို့မှာရှိသော ပုဂ္ဂိုလ်ကျော်များ၊သတင်းစာတိုက်များ၊ အမေရိကန်ပြန်ကြားရေးဌာန၊ ကျောင်းသားအဖွဲ့အစည်းများတို့က နေလယ် လက်ဖက်ရည်တို့ ညစာထမင်းတို့ဖြင့် ဧည့်ခံကျွေးမွေးကြပါတယ်။

ဇွန်လ (၁၆)ရက် တနင်္လာနေ့မှာ ညီလာခံပြီးဆုံးပါတယ်၊ ညီလာခံနောက်ဆုံးရက်မှာ အောက်ပါပုဂ္ဂိုလ်များက မိန့်ခွန်းပြောကြားကြပါတယ်။

မစ္စအယ်လီစဘက်ပိုသန်း (အရှေ့တောင်အာရှ ကျောင်းသားအဖွဲ့အတွင်းရေးမှူး)က လည်းကောင်း၊ ညီလာခံကိုယ်စားလှယ်ခေါင်းဆောင်များက လည်းကောင်၊ ညီလာခံသဘာပတိ ဒေါက်တာစကာဟိုစိန်က လည်းကောင်း၊ နောက်ဆုံး ဒေါက်တာ အဒီစ်အရှိအာက လည်းကောင်း မိန့်ခွန်းများအသီးသီးပြောကြပါတယ်။

အရှေ့တောင်အာရှ ကျောင်းသားများညီလာခံဟာ အောင်မြင်စွာ ပြီးဆုံးသွားပါပြီ ။ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲနေတဲ့ အရှေ့တောင်အာရှ ကျောင်းသားများ အချင်းချင်းလဲ သွေးစည်းခဲ့ကြပါပြီ ။

**အိန္ဒိယနဲ့ ပါကစ္စတန်ရယ်လို့ အိန္ဒိယပြည်ကြီး နှစ်ခြမ်းခွဲသွားမှာ မလိုလား။**

ဆရာကြီး ဦးရာဇတ်ကတော့ ဇွန်လ (၁၁)ရက်နေ့ညနေမှာ မိန့်ခွန်းပြောပြီးတဲ့နောက် မဒရပ်ရှိ မွတ်စလင်လိဂ်က ဖိတ်ကြားတဲ့အတိုင်း သွားရောက်လည်ပတ်

ပါတယ်၊ အဲဒီမှာ မွတ်စလင်လိဂ်ခေါင်းဆောင်များက ကောင်းမွန်စွာ ညှိခံ ကျွေးမွေးပါတယ်။

အဲဒီ ညှိခံပွဲမှာ မဒရပ်ရှိ မွတ်စလင်လိဂ်ခေါင်းဆောင်များနဲ့ ဝန်ကြီး ဦးရာဇတ်တို့ အပြန်အလှန် ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး ဝန်ကြီးနဲ့အတူ အဲဒီတုန်းက ဝန်ကြီးရဲ့ အတွင်းရေး အတွင်းဝန်အဖြစ် လိုက်ပါသွားခဲ့တဲ့ ဦးချစ်ဆွေက ကျမ်းပြုသူအား ပေးတဲ့ (၂၆–၄–၉၆) နေ့စွဲပါ စာမှာ အထက်ပါ ဝန်ကြီးတို့ ဆွေးနွေးခန်းကို အောက်ပါအတိုင်း ထပ်မံဖော်ပြလိုက်ပါတယ်၊ ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး အရှေ့ပိုင်းအခန်းမှာ ဖော်ပြခဲ့ပြီးပါပြီး၊ ဒါပေမယ့် သူနဲ့သက်ဆိုင်တဲ့ အခန်းရောက်ပြီး လိုအပ်တဲ့အတွက် ဒီအခန်းမှာလဲ ထပ်မံဖော်ပြလိုက်ပါတယ်– (ကျမ်းပြုသူ)

ဝန်ကြီးဦးရာဇတ်ကို ညှိခံတဲ့ ညှိခံပွဲမှာ မဒရပ်ရှိ မွတ်စလင်လိဂ် ခေါင်းဆောင် တစ်ဦးက ဘယ်လိုမေးလို့ ဝန်ကြီးရာဇတ်က သိမ်သိမ်မွေ့မွေ့ ကလေးနဲ့ ဘယ်လိုဖြေလိုက်သလဲဆိုတာကို ဟောဒီလို ဦးချစ်ဆွေရဲ့ ပေးစာကို ကြည့်ပါ။

မွတ်စလင်ခေါင်းဆောင်များ။ ။ အခုလို ခေါင်းဆောင်ကြီးနဲ့ လာရောက် တွေ့ဆုံရတာ အင်မတန် ဝမ်းမြောက်ဝမ်းသာရှိသလို ဝမ်းသာစရာစကား အဖြစ် ကျွန်တော်တို့ မကြာသော ကာလအတွင်း ပါကစ္စတန်ပြည် ရတော့မှာမို့ ခေါင်းဆောင်ကြီး စိတ်ထဲ ဘယ်လိုများ ရှိပါသလဲ အမိန့်ရှိပါခင်ဗျား–

ဆရာကြီး–

> I am glad that you will be
> attaining your long cherished goal. But,
> I am sorry to see India divided into two....

ခင်ဗျားတို့ လိုလားတောင့်တနေကြတဲ့ ပန်းတိုင်ကို ရောက်မှာမို့ ဝမ်းသာပါတယ်၊ ဒါပေမယ့် ကုလားပြည်ကြီး နှစ်ပိုင်းကွဲသွားတာတော့ ဝမ်းနည်းတယ်ဗျာ။

အဲဒီလိုဆရာကြီးက ပြောလိုက်တော့ သူတို့ခင်မျာ တယ်ပြီး မရွှင်လှဘူး။ မွတ်စလင်တစ်ယောက်ဟာ မွတ်စလင်ပြည်သစ်ကြီး ထူထောင်တာကို အားတက် သရောမရှိလှဘဲ ကုလားပြည်ကြီး နှစ်ခြမ်းကွဲသွားတာ ဝမ်းနည်းစရာဆိုတာကို နှစ်သက်ဟန်မရှိလှဘူး။ ဒါနဲ့ပတ်သက်ပြီ သူတို့က ဆရာကြီးကို မေးပြန်တယ်။

- As a leader of the Muslims, What are the
- problems regarding the minority in Burma?

မွတ်စလင်ခေါင်းဆောင်တစ်ဦး အနေနဲ့ မြန်မာပြည်မှာ လူနည်းစုပြဿနာ ဘယ်လိုများ ရှိနေပါသလဲဆရာ။

ဆရာကြီး -

We don't regard ourselves as minority.

We merged with the Master of a National school since 1920, in Mandalay, the last capital of the Burmese Kings, a city predominantly Buddhists, the centre of Burma culture and infact its my own constituency As such, the question of the Muslim minority does not arise.

ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ လူနည်းစုလို့ သဘောမထားပါ၊ လူများစုနဲ့ပါ ပေါင်းလိုက်တယ်၊ ဥပမာပြရရင် ကျွန်တော်ဟာ ၁၉၂၀ ခုနှစ်ကစပြီး မြန်မာ့ယဉ်ကျေးမှု တည်ရာဌာနလဲဖြစ်၊ ဗုဒ္ဓသာသနာ ထွန်းကားရာအရပ်လဲဖြစ်၊ မြန်မာမင်းရဲ့ နောက်ဆုံးမြို့တော်လဲ ဖြစ်တဲ့ မန္တလေးမြို့ အမျိုးသားကျောင်းမှာ ကျောင်းအုပ်လုပ်ခဲ့တယ်၊ အဲဒီမြို့ဟာလဲ ကျွန်တော်မဲဆန္ဒပေးတဲ့မြို့လဲ ဖြစ်တယ်၊ ဒါကြောင့် မွတ်စလင်လူနည်းစု ပြဿနာရယ်လို့ မပေါ်တော့ပါဘူး။

၁၉၃၇ ခု၊ မေလထဲတွင် အိန္ဒိယနိုင်ငံ ကွန်ဂရက်ပါတီ ဥက္ကဋ္ဌကြီး ပဏ္ဍစ်ဂျဝါဟာလာလ်နေရူးနဲ့သမီး အင်ဒီရာဂန္ဒီတို့သားအဖဟာ မြန်မာပြည်သို့ အလည်အပတ် ရောက်လာပါတယ်။

မန္တလေးသို့ အသွားမှာ တောင်ငူလူထုကြီးရဲ့ ဖိတ်ကြားချက်အရ ၁၉၃၇ ခု မေလ (၈)ရက် ည (၈)နာရီမှာ ကားနဲ့ တောင်ငူကို ရောက်လာပါတယ်၊ စကားပြောစင်ပေါ်ကနေပြီး ကြိုတင်စောင့်ဆိုင်း ရောက်ရှိနေတဲ့ တောင်ငူလူထုကြီးအား အသံချဲ့စက်နဲ့ မိနစ် (၂၀)ကျော် နိုင်ငံရေးတရားတွေ ဟောကြားခဲ့ပါတယ်၊ ဒီတရားပွဲ သတင်းနဲ့အတူ သူ့မိန့်ခွန်းကို ၁၂-၅-၃၇ ရက်နေ့ထုတ် သူရိယသတင်းစာ စာမျက်နှာ (၆)မှာ အတိအကျ ဖော်ပြခဲ့ပါတယ်၊ အဲဒီမိန့်ခွန်းထဲမှာ ဒီအခန်းနဲ့ ပတ်သက်တဲ့အကြောင်းလောက်ပဲ ဒီလိုကောက်နုတ် ဖော်ပြရမယ်ဆိုရင် -

ယခုကဲ့သို့ အိန္ဒိယတိုင်းသားများနှင့် မြန်မာတိုင်းရင်းသားအပေါင်းတို့ကို တွေ့ဆုံရခြင်းအတွက် အထူးပင် ဝမ်းမြောက်ပါ၏၊ နိုင်ငံရေးနှင့် ပတ်သက်၍ အံနည်းငယ်မျှ ဟောပြောလိုပါသည်။ တွဲရေးခွဲရေးကိစ္စများ ပြီးစီးခဲ့ပေပြီ။ အိန္ဒိယနှင့် မြန်မာပြည် ခွဲလိုက်ခြင်း အကြောင်းရင်းကား–

ဗြိတိသျှအစိုးရ၏ အကျိုးကျေးဇူးမရှိဘဲ ခွဲမည်မဟုတ်ပေ၊ အိန္ဒိယနှင့် မြန်မာတိုင်းရင်းသား အပေါင်းတို့သည် ကျွန်ချင်းအတူတူပင် ဖြစ်ကြ၏။ ကျွန်ချင်းအတူတူ ပေါင်းသင်းနေထိုင်လျှင် "အား"ရှိမည်ဖြစ်၏။ ကျွန်ချင်းအတူတူ မထားဘဲ ခွဲခြားထားလျှင်ကား "အား"နည်းပေမည်။

အဲဒီဥက္ကဋ္ဌကြီး ပြောသွားတဲ့အထဲမှာ မြန်မာပြည်နဲ့ အိန္ဒိယပြည် မခွဲဘဲထားရင် အားရှိမယ်၊ တွဲရေးခွဲရေးခေတ်မှာ မြန်မာတွေက တွဲနေချင်တယ်လို့ တစ်တိုင်းတစ်ပြည်လုံးက အုတ်အော်သောင်းတင်း ဆန္ဒပေးပေမယ့်လဲ ဗြိတိသျှ အစိုးရက ခွဲပစ်မှာပါပဲ။ ဒီလိုခွဲပစ်လိုက်လို့ သူ့ကို ဆန့်ကျင်တော်လှန်မယ့် အင်အားဟာ အားနည်းသွားတယ်၊ အဲဒီတော့မှ ဒီလိုခွဲအုပ်ချုပ်လိုက်မှ သူ့အတွက် (နယ်ချဲ့သမားအတွက်) နယ်ချဲ့သက်စိုးရှည်မယ်လို့ သူက (နယ်ချဲ့သမား) ယုံကြည်တယ်။

တွဲရေးခွဲရေး ခေတ်က ဗြိတိသျှအစိုးရက ခွဲပစ်လိုက်တဲ့အတွက် နယ်ချဲ့ဆန့်ကျင်ရေးအင်အားတွေ တစ်လုံးတစ်စည်းတည်း မရှိတော့ဘူး၊ အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားအောင် လုပ်ပစ်လိုက်တယ်ဆိုတာကို ဥက္ကဋ္ဌကြီး မစ္စတာနေရူးက အင်အားရဲ့ အရေးပါမှု၊ အရာရောက်မှုကို မီးမောင်းထိုးပြလိုက်တယ်လေ။

ဒီမှာလဲ အလားတူပါပဲ၊ ဝန်ကြီး ဦးရာဇတ်အမြင်ဟာ အိန္ဒိယပြည်ကြီးကို နှစ်နိုင်ငံအဖြစ် ခွဲဖြစ်သွားရင် မူလရှိတဲ့ "အား"ဟာ ပြိုကွဲသွားမှာ သေချာတယ်ဆိုတာကို ကြိုပြီး မြင်လိုက်တာပါ၊ အဲဒါကြောင့် ဝန်ကြီး ဦးရာဇတ်က "ခင်ဗျားတို့ လိုလားတောင့်တတဲ့ ပန်းတိုင်ကို ရောက်မှာမို့ ဝမ်းသာပါတယ်၊ ဒါပေမယ့် ကုလားပြည်ကြီး နှစ်ပိုင်းခွဲသွားတာတော့ ဝမ်းနည်းတယ်ဗျာ" လို့ အရိုးခံနဲ့ ပြောလိုက်တယ်လို့ပဲ နားလည်နိုင်ပါတယ်။

ဒီလို အိန္ဒိယနဲ့ ပါကစ္စတန်ရယ်လို့ နှစ်နိုင်ငံ လုပ်လိုက်တာကို ဗြိတိသျှ အစိုးရအနေနဲ့ အကျိုးမရှိဘဲ ခွဲမှာမဟုတ်ဘူးလို့ ဆိုတာကိုလဲ ဝန်ကြီး ဦးရာဇတ်အနေနဲ့လဲ အမြင်ရှိနိုင်ပါတယ်။

ဒီလို အိန္ဒိယပြည်ကြီးကို ခွဲလိုက်မယ့်ကိစ္စကို မစ္စတာနေရူး အနေနဲ့လဲ အိန္ဒိယနိုင်ငံရဲ့ "အား"ဟာ ခွဲခံလိုက်ရတော့မှာပဲလို့ မြင်ပြီး ကြိုက်ချင်မှ ကြိုက်မှာပါ၊ ဒါပေမယ့် သူ့ဆန္ဒနဲ့ကင်းပြီး အခွဲခံလိုက်ရတယ်လို့လဲ သူ့မှာ အမြင်ရှိချင် ရှိပေလိမ့်မယ်။

ဗြိတိသျှအစိုးရဟာ သူ့အကျိုးသာ မပါခဲ့ရင် ဒီလို အိန္ဒိယနဲ့ ပါကစ္စတန် ရယ်လို့ ခွဲပေးလိုက်မှာ မဟုတ်ဘူး၊ ဗြိတိသျှအစိုးရအနေနဲ့ သူလုပ်သမျှအတွက် အကျိုးရှိလို့ပဲလို့ နားလည်နိုင်တယ်။

အိန္ဒိယကို မခွဲဘဲ လွတ်လပ်ရေးပေးလိုက်ရင် အိန္ဒိယဟာ ဗြိတိသျှအစိုးရ နဲ့ ဗြိတိသျှဓနသဟာယအသင်းက ထွက်သွားရင် ဗြိတိသျှနယ်ချဲ့ကိုယ်ကျိုးစီးပွား တွေ ထိခိုက်နစ်နာမယ်၊ ဒီလိုခွဲလိုက်ရင် အိန္ဒိယ နှစ်ခြမ်းလုံးနဲ့ ဆက်သွယ်မိရင်လဲ အတိုင်းထက်အလွန်ပဲ၊ အထူးပြောဖွယ်မရှိ၊ တစ်ခုက ဗြိတိသျှအစိုးရနဲ့ မဆက်သွယ်ဘူးဆိုရင် တစ်ခုကတော့ ကျန်နေမယ်၊ ရတာအမြတ်ပဲဆိုတဲ့ အဖြစ်မျိုး အမြင်မျိုးလဲ ရှိမှာသေချာတယ်။

## * အိန္ဒိယပြည်ကို ခွဲလိုက်သူ

ဗြိတိသျှနယ်ချဲ့အစိုးရဟာ အိန္ဒိယပြည်ရဲ့ လွတ်လပ်ရေးကို လိုလိုချင်ချင် ကြည်ကြည်သာသာနဲ့ ပေးခဲ့တာမဟုတ်ပါဘူး၊ သဘောရိုးနဲ့ ပေးခဲ့တာပါလို့ ပြောတာယုံရင် ယုံသူဟာ ဦးနှောက်မရှိသူပဲ ဖြစ်ရမယ်လို့သာ တွက်ရပါမယ်၊ မလွှဲမရှောင်သာလို့သာ ပေးရခြင်းပါ၊ အားမတန် မာန်လျှော့ရတဲ့ သဘောပါ။

အိန္ဒိယပြည်ကနေ မွတ်စလင်များအတွက် ပါကစ္စတန်၊ ဟိန္ဒူများအတွက် (ဟိန္ဒူစတန်)အဖြစ် ခွဲဖို့ လုံးပမ်းနေတဲ့ ခြေလှမ်းကို ဝန်ကြီးဦးရာဇတ်အနေနဲ့ မလိုလားတာအမှန်ပဲ၊ မူလသမိုင်းအရ ရှိခဲ့တဲ့ အိန္ဒိယပြည်ကြီးကို မူလသူ့အတိုင်းပဲ တည်ရှိမှ ကောင်းမယ်လို့ ခိုင်မာတဲ့အမြင်သူ့မှာ ရှိလို့ပါ။

---

* **သူ (ဗြိတိသျှအစိုးရ) အနေနဲ့ ကြိုတင်ပြင်ဆင်ခဲ့တဲ့အတိုင်းပါပဲ၊ ဗြိတိသျှ ဓနသဟာယအသင်းထဲမှာ အိန္ဒိယ၊ ပါကစ္စတန် ဘင်္ဂလားဒေ့ရှ် ရယ်လို့ နိုင်ငံသုံးနိုင်ငံ ဖြစ်လာတဲ့အထဲ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်သာ ပါဝင်ပါတယ်၊ ပါကစ္စတန်နိုင်ငံကိုတော့ လက်လွှတ်လိုက်ရပါတယ်။**

ဒီလိုသမိုင်းဝင်ရှိခဲ့တဲ့ အိန္ဒိယပြည်ကြီး ခွဲလိုက်မယ်ဆိုရင် မူလအိန္ဒိယပြည်ကြီး အင်အားပြိုကွဲသွားမှာ အမှန်ပဲ၊ အဲဒါကြောင့် ဝန်ကြီးဦးရာဇတ်အနေနဲ့ မလိုလားခဲ့ဟန်လဲ အမှန်ဖြစ်ပေလိမ့်မပေါ့။

နယ်ချဲ့အင်္ဂလိပ်တွေက ကမ္ဘာမှာ နယ်ချဲ့နိုင်ငံတွေအချင်းချင်း ယှဉ်လိုက်ရင် သူက သူများမျက်ခုံးမွေးပေါ် စကြီး လျှောက်နေသူပါ၊ တိုင်းပြည်ငယ်သလောက် အင်မတန် အကွက်မြင်တယ်၊ ပါးနပ်တယ်၊ ကျားလက်သည်းလိုလက်သည်းဝှက်ကောင်းတယ်။

ကြီးသုံးကြီးနိုင်ငံတွေ ဖြစ်တဲ့ ရုရှား၊ ဗြိတိသျှ၊ အမေရိကန် (၃)နိုင်ငံက ရော်လဲတာစာချုပ်အရ ဒုတိယကမ္ဘာစစ်ပြီးရင် ကျွန်ပြုခံထားရတဲ့ နိုင်ငံတွေကို လွတ်လပ်ရေးပေးရန်ဆိုတဲ့ သဘောတူညီချက် ရှိပါတယ်။

အဲဒီစာချုပ်အရလဲတစ်ကြောင်း–

ပြီးတော့ အိန္ဒိယနိုင်ငံအနေနဲ့ ဗြိတိသျှအစိုးရကို ကူညီရင် စစ်ပြီးသွားတဲ့အခါ လွတ်လပ်ရေးပေးမယ်ဆိုတဲ့ ကတိများအရလည်းကောင်း၊ ဗြိတိသျှအစိုးရအနေနဲ့ ဒုတိယကမ္ဘာစစ်ဒဏ်ကို အလူးအလဲ ခံလိုက်ရတဲ့အတွက် လည်းကောင်း၊ နေမဝင်နိုင်ငံဆိုတဲ့ အလံတိုင်ကြီးဟာ ကျိုးကျသွားလေတော့၊ နယ်ချဲ့နိုင်ငံများတွင် ပထမတန်းနေရာကို ရယူထားတဲ့ အဆင့်ကို အမေရိကန်နိုင်ငံသို့ လွှဲပြောင်းပေးလိုက်ရပြန်တယ်၊ သူ့အဆင့်ဟာ ဒုတိယနေရာကို လျှောဆင်းသွားရရုံမက တိုင်းပြည်အနေနဲ့လဲချွတ်ချုံကျပြီး မရှုသာ မရှိုက်သာဘဝကို ကျရောက်သွားတယ်။

ဘာနဲ့အလားသဏ္ဌာန်တူသလဲ ဥပမာပြောရရင် ပါးစပ်ထဲ အရိုးစူးလို့ မစားနိုင် မသောက်နိုင်ရာက တရှောင်ရှောင်နဲ့ တပိန်ပိန် တလိန်လိန် ဖြစ်ရတဲ့ ခြသေ့ရဲ့ ဘဝမျိုး ဖြစ်လာတယ်၊ သားကောင် ကိုယ့်ရှေ့မှောက်ရက်လဲသွားတာကို တောင်ထပြီး ပြေးမအုပ်နိုင်တဲ့ ခြသေ့မင်းရဲ့ အဖြစ်မျိုးနဲ့ မခြားတဲ့ ဘဝမျိုး–မခြားတဲ့ အခြေအနေပါ။

အဲဒီလို အကြောင်းကြောင်းတွေကြောင့် ဗြိတိသျှနယ်ချဲ့သမားဟာ အိန္ဒိယပြည်ကို လွတ်လပ်ရေးပေးရမယ်ဆိုတာကို အရှေ့က နေထွက်ပြီး အနောက်မှာ နေဝင်တယ် ဆိုတဲ့ နိယာမတရားဟာ သေချာချင်မှ သေချာမှာ၊ ဒါပေမယ့် အိန္ဒိယကို လက်လွှတ်လိုက်ရတော့မှာကတော့ မြေကြီးလက်ခတ်မလွဲဘူးလေ။

အဲဒါကြောင့် နယ်ချဲ့သမားရဲ့ အုပ်ချုပ်ရာမှာ လက်ကိုင်ထားခဲ့တဲ့ (divide and rule policy) သွေးခွဲအုပ်ချုပ်တဲ့ ပေါ်လစီကို ကိုင်ပြီး သူမတူအောင် လျှော့ချည်တင်းချည်နဲ့ ကစားခဲ့တဲ့သူပါ၊ ပြီးတော့ သူ့မတူအောင် အင်မတန် အကွက်မြင်ပြီး ပါးနပ်လိမ္မာလှတဲ့ ဗြိတိသျှအစိုးရဟာ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို သဘောမျိုးနဲ့ ထွက်ကနက်ကန်သွားပါလေရော၊ အိန္ဒိယကို နှစ်ခြမ်းပိုင်းပစ်လိုက်တာလေ။

အရှည်ကို မတွေးတော့ဘဲ မျက်မှောက်လက်တလော အကျိုးကို စောင်းပေးကြည့်ကြတဲ့ အယူသည်းသမားတွေဖြစ်တဲ့ ဟိန္ဒူနဲ့ မွတ်စလင်တွေကတော့ ကိုယ့်တွက်ကိန်းနဲ့ကိုယ် ကိုယ့်အကျိုး၊ ကိုယ့်ဘာသာအကျိုးကြည့်ပြီး လွတ်လပ် တော့မယ်ဆိုပြီး ဝမ်းသာအယ်လဲ ဖြစ်ကြတယ်ပေါ့။

နောင် အိန္ဒိယနဲ့ ပါကစ္စတန်အတွက် မသင့်မတင့်ဖြစ်ပြီး နောင်ချိန်ချနေအောင်၊ လူသတ်ပွဲတွေ အတောမသတ် ဆင်နွှဲနေကြရအောင် "ကက်ရှ်မီးယား" ပြဿနာဆိုတဲ့ "မီးစ"ကို ချထားခဲ့တယ်လေ။

ပြီးတော့ သဘောမကျတဲ့ ပါကစ္စတန်နိုင်ငံကိုလဲ အရှေ့နဲ့အနောက် ရယ်ဆိုပြီး မိုင်တစ်ထောင်ကျော်ကွာဝေးစေပြီး ထူထောင်ပေးထားခဲ့ပါလေရော၊ နောင်မှာ ကက်ရှ်မီးယားကြောင့် အိန္ဒိယနဲ့ ပါကစ္စတန်တွေဟာ စစ်ဖြစ်ခဲ့တယ် မဟုတ်ပါလား၊ ပြီးတော့ အရှေ့နဲ့အနောက်က ပါကစ္စတန်ဟာ စစ်ပွဲတွေဖြစ်ပြီး ဗဟိုပါကစ္စတန်အစိုးရ လက်အောက်က အရှေ့ပါကစ္စတန်ဟာ ဘင်္ဂလားဒေ့ရှ် နိုင်ငံရယ်လို့ ထူထောင်ပြန်တယ်။

အိန္ဒိယပြည်ကြီးကနေ ပါကစ္စတန်ရယ်လို့ ခွဲထွက်သွား - နောင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရယ်လို့ ခွဲထွက်လာပြန်တယ်၊ နောက်ဆစ်ခ်လူမျိုးတွေကလဲ တစ်မျိုးခွဲထွက်ဖို့ အရေးဆို၊ ကက်ရှ်မီးယားက ကိုယ်ပိုင်အစိုးရ ထူထောင်လိုနဲ့၊ သမိုင်းအရ ရှိခဲ့တဲ့ အိန္ဒိယပြည်ကြီးဟာ ဦးနင်းပဲ့ထောင်-ပဲ့နင်းဦးထောင်နဲ့ စိတ်မချမ်းသာစရာတွေနဲ့ ကြုံတွေ့လာအောင် ကြံဆောင်ဖန်တီးသွားသူကတော့ ဗြိတိသျှအစိုးရပဲပေါ့။

ဝန်ကြီး ဦးရာဇတ်ဟာ မွတ်စလင်တွေအတွက် ပါကစ္စတန်ရယ်လို့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာမှာကို မွတ်စလင်တစ်ယောက် အနေနဲ့ မွတ်စလင် ခေါင်းဆောင်အနေနဲ့ ဝမ်းသာရမှာပါ၊ ကြိုဆိုရမှာပါ။ ဒါပေမယ့် အနာဂတ်အရေးကို ကြိုမြင်တဲ့အတွက်ကြောင့် မွတ်စလင်တစ်ဦးအနေနဲ့ ဝမ်းသာအားရ ဖြစ်မနေနိုင်ဘဲ အခုလို အထက်ပါစကားတွေကို ပြောပြလိုက်ခြင်းပါ။

မွတ်စလင်လိဂ်အဖွဲ့ဝင်တွေအနေနဲ့ သူတို့မျှော်မှန်းထားသလို ဝန်ကြီးဦးရာဇတ် ဆိက ထောက်ခံချီးကျူးတဲ့ စကားများ မကြားရတော့ အံ့အားသင့်သွားကြပါ သတဲ့၊ ဘယ့်နှယ်မွတ်စလင်ပါလိမ့်လို့လဲ သံသယရှိစရာ မလိုပါ။

ဒါပေမယ့် သူ့အနေနဲ့ အိန္ဒိယပြည်ကြီး ကွဲသွားမှာကိုတော့ မလိုလားပါဘူး။ သူပြောခဲ့တဲ့ စကားဟာ ပေါ့ပေါ့ဆဆ ပြောခဲ့တာမဟုတ်ပါဘူး၊ ဒီမှာ ဘက်မျက်မှောက်အခြေအနေအရ အိန္ဒိယပြည်ကြီး အစိတ်စိတ်အမြွာမြွာဖြစ်၊ စစ်မီးတွေ တောက်လောင်ပြီး သွေးချောင်းစီးခဲ့တာတွေက အကောင်းဆုံးသော အဖြေကို မီးမောင်းထိုးပြလိုက်ခြင်း မဟုတ်ပါလား။

ဝန်ကြီး ဦးရာဇတ်က ဒီအဖြစ်တွေ ကြုံတွေ့ရမယ်ဆိုတာ ကြိုမြင်ပြီး ပြောခဲ့တဲ့ စကားတွေဟာ သွေးထွက်အောင် မှန်လှပါတယ်၊ ဒီအချက်ကို သမိုင်းက သက်သေထူပြလိုက်ပါပြီကောလား။

ဒါတောင် ဒီပကတိဖြစ်ရပ်ကို စေ့စေ့တွေးပြီး ကြည့်တတ်အောင် ကြည့်တဲ့လူမှ မြင်မှာပဲပေါ့။

နယ်ချဲ့ဗြိတိသျှ အစိုးရဟာ မြန်မာပြည်ကိုလဲ ဒီအဖြစ်မျိုး အစိတ်စိတ် အမြွာမြွာ ဖြစ်အောင်လုပ်ဖို့ ကြိုးစားသေးတာပဲ၊ မြန်မာပြည်မှာ စက္ကူဖြူစာတမ်းအရ **ရှမ်းပြည်နယ်**ချင်းတောင်၊ ကချင် စတဲ့နယ်များကို မြန်မာပြည်ထဲက ခွဲထုတ်ထားဖို့ လုပ်ခဲ့ပါတယ်၊ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တောင်ပေါ် ခေါင်းဆောင်ကြီးတွေရဲ့ တိုင်းရင်းသားစိတ်ဓာတ်နဲ့ ပင်လုံမှာ လက်ဦးမှု ရယူ စာချုပ်ချုပ်လိုက်နိုင်ကြလို့ပေါ့၊ မြန်မာပြည်ကြီး တစ်ပေါင်းတစ်စည်းတည်း ရှိနေနိုင်ခဲ့တာပဲ။

ဝန်ကြီး ဦးရာဇတ်ဟာ ကျောင်းသားညီလာခံကြီးပြီးတဲ့အထိ မနေတော့ဘဲ မြန်မာပြည်ကို လေယာဉ်နဲ့ ပြန်ခဲ့ပါတယ်။

ကျောင်းသားအဖွဲ့ (၈)ဦးထဲက ခေါင်းဆောင် ကိုသန်းမောင် (မန္တလေးသူရိယ ဦးသန်းမောင်)နဲ့ ကိုမောင်မောင်ကျော် (ဒေါက်တာမောင်မောင်ကျော်)တို့ နှစ်ယောက်က ဒိန်းမတ်မှာ ကျင်းပမယ့် နိုင်ငံတကာ ကျောင်းသားညီလာခံသို့ တက်ရောက်ရမှာမို့ မဒရပ်မြို့ကနေ လေယာဉ်နဲ့ ဆက်ပြီး ခရီးထွက်ခွာသွားပါတယ်။

ကျန် ကိုဘဆက်နဲ့ (၆)ဦးတို့ကတော့ လာလမ်းအတိုင်း မြန်မာပြည်သို့ ပြန်လည် ထွက်ခွာကြပါတော့တယ်။

ကိုသန်းမောင်နဲ့ ကိုမောင်မော်ကျော်တို့ နှစ်ယောက်ဟာ ဒိန်းမတ်ရောက်ပြီး နိုင်ငံတကာကျောင်းသား ညီလာခံကို တက်ရောက်ကြပါတယ်။

သူတို့နှစ်ယောက်ဟာ နိုင်ငံတကာကျောင်းသား ညီလာခံပြီး ဗိုလ်ချုပ်အောင်ဆန်း အစိုးရရဲ့ ခွင့်ပြုညွှန်ကြားတဲ့အတိုင်း ဥရောပမှာရှိတဲ့ လူငယ်လုလင်များနှင့် ဆက်လက် လေ့လာနေကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီး ဦးရာဇတ် အစရှိတဲ့ ခေါင်းဆောင်တွေ လုပ်ကြံခံလိုက်ရတဲ့ သတင်းကို ကြားလိုက်ရပါသတဲ့၊ ကိုသန်းမောင်၊ ကိုမောင်မောင်ကျော် တို့ဟာ ဆရာကြီး ဦးရာဇတ်အား မဒရပ်မှာ အပြီးအပိုင် သူတို့ကို ခုလို ခွဲခွာသွားကြလိမ့်မည်ဟု မယူဆဘဲ၊ ဘယ်လိုမှ မမျှော်လင့်ခဲ့တဲ့ ဒီကြေကွဲဝမ်းနည်းစရာကောင်းတဲ့ အခုလို သတင်းကြီးကို ကြားလိုက်ရတော့ ယူကျုံးမရ ဖြစ်ကြရပါသတဲ့၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးရာဇတ်နဲ့အတူ ကျဆုံးသွားကြရှာသော အာဇာနည် ခေါင်းဆောင်များ ရဲဘော်ကိုထွေးတို့ ကောင်းရာသုဂတိ လားကြပါစေလို့သာ ဆုတောင်းလိုက်ရပါတော့တယ်တဲ့။

**ဒီအခန်းနဲ့ပတ်သက်ပြီး** -

ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာန၊ ဝန်ကြီးဦးရာဇာတ် (ဆရာကြီး ဦးရာဇတ်)ရဲ့ အတွင်းဝန် ဦးချစ်ဆွေ (မန္တလေး)မှ ၂၆-၄-၆၉ နေ့စွဲနဲ့ ကျမ်းပြုသူအား ပေးစာ-

သူရိယဦးသန်းမောင် (နိုင်ငံဂုဏ်ရည်ဘွဲ့ ဒုတိယအဆင့်) ရဲ့ ပြောပြချက်များ။

ဒေါက်တာမောင်မောင်ကျော် - ဗဟိုတရားရုံးရှေ့နေ။

ဦးကိုကိုကြီး ခေတ်မြန်ပုံနှိပ်တိုက်ပိုင်ရှင်-ကွယ်လွန် တို့ပြောပြချက်များမှ တစ်ဆင့် ဖော်ပြအပ်ပါတယ်။

ယင်းစာအုပ်ကို ဦးသန်းဦး၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် အခြေခံပညာ ဦးစီးဌာနက ဆရာသော်ကောင်းထံမှ တဆင့် ရန်ကုန် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ လှူဒါန်းခြင်း ဖြစ်ပါတယ်)။ ကြည်ညွန့်၊ ချစ်ကြည်ရေး၊ သမိုင်းဝင်သူရိယ၊ မြန်မာ့အလင်းနှင့် မြန်မာနိုင်ငံရေး၊ ပုသိမ်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၉၄ ခု။

ဗိုလ်ချုပ်အောင်ဆန်း သဝဏ်လွှာ၊ ဝန်ကြီးဦးရာဇတ် မိန့်ခွန်း၊ ကိုသန်းမောင် မိန့်ခွန်းနဲ့ အိုင်ဆက်စ်အက်စ် အဖွဲ့ရဲ့ အခြေခံမူများကို မန္တလေးသူရိယ ဆရာဦးသန်းမောင်က မြန်မာပြန်ဆိုပေးခြင်း ဖြစ်ပါတယ်။

# အခန်း (၂၆)

## မန်းတက္ကသိုလ် (ဒါမှမဟုတ်) ရာဇဝင်တက္ကသိုလ်

ပညာ - သမ္မာ - အာဘာ - နတ္ထိ

ရန်နိုင်ကြိုင်မွှေး မန္တလေးဆိုတဲ့ မင်းနေပြည်တော်မှာ မန်းတက္ကသိုလ်ကြီးဟာ ဓူဝံကြယ်ကြီးလို ထွန်းလင်းတောက်ပလျက်ရှိနေပါပြီ။

မန်းနေပြည်တော်ဟာ မဟာမြတ်မုနိဘုရားကြီး၊ အိမ်တော်ရာဘုရား။ သကျသီဟဘုရား၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ နန်းတော်မြို့ရိုး၊ နန်းတော်မြို့ရိုးပတ် မင်္ဂလာကျုံး၊ အောင်ပင်လယ်ကန်၊ အင်းဝတံတား၊ တသွင်သွင် စီးဆင်းနေတဲ့ မြစ်ကြီးဧရာ စတဲ့ ဟောဒီ ရှုခင်းတွေကြောင့် ထည်ဝါခံ့ညားပြီး ကျက်သရေမင်္ဂလာရှိပြီး တင့်တယ်လှပနေတဲ့ သမိုင်းဝင်မြို့တော်ကြီးမှာ ဒီလို မန်းတက္ကသိုလ်ကျောင်းတိုက်ကြီးတစ်ခု ကြွားကြွား ဝင့်ဝင့် မားမားမတ်မတ် ပေါ်ပေါက်လာပြန်တော့၊ မန်းရဲ့ပင်ကို အလှကို ဆတက်ထမ်းပိုးတိုးပြီး ကျက်သရေမင်္ဂလာရှိလာစေပါတယ်။

ဒီတက္ကသိုလ်ကြီး ဒီလိုငွါးငွါးစွင့်စွင့်နဲ့ ဓူဝံကြယ်ကြီး တစ်လုံးလို ပေါ်ပေါက်လာတာဟာ မန်းနေပြည်တော် အတွက်သာမကပါဘူး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ အထက်မြန်မာပြည် စတဲ့ ဒီဒေသတွေ အတွက်ပါ ကျက်သရေရှိစေပါတယ်။

ခူဝံကြယ်ဟာ ညအခါ မျက်စိလည်လမ်းမှားနေသူရယ် အရပ်ရှစ်မျက်နှာက လိုခရီးကို သွားချင်သူတွေအတွက်ရယ်ပါ လမ်းညွှန်လျက်ရှိတဲ့အတွက် အလွန် တန်ဖိုးရှိလှပါတယ်။

ဥခွံထဲကိန်းဝပ်နေတဲ့ ကြက်ငှက်သတ္တဝါလေးတွေဟာ ဥခွံကို ဖောက်ထွက်လာနိုင်ပါမှ အံ့ဩဖွယ်ကောင်းတဲ့ အပြောကျယ်လှတဲ့ ကမ္ဘာကြီး အကြောင်းကို တွေ့ထိလာနိုင်မှာပါ။ အဲဒီလိုပဲ ဒီတက္ကသိုလ်ကြီးပေါ်ပေါက် လာတဲ့အတွက် ဆန်းကြယ်လှတဲ့ ကမ္ဘာ့ပညာရပ်တွေရယ်၊ အမှောင်ထဲမှာ ယာယီဖုံးလွှမ်းနေတဲ့ လူ့အကျိုးစီးပွားတွေရယ်၊ အခွင့်အရေးတွေရယ် စတဲ့ စတဲ့ အတောမသတ်နိုင်တဲ့ လူ့အခွင့်အရေးတွေရယ် စတဲ့လူ့အဖွဲ့အစည်း အတွင်းရှိ လူသားတွေရဲ့ တိုးတက်ရာလမ်းကြောင်းတွေကို အပတ်တကုတ် ရှာဖွေနေသူတွေအတွက် အကျိုးစီးပွားတွေကို ဒီတက္ကသိုလ်ကြီးမှာ ခံစားနိုင် ကြမှာပါ။ ဒီတက္ကသိုလ်ကြီးဟာ ကုန်ဆုံးနိုင်စွမ်း မရှိတဲ့ ပညာရပ်တွေကို ပေးပါလိမ့်မယ်။ မီးရှူးတန်ဆောင် အလင်းရောင်ကို ပေးနေတဲ့ ဟောဒီလို အခြေအနေမျိုးမှာ ဝင်းဝင်းစွင့်စွင့် ဝင့်ကြွားရပ်နေရုံနဲ့ မနေသေးဘဲ သူ့ဘဝ ဖြစ်စဉ်ကိုတော့ လူတိုင်းကို မမောနိုင် မပန်းနိုင် ပြောပြနေပါတယ်။

မန်းတက္ကသိုလ်ရဲ့အစ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်

သာမန်ကြည့်မယ်ဆိုရင်တော့ မန်းတက္ကသိုလ်ကြီးဟာ ခုလို နေ့ချင်းည ချင်း မားမားမတ်မတ် ဝင်းဝင်းစွင့်စွင့် ပေါ်ပေါက်လာတာကတော့ အံ့ဩစရာ ပါပဲ။ ဒီလောက်တိုတောင်းလှတဲ့ ကာလကလေးအတွင်းမှာ ဒီလို ခံ့ညားဝင့် ကြွားနေနိုင်တဲ့ တက္ကသိုလ်အဖြစ် ရောက်လာတာဟာ "ဉ်-ဖွ" ဆိုပြီး ဂါထာ မန္တရားနဲ့ မန်းမှုတ်လိုက်လို့ ပေါ်ပေါက်လာတာ မဟုတ်ပါဘူး။ တကယ်တမ်း ပြောရရင်တော့ သူ့မှာ ဘသတွေ ကာလတွေ အမျိုးမျိုး ဖြတ်ကျော်ခဲ့ရပါတယ် ဒဏ်ရာဒဏ်ချက်တွေ အများကြီး ရှိခဲ့တာပါ။

အဖိနှိပ်အမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရရှာပါသေးတယ်။ စစ်ဒဏ်ကို ဆိုရင် နှစ်ကြိမ်တိတိ ခံခဲ့ရပါတယ်။ သူ့ဘဝဟာ ကြေကွဲစရာပါပဲ။ ပြာပုံဘဝကနေ ပြန်လည်ရှင်သန်ခဲ့ရသူပါတဲ့။ တချို့ ရက်စက်တဲ့သူတွေက သူ့ကို သတ်ပစ်ဖို့

အမျိုးမျိုး ကြိုးစားခဲ့ကြပါသေးတယ်။ ဒါပေမယ့် သူတို့သတ်လို့ မသေခဲ့ပါဘူး။ သူဟာ တကယ့်ကျတော့ အသက်ပြင်းလှတဲ့ ကျောင်းကြီးပါ။

ဒီလိုအသက်ပြင်းရတာတွေ အသက်မသေဘဲ ပြာပုံက ကုန်းရုန်းထနိုင်ခဲ့တာတွေဟာ အမှန်ကတော့ သူ့မှာ ဆရာကောင်း သမားကောင်းတွေ ရှိလို့ပါပဲ။ သူဟာ အဲဒီလို ရင်နင့်စရာကောင်းလှတဲ့ အတိတ်အကြောင်းတွေကိုလဲ တစ်ခါတစ်ရံ ပြောပြတတ်ပါသေးတယ်။

၁၉၂၀ ခုနှစ်မှာ မြန်မာပြည်ရဲ့ ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်က ဆိုရင် ယူနီဗာစီတီ အက်ဥပဒေကို ပြဋ္ဌာန်းလိုက်တယ်။ ဒီအက်ဥပဒေဟာ သခင်ပညာရေးရဲ့ လမ်းစကို ပိတ်ပစ်လိုက်ပြီး ကျွန်ပညာကို အစားထိုးလိုက်တဲ့ ခြေလှမ်းဖြစ်တယ်။ ဒါကြောင့် ဒီအက်ဥပဒေကို နိုးကြားတက်ကြွတဲ့ ပြည်သူတွေက ဖျက်ပေးဖို့ တောင်းဆိုကြတယ်။ အစိုးရက ပြန်ရုပ်သိမ်းပေးဖို့ ငြင်းဆိုတယ်။

ရန်ကုန်တက္ကသိုလ်ကျောင်းသား ကိုဘဦး အပါအဝင် ကျောင်းသား (၁၁) ဦးက ခေါင်းဆောင်ပြီး "ဘွိုင်း ကောက်–ဘွိုင်းကောက်"လို့ တစ်ခဲနက်ကြွေးကြော်ပြီး သပိတ်မှောက်လိုက်ကြတယ်။ ဒီကောလိပ်ကျောင်းသား သပိတ်ကြီးကြောင့် တစ်ပြည်လုံး သိမ့်သိမ့်တုန် လှုပ်ရှားသွားတယ်။ တစ်မုဟုတ်ချင်းဆိုသလိုပဲ မြန်မာပြည်အနှံ့အပြားကို ဒီလှိုင်းဂယက်က ရိုက်ခတ်သွားတယ်။ ကျောင်းသားတွေဟာ စာသင်ခန်းက စာအုပ်ကိုယ်စီ ပိုက်လို့ "ဘွိုင်းကောက်–ဘွိုင်းကောက် – သပိတ် – သပိတ် – မှောက်မှောက်"လို့ ကြွေးကြော်ရင်း ရန်ကုန်ကျောင်းသားသပိတ်ကို မိုးချုန်းသလို ထောက်ခံပါတယ်" ဆိုပြီး ဆန္ဒပြခဲ့ကြပါတယ်။ ၁၉၁၈–၁၉–၂၀ နှစ်လောက်မှာတော့ တစ်ပြည်လုံးဟာ စည်းလုံးညီညွတ်လျက်ရှိပါတယ်။ ကရက်ဒေါက်ကို ကန့်ကွက်ဆန္ဒပြတဲ့ ပွဲတွေဟာလဲ အားရစရာပါပဲ။

အဲဒီကောလိပ်ကျောင်းသားသပိတ် ပေါ်ပေါက်ပြီးတဲ့နောက်ပိုင်းမှာ ပြည်သူတွေရဲ့ အသိပညာတွေဟာလဲ တစ်ဟုန်ထိုး တိုးတက်မြင့်မားလာခဲ့တယ်။ ပညာရေးနဲ့ ပတ်သက်တဲ့ အမြင်တွေဟာလဲ ကျယ်ပြန့်လာတယ်။ နယ်ချဲ့ဆန့်ကျင်တဲ့ လူထုတိုက်ပွဲတွေဟာ ဘယ်လောက်တန်ခိုးကြီးတယ်ဆိုတာကို သူတို့ပင် နိုင်ငံရေးအတွေ့အကြုံနှင့် နားလည်သဘောပေါက်ခဲ့ကြတယ်။

အထက်မြန်မာပြည်က ဆယ်တန်းအောင်လို့ ရန်ကုန်တက္ကသိုလ် သွားပြီး ပညာသင်ခွင့်ရတဲ့ ကျောင်းသားတွေထဲက ဆင်းရဲနွမ်းပါးလို့ ကျောင်းဆက်မနေနိုင်သူတွေ အများကြီး ရှိခဲ့ပါတယ်။

ဒီလိုဆင်းရဲနွမ်းပါးတဲ့ ကျောင်းသားတွေ ပညာဆက်မသင်နိုင်တာကို လက်ပိုက်ကြည့်မနေနိုင်တာနဲ့ မန္တလေးမြို့မှာ ဥပစာကောလိပ်ကျောင်း တစ်ကျောင်း ဖွင့်ပေးဖို့ မန္တလေးသား ဗဟိုစည် ဦးဘဦး ခေါင်းဆောင်ပြီး အရေးဆိုခဲ့ပါတယ်။ ဒီမှန်မြတ်ပြီး အရေးကြီးတဲ့ အဆိုကို မန္တလေး တောင်ရသေ့ကြီး ဦးခန္တီနဲ့ မန္တလေးမြို့ ကျောက်စာဝန် မစ္စတာတော်စိန်ခိုတို့က လေးလေးနက်နက် ထောက်ခံခဲ့တာပါ။

ဒါကြောင့် အင်္ဂလိပ်နယ်ချဲ့ အစိုးရဟာ မလွှဲမရှောင်သာဘဲ မန္တလေးမှာ ဥပစာကောလိပ်ကျောင်းတစ်ကျောင်းကို ဖွင့်ပေးခဲ့ရတယ်။ ဒီမန္တလေး ဥပစာကောလိပ်ကျောင်းဟာ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်ရဲ့ လက်အောက်ခံပါ။

၁၉၂၅ ခုနှစ် ဇူလိုင်လ (၄) ရက်နေ့မှာ ပထမဆုံးအကြိမ်အဖြစ် မန္တလေး ဥပစာကောလိပ် ကျောင်းအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးကို ထိုင်ခဲ့ပါတယ်။

ဒီအစည်းအဝေးပွဲမှာ ဗိုလ်ကြီးကျော်ညွန့်က သဘာပတိပါ။ ကျောင်းအုပ်ကြီးကတော့ မစ္စတာအာလ်တင်စီပါပဲ၊ ကျောင်းစဖွင့်တော့ ကျောင်းသား (၃၁) ယောက်ပဲ ရှိပါတယ်။

၁၉၂၆ ခု ဩဂုတ်လထဲ ကျင်းပတဲ့ ဥပဒေပြုကောင်စီ အစည်းအဝေးမှာ မန္တလေးဥပစာကောလိပ်ကို ပိတ်ပစ်ဖို့ ရွှေတောင်ကြားပါတီက အဆိုတင်သွင်းကြတယ်၊ ရွှေတောင်ကြားပါတီကို အင်ဒီပင့်ဒင့်ပါတီလို့လဲ ခေါ်တယ်။ ဗဟိုလို့လဲ ခေါ်တယ်၊ ဆာဂျေအေမောင်ကြီးတို့အဖွဲ့ပါ။ တရုတ်လူမျိုး သူဌေးတွေရဲ့ ဩဇာခံပေါ့၊ အဲဒီခေတ်ကတော့ ရွှေတောင်ကြားပါတီဟာ ရေပန်းစားခဲ့တယ်၊ အစိုးရအလိုတော်ရိတွေထဲက တရုတ်လူမျိုး ဒေါက်တာဘရင်နဲ့ မစ္စတာအယိန်တို့ကိုတောင် ပညာရေးနဲ့ သစ်တောရေးဝန်ကြီး နှစ်နေရာပေးခဲ့တယ်။

ရွှေတောင်ကြားပါတီကို သခင်ခင်ဇော်က သူ့ရဲ့ "ဗမာ့လွတ်လပ်ရေး အလုပ်သမားတိုက်ပွဲ"ဆိုတဲ့ စာအုပ်မှာ ဟောဒီလို ဖွင့်ဆို ရေးထားပါတယ်။

ရွှေတောင်ကြားပါတီ ဆိုသည်မှာ ရန်ကုန်မြို့ ရွှေတိဂုံဘုရား မြောက်ဘက်ရှိ (Golden Valley)ရွှေတောင်ကြားရပ်ကွက်ကို အစွဲပြု၍

ခေါ်ဆိုခြင်းဖြစ်သည်။ ထိုရပ်ကွက်၌ ကမ္ဘာနှင့်ဆန် တင်ပို့ရောင်းချနေသော ဆန်စက်များပိုင်ရှင် တရုတ်အရင်းရှင်ကြီး ဦးဘိန်ချွန်းနေခဲ့သည်။ ၎င်းမှာ စက်ပိုင်လယ်ပိုင်နှင့် စပါးကုန်သည်ကြီးများအပေါ်တွင် မနိုင်ရင်ကာ ဩဇာတိက္ကမ ကြီးထွားသူတစ်ဦး ဖြစ်သည်။ ဒိုင်အာခီအမတ်ရွေးပွဲတွင် ဂျီစီဘီအေဝံသာနုအသင်းချုပ်ကြီးက သပိတ်မှောက် ဆန့်ကျင်သဖြင့် ငွေကို ရေလိုသုံးနိုင်သော ဦးဘိန်ချွန်း ဩဇာခံအမတ်လောင်းများ အတော်များများ အရွေးခံကြရသည်။ ထိုအမတ်များအား စုစည်းထားသော ပါတီကို ရွှေတောင်ကြားပါတီဟု ခေါ်စမှတ်ပြုခြင်း ခံရသည်။

မန်းဥပစာကောလိပ်မှာ ကျောင်းသားစုစုပေါင်း ၃၁ ယောက်ပဲ ရှိတဲ့အတွက် လွန်ခဲ့တဲ့ နှစ်အတွင်းက ငွေရှစ်သောင်းကျော် ကုန်ကျခဲ့တယ်၊ ဒါဟာ ဆင်ဖြူတော်စီမံကိန်း ဖြစ်နေတယ်။ အဲဒါကြောင့် အကျိုးမများတဲ့အတူတူ မန်းဥပစာကောလိပ်ကို ပိတ်လိုက်တာ အကောင်းဆုံးပဲလို့ တင်ပြကြတယ်။ ဒီနေ့ဆို မန်း–သီးခြားတက္ကသိုလ်မှာ ကျောင်းသား (၅၀၀၀) ကျော် နေပါပြီ၊ တကယ်လို့ အဲဒီတုန်းကသာ မန်းဥပစာကောလိပ်ကို အင်္ဂလိပ် အလိုတော်ရိတွေရဲ့ တောင်းဆိုချက်အတိုင်း ပိတ်ပစ်လိုက်ရင် ဒီ ၅၀၀၀ ကျော် ကလေးတွေ ဘယ်မှာသွား ပညာသင်ရမလဲ၊ ဒါဟာ အဲဒီ မန်းဥပစာကောလိပ်ရဲ့ အကျိုးဆက်ပဲ မဟုတ်ပါလား။

ဒါကို ဦးဘဦးနဲ့ ပညာရေးဝန်ကြီး အမ် ၊အေ ဦးမောင်ကြီးတို့က အပြင်းအထန် ကန့်ကွက်ကြတယ်။ အထက်မြန်မာပြည်ခေါင်းဆောင်များ ဖြစ်ကြတဲ့ ဦးစိန်ရိုးနဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်းက ကျောင်းအုပ်ဆရာကြီး ဦးရာဇတ်၊ အမရပူရ ဦးဘသီတို့က မန်းဥပစာကောလိပ်ကို ဆက်လက်ထားဖို့ ထောက်ခံဆန္ဒမဲ ပေးခဲ့ကြပါတယ်၊ နောက်ဆုံးနှစ်မှာ ပြည်သူ့ဆန္ဒကို လိုက်လျောရပြီး ကျောင်းကြီးကို ဖွင့်မြဲအတိုင်း ဆက်လက်ဖွင့်စေခဲ့တယ်။

ဒုတိယကမ္ဘာစစ် မတိုင်ခင်အထိ မန္တလေး ဥပစာကောလိပ်မှာ အခုပါဏ ဗေဒဓာတ်ခွဲခန်းအဖြစ် အသုံးပြုနေတဲ့ အဆောက်အအုံငယ် တစ်ခုနဲ့ အခြားအဆောက်အအုံပေါင်း နှစ်ခုသာ ရှိတာပါ၊ ကျောင်းသားတွေကတော့ စိုက်ပျိုးရေးဌာနပိုင် ကျောင်းဆောင်တစ်ခုမှာ နေထိုင်ခဲ့ကြရပါတယ်၊ ကျောင်းအိပ်ကျောင်းစား နေချင်တဲ့ ကျောင်းသူတွေအတွက်တော့ အဆောက်အအုံ

လုံး၀မရှိသေးဘူး၊ သင်ကြားပို့ချခဲ့တဲ့ ဘာသာရပ်တွေကတော့ လောကဓာတ်ပညာမှာ သင်္ချာ၊ ရူပဗေဒနဲ့ ဓာတုဗေဒ၊ ဝိဇ္ဇာပညာမှာက ရာဇဝင်၊ စိတ်ကြိုက် မြန်မာစာ၊ ပါဠိဘာသာနဲ့ လောဂျစ်ခေါ်တဲ့ တက္ကဗေဒ ဘာသာရပ်များ ပါပဲ။

## မန္တလေးဥပစာကောလိပ်မှာ ကန့်ကွက်ဆန္ဒပြမှုတစ်ရပ်

၁၉၃၀–၃၁ ခုနှစ်လောက်မှာ မန္တလေး ဥပစာကောလိပ်မှာ သပိတ်ငယ် ကလေးတစ်ခု ပေါ်ပေါက်ခဲ့သေးတယ်၊ ဒါကိုတော့ လူသိလဲ နည်းပါတယ်၊ ဖြစ်ပုံက ဒီလိုပါ၊ ဒုတိယအစမ်းစာမေးပွဲမှာ အောင်မှတ်မကောင်းတဲ့ ကျောင်းသား တွေကို ရန်ကုန်တက္ကသိုလ် စာမေးပွဲ ဝင်ဖြေဆိုဖို့ ခွင့်မပြုနိုင်ဘူးလို့ အာဏာပိုင် တွေက အမိန့်ထုတ်တယ်။

ပထမနှစ်နဲ့ ဒုတိယနှစ်ပေါင်းမှ စုစုပေါင်း ကျောင်းသား (၁၀၀)ကျော်ပဲ ရှိပါလိမ့်မယ်၊ စာမေးပွဲမဝင်နိုင်အောင် အောင်မှတ်မကောင်းတဲ့ ကျောင်းသား တော်တော်နည်းပါတယ်၊ ၄၊ ၅၊ ၈ ယောက်လောက်ပဲ ရှိမယ်။ သူတို့ကို ဝင်ခွင့်မပေးနိုင်ဘူး ဆိုတဲ့ ပြဿနာ ပေါ်လာတယ်၊ စာတော်တဲ့ ကျောင်းသားတွေ အတွက် ပြဿနာမရှိနိုင်ပေမယ့် ဒုတိယစာမေးပွဲကျတဲ့ ကျောင်းသားတွေ အတွက် နစ်နာနေတယ်။

ဒီကိစ္စကို ကျောင်းသားတွေက မကျေနပ်ကြဘူး၊ အဲဒီမယ် ဆရာကြီး ရာဇတ်ရဲ့ တပည့် ကိုသိန်းဖေ (တိုင်းချစ်) က တစ်ဆင့် ကိုကိုလေး (မန်းတက္ကသိုလ်ကျောင်းအုပ်ကြီးဟောင်း) အပါအဝင် ကျောင်းသားခေါင်းဆောင် တစ်စုက ဆရာကြီး ဦးရာဇတ်နဲ့ တွေ့ဆုံတယ်၊ ဒီကိစ္စကို တင်ပြဆွေးနွေး ကြတယ်။

ကိုသိန်းဖေ (တိုင်းချစ်)က ဗဟိုအမျိုးသားကျောင်းက (၁၀)တန်းအောင် တဲ့ ကျောင်းသားပါ။ ဆရာကြီး ရာဇတ်နဲ့ အင်မတန် ရင်းနှီးသူပါ။ (ကိုကိုလေး)ကတော့ အတန်းထဲမှာ ပထမရတဲ့သူမို့ အလိုအလျောက် ဖြေခွင့်ရပြီး သားပါဆိုတာကို သိတယ်။ ဒါပေမယ့် ကျောင်းသားအများစုရဲ့ အကျိုးဟာ သူ့အကျိုးလို့ သူမြင်ပါတယ် ဒါကြောင့် ဆရာကြီးနဲ့ လာဆွေးနွေးသတဲ့။

စာမေးပွဲဝင်ခွင့် မရတဲ့ ကျောင်းသားရော ဝင်ခွင့်ရတဲ့ ကျောင်းသားပါ အားလုံး စည်းရုံးပါ။ အားလုံး စည်းစည်းရုံးရုံး ညီညီညွတ်ညွတ်ရှိဖို့လိုတယ်၊ အားလုံး ညီညွတ်တဲ့အခါ သပိတ်လက်နက် ဆွဲကိုင်ပြီး အရေးဆိုပါလို့ ဆရာကြီးရာဇတ်က အကြံပေးခဲ့တယ်။

ဆရာကြီး အကြံပေးတဲ့အတိုင်းကျောင်းသားတွေအားလုံး စုစည်းခဲ့တယ်၊ အားလုံး စည်းစည်းလုံးလုံးရှိလာတဲ့အခါ သပိတ်မှောက် အရေးဆိုခဲ့တယ်၊ ဒီလှုပ်ရှားမှုဟာ အကျော်ဒေးယျအဆင့်ထိ မကူးခဲ့ဘူး။ ကျောင်းသားတွေရဲ့ တောင်းဆိုမှုကို သက်ဆိုင်ရာ အာဏာပိုင်တွေက ချက်ချင်း လိုက်လျောခဲ့လို့ပါ၊ တကယ်လို့သာ ကျောင်းသားတွေရဲ့ ဒီတောင်းဆိုချက်ကို မလိုက်လျောခဲ့ဘူးဆိုရင် တော့ မီးပွားကလေးဟာ တစ်တိုင်းပြည်လုံး လောင်ကျွမ်းသွားလိမ့်မယ်ဆိုတာ ကိုတော့ သံသယဖြစ်ဖို့ မလိုပါဘူး။

## ၁၉၃၁–၃၂ မန်း ဥပစာကောလိပ်သပိတ်

ဗြိတိသျှအစိုးရက မန်းဥပစာကောလိပ်ကို ပိတ်ပစ်ပြီး ရန်ကုန်တက္ကသိုလ် နဲ့ ပြန်ပေါင်းဖို့ အစီအစဉ်လုပ်ပြန်သေးတယ်။

အဲဒီအချိန် ပတ်ဝန်းကျင်လောက်မှာ ဗြိတိသျှနဲ့ ကမ္ဘာ့အရင်းရှင်လောက ကို ဝင်ရိုက်ခတ်တဲ့ ကမ္ဘာ့စီးပွားပျက်ကပ် ဂယက်ကြီးကလဲ မြန်မာနိုင်ငံကို ဝင်ရောက် ရိုက်ခတ်ခဲ့တဲ့ အချိန်လဲ ဖြစ်တယ်။ ဒီအချိန်မှာ စီးပွားရေးအနေနဲ့ ကုန်းကောက်စရာမရှိ ကျပ်တည်းနေ ဆင်းရဲငတ်ပြတ်နေကြတဲ့ လယ်သမားတွေ ကို သဃမေဓ လူခွန်တော် တစ်အိမ်ထောင် ၅ ကျပ် မပေးမနေရလို့ ဗွတ် အတင်း တောင်းခံတယ်။ အစိုးရတပ်တွေဟာ အမျိုးမျိုး ညှဉ်းဆဲဖမ်းဆီး ရိုက်နှက်လို့ ဒီလယ်သမားတွေကို ကိုယ်စားပြုပြီး အင်္ဂလိပ်နယ်ချဲ့သမားကို လက်နက်ဆွဲကိုင် တော်လှန်ခဲ့တဲ့ လယ်သမား သူပုန်ခေါင်းဆောင် ဆရာစံကို ဖမ်းဆီး အမှုစစ်ဆေးနေတဲ့ ကာလလဲ ဖြစ်တယ်။

အဲဒီအချိန်လောက်ဆီက မန်း ဥပစာကောလိပ် ကျောင်းအုပ်ကြီးက အေဒီမာရှယ်[1] ဖြစ်ပါတယ်၊ သူက အင်္ဂလိပ်လူမျိုးပါ။ ကောလိပ်ကျောင်း ပိတ်ပစ်မယ်ဆိုတဲ့ ဒီသတင်းကို ကြားတော့ ကျောင်းသားတွေက ကျောင်းအုပ်ကြီး ကို သွားမေးကြတယ်၊ သူက မသိဘူးလို့ ပြောလွှတ်တယ်။ အဲဒီတော့ သင်္ချာကထိက ဦးလှဘော်ဦးဆီ သွားမေးကြပြန်တယ်၊ "အေးဟုတ်တယ်"လို့ သူက ပြောပြလိုက်တယ်၊ ဒါထက်မကဘူး ဥပစာကောလိပ် ပိတ်မယ်ဆိုတာလဲ သူကိုယ်တိုင် မထောက်ခံဘူး၊ ဒါကြောင့် ဒီကိစ္စကို ဆန္ဒပြ သပိတ်မှောက်ဖို့ ကထိက ဦးလှဘော်ဦးက နည်းပေးလမ်းပြ လုပ်လိုက်ပါသေးတယ်။

1. A.D. Marshall.

ကျောင်းသားတွေက သပိတ်လက်နက် ဆွဲကိုင်ပြီး အိမ်တော်ရာ ကိုးခန်းဇရပ်မှာ သပိတ်စခန်း ဖွင့်ခဲ့တယ်၊ မန်းဥပစာကောလိပ် ပိတ်ပစ်မယ် ဆိုတာကို ကန့်ကွက်ဆန္ဒပြတဲ့ သပိတ်ပါ။

ကိုသိန်းဖေ (တိုင်းချစ်)၊ ကိုကျော်ညိမ်း(ဝန်ကြီးဟောင်း)၊ ကိုသိန်းဖေ (ဦးသိန်းဖေမြင့်)၊ ကိုခင်မောင်ကလေး (ဝန်ကြီးဟောင်း ဗိုလ်ခင်မောင်ကလေး) အစရှိတဲ့ သူတွေက သပိတ်ခေါင်းဆောင်တွေပါ။ အဲဒီသပိတ်မှာ မအုံး (ယခု အမ်အေ–ဒေါ်အုံး မန်းတက္ကသိုလ်ပါမောက္ခဟောင်း)လဲ အပါအဝင် ဖြစ်ခဲ့တယ်။

ကျောင်းသားတွေက မန်းဥပစာကောလိပ်ကို ဖျက်ပေးဖို့နေနေသာသာ ဘီအေ–ဘီအက်စ်တက္ကသိုလ် (ယခုခေါ် ဝိဇ္ဇာ–သိပ္ပံတက္ကသိုလ်)အဖြစ် တိုးချဲ့ပေးဖို့ တောင်းဆိုတိုက်ပွဲဝင်သွားဖို့ တကဲကဲ ဖြစ်နေပါသေးတယ်။

ကျောင်းသားတွေအနေနဲ့ သပိတ်အောင်မြင်ဖို့အတွက် အကြံဉာဏ်တွေ လိုအပ်နေပါတယ်။ နောက်ဆုံး ဗဟိုအမျိုးသားအထက်တန်းကျောင်း ဆရာကြီး ဦးရာဇတ်ဆီ သွားရောက်ပြီး အကြံဉာဏ်တွေ တောင်းခံကြပါတယ်၊ တိုင်ပင် ဆွေးနွေးကြပါတယ်။

ဆရာကြီးဆီကို ဥပစာကောလိပ်က သင်္ချာကထိ ဦးလှဘော်ဦးတို့လဲ မကြာခဏဆိုသလို ရောက်ပါတယ်။ ဥပစာကောလိပ် ကိစ္စကို ဆွေးနွေး တိုင်ပင် ကြပါတယ်။

ဆရာကြီး ဦးရာဇတ်နဲ့ ဗဟိုအမျိုးသားကျောင်းဆရာ ဆရာမများက အကြံဉာဏ်တွေ ပေးကြပါတယ်။ ဗဟိုအမျိုးသားကျောင်းသူကျောင်းသားတွေ ကလဲ အထောက်အကူတွေ ပေးပါတယ်။ မြို့လူထုက သပိတ်မှောက် ကျောင်းသားထုရဲ့ တောင်းဆိုချက်တွေကို ထောက်ခံကြပါတယ်။ ကျောင်းသား တွေနဲ့ တစ်သားတည်း ထပ်တူထပ်မျှ ရှိနေကြောင်း ဖော်ပြကြပါတယ်။ တိုက်ပွဲရည်ရွယ်ချက်တွေကလဲ ကောင်း၊ ဆရာကြီးရဲ့ ဗဟိုအမျိုးသား အထက် တန်းကျောင်းကလဲ အကြံဉာဏ်တွေ အကူအညီတွေရ၊ လူထုထောက်ခံမှုလဲရ၊ အဲဒီလို မြိုင်မြိုင်ဆိုင်ဆိုင် တိုက်ပွဲဆင်ခဲ့နိုင်တဲ့အတွက် တိုက်ပွဲဟာ အောင်မြင်ခဲ့ တယ်၊ အဲဒါကြောင့် မန္တလေးဥပစာကောလိပ်ဟာ မန်းနေပြည်တော်မှာ ဆက်လက်တည်ရှိခွင့် ရခဲ့ပါတယ်။

သက်ဆိုင်ရာ အင်္ဂလိပ်အစိုးရ အာဏာပိုင်တွေ အနေနဲ့ တကယ်လို့ မန်းဥပစာကောလိပ် ပိတ်မပစ်ဖို့ကို ကျောင်းသားတွေက သပိတ်လက်နက်

ဆွဲကိုင်အရေးဆိုခဲ့တာကို ဂရုမစိုက်ဘဲ လိပ်ခဲတည်းလည်းထားပြီး ဖွတ်တရွတ်ကိုင်လာရင်တော့ ဒီသပိတ်ဟာ မြန်မာပြည်တစ်ပြည်လုံးကို ဓါတ်ဆီဖြန်းသလို တမဟုတ်ချင်း တောင်လောင်ပျံနှံ့သွားမှာတော့ မြေကြီးလက်ခတ်မလွဲပါဘဲ။

ဒါပေမယ့် မန်းတက္ကသိုလ်ဥပစာ ကောလိပ်ကျောင်းသားသပိတ် တစ်လုံးတည်းနဲ့ သက်ဆိုင်ရာ အာဏာပိုင်တွေက ဖွတ်တရွတ်မလုပ်ဘဲ လိုက်လိုက်ရောရော သူတို့အစီအစဉ်ပြန်ရုတ်သိမ်းခဲ့ပါတယ်။

## မန္တလေးတက္ကသိုလ်ပေါ်ပေါက်လာစေချင်တဲ့ ဆန္ဒ

ဆရာကြီးဦးရာဇာတ်ဟာ မန္တလေးမှာ တက္ကသိုလ်တစ်ခု အင်မတန်ရှိစေချင်တယ်။ ဒီ့အတွက်လည်း အမြဲတမ်းစိတ်ဝင်စားခဲ့သူပါ။ အခါအခွင့်ကြုံကြိုက်တိုင်းလည်း ကြိုးစားခဲ့တယ်။ ဆရာကြီးဦးရာဇတ်ဟာ ပြည်သူတွေရဲ့ အသံကို အမြဲတမ်းနားစွင့်နေခဲ့တယ်။ သူ့မျက်လုံးတွေကိုလည်း အတတ်နိုင်ဆုံး ဖွင့်ထားခဲ့တယ်။ သူဟာ ပြည်သူတွေထဲက တစ်ယောက်ပါ။

လူထုရဲ့ အခက်အခဲတွေဟာလည်း သူ့ရင်မှာဖြစ်တဲ့ သားတစ်ယောက်ရဲ့ အခက်အခဲလိုပဲ သဘောထားခဲ့သူပါ။ ကြီးမားလှတဲ့ မိဘမေတ္တာမျိုးနဲ့ လူတစ်ဖက်သားရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးဖို့ အမြဲတမ်းစိတ်ဝင်စားနေသူပါ။ ဒုက္ခရောက်နေသူတိုင်းကို သူ့ဒုက္ခအတိုင်းအတာအလိုက် ကိုယ်ဖိရင်ဖိ ပြုစုပေးခဲ့ပါတယ်။ ကျောင်းမနေနိုင်တဲ့ ကလေးတွေကို သူနဲ့သင့်တော်မဲ့ အလုပ်ကို ရှာဖွေပေးတယ်။ ဗဟိုအမျိုးသားကျောင်းက ဖြစ်ရမယ်လို့ သဘောမထားခဲ့ဘူး။ ဘယ်ကျောင်းကပဲ ဖြစ်ဖြစ် အကူအညီ လိုရင်လိုသလို ဆောင်ရွက်ပေးပါတယ်။

ဘယ်လိုဒုက္ခမျိုးနဲ့ပဲ ဖြစ်ဖြစ်၊ သူ့ဆီကို ရောက်လာရင် ဒုက္ခသည်ရဲ့မီးကို ရေထဲလောင်းချလိုက်သလို ရင်ထဲသက်သာသွားစေပါတယ်။ အားကိုးတစ်ခုနဲ့ ဒုက္ခရောက်နေတဲ့ သူတစ်ယောက်က သူ့ဆီလာခဲ့ရင် သူက ပြန်ငြီးငြူပြီး ဒုက္ခသည်ကို စိတ်ပျက်အားငယ်အောင် ဘယ်တော့မှ လုပ်လေ့လုပ်ထမရှိဘူး။ ကိုယ်ထိလက်ရောက် လုပ်ကိုင်ပေးစရာရှိရင် ဆောင်ရွက်ပေးတယ်။ ဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေမျိုး မဟုတ်တဲ့ ပြဿနာမျိုးဆိုပြန်ရင်လည်း ဖြစ်နိုင်မဲ့ ကျော်လွှားသွားနိုင်မယ့် နည်းလမ်းတွေ၊ အကြံဉာဏ်တွေ

ကို ပေးခဲ့တယ်။ အဲဒါကြောင့် ဆရာကြီး အတ္ထုပ္ပတ္တိကို ရေးဖို့ သူ့လုပ်ဖော်ကိုင်ဘက်တွေ သူ့တပည့်တွေဆီ သွားတဲ့အခါမှာ သူတို့က ဘာအရင်စပြောသလဲဆိုရင် "ဆရာကြီးဟာ ကျောင်းဆရာကြီးဆိုပေမယ့်လို့ တကယ်ကျတော့ မိဘလိုပါပဲ"တဲ့။

ကျွန်တော့်ဆီကို ၂၃-၇-၆၉ နေ့က ဆရာကြီးနှင့် ပတ်သက်ပြီး ဂျပန်ပြည်ရောက်နေတဲ့ မြန်မာသံအမတ်ကြီး ဗိုလ်မှူးကြီး ဘရွှေကလဲ ဟောဒီလို စာရေးပေးခဲ့ပါသေးတယ်။

"ဆရာကြီးရာဇတ်ကတော့ ကျွန်တော့်ဖခင်လိုပါပဲ"တဲ့။

ကျောင်းဆရာဆရာမတွေကရော မြို့လူထုကပါ ဆရာကြီးကို ဆရာကြီးတစ်ယောက်ထက် မိဘတစ်ယောက်အနေနဲ့ ပိုပြီး အသိအမှတ်ပြုကြပါတယ်။ ကျောင်းဆရာကြီးအနေထက် မိဘအနေမျိုးနဲ့ ချစ်ကြတယ်၊ ခင်ကြတယ်၊ ချစ်ကြောက်ရိုသေတယ်လို့ တညီတညွတ်တည်း သက်သေထူကြတယ်။ ဒါဟာ ကျောင်းဆရာအဖြစ် ရပ်ကွက်လူကြီး အဖြစ်နဲ့ တာဝန်ယူသင့်တာထက် ပိုပြီး တာဝန်ယူခဲ့လို့ပဲ ဖြစ်တယ်ဆိုတာ ရှင်းမနေဘူးလား။ တစ်နည်းပြောရမယ်ဆိုရင် ပြည်သူ့ဝန်ထမ်းစိတ် အများကြီး ရှိတယ်လို့ ဆိုရပါမယ်။

သူဟာ စေတနာလဲ အပြည့်ရှိသူပါ၊ စေတနာရှိသလောက် အမြော်အမြင်လဲ ကြီးပါတယ်။ တက္ကသိုလ်ပညာသင်ခွင့် ရလို့ ငွေကြေးမတတ်နိုင်တဲ့ ကလေးတွေအတွက်လဲ သူ့ခေါင်းထဲမှာ အမြဲ စဉ်းစားခဲ့သူပါ။ ပညာသင်စရိတ် ချို့တဲ့လို့ တက္ကသိုလ်ဆက်မသွားနိုင်တဲ့ ကလေးတွေဟာ မန္တလေး-စစ်ကိုင်းနဲ့ အထက်မြန်မာပြည်တစ်လွှားမှာ အမြောက်အမြား ရှိတယ်ဆိုတာ သူမသိဘဲ နေပါ့မလား၊ ကုန်ကျစရိတ် ကြီးလေးတဲ့အတွက် ရန်ကုန်လို မြို့ကြီးမှာ တော်ရုံတန်ရုံလူက သွားပြီး ပညာသင်နိုင်မတဲ့လား၊ ဒါတွေအားလုံး နားလည်ပြီးသားပါ၊ နားမဆံ့အောင်လဲ ကြားနေသူပါ။ အထက်မြန်မာပြည်မှာသာ ဒီလို ဒီဂရီတက္ကသိုလ်တစ်ခု ရှိမယ်ဆိုရင် ဆင်းရဲတဲ့ ပြည်သူ့သားသမီးတွေဟာ လွယ်လွယ်ကူကူ စရိတ်အကုန်အကျ နည်းနည်းနဲ့ တက္ကသိုလ်ပညာကို ရရှိနိုင်ဖို့ဆိုတာ သူသဘောကောင်းကောင်းပေါက်ပါတယ်။

တိုင်းပြည်မှာ ပညာတတ်လူငယ်တွေ ပေါ်ပေါက်လာစေချင်တယ်။ ဒါမှလဲ တိုင်းပြည်ရဲ့ "ရှေ့သို့" ခရီးမှာ ကြီးမားတဲ့ အထောက်အကူ ဖြစ်စေလိမ့်မယ်ဆိုတာကို သူယုံကြည်တယ်။

နောက်တစ်ကြောင်း ကလဲ ရှိသေးတယ်၊ ဒါကတော့ မန္တလေး တက္ကသိုလ်ဟာ မန် ဆန်တဲ့၊ တစ်နည်းဆိုရင် မြန်မာဆန်တဲ့ တက္ကသိုလ်တစ်ရပ် ဖြစ်စေချင်တယ်။

ရန်ကုန်တက္ကသိုလ်ဆိုတာက "ချီကတည်းက ယဉ်သကိုယ်"ဆိုတာလို မျိုးပါ၊ စတည်ထောင်ပေးတာက မျက်နှာဖြူအင်္ဂလိပ်အစိုးရ။ တက်ရောက်ပညာသင်ကြားနေသူတွေကလဲ မျက်နှာဖြူသွေးပါတဲ့ ကျောင်းသားတွေ၊ ပြီးတော့ ငွေရှင်ကြေးရှင် တရုတ်ကုလား တွေရဲ့ သားသမီးတွေ၊ မြန်မာထဲက ဆိုပြန်ရင်လဲ အစိုးရအရာရှိ သားသမီး၊ မျက်နှာဖြူ ကုမ္ပဏီတွေ။ ကုန်တိုက်တွေမှာ အလုပ်လုပ်တဲ့ မြန်မာအရာရှိတွေရဲ့ သားသမီးတွေ၊ မြန်မာမြေရှင်နဲ့ မြန်မာကုန်သည်ပွဲစားတွေရဲ့ သားသမီးတွေ၊ သူတို့က တက္ကသိုလ်နားကပ်နိုင်တယ်။ ဆင်းရဲတဲ့သားသမီး တက္ကသိုလ်ဇော် မနံ့ဝံ့အောင်ပါပဲ။ တချို့ဆင်းရဲတဲ့သားသမီးတွေ တက္ကသိုလ်ကျောင်းတိုက်ကို မပြောနဲ့ အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင်ကျောင်းတွေတောင် မနေနိုင်လို့ မြန်မာစာသက်သက်သင်တဲ့ မြန်မာကျောင်းတွေမှာသာ နေရရှာတယ်။ တချို့ အဲဒီကျောင်းတွေ မနေနိုင်လို့ ဘုန်းတော်ကြီးကျောင်းတွေမှာသာ နေခဲ့ရတဲ့ ကလေးတွေ မရေမတွက်နိုင်အောင် ရှိခဲ့ပါတယ်။ အချို့များ ဆင်းရဲလွန်းလို့ ကျောင်းကို မနေရရှာသူတွေလဲ အသချေ်နှင့်အနန္တပါ။ နေနိုင်တဲ့ မြန်မာကျောင်းသားတွေကျပြန်တော့ အများအားဖြင့် အင်္ဂလိပ်သာသနာပြု ကျောင်းတွေက ထွက်တဲ့ ကျောင်းသားက များပါတယ်။ မြန်မာအဖေ၊ မြန်မာအမေက မွေးထားတဲ့ သားသမီးတွေဆိုပေမယ့် သားနဲ့သမီးတွေကတော့ ဗိုလ်ဆံလာတယ်။ ဟင်နရီတင်လှတို့၊ မာဂရက်တင်လှတို့၊ ပီတ္တာဘိုးသော်တို့၊ ဒေစီဘိုးသော်တို့ ဆိုတာတွေ ဖြစ်လာပြီး ဟိုမရောက်ဒီမရောက် ယဉ်ကျေးမှုတွေ၊ မယဉ်ကျေးတဲ့သူ တွေ ဖြစ်လာသလို ပွတ်သဘင်ဆိုတဲ့ "မိမစစ်ဖမစစ်" ယဉ်ကျေးမှုတွေ ခေတ်စား ကျွန်စိတ်တွေ ပေါက်လိုပေါက်နဲ့ ဖြစ်ချင်သလို ဖြစ်နေသူတွေကသာ များတယ်၊ မြန်မာ့ယဉ်ကျေးမှုတွေ တစ်စတစ်စ ရုပ်ပျက်ဆင်းပျက် ဖြစ်လာတယ်၊ အဲဒါကြောင့် မြန်မာမှု၊ မြန်မာဟန်၊ မြန်မာဆန်ပြီး မြန်မာ့ယဉ်ကျေးမှု သန့်သန့်ကို မွေးထုတ်ပေးမယ့် တက္ကသိုလ်တစ်ရပ် တကယ်ရှိဖို့ လိုတယ်လို့ သူမြင်တယ်။

ပြီးတော့ မန္တလေး ဗဟိုအမျိုးသားကျောင်းနဲ့ တခြားအမျိုးသားကျောင်းတွေက မွေးထုတ်ပေးလိုက်တဲ့ "တိုင်းပြည်နဲ့ လူမျိုးအပေါ် သစ္စာစောင့်ရမယ်၊

အမျိုးသားစိတ် ရှိရမယ်၊ ကိုယ်ကျိုးစွန့်ရမယ်" ဆိုတဲ့ ကောင်းမြတ်တဲ့ အမွေအနှစ်တွေကို ဆက်ခံသယ်ဆောင်သွားမယ့် တက္ကသိုလ်တစ်ရပ် ရှိစေချင်တယ်။

ဒီအကြောင်းတွေကြောင့် ဆရာကြီး ဦးရာဇတ်က မန္တလေးနေပြည်တော်မှာ သီးခြားတက္ကသိုလ်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် အခါမလပ် ကြိုးစားလာခဲ့သူပါ။

မန္တလေးဥပစာကောလိပ်ကို ဖျက်ဖို့ တကဲကဲဖြစ်နေချိန်မှာ မန္တလေးမြို့မှာ ဒီဂရီအဆင့်အတန်းရှိတဲ့ တက္ကသိုလ်ရရှိရေးအတွက် အိပ်မက်ထဲမှာပင် ထည့်မမက်ဝံ့လောက်အောင်ပါပဲ။

## မြန်မာပြည်က အင်္ဂလိပ်စာ အရေးအသားကောင်းလှူဆီက စာတဲ့

ဗဟိုအမျိုးသား အထက်တန်းကျောင်း လက်ဇော့အကျော်အမော်ဖြစ်တဲ့ ကိုသိန်းဖေ(တိုင်းချစ်)ဟာ မန္တလေးဥပစာကောလိပ်မှာ တက်ရောက်ပြီး ဆက်လက်ပညာသင်ကြားနေတယ်။ ကျောင်းသားဘဝနဲ့ပဲ မန်းဥပစာကောလိပ်ကျောင်းက ကျောင်းသားတွေကို လက်ဇော့ပညာသင်ကြားပေးနေပါတယ်။

ဗဟိုအမျိုးသားအထက်တန်းကျောင်းက လက်ဇော့ကြိုးဝိုင်းမှာ ဥပစာကောလိပ်က လက်ဇော့ကျော်တွေနဲ့ ဗဟိုအမျိုးသားအထက်တန်းကျောင်းက လက်ဇော့ကျော်တို့ရဲ့ ယှဉ်ပြိုင်ပွဲတွေကျတဲ့အခါ ကိုကိုလေး(မန်းတက္ကသိုလ် ပထမကျောင်းအုပ်ဟောင်း)လည်း ကိုသိမ်းဖေ(တိုင်းချစ်)နဲ့အတူ မကြာခဏလိုက်ပါသွားတတ်ပါတယ်။ ကိုကိုလေးဟာ အဲဒီအချိန်က မန်းဥပစာကောလိပ်မှာ တက်ရောက်ပညာသင်ကြားနေတဲ့ စစ်ကိုင်းသားတစ်ယောက်ပါပဲ။

ကိုကိုလေးဟာ မကြာခဏဆိုသလို ဗဟိုအမျိုးသားအထက်တန်းကျောင်း လက်ဇော့ကြိုးဝိုင်းနား ရောက်ရာကနေ ဆရာကြီးရာဇတ်နဲ့ မျက်မှန်းတန်းသိကျွမ်းခင်မင်ခဲ့ပါတယ်။

၁၉၃၀–၃၁ ခုနှစ် ဥပစာကောလိပ်မှာ ဒုတိယအပတ် စာမေးပွဲ ရှုံးသူတွေကို ရန်ကုန်တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုခွင့် မပေးနိုင်ဘူးဆိုတဲ့ ပြဿနာပေါ်လာတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး **ဆရာကြီး**ဆီ သွားရောက် အကြံဉာဏ်တောင်းကြတယ်။ ဒီကိစ္စကို ဆွေးနွေးတဲ့အခါ ကိုကိုလေး တစ်ယောက်လည်း ကိုသိန်းဖေ (တိုင်းချစ်)တို့နဲ့အတူ ပါဝင်ခဲ့ပါတယ်။ အဲဒီလောက်ပဲ ကိုကိုလေးဟာ ဆရာကြီးနဲ့ ဆက်ဆံဖူးပါတယ်။ ဒီလို ဆက်ဆံရရုံလောက်နဲ့ ကိုကိုလေးဟာ

ဆရာကြီးရဲ့ စိတ်နေစိတ်ထားတွေ စေတနာတွေကို သိရှိနားလည် သဘောပေါက်ခဲ့ပါတယ်၊ ပြီးတော့ ဆရာကြီးမှာ နယ်ချဲ့ဆန့်ကျင်တဲ့ မျိုးချစ်စိတ် အပြည့်အဝရှိတယ် ဆိုတာကိုလဲ ကိုကိုလေးက မှတ်တမ်းတင်ခဲ့ပါတယ်။

၁၉၃၆ ခုနှစ်မှာ ကိုကိုလေးဟာ အင်္ဂလန်ကို ပညာတော်သင် အဖြစ်သွားခဲ့ရပါတယ်။ သူဟာ မန္တလေးကောလိပ် ဥပစာကောလိပ်ကျောင်းသားထဲက ပထမဆုံး နိုင်ငံခြားကို ပညာတော်သင်အဖြစ် သွားရတဲ့ ကျောင်းသားတစ်ယောက်ပါ။ ဒီအချိန်မှာ မြန်မာပြည်မှာ အရေးပိုင်လုပ်သွားခဲ့ဖူးတဲ့ စတီးဝပ်က အင်္ဂလိပ်မြန်မာ အဘိဓာန်စာအုပ် တစ်အုပ် ပြုစုနေချိန်ပေါ့။ အဲဒီမယ် ရေနံချောင်းသား ဦးခင်မောင်လတ်(အတွင်းဝန်–ဘီအက်စ် အထက်တန်း၊ ယခု ကွယ်လွန်) က မစ္စတာစတီးဝပ်ကို ကူညီလုပ်ကိုင်ပေးနေသူပါ။

ဒုတိယကမ္ဘာစစ် မတိုင်ခင် ဟိုဘက်ပိုင်းတုန်းက လန်ဒန်မှာ မြန်မာပြည်အသင်း[1] ဆိုတာ ရှိပါတယ်။ အင်္ဂလိပ်အစိုးရက ဒီအသင်းအတွက် တစ်နှစ်ကိုငွေနှစ်ထောင်လောက် ထောက်ပံ့တယ်။ အဲဒါက အဆောက်အအုံ ငှားခ၊ မီး၊ မီးတာခတို့အတွက် ဖြစ်ပါတယ်။ အရင်ခပ်စောစောပိုင်းကတော့ ဒီအသင်းမှာ မြန်မာပြည်မှာ တာဝန်ယူတဲ့ အိုင်–စီ–အက်စ် အင်္ဂလိပ်မျက်နှာဖြူတွေက များတယ်။ မြန်မာလူမျိုးတွေက နည်းပါတယ်။ နောက်ပိုင်းတော့ မြန်မာတွေ ချည်းလို ဖြစ်သွားပါတယ်။ အဲဒီအသင်းကို ဦးကိုကိုလေးတို့ လက်ထက် ပတ်ဝန်းကျင်းလောက်မှာ မြန်မာပြည်သစ် အသင်း[2] ဆိုပြီး ပြန်ဖွဲ့စည်းတယ်၊ ဒီအသင်းမှာ ဦးကိုကိုလေးက အတွင်းရေးမှူးပါ။

အဲဒီအသင်းမှာ အတွင်းရေးမှူးလုပ်တုန်း မမျှော်လင့်ဘဲ ဦးခင်မောင်လတ်နဲ့ သွားတွေ့တယ်၊ အဲဒီမှာ ခင်မင်ရင်းနှီးသွားကြတယ်၊ တစ်နေ့မှာ ဦးခင်မောင်လတ်ဆီ မြန်မာပြည်က စာတစ်စောင်ရတယ်၊ ဦးကိုကိုလေးက ဘယ်လိုကလာတဲ့စာလဲဆိုတာ သိချင်တာနဲ့ စပ်စုပြီး ဟောဒီလို မေးလိုက်တယ်။

| | | |
|---|---|---|
| ကိုကိုလေး | ... | ဘယ်သူ့ဆီကစာလဲ ဦးခင်မောင်လတ်ခင်ဗျာ။ |
| ဦးခင်မောင်လတ် | ... | မြန်မာပြည်က အင်္ဂလိပ်စာအရေးအသား အလွန်ကောင်းတဲ့ ပုဂ္ဂိုလ်တစ်ဦးဆီကပါ။ |

1. Burma Club. 2. New Burma Club.

ကိုကိုလေး — — — အဲဒီပုဂ္ဂိုလ်ဟာ ဘယ်သူပါလိမ့်။

ဦးခင်မောင်လတ် — — — သူလား၊ သူက ကျွန်တော်နဲ့ အရင်းနှီးဆုံး အချစ်ဆုံး သူငယ်ချင်း မစ္စတာရာဇတ်လေ၊ မန္တလေး နေရှင်နယ်ကျောင်းအုပ်ကြီးပါ၊ ခင်ဗျားမသိဘူးလား။

ကိုကိုလေး — — — ဪ ဆရာကြီး ဦးရာဇတ်လား၊ သိပါတယ် ခင်ဗျာ၊ ဒါပေမယ့် သိပ်တော့ ရင်းရင်းနှီးနှီး မရှိလှပါဘူး၊ နောက်တစ်ခါ ဆရာကြီး ရာဇတ်ဆီ စာရေးရင် ကျွန်တော်က ဆရာကြီးကို သတိရကြောင်း ထည့်ရေးပေးပါလား ခင်ဗျာ။

ဦးခင်မောင်လတ် — — — ကောင်းပါပြီ။

ဦးခင်မောင်လတ်နဲ့ ဆရာကြီးဟာ ရန်ကုန်တက္ကသိုလ်မှာ အတူပညာသင်ကြားလာခဲ့သူတွေပါ၊ ၁၉၂၀ ခုနှစ် ရန်ကုန်ကောလိပ် သပိတ်မှောက်ကျောင်းသားဟောင်းတွေပေါ့။ ဦးခင်မောင်လတ်က ရေနံချောင်းသားပါ။

တစ်ယောက်နဲ့တစ်ယောက် တစ်အူတုံ့ဆင်း ညီအစ်ကိုလိုပဲ ခင်ကြတယ်၊ အဲဒါကြောင့် နိုင်ငံခြားရောက်တော့လဲ စာပေးစာယူမပြတ်ကြဘူး။ ဆရာကြီးက မြန်မာပြည်ရဲ့ နိုင်ငံရေးအကြောင်းတွေ ရေးသားပေးပို့လေ့ရှိတယ်၊ ဦးခင်မောင်လတ်ကလဲ ဘိလပ်နဲ့ အနောက်တိုင်းက နိုင်ငံရေး၊ စစ်ရေး အခြေအနေတွေကို ရေးသားပေးပို့ပါတယ်။

ဦးခင်မောင်လတ်ကတစ်ဆင့် ကိုကိုလေးတစ်ယောက် ဘိလပ်မှာ ပညာတော်သင်အဖြစ်နဲ့ ရောက်နေပြီဆိုတာ သိတော့ ဆရာကြီး ရာဇတ်က ကိုကိုလေးဆီကိုလဲ စာရေးတယ်။ နောက်ပိုင်းမှာ ကိုကိုလေးနဲ့ ဆရာကြီး ရာဇတ်တို့ဟာ အပြန်အလှန် စာပေးစာယူရှိလာတယ်။ အင်္ဂလန်မှာ ကိုကိုလေးက ဓာတုဗေဒနဲ့ စိုက်ပျိုးရေး ပညာရပ်ကို သင်ကြားနေတယ်ဆိုတာ ဆရာကြီးက သိလာတယ်၊ မန္တလေးမှာလဲ စိုက်ပျိုးရေးကောလိပ်ပဲ ရှိတယ်။ အဲဒီတော့ ကိုကိုလေး ပြန်လာရင် စိုက်ပျိုးရေးကောလိပ်ကိုပဲ လာမှာပဲ။ ဒါကြောင့်မို့

မန်းစိုက်ပျိုးရေးကောလိပ်ကို တစ်နည်းမဟုတ်တစ်နည်း ကြီးပွားအောင် လုပ်မယ်၊ ကိုကိုလေးကို မန်းကောလိပ်အတွက် မျှော်လင့်အားထားလျက်ရှိတယ် ဆိုတဲ့ အကြောင်းတွေကိုပါ စာရေးသားပေးပို့ခဲ့တယ်။

၁၉၃၉ ခုနှစ် လောကမှာ ဝင်ရိုးတန်းနိုင်ငံတွေဖြစ်တဲ့ ဂျာမဏီ၊ အီတလီတို့ကို ဗြိတိသျှအစိုးရက စစ်ကြေညာလိုက်တယ်။ ဗြိတိသျှအစိုးရက ဒီလို ဝင်ရိုးတန်းနိုင်ငံတွေကို စစ်ကြေညာလိုက်ပေမယ့် တစ်နှစ်လုံးလုံး နာဇီ ဂျာမဏီဟစ်တလာက ဖြစ်ဖြစ်၊ ဖက်ဆစ်အီတလီ မူဆိုလီနီက ဖြစ်ဖြစ်၊ လန်ဒန်မြို့ပေါ်မှာ ဗုံးတစ်လုံးတလေမှ သွားမချခဲ့ဘူး၊ နောက် ၁၉၃၀ ခု စက်တင်ဘာလ (၇) ရက်နေ့ကစပြီး လန်ဒန်မြို့ကို သုံးလလုံးလုံး ညနေတိုင်း ညနေ ၆ နာရီဆို လေယာဉ်တွေ ရောက်လာပြီး ဗုံးတွေဖြုတ်ချတော့တာပါပဲ။

ဦးကိုလေးတို့ ဘီလပ်ပညာတော်သင်သွားတဲ့ အပတ်က သူအပါအဝင် ၉ ဦးပေါ့။ အဲဒီအချိန်မှာ ဒေါက်တာဘမော်က နန်းရင်းဝန်တာဝန်ရော ပညာရေးတာဝန်ပါ ယူထားတယ်၊ ဦးဘဖေက သစ်တောရေးဝန်ကြီးပါ၊ ဒေါက်တာဘမော်ရဲ့ ညွန့်ပေါင်းအစိုးရဟာ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် အရေးအခင်းမှာ ပြုတ်ကျသွားပါတယ်။ နောက် သာယာဝတီ ဦးပုအစိုးရခဏတက်တယ်။ သူပြုတ်သွားတော့ ဦးစောရဲ့ မျိုးချစ်ပါတီ တက်လာပြန်တယ်။

ဒေါက်တာဘမော် လက်ထက်မှာပဲ မန္တလေးစိုက်ပျိုးရေး ကောလိပ် ဓာတုဗေဒဌာနမှာ တာဝန်ယူနေတဲ့ အင်္ဂလိပ်မျက်နှာဖြူ မစ္စတာဂျေချာလ်တန် ဟာ စိုက်ပျိုးရေးမင်းကြီး အဖြစ်နဲ့ ရန်ကုန်ပြောင်းသွားရတော့မယ်။ သူ့နေရာမှာ သူ့လက်ထောက်ဖြစ်တဲ့ အိန္ဒိယသား ဒေါက်တာအာယားက တက်ပြီး နေရာယူဖို့ ကြိုးစားတယ်၊ ဒါပေမယ့် ဒီနေရာအတွက် မြန်မာထဲက ပညာတော်သင်ဖြစ်တဲ့ ဦးကိုကိုလေးကို လျာထားတာရှိတယ်၊ အိန္ဒိယသားကို မပေးနိုင်ဘူးဆိုပြီး ဦးဘဖေက ဒီနေရာအတွက် မခန့်ဘဲ ခဏရပ်ဆိုင်းထားတယ်၊ ဦးစောတက်လာတော့ ဒေါက်တာ အာယားက ကြိုးစားပြန်တယ်၊ အဲဒါကို ဦးရာဇတ်က သိတယ်။ ဒီနေရာကို မြန်မာပဲ ရစေချင်တယ်၊ ဒါကြောင့် "အမြန်ဆုံး ပြန်လာပါ" လို့ ဆရာကြီး ဦးရာဇတ်က ဦးကိုကိုလေးဆီ စာရေးတယ်၊ ဦးခင်မောင်လတ်ဆီလဲ "ဦးကိုကိုလေးကို အမြန်ဆုံး ပြန်လာဖို့ တိုက်တွန်းပေး ပါ၊ အခြေအနေက ဒီလိုရှိနေပြီ" ဆိုတဲ့စာ အမြန်ဆုံး ရေးသားပေးပို့လိုက်တယ်။

အဲဒီအချိန်မှာ ဦးကိုကိုလေးဟာ (F.I.C) စာမေးပွဲအတွက် လက်တွေ့ စာမေးပွဲကို အောင်မြင်ပြီးပေမယ့် ရေးဖြေစာမေးပွဲကို ဖြေဖို့လုပ်နေတုန်း။ ဒီအတွင်းမှာပဲ လန်ဒန်ကို ဟစ်တလာ ဂျာမန်က ဗုံးကျဲတာနဲ့ စာမေးပွဲ ရုတ်တရက်အကန့်အသတ် မရှိပိတ်လိုက်တယ်။ အင်ပီရီရယ် ကောလိပ် တာဝန်ခံက ရန်ကုန်တက္ကသိုလ်ကို (F.I.C) ရေးဖြေစာမေးပွဲ ပို့လိုက်မယ် အဲဒီမှာဖြေပါ။ လက်တွေ့တော့ အောင်ပြီးဆို တာနဲ့ မြန်မာပြည်ပြန်လာခဲ့တယ်။ ရန်ကုန်ရောက်တော့ (F.I.C) စာမေးပွဲ ရေးဖြေလုပ် ဖို့ အစီအစဉ်ပြုလုပ်နေတုန်း ရန်ကုန်ကို ဂျပန်က ဗုံးချလာပြန်လို့ ကျောင်းပိတ်လိုက် တယ်။ မဖြေရတော့ဘူး။ ဘိလပ်က ရန်ကုန်အပြန်ခရီးဟာ လမ်းမှာ သုံးလလောက် ကြာတော့ ဦးစောက အိန္ဒိယအမျိုးသား ဒေါက်တာအာယားကို ခန့်ထားနှင့်ပြီ။ ၁၉၄၁ ခုနှစ် မေလ ထဲမှာပဲ တာဝန်ပေးခဲ့တယ်တဲ့။ ဒါကြောင့် သူ့လက်အောက်မှာ လေးငါးရစ်လ လောက် လုပ်ရပါသေးတယ်။ အဲဒီဒေါက်တာအာယားလည်း စစ်ဖြစ်လို့ အိန္ဒိယပြေးမှ ဦးကိုကိုလေးက သူ့နေရာတက်လုပ်ရတယ်။

**သံသယထဲမှ ယုံကြည်ချက်**

အဲဒီလို မန္တလေးစိုက်ပျိုးရေးကောလိပ်မှာ တာဝန်ယူနေတုန်း ဆရာကြီး ဦးရာဇတ်နဲ့ မန္တလေးမှာ ပြန်တွေ့တယ်။ ဆရာကြီးနဲ့ တွေ့ဆုံပြီး မြန်မာပြည် အခြေအနေတွေ၊ စစ်ရေးအခြေအနေတွေ ဆွေးနွေးကြတယ်။ မန္တလေးဥပစာ ကောလိပ်ကနေ မန္တလေးတက္ကသိုလ်ဖြစ်ပေါ်လာရေးအတွက်လည်း ဆွေးနွေး ကြတယ်။

ဆရာကြီးနဲ့ ဦးကိုကိုလေးတို့ဟာ မီးရထားဘူတာရုံဘားနဲ့ ရိုတရီကလပ် မှာ ချိန်းပြီး သောက်ရင်းစားရင်း ဆွေးနွေးလေ့ရှိတယ်။ အဓိက ကတော့ ဒီစစ်မှာ အင်္ဂလိပ်နိုင်ရည် ရှိမရှိဆိုတာ ဆွေးနွေးကြတယ်။

ဆရာကြီးဦးရာဇတ်ဟာ တိုင်းပြည် လုံးဝလွတ်လပ်ရေးနဲ့ ပတ်သက်ပြီး အင်မတန်စိတ်ဝင်စားတယ်။ ဒါပေမယ့် ဆရာကြီးဟာ မျိုးချစ်ပါတီဝင်တွေနဲ့လည်း အတော်လေး အလွှမ်းသင့်နေတယ်။ အဲဒီတော့ ဦးကိုကိုလေးဟာ ဆရာကြီးရဲ့ တကယ့်အခြေအနေကို ဘယ်လို သတ္တုချရမလဲဆိုတာ စဉ်းစားမရဖြစ်နေတယ်တဲ့။

ဦးကိုကိုလေးဟာ အင်္ဂလန်မှာ သွားရောက်ပညာသင်ကြားခဲ့ပြီး ပြန်လာသူ

မျက်နှာဖြူတွေနဲ့အတူ နေခဲ့သူ၊ အဲဒီတော့ သူဟာ အင်္ဂလိပ်အလိုတော်ရိများ ဖြစ်နေမလားလို့ ဆရာကြီးက ဦးကိုကိုလေးအပေါ် အဲဒီလို အကဲခတ်တယ်၊ အဲဒါကြောင့် သူတို့နှစ်ယောက်စကားပြောရာမှ ပွင့်လင်းမှု မရှိဘူးတဲ့၊ တစ်ယောက်ကိုတစ်ယောက် အကဲခတ်ရင်း စကားပြောရတယ်။

အဲဒီကာလလောက်မှာပဲ သခင်အောင်ဆန်းရဲ့လူတွေ မကြာခဏဆိုသလို ပျောက်ပျောက်သွားတယ်ဆိုတဲ့ သတင်းတွေ ကြားကြားနေရတယ်၊ ဆရာကြီးအိမ်ကို အမ်အေဒေါ်အုံးရဲ့ မောင် လက်ညှိုးထောင်သိန်းအောင်တို့လဲ ဝင်ထွက်သွားလာနေတာကိုလဲ ဦးကိုကိုလေးက မကြာခဏ မြင်မိတယ်။

အမှတ် ၃၊ ဘောဘီလမ်း၊ လန်ဒန်မြို့ မြန်မာအသင်းတိုက်မှာ နေစဉ်က ဦးကိုကိုလေးက "မြန်မာပြည် လူဦးရေပြဿနာ" ဆိုတဲ့ စာအုပ်တစ်အုပ် ရေးဖူးတယ်။ အဲ့ဒီစာအုပ်ကို ရန်ကုန် လွတ္တလမ်း သူဌေးအေး စာပုံနှိပ်တိုက်မှာ ပုံနှိပ်တယ်၊ ဦးသိမ်းမောင် (သူရိယ) ရန်ကုန်မြို့ ၂၅-၅-၃၉ က ထုတ်တဲ့ စာအုပ်ပါ။ အဲ့ဒီစာအုပ်ထဲမှာ ဂျပန်ဟာ အရှေ့ပိုင်းမှာ ဝင်မွှေနှောက်လိမ့်မယ်လို့ သူကတော့ ဒီလိုဟောကိန်း ထုတ်ထားတယ်။

> ထို့ပြင် ၁၉၂၅ ခုနှစ်တွင် အရွယ်မရောက်သေးသော မိန်းမတို့၏ ဦးရေများစွာရှိခြင်းကြောင့် ၁၉၅၇ ခုနှစ်တွင် ဂျပန်ပြည်၏ ဦးရေမှာ သန်းပေါင်း ၉၀ ဖြစ်ပါလိမ့်မည်ဟု ခန့်မှန်းကြလေသည်။ ဂျပန်တို့သည် တိုးလာမည့် သန်း ၃၀ တို့အတွက် ယခုကပင် ကြိုတင်၍ နေရာရှာလျက်ရှိလေသည်။
>
> ဂျပန်လူ့ရွယ် တစ်သန်းတို့သည် မန်ချူကိုးပြည်သို့ သွားရောက်နေထိုင်ကြလိမ့်မည်ဟု အဆာဟိရှင်ဘွန်းခေါ် ဂျပန်သတင်းစာက ရေးသားလေသည်။ ၎င်းသတင်းစာတွင် ဂျပန်အစိုးရတို့သည် ထိုသို့ သွားရောက်နေထိုင်နိုင်ရန် နည်းလမ်းများကို ကြံဆလုပ်ကိုင်လျက်ရှိလေသည်ဟု ပါရှိလေသည်။
>
> ယခုအခါတွင် ဂျပန်အိမ်ထောင်သည်ပေါင်း ၆၀၀၀ မန်ချူကိုးတွင် ရှိ၏။ ရှေ့နှစ်သို့ ရောက်သောအခါ အိမ်ထောင်သည်ပေါင်း ၁၃၀၀၀ ရှိလိမ့်မည်ဟု ဆိုလေသည်။ ယခုကပင် ဂျပန်လူငယ် ၂၀၀၀၀ ကို လွှပ်ပြီးလျှင် မည်သို့ နေထိုင်လုပ်ကိုင် စားသောက်ရမည်တို့ကို

သင်ကြားပြသလျက် ရှိချေပြီး သွားရောက်နေထိုင်သူ တစ်ဦးအား အစိုးရငွေ ၇၅၀ကျပ်မျှ မစလိမ့်မည်ဟု ဖော်ပြပါရှိလေသည်။

ဂျပန်တို့ နယ်ချဲ့နိုင်သော လမ်းများမှာ အောက်ပါအတိုင်း ၃ လမ်း ရှိသည်။

၁။ ပစိဖိတ်သမုဒ္ဒရာတွင်ရှိ အမေရိကန်ပိုင်ကျွန်းများကို သိမ်းယူခြင်း။

၂။ ဒပ်ချ်လူမျိုးတို့ပိုင် ကျွန်းများနှင့် ဩစတေးလျကျွန်းကြီးကို သိမ်းယူခြင်း။

၃။ တရုတ်ပြည်၊ ပြင်သစ်ပိုင် အင်ဒိုချိုင်းနားပြည်၊ မြန်မာပြည်၊ အိန္ဒိယ ပြည်တို့ကို သိမ်းယူခြင်း။

မည်သည့်လမ်းကို ဂျပန်တို့ လိုက်မည်ကိုကား မပြောနိုင်ချေ။ သို့ရာတွင် ဂျပန်တို့၌ "ဂျပန်မွန်ရိုဝါဒ"သည်ရှိ၏။ ၎င်းဝါဒကား အာရှတိုက် တစ်တိုက်လုံးကို သိမ်းယူရန်ပင် ဖြစ်လေသည်။ ဤဝါဒကို လိုက်နာခဲ့သော မြန်မာပြည်သည် စစ်မြေပြင် ဖြစ်ရတော့မည်မှာမလွဲပေ။ ယခုပင်လျှင် တရုတ်တို့သည် မြန်မာပြည်ကို ဖြတ်ကျော်လျက်လက်နက်များကို သွင်းလျက် ရှိချေသည်။ ဤအရေးကြောင့် မီးထ၍တောက်မည်ကိုပင် ယခုလောလော ဆယ် စိုးရိမ်၍ နေကြရလေပြီ။

လူအင်အားနည်းပါးသော နိုင်ငံတို့၏ ဒုက္ခမှာ စစ်ရှုံးခြင်းဖြင့်မရပ် စဲချေ။ မြန်မာပြည်သည် အင်္ဂလိပ်အစိုးရတို့ လက်အောက်သို့ရောက်သည့် နေ့က စ၍ သာလာယံဇရပ်ကြီးကဲ့သို့ ဖြစ်ပျက်နေသည်ကို ကျွန်ုပ်တို့ကိုယ်တွေ့ ပင်ဖြစ်သည်။ ဤသို့ဖြစ်ရသဖြင့် ရေနည်းငါးပမာ တိုင်းရင်းသားတို့ ဆင်းရဲ၍ နေကြရလေသည်။

ဂျပန်နှင့် အင်္ဂလိပ်တို့ ရန်စောင်ကြသော် မြန်မာပြည်မှာစစ်တလင်း ဖြစ်ရပေတော့မည်။ ဤသို့စစ်ဖြစ်ပါလျှင်။

၁။ စစ်မြေပြင်သို့ သွားရောက်၍ တိုက်ခိုက်စေခိုင်းခြင်း ခံရသော တိုင်းရင်းသား အများပင် သေကြေပျက်စီးကြမည်ဖြစ်၏။

၂။ စစ်မြေပြင်တွင် နေထိုင်ကြသော တိုင်းရင်းသားများလည်းသက်သာ ကြမည် မဟုတ်ချေ။

ဤကဲ့သို့ သတ္တန္တရကပ် ဆိုက်ရောက်ချေသော် တိုင်းရင်းသား

အများသေကြေပျက်ဆီးမည်မှာမလွဲပေ။ ကျန်ရှိမည်ဖြစ်သော ဦးရေကို ယောကျ်ားမိန်းမ ခွဲခြားကြည့်ရှု့ပါလျှင်လည်း ယခုရှိနေသော အချိုးအစားအတိုင်း တွေ့မည်မဟုတ်ချေ။ ယောကျ်ားအများပျက်စီးမည်မှာ အမှန်ပင်ဖြစ်လေသည်။

တနေ့ ညနေခင်းမှာ ဆရာကြီးရာဇတ်နဲ့ ဦးကိုကိုလေး အတူလမ်းလျှောက်လာခဲ့တယ်။ ဦးကိုကိုလေးက အနောက်နိုင်ငံက အင်္ဂလိပ်က အခြေအနေကြည့်ပြီး ဂျပန်မြန်မာပြည်ကို ဝင်သိမ်းနိုင်တယ်လို့ ဆရာကြီးကို ပြောပြတယ်။ အဲဒီအချိန်မှာတော့ ရန်ကုန်မှာ လှုပ်လှုပ်ရှရှဖြစ်နေပြီ။ ဒါပေမယ့် ရန်ကုန်ကို ဂျပန်တို့က ဗုံးလာမကျဲသေးပါဘူး။ ဟောဒီလို အပြန်အလှန်ဆွေးနွေးကြတယ်။

ဆရာကြီး --- ဒါဖြင့် မြန်မာပြည်ဘာဖြစ်မလဲ။

ဦးကိုကိုလေး---- ကျွန်ဟာ ကျွန်ပဲ ဖြစ်မှာပေါ့ ဆရာကြီး၊ (ရယ်၍ပြော)

ဆရာကြီး ------ အင်္ဂလိပ်ပြေးရင် မင်းရော အင်္ဂလိပ်နဲ့တခါတည်း လိုက်ပြေးသွားမလား။ (တီးခေါက်ကြည့်လို့တဲ့ သဘောနဲ့မေး)

ဦးကိုကိုလေး--- ကိုယ့်ပြည်ကိုယ့်ရွာ စွန့်သွားမတဲ့လား၊ ဆရာကြီးလည်း မဟုတ်တာ ပြောရော့မယ်။ ဂျပန် မြန်မာပြည်ကို ဝင်လိမ့်မယ်ဆိုတာ ကျွန်တော် ဘိလ... နေတုန်းတည်းက တွက်ထားပြီးသားပါ၊ ဆရာ... ဒါကိုသိရက်နဲ့ အနောက်နိုင်ငံက တဟုန်းဟုန်းတောက်လောင်နေတဲ့ စစ်မီးစစ်လျှံတွေကြား ဖြတ်ကျော်ပြီး ကိုယ့်ပြည်ကိုယ့်ရွာ မရောက်ရောက်အောင် ပြန်ခဲ့သေးတာပဲဟာ၊ အခု အင်္ဂလိပ်နဲ့ လိုက်ပြီး ပြေးစရာ လိုသေးသလားဆရာကြီး။

ဆရာကြီး --- သိပါတယ်ကွာ၊ ဒါ မင်းကို သက်သက် ကစားတာပါ၊ စိတ်မဆိုးပါနဲ့ကွာ။

အဲဒီအချိန်မှာ ဦးကိုကိုလေးဆီ ပြည်သူ့အရေးတော်ပုံ ပါတီဝင်တွေ

မကြာခဏဆိုသလို ဝင်ထွက်သွားလာလေ့ရှိတယ်။ ဦးကျော်ငြိမ်း(ဖဆပလ ဝန်ကြီး ဟောင်း)ဟာ အကောက်အခွန်ဌာနမှာ အရာရှိလုပ်နေတုန်း ဦးကိုကိုလေးရှိတဲ့ မန္တလေးဥပစာကောလိပ်ကို အကောက်အခွန်ဌာနယူနီဖောင်းနဲ့ မကြာခဏလာလည် တတ်တယ်။ ၁၉၄၂ ခု ဖေဖော်ဝါရီလထဲလောက်ပေါ့၊ တစ်ခါတစ်ခါ အမ်အေ ဒေါ်အုန်းရဲ့ မောင် လက်ညှိုးထောင် ကိုသိန်းအောင်လည်း ပေါ်လာတတ်တယ်။ သူတို့လာပေမယ့် ဦးကိုကိုလေးကို အင်္ဂလိပ်လူပဲလို့ ယူဆနေကြဟန်တူရဲ့။ ကျောင်း နေဘက်သူငယ်ချင်းတွေဖြစ်ပေမယ့် ဦးကျော်ငြိမ်းက အင်္ဂလိပ်ဆန့်ကျင်ရေးကိစ္စကို အရိပ်အမြွက်မှ ပြောမပြပါဘူး။ ဆရာကြီးကလည်း အင်္ဂလိပ်ကို မောင်းထုတ်ဖို့ ဆရာခင်မောင်ကလေး(ဝန်ကြီးဟောင်း ဗိုလ်ခင်မောင်ကလေး)တို့ လုပ်နေတယ်ဆို တာ သိပေမယ့် ဦးကိုကိုလေးကို ပြောမပြဘူး။ ဦးကိုကိုလေးက ဒီအကြောင်းကို ရိပ်မိသလောက် ရိပ်မိပါရဲ့။ သူတို့က မယုံကြည်သလို ဖြစ်နေတော့ အေးအေးဆေး ဆေးပဲနေလိုက်တယ်။

ဂျပန်ဝင်ခါနီးမှာ ဆရာကြီးတို့လည်း မင်းကွန်းဘက် တိမ်းရှောင်သွားနေ တယ်။ ဦးကိုကိုလေးလည်း မန္တလေးတက္ကသိုလ်ပိတ်လိုက်ရတော့ စိုက်ပျိုးရေးဌာန ပစ္စည်းတွေကို မြစ်ကြီးနားကို ရွှေ့ပြောင်းအပို့ခိုင်းလို့ အပင်ပန်းအဆင်းရဲခံပြီး သွား ပို့ရတယ်။ နောက် မြစ်ကြီးနားက ရန်ကုန်ပြန်ဆင်းလာတယ်။

အဲဒီလို ဦးကိုကိုလေးတစ်ယောက် ရန်ကုန်ပြန်ဆင်းသွားတဲ့ သတင်း ကြားတော့ ဆရာကြီးက "ဦးကိုကိုလေးတစ်ယောက် အိန္ဒိယကို အင်္ဂလိပ် တွေနဲ့အတူ မလိုက်သွားပဲကိုး၊ ဒီအတိုင်းဆိုရင် ဦးကိုကိုလေးအပေါ် အကဲဖြတ်တာ မှားသွားပါလား" လို့ဆိုပြီး ရေရွတ်မိတယ်။ ဦးကိုကိုလေးအတွက် ဘာရယ် ညာရယ်မဟုတ်ဘဲ ဝမ်းသာနေမိသေးတယ်။ ဦးကိုကိုလေးဟာ အင်္ဂလိပ်လူပဲ၊ အင်္ဂလိပ်တွေနဲ့အတူ ပြန်လိုက်ပြေးမှာပဲလို့ ဆရာကြီးက သံသယဝင်ခဲ့ပါသတဲ့။ အဲဒီနောက် ဂျပန်ခေတ် တစ်လျှောက်လုံး ဆရာကြီး အဖမ်းခံနေရလို့ ဦးကိုကိုလေး နဲ့ အဆက်ပြတ်သွားခဲ့တယ်။ နောက် ဆရာကြီးနဲ့ ဦးကိုကိုလေး ဂျပန်အပြေး အင်္ဂလိပ်ပြန်အဝင် တွေ့ကြပြန်တယ်။ အဲဒီတော့မှ ဆရာကြီးက ဇာတ်ကြောင်းပြန် လှန်ခဲ့တယ်။ ဦးကိုကိုလေးအပေါ် အင်္ဂလိပ်လူ၊ အင်္ဂလိပ်အလိုတော်ရိများ ဖြစ်လေမလားဆိုတဲ့ သံသယဝင်ခဲ့တယ်ဆိုပဲ။ အဲဒါကြောင့် ဦးကိုကိုလေး အကြောင်းကို ဦးကိုကိုလေးနဲ့ရင်းနှီးတဲ့ လူတွေက တစ်ဆင့် အကဲခတ်သတဲ့။ အင်္ဂလိပ်ပြေးကာနီး မြစ်ကြီးနားရောက်သွားတာတောင် အင်္ဂလိပ်တွေနဲ့ တပါတည်း

လိုက်မသွားဘဲ ရန်ကုန်ပြန်ဆင်းလာတော့မှ ဦးကိုကိုလေးအပေါ် သံသယလုံးလုံးလျားလျား ရှင်းသွားတယ်။ ဦးကိုကိုလေးကလည်း ဆရာကြီးဟာ မျိုးချစ်ပါတီဝင် ဖြစ်လေမလားလို့ သံသယဝင်ခဲ့တယ်။ နောက်မှ မဟုတ်မှန်းသိရတော့ ဆရာကြီးကို ပို၍ပင် ကြည်ညိုလေးစားခဲ့ပါသေးသတဲ့။ ဆရာကြီးနှင့် တွေ့တဲ့အချိန်မှာ ဦးကိုကိုလေးက ပြန်ကြားရေးဌာနမှာ လက်ထောက်ပြန်ကြားရေးမှူးအဖြစ်နဲ့ တာဝန်ယူနေချိန်ပါ။

ဆာပေါ်ထွန်း အစိုးရက ဆင်းမလားတုန်းကတည်းက ပြန်ကြားရေးဌာနမှာ ပြန်ကြားရေးဌာနတာဝန်ခံအဖြစ် ဦးလူဖေဝင်း၊ လက်ထောက်က ဦးကိုကိုလေး အဲဒီလို စီမံခန့်ခွဲခဲ့တယ်။ အင်္ဂလိပ်စစ်တပ် ဝင်ဝင်ချင်း ဦးကိုကိုလေးဟာ မြစ်သားကနေ ကျောက်ဆည်အလာမှာ အင်္ဂလိပ်နယ်ဘက်အရာရှိတွေနဲ့ ပြန်ကြားရေးဌာနမှာ တွဲဘက်တာဝန်ပေးခဲ့တယ်။ ဦးလူဖေဝင်းက သူ့ရုံးကို ဝိဇ္ဇာလင်္ကာရကျောင်း စိန်ပန်းထဲမှာ ဖွင့်ထားတယ်။

အဲဒီအချိန်မှာ ရန်ကုန်မကျသေးဘူး။ ဦးလူဖေဝင်းနဲ့ ဆရာကြီးလည်း အဆက်အသွယ်ရှိနေနှင့်ပြီ။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဆရာကြီးတို့တော့ အဆက်အသွယ်မရသေးဘူး။

ဆရာကြီးနဲ့ ဦးကိုကိုလေး ပြန်တွေ့ကြတော့ ဆရာကြီးက ဘာလုပ်မလဲလို့ ဦးကိုကိုလေးကို မေးတယ်။ ဆရာကြီးနဲ့ သူပေါင်းပြီး တိုင်းပြည်မှာ အကျိုးရှိမယ့် အလုပ်တွေ အများကြီးလုပ်နိုင်တယ်လို့ ဦးကိုကိုလေးက အဖြေပေးလိုက်တယ်။

အမှန်ကတော့ အင်္ဂလိပ်နယ်ချဲ့အစိုးရက ပြန်ကြားရေးဌာနကို ဂရုစိုက်တယ်။ အရေးတကြီးထားတာပါ။ ဦးလူဖေဝင်းနဲ့ ဦးကိုကိုလေးကိုလည်း သူတို့ရဲ့ လူရုံတော်တွေလို သဘောထားခဲ့တယ်။ အဲဒါကြောင့် ဆင်းမလားမှာကတည်းက ပြန်ကြားရေးဌာနအတွက် ဒီပုဂ္ဂိုလ်နှစ်ဦးကို လျာထားခဲ့ဟန်တူတယ်။

ပြန်ကြားရေးဌာနဟာ အင်္ဂလိပ်အစိုးရရဲ့ လုပ်ငန်းအောင်မြင်ရေးအတွက် ဝါဒဖြန့်ရတာပါ။ ပြည်သူတွေကို တစ်ဖက်တစ်လမ်းက စည်းရုံးရတဲ့ လုပ်ငန်းလည်း ဖြစ်တယ်။ ပြန်ကြားရေးဌာနက အင်္ဂလိပ်အစိုးရရဲ့ အတွင်းအပြင် ပေါ်လစီတွေကို သိတန်သလောက် သိထားရတဲ့ အဖွဲ့ခွဲတစ်ခုပါ။ ပြီးတော့တခါ အစိုးရက ချလိုက်တဲ့ လမ်းစဉ်ပေါ်မှာ ပြည်သူတွေ့ရဲ့ ရောင်ပြန်ဟပ်တာကို လက်ရှိအစိုးရအပေါ် ဘယ်လိုသဘောထားတယ် ဆိုတာတို့ကို နိုက်နိုက်ချွတ်ချွတ်

လေ့လာရတယ်။ အရေးကြီးရင် ကြီးသလို အထက်ကို အမြန်ဆုံး အစီအရင်ခံရတဲ့ အဖွဲ့အစည်းတစ်ရပ်ပါ။

ဆာပေါ်ထွန်းအစိုးရအဖွဲ့ကတော့ ဦးလှူဖေဝင်းနဲ့ ဦးကိုကိုလေးကို သူတို့ လူယုံတွေလို သဘောထားပြီး အားကိုးခဲ့တယ်။ ဒါကြောင့် ဆင်းမလား တည်းက ရွေးပြီး တာဝန်ပေးခဲ့တယ်။ အင်္ဂလိပ်နယ်ချဲ့ အစိုးရအနေနဲ့ ဦးလှူဖေဝင်းနဲ့ ဦးကိုကိုလေးတို့ဟာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့[1] နဲ့ အချိန်တော်တော်ကြာ ကာလကတည်းက တသားတည်းဖြစ်နေပြီဆိုတာ သူတို့ မျက်ခြည်ပျက်နေတယ်။ အဲဒါကြောင့် အရေးကြီးတဲ့ သတင်းတိုင်း ဆရာကြီးတို့ ဖ–ဆ–ပ–လ အဖွဲ့က ကြိုကြိုသိနှင့်ခဲ့တာပဲ။

ဘိလပ်ကွန်ဆာဗေးတစ်ပါတီရဲ့ စက္ကူပြာစာတမ်းမှာ ပါတဲ့အချက်အလက်တွေကို ဆရာကြီးကို တဆင့်ပြောပြတယ်။ မြန်မာပြည်ရဲ့ အုပ်ချုပ်ရေး၊ နိုင်ငံရေးတွေကို ဘိလပ်ပါလီမန်မှာ စဉ်းစားဆုံးဖြတ်ထုတ်လုပ်ခဲ့တဲ့ စက္ကူပြာစာတမ်းပါ။ ဒီစာတမ်းကို ဦးကိုကိုလေးက ဆရာကြီးကို ပထမဆုံး ပေးခဲ့တယ်။ စာတမ်းကို ရတော့ ဆရာကြီးတို့ ဖ–ဆ–ပ–လက အင်္ဂလိပ်နယ်ချဲ့ အစိုးရကို ဒီစက္ကူပြာစာတမ်း ကိုင်ပြီး စတင်ဖွင့်ဆော်ဝေဖန်ခဲ့တယ်။ ဆရာကြီးတို့ကပဲ ဗိုလ်မှူးဗထူးဆီ ဒီစာတမ်းနဲ့ ပတ်သက်တဲ့ သတင်းတွေကို မပျက်ပို့ပေးခဲ့တယ်။

အဲဒီနောက် မကြာခင်မှာပဲ ဘိလပ်မှာ ကွန်ဆာဗေးတစ်ပါတီ ပြုတ်ကျပြီး လေဘာတီပါတီ တက်ခဲ့တယ်။ ဒီပါတီက စက္ကူပြာစာတမ်းအစား စက္ကူဖြူစာတမ်းကို ရေးဆွဲခဲ့ပြန်တယ်။ အဲဒီအချိန်မှာ ရန်ကုန်တောင် မကျသေးဘူး။ ပြီးတော့ ဒီစာတမ်းကို ဘယ်သူမှ မဖြန့်ရသေးဘူး။

စက္ကူဖြူစာတမ်းကို ဆရာကြီးပေး၊ ဆရာကြီးကတစ်ဆင့် ဦးဗဇေလေးကို ခိုင်းစေလို့ "ယနေ့မြန်မာပြည်၊ နက်ဖြန်မြန်မာပြည်" (ခေါင်းစဉ်အတိအကျမသိပါ–စာရေးသူ။)လို့ ဘာသာပြန်ပြီး စစ်ကိုင်းမှာ ထုတ်ဝေခဲ့တယ်။

အဲဒီလိုနေရင်း ဦးလှူဖေဝင်းလည်း ကျောက်စာဌာနကို ပြောင်းသွားတယ်။ ဦးလှူဖေဝင်းရဲ့ နေရာမှာ ပြောင်းရွှေ့တာဝန်ယူရတော့ ဦးကိုကိုလေးက အထက်မြန်မာပြည် ပြန်ကြားရေးဌာန တာဝန်ခံဖြစ်လာတယ်။

---

1. A.F.O Anti Fascist Organization.

အင်္ဂလိပ်နယ်ချဲ့အစိုးရအပေါ် ပြည်သူတွေက ဘယ်လိုယူဆတယ်၊ ပြည်သူတွေရဲ့ စိတ်နေစိတ်ထားတွေ ဘယ်လိုရှိတယ်ဆိုတာတွေကိုပြည်သူတွေဆီကစုဆောင်းပေးဖို့ ဆရာကြီးဆီ ဦးကိုကိုလေးက အကူအညီတောင်းခဲ့တယ်။

နယ်ချဲ့အစိုးရကို ပြည်သူတွေက အလိုမရှိတော့ဘူး ဆိုတာတို့၊ မြန်မာအမျိုးသားတွေက သူတို့ဘာသာ သူတို့ ဖြေရှင်းလိုတဲ့ဆန္ဒရှိတယ်။ ဆိုတာတို့ လွတ်လပ်ရေးကို မရရတဲ့နည်းနဲ့ယူရမယ်ဆိုတာတို့ကို ဆရာကြီးက ရေးပြီး ဦးကိုကိုလေးကို ပေးခဲ့တယ်၊ ဒီဆရာကြီး ရေးခဲ့တဲ့ အချက်တွေကို ဦးကိုကိုလေးက ပြည်သူတွေဆီက လေ့လာရရှိခဲ့တဲ့ လေသံနဲ့ ဟန်မျိုးသက်ဆိုင်ရာ ဗဟိုပြန်ကြားရေးဌာနကို အစီရင်ခံခဲ့ပါတယ်။

အဲဒီလိုပြန်ကြားရေးဌာနက မြန်မာပြည်သူတွေဆီက ဘယ်အချက်အလက်တွေလေ့လာပြီး အမြန်ဆုံးအစီရင်ခံပါလို့ ညွှန်ကြားခဲ့ရင်ဦးကိုကိုလေးက ဆရာကြီးဆီသွား ပြီးတိုင်ပင်တော့တာပဲ။ အဲဒီမယ် နှစ်ဦးသားတိုင်ပင်လို့ရရှိတဲ့ အချက်အလက်တွေကို ပြည်သူတွေဆီက လေ့လာရရှိခဲ့တဲ့အချက်အလက်တွေ ဖြစ်ပါတယ် ဆိုတဲ့ဟန်နဲ့ တစ်ဖန် ဦးကိုကိုလေးက သက်ဆိုင်ရာသို့ အစီရင်ခံလိုက်ရပြန်တယ်။ အဲဒီလိုပဲ ဆရာကြီးနဲ့တိုင်ပင်ပြီး အင်္ဂလိပ်အစိုးရ မျက်လုံးပြူးစေမယ့် သတင်းတွေ အဆက်မပြတ် ပို့ပေးခဲ့တယ်။

ဗိုလ်မှူးဗထူးရဲ့ ညွှန်ကြားချက်အရ အထက်မြန်မာပြည် ဖ-ဆ-ပ-လ ကို ဖွဲ့စည်းလိုက်တော့ ဆရာကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရတယ်၊ နောက် ၈၄ လမ်း၊ ကျောက်သွေးတန်းက ရန်ကုန်ကိတ်မုန့်တိုက် အပေါ်ထပ်မှာ ဖ-ဆ-ပ-လ ရုံးဖွင့်ခဲ့တယ်၊ အဲဒီရုံးပေါ်ကို ဦးကိုကိုလေးလဲ မကြာခဏသွားပြီးလည်ပါတယ်။ ဆရာကြီးနဲ့ ဆွေးနွေးတယ်။

ဦးကိုကိုလေးနဲ့ ဆရာကြီး မကြာခဏ တွေ့ကြတဲ့အခါ မန်းဥပစာကောလိပ် အမြန်ဆုံးပြန်ပြီး ဖွင့်ရေး၊ အဲဒီကတစ်ဆင့် မန်းတက္ကသိုလ်ရရှိရေးတို့အတွက် ဘယ်လိုလုပ်သွားရမလဲဆိုတာ အမြဲဆွေးနွေးခဲ့တယ်။ ဆရာကြီးဦးရာဇတ် ပညာရေးတာဝန်ခံ ဖြစ်လာလိမ့်မယ်၊ ဦးကိုကိုလေးလဲ မန်းဥပစာကောလိပ် စတင်ဖွင့်ရမယ့် ပုဂ္ဂိုလ်ဖြစ်လိမ့်မယ်ဆိုတာတွေကိုတော့ သူတို့နည်းနည်းမှ စိတ်ကူးမထည့်မိကြပါဘူး။ ဆရာကြီးက ဦးကိုကိုလေးကို ဖ-ဆ-ပ-လ ရုံးပေါ်မှာတော့ ဒီလိုညည်းညူပြီး ပြောပါတယ်။

"ဂျပန်ကလည်း မြန်မာပြည်ကို လုံးဝလွတ်လပ်ရေးမပေးခဲ့ဘူး။ အခု အင်္ဂလိပ်ရောက်လာပြန်ပြီ၊ ဒီအင်္ဂလိပ်ကလည်း လွယ်လွယ်ကူကူနဲ့ လွတ်လပ်ရေးကို ပေးမှာမဟုတ်ဘူး။ အဲဒီတော့ တမျိုးသားလုံး မျိုးချစ်စိတ်ရှိရှိနဲ့ တစ်စိတ်တည်းတစ်ဝမ်းတည်း စုစည်းလုပ်ဆောင်ဖို့ အင်မတန် အရေးကြီးနေတဲ့အချိန်ပဲ။ အမျိုးသားအားလုံး သွေးစည်းညီညွတ်ဖို့လိုတယ်။ ဒါပေမယ့် လက်တွေ့ စုစည်းညီညွတ်အောင်လုပ်တဲ့အခါမှာ စိတ်ပျက်စရာတွေ လာတွေ့ရတယ်။ ဖ-ဆ-ပ-လ အဆောက်အအုံထဲမှာ ကွန်မြူနစ်တွေကလည်း နေရာယူပြီး အလံထူနေကြတယ်။ ခက်တာပဲကွာ၊ အခြေအနေတွေက ဘယ်လိုဖြစ်လာအုံးမယ်ဆိုတာ မသိဘူး။ သူတို့ ကွန်မြူနစ်လုပ်ငန်းကိုပဲ အဓိကထား ဆိုင်းပြင်းနေတော့တာပဲ"တဲ့။

ဆရာကြီးက ဦးကိုကိုလေးနဲ့ တွေ့တိုင်း ပြန်ကြားရေးဌာနကထွက်ပြီး နိုင်ငံရေးလုပ်ဖို့ တိုက်တွန်းတယ်။ ဖ-ဆ-ပ-လ မှာ ဝင်ရောက်လုပ်ကိုင်ဖို့ ခရီးဦးကြိုပြုခဲ့တယ်။ ဆရာကြီးက ဦးကိုကိုလေးရဲ့ လုပ်ရည်ကိုင်ရည်ကို သဘောကျလို့ပါ။ အလုပ်ကို ရိုးရိုးသားသားနဲ့ လုပ်နိုင်ကိုင်နိုင်လိမ့်မယ်လို့လည်း မြင်တယ်။ ပြီးတော့ ယုံကြည်စိတ်ချမှုလည်း ရှိတယ်။

ဦးကိုကိုလေးလည်း ပြန်ကြားရေးဌာနကနေ ပညာရေးဌာနဘက် ကူးပြောင်းဖို့ စိတ်ကူးလာတယ်။ ဗြိတိသျှအစိုးရက တိုင်းပြည်ကို ဘယ်လို နာမည် တပ်ပေးတပ်ပေး အုပ်ချုပ်ရေးကိုတော့ မြန်မာတွေပဲ ကိုင်ရလိမ့်မယ်လို့ မြင်တယ်။ အဲဒါကြောင့် နိုင်ငံရေးထဲ ဝင်လုပ်ဖို့ စိတ်မကူးဘူး။ ပညာရေးဌာနမှာပဲ ဝင်လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။

အဲဒီနောက် ဆရာကြီးလည်း ဖ-ဆ-ပ-လ ပြည်လုံးကျွတ်ညီလာခံကြီး ပြီးတဲ့နောက် ပညာရေးနဲ့ အမျိုးသားစီမံကိန်းဝန်ကြီးဌာနဝန်ကြီးအဖြစ်နဲ့ ရန်ကုန်ပြောင်းရွှေ့နေခဲ့ပါတယ်။

အဲဒီအချိန်မှာ ဆရာကြီးဆီ ဦးကိုကိုလေးက စာတစ်စောင် ကောက်ရေးလိုက်ပါတယ်။ စာထဲဖော်ပြလိုက်တာကတော့ အရင်က ဆရာကြီးနဲ့ သူ မကြာခဏ တိုင်ပင်ထားခဲ့တဲ့အတိုင်း မန်းတက္ကသိုလ်ဖော်ထုတ်ရေးအတွက် ဆောင်ရွက်လိုတဲ့အကြောင်း ယခုဆရာကြီးဟာ အကောင်အထည် ပေါ်လာအောင် စီစဉ်ပေးနိုင်တဲ့ နေရာရောက်နေပြီ ဖြစ်တဲ့အကြောင်း၊ ဒါကြောင့် မန်းဥပစာကောလိပ် ပြန်ဖွင့်နိုင်ရေး မန်းတက္ကသိုလ်ဖော်ထုတ်ရေးတို့အတွက် အမြန်ဆုံး စီစဉ်ပေးသင့်ကြောင်း၊ ရေးလိုက်တယ်။

အဲဒီမှာ ဆရာကြီးက “ကို စကားအပိုတွေ ပြောမနေနဲ့ မင်းပြန်ကြားရေးဌာနကထွက်ပြီး ရန်ကုန်ကိုသာ အမြန်ဆုံး လိုက်ခဲ့ပေတော့” လို့ မဆိုင်းမငံ့ဘဲ အကြောင်းကြားခဲ့တယ်။

အဲဒီအချိန်မှာပဲ အင်္ဂလိပ်အစိုးရက ဦးကိုကိုလေးဟာ ဖ-ဆ-ပ-လ လူဖြစ်နေပြီလို့ ကောက်ချက်ချနေချိန်ပေါ့။ ယုံကြည်မှုအလွန်နည်းလာပြီ။ ဘာကြောင့်လဲဆို ရင် အစိုးရအနေနဲ့ လျှို့ဝှက်ထားရမယ်ဆိုတဲ့ အရေးကြီးတဲ့ နိုင်ငံရေးပြဿနာတွေဟာ မကြာခဏဆိုသလို ပေါက်ကြားလာတယ်။ ဒါဟာ တနည်းအားဖြင့် ပြောရရင် “မင်းကြီးတာက ထွက်တာမဟုတ်ဘူး၊ အထက်မြန်မာပြည် ပြန်ကြားရေးဌာနက ထွက်တာနေမှာပဲ၊ ဒါကြောင့်မို့ ဦးကိုကိုလေးကို ဒီလို အင်္ဂလိပ်အစိုးရအတွက် အရေးကြီးတဲ့ဌာနမှာ ဆက်လက်ထားဖို့ မတော်တော့ဘူး” လို့ ယူဆလာတယ်။ ဒီတော့ တခြားဌာနတစ်ခုခု ပြောင်းရွှေ့ပေးမှပဲဆိုပြီး စဉ်းစားနေကြတယ်။ အဲဒီအချိန်မှာပဲ ဆရာကြီးဆီကနေ ပြန်ကြားရေးဌာနကထွက်ပြီး အမြန်ဆုံးရန်ကုန်လိုက်ခဲ့ဖို့ စာရတယ်။

တစ်နေ့တော့ ပြန်ကြားရေးဌာနညွှန်ကြားရေးဝန် ရဲဗီရင့်အပ္ပလီကန်ဆိုတဲ့ အင်္ဂလိပ်ဘုန်းကြီးဟာ ဦးကိုကိုလေးဆီ ပေါက်လာတယ်။ “အထက်မြန်မာပြည် ပြန်ကြားရေးဌာနကို သီးခြားမထားတော့ဘူး၊ ရန်ကုန်ကပဲ တိုက်ရိုက်အုပ်ချုပ်တော့မယ်၊ အဲဒီတော့ မင်းဘယ်ဌာနမှာ ပြောင်းရွှေ့တာဝန်ယူချင်သလဲ”တဲ့။ အဲဒီ အင်္ဂလိပ်ဘုန်းကြီးရဲဗီရင့်အပ္ပလီကန်ဆိုတာက ဆင်းမလားကစပြီး ပြန်ကြားရေးဌာနကို ကြိုးကိုင်ညွှန်ကြားနေခဲ့သူပါ။

“အချိန်ကိုက်ပဲဟေ့”လို့ စိတ်ထဲရေရွတ်ပြီး အိန္ဒြေမပျက်ဘဲ ပညာရေးဌာန ပြောင်းပေးဖို့ တင်ပြတယ်။ အင်္ဂလိပ်ဘုန်းကြီးကလည်း လိုလိုချင်ချင် လိုက်လိုက်လျောလျောပဲ ဦးကိုကိုလေးရဲ့ တောင်းဆိုချက်ကို အကောင်အထည်ဖော်ပေးလိုက်တယ်။

## ဟံသာဝတီဆရာတော်ရဲ့မှာကြားချက်

မန္တလေးမှာ တက္ကသိုလ်တစ်ရပ်ရှိဖို့ သံဃာတော်အရှင်မြတ်တွေကလည်း အလိုရှိကြပါတယ်။ ဆရာကြီးရာဇတ် ပညာရေးဝန်ကြီးဖြစ်တဲ့ အချိန်မှာ မန္တလေး ချမ်းအေးသာဇံကျောင်း ဘုရားကျောင်းတိုက်က ဆရာတော်ဦးဝိမလဟာ ကိစ္စတစ်ခုနဲ့ ရန်ကုန်ကို ကြွသွားပါတယ်။ အဲဒီမယ် ပညာရေးဝန်ကြီးနဲ့

တွေ့ဆုံစရာ ကိစ္စတစ်ခုကလဲ ရှိတာနဲ့ ဆရာကြီး ရာဇတ်ဆီဝင်တွေ့ တယ် ဆရာတော်ကို မြင်တယ်ဆိုရင်ပဲ ပြာပြာသလဲ ခရီးဦးကြို ပြုပါတယ်။ အဖျော် ယမကာတွေ ကပ်လှူပြီး ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်ဖြူဖြူနဲ့ ဧည့်ဝတ်ပြုပါ တယ်။ ဆရာကြီးရာဇတ်ဟာ မန္တလေးကျောင်းတိုက်သံဃာတော်တွေနဲ့ အကျွမ်းတဝင် ရှိခဲ့သူပါ။ ဆရာကြီးမသိတဲ့ သံဃာတော်တွေ မရှိသလောက် ပါ။ ပညာရေးဝန်ကြီးဦးရာဇတ်နဲ့ ဆရာတော်ဦးဝိမလတို့က မန္တလေး တက္ကသိုလ်ဖြစ်ပေါ်လာရေးအတွက် ဟောဒီလိုဆွေးနွေးကြပါတယ်။

ပညာရေးဝန်ကြီး - ဟံသာဝတီဆရာတော် ကျန်းကျန်း မာမာ ရှိပါသလားဘုရား၊ (မန္တလေး ဘုရားကြီး ကျောင်းတိုက်ကအဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်ကို မေးမြန်းခြင်း ဖြစ်ပါတယ်)။

ဆရာတော်ဦးဝိမလ - ကျန်းကျန်းမာမာပါပဲ။

ပညာရေးဝန်ကြီး - ဆရာတော်က ဘာများအမိန့်ရှိလိုက် ပါသလဲဘုရား။

ဆရာတော်ဦးဝိမလ - အထက်မြန်မာပြည်က ကလေးတွေ တက္ကသိုလ်ပညာသင်ရတာဒုက္ခရောက် လှပါတယ်၊ ငွေရေးကြေးရေးမတတ် နိုင်ကြတဲ့ မိဘတွေက ငွေကုန်ကြေး ကျခံပြီး ဝေးလံတဲ့ရန်ကုန်ကိုပို့ပြီး ပညာမသင်ပေးနိုင်ကြလို့ ဒုက္ခရောက် နေကြရှာတယ်။ အဲဒီတော့ အဲဒီလို ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေအတွက် လွယ်လွယ်ကူကူ ပညာသင်ကြားနိုင်ဖို့ မန္တလေးမှာ တက္ကသိုလ်တစ်ခုရအောင် ဆောင်ရွက်ပေးပါလို့ မှာလိုက်တယ်။

ပညာရေးဝန်ကြီး - တပည့်တော်လဲ သဘောတူပါတယ် ဘုရား၊ ဆောင်ရွက်ပေးပါ့မယ် တပည့် တော်လဲ အခုအစီအစဉ် လုပ်နေပါ

တယ်ဘုရား၊ မန္တလေးမှာ တက္ကသိုလ်တခု ဖော်ဘို့ တော်တော်တန်တန် လူနဲ့ဖြစ် မှာမဟုတ်လို့ နေပူ ခံနိုင်တဲ့အညာသားထဲက သင့်တော်မဲ့တပည့်တွေ ရှာနေဆဲဖြစ်ပါတယ် ဘုရား။ ဒီနေ့လဲ ကက်ဗိနက်အစည်းအဝေး ရှိပါတယ်။ ဒီအစည်းအဝေးမှာ မန္တလေး ရဟန်းသံဃာတွေကပါ မန္တလေးတက္ကသိုလ် တခုတည်ဆောက်ပေးဘို့ လိုလားတောင်းဆို တဲ့ အကြောင်းတင်ပြ လိုက်ပါ့မယ်ဘုရား။

ဆရာတော်ဦးဝိမလ ကြားရတာဝမ်းမြောက်လှ ပါ့တယ်တကာ ကြီးရာဇတ်၊ ဒီသတင်း ဆရာတော်-----(ဟံသာဝတီ) ကြားရင် အတိုင်းမ သိဝမ်းသာပေလိမ့်မည်။ကဲ--- ဆရာတော် ပြန်လိုက်အုံးမယ် ဆိုပြီးပညာ ရေးဝန်ကြီးရုံးက ထွက်လာပါတော့တယ်။ (ဆရာကြီးကို ဆရာတော်များက ရာဇတ် အစား ဒကာကြီးရာဇတ်လို့ပဲ .... ခေါ်ကြတယ်)။

## မန္တလေးတက္ကသိုလ် ဖြစ်ပေါ်ရေးအတွက် အရေးကြီးတဲ့ ပုဂ္ဂိုလ် ၂-ဦး

ဦးကိုလေး ရန်ကုန်ကို ၁၉၄၆-ခု။ အောက်တိုဘာလမှာ ရောက်ရှိပြီး ရန်ကုန်တက္ကသိုလ်မှာ ဆက်လက်တာဝန်ယူခဲ့တယ်။ အဲဒီနောက် ပညာရေးဝန်ကြီး ဦးရာဇတ်နဲ့ သွားတွေ့တယ်။ ပညာရေး ဝန်ကြီးကို သူ့အစီအစဉ်တွေကို ဦးကိုလေးက ဟောဒီလို တင်ပြတယ်။ " ဥပစာကောလိပ်နဲ့ မန်းသီးခြား ဒီဂရီ တက္ကသိုလ် ဖော်ထုတ်နိုင်ဖို့ ပထမ စီမံကိန်းရေးမယ်။ ဥပစာကောလိပ် အရင် ဖွင့်မယ်၊ ဥပစာ ကောလိပ် ပြန်ဖွင့်ပြီး နောက်တနှစ်မှာ ဒီဂရီအဆင့်အတန်းရှိတဲ့ မန်းတက္ကသိုလ် ဆက်ဖွင့်သွားမယ်"အဲဒီတော့ ဆရာကြီးဦးရာဇတ်က

"ကောင်းပြီ အသင့်ပြင်ဆင် ထားပေတော့" လို့ပြောလိုက်တယ်။

နောက် ၁၉၄၇-ခုနှစ်၊ ဧပြီလထဲမှာ ဦးကိုလေးကို ပညာရေးဝန်ကြီး ဦးရာဇတ်က သူ့အပါးတော်မြဲလွှတ်ပြီး အခေါ် ခိုင်းတယ်၊ အဲ့ဒီတုံးက .ဆရာကြီးအိမ်က ကင်းဘဲလမ်း အိမ်အမှတ် ၁၀ မှာ နေတယ်။

ဆရာကြီးက အလွန်အောင်မြင် တည်ငြိမ်တဲ့ အသံနဲ့ ဟောဒီလို အမိန့်ပေးခဲ့တယ်။

ပညာရေးဝန်ကြီး . . . မန္တလေး၊ ဥပစာကောလိပ်ကို ပြန်ဖွင့်ပေးတော့ ဦးကိုလေး၊ နောက်ခင်ဗျားစီမံကိန်း အတိုင်း ဆက်လုပ်၊ အခုလာမဲ့ ဇွန်လအမှီ မန္တလေး ဥပစာကို အရင်ပြန်ဖွင့်ဖြစ်အောင်ဖွင့်၊ ဒီလို ဆောင်ရွက်တဲ့ အခါမှာ အခက်အခဲမရှိပဲ မြန်ဆုံး အကောင်အထည် ပေါ်လာဖို့ အတွက် ပညာရေးနဲ့ အတွင်းဝန် ဦးစောဟန် (အိုင်စီ အက် ယခုပင်စင်အငြိမ်းစားရန်ကုန်)နဲ့ အစစအရာရာ တိုင်ပင်လုပ်ပေါ့။အဲဒီလိုသူ့ စကားဦးတွေပေါ်မှာ ဆရာကြီးဟာ ကျေနပ် အားရ နေပုံရတယ်၊ နဂါးဆေးလိပ်ကိုအားရ အောင်ဖွာသောက်နေတယ်၊ ပြီးမှ သူ့စကားကို ဟောဒီလို ဆက်ပြောပြန်တယ်။

ပညာရေးဝန်ကြီး . . စစ်ကြောင့်ပိတ်ထားရတဲ့ မန္တလေးဥပစာကော လိပ်ကိုပြန်ဖွင့်ဖို့ သာမန်လုပ်ငန်းရယ်လို့ သဘောမထားနဲ့၊ ဒီဥပစာကောလိပ် နေဒီဂရီ တက္ကသိုလ်တရပ်အထက်မြန်မာပြည်အတွက် သီးခြားတက္ကသိုလ် အဖြစ်တိုးတက်ရရှိဖို့ ရည်မှန်းချက်ထားပြီး မနားတမ်း ကြိုးပမ်း တီထွင် လုပ်သွားရမယ် သမရိုးကျ လုပ်နေရင် တော်တော်နဲ့ပြီးနိုင်မှာမဟုတ်ဖူး။ အဲဒီတော့

နေပူထဲကနေအတက်နိုင်ဆုံး လုံ့လဝီရိယ စိုက်ထုတ် ကြိုးစားဆောင်ရွက်သွားပါ ဦးကိုလေး။

ဦးကိုလေး . . . ဟုက်ကဲ့ဆရာကြီး၊ ဆရာကြီးမှာတဲ့အတိုင်း၊ ဆရာကြီးရည်မှန်းထားတဲ့အတိုင်း အကောင်အထည်ပေါ်အောင်ကျွန်တော် အတက်နိုင်ဆုံး ဝီရိယစိုက်ထုတ်ပြီး မအိပ်မနေ အပြင်းအထန် ဆောင်ရွက်သွားပါမယ်၊ ဆရာကြီး အခုစဖွင့်မဲ့ ကျောင်းကို မန္တလေးဥပစာ ကောလိပ်လို့ အမည်မတက်ပဲ မကြာခင်ပေါ်ပေါက်လာမဲ့ မန္တလေးတက္ကသိုလ်လို့ပဲ ခေါ်ဝေါ်လိုက်ပါမယ် ဆရာကြီး။

ပညာရေးဝန်ကြီး . . . အေးသဘောတူပါတယ် အဲဒါအမြန်ဆုံး အကောင် အထည်ပေါ်လာအောင် ကြိုးစားကြပါ။ လိုတဲ့အကူအညီကို (ဆရာကြီး)က ချက်ခြင်း ဆောင်ရွက်ပေးပါမယ်။

ဦးကိုလေးလဲ ဆရာကြီးရာဇတ်နဲ့ ဇနီးဒေါ်ခင်ခင်တို့ကို နှုတ်ဆက်ပြီးပြန်ခဲ့ပါတယ်။ သူ့ခေါင်းထက်မှာတော့ အင်မတန် ကြီးလေးတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ရွက်ခဲ့ရပါပြီကော လားလို့တွေးရင်း မန်းတက္ကသိုလ် ကြီးပေါ်ပေါက်လာရေးအတွက် အတွေးနယ်ချဲ့ခဲ့ပါတော့ တယ်။

ဝန်ကြီးဦးရာဇတ်နဲ့ ဦးကိုလေးတို့ဟာ ဝန်ကြီးဖြစ်မှ တွေ့ဆုံ သိကျွမ်းပြီး ကောက်ကာငင်ကာ ဆိုင်းမဆင့် ဗုံမဆင့်ပဲ မန္တလေး ကောလိပ်ကို ဖွင့်ဘို့ တာဝန်ပေးလိုက်တာတော့ မဟုတ်ပါဖူး၊ သူတို့ရဲ့ အတိတ်ကာလတုံးက သူတို့နှစ်ယောက်အတွင်းမှာ ကြီးမှားတဲ့ ဆက်ဆံမှု တွေ ရှိခဲ့ပါတယ်။ မန္တလေး ဥပစာကောလိပ်ပြန်ဖွင့်ဘို့ရယ်၊ မန္တလေး တက္ကသိုလ်ကျောင်းတိုက် ဖော်ထုတ်

ဖို့ရယ်။ ပြီးတော့ သီးခြားဒီဂရီတက္ကသိုလ်တစ်ခု ပေါ်ပေါက်ဖို့ရယ်တို့အတွက် အရေးကြီးတဲ့ ပုဂ္ဂိုလ်နှစ်ဦးရှိပါတယ်။ သူတို့က တခြားလူတွေတော့ မဟုတ်ပါဘူး။ ပညာရေးဝန်ကြီး ဦးရာဇတ်နှင့် ဦးကိုကိုလေးတို့နှစ်ယောက်ပါ။ သူတို့နှစ်ယောက်ဟာ ရွှေဒဂုံးတစ်ပြားရဲ့ ခေါင်းနဲ့ပန်းပါ။ ရွှေဒဂုံးပြားရဲ့ ခေါင်းနဲ့ ပန်းကို တစ်ခုဆီခွဲလို့မဖြစ်သလို ဆရာကြီးနဲ့ ဦးကိုကိုလေးတို့လည်း ဒီ သဘောအတိုင်းပါပဲ။ အတိုင်အဖောက်လည်း အင်မတန်ညီတယ်။ မန္တလေး တက္ကသိုလ်ကြီးပါလို့ ပြောတာနဲ့တစ်ပြိုင်နက် ပညာရေးဝန်ကြီးဟောင်း ဦးရာဇတ်ရဲ့ ရွှံ့ပြုံးကလေးမျက်နှာနဲ့ မန္တလေးကျောင်းအုပ်ဆရာကြီးဟောင်း ဦးကိုကိုလေးတို့ရဲ့ ပြုံးနေတဲ့မျက်နှာတွေကို ပြေးမြင်ယောင်မိပြန်ပါသေး တယ်။

တကယ်တမ်းကျတော့ ရန်ကုန်တက္ကသိုလ်မှာ ဦးကိုကိုလေးထက် ဝါရင့်တဲ့ ပါမောက္ခတွေ၊ ကထိကတွေ ရှိပါတယ်။ ဖြစ်စားဖြစ်ရင် ဦးကိုကို လေးထက် ဝါရင့်တဲ့လူတွေထဲက တစ်ဦးဖြစ်ရပေမပေါ့။ ဒါပေမယ့် ပညာရေး ဝန်ကြီး ဦးရာဇတ်ဟာ ဝါနုတဲ့ ဦးကိုကိုလေးကို ဒီမဟာတာဝန်ကြီးကို ပေး လိုက်တာပါ။ ဒီရောမတာဝန်ကြီးကို သူ့အလိုကျ သူ့စိတ်ကျ သူ့ကိုရွေး၍ တာဝန်ပေးလိုက်တာဟာ မျက်လုံးပြူးစရာပါပဲတဲ့။ တချို့ကလည်း ဆရာကြီးရဲ့ ဒီလိုဆောင်ရွက်ချက်ဟာ ရဲရင့်တဲ့ ခေါင်းဆောင်မှုကို ထုထောင်လိုက်တာ ဖြစ်တယ်လို့ ပြောဆိုကြတယ်။ ပညာရေးဌာနတစ်ခုလုံးလည်း အံ့သြတုန် လှုပ်သွားတယ်။

ဘာကြောင့်လည်းဆိုရင် ဒီလိုဆောင်ရွက်လိုက်တာဟာ နယ်ချဲ့ အင်္ဂလိပ်လက်ထက်တစ်လျှောက်လုံး ရှိလာတဲ့ အစဉ်အလာတစ်ခုကို စတင် ပယ်လှန်ရိုက်ချိုးလိုက်တဲ့ အချက်တစ်ရပ်ဖြစ်တယ်တဲ့။ အမှန်ကတော့ တက္ကသိုလ်ကောင်စီနဲ့ ဆီးနိတ်ဘုတ်အဖွဲ့ရဲ့ စီမံခန့်ခွဲမှုအတိုင်း ဖြစ်ရမယ်ဆိုပဲ။

ပညာရေးဝန်ကြီးဦးရာဇာတ်ဟာ မန္တလေးတက္ကသိုလ်တစ်ရပ်ဖော်ထုတ်ရေးမှာ ရှိခဲ့တဲ့ အစဉ်အလာကို ဆန့်ကျင်ခဲ့တယ်တဲ့ အလွန် အေးအေးနေတတ်တဲ့ လူတစ်ယောက်ဟာ ဒီလိုကြီးမားတဲ့ အစဉ်အလာတစ်ခုကို သွေးအေးအေးနဲ့ ဒီလိုသတ္တိရှိရှိ ဆန့်ကျင်ရိုက်ချိုးလိမ့်မယ်လို့ ဘယ်သူမှ မမျှော်လင့်ခဲ့ကြဘူးတဲ့၊ အမှန်ကတော့ ဆရာကြီးဟာ ဒီပညာရေးဌာနမှာ ဘယ်လို အစဉ်အလာတွေရှိတယ်ဆိုတာ မသိလို့ မဟုတ်ပါဘူး။ သိပါတယ်။ ဒါပေမယ့် နေပူထဲမှာ ပြာပုံကနေစရမယ့် မန္တလေးတက္ကသိုလ် ဖြစ်မြောက်ရေးဆိုတဲ့ ဒီရောမတာဝန်ကြီး ကို အစဉ်အလာနဲ့ ကိုင်နေရင်ရမယ်မထင်ဘူးလို့ သူ ယုံကြည်နေတယ်။ ဒါကြောင့်မို့ အလွန်ကြီးမားလှတဲ့ လုပ်ငန်းအတွက် ဆောင်ရွက်နိုင်မယ့်

ပုဂ္ဂိုလ်ကို သူ့ဟာသူ ရွေးချယ်လိုက်တာပေါ့။ ဒီလိုလုပ်လိုက်တော့ လှုပ်လှုပ်ရွရွဖြစ်သွားတာ အမှန်ပဲ။ ဒီလုပ်ဆောင်ချက်က တက္ကသိုလ်ကောင်စီနဲ့ ဆီးနိတ်ဘုတ်အဖွဲ့မှာ မှတ်တမ်းတင်ထားလောက်တဲ့ အဖြစ်တစ်ရပ်ပါ။

(ဒီလို အကျဉ်းအကျပ်ထဲမှာ တနည်းပြောရရင် ကြက်ရေးငှက်ရေးကာလမျိုးမှာ ဒီလိုရဲရင့်ပြတ်သားတဲ့ ခေါင်းဆောင်မှုကို ပေးတန်ပေးရမှာပဲ။ အစဉ်အလာတို့ လုပ်ထုံးလုပ်နည်းတို့ သမရိုးကျတို့ဆိုတာတွေဟာ အချိန်ကာလကိုလိုက်ပြီး ကျင့်သုံးတန်ကျင့်သုံးရတာပါ။ ဒီလို တီထွင်ကြံဆပြီးလုပ်ရတဲ့ မျက်မှောက်ခေတ်မှာ သမရိုးကြီးသက်သက်နဲ့ မလုံလောက်ဘူး။ ကျမ်းပြုသူ)

အခုလို ဦးကိုကိုလေးကို ဆရာကြီးက ရွေးချယ်တာဝန်ပေးလိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး စာရွက်စာတမ်းအထောက်အထားတွေနဲ့ ကျွန်တော်ရေးသားတင်ပြလိုတဲ့ ဆန္ဒရှိတယ်။ ဒါပေမယ့် အဆင်မပြေခဲ့ဘူး။ နှစ်အနေနဲ့ကြည့်မယ်ဆိုရင် ၂၀ ကျော်ရောက်ခဲ့ပါပြီ။ ဒါနဲ့ပတ်သက်ပြီး တက္ကသိုလ်ကောင်စီနဲ့ ဆီးနိတ်ဘုတ်အဖွဲ့မှာ ရှိနိုင်မလားလို့ စုံစမ်းကြည့်တယ်။ တချို့ကရှိတောင် ဒါဟာ ထိပ်တန်းလျှို့ဝှက်ချက်မို့ သိခွင့်ရမယ် မထင်ဘူးတဲ့။ တချို့ကလည်း တက္ကသိုလ်ကောင်စီနဲ့ ဆီးနိတ်ဘုတ်အဖွဲ့အနေနဲ့ အဲဒီတုန်းကတက္ကသိုလ်က ပါမောက္ခတစ်ဦးကို မန္တလေးတက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ်လုပ်ကိုင်ဖို့ လျာထားချက်ရှိတယ်လို့ ပြောကြတယ်။ အသေအချာတော့ မသိဘူး။ အဲဒီလျာထားချက်ကို ဝန်ကြီးဌာနကို တင်ပြသလိုလိုပြောကြတယ်။ အဲဒါ ပညာရေးဝန်ကြီးက တက္ကသိုလ်ကောင်စီနဲ့ ဆီးနိတ်ဘုတ်အဖွဲ့ရဲ့ လျာထားချက်ကို ပယ်ချလိုက်သတဲ့။ တချို့ကလည်း ဘယ်သူဘယ်ဝါမှန်းတော့မသိ၊ တက္ကသိုလ်ဆီးနိတ်ဘုတ်အဖွဲ့က ရွေးလိုက်တဲ့ ပုဂ္ဂိုလ်ကိုတော့ ပညာရေးဝန်ကြီးက ပယ်ချလိုက်တာအမှန်ဖြစ်တယ်လို့ အခိုင်အမာပြောကြတယ်။

၁၉၆၉ ခု၊ ဇူလိုင်လလယ်လောက်ထဲမှာ ဦးကျော်ငြိမ်း (ဖ-ဆ-ပ-လ ဝန်ကြီးဟောင်း) အိမ်ကို သွားရောက်ပြီး ဆရာကြီးဦးရာဇတ်နဲ့ပတ်သက်တဲ့အကြောင်းကလေးတွေကို မှတ်မိတာများရှိရင် ပြောပေးပါလို့ အကူအညီတောင်းရင်း ရောက်သွားတယ်။ အဲဒီမှာ ဦးကျော်ငြိမ်းက ကွယ်လွန်သူ ပညာရေးဝန်ကြီးဦးရာဇတ်နဲ့ တက္ကသိုလ်ဆီးနိတ်အဖွဲ့တို့ရဲ့ ဆက်ဆံရေးအကြောင်း စကားဆက်မိလို့ မေးကြည့်မိတယ်။ ဦးကျော်ငြိမ်းကတော့ ဒီလိုပြောပြပါတယ်။

ဦးကျော်ငြိမ်း– ပညာရေးဌာနမှာ အရင်ကတော့ သုံးနှစ်စေ့သွားရင် စာရွက်စာတမ်းတွေကို မီးရှို့လေ့ရှိတယ်။ အဲဒီ အင်္ဂလိပ်လက်ထက်ကတည်းက လုပ်လာခဲ့တဲ့ အစဉ်အလာထုံးစံတစ်ခုဖြစ်တယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဖ.ဆ.ပ.လ လက်ထက်မှာလည်း ဒီအစဉ်အလာအတိုင်း ဒီလို သုံးနှစ်တစ်ကြိမ်မီးရှို့ပစ်လေ့ရှိတယ်။ ဘယ်လိုသဘောနဲ့ ဒီလို ပစ်လေ့ပစ်ထရှိတယ်ဆိုတာကိုတော့ ကျွန်တော်လည်း မစဉ်းစားမိဘူး။ အဲဒါကြောင့် ဒီအကြောင်းနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးနဲ့ တက္ကသိုလ်ဆီးနိတ်အဖွဲ့တို့ရဲ့ အပြန်အလှန် ဆွေးနွေးချက်ပေးစာများ ရှိနိုင်လိမ့်မည် မထင်လှဘူး။

အဲဒါနဲ့ ပတ်သက်ပြီး ပညာရေးနဲ့ အမျိုးသားစီမံကိန်းဌာနအတွင်းဝန်ဟောင်းဦးစောဟန် (အိုင်စီအက်စ်၊ ယခု အငြိမ်းစား–ရန်ကုန်)ထံ ချဉ်းကပ်ပြီး စုံစမ်းမေးမြန်းကြည့်ပါတယ်။ သူပြောပြတာကတော့ " နှစ်ကလည်း အတော်ကြာခဲ့ပြီ၊ လူတွေကလည်း အသက်ကြီးလှပြီ၊ ဒါ့ကြောင့် ကောင်းကောင်းမမှတ်မိချင်ဘူး"တဲ့။ သူ့ဆီက လေ့လာရရှိခဲ့တဲ့ အကြောင်းကလေးတွေနဲ့ စပ်လျဉ်းလို့ ထည့်သွားဖော်ပြလိုက်ပါရစေ။ ဦးစောဟန်ကတော့ ဒီလိုပြောပြပါတယ်။

စစ်ကြီးလုံးဝ ပြီးသွားပေမယ့် ယူနီဗာစတီအုပ်ချုပ်ရေးအဖွဲ့ အိန္ဒိယဆင်းမလားက ပြန်ကိုင်တယ်။ ဘုရင်ခံဆာဒေါမန်စမစ်က အထူးအက်ဥပဒေ[1] နဲ့ အုပ်ချုပ်တယ်။ အဲဒီမယ်ရှိပြီး ယူနီဗာစတီအက်ဥပဒေကို ခဏရပ်ဆိုင်းထားတယ်။ မန္တလေးဥပစာကောလိပ် ပြန်ဖွင့်ပြီ မဖွင့်သေးဘူးဆိုတာ မမှတ်မိဘူး။ ဒါပေမယ့် ရန်ကုန်တက္ကသိုလ်ကတော့ ဖွင့်နေပြီ။

အဲဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ကက်ဗိနက်အဖွဲ့တက်လာတယ်။ နောက်ပိုင်းမှာ ဆရာကြီး မစ္စတာရာဇတ်ဟာ ပညာရေးဝန်ကြီးအဖြစ်နှင့် ကက်ဗိနက်ထဲပါခဲ့တယ်။ တနေ့တော့ ပညာရေးဝန်ကြီး

---

1. Special Act

ဦးရာဇတ် ကျုပ်ဆီရောက်လာပြီး ရန်ကုန်တက္ကသိုလ်နဲ့ပတ်သက်ပြီး ဆွေးနွေးတယ်။ ပညာရေးဝန်ကြီးဦးရာဇတ်က “ရန်ကုန်မှာ မကျေနပ်မှုတွေ ကြားနေတယ်။ အဲဒီ စဉ်းစားပေးပါ ဦးစောဟန် ဘယ်လိုလုပ်သင့်သလဲ”တဲ့။ အဲဒီလို အဖြေရှာပေးဖို့ ပြောကြားပြီး သူထွက်သွားတယ်။ နောက်တစ်ပတ်လောက်ကြာတော့ ပညာရေးဝန်ကြီး မစ္စတာရာဇတ် ကျုပ်ဆီရောက်လာပြန်တယ်။ သူက ကျုပ်ကို ဒီလိုမေးပြန်တယ်။ “ဘယ်နဲ့လဲ ဦးစောဟန်၊ ဘယ်လိုများ စဉ်းစားမိသလဲ”တဲ့။

အဲဒီမှာ ကျုပ်က “ဘုရင်ခံအမိန့်နဲ့ အုပ်ချုပ်ထားတာကို ပြန်ရုတ်သိမ်းပြီး အရင်ရှိနေခဲ့တဲ့ ယူနီဗာစတီအက်ဥပဒေအရ အုပ်ချုပ်ရရင် အစဉ်ပြေလာလိမ့်မယ်ထင်ပါတယ် ဆရာကြီး”လို့ အကြံပေးလိုက်ပါတယ်။

> “တစ်ခုတော့ရှိတယ်၊ မစ္စတာရာဇတ်ဟာ သူယုံကြည်ရာကိုတော့ ပြတ်ပြတ်သားသား လုပ်တတ်တဲ့ သဘောရှိတယ်။ ပြီးတော့ ဝန်ကြီး မစ္စတာရာဇတ်ဟာ အစဉ်အလာတစ်ခုကို ရဲရဲကြီးဆန့်ကျင်ပစ်လိုက်တာပဲ။ ဒါဟာ တော်တော်တန်တန်သတ္တိမဟုတ်ဘူး။ ဦးရဲ့ လုပ်သက်တစ်လျှောက်လုံးမှာ တခြားဝန်ကြီးတွေရဲ့ အတွင်းဝန်အဖြစ် တော်တော်ကြာ လုပ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် တခြားဝန်ကြီးတွေဟာ အစဉ်အလာအတိုင်းလုပ်သွားတာချည်းပဲ တွေ့ရတယ်။ အခု ကိစ္စမှာ ကောင်စီနဲ့ ဆီးနိတ်ဘုတ်က မန္တလေးဥပစာကောလိပ်အတွက် တစ်ဦးဦးကို ရွေးချယ်ပြီး ပညာရေးဝန်ကြီးဆီ တင်ပြရ မယ်။ ပညာရေးဝန်ကြီးက ကက်ဗိနက်ကို ပြန်တင်ပြရမယ်။ အဲဒီလိုပဲ လုပ်ရိုးလုပ်စဉ်ရှိတယ်။ အဲဒီလို လုပ်ရိုးလုပ်စဉ်တစ်ခုကို ရဲရဲကြီးဆန့်ကျင်ပြီး သူ့သဘောနဲ့သူ မန္တလေး ဥပစာကောလိပ်အတွက် ဦးကိုကိုလေးကို ယုံယုံကြည်ကြည် ရွေးခဲ့တယ်။ အဲဒီတော့ ရန်ကုန်တက္ကသိုလ်ကောင်စီနဲ့ ဆီးနိတ်အဖွဲ့ရဲ့ သမိုင်းမှာ ဒီအဖြစ်အပျက်ဟာ ပထမဆုံးအကြိမ် ကြုံတွေ့လိုက်ရတာဖြစ်တယ်။ ဒါကို တက္ကသိုလ်ကောင်စီနဲ့ ဆီးနိတ်အဖွဲ့က မှတ်တမ်းတင်ရုံကလွဲပြီး ဘယ်လိုမှ မတတ်နိုင်ခဲ့ပါဘူး။

အဲဒီလို ပြောပြလိုက်ပြီး သူ့စကားကို ခေတ္တရပ်ထားလိုက်ပါတယ်။ နောက်မှ လေအေးအေးနဲ့ အိုင်စီအက်စ် ဦးစောဟန်က စကားဆက် လိုက်ပါတယ်။

"မန္တလေးတက္ကသိုလ် ပေါ်ပေါက်လာဖို့အတွက် ဦးအနေနဲ့ ဦးကိုကိုလေး တင်ပြချက်တွေကို လက်ခံပြီး အစိုးရကို တင်ပြပါတယ်။ ဦးကိုကိုလေးကို အတတ်နိုင်ဆုံး အကူအညီပေးခဲ့ပါတယ်။ နောက်များ မကြာပါဘူး။ လွတ်လပ်ရေးရခါနီးမှာ ဦးလည်း အသက်အရွယ်ကြီးလာပြီမို့ ပင်စင်ယူလိုက်ရတယ်။ အလုပ်လွှဲဖို့ လူက မရောက်သေးတာနဲ့ လွတ်လပ်ရေးရပြီးတဲ့နေ့ထိ စောင့်ခဲ့ရပါသေးတယ်။"

အဲဒီလို ဆရာကြီးရာဇတ်နဲ့ ပတ်သက်တဲ့အချက်အလက်တွေကို အခုလို စိတ်ရှည်လက်ရှည် ကူညီပြောပြပေးတဲ့အတွက် ကျေးဇူးတင်စကား ပြောကြားပြီး အငြိမ်းစားအတွင်းဝန် ဦးစောဟန် (အိုင်စီအက်စ်)နေတဲ့ ရန်ကုန်အင်းယားလမ်း အိမ်အမှတ် ၁၂ က ထွက်လာခဲ့တော့တယ်။

**မန္တလေးတက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် ဦးကိုကိုလေး**

ဝန်ကြီးဦးရာဇတ်ဟာ မန္တလေးတက္ကသိုလ်အတွက် ဦးကိုကိုလေးကို ရွေး ခဲ့တာ အကျိုးအကြောင်းခိုင်လုံမှုနဲ့ပါ။

၁။ ဦးကိုကိုလေးဟာ အညာသာဖြစ်တယ်။ အညာသားဟာ အညာနေကို ခံနိုင်ရည်ရှိတယ်။ ရေတ်သီးပိုးဟာ ရေတ်သီးထဲမှာ ရှင်တယ်၊ ပျော်တယ်။ အထက်နေပူအောက်မှာ လုပ်ကိုင် စားသောက်ကြရတဲ့ လူတွေရဲ့ ကျောကုန်းဟာ နေစားပြီး မည်းတူးတူးဖြစ်နေတဲ့အတွက် မုန့်ဖက်ထုပ်ကို အညာသားကျောကုန်းရယ်လို့ အောက်သူအောက်သားတွေက စာဖွဲ့ ခေါ်ကြသေးတယ်။ "ကြံကြံဖန်ဖန် ရန်ကုန်သူ၊ ဘုရားဖူးလာတဲ့ ရန်ကုန်သူရယ် မန္တလေးရောက်တော့ အသားမည်းပြန်သတဲ့" ဆိုတဲ့ ရန်ကုန်သူများ မန္တလေးသွားရင် အသားမည်းပြန်ခဲ့ရတယ်ဆိုပြီး မန္တလေးကို အောက်သူအောက်သားတွေက ခနဲ့ကြတယ်။ ဒါကို နန်းတော်ရှေ့ဆရာတင်က မကျေချမ်းနိုင်လို့ သီချင်းတောင်စပ်ပြီး ပြန်သရော်လိုက်ခဲ့ရတဲ့ အထိပါပဲ။ မန်းရပ်ဌာနီမှာ ပူရုံမကဘူး ဖုံလည်းထတယ်၊ ဖုံနဲ့အတူ မင်းမူနေတဲ့ ခြင်အန္တရာယ်ကလည်း မသေးဘူး။

ဒီဆရာကြီး ဦးရာဇတ်စာအုပ်ကို ဒီ မန်းနေပြည်တော်သွားပြီး ရေးမယ်ဆိုတော့ တချို့မိတ်ဆွေတွေက ခင်ဗျားမို့ ကြံကြီးစည်ရာ ရန်ကုန်က

မန္တလေးသွားပြီး စာရေးမယ်လို့၊ မြို့ကိုက နေကပူပူ၊ ခြင်က တဂူဂူ ဖုန်က ထူထူ ဆိုပြီး အဲဒီလို နှာခေါင်းရှုံ့ဝေဖန်ပြောဆိုကြတယ်။

ဆရာကြီးအများဆုံး လှုပ်ရှားခဲ့တဲ့ နေရာမို့ စာရေးရင်းက သိချင်တာ ကလေးတွေ ပေါ်လာမယ်ဆိုရင် ချက်ချင်း ကောက်ကာငင်ကာ ထသွားပြီး မေးမြန်းနိုင်မယ်မဟုတ်လား။ ဖုန်၊ ခြင် နေပူကို သဘောထားနေလို့ ဘယ်ဖြစ်မလဲဗျာလို့ ပြန်ပြောခဲ့ရတယ်။

ရန်ကုန်က မန္တလေးရောက်ပြန်တော့လည်း မန်းက တချို့သူငယ်ချင်းမိတ်ဆွေတွေက အံ့ပါရဲ့ဗျာ၊ ရန်ကုန်ကလူ မန္တလေးမှာ စာလာရေးရတယ်ရယ်လို့၊ ဒီမှာလာရေးရင် နေပူလွန်းလို့ ခင်ဗျာဦးနှောက်တွေ ခြောက်ခန်းကုန်လိမ့်မယ်။ မန္တလေးသူ မန္တလေးသားတွေဟာ ဒီနေ၊ ဒီဖုန်၊ ဒီခြင်တွေကြားက ထွက်ပြေးချင်ကြတယ်ဆိုတာ နည်းနည်းကလေးများ မကြားမိဘူးလား။ ဒါလည်း ခင်ဗျားအသိပဲလို့ ပြစ်တင်သလိုလို ညည်းသံလိုလိုနဲ့ ပြောလာပြန် တယ်။ ကျွန်တော်လည်း ပြုံးရုံပြုံးပြီး ရန်ကုန်သားကို ရှင်းပြသလို မန္တလေး သားကိုလည်း ရှင်းပြလိုက်ရပါသေးတယ်။

တော်လှန်ရေးကောင်စီတက်လာမှ နေ့ချင်းညချင်း ပလက်ဖောင်းတွေလုပ်၊ လမ်းတွေပြင်၊ ကတ္တရာစေးတွေခင်း၊ ချောင်းတွေ မြောင်းတွေ လူထု နဲ့ ရှင်းပစ်၊ ပေါင်းဆယ်ပစ်၊ ကျုံးထဲက ဗေဒါတွေ မှော်ဒိုက်တွေကို ဆယ်ပစ် အဲဒီလို လုပ်လိုက်တော့မှပဲ ဖုန်တထောင်းထောင်း၊ ခြင်းတလောင်းလောင်း အဖြစ်က အတော်ကလေး သက်သာသွားတယ်လို့ ထင်တာပဲ။

အဲဒီလို ခြင်တဝီဝီ၊ ဖုန်တလူလူထနေတဲ့ နေပူမြို့တော်မှာ တခြား လူကို တာဝန်ပေးစေလွှတ်ရင် တာဝန်အရတော့ လုပ်နေမှာပဲ။ ပန်ကာတစ်မှုကိုရှာ မန္တလေးဘီယာချက်စက်ရုံတစ်ခုတည်းက ဘီယာစုပ်ပြီး တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့ မလဲဆိုပြီး စိမ်ပြေနပြေ ဝတ္တရားကျေ လုပ်ချင်လည်း လုပ်ပေမပေါ့။ စက်ရုပ်သံပတ် ပေးထားသလို လုပ်ချင်သလို လုပ်နေမယ်၊ ဒါမှမဟုတ် တနည်းနည်းနဲ့ အကြောင်း ရှာပြပြီး တပ်ခေါက်ပြန်ပြေးချင်လည်း ပြေးပေမပေါ့။ အဲဒါကြောင့် ရေတ်သီးမှာ ငရုတ်ပိုးပဲ နေနိုင်သလို နေပူမြို့တော်က လူပဲ နေပူမြို့တော်မှာ တာဝန်ထမ်းနိုင် လိမ့်မယ်ဆိုတဲ့ မျှော်မြင်ချက်အပြည့်နဲ့ ပညာဝန်ရေးဝန်ကြီး ဦးရာဇတ်က ဦးကိုကို လေးကို ရွေးပြီး တာဝန်ပေးတာပါပဲ။ ဝန်ကြီးဦးရာဇတ်ရဲ့ ရွေးချယ်ရေးတရားထဲမှာ

ဒီအကြောင်းဟာ အချက်ကြီးတစ်ချက်အနေနဲ့ ပါတယ်ဆိုတာ အမ်အေဒေါ်အုံးထံ ကတစ်ဆင့် ကြားသိခဲ့ရတာပါ။

၂။ ဝန်ကြီးဦးရာဇတ်နဲ့ ဦးကိုကိုလေးဟာ မန္တလေးတက္ကသိုလ် ပေါ်ပေါက်ဖို့အတွက် မကြာခဏဆိုသလို ဆွေးနွေးခဲ့ဖူးတဲ့အတွက် ဦးကိုကိုလေးဟာ ဒီကိစ္စမှာ နိုးကြားတက်ကြွပြီး ဆန္ဒပြင်းပြနေသူ တစ်ယောက်လို့ အသိအမှတ်ပြု ခံထားရတဲ့သူပါ။

၃။ ဦးကိုကိုလေးဟာ လူငယ်တစ်ယောက်ပီပီ ဖျတ်ဖျတ်လတ်လတ် သွက်သွက်ချာချာလဲရှိ တက်လဲ တက်ကြွနဲ့ တိုင်းပြည်အပေါ် သစ္စာရှိ၊ အဲဒီလို အရည်အချင်းမျိုးက ရှိနေပြန်တယ်။

၄။ သူ့မှာ တက္ကသိုလ်တစ်ခုကို ဖော်ထုတ် ကွပ်ကဲသွားနိုင်လောက်တဲ့ လုံလောက်တဲ့ ပညာအရည်အချင်းလဲ ရှိသူပါ။

၅။ ဦးကိုကိုလေးဟာ ပြန်ကြားရေးဌာနမှာ လုပ်ခဲ့ဖူးတယ်၊ ပြီးတော့ ကျောင်းသားသပိတ်မှာ ပါခဲ့ဖူးတယ်၊ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လထဲမှာ ပဲရစ်မှာ ကျင်းပတဲ့ ကမ္ဘာ့ကျောင်းသား ညီလာခံကိုလဲ ဦးဝန် (မင်းသုဝဏ်)၊ ဦးသိန်းဟန် (ဇော်ဂျီ)တို့နဲ့ အတူတက်ခဲ့တယ်။ ဒီအကြောင်းတွေကြောင့် သူ့မှာ စည်းရုံးရေး အတွေ့အကြုံ အနည်းအများဆိုသလို ရှိနေတယ်လို့ မြင်ခဲ့တယ်။

အဲဒီအကြောင်းကြောင်းတွေကြောင့် ဝန်ကြီး ဦးရာဇတ်ဟာ ယုံကြည်တဲ့ ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့ ချပြီး၊ ဦးကိုကိုလေးကို ရွေးချယ်ခဲ့တာပါ။

ပညာရေးဝန်ကြီးဌာနက ဦးကိုကိုလေးကို မန္တလေးတက္ကသိုလ် ကျောင်းအုပ်ကြီး အဖြစ်နဲ့ ခန့်လိုက်ကြောင်း ရန်ကုန်တက္ကသိုလ်ကောင်စီ ချယ်ယာမင်ထံကို အကြောင်းကြားခဲ့တယ်၊ ဦးကိုကိုလေးကို ဒီစာအရ ခန့်ထားခဲ့ခြင်း ဖြစ်တယ်။

Educational Department Letter No. 31. E.A. (A)(47) 20th May 1947.

addressed to the chairman, Council of University on Rangoon on foreign service with University.

အဲဒီခန့်စာရပြီးတဲ့အခါမှာ ဦးကိုကိုလေးဟာ မန္တလေးတက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ်နဲ့ (၁၉၄၇ ခု၊ မေလ ၂၉)ရက်နေ့မှာ အလုပ်စတင်ဝင်ခဲ့ပါတယ်။

Principal of University College of Mandalay, 29th May 1947.

မန္တလေး ဥပစာကောလိပ်ကို ၁၉၄၇ ခု၊ ဇွန်လအမီ ကျောင်းဖွင့်ဖို့ ဦးကိုကိုလေးကို တာဝန်ပေးလိုက်တယ်၊ ပညာရေးနဲ့ အမျိုးသားစီမံကိန်းဌာနအတွင်းဝန် အိုင်စီအက်စ် ဦးစောဟန်ကိုလဲ ဦးကိုကိုလေးကို အတတ်နိုင်ဆုံး ကူညီဖို့ ညွှန်ကြားထားတယ်။

ဦးကိုကိုလေးအနေနှင့် အမြန်ဆုံး စီမံကိန်း ရေးဆွဲရတယ်၊ ချက်ချင်းအလုပ်စလုပ် လုပ်ရင်ပဲ

၁။ နေရာ။
၂။ အဆောက်အအုံ။
၃။ သင်ကြားပြသမယ့် ဆရာတွေ။
၄။ ဘယ်နှစ်တန်းထိ စာသင်မလဲ။
၅။ ဘယ်ဘာသာတွေ စသင်မလဲ။
၆။ ဘော်ဒါကျောင်းဆောင်တွေ။
၇။ ပရိဘောဂတွေ။

အဲဒီအချက်တွေ စီစဉ်ရေးသားပြီး ဦးစောဟန်ထံ တင်ပြတယ်၊ ဦးစောဟန်က တစ်ဆင့် ပညာရေးဝန်ကြီးဆီ ပညာရေးဝန်ကြီးက ကက်ဗိနက်တင်၊ အဲဒီလို အဆင့်ဆင့် တင်ပြတဲ့ စနစ်နဲ့ပဲ အလုပ်လုပ်ကြတယ်လေ။ ဦးကိုကိုလေးက ဦးစောဟန်နဲ့ မေလတစ်လလုံး မရပ်မနား အပင်ပန်းခံပြီး အလုပ်လုပ်ခဲ့ရသူပါ၊ စာသင်ဖို့ ပစ္စည်း၊ ပရိဘောဂနဲ့ အဆောက်အအုံတွေအတွက် မတည်ငွေ နှစ်သောင်းနဲ့ စလုပ်ခဲ့ရတာပါ။

အဲဒီအချိန်ကဆိုရင် ရန်ကုန်တက္ကသိုလ်က ပါမောက္ခတွေ၊ နည်းပြဆရာတွေ ဆရာမတွေ၊ ကထိကတွေ လက်ထောက်ကထိကတွေထဲက မန္တလေး

ဥပစာကောလိပ်မှာ တာဝန်ယူချင်တဲ့လူ အင်မတန်ရှားသားကလား၊ ဘာကြောင့်လဲဆိုရင် ဒီတုန်းက မန္တလေးတက္ကသိုလ်ဆိုတာက အိပ်မက်ထဲမှာပဲရှိသေးတယ် လေထဲမှာပဲ ပြေးလွှားကွန့်မြူးနေဆဲပါ။ ရုပ်အကောင်အထည် ပေါ်မလာသေးပါဘူး၊ မန္တလေးတက္ကသိုလ်ဆိုတာ စကားအရာမှာပဲ ရှိသေးတယ်ပေါ့။ မန္တလေးတက္ကသိုလ်ဟာ ကမ်းမမြင်လမ်းမမြင် ဘဝမှာ အမှောင်ထုထဲ စမ်းတဝါးဝါး လျှောက်နေရဆဲပါ။

အဲဒီအချိန်မှာ ရန်ကုန်တက္ကသိုလ်ဆိုတာက ရုပ်အကောင်အထည်နဲ့ ရှိနေနှင့်ပြီးပြီပဲ။ ပန်ကာတဝီဝီ မြည်လျက် ပါမောက္ခတွေ ကထိကတွေ ကျောင်းသူကျောင်းသားတွေနဲ့ သိုက်သိုက်မြိုက်မြိုက် ရှိနေပြီ၊ ဒါကြောင့် အရာရာ အာမခံချက် ရှိနေပါတယ်။

မန္တလေးတက္ကသိုလ်ဆိုတာကတော့ ပြာပုံဘဝမှာ ရှိတုန်းပဲ၊ ပါမောက္ခတွေ ကထိကတွေ ကျောင်းသူကျောင်းသားတွေလဲ မရှိသေးဘူးဆိုတော့ အာမခံချက် မရှိနိုင်သေးဘူး၊ မန္တလေးတက္ကသိုလ်ဟာ အကြောင်းတစ်ခုခုကြောင့် လမ်းခုလတ်မှာ မရေမရာအဖြစ်မျိုးနဲ့ ကြုံတွေ့ခဲ့ရင်တော့ မျောက်သစ်ကိုင်းလွတ် ဘဝနဲ့မခြား တောင်မမီ မြောက်မမီ ဖြစ်ရတော့မယ်၊ ဒါကို စဉ်းစားမိပြီး စိုးရိမ်နေကြလေမလားပဲ။

အမ်အေဒေါ်အုံး တစ်ယောက်ကိုတော့ ဝန်ကြီး ဦးရာဇတ်ကိုယ်တိုင်က ခေါ်ယူဆွေးနွေး ရှင်းပြပြီး တာဝန်ပေးခဲ့တယ်၊ ဒေါ်အုံးကတော့ ဒီလိုကမ်းမမြင် လမ်းမမြင်တဲ့ အိပ်မက်ထဲ စိတ်ကူးထဲက မန်းတက္ကသိုလ်ဆီကို ယုံယုံကြည်ကြည်နဲ့ပဲ ချီတက်လာခဲ့သူပါ၊ အမ်အေဒေါ်အုံးက စာရေးသူကို ဒီလိုပြောပြပါတယ်။

> ကျွန်မဟာ တစ်ခါတုန်းက မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းက ကျောင်းသူတစ်ယောက်ပါ။ ကျွန်မကို ဗဟိုအမျိုးသားအထက်တန်းကျောင်းနဲ့အတူ ဆရာကြီးဦးရာဇတ်က မြေတောင်မြှောက်ပေးခဲ့ပါတယ်၊ အခုလို "အမ်အေဒေါ်အုံးရယ်"လို့ ဘဝတစ်ခုမှာ အောင်အောင်မြင်မြင် အခိုင်အမာ ရပ်တည်နေနိုင်တာဟာ ဆရာကြီးရာဇတ်ရဲ့ သွန်သင်ဆုံးမမှုတွေ၊ ပညာပေးမှုတွေကြောင့်ပါ၊ အဲဒီတော့ ကျေးဇူးရှင် ဆရာတစ်ပါးလဲဖြစ်၊ မိဘလိုလဲဖြစ်၊ ပညာရေးဝန်ကြီးလဲ ဖြစ်တဲ့ ဆရာကြီးရဲ့ တာဝန်ပေးချက်ကို လိုလိုချင်ချင် လက်ခံဆောင်ရွက်ခဲ့ရတာပါပဲ၊ ပြီးတော့ ကိုယ့်ဇာတိရပ်မြေမှာ ဆရာကြီး

ဦးရာဇတ်နည်းတူ သီးခြားတက္ကသိုလ်တစ်ခု ရှိစေချင်တယ်၊ ဒါကြောင့်မို့လဲ လိုလိုချင်ချင်နဲ့ တာဝန်ကို လက်ခံပြီး ရန်ကုန်တက္ကသိုလ်က ခွာခဲ့တာပါပဲ.....”

အမ်အေဒေါ်အုံးကတော့ အထက်မြန်မာပြည် ကျောင်းသူကျောင်းသားတွေအတွက် ပါဠိဘာသာသင် ကထိကတာဝန်ယူရမယ့်အပြင် ကျောင်းသူတွေအတွက် ဘော်ဒါဆောင် ဖွင့်ပေးပြီး အဆောင်မှူးတာဝန်လဲ ယူဖို့ ဖြစ်ပါတယ်၊ ရပ်ဝေးက ကျောင်းသူတွေ ကျောင်းအိပ်ကျောင်းစားအဖြစ်နဲ့ ပညာသင်ကြားနိုင်ဖို့ ဘော်ဒါဆောင်ကို မဖြစ်မနေ ဖော်ထုတ်ရမယ့် အစီအစဉ်လဲ ရှိပါတယ်။

အဲဒီအချိန်တုန်းက မန္တလေးတက္ကသိုလ် ဥပစာကောလိပ်ဟာ စစ်ဒဏ်ကြောင့် ပြာပုံဘဝပေါ့၊ သိပ္ပံဝင်းထဲရှိတဲ့ အိမ်တွေကို ကက်စဘီ[1] စစ်ဖက်နယ်ဖက်ပူးတွဲအုပ်ချုပ်ရေး အဖွဲ့ရဲ့ ကြေးနန်းဌာနက သိမ်းထားတယ်၊ အိမ်အလွတ်က တစ်လုံးပဲ ရှိတယ်၊ အဲဒီအထဲ ရုံးခန်းစတင်ဖွင့်ရတယ်၊ စိုက်ပျိုးရေးကျောင်းကြီးကို စစ်တပ်က စစ်ဆေးရုံလုပ်ထားဆဲပဲ၊ အိန္ဒိယစစ်သား လူမမာတွေနဲ့ ပြည့်ကျပ်နေတယ်။

အဲဒီတော့ ဦးကိုကိုလေးက သက်ဆိုင်ရာ အိန္ဒိယစစ်အရာရှိတွေဆီ ချဉ်းကပ်ပြီး ရွှေ့ပြောင်းပေးဖို့ ရေရေလည်လည် ပျော့ပျော့ပျောင်းပျောင်းနဲ့ အနူးအညွတ် ရှင်းပြရပါတယ်။ စာနဲ့ပေနဲ့သာ လုပ်နေရရင် တော်တော်နဲ့ ရနိုင်မှာ မဟုတ်ဘူး၊ ပညာရေးဝန်ကြီးက ကျောင်းဖွင့်ဖို့ သတ်မှတ်ပေးထားတဲ့ ဇွန်လထဲမှာ ရွှေ့ပေးချင်မှ ရွှေ့ပေးမှာ၊ အဲဒါကြောင့် အိန္ဒိယ စစ်အရာရှိတွေဆီမှာ အောက်ကျနောက်ကျ ချော့မော့စည်းရုံးပြီး ပြောင်းရွှေ့ခိုင်းတော့ စစ်ဗိုလ်တွေကလဲ လိုလိုချင်ချင်ပဲ၊ အဲဒီအနားမှာ ချက်ချင်းဆိုသလို တဲထိုးပြီး လူနာတွေကို ရွှေ့ထားလိုက်တယ်။

ဦးကိုကိုလေးက ခေါင်းဆောင်ပြီး အင်္ဂလိပ်နည်းပြဆရာ မစ္စတာမူနီ၊ ပါဠိကထိက အမ်အေဒေါ်အုံး၊ ရုံးအုပ် ဦးလှမော် အဲဒီပုဂ္ဂိုလ်သုံးဦးနဲ့အတူ ၁၉၄၇ ခု၊ မေလ (၂၉) ရက်မှာ စတင်ရုံးဖွင့် အလုပ်စခဲ့တာပါ။

မန္တလေးကို ရောက်ကြတော့ ဦးကိုကိုလေးဟာ ကျောင်းကြီးတစ်ခုလုံးဖြစ်မြောက်ရေးအတွက် သူ့ခေါင်းပေါ်မှာ မဟာတာဝန်ကြီးတစ်ခု ကျရောက်နေပြီဆိုတာ ကောင်းကောင်း သဘောပေါက်ခဲ့တဲ့အတိုင်း တစ်ခုတည်းသော

---

1. C.A.S (B)

ဦးနှောက်နဲ့ အပူတပြင်း ကြိုးစားလုပ်ဆောင်ခဲ့ရပါတယ်။ ဒီလို ကြိုးပမ်းလုပ်ဆောင်ရတာဟာလဲ လွယ်ကူတဲ့ လုပ်ငန်းမဟုတ်ဘူးပေါ့။

ပြန်ကြားရေးဌာန ရုံးခန်းမှာ သစ်စက်ပိုင်ရှင်တွေကို ဦးကိုကိုလေးက ခေါ်ယူတွေ့ဆုံ ဆွေးနွေးပြီး သစ်တွေမှာယူပါတယ်၊ ရတနာပုံ ဦးကြွယ်က ပရိဘောဂအားလုံး လုပ်ပေးရသူပါ၊ နောက်မှ ငွေကို ချေရတယ်။

အဲဒီလို ဦးကိုကိုလေး၊ ဒေါ်အုံး၊ မစ္စတာမူနီ၊ ရုံးအုပ် ဦးလှမော်တို့ဟာ "နေပူတယ်လို့"ညည်းညူမနေနိုင်အားရှာပါဘူး၊ ပညာရေးဝန်ကြီး ဦးရာဇတ်ရဲ့ ညွှန်ကြားချက်အရ တက္ကသိုလ်ကြီး အချိန်မီ ဖွင့်နိုင်ဖို့သာ မလျော့တဲ့ လုံ့လဝီရိယဇွဲနဲ့ပင် ဖျတ်ဖျတ်လတ်လတ် အပတ်တကုတ် ကြိုးစားလုပ်ကိုင်ခဲ့ကြပါတယ်။

အဲဒါကြောင့် ပညာရေးဝန်ကြီး ဦးရာဇတ်မိန့်မှာကြားတဲ့အတိုင်း မန္တလေးတက္ကသိုလ်ကို ၁၉၄၇ ခု၊ ဇူလိုင်လထဲမှာ စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကျောင်းက ဖွင့်ဖွင့်ချင်းတော့ ကျောင်းသား ၁၀၀ ပဲ ရှိတယ်။ အမျိုးသမီးဘော်ဒါဆောင်မှာ အမျိုးသမီး (၆)ဦးပဲ ရှိတယ်၊ အဲဒါနဲ့ပဲ တက္ကသိုလ်ကို အစပြုခဲ့ရတာပါ။

၁၉၄၇ ခု၊ ဇွန်လ (၁၅) ရက်နေ့မှာ ပညာရေးနဲ့ အမျိုးသားစီမံကိန်းဌာနဝန်ကြီး ဦးရာဇတ်ကို ဦးကိုကိုလေးက နောက်ဆုံးတွေ့ခဲ့ရခြင်းပါ။ ပညာရေးဝန်ကြီး ဦးရာဇတ်ဆီကို "ကျောင်းကြီးတော့ ၁၉၄၇ ခု၊ ဇွန်လအကုန်မှာ စတင်ဖွင့်လှစ်ပါတော့မယ်၊ ကျောင်းဆရာဘယ်နှစ်ယောက်နဲ့ ဘယ်ဘာသာတွေ စတင်ဖို့ချနေပါပြီ၊ ကျောင်းသားဦးရေ ဘယ်လောက်ပါ၊ ဒုတိယနှစ်အတွက် စီမံကိန်းတွေလဲ ရေးဆွဲပြီးပါပြီ၊ ကျောင်းကြီးကို တခမ်းတနား ဖွင့်ဖို့လဲ ရည်မှန်းထားပါတယ်၊ အောက်တိုဘာလထဲမှာ ကျောင်းဖွင့်ပွဲကြီးလုပ်ဖို့ ရည်ရွယ်ထားပါတယ်၊ ဒါကြောင့်မို့ ပညာရေးဝန်ကြီး ဦးရာဇတ်ကိုယ်တိုင် ဘယ်နေ့ဘယ်ရက် လာရောက်ဖွင့်လှစ်ပေးနိုင်မလဲဆိုတာကို အကြောင်းပြန်ကြားပေးပါရန်"စတဲ့ စတဲ့ အစီရင်ခံစာရှည်ကြီး တစ်စောင် ပြည့်ပြည့်စုံစုံ ရေးသားပေးပို့လိုက်ပါတယ်။

## မန်းတက္ကသိုလ်ကတော့ ဇူလိုင် (၁၉) ရက်ကို မမေ့နိုင်ပါဘူးတဲ့

ဦးကိုကိုလေးတို့ ဆရာ ဆရာမတွေဟာ ပညာရေးဝန်ကြီးထံက ပြန်ကြားတဲ့စာကို စောင့်ရင်း ကျောင်းဖွင့်ပွဲအတွက် ပြင်ဆင်လုံးပမ်းနေရတာလဲ အမောသား၊ ကျောင်းကြီးအတွက် လိုအပ်တာတွေကိုလဲ ဆက်လက် လုပ်ကိုင်နေပါတယ်။

အဲဒီလို ကျောင်းကြီးအတွက် ဦးနှောက်ကို အအားမပေးဘဲ စိတ်ရောကိုယ်ပါ စွမ်းစွမ်းတမံ အလုပ်လုပ်နေတဲ့ တစ်နေ့မှာ ဘယ်လိုမှ မျှော်လင့်နိုင်စွမ်းမရှိတဲ့ သတင်းဆိုးတစ်ခုဟာ ဦးကိုကိုလေးတို့ဆီ ပြန့်လွင့်ခဲ့တယ်၊ အဲဒီနေ့ဟာ မေ့ပစ်လို့ မရနိုင်တဲ့ ဇူလိုင် (၁၉) ရက်နေ့ပဲတဲ့၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ပညာရေးနဲ့ အမျိုးသားစီမံကိန်း ဝန်ကြီး ဦးရာဇတ်နဲ့ ဝန်ကြီးတွေဟာ မသမာတဲ့ လူတစ်စုရဲ့ လက်ချက်နဲ့ လုပ်ကြံခံရပြီတဲ့။

ဘယ်လိုဆို ဘယ်လိုမှ ယုံကြည်နိုင်စွမ်း မရှိတဲ့ ဒီ ကြေကွဲဝမ်းနည်းစရာကောင်းတဲ့ သတင်းဆိုးကို ကြားလိုက်ရတယ်ဆိုရင်ပဲ ဦးကိုကိုလေးဟာ ထိတ်ခနဲ ဖြစ်သွားပြီး နှလုံးခုန်ရပ်သွားမတတ်ဘဲ၊ နောက်သွေးတိုးချက်တွေဟာ အရင်ကထက် အဆပေါင်းများစွာ ပိုမြန်ဆန်လာတယ်ဆိုတာ သူက သတိထားမိလိုက်တယ်၊ သတင်း အတိအကျ သိချင်လှတဲ့အတွက် ချက်ချင်းပဲ တုန်ယင်တဲ့လက်နဲ့ တယ်လီဖုန်းကိုင်ပြီး မန္တလေး တိုင်းမင်းကြီးရုံးကို ဆက်သွယ်မေးမြန်းပါတယ်၊ ဒါပေမယ့် အချည်းနှီးသာ ဖြစ်ခဲ့ရတယ်။ တိုင်းမင်းကြီးရုံးကလဲ ရန်ကုန်အတွင်းဝန်ရုံးမှာ ဘယ်လိုဖြစ်ကုန်ပြီဆိုတာ မသိရဘူးတဲ့၊ အဲဒီလိုနဲ့ တစ်နေ့လုံး စိတ်ထဲ မခံမရပ်နိုင်အောင်ဖြစ်ပြီး လူလည်း ဂနာမငြိမ်တော့ဘူးတဲ့။ ဒီသတင်းဟာ အိပ်မက်ထဲက သတင်းပဲ ဖြစ်ပါစေလို့သာ ဆုတောင်းရင်း သူ့စိတ်ကိုသူ လှည့်စားနေမိတယ်၊ ခင်မင်နှစ်သက် ကြည်ညိုလေးစားစရာကောင်းလှတဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ ဆရာကြီး ဦးရာဇတ်တို့ရဲ့ ရုပ်ပုံလွှာတွေဟာလဲ တရေးရေး မြင်ယောင်နေမိတော့တယ်တဲ့။ မြို့ထဲ လိုက်စနည်းနာပြန်တော့လဲ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဆရာကြီးတို့တစ်တွေ လူတစ်စုရဲ့ လက်ချက်နဲ့ လုပ်ကြံခံရတယ်၊ ဒါပေမယ့် စိုးရိမ်လောက်တဲ့ အခြေအနေမှာ မရှိဘူးတဲ့။ အဲဒါကြောင့် မန်းမြို့သူမြို့သားများနဲ့အတူ ဦးကိုကိုလေးဟာ တိကျတဲ့ သတင်းမှန် ရရှိဖို့ပဲ မျှော်လင့်စောင့်ဆိုင်းနေပါတယ်။ စိတ်ထဲမှာတော့ ဗလောင်ဆူအောင် ခံစားနေရပါတယ်။

အဲဒီအချိန်မှာပဲ တိုင်းပြည်အတွက် ကြီးမားတဲ့ ဆုံးရှုံးမှုသတင်း၊ ကြေကွဲဝမ်းနည်းစရာကောင်းတဲ့ သတင်းကို ညနေ ရေဒီယိုလာမှ ဖြစ်ကြောင်း ရယ်ကုန်စင် ကြားသိရပါတော့တယ်၊ ဦးကိုကိုလေးဟာ အင်မတန် စိတ်ထိခိုက်ခဲ့ ပါတယ်။ မန်း မြို့သူမြို့သားတွေနဲ့အတူ တစ်တိုင်းပြည်လုံးရှိ ပြည်သူတွေနဲ့အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်း မချိတင်ကဲ ဖြစ်ခဲ့တယ်။ မြို့ထဲမှာကတော့ ဣန္ဒြေမဆည်နိုင်လောက်အောင် ရှိုက်ကြီးတငင် ချုံးပွဲချ ငိုသူငိုနဲ့ တစ်မြို့လုံး တုန်လှုပ်ချောက်ချားသွားပါတော့တယ်။ တစ်မြို့လုံး မျက်ရည်တွေနဲ့ပါ။

ပုရွက်ဆိတ်အုံ တုတ်နှင့်အထိုးခံရသလို မြို့သူမြို့သားတွေဟာ တစ်အိမ်တက်ဆင်း ထွက်ချည်ဝင်ချည်၊ တီးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ ပြောဆိုဝေဖန်နေကြတယ်၊ တချို့ကလဲ ဆဒ္ဒန်ဆင်မင်း မြားမှန်တော့ ကျန်တဲ့ဆင်တွေက ရှုံးရှုံးရှဲရှဲနဲ့ ရန်သူအရှာထွက်သလို ဗဟိုအမျိုးသားကျောင်းသူကျောင်းသားတွေ အပါအဝင် တစ်မြို့လုံးဟာ ရန်သူကို အရှာထွက်သလို တရှုံးရှုံး တရှဲရှဲ လှုပ်လှုပ်ရွရွ ဖြစ်ပြီး ဂနာမငြိမ် ဖြစ်နေကြတယ်၊ ဒေါသတွေ ခြောင်းခြောင်းထွက် နေကြတယ်။ ရန်သူကို အစိမ်းလိုက် ကိုက်စားချင်နေတယ်၊ လက်စားချေချင်တဲ့ ဇာတိသွေး ဇာတိမာန်တွေနဲ့ပေါ့၊ အဲဒီပတ်ဝန်းကျင်ကြားထဲမှာပဲ လှုပ်ရှားနေခဲ့ရတဲ့ မန္တလေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးကိုကိုလေးဟာ လျှပ်တစ်ပြက်အတွင်းမှာ သူ့ကျောင်းကြီးအတွက် စိုးရိမ်ပူပန်မှု ဖြစ်လာရပြန်ပါတယ်။

ဆရာကြီး ဦးရာဇတ်ရဲ့ မျက်နှာ၊ ဆရာကြီး ဦးရာဇတ်ရဲ့ လက်ရာဖြစ်တဲ့ ဒီမန်းတက္ကသိုလ်ကြီး အရေးဟာ အလိုလို သူ့ဦးနှောက်ထဲ ဝင်ရောက်မွှေနှောက် ခဲ့ပါတယ်။ မျက်ရေတွေ လျှံနေတဲ့ ဒေါသပုန် ထနေတဲ့ သူ့ပတ်ဝန်းကျင် ကြားမှာ ကျောင်းကြီးရဲ့ မျက်မှောက်နဲ့ အနာဂတ်အရေးအတွက် စိုးရိမ်ထိတ်လန့် လာပါတယ်။

ကတိုး၊ နံ့သာ ကရမက်နံ့သင်းနေတဲ့ ဒီချွေးတွေ ဒီသွေးတွေနဲ့ မှုန်းခြယ်နေတဲ့ ဆရာကြီး ရာဇတ်ရဲ့ မန်းတက္ကသိုလ်ကားချပ်ကြီးဟာ လမ်းခုလတ်မှာ ရောက်ရှိနေဆဲပါ။ အဲဒီကားချပ်စောင့်ကြီးဖြစ်တဲ့ မန်းတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးကိုကိုလေးဟာ မပြီးသေးတဲ့ ကားချပ်ကြီးကြည့်ပြီး ကြေကွဲဝမ်းနည်း မချိတင်ကဲ ဖြစ်လာပြန်တယ်။ နောက်တက်လာမယ့် ဗိသုကာ ပန်းချီဆရာကြီးဟာ ဒီကားချပ်ကို မီးရှို့ပစ်လေမလား၊ ဒီအတိုင်း တန်းလန်းထားလေမလား၊ ဒါမှမဟုတ် ဆက်ပြီး အပြီးအထိ မှုန်းခြယ်သွားလေ မလား၊ ဒါတွေကိုလဲ တက္ကသိုလ်ပန်းချီကားစောင့်ကြီးဟာ ဘယ်လိုမှ ဝေခွဲမရနိုင်

အောင် ဖြစ်နေတယ်။ ဝေခွဲမရနိုင်တိုင်းလဲ ပင့်သက်ကိုသာ အခါခါ ချမိတော့တယ်။

အဲဒီအချိန်မှာ ဆရာကြီး ဦးရာဇတ်ရဲ့ ရွှဲ့ပြုံးကလေးနဲ့ ရုပ်ပုံလွှာဟာ သူ့အတွေး အဆွေးနယ်ထဲမှာ ပေါ်လာပြန်တယ်။

ဥပစာကောလိပ်ကို အရင် ဇွန်လထဲမှာ အမီဖွင့်ပါ။

နောက်တစ်ဆင့် မန်းတက္ကသိုလ်ဖြစ်အောင်လုပ်။

ပြီးတော့ မန်းသီးခြားတက္ကသိုလ် ဖြစ်အောင်လုပ်ပါ။

အဲဒီလို ခံ့ညားပြီး ကျက်သရေရှိလှတဲ့ မျက်နှာပေးနဲ့ အမိန့်ပေးသံကို ပြန်လည်ကြားယောင်မိတော့ ဦးကိုကိုလေးဟာ ဒီလို လေးလေးနက်နက် သန္နိဋ္ဌာန်ချ တိုင်တည်ခဲ့ပါတယ်။

"ဆရာကြီး ဆရာကြီးဟာ ဒီနေ့မှာ ကျွန်တော်တို့ကို စွန့်ခွာသွားခဲ့ပေမယ့် ဆရာကြီး ရည်မှန်းထားခဲ့တဲ့ မန်းတက္ကသိုလ်ကြီး ပေါ်ပေါက်လာအောင် ထောင်သောင်းမကတဲ့ ပြည်သူတွေကို ဗဟိုအမျိုးသား အထက်တန်းကျောင်းက ပေးလိုက်တဲ့ ဇာတိသွေး ဇာတိမာန်နဲ့ တိုင်းပြည်နဲ့ လူမျိုးကို ချစ်ရမယ်၊ သစ္စာစောင့်သိရမယ် တိုင်းပြည်နဲ့ လူမျိုးအတွက် ကိုယ်ကျိုးမဖက် အနစ်နာခံ ဆောင်ရွက်သွားရမယ် ဆိုတဲ့ ဒီကောင်းမြတ်တဲ့ အမွေကို ဆက်ခံစေမယ့် မန္တလေးတက္ကသိုလ်ကြီး အမြန်ပေါ်ပေါက်ရေးအတွက် ကျွန်တော် ကြိုးစားသွားပါမယ်။ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုနဲ့ ထည်ဝါခံ့ညားတဲ့ တက္ကသိုလ်တစ်ရပ် ဖြစ်ပေါ်လာဖို့အတွက် အချိန်နာရီ ရှိသရွေ့ ကျွန်တော့်ဦးနှောက် ကိုယ်ခန္ဓာတို့ကို အသုံးပြုရင်း၊ မဆုတ်မနစ်သော ဇွဲလုံ့လ ဝီရိယတို့နဲ့ ကြိုးစားသွားပါမယ်။ ဆရာကြီးပေးခဲ့တဲ့ တာဝန်ကို မမှိတ်မသုန် ယုံယုံကြည်ကြည်နဲ့ ဆောင်ရွက်သွားပါမယ် ဆိုတဲ့ ကြီးမားတဲ့ သန္နိဋ္ဌာန်ကို ကျွန်တော် ချလိုက်ပါတယ် ဆရာကြီး။

မန္တလေးဥပစာကောလိပ်ကို မန္တလေး ဒီဂရီတက္ကသိုလ်တစ်ရပ် ဖြစ်ချင်တယ်။ သီးခြားတက္ကသိုလ်တစ်ရပ် မဖြစ်မနေ လုပ်ရမယ်ဆိုတဲ့ ဆရာကြီးရဲ့ မှာကြားချက်ကို နားထဲ ကြားယောင်နေခဲ့တဲ့ ဦးကိုကိုလေးအား မန္တလေးတက္ကသိုလ် အနေနဲ့ ပထမဆုံး ဆောက်လုပ်ပြီးသွားတဲ့ အဆောက်အအုံကို "ရာဇတ်ခန်းမဆောင် (Razak Hall.)လို့ ကမ္ပည်းထိုးလိုက်ပါတယ်။

ဆရာကြီးရဲ့ စိတ်ကူးစိတ်သန်းတွေထဲမှာ ပြေးလွှားကစားနေတဲ့ မန်းတက္ကသိုလ်ကြီးကို ဦးကိုကိုလေးနဲ့ သူ့လုပ်ဖော်လုပ်ဖက်တွေက အကောင်အထည်ဖော်ခဲ့ပါပြီ။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့မှာ မန္တလေး ဥပစာကောလိပ်ကို ပြန်ဖွင့်လိုက်ပါတယ်။

၁၉၄၈ ခု၊ ဇွန်လမှာ အရင်ကထက် တစ်ဆင့်ပြီးတစ်ဆင့် မြင့်ပြီး လေးနှစ် ဒီဂရီ တက္ကသိုလ်ကို ဖွင့်ခဲ့ပါတယ်။ ဒါပေမယ့် မန္တလေးတက္ကသိုလ်က အောင်သွားပေမယ့် ဒီဂရီကို ရန်ကုန်တက္ကသိုလ်မှာပဲ သွားယူရပါတယ်။ တချို့ ပညာတော်တဲ့ ကျောင်းသားတွေကို နိုင်ငံခြားလွှတ်ပြီး ပညာတွေ ဆက်သင်ခိုင်းခဲ့ပါတယ်။

၁၉၅၇ ခုနှစ် ပါလီမန်မှာ မန္တလေးတက္ကသိုလ် သီးခြားရပ်တည်ခွင့်အတွက် ပြဋ္ဌာန်းပေးခဲ့တယ်။

သီးခြား ဒီဂရီတက္ကသိုလ် ဆိုတာကတော့ တက္ကသိုလ်ကျောင်းတိုက်တစ်ခုဟာ သူ့မှာ သူ့ကိုယ်ပိုင်အဓိပတိ၊ ဒုတိယအဓိပတိ၊ ကျောင်းအုပ် (ပါမောက္ခချုပ်) တို့ ရှိရပါမယ်။ ပြီးတော့ သူ့မှာ ကိုယ်ပိုင် တက္ကသိုလ်ကောင်စီနဲ့ တက္ကသိုလ်ဆီးနိတ်အဖွဲ့တို့လဲ ရှိရတယ်။ ကျောင်းသားတွေကို ဘွဲ့အပ်နှင်းရင်လဲ ဒီတက္ကသိုလ်ကျောင်းတိုက်ကပဲ အပ်နှင်းရတယ်။ သူ့မှာ ဘွဲ့နှင်းသဘင်ခန်းမဆောင် သီးသန့် ရှိတယ်။ မန္တလေးတက္ကသိုလ်ကို ရန်ကုန်တက္ကသိုလ်က လှမ်းပြီး အုပ်ချုပ်စရာမလိုဘူး၊ ဘွဲ့ပေးစရာမလိုဘူး၊ သူ့ဟာသူ သီးသန့်တက္ကသိုလ်အနေနဲ့ ရပ်တည်နေတယ်။ တက္ကသိုလ်ကျောင်းတိုက်တစ်ခုမှာ ဝိဇ္ဇာတက္ကသိုလ်၊ သိပ္ပံတက္ကသိုလ်၊ စိုက်ပျိုးရေး၊ ဆေး၊ ပညာရေး စတဲ့ တက္ကသိုလ်တွေ ရှိရတယ်။ မြန်မာပြည်မှာ သီးခြားဒီဂရီတက္ကသိုလ်ကျောင်းတိုက်ဟာ နှစ်ခုပဲ ရှိပါတယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်နဲ့ မန္တလေးတက္ကသိုလ် ကျောင်းတိုက်ပါ။

ဒီနေ့ဆိုရင် ဆရာကြီးကွယ်လွန်သွားခဲ့ပေမယ့် သူရည်မှန်းခဲ့တဲ့ ဒီသီးခြားတက္ကသိုလ်ကြီးဟာ မားမားမတ်မတ် ငွါးငွါးစွင့်စွင့် ရပ်တည်လျက်ရှိနေပါပြီ။ သူရည်မှန်းထားတဲ့အတိုင်း၊ ကချင်ပြန်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နဲ့ အထက်မြန်မာပြည်နဲ့ မြန်မာပြည် အရပ်ရပ်က ပြည်သူ့သားသမီးတွေဟာ ဒီတက္ကသိုလ်မှာ တက်ရောက်ပြီး ပညာနို့သက်ကို ခံယူနေရပါပြီမို့

ဒီတက္ကသိုလ်ကျောင်းတော်ကြီးမှာ မြိုင်မြိုင်ဆိုင်ဆိုင် စည်စည်ကားကား ဖြစ်နေပြီပေါ့။

## မန်းတက္ကသိုလ်ကြီးက ဝမ်းနည်းဝမ်းသာ

မန်းတက္ကသိုလ်ကျောင်းကြီးကို ပညာရေးနဲ့ အမျိုးသားစီမံကိန်းဌာနဝန်ကြီး ဦးရာဇတ်ကိုယ်တိုင် လာရောက်ဖွင့်လှစ်ပေးဖို့ပါ။ ဒီအတိုင်းလဲ အစီအစဉ်ရှိခဲ့ပါတယ်။ ဒါပေမယ့် ဝန်ကြီး ဦးရာဇတ်ဟာ နယ်ချဲ့လက်ပါးစေ ဂဠုန်ဦးစောနဲ့အပေါင်းပါတို့ရဲ့ လက်ချက်ကြောင့် ၁၉၄၇ ခုနှစ် ဇူလိုင် (၁၉) ရက်နေ့မှာ ကျဆုံးခဲ့ရပါတယ်။

ဒါကြောင့် ဝန်ကြီးဦးရာဇတ်အစား နောက်တက်လာတဲ့ ပညာရေးဝန်ကြီး စောစံဖိုးသင်က လာရောက်ပြီး ဖွင့်ပေးခဲ့ရတာပါပဲ။

အဲဒီနေ့က ပြုလုပ်ကျင်းပတဲ့ ကျောင်းဖွင့်ပွဲ အစီအစဉ်ဟာ တော်တော်ကြီး သိုက်သိုက်မြိုက်မြိုက် ရှိပါတယ်၊ စည်စည်ကားကားပဲပေါ့၊ ဒါပေမယ့် ကျောင်းအုပ်ကြီး ဦးကိုကိုလေး၊ ပါမောက္ခတွေ၊ ကထိကနဲ့ ဆရာ ဆရာမတွေကအစ ကျောင်းသူကျောင်းသားတွေအလယ် မြို့မိမြို့ဖတွေအဆုံး အားလုံးဟာ ဝမ်းသာရမလို ဝမ်းနည်းရမလို ခံစားခဲ့ကြရပါတယ်။ အားလုံးဟာ အတွေးကိုယ်စီနဲ့ပါ၊ ကျောင်းအုပ်ကြီး ဦးကိုကိုလေးက ကျောင်းအုပ်ရဲ့အစီရင်ခံစာကို တင်သွင်းပါတယ်၊ သူ့စိတ်ကို အတတ်နိုင်ဆုံး ထိန်းပြီး ကြွေရရပဲ သူ့အစီရင်ခံစာ အရှည်ကြီးကို ဖတ်ပြတယ်၊ သူ့အစီရင်ခံစာထဲမှာ ပညာရေးဝန်ကြီး ဦးရာဇတ်ဟာ တက္ကသိုလ်ကြီး ပေါ်ပေါက်လာအောင် ဘယ်လို ကြိုးပမ်းဆောင်ရွက်သွားခဲ့တယ်ဆိုတာတွေလဲ ဖော်ပြထားပါတယ်။ ဒီအစီရင်ခံစာကို တင်သွင်းနေစဉ်မှာပဲ ဆရာကြီးရာဇတ်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ တပည့်သားမြေးတွေ တော်တော်လေး ကြေကွဲဝမ်းနည်း မချိတင်ကဲ ဖြစ်လာပါတယ်၊ ဆရာကြီးရဲ့ ရုပ်ပုံလွှာဟာ သူတို့မျက်စိအောက်မှာ အလျှိုလျှို ပေါ်လာပါတယ်၊ ဆရာကြီးရာဇတ်ရဲ့ စိတ်ကူးတွေ လုပ်ရပ်တွေထဲက ဒီမန္တလေးတက္ကသိုလ် ကျောင်းတိုက်ဟာ ကြီးမားတဲ့ လုပ်ဆောင်မှုတစ်ခု ဖြစ်ခဲ့ပါတယ်။

ဒီကျောင်းဖွင့်ပွဲ အစီအစဉ်ဟာ သမိုင်းမှာ မှတ်တမ်းတင်ထားသင့်တဲ့ ဖြစ်ရပ်တစ်ခုမို့ ဒီကျောင်းဖွင့်ပွဲ အစီအစဉ် အပြည့်အစုံကို ရှာဖွေပြီးတော့ ဒီလို တင်ပြလိုက်ပါရစေလား။

**ကျောင်းတိုက်ဖွင့်ပွဲ အစီအစဉ်**

| | | |
|---|---|---|
| နံနက် | ၇ နာရီ မိနစ် ၃၀ | ပညာရေးဝန်ကြီး စောစံဖိုးသင်ကျောင်းတိုက်သို့ ရောက်ရှိမည်၊ မိတ်ဆက်ပေးမည်။ |
| | ၇ နာရီ ၃၅ မိနစ် | ကျောင်းတိုက်ဖွင့်ပွဲ မင်္ဂလာရတုပိုဒ်စုံ။ |
| | ၇ နာရီ ၄၀ မိနစ် | မန္တလေးမြို့ဝန်၏ နှုတ်ဆက်မိန့်ခွန်း။ |
| | ၇ နာရီ ၅၀ မိနစ် | မန္တလေးတက္ကသိုလ်ကျောင်းတိုက် အုပ်ချုပ်ရေးအဖွဲ့ သဘာပတိ၏ နှုတ်ဆက်မိန့်ခွန်း။ |
| | ၈ နာရီ | မန္တလေးတက္ကသိုလ်ကျောင်းတိုက် ကျောင်းအုပ်ကြီး၏ အစီရင်ခံစာ။ |
| | ၈ နာရီ ၃၀ မိနစ် | ပညာရေးဝန်ကြီး၏ ပြန်ကြားမိန့်ဆိုချက်။ |
| | ၉ နာရီ မှ ၁၀ နာရီ | ကျောင်းတိုက်၊ ကျောင်းခန်း၊ ကျောင်းဆောင်များသို့ ပညာရေးဝန်ကြီး လှည့်လည်ကြည့်ရှုမည်။ |

**ညှော်ခံပွဲ အစီအစဉ်**

| | | |
|---|---|---|
| ညနေ | ၇ နာရီ | ပညာရေးဝန်ကြီး ကျောင်းတိုက်သို့ ရောက်ရှိမည်။ |
| | ၇ နာရီ ၁၀မိနစ် | ကျောင်းကပွဲ (ပထမပိုင်း) |
| | ၈ နာရီ ၃၀ မိနစ် | အားလပ်ချိန် (လက်ဖက်ရည်ပွဲ) |
| | ၉ နာရီ | ကျောင်းကပွဲ (ဒုတိယပိုင်း) |

**မန္တလေးတက္ကသိုလ်ကျောင်းတိုက် ဖွင့်ပွဲ မင်္ဂလာရတုပိုဒ်စုံ**

စီကုံးရေးသားသူ ဦးလှတင် သီဆိုသူ ဆရာမ ဒေါ်သန်းမေ

၁။ တောင်ကျွန်းချက်ဗွေ၊ ဂုဏ်သံဝေသား၊ မြန်ပြေသမတ်၊ ဒို့တိုင်းရင်၌တွင် သံမှတ်ဖြိုးကယ်၊ စုံပြည့်ကြွယ်၍၊ ငါးသွယ်မာရ်နှင် မြတ်ရှင်ပင်၏၊ သုံးအင်စုံစွာ၊ သာသနာလည်း၊ ရောင်ဝါထွန်းပ၊ ပွင့်လင်းစွာတည့်၊ မြန်မာ့ဦးစွန်း၊ ဇမ္ဗူကျွန်းဝယ်၊ ပေါ်ထွန်းစဉ်ခါ၊ ဤရပ်သာ

ကား၊ ရတနာပုဥ္ဆမည်နာမဖြင့်၊ ဘွဲ့ပျံ့မွေး၊ မန္တလေးဟု၊ နီးဝေးကြေညာ၊ ကျော်စောစွာရှင့်၊ ဂုဏ်ဝါမချို့၊ မန်းရွှေမြို့ကား၊ အောင်မို့ရင်ရင်၊ လွန်ပေါ်ထင်သည်၊ တောင်ခွင်ဒေသလွင်မှာသောဝ်။

၁။ ရောင်ရွှန်းတက်နေ၊ လက်လက်ဝေသို့ သရေပွင့်လန်း၊ မြို့ရွှေမန်း၌၊ တင့်ဆန်းဖုံဖုံ၊ တတ်မျိုးစုံကို၊ ခိုလှုံဆည်းပူး၊ ပျိုရွယ်လူးတို့၊ ကြည်နူးနှလုံး၊ တပြုံးပြုံးလျှင်၊ စုရုံးညီညာ၊ သင်ကြားရာဟု၊ အင်တာမိဒရိတ်၊ အမည်ဟိတ်ဖြင့်၊ ဝိသိဋ္ဌပညာ၊ ဥပစာကို၊ ရှေးခါသိပ္ပံ၊ ဤရပ်စံဝယ်၊ စိမ်သင်ကြား၊ ကျောင်းဖွင့်ထားခဲ့၊ ကျောင်းသားကျောင်းသူ၊ အပေါင်းလူလည်း၊ သင်ယူပညာ၊ ကုံလုံစွာ၍၊ မြန်မာရပ်ခွင်၊ ဂုဏ်ရောင်လွင်သည်၊ နောင်လျှင်တောဇထင်စွာသောဝ်။

၃။ ဆောင်ကွန်းလက်ဝေ၊ ကျက်သရေတည့်၊ ထွေထွေဂုဏ်ဆင့်၊ ရှုတိုင်းတင့်သည်၊ ကြီးမြင့်ရိပ်မြုံ၊ သိပ္ပံဘုံတွင်၊ ကြိုက်ကြုံဤခေတ်၊ ရောက်တုံလစ်သော်၊ အသစ်တဖန်၊ ထူထောင်ပြန်က၊ ယမန်ရှေးထက်၊ ဆင့်ဆင့်တက်၍၊ နှစ်သက်ဖွယ်ရာ၊ ယူနီဘာစီတီ၊ သညာချီလျက်၊ ဒီဂရီကောလိပ်၊ ဘွဲ့တံဆိပ်ဖြင့်၊ ခပ်နိုပ်သမိုက်၊ ဤကျောင်းတိုက်ကို၊ အကြိုက်ဂေါဇာ၊ ထောင့်သုံးရာဝယ်၊ စွန်းသာနဝ၊ တန်ဆောင်လ၏၊ ဆန်းထချိန်ခါ၊ ဆဲ့နှစ်သာတွင်၊ ဖွင့်လှစ်ရင်သည်၊ အောင်မြင်ဇေယဆင်ရာသောဝ်။

## မန္တလေးတက္ကသိုလ်ကျောင်းတိုက်တွင် ၁၉၄၇ ခု အောက်တိုဘာလ၌ စာပေပို့ချလျက်ရှိသော ကထိကနှင့် နည်းပြဆရာများ

၁။ ဦးကိုကိုလေး ကျောင်းအုပ်ကြီး၊ ဓာတုဗေဒနှင့် စိုက်ပျိုးရေး ဓာတုဗေဒ ကထိက
၂။ မစ္စတာဂျေ-မူနီ အင်္ဂလိပ်စာ ကထိက။
၃။ ဦးစိန်ဝင်း မြန်မာစာ ကထိက။
၄။ ဦးဘတုတ် သင်္ချာ ကထိက။
၅။ ဦးသိန်းမောင် ပထဝီ ကထိက။
၆။ မစ္စတာအလီအာမက် ရူပဗေဒ ကထိက။
၇။ ဒေါ်အုံး ပါဠိ ကထိက။
၈။ ဒေါ်မမကြီး ရာဇဝင် ကထိက။
၉။ မစ္စက်အက်စ်အာချောက်ဒရီး သတ္တဗေဒ ကထိက။
၁၀။ ဦးအေးလှိုင် ဘောဂဗေဒ ကထိက။
၁၁။ မစ္စတာအက်စ်အက်စ်နူး အင်္ဂလိပ်စာ နည်းပြဆရာ။
၁၂။ ဦးကိုကိုကြီး အင်္ဂလိပ်စာ နည်းပြဆရာ။
၁၃။ ဒေါ်သန်းမေ မြန်မာစာ နည်းပြဆရာ။
၁၄။ ဦးလှတင် ပထမကျော် ဓမ္မာစရိယ၊ မြန်မာစာ နည်းပြဆရာ။
၁၅။ ဦးဘရှိန် ဓာတုဗေဒ နည်းပြဆရာ။
၁၆။ မစ္စတာ ကေ-အား-ဗီးဆူဘရာမိုနီ ဓာတုဗေဒနည်းပြဆရာ။
၁၇။ ဦးကိုကို ပါဠိ နည်းပြဆရာ။
၁၈။ ဦးတင်ဝင်း ရူပဗေဒ နည်းပြဆရာ။
၁၉။ ဦးလှအုံး-ဘီ-အေ-အက်စ်(၂)။ စိုက်ပျိုးရေးပါမောက္ခနှင့် ဌာနမှူး။
၂၀။ ဒေါက်တာအယ်-အင်ဆက်-ဘီ-အေ-အက်စ်(၂)။ စိုက်ပျိုးရေး ရုက္ခဗေဒ ကထိက။
၂၁။ ဦးလှထွန်း ဘီ-အေ-အက်စ်(၂) စိုက်ပျိုးရေး ကထိက။
၂၂။ ဦးမြတ်စိုး စိုက်ပျိုးရေး ရုက္ခဗေဒ ကထိက။
၂၃။ ဦးဘတေ ဘီ-အေ-အက်စ် (၂)စိုက်ပျိုးရေး ကိမိလဗေဒ ကထိက။
၂၄။ မစ္စတာအမ်-အမ်-မိန္ဒမ် စိုက်ပျိုးရေးဓာတုဗေဒ ကထိက။

## မန္တလေးတက္ကသိုလ်ကျောင်းတိုက် ကျောင်းအုပ်ကြီး၏ အစီရင်ခံစာ

ဤနေ့ဤအချိန်အခါသည်ကား မန္တလေးမြို့နှင့် တကွ အထက်မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၏ ပညာရေးရာဇဝင်၌ ထူးခြားသော နေ့ထူးနေ့မြတ် နေ့ကောင်းတစ်ရပ် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဗြူရိုကရက်ခေတ်၊ ဒိုင်အာကီခေတ်၊ကိုးဆယ့်တစ်ဌာနခေတ် ဤခေတ်ကြီး သုံးခေတ်တွင် တကြော်ကြော် တအော်အော်နှင့် ဆူပူတောင်းခံခဲ့သော်လည်း၊ အထက်မြန်မာပြည် လူထုပရိသတ်အတွက် ဒီဂရီအဆင့်အတန်းရှိသော ကောလိပ်ကျောင်းကို မရခဲ့ချေ။

၁၉၂၅ ခုနှစ်တွင် ကျောင်းသား (၃၁) ဦးနှင့် စတင်ဖွင့်လှစ်ခဲ့သော အင်တာမီဒီရိတ်ကောလိပ်ကျောင်းသည် ၁၉၄၂ ခုနှစ် မြန်မာ့မြေတစ်ဝန်းတွင် စစ်ရိပ်လွှမ်းသောအခါ၌ အင်တာမီဒီရိတ်ကောလိပ်ကျောင်း အခြေအနေ၌ပင် ဆုံးခန်းတိုင်ခဲ့ရချေ၏။

ဤနေ့ဤအချိန်အခါတွင် မူကား ထိုအင်မီဒီရိတ် ကောလိပ်ကျောင်း၏ ပြာပုံမှ ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့် တင့်တင့်တယ်တယ် ထိုးထွက်ပေါက်ရောက်လာသော ယူနီဘာစီတီ ကောလိပ်ခေါ် ဒီဂရီကောလိပ်ကျောင်းကြီးကို အကောင်အထည်နှင့်တကွ မြင်ကြရှုကြရသည်သာမက မြန်မာနိုင်ငံတော် အစိုးရ၏ ပညာရေးဝန်ကြီးကိုယ်တိုင်ပင် ဤကျောင်းကြီးကို ယနေ့ ကြွရောက်ဖွင့်လှစ်ပြီ ဖြစ်သဖြင့် ထူးခြားသော အဆင့်အတန်းကို သိသိသာသာကြီး တက်ရောက်ခဲ့ကြပြီ ဖြစ်ပါကြောင်း။

အထက်တန်းပညာရပ်များကို ရှမ်းပြည်နှင့်တကွ နယ်ခြားဒေသများ အပါအဝင် အထက်မြန်မာပြည် တစ်ပြည်လုံးရှိ မြန်မာ့သားကောင်းရတနာများ လာရောက်ဆည်းပူး သင်ကြားနိုင်ရန် ဤကဲ့သို့ ကျောင်းတော်ကြီးတစ်ခု ပေါ်ပေါက်ဖြစ်ထွန်းလာသဖြင့် ယခုကြွရောက်လာကြသော ပရိသတ်များနှင့်တကွ မြန်မာ့ပညာရေးကို အားပေးမျှော်ကိုးကြသော ရဟန်းရှင်လူ ပုဂ္ဂိုလ်တိုင်း နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ရှိကြမည်မှာ မုချမလွဲ ဖြစ်ပါကြောင်း။

အထက်မြန်မာပြည်သူပြည်သားတို့ အနှစ်နှစ်အလလက မျှော်လင့်တောင့်တ ကြိုးစားကြံဆောင်ခဲ့ကြသော ဒီဂရီကျောင်းတော်ကြီးကို

ယခုကဲ့သို့ သိုက်သိုက်မြိုက်မြိုက် ခမ်းခမ်းနားနား ဖြစ်ပေါ်လာနိုင်ခြင်းမှာ။

၁။ ယခုလက်ရှိ မြန်မာနိုင်ငံတော်အစိုးရနှင့်

၂။ ကွယ်လွန်သွားရှာသူ ကျွန်တော်တို့ ချစ်ကြည်လေးစားစွာနှင့် ဆရာကြီးဟု ခေါ်တွင်ခဲ့သော ပညာရေးဝန်ကြီး ဦးရာဇတ်၏ အထူး ကောင်းမှုကျေးဇူးများဖြစ်ပါကြောင်း။

ပညာရေးနှင့် ပတ်သက်၍ ဆရာကြီး၏ ဂုဏ်ပုဒ်တို့ကို ချီးကျူး၍ကုန်နိုင်မည်မဟုတ်ပါ။ မန္တလေးမြို့ အမျိုးသားကျောင်းကြီး ဖွင့်သည့်နေ့မှစ၍ ပညာရေးဝန်ကြီးဖြစ်သည့်တိုင်အောင် အခက်အခဲ အမျိုးမျိုးတို့ကြားထဲ၌ တည်တံ့နိုင်အောင် ကြံဆောင်ပြီးလျှင် အမျိုးသားပညာရေးကိုအားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်ကို ကျွန်တော်တို့ အားလုံးအသိဖြစ်ပါကြောင်း။

ဆရာကြီး၏ အမျိုးသားကျောင်းမှ ထွက်၍ တိုင်းပြည်အကျိုးအတွက် သက်စွန့်ကြိုးပမ်း တမ်းဆောင်လျက်ရှိသော ပုဂ္ဂိုလ်မော်များအများအပြား နေ့စဉ်နေ့တိုင်း တွေ့မြင်လျက်ရှိနေပါကြောင်း။

ဘယ်နေရာ ဘယ်ဌာနမဆို ငါ့တပည့်တွေချည်းပဲ ပြောဆိုလျက်ဆရာကြီး ဂုဏ်ယူလေ့ရှိပါသည်။ ဆရာကြီး၏ စိတ်ကူး၌ ဤကောလိပ်ကျောင်းကြီးမှာ အမျိုးသားကျောင်းကြီး၏ အထက်တစ်ဆင့်တက်လှမ်းသော လုပ်ငန်းတစ်ရပ်ဟုပင် ယူဆပါကြောင်း။

လွတ်လပ်သော မြန်မာပြည်တွင် ပိုမို၍ များပြားသော လုပ်ငန်းတာဝန် ဝတ္တရားများကို ပိုမို၍ ပြည့်စုံလုံလောက်သော ပညာအရည်အချင်းများနှင့် ထမ်းဆောင်နိုင်သော ထူးချွန်သော သားကောင်းရတနာများကိုယခင် အမျိုးသားကျောင်းက ပေါ်ပေါက်ဖြစ်ထွန်းလာစေဘိ သကဲ့သို့ယခု တက္ကသိုလ်ကျောင်းမှလည်း ထွန်းကားပေါ်ပေါက်လာရန်မှာဆရာကြီး၏ စိတ်ဆန္ဒပင် ဖြစ်ပါကြောင်း။

ဤကဲ့သို့ ထူးခြားသော စိတ်ဆန္ဒဖြင့် ဆောင်ရွက်ခဲ့သောလုပ်ငန်းကြီးကို စတင်၍ မကြာမီပင် မသမာသော လူသတ်သမားတို့၏လက်ချက်ဖြင့် အသက်ဆုံးရှုံးသွားရှာလေသောကြောင့် ကျွန်တော်တို့အားလုံးမှာ ယူကျုံးမရ သောကထွေပြား အပူမီးပွားခဲ့ကြရပါကြောင်း။

ကျွန်တော်တို့၏ အပူမီးများကို အနည်းငယ် သက်သာစေနိုင်သော အချက်တစ်ရပ်မှာကား ကျွန်တော်တို့၏ ဥယျာဉ်မှူးကြီးသည် ၎င်းချပျိုးစိုက်ထူလိုက်သော ပညာမျိုးစေ့မှ ဒီဂရီကောလိပ် တည်းဟူသော အညွန့်အညှောက်သည် သန်သန်စွမ်းစွမ်း ပေါက်ရောက် လာပြီဟူသော အချက်ကို မကွယ်လွန်မီ သိရှိသွားရှာခြင်းပင် ဖြစ်ပါကြောင်း။

ကျောင်းကြီးအသင့်ဖြစ်ပြီ၊ ကျောင်းသားများလည်း ရှိပြီ၊ ဆရာများလည်း ရောက်ကြပြီ၊ စာသင်တန်းများကို ကောင်းမွန်စွာ စပြီဟု ကျွန်တော်တို့၏ အစီရင်ခံချက်ကြောင့် ဆရာကြီးမှာ အထူးရွှင်လန်း ဝမ်းမြောက်စွာဖြင့် မန္တလေးသို့ လာရောက်၍ ကျောင်းကြီးဖွင့်ပွဲသို့ တက်ရောက်မည်ဟု စီစဉ်နေဆဲပင် အသက်ဆုံးရှုံးသွားရရှာလေသည်။ သို့ရာတွင် ၎င်း၏လုပ်ငန်း အောင်မြင်ပြီဆိုသော အကြောင်းကို သိရှိသွားရသဖြင့် ကျွန်တော်တို့၏ ပူဆွေးမှုမှာ အနည်းငယ် သက်သာခွင့်ရရှိပါကြောင်း။

ဝမ်းနည်းအားဇယ်လျက်ရှိသော ကျွန်ုပ်တို့ အားလုံးအား သက်သာအားရှိသော ဒုတိယအချက်မှာ ဆရာကြီး၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် ပညာရေးဝန်ကြီး အဖြစ်ဖြင့် စောစံဖိုးသင်အား အပ်နှင်းခန့်ထားခြင်းပင် ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီး စောစံဖိုးသင်မှာ ဆရာကြီးကဲ့သို့ပင် တစ်သက်ပတ်လုံး ပညာရေး၌ ကိုယ်ထိလက်ရောက် အားပေးဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ပေသည်။ အမေရိကန်ပြည်၌ ပညာရင်နို့သောက်စို့ပြီးနောက် မိတ္ထီလာမြို့တွင် ကျောင်းအုပ်ကြီး အဖြစ်ဖြင့် နှစ်ပေါင်းများစွာ ပညာရေးဘက်တွင် အမှုထမ်းဆောင်ခဲ့လေသည်။ ဆရာကြီးကဲ့သို့ပင် တိုင်းပြည်အဆင့်အတန်း မြင့်တင်ရေး၌ ပညာရေးသည် အခြေခံဖြစ်သည်ဟု ယုံကြည်သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့်အလျောက် ဆရာကြီးပြုစုပျိုးထောင်ခဲ့သော တက္ကသိုလ်ကောလိပ် အညွန့်အညှောက်ကလေးမှ မြန်မာပြည် တစ်ပြည်လုံးဆွတ်ခူးသုံးဆောင်နိုင်လောက်အောင် အသီးအပွင့်များ ဝေဆာလျက်ရှိသော မန္တလေးတက္ကသိုလ်ကြီး ပင်လုံးဖြစ်လာအောင် ဝန်ကြီး စောစံဖိုးသင်

က ဆက်လက်၍ ပြုစုပျိုးထောင် ကြည့်ရှုစောင့်ရှောက်သွားမည်မှာ ယုံမှားဖွယ်ရာ မရှိပါကြောင်း။

ကျောင်းအုပ်ကြီးအဖြစ်ဖြင့် ဆောင်ရွက်ရသည့် ကျွန်တော့်အတွက်မှာမူ ဆရာကြီးနှင့် ငယ်စဉ်ကပင် သိကျွမ်းရင်းနှီးသကဲ့သို့ ဝန်ကြီးစောစံဖိုးသင်နှင့် ကျွန်တော်သည်လည်း ပညာတော်သင်အဖြစ်ဖြင့် အနောက်နိုင်ငံသို့ သွားကြစဉ်ကပင် မြန်မာပြည်မှ တစ်သင်္ဘောတည်းထွက်၊ ဘိလပ်သို့ အတူတူရောက် ဘိလပ်တွင် အတူတူ နေထိုင်ခဲ့ကြသောကြောင့် ချစ်ကျွမ်းတဝင် ခင်မင်ရင်းနှီးကြသူများ ဖြစ်ခဲ့ပါကြောင်း။

ထို့ကြောင့် ဆရာကြီး၏ လုပ်ငန်းစဉ်နှင့် လိုအင်ဆန္ဒ အဝဝကို ပြည့်စုံစွာ လက်ရှိပညာရေးဝန်ကြီးအား ပြောပြနိုင်လျက် ဝန်ကြီးထံမှ အကူအညီများ ရလျက်ရှိသောကြောင့် လုပ်ငန်းဆောင်တာ ဆောင်ရွက်ရာတွင် အထူးအားတက်ဖွယ်ပင် ဖြစ်ပါကြောင်း။

ယခုပညာရေးဝန်ကြီးအား ဤကျောင်းကြီးကို ဖွင့်လှစ်ပြီဖြစ်ကြောင်း ကြေညာရန် မတောင်းပန်မီ ယခုထိ ဆောင်ရွက်ပြီးသောလုပ်ငန်းများနှင့် ရှေ့တွင် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို အနည်းငယ် အစီရင်ခံလိုပါကြောင်း။

၁၉၄၇ ခု ဇန်နဝါရီလတွင် တက္ကသိုလ်ထူထောင်ရေးအဖွဲ့[1] က မန္တလေးအင်တာမီဒီရိတ် ကောလိပ်ကျောင်းကို မန္တလေးတက္ကသိုလ်ကျောင်းတိုက် အမည်ဖြင့်၊ ဒီဂရီအဆင့်အတန်းသို့ မြှင့်တင်၍ ပြန်လည်ဖွင့်လှစ်ရန် အစီရင်ခံစာတွင် ထောက်ခံခဲ့ပါကြောင်း၊ ထိုထောက်ခံချက်အရ ရန်ကုန်တက္ကသိုလ်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးတို့က မန္တလေးကျောင်းဖွင့်လှစ်ရန် အသေးစိတ် အစီအစဉ်နှင့် ကုန်ကျမည့် စရိတ်စကကို အစိုးရထံသို့ တင်ပြခဲ့လေသည်။ ထိုစဉ်က ပညာရေးဝန်ကြီးဖြစ်သော ဆရာကြီး ဦးရာဇတ်နှင့်တကွ အခြားဗိုလ်ချုပ်အမှူးရှိသော အစိုးရအဖွဲ့က ထိုတင်ပြချက်များကို သဘောတူ လက်ခံပြီးလျှင် ကျွန်တော့်အား မေလ၌ ကျောင်းအုပ်ကြီး ခန့်ထား၍ အလုပ်ကို စတင်ဆောင်ရွက်စေခဲ့ပါကြောင်း။

1. **University Organization Committee.**

၁၉၄၇ ခု မေလ (၂၉) ရက်နေ့တွင် မန္တလေးသို့ ကျွန်တော် ရောက်လာပါသည်။ ထိုစဉ်အခါက အခြားဆရာတစ်ဦး တစ်ယောက်မျှ မခန့်ထားရသေးပါ။ ကျွန်တော်တစ်ဦးတည်းပင် အကူအညီမရှိဘဲနှင့် လယ်ယာစိုက်ပျိုးရေးဌာနမှ ခွင့်ပြုချက်အရ ၎င်းတို့၏ အဆောက်အအုံ တစ်နေရာတွင် ရုံးစတင်ဖွင့်လှစ်ပါသည်။ ၎င်းနောက် ကျောင်းတွင် လိုအပ်မည့် ပစ္စည်းအရပ်ရပ်ဖြစ်သော စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ ကျောင်းသုံးသင်ပုန်း၊ ကျောင်းအိပ်ကျောင်းစားများအတွက် အိပ်ရာ၊ စားပွဲ၊ ကုလားထိုင် ထမင်းစားစားပွဲ၊ ပန်းကန်ခွက်ယောက် စသည်တို့ကို အကြွေးရရှိနိုင်ရန် စီမံရပါကြောင်း။

ထိုနေ့ထိုရက်က ဤကျောင်းကြီးမှာ စစ်ဘက်မှ အုပ်ချုပ်၍ ဆေးရုံအဖြစ် အသုံးပြုလျက်ရှိသည့်အပြင် ကျောင်းသားအဆောင်မှာ ကြေးနန်းဘက်မှ ယူ၍ထားပါသည်။ ဆရာများ နေထိုင်ရမည့် အဆောက်အအုံများမှာလည်း အခြားဌာနများက ဝင်ရောက်အသုံးပြုလျက် ရှိပါသည်။ ရေနှင့် မီးအတွက်လည်း ကျောင်းအတွက် အစီအစဉ် ရေးဆွဲစဉ်က မပါခဲ့သဖြင့် အခက်အခဲရှိနေရာ မြို့ရွာမှ လူကြီးများကို ပင့်ဖိတ်၍ အကူအညီပေးပါမည့်အကြောင်း တောင်းပန်ခဲ့ရပါကြောင်း။

ထိုအခက်အခဲများကို ဖြေရှင်းရန် ရန်ကုန်သို့ တစ်ဖန် ဆင်းသွား၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဇွန်လ (၁၅) ရက်မှာ တွေ့ဆုံရပါသည်။ မန္တလေးသို့ ဇွန်လ (၁၉) ရက်နေ့တွင် ပြန်လာသောအခါ အလုပ်အကိုင် စတင်နိုင်ရန် ငွေ ၂၀၀၀၀ိ၊ (နှစ်သောင်းကျပ်) ရခဲ့သည့်ပြင် ကျောင်းဆရာ များအား ခန့်ထားရန်လည်း ပြောဆိုပြီးစီးခဲ့ပါသည်။ ဇွန်လ (၁၉) ရက်နေ့မှ ဇူလိုင်လ (၁၅)ရက်နေ့အတွင်း ကျောင်းသုံးပစ္စည်းများ ပြည့်စုံရေး၊ ရောက်ရှိလာသော ဆရာများကို နေရာချထားရေး၊ ကျောင်းသားလက်ခံရေး၊ ကျောင်းနှင့် ပတ်သက်သော ကြော်ငြာ စာရွက်စာတမ်းများ ရိုက်နှိပ်ရေး အစရှိသည်တို့ကို ဆောင်ရွက်ခဲ့ပါ ကြောင်း။

ဇွန်လ (၁၅)ရက်နေ့တွင် ကျောင်းသားအဆောင်ကို ကြေးနန်းဌာန မှ ပြန်လည်ရရှိရာ၊ ချက်ချင်းပင် ကျောင်းသားများ နေထိုင်နိုင်သော

အခြေသို့ ရောက်ရှိရန် အပူတပြင်း ဆောင်ရွက်ရပါသည်။ အနှစ်နှစ် အလလက လျစ်လျူရှုထားခဲ့သော အဆောက်အအုံတစ်ခုကို ကျောင်းသားများ နေထိုင်နိုင်ရန် အခြေအနေသို့ ရက်အနည်းငယ်အတွင်း ပြုပြင်ပြောင်းလဲရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါ။ အခန်းများတွင် တံခါးမများ၊ ပြတင်းများ တပ်ဆင်ရခြင်း၊ ဓာတ်မီးကြိုးများ သွယ်ရခြင်း၊ ရေပိုက်များ တပ်ဆင်ရခြင်း၊ စားဖိုချောင် အသင့်ပြင်ရခြင်း၊ ထမင်းစားခန်း၊ ရေချိုးခန်း စသည်တို့ကို ကျနစွာ စီမံရခြင်း စသည်ဖြင့် ကိစ္စအဝဝ များပြားလှပါ၏။ သို့ရာတွင် ဇူလိုင် (၁၄) ရက်နေ့တွင် ကျောင်းသားများ ရောက်ရှိလာသောအခါ၌ အစစအရာရာ အသင့်ဖြစ်အောင် စီမံနိုင်ခဲ့ပါကြောင်း။

ကျောင်းဆောင်မှူးအဖြစ်ဖြင့် မန္တလေးမြို့သား အင်တာမိဒီရိတ် ကောလိပ်ကျောင်းထွက် သင်္ချာကထိက ဆရာဦးဘာတုတ်အား ခန့်အပ်အုပ်ချုပ်စေခဲ့ရာ၊ ယခုအခါ၌ ကျောင်းသား (၄၀) ကျော်တို့သည် ၎င်း၏ လက်အောက်တွင် စိတ်ပျော်ရွှင်လန်းစွာ နေထိုင်လျက် ရှိကြပါကြောင်း။

နောက်တစ်ဆင့် ဆောင်ရွက်ရသော ကိစ္စမှာ ဤကျောင်းကြီးကို စစ်ဘက်မှ ပြန်လည်အပ်နှင်းရန် စကားဆိုရခြင်း ဖြစ်ပါကြောင်း။ ဇူလိုင် (၁) ရက်နေ့တွင် ဆရာများ၊ ကျောင်းသားများ၊ စာသင်ခန်း ကိရိယာ၊လောကဓာတ်ပညာ ကိရိယာတန်ဆာပလာများ အပြည့်အစုံရှိပြီး ဖြစ်သော်လည်း ကျောင်းအဆောက်အအုံ မရသေးသဖြင့် စာသင်တန်းများကို မဖွင့်လှစ်နိုင်ခဲ့ပါ။ ဤအချိန်တွင် အင်္ဂလိပ်စာ ကထိက မစ္စတာမူနီ ရောက်ရှိလာသဖြင့် ၎င်း၏ အကူအညီဖြင့် စစ်ဆေးရုံကို ကျောင်းအဆောက်အအုံမှ ဆင်းဖယ်ပေးရန် တိုက်တွန်းနိုင်ခဲ့ပါကြောင်း။

ဇူလိုင်လ (၁၅) ရက်နေ့တွင် ဤကျောင်းကြီးကို စစ်ဘက်မှ ပြန်လည်ရရှိရာ ၎င်းနေ့တွင်ပင် လိုအပ်သော ကျောင်းသုံး ပစ္စည်းများကို ရွှေ့သွင်း၍ စာသင်ခန်းများကို အသင့်ပြင်ဆင် ခဲ့ပါသည်။ ဤလုပ်ငန်းများတွင် ပထဝီကထိက ဦးသိန်းမောင်၏ အကူအညီကို အထူးရရှိခဲ့သဖြင့် ကျောင်းကြီး လက်ဝယ်ရောက်ပြီးနောက် (၂) ရက်မျှ

အကြာ ဇူလိုင်လ (၁၇) ရက်နေ့တွင် စာသင်တန်းများကို စတင်နိုင်ခဲ့ပါကြောင်း။

အခြားမြို့ရွာမှ စာသင်လာရောက်ကြသော အမျိုးသမီးများ အတွက် ကျောင်းဆောင်တစ်ခု သီးသန့် ဖွင့်လှစ်၍ ပါဠိကထိက ဒေါ်အုံးအား ကြီးကြပ် အုပ်ချုပ်စေခဲ့ပါကြောင်း။

စာသင်တန်းများ စတင်၍ ဖွင့်လှစ်စဉ်က မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ပါဠိ၊ ရာဇဝင်၊ သတ္တဗေဒ၊ ပထဝီဝင်၊ ဘောဂဗေဒ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် တိရစ္ဆာန်ဗေဒ ဘာသာရပ်များ သင်ကြားပို့ချမည်ဟု ကျောင်းသားများကို လက်ခံခဲ့သော်လည်း၊ တိရစ္ဆာန် ဗေဒ ပညာရပ်များအတွက် သင့်တော်သော ဆရာများ ပြည့်စုံစွာ မရနိုင်သဖြင့် ယူနီဘာစီတီ ကောင်စီက ဤနှစ်တွင် ဤကျောင်း၌ မသင်ရန် ဆုံးဖြတ်သောကြောင့်၊ ဤဘာသာရပ်အတွက် ကျောင်းသူ ကျောင်းသားအများ ရန်ကုန်သို့ စိတ်မရှင်လန်းဘဲနဲ့ ပြောင်းရွှေ့သွား ကြရပါကြောင်း။

ထို့ပြင် တက္ကဗေဒနှင့် ဘောဂဗေဒ ပညာနှစ်ရပ်အတွက် ဆရာများ အချိန်မီ မရရှိသောကြောင့် ထိုဘာသာရပ်များကို သင်ယူလို သော ကျောင်းသားကျောင်းသူများမှာ အချိန်အတော်ကြာ သင်တန်း မတက်ရဘဲ နေခဲ့ကြရပါသည်။ ဩဂုတ်လ ကုန်ခါနီးလောက်မှပင် တက္ကဗေဒနှင့် ဘောဂဗေဒ ဆရာများ ရောက်ရှိလာရာ ထိုအချိန်အခါက စ၍ စာပေများကို ချောမောစွာ သင်ကြားပို့ချနိုင်ခဲ့ပါကြောင်း။

ယခု အောက်တိုဘာလအစတွင် ဤကျောင်း၏ အနေမှာ တစ်ဆင့်တိုးတက်လာသည်ဟု အစီရင်ခံနိုင်ပါကြောင်း။ အကြောင်းမူ ကား ယခုလတွင် လယ်ယာစိုက်ပျိုးရေး ပညာရပ်များကို ဤကျောင်း၌ စတင် သင်ကြားပြီဖြစ်ရာ ဤဘာသာရပ်များအတွက် ဒီဂရီအဆင့်အတန်း သို့ ရောက်ပြီဟု ဆိုနိုင်ပါကြောင်း။ ထို့ကြောင့် ယခုပညာရေးဝန်ကြီး လာရောက်ဖွင့်လှစ်သော ကျောင်းမှာ ယခင်က အင်တာမီဒီရိတ်ခေါ် ဥပစာကောလိပ်ကျောင်းနှင့် စိုက်ပျိုးရေးကောလိပ်ကျောင်း နှစ်ကျောင်းကို ပူးပေါင်းစေ၍ ဖြစ်ပေါ်လာသော ဒီဂရီအဆင့်အတန်းမီ နိမိတ်ဩဘာ

မင်္ဂလာနှင့် ပြည့်စုံသော မန္တလေးတက္ကသိုလ် ကျောင်းတိုက်သစ်ပင် ဖြစ်ပါကြောင်း။

အခက်အခဲ အမျိုးမျိုးကို ကျော်လွန်ပြီးသည့်နောက်၊ မန္တလေး မြို့တော်ကြီးနဲ့ တကွ အထက်မြန်မာပြည် တစ်ပြည်လုံး၏ ကျက်သရေ ဆောင် ဖြစ်ပေသော ဤကျောင်းကြီးကို ယခုကဲ့သို့ အခြေကျနစွာ ဖြစ်ပေါ်လာနိုင်ရေးတွင် ကျွန်တော်တစ်ဦးတည်း၏ လုံ့လဝီရိယ ကြိုးစားကြံဆောင်ချက်ဖြင့် ပြီးမြောက်ခဲ့သည်ဟု အစီရင်ခံနိုင်မည် မဟုတ်ပါ။ အောက်ဆုံး မင်းလုလင်မှစ၍ စာရေးငယ်၊ စာရေးကြီး၊ ဆရာ၊ ဆရာမ အားလုံးတို့၏ မဆုတ်မနစ်သော လုံ့လဇွဲ ဝီရိယနှင့် စေတနာထက်သန်သော အကူအညီများ မရရှိခဲ့ပါလျှင် ဤမျှလောက် လုပ်ငန်းများ ပြီးမြောက်အောင်မြင်နိုင်ခဲ့မည် မဟုတ်ပါ။ အထူးသဖြင့် ဦးမူနီ၊ ဦးဘတုတ်၊ ဦးသိန်းမောင်၊ ဦးစိန်ဝင်း စသော ဆရာများထံမှ နေ့ညမလပ် အကူအညီတောင်းခံရရှိခဲ့သည်ကို ထည့်သွင်းအစီရင်ခံရမည် ဖြစ်ပါကြောင်း။

ထိုမှတစ်ပါးလည်း ရန်ကုန်၌ ပညာရေးဝန်ကြီးနှင့်တကွ ၎င်း၏ အတွင်းဝန်၊ လက်ထောက်အတွင်းဝန်၊ တက္ကသိုလ် ဆိုင်ရာ ပုဂ္ဂိုလ်ကြီးများ မန္တလေး၌ အုပ်ချုပ်ရေးဆိုင်ရာ အရာရှိများ၊ အထူးအားဖြင့် လယ်ယာ စိုက်ပျိုးရေးအရာရှိများ၊ စစ်ဘက်အရာရှိများနှင့် မြို့ရှိ လူကြီးလူငယ် အပေါင်းထံမှ များစွာသော အကူအညီများ ရရှိသည်ကို မှတ်တမ်းတင် ရမည် ဖြစ်ပါကြောင်း။

ယခုအထိ ဆောင်ရွက်ပြီးစီးချက်များကို ဤမျှဖြင့် အစီရင်ခံပြီး သည့်နောက် ရှေ့သို့ ဆက်လက်လုပ်ကိုင်ရန် ဖြစ်သော လုပ်ငန်းစဉ်များကို ထည့်သွင်းအစီရင်ခံမှ ပြည့်စုံရှင်းလင်းပါမည်။ လောလောဆယ် အရေး တကြီး စီမံရမည့် ကိစ္စများမှာ–

၁။ ယခုနှစ် သင်ကြားပို့ချခြင်း မပြုနိုင်၍ ကျောင်းသားများ အား အခက်အခဲတွေ့စေသည့် (Biology.) ခေါ် တိရစ္ဆာန်ဗေဒ စသော ပညာရပ်များကို လာမည့်နှစ် ၈င် မုချဆက်ဆက် သင်ကြားနိုင်ရန် အချိန်မီ စီမံပေ

၄။ ဓားသိုင်းအက မောင်ကျော်ညွန့် ၅ မိနစ်၊
၅။ တက္ကသိုလ်အငြိမ့် ကပြသူ မောင်လှရွှေ ၃၀ မိနစ်
လှူရှင်တော် မောင်လေးမောင်၊ မောင်စောမောင်။

အားလပ်ချိန်။

လက်ဖက်ရည်သောက်ရန်။

(ဒုတိယပိုင်း)

၆။ ကပွလီခြေက မောင်ကျော်ငြိမ်း ၅ မိနစ်။
၇။ တပင်တိုင်အက မြမြ ၅ မိနစ်။
၈။ မုန့်လုံးပြဇာတ် ရတနာပုံကျောင်းသားများ ၅၀ မိနစ်။

အမျိုးသားသီချင်းဖြင့်

ရုပ်သိမ်းခြင်း

ပဏာမ သီချင်း

စိကုံးသူ = မြို့မဆရာငြိမ်း။
စန္ဒရား = တင်တင်စု။
ကပြသူ = တင်တင်မြင့်၊ စီစီဝင်း။
သံပြိုင်ဆိုသူ = ကျောင်းတော်သူများ။

၁။ (ထိပ်တန်းသို့ မြန်မာနိုင်ငံရောက်ဖို့ မြင့်ရန်အရေးဝယ်၊ လူမျိုး၏ နိမ့်မြင့်ပညာဂုဏ်ရည် လိုက်လို့ မြင့်နိုင်မယ်)[၂] ။ ထို့ကြောင့် လူငယ် မြန်မာပြည်ဘွား တိုင်းရင်းသားမောင်မယ်။ သင်ကြား အားထုတ်ကြိုးကုတ်ပညာ မလင့်ဤခါဝယ်၊ ကြီးလာတော့ ကိုယ့်တိုင်းပြည်ကျိုး ထမ်းပိုးနိုင်မယ်၊ နောက်နောင်ဝယ်. . .။ သံပြိုင်. . . ဆည်းပူးလေ့လာတယ်. . .၊ အလောင်းတော် ဘုန်းကြွယ်ခြောက်နှစ်တိုင်တိုင် ဉာဏ်ပညာရေး တွေးကြံတယ်၊ သွေးသားခန်းစေဘွယ် အကျင့်လွန်ကြီးကျယ်၊ ဟုတ်မှန်ရာကို ထိုခါတော့မှ တွေးမြင်တယ်၊ အို . . . တို့လူမျိုး တန်ခိုးမြေဆုံး မိုးလုံးပညာ ဘုန်းရောင်ကြွယ်။

၂။ (ပညာသင် ငယ်စဉ်အရွယ်၊ ထူးချွန်အောင် သွေးရမည်၊ နောင်ခါဝယ် လူထုအလယ်၊ တောင့်တင်းစွာ ရပ်နိုင်မယ်)[၂] ။ မြန်မာတိုင်းကို ထိပ်ရောက်အောင် မြင့်ရေး တင်ရေး ပညာကြွယ်၊

ကမ္ဘာ့ဗိုလ်ပုံ လူတွေအလယ်၊ အို . . . တို့လူမျိုး တန်ခိုးမြေဆုံး
မိုးလုံး ပညာဘုန်းရောင်ကြွယ်။

(သံပြိုင်ပြန်ကောက်) ဆည်းပူးလေ့လာတယ် အလောင်း
တော်ဘုန်းကြွယ်၊ ခြောက်နှစ်တိုင်တိုင် ဉာဏ်ပညာရေး တွေးကြံ
တယ်၊ သွေးသားခန်းစေဖွယ်၊ အကျင့်လွန်ကြီးကျယ်၊ ဟုတ်မှန်ရာ
ကို ထိုခါတော့မှ တွေးမြင်တယ်၊ အို . . . ဒို့လူမျိုး တန်ခိုးမြေဆုံး
မိုးလုံးပညာ ဘုန်းရောင်ကြွယ်။

ဒါတွေက ကျောင်းဖွင့်ပွဲနှင့် ပတ်သက်တဲ့ အစီအစဉ် အပြည့်အစုံ ဖြစ်ပါတယ်။ ဒီကျောင်းဖွင့်ပွဲ ပြီးသွားတဲ့နောက်မှာ အားလုံး ထပြီးပြန်ကြတဲ့လူထု ပရိသတ်တွေဟာ ဆရာကြီးရာဇတ်နဲ့ ပတ်သက်ပြီး အမျိုးမျိုး ပြောဆိုသွားကြပါတယ်၊ ဆရာကြီးကို တမ်းတကြတယ်၊ ဂုဏ်ပြုကြတယ်၊ ဆရာကြီးရဲ့ မှတ်သားစရာ ကောင်းတဲ့ စကားတွေ သွန်သင်ချက်တွေ ပြန်ပြောင်းထုတ်ဖော်သူများလဲ မရှား၊ သူ့ဘဝတစ်လျှောက်လုံးမှာ တို့တတွေအတွက် အနှစ်နာခံမှုတွေနှင့် ပြွမ်းတီးနေခဲ့ရပြီး ကောင်းစားရတော့မယ့် အခါကျမှ အခုလို ကျဆုံးသွားရရှာတာ "နာတယ်ကွာ" ဆိုပြီး စိတ်မကောင်းဖြစ်မိသူတွေကလဲ မရှားပါဘူး။ ဆရာကြီးတို့ကတော့ ကျဆုံးသွားခဲ့ပါပြီ၊ အရိုးတောင် ဆွေးချင်ဆွေးရော့မယ်။ ဒါပေမယ့် ဆရာကြီးရဲ့ ဂုဏ်နာမည်ကတော့ ထာဝရရှင်သန်လျက်၊ ကျော်ကြားလျက်၊ ဝင့်ထည်လျက်။

## ၁၉၆၈–၆၉ ခုနှစ် ပညာသင်နှစ်ပိုင်းက ကျောင်းသူကျောင်းသားဦးရေ

မန္တလေး တက္ကသိုလ်ကျောင်းတိုက် စတင်ဖွင့်ခဲ့ပြီးတဲ့နောက် နှစ်စဉ်နှစ်တိုင်း ကျောင်းသူကျောင်းသားဦးရေဟာ တစ်စတစ်စ များပြားလာခဲ့ပါတယ်၊ ကြည့်မယ်ဆိုရင် မန္တလေးတက္ကသိုလ်ကို စတင်ဖွင့်တဲ့ အချိန်က ကျောင်းသူကျောင်းသား (၁၀၀)လောက်ပဲ ရှိခဲ့ပါတယ်၊ ၁၉၆၈–၆၉ ခုနှစ်မှာ ဝိဇ္ဇာနှင့် သိပ္ပံတန်းမှာ ကျောင်းသူကျောင်းသား စုစုပေါင်း (၄၇၅၄) ယောက် ရှိပါတယ်။

ကျောင်းကြီး စတင်ဖွင့်ခဲ့တဲ့ အချိန်မှာ ကျောင်းအိပ်ကျောင်းစား ကျောင်းသားစုစုပေါင်း ၄၀ ပဲ ရှိခဲ့ပါတယ်၊ ၁၉၆၈–၆၉ ခုနှစ်မှာ ဝိဇ္ဇာနဲ့ သိပ္ပံတန်းမှ ကျောင်းအိပ်ကျောင်းစား ကျောင်းသားစုစုပေါင်း ၁၇၂၃ယောက် ရှိပါတယ်။

ကျောင်းဖွင့်စက ကျောင်းအိပ်ကျောင်းစား ကျောင်းသူ ၄၀ ပဲ ရှိခဲ့ပါတယ်၊ ၁၉၆၈/၆၉ ခုနှစ်မှာ ဝိဇ္ဇာသိပ္ပံတန်းမှာ ကျောင်းသူ ၁၀၄၃ ထိ ရှိလာတယ်။

၁၉၆၈–၆၉ ခုနှစ်မှာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်တွေမှာ ကျောင်းအိပ်ကျောင်းစား ကျောင်းသူကျောင်းသားတွေ ၃၅၅၄ ယောက် ရှိခဲ့ပါတယ်။

ဒီနေ့ဆိုရင် မန္တလေးတက္ကသိုလ်မှာ နေ့ကျောင်းသူကျောင်းသားတွေသာမကဘဲ ညကျောင်းသူကျောင်းသားတွေပါ တက်ရောက် ပညာသင်ကြားလျက် ရှိနေပါပြီ။ မန္တလေးမှာ ရန်ကုန်လို လုပ်သားတက္ကသိုလ် သင်ကြားလျက် ရှိနေပါပြီ။ မန္တလေးမှာ ရန်ကုန်လို လုပ်သားတက္ကသိုလ်သီးသန့် မရှိဘူး၊ မန္တလေးတက္ကသိုလ်မှာပဲ လုပ်သားတွေအတွက် ညကျောင်းဖွင့်ပေးထားပါတယ်။ ၁၉၆၈–၆၉ ခုမှာ ညကျောင်းသူ ကျောင်းသား စုစုပေါင်း ၇၄၄ ယောက် ရှိခဲ့ပါတယ်။

အခု ကျောင်းသူကျောင်းသားတွေအတွက် စာသင်ခန်းတွေ၊ ခန်းမတွေ၊ အဆောင်တွေ အများကြီး ရှိခဲ့ပါပြီ၊ ဘွဲ့နှင်းသဘင် ကျင်းပတဲ့ အဆောက်အအုံလဲ ရှိနေပါပြီ။ ရာဇတ်ခန်းမဆောင်ကို အရင်က တစ်ခါတလေ မြန်မာစာစာသင်ခန်းမဆောင်အဖြစ် အသုံးပြုခဲ့ပါတယ်၊ တစ်ခါတလေ အထူးဧည့်သည်တွေကို အထူးကပွဲတွေ ဆင်ယင်ကျင်းပပြီး ဧည့်ခံခဲ့ပါတယ်၊ စာကြည့်တိုက်အဖြစ်လဲ အသုံးပြုခဲ့ပါတယ်။ အခုဆိုရင်တော့ အပေါ်ထပ်ရော အောက်ထပ် ပါ စာကြည့်ဆောင်အဖြစ် အသုံးပြုလျက် ရှိနေပါတယ်။

## သူတို့က ဒီလိုပြောကြတယ်

မျက်မှောက် မန်းတက္ကသိုလ်ဟာ မန်းနေပြည်တော်မှာပါမကဘူး၊ မြန်မာတစ်ပြည်လုံးမှာ ကျော်ကြားလျက်ပါ၊ သူဟာ ပညာတန်ဆောင် အလင်းရောင်ကို ပေးနေပါပြီ။

ဒီနေ့ ဒီလို ထည်ဝါခံ့ညားရုံတင်မကဘူး၊ အနာဂတ်ကို ပိုင်ဆိုင်မယ့် ရာပေါင်းမကတဲ့ ပညာတတ် လူငယ်လူရွယ်တွေကို မွေးထုတ်ပေးနေပါပြီ၊ သူ့ဒီဘဝမျိုး တက်လှမ်းရောက်ရှိလာအောင် စတင်ဆောင်ရွက်လိုက်တဲ့ ပုဂ္ဂိုလ်ကတော့ ပညာရေးဝန်ကြီးနဲ့ အမျိုးသားစီမံကိန်းဌာန ဝန်ကြီးလဲဖြစ် ဗဟို

အမျိုးသားကျောင်းဆရာကြီးလဲဖြစ်တဲ့ သွားလေသူ အမျိုးသားခေါင်း ဆောင်ကြီး ဆရာကြီးရာဇတ်ပါ။

မန်းတက္ကသိုလ်အကြောင်း ပြောရင်ပဲ ရွှဲ့ပြုံးကလေးပြုံးနေတဲ့ ဆရာကြီး ဦးရာဇတ်ရဲ့ ရုပ်ပုံလွှာကို ချက်ချင်းဆိုသလို မြင်ယောင်လာရမှာပါ။ ညာဖက်က ဆေးပေါ့လိပ်ကို လက်ချောင်းကြားညှပ်ပြီး၊ တစ်ဖက်က ဖတ်လက်စ စာအုပ်ကို လက်ညှိုးလျှို ပိတ်ကိုင်ထားရင်း စကားပြောဆိုနေတဲ့ သူ့ရဲ့ ချစ်စရာအသွင် သဏ္ဌာန်ကို ဘယ်သူမှ မေ့ပစ်လို့ ရမယ်မထင်ဘူး။

ဒါကြောင့် မန္တလေးတက္ကသိုလ်ကို "ရာဇတ်တက္ကသိုလ်"လို့ ကမ္ပည်းမထိုးခဲ့တဲ့တိုင်အောင် ဆရာကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ မန်းတက္ကသိုလ် နယ်မြေမှာ "ရာဇတ်ခန်းမဆောင်"လို့ အမည်ပေးထားတဲ့ ခန်းမဆောင် တစ်ခု ရှိပါတယ်၊ (တစ်နေရာမှာ ဓာတ်ပုံနှင့် ဖော်ပြထားပါတယ်။)

ဆရာကြီး ဦးရာဇတ်ဟာ မှုန်ဝါးတဲ့ အတိတ်ကာလကတည်းက မန္တလေးမှာ အထက်မြန်မာပြည်အတွက် အမြင့်ဆုံး တက္ကသိုလ်တစ်ခု ရှိထိုက်တယ်ဟု သဘောပေါက်ခဲ့သူပါ။ သဘောပေါက်ရုံတင် မကဘူး အမြဲတမ်း စိတ်ကူးခဲ့ပါတယ်၊ စိတ်ကူးရုံမကဘူး ခုလို တက္ကသိုလ်ကျောင်းတိုက် ကြီးတစ်ရပ် ပေါ်လာဖို့အတွက် အခါအခွင့်ကြုံတိုင်း ပါဝင်လှုပ်ရှားခဲ့သူပေါ့၊ ဒီတက္ကသိုလ် ဖြစ်ပေါ်လာဖို့အတွက် နောက်ဆုံး သူ့တစ်သက်မှာ တစ်ခါသာ ရနိုင်ခဲလှတဲ့ တန်ဖိုးမဖြတ်နိုင်ခဲ့တဲ့ သူ့အသက်ကို စတေးခံခဲ့တယ်ဆိုရင်ကော မှားမယ်မထင်ဘူး။

မကြာသေးမီက ဆိုဗီယက်ယူနီယံမှာ လူမျိုးပေါင်းစုံ ချစ်ကြည်ရေးဆိုတဲ့ ကြီးကျယ်ခမ်းနားလှတဲ့ ရောမ တက္ကသိုလ်ကြီးတစ်ခု ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီမော်စကိုတက္ကသိုလ်ကြီးမှာ ကမ္ဘာအရပ်ရပ်က ကျောင်းသားတွေကို တက္ကသိုလ်ပညာအရပ်ရပ် သင်ကြားပေးနေပါတယ်။ အဲဒီမော်စကိုကျောင်းကြီး စဖွင့်ပြီး ခေတ်စားနေတဲ့အချိန်မှာပေါ့၊ အာဖရိကတိုက် လူမည်းတိုင်းပြည်ဆိုတဲ့ ကွန်ဂိုပြည်မှာ နယ်ချဲ့လက်ကိုင်တုတ် ဖြစ်တဲ့ ဖက်ဆစ် "ရွှန်ဘီ" ရဲ့ လက်ချက်ကြောင့် ပြည်သူ့ခေါင်းဆောင်တစ်ဦး ဖြစ်တဲ့ "ပက်ထရစ်လူမွန်းဘား"ဟာ မရှုမလှနဲ့ ကျဆုံးခဲ့ရပါတယ်။ အဲဒါကြောင့် အဲဒီပြည်သူတွေရဲ့ ခေါင်းဆောင်လူမည်းတစ်ဦးဖြစ်တဲ့ ပက်ထရစ်လူမွန်ဘားကို ချီးကျူးဂုဏ်ပြုတဲ့ အနေနဲ့ရော၊ နယ်ချဲ့ဆန့်ကျင်တဲ့ သူ့လုပ်ရပ်တွေကို အသိအမှတ်ပြု မှတ်တမ်းတင်

တဲ့အနေနဲ့ပါ ဒီရောမ မော်စကိုတက္ကသိုလ်ကြီးကို လူမွန်ဘားတက္ကသိုလ်လို့ ပြောင်းလဲခေါ်ဝေါ် ကမ္ပည်းထိုးခဲ့ပါတယ်။

အဲဒီလို မိုင်ပေါင်းများစွာ ဝေးနေတဲ့ တစ်နယ်တစ်ကျေးက လူမည်း ခေါင်းဆောင်ရဲ့ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဟာ တိုက်ရိုက်အနေနဲ့ဖြင့် ဆိုဗီယက်ပြည်သူတွေနဲ့ မဆိုင်ဘူး။ အဲဒီလို သဘောထားရင်လဲ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကမ္ဘာကို တုန်ဟည်းသွားစေခဲ့တဲ့ ဒီလူမွန်းဘာရဲ့ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲကို ဥပေက္ခာမထားခဲ့ဘူး။ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီမော်စကိုချစ်ကြည်ရေးတက္ကသိုလ်ကို လူမွန်ဘားတက္ကသိုလ်လို့ ပြောင်းလဲ ကမ္ပည်းထိုးခဲ့တယ်။

ဆရာကြီး ရာဇတ်ဟာ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းမှာ တော်တော် ပြတ်ပြတ်နဲ့ အမျိုးမျိုး အနစ်နာခံ အဆင်းရဲခံ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ အထူး ဖော်ပြဖို့လိုမယ်မထင်ပါဘူး၊ သူ့အနာဂတ်ဘဝကို မှန်းဆနိုင်စွမ်း မရှိတဲ့ အခြေအနေကတည်းက မန်းတက္ကသိုလ်ကြီး ခုလိုကြွားကြွားဝင့်ဝင့် ပေါ်လာရေးအတွက် အမြဲတမ်း ခေါင်းထဲထည့် စဉ်းစားနေခဲ့သူပါ။ နောက်ဆုံး သူ့ရဲ့ အတိတ်က မှုန်ဝါးတဲ့ စိတ်ကူးကို အကောင်အထည်ဖော်ပေးနိုင်တဲ့ အခွင့်အလမ်း ပေါ်ပေါက်လာတာနဲ့ တစ်ပြိုင်နက် ချက်ချင်း ကောက်ကာ ငင်ကာနဲ့ အကောင်အထည်ပေါ်ရေးလမ်းမပေါ်ကို တွန်းတင်ပေးခဲ့ပါတယ်။

ဝမ်းနည်းကြေကွဲစရာကတော့ သူ့တစ်သက်မှာ သူမျှော်မှန်းခဲ့တဲ့ ဒီတက္ကသိုလ်ကြီး ခုလို ဂုဏ်အင်္ဂါအပေါင်း ခြံရံပြီး တင့်တယ်လှပတဲ့ အဖြစ်ကို မြင်မသွားရခြင်းပါ။ သူ့အစား မချိတင်ကဲ ဖြစ်ခဲ့ပါတယ်၊ အသည်းနာစရာပါပဲ၊ တခြားလူတွေလဲဒီလိုပဲ မချိတင်ကဲ ကြေကွဲဝမ်းနည်း မိကြမှာပါပဲ။

ဒီမန္တလေးတက္ကသိုလ်ကျောင်းတိုက်ကြီး ပေါ်ပေါက်လာတာနဲ့ ပတ်သက်ပြီး တချို့က ဆရာကြီး ရာဇတ်နဲ့ ဆက်စပ်ပြောကြပါတယ်၊ ဒီလိုပြောတဲ့အထဲက အဲဒီပုဂ္ဂိုလ်တွေရဲ့ ပြောပြချက်ကို ကောက်နုတ်ဖော်ပြပါ့မယ်၊ သူတို့က ဖ–ဆ–ပ–လ ဝန်ကြီးဟောင်း ဦးကျော်ငြိမ်း၊ ပညာရေးနဲ့ အမျိုးသား စီမံကိန်းဌာန အတွင်းဝန်ဟောင်း ဦးစောဟန် (အိုင်စီအက်(စ်)၊ မန္တလေး တက္ကသိုလ် ကျောင်းအုပ်ဆရာကြီးဟောင်း ဦးကိုကိုလေးနဲ့ မန္တလေးတက္ကသိုလ် ပါဠိပါမောက္ခဟောင်း အမ်အေဒေါ်အုံးတို့ ဖြစ်ပါတယ်။

ဖဆပလ ဝန်ကြီးဟောင်း ဦးကျော်ငြိမ်းက ဒီလိုပြောပါတယ်။

ဆရာကြီး ရာဇတ်ဟာ မန္တလေးတက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် ဦးကိုကိုလေးကို ရွေးချယ်တာဝန်ပေးခဲ့တာဟာ အံ့ဝင်ခွင်ကျပါတယ်၊ သူ့ရွေးချယ်ရေးတရားဟာ မှန်ကန်တယ်လို့ ဆိုပါရစေ။ ဒီတာဝန်က အလွန်ကြီးလေးတဲ့ တာဝန်ပဲ၊ ပြာပုံကစရမယ့် တာဝန်ဟာ မလွယ်ပါဘူး၊ ဦးကိုကိုလေးဟာ ဖျတ်ဖျတ်လတ်လတ်ရှိတဲ့ လူငယ်တစ်ယောက်လဲ ဖြစ်တယ်၊ သူကိုယ်တိုင်ကလဲ နိုးကြားတက်ကြွတဲ့ အသိရှိပြီး လိုလိုချင်ချင်လဲ ရှိတဲ့အတွက် ဒီလောက် တိုတောင်းလှတဲ့ ကာလအတွင်းမှာ ဒီလောက်ကြီးမားတဲ့ သီးခြားတက္ကသိုလ် ကျောင်းကြီးတစ်ခု ဖော်ထုတ်နိုင်တာပေါ့၊ ဆရာကြီးရာဇတ်ဟာ အမြော်အမြင်ရှိတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးပါ၊ ဦးကိုကိုလေးကိုသာ သူမရွေးချယ်ဘဲ တခြား တစ်ယောက်ယောက်ကိုသာ ရွေးချယ်မိခဲ့မယ်ဆိုရင် ဒီတက္ကသိုလ်ကျောင်းတိုက် ကြီးဟာ တော်တော်နဲ့ ပေါ်လာဦးမှာ မဟုတ်ဘူးတဲ့။

အမ်အေဒေါ်အုံးကလဲ စာရေးသူကို ဒီလိုလဲ ပြောပြပြန်ပါသေးတယ်။

မန္တလေးတက္ကသိုလ်ကျောင်းကြီး ဒီနေ့ မားမားမတ်မတ် ရပ်နေတာကို ဆရာကြီး ရာဇတ် မြင်မသွားရရှာဘူး၊ မျိုးစေ့ချခဲ့တဲ့ ဥယျာဉ်မှူးကြီးဟာ သူ့ဥယျာဉ်ကြီး ဝေဝေဆာဆာ ဖြစ်နေတာကို မြင်ရင် ဘယ်လောက် အားရကျေနပ်ပျော်ရွှင်နေမလဲပဲ။ ကျွန်မ ယုံကြည်တယ်၊ မန္တလေးတက္ကသိုလ်ဟာ ဒီနေ့ ဒီလို အချိန်အခါအတွင်းမှာ ဒီလို မားမားမတ်မတ်နဲ့ အကောင်အထည်ပေါ်လာနိုင်တာဟာ ဆရာကြီး ရာဇတ် ပညာရေးဝန်ကြီး ဖြစ်ခဲ့လို့ပဲပေါ့၊ သူ့နေရာမှာ တစ်ခြားပုဂ္ဂိုလ်ကြီးတစ်ဦး တစ်ယောက်သာ ဝန်ကြီး ဖြစ်ခဲ့မယ်ဆိုရင် ဒီတက္ကသိုလ်ကြီးဟာ ၁၉၄၇ ခုနှစ်မှာ စတင်ဖွင့်လှစ်နိုင်ခဲ့မယ် မထင်ဘူး၊ ဖြစ်နိုင်တဲ့တိုင်အောင် ဒီလောက်စောပြီး ပေါ်ပေါက်လာနိုင်လိမ့်ဦးမယ် လို့လဲ မထင်ဘူး။

"မန္တလေးတက္ကသိုလ်က ကျေးဇူးတင်စရာရှိရင် တခြားတစ်ဦးဦးထက် ဆရာကြီး ရာဇတ်ကိုပဲ ကျေးဇူးတင်ရမယ်"

ပြီးတော့ ပညာရေးနဲ့ အမျိုးသားစီမံကိန်းဌာနအတွင်းဝန်ဟောင်း အိုင်စီအက် ဦးစောဟန်က ဆရာကြီး ရာဇတ်နဲ့ ပတ်သက်ပြီး ဟောဒီလို ပြောပြပြန်ပါတယ်။

ဝန်ကြီးမစ္စတာရာဇတ်ဟာ စိတ်သဘောထား မြင့်မြတ်ပါတယ်၊ ဝန်ကြီးဖြစ်တဲ့ အချိန်မှာ အသက်ကလဲ ကြီးလာပြီပဲလေ။ ပြီးတော့ ဆရာကြီးအဖြစ်နဲ့လဲ နှစ်ပေါင်းများစွာ လုပ်လာခဲ့ရလေတော့ တော်တော်ရင့်ကျက်မှုလဲ ရှိနေပြီပေါ့၊ အဲဒါကြောင့် လူငယ် နိုင်ငံရေးသမား ဝန်ကြီးတွေလို ထစ်ခနဲဆို စားပွဲထုတာတို့ ဒေါသထွက်ပြီး ငေါက်ငမ်းမြည်တွန်တာမျိုးတို့ တစ်ခါမှ မတွေ့ခဲ့ရဘူး။ ဆရာကြီးဟာ လူကြီးဆန်တယ် တည်ငြိမ်မှုရှိတယ် ပြဿနာကို ခေါင်းအေးအေးထားပြီး ကိုင်တွယ်ဖြေရှင်းတတ်တယ်၊ တချို့ အသက်ကြီးတဲ့ ဦးစောတို့လို ဝန်ကြီးတွေလဲ ရှိတယ်။ သူတို့ကျပြန်တော့ အသက်ကြီးပေမယ့် ပျော့ပျောင်းမှု မရှိဘူး။ မျက်နှာရှူတင်းတင်းနဲ့ (Assertive.) သဘော ရှိတယ်။ ဆရာကြီးကျတော့ အမြဲလို ပြုံးနေတယ်။ အလုပ်ကျတော့ အတင်းအကျပ် လုပ်ခိုင်းတဲ့ သဘောမရှိဘူး။ အလွန်ကြည်ညိုဖို့ ကောင်းတယ်။ ချစ်စရာလဲ ကောင်းတယ်။ သူများလုပ်ထားပြီးတဲ့ အလုပ်ပေါ်မှာ နှမ်းဖြုံးတဲ့ အလုပ်မျိုး မလုပ်တတ်ဘူး။ ပညာရေးဘက်က လာပြန်တယ် ဆိုတော့ ပညာရေးနဲ့ ပတ်သက်ပြီး လုပ်စရာတွေ အကြံအစည်တွေ သူ့မှာ အများကြီး ရှိမှာပဲ။ အဖိုးမဖြတ်နိုင်တဲ့ အဲဒီအကြံအစည်တွေဟာ သူကျဆုံးသွားတာနဲ့ တစ်ပါတည်း မြေမြှုပ်သင်္ဂြိုဟ်ခံလိုက်ရလို့ တိုင်းပြည်အတွက် အများကြီး ထိခိုက်နစ်နာပါတယ်။ အလွန်နှမြောစရာကောင်းတဲ့ ခေါင်းဆောင်တစ်ယောက်ပါပဲတဲ့။

ဒီလိုပဲ မန္တလေးတက္ကသိုလ်ကျောင်းအုပ်ကြီးဟောင်း ဦးကိုကိုလေးက ပြောပြခဲ့ပြန်ပါတယ်။

"ဆရာကြီး ဦးရာဇတ်ဟာ အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဘယ်တော့မှ နှမ်းဖြုံးချင်တဲ့ သဘောထားမျိုး မရှိခဲ့ပါဘူး။ ဘယ်တော့မှ နှမ်းဖြုံးတဲ့ လုပ်ငန်းမျိုးကို လုပ်လာတာလဲ မတွေ့ခဲ့ဖူးပါဘူး"

"မန္တလေးတက္ကသိုလ်ကြီးကိုလဲ ဆရာကြီး ရာဇတ်ရဲ့ ဗဟိုအမျိုးသားကျောင်းကြီး နိုင်ငံရေးသမားတွေကို မွေးထုတ်ပေးတဲ့ နိုင်ငံရေးတက္ကသိုလ်ကြီးတစ်ခု ဖြစ်စေချင်တဲ့ ရည်ရွယ်ချက် ရှိတယ်၊ သူ့ဗဟိုအမျိုးသားအထက်တန်းကျောင်း စတင် မျိုးစေ့ချခဲ့တဲ့ ကောင်းမြတ်တဲ့ အမွေကို ဒီတက္ကသိုလ်ကြီးက ဆက်ခံသွားစေချင်ခဲ့တဲ့ သဘောမျိုး ရှိခဲ့ပါတယ်။ မန်းတက္ကသိုလ်ကြီးက ဗဟိုအမျိုးသားအထက်တန်းကျောင်းနဲ့ တစ်ပုံစံတည်း ဖြစ်လာပြီး အမျိုးအတွက် တိုင်းပြည်အတွက် အလုပ်လုပ်ဖို့ အနစ်နာခံဖို့ ကိုယ်ကျိုးစွန့်ဖို့ သွန်သင်ပေးတဲ့ တက္ကသိုလ် ဖြစ်စေချင်တယ်။ ယဉ်ကျေးမှုမှာလဲ မြန်မာဆန်စေချင်တယ်။ မြန်မာ့ဟန် မြန်မာ့ပုံစံမျိုး ဖြစ်စေချင်တယ်။ ကုန်ကုန်ပြောမယ် မန္တလေးတက္ကသိုလ်မှာ လက်ဖွေ့ကို အားပေးတယ်။ လက်ဖွေ့ယှဉ်ပြိုင်ပွဲတွေ လုပ်ပေးခဲ့တယ်ဆိုတာ အမှန်ပြောရရင် မန္တလေး ဗဟိုအမျိုးသားကျောင်းရဲ့ အမွေတစ်ခုကို လက်တွေ့ဆောင်ရွက်တာပဲ ဖြစ်တယ်"

"မန္တလေးတက္ကသိုလ်ကို ဖော်ထုတ်လိုက်တာဟာ၊ ဘီအေ၊ ဘီအက်စ်စီတွေ ဖြစ်ဖို့သက်သက် မဟုတ်ဘူး။ ဗဟိုအမျိုးသားကျောင်းတွေရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာတွေ ဆက်ခံစေဖို့၊ ပြီးတော့ တိုင်းပြည်တာဝန်တွေကို သစ္စာရှိရှိ ကိုယ်ကျိုးမဖက် ကျိုးကျိုးနွံနွံ ထမ်းဆောင်သွားနိုင်မယ့် တကယ့်လူရည်ချွန်တွေ ဖြစ်လာစေဖို့လဲ ဆရာကြီး ရာဇတ်မှာ ရည်ရွယ်ချက်တွေ ရှိခဲ့ပါတယ်"

"အမျိုးသားခေါင်းဆောင်ကြီးတွေ ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တကွ အာဇာနည်ကြီးတွေ ခုလို ကျဆုံးသွားရခြင်းဟာ တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်တဲ့ ဆုံးရှုံးမှုတွေ ဖြစ်ခဲ့ပါတယ်။ ဒီခေါင်းဆောင်ကြီးတွေ တာဝန်ယူ လုပ်ဆောင်ခဲ့တဲ့ လုပ်ငန်းတစ်ခုစီ တစ်ခုစီကို လိုက်စစ်ဆေးကြည့်ရင် တိုင်းပြည်အတွက် ကြီးမားတဲ့ အကျိုးရှိမှုကို ဖြစ်စေခဲ့ပါတယ်။ တိုင်းပြည်အတွက် တကယ်တန်း အလုပ်လုပ်ရမယ့် ကာလမှာ ဒီလို ကျဆုံးသွားတဲ့အတွက် အလုပ်တွေ တိုးလိုးတန်းလန်းကြီး ဖြစ်ကျန်ရစ်ခဲ့တယ်။ အားလုံး ကစဉ့်ကရဲ ဖြစ်ခဲ့ရတယ်။ တိုင်းပြည်မှာ ကြီးမားတဲ့ ဆုံးရှုံးမှုကို ဖြစ်ခဲ့ပါတယ်"

မန္တလေးတက္ကသိုလ် ကျောင်းအုပ်ဆရာကြီးဟောင်း ဦးကိုကိုလေး၊ မန်းတက္ကသိုလ် ပါဠိဌာနပါမောက္ခနဲ့၊ မန်းအမျိုးသမီး အဆောင်မှူးဟောင်း အမ်အေ ဒေါ်အုံး၊ အင်္ဂလိပ်စာ ကထိကဟောင်း မစ္စတာမူနီနဲ့ ရုံးအုပ် ဦးလူမော် အစစအရာရာ အကူအညီပေးခဲ့တဲ့ အမျိုးသားစိမ်ကိန်း ဌာနအတွင်းဝန်ဟောင်း အိုင်စီအက်စ် ဦးဇောဟန်တို့ကို မှတ်တမ်းတင်ထားရပါမယ်။

ဆရာကြီး ကျဆုံးသွားခဲ့ပေမယ့် ဦးကိုကိုလေးက ဒီတာဝန်တွေကို မမှိတ်မသုံ ယုံယုံကြည်ကြည်နဲ့ အကောင်အထည်ပေါ်လာအောင် မနားမနေ လုံ့လဝီရိယရှိရှိနဲ့ အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့တာပါ။

အခုဆိုရင် မန်းနေပြည်တော်မှာ ဒီလို ကျက်သရေမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံတဲ့ မန်းတက္ကသိုလ်ကျောင်းတိုက်ကြီးတစ်ရပ် မားမားမတ်မတ် ပေါ်ပေါက်လာရုံ မကဘူး၊ မန္တလေးစိုက်ပျိုးရေး တက္ကသိုလ်နဲ့ ဆေးတက္ကသိုလ်ကိုပါ မန်းတက္ကသိုလ်ကျောင်းတိုက် အတွင်းမှာ ထည်ထည်ဝါဝါ ရပ်တည်လျက် ရှိနေပါပြီ၊ မကွေး ဥပစာကောလိပ်၊ တောင်ကြီး ကောလိပ်၊ မြစ်ကြီးနားကောလိပ် တို့ဟာလဲ မန္တလေးတက္ကသိုလ်ကျောင်းရဲ့ လက်အောက်ခံအဖြစ် တည်ရှိနေပါတယ်။

ပါမောက္ခဟောင်း အမ်အေဒေါ်အုံး ပြောသလို၊ မန္တလေးတက္ကသိုလ်က ကျေးဇူးတင်စရာရှိရင် တခြားလူထက် ဆရာကြီး ရာဇတ်ကိုသာ ကျေးဇူးတင်ရမယ် ဆိုတဲ့ သဘောထားကို ခရီးဦးကြို ပြုရင်း၊ ဆရာကြီး ရာဇတ်ကို လေးစားဂုဏ်ပြုတဲ့ အနေနဲ့ မန္တလေးတက္ကသိုလ်ကျောင်းတိုက်ကြီးကို "ရာဇတ်တက္ကသိုလ်"လို့ စာရေးသူအနေနှင့် ကမ္ပည်းထိုးလိုက်ပါရစေလား။

# အခန်း (၂၇)

## ဗိုလ်ချုပ်နဲ့ အာဇာနည်များ ကျဆုံးခြင်း

ရှစ်ခွင်တိုင်းတစ်ခုလုံး အုံ့မှိုင်းရီဝေလျက် ရှိနေပါတယ်။ ကမ္ဘာလာနက်ကြီး လွှမ်းမိုးခြုံထားသလောက်နီးနီးမို့ နေမင်းမှာ ထွက်ပြူနိုင်အားပင် မဝံ့ရှာလေရော့သလား။ ဒါမှမဟုတ် မကြာခင် ကြုံတွေ့ရမယ့် အနိဋ္ဌာရုံတစ်ခုကို မျက်ကွယ်ပြုလို၍ အကွယ်မှာ ပုန်းနေလေရော့သလား။ အတိတ်နိမိတ်ဆိုးများကို ကြိုမြင်လို့ မကြားလိုလို့ ပေပဲလား။ သေနတ်ပစ်မှုကြီးကို အကာအကွယ်ပေးလို၍ လေလား။

ဘာပဲဖြစ်ဖြစ် ဒီသေနတ်ပစ်မှုကြီးဟာ မြန်မာပြည်ရဲ့ အလှကို ဖျက်ဆီးလိုက်ပါပြီကောလား။ လူသားကမ္ဘာကို အရုပ်ဆိုးစေလေပြီတကား။

မကြာမီ ရက်စရာ၊ ရွံမုန်းစရာ၊ အော့နလုံးနားစရာ၊ နာကြည်းစရာ၊ ကြေကွဲဝမ်းနည်းစရာ၊ ဒေါသဖြစ်စရာတွေ ရောပြွမ်းနေတဲ့ ဖြစ်ရပ်တွေ မလွဲမရှောင်သာ ပေါက်ကွဲတော့မှာကို ကြိုသိနေတဲ့ နေမင်းကြီးဟာ၊ သမိုင်းတွင်ရစ်မယ့် လူသတ်မှုကြီးမှာ သက်သေထွက်ဆိုရမှာ ဝန်လေးနေလို့များ ရန်ကုန်မြို့ကို ထွက်ပြူကာ နှုတ်ဆက်မဝံ့လေရော့သလား။

အချိန်ဟာ မနက် ၁၀ နာရီပင် ကျော်နေပါပြီ၊ မိုးဖွဲကလေးများပင် ကျလျက်နေပါပြီ။

မကြာခင် ပေါက်ပေါက်လျော့သလို ရန်ကုန်မြို့လယ်က သေနတ်သံများ အဆက်မပြတ် ကြားလိုက်ရတယ်။ အတိအကျ ပြောရရင် ရန်ကုန်မြို့အတွင်းဝန်များရုံး (အခု ဝန်ကြီးများရုံး)ကပါ။

ဒီအချိန်က ၁၉၄၇ ခု ဇူလိုင် ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ် အချိန်ပါ။

စစ်ကြီးပြီးလို့ ရန်ကုန်မြို့တော်မှာ သေနတ်သံ အမြောက်သံ ဗုံးသံတွေ မကြားရတော့ အေးအေးချမ်းချမ်း။

နေမင်းဟာ မိုးတိမ်တွေကြားက ထွက်ပြူမလာ။ ရန်ကုန်မြို့ကြီးမှာ နေရောင်မရ မိုးဖွဲကလေးတွေကြောင့် အေးစိမ့်စိမ့်။

ဒါပေမယ့် ဒီလို ရန်ကုန်မြို့ရဲ့ အလှကို အရုပ်ဆိုးစေတဲ့ သေနတ်သမားတွေကလဲ သွေးအေးအေး။

သေနတ်သံတွေဟာ အေးချမ်းနေတဲ့ ရန်ကုန်မြို့ကြီးကို ဖြိုခွင်းပစ်လိုက်ပါတယ်။ ထိတ်လန့်ကြောက်မက်ဖွယ် သေမင်းအသံက၊ မိုးပြိုမတတ် တုန်ဟည်းလျက်။

လွတ်လပ်ရေးနေ့ အကြိုနှစ်သစ်ကို အကြံပက်စက် ရက်စက်ယုတ်မာမှုနဲ့ ကြိုဆိုခဲ့တဲ့ လုပ်ရပ်ကြောင့်ပေပဲလား၊ မကောင်းတဲ့ အတိတ်နိမိတ်ကြောင့်ပဲလား၊ လွတ်လပ်ရေးနဲ့အတူ သွေးချောင်းစီးမှုတွေ အတောမသတ်အောင် ဖြစ်စေခဲ့ပါပကောလား။ ယနေ့ထိအောင်ပါပဲ။

သေနတ်သံတွေ ကြားရာဆီသို့ ချက်ချင်း သွားရောက်ကြည့်ရှုလိုက်မယ်ဆိုရင် အတွင်းဝန်ရုံးအတွင်းက အမှတ်အာရ်စီ ၁၈၁၄ ဂျစ်ကားတစ်စီးဟာ တစ်နာရီ မိုင် ၃၀ နှုန်းလောက် မောင်းပြီး ဒုန်းစိုင်း ထွက်လာတာ မြင်ရပါလိမ့်မယ်။

တစ်စုံတစ်ယောက်က ဗိုလ်အောင်ကျော်လမ်းဖက် မျက်နှာပြုထားတဲ့ အတွင်းဝန်ရုံးခန်းထဲ ဝင်သွားကြည့်မယ်ဆိုရင် ဗိုလ်အောင်ကျောင်လမ်းဖက် မျက်နှာပြုထားတဲ့ ဂငယ်သဏ္ဍာန် စားပွဲထိပ်နဲ့ ခပ်လှမ်းလှမ်း ကြမ်းပြင်ပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ တုံးလုံးလဲကျဆုံးနေတာ တွေ့ရပါမယ်။

စားပွဲလက်ယာမှာ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းဟာ သူ့ကုလားထိုင်ပေါ်မှာ ထိုင်ရင်း စားပွဲပေါ်ကုန်း လက်ထောက်ထားပြီး ပါးစပ်မှ သွေးများ ယိုစီးကျနေတယ်။

စားပွဲလက်ဝဲဘက်မှာ ထိုင်နေတဲ့ ဝန်ကြီး သခင်မြဟာ စားပွဲထိပ် လက်ဝဲဘက် ထောင့်စားပွဲအောက်နားမှာ မှောက်လျက် ကျဆုံးနေပါတယ်။

ဝန်ကြီးဦးရာဇတ်၊ ဝန်ကြီး ဒီးဒုတ်ဦးဘချို၊ ဝန်ကြီး ဦးဘဝင်းနဲ့ ဝန်ကြီး မန်းဘခိုင်ဟာလဲ သူတို့ထိုင်မြဲ ကုလားထိုင်များပေါ်မှာ ခေါင်းငိုက်စိုက် ကျလျက် ငြိမ်နေပါတယ်။

ဆရာကြီး ဦးရာဇတ်နဲ့ ဒီးဒုတ်ဦးဘချိုတို့ နှစ်ဦးဟာ အသက်မသေသေးပါ။ အသက်ရှူလှုပ်ရှားနေဆဲပါ။

တတိယအတွင်းဝန် ဦးအုန်းမောင်လဲ ကျဆုံးနေပါတယ်။ ဝန်ကြီး ဦးရာဇတ်ရဲ့ အသက် ၁၈ နှစ်ရွယ် သက်တော်စောင့် ရဲဘော်မောင်ထွေးလဲ သွေးအိုင်ထဲမှာ ကျဆုံးနေတယ်။

သွေးစိမ်းရှင်ရှင်တွေ အိုင်ထွန်းနေတယ်၊ စားပွဲကုလားထိုင်များ ဖယိုဖရဲ။ အဲဒါက အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေးခန်းမရဲ့ အနိဋ္ဌာရုံပါ။

## ဘူးပေါ်ခဲ့ပြီးတဲ့ လုပ်ကြံမှုကြီး

ကိုခင်မောင်ရင်နဲ့ ကိုဘညွန့်တို့ ဖော်ကောင်လုပ်လိုက်လို့ အခုတော့ ဦးစောနဲ့ အပေါင်းအပါတစ်စုက လုပ်ကြံတယ်ဆိုတာ ထင်ရှားသွားပါတယ်။ ဗိုလ်တထောင် လက်နက်တိုက်က လက်နက်တွေလဲ ဦးစောနဲ့ အင်္ဂလိပ်စစ်အရာရှိတွေ ပူးပေါင်း ထုတ်သွားတယ်။ အဲဒီအမှုနဲ့ ဦးစောနဲ့ အပေါင်းအပါတစ်စုကို သေစားသေစေ ဆိုပြီး ကြိုးမိန့်ပေးခဲ့တယ်။ လုပ်ကြံရာတွင် တရားခံများအဖြစ် ပါခဲ့တဲ့ အင်္ဂလိပ်စစ်ဗိုလ် မေဂျာယမ်းနဲ့ ကပ္ပတိန် ဗီဗြင်တို့ကို ထောင်ဒဏ်များ ပေးလိုက်တယ်။

ကမ္ဘာ့တစ်ခွင်ကို ဒီလောက်ကြီးကျယ်တဲ့ တုန်လှုပ်ချောက်ချားပြီး ကျော်ကြားခဲ့တဲ့ ဒီလုပ်ကြံမှုကြီး ဖြစ်စကတော့ တရားခံဘယ်သူဘယ်ဝါဖြစ်မယ်ဆိုတာ ထင်ကြေးတွေပဲ ပေးခဲ့ကြတယ်လို့ အမှုအပေါ်ခင် တရားခံတွေကို ရှာနေစဉ် ကာလကတော့ ဒီအမှုဟာ မြန်မာပြည်နဲ့တကွ ကမ္ဘာသိချင်နေတဲ့ ဧရာမ ပဟေဠိဆန်တဲ့ အမှုကြီးပါ။

အခု ပဟေဠိရဲ့ အဖြေကို ရလိုက်ကြပြီးမှ ရေးသားရတဲ့ သမိုင်းရဲ့ အထင်ကရ ဖြစ်ရပ်ကြီးကိုပြန်လည် ရေးသားဖော်ပြခဲ့ရာမှ ဖတ်ရှုသူများအတွက် ငါတို့သိပြီးသားကြီးပါကွာလို့ ဆိုချင်ဆိုကြပေလိမ့်မယ်။ ဒီလို သမိုင်းတင်ပို့ ရေးတာကိုလဲ လေးလေးနက်နက် ရှိမယ်တော့ မထင်ပါ။ ဥပမာ အရင်တုန်းက အကြိမ်ကြိမ် ကြည့်ပြီးတဲ့ ဗိုလ်အောင်ဒင် ရုပ်ရှင်ကားကို ပြန်ကြည့်ရသလို မူလမကြည့်သေး ခင်က ကြည့်ရတဲ့ မျက်စိပသာဒ၊ ကိုယ်ထဲ ဝမ်းထဲ အကျောထဲ အရိုးထဲ ခြင်ဆီထဲ စိမ့်ဝင်ခံစားခဲ့ရပုံမျိုးတော့ နောက်ကြည့်တဲ့ အခါ ဒီခံစားရပုံမျိုး ရှိမယ်မထင်ပါ။ ကြည့်ပြီးတဲ့ ကားကို အပျင်းပြေ လာကြည့်တာထက်တော့ ပိုနိုင်စရာ မရှိသလိုဘဲလို့ ဆိုရပေမလားပဲ။

ဘယ်လိုပဲရှိစေ ကျမ်းပြုသူကတော့ သမိုင်းမှာ အဖြူအမည်း မှတ်ဟမ်း မှတ်ရာ ရှိသင့်ရှိထိုက်တယ်လို့ ယူဆပြီး သမိုင်းအဖြစ် ဖော်ပြလိုက်ခြင်းပါ။

## ဗိုလ်ချုပ်အောင်ဆန်းရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလ

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖ–ဆ–ပ–လ ဟာ မဟာမိတ်တွေနဲ့ ပူးပေါင်းပြီး ဂျပန်ကို တော်လှန်ခဲ့တယ်။ ဂျပန်တွေ မြန်မာပြည်က ဆုတ်ခွာရတော့ ဗြိတိသျှ စစ်အုပ်ချုပ်ရေးဟာ တစ်ပါတည်း ပါလာတယ်။ တစ်ပြည်လုံးကို သိမ်းပြီး ဂျပန်လက်နက်ချလိုက်တဲ့ နောက်ပိုင်း တစ်ပြည်လုံးမှာ ဖ–ဆ–ပ–လ အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပြီးပါပြီ။

၁၉၄၆ ခု ဖေဖော်ဝါရီလမှာ ကွန်မြူနစ်ပါတီ ကွဲသွားပါတယ်။ သခင်စိုးခေါင်းဆောင်တဲ့ အလံနီ ကွန်မြူနစ်ပါတီနဲ့ သခင်သန်းထွန်း ခေါင်းဆောင်တဲ့ **မြန်မာပြည်** ကွန်မြူနစ်ပါတီ (ဗ–က–ပ) ရယ်လို့ နှစ်ပါတီ ဖြစ်သွားတယ်။

သခင်စိုး အလံနီက လွတ်လပ်ရေးကို အင်္ဂလိပ်နဲ့ စေ့စပ်ယူလို့ မရဘူး။ အလုပ်သမား လယ်သမား ကျောင်းသားတွေ အုံကြွမှု ရှိလာအောင် သပိတ်တွေ မှောက်လာအောင် လုပ်ရမယ်၊ သပိတ်အစုံ သူပုန်ထရမယ် ပြောတယ်။

ဒါပေမယ့် အလံနီရော ဗ–က–ပ ပါ ဖ–ဆ–ပ–လ ထဲမှာ ပါဝင်ဆဲပဲ။ ပြီးတော့ အင်္ဂလိပ်အစိုးရနဲ့ လွတ်လပ်ရေးအတွက် အရေးဆိုလျက် ရှိပါတယ်။

ဖ–ဆ–ပ–လ အလံတော်အောက်မှာ တောင်ပေါ်မြေပြန့် မကျန် ပြည်သူ တစ်ရပ်လုံး စုစည်းရောက်ရှိနေတဲ့အတွက် ဒီအင်အားကို လျစ်လျူရှုလို့ မရဘူးလေ။ ဒါကြောင့် ဖဆပလအဖွဲ့ချုပ်နဲ့ ဆွေးနွေးဖို့ အရှေ့တောင်အာရှ စစ်သူကြီး လော့ဒ်လူဝီစ် မောင့်ဘက်တန်က ဖိတ်ကြားပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ကိုယ်စားလှယ် (၁၁) ဦးဟာ ၁၉၄၅ ခု စက်တင်ဘာလ (၄) ရက်နေ့မှာ သီဟိုဠ်ကျွန်းက ကန္ဒီမြို့သို့ လိုက်သွားပါတယ်။

၁၉၄၅ ခု စက်တင်ဘာလ (၆) ရက်နေ့ ဆွေးနွေးရာမှ အချက် (၆) ချက်ပါ သဘောတူညီချက်ရကာ စာချုပ် ချုပ်ဆိုကြပါတယ်။ ဒီစာချုပ်ကို လထ်ယာဖရီးမင်း စာချုပ်ပါတဲ့။

စစ်သူကြီး လော့ဒ်လူဝိစ် မောင့်ဘက်တန်က ဗိုလ်ချုပ်အောင်ဆန်းကို အသစ်ဖွဲ့မယ့် မြန်မာတပ်မတော်မှာ ဆက်လက် တာဝန်ယူဖို့ ဖိတ်ခေါ်တယ်။

ဒါပေမယ့် ပြည်သူ့ဆန္ဒအရ မိမိကတပ်မတော်မှ နုတ်ထွက်ပြီး နိုင်ငံရေးဘက်မှာ တာဝန်ဆက်ယူရမယ့်အကြောင်း ပြန်ကြားလိုက်ပါသတဲ့။

ဗိုလ်ချုပ်အောင်ဆန်းဟာ မျိုးချစ် မြန်မာ့တပ်မတော်ရဲ့ ဗိုလ်ချုပ်ရာထူးက နုတ်ထွက်ကြောင်း ရေဒီယိုသတင်းမှာ ဖော်ပြပါရှိတာကို ၂၇-၁၀-၄၅ နေ့ထုတ် မြန်မာ့အလင်း သတင်းစာကတစ်ဆင့် ဖော်ပြပါတယ်။ မြန်မာ့မျိုးချစ်တပ်မတော်ကိုလဲ ၁၉၄၅ ခု အောက်တိုဘာလ ၂၃ ရက်နေ့မှာ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကနေ နုတ်ထွက်လိုက်ကြောင်း ၂၄-၁၀-၄၅ နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှာ ကြေညာခဲ့တယ်။

အသစ်ဖွဲ့မယ့် တပ်မတော်မှာ မပါဝင်လိုသူများနဲ့ ပါဝင်ခွင့် မရသေးတဲ့ ရဲဘော်တွေအတွက် ပြည်သူ့ရဲဘော် တပ်ဖွဲ့အမည်နဲ့ ဗိုလ်ချုပ်အောင်ဆန်းက ဖွဲ့စည်းပေးလိုက်တယ်။ ဖ-ဆ-ပ-လ ရဲ့ ပြည်လုံးကျွတ် လူထုအစည်းအဝေးကြီးက တောင်းဆိုမှုကြောင့် ၁၉၄၅ ခု အောက်တိုဘာလ ၁၅ ရက်နေ့က စတင်ပြီး စစ်အုပ်ချုပ်ရေးကို ရပ်စဲလိုက်ပါတယ်။

ဆင်းမလားရှိ မြန်မာအစိုးရအဖွဲ့ဟာ ၁၉၄၅ ခု အောက်တိုဘာလ (၁၆) ရက်နေ့မှာ မြန်မာနိုင်ငံကို ပြန်ရောက်ခဲ့ပါတယ်။

တစ်ပြည်လုံး စည်းလုံးညီညွတ်ရေးကို ဗိုလ်ချုပ်အောင်ဆန်းက ကြိုးစားတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးထား လုပ်သလို နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ အရင်နိုင်ငံရေးခေါင်းဆောင်ဟောင်းများကိုလဲ ဖ-ဆ-ပ-လ ထဲမှ ဥမကွဲ သိုက်မပျက် ပါအောင် အင်မတန် အောက်ကျနောက်ကျခံ စည်းရုံးခဲ့တယ်။

"မိမိတို့ ညီညွတ်စွာ တစ်သံတည်း ထွက်ကြရင် လွတ်လပ်ရေး လျင်မြန်စွာ ရနိုင်ပုံ၊ ဘုရင်ခံက တစ်ဦးချင်း လူခွဲပြီး ရာထူးပေးပေး၊ နေရာပေးပေး လက်မခံကြစတမ်း ဆုံးဖြတ်လုပ်ကိုင်ဖို့ အရေးကြီးလာပုံ၊ သူတို့ (ဗြိတိသျှအစိုးရ) ဆွဲဆောင်ရာ ပါသွားကြလျှင် လွတ်လပ်ရေးနဲ့ ဝေးနိုင်ပုံ"များ စိတ်ရှည်စွာ ရှင်းပြစည်းရုံးတယ်။

ဖ-ဆ-ပ-လ အဖွဲ့ချုပ်ထဲမှာ ပါဝင်နေတဲ့ အဖွဲ့အစည်းတွေ ပုဂ္ဂိုလ်တွေကို ဘုရင်ခံ ဆာဒေါမန်စမစ်နဲ့ သူ့လူတွေက စည်းရုံးကြတယ်။

အဲဒီလို အနစ်နာခံ စည်းရုံးနေတဲ့ ဖ–ဆ–ပ–လ ထဲက မျိုးချစ်ပါတီဝင် ဦးအေး၊ ဦးဘထွန်း၊ ဦးစိန်ဝင်း၊ ဦးဘရင်၊ ဦးကြာခိုင်တို့ နှုတ်ထွက်ကြတယ်။

ဖ–ဆ–ပ–လ ထဲ ပါဝင်နေရာက ဦးအေးနဲ့ ဦးဘအုန်း၊ ဦးလွန်း၊ နန်းရင်းဝန်ဟောင်း ဦးပုတို့ဟာ ဘုရင်ခံရဲ့ အမှုဆောင်အဖွဲ့ဝန်ကြီးများအဖြစ် ရာထူးယူကြပါတယ်။ သူတို့ကို ပြည်သူတွေက ရာထူးမက်သူတွေ တစ်နပ်စား သမားတွေလို့ မြင်ကြတယ်။

ဘုရင်ခံဟာ မြန်မာပြည်ကို စက္ကူဖြူစာတမ်းနဲ့ အုပ်ချုပ်ဖို့ စက္ကူဖြူ စာတမ်းကို ယူပြီး လာခဲ့ပါတယ်။ မြန်မာလူမျိုးတို့ဟာ ဒီစက္ကူဖြူစာတမ်းကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြပါတယ်။ မြန်မာလူမျိုးဟာ ကြားဖြတ်အစိုးရကို အလိုမရှိဘူး။ ကိုယ့်လွတ်လပ်ရေး ကိုယ်ရေးဆွဲရမယ့် တိုင်းပြုပြည်ပြု လွှတ်တော်ကို သာ အလိုရှိကြတယ်။ ဒီစက္ကူဖြူစာတမ်းဟာ မြန်မာပြည်ကို အရင် ကမ္ဘာစစ် ကြီး မဖြစ်ခင်က အခြေအနေထက်ပင် အောက်သို့ လျှော့ချထားတဲ့ စာတမ်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဖဆပလ အဖွဲ့ချုပ်က ညွှန်ကြားချက်အတိုင်း ၁၉၄၆ ခု ဇွန်လမှစပြီး မြန်မာပြည် အရပ်ရပ်မှာ စက္ကူဖြူစာတမ်း ကန့်ကွက်ပွဲတွေ ခြိမ့်ခြိမ့်သည်းမျှ ဆင်နွှဲကြတယ်။ ၁၉၄၆ ခု ဇွန်လ ၂၉ ရက်နေ့မှာ လူထု တစ်သိန်းကျော် တက်ရောက်တဲ့ စက္ကူဖြူစာတမ်း ကန့်ကွက်ပွဲကို ကျင်းပတယ်။

၁၉၄၆ ခု စက်တင်ဘာလ (၄) ရက်ထဲမှာ ပုလိပ်အဖွဲ့ကြီးရဲ့ ပြည်လုံး ကျွတ် သပိတ်ကြီးပေါ်ပေါက်လာတယ်။ ပုလိပ်သပိတ်ကြီး ပေါ်ပေါက်လာတာဟာ ဗြိတိသျှနယ်ချဲ့ အစိုးရကို အံ့အားသင့်စေတယ်။ တုန်လှုပ်ချောက်ချားစေတယ်။ ထိပ်မြွေပေါက်သလို ခံလိုက်ရတယ်။

တစ်ဆက်တည်း အစိုးရက အမှုထမ်း ပေါင်းစုံ သပိတ်အပြင် မီးရထား လုပ်သားတွေကလဲ သပိတ်မှောက်ကြပြန်တယ်။ စက္ကူဖြူစာတမ်းကို ကန့်ကွက်တဲ့ ဒီသပိတ်တွေကြောင့် အစိုးရရဲ့ စက်ယန္တရားကြီးဟာ ရတ်တရက် ရပ်ဆိုင်းရတော့မလို ဖြစ်လာတယ်။

ပုလိပ်အဖွဲ့ကြီးကို ကြည့်ရင် ဒုတိယကမ္ဘာစစ် ဟိုဘက်မှာ မြန်မာပြည်ကို ဗြိတိသျှအစိုးရက ပုလိပ်အဖွဲ့ကြီးနဲ့ပဲ အုပ်ချုပ်ခဲ့တယ်ဆိုရင် မမှားပါဘူး။ ဗြိတိသျှအစိုးရ ယန္တရားကြီး တစ်ခုလုံးကို ဒီပုလိပ်အဖွဲ့နဲ့ ထိန်းခဲ့ပါတယ်။

၂။ စိုက်ပျိုးရေးပညာရပ်တွင်သာ ဒီဂရီအဆင့်အတန်း မပေးဘဲ ယခုနှစ် ဥပစာအထက်တန်းကို ဤကျောင်းမှ အောင်မြင်ပြီးသူများသည် ရန်ကုန်သို့ မသွားရောက်ဘဲ ဤကျောင်း၌ပင် ဆက်လက်သင်ယူနိုင်ရန် ဘာသာရပ်အားလုံးတို့အတွက် ဒီဂရီအဆင့်အတန်း တိုးတက်မြှင့်တင်ပေးရန်နှင့် လိုအပ်သော အစီအစဉ်များကို ယခုကစ၍ ပြုလုပ်ရန်။

၃။ ယခုပင် ဆရာအားလုံးတို့အတွက် နေရာထိုင်ခင်းများ ပြည့်စုံလုံလောက်ခြင်း မရှိသေးသဖြင့် ဆရာအချို့မှာ ကျောင်းသားများနှင့်အတူ ကျောင်းသားဆောင်တွင် နေထိုင်ရပါကြောင်း။ ဒီဂရီအဆင့်အတန်း တိုးတက်၍ ဆရာ၊ ဆရာမ ဦးရေ ပိုမိုတိုးတက်လာပါက နေရေးထိုင်ရေးမှာ များစွာ ခဲယဉ်းဖွယ်ရှိသဖြင့် ယခုကပင် အဆောက်အအုံများ ပိုမိုဆောက်တည်ပေးရန်။

၄။ ကျောင်းသားများ၏ သမဂ္ဂအဆောက်အအုံ၊ ကျန်းမာရေး ကစားခန်း၊ ကျောင်းဆေးရုံ စသည်တို့ကို တည်ဆောက်ပေးရန်။

၅။ ခေတ်မီစာကြည့် ပိဋကတ်တိုက်နှင့် ပြတိုက်ကြီး တစ်ခု ဖြစ်ပေါ်လာရန် စသော ကိစ္စများပင် ဖြစ်ပါကြောင်း။

အထက်ပါလိုအပ်သော ကိစ္စအရပ်ရပ်တို့တွင် အချို့မှာ မြို့ရွာ၏ အကူအညီဖြင့် ပြီးမြောက်နိုင်သော ကိစ္စများ ဖြစ်၍ အချို့မှာ တက္ကသိုလ်ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ ဆောင်ရွက်ချက်ဖြင့် ပြီးမြောက်နိုင်သော ကိစ္စများ ဖြစ်သော်လည်း အားလုံးသော ကိစ္စတွင် ပညာရေးဝန်ကြီး၏ ကိုယ်ထိလက်ရောက် ကူညီမစခြင်း ရရှိပါမှ ပိုမိုလွယ်ကူချောမောမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ အတည့်အလင်း တင်သွင်းဖော်ပြရခြင်း ဖြစ်ပါကြောင်း။

ဤကျောင်းတွင် စာပေပို့ချ သင်ကြားပြသလျက်ရှိကြသော ဆရာ၊ ဆရာမများ၏ ပြင်းပြသော ဆန္ဒမှာ မန္တလေးနေပြည်တော်နှင့် အဆင့်အတန်းသင့်လျော်သော တက္ကသိုလ်ကြီး ဖြစ်ပေါ်လာရေး ဖြစ်၍

အထက်တွင် ဖော်ပြသော လိုအပ်သည့် အကူအညီများ ရရှိပါလျှင် ဤကျောင်းကြီးကို တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ကြီးပွားစေ၍ မြန်မာ့ကျက်သရေ တိုးတက်ဖြိုးဝေစေမည့် သီးခြား တက္ကသိုလ်ကြီး တစ်ခု ဖြစ်မြောက်လာသည့်တိုင်အောင် ကြိုးစားကြဲဆောင်သွားကြရန် အသင့်ပင် ဖြစ်ပါကြောင်း။

လူကျော်လူမော် အများအပြားလိုနေသည့် ဤအချိန် ဤသမယ တွင် လိုအပ်ခဲ့သည့် တက္ကသိုလ်ကြီး ဖြစ်ပေါ်လာပါမူ အထက်မြန်မာပြည် မှ မြန်မာ့သားကောင်းရတနာများ မည်မျှများပြားစွာ ထွန်းကား ပေါ်ထွက်လာမည်ကို စိတ်ကူးကြည့်ရုံနှင့်ပင် ဝမ်းပန်းတသာ အားရ စရာကြီး ဖြစ်ပါကြောင်း။ တိုတောင်းလှသော ဥပစာကောလိပ်ကျောင်း၏ အတိတ်ရာဇဝင်ကို ကြည့်ရှုရုံနှင့်ပင် ဤကျောင်းကြီးမှ မြန်မာ့အကျိုး သယ်ပိုးထမ်းဆောင်မည့် သားမွန်သားကောင်းတို့ ပေါ်ထွက်စရာ အတိတ်နိမိတ်များ မြင်တွေ့နိုင်ပါကြောင်း။

ဥပစာတန်းမျှသာ သင်ကြားပေးနိုင်ခဲ့သော ဥပစာကျောင်းထွက် များ အနက် ယခု ပြည်ထဲရေးနှင့် တရားဌာနဝန်ကြီး ဦးကျော်ငြိမ်း၊ ထိုင်းနိုင်ငံသွား သံအမတ် ဦးလှမောင်၊ နိုင်ငံရေး အတွင်းဝန် ဦးခင်မောင်လေး၊ ကွန်မြူနစ်ခေါင်းဆောင် တက်ဘုန်းကြီး ဦးသိန်းဖေ၊ ကွယ်လွန်သွားရှာသူ သခင်ဗဟိန်း၊ ကွယ်လွန်သွားရှာသူ ဝန်ကြီး ဦးဘဝင်းတို့မှာ ထင်ရှားသော ပုဂ္ဂိုလ်ကျော်များ ဖြစ်ပါကြောင်း။

ထိုမှတစ်ပါး အုပ်ချုပ်ရေးဘက်၊ သစ်တောဘက်၊ စိုက်ပျိုးရေးဌာန၊ တရားဘက်ဌာန စသည်တို့နှင့် သတင်းစာလုပ်ငန်းဘက်များတွင် လည်း ထင်ရှားသော မန္တလေး ဥပစာကောလိပ်ကျောင်းထွက် အများ အပြားကို တွေ့မြင်နိုင်ကြပါကြောင်း။

ဤကျောင်းတွင်ပင် စာပေပို့ချလျက်ရှိကြသော ဆရာ၊ ဆရာမများ အနက် ကျွန်တော်နှင့်တကွ ဆရာမကြီး ဒေါ်အုံး၊ ဒေါ်မမကြီး၊ ဆရာဦးဘရှိန်တို့မှာ မန္တလေး ဥပစာကျောင်းထွက်များပင် ဖြစ်ကြ ပါကြောင်း။

ဤကျောင်းတွင် ကျွန်တော်များ သင်ကြားပို့ချလျက်ရှိသော ပညာရေးစနစ်မှာ စာမေးပွဲအောင်လက်မှတ် ရရုံ ပညာသင်ကြားနည်း

မဟုတ်ဘဲ ရှေ့သွားနမူနာများကို အားကျစေရန် လက်ညှိုးညွှန်ပြလျက် ယဉ်ကျေးသိမ်မွေ့၊ ကိုယ်ကျင့်တရားကောင်းမွန်၊ တာဝန်ဝတ္တရား သိနားလည်၍ စည်းကမ်းဥပဒေ စောင့်သိရိုသေတတ်သော ကိုယ့်ဒူး ကိုယ်ချွန် ပုဂ္ဂိုလ်များ ဖြစ်မြောက်လာရန် ရည်ရွယ်ရင်း သင်ကြားပို့ချနေရကား စာသင်ခန်းတွင်သာ ဆရာနှင့်တပည့် တွေ့ဆုံသိရှိသည် မဟုတ်ဘဲ၊ ကစားကွင်း ကျောင်းဆောင်နှင့် ပြင်ပ ဆက်သွယ်ရေးများတွင် အစဉ်သဖြင့် သွန်သင်ဆုံးမ နည်းလမ်းပြသလျက်ရှိပါကြောင်း။

ထိုမှတစ်ပါးလည်း စာပေကိုသာ ပို့ချလျက် ပညာအသစ်ရှာဖွေခြင်းတည်းဟူသော သုတေသနလုပ်ငန်း မရှိသော တက္ကသိုလ်သည် အသက်မရှိသော တက္ကသိုလ်ဟု ယူဆသည့်အလျောက်၊ အချိန်အခါ ကာလအားလျော်စွာ ကမ္ဘာ့စုစုပေါင်း ပညာရပ်များသို့ ဤကျောင်းတိုက်မှလည်း ဖြည့်စွက်ထည့်သွင်းနိုင်ရန် ဆရာဆရာမ အပေါင်းတို့က ကြိုးစားကြဲဆောင်ကြမည် ဖြစ်ပါကြောင်း။

ဤမျှဖြင့် ယနေ့ထိ ဆောင်ရွက်ပြီး လုပ်ငန်းများ ရှေ့သို့ ဆက်လက်၍ ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို အစီရင်ခံပြီးရကား ပညာရေးဝန်ကြီးအား အထက်မြန်မာပြည်၏ ပညာရေး ရေသောက်မြစ်ကြီး ဖြစ်ပေသော ဤကျောင်းတော်ကြီးကို သုတိသြဘာ မင်္ဂလာနှင့် ပြည့်စုံသော ဤအချိန် ဤအခါတွင် ကြေညာဖွင့်လှစ်ရန် ဝမ်းမြောက် ဝမ်းသာစွာဖြင့် တောင်းပန်အပ်ပါကြောင်း။

## ကျောင်းကပွဲ အစီအစဉ်

(ပထမပိုင်း)

၁။ စိန်ကြောင်နီလာ သီဆိုသူ မောင်ခင်မောင်
စန္ဒရား မောင်မောင်၊ ၁၅ မိနစ်။

၂။ ပဏာမကျောင်းတော်သူအက ၁၀ မိနစ်၊
ကပြသူများ တင်တင်မြင့်၊ စီစီဝင်း။
သံပြိုင် ဒေါ်သန်းမေ၊ ဆရာဦးဘတုတ်၊ ဆရာဦးကိုကိုကြီး
ကျောင်းတော်သူများ။ စန္ဒရား၊ တင်တင်စု။

၃။ ပဥ္စလက်၊ ဆရာနုး ၂၀ မိနစ်။

ဗြိတိသျှအစိုးရအဖွဲ့အတွက် ဒီပုလိပ်အဖွဲ့ကြီးဟာ စိတ်အချရဆုံး အင်အားတစ်ခု ဖြစ်ပါတယ်။

အဲဒီလို စိတ်အချရဆုံး ဖြစ်တဲ့ ပုလိပ်အဖွဲ့ကြီးကိုယ်တိုင်က ၁၉၄၆ ခု စက်တင်ဘာလ ၄ ရက်နေ့မှာ ပြည်လုံးကျွတ် ပုလိပ်သပိတ်ကြီးကို မှောက်လိုက်ကြတယ်။ ဒီလို သပိတ်မှောက်တာဟာ ဗြိတိသျှ အစိုးရရဲ့ အခြေအနေမှန်ကို မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်တယ်။ အဲဒီတော့ ထိပ်ထိပ်ပျာပျာ ဖြစ်သွားပါတယ်။

မျောက် မီးခဲကိုင်မိသလို ဖြစ်သွားပါတယ်။ ဗြိတိသျှစက်ယန္တရားကြီး တစ်ရပ်လုံး ရပ်ဆိုင်းသွားတော့မယ့် အခြေအနေဆိုးသို့ ရောက်လာပါတယ်။

ဒီမှာပဲ ဆာဒေါမန်စမစ်ဟာ ဖ–ဆ–ပ–လ ရဲ့ အင်အားကို နားလည်သွားတယ်၊ အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို စစ်တရားခံအဖြစ် ဖမ်းမယ် ဆီးမယ် တကဲကဲနဲ့ ခြိမ်းခြောက်နေတယ်။ ဗြိတိသျှနယ်ချဲ့သမားဟာ ၁၉၄၃ ခုနှစ် မြန်မာ့တပ်မတော်ကို သစ္စာဖောက်တပ်အဖြစ် ခေါ်တယ်။ ဒါကို စစ်သူကြီး လော့ဒ်လူဝီစ် မောင့်ဘက်တန်က သိလို့ နောင်ကို ဘယ်တော့မှ မခေါ်ရဘူးလို့ တားမြစ်တဲ့ အမိန့် ထုတ်လိုက်တယ်။

ဒေါမန်စမစ်အတွက် ဗိုလ်ချုပ်အောင်ဆန်းဟာ စိမ်းနေတယ်။ ဗိုလ်ချုပ်ရဲ့ အားကိုလဲ သူ ထိတ်လန့်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ယှဉ်နိုင်မယ့်သူ ရှာတော့ ဂဠုန်ဦးစောနဲ့ ဒေါက်တာဗမော်တို့ကို ပြေးသတိရတယ်။ သူတို့က သူ့မိတ်ဟောင်းတွေ ဖြစ်တယ် ဘုရင်ခံရဲ့ ငယ်နိုင်တွေပါ။ သူတို့ကို ဘုရင်ခံက ကိုင်နိုင်မယ်လို့ထင်တယ်။ အိမ်ကြက်ချင်း အိုးမည်းသုတ် ခွပ်ခိုင်းဖို့ လုပ်တယ်။

ဘုရင်ခံဟာ ဦးစောကို ယူဂန်ဒါမှ လည်းကောင်း၊ ဒေါက်တာဗမော်ကို ဂျပန်ပြည် ဆူဂါမိုအကျဉ်းထောင်မှ လည်းကောင်း ခေါ်ယူလိုက်တယ်။

၁၉၄၆ ခု ဇွန်လမှာ အစိုးရက စစ်သူကြီး လော့ဒ်လူဝီစ် မောင့်ဘက်တန်နဲ့ တိုင်ပင်ပြီး မြန်မာပြည် ဘုရင်ခံ ဆရယ်ဂျိနယ် ဒေါမန်စမစ်ကို ပြန်ခေါ်ပြီး မေဂျာဂျင်နရယ် ဆာဟူးဘတ်ရန့် (စ်)ကို လွှတ်လိုက်ပါတယ်။ သူမရောက်ခင် ဆင်ဟင်နရီနိုက်ကို မြန်မာပြည်ရဲ့ ယာယီဘုရင်ခံအဖြစ် ခေတ္တ ခန့်ထားပါသေးတယ်။ မေဂျာဂျင်နရယ် ဆာဟူးဘတ်ရန့်(စ်)က မြန်မာပြည် ရောက်လာတဲ့ အခါ ဆင်ဟင်နရီနိုက်ထံမှ တာဝန်ကို လွှဲပြောင်းယူလိုက်ပါတယ်။

မေဂျာဂျင်နရယ် ဆာဟူးဘတ်ရန့်(စ်)ဟာ စစ်ဗိုလ်တစ်ယောက်ဖြစ်တဲ့ အတိုင်း တိုင်းပြည်ရဲ့ အခြေအနေကို ချက်ချင်း အကဲခတ်မိလိုက်တယ်။

ဒါကြောင့် ၁၉၄၆ ခု စက်တင်ဘာလ ၂၈ ရက်နေ့မှာ ဖ–ဆ–ပ–လ ခေါင်းဆောင်များ ပါဝင်တဲ့ ဘုရင်ခံ အမှုဆောင် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းလိုက်ပါတယ်။

အဲဒီအဖွဲ့ထဲမှာ မြန်မာပြည် ဘုရင်ခံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ဒုတိယဥက္ကဋ္ဌနဲ့ ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးဝန်ကြီး အဖြစ် တာဝန်ယူပါတယ်။ သခင်မြ၊ ဦးတင်ထွဋ်၊ ပျော်ဘွယ် ဦးမြ၊ ဦးဘဖေ၊ မန်းဘခိုင်၊ ဦးစော၊ ဆာမောင်ကြီး၊ ဦးအောင်ဇံဝေ၊ သခင်ဗစိန်၊ ဦးစောဘဦးကြီး တို့လဲ ဝန်ကြီးများ အဖြစ် ပါဝင်ခဲ့ပါတယ်။

ဖ–ဆ–ပ–လ အနေနဲ့ အခုလို ဘုရင်ခံ အမှုဆောင်အဖွဲ့မှာ ပါဝင်တာဝန် ယူလိုက်ပေမယ့် အမျိုးသားလွတ်မြောက်ရေးကိုတော့ လျစ်လျူရှုမထားခဲ့ဘူး။ တစ်မျိုးပြောရရင် ဗြိတိသျှအစိုးရထဲမှာ ဝင်ပြီး အတွင်းကနေ ပူးသတ်တဲ့ သဘောပါ။

၁၉၄၆ ခု စက်တင်ဘာလထဲမှာ ဦးစောဟာ ဘုရင်ခံအိမ်က အပြန် လမ်းမကြီးပေါ်မှာ အစိမ်းရောင် ယူနီဖောင်းဝတ်ထားတဲ့ လူတစ်ယောက်က ဂျစ်ကားစိမ်းပေါ်ကနေ သေနတ်နဲ့ပစ်ရာမှာ ဦးစောကို ကျည်တိုက်ရိုက် မထိသော်လဲ မှန်ကွဲစတစ်ခု ထိမှန်ပြီး မျက်စိမှာ ဒဏ်ရာရသွားပါတယ်။

အဲဒီလို ဘုရင်ခံအမှုဆောင်ထဲ ဝင်ရင်းနဲ့ ဘိလပ်သွားပြီး လုံးဝ လွတ်လပ်ရေးအတွက် အရေးဆိုဖို့ ရန်ပုံငွေများ ကောက်ခံကြပါတယ်။

ဗြိတိသျှဘုရင်မင်းမြတ် အစိုးရက ဖဆပလအဖွဲ့ချုပ်ကိုယ်စားလှယ် များကို လက်ခံဆွေးနွေးလိမ့်မယ် မဟုတ်ဘူး ဆိုတဲ့ သတင်းများ ထွက်လာပါသေး တယ်။ အဲဒီနောက် ဖ–ဆ–ပ–လ ကိုယ်စားလှယ်များနဲ့ လက်ခံဆွေးနွေးမယ် ဆိုတာ ပြန်ကြားစာရပါတယ်။

အဲဒါကြောင့် ၁၉၄၇ ခု ဇန်နဝါရီလမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ မြန်မာ ကိုယ်စားလှယ် အဖွဲ့ဟာ ဗြိတိသျှအစိုးရနဲ့ အရေးဆိုဖို့အတွက် လေယာဉ်နဲ့ ထွက်ခွာသွားပါတယ်။ အဖွဲ့မှာ ဗိုလ်ချုပ်အောင်ဆန်း သခင်မြ၊ ဦးကျော်ငြိမ်း၊ ဦးဘဖေ၊ သခင်ဗစိန်နဲ့ ဦးစောတို့ ပါဝင်ပါတယ်။

လန်ဒန်မြို့မှာ ဝန်ကြီးချုပ် ကလီမင့် အက်တလီနဲ့ ဆွေးနွေးကြပါတယ်။ ၁၉၄၇ ခု ဇန်နဝါရီလ (၂၇) ရက်နေ့တွင် အောင်ဆန်းအက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးကြပါတယ်။ အဲဒီအခါမှာ ဦးစောနဲ့ သခင်ထွန်းအုပ်တို့

နှစ်ဦးသားလွတ်လပ်ရေးရလိမ့်မယ်လို့ မယုံကြည်တဲ့အတွက် လက်မှတ်မထိုးကြဘူးတဲ့။ အောင်ဆန်းအက်တလီ စာချုပ် မချုပ်ဖြစ်အောင်လဲ ကန့်ကွက်စကားတွေ ပြောခဲ့တယ်။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းတို့ဟာ အောင်ဆန်းအက်တလီ စာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့တယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ အဖွဲ့ဟာ ၁၉၄၇ ခု ဖေဖော်ဝါရီလ (၂) ရက်နေ့မှာ ပြန်လည် ရောက်ရှိပါတယ်။

ဦးစောဟာ လန်ဒန် မျက်နှာစုံညီအစည်းအဝေးကနေ အပြန်မှာ ဘုရင်ခံရဲ့ အမှုဆောင်အဖွဲ့ထဲက နုတ်ထွက်လိုက်ပါတယ်။ ပင်လုံစာချုပ် ချုပ်ဖို့ ချိန်းဆိုထားတဲ့ ပင်လုံမြို့ကိုလဲ မိတ္ထီလာဦးဘရင်နဲ့ အတူ သွားခဲ့တယ်။ တောင်ပေါ်တိုင်းရင်းသား လူမျိုးစုတွေ အတွင်းမှာ သူခေါင်းဆောင်မှု ရရှိအောင် ကြိုးတင်ပြီး စည်းရုံးတယ်။ ပင်လုံစာချုပ် မချုပ်ဖြစ်အောင်လဲ အဖျက်လုပ်ငန်းတွေကို လုပ်ခဲ့တယ်။

ဒါပေမယ့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အပြင်းအထန် စည်းရုံးတဲ့ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးတဲ့ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ရဲ့ အလံတော်အောက်မှာ တိုင်းရင်းသားအားလုံးကို စုစည်းနိုင်ခဲ့တယ်။ ၁၉၄၇ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့တယ်။ ဒါဟာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသား လူမျိုးစုများရဲ့ သွေးစည်းညီညွတ်တဲ့ ပြယုဂ်တစ်ခုပဲ ဖြစ်ပါတယ်။

၁၉၄၇ ခု ဧပြီလ (၃) ရက်နေ့မှာ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ ကျင်းပတယ်။ ဒီရွေးကောက်ပွဲမှာ ဦးစောနဲ့ သူ့မျိုးချစ်ပါတီဝင်တွေက ဝင်ရောက်အရွေးမခံကြပါဘူး။

ရွေးကောက်ပွဲမှာ ကွန်မြူနစ်အမတ်များ အနည်းစုနဲ့မှအပ ကျန် နယ်အားလုံးမှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဖ-ဆ-ပ-လ အမတ်များက အပြတ်အသတ် အနိုင်ရလိုက်တယ်။ ၁၉၄၇ ခု ဇွန်လ (၁၆) ရက်နေ့မှာ ကျင်းပတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေးမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်တဲ့ အချုပ်အခြာ အာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲရမယ့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ပတ်သက်တဲ့ လမ်းညွှန်ပြဋ္ဌာန်းချက် (၇)ချက် ပါတဲ့ အဆိုကိုတင်သွင်းတယ်၊ အဲဒီအဆိုကို ဖ-ဆ-ပ-လ အမတ်

များအပြင် ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်း၊ ရခိုင်၊ အမတ်များနဲ့ ကွန်မြူနစ် အမတ်တွေကပါ ထောက်ခံကြပြီး ကန့်ကွက်သူ မရှိ အတည်ပြုခဲ့တယ်။

၁၉၄၇ ခု ဇူလိုင်လ (၁၃) ရက်နေ့ဟာ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်တယ်။ အဲဒီနေ့က ဗိုလ်ချုပ်အောင်ဆန်းဟာ ရန်ကုန်မြို့တော်ခန်းမ လသာဆောင်ကနေပြီး ပြည်သူလူထုကို မိန့်ခွန်းမြွက်ကြားခဲ့တယ်။ ဒါဟာ ဗိုလ်ချုပ်ရဲ့ နောက်ဆုံးမိန့်ခွန်းလို့ ဆိုပါရစေ။

ဖ–ဆ–ပ–လ အဖွဲ့ချုပ်က စေတနာကောင်းနဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် လွတ်လပ်ရေး ရုပ်လုံးပေါ်လာပြီ၊ အဲဒီလို ရုပ်လုံးပေါ်လာရာမှ အကောင်းဆုံး နဲ့ အအေးဆုံးနည်းနဲ့ လုပ်နေတယ်၊ နောက်ဆုံး နည်းအေးအေးနဲ့ မရရင် ရတဲ့နည်းနဲ့ လုပ်ရမယ်လို့ ပြောခဲ့ပြီး မြန်မာပြည်မှာ လူမျိုးအချင်းချင်း မကွဲဖို့၊ လူငယ်ဖြစ်တဲ့ လက်ဝဲသမားအချင်းချင်း မကွဲဖို့ သတိပေးလိုကြောင်း မိန့်ကြားခဲ့ပါတယ်။

ဗြိတိသျှနယ်ချဲ့သမားများဟာ မြန်မာနိုင်ငံကို လွတ်လပ်ရေးမပေးလို့ မဖြစ်တော့တဲ့ အခြေအနေကို ရင်ဆိုင်နေရချိန်မှာ အဓိကအားဖြင့် ခြေလှမ်း (၂)ခုကို တစ်ပြိုင်တည်း လုပ်ကိုင်လာကြတယ်။ တစ်ခုက လွတ်လပ်ရေးပေးရန် သဘောတူကြောင်း၊ အေးအေးဆေးဆေး အာဏာလွှဲပေးရန် လိုလားကြောင်း စသည်ဖြင့် စာချုပ်ချုပ်ခြင်း ပြောဆိုခြင်း ပြု၍ တစ်ခြားတစ်ခုမှာလဲ၊ မိမိ အာဏာ လွှဲပေးရမယ့် လွတ်လပ်ကာစ မြန်မာအစိုးရကို နယ်ချဲ့အလိုကျ နယ်ချဲ့သြဇာ ခံမယ့် အစိုးရမျိုး ဖြစ်လာစေဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားခြင်း ဖြစ်တယ်။ ဒုတိယလုပ်ငန်းအတွက် ကြိုးပမ်းလုပ်ကိုင်ရာမှာ နယ်ချဲ့သမားများဟာ တိုင်းရင်းသား လူမျိုးများနဲ့ မြန်မာများအတွင်း လူမျိုးရေး နိုင်ငံရေးအရ ကွဲပြားအောင် နည်းအမျိုးမျိုးနဲ့ ပြုလုပ်ကြတယ်။ နယ်ချဲ့ရဲ့ သွေးခွဲမှုကို ပင်လုံညီလာခံမှ ချေမှုန်းပစ်လိုက်နိုင်ခဲ့တယ်။

တိုင်းရင်းသားလူမျိုးများနဲ့ သွေးကွဲအောင်လဲ လုပ်၍ မရ၊ အဲဒီအချိန်က စည်းလုံးမှုအင်အား အကြီးမားဆုံး ဖြစ်တယ်။ တစ်မျိုးပြောရရင် စည်းလုံးညီညွတ်မှု အင်အားဟာ သရဖူဆောင်းခဲ့တဲ့ အချိန်ပေါ့။ ဖ–ဆ–ပ–လ အဖွဲ့သာ မကဘဲ လက်ဝဲနိုင်ငံရေးထဲက ကွန်မြူနစ်ပါတီရဲ့ ထောက်ခံမှုပါ ရရှိနေတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခေါင်းဆောင်မှုကို ဖယ်ရှားရန်အတွက် နယ်ချဲ့သမားဟာ

လက်ယာနိုင်ငံရေးသမားဟောင်းကြီးများနဲ့ ပူးပေါင်းကာ ကြံစည်မှုများ ပြုလုပ်ခဲ့လေတယ်။

ဒီနေရာမှာ လက်ယာသမားတွေထဲက တစ်ယောက်ဖြစ်တဲ့ ဦးစောနဲ့ ပတ်သက်ပြီး စာဖတ်သူတွေကို မိတ်ဆက်ပေးရမယ်ဆိုရင်

**ဦးစော**

ဦးစောဟာ သာယာဝတီနယ်က ဦးဘိုးကြူရဲ့သားပါ။ သူ့မိဘများဟာ လယ်ပိုင်ရှင်များ မဟုတ်ပါ။ သူဟာ (၇)တန်းပင် မအောင်ပါ ဒါပေမယ့် ရှေ့နေလက်မှတ် ရထားသူပါ။

သာယာဝတီမြို့ပေါ်က ရှေ့နေဖြစ်သူ ဦးသူငယ်ထံ ဦးစောရဲ့ဖခင်က သူ့သားကို နိုင်ငံရေးမှာ သုံးကြည့်ပါ။ သူ့သားဟာ အပြောအဆိုရဲဝံ့ကြောင်း ပြောဆိုအပ်သွားပါသတဲ့။

ဒီအချိန်က ဦးစောဟာ လူပျိုပေါက်စသျှောင်ထုံးနဲ့ ခေါင်းပေါင်း အနီ၊ လုံချည်အနီ ဝတ်လေ့ရှိတယ်ဆိုပဲ။ ဦးသူငယ်က တစ်ဖန် ဦးဘဘေ (ဘကြီး ဘဘေ) ထံ အပ်နှံလိုက်ပါတယ်။ နိုင်ငံရေးအတွက် အစအနရှိကြောင်း မြင်ရတော့ ဦးဘဘေက လက်သပ်မွေးကာ ရှေ့တန်းသို့ တင်ပေးလိုက်ပါတယ်။ (ဒီ ကျေးရူးတွေ ဆပ်တဲ့အနေနဲ့ ကျေးဇူးရှင် ဆရာသမား ဦးဘဘေကိုပင် ထောင်သွင်း အကျဉ်းချထားသူပါ၊ ကျေးဇူးရှင် ကျေးစွပ်ခဲ့သူပါတဲ့)

ဦးစောဟာ နိုင်ငံရေးနယ်ပယ်မှာ ခြေချနိုင်ဖို့ မနားမနေ ကြိုးစားခဲ့တယ်။ သတင်းစာဆရာလုပ်တယ်၊ သူရိယသတင်းစာနဲ့ ဆက်သွယ်တယ်။ နောက် သာယာဝတီခရိုင်ကောင်စီမှာ အရွေးခံရတယ်။ သာယာဝတီမှာပင် မင်းတိုင်ပင် အမတ် အရွေးခံခဲ့ရပြန်တယ်။

ဆရာစံခေါင်းဆောင်တဲ့ သာယာဝတီ ဂဠုန်သူပုန်ကို မှီပြီး ဂဠုန်ဘွဲ့ခံကာ ဂဠုန်ဦးစောရယ်လို့ ဖြစ်လာပါတယ်။ အဲဒီနာမည်ကို ယူပြီး သာယာဝတီနယ် သူပုန်များကို နှိမ်နင်းဖို့သွားတဲ့ စစ်သားတွေက ပြည်သူတွေကို နှိပ်စက်ကလူ ပြုချက်တွေကို ဗြိတိသျှအစိုးရထံ အိတ်ဖွင့်ပေးစာတွေကို လိုက်ဖြန့်လိုက်လို့ အစိုးရက အဲဒီစာတွေ လိုက်သိမ်းတယ်။ အဲဒီမှာ ဦးစောဟာ ကျော်ကြားလာပါသတဲ့။

ဦးစောဟာ နိုင်ငံရေးနယ်ပယ်မှာ ယှဉ်ရပြိုင်ရမယ့် ဒေါက်တာဘမော်ကို တွေ့လိုက်တယ်။ ဒေါက်တာဘမော်ဟာ ဆင်းရဲသားဓားမပါတီကို တည်ထောင်

ထားတာ ဆိုတော့ လယ်သမားပေါ် အခြေစိုက်တယ်။ လူများစု အကြိုက်ပါတီမို့ နိုင်ငံရေးနယ်ပါယ်မှာ ထင်ရှားလာနေသူ ဖြစ်တယ်။ သူဟာ ပညာတတ် ဒေါက်တာဘွဲ့ရသူ တစ်ဦး အင်္ဂလိပ်လို အပြောအဆိုမှာ အနော်က်တိုင်းဆန် လှတယ်။

သူနဲ့ ယှဉ်ပြိုင်ရာမှာ အလုပ်နဲ့သာ မပြီး၊ အဟောအပြောကလဲ လိုသေး။ ၇ တန်းပင် မအောင်တဲ့ သူ့ပညာအရည်အချင်းနဲ့ မယှဉ်နိုင်တာကို သူကသိတယ်။ ဒါကြောင့် အင်္ဂလိပ်လို ရေးတတ်ဖတ်တတ်အောင် သင်ယူတယ်။ သဒ္ဒါမှန်ပေမယ့် စာသံပေသံ လေယူလေသိမ်း မှန်မှန်နဲ့ မပြောနိုင်။

ဗိုလ်ချုပ်အောင်ဆန်း အနေနဲ့ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ ခေါင်းဆောင် ကိုအောင်စန်းအဖြစ်တုန်းက တက္ကသိုလ်မှာ ကျောင်းသားများက ဒေါက်တာဘမော်နဲ့ ဦးစောတို့ကို ဖိတ်ကြားပြီး အခြေအတင် ပြောပွဲတစ်ရပ် ကျင်းပခဲ့တယ်။ ကျောင်းသားတွေက ဦးစောရဲ့ အပြေအဆိုကို ပွဲကျခဲ့ပါသတဲ့။

၁၉၃၅ ခုနှစ်မှာ သူရိယသတင်းစာလှယ် အနေနဲ့ ဦးစောဟာ ဂျပန် ကို လှည့်လည်ခဲ့တယ်။

၁၉၃၆ ခု ရွေးကောက်ပွဲမှာ အောက်လွှတ်တော်အမတ်တစ်ဦး ဖြစ် လာတယ်။

၁၉၃၇ ခုနှစ်တွင် ဒေါက်တာဘမော်က ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းလိုက် တဲ့အခါမှာ ဦးစောက လွှတ်တော်မှာ အတိုက်အခံခေါင်းဆောင် ဖြစ်လာတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံမှာ တိုင်းပြည်တွင် အလုပ်သမား လယ်သမား ကျောင်းသားများ ဆူပူလှုပ်ရှားလာတယ်။

အဲဒီမှာ ဦးစောဟာ မျိုးချစ်ပါတီကို ထောင်ပြီး ဂဠုန်တပ်ဖွဲ့ကိုပါ ဖွဲ့စည်းလိုက်ပြန်တယ်။ အခွင့်ကောင်းရတိုင်း ပြည်သူကို စည်းရုံးတယ်။

ဦးစောက အမ်အေဦးမောင်ကြီး ဦးစီးတဲ့ အပျော်ထမ်းရဲတပ်ဖွဲ့ကို လွှဲပြောင်းပေးဖို့ ပြောဖူးတယ်ဆိုတဲ့ အကြောင်း ကျမ်းပြုသူက အမ်အေဦးမောင်ကြီး မဆုံးခင် ဆရာကြီး ဦးရာဇတ်အကြောင်းမေးရာတွင် အထက်ပါအတိုင်း ပြောပြဖူးပါတယ်။ နောက်ဆုံးမရတော့မှ သူ့ဟာသူ ဂဠုန်တပ် ဖွဲ့ခဲ့ပါသတဲ့။

၁၃၀၀ ပြည့်အရေးတော်ပုံနဲ့အတူ ဒေါက်တာဘမော် အစိုးရ ပြုတ်ကျ သွားတယ်။

ဦးပု နန်းရင်းဝန် အဖြစ် တက်လာတယ်။ ဦးစောက လယ်ယာနဲ့ သစ်တောရေးဝန်ကြီး ဖြစ်လာတယ်။ ဆရာရင်းဖြစ်တဲ့ ဦးဘဘောကို ဖြုတ်ချလိုက်တယ်။ မျိုးချစ်ပါတီဝင်တွေကို အစိုးရအဖွဲ့ထဲသွင်းတယ်။

အစိုးရအဖွဲ့ကို အယုံအကြည်မရှိ အဆိုတစ်ဘက်လှည့် တင်သွင်းခိုင်းပြီး အစိုးရအဖွဲ့မှ ထွက်တယ်။ နာရီဝက်အတွင်းမှာပဲ အစိုးရကို အယုံအကြည်မရှိ အဆိုကို ထောက်ခံတယ်။ အဲဒီမယ် ဦးပုအစိုးရ ပြုတ်ကျသွားတယ်။ ဦးစောက နန်းရင်းဝန် တက်လုပ်တယ်။

အဲဒီမယ် ဦးစောဟာ ပြိုင်ဘက်နိုင်ငံရေးသမားများကို ဖမ်းဆီးတဲ့အခါ ဆရာရင်းဖြစ်တဲ့ ဦးဘဘောကိုပါ မချန်ဘဲ ဖမ်းဆီးတယ်။

ဦးစောက သခင်တွေနဲ့ အတိုက်အခံတွေကို ဖမ်းလိုဖမ်း၊ နှိမ်လိုနှိမ် အချို့အပြင်မှာရှိတဲ့ အတိုက်အခံလုပ်မှုတွေကို သူ့ဂဠုန်တပ်သားတွေ လွှတ်၊ ဝါရင်းတုတ်နဲ့ နှိမ်နင်းခိုင်းလိုခိုင်း၊ အဲဒီနည်းနဲ့ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးကို လုပ်ခဲ့ပါသတဲ့။

> "၁၉၄၀ မေလ ၄ ရက်နေ့ ရတနာပုံမန္တလေး ရွှေမြို့တော်မှာ ကျင်းပတဲ့ ပထမအကြိမ်မြောက် မြန်မာပြည်လုံးဆိုင်ရာ ဗမာမွတ်စလင် အမျိုးသားများရဲ့ မျက်နှာစုံညီ အစည်းအဝေးကို နန်းရင်းဝန် ဦးစောက ဆောင်ရွက်စရာ ကိစ္စများ ရှိတဲ့အတွက် လူကြီးမင်းတို့၏ အစည်းအဝေးကြီးသို့ ကိုယ်တိုင်လာရောက်ပြောကြားလိုသော ဆန္ဒရှိသော်ငြားလည်း မလာရောက်နိုင်သောကြောင့် ကျွန်တော်၏ မိတ်ဆွေဖြစ်သော ပညာရေးဝန်ကြီးချုပ် ဦးဘရင်၏ လက်သို့ အစည်းအဝေး၌ ဖတ်ပြရန် ဤစာကို ပေးလိုက်ပါကြောင်း"

ပုံ မောင်စော

မြန်မာနိုင်ငံတော် နန်းရင်းဝန်

လို့ဆိုပြီး လက်မှတ်ထိုးစာ ပို့ခဲ့ပါတယ်။ ယင်းစာကို ပညာရေးဝန်ကြီးချုပ် ဦးဘရင်က သူကိုယ်တိုင် ဖတ်ကြားပြပါတယ်။

အဲဒီအချိန်က ဦးစောက နန်းရင်းဝန်ဖြစ်နေတဲ့အတွက် နန်းရင်းဝန် အော်နာရေဘီ–ဦးစောလို့ ခေါ်ကြပါတယ်။

အဲဒီစာထဲမှာ ဗမာမွတ်စလင်များကို မြန်မာပြည်သားများလို့ အသိအမှတ်ပြုထားကြောင်း ဖော်ပြထားပါတယ်။

ဆက်လက်ပြီး ၂၇-၇-၄၁ နေ့စွဲထုတ် မြန်မာ့အလင်း သတင်းစာတွင် သန်းခေါင်စာရင်း၌ မြန်မာမွတ်စလင်ဟု အစိုးရက အသိအမှတ်ပြု၍ အတည်ပြုကြောင်း ကြေညာလိုက်တယ်။

ဂဠုန်စောလို့ လက်မှတ်ထိုးပြီး ဖော်ပြထားပါတယ်။

မီနာမီအဖွဲ့ကို ခေါင်းဆောင်မယ့် ကာနယ်ဆူဇူကီး ရန်ကုန်ကို စုံစမ်းထောက်လှမ်းရန် ရောက်လာတယ်။ သတင်းစာဆရာအဖြစ် လာခြင်းပါ။ ဦးစောက ကာနယ်ဆူဇူကီးကို ခေါ်တွေ့ပါတယ်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် ဂျပန်ပြည်မှ လက်နက်ပစ္စည်း ငွေအလုံးအရင်းလိုမယ်၊ စစ်ကူရနိုင်မလားလို့ မေးတယ်။ ဒါ သူနဲ့မဆိုင်ဘူး ဂျပန်ကောင်စစ်ဝန်နဲ့ ဆက်သွယ်ပါလို့ ဆိုပြီး ခွာသွားတယ်။

ဦးစောဟာ ရှေး မြန်မာမင်းတွေလို လယ်ထွန်မင်္ဂလာလဲ လုပ်ပြရင်း ပြည်သူတွေ သူခေါင်းဆောင်မှုနောက်လိုက်အောင် လုပ်လိုက်သေးတယ်။ ပြည်သူတွေကတော့ စိတ်မဝင်စား။

အဲဒီနောက် ၁၉၄၁ ခု စက်တင်ဘာလထဲမှာ ဦးစောဟာ လွတ်လပ်ရေးအတွက် အရေးဆိုဖို့ လန်ဒန်ကို သွားသေးတယ်။ ဘာအာမခံချက်မှ မရဘဲ ပြန်ခဲ့ရတယ်။

ဦးစောဟာ အပြန်မှာ လစ်စဘွန်းမြို့ ဂျပန်သံရုံးနဲ့ သွားအဆက်အသွယ်လုပ်တဲ့အတွက် ဟိုင်ဖားမြို့မှာ အဖမ်းခံရတယ်။ အဲဒီကနေ အာဖရိကတိုက် ယူဂန်ဒါပြည်မှာ အကျယ်ချုပ်နဲ့ ထားလိုက်တယ်။

ဦးစောဟာ ယူဂန်ဒါပြည်မှာ အကျယ်ချုပ်အဖြစ် နေရစဉ် ယူဂန်ဒါသူနဲ့ အိမ်ထောင်ပြုခဲ့ပါသတဲ့။ သားယောကျာ်းကလေး တစ်ယောက် ထွန်းကားခဲ့ပါတယ်။ မြန်မာပြည် ဘုရင်ခံက ပြန်ခေါ်တော့ အဲဒီသားအမိကို ထားခဲ့ပါသတဲ့။ ဒါတွေက ဦးစောရဲ့ သမိုင်းအကျဉ်းချုပ်မျှ ဖြစ်ပါတယ်။

၁၉၄၇ ခု ဧပြီလမှာ ကျင်းပတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲမှာ ဦးစောနဲ့ သူ့မျိုးချစ်ပါတီဝင်တွေက ဝင်ရောက်အရွေးမခံကြပါဘူး။ လက်နက်နဲ့ အာဏာသိမ်းဖို့ သူဆုံးဖြတ်ထားဟန် တူတဲ့အတွက် အဲဒီလို ရွေးကောက်ပွဲ မဝင်ခဲ့ဘူး လို့လဲ ထင်မြင်ယူဆကြပါတယ်။

**ဘုရင်သတ် ဘုရင်ဖြစ်တဲ့ စီမံကိန်း**

ဗိုလ်ချုပ်အောင်ဆန်းဟာ ဦးစောရဲ့ ပစ်မှတ်တစ်ခုအဖြစ် ဖြစ်လာပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရှိနေသမျှ သူဟာ နန်းရင်းဝန် ဖြစ်ဖို့ မလွယ်ဘူး။ အဲဒီတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖ–ဆ–ပ–လ ခေါင်းဆောင်များကို သုတ်သင်ပစ်မှ ဖြစ်မယ်ဆိုတဲ့ ခံယူချက် ရှိလာတယ်။ သူဟာ အကြံလဲ ပက်စက်၊ ဇက်ရဲလက်ရဲလဲ ရှိတယ်။ လုပ်ရဲကိုင်ရဲတယ်။ အကြံကြီးတယ်၊ ဖွဲ့ကောင်းတယ်၊ ပရိယာယ်ကြွယ်တယ်။

ဒါကြောင့်

သူ့အပေါ် သစ္စာခံမယ့် ခိုင်းစေတာကို နာခံဆောင်ရွက်ပေးနိုင်မယ့် လူငယ်လူရွယ်တွေကို တစ်ဘက်က စည်းရုံးပြီး လူစုပါတယ်။ အဲဒီလူစုရာမှာ သူ့ဘက်က ရပ်တည်မယ့်လူတွေကို အယုံသွင်းတယ်။ သစ္စာရေတိုက်တယ် ဆိုတဲ့ အလုပ်တွေကို တစ်ဘက်ကလုပ်ပြီး တစ်ဘက်ကလဲ လက်နက်ရဖို့ ကိစ္စတွေကို အလောတကြီး လုံးပမ်းပါတယ်။

သူဟာ သူ့သားချင်းများနဲ့ သာယာဝတီနယ်က လူငယ်တွေကို လက်သပ်မွေးတယ်။ သူစည်းရုံးလို့ရတဲ့ လူငယ်တချို့ နာမည်တွေကို ဖော်ပြပါမယ်။ အဲဒီလူငယ်တွေက မောင်နီ၊ ခင်မောင်ရင်၊ ရန်ကြီးအောင်၊ သုခ၊ ဘညွန့်၊ သက်နှင်း၊ စိန်ကြီး၊ မောင်စိုး၊ မှုန်ကြီး စသည်တို့ ဖြစ်ပါတယ်။

သူ့ဆီရောက်တဲ့ တပည့်တွေကို သူက သူ့အိမ်ဘုရားခန်းမှာ သစ္စာဆိုစေပါတယ်။ “ဂဠုန်တပ် စစ်သူကြီး ဦးစော၊ နောက် ဂဠုန်တပ်သားများ အပေါ်မှာ သစ္စာတည်ပါမယ်၊ တိုင်းပြည်အတွက် အသက်စွန့်ပါမယ်”လို့ သစ္စာဆိုစေပါတယ်။ သစ္စာဆိုပြီးတဲ့ စာရွက်အပေါ်မှာ “တိုင်းပြည်အပေါ် သစ္စာဖောက်မိလို့ ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်ပါပြီ”လို့ ရေးသားပြီး လက်မှတ်ထိုးစေပါတယ်။ ဒီစာရွက်ပေါ်မှာ နေ့စွဲတပ်မထားပါ။ လက်မှတ်ထိုးပြီးတဲ့ စာရွက်တွေကို ဦးစောကပဲ သိမ်းယူထားပါတယ်။ အဲဒီလို တပည့်တွေ မွေးထားပြီး တတ်နိုင်သလောက်လဲ ငွေရေးကြေးရေးအရ ထောက်ပံ့ကျွေးမွေးထား ပါသတဲ့။

သူ့အိမ်မှာလဲ နိုင်ငံခြားသား အင်္ဂလိပ်၊ အမေရိကန်စတဲ့ မျက်နှာဖြူ ကုန်သည်ကြီးတွေဟာလဲ ဝင်ထွက်သွားနေပါတယ်၊ လွတ်လပ်ရေးနီးကပ်လာလေ ဒီမျက်နှာဖြူများနဲ့ ခြေရှုပ်မှုတွေ များလာလေပဲ။

သူ့အိမ်ကို ဝင်ထွက်နေတဲ့ အထဲက မေဂျာယမ်း ဆိုသူနဲ့ ဦးစောဟာ ရင်းနှီးမှုရှိတယ်။ အဲဒီကနေ ဦးစောဟာ သူ့ကိုယ်သူ ကာကွယ်ဖို့အတွက်၊ ဘရင်းသေနတ်တစ်လက် ရယူလိုတဲ့အကြောင်း မေဂျာယမ်းဆီမှာ နားပူနားဆာ လုပ်တယ်။ အဲဒီအချိန်မှာ မေဂျာယမ်းကလဲ အေ-ဒီလမ်းထဲကို မကြာခင်က ပြောင်းလာတဲ့ ကပ္ပတိန် ဗီဗြင်နဲ့ ဆက်သွယ်မှု ယူပြီး ဦးစောအလိုရှိတဲ့ လက်နက်တွေကို ရအောင် ကြိုးစားခဲ့တယ်။ နောက်ဆုံး မေဂျာယမ်းက ဆက်သွယ်ပေးတဲ့အတွက် ဦးစောနဲ့ ကပ္ပတိန် ဗီဗြင်တို့ဟာ အပေးအယူလုပ်ပြီး လက်နက်တွေကို ထုတ်ဖို့ ကြိုးစားတယ်။

၁၉၄၇ ခု မေလမှာ ဦးစောဟာ ဗီဗြင်နဲ့ လက်နက်ကိစ္စကိုတော့တော့ဆိုင်ဆိုင် စကားပြောတယ်။ ဇွန်လမှာ ပြင်ဆင်မှုများ ပြုလုပ်တယ်။ လက်နက်ကိစ္စ စကားပြောတဲ့အခါ ကပ္ပတိန် ဗီဗြင်က ဘရင်းအလက် (၂၀၀) ထုတ်ဖို့ ပြောတဲ့အခါမှာ ဦးစောက လက်နက် (၂၀၀)များလွန်းတဲ့အကြောင်း ပြောပြတယ်။ သူက လက်နက် (၂၀၀) စလုံး ထုတ်ယူမှ ဖြစ်မယ်၊ ကိုယ်ကြိုက်သလောက် ယူထားပြီး ကျန်တဲ့ လက်နက်တွေကို ဖျောက်ဖျက်ပစ်ပါလို့ အတန်တန် ပြောမှ ဦးစောကလဲ သဘောကျခဲ့တယ်လို့ သိရတယ်။

၁၉၄၇ ခု ဇွန်လ (၂၂) ရက်နေ့ မနက်ပိုင်းမှာ ဦးစောဟာ သူကိုယ်တိုင် ဂျစ်ကားမောင်းပြီး ဘညွန့်၊ သက်နှင်းတို့နဲ့အတူ ဗိုလ်တထောင် အမှတ် (၂၂၆) လက်နက်တိုက်ကို သွားပါတယ်၊ လက်နက်တိုက်ရဲ့ အနေအထား လက်နက်ထုတ်ယူပုံများကို လေ့လာပြသခဲ့တယ်။ ဇွန်လ (၂၃) ရက်နေ့ညနေပိုင်း မှာ ဗီဗြင်ဟာ လက်နက်ထုတ်ဖို့အတွက် တံဆိပ်နှိပ်ပြီး ပုံစံများကို ဦးစောရဲ့ အိမ်သို့ ယူလာတယ်။ ဦးစောက ဘညွန့်ကို ပုံစံများ ဖြည့်စေတယ်။ ပြီးတော့ ပုလိပ်အင်စပတ်တော် ဘစိန်ဟု လက်မှတ်ထိုးစေတယ်။ ဗီဗြင်က အေ-ဘီဒေးဗစ်လို့ လက်မှတ်ထိုးတယ်။

နောက်နေ့မှာ ဘညွန့်က ပုလိပ်အင်စပတ်တော် ယူနီဖောင်းနဲ့ ပခုံး တစ်ဘက်တစ်ချက်မှာ ကြယ်ပွင့် နှစ်ပွင့်စီ တပ်ဆင်ထားတယ်။ မောင်စိန်က အရစ်သုံးရစ်နဲ့ ပုလိပ်ဆာဂျင်လို ဝတ်ထားတယ်။ သူတို့ဟာ ဦးစော လူများနဲ့

(၃) တန် ထရပ်ကားကို နံပါတ် ၁၀၁၅ တပ်ပြီး လက်နက်တိုက်ကို မောင်းသွားတယ်။ အခက်အခဲ မရှိဘဲ လွယ်လွယ်ကူကူနဲ့ ဘရင်း သေနတ်အလက် (၂၀၀) ပြောင်းပို (၂၀၀) ကျည်ကပ် (၈၀၀)ကို ထုတ်ယူလိုက်ကြတယ်။ ထုတ်ယူပြီး ဦးစောနေအိမ်ကို ပြန်ခဲ့တယ်။ အိမ်ကို ရောက်တဲ့အခါမှာ လက်နက်များကို ထရပ်ကားပေါ်ဒ္ဓပင် ထားကာ ကားကို ဝင်းထဲမှာ ထိုးဆိုက်ထားတယ်။

ဇွန်လ (၂၅) (၂၆) ရက်နေ့များမှာ ဘရင်း သေနတ် အချို့ကို သံစည် များထဲ ထည့်သွင်းပြီး ရေလုံပိတ်ကာ ဦးစောရဲ့ နေအိမ် အနီး အင်းလျားကန် ထဲမှာ မြှုပ်နှံထားကြတယ်။ တချို့ လက်နက်တွေကို သေတ္တာများထဲ ထည့်ကာ လော်ရီကားများနဲ့ ဦးစောရဲ့ တပည့်များက သယ်ဆောင်ကာ နယ်မှ အဆက်အသွယ်များထံကို ဖြန့်ဝေလိုက်တယ်။

နောက်ထပ် ရိုင်ဖယ်သေနတ်တွေ ထုတ်ယူပြီး ဖျောက်ဖျက်ဖို့ ဗိုလ်ဗြင်က ဦးစောကို အဖော်စပ်တယ်၊ ဦးစောက သဘောမတူဘူးတဲ့၊ ဒါကြောင့် ဇူလိုင်လ (၁၀) ရက် (၁၁) ရက်နေ့ လောက်မှာ ရိုင်ဖယ်ကျည်ဆန် တစ်သိန်း၊ စတင်းကျည်ဆန် နှစ်သောင်း၊ ငါးထောင် ခြောက်ရာနဲ့ လက်ပစ်ဗုံး (၂၀၀) တို့ကို အရင်နည်းအတိုင်း သွားရောက်ထုတ်ယူခဲ့တယ်။

ဦးစောက ကတိအတိုင်း ခဲယမ်းမီးကျောက်တွေကို သူ့အတွက် လိုသလောက်ထားပြီး ဖျောက်ဖျက်ပစ်လိုက်တယ်။ စက်သေနတ်အလက် (၂၀၀) ယူခဲ့တဲ့ နေ့ကဆိုရင် ဦးစောဟာ လက်နက်တွေ ရလာတော့ အထူး ဝမ်းသာသွားတယ် ဂငျြနကွ ဆိုပြီး လက်သီးဆုပ်ပြီး ကြွေးကြော်လိုက်သေးတယ်။ တပည့်များဟာလဲ ဒီလောက်များတဲ့ လက်နက်တွေ တစ်ခါမှ မတွေ့ဖူးတော့ ပိုပြီး ဝမ်းသာအားရ ဖြစ်ကြတယ်။

ဦးစောကလဲ တစ်စတစ်စမာန်တက်လာတယ် ဘက်သန်လာတယ်။ တပည့်များကို သစ္စာရေတိုက်တယ်။ သစ္စာဖောက်သူကို သုတ်သင်ပစ်မယ်၊ ပြီးရင် ကိုယ့်ဟာကိုယ် သတ်သေသူဖြစ်အောင် စီမံမယ်။ လောကကြီးကို စိတ်ပျက်၍ သတ်သေကြောင်းစာတိုတစ်စောင်စီ ရေးသားစေ၍ စာများကို သူက သိမ်းဆည်းထားတယ်။ သူ့နောက်ကို စိတ်ပါလက်ပါ လိုက်သူများ၊ စိတ်မပါတပါ ရှိသူများ အားလုံးကို သူပိုင်တယ်။

လက်နက်များရပြီးတဲ့နောက်ပိုင်းမှာ ဦးစောရဲ့အိမ်ကို နေ့နေ့ညည ကားကြီးကားငယ်များ၊ အင်္ဂလိပ်များ မြန်မာများ ဝင်ထွက်သွားလာကြပါတယ်၊ ဂိတ်တံခါးဝမှာ အံ့စောင့်များ ရှိပါတယ်။ ပထမတော့ တော်ရုံတန်ရုံသာ စောင့်ပြီး နောက်တော့ ရိုင်ဖယ်နဲ့ စောင့်ပါတယ်။

အိမ်ဝင်းအတွင်း၌လဲ သေနတ်ပစ် လေ့ကျင့်ရေး တိုက်ခိုက်ရေးလေ့ကျင့်ကြ ဒီလို လုပ်နေတဲ့ဥစ္စာကို အစိုးရလုံခြုံရေးအဖွဲ့တွေက မသိများ မသိလေရော့သလား လို့ ထင်စရာပဲ။ ဝင်းကြီးထဲမှာ သွားပြီး သေနတ်ပစ် လေ့ကျင့်သူက လေ့ကျင့်ကြတယ်။ ဦးစောကိုယ်တိုင်ကလဲ တော်မီ(သို့)စတင်းတို့ကို ထုတ်လာကာ ကန်းဘေးတွင် စိုက်ထားတဲ့ သရက်ပင်များ အရင်းတွင် ထားရှိတဲ့ သံပြားသံပုံး စသည်တို့ကို ပစ်မှတ်အဖြစ် ထားပြီး လက်တည့်စမ်း လေ့ရှိတယ်။ ခြံကြီးအတွင်း ဘာလုပ်နေတယ်ဆိုတာကို အပြင်ကကြည့်ရန် ခလွယ်ကူဘူး။ အကြောင်းသိ တစ်စုံတစ်ယောက်က ဘေးကနေ ကြည့်မယ် ဆိုရင်တော့ သေချာကြည့်နိုင် မြင်နိုင်ပါတယ်။

အေ–ဘီဒေးဗစ်က ဇူလိုင်လ (၁၄) ရက်နေ့မှာ သူ့နာမည်နဲ့ လက်နက် များ ထုတ်ယူသွားတဲ့အကြောင်း သိရတယ်။ အဲဒီတော့မှ အဲဒီနေ့မှာ ဗိုလ် တထောင်ပုလိပ် ဌာနကို တိုင်ချက်အမှတ် ၅၈၂/၄၇ ကို ဖွင့်တယ်။ အမှုကို လိုက်လံစုံစမ်းနေကြတယ်။

[၁] ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဆရာကြီးတို့ဟာ မသမာသူများက အခုလို လုပ်ကြံလိမ့်မယ်ဆိုတာကိုတော့ သိသင့်သလောက် သိပါတယ်။ ဇူလိုင်လ (၁၈) ရက်နေ့ည (၉) နာရီမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကိုယ်ရံတော်တပ်မှူး ဗိုလ်ကြီးထွန်းရွှေ (အခု ဗိုလ်မှူးကြီး ဟောင်း ထွန်းရွှေ) ဗိုလ်ချုပ်ကားနဲ့ ရောက်လာတယ်၊ ကျွန်တော်က ဗိုလ်ချုပ်ကားမှန်း သိလို့ အနီးအနားရှိ ကွမ်းယာဆိုင်ကနေ ပြေးကြည့်လိုက်တော့ ဗိုလ်ကြီးထွန်းရွှေမှန်း သိလိုက်တယ်။

ဗိုလ်ကြီးထွန်းရွှေက ကိုဘထူး

"ဆရာကြီး အိပ်ပြီလား" လို့ လှမ်းမေးတယ်။

"အိပ်ပြီထင်ပါတယ် ဗိုလ်ကြီး"

---

၁ ဆရာကြီး ဦးရာဇတ်ရဲ့ ဇနီး ဒေါ်ခင်ခင်ရဲ့ တူတော်တဲ့ ဦးဘထူးကလည်း ကျမ်းပြုကို ဗိုလ်ချုပ်တို့ကို လုပ်ကြံခံရမယ်ဆိုတဲ့ သတင်းနဲ့ ပတ်သက်ပြီး ၁၉၇၅ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့က ပြောပြစကားများမှ။

ဆရာကြီး အိပ်နေရင်လဲ နေပါစေတော့ ကျွန်တော်ပြန်တော့မယ်၊ ဗိုလ်ချုပ်က လွှတ်လိုက်လို့”

ကိစ္စမရှိပါဘူး မဟုတ်လဲ နိုးရမှာပဲ လာသာလာပါ”

ဆိုပြီး ကျွန်တော်က အောက်ထပ်တံခါးကို သွားခေါက်လိုက်ပါတယ်၊ ကျွန်တော်ထင်တာက အိမ်ဖော်ကောင်မလေးတွေက တံခါးကို လာဖွင့်ပေးမလား အောက်မေ့တာ၊ တံခါးဖွင့်လာတာကြည့်လိုက်တော့ ဆရာကြီး ဖြစ်နေတယ်။ ကျွန်တော်က “ဆရာကြီး ဗိုလ်ချုပ်ဆီက ဗိုလ်ကြီး ထွန်းရွှေလာနေတယ်၊ ညှော့ခန်းခေါ်လာရမလား”

“ကိစ္စမရှိဘူး အပေါ်ထပ်သာခေါ်ခဲ့၊ မင်းတံခါးကပဲစောင့်နေ၊ သူပြန်မှ ဖွင့်ပေး”

ကျွန်တော်က အပေါ်ထပ်ကို ကြွဖို့ ဗိုလ်ကြီးထွန်းရွှေအား ညွှန်လိုက်ပါတယ်။ ဆရာကြီးနဲ့ ဗိုလ်ကြီးထွန်းရွှေတို့အပေါ်ထပ်မှာ စကားပြောဆိုနေကြပါတယ်။ ပြန်ဆင်းလာကြတော့ ဗိုလ်ကြီးထွန်းရွှေလဲ ဆရာကြီးကို နှုတ်ဆက်ပြီး ကားနဲ့ ပြန်ထွက်သွားပါတော့တယ်။ ဆရာကြီးက ကျွန်တော့်ကို လှမ်းပြီး–

“ဒရိုင်ဘာမောင်ဝင်းနဲ့ မင်းအပေါ်တက်ခဲ့ဦး ပြောစရာရှိတယ်လို့” လှမ်းပြောလိုက်တယ်။

ဒရိုင်ဘာမောင်ဝင်းနဲ့ ကျွန်တော်အပေါ်ကို တက်လိုက်သွားတယ်။ ဆရာကြီးက–

“တို့အစိုးရအဖွဲ့ကို လိုသူလဲရှိတယ်၊ မလိုသူလဲ ရှိတယ်၊ တို့မှာ ရန်သူ မရှိဘူးရယ်လို့လဲ မပြောနိုင်ဘူး၊ ဗိုလ်တထောင် စီ–အိုင်–ဒီက လက်နက် (၂၀၀) ပျောက်တယ်ဆိုတာကလဲ (၂၀၀) မကဘူး၊ ဒီတော့ သတိဝီရိယနဲ့ အိပ်” အခြေအနေကို ရှင်းပြပါတယ်။ ကျွန်တော်က နည်းနည်းအပြစ်တင်သလို ကွန့်လိုက်သေးတယ်။ “ဆရာကြီးကို ပြောသားပဲ စတင်းဂန်းနဲ့ ခြောက်လုံးပြူး ထားပါဆိုတာ၊ အရေးဆိုရင် ကျွန်တော်တို့မှာ ဝါးခြမ်းပြားတောင် ကောင်းကောင်း မရှိဘူး”

“မင်းကလဲ လိုရမည်ရပြောတာကွ၊ မင်းက မင်းခြောက်လုံးပြူး ခါးထိုးဖို့ပဲ လိုချင်နေတယ်၊ သွားအိပ်မှာသာ အိပ်တော့”

လို့ ဆရာကြီးက ဟောက်သံကလေးနဲ့ ပြောလိုက်တော့ ကျွန်တော်တို့ အိပ်ရာဝင်ကြပါတယ်။ အဲဒီညမှာပဲ ဆရာကြီးက ဆရာကတော် ဒေါ်ခင်ခင်ကို ပြောတာကို ဒေါ်ခင်ခင်ပြောပြလို့ သိရတာ တစ်ဆင့်ပြန် ပြောရမယ်ဆိုရင် ဆရာကြီးက–

"ခင်ခင်ဝတ်ထားတဲ့ လက်ကောက်တွေဟာ အမြဲမဟုတ်ဘူး၊ သင်္ခါရတွေမို့ ချွတ်ချင်ချွတ်ထားရမယ်၊ လူရဲ့အသက်ဟာလဲ သင်္ခါရ တရားကို မလွန်ဆန်နိုင်ဘူး"

"ဘာကိုဆိုလိုတာလဲ"

အဲဒီလို နားမရှင်းလို့ မေးလိုက်ပါတယ်။ ဒီတော့ ဆရာကြီးက–

"ဩော် သင်္ခါရတရားကို ပြောတာပါ၊ ကဲ အိပ်တော့"ဆိုပြီး ပြောခဲ့ပါသတဲ့။

ဒါတွေကို ကြည့်လို့ရှိရင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဆရာကြီးတို့မှာ အန္တရာယ်တွေ ပတ်ချာဝိုင်းနေတယ်ဆိုတာကိုတော့ သူတို့ ရိပ်စားမိကြပါတယ်။ ဒါပေမယ့် ဒီအန္တရာယ်တွေကို ကြိုတင်ကာကွယ်မှု ဘာတစ်ခုမှ မလုပ်လိုက်နိုင်ပါဘူး။ ဒါဟာ လုပ်ကြံသူတို့အတွက် အခွင့်ကောင်းကို ဖွင့်ပေးထားသလို ဖြစ်နေပါတယ်။

ဗိုလ်တထောင် စီ–အိုင်–ဒီက လက်နက်မျိုးစုံ ပျောက်ဆုံးသွားတယ်ဆိုတဲ့ သတင်းများ ထွက်ပေါ်လာတဲ့ ကာလ ဇူလိုင် ၁၈ ရက် ည ၉ နာရီမှာ ဆရာကြီး ဦးရာဇတ်နဲ့ ဇနီးတို့ အိပ်ရာဝင်မယ့်အလုပ် လက်နက်ပျောက်ဆုံးသွားတဲ့ သတင်းများ ဖတ်ပြီးတဲ့နောက် ဒေါ်ခင်ခင်က ဆရာကြီး ဦးရာဇတ်ကို–

"ကျွန်မ ရှင်တို့တစ်တွေအတွက် စိုးရိမ်တယ်"

အဲဒီလို ဒေါ်ခင်ခင်က စိုးရိမ်စိတ်နဲ့ ဆရာကြီးကို ပြောပြပါတယ်။ ဒီတော့ ဆရာကြီးက ဒေါ်ခင်ခင်ရဲ့ ဘယ်ဘက်က ရွှေစတီးလက်ကောက်ကို ကိုင်ပြီး–

"ကိုယ်တို့ နိုင်ငံရေးသမားတွေဆိုတာက အခု ခင်ဝတ်ထားတဲ့ လက်ကောက်လိုပဲ၊ ဒီလက်ကောက်ဟာ ကိုယ့်လက်ကောက်လို့မဆိုနိုင်ဘူး မဟုတ်လား။ ကိုယ်တို့ကလဲ ကိုယ့်အသက်ကို တိုင်းပြည်ကို အပ်ထားတယ်။ တိုင်းပြည်အတွက်နဲ့ ပတ်သက်ပြီး တားလဲမတားနဲ့၊ စလုပ်ကတည်းက တိုင်းပြည်အတွက် ကိုယ့်အသက်ကို အပ်နှံထားပြီး

လုပ်တာပဲ။ သတင်းစာထဲမှာ ပါတာက လက်နက် (၂၀၀) လောက်ဆို ပေမယ့် အဲဒီထက် ဘယ်လောက် များနေမယ်မသိဘူး"

အဲဒီလို ဆရာကြီးက ဒေါ်ခင်ခင်ကို ပြောရှာခဲ့ပါသတဲ့။

ဇူလိုင်လ (၁၉) ရက်နေ့မနက်ကျတော့ ဆရာကြီး ဦးရာဇတ်က ဒေါ်ခင်ခင်ကို–

"ဒီနေ့ စောစောရုံးကိုသွားရလိမ့်မယ်၊ အရေးကြီးတဲ့ ကိစ္စရှိတယ်"

"ကျွန်မလဲ လိုက်ခဲ့ဦးမယ်၊ [၁] ရှင်တို့ဝန်ကြီးတွေအတွက် ခေါင်းရွက်ဗျပ်ထိုးသည်များကပါ မကျန် စိုးရိမ်ကြောင့်ကြနေကြတယ်။ ကိုယ်တိုင်လဲ ပူပန်မိတယ်။ ဒါကြောင့် ကျွန်မလိုက်ခဲ့ပါရစေ"

"မလိုက်ခဲ့နဲ့ သိပ်အရေးကြီးတဲ့ ကက်ဘိနက်မိတင် ရှိတယ်၊ ကိုယ်တို့ ဖို့ မပူနဲ့၊ ဘာမှမဖြစ်နိုင်ဘူး၊ စိတ်အေးအေးသာ နေပါ"

"ရှင်တို့ ရုံးကို ပုလိပ်များ အစောင့်များ ချထားရင် ကောင်းမယ်လို့ ကျွန်မထင်တယ်"

"တချို့ပုလိပ်တွေကလဲ စိတ်ချရတာမဟုတ်ဘူး"

ပြောရင်း အဝတ်အစားလဲလိုက်ပါတယ်။ အဲဒီမှာ ကားဒရိုင်ဘာ မောင်ဝင်းက ဒေါ်ခင်ခင်ဆီ လာပြီး–

"မမ ဆရာကြီးမေးရင် ဘီးပေါက်လို့သွားဖာတယ်လို့ ပြောပေးပါ၊ မကြာရပါဘူး၊ မြန်မြန်ပြန်ခဲ့ပါမယ်"

လို့ ပြောပြီး ထွက်သွားပါတယ်။

## သွေးအိုင်ထွန်းမည့် ဝန်ကြီးများ အစည်းအဝေး

ဗိုလ်တထောင် လက်နက်တိုက်က လက်နက်အလက် (၂၀၀) ကျော်နဲ့ ကျည်ဆန်များ ပျောက်သွားတယ်ဆိုခြင်းဟာ ရန်ကုန်တစ်မြို့လုံးတင် မကဘူး မြန်မာပြည် တစ်ပြည်လုံးမှာ အုတ်အော်သောင်းတင်း ဖြစ်သွားတယ်။ ဒါကြောင့် ပုလိပ်အဖွဲ့ကလဲ ဒီလက်နက်တွေ ကိစ္စကို အပြင်းအတန် လိုက်လံစုံစမ်းကြပါတယ်။

---

၁။ ဆရာကြီး ဦးရာဇတ် စာအုပ်ကို ရေးသားပြုစုရန်အတွက် အချက်အလက်များ စုဆောင်းဖို့ (၂–၆–၆၉) နေ့ ဆရာကြီးကတော် ဒေါ်ခင်ခင်နေတဲ့ ခြံအမှတ် (၂၁) ဘဒ်လမ်း၊ ဒဂုံမြို့နယ်သို့ သွားရောက်မေးမြန်းခဲ့ပါတယ်၊ အဲဒီမှာ ဒေါ်ခင်ခင်က ကျမ်းပြုသူအား ပြောကြားချက်မှ။

ဦးစောဟာ ၁၉၄၇ ခု ဇူလိုင် ၁၉ ရက်နေ့ နံနက်မှာ ဝန်ကြီးများ အစည်းအဝေး ပြုလုပ်မယ့်အကြောင်းကို ကြိုတင်ပြီး သတင်းရယူရထားတယ်။

ဇူလိုင်လ ၁၉ ရက်နေ့ နံနက်မှာ ဝန်ကြီးများ အစည်းအဝေးရှိတယ်။ အဲဒီအစည်းအဝေးမှာ လက်နက်များ ခိုးထုတ်တဲ့ ကိစ္စကို ဆွေးနွေးဖို့ ရှိတယ်။ အတွင်းဝန်များရုံးမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုံးခန်းနဲ့ ဆက်နေတဲ့ အစည်းအဝေး ဆောင်မှာ ဝန်ကြီးများ စုဝေးကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာဝတ်စုံ ဝတ်ပြီး သူ့ရဲ့ ကန်တော်ကြီး နေအိမ်မှ မနက် ၁၀ နာရီခန့်တွင် ထွက်ခွာလာခဲ့တယ်။ သူရုံးကိုရောက်ပြီး အစည်းအဝေး စတင်တယ်။ ဗိုလ်ချုပ်အောင်ဆန်းက ထိပ်စားပွဲတွင် ထိုင်တယ်၊ လက်ဝဲလက်ယာ စားပွဲများမှာ ဝန်ကြီးများ ထိုင်ကြတယ်။ အတွင်းဝန် ဦးရွှေဘော်က ဗိုလ်ချုပ်အောင်ဆန်း အနားတွင် ထိုင်တယ်၊ အတွင်းဝန် ဦးအုန်းမောင်က သူ့ဌာနဆိုင်ရာ ကိစ္စရပ်ကို ရှင်းလင်းတင်ပြဖို့ လာတယ်။

၁၉၄၇ ခု ဇူလိုင် (၁၉) ရက်နေ့ မနက် ၈ နာရီလောက်မှာ ဦးစောအိမ်ကြီးကနေ ခင်မောင်ရင်၊ ဘညွန့်၊ မှုံကြီး၊ မောင်နီတို့ ထရပ်ကားနဲ့ ထွက်လာကြ ပါတယ်။ အဲဒီလို အိမ်ကအထွက်မှာ ဦးစောက တစ်ယောက်စီ တစ်ယောက်စီကို တီးတိုးတီးတိုး မှာကြားပါတယ်။ အဲဒီလို မှာကြားတာကို တစ်ယောက်တစ်ယောက် မသိကြပါဘူး။ ဘညွန့်ကို ဦးစောက ဝန်ကြီးများ အစည်းအဝေးလုပ်ဖို့ သေချာရင် စကားဝှက်နဲ့ 'X' 'ပစ်စတင်ရင်းရပြီ' လို့ ဦးစောဆီကို တယ်လီဖုန်းဆက်ဖို့ မှာလိုက်တယ်။ နောက်ပြီး အတွင်းဝန်ရုံးက သခင်နုရှိတဲ့နေရာမှာသွားပြီး သခင်နုကို သေနတ်နဲ့ ပစ်သတ်ဖို့မှာကြားတယ်။

သူတို့ လေးယောက် ထွက်လာတော့ မနက် (၉) နာရီရှိနေပါပြီ။ ဒါလဟိုစီလမ်းနဲ့ ၄၁ လမ်းထောင့် ရောက်တော့ အတွင်းဝန်ရုံးကို မျက်နှာမူပြီး ကားရပ်ကယ်၊ ခင်မောင်ရင်နဲ့ မှုံကြီးက အရင်ဆင်းပြီး ဒါလဟိုစီလမ်းကို ဖြတ်ပြီး စပတ်လမ်းထဲကို ဝင်သွားတယ်၊ ဘညွန့်ကတော့ နောက်ကလိုက် သွားတယ်၊ မောင်နီက ကားစောင့်အဖြစ် နေရစ်ခဲ့တယ်။ အတွင်းဝန်ရုံးကို အထွက်လို့ ပြထားတဲ့ ဂိတ်ပေါက်က ဝင်ကြတယ်၊ သူတို့နှစ်ယောက် အတွင်း ဝန်ရုံးဆင်ဝင်အောက်ကို ရောက်သွားတဲ့အခါမှာ ပျောက်သွားကြတယ်။

ဘညွန့်ကတော့ တိုင်းပြုပြည်ပြု လွှတ်တော် အဆောက်အအုံကို သွားပါတယ်။ ဦးနုရဲ့ ရုံးခန်းက အနောက်ဘက်ခြမ်း ပထမခန်းမှာပါ။ အဲဒီ

အခန်း အနောက်ဘက် ပြတင်းပေါက်က ပွင့်နေလို့ လှမ်းကြည့်လိုက်တော့ လူတစ်ယောက် ထိုင်နေတာ တွေ့ရတယ်။ သခင်နုပဲလို့ သူထင်တယ်၊ အတွင်းဝန်ရုံး အရှေ့ဘက်ဆင်ဝင်အောက်ကို ထပ်လျှောက်သွားပါတယ်။ ဝန်ကြီးများ အစည်းအဝေး စတင်ကျင်းပဖို့ အတိအကျ သတင်းရတဲ့အခါမှ ဘညွန့်က ဦးစောဆီကို 'ပစ်စတင်ရင်းရပြီ' လို့ စကားဝှက်နဲ့ ဖုန်းဆက်လိုက်တယ်။

အဲဒီဘက်က ပြန်လှည့်လာပြီး ပြတင်းပေါက်က ထပ်ကြည့်တော့ ထိုင်နေတဲ့ လူဟာ အင်္ကျီအနက်ဝတ်ထားတဲ့လူ ဖြစ်တယ်။ သခင်နု မဟုတ်မှန်းလဲ မြင်လိုက်ရတယ်။ ဒါနဲ့ ထရပ်ကားရပ်ထားတဲ့ နေရာကို ပြန်သွားပါတယ်၊ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဝင်ပြီး လက်ဖက်ရည်တစ်ခွက် သောက်ပါတယ်။

နောက်တစ်သုတ်မှာ သုခက ဂျစ်ကားအာရ်စီ ၁၈၁၄ ကို မောင်းပြီး မောင်စိုး၊ သက်နှင်း၊ စိန်ကြီးနဲ့ ရန်ကြီးအောင်တို့က ရိုင်ဖယ်မောင်းပြန်သေနတ်များကို ကိုင်ကာ စစ်ဝတ်စုံများ ဝတ်ဆင်ပြီးလိုက်သွားကြပါတယ်။ အတွင်းဝန်ရုံး တစ်နေရာကို ရောက်တဲ့အခါမှာ သုခက ကားရပ်ပြီး လက်နက်ကိုင်လေးယောက်က အတွင်းဝန်ရုံးအနောက်ဖက် လှေကားမှ တက်သွားတယ်။

ဝန်ကြီးများ အစည်းအဝေးဆောင်ကို ဝင်ရောက်ပစ်ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ရပ်ပြီး လက်ဟန်ပြ တားမြစ်သေးတယ်၊ သူ့ရဲဘော်များများယွင်းဝင်လာသည် ထင်၍လား၊ သူ့လုပ်ဖော်ကိုင်ဘက် ဝန်ကြီးများကိုကာကွယ်လို၍လား။ မသမာသူများကမူ ဗိုလ်ချုပ်အောင်ဆန်းကိုသာ အဓိကပစ်မှတ်အဖြစ် ထားတယ်၊ သူ့အား ပယ်ပယ်နယ်နယ် ပစ်ခတ်ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ကျည် ၁၃ ချက်သင့်၍ ကျဆုံးသွားရပါတယ်။ အစည်းအဝေးဆောင်တစ်ခုလုံးကိုလဲ အနှံ့အစပ် ပစ်ခတ်ကြတယ်၊ ဝန်ကြီးပျော်ဘွယ် ဦးမြ၊ ဦဘဂျမ်းနဲ့ ဦးအောင်ဇံဝေတို့က ကံသီ၍ လွတ်ကြတယ်၊ အတွင်းဝန်ဦးရွှေဘော်လဲ လွတ်မြောက်သွားတယ်၊ အလားတူ ကျန်ဝန်ကြီးများနဲ့ အတွင်းဝန်ဦးအုန်းမောင်တို့ ဒဏ်ရာဒဏ်ချက်များစွာနဲ့ နေရာတွင် ကျဆုံးကြတယ်။ မိုင်းပွန်စော်ဘွားနဲ့ ဒီးဒုတ်ဦးဘချိုတို့လဲ ဆေးရုံတွင် နာရီ အနည်းငယ်သာ ခံကြတယ်။ သို့ရာတွင် ဆရာဝန်ကြီးများနဲ့ သမားတော်ကြီး ဒေါက်တာဘသန်း၊ လက်ထောက်ဆရာဝန် ဒေါက်တာအောင်သန်းတို့က ကြိုးစား၍ အသက်လုကြသော်လဲ မရကြပါ၊ ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံပြီးအပြန် အတွင်း

ဝန်ရုံးလှေကားတွင် လူသတ်သမားတို့က ဝန်ကြီး ဦးရာဇတ်ရဲ့ သက်တော်စောင့် မောင်ထွေးကို အဖျားခတ်ပစ်သွားကြတယ်။

သေနတ်သံများ ကြားပါတယ်။ ပစ်ကုန်ကြပြီဆိုတာ သိနိုင်ပါတယ်။ တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ မကြားရပါ၊ အရွက်များတဲ့ သရက်ပင်ကြီးကို ကျောက်စရစ်ခဲလေးများနဲ့ ဆုပ်ပြီး လှမ်းပစ်လိုက်သလို မလှမ်းမကမ်းက ကြားရသလောက်ပါပဲတဲ့။ ဘယ်လိုဖြစ်နေသလဲ သူတို့ကပဲ ပစ်နေကြသလား၊ အပြန်အလှန် ပစ်နေကြသလား စသည်ဖြင့် ဘညွန့်က တွေးတောနေမိပါတယ်။

ခဏကြာတော့ အနောက်ဖက်လှေကားမကြီးအတိုင်း မောင်စိုးတို့ ခပ်သုတ်သုတ် အပြေးကလေး ဆင်းလာကြတယ်။ သုခက သူတို့ ပစ်နေတဲ့ အချိန်မှာ ကားစက်နှိုးထားရာ ရတ်တရက် ရပ်သွားတယ်၊ ပြန်နှိုးသော်လဲ မရပါ။ သူတို့ဆင်းလာပြီးမှ ထပ်နှိုးသော်လဲ မရပါ။ ကားပေါ်က လူတွေ ဆင်းပြီး စိန်ကြီးအတင်းနှိုးတော့မှ ရပါတယ်။ ဒီကားဟာ စိန်ကြီးကိုင်နေကျကားမို့ သုခထက် နားလည်ပါတယ်။ စပတ်လမ်းဘက်သို့ပင် မောင်းထွက်ရပါတယ်။ အဲဒီနောက် ဘယ်ချိုး၊ ညာချိုး၊ ဘယ်တစ်ခါချိုးပြီး စတော့ကိတ်လမ်း အတိုင်း ကန်တော်ကြီးဘက်ကို တက်လာပါတယ်။

သုခကားမောင်းတာကို အားမရကြဘူး၊ "ခင်ဗျားကားမောင်းတာ နှေးတယ်၊ နှေးတယ်" နဲ့ ကိုသက်နှင်းက ပျစ်တောက်တောက် ပြောပါတယ်။ သုခလဲ ကိုယ့်အချိန်အဆနဲ့ကိုယ် အမြန်ဆုံး မောင်းနှင်ခြင်း ဖြစ်ပါတယ် သူတို့ခြံသို့ ရောက်တဲ့အခါ ခါတိုင်းလို တံခါးအဖွင့်ကို စောင့်မနေရဘဲ အသင့်စောင့်နေသူက ဖွင့်ပေးပါတယ်။

ကားပေါ်ကနေ ဦးစောကို လှမ်းကြည့်လိုက်တယ် မတွေ့ဘူး။ ဟိုကြည့် ဒီကြည့်နဲ့ အတော်လေးကြာမှ ကန်စောင်းဘက်က ဦးစောလာနေတာကို တွေ့ရတယ်။ ကိုစိုးနဲ့ သက်နှင်းတို့က လက်သီးဆုပ်မြှောက်ကာ "အောင်ပြီ၊ အောင်ပြီ" လို့ ကြွေးကြော်နှုတ်ဆက်လိုက်တယ်၊ အိမ်ထဲရောက်တော့ ထိုင်ကြတဲ့ အခါမှာ ပစ်ခတ်သူတွေက ဘယ်လို ပစ်လိုက်တာပဲ ဘယ်လို ဖြစ်သွားတာပဲ စသည်ဖြင့် ပြောကြတာ ဆူညံနေတာပဲ။

အဲဒီနောက် ဦးစောက အရက်တိုက်ပါတယ်၊ သူလဲ သောက်ပါတယ်။ သက်နှင်းနဲ့ သုခတို့ကတော့ အရက်မသောက်ပါ။ သက်နှင်းက ပုတီးသမား တစ်ယောက် ဖြစ်တဲ့အတွက် အရက်မသောက်ခြင်း ဖြစ်ပါသတဲ့။

အတွင်းဝန်ရုံးထဲက ဂျစ်ကားတစ်စီးဟာ တစ်နာရီ မိုင် ၃၀ နှုန်းနဲ့ မောင်းထွက်လာတာကို ဘညွန့်တို့ လှမ်းမြင်လိုက်တယ်၊ မောင်နီ သုတ်သီး သုတ်ပျာနဲ့ ထရပ်ကားဆီ ပြန်လာတယ်။ ခင်မောင်ရင်လဲ ရောက်လာတယ်၊ ပြီးတော့ မှုကြီးကို ခဏစောင့်ကြတယ်၊ ကားထွက်တဲ့အခါမှာ (၁၁) နာရီ လောက် ရှိမယ်။

သူ့ကားဟာ ဦးစောအိမ်ကို ရောက်တဲ့အခါမှာ အတွင်းဝန်ရုံးက ဗိုလ်ချုပ်အောင်ဆန်းတို့ကို ပစ်သတ်ခဲ့တဲ့ မောင်စိုးတို့ လူသိုလ်လဲ ပြန်ရောက်နေပြီ ဆိုတာ တွေ့ရတယ်။ သူတို့က ဘညွန့်တို့ကို "အောင်ပြီ၊ အောင်ပြီ"လို့ လှမ်းပြီး နှုတ်ဆက်လိုက်ပြန်တယ်။ ဘညွန့်က အင်္ဂလိပ်လို ခေတ်သစ်ဆန်းပြီ လို့ အော်လိုက်တယ်။

ဦးစောကလဲ အင်္ဂလိပ်လိုပဲ သခင်နုရော ဘယ်လိုလဲလို့ မေးလိုက်တယ်။ ဘညွန့်က သခင်နု ရှာမတွေ့ခဲ့ဘူးလို့ မြန်မာလို ပြန်ပြောလိုက်တယ်။

## သွေးအိုင်ထဲမှ အာဇာနည်ကြီးများ

ဦးစောရဲ့ စေခိုင်းချက်အရ မောင်စိုးတို့အဖွဲ့က အာဇာနည်ခေါင်းဆောင် ကြီးများကို သွေးအေးအေးနဲ့ ပစ်သတ်ခဲ့ပါတယ်၊ အဲဒီအချိန်မှာ သေကံမရောက် သက်မပျောက်ဘဲ ကျန်ခဲ့တဲ့ ဝန်ကြီးဦးအောင်ဇံဝေက ဗိုလ်ချုပ်နဲ့ တကွ အာဇာနည်ကြီးများ သွေးအိုင်ထဲမှာ လဲနေတဲ့ မြင်ကွင်းကို ဟောဒီလို ပီပီပြင်ပြင်နဲ့ ရေးသားဖော်ပြခဲ့ပါတယ်။

> [၁] ၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့နံနက် ၁၀ နာရီ ခန့်တွင် ကျွန်ုပ်ကိုယ်တိုင် တစ်ခဏတာမျှ ခံစားလိုက်ရသော အတွေ့အကြုံနှင့် အနိဋ္ဌာရုံ မြင်ကွင်းမှာ ကျွန်ုပ်၏ တစ်သက်တာတွင် မည်သည့် နည်းနှင့်မျှ မေ့၍ မရနိုင်တော့ပေ။
>
> သေနတ်သံများ စဲသွားပြီးနောက် လူသတ်သမားများ ထွက်သွား၍ အသံဗလံများ ဆိတ်ငြိမ်သွားသော အခါတွင်မှ ကျွန်ုပ်နှင့် ဝန်ကြီး ဦးဘဂျမ်းတို့သည် ဝမ်းလျားမှောက် နေရာမှ ထပြီး စားပွဲပတ်ဝန်းကျင်ကို ကြည့်မိကြသည်။ ကျွန်ုပ်မှတ်မိသော မြင်ကွင်းကို ဖော်ပြရလျှင် ပေ

---

၁။ အောင်ဇံဝေ ဦး "လုပ်ကြံမှုကြီး၏ ဇာတ်သိမ်း" စာပေဗိမာန် ပုံနှိပ်တိုက်၊ လမ်းစဉ် သတင်း၊ အနှစ် (၂၀) ပြည့် အာဇာနည်နေ့ ၁၉၆၇ ခု ဇူလိုင်လ ၁၅ ရက်၊ စာမျက်နှာ ၉-၁၁

၄၀ ပတ်လည်ခန့်ရှိသော ခန်းမကြီး တစ်ခုလုံးဆီးနင်းများ ကျသကဲ့သို့ ယမ်းငွေ့များ တထောင်းထောင်းနှင့် ဖုံးလွှမ်းနေပြီး ကျည်ဆန်များကလည်း ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေပေသည်။

ဗိုလ်အောင်ကျော်လမ်း (ထိုစဉ်က စပတ်လမ်း) ဖက်သို့ မျက်နှာပြုထား သော ဂငယ်သဏ္ဍာန် စားပွဲထိပ်နှင့် ခပ်လှမ်းလှမ်း ကြမ်းပြင်ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းမှာ တုံးလုံးလဲလျက် ငြိမ်သက်နေသည်။ စားပွဲလက်ယာဘက် တွင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းက သူ၏ ကုလားထိုင်ပေါ်တွင်ပင် ထိုင်လျက် စားပွဲပေါ်သို့ ကုန်း၍ လက်ထောက်ထားပြီး ပါးစပ်ကို ဟထားရာ ပါးစပ်မှ သွေးများ ယိုစီးကျနေသည်။ စားပွဲလက်ဝဲဘက်တွင် ထိုင်နေသော ဝန်ကြီး သခင်မြသည် စားပွဲထိပ် လက်ဝဲဘက်ထောင့်စားပွဲအောက်နား၌ မှောက်လျက်လဲနေရာ သေဆုံးနေပြီဟု ယူဆရသည်။ ဝန်ကြီးမစ္စတာ ရာဇတ်၊ ဝန်ကြီး ဒီးဒုတ်ဦးဘချို၊ ဝန်ကြီး ဦးဘဝင်းနှင့် ဝန်ကြီး မန်းဘခိုင်တို့သည် သူတို့ ထိုင်မြဲကုလားထိုင်များတွင် ခေါင်းငိုက်စိုက် ကျလျက် ငြိမ်သက်နေကြသည်။ မစ္စတာရာဇတ်နှင့် ဒီးဒုတ်ဦးဘချိုတို့ နှစ်ဦးတည်းသာ မသေဆုံးကြသေးဘဲ အနည်းငယ်စီ အသက်ရှူရှိုက် လှုပ်ရှားနေသည်။ စားပွဲ၏ လက်ယာဘက် ကျွန်ုပ်နှင့် မိုင်းပွန် စော်ဘွားကြီး အကြားတွင် ထိုင်နေသော ဝန်ကြီး ပျော်ဘွယ် ဦးမြနှင့် စားပွဲထိပ် ဗိုလ်ချုပ်အောင်ဆန်း လက်ယာဖက်တွင် ထိုင်သော အတွင်းဝန် ဦးရွှေဘော်တို့ နှစ်ဦးစလုံးမှာ အပြင်ဖက်သို့ အချိန်မီ ရောက်ရှိသွား နိုင်ခဲ့ကြသဖြင့် အသက်ဘေးမှ လွတ်မြောက်သွားခဲ့ကြ သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လက်ဝဲဘက်တွင် ထိုင်သော တတိယ အတွင်းဝန် ဦးအုန်းမောင်သည် မည်သည့်ပုံစံဖြင့် သေဆုံးနေသည်ကိုမူ မမှတ်မိတော့ပါ။ လူသတ်သမားများ ယခုကဲ့သို့ အလွယ်တကူ လုပ်ကြံနိုင်ခဲ့ခြင်းမှာ ထိုစဉ်က အတွင်းဝန်များရုံးကြီးတွင် လုံခြုံမှုအတွက် အစောင့်အကြပ်များ မထားရှိခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

ဇူလိုင်လ (၁၉) ရက် စနေနေ့ မနက် ၁၀ နာရီ ၃၇ မိနစ်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခြင်း ခံရတယ်လို့ အမှတ်ပြုကြတယ်။ အာဇာနည်ကုန်း ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဂူမှာလဲ အဲဒီလိုပဲ ကမ္ပည်းထိုးထားပါတယ်။ တကယ်ကျ

တော့ ထပ်မံလေ့လာကြတဲ့အခါ ၁၀ နာရီ ၁၀ မိနစ်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးကြတယ်ဆိုပဲ။

လုပ်ကြံခြင်း ခံရတဲ့ သတင်းဟာ တစ်မုဟုတ်ချင်း ရန်ကုန်မြို့ထဲမှာ ပျံ့နှံ့သွားတယ်။ အဲဒီနောက် ညနေပိုင်းမှာ တစ်နိုင်ငံလုံးအထိ ပျံ့နှံ့သွားတယ်၊ တစ်နေ့ မကုန်ခင် ပြည်သူတစ်ရပ်လုံးက ဒီသတင်းဆိုးကြီးကို သိရှိရလေတယ်။ စိတ်တွေလှုပ်ရှားမှုတွေ ဖြစ်လာတယ်။

ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က လုပ်ကြံမှုကြီး ဖြစ်ပွားတဲ့ ဇူလိုင်လ ၁၉ ရက်နေ့ည ၇ နာရီ ၁၅ မိနစ်မှာ အသံလွှင့်ပြောကြားတယ်။ ဗိုလ်ချုပ် အောင်ဆန်းတို့ ကျဆုံးကြောင်း ပြည်သူအား ဝမ်းနည်းစွာ သိစေအပ်ကြောင်း၊ ဖဆပလ အဖွဲ့ချုပ်မှ သခင်နု ခေါင်းဆောင်ပြီး ဝန်ကြီးများအဖွဲ့ကို ပြန်လည် ဖွဲ့စည်းထားမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့ပါ**တယ်**။

အဲဒီနေ့က စက်သေနတ်အလက် (၂၀၀) ပျောက်ဆုံးတဲ့ ကိစ္စကို ဆွေးနွေးရန် ဝန်ကြီးများ အစည်းအဝေးကို ကျင်းပကြပါတယ်။ အဲဒီ အရေးကြီးတဲ့ ကိစ္စကို ဆွေးနွေးပွဲမှာ ဝန်ကြီးများ အစုံအလင် တက်ရောက်ဖို့ ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း၊ လမ်းပန်းဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေး ဝန်ကြီးဖြစ်တဲ့ ဦးစောစံဖိုးသင်တို့ နှစ်ယောက်ဟာ ခရီးလွန်နေကြပါတယ်။

[၁] ဦးစောစံဖိုးသင် ဆိုရင် ဝန်ကြီးများကောင်စီ အစည်းအဝေးကို ပုသိမ်နယ် ခရီးထွက်ရာမှ အမီ ပြန်ဖို့ ရှိပါတယ်။ ဒါပေမယ့် ပုသိမ်မြို့မှာ အစ်မ ဒေါ်မယ်ရင်က သူ့သမီးကြီး နော်ရှားလောနဲ့ ဗိုလ်ကြီး မဲလုံးတို့ လက်ထပ် မင်္ဂလာမှာ သူ့ကို ရှိစေလိုတဲ့အတွက် လက်ထပ်ပြီးမှပဲ ရန်ကုန်ကို ပြန်ဖို့ ဇွတ်အတင်း တားပါတော့တယ်။ ဒါကြောင့် အဲဒီမင်္ဂလာပွဲပြီးတဲ့အထိ နေပြီး ရန်ကုန်ပြန်ဖို့ လုပ်ပါတယ်။

ဇူလိုင် (၁၉) ရက်နေ့ ဝန်ကြီးများ အစည်းအဝေးအမီ အစိုးရ သင်္ဘောဖြူကြီးကို စက်ကုန်ဖွင့်ပြီး ခုတ်မောင်းလာခဲ့ပါတယ်။ မအူပင်အနီး ကျွဲဒုံးရွာအရောက်မှာ လေပြင်းမုန်တိုင်း ကျလာပါတယ်။ သင်္ဘောဟာ လေပြင်းမုန်တိုင်းဒဏ် မခံနိုင်တဲ့အတွက် သောင်တင်ပါတယ်။ သင်္ဘောကို

---

၁။ စိန်တင်၊ တက္ကသိုလ် 'စောစံဖိုးသင်' မြန်မာတံခွန် ပုံနှိပ်တိုက်၊ ၁၉၇၄ စာမျက်နှာ (၂၈၈–၂၉၂)

ကြိုးစားပြီး ဆွဲချပေမယ့် မရပါ။ ဇူလိုင် လ (၁၉) ရက်နေ့ မနက်မှ သင်္ဘော ရေထဲ ကျသွားပါတယ်၊ ရန်ကုန်ကို ည (၈) နာရီမှာပဲ ရောက်ပါတော့ တယ်။ အဲဒါကြောင့် ဝန်ကြီးဦးစောစံဖိုးသင်ဟာ ဝန်ကြီးများ အစည်းအဝေးကို မတက်နိုင်ခဲ့ပါဘူး။

ဦးစောစံဖိုးသင်ရဲ့ အတွင်းဝန် အိုင်စီအက်စ် ဦးစိုးတင့်မှာလဲ ဝန်ကြီး ဦးစောစံဖိုးသင် အချိန်မီ အစည်းအဝေးသို့ မရောက်လာနိုင်သဖြင့် အာ–တီ– ဘီ စီမံကိန်းကို ဝန်ကြီးက အဖွဲ့သို့ တင်ပြရန် တာဝန်ယူရမည် ဖြစ်ပါ တယ်။ ဒါပေမယ့် တတိယအတွင်းဝန် ဦးအုန်းမောင်က ဒီစီမံကိန်းကို သူတင်ပြပါရစေလို့ စိတ်အားထက်သန်စွာ ပြောတာကြောင့် ဦးစိုးတင့်က ဦးအုန်းမောင်ရဲ့ ဆန္ဒအတိုင်း လိုက်လျောခဲ့ပါတယ်။ အဲဒါကြောင့် ဦးအုန်းမောင် ဟာ ဒီအစည်းအဝေးကို တက်ရောက်ဖြစ်ခဲ့ပါတယ်။

## သူတို့ရဲ့ ခံစားချက်များ

အဲဒီနေ့က ဆရာကြီး ဦးရာဇတ်ရဲ့ အပါးတော်မြဲ ဦးချစ်ဆွေက သူ့ကို ဆရာကြီး ဦးရာဇတ်က သူ့ရဲ့ အခန်းကို ခေါ်လိုက်တယ်။ ဝန်ကြီးများ အစည်းအဝေးမှာ တင်ပြဖို့ ဆရာကြီး ဦးရာဇတ်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်း တွေကို ယူပြီး ဆရာကြီး အခန်းထဲကို ဝင်သွားပါတယ်။ အဲဒီနေ့ကခါတိုင်းလို မဟုတ်ဘဲ ဆရာကြီးရဲ့ မျက်နှာဟာ တစ်မျိုးဖြစ်နေတာ တွေ့လိုက်သတဲ့။ သုန်မှုန်ခြင်းလဲ မဟုတ်၊ ခါတိုင်းလိုလဲ ရွှင်ရွှင်ပျပျမရှိ။

အဲဒီအချိန်မှာ ဆရာကြီးရဲ့ သက်တော်စောင့် ရဲဘော်မောင်ထွေးက သတင်းစာကို ဖတ်နေပါတယ်၊ ပေးစရာရှိတဲ့ စာတမ်းများ ပေးပြီးတဲ့အခါမှာ ဆရာကြီး အခန်းထဲက ပြန်ထွက်လာပါတယ်။ နာရီပိုင်းအတွင်းမှာပဲ ဆရာကြီး ဟာ အစည်းအဝေးအခန်းထဲကနေ ဦးချစ်ဆွေအခန်းထဲ ဝင်လာတယ်။ ဆရာကြီးက–

"ဟေ့ကောင်၊ မန္တလေးကကောင်လေးတွေ ပစ်မထားနဲ့ မင်းလိုက်သွားဦး။ သူတို့မှာ လူကြီးမပါဘူး။ မင်းပဲ လူကြီးသွားလုပ်ချေ။ ညကျရင် ဗိုလ်ချုပ်နဲ့ ငါလာကြည့်မယ်လို့ ပြောလိုက်၊ အဲဒါကိုလဲ စီစဉ်လိုက် အခုပဲ သွားကွာ" ဆိုတော့ ဦးချစ်ဆွေလဲ ချက်ချင်းပဲ ရုံးမှ ထွက်ခဲ့ပါတယ်။

အဲဒီည မြို့မကျောင်းမှာ အထက်နဲ့ အောက်မြန်မာပြည် လက်ဝှေ့ပွဲ ရှိတယ်။ အဲဒီလက်ဝှေ့ပွဲကို အထက်မြန်မာပြည်က ကျော်ဘငြိမ်း၊ တင်အောင် (ဆရာဝန်) မြင့်အောင် (အားကစားအရာရှိ၊ မန်းတက္ကသိုလ်)မျိုးသန့် (ဗိုလ်ကြီး)၊ လေးမောင်(မီးခြစ်စက်)၊ မြသောင်း (မြူအလုပ်ဝန်)၊ သန်းတင် (ဗိုလ်ကြီး)၊ မောင်ဆွေ (နယ်ပိုင်)၊ ကျော်ညွန့် (မှတ်ပုံတင်အရာရှိ) စသည်တို့ ရောက်နေခြင်း ဖြစ်တယ်။

ဦးချစ်ဆွေဟာ မြို့မကျောင်းရောက်ပြီးတဲ့အခါမှာ ဆရာကြီးမှာကြားတဲ့ အတိုင်း အထက်မြန်မာပြည် လက်ဝှေ့သမားတွေနဲ့ အစီအစဉ်လုပ်နေချိန်မှာပဲ ဆရာကြီးတို့ လုပ်ကြံခံသွားရပြီဆိုတဲ့ အမင်္ဂလာသတင်းကြီးကို ကြားလိုက်ရပါ သတဲ့။ ဒီသတင်းလာပေးသူကိုတောင် ဦးချစ်ဆွေက–

"အို– မဖြစ်နိုင်ဘူး၊ မယုံနိုင်ဘူး။ ကျုပ်ဆရာကြီးဆီကလာတာ နာရီဝက် မရှိသေးဘူး၊ ခင်ဗျားမဟုတ်တာတွေ လျှောက်ပြောနေတယ်၊ ကျုပ်မယုံဘူး"

လို့ ခါးခါးသီးသီး ငြင်းလိုက်သေးတယ်။ သတင်းလာပေးသူကိုတောင် ရန်ထောင်မိလိုက်ပါသေးသတဲ့။

ဦးချစ်ဆွေဟာ မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ပဲ အတွင်းဝန်ရုံးကို ပြန်သွားပါတယ်၊ ရုံးရောက်တဲ့အခါမှာ သူမြင်ရတဲ့ မြင်ကွင်းကို ဒီလိုရေးခဲ့ပါတယ်။

"ရုံးရောက်သည့်အခါ ကြားရသည့်သတင်း မြင်ရသည့် ရှုခင်းတို့မှာ ယခုတိုင် တွေးလိုက်လျှင် ခေါင်းထဲ၌ နောက်ကျိကျို ဖြစ်နေမိပါသေးတယ်။ ကျွန်တော်၏ အလုပ်စားပွဲရှေ့မှာ မောင်ထွေး၏ သွေးများ အိုင်ထွန်းနေပါသည်။ ဗိုလ်ချုပ်တို့ ကျဆုံးသည့် အခန်းမှ သွေးများလည်း အခန်းဝသို့ပင် ယိုစီးနေပါ သည်။ ကျဆုံးသူ ဒဏ်ရာရသူ အားလုံးအား ဆေးရုံသို့ သယ်ယူသွားကြပေပြီ။ မောင်ထွေး အား ကျွန်တော်၏ ရုံးခန်းမှ ထမ်းစင်နှင့် သယ်ဆောင်သွားသည်ကို ကျွန်တော်လို့ပင် ထင်ကြ၍ အချို့သော အတွင်းဝန်ရုံးသူရုံးသားများက "ဩော် ဦးချစ်ဆွေလဲ ပါသွားရှာသကိုး" ဆိုသည့် ပြောဆိုသံကို ကျွန်တော်၏ နားနှင့် ဆတ်ဆတ် ကြားခဲ့ရပါသည်။ ကျွန်တော် တစ်ရက် သေလိုက်ရသေးသည်။

အဲဒီနေ့ ဦးချစ်ဆွေဟာ ဆေးရုံလိုက်သွားတယ်။ အဲဒီတုန်းက ဆေးရုံမှာ တွေ့ခဲ့တဲ့ သူ့မြင်ကွင်းဟာ ဖော်ပြလို့ မရနိုင်တဲ့ စိတ်ဆင်းရဲမှုကို ခံခဲ့ရရှာပါသတဲ့။

ဆေးရုံမှာ ဗိုလ်ချုပ်ရဲ့ အလောင်းနဲ့ မလှမ်းမကမ်းမှာ မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်က ထိုင်နေပါတယ်။ သခင်မြရဲ့ ခြေရင်းမှ တရှုံ့ရှုံ့ ငိုနေသူက ဗိုလ်မှူးချုပ် အောင်ကြီး ဖြစ်ပြီး ဗိုလ်မှူးကြီးဟောင်း ခင်ညိုကတော့ မျက်ရည်စက်လက်နဲ့ ဆရာကြီးရဲ့ အလောင်းဘေးမှာ ရပ်နေပါတယ်။ ဦးချစ်ဆွေ ဆေးရုံအခန်းထဲ ရောက်သွားတဲ့အခါမှာ အဲဒီ သုံးဦးကို မြင်လိုက်ရပါသတဲ့။

ဦးချစ်ဆွေရဲ့ စိတ်ထဲမှာကတော့ "ငါတို့တော့ ဒုက္ခပဲ"

"သူတို့တွေ မရှိရင် တို့တော့ လွတ်လပ်ရေးနဲ့ ဝေးပြီ၊ တို့တော့ ဝါးအစည်းပြေသလို ပရမ်းပတာတွေ ဖြစ်ကုန်တော့မယ်။ တို့လူမျိုးတွေတော့ ကံဆိုးမိုးမှောင်ကျပြီ"

ဆိုတဲ့ စိတ်များ သူ့ခေါင်းထဲကို တရစပ် တိုးဝင်လာပါသတဲ့။ ဒါပေမယ့် တစ်ဆို့နေတဲ့အတွက် ငိုလို့မရပါဘူးတဲ့။

နောက်ဆုံး သူဟာ ဆရာကြီးရဲ့ လက်ကို လှမ်းကိုင်ရင်း "သွားပြီ ဆရာကြီးရေ သွားပြီဆရာကြီးရယ်" လို့ ရေရွတ်ကာ ဖြေမဆည်နိုင်အောင် ဖြစ်လိုက်ရရှာပါသတဲ့။

သူက ကံတရားရဲ့ ဆန်းကြယ်ပုံကို ရေးလိုက်ပါသေးတယ်၊ တကယ်လို့သာ ရဲဘော်ထွေးဟာ ရဲမင်းကြီးရုံး သွားနေမယ်ဆိုရင် သေဘေးက လွတ်ရှာမှာပဲတဲ့။ ဆရာကြီးက တကယ်လို့သူ့ကို အပြင်ကို မလွှတ်ဘူး ဆိုလို့ရှိရင် သူဟာ ရဲဘော်ထွေးနဲ့အတူ ရပ်၍ ကြည့်မိမှာပဲ။ လူသတ်သမားတို့က ရဲဘော်ထွေးအား ပစ်တဲ့ ကျည်ဆန်နဲ့အတူ သူလဲ အသက်ပျောက်မှာပဲလို့။ ပေါက်ပေါက်ဆော့သလို ပစ်လိုက်တဲ့ ကျည်ဆန်တွေဟာ သူရဲ့ ရုံးခန်းမျက်နှာစာ မှာ ရစရာမရှိအောင် ပေါက်ပြကုန်တဲ့အတွက် သူရုံးခန်းထဲမှာ ရှိနေရင်လဲ အဲဒီ ကျည်တွေထိမှာ အမှန်ပါပဲတဲ့။

ဦးချစ်ဆွေက ရဲဘော်ထွေးနဲ့ ပတ်သက်ပြီး ဆက်ရေးထားတာက "မောင်ထွေးဟာ သူ့ကိုယ်သူ ရဲဘော်မောင်ထွေးဆိုပြီး အမည်ခံထားတယ်။ ကျောင်းတက်ရင်လဲ ရဲဘော်ဝတ်စုံ မချွတ်ဘူး။ ကျောင်းစာထက် ပြည်သူ့ရဲဘော်

လုပ်ငန်းကို စိတ်ထက်သန်တယ်။ လွတ်လပ်ရေးမပေးရင် အင်္ဂလိပ်ကို တီးမယ်၊ ဆော်မယ်၊ ချမယ်၊ တကဲကဲ လုပ်ခဲ့သူပါ"တဲ့။

ဒီခံယူချက်အတိုင်း ရဲဘော်မောင်ထွေးဟာ သာမန် သက်တော်စောင့်များလို ဝတ်ကျေတန်းကျေ မဟုတ်ဘဲ စိတ်တက်ကြွစွာ တိုင်းပြည်အတွက် ဆောင်ရွက်လိုတဲ့ ဆန္ဒပြင်းထန်သူများပီပီ ဦးအုန်းမောင်နဲ့ ရဲဘော်မောင်ထွေးတို့ နှစ်ယောက်ဟာ အာဇာနည်ဘွဲ့ကို ဆွတ်ခူးခဲ့ပါသတဲ့။

နောက်ဆုံး ရဲဘော်မောင်ထွေးဟာ အမေရိကန် ဆာဂျင်စစ်ယူနီဖောင်းကို ဝတ်ထားလေ့ ရှိတယ်။ ခြောက်လုံးပြူး ခါးချိတ် လေ့လဲ ရှိတယ်။ သေသေသပ်သပ် စနစ်တကျ ဝတ်တတ်တယ်တဲ့။ လူငယ်တစ်ယောက် ဖြစ်တယ် ဆိုတဲ့အတိုင်းပဲ အမြဲတမ်း တက်ကြွပြီးနေတယ်။ သေနတ်ထိမှန်ပြီးတဲ့နောက်မှာပဲ ဦးချစ်ဆွေဟာ ဆေးရုံကို ရောက်သွားတယ်ဆိုတဲ့အကြောင်းကို စောစောကသူရေးခဲ့တဲ့ ဆောင်းပါးထဲမှာ မပါတဲ့ အချက်တွေကို ကျမ်းပြုသူကို ပြောပြတဲ့ အထဲက ဆက်ပြီး ပြောပြပါမယ်။

ဦးချစ်ဆွေ ဆေးရုံရောက်တဲ့အခါမှာ ရဲဘော်မောင်ထွေးဟာ သတိရှိနေသေးတယ်။ ဦးချစ်ဆွေကို မြင်တဲ့အခါကျတော့ ရဲဘော်မောင်ထွေးကနေ ဦးချစ်ဆွေကို မေးတာက "ဒီကောင်တွေ ကျွန်ကော့်ကို ဘာကြောင့် ပစ်သွားတာလဲ"လို့ မေးရှာတယ်၊ ပြီးတော့လဲ ဆရာကြီးကို ခေါ် ဖို့ ပြောရှာပြန်တယ်။ သူက ဆရာကြီးကို ခေါ်ပေးဖို့ ပူဆာနေတယ်၊ တကယ်တမ်းကျတော့ ဆရာကြီး ကျဆုံးသွားတယ်ဆိုတာကို သူ့ခမျာ မသိရှာဘူး။ ဒီတော့ "လာပါလိမ့်မယ်ကွာ" ဆိုပြီး မှ သူ့ကို နှစ်သိမ့်လိုက်တယ်။

အဲဒီသေနတ်ပစ်ခံရတဲ့နေ့က ဆေးရုံကိုရောက်တော့ ဦးချစ်ဆွေရဲ့ မျက်လုံးတွေဟာလဲ ပြာဝေသွားတယ်၊ ရဲဘော်မောင်ထွေးက အဖျားခတ်ပစ် ခံလိုက်ရတော့ သူ့ရဲ့ မျက်လုံးတွေလဲ ပြာသွားတယ်လို့ ဦးချစ်ဆွေကို ပြောပြရှာတယ်။ သူက ဆက်ပြောပြန်တာက သူ့ကို ပြုစုပေးနေတဲ့ ကရင်ဆရာမတွေကလဲ "သူတော့ဖြင့် သေမှာပဲ"လို့ ကရင်လို ပြောကြတယ်တဲ့။

"မသေနိုင်ပါဘူးကွာ"လို့ ဦးချစ်ဆွေက သူ့ကို အားပေးတယ်။ အဲဒီမှာ သူက "မဟုတ်ဘူးဗျ ကျွန်တော်က ကရင်စကားကို ပြန်သာ မပြောတတ်တာ နားလည်တယ်"လို့ အဲဒီလိုပဲ ဦးချစ်ဆွေကို သူပြန်ပြောတယ်။

ဒေါ်ခင်ခင်ဟာလဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရရှာတယ်၊ ဘာလုပ်ရမှန်းလဲ မသိအောင် ဖြစ်ရတယ်။ အဲဒီတော့ သူက "ကျွန်မ ဘယ်လိုလုပ်ရမလဲ မောင်ရယ်၊ ကျွန်မဘယ်လို လုပ်ရမလဲ မောင်ရဲ့" ဆိုပြီး အဲဒီလို ငိုယိုပြီး ပြောပါတယ်။ သူဟာ ဘယ်လိုမှ မမေ့နိုင်ဘူး၊ မမေ့နိုင်ဘူးလို့ သူ့ဟာသူ ပြောတယ်။

[၁] ဒီအချိန်က အာဇာနည်နေ့အကြောင်းနဲ့ ပတ်သက်ပြီး၊ ကျမ်းပြုသူဟာ အငြိမ်စား ဗိုလ်မှူးကြီး ခင်ညိုနဲ့ (၄-၈-၈၄) နေ့ သူ့အိမ်မှာ သွားတွေ့ပြီး မေးမြန်းခဲ့ပါတယ်။

စောစောက ဦးချစ်ဆွေပြောခဲ့သလိုပါပဲ ဆရာကြီး ဦးရာဇတ်ရဲ့ အလောင်းဘေးမှာ မျက်ရည်စက်လက်နဲ့ မြင်ခဲ့ရတဲ့အတိုင်း သူဟာ ဗလောင်ဆူအောင် စိတ်ထဲမှာ အတိုင်းအဆမရှိ ခံရတဲ့ အကြောင်းတွေ ပြောပြပါတယ်။

ဒီတုန်းက ဗိုလ်မှူးကြီးဟောင်း ခင်ညိုဟာ ဗိုလ်ကြီးအဆင့်မှာပဲ ရှိပါသေးသတဲ့။ သူဟာ မလေးရှားနိုင်ငံ (ကွာလာလာမ်ပူမြို့) အနီး တဲမ်ပင် (Tampin)မြို့ကို သွားပြီး အမြောက်ကြီးသင်တန်းတက်ဖို့ ရန်ကုန်ရောက်နေတဲ့ အချိန်ဖြစ်တယ်တဲ့။ လေယာဉ်ပျံပတ် စောင့်နေရင်းက စကော့ ဈေးကို အလည်လာခဲ့တယ်။ အဲဒီမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ သေနတ်ပစ်ခံရပြီး အလောင်းတွေ ဆေးရုံကြီးရောက်နေပြီ ဆိုတဲ့ သတင်း ကြားရပါတယ်၊ ဒီအမင်္ဂလာသတင်းဆိုကြီးဟာ မိုးပြိုတဲ့ အသံမျိုးထက်ပင် တုန်ဟည်းသွားပါသတဲ့။

ချက်ချင်းဆိုသလို ဆေးရုံကြီးကို လိုက်သွားပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းအလောင်းကို ဆေးရုံမှာ ပထမမမြင်ဘူး။ အလောင်းကို တစ်နေရာမှာထားတဲ့အတွက် ဖြစ်တယ်။ ဆေးရုံထဲဝင်ဝင်ချင်း မတွေ့လိုက်တော့ ကြားနေရတဲ့ သတင်း ဟုတ်မှ ဟုတ်ပါ့မလား၊ ဗိုလ်ချုပ် ဒဏ်ရာက ပြင်းတယ်။ ဒါပေမယ့် မသေဘူးလို့ ပြောကြပါသတဲ့။ နောက်မှ ကျဆုံးမှန်း သိရပါတယ်တဲ့။ ဗိုလ်ချုပ်အလောင်းကို တွေ့ပြီးတဲ့နောက် ဆရာကြီး အလောင်းနား ဆီကို

၁။ ချစ်ဆွေ၊ အပါးတော်မြဲ "ကြည်ညိုလေးစားထိုက်ပါသည့် ဆရာကြီး" မန္တလေး၊ ဟံသာဝတီသတင်းစာ အချပ်ပို (ခ) မှ အချို့ကို စကားပြေနဲ့ ရေးထားပြီး အချို့အပိုဒ်ကို တိုက်ရိုက် ကူးယူ ဖော်ပြခြင်း ဖြစ်ပါသည်။

ကပ်သွားပါတယ်။ သူဟာ ဆရာကြီး အလောင်းပေါ်က ဖုံးထားတဲ့ အဝတ်ဖြူဖြူကို လက်နှစ်ဘက်နဲ့ အသာအယာ ဖွင့်လိုက်ပါတယ်။ ဆရာကြီးမျက်နှာကို မြင်လိုက်တယ်ဆိုရင်ပဲ ရှိုက်ကြီးတငင် ငိုမိပါတော့သတဲ့။ သူ့ကျမ်းပြုကို ဆက်ပြီး ပြောပြတာက–

ငါ့အနေနဲ့ ပြောရရင် ဆရာကြီး ဦးရာဇတ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးတဲ့အပေါ်မှာ ပူဆွေးမှု ကြေကွဲဝမ်းနည်းမှုတွေ ဖော်ပြလို့မရနိုင်လောက်အောင် ဖြစ်ခဲ့ရတာ အမှန်ပဲ။ ဒါပေမယ့် ဆရာကြီး ဦးရာဇတ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့အပေါ် ငါ့ခံစားမှုအတွင်းမှာ အနည်းနဲ့အများ ခြားနားသလို ရှိပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးတဲ့အတွက် ခေါင်းဆောင်တစ်ယောက် ဆုံးရှုံးရလို့ နှမြောတသပြီး ဆုံးရှုံးမှုနဲ့ ပူဆွေးသောက ဖြစ်ရပါတယ်။

ဆရာကြီးကျတော့ ခေါင်းဆောင်တစ်ယောက် ဆုံးရှုံးခဲ့သွားရတဲ့အတွက် ကြေကွဲဝမ်းနည်းမှုမျိုး ခံစားရတဲ့အပြင် ကိုယ့်မိဘ ဆရာသမားတစ်ယောက် ကျဆုံးတဲ့ ဆုံရှုံးမှုမျိုးပါ ခံစားရတဲ့ ခံစားမှုမျိုးပါ ရောယှက်ပြီး ခံစားရပါတယ်။ အမှန်အတိုင်း မလိမ်မညာ မထိမ်မဝှက် ဘက်မလိုက်ဘဲ ပြောရရင် ငါ့မျက်ရည်ပူတွေဟာ ဆရာကြီး အတွက် ပိုခဲ့ပါတယ် လို့ ဆိုပါရစေ”

အဲဒီလို ကျမ်းပြုသူကို သူ့စိတ်ထဲမှာ ပကတိ ခံစားချက်တွေ တစ်လုံးချင်း ပြောပြခဲ့ပါတယ်။ ဒီအချိန်ထိအောင်ပဲ ဒါတွေကို ပြန်ပြောင်းလို့ ပြောပြရှင်းပြနေစဉ်မှာ သူ့ဝမ်းနည်းကြေကွဲ ဖြစ်ခဲ့မှုဟာ မျက်နှာမှာ ပေါ်နေကြောင်း အကဲခတ်မိလိုက်ပါတယ်။

ကျားဘာငြိမ်းက (၁၈–၇–၆၈) ခု ထုတ် ကြေးမုံသတင်းစာမှာ “ဦးရာဇတ်” ဆိုပြီး ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်စောင် ရေးခဲ့ပါသေးတယ်။

ကျားဘငြိမ်းဟာ ရန်ကုန်က လက်ဖွဲ့ကျော် အာရ်အဲလစ်နဲ့ ထိုးသတ်ရန် ရန်ကုန်ကို လိုက်လာခြင်း ဖြစ်တယ်။ သူ့အနေနဲ့ ဇူလိုင် (၁၉) ရက်နေ့မှာ လက်ဝှေ့ထိုးသတ်ရန် ကိုယ်အလေးချိန် ချိန်ခြင်း စစ်ဆေးခြင်း ပြီးရင် ဆရာကြီးနဲ့ တွေ့ဆုံဖို့ အတွင်းဝန်များရုံး (အခုဝန်ကြီးများရုံး)ဆီသို့ ထွက်ခဲ့ပါသတဲ့။ သူက ဒီလို ရေးခဲ့ပါတယ်။

"သို့သော် အချိန်က နှောင်းခဲ့ပါ၏၊ တစ်မျိုးသားလုံး ယူကျုံးမရအောင် နိုင်ငံခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်လိုက်ကြသော ရာဇဝတ်မှုကြီးတွင် ဆရာကြီး ဦးရာဇတ်သည် ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ကျဆုံးခဲ့လေပြီ"

"ကျဆုံးလေသော ခေါင်းဆောင်များနှင့်အတူ ဆရာကြီးအတွက် ရင်နာမိရင်း ဆရာကြီးအား တွေ့ဆုံရင်း တပည့်တပန်းအဖြစ် ပညာခံယူခဲ့ရပုံများကို ကျွန်တော့်စိတ်ထဲတွင် တသသ ပြန်လည်မြင်ယောင်မိတော့သည်"

လက်ဖွေ့ကျော် ကျားဘငြိမ်းက ဆရာကြီး ဦးရာဇတ်နဲ့ နိုင်ငံတော်အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ ကြေကွဲဝမ်းနည်းစရာကောင်းတဲ့အကြောင်းတွေကို အထက်ပါအတိုင်း ရေးသားထားခဲ့ပါတယ်။

အထက်မြန်မာပြည်က ရန်ကုန်လာပြီး လက်ဖွေ့ထိုးတဲ့ လူတွေဟာ ဆရာကြီး ကျဆုံးသွားပြီ ဆိုတဲ့ သတင်းကို ကြားလိုက်ရတော့ အားလုံး ချုံးပွဲချ ငိုကြတော့တယ်၊ နောက်ပြီး အောက်မြန်မာပြည်နဲ့ ထိုးမယ့် လက်ဖွေ့ပွဲတွေဟာလဲ အားလုံး ရပ်သိမ်းပစ်လိုက်ရတယ်။ ဒီလက်ဖွေ့သမားတွေဟာ နှစ်ရက်လောက် ရန်ကုန်မှာနေပြီး ကြေကွဲဝမ်းနည်းစွာနဲ့ပဲ မန္တလေးကို ပြန်သွားကြရပါတယ်။

ဆရာကြီး ဦးရာဇတ်ရဲ့ အတ္ထုပ္ပတ္တိရေးဖို့ မန္တလေးကို သွားတဲ့အခါမှာ ဆရာကြီး ဦးထွန်းမောင်နဲ့ တွေ့ပါတယ်။ ဆရာဦးထွန်းမောင်က ဘာပြောလဲဆိုရင် "ဆရာကြီးမှာ အဲဒီလို သူများလက်ချက်နဲ့ ကျဆုံးရမယ့် လက္ခဏာရှိတယ်" ဆိုတာကို ပြောပြတယ်။ အဲဒီတော့ ဂျပန်ခေတ်က ဂျပန်ဖမ်းသွားတော့ သေမှာပဲလို့ အဲဒီလို တစ်ထစ်ချ ယူဆခဲ့တဲ့ အကြောင်း။

ဒါပေမယ့်လို့ သေကံမရောက် သက်မပျောက်တဲ့အတွက်ကြောင့် ရှောရှောရှူရှူနဲ့ပဲ ဂျပန်ခေတ်မှာ ထောင်ထဲကပဲ ဒုက္ခသုက္ခ ခံပြီး ထွက်လာခဲ့တော့ ဆရာကြီးဟာ ဒီလက္ခဏာက ကျွတ်သွားပြီလားတောင် အဲဒီလို ဝမ်းသာအားရဖြစ်မိပါသေးတယ်၊ ဒါပေမယ့်လို့ သူ့လက္ခဏာဟာ ဂျပန်ဖမ်းသွားတာနဲ့ ယတြာမကျေသွားဘဲ အခုလို ဝန်ကြီးဖြစ်လာတဲ့ အခါမှ ၁၉၄၇ ခု ဇူလိုင်လ

(၁၉) ရက်နေ့မှာပဲ ဆရာကြီးဟာ နယ်ချဲ့လက်ပါးစေတွေရဲ့ လက်ချက်နဲ့ ကျဆုံးရှာတယ် ဆိုတဲ့ ဥစ္စာကို ဆရာဦးထွန်းမောင်က ပြောပြပါတယ်။

## အပင်လဲ၍ အရိပ်လည်းကွယ်ခဲ့ပြီ

မနက် ၁၀ နာရီ မိနစ် ၃၀ ကျော်ကျော်မှာ အတွင်းဝန်ရုံးမှာ သေနတ်တွေနဲ့ ပစ်ကုန်ကြပြီဆိုပြီး ဆရာကြီး ဦးရာဇတ်–ဒေါ်ခင်ခင်တို့ရဲ့ ဒရိုင်ဘာ မောင်ဝင်းက ပြေးလာပြီး ဒေါ်ခင်ခင်ကို အမောတကော ပြောပါတယ်။

"မမရေ ဝန်ကြီးတွေ အပစ်ခံရလို့ ဆေးရုံရောက်ကုန်ကြပြီ"လို့ မောကြီးပန်းကြီးနဲ့ ပြောလိုက်ပါတယ်။ ဒီစကား ကြားတော့ ဒေါ်ခင်ခင်လဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။

"ဘယ်သူတွေ ရောက်ကုန်ကြသလဲ၊ ဆရာကြီးကော ထိသွားသေးသလား၊ ဆာမောင်ကြီးရော ပါသွားသေးလား၊ ဒီဝန်ကြီးရာထူး မလိုချင်လို့ ထွက်ပါထွက်ပါလို့ မောင့်ကိုပြောတာ မရဘူး၊ ဝန်ကြီးရာထူးကနေ ထွက်လိုက်ရင် အခုလိုပါမှာ မဟုတ်ဘူး"

ဒေါ်ခင်ခင်ဟာ မေးလဲမေးရင်းကနေ ဆရာကြီးရာထူးက မထွက်လို့ အခုလို ခံစားလိုက်ရတဲ့ အကြောင်းတွေကို စိုးရိမ်ပူပန်စိတ်နဲ့ တစ်ဆက်တည်း ဒေါသရောင်သမ်းတဲ့ ရင်ထုမနာ စကားလုံးတွေကို ပြောရှာပါတယ်။ မောင်ဝင်းက

"ဆာမောင်ကြီးတော့ မပါဘူး မမ"

"နို့ ဆရာကြီးကော"

အလောသုံးဆယ် မေးပြန်တယ်။

"ဆေးရုံမှာ မမ"

ဆေးရုံမှာ မမ ဆိုတဲ့ စကားကို ကြားတော့ ဒေါ်ခင်ခင်က ဂနာမငြိမ်ဘဲ တစ်ကိုယ်လုံးလဲ တုန်လှုပ်ချောက်ချားလာပါတော့တယ်။ တတွတ်တွတ်လဲ ရေရွတ်နေပြန်ပါတယ် ထိုင်လိုက် ထလိုက် ဖြစ်နေရာကနေ လှမ်းပြီး မောင်ဝင်းကို မေးလိုက်ပြန်တယ်။

"ဟဲ့ မောင်ဝင်းရဲ့ ပြောစမ်းပါဦး ဆရာကြီးရော သေသလား၊ ရှင်သလား"

"မသေပါဘူး မမ"

"ကဲ ဒါဖြင့် ဘာဖြစ်လို့ အိမ်ကို မခေါ်ခဲ့ရသလဲ မောင်ဝင်းရဲ့" စိတ်ဆိုးမာန်ဆိုးနဲ့ မေးလိုက်ပြန်တယ်။

"အို မမကလဲ နည်းနည်းမူးနေလို့ပါဆို။ အမူးပြေတော့ ခေါ်ခဲ့မှာပေါ့"

"ကဲ ဘယ်နေရာမှန်သလဲ မှန်မှန်ပြော ငါ့ကို မလိမ်နဲ့"

မောင်ဝင်းဟာ အတတ်နိုင်ဆုံး ဣန္ဒြေကို ဆည်ပြီး ယုတ္တိရှိရှိနဲ့ ဒေါ်ခင်ခင် စိတ်မထိခိုက်အောင် ပြောနေရရှာပါတယ်။ ဒါဟာလဲ သူ့အတွက် တစ်ဒုက္ခပဲ။

"ဘယ်ဘက်ကပေါင်မှာ မှန်သွားတယ်၊ ဆေးထည့်ပြီးရင် အိမ်ကို ပြန်ခေါ်လာပါလိမ့်မယ်"

ဒေါ်ခင်ခင်ဟာ ဒီစကားကို တကယ်ပဲ ယုံကြည်ပြီး အိမ်အောက်ထပ်မှာ ခုတင်ခြင်ထောင် ပြင်ထားလိုက်တယ်။ အဲဒီအချိန်မှာပဲ မန္တလေးဗဟိုအမျိုးသား အထက်တန်းကျောင်းက ကျောင်းဆရာဟောင်း ဆရာဦးဘလှ အပြေးအလွှား ရောက်လာပြန်တယ်။

"ဆရာဦးဘလှ ဆရာကြီးအခု ဘယ်မှာလဲ"

ဒေါ်ခင်ခင်က လှမ်းမေးလိုက်ပြန်တယ်

"ဆေးရုံမှာလို့ ပြောပါတယ်"

"ဆရာကြီးရဲ့ ဘယ်ဘက်ပေါင်ကို ထိသွားတယ်လို့ ပြောတယ်ဟုတ်ရဲ့လား သေများသေပြီလား"

စိုးရိမ်စိတ်မကင်းတဲ့ အမေးနဲ့ မေးလိုက်ပြန်တယ်။ ဆရာကြီး ဦးဘလှ ကလဲ မျက်နှာကို နည်းနည်းလေးမှ မပျက်အောင် ထိန်းပြီး–

"ကျွန်တော် ဆေးရုံမရောက်ခဲ့သေးဘူး၊ ဒါပေမယ့် စိုးရိမ်စရာတော့ ရှိမယ်မထင်ပါဘူး"

လို့ ဆရာဦးဘလှက ဒေါ်ခင်ခင် ရုတ်တရက် စိတ်ထိခိုက်ပြီး တစ်ခုခု ဖြစ်သွားမှာ စိုးတဲ့အတွက် အဖြစ်မှန်ကို ထိမ်ဝှက်ပြီး မယုတ်မလွန် ဖြေလိုက်ခြင်း ပါ။ အမှန်ကတော့ ဆရာကြီး ကျဆုံးသွားပြီဆိုတာကို သိခဲ့ပြီး ဖြစ်တယ်။ အခု အိမ်လာတာလဲ ဒေါ်ခင်ခင်ကို လိုအပ်သလို အားပေးဖို့၊ စောင့်ရှောက်ဖို့ လာခြင်းသာ ဖြစ်တယ်။ ဒါတင် မကဘူး ဆရာကြီးရဲ့ လုပ်ဖော်ကိုင်ဖက်နဲ့ တပည့်တပန်းတွေကလဲ ဒေါ်ခင်ခင်ဆီ လာရောက်ကြတယ်။ အဲဒီလို လာတဲ့ လူတွေကို ဆရာကြီးအကြောင်းနဲ့ ပတ်သက်ပြီး ဒေါ်ခင်ခင်က ပူဆွေးသောကနဲ့

ဆရာကြီး ဘယ်မှာရှိနေသလဲဆိုတာကို မေးတယ် သူတို့ကလဲ ဆရာကြီး ဦးဘလှလိုပဲ လိမ်ပြီး ပြောကြတယ်။

"ဆရာကြီးကို မေ့ဆေးပေးထားလို့ဆေးရုံက မဆင်းရသေးဘူး"လို့ လိမ်ပြောကြပြန်တယ်။

"ဆရာကြီး နို့ဘယ်မှာလဲ"

လို့ စိုးရိမ်စိတ်တွေနဲ့ ထပ်ဆင့်ပြီး မေးပြန်တော့လဲ

"အဲဒါလဲ ကောင်းကောင်းမသိဘူး" လို့ ဖြေကြတယ်။

ည ၇ နာရီလောက်သာ ထိုးခဲ့ရော ဆရာကြီး သေတယ်ရှင်တယ် ဆိုတဲ့ သတင်းကို ဘာမှ မည်မည်ရရ မသိဖြစ်နေတယ်။ ကိုယ်ကိုယ်တိုင် ဆေးရုံကို လိုက်သွားကြည့်မယ်ဆိုတော့လဲ မကြည့်ဖို့ အားလုံးက ဖျောင်းဖျပြီး တားကြပါတယ်။ အိမ်ကိုလာကြတဲ့ ဆရာကြီးရဲ့ အပေါင်းအသင်းနဲ့ တပည့်သား မြေးတွေကို ဒေါ်ခင်ခင်က ဆရာကြီး သေတယ်ဆိုလို့ရှိရင်လဲ သေတယ်ဆိုတဲ့ အကြောင်းကို မှန်မှန်ကန်ကန် ပြောကြစမ်းပါ။ အခုတော့ တအုံ့နွေးနွေးနဲ့ ရင်ထဲမှာ ပူလောင်နေပါတယ် ဆိုပြီး ငိုယိုပြောတော့မှ–

"မပြောရက်လို့ပါ ဆရာကြီးကတော် ဆရာကြီး ကွယ်လွန်သွားပါပြီ"

ရုတ်တရက် ဒီသတင်း ကြားလိုက်တော့ မငိုနိုင်ဘူး။ မျက်ရည်မကျဘဲ ဆို့နင့်သွားတယ်။ နောက် ဒေါ်ခင်ခင်က အနားမှာရှိတဲ့ ဆရာဦးဘလှကိုလဲ သူက ဆရာကြီးကို ဒီဝန်ကြီး အလုပ်ကထွက်ဖို့ အတန်တန် ပြောပါတယ်။ ပြောလို့မရဘူး မဆုံးခင် ရက်ပိုင်းလောက်ကလဲ ထပ်ပြောပါသေးတယ်၊ သူက ထပ်တလဲလဲ ပြောတော့မှ ဆရာကြီးက ဒီဝန်ကြီးရာထူးကို အလုပ် လက်မဲ့ဘဝနဲ့ လာပြီး လုပ်တာမဟုတ်ပါဘူး။ ကိုယ့်ကျောင်းကို ကိုယ် ပစ်မထားပါဘူး ပြန်မှာပါ၊ အခု အားလုံး သေသေဝပ်ဝပ် ဖြစ်သွားအောင် လုပ်ပေးဦးမယ်လို့ ပြောပါတယ်။ အခုတော့ ကျဆုံးရရှာပြီ မဟုတ်လားလို့"

မျက်ရည်စက်လက်နဲ့ ပြောရှာပါတယ်။ ဒီမြင်ကွင်းကို ကြည့်ပြီးမှ အနားပတ်ဝန်းကျင်က လူတွေအဖို့ မျက်ရည်တွေကို အနိုင်နိုင် ထိန်းကြရတဲ့ သူတွေလဲ ရှိတယ်။ တချို့ စိတ်မထိန်းနိုင်တဲ့ လူတွေကျတော့လဲ မျက်ရည်ကျတဲ့ထိ စိတ်ထိခိုက်မိကြရှာပါတယ်။ ဒီမြင်ကွင်းဟာ ဘယ်လိုမှ မေ့ပစ်လို့ ရစကောင်းတဲ့ မြင်ကွင်းမဟုတ်ပါဘူး။

တစ်ညလုံး ဒေါ်ခင်ခင်ဟာ အပူမီး တောက်လောင်ကာ တစ်ရေးမှ အိပ်စက်လို့ မရဘဲ မျက်ရည်တွေနဲ့ ရှဲ့ရှဲ့စိုခဲ့ရပါတော့တယ်။

နောက်တစ်နေ့ မနက် ဒေါ်ခင်ခင်ကို လာခေါ်လို့ ဒေါ်ခင်ခင်ဟာ သားကြီး မောင်တင်မြင့်လေးနဲ့ အတူ ဆေးရုံကို လိုက်သွားပါတယ်။ ဆေးရုံ ရောက်သွားတော့ ရေခဲတိုက်ထဲမှာ ဆရာကြီးအလောင်းကို ထည့်ထားပါတယ်။ ဒေါ်ခင်ခင်ဟာ သားငယ်ကို လက်ဆွဲပြီး ရေခဲတိုက်ထဲ လိုက်ကြည့်ပါတယ်။

ဆရာကြီးရဲ့ အလောင်းကို ကြည့်တော့ ဆရာကြီးဟာ ပြုံးလျက် နှုတ်ဆက်နေသလိုပဲလို့ ဒေါ်ခင်ခင် ထင်ရပါသတဲ့။ ဆရာကြီးကိုက ဖန်(ပိတ်ဖြူနဲ့) ထုပ်ထားပြီး ချဖို့ ပြင်ထားဟန် တူတယ်လို့ ထင်တယ်။ ဒီအချိန်က ဆရာကြီးရဲ့ အသက်ဟာ ၄၉ နှစ်နဲ့ ၆ လပါ။ ဒီတော့ ဒေါ်ခင်ခင်ဟာ လက်ဆယ်ချောင်းကို မြှောက်ပြီး စာဖတ်ပြီး အလ္လာအရှင်မြတ်ထံ ဆုတောင်းပါတော့တယ်။ အဲဒီက ထွက်လာပြီး မကြာခင်မှာပဲ တာမွေစွန်နီ မွတ်စလင် သင်္ချိုင်းမှာ ဒဖနာ (မြေမြှုပ်သင်္ဂြိုဟ်)ဖို့ အလောင်းကို ယူလာကြပါတယ်။

"ကြည်ကြည့်ပါပါ ဘယ်သွားလဲ မာမာ" လို့သားငယ် မောင်လှကြည်က မေးရှာပါတယ်။ ဒီအချိန်က မောင်လှကြည်ဟာ ၁ နှစ်နဲ့ ၇ လပဲ ရှိသေးတယ်။ ဒီအမေးကို ဒေါ်ခင်ခင်က ဘယ်လို ဖြေရမလဲ။ အဲဒီတော့ ဆရာကြီးကို လှမ်းပြီး တိုင်တည်မိလိုက်တယ်။

"မောင်– မောင့်သားလေးက ပါပါဘယ်သွားလဲလို့ မေးနေပါပြီ၊ ခင်ဘယ်လို ဖြေရမလဲ ပြောပါဦးမောင်ရယ်"

လို့ ပြောရင်း ပြည့်လျှံနေတဲ့ မျက်ရည်တွေ ရင်ခွင်ထဲမှာ ထိုင်နေတဲ့ သားလေးရဲ့ ပါးပြင်နုနုလေးပေါ် ကျပြီး ပူလောင်မသွားရအောင်လို့ မျက်ရည်တွေကို အနိုင်နိုင် ထိန်းခဲ့ရရှာပါတယ်။

"သားပါပါ လမ်းလျှောက်သွားတယ်လေ"

ဆိုပြီး သားလေးကို ချော့ရပြန်တယ်။ တစ်ခါ လမ်းလျှောက်ပြန်ချိန် ရောက်ပြန်တော့ မေးပြန်တယ်။

"ကြည်ကြည့် ပါပါ ပြန်မလာသေးဘူးလား"

"ဟိုဘက်ခြံက ခွေးတွေ ဟောင်လိုက်တာ နားထောင်စမ်းပါကွယ်"

ဆိုပြီး သူ့အာရုံကို ပြောင်းလိုက်ပြန်တယ်၊ ဒါပေမယ့် မောင်လှကြည် ကတော့ တတွတ်တွတ်နဲ့ ထပ်ကာတလဲလဲ သူ့ပါပါကိုပဲ မေးနေရှာပါတယ်။

ဆရာကြီး ကျဆုံးလို့ ဗလောင်ဆူအောင် ပူပင်သောက ရောက်ရတဲ့ အထဲ ဒီသားလေးကလဲ တဂျီဂျီနဲ့ သူ့ပါပါကို မေးနေပြန်တော့ တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်ရပြန်တယ်။ မျက်ရည်တွေကတော့ ကုန်ခန်းတယ်ရယ်လို့ ဘယ်မှာရှိနိုင်ပါ့မလဲ ညနေကျတော့ ဂျူပလီဟောကို အလောင်းတွေကို သယ်ဆောင်ခဲ့ပြီဆိုတဲ့ သတင်းကြားတော့ ဒေါ်ခင်ခင်ကို လိုက်ပို့ကြပါတယ်။

အလောင်းတွေ ကြည့်ပြီး အိမ်ကိုပြန်ခဲ့တယ်။ အိမ်ပြန်ရောက်ပြန်တော့ ဒီလိုတီတီတာတာ အချွဲထူတဲ့ မောင်လှကြည်က လောကကြီး ဘာဖြစ်နေတယ် ဆိုတာကို ဘာမှ မသိရှာ။ သူ ချစ်တဲ့ပါပါ တစ်ယောက်ဘာ သွေးကွက်ထဲမှာ အလူးအလဲ ခံရင်း တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ပြီဆိုတာကိုလဲ သူလေးက မသိရှာ။ ဒီအဖြစ်ကို တွေးရင်းတွေးရင်း ရင်ထဲနာပြီးရင်းနာ ဖြစ်ခဲ့ ရတယ်။ ဒေါ်ခင်ခင်ရဲ့ အဖြစ်ကို ဆိတ်ကွယ်ရာ တစ်နေရာကနေ ဆရာကြီး တစ်ယောက် မြင်လေမလားဘဲ။ မောင်လှကြည်ကလေးကတော့

"ပါပါက ကော ဘယ်သွားသလဲ၊ ပါပါမပါဘူးလား" လို့ ဆီးပြီးမေးတဲ့ မေးခွန်းကို ဒေါ်ခင်ခင်က

"သားပါပါဆုံးပြီ"

လို့ ဖြေလိုက်ပြန်ရင် သူ့ခမျာ ဘာနားလည်ရှာနိုင်ပါ့မလဲ။ ဒါပေမယ့် နားလည်လည် မလည်လည် ဆိုပြီး တစ်မျိုးလှည့်ပြောရပြန်တယ်။

"သားပါပါ နိုင်ငံခြားသွားလို့ လိုက်ပို့တာ"

လို့ စကားကို အစသတ်လိုသတ်ငြား ပြောလိုက်ပေမယ့် မောင်လှကြည်က ထပ်လို့တောင် ကွန့်လာပြန်ပါသေးတယ်။

"ဘယ်လောက်ကြာမလဲမေမေ"

"သုံးလေးလလောက်တော့ ကြာလိမ့်မယ်သားရယ်"

အဲဒီလို ပြောလိုက်ရပြန်တယ်။ တစ်လလောက် ရှိသွားတော့ မောင်လှကြည်ဟာ သူ့အဖေရဲ့ ဗီရိုကို ဖွင့်ခိုင်းပါတယ်၊ ဒေါ်ခင်ခင်က ဖွင့်ပေးလိုက်တော့ မောင်လှကြည်လေးက သူ့အဖေ ဘောင်းဘီတွေ ဆွဲထုတ်လိုက် တယ်။ ပြီးတော့

"ပါပါ ဘောင်းဘီတွေကလဲ အကြီးကြီး ဆိုပြီး ပြောလိုက်သေးတယ်၊ အဲဒီလို မောင်လှကြည်လေးဟာ သူ့ပါပါကို တဂျီဂျီနဲ့ ပလီပလာမေးတာ

မြန်းတာလုပ်သလောက် အကြီးဆုံးဖြစ်တဲ့ မောင်တင်မြင့်ကတော့ သူ့ပါပါ သေဆုံးတာကို သိပေမယ့် မျက်ရည်တစ်စက်မှ မကျရှာဘူးတဲ့။ ဝမ်းထဲမှာတော့ ပူလောင်ပြီး တစိမ့်စိမ့် ဆွေးနေရှာတယ်။ ဒီအချိန်က မောင်တင်မြင့် ကလေးဟာ ၈ နှစ်အရွယ်ပဲ ရှိသေးတယ်။

ဆရာကြီး ကျဆုံးပြီး တစ်လကျော်တဲ့အခါမှာ တစ်နေ့သောရက်မှာ မိုးတွေ သည်းထန်စွာ ရွာတယ်။ အဲဒီအချိန်မှာ မောင်လှကြည်ဟာ ဒေါ်ခင်ခင် လက်ကို ဆွဲပြီး အပြင်ဆင်ဝင်အောက်ကို ဆွဲခေါ်သွားပါတယ်။ ဘာမှ မပြောဘဲ မိုးဖြိုင်ဖြိုင် ရွာကျနေတာကို ကြည့်ပြီး ငိုပါလေရော။

မိုးတွေက မစဲဘဲ ရွာသန်းနေတာကို သူ့စိတ်ထဲမှာ ဘယ်လိုခံစားရလဲ ဆိုတာကို ဒေါ်ခင်ခင်တစ်ယောက် တွေးယူလို့တော့ ရပါတယ်။ သားငယ်လေး ဟာ မိုးရေတွေကြည့်ပြီး ရှိုက်ကြီးတငင် ငိုလိုက်တာကို ဒေါ်ခင်ခင်အနေနဲ့ မကြည့်ရက် မခံစားနိုင်လွန်းလို့ သားငယ်ကို ဒေါ်ခင်ခင်က သူ့ရဲ့ ရင်ခွင်ထဲ ဆွဲသွင်းပြီး နှစ်သိမ့်ပေးလိုက်ပါတယ်။

ဖြစ်တဲ့အဖြစ်တွေကလဲ တွေးလေ ဆွေးမပြေဆိုတာလိုဘဲ။ ဆရာကြီးဟာ ဒေါ်ခင်ခင့် ခင်ပွန်းပါ။ ဒါပေမယ့်လို့ ကျဆုံးတဲ့ အချိန်တုန်းက ဆရာကြီးကို ပိုင်သာပိုင်တယ် မဆိုင်ဘူးဆိုတဲ့ စကားအတိုင်း ပါပဲ။ ဆရာကြီးရဲ့ ရုပ်အလောင်း ကို ပြည်သူတွေက သူတို့ဆန္ဒအရ ဒဖနာ (မြေမြှုပ် သင်္ဂြိုဟ်) ခဲ့တယ်။ ကျည်သင့်ပြီး ကျဆုံးစကအဖြစ်အပျက်တွေ ဘာတစ်ခုမှ ကိုယ်က ပါဝင် ဆောင်ရွက်နိုင်ခဲ့တာမျိုးမရှိတော့ ဘာတွေလုပ်လို့ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို မသိရရှာပါဘူးတဲ့။

တချို့ဘာသာရေးပိုင်းကတော့ အိမ်မှာလာပြီး ဖတ်ကြ ရွတ်ကြပါတယ်။

## ဒဖနာ မြေမြှုပ်သင်္ဂြိုဟ်ခြင်း

(၁၄-၂-၈၈) နေ့က ဆရာဦးမောင်ကို ဂဖာရီကို ကျမ်းပြုသူ အိမ်မှာ ဖိတ်ကြားပြီး ဆရာကြီး ဦးရာဇတ် ဂျနဇာ (အသုဘ)ချတဲ့ နေ့က အကြောင်း တွေနဲ့ ပတ်သက်ပြီးတွေ့ဆုံးမေးမြန်းတဲ့အခါမှာ သိရတဲ့ အချက်တွေကို ကျမ်းပြုသူ အနေနဲ့ ဖော်ပြသွားပါမယ်။

ဆရာကြီး ဦးရာဇတ်ကို ဒဖနာ (မြေမြှုပ်သင်္ဂြိုဟ်)မယ့်နေ့ဟာ ဇူလိုင်လ (၂၁) ရက်နေ့ပါတဲ့။ ရမ်ဇာမ်လ (၁) နေ့နဲ့ သွားပြီး ကိုက်ညီပါတယ်။ ရမ်ဇမ်

လဆိုတာ အစ္စလာမ်ဘာသာဝင်တွေရဲ့ ဥပုသ်လ ဖြစ်ပါတယ်။ ဥပုသ် စစောင့်တဲ့ ပထမရက် ဖြစ်ပါတယ်။

ဒီမှာက ပြဿနာတစ်ခု ရှိလာပြန်တယ်၊ ရဲဘော်မောင်ထွေးဟာ ရှီယာ မွတ်စလင်တစ်ဦး ဖြစ်ပါတယ်၊ သူ့ဖခင်က (၃၁) လမ်းမှာ ရှိတဲ့ မဂိုရှီယာ ပလီက ဂေါပကလူကြီး ဦးကိုလေးပါ။ အခုတော့ ကွယ်လွန်သွားပါပြီ။ အဲဒီမှာ သူတို့အနေနဲ့ ရဲဘော်မောင်ထွေးကို ရှီယာမွတ်စလင် သင်္ချိုင်းမှာ သင်္ဂြိုဟ်ဖို့ ပထမ စီစဉ်ကြပါသေးတယ်တဲ့။

အဲဒီမှာ ဗ-မ-က အထွေထွေ အတွင်းရေးမှူး မစ္စတာလတစ်ခန် (ခေါ်) ဦးခင်မောင်လတ် ဗ-မ-က အဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးကြွယ်ဝ စတဲ့ ခေါင်းဆောင်တွေက ဦးကိုလေးတို့နဲ့ ဆွေးနွေးကြတယ်။

ဆရာကြီး ဦးရာဇတ်က စွန်နီသင်္ချိုင်းသွားမယ်၊ ရဲဘော်မောင်ထွေးက ရှီယာမွတ်စလင် သင်္ချိုင်း သွားမယ်၊ အဲဒီလိုဆိုရင် မွတ်စလင် ညီညွတ်ရေးဟာ ပျက်ပြားသွားနိုင်တယ်။ အဲဒါကြောင့် မွတ်စလင်တွေ အနေနဲ့ စုစုစည်းစည်းနဲ့ ပဲ တာမွေ စွန်နီ မွတ်စလင် သင်္ချိုင်းမှာ ဒဖနာ (မြေမြှုပ်သင်္ဂြိုဟ်)ဖို့ လိုတယ် လို့ ဆွေးနွေးညှိနှိုင်းကြပါသတဲ့။ တခြားဘာသာခြားတွေထဲမှာ ကိုယ့်အထုပ်ကိုယ် ဖြေပြသလို ဖြစ်နေမယ်။

စွန်နီ မွတ်စလင်တွေ အနေနဲ့လဲ သူတို့ စွန်နီ (သင်္ချိုင်း)က ဘတ်စတန်မှာ ရှီယာမွတ်စလင်တွေရဲ့ မယက်(အလောင်း)ကို မြှုပ်ခွင့်ပြုဖို့ ဆိုတာလဲ အစဉ်အလာ မရှိဘူး။ ဒီလို မြှုပ်ခွင့်ရအောင်လဲ ဗ-မ-က ခေါင်းဆောင်တွေ အနေနဲ့ စွန်နီ မွတ်စလင် အိုလမာအဖွဲ့ဝင်များနဲ့ သဘောတူ ချက် ရယူရပါတယ်။

နှစ်ဖက်သဘောတူညီချက်ရတော့မှပဲ တာမွေက ဘတ်စတန်မှာ သင်္ဂြိုဟ် မြှုပ်နှံလိုက်ပါတယ်။

ဒီဂျနဇာနမာဇ်ကိုလဲ မြန်မာနိုင်ငံလုံးဆိုင်ရာ အိုလမာအစ္စလာမ် သာသနာ ပညာရှင်များ အဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌကြီးဖြစ်တဲ့ မွတ်ဖ်သီမာမွတ်ဒါဝတ်ယူစွတ်ကနေ ပြီး အိမာန်ရှေ့ဆောင်လုပ်ပြီး ဖတ်ပေးသွားမှာပါတဲ့။

ဆေးရုံကြီးကနေ အလောင်းတွေကို ယူပြီးတော့ သယ်ဆောင်သွားကြပါ တယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်များရဲ့ အလောင်းများကို ဂျူုပလီဟောကို သယ်ဆောင်သွားတဲ့အခါမှာ ဆရာကြီး ဦးရာဇတ်နဲ့ ရဲဘော်

မောင်ထွေးတို့ရဲ့ အခေါင်းနှစ်ခုလဲ ပါသွားတယ်၊ ဒီအခေါင်းတွေကို ရဲဘော်တွေကပဲ ထမ်းပြီး သယ်ဆောင်သွားခြင်းပါ။

နောက်တစ်ခါ ဂျနဇာ ၂ ခု သတ်သတ်ကို အဲဒီ အာဇာနည်တွေရဲ့ ခေါင်းတွေနောက်မှာ အစ္စလာမ်ဂျနဇာ (အလောင်းထမ်းစင်) ၂ ခုလဲ ဆက်တိုက် ထမ်းလာခဲ့ကြတယ်။ ဂျူဗလီဟောကို ရောက်တဲ့အခါမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်တွေရဲ့ ခေါင်းအားလုံးကို ဂျူဗလီဟောမှာပဲ ချထားလိုက်ပါတယ်။

ဆရာကြီးနဲ့ ရဲဘော်မောင်ထွေးတို့ရဲ့ ဂျနာဇာ ၂ ခုကို အနောက်ကနေ ကလေမာရှာဟဒတ်ကို ကျယ်လောင်စွာ ဖတ်ရွတ်ပြီး အပြင်ဘက်ကို ထမ်းပြီး ထွက်လာကြပါတယ်။ အပြင်ဘက်ကို ရောက်တဲ့အခါမှာ ဝင်းပေါက်က စောင့်ကြိုနေတဲ့ ဗမာမွတ်စလင်ထုကြီးဟာ ဆီးကြိုပြီး တစ်ယောက်တစ်လက် ထမ်းသွားပါတော့တယ်။ အဲဒီဗမာမွတ်စလင် လူအုပ်ကြီးထဲမှာဘဲ ဒေါ်ခင်ခင်လဲ လိုက်ပါပို့ဆောင်ပါတယ်။ ကန်တော်ကြီးလမ်းအတိုင်း သယ်ဆောင်သွားရာမှာ ဆရာကြီး ဦးရာဇတ်အိမ်ရှေ့ **ပဒုမ္မာလမ်း၊** ခြံနံပါတ် (၁၀) အရှေ့ရောက်တော့ ဒေါ်ခင်ခင်လဲ ရှေ့ဆက်လိုက်မပို့တော့ဘူး၊ အိမ်မှာပဲ ဝင်နေလိုက်ပါတယ်။

ဒီလို အသုဘ ပို့ဆောင်ရေး လုပ်ငန်းတစ်ခုလုံးကို ဗ–မ–က အဖွဲ့ချုပ်က မစ္စတာလတစ်ဖ့်ခန်း(ဦးခင်မောင်လတ်)ဦးကြွယ်ဝ အစရှိတဲ့ ခေါင်းဆောင်များက ဦးစီးဆောင်ရွက်ခဲ့တာ ဖြစ်တယ်။ ဦးကြွယ်ဝက အရှေ့က ဂျနာဇာကို ခေါင်းဆောင်ပြီး အစီအစဉ်နဲ့ ရှေ့ဆောင်သွားပါတယ်၊ ကြက်ပျံမကျ စည်စည်ကားကား လိုက်ပို့ကြပါတယ်။

ဒီပရိသတ်ထဲမှာ ဗမာမွတ်စလင် အမျိုးသား အမျိုးသမီးအပြင် အခြား မြန်မာတိုင်းရင်းသား လူမျိုးများ ဘာသာကွဲများကလဲ လိုက်ပါပို့ဆောင်ကြပါတယ်။ တစ်လမ်းလုံး ကလေမာရှာဟဒတ်ကို ရွတ်ဖတ်သွားတဲ့ အသံကြီးဟာလဲ မိုးပြိုမတတ်ပါဘဲ။

လူတွေအားလုံးရဲ့ စိတ်ဓာတ်တွေဟာလဲ ကြေကွဲဝမ်းနည်းမှု တစ်ဘက်က ရှိနေသလို၊ တစ်ဘက်ကလဲ စိတ်ဓာတ်တွေဟာ ရန်သူ့အပေါ် အနိုင်မခံ

အရှုံးမပေးလိုတဲ့ စိတ်ဓာတ်မျိုးနဲ့ ဒေါသရောင်တွေကလဲ လွှမ်းလျက်ရှိနေပါတယ်။ စိတ်ဓာတ်တွေဟာ တက်ကြွမှုအပြည့်နဲ့ပါ။

ရွှေတိဂုံပတ်ဝန်းကျင် ရောက်တဲ့အခါမှာလဲ မြန်မာများနဲ့ တခြားမြန်မာတိုင်းရင်းသား လူထုကြီး တစ်ရပ်လုံးဟာလဲ လှိုက်လှိုက်လှဲလှဲ ဂျနာဇာကို စောင့်ကြိုနေကြပါတယ်။ အဲဒီကနေ တချို့လဲ လိုက်ပါပို့ဆောင်ကြပါတယ်။ တာမွေ မွတ်စလင် စွန်နီ (ကဘတ်စတန်) သင်္ချိုင်းရောက်တဲ့အထိပဲ တစ်ယောက်နဲ့တစ်ယောက် ပခုံးပြောင်းပြီး ဂျနာဇာများကို ထမ်းပို့ကြပါတယ်။

ဒီအချိန်က အစ္စလာမ် ဘာသာဝင်များရဲ့ ပထမဦးဆုံး ဥပုသ်လဝင်တဲ့ ပထမရက်။ တစ်နေ့လုံး ၊အစားအစာ မစားရဘူး၊ ရေကြည်တစ်ပေါက်လဲ မသောက်ရတဲ့ အစ္စလာမ်ဘာသာဝင်တွေရဲ့ ဥပုသ်ပါ။ လိုက်ပါပို့ဆောင်ကြတဲ့ မွတ်စလင်အများစုဟာလဲ ဥပုသ်စောင့်သူက အများစု ဖြစ်ပါတယ်။ ဒါပေမယ့် ဂျူပလီဟောကနေ တာမွေဆိုတဲ့ ခရီးဟာ နှစ်မိုင်လောက်ဝေးပါမယ်။ နေပူထဲမှာပဲ ဒီဂျနာဇာကို မောတာပန်းတာကို အပထားပြီး ပို့ဆောင်ကြပါတယ်။

ကဘက်စတန်သင်္ချိုင်း ရောက်ပြန်တော့ မျက်နှာဖြူ နိုင်ငံခြားသား တော်တော်များများလဲ ရောက်နေပါတယ်။ အင်္ဂလိပ်တွေပဲ ဖြစ်မယ်လို့ ဆရာမောင် ကိုဂဖာရီက ပြောပြပါတယ်။ သတင်းထောက်တွေ နိုင်ငံရေးသမားတွေ ဖြစ်ပါမယ်။ အဲဒီအထဲမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အင်မတန်ရင်းနှီးခဲ့တဲ့ ဗြိတိသျှလေဘာပါတီရဲ့ ပါလီမန်အမတ် မစ္စတာဘော့ထွန်လီလဲ ပါရှိပါတယ်။ ဥရောပတိုက်သား ဧည့်သည်တွေထဲက တချို့လဲ ဓာတ်ပုံတွေ ရိုက်ကြတယ် တချို့လဲ ရုပ်ရှင်ရိုက်ကြတယ်။

ဂျနာဇာနမာဇ်ဖတ်ရာမှာလဲ အခု ဂျနာဇာနမာဇ်ဖတ်ဖို့ လုပ်ထားတဲ့နေရာမှာပဲ ဖတ်ကြတယ်။ လူတွေက များလွန်းလို့ ဂျနာဇာနမာဇ်ဖတ်ရာမှာ ပွတ်သိပ်ပြီး တန်းစီဖတ်ကြရတယ်။ ဂျနာဇာ နှစ်ခုစလုံးကို တနေရာတည်းမှာ ထားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အိုလမာ အစ္စလာမ်သာသနာ ပညာရှင်များ အဖွဲ့ချုပ် ဥက္ကဋ္ဌကြီး မွတ်ဖတီမာမွတ်ဒါ၀တ်ယူစွတ်က အီမာန်ရှေ့ဆောင် လုပ်ပြီး တစ်ချိန်တည်း ဖတ်ပေးပါတယ်။

(ဒီတုန်းက စွန်နီနဲ့ ရှီယာမွတ်စလင်များ ရယ်လို့ ကွဲနေပေမယ့် အစ္စလာမ် ဘာသာဝင်အဖြစ် ကွဲကွဲပြားပြား ရှိနေတဲ့ စွန်နီရှီယာရယ်လို့ ခွဲတဲ့

စိတ်ကို မျက်ကွယ်ပြုပြီး အစ္စလာမ်တို့ရဲ့ ညီညွတ်ရေးကို ရှေးရှုတဲ့အနေနဲ့ ရှိယာနဲ့ မွတ်စလင်အသိုင်းအဝိုင်း ခေါင်းဆောင်ကြီးတွေက ခွဲခြားမှု မလုပ်ဘဲ ဒီ အာဇာနည်များရဲ့ ဂျနာဇာကို တစ်နေရာတည်းမှာပဲ ဒဖနာ (မြေမြှုပ် သင်္ဂြိုဟ်)ခြင်းကို ပြုလုပ်ခဲ့ကြပါတယ်။

## ဂျနာဇာချပြီး နောက်ပိုင်းအခြေအနေ

ဒေါ်ခင်ခင်အနေနဲ့ ဒီလို ဆရာကြီး ဦးရာဇတ်ရဲ့ ရုပ်အလောင်းကို ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့အတူ မထားဘဲ တာမွေမွတ်စလင်က ဘတ်စတန်မှာ ဒဖနာ (မြေမြှုပ်သင်္ဂြိုဟ်)လိုက်ပြီးတဲ့နောက်မှာ ဒီလို ခွဲခြားပြီး မြှုပ်နှံလိုက်ရကောင်းလားဆိုပြီး အတောမသတ်အောင် ဝေဖန်ပြောဆိုတာတွေကို ဒိုင်ခံပြီး ဖြေရှင်းနေရတာလဲ အမောဘဲ။ ဒေါ်ခင်ခင်အတွက် မြွေပူရာကင်းမှောင့်ဆိုသလို ခံစား ရရှာပါတယ်။

ဆရာကြီးရဲ့ ညီ၊ ညီမများ ဖြစ်ကြတဲ့ ဆရာဦးဘကြူတို့ မောင်နှမ လေးယောက်ဟာ ဒဖနာ (မြေမြှုပ်သင်္ဂြိုဟ်)ပြီး နောက်တစ်ရက်မှ ရောက်လာကြတယ်။ ရောက်ရောက်ချင်း ဆိုသလိုပဲ ဒေါ်ခင်ခင်ကို ဖက်ပြီး ငိုကြတယ်။ ပြီးတော့ သူတို့ဆီ ဖုန်းဆက်အကြောင်းမကြားတာရယ်၊ သူတို့အလာကို မစောင့်ဘဲ သင်္ဂြိုဟ်ပစ်လိုက်တာရယ်တို့ကြောင့် တော်တော်လေးကို မကျေမနပ်နဲ့ ဒေါ်ခင်ခင်ကို အပြစ်တင်ကြတယ်။ သူတို့အနေနဲ့ အခြားလူများဆီက တစ်ဆင့် ဖုန်းသတင်းကို သိရလို့ လိုက်လာနိုင်ခဲ့ကြောင်း ပြောရင်း အပြစ်တင်စကားတွေကို တတွတ်တွတ် ပြောပါတယ်။

ဒီလို ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုတဲ့ အပြစ်တင်စကားတွေကို ဆရာကြီး ဇနီး ဒေါ်ခင်ခင်က သူ့မှာ ဖြေရှင်းနိုင်အား မရှိတဲ့ အခြေပါ။ သူပြောပြနိုင်တာက ဒီအလောင်းကို ဆိုင်သာဆိုင်တယ်၊ မပိုင်ဘူးဆိုတဲ့ အဖြစ်မျိုး။ ဒီအချိန်မှာ ရင်ထဲက ဗလောင်ဆူအောင် ခံစားနေရတဲ့ အပူမီးကလွဲလို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတဲ့ အခြေပါ။

တကယ့် ပကတိ အခြေအနေကို ဆရာကြီးရဲ့ ညီအစ်ကို မောင်နှမတွေက ဘေးပန်းမှ လေ့လာစုံစမ်းကြတယ်။ အစ္စလာမ်ထုံးစံအရမယက်(အလောင်း)ကို ချက်ချင်း ဒဖနာသင်္ဂြိုဟ်ရမယ်ဆိုတဲ့အတွက် ချက်ချင်း ဒဖနာ (မြေမြှုပ်

သင်္ဂြိုဟ်) လိုက်ရတယ်။ ဒါတွေကို လေ့လာသိရှိတော့မှပဲ ဆရာကြီးရဲ့ ညီအစ်ကို မောင်နှမတွေရဲ့ ရန်ထောင်ခြင်းမှ လွတ်ကင်းသွားပါတော့တယ်။

ဒီအထဲ ဆရာကြီးရဲ့ အရင်းအနှီးဆုံးဖြစ်တဲ့ ဆရာဦးထွန်းမောင်က ကြားဝင်ပြီးလဲ ဖျန်ဖြေစေ့စပ်ဖျောင်းဖျပါသေးသတဲ့။ ဆရာကြီးကို သူ့ဇနီး ဒေါ်ခင်ခင်က ပိုင်တာပဲ၊ ဆရာကြီးကလဲ အစ္စလာမ်ဘာသာဝင် ဒေါ်ခင်ခင်က လဲ အစ္စလာမ်ဘာသာဝင်ဆိုတော့ အစ္စလာမ်ဘာသာ ထုံးစံအရ သင်္ဂြိုဟ်တာလဲ ဘာပြောစရာလိုသေးသလဲ။ ဒေါ်ခင်ခင်ကလဲ အဲဒါကြောင့် ဆရာကြီးရဲ့ ညီအစ်ကို မောင်နှမတွေကို မစောင့်တော့ဘဲ ဆရာကြီးအလောင်းကို ပို့ဆောင် သင်္ဂြိုဟ်လိုက်ရရှာတာပဲပေါ့။

ဆရာကြီး ဦးဘကြူနဲ့ (၂၀-၄-၄၉)နေ့ မန္တလေးနန်းတော်ရှေ့ရပ် ဆရာဦးဘကြူရဲ့ အိမ်မှာ တွေ့ဆုံတုန်းက ဆရာကြီး ကျဆုံးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျမ်းပြုသူကို အဲဒီတုန်းက အဖြစ်အပျက်ကို ဒီလိုပဲ ပြောပြပါတယ်။

> "ဆရာကြီး ကျဆုံးသွားပြီဆိုတဲ့ သတင်း အဲဒီနေ့လယ်မှာ သိတယ်၊ ရထားက အဲဒီတုန်းက ညရထား မရှိဘူး၊ အဲဒါကြောင့် နောက်တစ်နေ့ မနက် ရထားနဲ့ မန္တလေးက ထွက်ခဲ့တယ်။ ဦးဘကြူ၊ ဦးဘမူ၊ ဦးဘကျော်၊ သိန်းသိန်းတို့ မောင်နှမ လေးယောက် လိုက်သွားတယ်၊ ရမည်းသင်းကျမှဘဲ ဂုတ်ဗိုလ်တစ်ယောက်နဲ့ တွေ့တော့ မနေ့ကပဲ သင်္ဂြိုဟ်ပြီးပြီ ဆိုတာ သိလိုက်ရတယ်၊ သူတို့အလာကို မဆိုင်းတဲ့အတွက် စိတ်ထိခိုက်သွားကြရတယ်။ ပြန်လှည့်ပြီး လာချင်တယ်၊ ဒါပေမယ့် လာလက်စနဲ့မို့ ခရီးဆက်သွားခဲ့တယ် ဟိုရောက်တော့ တာမွေသင်္ချိုင်းသွားပြီး ကြည့်ကြရတယ်။"

နောက်ပြီး တချို့ဆရာကြီးရဲ့ တပည့်သားသမီးတွေကလဲ ဆရာကြီးရဲ့ အလောင်းကို ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့ အတူရှိစေချင်ကြတယ်။ အဲဒီလို မဟုတ်ဘဲ သီးခြား မြုပ်နှံပစ်လိုက်တာကို သဘောတူရကောင်းလားဆိုပြီး ဒေါ်ခင်ခင်ကို ကရုဏာဒေါသနဲ့ ပြောသူတွေကလဲ မရှား၊ ဒီအထဲ တချို့ကလဲ ဆရာကြီး ဦးရာဇတ်အလောင်းကို ပြန်ဖော်ပြီး မန္တလေး ယူသွားမယ်လို့ အစီအစဉ် လုပ်ချင်ကြသူတွေကလဲ တကဲကဲ။

အဲဒီတော့ ဒီအချိန်မှာ တစ်ပြည်လုံးမကျေနပ်မှုတွေ၊ စိုးရိမ်မှုတွေ၊ ဒေါသမီးတွေ၊ မျက်ရည်မိုးတွေနဲ့ အဲဒီလိုရောထွေး ယှက်တင် ဖြစ်နေတဲ့ ကာလမှာ ဒီလို အလောင်းတွေကို တူးဖော်မယ်ဆိုရင် ဘာသာရေး အဓိကရုဏ်းတွေ ပေါ်ရချည်ရဲ့၊ အဲဒီတော့ တိုင်းပြည်အခြေအနေဟာ ဆိုးပြီးရင်း ဆိုးဖြစ်ပါ့မယ် ဒီတော့ ဒီစိတ်ကူးကို စွန့်လွှတ်ကြပါဆိုပြီး ဖျောင်းဖျရတာ အလုပ်တစ်ခု။

ဆရာကြီး ကျဆုံးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး (၂၀-၅-၆၉) နေ့မှာ ဆရာကြီး ဦးရာဇတ်ရဲ့ သားအကြီးဖြစ်တဲ့ ဦးတင်မြင့်၊ ဘီအက်စ်စီ၊ မန်နေဂျာ ကမ်းလွန်ရေနံ ရှာဖွေရေး မြန်မာ့ရေနံ ကော်ပိုရေးရှင်းနဲ့ တွေ့ဆုံပြီး မေးမြန်းတဲ့ အခါမှာ ဦးတင်မြင့်က အောက်ပါအတိုင်း ပြောပြပါတယ်။

"ကျွန်တော်ဟာ ကျွန်တော့် ပါပါ ဆုံးတော့ ပထမတန်းလောက်မှာပဲ ပညာသင်နေပါတယ်။ အိမ်ကလာခေါ်တယ် ဆိုတော့ ဒီအချိန်က ကျွန်တော်ဟာ မြို့မအထက်တန်းကျောင်းက ကျောင်းသားပါ။ အမျိုးသားကျောင်းက ဥပုသ်နဲ့ တနင်္ဂနွေပဲ ကျောင်းပိတ်တယ်။ အဲဒီနေ့က စနေနေ့ ဖြစ်တယ်။ ကျောင်းတက်နေရတယ်။

"ခါတိုင်း စနေနေ့ဆိုရင် ရုံးကို လိုက်လိုက်သွားတဲ့ အလေ့အထ ရှိပါတယ်။ ဒီနေ့တော့ မလိုက်ဖြစ်ပါဘူး၊ အဲဒီနေ့သာ ခါတိုင်းလို လိုက်ဖြစ်ရင် ကျွန်တော်လဲ ကျွန်တော့်ပါပါနဲ့အတူ ကျဆုံးသွားလိမ့်မလားဘဲ"

"ကျွန်တော့်ပါပါဟာ နိုင်ငံရေးသမားတစ်ယောက် အနေနဲ့ တာဝန်ယူ ရပ်တည်တာထက် ကျောင်းဆရာတစ်ယောက် အနေနဲ့ ဆောင်ရွက်တာက သူ့အနေနဲ့ ပိုအောင်မြင်တယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော့်ပါပါအနေနဲ့ ကျောင်းသားတွေကို လေ့ကျင့်ပေးတဲ့ အတွက် ကျောင်းသားအများအပြားဟာ တိုင်းပြည်ရဲ့ လွတ်လပ်ရေး တိုက်ပွဲမှာ ခေါင်းဆောင်ပြီ ပါဝင်ခဲ့ကြတယ်"

"တိုင်းပြည်အတွက် အသက်ပေး ဆောင်ရွက်မယ့် နိုင်ငံရေးသမား အများအပြားကို မွေးထုတ်ပေးနိုင်ခဲ့တယ်။ သူကိုယ်တိုင်က ကက်ဘိနက် ဝန်ကြီး လုပ်ပြီး နိုင်ငံရေးလုပ်တာထက် ကျောင်းဆရာကြီးလုပ်တာ ပိုပြီး အောင်မြင်ခဲ့တယ်လို့ ကျွန်တော်ဆိုပါရစေ"

"ကျွန်တော့်ပါပါကိုယ်တိုင်က နယ်ချဲ့သမားကို မုန်းတယ်ဆိုတာ သိရတယ်။ နယ်ချဲ့သမားကို တွန်းလှန်ရမယ်ဆိုတဲ့အချိန်ပဲ အခု ကျွန်တော်တို့ လက်ထက်ကျတော့ လွတ်လပ်ရေးရပြီးပြီ၊ တိုင်းပြည်ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အားစိုက်ခွန်စိုက် လုပ်ဖို့လိုတယ်"

"ဒီတော့ ကျွန်တော့်အနေနဲ့ တက်ကနေးရှင်း (ပညာရှင်ကောင်း) တစ်ယောက်ဖြစ်ဖို့ပဲ ရည်ရွယ်လုပ်ဆောင်ပါတယ်။ နိုင်ငံရေးသမားတစ်ယောက် ဖြစ်ဖို့ မရည်ရွယ်ပါဘူး။ ကျောင်းဆရာမလုပ်ဘဲ တက်ကနေးရှင်း (အတတ်ပညာရှင်) တစ်ယောက်ဖြစ်အောင် ကြိုးစားတာဟာ ကျွန်တော့်ပါပါ ခြေရာကို နင်းနိုင်တယ်လို့ ယူဆတယ်"

"ကျွန်တော့်ပါပါဟာ ကျောင်းသားတွေအနေနဲ့ ကျောင်းဆင်းတဲ့ညနေပိုင်းမှာ ဝတ္ထုဖတ်နေတာမျိုးတွေ မကြိုက်ဘူး၊ ကစားကွင်းဆင်းခိုင်းတယ်၊ ချွေးထွက်ပြီး ခေါင်းရွှင်အောင် လုပ်ပြီး ရေချိုးစာဖတ်တာကြိုက်တယ်။ ကျွန်တော့်ပါပါဟာ အချိန်ကို အလဟဿ ဖြုန်းတာမကြိုက်ဘူး။

ကျွန်တော့်ပါပါဆုံးတဲ့ အချိန်တုန်းကတော့ ကျွန်တော်ဟာ ရှစ်နှစ်သားပဲ ရှိသေးတယ်။ ကလေးဆိုတော့ အဲဒီတုန်းက ဘယ်လိုမှ မခံစားလိုက်ရပါဘူး။ နောက်ပိုင်းမှ တဖြည်းဖြည်းကြီးလာတဲ့ အခါမှာ သူများတွေ ပြောသလို မြင့်မိုရ်တောင်ကြီးနဲ့ တူတဲ့ အဖေတစ်ယောက် ဆုံးရှုံးခဲ့လိုက်ရတော့ စိတ်ထဲမှာ တနုံ့နုံ့နဲ့ ပူဆွေး လောင်ကျွမ်းခဲ့ရပါတယ်။ ဖော်ပြလို့ မရနိုင်တဲ့ အားငယ်စိတ်တွေလဲ ဝင်ခဲ့ရပါတယ်။

## ဘဝကို ခါးစည်းရုန်းခဲ့ခြင်း

ဆရာကြီး ဦးရာဇတ်ကတော့ ဒေါ်ခင်ခင်ဆီ ကလေးသုံးယောက်ကို ဝကွက်အပ်နှံပြီး သူ့ဘဝရဲ့ ဇာတ်ကို နိဂုံးချုပ်သွားပါပြီ။ ဒါပေမယ့် လောကမှာ အဖေမရှိတော့တဲ့ သားငယ်နှစ်ယောက်နဲ့ သမီးငယ်တစ်ယောက်တို့ရဲ့ လူပုံလယ်မှာ မျက်စိသူငယ်နဲ့ နေမယ့်အရေးတွေကို တွေးလေတွေးလေ ရတက်မအေးနိုင်

အောင် ဖြစ်ရရှာတဲ့ ဒေါ်ခင်ခင်အဖြစ်ကို မြင်လှည့်ပါဦး ဆရာကြီးရယ်လို့ ဟစ်လို့သာ ငိုကြွေးပစ်လိုက်ချင်တဲ့ အဖြစ်ကလွဲလို့ ဘာများတတ်နိုင်ရှာလေမလဲ။

ဆရာကြီး ဆုံးသွားတော့ သားကြီး မောင်တင်မြင့်က ရှစ်နှစ်အရွယ်၊ သမီး ခင်ခင်စိန်က ခြောက်နှစ်၊ သားငယ်လေး မောင်လှကြည်က တစ်နှစ်နဲ့ ခုနစ်လ။ ဒီကလေးတွေ လူလားမြောက်အောင် ဘယ်လိုလုပ်ပြီး ကျွေးမွေး ပြုစုရမလဲဆိုတဲ့ ပြဿနာဟာ ဆရာကြီး ကျဆုံးတာနဲ့ တစ်ပြိုင်နက် ဒေါ်ခင်ခင်အတွက် ဖြေရှင်းရမယ့် ထိပ်တန်းပြဿနာ တစ်ခု ဖြစ်လာပါတယ်။

ဒီအချိန်မှာ ဆရာကြီးက ရွှေထုပ် ငွေထုပ် စိန်ထုပ်တွေ ထားခဲ့တဲ့ သဘောမရှိပါဘူး၊ မူလက အကြွေးပတ်လည်ဝိုင်းလျက်ရှိသော သူကို အမျိုးသား ကျောင်းဆရာ ဖြစ်တယ်လို့ ဆိုပြီး အမျိုးသားကျောင်းဆရာတွေရဲ့ တကယ့်ဘဝကို မီးမောင်းထိုးပြထားခဲ့တဲ့ ကြွေးကြော်သံ ရှိခဲ့ပါတယ်။ ပြီးတော့လဲ စစ်ဒဏ်ကို နှစ်ကြိမ်တိုင်တိုင် ခံလိုက်ရ၊ ဆရာကြီးရဲ့ ဖခင် မစ္စတာ ရှိတ်ခ်ရာ မန်ဆုံးသွားစမှာပဲ ဆရာကြီးရဲ့ အဖေကိုယ်စား ကျန်ရစ်သူ မိခင်ဒေါ်ငြိမ်းလှနဲ့ တစ်အိမ်လုံးကို ဆရာကြီးကပဲ ဆက်လက် တာဝန်ယူ ပြုစုစောင့်ရှောက်ရတဲ့ အခြေအနေမျိုး၊ အဲဒီလိုဘဝမျိုးမှာ ကူးခတ်လာရပြီး ဘာမှ အခွင့်အလမ်း မရှိတဲ့ အမျိုးသား လုပ်ငန်းတွေရဲ့ စေတနာ့ဝန်ထမ်း ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ရလေတော့ ဒီကလေးတွေနဲ့ ဒေါ်ခင်ခင်တို့ရဲ့ နောင်ရေးအတွက် အာမခံချက် ပစ္စည်းရယ်လို့ အထုပ်နဲ့ အထည်နဲ့ ထားခဲ့နိုင်ပါမတဲ့လား။

ဒီတော့ ဆရာကြီး ကျဆုံးသွားပြီတဲ့ဟော့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် ဒေါ်ခင်ခင်ဟာ ထိပ်မြွေပေါက်ခံရသလို သူ့ကလေးတွေရဲ့ ဘဝထူထောင်ရေး အတွက် ဘယ်လို အဖြစ်မျိုးနဲ့ ထူထောင်ပေးရပါ့မလဲဆိုတဲ့ ကြီးလေးတဲ့ ပြဿနာကြီး တက်လာပါတယ်။ ဆရာကြီး ဆုံးတော့ရင်နာစရာ ကောင်းဟာ ဟာ ပိုက်ဆံက မရှိဘူး ။

ဒါကြောင့် ပထမဦးဆုံး စဉ်းစားမိတာကတော့ မန္တလေးပြန်သွားမယ်၊ ဗဟိုအမျိုးသား အထက်တန်းကျောင်းမှာ သွားပြီး ဘော်ဒါကျောင်းသားတွေကို ချက်ပြုတ်ကျွေးတဲ့ စားဖိုချောင် အလုပ်သမားအဖြစ် အလုပ်တစ်ခုတောင်းမယ်လို့ စိတ်ကူးရပါတယ်။ နောက်ပြီးတော့လဲ လက်သုပ်မျိုးစုံ လုပ်ရောင်းပြီး ဒီကလေးတွေကို ကျောင်းထားမယ်၊ ကလေးတွေရဲ့ နေရေးထိုင်ရေးအတွက် တစ်ဘက်တစ်လမ်းက ငွေရှာမယ်။

သူဟာ ၁၅ နှစ်သမီးကတည်းက ရွှေဘိုမှာ ချည်အမျိုးမျိုး ရောင်းခဲ့ဖူးတယ်။ ဒီတော့ ဈေးရောင်းစားဖို့လဲ ဝန်မလေးရှာဘူးတဲ့။ ဒီလို ဆရာကြီး ဆုံးလို့ ရတက်မအေး ဖြစ်နေရတဲ့အထဲ ကလေးတွေရဲ့ နောင်ရေးတွေးတိုင်း ပူပင်သောကရောက်ရ စိတ်အားငယ်ရပုံတို့ကို စာဖွဲ့ပြောလို့တောင် ကုန်ဆုံးနိုင်မယ် မထင်ပါတဲ့။

ဒီအချိန်မှာပဲ အစာရေစာငတ် အပေါ်လဲနေပူ အောက်ကလဲ သဲကပူ သဲကန္တာရခရီးသည်ဟာ ရေအပြတ်မှာ အိုအေစစ်ကို တွေ့လိုက်တဲ့ အဖြစ်မျိုး ပါပဲ။ ကျဆုံးသွားတဲ့ အာဇာနည်တွေရဲ့ အမျိုးသမီး မုဆိုးမတွေကို တစ်ယောက် ငွေတစ်သိန်းစီ ထုတ်ပေးမယ်။ ခြောက်သောင်းကို ကလေးတွေအတွက် ထုတ်ပေးမယ် ဆိုတဲ့ အကြောင်းကြားစာရလိုက်တော့ ဒေါ်ခင်ခင် ခမျာ ဝမ်းသာလွန်းလို့ ငိုရမလား ရယ်ရမလားဆိုတဲ့ ခံစားမှုကို မြန်းစားကြီး ခံစား လိုက်ရှာပြန်တယ်။

ဒီတော့မှ ဘုရားသခင်ထံ လက်ဆယ်ဖြာ မြှောက်၍ ကျေးဇူးတင်တဲ့ အကြောင်းကို ရေရွတ်ပြောဆိုမိရှာပါသတဲ့။ နောက်ဘဝ ထူထောင်ဖို့အတွက် လိုင်စင်ခေတ် ဖြစ်တဲ့အတွက် အင်ပို့၊ အိပ်စပို့ လိုင်စင်များကိုလဲ အများတန်းတူ ချပေးလိုက်ပါတယ်။ ကလေးတွေကိုတော့ ရန်ကုန်မြို့မကျောင်းမှာ (အခု အထက ၂ ဒဂုံ) ဆက်ပြီး ပညာသင်စေပါတယ်။

နောက်ပြီး ပဒုမ္မာလမ်းရှိ ဒဂုံမြို့နယ်တွင်းက မြေတစ်ကွက်ကို ဖ–ဆ–ပ–လ အစိုးရဆီက ချပေးဖို့ အသနားခံတဲ့အတွက် ဖ–ဆ–ပ–လ အစိုးရက မြေကွက်ကို ချပေးလိုက်ပါတယ်။ အခု ခြံအမှတ် (၂၁) ပဒုမ္မာလမ်းတွင် တိုက်ဆောက်ပြီး နေထိုင်နိုင်ပါတော့တယ်။

ဒေါ်ခင်ခင်မဆုံးခင် သားသမီး သုံးယောက်ကို အိမ်ထောင်ချပေးလိုက် ပါတယ်။

ဆရာကြီး ကျဆုံးသွားပြီးတဲ့နောက် နိုင်ငံရေးခေါင်းဆောင်တွေ ဆရာကြီး ရဲ့ တပည့်တွေက မကြာခဏဆိုသလိုပဲ ဆရာကြီးရဲ့ အမေကို လာရောက် ကန်တော့ကြတယ်လို့ ဆရာဦးဘကြူက ကျမ်းပြုသူကို ပြောပြဖူးပါတယ်။

ဖ–ဆ–ပ–လ အစိုးရ လက်ထက်မှာ ဝန်ကြီးချုပ် ဦးနု ဗိုလ်မှူးအောင်တို့လဲ ဆရာကြီး အမေကို လာတွေ့တယ်လို့ ပြောပါတယ်။

ဆရာကြီးကျဆုံးသွားတဲ့နှစ်မှာပဲ၊ ဆရာကြီးရဲ့ အမေဟာ အသက် ၈၀ ကျော်နေပြီလို့ ဦးဘကြူက ပြောပါတယ်။ ဆရာကြီး ကျဆုံးသွားတဲ့ အချိန်မှာ ဆရာကြီးအမေကို ဒီသတင်း ပြောမပြဘူး၊ ဆရာကြီးရဲ့ ညီအစ်ကို မောင်နှမတွေအားလုံးက ဒီသတင်းကို မှောင်ချထားတယ်။ ဆရာကြီးအမေကို အသိမပေးဘဲနဲ့ ဆရာကြီးရဲ့ ညီအစ်ကို မောင်နှမများဟာ ရန်ကုန်ကို လိုက်သွားကြတယ်။

"အိမ်နားနီးချင်းတွေကိုလဲ ဒီသတင်းကို အမေမသိပါစေနဲ့လို့ သတိပေးခဲ့ကြတယ်။ အမေ့ ကျန်းမာရေးအခြေအနေက ကောင်းပါတယ်၊ သန်သန်မာမာပါပဲ ဒါပေမယ့် မျက်စိနှစ်ဘက်စလုံးက ကောင်းကောင်း မမြင်ရဘူး။ ဘယ်ဘက်မျက်စိကို စစ်မဖြစ်ခင်က မြန်မာသမားတော်ကြီးက ဖောက်ထုတ်လို့ လုံးဝ ပျောက်သွားပါတယ်။ နောက် ဆရာဝန်နဲ့ မျက်လုံး ပေါက်ကြီး ပိတ်သွားအောင် ကုရပြန်တယ်။ ကျန်တဲ့ မျက်လုံးက အသက် (၈၂) နှစ် ဆရာကြီး ကျဆုံးပြီးတဲ့အခါမှာ မကြည်ဆိုတဲ့ မိန်းမက မျက်စိကု ဆရာလာတယ် သိပ်ကောင်းတာပဲလို့ ပြောတာနဲ့ ပိုက်ဆံခါးကြားထိုးပြီး လိုက်သွားပါတယ်၊ ဖြစ်ပုံက အဲဒီမကြည်ဆိုတဲ့ မိန်းမဟာ အကြော်ရောင်းရင်း မျက်စိကု ဆရာနဲ့ ဘယ်မှာတွေ့ခဲ့တယ် မသိဘူး။ ဆရာက ဒီပြင် ပိုက်ဆံပေးနိုင်တဲ့ သူကို ရှာခဲ့။ ဒီပြင် လူထံက ပိုက်ဆံရရင် နင့်ယောက်ျားကို အခမဲ့ ကုပေးမယ် ဆိုတော့ လိုက်ရှာတယ်။ အဲဒီမှာ သုံးဦးလောက် ရလာတယ်။ ဒီထဲမှာ ဆရာကြီး အမေလဲ ပါတယ်။ ဆရာက မျက်လုံးကို ခြစ်ကုပြီး ပတ်တီးစည်းမထားဘူး။ အိမ်က ဘယ်သူမှ မသိဘူး။ ညနေကျတော့ မျက်လုံးကနာတယ်၊ နာတယ်ဆိုပြီးတော့မှ အဖြစ်မှန်ကို အမေလုပ်တဲ့လူက ပြောပြတယ်။

ဒီတော့ မမရန်က အလကား အမေက သွားကုနိုင်ရန်ကော၊ အမေ့အတွက် ဟိုနားဒီနားသွားဖို့ အိမ်ဖော်မလေးလဲ ရှာထားပေးရဲ့သားနဲ့ ဘာကြောင့် ကိုယ့်ဒုက္ခ ရှာရတာလဲလို့ ညည်းတယ်။

ဦးဘကျော်က နေပါစေ သူစိတ်ချမ်းသာတာလုပ်ပါစေလို့ ဟန့်တားတော့မှပဲ အားလုံး ငြိမ်သွားတယ်။ မျက်စိကုဆရာက နေ့တိုင်းဆေးလာလာထည့်ပေးတယ်။ နောက်ဆုံး ဆရာကြီးအမေရဲ့ မျက်လုံးဟာ ကောင်းသွားတယ်။ ဒါပေမယ့် ဆရာကြီးအမေနဲ့ အတူတူကုတဲ့သူတွေကတော့ မျက်စိကွယ်

သွားကြတယ်။

"ဆရာကြီး ကျဆုံးသွားပြီဆိုတဲ့ သတင်းကို သားသမီးတွေက အမေ့ကို ပြောမပြဘူး၊ ဒါပေမယ့် တစ်နှစ်ကြာတော့မှပဲ ဆရာကြီး အမေသိတယ်၊ ဒါလဲ ပြောလို့မဟုတ်ပါဘူး။ အဲဒီနေ့ဟာ အာဇာနည်နေ့ဖြစ်တယ်။ အာဇာနည်နေ့ အကြောင်းကို အရပ်ထဲမှာ လူတွေပြောဆိုနေတာကြောင့် ဒီသတင်းကို မေးတော့မှ အဖြစ်မှန်ကို ပြောပြလိုက်ကြတယ်။

အဲဒီလို ပြောပြတော့ ပူဆွေးဒုက္ခရောက်ပြန်တယ်၊ ငိုကြွေးတမ်းတ တော့တယ်။ အရင်တုန်းက ဆရာကြီးကို ဂျပန်က ဖမ်းသွားတုန်းကလဲ ဆရာကြီးအမေ စိတ်ဒုက္ခရောက်မှာစိုးလို့ ပြောမပြဘဲ ဒီလိုပဲသတင်းကို

မှောင်ချထားခဲ့တယ်။ အခုလဲ ဒီလိုပဲ အသက်အရွယ်ကြီးရင့်လှတဲ့ မျက်စိဒုက္ခသည် ဆရာကြီး မိခင်ကို ပူဆွေးဒုက္ခရောက်မှာစိုးလို့ မပြောဘဲနဲ့ ထိမ်ဝှက်ထားခဲ့တယ်။ တစ်နှစ်ကြာတဲ့အခါမှာ ဒီသတင်းကိုပဲ သူ့ဟာသူ ဘေးပန်းက ပြောတော့မှပဲ သိတယ်။

အဲဒီတော့မှ ဆရာကြီး အမေက–

"ဘယ်သူ့ကြောင့်လဲ" လို့ မေးတယ်"

"ဂဠုန်ဦးစောကြောင့်"လို့ ပြောပါတယ်

"ငါကိုယ်တိုင် လိုက်ပြီးတောင် သတ်ချင်တယ်လို့ အမေက ပြော သေးတယ်။[၁]

အဲဒီအထက်ပါ အကြောင်းတွေကို ဆရာကြီးရဲ့ ညီမ ဒေါ်ရန်။ ညီများဖြစ်တဲ့ ဦးဘကြူ၊ ဦးဘကျော်တို့ထံမှ သိခဲ့ရပါတယ်။ ဆရာကြီးအမေ ကွယ်လွန်သွားတဲ့ အခါမှာ လူထုသတင်းစာ နာရေးကြော်ငြာမှာ ဖော်ပြခဲ့တာကို ဒီမှာ အလျဉ်းသင့်တာနဲ့ ဖော်ပြသွားပါမယ်။

[၁] ဆရာကြီး မစ္စတာရာဇတ်၏ မိခင် ဒေါ်ငြိမ်းလှသည် အောက်တိုဘာလ ၁၇ ရက်နေ့ နံနက် ၁၁ နာရီက နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားရှာပြီဟု ကြားသိရသည်။

ဒေါ်ငြိမ်းလှမှာ အသက် ၉၀ ယခု ပြာသိုလတွင် ပြည့်တော့မည်ဖြစ်ရာ ဆရာကြီး မစ္စတာရာဇတ် အပါအဝင် သားသမီး (၁၃)ယောက် မွေးဖွားခဲ့၍ အသက် ၅၄ နှစ်က မုဆိုးမ ဖြစ်ခဲ့လေသည်။

ဆရာကြီး၏ မိခင်ကြီးမှာ အသက် ၉၀ အထိ နေထိုင်သွားပြီး အလွန် ကျန်းမာ၍ ဥပုသ်သီတင်း စောင့်သုံးလျက် ဘုရားဝတ်မပျက် နေ့စဉ် ရှိခိုးနေနိုင်သည်။ အောက်တိုဘာလ (၇) ရက်နေ့ကမူ ဘုရားရှိခိုးအပြီး တစ်နေရာတွင် လေဖြတ်သလို ဖြစ်လျက် လဲသွားပြီး မထနိုင်ဘဲ ဖြစ်သွားကာ ယနေ့ နံနက် တွင် ညင်သာစွာ အသက်ကုန်ဆုံးသွားလေသည်။

ဆရာကြီး မိခင်၏ အသုဘကို အောက်တိုဘာလ (၁၉) ရက် သီတင်းကျွန်လဆန်း (၁၀) ရက်နေ့ ၁၂ နာရီအချိန်၌ နေရှင်နယ်ကျောင်းအနီး နေအိမ်မှ ရွာဟိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဟု သိရသည်။

**လူထုသတင်းစာ**

**၁၈–၁၀–၆၁**

ဆရာကြီး အမေကို သုသာန်သို့ သယ်ဆောင်သွားတဲ့နေ့က လိုက်ပါပို့ ဆောင်တဲ့ ပရိသတ်ဟာ လူတစ်သောင်းနီးပါး ရှိပါတယ်။ အိမ်နဲ့ သုသာန်က(၂) မိုင်လောက် ဝေးပါတယ်။ ခြေလျင်တစ်မျိုး ကားနဲ့တစ်ဖုံမို့ တစ်မျှော်တစ်ခေါ်ကြီး စည်စည်ကားကား ရှိလှပါတယ်။

ဆရာကြီးအမေက သူသေရင် သူ့အသုဘ စရိတ်အတွက် ဆိုပြီး ဘဏ်မှာ ငွေစုထားခဲ့တယ်။ ဒါပေမယ့် အဲဒီငွေကို ထုတ်မသုံးလိုက်ရပါဘူး။ ဘာကြောင့်လဲဆိုရင် ဆရာကြီးရဲ့ တပည့်သားမြေးတွေက အစစအရာရာ ဆောင်ရွက်ပေးကြလို့ ဖြစ်တယ်။ ကူငွေတွေလဲ ထည့်ကြတယ်။ အဲဒီနည်းနဲ့ ပဲ ပြည်သူရဲ့ အသုဘတစ်ခု အဖြစ် သင်္ဂြိုဟ်လိုက်နိုင်ခဲ့တယ်။

ကျွန်တော် နောက်ဆုံး ဆရာကြီးကို တွေ့လိုက်ရတာကတော့ ဆေးရုံမှာပဲ ဖြစ်ပါတယ်။ ရဲဘော်တစ်ဦးက ရောက်လာပြီး ဆရာကြီး၏ ဇနီးနဲ့ ဆွေမျိုးများက မွတ်စလင်ဘာသာ ထုံးစံအရ သင်္ဂြိုဟ်ရန် လိုလားကြောင်း၊ ကျွန်တော့်ကို ဆရာကတော်ကြီးအား လိုက်လံပြီး အခြားနိုင်ငံခေါင်းဆောင်ကြီးများနဲ့ အတူ ဆရာကြီးအား သင်္ဂြိုဟ်ရန် ဖျောင်းဖျပေးရန် မေတ္တာရပ်ခံပေးရန် ပြောဖို့ တိုက်တွန်းကြပါတယ်။ ကွယ်လွန်သူ ဇနီးရဲ့ဆန္ဒဟာ ပိုမို နည်းလမ်းကျလိမ့်မယ်လို့ ပြောခဲ့ ပါတယ်။ ဆရာကြီးဟာ မန္တလေး နေရှင်နယ်ကျောင်းကြီး ရဲ့ ကျောင်းအုပ်လုပ်ခဲ့တာကို အလွန် ဂုဏ်ယူခဲ့ပါတယ် ကျွန်တော့်အနေ နှင့်ကတော့ ဆရာကြီးရဲ့ ကျောင်းသားမဖြစ်ရသည့်တိုင် ဆရာကြီးရဲ့ တပည့်ဖြစ်ခဲ့ရတာကိုပဲ ကျေနပ်လို့မဆုံး ဖြစ်ခဲ့ရပါတယ်။

အဲဒီလိုပဲ ဗိုလ်မှူးချုပ် အောင်ကြီး (အငြိမ်းစား) က သခင်အောင်ကြီး

(ပေါင်းတည်) အမည်ရင်းနဲ့ ပေဖူးလွှာ မဂ္ဂဇင်း အမှတ် (၄၄) ဇန်နဝါရီလ ၁၉၈၅ ခု စာမျက်နှာ ၁၁၃ မှာ ရေးထားပါတယ်။

ပညာရေးဝန်ကြီးဌာန အတွင်းဝန်ဟောင်း အိုင်စီအက်စ် ဦးစောဟန်နဲ့ (၁၆-၅-၆၉) နေ့မှာ တွေ့ဆုံပြီး အာဇာနည်နေ့ အကြောင်းကို မေးခဲ့ပါတယ်။ သူပြောပြတာက–

သေနတ်သံတွေ စဲသွားတော့ သွေးအိုင်ထဲလဲနေတဲ့ ရဲဘော်မောင်ထွေးကို တွေ့တယ်။ မောင်ထွေးက "ကျွန်တော့်ကြည့်ပါဦး အန်ကယ်"လို့ လှမ်းပြီး သွေးအိုင်ထဲကနေ သူ့ကို အကူအညီလှမ်းတောင်းတယ်။

အဲဒီတော့ သူက "အေးပါကွာ အန်ဗျူလင်း သူနာပြုကားတွေ လာပါလိမ့်မယ်ကွယ်" လို့ နှစ်သိမ့်စကား ပြောပြီး ဖုန်းနဲ့ မီးသတ်ဌာနကို ကြက်ခြေနီကားများ လာရောက်အကူအညီပေးဖို့ မှာလိုက်တယ်။ ချက်ချင်းပဲ ကြက်ခြေနီကားများ လာရောက် ကြတယ်။ အဲဒီမှာ ကြက်ခြေနီကားတွေနဲ့ အလောင်းတွေကို ဆေးရုံသယ်သွားတယ်။

၁၉၆၉ ခုနှစ် မြေနီကုန်းမှာ နေတဲ့ ဖဆပလဝန်ကြီးဟောင်း ပုဂံ ဦးဘဂျမ်းအိမ်သို့ သွားရောက်ပြီး ၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့က အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး ကျမ်းပြုသူ သွားရောက်မေးမြန်းပါတယ်။

အဲဒီတော့ ဝန်ကြီးဟောင်း ဦးဘဂျမ်းက သူ့အနေနဲ့ ဒီအာဇာနည်အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး ၁၉၆၇ ခုနှစ် ဇူလိုင်လ (၁၅) ရက်နေ့ထုတ် လမ်းစဉ်သတင်းမှာ ဆောင်းပါးအဖြစ်နဲ့ အပြည့်အစုံ ရေးသားထားတာ ရှိတယ်။ အဲဒီဆောင်းပါးရဲ့ ခေါင်းစဉ်က "ဦးစောနှင့် အပေါင်းအပါတို့၏ သေနတ်ပြောင်းဝမှ သီသီကလေး လွတ်လာခဲ့သူ"ဆိုတဲ့ ဆောင်းပါးကို ရေးထားတာ ရှိပါတယ်။

အဲဒီ ဂျာနယ်ထဲမှာ သေတွင်းက လွတ်မြောက်လာခဲ့တဲ့ ဝန်ကြီးဟောင်း ဦးအောင်ဇံဝေရဲ့ ဆောင်းပါးလဲ ရှိပါတယ်။ သူ့ဆောင်းပါးကတော့ "လုပ်ကြံမှုကြီး၏ ဇာတ်သိမ်း"ဆိုပြီး ရေးထားတာ ရှိတယ်။ အဲဒီဆောင်းပါးတွေကို လမ်းစဉ်သတင်းစာထဲမှာ တော်တော်ပြည့်ပြည့်စုံစုံ ရေးထားတဲ့အတွက် ဒါကို လေ့လာပြီး လိုအပ်သလို သုံးနိုင်ပါတယ်လို့ ကျမ်းပြုသူကို ပြောပြခဲ့ပါတယ်။

အဲဒီတော့ သူပြောတဲ့အတိုင်းပဲ ကျမ်းပြုသူဟာ ၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့ အဖြစ်အပျက်နဲ့ပတ်သက်ပြီး သူ့အညွှန်းပြုခဲ့တဲ့ အနှစ်

(၂၀)ပြည့်မြောက် မမေ့နိုင်တဲ့ ဇူလိုင် (၁၉) ရက်နေ့ နံနက်ခင်းရဲ့ အကြောင်းကို ၁၉၆၇ ခုနှစ် ဇူလိုင်လ (၁၅) ရက်နေ့မှာ ထုတ်တဲ့ လမ်းစဉ်သတင်းကနေ အောက်ပါအတိုင်း ကူးယူဖော်ပြရပါတယ်။

## ဦးစောနှင့် အပေါင်းပါတို့၏ သေနတ်ပြောင်းဝမှ သီသီကလေး လွတ်လာခဲ့သူ

ရေးသူ – ပုဂံဦးဘဂျမ်း

ထိုနေ့က ကျွန်တော် အနည်းငယ် ဖျားနေသဖြင့် သာမန်အားဖြင့် ဝန်ကြီးအစည်းအဝေးသို့ တက်ဖြစ်မည်မဟုတ်ပါ။ အင်္ဂလိပ်စစ်တပ်မှ ဘရင်းဂန်း စတင်းဂန်း စသည့် သေနတ်များ အလက် (၂၀၀) (နှစ်ရာ)နှင့် သေတ္တာလိုက် ကျည်ဆန်အမြောက်အမြားကို ထုတ်ယူသွားသူမှာ ဦးစောဖြစ်ကြောင်း၊ လက်နက်များထုတ်ယူသော ထိုထရပ်ကား၌ ဦးစောသည် မျက်မှန်နက်၊ ဆွယ်တာစိမ်းလက်ပြတ်၊ ရှမ်းဘောင်းဘီတို့ကို ဝတ်ဆင်လျက် ကားမောင်းသူ၏ ဘေး၌ ထိုင်၍ လိုက်ပါလာကြောင်း သတင်းအတိအကျ ရထားသောကြောင့် ထိုအရေးကြီးသော သတင်းကို ဝန်ကြီးများအဖွဲ့ အစည်းအဝေး၌ တင်ပြရန် ရှိနေသဖြင့် ဖျားလျက်နှင့်ပင် ထိုအစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ဝန်ကြီးအဖွဲ့ အစည်းအဝေးမစမီ သခင်မြအား ဤသတင်းအကြောင်း ပြောပြရာ သူလည်း ဤအတိုင်းပင် ကြားထားသဖြင့် အစည်းအဝေး၌တင်ပြရန် ရည်ရွယ်ထားကြောင်း ပြောပြပါသည်။

ထိုနေ့က ဝန်ကြီးများ အစည်းအဝေးသည် အတွင်းဝန်များရုံး အဆောက်အအုံ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းတွင် (ငယ်) ပုံ အစည်းအဝေးစားပွဲကြီး၌ နံနက် ၁၀ နာရီခန့် အချိန်တွင် စတင်ကျင်းပရာ ထိပ်စားပွဲအလယ်၌ ဗိုလ်ချုပ်အောင်ဆန်း ထိုင်သည်။ ဗိုလ်ချုပ်၏ လက်ဝဲဘက်၌ ဝန်ကြီးများအဖွဲ့ အတွင်းဝန် ဦးရွှေဘော်သည် လည်းကောင်း၊ လက်ယာဘက် စားပွဲ၌ သခင်မြ၊ ဦးရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်းနှင့် မန်းဘခိုင်တို့ အစဉ်အတိုင်းသည် လည်းကောင်း လက်ဝဲဘက် စားပွဲ၌ ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီးတို့ အစဉ်အတိုင်းသည် လည်းကောင်း၊ ထိုင်ကြပြီးလျှင် လက်ယာဘက် သခင်မြတို့ စားပွဲထိပ်ရှိ

ကုလားထိုင်၌ အစည်းအဝေးတွင် စဉ်းစားသော ကိစ္စနှင့် သက်ဆိုင်သည့် ဌာနကြီးဌာန၏ အတွင်းဝန်က ထိုင်ရသည်။

နံနက် ၁၀ နာရီ မိနစ် ၃၀ ခန့်တွင် လူသတ်သမားများ ရောက်လာချိန်၌ ဝန်ကြီးများ အစည်းအဝေးတွင် ရှိနေသော အလှည့်ကျ အစိုးရ အတွင်းဝန်မှာ ဦးအုန်းမောင် ဖြစ်သည်။ ဦးအုန်းမောင် ရောက်လာပြီး သုံးလေးမိနစ်ခန့်အကြာတွင် လူသတ်သမားများ ရောက်လာခြင်း ဖြစ်သည်။ အစည်းအဝေး အစီအစဉ်အရ ထိုအချိန် သည် ဦးအုန်းမောင်၏ အလှည့်မကျရောက်သေး၊ သံအမတ်ဟောင်း (ထိုအချိန်က အတွင်းဝန်) ဦးကြင်၏ အလှည့်ဖြစ်သည်။ ဦးအုန်းမောင်က မိမိ၏ အခြားအရေးကြီးသော ကိစ္စတစ်ခုရှိနေသေးကြောင်း ဦးကြင်အား ပြောပြခွင့်ပန်ပြီးလျှင် အစည်းအဝေးသို့ ဦးစွာ လာ၍ သူရေးထားသည့် သယ်ယူပို့ဆောင်ရေး စီမံကိန်းအကြောင်း ရှင်လင်းတင်ပြခြင်း ဖြစ်သည်။ အကယ်၍သာ အစည်းအဝေး အစီအစဉ်အတိုင်း စဉ်းစားဖြစ်လျှင် (သို့တည်းမဟုတ်) လူသတ်သမားများ ငါးမိနစ်ခန့်စော၍ ရောက်လျှင် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် ရင်နင့်ဖွယ် ကိစ္စတွင် ဦးအုန်းမောင်၏ အသက်တစ်ချောင်း အဆစ်ပါသွားခဲ့မည် မဟုတ်ပေ။

ထိုနေ့က ကျွန်တော်ထိုင်သော နေရာသည် လူသတ်သမားများ ဝင်လာသော တံခါးကို မျက်နှာမူလျက် ဖြစ်သည်။ တံခါးစောင့် ရုံးစေကို ဖယ်ရှား၍ တံခါးကို တွန်းပြီး ဝင်လာကြသော စစ်ဝတ်စုံဝတ် လူသုံးလေးယောက်ကို မြင်ရသောအခါ ကျွန်တော်၏ စိတ်၌ အရေး တကြီး ကိစ္စတစ်ခုအတွက် ဗိုလ်ချုပ်ထံသို့ သတင်းပို့ရန် လာခြင်းဖြစ်မည်၊ ထိုလူတွေဟာ နားမလည်ချက် ဆိုးရွားလှသေးတယ်၊ ဝန်ကြီးများ အစည်းအဝေးခန်းထဲ လာတာတောင် သေနတ်တွေ အပြင်မှာ မထား ခဲ့ဘူး။ ဗိုလ်ချုပ်အား သူ့လူတွေ ဤကဲ့သို့ နောက်မလုပ်ရန် ဆုံးမထားပါ ဟု ပြောဦးမည်ဟု စိတ်ကူးနေစဉ် ရှေ့ဆုံးမှ ဝင်လာသူသည် အစည်း အဝေးစားပွဲကြီး၏ (ဂငယ်) ပုံအဝမှ ဝင်၍ အလယ်၌ ခြေစုံရပ်ပြီးလျှင် ဗိုလ်ချုပ်အား စ၍ ပစ်လေတော့သည်။ ဗိုလ်ချုပ်သည် ထိုင်ရာမှ ထ၍ လက်ကာပြပြီးလျှင် တစ်ခုခု အော်၍ ပြောသည်။ ကောင်းကောင်း နားမလည်လိုက်ပါ။ လူသတ်သမားများ ပစ်ခတ်နေစဉ် ဗိုလ်ချုပ်သည်

သူ၏ လက်ယာဘက် နောက်ဆွယ်တွင် ရှိသော ရုံးစားပွဲသို့ သွားရာ မရောက်မီ စားပွဲနှစ်ခုအကြား၌ ကျဆုံးခဲ့လေသည်။

ဗိုလ်ချုပ်အား စတင်ပစ်ခတ်ချိန်၌ ဦးရွှေဘော်နှင့် ပျော်ဘွယ် ဦးမြတို့သည် ပြတင်းပေါက်မှ ကျော်၍ အစည်းအဝေးခန်းမနှင့် ကပ်လျက်ရှိသော ဦးရွှေဘော်၏ ရုံးခန်းသို့ ထွက်ပြေးလွတ်မြောက်ကြလေသည်။ ကျွန်တော်သည် ပစ်သည်ကို မြင်လျှင် မြင်ချင်း ကြမ်းပြင်ပေါ်သို့ မှောက်၍ အိပ်ချလိုက်ပြီးလျှင် လက်ဝဲဘက်တွင် ကပ်လျက် ထိုင်နေသူ ဦးအောင်ဇံဝေ၏ လက်ကို ဆွဲ၍ ချလိုက်သဖြင့် ကျွန်တော်တို့နှစ်ယောက် တစ်ပြိုင်တည်းလောက် ကြမ်းပြင်ပေါ်၌ မှောက်လျက်သား ဖြစ်သွားကြပါသည်။ ထိုသို့ အိပ်လိုက်ခြင်းမှာ စစ်အတွင်းက အတွေ့အကြုံ အလေ့အကျင့်များ၏ ကျေးဇူးဖြစ်သည်။ လေယာဉ်ပျံ ဗုံးကြဲသောအခါများ၌ အာရှလူငယ် အစည်းအရုံးဝင်များသည် ဒဏ်ရာရသူများအား ကူညီရန် သွားလေ့ရှိ၏။ ဗုံးကြဲလျှင် စက်သေနတ်ပစ်လျှင် ရှိရာနေရာ၌ လှဲအိပ်လိုက်ကြရန် ထိုစေတနာ့ဝန်ထမ်းအဖွဲ့များအား ကျွန်တော် အမြဲမှာထားလေ့ရှိရာ ကိုယ်ရေးကြုံသော အခါ၌ ထိုသို့ လှဲအိပ်လိုက်ခြင်း ဖြစ်သည်။ သခင်မြတို့ စားပွဲ၌ ထိုင်သူများမှာ အလယ်မှ လည်းကောင်း၊ ကျောဖက်ထောင့် အခန်းတံခါး အဝင်အဝမှ လည်းကောင်း နှစ်ဖက်ညှပ်၍ အပစ်ခံရသဖြင့် ပို၍ အထိနာသည်။ လူသတ်သမားများသည် ဗိုလ်ချုပ်နှင့် သခင်မြတို့ စားပွဲရှိ လူအများအား ပစ်ပြီး၍ အားရမှ ကျွန်တော်တို့ ထိုင်ရာဘက်သို့ ပစ်သဖြင့် ဗိုလ်ချုပ်အား မဲ၍ ပစ်နေစဉ် ဦးရွှေဘော်နှင့် ပျော်ဘွယ် ဦးမြတို့ ပြေးချိန်ရခဲ့သည်။ ဦးအောင်ဇံဝေနှင့် ကျွန်တော်တို့မှာ ကြမ်းပြင်ပေါ်၌ လဲလျက်ရှိနေသဖြင့် ကျပြီထင်၍ များများ အပစ်မခံရ။ ထိုင်လျက်ရှိနေသူများကိုသာ အာရုံပြု၍ ပစ်ခတ်ကြသည်။ ထိုင်သူများအား အတော်အားရအောင် ပစ်ခတ်ပြီးသည့်နောက် စားပွဲဝိုင်းအလယ်၌ ဝင်၍ ပစ်သူသည် ဒူးထောက်၍ ကျွန်တော်တို့ဘက်သို့ ဖွေ့ရမ်း ပစ်ခတ်သေးသည်။ ထိုသို့ ပစ်ချိန်တွင် ကျွန်တော်၏ လက်ယာဘက် လက်သူကြွယ်ထိပ်ကို ထိမှန်ခဲ့လေသည်။ အုတ်နံရံမှ ပြန်၍ ဝင်လာသော ကျည်ဆန်ဖြစ်သည်ဟု ယူဆခဲ့ပါသည်။

အပစ်အခတ်များ ရပ်စဲ၍ လူသတ်သမားများ ပြန်ဆုတ်စဉ် အခန်းတွင်းမှ မထွက်သေးမီ ဦးအောင်ဇံဝေသည် အိပ်နေရာမှ ထထိုင်ပြီး ‘သေကုန်ကြပြီ၊ သေကုန်ကြပြီ’ဟု မှန်သူများအား လက်ညှိုးညွှန်၍ ဝမ်းနည်းပက်လက် ညည်းညူနေသဖြင့် ထပ်ပစ်နေဦးမည်ဟု ပြောပြီး ဆွဲလိုက်မှ ပြန်လှဲချလိုက်ပါသည်။ လူသတ်သမားများ ထွက်သွားပြီး အခန်းတွင်းသို့ ပထမဆုံး ဝင်လာသူမှာ ဗိုလ်ချုပ်အောင်ဆန်း၏ အတွင်းရေး အတွင်းဝန် ဗိုလ်ထွန်းလှ ဖြစ်သည်။ ဗိုလ်ထွန်းလှသည် လူသတ်သမားများ ပြန်ထွက်သွားသည့် တံခါးကို တွန်းပိတ်၍ ချက်ထိုးလိုက်သောအခါ ဦးအောင်ဇံဝေနှင့် ကျွန်တော်တို့သည် အစည်းအဝေးခန်းနှင့် ကပ်လျက်ရှိသော ဝန်ကြီးများအဖွဲ့ အတွင်းဝန် ဦးရွှေဆော်၏ အခန်းသို့ ကူးသွားပြီး ဦးအောင်ဇံဝေက တယ်လီဖုန်း ဆက်ရန် ကြိုးစားသည်။ ကျွန်တော်က အပြင်သို့ ထွက်၍ကြည့်ရာ ထိုအချိန်က ရန်ကုန်ရဲမင်းကြီး ဖြစ်သူ ဦးအောင်ချိန်ကို တွေ့သဖြင့် ဦးအောင်ချိန်အား ဝန်ကြီးများအစည်းအဝေးခန်းသို့ ပို့ထားခဲ့ပြီးလျှင် အဆောက်အအုံ၏ အနောက်တောင်ထောင့်တွင်ရှိသော ကျွန်တော်၏ရုံးခန်းသို့ ဦးအောင်ဇံဝေနှင့် အတူ ပြန်လာပါသည်။ ကျွန်တော်၏ လက်တွင် ရရှိခဲ့သော ဒဏ်ရာမှ ထွက်သော သွေးများကို မြင်သဖြင့် ဦးအောင်ဇံဝေက သွေးတွေထွက်နေတာ ခင်ဗျားပြန်မှ ကောင်းမည်ဟု ပြောသဖြင့် ကျွန်တော်နေထိုင်ရာ အမှတ် ၈ ကိုယ့်မင်းကိုယ့်ချင်းလမ်း အဆောက်အအုံသို့ ပြန်လာပါသည်။ ကျွန်တော်၏ အတွင်းရေး အတွင်းဝန် မောင်သန်းမြင့်အား လွှတ်၍ ခေါ်စေသဖြင့် ဒေါက်တာလှရွှေ (တ၊က၊သ ဥက္ကဋ္ဌ ဟောင်း ထိုအချိန်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ထောက် ဆရာဝန် တစ်ဦး) မကြာမီ ရောက်လာပြီးမှ လက်မှ ဒဏ်ရာကို ချုပ်၍ ကုသပါသည်။ ကျည်သင့်သော လက်မှာ ညိုမည်းလာသဖြင့် အဆိပ်ဖြေဆေး အမြန်ရအောင် ရှာ၍ ထိုးပေးပါသည်။

## အကြံပက်စက်တဲ့ ဦးစော

ဦးစောဟာ မြန်မာမင်းတွေ လက်ထက်တုန်းကလို မင်းသတ်မင်းဖြစ်တယ် ဆိုတဲ့ ရှေးပဒေသရာဇ်ခေတ်က အယူအဆကို လက်ခံထားဟန် တူပါတယ်။ ဗိုလ်ချုပ်တို့ကို ရက်ရက်စက်စက် မျက်နှာပြောင်ပြောင်နဲ့ လုပ်ကြံ

သတ်ဖြတ်ပြီးရင် သူဟာ ဗိုလ်ချုပ်ရဲ့ အရိုက်အရာကို ဆက်ခံရလိမ့်မယ်လို့ တစ်ထစ်ချ တရားသေ တွက်ထားဟန်လဲ ရှိတယ်။ ဒါပေမယ့် သူ့အထင်နဲ့ လက်တွေ့ဟာ တစ်မျိုးစီ ဖြစ်ခဲ့ပါတယ်၊ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ခဲ့ပါဘူး။ အဲဒီ ဇူလိုင်လ ၁၉ ရက်နေ့က တကယ့်အခြေအနေကို ဒေါက်တာမောင်မောင်ရဲ့ နိုင်ငံတော် လုပ်ကြံမှု (ပြည်ထောင်စုနှင့် ဦးစော) စာအုပ်–စာမျက်နှာ ၁၃၅–၁၃၈ မှာ ဒီလို ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

ဦးစောသည် ဇူလိုင်လ ၁၉ ရက် တစ်မနက်လုံး သူ၏ အေဒီလမ်း နေအိမ်၌ ဘုရင်ခံထံမှ အစိုးရဖွဲ့ရန် ဖိတ်ကြားချက်ကို စောင့်မျှော်ခဲ့သည် ဆို၏။ တယ်လီဖုန်းဖြင့် ဖိတ်မည်လော၊ အခေါ်လွှတ်၍ ဖိတ်မည်လော တစ်ခုခုတော့သေချာသည်ဟု ယူဆခဲ့တန်ရာ၏။ ဦးစောသည် ခြေရာမဖျောက်၊ သူ့လူများကို မဖြန့် အိမ်၌သာ ဣန္ဒြေရရ စောင့်စားနေခဲ့သည်။ ရာထူးယူရန် သွားလျှင် ဝတ်ဆင်ရန် တောင်ရှည်ပုဆိုးအသင့်။

သို့သော် သူမျှော်သော ဘုရင်ခံ၏ အခေါ်တော်ကား ပေါ်မလာ၊ ထိုနေ့ မွန်းလွဲပိုင်းတွင် ဝင်းနှင့် ခြံကို ရဲတပ်ဖွဲ့က ဝိုင်းလေသည်။ မှူးကြီးက ဝင်းအတွင်း တန်းလျားတစ်နေရာမှ ခုခံပစ်ခတ်သဖြင့် ရဲတို့က ပြန်လှန် ပစ်ခတ်ကြရာ မှူးကြီး၏ လက်မောင်းတွင် ထိမှန်လေသည်။ ထိုမှတစ်ပါး တိုက်ခိုက်မှုမရှိ။

သခင ရဲတပ်ဖွဲ့ ရောက်လာသည်ကို အောက်ပါကဲ့သို့ လူထုဦးလှ၏ "ထောင်နှင့်လူသား"တွင် ဖော်ပြထား၏။

ညနေ ၃ နာရီ အချိန်ခန့် အိပ်ရာမှ နိုး၍ ကြည့်လိုက်ရာ အိမ်ဝင်းအပြင်ဘက်တွင် သံခမောက်၊ စစ်ဦးထုပ်တွေ အမြောက်အမြား စီလျက် ချထားသည်ကို တွေ့ရသဖြင့် များးစွာ အံ့အားသင့်သွားပါသည်။ အခြားသူများလည်း နိုးလာကြပါသည်။ ကျွန်တော်က ပြောသဖြင့် ကြည့်ကြရာ ဝင်းကြီးတစ်ခုလုံးကို ပုလိပ်၊ စစ်တပ် စသည်တို့က နေရာယူပြီး ဝိုင်းထားကြသည်ကို တွေ့ရပါသည်။ ကိုစိုးကမူ ဆပ်မရှင်းဂန်း သေနတ်အငယ်စားကို ထဆွဲပါသေးသည်။ အခြားသူများက သူ့ကို ဆွဲထားပြီး ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ အားလုံး သေကုန်မှာပေါ့ဟု ပြောကြသောကြောင့်သာ သူမပစ်ဘဲ နေလိုက်ပါသည်။

မိနစ်အနည်းငယ်မျှ ကြာသော် ပုလိပ်တစ်ယောက် လာပြီး ဦးစောက ခင်ဗျားတို့ကို ခေါ်ခိုင်းတယ်ဟု ပြောပါသည်။ ကျွန်တော်တို့ ထလိုက်သွားချိန်တွင် လက်နက်ကိုင်နှင့် ပုလိပ်အရာရှိများ ဝင်းထဲတွင် ပြည့်နေပါပြီ။

"ကဲ–ကဲ လာကြ၊ လာကြဟု ဦးစောက ကျွန်တော်တို့ကို လှမ်းခေါ်ပြီး မြို့ထဲမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ကို သေနတ်နဲ့ ပစ်သွားလို့ မသင်္ကာတာနဲ့ ကျုပ်တို့ကို နည်းနည်းပါးပါး ရှာချင်လို့တဲ့"ဟု လှမ်းပြောပါသည်။ ထို့နောက် ခရိုင်ရဲ ဗိုလ်မှူးခန့်အဆင့်အတန်း ရှိမည်ထင်ရသော အရာရှိအား "ရှာချင်တယ်ဆို ခင်ဗျားတို့ဆီမှာ ရှာဖွေဖို့ ဝရမ်းပါသလား"ဟု ခပ်တည်တည် မေးလိုက်ရာ အရာရှိကြီး က တယ်လီဖုန်းသွားဆက်ပါသည်။ ထို့နောက် "ရှာဖွေခွင့် အမိန့်ပေးပါ သည်" ဟု ပြန်ပြောလိုက်ရာ ဦးစောက "ဒီလိုဆိုရင် ရှာကြပေါ့"ဟု ခပ်အေးအေးပင် ပြန်ပြောပါသည်။ လက်တစ်ဘက်က ဝီစကီဖန်ခွက် ကလေးကို ကိုင်လျက် တစ်ခါတစ်ခါ ဖြည်းဖြည်းသောက်လိုက် ခပ်ရွှင်ရွှင် စကားလှမ်းပြောလိုက်နှင့် လုပ်နေပါသည်။ ပုလိပ်များ ရှာသည့်နောက်သို့ လိုက်မသွားပါ။ ထိုင်မြဲထိုင်နေပါသည်။ သူ့အိပ်ခန်း ထဲမှ ကျည်ဆန် အမြောက်အမြားကို ရဲများက ဆွဲထုတ်လာကြသည်ကို လည်း သူလှည့်မကြည့်ပါ။ "ကဲ ရှာဖွေပြီးရင် ခင်ဗျားတို့ အစီအစဉ်က ဘာတဲ့တုံး"ဟု ရဲအရာရှိအား ဦးစောက လှမ်းမေးလိုက်ပါသည်။ အရာရှိကြီးလည်း တယ်လီဖုန်း ဆက်ပြန်ပါသည်။ 'လုံခြုံစိတ်ချရေး အတွက် ခေါ်ခဲ့ဖို့ အမိန့်ပေးပါတယ်"ဟု ရိုသေစွာ ပျော့ပျော့ပျောင်းပျောင်း ပြန်ပြောပါသည်။ ဦးစောက "ကျုပ်တစ်ယောက်တည်းလား"ဟု မေးပြန်ရာ တယ်လီဖုန်း ဆက်ပြန်ပါသည်။ "အားလုံးကိုပဲ အန္တရာယ် မရှိရအောင် လုံခြုံစိတ်ချရေးအတွက် ဖမ်းဖို့ အမိန့်ပေးပါတယ်"ဟု ပြန်ပြောပါသည်။

"ကဲ–ကဲ မသင်္ကာလို့ ကျုပ်တို့ကို ခဏဖမ်းမလို့တဲ့။ အသင့်ပြင်ကြ၊ အသင့်ပြင်ကြ အိပ်ရာလိပ်တို့ ဘာတို့ ယူခဲ့ကြ ဟိုရောက်တော့ သူတို့ပေးဖို့ လွယ်ချင်မှ လွယ်လိမ့်မယ်" စသည်ဖြင့် ဦးစောက ကျွန်တော်တို့အား ခပ်အေးအေးပင် လှမ်းပြောပါသည်။

ကျွန်တော်တို့ ယောက်ျားကြီး ၃၀ ကျော် အားလုံးကို အင်းစိန်ထောင်သို့ ပို့ပါသည်။

ဗိုလ်တထောင် လက်နက်တိုက်က လက်နက်တွေ ပျောက်ဆုံးသွားတယ် ဆိုကတည်းက ရဲအဖွဲ့က မသင်္ကာတဲ့ အိမ်တွေကို မလှမ်းမကမ်းကနေ အခြေအနေတွေကို စောင့်ကြည့်ဖို့ အရပ်ဝတ်နဲ့ စုံထောက်များကို စေလွှတ်ထားတယ်။

လုပ်ကြံမှုကြီး ဖြစ်ပွားပြီး မကြာမီမှာပဲ ဦးစောရဲ့ အိမ်ကိုသာမက အခြားပုဂ္ဂိုလ်များရဲ့ အိမ်ကိုပါ ဝိုင်းဝန်းရှာဖွေခဲ့ကြတယ်။ ဥပမာ နိုင်ငံရေးခေါင်းဆောင်များ ဖြစ်ကြတဲ့ ဒေါက်တာဗမော်၊ သခင်ဗစိန်၊ ဘာကြောင့် ရှာဖွေခဲ့တယ်ဆိုတာကိုတော့ ထုတ်ဖော်ပြောခြင်းမရှိပါ။ နောက်တော့လဲ အောက်ပါအဖွဲ့အစည်းများက ပုဂ္ဂိုလ်ကြီးများကို ထပ်မံ ဖမ်းဆီးပြန်တယ်။

၂။ မဟာမြန်မာပါတီမှာ ဗိုလ်ရန်နိုင်၊ ဗန္ဓုလ ဦးစိန်၊ သခင်လွန်းပြေ၊ ဦးမြကျော်၊ ဦးဘုံစွမ်း၊ ဦးသာဆိုင်၊ ဦးစောဝင်း၊ ဦးလျှောင်ထွန်း၊ ဦးသန့်ဇင်၊ ဦးပေါ်၊ ဦးမြ၊ ဦးစိန်၊ ဦးမြသိန်း၊ ဦးသာကဒိုး၊ ဦးဘတိုး၊ ဝါလတာခင်မောင်၊ ဦးထွန်းရွှေ၊ ဆောင်းရင် စတဲ့လူပေါင်း ၁၉ ယောက်ကို ဖမ်းဆီးလိုက်ပါတယ်။[၂]

၃။ သခင်ပါတီမှ သခင်ဗစိန်၊ သခင်ချစ်တင်၊ သခင်ခင်မောင်၊ သခင်အေး၊ သခင်မဲ၊ သခင်ကဲ၊ သခင်ကျော်စိန်၊ သခင်ညီ ပေါင်း ကိုးယောက်ကို ဖမ်းဆီးခဲ့၏။ သတင်းရသည့် အချိန်အထိ တရားခံပေါင်း မှာ ၅၃ ယောက် ရှိပြီ ဖြစ်၏။ ၎င်းတို့အားလုံးပင် ယခု အင်းစိန်ထောင်သို့ ပို့ထား၏။[၃]

## နယ်ချဲ့သမားရဲ့ လုပ်ကြံမှုနောက်ကွယ်မှ ပြည်သူ့ဂယက်များ

သောနုတ္တရမှုဆိုးက မြေတွင်းဂူတူးပြီး ဆဒ္ဒန်ဆင်မင်းကို မြားနဲ့ ပစ်လိုက်ပါတယ်။ အဲဒီမှာ ဆဒ္ဒန်ဆင်မင်းရဲ့ အခြွေအရံဆင်များက

---

၁။ မောင်မောင် / ဒေါက်တာ နိုင်ငံတော် လုပ်ကြံမှု ပြည်ထောင်စုနှင့် ဦးစော ရွှေဟံသာ ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၄၇ ခု စာမျက်နှာ ၁၃၅–၁၃၈

၂၊၃။ ဟံသာဝတီသတင်းစာ၊ ၂၂–၇–၆၄။

ဒေါသူပုန်ထကာ ရန်သူရှိမယ့်နေရာများကို တောနင်းပြီး ရှာကြပါတယ်။ ရန်သူကို တွေ့ရာသင်္ချိုင်းဓားမဆိုင်းဆိုတဲ့ စကားလို မှုန့်မှုန့်ညက်ညက် ကျေသွားအောင် အစွယ်နဲ့ ထိုးပြီး ယပ်တောင်ထက်ပင် ပြားသထက်ပြားအောင် နင်းသတ်ဖို့ တောတောင်တစ်ခုလုံး သိမ့်သိမ့်တုန်အောင် အော်ဟစ်ကြိမ်းဝါး ပါတော့တယ်။

အဲဒီလိုပဲ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်များကို ဆန်ကောလောက်မှ စောက်မနက်တဲ့ မိန်းမဉာဏ်နဲ့ ရက်ရက်စက်စက် သတ်ဖြတ်သွားတဲ့ ရန်သူများကို တွေ့အောင် တစ်တိုင်းပြည်လုံးက အုတ်အော်သောင်းတင်း ရှာဖွေကြပါတော့တယ်။

ပြည်သူတွေအနေနဲ့ ကြိမ်မီးအုံးသလို ပူဆွေးသောက ရောက်ကြပါတယ်။ အဲဒီနေ့ရက်များမှာ ဆိုရင် ပြည်သူတွေရဲ့ မျက်ရည်မိုးတွေဟာ သိမ်းမနိုင် ဆီးမရ ကျကြရပါတယ်။

အဓိကကွဲပြားနေတဲ့ ဗ–က–ပ ကလဲ ဖ–ဆ–ပ–လ နဲ့ တွဲပြီး ရန်သူ ရှာဖို့ ဗိုလ်ချုပ်အောင်ဆန်း လက်မှတ်ထိုးခဲ့တဲ့ အောင်ဆန်းအက်တလီ စာချုပ်ကြီး လမ်းခုလတ်မှာ ရေတိမ်နစ် ဆုံးရှုံးမသွားရလေအောင် ဆက်လက် တိုက်ပွဲ ဝင်သွားဖို့ ဆိုတဲ့အနေနဲ့ ဖ–ဆ–ပ–လ ကွန်မြူနစ် ညီညွတ်ရေးတွေပါ လုပ်လာပါတယ်။

ပြည်သူတွေဟာ ပို၍ပင် စည်းလုံးညီညွတ် လှုပ်ရှားလာပါတော့တယ်။

**ထောက်ခံကြခြင်း**

(၂) အသစ်ပြန်လည် ဖွဲ့စည်းပြီးသော ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီးက အလုပ်အမှုဆောင် အဖွဲ့သစ်ကိုလည်း စီးပွားကုန်သွယ်ရေး အစည်းအရုံးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) က လုံးဝ ထောက်ခံကြောင်း။

**အစိုးရအဖွဲ့သစ်**

(၃) ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီး၏ ဒုတိယ ဥက္ကဋ္ဌ သခင်နု ခေါင်းဆောင်၍ အသစ် ပြန်လည် ဖွဲ့စည်းပြီးကြသော ဖ–ဆ–ပ–လ အစိုးရအဖွဲ့ကိုလဲ

၁။ ရန်ကုန်သတင်းစာ ၂၂–၇–၄၇

စီးပွားကုန်သွယ်ရေး အစည်းအရုံးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)က လုံးဝ ထောက်ခံကြောင်း။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်များ ကျဆုံးသွားတဲ့အတွက် အဖွဲ့အစည်းများက သူတို့ရဲ့ ဆန္ဒများကို ထုတ်ဖော်ခြင်း၊ အမိဋ္ဌာန်ပြုခြင်းများကို ပြုလုပ်ကြပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ရန်ကုန်သတင်းစာက (၂၂-၇-၄၇)မှာ အောက်ပါအတိုင်း ထုတ်ဖော်ရေးသားကြောင်း ဖတ်ရှုလေ့လာနိုင်ပါတယ်။

## အဓိဋ္ဌာန်ပြုကြခြင်း

တစ်ပြည်လုံး သွေးဆူပွက်၍ အဓိဋ္ဌာန် ပြုကုန်ကြပြီ။

(၂၂-၇-၄၇) နေ့ ရန်ကုန်သတင်းစာတွင် တစ်ပြည်လုံး သွေးဆူပွက်၍ အဓိဋ္ဌာန်ပြုကုန်ကြပြီ။ လူသတ်သမားများကို ကလဲ့စားချေအံ့။ နယ်ချဲ့သမား၏ လက်ချက် ဖြစ်သည်။ အားလုံးသွေးစည်းကြ၊ လွတ်လပ်ရေးကို အရယူကြ။ အစိုးရအဖွဲ့သစ်ကို ထောက်ခံအားပေးရန် ခေါ်ဆောင်ပြီ-

(အောက်ပါတို့သည် ကျွန်ုပ်တို့ထံသို့ ရောက်ရှိသော အရပ်ရပ်ဆုံးဖြတ်ချက်များဖြစ်ကြောင်း)

## မြန်မာပြည်အလုပ်သမားသမဂ္ဂ

ဗိုလ်ချုပ်အောင်ဆန်း အမှူးရှိသော အမျိုးသားခေါင်းဆောင်ကြီးများအား ဗြိုရိုကရက်နှင့်သစ္စာဖောက် စော-စိန်-မေ ဂိုဏ်းသားတို့က ရက်ရက်စက်စက် သတ်ဖြတ်ခြင်းဖြင့် မြန်မာတစ်မျိုးသားလုံးအား စော်ကားလိုက်လေပြီ။ အမျိုးသားလုပ်ငန်းကြီး တစ်ရပ်လုံးကို ချိုးဖျက်ရန် စတင်လိုက်လေပြီ။ ဤအချက်ကို အမြန်ဆုံး တုံ့ပြန်ကာ လက်စားချေကြရမည်။ ၂၂-၇-၄၇ အင်္ဂါနေ့ နံနက် (၇) နာရီ အချိန်တွင် ဗန္ဓုလပန်းခြံသို့ အလုပ်သမားတိုင်း ချီတက်ကြကုန်လော။ ဗန္ဓုလပန်းခြံမှ ဗလီရုံသို့ ချီတက်လျက် အမျိုးသားခေါင်းဆောင်ကြီးများအား အလေးပြုခြင်းဖြင့် အဓိက တရားခံဖြစ်သော နယ်ချဲ့သမားကို လက်စားချေကြရန် အဓိဋ္ဌာန်ပြုကြကုန်အံ့။ အလုပ်သမားတိုင်း စုရုံးကြကုန်လော၊ သမဂ္ဂ

အလုပ်သမား အစည်းအရုံး အလုပ်သမားအဖွဲ့ အလုပ်သမားကြားနေ အလုပ်သမား အားလုံး ကုလား မြန်မာမရွေး စည်းရုံးညီညွတ်စွာ ချီတက်ရန် အချိန်သို့ ရောက်ပြီ ဂိုဏ်းဂဏမရွေး ချီတက်ကြကုန်လော့။

**အားလုံးသွေးစည်းကြလော့**

ငါတို့၏ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း မရှိတော့ပြီ။ ငါတို့၏ ခေါင်းဆောင်များအား ချစ်သည်၊ ရိုသေသည်၊ လေးစားသည်၊ သစ္စာရှိသည်ဟု ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း အသက်နှင့် လဲ၍ တိုက်ခိုက်ခဲ့သော လွတ်လပ်ရေးကို မရရအောင် ဗိုလ်ချုပ်အောင်ဆန်း ရှိစဉ်ကထက် နှစ်ဆလုပ်ရမည်။ သို့မှသာ ဗိုလ်ချုပ်အောင်ဆန်းအား သစ္စာစောင့်သည်မည်၏။ အို– လက်ဝဲသမား ဖ–ဆ–ပ–လ ကွန်မြူနစ် ပြည်သူ့ရဲဘော် ဆိုရှယ်လစ်အပေါင်းတို့၊ ငါတို့အချင်းချင်း ကွဲမှုပြိုမှု သတ်မှုများ ရပ်စဲကြ၍ ခြွင်းချက်မရှိ သွေးစည်းကြပြီး ငါတို့၏ ရန်သူ အစစ်တည်းဟူသော ဗြိတိသျှနယ်ချဲ့သမားနှင့် ၎င်းတို့ လက်ပါးစေ မြန်မာမျိုးဖျက်များကို အပြတ်တိုက်၍ သွားလေသူ ဗိုလ်ချုပ်အောင်ဆန်း နှင့် ရဲဘော်အပေါင်းတို့ အသက်နှင့် လဲသွားသော လွတ်လပ်ရေးကို ဘယ်နည်းနှင့်မဆို အရယူကြစို့။

သွေးမြေကျတိုက်ခဲ့သော လက်ဝဲသမား

**ရဲဘော်ဟောင်းများအစည်းအရုံး**

ဖက်ဆစ်ဂျပန်နှင့် တိုင်းပြည်၏ ရန်သူများကို အမြဲ တွန်းလှန်နေသော ငါတို့၏ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာပြည် အစိုးရဝန်ကြီးများသည် ဇူလိုင်လ ၁၉ ရက်နေ့ ၁၁ နာရီ အချိန်တွင် ကျဆုံးရာပြီဖြစ်၍ အစည်းအရုံးတိုင်းတွင် အလံတော်တစ်ဝက် လွှင့်ထူ ထားရမည်။ ယခုအချိန်မှ စ၍ ဖ–ဆ–ပ–လ လုပ်ငန်းများနှင့် ယခု ဖွဲ့စည်းလိုက်သော အစိုးရသစ်အား လွတ်လပ်ရေးကို မှတည်၍ လုံးဝ ထောက်ခံကြောင်း၊ ဤကဲ့သို့ ကြမ်းတမ်းယုတ်မာသော နိုင်ငံရေး လုပ်ကြံမှုများကို ငါတို့က ပြင်းထန်စွာ ရှုတ်ချကြောင်း။

**မှတ်ချက်။** ။ ရဲဘော်ဟောင်း အစည်းအရုံးတာဝန်ခံများသည် မိမိတို့ ...က်နယ်ရှိ ရဲဘော်များကို စည်းကမ်းသေဝပ်စွာ ထိန်းသိမ်း၍ မိမိတို့၏

နယ်နှင့် သက်ဆိုင်သော ရပ်ကွက်မှ လူထုများကိုပါ ငြိမ်ဝပ်ပိပြားရန် ထိန်းသိမ်းစောင့်ရှောက်ထား၍ ဌာနချုပ်မှ ညွှန်ကြားချက် ရောက မည်သို့မျှ မပြုလုပ်ကြဘဲ စည်းကမ်းသေဝပ်စွာ နေရမည် ဖြစ်ကြောင်း။

**စီးပွားကုန်သွယ်ရေးအစည်းအရုံးအဖွဲ့ချုပ်**

(၁) လွတ်လပ်ရေးကို မနေမနား ကြိုးပမ်းလျက်ရှိကြသော (၁) ဗိုလ်ချုပ်အောင်ဆန်း(၂) ဒီးဒုတ်ဦးဘချို (၃) ဦးဘဝင်း (ဗိုလ်ချုပ် အောင်ဆန်း (အစ်ကို) (၄) ဆရာကြီး မစ္စတာရာဇတ် (၅) သခင်မြ (၆) မန်းဘခိုင် (၇) မိုင်းပွန်စော်ဘွားကြီး တို့အား ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့ နံနက်တွင် ဗြိုရိုကရက်တို့၏ လက်ပါးစေ ဖ-ဆ-ပ- လ အဖွဲ့ချုပ်ကြီး ဆန့်ကျင်ရေးဂိုဏ်းသား လူသတ်သမားတို့ လုပ်ကြံခြင်း ဖြင့် လွတ်လပ်ရေးပန်းတိုင်သို့ မရောက်မီစပ်ကြား အသက် သေဆုံးကြ ရှာသည့်အတွက် စီးပွားကုန်သွယ်ရေး အစည်းအရုံး (မြန်မာနိုင်ငံ)က နမြောတသ ကြိမ်မီးအုံးပမာ လှိုက်လှိုက်လှဲလှဲ နှလုံးသည်းပွတ် ကြေကျလုမတတ် ဝမ်းနည်းကြေကွဲကြောင်း။

**မွန်လူငယ်များ အစည်းအရုံး**

၁၃၀၉ ခု ဝါခေါင်လဆန်း ၂ ရက် စနေနေ့တွင် မြန်မာရာဇဝင်၌ ဘယ်သောအခါမှ မကြုံတွေ့ဖူးခဲ့သော အဖြစ်ဆိုးမျိုးဖြင့် တိုင်းကျိုးပြည် ကျိုးကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်လျက် ရှိကြကုန်သော ဦးအောင်ဆန်း၊ သခင်မြ၊ ဆရာကြီး ဦးရာဇတ်၊ မန်းဘခိုင်၊ ဒီးဒုတ် ဦးဘချို၊ မိုင်းပွန်စော်ဘွားကြီး၊ ဦးဘဝင်း စသော အာဇာနည်ပုဂ္ဂိုလ်များမှာ တစ်ဘက်ရန်သူတို့၏ လက်ချက်ဖြင့် ရုတ်တရက် အသက် ဆုံးရှုံးသွားကြ ရှာသည်ကို ကျွန်တော်များ မွန်လူငယ်များ အစည်းအရုံးကြီးက ယူကျုံးမရ တသသ ကြေကွဲဝမ်းနည်းမိကြပါကြောင်းဖြင့် မှတ်တမ်း တင်ဆက်သလိုက်ရပါကြောင်း။

**ပင်လယ်ကူးသင်္ဘောအလုပ်သမားများ အစည်းအရုံး**

ငါတို့ ခေါင်းဆောင်များ ဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသည့် သခင်မြ၊ ဦးဘချို၊ ဦးဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး၊ မစ္စတာရာဇတ် အမှူးပြုသည့် ခေါင်းဆောင်တစ်စုသည် လွတ်လပ်ရေး

စခန်းသို့ တက်လှမ်းရသော ခရီးကြမ်းတွင် ရန်သူတို့ လက်ချက်ဖြင့် အသက်ရှုံးရရှာသည်ကို ငါတို့သည် အသည်းတုန်မျှ ကြေကွဲဝမ်းနည်းမိပေကြောင်း၊ ငါတို့သည် ငါတို့ခေါင်းဆောင်များကို အလေးပြုကာ ကျေးဇူးဆပ်သောအားဖြင့် တိုင်းပြည်၏ လုံးဝလွတ်လပ်ရေး ပန်းတိုင်သို့ ဆွတ်ခူးနိုင်သည့်ဘဝတိုင်အောင် ရင်ကိုမြေကတုတ်လုပ်၍ တိုက်ခိုက်နိုင်သောအားဖြင့် ငါတို့၏ ခေါင်းဆောင်များအား ကျေးဇူးဆပ် ရန် အဓိဋ္ဌာန်ပြုပါကြောင်း။

## ဗဟိုတပ်နီဌာနချုပ်မှ

အမျိုးသားခေါင်းဆောင်ကြီးများ ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး၊ မစ္စတာရာဇတ်၊ ဦးဘချို့တို့သည် နယ်ချဲ့သမား သူလျှို သစ္စာဖောက်များ၏ လုပ်ကြံမှုကြောင့် ဇူလိုင်လ ၁၉ ရက်နေ့က ကျဆုံးသွားရလေပြီ။ ထိုကျဆုံးသွားသော ကိစ္စနှင့် ပတ်သက်၍ နယ်အသီးသီးရှိ တပ်နီများသည် အောက်ပါအတိုင်း ဆောင်ရွက်ကြရမည်။

(၁) နိုင်ငံရေးအရ နယ်ချဲ့သူတို့၏ လုပ်ငန်းများကို လူထုရှေ့မှောက်၌ မရပ်မနား ဖွင့်ချရမည်။ အပြင်းအထန် ကန့်ကွက်ရှုတ်ချမည်။

(၂) နယ်ချဲ့သမားနှင့် သူလျှိုများ၏ လူထုအပေါ် ရမ်းကားလာမှုတို့ကို အသက်နှင့်လဲ၍ ကာကွယ်ပေးရမည်။

(၃) အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကြီးအတွက် ပရတဖ (ပြည်သူ့ရဲဘော် အဖွဲ့) တပ်နီညီညွတ်ရေးကို အပြင်းအထန် လက်တွေ့ပူးပေါင်းဆောင်ရွက်ရေးများမှ တစ်ဆင့် ဆောင်ရွက်ရမည်။

(၄) ကျဆုံးသွားသော အမျိုးသားခေါင်းဆောင်များ၏ အရေးနှင့်ပတ်သက်၍ ဆောင်ရွက်ဖွယ် ကိစ္စများကို ပ–ရ–တ–ဖ နှင့် ရင်းနှီးစွာ ဆက်ဆံ၍ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ရမည်။ အတတ်နိုင်ဆုံးသော အကူအညီပေးရမည်။

(၅) တပ်နီအလံတော်ကို တပ်နီရုံးတိုင်းတွင် နေ့စဉ် တစ်လတိတိ ဝမ်းနည်းသော အထိမ်းအမှတ်ဖြင့် တစ်ဝက်လွှင့်ထူထားရမည်။

**ကျားကူးကျောင်းက ဆုံးဖြတ်ခြင်း**

ဇူလိုင်လ ၂၀ ရက်နေ့ နေ့လယ် အချိန်က ကမာရွတ် ကျားကူးကျောင်း ကျောင်းအုပ်၊ ကျောင်းဆရာ၊ ဆရာမများ အားလုံးတို့က လွတ်လပ်ရေး ပန်းတိုင်သို့ ရှေးရှုချီတက်နေသော ဗိုလ်ချုပ်အောင်ဆန်းတို့ ကွယ်လွန်ရခြင်းကို အထူးလှိုက်လှဲ ဝမ်းနည်းကြောင်း၊ အကောင်အထည် ပေါ်လုဆဲဆဲ ဖြစ်သော လွတ်လပ်ရေးကို ဖ–ဆ–ပ–လ အဖွဲ့မှ ဦးစီးလျက် တပ်ပေါင်းစုအနေနှင့် အရယူရန် ဦးလည်မသုန် ဆက်လက်ဆောင်ရွက်ပါက နှစ်ဆတိုး၍ အားပေးကူညီမည်ဟု လေးနက်စွာ ထောက်ခံကြောင်းဖြင့် အဖွဲ့ချုပ်သို့ စာရောက်ရှိလာကြောင်း။

ဗိုလ်ချုပ်အောင်ဆန်းတို့ မသမာလူတစ်စုတို့၏ လုပ်ကြံသတ်ဖြတ်မှုကို ခံလိုက်ရတဲ့အတွက် အိမ်နီးချင်း နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံကွန်ကရက်ပါတီ ခေါင်းဆောင်ကြီး မိုဟာမ်ဒတ်စ်ကေမဟတ္တမ ဂန္ဒီကလဲ ဝမ်းနည်းကြောင်း ရန်ကုန်သတင်းစာက (၂၂–၇–၄၇) နေ့မှာ အောက်ပါအတိုင်း ထုတ်ဖော်ရေးသားလိုက်ပါတယ်။

**မဟတ္တမဂန္ဒီကြီးကလည်း ကြေကွဲဝမ်းနည်းခြင်း**

ရန်ကုန်သတင်းစာမှာ (၂၂–၇–၄၇) နေ့စွဲနဲ့ အာရှတိုက်ကြီးအတွက်ပါ ဆုံးရှုံးနစ်နာချေပြီ။ ရိုးရိုးသတ်မှုမဟုတ်ဘဲ သတ်သည့်ကိစ္စနောက်တွင် နိုင်ငံရေးလောဘရမ္မက် ရှိသည်ထင်ကြောင်းနှင့် မဟတ္တမဂန္ဒီက ထုတ်ဖော်ပြောဆို၍ အိန္ဒိယကွန်ဂရက်ကြီးက ပြင်းထန်စွာ ရှုတ်ချကဲ့ရဲ့ခြင်း။

**ဆုံးရှုံးရလေပြီ–**

(နယူးဒေလီမြို့ ဇူလိုင် ၂၀ ရက် ရိုက်တာ)

ယခုကဲ့သို့သော အရေးကြီးသော အချိန်တွင် ဦးအောင်ဆန်းသေဆုံးရခြင်းသည် မြန်မာပြည်အဖို့ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် နစ်နာဆုံးရှုံးရသည်သာမက အာရှတိုက်အတွက် အလွန်ပင် နစ်နာဆုံးရှုံးခြင်းတစ်ရပ် ဖြစ်ရလေပြီဟု ယနေ့ ဆုံးဖြတ်သော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက် အလုပ်အမှုဆောင် ကော်မတီ၏ ဆုံးဖြတ်ချက်တစ်ရပ်၌ ဖော်ပြထားကြောင်း။

## ဤလူသတ်မှုကြီးမှ

အဆိုပါ ဆုံးဖြတ်ချက်၌ ဆက်လက်ဖော်ပြထားသည်မှာ ဤကဲ့သို့ မြန်မာပြည်၏ အကြိုက်ရွေးချယ်ထားသော ခေါင်းဆောင်များကို တမင်သက်သက် ရွေးပြီး သတ်ဖြတ်လုပ်ကြံမှုမှာ လူဆိုးလူမိုက် လူသတ်သမားတို့၏ ကျင့်ကြံခြင်း စိတ်ဓာတ်လက္ခဏာပင် ဖြစ်ကြောင်း ထိုသို့ လုပ်ကြံသဖြင့် လူအများ၏ စိတ်၌ ပျံ့နှံ့၍ ဝန်ထမ်းလုပ်ငန်း များကိုပါ ထိခိုက်သော အဆိပ်ဖြစ်ရလေတော့သည်။

## လွတ်လပ်ရေးထိခိုက်မည်

ဤကဲ့သို့သော နည်းလမ်းမျိုးနှင့် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူး အောင်နိုင်လိမ့်မည် မဟုတ်သည့်ပြင် လွတ်လပ်ရေးကိုပင် ထိန်းသိမ်းရရှိ ထားနိုင်လိမ့်မည် မဟုတ်ကြောင်း။ ထိုသို့ လုပ်ကြံသဖြင့် စိတ်ဓာတ် ပျက်ပြား လျော့ကျ၍ ဒုက္ခဖြစ်ပြီး လူတို့၏ နေမှုစားမှု အဆင့်အတန်း အားလုံး မြင့်ရာတွင် အဖိုးတန်သော စိတ်များ ပျက်ပြားသည့် မကောင်းကျိုးသာ ရှိမည်ဖြစ်ကြောင်း။

## ဂန္ဓီကြီးဝမ်းနည်းခြင်း

ယနေ့ညတွင် ဂန္ဓီကြီးက ဘုရားရှိခိုး ဆုတောင်းသော အစည်းအဝေး၌ လွန်ခဲ့သောနေ့က မြန်မာပြည်မှ ဝန်ကြီး (၇) ဦးကို သတ်ဖြတ်သည့် ကိစ္စနှင့် ပတ်သက်၍ ပြောဆိုသည်မှာ မြန်မာပြည် လွတ်လပ်ရေးအတွက် တိုက်ခိုက်ကြိုးပမ်း၍ လွတ်လပ်ရေးကို တံခါးဝရောက်အောင် သယ်ယူလာ သူများအား ယခုကဲ့သို့ လူသတ်သမားများက သတ်ဖြတ်သည် ဆိုချက်သည် မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်ရတော့ကြောင်း။

## နိုင်ငံရေးလောက

ဤကဲ့သို့ သတ်ဖြတ်ခြင်းမှာ ရိုးရိုးလူသတ်မှု မဟုတ်ဘဲ သတ်သည့် ကိစ္စနောက်ဘက်တွင် နိုင်ငံရေးလောဘရမ္မက်ရှိနေကြောင်း ဤကဲ့သို့သော မသမာမှုကို ကမ္ဘာအနှံ့အပြား နိုင်ငံရေးတွင် ဆက်ခံလုပ်ကိုင်နေခြင်းများ

ရှိနေရာ လူတို့၏ အနာဂတ် အရေးအတွက် ထိုသို့လုပ်ရမယ် ကိုင်ရမယ် ဆိုခြင်းမှာ မကောင်းသောအမှုဖြစ်ကြောင်း၊ ၎င်းနောက် ဂန္ဒီကြီးက မြန်မာပြည်အစိုးရအတွက် လည်းကောင်း၊ အသတ်ခံရရှာသောသူများ၏ ဆွေမျိုးသားချင်းအတွက် လည်းကောင်း၊ မိမိက ဝမ်းနည်းပြီး သနားကြောင်းကို ပြောဆိုသွားကြောင်း။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံလိုက်ရတဲ့အတွက် အိန္ဒိယပြည် ခေါင်းဆောင်ကြီး မိုဟမ်ဒတ်(စ်) ကေမဟတ္တမဂန္ဒီကြီးက ဝမ်းနည်းကြေကွဲကြောင်းကို ထုတ်ဖော်ပြောခဲ့ပါတယ်။ အဲဒီလို ပြောခဲ့ပြီး မကြာပါဘူး ခေါင်းဆောင်ကြီး ကိုယ်တိုင်လဲ ၁၉၄၈ ခု ဇန်နဝါရီလ ၃ ရက်နေ့မှာ အိန္ဒိယပြည်ရှိ လက်ဝဲ အယူသီးသမားတွေရဲ့ သေနတ်ပြောင်းဝမှာပဲ အသက်ပျောက်ခဲ့ရရှာပါတယ်။

## လုပ်ကြံမှုတွင် ကိုယ်ထိလက်ရောက် ပါဝင်ခဲ့သော သူတို့ရဲ့အကြောင်း

ဇူလိုင်လ (၁၆) ရက်နေ့မှာ ဘရင်းသေနတ်များ ပျောက်ဆုံးသွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီ ရဲဘက်က မသင်္ကာစရာဖြစ်တဲ့ အိမ်များကို စောင့်ကြည့်ဖို့ ညွှန်ကြားခဲ့ပါတယ်။ အထူးသဖြင့် ဦးစောအိမ်ကို သတိထားကြည့်ဖို့ ပြောခဲ့ပါတယ်။ စက်သေနတ်ပစ်ခံရတုန်းက ဦးစောနဲ့ သူ့ရဲ့ တပည့်များကို ဇူလိုင် (၁၉) ရက်နေ့မှာ ဖမ်းသွားပါတယ်။

ဦးစောနဲ့ အပေါင်းအပါတစ်စုတို့ အဖမ်းခံရပြီတဲ့နောက် လှုပ်ရှားမှုများကို အောက်တွင် ဖော်ပြလိုပါတယ်။

ပထမညတွင် အားလုံး အတူတူ အိပ်ကြရပါသည်။ နောက်နေ့ နေ့လယ်တွင် ဦးစောကို ခွဲထားလိုက်ပါသည်။ ၃ ရက်ခန့် ကြာသောအခါ ခင်မောင်ရင်ကို လာခေါ်သွားပါသည်။ ထို့နောက် အခြားသူများကိုပါ ခေါ်ခေါ်သွားပါသည်။ ထို့နောက် မဟာဗန္ဓုလမ်း အချို့သွားစုမိကြပြန်ပါသည်။ အချုပ်ခန်းထဲတွင် လမ်းလျှောက်ရင်း၊ ကိုဘညွန့်အား "ဘယ်လိုလုပ်ကြမလဲ"ဟု တိုးတိုးမေးရာ ကိုဘညွန့်က "ဒီအမှုမှာ ဖော်ရမှာပဲ၊ မဖော်လို့ မရဘူး၊ မဖော်ရင် အားလုံး သေကုန်မယ်၊ ဖော်ရင် ကျန်တဲ့လူ ကျန်လိမ့်မယ်"ဟု ပြောပါသည်။ ကိုသက်နှင်းကို မေးပြန်ရာ "မဖော်ရင် ဘယ်နည်းနဲ့မှ

မဖြစ်နိုင်ဘူး” ဟု ပြောပါသည်။ ကျွန်တော်ဘာမှ နားမလည်၊ သူတို့ကိုပင် မေးကြည့်ရပါသည်။

ဖော်ကောင် ဘညွန့်ဟု ဆိုသော်လည်း ဤလုပ်ကြံမှုကြီးကို ပထမဆုံးအပြည့်အစုံ ဖော်သူမှာ ခင်မောင်ရင် ဖြစ်ပါသည်။ ခင်မောင်ရင်က ဥပဒေနားမလည်။ ကိုဘညွန့်မှာမူ ရုံးတွင် ရှေ့ဖတ်စာရေး လုပ်လာသူ ဖြစ်သောကြောင့် သူဖော်မည်။ ဤအမှုအတွက် ဘာမဆို ဖြစ်အောင် သူလုပ်ပေးမည်၊ ဦးစောလည်ပင်းကို ကြိုးကွင်းတပ်ပေးမည်၊ သို့ရာတွင် ဒိစတြိတ်ရာဇဝတ်တရားသူကြီး (အရေးပိုင်)ကို ခေါ်ပေးပါဟု ပြောသဖြင့် ပုလိပ်များက စီစဉ်ပေးရပါသည်။ တရားသူကြီးနှင့် တွေ့သောအခါ ဤလုပ်ကြံမှုကြီးနှင့် ပတ်သက်၍ သူဖြောင့်ချက်ပေးလိုကြောင်း၊ ဖော်ကောင်လက်မှတ်လည်း ထုတ်ပေးပါမည့်အကြောင်း လျှောက်ထားရာ တရားသူကြီးက ထုတ်ပေးလိုက်ပါသည်။

ခင်မောင်ရင်သာမက အခြား တရားခံ တော်တော်များများက ရဲအရာရှိများထံ အိတ်သွန်ဖာမှောက် ဖော်ထုတ် ဖွင့်ဟဝန်ခံကြပြီး သည်နောက်မှ ဖော်သည့် ကိုဘညွန့်က “ဖော်ကောင်”ဖြစ်ပြီး ခင်မောင်ရင်က “ဖော်ကောင်” မဖြစ်သည်မှာ ဥပဒေနားမလည်သောကြောင့် ဖြစ်ပါသည်။

ဦးစောကို ဇူလိုင်လ ၂၁ ရက်နေ့က ရန်ကုန် ဗဟိုအကျဉ်းထောင်သို့ ပြောင်းရာ ထောင်တံခါးရှေ့တွင် စုဝေးသော လူထုက “ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံသူကို ချေမှုန်းကြ”ဟု အော်ဟစ်ကြသည်။ လူထုနည်းဖြင့် စီရင်မည်ဟု ဒေါသတကြီး တောင်းဆိုကြသည်။ ရဲတပ်ဖွဲ့က ဦးစောကို အထူးစောင့်ရှောက်၍ ခေါ်ဆောင်သွားရလေသည်။

အချုပ်ခန်းများတွင် လူစုခွဲ၍ ထားသော တရားခံများကို ရဲအရာရှိများက ညှဉ်းပန်းနှိပ်စက်ခြင်း မပြုကြပါဟု အမှုစုံစမ်းမှုကို ညွှန်ကြားခဲ့သော ရဲအရာရှိကြီး ဦးသန်းက ပြောကြားသည်။ တရားခံများကို ကောင်းမွန်စွာထားသည်။ ကြင်နာ စွာ ဆက်ဆံသည် သတင်းစာဖတ်ခွင့် ပြုသည်။ လုပ်ကြံမှုကြီးကြောင့် နိုင်ငံမည်မျှ နစ်နာဆုံးရှုံးရသည်။ ပြည်သူတို့မည်မျှ ပူပန်ကြသည်ကို သူတို့ သတင်းစာများ ဖတ်ရှုကြရသည်။ သူတို့ကျူးလွန်ခဲ့ကြသော ပြစ်မှုကြီး၏ ပမာဏကို သူတို့ တစ်စတစ်စ ခန့်မှန်း၍ ရနိုင်လာကြသည်။ ထိုအခါ ဦးစော၏ တပည့်ရင်းဖြစ်သူ မောင်စိုးနှင့် သက်နှင်း၊ လက်မောင်းဒဏ်ရာကို ကုသနေရသော မှူကြီးတို့မှအပ၊ အခြားတရားခံများက ဖြောင့်ချက်ပေးလာကြသည်။ ဦးစောအိမ်အနီး ရေကန်ထဲ၌ လက်နက်စည်ပိုးများ ချထားသော

နေရာ စသည်တို့ကို လိုက်လံ ပြသကြသည်။

အမှားကို မြင်၍ မြင်ခဲ့သမျှကို ဖော်ထုတ်ခြင်းလည်း ပါသည်။ မဖော်၍ မထူး အားလုံးပေါ်ကုန်ပြီ၊ လွယ်လွယ်နှင့် အောင်ပွဲခံ၊ အာဏာရမည့် အစား လက်ပူးလက်ကြပ်ကို အမိခံ၍ ထောင်နန်းစံကြရပြီ။ ဖော်ပြောမှ သက်သာတော့မည်ဟု ယူဆခြင်းသည်လည်း ပါမည်။

ဇူလိုင်လ ၁၉ ရက်နေ့တွင်ပင် တရားခံများကို ဖမ်း၊ လက်နက်သက်သေခံ အထောက်အထားများကို ရှာဖွေသိမ်းဆည်း၊ တရားခံများ တစ်ယောက်စီ ဖြောင့်ဆို၊ စုံစမ်းထောက်လှမ်းရန် ရှိသည်တို့ကို ဖိဖိစီးစီး ပြုလုပ်နိုင်ခဲ့ကြသဖြင့် လုပ်ကြံမှုကြီးကို ရုံးသို့တင်ရန် ဩဂုတ်လ အတွင်း၌ပင် အသင့်ဖြစ်ခဲ့လေသည်။

မှုခင်းများကို မှန်မှန်မြန်မြန် စစ်ဆေးစီရင်နိုင်မှ ထိရောက်သည်။ နိုင်ငံတော် လုပ်ကြံမှုကြီးကိုမူကား အမြန်ဆုံး၊ အမှန်ဆုံး စစ်ဆေးစီရင်ရန် လိုလေသည်။ ထိုသို့ဖြစ်မြောက်နိုင်ရန် ရဲတပ်ဖွဲ့၊ စုံထောက်ဌာန၊ ဥပဒေအရာရှိများ၊ သက်ဆိုင်ရာ ဌာနများက အစွမ်းကုန် ကြိုးပမ်းကြသည်။

တရားခံများကိုလည်း လုံခြုံအောင် ထိန်းသိမ်းကြရ၏။ အကျဉ်းထောင် တာဝန်ခံများသည် အထူး သတိဝီရိယထားကြရသည်။ အထူးသဖြင့် ဦးစောကို ဂရုစိုက်၍ စောင့်ကြရသည်။

ဦးစောသည် နန်းရင်းဝန်ဟောင်းတစ်ယောက်၏ ဟန်ပန်ကို ထောင်တွင် နေနေ၊ ခုံရုံးသို့ ထွက်ထွက် မပျက်ဆောင်လေ၏။ သူ့ကို ကောင်းစွာ ထားကြသည်။ သူသည် ဘန်ကောက်လုံချည်၊ ပိုးလုံချည်၊ အထည်လဲဝတ်သည်။ နိုင်ငံရေးသက်တမ်းတွင် သူသည် ထောင်ကျခဲ ဖူး၏။ သူ့ပြိုင်ဘက်များကို လည်း ထောင်သို့ ပို့ ဖူး၏။ ထို့ကြောင့် သူနှင့် ထောင်သည် သူစိမ်းများ မဟုတ်ကြချေ။ ထောင်အရာရှိများကို ဦးစောက ခင်မင်ဖော်ရွေစွာ ဆက်ဆံသည်။ တစ်နေ့တွင် အာဏာရနိုင်သေးသည့် ဝန်ကြီးချုပ်လောင်း တစ်ဦးလိုလည်း ဆက်ဆံသည်။

အစိုးရက တစ်ဘက်တွင် ဦးစောကို စောင့်ရှောက် ထိန်းသိမ်းပေးရသည်။ တစ်ဘက်တွင် သူထွက်မပြေးအောင် ဂရုစိုက် ကာကွယ်ရသည်။ ထိုစဉ်က ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း၊ ပါလီမန်အတွင်းဝန် ဦးထွန်းဝင်း၊ သခင်ပန်းမြိုင်စသော အစိုးရနှင့် ဖဆပလ ဆိုရှယ်လစ် ပါတီတို့မှ ပုဂ္ဂိုလ်များသည် ထောင်ကို အုပ်ချုပ်ကြီးကြပ်ခြင်းအထိ နေ့စဉ် ဂရုစိုက်ကြရလေသည်။

တရားရေးဌာနအတွင်းဝန် ဦးသောင်းစိန်ကလည်း အကျဉ်းဌာနမှူးကြီး ဦးဘမောင်နှင့်အတူ အကျဉ်းထောင်လုံခြုံရေးကို ကြပ်မတ်ရသည်။

ဦးစောက ထောင်မှ လွတ်မြောက်ရန် ဆက်သွယ်ကြံစည်ခဲ့သေးသည်။ ပထမတွင် ထောင်မှ အရာရှိတစ်ဦးကို ငွေတစ်သိန်းပေးမည်၊ သူ့ကို လွတ်မြောက်အောင် လုပ်ပေးပါဟု ဆွယ်၏။ အရာရှိက အထက်လူကြီးများထံ အစီရင်ခံရာ စိတ်ဝင်စားလေဟန် ပြု၍ ဦးစော၏ အဆက်အသွယ်များကို ဖော်ထုတ်ရန် စီစဉ်ကြ၏။

ငွေရရှိရေးအတွက် ဦးစောက ကပ္ပတိန် ဗီဗြင်ဆိုသူထံ စကားဝှက်ဖြင့် ရေးထားသော စာတစ်စောင် ပို့စေ၏။ စာကိုဖတ်၍ ကူးယူပြီးသော် ဦးစောမှာသည့်အတိုင်း ပို့ပေးစေကြသည်။ ဗီဗြင်သည် အင်္ဂလိပ်စစ်တပ်မှ ဘရင်းသေနတ် ၂၀၀ ထုတ်ပေးခဲ့မှုနှင့် အချုပ်ခံနေရလေသည်။ ဦးစောနှင့် မဝေးလှသော အဆောင်တွင် ဘဝတူ ဖြစ်နေ၏။ ဗီဗြင်က စာရ၍ ဦးစော၏ စကားဝှက်ကို ဖတ်၏။ "သန်းခေါင်ယံ၊ လှေကားပေါ်၊ ငှက်ပျောသီးစိမ်းစိမ်း၊ ဒေးဗစ်၏ ရည်းစား စောင့်မျှော်နေသည်"ဟု ရေးထားရာ အချင်းချင်း နားလည်မှု ရှိပြီးသော ကပ္ပတိန် ဗီဗြင်က "နားလည်သည်"ဟု ပြန်ကြားလိုက်သည်။ ဗီဗြင်က ဦးစောသို့ ပေးပို့သော နောက်စာတစ်စောင်တွင်လည်း "အရပ်ရှည်တဲ့ လူထံက အကူအညီတောင်းပါလား"ဟု အကြံပေး၏။

ထိုအချိန်လောက်က အင်္ဂလိပ်လူမျိုး အရပ်ရှည်ရှည် လူတစ်ယောက် နိုင်ငံရေးခြေရှုပ်နေ၍ ပြန်ပို့ရဖူးကြောင်းကို ဒေါက်တာဦးဘဦးက "ကျွန်ုပ်၏ မြန်မာပြည်"စာအုပ်တွင် အင်္ဂလိပ်လို ရေးသားထား၏။ ပြည်တွင်း နိုင်ငံရေး ရှုပ်ထွေးချိန်၊ ညီညွတ်မှု ယိမ်းယိုင်ချိန်များတွင် ပြည်ပရန်သူ ချင်းနင်းဝင်ရောက်တတ်သည်။ ကာနယ်တလော (ခ်) ဆိုသူနှင့် သတင်းထောက် မစ္စတာကင်းဘဲလ် တို့သည်လည်း ထိုအချိန်တစ်ဝိုက်က တိုင်းရင်းသားလူမျိုး တစ်စုကို လှုံ့ဆော်နေသဖြင့် ဗြိတိသျှမဟာမင်းကြီးကပင် မြန်မာအစိုးရသို့ ထုတ်ဖော် တိုင်ကြားခဲ့ရသည်။ တလော (ခ်)နှင့် ကင်းဘဲလ်တို့ကိုလည်း ပြည်မှ နှင်ထုတ်လိုက်ရလေသည်။

"အရပ်ရှည်တဲ့လူ"ထံမှ အကူအညီ မရသောအခါ ဦးစောသည် ကိုယ့်ကိုယ်ကို အဆုံးစီရင်ရန် ကြံစည်ခဲ့သေးဟန် တူ၏။ ရန်ကုန်မြို့ပြင် တစ်နေရာနေ အဆက်အသွယ်တစ်ဦးထံ "ကုတ်ကိုင်းကန်မှာ ငါးမရှိ"ဟု စကားဝှက်ဖြင့် ရေးသားထားသော စာပို့စေရာ လက်ခံသူက "ခြောက်လုံးပြူး သေနတ် တစ်လက်ရှာပေးစမ်းပါ။ ကျွန်တော့်ဆီမှာတော့ မရှိဘူး"ဟု စာယူလာသူ

ကို ပြောလေသည်။ ခြောက်လုံးပြူကိုလည်းမရ။ ဦးစော၏ အကြံပျက်ရပြန်သည်။

ရေကန်ထဲ၌ ငါးမရှိ၊ ဒေးဗစ်၏ ရည်းစားစောင့်မျှော်သော်လည်း ပေါ်မလာ၊ အရပ်ရှည်တဲ့လူကြီးလဲ မကူနိုင်။ အကြံအစည် တစ်ခုပြီးတစ်ခု ပျက်ခဲ့ရသော ဦးစောသည် မျက်နှာထားမပျက် ဟန်ပန်မညိုး။ ခုံရုံးသို့ အမှုတင်သောအခါ နန်းရင်းဝန်တစ်ဦး ပွဲတက်သည့်အသွင်ဖြင့် ရုံးတက်လေသည်။

ယင်းနောက်တွင်ကား လုပ်ကြံမှုကြီးတွင် ပါဝင်သော တရားခံများကို စစ်ဆေးရန်အတွက် အထူးတရားစီရင်ရေး ခုံအဖွဲ့ကို အစိုးရက ဖွဲ့စည်း၍ အမှုကို အင်းစိန်ထောင်ထဲတွင် စစ်ဆေးစေခဲ့သည်။ ခုံအဖွဲ့တွင် တရားဝန်ကြီး ဦးကျော်မြင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင်များအဖြစ် စက်ရှင်တရားသူကြီးများဖြစ်သူ ဦးအောင်သာကျော်နှင့် ဦးစိဘူးတို့ ပါဝင်ကြသည်။

၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ခုံအဖွဲ့ရှေ့မှောက်၌ ကျွန်ုပ်နှင့် ဦးဘဂျမ်းတို့ သွားရောက်အစစ်ခံခဲ့ကြရသည်။ ကျွန်ုပ်တို့ ရောက်သွားသော အချိန်တွင် တရားခံများ ရောက်နှင့်နေကြပြီး ဦးစောမှာ မျက်မှန်အနက်တပ်ဆင်ထားသည်ကို တွေ့ရသည်။ မျက်မှန်အနက် တပ်ဆင်ထား၍လည်း သူ့ကို အကဲခတ်ရန် မလွယ်ကူချေ။

**အမှုစစ်နေသောအခါ ဦးစောအခြေအနေ**

ဦးစောသည် ဣန္ဒြေကြီးစွာထားရန် ကြိုးစားလျက်ရှိပြီး တစ်ချက်တစ်ချက်တွင် ကျွန်ုပ်တို့နှစ်ဦးထိုင်သော နေရာဘက်သို့ စောင်းငဲ့ကြည့်သည်ကို မြင်ရခြင်းဖြင့် ကျွန်ုပ်တို့ နှစ်ဦးထံသို့ အာရုံစူးစိုက်နေကြောင်းမှာ ထင်ရှားသည်။ သူစိတ်ထဲတွင် ကျွန်ုပ်တို့ နှစ်ဦးကို တစ်စုံတစ်ခု ပြောဆိုလိုဟန် အရိပ်နိမိတ်ကို အကဲခတ်မိသည်။ သို့ရာတွင် ထိုအချိန်က ရုံးခန်းထဲတွင် အစိုးရရှေ့နေချုပ် ဦးထွန်းဖြူနှင့် သတင်းထောက်များ အစရှိသူတို့ ရှိနေကြသဖြင့် သူသည် ဘာတစ်ခွန်းမျှ မပြောရဲချေ။

လက်ယာဘက်ရှိ ဦးစောထိုင်နေသော နေရာသို့ ကျွန်ုပ်က တစ်ခါတစ်ခါ ကြည့်မိသောအခါ ဦးစောအနည်းငယ် ဂနာမငြိမ် ဖြစ်နေပုံ လက္ခဏာကို တွေ့ရသည်။ သာမန်အားဖြင့် ကြည့်လျှင်

သူ၏ စိတ်ထားကို အကဲခတ်မိရန် အတော်ပင် ခဲယဉ်းလိမ့်မည်ဖြစ်သည်။ သူသည် မျက်မှန်နက်ကို တပ်ဆင်ထားသော်လည်း သူ၏မျက်နှာမှာ တင်းနေလျက် ကျွန်ုပ်တို့က ဘယ်လိုထွက်ဆိုကြလိမ့်မည်လဲဆိုသည်ကို စဉ်းစားနေပုံရသည်။

အထူးခုံရုံး တရားသူကြီးများသည်ဝတ်ရုံများဝတ်ဆင်ပြီး တရားရုံးများ၏ အစဉ်အလာအတိုင်းက္လန္ဒေသိက္ခာ ပြည့်ဝစွာဖြင့် တရားခွင်ပေါ်သို့ရောက်ရှိလာကြသည်။ တရားခွင်ပေါ်တွင် တရားဝန်ကြီး ဦးကျော်မြင့်ကအလယ်၌ နေရာယူ၍ လက်ယာဝဲဘက် ကုလားထိုင်များတွင်ဦးအောင်သာကျော်နှင့် ဦးစိဘူးတို့ အသီးသီးက နေရာယူကြသည်။ ခုံရုံးခန်းတစ်ခုလုံးမှာ ဘာသံကိုမျှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေသည်။ ထိုအခါတွင် တရားခံများ အပါအဝင် ရုံးခန်းထဲတွင်ရောက်ရှိနေကြသူ ကျွန်ုပ်တို့အားလုံးသည် တရားခွင်ဘက်သို့ မျက်နှာမူလျက် မတ်တတ်ရပ်ကာ အရိုအသေပြုကြသည်။

ခုံရုံးစာပွဲပေါ်တွင်မူ သက်သေခံပစ္စည်းများ ဖြစ်သည့်မောင်းပြန်သေနတ်များ၊ ကားနံပတ်ပြား၊ ယူနီဖောင်း အစအနများ၊ဝန်ကြီးများ အစည်းအဝေးခန်းမပုံစံငယ် စသော အရာဝတ္ထု ပစ္စည်းများကိုကျွန်ုပ်တို့ တွေ့မြင်ကြရသည်။

အားလုံးသော သူများက နားစွင့်လျက် ရှိနေကြစဉ်အစိုးရရှေ့နေချုပ် ဦးထွန်းဖြူက ထုံးတမ်းစဉ်လာအရ အမှုကို စတင်၍စွဲဟင်သည်။ ခင်မောင်ရင်၊ ဘညွန့်တို့ကို ဦးစောက ဝန်ကြီးများအစည်းအဝေးရှိ မရှိ စုံစမ်းခိုင်းစေခဲ့ပုံ၊ လူသတ်သမားများအားဝန်ကြီးများ အားလုံးကိုပါ လက်စတုံး ပစ်သတ်ရန် ဦးစောက အမိန့်ပေးပုံတို့ကို အထောက်အထား ခိုင်လုံစွာဖြင့် တင်ပြပြီးလျှင် ဦးစောသည်ဤကြံမှုနှင့် ပတ်သက်သမျှသော ကိစ္စတို့အတွက် အကြံဉာဏ်ပေးသူတစ်ဦး ရားခံဖြစ်ကြောင်း လေးစားစွာ လျှောက်လဲတင်ပြသည်။

အစိုးရရှေ့နေချုပ်၏ လျှောက်လဲချက်တွင် လူသတ်သမားခေါင်းဆောင် မောင်စိုးက ပစ်ကြပစ်ကြဟူ၍ အမိန့်ပေးသည် ဟူ၍လည်းပါဝင်ရာ လုပ်ကြံမှုကြီး ဖြစ်ပွားစဉ်က လူသတ်သမားတို့ ဝန်ကြီးအစည်း

အဝေးခန်းထဲသို့ ဝင်လာစဉ် ရုတ်တရက် အော်ဟစ် အမိန့်ပေးသံကို ကြားခဲ့ရစဉ် ကျွန်ုပ် သဲသဲကွဲကွဲ နားမလည်ခဲ့သော်လည်း ယခုမှပင် ပစ်ကြရန် အမိန့်ပေးသော အသံဖြစ်ကြောင်း ကျွန်ုပ် ရှင်းရှင်းလင်းလင်း သိရတော့သည်။

အစိုးရရှေ့နေချုပ်က လျှောက်လဲချက် တင်သွင်းနေစဉ် ဦးစော သည် ဣန္ဒြေဆည်၍ ဟန်ဆောင်နေငြားသော်လည်း ဦးစော၏ အမူအရာကို အကဲခတ်ရခြင်းအားဖြင့် စိုးရိမ်မကင်းဘဲ ကြောက်ရွံ့နေ သော အသွင်အပြင်ကို တွေ့မြင်နိုင်သည်။

ကျွန်ုပ်အား စစ်ဆေးရန် ကျွန်ုပ်နာမည်ကို ခေါ်လိုက်သောအခါ ကျွန်ုပ်သည် တရားရုံးရှေ့မှောက်တွင် အစိုးရရှေ့နေချုပ်က မေးသမျှသော မေးခွန်းများကို ဖြေကြားခဲ့သည်။ ကျွန်ုပ်မှတ်မိသမျှ ဝန်ကြီးများ အစည်းအဝေးစသော အချိန်၊ အခင်းဖြစ်ပွားသောအချိန် ၁၀ နာရီနှင့် မိနစ် ၃၀ ပတ်ဝန်းကျင်၊ အစည်းအဝေးသို့ တက်ရောက်ကြသော ဝန်ကြီးများနှင့် အတွင်းဝန်အမည်များ၊ စားပွဲကုလားထိုင်အနေအထား၊ မည်သည့်နေရာတွင် မည်သူထိုင်သည်၊ လူသတ်သမားဦးရေ၊ မည်သည့် အဝတ်အစားများ ဝတ်၍ မည်ကဲ့သို့ ဝင်လာပြီး၊ မည်ကဲ့သို့ ပြောဆိုသည်၊ ပစ်ခတ်သည် စသည့် မှုခင်းနှင့်ဆိုင်သော မေးခွန်းများကို ဖြေကြားခဲ့ ရသည်။

ခုံရုံးက ဖော်ကောင်ဘညွှန့်ကို ပယ်၍ ဦးစောအပါအဝင် စုစုပေါင်း တရားခံ ၉ ယောက်ကို စွဲချက်တင်လိုက်သည်။ ခုံရုံးက တရားခံများကို ရှေ့နေများ ငှား၍ ခုခံကာကွယ်ရန် အခွင့်အရေးပေးသည်။ ပိုက်ဆံကြေးငွေ ချို့တဲ့သူတို့အတွက် အစိုးရက တာဝန်ယူသည်။ ဦးစောမှာ လက်ဦးအစကပင် ရှေ့နေ မစ္စတာဘတန်နီကို ငှားထားပြီးလျှင် သူ့ကို ခုခံကာကွယ်စေသည်။ နောက်ပိုင်းတွင် အင်္ဂလန်၌ နေသော သူ့၏ ညီတော်သူဟု ဆိုသူ မစ္စတာ ဂျီးက ဦးစောအတွက် အင်္ဂလန်မှ ဝတ်လုံ မစ္စတာကားတစ်ဘန်နဒ်ကို ငှား၍ ခုခံစေသည်။

တရားခံများအနက် ဘညွှန့်က ကြံရာတွင် ပါဝင်ကြောင်းကို သြဂုတ်လ ၁ ရက်နေ့တွင် တရားသူကြီး ဦးလှကျော်ထံတွင် ဖြောင့်ချက် ပေးသည်။ ရန်ကြီးအောင်နှင့် သုခက သြဂုတ်လ ၂ ရက်နေ့တွင်

လည်းကောင်း၊ စိန်ကြီးက ဩဂုတ်လ ၄ ရက်နေ့တွင် လည်းကောင်း၊ မောင်နီက ဩဂုတ်လ ၁၅ ရက်နေ့တွင် လည်းကောင်း၊ ခင်မောင်ရင်က ဩဂုတ်လ ၇ ရက်နေ့တွင် လည်းကောင်း တရားသူကြီး ဦးလှကျော်ထံတွင် ဖြောင့်ချက်များ အသီးသီး ပေးကြသည်။

ဦးစောကမူ လုပ်ကြံမှုကြီး ဖြစ်ပွားသည့် ဇူလိုင်လ ၁၉ ရက်နေ့ နံနက်အိပ်ရာမှ ထချိန်တွင် သူသည် ရောဂါဝေဒနာ ခံစားနေရ၍ အိပ်ရာပေါ်တွင်ပင် လဲလျောင်းနေရ၍ ဤလုပ်ကြံမှုကြီးတွင် သူမပါဝင်ကြောင်း၊ သိလည်းမသိကြောင်းနှင့် ဘူးကွယ်ထွက်ဆို အစစ်ခံသည်။ မောင်စိုး၊ သက်နှင်းနှင့် မှုကြီးတို့ကလည်း လုပ်ကြံမှုကြီးတွင် သူတို့မပါဝင်၊ သိရှိခြင်း မရှိကြောင်းဖြင့် ဘူးကွယ် အစစ်ခံကြသည်။

ပထမဆုံး ဖြောင့်ချက်ပေးသူ ဘညွန့်အား ခုံရုံးက သက်သေအဖြစ်ဖြင့် သတ်မှတ်စစ်ဆေးသည်။ အမှုဆုံးခန်းတိုင်ရောက်သောအခါ သူ့ကို အပြစ်ခပ်သိမ်းမှ ကင်းလွတ်ခွင့် ပေးလိုက်လေသည်။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဦးစောအပါအဝင် တရားခံ ၉ ဦးကို ပြစ်မှုထင်ရှား၍ သေဒဏ်အပြစ်ကျခံစေရန် ခုံရုံးက အမိန့်ချမှတ်လိုက်သည်။

ခုံရုံး၏ အဆုံးအဖြတ်ကို မကျေနပ်၍ ဦးစောနှင့် အပေါင်းပါများက တရားလွှတ်တော်သို့ ဝင်ကြရာ ဦးစောအတွက် ရှေ့နေ အက်ပ်ဂျေဝါလစ်ဘာရိဟာ ဗော့ကလိုက်ပါ ဆောင်ရွက်ခုခံသည်။ သုခ၊ ခင်မောင်ရင်၊ မောင်နီတို့အတွက် ရှေ့နေ ဒီဂျေဒန်နီယယ်၊ မောင်စိုး၊ သက်နှင်း ရန်ကြီးအောင်နှင့် မှုကြီးတို့အတွက် ဝတ်လုံ ဦးကြာဂိုင်၊ စိန်ကြီးအတွက် ဝတ်လုံဦးစောလှဖြူတို့က အသီးသီး ခုခံကာကွယ်ကြသည်။ အစိုးရဘက်မှ အစိုးရရှေ့နေချုပ် ဦးချန်ထွန်းက လိုက်ပါဆောင်ရွက် သည်။ (ထိုအခါတွင် ဦးထွန်းဖြူသည် တရားလွှတ်တော် တရားဝန်ကြီး ဖြစ်နေလေပြီ) တရားလွှတ်တော် တရားဝန်ကြီးများ ဖြစ်ကြသော ဦးအုံးဖေ၊ ဦးစံမောင်နှင့် ဦးဘိုကြီးတို့ နှစ်ဖက်လျှောက်လဲချက်များကို စဉ်စားပြီး အယူခံလျှောက်လွှာကို ပယ်၍ သေစားသေစေရန် အမိန့်ကို ၁၉၄၈ ခုနှစ် မတ်လ ၈ ရက်နေ့တွင် အတည်ပြုလိုက်သည်။

တရားခံများသည် တရားလွှတ်တော်ချုပ်သို့ တစ်ဖန် အယူခံဝင်

ကြပြန်သည်။ တရားလွှတ်တော်ချုပ်မှ တရားဝန်ကြီးများ ဖြစ်ကြသော ဆာဘဦး၊ ဦးအေးမောင်နှင့် ဦးသိမ်းမောင်တို့ တရားရုံးကလည်း အယူခံလျှောက်လွှာကို စစ်ဆေးပြီးလျှင် အကြောင်းပြ အကိုးအကား လုံလောက်စွာဖြင့် ၁၉၄၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် အယူခံလွှာကို ပယ်ချလိုက်သည်။ ထိုအခါ ဦးစောနှင့် အပေါင်းပါတို့သည် နောက်ဆုံး ကြိုးစားခြင်း အနေဖြင့် နိုင်ငံတော်သမ္မတထံသို့ အသနားခံလွှာ တင်ကြရာ ၁၉၄၈ ခုနှစ် မေလ ၄ ရက်နေ့တွင် ခင်မောင်ရင်အား လည်းကောင်း၊ မေလ ၆ ရက်နေ့တွင် သုခနှင့် မောင်နီတို့အား လည်းကောင်း သေဒဏ်မှ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ကို လျှော့ချရန် ကျန်တရားခံ ခြောက်ဦးကို သေဒဏ်အပြစ်တည်စေဟု အမိန့်ချမှတ်လိုက်သည်။

အထူးခုံရုံး စတင်ဖွင့်လှစ်သည့် ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့မှ တရားလွှတ်တော်ချုပ်သို့ အယူခံဝင်သည့်ကိစ္စ ပြီးဆုံးသည့် ၁၉၄၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့အထိ ဦးစောတို့၏ လုပ်ကြံမှု အမှုကြီးသည် ၆ လနှင့် ၁၂ ရက်တိုင်တိုင် ကြာမြင့်ခဲ့လေသည်။

၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့သည်ကား ဦးစောတို့အား သေဒဏ်စီရင်သော နေ့ပင် ဖြစ်လေသည်။ ထိုနေ့ နံနက် ၅ နာရီ မိနစ် ၃၀ တွင် ဦးစောနှင့်မှုကြီးကို အင်းစိန်ထောင်ကြီးအတွင်း၌ ကြိုးစင်တင်၍ အဆုံးစီရင်လိုက်လေသည်။

ဦးစောသည် အင်းစိန်ထောင်ကြီးတွင် အချုပ်ခံနေစဉ်အတွင်း ဉာဏ်များသူပီပီ ထောင်ထဲမှလွတ်မြောက်နိုင်ရန် သဲသဲမဲမဲ ကြိုးစားခဲ့သေးသည်။ ထောင်ပြာတာတစ်ဦးကို (နာမည်မမှတ်မိပြီ) သူ၏ လူယုံဖြစ်အောင် လုပ်၍ ယင်းပြာတာမှတစ်ဆင့် အပြင်ဘက်တွင် ရှိသော နိုင်ငံခြားသား တစ်ဦးနှင့် အဆက်အသွယ် ပြုခဲ့သည်။ သို့ရာတွင် စုံထောက်ဘက်မှ ကြိုတင်စီမံထားသော လုံခြုံရေး အစီအစဉ်များအရ ဦးစောက ဆက်သွယ်သော ထောင်ပြာတာမှာ ရဲအဖွဲ့၏ ကိုယ်စားလှယ် တစ်ဦး ဖြစ်နေသည်ကို ဦးစော မရိပ်စားမိခဲ့ပေ။ သို့ဖြစ်၍ ဦးစောက အပြင်ရှိ နိုင်ငံခြားသားထံသို့ သူ၏ ထွက်ပြေးလွတ်မြောက်ရေးအတွက် ငွေအလုံးအရင်းဖြင့် အကူအညီပေးရန် တောင်းခံသော စာများကို

ရဲအဖွဲ့က ရရှိခဲ့လေသည်။ ထိုစာများကို ဆိုင်ရာက ဓာတ်ပုံရိုက်၍ သိမ်းဆည်းထားခဲ့ရာ ဦးစောမှုခင်းဆိုင်ရာ ဖိုင်တွဲထဲတွင် ရှိမည်ဟု ထင်ရသည်။ ထိုစာများသည် ယခုအခါ လျှို့ဝှက်စာရွက်စာတမ်းများ မဟုတ်တော့ပြီ ဖြစ်၍ သမိုင်းပြတိုက် တစ်ခုခုတွင် သိမ်းဆည်းထားပြီး လူထုသို့ ထုတ်ပြရန် အချိန်တန်ပြီဟု ကျွန်ုပ် ယူဆသည်။

လက်နက်ကျည်ဆန်များကို လက်နက်ဂိုထောင်မှ ဦးစော ထုတ်ယူနိုင်အောင် အကူအညီပေးခဲ့သူ စစ်ဗိုလ် မစ္စတာတူလောက်နှင့် မစ္စတာဗွီဗွီယန်းတို့ကို ဖမ်းဆီးပြီး မစ္စတာဗွီဗွီယန်းအပေါ်တွင် ပေးခဲ့သည့် အထောက်အထားများ အခိုင်အမာရရှိ၍ ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် ၅ နှစ် အပြစ်ပေးခြင်း ခံရသည်။

မစ္စတာဗွီဗွီယန်းသည် အင်းစိန်ထောင်ကြီးအတွင်း အပြစ်ကျခံနေစဉ် အတွင်း ၁၉၄၉ ခုနှစ် ကေအင်ဒီအို ကရင်သောင်းကျန်းသူ အဖျက်သမားများ အင်းစိန်ကို စီး၍ ထောင်ကို ဖောက်သောအခါတွင် လွတ်မြောက်သွားပြီး ကေအင်ဒီအိုများနှင့် ပူးပေါင်း၍ အစိုးရကို ပုန်ကန်တိုက်ခိုက်နေရာမှ နောက်ဆုံးတွင် ၁၉၅၀ ပြည့်နှစ် ဩဂုတ်လ အတွင်း၌ ကျိုက္ခမိ ခရိုင်ကော့ကရိတ်မြို့နယ်မှ ၁၆ မိုင် ကွာဝေးသော တိုးကွာကိုရွာ အနီး တိုက်ပွဲတစ်ခုတွင် သူနှင့်အတူ ကေအင်ဒီအို ခေါင်းဆောင် ဝန်ကြီးဟောင်း စောဘဦးကြီးနှင့်အတူ နှစ်ယောက်စလုံး ကျဆုံးခဲ့လေသည်။ ဤတွင် ဦးစောနှင့် အပေါင်းပါ ၅ ဦးတို့ ဓာတ်သိမ်းသွားရသကဲ့သို့ပင် ကျွန်ုပ်တစ်သက်တာအဖို့ မမေ့မပျောက်နိုင်သော ရက်စက်ကြမ်းကြုတ်လှသည့် လုပ်ကြံမှုဇာတ်ထုပ်ကြီးမှ မစ္စတာဗွီဗွီယန်းလည်း နောက်ဆုံး ဇာတ်သိမ်းသွားရပေတော့သည်။

ဦးစောဟာ သူ့ခေတ်နဲ့သူ တိုင်းပြည်အတွက် ကောင်းကျိုးတွေ လုပ်တန်သလောက် လုပ်လာခဲ့ပါသေးတယ်။ ဒါပေမယ့် လောဘ၊ ဒေါသမီးတွေကြောင့်သတိလက်လွတ်ခဲ့ပြီး ပြည်သူတစ်ရပ်လုံးက ခွင့်မလွှတ်နိုင်တဲ့ လူသတ်မှုကို ရှေ့ဆောင်ရှေ့ရွက်ပြုကာ ကျူးလွန်ခဲ့ပါတယ်။

အစက ဒီလိုအဖြစ်မျိုး ရောက်အောင် မဖန်တီးခဲ့ကြရင် ကောင်းမှာပဲ။

"ဦးစောနဲ့ အပေါင်းပါများကို ရုံးများက မျှမျှတတ စစ်ဆေးခဲ့တယ်လို့ အများက မြင်ကြပါတယ်။ တရားလွှတ်တော်က အယူခံများကို ပယ်ခဲ့သော်လဲ တရားလွှတ်တော်ချုပ်သို့ အယူခံနိုင်ရန် အခွင့်ထူးကို လျှောက်ထားတောင်းဆိုနိုင်ကြပါသေးတယ်။ မြန်မာပြည်ဟာ လွတ်လပ်သော နိုင်ငံအဖြစ် ရပ်တည်နေပြီဖြစ်ရာ ပရိဗီကောင်စီသို့ အယူခံခွင့် မရှိတော့ပါ။ တရားလွှတ်တော်ချုပ်သည် ပရိဗီကောင်စီမှ သုံးစွဲခဲ့သော အာဏာများကို အပြည့်အဝ ကိုင်ဆောင်သုံးစွဲလျက် ရှိပါပြီ။

ဒီအခန်းနဲ့ ပတ်သက်ပြီး အောက်ပါပုဂ္ဂိုလ်များ စာအုပ်–စာတမ်းများမှ တစ်ဆင့် ဖော်ပြပါတယ်။

**ပုဂ္ဂိုလ်များ**

(၁) ဟံသာဝတီဆရာတော်–အဂ္ဂမဟာပဏ္ဍိတ ဦးအာသဘ၊ ဘုရားကြီးကျောင်းတိုက် (ပုံလွှန်တော်မူ)။
(၂) ဆရာဦးထွန်းမောင်၊ မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်း၊ မန္တလေး။
(၃) ဆရာကြီး ညီ–ညီမများဖြစ်တဲ့ ဆရာဘကြူ၊ ဦးဘမှူ၊ ဦးဘကျော်၊ ဒေါ်ရန်၊ မန္တလေး။
(၄) ဆရာကြီး ဦးရာဇတ်ကတော် ဒေါ်ခင်ခင်။ ရန်ကုန်။
(၅) ဒေါ်သိန်းသိန်း (ဆရာကြီး ဦးရာဇတ်ရဲ့ ညီမ)
(၆) ဦးဘထူး–ကွယ်လွန်၊ ရန်ကုန်။
(၇) အငြိမ်းစားဗိုလ်မှူးကြီး ခင်ညို၊ ရန်ကုန်။
(၈) ဆရာမောင်ကိုဂဖာရီ၊ ရန်ကုန်။
(၉) ဒေါ်တင်လှ (မန္တလေးအမျိုးသားပြတိုက်မှူးအငြိမ်းစား)
(၁၀) ဦးကြွယ်ဝ (ဗ–မ–က ဒုဥက္ကဋ္ဌဟောင်း ဗ–က–က ခေါင်းဆောင်ဟောင်း–ကွယ်လွန်) ရန်ကုန်။
(၁၁) ဦးခင်မောင်လတ် (ဗ–မ–က ဥက္ကဋ္ဌဟောင်း ဝန်ကြီးဟောင်းကွယ်လွန်) ရန်ကုန်။
(၁၂) သီရိကိုလေး (စာရေးဆရာ) (အစ္စလာမ်ဓမ္မဗိမာန်) ရန်ကုန်။
(၁၃) ဟာဂျီဘချစ် (အစ္စလာမ်ဓမ္မဗိမာန်) ရန်ကုန်။
(၁၄) ဦးတင်မြင့် မန်နေဂျာ (ကမ်းလွန်ရေနံရှာဖွေရေး) မြန်မာ့ရေနံကော်ပိုရေးရှင်း) ရန်ကုန်။

**ဆောင်းပါးများ**

အောင်ဖေဝေ/ဦး၊ "လုပ်ကြံမှုကြီး၏ ဇာတ်သိမ်း"၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ လမ်းစဉ်သတင်းစာ၊ အနှစ် ၂၀ ပြည့် အာဇာနည်နေ့ ၁၉၆၇ ခုနှစ် ဇူလိုင်လ ၁၅ ရက် စာမျက်နှာ ၉–၁၀
ဘဂျမ်း/ဦး (ပုဂံ)၊ "ဦးစောနှင့် အပေါင်းအပါတို့၏ သေနတ်ပြောင်းဝမှ သီသီကလေး လွတ်လာခဲ့သူ"၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ လမ်းစဉ်သတင်းစာ အနှစ် ၂၀ ပြည့်အာဇာနည်နေ့၊ ၁၉၆၇ ဇူလိုင် ၁၅ ရက် စာမျက်နှာ ၈၊၂၂
ဘငြိမ်း/ကျား၊ "ကျွန်တော်ဆရာကြီး "၁၈–၇–၆၈ ထုတ် ကြေးမုံသတင်းစာ
ချစ်ဆွေ/ဦး၊ "ကြည်ညိုလေးစားထိုက်ပါသည့် ဆရာကြီး"၊ ဟံသာဝတီ သတင်းစာ အချပ်ပို (ခ) ၁၈–၇–၇၀
အောင်ကြီး/သခင် (ပေါင်းတည်)၊ ကျွန်တော်အညာသားပါခင်ဗျာ"ပေဖူးလွှာ မဂ္ဂဇင်း ၁၉၈၅ ခု ဇန်နဝါရီ စာမျက်နှာ ၁၀၃

**စာအုပ်များ**

မောင်မောင်/ဒေါက်တာ၊ "နိုင်ငံတော်လုပ်ကြံမှု (ပြည်ထောင်စုနှင့်ဦးစော)" ရွှေဟသ်ာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၄
စိန်တင်/တက္ကသိုလ်၊ "စောစံဖိုးသင်"၊ မြန်မာတံခွန်ပုံနှိပ်တိုက်၊ ရန်ကုန်၊
စိန်တင်/တက္ကသိုလ်၊ "မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း"မိုးပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၇၃ ခု။
ဦးလှ/လူထု၊ "သတင်းစာများက ပြောပြတဲ့ စစ်ပြီးစ မြန်မာပြည် "ကြီးပွားရေး ပုံနှိပ်တိုက်၊ မန္တလေး။

## အခန်း (၂၈)

## ဒေါ်ခင်ခင်တို့ မိသားစုရဲ့ နောက်ပိုင်းအခြေအနေ

၁၅-၃-၇၄ နေ့က ကျမ်းပြုသူဟာ ဆရာကြီး ဦးရာဇတ်ကတော် ဒေါ်ခင်ခင်နဲ့ သွားရောက်တွေ့ခဲ့ပါတယ်။ ထွေရာလေးပါး ပြောကြရင်း ဒေါ်ခင်ခင်က သူ့စိတ်ထဲ ပေါ်လာတာ မှတ်မိတာတွေ ပြောပြပါတယ်။

"ကျွန်မဆရာကြီးနဲ့ အိမ်ထောင်ကျခဲ့ပြီး လှည်းယဉ်တန်းမှာ ခဏနေတယ်။ အဲဒီကနေ ကျွန်မတို့ (၈)မှတ်၊ ယိုးဒယားဈေး၊ ဂတ် (ရဲဌာနာ) နှစ်ထပ်တိုက်မှာ နေကြပါတယ်။ (နေရှင်နယ်အမျိုးသားကျောင်း အနီးက ၎င်းတိုက်ကြီးကို ဆရာကြီး ဆုံးပြီး ဝယ်ထားပါတယ်။)

"ဆရာကြီးက သူ့ရဲ့ ကျောင်းသားတွေကို ဟောဒီလို ဆုံးမလေ့ရှိပါတယ်။ မိဘကိုလဲ ရိုသေကြရမယ်။ ဗုဒ္ဓဘာသာမှန်သမျှ ဘုရားရှိခိုးပြီးမှ ကျောင်းတက်ရမယ်။ ကျောင်းတက်လာတာ အပျော်လာတာ မဟုတ်ဘူး၊ ပညာရာလာတာဖြစ်တယ်။ ဒီပညာဟာ မင်းတို့အိမ်ထောင်ကျ၊ ကလေးတွေရတဲ့ အထိ လုပ်ကျွေးရမယ်၊ ကျောင်းသူကျောင်းသားများဟာ ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ သဘောထားရမယ်၊ ကူညီစရာရှိရင် ကူညီရမယ်၊ သမီးရည်းစား မထားရဘူးလို့ ဆိုလိုခြင်းဖြစ်တယ်။ တစ်မိသားစုထဲက မွေးတွေလို သဘောထားရမယ်။ ပညာကို ကြိုးစားသင်ပါ။ လုံချည်အစိမ်း၊ အင်္ကျီအနက် မိန်းကလေးများက ထဘီအပြာ အင်္ကျီအဖြူ(မပါးရ)ကို ဝတ်ဆင်ပြီး တက်ရမယ်။ လုံချည် အစိမ်းဝတ်ရင် အစိမ်းရင့် ဝတ်ရမယ်။ မိန်းကလေးများက အပြာရောင် ရင့် ဝတ်ရမယ်။ စာကိုလဲ ကြိုးစားသင်ရမယ်တဲ့-

"ကျွန်မက တစ်ခါက ကျောင်းဝင်းထဲက ဖြတ်ပြီးသွားတော့၊ ဆရာကြီးက အပြင်ကို ကျောပေးထားတာ တွေ့ရတယ်။ ကျောင်းသားတွေက တဝါးဝါးနဲ့ ရယ်နေတာကို တွေ့ခဲ့ရတယ်။ အဲဒီတော့ အိမ်ရောက်တော့ ဆရာကြီးကို ကျွန်မက "ဘာတွေ တဝါးဝါးရယ်နေတာလဲ"လို့ မေးပါတယ်။ ဒီတော့ သူက "စာသင်တဲ့အခါ ရယ်စရာမောစရာကလေးတွေလဲ ပြောရတယ်။ နို့မို့ရင် စာထဲမှာ စိတ်မဝင်စားဘဲ ဖြစ်တတ်တယ်။ အိပ်ချင်နေတတ်တယ်။

ဂျပန်ဝင်လာတော့ ဆရာကြီးတို့ မိသားစု စစ်ကိုင်းချောင်ကနေ မန္တလေးဘက် ပြန်ဝင်လာတဲ့အခါ မူလနေတဲ့ တိုက်ဟာ ဂျပန်ဗုံးထဲ ပါသွားလို့ အုတ်ပုံ၊ ပြာပုံပဲ ဖြစ်နေပါပြီ။ ဒီတော့ ဖြစ်သလိုပဲ မျောတိုင်ကလေး တိုင်ထူ၊ ဝါးကပ်မိုးပြီး နေရတယ်။ ဒီအချိန် ဒေါ်ခင်ခင်က ဆရာကြီးကို ပြောတယ် "မန္တလေးကို ပြန်ပြောင်းလာတဲ့ ကလေးတွေလာကြလိမ့်မယ်"ဒီတော့ ကျွန်မတို့ နေရင်းတိုက်ရဲ့ တောင်ဘက် (၇)ခန်းတစ်ထပ်တိုက်ကလေးကို သက်ကယ်ရွက်ကလေးမိုးပြီးတော့ တော်ရိလျော်ရိလေး ဆောက်လိုက်ကြရအောင် ဆိုပြီး ဆောက်လိုက်တယ်။ အဲဒီအချိန်မှာ သားအငယ်ဆုံးလေး မောင်လှကြည် ကိုယ်ဝန်ရှိတယ်။ ကျွန်မစိတ်တဲက ဘယ်သစ်ပင်ကြား၊ ဘယ်ချုံကြား မွေးရမလဲ ဆိုတာ စိတ်ထဲ တထင့်ထင့် ဖြစ်နေတယ်။

ဆရာကြီးကို ဖမ်းသွားတော့ အားငယ်ငယ်နဲ့ အမရပူရ၊ လမ်းငါးခွ– ကျွန်မ၏ အစ်ကို အငယ် ဦးအီဗရာဟင် ခေါ် ကိုဘရှင် မလှအိမ်ကို ပြောင်း သွားပါတယ်။ အဲဒီအိမ်ဟာ ကျွန်မမွေးနေကျ ဆရာဝန်အိမ်နဲ့ မနီးမဝေး ဖြစ်ပါတယ်။ ဆရာဝန်က ဦးမောင်မောင်ပါ၊ ဦးမောင်မောင်အဖေက နာမည်ကြီး ဆရာဝန် ဦးစံကောင်းပါ။ ကျွန်မ မီးဖွားရေးအတွက် ဆရာဝန်က အားလုံး တာဝန်ယူပါတယ်။

ကျွန်မအစ်ကို ကိုအီဗရာဟင်နဲ့ ယောက်မ မလှတို့က အားပေးစကား ပြောပါတယ်။

"ဒါဟာ ခမ္မတာပဲ ခင်ခင် ရှက်လဲမရှက်နဲ့၊ စိတ်လဲ မညစ်နဲ့၊ စိတ် ကောင်းကောင်းထားနေ"

သားအကြီးဆုံး မောင်တင်မြင့်က ၇ နှစ်၊ သမီးအလတ် ခင်ခင်စိန် ၅ နှစ် ရှိပါသေးတယ်။

သား‌အငယ် မောင်လှကြည်ကို ရေဝင်ထရန်ကျဲကျဲမှာပဲ ဒေါက်တာမောင်မောင်နဲ့ မွေးပါတယ်။ မွေးခါနီး သွားခေါ်တော့ နေ့ ၂ နာရီ ရှိပါပြီ။ စမ်းသပ်ပြီးတော့ ကျွန်မကို ပြောပါတယ် "မွေးမှာက ညအချိန်မတော်ဖြစ်နေတယ်။ ည ၇ နာရီ ၈ နာရီမှ မွေးလိမ့်မယ်။ ဒီအချိန်က နေဝင် မီးငြိမ်းမို့ ညအချိန်အထိ စောင့်မနေတော့ဘဲ အချိန်မကျမီ မောင်လှကြည်လေးကို ဆေးထိုးပြီး ဖွားလိုက်ပါတယ်။

ဆရာကြီး ဆုံးသွားတော့ ကလေးလေး ၃ ယောက်ကို ဘယ်လိုလုပ်ကိုင်ကျွေးရမလဲ ငါ့တာဝန် ဖြစ်နေတယ်။ ကလေးတွေက ငယ်ငယ်ကလေးတွေကျန်ရစ်တယ်ဆိုပြီး ပူတယ်။

"ဟိုနား ဒီနား လျှောက်ပြီး ဘာရေးရကောင်းမလဲ၊ နှစ်ယောက်တာဝန်ယူရာကနေ ခုတော့ကျွန်မတစ်ယောက်တည်း တာဝန်ဖြစ်နေပြီဆိုပြီး"

ဒီအချိန်မှာ လိုင်စင်ခေတ် ဖြစ်တယ်။ လိုင်စင်ကို အရင်းအနှီးမရှိလို့ အနည်းငယ် ရောင်းစားပါတယ်။ ရတဲ့ငွေကို အရင်းလုပ်ပါတယ်။ အရင်းရတော့ လိုင်စင်မရောင်းဘဲ ကိုယ့်ဟာကိုယ် တတ်အောင်ဆိုပြီး မှာပါတယ်။ ဒီအခါမှာ အင်္ဂလိပ်ကုမ္ပဏီတွေကို သွားပါတယ်။ ဘိနင်း ကုမ္ပဏီက ကျွန်မကို အားပေးကြပါတယ်။ သူတို့အားပေးတာက "လိုင်စင်အမယ်နည်းတယ်။ ထပ်ပြီး တိုးလျှောက်"လို့ အကြံပေးတယ်။ ရတဲ့ကုန်ကို ကျွန်တော်တို့ယူမယ်"လို့ ပြောတယ်။ ဆရာကြီး သက်ရှိထင်ရှား ရှိတုန်းက အတူနေသွားတဲ့ ရန်ကုန် **ကင်းဘဲလမ်း(ယခုဝက်ပါလမ်း) အိမ်နံပါတ်(၂၀)မှာ နေတယ်။**

သခင်နုလက်ထက်ရောက်လာတော့ သခင်နုက အမတ်တွေကို ပြောသတဲ့၊ "ဦးရာဇတ်ရဲ့ ဇနီးကို အိမ်ကလေးတစ်ခု ဖြစ်အောင် လုပ်ပေးချင်တယ်" ဒီအကြောင်းကို ဦးဝင်းရယ် ဦးခင်မောင်လတ် ခေါ် မစ္စတာလတစ်တို့က **လာပြောကြတယ်။ အခုနေတဲ့ ဘဒ်လမ်း(ပဒုမ္မာလမ်း)က နေရာလပ်ကြီးပဲ ဆရာကြီးရဲ့** ကျောင်းနေဘက် သူငယ်ချင်းဝတ်လုံ စောတိတ်လျှောင် ဘဒ်လမ်းမှာ နေတဲ့လူကြီးဆီက၊ ကလေးနှစ်ယောက် မြို့မကျောင်း အပ်ထားတော့ အမြဲလိုလိုပဲ ဝတ်လုံကြီးအိမ်ကို ဝင်တယ်။ ဒီမြေနေရာလပ်ကြီးကို ကျွန်မကြိုက်တယ်။ ဦးနုက ကျွန်မကို ပြောဖူးပါတယ်။ အိမ်ကလေးတစ်ခု ဖြစ်စေချင်တယ်လို့ ဆိုတော့ ကျွန်မဒီနေရာလိုချင်တယ်။ စုံစမ်းပါဆိုတော့ စုံစမ်းတယ်။ ဒီအခါမှာ မြန်မာ့အလင်း ဦးတင့် တစ်ဖွဲ့တည်း ဖြစ်နေတော့ ဒီမြေပိုင်တဲ့ဌာနကို

သွားတယ်။ အဲဒီတာဝန်ခံ အရာရှိက ပြောတယ်။ ဒီမြေနေရာဟာ လူတစ်ရာကျော် ကြီးတောင် လျှောက်ကြတာ အစ်မကြီးကတော့ ရလိမ့်မယ်ဆိုတော့ ဦးနုကို ပြန်ပြောတယ်။ ကျွန်မကြိုက်တဲ့ နေရာလေး တွေ့ပါပြီလို့ ကျွန်မတို့ကို ကရုဏာကြေးပေးတဲ့ ပိုက်ဆံ (တစ်သိန်း ကျွန်မအတွက် ၄ သောင်း၊ ကလေး ၃ ယောက်အတွက် ၆ သောင်း၊ အားလုံးကို ခွဲပေးတယ်) အားလုံး တစ်သိန်း ရတယ်။

ဆရာကြီး ကျောင်းဆရာဘဝတုန်းက ရတဲ့ လခက မပို့မစို့နဲ့ အဲဒီရတဲ့ လခထဲက သူ့မိဘကိုလဲ ထောက်ရတယ်။ အိမ်လခလဲ ပေးရတယ်။ ဒီအထဲ ဆင်းရဲတဲ့ ကျောင်းသားတွေကိုလဲ ထောက်သေးတယ်။ စအိမ်ထောင်ကျတုန်းကတော့ ဘယ့်နှယ်ဟာနဲ့ လာရပါလိမ့် ကိုယ်ကျိုးတော့နည်းပါပြီ။ အပျိုကြီးလုပ်နေရ အကောင်းသား ဒေါ်မျိုးအလှော်ကောင်းလို့သာ အခုလို ဒုက္ခရောက်ရတာပဲလို့ အစကထင်ခဲ့သေးတယ်။ (အသက် ၆၀ က အဆွယ်ကောင်းလို့ အသက် ၃၀ က ပါတယ်ဆိုပြီး တစ်ခါတစ်ခါ ရယ်စရာ ဆရာကြီးက ပြောတယ်။) အသက် ၆၀ က ဒေါ်မျိုးပါ၊ အသက် ၃၀ က ကျွန်မကို ဆိုတာပါ။

ငွေတစ်သိန်းဆိုတာ အခုမှပဲ ကိုင်ဖူးတယ်။ ဘဏ္ဍာရေးဝန်ကြီး ဦးတင်က ဒီနေရာမပေးဖို့ကန့်ကွက်သေးတယ်။ **ဒီမြေနေရာ မယူပါနဲ့ ကန်တော်ကြီးစောင်း က အိမ်ကိုပဲဖြစ်ဖြစ်၊ ဝက်ပါလမ်းကအိမ်ကိုပဲဖြစ်ဖြစ် ယူပါလို့ပြောတော့** ကျွန်မအသက်နဲ့ ကြည့်ပြီး မပေးပါနဲ့၊ ကလေးတွေအသက်နဲ့ တိုင်းတာပြီး ပေးပါ။ ကျွန်မကိုပေးတယ်လို့ သဘောမထားဘဲ ကလေးသုံးယောက်ကို ပေးတယ် လို့ သဘောထားပါလို့ ပြောတော့မှ နောက်ဆုံး ရပါတယ်။

ဆရာကြီး ကျဆုံးပြီးတဲ့ နောက်ပိုင်း ကျွန်မသိပ်အားငယ်ခဲ့ရပါတယ်။ နောက်ဆုံး မုန့်ပျားသလက်တွေ လုပ်ရောင်းလို့ပဲ ဖြစ်ဖြစ် လုပ်ကျွေးမယ်။ အဲဒါမှ မဟုတ်ရင် မန္တလေး နေရှင်နယ် ဘော်ဒါကျောင်းသားတွေ ထမင်းချက်ကျွေးရတဲ့ အလုပ်ကျွန်မကိုပေးပါလို့ ပြောဖို့ ကျွန်မစိတ်ထဲ ကူးမိပါတယ်။ ကလေးတွေကို သူ့အဖေရှိတုန်းက ဘယ်သူပဲရိုက်ရိုက် ကျွန်မခံနိုင်ရည်ရှိပေမယ့် ခု သူ့အဖေမရှိတော့တဲ့အခါ ကျွန်မကလေးတွေကို မျက်စောင်းထိုးတာကစပြီး ကျွန်မ မခံနိုင်ဘူး။ အမျိုးတွေက ခေါ်ပါတယ်။ ဘယ်အမျိုးပဲခေါ်ခေါ် ကျွန်မသွားပါဘူး။ ကျွန်မကျွေးမှာပဲ၊ သင်မှာပဲ။ မျက်နှာမငယ်အောင် ထားမှာပဲဆိုပြီး ခါးစည်းပြီး ရှာလာခဲ့ပါတယ်။

အဲဒါကြောင့် အခု ကလေးသုံးယောက်ဟာ လူလားမြောက်လို့ ပညာတွေ ပြည့်စုံပြီး၊ အသီးသီး သူ့ဟာနဲ့သူ အခြေကလေးတွေနဲ့ အေးအေးဆေးဆေး နေနိုင်ကြပါတယ်။

ကျေးဇူးရှင် ဗိုလ်ချုပ်ကြီး နေဝင်းကလဲ ဓာတ်ဆီဆိုင်တွေ ပြည်သူပိုင် သိမ်းပြီးတဲ့အချိန်ကနေ လစဉ် တစ်ထောင်ကျပ် ထောက်ပံ့ခဲ့လို့ အေးချမ်းစွာနဲ့

**ဒီပဒုမ္မာလမ်း၊ အိမ်နံပါတ်(၂၁)မှာ ဘုရား၊ တရားနဲ့ နေထိုင်နေရပါတယ်။**

ကျွန်မဟာ ယခင်ယခင်ကလဲ ကုန်သည်လုပ်ခဲ့ပါတယ်။ ဆရာကြီးနဲ့ ရပြီးတဲ့နောက် အရောင်းအဝယ် လုပ်ငန်းဖြတ်ခဲ့ပါတယ်။ မလုပ်ခဲ့ပါ။ အခု တိုက်လေးလုံး ရှိပါတယ်။ နှစ်လုံးက မောင်တင်မြင့်၊ မောင်လှကြည်၊ မန္တလေးမြို့။ နောက်နှစ်လုံးက ရန်ကုန်မှာ ခင်ခင်စိန်တစ်လုံး ကျွန်မတစ်လုံး။ အမွေခွဲဝေထားပြီးပါပြီ။

ကျွန်မအသက် ၇၀ ပြည့်ပြီး သားကြီး မောင်တင်မြင့်ဟာ မြန်မာ့ရေနံမှာ အထက်တန်းအရာရှိပါ။ သူက ဆရာကြီး ဦးကျော်ညွန့်ရဲ့ သမီးမရှမ်ရီနှင့် အိမ်ထောင်ကျတယ်။

သမီး ခင်ခင်စိန်က ယခု ချောက်မြို့မှာ သူ့ခင်ပွန်းသည်က ဗိုလ်ကြီး ခင်မောင်လတ်ပါ။

သားအငယ် မောင်လှကြည်က (ဓာတ်သတ္တု တူးဖော်ရေး၊ ဘူမိဗေဒ) ဗိုလ်ကြီး ခင်မောင်ဒွေး ဇနီး ဒေါ်ခင်နွဲ့ရဲ့ သမီး မခင်ဝင်းမေနဲ့ အိမ်ထောင် ကျတယ်။

ဒေါ်ခင်ခင်ဟာ ၄-၆-၈၁ နေ့ ရန်ကုန်အမှတ် (၂၁) ဘဒ်လမ်း နေအိမ်မှာ အလ္လာအရှင်မြတ် အမိန့်တော်ခံယူ (ကွယ်လွန်) သွားပါတယ်။

သူကွယ်လွန်တဲ့ အချိန်မှာ သားသမီး ၃ ယောက်နဲ့ မြေး ၆ ယောက် ကျန်ခဲ့ပါတယ်။

ဒါပေမယ့်လို့ ဒီနေ့ ဆရာကြီးသားသမီးတွေရဲ့ အခြေအနေကတော့

## ဆရာကြီးရဲ့သမီး ဒေါ်ခင်ခင်စိန်

ဒေါ်ခင်ခင်စိန်ဟာ ဆရာကြီး သားသမီးများအနက် တတိယ မွေးဖွားလာ သူ ဖြစ်ပါတယ်၊ ဆရာကြီးမှာ သားသမီး (၅)ယောက် ထွန်းကားတယ်၊ ပထမ ကလေးမွေးဖွားပြီးတော့ ဆုံးသွားတယ်၊ ဒုတိယသားကတော့ ကိုတင်မြင့်၊

တတိယကတော့ သမီး ခင်ခင်စိန်၊ စတုတ္ထကလေး မိမိကွန်း၊ ပဉ္စမကလေး ကတော့ မောင်လှကြည်၊ စတုတ္ထကလေး မိမိကွန်းကတော့ ဂျပန်ခေတ်မှာပဲ ဆုံးသွားတယ်။

ဒီအချိန်က မြို့မကျောင်းဟာ အမျိုးသားကျောင်းအဆင့်မှာပဲ ရှိသေးတယ် အစိုးရက မသိမ်းသေးပါဘူး။

ဝန်ကြီးအသိုင်းအဝိုင်းတွေနဲ့ အထက်လွှာတွေက သူတို့ရဲ့ သားသမီးတွေကို နာမည်ကြီးတဲ့ စိန်ပေါလ်တို့၊ မက်သရစ်ကျောင်းတို့ စိန်မေရီတို့ အစရှိတဲ့ ဗိုလ်ကျောင်း (Europian School)တွေမှာပဲ အပ်နှံ ပညာသင်စေတယ်။

ဆရာကြီး ဦးရာဇတ်ကတော့ အဲဒီကျောင်းတွေကို အားလဲမကျဘူး အထင်လဲ မကြီးဘူး၊ သူကိုယ်တိုင်လဲ အမျိုးသားကျောင်းကို တည်ထောင်လာခဲ့သူ အမျိုးသားကျောင်းဆရာကြီး တစ်ဦး လုပ်ခဲ့သူပီပီ သားသမီးတွေကို အမျိုးသားကျောင်းမှာပဲ ပညာရင်နို့ကို တိုက်ကျွေးလိုတဲ့ ဆန္ဒရှိတယ်။

အဲဒါကြောင့် သားကြီး မောင်တင်မြင့် သမီး ခင်ခင်စိန်တို့ နှစ်ယောက်ကို သူကိုယ်တိုင် လက်ဆွဲပြီး ရန်ကုန်မြို့မကျောင်းမှာ သွားရောက်အပ်နှံခဲ့တယ်။

မြို့မကျောင်းအုပ် ဆရာကြီးက ဆရာကြီး ဦးဘလွင်ပါ။ ဆရာကြီး ဦးဘလွင်နဲ့ သူဟာ တက္ကသိုလ်မှာ အတူ ပညာသင်ခဲ့ပါတယ်၊ အမျိုးသားကျောင်း တွေမှာလဲ ကျောင်းဆရာကြီးများအဖြစ် အတူ အမှုထမ်းကြတယ်၊ ပြီးတော့ ရဲတပ်ဖွဲ့မှာလဲ အတူတူ ပါဝင်ခဲ့ကြတယ်။

မျိုးချစ်ပြည်ချစ်စိတ် ရှိကြသူများပီပီ စိတ်တူသဘောတူ ရဲဘော်ရဲဘက်များ ဖြစ်ကြပါတယ်။ စကားပြောဆိုရာမှာလဲ ဦးတို့မစ္စတာတို့ဆိုတဲ့ ဂုဏ်ပုဒ် များ တပ်ပြီး မခေါ်ကြပါဘူး။ အချင်းချင်း အတွင်းမှာလဲ ဟိတ်ဟန်လုပ်တာမျိုး မရှိဘူး၊ ဆရာကြီး ဦးဘလွင်က သူ့ကို ဘာဘူကြီးလို့ ခေါ်သလို သူကလဲ ဆရာကြီး ဦးဘလွင်ကို မောင်လွင်လို့ ခေါ်ပြီး တရင်းတနှီး ဆက်ဆံကြတယ်။

သူတို့မောင်နှမ နှစ်ယောက်ကို ကျောင်းအပ်တဲ့အခါမှာလဲဘဲ မောင်လွင်တို့ ဘာဘူကြီးတို့ ဆိုတဲ့ နာမည်တွေ အပြန်အလှန် တပ်ခေါ်ခဲ့ပြီး တရင်း တနှီး ဆက်ဆံခဲ့တယ်ဆိုတာကို ဆရာကြီးသမီး ဒေါ်ခင်ခင်စိန်က အခုတိုင် မှတ်မိနေပါသေးတယ်လို့ ကျမ်းပြုသူကို ပြောပြပါတယ်။

ဆရာကြီးက ကလေးတွေကို ကျောင်းအပ်ပြီးလို့မှ မကြာခင်ဆိုသလိုပဲ နယ်ချဲ့လက်ပါးစေတွေရဲ့ လုပ်ကြံမှုကို ခံရပြီး ကျဆုံးသွားပါတယ်။ ဒီလို

ကျဆုံးပြီး ၁၃ ရက် လောက်ရှိခဲ့တဲ့ ၁၉၄၇ ခု၊ ဩဂုတ်လ ၁ ရက်နေ့မှာ မြို့မကျောင်းနဲ့တကွ မြန်မာပြည်တလွှားမှာရှိတဲ့ အမျိုးသားကျောင်းတွေကို ပြည်သူပိုင်သိမ်းလိုက်ပါတယ်။

အဲဒီမှာ မြို့မကျောင်းဟာ မြန်မာပြည်အရပ်ရပ်က ကျောင်းများနည်းတူ အမှတ် (၂) အစိုးရအထက်တန်းကျောင်းရယ်လို့ ဖြစ်သွားပါတယ်။ အမျိုးသား ကျောင်း မဟုတ်တော့ပေမယ့် အမျိုးသားကျောင်းရဲ့ အနှစ်သာရတွေ အမျိုးသား အမွေတွေကတော့ ဆက်လက်ရှိနေတုန်းပဲ၊ အမျိုးသားစိတ်ဓာတ်ကို ဆက်လက် ရှင်သန်နေအောင် ပြုစုပေးနေဆဲပဲ ဖြစ်တယ်။

ဒီလို အမျိုးသားကျောင်းတွေ နာမည်ပြောင်းသွားပေမယ့်လို့ အများစု ကျောင်းဆရာတွေကတော့ အမျိုးသားကျောင်းတုန်းက ဆရာတွေပဲ ဖြစ်တယ်၊ တိုင်းပြည်ကို ချစ်ရမယ်၊ အမျိုးကို ချစ်ရမယ်ဆိုတဲ့ စိတ်ဓာတ်တွေ ဆက်လက်ပြီး သွင်းပေးနေခဲ့တယ်။

ဒေါ်ခင်ခင်စိန်တို့အနေနဲ့ အမျိုးသားကျောင်းကို သံယောဇဉ်ရှိတယ် အထင်ကြီးတယ်၊ မိုလ်ကျောင်းက ကျောင်းသူတွေနဲ့ မျက်နှာဆုံမိလို့ ကျောင်း အကြောင်း အပြိုင်ပြောကြဆိုကြရင် "နင်တို့မိုလ်ကျောင်းကို ငါတို့က အထင် မကြီးဘူး၊ အဲဒီကျောင်းမှာ ဒါတို့ နေမယ်ဆိုလဲ နေနိုင်တယ်၊ ဒါပေမယ့် မနေဘူး"ဆိုပြီး ခပ်စွာစွာနဲ့ အဖြေပေးလိုက်တယ်၊ ဒီတုန်းက ဒေါ်ခင်ခင်စိန်ဟာ ၁၂ နှစ်သမီးအရွယ်ပဲ ရှိသေးတယ်။

ဆရာကြီး ကျဆုံးသွားပြီးတဲ့ အချိန်မှာ ဒေါ်ခင်ခင်စိန်ဟာ ၆ နှစ်သမီး အရွယ်ပဲ ရှိပါသေးတယ်၊ အဲဒီအချိန်တွေမှာ သတင်းစာဆရာတွေက ဆရာကြီးရဲ့ သားသမီးတွေကို မေးတဲ့အခါမှာ အမျိုးသားကျောင်းဆရာကြီးရဲ့ သားသမီး တွေပီပီ အမျိုးသားကျောင်းတွေကိုပဲ သံယောဇဉ်ရှိတယ် အထင်ကြီးတယ်၊ တွယ်တာမြတ်နိုးတယ်၊ မိုလ်ကျောင်းတွေကိုတော့ အထင်လဲမကြီးဘူး အားလဲ မကျဘူးဆိုပြီး ပြောပြလိုက်ပါသတဲ့။

အဲဒီအချိန် အဲဒီနှစ် ဇူလိုင်လ (၁၉) ရက်နေ့ထုတ် ရန်ကုန်သတင်းစာ တွေမှာ သူတို့ရဲ့ တွေ့ဆုံမေးမြန်းခဲ့တဲ့ သတင်းတွေကို အကျယ်တဝင့် ရေးသားဖော်ပြတဲ့ သတင်းကို ဖတ်လိုက်ရပါတယ်။ အဲဒီထဲမှာ ဆရာကြီး ဦးရာဇတ်ရဲ့ သားသမီးတွေရဲ့ မျိုးချစ်စိတ်ရှိခဲ့ပုံတွေကို ချီးကျူးဖော်ပြ ရေးသား

ထားတာကို တွေ့ရပါတယ်လို့ ဒေါ်ခင်ခင်စိန်က ကျမ်းပြုသူအား ပြန်လည်ပြောပြပါတယ်။

ဒေါ်ခင်ခင်စိန်က ဒီလိုဆက်ပြီး ပြောပြပါသေးတယ်၊ အဲဒီတုန်းက ကလေးပီပီမို့ ကလေးအမြင်နဲ့ ပြောရရင် အမျိုးသားကျောင်းတွေမှာ လွတ်လွတ်လပ်လပ် မုန့်ပဲသွားရေစာ ဝယ်စားနိုင်တယ်၊ ဗိုလ်ကျောင်းတွေမှာတော့ အဲဒီလို အပြင်ထွက်ပြီး မုန့်ပဲသွားရေစာတွေ ဝယ်မစားနိုင်ဘူး၊ မုန့်စားချင်ရင် ဝင်းစည်းရိုးကြား သံတိုင်ကနေ မုန့်ဝယ်စားရပါတယ်၊ ဒီတော့ အလိုလို ထောင်ကျနေသလို ချုပ်ချယ်ခံနေရတယ်၊ အကျဉ်းသားကလေးတွေလို ဖြစ်နေတယ်။

စိတ်ဓာတ်အရ ချုပ်ချယ်ခံထားရသလို့မို့ သူတို့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ဟာ မရှိတော့ဘူး၊ အဲဒီလို ချုပ်ချယ်ခံထားရပြီး ကြီးပြင်းလာတဲ့ လူတွေနဲ့ မုန့်ကို လွတ်လွတ်လပ်လပ် ဝယ်စားပြီး ကြီးပြင်းလာတဲ့ ကလေးတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် သူတို့မှာ စိတ်အားငယ်မှုတွေ ရှိတယ် သတ္တိမရှိဘူး ကြောက်တတ်တယ်၊ အမျိုးသားကျောင်းက ကျောင်းသားတွေမှာတော့ သတ္တိရှိတယ်၊ ကြောက်စိတ်မရှိဘူး။

အမျိုးသားကျောင်းက ကျောင်းသားတွေက လွတ်လွတ်လပ်လပ် မုန့်တွေဝယ်စားနိုင်တယ်လို့ ဆိုလို့ အမျိုးသားကျောင်းတွေမှာ ပေါက်လွှတ်ပဲစားထားတယ်ဆိုပြီး ထင်မြင်ယူဆရင် မှားလိမ့်မယ်။ အမျိုးသားကျောင်းတွေမှာ ကျန်းမာရေးကို ဂရုစိုက်စေတယ်၊ မုန့်ပဲသွားရေစာတွေကို သန့်သန့်ရှင်းရှင်း ထားပြီးရောင်းစေတယ်၊ ကလေးတွေကို ချုပ်ချယ်တာ အမျိုးသားကျောင်း ဆရာကြီးနဲ့ တကွ ကျောင်းဆရာဆရာမတွေက မကြိုက်ကြဘူး၊ ကျောင်းမှာ ပေါက်လွှတ်ပဲစား မဟုတ်ဘူး၊ စည်းနဲ့ကမ်းနဲ့ နေကြရတယ်။

အမျိုးသားကျောင်းတွေက ထွက်လာတဲ့ ကျောင်းသားတွေနဲ့ ဗိုလ်ကျောင်း အင်္ဂလိပ်ကျောင်းက ထွက်လာတဲ့ ကျောင်းသားတွေနဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက် စွန့်စားလာတဲ့ ကဏ္ဍကို နှိုင်းယှဉ်ကြည့်ရင် အမျိုးသားကျောင်းထွက် ကျောင်းသားတွေက ပိုပြီး စွန့်စားတယ်၊ ပိုပြီး အမျိုးနဲ့တိုင်းပြည်ကို ချစ်တယ်၊ ထက်ထက်မြက်မြက်နဲ့ တိုင်းပြည်တာဝန်ကို ထမ်းဆောင်တယ်၊ ထူးချွန်သူတွေ ဖြစ်တယ်။

အမျိုးသားကျောင်းထွက်တွေက မြန်မာစိတ်ကို မွေးတယ်၊ မြန်မာစိတ်ကို ပေးတယ်၊ ဗိုလ်ကျောင်းထွက်တွေက မြန်မာစိတ်တွေ ပျောက်ပြီး ဗိုလ်စိတ်တွေ

ဝင်စေတယ်။ ဒါပေမယ့်အထက်လွှာတွေနဲ့ လူကုံထံတွေကတော့ အင်္ဂလိပ်ကျောင်းမှ အင်္ဂလိပ်ကျောင်းတွေဆိုပြီး အထင်ကြီးကြတယ်။

လက်ရှိအခြေအနေက ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်နေတဲ့ အချိန်ဖြစ်တယ်၊ ဒီအချိန်မှာ ဗိုလ်စိတ်တွေ ပျောက်ပြီး အမျိုးချစ်တဲ့ စိတ်တွေ တိုင်းပြည်ချစ်တဲ့ စိတ်တွေကို မွေးမြူဖို့ လိုတယ်လို့ ၁၅-၅-၆၉ ခုနေ့က ဒေါ်ခင်ခင်စိန်နဲ့ တွေ့စဉ်က သူ့ရဲ့ ထင်မြင်ချက်တွေကို အထက်ပါအတိုင်း ပြောခဲ့ပါတယ်။

## စာရေးဆရာအမည်မခံတဲ့ စာဆိုရှင် ဦးရာဇတ်

ကျော်ဝင်းမောင်

ကျွန်တော် ၃-၁၂-၇၂ ခုနေ့ ညနေက အင်ဖွိုင်းခန်းမရှိ နိုင်ငံတကာ စာအုပ်ပြပွဲဆီကို ရောက်ခဲ့ပါတယ်။

အင်ဖွိုင်းခန်းမထဲ ဝင်သွားတယ်ဆိုရင်ပဲ ကွယ်လွန်သွားရှာနှင့်ပြီးတဲ့ စာဆိုရှင်ကြီးတွေရဲ့ ဓာတ်ပုံရယ်၊ ဓာတ်ပုံရိုက်သူ ဖော်ပြထားတဲ့ သူတို့ရဲ့ လက်ရေးမူ တစ်စိတ်တစ်ဒေသရယ်တို့ကိုပါ တွေ့ရပါတယ်။

သခင်သန်းထွန်း၊ သခင်ကိုယ်တော်မှိုင်း၊ သခင်ဗဟိန်း၊ ဒီးဒုတ်ဦးဘချို၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ရဲထွန်းလင်း (ကသာ ကာယဗလ ဦးနေဝင်း) ဘကြီး ဘဖေ အစရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဓာတ်ပုံတွေကိုလဲ တစ်ခမ်းတနား တွေ့ရပါတယ်။

ဒီလို ကွယ်လွန်နှင့်ပြီးတဲ့ စာဆိုရှင်တွေကို ပြန်လည် ဖော်ထုတ် အသိအမှတ်ပြု ဂုဏ်ပြုထားတာတွေဟာ စာပေလုပ်သားတွေအတွက် အားတက်ဝမ်းသာစရာ တစ်ခုပေါ့၊ ကျေးဇူးလဲ တင်မိပါတယ်။

ဒီလို ဓာတ်ပုံတွေ လျှောက်ကြည့်ရာကနေ တစ်ခုသော ကွက်လပ်ဘောင်ဆီကို ရောက်သွားပါတယ်။ အမှတ်မထင် ဒီဆေးဖြူသုတ်ထားတဲ့ ကွက်လပ်ဘောင်ကို အားယူစူးစိုက်ကြည့်နေမိပါတယ်။ ပြီးတော့ အတွေးတစ်ခုပေါ်လာပါတယ်။

ဒီကွက်လပ်ဘောင်မှာ ရွှဲပြုံးကလေး၊ ဒါမှမဟုတ်၊ မဲ့ပြုံးကလေးနဲ့ ဆရာကြီး ဦးရာဇတ်ပုံကို ဘာကြောင့်များ မထည့်ပါလိမ့်။ တကယ်ကျတော့ ဆရာကြီး ဦးရာဇတ်ဟာ စာဆိုရှင်တစ်ယောက်ပေပဲ။ ဒါပေမယ့် သူဟာ စာရေးဆရာနာမည်ခံပြီး အင်မတန် စာရေးခဲ့ပါတယ်၊ ဘာကြောင့် နာမည်မခံ စာတွေရေးခဲ့သလဲဆိုတာ ကျွန်တော်လဲ အတိအကျ မပြောနိုင်ဘူး၊ ဒါပေမယ့်

သူဟာ စာတွေတော်တော်များများ ရေးခဲ့တာကတော့ အမှန်ပဲ၊ ဒါနဲ့ပတ်သက်ပြီး ဒီလိုအထောက်အထားတွေကို တွေ့ရပါတယ်။

ဆရာကြီး ဦးရာဇတ်ဟာ စာရေးဆရာ၊ ကဗျာဆရာတစ်ယောက်လဲ ဖြစ်ကြောင်း ဟောဒီလို ပြောပြကြပါတယ်။

'တစ်ညနေမှာ ဆရာကြီးဦးရာဇတ်ဟာ ကျွန်မဆီရောက်လာပါတယ်။ သူက စာအုပ်တစ်အုပ်ကို ဘယ်ဘက်လက်မှာ လက်ညှိုးခံပိတ်ကိုင်ပြီး တစ်ဘက်မှာတော့ သာစည်သူမမြရိရဲ့ ဖက်ဆေးလိပ်ကို လက်ညှိုးနဲ့ လက်ခလယ်မှာ ညှပ်ကိုင်လို့ပေါ့' ဆိုတဲ့ စကားတွေချိုပြီး ပြောသူကတော့ မန္တလေးက စာရေးဆရာ၊ သတင်းစာဆရာမကြီး ဒေါ်အမာပေါ့ (ဆရာကြီး ဦးရာဇတ် စာအုပ်ပြုစုဖို့သွားတုန်းက ဒေါ်အမာက ကျွန်တော့်ကို ဒီလိုပြောပြခဲ့ခြင်းပါ။)

ဒေါ်အမာက သူ့စကားကို ဒီလိုဆက်လာပြန်တယ်။

'ဒီအချိန်က ကျွန်မဟာ (ဘီအေ)က ကျလို့ ကျောင်းထွက်ပြီး နေအိမ်မှာ အားနေချိန်ပေါ့၊ ဆရာကြီးက ဘာပြောသလဲဆိုရင်'

'ဟေ့အမာ ဒီစာအုပ်ဖတ်ဖူးသလား' တဲ့၊ ပြီး လက်ညှိုးခံပိတ်ထားတဲ့ စာအုပ်ကို ကျွန်မလှမ်းပေးလိုက်ပါတယ်။ မော်ရစ်ကောလစ် Maurice Collis ရေးတဲ့ Trials in Burma စာအုပ်ပါ၊ ဒီစာအုပ် မဖတ်ဖူးသေးဘူးလို့ ပြောပြလိုက်တော့။

'ဒီမန္တလေးသူရိယ သတင်းစာမှာ ဘာသာပြန်ထည့်နေတာကော ဖတ်ရသလား'လို့ မေးလာပြန်တယ်၊ 'ဖတ်ရပါတယ်''ဆိုတဲ့ အကြောင်းပြန် ဖြေလိုက်ပါတယ်။ ဒီတော့ ဆရာကြီးက ဆက်ပြီး–

'ဒီစာအုပ် မဖတ်ရသေးရင် မင်းဆက်ဖတ်ကြည့်။ ကြိုက်ရင်မင်းဟာ မင်းဆက်ဘာသာပြန်၊ ကိုယ် One chapter (အခန်းတစ်ခန်း)ပဲ ဘာသာပြန် ရသေးတယ်။ သတင်းစာမှာ ကိုယ်က ကိုယ့်နာမည်မခံဘဲ ပြန်ထားတယ်၊ ဒီတော့ မင်းကပဲ 'မင်းနာမည်ခံပြီး ဆက်ဘာသာပြန်ပေါ့ ဟုတ်လား'လို့ ရွှဲ့ပြုံးကလေးနဲ့ ပြောပြရင်း ပြန်သွားပါတော့တယ်။ ဆရာကြီးက စကားပြော ရင် 'ငါ'တို့ 'ကျုပ်''တို့ စကားလုံးအစား 'ကိုယ်' ဆိုပြီး ပြောလေ့ပြောထ ရှိတယ်၊ ဒါနဲ့ ကျွန်မလဲစာအုပ်ကို ဖတ်ကြည့်တော့ တကယ်အရသာ ရှိတယ်။ ဖတ်လို့ကောင်းတယ်၊ ဒါနဲ့ ဆရာကြီး ဘာသာပြန်လို့ ပြီးသွားတဲ့အပိုင်းကနေ အခန်းနှစ်ကို စပြန်ပြီး မန္တလေးသူရိယမှာ ကျွန်မနာမည်ခံပါတယ်၊ တကယ်က ဒီစာအုပ်ကို စ ဘာသာပြန်တဲ့သူက ဆရာကြီး ဦးရာဇတ်ပဲ ဖြစ်ပါတယ်'တဲ့။

နောက် မန္တလေးသူရိယ သတင်းစာ အယ်ဒီတာချုပ် ဦးသန်းမောင်က 'ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေလိုက်တဲ့ (ရွှေနန်းတွင်း အရေးတော်ပုံ) စာအုပ်မှာ ၁–၁၁–၅၉ နေ့စွဲတပ် အမှာစာရေးပြီး လက်မှတ်ရေးထိုးထားပါတယ် သူ့ရဲ့ 'အမှာစာ' ဒီလို တွေ့ရပါတယ်။

မန္တလေးသူရိယ နေ့စဉ်သတင်းစာတိုက်မှ ယခု ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်သော (ရွှေနန်းတွင်း အရေးတော်ပုံ) စာအုပ်သည် ကိုလိုနီခေတ်တွင် မန္တလေးသူရိယ နေ့စဉ်ထုတ်ဝေခဲ့စဉ် မန္တလေးသူရိယတိုက်မှ ရိုက်ထုတ်ခဲ့သည့် စာအုပ်တစ်အုပ် ဖြစ်ပါသည်။

မူလပထမ စာအုပ်တွင် ရေးသားပြုစုသူ၏ အမည်နာမ လုံးဝ မပါရှိခဲ့ပါ။ အမှန်စင်စစ် ၎င်းစာအုပ်ကို ရေးသားပြုစုသူမှာ ကျွန်တော်၏ ဆရာ အမျိုးသားခေါင်းဆောင်ကြီး (ကွယ်လွန်သူ) ဆရာကြီး ဦးရာဇတ်ပင် ဖြစ်ပါသည်။

အဲဒီလို ရေးသားဖော်ပြထားတာကို တွေ့ရပါတယ်၊ ပြီးတော့ စာရေးဆရာ ဆရာသခ်ါရဲ့ ထောက်ပြချက်ကိုလဲ ဆက်လက်ကြည့်ကြပါဦးစို့–

ဆရာသခ်ါက ၁၄–၇–၆၉ ခုနေ့ထုတ် လုပ်သားပြည်သူ့ နေ့စဉ်မှာ 'ဤရာဇပိုဒ်စုံ'ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါး တစ်ပုဒ် ရေးခဲ့ပါတယ်၊ သူ့ဆောင်းပါးကို ကောက်နှုတ်ဖော်ပြရရင်–

"ရတ်တရက် ဖတ်ရလျှင် ဤရာဇစာများကို ရှေးစာဆိုများ၏ စာဟောင်းများဟု ထင်ကောင်းထင်ဖွယ် ရှိလိမ့်မည်။ အမှန်တော့လည်း ဤရာဇပိုဒ်စုံမှာ ရှေးနှစ်ပေါင်း ၃၀ ကျော်လောက်က ရေးစပ်ခဲ့သော ရာဇ ဟောင်းများ ဖြစ်သည်ကား မှန်၏။ သို့သော် ရှေးခေတ် စာဆိုတော်ကြီးများ၏ ရာဇစာဟောင်းများကား မဟုတ်ပေ။

"သို့မဟုတ်သော်ငြားလည်း ကာရန်အစပ်အဟတ်နှင့် လေယူလေသိမ်း အဖွဲ့အနွဲ့တို့မှာကား သာမည ပုဂ္ဂိုလ်တစ်ဦး၏ လက်ရာမဟုတ်ဘဲ အတော် အတန် ကဗျာဉာဏ်ရသဂုဏ်နှင့် ပြည့်စုံအောင် နိုင်နိုင်နင်းနင်း ဖွဲ့နိုင်သူ တစ်ဦး ဖြစ်ကြောင်းကိုမူ သုတေသီများ ခန့်မှန်းနိုင်လောက်ပေသည်။

"ထို့ထက် ယင်းကဗျာရှင် မည်သူဖြစ်သည်ကို သိက ပို၍ပင် အံ့သြသွားပေလိမ့်မည်။ ထိုရာဇပိုဒ်စုံ သုံးပုဒ်၏ စာဆိုရှင်ကား အခြားသူ မဟုတ်ဘဲ ကျွန်ုပ်တို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ၁၉ ဂျူလိုင် မမေ့နိုင်သော နေ့တွင် ကျဆုံးကွယ်လွန်ခဲ့ရသူ တစ်ဦး အပါအဝင် ဖြစ်သည့် ဆရာကြီး ဦးရာဇတ်ပင် ဖြစ်သည်။ ဆရာကြီး ဦးရာဇတ်၏ နာမည်နှင့် ရုပ်လက္ခဏာ၊ အဝတ်အစား၊ အဆင်အပြင်တို့ကို သာမန်တွေ့မြင်ရသူ တစ်ဦးအဖို့မှာကား ထိုကဗျာသည် ဆရာကြီး၏ လက်ရာ

ဖြစ်သည်ဟု ဆိုလျှင် အမှန်သံသယစိတ်ဓာတ်ဖြင့် အံ့ဩသွားမည်မှချ ဖြစ်သည်။ သို့သော် ဤရတုပိုဒ်စုံ သုံးပုဒ်ကား ဆရာကြီး ဦးရာဇတ်၏ လက်ရာအစစ်များသာတည်း"

ဆရာသခ်ါရဲ့ ရေးသားဖော်ပြချက်တွေကို ကြည့်ရင်လဲ ဆရာကြီး ဦးရာဇတ်ဟာ စာဆိုရှင်တစ်ဦး ဟုတ်မဟုတ်ဆိုတာကို ပြဿနာတစ်ခုအနေနဲ့ အငြင်းပွားနေဖို့ လိုမယ်မထင်ပါ။

ဆရာကြီးဟာ ပါဠိဘာသာ ဂုဏ်ထူးမို့ ပါဠိတော်သူတစ်ဦး ဖြစ်ပါတယ်။ ပါဠိမှာတော်သလို အင်္ဂလိပ်စာမှာလဲ တော်သူဖြစ်လို့ အင်္ဂလိပ်လူမျိုးတွေကိုယ်တိုင်က ချီးကျူးခဲ့ပါတယ်။ မြန်မာစာနဲ့ စာပေများ ရတု–ကဗျာတွေ အရေးအသားကောင်းသလို အင်္ဂလိပ်လိုရေးတဲ့ ဆောင်းပါးတွေဟာလဲ အဆင့်မြင့်လှပါတယ်။

The Cry (Official organ of the muslim Student & Society Rangoon) ဆိုတဲ့ ဂျာနယ်မှာ အင်္ဂလိပ်လို ဆောင်းပါးရေးသားခဲ့ပါတယ်။ ၁၉၄၆ ခုနှစ် ပျဉ်းမနားမှာ ကျင်းပခဲ့တဲ့ နိုင်ငံလုံးဆိုင်ရာ ဗမာမွတ်ဆလင် အမျိုးသားကွန်ဂရက်ကြီး ပြီးတဲ့နောက် ဒီကွန်ဂရက်ကြီးနဲ့ ပတ်သက်တဲ့ ဆောင်းပါးကို ဒီ (The Cry)ဆိုတဲ့ ဂျာနယ်မှာ "The Burman muslim organization (On account of the formation of all Burma, Burman muslim Congress at Pyinmana) by\ A. Razak B.A." ဆိုပြီး ဆောင်းပါးကို တွေ့နိုင်ပါတယ်။

ကျောင်းသားဘဝ အိုင်အေအထက်တန်းတုန်းက မစ္စတာဘိုင်မြား (Mr. Bhyamyah)ရဲ့ အင်္ဂလိပ်စာ စာစီစာကုံး ပြိုင်ပွဲ ဝင်ရောက်ဖြေဆိုရာလဲ ပထမဆု ရွှေတံဆိပ်ကို ဆွတ်ခူးခဲ့ဖူးပါသတဲ့။

ဆရာကြီးဟာ အင်္ဂလိပ်စာကော မြန်မာစာပါ စွယ်စုံတော်တဲ့ ပုဂ္ဂိုလ်ကြီးပါ ဒီလိုပုဂ္ဂိုလ်မျိုး ရှားလိမ့်မယ်လို့ ထင်ပါတယ်။

ဆရာကြီး ဦးရာဇတ်ကို အမျိုးသားကျောင်းဆရာကြီး တစ်ဦးအဖြစ်နဲ့ အမျိုးသားခေါင်းဆောင်ကြီး တစ်ဦးအဖြစ်သာ သိကြပါတယ်၊ စာဆိုရှင်တစ်ဦးအဖြစ်နဲ့ သိသူ အင်မတန် နည်းလှပါတယ်။

ဒီလိုဖြစ်ရတာဟာ ဆရာကြီးဟာ စာဆိုရှင်အဖြစ် နာမည်မခံခဲ့လို့နေမှာပါပဲ။

တကယ်လို့သာ စာဆိုရှင်အဖြစ် နာမည်ခံခဲ့မယ်ဆိုရင် ဒီလွတ်လပ်နေတဲ့ ကွက်လပ်ဘောင်မှာ ဆရာကြီးရဲ့ ရွှဲ့ပြုံးကလေးနဲ့ ရုပ်ပုံလွှာရယ် သူ့စာစု ကလေးတွေရယ်တို့ကို မြင်တွေ့ရမှာကိုတော့ သံသယ ဖြစ်စရာလိုမယ်မထင်ပါ။

ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ တိမ်မြုပ်ခံနေရတဲ့ စာဆိုရှင်ကြီး တစ်ဦး ဖြစ်တဲ့ ဆရာကြီး ဦးရာဇတ်ကို နောင်နှစ်တွေ နောင်နှစ်တွေမှာ ပြုလုပ်မယ့် စာဆိုရှင်ပွဲတွေ၊ နိုင်ငံတကာ စာအုပ်ပြပွဲတွေမှာတော့ နိုင်ငံရဲ့ အာဇာနည် ခေါင်းဆောင်ကြီး အဖြစ် ကျောင်းဆရာကြီးအဖြစ် အပြင် စာဆိုရှင်ကြီး အဖြစ်နဲ့ပါ ဖော်ထုတ်နိုင်ကြပေလိမ့်မယ်ဟု မျှော်လင့်ရင်း–

# နိဂုံး

ချစ်စွာသော စာရှုသူများခင်ဗျား –

ကျမ်းပြုသူအနေနဲ့ မြင်းမိုရ်တောင်ကို ဆီးစေ့နဲ့ ပေါက်တဲ့အလုပ်ကိုတော့ ကြိုးစားပမ်းစား လုပ်ဆောင်ခဲ့ပြီးပါပြီ။ ဒီအလုပ်ကို လုပ်ရတာ အမြင်လွယ်သလောက် တကယ်လုပ်တော့ မလွယ်ပါဘူး။ ဆရာကြီး ဦးရာဇတ်ဆိုတဲ့ မြင်းမိုရ်တောင်ကြီးကို ဆီးစေ့နဲ့ပေါက်တဲ့ အလုပ်ဟာ အခက်ဆုံး ပဲ။ အချို့လူတွေကတော့ လွယ်မယ်လို့ ...င်ကောင်းထင်ကြပေလိမ့်မယ်။ ဒါပေမယ့် ကျမ်းပြုသူအနေနဲ့ကတော့ အတော်ကြီး ...ပင်ပန်းဆုံး၊ လုံ့လ ဝီရိယအထုတ်ရဆုံးနဲ့ အကြိုးပမ်းရဆုံး အလုပ်တစ်ခုကို လုပ်ခဲ့ရတာပါပဲ။

ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ ညပေါင်းများစွာ၊ နှစ်ပေါင်းများစွာ လေ့လာမှုလုပ်ငန်းတွေကို အပတ်တကုတ် လုပ်ခဲ့ရတယ်။ ဆရာကြီးနဲ့ ပတ်သက်တဲ့ သမိုင်းကို မြေလှန်ခဲ့ရတယ်။ စာအုပ်စာတန်းတွေကို ရှာဖွေဖတ်ရှုခဲ့ရတယ်။ အထောက် အထားတွေကို တစ်စစီ တစ်မျှင်စီ လိုက်ကောက်ရှာရတယ်။ ဆရာကြီးနဲ့ ပတ်သက်တဲ့ လုပ်ဖော်ကိုင်ဖက်တွေကို မြန်မာပြည်အနှံ့အပြားရှာဖွေဖို့ ခရီးသွားခဲ့ရတယ်။ ဆရာကြီးကို ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ တပည့်တပန်းတွေကို တစ်ဦးစီ တစ်ယောက်စီ ...ွေ့ဆုံမေးမြန်း စပ်စုတဲ့အလုပ်ကို လုပ်ရတယ်။

အဲဒီလို ကြိုးပမ်းပြီး ခရီးသွားလာရတော့ စရိတ်စက အဆမတန် ကုန်ကျ ...ရတယ်။ လွှန်းပြန်ခရီးတွေကို အခေါက်ခေါက် အခါခါ သွားလာခဲ့ရတယ်။ ဒီအရင်း ...နှီးတွေ၊ လုံ့လစိုက်ထုတ်မှုတွေ၊ ကိုယ်စိတ်နှပါးစလုံး ပင်ပန်းခဲ့ရမှုတွေ ဘယ်လိုပဲ ရှိခဲ့ရှိခဲ့ ကျမ်းပြုသူရဲ့ လုပ်ဆောင်မှုတွေဟာ မြင်းမိုရ်တောင်ကို ဆီးစေ့နဲ့ပေါက်သလို ... ဖြစ်နေမှာအမှန်ပဲ။

ဆရာကြီး ကျဆုံးခဲ့တာ ကြာပါပြီ။ ဒီတော့ ဆရာကြီးနဲ့ပတ်သက်တဲ့

သမိုင်းကို မြေလှန်တူးဆွ ဖော်ထုတ်ရတာဟာ အခက်ဆုံးအလုပ်ပဲ။ သက်ရှိထင်ရှား နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အကြောင်းခြင်းရာ၊ အတ္ထုပ္ပတ္တိကို ခြေရာခံရတာလွယ် သလောက် ကွယ်လွန်ပြီးဖြစ်တဲ့၊ ကျဆုံးပြီးဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အကြောင်းခြင်းရာ အတ္ထုပ္ပတ္တိကိုခြေရာခံပြီး သဲလွန်စတွေရှာရတာကိုက စိတ်ပင်ပန်း လူပင်ပန်းနဲ့ ငွေရေးကြေးရေး အများဆုံးပဲဆိုတာတော့ ပြောပါရစေ။ ဒါပေမယ့် ကျမ်းပြုသူဟာ ရေဆုံးရေဖျားလိုက်ပြီး သမိုင်းပေးတာဝန်ကြီးတစ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်လိုက်ပါပြီ။

ဒီမဟာတာဝန်ကြီးကို ရေဆုံးရေဖျားလိုက်နေတုန်းမှာပဲ သံဝေဂပွားစရာ များကို ဝမ်းနည်းစွာနဲ့ တွေ့ကြုံခဲ့ရပါတယ်။ ကျမ်းပြုသူ ဒီတာဝန်ကြီးကို စတင်ထမ်း ဆောင်ခဲ့စဉ်က ဆရာကြီးနဲ့ပတ်သက်တဲ့ အကြောင်းခြင်းရာတွေကို ပြောပြတဲ့ ပုဂ္ဂိုလ် ကြီးတွေ၊ အမှာစာ ရေးသားချီးမြှင့်တဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ယောက်ပြီးတစ်ယောက် လူသားတိုင်းမလွန်ဆန်နိုင် မရှောင်ပုန်းနိုင်တဲ့ သေခြင်းတရားနောက် ကောက် ကောက်ပါ လိုက်သွားကြရတာလဲ ၉၀ ရာခိုင်နှုန်းလောက်ရှိခဲ့ပါပြီ။ ကျန်ရစ်သူများ ဟာလဲ တရွေ့ရွေ့နဲ့ သေခြင်းတရားဆီကို သွားနေကြပြီ။ ဒီလမ်းကိုတော့ ကျမ်းပြုသူ ကိုယ်တိုင်လဲ မလွန်ဆန်နိုင်တဲ့လမ်းမို့ နောက်ဆုံးရင်ဆိုင်ဖို့ပဲ ရှိပါတော့တယ်။

ဆရာကြီးကို မြင်းမိုရ်တောင်လို့ ကျမ်းပြုသူ တင်စားခဲ့ရတာလဲ အကြောင်းရှိပါတယ်။ ဆရာကြီးရဲ့သမိုင်းကို မြေလှန်တူးဆွတဲ့အခါ ဆရာကြီးရဲ့ သမိုင်းကြောင်းနဲ့ နောက်ခံကားဟာ အင်မတန်ကျယ်ပြန့်နေတာကို တွေ့ရှိရလို့ပါပဲ။

မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့များ သိမ်းပိုက်စိုးမိုးသွားပြီးတဲ့နောက် မကြာမတင်ဘဲ မြန်မာ့မျိုးချစ်များဟာ ဓားလှံလက်နက်တွေကို စွဲပြီး အလုံးအရင်းနဲ့ သော်လည်းကောင်း၊ ပြောက်ကျားစနစ်နဲ့သော်လည်းကောင်း နယ်ချဲ့ဗြိတိသျှအစိုးရကို တိုက်ခိုက်ဖြိုခွင်းကြပါတယ်။ ဒါပေမယ့် ခေတ်မီလက်နက်များကိုင်စွဲထားတဲ့ ဗြိတိသျှ နယ်ချဲ့သမားရဲ့ ပြန်လည်ဖြိုခွင်းမှုများကို ခံရပြီး နောက်ဆုံးနယ်ချဲ့ဆန့်ကျင်ရေး စစ်ပွဲများ ပြိုကွဲကျဆုံးသွားခဲ့ပါတယ်။ အဲဒီနောက် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများဟာ နှစ်အတန်ကြာ ငြိမ်သက်သွားခဲ့ပါတယ်။

ဒီလို ငြိမ်သက်သွားပြီးတဲ့နောက် ၁၉၂၀ ပြည့်နှစ်၊ ရန်ကုန်ယူနီဗာစီတီ

အက်ဥပဒေကို ဆန့်ကျင်သပိတ်မှောက်တဲ့ ကျောင်းသားတွေရဲ့ ဗွေဆော်ဦးတိုက်ပွဲဟာ တစ်မျိုးသားလုံးကို တပ်လှန့်နိုးဆော်လိုက်တယ်။ ငြိမ်သက်နေတဲ့ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲကို စတင်ဖော်ထုတ်လိုက်ကြတယ်။

အဲဒီတိုက်ပွဲကနေ ဆရာကြီးဦးရာဇတ်တို့နဲ့ မျိုးချစ်လူငယ်တွေပေါ်ပေါက်လာခဲ့တယ်။

ဒါကြောင့်မို့လို့လဲ ဆရာကြီးဦးရာဇတ်ဟာ အစောပိုင်း နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများနဲ့ ရင်းနှီးပတ်သက်ပြီး ကိုယ်တိုင်ပဓာနကျတဲ့အခန်းက ပါဝင်ခဲ့တယ်။ ဆရာကြီးရဲ့ သမိုင်းကြောင်းဟာ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းကြောင်းနဲ့ ကာလအတူကြာရှည်ခဲ့တာပဲ။

ဒီ ကြီးမားကျယ်ပြန့်တဲ့ သမိုင်းကြောင်းကို ဖော်ထုတ်ရလို့ ဆရာကြီးရဲ့နောက်ခံကားချပ်ဟာယလဲ ထပ်တူထပ်မျှ ကြီးမားကျယ်ပြန့်ခဲ့ပါတယ်။ ဆရာကြီးရဲ့ သမိုင်းကြောင်းကို ဖော်ထုတ်ရင် အဲဒီခေတ်ကာလ အင်္ဂလိပ်နယ်ချဲ့အစိုးရအကြောင်း၊ ဖက်ဆစ်ဂျပန်အစိုးရအကြောင်း၊ နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ လူမှုရေး အခြေအနေတွေကို ဘယ်လိုမှ ရှောင်လွှဲသွားလို့ မရသလို ပစ်ပယ်ချန်လှပ်ထားခဲ့လို့လဲ မရနိုင်ပေဘူးပေါ့။

ဆရာကြီးနဲ့ ရဲဘော်တွေရဲ့ ဆန့်ကျင်ရေးသပိတ်တိုက်ပွဲများ၊ သပိတ်တစ်လုံးပြီး တစ်လုံး ပေါ်ပေါက်ခဲ့တယ်။ အဲဒီ နယ်ချဲ့ဆန့်ကျင်ရေးသပိတ်များနဲ့ ဆရာကြီးရဲ့ အခန်းကဏ္ဍ၊ ဂျပန်ခေတ်၊ ဂျပန်အကျဉ်းသမားဘဝ၊ ဂျပန်ဆန့်ကျင်ရေးမြေအောက်လှုပ်ရှားမှုများ၊ စစ်ပြီးခေတ် နိုင်ငံရေးအခြေအနေ၊ စစ်ပြီးခေတ်မှာ တစ်ရှိန်ထိုး အင်အားကြီးမားလာတဲ့ ဖဆပလအဖွဲ့ချုပ်၊ ဖဆပလအဖွဲ့ချုပ်ကနေ ဦးဆောင်တဲ့ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနဲ့ အဆုံးသတ်နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲစတဲ့ အခန်းကဏ္ဍတွေမှာ ဆရာကြီးရဲ့ လှုပ်ရှားမှုခေါင်းဆောင်မှုတွေလဲ သူ့အခန်းကဏ္ဍနဲ့ သူပါ။

ဒီလောက် ရှည်လျားထွေပြားတဲ့သမိုင်းကြောင်းကြီးကို မျှော်ကြည့်မယ်ဆိုရင် ဆရာကြီးရဲ့ နောက်ခံအားဟာ ဘယ်လောက်ကြီးမားကျယ်ပြန့်တယ်ဆိုတာ လေ့လာရုံနဲ့ ခန့်မှန်းလို့ရကြမှာပါပဲ။

ဒီသမိုင်းကြောင်းကြီးကို ကျမ်းပြုသူဟာ ခြေရာခံ သဲလွန်စရှာခဲ့ရပါကယ်။ ဒီလို ရှာဖွေရာမှာ ကျမ်းပြုသူမှာရှိတဲ့ ကာယစွမ်းအား၊ ဉာဏစွမ်းအားတွေကို အစွမ်းကုန် အသုံးပြုခဲ့ရပါတယ်။

တစ်ခါတစ်ခါ ကျမ်းပြုသူရဲ့အင်အားတွေ၊ စွမ်းရည်တွေ ကုန်ခမ်းသွားသလို ပင်ပန်းနွမ်းနယ်ခဲ့ရတာကိုလဲ မကြာခဏ ရင်ဆိုင်ကြုံတွေ့ခဲ့ပါတယ်။ နို့ပြီးတော့ ငါစုဆောင်းတဲ့ အချက်အလက်တွေ ပြည့်စုံရဲ့လား၊ ဘက်ပေါင်းစုံက ထောင့်စုံရဲ့လားဆိုတဲ့ စိုးရိမ်မှုတွေကလဲ မကြာခဏ တွေးပူရပြန်ပါတယ်။

ဟုတ်ပါတယ်။ ကျမ်းပြုသူ ရှာဖွေစုဆောင်းခဲ့တဲ့ အချက်အလက်တွေဟာ ပြည့်စုံပြီလား၊ ထောင့်စုံပြီလားလို့မေးခဲ့ရင် ရိုးရိုးသားသားပဲ ဖြေရမှာပဲ။ အကျအပေါက်တွေ၊ အချွတ်အချော်တွေ၊ တိမ်းပါးမှုတွေ၊ လိုအပ်မှုတွေဟာ ရှိနေကောင်း ရှိနေမှာပါပဲ။ သမိုင်းဆိုတာဟာလဲ ပြီးခဲ့တဲ့၊ ရှည်လျားတဲ့ အတိတ်ကာလကို ပြန်လည်ဖော်ထုတ်ရတော့ တစ်ကြိမ်တည်း တစ်ခါတည်းနဲ့တော့ ဘယ်တော့မှ ပြည့်စုံကုံလုံမယ် မဟုတ်ပေဘူး။

ကျမ်းပြုသူအနေနဲ့လဲ ဘယ်လောက် ရက်တွေ၊ လတွေ၊ နှစ်တွေ ကြာညောင်းတဲ့အထိ အပင်ပန်းခံ ပြုစုပေမယ့် ပြီးပြည့်စုံတယ်ရယ်လို့ မယုံကြည်မိပါဘူး။ ကျမ်းပြုသူကိုယ်တိုင် မိမိစာအုပ်ကို ပြည့်စုံပြီလို့ မယူဆပါဘူး။ အဲဒီအတွက် ကိုယ့်ကိုယ်ကို မကျေနပ်နိုင်တဲ့စိတ်ဆန္ဒများ မကြာခဏ ပေါ်ခဲ့ရပါတယ်။

အဲဒီအခါမှာ တက္ကသိုလ်များ စာကြည့်တိုက်မှူးကြီး ဆရာဦးသော်ကောင်းက ဖျောင်းဖျစကား ပြောကြားခဲ့ပါတယ်။ အဲဒီ ဖျောင်းဖျစကားကတော့ –

''ဟုတ်ပါတယ် ဦးကျော်ဝင်းမောင်၊ အတ္ထုပ္ပတ္တိတစ်ခုဆိုတာက တစ်ကြိမ်တည်း တစ်ခါတည်းနဲ့တော့ ဘယ်နည်းနဲ့မှ ပြည့်စုံမှာ မဟုတ်ဘူး။ ဒါဟာလဲ သဘာဝကျပါတယ်။ ကိုယ့်အပြစ်၊ ကိုယ့်အားနည်းချက်တော့ မဟုတ်ပါဘူး။ အဲဒါကို အကောင်းဆုံး ဆောင်ရွက်ရမှာကတော့ အတတ်နိုင်ဆုံး အဖြစ်အပျက်များကို၊ အမှန်ကန်ဆုံး အချက်အလက်များကို ရှာဖွေစုဆောင်းပြီး ပထမဆုံးစာအုပ်အဖြစ် ထုတ်ဝေလိုက်ပါ။ နောက်တစ်ကြိမ် ပြန်ရိုက်တဲ့အခါ လိုအပ်တဲ့အချက်အလက်တွေ ဖြုစု၊ ပြန်လည်စုဆောင်းပြီး ပြန်ဖြည့်စွက်၊ ဒီလိုနဲ့ အကြိမ်ကြိမ်ရိုက်တဲ့အခါ ပြည့်စုံတဲ့

အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ဖြစ်လာမှာပဲ။ အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ကို ကိုယ်ကျေနပ်မှုရမှ အချက်အလက်တွေစုပြီးမှ ထုတ်မယ်ဆိုရင်တော့ ဒီစာအုပ်ဟာ ဘယ်တော့မှ ထုတ်ဖြစ်မှာ မဟုတ်ဘူး။''

''ဘာကြောင့်လဲဆိုရင် နှစ်တွေ ဘယ်လောက်ကြာအောင် စုဆောင်းထားထား ကိုယ်စုဆောင်းထားတာကို ကိုယ်က ဘယ်တော့မှ ကျေနပ်တယ်လို့ မရှိသေးတော့ ဒါနဲ့ပဲ ရက်တွေ၊ လတွေ၊ နှစ်တွေကြာသွားပေမယ့် စာအုပ်ထုတ်ဖို့ စိတ်မကူးနိုင်တော့ဘူး''

ဟုတ်ပါတယ်။ ဆရာဦးသော်ကောင်းရဲ့ အကြံပေးစကားဟာဖြင့် ကျမ်းပြုသူကို အားဆေးတစ်ခွက် သောက်ခိုင်းလိုက်သလိုပါပဲ။ အခုတော့ ဒီစာအုပ်ကြီးဟာ ပရိသတ်ရှေ့မှောက် ရောက်နိုင်ခဲ့ပါပြီ။

ကျမ်းပြုသူအနေနဲ့ မြန်မာ့အာဇာနည် ခေါင်းဆောင်ကြီးတစ်ဦးဖြစ်တဲ့ ဖခင်ကြီးဦးရာဇတ်ရဲ့ ပုံတူပန်းချီကားတစ်ချပ်ကိုတော့ဖြင့် ရေးဆွဲလိုက်ပါပြီ၊ ဒီပန်းချီကားဟာ အနုစိတ်ခြယ်မှုန်းနိုင်ခြင်း ရှိချင်မှရှိပေလိမ့်မယ်။ ခြယ်မှုန်းရေးခြစ်လိုက်တဲ့ ပန်းချီကားဟာ လက်ရာကြမ်းချင်ကြမ်းမယ်။

ဒါပေမယ့် ဆရာကြီးရဲ့ပုံတူကို အဝေးကမြင်လိုက်ရုံနဲ့ ''ဒီကားဟာဖြင့် ဆရာကြီးရဲ့ ပုံတူပဲဟေ့''လို့ အသိအမှတ်ပြုလိုက်ရင် ကျမ်းပြုသူအနေနဲ့ ကြိုးပမ်းအားထုတ်ရကျိုး နပ်ပြီ။

တကယ်ပြောရရင် ကျမ်းပြုသူရေးဆွဲတဲ့ ပန်းချီကားချပ်ဟာ မပြီးသေးတဲ့ ပန်းချီကားတစ်ချပ်ပါ။ ဒါပေမယ့် ရာခိုင်နှုန်း ၇၀ လောက်တော့ ပြီးစီးတဲ့ အနေအထားမှာ ရှိပါလိမ့်မယ်ဆိုတာ ကျမ်းပြုသူပြောဆိုပါရစေလား။ မပြီးသေးတဲ့ အပိုင်းတွေ၊ မပြည့်စုံသေးတဲ့ အချက်အလက်တွေကိုတော့ ဒီအတ္ထုပ္ပတ္တိစာအုပ်ကြီးကို ဖတ်ပြီးလျှင်ဖတ်ပြီးချင်း ဆရာကြီးနဲ့ ခေတ်ပြိုင် နိုင်ငံရေးသမားကြီးများ၊ ဆရာကြီးရဲ့ ဆွေမျိုးမိတ်သင်္ဂဟ တပည့်တပန်းများဆီက ဘယ်ဟာဖြင့် လွဲနေတယ်၊ ဘယ်အချက်အလက်များကတော့ မပြည့်စုံပါဘူး။ ဟောဒီအချက်အလက်တွေဖြည့်ပါ။ ဟောဒီ အဖြစ်အပျက်တွေ ဖြုတ်ပစ်ပါဆိုတဲ့ စေတနာအညွှန်းပြုတဲ့ အကြံပေးချက်များကို ကျမ်းပြုသူ အထူးမျှော်လင့်လျက် ရှိနေပါတယ်။ ကြိုဆိုလျက်ရှိနေပါတယ်ခင်ဗျား။

အကယ်လို့များ အခွင့်အခါကြုံကြိုက်၍လည်းကောင်း၊ အခွင့်အလမ်း အခြေအနေပေး၍လည်းကောင်း၊ ပြန်လည်၍ ရိုက်နှိပ်ထုတ်ဝေခွင့် ရှိုးမယ်ဆိုရင် အဲဒီအကြံပေးချက်၊ ဖြည့်စွက်ချက်၊ ထောက်ပြချက်၊ ပယ်ဖျက်သင့်တယ်လို့ ထင်တဲ့အချက်များကို အလေးဂရုပြုပါမယ်။ လိုအပ်သလို ဆောင်ရွက်ပါမယ်။

ဆရာဦးသော်ကောင်း အကြံပေးချက်အတိုင်း ကျမ်းပြုသူရဲ့ ဒီစာအုပ်ကြီးကို ဘက်ပေါင်းစုံ ရှုထောင့်စုံက၊ ပြီးပြည့်စုံတဲ့ ဂန္ထဝင်မြောက်စာအုပ်ကြီးအဖြစ် ရောက်ရှိလာအောင် ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အမှားအယွင်း အကျအပေါက် ချွတ်ချော်တိမ်းပါးမှုများကို တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်သွားမယ့် အကြောင်း လေးစားစွာ ကတိပြုအပ်ပါတယ်ခင်ဗျား။

ဒီနေ့ဒီစာအုပ် ရိုက်နှိပ်ထုတ်ဝေတဲ့ကာလမှာ စာပေလောကရဲ့ အခြေအနေကို အမှန်အကန်သိထားဖို့လဲ အထူးလိုအပ်နေပြန်တယ်။ ဘာကြောင့်လဲဆိုရင် ဒီနေ့ အဆင့်အတန်းမြင့်မားတဲ့ စာပေအမျိုးအစားတွေရဲ့ ရပ်တည်ချက်ကို သဘောပေါက်သိမြင်ထားဖို့ လိုအပ်လှပါတယ်။

တစ်နည်းပြောရရင် ဒီအခြေအနေ ဒီအချိန်မှာ ဒီလိုစာအုပ်မျိုးထွက်လာဖို့ဆိုတာ အိပ်မက်တောင် မက်ဝံ့စရာမရှိဘူး။ ပြုစုရေးသားမယ့် ပုဂ္ဂိုလ်လဲမရှိဘူး။ ပြုစုတဲ့သူက ပြုစုတဲ့တိုင်အောင် အမှန်ပြောရရင် ထုတ်ဝေပေးမယ့် ထုတ်ဝေသူကလဲ မရှိဘူး။ ဘာကြောင့်လဲဆိုရင် အရင်းအနှီးများပြီးတော့ အမြတ်အစွန်းရရေးဟာ မသေချာမရေရာလို့ဘဲ။ ဒီနေ့ စာပေထုတ်ဝေရေးလုပ်ငန်းရဲ့ ပဓာနကျတဲ့ မျှော်မှန်းချက်ကတော့ စီးပွားရေးအရ အမြတ်အစွန်းရရေးသာ ဖြစ်တယ်။

ဒီလို စီးပွားရေးအမြင်နဲ့ စီးပွားရေးအလုပ်အကိုင်ကို လုပ်နေကြတဲ့ထုတ်ဝေသူအများစုက ဒီနေ့စာပေလာကရဲ့ ထုတ်ဝေရေးလုပ်ငန်းကို ဦးဆောင် ဦးရွက်ပြုနေကြတာ မျက်ဝါးထင်ထင်ပါပဲ။

အဲဒီအခြေအနေမှာ ထွန်းကားတဲ့ စာပေအမျိုးအစားတွေကိုတော့ ဓမ္မဓိဋ္ဌာန်အမြင်နဲ့ကြည့်ရင် ပကတိအခြေအနေကို မြင်နိုင်ကြပေလိမ့်မယ်။ အမြတ်အစွန်းအတွက် သေချာရေရာတဲ့ အပျော်ဖတ်စာပေနဲ့ အပစ်အခတ် အညစ်အသတ်အပေါစားစာပေသာ အဓိကအကျဆုံး လွှမ်းမိုးနေလေရဲ့။ အပျော်ဖတ်စာပေတွေ ထွန်းထွန်းပေါက် ပေါက်ဖြစ်နေတဲ့ကာလမှာ ဒီလိုစာအုပ်မျိုး ရိုက်ဖို့ထုတ်ဖို့ဆိုတာ ဘယ်သူမှ အိပ်မက်မက်ဝံ့မှာ မဟုတ်ဘူး။

ဒီလိုအဆင့်အတန်းမြင့် စာအုပ်မျိုးရဲ့နေရာဟာ ဒီနေ့စာအုပ်ထုတ်ဝေရေး လောကမှာ နေရာမရှိဘူး။ ထုတ်ဝေပေးမယ့် လူမိုက်လဲ မရှိဘူး။ မိမိအကျိုးမဲ့ အလုပ်တွေကို သူတို့ ယောင်လို့မှမလုပ်ကြဘူး။ ဒီလိုကာလမျိုးမှာ တိုင်းပြည် အတွက်၊ လူမျိုးအတွက်၊ စာပေအဆင့်အတန်းမြင့်မားရေးအတွက် ဘယ်သူမှ မစွန့်စားဝံ့ကြတဲ့ အခြေအနေမျိုးပါပဲ။

ဒီလိုအခြေအနေမျိုးမှာ ကျမ်းပြုသူဟာ လူငယ်စကားနဲ့ပြောရရင် ခပ်မိုက်မိုက် စွန့်စားလိုက်ရတာပဲ။ မိမိသာသေသွားမယ်၊ မိမိလုပ်ချင်တဲ့အလုပ်၊ မိမိစေတနာ၊ မိမိဆန္ဒတွေကို ဖော်ထုတ်လုပ်ဆောင်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ဒီစာအုပ်မျိုးကို အချိန်တွေအများကြီးသုံး၊ ငွေအရင်းအနှီးတွေ အများကြီး အကုန်အကျခံပြီး စာအုပ်ဖြစ်မြောက်ရေးအတွက် တစ်ဇွတ်ထိုး စွန့်စားလိုက် ရတာဖြစ်တယ်။

ဒီလိုစွန့်စားလုပ်ဆောင်လိုက်ရတဲ့အတွက် ကျမ်းပြုသူအနေနဲ့ ငွေကုန် လူပန်းဖြစ်ချင်လဲ ဖြစ်ပါစေတော့၊ ဒီစာအုပ်ဟာ အများတကာ စာအုပ်စင်မှာ ထည်ထည်ဝါဝါကြီးနဲ့ ရှိနေဖို့အရေးကြီးပါတယ်။

“ဒီလူ ဘာအရူးထတာလဲ၊ တယ်မိုက်တဲ့လူပဲ၊ အချိန်ကုန် လူပန်းပြီး ကြိုးပမ်းမှုတွေအတွက် မစွန်တဲ့စာအုပ် ထုတ်တဲ့အတွက် ကုန်ကျငွေတွေ နှမြောပါတယ်လို့ စေတနာမေတ္တာ ရှေ့ထားပြီးပြောတဲ့ ပုဂ္ဂိုလ်ကြီးငယ်ကို ကျေးဇူးတင်ပါတယ်။

ဒါက ကုန်သည်တွက် တွက်တတ်တဲ့လူတန်းစား အမြင်တစ်ရပ်ပဲ။ ဒီလို စီးပွားရေးသမားများရဲ့ အမြင်ဟာ ဒီလိုပဲရှိမှာပဲ။ ဒီအမြင်ဟာ သဘာဝလဲ ကျပါတယ်။ ဘာကြောင့်လဲဆိုရင် ကုန်သည်လူတန်းစားရဲ့ အမြင်ဟာ ငွေကြေး အကျိုးစီးပွားကလွဲရင် တခြားဘာအမြင်မှမရှိဘူး။ သူတို့အမြင်နဲ့ မတူတဲ့ သီးခြားအမြင်ရှိရင်လဲ လူမိုက်အမြင်၊ လူ့အနွတွေရဲ့အမြင်လို့ သူတို့ကောက်ချက်ချမှာ ဖြစ်တယ်။

ဒီအတွက်တော့ ကျမ်းပြုသူ မတုန်လှုပ်ဘူး။ ဘာကြောင့်လဲဆို သူတို့အမြင်နဲ့သူတို့ပဲ။ သူတို့အမြင်နဲ့ ကျမ်းပြုသူရဲ့အမြင်ဟာ အရှေ့နဲ့ အနောက်လို ဆန့်ကျင်နေမှာပဲ။

ကျမ်းပြုသူရဲ့အမြင်ကတော့ လူမျိုးနဲ့တိုင်းပြည်အတွက် မိမိတတ်နိုင် တဲ့နေရာကနေ အကျိုးပြုဖို့ပါပဲ။ အဲဒီလို အကျိုးပြုဖို့အတွက် သိက္ခာကို

ပခုနထားပြီးတော့ မိမိဆောင်ရွက်ချင်တဲ့ ကိစ္စကို စိုက်လိုက်မတ်တတ် ချီတက်နိုင်ဖို့ပဲ။ အကျိုးအမြတ်တွေ၊ စီးပွားရေးတွက်ကိန်းတွေဟာ ကျမ်းပြုသူနဲ့ ဘာမှ မပတ်သက်ပါဘူး၊ ကျမ်းပြုသူနဲ့ဆိုင်တာကတော့ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်၊ အသက်စွန့် ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ တိုင်းပြည်မှာ ထိုက်တန်တဲ့နေရာတစ်ခု ရရှိဖို့ပါပဲ။

ဒီရည်ရွယ်ချက်နဲ့ ကျမ်းပြုသူဟာ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဆရာကြီး ဦးရာဇက် အတ္ထုပ္ပတ္တိ တစ်စောင်ကို ထိုက်ထိုက်တန်တန် ပြုစုပြီးပါပြီ။ ကမ္ဘာ့ အတ္ထုပ္ပတ္တိစာပေသမိုင်းနဲ့ မြန်မာ့အတ္ထုပ္ပတ္တိစာပေသမိုင်းရဲ့ လစ်ဟာနေတဲ့ ကွက်လပ်ကို တာဝန်ကျေပွန်စွာ ဖြည့်ဆည်းလိုက်ခြင်းပါပဲ။

ဒီစာအုပ်ကြီးဟာဖြင့်ရင် ကမ္ဘာ့အတ္ထုပ္ပတ္တိ စာပေသမိုင်းစင်မြင့်နဲ့ မြန်မာ့ အတ္ထုပ္ပတ္တိ စာပေသမိုင်းစင်မြင့်မှာ ထိုက်ထိုက်တန်တန်နေရာယူနိုင်လိမ့်မယ်လို့ ကျမ်းပြုသူ ယုံကြည်စွာမျှော်လင့်ပါတယ်။

ကျမ်းပြုသူရဲ့ စေတနာနဲ့ ကြိုးပမ်းမှုအစုစုကို စာဖတ်ပရိသတ်ကြီးက ထိုက်ထိုက်တန်တန် အသိအမှတ်ပြု၊ မှတ်တမ်းတင်မှု တစ်ခုခု တုံ့ပြန်ခဲ့ရင်ဖြင့် ကျမ်းပြုသူ ခက်ခဲပင်ပန်းစွာ ကြိုးပမ်းခဲ့သမျှ အမောပြေ အားဆေးတစ်ခွက် တိုက်တယ် လို့ပဲ ယူဆပါတယ်။

နိဂုံးချုပ်ပါရစေ။ လူတစ်ယောက်က ဒါမှမဟုတ် ပုဂ္ဂိုလ်တစ်ယောက်က "မင်း ၂၄နာရီအတွင်း သေမယ်"လို့ ကျွန်တော့်ကို ပြောလိုက်ပြီ ဆိုပါစို့။ အဲဒီ ၂၄ နာရီအတွင်း ကျမ်းပြုသူဘာလုပ်မလဲ။ ဒီအတိုင်းပဲ သင်္ချိုင်းဂူအတွင်းကို ဝင်သွားတော့မလား၊ ဘယ်နည်းနဲ့မှ ကိုယ်လွတ် လက်လွတ်မသွားနိုင်ပါ။ နောက်ဆုံးအနေနဲ့ တိုင်းပြည်အတွက် တာဝန်တစ်ခုကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ရတော့မှာပဲ။

အဲဒီအခါမှာ........

ကျမ်းပြုသူဟာ မိမိရေးတဲ့၊ မှတ်တမ်းပြုချင်တဲ့ ဒီလိုစာအုပ်မျိုးကြီးကို ရေးခဲ့ဖိလိမ့်မယ်လို့ ထင်မိပါတယ်။

အနူးအညွတ် ကျေးဇူးတင်လျက် -

ဝမ်းအိုဝမ်း ကျော်ဝင်းမောင်

စစ်ဟာ ဘယ်အချိန် ဘယ်ကာလကမှ လူသားတွေကို ကောင်းကျိုးမပေးခဲ့ပါ။ စစ်အတွင်းမှာ လူတွေရဲ့ အသက်အိုးအိမ် ပစ္စည်းတွေ မရေမတွက်နိုင်အောင် ပျက်စီးခဲ့တယ်။ အနှစ်နှစ်အလလက တည်ထောင်ထားခဲ့တဲ့ လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုတွေဟာလည်း မိနစ် စက္ကန့်ပိုင်းအတွင်းမှာ ပျက်စီးဆုံးရှုံးခဲ့ရတယ်။

*

မြန်မာပြည်သူတွဟာ လွတ်လပ်ရေး ရယူလိုကြတယ်။ ဒါကြောင့် ဂျပန်နဲ့ ပေါင်းခဲ့တယ်။ နောက် အင်္ဂလိပ် အမေရိကန်တွေနဲ့လည်း ပေါင်းခဲ့ကြပါတယ်။ ဒါပေမယ့် သူတို့တစ်တွေဟာ နယ်ချဲ့သမားဆိုတော့ မြန်မာပြည်ရဲ့ အကျိုးစီးပွားကို မျက်ကွယ်ပြုသူချည်းသာ ဖြစ်ခဲ့ပါတယ်။

*

"ကဲ... ကိုဝင်းမောင် ခင်ဗျား ရဲရင် လွတ်မှာပဲ၊ ဒူးတုန်ပြီး ကြောက်နေရင်တော့ မနက်ဖြန် ခင်ဗျား အသတ်ခံရတော့မယ်။ မနက်ဖြန် ခင်ဗျားကို သတ်တော့မယ်"

*

"ငါ... ဒီည ဒီအချုပ်ခန်းက အောင်မြင်စွာ လွတ်ထွက်နိုင်ရမယ်။ ဘေးမထိ ရန်မခဘဲ ချိန်းထားတဲ့ နေရာကို ရောက်ရမယ်၊ ငါ့ကို ကြိုနေတဲ့ သူနဲ့ အသင့်တွေ့မယ်"လို့လည်း တိုးတိုးလေး အထပ်ထပ်အခါခါ ရေရွတ်မိပါတယ်"

*

"ငါ... ထွက်ပြေးဖို့ သော့မှ ဖွင့်ရပါ့မလား။ သော့ဖွင့်နေတဲ့ လက်ကို အပြင်က လှံစွပ်နဲ့ တအားကုန် ထိုးလိုက်မလား၊ ဝင်းအပြင် မရောက်ခင် ဂျပန်တွေ သိသွားပြီး သေနတ်နဲ့ လှမ်းပစ်လို့ သွေးအိုင်ထဲ ပုံရပ် လဲကျနေမလား၊ အို... ဒီလို မပြေးဘဲနေလိုက်ရင် ငါမနက်ဖြန် မျက်နှာသစ်စရာ မျက်နှာတောင် ရှိပါဦးမလား၊ မနက်ဖြန် အသတ်ခံရမှာမို့ ဒီညတော့ သော့ဖွင့်ပြေးတော့ကော လွတ်အောင် ပြေးနိုင်ပါ့မလား၊ ဘာဖြစ်ဖြစ်လေ ငါဒီလောက်တော့ စွန့်စားနိုင်ပါတယ်။ ငါ့မှာ ခံနိုင်ရည် သတ္တိတွေ အများကြီး ရှိပါတယ်"

မိဘက မွေးတဲ့ ဝင်းမောင်ဟာ အချုပ်ခန်းထဲမှာ သေခဲ့ပြီ၊ ပြည်သူက မွေးခဲ့တဲ့ ဝင်းမောင်က အချုပ်ခန်းထဲက လူပြန်ဖြစ်လာပြီ။

*

**ဒီအကြောင်းတွေကို ဝမ်းအိုဝမ်း ကျော်ဝင်းမောင်က သူ့ရဲ့ "ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက် တော်လှန်ရေး"ဆိုတဲ့ စာအုပ်မှာ အကျယ်တဝင့် ဖတ်ရှုလေ့လာနိုင်ကြပါတယ်ခင်ဗျား။**

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၄၀၀၆၀၆

လေထီးအဖွဲ့နှစ်ဖွဲ့ ရှိပါတယ်။ တစ်ခုက အမေရိကန် တပ်မတော် ဝမ်းအို ဝမ်း တပ်ဖွဲ့နဲ့ ဆက်သွယ်တဲ့အဖွဲ့၊ နောက်တစ်ခုက ဗြိတိသျှ တပ်မတော်က ဖို့ဒ် ၁၃၆ တပ်ဖွဲ့ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဟာ ဒီအဖွဲ့နှစ်ဖွဲ့စလုံးနဲ့ ဆက်သွယ် လုပ်ခဲ့ပါတယ်။ ဒါပေမယ့် တိုင်းပြည်က အသိများတာက ဗြိတိသျှ တပ်မတော် ဖို့ဒ် ၁၃၆ တပ်ဖွဲ့နဲ့ ဆက်သွယ်လုပ်ဆောင်ခဲ့တာပဲ ဖြစ်တယ်။

အချိန်ကြာမြင့်စွာကတည်းက ဒီလို တောင်းဆိုခဲ့ပေမယ့် နောက်ဆုံး ရခိုင် ပြည်နယ်ကို မဟာမိတ်များ တိုးဝင်လာတော့မယ့် အချိန်လောက်မှ မြန်မာရဲ့ အကူအညီ မပါရင် မဖြစ်တော့ကြောင်း သိလာတယ်။ ဒီတော့မှ ဦးသိန်းဖေတို့ကို ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ မြန်မာပြည်ရှိ AFO အဖွဲ့ချုပ်နဲ့ အပြန်အလှန် ဆက်သွယ်မှုတွေ လုပ်လာတယ်။ ရခိုင်ပြည်နယ်နဲ့ မြန်မာပြည်မတို့က AFL ကိုယ်စားလှယ်တွေကို အိန္ဒိယပို့၊ သင်တန်းတွေတက်၊ လူ၊ လက်နက်၊ ကြိုးမဲ့ကြေးနန်းတွေ လေထီးနဲ့ ချပေး။ နောက် ပြောက်ကျားစစ်ဆင်ရေးအတွက် လက်နက်တွေ ချပေး စတဲ့ ကာလဟာ အတော်အတန် ခရီးကြာခဲ့ပါတယ် စတင် ကြိုးစားတဲ့ ကာလကနေ ဂျပန်လက်နက်ချတဲ့ အထိ ဖြစ်တယ်။

*

**ဒီအကြောင်းတွေကို ဝမ်းအိုဝမ်း ကျော်ဝင်းမောင်ရဲ့ ဂျပန်ဖက်ဆစ် တော်လှန်ရေး လေထီးသမားများဆိုတဲ့ စာအုပ်မှာ အကျယ်တဝင့် ရေးသားထားပါတယ်။**

စာပေခွင့်ပြုချက်အမှတ် – ၃၁၀၀၈၃၀၆၁၀

ဖေသန်းနဲ့ ကိုကိုကြီးတို့က ထွားကျိုင်းတဲ့ ယောကျ်ားနှစ်ယောက်၊ ဖာတီက နုနုနယ်နယ် သေးသေးကွေးကွေး အမျိုးသမီး၊ ကျွဲနှစ်ကောင်ကြား မြေစာပင်လို မချိမဆံ့ ခံနေရတယ်။ ဖာတီ လက်တွေ ပြုတ်ထွက်မတတ်ဘဲ အခံရခက်နေရှာတယ်။

ဒီအထဲ ဖေသန်းက အရေးထဲ သူစစ်မြေပြင်တုန်းက ကျွဲရှင်အဘိုးကြီးက တစ်ဖက်၊ တရုတ်တပ်သားက တစ်ဖက် ကျွဲကြီးကို ဆွဲနေတာ ပြေးပြီး သတိရ လိုက်တယ်။ သူတို့အဖြစ်ကလည်း ဒီအတိုင်းပဲ၊ ဒီတော့ အရေးထဲ ရယ်ချင်လာတယ်။

ဒါပေမယ့် မရယ်အားဘူး။ ဒီအချိန်ဟာ သူ့အတွက်၊ သူ့ဘဝတစ်ခုလုံးအတွက် တန်ဖိုးမဖြတ်နိုင်ဘူး။ ကြွေတစ်လက် ကြယ်တစ်ခုန် အချိန်။

ဓားတင်ဝင်းက ဒိုင်အဖြစ် ဘယ်သူနိုင်မယ်၊ ဘယ်သူရှုံးမယ်ဆိုတာ အကဲခတ် ကြည့်နေတယ်။ မြလှိုင်က ပွဲကြည့်ပရိသတ်၊ အခြေအနေ ဟန်ပုံမပေါ်ရင် ပြေးဖို့ ခြေတစ်လှမ်း လှမ်းထားပြီးပြီ။

ဒိုင်လူကြီးက လွန်ဆွဲပွဲဟာ အလယ်က ထုံးဖြူကြောင်းကို မကျော်ဘဲ တံ့နေတာ မြင်တယ်။ ဖာတီရဲ့ လက်မောင်းတွေ ပြုတ်ထွက်တော့မယ်။ မချင့်မရဲ ခံစားနေရရှာတယ်။ ပြီး ဒီနေရာက အချိန်ဆွဲပြီး မနေအပ်။ ဒီတော့ သူ့လူကိုပဲ အနိုင်ပေးလိုက်တယ်။

ပေးပုံက ဝီစီမှုတ်ပြီး အနိုင်ပေးတာ မဟုတ်ဘူး။ ဓားကို ကိုကိုကြီး မြင် လောက်အောင် ပြလိုက်တယ်။

"ဟော့… ကိုကိုကြီး လွတ်မလား မလွတ်ဘူးလား"

ဓားရှိန်ကြောင့် ကိုကိုကြီးလည်း နောက်ဆုံးမှာ ဖေသန်းလက်ထဲ ချစ်သော ညီမငယ် ဖာတီကို မလွှဲမရှောင်သာဘဲ ထည့်လိုက်ရပါတော့တယ်။

*

**ဒီအကြောင်းကို ဝမ်းအိုဝမ်း ကျော်ဝင်းမောင်ရဲ့ "ဂျပန်သုံ့ပန် မဂိုကပြား မလေး"ဆိုတဲ့ စာအုပ်မှာ အကျယ်တဝင့် တွေ့ရပါလိမ့်မယ်။**

စာပေခွင့်ပြုချက်အမှတ် - ၃၁၀၀၃၉၀၆၀၅

# မြန်မာ့အာဇာနည်ခေါင်းဆောင်ဆရာကြီး ဦးရာဇတ်

## အမှားပြင်ဆင်ချက်

| စဉ် | စာမျက်နှာ | အကြောင်းရေ | အမှား | အမှန်ပြင်ဆင်ချက် |
|---|---|---|---|---|
| ၁။ | ဖ | ၂၄ | အသက်ရှင်လျက | အသက်ရှင်လျက် |
| ၂။ | ဘ | ၁ | Sorrente Villa Scheme | Sorrento Villa Scheme |
| ၃။ | မ | ၁၁ | ခင်မျှာ | ခမျှာ |
| ၄။ | မ | ၂၃ | Muslin | Muslim |
| ၅။ | မ | ၂၃ | arisa | arise |
| ၆။ | ကရ | ၂ | မိတ်ဆက်စာရေးပေးလိုက်ပါတ် | မိတ်ဆက်စာရေးပေးလိုက်ပါတယ် |
| ၇။ | ကဒ | ၁၀ | ကြွေကုန်ကြပါ | ကြွေကုန်ကြပါပြီ။ |
| ၈။ | ကဒ | ၁၃ | စာတစ်တန်ပေးတစ်ဖွဲ့နဲ့ | စာတစ်တန်ပေတစ်ဖွဲ့နဲ့ |
| ၉။ | ကဠ | ၂၂ | မနန္တလေးကို | မန္တလေးကို |
| ၁၀။ | ကဒ | ၁၄ | ပြုံးမယောက် | ပြုံးမယောင် |
| ၁၁။ | ခက | ၁ | မနန္တလေး | မန္တလေး |
| ၁၂။ | ၉ | ၆ | ပြသသိုလဆုတ် | ပြာသိုလဆုတ် |
| ၁၃။ | ၁၀ | ၂၀ | ကုဏားစကား၊ | ကုလားစကား |
| ၁၄။ | ၅၃ | ၂၀ | မနန္တလေး | မန္တလေး |
| ၁၅။ | ၆၈ | ၂ | ဗိုလ်နာမည်တွေကိုတော် | ဗိုလ်နာမည်တွေကိုတောင် |
| ၁၆။ | ၆၈ | ၁၅ | အမတ်ဦးလှေဖေ | အမတ်ဦးလှဖေ |
| ၁၇။ | ၆၉ | ၆ | မနန္တလေးကြီးပွားရေးတိုက် | မန္တလေးကြီးပွားရေးတိုက် |
| ၁၈။ | ၈၂ | ၅ | တလိပ်လိပ်တာက်လာတဲ့ | တလိပ်လိပ်တက်လာတဲ့ |
| ၁၉။ | ၈၄ | ၂၄ | တစ်ခါဖူးမျှမကြဲခဲ့သေးဘူး။ | တစ်ခါဖူးမျှမကြုံခဲ့သေးဘူး။ |
| ၂၀။ | ၈၆ | ၁၈ | ဆျောက်ချည်တစ်ဖုံနဲ့ | ခြောက်ချည်တစ်ဖုံနဲ့ |
| ၂၁။ | ၈၆ | ၂၂ | ကျောင်းသာအရေး | ကျောင်းသားအရေး |
| ၂၂။ | ၈၈ | ၂၆ | တမင်ကလာ | တမင်တကာ |
| ၂၃။ | ၉၅ | ၁၀ | အဓိကလေလာရန် | အဓိကလေ့လာရန် |
| ၂၄။ | ၁၀၆ | ၂၀ | ဦးစွားပြုပြင်မှု | ဦးစွာပြုပြင်မှု |
| ၂၅။ | ၁၁၈ | ၇ | ကျောင်းဖွင့်ရန်။ | ကျောင်းဖွင့်ရန်၊ |
| ၂၆။ | ၁၂၂ | ၁ | နောင်တော့ | နောက်တော့ |
| ၂၇။ | ၁၄၆ | ၁၄ | ကျောင်းဆုပ်ဆရာကြီး | ကျောင်းအုပ်ဆရာကြီး' |
| ၂၈။ | ၁၅၁ | ၁၄ | အမျိုးသ | အမျိုးသား |
| ၂၉။ | ၁၆၃ | ၈ | လက်ရုံများတမျှ | လက်ရုံးများတမျှ |

| စဉ် | စာမျက်နှာ | အကြောင်းရေ | အမှား | အမှန်ပြင်ဆင်ချက် |
|---|---|---|---|---|
| ၃၀။ | ၁၇၀ | ၁၅ | ကျောင်းလခကိုအပြေ | ကျောင်းလခကိုအပြည့် |
| ၃၁။ | ၁၇၀ | ၁၈ | အပြေမပေးတဲ့ | အပြည့်မပေးတဲ့ |
| ၃၂။ | ၁၈၃ | ၂၅ | ဦးစာပေး | ဦးစားပေး |
| ၃၃။ | ၁၉၀ | ၁၆ | ဘာဘင် | ဘာသာဝင် |
| ၃၄။ | ၂၀၂ | ၂၃ | ကျောင်းတဂ | ကျောင်းတက် |
| ၃၅။ | ၂၁၉ | ၆ | ဒီလိုသက်စိုးရှည်ခဲ့ရတာ။ | ဒီလိုသက်ဆိုးရှည်ခဲ့ရတာ။ |
| ၃၆။ | ၂၃၀ | ၁၇ | ဦးစိစာရ | ဦးဝိစာရ |
| ၃၇။ | ၂၃၉ | ၄ | ရဲ့စိတ်ရဲမာန် | ရဲစိတ်ရဲမာန် |
| ၃၈။ | ၂၅၄ | ၁၆ | ကျောင်းသုံကိရိယာ | ကျောင်းသုံးကိရိယာ |
| ၃၉။ | ၂၉၄ | ၁၈ | ပိသုကာ | ဗိသုကာ |
| ၄၀။ | ၃၀၈ | ၁၇ | ဒေါ် င်အမေ | ဒေါ်ခင်ခင်အမေ |
| ၄၁။ | ၃၁၁ | ၈ | ကာဖီတစ်ခွက် | ကော်ဖီတစ်ခွက် |
| ၄၂။ | ၃၁၅ | ၂၅ | အဖတ်မတင်းဘူးတဲ့။ | အဖတ်မတင်ဘူးတဲ့။ |
| ၄၃။ | ၃၂၀ | ၁ | မြန်မာ့နိုင်ငံရေ | မြန်မာနိုင်ငံရေး |
| ၄၄။ | ၃၄၂ | ၂၅ | ဗမာမွတ်ဆလင် | ဗမာမွတ်စလင် |
| ၄၅။ | ၃၄၂ | ၂၆ | ဗမာမွတ်ဆလင် | ဗမာမွတ်စလင် |
| ၄၆။ | ၃၄၃ | ၅ | ဗမာမွတ်ဆလင် | ဗမာမွတ်စလင် |
| ၄၇။ | ၃၅၆ | ၁ | လက်အောဂ | လက်အောက် |
| ၄၈။ | ၃၅၆ | ၂ | ဘယ်သိတေ | ဘယ်သိတော့ |
| ၄၉။ | ၃၅၆ | ၅ | "မဟုတ်ဘူ | "မဟုတ်ဘူး |
| ၅၀။ | ၃၅၆ | ၂၂ | အတွင်းဝ | အတွင်းဝန် |
| ၅၁။ | ၃၅၉ | ၂၂ | ရေးသားထုတ်ဝေခဲ | ရေးသားထုတ်ဝေခဲ့ |
| ၅၂။ | ၃၆၀ | ၁ | ရေတဲ့ | ရေးတဲ့ |
| ၅၃။ | ၃၆၆ | ၂ | ရောက်လာမယ်တဲ။ | ရောက်လာမယ်တဲ့။ |
| ၅၄။ | ၃၆၆ | ၂၁ | ဖျာပုံရေလွှမ်းမိုးတုန်ကလဲ | ဖျာပုံရေလွှမ်းမိုးတုန်းကလဲ |
| ၅၅။ | ၃၄၉ | ၈ | ၄င်လူကြီး | ဒိုင်လူကြီး |
| ၅၆။ | ၃၇၉ | ၁၅ | မိန်းမဖျက်ရင်ပြေပျက်တယ် | မိန်းမဖျက်ရင်ပြည်ပျက်တယ် |
| ၅၇။ | ၃၇၉ | ၂၇ | ကိုယ့်ပြေကောင်းအောင် | ကိုယ့်ပြည်ကောင်းအောင် |
| ၅၈။ | ၄၂၀ | ၂၅ | ကျောင်းသားအားလုးဟာ | ကျောင်းသားအားလုံးဟာ |
| ၅၉။ | ၄၂၃ | ၂၂ | ကွဲခ့ | ကွဲခဲ့ |
| ၆၀။ | ၅၂၁ | ၁ | ဗိုလကြီးခင်ညို | ဗိုလ်ကြီးခင်ညို |
| ၆၁။ | ၅၂၄ | ၁ | မငိုပါဘူးဗေတာရယ်" | မငိုပါဘူးဘေတာရယ်" |

| စဉ် | စာမျက်နှာ | အကြောင်းရေ | အမှား | အမှန်ပြင်ဆင်ချက် |
|---|---|---|---|---|
| ၆၂။ | ၅၂၇ | ၁၄ | ချိုးဖောက်တယ၊ | ချိုးဖောက်တယ်၊ |
| ၆၃။ | ၅၆၀ | ၂ | လိုးလားခြင်း၊ | လိုလားခြင်း၊ |
| ၆၄။ | ၅၆၁ | ၁ | ဗမာမွတ်ဆလင် | ဗမာမွတ်စလင် |
| ၆၅။ | ၅၈၀ | ၁၁ | ဖ၊ ခ၊ ပလ | ဖ၊ ဆ၊ ပ၊ လ |
| ၆၆။ | ၆၀၄ | ၆ | ပျိုးချစ်ပါတီဉက္ကဌဟောင်း | မျိုးချစ်ပါတီဥက္ကဌဟောင်း |
| ၆၇။ | ၆၀၄ | ၁၀ | နုတ်တွက်ပြီး | နုတ်ထွက်ပြီး |
| ၆၈။ | ၆၃၉ | ၁၂ | အမှတ်(၈)ကိုယ့်မင်းကိုချင်းလမ်း | အမှတ်(၈)ကိုယ့်မင်းကိုယ့်ချင်းလမ်း |
| ၆၉။ | ၆၃၉ | ၉ | တကာတော် | ဒကာတော် |
| ၇၀။ | ၆၃၉ | ၁၄ | တကာတော်ဗိုလ်ချုပ်အောင်ဆန်း | ဒကာတော်ဗိုလ်ချုပ်အောင်ဆန်း |
| ၇၁။ | ၆၇၁ | ၁ | အဒတော့ဘယသူ့အတွက<br>ဆုတာငးပေးရမလဆုတာ | အဲဒီတော့ဘယ်သူ့အတွက်<br>ဆုတောင်းပေးရမလဲဆိုတာ |
| ၇၂။ | ၆၇၃ | ၁ | ရန်ကုန်တက္ကသုလ်ဘွဲ့နှငးသဘင<br>အဆောကအအုံကြီးကို | ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်<br>အဆောက်အအုံကြီးကို |
| ၇၃။ | ၇၀၇ | ၁ | ရေဖို့ | ရေးဖို့ |
| ၇၄။ | ၇၂၆ | ၁၈ | ကျွန်တော်ဘိလ | ကျွန်တော်ဘိလပ်မှာ |
| ၇၅။ | ၇၉၉ | ၁၇ | ပျစ်တောက်တောက် | ဗျစ်တောက်တောက် |
| ၇၆။ | ၈၀၅ | ၉ | ရွာသန်းနေတာကို | ရွာသွန်းနေတာကို |